http://www.dhammadownload.com

ပိဋကသုံးပုံ သရုပ်ခုံအတိကန်



ဓမ္မပိဋကန် ဘာပေပညာရှင်များ ခုပေါင်းပြုစုသည်။

သာသနာ-၂၅၅၆ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၂

http://www.dhammadownload.com



ဤကျမ်းစာဖြင့်
မြတ်စွာဘုရား၏
ပရိယတ္တိသာသနာတော်မြတ်ကြီးအား
ရှိသေလေးမြတ်စွာ
ပူဇော်ပါ၏ ဘုရား။

ဒီဝင်ကြီး ဒေါ်စန်းရှိ
သမီး ဒေါ်ကိတာဝင်ဝင်ရှိနှင့်
"ဦးဝင်းတွင်" ဒီသားစု

http://www.dhammadownload.com

ပိဋကသုံးပုံ သရုပ်စုံအတိကာန်



ဓမ္မဗိမာန် စာပေပညာရှင်များ စုပေါင်းပြုစုသည်။

သာသနာ-၂၅၅၄ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၀

http://www.dhammadownload.com



ဤကျမ်းစာဖြင့်
မြတ်စွာဘုရားဏ်
ပရိုယတ္တိသာသနာတော်မြတ်ကြီးအား
ရုံသေလေးမြတ်စွာ
ပူဇော်ပါဏ် ဘုရား။

စိုးကြီး ဒေါ်စုန်းရှိ
သမီး ဒေါ်ကိုကိုင်ဒေါ်ရှိနှင့်
"ရှိုင်းဟုပ်" မိသားစု



ဇာတ်သာလွှင်း ပုဇွန်ဖွဲ့ဇာတ်



http://www.dhammadownload.com

[illegible]

[illegible]

Dhammadownload.com - [illegible]

[illegible]

[illegible]

http://www.dhammadownload.com



http://www.dhammadownload.com



ပိဋကသုံးပုံ

သရုပ်စုံ အဘိဓာန်

ဓမ္မဝိမာန် စာပေပညာရှင်များ
စုပေါင်း ရေးသား ပြုစုသည်။

သာသနာ ၂၅၅၆ | ကောဇာ ၁၃၇၄ | ခရစ် ၂၀၁၂

http://www.dhammadownload.com

ပုံနှိပ်ခြင်း
၂၀၁၂-ခုနှစ်၊ ဖွဲ့နှိုင်လ
ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် -၀၃၈၄၃/၀၂၄၀၅ က
ပုံနှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

ပဏာမနှင့် ပဋိညာဉ်

၁။ ပုဏ္ဏစန္ဒောဝ သမ္မုဒ္ဓေါ၊ စန္ဒောဘာသောဝ ဒေသနာ။
သံယော ပီဏိတော လောကော၀၊ သမုပ္ပန္နော အဟော ဝတ။

၂။ ဗုဒ္ဓေါ ဗာလသူရိယော၀၊ ရဿိဇာလံဝ ဒေသနာ။
သံယော လဒ္ဓေါဘော လောကော၀၊ သမုပ္ပန္နော အဟော ဝတ။

၃။ ဗုဒ္ဓေါ ဝနဒါဟကော၀၊ ဒဟနဂ္ဂိဝ ဒေသနာ။
သံယော ဒမုဝနံ ခေတ္တံ၊ သမုပ္ပန္နော အဟော ဝတ။

၄။ ဗုဒ္ဓေါ မဟာမေယော ဝိယ၊ ဥဒဝုဋ္ဌိဝ ဒေသနာ။
သံယော သန္တာ ဘူမိ ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၅။ သမ္မုဒ္ဓေါ သုသာရထီဝ၊ ဒမ္မူပါယော၀ ဒေသနာ။
သံယော ဒန္တာဇာနီယော၀၊ သမုပ္ပန္နော အဟော ဝတ။

၆။ ဗုဒ္ဓေါ သလ္လကတ္တော ဝိယ၊ ဥဒ္ဓရဏူပါယဒေသနာ။
သံယော သမုဒ္ဓဋသလ္လော၀၊ သမုပ္ပန္နော အဟော ဝတ။

၇။ သမ္မုဒ္ဓေါ သာလာကိယော၀၊ ဥပ္ပါဋနူပါယဒေသနာ။
သံယော ပသန္နနေတ္တော၀၊ သမုပ္ပန္နော အဟော ဝတ။

၈။ ဗုဒ္ဓေါ ကုသလော ဝဇ္ဇော၀၊ ဘေသဇ္ဇံ ဝိယ ဒေသနာ။
သံယော သန္တဂျာမိကော၀၊ သမုပ္ပန္နော အဟော ဝတ။

၉။ ဗုဒ္ဓေါ မဂ္ဂဒေသကော၀၊ သုမဂ္ဂေါ ဝိယ ဒေသနာ။
သံယော မဂ္ဂဂ္ဂတော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၁၀။ သမ္မုဒ္ဓေါ သုနာဝိကော၀၊ နာဝါ ဝိယ စ ဒေသနာ။
သံယော ပါရပ္ပတ္တော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၁၁။ သမ္မုဒ္ဓေါ ဟိမဝါ ဝိယ၊ တပ္ပဘဝေါသဓဒေသနာ။
သံယော နိရာမယော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၁၂။ သမ္မုဒ္ဓေါ ဓနဒေါ ဝိယ၊ ဓနံ ဝိယ စ ဒေသနာ။
သံယော လဒ္ဓဓနော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၁၃။ ဗုဒ္ဓေါ နိမိဒဿနကော၊ နိမိကုမ္ဘော၀ ဒေသနာ။
သံယော နိမိပ္ပတ္တော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

http://www.dhammadownload.com

၁၄။ သမ္ဗုဒ္ဓေါ အဘယဒေါဝ၊ အဘယံ ဝိယ ဒေသနာ။
သံဃော သမ္ပတ္တာဘယောဝ၊ သမုပ္ပန္နော အဟော ဝတ။

၁၅။ သမ္ဗုဒ္ဓေါ အဿာသကောဝ၊ အဿာသော ဝိယ ဒေသနာ။
သံဃော အဿတ္ထဇနောဝ၊ သမုပ္ပန္နော အဟော ဝတ။

၁၆။ သမ္ဗုဒ္ဓေါ သုမိတ္တော ဝိယ၊ ဟိတူပဒေသဒေသနာ။
သံဃော ပတ္တသဒတ္ထောဝ၊ သမုပ္ပန္နော အဟော ဝတ။

၁၇။ သမ္ဗုဒ္ဓေါ ဓနာကရောဝ၊ ဓနသာရောဝ ဒေသနာ။
သံဃော ဘုတ္တဓနော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၁၈။ ဗုဒ္ဓေါ ကုမာရနှာပကော၊ သလိလံ ဝိယ ဒေသနာ။
သံဃော နှာတကုမာရာဝ၊ သမုပ္ပန္နော အဟော ဝတ။

၁၉။ ဗုဒ္ဓေါ လက်ာရကာရကော၊ အလက်ာရောဝ ဒေသနာ။
သံဃော လက်တကုမာရာ၊ သမုပ္ပန္နော အဟော ဝတ။

၂၀။ ဗုဒ္ဓေါ စန္ဒနရုက္ခောဝ၊ စန္ဒနဂန္ဓောဝ ဒေသနာ။
သံဃော သန္တပရိဋ္ဌာဟော၊ သမုပ္ပန္နော အဟော ဝတ။

၂၁။ ဗုဒ္ဓေါ ဒါယဇ္ဇဒေါ ပိတာ၊ ဒါယဇ္ဇံ ဝိယ ဒေသနာ။
သံဃော ဒါယာဒပုတ္တာဝ၊ သမုပ္ပန္နော အဟော ဝတ။

၂၂။ သမ္ဗုဒ္ဓေါ ပဒုမံ ဝိယ၊ တံဇာတမဓု ဒေသနာ။
သံဃော ဘုတ္တဘမရာဝ၊ သမုပ္ပန္နော အဟော ဝတ။

၂၃။ယထာနိဒ္ဒိဋ္ဌူပမာဟိ၊ ဥပမိတံ ရတနတ္တယံ။
ဥတ္တမဂေ်ဌ ဌပေတွာန၊ ပူဇေတွာ သဗ္ဗထာမသာ။

၂၄။မရမ္ပရဋ္ဌံ သမာဂတံ၊ သမ္ဘာသမ္ဗုဒ္ဓသာသနံ။
ရဋ္ဌိကာနံ ဒိဋ္ဌဓမ္မ-သမ္ပရာယိကဝုဓိယာ။

၂၅။မရမ္ပရဋ္ဌံ သမာဂတော၊ ဓမ္မော ရတနပဗ္ဗတော။
ယထာလဒ္ဓရတနာနံ၊ သုခသောမနဝဓုကော။

၂၆။ မရမ္ပရဋ္ဌံ သမာဂတော၊ သံဃော ရတနဝါဟကော။
သံဃံ ပဋိစ္စ ရဋ္ဌိကာ၊ လဒ္ဓါ ရတနံ ပိဋ္ဌန္ဓိတုံ။

၂၇။ ယထာ လောကေ ဥယျာနိကော၊ ပုပ္ပဥယျာန ရောပယီ။
တဒုယျာနူပဂတာနံ၊ ပိတိ သုခဉ္စ ဝဓုယီ။

http://www.dhammadownload.com

၂၈။ ဇဝမေဝ တထာဂတော၊ ဓမ္မဥယျာန ရောပယီ။
တဒုယျာနုပဂတာနံ၊ ပိတိ သုခဉ္စ ဝဓုယီ။

၂၉။ ယထာ ဥယျာနေ ပုပ္ဖာနိ၊ ဝိကိရန္တိ တဟိ တဟိ။
မာလိကော ဂဟေတွာ တာနိ၊ မာလာဂုဏံ သုဘံ ကရေ။

၃၀။ ဧဝံ နိကာယေ ဓမ္မော စ၊ ဝိကိရန္တိ တဟိ တဟိ။
တေ တေ ဂဟေတွာ ကာသာမ၊ ဓမ္မမာလံ သုဘံ သုစိံ။ ။



၁။ ပုဏ္ဏစန္ဒောဝ သမ္မုဇ္ဇေါ၊ စန္ဒောဘာသောဝ ဒေဿနာ။
သံယော ပီဏိတော လောကော၀၊ သမုပ္ပန္နော အဟော ဝတ။

၁။ မြတ်စွာဘုရားသည် လပြည့်ဝန်းနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် လပြည့်ဝန်း၏ ရောင်ခြည်တော်များနှင့် တူတော်မူကြ၏။ သံယာတော်သည် လရောင်ခြည်၏ အားမြှုကို ခံစားရ၍ နှစ်သက်ဝမ်းမြောက်သော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ်သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၂။ ဗုဒ္ဓေါ ဇာလသူရိယောဝ၊ ရသ္မိဇာလံဝ ဒေဿနာ။
သံယော လဒ္ဓေါဘော လောကော၀၊ သမုပ္ပန္နော အဟော ဝတ။

၂။ မြတ်စွာဘုရားသည် နေလုလင်နှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် နေရောင်ခြည်များနှင့် တူတော်မူကြ၏။ သံယာတော်သည် နေရောင်ခြည်၏ အလင်းရောင်ကို ရရှိ၍ နှစ်သက်ဝမ်းမြောက်သော လူအပေါင်းနှင့် တူတော်မူ၏။ ထို ရတနာမြတ်သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၃။ ဗုဒ္ဓေါ ဝနဒါဟကောဝ၊ ဒဟနဂ္ဂိဝ ဒေဿနာ။
သံယော ဒမုဝနံ ဧဝတ္တံ၊ သမုပ္ပန္နော အဟော ဝတ။

၃။ မြတ်စွာဘုရားသည် တောကို မီးရှို့သော ယောကျ်ားနှင့် တူတော်မူ၏။ ကိလေသာတောကို လောင်မြိုက်တတ်သော တရားတော်များသည် တောကို လောင်မြိုက်သော မီးနှင့် တူတော်မူကြ၏။ ကိလေသာတောကို မီးရှို့ပြီးသော သံယာတော်သည် ပကတိတောကို မီးရှို့ပြီး၍ လယ်ယာမြေကောင်းဖြစ်သော မြေအပြင်နှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၄။ ဗုဒ္ဓေါ မဟာမေဃော ဝိယ၊ ဥဒဝုဋ္ဌိဝ ဒေဿနာ။
သံယော သန္တာ ဘူမိ ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

http://www.dhammadownload.com

၄။ မြတ်စွာဘုရားသည် ကြီးစွာသော မိုးတိမ်နှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် မိုးရေများနှင့် တူတော်မူကြ၏။ ကိလေသာမြူ ငြိမ်းအေးပြီးသော သံဃာတော်သည် မိုးရွာသွန်း၍ ပကတိမြူ ငြိမ်းအေးသွားသော ဇနပုဒ်နှင့် တူတော်မူ၏။ ထိုရတနာမြတ်သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၅။ သမ္မာဒ္ဓေါ သုသာရထိဝ၊ ဒမ္မူပါယော၀ ဒေသနာ။
သံယော ဒန္တာဇနီယော၀၊ သမုပ္ပန္နော အဟော ၀တ။

၅။ မြတ်စွာဘုရားသည် ကျွမ်းကျင်လိမ္မာသော ရထားထိန်းနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် အာဇာနည်မြင်းများကို ဆုံးမကြောင်း နည်းလမ်းကောင်းနှင့် တူတော်မူကြ၏။ သံဃာတော်သည် ကောင်းစွာ ဆုံးမထားအပ်ပြီးသော အာဇာနည်မြင်း အပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ်သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေ ပြီတကား။

၆။ ဗုဒ္ဓေါ သလ္လကတ္တော ဝိယ၊ ဥဒ္ဓရဏူပါယဒေသနာ။
သံယော သမုဒ္ဓဋသလ္လော၀၊ သမုပ္ပန္နော အဟော ၀တ။

၆။ မြတ်စွာဘုရားသည် ဒိဋ္ဌဇြောင့်အားလုံးကို နတ်တတ်တော်မူသည်ဖြစ်၍ ဇြောင့်နတ်အထူးကု ခွဲစိတ်ကု ဆရာဝန်ကြီးနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် ဇြောင့်ကို နတ်ကြောင်း နည်းလမ်းကောင်းများနှင့် တူတော်မူကြ၏။ သံဃာတော်သည် ဒိဋ္ဌဇြောင့်ကို နတ်ပြီးသည်ဖြစ်၍ ဇြောင့်နတ်ကုသခံပြီးသော ကျန်းမာသော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၇။ သမ္မာဒ္ဓေါ သာလာကိယော၀၊ ဥပ္ပါဋနူပါယဒေသနာ။
သံယော ပသန္နဒေတ္တော၀၊ သမုပ္ပန္နော အဟော ၀တ။

၇။ မြတ်စွာဘုရားသည် မောဟတိမ်လွှာကို ဖယ်ထုတ်တော်မူတတ်သည်ဖြစ်၍ မျက်စိ အထူးကုဆရာဝန်ကြီးနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် တိမ်လွှာကို ဖယ်ထုတ်ကြောင်း နည်းလမ်းကောင်းများနှင့် တူတော်မူကြ၏။ သံဃာတော်သည် မောဟတိမ်စင် ကြည်လင်သော ဉာဏ်မျက်စိ ရှိသည်ဖြစ်၍ တိမ်လွှာကင်းစင်၍ ကြည်လင်သည့် ပကတိမျက်စိရှိသော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၈။ ဗုဒ္ဓေါ ကုသလော ဝဏ္ဏော၀၊ ဘေသဇ္ဇံ ဝိယ ဒေသနာ။
သံယော သန္တုဗ္ဘာဓိကော၀၊ သမုပ္ပန္နော အဟော ၀တ။

၈။ မြတ်စွာဘုရားသည် အနုသယနှင့်တကွ ကိလေသာ အနာရောဂါကို ကုသတော်မူနိုင်သည်ဖြစ်၍ အထူးကျွမ်းကျင်သော သမားတော်ကြီးနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် အစွမ်းထက်သော ဆေးကောင်းဝါးကောင်းတို့နှင့် တူတော် မူကြ၏။ ကိလေသာအနာရောဂါ ပျောက်ကင်းပြီးသော သံဃာတော်သည် ပကတိအနာ ပျောက်ကင်းပြီး၍

http://www.dhammadownload.com

ကျန်းမာသော လူအပေါင်းနှင့် တူတော်မူ၏။ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၉။ ဗုဒ္ဓါ မဂ္ဂဒေသကောဝ၊ သုမင်္ဂါ ဝိယ ဒေသနာ။
သံယော မဂ္ဂဂတော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၉။ မြတ်စွာဘုရားသည် လမ်းကျွမ်းကျင်သည့် လမ်းညွှန်ယောကျ်ားနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် လမ်းကောင်းလမ်းချောနှင့် တူတော်မူကြ၏။ သံဃာတော်သည် လမ်းကောင်းလမ်းချောပေါ်၌ ခရီးသွားသော ခရီးသည်အပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ်သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၁၀။ သမ္မုဒ္ဓါ သုနာဝိကောဝ၊ နာဝါ ဝိယ စ ဒေသနာ။
သံယော ပါရပ္ပတ္တော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၁၀။ မြတ်စွာဘုရားသည် မြစ်တစ်ဘက်သို့ ကောင်းစွာပို့သည့် ကူးတို့သမားကြီးနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် လှေ သမ္ဗန်များနှင့် တူတော်မူကြ၏။ သံဃာတော်သည် မြစ်၏ ဟိုဘက်ကမ်းသို့ ရောက်သည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ဝမ်းသာရွှင်လန်းသော ခရီးသည်အပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၁၁။ သမ္မုဒ္ဓါ ဟိမဝါ ဝိယ၊ တပ္ပဘဝေါသဓဒေသနာ။
သံယော နိရာမယော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၁၁။ မြတ်စွာဘုရားသည် ဟိမဝန္တာတောင်မင်းနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် ဟိမဝန္တာတောင်၌ ဖြစ်ပေါ်သော ဆေးမြစ် ဆေးဥ ဆေးအစုနှင့် တူတော်မူကြ၏။ သံဃာတော်သည် ဆေးမြစ် ဆေးဥကို မှီဝဲရ၍ အနာရောဂါကင်း၍ ကျန်းမာသော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၁၂။ သမ္မုဒ္ဓါ ဓနဒေါ ဝိယ၊ ဓနံ ဝိယ စ ဒေသနာ။
သံယော လဒ္ဓဓနော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၁၂။ မြတ်စွာဘုရားသည် စည်းစိမ်ဥစ္စာကို ပေးတတ်သော သူဌေးကြီးနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် စည်းစိမ်ဥစ္စာနှင့် တူတော်မူကြ၏။ အရိယဥစ္စာကို ရရှိပြီးသော သံဃာတော်သည် စည်းစိမ်ဥစ္စာကို လိုသလောက် ရရှိပြီးသော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၁၃။ ဗုဒ္ဓါ နိဓိဒဿနကောဝ၊ နိဓိကုမ္ဘောဝ ဒေသနာ။
သံယော နိဓိပ္ပတ္တော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

http://www.dhammadownload.com

၁၃။ မြတ်စွာဘုရားသည် ရွှေအိုးကို ညွှန်ပြသူနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် ရွှေအိုးများနှင့် တူတော်မူကြ၏။ သံယာတော်သည် ရွှေအိုးရ၍ ဝမ်းသာပျော်ရွှင်သော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၁၄။ သမ္မုဒ္ဓါ အဘာယဒေါဝ၊ အဘာယံ ဝိယ ဒေသနာ။
သံဃော သမ္ပတ္တာဘာယော၀၊ သမုပ္ပန္နော အဟော ဝတ။

၁၄။ မြတ်စွာဘုရားသည် လွတ်ငြိမ်းချမ်းသာခွင့် ပေးသူနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် လွတ်ငြိမ်းချမ်းသာကြောင်း အမိန့်နှင့် တူတော်မူကြ၏။ သံယာတော်သည် လွတ်ငြိမ်းချမ်းသာခွင့် အပြည့်အဝရသော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၁၅။ သမ္မုဒ္ဓါ အဿာသကောဝ၊ အဿာသော ဝိယ ဒေသနာ။
သံဃော အဿတ္ထဇနော၀၊ သမုပ္ပန္နော အဟော ဝတ။

၁၅။ မြတ်စွာဘုရားသည် သက်သာရာကို ပေးတတ်သူနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် သက်သာရာရကြောင်း နည်းလမ်းကောင်းများနှင့် တူတော်မူကြ၏။ သံယာတော်သည် သက်သာရာရသော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၁၆။ သမ္မုဒ္ဓါ သုမိတ္တော ဝိယ၊ ဟိတူပဒေသဒေသနာ။
သံဃော ပတ္တသဒတ္ထော၀၊ သမုပ္ပန္နော အဟော ဝတ။

၁၆။ မြတ်စွာဘုရားသည် မိတ်ကောင်းဆွေကောင်းနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် အကျိုးစီးပွားကို ညွှန်ပြကြောင်း ဩဝါဒများနှင့် တူတော်မူကြ၏။ သံယာတော်သည် ဩဝါဒအတိုင်း လိုက်နာကျင့်သုံးသဖြင့် အကျိုးစီးပွား ခံစားရသော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့ လေပြီတကား။

၁၇။ သမ္မုဒ္ဓါ ဓနာကရော၀၊ ဓနသာရော၀ ဒေသနာ။
သံဃော ဘုတ္တဓနော ဝိယ၊ သမုပ္ပန္နော အဟော ဝတ။

၁၇။ မြတ်စွာဘုရားသည် ဥစ္စာ၏တည်ရာ ဥစ္စာတွင်းနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် ဥစ္စာနှစ်နှင့် တူတော်မူကြ၏။ သံယာတော်သည် ဥစ္စာနှစ်ကို သုံးစွဲရသော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၁၈။ ဗုဒ္ဓါ ကုမာရနှာပကော၊ သလိလံ ဝိယ ဒေသနာ။
သံဃော နှာတကုမာရာ၀၊ သမုပ္ပန္နော အဟော ဝတ။

http://www.dhammadownload.com

၁၈။ မြတ်စွာဘုရားသည် မင်းသားငယ်အပေါင်းကို ရေချိုးပေးသူနှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် ချိုးရေနှင့် တူတော်မူကြ၏။ သူတော်ကောင်း တရား တည်းဟူသော ရေဖြင့် ချိုးပြီးသော သံယာတော်သည် ပကတိရေ ကောင်းစွာ ချိုးပြီးသော မင်းသားငယ်အပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ်သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့ လေပြီတကား။

၁၉။ ဗုဒ္ဓါ လင်္ကာရကာရကော၊ အလင်္ကာရော၀ ဒေသနာ။
သံယော လင်္ကတကုမာရာ၊ သမုပ္ပန္နော အဟော ၀တ။

၁၉။ မြတ်စွာဘုရားသည် အဆင်တန်ဆာကို ပြုတတ်သူနှင့် တူတော်မူ၏။ မြတ်စွာ ဘုရား၏ တရားတော်များသည် အဆင်တန်ဆာများနှင့် တူတော်မူကြ၏။ သူတော်ကောင်း တရားဖြင့် တန်ဆာဆင်ထားသော သံယာတော်သည် ပကတိတန်ဆာဖြင့် တန်ဆာဆင် ထားသော မင်းသားငယ်အပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၂၀။ ဗုဒ္ဓါ စန္ဒနရုက္ခော၀၊ စန္ဒနဂန္ဓော၀ ဒေသနာ။
သံယော သန္တပရိဠာဟော၊ သမုပ္ပန္နော အဟော ၀တ။

၂၀။ မြတ်စွာဘုရားသည် စန္ဒကူးပင်နှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော် များသည် စန္ဒကူးနံ့သာနှင့် တူတော်မူကြ၏။ သူတော်ကောင်းတရားကို ကျင့်သုံးရခြင်းကြောင့် ကိလေသာအပူ ငြိမ်းအေးပြီးသော သံယာတော်သည် စန္ဒကူးနံ့သာကို လိမ်းကျံရခြင်းကြောင့် ပကတိအပူ ငြိမ်းအေးသော လူအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြ ဖွယ်ရာ ပွင့်တော်မူခဲ့လေပြီတကား။

၂၁။ ဗုဒ္ဓါ ဒါယဇ္ဇဒေါ ဝိတာ၊ ဒါယဇ္ဇံ ဝိယ ဒေသနာ။
သံယော ဒါယာဒပုတ္တာ၀၊ သမုပ္ပန္နော အဟော ၀တ။

၂၁။ မြတ်စွာဘုရားသည် အမွေပေးသော ဖခင်နှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရား တော်များသည် အမွေနှင့် တူတော်မူကြ၏။ သံယာတော်သည် အမွေခံသားသမီး အပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော်မူခဲ့ လေပြီတကား။

၂၂။ သမ္မဒ္ဓေါ ပဒုမံ ဝိယ၊ တံဏတမဓု ဒေသနာ။
သံယော ဘုတ္တဘမရာ၀၊ သမုပ္ပန္နော အဟော ၀တ။

၂၂။ မြတ်စွာဘုရားသည် ကြွားကြွား၀င့်၀င့်,ငွားငွားစွင့်စွင့်,ထွားထွားပွင့်သော ပဒုမ္မာ ကြာပန်းပွင့်နှင့် တူတော်မူ၏။ မြတ်စွာဘုရား၏ တရားတော်များသည် ပဒုမ္မာကြာပန်းပွင့်မှာ ဖြစ်သော ပန်း၀တ်ရည်နှင့် တူတော်မူကြ၏။ သံယာတော်သည် ပဒုမ္မာကြာပန်း၀တ်ရည်ကိုစုပ်ယူ ခံစားသော ပျားအပေါင်းနှင့် တူတော်မူ၏။ ထိုရတနာမြတ် သုံးပါးသည် အံ့သြဖွယ်ရာ ပွင့်တော် မူခဲ့လေပြီတကား။

http://www.dhammadownload.com

၂၃။ ယထာနိဒ္ဒိဋ္ဌူပမာဟိ၊ ဥပမိတံ ရတနတ္တယံ။
ဥတ္တမင်္ဂေ ဌပေတွာန၊ ပူဇေတွာ သဗ္ဗထာမသာ။

၂၃။ ဤသို့ ဥပမာပေါင်းများစွာတို့ဖြင့် နိုင်းယှဉ်ရသော်လည်း အမှန်စင်စစ်အားဖြင့် မည်သည့်ဥပမာနှင့်မျှ မနှိုင်းယှဉ်သာအောင် မြင့်မြတ်တော်မူလှသော ရတနာမြတ် သုံးပါး အပေါင်းကို မိမိသည် ဦးထိပ်ထက်မှာ ပန်ဆင်လျက် အစွမ်းကုန် အလေးအနက် ပူဇော်ကန်တော့ပါ၏ ဘုရား။ ထိုသို့ ပူဇော်ကန်တော့ကာ ပဋိညာဉ်စကားကို ဆက်လက် ရေးသားပါအံ့။

၂၄။ မရမ္မရဋ္ဌံ သမာဂတံ၊သမ္မာသမ္မုဒ္ဓသာသနံ။
ရဋ္ဌိကာနံ ဒိဋ္ဌဓမ္မ-သမ္မရာယိကဝုဓိုယာ။

၂၄။ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးသည် မြန်မာပြည်သူပြည်သားတို့၏ ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းကျိုး ပွားတိုးခြင်းအကျိုးငှာ မြန်မာပြည်သို့ ကောင်းစွာ ရောက်ရှိလာပေသည်။

၂၅။ မရမ္မရဋ္ဌံ သမာဂတော၊ ဓမ္မော ရတနပဗ္ဗတော။
ယထာလဒ္ဓရတနာနံ၊ သုခသောမနဝဓုကော။

၂၅။ မြတ်စွာဘုရား၏ တရားတော်တည်းဟူသော ရတနာတောင်ကြီးသည်လည်း မြန်မာနိုင်ငံသို့ကောင်းစွာ ရောက်ရှိလာခဲ့ပေ၏။ ထိုတရားတော်တည်းဟူသော ရတနာ တောင်ကြီးသည် ရတနာတို့ကို ကောက်ယူသုံးစွဲကြသော လူအပေါင်းအား ကိုယ်ရောစိတ်ပါ ချမ်းသာနှစ်မျိုးကို ပွားတိုးစေနိုင်ပါပေ၏။

၂၆။ မရမ္မရဋ္ဌံ သမာဂတော၊ သံဃော ရတနဝါဟကော။
သံဃံ ပဋိစ္စ ရဋ္ဌိကာ၊ လဒ္ဓါ ရတနံ ပိဋ္ဌန္ဓိတုံ။

၂၆။ ရတနာတို့ကို သယ်ဆောင်လာသော သံဃာတော် အရှင်သူမြတ်တို့သည်လည်း မြန်မာနိုင်ငံသို့ ကြွတော်မူလာခဲ့ကြ၏။ ထိုသံဃာတော် အရှင်သူမြတ်တို့၏ ကျေးဇူးကြောင့် မြန်မာပြည်သူပြည်သားတို့သည် ရတနာတို့ကို ပန်ဆင်ခွင့် ရကြကုန်၏။

၂၇။ ယထာ လောကေ ဥယျာနိကော၊ ပုပ္ပဥယျာန ရောပယီ။
တဒုယျာနူပဂတာနံ၊ ပီတိံ သုခဉ္စ ဝဓုယီ။

၂၇။ လောက၌ ဥယျာဉ်မူးသည် ပန်းဥယျာဉ်ကြီးကို စိုက်ပျိုး၍ ထိုပန်းဥယျာဉ်ကြီးထဲသို့ ရောက်လာသော သူတို့အား နှစ်သက်ရွှင်လန်း ဝမ်းသာခြင်းကို တိုးပွားစေသကဲ့သို့

၂၈။ ဧဝမေဝ တထာဂတော၊ ဓမ္မဥယျာန ရောပယီ။
တဒုယျာနူပဂတာနံ၊ ပီတိံ သုခဉ္စ ဝဓုယီ။

၂၈။ ထို့အတူ မြတ်စွာဘုရားတည်းဟူသော ဥယျာဉ်မူးကြီးသည် တရားဥယျာဉ်ကြီးကို

http://www.dhammadownload.com

စိုက်ပျိုးတော်မူ၍ ထိုတရားဥယျာဉ်ကြီးထဲသို့ ရောက်လာကြသော သူတော်ကောင်းတို့အား နှစ်သက်ရွှင်လန်း ဝမ်းသာခြင်းကို တိုးပွားစေတော်မူ၏။

၂၉။ ယထာ ဥယျာနေ ပုပ္ဖာနိ၊ ဝိကိရန္တိ တဟိ တဟိ။
မာလိကော ဂဟေတွာ တာနိ၊ မာလာဂုဏံ သုဘံ ကရေ။

၂၉။ ပန်းပညာရှင်သည် ပန်းဥယျာဉ်ကြီးထဲ၌ ထိုထို ဤဤ ပြန့်ကျဲနေသော ပန်းတို့ကို ကောက်၍ ကောက်၍ အလွန်လှပသော ပန်းကုံးကို သီကုံးသကဲ့သို့

၃၀။ ဇဝံ နိကာယေ ဓမ္မာ စ၊ ဝိကိရန္တိ တဟိ တဟိ။
တေ တေ ဂဟေတွာ ကဿာမ ၊ ဓမ္မမာလံ သုဘံ ရုစိ။

၃၀။ ထို့အတူ နိကာယ်ငါးရပ်၌ ထိုထိုဤဤ ပြန့်ကျဲနေသော တရားတော်တို့ကို ကြိုးစားပမ်းစား ရှာဖွေ စုဆောင်း၍ အလွန် လှပတင့်တယ်သည့် ပန်းကုံးသဖွယ်ဖြစ်သော "**ပိဋကသုံး သရုပ်စုံ အဘိဓာန်**" ကျမ်းဂန်ကြီးကို ရေးသားတိထွင် စီစဉ်ကြပါကုန်အံ့။

http://www.dhammadownload.com

နိဒါန်း

၁။ အာယသ္မာ သာသနဝရော၊ ရဟောဂတောသိ ဇကဒါ။
တဒါ ထေရော အစိန္တယိ၊ ကာတုံ သုဂန္ဓ မိဒိသံ။

၂။ တတ္ထေသ ဓမ္မဗိမာနေ၊ ပါဠိဘာသာယ ကောဝိဒေ။
သန်္ဓိပါတာပေတ္ဝာနေတံ၊ ကာရာပေသိ ယထာရဟံ။

၃။ တသ္မိံ သန်္ဓိပါတေ ထေရော၊ ဇတံ ဝစန မဗြဝိ။
"အယံ ဂန္ဆော သမုပ္ပန္နော၊ ဥပကာရော ဘဝိဿတိ။

၄။ မဟာထေရာနံ ထေရာနံ၊ မဏ္ဍိမာန နဝါန စ။
ဂန္ထကာရကာနံ ဂန္ထ-ဝါစကသောတုဇနာန စ။

၅။ ကမ္မဋ္ဌာနာစရိယာနဉ္စ၊ တထာ ဓမ္မကထိကာန စ။
သဗ္ဗေသံ သုတကာမာနံ၊ အပိ မန္ဒဒသကာန စ။

၆။ ဝဏ္ဏပါဋကမတ္တာနမ်ိ၊ ဟိတာဝဟော ဘဝိဿတိ။
ပဏ္ဍိတာနံ ထေရာနမ်ိ၊ မနံ အာရာဓယိဿတိ။

၇။ ယတ္ထကံ သာသနံ ဋ္ဌိတံ၊ တတ္ထကာယမ်ိ ဌဿတိ။
တသ္မာ အာရဒ္ဓဝိရိယာ၊ ကရောထ ဓမ္မမာလက"န္တိ။

၈။ တတော ပဋ္ဌာယာစရိယာ၊ ပါဠိဘာသာယ ကောဝိဒါ။
ထေရောဝါဒံ သမာဒါယ၊ အာရဒ္ဓါ ဓမ္မမာလကံ။

၉။ တတော ပဘ္ဘဟိ ဝဿေဟိ၊ နိဋ္ဌာပိတော အယံ သုဘော ။
ဗာဠ္ဟ မုဋ္ဌာယ သမုဋ္ဌာယ၊ သေဒေဟိ မုစ္စနကေဟိ စ။

၁၀။ ဣန္ဒေါဘာသေန ထေရေန၊ အကွရာဝလိ ကတာ ဣဓ။
မဟန္တာနံ ပါဒါနဉ္စ၊ ဝိဋ္ဌက်ဂဏာနာန စ။

၁၁။ ဒေါက်တာခင်ခင်ရီ-နာမိကာ၊ ဝိသာခါ ဝိယ ဒါယိကာ။
မာတရံ ပိတရံ ပမုခံ၊ ကရိတ္ဝာန အဒါသိမံ။

၁၂။ ဇတေန ပုညကမ္မေန၊ သုခိတံ ဟောတု တံ ကုလံ။
အသောကံ နိဇ္ဇယာဝေရံ၊ နိဒ္ဒုက္ခံ နိရုပဒ္ဒဝံ။

၁၃။ ဓမ္မဝိမာနမ်ိ ဓမ္မ-မာမကာ ဓမ္မကာရကာ။
ဇတေသ္မိ ဂန္ထကရဏေ၊ ပဓာနာ ဥပကာရကာ။

http://www.dhammadownload.com

၁၄။ အမှာကံ ဓမ္မဝိမာနေ၊ ဥပ္ပန္နော ဒုလ္လဘော အယံ။
ဓမ္မေသိနံ သုခတ္ထာယ၊ ဒေဝေန ဒဿိတော ယထာ။

၁၅။ ပဌမံ သင်္ဂီတိကာရေဟိ၊ သင်္ခါသဒိသတန္တိယော။
ဇကောကင် ဥတ္တာရေတွာ၊ "အင်္ဂုတ္တရော"တိ ရောပိတာ။

၁၆။ ဇဝံ သရ္ဖပိကေ ဓမ္မေ၊ တတော တတော နိကာယတော။
ဥဒ္ဒရိတွာ အဘိရ္ဖပါ၊ ဓမ္မမာလာ သုဂန္ဓိတာ။

၁၇။ နာတော မဏ္ဍာနဇာတိကော၊ ဓာရေန္တော ရတနံ ဝိယ။
ဓမ္မေသိဝိ ဣမေ ဓမ္မေ၊ ဓာရေန္တော အတိသောဘတိ။

၁၈။ ယော ဇနော ပဋိဇာနာတိ၊ ဗုဒ္ဓသ သာဝကော အဟံ။
သော သဗ္ဗောပေတံ ဓာရေယျ၊ အယဉ္စိ ဗုဒ္ဓဘာသိတာ။

၁၉။ န သက္ကာ ဇေတုံ သင်္ဂီမေ၊ အသိနာညတြ ဝမ္မိနာ။
ဇဝံ ဓမ္မကထိကေန၊ ဒေသနတ္ထံ ဝိနာ ဣမံ။

၂၀။ ပိဋ္ဌကံ အဒ်ဒ္ဓပါရံ၊ သမုဒ္ဒေါ ဝိယ ဝိတ္ထတံ။
တေနဿ သရ္ဖပံ သေသံ၊ သေသံ ပဿံ နော ဘာသယေ။

၂၁။ မဟဒ္ဓနော မဟာဘောဂေါ၊ ဥပဘုဇ္ဇေ ယထာရုစိ။
ဣမံ ဂန္ထံ ဓာရေန္တောပိ၊ ဒေသယေယျ ယထာရုစိ။

၂၂။ ဖလတ္ထိကော ဒိဇဂဏော၊ နိလီယေ ဖလိတေ အဂေ။
သရ္ဖပတ္ထိကော ပသေယျ၊ သရ္ဖပဘရိတံ ဣမံ။

၂၃။ ဥဒကတ္ထိကော ဂဇ္ဆေယျ၊ သရံ ဥဒကပူရိတံ။
သရ္ဖပတ္ထိကော ပသေယျ၊ သရ္ဖပဘရိတံ ဣမံ။

၂၄။ ရတနတ္ထိကော ဂဇ္ဆေယျ၊ ရတနပွဘာရဏာပဏံ။
သရ္ဖပတ္ထိကော ပသေယျ၊ သရ္ဖပဘရိတံ ဣမံ။

၂၅။ဘမရော ပဒုမံ ဂဇ္ဆေ၊ ပိဝိတု မဓုရံ ရသံ။
သရ္ဖပတ္ထိကော ပသေယျ၊ သရ္ဖပဘရိတံ ဣမံ။

၂၆။ တံတံဘာသာယ ဘိဓာနာ၊ သိက္ခာယ ဥပကာရကော။
သုတေသိနံ အတိအာယာသ-စိရကာလဝိနောဒနာ။

၂၇။ ဓမ္မမာလာ သရ္ဖပိကာ၊ သိက္ခာယ ဥပကာရိကာ။
သုတေသိနံ အတိအာယာသ-စိရကာလဝိနောဒနာ။

http://www.dhammadownload.com

၂၈။ ပူဇကော ပူဇိတော အသ၊ မာနနကောပိ မာနိတော။
ဧဝံ ဓာရေန္တသ ဣမံ၊ ဒသတျာယံ သုခံ ဗဟုံ။

၂၉။ ယော စေ ပသတိမံ ဂန္ထံ၊ ဓမ္မမာလံ ပုနပ္ပုနံ။
အာဒါသံ ဝိယ ကတွာန၊ သ ဝေ သရူပကေသရီ။

၃၀။ ဣတိ နော ဘာသမာနာနံ၊ ဓမ္မမာလံ သုဘံ ဣမံ။
ဂရုံ ကတွာ ဓာရေယျာထ၊ ဒုလ္လဘာ ဟိ အယံ ကထာတိ။

ဂ ဂ ဂ

၁။ အာယသ္မာ သာသနဝရော၊ ရဟောဂတောသိ ဧကဒါ။
တဒါ ထေရော အစိန္တယိ၊ ကာတုံ သုဂန္ထ မီဒိသံ။

၁။ တစ်နေ့သ၌ ဆရာတော် ဦးသာသနဝရသည် တစ်ပါးတည်း အေးဆေးစွာ အနားယူ နေစဉ် "နိကာယ်ငါးရပ် ပိဋကသုံးပုံ ပါဠိတော်၊ အဋ္ဌကထာနှင့် ဋီကာတွေထဲမှာ ရှိတဲ့ သရုပ်တွေ (အရေအတွက်ပြ တရားတော်တွေ)ကို ရှာဖွေစုဆောင်းပြီး ခေါင်းစဉ်တွေကို အက္ခရာစဉ်ကာ ကျမ်းညွှန်းပါ အပြည့်အစုံ ထည့်လျက် "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန် ကျမ်းကြီး" ပြုစု ရရင် ကောင်းမှာပဲ "လို့ စဉ်းစား ကြံစည်ခဲ့ပါသည်။

၂။ တတွေသ ဓမ္မဗိမာနေ၊ ပါဠိဘာသာယ ကောဝိဒေ။
သန္ဓိပါတာပေတွာနေတံ၊ ကာရာပေသိ ယထာရဟံ။

၂။ ထိုသို့ ကြံစည် စဉ်းစားပြီး (၁၈၊ ၁၁၊ ၂၇) တနင်္ဂနွေနေ့၌ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန် ကျမ်းကြီး" ဖြစ်မြောက်ရေး အစည်းအဝေးအဖြစ် ဓမ္မဗိမာန် စာပေပညာရှင်များကို အစည်းအဝေး ခေါ်စေခဲ့ပါသည်။ ထိုအစည်းအဝေးသို့ (၁) ဆရာတော် ဦးသာသနဝရ၊ (၂) ဆရာကြီး ဦးမြတ်ကျော်၊ (၃) ဆရာကြီး ဦးတင်ဦး(မြောင်)၊ (၄) ဆရာကြီး ဦးမြင့်စိုး၊ (၅) ဆရာကြီး ဦးဝင်းမွန်၊ (၆) ဆရာကြီး ဦးအေးချို၊ (၇) ဆရာကြီး ဦးညွှန့်မောင်၊ (၈) ဆရာကြီး ဦးထွန်းဦး၊ (၉) ဆရာကြီး ဦးနိုင်ထွန်းရီ-တို့ တက်ရောက်ခဲ့ကြပါသည်။ ထိုတက်ရောက် လာကြသော စာပေပညာရှင် (၉) ဦးကို "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန် ပြုစုရေးအဖွဲ့" အဖြစ် ဖွဲ့စည်းကာ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန် ကျမ်းကြီး"ကို ပြုစု ရေးသားစေခဲ့ပါသည်။ ထိုသို့ ရေးသားရာ၌ (၁) ခေါင်းစဉ်၊ (၂) သရုပ်စာကိုယ်နှင့် (၃) ကျမ်းညွှန်းတို့ကို ဆဋ္ဌ သင်္ဂါယနာတင်မူအတိုင်း ထည့်သွင်းရေးသားရန် ညွှန်ကြားခဲ့ပါသည်။

၃။ တသ္မိံ သန္ဓိပါတေ ထေရော၊ ဧတံ ဝစန မဗြဝိ။
"အယံ ဂန္ထော သမုပ္ပန္ဓော၊ ဥပကာရော ဘဝိဿတိ။

http://www.dhammadownload.com

၄။ မဟာထေရာနံ ထေရာနံ၊ မဇ္ဈိမာန နဝါန စ။
ဂန္ထကာရကာနံ ဂန္ထ-ဝါစကသောတုဇနာန စ။

၅။ ကမ္မဋ္ဌာနာစရိယာနဉ္စ၊ တထာ ဓမ္မကထိကာန စ။
သဗ္ဗေသံ သုတကာမာနံ၊ အပိ မန္ဒဒသကာန စ။

၆။ ဝဏ္ဏပါဌကမတ္တာနမ္ပိ၊ ဟိတာဝဟော ဘဝိဿတိ။
ပဏ္ဍိတာနံ ထေရာနမ္ပိ၊ မနံ အာရာဓယိဿတိ။

၇။ ယတ္တကံ သာသနံ ဋ္ဌိတံ၊ တတ္တကာယမ္ပိ ဌဿတိ။
တသ္မာ အာရဒ္ဓဝီရိယာ၊ ကရောထ ဓမ္မမာလက"န္တိ။

၃။ ထိုအစည်းအဝေးဦး ဆရာတော်က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပါသည်--- "'ဒီ "**ပိဋ္ဌကသုံးပုံ သရုပ်စုံ အဘိဓာန် ကျမ်းကြီး**" ဖြစ်ပေါ်လာရင် သုတေသီ စာဖတ် ပရိသတ် အားလုံးအတွက် အကျိုးများလိမ့်မယ်။

၄။ သာသနာ့ထိပ်ခေါင်တင် မဟာထေရ် ဆရာတော်ကြီးများအတွက်လည်း အကျိုးများလိမ့်မယ်၊ ထေရ်ကြီး, ထေရ်လတ်နှင့် ထေရ်ငယ် ဆရာတော်ဘုရားများအတွက်လည်း အကျိုးများလိမ့်မယ်၊ ကျမ်းပြုဆရာတော်များ၊ စာချဆရာတော်များနှင့် စာသင်သား သံဃာတော်များအတွက်လည်း အကျိုးများလိမ့်မယ်။

၅။ ကမ္မဋ္ဌာန်းဆရာတော်များနှင့် ဓမ္မကထိကဆရာတော်များအတွက်လည်း အကျိုးများလိမ့်မယ်၊ ဓမ္မလိုလား ဓမ္မသုတေသီ အားလုံးအတွက် အကျိုးများလိမ့်မယ်၊ အောက်ထစ်ဆုံးအားဖြင့် ဆယ်နှစ်ခန့်အရွယ် လူမမယ် ကလေးတွေအတွက်အထိ အကျိုးများလိမ့်မယ်။

၆။ စာဖတ်တတ်ခါစ မူလတန်းကလေးတွေအတွက်ထိ အကျိုးများလိမ့်မယ်။ ဒီကျမ်းကြီးဟာ ပညာရှိဆရာတော်ဘုရားများရဲ့ စိတ်ကိုလည်း သဘောကျ နှစ်ချိုက်စေလိမ့်မယ်။

၇။ ဒီကျမ်းကြီးဟာ ပိဋ္ဌကသုံးပုံက ထုတ်နုတ်ပြီးတော့ ပုလဲကုံးသဖွယ် သီကုံးထားတဲ့ ကျမ်းကြီး ဖြစ်တဲ့အတွက်ကြောင့် ပိဋ္ဌကသုံးပုံဆိုတဲ့ သာသနာတော်မြတ်ကြီး တည်တံ့သရွေ့ တည်တံ့မည့် ကျမ်းကြီး ဖြစ်လိမ့်မယ်။ ဒါကြောင့် ဒီကျမ်းကြီး ဖြစ်မြောက် အောင်မြင်အောင် အစွမ်းကုန် ကြိုးစားပြီး ရေးသားပြုစုကြပါ။"

၈။ တတော ပဋ္ဌာယာစရိယာ၊ ပါဠိဘာသာယ ကောဝိဒါ။
ထေရောဝါဒံ သမာဒါယ၊ အာရဒ္ဓါ ဓမ္မမာလကံ။

၈။ (၁၈၊ ၁၁၊ ၂၇) တနင်္ဂနွေနေ့ "**ပိဋ္ဌကသုံးပုံ သရုပ်စုံ အဘိဓာန်ကျမ်းကြီး**" ဖြစ်မြောက်ရေး အစည်းအဝေးမှ စတင်ကာ ထိုပါဠိ မြန်မာ စာပေပညာရှင် (၉) ဦး (နောက် အစည်းအဝေး၌ ဆရာမကြီး ဒေါ်ချိုချိုသန်း အပါအဝင် ပညာရှင် ၁၀ ဦး) တို့သည် ဆရာတော် ဦးသာသနဝရ၏ လမ်းညွှန်ချက် သြဝါဒကို ဦးထိပ်ပန်ဆင်ကာ ကြိုးစားအားထုတ်၍

http://www.dhammadownload.com

ဤကျမ်းကြီးကို ရေးသားပြုစုခဲ့ကြပါသည်။ နောက်ပိုင်း၌ကား အခြေအနေအရ ဓမ္မဗိမာန် အယ်ဒီတာချုပ် ဆရာကြီး ဦးထွန်းဦးနှင့် အယ်ဒီတာ ဆရာကြီး ဦးနိုင်ထွန်းရီတို့က ဤကျမ်းကြီး၏ ရာခိုင်နှုန်းများစွာကို ရေးသားပြုစုခဲ့ကြပါသည်။ ဆရာတော် ဦးသာသနဝရက အစစအရာရာ တည်းဖြတ်,ပြင်ဆင်,စီစဉ်ပေးပါသည်။

၉။ တတော ပဥ္စဟိ ဝဿေဟိ၊ နိဋ္ဌာပိတော အယံ သုဘော ။
ဗာဋ္ဌ မုဋ္ဌာယ သမုဋ္ဌာယ၊ သေဒေဟိ မုစ္စနကေဟိ စ။

၉။ ထို့နောင် ဤကျမ်းစာကြီး ပြီးမြောက်အောင်မြင်ရေးအတွက် ဇွဲနဲ့ နပဲနဲ့ ချွေးနဲ့ ကြိုးကြိုး စားစား ရေးသားပြုစုလာခဲ့ကြရာ လေးနှစ်ကျော် ငါးနှစ်ခန့်အကြာ ယခု (၇၊ ၃၊ ၂၀၁၂ ဗုဒ္ဓဟူးနေ့) တွင် ချောမောစွာ အပြီးသတ်နိုင်ခဲ့ပါပြီ။

၁၀။ ဣန္ဒောဘာသေန ထေရေန၊ အက္ခရာဝလိ ကတာ ဣဓ။
ပဓာနာနံ သီသာနဥ္စ၊ ပိဋ္ဌက်ဂဏနာန စ။

၁၀။ ဤကျမ်းစာ၌ ခေါင်းစဉ်ကြီးတို့၏ အက္ခရာစဉ်နှင့် ကျမ်းညွှန်းစာမျက်နှာတို့၏ ကျမ်းစဉ် စသည်တို့ကို ဆရာတော် အရှင်ဣန္ဒောဘာသက ကွန်ပျူတာနည်းပညာဖြင့် စီစဉ်ဆောင်ရွက် ပေးပါသည်။ ဆရာတော် အရှင်ဣန္ဒောဘာသ၏ လက်ထောက် ဆရာ ဦးထွန်းနိုင်က အက္ခရာစဉ် စသည်ကို စိစစ် ပြင်ဆင်ပေးပါသည်။

၁၁။ ဒေါက်တာခင်ခင်ရီ-နာမိကာ၊ ဝိသာခါ ဝိယ ဒါယိကာ။
မာတရံ ပိတရံ ပမုခံ၊ ကရိတွာန အဒါသိမံ။

၁၁။ ရှိုင်းဟုပ်ကုမ္ပဏီမှ ဒါယိကာမကြီး ဒေါက်တာ ဒေါ်ခင်ခင်ရီသည် "ရာစုသစ် ဝိသာခါ" ဟု ခေါ်ဆိုရလောက်အောင် သာသနာအတွက်ရော လောကအတွက်ပါ လူဒါန်း ထောက်ပံ့ နေသော အလွန်ထူးခြားသော ဒကာမတစ်ယောက် ဖြစ်၏။ အကယ်၍သာ ဘုရားရှင် တစ်ဆူဆူနှင့် တွေ့ကြုံခဲ့ပါက ဒါနအရာ ဧတဒဂ်တောင် ရလောက်ပါပေသည်။ ထိုဒါယိကာမကြီး ဒေါက်တာ ဒေါ်ခင်ခင်ရီသည် ဖခင်ကြီး (ဦးတင်လှ)နှင့် မိခင်ကြီး ဒေါ်စန်းရီတို့ကို အမှူးထားကာ ဤကျမ်းစာကြီးကို ဓမ္မဒါနအဖြစ် လူဒါန်းပူဇော်ပါသည်။

၁၂။ ဧတေန ပုညကမ္မေန၊ သုခိတံ ဟောတု တံ ကုလံ။
အသောကံ နိဗ္ဗယာဝေရံ၊ နိဒ္ဒုက္ခံ နိရုပဒ္ဒဝံ။

၁၂။ ဒါနတို့တွင် အမြတ်ဆုံးဖြစ်သော ဤဓမ္မဒါန ကုသလစေတနာ အဖြာဖြာကြောင့် မိခင်ကြီး ဖွားဖွား ဒေါ်စန်းရီ၊ သား သမီး မြေးများ ဖြစ်ကြသော ဒေါက်တာ ဒေါ်ခင်ခင်ရီ၊ ဒေါ်တင်တင်ရီ၊ ဒေါ်လှလှရီ၊ ဒေါ်နွဲ့နွဲ့ရီ၊ ဦးကျော်ဝင်း၊ ကူကူး၊ အောင်ချမ်းသာ၊ မောင်တင့်လွင် နှင့်တကွ ရှိုင်းဟုပ်မိသားစု အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောက ခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

http://www.dhammadownload.com

၁၃။ ဓမ္မဝိမာနမှိ ဓမ္မ-မာမကာ ဓမ္မကာရကာ။
ဇတာသွိ ဂန္ဆကရဏော၊ ပဓာနာ ဥပကာရကာ။

၁၃။ ဓမ္မချစ်ခင် သူတော်စင်များ ဖြစ်ကြသော ဓမ္မဝိမာန်မှ ဓမ္မဝန်ထန်းများသည် ဤကျမ်းစာကြီးကို ပြုစုရာ၌ ကျေးဇူးအများဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ထိုဓမ္မဝန်ထမ်းများမှာ- (၁) ဦးထွန်းဦး၊ (၂) ဦးစန်းလွင်၊ (၃) ဦးနိုင်ထွန်းရီ၊ (၄) ဦးထွန်းနိုင်၊ (၅) ဦးရန်နိုင်ထွန်း၊ (၆) ဦးချိုလေး၊ (၇) ကိုမျိုးသူ၊ (၈) ကိုအောင်နိုင်ဝင်း၊ (၉) ကိုမောင်ထူး၊ (၁၀) ဟိန်းမင်းစိုး၊ (၁၁) ကိုကျော်မျိုးခိုင်၊ (၁၂) ကိုအောင်ဇော်မိုး၊ (၁၃) ကိုအေးနိုင်၊ (၁၄) ကိုစိုးမင်းခိုင်၊ (၁၅) မခင်ခင်သိန်း၊ (၁၆) မနှင်းနှင်းရီ၊ (၁၇) မဇင်ထွေးငယ်၊ (၁၈) မအေးအေးကြူ၊ (၁၉) မတင်တင်ဝင်းတို့ ဖြစ်ကြပါသည်။

၁၄။ အမှာကံ ဓမ္မဝိမာနေ၊ ဥပ္ပန္နော ဒုလ္လဘော အယံ။
ဓမ္မေသိနံ သုခတ္ထာယ၊ ဒေဝေန ဒဿိတော ယထာ။

၁၄။ ဤကျမ်းစာမျိုးကား ပြုစုရေးသားရန် အလွန် ခက်ခဲလှပါသည်။ ပါဠိဘာသာ တတ်ကျွမ်းပြီး ပိဋကသုံးပုံကို မွှေနှောက်ရာဖွေ၍ ရေးသားပြုစုရသည်။ လူအား၊ ပညာအား၊ သဒ္ဓါအား၊ ငွေအားနှင့် အချိန်အားတို့ကို များစွာ အသုံးပြုရသည်။ တော်စွာ့ ရော်စွာ့ အင်အားဖြင့် ရေးသားပြုစုနိုင်သည် မဟုတ်ပါ။ ထိုမျှအထိ ခက်ခဲ၍ ကျေးဇူးများလှ၊ တန်ဖိုးကြီးမားလှသော ကျမ်းစာကြီးကို အကျွန်ုပ်တို့ ဓမ္မဝိမာန်က အောင်မြင်အောင် ရေးသားပြုစုနိုင်ခဲ့ပါပြီ။ ဤကျမ်းစာကြီးသည် ဓမ္မလိုလား အမျိုးကောင်းသား အမျိုးကောင်းသမီး များအတွက် အလွန်တရာ ကျေးဇူးများပါလိမ့်မည်။ မိမိတို့ အလိုရှိရာ တရားသရုပ်များကို နတ်က ညွှန်ပြသကဲ့သို့ အံ့သြဖွယ်ကောင်းလောက်အောင် အလွန်လျင်မြန်စွာ ရှာဖွေပေးပါ လိမ့်မည်။

၁၅။ ပဌမံ သဂီတိကာရေဟိ၊ သင်္ခါသဒိသတန္တိယော။
ဇကေကင်္ ဥတ္တာရေတွာ၊ "အဂုံတ္တရော"တိ ရောပိတာ။

၁၆။ ဇဝံ သရုပိကော ဓမ္မော၊ တတော တတော နိကာယတော။
ဥဒ္ဓရိတွာ အဘိရုပါ၊ ဓမ္မမာလာ သုကန္ထိတာ။

၁၅။ အရှင်မဟာကဿပအစရှိသော ပဌမသင်္ဂီယနာတင် မထေရ်မြတ်တို့သည် သင်္ခါ (အရေအတွက်) တူသော တရားဓမ္မများကို ငယ်စဉ်ကြီးလိုက် စဉ်တောက်မှုကြ၍ "အဂုံတ္တရ နိကာယ်"ဟူသော အမည်ဖြင့် သင်္ဂီယနာ တင်တော်မူခဲ့ကြသကဲ့သို့

၁၆။ ထို့အတူ အကျွန်ုပ်တို့ ဓမ္မဝိမာန်က သရုပ်(အရေအတွက်)တူသော တရားတော်များကို နိကာယ်ငါးရပ် ပိဋကသုံးပုံမှ ကြိုးစားပမ်းစား ရှာဖွေစုဆောင်း၍ အလွန်လှပသော ပုလဲကုံးသဖွယ် သီကုံးကာ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ပြုစုရေးသား ပူဇော်နိုင်ခဲ့ပါပြီ။

http://www.dhammadownload.com

၁၇။ နာတော မဏ္ဍာနဇာတိကော၊ ဓာရေန္တော ရတနံ ဝိယ။
ဓမ္မေသီပိ ဣမေ ဓမ္မေ၊ဓာရေန္တော အတိသောဘတိ။

၁၇။ ရေမိုးချိုးကာ ပြင်ဆင်ခြယ်သပြီးသော မင်းသားတစ်ယောက်သည် မင်းသားဝတ်လက်ဝတ်ရတနာများကို ဝတ်ဆင်ပါက အလွန်လှပ တင့်တယ်သကဲ့သို့ တရားချစ်ခင် ဓမ္မသူတော်စင်အပေါင်းသည် ဤကျမ်းစာပါ တရားရတနာပန်းကုံးကို ပန်ဆင်ကြပါ၊ အလွန် ခန့်ငြား တင့်တယ်နိုင်ပါသည်။

၁၈။ ယော ဇနော ပဋိဇာနာတိ၊ ဗုဒ္ဓသာ သာဝကော အဟံ။
သော သဗ္ဗောပေတံ ဓာရေယျ၊ အယဂ္ဂိ ဗုဒ္ဓဘာသိတာ။

၁၈။ ဗုဒ္ဓ၏ သားတော် သမီးတော် ဗုဒ္ဓဘာသာဝင် သူတော်စင်-ဟု ဝန်ခံထားသူ မှန်သမျှသည် ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ဆောင်ထားသင့်၏။ အကြောင်းမှာ- ဤကျမ်းစာကြီးသည် ဘုရားဟော ကျမ်းစာများနှင့် ဘုရားဟောကျမ်းစာတို့၏ အဖွင့် ကျမ်းစာများမှ ရှာဖွေစုဆောင်းကာ သီကုံးရေးသားထားသော ကျမ်းစာကြီး ဖြစ်သော ကြောင့် ဖြစ်ပါသည်။

၁၉။ န သက္ကာ ဇေတုံ သင်္ဂါမေ၊ အသိနာညတြ ဝမ္မိနာ။
ဧဝံ ဓမ္မကထိကေန၊ ဒေသနတ္ထံ ဝိနာ ဣမံ။

၁၉။ စစ်သားသည် သန်လျက်နှင့် (လက်နက်နှင့်) ကင်းလျှင် တိုက်ပွဲ၌ မအောင်နိုင်သကဲ့သို့ တရားဟော ဓမ္မကထိကသည် ဤကျမ်းစာနှင့် ကင်းလျှင် တရားဟောရာ၌ မပြည့်စုံနိုင်ပါ။

၂၀။ ပိဋကံ အဒိဋ္ဌပါရံ၊ သမုဒ္ဒေါ ဝိယ ဝိတ္ထတံ။
တေနဿ သရူပံ သေသံ၊ သေသံ ပဿံ နော ဘာသယေ။

၂၀။ သမုဒြာသည် ကမ်းမမြင် လမ်းမမြင် အလွန် ကျယ်ပြန့်သကဲ့သို့ ပိဋကသုံးပုံ သည်လည်း ကမ်းမမြင် လမ်းမမြင် အလွန် ကျယ်ပြန့်လှပါသည်။ ထို့ကြောင့် ထိုထိုကျမ်းဂန် တို့မှ တရားသရုပ်များ ကျန်ကောင်းကျန်နိုင်စရာ ရှိပါသည်။ ထိုသို့ ကျန်ရှိနေသေးသော တရားသရုပ်များကို ဓမ္မဝိမာန်သို့ အကြောင်းကြားကြစေလိုပါသည်။

၂၁။ မဟာဒွနော မဟာဘောဂေါ၊ ဥပဘုဇ္ဇေ ယထာရုစိ။
ဣမံ ဂန္ထံ ဓာရေန္တောပိ၊ ဒေသယေယျ ယထာရုစိ။

၂၁။ စည်းစိမ်ဥစ္စာ ပေါကြွယ်ဝသော သူဌေးကြီးသည် စည်းစိမ်ဥစ္စာတို့ကို အလိုရှိတိုင်း သုံစွဲနိုင်သကဲ့သို့ ဤကျမ်းစာကို ဆောင်ထားသော သူတော်ကောင်းတို့သည် တရားဓမ္မတို့ကို ဟောပြောနိုင်ကြပါလိမ့်မည်။

၂၂။ ဖလတ္ထိကော ဒိဇဂဏော၊ နိလီယေ ဖလိတေ အဂေ။
သရူပတ္ထိကော ပဿေယျ၊ သရူပဘရိတံ ဣမံ။

http://www.dhammadownload.com

၂၂။ သစ်သီးကို အလိုရှိသော ၄က်အပေါင်းသည် သစ်သီးရှိသော သစ်ပင်ကြီး၌ နားသကဲ့သို့ တရားသရုပ်တို့ကို အလိုရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် တရားသရုပ်တွေ အပြည့်အစုံပါရှိသော ဤ"ပဋ္ဌကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို မပြတ်ဆောင်ကာ ကြည့်ရှုသင့်ကြပါသည်။

၂၃။ ဥဒကတ္ထိကော ဂစ္ဆယျ၊ သရံ ဥဒကပူရိတံ။
သရုပတ္ထိကော ပသေသယျ၊ သရုပဘရိတံ ဣမံ။

၂၃။ ရေကို အလိုရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ရေပြည့်နေသော ရေကန်ကြီးဆီ သွားကြသကဲ့သို့ တရားသရုပ်တို့ကို အလိုရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် တရားသရုပ်တွေ အပြည့်အစုံပါရှိသော ဤ "ပဋ္ဌကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို မပြတ်ဆောင်ကာ ကြည့်ရှုသင့်ကြပါသည်။

၂၄။ ရတနတ္ထိကော ဂစ္ဆယျ၊ ရတနပွသာရဏာပဏံ။
သရုပတ္ထိကော ပသေသယျ၊ သရုပဘရိတံ ဣမံ။

၂၄။ ကျောက်မျက်ရတနာတို့ကို အလိုရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ကျောက်မျက်ရတနာဆိုင်ကြီးဆီ သွားကြသကဲ့သို့ တရားသရုပ်တို့ကို အလိုရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် တရားသရုပ်တွေ အပြည့်အစုံပါရှိသော ဤ" ပဋ္ဌကသုံးပုံ သရုပ်နှံ အဘိဓာန်" ကျမ်းစာကြီးကို မပြတ်ဆောင်ကာ ကြည့်ရှုသင့်ကြပါသည်။

၂၅။ ဘမရော ပဒုမံ ဂစ္ဆ၊ ပိဝိတု မဓုရံ ရသံ။
သရုပတ္ထိကော ပသေသယျ၊ သရုပဘရိတံ ဣမံ။

၂၅။ ပျားပိတုန်းတို့သည် ပန်းဝတ်ရည်ကို စုပ်ယူရန် ပဒုမ္မာကြာပန်းပေါ် နားကြသကဲ့သို့ တရားသရုပ်တို့ကို အလိုရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် တရားသရုပ်တွေ အပြည့်အစုံပါရှိသော ဤ "ပဋ္ဌကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို မပြတ်ဆောင်ကာ ကြည့်ရှုသင့်ကြပါသည်။

၂၆။ တံတံဘာသာယ ဘိဓာနာ၊ သိက္ခာယ ဥပကာရကာ။
သုတေသိနံ အတိအာယာသ- စိရကာလဝိနောဒနာ။

၂၇။ ဓမ္မမာလာ သရုပိကာ၊ သိက္ခာယ ဥပကာရိကာ။
သုတေသိနံ အတိအာယာသ- စိရကာလဝိနောဒနာ။

၂၆။ ထိုထိုဘာသာဖြင့် ပြုစုထားသော အဘိဓာန်ကျမ်းတို့သည် ထိုထိုဘာသာကို လေ့လာဆည်းပူးကြသော သုတေသီတို့အား အချိန်ကုန် လူပမ်းမှုကို အလွန် သက်သာစေ၍ လွန်စွာကျေးဇူးများကြကုန်သကဲ့သို့

http://www.dhammadownload.com

၂၇။ ဤ "**ပိဋ္ဌကသုံးပုံ သရုပ်စုံ အဘိဓာန်**" ကျမ်းစာကြီးသည်လည်း တရားသရုပ်တို့ကို ရှာဖွေ လေ့လာကြသော သုတေသီတို့အား အရိုန်ကုန် လူပမ်းမှုကို အလွန် သက်သာစေ၍ လွန်စွာ ကျေးဇူးများပါလိမ့်မည်။

၂၈။ ပူဇကော ပူဇိတော အသ၊ မာနနကောပိ မာနိတော။
ဇဝံ ဓာရေန္တသ ကွမံ၊ ဒဿတျာယံ သုခံ ဗဟုံ။

၂၈။ မိမိက ပူဇော်လျှင် မိမိကလည်း အပူဇော်ခံရတတ်ပါသည်။ မိမိက မြတ်နိုးလျှင် မိမိကလည်း အမြတ်နိုးခံရတတ်ပါသည်။ထို့အတူ ဤကျမ်းစာကြီးကို ယုံကြည်လေးစားစွာ ဆောင်ထားသူအား ဤကျမ်းစာကြီးက ကောင်းကျိုးချမ်းသာ များစွာ ဇကန် ပေးပါလိမ့်မည်။

၂၉။ ယော ဧစ ပဿတိမံ ဂန္ထံ၊ ဓမ္မမာလံ ပုနပ္ပုနံ။
အာဒါသံ ဝိယ ကတွာန၊ သ ဝေ သရ္ဝပကေသရီ။

၂၉။ ဤ"**ပိဋ္ဌကသုံးပုံ သရုပ်စုံ အဘိဓာန်**" ကျမ်းစာကြီးကို မှန်ကြည့်သကဲ့သို့ အမြတ်တနိုး ထပ်ကာထပ်ကာ ကြည့်ရှုသော သူသည် တရားသရုပ်အရာ၌ ခြေသေ့ကြီး သဖွယ် အမှန်တကယ် ဖြစ်ပါလိမ့်မည်။

၃၀။ ကွတိ နော ဘာသမာနာနံ၊ ဓမ္မမာလံ သုဘံ ကွမံ။
ဂရုံ ကတွာ ဓာရေယျာထ၊ ဒုလ္လဘာ ဟိ အယံ ကထာတိ။

၃၀။ ယခု ပြဆိုခဲ့သည့်အတိုင်း တင့်တယ်လှပသည့် ရတနာပန်းကုံးသဖွယ် ရေးသား ပြုစုထားသော အကျွန်ုပ်တို့၏ "**ပိဋ္ဌကသုံးပုံ သရုပ်စုံ အဘိဓာန်**" ကျမ်းစာကြီးကို အမြတ်တနိုး တန်ဖိုးထားကာ ဆောင်ထားကြည့်ရှုသင့်ကြပါသည်။ အကြောင်းမှာ- မိမိတို့ကိုယ်တိုင် တရားသရုပ်များကို အလွန်တရာ ကျယ်ပြောသည့် ပိဋ္ဌကသုံးပုံမှာ ရှာဖွေရလျှင် ပင်လယ်ပြင်မှာ ပုစွန်ဆိတ်ကလေးကို ရှာဖွေရသကဲ့သို့ အလွန်ခက်ခဲနိုင် သောကြောင့် ဖြစ်ပါသည်။

အရှင်သာသနဝရ
၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်
(၇၊ ၃၊ ၂၀၁၂)ဗုဒ္ဓဟူးနေ့

http://www.dhammadownload.com

ကျမ်းဦးနှိုးသင်္ကေတများ

ပါဠိတော်ကျမ်းများ

ပါရာဇိကကဏ္ဍပါဠိတော်	ဝိ၊၁။
ပါစိတ္တိယပါဠိတော်	ဝိ၊၂။
မဟာဝဂ္ဂပါဠိတော်	ဝိ၊၃။
စူဠဝဂ္ဂပါဠိတော်	ဝိ၊၄။
ပရိဝါရပါဠိတော်	ဝိ၊၅။
သီလက္ခန္ဓဝဂ္ဂပါဠိတော်	ဒီ၊၁။
မဟာဝဂ္ဂပါဠိတော်	ဒီ၊၂။
ပါထိကဝဂ္ဂပါဠိတော်	ဒီ၊၃။
မူလပဏ္ဏာသပါဠိတော်	မ၊၁။
မဇ္ဈိမပဏ္ဏာသပါဠိတော်	မ၊၂။
ဥပရိပဏ္ဏာသပါဠိတော်	မ၊၃။
သဂါထဝဂ္ဂ,နိဒါနဝဂ္ဂသံယုတ်ပါဠိတော်	သံ၊၁။
ခန္ဓဝဂ္ဂ,သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်	သံ၊၂။
မဟာဝဂ္ဂသံယုတ်ပါဠိတော်	သံ၊၃။
အဂုတ္တရပါဠိတော် (ပထမော ဘာဂေါ)	အံ၊၁။
အဂုတ္တရပါဠိတော် (ဒုတိယော ဘာဂေါ)	အံ၊၂။
အဂုတ္တရပါဠိတော် (တတိယော ဘာဂေါ)	အံ၊၃။
ခုဒ္ဒကပါဌပါဠိတော်	အဘိ၊ခ။
ဓမ္မပဒဂါထာပါဠိတော်	အဘိ၊ဂ။
ဥဒါန်းပါဠိတော်	အဘိ၊ဃ။
ဣတိဝုတ္တကထာနှင့် ပုဂ္ဂလပညတ်ပါဠိတော်	အဘိ၊င။
ကထာဝတ္ထုပါဠိတော်	အဘိ၊စ။
ယမကပါဠိတော် (ပထမော ဘာဂေါ)	ယမက၊၁။
ယမကပါဠိတော် (ဒုတိယော ဘာဂေါ)	ယမက၊၂။

http://www.dhammadownload.com

ယမကပါဠိတော် (တတိယော ဘာဂေါ)	ယမက၊၃။
ပဋ္ဌာနပါဠိတော် (ပထမော ဘာဂေါ)	ပဋ္ဌာန၊၁။
ပဋ္ဌာနပါဠိတော် (ဒုတိယော ဘာဂေါ)	ပဋ္ဌာန၊၂။
ပဋ္ဌာနပါဠိတော် (တတိယော ဘာဂေါ)	ပဋ္ဌာန၊၃။
ပဋ္ဌာနပါဠိတော် (စတုတ္ထော ဘာဂေါ)	ပဋ္ဌာန၊၄။
ပဋ္ဌာနပါဠိတော် (ပဉ္စမော ဘာဂေါ)	ပဋ္ဌာန၊၅။
ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်	ပဋိသံ။
ခုဒ္ဒကပါဋ, ဓမ္မပဒ,ဥဒါန, ဣတိဝုတ္တက,သုတ္တနိပါတ	ခုဒ္ဒက။ ဓမ္မ။ ဥဒါန။ ဣတိဝုတ်။ သုတ္တနိ။
ဝိမာနဝတ္ထု,ပေတဝတ္ထု, ထေရဂါထာ,ထေရီဂါထာပါဠိတော်	ဝိမာန။ ပေတ။ ထေရဂါထာ။ ထေရီဂါထာ။
အပဒါနပါဠိတော် (ပထမော ဘာဂေါ)	အပ၊၁။
အပဒါနပါဠိတော် (ဒုတိယော ဘာဂေါ)	အပ၊၂။
ဗုဒ္ဓဝံသပါဠိတော်	ဗုဒ္ဓဝံ။
စရိယာပိဋကပါဠိတော်	စရိယာ။
မဟာနိဒ္ဒေသပါဠိတော်	မဟာနိ။
စူဠနိဒ္ဒေသပါဠိတော်	စူဠနိ။
ဇာတကပါဠိတော် (ပထမော ဘာဂေါ)	ဇာတက၊၁။
ဇာတကပါဠိတော် (ဒုတိယော ဘာဂေါ)	ဇာတက၊၂။
ပေဋကောပဒေသပါဠိတော်	ပေဋကော။
မိလိန္ဒပဉ္ဉပါဠိတော်	မိလိန္ဒ။

http://www.dhammadownload.com

အဋ္ဌကထာကျမ်းများ

ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပထမော ဘာဂေါ)	ဝိ၊ဋ္ဌ၁။
ပါရာဇိကကဏ္ဍအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	ဝိ၊ဋ္ဌ၂။
ပါစိတ္တိယအဋ္ဌကထာ	ဝိ၊ဋ္ဌ၃။
စူဠဝဂ္ဂါဒိအဋ္ဌကထာ	ဝိ၊ဋ္ဌ၄။
သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ	ဒီ၊ဋ္ဌ၁။
မဟာဝဂ္ဂ အဋ္ဌကထာ	ဒီ၊ဋ္ဌ၂။
ပါထိကဝဂ္ဂ အဋ္ဌကထာ	ဒီ၊ဋ္ဌ၃။
မူလပဏ္ဏာသအဋ္ဌကထာ (ပထမော ဘာဂေါ)	မ၊ဋ္ဌ၁။
မူလပဏ္ဏာသအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	မ၊ဋ္ဌ၂။
မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ	မ၊ဋ္ဌ၃။
ဥပရိပဏ္ဏာသအဋ္ဌကထာ	မ၊ဋ္ဌ၄။
သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ	သံ၊ဋ္ဌ၁။
နိဒါနဝဂ္ဂ,ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာ	သံ၊ဋ္ဌ၂။
သဠာယတနဝဂ္ဂ,မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ	သံ၊ဋ္ဌ၃။
အင်္ဂုတ္တရအဋ္ဌကထာ (ပထမော ဘာဂေါ)	အံ၊ဋ္ဌ၁။
အင်္ဂုတ္တရအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	အံ၊ဋ္ဌ၂။
အင်္ဂုတ္တရအဋ္ဌကထာ (တတိယော ဘာဂေါ)	အံ၊ဋ္ဌ၃။
အဋ္ဌသာလိနီအဋ္ဌကထာ	အဘိ၊ဋ္ဌ၁။
သမ္မောဟဝိနောဒနီအဋ္ဌကထာ	အဘိ၊ဋ္ဌ၂။
ပဉ္စပ္ပကရဏအဋ္ဌကထာ	အဘိ၊ဋ္ဌ၃။
ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ပထမော ဘာဂေါ)	ပဋိသံ၊ဋ္ဌ၁။
ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	ပဋိသံ၊ဋ္ဌ၂။
ခုဒ္ဒကပါဌအဋ္ဌကထာ	ခုဒ္ဒကာ၊ဋ္ဌ။
ဓမ္မပဒအဋ္ဌကထာ (ပထမော ဘာဂေါ)	ဓမ္မ၊ဋ္ဌ၁။
ဓမ္မပဒအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	ဓမ္မ၊ဋ္ဌ၂။

http://www.dhammadownload.com

ဥဒါနအဋ္ဌကထာ	ဥဒါန၊၌။
ဣတိဝုတ္တကအဋ္ဌကထာ	ဣတိဝုတ်၊၌။
သုတ္တနိပါတအဋ္ဌကထာ (ပထမော ဘာဂေါ)	သုတ္တနိ၊၌၊၁။
သုတ္တနိပါတအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	သုတ္တနိ၊၌၊၂။
ဝိမာနဝတ္ထုအဋ္ဌကထာ	ဝိမာန၊၌။
ပေတဝတ္ထုအဋ္ဌကထာ	ပေတာ၊၌။
ထေရဂါထာအဋ္ဌကထာ (ပထမော ဘာဂေါ)	ထေရာ၌၊၁။
ထေရဂါထာအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	ထေရာ၌၊၂။
ထေရီဂါထာအဋ္ဌကထာ	ထေရီ၊၌။
အပဒါနအဋ္ဌကထာ (ပထမော ဘာဂေါ)	အပါ၌၊၁။
အပဒါနအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	အပါ၌၊၂။
ဗုဒ္ဓဝံသအဋ္ဌကထာ	ဗုဒ္ဓဝံ၊၌။
စရိယာပိဋကအဋ္ဌကထာ	စရိယာ၊၌။
မဟာနိဒ္ဒေသအဋ္ဌကထာ	မဟာနိ၊၌။
စူဠနိဒ္ဒေသအဋ္ဌကထာ	စူဠနိ၊၌။
နေတ္တိအဋ္ဌကထာ	နေတ္တိ၊၌။
ဇာတကအဋ္ဌကထာ (ပထမော ဘာဂေါ)	ဇာ၌၊၁။
ဇာတကအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	ဇာ၌၊၂။
ဇာတကအဋ္ဌကထာ (တတိယော ဘာဂေါ)	ဇာ၌၊၃။
ဇာတကအဋ္ဌကထာ (စတုတ္ထော ဘာဂေါ)	ဇာ၌၊၄။
ဇာတကအဋ္ဌကထာ (ပဉ္စမော ဘာဂေါ)	ဇာ၌၊၅။
ဇာတကအဋ္ဌကထာ (ဆဋ္ဌော ဘာဂေါ)	ဇာ၌၊၆။
ဇာတကအဋ္ဌကထာ (သတ္တမော ဘာဂေါ)	ဇာ၌၊၇။
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ပထမော ဘာဂေါ)	ဝိသုဒ္ဓိ၊၁။
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဒုတိယော ဘာဂေါ)	ဝိသုဒ္ဓိ၊၂။

http://www.dhammadownload.com

ဋီကာကျမ်းများ

ဝဇိရဗုဒ္ဓိဋီကာ	ဝဇိရ။
သာရတ္ထဒီပနိဋီကာ (ပထမော ဘာဂေါ)	သာရတ္ထ၊ဋီ၊၁။
သာရတ္ထဒီပနိဋီကာ (ဒုတိယော ဘာဂေါ)	သာရတ္ထ၊ဋီ၊၂။
သာရတ္ထဒီပနိဋီကာ (တတိယော ဘာဂေါ)	သာရတ္ထ၊ဋီ၊၃။
ဝိမတိဝိနောဒနိဋီကာ (ပထမော ဘာဂေါ)	ဝိမတိ၊၁။
ဝိမတိဝိနောဒနိဋီကာ (ဒုတိယော ဘာဂေါ)	ဝိမတိ၊၂။
သီလက္ခန္ဓဝဂ္ဂဋီကာ	ဒီ၊ဋီ၊၁။
သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ပထမော ဘာဂေါ)	သီ၊ဋီ၊သစ်၊၁။
သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ (ဒုတိယော ဘာဂေါ)	သီ၊ဋီ၊သစ်၊၂။
မဟာဝဂ္ဂဋီကာ	ဒီ၊ဋီ၊၂။
ပါထိကဝဂ္ဂဋီကာ	ဒီ၊ဋီ၊၃။
မူလပဏ္ဏာသဋီကာ (ပထမော ဘာဂေါ)	မ၊ဋီ၊၁။
မူလပဏ္ဏာသဋီကာ (ဒုတိယော ဘာဂေါ)	မ၊ဋီ၊၂။
မဇ္ဈိမ,ဥပရိပဏ္ဏာသဋီကာ	မ၊ဋီ၊၃။
သံယုတ္တဋီကာ (ပထမော ဘာဂေါ)	သံ၊ဋီ၊၁။
သံယုတ္တဋီကာ (ဒုတိယော ဘာဂေါ)	သံ၊ဋီ၊၂။
အင်္ဂုတ္တရဋီကာ (ပထမော ဘာဂေါ)	အံ၊ဋီ၊၁။
အင်္ဂုတ္တရဋီကာ (ဒုတိယော ဘာဂေါ)	အံ၊ဋီ၊၂။
အင်္ဂုတ္တရဋီကာ (တတိယော ဘာဂေါ)	အံ၊ဋီ၊၃။
ဓမ္မသင်္ဂဏိမူလဋီကာ	မူလဋီ၊၁။
ဝိဘင်္ဂမူလဋီကာ	မူလဋီ၊၂။
ပဋ္ဌပကရဏမူလဋီကာ	မူလဋီ၊၃။
ဓမ္မသင်္ဂဏိအနုဋီကာ	အနုဋီ၊၁။
ဝိဘင်္ဂအနုဋီကာ	အနုဋီ၊၂။
ပဋ္ဌပကရဏအနုဋီကာ	အနုဋီ၊၃။

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ပထမော ဘာဂေါ)	ဝိသုဒ္ဓိ၊ဋီ၊၁။
ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (ဒုတိယော ဘာဂေါ)	ဝိသုဒ္ဓိ၊ဋီ၊၂။
နေတ္တိဝိဘာဝိနီဋီကာ	နေတ္တိ၊ဝိဘာ။

ပိဋကတ်တော် မြန်မာပြန် ကျမ်းများ

ပါရာဇိကကဏ္ဍပါဠိတော်မြန်မာပြန်	ဝိ၊မြန်၊၁။
ပါစိတ္တိယပါဠိတော်မြန်မာပြန်	ဝိ၊မြန်၊၂။
မဟာဝဂ္ဂပါဠိတော်မြန်မာပြန်	ဝိ၊မြန်၊၃။
စူဠဝဂ္ဂပါဠိတော်မြန်မာပြန်	ဝိ၊မြန်၊၄။
ပရိဝါရပါဠိတော်မြန်မာပြန်	ဝိ၊မြန်၊၅။
သီလက္ခန္ဓဝဂ္ဂပါဠိတော်မြန်မာပြန်	ဒီ၊မြန်၊၁။
မဟာဝဂ္ဂပါဠိတော်မြန်မာပြန်	ဒီ၊မြန်၊၂။
ပါထိကဝဂ္ဂပါဠိတော်မြန်မာပြန်	ဒီ၊မြန်၊၃။
မူလပဏ္ဏာသပါဠိတော်မြန်မာပြန်	မ၊မြန်၊၁။
မဇ္ဈိမပဏ္ဏာသပါဠိတော်မြန်မာပြန်	မ၊မြန်၊၂။
ဥပရိပဏ္ဏာသပါဠိတော်မြန်မာပြန်	မ၊မြန်၊၃။
သဂါထဝဂ္ဂ,နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်	သံ၊မြန်၊၁။
ခန္ဓဝဂ္ဂ,သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်	သံ၊မြန်၊၂။
မဟာဝဂ္ဂသံယုတ်ပါဠိတော်မြန်မာပြန်	သံ၊မြန်၊၃။
အင်္ဂုတ္တရပါဠိတော်မြန်မာပြန် (ပထမတွဲ)	အံ၊မြန်၊၁။
အင်္ဂုတ္တရပါဠိတော်မြန်မာပြန် (ဒုတိယတွဲ)	အံ၊မြန်၊၂။
အင်္ဂုတ္တရပါဠိတော်မြန်မာပြန် (တတိယတွဲ)	အံ၊မြန်၊၃။
ဓမ္မသင်္ဂဏီပါဠိတော်မြန်မာပြန်	အဘိ၊ဓ၊မြန်။
ဝိဘင်းပါဠိတော်မြန်မာပြန် (ပထမတွဲ)	အဘိ၊ဝိ၊မြန်၊၁။
ဝိဘင်းပါဠိတော်မြန်မာပြန် (ဒုတိယတွဲ)	အဘိ၊ဝိ၊မြန်၊၂။
ဓာတုကထာနှင့် ပုဂ္ဂလပညတ်ပါဠိတော်မြန်မာပြန်	အဘိ၊ပု၊မြန်။

http://www.dhammadownload.com

ကထာဝတ္ထုပါဠိတော်မြန်မာပြန် (ပထမတွဲ)	အဘိ၊က၊မြန်၊၁။
ကထာဝတ္ထုပါဠိတော်မြန်မာပြန် (ဒုတိယတွဲ)	အဘိ၊က၊မြန်၊၂။
ပဋိသမ္ဘိဒါမဂ်ပါဠိတော်မြန်မာပြန်	ပဋိသံ၊မြန်။
ခုဒ္ဒကပါဌပါဠိတော်မြန်မာပြန်	ခုဒ္ဒက၊မြန်။
ဓမ္မပဒပါဠိတော်မြန်မာပြန်	ဓမ္မ၊မြန်။
ဥဒါန်းပါဠိတော်မြန်မာပြန်	ဥဒါန၊မြန်။
ဣတိဝုတ္တကပါဠိတော်မြန်မာပြန်	ဣတိဝုတ်၊မြန်။
သုတ္တနိပါတပါဠိတော်မြန်မာပြန်	သုတ္တနိ၊မြန်။
ဝိမာနဝတ္ထုပါဠိတော်မြန်မာပြန်	ဝိမာန၊မြန်။
ပေတဝတ္ထုပါဠိတော်မြန်မာပြန်	ပေတ၊မြန်။
ထေရဂါထာပါဠိတော်မြန်မာပြန်	ထေရဂါထာ၊မြန်။
အပဒါန်ပါဠိတော်မြန်မာပြန် (ပထမတွဲ)	အပ၊မြန်၊၁။
အပဒါန်ပါဠိတော်မြန်မာပြန် (ဒုတိယတွဲ)	အပ၊မြန်၊၂။
ဗုဒ္ဓဝံသပါဠိတော်မြန်မာပြန်	ဗုဒ္ဓဝံ၊မြန်၊၂။
မိလိန္ဒပဉ္ဉာပါဠိတော်မြန်မာပြန်	မိလိန္ဒ၊မြန်။
သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာမြန်မာပြန်	ဒီ၊ဋ္ဌ၊မြန်၊၁။
မဟာဝဂ္ဂအဋ္ဌကထာမြန်မာပြန်	ဒီ၊ဋ္ဌ၊မြန်၊၂။

http://www.dhammadownload.com



အမြတ်ဆုံးအလှူ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။
တရားအရသာသည် အရသာ အားလုံးကို အောင်နိုင်၏။
တရားဍှမွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

(ဓမ္မပဒ)



ဓမ္မဒါနကုသိုလ်ရှင်

ဖခင်ကြီး (ဦးတင်လှ) နှင့် မိခင်ကြီးဒေါ်စန်းရီ ကို
အမှူးထား၍
ဒေါက်တာခင်ခင်ရီ မိသားစု ကောင်းမှု။

http://www.dhammadownload.com

ပိဋကသုံးပုံ
သရုပ်စုံ အဘိဓာန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

က

ကကုသန္ဓဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ တရားဦး ဓမ္မစကြာကို ဟောကြားတော်မူသော အခါ (လူနတ်ဗြဟ္မာ ကုဋ္ဌေလေးသောင်းတို့ ကျွတ်တမ်းဝင်ကြသည်)၊ ၂။ ကောင်းကင်၌ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသောအခါ (လူနတ်ဗြဟ္မာ ကုဋ္ဌေသုံးသောင်း တရားထူးရကြသည်)၊ ၃။ နရဒေဝဘီလူးအား သစ္စာလေးပါးကို ပြလျက် တရားဟောတော်မူသောအခါ (ကျွတ်တမ်းဝင်ကြသော လူနတ်ဗြဟ္မာတို့၏ အရေအတွက်ကို ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်)။ (အဝ၊၂။၃၇၁။) (အပ၊မြန်၊၂။၃၇၀။)

ကကုသန္ဓဘုရားရှင်၏ သာဝကအစည်းအဝေး ၁ ကြိမ် ၁။ ပဌမအစည်းအဝေး၌ ရဟန်းလေးသောင်း။ (အဘိ၊ဋ္ဌ၊၁။၇၀။)

ကကုသန္ဓဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ဝိဓုရထေရ်၊ ၂။ သဉ္ဇီဝထေရ်။ (ဒီ၊၂။၄။) (အဘိ၊ဋ္ဌ၊၁။၇၀။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၉၉။) (ဒီ၊မြန်၊၂။၄။)

ကကုသန္ဓဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ သာမာထေရီ၊ ၂။ စမ္မာထေရီ။ (အဘိ၊ဋ္ဌ၊၁။၇၀။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၉၉။)

ကကုသန္ဓဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ ကာမမည်သော ပြာသာဒ်ဆောင်၊ ၂။ ကာမဝဏ္ဏမည်သော ပြာသာဒ်ဆောင်၊ ၃။ ကာမသုဒ္ဓိမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၇၂။) (အပ၊မြန်၊၂။၃၇၁။)

ကချေသည်မ ၃ မျိုး ၁။ ရှေးမင်းလက်ထက်မှ လာသော ကချေသည်မ၊ ၂။ အခြားမဲ့ မင်းလက်ထက်မှ လာသော ကချေသည်မ၊ ၃။ မိမိမင်းဖြစ်သော ကာလ၌ဖြစ်ပေါ်လာသော ကချေသည်မ။ (သုတ္တနိ၊ဋ္ဌ၊ ၁။၁၀၁။)

ကစားခြင်း ၂ မျိုး ၁။ ကိုယ်ဖြင့် ကစားခြင်း၊ ၂။ နှုတ်ဖြင့် ကစားခြင်း။ (သုတ္တနိ၊ဋ္ဌ၊၁။၇၆။) (စူဠနိ၊ဋ္ဌ။ ၁၀၇။)

ကဏ္ဏရသေ့ တောင်းယူသောဆု ၄ မျိုး/၆ မျိုး ၁။ သူတစ်ပါးတို့၌ အမျက်မထွက်လို၊ ၂။ သူတစ်ပါးတို့၌ ပြစ်မှားမှု မဖြစ်လို၊ ၃။ သူတစ်ပါးစည်းစိမ်၌ တပ်ခြင်းလောဘ မဖြစ်လို၊ ၄။ သူတစ်ပါးတို့၌ ချစ်ခြင်းမဖြစ်လို။ ၅။ ငါ၏ခြိုးခြံသော အကျင့်ကို အန္တရာယ်ပြုတတ်သော အနာရောဂါ မဖြစ်

http://www.dhammadownload.com

စေလို၊ ဖ။ ငါ့ကိုအကြောင်းပြု၍ တစ်စုံတစ်ယောက်သောသူအား အခါ ခပ်သိမ်း ကံသုံးပါးလုံးကို မပျက်စီးစေလို။ (ဇာ၊၆၊၄။၁၀။) (ဇာ၊၆၊၄။၁၅။)

ကဏှရသေ့ တောင်းသော ဆု ၄ မျိုး ၁။ အမျက်မထွက်လို၊ ၂။ မပြစ်မှားလို၊ ၃။ လောဘ မရှိလို၊ ၄။ ချစ်ခြင်းမရှိလို။ (ဇာတက၊၁။၂၀၂။)

ကတိပုစ္ဆာဝါရ၌ အာပတ် ၅ ပါး ၁။ ပါရာဇိကအာပတ်၊ ၂။ သံဃာဒိသိသ်အာပတ်၊ ၃။ ပါစိတ်အာပတ်၊ ၄။ ပါဋိဒေသနီအာပတ်၊ ၅။ ဒုက္ကဋ်အာပတ်။ (ဝိ၊၅။၁၆၄။) (ဝိ၊မြန်၊၅။၂၄၃။)

ကထာ ၂ မျိုး ၁။ သမ္မုတိကထာ– ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား စသည်ဖြင့် ပြောဆိုသော စကား၊ ၂။ ပရမတ္ထကထာ– ခန္ဓာ အာယတန ဓာတ် စသည်ဖြင့် ပြောဆိုသော စကား။ (သံ၊၁၊၂။၇၂။)

ကထာ ၂ မျိုး ၁။ သဗ္ဗသင်္ဂါဟိကကထာ– အားလုံးကို ပေါင်းယူသိမ်းယူ၍ ပြောဆိုသော စကား၊ ၂။ အသမ္ဘိန္နကထာ– မကျိုးမပြတ်ဘဲ ပြောဆိုသော စကား။ (သံ၊၁၊၂။၁၂၅။)

ကထာ ၃ မျိုး ၁။ သံဝရာသံဝရကထာ– လွန်ကျူးခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော ငယ်သော စောင့်ရှောက်ခြင်း, ကြီးသော စောင့်ရှောက်ခြင်းကို ဟောတော်မူအပ်ရာ ဝိနည်းပိဋကကထာ၊ ၂။ ဒိဋ္ဌိဝိနိဝေဌနကထာ– ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့၏ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာအယူကြိုးထုံးကို ဖြေခြင်းကို ဟောအပ်ရာ သုတ္တန်ပိဋကကထာ၊ ၃။ နာမရူပပရိစ္ဆေဒကထာ– ရာဂ စသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော နာမ်ရုပ်ကို ပိုင်းခြားခြင်းကို ဟောအပ်ရာ အဘိဓမ္မပိဋကကထာ။ (ဝိ၊၆၊၁။၁၈။) (ဒီ၊၆၊၁။၂၀။) (အဘိ၊၆၊၁။၂၂။) (ဒီ၊၆၊မြန်၊၁။၃၅။)

ကထာ ၄ မျိုး ၁။ ပုစ္ဆိတကထာ– မေးအပ်သောစကား၊ ၂။ အပုစ္ဆိတကထာ– မမေးအပ်သော စကား၊ ၃။ သာနုသန္ဓိကထာ– ရှေ့နောက် အဆက်အစပ်ရှိသော စကား၊ ၄။ အနနုသန္ဓိကထာ– ရှေ့နောက် အဆက်အစပ်မရှိသော စကား။ (သုတ္တနိ၊၆၊၁။၁၀။)

ကထာဝတ္ထု ၃ မျိုး စကား၏ တည်ရာ ၃ ပါး နှင့် တူသည်။

ကထာဝတ္ထု ၁၀ မျိုး စကား၏ တည်ရာ ၁၀ မျိုး၊ စကား ၁၀ မျိုးနှင့် တူသည်။

ကထိန်ခင်းခြင်းသို့မရောက်သော ခင်းခြင်း ၃ ပါး ၁။ ကထိန်သင်္ကန်းသည် ပျက်၏၊ ၂။ ကာလလည်း ပျက်၏၊ ၃။ အပြုလည်း ပျက်၏။ (ဝိ၊၅။၃၀၇။) (ဝိ၊မြန်၊၅။၄၀၅။)

ကထိန်ခင်းခြင်းသို့မရောက်သော ပုဂ္ဂိုလ် ၃ ပါး ၁။ သိမ်ပြင်၌ တည်လျက် အနုမောဒနာ ပြုခြင်း၊ ၂။ အနုမောဒနာပြုသော်လည်း နှုတ် မမြွက်ခြင်း၊ ၃။ နှုတ်မြွက်သော်လည်း သူတစ်ပါးကို မကြားသိစေခြင်း။ (ဝိ၊၅။၃၀၇။) (ဝိ၊မြန်၊၅။၄၀၅။)

ကထိန်ခင်းခြင်းသို့ရောက်သော ခင်းခြင်း ၃ ပါး ၁။ကထိန်သင်္ကန်းနှင့်ပြည့်စုံခြင်း၊ ၂။ကထိန်ကာလနှင့် ပြည့်စုံခြင်း၊ ၃။ ကထိန်ပြုခြင်း (ခင်းခြင်း) နှင့် ပြည့်စုံခြင်း။ (ဝိ၊၅။၃၀၇။) (ဝိ၊မြန်၊၅။၄၀၅။)

ကထိန်ခင်းခြင်းသို့ ရောက်သော ပုဂ္ဂိုလ် ၃ ပါး ၁။ သိမ်တွင်း၌ တည်လျက် အနုမောဒနာ ပြုခြင်း၊ ၂။ အနုမောဒနာ ပြုသည်ရှိသော် နှုတ်မြွက်ခြင်း၊ ၃။ နှုတ်မြွက်သည်ရှိသော် သူတစ်ပါးကို သိစေခြင်း။ (ဝိ၊၅။၃၀၇။) (ဝိ၊မြန်၊၅။၄၀၅။)

http://www.dhammadownload.com

ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ် အင်္ဂါ ၈ ပါး ၁။ ရှေးဦးစွာ ပြုမူ ပုဗ္ဗကရဏကို သိခြင်း၊ ၂။ ပစ္ဆာဒ္ဒါရ်ကို သိခြင်း၊ ၃။ အဓိဋ္ဌာန်ကို သိခြင်း၊ ၄။ ကထိန်ခင်းမူကို သိခြင်း၊ ၅။ မာတိကာကို သိခြင်း၊ ၆။ ပလိဗောဓကို သိခြင်း၊ ၇။ ကထိန်နှုတ်ခြင်းကို သိခြင်း၊ ၈။ ကထိန်အကျိုးအာနိသင်ကို သိခြင်း။ (ဝိ၊၅။၃၀၇။) (ဝိ၊မြန်၊၅။၄၀၄။)

ကထိန်ခင်းပြီးဖြစ်သော ပုဂ္ဂိုလ် ၂ ပါး ၁။ ကထိန်ခင်းသော ပုဂ္ဂိုလ်၊ ၂။ အနုမောဒနာပြုသော ပုဂ္ဂိုလ်။ (ဝိ၊၅။၃၀၂။) (ဝိ၊မြန်၊၅။၃၉၈။)

ကထိန်ခင်းပြီးမဟုတ်သော ပုဂ္ဂိုလ် ၂ ပါး ၁။ ကထိန် မခင်းသော ပုဂ္ဂိုလ်၊ ၂။ အနုမောဒနာ မပြုသော ပုဂ္ဂိုလ်။ (ဝိ၊၅။၃၀၂။) (ဝိ၊မြန်၊၅။၃၉၈။)

ကထိန်ခင်းပြီးမဟုတ်သော အခြင်းအရာ ၂၄ ပါး ၁။ အလျားအနံ ယူကာမျှဖြင့် ကထိန် မခင်းအပ်၊ ၂။ ဖွပ်လျှော်ကာမျှဖြင့် ကထိန်မခင်းအပ်၊ ၃။ သင်္ကန်းကို စိစစ်ကာမျှဖြင့် ကထိန်မခင်းအပ်၊ ၄။ တိုင်းဖြတ်ကာမျှဖြင့် ကထိန်မခင်းအပ်၊ ၅။ ဖွဲ့စပ်ကာမျှဖြင့် ကထိန် မခင်းအပ်၊ ၆။ အလျားချုပ်ကာမျှဖြင့်လည်း ကထိန်မခင်းအပ်၊ ၇။ မြောင်းငယ်တလုပ် အုပ်ကာမျှဖြင့် ကထိန်မခင်းအပ်၊ ၈။ အလွှာနှစ်လွှာကို စပ်ကာမျှဖြင့် ကထိန်မခင်းအပ်၊ ၉။ အလျားအနားပတ် တင်ကာမျှဖြင့် ကထိန် မခင်းအပ်၊ ၁၀။ အနံအနား ပတ်တင်ကာမျှဖြင့် ကထိန်မခင်းအပ်၊ ၁၁။ အပေါ်လွှာကို တင်ကာမျှဖြင့် ကထိန်မခင်းအပ်၊ ၁၂။ ဖျော့တော့သော အဆင်းဖြင့် ကထိန် မခင်းအပ်၊ ၁၃။ နိမိတ်ပြုသော သင်္ကန်းဖြင့် ကထိန်မခင်းအပ်၊ ၁၄။ ပရိယာယ်ဆို၍ ဖြစ်စေအပ်သော သင်္ကန်းဖြင့် ကထိန်မခင်းအပ်၊ ၁၅။ အခိုက်အတန့် ငှားသော သင်္ကန်းဖြင့် ကထိန်မခင်းအပ်၊ ၁၆။ သိမ့်ခြင်းပြုသော သင်္ကန်းဖြင့် ကထိန် မခင်းအပ်၊ ၁၇။ ညဉ့်ကို စွန့်သဖြင့် ကထိန် မခင်းအပ်၊ ၁၈။ ကပ္ပဗိန္ဒု မထိုးသော သင်္ကန်းဖြင့် ကထိန်မခင်းအပ်၊ ၁၉။ ဒုကုဋ္ဌကို ထား၍ ကထိန် မခင်းအပ်၊ ၂၀။ ကိုယ်ဝတ်ကို ထား၍ ကထိန်မခင်းအပ်၊ ၂၁။ သင်းပိုင်ကို ထား၍ ကထိန် မခင်းအပ်၊ ၂၂။ ငါးခန်း ငါးခန်းထက် အလွန်ကို ထား၍ ကထိန်မခင်းအပ်၊ ၂၃။ ပုဂ္ဂိုလ်၏ ကထိန် ခင်းခြင်းကို ကြဉ်၍ ကထိန် မခင်းအပ်၊ ၂၄။ သိမ်ပဋ္ဌာတည်သော ရဟန်းသည် ဝမ်းမြောက်စေကာမူ ကထိန်ခင်းခြင်း မဖြစ်။ (ဝိ၊၅။၃၀၂။) (ဝိ၊မြန်၊၅။၃၉၈။)

ကထိန်ခင်းသော ရဟန်း၏ ရရှိသော အကျိုး ၅ မျိုး ကထိန်အာနိသင် ၅ ပါး နှင့် တူသည်။

ကထိန်ခင်းသော အခြင်းအရာ ၁၇ ပါး ၁။ သင်္ကန်းသစ်ဖြင့် ကထိန်ခင်းအပ်၏၊ ၂။ မသုံးဆောင်သေးသော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၃။ သင်္ကန်းနွမ်းဖြင့် ကထိန်ခင်းအပ်၏၊ ၄။ ပံသုကူသင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၅။ အိမ်ဈေးတံခါးဦး ကျသော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၆။ နိမိတ်မပြုသော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၇။ ပရိယာယ် ဆို၍ မဖြစ်စေအပ်သော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၈။ မငှားသော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၉။ မသိမ့်သော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၁၀။ ညဉ့်ကို မစွန့်သဖြင့် ကထိန်ခင်းအပ်၏၊ ၁၁။ ကပ္ပဗိန္ဒုထိုးသော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၁၂။ ဒုကုဋ္ဌသင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၁၃။ ကိုယ်ဝတ်သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၁၄။ သင်းပိုင်ဖြင့် ကထိန်ခင်းအပ်၏၊ ၁၅။ ငါးခန်း ငါးခန်းထက် အလွန်ဖြစ်သော သင်္ကန်းဖြင့် ကထိန်ခင်းအပ်၏၊ ၁၆။ ပုဂ္ဂိုလ်ခင်းခြင်းဖြင့်

http://www.dhammadownload.com

ကထိန်ခင်းအပ်၏၊ ၁၇။ သိမ်တွင်း၌ တည်သော ရဟန်းက အနုမောဒနာပြုအံ့ ကထိန်ခင်းခြင်း ဖြစ်၏။ (ဝိ၅။၃၀၃။) (ဝိ၊မြန်၊၅။၃၉၉။)

ကထိန်နုတ်ခြင်း မာတိကာ ၈ ပါး ၁။ ပက္ကမနုန္တိကာ– ဥပစာရသိမ်ပြင်ပသို့ ဖဲခွာသွားခြင်းလျှင် အဆုံးရှိသော ကထိန်နှုတ်ခြင်း၊ ၂။ နိဋ္ဌာနုန္တိကာ– သင်္ကန်းချုပ်ဆိုးမှုကိစ္စ ပြီးဆုံးခြင်းလျှင် အဆုံးရှိသော ကထိန်နှုတ်ခြင်း၊ ၃။ သန္နိဋ္ဌာနုန္တိကာ– မူလကျောင်းသို့ မပြန်တော့အံ့၊ သင်္ကန်းကိုလည်း မချုပ်တော့အံ့ဟု စိတ်ကို ဆုံးဖြတ်ခြင်းလျှင် အဆုံးရှိသော ကထိန်နှုတ်ခြင်း၊ ၄။ နာသနုန္တိကာ– သင်္ကန်းလျာ ပျောက်ခြင်း, ပျက်စီးခြင်းလျှင် အဆုံးရှိသော ကထိန် နှုတ်ခြင်း၊ ၅။ သဝနုန္တိကာ– ဥတ်ကမ္မဝါစာဖြင့် ကထိန်နှုတ်ကြောင်းကို ကြားသိရခြင်းလျှင် အဆုံးရှိသော ကထိန် နှုတ်ခြင်း၊ ၆။ အာသာဝစ္ဆေဒိကာ– သင်္ကန်းကိစ္စ၌ ဖြစ်သော အာသာပြတ်ခြင်းလျှင် အဆုံးရှိသော ကထိန်နှုတ်ခြင်း၊ ၇။ သီမာတိက္ကန္တိကာ– ဥပစာရသိမ်ပြင်ပ၌ သင်္ကန်းကာလ အပိုင်းအခြားကို ကျော်လွန်ခြင်းလျှင် အဆုံးရှိသော ကထိန်နှုတ်ခြင်း၊ ၈။ သဟုဇ္ဇာရ– ကျောင်းတိုက်အတွင်း ရဟန်းတို့နှင့် အတူတကွ ကထိန်နှုတ်ခြင်း။ (ဝိ၃။၃၅၃။) (ဝိ၊၆၊၅။၂၂၁။) (ဝိ၊မြန်၊ ၃။၃၅၈။)

ကထိန်ပလိဗောဓ ၂ ပါး ကထိန်၏ အနှောက်အယှက် ၂ ပါးနှင့် တူသည်။

ကထိန်မခင်းထိုက်သော ပုဂ္ဂိုလ်၏အင်္ဂါ ၈ ပါး ၁။ ရူးဦးစွာ ပြုအပ်သော ကိစ္စကို မသိခြင်း၊ ၂။ ပစ္ဆာဒ္ဒါရ်ကို မသိခြင်း၊ ၃။ အဓိဋ္ဌာန်ကို မသိခြင်း၊ ၄။ ကထိန်ခင်းခြင်းကို မသိခြင်း၊ ၅။ မာတိကာကို မသိခြင်း၊ ၆။ ပလိဗောဓကို မသိခြင်း၊ ၇။ ကထိန်နုတ်ခြင်းကို မသိခြင်း၊ ၈။ ကထိန်အကျိုး အာနိသင်ကို မသိခြင်း။ (ဝိ၊ ၅။၃၀၇။) (ဝိ၊ မြန်၊ ၅။၄၀၄။)

ကထိန်အာနိသင် ၅ ပါး ၁။ ကထိန်ခင်းပြီးသော ရဟန်းသည် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ဒါယကာအိမ်သို့ သွားနိုင်ခြင်း၊ ၂။ တိစီဝရိက် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို မယူဘဲ သွားနိုင်ခြင်း၊ ၃။ ဂဏဘောဇဉ်ကို စားနိုင်ခြင်း၊ ၄။ အလိုရှိတိုင်း အဓိဋ္ဌာန်ဝိကပ္ပနာ မပြုသော သင်္ကန်းကို ဆောင်နိုင်ခြင်း၊ ၅။ ထိုကထိန်ခင်းကျောင်း၌ သင်္ကန်းဖြစ်ပေါ်လာတိုင်း ကထိန်ခင်းသော ရဟန်းတို့အား ရရှိခြင်း။ (ဝိ၃။၃၅၂။) (ဝိ၅။၃၅၆။) (ဝိ၊မြန်၊၃။၃၅၆) (ဝိ၊မြန်၊၅။ ၄၆၀။) (သာရတ္ထ၊ဋီ၊၂။၃၈၅။)

ကထိန်၏ ဘုံ ၆ ပါး ၁။ ခေါမသင်္ကန်း၊ ၂။ ဝါချည်သင်္ကန်း၊ ၃။ ပိုးချည်သင်္ကန်း၊ ၄။ သိုးမွေးသင်္ကန်း (သားမွေးသင်္ကန်း)၊ ၅။ ပိုက်ဆံလျှော်သင်္ကန်း၊ ၆။ ဘန်ချည်သင်္ကန်း။ (ဝိ၅။၃၀၆။) (ဝိ၊မြန်၊၅။၄၀၄။)

ကထိန်၏ ဝတ္ထု ၃ ပါး ၁။ ဒုကူဋ္ဌသင်္ကန်း၊ ၂။ ကိုယ်ဝတ်သင်္ကန်း၊ ၃။ သင်းပိုင်သင်္ကန်း ။ (ဝိ၅။၃၀၆။) (ဝိ၊မြန်၊၅။၄၀၄။)

ကထိန်၏ အနှောင့်အယှက် ၂ ပါး ၁။ ကျောင်းအနှောင့်အယှက်– အာဝါသပလိဗောဓ၊ ၂။ သင်္ကန်း အနှောင့်အယှက်– စီဝရပလိဗောဓ။ (ဝိ၃။၃၇၃။) (ဝိ၅။၂၁၄။) (ဝိ၊မြန်၊၃။၃၇၆။) (ဝိ၊မြန်၊၅။၂၉၉။)

ကထိန်၏ အနှောင့်အယှက်ကင်းခြင်း ၂ ပါး ၁။ ကျောင်းအနှောင့်အယှက် ကင်းခြင်း– အာဝါသ အပလိဗောဓ၊ ၂။ သင်္ကန်းအနှောင့်အယှက်ကင်းခြင်း– စီဝရအပလိဗောဓ။(ဝိ၃။၃၇၃။)(ဝိ၅။၂၁၄။) (ဝိ၊ မြန်၊ ၃။၃၇၆။) (ဝိ၊ မြန်၊ ၅။၂၉၉။)

http://www.dhammadownload.com

ကထိန်၏ အပလိဗောဓ ၂ ပါး ကထိန်၏ အနှောက်အယှက်ကင်းခြင်း ၂ ပါးနှင့် တူသည်။

ကဗ္ဗီကာရာဟာရ၌ စက်ဆုပ်ဖွယ်အားဖြင့် ဆင်ခြင်ပုံအခြင်းအရာ ၁၀ ပါး ၁။ ဂမနတော– ဆွမ်းခံအသွားအပြန်အားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း၊ ၂။ ပရိဘောဂတော– သုံးဆောင်သောအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း၊ ၃။ ပရိယေသနတော– ရှာမှီးရခြင်းအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း၊ ၄။ အာသယတော– သည်းခြေ သလိပ် စသော အာသယအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း၊ ၅။ နိဓာနတော– စားအပ်သော အာဟာရ၏ စုဝေးတည်ရာ အစာသစ်အိတ်အားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း၊ ၆။ အပရိပက္ကတော– ကမ္မဇတေဇောဖြင့် မကျက်သေးသောအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း၊ ၇။ ပရိပက္ကတော– ကမ္မဇတေဇောဖြင့် ကျက်ပြီးသောအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း၊ ၈။ ဖလတော– အကျိုးပြီးစီးသောအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း၊ ၉။ နိဿန္ဒတော– ထိုမှ ဤမှ ယိုစီးသောအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း၊ ၁၀။ သမ္မက္ခနတော– အချင်းခပ်သိမ်း လိမ်းကျံသောအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ရခြင်း။ (ဝိသုဒ္ဓိ၁။၃၃၆။)

ကမ ၃ မျိုး ၁။ ဥပ္ပတ္တိက္ကမ– တရားတို့၏ ဖြစ်ခြင်းအစဉ် (ဖြစ်စဉ်)၊ ၂။ ပဟာနက္ကမ– တရားတို့၏ ပယ်စဉ်၊ ၃။ ဒေသနာက္ကမ– တရားတို့၏ ဟောစဉ်။ (အဘိ၊ဋ္ဌ၊၂။၁၇၃။) (ဝိသုဒ္ဓိ၂။၂၀၄။)

ကမ္မာ ၂ မျိုး ၁။ သုညကပ်ကမ္မာ၊ ၂။ အသုညကပ်ကမ္မာ။ (ဗုဒ္ဓဝံ၊ဋ္ဌ။၂၂၇။)

ကမ္မာ ၃ မျိုး ၁။ မဟာကပ်၊ ၂။ မဟာကပ်၏ အစိတ်အပိုင်းဖြစ်သော အသင်္ချေယျကပ်၊ ၃။ အာယုကပ်။ (အဘိ၊ဋ္ဌ၊၃။၂၂၇။)

ကမ္မာ ၄ မျိုး ၁။ သာရကပ– ဘုရား တစ်ဆူသာ ပွင့်သော ကမ္ဘာ၊ ၂။ ဝရကပ– ဘုရား နှစ်ဆူ သုံးဆူ ပွင့်သော ကမ္ဘာ၊ ၃။ မဏ္ဍကပ– ဘုရား လေးဆူ ပွင့်သော ကမ္ဘာ၊ ၄။ ဘဒ္ဒကပ– ဘုရား ငါးဆူ ပွင့်သော ကမ္ဘာ။ (အပ၊ဋ္ဌ၊၂။၂၆၈။)

ကမ္မာ ၅ မျိုး ၁။ သာရကပ– ဘုရားတစ်ဆူသာ ပွင့်သော ကမ္ဘာ၊ ၂။ မဏ္ဍကပ– ဘုရားနှစ်ဆူ ပွင့်သော ကမ္ဘာ၊ ၃။ သာရမဏ္ဍကပ– ဘုရားသုံးဆူ ပွင့်သော ကမ္ဘာ၊ ၄။ ဝရကပ– ဘုရားလေးဆူ ပွင့်သော ကမ္ဘာ၊ ၅။ ဘဒ္ဒကပ– ဘုရားငါးဆူ ပွင့်သော ကမ္ဘာ။ (အပ၊ဋ္ဌ၊၂။၂၆၈။)

ကမ္ဘာဆုံးတိုင် တည်ရှိနိုင်သော သစ်ပင်ကြီး ၇ ပင် ၁။ ဤဇမ္ဗူဒီပ်ကျွန်းတွင် တည်ရှိသော ဇမ္ဗူသပြေပင်၊ ၂။ အနောက်ကျွန်း၌ တည်ရှိသော ထိန်ပင်၊ ၃။ မြောက်ကျွန်း၌ တည်ရှိသော ပဒေသာပင်၊ ၄။ အရှေ့ကျွန်း၌ တည်ရှိသော ကုက္ကိုပင်၊ ၅။ အသုရာနတ်ပြည်၌ တည်ရှိသော သခွပ်ပင်၊ ၆။ ဂဠုန်တို့နေရာ၌ တည်ရှိသော လက်ပံပင်၊ ၇။ နတ်ပြည်၌ တည်ရှိသော ပင်လယ်ကသစ်ပင်။ (အံ၊ဋ္ဌ၊၁။၃၇၇။)

ကမ္ဘာပတ်လုံးတည်သော ပြာဋ္ဌိဟာ ၄ မျိုး ၁။ လ၌ ယုန်ရေးအမှတ်တံဆိပ်၊ ၂။ ငုံးဇာတ်၌ ငှာသော မီးငြိမ်းရာဌာနကို မီးမလောင်နိုင်ခြင်း၊ ၃။ ဃဋီကာရအိုးထိန်းသည်၏ အိမ်မြေနေရာကို မိုးရေမစွတ်ခြင်း၊ ၄။ နဠပါနဇာတ်လာ ရေကန်အနီး၌ ပေါက်သော ကျူပင်တို့သည် တစ်စပ်တည်းသော အပေါက်အခေါင်း ရှိခြင်း။ (မ၊ဋ္ဌ၊၃။၁၅၅။)

http://www.dhammadownload.com

ကမ္ဘာပျက်ကြောင်း ၃ မျိုး ၁။ မီးလောင်ခြင်းကြောင့် ကမ္ဘာပျက်ခြင်း၊ ၂။ ရေကြောင့် ကမ္ဘာ ပျက်ခြင်း၊ ၃။ လေကြောင့် ကမ္ဘာပျက်ခြင်း။ (ဣတိဝုတ်၊ဋ္ဌ။၂၉၈။) (အံ၊ဋီ၊၃။၁၈၇။)

ကမ္ဘာပျက်ပုံ ၃ မျိုး ၁။ မီးကြောင့် ကမ္ဘာပျက်သောအခါ အာဘဿရာဗြဟ္မာဘုံမှ အောက်ဘုံတို့ကို မီးလောင်ကျွမ်းခြင်း၊ ၂။ ရေကြောင့် ကမ္ဘာပျက်သောအခါ သုဘကိဏှာဗြဟ္မာဘုံမှ အောက်ဘုံတို့ကို ရေလွှမ်းခြင်း၊ ၃။ လေကြောင့် ကမ္ဘာပျက်သောအခါ ဝေဟပ္ဖလ်ဗြဟ္မာဘုံမှ အောက်ဘုံတို့ကို တိုက်ခတ်ဖျက်ဆီးခြင်း။ (အံ၊ဋ္ဌ၊၂။၃၄၀။) (ဣတိဝုတ်၊ဋ္ဌ။၂၉၈။)(ဣတိဝုတ်၊ဋ္ဌ။ ၂၉၈။)

ကမ္ဘာပျက်ခြင်း အကြောင်းရင်း ၃ မျိုး ၁။ ရာဂကြောင့် ကမ္ဘာပျက်ခြင်း၊ ၂။ ဒေါသကြောင့် ကမ္ဘာ ပျက်ခြင်း၊ ၃။ မောဟကြောင့် ကမ္ဘာပျက်ခြင်း။ (အံ၊ဋီ၊၃။၁၈၈။)

ကမ္ဘာပျက်ရာ၌ အပိုင်းအခြား ၃ မျိုး ကမ္ဘာပျက်ပုံ ၃ မျိုးနှင့်တူသည်။

ကမ္ဘာဦးကာလ၌ ဖြစ်သော အနာရောဂါ ၃ မျိုး ၁။ ဣစ္ဆာ– လိုချင်သော ရောဂါ၊ ၂။ အနသနံ– **အစာ** မစားချင်သော ရောဂါ၊ ၃။ ဇရာ– အိုမင်းရင့်ရော်သော ရောဂါ။ (သုတ္တနိ။၃၂၅။) (သုတ္တနိ၊မြန်။၃၀၇။)

ကယဝိဏ္ဍယသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ မိမိ သူတစ်ပါးတို့၏ လဲလှယ်အပ်သော ပစ္စည်းတို့သည် အပ်စပ်သော ပစ္စည်း ဖြစ်ခြင်း၊ ၂။ သိတင်းသုံးဖော် မဟုတ်သူ ဖြစ်ခြင်း၊ ၃။ ရောင်းမှု ဝယ်မှု ပြုခြင်း။ (သာရတ္ထ၊ဋီ၂။၄၂၆။) (ဝိမတိ၊၁။၃၄၇။)

ကရဏီယ ၃ မျိုး ၁။ ကာယသုစရိုက်၊ ၂။ ဝစီသုစရိုက်၊ ၃။ မနောသုစရိုက်။ (ပေဋကော။၂၀၇။)

ကလျာဏမိတ္တလက္ခဏာ ၈ ပါး ၁။ ဘုရားရှင်နှင့် ကံ, ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ သီလနှင့် ပြည့်စုံခြင်း၊ ၃။ သုတနှင့် ပြည့်စုံခြင်း၊ ၄။ စာဂနှင့် ပြည့်စုံခြင်း၊ ၅။ ဝိရိယနှင့် ပြည့်စုံခြင်း၊ ၆။ သတိနှင့် ပြည့်စုံခြင်း၊ ၇။ သမာဓိနှင့် ပြည့်စုံခြင်း၊ ၈။ ပညာနှင့် ပြည့်စုံခြင်း။ (ဥဒါန၊ဋ္ဌ။၂၀၀။)

ကဝိ ၄ မျိုး ၁။ စိန္တာကဝိ– အကြောင်းအရာတစ်ခုခုကိုလည်းကောင်း စကားအဆက်အစပ်ကို လည်းကောင်း ကြာမြင့်စွာ ကိုယ်တိုင်ကြံစည်၍ ပြုခြင်း၏ အစွမ်းအားဖြင့် ကဗျာဖွဲ့ဆိုတတ်သော ပညာရှိ၊ ၂။ သုတကဝိ– အကြောင်းအရာတစ်ခုခုကို ကြားရ၍ ကြားပြီးသော အကြောင်းအရာနှင့် မကြားရသေးသော အကြောင်းအရာကို ဆက်စပ်ခြင်း၏ အစွမ်းဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိ၊ ၃။ အတ္ထကဝိ– တစ်စုံတစ်ခုသော အနက်ကို စူးစမ်းဆင်ခြင်၍ ထိုအနက်အဓိပ္ပါယ်ကို အကျဉ်းချုံးခြင်း, အကျယ်ချဲ့ခြင်းအားဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိ၊ ၄။ ပဋိဘာန ကဝိ– သူတစ်ပါးတို့ ဖွဲ့သီအပ်သော ကဗျာလင်္ကာ စသည်ကို တွေ့မြင်ရသဖြင့် ထိုကဗျာလင်္ကာ စသည်နှင့် တူစွာ မိမိ၏ ဌာနုပ္ပတ္တိဉာဏ်ဖြင့် ကဗျာကို ဖွဲ့ဆိုတတ်သော ပညာရှိ။ (အံ၊၁။၅၅၃။) (ဒီ၊ဋ္ဌ၊၁။၉၀။) (ဥဒါန၊ဋ္ဌ။၁၈၅။) (ဒီ၊ဋီ၊၁။၁၃၀။) (အံ၊မြန်၊၁။၅၆၈။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၇၂။)

ကသာဝ ၃ မျိုး ၁။ ရာဂ ကသာဝ– ရာဂတည်းဟူသော ဖန်ရည်၊ ၂။ ဒေါသ ကသာဝ–ဒေါသတည်း ဟူသော ဖန်ရည်၊ ၃။ မောဟ ကသာဝ– မောဟတည်းဟူသော ဖန်ရည်။ (အပ၊ ဋ္ဌ၊ ၁။၂၀၄။)

ကသာဝ ၃ မျိုး ၁။ ကာယ ကသာဝ– ကိုယ်တည်းဟူသော ဖန်ရည်၊ ၂။ ဝစီ ကသာဝ– နှုတ်တည်း ဟူသော ဖန်ရည်၊ ၃။ မနော ကသာဝ– စိတ်တည်းဟူသော ဖန်ရည်။ (အပ၊ဋ္ဌ၊၁။၂၀၄။)

http://www.dhammadownload.com

ကသိဏာယတန ၁၀ ပါး ကသိဏ်း ၁၀ မျိုးနှင့် တူသည်။

ကသိဏ်း ၃ မျိုး (ဒိဗ္ဗစက္ခုဉာဏ်ကို ဖြစ်စေလိုသော သမထ အားထုတ်စ အမျိုးကောင်းသားသည် နီးစပ်အောင် ပြုထိုက်သော ကသိဏ်း ၃ မျိုး) ၁။ တေဇောကသိဏ်း၊ ၂။ ဩဒါတကသိဏ်း၊ ၃။ အာလောကကသိဏ်း။ (သာရတ္ထ၊ဋီ၊၁။၃၉၅။)

ကသိဏ်း ၁၀ မျိုး ၁။ မြေကြီးဟု ရှုရသော ပထဝီကသိဏ်း၊ ၂။ ရေဟု ရှုရသော အာပေါကသိဏ်း၊ ၃။ လေဟု ရှုရသော ဝါယောကသိဏ်း၊ ၄။ မီးဟု ရှုရသော တေဇောကသိဏ်း၊ ၅။ အညိုရောင်ဟု ရှုရသော နီလကသိဏ်း၊ ၆။ အဝါရောင်ဟု ရှုရသော ပီတကသိဏ်း၊ ၇။ အနီရောင်ဟု ရှုရသော လောဟိတကသိဏ်း၊ ၈။ အဖြူရောင်ဟု ရှုရသော ဩဒါတကသိဏ်း၊ ၉။ ဟင်းလင်းပြင်ဟု ရှုရသော အာကာသကသိဏ်း= ပိုင်းခြားထားသော ဟင်းလင်းပြင်ဟု ရှုရသော ပရိစ္ဆိန္နာကာသ ကသိဏ်း၊ ၁၀။ ဝိညာဏ်ဟု ရှုရသော ဝိညာဏကသိဏ်း၊ ကသိဏ္ဍလဒို့မာကာသပညတ်၌ ဖြစ်သော ဝိညာဏ်၊ (အာလောကကသိဏ်းလည်းရှိ)။ (ဒီ၊၃။၂၂၃။) (မ၊၂။၂၀၇။) (အံ၊၃။၂၉၃၊၃၀၄။) (ဝိသုဒ္ဓိ၊၁။၁၀၇။) (သာရတ္ထ၊ဋီ၊၂။၂၀၃။) (ဒီ၊မြန်၊၃။၂၄၆။) (မ၊မြန်၊၂။၂၁၈–၂၁၉။) (အံ၊မြန်၊၃။၂၉၃၊၃၀၂။)

ကသိဏ်းအာရုံ ၁၀ ပါး ပွားစေအပ်သော တရား ၁၀ ပါး၊ ဘာဝေတဗ္ဗတရား ၁၀ ပါးနှင့် တူသည်။

ကဋ္ဌာရမဋ္ဌကတက္ကတွန်း၏ ကျင့်ဝတ် ၇ မျိုး ၁။ အသက်ထက်ဆုံး အဝတ် မဝတ်ခြင်း၊ ၂။ အသက်ထက်ဆုံး မေထုန်အကျင့်ကို မမှီဝဲခြင်း၊ ၃။ အသက်ထက်ဆုံး သေရည်အရက် အသားတို့ဖြင့်သာ မျှတခြင်း၊ ၄။ ဝေသာလီပြည်၏ အရှေ့အရပ် ဥဒေနစေတီ (နတ်ကွန်းကို လွန်၍ မသွားခြင်း၊ ၅။ ဝေသာလီပြည်၏ တောင်အရပ် ဂေါတမကစေတီကို လွန်၍ မသွားခြင်း၊ ၆။ ဝေသာလီပြည်၏ အနောက်အရပ် သတ္တမွစေတီကို လွန်၍ မသွားခြင်း၊ ၇။ ဝေသာလီပြည်မြောက်အရပ် ဗဟုပုတ္တစေတီကို လွန်၍ မသွားခြင်း။ (ဒီ၊၃။၇။) (ဒီ၊မြန်၊၃။၈။)

ကာဏမာတာသိက္ခာပုဒ်၌ အင်္ဂါ ၅ ပါး ၁။ လက်ဆောင် အကျိုးငှာလည်းကောင်း၊ လစာရိက္ခာ အကျိုးငှာလည်းကောင်း စီရင်ထားသော မုန့် ဖြစ်ခြင်း၊ ၂။ မုန့်အကြွင်းအကျန် မရှိအောင် ပြုခြင်း၊ ၃။ ခရီးသွားလိုသော စိတ် မငြိမ်းအေးခြင်း၊ ၄။ ဆွေမျိုးတော်စပ်သူ မဟုတ်ခြင်း၊ ၅။ နှစ်သပိတ်ပြည့်, သုံးသပိတ်ပြည့်ထက် အပိုအလွန် ခံယူခြင်း။ (သာရတ္ထ၊ဋီ၊၃။၅၈။) (ဝိမတိ၊၂။၂၉။)

ကာမ ၂ မျိုး ၁။ ဝတ္ထုကာမ– ချစ်ခင်နှစ်သက်အပ် မြတ်နိုးအပ်သော ပိယရုပ် အစရှိသော ဝတ္ထု အာရုံကာမဂုဏ်များ၊ ၂။ကိလေသကာမ–အလုံးစုံသော တဏှာ, ကိလေသာရာဂ အမျိုးမျိုး။ (မဟာနိ။၁။) (မဟာနိ။၅။) (မဟာနိ။၂၁။) (မဟာနိ။၂၇။) (မဟာနိ။၁၂၃။) (မဟာနိ။၁၅၇။) (မဟာနိ။၁၉၀။) (မဟာနိ။ ၃၄၂။) (ပဋိသံ၊၁၁၁။၂၆၈။) (သုတ္တနိ၊၁၁၊၈၈။) (အပ၊၁၁၊၁၉၇။) (အဘိ၊၁၁၊၁၀၄။) (သာရတ္ထ၊ဋီ၊၂။၂၀။) (ဒီ၊ဋီ၊၂။၂၅၂။)

ကာမဂုဏ် ၂ မျိုး ၁။ လူ၌ ဖြစ်သော ကာမဂုဏ်၊ ၂။ နတ်၌ ဖြစ်သော ကာမဂုဏ်။ (ဒီ၊၁၁၊၁၁၁။) (အဘိ၊၁၁၊၂။၄၈၇။) (ဒီ၊၁၊မြန်၊၁။၂၁၆။)

ကာမဂုဏ် ၅ မျိုး ၁။ ရူပါရုံ– မျက်စိဖြင့် မြင်သိနိုင်ကာ အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သော ကာမနှင့် စပ်သော စွဲမက်ခြင်းကို ဖြစ်စေတတ်သော အဆင်း၊ ၂။ သဒ္ဒါရုံ– နားဖြင့် ကြားသိနိုင်ကာ

http://www.dhammadownload.com

အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သော ကာမနှင့် စပ်သော စွဲမက်ခြင်းကို ဖြစ်စေတတ်သော အသံ၊ ၃။ ဂန္ဓာရုံ– နှာခေါင်းဖြင့် နမ်းသိနိုင်ကာ အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သော ကာမနှင့် စပ်သော စွဲမက်ခြင်းကို ဖြစ်စေတတ်သော အနံ့၊ ၄။ ရသာရုံ– လျှာဖြင့် လျက်သိနိုင်ကာ အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သော ကာမနှင့် စပ်သော စွဲမက်ခြင်းကို ဖြစ်စေတတ်သော အရသာ၊ ၅။ ဖောဋ္ဌဗ္ဗာရုံ– ကိုယ်ဖြင့် ထိသိနိုင်ကာ အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သော ကာမနှင့် စပ်သော စွဲမက်ခြင်းကို ဖြစ်စေတတ်သော အတွေ့။ (ဤကာမဂုဏ် ၅ ပါးကို ဘုရားရှင်၏ အဆုံးအမတွင် နှောင်ကြိုးဟူ၍ လည်းကောင်း၊ အနှောင်အဖွဲ့ဟူ၍လည်းကောင်း ခေါ်ဆိုအပ်သည်)။ (ဒီ၊၁။၂၃၁။) (ဒီ၊၃။၁၉၅။) (မ၊၁။၁၁၉။) (မ၊၁။၁၂၇။) (မ၊၁။၂၃၀။) (မ၊၂။၁၁၇။) (မ၊၂။၂၃၃။) (မ၊၂။၄၁၉။) (မ၊၂။၆၀။) (မ၊၃။၄၁။) (သံ၊၂။ ၄၂၄။) (သံ၊၂။၄၃၃။) (သံ၊၃။၁၂၈။) (အံ၊၃။၂၅၀။) (အဘိ၊က။ ၂၇၄–၂၇၅။) (မဟာနိ။၁၉။) (မဟာနိ။၃၇၈။) (သံ၊၅၊၁။၂၈။) (ဒီ၊မြန်၊၃။၂၁၇–၂၁၈။) (မ၊မြန်၊၁။၁၂၆။) (မ၊မြန်၊၁။၁၂၆။) (မ၊မြန်၊၁။၁၂၆။) (မ၊မြန်၊၂။၆၆။) (မ၊မြန်၊၂။၆၆။) (မ၊မြန်၊၂။၆၆။) (မ၊မြန်၊၂။၆၆။) (သံ၊မြန်၊၂။၄၁၈၊ ၄၂၈။) (သံ၊မြန်၊၂။၄၁၈၊၄၂၈။) (သံ၊မြန်၊၃။၂၀။) (အံ၊မြန်၊၃။၂၅၀။) (အဘိ၊က၊မြန်၊၂။၈၃။)

ကာမဂုဏ်ခံစားခြင်း ၃ ပါး ၁။ ထင်ရှားရှိသော ကာမဂုဏ်ကို ခံစားခြင်း (လူနတ်အချို့ ဝိနိပါတိက။)၊ ၂။ ဖန်ဆင်းအပ်သော ကာမဂုဏ်ကို ခံစားခြင်း (နိမ္မာနရတိနတ်။)၊ ၃။ သူတစ်ပါး ဖန်ဆင်းအပ်သော ကာမဂုဏ်ကို ခံစားခြင်း (ပရနိမ္မိတဝသဝတ္တီ) ။ (ဒီ၊၃။၁၈၃။) (ဒီ၊မြန်၊၃။၂၀၃။)

ကာမဂုဏ်ခံစားသူ ၃ မျိုး ၁။ အနိုင်ထက်ပြု၍ အဓမ္မနည်းလမ်းဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာဖွေစုဆောင်းပြီး မိမိကိုယ်ကိုလည်း မနှစ်သက်မချမ်းသာစေမူ၍ ခွဲခြမ်းဝေဖန်လျက် ကုသိုလ်ကောင်းမှုတို့ကိုလည်း မပြုလုပ်သော ပုဂ္ဂိုလ်၊ ၂။ အနိုင်ထက်ပြု၍ အဓမ္မနည်းလမ်းဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာဖွေစုဆောင်းပြီး မိမိကိုယ်ကိုသာ နှစ်သက်ချမ်းသာစေလျက် ခွဲခြမ်းဝေဖန်၍ ကုသိုလ်ကောင်းမှုတို့ကို မပြုလုပ်သော ပုဂ္ဂိုလ်၊ ၃။ အနိုင်ထက်ပြု၍ အဓမ္မနည်းလမ်းဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာဖွေစုဆောင်းပြီး မိမိကိုယ်ကိုလည်း နှစ်သက်ချမ်းသာစေလျက် ခွဲခြမ်းဝေဖန်၍ ကုသိုလ်ကောင်းမှုတို့ကိုလည်း ပြုလုပ်သော ပုဂ္ဂိုလ်။ (သံ၊၂။၅၁၃။) (သံ၊မြန်၊၂။၅၀၆။)

ကာမဂုဏ်ခံစားသူ ၁၀ မျိုး ၁။ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာဖွေ၍ မိမိကိုလည်း မချမ်းသာစေ၊ သူတစ်ပါးကိုလည်း မဝေဖန် (မခွဲဝေ)၊ ကုသိုလ်ကောင်းမှုလည်း မပြုသော ပုဂ္ဂိုလ်၊ ၂။ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာဖွေ၍ မိမိကိုယ်ကိုသာ ချမ်းသာစေလျက် သူတစ်ပါးကိုလည်း မဝေဖန် (မခွဲဝေ)၊ ကုသိုလ်ကောင်းမှုလည်း မပြုသော ပုဂ္ဂိုလ်၊ ၃။ မတရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာဖွေ၍ မိမိကိုလည်း ချမ်းသာစေလျက် သူတစ်ပါးကိုလည်း ခွဲခြမ်းဝေဖန်ပြီး ကုသိုလ်ကောင်းမှုလည်း ပြုသော ပုဂ္ဂိုလ်၊ ၄။ တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်ဥစ္စာတို့ကို ရှာဖွေပြီးနောက် မိမိကိုယ်ကိုလည်း မချမ်းသာစေ၊ သူတစ်ပါးတို့ကိုလည်း မဝေဖန်၊ ကုသိုလ်ကောင်းမှုလည်း မပြုသော ပုဂ္ဂိုလ်၊ ၅။ တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်တို့ကို ရှာဖွေပြီးနောက် မိမိကိုယ်ကိုသာ ချမ်းသာစေ၍ သူတစ်ပါးတို့အား မဝေဖန် (မခွဲဝေ) ကုသိုလ်လည်းမပြုသော ပုဂ္ဂိုလ်၊ ၆။ တရားသဖြင့်လည်းကောင်း မတရားသဖြင့်လည်းကောင်း စည်းစိမ်တို့ကို ရှာဖွေပြီးနောက် မိမိကိုယ်ကိုလည်း

http://www.dhammadownload.com

ချမ်းသာစေ၊ သူတစ်ပါးကိုလည်း ဝေဖန်၊ ကုသိုလ်လည်းပြုသော ပုဂ္ဂိုလ်၊ ၇။ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာဖွေပြီးနောက် မိမိကိုယ်ကို မချမ်းသာစေ၊ သူတစ်ပါးတို့ကိုလည်း မခွဲခြမ်းမဝေဖန် ကောင်းမှုလည်း မပြုသော ပုဂ္ဂိုလ်၊ ၈။ တရားသဖြင့် စည်းစိမ်တို့ကို ရှာဖွေပြီးနောက် မိမိကိုယ်ကိုသာ ချမ်းသာစေ၍ သူတစ်ပါးတို့အား မဝေဖန်၊ ကုသိုလ်လည်း မပြုသော ပုဂ္ဂိုလ်၊ ၉။ တရားသဖြင့် စည်းစိမ်တို့ကို ရှာဖွေပြီးနောက် မိမိကိုလည်း ချမ်းသာစေ၊ သူတစ်ပါးတို့အားလည်း ဝေဖန်ခွဲခြမ်း၍ ကုသိုလ်ကောင်းမှု ပြုသောပုဂ္ဂိုလ်၊ ထိုစည်းစိမ်တို့ကို တပ်မက်လျက် ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်သော ဉာဏ်မရှိဘဲ သုံးဆောင်သော ပုဂ္ဂိုလ်၊ ၁၀။ တရားသဖြင့် စည်းစိမ်ဥစ္စာတို့ကို ရှာဖွေပြီးနောက် မိမိကိုလည်း ချမ်းသာစေ၊ သူတစ်ပါးကိုလည်း ခွဲခြမ်းဝေဖန်၍ ကုသိုလ်ကောင်းမှုပြုသော ပုဂ္ဂိုလ်၊ ထိုစည်းစိမ်တို့ကို မတပ်မက်မူ၍ ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်သော ဉာဏ်ဖြင့် သုံးဆောင်သော ပုဂ္ဂိုလ်။ (အံ၊၃။၃၉၈။) (အံ၊မြန်၊၃။၃၉၂။)

ကာမဂုဏ်ဖြင့် လုပ်ကျွေးခြင်း၏ ဂုဏ်ကျေးဇူးကို ပြောခြင်းကြောင့် သင့်သော အာပတ် ၃ ပါး ၁။ သံဃာဒိသိသ်အာပတ်၊ ၂။ ထုလ္လစ္စဉ်းအာပတ်၊ ၃။ ဒုက္ကဋ်အာပတ်။ (ဝိ၊၅။၉၀။) (ဝိ၊မြန်၊၅။၁၃၀။)

ကာမတို့ကို ရှောင်ကြဉ်ကြောင်း ၂ ပါး ၁။ ဝေးစွာ ခွာသောအားဖြင့် ကာမတို့ကို ရှောင် ကြဉ်ခြင်း၊ ၂။ အကြွင်းမဲ့ ပယ်သတ်ခြင်းအားဖြင့် ကာမတို့ကို ရှောင်ကြဉ်ခြင်း။ (မဟာနိ။၁၅။)

ကာမဓာတ် ၃ မျိုး ၁။ ဝတ္ထုကာမတို့သည် အလိုရှိထိုက် တောင့်တထိုက်သည်၏ အဖြစ်ဟူသော အနက်ကြောင့် ကာမတို့, မည်၍ပရမတ္ထသဘာဝ၏ အဖြစ်, သတ္တဝါ မဟုတ်သည်၏ အဖြစ်, အတ္တမှ ကင်းသည်၏ အဖြစ်ဟူသော အနက်ကြောင့် ဓာတ်လည်း မည်၏၊ ၂။ ကိလေသကာမတို့သည် အလိုရှိထိုက် တောင့်တထိုက်သည်၏ အဖြစ်ဟူသော အနက်ကြောင့်လည်းကောင်း၊ အလိုရှိတတ် တောင့်တတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်လည်းကောင်း ကာမတို့ မည်၍ ပရမတ္ထသဘာဝ၏ အဖြစ်၊ သတ္တဝါမဟုတ်သည်၏ အဖြစ်၊ အတ္တမှကင်းသည်၏ အဖြစ်ဟူသော အနက်ကြောင့် ဓာတ်လည်း မည်၏၊ ၃။ ကာမဘဝသည် အလိုရှိထိုက် တောင့်တထိုက်သည်၏ အဖြစ်ဟူသောအနက်ကြောင့်လည်းကောင်း၊အလိုရှိတတ် တောင့်တတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့် လည်းကောင်း၊ ဝတ္ထုအာရုံ ကာမဂုဏ်တို့၏ ဖြစ်ရာဒေသ ဟူသော အနက်ကြောင့် လည်းကောင်း ကာမမည်၍ ပရမတ္ထသဘာဝ၏အဖြစ် သတ္တဝါမဟုတ်သည်၏ အဖြစ် အတ္တမှ ကင်းသည်၏ အဖြစ်ဟူသော အနက်ကြောင့် ဓာတ်လည်း မည်၏၊ ထို့ကြောင့် ထို ၃ မျိုးတို့သည် ကာမဓာတ် မည်၏။ (အဘိ၊၌၊၃။၂၀၇။)

ကာမဓာတ်၌ပဋိသန္ဓေအခါဖြစ်သော ခန္ဓာ ၅ ပါး ၁။ ရူပက္ခန္ဓာ– ရုပ် ၂၈ ပါးအပေါင်းအစု၊ ၂။ ဝေဒနာက္ခန္ဓာ– ဝေဒနာစေတသိက်အစု၊၃။ သညာက္ခန္ဓာ– သညာစေတသိက်အစု၊ ၄။ သင်္ခါရက္ခန္ဓာ– ဝေဒနာ–သညာမှ ကြွင်းသော စေတသိက် ၅၀–ဟူသော သင်္ခါရအစု၊ ၅။ ဝိညာဏက္ခန္ဓာ– စိတ် ၈၉ ပါးဟူသော ဝိညာဏ်အပေါင်းအစု။ (အဘိ၊ ဝိ။၄၂၇။) (အဘိ၊ ဝိ၊ မြန်၊ ၂။၅၄၃။)

ကာမပဋိသန္ဓေ အာဟာရ ၄ ပါး ၁။ အလုတ်အလွေးပြုအပ်သော– ကဗဠီကာရအာဟာရ၊ ၂။ တွေ့ထိမှုဟု ဆိုအပ်သော– ဖဿာဟာရ၊ ၃။ စေ့ဆော်မှုဟု ဆိုအပ်သော– မနောသဉ္စေတနာဟာရ၊ ၄။ သိမှုဟု ဆိုအပ်သော– ဝိညာဏာဟာရ။ (အဘိ၊ဝိ။၄၃၂။) (အဘိ၊ဝိ၊မြန်၊၂။၅၄၉။)

http://www.dhammadownload.com

ကာမဘဝ ၂ မျိုး ၁။ ကမ္မဘဝ– ကာမဘုံ၌ ပဋိသန္ဓေနေခြင်း၏ အကြောင်းဖြစ်သော ကောင်းမှု, မကောင်းမှု၊ ၂။ ဥပပတ္တိဘဝ– ထိုကောင်းမှု မကောင်းမှုကြောင့် ဖြစ်သော ကမ္မဇရုပ် ခန္ဓာ ငါးပါး။ (မ၊ဋ္ဌ၊၁။၂၂၃။) (သံ၊ဋ္ဌ၊၂။၁၃။)

ကာမဘုံကို စွန့်၍ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ် ၅ ဦး ၁။ အန္တရာပရိနိဗ္ဗာယီ အနာဂါမ်– အသက်တမ်းအလယ်ကို မလွန်မူ၍ အကြားဌ် ပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊ ၂။ ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ်– အသက်တမ်းအလယ်ကို လွန်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊ ၃။ အသခ်ါရပရိနိဗ္ဗာယီအနာဂါမ်– ဝိပဿနာတရားတို့ကို အလွန်အားမထုတ်ရဘဲ ချမ်းသာစွာ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်၊ ၄။ သသခ်ါရပရိနိဗ္ဗာယီအနာဂါမ်– ဝိပဿနာတရားတို့ကို ကျိုးစားအားထုတ်လျက် ချမ်းသာစွာ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်၊ ၅။ ဥဒ္ဓံ သောတအကနိဋ္ဌဂါမီ အနာဂါမ်– အထက်အကနိဋ္ဌဗြဟ္မာ့ဘုံသို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်။ (အံ၊၃။၃၅၁။) (အဘိ၊ပု။၁၈၅။) (အံ၊မြန်၊၃။၃၄၉။) (အံ၊မြန်၊၃။၃၅၀။) (အဘိ၊ပု၊မြန်။၉၀။)

ကာမဘုံ၌ ပရိနိဗ္ဗာန်ပြုသူ ၅ ဦး ၁။ ကာမဘုံ၌ ခုနစ်ကြိမ်သော ပဋိသန္ဓေယူခြင်းရှိသော သတ္တက္ခတ္တုပရမ သောတာပန်၊ ၂။ ဘဝပြောင်းရွှေ့သော ကောလံကောလ သောတာပန်၊ ၃။ ပဋိသန္ဓေမျိုးစေ့ တစ်ခုရှိသော ဧကဗီဇီ သောတာပန်၊ ၄။ ကာမဘုံသို့ တစ်ကြိမ်သာ လာမည့် သကဒါဂါမ်ပုဂ္ဂိုလ်၊ ၅။ မျက်မှောက်ဘဝ၌ပင် ရဟန္တာဖြစ်သော ပုဂ္ဂိုလ်။ (အံ၊၃။၃၅၁။) (ပဋိသံ။၁၆၀။) (အံ၊မြန်၊၃။၃၄၉။) (အံ၊မြန်၊၃။၃၅၀။) (ပဋိသံ၊မြန်။၂၀၅။) (အဘိ၊ပု။၁၈၅။) (အဘိ၊ပု၊မြန်။၉၀။)

ကာမရာဂနိဿရဏာ ၃ မျိုး ကာမရာဂ၏ ထွက်မြောက်ရာ ၃ မျိုးနှင့် တူသည်။

ကာမရာဂ၏ ထွက်မြောက်ရာ ၃ မျိုး ၁။ ဝိက္ခမ္ဘန နိဿရဏာ– နီဝရဏတရားတို့ကို ပယ်ခွာဖျက်ဆီးဖယ်ရှားသောအားဖြင့် ဆန့်ကျင်ဘက်တရားတို့မှ ထွက်မြောက်ကြောင်း ပထမစျာန်၊ ၂။ တဒင်္ဂနိဿရဏာ– ထိုထိုဆန့်ကျင်ဘက်ကိလေသာတို့မှ ထွက်မြောက်ကြောင်း ဝိပဿနာ၊ ၃။ သမုစ္ဆေဒနိဿရဏာ– နီဝရဏတရားတို့ကို အကြွင်းမဲ့ ပယ်သတ် ပယ်ဖြတ်သောအားဖြင့် ကိလေသာတို့မှ ထွက်မြောက်ကြောင်း မဂ်လေးပါး။ (သံ၊ဋ္ဌ၊၃။၂၀၉။)

ကာမဝစရကုသိုလ်အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုနိုင်သော တရားအစု ၆ စု ၁။ ကာမာဝစရကုသိုလ်၊ ၂။ ရူပါဝစရကုသိုလ်၊ ၃။ အကုသိုလ်၊ ၄။ ကာမာဝစရဝိပါက်၊ ၅။ ကာမာဝစရကြိယာ၊ ၆။ ရူပါဝစရကြိယာ။ (အဘိ၊ဋ္ဌ၊၃။၃၅၉။)

ကာမာဝစရကုသိုလ်စိတ် ဉာဏဝိဘတ္တိဒေသနာအားဖြင့် ၄ ပါး ၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသခ်ါရိကစိတ်၊ ၂။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသခ်ါရိကစိတ်၊ ၃။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသခ်ါရိကစိတ်၊ ၄။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသခ်ါရိကစိတ်။ (အဘိ၊ဋ္ဌ၊၁။၂၀၆။)

ကာမာဝစရ ကုသိုလ်ဝေဒနာ ၃ မျိုး ၁။ ဒါနကုသိုလ်ဝေဒနာ၊ ၂။ သီလကုသိုလ်ဝေဒနာ၊ ၃။ ဘာဝနာကုသိုလ်ဝေဒနာ။ (အဘိ၊ဋ္ဌ၊၂။၁၆။)

ကာမာဝစရကုသိုလ်ဟိတ် နာမည်အားဖြင့် ၃ မျိုး ၁။ အလောဘ ကာမာဝစရကုသိုလ်ဟိတ်၊

http://www.dhammadownload.com

၂။ အဒေါသကာမာဝစရကုသိုလ်ဟိတ်၊ ၃။ အမောဟ ကာမာဝစရကုသိုလ်ဟိတ် (ရူပါဝစရကုသိုလ်ဟိတ် စသည်လည်း နည်းတူ) ။ (အဘိ၊၆။၃၅၇။)

ကာမာဝစရဓာတ် ၁၆ ပါး ၁။ စက္ခု၊ သောတ, ဃာန, ဇိဝှါ, ကာယ ဓာတ် ငါးပါး၊ ၂။ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ ဓာတ် ငါးပါး၊ ၃။ စက္ခုဝိညာဏ, သောတဝိညာဏ, ဃာနဝိညာဏ, ဇိဝှါဝိညာဏ, ကာယဝိညာဏ ဓာတ် ငါးပါး၊ ၄။ မနောဓာတ် တစ်ပါး ပေါင်း ၁၆ ပါး။ (သံ၊၂။၂။၁၂၁။)

ကာမာဝစရဘုံ၌သာ ဖြစ်သော ဣန္ဒြေ ၁၀ ပါး ၁။ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ ဒေါမနဿိန္ဒြေ ပေါင်း ၁၀ ပါး။ (ဝိသုဒ္ဓိ၊ ၂။၁၂၄။)

ကာမာဝစရဟိတ် ၉ ပါး ၁။ လောဘ, ဒေါသ, မောဟ ဟု ဆိုအပ်သော အကုသိုလ်ဟိတ် သုံးပါး၊ ၂။ အလောဘ, အဒေါသ, အမောဟဟု ဆိုအပ်သော ကုသိုလ်ဟိတ်သုံးပါး၊ ၃။ ဝိပါက် အဗျာကတ, ကိရိယာအဗျာကတ တရားတို့၌ ရှိသော အလောဘ, အဒေါသ, အမောဟဟု ဆိုအပ်သော အဗျာကတဟိတ် သုံးပါး ပေါင်း (၉) ပါး။ (အဘိ၊၆။၂၁၇။) (အဘိ၊၆၊မြန်။၃၉၅။)

ကာမူပပတ္တိ ၃ မျိုး ၁။ ရှေးရှု ထင်လာသော ကာမဂုဏ်များ၊ ၂။ နိမ္မာနရတိနတ်များ၊ ၃။ ပရနိမ္မိတဝသဝတ္တိနတ်များ။ (ခုဒ္ဒက။၂၅၈။) (ခုဒ္ဒက၊မြန်။ ၂၄၄။)

ကာမေသုမိစ္ဆာစာရကံ ထမြောက်ကြောင်းအင်္ဂါ ၄ ပါး ၁။ မေထုန်အားဖြင့် မသွားလာထိုက်သော ဝတ္ထု ဖြစ်ခြင်း၊ ၂။ ထိုမလားထိုက်သော ဝတ္ထု၌ မေထုန်မှီဝဲလိုစိတ် ရှိခြင်း၊ ၃။ မေထုန်မှီဝဲမှု လုံ့လ ပြုခြင်း၊ ၄။ မင်္ဂအချင်းချင်း ထိတွေ့၍ သာယာခြင်း။ (ဒီ၊၁။၃၃။) (မ၊၁။၁။၂၀၃။) (သံ၊၁။၂။၁၃၅။) (အဘိ၊၁။၁၄၁။) (ပဋိသံ၊၁။၁။၂၀၄။) (ဣတိဝု၀်၊၁။၂၂၀။) (မဟာနိ၊၁။၁၀၀။)

ကာမဿန္ဒနီဝရဏကို ပယ်ကြောင်းတရား ၆ ပါး ၁။ အသုဘနိမိတ္တသ ဥဂ္ဂဟော– ကာမစ္ဆန္ဒ နီဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်သော အသုဘနိမိတ်အာရုံကို သင်ယူခြင်း၊ ၂။ အသုဘဘာဝနာ နုယောဂေါ– အသုဘဘာဝနာကို အားထုတ်ခြင်း၊ ၃။ ဣန္ဒြိယေသု ဂုတ္တဒ္ဝါရတာ– စက္ခု စသော ဣန္ဒြေခြောက်ပါးတို့ကို စောင့်စည်းခြင်း၊ ၄။ ဘောဇနေ မတ္တညုတာ– ဘောဇဉ်၌ အတိုင်း အရှည်ကို သိခြင်း၊ ၅။ ကလျာဏမိတ္တတာ– ဆရာကောင်းသမားကောင်း စသော ကလျာဏ မိတ္တ ရှိခြင်း၊ ၆။ သပ္ပါယကထာ– လျောက်ပတ်သော စကားကို ပြောဆိုခြင်း။ (ဒီ၊၁။၂။၃၆၈။) (မ၊၁။၁။၂၈၆။) (သံ၊၁။၃။၂၀၂။) (အံ၊၁။၁။၃၆။) (အဘိ၊၆။၂။၂၅၇။) (ဣတိဝု၀်၊၁။ ၃၃၈။) (ဒီ၊ဋီ၊၁။၂၆၀။) (ဒီ၊၁၊မြန်၊၂။၆၈၂။)

ကာမစ္ဆန္ဒ မဖြစ်ကြောင်း ၂ ပါး ၁။ ရှေးဌ် မဖြစ်ပေါ်ဖူးခြင်း၊ ၂။ မခံစားဖူးသော အာရုံ ဖြစ်ခြင်း။ (အံ၊၁။၁။၂၇။)

ကာယ ၄ မျိုး ၁။ ဥပါဒိန္နကကာယ– အာရုံပြုသောအားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သော စက္ခာယတန စသော ရုပ်အပေါင်း၊ ၂။ အာဟာရ သမုဋ္ဌာနိကကာယ– အာဟာရကြောင့် ဖြစ်သော ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇ စသော ရုပ်အပေါင်း၊

http://www.dhammadownload.com

၃။ ဥတုသမုဋ္ဌာနိကကာယ– ဥတုကြောင့် ဖြစ်သော ဝဏ္ဏ, ဂန္ဓ စသော ရုပ်အပေါင်း၊ ၄။ စိတ္တသမုဋ္ဌာနိကကာယ– စိတ်ကြောင့် ဖြစ်သော ဝဏ္ဏ, ဂန္ဓ စသော ရုပ်အပေါင်း။ (အဘိ၊ဋ္ဌ၊၁။၁၂၄။)

ကာယကမ္မ ၃ မျိုး ၁။ ယထာဒိဋ္ဌိ ယံ ဋ္ဌိတကာယကမ္မ– ဒိဋ္ဌိအယူရှိသော သူ၏ ပါဏာတိပါတ စသော ကာယကံ၊ ၂။ ဒိဋ္ဌိသဟဇာတံ ကာယကမ္မ– ဒိဋ္ဌိအယူနှင့် တကွဖြစ်သော ပါဏာတိပါတ စသော ကာယကံ၊ ၃။ ဒိဋ္ဌာနုလောမိက ကာယကမ္မ– ဒိဋ္ဌိအယူအားလျော်စွာ ဖြစ်စေအပ်သော ကာယကံ။ (အံ၊ဋ္ဌ၊၁။၃၇၀။)

ကာယဂတာသတိကမ္မဋ္ဌာန်း အစီအရင် ၇ ပါး (ကာယဂတာသတိကမ္မဋ္ဌာန်း ပွားများသော ပုဂ္ဂိုလ်၏ ဥဂ္ဃဟဋ္ဌ ကျွမ်းကျင်လိမ္မာကြောင်း) ၁။ ဝစသာ– ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း စသည်ဖြင့် နူတ်ဖြင့် သရဇ္ဈာယ်ရခြင်း၊ ၂။ မနသာ– ဆံပင်, မွေးညင်း စသည်ဖြင့် သရဇ္ဈာယ် ရခြင်း၊ ၃။ ဝဏ္ဏတော– ဆံပင် စသည်တို့ကို အဆင်းအားဖြင့် ပိုင်းခြားရခြင်း၊ ၄။ သဏ္ဌာနတော– ဆံပင် စသည်တို့ကို သဏ္ဌာန်အားဖြင့် ပိုင်းခြားရခြင်း၊ ၅။ ဒိသတော– ချက်မှ အထက်ဖြစ်သော အရပ်, အောက်ဖြစ်သော အရပ်တို့ကို ပိုင်းခြားရခြင်း၊ ၆။ ဩကာသတော– "ဆံပင်သည် ဤမည်သော အရပ်၌ တည်၏" စသည်ဖြင့်ထိုထို ကောဋ္ဌာသ၏ တည်ရာအရပ်ကို ပိုင်းခြားရခြင်း၊ ၇။ ပရိစ္ဆေဒတော– သဘာဂ, ဝိသဘာဂ အားဖြင့် ပိုင်းခြားရခြင်း။ (ဝိသုဒ္ဓိ၊၁။၂၃၅။)

ကာယဂတာသတိကမ္မဋ္ဌာန်း (ကာယဂတာသတိ ကမ္မဋ္ဌာန်းပွားများသော ပုဂ္ဂိုလ်၏ မနသိကာရ၌ ကျွမ်းကျင်လိမ္မာကြောင်း အစီအရင် ၁၀ ပါး) ၁။ အနုပုဗ္ဗတော– ကေသာ, လောမာ, နခါ စသည်ဖြင့် အစဉ်အတိုင်း နှလုံးသွင်းရခြင်း၊ ၂။ နာတိသီဃတော– မမြန်လွန်းသောအားဖြင့် နှလုံးသွင်းရခြင်း၊ ၃။ နာတိသဏိကတော– မနေးလွန်းသောအားဖြင့် နှလုံးသွင်းရခြင်း၊ ၄။ ဝိက္ခေပပဋိဗာဟနတော– စိတ်၏ ပျံ့လွင့်ခြင်းကို တားမြစ်သောအားဖြင့် နှလုံးသွင်းရခြင်း၊ ၅။ ပဏ္ဏတ္တိသမတိက္ကမနတော– ဆံပင်, မွေးညင်းစသော ပညတ်ကိုလွန်၍ စက်ဆုပ်ဖွယ်အားဖြင့် နှလုံးသွင်းရခြင်း၊ ၆။ အနုပုဗ္ဗမုဉ္စနတော– အစဉ်အတိုင်း မထင်သော ကောဋ္ဌာသကို လွတ်သော အားဖြင့် နှလုံးသွင်းရခြင်း၊ ၇။ အပ္ပနာတော– တစ်ခုခုသော ကောဋ္ဌာသ၌ ဖြစ်သင့်သော အပ္ပနာ အားဖြင့် နှလုံးသွင်းခြင်း၊ ၈။ တယော သုတ္တန္တာ– အဓိစိတ္တ, သီတိဘာဝ, ဗောဈင်္ဂ် ကောသလ္လ ဟူသော သုံးပါးသော သုတ်တို့ကို နှလုံးသွင်းရခြင်း ပေါင်း ဆယ်ပါး။ (ဝိသုဒ္ဓိ၊၁။၂၃၆။)

ကာယဂတာသတိကမ္မဋ္ဌာန်း၌ အပိုင်း ၁၄ ပိုင်း ၁။ အာနာပါနအပိုင်း၊ ၂။ ဣရိယာပထအပိုင်း၊ ၃။ စတုသမ္ပဇညအပိုင်း၊ ၄။ ပဋိကူလမနသိကာရအပိုင်း၊ ၅။ ဓာတုမနသိကာရအပိုင်း၊ ၆။ သိဝထိက အပိုင်း ၉ ပိုင်း ပေါင်း ၁၄ ပိုင်း။ (ခုဒ္ဒက၊ဋ္ဌ။၂၈။) (ဝိသုဒ္ဓိ၊၁။၂၃၂။)

ကာယဒသကရုပ် ၁၀ ပါး ၁။ ကာယပသာဒရုပ် ၁ ပါး၊ ၂။ မဟာဘုတ်ရုပ် ၄ ပါး၊ ၃။ ဝဏ္ဏ ဂန္ဓ ရသ ဩဇရုပ် ၄ ပါး၊ ၄။ ဇီဝိတရုပ် ၁ ပါး ပေါင်း ၁၀ ပါး။ (အဘိ၊ဋ္ဌ၊၂။၂၁။)

ကာယဒုစရိုက် ၃ ပါး ၁။ ပါဏာတိပါတ– သူ့အသက်သတ်ခြင်း၊ ၂။ အဒိန္နာဒါန– သူ့ဥစ္စာကို ခိုးခြင်း၊ ၃။ ကာမေသုမိစ္ဆာစာရ– ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်း။ (မ၊၁။၃၅၅။) (အဘိ၊ဝိ။ ၃၇၈။) (မ၊မြန်၊၁။၃၆၆။) (အဘိ၊ဝိ၊မြန်၊၂။၄၇၂။)

http://www.dhammadownload.com

ကာယဒုစရိုက် စသော အကုသိုလ်ကံ၌ အပြစ် ၅ ပါး ၁။ မိမိကိုယ်ကို စွပ်စွဲ၏၊ ၂။ ပညာရှိတို့ ကဲ့ရဲ့ကုန်၏၊ ၃။ မကောင်းသတင်း ကျော်စောခြင်း ပျံ့နှံ့၏၊ ၄။ တွေဝေ၍ သေရ၏၊ ၅။ သေပြီး နောက်၌ ငရဲသို့ ရောက်၏။ **မှတ်ချက်။** ။ ကာယသုစရိုက် စသော ကုသိုလ်ကံ၌ အကျိုးအာနိသင် (၅) ပါး– ကို အပြန်အားဖြင့် သိအပ်၏။ (ဝိ၊၅။၂၃၅။) (ဝိ၊မြန်၊၅။၃၂၅။)

ကာယဒုစရိုက် စသော အကုသိုလ်ကံ၌ အပြစ် ၅ ပါး ၁။ မကြည်ညိုသော သူတို့သည် မကြည်ညိုကုန်၊ ၂။ ကြည်ညိုကုန်ပြီးသော သူတို့အား အကြည်ညို ပျက်၏၊ ၃။ ဘုရားရှင်၏ သာသနာကို မပြုအပ်သည် ဖြစ်၏၊ ၄။ နောင်လာနောက်သားတို့ ဒိဋ္ဌာနုဂတိသို့ မလိုက်၊ ၅။ ထိုသူ၏ စိတ်သည် မကြည်လင်။ (ဝိ၊၅။၂၃၅။) (ဝိ၊မြန်၊၅။၃၂၅။)

ကာယဒုစရိုက်နှင့် ပြည့်စုံခြင်း ၅ ပါး ၁။ အာယူဟနသမ္မာ– ကုသိုလ်ကံ အကုသိုလ်ကံကို အားထုတ်မှုနှင့် ပြည့်စုံခြင်း၊ ၂။ စေတနာသမ္မာ– ကုသိုလ်ကံ အကုသိုလ်ကံစေတနာနှင့် ပြည့်စုံခြင်း၊ ၃။ ကမ္မသမ္မာ– ရှေးဦး ဆည်းပူးအပ်သော ကံနှင့် ပြည့်စုံခြင်း၊ ၄။ ဝိပါကသမ္မာ– အကျိုးပေးခြင်းနှင့် ပြည့်စုံခြင်း၊ ၅။ ဥပဋ္ဌာနသမ္မာ– နိမိတ်ထင်ခြင်းနှင့် ပြည့်စုံခြင်း။ (အံ၊၆၊၃၂၆၄။)

ကာယဒွါရ၌ အားထုတ်အပ်သော စေတနာ ၈၀ ၁။ ကာယဒွါရ၌ ကိုယ်တိုင် ပြုလုပ် အားထုတ်အပ်သော မဟာကုသိုလ်စေတနာ (၈) ပါး၊ အကုသိုလ် စေတနာ (၁၂) ပါး –ပေါင်း ၂၀၊ ၂။ ကာယဒွါရ၌ သူတစ်ပါး စေခိုင်ခြင်းကြောင့် ပြုလုပ်အားထုတ်အပ်သော မဟာကုသိုလ် စေတနာ (၈) ပါး၊ အကုသိုလ်စေတနာ (၁၂) ပါး– ပေါင်း ၂၀၊ ၃။ ကာယဒွါရ၌ ကောင်းစွာ သိ၍ ပြုလုပ်အားထုတ်အပ်သော မဟာကုသိုလ်စေတနာ (၈) ပါး၊ အကုသိုလ်စေတနာ (၁၂) ပါး– ပေါင်း ၂၀၊ ၄။ ကာယဒွါရ၌ ကောင်းစွာ မသိဘဲ ပြုလုပ်အားထုတ်အပ်သော မဟာကုသိုလ်စေတနာ (၈) ပါး၊ အကုသိုလ်စေတနာ (၁၂) ပါး– ပေါင်း ၂၀ စုစုပေါင်း ရှစ်ဆယ်၊ (ထိုအတူ ဝစီဒွါရ၌လည်း ရှစ်ဆယ်ရှိသည်။) ။ (အံ၊၆၊၂။၃၄၈။)

ကာယပါဂဗ္ဘိယ ကိုယ်ဖြင့်လွန်ကျူးမှု မပြုအပ်သည့်ဌာန ၈ မျိုး ၁။ သံဃာ့ပရိသတ်အလယ်၊ ၂။ ဂိုဏ်းပရိသတ်အလယ်၊ ၃။ သီတင်းကြီး ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်များ၏ ရှေ့၊ ၄။ ဆွမ်းစားဧရပ်၊ ၅။ ရေချိုးအိမ်၊ ၆။ ရေချိုးဆိပ်၊ ၇။ ဆွမ်းခံသွားရာ လမ်း၊ ၈။ မြို့တွင်း ရွာတွင်း ဝင်ရာအခါတို့၌ ကိုယ်ဖြင့် ရိုင်းရိုင်းစိုင်းစိုင်း မပြုလုပ်ရ။ (သံ၊၄၊၂။၁၅၅။) (ခုဒ္ဒက၊၄။၂၀၆။)

ကာယမောနေယျ ၇ မျိုး ၁။ ကာယဒုစရိုက် သုံးပါးကို ပယ်ခြင်း၊ ၂။ ကာယသုစရိုက် သုံးပါး၊ ၃။ ကိုယ်ဟူသော အာရုံ၌ သိသော ဉာဏ်၊ ၄။ ကိုယ်ကို ပိုင်းခြား၍ သိခြင်း၊ ၅။ ကိုယ်ကို ပိုင်းခြား၍ သိခြင်းနှင့်တကွဖြစ်သော မဂ်၊ ၆။ ကိုယ်၌ ဆန္ဒရာဂကို ပယ်ခြင်း၊ ၇။ ကာယသင်္ခါရ ချုပ်ခြင်းရှိသော စတုတ္ထဈာန်သမာပတ်။ (ဒီ၊၃၊၃။၁၈၆။)

ကာယဝိညေယျဖောဋ္ဌဗ္ဗ ၂ မျိုး ၁။ သေဝိတဗ္ဗ ကာယဝိညေယျဖောဋ္ဌဗ္ဗ– ဤကာယဝိညာဉ်ဖြင့် သိအပ်သော ဖောဋ္ဌဗ္ဗာရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်ယုတ်လျော့၍ ကုသိုလ်တိုးပွားလာသဖြင့် မှီဝဲအပ်သော ကာယဝိညေယျဖောဋ္ဌဗ္ဗ၊ ၂။ အသေဝိတဗ္ဗ ကာယဝိညေယျဖောဋ္ဌဗ္ဗ– ဤကာယဝိညာဉ်ဖြင့်သိအပ်သော ဖောဋ္ဌဗ္ဗာရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ် တိုးပွား၍

http://www.dhammadownload.com

ကုသိုလ်ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော ကာယဝိညေယျဖောဋ္ဌဗ္ဗ။ (ဒီ၊၂။၂၂၅။) (ဒီ၊မြန်၊ ၂။၂၅၂။)

ကာယသမာစာရ ၂ မျိုး ၁။ သေဝိတဗ္ဗကာယသမာစာရ– ဤကာယသမာစာရကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ ယုတ်လျော့၍ ကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော ကာယသမာစာရ၊ ၂။ အသေဝိတဗ္ဗကာယသမာစာရ– ဤကာယသမာစာရကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများတိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့ သွားသဖြင့် မမှီဝဲအပ်သော ကာယသမာစာရ။ (ဒီ၊၂။၂၂၃။) (နေတ္တိ၊၆။။၁၆၁။) (ဒီ၊မြန်၊၂။၂၅၀။)

ကာယသုစရိုက် ၃ ပါး ၁။ သူ့အသက်ကို မသတ်ခြင်း၊ ၂။ သူ့ဥစ္စာကို မခိုးခြင်း၊ ၃။ သူ့သားမယားကို မလွန်ကျူး မပြစ်မှားခြင်း။ (မ၊၁။၃၅၇။) (မ၊၁။၃၆၃။) (မ၊မြန်၊၁။၃၆၈။) (မ၊မြန်၊၁။၃၆၈။)

ကာယသုစရိုက်စသော ကုသိုလ်ကံ၌ အကျိုးအာနိသင် ၅ ပါး ၁။ မကြည့်ညှိသော သူတို့သည် ကြည်ညိုကုန်၏၊ ၂။ ကြည်ညိုပြီးသူတို့ အလွန်ကြည်ညိုကုန်၏၊ ၃။ ဘုရားသာသနာတော်ကို ပြုအပ်သည် ဖြစ်၏၊ ၄။ နောင်လာနောက်သားတို့ ဒိဋ္ဌာနုဂတိသို့ လိုက်ကုန်၏၊ ၅။ ထိုသူ၏ စိတ်သည် ကြည်လင်၏။ (ဝိ၊၅။၂၃၅။) (ဝိ၊မြန်၊၅။၃၂၅။)

ကာယသုစရိုက် စသော ကုသိုလ်ကံ၏ အကျိုးအာနိသင် ၅ ပါး ၁။ မိမိကိုယ်ကို မစွပ်စွဲခြင်း၊ ၂။ ပညာရှိတို့ မကဲ့ရဲ့ခြင်း၊ ၃။ ကောင်းသောသတင်း ကျော်စော ပျံ့နှံ့ခြင်း၊ ၄။ မတွေဝေဘဲ သေရခြင်း၊ ၅။ သေလွန်ပြီးနောက် နတ်ပြည်နတ်ရွာသို့ ရောက်ရခြင်း။ (ဝိ၊၅။၂၃၅။) (ဝိ၊မြန်၊၅။ ၃၂၅။)

ကာယသံသဂ္ဂ သိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ လူမိန်းမ ဖြစ်ခြင်း၊ ၂။ လူမိန်းမဟု အမှတ်ရှိခြင်း၊ ၃။ ကိုယ်ဖြင့် နှီးနှောသုံးသပ်ခြင်း၌ တပ်ခြင်း၊ ၄။ ထိုကာယသံသဂ္ဂရာဂကြောင့် အားထုတ်ခြင်း၊ ၅။ လက်ကို ကိုင်ခြင်း အစရှိသည်သို့ ရောက်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၂၂။) (ဝိမတိ၊၁။၂၆၄။)

ကာယသက္ခိပုဂ္ဂိုလ် ၆ ယောက် ၁။ သောတာပတ္တိဖိုလ်၌ တည်သော ပုဂ္ဂိုလ်၊ ၂။ သကဒါဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်၊ ၃။ သကဒါဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်၊ ၄။ အနာဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်၊ ၅။ အနာဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်၊ ၆။ အရဟတ္တမဂ်၌ တည်သော ပုဂ္ဂိုလ်။ (ဒီ၊ ၄၊၃။ ၇၃။) (မ၊၄၊၃။၁၃၁။) (အံ၊၄၊၃။၁၄၇။)

ကာယအစု ၇ ပါး ၁။ မြေအစု၊ ၂။ ရေအစု၊ ၃။ မီးအစု၊ ၄။ လေအစု၊ ၅။ ချမ်းသာ၊ ၆။ ဆင်းရဲ၊ ၇။ အသက်။ (သံ၊၂။၁၇၃။) (သံ၊မြန်၊၂။၁၆၄။)

ကာယာနုပဿနာ ၁၄ မျိုး ၁။ ထွက်သက်ဝင်သက်ကို ရှုခြင်း (အာနာပါနဿတိ)၊ ၂။ ဣရိယာပုထ်ကို ရှုခြင်း (ဣရိယာပထ)၊ ၃။ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်း (သတိသမ္ပဇည)၊ ၄။ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်း (ပဋိကူလမနသိကာရ ၃၂ ကောဋ္ဌာသကမ္မဋ္ဌာန်း)၊ ၅။ ရေ မြေ လေ မီး ဓာတ်ကြီးလေးပါးဖြင့် နှလုံးသွင်းခြင်း (ဓာတုမနသိကာရ)၊ ၆။ သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်း(နဝသိဝထိကအသုဘကမ္မဋ္ဌာန်း)။ (ဒီ၊၂။၂၃၁။) (ဒီ၊၂။၂၃၆။) (ဒီ၊၄၊၂။၃၆၃။) (မ၊၄၊၁။ ၂၇၈။) (ဒီ၊မြန်၊၂။၂၆၀၊၂၆၃။) (ဒီ၊ မြန်၊၂။၂၆၀၊၂၆၃။) (ဒီ၊၄၊မြန်၊၂။၆၇၂။)

http://www.dhammadownload.com

ကာယာနုပဿနာကို ပွားများထိုက်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ အလုပ်အကိုင်သစ်၌ မွေ့လျော်မှုကို ပယ်ခြင်း၊ ၂။ စကားပြောခြင်း၌ မွေ့လျော်မှုကို ပယ်ခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်မှုကို ပယ်ခြင်း၊ ၄။ အပေါင်းအသင်း၌ မွေ့လျော်မှုကို ပယ်ခြင်း၊ ၅။ မျက်စိစသော ဣန္ဒြေတို့၌ တံခါးကို ပိတ်ထားခြင်း၊ ၆။ စားဖွယ်သောက်ဖွယ်တို့၌ အတိုင်းအရှည်ကို သိခြင်း။ (အံ၊၂။၃၉၁။) (အံ၊မြန်၊၂။၄၉၆။)

ကာယာနုပဿနာကို မပွားများထိုက်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ အလုပ်အကိုင်အသစ်၌ မွေ့လျော်ခြင်း၊ ၂။ စကားပြောခြင်း၌ မွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအသင်း၌ မွေ့လျော်ခြင်း၊ ၅။ မျက်စိစသော ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားခြင်း၊ ၆။ စားဖွယ်သောက်ဖွယ်တို့၌ အတိုင်းအရှည်ကို မသိခြင်း။ (အံ၊၂။၃၉၁။) (အံ၊မြန်၊၂။၄၉၅။)

ကာလဒါန ၅ မျိုး ၁။ ဧည့်သည် အာဂန္တုကအား ပေးလှူခြင်း၊ ၂။ ခရီးသည်အား ပေးလှူခြင်း၊ ၃။ လူနာအား ပေးလှူခြင်း၊ ၄။ ငတ်မွတ်ခေါင်းပါးသော အခါ၌ ပေးလှူခြင်း၊ ၅။ ကောက်ဦးသစ်သီးဦးတို့ကို သီလရှိသူတို့အား ရွေးဦးစွာ ပေးလှူခြင်း။ (အံ၊၂။၃၅၂။) (အံ၊မြန်၊၂။၄၄။)

ကာလ ၃ ပါး ၁။ အတိတ်ကာလ၊ ၂။ အနာဂတ်ကာလ၊ ၃။ ပစ္စုပ္ပန်ကာလ။ (ဒီ၊၃။၁၈၁။) (ခုဒ္ဒက။ ၂၃၂။) (ဒီ၊မြန်၊၃။၂၀၁။) (ခုဒ္ဒက၊မြန်။၂၁၆။)

ကာလမရဏ ၃ မျိုး ၁။ ပုညက္ခယမရဏ– အသက်တမ်း ကျန်သေးသော်လည်း ကုသိုလ်ကံကုန်သောကြောင့် သေရခြင်း၊ ၂။ အာယုက္ခယမရဏ– ကုသိုလ်ကံ ကျန်သေးသော်လည်း အသက်တမ်းကုန်သောကြောင့် သေရခြင်း၊ ၃။ ဥဘယက္ခယမရဏ– အသက်တမ်းနှင့် ကုသိုလ်ကံ နှစ်ပါးစုံကုန်ခြင်းကြောင့် သေရခြင်း။ (ဝိသုဒ္ဓိ၊၁။၂၂၂။)

ကာလသုံးပါးတို့နှင့် ယှဉ်သော ပစ္စည်း ၃ ပစ္စည်း ၁။ အာရမ္မဏပစ္စည်း၊ ၂။ အဓိပတိပစ္စည်း၊ ၃။ ဥပနိဿယပစ္စည်း။ (အဘိ၊၆၊၃။၃၅၃။)

ကာလအပိုင်းခြား မရှိသော ဌာန ၇ မျိုး ၁။ ပထမ အပွနာစိတ်၊ ၂။ လောကီအဘိညာဉ်၊ ၃။ မဂ်စိတ်လေးခု၊ ၄။ မဂ္ဂါနန္တရဖိုလ်ဧော လေးခု၊ ၅။ ရူပဘုံ အရူပဘုံတို့၌ ဘဝင်ဖြစ်သော ဈာန်စိတ်၊ ၆။ နိရောဓသမာပတ်အား ကျေးဇူးပြုသော နေဝသညာနာသညာယတန ဈာန်စိတ်၊ ၇။ နိရောဓသမာပတ်မှထသော အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်၏ ဖလသမာပတ်။ (ဝိသုဒ္ဓိ၊၁။၁၃၅။)

ကာလိက ၄ ပါး ၁။ ရဟန်းတို့ နံနက်အချိန်၌သာ သုံးဆောင်ထိုက်သော အာဟာရ (ယာဝကာလိက)၊ ၂။ တစ်နေ့တစ်ညဉ့်သာ သုံးဆောင်ထိုက်သော အာဟာရ (ယာမကာလိက)၊ ၃။ ခုနစ်ရက်အတွင်း သုံးဆောင်ထိုက်သော အာဟာရ (သတ္တာဟကာလိက)၊ ၄။ တစ်သက်ပတ်လုံး သုံးဆောင်ထိုက်သော အာဟာရ (ယာဝဇီဝက) ။ (ဝိ၊၅။၂၂၆။) (ဝိ၊မြန်၊၅။၃၁၄။)

ကာလိင်္ဂတိုင်း၌ ဖြစ်သော ဘေး ၃ မျိုး ၁။ မိုးမရွာ, မိုးခေါင်ဘေး၊ ၂။ ငတ်မွတ်ဘေး၊ ၃။ ရောဂါဘေး။ (ဇာ၊၆၊၂။၃၃၁။)

ကာသိတိုင်း၌ ဖြစ်သော ပုဆိုး ၃ မျိုး ၁။ အသစ်ဖြစ်၍ အဆင်းလည်းလှ အတွေ့အထိလည်းနူးညံ့ပြီးလျှင် အဖိုးများစွာထိုက်တန်သော ကာသိတိုင်းဖြစ်ပုဆိုး၊ ၂။ အလယ်အလတ် တစ်ပတ်

http://www.dhammadownload.com

နွမ်းဖြစ်၍ အဆင်းလည်းလှလျက် အတွေ့အထိလည်း နူးညံ့ပြီးလျှင် အဖိုးများစွာ ထိုက်တန်သော ကာသိတိုင်းဖြစ်ပုဆိုး၊ ၃။ ဟောင်းနွမ်းသည်ဖြစ်၍ အဆင်းလည်း လှလျက် အတွေ့အထိလည်း နူးညံ့ပြီးလျှင် အဖိုးများစွာထိုက်တန်သော ကာသိတိုင်းဖြစ်ပုဆိုး။ (အဘိ၊ပု။၁၃၈။) (အဘိ၊ပု၊မြန်။၄၁။)

ကာသိတိုင်းဖြစ် ပုဆိုးနှင့် တူသော ရဟန်း ၃ မျိုး ၁။ ရဟန်းသစ်သည် သီလနှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းသော အကျင့်ရှိခြင်းဟုဆိုအပ်သော အဆင်းလှခြင်း, ထိုသီလဝန္တ ရဟန်းသစ်၏ အယူသို့ အတုလိုက်၍ မှီဝဲဆည်းကပ်သော သူတို့အား စီးပွားဖြစ်ခြင်း, ချမ်းသာခြင်းဟု ဆိုအပ်သော နူးညံ့သော အတွေ့အထိရှိခြင်း, ထိုသီလဝန္တရဟန်းသစ်အား ပစ္စည်းလေးပါး လှူဒါန်းသူတို့အတွက် အကျိုးအာနိသင် ကြီးမားခြင်းအားဖြင့် အဖိုးများစွာ ထိုက်တန်ခြင်းဟူသော ကာသိကဝတ္ထုပမရဟန်း၊ ၂။ အလယ်အလတ်ဖြစ်သော မဇ္ဈိမရဟန်းသည် သီလနှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းသော အကျင့်ရှိခြင်းဟု ဆိုအပ်သော အဆင်းလှခြင်း, ထိုသီလဝန္တ မဇ္ဈိမရဟန်း၏ အယူသို့ အတုလိုက်၍ မှီဝဲဆည်းကပ်ကြကုန်သော သူတို့အား စီးပွားဖြစ်ခြင်း, ချမ်းသာခြင်းဟု ဆိုအပ်သော နူးညံ့သော အတွေ့အထိရှိခြင်း, ထိုသီလဝန္တ မဇ္ဈိမရဟန်းအား ပစ္စည်းလေးပါး လှူဒါန်းသူတို့အတွက် အကျိုးအာနိသင် ကြီးမားခြင်းအားဖြင့် အဖိုးများစွာ ထိုက်တန်ခြင်းဟူသော ကာသိကဝတ္ထုပမရဟန်း၊ ၃။ မထေရ်ကြီးဖြစ်သော ရဟန်းသည် သီလနှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းသော အကျင့်ရှိခြင်းဟု ဆိုအပ်သော အဆင်းလှခြင်း, ထိုသီလဝန္တမထေရ်ကြီး၏ အယူသို့ အတုလိုက်၍ မှီဝဲဆည်းကပ်ကြကုန်သော သူတို့အား စီးပွားဖြစ်ခြင်း, ချမ်းသာခြင်းဟု ဆိုအပ်သော နူးညံ့သော အတွေ့အထိ ရှိခြင်း ထိုသီလဝန္တ မထေရ်ကြီးအား ပစ္စည်းလေးပါး လှူဒါန်းသူတို့ အတွက် အကျိုးအာနိသင် ကြီးမားခြင်းအားဖြင့် အဖိုးများစွာ ထိုက်တန်ခြင်းဟူသော ကာသိကဝတ္ထုပမရဟန်း။ (အဘိ၊ပု။၁၃၉။) (အဘိ၊ပု၊ပြန်။၄၂။)

ကာဠာသောကမင်း၏ သားတော် ၁၀ ယောက် ၁။ ဘဒ္ဒသေနမင်းသား၊ ၂။ ကောရဏ္ဍ ဝဏ္ဏမင်းသား၊ ၃။ မကုံရမင်းသား၊ ၄။ သဗ္ဗဉ္ဇဟမင်းသား၊ ၅။ ဇာလိကမင်းသား၊ ၆။ ဥဘကမင်းသား၊ ၇။ သဉ္ဇယမင်းသား၊ ၈။ ကောရဗ္ယမင်းသား၊ ၉။ နန္ဒိဝဓနမင်းသား၊ ၁၀။ ပဉ္စမကမင်းသား။ (သာရတ္ထ၊ဋီ၊ ၁။၁၅၉။)

ကိကီမင်းကြီး၏ သမီးတော် ၇ ယောက် ၁။ သမဏီ၊ ၂။ သမဏဂုတ္တာ၊ ၃။ ဘိက္ခုနီ၊ ၄။ ဘိက္ခုဒါယိကာ၊ ၅။ ဓမ္မာ၊ ၆။ သုဓမ္မာ၊ ၇။ သံဃဒါယိကာ။ (အပ၊၂၂၄။) (အပ၊၂၂၃။) (အပ၊၂၃၃။) (အပ၊၂၂၄။) (အပ၊၂၄၁။) (အံ၊၆၊၁။၃၁၁။) (ဇာ၊၆၊၇။၂၄၃။) (အပ၊မြန်၊၂၊၂၁၆။) (အပ၊မြန်၊၂၊၂၁၆။) (အပ၊မြန်၊၂၊၂၁၆။) (အပ၊မြန်၊၂၊၂၁၆။) (အပ၊မြန်၊၂၊၂၁၆။)

ကိကီမင်းကြီး၏ သမီးများ ဖြစ်ခဲ့ဖူးသော အမျိုးသမီး ၇ ယောက် ၁။ ခေမာ၊ ၂။ ဥပ္ပလဝဏ္ဏာ၊ ၃။ ပဋာစာရာ၊ ၄။ ဘဒ္ဒါကုဏ္ဍလကေသာ၊ ၅။ ကိသာဂေါတမီ၊ ၆။ ဓမ္မဒိန္နာ၊ ၇။ ဝိသာခါ။ (အပ၊၂၂၄။) (အပ၊၂၂၃။) (အပ၊၂၂၄။) (အပ၊၂၂၄။) (အပ၊၂၂၃။) (အပ၊၂၂၄။) (အံ၊၆၊ ၁။၃၁၁။) (အပ၊မြန်၊၂၊၂၁၆။) (အပ၊မြန်၊၂၊၂၁၆။) (အပ၊မြန်၊၂၊၂၁၆။) (အပ၊မြန်၊ ၂၊၂၁၆။) (အပ၊မြန်၊၂၊၂၁၆။)

http://www.dhammadownload.com

ကိရိယာဟိတ် ဘုံအထူးအားဖြင့် ၃ ပါး ၁။ ကာမာဝစရကြိယာဟိတ်၊ ၂။ ရူပါဝစရကြိယာဟိတ်၊ ၃။ အရူပါဝစရကြိယာဟိတ်။ (အဘိ၊၆၊၃။၃၅၇။)

ကိလေသဘူမိ ၄ ပါး ၁။ အနုသယဘူမိ– ကိန်းအောင်းနေသော အခိုက်အတန့်၊ ၂။ ပရိယုဋ္ဌာနဘူမိ– ထက်ဝန်းကျင် ထကြွထိုးကျင့်သော အခိုက်အတန့်၊ ၃။ သံယောဇနဘူမိ– နှောင်ဖွဲ့တွယ်တာသော အခိုက်တန့်၊ ဥပါဒါနဘူမိ– ပြင်းစွာစွဲလန်းသော အခိုက်တန့်။(နေတ္တိ၊၆။ ၁၃၉။)

ကိလေသဝဋ္ဋ ၃ မျိုး ၁။ မသိခြင်း အဝိဇ္ဇာ၊ ၂။ ကပ်ငြိခြင်း တဏှာ၊ ၃။ စွဲလမ်းခြင်း ဥပါဒါန်။ (အဘိ၊၆၊ ၂။၁၈၄။)

ကိလေသဝတ္ထု ၁၀ မျိုး ၁။ အာဟာရ ၄ မျိုး၊ ၂။ ဝိပလ္လာသ ၄ မျိုး၊ ၃။ ဥပါဒါန် ၄ မျိုး၊ ၄။ ယောဂ ၄ မျိုး၊ ၅။ ဂန္ထ ၄ မျိုး၊ ၆။ အာသဝ ၄ မျိုး၊ ၇။ သြဃ ၄ မျိုး၊ ၈။ သလ္လ ၄ မျိုး၊ ၉။ ဝိညာဏဋ္ဌိတိ ၄ မျိုး၊ ၁၀။ အဂတိဂမန ၄ မျိုး။ (နေတ္တိ၊ဝိဘာ။၂၆၄။)

ကိလေသာ ၃ မျိုး ၁။ လောဘ၊၂။ ဒေါသ၊၃။ မောဟ။ (နေတ္တိ၊၆။၂၁၃။)

ကိလေသာ ၈ မျိုး ၁။ ငြင်းခုံခြင်း (ကလဟ)၊ ၂။ ခိုက်ရန်ဖြစ်ခြင်း (ဝိဝါဒ)၊ ၃။ ဒိုကြွေးခြင်း (ပရိဒေဝ)၊ ၄။ စိုးရိမ်ခြင်း (သောက)၊ ၅။ ဝန်တိုခြင်း (မစ္ဆရိယ)၊ ၆။ မာန်မူခြင်း (မာန)၊ ၇။ အလွန်မာန်မူခြင်း (အတိမာန) ၈။ ချောပစ်ကုန်းတိုက်ခြင်း (ပေသုည)။ (မဟာနိ။၁၉၈။)

ကိလေသာ ၁၀ မျိုး ၁။ လောဘ– လိုချင်ခြင်း၊ ၂။ ဒေါသ– ပြစ်မှားခြင်း၊ ၃။ မောဟ– တွေဝေခြင်း၊ ၄။ မာန– မာန်ထောင်ခြင်း၊ ၅။ ဒိဋ္ဌိ– အယူမှားခြင်း၊ ၆။ ဝိစိကိစ္ဆာ– ယုံမှားတွေးတောခြင်း၊ ၇။ ထိန– ထိုင်းမှိုင်းခြင်း၊ ၈။ ဥဒ္ဓစ္စ– ပျံ့လွင့်ခြင်း၊ ၉။ အဟိရိက– အရှက်မရှိခြင်း၊ ၁၀။ အနောတ္တပ္ပ– အကြောက်အလန့်မရှိခြင်း။ (ပဋိသံ၊၆၊၂။၃၂၊) (အဘိ၊ဓ။၂၄၃။) (အဘိ၊ဓ။၂၉၁။) (အဘိ၊ဝိ။၃၅၄။) (အဘိ၊ဝိ။၄၀၅။) (အဘိ၊ဝိ၊မြန်၊၂။၅၁၂။) (အဘိ၊ဓ၊မြန်။၄၅၀၊၅၅၉။) (အဘိ၊ဝိ၊မြန်၊၂။၄၃၈။)

ကိလေသာကို ခါထုတ် ဖျက်ဆီးတတ်သော တရား ၅ ပါး ဓုတင်္ဂ ၅ ပါးနှင့် တူသည်။

ကိလေသာခေါင်းပါးပုံ ၂ မျိုး ၁။ ရံခါရံခါ ဖြစ်ခြင်း၊ ၂။ ကိလေသာထကြွမှု ဖြစ်မှု အားနည်းခြင်း။ (မ၊၆၊၁။၁၆၇။)

ကိလေသာခေါင်းပါးအောင် ပြုကြောင်းတရား ၄၄ ပါး စိတ်၏ အညစ်အကြေးများကို ခွာခြစ်ကြောင်း တရား ၄၄ ပါးနှင့် တူသည်။ (မ၊၁။၅၀။) (မ၊မြန်၊၁။၅၅။)

ကိလေသာငြိမ်းခြင်းဆိုင်ရာ ပုဂ္ဂိုလ် ၄ ယောက် ၁။ မျက်မှောက်ဘဝ၌ပင် အားထုတ်ပြီး ကိလေသာတို့ကို ငြိမ်းစေတတ်သော ပုဂ္ဂိုလ်၊ ၂။ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးနောက်၌ အားထုတ်ပြီး ကိလေသာတို့ကို ငြိမ်းစေတတ်သော ပုဂ္ဂိုလ်၊ ၃။ မျက်မှောက်ဘဝ၌ပင် အားမထုတ်ဘဲ ကိလေသာတို့ကို ငြိမ်းစေတတ်သော ပုဂ္ဂိုလ်၊ ၄။ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးနောက်၌ အားမထုတ်ဘဲ ကိလေသာတို့ကို ငြိမ်းစေတတ်သော ပုဂ္ဂိုလ်။ (အံ၊၁။၄၇၃။) (အံ၊မြန်၊၁။၄၈၇။)

ကိလေသာတို့ကို ဖောက်ခွဲကြောင်း တရား ၆ ပါး ၁။ ကာမတို့ကိုလည်းကောင်း ကာမတို့၏ ဖြစ်ကြောင်း ကာမတို့၏ ထူးသောအဖြစ် ကာမတို့၏ အကျိုး ကာမတို့၏ ချုပ်ငြိမ်းမှု, ကာမ

http://www.dhammadownload.com

တို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း သိခြင်း၊ ၂။ ဝေဒနာတို့ကို လည်းကောင်း, ဝေဒနာတို့၏ဖြစ်ကြောင်း, ဝေဒနာတို့၏ ထူးသောအဖြစ်, ဝေဒနာတို့၏ အကျိုး, ဝေဒနာတို့၏ချုပ်ငြိမ်းမှု ဝေဒနာတို့၏ချုပ်ငြိမ်းရာသို့ ရောက်ကြောင်းအကျင့်ကိုလည်းကောင်း သိခြင်း၊ ၃။ သညာတို့ကိုလည်းကောင်း သညာတို့၏ဖြစ်ကြောင်း, သညာတို့၏ ထူးသော အဖြစ်, သညာတို့၏ အကျိုး, သညာတို့၏ ချုပ်ငြိမ်းမှု, သညာတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း သိခြင်း၊ ၄။ အာသဝေါတရားတို့ကိုလည်းကောင်း, အာသဝတရားတို့၏ ဖြစ်ကြောင်း, အာသဝတရားတို့၏ ထူးသောအဖြစ် အာသဝတရားတို့၏ အကျိုး, အာသဝတရားတို့၏ ချုပ်ငြိမ်းမှု အာသဝတရားတို့၏ ချုပ်ငြိမ်းရာသို့ရောက်ကြောင်း အကျင့်ကိုလည်းကောင်း သိခြင်း၊ ၅။ ကံကိုလည်းကောင်း, ကံတို့၏ဖြစ်ကြောင်း, ကံတို့၏ ထူးသော အဖြစ်၊ ကံတို့၏အကျိုး, ကံတို့၏ ချုပ်ငြိမ်းမှု, ကံတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း သိခြင်း၊ ၆။ ဒုက္ခကိုလည်းကောင်း, ဒုက္ခတို့၏ ဖြစ်ကြောင်း, ဒုက္ခတို့၏ ထူးသောအဖြစ်, ဒုက္ခတို့၏အကျိုး, ဒုက္ခတို့၏ ချုပ်ငြိမ်းမှု, ဒုက္ခတို့၏ ချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်ကိုလည်းကောင်း သိခြင်း။ (အံ၊၂။၃၅၈။) (အံ၊မြန်၊၂။၄၅၁။)

ကိလေသာတို့၏ အကြောင်း ၁၀ ပါး ကိလေသဝတ္ထု ၁၀ မျိုးနှင့် တူသည်။

ကိလေသာနည်းပါးပုံ ၂ မျိုး ၁။ ရဲဖန်ရဲခါ ဖြစ်ခြင်း၊ ၂။ ထကြွခြင်း၏ နုံခြင်း။ (အဘိ၊ဋ္ဌ၊၁။၂၈၁။)

ကိလေသာပယ်ခြင်း ၂ မျိုး ၁။ကိလေသာအစဉ်အားဖြင့် ပယ်ခြင်း၊၂။မဂ်တို့၏ အစဉ်အားဖြင့် ပယ်ခြင်း။ (မ၊ဋ္ဌ၊၁။၁၇၅။)

ကိလေသာမှ လွတ်မြောက်ကြောင်း ၅ ပါး ၁။ မြတ်စွာဘုရားသည်လည်းကောင်း သီတင်းသုံးဖော်တို့သည်လည်းကောင်း ရဟန်းအား တရားဟော၏၊ ထိုတရား၌ အနက်ပါဠိကို သိ၏၊ ဝမ်းမြောက်၏၊ နှစ်သိမ့်မှု ပီတိ ဖြစ်၏၊ နာမ်ရုပ်အပေါင်း ငြိမ်းအေး၏၊ ချမ်းသာကို ခံစားရ၏၊ အရဟတ္တဖိုလ်သမာဓိဖြင့် စိတ်တည်ကြည်၏၊ ၂။ ကြားဖူးသင်ဖူးသည့်အတိုင်း တရားကို အကျယ်အားဖြင့် သူတစ်ပါးကို ဟော၏၊ ထိုတရား၌ အနက်ပါဠိကို သိ၏၊ ဝမ်းမြောက်၏၊ နှစ်သိမ့်မှုပီတိ ဖြစ်၏၊ နာမ်ရုပ်အပေါင်း ငြိမ်းအေး၏၊ ချမ်းသာကို ခံစားရ၏၊ စိတ်တည်ကြည်၏၊ ၃။ ကြားဖူးသင်ဖူးသည့်အတိုင်း တရားကို အကျယ်အားဖြင့် သရဇ္ဈာယ်၏၊ စိတ်ဖြင့် အဖန်ဖန်ရွတ်၏၊ ထိုတရား၌ အနက်ပါဠိကို သိ၏၊ ဝမ်းမြောက်၏၊ နှစ်သိမ့်မှုပီတိ ဖြစ်၏၊ နာမ်ရုပ်အပေါင်း ငြိမ်းအေး၏၊ ချမ်းသာကို ခံစားရ၏၊ စိတ်တည်ကြည်၏၊ ၄။ သမာဓိနိမိတ်ကို ကောင်းစွာ သင်ယူ၍ နှလုံးသွင်း၏၊ ၅။ သမာဓိနိမိတ်ကို ကောင်းစွာ သင်ယူနှလုံးသွင်းခြင်းကြောင့် တရားတော်၌ အနက်ပါဠိကို သိ၏၊ ဝမ်းမြောက်ရ၏၊ နှစ်သိမ့်မှုပီတိ ဖြစ်၏၊ နာမ်ရုပ်အပေါင်း ငြိမ်းအေး၏၊ ချမ်းသာကို ခံစားရ၏၊ စိတ်တည်ကြည်၏။ (ဒီ၊၃။၂၀၀-၂၀၁။) (ဒီ၊၃။၂၃၄။) (အံ၊၂။၁၇။) (ဒီ၊မြန်၊၃။၂၂၃-၂၂၄။) (ဒီ၊မြန်၊၃။၂၅၇။) (အံ၊မြန်၊၂။၂၃။)

ကိလေသာမှ လွတ်မြောက်ကြောင်း ၅ ပါး (တစ်နည်း) ၁။ မိမိ၏ အကျိုးစီးပွားအတွက် သူတစ်ပါးတို့ဟောကြားအပ်သော တရားကို နာယူခြင်း၊ ၂။ သူတစ်ပါးတို့၏ အကျိုးစီးပွားအတွက် မိမိ ကြားနာအပ်ပြီးသော တရားကို ဟောကြားခြင်း၊ ၃။ ကြားနာသင်ယူပြီးသော တရားကို

http://www.dhammadownload.com

ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ၄။ ကြားနာ သင်ယူပြီးသော တရားကို အဖန်တလဲလဲ စိတ်ဖြင့် ကြံစည်ခြင်း၊ ၅။ ကသိုဏ်း ဆယ်ပါး အသုဘ ဆယ်ပါး စသည်တို့၌ မိမိနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းအာရုံကို နှလုံးသွင်းခြင်း။ (ပဋိသံ၊၌၊၁။ဖဉ။)

ကိလေသာမှ လွတ်သော ဓာတ် ၆ ပါး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၆ ပါး၊ ဒုပ္ပဋိဝေ္ဓ တရား ၆ ပါးတို့နှင့် တူသည်။

ကုစား၍ မရနိုင်သော တရား ၅ ပါး ၁။ အမိကို သတ်ခြင်း၊ ၂။ အဖကို သတ်ခြင်း၊ ၃။ ရဟန္တာကို သတ်ခြင်း၊ ၄။ မြတ်စွာဘုရားအား ပြစ်မှားသော စိတ်ဖြင့် သွေးဥကို ဖြစ်စေခြင်း၊ ၅။ သံဃာကို သင်းခွဲခြင်း။ (အံ၊၂။၁၂၉။) (အံ၊မြန်၊၂။၁၆၁။)

ကုဋိ ၃ မျိုး ကျောင်း ၃ မျိုးနှင့်တူသည်။

ကုဋိကာရသိက္ခာပုဒ်၌ လိမ်းကျံခြင်း ၂ မျိုး ၁။ မတ္တိကာလေပ– မြေညက်ဖြင့် လိမ်းကျံခြင်း၊ ၂။ သုဓာလေပ– အင်္ဂတေဖြင့် လိမ်းကျံခြင်း။ (ဝိ၊၌၊၂။၁၅၄။)

ကုဋိကာရ သိက္ခာပုဒ်၌ အင်္ဂါ ၇ မျိုး ၁။ အင်္ဂတေ, မြေညက် တစ်ခုခုဖြင့် အတွင်းဘက်က လိမ်းကျံခြင်း အစရှိသည်တို့တွင် တစ်မျိုးမျိုး ပြုလုပ်ထားခြင်း၊ ၂။ သတ်မှတ်ထားသော ကုဋိ ပမာဏအောက် ပမာဏရှိခြင်း၊ ၃။ မည္ဆွန်ပြအပ်သော ကျောင်းငယ်နေရာရှိသည် ဖြစ်ခြင်း၊ ၄။ သတ်မှတ်ထားသော ကုဋိပမာဏထက် လွန်သော ပမာဏရှိခြင်း၊ ၅။ မိမိ၏ အကျိုးငှာ ဆောက်လုပ်ခြင်း။ဖ။ အိပ်ရာတိုက်ခန်း ဖြစ်ခြင်း၊ ၇။ သုတ်လိမ်းကြောင်း အင်္ဂတေ မြေညက်၏ ဆက်စပ်သည် ဖြစ်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၃၈။) (ဝိမတိ၊၁။၂၅၉။)

ကုရဓမ္မမည်သော ငါးပါးသီလ၌ တည်သော ပုဂ္ဂိုလ် ၁၁ ယောက် ၁။ ဘုရားအလောင်း မင်းကြီး၊ ၂။ ဘုရားအလောင်း၏ မယ်တော်၊ ၃။ ဘုရားအလောင်း၏ မိဖုရားကြီး၊ ၄။ ဘုရားအလောင်း၏ ညီငယ် အိမ်ရှေ့မင်း၊ ၅။ ပုရောဟိတ် ပုဏ္ဏား၊ ၆။ ကြိုးတိုင်အမတ်၊ ၇။ ရထားထိန်း၊ ၈။ သူဌေး၊ ၉။ စပါးခြင်အမတ်ကြီး၊ ၁၀။ တံခါးစောင့်၊ ၁၁။ ပြည့်တန်ဆာမ။ (ဇာ၊၆၊၂။၃၃၁။)

ကုလဒူသက ၈ မျိုး (ဒါယကာတို့အား ဖျက်ဆီးခြင်း ၈ မျိုး) ၁။ ပန်းပေးခြင်း၊ ၂။ သစ်သီး ပေးခြင်း၊ ၃။ ဆပ်ပြာမှုန့်ပေးခြင်း၊ ၄။ မြေညက်ပေးခြင်း၊ ၅။ ဒန်ပူပေးခြင်း၊ ၆။ ဝါးပေးခြင်း၊ ၇။ ဆေးကု ပေးခြင်း၊၈။တစ်အိမ်မှတစ်အိမ်သို့လည်းကောင်း,တစ်ရွာမှတစ်ရွာသို့လည်းကောင်းအစေအပါး ခံ၍ သွားခြင်း။ (ဝိ၊၌၊၄။၁၈၀။)

ကုလဒူသကရဟန်း သင့်သော အာပတ် ၃ ပါး ၁။ ဒုက္ကဋ်အာပတ်၊ ၂။ ထုလ္လစ္စဉ်းအာပတ်၊ ၃။ သံဃာဒိသိသ်အာပတ်။ (ဝိ၊၅။၉၁။) (ဝိ၊မြန်၊၅။၁၃၂။)

ကုလဒူသကသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ချစ်ခြင်း အစရှိသည်တို့ဖြင့် ရောက်စေခြင်း၊ ၂။ ဓမ္မကံဖြင့် ကမ္မဝါစာကို ရွတ်ဖတ်ခြင်း၊ ၃။ ကမ္မဝါစာ ပြီးဆုံးခြင်း၊ ၄။ အယူကို မစွန့်ခြင်း။ (သာရတ္ထ၊ဋီ၊ ၂။၃၇၇။) (ဝိမတိ၊၁။၃၀၄။)

ကုလပုတ္တ ၂ မျိုး ၁။ အာစာရ ကုလပုတ္တ– တစ်စုံတစ်ခုသော အမျိုးမှ ရဟန်းပြုလာပြီး သီလ စသော တရားတို့ကို ဖြည့်ကျင့်သော အမျိုးကောင်းသား၊ ၂။ ဇာတိကုလပုတ္တ– ယသသတို့သား

http://www.dhammadownload.com

စသည်တို့ကဲ့သို့ ပြည့်စုံသော အမျိုးဇာတ်မှ ရဟန်းပြုသူ၊ (အမျိုးကောင်းသား ၂ မျိုးလည်း ဆိုသည်) ။ (မ၊ဌ၊၁။၁၁၅။) (မ၊ဌ၊၁။၁၈၄။) (သံ၊ဌ၊၂။၄၆။) (သုတ္တနိ၊ဌ၊၁။၁၄၁။)

ကုလူပကရဟန်း၌ အပြစ် ၅ ပါး ၁။ အနာမန္တစာရသိက္ခာပုဒ်၌ ဟောအပ်သော အာပတ်သို့ ရောက်ခြင်း၊ ၂။ ရဟောနိသဇ္ဇသိက္ခာပုဒ်၌ဟောအပ်သော အာပတ်သို့ ရောက်ခြင်း၊ ၃။ ပဋိစ္ဆန္နာသနသိက္ခာပုဒ်၌ ဟောအပ်သော အာပတ်သို့ ရောက်ခြင်း၊ ၄။ မိန်းမအား ခြောက်ပုဒ် ငါးပုဒ်ထက်အလွန် တရားဟောသဖြင့် အာပတ်သို့ ရောက်ခြင်း၊ ၅။ ကာမဂုဏ်နှင့် စပ်သော အကြံအစည် များသည် ဖြစ်၍ နေခြင်း။ (ဝိ၊၅။၂၃၅။) (ဝိ၊မြန်၊၅။၃၂၅။)

ကုလူပကရဟန်း၏ အပြစ် ၅ ပါး ၁။ မာတုဂါမကို အမြဲ မြင်တွေ့နေရခြင်း၊ ၂။ အမြဲ မြင်တွေ့နေရသဖြင့် ကိုယ်လက်နှိုးနောမှု ဖြစ်ခြင်း၊ ၃။ ကိုယ်လက် နှိုးနှောခြင်းကြောင့် အကျွမ်းဝင်မှု ဖြစ်ခြင်း၊ ၄။ အကျွမ်းဝင်ခြင်းကြောင့် ကိလေသာဘက်သို့ သက်ဝင်ခြင်း၊ ၅။ ကိလေသာ သက်ဝင်နေသော ရဟန်းအား ညစ်ညူးသော အာပတ်သို့ ရောက်၍ လူထွက်ခြင်း။ (ဝိ၊၅။၂၃၅။) (ဝိ၊မြန်၊၅။၃၂၆။)

ကုသလကမ္မပထတရား ဆယ်ပါးတို့ကို ဆုံးဖြတ်ပုံ ၅ မျိုး ၁။ ဓမ္မ–တရားကိုယ်အားဖြင့် ဆုံးဖြတ်ခြင်း၊ ၂။ ကောဌာသ– အဖို့အစုအားဖြင့် ဆုံးဖြတ်ခြင်း၊ ၃။ အာရမ္မဏ– အာရုံအားဖြင့် ဆုံးဖြတ်ခြင်း၊ ၄။ ဝေဒနာ– သုခဝေဒနာ ဥပေက္ခာဝေဒနာအားဖြင့် ဆုံးဖြတ်ခြင်း၊ ၅။ မူလ– အလောဘ စသော မူလအားဖြင့် ဆုံးဖြတ်ခြင်း။ (မ၊ဌ၊၁။၂၀၈။)(သံ၊ဌ၊၂။၁၃၉။) (ပဋိသံ၊ဌ၊၁။၂၀၉။)

ကုသလကမ္မပထတရား ၁၀ ပါး ၁။ သက်ရှိသတ္တဝါတို့၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ ပိုင်ရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ ဖောက်ပြန်မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကြမ်းတမ်းသော စကား, ဆဲရေး ကြိမ်းမောင်းခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၆။ ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၇။ အကျိုးမရှိသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရယူလိုသော စိတ်အကြံ မရှိခြင်း၊ ၉။ သူတစ်ပါးပျက်စီးလိုသော စိတ်အကြံ မရှိခြင်း၊ ၁၀။ မှားယွင်း ဖောက်ပြန်သော အယူအမြင် မရှိခြင်း။ (အဘိ၊ဌ၊၁။၁၄၅။) (ပဋိသံ၊ဌ၊၁။ ၂၇၃။)

ကုသလဓာတ် ၃ ပါး ၁။ ကာမမှ လွတ်သော သဘော– နေက္ခမ္မဓာတ်၊ ၂။ မေတ္တာနှင့် စပ်သော သဘော– အဗျာပါဒဓာတ်၊ ၃။ ကရုဏာနှင့် စပ်သော သဘော– အဝိဟိံသာဓာတ်။ (ဒီ၊၃။၁၈၁။) (ပဋိသံ၊ဌ၊၁။၆၂။) (ဒီ၊မြန်၊၃။၂၀၀။)

ကုသလပဒ ၉ ပါး ၁။ သမထ– ကိလေသာတို့ကို ငြိမ်းစေခြင်း၊ ၂။ ဝိပဿနာ– အထူးထူး အပြားပြား ရှုမှတ်ခြင်း၊ ၃။ အလောဘ– မလိုချင်ခြင်း၊ ၄။ အဒေါသ– မပြစ်မှားခြင်း၊ ၅။ အမောဟ– မတွေဝေခြင်း၊၆။ အသုဘသညာ– မတင့်တယ်ဟု အမှတ်ရှိခြင်း၊ ၇။ ဒုက္ခ သညာ– ဆင်းရဲဟု အမှတ်ရှိခြင်း၊၈။ အနိစ္စသညာ– မမြဲဟုအမှတ်ရှိခြင်း၊ ၉။ အနတ္တသညာ– အစိုးမရဟု အမှတ် ရှိခြင်း။ (ပေဋကော။၁၆၉–၁၇၀။) (နေတ္တိ၊ဌ။။၂။)

ကုသလမူလ ၃ ပါး ၁။ အလောဘ ကုသလမူလ– အလောဘဟူသော ကုသိုလ်မူလ၊ ၂။ အဒေါသ ကုသလမူလ– အဒေါသဟူသောကုသိုလ်မူလ၊ ၃။ အမောဟ ကုသလမူလ– အမောဟ ဟူသော

http://www.dhammadownload.com

ကုသိုလ်မူလ။ (ဝိ၅။၂၂၂။) (ဒီ၃။၁၈၀။) (အံ၁။၂၀၃။) (အဘိ၈။၂၀၅။) (အဘိ၀။၁၇၈-၁၇၉-၁၈၀။) (နေတ္တိ၁၆။၁၅၈။) (နေတ္တိ၀ဘာ။၂၇၆။) (ဝိ၊မြန်၊၅။၃၁၀။) (ဒီ၊မြန်၊၃။၂၀၀။) (အံ၊မြန်၊၁။၂၂၂။) (အဘိ၊၈၊ မြန်။၃၆၇။) (အဘိ၊ဝိ၊မြန်၊၂။၁၁၁။)

ကုသလဝိတက် ၃ ပါး ၁။ ကာမမှ လွတ်ရန် ကြံစည်ခြင်း နေက္ခမ္မဝိတက်၊ ၂။ မေတ္တာနှင့် စပ်၍ ကြံစည်ခြင်းအဗျာပါဒဝိတက်၊၃။ကရုဏာနှင့် စပ်၍ကြံစည်ခြင်းအဝိဟိံသာဝိတက်။(ဒီ၃။၁၈၀။) (ခုဒ္ဒက။၂၅၁။) (နေတ္တိ၀ဘာ။၂၇၆။) (ဒီ၊မြန်၊၃။၂၀၀။) (ခုဒ္ဒက၊မြန်။၂၃၆။)

ကုသလသညာ ၃ ပါး ၁။ ကာမမှ လွတ်ရန် မှတ်ခြင်း-နေက္ခမ္မသညာ၊ ၂။ မေတ္တာနှင့် စပ်၍ မှတ်ခြင်း- အဗျာပါဒသညာ၊ ၃။ ကရုဏာနှင့် စပ်၍ မှတ်ခြင်း- အဝိဟိံသာသညာ။ (ဒီ၃။၁၈၁။) (နေတ္တိ၊ ဝိဘာ။၂၇၆။) (ဒီ၊မြန်၊၃။၂၀၀။)

ကုသလသင်္ကပ္ပ ၃ ပါး ၁။ ကာမမှ လွတ်ရန် ကြံခြင်း နေက္ခမ္မသင်္ကပ္ပ၊ ၂။ မေတ္တာနှင့် စပ်၍ ကြံခြင်း အဗျာပါဒသင်္ကပ္ပ၊ ၃။ ကရုဏာနှင့် စပ်၍ ကြံခြင်း အဝိဟိံသာသင်္ကပ္ပ။ (ဒီ၃။၁၈၀။) (ဒီ၊မြန်၊ ၃။၂၀၀။)

ကုသဝတိနေပြည်တော်ကို ကာရန်ထားသော ထန်းပင်တန်း ၇ တန်း ၁။ ရွှေ ထန်းပင်တန်း၊ ၂။ ငွေ ထန်းပင်တန်း၊ ၃။ ကျောက်မျက်ရွှဲ ထန်းပင်တန်း၊ ၄။ ဖလ် ထန်းပင်တန်း၊ ၅။ ပတ္တမြားနီထန်းပင် တန်း၊ ၆။ ပတ္တမြားပြောက် ထန်းပင်တန်း၊ ၇။ ရတနာခုနစ်မျိုးစုံ ထန်းပင်တန်း။ (ဒီ၂။၁၄၀။) (ဒီ၊မြန်၊၂။၁၆၂။)

ကုသဝတိနေပြည်တော်၏ တံခါးတိုင် ၇ လုံး ၁။ ကုသဝတိနေပြည်တော် တံခါးလေးပေါက်တွင် တစ်ခုတစ်ခုသော တံခါးဌ် လုံးပတ် တစ်ဆယ့်ငါးတောင် မြေဝင် တစ်ဆယ့်ငါးတောင် မြေပေါ် အမြင့် အတောင်ခြောက်ဆယ်ရှိသော ခုနစ်လုံး ခုနစ်လုံးသော တံခါးတိုင်တို့ကို စိုက်ထူထား ကုန်၏၊ ထိုတံခါးတိုင် ၇ လုံးမှာ၊ ၁။ ရွှေဖြင့်ပြီးသော တံခါးတိုင်၊ ၂။ ငွေဖြင့် ပြီးသော တံခါးတိုင်၊ ၃။ ကျောက်မျက်ရွှဲဖြင့် ပြီးသော တံခါးတိုင်၊ ၄။ ဖလ်ဖြင့် ပြီးသော တံခါးတိုင်၊၅။ ကျောက် နီဖြင့် ပြီးသော တံခါးတိုင်၊ ၆။ ပတ္တမြားပြောက်ဖြင့် ပြီးသော တံခါးတိုင်၊ ၇။ ရတနာမျိုးစုံဖြင့် ပြီးသော တံခါးတိုင်။ (ဒီ၂။၁၄၀။) (ဒီ၊မြန်၊၂။၁၆၂။)

ကုသဝတိနေပြည်တော်၏ တံခါး ၄ ပေါက် ၁။ ရွှေတံခါး တစ်ခု၊ ၂။ ငွေတံခါး တစ်ခု၊ ၃။ ကျောက် မျက်ရွှဲတံခါး တစ်ခု၊ ၄။ ဖလ်တံခါး တစ်ခု။ (ဒီ၂။၁၄၀။) (ဒီ၊မြန်၊၂။၁၆၂။)

ကုသဝတိနေပြည်တော်၏ တံတိုင်း ၇ ထပ် ၁။ ရွှေတံတိုင်း တစ်ထပ်၊ ၂။ ငွေတံတိုင်း တစ်ထပ်၊ ၃။ ကျောက်မျက်ရွှဲတံတိုင်း တစ်ထပ်၊ ၄။ ဖလ်တံတိုင်း တစ်ထပ်၊ ၅။ ကျောက်နီတံတိုင်း တစ်ထပ်၊ ၆။ ပတ္တမြားပြောက်တံတိုင်း တစ်ထပ်၊ ၇။ ရတနာမျိုးစုံတံတိုင်း တစ်ထပ်။ (ဒီ၂။၁၄၀။) (ဒီ၊မြန်၊၂။၁၆၂။)

ကုသိတဝတ္ထု ၈ ပါး ပျင်းရိခြင်းအကြောင်း ၈ ပါးနှင့် တူသည်။

ကုသိနာရုံဌ် ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူရခြင်း အကြောင်း ၃ မျိုး ၁။ မဟာသုဒဿန သုတ္တန်ကို ကြားနာရ၍ လူအများတို့က ကောင်းမှုကို ပြုထိုက်ကုန်၏ဟု အောက်မေ့ကုန်အံ့-

http://www.dhammadownload.com

ဟု မြင်တော်မူခြင်း၊ ၂။ ပစ္ဆိမသာဝကဖြစ်သော သုဘဒ္ဒ၏ အရဟတ္တဖိုလ်ရရှိခြင်းကို မြင်တော်မူခြင်း၊ ၃။ ဒေါဏပုဏ္ဏားသည် ငြင်းခုံမှုကို ဖယ်ရှား၍ ဓာတ်တော်တို့ကို ခွဲဝေနိုင်စွမ်း ရှိသည်ကို မြင်တော်မူခြင်း။ (ဒီ၊ဋ္ဌ၊၂။၁၆၄။) (ဒီ၊ဋ္ဌ၊မြန်၊၂။၃၀၉-၃၁၀။)

ကုသိုလ်ကို စူးစမ်းခြင်း ၃ မျိုး ၁။ ကုသိုလ်ကာယကံကို စူးစမ်းခြင်း၊ ၂။ ကုသိုလ်ဝစီကံကို စူးစမ်းခြင်း၊ ၃။ ကုသိုလ် မနောကံကို စူးစမ်းခြင်း။ (နေတ္တိ၊ဝိဘာ။၂၇၆။)

ကုသိုလ်ကိစ္စာဓိကရဏ် ၄ ပါး ၁။ သံဃာက ကုသိုလ်စိတ်ရှိလျက် ပြုလုပ်အပ်သော အပလောကနကံ၊ ၂။ သံဃာက ကုသိုလ်စိတ်ရှိလျက် ပြုလုပ်အပ်သော ဉတ္တိကံ၊ ၃။ သံဃာက ကုသိုလ်စိတ်ရှိလျက် ပြုလုပ်အပ်သော ဉတ္တိဒုတိယကံ၊ ၄။ သံဃာက ကုသိုလ်စိတ်ရှိလျက် ပြုလုပ်အပ်သော ဉတ္တိစတုတ္ထကံ။ (ဝိ၊၄။၂၁၇။) (ဝိ၊မြန်၊၄။၂၁၄။)

ကုသိုလ်ကမ္မပထတရား ၁၀ ပါး ကုသလကမ္မပထတရား ၁၀ ပါး၊ ထူးသော အဖို့ရှိသော တရား ၁၀ ပါး၊ ဝိသေသဘာဂိယ တရား ၁၀ ပါးတို့နှင့် တူသည်။

ကုသိုလ်ကမ္မပထတရားတို့ကို ဆုံးဖြတ်ပုံ ၅ မျိုး ကုသလကမ္မပထတရား ဆယ်ပါးတို့ကို ဆုံးဖြတ်ပုံ ၅ မျိုးနှင့်တူသည်။

ကုသိုလ်ဆုတ်ယုတ်ကြောင်း တရား ၆ ပါး ၁။ အလိုရမ္မက်ကြီးလျက် ရတတ်သမျှသော ပစ္စည်းလေးပါးတို့၌ မရောင့်ရဲနိုင်ခြင်း၊ ၂။ ယုံကြည်မှု သဒ္ဓါမရှိခြင်း၊ ၃။ သီလမရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ သတိလွတ်ကင်းခြင်း၊ ၆။ ပညာမဲ့ခြင်း။ (အံ၊၂။၃၇၈။) (အံ၊မြန်၊၂။၄၇၇။)

ကုသိုလ်ဇော ၃ မျိုး ၁။ ဒါနမယကုသိုလ်ဇော- ဒါနပြုရာ၌ ဖြစ်သော ကုသိုလ်ဇော၊ ၂။ သီလမယကုသိုလ်ဇော- သီလဆောက်တည်ရာ၌ ဖြစ်သော ကုသိုလ်ဇော၊ ၃။ ဘာဝနာမယကုသိုလ်ဇော- ဘာဝနာပွားရာ၌ ဖြစ်သော ကုသိုလ်ဇော။ (အဘိ၊ဋ္ဌ၊၁။၁၁၆။)

ကုသိုလ်တရားတို့မှ ဆုတ်ယုတ်ကြောင်း တရား ၄ ပါး ၁။ ရာဂ(ပြန့်ပြော)အားကြီးသည်၏ အဖြစ်သို့ ရောက်ခြင်း၊ ၂။ ဒေါသအားကြီးသည်၏ အဖြစ်သို့ ရောက်ခြင်း၊ ၃။ မောဟအားကြီးသည်၏ အဖြစ်သို့ ရောက်ခြင်း၊ ၄။ နက်နဲသော ဌာနာဌာနအရာတို့၌ ပညာမျက်စိ မရှိခြင်း။ (အံ၊၁။၄၆၁။) (အံ၊မြန်၊၁။၄၇၄။)

ကုသိုလ်တရားတို့မှ မဆုတ်ယုတ်ကြောင်း တရား ၄ ပါး ၁။ ရာဂခေါင်းပါး နည်းပါးသည်၏ အဖြစ်သို့ ရောက်ခြင်း၊ ၂။ ဒေါသခေါင်းပါး နည်းပါးသည်၏ အဖြစ်သို့ ရောက်ခြင်း၊ ၃။ မောဟခေါင်းပါး နည်းပါးသည်၏ အဖြစ်သို့ ရောက်ခြင်း၊ ၄။ နက်နဲသော ဌာနာဌာန အရာတို့၌ ပညာမျက်စိရှိခြင်း။ (အံ၊၁။၄၆၂။) (အံ၊မြန်၊၁။၄၇၄။)

ကုသိုလ်တိုးပွားကြောင်း တရား ၆ ပါး ၁။ ဉဏ်အလင်းရောင် များပြားခြင်း၊ ၂။ အားထုတ်မှု များပြားခြင်း၊ ၃။ နှစ်သက်ဝမ်းမြောက်မှု များပြားခြင်း၊ ၄။ ကုသိုလ်တရားတို့၌ မရောင့်ရဲမှု များပြားခြင်း၊ ၅။ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်ချမထားခြင်း၊ ၆။ စွမ်းနိုင်သည်ထက် ပိုမို အားထုတ်ခြင်း။ (အံ၊၂။၃၇၆။) (အံ၊မြန်၊၂။၄၇၅။)

http://www.dhammadownload.com

ကုသိုလ်တိုးပွားကြောင်း တရား ၆ ပါး ၁။ အလိုရမ္မက် မကြီးမူ၍ ရတတ်သမျှသော ပစ္စည်း လေးပါး တို့၌ ရောင့်ရဲလွယ်ခြင်း၊ ၂။ ယုံကြည်မှု သဒ္ဓါတရားရှိခြင်း၊ ၃။ သီလရှိခြင်း၊ ၄။ ထက်သန်သော လုံ့လဝီရိယရှိခြင်း၊ ၅။ သတိရှိခြင်း၊ ၆။ ပညာရှိခြင်း။ (အံ၊၂။၃၇၈။) (အံ၊မြန်၊၂။၄၇၈။)

ကုသိုလ်နှင့် ပြည့်စုံသူ၏ တရား ၄ ပါး ၁။ ကိုယ်ဖြင့် မကောင်းမှုကို မပြုခြင်း၊ ၂။ နှုတ်ဖြင့် မကောင်းသော စကားကို မဆိုခြင်း၊ ၃။ စိတ်ဖြင့် မကောင်းသော အကြံအစည်ကို မကြံခြင်း၊ ၄။ ယုတ်သော အသက်မွေးမှုဖြင့် အသက်မွေးမှု မပြုခြင်း။ (မဟာနိ။၆၈။) (မဟာနိ။၂၄၀။)

ကုသိုလ် မရကြောင်း တရား ၆ ပါး ၁။ ကုသိုလ် အကုသိုလ် ဖြစ်ကြောင်း၌ မကျွမ်းကျင်ခြင်း၊ ၂။ ကုသိုလ် အကုသိုလ် ကင်းကြောင်း၌ မကျွမ်းကျင်ခြင်း၊ ၃။ ဥပါယ်၌လည်း မကျွမ်းကျင်ခြင်း၊ ၄။ မရသေးသော ကုသိုလ်တရားတို့ကို ရရန် အလိုဆန္ဒကို မဖြစ်စေခြင်း၊ ၅။ ရပြီးသော ကုသိုလ် တရားတို့ကို မစောင့်ရှောက်ခြင်း၊ ၆။ အမြဲပြုခြင်းဖြင့် ပြီးစေတတ်ခြင်း။ (အံ၊၂။၃၇၆။) (အံ၊မြန်၊ ၂။၄၇၄။)

ကုသိုလ်မဟုတ်သော အလှူ ၅ မျိုး ၁။ သေအရက် အလှူ။ ၂။ ကချေသဘင် အလှူ။ ၃။ မိန်းမ အလှူ။ ၄။ နွားမအပေါင်းအလယ်၌ နွားလားဥသဘကို လွှတ်သော အလှူ။ ၅။ ပန်းချီဆေးရေးအလှူ။ (ဝိ၊၅။၂၃၁။) (ဝိ၊မြန်၊၅။၃၂၁။)

ကုသိုလ်ရကြောင်း တရား ၆ ပါး ၁။ ကုသိုလ် အကုသိုလ်ဖြစ်ကြောင်း၌ ကျွမ်းကျင်ခြင်း၊ ၂။ ကုသိုလ် အကုသိုလ် ကင်းကြောင်း၌ ကျွမ်းကျင်ခြင်း၊ ၃။ ဥပါယ်၌ ကျွမ်းကျင်ခြင်း၊ ၄။ မရသေးသော ကုသိုလ်တရားတို့ ရရန် အလိုဆန္ဒကို ဖြစ်စေခြင်း၊ ၅။ ရပြီးသော ကုသိုလ်တရားတို့ကို စောင့်ရှောက်ခြင်း၊ ၆။ အမြဲပြုခြင်းဖြင့် ပြီးစေတတ်ခြင်း။ (အံ၊၂။၃၇၆။) (အံ၊မြန်၊၂။၄၇၅။)

ကုသိုလ်ဝေဒနာ ၂ မျိုး ၁။ ဒွိဟိတ် ကုသိုလ်ဝေဒနာ၊ ၂။ တိဟိတ် ကုသိုလ်ဝေဒနာ။ (အဘိ၊၌၊၂။၁၆။)

ကုသိုလ်ဟိတ် ၃ ပါး ၁။ အလောဘ ကုသိုလ်ဟိတ်၊ ၂။ အဒေါသ ကုသိုလ်ဟိတ်၊ ၃။ အမောဟ ကုသိုလ်ဟိတ်။ (အဘိ၊ဓ။၂၁၄။) (အဘိ၊ဓ။၂၁၇။) (အဘိ၊ဓ။၃၃။) (အဘိ၊ဝိ။၄၁၆။) (အဘိ၊ဓ၊မြန်။၅၂၊ ၃၉၀၊၃၉၆။) (အဘိ၊ဓ၊မြန်။၅၂၊၃၉၀၊၃၉၆။) (အဘိ၊ဓ၊မြန်။၅၂၊၃၉၀၊၃၉၆။) (အဘိ၊ဝိ၊မြန်၊၂။၅၂၅။)

ကုသိုလ်ဟိတ် ဘုံအထူးအားဖြင့် ၄ ပါး ၁။ ကာမာဝစရကုသိုလ်ဟိတ်၊ ၂။ ရူပါဝစရ ကုသိုလ်ဟိတ်၊ ၃။ အရူပါဝစရ ကုသိုလ်ဟိတ်၊ ၄။ လောကုတ္တရကုသိုလ်ဟိတ် (ဝိပါက်ဟိတ်လည်း ဤနည်းတူ ၄ ပါး) ။ (အဘိ၊၌၊၃။၃၅၇။)

ကုသိုလ်အကြံ ၃ မျိုး ကုသလဝိတက် ၃ ပါးနှင့် တူသည်။

ကုသိုလ်အချုပ် ပုဒ် ၉ ပုဒ် ၁။ သမထ– ကိလေသာတို့ငြိမ်းအေးခြင်း၊ ၂။ ဝိပဿနာ– အထူးထူး အပြားပြား ရှုမှတ်ခြင်း၊ ၃။ အလောဘ– မလိုချင်ခြင်း၊ ၄။ အဒေါသ– မပြစ်မှားခြင်း၊ ၅။ အမောဟ– မတွေဝေခြင်း၊ ၆။ အနိစ္စသညာ– မမြဲဟုအမှတ်ရှိခြင်း၊ ၇။ ဒုက္ခသညာ– ဆင်းရဲဟု အမှတ်ရှိခြင်း၊ ၈။ အနတ္တသညာ– အစိုးမရဟုအမှတ်ရှိခြင်း၊ ၉။ အသုဘသညာ– မတင့်တယ်ဟု အမှတ်ရှိခြင်း။ (ပေဋကော။၂၅၀။)

http://www.dhammadownload.com

ကုသိုလ်အဟုန် ၄ မျိုး ကောင်းမှုအဟုန် ၄ မျိုးနှင့် တူသည်။

ကုသိုလ်အဟုန် ၅ မျိုး ကောင်းမှုအဟုန် ၅ မျိုးနှင့် တူသည်။

ကုသိုလ်၏ အကြောင်းရင်း ၃ မျိုး ၁။ တပ်ခြင်းလောဘ မရှိခြင်း၊ ၂။ အမျက်ဒေါသ မရှိခြင်း၊ ၃။ တွေဝေခြင်း မသိခြင်း မောဟ မရှိခြင်း။ (မ၊၁။၅၈။) (နေတ္တိ၊၆။၂၁၄။) (မ၊မြန်၊၁။၆၂။)

ကုသိုလ်၏ အနက် ၃ မျိုး ၁။ အာရောဂျအနက်– အနာကင်းသည်၏ အဖြစ်ဟူသော အနက်၊ ၂။ အနဝဇ္ဇအနက်– အပြစ်ကင်းသည်၏ အဖြစ်ဟူသော အနက်၊ ၃။ ကောသလ္လသမ္ဘူတအနက်– သမ္မယုတ်ပညာကြောင့် ဖြစ်သည်၏ အဖြစ်ဟူသောအနက်။ (အဘိ၊၆၊၁။၁၀၅။)

ကုသိုလ်၏ အနက် ၂ မျိုး ၁။ အာရောဂျအနက်– အနာကင်းသည်၏ အဖြစ်ဟူသော အနက်၊ ၂။ အနဝဇ္ဇအနက်– အပြစ်ကင်းသည်၏ အဖြစ်ဟူသော အနက်။ (အဘိ၊၆၊၁။၁၀၅။)

ကုဟနဝတ္ထု ၃ မျိုး (ဟန်ဆောင်ဝါကြွားခြင်း အကြောင်း ၃ မျိုး) ၁။ ပစ္စယပဋိသေဝနကုဟနဝတ္ထု– ပစ္စည်းလေးပါးတို့ကို မှီဝဲအလျှူခံခြင်း၌ ဟန်ဆောင်ဝါကြွားမှုပြုခြင်း အကြောင်းအရာ၊ ၂။ ဣရိယာပထကုဟနဝတ္ထု– ဣရိယာပုတ်ဟု ဆိုအပ်သော ဟန်ဆောင်ဝါကြွားမှုပြုခြင်း အကြောင်းအရာ၊ ၃။ သာမန္တဇပ္ပနကုဟနဝတ္ထု– ဈာန်မဂ်ဖိုလ်တရားနှင့် နီးစပ်လေသယောင် ဟန်ဆောင်ဝါကြွား ပြောဆိုခြင်း အကြောင်းအရာ။ (မဟာနိ။၁၇၂။) (မဟာနိ။၃၆၇။) (စူဠနိ။၂၇၂။) (အဘိ၊၆၊၂။၄၆၁။) (ဝိသုဒ္ဓိ၊၁။၂၃။) (သာရတ္ထ၊ဋီ၊၂။၂၈၀။)

ကူဋဒန္တပုဏ္ဏား၏ ယဇ်ကြီးအစီအရင် ၅ မျိုး ၁။ နွားလားဥသဘ ခုနစ်ရာတို့အား ယဇ်ပူဇော်ရန် ယဇ်တိုင်၌ ချည်ထားခြင်း၊ ၂။ နို့စို့နွားထီးငယ် ခုနစ်ရာတို့အား ယဇ်ပူဇော်ရန် ယဇ်တိုင်၌ ချည်ထားခြင်း၊ ၃။ နို့စို့နွားမငယ် ခုနစ်ရာတို့အား ယဇ်ပူဇော်ရန် ယဇ်တိုင်၌ ချည်ထားခြင်း၊ ၄။ ဆိတ်အကောင် ခုနစ်ရာတို့အား ယဇ်ပူဇော်ရန် ယဇ်တိုင်၌ ချည်ထားခြင်း၊ ၅။ သိုးအကောင် ခုနစ်ရာတို့အား ယဇ်ပူဇော်ရန် ယဇ်တိုင်၌ ချည်ထားခြင်း။ (ဒီ၊၁။၁၂၀။) (ဒီ၊မြန်၊၁။၁၄၁။)

ကေလာယန ၂ မျိုး ၁။ သတ္တ ကေလာယန– ပုဂ္ဂိုလ်သတ္တဝါတို့၌ မြတ်နိုးတွယ်တာခြင်း၊ ၂။ သခ်ါရ ကေလာယန– သပိတ် သင်္ကန်း စသော ပစ္စည်းဝတ္ထုတို့၌ မြတ်နိုးတွယ်တာခြင်း။ (အံ၊၃၊၁။၄၀၂။)

ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ ကျေးဇူးမဲ့ ကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ်အား သင့်လျော်သော အခါ၌ အမှန်အတိုင်း ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကိုသာ ပြောဆိုတတ်၍ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူးကို မပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၂။ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်အား သင့်လျော်သော အခါ၌ အမှန်အတိုင်း ချီးမွမ်းစကားကိုသာ ပြောဆိုတတ်သည်ဖြစ်၍ ကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ်၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားကို မပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၃။ ကျေးဇူးမဲ့ ကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ်အား သင့်လျော်သော အခါ၌ အမှန်အတိုင်း ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကိုလည်း မပြောဆိုမူ၍ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်၏ ချီးမွမ်းစကား ဂုဏ်ကျေးဇူးများကိုလည်း မပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၄။ ကျေးဇူးမဲ့ ကဲ့ရဲ့ထိုက်သော ပုဂ္ဂိုလ်အား သင့်လျော်သော အခါ၌ အမှန်အတိုင်း ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို ပြောဆိုတတ်သည်ဖြစ်၍ ချီးမွမ်း

http://www.dhammadownload.com

ထိုက်သူ၏ ဂုဏ်ကျေးဇူးများဖြစ်သော ချီးမွမ်းစကားများကိုလည်း ပြောဆိုတတ်သော ပုဂ္ဂိုလ်။ (အံ၊၁။၄၁၃။) (အံ၊မြန်၊၁။၄၂၆။)

ကဲ့ရဲ့ စွပ်စွဲဖွယ် အကြောင်း ၁၀ မျိုး (မဟာစတ္တာလီသကသုတ်ကို ပစ်ပယ်ထိုက်သည်ဟု မှတ်ထင်သူ၏ အပေါ်၌ ကျရောက်လာနိုင်သော ကဲ့ရဲ့စွပ်စွဲဖွယ် အကြောင်း ၁၀ မျိုး) ၁။ မှန်ကန်သော အယူအမြင်ကို သင်ကဲ့ရဲ့လျှင် မှားသော အယူအမြင်ရှိကုန်သော ရဟန်း ပုဏ္ဏားတို့ကို သင် ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏၊ ၂။ မှန်ကန်သော အကြံကို သင်ကဲ့ရဲ့လျှင် မှားသော အကြံရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို သင်ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏၊ ၃။ မှန်ကန်သော စကားကို သင် ကဲ့ရဲ့လျှင် မှားယွင်းသော စကားရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို သင် ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏၊ ၄။ မှန်ကန်သော အမှုအလုပ်ကို သင် ကဲ့ရဲ့လျှင် မှားယွင်းသော အမှုအလုပ်ရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို သင် ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏၊ ၅။ မှန်ကန်သော အသက်မွေးမှုကို သင်ကဲ့ရဲ့လျှင် မှားယွင်းသော အသက်မွေးမှု ရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို သင်ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏၊ ၆။ မှန်ကန်သော လုံ့လကို သင်ကဲ့ရဲ့လျှင် မှားယွင်းသော လုံ့လရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို သင် ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏၊ ၇။ မှန်ကန်သော သတိကို သင် ကဲ့ရဲ့လျှင် မှားယွင်းသော သတိရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို သင် ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏၊ ၈။ မှန်ကန်သော သမာဓိကို သင် ကဲ့ရဲ့လျှင် မှားယွင်းသော သမာဓိရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို သင်ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏၊ ၉။ မှန်ကန်သော ပစ္စဝေက္ခဏာဉာဏ်ကို သင်ကဲ့ရဲ့လျှင် မှားယွင်းသော ဉာဏ် ရှိကုန်သော ရဟန်းပုဏ္ဏားတို့ကို သင်ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏၊ ၁၀။ မှန်ကန်သော လွတ်မြောက်မှုကို သင် ကဲ့ရဲ့လျှင် မှားယွင်းသော လွတ်မြောက်မှုရှိကုန်သော ရဟန်း ပုဏ္ဏားတို့ကို သင် ပူဇော်သင့်၏၊ ချီးမွမ်းသင့်၏။ (မ၊၃။၁၂၁။)

ကဲ့ရဲ့ဖွယ် ၃ မျိုး ၁။ သူတစ်ပါး၏ သေခြင်းဆင်းရဲကို ဖြစ်စေသူ၊ ၂။ မိန်းမအကြီအကဲပြုသော ဧနပုဒ်၊ ၃။ မိန်းမ၏ အလိုကို လိုက်သူ။ (ဇာတက၊၁။၄။) (ဇာ၊ဋ္ဌ၊၁။၁၇၁။)

ကောဏာဂမနဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ဓမ္မစက္ကာတရားဦး ဟောကြားတော်မူသော အခါ၌ လူနတ်ဗြဟ္မာ ကုဋေသုံးသောင်း တရားထူးရကြသည်၊ ၂။ သူတစ်ပါးတို့၏ အယူဝါဒကို နှိပ်နင်းလျက် တန်ခိုးပြာဋိဟာကို ပြတော်မူသော အခါ၌ လူနတ်ဗြဟ္မာ ကုဋေနှစ်သောင်း တရားထူး ရကြသည်၊ ၃။ တာဝတိံသာနတ်ပြည်၌ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာတွင် သီတင်းသုံးတော်မူလျက် အဘိဓမ္မာဒေသနာတော်များကို ဝါတွင်းသုံးလ ဟောကြားတော်မူသောအခါ နတ်ဗြဟ္မာ တစ်သောင်းတို့ ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၇၃။) (အပ၊မြန်၊၂။၃၇၂။)

ကောဏာဂမနဘုရားရှင်၏ သာဝကအစည်းအဝေး ၁ ကြိမ် ၁။ ပဌမအစည်းအဝေး၌ ရဟန်းသုံးသောင်း။ (အဘိ၊ဋ္ဌ၊၁။၇၀။)

ကောဏာဂမနဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ဘိယျောသထေရ်၊ ၂။ ဥတ္တရထေရ်။ (ဒီ၊၂။၄။) (အဘိ၊ဋ္ဌ၊၁။၇၀။) (ဗုဒ္ဓဝံ၊ဋ္ဌ၊၃၀၅။) (ဒီ၊မြန်၊၂။၄။)

http://www.dhammadownload.com

ကောဏာဂမနဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ သမုဒ္ဒါထေရီ၊ ၂။ ဥတ္တရာထေရီ။ (အဘိ၊ဋ္ဌ၊ ၁။၇၁။) (ဗုဒ္ဓဝံ၊ဋ္ဌ။၃၀၅။)

ကောဏာဂမနဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ တုသိတမည်သော ပြာသာဒ်ဆောင်၊ ၂။ သန္တုသိတမည်သော ပြာသာဒ်ဆောင်၊ ၃။ သန္တုဿမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၇၄။) (အပ၊မြန်၊၂။၃၇၃။)

ကောဏ္ဍညမထေရ် အလောင်းအလျာ၏ အလှူဦး ၉ မျိုး ကောက်ဦးအလှူ ၉ မျိုးနှင့်တူသည်။

ကောလာဟလ ၃ မျိုး ၁။ ကပွကောလာဟလ– အနှစ်တစ်သိန်းကျော်လျှင် ကမ္ဘာပျက်လိမ့်မည်ဟု အုတ်အုတ်ကျက်ကျက်ပြောဆိုသော ကောလာဟလ၊ ၂။ ဗုဒ္ဓကောလာဟလ– အနှစ်တစ်ထောင်ကျော်လျှင် ဘုရားပွင့်လိမ့်မည်ဟု အုတ်အုတ်ကျက်ကျက် ပြောဆိုသော ကောလာဟလ၊ ၃။ စက္ကဝတ္တိကောလာဟလ– အနှစ်တစ်ရာကျော်လျှင် စကြာဝတေးမင်း ပေါ်လိမ့်မည်ဟု အုတ်အုတ်ကျက်ကျက် ပြောဆိုသော ကောလာဟလ။ (သံ၊ဋ္ဌ၊၁။၁၂၀။) (အပ၊ဋ္ဌ၊၁။၅၈။) (ဗုဒ္ဓဝံ၊ဋ္ဌ။ ၃၁၇။) (ဇာ၊ဋ္ဌ၊၁။၅၆။) (အံ၊ဋ္ဌီ၊၃။၁၈၈။)

ကောလာဟလ ၅ မျိုး ၁။ ကပွကောလာဟလ– ကမ္ဘာပျက်မည့်အကြောင်း နှစ်ပေါင်းတစ်သိန်းကြိုတင်၍ ဖြစ်ပေါ်လေ့ရှိသော ကောလာဟလ၊ ၂။ စက္ကဝတ္တိကောလာဟလ– စကြာမင်းလောင်းပေါ်မည့်အကြောင်း နှစ်ပေါင်းတစ်ရာ ကြိုတင်၍ ဖြစ်ပေါ်လေ့ရှိသော ကောလာဟလ၊ ၃။ ဗုဒ္ဓကောလာဟလ– သဗ္ဗညုဘုရားရှင် ပွင့်ပေါ်မည့်အကြောင်း နှစ်ပေါင်းတစ်ထောင် ကြိုတင်ဖြစ်ပေါ်လေ့ရှိသော ကောလာဟလ၊ ၄။ မင်္ဂလကောလာဟလ– ဘုရားရှင် မင်္ဂလာတရားဟောကြားမည့်အကြောင်း တစ်ဆယ့်နှစ်နှစ် ကြိုတင်၍ ဖြစ်ပေါ်လေ့ရှိသော ကောလာဟလ၊ ၅။ မောနေယျကောလာဟလ– ရဟန်းတစ်ပါးက ဘုရားရှင်အား မောနေယျအကျင့်အကြောင်းကို မေးမြန်းလျှောက်ထားလိမ့်မည်ဟု ခုနစ်နှစ် ကြိုတင်၍ ဖြစ်ပေါ်လေ့ရှိသော ကောလာဟလ။ (ခုဒ္ဒက၊ဋ္ဌ။၁၀၁။) (သုတ္တနိ၊ဋ္ဌ၊၂။၃။)

ကောသ ၄ ပါး စစ်အင်္ဂါ ၄ ပါးနှင့် တူသည်။

ကောသလမင်းကြီး၏ အိပ်မက် ၁၆ ချက် ၁။ မျက်စဉ်းအရောင်ရှိကုန်သော မည်းနက်သော နွားလားဥသဘ လေးစီးတို့သည် "ခတ်ကြကုန်အံ့"ဟု ကြိ၍ အရပ်လေးမျက်နှာတို့မှ မင်းရင်ပြင်သို့လာ၍ "နွားလားဥသဘတို့၏ ခတ်ပွဲကို ကြည့်ရှုကုန်အံ့"ဟု လူအပေါင်းသည် စည်းဝေးလတ်သော် ခတ်ဟန်အခြင်းအရာကို ပြ၍ ကြိုးဝါးကာ မခတ်ကြကုန်ဘဲ ဖဲသွားကုန်သည်ဟု မြင်မက်ခြင်း၊ ၂။ ငယ်သော သစ်ပင်, ချုံပင်တို့သည် မြေမှ ပေါက်ထွက်၍ တစ်ထွာမျှ, တစ်တောင်မျှလည်း မမြင့်သေးဘဲ ပွင့်ကုန်၏, သီးကုန်၏ဟု မြင်မက်ခြင်း၊ ၃။ နွားမကြီးတို့သည် ထိုနေ့၌ ဖွားကုန်သော နွားငယ်တို့၏ နို့ကိုစို့ကြကုန်၏ဟု မြင်မက်ခြင်း၊ ၄။ ဝန်ကို ဆောင်နိုင်ကုန်သော အလျားအနံအလုံးအရပ်နှင့် ပြည့်စုံကုန်သော နွားကြီးတို့ကို ထမ်းပိုးအဆက်ဆက်ဖြင့် မကမယှဉ်ဘဲ ငယ်ရွယ်ကုန်သော နွားငယ်တို့ကို လှည်းဦး၌ ယှဉ်ကကုန်သည်တို့ကို မြင်မက်ခြင်း၊ ၅။ မျက်နှာနှစ်ခု, ပါးစပ်နှစ်ပေါက် ပါရှိသော မြင်းတစ်ကောင်ကို မြင်မက်ခြင်း၊ ၆။ လူအပေါင်းသည် တစ်သိန်းတန်ရွှေခွက်ကို သုတ်သင်၍ "ဤရွှေခွက်၌

http://www.dhammadownload.com

ကျင်ငယ်ကို စွန့်လော့"ဟု ဆို၍ မြေခွေးအိုအား ကမ်းပေးခြင်းကို မြင်မက်ခြင်း၊ ၇။ ယောကျ်ား တစ်ယောက်သည် ကြိုးကို လုံးကျစ်၍ ခြေရင်း၌ ထား၏၊ ထိုယောကျ်ားထိုင်နေသော ထိုင်ခုံ အောက်၌ အိပ်စက်နေသော ဆာလောင်နေသော မြေခွေးမတစ်ကောင်သည် ထိုကြိုးကို ကိုက်စားနေသည်ကို မြင်မက်ခြင်း၊ ၈။ မင်း၏ တံခါးအနီး၌ များစွာကုန်သော ရေမရှိသော အိုးတို့ဖြင့် ဝန်းရံ၍ ထားအပ်သော ရေပြည့်အိုးကြီး တစ်လုံးကို မြင်မက်ခြင်း၊ ၉။ အဆင်း ငါးမျိုးရှိသော ပဒုမာကြာတို့ဖြင့် ဖုံးလွှမ်းထားသော နက်ရှိုင်းသော ခပ်သိမ်းသော အရပ်မှ ရေဆိပ်ရှိသော လေးထောင့်ရေကန် တစ်ကန်ကို မြင်မက်ခြင်း၊ ၁၀။ တစ်လုံးတည်းသော ထမင်းအိုးဖြင့် ချက်သော ထမင်း၏ ဘေးတစ်ဖက်၌ အလွန်ပျော့, ဘေးတစ်ဖက်၌ မာ၍ ဘေးတစ်ဖက်၌ ကောင်းစွာ ကျက်သည်ကို မြင်မက်ခြင်း၊ ၁၁။ အဖိုးတစ်သိန်းထိုက်တန်သော စန္ဒကူးနှစ်ကို ရက်တက်ရည်ပုပ်နှင့် ရောင်းနေသည်ကို မြင်မက်ခြင်း၊ ၁၂။ ရေ၌ နစ်မြုပ် ကုန်သော အချည်နှီးအနှစ်မဲ့ ဗူးတောင်းတို့ကို မြင်မက်ခြင်း၊ ၁၃။ အလွန်ကြီးမားသော ကျောင်း အထွတ်ခန့် အရွယ်ပမာဏရှိသော တစ်ခဲနက်ထူသော ကျောင်းသည် လှေကဲ့သို့ ရေ၌ ပေါလော ပေါနေသည်ကို မြင်မက်ခြင်း၊ ၁၄။ သေးငယ်သော သစ်မည်စည်ပွင့် ပမာဏ ရှိကုန်သော ဖား တို့သည် အလွန်ကြီးမားကုန်သော မြွေဟောက်တို့ကို လျင်စွာ လိုက်၍ ကြာရိုးတို့ကို ကိုက်ဖြတ် သကဲ့သို့ ကိုက်ဖြတ်ကာ ကိုက်ဖြတ်ကာ အသားကို စား၍ မျိုနေသည်တို့ကို မြင်မက်ခြင်း၊ ၁၅။ သူယုတ်အကျင့်တရား ဆယ်ပါးတို့နှင့် ပြည့်စုံသော ရွာ၌ ကျက်စားသော ကျီးကို ရွှေဟင်္သာမင်းတို့က ခြံရံနေသည်တို့ကို မြင်မက်ခြင်း၊ ၁၆။ သိုးတို့သည် ကျားသစ်တို့ကို လိုက်၍ ကြုတ်ကြုတ်မြည်ကာ ကိုက်စားနေသည်တို့ကိုလည်းကောင်း သစ်ကျုတ်တို့သည် သိုးတို့ကို အဝေးမှပင် မြင်၍ ကြောက်လန့်ကုန်သော် ပြေး၍ ချုံပုတ်, တောဂနိုင် စသော အရပ်တို့သို့ ဝင်၍ ပုန်းအောင်းနေသည်တို့ကို လည်းကောင်း မြင်မက်ခြင်း။ (ဇာတက၊၁၊၁၈။)(ဇာ၊၆၊၁။၃၅၅။)(သာရတ္ထ၊၎၊၂၀၄။)

ကောသလမင်း သန်းခေါင်ယံ၌ ကြားသော အသံ ၈ မျိုး ၁။ နန်းတော်အနီး ဥယျာဉ်၌ ဗျိုင်းအော်သံ၊ ၂။ ဆင်တင်းကုပ်၏ တုရိဏ်းတိုင်၌ နေသော ကျီးမြည်သံ၊ ၃။ မင်း၏အိမ်တော် အထွတ်၌ နေသော သစ်သားပိုးငယ်၏ မြည်သံ၊ ၄။ မင်း၏ အိမ်တော်၌ မွေးထားသော ဥဩငှက်၏ မြည်သံ၊ ၅။ မင်း၏ အိမ်တော်၌ မွေးထားသော သမင်၏ အော်မြည်သံ၊ ၆။ မင်း၏ အိမ်တော်၌ မွေးထားသော မျောက်၏ အော်မြည်သံ၊ ၇။ မင်း၏ အိမ်တော်၌ မွေးထားသော ကိန္နရာ၏ အော်မြည်သံ၊ ၈။ မင်း၏ နန်းတော်အထက် ကောင်းကင်ခရီးဖြင့် ဥယျာဉ်သို့ ကြွသွားသော ပစ္စေကဗုဒ္ဓါ၏ ဥဒါန်းကျူးရင့်သံ။ (ဇာ၊၆၊၃။၄၀၇။)

ကောသလမင်း၏ အိပ်မက် တစ်ဆယ့်ခြောက်ချက်တို့၏ ဝိပါကအကျိုး ၁၆ မျိုး ၁။ မည်းနက်သော အဆင်းရှိကုန်သော နွားလားဥသဘလေးစီးတို့သည် အရပ်လေးမျက်နှာတို့မှ မင်းရင်ပြင်သို့ လာကြ၍ စစ်ထိုးအံ့သော အခြင်းအရာကို ပြ၍ ကြုံး၀ါး၍ စစ်မထိုးဘဲ ဖဲသွားကြကုန်၏ ဟူသော ပထမအိပ်မက်သည် တရားမစောင့်ကြကုန်သော မင်းတို့, လူတို့၏ အခါကာလ၌ အရပ် လေးမျက်နှာတို့မှ မိုးတိမ်တို့သည် တက်လာ၍ မိုးခြိမ်းသံပေး၍ မိုးမရွာဘဲ ပျက်ပြယ်ကုန် လတ္တံ့ဟူသော အကျိုးဖြစ်အံ့၊ ၂။ မြေကြီးမှ ပေါက်ထွက်၍ တစ်ထွာမျှ, တစ်တောင်မျှ

http://www.dhammadownload.com

မမြင့်သေးဘဲ ပွင့်ကြ, သီးကြကုန်သော သစ်ပင်ငယ်တို့ကို မြင်မက်သော ဒုတိယအိပ်မက်သည် အသက်တိုတောင်းသော လူတို့၏ အခါကာလ၌ အပျိုအရွယ် မရောက်ကုန်သေးဘဲ အမျိုးသမီးငယ်တို့သည် ဥတုပန်းပွင့်၍ ကိုယ်ဝန်ဆောင်ကြကာ သားသမီးများ တိုးပွားကြကုန်အံ့ ဟူသော အကျိုးဖြစ်အံ့၊ ၃။ ထိုနေ့၌ မွေးဖွားလာကုန်သော နွားမငယ်တို့၏ နို့ကို သောက်စို့ကြကုန်သော နွားမကြီးတို့ကို မြင်မက်သော တတိယအိပ်မက်သည် သက်ကြီးသူတို့အား ရိုသေလေးစားမှု ကင်းမဲ့သော လူတို့၏ကာလ၌ သက်ကြီးရွယ်အို မိခင်ဖခင်တို့သည် သားသမီးတို့၏ထံမှ အသနားခံ၍ တောင်းရမ်းကာ ငြိုငြင်စွာ အသက်မွေးရကုန်အံ့ ဟူသော အကျိုး ဖြစ်အံ့၊ ၄။ ဝန်ကို ဆောင်နိုင်သော နွားကြီးများ ရှိလျက် နွားငယ်များတို့ကို လှည်း, ထမ်းပိုး၌ ကယှဉ်၍ ဝန်ကို ဆောင်စေခြင်းတို့ကို မြင်မက်သော စတုတ္ထအိပ်မက်သည် တရားမစောင့်ကြကုန်သော မင်းဆိုးမင်းညစ်တို့၏ ကာလ၌ တရားစီရင်မှုရေးရာ၌ ကျွမ်းကျင်ကုန်သော အမတ်ကြီးတို့ကို ဖယ်ရှား၍ တရားစီရင်မှုရေးရာ၌ မကျွမ်းကျင်ကုန်သော လူရွယ်တို့အား တရားစီရင်မှုတို့ကို ပြုလုပ်စေကုန်အံ့ ဟူသော အကျိုးဖြစ်အံ့၊ ၅။ မျက်နှာနှစ်ဖက်, ပါးစပ်နှစ်ပေါက် ပါရှိသော မြင်းကို မြင်မက်သော ပဉ္စမအိပ်မက်သည် တရားမစောင့်ကြကုန်သော မင်းတို့၏အခါကာလ၌ တရားကင်းမဲ့သော လျှပ်ပေါ်လော်လည်ကြသော လူတို့အား တရားစီရင်မှုရေးရာ၌ ရာထူးပေးကာ ခန့်ထားကြကုန်အံ့၊ ထိုတရားသူကြီးတို့သည် တရားခံ, တရားလို ဖြစ်ကြကုန်သော နှစ်ဖက်ကုန်သော လူတို့ထံမှ တံစိုးလက်ဆောင်ကို ယူကုန်အံ့ဟူသော အကျိုးဖြစ်အံ့၊ ၆။ တစ်သိန်းတန် ရွှေခွက်၌ မြေခွေးအို တစ်ကောင်အား ကျင်ငယ်စွန့်စေသော လူအပေါင်းကို မြင်မက်သော ခြောက်ခမြောက်အိပ်မက်သည် တရားကင်းမဲ့ကုန်သော မင်းတို့၏အခါကာလ၌ ဇာတိ ဂုဏ်နှင့် ပြည့်စုံကုန်သော အမျိုးကောင်းသားတို့အား ရာထူးဌာနန္တရ မပေးကြဘဲ အမျိုးဇာတ် ယုတ်နိမ့်ကုန်သော သူတို့အား ရာထူးပေးကြကုန်အံ့၊ အမျိုးဇာတ်မြင့်မြတ်ကုန်သော သူတို့သည် အမျိုးဇာတ်ယုတ်နိမ့်ကုန်သော သူတို့အား ခစားကြရကုန်အံ့ဟူသော အကျိုး ဖြစ်အံ့၊ ၇။ ယောကျ်ားတစ်ယောက်သည် ကြိုးကို ရစ်၍ ခြေရင်း၌ ချထား၏၊ ထိုယောကျ်ားထိုင်သော ခုံအောက်၌ ဝပ်နေသော ဆာလောင်နေသော မြေခွေးမသည် ထိုယောကျ်ား မသိဘဲ ထိုကြိုးကို ခဲစားနေခြင်းကို မြင်မက်သော ခုနစ်ခုမြောက်အိပ်မက်သည် ကာလရွှေ့လျား ရှည်ကြာသော နောင်အခါကာလ၌ လျှပ်ပေါ်လော်လည်၍ အကျင့်ပျက်ကုန်သော မိန်းမတို့သည် မိမိယောကျ်ား ပင်ပန်းစွာ ရှာဖွေစုဆောင်ထားသော ဥစ္စာတို့ကို ယူ၍ လင်ငယ်နှင့် ပျော်ပါးသောက်စားကုန်အံ့ ဟူသော အကျိုးဖြစ်အံ့၊ ၈။ မင်း၏ အိမ်တံခါးအနီး၌ အချည်းအနှီးကုန်သော အိုးတို့ဖြင့် ခြံရံ၍ ထားအပ်သော ရေပြည့်အိုးတစ်လုံးကို မြင်မက်၏၊ လူတန်းစား လေးမျိုးတို့သည် အရပ်လေးမျက်နှာတို့မှ အိုးတို့ဖြင့် ရေကို ယူဆောင်၍ ပြည့်သော အိုးကိုသာလျှင် ရေဖြည့်ကုန်၏၊ ပြည့်သော ပြည့်သော ရေသည် လျှံတက်၍ ဖိတ်ကျ၏၊ လူတို့သည် ထိုရေပြည့်အိုး၌သာလျှင် အဖန်ဖန်အထပ်အထပ် ရေကို လောင်းထည့်ကြကုန်သည်ကို မြင်မက်သော ရှစ်ခုမြောက်အိပ်မက်သည် နောက်နောင်အခါကာလ၌ ဆင်းရဲမွဲတေသော မင်းသည် မင်းပြုလိမ့်မည်၊ လူတို့သည် မင်းအတွက် အလုပ်လုပ်ရသဖြင့် မိမိတို့အိမ်၌ စားစရာမရှိ ဖြစ်ကုန်လိမ့်မည် ဟူသော အကျိုးဖြစ်အံ့၊ ၉။ ကြာငါးမျိုးတို့ဖြင့် ဖုံးလွှမ်းသော နက်သော ရေကန်၏ အလယ်၌ ရေနောက်၍ ကမ်းစပ်အနား၌ ရေသည် ကြည်လင်နေသည်ကို မြင်မက်သော

http://www.dhammadownload.com

ကိုးခုမြောက်အိပ်မက်သည် နောက်နောင်အခါကာလ၌ မင်းတို့သည် တရားမစောင့်ကြ၊ ရွာ နိဂုံး မြို့တို့၌ နေကုန်သော လူတို့သည် အခွန်အတုတ်များ နှိပ်စက်သဖြင့် ရွာ နိဂုံး မြို့ကြီး အရပ်ကို စွန့်၍ ရွာစွန်ရွာဖျားအရပ်သို့ ပြောင်းရွှေ့နေထိုင်ကြကုန်လိမ့်မည် ဟူသော အကျိုး ဖြစ်အံ့၊ ၁၀။ ထမင်းအိုး တစ်အိုးထဲ၌ အကျက်မညီဘဲ သုံးမျိုးသုံးစား ကွဲပြားစွာ ကျက်နေသော ထမင်းအိုးကို မြင်မက်သော ဆယ်ခုမြောက်အိပ်မက်သည် နောက်နောင်အခါ ကာလ၌ မင်းတို့သည် တရားမစောင့်ကြကုန်၊ မင်းတို့ တရားမစောင့်ကုန်သော် ပုဏ္ဏားသူကြွယ်စသော လူအများတို့သည်လည်း တရားမစောင့်ကြ၊ ထိုသို့ လူတို့သည် တရားမစောင့်သဖြင့် လေတို့သည် ပုံမှန်မတိုက်ခတ်၊ လေကြမ်းများ တိုက်ခတ်သဖြင့် နတ်ဗိမာန်တို့သည် တုန်လှုပ် ကြကုန်၏၊ နတ်တို့သည် စိတ်ဆိုး၍ မိုးကို ကောင်းစွာ ရွာသွန်းမှု မပြုကြ၊ ကွက်ကျားမိုး ရွာသဖြင့် စပါးကောင်းတဲ့အရပ်၌ ကောင်း, စပါးပျက်သော အရပ်၌ ပျက်ကြကုန်လိမ့်မည် ဟူသော အကျိုး ဖြစ်အံ့၊ ၁၁။ အဖိုးတစ်သိန်းထိုက်တန်သော စန္ဒကူးနှစ်ကို ရက်တက်ပုပ် ရေဖြင့် ရောင်းနေသည်ကို မြင်မက်သော တစ်ဆယ့်တစ်ခုမြောက်အိပ်မက်သည် နောက်နောင်အခါ ကာလ၌ သာသနာတော် ဆုတ်ယုတ်လတ်သော် ပစ္စည်းဥစ္စာ၌ လျှပ်ပေါလော်လည်ကုန်သော အရှက်မရှိကုန်သော ရဟန်းတို့သည် များပြားကုန်လိမ့်မည်၊ ပစ္စည်းဥစ္စာကြောင့် တရားဟော, တရားပြကြကုန်လိမ့်မည် ဟူသော အကျိုးဖြစ်အံ့၊ ၁၂။ ရေ၌ နစ်မြုပ်ကုန်သော အချည်းနှီး ကုန်သော ဗူးတောင်းတို့ကို မြင်မက်သော တစ်ဆယ့်နှစ်ခုမြောက် အိပ်မက်သည် တရား မစောင့်ကုန်သော မင်းတို့၏ အခါကာလ၌ အမျိုးဇာတ်နှင့် ပြည့်စုံကုန်သော သူတို့အား အခြံအရံ စည်းစိမ်မပေးဘဲ အမျိုးယုတ်ကုန်သော သူတို့အားသာလျှင် စည်းစိမ်အခြံအရံကို ပေးကုန် လိမ့်မည်၊ အမျိုးယုတ်သူတို့က အစိုးရသဖြင့် အမျိုးယုတ်သူတို့၏ စကားသည် အတည်ဖြစ် ကုန်လိမ့်မည်၊ ရဟန်းတို့၌ သီလမရှိကုန်သော ရဟန်းယုတ်တို့၏ စကားသည်သာလျှင် သံဃာ့အမှုကိစ္စတို့၌ အတည်ဖြစ်ကုန်လိမ့်မည်ဟူသော အကျိုးဖြစ်အံ့၊ ၁၃။ တန်ဆောင်း ပြာသာဒ်ခန့် အတိုင်းအရှည်ရှိသော တစ်ခဲနက်သော ကျောက်ဖျာကြီးသည် ရေ၌ ပေါလော ပေါနေသည်ကို မြင်မက်သော တစ်ဆယ့်သုံးခုမြောက်အိပ်မက်သည် နောက်နောင်သော အခါကာလ၌ တရားမစောင့်ကုန်သော မင်းတို့သည် သူယုတ်တို့အား ချီးမြှောက်ထောက်ပံ့မှု ပြု၍ လူယုတ်တို့သည် ချမ်းသာကာ အစိုးရလာသဖြင့် လူကောင်းလူမှန်တို့၏ ပြောစကားသည် အရာမဝင် ဖြစ်လာလိမ့်မည်၊ ရဟန်းတို့၌လည်း ရဟန်းကောင်းတို့၏ ပြောစကားသည် ရဟန်း တို့၏ အလယ်၌ အရာမဝင် ဖြစ်လာလိမ့်မည် ဟူသော အကျိုးဖြစ်အံ့၊ ၁၄။ သစ်မည်**စည်ပွင့်** ပမာဏ ရှိကုန်သော ဖားမငယ်တို့သည် မြွေဟောက်ကြီးတို့ကို လျင်စွာလိုက်၍ ကိုက်စား နေသည်တို့ကို မြင်မက်သော တစ်ဆယ့်လေးခုမြောက်အိပ်မက်သည် လောကသည် ဆုတ်ယုတ် လတ်သော် လူတို့သည် ကိလေသာ ပြင်းထန်လာကုန်၍ ကိလေသာ၏ အလိုသို့ လိုက်ကာ ယောကျ်ားကြီးတို့သည် ငယ်ရွယ်သော မိန်းမတို့ကို ယူ၍ မိန်းမတို့၏ အလိုသို့ လိုက်ကြ ရကုန်လိမ့်မည်၊ ၎င်းတို့၏ ငယ်ရွယ်သော မိန်းမတို့သည် ထိုယောကျ်ားတို့၏ ပစ္စည်းဥစ္စာ တို့ကို အကုန်သိမ်းပိုက်ယူ၍ မောင်ပိုင်စီးကြလိမ့်မည်ဟူသော အကျိုးဖြစ်ပေါ်အံ့၊ ၁၅။ ရွာ၌ ကျက်စားသော ကျီးကန်းကို ရွှေဟင်္သာငှက်တို့က ခြိုရံနေသည်တို့ကို မြင်မက်သော တစ်ဆယ့် ငါးခုမြောက်အိပ်မက်သည် စွမ်းအားနည်းပါးသော မင်းတို့၏ လက်ထက်အခါ၌ မင်းတို့သည်

http://www.dhammadownload.com

စစ်တိုက်ခြင်း၌ မစွမ်းနိုင်သဖြင့် မိမိနှင့်ဇာတ်တူ အမျိုးကောင်းသားတို့အား အစိုးရမှုကို မပေးဘဲ မိမိခြေရင်း၌ ခစားအလုပ်လုပ်ကြသော ဆေတ္တာသည်စသော သူတို့အား အစိုးရမှုကို ပေးကုန်အံ့၊ အမျိုးကောင်းသားတို့သည် မင်းအိမ်၌တည်ရာမရသော်အသက်မွေးမှုခက်ခဲလာသဖြင့် အစိုးရမှု၌ ကြီးစိုးကြကုန်သော အမျိုးဇာတ်ယုတ်နိမ့်ကြကုန်သော သူတို့ကို လုပ်ကျွေးခစားကုန်လျက် နေကြရကုန်လိမ့်မည် ဟူသော အကျိုးဖြစ်ပေါ်အံ့၊ ၁၆။ ဆိတ်ထီးတို့သည် ကျားသစ်တို့ကို လိုက်၍ ကိုက်စားနေသည်တို့ကို မြင်မက်သော တစ်ဆယ့်ခြောက်ခုမြောက်သော အိပ်မက်သည် တရားမစောင့်သော မင်းတို့၏ အခါကာလ၌ မင်းနှင့် အကျွမ်းဝင်ကုန်သော လူယုတ်တို့သည် အမျိုးဇာတ်မြင့်မြတ်သော လူကောင်းလူမှန်တို့၏ အမျိုးအဆက်အဆက်မှ ပိုင်ဆိုင်လာသော လယ်ယာမြေတို့ကို လုယက်အပိုင်စီးကြကုန် လိမ့်မည်၊ ရဟန်းတို့တွင်လည်း သီလမဲ့ ရဟန်းယုတ်တို့သည် သီလရှိကုန်သော ရဟန်းတို့ကို နှိပ်စက်အနိုင်ကျင့် ကုန်လိမ့်မည်ဟူသော အကျိုးဖြစ်အံ့။ (သာရတ္ထ၊ဋီ၊၂။၃၀၅-၃၀၆။)

ကောသလမင်းအိပ်မက်ထဲ၌ ကြားရသော အသံကြီး ၄ မျိုး ၁။ ဒု- ဟူသော အသံ (ဒုဇ္ဈိဝိတမဇီဝိမှာ စသော ဂါထာ၏ အစအကွရာ။) ၂။ သ- ဟူသော အသံ (သဋ္ဌိဝဿ သဟဿာနိ စသော ဂါထာ၏ အစအကွရာ။)၊ ၃။ န- ဟူသော အသံ (နတ္ထိ အန္တော ကုတော အန္တော စသော ဂါထာ၏ အစအကွရာ။)၊ ၄။ သော- ဟူသော အသံ (သောဟံ နုန ကွတော ဂန္ဓာ စသော ဂါထာ၏ အစအကွရာ။)။ (သံ၊ဋ္ဌ၊၁။၁၃၂။)

ကောသိယသိက္ခာပုဒ်၌ အဂ်ါ ၃ မျိုး ၁။ ပိုးချည်မျှင်တို့ ရောနှောနေသည် ဖြစ်ခြင်း၊ ၂။ မိမိ၏ အကျိုးငှာ အခင်းကို ပြုလုပ်ခြင်း, ပြုလုပ်စေခြင်း၊ ၃။ အခင်းကို ရရှိလာခြင်း။ (သာရတ္ထ၊ဋီ၊၂။ ၄၁၃။) (ဝိမတိ၊၁။၃၃၃။)

ကောသမ္မိပြည်၌ ကျောင်းကြီး ၃ ကျောင်း ၁။ ဃောသိတသူဋ္ဌေး ဆောက်လုပ်လှူဒါန်းထားသော ဃောသိတာရုံကျောင်း၊ ၂။ ကုက္ကုဋ္ဌသူဋ္ဌေး ဆောက်လုပ်လှူဒါန်းထားသော ကုက္ကုဋ္ဌာရုံကျောင်း၊ ၃။ မိမိ၏ သရက်ဥယျာဉ်ထဲ၌ ပါဝါရိကသူဋ္ဌေး ဆောက်လုပ်လှူဒါန်းထားသော ပါဝါရိကမ္ဗဝန ကျောင်း။ (ဒီ၊ဋ္ဌ၊၁။၂၈၅။) (ပဋိသံ၊ဋ္ဌ၊၂။၁၈၆။) (ဓမ္မ၊ဋ္ဌ၊၁။၁၃၃။) (ဒီ၊ဋ္ဌ၊မြန်၊၁။၅၅၃။)

ကောသမ္မိပြည်၌ ပညတ်အပ်သော သိက္ခာပုဒ် ၈ ပုဒ် ၁။ မဟာလွကဝိဟာရ သိက္ခာပုဒ်၊ ၂။ ဒုဗ္ဘစ သိက္ခာပုဒ်၊ ၃။ အညဝါဒက သိက္ခာပုဒ်၊ ၄။ ယာဝဒွါရကောသ သိက္ခာပုဒ်၊ ၅။ သုရာပါန သိက္ခာပုဒ်၊ ၆။ သဟဓမ္မိက သိက္ခာပုဒ်၊ ၈။ သုရသုရကာရက သိက္ခာပုဒ်။ (ဝိ၊၅။၂၅၆။) (ဝိ၊မြန်၊ ၅။၃၄၉။)

ကောသမ္မိပြည်၌ သူဋ္ဌေးကြီး ၃ ဦး ၁။ ဃောသိတသူဋ္ဌေး၊ ၂။ ကုက္ကုဋ္ဌသူဋ္ဌေး၊ ၃။ ပါဝါရိကသူဋ္ဌေး။ (ဒီ၊ဋ္ဌ၊၁။၂၈၄။) (မ၊ဋ္ဌ၊၂။၂၈၈။) (ပဋိသံ၊ဋ္ဌ၊၂။၁၈၅။) (ဓမ္မ၊ဋ္ဌ၊၁။၁၃၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၅၅၃။)

ကောသမ္မိပြည် ပရိဗိုဇ်ရဟန်း ၂ ပါး ၁။ မုဏ္ဍိယ ပရိဗိုဇ်၊ ၂။ ဇာလိယ ပရိဗိုဇ်။ (ဒီ၊ဋ္ဌ၊၁။၂၈၅။) (ဒီ၊ဋ္ဌ၊မြန်၊ ၁။၅၅၃။)

ကံ ၂ ပါး ၁။ အပလောကနကံ- သံဃာအား ပန်ကြားခြင်း အမှုကိစ္စ၊ ၂။ ဉတ္တိကံ- သံဃာအား ဉတ်ကမ္မဝါစာဖြင့် သိစေအပ်သော အမှုကိစ္စ။ (ဝိ၊၅။၂၁၃။) (ဝိ၊မြန်၊၅။၂၉၇။)

http://www.dhammadownload.com

ကံ ၂ ပါး ၁။ ဥတ္တိဒုတိယကံ= သံဃာအား ဥတ်လျှင် နှစ်ကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် သိစေအပ်သော အမှုကိစ္စ၊ ၂။ ဥတ္တိစတုတ္ထကံ = သံဃာအား ဥတ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် သိစေအပ်သော အမှုကိစ္စ။ (ဝိ၊၅။၂၁၃။) (ဝိ၊မြန်၊၅။၂၉၇။)

ကံ ၃ ပါး ၁။ ကာယကံ၊ ၂။ ဝစီကံ၊ ၃။ မနောကံ။ (အဘိ၊ဋ္ဌ၊၁။၁၃၀။)

ကံ ၄ ပါး ၁။ အပလောကနကံ= သံဃာအား ပန်ကြားခြင်း အမှုကိစ္စ၊ ၂။ ဥတ္တိကံ= သံဃာအား ဥတ်ကမ္မဝါစာဖြင့် သိစေအပ်သော အမှုကိစ္စ၊ ၃။ ဥတ္တိဒုတိယကံ= သံဃာအား ဥတ်လျှင် နှစ်ကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် သိစေအပ်သော အမှုကိစ္စ၊ ၄။ ဥတ္တိစတုတ္ထကံ= သံဃာအား ဥတ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် သိစေအပ်သော အမှုကိစ္စ။ (ဝိ၊၅။၂၂၆။) (ဝိ၊၅။၃၈၀။) (ဝိ၊၅။၃၈၂။) (ဝိ၊ဋ္ဌ၊၂။၁၈၁။) (ဝိ၊မြန်၊၅။၃၁၄။) (ဝိ၊မြန်၊၅။၄၈၄။) (ဝိ၊မြန်၊၅။၄၈၆။)

ကံ ၄ ပါး ၁။ အဓမ္မဖြင့် ဝဂ်ဖြစ်သော ကံ၊ ၂။ အဓမ္မဖြင့် ညီညွတ်သော ကံ၊ ၃။ ဓမ္မဖြင့် ဝဂ်ဖြစ်သော ကံ၊ ၄။ ဓမ္မဖြင့် ညီညွတ်သော ကံ။ (ဝိ၊၅။၂၂၆။) (ဝိ၊မြန်၊၅။၃၁၄။)

ကံ ၄ ပါး ၁။ မည်းညစ်၍ မည်းညစ်သည့် အကျိုးကိုပေးသော ကံ၊ ၂။ ဖြူစင်၍ ဖြူစင်သည့် အကျိုးကိုပေးသော ကံ၊ ၃။ မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သည့် အကျိုးကိုပေးသော ကံ၊ ၄။ မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးကိုပေးသော ကံ။ (ဒီ၊၃။၁၉၂။) (ဒီ၊မြန်၊၃။၂၁၄။)(အံ၊၁။၅၅၃။) (အဘိ၊ဋ္ဌ၊၁။၁၃၁။) (အံ၊မြန်၊၁။၅၆၈။)

ကံ ၄ ပါး ၁။ ပစ္စုပ္ပန်ဘဝ၌ ချမ်းသာ၍ နောင်တမလွန်ဘဝ၌ ဆင်းရဲကျိုးပေးမည့် ကံ၊ ၂။ ပစ္စုပ္ပန်ဘဝ၌ ဆင်းရဲ၍ နောင်တမလွန်ဘဝ၌ ချမ်းသာကျိုးပေးမည့် ကံ၊ ၃။ ပစ္စုပ္ပန်ဘဝ၌ ဆင်းရဲ၍ နောင်တမလွန်ဘဝ၌လည်း ဆင်းရဲကျိုးပေးမည့် ကံ၊ ၄။ ပစ္စုပ္ပန်ဘဝ၌ ချမ်းသာ၍ နောင် တမလွန်ဘဝ၌လည်း ချမ်းသာကျိုးပေးမည့် ကံ။ (နေတ္တိ၊ဋ္ဌ၊၊၈၂။)

ကံ ၄ ပါး ၁။ မည်းညစ်သော အကုသိုလ်အကျိုးကို ဖြစ်စေတတ်သော ကံ၊ ၂။ ဖြူစင်သော ကုသိုလ်အကျိုးကို ဖြစ်စေတတ်သော ကံ၊ ၃။ မည်းလည်းမည်း, ဖြူလည်းဖြူသော ကုသိုလ်-အကုသိုလ်အကျိုးကို ဖြစ်စေတတ်သော ကံ၊ ၄။ မည်းလည်းမမည်း, ဖြူလည်းမဖြူသော မြတ်သော အရဟတ္တဖိုလ်အကျိုးကို ဖြစ်စေတတ်သော ကံ။ (နေတ္တိ၊ဋ္ဌ၊၊၁၃၇။)

ကံ ၄ ပါး ၁။ ဒိဋ္ဌမ္မဝေဒနီယကံ- မျက်မှောက်ဘဝ အကျိုးပေးသော ပထမဇောစေတနာ၊ ၂။ ဥပပဇ္ဇဝေဒနီယကံ- ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇောစေတနာ၊ ၃။ အပရာပရိယာယဝေဒနီယကံ- တတိယဘဝမှ စ၍ နိဗ္ဗာန်တိုင်အောင် အကျိုးပေးသော အလယ်ဇော စေတနာ ငါးပါး၊ ၄။ အဟောသိကမ္မံ- ကံမည်ရုံမျှသာ ဖြစ်၍ အကျိုးမပေးသော ကံ။ (ပဋိသံ၊ဋ္ဌ၊၂။၁၇၆။) (ဝိသုဒ္ဓိ၊၂။၂၃၅။)

ကံ ၄ ပါး ၁။ ယဂ္ဃကံ- ရွေးဦးစွာ အကျိုးပေးသော အကုသိုလ်အဖို့၌ မာတုဃာတက စသော အနန္တရိယကံ, ကုသိုလ်အဖို့၌ မဟဂ္ဂုတ်ကံ၊ ၂။ ယဗ္ဘဟုလကံ- ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော သုသီလျှ, ဒုဿီလျှဖြစ်သော ကံ၊ ၃။ ယဒါသန္နကံ- သေခါနီးအခါ၌ အောက်မေ့အပ်သော ကံ, ပြုလုပ် အားထုတ်အပ်သော ကံ၊ ၄။ ကဋတ္တာကံ- အထက်ပါ ကံသုံးပါးတို့ အလွတ်ဖြစ်သော ပဋိသန္ဓေကျိုးကို ပေးစွမ်းနိုင်သော ကံ။ (ပဋိသံ၊ဋ္ဌ၊၂။၁၇၆။) (ဝိသုဒ္ဓိ၊၂။၂၃၆။)

http://www.dhammadownload.com

ကဲ့ ၄ ပါး ၁။ ဇနကကဲ့- ပဋိသန္ဓေကျိုး, ပဝတ္တိကျိုးကို ဖြစ်စေတတ်သော ကံ၊ ၂။ ဥပတ္ထမ္ဘကကဲ့- ဇနကကံကို မြဲမြံရှည်ဝေး အကျိုးပေးအောင် ထောက်ပံ့တတ်သော ကံ၊ ၃။ ဥပပီဠကကဲ့- ဇနကကံ၏ အကျိုးပေးမှုကို မထက်သန်အောင် ကပ်၍ နှိပ်စက်တတ်သော ကံ၊ ၄။ ဥပဃာတကကဲ့- အားနည်းသော ကံ၏ ဇနကသတ္တိကို ကပ်၍ သတ်ဖြတ်တတ်သော ကံ။ (မ၊၌၊၄။၁၇၇။) (ဝိသုဒ္ဓိ၊၂။၂၃၆။) (ပဋိသံ၊၌၊၂။၁၇၆။)

ကဲ့ ၅ ပါး ၁။ တန္တိနီယကံ- ရဟန်းမိုက်အား ကြိမ်းမောင်း, ခြိမ်းခြောက်, ငေါက်ငမ်းခြင်းကို ပြုလုပ်အပ်သော ဝိနည်းကံ၊ ၂။ နိယဿကံ= ရဟန်းမိုက်အား နှိပ်ကွပ်ဖိနှိပ်ကြောင်းဖြစ်သော, ဆည်းကပ်စေကြောင်း ဖြစ်သော ဝိနည်းကံ၊ ၃။ ပဗ္ဗာဇနီယကံ- ရဟန်းမိုက်အား နှင်ထုတ်ကြောင်းဖြစ်သော ဝိနည်းကံ၊ ၄။ ပဋိသာရဏီယကံ- ရဟန်းမိုက်အား အဖန်တလဲလဲ အောက်မေ့စေကြောင်းဖြစ်သော ဝိနည်းကံ၊ ၅။ ဥက္ခေပနီယကံ- ရဟန်းမိုက်အား သံဃာ့ဘောင်မှ နှင်ထုတ်ကြောင်းဖြစ်သော ဝိနည်းကံ။ (ဝိ၊၌၊၄။၁၇၃။)

ကဲ့ ၆ ပါး ၁။ အဓမ္မေန ဝဂ္ဂကံ- မတရားသဖြင့် အုပ်စုဖြစ်သော အမှုကိစ္စ၊ ၂။ အဓမ္မေန သမဂ္ဂကံ- မတရားသဖြင့် ညီညွတ်သော အမှုကိစ္စ၊ ၃။ ဓမ္မပဋိရူပကေန ဝဂ္ဂကံ- တရားနှင့် လျော်ညီသဖြင့် အုပ်စုဖြစ်သော အမှုကိစ္စ၊ ၄။ ဓမ္မပဋိရူပကေန သမဂ္ဂကံ- တရားနှင့် လျော်ညီသဖြင့် ညီညွတ်သော အမှုကိစ္စ၊ ၅။ ဓမ္မေန ဝဂ္ဂကံ- တရားသဖြင့် အုပ်စုဖြစ်သော အမှုကိစ္စ၊ ၆။ ဓမ္မေန သမဂ္ဂကံ- တရားသဖြင့် ညီညွတ်သော အမှုကိစ္စ။ (ဝိ၊၌၊၄။၂၃၅။)

ကဲ့ ၁၂ ပါး (ပဋိသမ္ဘိဒါမဂ်နည်း) ၁။ အဟောသိ ကမ္မံ အဟောသိ ကမ္မဝိပါကော- အတိတ်ဘဝ၌ အားထုတ်ခဲ့ပြီး၍ အတိတ်ဘဝ၌ပင် အကျိုးပေးပြီးသော ကံ၊ ၂။ အဟောသိ ကမ္မံ နာဟောသိ ကမ္မဝိပါကော- အတိတ်ဘဝ၌ အားထုတ်ခဲ့ပြီး အတိတ်ဘဝ၌ အကျိုးပေးခွင့်မရသော ကံ၊ ၃။ အဟောသိ ကမ္မံ အတ္ထိ ကမ္မဝိပါကော- အတိတ်ဘဝ၌ အားထုတ်ခဲ့ပြီး၍ ယခု ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးခွင့်ရသော ကံ၊ ၄။ အဟောသိ ကမ္မံ နတ္ထိ ကမ္မဝိပါကော- အတိတ်ဘဝ၌ ကြိုးစားအားထုတ်ခဲ့ပြီး၍ ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးခွင့် မရရှိသော ကံ၊ ၅။ အဟောသိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော- အတိတ်ဘဝ၌ အားထုတ်ခဲ့ပြီး အနာဂတ်ဘဝ၌ အကျိုးပေးခွင့် ရရှိလတ္တံ့သော ကံ၊ ၆။ အဟောသိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော- အတိတ်ဘဝ၌ ကြိုးစားအားထုတ်ခဲ့ပြီး၍ အနာဂတ်ဘဝ အကျိုးပေးခွင့် မရရှိလတ္တံ့သော ကံ၊ ၇။ အတ္ထိ ကမ္မံ အတ္ထိ ကမ္မဝိပါကော- ယခုဘဝ၌ ပြုလုပ် အားထုတ်ပြီးလျှင် ယခုဘဝ၌ပင် အကျိုးပေးခွင့် ရရှိသော ကံ၊ ၈။ အတ္ထိကမ္မံ နတ္ထိ ကမ္မဝိပါကော- ယခုဘဝ၌ ပြုလုပ်အားထုတ်ပြီးလျှင် ယခုဘဝ၌ပင် အကျိုးပေးခွင့် မရရှိသော ကံ၊ ၉။ အတ္ထိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော- ယခုဘဝ၌ ပြုလုပ်အားထုတ်ပြီးလျှင် နောင်အနာဂတ်ဘဝ၌ အကျိုးပေးခွင့် ရရှိလတ္တံ့သော ကံ၊ ၁၀။ အတ္ထိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော- ယခုဘဝ၌ ပြုလုပ်အားထုတ်ပြီး နောင်အနာဂတ်ဘဝ၌ အကျိုးပေးခွင့် မရရှိလတ္တံ့သော ကံ၊ ၁၁။ ဘဝိဿတိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော- အနာဂတ်ဘဝ၌ ပြုလုပ် အားထုတ်လတ္တံ့ဖြစ်၍ အနာဂတ်ဘဝ၌ပင် အကျိုးပေးလတ္တံ့ဖြစ်သော ကံ၊ ၁၂။ ဘဝိဿတိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော- အနာဂတ်ဘဝ၌ ပြုလုပ် အားထုတ်လတ္တံ့ဖြစ်၍ အနာဂတ်ဘဝ၌ အကျိုးပေးခွင့် မရရှိ လတ္တံ့သော ကံ။ (အံ၊၌၊၂။၁၁၃။)

http://www.dhammadownload.com

ကံ ၁၁ ပါး (သုတ္တန်နည်း) ၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ– ဤပစ္စုပ္ပန်ဘဝ၌ပင် အကျိုးပေးသော ပထမဇော စေတနာကံ၊ ၂။ ဥပပဇ္ဇဝေဒနီယကံ– ဒုတိယဘဝ၌ အကျိုးပေးသော သတ္တမဇော စေတနာကံ၊ ၃။ အပရာပရိယဝေဒနီယကံ– တတိယဘဝမှ နိဗ္ဗာန်အထိ အကျိုးပေးသော အလယ်ဇော ငါးချက် စေတနာကံ၊ ၄။ ယဂ္ဃရုကကံ– ကုသိုလ်ဘက်၌ ကြီးလေးသော မဟဂ္ဂုတ် ကံ, အကုသိုလ်ဘက်၌ အနန္တရိယကံ၊ ၅။ ယဗဟုလကံ– ကြိမ်ဖန်များစွာ ပြုလုပ်အပ်သော ကုသိုလ် အကုသိုလ်ကံ၊ ၆။ ယဒါသန္နကံ– သေခါနီးအခါ၌ ပြုလုပ်အပ်သော ကုသိုလ်ကံ အကုသိုလ်ကံနှင့် ၎င်းတို့ကို သတိရသော ကံ၊ ၇။ ကဋတ္တာကံ– ဂရုကစသော ကံသုံးပါးမှ လွတ်သော အမှတ်တမဲ့ပြုအပ်သော ကံ၊ ၈။ ဇနကကံ– ပဋိသန္ဓေအကျိုးကို ပေး၍ ပဝတ္တိအကျိုးကို မပေးသော ကံ၊ ၉။ ဥပတ္ထမ္ဘကကံ– ဇနကကံကို အကျိုးပေးခွင့်ရအောင် ကူညီထောက်ပံ့တတ်သော ကံ၊ ၁၀။ ဥပပီဠကကံ– ကပ်၍ ဖိစီးနှိပ်စက်နှောက်ယှက် တားမြစ်တတ်သော ကံ၊ ၁၁။ ဥပဃာတကကံ– ကပ်၍ တားမြစ် သတ်ဖြတ်တတ်သော ကံ။ (အံ၊၆၊၂။၁၀၄။)

ကံ ၁၆ ပါး (အဘိဓမ္မာနည်း) ၁။ ဂတိသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးမပေးသော အကုသိုလ်ကံ၊ ၂။ ဥပဓိသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးမပေးသော အကုသိုလ်ကံ၊ ၃။ ကာလသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးမပေးသော အကုသိုလ်ကံ၊ ၄။ ပယောဂသမ္ပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးမပေးသော အကုသိုလ်ကံ၊ ၅။ ဂတိဝိပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော အကုသိုလ်ကံ၊ ၆။ ဥပဓိဝိပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော အကုသိုလ်ကံ၊ ၇။ ကာလဝိပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော အကုသိုလ်ကံ၊ ၈။ ပယောဂဝိပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော အကုသိုလ်ကံ၊ ၉။ ဂတိဝိပတ္တိ၏ တားမြစ်ချက်ကြောင့် အကျိုးမပေးသော ကုသိုလ်ကံ၊ **၁၀။ ဥပဓိဝိပတ္တိ၏** တားမြစ်ချက်ကြောင့် အကျိုးမပေးသော ကုသိုလ်ကံ၊ ၁၁။ ကာလဝိပတ္တိ၏ **တားမြစ်ချက်ကြောင့်** အကျိုးမပေးသော ကုသိုလ်ကံ၊ ၁၂။ ပယောဂဝိပတ္တိ၏ တားမြစ်ချက်ကြောင့် **အကျိုးမပေးသော** ကုသိုလ်ကံ၊ ၁၃။ ဂတိသမ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော ကုသိုလ်ကံ၊ ၁၄။ ဥပဓိသမ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော ကုသိုလ်ကံ၊ ၁၅။ ကာလသမ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော ကုသိုလ်ကံ၊ ၁၆။ ပယောဂသမ္ပတ္တိကို အကြောင်းပြု၍ အကျိုးပေးတတ်သော ကုသိုလ်ကံ။ (အံ၊၆၊၂။၁၁၁။)

ကံ ကိလေသာ ၄ ပါး ၁။ အသက်သတ်ခြင်း၊ ၂။ မပေးသည်ကို ယူခြင်း၊ ၃။ သူတစ်ပါး၏ သားမယား၌ သွားလာခြင်း၊ ၄။ မဟုတ်မမှန် ပြောကြားခြင်း။ (ဒီ၊၃။၁၄၇။) (ဒီ၊မြန်၊၃။၁၆၄။)

ကံကို ဖြစ်စေသော အကြောင်း ၆ ပါး ၁။လောဘ– လိုချင်ခြင်း၊ ၂။ဒေါသ– ပြစ်မှားခြင်း၊ ၃။ မောဟ– တွေဝေခြင်း၊ ၄။ အလောဘ– မလိုချင်ခြင်း၊ ၅။ အဒေါသ– မပြစ်မှားခြင်း၊ ၆ အမောဟ– မတွေဝေခြင်း။ (အံ၊၂။၂၉၇။) (အံ၊မြန်၊၂။၃၈၂–၃၈၃။)

ကံကို မငြိမ်းစေသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အာပတ်သို့ ရောက်သောကြောင့် ကံပြုအပ်လျက် ဥပဇ္ဈာယ်ပြု၍ ပဋိညာဉ်ခံပေးခြင်း၊ ၂။ မှီရာနိဿယညှိပေးခြင်း၊ ၃။ သာမဏေကို လုပ်ကျွေးစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမခြင်း (သမ္မုတိ) ကို သာယာခြင်း၊ ၅။ သမ္မုတိရ၍လည်း ရဟန်းမတို့ကို ဆုံးမ၏။ (ဝိ၊၅။၃၁၆။) (ဝိ၊မြန်၊၅။၄၁၅။) (ဝိ၊၅။၃၁၇။) (ဝိ၊မြန်၊၅။၄၁၆)

http://www.dhammadownload.com

ကံကို မငြိမ်းစေသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ သံဃာက ကံပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်ခြင်း၊ ၂။ အခြား ထိုသို့ သဘောရှိသော အာပတ်သို့လည်း ရောက်ခြင်း၊ ၃။ ထိုအာပတ် အောက် ယုတ်ညံ့သော အာပတ်သို့လည်း ရောက်ခြင်း၊ ၄။ ကံကို ကဲ့ရဲ့ခြင်း၊ ၅။ ကံပြုသော ပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ခြင်း။ (ဝိ၅။၃၁၇။) (ဝိ၊မြန်၊၅။၄၁၆။)

ကံကို မငြိမ်းစေသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၂။ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၃။ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၄။ မှားသော အယူ ရှိခြင်း၊ ၅။ အသက်မွေးဝမ်းကျောင်း ပျက်စီးခြင်း။ (ဝိ၅။၃၁၇။) (ဝိ၊မြန်၊၅။ ၄၁၆။)

ကံကို မငြိမ်းစေသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အရှက် မရှိခြင်း၊ ၂။ မိုက်ခြင်း၊ ၃။ ပကတိသီလ မရှိခြင်း၊ ၄။ နှိပ်စက်၍ ပြုတတ်ခြင်း၊ ၅။ ကျင့်ဝတ်သိက္ခာတို့ကို ဖြည့်ကျင့်လေ့ မရှိခြင်း။ (ဝိ၅။ ၃၁၈။) (ဝိ၊မြန်၊၅။၄၁၆။)

ကံကြောင့်ဖြစ်သော ရုပ် ၈ မျိုး ၁။ စက္ခာယတန– စက္ခုပသာဒရုပ်၊ ၂။ သောတာယတန– သောတပသာဒရုပ်၊ ၃။ ဃာနာယတန– ဃာနပသာဒရုပ်၊ ၄။ ဇိဝှာယတန– ဇိဝှာပသာဒရုပ်၊ ၅။ ကာယာယတန– ကာယပသာဒရုပ်၊ ၆။ ဣတ္ထိန္ဒြေ– ဣတ္ထိဘာဝရုပ်၊ ၇။ ပုရိသိန္ဒြေ– ပုမ္ဘာဝရုပ်၊ ၈။ ဇီဝိတိန္ဒြေ–ဇီဝိတရုပ်။ (မ၊ဋီ၊၂။၁၉၅။)

ကံပျက်ကြောင်း ၁၁ ပါး (သိမ်ကြောင့် ကံပျက်ကြောင်း ၁၁ ပါး) ၁။ အလွန်ငယ်သော သိမ်ကို သမုတ်ခြင်း၊ ၂။ အလွန်ကြီးသော သိမ်ကို သမုတ်ခြင်း၊ ၃။ နီမိတ်ပြတ်သော သိမ်ကို သမုတ်ခြင်း၊ ၄။ အရိပ်ကို နိမိတ်ပြု၍ သမုတ်ခြင်း၊ ၅။ သိမ်ပဋ္ဌ တည်လျက် သိမ်ကို သမုတ်ခြင်း၊ ၆။ မြစ်၌ သိမ်ကို သမုတ်ခြင်း၊ ၇။ သမုဒ္ဒရာ၌ သိမ်ကို သမုတ်ခြင်း၊ ၈။ ထုံးအိုင် (ဇာတသရ)၌ သိမ်ကို သမုတ်ခြင်း၊ ၉။ သိမ်အချင်းချင်း စပ်၍ သမုတ်ခြင်း၊ ၁၀။ သိမ်တစ်ပါးဖြင့် သိမ်တစ်ပါးကို ဖုံးလွှမ်းခြင်း။ (ဝိ၅။၃၈၁။) (ဝိ၅။၃၈၃။) (ဝိ၊မြန်၊၅။၄၈၅။)

ကံပျက်ကြောင်း အခြင်းအရာ ၅ ပါး ၁။ ဝတ္ထုကြောင့် ပျက်ခြင်း၊ ၂။ ဥတ်ကြောင့် ပျက်ခြင်း၊ ၃။ ကမ္မဝါစာကြောင့် ပျက်ခြင်း၊ ၄။ သိမ်ကြောင့် ပျက်ခြင်း၊ ၅။ ပရိသတ်ကြောင့် ပျက်ခြင်း။ (ဝိ၅။၃၈၀။) (ဝိ၅။၃၈၂။) (ဝိ၊မြန်၊၅။၄၈၄။) (ဝိ၊မြန်၊၅။၄၈၆။)

ကံပျက်ကြောင်း အခြင်းအရာ ၅ ပါး (ဥတ်ကြောင့် ကံပျက်ကြောင်း အခြင်းအရာ ၅ ပါး) ၁။ ဝတ္ထုကို မသုံးသပ်ခြင်း၊ ၂။ သံဃာကို မသုံးသပ်ခြင်း၊ ၃။ ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း၊ ၄။ ဥတ်ကို မသုံးသပ်ခြင်း၊ ၅။ နောက်မှ ဥတ်ကို ထားခြင်း။ (ဝိ၅။၃၈၀။) (ဝိ၅။၃၈၂။) (ဝိ၊မြန်၊၅။၄၈၄။) (ဝိ၊မြန်၊ ၅။၄၈၇။)

ကံပျက်ခြင်း ၅ ပါး (ကမ္မဝါစာကြောင့် ကံပျက်ခြင်း ၅ ပါး) ၁။ ဝတ္ထုကို မသုံးသပ်ခြင်း၊ ၂။ သံဃာကို မသုံးသပ်ခြင်း၊ ၃။ ပုဂ္ဂိုလ်ကို မသုံးသပ်ခြင်း၊ ၄။ ကမ္မဝါစာကို ယုတ်စေခြင်း၊ ၅။ အခါမဟုတ် သည်၌ ကြားခြင်း။ (ဝိ၅။၃၈၁။) (ဝိ၅။၃၈၂။) (ဝိ၊မြန်၊၅။၄၈၅။) (ဝိ၊မြန်၊၅။၄၈၇။)

ကံပျက်သော အခြင်းအရာ ၁၂ ပါး (ပရိသတ်ကြောင့် ကံပျက်သော အခြင်းအရာ ၁၂ ပါး) ၁။ စတုဝဂ် သံဃာသည် ပြုအပ်သော ကံ၌ ကံအား လျော်ကပ်တော်သော ရဟန်းတို့ မလာကုန်၊

http://www.dhammadownload.com

ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏၊ ၂။ စတုဝဂ်သံဃာသည် ပြုအပ်သော ကံအားလျောက်ပတ်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏၊ ၃။ စတုဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအား လျောက်ပတ်သော ရဟန်းတို့သည် လာကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်၏၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်၏၊ ၄။ ပဉ္စဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအား လျောက်ပတ်သော ရဟန်းတို့ မလာကုန်၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်ခြင်း၊ ၅။ ပဉ္စဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအား လျောက်ပတ်သော ရဟန်းတို့သည် လာကြကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်ခြင်း၊ ၆။ ပဉ္စဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအားလျောက်ပတ်သော ရဟန်းတို့သည် လာကြကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်ကုန်၏၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်ခြင်း၊ ၇။ ဒသဝဂ်သံဃာသည် ပြုအပ်သောကံ၌ ကံအား လျောက်ပတ်သော ရဟန်းတို့ မလာကုန်၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ် ကုန်ခြင်း၊ ၈။ ဒသဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအား လျောက်ပတ်သော ရဟန်းတို့သည် လာကြကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်ခြင်း၊ ၉။ ဒသဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအားလျောက်ပတ်သော ရဟန်းတို့သည် လာကြကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်ကုန်၏၊မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်ခြင်း၊ ၁၀။ ဝီသတိဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအားလျောက်ပတ်သော ရဟန်းတို့ မလာကုန်၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ် ကုန်ခြင်း၊ ၁၁။ ဝီသတိဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအားလျောက်ပတ်သော ရဟန်း တို့သည် လာကြကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်အပ်၊ မျက်မှောက် ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်ခြင်း၊ ၁၂။ ဝီသတိဝဂ်သံဃာသည် ပြုအပ်သော ကံ၌ ကံအား လျောက်ပတ်သော ရဟန်းတို့သည် လာကြကုန်၏၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်ကုန်၏၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ကုန်ခြင်း။ (ဝိ၊၅။ ၃၈၁။) (ဝိ၊၅။၃၈၃။) (ဝိ၊မြန်၊၅။၄၈၅။) (ဝိ၊မြန်၊၅။၄၈၅။)

ကံပြုအပ်သော ရဟန်းမ၏ အင်္ဂါ ၅ ပါး ၁။ ကိုယ်ကို ဖွင့်လှစ်၍ ရဟန်းယောကျ်ားတို့အား ပြခြင်း၊ ၂။ ပေါင်ကို ပြခြင်း၊ ၃။ အင်္ဂါဇာတ်ကို ပြခြင်း၊ ၄။ ပခုံးစွန်း နှစ်ဖက်ကို ပြခြင်း၊ ၅။ ပြက်ရယ်ပြုခြင်း လူတို့ကို (မေထုန်မှီဝဲစိမ့်သောငှာ) ယှဉ်စေခြင်း ။ (ဝိ၊၅။၃၃၉။) (ဝိ၊မြန်၊ ၅။၄၄၃။)

ကံပြုအပ်သော ရဟန်းမ၏ အင်္ဂါ ၅ ပါး ၁။ ရဟန်းယောကျ်ားတို့အား လာဘ် မရစေခြင်းငှာ လုံ့လ ပြုခြင်း၊ ၂။ ရဟန်းယောကျ်ားတို့အား အကျိုးမဲ့စေခြင်းငှာ လုံ့လပြုခြင်း၊ ၃။ ရဟန်းယောကျ်ား တို့အား နေရာ မရစေခြင်းငှာ လုံ့လပြုခြင်း၊ ၄။ ရဟန်းယောကျ်ားတို့အား ဆဲရေး ရေရွတ်ခြင်း၊ ၅။ ရဟန်းမတို့ကို ရဟန်းယောကျ်ားတို့နှင့် ကွဲပြားစေခြင်း။ (ဝိ၊၅။၃၄၀။) (ဝိ၊မြန်၊၅။၄၄၃။)

http://www.dhammadownload.com

ကံပြုအပ်သော ရဟန်းမ၏ အခြားအင်္ဂါ ၅ ပါး ၁။ ရဟန်းယောကျ်ားတို့အား လာဘ်မရ စေခြင်းငှာ လုံ့လပြုခြင်း၊ ၂။ ရဟန်းယောကျ်ားတို့အား နေရာမရစေခြင်းငှာ လုံ့လပြုခြင်း၊ ၃။ ရဟန်းယောကျ်ားတို့အား ဆဲရေး ရေရွတ်ခြင်း၊ ၄။ ရဟန်းမတို့ကို ရဟန်းယောကျ်ားတို့နှင့် ယှဉ်စေခြင်း။ (ဝိ၅။၃၄၀။) (ဝိ၊မြန်၊၅။၄၄၄။)

ကံပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အရှက်မရှိသူ (အလဇ္ဇီ) ဖြစ်ခြင်း၊ ၂။ မိုက်သူ ဖြစ်ခြင်း၊ ၃။ ပကတိသီလ မရှိသူ ဖြစ်ခြင်း၊ ၄။ မှားသော အယူရှိသူ ဖြစ်ခြင်း၊ ၅။ အသက်မွေးဝမ်းကျောင်း ပျက်စီးသူ ဖြစ်ခြင်း။ (ဝိ၅။၃၁၅။) (ဝိ၊မြန်၊၅။၄၁၃။)

ကံပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ လွန်ကဲသော သီလ ပျက်စီးခြင်း၊ ၂။ လွန်ကဲသော အကျင့် ပျက်စီးခြင်း၊ ၃။ လွန်ကဲသော အယူ ပျက်စီးခြင်း၊ ၄။ မှားသော အယူရှိသူ ဖြစ်ခြင်း၊ ၅။ အသက်မွေးဝမ်းကျောင်း ပျက်စီးသူ ဖြစ်ခြင်း။ (ဝိ၅။၃၁၅။) (ဝိ၊မြန်၊၅။၄၁၄။)

ကံပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ကိုယ်၌ ဖြစ်သော မြူတူးခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ နှုတ်၌ ဖြစ်သော မြူးတူးခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ ကိုယ်နှုတ်ဖြစ်သော မြူးတူးခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ မှားသော အယူရှိသူ ဖြစ်ခြင်း၊ ၅။ အသက်မွေးဝမ်းကျောင်း ပျက်စီးသူ ဖြစ်ခြင်း။ (ဝိ၅။၃၁၅။) (ဝိ၊မြန်၊၅။၄၁၄။)

ကံပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ကိုယ်၌ ဖြစ်သော မကောင်းသော အကျင့်နှင့် ပြည့်စုံခြင်း၊ ၂။ နှုတ်၌ဖြစ်သော မကောင်းသော အကျင့်နှင့် ပြည့်စုံခြင်း၊ ၃။ ကိုယ်နှုတ်၌ ဖြစ်သော မကောင်းသော အကျင့်နှင့် ပြည့်စုံခြင်း၊ ၄။ မှားသော အယူ ရှိခြင်း၊ ၅။ အသက်မွေးဝမ်းကျောင်း ပျက်စီးခြင်း။ (ဝိ၅။၃၁၆။) (ဝိ၊မြန်၊၅။၄၁၄။)

ကံပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ကိုယ်၌ဖြစ်သော ဥပဃာတက ကံနှင့် ပြည့်စုံခြင်း၊ ၂။ နှုတ်၌ ဖြစ်သော ဥပဃာတကကံနှင့် ပြည့်စုံခြင်း၊ ၃။ ကိုယ်နှုတ်၌ ဖြစ်သော ဥပဃာတကကံနှင့် ပြည့်စုံခြင်း၊ ၄။ မှားသော အယူ ရှိခြင်း၊ ၅။ အသက်မွေးဝမ်းကျောင်း ပျက်စီးခြင်း။ (ဝိ၅။၃၁၆။) (ဝိ၊မြန်၊၅။၄၁၄။)

ကံပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ကံကို မငြိမ်းစေသော ရဟန်း၏ အင်္ဂါ ၅ ပါး နှင့် တူသည်။

ကံပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ သံဃာက ကံပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်ခြင်း၊ ၂။ အခြားသော အလားတူ အာပတ်သို့ ရောက်ခြင်း၊ ၃။ ထိုအောက်အလွန် ယုတ်ညံ့သော အာပတ်သို့ ရောက်ခြင်း၊ ၄။ ကံကို ကဲ့ရဲ့ခြင်း၊ ၅။ ကံပြုသော သံဃာကို ကဲ့ရဲ့ခြင်း။ (ဝိ၅။ ၃၁၆။) (ဝိ၊မြန်၊၅။၄၁၅။)

ကံပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ကံကို မငြိမ်းစေသော ရဟန်း၏ အင်္ဂါ ၅ ပါးနှင့် တူသည်။

ကံဖြစ်ကြောင်း ၃ ပါး ၁။ လောဘ– လိုချင်ခြင်း၊ ၂။ ဒေါသ– ပြစ်မှားခြင်း၊ ၃။ မောဟ– တွေဝေခြင်း။ (စူဠနိ။၄၇။)

http://www.dhammadownload.com

ကံ ဝီရိယနှင့် စပ်၍ အသက်မွေးသော ပုဂ္ဂိုလ် ၄ မျိုး ၁။ ဝီရိယအကျိုးကိုသာ မှီ၍ အသက်မွေးလျက် ကံ၏အကျိုးကို မှီ၍ အသက်မမွေးသော ပုဂ္ဂိုလ်၊ ၂။ ကံ၏အကျိုးကို မှီ၍ အသက်မွေးလျက် ဝီရိယအကျိုးကို မှီ၍ အသက်မမွေးသော ပုဂ္ဂိုလ်၊ ၃။ ဝီရိယအကျိုးကို မှီ၍လည်း အသက်မွေး, ကံ၏ အကျိုးကို မှီ၍လည်း အသက်မွေးသော ပုဂ္ဂိုလ်၊ ၄။ ဝီရိယအကျိုးကို မှီ၍လည်း အသက်မမွေး, ကံ၏အကျိုးကို မှီ၍လည်း အသက်မမွေးသော ပုဂ္ဂိုလ်။ (အံ၊၁။၄၅၂။) (အံ၊မြန်၊ ၁။၄၆၅။)

ကံသို့ ကပ်ရောက်ကြောင်း အခြင်းအရာ ၅ ပါး ၁။ မိမိကိုယ်တိုင်လည်း ကံကို ပြု၏၊ ၂။ သူတစ်ပါးကိုလည်း တိုက်တွန်း၏၊ ၃။ ဆန္ဒကိုလည်းကောင်း ပါရိသုဒ္ဓိကိုလည်းကောင်း ပေး၏၊ ၄။ ကံကို ပြုအပ်သည် ရှိသော် မတားမြစ်၊ ၅။ ကံကို ပြုပြီးသော်ကား ဓမ္မအယူ ရှိ၏။ (ဝိ၊၅။၂၃၀။) (ဝိ၊မြန်၊ ၅။၃၁၉။)

ကံသို့ မကပ်ရောက်ကြောင်း အခြင်းအရာ ၅ ပါး ၁။ မိမိကိုယ်တိုင်လည်း ကံကို မပြု၊ ၂။ သူတစ်ပါးကိုလည်း မတိုက်တွန်း၊ ၃။ ဆန္ဒ (သို့မဟုတ်။) ပါရိသုဒ္ဓိကိုလည်း မပေး၊ ၄။ ကံကို ပြုအပ်သည် ရှိသော် တားမြစ်၏၊ ၅။ ကံပြုပြီးသော်ကား အဓမ္မအယူ ရှိ၏။ (ဝိ၊၅။၂၃၀။) (ဝိ၊မြန်၊၅။၃၁၉။)

ကံ၏ အကျိုး ၂ မျိုး (အကျိုးပေးခွင့်ကို ရသော ကံ၏အကျိုး ၂ မျိုး) ၁။ ဥပါဒ်, ဌိ, ဘင်ဟူသော ခဏသို့ ရောက်သော အကျိုး၊ ပေးဆဲအကျိုး၊ ၂။ ဥပါဒ်, ဌိ, ဘင်ဟူသော ခဏသို့ မရောက်သော အကျိုး၊ မပေးရသေးသော အကျိုး။ (အဘိ၊ဋ္ဌ၊၁။၃၉၃။)

ကံ၏ အပြစ် ၁၂ ပါး (ဝိနည်းကံ၏ အပြစ် ၁၂ ပါး) ၁။ အပလောကနကံ၌ အဓမ္မဖြင့် ဝဂ္ဂကံ ဖြစ်ခြင်း၊ ၂။ အပလောပနကံ၌ အဓမ္မဖြင့် သမဂ္ဂကံ ဖြစ်ခြင်း၊ ၃။ အပလောနကကံ၌ ဓမ္မဖြင့် ဝဂ္ဂကံ ဖြစ်ခြင်း ၃ ပါး၊ ထို့အတူ ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံတို့၌လည်း သုံးပါးစီ ဖြစ်သောကြောင့် ၁၂ ပါး ဖြစ်၏။ (ဝိ၊ဋ္ဌ၊၄။၂၃၅။)

ကံ ဥတုတို့ကြောင့် မဖြစ်သော တရား ၂ ပါး ၁။ ကောင်းကင်၊ ၂။ နိဗ္ဗာန်။ (မိလိန္ဒ။၂၆၀။) (မိလိန္ဒ၊ မြန်။၂၇၉။)

ကုက္ကုစ္စဖြစ်ကြောင်း ၂ ပါး ၁။ ငါသည် ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တို့ကို ပြုခဲ့ပြီဟု နှလုံးမသာ ဖြစ်ခြင်း၊ စိတ်၏ လှိုးခြစ်ခြင်း၊ ၂။ ငါသည် ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တို့ကို မပြုမိဟု နှလုံးမသာ ဖြစ်ခြင်း စိတ်၏ လှိုးခြစ်ခြင်း။ (မဟာနိ။၁၆၇။) (မဟာနိ။၂၉၂။) (မဟာနိ။၄၀၃။)

ကုက္ကုစ္စပွါဒနသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ရဟန်းအား စိတ်မချမ်းသာစေလိုသူ ဖြစ်ခြင်း၊ ၂။ ကုက္ကုစ္စကို ဖြစ်စေခြင်း။ (ဝိမတိ၊၂။၅၂။)

ကောက်ကျစ်လိမ်လည်ခြင်း ၃ မျိုး ၁။ ဥက္ကောဋနသာစိယောဂ– တံစိုးလက်ဆောင်ယူခြင်း ဟူသော ကောက်ကျစ်လိမ်လည်ခြင်း၊ ၂။ ဝဉ္စနသာစိယောဂ–အတုအယောင်တို့ဖြင့် လှည့်ပတ်ခြင်းဟူသော ကောက်ကျစ်လိမ်လည်ခြင်း၊ ၃။ နိကတိသာစိယောဂ– အတုဖြစ်သော ဝတ္ထုဖြင့် လှည့်ပတ်ခြင်း ဟူသော ကောက်ကျစ်လိမ်လည်ခြင်း။ (အံ၊ဋ္ဌ၊၂။၃၇၉။)

http://www.dhammadownload.com

ကောက်စိုက်ပျိုးခြင်း ၂ မျိုး ၁။ ရွှံ့ညွန့်၌ စိုက်ပျိုးခြင်း၊ ၂။ မြေ၌ စိုက်ပျိုးခြင်း။ (သုတ္တနိ၊၆၊၁၂၄၊)

ကောက်ဦးဆွမ်း လှူရကျိုး ၈ ပါး ၁။ ရုပ်ရေအဆင်းချောမောလှပသူ ဖြစ်ခြင်း၊ ၂။ အခြံအရံပေါများခြင်း၊ ၃။ စည်းစိမ်ဥစ္စာပေါများခြင်း၊ ၄။ ဘေးရန်မရှိခြင်း၊ ၅။ အသင်းအဖွဲ့အစည်း ပေါများသူ ဖြစ်ခြင်း၊ ၆။ မပြိုကွဲမပျက်စီးသော ပရိသတ်ရှိခြင်း၊ ၇။ လူအများတို့ ရိုသေမြတ်နိုး ပူဇော်မှုကို ခံရခြင်း၊ ၈။ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို အဦးအဖျား ရရှိခြင်း။ (အပ၊၂။၁၂။) (အပ၊မြန်၊၂။၁၁။)

ကောက်ဦးအလှူ ၉ မျိုး ၁။ စိုက်ပျိုးသောအခါ မျိုးစပါးတို့၏ အဦးအဖျားကို လှူခြင်း၊ ၂။ စပါးနှံထွက်သောအခါ စပါးနှံအဦးအဖျား (မုန့်ဆန်း) အလှူကို လှူခြင်း၊ ၃။ စပါးရိပ်သောအခါ ရိပ်၍ရသော စပါးတို့၏ အဦးအဖျားကို လှူခြင်း၊ ၄။ ကောက်လိုင်းထုံးသောအခါ အဦးအဖျား ဖြစ်သော ကောက်လိုင်းထုံးကို လှူခြင်း၊ ၅။ ကောက်လိုင်းစည်းသောအခါ စသည် တို့၌လည်း အဦးအဖျားဖြစ်သော စပါးကို လှူခြင်း၊ ၆။ စပါးနယ်သောအခါ တလင်းဦး စပါးကို လှူခြင်း၊ ၇။ စပါးပုံသောအခါ စပါးပုံဦးကို လှူခြင်း၊ ၈။ စပါးချင့်သောအခါ အဦးအဖျားချင့်သော စပါးကို လှူခြင်း၊ ၉။ စပါးကျီသွင်းသောအခါ အဦးအဖျား ကျီသွင်းစပါးကို လှူခြင်း။ (ဒီ၊၌၊၂။ ၁၈၀။) (ဒီ၊၌၊မြန်၊၂။၃၃၈။) (မ၊၌၊၂။၉၃။) (အံ၊၌၊၁။၁၁၁။) (ဓမ္မ၊၌၊၁။၆၂။) (ထေရ၊၌၊၂။၂၅၀။) (အပ၊၌၊၁။ ၃၃၅။) (သာရတ္ထ၊ဋီ၊၃။၁၆၂။)

ကင်းဆိတ်ခြင်း ၂ မျိုး ဝိဓေက ၂ ပါးနှင့် တူသည်။

ကောင်းကင်၌ တိုက်ခတ်သော လေ ၁၀ မျိုး ၁။ အရှေ့လေ၊ ၂။ အနောက်လေ၊ ၃။ မြောက်လေ၊ ၄။ တောင်လေ၊ ၅။ မြူပါသော လေ၊ ၆။ မြူမပါသော လေ၊ ၇။ လေအေး၊ ၈။ လေပူ၊ ၉။ လေညင်း၊ ၁၀။ လေပြင်း။ (သံ၊၃။၄၆။) (သံ၊မြန်၊၃။၄၉။)

ကောင်းကင်၌ တည်သော ဥဒေါင်းငှက်၏ ဌာန အပိုင်းအခြား ၆ မျိုး ၁။ ဒေါင်း၏ ရှေ့နှုတ်သီးဖျား တစ်ဌာန၊ ၂။ နောက် အမြီးဖျား တစ်ဌာန၊ ၃၊ ၄။ နံပါးနှစ်ဖက်ရှိ အတောင် နှစ်ဖက်တို့၏ အစွန်အဖျား နှစ်ဌာန၊ ၅။ အောက်ဖက်၌ ခြေသည်းဖျား တစ်ဌာန၊ ၆။ အထက်၌ အမောက်အဖျား တစ်ဌာန။ (ဝိ၊၌၊၁။၂၈၁။)

ကောင်းကင်၏ ဂုဏ် ၁၀ ပါး ၁။ ပဋိသန္ဓေ မနေရခြင်း၊ ၂။ မအိုရခြင်း၊ ၃။ မသေရခြင်း၊ ၄။ မစုတေရခြင်း၊ ၅။ မဖြစ်ပေါ်ရခြင်း၊ ၆။ ညှဉ်းဆဲ ပုတ်ခတ်နှိပ်ရန် ခဲယဉ်းခြင်း၊ ၇။ ခိုးသူတို့ မယူဆောင်နိုင်ခြင်း၊ ၈။ တစ်စုံတစ်ရာ အမှီမရှိခြင်း၊ ၉။ ငှက်အပေါင်းတို့ ပျံတက် သွားရောက်ရာ ဖြစ်ခြင်း၊ ၁၀။ အပိတ်အပင်မရှိ, အဆုံးအပိုင်းအခြား မရှိခြင်း။ (မိလိန္ဒ။၃၀၇။) (မိလိန္ဒ၊မြန်။၃၂၉။)

ကောင်းကင်၏ အင်္ဂါ ၅ ပါး ၁။ ကောင်းကင်သည် ခပ်သိမ်းသောအားဖြင့် မကိုင်တွယ် မဆုပ်ဖမ်း နိုင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ခပ်သိမ်းသောအားဖြင့် ကိလေသာတို့က မကိုင်တွယ် မဆုပ်ဖမ်းနိုင်အောင် ကျင့်ရခြင်း)၊ ၂။ ကောင်းကင်သည် ဘုရား ရဟန္တာ ဈာန်ရရသော့ နတ် ဗြဟ္မာနှင့် ငှက်သတ္တဝါအပေါင်းတို့ လှည့်လည် သွားလာရာဖြစ်ခြင်း (ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည် အနိစ္စ, ဒုက္ခ, အနတ္တဟူသော သင်္ခါရတရားတို့၌ စိတ်ကို လှည့်လည် သွားလာစေ ရခြင်း)၊ ၃။ ကောင်းကင်သည် ထိတ်လန့်တုန်လှုပ်ဖွယ် ဖြစ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ဘုံဘဝပဋိသန္ဓေတို့၌ စိတ်ကို ထိတ်လန့် တုန်လှုပ်စေခြင်း)၊ ၄။ ကောင်းကင်သည်

http://www.dhammadownload.com

အပိုင်းအခြားမရှိ, အတိုင်းမရှိဘဲ မရေမတွက်နိုင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အဆုံးအပိုင်းအခြားမရှိသော သီလရှိသူ, မနှိုင်းယှဉ်အပ်သော ဉာဏ်ရှိသူ ဖြစ်ခြင်း)၊ ၅။ ကောင်းကင်သည် ငြိကပ်မှုမရှိ တွယ်တာမှုမရှိ တည်ရာမရှိ အမြေးအယှက် မရှိခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အမျိုးဒါယကာ ဂိဏ်းဂဏ လာဘ်လာဘ ပစ္စည်း ပစ္စယပလိဘောခ၌ လည်းကောင်း၊ အလုံးစုံသော ကိလေသာတို့၌လည်းကောင်း အတွယ် အတာမရှိ, တည်ရာမရှိ, အမြေးအယှက် မရှိသည်ဖြစ်၍ နေရခြင်း)။ (မိလိန္ဒ။၃၇၀။) (မိလိန္ဒ၊မြန်။၃၉၃။)

ကောင်းကျိုးရှိသော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။) (အံ၊၃။၄၈၇။)

ကောင်းစွာ ပြောဆိုအပ်သော စကား၏ အင်္ဂါ ၅ ပါး ကောင်းသောစကား ၅ မျိုးနှင့်တူသည်။

ကောင်းမွန်သော အယူ ၃ ပါး ၁။ ဤရုပ်သည် ငါ၏ ဥစ္စာမဟုတ်ဟူသော အယူ၊ ၂။ ရုပ်သည် ငါမဟုတ်ဟူသော အယူ၊ ၃။ ဤရုပ်သည် ငါ၏အတ္တ မဟုတ်ဟူသော အယူ။ (ပဋိ။၁၆၀။) (ပဋိ၊မြန်။၂၀၄။)

ကောင်းမှုကုသိုလ် ဖြစ်ကြောင်း တရား ၃ ပါး ၁။ သဒ္ဓါတရား ထင်ရှားရှိသူ ဖြစ်ခြင်း၊ ၂။ လူဖွယ်ဝတ္ထုပစ္စည်း မျက်မှောက်၌ ထင်ရှားရှိနေခြင်း၊ ၃။ မြတ်သော အလှူခံပုဂ္ဂိုလ် မျက်မှောက်၌ ထင်ရှားရှိခြင်း။ (အံ၊၁။၁၄၈။) (အံ၊မြန်၊၁။၁၆၇။)

ကောင်းမှုကို ပြုခြင်းငှာ ကောင်းမှုကို ပြီးစေခြင်းငှာ ပုဏ္ဏားတို့ ပညတ်ကုန်သော တရား ၅ မျိုး ၁။ မှန်ကန်သော စကား တည်းဟူသော တရား၊ ၂။ အကျင့် တည်းဟူသော တရား၊ ၃။ မေထုန်မှ ရှောင်ကြဉ်ခြင်းတည်းဟူသော တရား၊ ၄။ မန္တန်ကို သင်ခြင်းတည်းဟူသော တရား၊ ၅။ အာမိသကို စွန့်ခြင်း တည်းဟူသော တရား။ (မ၊၂။၄၁၅။) (မ၊မြန်၊၂။၄၂၁။)

ကောင်းမှု တိုးပွားစေသော စိတ်ဖြစ်ပေါ်ခြင်း ၃ မျိုး ၁။ သူတစ်ပါး ပစ္စည်းဥစ္စာတို့၌ တပ်မက်စိတ် ကင်းသူ ဖြစ်၍ လောဘမရှိသော စိတ်ဖြင့် နေထိုင်ခြင်း၊ ၂။ ဒေါသမရှိသူဖြစ်၍ အမျက်ဒေါသ ကင်းသော စိတ်ဖြင့် နေထိုင်ခြင်း၊ ၃။ ညှဉ်းဆဲတတ်သူ မဟုတ်မူ၍ ညှဉ်းဆဲလိုစိတ် ကင်းသဖြင့် နေထိုင်ခြင်း။ (မ၊၃။၉၇။) (မ၊မြန်၊၃။၁၀၂။)

ကောင်းမှု တိုးပွားစေသော စိတ်အကျင့် ၂ မျိုး ၁။ သူတစ်ပါး ပစ္စည်းတို့၌ တပ်မက်စိတ် မရှိခြင်း၊ ၂။ ဒေါသသည် ဖျက်ဆီးအပ်သော စိတ်အကြံ မရှိခြင်း။ (မ၊၃။၉၇။) (မ၊မြန်၊၃။၁၀၁။)

ကောင်းမှုတိုးပွားစေသော နှုတ်အကျင့် ၄ မျိုး ၁။ မဟုတ်မမှန် စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ ချောပစ်ကုန်းတိုက် စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကြမ်းတမ်းသော

http://www.dhammadownload.com

စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။ (မ၊၃။၉၆။) (မ၊မြန်၊၃။၁၀၀။)

ကောင်းမှုတိုးပွားစေသော သညာ ၃ မျိုး ၁။ သူတစ်ပါး ပစ္စည်းဥစ္စာတို့ကို မတရား ရယူလိုသော အမှတ်သညာ မရှိသူဖြစ်၍ သူတစ်ပါး ပစ္စည်းဥစ္စာတို့ကို မတရားရယူလိုသော လောဘ ကင်းသော အမှတ်သညာဖြင့် နေထိုင်ခြင်း၊ ၂။ သူတစ်ပါးကို ပျက်စီးစေလိုသော အမျက်ဒေါသ မရှိသူဖြစ်၍ သူတစ်ပါးကို ပျက်စီးစေလိုသော အမျက်ဒေါသကင်းသော အမှတ်သညာဖြင့် နေထိုင်ခြင်း၊ ၃။ သူတစ်ပါးကို ညှဉ်းဆဲလိုသော စိတ်ကင်းသူဖြစ်၍ သူတစ်ပါးကို ညှဉ်းဆဲလိုစိတ် ကင်းသော အမှတ်သညာဖြင့် နေထိုင်ခြင်း။ (မ၊၃။၉၈။) (မ၊မြန်၊၃။၁၀၃။)

ကောင်းမှုတိုးပွားစေသော အယူ ၁၀ မျိုး ၁။ ပေးလှူခြင်း၏ အကျိုး ရှိ၏ဟူသော အယူ၊ ၂။ ယဇ်အလှူကြီး၏ အကျိုး ရှိ၏ဟူသော အယူ၊ ၃။ ယဇ်အလှူငယ်၏ အကျိုးရှိ၏ဟူသော အယူ၊ ၄။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဖျား အကျိုးရင်းသည် ရှိ၏ဟူသော အယူ၊ ၅။ ဤ ပစ္စုပ္ပန်လောကသည် ရှိ၏ဟူသော အယူ၊ ၆။ တမလွန်လောကသည် ရှိ၏ဟူသော အယူ၊ ၇။ အမိ၌ အကောင်းအဆိုး ပြုကျိုးသည် ရှိ၏ဟူသော အယူ၊ ၈။ အဖ၌ အကောင်းအဆိုး ပြုကျိုးသည် ရှိ၏ဟူသော အယူ၊ ၉။ စုတေပြီး၍ ပဋိသန္ဓေနေရကုန်သော သတ္တဝါတို့ ရှိ၏ဟူသော အယူ၊ ၁၀။ ဤပစ္စုပ္ပန်လောကကိုလည်းကောင်း တမလွန်လောကကိုလည်းကောင်း ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ သိစေကုန်သော ကောင်းစွာ သိကုန်သော ကောင်းစွာ ကျင့်ကုန်သော ရဟန်း ပုဏ္ဏားတို့ ရှိကုန်၏ဟူသော အယူ။ (မ၊၃။၉၉။) (မ၊မြန်၊၃။၁၀၃။)

ကောင်းမှုပြုလုပ်ခြင်း ၆ မျိုး ၁။ သယံကာရံ– မိမိ၏ သဘောအားဖြင့် ပြုအပ်သော ကောင်းမှု၊ ၂။ ပရံကာရံ– သူတစ်ပါး ကောင်းမှုပြုနေသည်ကို မြင်၍ အတုလိုက်၍ ပြုအပ်သော ကောင်းမှု၊ ၃။ သာဟတ္ထိက– မိမိလက်ဖြင့် ပြုအပ်သော ကောင်းမှု၊ ၄။ အာဏတ္တိက– စေခိုင်း၍ ပြုစေ အပ်သော ကောင်းမှု၊ ၅။ သမွဓာနကတ– ကံကိုလည်းကောင်း, ကံ၏ အကျိုးကိုလည်းကောင်း ယုံကြည်၍ ပြုအပ်သော ကောင်းမှု၊ ၆။ အသမွဓာနကတ– ကံကိုလည်းကောင်း, ကံ၏ အကျိုး ကိုလည်းကောင်း မသိဘဲ ပြုအပ်သော ကောင်းမှု။ (အဘိ၊၌၊၁။၂၀၆။)

ကောင်းမှုပွားကြောင်း ၅ ပါး ၁။ အိမ်သို့ ချဉ်းကပ်သော သီလရှိသော ရဟန်းကို မြင်၍ စိတ်ကြည် လင်ခြင်း၊ ၂။ ခရီးဦးကြိုဆိုခြင်း ရှိခိုးခြင်း နေရာထိုင်ခင်းပေးခြင်း၊ ၃။ ဝန်တိုမှု အညစ်အကြေး ကင်းခြင်း၊ ၄။ ဝေဖန်လှူဒါန်းခြင်း၊ ၅။ ပြဿနာမေးခြင်း တရားနာခြင်း။ (အံ၊၂။၂၁၃။) (အံ၊မြန်၊၂။ ၂၆၈။)

ကောင်းမှုမဟုတ်သော အလှူ ၅ မျိုး ကုသိုလ်မဟုတ်သော အလှူ ၅ မျိုးနှင့် တူသည်။

ကောင်းမှုအစု ကုသိုလ်အယဉ် ၄ ပါး ၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ ဝန်တိုမှု မစွေ့ရ အညစ်အကြေးကင်းသော စိတ်ဖြင့် လွှတ်လွတ် စွန့်ကြဲ၍ ပေးကမ်း ဝေဖန်ခြင်း၌ မွေ့လျော်ခြင်း။ (သံ၊၃။၃၄၂။) (သံ၊၃။၃၅၀။) (သံ၊မြန်၊၃။၃၄၅။) (သံ၊မြန်၊၃။၃၄၅။)

http://www.dhammadownload.com

ကောင်းမှုအစု ကုသိုလ်အယဉ် ၄ ပါး ၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ အဖြစ်အပျက်ကို သိသော ပညာ, ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မြတ်သော ပညာနှင့် ပြည့်စုံခြင်း။ (သံ၊၃။၃၄၂။) (သံ၊၃။၃၅၁။) (သံ၊မြန်၊၃။ ၃၄၆။) (သံ၊မြန်၊၃။၃၄၆။)

ကောင်းမှု အဟုန် ၅ မျိုး ၁။ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေသော ရဟန်းအား သင်္ကန်းလှူ၍ ထိုရဟန်းသုံးဆောင်သော ကောင်းမှုအထူ ဖြစ်ခြင်း၊ ၂။ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေသော ရဟန်းအား ဆွမ်းကို လှူ၍ ထိုရဟန်းသုံးဆောင်သော ကောင်းမှုအထူ ဖြစ်ခြင်း၊ ၃။ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေသောရဟန်းအား ကျောင်းကို လှူ၍ ထိုရဟန်းသုံးဆောင်သော ကောင်းမှုအထူ ဖြစ်ခြင်း၊ ၄။ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေသော ရဟန်းအား ဆေးကို လှူ၍ ထိုရဟန်းသုံးဆောင်သော ကောင်းမှုအထူ ဖြစ်ခြင်း၊ ၅။ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေသော ရဟန်းအား ညောင်စောင်းအင်းပျဉ်ကို လှူ၍ ထိုရဟန်းသုံးဆောင်သော ကောင်းမှုအထူ ဖြစ်ခြင်း။ (အံ၊၂။၄၅။) (အံ၊မြန်၊၂။၅၅။)

ကောင်းမှုအဟုန် ၄ မျိုး ၁။ အတိုင်းအရှည် မရှိသော အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေသော ရဟန်းအား ပေးလှူသော သင်္ကန်းအလှူ၊ ၂။ အတိုင်းအရှည် မရှိသော အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေသော ရဟန်းအား ပေးလှူသော ဆွမ်းအလှူ၊ ၃။ အတိုင်းအရှည်မရှိသော အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေသော ရဟန်းအား ပေးလှူသော ကျောင်းအလှူ၊ ၄။ အတိုင်းအရှည် မရှိသော အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော သမာဓိကို ပြည့်စုံစေ၍ နေသော ရဟန်းအား ပေးလှူသော ဆေးအလှူ၊ (တစ်နည်း) ၁။ မြတ်စွာဘုရား၌ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုမှုနှင့် ပြည့်စုံခြင်း၊ ၂။ တရားတော်၌ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုမှုနှင့် ပြည့်စုံခြင်း၊ ၃။ သံဃာတော်၌ တုန်လှုပ်ခြင်းမရှိသော ကြည်ညိုမှုနှင့် ပြည့်စုံခြင်း၊ ၄။ ကျိုးပေါက်ပြောက်ကျားခြင်း မရှိသော အရိယာတို့ နှစ်သက်မြတ်နိုးအပ်သော ငါးပါးသီလနှင့် ပြည့်စုံခြင်း။ (အံ၊၁။၃၆၅။) (အံ၊မြန်၊၁။ ၃၇၉။)

ကောင်းသော စကား ၅ မျိုး ၁။ အခါကာလ အားလျော်စွာ ပြောဆိုခြင်း၊ ၂။ မှန်ကန်သော စကားကို ပြောဆိုခြင်း၊ ၃။ သိမ်မွေ့သော စကားကို ပြောဆိုခြင်း၊ ၄။ အကျိုးစီးပွားနှင့် စပ်သော စကားကို ပြောဆိုခြင်း၊ ၅။ မေတ္တာစိတ်ဖြင့် ပြောဆိုခြင်း။ (အံ၊၂။၂၁၃။) (အံ၊မြန်၊၂။၂၆၇။)

ကောင်းသော စကား ၅ မျိုး ၁။ သဒ္ဓါတရားရှိသော သူအတွက် သဒ္ဓါတရားနှင့် စပ်သော စကားသည် ကောင်း၏၊ ၂။ သီလရှိသော သူအတွက် သီလနှင့် စပ်သော စကားသည် ကောင်း၏၊ ၃။ အကြား အမြင်များသော သူအတွက် အကြားအမြင်များမှုနှင့် စပ်သော စကားသည် ကောင်း၏၊ ၄။ စွန့်ကြဲပေးကမ်းလေ့ရှိသော သူအတွက် စွန့်ကြဲမှုနှင့် စပ်သော စကားသည် ကောင်း၏၊ ၅။ ပညာရှိသော သူအတွက် ပညာနှင့်စပ်သော စကားသည် ကောင်း၏။ (အံ၊၂။၁၆၀။) (အံ၊မြန်၊၂။၂၀၅။)

http://www.dhammadownload.com

ကောင်းသော စကား၏ အင်္ဂါ ၄ ပါး ၁။ကောင်းသောစကားကိုသာပြောဆို၍မကောင်းသောစကားကို မပြောဆိုခြင်း၊ ၂။ တရားစကားကိုသာ ပြောဆို၍ တရားမဟုတ်သော စကားကို မပြောခြင်း၊ ၃။ ချစ်ဖွယ်သော စကားကိုသာ ပြောဆို၍ မုန်းဖွယ်စကားကို မပြောဆိုခြင်း၊ ၄။ မှန်သော စကားကိုသာ ပြောဆို၍ မှားသောစကားကို မပြောဆိုခြင်း။ (သုတ္တနိ။၃၄၄။) (သုတ္တနိ။မြန်။၃၂၄။)

ကောင်းသော တရား ၁၀ ပါး ကောင်းကျိုးရှိသော တရား ၁၀ ပါး နှင့်တူသည်

ကောင်းသော အရာဝတ္ထု ၄ မျိုး ၁။ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေကုန်သော သူတို့၏ မပျင်းမရိဘဲ ကျွမ်းကျင်ခြင်းသည် ကောင်း၏၊ ၂။ တရားစောင့်ကုန်သော ရဟန်း, ပုဏ္ဏားတို့နှင့် ဝေဖန်ခွဲခြမ်း၍ သုံးဆောင်ခြင်းသည် ကောင်း၏၊ ၃။ စည်းစိမ်ဥစ္စာတို့ကို ရရှိလာသောအခါ မမေ့မလျော့ခြင်း၏အစွမ်းဖြင့် မပေါ်လွင် မရွှင်လန်းခြင်းသည် ကောင်း၏၊ ၄။ အကျိုးစီးပွား ပျက်စီးသောအခါ ပင်ပန်းမှုမရှိခြင်းသည် ကောင်း၏။ (ဇာတက။၁။၁၈၂။)

ကောင်းသော အားထုတ်ခြင်း ၄ မျိုး သမ္မပ္ပဓာန် ၄ ပါးနှင့် တူသည်။

ကောင်းသော အဇ္ဈာသယ ၆ ပါး ၁။ အလောဘဇ္ဈာသယ– မလိုချင်သော စိတ်အလိုဆန္ဒ၊ ၂။ အဒေါသဇ္ဈာသယ– မပြစ်မှားသော စိတ်အလိုဆန္ဒ၊ ၃။ အမောဟဇ္ဈာသယ– မတွေဝေသော စိတ်အလိုဆန္ဒ၊ ၄။ နေက္ခမ္မဇ္ဈာသယ– ကိလေသာကာမမှ ထွက်မြောက်လိုသော စိတ်အလိုဆန္ဒ၊ ၅။ ပဝိဝေကဇ္ဈာသယ– အပေါင်းအဖော်မှ ကင်းဆိတ်လိုသော စိတ်ဆန္ဒ၊ ၆။ နိဿရဏဇ္ဈာသယ– သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုသော အလိုဆန္ဒ။ (ဝိသုဒ္ဓိ၁။၁၁၃။)

ကိုင်လျှင် ဒုက္ကဋ်အာပတ်သင့်သော ဒုက္ကဋ်ဝတ္ထု ၁၃ မျိုး ၁။ ပုလဲ၊ ၂။ ပတ္တမြား၊ ၃။ ကြောင်မျက်ရွဲ၊ ၄။ ခရုသင်း၊ ၅။ ကျောက်သလင်း၊ ၆။ သန္ဘာ၊ ၇။ ပတ္တမြားနီ၊ ၈။ ပတ္တမြားပြောက်၊ ၉။ စပါး ခုနစ်မျိုး၊ ၁၀။ ကျွန်မိန်းမ ကျွန်ယောကျ်ား၊ ၁၁။ လယ်ယာမြေ၊ ၁၂။ အိမ်ရာ စသော မြေ၊ ၁၃။ ပန်းခြံ၊ သစ်သီးခြံ စသည်တို့တည်း။ (သာရတ္ထ။ဋီ။၂။၄၀၇။)

ကိစ္စ ၂ မျိုး ၁။ အကျိုးရှိသော ကိစ္စ၊ ၂။ အကျိုးမရှိသော ကိစ္စ။ (ဒီ။ဋ္ဌ။၁။၄၅။) (ဒီ။ဋ္ဌ။မြန်။၁။၈၄။)

ကိစ္စာဓိကရဏ် ၄ ပါး ၁။ အပလောကနကံ– သံဃာအား ပန်ကြားရသော ဝိနည်းကံ၊ ၂။ ဉတ္တိကံ– သံဃာအား ဉတ်ကမ္မဝါစာဖြင့် သိစေအပ်သော ဝိနည်းကံ၊ ၃။ ဉတ္တိဒုတိယကံ– ဉာဉ်လျှင် နှစ်ကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် သိစေအပ်သော ဝိနည်းကံ၊ ၄။ ဉတ္တိစတုတ္ထကံ– ဉတ်လျှင် လေးကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် သိစေအပ်သော ဝိနည်းကံ။ (ဝိ၄။၂၁၂။) (ဝိ၊မြန်၊၄။၂၀၈။)

ကိစ္စာဓိကရဏ်းကို မဋ္ဌိမ်းစေနိုင်သော သမထ ၆ ပါး ၁။ ယေဘုယျသိကာ သမထ– ဓမ္မဝါဒီပုဂ္ဂိုလ်များရာသို့ လိုက်၍ဆုံးဖြတ်ရသော ဝိနည်းကံ၊ ၂။ သတိဝိနယ သမထ–ရဟန္တာပုဂ္ဂိုလ်အား သတိပေးရသော ဝိနည်းကံ၊ ၃။ အမူဠှဝိနယ သမထ– ရူးသွပ်သော ရဟန်းအား သတိရခိုက် ပေးရသော ဝိနည်းကံ၊ ၄။ ပဋိညာတကရဏ သမထ– ဝန်ခံသဖြင့် ပြုအပ်သော ဝိနည်းကံ၊ ၅။ တဿ ပါပိယသိကာ သမထ– ယုတ်မာသော ရဟန်းအား ပြုရသော ဝိနည်းကံ၊ ၆။ တိဏ ဝတ္ထာရက သမထ– မစင်ကို မြက်ဖြင့် ဖုံးလွှမ်းသကဲ့သို့ အာပတ်ကို ဖုံးဖိထားရသော ဝိနည်းကံ။ (ဝိ၅။၁၈၆။) (ဝိ၊မြန်၊၅။၂၇၀–၂၇၁။)(ဝိ၅။၁၈၇။) (ဝိ၊မြန်၊၅။၂၇၁။)(ဝိ၅။၁၉၈။) (ဝိ၊မြန်၊၅။၂၈၂။)

http://www.dhammadownload.com

ကိစ္စာဓိကရဏ်းကြောင့် သင့်သော အာပတ် ၅ မျိုး ၁။ နှင်ထုတ်အပ်သော ရဟန်းသို့ အတူလိုက်သော ရဟန်းမိန်းမသည် သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် အယူကို မစွန့်အံ့၊ ဥတ်၏ အဆုံးဌ ဒုက္ကဋ် အာပတ်သို့ ရောက်၏။ ၂။ ကမ္မဝါစာ နှစ်ကြိမ်တို့၏ အဆုံးဌ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏၊ ၄။ သံဃာကို သင်းခွဲသော ရဟန်းသို့ အတူလိုက်သော ရဟန်းသည် သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် အယူကို မစွန့်အံ့၊ သံဃာဒိသိသ် အာပတ်သို့ ရောက်၏၊ ၅။ သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် ယုတ်ညံ့သော အယူကို မစွန့်အံ့၊ ပါစိတ်အာပတ်သို့ ရောက်၏။ (ဝိ၅။၁၈၁။) (ဝိ၅။၂၆၉။) (ဝိ၊မြန်၊၅။၂၆၅။) (ဝိ၊မြန်၊၅။၃၅၆၊၃၆၃။)

ကိစ္စာဓိကရဏ် ငြိမ်းအေးကြောင်း သမထ ၁ ပါး ၁။ သမ္မုခါဝိနယ သမထ– မျက်မှောက်၌ အဓိကရဏ်းငြိမ်းကြောင်းတရား။ (ဝိ၅။၁၉၅။) (ဝိ၊မြန်၊၅။၂၈၀။) (ဒီ၊ဋ္ဌ၊၃။၂၂၆။)

ကိစ္စာဓိကရဏ်းနှင့် တူသော အဖို့ရှိသော သမထ ၁ ပါး ၁။ သမ္မုခါဝိနယ သမထ– မျက်မှောက်၌ အဓိကရဏ် ငြိမ်းကြောင်းတရား။ (ဝိ၅။၁၈၆။) (ဝိ၊မြန်၊၅။၂၇၁။)

ကိစ္စာဓိကရဏ်းနှင့် မဆက်ဆံသော သမထ ၆ ပါး ကိစ္စာဓိကရဏ်းကို မငြိမ်းစေနိုင်သော သမထ ၆ ပါးနှင့်တူသည်။

ကိစ္စာဓိကရဏ်းမှ တစ်ပါးသော အဖို့ရှိသော သမထ ၆ ပါး ကိစ္စာဓိကရဏ်းကို မငြိမ်းစေနိုင်သော သမထ ၆ ပါးနှင့်တူသည်။

ကဋ္ဌမုခမ္မြေ ၄ မျိုး ၁။ ဒဋ္ဌဝိသမ္မြေ၊ ၂။ ဒိဋ္ဌဝိသမ္မြေ၊ ၃။ ဖုဋ္ဌဝိသမ္မြေ၊ ၄။ ဝါတဝိသမ္မြေ။(သံ၊ဋ္ဌ၊၃။၅၃။)

ကောဋ္ဌာသ ၃၂ ပါး ၁။ ကေသာ– ဆံပင်၊ ၂။ လောမာ– မွေးညှင်း၊ ၃။ နခါ– ခြေသည်း, လက်သည်း၊ ၄။ ဒန္တာ– သွား၊ ၅။ တစော– အရေထူ အရေပါး၊ ၆။ မံသံ– အသား၊ ၇။ နှာရု–အကြော၊ ၈။ အဋ္ဌိ– အရိုး၊ ၉။ အဋ္ဌိမိဉ္ဇံ– ရိုးတွင်းခြင်ဆီ၊ ၁၀။ ဝက္ကံ– အညှို့၊ ၁၁။ ဟဒယံ–နှလုံး၊ ၁၂။ ယကနံ– အသည်း၊ ၁၃။ ကိလောမကံ– အမြှေး၊ ၁၄။ ပိဟကံ– အဖျဉ်း၊ ၁၅။ ပပ္ဖါသံ– အဆုတ်၊ ၁၆။ အန္တံ– အူမ၊ ၁၇။ အန္တဂုဏံ– အူသိမ်၊ ၁၈။ ဥဒရိယံ– အစာသစ်၊ ၁၉။ ကရီသံ– အစာဟောင်း၊ ၂၀။ မတ္ထလုင်္ဂံ– ဦးနှောက်၊ ၂၁။ ပိတ္တံ– သည်းခြေ၊ ၂၂။ သေမှံ– သလိပ်၊ ၂၃။ ပုဗ္ဗော– ပြည်၊ ၂၄။ လောဟိတံ– သွေး၊ ၂၅။ သေဒေါ– ချွေး၊ ၂၆။ မေဒေါ– အဆီခဲ၊ ၂၇။ အဿု–မျက်ရည်၊ ၂၈။ ဝသာ– ဆီကြည်၊ ၂၉။ ခေဠော– တံတွေး၊ ၃၀။ သိင်္ဃာဏိကာ–နှပ် နှာရည်၊ ၃၁။ လသိကာ– အစေး၊ ၃၂။ မုတ္တံ– ကျင်ငယ်။ (ခုဒ္ဒက။၂။) (ခုဒ္ဒက၊မြန်။၂။)

ကောဋ္ဌာသတို့၌ စက်ဆုပ်ဖွယ်အားဖြင့် ပိုင်းခြားရမည့် အခြင်းအရာ ၅ ပါး ၁။ အဆင်း၊ ၂။ သဏ္ဌာန်၊ ၃။ အနံ့၊ ၄။ အကြောင်း အာသယ၊ ၅။ တည်ရာ ဩကာသ။ (ဝိသုဒ္ဓိ၊၁။၂၄၂။)

ကောဏ္ဍညဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပဌမအစည်းအဝေး (ရဟန်းတော် ကုဋေတစ်သိန်း)၊ ၂။ ဒုတိယအစည်းအဝေး (ရဟန်းတော် ကုဋေတစ်ထောင်)၊ ၃။ တတိယ အစည်းအဝေး (ရဟန်းအရေအတွက် ကုဋေကိုးဆယ်)။ (အဘိ၊ဋ္ဌ၊၁။၅၆။) (ဇာ၊ဋ္ဌ၊၁။၃၆။)

http://www.dhammadownload.com

ကောဏ္ဍညဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ဘဒ္ဒထေရ်၊ ၂။ သုဘဒ္ဒထေရ်။ (အဘိ၊၄၂၊၁။၅၇။) (ဗုဒ္ဓဝံ၊၄၂။၁၆၈။)

ကောဏ္ဍညဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ တိဿထေရီ၊ ၂။ ဥပတိဿာထေရီ။ (အဘိ၊၄၂၊၁။၅၇။) (ဗုဒ္ဓဝံ၊၄၂။၁၆၉။)

ကိတ္တိမလောဟ ၃ မျိုး ၁။ ကြေးဖြူ၊ ၂။ ခဲပုပ်, တေး၊ ၃။ ခပ်ပြာ။ (အဘိ၊၄၂၊၂။၆၀။)

ကန္တာရ ၅ မျိုး ခရီးခဲ ၅ မျိုးနှင့် တူသည်။

ကိန္နရာတို့ စကားမပြောခြင်း၏ အကျိုးထူး ၂ မျိုး ၁။ မဟုတ်မမှန်သော စကားကို ငါတို့ မပြောမဆိုမိစေခြင်း အကျိုးထူး၊ ၂။ သူတစ်ပါးတို့ကို ငါတို့ မဟုတ်မမှန်သော စကားဖြင့် မစွပ်စွဲမိစေခြင်း အကျိုးထူး။ (အံ၊၁။၇၇။) (အံ၊မြန်၊၁။၉၁။)

ကုန်သွယ်မှုချင်း တူညီပါလျက် ကွဲပြားခြင်း ၄ မျိုး ၁။ ကုန်သွယ်မှုချင်း တူညီပါလျက် မအောင်မြင်ပျက်စီးဆုံးရှုံးခြင်း၊ ၂။ ကုန်သွယ်မှုချင်း တူညီပါလျက် ရည်မှန်းထားသည့်အတိုင်း မဖြစ်ခြင်း၊ ၃။ ကုန်သွယ်မှုချင်း တူညီပါလျက် ရည်မှန်းထားသည့်အတိုင်း ဖြစ်ခြင်း၊ ၄။ ကုန်သွယ်မှုချင်း တူညီပါလျက် ရည်မှန်းထားသည်ထက် ပို၍ အောင်မြင် အကျိုးရှိခြင်း။ (အံ၊၁။၃၉၃။) (အံ၊မြန်၊၁။၄၀၇။)

ကုန်းတိုက်ကြောင်း ၂ ပါး ၁။ မိမိအား ချစ်စေလိုသောကြောင့် ချောပစ်ကုန်းတိုက်ခြင်း၊ ၂။ သူတစ်ပါး ကွဲပြားစေလိုသောကြောင့် ချောပစ်ကုန်းတိုက်ခြင်း။ (ဝိ၊၂။၂၀။) (ဝိ၊၅။၂၁၅။) (မဟာနိ။၁၇၉။) (မဟာနိ။၁၉၇၊။) (မဟာနိ။၂၀၀။) (မဟာနိ။၃၀၀။) (ဝိ၊မြန်၊၂။၂၄။) (ဝိ၊မြန်၊၅။၃၀၀။)

ကုန်းတိုက်ခြင်းကြောင့် ဖြစ်သော အာသဝ ၃ ပါး ၁။ ကာမာသဝ– ကာမဂုဏ်ငါးပါးတို့၌ ယိုစီးတတ်, ဖြစ်တတ်, ယစ်မူးတတ်သော သဘော၊ ၂။ ဒိဋ္ဌာသဝ– အယူမှားမှု ဒိဋ္ဌိဟူသော ယိုစီးတတ် ယစ်မူးတတ်သော သဘော၊ ၃။ အဝိဇ္ဇာသဝ– သစ္စာလေးပါးကို မသိမှု အဝိဇ္ဇာ ဟူသော ယိုစီးတတ် ယစ်မူးတတ်သော သဘော။ (မ၊၄၂၊၃။၂၉။)

ကုန်းတိုက်ခြင်း အထမြောက်ကြောင်း အင်္ဂါ ၄ ပါး ၁။ ခွဲအပ်သော သူတစ်ပါးဖြစ်ခြင်း၊ ၂။ "ဤအကြောင်းဖြင့် ဤသူတို့သည် အသီးအသီး ဖြစ်ကုန်လတ္တံ့"ဟု ကွဲခြင်းကို ရှေးရှုသည် ဖြစ်ခြင်း၊ ၃။ မိမိကို ချစ်အပ်, အကျွမ်းဝင်အပ်သည်၏ အဖြစ်ကို အလိုရှိသည် ဖြစ်ခြင်း၊ ၄။ ထိုကွဲစေအပ်သော သူတစ်ပါးသည် ထိုပြောဆိုသော အနက်အဓိပ္ပါယ်ကို သိခြင်း။ (အဘိ၊၄၂၊၁။၁၄၂။)

ကုန်းတိုက်ပုံ ၁၀ မျိုး ၁။ အမျိုးဇာတ်အားဖြင့် ကုန်းတိုက်ခြင်း၊ ၂။ နာမည်အားဖြင့် ကုန်းတိုက်ခြင်း၊ ၃။ အနွယ်အားဖြင့် ကုန်းတိုက်ခြင်း၊ ၄။ အလုပ်အကိုင်အားဖြင့် ကုန်းတိုက်ခြင်း၊ ၅။ အတတ်ပညာအားဖြင့် ကုန်းတိုက်ခြင်း၊ ၆။ အနာရောဂါအားဖြင့် ကုန်းတိုက်ခြင်း၊ ၇။ အသွင်သဏ္ဍာန်အားဖြင့် ကုန်းတိုက်ခြင်း၊ ၈။ ကိလေသာအားဖြင့် ကုန်းတိုက်ခြင်း၊ ၉။ အာပတ်အားဖြင့် ကုန်းတိုက်ခြင်း၊ ၁၀။ ယုတ်ညံ့သော ဆဲရေးကြောင်းစကားဖြင့် ကုန်းတိုက်ခြင်း။ (ဝိ၊၂။၂၀။) (ဝိ၊မြန်၊၂။၂၄။)

ကပ်ကမ္ဘာ၏ အသင်္ချေယျ ၄ မျိုး ၁။ ကပ်ကမ္ဘာပျက်ဆဲ ကာလဖြစ်သော အသင်္ချေယျကပ်၊ ၂။ ကပ်ကမ္ဘာပျက်သည်မှ အထက်၌ အပျက်အတိုင်း တည်ရှိသော ကာလဖြစ်သော အသင်္ချေယျကပ်၊

http://www.dhammadownload.com

၃။ ကပ်ကမ္ဘာ ဖြစ်ပေါ်ဆဲကာလ ဖြစ်သော အသင်္ချေယျကပ်၊ ၄။ ကပ်ကမ္ဘာ ဖြစ်ပေါ်ပြီး တည်နေဆဲကာလ ဖြစ်သော အသင်္ချေယျကပ်။ (သာရတ္ထ၊ဋီ၊၁။၂၇၇။)

ကပ်ငြိခြင်း ၂ မျိုး ၁။ တဏှာသဒ္ဓေနာ- တဏှာဖြင့် ငြိခြင်း၊ ၂။ ဒိဋ္ဌိသဒ္ဓေနာ- ဒိဋ္ဌိဖြင့် ငြိခြင်း။ (စူဠနိ။၂၄၂။)

ကပ်ငြိခြင်း ၅ မျိုး ၁။ ရာဂသင်္ခေါ- တပ်မက်ခြင်းဟူသော ကပ်ငြိခြင်း၊ ၂။ ဒေါသသင်္ခေါ- ပြစ်မှားခြင်းဟူသော ကပ်ငြိခြင်း၊ ၃။ မောဟသင်္ခေါ- တွေဝေခြင်းဟူသော ကပ်ငြိခြင်း၊ ၄။ မာနသင်္ခေါ- ထောင်လွှားခြင်းဟူသော ကပ်ငြိခြင်း၊ ၅။ ဒိဋ္ဌိသင်္ခေါ- အယူမှားခြင်းဟူသော ကပ်ငြိခြင်း။ (အဘိ၊ဝိ။၃၉၁။) (ဥဒါန၊ဋ္ဌ။၆၆။) (အဘိ၊ဝိ၊မြန်၊၂။၄၉၅။)

ကပ်ငြိတတ်သော တရား ၅ ပါး ၁။ ရာဂ- တပ်မက်ခြင်း၊ ၂။ ဒေါသ- ပြစ်မှားခြင်း၊ ၃။ မောဟ- တွေဝေခြင်း၊ ၄။ မာန- မာန်မူခြင်း ထောင်လွှားခြင်း၊ ၅။ ဒိဋ္ဌိ- အယူမှားခြင်း။ (သံ၊ဋ္ဌ၊၁။၂၃။) (ဓမ္မ၊ဋ္ဌ၊၂။၃၇၅။)

ကပ်ငြိတွယ်တာခြင်း ၇ ပါး ၁။ ရာဂ တည်းဟူသော ငြိတွယ်ခြင်း (ရာဂသင်္ခေါ)၊ ၂။ ဒေါသတည်းဟူသော ငြိတွယ်ခြင်း (ဒေါသသင်္ခေါ)၊ ၃။ မောဟတည်းဟူသော ငြိတွယ်ခြင်း (မောဟသင်္ခေါ)၊ ၄။ မာန တည်းဟူသော ငြိတွယ်ခြင်း (မာနသင်္ခေါ)၊ ၅။ ဒိဋ္ဌိ တည်းဟူသော ငြိတွယ်ခြင်း (ဒိဋ္ဌိသင်္ခေါ)၊ ၆။ ကိလေသာတည်းဟူသော ငြိတွယ်ခြင်း (ကိလေသင်္ခေါ)၊ ၇။ ဒုစရိုက် တည်းဟူသော ငြိတွယ်ခြင်း (ဒုစ္စရိတသင်္ခေါ) ။ (စူဠနိ။၈၈။) (ဣတိဝု၀်၊ဋ္ဌ။၂၈၅။)

ကပ်ငြိတွယ်တာတတ်သော ဥပယတရား ၂ ပါး ၁။ တဏှာဥပယ- ကပ်ငြိတွယ်တာတတ်သော တဏှာ၊ ၂။ ဒိဋ္ဌိဥပယ- ကပ်ငြိတွယ်တာတတ်သော ဒိဋ္ဌိ ။ (သံ၊ဋ္ဌ၊၂။၃၁။)

ကပ်ငြိ, တွယ်တာသော အာလယတရား ၂ မျိုး ၁။ ကာမာလယ- ကာမဂုဏ်တို့၌ ကပ်ငြိ, တွယ်တာတတ်သော တဏှာ၊ ၂။ တဏှာလယ- တစ်ရှာရှစ်ပါး တဏှာဝိစရိုက် ဟူသော ကပ်ငြိ တွယ်တာတတ်သော တရား။ (ဒီ၊ဋ္ဌ၊၂။၅၅။) (ဒီ၊ဋ္ဌ၊မြန်၊၂။၁၀၁။)

ကပ္ပိခြင်း ၅ ပါး (စားသုံးရန်အတွက် သစ်သီးစသည်တို့၌ ရဟန်းတို့အား အပ်အောင်ပြုနည်း ၅ မျိုး) ၁။ မီးဖြင့် ကပ္ပိခြင်း၊ ၂။ ဓားငယ်ဖြင့် ကပ္ပိခြင်း၊ ၃။ လက်သည်းဖြင့် ကပ္ပိခြင်း၊ ၄။ အစေ့နသော သစ်သီးဖြင့် ကပ္ပိခြင်း၊ ၅။ အစေ့ထုတ်ခြင်းဖြင့် ကပ္ပိခြင်း။ (ဝိ၊၄။၂၄၄။) (ဝိ၊၅။၂၃၅။) (ဝိ၊ဋ္ဌ၊၃။၃၂၁။) (ဝိ၊မြန်၊၄။၂၄၃။) (ဝိ၊မြန်၊၅။၃၂၆။)

ကပ္ပိယ ၂ မျိုး ၁။ ညွှန်ပြအပ်သော ကပ္ပိယ၊ ၂။ မညွှန်ပြအပ်သော ကပ္ပိယ။ (ဝိ၊ဋ္ဌ၊၂။၂၅၄။)

ကပ္ပိယစီဝရ ၁၂ မျိုး အပ်သော သင်္ကန်း ၁၂ မျိုးနှင့် တူသည်။

ကပ္ပိယဘူမိ ၄ မျိုး ၁။ ဥဿာဝနန္တိကကုဋီ-ဦးစွာစိုက်သောတိုင်, ဦးစွာချသောအုတ်, ကျောက်စသည်ကို ရဟန်းအများက ချီမြှောက်လျက် "ကပ္ပိယကုဋိံ ကရောမ"ဟု ဆို၍ အဆုံးစကားလုံးနှင့် တစ်ပြိုင်နက် စိုက်ချဆောက်လုပ်အပ်သော ကျောင်း၊ ၂။ ဂေါနိသာဒိကကုဋီ- နွားများဝင်ရောက်နေထိုင်နိုင်ပြီး အကာအရံမရှိသော ကျောင်း, အကာအရံ စည်းရိုးတစ်ဝက်မျှပင် မရှိသော

http://www.dhammadownload.com

ကျောင်း၊ ၃။ ဂဟပတိကုဋ္ဌိ– "ကပ္ပိယကုဋိ့ ဒေမ ပရိဘုဉ္ဇထ"ဟူ၍လည်းကောင်း, "ကပ္ပိယကုဋိ့ ကာတုံ ဒေမ"ဟူ၍လည်းကောင်း ဆို၍ လူဒါယကာတို့ ပေးလှူအပ်သော ကျောင်း၊ ၄။ သမ္မုတိကုဋ္ဌိ– ဥတ္တိဒုတိယကမ္မဝါစာဖြင့်ဖြစ်စေ, အပလောကနကံဖြင့်ဖြစ်စေ ကပ္ပိယကုဋ္ဌိဟူ၍ သမုတ်အပ်သော ကျောင်း။ (ဝိ၊၃။၃၃၇။) (ဝိ၊မြန်၊၃။၃၄၀။)

ကမ္မတ်သီး ၁၁ မျိုး ၁။ အရိုးကမ္မတ်သီး၊ ၂။ ဆင်စွယ်ကမ္မတ်သီး၊ ၃။ ဦးချို ကမ္မတ်သီး၊ ၄။ ကျူကမ္မတ်သီး၊ ၅။ ဝါးကမ္မတ်သီး၊ ၆။ သစ်သားကမ္မတ်သီး၊ ၇။ ချိတ်ကမ္မတ်သီး၊ ၈။ သစ်သီးကမ္မတ်သီး၊ ၉။ ကြေးကမ္မတ်သီး၊ ၁၀။ ခရုသင်းချက်ကမ္မတ်သီး၊ ၁၁။ ချည် ကမ္မတ်သီး။ (ဝိ၊၄။၂၇၇။) (ဝိ၊မြန်၊၄။၂၈၁။)

ကမ္မကိလေသာ အကုသိုလ် ၄ မျိုး ၁။ ပါဏာတိပါတ– သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်း၊ ၂။ အဒိန္နာဒါန–သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ ၃။ မုသာဝါဒ–မဟုတ်မမှန်လိမ်ညာ၍ပြောဆိုခြင်း၊ ၄။ ပရဒါရဂမန– သူတစ်ပါးသားမယားကို လွန်ကျူးသွားလာခြင်း။ (ခုဒ္ဒက၊၌။၁၂၀။)

ကမ္မဒေါသ ၂ မျိုး ၁။ အပလောကနကံ၏ အပြစ်ဒေါသ၊ ၂။ ဥတ္တိကံ၏ အပြစ်ဒေါသ။ (ဝိ၊၅။၂၁၃။) (ဝိ၊မြန်၊၅။၂၉၇။)

ကမ္မဒေါသ ၂ မျိုး ၁။ ဥတ္တိဒုတိယကံ၏ အပြစ်ဒေါသ၊ ၂။ ဥတ္တိစတုတ္ထကံ၏ အပြစ်ဒေါသ။ (ဝိ၊၅။၂၁၃။) (ဝိ၊မြန်၊၅။၂၉၇။)

ကမ္မဒွါရ ၃ မျိုး ၁။ ကာယကမ္မဒွါရ– ကာယဒွါရဖြင့်ပြုအပ်သော အမှုကံ–စေတနာ၊ ၂။ ဝစီကမ္မဒွါရ– ဝစီဒွါရဖြင့် ပြုအပ်သောအမှုကံ– စေတနာ၊ ၃။ မနောကမ္မဒွါရ– မနောဒွါရဖြင့် ပြုအပ်သော အမှုကံ– စေတနာ။ (အဘိ၊၌၊၁။၁၂၃။)

ကမ္မပဋိဗာဟနသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ဓမ္မကံ ဖြစ်ခြင်း၊ ၂။ ဓမ္မကံဟု အမှတ်ရှိခြင်း၊ ၃။ ဆန္ဒကို ပေး၍ ရှုတ်ချခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၅။)

ကမ္မဘဝ ၃ မျိုး ၁။ ပုညာဘိသင်္ခါရ ကမ္မဘဝ– ကုသိုလ်ကောင်းမှုကို ပြုစီရင်ခြင်း, အားထုတ်ခြင်း ကံကြောင့်ဖြစ်သော ဘဝ၊ ၂။ အပုညာဘိသင်္ခါရ ကမ္မဘဝ– မကောင်းမှု အကုသိုလ်ကို ပြုစီရင်ခြင်း, အားထုတ်ခြင်း, ကံကြောင့်ဖြစ်သောဘဝ၊ ၃။ အာနေဉ္ဇာဘိသင်္ခါရကမ္မဘဝ– မတုန်မလှုပ်ငြိမ်သက်သော အရူပ ဝိပါက်–အရူပဘဝကို ပြုပြင်စီရင်ခြင်း အားထုတ်ခြင်းကံကြောင့် ဖြစ်သောဘဝ။ (အဘိ၊ဝိ၊၁၄၃။) (အဘိ၊ဝိ၊မြန်၊၂။၃၇။)

ကမ္မဝါစာ၏ အပြစ် ၅ မျိုး ၁။ ရဟန်းလောင်း ဟူသော ဝတ္ထုကို မရွတ်ဆို မသုံးသပ်ခြင်း၊ ၂။ သံဃပုဒ်ကို မရွတ်ဆို မသုံးသပ်ခြင်း၊ ၃။ ဥပဇ္ဈာယ်ဆရာဟူသော ပုဂ္ဂိုလ်ကို မရွတ်ဆို မသုံးသပ်ခြင်း၊ ၄။ ကမ္မဝါစာကို ယုတ်လျော့စေခြင်း၊ ၅။ ဥတ်ကို ရှေးဦးစွာ မထားဘဲ ကမ္မဝါစာကို ရွတ်ဖတ်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၅၆။)

ကမ္မဝင်္ဂ ၂ မျိုး ၁။ သင်္ခါရ–ပြုပြင်စီရင်တတ်သော အကြောင်းတရား၊ ၂။ ကမ္မဘဝ– ဘဝသို့ ရောက်စေတတ်သော လောကီကုသိုလ် အကုသိုလ်ကံ စေတနာ။ (အဘိ၊၌၊၂။၁၈၄။)

http://www.dhammadownload.com

ကမ္မဝဏ္ဏ ၂ မျိုး ၁။ အပလောကနက်၏ ကမ္မဝဏ္ဏ၊ ၂။ ဥတ္တိက်၏ ကမ္မဝဏ္ဏ။ (ဝိ၅၊၂၁၃။) (ဝိ၊မြန်၊၅၊၂၉၇။)

ကမ္မဝဏ္ဏ ၂ မျိုး ၁။ ဥတ္တိဒုတိယက်၏ ကမ္မဝဏ္ဏ၊ ၂။ ဥတ္တိစတုတ္ထက်၏ ကမ္မဝဏ္ဏ။ (ဝိ၅၊၂၁၃။) (ဝိ၊မြန်၊၅၊၂၉၇။)

ကမ္မသမ္ဗတ္တိ ၂ မျိုး ၁။ အပလောကနက်၏ ပြည့်စုံခြင်း၊၂။ ဥတ္တိက်၏ ပြည့်စုံခြင်း။ (ဝိ၅၊၂၁၃။) (ဝိ၊မြန်၊၅၊၂၉၇။)

ကမ္မသမ္ဗတ္တိ ၂ မျိုး ၁။ဥတ္တိဒုတိယက်၏ ပြည့်စုံခြင်း၊ ၂။ဥတ္တိစတုတ္ထက်၏ ပြည့်စုံခြင်း။(ဝိ၅၊၂၁၃။) (ဝိ၊မြန်၊၅၊၂၉၇။)

ကမ္မဋ္ဌာန်း ၂ မျိုး ၁။ သဗ္ဗတ္ထကကမ္မဋ္ဌာန်း– ဗုဒ္ဓါနုဿတိ, မရဏာဿတိ, အသုဘသညာ, မေတ္တာကမ္မဋ္ဌာန်းတို့ကို ပွားများခြင်း၊ ၂။ ပါရိဟာရိယကမ္မဋ္ဌာန်း– ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် မိမိစရိုက်နှင့် ကိုက်ညီသော ကမ္မဋ္ဌာန်းတစ်ပါးပါးကို အမြဲဆောင်ထား ပွားများခြင်း။ (ဝိ၅၊၂၊၂၁။) (သုတ္တနိ၊၆၊၁။၄၈။) (ဝိသုဒ္ဓိ၊၁။၉၄။)

ကမ္မဋ္ဌာန်း ၂ မျိုး ၁။ ရူပကမ္မဋ္ဌာန်း (ရုပ်ကမ္မဋ္ဌာန်း။)၊ ၂။ အရူပကမ္မဋ္ဌာန်း (နာမ်ကမ္မဋ္ဌာန်း)။ (ဒီ၊ ၆၊၂။ ၃၁၄။) (ဣတိဝုတ်၊ ၆။၁၇၉။) (ဒီ၊ ၆၊ မြန်၊ ၂။၅၇၈။)

ကမ္မဋ္ဌာန်း ၂ မျိုး ၁။ သဗ္ဗတ္ထကကမ္မဋ္ဌာန်း– မေတ္တာဘာဝနာနှင့် မရဏာနုဿတိဘာဝနာ၊ ၂။ ပါရိဟာရိယကမ္မဋ္ဌာန်း– အသုဘကမ္မဋ္ဌာန်းဆယ်ပါးနှင့် စတုဓာတုဝဝတ္ထာန်။ (အဝ၊၆၊၁။ ၁၆၀။)

ကမ္မဋ္ဌာန်း ၂၁ မျိုး (သတိပဋ္ဌာနသုတ်လာ) ၁။ အာနာပါနပဗ္ဗ– ဝင်လေထွက်လေအပိုင်းအခန်း၊ ၂။ စတုက္ကရိယာပထပဗ္ဗ– လျောင်း, ထိုင်, ရပ်, သွား ဣရိယာပုထ်လေးပါး အပိုင်းအခန်း၊ ၃။ စတုသမ္ပဇညပဗ္ဗ– လေးပါးသော သမ္ပဇညအပိုင်းအခန်း၊ ၄။ ဒွတ္တိံသာကာရ ၃၂ ပါးသော ကောဋ္ဌာသ၊ ၅။ စတုဓာတုဝဝတ္ထာန် ဓာတ်ကြီးလေးပါး ခွဲခြားခြင်း၊ ၆ မှ ၁၄။ နဝသိဝထိကာ– သုသာန်သချိုင်း– ၉ မျိုး၊ ၁၅။ ဝေဒနာနုပဿနာ– ဝေဒနာကို အဖန်ဖန်ရှုခြင်း၊ ၁၆။ စိတ္တာနုပဿနာ– စိတ်ကို အဖန်ဖန်ရှုခြင်း၊ ၁၇။ နိဝရဏပရိဂ္ဂဟ= တားမြစ်ပိတ်ပင် နှောက်ယှက်ဖျက်ဆီးတတ်သော နီဝရဏတရားတို့ကို သိမ်းဆည်းခြင်း၊ ၁၈။ ခန္ဓပရိဂ္ဂဟ= ခန္ဓာငါးပါး တို့ကို သိမ်းဆည်းခြင်း၊ ၁၉။ အာယတနပရိဂ္ဂဟ= အာယတန ဆယ့်နှစ်ပါးတို့ကို သိမ်းဆည်းခြင်း၊ ၂၀။ ဗောဇ္ဈင်္ဂပရိဂ္ဂဟ= ဗောဇ္ဈင်္ဂတရား ခုနစ်ပါးတို့ကို သိမ်းဆည်းခြင်း၊ ၂၁။ သစ္စပရိဂ္ဂဟ= သစ္စာလေးပါးတို့ကို သိမ်းဆည်းခြင်း။ (ဒီ၊၆၊မြန်၊၂။၃၃၃။) (ဒီ၊၆၊မြန်၊၂။၃၃၃။)

ကမ္မဋ္ဌာန်း ၄၀ မျိုး ၁။ ကသိဏ်း (၁၀) မျိုး၊ ၂။ အသုဘ (၁၀) မျိုး၊ ၃။ အနုဿတိ (၁၀) မျိုး၊ ၄။ ဗြဟ္မဝိဟာရ (၄) မျိုး၊ ၅။ အာရုပ္ပ (၄။) မျိုး၊ ၆။ အာဟာရေ ပဋိကူလသညာ (၁) မျိုး၊ ၇။ စတုဓာတုဝဝတ္ထာန် (၁) မျိုး ပေါင်း ၄၀ မျိုး။ (သာရတ္ထ၊ဋီ၊၂။၂၀၂။)

ကမ္မဋ္ဌာန်းကျောင်းအပြစ် ၁၈ မျိုး (ကမ္မဋ္ဌာန်းအားထုတ်ရန် မသင့်လျော်သော ကျောင်း ၁၈ မျိုး) ၁။ ကျောင်းကြီးခြင်း၊ ၂။ ကျောင်းအသစ် ဖြစ်ခြင်း၊ ၃။ ကျောင်းဟောင်း ဖြစ်ခြင်း၊ ၄။ လမ်းမကြီးကို မှီသော ကျောင်း ဖြစ်ခြင်း၊ ၅။ ကျောက်ရေတွင်းရှိသော ကျောင်းဖြစ်ခြင်း၊ ၆။ ဟင်းသီး

http://www.dhammadownload.com

ဟင်းရွက် ပေါက်ရောက်သော ကျောင်းဖြစ်ခြင်း၊ ၇။ ပန်းပင်, ပန်းချဉ် ပေါသော ကျောင်း ဖြစ်ခြင်း၊ ၈။ သစ်သီးပေါများသော ကျောင်းဖြစ်ခြင်း၊ ၉။ လူတို့သည် တောင့်တ ချီးမွမ်းအပ်သော ကျောင်း ဖြစ်ခြင်း၊ ၁၀။ မြို့ရွာကို မှီသော ကျောင်းဖြစ်ခြင်း၊ ၁၁။ ထင်းတော, သစ်တောကို မှီသော ကျောင်းဖြစ်ခြင်း၊ ၁၂။ လယ်ယာကို မှီသော ကျောင်းဖြစ်ခြင်း၊ ၁၃။ ရန်သူရှိသော ကျောင်း ဖြစ်ခြင်း၊ ၁၄။ ရေဆိပ်ကို မှီသော ကျောင်းဖြစ်ခြင်း၊ ၁၅။ ပစ္စန္တရစ် အရပ်ကို မှီသော ကျောင်း ဖြစ်ခြင်း၊ ၁၆။ တိုင်းပြည်အပိုင်းအခြား နယ်စပ်ကို မှီသော ကျောင်းဖြစ်ခြင်း၊ ၁၇။ မသင့်တင့် မလျောက်ပတ်သော ကျောင်းဖြစ်ခြင်း၊ ၁၈။ မိတ်ကောင်း ဆရာကောင်း မရရှိသော ကျောင်း ဖြစ်ခြင်း။ (ဝိသုဒ္ဓိ၊၁။၁၁၅။) (သာရတ္ထ၊ဋီ၊၂။၂၀၆။) (ဝိမတိ၊၁။ ၂၁၄။) (ခုဒ္ဒက၊ဋ္ဌ။၃၀။)

ကမ္မဋ္ဌာန်းကျောင်း အင်္ဂါ ၅ ပါး ၁။ မြို့ရွာနှင့် မဝေးလွန်း မနီးလွန်းဘဲ သွားလမ်း လာလမ်းနှင့် ပြည့်စုံ၍ ဆိတ်ငြိမ်သော အသံရှိခြင်း၊ ၂။ သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ရလွယ်ခြင်း၊ ၃။ ထိုကျောင်း၌ ပရိယတ္တိ– ပဋိပတ္တိဗဟုသုတနှင့် ပြည့်စုံသော ဓမ္မဓရ ဝိနယဓရ မထေရ်ကြီးများ နေထိုင်ခြင်း၊ ၄။ ရံဖန်ရံခါ ထိုမထေရ်ကြီးများထံ ချဉ်းကပ်၍ ပါဠိအနက်ကို မေးမြန်းနိုင်ခြင်း၊ ၅။ မထေရ်ကြီးများက မပေါ်လွင် မထင်ရှားသော ပါဠိအနက် အဓိပ္ပါယ်များကို ပေါ်လွင်ထင်ရှားအောင် ပြုလုပ်ပေးခြင်း ယုံမှားသံသယဖြစ်သော အရာတို့ကို ပယ်ဖျောက် ပေးခြင်း။ (ခုဒ္ဒက၊ဋ္ဌ။၃၀။)

ကမ္မဋ္ဌာန်းဆရာ ပြည့်စုံရမည့်တရား ၈ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံရခြင်း၊ ၂။ သီလနှင့် ပြည့်စုံရခြင်း၊ ၃။ တရားနှင့်စပ်သော ဗဟုသုတနှင့် ပြည့်စုံခြင်း၊ ၄။ အလိုနည်း၍ စွန့်ကြဲမှု စာဂနှင့် ပြည့်စုံခြင်း၊ ၅။ အတ္တဟိတပရဟိတအတွက် အားထုတ်မှုဝီရိယနှင့် ပြည့်စုံရခြင်း၊ ၆။ သတိ တရားနှင့် ပြည့်စုံရခြင်း၊ ၇။ တည်ကြည်သော သမာဓိနှင့် ပြည့်စုံရခြင်း၊ ၈။ တရားဓမ္မတို့၌ မဖောက်မပြန် မှန်စွာသိသော ပညာနှင့် ပြည့်စုံရခြင်း။ (ဝိသုဒ္ဓိ၊ဋီ၊၁။၁၁၉။)

ကမ္မဋ္ဌာန်းဆရာအထံ၌ သင်ယူရမည့် အစိတ်အပိုင်း ၅ မျိုး ကမ္မဋ္ဌာန်းအားထုတ်လိုသော ပုဂ္ဂိုလ် သင်ယူရမည့် အပိုင်း ၅ မျိုးနှင့်တူသည်။

ကမ္မဋ္ဌာန်းတရား အားထုတ်သူ ပြည့်စုံရမည့် အင်္ဂါ ၅ မျိုး ၁။ ဘုရား စသော ရတနာ သုံးပါးကို ယုံကြည်မှု ရှိရခြင်း၊ ၂။ ရောဂါကင်းကွာ ကျန်းမာရခြင်း၊ ၃။ ကောက်ကျစ်စဉ်းလဲမှု လှည့်ပတ်မှု ကင်းရှင်း၍ ရိုးသားဖြောင့်မတ်မှု ရှိရခြင်း၊ ၄။ မကောင်းမှုတို့ကို ပယ်ရန် ကောင်းမှုတို့နှင့် ပြည့်စုံရန်အတွက် ပြင်းထန်သော လုံ့လရှိရခြင်း၊ ၅။ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော ဝိပဿနာပညာနှင့် ပြည့်စုံရခြင်း။ (မ၊၂။၂၉၈။) (မ၊၂။၃၂၉။) (မ၊မြန်၊၂။၃၀၄။) (မ၊မြန်၊၂။၃၀၄။) (ဒီ၊၃။၁၉၈။) (အံ၊၂။၆၄။) (ဒီ၊မြန်၊၃။၂၂၀။) (အံ၊မြန်၊၂။၇၁။)

ကမ္မဋ္ဌာန်းအာရုံ ၃၈ ပါး ၁။ အာလောကကသိုဏ်း အာကာသကသိုဏ်း နှစ်ပါးကြဉ် ကသိုဏ်း (၈) ပါး၊ ၂။ အသုဘကမ္မဋ္ဌာန်း (၁၀) ပါး၊ ၃။ အနုဿတိကမ္မဋ္ဌာန်း (၁၀) ပါး၊ ၄။ ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း (၄) ပါး၊ ၅။ အာရုပ္ပကမ္မဋ္ဌာန်း (၄) ပါး၊ ၆။ စတုဓာတုဝဝတ္ထာန် (၁) ပါး၊ ၇။ အာဟာရေ ပဋိကူလသညာ (၁) ပါး ပေါင်း (၃၈) ပါး။ (သာရတ္ထ၊ဋီ၊၂။၄၃၃။)

http://www.dhammadownload.com

ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်သော ကျောင်း၏ အင်္ဂါ ၅ ပါး ၁။ သွားလမ်းလာလမ်းနှင့် ပြည့်စုံ၍ ဆွမ်းခံရွာနှင့် မနီးလွန်း မဝေးလွန်း ဖြစ်ခြင်း၊ ၂။ နေ့အခါ၌ လူတို့နှင့် မရောပြွမ်းဘဲ ညအခါ၌လည်း လူသံ ကင်းဆိတ်ခြင်း၊ ၃။ မှက်, ခြင်, လေ, နေပူ မြွေကင်းတို့ ထိပါးကိုက်ခဲမှု မရှိခြင်း၊ ၄။ ထိုကျောင်း၌နေသော ရဟန်းအား ပစ္စည်းလေးပါးတို့ ရလွယ်ခြင်း၊ ၅။ ထိုကျောင်း၌ ပရိယတ္တိ, ပဋိပတ္တိ ဗဟုသုတနှင့် ပြည့်စုံသော ရဟန်းတော်များ သီတင်းသုံး နေထိုင်ခြင်း။ (ဝိသုဒ္ဓိ၊၁။၁၁၉။)

ကမ္မဋ္ဌာန်းအားထုတ်ရန် အခါမဟုတ်ခြင်း ၅ မျိုး ၁။ ဧရာနိုပ်စက်၍ အိုခြင်း၊ ၂။ ဗျာဓိနိုပ်စက်၍ နာခြင်း၊ ၃။ ငတ်မွတ်ခေါင်းပါးခြင်း၊ ၄။ တောပုန်း ဓားပြတို့ ထကြွသောင်းကြမ်း၍ ဘေးအန္တရာယ် ရှိခြင်း၊ ၅။ သံဃာကွဲပြားခြင်း။ (အံ၊၂။၅၈။) (အံ၊မြန်၊၂။၇၂။)

ကမ္မဋ္ဌာန်းအားထုတ်ရန် အချိန်အခါ ၅ မျိုး ၁။ ပျိုမျစ်ငယ်ရွယ်ခြင်း၊ ၂။ အနာရောဂါ ကင်းခြင်း၊ ၃။ ဝပြောသာယာခြင်း၊ ၄။ လူတို့ ညီညွတ်မှုရှိခြင်း၊ ၅။ သံဃာကွဲပြားမှု မရှိခြင်း။ (အံ၊၂။၅၈။) (အံ၊မြန်၊၂။၇၂။)

ကမ္မဋ္ဌာန်းအားထုတ်လိုသော ပုဂ္ဂိုလ် သင်ယူရမည့် အပိုင်း ၅ မျိုး ၁။ ဥဂ္ဃဟ– ကမ္မဋ္ဌာန်းနှင့် သက်ဆိုင်သည့် ကျမ်းစာကို သင်ယူရခြင်း၊ ၂။ ပရိပုစ္ဆာ– ကမ္မဋ္ဌာန်းကျမ်းစာ၌ မသိသော အနက်အဓိပ္ပါယ်များကို အဖန်ဖန် မေးမြန်းရခြင်း၊ ၃။ ဥပဋ္ဌာန်– ဤဘာဝနာကို အားထုတ်လျှင် ဤနိမိတ် ထင်လာ၏ဟု နိမိတ်ထင်လာပုံကို မှတ်သားထားရခြင်း၊ ၄။ အပွနာ– ဤသို့ အားထုတ်လျှင် (အပွနာ။) စျာန်ဖြစ်၏ဟု ကမ္မဋ္ဌာန်း၏ အပွနာစျာန်သို့ ရောက်ပုံကို မှတ်သားထားရခြင်း၊ ၅။ လက္ခဏ– အာနာပါနကမ္မဋ္ဌာန်း၌ ဂဏနာ, အနုဗန္ဓနာ,ဖုသနာနည်းတို့ဖြင့် အားထုတ်ပြီးလျှင် (အပွနာ။) စျာန်သို့ ရောက်၏ စသည်ဖြင့် ဆိုင်ရာကမ္မဋ္ဌာန်း၏ သဘောလက္ခဏာကို မှတ်သားထားရခြင်း။ (ဝိ၊ဋ္ဌ၊၂။၂၂။) (ဝိသုဒ္ဓိ၊၁။၂၇၀။)

ကမ္မဋ္ဌာန်းအားထုတ်သူ၏ အင်္ဂါ ၅ ပါး ကျေးဇူးများသော တရား ၅ ပါး၊ ဗဟုကာရတရား ၅ ပါး၊ ပဓာနိယင်္ဂတရား ၅ ပါးတို့နှင့် တူသည်။

ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်၏ အင်္ဂါ ၅ ပါး ကမ္မဋ္ဌာန်းတရား အားထုတ်သူ ပြည့်စုံရမည့် အင်္ဂါ ၅ မျိုးနှင့်တူသည်။

ကိုယ်ခန္ဓာ အပြစ် ၆ မျိုး ၁။ အလွန် အရပ်ရှည်ခြင်း၊ ၂။ အလွန် အရပ်ပုခြင်း၊ ၃။ အလွန် ပိန်ခြင်း၊ ၄။ အလွန် ဝခြင်း၊ ၅။ အလွန် အသားမဲခြင်း၊ ၆။ အလွန် အသားဖြူခြင်း။ (သံ၊ဋ္ဌ၊၃။၂၅၉။)

ကိုယ်တိုင်တောင်းသော ပဲခွပ် စသည်ဖြင့် ကျောင်းဆောက်ခြင်းကြောင့် သင့်သော အာပတ် ၃ ပါး ၁။ ဒုက္ကဋ်အာပတ်၊ ၂။ ထုလ္လစ္စဋ်းအာပတ်၊ ၃။ သံဃာဒိသိသ်အာပတ်။ (ဝိ၊မြန်၊၅။၁၃၁။) (ဝိ၊၅။၉၀။)

ကိုယ်တိုင်သတ်ခြင်း၌ ပယောဂ ၂ မျိုး ၁။ ဥဒ္ဒိဿ– ရည်ရွယ်သည့်အတိုင်း ဖြစ်သော ပယောဂ၊ ၂။ အနုဒ္ဒိဿ– မရည်ရွယ်ဘဲ ဖြစ်သွားသော ပယောဂ။ (ဝိ၊ဋ္ဌ၊၂။၄၃။)

ကိုယ်တွင်း၌ ဖြစ်သော အကျိုးမဲ့ကြောင်း တရား ၃ ပါး ၁။ လိုချင်မှု လောဘ၊ ၂။ အမျက်ထွက်မှု ဒေါသ၊ ၃။ တွေဝေမှု မောဟ။ (သံ၊၁။၇၀။) (သံ၊၁။၉၈။) (သံ၊မြန်၊၁။၆၉၊၉၅။) (သံ၊မြန်၊၁။၆၉၊၉၅။)

http://www.dhammadownload.com

ကိုယ်၌ဆောင်ထားထိုက်သော တရား ၁၁ ပါး အတ္တူပနာယိကတရား ၁၁ ပါးနှင့် တူသည်။

ကိုယ်၌တည်သော တရား (၁၀) ပါး ၁။ အအေး၊ ၂။ အပူ၊ ၃။ ထမင်းဆာခြင်း၊ ၄။ ရေငတ်ခြင်း၊ ၅။ ကျင်ကြီး၊ ၆။ ကျင်ငယ်၊ ၇။ ကိုယ်နှုတ်ကို စောင့်စည်းမှု၊ ၈။ အသက်မွေးခြင်းကို စောင့်စည်းမှု၊ ၉။ တစ်ဖန် ဘဝသစ်ကို ဖြစ်စေမှု၊ ၁၀။ ဘဝကို ပြုပြင်သော ကံ။ (အံ၊၃။၃၂၅။) (အံ၊မြန်၊၃။၃၂၄။)

ကိုယ်လှုပ်ယမ် ဝတ္ထု ၁၀ ပါး ၁။ အန္ဓ– စားဖွယ်၊ ၂။ ပါန– သောက်ဖွယ်၊ ၃။ ဝတ္ထ– အဝတ်၊ ၄၊ ယာန– ယာဉ်၊ ၅။ မာလာ– ပန်း၊ ၆။ ဂန္ဓ– နံ့သာ၊ ၇။ ဝိလေပန– နံ့သာမှုန့်၊ ၈။ သေယျာ– အိပ်ရာ၊ ၉။ အာဝသထ– နေစရာ၊ ၁၀။ ပဒီပေယျ– ဆီမီး။ (သီ၊ဋီ၊သစ်၊၁။၂၇၃။)

ကိုယ်ပိုင်ဥစ္စာမဟုတ်သော ကံ ၁၀ မျိုး ၁။ ကာယဒုစရိုက် ၃ မျိုး၊ ၂။ ဝစီဒုစရိုက် ၄ မျိုး၊ ၃။ မနောဒုစရိုက် ၃ မျိုး ပေါင်း ၁၀ မျိုး။ (အဘိ၊ဋ္ဌ၊၂။၃၉၇။)

ကိုယ်ဖြင့် ရုန့်ရင်းကြမ်းကြုတ်စွာ မပြုအပ်သည့်ဌာန ၈ မျိုး ကာယပါဂဇ္ဇိယ မပြုအပ်သည့် ဌာန ၈ မျိုးနှင့် တူသည်။

ကိုယ်လက် နှီးနှောခြင်းကြောင့် သင့်သော အာပတ် ၅ မျိုး ၁။ ဘိက္ခုနီမသည် ယောကျ်ားနှင့် ကိုယ်လက် နှီးနှောခြင်းကြောင့် ပါရာဇိကအာပတ်၊ ၂။ ရဟန်းသည် မိန်းမနှင့် ကိုယ်လက် နှီးနှောခြင်းကြောင့် သံဃာဒိသိသ်အာပတ်၊ ၃။ ခန္ဓာကိုယ်ကို ကိုယ်နှင့် ဆက်စပ်နေသော ဝတ္ထုဖြင့် နှီးနှောခြင်းကြောင့် ထုလ္လစည်းအာပတ်၊ ၄။ ပစ်လွှတ်အပ်သော ဝတ္ထုဖြင့် ကိုယ်နှင့် ဆက်စပ်နေသော ဝတ္ထုကို နှီးနှောခြင်းကြောင့် ဒုက္ကဋ်အာပတ်၊ ၅။ လက်ချောင်းတို့ဖြင့် ကလိထိုး၍ ကစားခြင်းကြောင့် ပါစိတ်အာပတ်။ (ဝိ၊ဋ္ဌ၊၄။၂၂၆။)

ကိုယ်ဝန်တည်ကြောင်း ၃ ပါး ၁။ မိဘနှစ်ပါးတို့ ကူးလူးဆက်ဆံပြီးခြင်း၊ ၂။ မိခင်သည် ဥတုလာပြီးစဖြစ်ခြင်း၊ ၃။ ကိုယ်ဝန်တည်မည့် သတ္တဝါသည် မိခင်ဝမ်းဗိုက်သို့ ရှေးရှု တည်ခြင်း။ (မ၊၁။၃၃၂။) (မ၊၂။၃၆၃။) (မိလိန္ဒ။၁၂၇။) (ဝိ၊ဋ္ဌ၊၁။၁၈၁။) (အံ၊ဋ္ဌ၊၂။၁၆၂။) (မ၊မြန်၊၁။ ၃၄၃။) (မ၊မြန်၊၂။၃၆၇။) (မိလိန္ဒ၊မြန်။၁၃၇။)

ကိုယ်ဝန်တည်ခြင်း အကြောင်း ၄ ပါး ၁။ ကံ၏ အစွမ်းသတ္တိကြောင့် ကိုယ်ဝန်တည်ခြင်း၊ ၂။ ဘဝယောနိ၏ အစွမ်းသတ္တိကြောင့် ကိုယ်ဝန်တည်ခြင်း၊ ၃။ အမျိုးဇာတ်၏ အစွမ်းသတ္တိကြောင့် ကိုယ်ဝန်တည်ခြင်း၊ ၄။ ဆုတောင်းပတ္ထနာ၏ အစွမ်းသတ္တိကြောင့် ကိုယ်ဝန် တည်ခြင်း။ (မိလိန္ဒ။၁၃၀။) (မိလိန္ဒ၊မြန်။၁၄၁။)

ကိုယ်ဝန်ပျက်ကြောင်း ၃ မျိုး ၁။ လေကြောင့် ကိုယ်ဝန်ပျက်ခြင်း၊ ၂။ ပိုးငယ်ကြောင့် ကိုယ်ဝန်ပျက်ခြင်း၊ ၃။ ကံကြောင့် ကိုယ်ဝန်ပျက်ခြင်း။ (ဒီ၊ဋ္ဌ၊၁။၉၁။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၇၄။)

ကိုယ်ဝန်မတည်ကြောင်း ၂ ပါး ၁။ ပိုးကြောင့် မတည်ခြင်း– ပါဏာကေဟိ၊၂။ လေဖျက် ခြင်းကြောင့် မတည်ခြင်း– ဝါတကုပ္ပေဟိ။ (မဟာနိ။၂၉၈။)

ကိုယ်ဝန်ယူခြင်း၏ အကြောင်း ၈ မျိုး ၁။ အဇ္ဈာစာရ– မိန်းမ,ယောကျ်ား နှစ်ဦးတို့ မေထုန်လွန်ကြူးခြင်း၊ ၂။ ကာယသံသဂ္ဂ– ဥတုပန်းပွင့်ချိန် (ရာသီလာချိန်) ၌ ကိုယ်လက် နှီးနှောခြင်း၊ ၃။ စောင်္ဂဋဟာဏ– သုက်သွေးရှိသော အဝတ်ကို အင်္ဂါဇာတ်၌ ထည့်ခြင်း၊ ၄။ အသုစိပါန–

http://www.dhammadownload.com

သုက်သွေးကို သောက်ခြင်း၊၅။ နာဘိပရာမသန– မိန်းမ၏ ဆန္ဒရာဂကြောင့် ချက်ကို သုံးသပ်ခြင်း၊ ၆။ ရူပဒဿန– ဥတုလာချိန်၌ ဆန္ဒရာဂဖြင့် ယောကျ်ားကို တစိမ့်စိမ့် ကြည့်ခြင်း၊ ၇။ သဒ္ဒသဝန– ဥတုလာချိန်၌ ယောကျ်ားအသံကို ကြားခြင်း၊ ၈။ ဂန္ဓဃာယန– ဥတုလာချိန်၌ ယောကျ်ား၏ အနံ့ကို ရှူရှိုက်ခြင်း။ (ဝိ၊၌၊၁။၁၈၀။)

ကိုယ်အကျင့် ၂ ပါး ကာယသမာစာရ ၂ ပါးနှင့် တူသည်။

ကိုယ်အကျင့် ၂ မျိုး ၁။ စင်ကြယ်သော ကိုယ်အကျင့်၊ ၂။ မစင်ကြယ်သော ကိုယ်အကျင့်။(မ၊၌၊၂။၂၁၄။)

ကိုယ်အကျင့် ၃ မျိုး (မကောင်းမှု တိုးပွားရ၍ ကောင်းမှု ဆုတ်ယုတ်သော ကိုယ်အကျင့် ၃ မျိုး) ၁။ သူတစ်ပါး၏ အသက်ကို သတ်ဖြတ်ခြင်း၊ ၂။ အရှင်မပေးသော သူတစ်ပါး၏ ဥစ္စာကို ခိုးယူလုယက်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်ခြင်း။ (မ၊၃။၉၄။) (မ၊မြန်၊၃။၉၈။)

ကိုယ်အကျင့် ၃ မျိုး (မကောင်းမှု ဆုတ်ယုတ်၍ ကောင်းမှု တိုးပွားသော ကိုယ်အကျင့် ၃ မျိုး) ၁။ သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။ (မ၊၃။၉၄။) (မ၊မြန်၊၃။၉၉။)

ကိုယ်၏ စင်ကြယ်မှု ၃ မျိုး ၁။ တုတ်ဓား လက်နက်များကို ချထားလျက် သနားညှာတာပြီး သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်လေ့ရှိခြင်း၊ ၂။ ရွာ၌ ဖြစ်စေ တောင်၌ ဖြစ်စေ သူ့ဥစ္စာကို ခိုးယူလေ့မရှိခြင်း၊ ၃။ မာတုရက္ခိတ(အမိစောင့်ရှောက်ထားသူ)စသော မိန်းမဆယ်ဦးတို့၌ ကာမဂုဏ်ဖြင့် မှားယွင်းစွာ ကျင့်လေ့မရှိခြင်း။ (အံ၊၃။၄၇၅။) (အံ၊မြန်၊၃။၄၆၇။)

ကိုယ်၏ မစင်ကြယ်မှု ၃ မျိုး ၁။ သနားခြင်းကင်းလျက် သွေးစွန်းလက်ဖြင့် သူ့အသက်ကို သတ်ဖြတ်လေ့ရှိခြင်း၊ ၂။ ရွာ၌ ဖြစ်စေ တောင်၌ ဖြစ်စေ သူ့ဥစ္စာကို ခိုးယူလေ့ရှိခြင်း၊ ၃။ မာတုရက္ခိတ အမိစောင့်ရှောက်ထားသူ စသော မိန်းမ ဆယ်မျိုးတို့၌ ကာမဖြင့် မှားယွင်းစွာ ကျင့်လေ့ရှိခြင်း။ (အံ၊၃။၄၇၃။) (အံ၊မြန်၊၃။၄၆၅။)

ကဿပညီနောင် ၃ ဦး ၁။ ဥရုဝေလကဿပ၊ ၂။ နဒီကဿပ၊ ၃။ ဂယာကဿပ။(အပ၊၌၊၂။၂၄၁။)

ကဿပတက္ကတွန်းဝါဒအလို မဖျက်ဆီးနိုင်သော ကာယ ၇ ပါး ၁။ ပထဝီကာယ၊ ၂။ တေဇောကာယ၊ ၃။ အာပေါကာယ၊ ၄။ ဝါယောကာယ၊ ၅။ သုခ၊ ၆။ ဒုက္ခ၊ ၇။ ဇီဝ။ (ဇာတက၊၂။၂၆၀။)

ကဿပဗုဒ္ဓိလ် ၅ ဦး ၁။ ဥရုဝေဠုကဿပ၊ ၂။ နဒီကဿပ၊ ၃။ ဂယာကဿပ၊ ၄။ ကုမာရ ကဿပ၊ ၅။ မဟာကဿပ။ (အံ၊၌၊၁။၁၂၇။)

ကဿပဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ဓမ္မစက္ကာတရားဦး ဟောတော်မူသော အခါ၌ လူနတ်ဗြဟ္မာ ကုဋေနှစ်သောင်းတို့ တရားထူး ရကြသည်၊ ၂။ ဘုရားရှင်သည် လေးလပတ်လုံး ဒေသစာရီ လှည့်လည်တော်မူသောအခါ၌ ကုဋေတစ်သောင်းမျှ လူနတ်ဗြဟ္မာတို့ ကျွတ်တမ်း ဝင်ကြသည်၊ ၃။ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြလျက် သဗ္ဗညုတဉာဏ် သဘောကို ဟောပြတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေငါးထောင်တို့ တရားထူးရပြီး ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၇၆။) (အပ၊မြန်၊၂။၃၇၄။)

http://www.dhammadownload.com

ကဿပဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ ဟံသမည်သောပြာသာဒ်ဆောင်၊ ၂။ ယသမည်သော ပြာသာဒ်ဆောင်၊ ၃။ သိရီနန္ဒမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၇၈။) (အပ၊မြန်၊၂။၃၇၇။)

ကဿပဘုရားရှင်၏ သာဝကအစည်းအဝေး ၁ ကြိမ် ၁။ ပဌမအစည်းအဝေး၌ ရဟန်း နှစ်သောင်း။ (အဘိ၊ဌ၊၁။၇၁။)

ကဿပဘုရားသာသနာ၌ တောင်ပေါ်တက်၍ တရားအားထုတ်ခဲ့ဖူးသော ရဟန်း ၇ ပါး ၁။ ရဟန္တာ ဖြစ်သွားသော မထေရ်ကြီး တစ်ပါး၊ ၂။ အနာဂါမ်ဖြစ်သွားသော သုဒ္ဓါဝါသ ဗြဟ္ဓာ၊ ၃။ ဂေါတမ ဘုရားရှင်လက်ထက်၌ အရှင်ဒဗ္ဗရဟန္တာ၊ ၄။ ပုက္ကုသာတိမင်း၊ ၅။ သဘိယမထေရ်၊ ၆။ ဗာဟိယ ဒါရုစိပရိဗိုဇ်၊ ၇။ ကုမာရကဿပထေရ်။ (အပ၊၂။၁၂၄။) (အပ၊မြန်၊၂။၁၁၉။)

ကဿပဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ အရှင်တိဿထေရ်၊ ၂။ အရှင်ဘာရဒွါဇထေရ်။ (ဒီ၊၂။၄။) (အဘိ၊ဌ၊၁။၇၁။) (ဗုဒ္ဓဝံ၊ဌ။၃၁၂။) (ဒီ၊မြန်၊၂။၄။)

ကဿပဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ အနုဋ္ဌာထေရီ၊ ၂။ ဥရုဝေဋ္ဌာထေရီ။ (အဘိ၊ဌ၊ ၁။၇၁။) (ဗုဒ္ဓဝံ၊ဌ။၃၁၂။)

ကဿပဘုရားလက်ထက် တောင်ပေါ်တက်၍ တရားအားထုတ်ခဲ့ဖူးသော ပုဂ္ဂိုလ် ၅ ဦး ၁။ ပုက္ကုသာတိ မင်း၊ ၂။ သဘိယပရိဗိုဇ်၊ ၃။ ဗာဟိယဒါရုစိ၊ ၄။ ကုမာရကဿပ၊ ၅။ ဒဗ္ဗမလ္လပုတ္တ။ (အပ၊ဌ၊၂။၂၂၈။) (အပ၊ဌ၊၂။၂၃၃။)

ကျားသစ်ဖိုနှင့် ယောဂီရဟန်း၏ အင်္ဂါ ၂ ပါး ၁။ ကျားသစ်ဖိုသည် အသွားခက်သော မြက်တော သစ်တော တောင်တို့ကို အမှီပြုပြီး ပုန်းအောင်း မှီခိုလျက် သားကောင်တို့ကို ဖမ်းယူခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် လူသူကင်း၍ ဆိတ်ငြိမ်ရာဖြစ်သော တောသစ်ပင်ရင်း တောင်ချောက် သုသာန် တောအုပ် စသည်တို့ကို အမှီပြုလျက် ကမ္မဋ္ဌာန်းတရားအားထုတ်ပြီး အဘိညာဉ်ခြောက်ပါးတို့၌ လေ့လာပြီး ဖြစ်ခြင်း)၊ ၂။ ကျားသစ်ဖိုသည် အမှတ်မရှိသော သားကောင်ကို သတ်၍ လက်ဝဲ နံပါးဖြင့် လဲကျသော သားကောင်ကို မစားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သစ်သီးပေးခြင်း, ပန်းပေးခြင်းစသော ကုလဒူသနအမှု, အခြားသော ဘုရားရှင် တားမြစ်ကဲ့ရဲ့အပ်သော မိစ္ဆာ ဇီဝဖြင့် ဖြစ်စေအပ်သော ဘောဇဉ်ကို မစားခြင်း)။ (မိလိန္ဒ။၃၅၁။) (မိလိန္ဒ၊မြန်။၃၇၄။)

ကျီးငှက်၏ အင်္ဂါ ၂ ပါး ၁။ ကျီးငှက်သည် ယုံမှားသံသယဖြင့် စိုးရိမ်ကြောင့်ကြမှုရှိလျက် လုံ့လစိုက်၍ ကျက်စားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အပ်သလော မအပ်သလောဟု ယုံမှား သံသယ ရှိလျက် လုံ့လထုတ်ကာ သတိဖြင့် ဣန္ဒေတို့ကို စောင့်စည်း၍ ကျင့်ခြင်း)၊ ၂။ ကျီးငှက်သည် တစ်စုံတစ်ခုသော ဘောဇဉ်ကို တွေ့မြင်သည်ရှိသော် ဆွေမျိုးဖြစ်သော ကျီးတို့နှင့် ခွဲခြမ်းဝေဖန်၍ စားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် တရားသဖြင့် ရအပ်သော လာဘ်တို့ကို သီလရှိသော သီတင်းသုံးဖော်တို့နှင့် ခွဲခြမ်းဝေဖန်၍ သုံးဆောင်ခြင်း)။ (မိလိန္ဒ။၃၅၅။) (မိလိန္ဒ၊မြန်။၃၇၇။)

ကျီးတို့၏ မသူတော်တရား ၁၀ ပါး ၁။ ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်ခြင်း၊ ၂။ ရဲတင်းခြင်း၊ ၃။ အလိုရမ္မက်ကြီးခြင်း၊ ၄။ အစားကြီးခြင်း၊ ၅။ ကြမ်းကြုတ်ခြင်း၊ ၆။ သနားခြင်းကရုဏာ

http://www.dhammadownload.com

မရှိခြင်း၊ ၇။ အားနည်းခြင်း၊ ၈။ မြည်တွန်တတ်ခြင်း၊ ၉။ သတိမေ့တတ်ခြင်း၊ ၁၀။ မစုဆောင်းတတ်ခြင်း။ (အံ၊၃။၃၇၅။) (အံ၊မြန်၊၃။၃၇၅။)

ကျေးဇူး ၃ မျိုး ၁။ သီလကွန်ခွ– သီလတည်းဟူသော ကျေးဇူး၊ ၂။ သမာဓိကွန်ခွ–သမာဓိတည်း ဟူသော ကျေးဇူး၊ ၃။ ပညာကွန်ခွ– ပညာတည်းဟူသော ကျေးဇူး။ (နေတ္တိ၊ဝိဘာ။၂၇၇။)

ကျေးဇူးကြီးသော ပုဂ္ဂိုလ် ၃ မျိုး ၁။ အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဘုရား တရား သံဃာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူ အဖြစ်သို့ ရောက်ရှိခဲ့သူ ဖြစ်ခြင်း၊ ၂။ အကြင် ပုဂ္ဂိုလ်ကို အကြောင်းပြု၍ သစ္စာလေးပါးကို အမှန်အတိုင်း သိသူအဖြစ်သို့ ရောက်ရှိခဲ့သူ ဖြစ်ခြင်း၊ ၃။ အကြင်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အာသဝေါ ကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ ရောက်ရှိခဲ့သူ ဖြစ်ခြင်း။ (အံ၊၁။၁၂၁။) (အံ၊မြန်၊၁။၁၃၉။)

ကျေးဇူးဆပ်၍ မကုန်နိုင်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ မိခင်ကျေးဇူး၊ ၂။ ဖခင်ကျေးဇူး။ (အံ၊၁။၁၊၆၃။) (အံ၊မြန်၊၁။၇၅။)

ကျေးဇူးများသော တရား ၂ ပါး ၁။ အောက်မေ့ခြင်း သတိ၊၂။ ဆင်ခြင်ခြင်း သမ္ပဇဉ်။ (ဒီ၊၃။၂၂၈။) (ဒီ၊မြန်၊၃။၂၅၀။)

ကျေးဇူးများသော တရား ၃ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို နာခြင်း၊ ၃။ လောကုတ္တရာတရားအားလျော်သော တရားကို ကျင့်ခြင်း။ (ဒီ၊၃။၂၂၉။) (ဒီ၊မြန်၊၃။၂၅၁။)

ကျေးဇူးများသော တရား ၄ ပါး ၁။ သင့်တင့်လျောက်ပတ်သော အရပ်၌ နေခြင်း– ပဋိရူပဒေသဝါသ၊ ၂။ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ခြင်းသပ္ပုရိသူပနိဿယ၊ ၃။ မိမိကိုယ်ကို ကောင်းစွာ ထားခြင်း– အတ္တသမ္မာပဏိဓိ၊ ၄။ ရှေးဦးပြုဖူးသော ကောင်းမှုရှိခြင်း– ပုဗ္ဗေ စ ကတပုညတာ။ (ဒီ၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၅၂။)

ကျေးဇူးများသော တရား ၅ ပါး ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ အနာရောဂါ ကင်းခြင်း၊ ၃။ မာန်မရှိ လှည့်ပတ်ခြင်းမရှိ ဟုတ်တိုင်းမှန်စွာ မိမိကိုယ်ကို ထင်စွာပြုခြင်း၊ ၄။ အားကြီးသော မြဲမြံသော လုံ့လ အားထုတ်အပ်သော ဝီရိယရှိခြင်း၊ ၅။ ဝဋ်ဆင်းရဲကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်စေတတ်သော စင်ကြယ်သော ပညာနှင့် ပြည့်စုံခြင်း။ (ဒီ၊၃။၂၃၂။) (ဒီ၊မြန်၊၃။၂၅၄။)

ကျေးဇူးများသော တရား ၆ ပါး ၁။ ကာယကံမေတ္တာကို ဖြစ်စေခြင်း၊ ၂။ ဝစီကံမေတ္တာကို ဖြစ်စေခြင်း၊ ၃။ မနောကံမေတ္တာကို ဖြစ်စေခြင်း၊ ၄။ တရားသဖြင့် ရအပ်သော လာဘ်တို့ကို သီတင်းသုံးဖော်တို့နှင့် ဆက်ဆံ၍စားလေ့ရှိခြင်း၊၅။သီတင်းသုံးဖော်တို့နှင့် တူသော သီလရှိခြင်း၊ ၆။ သီတင်းသုံးဖော်တို့နှင့် ဉာဏ်အမြင်တူခြင်းသို့ ရောက်ခြင်း။ (ဒီ၊၃။၂၃၆။) (ဒီ၊မြန်၊၃။၂၅၉။)

ကျေးဇူးများသော တရား ၇ ပါး ၁။ သဒ္ဓါဥစ္စာ၊၂။ သီလဥစ္စာ၊၃။ ဟိရိဥစ္စာ၊၄။ သြတ္တပ္ပဥစ္စာ၊ ၅။ သုတဥစ္စာ၊၆။ စာဂဥစ္စာ၊၇။ ပညာဥစ္စာ။ (ဒီ၊၃။၂၄၀။) (ဒီ၊မြန်၊၃။၂၆၃။)

ကျေးဇူးများသော တရား ၈ ပါး ၁။ ရုက်ကြောက် မြတ်နိုးအပ်သော ပုဂ္ဂိုလ်ကို မှီ၍နေပြီး ရှိသေခြင်းကို ဖြစ်စေခြင်းသည် မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိ ပညာကို ပြည့်စုံစေခြင်းငှာ ရှေးဦးစွာသော အကြောင်းအထောက်အပံ့ဖြစ်ခြင်း၊ ၂။ ရုက် ကြောက် မြတ်နိုး

http://www.dhammadownload.com

အပ်သော ပုဂ္ဂိုလ်ကို မှီ၍နေပြီး ပါဠိ အနက် ယုံမှားဖွယ်တို့ကို မေးသဖြင့် ယုံမှားမှုကို ဖြေဖျောက်ပေးခြင်းသည် မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ပြည့်စုံစေခြင်းငှာ နှစ်ခုမြောက်သော အကြောင်းအထောက်အပံ့ ဖြစ်ခြင်း၊ ၃။ တရားတော်ကို ကြားနာရ၍ စိတ်၏ ငြိမ်းချမ်းခြင်းနှင့် ပြည့်စုံခြင်းသည် မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ပြည့်စုံစေခြင်းငှာ သုံးခုမြောက် အကြောင်းအထောက်အပံ့ ဖြစ်ခြင်း၊ ၄။ ပါတိမောက္ခသံဝရသီလကို စောင့်စည်း၍ နေခြင်းသည် မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ပြည့်စုံစေခြင်းငှာ လေးခုမြောက် အကြောင်းအထောက်အပံ့ ဖြစ်ခြင်း၊ ၅။ အကြားအမြင်များ၏၊ သင်ပြီးသည်ကို ဆောင်နိုင်၏၊ အလုံးစုံ ပြည့်စုံခြင်းရှိသော တရားတို့ကို အဖန်ဖန် လေ့လာဆင်ခြင်၍ ပညာဖြင့် ထိုးထွင်း၍ သိခြင်းသည် မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ပြည့်စုံစေခြင်းငှာ ငါးခုမြောက် အကြောင်းအထောက်အပံ့ ဖြစ်ခြင်း၊ ၆။ အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ အားထုတ်သော ဝီရိယ ရှိခြင်းသည် မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ပြည့်စုံစေခြင်းငှာ ခြောက်ခုမြောက် အကြောင်းအထောက်အပံ့ ဖြစ်ခြင်း၊ ၇။ မြတ်သော သတိနှင့် ပြည့်စုံခြင်းသည် မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ပြည့်စုံစေခြင်းငှာ ခုနစ်ခုမြောက်သော အကြောင်းအထောက်အပံ့ ဖြစ်ခြင်း၊ ၈။ ငါးပါးသော ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ခြင်း ပျက်ခြင်း အဖန်ဖန်ရှုရ၍ နေခြင်းသည် မြတ်သော မဂ်အကျင့်၏ အစဖြစ်သော မရသေးသော သမ္မာဒိဋ္ဌိပညာကို ပြည့်စုံစေခြင်းငှာ ရှစ်ခုမြောက်သော အကြောင်း အထောက်အပံ့ဖြစ်ခြင်း။ (ဒီ၊၃။၂၄၃။) (ဒီ၊မြန်၊၃။၂၆၆။)

ကျေးဇူးများသော တရား ၉ ပါး ၁။ အသင့်အားဖြင့် နှလုံးသွင်းသူအား ဝမ်းမြောက်ခြင်း ဖြစ်၏၊ ၂။ ဝမ်းမြောက်ခြင်းရှိသူအား နှစ်သိမ့်ခြင်း ဖြစ်၏၊ ၃။ နှစ်သိမ့်သော စိတ်ရှိသူအား နာမ်ရုပ်အပေါင်း ငြိမ်း၏၊ ၄။ နာမ်ရုပ်အပေါင်းငြိမ်းသူသည် ချမ်းသာကို ခံစားရ၏၊ ၅။ ချမ်းသာသုခရှိသူ၏ စိတ်သည် တည်ကြည်၏၊ ၆။ စိတ်တည်ကြည်သော် ဟုတ်မှန်သောအတိုင်း သိ၏၊ ၇။ ဟုတ်မှန်အတိုင်းသိသော် ငြီးငွေ့၏၊ ၈။ ငြီးငွေ့သည်ရှိသော် စွဲမက်ခြင်း ကင်း၏၊ ၉။ စွဲမက်ခြင်းကင်းသော် ကိလေသာတို့မှ လွတ်၏။ (ဒီ၊၃။၂၅၂။) (ဒီ၊မြန်၊၃။၂၇၅။)

ကျေးဇူးများသော တရား ၁၀ ပါး ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင် ရှိခြင်း၊ ၃။ အဆွေခင်ပွန်းကောင်းရှိခြင်း၊ ၄။ ဆိုဆုံးမလွယ်ခြင်း၊ ၅။ အယုတ်အမြတ်ဖြစ်သော ကိစ္စတို့၌ လိမ်မာခြင်း၊ ပျင်းရိခြင်းမရှိ၊ ၆။ တရားတော်ကို အလိုရှိခြင်း၊ ချစ်ဖွယ်ကို ပြောဆိုတတ်ခြင်း၊ ၇။ ရရသမျှ ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲခြင်း၊ ၈။ အားထုတ်သော ဝီရိယရှိခြင်း၊ ၉။ သတိရှိခြင်း၊ သတိပညာနှင့် ပြည့်စုံခြင်း၊ ၁၀။ ပညာရှိခြင်း၊ အဖြစ်အပျက်ကို သိသော ကိလေသာကို ဖျက်ဆီးနိုင်သော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာနှင့် ပြည့်စုံခြင်း။ (ဒီ၊၃။၂၅၅။) (ဒီ၊မြန်၊၃။၂၇၉။)

ကျော်လွန်ခြင်း ၃ မျိုး ၁။ အချိန်အခါတို့သည် ပုဂ္ဂိုလ်သတ္တဝါကို ကျော်လွန်ခြင်း၊ ၂။ ညဉ့်တို့သည် ပုဂ္ဂိုလ်သတ္တဝါကို ကျော်လွန်ခြင်း၊ ၃။ (ပထမ၊ မဇ္ဈိမ၊ ပစ္ဆိမ) အရွယ်အစုတို့သည် ပုဂ္ဂိုလ်သတ္တဝါကို ကျော်လွန်ခြင်း။ (သံ၊၁။၆၂။) (သံ၊မြန်၊၁။၆၁။)

ကျက်စားရာ ဂေါစရ ၃ မျိုး ကျက်စားရာ အာရုံ ၃ မျိုးနှင့် တူသည်။

http://www.dhammadownload.com

ကျက်စားရာအာရုံ ၃ မျိုး ၁။ဥပနိဿယဂေါစရ– အားကြိုးသောမှီရာအကြောင်းဟူသော ကျက်စားရာအာရုံ၊ ၂။အာရက္ခဂေါစရ– ဣန္ဒြေတို့ကို စောင့်ရှောက်ခြင်းဟူသော ကျက်စားရာအာရုံ၊ ၃။ဥပနိဗန္ဓဂေါစရ– မိမိစိတ်ကို ကပ်၍ ချည်နှောင်ထားရာ သတိပဋ္ဌာန်တည်းဟူသော ကျက်စားရာအာရုံ။ (ဣတိဝုတ်၊ဋ္ဌ။၂၉၃။)

ကျောက်ဆူး၏ အင်္ဂါ ၂ ပါး ၁။ ကျောက်ဆူးသည် လှိုင်းကွန်ရက်တို့ဖြင့် ရှုပ်ထွေးလျက် ချောက်ချားသော ရေအပြင်ရှိသော မဟာသမုဒ္ဒရာကြီး၌ လှေသင်္ဘောကို ရပ်တည်စေ ငြိမ်သက်စေလျက် တူရူအရပ် ဖီလာအရပ်သို့ ဆောင်ခြင်းငှာ မပေးခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရာဂ ဒေါသ မောဟတည်းဟူသော လှိုင်းကွန်ရက်ရှိသော ဝိတက်လှိုင်း ပုတ်ခတ်အပ်သော အာရုံ၌ စိတ်ကို တည်အောင်ထားခြင်း, တူရူဖီလာအရပ်သို့ ဆောင်ခြင်းငှာ မပေးခြင်း)၊ ၂။ ကျောက်ဆူးသည် ရေပေါ်သို့ မပေါ်ဘဲ နစ်မြုပ်လျက် အတောင်တစ်ရာရှိသော ရေခဲလည်း လှေသင်္ဘောကို ငြိမ်စေ ရပ်တည်စေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် လာဘ်ပူဇော် သက္ကာရအခြံအရံစသည်တို့၌ မပေါ်လွင်ဘဲ ကိုယ်နှင့် မျှတလောက်ရုံသော ပစ္စည်းလေးပါးတို့၌သာလျှင် စိတ်ကို ထားအပ်ခြင်း) ။ (မိလိန္ဒ။၃၆၀။) (မိလိန္ဒ၊မြန်။၃၈၃။)

ကျောက်မျက်ရတနာ ၂၄ မျိုး ၁။ ဝဇိရ– စိန် (လက်ဝတ်ရတနာ)၊ ၂။ မဟာနီလ– နီလာကြီး၊ မြည်းကြီး၊ (ဣန္ဒနီလာကျောက်ထက် ပို၍ ညိုသော ကျောက်တစ်မျိုး)၊ ၃။ ဣန္ဒနီလ– ပတ္တမြားညို (နီလာ)၊ ၄။ မရကတ– မြ၊ ၅။ ဝေဠုရိယ– ကျောက်မျက်ရွဲ (ဝါးစိမ်းအဆင်းရှိသော ကျောက်မျက်)၊ ၆။ ပဒုမရာဂ– ပတ္တမြားနီ၊ ၇။ ဖုဿရာဂ– ဥဿဖယား (ဖုဿရာဂမည်သော ကျောက်မျက်)၊ ၈။ ကက္ကေတန– ကက္ကေတနမည်သော ကျောက်မျက်၊ ၉။ ပုလာက– ပုလာကမည်သော ကျောက်မျက်၊ ၁၀။ ဝိမလ– အညစ်ကြေးကင်းသော ဝိမလမည်သော ကျောက်မျက်၊ ၁၁။ လောဟိတင်္ကံ– ပတ္တမြားနီ၊ ၁၂။ ဖလိက– ဖန်၊ ဖန်ကျောက်၊ ၁၃။ ပဝါဠ– သန္ဓာ၊ ၁၄။ ဇောတိရသ– အလုံးစုံသောအလိုကို ပေးစွမ်းနိုင်သော ဇောတိရသ ပတ္တမြား၊ ၁၅။ ဂေါမုတ္တက– ဂေါမုတ္တကမည်သော ပတ္တမြား၊ နွားကျင်ငယ်ရေအရောင်နှင့်တူသော ကျောက်မျက်၊ ဂေါမုတ်၊ ၁၆။ ဂေါမေဒက– ဂေါမေဒကမည်သော ပတ္တမြား၊ နွားအဆီခဲနှင့်တူသော ကျောက်၊ ဂေါမိဒ်ကျောက်၊ ၁၇။ သောဂန္ဓိက– သောဂန္ဓိကမည်သော ကျောက်မျက် (ကြာဖြူအဆင်း ရှိသော ကျောက်မျက်)၊ ၁၈။ မုတ္တာ– ပုလဲ၊ ၁၉။ သင်္ခ– ခရုသင်း၊ ၂၀။ အဉ္ဇနမူလ– ခနောက်စိမ်း၊ မျက်စဉ်းကျောက်၊ ၂၁။ ရာဇပဋ္ဋ– ရာဇပဋ္ဋမည်သော ကျောက်မျက်၊ ၂၂။ အမတံသက– အမြိုက်သုက်ကျောက်မျက်၊ ၂၃။ ပိယက– ပိယကမည်သော ကျောက်မျက်၊ ၂၄။ ဗြာဟ္မဏီ– ဗြာဟ္မဏီမည်သော ကျောက်မျက်။ (ဥဒါန၊ဋ္ဌ။၉၁။)

ကျင့်ဆဲရဟန်းတို့ ဆုတ်ယုတ်ကြောင်း တရား ၆ ပါး ၁။ အမှုသစ်၌ မွေ့လျော်ခြင်း၊ ၂။ စကား ပြောမှု၌ မွေ့လျော်ခြင်း၊ ၃။ အိပ်မှု၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ ၅။ ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားခြင်း၊ ၆။ စားဖွယ်သောက်ဖွယ်တို့၌ အတိုင်းအရှည်ကို မသိခြင်း။ (အံ၊၂။၂၉၀။) (အံ၊မြန်၊၂။၃၇၂။)

ကျင့်ဆဲရဟန်းတို့ မဆုတ်ယုတ်ကြောင်း တရား ၆ ပါး ၁။ အမှုသစ်၌ မမွေ့လျော်ခြင်း၊ ၂။ စကားပြောခြင်း၌ မမွေ့လျော်ခြင်း၊ ၃။ အိပ်မှု၌ မမွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌

http://www.dhammadownload.com

မမွေ့လျော်ခြင်း၊ ၅။ ကွန်ဒြေတို့၌ တံခါးကို ပိတ်ထားခြင်း၊ ၆။ စားသောက်ဖွယ်တို့၌ အတိုင်းအရှည်ကို သိခြင်း။ (အံ၊၂။၂၉၀။) (အံ၊မြန်၊၂။၃၇၃။)

ကျင့်ဆဲရဟန်း၏ ဆုတ်ယုတ်ကြောင်း တရား ၃ ပါး ၁။ အလုပ်အကိုင်များလျက် ထိုဝေယျာဝစ္စ အလုပ်များ၌ မွေ့လျော်ခြင်း၊ ၂။ စကား အလွန်များလျက် ထိုစကားပြောခြင်း၌ မွေ့လျော်ခြင်း၊ ၃။ အအိပ်အလွန်ကြီးလျက် ထိုအိပ်ခြင်း၌ မွေ့လျော်ခြင်း။ (ခုဒ္ဒက။၂၄၃။) (ခုဒ္ဒက၊မြန်။ ၂၂၈။)

ကျင့်ဆဲရဟန်း၏ ဆုတ်ယုတ်ကြောင်း တရား ၈ ပါး ၁။ အမှုသစ်၌ မွေ့လျော်ခြင်း၊ ၂။ စကား ပြောမှု၌ မွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ ၅။ ကွန်ဒြေတို့၌ စောင့်စည်းအပ်သော တံခါးမရှိခြင်း၊ ၆။ စားဖွယ်သောက်ဖွယ်၌ အတိုင်းအရှည် မသိခြင်း၊ ၇။ ရောနှောလျှက် နေခြင်း၌ မွေ့လျော်ခြင်း၊ ၈။ သံသရာကို ချဲ့ထွင် တတ်သော ပပဉ္စ တရား၌ မွေ့လျော်ခြင်း။ (အံ၊၃။၁၄၇။) (အံ၊မြန်၊၃။၁၄၉။)

ကျင့်ဆဲရဟန်း၏ မဆုတ်ယုတ်ကြောင်း တရား ၃ ပါး ၁။ အလုပ်အကိုင်များ၌ မမွေ့ လျော်ခြင်း၊ ၂။ စကားပြောခြင်း၌ မမွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မမွေ့လျော်ခြင်း။ (ခုဒ္ဒက။၂၄၃။) (ခုဒ္ဒက၊မြန်။ ၂၂၈။)

ကျင့်ဆဲရဟန်း၏ မဆုတ်ယုတ်ကြောင်း တရား ၈ ပါး ၁။ အမှုသစ်၌ မမွေ့လျော်ခြင်း၊ ၂။ စကားပြောမှု၌ မမွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မမွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မမွေ့လျော်ခြင်း၊ ၅။ ကွန်ဒြေတို့၌ စောင့်စည်းအပ်သော တံခါး (လုံခြုံသော တံခါး) ရှိခြင်း၊ ၆။ စားသောက်ဖွယ်ရာတို့၌ အတိုင်းအရှည်ကို သိခြင်း၊ ၇။ ရောနှောမှု၌ မမွေ့လျော်ခြင်း၊ ၈။ သံသရာချဲ့တတ်သော ပပဉ္စတရား၌ မမွေ့လျော်ခြင်း။ (အံ၊၃။၁၄၇။) (အံ၊မြန်၊၃။၁၄၉။)

ကျင့်ရမည့် သိက္ခာ ၃ ပါး ၁။ လွန်ကဲ-မြင့်မြတ်သော သီလ- အဓိသီလ၊ ၂။ လွန်ကဲ- မြင့်မြတ်သော စိတ်- အဓိစိတ္တ၊ ၃။ လွန်ကဲ- မြင့်မြတ်သော ပညာ- အဓိပညာ။ (အံ၊၂။၃၈၆-၃၈၇။) (အံ၊မြန်၊ ၂။၄၈၈။)

ကျင့်ဝတ်ကြီး ၁၄ ပါး ခန္ဓကဝတ် ၁၄ ပါးနှင့် တူသည်။

ကျင့်သင့်သော သိက္ခာ ၃ ပါး ၁။ အဓိသီလသိက္ခာ- လွန်ကဲမြင့်မြတ်သော ဆယ်ပါးသီလ, ပါတိမောက္ခသံဝရသီလစသည်ကို သင်ခြင်း ကျင့်ခြင်း၊ ၂။ အဓိစိတ္တသိက္ခာ- လွန်ကဲ မြင့်မြတ်သော လောကီစျာန်သမာပတ် ရှစ်ပါးနှင့်ယှဉ်သော စိတ်ကို သင်ခြင်း ကျင့်ခြင်း၊ ၃။ အဓိပညာသိက္ခာ- လွန်ကဲမြင့်မြတ်သော ဝိပဿနာပညာကို သင်ခြင်း ကျင့်ခြင်း (မုချတ္ထ အားဖြင့် မဂ် ဖိုလ်နှင့် ယှဉ်သော သီလ- စိတ်ပညာတို့ကို သင်ခြင်း ကျင့်ခြင်း)။ (အံ၊၂။၃၈၇။) (အံ၊မြန်၊၂။၄၈၈။)

ကျောင်း ၂ မျိုး ၁။ ဤကျောင်းကို သုံးဆောင်သော ရဟန်းအား အကုသိုလ်တရား တိုးပွားလျှက် ကုသိုလ်တရား ဆုတ်ယုတ်သဖြင့် မမှီဝဲအပ်သော ကျောင်း၊ ၂။ ဤကျောင်းကို သုံးဆောင်သော ရဟန်းအား အကုသိုလ်တရားဆုတ်ယုတ်၍ ကုသိုလ်တရား တိုးပွားသဖြင့် မှီဝဲအပ်သော ကျောင်း။ (အံ၊၃။၁၇၆။) (အံ၊၃။၃၃၆။) (အံ၊မြန်၊၃။၁၇၈၊၃၃၅။) (အံ၊မြန်၊၃။ ၁၇၈၊၃၃၅။)

http://www.dhammadownload.com

ကျောင်း ၃ မျိုး ၁။ အတွင်း၌ လိမ်းကျံအပ်သော ကျောင်း၊ ၂။ အပ၌ လိမ်းကျံအပ်သော ကျောင်း၊ ၃။ အတွင်းအပ၌ လိမ်းကျံအပ်သော ကျောင်း။ ((ဝိ၊၁။၂၂၄၊၂၂၇၊၂၃၇၊၂၄၀။) (ဝိ၊၂။၆၈။) (ဝိ၊မြန်၊၁။ ၂၃၂၊၂၃၅၊၂၅၀၊၂၅၃။) (ဝိ၊မြန်၊၂။၇၇။) (ဝိ၊၆၊၂။၁၅၃။)

ကျောင်း ၅ မျိုး ၁။ နှစ်ဖက်မိုး ကျောင်း၊ ၂။ တစ်ဖက်မိုးကျောင်း၊ ၃။ အထွဋ်တပ်အပ်သော ပြာသာဒ် ရှည်၊ ၄။ အထွဋ်မတပ်အပ်သော ပြာသာဒ်ဦးပြည်း၊ ၅။ လိုဏ်ဂူ။ (ဝိ၊၄။၂၉၀။) (ဝိ၊မြန်၊၄။၂၉၅။)

ကျောင်း ၆ မျိုး ၁။ သံဃတော– သံဃာထံမှ ရသော ကျောင်း၊ ၂။ ဂဏတော– ဂိုဏ်းမှ ရသော ကျောင်း၊ ၃။ ညတိတော– ဆွေမျိုးထံမှ ရသော ကျောင်း၊ ၄။ မိတ္တတော– မိတ်ဆွေထံမှ ရသော ကျောင်း၊ ၅။ အတ္တနော ဓနေန– မိမိ၏ ဥစ္စာဖြင့် ဖြစ်ပေါ်လာသော ကျောင်း၊ ၆။ ပံသုကူလံ– ပံသုကူရသော ကျောင်း။ (ဒီ၊၆၊၃။၁၉၉။) (အံ၊၆၊၂။၂၈၄။)

ကျောင်းကို ခံယူခြင်း ၂ မျိုး ၁။ နွေ, ဆောင်း ဥတုအခါ၌ ကျောင်းကို ခံယူခြင်း၊ ၂။ (မိုးအခါ) ဝါဆိုသော အခါ၌ ကျောင်းကို ခံယူခြင်း။ (ဝိ၊၆၊၄။၆၆။)

ကျောင်းခံယူခြင်း ၃ မျိုး ၁။ ပုရိမဝါ၌ ကျောင်းခံယူခြင်း၊ ၂။ ပစ္ဆိမဝါ၌ ကျောင်းခံယူခြင်း၊ ၃။ ဝါပဒ၌ ကျောင်းခံယူခြင်း။ (ဝိ၊၄။၃၁၈။) (ဝိ၊၅။၂၁၉။) (ဝိ၊မြန်၊၄။၃၂၂။) (ဝိ၊မြန်၊၅။၃၀၅။)

ကျောင်းတိုက်ကို တင့်တယ်စေသော ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံသည် ဖြစ်၍ အနည်းငယ်သော အပြစ်၌လည်း ဘေးဟု ရှုလေ့ရှိခြင်း၊ ၂။ အကြားအမြင် ဗဟုသုတများသည် ဖြစ်၍ အစ အလယ် အဆုံး ကောင်းခြင်းရှိသော တရားတို့ကို နာယူမှတ်သား ဆောင်ထားလျက် ပညာဖြင့် ကောင်းစွာထိုးထွင်း၍ သိခြင်း၊ ၃။ အပြစ်ကင်းလျက် ယဉ်ကျေးသော စကားရှိသည်ဖြစ်၍ ကောင်းသော စကားမြွက်ဆိုသံ ရှိခြင်း၊ ၄။ မျက်မှောက်ဘဝ ချမ်းသာစွာ နေကြောင်းဖြစ်သော ရူပစျာန်လေးပါးတို့ကို အလိုရှိတိုင်း မငြိမငြင် မပင်မပန်းဘဲ ရခြင်း၊ ၅။ ရောက်လာသူတို့ကို တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေ၍ ဟရားကျင့်သုံးရန် ထက်သန်စေခြင်း။ (အံ၊၅။၂၂၉။) (အံ၊မြန်၊၅။၂၉၂။)

ကျောင်းတိုက်အား ကျေးဇူးများသော ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံသည်ဖြစ်၍ အနည်းငယ်သော အပြစ်၌လည်း ဘေးဟု ရှုလေ့ ရှိခြင်း၊ ၂။ အကြားအမြင် ဗဟုသုတများသည် ဖြစ်၍ အစ အလယ် အဆုံး ကောင်းခြင်း ရှိသော တရားတို့ကို နာယူဆောင်မှတ်ထားလျက် ပညာဖြင့် ကောင်းစွာ ထိုးထွင်းသိခြင်း၊ ၃။ ကျိုးပျက်နေသော ကျောင်းကို တစ်ဖန် ပြုပြင်တတ်ခြင်း၊ ၄။ အာဂန္တုရဟန်း သံဃာများ ကြွရောက် လာသည် ရှိသော် လူဒါယကာတို့ထံ ချဉ်းကပ်၍ ကုသိုလ်ကောင်းမှု ပြုလုပ်ရန် ပြောကြားခြင်း၊ ၅။ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော ရူပစျာန် လေးပါးတို့ကို အလိုရှိတိုင်း မငြိမငြင်မပင်မပန်းဘဲ ရရှိခြင်း။ (အံ၊၅။၂၃၀။) (အံ၊မြန်၊၅။၂၉၂။)

ကျောင်းထိုင်ပုဂ္ဂိုလ်၏ အင်္ဂါ ၅ ပါး ၁။ ဆယ်ဝါပြည့်ရခြင်း၊ ၂။ ဘိက္ခုဝိဘင်း ဘိက္ခုနီဝိဘင်း တို့ကို ပဒဘာဇနီနှင့် တကွ အကျယ် တတ်သိနားလည်ရခြင်း၊ ၃။ ကံကြီးကံငယ်ဆောင်ပုံကို နားလည်ရခြင်း၊ ၄။ မဟာဝါခန္ဓက စူဠဝါခန္ဓကဥ် လာသော ကျင့်ဝတ်များကို နားလည်ရခြင်း၊ ၅။ နာမ်တရား ရုပ်တရားတို့ကို သေချာကျနစွာ ဟောပြောနိုင်ခြင်း။ (ဝိ၊၆၊၃။၅၅။)

http://www.dhammadownload.com

ကျောင်းထိုင်ရဟန်း ကြည်ညိုဖွယ်ဖြစ်ကြောင်း တရား ၅ ပါး ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင် များခြင်း၊ ၃။ ကောင်းသော စကား ရှိခြင်း၊ ၄။ ဈာန်လေးပါးနှင့် ပြည့်စုံခြင်း၊ ၅။ အရဟတ္တ ဖိုလ်သို့ ရောက်၍ နေခြင်း။ (အံ၊၂။၂၂၉။) (အံ၊မြန်၊၂။၂၉၁။)

ကျောင်းထိုင်ရဟန်း နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး ၁။ မိမိဉာဏ်ဖြင့် စိစစ်သက်ဝင်၍ မချီးမွမ်းထိုက်သူအား ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြောကြားခြင်း၊ ၂။ မိမိဉာဏ်ဖြင့် စိစစ်သက်ဝင်၍ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းခြင်း၊ ၃။ မိမိဉာဏ်ဖြင့် စိစစ်သက်ဝင်၍ မကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်း၊ ၄။ မိမိဉာဏ်ဖြင့် စိစစ်သက်ဝင်၍ ကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်း၊ ၅။ သဒ္ဓါတရားဖြင့် ပေးလှူအပ်သော ပစ္စည်းများကို မဖျက်ဆီးခြင်း။ (အံ၊၂။၂၃၁။) (အံ၊မြန်၊၂။၂၉၄။)

ကျောင်းထိုင်ရဟန်း နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး ၁။ မိမိဉာဏ်ဖြင့် စိစစ် သက်ဝင်၍ မချီးမွမ်းထိုက်သူအား ကျေးဇူးမဲ့ ကဲ့ရဲ့စကားပြောကြားခြင်း၊ ၂။ မိမိဉာဏ်ဖြင့် စိစစ် သက်ဝင်၍ ချီးမွမ်းထိုက်သူအား ချီးမွမ်းစကား ပြောကြားခြင်း၊ ၃။ ကျောင်း၌ ဝန်တိုမှု မရှိဘဲ မမက်မော မတွယ်တာခြင်း၊ ၄။ လူဒါယကာတို့၌ ဝန်တိုမှုမရှိဘဲ မမက်မောမတွယ်တာခြင်း၊ ၅။ သဒ္ဓါဖြင့် ပေးလှူအပ်သော ပစ္စည်းကို မဖျက်ဆီးခြင်း။ (အံ၊၂။၂၃၁။) (အံ၊မြန်၊၂။ ၂၉၅။)

ကျောင်းထိုင်ရဟန်း နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး ၁။ မချီးမွမ်းထိုက်သူအား ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြောကြားခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုခြင်း၊ ၃။ ကျောင်း၌ ဝန်မတိုခြင်း၊ ၄။ ဒါယကာတို့၌ ဝန်မတိုခြင်း၊ ၅။ လာဘ်လာဘ၌ ဝန်မတိုခြင်း။ (အံ၊၂။၂၃၂။) (အံ၊မြန်၊၂။၂၉၅။)

ကျောင်းထိုင်ရဟန်း နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး ၁။ ကျောင်း၌ ဝန်တိုမှု မရှိခြင်း၊ ၂။ ဒါယကာတို့၌ ဝန်တိုမှု မရှိခြင်း၊ ၃။ လာဘ်လာဘ၌ ဝန်တိုမှု မရှိခြင်း၊ ၄။ ဂုဏ် အဆင်း၌ ဝန်တိုမှု မရှိခြင်း၊ ၅။ သဒ္ဓါတရားဖြင့် ပေးလှူအပ်သောပစ္စည်းကို မဖျက်ဆီးခြင်း။ (အံ၊၂။၂၃၂။) (အံ၊မြန်၊၂။၂၉၆။)

ကျောင်းထိုင်ရဟန်း နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး ၁။ ကျောင်း၌ ဝန်တိုမှု မရှိခြင်း၊ ၂။ ဒါယကာ၌ ဝန်တိုမှု မရှိခြင်း၊ ၃။ လာဘ်၌ ဝန်တိုမှု မရှိခြင်း၊ ၄။ ဂုဏ်အဆင်း၌ ဝန်တိုမှု မရှိခြင်း၊ ၅။ တရား၌ ဝန်တိုမှု မရှိခြင်း။ (အံ၊၂။၂၃၃။) (အံ၊မြန်၊၂။၂၉၇။)

ကျောင်းထိုင်ရဟန်း မြတ်နိုးဖွယ် မဖြစ်ကြောင်း တရား ၅ ပါး ၁။ ဝတ်ကြီးဝတ်ငယ်နှင့် မပြည့် စုံခြင်း၊ ၂။ အကြားအမြင်ကို မဆောင်ခြင်း၊ ၃။ တစ်ယောက်တည်း ကိန်းအောင်းခြင်း၌ မမွေ့လျော်ခြင်း၊ ၄။ ကောင်းသောစကား မရှိခြင်း၊ ၅။ ပညာမဲ့ခြင်း။ (အံ၊၂။၂၂၈။) (အံ၊မြန်၊၂။၂၉၀။)

ကျောင်းထိုင်ရဟန်း မြတ်နိုးဖွယ် ဖြစ်ကြောင်း တရား ၅ ပါး ၁။ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံခြင်း၊ ၂။ အကြားအမြင်ကို ဆောင်ခြင်း၊ ၃။ တစ်ယောက်တည်း ကိန်းအောင်းခြင်း၌ မွေ့လျော်ခြင်း၊ ၄။ ကောင်းသောစကား ရှိခြင်း၊ ၅။ ပညာရှိခြင်း။ (အံ၊၂။၂၂၈။) (အံ၊မြန်၊၂။၂၉၀–၂၉၁။)

http://www.dhammadownload.com

ကျောင်းထိုင်ရဟန်း အပါယ်ကျကြောင်း တရား ၅ ပါး ၁။ မိမိဉာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောကြားခြင်း၊ ၂။ မိမိဉာဏ်ဖြင့် မစိစစ် မသက်ဝင်မူ၍ ချီးမွမ်းထိုက်သော သူအား ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့ပြောဆိုခြင်း၊ ၃။ ကျောင်း၌ ဝန်တိုခြင်း၊ ၄။ ဒါယကာ၌ ဝန်တိုခြင်း၊ ၅။ လာဘ်၌ ဝန်တိုခြင်း။ (အံ၊၂။၂၃၁။) (အံ၊မြန်၊၂။ ၂၉၅။)

ကျောင်းထိုင်ရဟန်း အပါယ်ကျကြောင်း တရား ၅ ပါး ၁။ ကျောင်း၌ ဝန်တိုခြင်း၊ ၂။ ဒါယကာ၌ ဝန်တိုခြင်း၊ ၃။ လာဘ်၌ ဝန်တိုခြင်း၊ ၄။ ဂုဏ်အဆင်း၌ ဝန်တိုခြင်း၊ ၅။ သဒ္ဓါဖြင့် လွှုအပ်သော ပစ္စည်းကို ဖျက်ဆီးခြင်း။ (အံ၊၂။၂၃၂။) (အံ၊မြန်၊၂။၂၉၆။)

ကျောင်းထိုင်ရဟန်း အပါယ်ကျကြောင်း တရား ၅ ပါး ၁။ ကျောင်း၌ ဝန်တိုခြင်း၊ ၂။ ဒါယကာ၌ ဝန်တိုခြင်း၊ ၃။ လာဘ်၌ ဝန်တိုခြင်း၊ ၄။ ဂုဏ်အဆင်း၌ ဝန်တိုခြင်း၊ ၅။ တရား၌ ဝန်တိုခြင်း။ (အံ၊၂။၂၃၂။) (အံ၊မြန်၊၂။၂၉၇။)

ကျောင်းထိုင်ရဟန်း အပါယ်ကျကြောင်းတရား ၅ ပါး ၁။ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်အား ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြောကြားခြင်း၊ ၃။ မကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်း၊ ၄။ ကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လွှုသော ပစ္စည်းများကို ဖျက်ဆီးခြင်း။ (အံ၊၂။၂၃၀–၂၃၁။) (အံ၊မြန်၊၂။ ၂၉၃–၂၉၄။)

ကျောင်းထိုင်ရဟန်း အပါယ်ကျကြောင်းတရား ၅ ပါး ၁။ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်အား ဂုဏ်ကျေးဇူးမဲ့ ကဲ့ရဲ့စကား ပြောကြားခြင်း၊ ၃။ ကျောင်း၌ ဝန်တိုခြင်း မက်မောခြင်း၊ ၄။ လူဒါယကာတို့၌ ဝန်တိုခြင်း မက်မောခြင်း၊ ၅။ သဒ္ဓါတရားဖြင့် ပေးလှူအပ်သော ပစ္စည်းကို ဖျက်ဆီးခြင်း။ (အံ၊၂။၂၃၁။) (အံ၊မြန်၊၂။၂၉၃။)

ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး (နတ်ပြည်သို့ လားစေသော ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး) ၁။ မချီးမွမ်းထိုက်သူကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်း၊ ၃။ မကြည်ညိုသင့်သည်၌ မကြည်ညိုခြင်း၊ ၄။ ကြည်ညိုသင့်သည်၌ ကြည်ညိုခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လွှုသော ပစ္စည်းကို မဖျက်ဆီးခြင်း။ (အံ၊၂။၂၃၀။) (အံ၊မြန်၊၂။၂၉၄။)

ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး (နတ်ပြည်သို့ လားစေသော ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး) ၁။ မချီးမွမ်းထိုက်သူကို ကဲ့ရဲ့ခြင်း၊ ၂။ ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်း၊ ၃။ ကျောင်း၌ ဝန်မတိုခြင်း၊ ၄။ ဒါယကာ၌ ဝန်မတိုခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လွှုဒါန်းသော ပစ္စည်းများကို မဖျက်ဆီးခြင်း။ (အံ၊၂။၂၃၁။) (အံ၊မြန်၊၂။၂၉၅။)

ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး (ငရဲသို့လားစေသော ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး) ၁။ မချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်း၊ ၂။ ချီးမွမ်းထိုက်သူကို ကဲ့ရဲ့ခြင်း၊ ၃။ ကျောင်း၌ ဝန်တိုခြင်း၊ ၄။ ဒါယကာ၌ ဝန်တိုခြင်း၊ ၅။ လာဘ်လာဘ၌ ဝန်တိုခြင်း။ (အံ၊၂။၃၁။) (အံ၊မြန်၊၂။၂၉၅။)

ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး (နတ်ပြည်သို့လားစေသော ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး) ၁။ **မချီးမွမ်းထိုက်သူကို ကဲ့ရဲ့ခြင်း၊ ၂။ ချီးမွမ်းထိုက်သူကို ချီးမွမ်းခြင်း၊ ၃။ ကျောင်း၌**

http://www.dhammadownload.com

ဝန်တိုမှု မရှိခြင်း၊ ၄။ ဒါယကာ၌ ဝန်တိုမှု မရှိခြင်း၊ ၅။ လာဘ်လာဘ၌ ဝန်တိုမှု မရှိခြင်း။ (အံ၊၂။၂၃၁။) (အံ၊မြန်၊၂။၂၉၅။)

ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး (နတ်ပြည်သို့လားစေသော ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး) ၁။ ကျောင်း၌ ဝန်တိုမှု မရှိခြင်း၊ ၂။ ဒါယကာ၌ ဝန်တိုမှု မရှိခြင်း၊ ၃။ လာဘ် လာဘ၌ ဝန်တိုမှု မရှိခြင်း၊ ၄။ ဂုဏ်အဆင်း၌ ဝန်တိုမှု မရှိခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လှူသော ပစ္စည်းကို မဖျက်ဆီးခြင်း။ (အံ၊၂။၂၃၂။) (အံ၊မြန်၊၂။၂၉၆။)

ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး (နတ်ပြည်သို့လားစေသော ကျောင်းထိုင်ရဟန်း၏ တရား ၅ ပါး) ၁။ ကျောင်း၌ ဝန်တိုမှု မရှိခြင်း၊ ၂။ ဒါယကာ၌ ဝန်တိုမှု မရှိခြင်း၊ ၃။ လာဘ်လာဘ၌ ဝန်တိုမှု မရှိခြင်း၊ ၄။ ဂုဏ်အဆင်း၌ ဝန်တိုမှု မရှိခြင်း၊ ၅။ တရား၌ ဝန်တိုမှု မရှိခြင်း။ (အံ၊၂။၂၃၃။) (အံ၊မြန်၊၂။၂၉၇။)

ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး (ကျောင်းကို တင့်တယ်စေသော ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး) ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင် များခြင်း၊ ၃။ ကောင်းသောစကား ရှိခြင်း၊ ၄။ ချဉ်းကပ်လာသူတို့ကို တရားစကားဖြင့် ရွှင်လန်းစေခြင်း၊ ၅။ ဈာန်လေးပါးနှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၂၉။) (အံ၊မြန်၊၂။၂၉၂။)

ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး (ကျောင်းအား ကျေးဇူးများသော ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး) ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင် များခြင်း၊ ၃။ ကျိုးပျက်သည်ကို တစ်ဖန် ပြုပြင် တတ်ခြင်း၊ ၄။ ရဟန်းသံဃာအများအတွက် ကုသိုလ်ကောင်းမှု ပြုရန် ပြောကြားတတ်ခြင်း၊ ၅။ ဈာန်လေးပါးနှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၃၀။) (အံ၊မြန်၊၂။၂၉၂။)

ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး (လူတို့အား စောင့်ရှောက်သော ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး) ၁။ ငါးပါးသီလ၌ ဆောက်တည်စေခြင်း၊ ၂။ သစ္စာလေးပါးတရားကို ရှုမြင်စေခြင်း၊ ၃။ မကျန်းမာသူတို့ထံ ချဉ်းကပ်ခြင်း၊ ၄။ ရတနာ (၃) ပါး၌ သတိကို ထင်စေခြင်း၊ ၅။ သဒ္ဓါဖြင့် ပေးလှူသော ဆွမ်းကို မဖျက်ဆီးခြင်း။ (အံ၊၂။၂၃၀။) (အံ၊မြန်၊၂။၂၉၃။)

ကျောင်း၌ ရောင့်ရဲခြင်း ၁၅ မျိုး ၁။ ကြံစည်ခြင်း၌ ရောင့်ရဲခြင်း၊ ၂။ သွားခြင်း၌ ရောင့်ရဲခြင်း၊ ၃။ ရှာမှီးခြင်း၌ ရောင့်ရဲခြင်း၊ ၄။ ရရှိခြင်း၌ ရောင့်ရဲခြင်း၊ ၅။ ခံယူခြင်း၌ ရောင့်ရဲခြင်း၊ ၆။ အတိုင်းအရှည်အားဖြင့် ခံယူခြင်း၌ ရောင့်ရဲခြင်း၊ ၇။ လျှပ်ပေါ်ခြင်းကို ရှောင်ကြဉ်ရာ၌ ရောင့်ရဲခြင်း၊ ၈။ အကြင်အကြင် ရအပ်သော ကျောင်း၌ ရောင့်ရဲခြင်း၊ ၉။ မိမိအား အစွမ်းနှင့် လျော်ညီစွာ ရောင့်ရဲခြင်း၊ ၁၀။ မိမိအား လျောက်ပတ်သည်အား လျော်စွာ ရောင့်ရဲခြင်း၊ ၁၁။ ကျေးဇူး ပြုခြင်း၌ ရောင့်ရဲခြင်း၊ ၁၂။ အတိုင်းအရှည်၌ ရောင့်ရဲခြင်း၊ ၁၃။ သုံးဆောင်ရာ၌ ရောင့်ရဲခြင်း၊ ၁၄။ သိုမှီးခြင်းကို ရှောင်ကြဉ်ရာ၌ ရောင့်ရဲခြင်း၊ ၁၅။ စွန့်ကြဲရာ၌ ရောင့်ရဲခြင်း။ (ဒီ၊ဋ္ဌ၊၃။၁၉၉။) (စူဋ္ဌနိ၊ဋ္ဌ။၁၁၅။)

ကျောင်း၌ ရောင့်ရဲခြင်း ၃ မျိုး ၁။ ကျောင်း၌ မိမိရရှိခြင်းနှင့် လျော်ညီစွာ ရောင့်ရဲတင်းတိမ်ခြင်း (ယထာလာဘသန္တောသ)၊ ၂။ ကျောင်း၌ မိမိခွန်အား, အစွမ်းနှင့် လျော်ညီစွာ ရောင့်ရဲ တင်းတိမ်ခြင်း (ယထာဗလသန္တောသ)၊ ၃။ ကျောင်း၌ မိမိနှင့်သင့်လျော်လျောက်ပတ်မှုအား

http://www.dhammadownload.com

လျော်စွာ ရောင့်ရဲတင်းတိမ်ခြင်း (ယထာသာရုပ္ပသန္တောသ)။ (ဒီ၊ဋ္ဌ၊၁။၁၈၃။) (မ၊ဋ္ဌ၊၂။ ၄၈။) (ဒီ၊ဋ္ဌ၊ မြန်၊၁။၃၅၉။)

ကျောင်းနှင့်သက်ဆိုင်သော ဓုတင် ၅ မျိုး ၁။ အာရညိကင်္ဂဓုတင် (တောအရပ်၌ နေခြင်း။)၊ ၂။ ရုက္ခမူလိကင်္ဂဓုတင် (သစ်ပင်ရင်း၌ နေခြင်း။)၊ ၃။ အဗ္ဘောကာသိကင်္ဂဓုတင် (လွင်တီးခေါင် အရပ်၌ နေခြင်း။)၊ ၄။ သောသာနိကင်္ဂဓုတင် (သုသာန်၌ နေခြင်း။)၊ ၅။ ယထာသန္ထတိကင်္ဂ ဓုတင် (ရရှိသော နေရာ၌သာ နေခြင်း။) ။ (ဒီ၊ဋ္ဌ၊၃။၁၉၉။) (အံ၊ဋ္ဌ၊၂။၂၈၄။) (စူဋ္ဌနိ၊ဋ္ဌ။၁၁၅။)

ကျောင်းနှင့် သက်ဆိုင်သော ဓုတင် ၆ မျိုး ၁။ အာရညိကင်္ဂဓုတင်– တောထဲ၌ နေသောအားဖြင့် ကိလေသာခေါင်းပါးအောင် ကျင့်သော အကျင့်၊ ၂။ အဗ္ဘောကာသိကင်္ဂဓုတင်– လွင်တီးခေါင်၌ နေသောအားဖြင့် ကိလေသာခေါင်းပါးအောင် ကျင့်သောအကျင့်၊ ၃။ ရုက္ခမူလိကင်္ဂဓုတင်– သစ်ပင်ရင်း၌ နေသောအားဖြင့် ကိလေသာခေါင်းပါးအောင် ကျင့်သောအကျင့်၊ ၄။ ယထာသန္ထတိကင်္ဂဓုတင်–သံဃာက ချထားပေးသော နေရာ၌သာ နေသောအားဖြင့် ကိလေသာခေါင်းပါးအောင် ကျင့်သောအကျင့်၊ ၅။ သောသာနိကင်္ဂဓုတင်– သုသာန်၌ နေသောအားဖြင့် ကိလေသာခေါင်းပါးအောင် ကျင့်သောအကျင့်၊ ၆။ နေသဇ္ဇိကင်္ဂဓုတင်– အိပ်ခြင်းကို ပယ်၍ ထိုင်ခြင်း ဣရိယာပုထ်ဖြင့် နေသောအားဖြင့် ကိလေသာခေါင်းပါးအောင် ကျင့်သော အကျင့်။ (သုတ္တနိ၊ဋ္ဌ၊၂။၇၆။)

ကျောင်း ပြည့်စုံရမည့် အင်္ဂါ ၅ ပါး ၁။ ဆွမ်းခံရွာနှင့် မဝေးလွန်း, မနီးလွန်း, သွားလာရာ လွယ်ကူရာ အရပ်ဖြစ်ခြင်း၊ ၂။ နေ့အချိန်၌ လူတို့နှင့် မရောပြွမ်း, ညဉ့်အခါ၌ ကျောင်းအနီး ခရီးသွားတို့၏ စကားပြောသံ မရှိခြင်း, မြို့ရွာသူ ဆူညံသံ မရှိခြင်း၊ ၃။ မှက်, ခြင်, လေ, နေပူ, မြွေ ကင်း စသော တွားသွားသတ္တဝါတို့၏ တွေ့ထိကိုက်ခဲခြင်းမှ ကင်းခြင်း၊ ၄။ ထိုကျောင်း၌ နေထိုင်သော ရဟန်းအား ဆင်းရဲပင်ပန်းမှုကင်းစွာ သင်္ကန်းစသော ပရိက္ခရာတို့ ဖြစ်ပေါ်နိုင်ခြင်း၊ ၅။ ထိုကျောင်း၌ ပရိယတ် အကြားအမြင် များကုန်သော ထေရ်ရဟန်းတို့ နေထိုင်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၂၀၉။) (ဝိမတိ၊၁။၂၁၄။) (မ၊ဋီ၊၁။၁၄၁။)

ကျောင်းလူရက္ခီး ၁၇ ပါး ၁။ ကိုယ်တွင်းဓာတ် ချောက်ချားမှုနှင့် ပြင်ပဥတု ပြောင်းလဲမှုတို့ကြောင့် ဖြစ်ပေါ်လာသော ချမ်းအေးခြင်းဥတုကို ပယ်နိုင်ခြင်း၊ ၂။ တောမီးလောင်ခြင်းကြောင့် ဖြစ်ပေါ် လာသော အပူဥတုကို ပယ်နိုင်ခြင်း၊ ၃။ ခြင်္သေ့၊ သစ်၊ ကျား အစရှိသော ရဲရင့်သော သားကောင်တို့ကို တားဆီးနိုင်ခြင်း၊ ၄။ မြွေ, ကင်းစသော တွားသွားသတ္တဝါတို့ကို တားဆီး နိုင်ခြင်း၊ ၅။ ခြင်, မှက် ကိုက်ခဲခြင်းတို့ကို ပယ်နိုင်ခြင်း၊ ၆။ မိုးသက်လေအေးဒဏ်ကို ပယ်နိုင်ခြင်း၊ ၇။ မကြာခဏ ရွာလေ့ရှိသော မိုးရေတို့ကို ပယ်နိုင်ခြင်း၊ ၈။ တိုက်ခတ်လေ့ယမ်း အလွန်ကြမ်းသော လေဒဏ်ကို ပယ်နိုင်ခြင်း၊ ၉။ လောင်ကျွမ်းလှိုက်ဆူ နေအပူကို ပယ်နိုင်ခြင်း၊ ၁၀။ အာရုံကောင်းဖြင့် ကိန်းအောင်းမွေ့လျော် စံပျော်နိုင်ခြင်း၊ ၁၁။ အေးမြ ချမ်းသာစွာ နေထိုင်နိုင်ခြင်း၊ ၁၂။ လောကီစာနှင့်ကို ပွားများနိုင်ခြင်း၊ ၁၃။ သခါရတရားတို့၌ အနိစ္စအားဖြင့် ဝိပဿနာရှုမှတ် နိုင်ခြင်း၊ ၁၄။ ထမင်း, အဖျော်, ဝတ်ဖွယ်, နေဖွယ်တို့ကို ရခြင်း၊ ၁၅။ ကျောင်း၌ နေထိုင်သော ရဟန်းတို့မှ တရားဓမ္မကို နာယူနိုင်ခြင်း၊ ၁၆။ သစ္စာတရားကို ထိုးထွင်းသိနိုင်ခြင်း၊ ၁၇။ အာသဝကုန်ခန်း ရဟန္တာ ဖြစ်လျက် ပရိနိဗ္ဗာန်စံရခြင်း။ (သီ၊ဋီ၊သစ်၊၂။၃၁၇။)

http://www.dhammadownload.com

ကျောင်းလှူရကျိုး ၉ ပါး ၁။ ချမ်းအေးသောဥတုကို ပယ်ဖျောက်နိုင်ခြင်း၊ ၂။ ပူသောဥတုကို ပယ်ဖျောက်နိုင်ခြင်း၊ တောမီးလောင်ခြင်းအပူကို ပယ်နိုင်ခြင်း၊ ၃။ မှက်ကိုက်ခဲခြင်းကို ပယ်နိုင်ခြင်း၊ ၄။ ခြင်ကိုက်ခဲခြင်းကို ပယ်နိုင်ခြင်း၊ ၅။ လေပြင်းတိုက်ခတ်ခြင်းကို ပယ်နိုင်ခြင်း၊ ၆။ လောင်ကျွမ်းလှိုက်ဆူ နေအပူဒဏ်ကို ပယ်နိုင်ခြင်း၊ ၇။ မြွေကင်းစသော တွားသွားကောင်တို့၏ ကိုက်ခဲခြင်းမှ ပယ်နိုင်ခြင်း၊ ၈။ ဥတုဘေးရန်ကို ပယ်နိုင်ခြင်း၊ ၉။ ငြိမ်ဝပ်စွာ ကိန်းအောင်းခြင်း၌ မွေ့လျော်နိုင်ခြင်း။ (မ၊၁။၁၂။)

ကျောင်း အိပ်ရာနေရာ ၄ မျိုး ၁။ ကျောင်းတိုက်ကြီး၊ တစ်ဖက်မိုးကျောင်း၊ လေးထောင့်ပြာသာဒ်၊ ပြာသာဒ်ကတုံး၊ ဂူ–ဟူသော ဝိဟာရသေနာသန၊ ၂။ ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှို မွေ့ယာ၊ ခေါင်းအုံးဟူသော မဥ္စပီဌသေနာသန၊ ၃။ ပုဆိုးကြမ်း၊ သားရေပိုင်း၊ မြက်အခင်း၊ သစ်ရွက်အခင်းဟူသော သန္ထတသေနာသန၊ ၄။ ရဟန်းတို့ ရှေ့ရှုသွားကြကုန်သော အရပ်အားလုံးဟူသော ဩကာသသေနာသန။ (ဒီ၊၌၊၁။၁၈၇။) (မ၊၌၊၂။၁၁၉။) (အံ၊၌၊၂။၃၈၃။) (ဒီ၊၌၊မြန်၊၁။၃၆၈။)

ကျောင်း အိပ်ရာနေရာ ၁၀ မျိုး ၁။ ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာ၊ ၂။ တော၊ ၃။ သစ်ပင်ရင်း၊ ၄။ တောင်၊ ၅။ ချောက်၊ ၆။ တောင်ခေါင်း၊ ၇။ သင်္ချိုင်း၊ ၈။ တောအုပ်၊ ၉။ လွင်ပြင်၊ ၁၀။ ကောက်ရိုးပုံ။ (ဒီ၊၁။၆၇။) (ဒီ၊မြန်၊၁။၈၀။)

ကျောင်းအိပ်ရာနေရာ ၁၅ မျိုး ၁။ မဥ္စော– ညောင်စောင်း၊ ၂။ ပီဌ– အင်းပျဉ်၊ ၃။ ဘိသိ– ဘုံလျှို (မွေ့ရာ။)၊ ၄။ ဗိမ္မောဟန်– ခေါင်းအုံး၊ ၅။ ဝိဟာရော– နှစ်ဘက်မိုးသော ကျောင်း၊ ၆။ အမ္ဗယောဂေါ– တစ်ဖက်မိုးထားသော ကျောင်း၊ ၇။ ပါသာဒေါ– လေးထောင့်ပြာသာဒ်၊ ၈။ ဟမ္မိယံ– ပြာသာဒ်ဦးပြည်း (အုင်္ဒတိုက်။)၊ ၉။ ဂုဟာ– တောင်ခေါင်း၊ ဂူ၊ ၁၀။ လေဏံ– အုတ် ကျောက် စသည်ဖြင့် ပြုလုပ်သော လိုဏ်၊ ၁၁။ အဋ္ဌော– ပြအိုး၊ လင့်စင်၊ ၁၂။ မာဋ္ဌော– တန်ဆောင်းပြာသာဒ်၊ ၁၃။ ဝေဋ္ဌုဂုမ္ဗော– ဝါးရုံ (ဝါးချုံ။)၊ ၁၄။ ရုက္ခမူလံ– သစ်ပင်ရင်း (သစ်ပင်ခြေ။)၊ ၁၅။ ယတ္ထ ဝါ ပန ဘိက္ခူ ပဋိက္ကမန္တိ– ရဟန်းတို့ နေထိုင်ပြီးနောက် ဖဲခွါသွားရာ အရပ်။ (ဒီ၊၌၊၃။၁၉၈။) (အံ၊၌၊၂။၂၈၄။) (စူဋ္ဌနိ၊၌။၁၁၅။)

ကျောင်း အိပ်ရာနေရာ ၁၆ မျိုး ၁။ ခုတင်, ညောင်စောင်း၊ ၂။ အင်းပျဉ်၊ ၃။ ဘုံလျှို, မွေ့ယာ၊ ၄။ ခေါင်းအုံး၊ ၅။ ကျောင်းတိုက်ကြီး၊ ၆။ ဂဋ္ဌုန်တောင်အလား အမိုးနှစ်ဖက်ထားသော ပြာသာဒ်ရှည်၊ ၇။ လေးဒေါင့်ပြာသာဒ်၊ ၈။ ပြာသာဒ်ဦးပြည်း၊ ၉။ ဂူ၊ ၁၀။ ပြအိုး၊ ၁၁။ တန်ဆောင်း၊ ၁၂။ လိုဏ်၊ ၁၃။ ဝါးရုံ၊ ၁၄။ သစ်ပင်ရင်း, သစ်ပင်အနီးအောက်၊ ၁၅။ မဏ္ဍပ်၊ ၁၆။ ရဟန်းတို့ ရှေးရှုသွားကြသော အရပ်အားလုံး။ (ဒီ၊၌၊၁။၁၈၇။) (ဒီ၊၌၊မြန်၊၁။၃၆၇။)

ကျိန်စာဆိုခြင်း ၄ မျိုး (အမ္ဗဇာတ်လာ သူဌေးသမီးလေးဦးတို့၏ ကျိန်စာဆိုခြင်း ၄ မျိုး) ၁။ ပဌမသူဌေးသမီး–သင်ရသေ့၏ သရက်သီးကို ခိုးယူသော မိန်းမသည် အသက်ကြီးဆံဖြူသော ယောကျ်ားနှင့် ညားပါစေ၊ ၂။ ဒုတိယသူဌေးသမီး– သင်ရသေ့၏ သရက်သီးကို ခိုးယူသော မိန်းမသည် အသက်နှစ်ဆယ်နှစ်, အသက်နှစ်ဆယ့်ငါးနှစ်အရွယ်, အသက်သုံးဆယ်နှစ်အောက် အရွယ်တွင် ယောကျ်ားမရပါစေနှင့်၊ ၃။ တတိယသူဌေးသမီး– သင်ရသေ့၏ သရက်သီးကို ခိုးယူသော မိန်းမသည် လင်ယောကျ်ားရှိရာ ခရီးဝေးသို့ အဖော်မပါ

http://www.dhammadownload.com

တစ်ယောက်တည်း သွားရပါစေ၊ ချိန်းချက်ထားသော နေရာ၌ လင်ယောကျ်ားကို မတွေ့ပါစေနှင့်၊ ၄။ စတုတ္ထသူဌေးသမီး– သင်ရသော့်၏ သရက်သီးကို ခိုးယူသော မိန်းမသည် တန်ဆာဆင်ကာ ကောင်းသော အဝတ်ကို ဝတ်၍ ပန်းပန်ကာ စန္ဒကူးနံ့သာဖြင့် လိမ်းကျံလျက် တစ်ယောက်တည်း အိပ်ရာ၌ အိပ်ရပါစေ။ (ဇာ၊၄၊၃၂၆။)

ကျွန် ၃ မျိုး ၁။ အိမ်၌ ပေါက်ဖွားသော အိမ်ပေါက်ကျွန်၊ ၂။ ငွေဖြင့် ဝယ်ယူသော ငွေဝယ်ကျွန်၊ ၃။ စစ်ရုံးသဖြင့် ကျွန်အပြုခံရသော သုံ့ရကျွန် (သုံ့ပန်းကျွန်)။ (ဝိ၊၂၊၂၉၀။) (ဝိ၊မြန်၊၂၊၃၂၉။)

ကျွန် ၄ မျိုး ၁။ အန္တောဇာတ– အိမ်အတွင်း၌ ဖြစ်သော ကျွန် (ဝါ။) သားပေါက်ကျွန်၊ ၂။ ဓနက္ကီတ– ဥစ္စာဖြင့် ဝယ်ယူအပ်သော ကျွန်၊ ၃။ ကရမရာနီတ– သုံ့ပန်းကျွန်၊ ၄။ သာမဒါသဗျ– ကိုယ်တိုင် ကျွန်အဖြစ်သို့ ခံယူသော ကျွန်။ (မဟာနိ။၈။) (ဇာတက၊၂။၂၈၆။) (ဝိ၊၄၊၃။၂၈၂။) (ဇာ၊၄၊၇။၁၈၆။)

ကျွမ်းကျင်ခြင်း ၃ ပါး ၁။ အစီးအပွား၌ ကျွမ်းကျင်ခြင်း၊ ၂။ အစီးအပွားမရှိသည်၌ ကျွမ်းကျင်ခြင်း၊ ၃။ အကြောင်း၌ ကျွမ်းကျင်ခြင်း။ (ဒီ၊၃။၁၈၄။) (ဒီ၊မြန်၊၃။၂၀၄။)

ကျွမ်းကျင်လိမ္မာခြင်း ၂ မျိုး ၁။ သမာပတ်ဝင်စားမှု၌ ကျွမ်းကျင်ခြင်း သမာပတ္တိကုသလတာ၊ ၂။ သမာပတ်ထမှု၌ ကျွမ်းကျင်ခြင်း သမာပတ္တိဝုဋ္ဌာနကုသလတာ။ (အံ၊၁။၉၃။) (အံ၊မြန်၊၁။၁၀၉။)

ကြာစွယ် လှူရကျိုး ၄ ပါး ၁။ ကောင်းစွာ တန်ဆာဆင်အပ်သော နတ်သမီးရှစ်သောင်း ခြောက်ထောင်တို့ ညအခါ နံနက်အခါတို့၌ ဆည်းကပ်ခစားခြင်း၊ ၂။ လူ့ဘဝရောက်သောအခါ ချမ်းသာကြွယ်ဝသူဖြစ်၍ စည်းစိမ်ဥစ္စာပစ္စည်းများ ဆုတ်ယုတ်မှု မရှိခြင်း၊ ၃။ ကြာစွယ်လှူသည့် အချိန်မှ စ၍ ကမ္ဘာတစ်သိန်း ဒုဂ္ဂတိဘဝသို့ မရောက်ခြင်း၊ ၄။ နောက်ဆုံးဘဝ၌ ကိလေသာ ကုန်ခန်း ရဟန္တာ ဖြစ်ရခြင်း။ (အပ၊၂။၁၇၈။) (အပ၊မြန်၊၂။၁၇၂။)

ကြာညိုပန်း လှူရကျိုး ၁၀ ပါး ၁။ မြတ်သော ဗိမာန်မျက်နှာကျက်ညို အမိုးသည် ဦးထိပ်၌ ဆောင်းမိုးထားခြင်း၊ ၂။ နတ်တို့၏ ရနံ့ကြိုင်လှိုင်ခြင်း၊ ၃။ တစ်ရံတစ်ခါ ဆွေမျိုးတို့ ခေါ်ဆောင်စဉ် ပရိသတ်ရှိသလောက် မြတ်သော ဗိမာန်မျက်နှာကျက်ညို မိုးထားခြင်း၊ ၄။ ခုနစ်ကျိပ်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ရခြင်း၊ ၅။ အလုံးစုံသော ဘဝတို့၌ အစိုးရသူ အဖြစ်ဖြင့် ကျင်လည်ရခြင်း၊ ၆။ ခြောက်ဆယ့်သုံးယောက်သော စကြာမင်းတို့၏ မိဖုရားအဖြစ်ကို ရခြင်း၊ ၇။ အလုံးစုံသော သူတို့သည် မိမိ၏စကားကို နာယူလျက် အစဉ်လိုက်ကြခြင်း၊ ၈။ ကြာညိုပန်း ကဲ့သို့သော အဆင်း, အနံ့နှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၉။ ကြာညိုပန်း လှူသည့်အခါမှ စ၍ သုံးဆယ့်တစ်ကမ္ဘာတိုင်တိုင် ဒုဂ္ဂတိဘဝသို့ မရောက် ရခြင်း၊ ၁၀။ သတိပဋ္ဌာန် စသည်တို့၌ ကျွမ်းကျင် လိမ္မာလျက် ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်ခြင်း။ (အပ၊၂။၁၉၄။) (အပ၊မြန်၊၂။၁၈၆။)

ကြာပင်ဖြစ်ထွန်းကြောင်း ၂ မျိုး ၁။ ရေရှိခြင်း၊ ၂။ ညွှန်ရှိခြင်း။ (ဝိမတိ၊၁။၂၉။)

ကြာမြင့်စွာ နေခြင်း၏ အပြစ် ၅ ပါး ၁။ စုဆောင်း၍ များသောဘဏ္ဍာ ရှိခြင်း၊ ၂။ စုဆောင်း၍ များသော ဆေး ရှိခြင်း၊ ၃။ ပြုဖွယ်ကိစ္စ များပြားခြင်း၊ ၄။ လူရဟန်းတို့နှင့် နီးနှော ဆက်ဆံခြင်း၊ ၅။ နေရာကျောင်း၌ ငဲ့ကွက်တွယ်တာခြင်း။ (အံ၊၂။၂၂၅။) (အံ၊မြန်၊၂။၂၈၅။)

ကြာမြင့်စွာ နေခြင်း၏ အပြစ် ၅ ပါး ၁။ ကျောင်းအာဝါသ၌ ဝန်တိုမှု ရှိခြင်း၊ ၂။ ဒါယကာ၌

http://www.dhammadownload.com

ဝန်တိမှု ရှိခြင်း၊ ၃။ လာဘ် လာဘဋ္ဌ ဝန်တိမှု ရှိခြင်း၊ ၄။ ဂုဏ်အဆင်းဋ္ဌ ဝန်တိမှု ရှိခြင်း၊ ၅။ တရားဋ္ဌ ဝန်တိမှု ရှိခြင်း။ (အံ၊၂။၂၂၅) (အံ၊မြန်၊၂။၂၈၆။)

ကြာလက် ၃ မျိုး (ဝမ်းလျောဆေးအတွက် ပြုလုပ်အပ်သော ကြာလက် ၃ မျိုး) ၁။ ကြမ်းတမ်းသော အပြစ်တို့ကို ပယ်ရှားခြင်းအကျိုးငှာ ပြုလုပ်အပ်သော ကြာလက်၊ ၂။ အလယ်အလတ်ဖြစ်သော အမြစ်တို့ကို ပယ်ရှားခြင်းငှာ ပြုလုပ်အပ်သော ကြာလက်၊ ၃။ သိမ်မွေ့နူးညံ့သော အပြစ်တို့ကို ပယ်ရှားခြင်းငှာ ပြုလုပ်အပ်သော ကြာလက်။ (ဝိ၊ဋ္ဌ၊၃။၄၀၀။)

ကြီးပွားခြင်း ၂ မျိုး ၁။ ပစ္စည်းဖြင့် ကြီးပွားခြင်း– အာမိသဝုဒ္ဓိ၊ ၂။ တရားဖြင့် ကြီးပွားခြင်း– ဓမ္မဝုဒ္ဓိ။ (အံ၊၁။၉၂။) (အံ၊မြန်၊၁။၁၀၈။)

ကြီးပွားခြင်း ၂ မျိုး ၁။ အကျိုးမဲ့ ဆုတ်ယုတ်ခြင်း၊ ၂။ အကျိုးကျေးဇူး, အစီးအပွား ဖြစ်ထွန်း လာခြင်း။ (ဒီ၊ဋ္ဌ၊၃။၂၁၅။)

ကြီးပွားတိုးတက်ကြောင်း တရား ၅ ပါး ၁။ စည်းစိမ်ဥစ္စာတို့ဖြင့် မိဘတို့ကို အရိုအသေ ပြုခြင်း၊ ၂။ စည်းစိမ်ဥစ္စာတို့ဖြင့် သား သမီး မယား ကျေးကျွန်တို့ကို အရိုအသေ ပြုခြင်း၊ ၃။ စည်းစိမ်ဥစ္စာတို့ဖြင့် လယ်ရှင် မြေရှင်တို့ကို အရိုအသေ ပြုခြင်း၊ ၄။ စည်းစိမ်ဥစ္စာတို့ဖြင့် (မိရိုးဖလာ) နတ်တို့ကို အရိုအသေ ပြုခြင်း၊ ၅။ စည်းစိမ်ဥစ္စာတို့ဖြင့် သမဏဗြာဟ္မဏတို့ကို အရိုအသေ ပြုခြင်း။ (အံ၊၂။၆၇။) (အံ၊မြန်၊၂။၈၁။)

ကြီးပွားနိုင်သော ရဟန်း၏ အင်္ဂါ ၁၁ ပါး ၁။ မဟာဘုတ်ရုပ်, ဥပါဒါရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၂။ ပညာရှိနှင့် လူမိုက်တို့၏ ကုသိုလ်၊ အကုသိုလ် ဟူသော လက္ခဏာကို သိခြင်း၊ ၃။ ဖြစ်ပေါ်လာသော ကာမဝိတက် စသည်တို့ကို စွန့်ပယ် ဖျောက်ဖျက်တတ်ခြင်း၊ ၄။ စက္ခုန္ဒြေ အစ မနိန္ဒြေအဆုံးရှိသော ဣန္ဒြေခြောက်ပါးတို့ကို စောင့်စည်းတတ်ခြင်း၊ ၅။ ကြားနာ သင်ယူပြီးသော တရားတို့ကို သူတစ်ပါးတို့အား အကျယ် ဟောပြောတတ်ခြင်း၊ ၆။ အကြား အမြင်များကုန်သော သုတ် ဝိနည်း အဘိဓမ္မာဆောင် ရဟန်းတို့ထံ ချဉ်းကပ်၍ ယုံမှားမှုကို ပယ်ဖျောက်တတ်ခြင်း, မေးမြန်းတတ်ခြင်း၊ ၇။ ဘုရားရှင် ဟောကြားအပ်သော သုတ် ဝိနည်း အဘိဓမ္မာတို့၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ပြီး နှစ်သက် ဝမ်းမြောက်မှုကို ရခြင်း၊ ၈။ မြတ်သော အင်္ဂဠိကမဂ်ကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၉။ သတိပဋ္ဌာန်လေးပါးကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၁၀။ သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ဒကာတို့၏ ပစ္စည်းလေးပါးတို့ကို အတိုင်းအရှည်ကို သိလျက် ခံယူခြင်း၊ ၁၁။ သံဃာ့မိဘ သံဃာ့ရှေ့ဆောင် သက်တော်ရှည် မထေရ်ကြီးတို့၌ ကာယကံမေတ္တာ, ဝစီကံမေတ္တာ မနောကံမေတ္တာကို ရှေးရှုတည်ဆောင်ခြင်း။ (အံ၊၃။၅၄၉။) (အံ၊မြန်၊၃။၅၃၆။)

ကြီးပွားရေးအလုပ် မလုပ်ရခြင်း၏ အကြောင်း ၄ ပါး အမျိုးသမီးများ လွတ်ရုံးသဘင်၌ မနေရခြင်း၏ အကြောင်း ၄ ပါးနှင့် တူသည်။

ကြီးမြတ်သူကို ရိုသေလေးစားသူတို့ ရသော အကျိုး ၂ မျိုး ၁။ ဤမျက်မှောက်ဘဝ၌ ချီးမွမ်းခံရခြင်း၊ ၂။ တမလွန်ဘဝ၌ သုဂတိဘုံ၌ ဖြစ်ရခြင်း။ (ဇာ၊ဋ္ဌ၊၁။၂၃၆။)

http://www.dhammadownload.com

ကြီးလေးသော ကံ ၆ မျိုး (ဥတ္တိဒုတိယကမ္မဝါစာဖြင့်သာ ပြုလုပ်နိုင်၍ အပလောကနကံဖြင့် မပြုလုပ်နိုင်သော ကြီးလေးသော ကံ ၆ မျိုး) ၁။ သိမ်သမုတ်ခြင်း၊ ၂။ သိမ်နှုတ်ခြင်း၊ ၃။ ကထိန်ပေးခြင်း၊ ၄။ ကထိန်နှုတ်ခြင်း၊ ၅။ ကုဋိဝတ္ထုကို ပြောကြားခြင်း၊ ၆။ ဝိဟာရဝတ္ထုကို ပြောကြားခြင်း။ (ဝိ၊၆၊၄။၄၀။)

ကြီးသူ ၃ မျိုး ၁။ အမျိုးဇာတ်ကြီးသူ၊ ၂။ ဂုဏ်ကြီးသူ၊ ၃။ အရွယ်ကြီးသူ။ (ဇာ၊၆၊၁။၂၃၆။)

ကြီးသူ ၄ မျိုး ၁။ ပညာကြီးသူ၊ ၂။ ဂုဏ်ကြီးသူ၊ ၃။ ဇာတ်ကြီးသူ၊ ၄။ အရွယ်ကြီးသူ။ (သုတ္တနိ၊ ၆၊၂။၆၆။)

ကြီးသူကို အရိုအသေ ပြုရကျိုး ၄ ပါး ရှိခိုးရကျိုး ၄ ပါးနှင့် တူသည်။

ကြီးသော ကျောင်းကို ဆောက်ခိုင်းခြင်းကြောင့် ရောက်သော အာပတ် ၃ ပါး ၁။ ဒုက္ကဋ် အာပတ်၊ ၂။ ထုလ္လစ္စဉ်းအာပတ်၊ ၃။ သံဃာဒိသိသ်အာပတ်။ (ဝိ၊၅။၉၁။) (ဝိ၊မြန်၊၅။၁၃၁။)

ကြူးသူ ၄ မျိုး ၁။ မိန်းမကြူးသူ (ကွတ္ထိသောဏ္ဍ)၊ ၂။ ထမင်းအစားကြူးသူ (ဘတ္တသောဏ္ဍ)၊ ၃။ မုန့်အစားကြူးသူ (ပူဝသောဏ္ဍ)၊ ၄။ အမြစ်အစားကြူးသူ (မူလကသောဏ္ဍ)။ (ဒီ၊၆၊၃။ ၁၃၀။)

ကြိုတင် မသိနိုင်သော အရာ ၅ မျိုး ၁။ အသက်အပိုင်းအခြား၊ ၂။ ဖြစ်ပေါ်လာမည့် အနာရောဂါ၊ ၃။ သေရမည့် အချိန်ကာလ၊ ၄။ ခန္ဓာကိုယ်မြှုပ်နှံရမည့် သုသာန်သချိုင်း၊ ၅။ လားရောက်ရမည့် ဘဝ။ (သံ၊၆၊၁။၃၉။)

ကြိုးစားခြင်း၏ အကြောင်း ၈ ပါး အားထုတ်ခြင်း၏ အကြောင်း ၈ ပါး၊ အာရမ္ဘဝတ္ထု ၈ မျိုး တို့နှင့် တူသည်။

ကြံစည်ခြင်း ၂ မျိုး ၁။ တဏှာကပွ- တဏှာဟူသော ကြံခြင်း၊ ၂။ ဒိဋ္ဌိကပွ- ဒိဋ္ဌိဟူသော ကြံခြင်း။ (မဟာနိ။၁၉၄။) (မဟာနိ။၂၅၄။) (မဟာနိ။၂၆၁။) (မဟာနိ။၇၄-၇၅။) (ဒီ၊၆၊၁။၉၆။) (မ၊၆၊၄။၁၀။) (ဒီ၊၆၊မြန်၊၁။၁၈၆။)

ကြံစည်ခြင်း ၂ မျိုး (တစ်နည်း) ၁။ ကောင်းစွာ ကြံစည်ခြင်း၊ ၂။ မှားယွင်းစွာ ကြံစည်ခြင်း။ (အနုဋီ၊၃။၂၆၁။)

ကြံစည်ခြင်း ၃ မျိုး (ကောင်းသော ကြံစည်ခြင်း ၃ မျိုး) ၁။ နေက္ခမ္မဝိတက်- ကာမမှ ထွက်မြောက်တတ်သော အကြံအစည်၊ ၂။ အဗျာပါဒဝိတက်- အမျက်မထွက်တတ်သော အကြံအစည်၊ ၃။ အဝိဟိံသာဝိတက်- ညှဉ်းဆဲနှိပ်စက်ခြင်း မဟုတ်သော အကြံအစည်။ (ပေဋကော။၂၆၂။) (နေတ္တိ၊၆။၂၁၄။)

ကြံစည်ခြင်း ၃ မျိုး (တစ်နည်း) (မကောင်းသော ကြံစည်ခြင်း ၃ မျိုး) ၁။ ကာမဂုဏ်၌ ကြံစည်ခြင်း၊ ၂။ သူတစ်ပါးတို့အား ဖျက်ဆီးကြောင်း ကြံစည်ခြင်း၊ ၃။ ညှဉ်းဆဲ နှိပ်စက်ခြင်းနှင့် စပ်သော ကြံစည်ခြင်း။ (သံ၊၁။၂၀၄။) (စူဠနိ။၁၄၉။) (နေတ္တိ၊၆။၂၁၃။) (သာရတ္ထ၊ဋီ၊၁။၃၀၅။) (သံ၊မြန်၊၁။၁၉၁။)

ကြံစည်ခြင်း ၉ မျိုး ၁။ ကာမဝိတက်- ကာမဂုဏ်နှင့်စပ်၍ ကြံစည်ခြင်း၊ ၂။ ဗျာပါဒဝိတက်-

http://www.dhammadownload.com

ဖျက်ဆီးခြင်း၌ ကြံစည်ခြင်း၊ ၃။ ဝိဟိံသာဝိတက်– ညှဉ်းဆဲခြင်း၌ ကြံစည်ခြင်း၊ ၄။ ဉာတိဝိတက်– ဆွေမျိုးဉာတိတို့နှင့် စပ်၍ ကြံစည်ခြင်း၊ ၅။ ဇနပဒဝိတက်– ဇနပုဒ်နှင့်စပ်၍ ကြံစည်ခြင်း၊ ၆။ အမရာဝိတက်– အမရာမည်သော ငါးကဲ့သို့ အမြဲ အတည်တကျမရှိဘဲ ကြံမိကြံရာ ကြံစည်ခြင်း၊ ၇။ ပရာနုဒယတာ ပဋိသံယုတ္တ ဝိတက်– သူတစ်ပါးတို့အား သနားကြင်နာခြင်းနှင့် ယှဉ်စပ်သော ကြံစည်ခြင်း၊ ၈။ လာဘသက္ကာရသိလောကပဋိသံယုတ္တဝိတက်– လာဘ်ပူဇော်သက္ကာရ အကျော်အစောနှင့် ယှဉ်စပ်သော ကြံစည်ခြင်း၊ ၉။ အနဝညတ္တိပဋိသံယုတ္တဝိတက်– မထီမဲ့မြင် မအောက်မေ့စေခြင်းနှင့် စပ်သောကြံစည်ခြင်း။(မဟာနိ။၄၀၂။)(စူဠနိ။၁၆၀။)(ဣတိဝု၀တ်၊ ၄။၂၅၅။) (သုတ္တနိ၊၄၊၁။၁၉။)

ကြံဆ၍ ခိုးခြင်း ၂ မျိုး ၁။ ဘဏ္ဍပရိကပ္ပ– အမှောင်ခန်းထဲသို့ ဝင်၍ ရွှေ ငွေ ပစ္စည်းဖြစ်လျှင် ယူမည်၊ အဝတ်အထည်ဖြစ်လျှင် မယူ စသည်ဖြင့် ပစ္စည်းဥစ္စာဘဏ္ဍာကို ကြံ၍ ခိုးခြင်း၊ ၂။ သြကာသပရိကပ္ပ– တံခါးမုခ်, ပြာသာဒ်အောက်စသည်ဖြင့် အရပ်ဒေသပိုင်းခြားလျက် ဤနေရာအတွင်း၌ လူမြင်သွားလျှင် ပြန်ထားမည်၊ မမြင်လျှင် ယူမည်ဟု အရပ်ဒေသကို ကြံဆ၍ ခိုးခြင်း။ (ဝိ၊၄၊၁။၃၃၀။)

ကြက်နှင့် ယောဂီ တူပုံ ၅ မျိုး ၁။ ကြက်သည် သင့်လျော်သော အချိန်အခါ၌ အိပ်တန်း တက်ခြင်း (ထိုအတူ ယောဂီပုဂ္ဂိုလ်သည်လည်း စေတီယင်္ဂဏဝတ်စသည်ကို ပြု၍ သင့်လျော်သော အချိန်အခါ၌ ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ခြင်း)၊ ၂။ ကြက်သည် သင့်လျော်သော အချိန်အခါ၌ပင် ထခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည်လည်း သင့်လျော်သော အချိန်အခါ၌ အိပ်ရာမှ ထ၍ စေတီယင်္ဂဏဝတ်စသည်ကို ပြုပြီးလျှင် တစ်ဖန် ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ခြင်း)၊ ၃။ ကြက်သည် မြေကို ယက်၍ ယက်၍ အစာကို ကောက်ယူစားမျိုခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဆင်ခြင်၍ ဆင်ခြင်၍ အစာအာဟာရကို သုံးဆောင်ခြင်း)၊ ၄။ ကြက်သည် မျက်စိရှိနေသော်လည်း ညဉ့်အခါ၌ အကန်းကဲ့သို့ ဖြစ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မကန်းသော်လည်း ကန်းသကဲ့သို့၊ နားမပင်းသော်လည်း ပင်းသကဲ့သို့ ကျင့်ရခြင်း)၊ ၅။ ကြက်သည် တုတ်ချောင်း, ခဲ, ဆောက်ပုတ်, တင်းပုတ်တို့ဖြင့် ပစ်ခတ်ချသော်လည်း မိမိအိမ်ကို မစွန့်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဝတ်ကြီးဝတ်ငယ် ဝေယျာဝစ္စ, ပါဠိသင်ခြင်းစသော အမှုကိုပြုလုပ်သော်လည်း သင့်သောအားဖြင့် နှလုံးသွင်းခြင်း ယောနိသော မနသိကာရကို မစွန့်ခြင်း)။ (မိလိန္ဒ။၃၄၉။) (မိလိန္ဒ၊မြန်။၃၇၁။)

ကြောက်ခြင်း ၂ မျိုး ၁။ ဉာဏ် တည်းဟူသော ကြောက်ခြင်း၊ ၂။ ကြောက်ရွံ့ခြင်း တည်းဟူသော ကြောက်ခြင်း။ (ဣတိဝု၀တ်၊၄။၇၀။)

ကြောက်ခြင်း ၄ မျိုး ၁။ ပဋိသန္ဓေ နေရခြင်း ဇာတိကို စွဲမှီ၍ စိတ်ထိတ်လန့်ခြင်းကြောင့် ဖြစ်သော ကြောက်ခြင်း (စိတ္တုတ္တာသဘယ)၊ ၂။ သံဝေဂဉာဏ်ဖြင့် ကြောက်ခြင်း (ဉာဏဘယ)၊ ၃။ ထိတ်လန့်ဖွယ် အာရုံကို စွဲ၍ ဖြစ်သော ကြောက်ခြင်း (အာရမ္မဏဘယ)၊ ၄။ မကောင်းမှုမှ ထိတ်လန့်ခြင်းကြောင့်ဖြစ်သော ကြောက်ခြင်း (သြတ္တပ္ပဘယ)။ (ဒီ၊၃၊၁။၁၃၆။) (ဒီ၊၃၊မြန်၊ ၁။၂၆၄။)

ကြောက်ရွံ့ကြောင်းတရား ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါ မရှိခြင်း၊ ၂။ စောင့်ထိန်းမှု သီလ မရှိခြင်း၊ ၃။ အကြားအမြင် နည်းခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ ပညာ မရှိခြင်း။ (အံ၊၂။၁၆၁။) (အံ၊မြန်၊၂။၂၀၇။)

http://www.dhammadownload.com

ကြိုက်နှစ်သက်ခြင်း အဘိရုစိ ၂ မျိုး ၁။ အညံ့ကို ကြိုက်နှစ်သက်ခြင်း၊ ၂။ အကောင်းအမွန်ကို ကြိုက်နှစ်သက်ခြင်း။ (သာရတ္ထ၊ဋီ၊၁။၇၅။)

ကြောင်နှင့် ယောဂီ အင်္ဂါ ၂ ပါး ၁။ ကြောင်သည် လိုဏ်ဂူသို့လည်းကောင်း သစ်ခေါင်းသို့လည်းကောင်း၊ ပြာသာဒ်အတွင်းသို့လည်းကောင်း သွားသည်ရှိသော်ကြွက်ကိုသာလျှင် ရှာဖွေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရွာသို့လည်းကောင်း၊ တောသို့လည်းကောင်း၊ သစ်ပင်ရင်း စသည်သို့လည်းကောင်း သွားသည်ရှိသော် မမေ့မလျော့သဖြင့် ကာယဂတာ သတိဟူသော ဘာဝနာကို သာလျှင် ရှာမှီးအပ်ခြင်း)၊ ၂။ ကြောင်သည် အနီးအပါး၌သာလျှင် အစာကို ရှာဖွေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မိမိ၏ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌သာလျှင် ဖြစ်ခြင်း ပျက်ခြင်းကို အဖန်ဖန် ရှုဆင်ခြင်၍ နေရခြင်း) ။ (မိလိန္ဒ။၃၇၇။) (မိလိန္ဒ၊မြန်။၃၉၉။)

ကြောင့်ကြခြင်း ၃ မျိုး ၁။ ရာဂကိဉ္စန– တပ်မက်မှု ရာဂဟူသော ကြောင့်ကြခြင်း၊ ၂။ ဒေါသကိဉ္စန– ပြစ်မှားမှု ဒေါသဟူသော ကြောင့်ကြခြင်း၊ ၃။ မောဟကိဉ္စန– တွေဝေမှု မောဟဟူသော ကြောင့်ကြခြင်း။ (ဒီ၊၃။၁၈၂။) (အဘိ၊ဝိ။၃၈၂။) (ဒီ၊မြန်၊၃။၂၀၂။) (အဘိ၊ဝိ၊မြန်၊၂။၄၇၉။)

ကြည်ညိုဖွယ်ကို ဆောင်သော ပုဂ္ဂိုလ်၌ အကျိုး ၅ ပါး ၁။ မကြည်ညိုသေးသော ပုဂ္ဂိုလ်တို့ ကြည်ညိုလာကြခြင်း၊ ၂။ ကြည်ညိုပြီးသော သူတို့သည်လည်း တိုး၍တိုး၍ ကြည်ညိုကြခြင်း၊ ၃။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာပြုကျင့်ခြင်း၊ ၄။ နောင်လာ နောက်သားတို့ အတုလိုက်ခြင်း၊ ၅။ ထိုပုဂ္ဂိုလ်၏ စိတ်သည် ကြည်ကြည်လင်လင် ရှိခြင်း။ (အံ၊၂။၂၂၃။) (အံ၊မြန်၊၂။၂၈၃။)

ကြည်ညိုဖွယ်ကို မဆောင်သော ပုဂ္ဂိုလ်၌ အပြစ် ၅ ပါး ၁။ မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို စွပ်စွဲခြင်း၊ ၂။ ပညာရှိတို့၏ ကဲ့ရဲ့မှုကို ခံရခြင်း၊ ၃။ မကောင်းသော ကျော်စောသတင်း ပျံ့နှံ့ခြင်း၊ ၄။ တွေတွေဝေဝေဖြင့် သေရခြင်း၊ ၅။ သေလွန်ပြီးနောက် အပါယ်ငရဲသို့ လားရောက်ရခြင်း။ (အံ၊၂။၂၂၃။) (အံ၊မြန်၊၂။၂၈၁။)

ကြည်ညိုဖွယ်ကို မဆောင်သော ပုဂ္ဂိုလ်၌ အပြစ် ၅ ပါး ၁။ မကြည်ညိုသေးသော ပုဂ္ဂိုလ်တို့ မကြည်ညိုကြခြင်း၊ ၂။ ကြည်ညိုပြီးသော ပုဂ္ဂိုလ်တို့ အကြည်ညိုပျက်ခြင်း၊ ၃။ ဘုရားရှင်၏ အဆုံးအမကို လိုက်နာပြုကျင့်မှု မရှိခြင်း၊ ၄။ နောင်လာနောက်သားတို့ အတုလိုက်ခြင်း၊ ၅။ ထိုပုဂ္ဂိုလ်၏ စိတ်သည် မကြည်မလင် ဖြစ်နေခြင်း။ (အံ၊၂။၂၂၃။) (အံ၊မြန်၊၂။၂၈၂။)

ကြည်ညိုဖွယ်ကောင်းသော ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အသွင်အပြင် အပြုအမူ, ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံခြင်း၊ ၂။ အကြားအမြင် ဗဟုသုတရှိခြင်း၊ ၃။ တစ်ပါးတည်း နေထိုင်ခြင်း၌ မွေ့လျော်သည် ဖြစ်၍ ကိလေသာကို ခေါင်းပါးစေခြင်း၊ ၄။ ကောင်းစွာ ပြောဆို တတ်သည် ဖြစ်၍ ကောင်းသော စကားရှိခြင်း၊ ၅။ ပညာရှိသည် ဖြစ်၍ မမိုက်မဲ မဆွဲ့အခြင်း။ (အံ၊၂။၂၂၈။) (အံ၊မြန်၊၂။၂၉၀။)

ကြည်ညိုဖွယ်ကောင်းသော ရဟန်းထံသို့ ချဉ်းကပ်သင့်သော အချိန် ၆ မျိုး ၁။ ကာမဂုဏ်တို့ကို စွဲမက်မှု ကာမရာဂသည် ထကြွနိပ်စက်အပ်သည် ဖြစ်၍ ထိုကာမရာဂမှ ထွက်မြောက်ကြောင်းကို ဟုတ်တိုင်းမှန်စွာ မသိသော အချိန်အခါ ဖြစ်ခြင်း၊ ၂။ ပျက်စီးစေလိုမှု ဗျာပါဒတရားသည် ထကြွနိပ်စက်အပ်သည် ဖြစ်၍ ထိုဗျာပါဒတရားမှ ထွက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ

http://www.dhammadownload.com

မသိသော အချိန်အခါဖြစ်ခြင်း၊ ၃။ လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓတရားသည် ထကြွနိုပ်စက်အပ်သည်ဖြစ်၍ ထိုထိနမိဒ္ဓတရားမှ ထွက်မြောက်ကြောင်းကိုလည်း၊ ဟုတ်တိုင်းမှန်စွာ မသိသော အချိန်အခါဖြစ်ခြင်း၊ ၄။ ပျံ့လွင့်မှု နောင်တပူပန်မှု ဥဒ္ဓစ္စကုက္ကုစ္စတရားသည် ထကြွနိပ်စက်အပ်သည်ဖြစ်၍ ထိုဥဒ္ဓစ္စကုက္ကုစ္စတရားမှ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်တိုင်းမှန်စွာ မသိသော အချိန်အခါဖြစ်ခြင်း၊ ၅။ မဝေခွဲနိုင်မှု ဝိစိကိစ္ဆာတရားသည် ထကြွနိပ်စက်အပ်သည်ဖြစ်၍ ထိုဝိစိကိစ္ဆာတရားမှ ထွက်မြောက်ကြောင်းကို ဟုတ်တိုင်း မှန်စွာ မသိသော အချိန်အခါဖြစ်ခြင်း၊ ၆။ အကြင်အာရုံနိမိတ်ကို နှလုံးသွင်းသော ရဟန်းအား အန္တရာယ်မရှိဘဲ အာသဝေါတရားများ ကုန်ခန်းသွား၏၊ ထိုအာရုံနိမိတ်တို့ကို မသိသော အချိန်အခါဖြစ်ခြင်း။ (အံ၊၂။ ၂၇၉၊၂၈၃။) (အံ၊မြန်၊၂။၃၆၀။)

ကြည်ညိုဖွယ်ကောင်းသော ရဟန်း၏ အင်္ဂါ ၈ ပါး ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ သီလရှိခြင်း၊ ၃။ များသော အကြားအမြင် ဗဟုသုတရှိခြင်း၊ ၄။ တရားဟော ဓမ္မကထိက ဖြစ်ခြင်း၊ ၅။ ပရိသတ်၌ ကျင်လည် ကျက်စားနိုင်ခြင်း၊ ၆။ ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟောနိုင်ခြင်း၊ ၇။ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဈာန်လေးပါးတို့ကို အလိုရှိတိုင်း ရခြင်း၊ ၈။ အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၃။၁၃၄။) (အံ၊မြန်၊၃။၁၃၅။)

ကြည်ညိုဖွယ်ကောင်းသော ရဟန်း၏ အင်္ဂါ ၈ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ သီလရှိခြင်း၊ ၃။ များသော အကြားအမြင် ဗဟုသုတရှိခြင်း၊ ၄။ တရားဟော ဓမ္မကထိကဖြစ်ခြင်း၊ ၅။ ပရိသတ်၌ ကျင်လည်ကျက်စားနိုင်ခြင်း၊ ၆။ ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟောနိုင်ခြင်း၊ ၇။ ရူပဈာန် ကသိုဏ်းရုပ်တို့ကို ကျော်လွန်၍ ငြိမ်းအေးလွတ်မြောက်သော နာမ်တရားတို့ကို နာမကာယဖြင့် တွေ့ထိ၍ နေခြင်း၊ ၈။ အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၃။၁၃၅။) (အံ၊မြန်၊၃။၁၃၆။)

ကြည်ညိုဖွယ်ကောင်းသော ရဟန်း၏ အင်္ဂါ ၁၀ ပါး ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ သီလရှိခြင်း၊ ၃။ အကြားအမြင် များခြင်း၊ ၄။ ဓမ္မကထိကဖြစ်ခြင်း၊ ၅။ ပရိသတ်၌ ကျက်စားခြင်း၊ ၆။ ပရိသတ်၌ ရဲရဲရင့်ရင့် ဟောခြင်း၊ ၇။ ဝိနည်းဓိရ်ဖြစ်ခြင်း၊ ၈။ ရှေးကဖြစ်ခဲ့ဖူးသော တစ်ဘဝ နှစ်ဘဝ စသည်ကို အောက်မေ့နိုင်ခြင်း၊ ၉။ ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို ခွဲခြား၍ သိခြင်း၊ ၁၀။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၃။၂၆၄၊၂၆၆။) (အံ၊မြန်၊၃။၂၆၇။)

ကြည်ညိုဖွယ်ကောင်းသော ရဟန်း၏ အင်္ဂါ ၁၀ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ သီလရှိခြင်း၊ ၃။ အကြားအမြင် များခြင်း၊ ၄။ ဓမ္မကထိကဖြစ်ခြင်း၊ ၅။ ပရိသတ်၌ ကျက်စားနိုင်ခြင်း၊ ၆။ ပရိသတ်၌ ရဲရဲရင့်ရင့် တရားဟောနိုင်ခြင်း၊ ၇။ ဝိနည်းဓိရ်ဖြစ်ခြင်း၊ ၈။ အစွန်အဖျား ကျသော တောကျောင်းနေသူ ဖြစ်ခြင်း၊ ၉။ ဈာန်တို့ကို အလိုရှိတိုင်း ရခြင်း၊ ၁၀။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၃။၂၆၅–၂၆၆။) (အံ၊မြန်၊၃။၂၆၆–၂၆၇။)

ကြည်ညိုဖွယ်ဆောင်သော ပုဂ္ဂိုလ်၌ အကျိုး ၅ ပါး ၁။ မိမိကိုယ်တိုင် မိမိကိုယ်ကို မစွပ်စွဲခြင်း၊ ၂။ ပညာရှိတို့၏ ချီးမွမ်းမှုကို ခံရခြင်း၊ ၃။ ကောင်းသော ကျော်စောသတင်း ပျံ့နှံ့ခြင်း၊ ၄။ မတွေ

http://www.dhammadownload.com

မဝေဘဲ သေရခြင်း၊ ၅။ သေလွန်ပြီးနောက် နတ်ပြည်သို့ ရောက်ရခြင်း။ (အံ၊၂။၂၂၃။) (အံ၊မြန်၊ ၂။၂၈၂။)

ကြည်ညိုဖွယ် တရား ၁၀ ပါး ၁။ အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ၂။ အကြားအမြင် ဗဟုသုတ များခြင်း၊ ၃။ ပစ္စည်းလေးပါးဖြင့် ရောင့်ရဲခြင်း၊ ၄။ ဈာန်လေးပါးကို မပင်မပန်း ဝင်စားနိုင်ခြင်း၊ ၅။ တန်ခိုးကြွဒွိ အမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်း၊ ၆။ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် လူနတ်တို့၏ အသံအမျိုးမျိုးကို ကြားနိုင်ခြင်း၊ ၇။ စေတောပရိယအဘိညာဉ်ဖြင့် သူတစ်ပါးတို့၏စိတ်ကို သိနိုင်ခြင်း၊ ၈။ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြင့် ရှေးက မိမိဖြစ်ခဲ့ဖူးသော ဘဝများစွာကို ပြန်ပြောင်းအောက်မေ့နိုင်ခြင်း၊ ၉။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဘဝအမျိုးမျိုး၌ ဖြစ်ပျက်နေသော သတ္တဝါတို့ကို သိမြင်နိုင်ခြင်း၊ ၁၀။ အာသဝေါကင်းသော စေတောဝိမုတ္တိ၊ ပညာဝိမုတ္တိကို အသိဉာဏ်ထူးဖြင့် မျက်မှောက်ပြုနေနိုင်ခြင်း။ (မ၊၃။၆၁-၆၂။) (မ၊မြန်၊၃။၆၅။)

ကြည်ညိုဖွယ်မကောင်းသော ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အသွင်အပြင် အပြုအမူ ဝတ်ကြီးဝတ်ငယ်နှင့် မပြည့်စုံခြင်း၊ ၂။ အကြားအမြင် ဗဟုသုတ မရှိခြင်း၊ ၃။ တစ်ပါးတည်း နေထိုင်ခြင်း၌ မမွေ့လျော်သည် ဖြစ်၍ ကိလေသာကို မခေါင်းပါးစေတတ်ခြင်း၊ ၄။ ကောင်းစွာ မပြောဆိုတတ်သည် ဖြစ်၍ ကောင်းသောစကား မရှိခြင်း၊ ၅။ ပညာမဲ့၍ မိုက်မဲ ဆွံ့အခြင်း။ (အံ၊၂။၂၂၈။) (အံ၊မြန်၊၂။၂၉၀။)

ကြည်ညိုဖွယ်ရှိသော ပုဂ္ဂိုလ်၏ အကျိုး ၅ ပါး ၁။ မကြည်ညိုသေးသူတို့ ကြည်ညိုခြင်း၊ ၂။ ကြည်ညိုပြီးသူတို့လည်း တိုး၍ ကြည်ညိုကုန်ခြင်း၊ ၃။ မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာ ပြုကျင့်ခြင်း၊ ၄။ နောင်လာ နောင်သားတို့ အတုလိုက်ခြင်း၊ ၅။ စိတ်ကြည်လင်ခြင်း။ (အံ၊၂။၂၂၃။) (အံ၊မြန်၊၂။၂၈၃။)

ကြည်ညိုမြတ်နိုးခြင်း၂ မျိုး ၁။ လောကနှင့် ယှဉ်သော ကြည်ညိုမြတ်နိုးခြင်း၊ ၂။ လောကမှ ထွက်မြောက်သော ကြည်ညိုမြတ်နိုးခြင်း။ (ဣတိဝုတ်၊၌။၂၇၁။)

ကြည်ညိုသော ပုဂ္ဂိုလ် ၄ မျိုး ၁။ ရုပ်အဆင်းလျှင် နှိုင်းယှဉ်ကြောင်းရှိသည် ဖြစ်၍ ရုပ်အဆင်း၌ ကြည်ညိုသော ပုဂ္ဂိုလ်၊ ၂။ ချီးမွမ်းသံလျှင် နှိုင်းယှဉ်ကြောင်းရှိသည် ဖြစ်၍ ချီးမွမ်းသံ၌ ကြည်ညိုသော ပုဂ္ဂိုလ်၊ ၃။ ပစ္စည်းလေးပါးတို့၌ ခေါင်းပါးခြင်းလျှင် နှိုင်းယှဉ်ကြောင်း ရှိသည် ဖြစ်၍ ခေါင်းပါးခြင်း၌ ကြည်ညိုသော ပုဂ္ဂိုလ်၊ ၄။ သီလအစရှိသော ဂုဏ်ဓမ္မ၌ နှိုင်းယှဉ်ကြောင်း ရှိသည် ဖြစ်၍ သီလအစရှိသော ဂုဏ်ဓမ္မ၌ ကြည်ညိုသော ပုဂ္ဂိုလ်။ (မ၊၌၊၁။၃၀၇။)

ကြည်လင်ခြင်း ၂ မျိုး ၁။ အဓိမောက္ခသမ္မာဒဿ- သက်ဝင်ယုံကြည်ခြင်း, အရဟတ္တဖိုလ် စတုတ္ထ ဈာန်၌ ဆုံးဖြတ်ခြင်းဟူသော စိတ်၏ ကြည်လင်ခြင်း၊ ၂။ ပဋိလာဘသမ္မာဒဿ- အရဟတ္တဖိုလ်၏ ဝိပဿနာကို ရခြင်း စတုတ္ထဈာန် ဥပစာရသမာဓိကို ရခြင်းဟူသော စိတ်၏ ကြည်လင်ခြင်း။ (မ၊၌၊၄။၃၉။)

ကြည်လင်ခြင်း ၃ မျိုး ၁။ ဒေသနာမဏ္ဍ- ဒေသနာတော်၏ ကြည်လင်ခြင်း၊ ၂။ ပဋိဂ္ဂဟမဏ္ဍ- ဒေသနာတော်ကို ခံယူတော်မူတတ်သော ဘိက္ခု ဘိက္ခုနီ စသည်တို့၏ ကြည်လင်ခြင်း၊ ၃။ ဗြဟ္မစရိယမဏ္ဍ- မြတ်သော မဂ္ဂင်ရှစ်ပါး အကျင့်၏ ကြည်လင်ခြင်း။ (သံ၊၌၊၂။၄၈။)

http://www.dhammadownload.com

ကြည့်ခြင်းကြီး ၅ ပါး ၁။ ဘုရားဖြစ်ဖို့ရာ အခါကာလကို ကြည့်ခြင်း၊ ၂။ ဘုရားတို့ ပွင့်တော်မူရာ ကျွန်းကို ကြည့်ခြင်း၊ ၃။ ဘုရားတို့ ပွင့်တော်မူရာ အရပ်ဒေသကို ကြည့်ခြင်း၊ ၄။ ဘုရားတို့ ပွင့်လေ့ရှိသောအမျိုးကို ကြည့်ခြင်း၊ ၅။ ဘုရားတို့ ပဋိသန္ဓေယူထိုက်သောမယ်တော်ကို ကြည့်ခြင်း။ (ဒီ၊၌၊၂။၂၁။) (မ၊၌၊၄။၁၂၂။) (အဘိ၊၌၊၁။၇၆။) (ဓမ္မ၊၌၊၁။၅၃။) (အပ၊၌၊၁။၅၉။) (ဗုဒ္ဓဝံ၊၌။၃၁၈။) (ဇာ၊၌၊၁။၅၇။) (ဒီ၊၌၊မြန်၊၂။၃၉။) (ဒီ၊၌၊မြန်၊၂။၃၉။)

ကြည့်ခြင်းကြီး ၈ ပါး (ဘုရားအလောင်းတို့၏ ကြည့်ခြင်းကြီး ၈ ပါး) ၁။ ဘုရားဖြစ်ရန် အချိန်အခါကာလကို ကြည့်ခြင်း၊ ၂။ ဘုရားဖြစ်ရာ ကျွန်းကို ကြည့်ခြင်း၊ ၃။ ဖွားမြင်တော်မူရာ အရပ်ဒေသကို ကြည့်ခြင်း၊ ၄။ ဘုရားဖြစ်ရာ အမျိုးဇာတ်ကို ကြည့်ခြင်း၊ ၅။ ဘုရား၏ မယ်တော်ကို ကြည့်ခြင်း၊ ၆။ အသက်အပိုင်းအခြားကို ကြည့်ခြင်း၊ ၇။ မွေးဖွားမည့်လကို ကြည့်ခြင်း၊ ၈။ တောထွက်ခြင်းကို ကြည့်ခြင်း။ (မိလိန္ဒ။၁၉၂။) (မိလိန္ဒ၊မြန်။၂၀၆။)

ကြမ်းကြုတ်ခြင်း ၃ ပါး ၁။ ကိုယ်၌ဖြစ်သောကြမ်းကြုတ်ခြင်း(ကာယိကပါဂဗ္ဘိယ)၊ ၂။ နှုတ်၌ဖြစ်သောကြမ်းကြုတ်ခြင်း (ဝါစသိကပါဂဗ္ဘိယ)၊ ၃။ စိတ်၌ ဖြစ်သော ကြမ်းကြုတ်ခြင်း (စေတသိကပါဂဗ္ဘိယ) ။ (မဟာနိ။၁၇၅။) (မဟာနိ။၃၀၅။) (မဟာနိ။၃၃၂။)

ကြွေးမြီမချထိုက်သူ ၃ ယောက် ၁။ မတရားသော အကျင့် ယုတ်မာသော အကျင့်ရှိသော သူ၊ ၂။ ပျင်းရိသော သူ၊ ၃။ ရက်စက်ကြမ်းတမ်းသော သူ။ (ဇာတက၊၂။၂၇၀။)

ကြွေးမြီချထိုက်သူ ၃ ယောက် ၁။ ပညာအမြော် အမြင်ရှိသော သူ၊ ၂။ ထကြွလုံ့လ ဝီရိယရှိသော သူ၊ ၃။ သူ့ကျေးဇူးကို သိတတ်သော သူ။ (ဇာတက၊၂။၂၇၀။)

ကြွက်နှင့် တူသော ပုဂ္ဂိုလ် ၄ မျိုး ၁။ တွင်းသာတူး၍ မအောင်းသော ကြွက်ကဲ့သို့ ပိဋကတ်သာ တတ်သိ၍ သစ္စာလေးပါးကို ထိုးထွင်းမသိသော (တရားထူးမရသော) ပုဂ္ဂိုလ်၊ ၂။ အောင်းသာ အောင်း၍ မတူးသော ကြွက်ကဲ့သို့ ပိဋကတ်မတတ်ဘဲ သစ္စာလေးပါးကို ထိုးထွင်းသိသော (တရားထူးရသော) ပုဂ္ဂိုလ်၊ ၃။ တွင်းလည်းတူး အောင်းလည်းအောင်းသော ကြွက်ကဲ့သို့ ပိဋကတ်လည်း တတ်ကျွမ်း၍ သစ္စာလေးပါးကိုလည်း ထိုးထွင်းသိသော (တရားထူး ရသော) ပုဂ္ဂိုလ်၊ ၄။ တွင်းလည်းမတူး အောင်းလည်းမအောင်းသော ကြွက်ကဲ့သို့ ပိဋကတ်လည်း မတတ် သစ္စာလေးပါးကိုလည်း ထိုးထွင်း၍ မသိသော (တရားထူးမရသော) ပုဂ္ဂိုလ်။ (အံ၊၁။၄၂၂။) (အဘိ၊ပု။၁၅၀။) (အံ၊မြန်၊၁။၄၃၅။) (အဘိ၊ပု၊မြန်။၅၃။)

ကြွက် ၄ မျိုး ၁။ တွင်းသာ ဖောက်၍ မအောင်းသော ကြွက်၊ ၂။ အောင်းသာ အောင်း၍ တွင်းမဖောက်သော ကြွက်၊ ၃။ တွင်းလည်းမဖောက် အောင်းလည်းမအောင်းသော ကြွက်၊ ၄။ တွင်းလည်းဖောက် အောင်းလည်းအောင်းသော ကြွက်။ (အံ၊၁။၄၂၂။) (အဘိ၊ပု။၁၄၉။) (အံ၊မြန်၊၁။၄၃၅။) (အဘိ၊ပု၊မြန်။၅၂။)

ကွဲပြားခြင်းကို ပြုတတ်သော ဝတ္ထု ၁၈ ပါး ၁။ တရား မဟုတ်သည်ကို တရားဟု ပြခြင်း၊ ၂။ တရားကို တရားမဟုတ်ဟု ပြခြင်း၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြခြင်း၊ ၄။ ဝိနည်းကို ဝိနည်းမဟုတ်ဟု ပြခြင်း၊ ၅။ ဘုရားဟော မဟုတ်သည်ကို ဘုရားဟောဟု ပြခြင်း၊ ၆။ ဘုရားဟောကို ဘုရားဟော မဟုတ်ဟု ပြခြင်း၊ ၇။ မြတ်စွာဘုရား အလေ့အကျက် မဟုတ်သည်ကို

http://www.dhammadownload.com

မြတ်စွာဘုရား အလေ့အကျက်ဟု ပြခြင်း၊ ၈။ မြတ်စွာဘုရား အလေ့အကျက်ကို မြတ်စွာဘုရား အလေ့အကျက်မဟုတ်ဟု ပြခြင်း၊ ၉။ မြတ်စွာဘုရား မပညတ်သည်ကို မြတ်စွာဘုရား ပညတ်၏ ဟု ပြခြင်း၊ ၁၀။ မြတ်စွာဘုရား ပညတ်သည်ကို မြတ်စွာဘုရား မပညတ်ဟု ပြခြင်း၊ ၁၁။ အာပတ်ကို အာပတ်မဟုတ်ဟု ပြခြင်း၊ ၁၂။ အာပတ်မဟုတ်သည်ကို အာပတ်ဟု ပြခြင်း၊ ၁၃။ ပေါ့သော အာပတ်ကို လေးသော အာပတ်ဟု ပြခြင်း၊ ၁၄။ လေးသော အာပတ်ကို ပေါ့သော အာပတ်ဟု ပြခြင်း၊ ၁၅။ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြခြင်း၊ ၁၆။ အကြွင်းမရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြခြင်း၊ ၁၇။ ရုန့်ရင်းသော အာပတ်ကို မရုန့်ရင်းသော အာပတ်ဟု ပြခြင်း၊ ၁၈။ မရုန့်ရင်းသော အာပတ်ကို ရုန့်ရင်းသော အာပတ်ဟု ပြခြင်း။ (ဝိ၊၅။၁၆၈။) (ဝိ၊မြန်၊၅။၂၄၈။)

ကွဲပြားနေသော သံဃာကို ညီညွတ်အောင် ပြုလုပ်တတ်သော ရဟန်း၏ အင်္ဂါ ၄ ပါး ၁။ ချစ်သဖြင့် မလားအပ်သည်သို့ မလားခြင်း (ဆန္ဒာဂတိသို့ မလိုက်ခြင်း)၊ ၂။ မုန်းသဖြင့် မလားအပ်သည်သို့ မလားခြင်း (ဒေါသာဂတိသို့ မလိုက်ခြင်း)၊ ၃။ တွေဝေသဖြင့် မလားအပ်သည်သို့ မလားခြင်း (မောဟာဂတိသို့ မလိုက်ခြင်း)၊ ၄။ ကြောက်သဖြင့် မလားအပ်သည်သို့ မလားခြင်း (ဘယာဂတိသို့ မလိုက်ခြင်း)။ (ဝိ၊၅။၂၂၈) (ဝိ၊မြန်၊၅။၃၁၇။)

ကွယ်ခြင်း ၃ မျိုး ၁။ ပိဋကသုံးပုံတည်းဟူသော ပရိယတ် ကွယ်ခြင်း၊ ၂။ သစ္စာလေးပါးကို ထိုးထွင်း၍ သိသော မဂ်ဉာဏ်တည်းဟူသော ပဋိဝေဓ ကွယ်ခြင်း၊ ၃။ သစ္စာလေးပါးကို ထိုးထွင်း၍ သိကြောင်း သီလစသော အကျင့်တည်းဟူသော ပဋိပတ္တိ ကွယ်ခြင်း။ (ဒီ၊ဋ္ဌ၊၃။၈၂။)

ကွယ်ပျောက်သွားလျှင် လူအများပူပန်ရသော ပုဂ္ဂိုလ် ၂ မျိုး ၁။ ပူဇော်အထူးကို ခံတော်မူ ထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၊ ၂။ စကြာရတနာကို လည်စေနိုင်သော စကြဝတေးမင်း။ (အံ၊၁။၇၆။) (အံ၊မြန်၊၁။၉၀။)

ခ

ခဒိရဝနိယ ရေဝတမထေရ်၏ တူ သာမဏေ ၃ ပါး ၁။ ရှင်စာလာ၊ ၂။ ရှင်ဥပစာလာ၊ ၃။ ရှင်သီသူပစာလာ။ (အပ၊ဋ္ဌ၊၁။၃၄၅။)

ခရီးခဲ ၅ မျိုး ၁။ စောရကန္တာရ– ခိုးသူခရီးခဲ၊ ၂။ ဝါဠကန္တာရ– သားရဲ ခရီးခဲ၊ ၃။ ဒုဿ္ဒကန္တာရ– ငတ်မွတ်ခေါင်းပါး အစာရှားသော ခရီးခဲ၊ ၄။ နိရုဒကကန္တာရ– ရေမရှိသော ခရီးခဲ၊ ၅။ ဇာတိကန္တာရ– ဇာတိ ခရီးခဲ။ (ဝိ၊ဋ္ဌ၊၁။၉၃။)

ခရီးခဲ ၅ မျိုး ၁။ ခိုးသူတို့ ကြိုးစိုးသော ခရီးခဲ၊ ၂။ ခြင်္သေ့စသော သားရဲတို့ ကြိုးစိုးသော ခရီးခဲ၊ ၃။ ချိုးရန် သောက်သုံးရန် ရေမရှိသော ခရီးခဲ၊ ၄။ ဘီးလူးတို့ ကြိုးစိုးသော ခရီးခဲ၊ ၅။ အမြစ်, အရွက် အစရှိသော ခရီးခဲ။ (ဇာ၊ဋ္ဌ၊၁။၁၁၅။)

ခရီးခဲ ၅ မျိုး ၁။ စောရကန္တာရ– သူခိုး ဓားပြ ဘေးရန်ရှိသော ခရီးခဲ၊ ၂။ ဝါဠကန္တာရ– ခြင်္သေ့ သစ် ကျား စသော သားရဲဘေးရန်ရှိသော ခရီးခဲ၊ ၃။ အမနုဿကန္တာရ– အသားစားဘီလူး

http://www.dhammadownload.com

ဘေးရန်ရှိသော ခရီးခဲ၊ ၄။ နိရုဒကကန္တာရ– ရေမရှိသော ခရီးခဲ၊ ၅။ အပွဘကန္တာရ– အစားအစာမရှိသော ခရီးခဲ။ (သံ၊ဋ္ဌ၊၂။၉၅။)

ခရီးရှည် အပိုင်းအခြားဖြင့် သွားလာခြင်း၏ အကျိုး ၅ ပါး ၁။ မကြားဖူးသည်ကို ကြားနာ ရခြင်း၊ တရားထူးကို ရခြင်း၊ ၂။ ကြားဖူးသည်ကို ဖြူစင်စေခြင်း၊ ရပြီးသော တရားထူးမှ မယုတ် လျော့ခြင်း၊ ၃။ ကြားဖူးသော ရပြီးသော အချို့သော တရားဖြင့် ရဲရင့်ခြင်း၊ ၄။ ပြင်းထန်စွာ ရောဂါစွဲကပ်ခြင်းသို့ မရောက်ခြင်း၊ ၅။ အဆွေခင်ပွန်း ရှိခြင်း။ (အံ၊၂။၂၂၄။) (အံ၊မြန်၊၂။၂၈၄။) (အံ၊မြန်၊၂။၂၈၅။)

ခရီးရှည် အပိုင်းအခြားမရှိ သွားလာခြင်း၏ အပြစ် ၅ ပါး ၁။ မကြားဖူးသည်ကို မကြားနာရခြင်း၊ တရားထူးကို မရခြင်း၊ ၂။ ကြားဖူးသည်ကို မဖြူစင်စေခြင်း၊ တရားထူးမှ ယုတ်လျော့ခြင်း၊ ၃။ ကြားဖူးသော ရပြီးသော အချို့သော တရားဖြင့် ရဲရင့်မှု မဖြစ်ခြင်း၊ ၄။ ပြင်းထန်သော ရောဂါ စွဲကပ်ခြင်း၊ ၅။ အဆွေခင်ပွန်း မရှိခြင်း။ (အံ၊၂။၂၂၄။) (အံ၊မြန်၊၂။၂၈၄။)

ခရုသင်း ၂ မျိုး ၁။ လက်ယာရစ်လည်သော လက်ဆုပ်ကဲ့သို့သော ခရုသင်း၊ ၂။ ကျည်တောက် ကဲ့သို့ ရှည်လျားသော ခရုသင်း။ (ဇာ၊ဋ္ဌ၊၇။၃၇၀။)

ခလုပစ္ဆာဘတ္တိကဓုတင် ဆောက်တည်ရကျိုး ၅ ပါး ၁။ အတိရိုက်ဝိနည်းကဲ့ မပြုဘဲ စားခြင်း ကြောင့် သင့်ကောင်းသောအာပတ်မှ ဝေးကွာခြင်း၊ ၂။ ဝမ်းဗိုက်ကို အလိုလိုက်၍ အစားကြူးမှု မရှိခြင်း၊ ၃။ အာမိသ၌ သိမ်မွေ့သိမ်းဆည်းမှု မရှိခြင်း၊ ၄။ နောက်ထပ်တစ်ဖန် ရှာမှီးမှု မရှိခြင်း၊ ၅။ အပို့စ္ဆတာ စသည်တို့အား လျော်သော အကျင့် ရှိခြင်း။ (ဝိသုဒ္ဓိ၊၁။ဖ၉။)

ခလုပစ္ဆာဘတ္တိက ဆောက်တည်သော ရဟန်း ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲတွေဝေသောကြောင့် ဆောက်တည်သော ရဟန်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် ဆောက်တည်သော ရဟန်း၊ ၃။ စိတ်ပျံ့လွင့် ရူးသွပ်သောကြောင့် ဆောက်တည်သော ရဟန်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်တို့သည် ချီးမွမ်းအပ်၏ဟု ဆောက်တည်သော ရဟန်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို အမှီပြု၍ ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်သော ရဟန်း။ (ဝိ၊၅။၂၃၃။) (ဝိ၊၅။၃၃၆။) (အံ၊၂။၁၉၄။) (အဘိ၊ပု။၁၈၀။) (ဝိ၊မြန်၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၃၈။) (အံ၊မြန်၊၂။၂၄၇။) (အဘိ၊ပု၊မြန်။၈၄။)

ခလုပစ္ဆာဘတ္တိကဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌ ခလုပစ္ဆာဘတ္တိကဓုတင်– ပဝါရိတ်သင့်ပြီးနောက် ရလာသော ဘောဇဉ်ကို (အတိရိတ်ဝိနည်းကံပြု၍ စားကောင်းသော်လည်း) မစားဘဲနေသော အားဖြင့် ကိလေသာခေါင်းပါးအောင် ကျင့်သော အမြတ်စားအကျင့်၊ ၂။ မဇ္ဈိမခလုပစ္ဆာဘတ္တိက ဓုတင်– ပဝါရိတ်သင့်ပြီးနောက် ရလာသော ဘောဇဉ်ကို (အတိရိတ်ဝိနည်းကံပြု၍ စားကောင်း သော်လည်း) မစားဘဲနေသောအားဖြင့် ကိလေသာခေါင်းပါးအောင်ကျင့်သော အလတ်စား အကျင့်၊ ၃။ မုဒုကခလုပစ္ဆာဘတ္တိကဓုတင်– ပဝါရိတ်သင့်ပြီးနောက် ရလာသော ဘောဇဉ်ကို (အတိရိတ်ဝိနည်းကံပြု၍ စားကောင်းသော်လည်း) မစားဘဲနေသောအားဖြင့် ကိလေသာ ခေါင်းပါးအောင် ကျင့်သော နူးညံ့သောအကျင့်။ (ဝိသုဒ္ဓိ၊၁။ဖ၈။)

http://www.dhammadownload.com

ခါငှက်မင်း ဟောအပ်သော အကျင့်မြတ်ကို ကျင့်သော ပုဂ္ဂိုလ် ၃ ဦး ၁။ ခါငှက်၊ ၂၊ မျောက်၊ ၃။ ဆင်။ (ဇာ၊၄၊၁။၂၃၅။)

ခါးပန်းကြိုး ၂ မျိုး (ဘုရားရှင် ခွင့်ပြုအပ်သော ခါးပန်းကြိုး ၂ မျိုး) ၁။ ပဋိကာ– ပုဆိုးဖြင့် ပြုအပ်သော ခါးပန်းကြိုးပြား၊ ၂။ သူကရန္တ– ဝက်အူပုံသဏ္ဌာန်ရှိသော ခါးပန်းကြိုးလုံး။ (ဝိ၊၂။၁၆၂။) (ဝိ၊၄၊၃။ ၃၈၅။) (ဝိ၊မြန်၊၂။၁၈၃။)

ခါးပန်းကြိုး လှူရကျိုး ၆ ပါး ၁။ ဥပစာရသမာဓိ အပွနာသမာဓိတို့၌ တုန်လှုပ်မှု မရှိခြင်း၊ ၂။ ဥပစာရ သမာဓိ အပွနာသမာဓိတို့၌ ဝသီဘော်ရရှိသူ ဖြစ်ခြင်း၊ ၃။ ပရိသတ် ပြိုကွဲပျက်ပြားမှု မရှိခြင်း၊ ၄။ အခါခပ်သိမ်း နာယူထိုက်သော ယုံကြည်ဖွယ် စကားရှိသူ ဖြစ်ခြင်း၊ ၅။ ထင်သော သတိရှိခြင်း၊ ၆။ ထိတ်လန့် တုန်လှုပ်မှု မရှိခြင်း။ (အပ၊၁။၃၆၂။) (အပ၊မြန်၊၁။၃၇၀။)

ခိယျနသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ ဓမ္မကံဖြစ်ခြင်း၊ ၂။ သိခြင်း၊ ၃။ ဆန္ဒပေး၍ ရှုတ်ချခြင်း။ (ဝိမတိ၊၂။၅၃။)

ခုတင် ၄ မျိုး ညောင်းစောင်း ၄ မျိုးနှင့် တူသည်။

ခုတင်ညောင်စောင်း ၄ မျိုး ၁။ ထွင်းအပ်သော အခြေရှိသော ခုတင်ညောင်စောင်း၊ ၂။ အခြေ၌ ဖွဲ့စပ်ညှပ်ထားအပ်သော အပေါင်ရှိသော ခုတင်ညောင်စောင်း၊ ၃။ ပုဇွန်မြင်းခြေ မသွေတူသည့် အခြေရှိသော ခုတင်ညောင်စောင်း၊ ၄။ အပေါင်ထွင်း၍ သွင်းအပ်သော အခြေရှိသော ခုတင် ညောင်စောင်း။ (ဝိ၊၂။၂၁၉၊၂၂၀။) (အဘိ၊၄၊၂။၃၄၉။) (ဝိ၊မြန်၊၂။၆၅။)

ခုနစ်ဌာန၌ သိမြင်လိမ္မာသော ရဟန်း ၇ ပါး ၁။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို သိမြင် လိမ္မာသော ရဟန်း၊ ၂။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဖြစ်ကြောင်းကို သိမြင် လိမ္မာသော ရဟန်း၊ ၃။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ချုပ်ရာကို သိမြင် လိမ္မာသော ရဟန်း၊ ၄။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ချုပ်ရာသို့ ရောက်ကြောင်း အကျင့်ကို သိမြင် လိမ္မာသော ရဟန်း၊ ၅။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၏ သာယာဖွယ်ကို သိမြင် လိမ္မာသော ရဟန်း၊ ၆။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၏ အပြစ်ကို သိမြင် လိမ္မာသော ရဟန်း၊ ၇။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်မှ လွတ်မြောက် မှုကို သိမြင် လိမ္မာသော ရဟန်း။ (သံ၊၂။၅၀။) (သံ၊မြန်၊၂။၄၉။)

ခုနစ်နှစ်အရွယ်၌ ရဟန်းဖြစ်ခွင့်ရသော သာမဏေ ၂ ပါး ၁။ သုမနသာမဏေ၊ ၂။ သောပါက သာမဏေ။ (ဓမ္မ၊၄၊၂။၃၉၂။)

ခဲဖွယ် ခွဲဝေပေးသော ရဟန်း ပြည့်စုံရမည့်အင်္ဂါ ၅ ပါး ၁။ ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာ ဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ ခဲဖွယ် ဝေပြီးခြင်း မဝေရသေးခြင်းကို သိခြင်း။ (ဝိ၊၄။၃၃၀။) (ဝိ၊မြန်၊၄။၃၃၄။)

ခေါမစသော သင်္ကန်းခြောက်မျိုးတို့အား လျောက်ပတ်သော အနုလောမသင်္ကန်း ၆ မျိုး ၁။ လျှော်ချည်သင်္ကန်း၊ ၂။ ပဋ္ဌုဏ္ဏတိုင်း၌ဖြစ်သော အဝတ်သင်္ကန်း၊ ၃။ သောမာရအရပ်ဒေသ၌ ဖြစ်သော အဝတ်သင်္ကန်း၊ ၄။ စိန့်တိုင်းဒေသ၌ ဖြစ်သော အဝတ်သင်္ကန်း၊ ၅။ ဧဟိဘိက္ခု

http://www.dhammadownload.com

ရဟန်းတို့အား ကောင်းမှုတန်ခိုးကြောင့် ဖြစ်သော သင်္ကန်း၊ ၆။ နတ်ဗြဟ္မာတို့သည် ပေးလှူအပ်သော သင်္ကန်း။ (သာရတ္ထ၊ဋီ၊၂။၃၈၅။)

ခိုးခြင်း ၅ မျိုး ၁။ စဉ်းလဲ၍ ခိုးခြင်း၊ ၂။ နှိပ်စက်၍ ခိုးခြင်း၊ ၃။ ကြိုဆ၍ ခိုးခြင်း၊ ၄။ ဖုံးလွှမ်း၍ ခိုးခြင်း၊ ၅။ ကမ္မည်းမဲပြောင်း၍ ခိုးခြင်း။ (ဝိ၊၅။၂၃၀။) (ဝိ၊မြန်၊၅။၃၂၀။)

ခိုးခြင်း ၂၅ မျိုး ၁။ နာနာဘဏ္ဍပဋိက (၅) မျိုး= အမျိုးမျိုးသော သက်ရှိ-သက်မဲ့ဘဏ္ဍာကို ခိုးယူပုံ ငါးမျိုး၊ ၂။ ဧကဘဏ္ဍပဋိက (၅) မျိုး= တစ်မျိုးတည်းသော သက်ရှိဘဏ္ဍာကို ခိုးယူပုံ ငါးမျိုး၊ ၃။ သာဟတ္ထိက ပဋိက ၅ မျိုး= မိမိလက်ဖြင့် ခိုးယူပုံ ငါးမျိုး၊ ၄။ ပုဗ္ဗယောဂ ပဋိက (၅) မျိုး= မခိုးမီ ရှေ့အဖို့၌ဖြစ်သော လုံ့လပယောဂ၏ အစွမ်းအားဖြင့် ခိုးယူပုံ ငါးမျိုး၊ ၅။ သဟပယောဂပဋိက (၅) မျိုး= လုံ့လပယောဂနှင့် တစ်ပြိုင်နက်ဖြစ်သော ခိုးခြင်း ငါးမျိုး။ (ဝိ၊၆၊၁။၂၆၄။)

ခိုးယူခြင်း အဝဟာရ ၅ မျိုး ၁။ ထေယျာဝဟာရ- ပုန်းလျှိုး ကွယ်လျှိုး မမြင်အောင် ခိုးခြင်း, ချိန်ခွင်စသည်ဖြင့် လှည့်ပတ်၍ ခိုးခြင်း၊ ၂။ ပသယျာဝဟာရ- ဓားပြတိုက် အနုကြမ်းစီး စသည်ဖြင့် လွှမ်းမိုးနှိပ်စက်၍ ခိုးခြင်း၊ ၃။ ပဋိစ္ဆန္နာဝဟာရ- မြက် သစ်ရွက် စသည်ဖြင့် ဖုံးထားပြီး နောက်မှ ခိုးယူခြင်း၊ ၄။ ပရိကပ္ပါဝဟာရ- ဘဏ္ဍာကို ဖြစ်စေ, ယူရာ အရပ်ကို ဖြစ်စေ ကြိုဆမှန်းထား၍ ခိုးခြင်း၊ ၅။ ကုသာဝဟာရ- မဲပြောင်းရွေ့၍ ခိုးခြင်း။ (သံ၊၆၊၂။၁၃၄။)

ခိုးသူလုယက်တိုက်ခိုက်နှိပ်ကြောင်း ၅ ပါး ၁။ ခိုးသူသည် မညှဉ်းဆဲတတ်သော အရပ်ကို အမှီရခြင်း၊ ၂။ တောအုပ်ကို အမှီရခြင်း၊ ၃။ အားကြီးသူကို အမှီရခြင်း၊ ၄။ ပစ္စည်းဥစ္စာကို စွန့်ကြဲလေ့ ရှိခြင်း၊ ၅။ တစ်ယောက်တည်း ဖြစ်ခြင်း။ (အံ၊၂။၁၁၃။) (အံ၊မြန်၊၂။၁၃၈-၁၃၉။)

ခိုးသူလုယက်တိုက်ခိုက်နှိပ်ကြောင်း အင်္ဂါ ၃ ပါး ၁။ မညှဉ်းဆဲတတ်သည်ကို အမှီရခြင်း၊ ၂။ တောအုပ်ကို အမှီရခြင်း၊ ၃။ အားကြီးသူကို အမှီရခြင်း။ (အံ၊၁။၁၅၂။) (အံ၊မြန်၊၁။၁၇၁။)

ခိုးသူကြီး လျင်စွာ ဖျက်စီးကြောင်း ၈ ပါး ၁။ မရိုက်နှက်သင့်သူကို ရိုက်နှက်ခြင်း၊ ၂။ အကြွင်းမဲ့ယူခြင်း၊ ၃။ မိန်းမကို သတ်ခြင်း၊ ၄။ သတို့သမီးကို ဖျက်ဆီးခြင်း၊ ၅။ ရှင်ရဟန်းထံမှ လုယက်ခြင်း၊ ၆။ မင်းဘဏ္ဍာတိုက်ကို လုယက်ခြင်း၊ ၇။ အလွန်နီးသော အရပ်မှ ခိုးမှုကို ပြုခြင်း၊ ၈။ သိုမှီးသိမ်းဆည်းမှုဌ မကျွမ်းကျင်ခြင်း။ (အံ၊၃။၁၅၃။) (အံ၊မြန်၊၃။၁၅၅။)

ခံစားခြင်း ၃ ပါး ၁။ ချမ်းသာခံစားခြင်း သုခဝေဒနာ၊ ၂။ ဆင်းရဲခံစားခြင်း ဒုက္ခဝေဒနာ၊ ၃။ လျစ်လျူရှု၍ ခံစားခြင်း ဥပေက္ခာဝေဒနာ။ (ဒီ၊၃။၁၈၁။) (ဒီ၊မြန်၊၃။၂၀၁။)

ခံစားမှု ဝေဒနာ ဖြစ်ပေါ်ကြောင်း ၈ ပါး ၁။ လေကြောင့် ဖြစ်ခြင်း၊ ၂။ သည်းခြေကြောင့် ဖြစ်ခြင်း၊ ၃။ သလိပ်ကြောင့် ဖြစ်ခြင်း၊ ၄။ လေ, သည်းခြေ, သလိပ် သုံးပါး အစုအဝေးဟု ဆိုအပ်သော သန္နိပါတ်ကြောင့် ဖြစ်ခြင်း၊ ၅။ ဥတု ဖောက်ပြန်ခြင်းကြောင့် ဖြစ်ခြင်း၊ ၆။ မသင့်သော အစာအာဟာရကြောင့် ဖြစ်ခြင်း၊ ၇။ လုံ့လပယောဂကြောင့် ဖြစ်ခြင်း၊ ၈။ ကံ၏ အကျိုး ပေးမှုကြောင့် ဖြစ်ခြင်း။ (မိလိန္ဒ။၁၃၇။) (မိလိန္ဒ၊မြန်။၁၄၇။)

http://www.dhammadownload.com

ခံစားမှုအပေါင်း ၆ ပါး ၁။ မျက်စိနှင့် မြင်တွေ့ ထိခြင်းကြောင့် ဖြစ်သော ခံစားမှု– စက္ခုသမ္ဖဿဇာဝေဒနာ၊ ၂။ နားနှင့် ကြားတွေ့ထိခြင်းကြောင့် ဖြစ်သော ခံစားမှု– သောတသမ္ဖဿဇာ ဝေဒနာ၊ ၃။ နှာခေါင်နှင့် နံတွေ့ထိခြင်းကြောင့် ဖြစ်သော ခံစားမှု– ဃာနသမ္ဖဿဇာဝေဒနာ၊ ၄။ လျှာနှင့် တွေ့ထိခြင်းကြောင့် ဖြစ်သော ခံစားမှု– ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ၅။ ကိုယ်ဖြင့် တွေ့ထိခြင်းကြောင့် ဖြစ်သော ခံစားမှု– ကာယသမ္ဖဿဇာဝေဒနာ၊ ၆။ စိတ်ဖြင့် ထိခြင်းကြောင့် ဖြစ်သော ခံစားမှု– မနောသမ္ဖဿဇာဝေဒနာ။ (မ၊၁။၆၄။) (မ၊မြန်၊၁။၆၉။)

ခိုက်ရန်ဖြစ်ကြောင်း ၁၂ ပါး ငြင်းခုံကြောင်း ၁၂ ပါး၊ အငြင်းပွားကြောင်း ၁၂ ပါးတို့နှင့် တူသည်။

ခင်ပုပ်ဌက်၏ အင်္ဂါ ၂ ပါး ၁။ခင်ပုပ်ဌက်သည်ညဉ့်အခါ၌ကျီးအပေါင်းရှိရာသို့သွားလျက် များစွာသော ကျီးတို့ကို သတ်ခြင်း (ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည် မသိမှု မောဟနှင့် ဆန့်ကျင်ဘက် ပြု၍ မသိမှုမောဟကို အရင်းမှဖြတ်လျက် ကောင်းစွာ နှိမ်နင်းရခြင်း)၊ ၂။ ခင်ပုပ်ဌက်သည် လုံခြုံစွာ ကိန်းအောင်းခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သိမှု ကိန်းအောင်းခြင်း၌ မွေ့လျော်ပျော် ပိုက်ခြင်း)။ (မိလိန္ဒ။၃၈၈။) (မိလိန္ဒ၊မြန်။၄၁၀။)

ခေါင်းပါးစွာ အသက်မွေးခြင်းရှိသော ပုဂ္ဂိုလ် ၃ မျိုး ၁။ ကုသိုလ်ရရန်နှင့် စွာန်မဂ်ဖိုလ်တရား တည်းဟူသောဥတ္တရိမနုဿဓမ္မတို့ကို မျက်မှောက်ပြုနိုင်ရန်အတွက် သဒ္ဓါတရားဖြင့် ရသေ့ရဟန်း ပြုလာပြီး မိမိကိုယ်ကို ပြင်းစွာ ပူလောင်စေလျက် ကုသိုလ်လည်း မရ၊ ဥတ္တရိမနုဿဓမ္မကိုလည်း မျက်မှောက်မပြုနိုင်သော ပုဂ္ဂိုလ်၊ ၂။ ကုသိုလ်ရဖို့ရန်နှင့် စွာန်မဂ်ဖိုလ်တရား တည်းဟူသော ဥတ္တရိမနုဿဓမ္မတို့ကို မျက်မှောက်ပြုနိုင်ရန်အတွက် သဒ္ဓါတရားဖြင့် ရသေ့ရဟန်း ပြုလာပြီး မိမိကိုယ်ကို ပြင်းစွာ ပူလောင်စေလျက် ကုသိုလ်တရားသာ ရ၍ ဥတ္တရိမနုဿဓမ္မကို မျက်မှောက် မပြုနိုင်သော ပုဂ္ဂိုလ်၊ ၃။ ကုသိုလ်ရဖို့ရန်နှင့် စွာန်မဂ်ဖိုလ် တရားတည်းဟူသော ဥတ္တရိမနုဿ ဓမ္မတို့ကို မျက်မှောက်ပြုနိုင်ရန်အတွက် သဒ္ဓါတရားဖြင့် ရသေ့ရဟန်းပြုလာပြီး မိမိကိုယ်ကို ပြင်းစွာ ပူလောင်စေလျက် ကုသိုလ်တရားကိုလည်း ရ၍ ဥတ္တရိမနုဿဓမ္မကိုလည်း မျက်မှောက် ပြုနိုင်သော ပုဂ္ဂိုလ်။ (သံ၊၂။၅၁၈။) (သံ၊မြန်၊၂။၅၁၁။)

ခေါင်းအုံး လှူရကျိုး ၆ ပါး ၁။ သားမွေး ပဒုမ္မာဝတ်ဆံ စန္ဒကူး အဆာသွတ်ထားသော ခေါင်းအုံး တို့ကို ရခြင်း၊ ၂။ မဂ်ဖိုလ်တို့၌ အသိဉာဏ်ကို ဖြစ်စေ၍ နေရခြင်း၊ ၃။ လှူဒါန်း ပေးကမ်းခြင်း ကျန်ခြေတို့ကို ဆုံးမခြင်း ကိုယ်နှုတ်တို့ကို စောင့်စည်းခြင်း စသည်တို့၌ အသိဉာဏ်တို့ကို ဖြစ်စေ၍ နေရခြင်း၊ ၄။ ဝတ်အကျင့်၌လည်းကောင်း, သီလစသော ဂုဏ်၌လည်းကောင်း အသိ ဉာဏ်ကို ဖြစ်စေ၍ နေရခြင်း၊ ၅။ စကြံသွားခြင်း, ကမ္မဋ္ဌာန်းအားထုတ်ခြင်း စသော ဗောဓိပက္ခိယ တရားတို့၌ အသိဉာဏ်ကို ဖြစ်စေ၍ အလိုရှိတိုင်း နေရခြင်း၊ ၆။ သီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ် ဝိမုတ္တိတရားတို့၌ အသိဉာဏ်ကို ဖြစ်စေ၍ ချမ်းသာစွာ နေရခြင်း။ (အပ၊၁။၃၆၇။) (အပ၊မြန်၊၁။၃၇၇။)

ခိန္ဓာ ၃ မျိုး ၁။ ကာယိကခိန္ဓာ– ကိုယ်၌ ဖြစ်သော မြူးတူးပျော်ပါးခြင်း၊ ၂။ ဝါစသိကခိန္ဓာ– နှုတ်၌ ဖြစ်သော မြူးတူးပျော်ပါးခြင်း၊ ၃။ စေတသိကခိန္ဓာ– စိတ်၌ ဖြစ်သော မြူးတူးပျော်ပါးခြင်း။ (သံ၊ဋီ၊၁။၁၄၆။)

http://www.dhammadownload.com

ခေတ် ၃ ပါး ၁။ လောကဓာတ် တစ်သောင်း အတိုင်းအရှည်ရှိသော ဘုရားအလောင်း ဖွားမြင်တော်မူရာ ခေတ်သည် ဇာတိခေတ်၊ ၂။ ကုဋေတစ်သိန်း အတိုင်းအရှည်ရှိသော စကြဝဠာ၌ အာဠာနာဋိယသုတ်စသော သုတ်တို့၏ အာဇာဖြစ်ရာခေတ်သည် အာဇာခေတ်၊ ၃။ စကြဝဠာ အတိုင်းအရှည် မရှိသော ဘုရားရှင် ဉာဏ်တော်၏ အရာ ဖြစ်သော ခေတ်သည် ဝိသယခေတ်။ (ဝိ၊ဋ္ဌ၊၁။၁၂၉။) (ဒီ၊ဋ္ဌ၊၃။၈၁။) (မ၊ဋ္ဌ၊၄။၇၉။) (အံ၊ဋ္ဌ၊၁။၃၅၈။) (အဘိ၊ဋ္ဌ၊၂။၄၁၁။) (ပဋိသံ၊ဋ္ဌ၊၁။၃၂၆။) (ဝိသုဒ္ဓိ၊၂။၄၄။) (သာရတ္ထ၊ဋီ၊၁။၂၇၈။) (အံ၊ဋီ၊၂။၃၃၇။)

ခုဒ္ဒကနိကာယ် ကျမ်းငယ် ၁၅ ကျမ်း ၁။ ခုဒ္ဒကပါဋ္ဌ၊ ၂။ ဓမ္မပဒ၊ ၃။ ဥဒါန်း၊ ၄။ ဣတိဝုတ္တက၊ ၅။ သုတ္တနိပါတ၊ ၆။ ဝိမာနဝတ္ထု၊ ၇။ ပေတဝတ္ထု၊ ၈။ ထေရဂါထာ၊ ၉။ ထေရီဂါထာ၊ ၁၀။ ဇာတက၊ ၁၁။ နိဒ္ဒေသ၊ ၁၂။ ပဋိသမ္ဘိဒါ၊ ၁၃။ အပါဒါန်း၊ ၁၄။ ဗုဒ္ဓဝံသ၊ ၁၅။ စရိယာပိဋက။ (ဒီ၊ဋ္ဌ၊၁။၁၅–၁၆။) (ခုဒ္ဒက၊ဋ္ဌ။၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၂၆။)

ခန္ဓီ ၃ မျိုး (အနုလောမိကာယ ခန္ဓိယာဌ် ခန္ဓီ ၃ မျိုး) ၁။ ကလာပသမ္မသနဉာဏ် အစ ဥဒယဗ္ဗယဉာဏ် အဆုံးရှိသော မုဒုကာနုလောမိကခန္ဓီ၊ ၂။ ဘင်္ဂါနုဿနာဉာဏ်အစ သခ်ါရုပေက္ခာဉာဏ် အဆုံးရှိသော မဇ္ဈိမာနုလောမိကာခန္ဓီ၊ ၃။ အနုလောမဉာဏ် ဟူသော တိက္ခာနုလောမိကာခန္ဓီ။ (ပဋိသံ၊ဋ္ဌ၊၂။၃၁၅။)

ခန္ဓကဝတ် ၁၄ ပါး (ရှင်ရဟန်းတို့၏ ကျင့်ဝတ်ကြီး ၁၄ ပါး) ၁။ ဧည့်သည်အာဂန္တု ရဟန်းရှင်တို့ လိုက်နာကျင့်သုံးရသော အာဂန္တုကဝတ်၊ ၂။ ကျောင်းနေရဟန်းရှင်တို့ လိုက်နာ ကျင့်သုံးရသော အာဝါသိကဝတ်၊ ၃။ ခရီးသွားရဟန်းရှင်တို့ လိုက်နာကျင့်သုံးရသော ဂမိကဝတ်၊ ၄။ ဆွမ်းအနုမောဒနာတရားဟော ရဟန်းရှင်တို့ လိုက်နာကျင့်သုံးရသော အနုမောဒနာဝတ်၊ ၅။ ဆွမ်းစားကျောင်း, ဆွမ်းစာဇရပ်၌ လိုက်နာကျင့်သုံးရသော ဘတ္တဂ္ဂဝတ်၊ ၆။ ဆွမ်းခံထွက်သော ရဟန်းရှင်တို့ လိုက်နာကျင့်သုံးရသော ပိဏ္ဍာစာရိကဝတ်၊ ၇။ တောဌ် နေသော ရဟန်းရှင်တို့ လိုက်နာကျင့်သုံးရသော အာရညကဝတ်၊ ၈။ ကျောင်းအိပ်ရာနေရာဌ် လိုက်နာကျင့်သုံးရသော သေနာသနဝတ်၊ ၉။ ဇရုံးအိမ်ဌ် ရဟန်းရှင်တို့ လိုက်နာကျင့်သုံးရသော ဇန္တာဃရဝတ်၊ ၁၀။ ကျင်ကြီးကျင်ငယ်စွန့်ရာ ကုဋီအိမ်ဌ် ရဟန်းရှင်တို့ လိုက်နာကျင့်သုံး ရသော ဝစ္စကုဋီဝတ်၊ ၁၁။ ရှင်ပြုပေးသော ဥပဇ္ဈာယ်ဆရာအား ရဟန်းရှင်တို့ လိုက်နာ ကျင့်သုံးရသော ဥပဇ္ဈာယဝတ်၊ ၁၂။ အတူနေတပည့် ရဟန်းရှင်တို့အပေါ်ဌ် ဆရာက လိုက်နာ ကျင့်သုံးရသော သဒ္ဓိဝိဟာရိကဝတ်၊ ၁၃။ နိဿယပည်းဆရာအပေါ်ဌ် ရဟန်းရှင်တို့ လိုက်နာ ကျင့်သုံးရသော အာစရိယဝတ်၊ ၁၄။ အနီးနေ တပည့်ရဟန်းရှင်တို့ အပေါ်ဌ် ဆရာက လိုက်နာကျင့်သုံးရသော အန္တေဝါသိကဝတ်။ (သာရတ္ထ၊ဋီ၊၂။၃၅၅။) (အံ၊ဋီ၊၁။၇၃။)

ခန္ဓယမိုက်ဌ် မဟာဝါရ ၃ မျိုး ၁။ ပဏ္ဍာတ္တိဝါရ– အမည်ပညတ်ကို အပြားအားဖြင့် သိစေကြောင်း အလှည့်အကြိမ်၊ ၂။ ပဝတ္တိဝါရ– ဖြစ်ရာဌာနဘုံဘဝ စသည်ကို ပြကြောင်းဖြစ်သော အလှည့် အကြိမ်၊ ၃။ ပရိညာဝါရ– ပိုင်းခြားဌ၍သိအပ်သော အလှည့်အကြိမ်။ (အဘိ၊ဋ္ဌ၊၃။၂၉၂။)

ခန္ဓဝိဘင်ကို ဝေဖန်ပုံ ၃ မျိုး ၁။သုတ္တန္တဘာဇနီယ–သုတ္တန်ကို ခွဲခြားဝေဖန်ခြင်း၊ ၂။အဘိဓမ္မဘာဇနီယ– အဘိဓမ္မာကို ခွဲခြားဝေဖန်ခြင်း၊ ၃။ ပဉ္ဉတ္တိဘာဇက– ပြဿနာကို မေးမြန်းခြင်း။ (အဘိ၊ဋ္ဌ၊၁။၈။)

http://www.dhammadownload.com

ခန္ဓာ ၃ ပါး ၁။ သီလက္ခန္ဓ= သီလအပေါင်းအစု၊ ၂။ သမာဓိက္ခန္ဓ= သမာဓိအပေါင်းအစု၊ ၃။ ပညာက္ခန္ဓ= ပညာအပေါင်းအစု။ (နေတ္တိ၊ဌ။၂၁၄။)

ခန္ဓာ ၄ ပါး (နာမ်ခန္ဓာ ၄ ပါး) ၁။ ဝေဒနာက္ခန္ဓာ၊ ၂။ သညာက္ခန္ဓာ၊ ၃။ သင်္ခါရက္ခန္ဓာ၊ ၄။ ဝိညာဏက္ခန္ဓာ။ (အဘိ၊ဓ။၂၆။) (အဘိ၊ဓ၊မြန်။၄၂။)

ခန္ဓာ ၅ ပါး ၁။ ရူပက္ခန္ဓာ– ရုပ်အားလုံး အစု၊ ၂။ ဝေဒနာက္ခန္ဓာ– ဝေဒနာအားလုံး အစု၊ ၃။ သညာက္ခန္ဓာ– သညာအားလုံး အစု၊ ၄။ သင်္ခါရက္ခန္ဓာ– သင်္ခါရအားလုံးအစု၊ ၅။ ဝိညာဏက္ခန္ဓာ– ဝိညာဏ်အားလုံးအစု။ (ဒီ၊၃။၁၉၅) (သံ၊၂။၃၉။) (သံ၊၂။၇၁–၃။) (သံ၊၂။၈၃။) (အဘိ၊ဓ။၂၁၉။) (အဘိ၊ဝိ။၁။) (အဘိ၊ဝိ။၁၃။) (အဘိ၊ဝိ။၄၁၅။) (အဘိ၊ဝိ။၄၁၉။) (အဘိ၊ဝိ။၅၉။) (အဘိ၊ပု။၁၀၁။) (ယမက၊၁။၁၆။) (ဒီ၊မြန်၊၃။၂၁၇။) (သံ၊မြန်၊၂။၃၈။) (သံ၊မြန်၊၂။၆၉။) (သံ၊မြန်၊၂။၇၉။) (အဘိ၊ဓ၊မြန်။၄၀၁။) (အဘိ၊ဝိ၊မြန်၊၁။၂၅။) (အဘိ၊ဝိ၊မြန်၊၁။၂၅။) (အဘိ၊ဝိ၊မြန်၊၁။၂၅။) (အဘိ၊ဝိ၊မြန်၊၂။၅၂၄။) (အဘိ၊ဝိ၊မြန်၊၂။၅၂၄။) (အဘိ၊ပု၊မြန်။၁။)

ခန္ဓာကိုယ်၏ ကောင်းခြင်း ၅ ဖြာ ၁။ ဆဝိကလျာဏ– အရေ၏ ကောင်းခြင်း၊ ၂။ မံသကလျာဏ– အသား၏ ကောင်းခြင်း၊ ၃။ နှာကလျာဏ– ခြေသည်း လက်သည်း၏ ကောင်းခြင်း၊ ၄။ အဋ္ဌိကလျာဏ– အရိုးအဆစ်တို့၏ ကောင်းခြင်း၊ ၅။ ဝယကလျာဏ– အရွယ်၏ ကောင်းခြင်း၊ **မှတ်ချက်။** ။ အခြားအဋ္ဌကထာများ၌ နှာကလျာဏအစား ကေသကလျာဏ= ဆံပင်၏ ကောင်းခြင်းဟု ဖွင့်ဆိုသည်။ (ဥဒါန၊ဋ္ဌ။၁၅၂။)

ခန္ဓာကိုယ်၏ အပြစ် ၆ ပါး ၁။ အတိဒီဃာ– အလွန် အရပ်ရှည်ခြင်း၊ ၂။ အတိရဿာ– အလွန် အရပ်ပုခြင်း၊၃။အတိကိသာ– အလွန်ပိန်ခြင်း၊၄။အတိထူလာ–အလွန်ဝခြင်း၊၅။အတိကာဠိကာ– အလွန် အသားမည်းခြင်း၊ ၆။ အစ္ဆောဒါတာ– အလွန် အသားဖြူခြင်း။ (သံ၊ဋ္ဌ၊၃။၂၅၉။) (ဥဒါန၊ဋ္ဌ။ ၁၅၂။) (ဇာ၊ဋ္ဌ၊၁။၄၁၈။)

ခန္ဓာငါးပါးတို့၏ အတူတကွဖြစ်ခြင်း ၂ မျိုး ၁။ အမိဝမ်းဦ၌ ကိန်းအောင်းရခြင်းရှိသော သတ္တဝါတို့၏ ခန္ဓာငါးပါး အတူတကွဖြစ်ခြင်း၊ (ဂဗ္ဘသေယျကသမုဂ္ဂမ)၊ ၂။ ဥပပါတ်ပဋိသန္ဓေ နေရခြင်း ရှိသော သတ္တဝါတို့၏ ခန္ဓာငါးပါး အတူတကွဖြစ်ခြင်း (သြပပါတိကသမုဂ္ဂမ)။ (အဘိ၊ဋ္ဌ၊၂။၂၀။)

ခန္ဓာ ၅ ပါး ဥပမာ ၅ မျိုး ရေမြုပ်စသည်နှင့် တူသော ခန္ဓာ ၅ ပါး ၁။ ရေမြုပ်စိုင်နှင့် တူသော ရူပက္ခန္ဓာ၊ ၂။ ရေပွက်နှင့် တူသော ဝေဒနာက္ခန္ဓာ၊ ၃။ တံလှပ်နှင့် တူသော သညာက္ခန္ဓာ၊ ၄။ ငှက်ပျော တုံးနှင့် တူသော သင်္ခါရက္ခန္ဓာ၊ ၅။ မျက်လှည့်နှင့် တူသော ဝိညာဏက္ခန္ဓာ။ (သံ၊၂။၁၁၄–၁၁၆။) (သံ၊မြန်၊၂။၁၀၇ ၁၀၈။)

ခန္ဓာ ၅ ပါးကို သတ်မှတ်ရန် အကြောင်း အထောက်အပံ့ ၅ ပါး ၁။ မဟာဘုတ် (၄) ပါးသည် ရူပက္ခန္ဓာကို ပညတ်ရန် အကြောင်း အထောက်အပံ့၊ ၂။ ဖဿသည် ဝေဒနာက္ခန္ဓာကို ပညတ်ရန် အကြောင်း အထောက်အပံ့၊ ၃။ ဖဿသည် သညာက္ခန္ဓာကို ပညတ်ရန် အကြောင်း အထောက်အပံ့၊ ၄။ ဖဿသည် သင်္ခါရက္ခန္ဓာကို ပညတ်ရန် အကြောင်း အထောက်အပံ့၊ ၅။ နာမ်ရုပ်သည် ဝိညာဏက္ခန္ဓာကို ပညတ်ရန် အကြောင်း အထောက်အပံ့။ (သံ၊၂။၈၃။) (သံ၊မြန်၊၂။၇၉။)

http://www.dhammadownload.com

ချိုးမြှောက်ခြင်း ၂ မျိုး ၁။ လဒ္ဓိပဂ္ဂဟ– လဒ္ဓိပုဂ္ဂိုလ်အား ချီးမြှောက်ခြင်း၊ ၂။ အလဒ္ဓိပဂ္ဂဟ– အလဒ္ဓိပုဂ္ဂိုလ်အား ချီးမြှောက်ခြင်း။ (ဝိ၊ဋ္ဌ၊၂။၂၇၄။)

ချိုးမြှောက်ခြင်း ၂ မျိုး ၁။ အာမိသာနုဂ္ဂဟ– ပစ္စည်းဝတ္ထုဖြင့် ချီးမြှောက်ခြင်း၊ ၂။ ဓမ္မာနုဂ္ဂဟ– တရားဖြင့် ချီးမြှောက်ခြင်း။ (အံ၊၁။၉၁။) (ခုဒ္ဒက။၂၆၁။) (ခုဒ္ဒက။၂၆၄။) (မ၊ဋ္ဌ၊၄။၂၁၈။) (သံ၊ဋ္ဌ၊၂။၂၃၆။) (အံ၊မြန်၊၁။၁၀၇။) (ခုဒ္ဒက၊မြန်။၂၄၆၊၂၅၀။) (ခုဒ္ဒက၊မြန်။၂၄၆၊၂၅၀။)

ချိုးမွမ်းဖွယ် ၁၀ ပါး ၁။ မိမိကိုယ်တိုင် အလိုနည်း၍ အခြားရဟန်းတို့အား အလိုနည်းသော စကားကို ပြောတတ်ခြင်း၊ ၂။ မိမိကိုယ်တိုင် ရောင့်ရဲ၍ အခြားရဟန်းတို့အား ရောင့်ရဲသော စကားကို ပြောတတ်ခြင်း၊ ၃။ မိမိကိုယ်တိုင် ကင်းဆိတ်၍ အခြားရဟန်းတို့အား ကင်းဆိတ်သော စကားကို ပြောတတ်ခြင်း၊ ၄။ မိမိကိုယ်တိုင် မရောနှောမူ၍ အခြားရဟန်း တို့အား မရောနှောသော စကားကို ပြောတတ်ခြင်း၊ ၅။ မိမိကိုယ်တိုင် ထက်သန်သော လုံ့လရှိ၍ အခြားရဟန်းတို့အား ထက်သန်သော လုံ့လရှိမှုနှင့် စပ်သော စကားကို ပြောဆို တတ်ခြင်း၊ ၆။ မိမိကိုယ်တိုင် သီလနှင့် ပြည့်စုံ၍ အခြားသော ရဟန်းတို့အား သီလ ပြည့်စုံမှုနှင့် စပ်သော စကားကို ပြောဆိုတတ်ခြင်း၊ ၇။ မိမိကိုယ်တိုင် သမာဓိနှင့် ပြည့်စုံ၍ အခြားသော ရဟန်းတို့အား သမာဓိပြည့်စုံမှုနှင့် စပ်သော စကားကို ပြောဆိုတတ်ခြင်း၊ ၈။ မိမိကိုယ်တိုင် ပညာနှင့် ပြည့်စုံ၍ အခြားသော ရဟန်းတို့အား ပညာပြည့်စုံမှုနှင့် စပ်သော စကားကိုပြောတတ်ခြင်း၊ ၉။ မိမိကိုယ်တိုင် လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့် ပြည့်စုံ၍ အခြားရဟန်းတို့အား လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့် စပ်သော စကားကို ပြောဆိုတတ်ခြင်း၊ ၁၀။ မိမိကိုယ်တိုင် အရဟတ္တဖိုလ်ကို ဆင်ခြင်သော ဉာဏ်အမြင်နှင့် ပြည့်စုံ၍ အခြားရဟန်းတို့အား အရဟတ္တဖိုလ်ကို ဆင်ခြင်သော ဉာဏ်အမြင်နှင့် ပြည့်စုံမှုနှင့် စပ်သော စကားကို ပြောဆိုတတ်ခြင်း။ (အံ၊၃။၃၅၉။) (အံ၊မြန်၊၃။၃၅၇။)

ချောက် ၂ မျိုး ၁။ မြစ်၌ ထွင်းသော ချောက်၊ ၂။ တောင်၌ ထွင်းသော ချောက်။ (သုတ္တနိ၊ဋ္ဌ၊၁။၃၀။)

ချင့်တောင်း ချင့်ခွက်ဖြင့် လှည့်ပတ်ခြင်း ၃ မျိုး ၁။ ဟဒယဘေဒ– ချင့်တောင်း, ချင့်ခွက်၏ အတွင်းကို ဖျက်ခြင်းဖြင့် လှည့်ပတ်ခြင်း၊ ၂။ သိခါဘေဒ– ချင့်တောင်း, ချင့်ခွက်၏ အဦးအဖျားကို ဖျက်ခြင်းဖြင့် လှည့်ပတ်ခြင်း၊ ၃။ ရဇူဘေဒ– ချင့်ကြိုး, တိုင်းတာသည့် ကြိုးကို ဖျက်ခြင်းဖြင့် လှည့်ပတ်ခြင်း။ (ဒီ၊ဋ္ဌ၊၁။၇၇။) (မ၊ဋ္ဌ၊၂။၁၁၄။) (သံ၊ဋ္ဌ၊၃။၃၃၈။) (အံ၊ဋ္ဌ၊၂။၃၇၈။) (အဘိ၊ဋ္ဌ၊၃။၉၀။) (သာရတ္ထ၊ဋီ၊ ၂။၁၆၁။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၄၇။)

ချစ်ကျွမ်းဝင်သဖြင့် ယူခြင်း၏ အင်္ဂါ ၅ ပါး ၁။ သန္ဒိဋ္ဌော– မြင်ဖူး တွေ့ဖူးကာမျှဖြစ်သော မိတ်ဆွေဖြစ်ခြင်း၊ ၂။ သမ္ဘတ္တော– ခိုင်မြဲသော မိတ်ဆွေ ဖြစ်ခြင်း၊ ၃။ အာလပိတော– လိုအပ်လျှင် ယူပါဟု ပြောဆိုခဲ့ဖူးခြင်း၊ ၄။ ဇိဝတိ– အသက်ရှင်ဆဲ ဖြစ်ခြင်း၊ ၅။ ဂဟိတော အတ္တမနော– ယူသည့်အခါ ဝမ်းမြောက် ဝမ်းသာရှိခြင်း ။ (ဝိ၊ဋ္ဌ၊၁။၃၂၆။)

ချစ်ကျွမ်းဝင်သဖြင့် အယူမြောက်ကြောင်း အင်္ဂါ ၃ ပါး ၁။ သန္ဒိဋ္ဌော, ဇိဝတိ, ဂဟိတော အတ္တမနော– မြင်ဖူးကာမျှ မိတ်ဆွေဖြစ်၍ အသက်ရှင်ဆဲ ဖြစ်ပြီး ယူသော အခါ ဝမ်းမြောက်ခြင်း၊ ၂။ သမ္ဘတ္တော, ဇိဝတိ, ဂဟိတော အတ္တမနော– ခိုင်မြဲသော မိတ်ဆွေ ဖြစ်၍ အသက်ရှင်ဆဲဖြစ်ပြီး

http://www.dhammadownload.com

ယူသောအခါ ဝမ်းမြောက်ခြင်း၊ ၃။ အာလပိတော,ဇီဝတိ ဂဟိတေ အတ္တမနော– လိုအပ်လျှင် ယူပါဟု ပြောဆိုခဲ့ဖူး၍ အသက်ရှင်ဆဲ ဖြစ်ပြီး ယူသော အခါ ဝမ်းမြောက်ခြင်း။ (ဝိ၊၄၊၁။၃၂၇။)

ချစ်ခင်ခြင်း ဖြစ်ပေါ်ရကြောင်း ၂ မျိုး ၁။ ရှေးအခါ၌ မိခင် ဖခင်, သား သမီး စသည် ဖြစ်ဖူး၍ အတူတကွ နေထိုင်ခဲ့ဖူးခြင်း၊ ၂။ ဤဘဝ အတ္တဘော၌ အကျိုးစီးပွား ဆောင်ရွက်ခဲ့ဖူးခြင်း။ (ဇာ၊၄၊၂။၂၁၅။) (သာရတ္ထ၊ဋီ၊၁။၁၃၀။) (ဝိမတိ၊၁။၂၉။)

ချစ်ခြင်း ၂ မျိုး ၁။ တဏှာသွေ့ဟ– တဏှာဖြင့် ချစ်ခြင်း၊ ၂။ ဒိဋ္ဌိသွေ့ဟ– ဒိဋ္ဌိဖြင့် ချစ်ခြင်း။ (စူဋ္ဌနိ။၂၃၄။) (စူဋ္ဌနိ။၂၃၉။)

ချစ်မြတ်နိုးခြင်း ၄ မျိုး ၁။ ချစ်မြတ်နိုးခြင်း ပေမကြောင့် ချစ်မြတ်နိုးခြင်း ပေမဖြစ်ခြင်း၊ ၂။ ချစ်မြတ်နိုးခြင်း ပေမကြောင့် အမျက်ထွက်ခြင်း ဒေါသဖြစ်ခြင်း၊ ၃။ အမျက်ထွက်ခြင်း ဒေါသကြောင့် ချစ်မြတ်နိုးခြင်း ပေမဖြစ်ခြင်း၊ ၄။ အမျက်ထွက်ခြင်း ဒေါသကြောင့် အမျက်ထွက်ခြင်း ဒေါသဖြစ်ခြင်း။ (အံ၊၁။၅၃၄။) (အံ၊မြန်၊၁။၅၅၀။)

ချစ်အပ်သော အရာဝတ္ထု ၂ မျိုး ၁။ သတ္တ– ချမ်းသာသုခနှင့် အကျိုးစီးပွားကို လိုလားသော အမေ, အဖေ, သား, သမီး ညီအစ်ကို မောင်နှမ ဆွေမျိုးစသော သတ္တဝါ၊ ၂။ သခ်ါရ– နှစ်သက် မြတ်နိုးအပ်သော စိတ်နှလုံးကို တိုးပွားစေတတ်သော ရူပါရုံ သဒ္ဒါရုံ စသော သခ်ါရ။ (မဟာနိ။၃၉၂။) (စူဋ္ဌနိ။၂၄၇။)

ချည် ၆ မျိုး ၁။ ခေါမတိုင်း၌ ဖြစ်သောချည် (ခုံချည်)၊ ၂။ ဝါချည်၊ ၃။ ပိုးချည်၊ ၄။ သားမွေး ကမ္မလာချည်၊ ၅။ ပိုက်ဆံလျော်ချည် (ဂုန်လျော်ချည်)၊ ၆။ ဘန်ချည် (ခေါမစသော ငါးမျိုးရောအပ်သောချည်) (ဝိ၊၁။၃၆၉။) (ဝိ၊၂။၃၉၄။) (ဝိ၊မြန်၊၁။၃၉၁။) (ဝိ၊မြန်၊၂။၄၄၆။)

ချိန်ခွင်ဖြင့် လှည့်စားခြင်း ၄ မျိုး ၁။ ရူပကူဋ– ပုံစံတူ ချိန်ခွင်, အလေးနှစ်မျိုးတို့ဖြင့် လှည့်စားခြင်း၊ ၂။ အင်္ဂကူဋ– လက် တည်းဟူသော ကိုယ်အင်္ဂါဖြင့် လှည့်စားခြင်း၊ ၃။ ဂဟဏကူဋ– ချိန်ခွင် ကိုင်ပုံ, ကိုင်နည်းဖြင့် လှည့်စားခြင်း၊ ၄။ ပဋိစ္ဆန္ဒကူဋ– အလေးကို ဖုံးကွယ်အပ်သော သံမှုန့်ဖြင့် လှည့်စားခြင်း။(ဒီ၊၄၊၁။၇၇။)(မ၊၄၊၂။၁၁၄။(သံ၊၄၊၃။၃၃၇။)(အံ၊၄၊၂။၃၇၈။)(အဘိ၊၄၊၃။၉၀။)(သာရတ္ထ၊ဋီ၊၂။၁၆၁။) (ဒီ၊၄၊မြန်၊၁။၁၃၆။) (ဒီ၊၄၊မြန်၊၁။၁၄၆။)

ချုပ်ငြိမ်းခြင်း ၂ မျိုး ၁။ အစ္စန္တတ္ထင်္ဂမ– စင်စစ်ဧကန်, ထာဝစဉ် ချုပ်ငြိမ်းခြင်း နိဗ္ဗာန်၊ ၂။ ဘေဒတ္ထင်္ဂမ– တစ်ခဏတာ ပျက်စီးခြင်းအားဖြင့် ချုပ်ငြိမ်းခြင်း ဘင်။ (သံ၊၄၊၂။၆၉။) (အံ၊ဋီ၊၂။၂၃၀။)

ချမ်းသာကြောင်း တရား ၄ ပါး ၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သော မကျိုး, မပေါက်, မပြောက်, မကျားသော ငါးပါးသီလနှင့် ပြည့်စုံခြင်း။ (သံ၊၃။၃၅၂။) (သံ၊မြန်၊၃။၃၅၆။)

ချမ်းသာကြောင်း တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရုန့်ရင်း

http://www.dhammadownload.com

ကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

ချမ်းသာခံစားခြင်း ၃ ပါး ၁။ အောက်အောက် ချမ်းသာကို ဖြစ်စေ၍ အထက် အထက် ချမ်းသာကို ခံစားခြင်း (ပဌမဈာန်ဘုံ၌ ဖြစ်သော ဗြဟ္မာ)၊ ၂။ ဈာန်ချမ်းသာ ခံစားခြင်းဖြင့် ထက်ဝန်းကျင်စံသော ချမ်းသာကို ခံစားခြင်း (အာဘဿရဘုံ၌ ဖြစ်သော ဗြဟ္မာ)၊ ၃။ ဈာန်ချမ်းသာ ခံစားခြင်းဖြင့် ထက်ဝန်းကျင်စံသော ချမ်းသာကို ခံစားခြင်း (သုဘကိဏ္ဍာဘုံ၌ ဖြစ်သော ဗြဟ္မာ)။ (ဒီ၊၃။၁၈၃။) (ဒီ၊မြန်၊၃။၂၀၃။)

ချမ်းသာ ၂ မျိုး ၁။ ကာမဂုဏ် ပြည့်စုံမှုလျှင် အကြောင်းရင်းရှိသော 'ဂီဟိသုခ'ချမ်းသာ၊ ၂။ ရဟန်းအဖြစ်လျှင် အကြောင်းရင်းရှိသော 'ပဗ္ဗဇိတသုခ'ချမ်းသာ၊(တစ်နည်း)၁။ကာမဂုဏ်ကို အကြောင်းပြု၍ ဖြစ်သော 'ကာမသုခ' ချမ်းသာ၊ ၂။ ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို အကြောင်းပြု၍ ဖြစ်သော 'နေက္ခမ္မသုခ'ချမ်းသာ၊ (တစ်နည်း) ၁။ လောကဋ္ဌ အကျုံး ဝင်သော 'ဥပဓိသုခ' ချမ်းသာ၊ ၂။ လောကုတ္တရာဋ္ဌ အကျုံးဝင်သော 'နိရုပဓိသုခ' ချမ်းသာ၊ (တစ်နည်း) ၁။ အာသဝေါတရားတို့၏ အကြောင်းဖြစ်သော 'သာသဝသုခ' ချမ်းသာ၊ ၂။ အာသဝေါတရားတို့၏ အကြောင်းမဟုတ်သော 'အနာသဝသုခ' ချမ်းသာ၊ (တစ်နည်း) ၁။ ကိလေသာ၏ အာရုံဖြစ်၍ ဝဋ်သုံးပါးသို့ ရောက်ကြောင်းဖြစ်သော 'သာမိသသုခ' ချမ်းသာ၊ ၂။ ကိလေသာ အာရုံမဟုတ်မူ၍ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော 'နိရာမိသသုခ' ချမ်းသာ၊ (တစ်နည်း) ၁။ အရိယာပုဂ္ဂိုလ်တို့၏ 'အရိယသုခ' ချမ်းသာ၊ ၂။ ပုထုဇဉ်တို့၏ 'အနရိယသုခ' ချမ်းသာ၊ (တစ်နည်း) ၁။ ကိုယ်၌ ဖြစ်သော 'ကာယိကသုခ'ချမ်းသာ၊ ၂။ စိတ်၌ ဖြစ်သော 'စေတသိကသုခ' ချမ်းသာ၊ (တစ်နည်း) ၁။ ပီတိနှင့် တကွဖြစ်သော 'သပ္ပီတိကသုခ'ချမ်းသာ၊ ၂။ ပီတိကင်းသော 'နိပ္ပီတိကသုခ'ချမ်းသာ၊(တစ်နည်း) ၁။သာယာအပ်သောသဘောရှိသော'သာတသုခ'ချမ်းသာ၊၂။လျစ်လျူရှုအပ်သော သဘောရှိသော 'ဥပေက္ခာသုခ'ချမ်းသာ၊ (တစ်နည်း) ၁။ ဥပစာရသမာဓိ အပွနာသမာဓိကို မှီ၍ဖြစ်သော 'သမာဓိသုခ'ချမ်းသာ၊ ၂။ ဥပစာရသမာဓိ အပွနာသမာဓိမှ ကင်းသော 'အသမာဓိသုခ' ချမ်းသာ၊(တစ်နည်း) ၁။ ပီတိနှင့် တကွဖြစ်သော ဈာန်ကို အာရုံပြု၍ဖြစ်သော 'သပ္ပီတိကာရမ္မဏသုခ'ချမ်းသာ၊ ၂။ ပီတိကင်းသော ဈာန်ကို အာရုံပြု၍ဖြစ်သော 'နိပ္ပီတိကာရမ္မဏသုခ'ချမ်းသာ၊ (တစ်နည်း) ၁။ သာတသဘောရှိသော ဈာန်ကို အာရုံပြု၍ဖြစ်သော 'သာတာရမ္မဏသုခ'ချမ်းသာ၊ ၂။ ဥပေက္ခာသဘောရှိသော ဈာန်ကို အာရုံပြု၍ဖြစ်သော 'ဥပေက္ခာရမ္မဏသုခ'ချမ်းသာ၊ (တစ်နည်း) ၁။ ရူပါဝစရဈာန်လျှင် အာရုံရှိသော 'ရူပါရမ္မဏသုခ'ချမ်းသာ၊ ၂။ အရူပါဝစရဈာန်လျှင် အာရုံရှိသော 'အရူပါရမ္မဏသုခ'ချမ်းသာ။ (အံ၊၁။၇၉-၈၀။) (အံ၊မြန်၊၁။၉၃။)

ချမ်းသာ ၂ မျိုး ၁။ ကိုယ်၌ ဖြစ်သော ချမ်းသာခြင်း၊ ၂။ စိတ်၌ ဖြစ်သော ချမ်းသာခြင်း။ (အဘိ၊၌၊၁။၁၆၀။)

ချမ်းသာ ၃ မျိုး ၁။ မနုဿသုခ- လူ့ချမ်းသာ၊ ၂။ ဒိဗ္ဗသုခ- နတ်ချမ်းသာ၊ ၃။ နိဗ္ဗာနသုခ- နိဗ္ဗာန်ချမ်းသာ။ (ဓမ္မ၊၌၊၂။၃၃။) (ဥဒါန၊၌။၉၈။)

http://www.dhammadownload.com

ချမ်းသာ ၄ မျိုး ၁။ အတ္ထိသုခ– ရရှိမှု ချမ်းသာ၊ ၂။ ဘောဂသုခ– သုံးဆောင်မှု ချမ်းသာ၊ ၃။ အာနဏျသုခ– ကြွေးမြီမရှိမှု ချမ်းသာ၊ ၄။ အနဝဇ္ဇသုခ– အပြစ်မရှိသော ချမ်းသာ။ (အံ၊၁။၃၈၀။) (အံ၊မြန်၊၁။၃၉၅။)

ချမ်းသာစွာ နေခြင်း ၅ မျိုး ၁။ ပဌမဈာန်သို့ ရောက်၍ နေခြင်း၊ ၂။ ဒုတိယဈာန်သို့ ရောက်၍ နေခြင်း၊ ၃။ တတိယဈာန်သို့ ရောက်၍ နေခြင်း၊ ၄။ စတုတ္ထဈာန်သို့ ရောက်၍ နေခြင်း၊ ၅။ (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ရောက်၍ နေခြင်း။ (အံ၊၂။၁၀၅။) (အံ၊မြန်၊၂။၁၂၈။)

ချမ်းသာစွာ နေရကြောင်း တရား ၂ ပါး ၁။ သံဝေဂဖြစ်ဖွယ်ရာ ဌာနတို့၌ ထိတ်လန့် တုန်လှုပ်လျက် သံဝေဂ ဖြစ်ခြင်း၊ ၂။ ထိတ်လန့်သော စိတ်ရှိသည် ဖြစ်၍ အသင့်အားဖြင့် နှလုံးသွင်းလျက် ကမ္မဋ္ဌာန်းအလုပ် အားထုတ်ခြင်း။ (ခုဒ္ဒက။၂၁၆။) (ခုဒ္ဒက၊မြန်။ ၁၉၉။)

ချမ်းသာစွာ နေရကြောင်း တရား ၂ ပါး ၁။ အမျက်မထွက်ခြင်း အကျောဓ၊ ၂။ ရန်ငြိုးမဖွဲ့ခြင်း အနုပနာဟ၊ ၁။ (တစ်နည်း) သူ့ကျေးဇူးကို မချေဖျက်ခြင်း အမက္ခ၊ ၂။ အပြိုင်မပြုခြင်း အပဋ္ဌာသ၊ ၁။ (တစ်နည်း) မငြူစူခြင်း အနိဿာ၊ ၂။ ဝန်မတိုခြင်း အမစ္ဆရိယ၊ ၁။ (တစ်နည်း) မလှည့်ပတ်ခြင်း အမာယာ၊ ၂။ မစဉ်းလဲခြင်း အသာဌေယျ၊ ၁။ (တစ်နည်း) ဒုစရိုက်တရားတို့မှ ရှက်ခြင်း ဟိရီ၊ ၂။ ဒုစရိုက်တရားတို့မှ လန့်ခြင်း ဩတ္တပ္ပ။ (အံ၊၁။၉၅။) (အံ၊မြန်၊၁။၁၁၂။)

ချမ်းသာစွာ နေရခြင်း ၅ မျိုး ၁။ မျက်မှောက်မျက်ကွယ် သီတင်းသုံးဖော်တို့၌ မေတ္တာကာယကံ ရှေးရှုတည်ခြင်း၊ ၂။ မျက်မှောက်မျက်ကွယ် သီတင်းသုံးဖော်တို့၌ မေတ္တာဝစီကံ ရှေးရှုတည်ခြင်း၊ ၃။ မျက်မှောက်မျက်ကွယ် သီတင်းသုံးဖော်တို့၌ မေတ္တာမနောကံ ရှေးရှု တည်ခြင်း၊ ၄။ မျက်မှောက် မျက်ကွယ် သီတင်းသုံးဖော်တို့နှင့် သီလတူမျှခြင်း၊ ၅။ မျက်မှောက် မျက်ကွယ် သီတင်းသုံးဖော်တို့နှင့် အယူဒိဋ္ဌိ တူမျှခြင်း။ (အံ၊၂။၁၁၆။) (အံ၊မြန်၊၂။၁၄၃။)

ချမ်းသာ, ဆင်းရဲဖြစ်စေသော တရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၁၄၈။) (သံ၊မြန်၊၂။၁၃၇။)

ချမ်းသာ၍ သုဂတိရောက်ကြောင်း တရား ၂ ပါး ၁။ ဣန္ဒြိယေသု ဂုတ္တဒွါရတာ– စက္ခုစသော ဣန္ဒြေ ခြောက်ပါးတို့၌ လုံခြုံသော တံခါး ရှိခြင်း၊ ၂။ ဘောဇနေ မတ္တညုတာ– ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း။ (ခုဒ္ဒက။၂၁၂။) (ခုဒ္ဒက၊မြန်။ ၁၉၄။)

ချမ်းသာ၍ သုဂတိရောက်ကြောင်း ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါ ရှိခြင်း၊ ၂။ ရှက်မှု ဟိရီ ရှိခြင်း၊ ၃။ ကြောက်လန့်မှု ဩတ္တပ္ပ ရှိခြင်း၊ ၄။ ထက်သန်သော ဝီရိယ ရှိခြင်း၊ ၅။ သိမှု ပညာ ရှိခြင်း။ (အံ၊၂။၂–၃။) (အံ၊မြန်၊၂။၄။)

ချမ်းအေးကြောင်း ၂ ပါး ၁။ ကိုယ်တွင်း၌ အာပေါဓာတ် ချောက်ချားခြင်း၊ ၂။ ပြင်ပဓာတ် ချောက်ချားခြင်း အပ၌ ရာသီဥတု၏ အစွမ်းအားဖြင့် ချမ်းအေးခြင်း။ (မဟာနိ။၃၈၈။) (သုတ္တနိ၊၌၊ ၁။၉၀။) (စူဋ္ဌနိ၊၌။၁၂၃။)

ချုံးကျဉ်းအပ်ရာ အကြောင်း သင်္ခေပ ၄ မျိုး ၁။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဟူသော အတိတ်ကာလ အကြောင်း၊ ၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဋ္ဌာယတန၊ ဖဿ၊ ဝေဒနာ ဟူသော ယခု

http://www.dhammadownload.com

ပစ္စုပ္ပန်ကာလ၌ အကျိုး၊ ၃။ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ ဟူသော ယခု ပစ္စုပ္ပန် ကာလ၌ အကြောင်း၊ ၄။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူသော အနာဂတ် ကာလ အကျိုး။ (သာရတ္ထ၊ဋီ၊၁။၂၂၂။)

ချွတ်ထိုက်သော ပုဂ္ဂိုလ် ၃ မျိုး ၁။ ရုပ်၌ ပြင်းစွာ တွေဝေသော ပုဂ္ဂိုလ်၊ ၂။ နာမ်၌ ပြင်းစွာ တွေဝေသော ပုဂ္ဂိုလ်၊ ၃။ ရုပ် နာမ် နှစ်ပါးအပေါင်း၌ ပြင်းစွာ တွေဝေသော ပုဂ္ဂိုလ်။ (အနုဋီ၊၂။၅။)

ခြေဆေးအင်းပျဉ် လှူရကျိုး ၂ ပါး ၁။ များစွာကုန်သော ယာဉ်တို့ကို ရရှိခြင်း၊ ၂။ ကျွန်နှင့် သားမယား စသည်တို့က ကောင်းစွာ ပြုစုလုပ်ကျွေးခြင်း။ (အပ၊၁။၃၆၈။) (အပ၊မြန်၊၁။၃၇၇။)

ခြေတစ်လှမ်း၌ အစိတ်အပိုင်း ၆ မျိုး ၁။ ဥဒ္ဓရဏ– ခြေထောက်ကို မြေမှ ကြွခြင်း၊ ၂။ အတိဟရဏ– ခြေထောက်ကို ရှေ့သို့ ဆောင်ခြင်း၊ ၃။ ဝီတိဟရဏ– ခြေထောက်ကို ထိုမှဤမှ ဆောင်ခြင်း၊ ၄။ ဝေါဿဇ္ဇန– ခြေထောက်ကို အောက်သို့ လွှတ်ချခြင်း၊ ၅။ သန္နိက္ခေပန– ခြေထောက်ကို မြေ၌ ချထားခြင်း၊ ၆။ သန္နိရုမ္ဘန်– ခြေထောက်ကို မြေနှင့် တကွ ခပ်ပြင်းပြင်း နှိပ်ခြင်း ရပ်ခြင်း။ (ဝိသုဒ္ဓိ၊၂။၂၅၆။)

ခြေနယ်ဆီလှူရကျိုး ၅ ပါး ၁။ အနာရောဂါ ကင်းခြင်း၊ ၂။ အဆင်းလှခြင်း၊ ၃။ တရားတို့ကို လျင်မြန်စွာ စူးစမ်း ဆင်ခြင်နိုင်ခြင်း၊ ၄။ ထမင်း အဖျော်တို့ကို ရလွယ်ခြင်း၊ ၅။ အသက် ရှည်ခြင်း။ (အပ၊၁။၃၆၈။) (အပ၊မြန်၊၁။၃၇၈။)

ခြေပွတ် ၃ မျိုး ၁။ ကျောက်ပြုတ် ကျောက်စလစ် ခြေပွတ်၊ ၂။ အိုးခြမ်း ခြေပွတ်၊ ၃။ ပင်လယ်ရေမြုပ် ခြေပွတ်။ (ဝိ၊၄။၂၆၈။) (ဝိ၊၅။၂၂၃။) (ဝိ၊မြန်၊၄။၂၇၁။) (ဝိ၊မြန်၊၅။၃၁၀။)

ခြင်္သေ့ ၄ မျိုး ၁။ တိဏသီဟော– ခိုရောင်အဆင်းရှိ၍ နွားမနှင့် တူသော မြက်စားသော ခြင်္သေ့၊ ၂။ ကာဠသီဟော– မဲနက်သော အဆင်းရှိ၍ နွားနက်နှင့် တူသော မြက်စားသော ခြင်္သေ့၊ ၃။ ပဏ္ဍုသီဟော– ဖျော့တော့ ဝါရွှေသော ဖက်ရွက်ရော်အဆင်းရှိ၍ နွားမနှင့် တူသော အသား စားသော ခြင်္သေ့၊ ၄။ ကေသရသီဟော– လည်ဆံမွေးပါရှိပြီး အသားစားသော ကေသရာဇာခြင်္သေ့။ (ဒီ၊ဋ္ဌ၊၃။၁၁။) (သံ၊ဋ္ဌ၊၂။၂၆၁။) (အံ၊ဋ္ဌ၊၂။၂၉၁။) (သုတ္တနိ၊ဋ္ဌ၊၁။၁၁၃။) (အပ၊ဋ္ဌ၊၁။၂၁၉။) (စူဠနိ၊ဋ္ဌ။၁၃၆။)

ခြင်္သေ့တို့ ဝူအပြင်သို့ ထွက်ရာအခါ ၄ မျိုး ၁။ အလင်းရောင်ကို အလိုရှိသော အခါ၊ ၂။ ကျင်ကြီး ကျင်ငယ်စွန့်လိုသော အခါ၊ ၃။ အစာရှာဖွေ ကျက်စားလိုသော အခါ၊ ၄။ ခြင်္သေ့မနှင့် မေထုန် မှီဝဲလိုသော အခါ။ (သံ၊ဋ္ဌ၊၂။၂၆၁။) (အံ၊ဋ္ဌ၊၂။၂၉၁။)

ခြင်္သေ့၏ လက်နက် ၅ မျိုး ၁။ ပါးစပ်၊ ၂–၃–၄–၅။ ခြေလက် ၄ ချောင်း။ (ဇာဋ္ဌ၊၅။၄၆၄။)

ခြင်္သေ့၏ ဟိန်းဟောက်သံကို မကြောက်သော ပုဂ္ဂိုလ် ၆ မျိုး ၁။ အမျိုးနွယ်ဇာတ်တူဖြစ်သော ကေသရာဇာခြင်္သေ့၊ ၂။ ဆင်အာဇာနည်၊ ၃။ မြင်းအာဇာနည်၊ ၄။ နွားလားဥသဘ အာဇာနည်၊ ၅။ ယောကျ်ားအာဇာနည်၊ ၆။ အာသဝေါကုန်ပြီးသော ရဟန္တာ။ (သံ၊ဋ္ဌ၊၂။၂၆၂။) (အံ၊ဋ္ဌ၊၂။၂၉၂။)

ခြင်္သေ့၏ အင်္ဂါ ၇ ပါး ၁။ ခြင်္သေ့သည် ညစ်ကြေးမတင် စင်ကြယ်စွာဖြင့် ဖွေးဖွေးဖြူခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဖြူဖြူဖွေးဖွေး ညစ်ကြေးမတင် စင်ကြယ်စွာသော စိတ်ဖြင့် ယုံမှားသံသယ ကင်းသူ ဖြစ်ခြင်း)၊ ၂။ ခြင်္သေ့သည် အခြေလေးချောင်း ရှိသည်ဖြစ်၍ အလွန်ရဲရင့်စွာ လှည့်လည်

http://www.dhammadownload.com

သွားလာခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဣဒ္ဓိပါဒ်လေးပါး တည်းဟူသော အခြေရှိခြင်း)၊ ၃။ ခြသေ့်သည် အလွန်လှပ၍ နှစ်သက်စဖွယ်ဖြစ်သော လည်ဆံမွေးရှိခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အလွန်လှပ၍ နှစ်သက်စဖွယ်ဖြစ်သော သီလတည်းဟူသော ဆံမွေးရှိခြင်း)၊ ၄။ ခြသေ့်သည် အသက်ပင် ကုန်ဆုံးသွားသော်လည်း တစ်စုံတစ်ခုသော သတ္တဝါကိုမျှ မကိုင်းညွတ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သင်္ခန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါး ကင်းပြတ်သော်လည်း တစ်စုံတစ်ယောက်ကိုမျှ မကိုင်းညွတ်ခြင်း)၊ ၅။ ခြသေ့်သည် အစဉ်အတိုင်း စား၍ ကျရာအရပ်၌သာလျှင် အလိုရှိတိုင်း စားခြင်း၊ မွန်မြတ်သော အသားကို မရွေးချယ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အိမ်စဉ်အတိုင်း ဆွမ်းခံစားခြင်း၊ ပေးလှူသူ ဒါယကာတို့ကို လည်းကောင်း၊ မွန်မြတ်သော ဘောဇဉ် တို့ကိုလည်းကောင်း မရွေးချယ်ခြင်း)၊ ၆။ ခြသေ့်သည် အစာကို သိမ့်သိမ်းဆည်းထားမှု မရှိဘဲ တစ်ကြိမ် ကျက်စားရာ အရပ်၌ စားပြီးသော် တစ်ဖန် ထိုအရပ်သို့ မချဉ်းကပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သိမ့်ခြင်းကို မပြုမူ၍ သုံးဆောင်လေ့ရှိခြင်း)၊ ၇။ ခြသေ့်သည် အစာကို မရသည်ရှိသော် မပူပင် မတောင့်တမူ၍ အစာကို ရသော်လည်း၊ မတပ်မက် မတွေဝေဘဲ အလွန်လောဘကို မဖြစ်စေမူ၍ စားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဘောဇဉ်ကို မရသောကြောင့် မပူပင် မတောင့်တမူ၍ ဘောဇဉ်ကို ရသော်လည်း မတွေဝေ မတပ်မက်ဘဲ အလွန်လောဘကို မဖြစ်စေမူ၍ ပညာဖြင့် ဆင်ခြင်ပြီး သုံးဆောင်ရခြင်း) ။ (မိလိန္ဒ။၃၈၅။) (မိလိန္ဒ၊မြန်။၄၀၇။)

ခွေးတို့၌ တွေ့မြင်အပ်သော ရှေးဟောင်းပုဏ္ဏားတို့၏ အကျင့် ၅ မျိုး ၁။ ခွေးတို့သည် ခွေးမ၌ သာလျှင် သွားလာ၍ ခွေးမ မဟုတ်သည်၌ မသွားလာသကဲ့သို့ ရှေးဟောင်း ပုဏ္ဏားတို့သည်လည်း ပုဏ္ဏေးမ၌သာလျှင် သွားလာ၍ ပုဏ္ဏေးမ မဟုတ်သူ၌ မသွားလာခြင်း၊ ၂။ ခွေးတို့သည် ဥတုလာသော ခွေးမတို့၌သာ သွားလာ၍ ဥတုမလာသော ခွေးမကို မသွားလာသကဲ့သို့ ရှေးဟောင်း ပုဏ္ဏားတို့သည်လည်း ဥတုလာသော ပုဏ္ဏေးမကိုသာလျှင် သွား၍ ဥတုမလာသော ပုဏ္ဏေးမကို မသွားလာခြင်း၊ ၃။ ခွေးတို့သည် **ခွေးမတို့ကို** မရောင်း မဝယ်ဘဲ အချင်းချင်း ချစ်မြတ်နိုးလျက် ပေါင်းဖော်သကဲ့သို့ ရှေးဟောင်းပုဏ္ဏားတို့သည်လည်း ပုဏ္ဏေးမတို့ကို မရောင်းမဝယ်ဘဲ အချင်းချင်း ချစ်မြတ်နိုးလျက် ပေါင်းဖော်ခြင်း၊ ၄။ ခွေးတို့သည် ဥစ္စာ စပါး ရွှေငွေတို့ကို မသိမ့်မသိမ်းဆည်းသကဲ့သို့ ရှေးဟောင်း ပုဏ္ဏားတို့သည်လည်း ဥစ္စာ စပါး ရွှေ ငွေများကို မသိမ့်မသိမ်းဆည်းကြခြင်း၊ ၅။ ခွေးတို့သည် မနက်၌ မနက်စာ, ညှင်း ညစာအလို့ငှာ အစာကို ရှာသကဲ့သို့ ရှေးဟောင်း ပုဏ္ဏားတို့သည်လည်း မနက်၌ မနက်စာ, ညှင်း ညစာအလို့ငှာ အစာကို ရှာမှီးခြင်း။ (အံ၊၂။၁၉၅။) (အံ၊မြန်၊၂။၂၄၈။)

ခွဲခြမ်းဝေဖန်ခြင်း ပဋိဝိဘတ္တ ၂ မျိုး ၁။ ဆွမ်း စသော အာမိသကို ခွဲခြမ်းဝေဖန်ခြင်း– အာမိသ ပဋိဝိဘတ္တ၊ ၂။ ပုဂ္ဂိုလ်ကို ခွဲခြမ်းဝေဖန်ခြင်း– ပုဂ္ဂလပဋိဝိဘတ္တ။ (မ၊၁၊၂။၂၉၃။) (သာရတ္ထ၊ဋီ၊၃။၄၅၉။)

ခွဲခြမ်း ဝေဖန်ခြင်း သံဝိဘာဂ ၂ မျိုး ၁။ ပစ္စည်းကို ခွဲခြမ်း ဝေဖန်ခြင်း အာမိသသံဝိဘာဂ၊ ၂။ တရားကို ခွဲခြမ်းဝေဖန်ခြင်း ဓမ္မသံဝိဘာဂ။ (အံ၊၁။၉၁။) (အံ၊မြန်၊၁။၁၀၆။)

ခွက် လှူရကျိုး ၃ ပါး ၁။ ရွှေခွက်, ပတ္တမြားခွက်, ဖန်ခွက်, ပတ္တမြားပြောက် (ကျောက်နီ) ခွက်တို့ကို ရရှိခြင်း၊ ၂။ ညောင်ဗုဒ္ဓဟေရွက်နှင့် တူသော အသီးဖြင့် ပြုလုပ်အပ်သော ခွက်, ကြာရွက်နှင့်

http://www.dhammadownload.com

တူသော ခွက်, ပျားရည်သောက်ရန် ခရုသင်းခွက်တို့ကို ရရှိခြင်း၊ ၃။ ဝတ်ကြီးဝတ်ငယ်တို့ကို ဖြည့်ကျင့်ခြင်း, သီလစသော ပဋိပတ်အကျင့် ဂုဏ်ကျေးဇူးတို့ကို ဖြည့်ကျင့်ခြင်း အာစာရကိရိယာဟု ဆိုအပ်သော အလေ့အကျင့် အမှုအရာတို့ကို ဖြည့်ကျင့်အပ်ခြင်းတည်းဟူသော အကျိုးတို့ကို ရရှိခြင်း။ (အပ၊၁။၃၆၃။) (အပ၊မြန်၊၁။၃၇၁။)

ခွင့်ပေးထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ စင်ကြယ်သော ကိုယ်အကျင့်ရှိခြင်း၊ ၂။ စင်ကြယ်သော နှုတ်အကျင့်ရှိခြင်း၊ ၃။ စင်ကြယ်သော အသက်မွေးမှု ရှိခြင်း၊ ၄။ ဉာဏ်ပညာ ရှိ၍ ထက်မြက်ခြင်း၊ ၅။ မေးစိစစ်ခြင်းငှာ စွမ်းနိုင်ခြင်း။ (ဝိ၅။၃၃၁။) (ဝိ၊မြန်၊၅။၄၃၃။)

ခွင့်ပြုခြင်း အနုညာတ ၃ ပါး ၁။ အလိုနည်းခြင်း၊ ၂။ ရောင့်ရဲခြင်း၊ ၃။ ခေါင်းပါးခြင်း။ (ဝိ၅။ ၂၁၈။) (ဝိ၊မြန်၊၅။၃၀၄။)

ခွင့်ပြုခြင်း အနုညာတ ၃ ပါး (တနည်း) ၁။ အလိုနည်းခြင်း၊ ၂။ ရောင့်ရဲခြင်း၊ ၃။ အတိုင်း အရှည်ကို သိခြင်း။ (ဝိ၅။၂၁၈။) (ဝိ၊မြန်၊၅။၃၀၄။)

ခွင့်မပေးထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ မစင်ကြယ်သော ကိုယ်အကျင့် ရှိခြင်း၊ ၂။ မစင်ကြယ်သော နှုတ်အကျင့် ရှိခြင်း၊ ၃။ မစင်ကြယ်သော အသက်မွေးမှု ရှိခြင်း၊ ၄။ မိုက်မဲမကျွမ်းကျင်ခြင်း၊ ၅။ မေးစိစစ်ခြင်းကို ပေးခြင်းငှာ မစွမ်းနိုင်ခြင်း။ (ဝိ၅။၃၃၀။) (ဝိ၊မြန်၊၅။၄၃၂။)

ဂ

ဂဏစီဝရသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ဝိကပ္ပနာလောက်သော သင်္ကန်းကို သံဃာ၌ ညွတ်ကိုင်းပြီး ဖြစ်ခြင်း၊ ၂။ အကျိုးအာနိသင်ကို ပြခြင်းမှ ကင်းလျက် အန္တရာယ်ပြုခြင်း။ (ဝိမတိ၊၂။၇၈။)

ဂဏစီဝရသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ဝိကပ္ပနာလောက်သောနောက်ဆုံးသင်္ကန်းဖြစ်ခြင်း၊ ၂။သံဃာအား ညွတ်ကိုင်းပြီး ဖြစ်ခြင်း၊ ၃။ အကျိုးအာနိသင်ကို ပြခြင်းမှ ကင်း၍ အန္တရာယ် ပြုခြင်း။ (သာရတ္ထ၊ဋီ၊ ၃။၁၂၅။)

ဂဏဘောဇနသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ဘောဇဉ် ငါးမျိုးတို့တွင် ဘောဇဉ် တစ်မျိုးမျိုးဖြင့် ပင့်ဖိတ်အပ်ကုန်သည် ဖြစ်၍ ရဟန်းတို့ စားကုန်သော ဘောဇဉ် ဖြစ်ခြင်း၊ ၂။ ခွင့်ပြုထားသော အခါသမယ မဟုတ်ခြင်း၊ ၃။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၅၆။) (ဝိမတိ၊၂။၂၈။)

ဂဏဘောဇနသိက္ခာပုဒ်လာ စတုက္က ၅ မျိုး ၁။ အနိမန္တိတ စတုက္က– မပင့်ဖိတ်ခြင်း လေးခုအပေါင်း၊ ၂။ ပိဏ္ဍပါတိက စတုက္က– ပိဏ္ဍပါတ်ဆွမ်းလေးခုအပေါင်း၊ ၃။ အနုပသမ္မန္န စတုက္က– ရှင်သာမဏေ လေးခုအပေါင်း၊ ၄။ ပတ္တစတုက္က– သပိတ် လေးခုအပေါင်း၊ ၅။ ဂိလာနစတုက္က– မကျန်းမာသူ လေးခုအပေါင်း။ (ဝိ၊၄၊၃။၈၁။)

ဂဏဘောဇဉ်ပွားပုံ ၂ မျိုး ၁။ ပင့်ဖိတ်သောအားဖြင့် ပွားခြင်း၊ ၂။ တောင်းသောအားဖြင့် ပွားခြင်း။ (ဝိ၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

http://www.dhammadownload.com

ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ် ရဟန္တာ ဖြစ်နိုင်ပုံ ၆ မျိုး ၁။ ဤဂတပစ္စာဂတ ဝတ်ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်သည် မဂ်ဖိုလ်ရရန် အားကြိုးသော မိုရာအကြောင်းနှင့် ပြည့်စုံလျှင် ပထမ အရွယ်၌ပင် ရဟန္တာ ဖြစ်နိုင်သည်၊ ၂။ ပထမအရွယ်၌ ရဟန္တာ မဖြစ်ခဲ့လျှင် မဇ္ဈိမအရွယ်၌ ရဟန္တာ ဖြစ်နိုင်သည်၊ ၃။ မဇ္ဈိမအရွယ်၌ ရဟန္တာမဖြစ်ခဲ့လျှင် သေခါနီးအခါ၌ ရဟန္တာ ဖြစ်နိုင်သည်၊ ၄။ သေခါနီးအခါ၌ ရဟန္တာမဖြစ်ခဲ့လျှင် နတ်ပြည်ရောက်သောအခါ နတ်သားဘဝဖြင့် ရဟန္တာ ဖြစ်နိုင်သည်၊ ၅။ နတ်သားဘဝဖြင့် ရဟန္တာ မဖြစ်ခဲ့လျှင် ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် ပရိနိဗ္ဗာန် စံဝင်နိုင်သည်၊ ၆။ ပစ္စေကဗုဒ္ဓါ မဖြစ် ခဲ့လျှင် ဗာဟိယထေရ်ကဲ့သို့ ဘုရားရှင်၏ မျက်မှောက်၌ ခိပ္ပါဘိညရဟန္တာ ဖြစ်နိုင်သည်။ (အပ၊၆၊၁။၁၆၃။)

ဂတိ ၅ မျိုး ၁။ လူ့ဘုံ လူ့ဘဝဟု ဆိုအပ်သော– မနုဿဂတိ၊ ၂။ နတ်ဘုံ နတ်ဘဝဟု ဆိုအပ်သော– ဒေဝဂတိ၊ ၃။ ငရဲဘုံ ငရဲသားဘဝဟု ဆိုအပ်သော– နိရယဂတိ၊ ၄။ တိရစ္ဆာန်ဘုံ တိရစ္ဆာန်ဘဝဟု ဆိုအပ်သော– တိရစ္ဆာန်ဂတိ၊ ၅။ ပြိတ္တာဘုံ ပြိတ္တာဘဝဟု ဆိုအပ်သော– ပေတ္တိဂတိ။ (ဒီ၊၃။၁၉၅။) (မ၊၁။၁၀၆။) (အံ၊၃။၂၅၁။) (ပဋိသံ၊၆။၂။၂၃။) (ဥဒါန၊၆။၁၂၃။) (ဣတိ၊၃။၁၁၁။) (သာရတ္ထ၊ဋီ၊၂။၁၉။) (ဒီ၊မြန်၊၃။၂၅၈။) (မ၊မြန်၊၁။၁၁၃။) (အံ၊မြန်၊၃။၂၅၁။)

ဂတိမြဲသော ပုဂ္ဂိုလ် ၁၅ ယောက် ၁။ သုဒ္ဓါဝါသဘုံသို့ ရောက်ပြီးနောက် အသက်ထက်ဝက် မလွန်မီ အရဟတ္တဖိုလ်–ရဟန္တာအဖြစ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်– အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ၂။ လွန်ကဲစွာ အားမထုတ်ရဘဲ ချမ်းချမ်းသာသာ လွယ်လွယ်ကူကူဖြင့် အရဟတ္တဖိုလ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်– အသခ်ါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ၃။ လွန်ကဲစွာ အားထုတ်ပြီး ပင်ပန်းစွာ အရဟတ္တဖိုလ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်– သသခ်ါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ၄။ အဝိဟာ စသော သုဒ္ဓါဝါသငါးဘုံသို့ ရောက်၍ ထိုဘုံ၌ သက်တန်းထက်ဝက်ကို ကျော်လွန်ပြီးလျှင် နောက်ဆုံး အသက်အပိုင်းအခြားသို့ မရောက်ဘဲ ပရိနိဗ္ဗာန် ဝင်စံ လတ္တံ့သော အနာဂါမ်– ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ၅။ ဤကာမဘုံ၌ အနာဂါမိဖိုလ်ကို ရ၍ စုတေသေလွန်ပြီးလျှင် အဝိဟာဘုံမှ စ၍ အောက်သုဒ္ဓါဝါသ လေးဘုံတို့၌ အစဉ်အတိုင်း ဖြစ်ကာ စုတေပြီးနောက် အကနိဋ္ဌဘုံ၌ အရဟတ္တဖိုလ်–ရဟန္တာအဖြစ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်– ဥဒ္ဓံသောတအကနိဋ္ဌဂါမိပုဂ္ဂိုလ်၊ ၆။ သကဒါဂါမ်ပုဂ္ဂိုလ်၊ ၇။ ဧကဗီဇီ သောတာပန်ပုဂ္ဂိုလ်၊ ၈။ ကောလံကောလ သောတာပန်ပုဂ္ဂိုလ်၊ ၉။ သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်၊ ၁၀။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလမြဲသော ပုဂ္ဂိုလ်၊ ၁၁။ သလာကဘတ် မြဲသော ပုဂ္ဂိုလ်၊ ၁၂။ ပက္ခိကဘတ် မြဲသော ပုဂ္ဂိုလ်၊ ၁၃။ ဝါဆိုသင်္ကန်း အမြဲလှူဒါန်းသော ပုဂ္ဂိုလ်။၁၄။ ရေတွင်းရေကန် လှူဒါန်းသော ပုဂ္ဂိုလ်၊ ၁၅။ ကျောင်းလှူဒါန်းသော ပုဂ္ဂိုလ်။ (အံ၊၆၊၃။၂၆၅။)

ဂရုကအာပတ် ၃၁ မျိုး ၁။ ဘိက္ခု၊ ဘိက္ခုနီ ပါရာဇိက ၈ မျိုး၊ ၂။ ဘိက္ခုသံဃာဒိသိသ် ၁၃ မျိုး၊ ၃။ ဘိက္ခုနီသံဃာဒိသိသ် ၁၀ မျိုး၊ ပေါင်း ၃၁ မျိုး။ (သာရတ္ထ၊ဋီ၊၃။၄၈၆။)

ဂရုဓံတရား ၈ ပါး ၁။ ဘိက္ခုနီမသည် ပဉ္စင်းဖြစ်၍ ဝါ တစ်ရာပင် ရနေသော်လည်း ယနေ့၌ ဖြစ်သော ရဟန်းငယ်အား ရှိခိုးခြင်း ခရီးဦးကြိုခြင်း, လက်အုပ်ချီခြင်း စသော ရိုသေမှုကို ပြုရခြင်း၊ ၂။ ဘိက္ခုနီမသည် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါမဆိုရခြင်း၊ ၃။ ဘိက္ခုနီမသည် လခွဲတိုင်း လခွဲတိုင်း၌ ဘိက္ခုသံဃာထံမှ ဥပုသ်ကို မေးရခြင်း, အဆုံးအမသြဝါဒ ခံယူရန်

http://www.dhammadownload.com

ချဉ်းကပ်ရခြင်း၊ ၄။ ဘိက္ခုနီမသည် ဝါကျွတ်သောအခါ ဥဘတောသံဃာ၌ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟူသော အကြောင်းဒုံ မျိုးတို့ဖြင့် ဖိတ်ကြားရခြင်း (ဥဘတောသံဃာ၌ ပဝါရဏာ ပြုရခြင်း)၊ ၅။ ဘိက္ခုနီမသည် သံဃာဒိသိသ်အာပတ်သင့်သည်ရှိသော် ဥဘတောသံဃာ၌ ပက္ခမာနတ်ကျင့်ရခြင်း၊ ၆။ နှစ်နှစ်တို့ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးတို့၌ အကျင့်ကို ကျင့်ပြီးသော သိက္ခမာန်အား ဥဘတောသံဃာ၌ ပဉ္စင်းခံပေးရခြင်း၊ ၇။ ဘိက္ခုနီမသည် တစ်စုံတစ်ခုသော အကြောင်းဖြင့် ရဟန်းယောကျ်ားကို မဆဲရေး, မရေရွတ်ရခြင်း၊ ၈။ ရဟန်းဖြစ်သည့် နေ့မှစ၍ ရဟန်းယောကျ်ားတို့ အပေါ်၌ သြဝါဒပေးမှု, အနုသာသနပြုမှုကို တားမြစ်လျက် ရဟန်းယောကျ်ားတို့က ဘိက္ခုနီမတို့ အပေါ်၌ သြဝါဒပေးမှု, အနုသာသနပြုမှုကို မတားမြစ် မပိတ်ပင်အပ်ခြင်း။ (ဝိ၊၂။၇၅။) (ဝိ၊၄။၄၄၄။) (အံ၊၃။၁၀၃။) (ဝိ၊မြန်၊၂။၈၆။) (အံ၊မြန်၊၃။၁၀၁။) (ဝိ၊မြန်၊၄၊၄၄၅။)

ဂရုဓမ္မဟု ဆိုအပ်သော ငါးပါးသီလ လုံခြုံသူ ၁၁ ဦး ၁။ ကုရုတိုင်းဘုရင် ဘုရားအလောင်း ဓနဥယမင်း၊ ၂။ ဓနဥယမင်း၏ မယ်တော်၊ ၃။ ဓနဥယမင်း၏ မိဖုရား၊ ၄။ ဓနဥယမင်း၏ ညီငယ် အိမ်ရှေ့မင်းသား၊ ၅။ ဓနဥယမင်း၏ ပုရောဟိတ်ပုဏ္ဏား၊ ၆။ မင်းတိုင်ပင်ခံ အမတ်၊ ၇။ ရထားထိန်း၊ ၈။ ဓနဥယမင်း၏ သူငြေး၊ ၉။ စရွတ်တောင်းချင့်သူ၊ ၁၀။ တံခါးစောင့်၊ ၁၁။ ကုရုတိုင်း၏ ပြည့်တန်ဆာမ။ (စရိယာ၊၌။၃၉။)

ဂရုဘဏ် ၂၅ မျိုး ၁။ အရံ၊ ၂။ အရံမြေရာ၊ ၃။ ကျောင်း၊ ၄။ ကျောင်းမြေရာ၊ ၅။ ညောင်စောင်း (ခုတင်)၊ ၆။ အင်းပျဉ် (ခုံရှည်, ထိုင်ခုံ)၊ ၇။ ဘုံလျိ (ဖုံ, မွေ့ရာ)၊ ၈။ ခေါင်းအုံး၊ ၉။ ကြေးအိုး, သံအိုး၊ ၁၀။ ကြေး–သံ–အိုးစရည်းကြီး၊ ၁၁။ ကြေး–သံ–အင်တွဲ (အင်တုံ–ဇလုံ)၊ ၁၂။ ကြေး–သံ–ဖျဉ်းအိုး၊ ၁၃။ ပဲခွပ်၊ ၁၄။ ပုဆိန်၊ ၁၅။ ဓားမ၊ ၁၆။ ပေါက်တူး၊ ၁၇။ ဆောက်၊ ၁၈။ နွယ်၊ ၁၉။ ဓား၊ ၂၀။ ဖြူဆံမြက်၊ ၂၁။ ပြိတ်မြက်၊ ၂၂။ ကြွင်းသောမြက်၊ ၂၃။ မြေညက်၊ ၂၄။ သစ်ဘဏ္ဍာ၊ ၂၅။ မြေညက်ဘဏ္ဍာ (ဝိ၊၁။၁၁၅။) (ဝိ၊မြန်၊၁။၁၁၈။)

ဂရုဘဏ်ထိုက်သော ပစ္စည်း ၃ မျိုး ၁။ လောဟကုမ္ဘီ– သံ ကြေးတို့ဖြင့် ပြုလုပ်ထားသော အိုး၊ ၂။ လောဟဘာဏက– သံ ကြေးတို့ဖြင့် ပြုလုပ်ထားသော ရေလောင်းအိုးစရည်၊ ၃။ လောဟ ကဋာဟ– သံ ကြေးတို့ဖြင့် ပြုလုပ်ထားသော ဖျဉ်းအိုး။ (ဝိ၊၌၊၄။၇၉။)

ဂဠုန် မသုတ်ချိနိုင်သော နဂါး ၇ မျိုး ၁။ ဇလာဗုဇ စသော ပဏ္ဍိတတရ နဂါး၊ ၂။ နဂါးစစ်သူကြီးများ ဖြစ်သော ကမ္မလဿတရ နဂါး၊ ၃။ နဂါးမင်းဖြစ်သော ဓတရဋ္ဌနဂါး၊ ၄။ မဟာသမုဒ္ဒရာ သီတာခုနစ်တန်၌ နေလေ့ရှိသော သတ္တသီဒန္တရဝါသီ နဂါးများ၊ ၅။ မြေကြီးထဲ၌ နေသော ပထဝိဋ္ဌက နဂါး၊ ၆။ တောင်ထဲ၌နေသော ပဗ္ဗတဋ္ဌက နဂါး၊ ၇။ မိမိ၏ ဘုံဗိမာန်၌ နေသော ဝိမာနဋ္ဌက နဂါး။ (သံ၊၌၊၂။၃၂၀။)

ဂဠုန်မျိုး ၄ မျိုး ၁။ ဥ၌ ဖြစ်သော အဏ္ဍဇဂဠုန်၊ ၂။ သားအိမ်၌ ဖြစ်သော ဇလာဗုဇ ဂဠုန်၊ ၃။ အညစ်အကြေးတို့၌ ဖြစ်သော သံသေဒဇဂဠုန်၊ ၄။ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိကဂဠုန်။ (သံ၊၂။၂၀၇။) (သံ၊မြန်၊၂။၁၉၈။)

ဂါထာ ၂ မျိုး ၁။ ထိုပါဠိတော်၌ လာသော အနက်ကို ပြတတ်သော ဂါထာ၊ ၂။ ထိုပါဠိတော်၌ လာသော အနက်မှ ထူးသော အနက်ကို ပြတတ်သော ဂါထာ။ (ဒီ၊၌၊၃။၁၀၇။)

http://www.dhammadownload.com

ဂါထာ ၄ မျိုး ၁။ ပုစ္ဆိတဂါထာ– မေးမြန်းသော ပုဂ္ဂိုလ်အား ဖြေဆိုသောအားဖြင့် ဟောကြားအပ်သော ဂါထာ၊ ၂။ အပုစ္ဆိတဂါထာ– သူတစ်ပါးက မမေးဘဲ မိမိ၏အလိုဆန္ဒ အဇ္ဈာသယ၏ အစွမ်းဖြင့် ဟောကြားအပ်သော ဂါထာ၊ ၃။ သာနုသန္ဓိကဂါထာ– အနုသန္ဓေနှင့်တကွ ဖြစ်သော ဂါထာ၊ ၄။ အနနုသန္ဓိကဂါထာ– အနုသန္ဓေမရှိသော ဂါထာ။ (ခုဒ္ဒက၊၌။၁၀၅။)

ဂါရဝ တရား ၆ ပါး ၁။ မြတ်စွာဘုရား၌ ရိုသေ လေးစားခြင်း၊ ၂။ တရားတော်၌ ရိုသေလေးစားခြင်း၊ ၃။ သံဃာတော်၌ ရိုသေလေးစားခြင်း၊ ၄။ သိက္ခာသုံးပါး၌ ရိုသေလေးစားခြင်း၊ ၅။ အပွမာဒ တရား၌ ရိုသေလေးစားခြင်း၊ ၆။ အာမိသပဋိသန္ထာရ၊ ဓမ္မပဋိသန္ထာရ၌ ရိုသေလေးစားခြင်း။ (ဝိမတိ၊၂။၂၉၀။)

ဂိလာန ၃ မျိုး ၁။ သင့်လျော်သော အစားအစာ သင့်လျော်သော ဆေး သင့်လျော်သော သူနာပြု တို့ကို ရသည်ဖြစ်စေ မရသည်ဖြစ်စေ ရောဂါ မပျောက်ကင်းသော လူနာ၊ ၂။ သင့်လျော်သော အစားအစာ သင့်လျော်သော ဆေး သင့်လျော်သော သူနာပြုတို့ကို ရသည်ဖြစ်စေ မရသည် ဖြစ်စေ ရောဂါပျောက်ကင်းသော လူနာ၊ ၃။ သင့်လျော်သော အစားအစာ သင့်လျော်သော ဆေး သင့်လျော်သော သူနာပြု တစ်ခုခုကို ရမှသာလျှင် ရောဂါပျောက်ကင်းပြီး ယင်းတို့ကို မရရှိပါက ရောဂါ မပျောက်ကင်းသော လူနာ။ (အံ၊၁။၁၁၈။) (အဘိ၊ပု။၁၃၀။) (အံ၊မြန်၊၁။၁၃၆။) (အဘိ၊ပု၊မြန်။၃၃။)

ဂိလာနနှင့် တူသော ပုဂ္ဂိုလ် ၃ မျိုး ၁။ မြတ်စွာဘုရားကို ဖူးမြော်ရခြင်း မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရခြင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အရိယာမဂ်သို့ မသက်ဝင်နိုင်သော ပုဂ္ဂိုလ်၊ ၂။ မြတ်စွာဘုရားကို ဖူးမြော်ရခြင်း မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရခြင်း ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အရိယာမဂ်သို့ သက်ဝင်နိုင်သော ပုဂ္ဂိုလ်၊ ၃။ မြတ်စွာဘုရားကို ဖူးမြော်ရခြင်း မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရခြင်း တစ်ခုခုရှိမှသာလျှင် အရိယာမဂ်သို့ သက်ဝင်နိုင်သော ပုဂ္ဂိုလ် ယင်းသို့ မရရှိပါက အရိယာမဂ်သို့ မသက်ဝင်နိုင်သော ပုဂ္ဂိုလ်။ (အံ၊၁။၁၁၉။) (အံ၊မြန်၊၁။၁၃၇။)

ဂိလာနရဟန်း မကြာမီ ရဟန္တာ ဖြစ်ကြောင်း တရား ၅ ပါး ၁။ ခန္ဓာကိုယ်၌ မတင့်တယ်ဟု အဖန်ဖန် ရှု၍ နေခြင်း၊ ၂။ အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟု အဖန်ဖန် ရှု၍ နေခြင်း၊ ၃။ အလုံးစုံသော လောက၌ မမွေ့လျော်ဖွယ်ဟု အဖန်ဖန် ရှု၍ နေခြင်း၊ ၄။ သင်္ခါရတရားတို့၌ အမြဲမရှိဟု အဖန်ဖန် ရှု၍ နေခြင်း၊ ၅။ သေခြင်းကို အာရုံပြု၍ ဖြစ်သော အမှတ်သညာသည် သန္တာန်၌ ကောင်းစွာ တည်ရှိခြင်း။ (အံ၊၂။၁၂၆။) (အံ၊မြန်၊၂။၁၅၅။)

ဂိလာနရဟန်းအား ပြုစုရန် ခက်ခဲကြောင်း အင်္ဂါ ၅ ပါး ၁။ အနာရောဂါအား မလျောက်ပတ်သည်ကို ပြုလေ့ရှိခြင်း၊ ၂။ အနာရောဂါအား လျောက်ပတ်သည်၌ အတိုင်းအရှည်ကို မသိခြင်း၊ ၃။ ဆေးကို မမှီဝဲခြင်း၊ ၄။ အကျိုးလိုလားသော သူနာပြုအား "တိုး ဆုတ် တန့်၏'ဟု အနာရောဂါကို ထင်စွာ မပြုခြင်း၊ ၅။ ဆင်းရဲဝေဒနာကို သည်းမခံနိုင်ခြင်း။ (အံ၊၂။၁၂၆။) (အံ၊မြန်၊၂။၁၅၆။)

ဂိလာနရဟန်းအား ပြုစုရန် လွယ်ကူကြောင်း အင်္ဂါ ၅ ပါး ၁။ အနာရောဂါအား လျောက်ပတ်သည်ကို ပြုတတ်ခြင်း၊ ၂။ အနာရောဂါအား လျောက်ပတ်သည်၌ အတိုင်းအရှည်ကို သိခြင်း၊

http://www.dhammadownload.com

၃။ ဆေးကို မှီဝဲခြင်း၊ ၄။ အကျိုးလိုလားသော သူနာပြုအား "တိုး ဆုတ် တန့်၏'ဟု အနာရောဂါကို ထင်စွာ ပြုခြင်း၊ ၅။ ဆင်းရဲဝေဒနာကို သည်းခံနိုင်ခြင်း။ (အံ၊၂။၁၂၇။) (အံ၊မြန်၊၂။၁၅၆-၁၅၇။)

ဂိလာနရဟန်းအား ပြုစုလုပ်ကျွေးရန် မသင့်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆေးကို ကောင်းစွာ စီမံခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၂။ သင့်တော်လျောက်ပတ်သောဆေး မလျောက်ပတ်သော ဆေး စသည်ကို မသိခြင်း၊ ၃။ မသင့်သော ဆေးကို ဆက်ကပ်၍ သင့်သော ဆေးကို ပယ်ခြင်း၊ ၄။ သင်္ကန်းစသော အာမိသကို အလိုရှိသည်ဖြစ်၍ ပြုစုလုပ်ကျွေးလျက် မေတ္တာစိတ်ရှိသည်ဖြစ်၍ ပြုစုလုပ်ကျွေးသူ မဟုတ်ခြင်း၊ ၅။ ကျင်ကြီး, ကျင်ငယ် စသည်ကို စွန့်ပစ်ရာ၌ စက်ဆုပ်ရွံ့ရှာတတ်သည်ဖြစ်၍ အချိန်အခါအားလျော်စွာ တရားစကားဖြင့် ဂိလာနရဟန်းကို ရွှင်လန်းနှစ်သက်စေခြင်းငှာ မစွမ်းနိုင်ခြင်း။ (ဝိ၊၃။၄၁၈။) (ဝိ၊မြန်၊၃။၄၂၂။)

ဂိလာနရဟန်းအား ပြုစုလုပ်ကျွေးသင့်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆေးကို ကောင်းစွာစီမံခြင်းငှာ စွမ်းနိုင်ခြင်း၊ ၂။ သင့်တော်လျောက်ပတ်သော ဆေး, မလျောက်ပတ်သော ဆေး စသည်ကို သိခြင်း၊ ၃။ မသင့်သော ဆေးကို ပယ်၍ သင့်သော ဆေးကို ဆက်ကပ်ခြင်း၊ ၄။ သင်္ကန်းစသော အာမိသကို အလိုရှိသည်ဖြစ်၍ ပြုစုလုပ်ကျွေးခြင်း မဟုတ်ဘဲ မေတ္တာစိတ်ရှိသည် ဖြစ်၍ ပြုစုလုပ်ကျွေးခြင်း၊ ၅။ ကျင်ကြီးကျင်ငယ် စသည်ကို စွန့်ပစ်ရာ၌ မစက်ဆုပ် မရွံ့ရှာတတ်သည်ဖြစ်၍ အချိန်အခါအားလျော်စွာ တရားစကားဖြင့် ဂိလာနရဟန်းကို ရွှင်လန်းနှစ်သက်စေခြင်းငှာ စွမ်းနိုင်ခြင်း။ (ဝိ၊၃။၄၁၉။) (ဝိ၊မြန်၊၃။၄၂၂။)

ဂူ ၃ မျိုး ၁။ မြေဂူ၊ ၂။ ကျောက်ဂူ၊ ၃။ မြေကျောက်ရောဂူ။ (မ၊ဋ္ဌ၊၃။၁၀၇။)

ဂေဟသိတဥပေက္ခာ ၆ ပါး ၁။ လျစ်လျူရှုခြင်း၏ အကြောင်းဖြစ်ကုန်သော ရူပါရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော ချမ်းသာဆင်းရဲလည်း မဟုတ်သော အဒုက္ခမသုခဝေဒနာ၊ ၂။ လျစ်လျူရှုခြင်း၏ အကြောင်းဖြစ်ကုန်သောသဒ္ဒါရုံတို့၌ကိလေသာအိမ်ကို မှီသောစိတ်ကြောင့်ဖြစ်သော ချမ်းသာဆင်းရဲလည်း မဟုတ်သော အဒုက္ခမသုခဝေဒနာ၊ ၃။ လျစ်လျူရှုခြင်း၏ အကြောင်းဖြစ်ကုန်သော ဂန္ဓာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော ချမ်းသာဆင်းရဲလည်း မဟုတ်သော အဒုက္ခမသုခဝေဒနာ၊ ၄။ လျစ်လျူရှုခြင်း၏ အကြောင်းဖြစ်ကုန်သော ရသာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့် ဖြစ်သော ချမ်းသာဆင်းရဲလည်း မဟုတ်သော အဒုက္ခမသုခဝေဒနာ၊ ၅။ လျစ်လျူရှုခြင်း၏ အကြောင်းဖြစ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော ချမ်းသာဆင်းရဲလည်း မဟုတ်သော အဒုက္ခမသုခဝေဒနာ၊ ၆။ လျစ်လျူရှုခြင်း၏ အကြောင်းဖြစ်ကုန်သော ဓမ္မာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော ချမ်းသာ ဆင်းရဲလည်း မဟုတ်သော အဒုက္ခမသုခဝေဒနာ။ (အဘိ၊ဝိ။၃၉၆။) (အဘိ၊ဝိ၊မြန်၊၂။၅၀၂။)

ဂေဟသိတဒေါမနဿ ၆ ပါး ၁။ စိတ်နှလုံးကို မပွားစေတတ်ကုန်သော ရူပါရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော အသာတဒုက္ခဝေဒနာ၊ ၂။ စိတ်နှလုံးကို မပွားစေတတ်သော သဒ္ဒါရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော အသာတဒုက္ခဝေဒနာ၊ ၃။ စိတ်နှလုံးကို မပွားစေတတ်ကုန်သော ဂန္ဓာရုံတို့၌ ကိလေသာအိမ်ကို မှီသော

http://www.dhammadownload.com

ဓိတ်ကြောင့်ဖြစ်သော အသာတဒုက္ခဝေဒနာ၊ ၄။ စိတ်နှလုံးကို မပွားစေတတ်ကုန်သော ရသာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော အသာတဒုက္ခဝေဒနာ၊ ၅။ စိတ်နှလုံးကို မပွားစေတတ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော အသာတဒုက္ခဝေဒနာ၊ ၆။ စိတ်နှလုံးကို မပွားစေတတ်ကုန်သော ဓမ္မာရုံတို့၌ ကိလေသာ အိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော အသာတဒုက္ခဝေဒနာ။ (အဘိ၊ဝိ။၃၉၆။) (အဘိ၊ဝိ၊မြန်၊၂။ ၅၀၂။)

ဂေဟသိတသောမနဿ ၆ ပါး ၁။ စိတ်နှလုံးကို ပွားစေတတ်သော ရူပါရုံတို့၌ ကိလေသာ အိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော သာတသုခဝေဒနာ၊ ၂။ စိတ်နှလုံးကို ပွားစေတတ်သော သဒ္ဒါရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော သာတသုခဝေဒနာ၊ ၃။ စိတ်နှလုံးကို ပွားစေတတ်သော ဂန္ဓာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော သာတသုခဝေဒနာ၊ ၄။ စိတ်နှလုံးကို ပွားစေတတ်သော ရသာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော သာတသုခဝေဒနာ၊ ၅။ စိတ်နှလုံးကို ပွားစေတတ်သော ဖောဋ္ဌဗ္ဗာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော သာတသုခဝေဒနာ၊ ၆။ စိတ်နှလုံးကို ပွားစေတတ်သော ဓမ္မာရုံတို့၌ ကိလေသာအိမ်ကို မှီသော စိတ်ကြောင့်ဖြစ်သော သာတသုခ ဝေဒနာ။ (အဘိ၊ဝိ။၃၉၆။) (အဘိ၊ဝိ၊မြန်၊၂။၅၀၂။)

ဂေါစရ ၃ ပါး ကျက်စားရာ အာရုံ ၃ မျိုးနှင့် တူသည်။

ဂေါစရသမ္ပဇညရဟန်း ၄ မျိုး ၁။ ဟရတိ နပစ္စာဟရတိ– ဆွမ်းခံသွားရာအခါ၌သာ ကမ္မဋ္ဌာန်းကို ဆောင်၍ အပြန်၌ မဆောင်သော ရဟန်း၊ ၂။ ပစ္စာဟရတိ နဟရတိ– ဆွမ်းခံ အပြန်၌သာ ကမ္မဋ္ဌာန်းကို ဆောင်၍ အသွား၌ မဆောင်သော ရဟန်း၊ ၃။ နေဝ ဟရတိ နပစ္စာဟရတိ– ဆွမ်းခံ အသွားအပြန် နှစ်မျိုးလုံး၌ ကမ္မဋ္ဌာန်းကို မဆောင်သော ရဟန်း၊ ၄။ ဟရတိ စ ပစ္စာဟရတိ စ– ဆွမ်းခံအသွားအပြန် နှစ်မျိုးလုံး၌ ကမ္မဋ္ဌာန်းကို ဆောင်သော ရဟန်း။ (သံ၊၄၊၃။၂၁၉။)

ဂေါတမဘုရားရှင်၏ ဓာတုစေတီတော် ၁၀ ဆူ ၁။ အဇာတသတ်မင်း၏ နိုင်ငံ၊ ရာဇဂြိုဟ်မြို့၌ တည်ထားသော ဓာတုစေတီ၊ ၂။ ဝေသာလီမြို့၌ တည်ထားသော ဓာတုစေတီ၊ ၃။ ကပိလဝတ်မြို့၌ တည်ထားသော ဓာတုစေတီ၊ ၄။ အလ္လကပ္ပတိုင်း၌ တည်ထားသော ဓာတုစေတီ၊ ၅။ ရာမပုဏ္ဏားရွာ၌ တည်ထားသော ဓာတုစေတီ၊ ၆။ ဝေဋ္ဌဒီပကတိုင်း၌ တည်ထားသော ဓာတုစေတီ၊ ၇။ မလ္လတိုင်း ပါဝေယျကမြို့၌ တည်ထားသော ဓာတုစေတီ၊ ၈။ ကုသိနာရုံမြို့၌ တည်ထားသော ဓာတုစေတီ၊ (ဤရှစ်ဆူသည် ဘုရားရှင်၏ ခန္ဓာကိုယ်တော်မှ ဖြစ်သော သာရီရိကဓာတ်တော် စစ်စစ် စေတီများ ဖြစ်ကြသည်)၊ ၉။ ဒေါဏပုဏ္ဏားကြီး တည်ထားသော ကုမ္ဘ (ဓာတ်တော်ချခြင်းတောင်း) စေတီ၊ ၁၀။ မောရိယမြို့သူမြို့သားများ တည်ထားသော အင်္ဂါရ (စန္ဒကူးမီးသွေး) စေတီ၊(ဤနောက်စေတီနှစ်ဆူသည် ဓာတ်တော်များ၏ အခြံအရံဖြစ်သော ပရိက္ခာရစေတီများသာ ဖြစ်သည်)။ (အပ၊ ၂။၃၈၃။) (အပ၊ မြန်၊ ၂။၃၈၃။)

ဂေါတမဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ဓမ္မစကြာ တရားဦးကို ဟောတော်မူသော အခါ၌ လူနတ်ဗြဟ္မာ ဆယ့်ရှစ်ကုဋေတို့ တရားထူး ရကြပြီး ကျွတ်တမ်းဝင်ကြသည်၊ ၂။ နတ်လူတို့၏ အစည်းအဝေးတွင် တရားဟောတော်မူသော အခါ၌ ဂဏန်းသင်္ချာအားဖြင့် မရေတွက်နိုင်သော

http://www.dhammadownload.com

လူနတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်၊ ၃။ ကပိလဝတ်မြို့၌ သားတော်ရာဟုလာကို ဆုံးမသော အခါတွင် ဂဏန်းသချိုင်္ကာအားဖြင့် မရေတွက်နိုင်သော လူနတ်ဗြဟ္မာတို့ တရားထူးရပြီး ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၈၀။) (အပ၊မြန်၊၂။၃၇၉။)

ဂေါတမဘုရားရှင်၏ အသုံးအဆောင်များ တည်ရှိရာဌာန ၁၄ ခု ၁။ ကျောက်သပိတ်တော်, တောင်ဝှေးတော်, ခါးဝတ်သင်္ကန်းမှ ကြွင်းသော သင်္ကန်းတော်များသည် ဝဇီရာပြည်၊ ၂။ ခါးဝတ်သင်းပိုင်တော်သည် ကုလဃရမြို့၊ ၃။ အိပ်ရာခင်းတော်သည် ကပိလဝတ်ပြည်၊ ၄။ ဓမကရိဏ် ခါးပန်းကြိုးတော်သည် ပါဋလိပုတ်ပြည်၊ ၅။ ရေသနုပ်တော်သည် ဓမ္မာပြည်၊ ၆။ ဥဏ္ဏာလုံ(မွေးရှင်တော်) သည် ကောသလတိုင်း၊ ၇။ ဝတ်လဲတော်ပုဆိုးသည် ဗြဟ္မာ့ပြည်၊ ၈။ ဦးရစ် (ဗောင်းတော်) သည် တာဝတိံသာနတ်ပြည်၊ ၉။ နီသီဒိုင်အခင်းသည် အဝန္တီတိုင်း၊ ၁၀။ အိပ်ရာလွှမ်းအခင်းသည် ဒေဝရဋ္ဌနိုင်ငံ၊ ၁၁။ မီးပွတ်ခုံသည် မိထိလာမြို့၊ ၁၂။ ရေစစ်တော်သည် ဝိဒေဟတိုင်း၊ ၁၃။ ပဲခွပ်တော်, အပ်ကျည်တော်သည် ဣန္ဒပတ္ထမြို့၊ ၁၄။ ကြွင်းသော ပရိက္ခရာ အသုံးအဆောင်တို့သည် အပရန္တဇနပုဒ်တို့၌ တည်ရှိသည်။ (အပ၊၂။၃၈၄။) (အပ၊မြန်၊ ၂။၃၈၄။)

ဂေါတမဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ သာရိပုတ္တရာထေရ်၊ ၂။ မောဂ္ဂလ္လာန်ထေရ်။ (ဒီ၊၂။၄။) (ဒီ၊မြန်၊၂။၄။)

ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်တော်ခံယူခဲ့သော ဘုရားရှင် ၂၄ ဆူ ၁။ ဒီပင်္ကရ မြတ်စွာဘုရား၊ ၂။ ကောဏ္ဍညမြတ်စွာဘုရား၊ ၃။ မင်္ဂလမြတ်စွာဘုရား၊ ၄။ သုမနမြတ်စွာဘုရား၊ ၅။ ရေဝတမြတ်စွာဘုရား၊ ၆။ သောဘိတမြတ်စွာဘုရား၊ ၇။ အနောမဒဿီ မြတ်စွာဘုရား၊ ၈။ ပဒုမမြတ်စွာဘုရား၊ ၉။ နာရဒမြတ်စွာဘုရား၊ ၁၀။ ပဒုမုတ္တရမြတ်စွာဘုရား၊ ၁၁။ သုမေဓ မြတ်စွာဘုရား၊ ၁၂။ သုဇာတမြတ်စွာဘုရား၊ ၁၃။ ပိယဒဿီမြတ်စွာဘုရား၊ ၁၄။ အတ္ထဒဿီ မြတ်စွာဘုရား၊ ၁၅။ ဓမ္မဒဿီမြတ်စွာဘုရား၊ ၁၆။ သိဒ္ဓတ္ထမြတ်စွာဘုရား၊ ၁၇။ တိဿမြတ်စွာ ဘုရား၊ ၁၈။ ဖုဿမြတ်စွာဘုရား၊ ၁၉။ ဝိပဿီမြတ်စွာဘုရား၊ ၂၀။ သိခီမြတ်စွာဘုရား၊ ၂၁။ ဝေဿဘူမြတ်စွာဘုရား၊ ၂၂။ ကကုသန္ဓမြတ်စွာဘုရား၊ ၂၃။ ကောဏာဂမနမြတ်စွာဘုရား၊ ၂၄။ ကဿပမြတ်စွာဘုရား။ (ဓမ္မ၊၌၊၁။၅၃။) (အပ၊၌၊၁။၅၄-၅၅။) (ဗုဒ္ဓဝံ၊၌။၃၁၅။)

ဂေါတမဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ ရမ္မမည်သော ပြာသာဒ်၊ ၂။ သုရမ္မ မည်သော ပြာသာဒ်၊ ၃။ သုဘမည်သော ပြာသာဒ်။ (အပ၊၂။၃၈၀။) (ဗုဒ္ဓဝံ၊၌။၃၄၆။) (အပ၊မြန်၊၂။၃၈၀။)

ဂေါတြဘူတရား ၈ ပါး (သမထ၏ အစွမ်းဖြင့် ဖြစ်သော ဂေါတြဘူတရား ၈ ပါး) ၁။ ပဌမစျာန်ကို ရခြင်းငှာ နီဝရဏတရားတို့ကို လွှမ်းမိုးတတ်သော ဂေါတြဘူ၊ ၂။ ဒုတိယစျာန်ကို ရခြင်းငှာ ဝိတက်ဝိစာရတို့ကို လွှမ်းမိုးတတ်သော ဂေါတြဘူ၊ ၃။ တတိယစျာန်ကို ရခြင်းငှာ ပီတိကို လွှမ်းမိုးတတ်သော ဂေါတြဘူ၊ ၄။ စတုတ္ထစျာန်ကို ရခြင်းငှာ သုခဒုက္ခတို့ကို လွှမ်းမိုးတတ်သော ဂေါတြဘူ၊ ၅။ အာကာသာနဉ္စာယတနသမာပတ်ကို ရခြင်းငှာ ရူပသညာ ပဋိဃသညာ နာနတ္တ သညာတို့ လွှမ်းမိုးတတ်သော ဂေါတြဘူ၊ ၆။ ဝိညာဏဉ္စာယတနသမာပတ်ကို ရခြင်းငှာ အာကာသာနဉ္စာယတနသညာကို လွှမ်းမိုးတတ်သော ဂေါတြဘူ၊ ၇။ အာကိဉ္စညာယတန

http://www.dhammadownload.com

သမာပတ်ကို ရခြင်းငှာဝိညာဏ္စာယတနသညာကိုလွှမ်းမိုးတတ်သောကေါတြဘူ၊၈။ နေဝသညာနာသညာယတနသမာပတ်ကို ရခြင်းငှာ အာကိဉ္စညာယတနသညာကို လွှမ်းမိုးတတ်သော ကေါတြဘူ (ဤရှစ်ပါးသော ကေါတြဘူ တို့သည် သမထ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏)။ (ပဋိသံ။၆၅။) (ပဋိသံ၊မြန်။၈၆။)

ကေါတြဘူတရား ၈ ပါး (ဝိပဿနာအစွမ်းအားဖြင့် ဖြစ်သော ကေါတြဘူ ၁၀ ပါး) ၁။ သောတာပတ္တိမဂ်ကို ရခြင်းငှာ ဖြစ်ပေါ်ခြင်း၊ ဖြစ်ပွားခြင်း၊ သခ်ါရနိမိတ်၊ အားထုတ်ခြင်း၊ တစ်ဖန် ဘဝသစ်၌ ဖြစ်ခြင်း ဂတိ ခန္ဓာတို့၏ ဖြစ်ခြင်း၊ မဟဂ္ဂုတ်ဝိပါက်၏ ဖြစ်ခြင်း၊ ပဋိသန္ဓေ နေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ပြင်းစွာပင်ပန်းခြင်း အပဖြစ်သော သခ်ါရနိမိတ်တို့ကို လွှမ်းမိုးတတ်သော ကေါတြဘူ၊ ၂။ သောတာပတ္တိဖလသမာပတ်အကျိုးငှာ ။ပ။ လွှမ်းမိုးတတ်သော ကေါတြဘူ၊ ၃။ သကဒါဂါမိမဂ်ကို ရခြင်းငှာ ။ပ။ လွှမ်းမိုးတတ်သော ကေါတြဘူ၊ ၄။ သကဒါဂါမိဖလသမာပတ် အကျိုးငှာ ။ပ။ လွှမ်းမိုးတတ်သော ကေါတြဘူ၊ ၅။ အနာဂါမိမဂ်ကို ရခြင်းငှာ ။ပ။ လွှမ်းမိုးတတ်သော ကေါတြဘူ၊ ၆။ အနာဂါမိဖလသမာပတ်အကျိုးငှာ ။ပ။ လွှမ်းမိုးတတ်သော ကေါတြဘူ၊ ၇။ အရဟတ္တမဂ်ကို ရခြင်းငှာ ။ပ။ လွှမ်းမိုးတတ်သော ကေါတြဘူ၊ ၈။ အရဟတ္တဖလသမာပတ်အကျိုးငှာ ။ပ။ လွှမ်းမိုးတတ်သော ကေါတြဘူ၊ ၉။ သုညတဝိဟာရသမာပတ်အကျိုးငှာ ။ပ။ လွှမ်းမိုးတတ်သော ကေါတြဘူ၊ ၁၀။ အနိမိတ္တဝိဟာရသမာပတ်အကျိုးငှာ ။ပ။ လွှမ်းမိုးတတ်သော ကေါတြဘူ။ (ဤဆယ်ပါးသော ကေါတြဘူတရား တို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏) ။ (ပဋိသံ။၆၅။) (ပဋိသံ၊မြန်။၈၆။)

ကေါနိသာဒီကာ ကုဋီ ၂ မျိုး ၁။ အာရာမ ကေါနိသာဒီကာ– နွားများဝင်ရောက်နိုင်သော အာရာမ်၊ ၂။ ဝိဟာရ ကေါနိသာဒီကာ– နွားများဝင်ရောက်နိုင်သော ကျောင်း။ (ဝိ၊၌၊၃။၃၈၀။)

ဂင်္ဂါ ၄ မျိုး ၁။ ဝါလုကဂင်္ဂါ၊ ၂။ ဥဒကဂင်္ဂါ၊ ၃။ ဩရိမတီရဂင်္ဂါ၊ ၄။ ပါရိမတီရဂင်္ဂါ။ (ဇာ၊၌၊၂။၂၃၅။)

ဂိဏီး ၆ ဂိဏီး (ဘုရားပရိနိဗ္ဗာန်စံပြီး ဒုတိယ နှစ်တစ်ရာမှ နောက်ကာလ အဆက်ဆက်၌ ဖြစ်ပေါ်လာသော ဂိဏီး ၆ ဂိဏီး) ၁။ ဟေမဝတဂိဏီး၊ ၂။ ရာဇဂိရိဂိဏီး၊ ၃။ သိဒ္ဓတ္ထိကဂိဏီး၊ ၄။ ပုဗ္ဗသေလိယဂိဏီး၊ ၅။ အပရသေလိယဂိဏီး၊ ၆။ ဝါဖိရိယဂိဏီး။ (သာရတ္ထ၊ဋီ၊၁။၁၁၉။)

ဂိဏီးကြီး ၁၈ ဂိဏီး (ဘုရားပရိနိဗ္ဗာန်ပြုပြီး၍ ဒုတိယ နှစ်တစ်ရာ၌ ပေါ်ပေါက်လာသော ဂိဏီးကြီး ၁၈ ဂိဏီး) ၁။ ထေရဝါဒဂိဏီး၊ ၂။ ထေရဝါဒဂိဏီးမှ ခွဲထွက်သော ဂိဏီး ၁၁ ဂိဏီး၊ ၃။ မဟာသံဃိကာစရိယဝါဒဂိဏီး ၆ ဂိဏီး (စုစုပေါင်း ၁၈ ဂိဏီး) ။ (အဘိ၊၌၊၃။၁၀၇။)

ဂန္ဓ ၄ ပါး ၁။ မက်မောခြင်း 'အဘိဇ္ဈာ'ဟူသော နာမ်အပေါင်းကို ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့. ချည်နှောင်တတ်သော တရား– အဘိဇ္ဈာကာယဂန္ထ၊ ၂။ ဖျက်ဆီးခြင်း 'ဗျာပါဒ'ဟူသော နာမ်အပေါင်းကို ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့. ချည်နှောင်တတ်သော တရား– ဗျာပါဒကာယဂန္ထ၊ ၃။ နွားစသည်တို့၏ အလေ့အကျင့်ဖြင့် စင်ကြယ်၏ဟု မှားသောအားဖြင့် သုံးသပ်ခြင်းဟူသော နာမ်အပေါင်းကို ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့. ချည်နှောင်တတ်သော တရား– သီလဗ္ဗတပရာမာသ ကာယဂန္ထ၊ ၄။ ငါ၏ ဤအယူသာ မှန်၏ဟု မှားသောအားဖြင့် နှလုံးသွင်းမှုဟူသော နာမ်အပေါင်းကို ဝဋ်ဆင်းရဲ၌ ထုံးဖွဲ့. ချည်နှောင်တတ်သော တရား– ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ။ (ဒီ၊၃။၁၉၂။)

http://www.dhammadownload.com

(သံ၊၃။၅၅။) (အဘိ၊ဓ။၂၂၉။) (အဘိ၊ဓ။၂၈၁။) (မဟာနိ။၁၉၀။) (မဟာနိ။၂၅၆။) (မဟာနိ။၇၆။) (ပဋိသံ၊၌။၂။၂၂။) (ဒီ၊မြန်၊၃။၂၁၄။) (သံ၊မြန်၊၃။၅၉။) (အဘိ၊ဓ၊မြန်။၄၁၉၊၅၃၉။) (အဘိ၊ဓ၊မြန်။၄၁၉၊၅၃၉။)

ဂန္ဓ ၃ မျိုး ၁။ သီလဂန္ဓ– သီလ တည်းဟူသော အနံ့၊ ၂။ သမာဓိဂန္ဓ– သမာဓိ တည်းဟူသော အနံ့၊ ၃။ ပညာဂန္ဓ– ပညာ တည်းဟူသော အနံ့။ (ယမက၊၁။၇၆–၇၇။) (ယမက၊၁။၁၉၉။)

ဂန္ဓမာဒနတောင်၌ ၇ ၃ ၇ ၁။ ပတ္တမြောင်၇၊ ၂။ ရွှေ၇၊ ၃။ ငွေ၇။ (သုတ္တနိ၊၌၊၁။၅၉။)

ဂန္ဓမာဒနတောင်၌ ရှိသော အနံ့ ၁၀ မျိုး ၁။ မူလဂန္ဓ– သစ်မြစ်အနံ့၊ ၂။ သာရဂန္ဓ– သစ်အနှစ် အနံ့၊ ၃။ ဖေဂ္ဂုဂန္ဓ– သစ်အကာအနံ့၊ ၄။ တစဂန္ဓ– အခေါက် (သစ်ခေါက်) အနံ့၊ ၅။ ပပဋ္ဌိကာဂန္ဓ– သစ်အပွေးအနံ့၊ ၆။ ခန္ဓဂန္ဓ– ပင်စည်အနံ့၊ ၇။ ရသဂန္ဓ– သစ်စေး အရည်အနံ့၊ ၈။ ပုပ္ဖဂန္ဓ– ပန်းအပွင့်အနံ့၊ ၉။ ဖလဂန္ဓ– အသီးအနံ့၊ ၁၀။ ပတ္တဂန္ဓ– အရွက်အနံ့။ (အံ၊၌၊၃။၂၁၈။) (ဥဒါန၊၌။၂၇၂။)

ဂန္ဓာရီအတတ် ၂ မျိုး ၁။ စူဠဂန္ဓာရီ– သုံးနှစ်အတွင်း သေလွန်ပြီးသော သတ္တဝါတို့၏ ဖြစ်ရာ ရောက်ရာ အရပ်ကို သိသော အတတ်၊ ၂။ မဟာဂန္ဓာရီ– စူဠဂန္ဓာရီအတတ်ကိုလည်းကောင်း တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်ကိစ္စကို လည်းကောင်း ပြီးစေနိုင်သော အတတ်။ (ဒီ၊ဋီ၊၁။၃၈၉။)

ဂန္ဓဗ္ဗနတ်မျိုး ၁၀ မျိုး ၁။ အမြစ်နံ့သာ၌ အစိုးရသော နတ်၊ ၂။ အနှစ်နံ့သာ၌ အစိုးရသော နတ်၊ ၃။ အကာနံ့သာ၌ အစိုးရသော နတ်၊ ၄။ အခေါက်နံ့သာ၌ အစိုးရသော နတ်၊ ၅။ အပွေးနံ့သာ၌ အစိုးရသော နတ်၊ ၆။ အရွက်နံ့သာ၌ အစိုးရသော နတ်၊ ၇။ အပွင့်နံ့သာ၌ အစိုးရသော နတ်၊ ၈။ အသီးနံ့သာ၌ အစိုးရသော နတ်၊ ၉။ အရည်နံ့သာ၌ အစိုးရသော နတ်၊ ၁၀။ အနံ့နံ့သာ၌ အစိုးရသော နတ်။ (သံ၊၂။၂၁၀။) (သံ၊မြန်၊၂။၂၀၁။)

ဂမ္ဘီရ ၄ မျိုး ၁။ ဓမ္မဂမ္ဘီရ– ပါဠိတော် ဓမ္မ အကြောင်း၏ နက်နဲခြင်း၊ ၂။ အတ္ထဂမ္ဘီရ– ပါဠိတော် အနက် အကျိုး၏ နက်နဲခြင်း၊ ၃။ ဒေသနာဂမ္ဘီရ– နှုတ်မြွက်ဟောကြားခြင်း၏ နက်နဲခြင်း၊ ၄။ ပဋိဝေဓဂမ္ဘီရ– သဒ္ဒပညတ် နာမပညတ်တို့၌ ထိုးထွင်းသိမြင်မှု ဉာဏ်၏ နက်နဲခြင်း။ (ဝိ၊၌၊၁။၁၈။) (ဒီ၊၌၊၁။၂၀။) (အဘိ၊၌၊၁။၂၃။) (ဒီ၊၌၊မြန်၊၁။၃၆။)

ဃ,c

ဃာနဝိညေယျဂန္ဓ ၂ မျိုး ၁။ သေဝိတဗ္ဗ ဃာနဝိညေယျဂန္ဓ– ဤဃာနဝိညာဉ်ဖြင့် သိအပ်သော ဂန္ဓာရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ ယုတ်လျော့၍ ကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော ဃာနဝိညေယျဂန္ဓ၊ ၂။ အသေဝိတဗ္ဗ ဃာနဝိညေယျဂန္ဓ– ဤဃာနဝိညာဉ်ဖြင့် သိအပ်သော ဂန္ဓာရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော ဃာနဝိညေယျဂန္ဓ။ (ဒီ၊၂။၂၂၅။) (ဒီ၊မြန်၊၂။၂၅၂။)

http://www.dhammadownload.com

ဝရဲကျကြောင်း တရား ၂ ပါး ၁။ အမျက်ထွက်ခြင်း ကောဓ၊ ၂။ ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ၊ (တစ်နည်း) ၁။ သူ့ကျေးဇူးကို ချေဖျက်ခြင်း မက္ခ၊ ၂။ အပြိုင်ပြုခြင်း ပလာသ၊ (တစ်နည်း) ၁။ ငြူစူခြင်း ဣဿာ၊ ၂။ ဝန်တိုခြင်း မစ္ဆရိယ၊ (တစ်နည်း) ၁။ လှည့်ပတ်ခြင်း မာယာ၊ ၂။ စဉ်းလဲခြင်း သာဌေယျ၊ (တစ်နည်း) ၁။ ဒုစရိုက်တရားတို့မှ မရှက်ခြင်း အဟိရိက၊ ၂။ ဒုစရိုက်တရားတို့မှ မလန့်ခြင်း အနောတ္တပ္ပ။ (အံ၊၁။၉၅။) (အံ၊မြန်၊၁။၁၁၂။)

ဝရဲကျကြောင်း တရား ၅ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးယူခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မုသားပြောခြင်း၊ ၅။ သေအရက် သောက်ခြင်း။ (အံ၊၂။၁၇၉။) (အံ၊မြန်၊၂။၂၂၉။)

ဝရဲကျကြောင်း တရား ၅ ပါး ၁။ နေရာ ကျောင်း၌ ဝန်တိုခြင်း၊ ၂။ ဒါယကာတို့၌ ဝန်တိုခြင်း၊ ၃။ လာဘ်သပ်ပကာ၌ ဝန်တိုခြင်း၊ ၄။ ကိုယ်ရေအဆင်း ဂုဏ်သတင်းတို့၌ ဝန်တိုခြင်း၊ ၅။ ပရိယတ်တရား၌ ဝန်တိုခြင်း။ (အံ၊၂။၁၂၂။) (အံ၊မြန်၊၂။၁၅၀။)

ဝရဲကျကြောင်း တရား ၆ ပါး ၁။ သူ့အသက်ကို သတ်လေ့ရှိခြင်း၊ ၂။ မပေးသည်ကို ယူခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိခြင်း၊ ၄။ မဟုတ်မမှန် ပြောခြင်း၊ ၅။ တပ်မက်မောမှုလည်း ရှိခြင်း၊ ၆။ မှားသော အယူလည်း ရှိခြင်း။ (အံ၊၂။၃၇၇။) (အံ၊မြန်၊၂။၄၇၆။)

ဝရဲကျကြောင်း တရား ၆ ပါး (ဒုတိယနိရယ) ၁။ အသက်သတ်လေ့ ရှိခြင်း၊ ၂။ မပေးသည်ကို ယူလေ့ရှိခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိခြင်း၊ ၄။ မမှန် ပြောခြင်း၊ ၅။ တပ်မက်မောမှုရှိခြင်း၊ ၆။ ကြမ်းတမ်းခက်ထန် မာကျောမှု ရှိခြင်း။ (အံ၊၂။၃၇၇။) (အံ၊မြန်၊၂။၄၇၆။)

ဝရဲကျကြောင်း တရား ၁၀ ပါး ၁။ သနားညှာတာခြင်း ကင်းလျက် သွေးစွန်းသော လက်ဖြင့် သူ့အသက်ကို သတ်လေ့ရှိခြင်း၊ ၂။ ရွာ၌ ဖြစ်စေ တော၌ ဖြစ်စေ သူ့ဥစ္စာကို ခိုးယူလေ့ရှိခြင်း၊ ၃။ မာတုရက္ခိတ (အမိစောင့်ရှောက်ထားသူ) စသော မိန်းမ ဆယ်မျိုးတို့၌ ကာမဖြင့် မှားယွင်းစွာ ကျင့်လေ့ရှိခြင်း၊ ၄။ ပရိသတ်အလယ်၌ တံစိုးလက်ဆောင်စသော လာဘ်အာမိသကြောင့် မဟုတ်မမှန် ပြောလေ့ရှိခြင်း၊ ၅။ ညီညွတ်သူများ အချင်းချင်း ကွဲပြားအောင် ကုန်းချောစကား ပြောကြားတတ်ခြင်း၊ ၆။ သူတစ်ပါးတို့၏ နားစပ်ခါးစေတတ်လျက် အမျက်ထွက်ဖွယ်စကား ကြမ်းတမ်းသော စကားကို ပြောကြားတတ်ခြင်း၊ ၇။ အကျိုးမဲ့ အခါမဲ့ တရားမဲ့ဖြစ်သော ပြိန်ဖျင်းသော စကားကို ပြောဆိုတတ်ခြင်း၊ ၈။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာ အဆောက်အဦတို့သည် ငါ့ဥစ္စာဖြစ်မူ ကောင်းလေစွ စသည်ဖြင့် သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်မှုအဘိဇ္ဈာများခြင်း၊ ၉။ ဤသတ္တဝါတို့အား ဖမ်းဆီးသတ်ဖြတ်ကြပါစေ စသည်ဖြင့် ဖျက်ဆီးလိုသော စိတ်အကြံ ရှိခြင်း၊ ၁၀။ လွဒါန်းပူဇော်ခြင်းသည် အကျိုးမရှိ အစရှိသည်ဖြင့် မှားသော အမြင် ရှိခြင်း။ (အံ၊၃။၄၉၀။) (အံ၊မြန်၊ ၃။၄၈၀။)

ဝရဲ ကျကြောင်း ၅ ပါး ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက် မရှိခြင်း၊ ၃။ အကြောက်အလန့် မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ ပညာ မရှိခြင်း။ (အံ၊၃။၃။) (အံ၊မြန်၊၃။၄။)

ဝရဲကျကြောင်း ၃ ပါး ၁။ အကုသိုလ် ကာယကံမှုနှင့် ပြည့်စုံခြင်း၊ ၂။ အကုသိုလ် ဝစီကံမှုနှင့် ပြည့်စုံခြင်း၊ ၃။ အကုသိုလ် မနောကံမှုနှင့် ပြည့်စုံခြင်း၊ (တစ်နည်း) ၁။ အပြစ်နှင့် တကွဖြစ်သော

http://www.dhammadownload.com

မညီညွတ်သော မစင်ကြယ်သော ကာယကံမှုနှင့် ပြည့်စုံခြင်း၊ ၂။ အပြစ်နှင့် တကွဖြစ်သော မညီညွတ်သော မစင်ကြယ်သော ဝစီကံမှုနှင့် ပြည့်စုံခြင်း၊ ၃။ အပြစ်နှင့် တကွ ဖြစ်သော မညီညွတ်သော မစင်ကြယ်သော မနောကံမှုနှင့် ပြည့်စုံခြင်း၊ (တစ်နည်း) ၁။ မိမိကိုယ်တိုင် ပါဏာတိပါတ စသော ဒုစရိုက်ဆယ်ပါးတို့ကို ကျူးလွန်ခြင်း၊ ၂။ သူတစ်ပါးတို့ကို ကျူးလွန်စေခြင်း၊ ၃။ ကျူးလွန်ခြင်း၌ သဘောတူ ခွင့်ပြုခြင်း။ (အံ၊၁။၂၉၆–၂၉၇။) (အံ၊မြန်၊၁။ ၃၁၃–၃၁၄–၃၁၉။) (အံ၊၁။၃၀၂။) (အံ၊မြန်၊၁။၃၁၃–၃၁၄–၃၁၉။)

ငရဲကျကြောင်း အညစ်အကြေး ၃ မျိုး ၁။ သီလ မရှိခြင်း၊ သီလမရှိခြင်း ဟူသော အညစ်အကြေးကို မပယ်ခြင်း၊ ၂။ ငြူစူတတ်ခြင်း၊ ငြူစူခြင်းဟူသော အညစ်အကြေးကို မပယ်ခြင်း၊ ၃။ ဝန်တို တတ်ခြင်း၊ ဝန်တိုခြင်း ဟူသော အညစ်အကြေးကို မပယ်ခြင်း။ (အံ၊၁။၁၀၃။) (အံ၊မြန်၊၁။၁၂၁။)

ငရဲကျကြောင်း အပြစ် ၅ မျိုး ၁။ အသက်ကို သတ်လေ့ရှိခြင်း၊ ၂။ မပေးသည်ကို ယူလေ့ရှိခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိခြင်း၊ ၄။ မဟုတ်မမှန် ဆိုလေ့ရှိခြင်း၊ ၅။ ယစ်မူးမေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်စားလေ့ ရှိခြင်း။ (အံ၊၂။၁၅၀။) (အံ၊မြန်၊၂။၁၉၀။)

ငရဲကျမည့် ပုဂ္ဂိုလ် ၂ မျိုး ၁။ အားထုတ်ခြင်း လုံ့လပယောဂ ပျက်ယွင်းသော ယုတ်ညံ့သော အကျင့် သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၂။ နှလုံးသွင်းမှု ပျက်ပြားသော ယုတ်မာသော အယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်။ (ဣတိဝုတ်၊၌။၉၉။)

ငရဲကျမည့် ပုဂ္ဂိုလ် ၃၀ ဦး ၁။ သူ့အသက် သတ်ခြင်းစသော ဒုစရိုက်ဆယ်ပါးတို့ကို မိမိကိုယ်တိုင် ပြုလုပ်တတ်သူ ဆယ်ယောက်၊ ၂။ သူ့အသက်သတ်ခြင်းစသော ဒုစရိုက်ဆယ်ပါးတို့ကို သူတစ်ပါးတို့အား ပြုလုပ်ဆောက်တည်စေတတ်သူ ဆယ်ယောက်၊ ၃။ သူ့အသက်သတ်ခြင်းစသော ဒုစရိုက်ဆယ်ပါး၌ နှစ်သက် သဘောတူသူ ဆယ်ယောက်။ (အံ၊၃။၅၀၈။) (အံ၊မြန်၊ ၃။၄၉၇။)

ငရဲကျမည့် ပုဂ္ဂိုလ် ၄၀ ဦး ၁။ သူ့အသက် သတ်ခြင်းစသော ဒုစရိုက်ဆယ်ပါးတို့ကို မိမိကိုယ်တိုင် ပြုလုပ်တတ်သူ ဆယ်ယောက်၊ ၂။ သူ့အသက်သတ်ခြင်း စသော ဒုစရိုက်ဆယ်ပါးတို့ကို သူတစ်ပါးတို့အား ပြုလုပ်ဆောက်တည်စေတတ်သူ ဆယ်ယောက်၊ ၃။ သူ့အသက်သတ်ခြင်း စသော ဒုစရိုက်ဆယ်ပါး၌ နှစ်သက်သဘောတူသူ ဆယ်ယောက်၊ ၄။ သူ့အသက်သတ်ခြင်း စသော ဒုစရိုက်ဆယ်ပါး၏ ဂုဏ်ကျေးဇူးကို ပြောဆိုတတ်သူ ဆယ်ယောက်။ (အံ၊ ၃။၅၁၀။) (အံ၊ မြန်၊ ၃။၄၉၉။)

ငရဲကျမည့်ပုဂ္ဂိုလ် ၂၀ ဦး ၁။ သူ့အသက်သတ်ခြင်း စသော ဒုစရိုက် ဆယ်ပါးတို့ကို မိမိကိုယ်တိုင် ပြုလုပ်တတ်သူ ဆယ်ယောက်၊ ၂။ သူ့အသက်သတ်ခြင်းစသော ဒုစရိုက်ဆယ်ပါးတို့ကို သူတစ်ပါးတို့အား ပြုလုပ်ဆောက်တည်စေတတ်သူ ဆယ်ယောက်။ (အံ၊၃။၅၀၇။) (အံ၊မြန်၊၃။၄၉၇။)

ငရဲကျမည့် ဥပါသကာ၏ အင်္ဂါ ၅ ပါး ၁။ သူ့အသက်ကို သတ်လေ့ရှိခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးလေ့ရှိခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိခြင်း၊ ၄။ မဟုတ်မမှန်သော စကားကို ပြောလေ့ရှိခြင်း၊ ၅။ သေရည်အရက်ကို သောက်လေ့ရှိခြင်း။ (အံ၊၃။၁၇၉။) (အံ၊မြန်၊၃။၂၂၈။)

http://www.dhammadownload.com

ငရဲကျမည့် ဥပါသိကာမတို့၏ အင်္ဂါ ၁၀ ပါး ၁။ သနားညှာတာခြင်း မရှိဘဲ သွေးစွန်းသော လက်ဖြင့် သူ့အသက်ကို သတ်လေ့ရှိခြင်း၊ ၂။ ရွာ၌ဖြစ်စေ တော၌ဖြစ်စေ သူ့ဥစ္စာကို ခိုးယူလေ့ရှိခြင်း၊ ၃။ ကာမဖြင့် မှားယွင်းစွာ ကျင့်လေ့ရှိခြင်း၊ ၄။ တံစိုးလက်ဆောင် စသော လာဘ်အာမိသ ကြောင့် မဟုတ်မမှန် ပြောလေ့ရှိခြင်း၊ ၅။ ညီညွတ်သူများ အချင်းချင်း ကွဲပြားသွားအောင် ကုန်းချောစကား ပြောကြားတတ်ခြင်း၊ ၆။ သူတစ်ပါးတို့နား စပ်ခါးစေလျက် အမျက်ထွက်ဖွယ် ကြမ်းတမ်းသော စကား ပြောကြားတတ်ခြင်း၊ ၇။ အကျိုးမဲ့ အခါမဲ့ တရားမဲ့ ဖြစ်သော ပြိန်ဖျင်းသော စကားကို ပြောဆိုတတ်ခြင်း၊ ၈။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာ အဆောက်အဦ တို့သည် ငါ့ဥစ္စာဖြစ်မူ ကောင်းလေစွ စသည်ဖြင့် သူတစ်ပါး ဥစ္စာကို ရှေးရှု ကြံစည်မှု အဘိဇ္ဈာများခြင်း၊ ၉။ ဤသတ္တဝါတို့အား ဖမ်းဆီးသတ်ဖြတ်ကြပါစေ စသည်ဖြင့် ဖျက်ဆီး လိုသော စိတ်အကြံ ရှိခြင်း၊ ၁၀။ လူဒါန်းပူဇော်ရ ခြင်းသည် အကျိုးမရှိ အစရှိသည်ဖြင့် မှားသော အမြင် ရှိခြင်း။ (အံ၊၃။၄၉၀။) (အံ၊မြန်၊၃။၄၈၀။)

ငရဲကြီး ၈ ထပ် ၁။ သဠေဝငရဲ= အကုသိုလ်ကံ မကုန်သေးသမျှ တစ်ဖန်အသက်ပြန်ရှင်၍ ခံစားရသော ငရဲ၊ ၂။ ကာဠသုတ္တငရဲ= မည်းနက်သော တမျဉ်းကြိုးဖြင့် ချတိုင်း၍ သစ်ရွေသကဲ့သို့ တစ်ကိုယ်လုံးခုတ်ဖြတ်ခြင်း ခံရသော ငရဲ၊ ၃။ သဃ်ာတငရဲ= ရဲရဲပြောင်ပြောင် တောက်လောင် နေသော ကိုးယူဇနာခန့်ရှိသော သံတောင်ကြီးတို့ဖြင့် အကြိမ်များစွာ ကြိတ်ချေခြင်း ခံရသော ငရဲ၊ ၄။ ဇာလရောရုဝငရဲ၊ (ရောရုဝငရဲ)= မီးတောက်မီးလျှံတို့ဖြင့် အဖန်ဖန် လောင်ကျွမ်းခြင်း ခံရသဖြင့် ကျယ်လောင်စွာ အော်ဟစ်မြည်တမ်းသော အသံရှိသော ငရဲ၊ ၅။ မူမရောရုဝငရဲ၊ (မဟာရောရုဝငရဲ)= မီးခိုးလုံးကြီးတို့ဖြင့် ပိတ်ဖုံးနှိပ်စက်ခံရသဖြင့် ကယ်ပါ ယူပါ တစာစာနှင့် ပြင်းထန်စွာ အော်ဟစ်မြည်တမ်းလျက် ခံစားရသော ငရဲ၊ ၆။ တာပနငရဲ= ထန်းပင်လုံးခန့်ရှိသော ဆံတံကျင်တို့ဖြင့် ထိုးဖောက်ခံရပြီး သံတွေခဲ၌ ဖုတ်ကင်ခြင်း ခံရသော ငရဲ၊ ၇။ မဟာတာပန ငရဲ= မီးရဲရဲတောက်နေသော သံတောင်ကြီးပေါ်သို့ ရိုက်နှက်မောင်းနှင်ခြင်း ခံရပြီး မြေစိုက် ထားသော လုံသွားပေါ်သို့ ဇောက်ထိုးကျလျက် ခံစားရသော ငရဲ၊ ၈။ အဝီစိ ငရဲ = မီးအလျှံနှင့် ငရဲသား ဆင်းရဲဒုက္ခ အကြားအလပ် မရှိဘဲ ပြည့်နှက်နေသော ငရဲ။ (ဇာတက၊၂။၆၀။) (ဇာဋ္ဌ၊၅။ ၂၈၃။) (မူလဋီ၊၂။၂၁၁။)

ငရဲခွေးကြီး ၂ ကောင် ၁။ သဗလော– ပြောက်ကျားသော အဆင်းရှိ၍ ကြီးမားသော ခန္ဓာကိုယ် ရှိသော ခွေး၊ ၂။ သာမော– ဝါရွေသော အဆင်းရှိ၍ ကြီးမားသော ခန္ဓာကိုယ်ရှိသော ခွေး။ (ဇာတက၊၂။ ၂၇၁။)

ငရဲ၌ ကျကြောင်း တရား ၂ ပါး ၁။ ယုတ်မာသော အကျင့်နှင့် ပြည့်စုံခြင်း၊ ၂။ ယုတ်မာသော အယူနှင့် ပြည့်စုံခြင်း။ (ခုဒ္ဒက။၂၁၃။) (ခုဒ္ဒက၊မြန်။ ၁၉၆။)

ငရဲ၌ ကျရောက်မည့် ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆန္ဒာဂတိသို့ လိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ လိုက်ခြင်း၊ ၃။ မောဟာဂတိသို့ လိုက်ခြင်း၊ ၄။ ဘယာဂတိသို့ လိုက်ခြင်း၊ ၅။ သံဃိကပစ္စည်းကို ပုဂ္ဂလိကကဲ့သို့ သုံးဆောင်ခြင်း။ (ဝိ၊၅။၃၅၅။) (ဝိ၊မြန်၊၅။၄၅၈။)

ငရဲ၌ မကျရောက်ဘဲ နတ်ပြည်သို့ ရောက်စေသော ရဟန်း အင်္ဂါ ၅ ပါး ၁။ ဆန္ဒာဂတိသို့

http://www.dhammadownload.com

မလိုက်ခြင်း၊ ၂။ ဒေါသဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ သံဃိကပစ္စည်းကို ပုဂ္ဂလိကပစ္စည်းကဲ့သို့ မသုံးဆောင်ခြင်း။ (ဝိ၊၅။ ၃၅၅။) (ဝိ၊ မြန်၊ ၅။၄၅၈။)

ငရဲ၌ ဧကန် ကျကြောင်း အင်္ဂါ ၄ ပါး ၁။ မိမိကိုယ်တိုင် သူ့အသက် သတ်လေ့ရှိခြင်း၊ ၂။ သူတစ်ပါးကိုလည်း သူ့အသက် သတ်ခြင်း၌ ဆောက်တည်စေခြင်း၊ ၃။ သူ့အသက် သတ်ခြင်း၌ အလိုတူခွင့်ပြခြင်း၊ ၄။ သူ့အသက် သတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း၊ ၁။ (တစ်နည်း) မိမိကိုယ်တိုင် သူ့ဥစ္စာ ခိုးလေ့ရှိခြင်း၊ ၂။ သူတစ်ပါးအားလည်း သူ့ဥစ္စာကို ခိုးစေခြင်း၊ ၃။ သူ့ဥစ္စာကို ခိုးယူခြင်း၌အလိုတူခွင့်ပြုခြင်း၊ ၄။ သူ့ဥစ္စာခိုးယူခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း။ (အံ၊၁။၅၅၀–၅၅၁။) (အံ၊၁။၅၆၀။) (အံ၊၁။၅၇၅။) (အံ၊၁။၅၇၆။) (အံ၊မြန်၊၁။၅၆၃–၅၆၄၊၅၆၆၊၆၇၄၊၅၈၉။) (အံ၊မြန်၊၁။၅၆၃–၅၆၄၊၅၆၆၊၆၇၄၊၅၈၉။) (အံ၊မြန်၊၁။၅၆၃–၅၆၄၊ ၅၆၆၊၆၇၄၊၅၈၉။) (အံ၊မြန်၊၁။၅၈၉–၅၉၀။)

ငရဲ၌ ဧကန်ကျမည့် ပုဂ္ဂိုလ် ၄ မျိုး ၁။ အပြစ်ရှိသော ကာယကံ ကာယဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၂။ အပြစ်ရှိသော ဝစီကံ ဝစီဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၃။ အပြစ်ရှိသော မနောကံ မနောဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၄။ အပြစ်ရှိသော မိစ္ဆာဒိဋ္ဌိအယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၁။ (တစ်နည်း) ကာယဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၂။ ဝစီဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၃။ မနောဒုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၄။ သူ့ကျေးဇူးကို မသိတတ် မဆပ်တတ်သော ပုဂ္ဂိုလ်၊ ၁။ (တစ်နည်း) သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်၊ ၂။ သီလမရှိသော ပုဂ္ဂိုလ်၊ ၃။ ပျင်းရိသော ပုဂ္ဂိုလ်၊ ၄။ ပညာမဲ့သော ပုဂ္ဂိုလ်။ (အံ၊၁။၅၄၈။) (အံ၊မြန်၊၁။၅၆၃–၅၆၄၊၅၆၆၊၆၇၄၊၅၈၉။)

ငရဲသို့ ရောက်ရမည့်သူ ၃ ဦး အပါယ်သို့ လားရမည့်သူ ၃ ဦးနှင့် တူသည်။

ငရဲ ဧကန် ကျကြောင်းတရား ၅ ပါး ကုစား၍ မရနိုင်သော တရား ၅ ပါးနှင့် တူသည်။

ငလျင်လှုပ်ကြောင်း ၈ ပါး ၁။ ဤမဟာပထဝီမြေကြီးသည် ရေ၌ တည်၍ ရေသည် လေ၌ တည်ပြီး၊ လေသည် ကောင်းကင်၌ တည်သဖြင့် ပြင်းထန်စွာ လေတိုက်သောအခါ ရေကို လှုပ်စေပြီး ထိုရေလှုပ်သောကြောင့် မြေလှုပ်ရခြင်း၊ ၂။ ကြီးသော တန်ခိုးအာနုဘော်ရှိသော သမဏ, ဗြာဟ္မဏတို့သည်လည်းကောင်း၊ နတ်ဗြဟ္မာတို့သည်လည်းကောင်း၊ အားနည်းသော (မြေ) ပထဝီကသိုဏ်းစျာန်နှင့် အားကြီးသော (ရေ) အာပေါကသိုဏ်းစျာန်တို့ကို ပွားများလျက် ဤမဟာပထဝီမြေကြီးကို လှုပ်စေခြင်း၊ ၃။ ဘုရားအလောင်းသည် တုသိတာနတ်ပြည်မှ စုကေလျက် အဓိဝမ်းတိုက်သို့ သက်ရောက်အခါ၌ ဤမဟာပထဝီမြေကြီးသည် သွက်သွက်ခါအောင် ပြင်းစွာတုန်လှုပ်ခြင်း၊ ၄။ ဘုရားအလောင်းသည် အဓိဝမ်းတိုက်မှ ဖွားမြင်တော်မူသော အခါ၌ ပြင်းစွာ တုန်လှုပ်ခြင်း၊ ၅။ မြတ်စွာဘုရားသည် အမြတ်ဆုံး သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူသော အခါ၌ ပြင်းစွာတုန်လှုပ်ခြင်း၊ ၆။ မြတ်စွာဘုရားသည် အမြတ်ဆုံး ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူသော အခါ၌ ပြင်းစွာ တုန်လှုပ်ခြင်း၊ ၇။ မြတ်စွာဘုရား အာယုသင်္ခါရလွတ်တော်မူသော အခါ၌ တုန်လှုပ်ခြင်း၊ ၈။ မြတ်စွာဘုရားသည် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်တော်မူသော အခါ၌ သွက်သွက် ခါအောင် ပြင်းစွာ တုန်လှုပ်ခြင်း။ (အံ၊၃။၁၃၁။) (အံ၊မြန်၊၃။၁၃၄။)

http://www.dhammadownload.com

ငါစွဲ ၂ မျိုး ၁။ တဏှာမမတ္တ– ၁၀၈ ပါးသော တဏှာဖြင့် မြတ်နိုးခြင်း၊ ၂။ ဒိဋ္ဌိမမတ္တ– ၆၂ ပါးသော ဒိဋ္ဌိဖြင့် မြတ်နိုးခြင်း။ (မဟာနိ။၃၇–၃၈။) (မဟာနိ။၉၄။) (မဟာနိ။၉၆။) (မဟာနိ။၉၉။) (မဟာနိ။၂၁၄။) (မဟာနိ။၂၈၇။) (မဟာနိ။၃၄၄။) (မဟာနိ။၃၄၈။)

ငါးကြီး ၃ ကောင် ၁။ တိမိငါး၊ ၂။ တိမိင်္ဂလငါး၊ ၃။ တိမိတိမိင်္ဂလငါး။ (ဥဒါန။၆။၂၇၄။)

ငါးကြီး ၄ ကောင် (ယူဇနာ တစ်ထောင်စီရှိသော ငါးကြီး ၄ ကောင်) ၁။ အာနန္ဒမည်သော ငါး၊ ၂။ တိမိနန္ဒမည်သော ငါး၊ ၃။ အဇ္ဈာရောဟမည်သော ငါး၊ ၄။ မဟာတိမိမည်သော ငါး။ (သံ၊ ၆၊ ၂။၈၁။)

ငါးပါးသီလ၏ အကျိုး ၃ ပါး ၁။ အသက်ရှည်ခြင်း၊ ၂။ စည်းစိမ်ဥစ္စာ ကြီးကျယ် များပြားခြင်း၊ ၃။ ထက်မြက်သော ဉာဏ်ပညာ ရှိခြင်း။ (အပ၊၁။၈၆။) (အပ၊မြန်၊၁။၈၇။)

ငါးမျှားချိတ်နှင့် တူသော တရား ၆ မျိုး ၁။ အလိုရှိအပ်, နှစ်သက်အပ်, မြတ်နိုးအပ်, ချစ်ခင်အပ်, ကာမဂုဏ်တို့ကို တိုးပွားစေအပ်ကုန်သော စက္ခုဝိညာဏ်ဖြင့် သိအပ်သော အဆင်းရှုပါရုံ၊ ၂။ အလိုရှိအပ်, နှစ်သက်အပ်, မြတ်နိုးအပ်, ချစ်ခင်အပ်, ကာမဂုဏ်တို့ကို တိုးပွားစေအပ်ကုန်သော သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော သဒ္ဒါရုံ၊ ၃။ အလိုရှိအပ်, မြတ်နိုးအပ်, ချစ်ခင်အပ်, ကာမဂုဏ်တို့ကို တိုးပွားစေအပ်ကုန်သော ဃာနဝိညာဏ်ဖြင့် သိအပ်ကုန်သော ဂန္ဓာရုံ၊ ၄။ အလိုရှိအပ်, နှစ်သက်အပ်, မြတ်နိုးအပ်, ချစ်ခင်အပ်, ကာမဂုဏ်တို့ကို တိုးပွားစေအပ်ကုန်သော ဇိဝှါဝိညာဏ်ဖြင့် သိအပ်ကုန်သော ရသာရုံ၊ ၅။ အလိုရှိအပ်, နှစ်သက်အပ်, မြတ်နိုးအပ်, ချစ်ခင်အပ်, ကာမဂုဏ်တို့ကို တိုးပွားစေအပ်ကုန်သော ကာယဝိညာဏ်ဖြင့် သိအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံ၊ ၆။ အလိုရှိအပ်, နှစ်သက်အပ်, မြတ်နိုးအပ်, ချစ်ခင်အပ်, ကာမဂုဏ်တို့ကို တိုးပွားစေအပ်ကုန်သော မနောဝိညာဏ်ဖြင့် သိအပ်ကုန်သော ဓမ္မာရုံ။ (သံ၊၂။၃၆၈။) (နေတ္တိ။ဋ္ဌ။၁၃၄။) (သံ၊မြန်၊၂။၃၆၄။)

ငါးမျှားသူ၏ အင်္ဂါ ၂ ပါး ၁။ ငါးမျှားသော သူသည် ငါးမျှားချိတ်ဖြင့် ငါးတို့ကို ထုတ်ဆောင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် မြတ်သော မဂ်ဖိုလ်တို့ကို ထုတ်ယူခြင်း)၊ ၂။ ငါးမျှားသော သူသည် အနည်းငယ်မျှသော ငါးတို့ကိုသာ သတ်၍ ပြန့်ပြော များပြားသော လာဘ်တို့ကို ရခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အနည်းငယ်မျှသော လောကာမိသကို စွန့်၍ ပြန့်ပြောများပြားသော မဂ်ဖိုလ်တို့ကို ရခြင်း) ။ (မိလိန္ဒ။၃၉၈။) (မိလိန္ဒ၊မြန်။၄၂၀။)

ငယ်ရွယ်သော်လည်း မထေမဲ့မြင် မပြုအပ်သည့် အရာ ၄ ပါး ၁။ ခတ္တိယ– မင်း၊ ၂။ ဥရဂ– မြွေ၊ ၃။ အဂ္ဂိ– မီး၊ ၄။ ဘိက္ခု– ရဟန်း။ (သံ၊၁။၆၈။) (သံ၊မြန်၊၁။၆၇။)

ငြီးငွေ့ကြောင်း တရား ၅ ပါး ၁။ ခန္ဓာကိုယ်၌ မတင့်တယ်ဟု ရှုလျက် နေခြင်း၊ ၂။ အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်ရှိခြင်း၊ ၃။ လောကအားလုံး၌ မွေ့လျော်ဖွယ်မရှိဟု အမှတ် ရှိခြင်း၊ ၄။ အလုံးစုံသော သင်္ခါရတို့၌ မမြဲဟု ရှုလေ့ရှိခြင်း၊ ၅။ သေခြင်း၌ ဖြစ်သော အမှတ် "မရဏသညာ" ကောင်းစွာ တည်ခြင်း။ (အံ၊၂။၇၃။) (အံ၊မြန်၊၂။၈၉။)

ငြင်းခုံကြောင်း ၆ ပါး ၁။ အမျက်ထွက်ခြင်း၊ ၂။ သူ့ကျေးဇူးကို ချေဖျက်ခြင်း (ကျေးဇူးကန်းခြင်း)၊ ၃။ ငြူစူစောင်းမြောင်းခြင်း၊ ၄။ ကောက်ကျစ်စဉ်းလဲခြင်း၊ ၅။ ယုတ်မာသော အလိုဆိုးရှိခြင်း၊

http://www.dhammadownload.com

၆။ မိမိအယူကို မှားသောအားဖြင့် သုံးသပ်ခြင်း။ (အဘိ၊ဝိ။၃၉၄။) (သာရတ္ထ၊ဋီ၊၁။၃၀၈။) (ဝိသုဒ္ဓိ၊ဋီ၊ ၁။၂၅၄။) (အဘိ၊ဝိ၊မြန်၊၂။၄၉၉။)

ငြင်းခုံကြောင်း ၁၂ ပါး ၁။ အမျက်ထွက်ခြင်း၊ ၂။ ရန်ငြိုးဖွဲ့ခြင်း၊ ၃။ သူ့ကျေးဇူးကို ဖျက်ခြင်း၊ ၄။ အပြိုင်ပြုခြင်း၊ ၅။ သူတစ်ပါး၏ စည်းစိမ်ကို ငြူစူခြင်း၊ ၆။ မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း, ဝန်တိုခြင်း၊ ၇။ မိမိ၏ အပြစ်ကို ဖုံးလွှမ်းခြင်း လှည့်ပတ်ခြင်း၊ ၈။ ကောက်ကျစ်စဉ်းလဲခြင်း, လိမ်လည်ခြင်း၊ ၉။ ကိုယ်တောင့်ခိုင် မာကျောခြင်း၊ ၁၀။ စိတ်ထန်ခြင်း၊ ၁၁။ မာန်ထောင်ခြင်း၊ ၁၂။ အလွန်မာန်မူခြင်း။ (မ၊ဋီ၊၁။၁၄၄။)

ငြင်းခုံကြောင်း ၆ ပါး ၁။ ရန်ငြိုးဖွဲ့တတ်ခြင်း၊ ၂။ သူ့ကျေးဇူးကို ချေဖျက်လျက် ဂုဏ်တုဂုဏ်ပြိုင် ပြုတတ်ခြင်း၊ ၃။ ငြူစူစောင်းမြောင်းလျက် ဝန်တိုတတ်ခြင်း၊ ၄။ ကောက်ကျစ်စဉ်းလဲ လှည့်ပတ် တတ်ခြင်း၊ ၅။ မကောင်းသော အလိုဆိုးရှိလျက် မှားသော အယူရှိခြင်း၊ ၆။ မိမိ၏ အယူကို မှားသောအားဖြင့် စွဲလမ်းလျက် စွန့်လွှတ်နိုင်ခဲခြင်း။ (အံ၊၂။၂၉၄။) (အံ၊မြန်၊၂။၃၇၈။)

ငြင်းခုံခြင်းကို ပြုတတ်သော ရဟန်း၏ အပြစ် ၅ ပါး ၁။ တရားထူးကို မရခြင်း၊ ၂။ ရပြီးသော တရားထူးမှ ယုတ်လျော့ခြင်း၊ ၃။ မကောင်းသော ကျော်စောသံ ပျံ့နှံ့ခြင်း၊ ၄။ တွေဝေလျက် သေရခြင်း၊ ၅။ ငရဲသို့ ရောက်ရခြင်း။ (အံ၊၂။၂၂၀။) (အံ၊မြန်၊၂။၂၇၈။)

ငြင်းခုံခြင်း, ခိုက်ရန်ဖြစ်ခြင်း ၂ မျိုး ၁။ ကာယကလဟ– ခန္ဓာကိုယ်ဖြင့် ခိုက်ရန် ငြင်းခုံ ဖြစ်ခြင်း၊ ၂။ ဝါစာကလဟ– နှုတ်ဖြင့် ခိုက်ရန်ငြင်းခုံ ဖြစ်ခြင်း။ (အံ၊ဋ္ဌ၊၃။၂၇၄။)

ငြင်းခုံခြင်း စကားများခြင်း၏ အခြေခံအကြောင်း တရား ၁၀ ပါး ၁။ အာပတ် မဟုတ်သည်ကို အာပတ်ဟု ပြခြင်း၊ ၂။ အာပတ် ဟုတ်သည်ကို အာပတ်မဟုတ်ဟု ပြခြင်း၊ ၃။ ပေါ့သော အာပတ်ကို လေးသော အာပတ်ဟု ပြခြင်း၊ ၄။ လေးသော အာပတ်ကို ပေါ့သော အာပတ်ဟု ပြခြင်း၊ ၅။ ရုန့်ရင်းသော အာပတ်ကို မရုန့်ရင်းသော အာပတ်ဟု ပြခြင်း၊ ၆။ မရုန့်ရင်းသော အာပတ်ကို ရုန့်ရင်းသော အာပတ်ဟု ပြခြင်း၊ ၇။ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြခြင်း၊ ၈။ အကြွင်းမရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြခြင်း၊ ၉။ ကုစား၍ ရသောအာပတ်ကို ကုစား၍ မရသောအာပတ်ဟု ပြခြင်း၊ ၁၀။ ကုစား၍ မရသော အာပတ်ကို ကုစား၍ ရသောအာပတ်ဟု ပြခြင်း။ (အံ၊၃။၃၁၇။) (အံ၊မြန်၊၃။၃၁၇။)

ငြင်းခုံခြင်း စကားများခြင်း၏ အခြေခံအကြောင်း တရား ၁၀ ပါး ၁။ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြဆိုခြင်း၊ ၂။ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြဆိုခြင်း၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟုတ်သည်ဟု ပြဆိုခြင်း၊ ၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြဆိုခြင်း၊ ၅။ မြတ်စွာဘုရား မဟောအပ်သည်ကို မြတ်စွာဘုရား ဟောအပ်သည်ဟု ပြဆိုခြင်း၊ ၆။ မြတ်စွာဘုရား ဟောအပ်သည်ကို မြတ်စွာဘုရား မဟောဟု ပြဆိုခြင်း၊ ၇။ မြတ်စွာဘုရား မလေ့ကျက်သည်ကို လေ့ကျက်သည်ဟု ပြဆိုခြင်း၊ ၈။ မြတ်စွာဘုရား လေ့ကျက်သည်ကို မြတ်စွာဘုရား မလေ့ကျက်ဟု ပြဆိုခြင်း၊ ၉။ မြတ်စွာဘုရား မပညတ်သည်ကို မြတ်စွာဘုရား ပညတ်သည်ဟု ပြဆိုခြင်း၊ ၁၀။ မြတ်စွာဘုရား ပညတ်သည်ကို မြတ်စွာဘုရား ပညတ်ဟု ပြဆိုခြင်း။ (အံ၊၃။၃၁၇။) (အံ၊မြန်၊၃။၃၁၆။)

http://www.dhammadownload.com

ငြင်းခုံခြင်းအကြောင်း ၂ မျိုး ၁။ ကာမရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ကာမရာဂ၌ ကျွံနစ်ခြင်း ကာမရာဂ၏ ဖမ်းစား ဝါးမျိုထားရခြင်း၊ ၂။ ဒိဋ္ဌရာဂ၏ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ဒိဋ္ဌရာဂ၌ ကျွံနစ်ခြင်း ဒိဋ္ဌရာဂ၏ ဖမ်းစား ဝါးမျိုခံထားရခြင်း။ (အံ၊၁။၆၇။) (အံ၊မြန်၊၁။၇၉။)

ငြင်းခုံခြင်း၏ အကြောင်းရင်း ၆ ပါး ၁။ အမျက်ထွက်တတ်ခြင်း၊ ၂။ ရန်ငြိုးဖွဲ့တတ်ခြင်း၊ ၃။ ဘုရား၌ ရိုသေမှု မရှိခြင်း၊ ၄။ တရား၌ ရိုသေမှု မရှိခြင်း၊ ၅။ သံဃာ၌ ရိုသေမှု မရှိခြင်း၊ ၆။ အကျင့်သိက္ခာ၌ ရိုသေမှု မရှိခြင်း။ (ဝိ၊၅။၁၆၅။) (အံ၊၂။၂၉၄။) (ဝိ၊မြန်၊၅။၂၄၄။) (အံ၊မြန်၊၂။ ၃၇၈။)

ငြောင့် ၃ ချောင်း ၁။ ရာဂငြောင့်– ရာဂရမ္မက် တပ်မက်မှု၊ ၂။ ဒေါသငြောင့်– ကြမ်းကြမ်းတမ်းတမ်း ပြစ်မှားဖျက်ဆီးနှိပ်စက်မှု၊ ၃။ မောဟငြောင့်– မိုက်မဲတွေဝေမှု။ (သံ၊၃။၅၂။) (သံ၊မြန်၊၃။၅၆။)

ငြောင့်တံသင်း ၃ မျိုး ၁။ ရာဂခိလ– ရာဂတည်းဟူသော ငြောင့်တံသင်း၊ ၂။ ဒေါသခိလ– ဒေါသ တည်းဟူသော ငြောင့်တံသင်း၊ ၃။ မောဟခိလ (မောဟ တည်းဟူသော ငြောင့်တံသင်း)။ (မဟာနိ။၄၈။)

ငြိမ်းအေးခြင်း ၃ မျိုး ၁။ အစ္စန္တသန္တိ– ပျက်စီးခြင်းကို လွန်သော, လွတ်မြောက်သော ငြိမ်းအေးခြင်း၊ ၂။ တဒင်္ဂသန္တိ– ပထမစျာန် စသော ဂုဏ်အစိတ်, အဖို့ဖြင့် နိဝရဏစသော ကျေးဇူးမဲ့အစိတ်, အဖို့တို့မှ ငြိမ်းအေးခြင်း၊ ၃။ သမ္မုတိသန္တိ– သမ္မုတိပညတ်အားဖြင့် ငြိမ်းအေးခြင်း။ (မဟာနိ။၅၇။) (သုတ္တနိ၊၄၊၂။၇၁။)

ငွေ ၅ မျိုး ၁။ ကဟာပဏော– အသပြာငွေ ပိုက်ဆံ၊ ၂။ လောဟမာသကော– ကြေးဖြင့် ပြုအပ်သော ပဲ ပိုက်ဆံ၊ ၃။ ဇတုမာသကော– ချိပ်ဖြင့် ပြုလုပ်အပ်သော ပဲ ပိုက်ဆံ၊ ၄။ ဒါရုမာသကော– သစ်သားဖြင့် ပြုလုပ်အပ်သော ပဲပိုက်ဆံ၊ ၅။ ယေ ဝေါဟာရံ ဂစ္ဆန္တိ– စက္ကူ စသည်ဖြင့် ပြုလုပ်အပ်သော ရောင်းဝယ်ဖောက်ကား၍ ရသော ပိုက်ဆံ။ (အံ၊၆၊၂။၃၇၇။)

၀

စကား ၅ မျိုး ၁။ သင့်လျော်သော အချိန်အခါ၌ ပြောသော စကားနှင့် မသင့်လျော်သော အချိန်အခါ၌ ပြောသော စကား၊ ၂။ ဟုတ်မှန်စကားနှင့် မဟုတ်မမှန်သော စကား၊ ၃။ သိမ်မွေ့နူးညံ့စွာ ပြောသော စကားနှင့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုသော စကား၊ ၄။ အကျိုးရှိသော စကားနှင့် အကျိုးမရှိသော စကား၊ ၅။ မေတ္တာစိတ်ဖြင့် ပြောသော စကားနှင့် ဒေါသစိတ်ဖြင့် ပြောသော စကား။ (မ၊၁။၁၇၈။) (မ၊မြန်၊၁။၁၈၁။)

စကားကောင်း၏ အင်္ဂါ ၄ ပါး ၁။ အပြစ်မရှိမူ၍ ကောင်းစွာ ဆိုခြင်း (သုဘာသိတဝါစာ)၊ ၂။ တရားနှင့် ညီခြင်း (ဓမ္မဝါစာ)၊ ၃။ ချစ်ခင်ဖွယ် ဆိုခြင်း (ပိယဝါစာ)၊ ၄။ အမှန်ကို ဆိုခြင်း (သစ္စဝါစာ) ။ (သံ၊၁။၁၉၀။) (သံ၊မြန်၊၁။၁၇၈။)

စကားနည်းသော ပုဂ္ဂိုလ်၏ အကျိုး ၅ ပါး ၁။ မဟုတ်မမှန် မပြောမိခြင်း၊ ၂။ ကုန်းတိုက် စကားကို မပြောမိခြင်း၊ ၃။ ကြမ်းတမ်းသော စကားကို မပြောမိခြင်း၊ ၄။ ပြိန်ဖျင်းသော စကားကို မပြောမိခြင်း၊ ၅။ နတ်ပြည်သို့ ရောက်ရခြင်း။ (အံ၊၃။၂၂၂။) (အံ၊မြန်၊၃။၂၈၀။)

http://www.dhammadownload.com

စကားပြောစဉ် မိမိသန္တာန်၌ ဖြစ်စေရမည့် တရား ၅ ပါး ၁။ ပြောဆိုသင့်သော အချိန်အခါ ရောက်မှသာ ပြောဆို၍ အချိန်အခါ မဟုတ်သည်၌ မပြောဆိုခြင်း၊ ၂။ ဟုတ်မှန်သော စကားကိုသာ ပြောဆို၍ မဟုတ်မမှန်သော စကားကို မပြောဆိုခြင်း၊ ၃။ သိမ်မွေ့နူးညံ့သော စကား ဖြင့်သာ ပြောဆို၍ ရိုင်းစိုင်းကြမ်းတမ်းသော စကားဖြင့် မပြောဆိုခြင်း၊ ၄။ အကျိုးစီးပွားနှင့် စပ်သော စကားကိုသာ ပြောဆို၍ အကျိုးမဲ့စကားကို မပြောဆိုခြင်း၊ ၅။ မေတ္တာစိတ်ဖြင့်သာ ပြောဆို၍ ဒေါသစိတ်ဖြင့် မပြောဆိုခြင်း။ (သံ၊၌၊၃၊၇၄။)

စကားဖြစ်ကြောင်း ၃ မျိုး ၁။ လွန်လေပြီးကာလက ဤသို့ ဖြစ်ဖူးပြီဟု လွန်လေပြီးကာလကို အကြောင်းပြု၍ စကားကို ပြောဆိုခြင်း၊ ၂။ လာလတ္တံ့ကာလ၌ ဤသို့ ဖြစ်လိမ့်မည်ဟု လာလတ္တံ့ကာလကို အကြောင်းပြု၍ စကားကို ပြောဆိုခြင်း၊ ၃။ ယခုဖြစ်ဆဲကာလ၌ ဤသို့ ဖြစ်နေ၏ဟု ဖြစ်ဆဲသော ကာလကို အကြောင်းပြု၍ စကားကို ပြောဆိုခြင်း။ (ဒီ၊၃၊၁၈၄။) (အံ၊၁။၁၉၇။) (ဒီ၊မြန်၊၃၊၂၀၄။) (အံ၊မြန်၊၁။၂၁၅။)

စကားဖြစ်ပေါ်ကြောင်း ၃ မျိုး ၁။ တရားဟောသူ အနက်ကိုလည်း သိ၍ ပါဠိကိုလည်း သိခြင်း၊ ၂။ တရားနာသူ အနက်ကိုလည်း သိ၍ ပါဠိကိုလည်း သိခြင်း၊ ၃။ တရားဟော တရားနာ နှစ်ယောက်စလုံး အနက်ကိုလည်း သိ၍ ပါဠိကိုလည်း သိခြင်း။ (အံ၊၁။၁၄၉။) (အံ၊မြန်၊၁။ ၁၆၈။)

စကားများသော ပုဂ္ဂိုလ်၏ အပြစ် ၅ ပါး ၁။ မဟုတ်မမှန်သော စကားကို ပြောမိတတ်ခြင်း၊ ၂။ ကုန်းတိုက်စကားကို ပြောမိတတ်ခြင်း၊ ၃။ ကြမ်းတမ်းသော စကားကို ပြောမိတတ်ခြင်း၊ ၄။ ပြိန်ဖျင်းသော စကားကို ပြောမိတတ်ခြင်း၊ ၅။ သေလွန်ပြီးနောက် အပါယ်ငရဲသို့ ကျရောက် တတ်ခြင်း။ (အံ၊၂။၂၂၂။) (အံ၊မြန်၊၂။၂၇၉။) (အံ၊မြန်၊၃။၂၇၉-၂၈၀။)

စကား၏ တည်ရာ ၃ ပါး ၁။ အတိတ်ကာလကို အကြောင်းပြု၍ အတိတ်ကာလ၌ ဤသို့ ဖြစ်ခဲ့ပြီဟု ပြောဆိုခြင်း၊ ၂။ အနာဂတ်ကာလကို အကြောင်းပြု၍ အနာဂတ်ကာလ၌ ဤသို့ ဖြစ်လတ္တံ့ဟု ပြောဆိုခြင်း၊ ၃။ ပစ္စုပ္ပန်ကာလကို အကြောင်းပြု၍ ယခုအခါ၌ ဤသို့ ဖြစ်ဆဲဖြစ်၏ဟု ပြောဆိုခြင်း။ (အဘိ၊က၊၃၇၂-၃၇၃။) (အဘိ၊က၊မြန်၊၂။၂၅၈။)

စကား၏ တည်ရာ ၁၀ မျိုး ၁။ အလိုနည်းခြင်းနှင့် စပ်သော စကား- အပ္ပိစ္ဆကထာ၊ ၂။ ရောင့်ရဲ တင်းတိမ်ခြင်းနှင့် စပ်သော စကား- သန္တုဋ္ဌိကထာ၊ ၃။ ဆိတ်ငြိမ်ကြောင်း ပြောသော စကား- ပဝိဝေကကထာ၊ ၄။ နှီးနှောခြင်း ကင်းသော အကြောင်းအရာနှင့် စပ်သော စကား- အသံသဂ္ဂကထာ၊ ၅။ လုံ့လဝီရိယ အားထုတ်ခြင်းနှင့် စပ်သော စကား- ဝီရိယာရမ္ဘကထာ၊ ၆။ သီလနှင့် စပ်သော စကား- သီလကထာ၊ ၇။ သမာဓိနှင့် စပ်သော စကား- သမာဓိကထာ၊ ၈။ ပညာနှင့် စပ်သော စကား- ပညာကထာ၊ ၉။ အရဟတ္တဖိုလ်နှင့် စပ်သော စကား- ဝိမုတ္တိကထာ၊ ၁၀။ ပစ္စဝေက္ခဏာညာဏ်နှင့် စပ်သော စကား- ဝိမုတ္တိညာဏဒဿနကထာ။ (အံ၊၃။၃၅၉။) (သာရတ္ထ၊ဋီ၊ ၃။၄၀၂။) (ဝိမတိ၊၂။၂၄၃။) (အံ၊ဋီ၊၁။၁၅၈။) (ဝိသုဒ္ဓိ၊ဋီ၊၁။၁၄၈။) (အံ၊မြန်၊၃။၃၅၆။)

စကြဝဠာမင်း ကျင့်ဝတ် ၁၂ ပါး ၁။ သားမယားတို့ကို သီလစောင့်စေခြင်း, အဝတ်နဲ့သာပန်းစသည်ကို ပေးခြင်း, ခပ်သိမ်းသော ဘေးဥပဒ်မှ စောင့်ရှောက်ကာကွယ်ခြင်း, စစ်သည်ဗိုလ်ပါတို့အား ပေးမြဲဖြစ်သော ခြောက်လစာ ရိက္ခာကို ပေးကမ်း ချီးမြှောက်ခြင်း၊ ၂။ အဘိသိက်သွန်းပြီးသော

http://www.dhammadownload.com

မင်းတို့အား ကောင်းမြတ်သော အာဇာနည်မြင်း စသော ရတနာတို့ကို ပေးကမ်း ချီးမြှောက်ခြင်း၊ ၃။ အဘိသိက် မသွန်းရသေးသော အရံမင်းတို့အား သင့်လျော်သော ယာဉ်ရထား ဆင်မြင်း စသည်ကို ပေးကမ်း ချီးမြှောက်ခြင်း၊ ၄။ ပုဏ္ဏား တို့အား ထမင်းအဖျော် အဝတ်စသော လှူဖွယ်ဝတ္ထုကို ပေးကမ်း လှူဒါန်းခြင်း၊ ၅။ သူကြွယ်တို့အား စားနပ်ရိက္ခာ, မျိုးစေ့, ထွန်တုံး, ထွန်သွား, နွားလားစသည် ပေးကမ်းခြင်း၊ ၆။ နိဂုံး, ဇနပုဒ်၌ နေထိုင်ကြသော သူတို့အား စားနပ်ရိက္ခာ, မျိုးစေ့, ထွန်တုံး, ထွန်သွား, နွားလား စသည်ကို ပေးကမ်းခြင်း၊ ၇။ ကိလေသာ ပယ်ပြီးသော ရဟန်း ပုဏ္ဏားတို့အား ရဟန်းတို့၏ အသုံးအဆောင် ပရိက္ခရာတို့ဖြင့် လှူဒါန်း ပူဇော်ခြင်း၊ ၈။ သားကောင်တို့ကို ဘေးမဲ့ပေးခြင်း၊ ၉။ ငှက်အပေါင်းတို့ကို ဘေးမဲ့ပေးခြင်း၊ ၁၀။မတရားပြုခြင်း,နှိပ်စက်ခြင်းတို့ကိုတားမြစ်ပိတ်ပင်ခြင်း၊၁၁။ဆင်းရဲသားတို့အား ပစ္စည်းဥစ္စာ ပေးကမ်းထောက်ပံ့ခြင်း၊ ၁၂။ ကိလေသာ ကင်းစင်သော ရဟန်းပုဏ္ဏားတို့ထံ ဆည်းကပ်ခစားရ၍ ရှောင်ကြဉ်အပ်, မှီဝဲအပ်သော တရားစသည်တို့ကို မေးမြန်းခြင်း။ (ဒီ၊၃၊၃၊၃၅။)

စကြဝတေးမင်းပိုင် ဆင်ရတနာ၏ ထိခြင်း ၇ မျိုး ၁။ ဆင်အမြီးသည် မြေနှင့် ထိခြင်း၊ ၂။ အင်္ဂါဇာတ်သည် မြေနှင့် ထိခြင်း၊ ၃။ နှာမောင်းသည် မြေနှင့် ထိခြင်း၊ ၄။ ရှေ့ခြေ နှစ်ချောင်း, နောက်ခြေ နှစ်ချောင်းတို့သည် မြေနှင့် ထိခြင်း။ (ဒီ၊၌၊၂။၁၉၇။)

စကြဝတေးမင်း၏ ရတနာ ၇ ပါး ၁။ စကြရတနာ၊ ၂။ ဆင်ရတနာ၊ ၃။ မြင်းရတနာ၊ ၄။ ပတ္တမြား ရတနာ၊ ၅။ မိန်းမရတနာ၊ ၆။ သူကြွယ်ရတနာ၊ ၇။ သားကြီးရတနာ။ (ဒီ၊၁။၈၃။) (ဒီ၊၂။၁၈၁။) (ဒီ၊၂။၁၆။) (ဒီ၊၃။၄၈၊၆၃၊၁၁၇၊မြန်၊၅၀။) (မ၊၂။၃၃၅။) (မ၊၂။၃၅၀။) (သံ၊၃။၈၇။) (အဘိ၊က။၁၂၃။) (အဘိ၊က။၂၁၅။) (ဣတိဝုတ်၊၌။၇၃။) (ဒီ၊မြန်၊၁။၉၉။) (ဒီ၊မြန်၊၂။၁၆၃။) (ဒီ၊မြန်၊၂။၁၇။) (သံ၊မြန်၊၃။၉၂။) (အဘိ၊က၊မြန်၊၁။၂၁၇။) (အဘိ၊က၊မြန်၊၁။၂၁၇။) (မိလိန္ဒ။၃၁၂။) (မ၊မြန်၊၂။၃၃၉။) (မ၊မြန်၊၂။၃၃၉။) (မိလိန္ဒ၊မြန်။၃၃၄။)

စကြဝတေးမင်း၏ အံ့ဖွယ် ၄ ပါး ၁။ အဘိရူပတာ– အလွန် အဆင်းလှခြင်း၊ ၂။ ဒီဃာယုကတာ– အသက်ရှည်ခြင်း၊ ၃။ အပ္ပါတင်္ကတာ– အနာရောဂါမရှိခြင်း၊ ၄။ ဗြာဟ္မဏာဒီနံ ပိယမနာပတာ– ပုဏ္ဏားသူဌေးသူကြွယ် စသည်တို့က ချစ်ခင်မြတ်နိုးခြင်း။ (ဒီ၊ဋ္ဌ၊၁။၂၉၂။)

စကြဝတေးမင်း၏ အံ့ဖွယ် ၄ ပါး ၁။ စကြဝတေးမင်းကို ဖူးမြော်ရခြင်း စကြဝတေးမင်း၏ ပြောစကားကို ကြားရခြင်းတို့အတွက် မင်းပရိသတ်နှစ်သက်ပြီး မရောင့်ရဲနိုင်မှု၊ ၂။ စကြဝတေးမင်းကို ဖူးမြော်ရခြင်း စကြဝတေးမင်း၏ ပြောစကားကို ကြားရခြင်းတို့အတွက် ပုဏ္ဏားပရိသတ် နှစ်သက်ပြီး မရောင့်ရဲနိုင်မှု၊၃။စကြဝတေးမင်းကို ဖူးမြော်ရခြင်း၊စကြဝတေးမင်း၏ ပြောစကားကို ကြားရခြင်းတို့အတွက် သူကြွယ်ပရိသတ် နှစ်သက်ပြီး မရောင့်ရဲနိုင်မှု၊ ၄။ စကြဝတေးမင်းကို ကြည့်ရှုရခြင်း စကြဝတေးမင်း၏ ပြောစကားကို ကြားရခြင်းတို့အတွက် ရဟန်းပရိသတ် နှစ်သက်ပြီး မရောင့်ရဲနိုင်မှု။ (ဒီ၊၂။၁၂၀။) (အံ၊၁။ ၄၄၉။) (ဒီ၊မြန်၊၂။၁၄၀။) (အံ၊မြန်၊၁။၄၆၂။)

စကြဝတေးမင်းနှင့် ယောဂီပုဂ္ဂိုလ်တို့ တူပုံ ၄ ပါး ၁။ စကြဝတေးမင်းသည် သင်္ဂဟဝတ္ထုလေးပါး တို့ဖြင့် လူအပေါင်းကို ချီးမြှောက်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ပရိသတ်လေးပါးတို့၏ စိတ်ကို ချီးမြှောက်ခြင်း)၊ ၂။ စကြဝတေးမင်း၏ တိုင်းနိုင်ငံ၌ ခိုးသူတို့ မထကြွ မပုန်ကန်ခြင်း

http://www.dhammadownload.com

(ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့ကို မဖြစ်စေခြင်း)၊ ၃။ စကြဝတေးမင်းသည် နေ့စဉ်နေ့တိုင်း သမုဒ္ဒရာအဆုံးရှိသော မြေအပြင်၌ ကောင်း, မကောင်းတို့ကို စူးစမ်းလျက် လှည့်လည်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် နေ့စဉ် "ငါ့အား ကာယကံ, ဝစီကံ မနောကံတည်းဟူသော အကြောင်းသုံးပါးတို့ဖြင့် မစွပ်စွဲအပ်သည်ဖြစ်၍ နေ့ရက်သည် ကုန်လွန်ပါ၏လော"ဟု ဆင်ခြင်ရခြင်း)၊ ၄။ စကြဝတေးမင်းသည် အတွင်းအပ အစောင့်အရှောက်ကို ကောင်းစွာ စီရင်အပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အတွင်းအပ ကိလေသာတို့ကို စောင့်ရှောက်ခြင်းငှာ သတိတည်းဟူသော တံခါးစောင့်ကို ထားရခြင်း)။ (မိလိန္ဒ။၃၇၄။) (မိလိန္ဒ၊မြန်။၃၉၇။)

စကြဝတေးမင်း ကျင့်ဝတ် ၁၀ ပါး ၁။ နန်းတွင်းသူ, နန်းတွင်းသား စစ်သည်ဗိုလ်ပါအပေါင်း၌ တရားနှင့်အညီ စောင့်ရှောက်မှု စသည်ကို ပြုခြင်း၊ ၂။ ခတ္တိယမင်းသားတို့၌ တရားနှင့်အညီ စောင့်ရှောက်မှု စသည်ကို ပြုခြင်း၊ ၃။ နောက်လိုက် အမတ်မင်းသားတို့၌ တရားနှင့်အညီ စောင့်ရှောက်မှု စသည်ကို ပြုခြင်း၊ ၄။ ပုဏ္ဏားသူကြွယ်တို့ တရားနှင့်အညီ စောင့်ရှောက်မှု စသည်ကို ပြုခြင်း၊ ၅။ ရွာ, နိဂုံး ဇနပုဒ်, မြို့သူမြို့သားတို့၌ တရားနှင့်အညီ စောင့်ရှောက်မှု စသည်ကိုပြုခြင်း၊ ၆။ ရဟန်းပုဏ္ဏားတို့၌ တရားနှင့် အညီ စောင့်ရှောက်မှု စသည်ကို ပြုခြင်း၊ ၇။ သား, ငှက်တို့၌ တရားနှင့်အညီ စောင့်ရှောက်မှု စသည်ကို ပြုခြင်း၊ ၈။ အနိုင်အထက် နှိပ်စက်မှုပြုသူကို တားမြစ်ခြင်း၊ ၉။ ဥစ္စာမဲ့သူတို့အား ဥစ္စာကို ပေးကမ်းခြင်း၊ ၁၀။ ရဟန်း ပုဏ္ဏား ပညာရှိသူတို့ထံသို့ ချဉ်းကပ်၍ ကုသိုလ်စသော ပြဿနာကို မေးမြန်းခြင်း။ (ဒီ၊၌၊၃။၃၅။) (အံ၊ဋီ၊၂။၈၂။)

စကြဝတေးမင်းမိဖုရား၏ အနံ့ ၂ မျိုး ၁။ ခန္ဓာကိုယ်မှ စန္ဒကူးနံ့ ထွက်ခြင်း၊ ၂။ ပါးစပ်မှ ကြာညိုပန်းအနံ့ ထွက်ခြင်း။ (အံ၊၌၊၁။၂၀။)

စကြဝတေးမင်း၏ တန်ခိုး ၄ ပါး ၁။ မဟာသုဒဿနစကြာမင်းသည် သူတစ်ပါးတို့ထက် လွန်ကဲ၍ ရှုချင်ဖွယ် အဆင်းလှ၏၊ ကြည်ညိုဖွယ် မြတ်သော အဆင်းသဏ္ဌာန် ရှိ၏၊ ၂။ သူတစ်ပါးတို့ထက် လွန်ကဲ၍ အသက်ရှည်မြင့်စွာ တည်၏၊ ၃။ သူတစ်ပါးတို့ထက် လွန်ကဲ၍ အစာကို ကြေစေတတ်သည့် ဝမ်းမီးနှင့် ပြည့်စုံ၏၊ ၄။ မဟာသုဒဿန စကြာမင်းကို ပုဏ္ဏားနှင့် သူကြွယ်တို့သည် ချစ်ခင်မြတ်နိုးကုန်၏၊ မဟာသုဒဿန စကြာမင်းကလည်း ပုဏ္ဏားနှင့် သူကြွယ်တို့ကို ချစ်ခင်မြတ်နိုး၏။ (ဒီ၊၂။၁၄၅။) (ဒီ၊မြန်၊၂။၁၆၇။)

စကြဝတေးမင်း၏ ရတနာ ၃ မျိုး (အမျက်မထွက်ခြင်းဟူသော ကောင်းမှုကုသိုလ်သည် ဖြစ်စေအပ်သော စကြာမင်း၏ ရတနာ ၃ မျိုး) ၁။ စကြာရတနာ၊ ၂။ ဆင်ရတနာ၊ ၃။ မြင်းရတနာ။ (ဣတိဝုတ်၊၌။၇၄။)

စကြဝတေးမင်း၏ ရတနာ ၃ မျိုး (တက်မက်မောမှု မရှိခြင်းဟူသော ကောင်းမှုကုသိုလ်သည် ဖြစ်စေအပ်သော စကြာမင်း၏ ရတနာ ၃ မျိုး) ၁။ ပတ္တမြားရတနာ၊ ၂။ မိန်းမရတနာ၊ ၃။ သူကြွယ်သူဌေးရတနာ။ (ဣတိဝုတ်၊၌။၇၄။)

စကြဝတေးမင်း၏ ဩဝါဒတရား ၆ ပါး ၁။ သူ့အသက်ကို မသတ်အပ်ဟု ဆုံးမခြင်း၊ ၂။ သူ့ဥစ္စာကို မခိုးအပ်ဟု ဆုံးမခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားသော အကျင့်ကို မကျင့်အပ်ဟု

http://www.dhammadownload.com

ဆုံးမခြင်း၊ ၄။ မုသာဒစကားကို မပြောဆိုအပ်ဟု ဆုံးမခြင်း၊ ၅။ သေရည်အရက်ကို မသောက်အပ်ဟု ဆုံးမခြင်း၊ ၆။ စားမြဲတိုင်းသော အခွန်အတုတ်ကို စားကြဟု ဆုံးမခြင်း။ (ဒီ၊၃။၅၁-၅၂။)

စကြာရတနာကို လည်စေသော စကြဝတေးမင်း၏ အင်္ဂါ ၅ ပါး ၁။ အကျိုးစီးပွားကိုလည်း သိခြင်း၊ ၂။ (ရွေးအစဉ်အလာ) တရားကိုလည်း သိခြင်း၊ ၃။ အတိုင်းအရှည်ကိုလည်း သိခြင်း၊ ၄။ အခါကာလကိုလည်း သိခြင်း၊ ၅။ ပရိသတ်ကိုလည်း သိခြင်း။ (အံ၊၂။၁၃၀။) (အံ၊မြန်၊၂။ ၁၆၂-၁၆၃။)

စကြာရတနာကို အတုလိုက်၍ လည်စေသော သားကြီး၏ အင်္ဂါ ၅ ပါး ၁။ အကျိုးစီးပွားကိုလည်း သိခြင်း၊ ၂။ (အစဉ်အလာ) တရားကိုလည်း သိခြင်း၊ ၃။ အတိုင်းအရှည်ကိုလည်း သိခြင်း၊ ၄။ အခါကာလကိုလည်း သိခြင်း၊ ၅။ ပရိသတ်ကိုလည်း သိခြင်း။ (အံ၊၂။၁၃၀။) (အံ၊မြန်၊၂။ ၁၆၃-၁၆၄။)

စကြာရတနာ ကွယ်ကြောင်း ၂ ပါး ၁။ စကြဝတေးမင်း နတ်ရွာလားခြင်း၊ ၂။ စကြဝတေးမင်း ရဟန်းပြုခြင်း။ (မ၊၆၊၄။၈၅။) (အံ၊၆၊၁။၃၆၂။)

စကြာဝတေးမင်း နှစ်ပါးပြိုင်တူ မပေါ်နိုင်ကြောင်း ၃ ပါး ၁။ ငြင်းခုံမှုကို ဖြတ်တောက်လိုခြင်း၊ ၂။ ထူးဆန်းအံ့သြဖွယ် ဖြစ်ခြင်း၊ ၃။ စကြာရတနာ၏ ကြီးမားသော တန်ခိုးအာနုဘော် ရှိခြင်း။ (အံ၊၆၊၁။၃၆၂။)

စတုဘူမိကဓာတ် ၂ ပါး ၁။ မနောဝိညာဏဓာတ်၊ ၂။ ဓမ္မဓာတ်။ (သံ၊၆၊၂။၁၂၁။)

စတုတ္ထဈာန်၌ ရှိသော တရား ၁၃ မျိုး ၁။ ဥပေက္ခာဝေဒနာ၊ ၂။ ထက်ဝန်းကျင် စင်ကြယ်သော သတိရှိသော စိတ်၏ တည်ငြိမ်ခြင်း၊ ၃။ ဖဿ၊ ၄။ ဝေဒနာ၊ ၅။ သညာ၊ ၆။ စေတနာ၊ ၇။ စိတ်၊ ၈။ ဆန္ဒ၊ ၉။ အဓိမောက္ခ၊ ၁၀။ ဝီရိယ၊ ၁၁။ သတိ၊ ၁၂။ ထက်ဝန်းကျင် စင်ကြယ်သော ဥပေက္ခာ၊ ၁၃။ မနသိကာရ။ (မ၊၃။၇၆။) (မ၊မြန်၊၃။၈၀။)

စတုတ္ထပါဠိဒေသနာယသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ယုံမှားဖွယ်ရှိသော တောကျောင်း ဖြစ်ခြင်း၊ ၂။ ခွင့်မပြုထားသော ယာဝကာလိကကို ကြိုတင်သိစေအပ်သည် မဟုတ်ဘဲ ကျောင်း အာရာမ် အတွင်း၌ ခံယူ၍ မဖျားနာဘဲ စားမျိုခြင်း။ (ဝိမတိ၊၂။၅၈။)

စတုတ္ထပါဠိဒေသနာယသိက္ခာပုဒ်၌ အင်္ဂါ ၇ ပါး ၁။ ရွာမှ လေးအပြန် ငါးရာ ကွာဝေးသော တောကျောင်းဖြစ်ခြင်း၊ ၂။ ခဲဖွယ်စသော ယာဝကာလိကဝတ္ထု၏ ထိုတောကျောင်း၌ ပေါက်ရောက်ဖြစ်ထွန်းသည် မဟုတ်ခြင်း၊ ၃။ ကျန်းမာသူ ဖြစ်ခြင်း၊ ၄။ မကျန်းမာသော ရဟန်း၏ အကြွင်းအကျန် ဖြစ်ခြင်း၊ ၅။ ကြိုတင်၍ သိစေအပ်သည် မဟုတ်သော ခဲဖွယ်ဘောဇဉ် ဖြစ်ခြင်း၊ ၆။ ကျောင်းအာရာမ်အတွင်း၌ ခံယူခြင်း၊ ၇။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊ ၃။၁၀၃။)

စတုတ္ထပါရာဇိက ဖြစ်ကြောင်း သမုဋ္ဌာန် ၃ ပါး ၁။ ရံခါ ကိုယ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်၊ ၂။ ရံခါ နှုတ်ကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်းဖြစ်၏၊ ၃။ ရံခါ ကိုယ်ကြောင့်လည်းကောင်း နှုတ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏။ (ဝိ၊၅။၃၅၉။) (ဝိ၊မြန်၊၅။၄၆၃။)

http://www.dhammadownload.com

စပါးစိမ်း ၇ မျိုး ၁။ သာလီ– သလေးစပါး၊ ၂၊ ဝီဟိ– ကောက်ကြီး ကောက်ငယ်စပါး၊ ၃။ ယဝ– မုယောစပါး၊ ၄။ ဂေါဓူမ– နတ်ကောက်စပါး ခေါ် ဂျုံစပါး၊ ၅။ ကင်္ကု– ဆပ်စပါး၊ ၆။ ဝရက– ပြောင်းစပါး၊ ၇။ ကုဒြူသက– လူးစပါး။ (ဝိ၊၂။၃၄၆။) (ဝိ၊၆၊၃။၈၉။) (ဒီ၊၆၊၁။၇၆။) (မ၊၆၊၂။၁၁၃။) (သံ၊၆၊၃။၃၃၆။) (အံ၊၆၊၂။၃၇၇။) (သာရတ္ထ၊ဋီ၊၂။၁၃၃) (သာရတ္ထ၊ဋီ၊၂။၁၄၄။) (ဝိ၊မြန်၊၂။၃၉၂။) (ဒီ၊၆၊မြန်၊ ၁။၁၄၅။)

စပါးမျိုး ၇ မျိုး ၁။ သလေးစပါး၊ ကောက်ကြီးစပါး၊ ၂။ ကောက်လတ်စပါး၊ ၃။ မုယောစပါး၊ အခွံကြမ်းသော ဂျုံစပါး၊ ၄။ ဆပ်စပါး၊ ၅။ လူးစပါး၊ ၆။ ပြောင်းစပါး၊ ၇။ နတ်ကောက်စပါး၊ အခွံမကြမ်းသော ဂျုံစပါး။ (ဝိမတိ၊၁။၁၇၅။)

စပါးအလှူဦး ၉ မျိုး ကောက်ဦးအလှူ ၉ မျိုးနှင့်တူသည်။

စရဏတရား ၁၅ ပါး ၁။ သီလကို စောင့်ထိမ်းခြင်း၊ ၂။ ဣန္ဒြေတို့၌ လုံခြုံအောင် ပိတ်ပင်ခြင်း၊ ၃။ အစာစားရာ၌ အတိုင်းအရှည် သိခြင်း၊ ၄။ နိုးကြားထကြွမှု ရှိခြင်း၊ ၅။ သဒ္ဓါရှိခြင်း၊ ၆။ သီလ ရှိခြင်း၊ ၇။ အကြားအမြင်ရှိခြင်း၊ ၈။ စွန့်ကြဲပေးကမ်းခြင်း၊ ၉။ ပညာရှိခြင်း၊ ၁၀။ မကောင်းမှုကို ပြုခြင်းမှ ရှက်ခြင်း၊ ၁၁။ မကောင်းမှုကို ပြုခြင်းမှ ကြောက်ခြင်း၊ ၁၂။ ရူပဝဋ္ဌမဈာန်၊ ၁၃။ ရူပ ဒုတိယဈာန်၊ ၁၄။ ရူပတတိယဈာန်၊ ၁၅။ ရူပစတုတ္ထဈာန်။ (မ၊၂။၂၁။) (ဝိ၊၆၊၁။၈၈။) (စရိယာ၊၆။ ၂၉၃။) (စူဋ္ဌနီ၊၆။၃၄။) (ဝိသုဒ္ဓိ၊၁။၁၉၆။) (ဒီ၊ဋီ၊၁။၈၄။) (အံ၊ဋီ၊၂။၃၅၁။) (မ၊မြန်၊၂။၂၄။)

စရိမက ၃ ပါး ၁။ ဘဝစရိမက– ဘဝ၏ အစွမ်းအားဖြင့် အဆုံးစွန်၌ ဖြစ်သော အဿာသပဿာသ၊ ၂။ ဈာနစရိမက– ဈာန်၏ အစွမ်းအားဖြင့် အဆုံးစွန်၌ ဖြစ်သော အဿာသပဿာသ၊ ၃။ စုတိ စရိမက– စုတိခဏ၏ အစွမ်းအားဖြင့် အဆုံးစွန်၌ ဖြစ်သော အဿာသပဿာသ။ (စူဋ္ဌနီ၊၆။၆။) (ဝိသုဒ္ဓိ၊၁။၂၈၃။)

စရိယ ၃ ပါး ၁။ ဝိညာဏစရိယ– ဝိညာဏ်သည်သာလျှင် (အာရုံ၌) ဖြစ်တတ် ကျက်စားတတ်သော တရား၊ ၂။ အညာဏစရိယ– မသိခြင်း မောဟကြောင့် ရာဂစသည်၏ ဖြစ်ခြင်း၊ ၃။ ဉာဏစရိယ– ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ သစ္စာ လေးပါးတို့၌ ကျင့်ခြင်း။ (ပဋိသံ။၇၇။) (ပဋိသံ၊၆၊၁။၃၁။) (ပဋိသံ၊မြန်။၁၀၃။)

စရိယ ၈ ပါး ၁။ သမ္မာဒိဋ္ဌိဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် မြင်ခြင်းသည် ဒဿနစရိယ၊ ၂။ သမ္မာသင်္ကပ္ပဖြင့် အာရုံသို့ စိတ်ကို ရှေးရှုတင်ခြင်းသည် အဘိရောပန စရိယ၊ ၃။ သမ္မာ ဝါစာဖြင့် ဝစီဒုစရိုက်လေးပါးကို စောင့်စည်းခြင်းသည် ပရိဂ္ဂဟစရိယ၊ ၄။ သမ္မာကမ္မန္တဖြင့် ကာယဒုစရိုက်သုံးပါးကို စောင့်စည်းသောအားဖြင့် ဖြစ်ခြင်းသည် သမုဋ္ဌာနစရိယ၊ ၅။ သမ္မာ အာဇီဝဖြင့် အသက်မွေးမှု စင်ကြယ်စွာ ဖြစ်ခြင်းသည် ဝေါဒါနစရိယ၊ ၆။ သမ္မာဝါယာမဖြင့် အားထုတ်ခြင်းသည် ပဂ္ဂဟစရိယ၊ ၇။ သမ္မာသတိဖြင့် ကောင်းစွာ အောက်မေ့ခြင်းအားဖြင့် ဖြစ်ခြင်းသည် ဥပဋ္ဌာနစရိယ၊ ၈။ သမ္မာသမာဓိဖြင့် မပျံ့မလွင့်သော အားဖြင့် ဖြစ်ခြင်းသည် အဝိက္ခေပစရိယ။ (ပဋိသံ။၂၁၆။) (စူဋ္ဌနီ။၂၃၃။) (ပဋိသံ၊မြန်။၂၆၇။)

စရိယ ၈ ပါး (တစ်နည်း) ၁။ ဣရိယာပထစရိယ– ဆုတောင်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ဣရိယာပုထ်လေးပါးတို့၌ ကျင့်ခြင်း၊ ၂။ အာယတနစရိယ– ဣန္ဒြေလုံခြုံသော ပုဂ္ဂိုလ်တို့၏

http://www.dhammadownload.com

အဿတ္ထိကာယတနတို့၌ ကျင့်ခြင်း၊ ၃။ သတိစရိယ– မမေ့မလျော့ နေလေ့ရှိသော ပုဂ္ဂိုလ်တို့၏ သတိပဋ္ဌာန်လေးပါးတို့၌ ကျင့်ခြင်း၊ ၅။ ဉာဏစရိယ– ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ သစ္စာလေးပါးတို့၌ ကျင့်ခြင်း၊ ၆။ မဂ္ဂစရိယ– သမ္မာပဋိပတ် အကျင့်မြတ်ရှိသော ပုဂ္ဂိုလ်တို့၏ မဂ်လေးပါးတို့၌ ကျင့်ခြင်း၊ ၇။ ပတ္တစရိယ– မဂ္ဂင်္ဂာန်လေးယောက်တို့၏ ဖိုလ်လေးပါးတို့၌ ကျင့်ခြင်း၊ ၈။ လောကတ္ထစရိယ– ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့၏ သတ္တဝါအားလုံးတို့အတွက် ကျင့်ခြင်း။ (စရိယာ၊၌။၁၇။)

စရိယ ၈ ပါး (တစ်နည်း) ၁။ သက်ဝင် ယုံကြည်သော ပုဂ္ဂိုလ်သည် သဒ္ဓါဖြင့် ကျင့်ခြင်း၊ ၂။ နာယူမှတ်သားသော ပုဂ္ဂိုလ်သည် ဝီရိယဖြင့် ကျင့်ခြင်း၊ ၃။ ဉာဏ်အား ရှေးရှုထင်လာသော ပုဂ္ဂိုလ်သည် သတိဖြင့် ကျင့်ခြင်း၊ ၄။ မပျံ့လွင့်ခြင်းကို ပြုသော ပုဂ္ဂိုလ်သည် သမာဓိဖြင့် ကျင့်ခြင်း၊ ၅။ အပြားအားဖြင့် သိသော ပုဂ္ဂိုလ်သည် ပညာဖြင့် ကျင့်ခြင်း၊ ၆။ အထူးထူး သိသော ပုဂ္ဂိုလ်သည် ဝိညာဏစရိယဖြင့် ကျင့်ခြင်း၊ ၇။ ကုသိုလ်တရားတို့ကို ဖြစ်စေသော ပုဂ္ဂိုလ်သည် အာယတနစရိယဖြင့် ကျင့်ခြင်း၊ ၈။ ဤသို့ကျင့်သော ပုဂ္ဂိုလ်သည် တရားထူးကို ရ၏ဟု ဝိသေသစရိယဖြင့် ကျင့်ခြင်း။ (ပဋိသံ။၂၁၆။) (ပဋိသံ။၄၀၁။) (အပ၊၌၊၁။၁၄၈။) (အပ၊၌၊ ၁။၁၆၉။) (ပဋိသံ၊မြန်။၂၆၇။) (ပဋိသံ၊မြန်။၄၆၃။)

စရိယ ၈ ပါး (တစ်နည်း) ၁။ ဒဿနစရိယဖြင့် သမ္မာဒိဋ္ဌိကို ကျင့်ခြင်း၊ ၂။ အဘိနိရောပန စရိယဖြင့် သမ္မာသင်္ကပ္ပကို ကျင့်ခြင်း၊ ၃။ ပရိဂ္ဂဟစရိယဖြင့် သမ္မာဝါစာကို ကျင့်ခြင်း၊ ၄။ သမုဋ္ဌာန စရိယဖြင့် သမ္မာကမ္မန္တကို ကျင့်ခြင်း၊ ၅။ ဝေဒါနစရိယဖြင့် သမ္မာအာဇီဝကို ကျင့်ခြင်း၊ ၆။ ပဂ္ဂဟစရိယဖြင့် သမ္မာဝါယာမကို ကျင့်ခြင်း၊ ၇။ ဥပဋ္ဌာနစရိယဖြင့် သမ္မာသတိကို ကျင့်ခြင်း၊ ၈။ အပဝိက္ခေပစရိယဖြင့် သမ္မာသမာဓိကို ကျင့်ခြင်း။ (အပ၊၌၊၁။၁၄၈။)

စရိယ ၈ ပါး (တစ်နည်း) ၁။ ဣရိယာပထစရိယ– ဣရိယာပုတ် လေးပါးတို့၌ ဣရိယာပုတ် ဖြစ်ခြင်း၊ ၂။ အာယတနစရိယ– အဿတ္ထိကဗာဟိရာယတနခြောက်ပါးတို့၌ သတိသမ္ပဇဉ်တို့၏ ဖြစ်ခြင်း၊ ၃။ သတိစရိယ– သတိပဋ္ဌာန် လေးပါးတို့၌ ကျင့်ဖြစ်ခြင်း၊ ၄။ သမာဓိစရိယ– ဈာန်လေးပါးတို့၌ သမာဓိဖြစ်ခြင်း၊ ၅။ ဉာဏစရိယ– အရိယသစ္စာလေးပါးတို့၌ ဉာဏ် ဖြစ်ခြင်း၊ ၆။ မဂ္ဂစရိယာ– မဂ်ဉာဏ် လေးပါးတို့၌ ကျင့်ခြင်း၊ ၇။ ပတ္တိစရိယ– ဖိုလ်ဉာဏ် လေးပါးတို့၌ ကျင့်ခြင်း၊ ၈။ လောကတ္ထစရိယ– သဗ္ဗညုဘုရားရှင်တို့၌လည်းကောင်း, တစ်စိတ်တစ်ဒေသ အားဖြင့် ပစ္စေကဗုဒ္ဓါတို့၌လည်းကောင်း,တစ်စိတ်တစ်ဒေသအားဖြင့် သာဝကတို့၌လည်းကောင်း လောကအကျိုးစီးပွားကို ပြုမှု ဖြစ်ခြင်း။ (ပဋိသံ။၂၁၅။) (စူဠနိ။၂၃၂။) (သုတ္တနိ၊၌၊၁။၅၇။) (အပ၊၌၊၁။ ၁၄၇။) (အပ၊၌၊၁။၁၆၉။) (ပဋိသံ၊မြန်။၂၆၇။)

စရိယ ၈ ပါး (တစ်နည်း) ၁။ ဣရိယာပထစရိယ– အာရုံတစ်ခုတည်း၌ စိတ်ကို ဆောက်တည် ထားခြင်းနှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်တို့အား ဣရိယာပုတ် ဖြစ်ခြင်း၊ ၂။ အာယတနစရိယ– ဣန္ဒြေလုံခြုံကုန်သော ပုဂ္ဂိုလ်တို့အား အာယတနဖြစ်ခြင်း၊ ၃။ သတိစရိယ– မမေ့မလျော့ နေကုန်သော ပုဂ္ဂိုလ်တို့အား သတိဖြစ်ခြင်း၊ ၄။ သမာဓိစရိယ– အဓိစိတ္တကို ရရန် အဖန်တလဲလဲ အားထုတ်သော ပုဂ္ဂိုလ်တို့အား သမာဓိဖြစ်ခြင်း၊ ၅။ ဉာဏစရိယ– အသိပညာနှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်တိုအား ဉာဏ်ဖြစ်ခြင်း၊ ၆။ မဂ္ဂစရိယ– ကောင်းစွာ ကျင့်ကုန်သော

http://www.dhammadownload.com

မဂ္ဂင်္ဂာန်လေးယောက်တို့အား မင်္ဂဖြစ်ခြင်း၊ ၇။ ပတ္တိစရိယ– ဖလင်္ဂာန်ပုဂ္ဂိုလ်လေးယောက်တို့အား ဖိုလ်ဖြစ်ခြင်း၊ ၈။ လောကတ္ထစရိယ– သဗ္ဗညုဘုရားရှင်တို့, တစိတ်တစ်ဒေသအားဖြင့် ပစ္စေကဗုဒ္ဓါတို့, တစ်စိတ် တစ်ဒေသအားဖြင့် သာဝကတို့အား လောကအကျိုးဖြစ်ခြင်း။ (အပ၊၌၊၁။၁၄၈။)

စရိုက် ၆ ပါး ၁။ ရာဂစရိုက်၊ ၂။ ဒေါသစရိုက်၊ ၃။ မောဟစရိုက်၊ ၄။ သဒ္ဓါစရိုက်၊ ၅။ ဉာဏ်ပညာအဖြစ်များသူ–ဗုဒ္ဓိစရိုက်၊ ၆။ ဝိတက်စရိုက်။ (ဝိသုဒ္ဓိ၊၁။၉၈။)

စရိုက်ကို သိနိုင်ကြောင်း ၅ ပါး ၁။ ဣရိယာပထတော– သွားခြင်း စသော ဣရိယာပုထ်အားဖြင့် စရိုက်ကို သိနိုင်ခြင်း၊ ၂။ ကိစ္စ– တံမြက်လှည်းခြင်း စသော အမှုကိစ္စအားဖြင့် စရိုက်ကို သိနိုင်ခြင်း၊ ၃။ ဘောဇနာ– နူးညံ့သိမ်မွေ့ ချိုမြိန် ကောင်းမွန်သော ဘောဇဉ် စသည်ကို သုံးဆောင်ခြင်းအားဖြင့် စရိုက်ကို သိနိုင်ခြင်း၊ ၄။ ဒဿနာဒိတော– ရူပါရုံ စသည်ကို ကြည့်ရှုခြင်းအားဖြင့် စရိုက်ကို သိနိုင်ခြင်း၊ ၅။ ဓမ္မပဝတ္တိတော– မာယာ သာဌေယျ စသော တရားတို့၏ ဖြစ်ခြင်းအားဖြင့် စရိုက်ကို သိနိုင်ခြင်း။ (ဝိသုဒ္ဓိ၊၁။၁၀၁။)

စရိုက်အားလုံးတို့အား လျောက်ပတ်သော ကမ္မဋ္ဌာန်း ၁၀ ပါး ၁။ ပထဝီကသိုဏ်း၊ ၂။ အာပေါကသိုဏ်း၊ ၃။ တေဇောကသိုဏ်း၊ ၄။ ဝါယောကသိုဏ်း၊ ၅။ အာလောကကသိုဏ်း၊ ၆။ အာကာသကသိုဏ်း၊ ၇။ အာရုပ္ပကမ္မဋ္ဌာန်း (၄) ပါး ပေါင်း (၁၀) ပါး။ (သာရတ္ထ၊ဋီ၊၂။၂၀၃။)

စာတုမဟာရာဇ် နတ်မင်းကြီး ၄ ယောက် ၁။ ဓတရဋ္ဌနတ်မင်းကြီး၊ ၂။ ဝိရူဠကနတ်မင်းကြီး၊ ၃။ ဝိရူပက္ခနတ်မင်းကြီး၊ ၄။ ကုဝေရနတ်မင်းကြီး။ (မဟာနိ၊၌၊၁၃၂။)

စာရေးတံမဲ ပေးခြင်း ၃ မျိုး ၁။ သိစေရန် လျှို့ဝှက်သော စာရေးတံမဲ၊ ၂။ မိမိနားရင်း၌ ကပ်၍ ပေးသော စာရေးတံမဲ၊ ၃။ ပွင့်ပွင့်လင်းလင်း ပေါ်ပေါ်ထင်ထင်ဖြစ်သော စာရေးတံမဲ။ (ဝိ၊၄။၂၂၈။) (ဝိ၊မြန်၊၄။၂၂၄။)

စာရေးတံမဲ ပေးသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆန္နာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ စာရေးတံမဲ ယူပြီးခြင်း, မယူရသေးခြင်းကို သိခြင်း။ (ဝိ၊၄။၂၀၄။) (ဝိ၊၄။၂၂၅။) (ဝိ၊မြန်၊၄။၁၉၉၊၂၂၂။) (ဝိ၊မြန်၊၄။ ၁၉၉၊၂၂၂။)

စာရေးတံမဲ ယူခြင်း ၃ မျိုး ၁။ လျှို့ဝှက်၍ ယူခြင်း၊ ၂။ ပွင့်ပွင့်လင်းလင်း ယူခြင်း၊ ၃။ တိုးတိုးပြောရ၍ ယူခြင်း။ (ဝိ၊၅။၂၁၈။) (ဝိ၊မြန်၊၅။၃၀၄။)

စာရိတ္တသိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ ဘောဇဉ်ငါးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ဖိတ်မန်ခြင်းကို သာယာခြင်း၊ ၂။ ၁၂ တောင်အတွင်း၌ ထင်ရှားရှိသော ရဟန်းကို မပန်ပြောခြင်း၊ ၃။ မိမိကို ဆွမ်းစားဖိတ်ထားသော အိမ်မှ တစ်ခြားအိမ်သို့ ဝင်ခြင်း၊ ၄။ မွန်းတည့်ချိန်ကို မလွန်ခြင်း၊ ၅။ ခွင့်ပြုထားသော အခါနှင့် ဘေးရန်တို့သည် မရှိခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၇။) (ဝိမတိ၊၂။၄၀။)

စားဖွယ် သောက်ဖွယ် လှူရကျိုး ၁၀ ပါး ၁။ အသက်ရှည်သူ ဖြစ်ခြင်း၊ ၂။ ခွန်အားကြီးသူ ဖြစ်ခြင်း၊ ၃။ တည်ကြည်ခြင်း သမာဓိရှိသူ ဖြစ်ခြင်း၊ ၄။ အဆင်းလှသူ ဖြစ်ခြင်း၊ ၅။ အခြံအရံ ပေါများသူ ဖြစ်ခြင်း၊ ၆။ ချမ်းသာကြီးသူ ဖြစ်ခြင်း၊ ၇။ ထမင်းကို ရလေ့ရှိသူ ဖြစ်ခြင်း၊

http://www.dhammadownload.com

၈။ အဖျော်ရည်ကို ရလေ့ရှိသူ ဖြစ်ခြင်း၊ ၉။ ရဲရင့်သူ ဖြစ်ခြင်း၊ ၁၀။ ပညာရှိသူ ဖြစ်ခြင်း။ (အပ၊၁။၃၆၉။) (အပ၊မြန်၊၁။၃၇၉။)

စားသောက်အပ်ပြီးသော အစားအစာများ၌ ပိုင်းခြားခြင်း ၅ မျိုး ၁။ ခန္ဓာကိုယ်တွင်း၌ ပိုးများ စားသောက်ရန် တစ်ပုံ၊ ၂။ ကျင်ကြီးအတွက် တစ်ပုံ၊ ၃။ ကျင်ငယ်အတွက် တစ်ပုံ၊ ၄။ ဝမ်းမီး အတွက် တစ်ပုံ၊ ၅။ အသွေးအသားအတွက် တစ်ပုံ။ (ခုဒ္ဒက၊၌။၄၆။)

စိစစ်ခြင်းကို မမေးထိုက်သော ရဟန်း၏ အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်မဲခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၅။၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

စီခြင်း ၃ မျိုး (ခွင့်ပြုအပ်သော စီခြင်း ၃ မျိုး) ၁။ အုတ်စီခြင်း၊ ၂။ ကျောက်စီခြင်း၊ ၃။ သစ်သား စီခြင်း။ (ဝိ၊၄။၂၅၈–၂၉၉။) (ဝိ၊မြန်၊၄။၂၅၈။)

စီဝရဒါနသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ရဟန်းမ၏ သင်္ကန်းဖြစ်ခြင်း၊ ၂။ ခွင့်မပြုထားသော သူတို့အား ပေးခြင်း။ (ဝိမတိ၊၂။၇၈။)

စီဝရဒါနသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ ကပ္ပဗိန္ဒုထိုးပြီးသော ရဟန်း၏ သင်္ကန်းဖြစ်ခြင်း၊ ၂။ သီတင်းသုံးဖော်တို့နှင့် မိဘကို ကြဉ်ထား၍ တစ်ပါးသော သူတို့အား ပေးခြင်း၊ ၃။ အခိုက်အတန့်မျှ ပေးမှု မဟုတ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၆။)

စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ဝိကပ္ပနာလုံလောက်သော သင်္ကန်းဖြစ်ခြင်း၊ ၂။ လဲလှယ်၍ ပေးသော သင်္ကန်း မဟုတ်ခြင်း၊ ၃။ ဆွေမျိုးမတော်သော သူ၏ လက်မှ ယူခြင်း။ (သာရတ္ထ၊ဋီ၊၂။ ၄၀၁။) (ဝိမတိ၊၁။၂၃၄။)

စီဝရဝိသိဗ္ဗနသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ရဟန်းမ၏ သင်္ကန်းကို ချုပ်ခြင်းငှာ ကိုယ်တိုင်ဖြေ၍ ငါးရက်လွန်သွားခြင်း၊ ၂။ ခွင့်မပြုထားသော အကြောင်းကြောင့် တာဝန်ကို ချလိုက်ခြင်း။ (ဝိမတိ၊၂။၇၈။)

စီဝရဝိသိဗ္ဗနသိက္ခာပုဒ်၌ အင်္ဂါ ၅ ပါး ၁။ ဝတ်ခြင်း ရုံရန်းခြင်း လောက်သော သင်္ကန်း ဖြစ်ခြင်း၊ ၂။ ရဟန်းမ၏ ဥစ္စာ ဖြစ်ခြင်း၊ ၃။ ချုပ်ခြင်းငှာ ကိုယ်တိုင် ဖြေခြင်း, သူတစ်ပါးကို ဖြေစေခြင်း၊ ၄။ ခွင့်ပြုထားသော အကြောင်းမှ တစ်ပါးသော အကြောင်းကြောင့် ငါးရက် ကျော်လွန်ခြင်း၊ ၅။ ချုပ်ပေးဖို့ရန် တာဝန်ကို ချလိုက်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၅။)

စီဝရသန္တောသ ၂၀ ပါး သင်္ကန်း၌ ရောင့်ရဲခြင်း ၂၀ ပါးနှင့် တူသည်။

စီဝရသိဗ္ဗနသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ ဆွေမျိုးမတော်သော ရဟန်းမ၏ ဥစ္စာ ဖြစ်ခြင်း၊ ၂။ ဝတ်ရန် ရုံရန် လုံလောက်ခြင်း၊ ၃။ ကိုယ်တိုင် ချုပ်ခြင်း၊ သူတစ်ပါးကို ချုပ်စေခြင်း။ (သာ၊ရတ္ထ၊ဋီ၊၃။၂၀။) (ဝိမတိ၊၂။၂၃။)

စီဝရအပနိဓာနသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ရဟန်း၏ ဥစ္စာဖြစ်သော သပိတ် စသည်တို့ကို ဝှက်ထားခြင်း၊ ၂။ ညှဉ်းလိုသူ၊ ရယ်မြူးလိုသူ ဖြစ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၂။) (ဝိမတိ၊၂။၄၅။)

http://www.dhammadownload.com

စီဝရအစ္ဆိန္နနသိက္ခာပုဒ်၌ အင်္ဂါ ၅ ပါး ၁။ ဝိကပ္ပနာလောက်သော နောက်ဆုံးဖြစ်သော သင်္ကန်းဖြစ်ခြင်း၊ ၂။ ကိုယ်တိုင် ပေးလှူအပ်သည် ဖြစ်ခြင်း၊ ၃။ မိမိဥစ္စာဟု အမှတ်ရှိခြင်း၊ ၄။ ရဟန်းဖြစ်ခြင်း၊ ၅။ အမျက်ထွက်သဖြင့် လုယူခြင်း, လုယူစေခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၄၁။) (ဝိမတိ၊ ၁။၃၅၈။)

စီးပွားဖြစ်ကြောင်း ၆ ပါး ၁။ အနာရောဂါ ကင်းခြင်းဟု ဆိုအပ်သော မြတ်သော လာဘ် ရှိခြင်း၊ ၂။ အကျင့်သီလ ရှိခြင်း၊ ၃။ ပညာရှိတို့၏ အဆုံးအမသြဝါဒကို ခံယူလေ့ရှိခြင်း၊ ၄။ အကြားအမြင် ဗဟုသုတ ရှိခြင်း၊ ၅။ သုစရိုက်တရားသုံးပါးသို့ အစဉ်လိုက်၍ ကျင့်ခြင်း၊ ၆။ မပျင်းရိခြင်း။ (ဇာတက၊၁။၂၀။)

စီးပွားဥစ္စာ မတည်ကြောင်း အပေါက် ၆ မျိုး ၁။ အာလသ– ပျင်းရိခြင်း၊ ၂။ ပမာဒ– မေ့လျော့ခြင်း၊ ၃။ အနုဋ္ဌာန– ထကြွလုံ့လ မရှိခြင်း၊ ၄။ အသံယမ– မစောင့်စည်းခြင်း၊ ၅။ နိဒ္ဒါ– အအိပ်ကြူးခြင်း၊ ၆။ တန္ဒီ– မမွေ့လျော်ခြင်း။ (သံ၊၁။၄၀။) (သံ၊မြန်၊၁။၄၀။)

စုဆောင်းခြင်း ၂ မျိုး ၁။ ကမ္မသန္နိစယ– ကုသိုလ်ကံ, အကုသိုလ်ကံကို စုဆောင်းခြင်း၊ ၂။ ပစ္စယသန္နိစယ– ပစ္စည်းလေးပါးကို စုဆောင်းခြင်း။ (ဓမ္မ၊၌၊၁။၃၈၆။)

စုဒိတကပုဂ္ဂိုလ်၏ ကျင့်ဝတ် ၂ ပါး ၁။ မှန်သော စကားကို ဆိုခြင်း၊ ၂။ အမျက် မထွက်ခြင်း။ (ဝိ၊၅။ ၂၈၃။) (ဝိ၊မြန်၊၅။၃၇၉။)

စုဝေးပေါင်းဆုံခြင်း ၃ မျိုး ၁။ ဩသရဏသမောသရဏ– သက်ရောက်ခြင်းအားဖြင့် စုဝေးပေါင်းဆုံခြင်း၊ ၂။ သဟဇာတ သမောသရဏ– အတူတကွ ဖြစ်ခြင်းအားဖြင့် စုဝေး ပေါင်းဆုံခြင်း၊ ၃။ ပစ္စယ သမောသရဏ– အကြောင်းအားဖြင့် စုဝေးပေါင်းဆုံခြင်း။ (ဒီ၊၌၊၂။၉၀။)(ဒီ၊၌၊မြန်၊ ၂။၁၆၇။)

စူဠသီလ ၂၆ ပါး ၁။ သူတစ်ပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူတစ်ပါး မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မမှန်မကန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းတိုက်စကားမှ ရှောင်ကြဉ်ခြင်း၊ ၆။ ကြမ်းတမ်းသော စကားမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားမှ ရှောင်ကြဉ်ခြင်း၊ ၈။ မျိုးစေ့အပေါင်း၊ အပင်အပေါင်းကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၉။ နေလွဲ ညစာစားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ သူတော်ကောင်းတရား၏ ဆူးငြောင့်ဖြစ်သော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းကို ကြည့်ရှုနားထောင်ခြင်းမှ ရှောင်ကြဉ်ခြင်း စသည်၊ ၁၁။ ပန်းပန်ခြင်း နံ့သာပြောင်း နံ့သာရည် သနပ်ခါး စသည်တို့ဖြင့် လိမ်းကျံချယ်လှယ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၂။ မြင့်သော နေရာ မြတ်သောနေရာတို့၌ ထိုင်ခြင်း အိပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၃။ ရွှေငွေတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၄။ အစိမ်းဖြစ်သော စပါးမျိုး ပဲမျိုးတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၅။ သားစိမ်း ငါးစိမ်းတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၆။ မိန်းမအို မိန်းမပျိုတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၇။ ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၈။ ဆိတ် သိုးတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၉။ ကြက် ဝက်တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂၀။ ဆင် နွား မြင်း မြည်းတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂၁။ လယ် ယာ

http://www.dhammadownload.com

ကိုင်းကျွန်းတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂၂။ တမန်အလုပ်ကို ပြုလုပ် အားထုတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂၃။ ကုန်သည်တို့ကဲ့သို့ ရောင်းခြင်းဝယ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂၄။ ချိန်ခွင် ချင့်တောင်း ချင့်ခွက် စသည်တို့ဖြင့် လိမ်လည်လှည့်ပတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂၅။ တံစိုး လက်ဆောင်ယူခြင်း အတုအယောင်ဖြင့် လှည့်ပတ်ခြင်း မန္တန် ဆေးဝါး မျက်လှည့်အားဖြင့် လှည့်စားခြင်းဟု ဆိုအပ်သော ကောက်ကျစ်စဉ်းလဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂၆။ လက်ခြေစသည်ကို ဖြတ်ခြင်း ညှဉ်းပန်းနှိပ်စက်ခြင်း ချုပ်နှောင်ခြင်း လုယက်ခြင်း ဓားပြတိုက်ခြင်း စသည် ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း။ (ဒီ၊၁။၅၉။) (ဒီ၊မြန်၊၁။၃၊၇၁။)

စူးစမ်းတတ်သူ ၃ ဦး ၁။ မိမိအကျိုး, သူတစ်ပါးအကျိုး, မိမိ သူတစ်ပါး နှစ်ပါးစုံ၏ အကျိုးကို သိတတ်သော သူ (အတ္ထဝိမံသက)၊ ၂။ သခ်ၤါရတရားတို့၏ ကိစ္စလက္ခဏာကို သိတတ်သောသူ (သခ်ၤါရဝိမံသက)၊ ၃။ ဂုဏ်အားဖြင့် ဘုရားကို သိတတ်သောသူ (သတ္ထုဝိမံသက)။ (မ၊ဋ္ဌ၊ ၂။၂၇၇။)

စေခိုင်း၍ သတ်ခြင်း၌ ဌာန ၅ မျိုး ၁။ ဝတ္ထု– သတ်အပ်သော သတ္တဝါ၊ ၂။ ကာလ– သတ်ရမည့် အချိန်ကာလ၊ ၃။ ဩကာသ– သတ်ရမည့် နေရာအရပ်၊ ၄။ အာဝုဓ– သတ်ဖြတ်ကြောင်း လက်နက်၊ ၅။ ကိရိယာပထ– ထိုင်နေသော အခါ, အိပ်နေသောအခါ စသော သတ်ရမည့် ကိရိယာပုထ်။ (ဝိ၊ဋ္ဌ၊၂။၄၅။)

စေခိုင်း၍ သတ်ခြင်း၌ ဌာန ၆ မျိုး ၁။ ဝတ္ထု– သတ်အပ်သော သတ္တဝါ၊ ၂။ ကာလ– နံနက် ညနေ စသော သတ်ရမည့် အချိန်ကာလ၊ ၃။ ဩကာသ– ရွာ, တော, အိမ် ခြံ တံခါး စသော သတ်ရမည့် နေရာအရပ်၊ ၄။ အာဝုဓ– လေး, မြား, ဓား, လုံ စသော သတ်ဖြတ်ကြောင်း လက်နက်၊ ၅။ ကိရိယာပထ– ထိုင်နေသည့်အခါ, အိပ်နေသည့်အခါ စသော သတ်ရမည့် ကိရိယာပုထ်၊ ၆။ ကိရိယာဝိသေသ– ခေါင်းဖြတ်သတ်ရမည်, ရင်ခွဲသတ်ရမည် စသော သတ်ပုံ အမူအရာ အထူး။ (ဝိ၊ဋ္ဌ၊၂။၄၅။)

စေတနာ ၃ မျိုး ၁။ ပုဗ္ဗစေတနာ– မလှူမီ ရှေးအဖို့၌ ဖြစ်သော စေတနာ၊ ၂။ မုဉ္စစေတနာ– ပေးလှူနေဆဲခဏ၌ ဖြစ်သော စေတနာ၊ ၃။ အပရစေတနာ– ပေးလှူပြီးနောက်၌ ဖြစ်သော စေတနာ။ (ပေတ၊ဋ္ဌ။၁၂၄။) (ဇာ၊ဋ္ဌ၊၃။၂၈၂။)

စေတနာ ၆ မျိုး ၁။ ရူပသဏ္ဌေတနာ– အဆင်း၌ စေ့ဆော်အားထုတ်မှု၊ ၂။ သဒ္ဒသဏ္ဌေတနာ– အသံ၌ စေ့ဆော်အားထုတ်မှု၊ ၃။ ဂန္ဓသဏ္ဌေတနာ– အနံ့၌ စေ့ဆော်အားထုတ်မှု၊ ၄။ ရသ သဏ္ဌေတနာ– အရသာ၌ စေ့ဆော်အားထုတ်မှု၊ ၅။ ဖောဋ္ဌဗ္ဗသဏ္ဌေတနာ– အတွေ့အထိ၌ စေ့ဆော်အားထုတ်မှု၊ ၆။ ဓမ္မသဏ္ဌေတနာ– ဓမ္မသဘော၌ စေ့ဆော်အားထုတ်မှု။ (သံ၊၂။၄၉။) (သံ၊၂။၅၂။) (သံ၊မြန်၊၂။၄၈–၅၀။) (သံ၊မြန်၊၂။၄၈–၅၀။)

စေတနာ ၇ မျိုး ၁။ စက္ခုသမ္ဖဿဇာစေတနာ– မျက်စိအတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု၊ ၂။ သောတသမ္ဖဿဇာစေတနာ– နားအတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု၊ ၃။ ဃာနသမ္ဖဿဇာစေတနာ– နာခေါင်းအတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု၊ ၄။ ဇိဝှါသမ္ဖဿဇာစေတနာ– လျှာအတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု၊ ၅။ ကာယသမ္ဖဿဇာစေတနာ– ကိုယ်အတွေ့ကြောင့်

http://www.dhammadownload.com

ဖြစ်သော စေ့ဆော်မှု၊ ၆။ မနောဓာတုသမ္မသဏာစေတနာ– မနောဓာတ်အတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု၊ ၇။ မနောဝိညာဏဓာတုသမ္မသဏာစေတနာ–မနောဝိညာဏဓာတ်အတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု။ (အဘိ၊ဝိ။၄၁၇။) (အဘိ၊ဝိ။၄၁၉။) (အဘိ၊ဝိ၊မြန်၊၂။၅၂၆။) (အဘိ၊ဝိ၊မြန်၊၂။၅၂၆။)

စေတနာနှင့် ယှဉ်သော တရား ၂၁ ပါး ၁။ ဗောဇ္ဈင်တရား ၇ ပါး၊ ၂။ မဂ္ဂင်တရား ၈ ပါး၊ ၃။ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ, အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ (၆။) ပါး ပေါင်း ၂၁ ပါး။ (အဘိ၊ဋ္ဌ၊၁။၁၃၁။)

စေတနာဖြင့် အပြစ်ရှိသော ဝတ္ထုကို ကျူးလွန်နိုင်သူ ၂ မျိုး ၁။ ပုထုဇဉ်ရဟန်း၊ ၂။ ပုထုဇဉ် ရဟန်းမ။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

စေတနာဖြင့် အပြစ်ရှိသော ဝတ္ထုကို မကျူးလွန်နိုင်သူ ၂ မျိုး ၁။ အရိယာရဟန်း၊ ၂။ အရိယာရဟန်းမ။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

စေတနာဖြင့် အာပတ်မသင့်သူ ၂ မျိုး ၁။ အရိယာဖြစ်သော ရဟန်း၊ ၂။ အရိယာဖြစ်သော ရဟန်းမ။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

စေတနာဖြင့် အာပတ်သင့်သူ ၂ မျိုး ၁။ ပုထုဇဉ်ရဟန်း၊ ၂။ ပုထုဇဉ်ရဟန်းမ။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

စေတီ ၃ မျိုး ၁။ ဘုရားရှင် သုံးစွဲတော်မူအပ်ပြီးသော အဆောက်အဦတို့ကို သိမှီး၍ ထာပနာ၍ ပြုအပ်သော စေတီ– ပရိဘောဂစေတီ၊ ၂။ ဓာတ်တော်ကို ထာပနာ၍ တည်အပ်သော စေတီ– ဓာတုစေတီ၊ ၃။ ပဋိစ္စသမုပ္ပါဒ် စသော တရားတော်ကို ရေးသားအပ်သော ကျမ်းစာ, ပေစာ, ကြေးပြားပိဋကတ်တို့ကို ထာပနာထား၍ တည်အပ်သော စေတီ– ဓမ္မစေတီ။ (သာရတ္ထ၊ဋီ၊၁။၁၇၂။)

စေတီ ၃ မျိုး ၁။ ဓာတ်တော်သက်သက်နှင့် ဓာတ်တော်ထာပနာရာ စေတီ, ကိုယ်တော်မှ ဖြစ်သော စေတီ– သာရီရိကစေတီ၊ ၂။ ဘုရားရှင်၏ အသုံးအဆောင်တော်နှင့် အသုံးအဆောင် တော်များ ထာပနာထားရာ စေတီ– ပရိဘောဂိကစေတီ၊ ၃။ ရည်မှန်းပူဇော်အပ်သော သက်တော်ထင်ရှား ဘုရားရှင်သည်လည်းကောင်း ဘုရားရုပ်ပွား ဆင်းတုတော်သည်လည်းကောင်း– ဥဒ္ဒိဿ စေတီ။ (သာရတ္ထ၊ဋီ၊၁။၁၇၂။)

စေတီ ၃ မျိုး ၁။ ပရိဘောဂစေတီ– ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သော ဘုရားရှင် သုံးတော် မူခဲ့သော သပိတ် သင်္ကန်းစသော အသုံးအဆောင်များနှင့် မဟာဗောဓိပင် စသည်၊ ၂။ ဥဒ္ဒိဿကစေတီ– ဘုရားရှင်အား ရည်မှန်း၍ ထုလုပ်ကိုးကွယ် ပူဇော်အပ်သော ဘုရား ဆင်းတုတော်များ၊ ၃။ ဓာတုစေတီ– ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာထား၍ တည်ထား ကိုးကွယ် ပူဇော်အပ်သော ဓာတ်တော်နှင့် တကွဖြစ်သော စေတီ။ (ခုဒ္ဒက၊ဋ္ဌ။၁၈၈။) (ဇာ၊ဋ္ဌ၊၄။၂၂၉။)

စေတီတော်၌ တန်ခိုးပြာဋိဟာ ဖြစ်ပေါ်ခြင်း ၃ မျိုး ၁။ ရဟန္တာပုဂ္ဂိုလ်တို့ အဓိဋ္ဌာန်ပြုသည်၏ အစွမ်းအားဖြင့် စေတီတော်၌ တန်ခိုးပြာဋိဟာ ဖြစ်ပေါ်ခြင်း၊ ၂။ နတ်တို့၏ အဓိဋ္ဌာန်၏ အစွမ်း အားဖြင့် စေတီတော်၌ တန်ခိုးပြာဋိဟာ ဖြစ်ပေါ်ခြင်း၊ ၃။ ရတနာသုံးပါး၌ ကြည်ညိုသော သဒ္ဓါ စသည်နှင့် ပြည့်စုံသော လူပုဂ္ဂိုလ်သည် စေတီတော်၌ ပန်းနံ့သာ စသော လှူဖွယ်ဝတ္ထု

http://www.dhammadownload.com

တစ်ခုခုကို လှူဒါန်းပူဇော်လျက် အဓိဋ္ဌာန်သည်၏ အစွမ်းအားဖြင့် စေတီတော်၌ တန်ခိုးပြာဋိဟာ ဖြစ်ပေါ်ခြင်း။ (မိလိန္ဒ။၂၉၇။) (မိလိန္ဒ၊မြန်။၃၁၉။)

စေတီထိုက်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို သိတော်မူသော မြတ်စွာဘုရား၊ ၂။ စကြာရတနာကို လည်စေနိုင်သော စကြဝတေးမင်း။ (အံ၊၁။၇၆။) (အံ၊မြန်၊၁။၉၀။)

စေတီထိုက်သော ပုဂ္ဂိုလ် ၄ မျိုး ၁။ မြတ်စွာဘုရား၊ ၂။ ပစ္စေကဗုဒ္ဓါ၊ ၃။ ဘုရားရှင်၏ သာဝက (ရဟန်း။)၊ ၄။ စကြဝတေးမင်း၊ စေတီထိုက်ဟူသည် ဤပုဂ္ဂိုလ်လေးပါးတို့ကို ရည်မှတ်၍ စေတီတည်ထားကိုးကွယ်အပ်သည် ဟူလို။ (ဒီ၊၂။၁၁၇။) (အံ၊၁။၅၆၇။) (ဒီ၊မြန်၊၂။၁၃၆။) (အံ၊မြန်၊၁။၅၈၂။)

စေတောခီလ ၅ ပါး ၁။ ဘုရား၌ ယုံမှားခြင်း၊ ၂။ တရား၌ ယုံမှားခြင်း၊ ၃။ သံဃာ၌ ယုံမှားခြင်း၊ ၄။ သိက္ခာပုဒ်၌ ယုံမှားခြင်း၊ ၅။ သီတင်းသုံးဖော်တို့အပေါ် အမျက်ထွက်ခြင်း။ (ဒီ၊၃။၁၉၈။) (ဒီ၊၃။၂၃၂။) (ဒီ၊မြန်၊၃။၂၂၁။) (ဒီ၊မြန်၊၃။၂၅၅။)

စေတောခီလတရား ၅ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၅ ပါး၊ ဟာနဘာဂိယတရား ၅ ပါး၊ စိတ်၏ ငြောင့်တံသင်း ၅ ပါးတို့နှင့် တူသည်။

စေတောပရိယဉ္ဇာဏ် ဖြစ်ရာ အာရုံ ၈ ပါး ၁။ ပရိတ္တအာရုံ၊ ၂။ မဟဂ္ဂတအာရုံ၊ ၃။ အပ္ပမာဏ အာရုံ၊ ၄။ မဂ္ဂအာရုံ၊ ၅။ အတိတ်အာရုံ၊ ၆။ အနာဂတ်အာရုံ၊ ၇။ ပစ္စုပ္ပန်အာရုံ၊ ၈။ ဗဟိဒ္ဓ အာရုံ။ (ဝိသုဒ္ဓိ၊၂။၆၁။)

စေတောပရိယဉ္ဇာဏ်၏ စွမ်းအား ၁၆ ပါး ၁။ တစ်ပါးသော သတ္တဝါ၊ တစ်ပါးသော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိနိုင်ခြင်း၊ ၂။ တပ်မက်ခြင်း ရသာနှင့် တကွသော စိတ်ကို တပ်မက်ခြင်းရသာနှင့် တကွသော စိတ်ဟု သိနိုင်ခြင်း၊ ၃။ တပ်မက်ခြင်း ရာဂကင်းသော စိတ်ကို တပ်မက်ခြင်းရာဂကင်းသော စိတ်ဟု သိနိုင်ခြင်း၊ ၄။ အမျက်ထွက်ခြင်း ဒေါသနှင့် တကွသော စိတ်ကို အမျက်ထွက်ခြင်း ဒေါသနှင့် တကွသော စိတ်ဟု သိနိုင်ခြင်း၊ ၅။ အမျက်ထွက်ခြင်း ဒေါသကင်းသော စိတ်ကို အမျက်ထွက်ခြင်း ဒေါသကင်းသော စိတ်ဟု သိနိုင်ခြင်း၊ ၆။ တွေဝေခြင်း သစ္စာလေးပါးအရာ၌ အမှန်ကို မသိခြင်း မောဟနှင့် တကွသော စိတ်ကို တွေဝေခြင်း သစ္စာလေးပါးအရာ၌ အမှန်ကို မသိခြင်း မောဟနှင့် တကွသော စိတ်ဟု သိနိုင်ခြင်း၊ ၇။ တွေဝေခြင်း သစ္စာလေးပါးအရာ၌ အမှန်ကို မသိခြင်းမောဟကင်းသော စိတ်ကို တွေဝေခြင်းဟူသော သစ္စာလေးပါးအရာ၌ အမှန်ကို မသိခြင်းမောဟကင်းသော စိတ်ဟု သိနိုင်ခြင်း၊ ၈။ ကျဉ့်သော သံခိတ္တစိတ်ကို ကျဉ့်သော သံခိတ္တစိတ်ဟု သိနိုင်ခြင်း၊ ၉။ ပျံ့သော ဝိက္ခိတ္တစိတ်ကို ပျံ့သော ဝိက္ခိတ္တစိတ်ဟု သိနိုင်ခြင်း၊ ၁၀။ မြတ်သည်၏အဖြစ်သို့ ရောက်သော မဟဂ္ဂုတ်စိတ်ကိုလည်း မြတ်သည်၏အဖြစ်သို့ ရောက်သော မဟဂ္ဂုတ်စိတ်ဟု သိနိုင်ခြင်း၊ ၁၁။ မြတ်သည်၏အဖြစ်သို့ မရောက်သော အမဟဂ္ဂုတ်စိတ်ကို မြတ်သည်၏အဖြစ်သို့ မရောက်သော အမဟဂ္ဂုတ်စိတ်ဟု သိနိုင်ခြင်း၊ ၁၁။ သာလွန်သော တရားရှိသော သဥတ္တရစိတ်ကို သာလွန်သော တရားရှိသော သဥတ္တရစိတ်ဟု သိနိုင်ခြင်း၊ ၁၂။ သာလွန်သော တရားမရှိသော အနုတ္တရစိတ်ကို သာလွန်သော တရားမရှိသော အနုတ္တရစိတ်ဟု သိနိုင်ခြင်း၊

http://www.dhammadownload.com

၁၃။ တည်ကြည်သော သမာဟိတစိတ်ကို တည်ကြည်သော သမာဟိတစိတ်ဟု သိနိုင်ခြင်း၊ ၁၄။ မတည်ကြည်သော အသမာဟိတစိတ်ကို မတည် ကြည်သော အသမာဟိတစိတ်ဟု သိနိုင်ခြင်း၊ ၁၅။ လွတ်မြောက်သော ဝိမုတ္တစိတ်ကို လွတ်မြောက်သော ဝိမုတ္တစိတ်ဟု သိနိုင်ခြင်း၊ ၁၆။ မလွတ်မြောက်သော အဝိမုတ္တစိတ်ကို မလွတ်မြောက်သော အဝိမုတ္တစိတ်ဟု သိနိုင်ခြင်း။ (ဒီ၊၁။၇၅။) (ဒီ၊မြန်၊၁။၈၉။)

စေတောဝိနိဗန္ဓ ၅ ပါး စိတ်ကို နှောင်ဖွဲ့တတ်သော တရား ၅ ပါးနှင့် တူသည်။

စေတောဝိနိဗန္ဓတရား ၅ ပါး ၁။ ကာမဂုဏ်တို့၌ မကင်းသော စွဲမက်ခြင်း ရှိခြင်း၊၂။ ကိုယ်၌ မကင်းသော စွဲမက်ခြင်း ရှိခြင်း၊ ၃။ အလိုရှိတိုင်း ဝမ်းပြည့်အောင် စား၍ အိပ်ငိုက်ခြင်း ချမ်းသာကို ပြုခြင်း၊ ၄။ တစ်ပါးသော နတ်အဖြစ်ကို တောင်းတ၍ မြတ်သော အကျင့်ကို ကျင့်ခြင်း၊ ၅။ လုံ့လပြုခြင်းငှာ ဆောက်တည်ခြင်းငှာ စိတ်မညွတ်ခြင်း။ (ဒီ၊၃။၁၉၈–၁၉၉။) (ဒီ၊မြန်၊၃။ ၂၂၁–၂၂၂။)

စေတောဝိမုတ္တိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့ ပွားများရမည့် တရား ၄ ပါး ၁။ တဏှာရာဂကို ပယ်ရန်အတွက် အသုဘဘာဝနာကို ပွားများရခြင်း၊ ၂။ ဒေါသဗျာပါဒကို ပယ်ရန်အတွက် မေတ္တာဘာဝနာကို ပွားများရခြင်း၊ ၃။ ကြွစည်မှု ဝိတက်ကို ပယ်ရန်အတွက် အာနာပါနကို ပွားများရခြင်း၊ ၄။ ငါ ဟူသော မာန်မာနကို ပယ်ရန်အတွက် အနိစ္စသညာကို ပွားများရခြင်း။ (ဥဒါန။၁၂၀။) (ဥဒါန၊မြန်။၁၀၉။)

စေတောဝိမုတ္တိ ရင့်ကျက်ကြောင်း တရား ၅ ပါး ၁။ သူတော်ကောင်းမိတ်ဆွေနှင့် ပြည့်စုံလျက် ထိုသူတော်ကောင်း မိတ်ဆွေသို့ အစဉ်သဖြင့် ကိုင်းညွှတ်ခြင်း (ချဉ်းကပ်ခြင်း)၊ ၂။ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံလျက် အနုည်းငယ်မျှသာ အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိ၏၊ ၃။ ကိလေသာ ငြိမ်းကြောင်း မဂ်ဖိုလ်နိဗ္ဗာန် ရကြောင်းဖြစ်သော အပို့ဓကထာ စသော ကထာ ဆယ်မျိုးတို့ကို မငြိမငြင် မပင်မပန်း အလိုရှိတိုင်း ပြောဆိုခြင်း၊ ၄။ အကုသိလ်တရားကို ပယ်ရန် ထက်သန်သော လုံ့လဝီရိယရှိ၍ ကုသိလ်တရားတို့၌ တာဝန်ကို ပစ်ချမထားခြင်း၊ ၅။ ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၃။၁၆၈။) (ဥဒါန။၁၁၉။) (အံ၊မြန်၊၃။၁၇၀။) (ဥဒါန၊မြန်။ ၁၀၇။)

စောဒကပုဂ္ဂိုလ် ဆင်ခြင်ရမည့်တရား ၅ ပါး ၁။ ငါသည် ကိုယ်အကျင့် စင်ကြယ်ပါ၏လော, စင်ကြယ်သော မကျိုးမပေါက်သော မသုံးသပ်အပ်သော ကိုယ်အကျင့်နှင့် ပြည့်စုံပါ၏လော, ဤတရားသည် ငါ့အား ရှိသလော–မရှိသလောဟု ဆင်ခြင်ရခြင်း၊ ၂။ ငါသည် နှုတ်အကျင့် စင်ကြယ်ပါ၏လော, စင်ကြယ်သော မကျိုးမပေါက်သော မသုံးသပ်အပ်သော နှုတ်အကျင့်နှင့် ပြည့်စုံပါ၏လော, ငါ့အား ဤတရားသည် ရှိသလော–မရှိသလောဟု ဆင်ခြင်ရခြင်း၊ ၃။ ငါ့အား မေတ္တာစိတ်သည် ရှေးရှုတည်ပါ၏လော, သီတင်းသုံးဖော်တို့၌ အမျက်ဒေါသ ကင်းပါ၏လော, ငါ့အား ဤတရားသည် ရှိသလော မရှိသလောဟု ဆင်ခြင်ရခြင်း၊ ၄။ ငါသည် အကြားအမြင် ဗဟုသုတ များပါ၏လော၊ အကြားအမြင် ဗဟုသုတကို ဆောင်ပါ၏လော, အစ အလယ် အဆုံး ကောင်းခြင်းရှိ၍ အနက်သဒ္ဒါနှင့် ပြည့်စုံကုန်လျက် ဖြူစင်မြင့်မြတ်သော အကျင့်ကို

http://www.dhammadownload.com

ဟောပြတတ်ကုန်သော တရားတို့ကို များစွာကြားနာဖူးပါ၏လော, နှုတ်ဖြင့် ဆောင်ဖူးပါ၏လော, လေ့ကျင့်ဖူးပါ၏လော, စိတ်ဖြင့် ဆင်ခြင်ဖူးပါ၏လော၊ ပညာဖြင့် ထိုးထွင်း၍ သိဖူးပါ၏လော, ငါ့အား ဤတရားသည် ရှိသလော-မရှိသလောဟု ဆင်ခြင်ရခြင်း၊ ၅။ ငါသည် ပါတိမောက် နှစ်မျိုးကို အကျယ်အားဖြင့် နှုတ်တက် ရပါ၏လော, ကောင်းစွာ ဝေဖန်ပြီးဖြစ်၏လော, ပါဠိအားဖြင့်လည်းကောင်း အဋ္ဌကထာအားဖြင့်လည်းကောင်း ကောင်းစွာ ဆုံးဖြတ်ပြီးဖြစ်၏လော, ငါ့အား ဤတရားသည် ရှိသလော,မရှိသလော ဟု ဆင်ခြင်ရခြင်း။ (ဝိ၊၄။၄၃၆၊၄၃၇။) (ဝိ၊၅။၃၂၈။) (အံ၊၃။၃၁၈။) (ဝိ၊မြန်၊၅။၄၃၈။) (အံ၊မြန်၊၃။၃၁၇။) (ဝိ၊မြန်၊၄၊၄၃၆၊၄၃၇။)

စောဒကပုဂ္ဂိုလ် ပြည့်စုံရမည့် အင်္ဂါ ၅ ပါး ၁။ လျောက်ပတ်သော အခါ၌ ပြောဆို၍ မလျောက်ပတ်သော အခါ၌ မပြောဆိုခြင်း၊ ၂။ ဟုတ်မှန်သော စကားဖြင့် ပြောဆို၍ မဟုတ်မမှန်သော စကားဖြင့် မပြောဆိုခြင်း၊ ၃။ နူးညံ့သိမ်မွေ့သော စကားဖြင့် ပြောဆို၍ ကြမ်းတမ်းသော စကားဖြင့် မပြောဆိုခြင်း၊ ၄။ အကျိုးနှင့် စပ်သော စကားဖြင့် ပြောဆို၍ အကျိုးနှင့် မစပ်သော စကားဖြင့် မပြောဆိုခြင်း၊ ၅။ မေတ္တာစိတ်ထားဖြင့် ပြောဆို၍ ဒေါသစိတ်ထားဖြင့် မပြောဆိုခြင်း။ (ဝိ၊၄။၄၃၇။) (ဝိ၊၅။၂၈၃။) (အံ၊၂။၁၇၂။) (ဝိ၊မြန်၊၅။၃၇၉။) (အံ၊မြန်၊၂။၂၁၉။) (ဝိ၊မြန်၊၄၊၄၃၈။)

စောဒကပုဂ္ဂိုလ် နှလုံးသွင်းရမည့်တရား ၅ ပါး ၁။ သနားညှာတာမှု ရှိခြင်း၊ ၂။ အကျိုးစီးပွားကို ရှာမှီးလိုခြင်း၊ ၃။ အစဉ်အားဖြင့် စောင့်ရှောက်လိုခြင်း၊ ၄။ အာပတ်မှ ထစေလိုခြင်း၊ ၅။ ဝိနည်းကို ရွေ့သွားပြုခြင်း။ (ဝိ၊၄။၄၃၉။) (ဝိ၊၅။၃၃၀။) (ဝိ၊မြန်၊၄၊၄၄၀။) (ဝိ၊မြန်၊၅။၄၃၂။)

စောဒကရဟန်း ဖြစ်စေထိုက်သော တရား ၅ ပါး ၁။ လျောက်ပတ်သော အခါ၌ ဆို၍ မလျောက်ပတ်သော အခါ၌ မဆိုခြင်း၊ ၂။ ဟုတ်မှန်သဖြင့် ဆို၍ မဟုတ်မမှန်သဖြင့် မဆိုခြင်း၊ ၃။ နူးညံ့သိမ်မွေ့သဖြင့် ဆို၍ ကြမ်းတမ်းသဖြင့် မဆိုခြင်း။ ၄။ အကျိုးစီးပွားနှင့် စပ်သဖြင့် ဆို၍ အကျိုးစီးပွားနှင့် မစပ်သဖြင့် မဆိုခြင်း၊ ၅။ မေတ္တာစိတ်ရှိသည် ဖြစ်၍ ဆို၍ ဒေါသစိတ်ရှိသည် ဖြစ်၍ မဆိုခြင်း။ (ဝိ၊၅။၃၃၀။) (ဝိ၊မြန်၊၅။၄၃၂။)

စောဒကရဟန်း မိမိသန္တာန်၌ တည်စေရမည့် တရား ၅ ပါး ၁။ သင့်လျော်သော အခါ၌ ငါ ပြောဆိုမည်၊ မသင့်လျော်သော အခါ၌ ငါ မပြောဆို၊ ၂။ မှန်သောစကားဖြင့် ငါ ပြောဆိုမည်၊ မမှန်သော စကားဖြင့် ငါ မပြောဆို၊ ၃။ သိမ်မွေ့သော စကားဖြင့် ငါ ပြောဆိုမည်၊ ကြမ်းတမ်းသော စကားဖြင့် ငါ မပြောဆို၊ ၄။ အကျိုးနှင့် စပ်သော စကားဖြင့် ငါ ပြောဆိုမည်၊ အကျိုးနှင့် မစပ်သော စကားဖြင့် ငါ မပြောဆို၊ ၅။ မေတ္တာစိတ် ကင်းလျက် ငါ ပြောဆိုမည်၊ ဒေါသစိတ် ထားလျက် ငါ မပြောဆို။ (ဒီ၊၃။၁၉၇။) (အံ၊၃။၃၁၈။) (ဒီ၊မြန်၊၃။၂၂၀။) (အံ၊မြန်၊၃။၃၁၈။)

စောဒကရဟန်း၏ အင်္ဂါ ၅ ပါး ၁။ စုဒိတကရဟန်းအပေါ်၌ သနားစိတ် ရှိခြင်း၊ ၂။ စုဒိတကရဟန်းအပေါ်၌ စီးပွားလိုလားသော စိတ်ရှိခြင်း၊ ၃။ စုဒိတကရဟန်းအား စောင့်ရှောက်လိုသော စိတ်ရှိခြင်း၊ ၄။ စုဒိတကရဟန်းအား အာပတ်မှ ထစေလိုသော စိတ်ရှိခြင်း၊ ၅။ ဝိနည်းတရားတော်ကို ရွေးရှုပြုခြင်း။ (ဝိ၊၆၊၄။၁၂၆။)

http://www.dhammadownload.com

စောဒနာခံရသော ရဟန်းအား နလုံးမသာယာခြင်းကို ဖြစ်စေနိုင်သော အခြင်းအရာ ၅ မျိုး ၁။ ငါ့ရှင်ကို သင့်လျော်သော အခါ၌ စောဒနာ၏၊ မသင့်လျော်သော အခါ၌ မစောဒနာ၊ ၂။ ငါ့ရှင်ကို မှန်သော စကားဖြင့် စောဒနာ၏၊ မမှန်သော စကားဖြင့် မစောဒနာ၊ ၃။ ငါ့ရှင်ကို သိမ်မွေ့သော စကားဖြင့် စောဒနာ၏၊ ကြမ်းတမ်းသော စကားဖြင့် မစောဒနာ၊ ၄။ ငါ့ရှင်ကို အကျိုးစီးပွားနှင့် စပ်သော စကားဖြင့် စောဒနာ၏၊ အကျိုးစီးပွားနှင့် မစပ်သော စကားဖြင့် မစောဒနာ၊ ၅။ ငါ့ရှင်ကို မေတ္တာစိတ်ထားဖြင့် စောဒနာ၏၊ ဒေါသစိတ် ထားဖြင့် မစောဒနာ၊ ထို့ကြောင့် သင့်အား နလုံးမသာယာ ဖြစ်ခြင်းငှာ သင့်၏–ဟု နလုံးမသာယာခြင်းကို ဖြစ်စေခြင်း။ (ဝိ၊ ၄။၄၃၉။) (အံ၊ ၂။၁၇၃။) (ဝိ၊ မြန်၊ ၄၊ ၄၄၀။) (အံ၊ မြန်၊ ၂။၂၁၉။)

စောဒနာသော ရဟန်းအား နလုံးရွှင်ပြခြင်းကို ဖြစ်စေနိုင်သော အခြင်းအရာ ၅ မျိုး ၁။ ငါ့ရှင်သည် သင့်လျော်သော အခါ၌ စောဒနာ၏၊ မသင့်လျော်သော အခါ၌ မစောဒနာ၊ ၂။ ငါ့ရှင်သည် မှန်သော စကားဖြင့် စောဒနာ၏၊ မမှန်သော စကားဖြင့် မစောဒနာ၊ ၃။ ငါ့ရှင်သည် သိမ်မွေ့သော စကားဖြင့် စောဒနာ၏၊ ကြမ်းတမ်းသော စကားဖြင့် မစောဒနာ၊ ၄။ ငါ့ရှင်သည် အကျိုးစီးပွားနှင့် စပ်သော စကားဖြင့် စောဒနာ၏၊ အကျိုး စီးပွားနှင့် မစပ်သော စကားဖြင့် မစောဒနာ၊ ၅။ ငါ့ရှင်သည် မေတ္တာစိတ်ထားဖြင့် စောဒနာ၏၊ ဒေါသစိတ်ထားဖြင့် မစောဒနာ၊ ထို့ကြောင့် သင့်အား နလုံးရွှင်ပြခြင်းငှာ သင့်၏ဟု နလုံးရွှင်ပြခြင်းကို ဖြစ်စေရခြင်း။ (ဝိ၊၄။၄၃၈။) (ဝိ၊မြန်၊၄၊၄၃၉။)

စောဒနာခြင်း ၂ မျိုး ၁။ ကိုယ်ဖြင့် စောဒနာခြင်း၊ ၂။ နှုတ်ဖြင့် စောဒနာခြင်း။ (ဝိ၊၅။၂၁၄။) (ဝိ၊၅။၂၈၂။) (ဝိ၊မြန်၊၅။၂၉၉။) (ဝိ၊မြန်၊၅။၃၇၈။)

စောဒနာခြင်း ၃ မျိုး ၁။ ဒိဋ္ဌစောဒနာ– မြင်အပ်သော အကြောင်းအရာဖြင့် စောဒနာခြင်း၊ ၂။ သုတစောဒနာ– ကြားအပ်သော အကြောင်းအရာဖြင့် စောဒနာခြင်း၊ ၃။ ပရိသင်္ကိတစောဒနာ– ယုံမှားသော အကြောင်းအရာဖြင့် စောဒနာခြင်း။ (ဝိ၊၅။၂၁၈။) (ဒီ၊၃။၁၈၂။) (ဒီ၊၃။၁၈၂။) (ဝိ၊ဋ္ဌ၊၂။ ၁၇၃။) (ဝိ၊မြန်၊၅။၃၀၄။) (ဒီ၊မြန်၊၃။၂၀၃။) (ဒီ၊မြန်၊၃။၂၀၃။)

စောဒနာခြင်း ၄ မျိုး ၁။ သီလပျက်စီးမှု သီလဝိပတ္တိဖြင့် စောဒနာခြင်း၊ ၂။ အကျင့်ပျက်စီးမှု အာစာရဝိပတ္တိဖြင့် စောဒနာခြင်း၊ ၃။ အယူပျက်စီးမှု ဒိဋ္ဌိဝိပတ္တိဖြင့် စောဒနာခြင်း၊ ၄။ အသက်မွေးမှု ပျက်စီးခြင်း အာဇီဝဝိပတ္တိဖြင့် စောဒနာခြင်း။ (ဝိ၊၅။၂၂၅။) (ဝိ၊ဋ္ဌ၊၂။၁၇၃။) (ဝိ၊မြန်၊၅။ ၃၁၃။)

စောဒနာခြင်း၌ သံဃာ၏ ကျင့်ဝတ် ၂ ပါး ၁။ သံဃာသည် သက်သော စကားကို သိအပ်၏၊ ၂။ မသက်သော စကားကိုလည်း သိအပ်၏။ (ဝိ၊၅။၂၈၃။) (ဝိ၊မြန်၊၅။၃၇၉။)

စောဒနာခြင်းအကြောင်း ၄ မျိုး ၁။ ဝတ္ထုသန္နဿနာ– "သင်သည် မေထုန်အမှုကို လွန်ကြူးပြီ" စသည်ဖြင့် ဝတ္ထုကို ထင်ရှားပြ၍ စောဒနာခြင်း၊ ၂။ အာပတ္တိသန္နဿနာ– "သင်သည် ပထမ ပါရာဇိက အာပတ်သင့်ပြီ" စသည်ဖြင့် အာပတ်ကို ထင်ရှားပြ၍ စောဒနာခြင်း၊ ၃။ သံဝါသ ပဋိက္ခေပ– အတူတကွ ဥပုသ် ပဝါရဏာ မပြုခြင်း စသည်ဖြင့် သံဝါသကို ပယ်သောအားဖြင့် စောဒနာခြင်း၊ ၄။ သာမီစိပဋိက္ခေပ– ခရီးဦးကြို မပြုခြင်း, ရှိမခိုးခြင်း စသည်ဖြင့် အရိုအသေကို

http://www.dhammadownload.com

ပယ်သောအားဖြင့် စောဒနာခြင်း။ (ဝိ၅။၂၂၈။) (ဝိ၊ဋ္ဌ၊၂။၁၇၄။) (ဒီ၊ဋ္ဌ၊၃။၂၁၁။) (အံ၊ဋ္ဌ၊၃။၅၉။) (ဝိ၊မြန်၊၅။၃၁၆။)

စောဒနာခြင်းအကြောင်း ၃ ပါး စောဒနာခြင်း ၃ မျိုးနှင့် တူသည်။

စောဒနာခြင်း၏ ဘုံ ၅ ပါး ၁။ သင့်လျော်သော အခါ၌ ဆို၏၊ မသင့်သော အခါ၌ မဆို၊ ၂။ ဟုတ်မှန်သည်ကို ဆို၏၊ မဟုတ်မှန်သည်ကို မဆို၊ ၃။ သိမ်မွေ့နူးညံ့သဖြင့် ဆို၏၊ ကြမ်းတမ်းသဖြင့် မဆို၊ ၄။ အကျိုးစီးပွားနှင့် စပ်သဖြင့် ဆို၏၊ အကျိုးစီးပွားနှင့် မစပ်သဖြင့် မဆို၊ ၅။ မေတ္တာစိတ်ရှိသည် ဖြစ်၍ ဆို၏၊ ဒေါသစိတ် ရှိသည် ဖြစ်၍ မဆို။ (ဝိ၅။၂၈၂။) (ဝိ၊မြန်၊၅။၃၇၈။)

စောဒနာခြင်း၏ ဝတ္ထု ၃ ပါး ၁။ မြင်ခြင်း၊ ၂။ ကြားခြင်း၊ ၃။ ရွံ့ရှာခြင်း (ယုံမှားခြင်း။)။ (ဝိ၅။၂၈၂။) (ဝိ၊မြန်၊၅။၃၇၈။)

စောဒနာခြင်း၏ အရင်းမူလ ၂ ပါး ၁။ အရင်းရှိသော စောဒနာခြင်း၊ ၂။ အရင်းမရှိသော စောဒနာခြင်း။ (ဝိ၅။၂၈၂။) (ဝိ၊မြန်၊၅။၃၇၈။)

စောဒနာဝတ္ထု ၃ ပါး စောဒနာခြင်းအကြောင်း ၃ ပါး၊ စောဒနာခြင်း ၃ မျိုးတို့နှင့် တူသည်။

စောဒနာဝတ္ထု ၄ မျိုး စောဒနာခြင်း၏ အကြောင်း ၄ မျိုးနှင့် တူသည်။

စိုးရိမ်ပူပန်ရကြောင်း ၂ မျိုး ၁။ မိမိချစ်မြတ်နိုးသူ ပျက်စီးဆုံးရှုံးခြင်း၊ ၂။ မိမိချစ်ခင်နှစ်သက်သော အရာကို တောင်းတ၍ မရခြင်း။ (ဇာ၊ဋ္ဌ၊၃။၃၂၄။)

စက္ကဝါက်ငှက်၏ အင်္ဂါ ၃ ပါး ၁။ စက္ကဝါက်ငှက်သည် သက်ဆုံးတိုင်အောင် အဖော်ကို မစွန့်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အသက်ဆုံးသည်တိုင်အောင် အသင့်အားဖြင့် နှလုံးသွင်းမှု ယောနိသော မနသိကာရကို မစွန့်ခြင်း)၊ ၂။ စက္ကဝါက်ငှက်သည် မှော်သေးမှော်ညှင်းကိုသာ စားလျက် ရောင့်ရဲခြင်းကြောင့် အားအင်နှင့်အဆင်းမှ မဆုတ်ယုတ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရရသမျှဖြင့် ရောင့်ရဲလျက် ကမ္မဋ္ဌာန်းအလုပ် အားထုတ်သဖြင့် သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏ်အမြင်မှ မဆုတ်ယုတ်ခြင်း, ကုသိုလ်တရားတို့မှလည်း မဆုတ်ယုတ်ခြင်း)၊ ၃။ စက္ကဝါက်ငှက်သည် သတ္တဝါတို့အား မညှဉ်းဆဲခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သတ္တဝါတို့၌ တုတ် ဓားလက်နက်ကို ချထားအပ်သည်ဖြစ်၍ သတ္တဝါတို့၏ အစီးအပွားကို စောင့်ရှောက်ခြင်း)။ (မိလိန္ဒ။၃၈၆။) (မိလိန္ဒ၊မြန်။၄၀၈။)

စက္ခာယတနစသည် စက္ခုသမ္မဿစသည်အား ကျေးဇူးပြုတတ်သော ပစ္စည်း ၆ မျိုး ၁။ နိဿယပစ္စည်း၊ ၂။ ပုရေဇာတပစ္စည်း၊ ၃။ ဣန္ဒြိယပစ္စည်း၊ ၄။ ဝိပ္ပယုတ္တပစ္စည်း၊ ၅။ အတ္ထိပစ္စည်း၊ ၆။ အဝိဂတပစ္စည်း။ (အဘိ၊ဋ္ဌ၊၂။၁၆၉။)

စက္ခု ၂ မျိုး ၁။ ဒိဗ္ဗစက္ခု– နတ်တို့၏ မျက်စိ၊ ၂။ ပညာစက္ခု– ပညာမျက်စိ။ (ယမက၊၁။၇၅–၇၆။) (ယမက၊၁။၇၈။) (ယမက၊၁၊၁၉၈။)

စက္ခု ၂ မျိုး ၁။ မံသစက္ခု– ပသာဒရုပ်, အသားမျက်စိ၊ ၂။ ပညာစက္ခု– ဉာဏ်မျက်စိ။ (သံ၊ဋ္ဌ၊၂။၂၉၆။) (သံ၊ဋ္ဌ၊၃။၁။) (အဘိ၊ဋ္ဌ၊၁။၃၄၄။) (ပဋိသံ၊ဋ္ဌ၊၁။၇၃။) (ဗုဒ္ဓဝံ၊ဋ္ဌ။၄၉။) (သာရတ္ထ၊ဋီ၊၃။၂၀၉။)

http://www.dhammadownload.com

စက္ခု ၃ မျိုး ၁။ ဗုဒ္ဓစက္ခု– ဣန္ဒြိယပရောပရိယတ္တဉာဏ်, အာသယာနုသယဉာဏ်၊ ၂။ သမန္တစက္ခု– သဗ္ဗညုတဉာဏ်၊ ၃။ ဓမ္မစက္ခု– အောက် မဂ်ဉာဏ် (၃) ပါး။ (သံ၊၆၊၁။၁၈၃။)

စက္ခု ၃ မျိုး ၁။ မံသစက္ခု၊ ၂။ ဒိဗ္ဗစက္ခု၊ ၃။ ပညာစက္ခု။ (ဒီ၊၃။၁၈၃။) (ခုဒ္ဒက။၂၃၁။) (ဒီ၊မြန်၊ ၃။၂၀၄။(အဘိ၊က။၁၉၁။) (အဘိ၊က၊မြန်၊၁။၃၂၈။) (ခုဒ္ဒက၊မြန်။၂၁၅။)

စက္ခု ၅ မျိုး ၁။ မံသစက္ခု (ပကတိမျက်စိ)။ ၂။ ဒိဗ္ဗစက္ခု (နတ်မျက်စိ)၊ ၃။ ပညာစက္ခု (ပညာမျက်စိ)၊ ၄။ ဗုဒ္ဓစက္ခု (ဘုရားမျက်စိ)၊ ၅။ သမန္တစက္ခု (သဗ္ဗညုတဉာဏ်မျက်စိ)။ (မဟာနိ။၃၅၆။) (စူဠနိ။ ၁၇၃။) (စူဠနိ။၁၉၉။) (သုတ္တနိ၊၆။၃၈။)

စက္ခု ၅ မျိုး (တစ်နည်း) ၁။ ဗုဒ္ဓစက္ခု– ဘုရားရှင်တို့၏ ဉာဏ်အမြင်၊ ၂။ ဓမ္မစက္ခု– သတ္တ, ဇီဝမဖက် သက်သက်သော သစ္စာ ၄ ပါး တရားကို သိမြင် ထင်စွာပြုတတ်သော မျက်စိ(ဉာဏ်)၊ ၃။ ဒိဗ္ဗ စက္ခု– နတ်တို့၏ မျက်စိ၊ ၄။ ပညာစက္ခု– ပညာမျက်စိ၊ ၅။ သမန္တ စက္ခု– ထက်ဝန်းကျင်ကို မြင်စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်။ (ကထိဝတ်၊၆။၁၅၉။)

စက္ခုဝိညေယျရူပ ၂ မျိုး ၁။ သေဝိတဗ္ဗ စက္ခုဝိညေယျရူပ– ဤစက္ခုဝိညာဉ်ဖြင့် သိအပ်သော ရူပါရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ ယုတ်လျော့၍ ကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော စက္ခုဝိညေယျရူပ၊ ၂။ အသေဝိတဗ္ဗ စက္ခုဝိညေယျရူပ– ဤစက္ခုဝိညာဉ်ဖြင့် သိအပ်သော ရူပါရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော စက္ခုဝိညေယျရူပ။ (ဒီ၊၂။၂၂၄။) (ဒီ၊မြန်၊၂။၂၅၂။)

စက္ခုဝိညာဏ် ၂ မျိုး ၁။ ကုသိုလ်ဝိပါက် စက္ခုဝိညာဏ်၊ ၂။ အကုသိုလ်ဝိပါက် စက္ခုဝိညာဏ် (သောတ စသည်လည်း နည်းတူ)။ (အဘိ၊၆၊၂။၁၄၃။)

စက္ခုသမ္ဗဿသစသည်က စက္ခုသမ္ဗဿဇာဝေဒနာ စသည်အား ကျေးဇူးပြုတတ်သော ပစ္စည်း ၈ မျိုး ၁။ သဟဇာတပစ္စည်း၊ ၂။ အညမညပစ္စည်း၊ ၃။ နိဿယပစ္စည်း၊ ၄။ ဝိပါကပစ္စည်း၊ ၅။ အာဟာရ ပစ္စည်း၊ ၆။ သမ္ပယုတ္တပစ္စည်း၊ ၇။ အတ္ထိပစ္စည်း၊ ၈။ အဝိဂတပစ္စည်း။ (အဘိ၊၆၊ ၂။၁၇၀။)

စက် ၄ မျိုး ကျေးဇူးများသော ဗဟုကာရတရား ၄ ပါးနှင့် တူသည်။

စက် ၄ မျိုး ၁။ ပတိရူပဒေသဝါသစက်– သင့်လျော်သောအရပ်၌ နေရခြင်း၊ ၂။ သပ္ပုရိသူပနိဿယ စက်–သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်ရခြင်း၊ ၃။ အတ္တသမ္မာပဏိဓိစက်– ကိုယ် စိတ်ကို ကောင်းစွာထားခြင်း, သဒ္ဓါတရားစသည်တို့၌ တည်စေခြင်း။ ၄။ ပုဗ္ဗေကတပုညတာစက်– ရှေး၌ ပြုအပ်ခဲ့သော ကောင်းမှုရှိခြင်း။ (ပေဋကော။၂၅၄။)

စက်၅ မျိုး ၁။ ဒါရုစက္က– သစ်သားဖြင့် ပြုအပ်သော စက်၊ ၂။ ရတနစက္က– စကြာရတနာ၊ ၃။ ဓမ္မစက္က– ဓမ္မစကြာတရား၊ ၄။ ဣရိယာပထစက္က– ဣရိယာပုထ် (၄) ပါးဟူသော စက်၊ ၅။ သမ္မတ္တိ စက္က– ပြည့်စုံမှုဟူသော စက်။ **မှတ်ချက်။** ။ ဤ၌**စက်**ဟူသည် ဘီးကို ဆိုလိုသည်၊ မီးစက် စသည်ကဲ့သို့သော စက်မျိုး မဟုတ်) ။ (ဒီ၊ ၄။ ၃။၂၄၃။) (ပဋိသံ၊ ၄။ ၁။၂၇၂။) (အံ၊ ၌၊ ၂။၂၈၀။)

စိုက်ပျိုးခြင်း ၂ မျိုး ၁။ ကလလဝပ– ရွံ့ညွန်၌ စိုက်ပျိုးခြင်း၊ ၂။ ပံသုဝပ– မြေကြီး၌ စိုက်ပျိုးခြင်း။ (သံ၊၆၊၁။၂၂၂။)

http://www.dhammadownload.com

စိုက်ပျိုးသင့်သော လယ်မြေ ၈ မျိုး ၁။ အမြင့်အနိမ့် မရှိသော လယ်မြေ၊ ၂။ ကျောက်ခဲ ကျောက်စရစ် မရှိသော လယ်မြေ၊ ၃။ ဆပ်ပြာမပေါက်သော လယ်မြေ၊ ၄။ ထွန်ကြောင်း နက်သော လယ်မြေ၊ ၅။ ရေဝင်ပေါက်နှင့် ပြည့်စုံသော လယ်မြေ၊ ၆။ ရေထုတ်ပေါက်နှင့် ပြည့်စုံသော လယ်မြေ၊ ၇။ ရေမြောင်းနှင့် ပြည့်စုံသော လယ်မြေ၊ ၈။ ကန်သင်းနှင့် ပြည့်စုံသော လယ်မြေ။ (အံ၊၃။၆၉။) (အံ၊မြန်၊၃။၇၁။)

စင်ကြယ်ခြင်း ၂ မျိုး ၁။ အကျင့်သီလ၏ စင်ကြယ်ခြင်း သီလဝိသုဒ္ဓိ၊ ၂။ ဉာဏ်အမြင် အယူ၏ စင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိ။ (အံ၊၁။၉၄။) (အံ၊မြန်၊၁။၁၁၀။)

စင်ကြယ်ခြင်း ၃ မျိုး ၁။ ကိုယ်၏ စင်ကြယ်ခြင်း၊ ၂။ နှုတ်၏ စင်ကြယ်ခြင်း၊ ၃။ စိတ်၏ စင်ကြယ်ခြင်း။ (ဒီ၊၃။၁၈၄။) (ဒီ၊မြန်၊၃။၂၀၄။) (အံ၊၁။၂၇၅။) (အံ၊မြန်၊၁။၂၉၃။)

စင်ကြယ်ခြင်း ၄ မျိုး ၁။ ဒေသနာသုဒ္ဓိ– ဒေသနာပြောကြားခြင်းကြောင့် ပါတိမောက္ခသံဝရသီလ၏ စင်ကြယ်ခြင်း၊ ၂။ သံဝရသုဒ္ဓိ– နောင်မပြုလုပ်တော့ဟု စောင့်စည်းခြင်းကြောင့် ကျန်ဖြစ်ယသံဝရ သီလ၏ စင်ကြယ်ခြင်း၊ ၃။ ပရိယေဋ္ဌိသုဒ္ဓိ– တရားသဖြင့် ပစ္စည်းလေးပါးတို့ကို ရှာမှီးခြင်းကြောင့် အာဇီဝပါရိသုဒ္ဓိသီလ၏ စင်ကြယ်ခြင်း၊ ၄။ ပစ္စဝေက္ခဏာသုဒ္ဓိ– ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲသောကြောင့် ပစ္စယပရိဘောဂသန္နိဿိတသီလ၏ စင်ကြယ်ခြင်း။ (ဝိ၊၆၊၂၅၂–၂၇၃။) (ဝိသုဒ္ဓိ၊၁။၄၁။)

စင်ကြယ်ခြင်း ၅ မျိုး ၁။ နိဒါန်းကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားခြင်း၊ ၂။ နိဒါန်းနှင့် ပါရာဇိက လေးပါးကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားခြင်း၊ ၃။ နိဒါန်း ပါရာဇိက လေးပါးနှင့် သံဃာဒိသိသ် တစ်ဆယ့်သုံးပါးကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားခြင်း၊ ၄။ နိဒါန်း ပါရာဇိကလေးပါး သံဃာဒိသိသ် တစ်ဆယ့်သုံးပါးနှင့် အနိယတနှစ်ပါးတို့ကို ပြပြီး၍ အကြွင်းကို သုတသဒ္ဒါဖြင့် ကြားခြင်း၊ ၅။ ပါတိမောက်ကို အကျယ်ပြခြင်း။ (ဝိ၊၅။၃၂၈။) (ဝိ၊မြန်၊၅။၄၂၉။)

စောင့်စည်းခြင်း ၅ မျိုး ၁။ သီလကို စောင့်စည်းခြင်း၊ ၂။ သတိကို စောင့်စည်းခြင်း၊ ၃။ ဉာဏ် ဟူသော စောင့်စည်းခြင်း၊ ၄။ သည်းခံမှုကို စောင့်စည်းခြင်း၊ ၅။ အားထုတ်မှုကို စောင့်စည်းခြင်း။ (သာရတ္ထ၊ဋီ၊၂။၂၉။)

စောင်းတန်း ၃ မျိုး (ဘုရားရှင် နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော်မူရန် သိကြားမင်းက ဝိသုကြံနတ်သားကို ပြုလုပ်ဖန်ဆင်းစေသော စောင်းတန်း ၃ မျိုး) ၁။ အလယ်၌ ပတ္တမြား အုန်လေခါး၊ ၂။ ဘေးတစ်ဖက်၌ ငွေအုန်လေခါး၊ ၃။ ဘေးတစ်ဖက်၌ ရွှေအုန်လေခါး။ (ဇာ၊၆။၄။၂၆၆။)

စစ်ဆင်နည်း ၃ မျိုး ၁။ သကဋဗျူဟာ– ပဒုမာကြာကဲ့သို့ စစ်ဆင်ခြင်း၊ ၂။ စက္ကဗျူဟာ– စက်ဝန်းကဲ့သို့ စစ်ဆင်ခြင်း၊ ၃။ ပဒုမဗျူဟာ– လှည်းဦးသဏ္ဌာန်ကဲ့သို့ စစ်ဆင်ခြင်း။ (ဇာ၊၆။၂။၃၆၃။) (ဇာ၊၆။၄။၃၄၃။)

http://www.dhammadownload.com

စစ်တိုက်၍မရသော မြို့ ၂ မြို့ ၁။ ဒေဝနဂရ- နတ်မြို့၊ ၂။ အသုရနဂရ- အသုရာမြို့။ (သံ၊၌၊ ၁။၃၁၀။)

စစ်တပ် ၄ မျိုး ၁။ ဆင်တပ်၊ ၂။ မြင်းတပ်၊ ၃။ ရထားတပ်၊ ၄။ ခြေလျင်တပ်။ (ဝိ၊၂။၁၄၀။) (ဝိ၊၂။၁၄၃။) (ဝိ၊မြန်၊၂။၁၅၈၊၁၆၁။) (ဝိ၊မြန်၊၂။၁၅၈၊၁၆၁။)

စစ်တပ်အင်္ဂါ ၄ ပါး ၁။ ဆင်တစ်စီး၌ လက်နက်ကိုင်စစ်သား ဆယ့်နှစ်ယောက် ရှိခြင်း၊ ၂။ မြင်းတစ်စီး၌ လက်နက်ကိုင်စစ်သား သုံးယောက် ရှိခြင်း၊ ၃။ ရထားတစ်စီး၌ လက်နက်ကိုင် စစ်သား လေးယောက် ရှိခြင်း၊ ၄။ ခြေလျင်တပ်သား လေးယောက် ဖြစ်ခြင်း။ (ဝိ၊၌၊၃၂၅။)

စစ်အင်္ဂါ ၄ ပါး ၁။ ဆင်တပ်၊ ၂။ မြင်းတပ်၊ ၃။ ရထားတပ်၊ ၄။ ခြေလျင်တပ်။ **မှတ်ချက်။ ။** ကောသ-သဒ္ဒါသည် သန်လျက်အိမ်ဟူသော အနက်ကို ဟောအံ့၊ သန်လျက်အိမ်သည် သန်လျက်၏ ထက်သည်၏အဖြစ်ကို ရွက်ဆောင်သကဲ့သို့၊ စစ်အင်္ဂါ ၄ ပါးလည်း မင်း၏ တန်ခိုးကို ထက်မြက်အောင် ဆောင်ရွက်တတ်သောကြောင့် သန်လျက်အိမ်နှင့် တူ၏၊ ထို့ကြောင့် စစ်အင်္ဂါ ၄ ပါးကို ကောသ-ဟု ခေါ်ဆို၏။ (ဒီ၊၌၊၁။၂၆၄။) (အံ၊၌၊၃။၊၆၄။) (သာရတ္ထ၊ဋီ၊၃။၃၅၀။) (ဒီ၊၌၊မြန်၊၁။၅၁၄။)

စည်းစိမ် ၃ မျိုး ၁။ လူ့စည်းစိမ်၊ ၂။ နတ်စည်းစိမ်၊ ၃။ နိဗ္ဗာန်စည်းစိမ်။ (ဓမ္မ၊၌၊၂။၁၁၉။)

စည်းစိမ်ပျက်ကြောင်း ၆ ပါး ၁။ သေအရုက် သောက်လေ့ရှိခြင်း၊ ၂။ အခါမဲ့ ခရီးသွားလာလေ့ ရှိခြင်း၊ ၃။ ပွဲသဘင် ကြည့်ရှုလေ့ရှိခြင်း၊ ၄။ လောင်းကစားလေ့ရှိခြင်း၊ ၅။ မကောင်းသော အဆွေခင်ပွန်းတို့နှင့် ပေါင်းသင်းလေ့ရှိခြင်း၊ ၆။ ပျင်းရိလေ့ရှိခြင်း။ (ဒီ၊၃။၁၄၈။) (ဒီ၊မြန်၊၃။၁၆၅။)

စည်းစိမ်ရကြောင်း ၅ ပါး ၁။ လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျအောင် တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် မိမိကိုယ်ကို ချမ်းသာ စေခြင်း၊ မိဘတို့ကို ချမ်းသာစေခြင်း၊ သားမယား ကျွန်အမှုလုပ်တို့အား ချမ်းသာစေခြင်း၊ ၂။ လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျအောင် တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ကို ချမ်းသာ စေခြင်း၊ ၃။ လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျအောင် တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် မီး၊ ရေ၊ မင်း၊ ခိုးသူ မချစ်မနှစ်သက်အပ်သော အမွေခံဆိုးတို့ကြောင့် ဖြစ်ပေါ်လာသော ဘေးရန်တို့ကို ပိတ်ဆို့၍ မိမိကိုယ်ကို ချမ်းသာ စေခြင်း၊ ၄။ လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျအောင် တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ဖြင့် ဆွေမျိုးတို့အား ပူဇော်ခြင်း၊ ဧည့်သည်တို့အား ပူဇော်ခြင်း၊ ရှေးက သေပြီးသော ဆွေမျိုးတို့အား ပူဇော်ခြင်း၊ မင်းအား ပူဇော်ခြင်း၊ နတ်တို့အား ပူဇော်ခြင်းဟူသော ငါးပါးသော ပူဇော်ခြင်းကို ပြုလုပ်ခြင်း၊ ၅။ လက်ရုံးအားကိုး ဆည်းပူး၍ ချွေးဒီးဒီးကျအောင် တရားသဖြင့် ရအပ်ကုန်သော ထကြွလုံ့လဖြင့် ရအပ် ကုန်သော စည်းစိမ်တို့ဖြင့် ငြိမ်းအေးကုန်သော သမဏ ဗြာဟ္မဏတို့၌ မြတ်သော အလှူကို ဖြစ်စေ၏။ (အံ၊၂။၃၈။) (အံ၊မြန်၊၂။၄၉။)

http://www.dhammadownload.com

စည်းစိမ်ဥစ္စာ ကြာမြင့်စွာ တည်ကြောင်း ၄ မျိုး ၁။ ပျောက်သော ပစ္စည်းကို ရှာခြင်း၊ ၂။ ဆွေးမြေ့ဟောင်းနွမ်းသော ပစ္စည်းကို ထပ်မံ၍ ပြုပြင်ခြင်း၊ ၃။ အတိုင်းအရှည်သိသဖြင့် စားသောက်ခြင်း၊ ၄။ အကျင့်သီလရှိသူကို အကြီးအမှူး ဘဏ္ဍာစိုးအရာ၌ ထားခြင်း။ (အံ၊၁။၅၇၂။) (အံ၊မြန်၊၁။၅၈၆။)

စည်းစိမ်ဥစ္စာ ကြာမြင့်စွာ မတည်ကြောင်း ၄ မျိုး ၁။ ပျောက်သော ပစ္စည်းကို မရှာခြင်း၊ ၂။ ဆွေးမြေ့ဟောင်းနွမ်းသော ပစ္စည်းကို မပြုပြင်ခြင်း၊ ၃။ အတိုင်းအရှည်မရှိ စားသောက်ခြင်း၊ ၄။ သီလမရှိသူကို အကြီးအမှူးဘဏ္ဍာစိုးအရာ၌ ထားခြင်း။ (အံ၊၁။၅၇၂။) (အံ၊မြန်၊၁။၅၈၆။)

စည်းစိမ်ဥစ္စာတို့၏ အကျိုး ၅ ပါး ၁။ စည်းစိမ်ဥစ္စာတို့ကို အမှီပြု၍ မိမိကိုယ်ကို ချမ်းသာနှစ်သက်စေခြင်း၊ ၂။ စည်းစိမ်ဥစ္စာတို့ကို အမှီပြု၍ အမိအဖတို့ကို ချမ်းသာ နှစ်သက်စေခြင်း၊ ၃။ စည်းစိမ်ဥစ္စာတို့ကို အမှီပြု၍ သားမယားနှင့် ကျွန်အလုပ်သမားတို့ကို ချမ်းသာ နှစ်သက်စေခြင်း၊ ၄။ စည်းစိမ်ဥစ္စာတို့ကို အမှီပြု၍ မိတ်ဆွေခင်ပွန်းတို့ကို ချမ်းသာ နှစ်သက်စေခြင်း၊ ၅။ စည်းစိမ်ဥစ္စာတို့ကို အမှီပြု၍ သမဏဗြာဟ္မဏတို့၌ အလှူကို ဖြစ်စေလျက် နတ်ပြည် နတ်ရွာသို့ ရောက်စေနိုင်ခြင်း။ (အံ၊၂။၂၂၆။) (အံ၊မြန်၊၂။၂၈၈။)

စည်းစိမ်ဥစ္စာတို့၏ အပြစ် ၅ ပါး ၁။ မီးနှင့် ဆက်ဆံခြင်း၊ ၂။ ရေနှင့် ဆက်ဆံခြင်း၊ ၃။ မင်းနှင့် ဆက်ဆံခြင်း၊ ၄။ ခိုးသူနှင့် ဆက်ဆံခြင်း၊ ၅။ အမွေခံဆိုးနှင့် ဆက်ဆံခြင်း။ (အံ၊၂။၂၂၆။) (အံ၊မြန်၊၂။ ၂၈၇-၂၈၈။)

စည်းစိမ်ဥစ္စာ တိုးပွားကြောင်း ၄ ပါး ၁။ မိန်းမ မလိုက်စားခြင်း၊ ၂။ သေသောက် မကြူးခြင်း၊ ၃။ အလောင်းအစား မကြူးခြင်း၊ ၄။ ကောင်းသော အဆွေခင်ပွန်း ရှိခြင်း။ (အံ၊၃။၁၀၉၊၁၁၂။) (အံ၊မြန်၊၃။၁၀၈၊၁၁၂။)

စည်းစိမ်ဥစ္စာ ပျက်စီးကြောင်း ၄ ပါး ၁။ မိန်းမလိုက်စားခြင်း၊ ၂။ သေသောက်ကြူးခြင်း၊ ၃။ အလောင်းအစားကြူးခြင်း၊ ၄။ ယုတ်မာသော အဆွေခင်ပွန်း ရှိခြင်း။ (အံ၊၃။၁၀၉။) (အံ၊၃။၁၁၂။) (အံ၊မြန်၊၃။ ၁၀၈၊၁၁၂။) (အံ၊မြန်၊၃။၁၀၈၊၁၁၂။)

စဏ္ဍာလဥပါသကာ၏ အင်္ဂါ ၅ ပါး ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ သီလ မရှိခြင်း၊ ၃။ အထူးအဆန်းဖြစ်သော မြင်မှု ကြားမှု တွေ့ထိမှုတို့ကို မင်္ဂလာဟု အယူရှိခြင်း၊ ၄။ ဒိဋ္ဌသုတမုတမင်္ဂလာတို့ကို ယုံကြည်၍ ကဲ့ကို မယုံကြည်ခြင်း၊ ၅။ ဘုရားရှင်၏ သာသနာတော်မှ အပဖြစ်သော အလှူခံပုဂ္ဂိုလ်ကို ရှာမှီး၍ ဒါန စသည် ပြုလုပ်ခြင်း။ (အံ၊၅၊၂။၂၂။)

စိတ် ၄ မျိုး ၁။ ကာမာဝစရစိတ် ငါးဆယ့်လေးပါးသည် ကာမာဝစရမန၊ ၂။ ရူပါဝစရစိတ် တစ်ဆယ့်ငါးပါးသည် ရူပါဝစရမန၊ ၃။ အရူပါဝစရစိတ်တစ်ဆယ့်နှစ်ပါးသည် အရူပဝစရ မန၊ ၄။ လောကုတ္တရာစိတ်ရှစ်ပါးသည် လောကုတ္တရမန။ (အဘိ၊၄၊၁။၁၂၉။)(အံ၊ဋီ၊၁။၅၈။)

စိတ် ၆ မျိုး (မတုန်လှုပ်သော စိတ် ၆ မျိုး) ၁။ သဒ္ဓါသိမ်းဆည်းအပ်သော စိတ်သည် မယုံကြည်ခြင်းကြောင့် မတုန်လှုပ်၊ ၂။ ဝီရိယသိမ်းဆည်းအပ်သော စိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊ ၃။ သတိသိမ်းဆည်းအပ်သော စိတ်သည် မေ့လျော့ခြင်းကြောင့် မတုန်လှုပ်၊ ၄။ သမာဓိသိမ်းဆည်းအပ်သော စိတ်သည် ပျံ့လွင့်ခြင်းကြောင့် မတုန်လှုပ်၊ ၅။ ပညာ သိမ်းဆည်းအပ်သော

http://www.dhammadownload.com

စိတ်သည် အဝိဇ္ဇာကြောင့် မတုန်လှုပ်၊ ၆။ ဉာဏ်အလင်းသို့ရောက်သော စိတ်သည် ကိလေသာ အမိုက်ကြောင့် မတုန်လှုပ်။ (နေတ္တိ၊ဋ္ဌ။၁၄၉။)

စိတ် ၇ မျိုး ၁။ စက္ခုဝိညာဏ်– မြင်သိစိတ်၊ ၂။ သောတဝိညာဏ်– ကြားသိစိတ်၊ ၃။ ဃာနဝိညာဏ်– နံသိစိတ်၊ ၄။ ဇိဝှါဝိညာဏ်– လျက်သိစိတ်၊ ၅။ ကာယဝိညာဏ်– ထိသိစိတ်၊ ၆။ မနောဓာတ်– သိကာမျှမတ္တသဘော၊ ၇။မနောဝိညာဏ– အထူးသိမှုသဘော။ (အဘိ၊ဝိ။၄၁၇။) (အဘိ၊ဝိ။၄၁၉။) (အဘိ၊ဝိ၊မြန်၊၂။၅၂၇။) (အဘိ၊ဝိ၊မြန်၊၂။၅၂၇။)

စိတ် ၇ မျိုး (တစ်နည်း) ၁။ ပုထုဇဉ်စိတ်၊ ၂။ သောတာပန်စိတ်၊ ၃။ သကဒါဂါမ်စိတ်၊ ၄။ အနာဂါမ်စိတ်၊ ၅။ ရဟန္တာစိတ်၊ ၆။ ပစ္စေကဗုဒ္ဓါစိတ်၊ ၇။ သမ္မာညာဘုရားရှင်စိတ်။ (မိလိန္ဒ။ ၁၀၉။) (မိလိန္ဒ၊မြန်။၁၁၈။)

စိတ် ၈၉ ပါး ၁။ အကုသိုလ်စိတ် ၁၂ ပါး၊ ၂။ ကုသိုလ်စိတ် ၂၁–ပါး၊ ၃။ ဝိပါက်စိတ် ၃၆ ပါး၊ ၄။ ကြိယာစိတ် ၂၀ ပါး ပေါင်း ၈၉ ပါး။ (ဝိသုဒ္ဓိ၊၂။၈၇။)

စိတ် ၈၉ ပါး (တစ်နည်း) ၁။ ကာမာဝစရကုသိုလ် ၈ ပါး၊ ၂။ အကုသိုလ် ၁၂ ပါး၊ ၃။ ကုသိုလ် ဝိပါက် ၁၆ ပါး၊ ၄။ အကုသိုလ်ဝိပါက် ၇ ပါး၊ ၅။ ကိရိယာ ၁၁ ပါး၊ ၆။ ရူပါဝစရကုသိုလ် ၅ ပါး၊ ၇။ ရူပါဝစရဝိပါက် ၅ ပါး၊ ၈။ ရူပါဝစရကြိယာ ၅ ပါး၊ ၉။ အရူပါဝစရကုသိုလ် ၄ ပါး၊ ၁၀။ အရူပါဝစရဝိပါက် ၄ ပါး၊ ၁၁။ အရူပါဝစရကြိယာ ၄ ပါး၊ ၁၂။ လောကုတ္တရာကုသိုလ် ၄ ပါး၊ ၁၃။ လောကုတ္တရာဝိပါက် ၄ ပါး (ပေါင်း ၈၉ ပါး။) ။ (အဘိ၊ဋ္ဌ၊၁။ဖ။)

စိတ်ကို ဆုံးမပုံ ၁၄ မျိုး (မိမိကိုယ်ကို ပုံသဏ္ဌာန်အမျိုးမျိုး စီမံဖန်ဆင်းလိုသော ပုဂ္ဂိုလ်သည် စိတ်ကို ဆုံးမပုံ ၁၄ မျိုး) ၁။ ရှေ့ကသိုဏ်းရှစ်ပါးတို့၌ သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေ၍ ကသိုဏ်းအနုလုံအားဖြင့်လည်းကောင်း၊ ၂။ ကသိုဏ်းပဋိလုံအားဖြင့်လည်းကောင်း၊ ၃။ ကသိုဏ်းအနုလုံပဋိလုံအားဖြင့်လည်းကောင်း၊ ၄။ ဈာန်အနုလုံအားဖြင့်လည်းကောင်း၊ ၅။ ဈာန်ပဋိလုံအားဖြင့်လည်းကောင်း၊ ၆။ ဈာန်အနုလုံ ပဋိလုံအားဖြင့်လည်းကောင်း၊ ၇။ ဈာန်ကို ခုန်ကျော်ခြင်းအားဖြင့်လည်းကောင်း၊ ၈။ ကသိုဏ်းကို ခုန်ကျော်ခြင်းအားဖြင့် လည်းကောင်း၊ ၉။ ဈာန်ကသိုဏ်းကို ခုန်ကျော်ခြင်းအားဖြင့်လည်းကောင်း၊ ၁၀။ ဈာန် အင်္ဂါကို ပြောင်းရွေ့ခြင်းအားဖြင့်လည်းကောင်း၊ ၁၁။ ဈာန်အာရုံကို ပြောင်းရွေ့ခြင်းအားဖြင့်လည်းကောင်း၊ ၁၂။ အင်္ဂါ, အာရုံတို့ကို ပြောင်းရွေ့ခြင်းအားဖြင့် လည်းကောင်း၊ ၁၃။ ဈာန်အင်္ဂါကို ပိုင်းခြားသတ်မှတ်ခြင်းအားဖြင့်လည်းကောင်း၊ ၁၄။ အာရုံကို ပိုင်းခြားသတ်မှတ်ခြင်းအားဖြင့်လည်းကောင်း။ (အဘိ၊ဋ္ဌ၊၁။၂၃၂။)

စိတ်ကို ဖောက်ပြန် မှားယွင်းစွာ နှောင်ဖွဲ့ ဆုပ်ကိုင်ထားတတ်သော တရား ၅ မျိုး ၁။ ကာမဂုဏ်၌ တပ်ခြင်း မကင်းခြင်း၊ ၂။ ကိုယ်၌ တပ်ခြင်း မကင်းခြင်း၊ ၃။ ရုပ်၌ တပ်ခြင်း မကင်းခြင်း၊ ၄။ အလိုရှိတိုင်း ဝမ်းပြည့်အောင် စား၍ အိပ်ခြင်းစသော ချမ်းသာကို အားထုတ်မှု ပြုလျက် နေခြင်း၊ ၅။ နတ်ပြည်စသော တစ်စုံတစ်ခုသော စည်းစိမ်ကို တောင့်တကာ မြတ်သော အကျင့်ကို ကျင့်ခြင်း။ (သာရတ္ထ၊ဋီ၊၁။၃၀၈။)

http://www.dhammadownload.com

စိတ်ကို နှောင်ဖွဲ့တတ်သော တရား ၅ ပါး ၁။ ကာမဂုဏ်တို့၌ လိုချင်တပ်မက် စွဲလမ်း မွတ်သိပ်မှု, ချစ်ခင်တွယ်တာမှု မကင်းခြင်း၊ ၂။ ကိုယ်ခန္ဓာ၌ လိုချင်တပ်မက် စွဲလမ်း မွတ်သိပ်မှု, ချစ်ခင်တွယ်တာမှု မကင်းခြင်း၊ ၃။ ရုပ်၌ လိုချင်တပ်မက် စွဲလမ်းမွတ်သိပ်မှု, ချစ်ခင် တွယ်တာမှု မကင်းခြင်း၊ ၄။ အလိုရှိတိုင်း ဝမ်းပြည့်အောင် စား၍ အိပ်မှု လဲလျောင်းမှု ဝိုက်မျည်းမှုတို့၌ ချမ်းသာကို လုံ့လပြု၍ နေခြင်း၊၅။ တန်ခိုးကြီးသော နတ်အသင်းအပင်း တစ်မျိုးမျိုးကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်ခြင်း။ (မ၊၁။၁၄ဖ။) (အံ၊၂။၂၁၈။) (အံ၊၃။၂၅၂။) (အဘိ၊၀။၃၉၂။) (ဒီ၊မြန်၊၃။၂၂၁-၂၂၂။) (မ၊မြန်၊၁။၁၅၂။) (အံ၊မြန်၊၂။၂၇၄။) (အံ၊မြန်၊၃။၂၅၂။) (အဘိ၊၀၊မြန်၊၂။၄၉၆။) (ဒီ၊၃၊၁၉၈-၁၉၉)

စိတ်ကို မိမိအလိုဌ် ဖြစ်စေနိုင်သော တရား ၇ ပါး ၁။ သမာဓိ၌ ကျွမ်းကျင်ခြင်း၊ ၂။ သမာဓိကို ဝင်စားမှု၌ ကျွမ်းကျင်ခြင်း၊ ၃။ သမာဓိ၏ တည်မှု၌ ကျွမ်းကျင်ခြင်း၊ ၅။ သမာဓိ၏ ကောင်းမွန်မှု၌ ကျွမ်းကျင်ခြင်း၊ ၆။ သမာဓိ၏ ကျက်စားရာ အာရုံ၌ ကျွမ်းကျင်ခြင်း၊ ၇။ သမာဓိကို အာရုံသို့ ရှေးရှုဆောင်မှု၌ ကျွမ်းကျင်ခြင်း။ (အံ၊၂။၄၂၃။) (အံ၊မြန်၊၂။၅၅၃။)

စိတ်ကြောင့်ဖြစ်သော ရုပ် ၂ မျိုး ၁။ ကာယဝိညတ်ရုပ်၊ ၂။ ဝစီဝိညတ်ရုပ်။ (မ၊ဋီ၊၂။၁၉၅။)

စိတ်ချောက်ချားခြင်း ၄ မျိုး ၁။ ပဋိသန္ဓေနေခြင်း, အိုခြင်း စသည်ကို စွဲမှီ၍ စိတ်ချောက်ချားခြင်း (တာသတဿနာ)၊ ၂။ အခြားသတ္တဝါတို့သည် ဤဖြဟ္မာဘုံသို့ ရောက်လာကုန်လျှင် သြော် ကောင်းလေစွဟု တဏှာကို စွဲမှီ၍ စိတ်ချောက်ချားခြင်း (တဏှာတဿနာ)၊ ၃။ တောင့်တတတ်သော ဒိဋ္ဌိတဏှာဖြင့် စိတ်တုန်လှုပ် ချောက်ချားခြင်း (ဒိဋ္ဌိတဿနာ)၊ ၄။ အသက်ရှည် ကုန်သောနတ်တို့သော်မှလည်း ဘုရား၏ တရားကို နာရ၍ များသောအားဖြင့် ကြောက်တတ်သော ဘယညဏ်စသည်သို့ ရောက်ကုန်၏ စသဖြင့် ဉာဏ်ကို စွဲမှီ၍ စိတ်ချောက်ချားခြင်း (ဉာဏတဿနာ)။ (ဒီ၊၁၊၁။၁၀၂။) (ဒီ၊၁၊မြန်၊၁။၁၉၉။)

စိတ်ညစ်ညူးကြောင်း တရား ၁၇ ပါး ၁။ အဘိဇ္ဈာ- သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာကို ရလို၍ ရှေးရှုကြံစည်ခြင်း၊ ၂။ ဝိသမလောဘ- သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာများကို မတရား ရယူလိုခြင်း၊ ၃။ ဗျာပါဒ- သူတစ်ပါးတို့ကို ပျက်စီးစေလိုခြင်း၊ ၄။ ကောဓ- အမျက်ထွက်ခြင်း၊ ၅။ ဥပနာဟ- ရန်ငြိုးဖွဲ့ခြင်း၊ ၆။ မက္ခ- သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ ၇။ ပဠာသ-ဂုဏ်တု ဂုဏ်ပြိုင် ပြုလုပ်ခြင်း၊ ၈။ ဣဿာ- ငြူစူခြင်း မနာလိုခြင်း၊ ၉။ မစ္ဆရိယ- နှမြောခြင်း ဝန်တိုခြင်း၊ ၁၀။ မာယာ- လှည့်ပတ်ခြင်း၊ ၁၁။ သာဌေယျ- ကောက်ကျစ်စဉ်းလဲခြင်း၊ ၁၂။ ထမ္ဘ- စိတ်ခက်ထန်ခြင်း၊ ၁၃။ သာရမ္ဘ- လွှမ်းမိုးချုပ်ချယ်လိုခြင်း၊ ၁၄။ မာန- မောက်မာခြင်း၊ ၁၅။ အတိမာန- အလွန်မောက်မာခြင်း၊ ၁၆။ မဒ- မာန်ယစ်ခြင်း၊ ၁၇။ ပမာဒ- သတိမေ့လျော့ခြင်း။ (မ၊၁။၄၃၊) (မ၊မြန်၊၁။၄၈။)

စိတ် ဖြစ်ပေါ်ကြောင်း ၃ မျိုး (မကောင်းမှုတိုးပွားစေသော စိတ် ဖြစ်ပေါ်ကြောင်း ၃ မျိုး) ၁။ သူတစ်ပါးပစ္စည်းတို့၌ တပ်မက်စိတ်များသူ ဖြစ်၍ သူတစ်ပါး၏ ပစ္စည်းဥစ္စာတို့၌ တပ်မက်စိတ်, အလိုရှိသော စိတ်ဖြင့် နေထိုင်ခြင်း၊ ၂။ ဒေါသစိတ်ရှိသူ ဖြစ်၍ ဒေါသစိတ်ဖြင့်

http://www.dhammadownload.com

နေထိုင်ခြင်း၊ ၃။ ညှဉ်းဆဲတတ်သူ ဖြစ်၍ ညှဉ်းဆဲတတ်သော စိတ်ဖြင့် နေထိုင်ခြင်း။ (မ၊၃။၉၇။) (မ၊မြန်၊၃။၁၀၂။)

စိတ္တဝိသုဒ္ဓိမ ဖြစ်လာသော ကထာဝတ္ထု ၃ ပါး ၁။ ပဝိဝေကကထာ–ဆိတ်ငြိမ်ခြင်းနှင့် စပ်သော စကား။၂။ ဝိရိယာရမ္ဘကထာ– အားထုတ်ခြင်းနှင့် စပ်သော စကား၊ ၃။ သမာဓိ ကထာ– သမာဓိနှင့် စပ်သော စကား။ (မ၊၌၊၂။၆၄။)

စိတ္တာနုပဿနာ ၁၆ ပါး ၁။ ရာဂနှင့်တကွသော စိတ်ကိုလည်း ရာဂနှင့်တကွသော စိတ်ဟု သိခြင်း၊ ၂။ ရာဂကင်းသော စိတ်ကိုလည်း ရာဂကင်းသော စိတ်ဟု သိခြင်း၊ ၃။ ဒေါသနှင့် တကွသော စိတ်ကိုလည်း ဒေါသနှင့်တကွသော စိတ်ဟု သိခြင်း၊ ၄။ ဒေါသကင်းသော စိတ်ကိုလည်း ဒေါသကင်းသော စိတ်ဟု သိခြင်း၊ ၅။ မောဟနှင့် တကွသော စိတ်ကိုလည်း မောဟနှင့် တကွသော စိတ်ဟု သိခြင်း၊ ၆။ မောဟကင်းသော စိတ်ကိုလည်း မောဟကင်းသော စိတ်ဟု သိခြင်း၊ ၇။ သံခိတ္တစိတ်ကိုလည်း သံခိတ္တစိတ်ဟု သိခြင်း၊ ၈။ ဝိက္ခိတ္တ စိတ်ကိုလည်း ဝိက္ခိတ္တစိတ်ဟု သိခြင်း၊ ၉။ မဟဂ္ဂုတ်စိတ်ကိုလည်း မဟဂ္ဂုတ်စိတ်ဟု သိခြင်း၊ ၁၀။ အမဟဂ္ဂုတ်စိတ်ကိုလည်း အမဟဂ္ဂုတ်စိတ်ဟု သိခြင်း၊ ၁၁။ သဥတ္တရစိတ်ကိုလည်း သဥတ္တရစိတ်ဟု သိခြင်း၊ ၁၂။ အနုတ္တရစိတ်ကိုလည်း အနုတ္တရစိတ်ဟု သိခြင်း၊ ၁၃။ သမာဟိတစိတ်ကိုလည်း သမာဟိတစိတ်ဟု သိခြင်း၊ ၁၄။ အသမာဟိတစိတ်ကိုလည်း အသမာဟိတစိတ်ဟု သိခြင်း၊ ၁၅။ ဝိမုတ္တစိတ်ကိုလည်း ဝိမုတ္တစိတ်ဟု သိခြင်း၊ ၁၆။ အဝိမုတ္တစိတ်ကိုလည်း အဝိမုတ္တစိတ်ဟု သိခြင်း။ (ဒီ၊၂။ ၂၃၇။) (ဒီ၊မြန်၊၂။၂၆၅။)

စိတ္တာနုပဿနာ၌ စိတ် ၁၆ မျိုး ၁။ သရာဂစိတ်, ဝီတရာဂစိတ်၊ ၂။ သဒေါသစိတ်, ဝီတဒေါသစိတ်၊ ၃။ သမောဟစိတ်, ဝီတမောဟစိတ်၊ ၄။ သံခိတ္တစိတ်, ဝိက္ခိတ္တစိတ်၊ ၅။ မဟဂ္ဂတစိတ်, အမဟဂ္ဂတစိတ်၊ ၆။ သဥတ္တရစိတ်, အနုတ္တရစိတ်၊ ၇။ သမာဟိတစိတ်, အသမာဟိတစိတ်၊ ၈။ ဝိမုတ္တစိတ်, အဝိမုတ္တစိတ် ပေါင်း ၁၆ ပါး ဖြစ်၏။ (အဘိ၊ဝိ။၂၀၄။) (အဘိ၊ဝိ၊မြန်၊၂။၁၆၆။)

စိတ်တည်ကြည်ကြောင်း ၂ ပါး ၁။ ဥပစာအခိုက်အတန့်၌ နီဝရဏတရားတို့ကို ပယ်ခွာထားနိုင်ခြင်း၊ ၂။ ဈာန်ရသော အခိုက်အတန့်၌ ဈာန်အင်္ဂါတို့ ထင်ရှားဖြစ်ခြင်း ။ (ဝိ၊၌၊၂။၃၀။)

စိတ်ထန်ခြင်း ၂ မျိုး ၁။ အကုသိုလ်အားဖြင့် ဖြစ်သော စိတ်ထန်ခြင်း၊ ၂။ ကုသိုလ်အားဖြင့် ဖြစ်သော စိတ်ထန်ခြင်း။ (သာရတ္ထ၊ဋီ၊၁။၃၀၂။)

စိတ်ပျံ့လွင့်မှု စသည်တို့ ဖြစ်ကြောင်းတရား ၃ ပါး ၁။ မယုံကြည်ခြင်း– အဿဒ္ဓိယ၊၂။ ပြောဆိုသည်ကို မသိခြင်း– အဝဒညုတာ၊ ၃။ ပျင်းရိခြင်း– ကောသဇ္ဇ။ (အံ၊၃။၃၇၂။) (အံ၊မြန်၊၃။၃၆၉။)

စိတ်အကျင့် ၂ မျိုး (မကောင်းမှု တိုးပွားစေသော စိတ်အကျင့်) ၁။ သူတစ်ပါးပစ္စည်းတို့၌ တပ်မက်မှု များခြင်း၊ ၂။ သူတစ်ပါး ပျက်စီးစေလိုသော ဒေါသစိတ်ရှိခြင်း။ (မ၊၃။၉၇။) (မ၊မြန်၊၃။၁၀၁။)

စိတ်အကျင့် ၂ ပါး မနောသမာစာရ ၂ ပါး နှင့် တူသည်။

စိတ်အားနည်းအောင် ပြုတတ်သော တရား ၂၅ ပါး ၁။ အမျက်ဒေါသ၊ ၂။ ရန်ငြိုးဖွဲ့ခြင်း၊ ၃။ သူ့ကျေးဇူးကို ချေဖျက်ခြင်း၊ ၄။ ဂုဏ်တု ဂုဏ်ပြိုင် ပြုခြင်း၊ ၅။ ငြူစူ စောင်းမြောင်းခြင်း၊

http://www.dhammadownload.com

၆။ ဝန်တိုခြင်း၊ ၇။ လှည့်ပတ်ခြင်း၊ ၈။ ကောက်ကျစ် စဉ်းလဲခြင်း၊ ၉။ ခက်ထန် မာကျောခြင်း၊ ၁၀။ ချုတ်ချယ်ခြင်း၊ ၁၁။ မာန်မူခြင်း၊ ၁၂။ အလွန်မာန်မူခြင်း၊ ၁၃။ မာန်ယစ်ခြင်း၊ ၁၄။ မေ့လျော့ခြင်း၊ ၁၅။ လေးလံထိုင်းမှိုင်းခြင်း၊ ၁၆။ ငြီးငွေ့ခြင်း၊ ၁၇။ ပျင်းရိခြင်း၊ ၁၈။ ယုတ်ညံ့သော အဆွေခင်ပွန်းရှိခြင်း၊ ၁၉။ အဆင်းရူပါရုံ၊ ၂၀။ အသံသဒ္ဒါရုံ၊ ၂၁။ အနံ့ဂန္ဓာရုံ၊ ၂၂။ အရသာ–ရသာရုံ၊ ၂၃။ အတွေ့အထိ– ဖောဋ္ဌဗ္ဗာရုံ၊ ၂၄။ ဆာလောင်မွတ်သိပ်ခြင်း၊ ၂၅။ မမွေ့လျော်ခြင်း။ (မိလိန္ဒ။၂၇၉။) (မိလိန္ဒ၊မြန်။၂၉၉။)

စိတ်၏ ငြောင့် ၅ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၅ ပါး၊ ဟာနဘာဂိယတရား ၅ ပါး၊ စေတောခိလတရား ၅ ပါးတို့နှင့် တူသည်။

စိတ်၏ ငြောင့်တံသင်းဖြစ်သော တရား ၅ ပါး ၁။ ဘုရား၌ ယုံမှား တွေးတောလျက် မကြည်လင် မဆုံးဖြတ်နိုင်ခြင်း၊ ၂။ တရားတော်၌ ယုံမှားတွေးတောလျက် မကြည်လင် မဆုံးဖြတ် နိုင်ခြင်း၊ ၃။ သံဃာတော်များ၌ ယုံမှားတွေးတောလျက် မကြည်လင် မဆုံးဖြတ် နိုင်ခြင်း၊ ၄။ သီလသိက္ခာ၌ ယုံမှားတွေးတောလျက် မကြည်လင် မဆုံးဖြတ်နိုင်ခြင်း၊ ၅။ သီတင်းသုံးဖော်တို့ အပေါ်၌ အမျက်ထွက်လျက် ထိပါးပုတ်ခတ်လိုသော စိတ်ရှိခြင်း။ (မ၊၁။၁၄၅။) (အံ၊၂။၂၁၇။) (မ၊မြန်၊၁။၁၅၀။) (အံ၊မြန်၊၂။၂၇၃။)

စိတ်၏ ဆူးငြောင့် ၃ မျိုး ၁။ ရာဂတည်းဟူသော ငြောင့်တံသင်း (ရာဂခိလ)၊ ၂။ ဒေါသတည်းဟူသော ငြောင့်တံသင်း(ဒေါသခိလ)၊ ၃။ မောဟတည်းဟူသော ငြောင့်တံသင်း (မောဟ ခိလ) ။ (မဟာနိ။၄၀၄။)

စိတ်၏ ဆူးငြောင့် ၅ မျိုး ၁။ မြတ်စွာဘုရား၌ ယုံမှားခြင်း၊ ၂။ တရားတော်၌ ယုံမှားခြင်း၊ ၃။ သံဃာတော်၌ ယုံမှားခြင်း၊ ၄။ အကျင့်သိက္ခာ၌ ယုံမှားခြင်း၊ ၅။ သီတင်းသုံးဖော်တို့၌ အမျက်ထွက်ခြင်း။ (အံ၊၂။၂၁၇။) (အံ၊၃။၂၅၂။) (သာရတ္ထ၊ဋီ၊၁။၃၀၈။) (ဝိသုဒ္ဓိ၊ဋီ၊၁။၂၅၄။) (အံ၊မြန်၊၂။၂၇၃။) (အံ၊မြန်၊၃။၂၅၂။) (အဘိ၊ဝိ။၃၉၁။) (အဘိ၊ဝိ၊မြန်၊၂။၄၉၆။)

စိတ်၏ ငြောင့်တံသင်း ၅ မျိုး (တစ်နည်း) ၁။ ဘုရား၌ ယုံမှားတွေးတောလျက် ကမ္မဋ္ဌာန်းအားထုတ်ရန် စိတ်မညွတ်ခြင်း၊ ၂။ တရား၌ ယုံမှားတွေးတောလျက် ကမ္မဋ္ဌာန်းအားထုတ်ရန် စိတ်မညွတ်ခြင်း၊ ၃။ သံဃာ၌ ယုံမှားတွေးတောလျက် ကမ္မဋ္ဌာန်းအားထုတ်ရန် စိတ်မညွတ်ခြင်း၊ ၄။ အကျင့်သိက္ခာ၌ ယုံမှားတွေးတောလျက် ကမ္မဋ္ဌာန်းအားထုတ်ရန် စိတ်မညွတ်ခြင်း၊ ၅။ သီတင်းသုံးဖော်တို့၌ အမျက်ထွက်လျက် ထိပါးပုတ်ခတ်လိုသော စိတ်ရှိခြင်း။ (အံ၊၃။၂၇၀။) (အံ၊မြန်၊၃။၂၇၁။)

စိတ်၏ စင်ကြယ်မှု ၃ မျိုး ၁။ သူတစ်ပါး၏ စည်းစိမ်ဥစ္စာတို့သည် ငါ့ပစ္စည်းဖြစ်ပါမူ ကောင်းလေစွ စသည်ဖြင့် သူတစ်ပါးဥစ္စာကို ရှေးရှုမကြံခြင်း, အဘိဇ္ဈာ မများခြင်း၊ ၂။ ဤသတ္တဝါတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ကြပါစေဟု မဖျက်ဆီးလိုသော စိတ်အကြံရှိခြင်း၊ ၃။ လူဒါန်းပူဇော်ရကျိုးသည် ရှိ၏စသည်ဖြင့် မှန်သောအမြင် ရှိခြင်း။ (အံ၊၃။ ၄၇၇။) (အံ၊မြန်၊၃။၄၆၈။)

http://www.dhammadownload.com

စိတ်၏ ညစ်နွမ်းကြောင်းတရား ၁၁ ပါး ၁။ ဝိစိကိစ္ဆာ– ယုံမှားတွေးတောခြင်း၊ ၂။ အမနသိကာရ– ရူပါရုံစသည်ကို နှလုံးမသွင်းခြင်း၊ ၃။ ထိနမိဒ္ဓ– ထိုင်းမှိုင်းခြင်း၊ ၄။ ဆမ္ဘိတတ္တ– ကြောက်ရွံ့တုန်လှုပ်ခြင်း၊ ၅။ ဥပ္ပိလဝ– ဗူးတောင်းအသွင် ပေါ်လွင်သော ပီတိဖြစ်ခြင်း၊ ၆။ ဒုဋ္ဌုလ္လ– မကောင်းသော ကိုယ်အမှု၌ မှီသော ပျင်းရိခြင်း၊ ၇။ အစ္စာရဒ္ဓဝီရိယ– အလွန်အကျွံ ကြိုးစားအားထုတ်ခြင်း၊ ၈။ အတိလီနဝီရိယ– ဝီရိယလျော့လွန်းခြင်း၊ ၉။ အဘိဇပ္ပ– အလွန်စွဲလမ်းတောင့်တခြင်း၊ ၁၀။ နာနတ္တသညာ– အမျိုးမျိုးသော အာရုံ၌ အမျိုးမျိုးသော သညာ ဖြစ်ခြင်း၊ ၁၁။ အတိနိဇ္ဈာယိတတ္တ– တစ်မျိုးတည်းသော အာရုံ၌ အလွန်စူးစိုက်စွာ ရှုခြင်း။ (ဝိ၊၄၊၁။၁၃၂။)

စိတ်၏ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော တရား ၂ ပါး ၁။ သတ္တာ (သတ္တဝါ)၊ ၂။ သခ်ါရာ (သခ်ါရ တရား)။ (မဟာနိ။၁၀၃။) (မဟာနိ။၁၉၈။) (မဟာနိ။၂၀၂။)

စိတ်၏ နှစ်သက်ခြင်းကို မဖြစ်စေတတ်သော တရား ၂ ပါး ၁။ သတ္တ (သတ္တဝါ)၊ ၂။ သခ်ါရ (သခ်ါရ တရား)။ (မဟာနိ။၁၀၃။)

စိတ်၏ ဖြစ်ရာ ၂ မျိုး ၁။ မှီဝဲထိုက်သော စိတ်၏ ဖြစ်ရာ၊ ၂။ မမှီဝဲထိုက်သော စိတ်၏ ဖြစ်ရာ။ (မ၊၃။၉၃။) (မ၊မြန်၊၃။၉၇။)

စိတ်၏ မစင်ကြယ်မှု ၃ မျိုး ၁။ သူတစ်ပါး၏ စည်းစိမ်ဥစ္စာ အဆောက်အဦးတို့သည် ငါ့ပစ္စည်းဖြစ်ပါမူ ကောင်းလေစွစသည်ဖြင့် သူတစ်ပါးဥစ္စာကို ရှေးရှုကြံခြင်း အဘိဇ္ဈာများခြင်း၊ ၂။ ဤသတ္တဝါတို့အား ဖမ်းဆီးသတ်ဖြတ်ကြပါစေစသည်ဖြင့် ဖျက်ဆီးလိုသော စိတ်အကြံ ရှိခြင်း၊ ၃။ လှူဒါန်းပူဇော်ခြင်းသည် အကျိုးမရှိစသည်ဖြင့် မှားသော အမြင်ရှိခြင်း။ (အံ၊၃။ ၄၇၄။) (အံ၊မြန်၊၃။၄၆၆။)

စိတ်၏ အညစ်အကြေးများကို ခွါခြစ်ကြောင်း တရား ၄၄ ပါး ၁။ သူတစ်ပါးတို့က ညှဉ်းဆဲ သတ်ဖြတ်သူများ ဖြစ်ကြသော်လည်း ငါတို့က မညှဉ်းဆဲ မသတ်ဖြတ်သူများ ဖြစ်ရမည်ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၂။ သူတစ်ပါးတို့က သူ့အသက်ကို သတ်ကြသော်လည်း ငါတို့က သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မည်ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၃။ သူတစ်ပါးတို့က သူ့ဥစ္စာကို ခိုးယူကြသော်လည်း ငါတို့က ခိုးယူခြင်းမှ ရှောင်ကြဉ်မည်ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၄။ သူတစ်ပါးတို့က မမြတ်သော မေထုန်အကျင့်ကို ကျင့်ကြသော်လည်း ငါတို့က ထိုမေထုန်အကျင့်မှ ရှောင်ကြဉ်ကြမည်ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၅။ သူတစ်ပါးတို့က လိမ်ညာပြောဆို နေကြသော်လည်း ငါတို့က လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ကြမည်ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၆။ သူတစ်ပါးတို့က ကုန်းတိုက်စကား ပြောကြားကြသော်လည်း ငါတို့က ကုန်းတိုက်စကား ပြောကြားခြင်းမှ ရှောင်ကြမည်ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၇။ သူတစ်ပါးတို့က ကြမ်းတမ်းသော စကား ပြောကြားကြသော်လည်း ငါတို့က ထိုကြမ်းတမ်းစကားပြောခြင်းမှ ရှောင်ကြဉ်ကြမည်ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၈။ သူတစ်ပါးတို့က အကျိုးမဲ့စကား ပြောကြားကြသော်လည်း ငါတို့က ထိုအကျိုးမဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြမည်ဟု ခေါင်းပါးအောင် ကျင့်ရခြင်း၊ ၉။ သူတစ်ပါးတို့က အခြားသူ၏ပစ္စည်းဥစ္စာကို ရယူရန် မတရားကြံစည်ကြသော်လည်း ငါတို့က ထိုအကြံစည်မျိုးမှ ရှောင်ကြဉ်

http://www.dhammadownload.com

ကြမည်ဟု ခေါင်းပါးအောင် ကျင့်ရခြင်း၊ ၁၀။ သူတစ်ပါးတို့က ဖျက်ဆီးလိုစိတ် ရှိကြသော်လည်း ငါတို့က ထိုစိတ်မျိုး မထားကုန်အံ့ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၁၁။ သူတစ်ပါးတို့က မှားယွင်းသော အယူရှိသူ ဖြစ်ကြသော်လည်း ငါတို့က မှန်သော အယူရှိသူများ ဖြစ်ကုန်အံ့ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၁၂။ သူတစ်ပါးတို့က မှားယွင်းသော အကြံရှိသူများ ဖြစ်သော်လည်း ငါတို့က မှန်သောအကြံရှိသူများ ဖြစ်ကုန်အံ့ဟု ခေါင်းပါးအောင် ပြုရခြင်း၊ ၁၃။ သူတစ်ပါးတို့က မှားယွင်းသော စကားရှိသူများ ဖြစ်သော်လည်း ငါတို့က မှန်သော စကားရှိသူများ ဖြစ်ကုန်အံ့ဟု ပြုကျင့်ခြင်း၊ ၁၄။ သူတစ်ပါးတို့က မှားယွင်းသော အလုပ်ရှိသူများ ဖြစ်သော်လည်း ငါတို့က မှန်သော အလုပ်အကိုင်ရှိသူများ ဖြစ်ကုန်အံ့ဟု ပြုကျင့်ခြင်း၊ ၁၅။ သူတစ်ပါးတို့က မှားယွင်းသော အသက်မွေးမှု စီးပွားရှာမှု ရှိသူများ ဖြစ်သော်လည်း ငါတို့က မှန်သော အသက်မွေး စီးပွားရှာသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၁၆။ သူတစ်ပါးတို့က မှားယွင်းသော လုံ့လကို ပြုကြသော်လည်း ငါတို့က မှန်သောလုံ့လကို ပြုကုန်အံ့ဟု ကျင့်ခြင်း၊ ၁၇။ သူတစ်ပါးတို့က မှားယွင်းသော သတိရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်သော သတိရှိသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၁၈။ သူတစ်ပါးတို့က မှားယွင်းသော တည်ကြည်မှုရှိသူများ ဖြစ်သော်လည်း ငါတို့က မှန်သော တည်ကြည်မှု ရှိသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၁၉။ သူတစ်ပါးတို့က မှားယွင်းသော ဉာဏ်ရှိသူများ ဖြစ်သော်လည်း ငါတို့က မှန်သော ဉာဏ်ရှိသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၂၀။ သူတစ်ပါးတို့က မှားယွင်းသော လွတ်မြောက်မှုရှိသူများ ဖြစ်သော်လည်း ငါတို့က မှန်သော လွတ်မြောက်မှုရှိသူများ ဖြစ်အံ့ဟု ကျင့်ခြင်း၊ ၂၁။ သူတစ်ပါးတို့က ထိုင်းမှိုင်း လေးလံသူများ ဖြစ်သော်လည်း ငါတို့က လေးလံထိုင်းမှိုင်းမှု ကင်းသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၂၂။ သူတစ်ပါးတို့က စိတ်ပျံ့လွင့်သူများ ဖြစ်သော်လည်း ငါတို့က စိတ်မပျံ့လွင့်သူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၂၃။ သူတစ်ပါးတို့က ယုံမှားတတ်သူများ ဖြစ်သော်လည်း ငါတို့က ယုံမှားမှုမှ လွတ်မြောက်သူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၂၄။ သူတစ်ပါးတို့က အမျက်ထွက်သူများ ဖြစ်သော်လည်း ငါတို့က အမျက်မထွက်သူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၂၅။ သူတစ်ပါးတို့က ရန်ငြိုးဖွဲ့သူများ ဖြစ်သော်လည်း ငါတို့က ရန်ငြိုးမဖွဲ့ကုန်ဟု ကျင့်ခြင်း၊ ၂၆။ သူတစ်ပါးတို့က ကျေးဇူးကန်းသူများ ဖြစ်သော်လည်း ငါတို့က ကျေးဇူးမကန်းကုန်အံ့ဟု ကျင့်ခြင်း၊ ၂၇။ သူတစ်ပါးတို့က ဂုဏ်တုဂုဏ်ပြိုင် ပြုကြသော်လည်း ငါတို့က ထိုကဲ့သို့ မပြုကုန်အံ့ဟု ကျင့်ခြင်း၊ ၂၈။ သူတစ်ပါးတို့က ငြူစူတတ်သူများ ဖြစ်သော်လည်း ငါတို့က မငြူစူသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၂၉။ သူတစ်ပါးတို့က နှမြောဝန်တိုတတ်သူများ ဖြစ်သော်လည်း ငါတို့က မနှမြောဝန်မတိုသူများ မဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၃၀။ သူတစ်ပါးတို့က ကောက်ကျစ်စဉ်းလဲသူများ ဖြစ်သော်လည်း ငါတို့က မကောက်ကျစ် မစဉ်းလဲကုန်အံ့ဟု ကျင့်ခြင်း၊ ၃၀။ သူတစ်ပါးတို့က လှည့်ပတ်တတ်သူများ ဖြစ်သော်လည်း ငါတို့က မလှည့်ပတ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၃၂။ သူတစ်ပါးတို့က ခက်ထန်သူများ ဖြစ်ကုန်သော်လည်း ငါတို့က မခက်ထန်ကုန်အံ့ဟု ကျင့်ခြင်း၊ ၃၃။ သူတစ်ပါးတို့က အလွန် မောက်မာသူများ မာနကြီးမှုများ ဖြစ်သော်လည်း ငါတို့က မမောက်မာကုန်အံ့ မာနမကြီးကုန်အံ့ဟု ကျင့်ခြင်း၊ ၃၄။ သူတစ်ပါးတို့က အပြောအဆိုခက်သူများ ဖြစ်သော်လည်း ငါတို့က အပြောအဆိုလွယ်သူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၃၅။ သူတစ်ပါးတို့က

http://www.dhammadownload.com

ယုတ်မာသော မိတ်ဆွေ ရှိသူများ ဖြစ်သော်လည်း ငါတို့က အဆွေခင်ပွန်းကောင်း ရှိသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၃၆။ သူတစ်ပါးတို့က သတိမေ့လျော့သူများ ဖြစ်သော်လည်း ငါတို့က သတိ မမေ့သူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၃၇။ သူတစ်ပါးတို့က သဒ္ဓါတရားမရှိသူများဖြစ် သော်လည်း ငါတို့က သဒ္ဓါ တရားရှိသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၃၈။ သူတစ်ပါးတို့က အရှက်မရှိသူများ ဖြစ်သော်လည်း ငါတို့က အရှက်ရှိသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၃၉။ သူတစ်ပါးတို့က မကြောက်လန့်သူများ ဖြစ်သော်လည်း ငါတို့က ကြောက်လန့်တတ် သူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၄၀။ သူတစ်ပါးတို့က အကြားအမြင်မရှိသူများ ဖြစ်သော် လည်း ငါတို့က အကြားအမြင်များသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၄၁။ သူတစ်ပါးတို့က ပျင်းရိသူများ ဖြစ်သော်လည်း ငါတို့က လုံ့လစိုက်၍ ကြိုးစားသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၄၂။ သူတစ်ပါးတို့က သတိလွတ်သူများ ဖြစ်သော်လည်း ငါတို့က သတိရှိသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၄၃။ သူတစ်ပါးတို့က ပညာမဲ့သူများ ဖြစ်သော်လည်း ငါတို့က ပညာရှိသူများ ဖြစ်ကုန်အံ့ဟု ကျင့်ခြင်း၊ ၄၄။ သူတစ်ပါးတို့က မိမိအယူကို အလွန် စွဲလမ်း၍ မြဲစွာ ယူကုန်လျက် ပြန်လည်မစွန့်လွှတ်နိုင်သူများ ဖြစ်သော်လည်း ငါတို့က မိမိအယူကို အလွန်မစွဲလမ်းမူ၍ မြဲမြံစွာ မယူကုန်ဘဲ ပြန်လည်စွန့်လွှတ်နိုင်သူများ ဖြစ်ကုန်အံ့ဟု ခေါင်းပါးအောင် ပြုကျင့်ခြင်း။ (မ၊၁၊၅၀။) (မ၊မြန်၊၁။၅၅။)

စိတ်၏ အညစ်အကြေး ၅ မျိုး ၁။ ကာမဂုဏ်ကို လိုလားမှု– ကာမစ္ဆန္ဒ၊ ၂။ ပျက်စီးစေလိုမှု– ဗျာပါဒ၊ ၃။ လေးလံ ထိုင်းမှိုင်းမှု– ထိနမိဒ္ဓ၊ ၄။ ပျံ့လွင့်မှု နောင်တတစ်ဖန် ပူပန်မှု– ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ၅။ မဝေခွဲနိုင်မှု– ဝိစိကိစ္ဆာ။ (အံ၊၂။၁၄။) (သံ၊၃။၈၂။) (အံ၊မြန်၊၂။၁၉။) (သံ၊မြန်၊၃။၈၇။)

စိတ်၏ အနှောင်အဖွဲ့တရား ၅ ပါး ၁။ ကာမဂုဏ်တို့၌ မကင်းသော စွဲမက်မှု ရှိခြင်း၊ ၂။ ကိုယ်ခန္ဓာ တို့၌ မကင်းသော စွဲမက်မှု ရှိခြင်း၊ ၃။ ရုပ်၌ မကင်းသော စွဲမက်မှု ရှိခြင်း၊ ၄။ ဝမ်းပြည့် အောင် စား၍ ငိုက်မျဉ်းမှု ရှိခြင်း၊ ၅။ ကမ္မဋ္ဌာန်းတရား အားထုတ်ရန် မညွတ်ခြင်း။ (အံ၊၂။၂၁၈။) (အံ၊မြန်၊၂။၂၇၄။)

စန္ဒကူးနီ၏ ဂုဏ် ၃ ပါး ၁။ ရဖို့ရန် ခဲယဉ်းခြင်း၊ ၂။ အတူမရှိ ကောင်းသော အနံ့ရှိခြင်း၊ ၃။ သူတော် ကောင်းတို့ ချီးမွမ်းအပ်ခြင်း။ (မိလိန္ဒ။၃၀၇။) (မိလိန္ဒ၊မြန်။၃၂၉။)

စမ္မေယျနဂါးမင်း ပြောကြားအပ်သော နိမိတ် ၃ မျိုး ၁။ တစ်စုံတစ်ယောက်၏ ရိုက်နှက်ခြင်းကို ခံရလျှင် မင်္ဂလာရေကန်၌ ရေနောက်ကျိခြင်း၊ ၂။ ဂဠုန်အသုတ်ခံရလျှင် ရေများ ပွက်ပွက် ဆူခြင်း၊ ၃။ အလမ္ဗယ်ဆရာ၏ ဖမ်းဆီးချုပ်နှောင်မှု ခံရလျှင် ရေများ သွေးရောင်ဖြစ်ခြင်း။(စရိယာ၊၆။၁၂၆။)

စကြ်လမ်း၏ အပြစ် ၅ ပါး ၁။ ထဒ္ဓဝိသမတာ– ကြမ်းတမ်း၍ မညီမညွတ်သော မြေအဖို့ ရှိခြင်း၊ ၂။ အန္ဓောရကွတာ– စကြ်လမ်းအတွင်း၌ သစ်ပင် ရှိခြင်း၊ ၃။ ဂဟနစ္ဆန္နတာ– မြက်, နွယ်, ချုံတို့ဖြင့် ဖုံးလွှမ်းနေခြင်း၊ ၄။ အတိသမ္မာဓတာ– အလွန်ကျဉ်းမြောင်းခြင်း၊ ၅။ အတိ ဝိသာလတာ– အလွန်ကျယ်ပြန့်ခြင်း။ (အဘိ၊၆၊၁။၃၇။) (အပ၊၆၊၁။၉။) (ဗုဒ္ဓဝံ၊၆။၉၇။)(ဇာ၊၆၊၁။၉။)

စကြ်လျှောက်ခြင်း၏ အကျိုး ၅ ပါး ၁။ ခရီးရှည် သွားနိုင်ခြင်း၊ ၂။ ကြိုးစား အားထုတ်နိုင်ခြင်း၊

http://www.dhammadownload.com

၃။ အနာရောဂါ ကင်းခြင်း၊ ၄။ အစာအာဟာရသည် ကောင်းစွာ ကြေကျက်နိုင်ခြင်း၊ ၅။ တည်ကြည်မှု (သမာဓိ) သည် ကြာမြင့်စွာ တည်တံ့နိုင်ခြင်း။ (အံ၊၂။၂၄။) (အံ၊မြန်၊၂။၃၂။)

စွဲလမ်းမှု ဥပါဒါန် ၅ ပါး ၁။ ရုပ်၌ လိုချင် စွဲလမ်းမှု၊ ၂။ ဝေဒနာ၌ လိုချင် စွဲလမ်းမှု၊ ၃။ သညာ၌ လိုချင် စွဲလမ်းမှု၊ ၄။ သင်္ခါရ၌ လိုချင် စွဲလမ်းမှု၊ ၅။ ဝိညာဏ်၌ လိုချင် စွဲလမ်းမှု။ (သံ၊၂။၁၃၅။) (အံ၊မြန်၊၃။၁၂၆။)

စွဲလမ်းအပ်သော တရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၁၃၅။)

စွန့်ကြဲခြင်း ၂ မျိုး ၁။ ပစ္စည်းကို စွန့်ကြဲခြင်း အာမိသစာဂ (အာမိသပရိစ္စာဂ)၊ ၂။ တရားကို စွန့်ကြဲခြင်း ဓမ္မစာဂ (ဓမ္မပရိစ္စာဂ) ။ (အံ၊၁။ပါ၊၉၀။) (အံ၊မြန်၊၁။၁၀၆။)

စွန့်ခြင်းကြီး ၅ ပါး ၁။ မင်းစည်းစိမ် အစရှိသော ဥစ္စာကို စွန့်လှူခြင်း၊ ၂။ မိမိ၏ ဦးခေါင်း မျက်လုံး စသော ကိုယ်အင်္ဂါကို စွန့်လှူခြင်း၊ ၃။ ချစ်အပ်သော အသက်ကို စွန့်လှူခြင်း၊ ၄။ အမျိုး အနွယ်ကို တည်စေတတ်သော ချစ်အပ်သော သားသမီးတို့ကို စွန့်လှူခြင်း၊ ၅။ နှစ်သက် မြတ်နိုးဖွယ်ကောင်းသော ဇနီးမယားကို စွန့်လှူခြင်း။ (စရိယာ၊၌။၉၇။)

စွန့်ခြင်းကြီး ၅ ပါး (တစ်နည်း) ၁။ ရဇ္ဇပရိစ္စာဂ- တိုင်းပြည်ကို စွန့်ခြင်း၊ ၂။ အင်္ဂပရိစ္စာဂ- ခြေလက် စသော ကိုယ်အင်္ဂါကို စွန့်ခြင်း၊ ၃။ နယနပရိစ္စာဂ- မျက်စိကို စွန့်ခြင်း၊ ၄။ ပုတ္တဒါရပရိစ္စာဂ- သားမယားကို စွန့်ခြင်း၊ ၅။ အတ္တပရိစ္စာဂ- မိမိ၏ ခန္ဓာကိုယ်ကို စွန့်ခြင်း။ (စရိယာ၊၌။၂၆၃။) (ဒီ၊ဋ္ဌ၊၂။၁၉။)

စွန့်ခြင်းကြီး ၅ ပါး (တစ်နည်း) ၁။ အတ္တပရိစ္စာဂ- ခန္ဓာကိုယ်အတွက်ဘောကို စွန့်လွှတ် လှူဒါန်းခြင်း၊ ၂။ နယနပရိစ္စာဂ- မျက်စိ မျက်လုံးကို စွန့်လွှတ်လှူဒါန်းခြင်း၊ ၃။ ဓနပရိစ္စာဂ- ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်လှူဒါန်းခြင်း၊ ၄။ ရဇ္ဇပရိစ္စာဂ- တိုင်းပြည်ကို စွန့်လွှတ်လှူဒါန်းခြင်း၊ ၅။ ပုတ္တဒါရပရိစ္စာဂ- သားမယားကို စွန့်လွှတ်လှူဒါန်းခြင်း။ (ဝိသုဒ္ဓိ၊ဋ္ဌ၊ ၁။၂၅၉။)

စွန့်နိုင်ခဲသော တပ်မက်ခြင်း အာသာ ၂ မျိုး ၁။ လာဘ်ကို တပ်မက်ခြင်း အာသာ၊ ၂။ အသက်ကို တပ်မက်ခြင်း အာသာ။ (အံ၊၁။၈၆။) (အံ၊မြန်၊၁။၁၀၁။)

စွန့်လွှတ်ခြင်း ၂ မျိုး ၁။ ပရိစ္စာဂပဋိနိဿဂ္ဂ- ပယ်ထိုက်သော ကိလေသာတရားတို့ကို တဒင်္ဂ်ပဟာန်၏ အစွမ်းဖြင့်လည်းကောင်း သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့်လည်းကောင်း စွန့်လွှတ်ခြင်း၊ ၂။ ပက္ခန္ဒနပဋိနိဿဂ္ဂ- နိဗ္ဗာန်သို့ ညွတ်သောအားဖြင့်လည်းကောင်း, အာရုံ ပြုသောအားဖြင့်လည်းကောင်း ပြေးဝင်တတ်သော ဝိပဿနာဉာဏ် မဂ်ဉာဏ်ကို စွန့်လွှတ်ခြင်း။ (ဝိ၊၌၊၂။၃၅။) (ပဋိသံ၊၌၊၂။၁၀၂။) (ဝိသုဒ္ဓိ၊၁။၂၈၂။)

စွန့်အပ် စွန့်ထိုက်သော နိဿဂ္ဂိယဝတ္ထု ၄ မျိုး ၁။ ရွှေ၊ ၂။ ငွေ၊ ၃။ အသပြာငွေ၊ ၄။ ပဲငွေ။ (သာရတ္ထ၊ ဋီ၊၂။၄၀၇။)

စွပ်စွဲကဲ့ရဲ့ ခံရကြောင်း ၂ မျိုး ၁။ အပြစ်ကို ပြုတတ်သော သူသည် အပြစ်ကို ပြုတတ် သောကြောင့်

http://www.dhammadownload.com

စွပ်စွဲကဲ့ရဲ့ခြင်းသို့ ရောက်ခြင်း၊ ၂။ အပြစ်ကို မပြုတတ်သူ ဖြစ်သောကြောင့် စွပ်စွဲကဲ့ရဲ့ခြင်းသို့ ရောက်ခြင်း။ (မဟာနိ။၄၇။)

စွမ်းအား ၂ ပါး ဗိုလ် ၂ ပါး နှင့် တူသည်။

စွမ်းအား ၃ မျိုး ၁။ ကိုယ်စွမ်းအား၊ ၂။ စည်းစိမ်ဥစ္စာ စွမ်းအား၊ ၃။ တန်ခိုးအာဏာ စွမ်းအား။ (ဇာ၊ဋ္ဌ၊ဖ။၁၃၂။)

စွမ်းအား ၅ မျိုး ဗလ ၅ မျိုးနှင့် တူသည်။

စွမ်းအား ၅ မျိုး ၁။ လ တည်းဟူသော စွမ်းအား၊ ၂။ နေ တည်းဟူသော စွမ်းအား၊ ၃။ ရဟန်း ပုဏ္ဏား တည်းဟူသော စွမ်းအား၊ ၄။ သမုဒ္ဒရာကမ်းခြေတည်းဟူသော စွမ်းအား၊ ၅။ မိန်းမ တည်းဟူသော စွမ်းအား။ (ဇာ၊ဋ္ဌ၊၃။၄၉၂။)

ဆ

ဆရာ ၃ မျိုး ၁။ ကာမဂုဏ်တရားတို့၌ ပိုင်းခြား၍ သိခြင်းကို ပညတ်၍ ရုပ်တရားတို့၌လည်းကောင်း, ဝေဒနာတရားတို့၌လည်းကောင်း ပိုင်းခြား၍ သိခြင်းကို မပညတ်နိုင်သဖြင့် ရူပါဝစရ သမာပတ်ကိုသာ ရသော ဆရာ၊ ၂။ ကာမဂုဏ်တရားတို့၌လည်းကောင်း ရုပ်တရားတို့၌ လည်းကောင်း ပိုင်းခြားသိခြင်းကို ပညတ်၍ ဝေဒနာတရားတို့၌ ပိုင်းခြား၍ သိခြင်းကို မပညတ် နိုင်သဖြင့် အရူပသမာပတ်ကိုသာ ရသော ဆရာ၊ ၃။ ကာမဂုဏ်တရားတို့၌လည်းကောင်း၊ ရုပ်တရားတို့၌လည်းကောင်း၊ ဝေဒနာတရားတို့၌လည်းကောင်း၊ ပိုင်းခြား၍ သိခြင်းကို ပညတ်သဖြင့် အလုံးစုံသော တရားတို့ကို အမှန်အတိုင်း ကိုယ်တိုင် သိစွမ်းနိုင်သော သမ္မာသမ္ဗုဒ္ဓ ဆရာ။ (အဘိ၊ပု။၁၄၂။) (အဘိ၊ပု၊မြန်။၄၅။)

ဆရာ ၃ မျိုး ၁။ မျက်မှောက်ဘဝ၌ လည်းကောင်း တမလွန်ဘဝ၌ လည်းကောင်း အတ္တကို ဟုတ်မှန် ခိုင်ခန့်သောအားဖြင့် ပညတ်သော သဿတဝါဒရှိသော ဆရာ၊ ၂။ မျက်မှောက်ဘဝ၌ သာလျှင် အတ္တကို ဟုတ်မှန် ခိုင်ခန့်သောအားဖြင့် ပညတ်၍ တမလွန်ဘဝ၌ အတ္တကို ဟုတ်မှန် ခိုင်ခန့်သောအားဖြင့် မပညတ်သော ဥစ္ဆေဒဝါဒရှိသော ဆရာ၊ ၃။ ဤမျက်မှောက်ဘဝ၌ လည်းကောင်း, တမလွန်ဘဝ၌လည်းကောင်း အတ္တကို ဟုတ်မှန် ခိုင်ခန့်သောအားဖြင့် မပညတ်သော သမ္မာသမ္ဗုဒ္ဓဆရာ။ (အဘိ၊ပု။၁၄၃။) (အဘိ၊ပု၊မြန်။၄၆။)

ဆရာ ၃ မျိုး ၁။ ကာမဂုဏ်တို့ကို ပိုင်းခြား၍ သိခြင်းကိုသာ ပညတ်၍ ရုပ်, ဝေဒနာတို့ကို ပိုင်းခြား၍ သိခြင်းကို မပညတ်သော ဆရာ၊ ၂။ ကာမဂုဏ်နှင့် ရုပ်တို့ကို ပိုင်းခြား၍ သိခြင်းကိုသာ ပညတ်၍ ဝေဒနာတို့ကို ပိုင်းခြား၍ သိခြင်းကို မပညတ်သော ဆရာ၊ ၃။ ကာမဂုဏ်, ရုပ်, ဝေဒနာ သုံးမျိုးလုံးကို ပိုင်းခြား၍ သိခြင်းကို ပညတ်သော ဆရာ။ (အံ၊၁။၂၈၁။) (အံ၊မြန်၊၁။၂၉၉။)

ဆရာ ၄ မျိုး ၁။ ပဗ္ဗဇ္ဇာစရိယ– ရှင်သာမဏေ ဝတ်သောအခါ သရဏဂုံပေးသော ဆရာ၊ ၂။ ဥပသမ္ပဒါစရိယ– ရဟန်းခံသောအခါ ကမ္မဝါစာ ဖတ်ပေးသော ဆရာ၊ ၃။ နိဿယာစရိယ– နိဿရည်းပေးသော ဆရာ (မှီခိုရှိ၍ နေထိုင်မှုကို ပေးသော ဆရာ။)၊ ၄။ ဥဒ္ဒေသာစရိယ– စာသင်ပေးသော ဆရာ။ (ဝိ၊ဋ္ဌ၊၃။၃၆၈။)

http://www.dhammadownload.com

ဆရာ ၅ မျိုး ၁။ ရှင်သာမဏေ ပြုပေးသော သရဏဂုံဆရာ၊ ၂။ ရဟန်းပြုပေးသော ကမ္မဝါဆရာ၊ ၃။ နိဿယညှိပေးသော ဆရာ၊ ၄။ ပါဠိစာပေ သင်ကြားပေးသော ဆရာ၊ ၅။ ဆုံးမသြဝါဒ ပေးသော ဆရာ။ (ဝိ၊၌၊၄။၂၂၄။)

ဆရာ ၅ မျိုး ၁။ ဆရာသည် သီလမစင်ကြယ်ဘဲ တပည့်တို့အား သီလမှ ကာကွယ်ရန် လိုလားခြင်း၊ ၂။ ဆရာသည် အသက်မွေးမှု မစင်ကြယ်ဘဲ တပည့်တို့အား အသက်မွေးမှုမှ ကာကွယ် စောင့်ရှောက်ရန် လိုလားခြင်း၊ ၃။ ဆရာသည် တရားဟောမှု မစင်ကြယ်ဘဲ တပည့်တို့အား တရား ဟောမှုမှ ကာကွယ်စောင့်ရှောက်ရန် လိုလားခြင်း၊ ၄။ ဆရာသည် ဖြေဆိုမှု မစင်ကြယ်ဘဲ တပည့်တို့အား ဖြေဆိုမှုမှ ကာကွယ်စောင့်ရှောက်ရန် လိုလားခြင်း၊ ၅။ ဆရာသည် ဉာဏ်အမြင် မစင်ကြယ်ဘဲ တပည့်တို့အား ဉာဏ်အမြင် စင်ကြယ်မှုမှ ကာကွယ်စောင့်ရှောက်ရန် လိုလားခြင်း။ (အံ၊၂။၁၀၈။) (အံ၊မြန်၊၂။၁၃၂-၁၃၃။)

ဆရာ ၅ မျိုး ၁။ ဆရာသည် သီလစင်ကြယ်၍ တပည့်တို့သည် သီလစင်ကြယ်မှုမှ ကာကွယ် စောင့်ရှောက်ရန် မလိုခြင်း၊ ၂။ ဆရာသည် အသက်မွေးမှုစင်ကြယ်၍ တပည့်တို့အား အသက်မွေးမှု စင်ကြယ်မှုမှ ကာကွယ်စောင့်ရှောက်ရန် မလိုခြင်း၊ ၃။ ဆရာသည် တရားဟောမှု စင်ကြယ်၍ တပည့်တို့အား တရားဟောမှုမှ ကာကွယ်စောင့်ရှောက်ရန် မလိုခြင်း၊ ၄။ ဆရာသည် ဖြေဆိုမှု စင်ကြယ်၏၊ တပည့်တို့အား ဖြေဆိုမှုမှ ကာကွယ်စောင့်ရှောက်ရန် မလိုခြင်း၊ ၅။ ဆရာသည် ဉာဏ်အမြင် စင်ကြယ်၏၊ တပည့်တို့အား ဉာဏ်အမြင် စင်ကြယ်မှုမှ ကာကွယ်စောင့်ရှောက်ရန် မလိုခြင်း။ (အံ၊၂။၁၁၀။) (အံ၊မြန်၊၂။၁၃၄-၁၃၅။)

ဆရာ ၅ မျိုး ၁။ စင်ကြယ်သော သီလ မရှိဘဲလျက် စင်ကြယ်သော သီလရှိ၏၊ ငါ၏ သီလသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်းဟု ဝန်ခံသော ဆရာ၊ ၂။ စင်ကြယ်သော အသက်မွေးခြင်း မရှိဘဲလျက် စင်ကြယ်သော အသက်မွေးခြင်း ရှိ၏၊ ငါ၏ အသက်မွေးမှုသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်းဟု ဝန်ခံသော ဆရာ၊ ၃။ မစင်ကြယ်သော တရားဟောခြင်းရှိလျက် "စင်ကြယ်သော တရားဟောခြင်း ရှိ၏၊ ငါ၏ တရားဟောခြင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း"ဟု ဝန်ခံသော ဆရာ၊ ၄။ မစင်ကြယ်သော ပြောကြားခြင်းရှိလျက် "စင်ကြယ်သော ပြောကြားခြင်း ရှိ၏၊ ငါ၏ ပြောကြားခြင်းသည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း"ဟု ဝန်ခံသော ဆရာ၊ ၅။ မစင်ကြယ်သော ဉာဏ်အမြင်ရှိလျက် "စင်ကြယ်သော ဉာဏ်အမြင် ရှိ၏၊ ငါ၏ ဉာဏ်အမြင်သည် စင်ကြယ်၏၊ ဖြူစင်၏၊ မညစ်နွမ်း"ဟု ဝန်ခံသော ဆရာ။ (ဝိ၊၄။၃၄၃-၃၄၄။) (ဝိ၊၄။၃၅၅။) (ဝိ၊မြန်၊၄။၃၄၈။) (ဝိ၊မြန်၊၄။၃၄၈။)

ဆရာသမားကို မှီ၍နေရသော နိယသဝိနည်းကံ၌ ကျင့်ဝတ် ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံ မပေးရခြင်း၊ ၂။ နိဿယညှိ မပေးရခြင်း၊ ၃။ သာမဏေကို မလုပ်ကျွေး မပြုစု စေရခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာမနှစ်သက်ရခြင်း၊ ၅။ သြဝါဒ သမ္မုတိရသော်လည်း ရဟန်းမတို့ကို သြဝါဒ မပေးရခြင်း၊ ၆။ နိယသကံ ပြုကြောင်းဖြစ်သော အာပတ်သို့ မရောက်ရခြင်း၊ ၇။ အခြားအလားတူဖြစ်သော အာပတ်သို့ မရောက်ရခြင်း၊ ၈။ ထို့ထက် ရှုန့်ရင်းကြမ်းတမ်းသော အာပတ်သို့ မရောက်ရခြင်း၊ ၉။ နိယသဝိနည်းကံကို မကဲ့ရဲ့ရခြင်း၊ ၁၀။ နိယသဝိနည်းကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို

http://www.dhammadownload.com

ဆိုင်းငံ့မထားရခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့မထားရခြင်း၊ ၁၃။ ဆုံးမမှုကို မပြုလုပ်ရခြင်း၊ ၁၄။ အကြီးအမှူးအရာ၌ မနေရခြင်း၊ ၁၅။ အခွင့်ရေး မတောင်းခံရခြင်း၊ ၁၆။ မစောဒနာရခြင်း၊ ၁၇။ မအောက်မေ့စေရခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ရခြင်း။ (ဝိ၊၄။၁၉။) (ဝိ၊မြန်၊၄။၁၈။)

ဆရာအဖြစ် နေ၍ နိဿယညှိးပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိ– အရဟတ္တဖိုလ်ဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိဉာဏဒဿန– အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဂုဏ်နှင့် ပြည့်စုံရခြင်း။ (အံ၊၂။၂၃၈။) (အံ၊မြန်၊၂။၃၀၄။)

ဆရာ၏ ဂုဏ်အင်္ဂါ ၂၅ ပါး ၁။ ဆရာသည် မိမိတပည့်အပေါ်၌ အမြဲမပြတ် အစောင့်အရှောက်ကို ဖြစ်စေခြင်း၊ ၂။ တပည့်၏ မှီဝဲဆည်းကပ်သင့်သော ပုဂ္ဂိုလ်, မဆည်းကပ်သင့်သော ပုဂ္ဂိုလ်တို့ကို သိခြင်း၊ ၃။ တပည့်၏ မေ့လျော့မှု, မမေ့လျော့မှုတို့ကို သိခြင်း၊ ၄။ တပည့်အတွက် အိပ်ရာနေရာ ထိုင်ခင်းကို သိခြင်း၊ ၅။ တပည့်၏ မကျန်းမမာ ဖျားနာသည်ကို သိခြင်း၊ ၆။ ဆွမ်းဘောဇဉ် ရ, မရကို သိခြင်း၊ ၇။ တပည့်၏ ထူးခြားမှု မထူးခြားမှုကို သိခြင်း၊ ၈။ မိမိသပိတ်အတွင်း၌ ရောက်သော ဘောဇဉ်ကို ခွဲဝေပေးခြင်း၊ ၉။ "မကြော်က်လင့်၊ သင်၏ အကျိုးစီးပွားသည် တိုးတက်နေ၏"ဟု အားပေးအားမြှောက် ပြုခြင်း၊ ၁၀။ "ဤသို့သော ပုဂ္ဂိုလ်နှင့် ပေါင်းသင်းနေ၏"ဟု တပည့်၏ အပေါင်းအသင်းကို သိခြင်း၊ ၁၁။ ရွာ၌ အပေါင်းအသင်းကို သိခြင်း၊ ၁၂။ ကျောင်း၌ အပေါင်းအသင်းကို သိခြင်း၊ ၁၃။ တပည့်နှင့်အတူ မြူးတူးရယ်မောခြင်းကို မပြုလုပ်ခြင်း၊ ၁၄။ တပည့်နှင့်အတူ စကားပြောဆိုမှုကို ပြုခြင်း၊ ၁၅။ အနည်းငယ် ချွတ်ချော်တိမ်းပါးသည်ကို တွေ့မြင်သည်ရှိသော် သည်းခံခြင်း၊ ၁၆။ လေးစားသမှုဖြင့် ကောင်းစွာ ပြုလုပ်ရခြင်း၊ ၁၇။ ဆရာဝတ်ကို မချိုးမဖျက်ရခြင်း၊ ၁၈။ မလျှို့မဝှက် ပြုလုပ်ရခြင်း၊ ၁၉။ အတတ်ပညာကို အကြွင်းမထားဘဲ သင်ကြားပေးခြင်း၊ ၂၀။ "တပည့်ကို အတတ်ပညာတို့၌ ကောင်းစွာ ဖြစ်စေအံ့"ဟု အဖစိတ် ထားရခြင်း၊ ၂၁။ "အဘယ်နည်းဖြင့် မဆုတ်ယုတ်ပါအံ့နည်း"ဟု ကြိုးပမ်းစေလိုစိတ် ထားရခြင်း၊ ၂၂။ "တပည့်ကို အတတ်ပညာအားအစွမ်းဖြင့် အားရှိသည်ကို ပြုအံ့"ဟူသော စိတ်ဓာတ်မျိုးကို ထားရခြင်း၊ ၂၃။ တပည့်အပေါ်၌ မေတ္တာစိတ်ကို ရှေးရှု ထားရခြင်း၊ ၂၄။ ဘေးရန်ရောက်သောအခါတို့၌ မစွန့်ပစ်ရခြင်း၊ ၂၅။ ပြုလုပ်ဖွယ် ဝတ်အကျင့်၌ မမေ့လျော့ဘဲ ချွတ်ချော် ဖောက်ပြန်လတ်သော် တရားသဖြင့် ချီးမြှောက်ခြင်း။ (မိလိန္ဒ။၁၀၁။) (မိလိန္ဒ၊မြန်။၁၀၉။)

ဆရာ့ကျင့်ဝတ် ၅ ပါး ၁။ ဆုံးမသင့်သော အရာကို ဆုံးမခြင်း၊ ၂။ သင်သင့်သော အရာကို သင်ယူစေခြင်း၊ ၃။ အလုံးစုံသော အတတ်ပညာကို သင်ကြားပေးခြင်း၊ ၄။ ကောင်းသော အဆွေခင်ပွန်းတို့ထံ၌ အပ်နှံခြင်း၊ ၅။ ခပ်သိမ်းသော အရပ်တို့၌ အစောင့်အရှောက်ပြုခြင်း, ဘေးရန်ကို ကာဆီးပေးခြင်း။ (ဒီ၊၃။၁၅၄။) (ဒီ၊မြန်၊၃။၁၇၂။)

ဆား ၂ မျိုး ၁။ ပေါက်ဆား၊ ၂။ ချက်ဆား။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

http://www.dhammadownload.com

ဆား ၂ မျိုး ၁။ သမုဒ္ဒရာမှ ဖြစ်သော ဆား၊ ၂။ ဆားနက် (ဆားပုတ်)။ ။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

ဆား ၂ မျိုး ၁။ သိန္ဓောဆား၊ ၂။ သရဝဏမည်သော ထွက်ဆား။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

ဆား ၂ မျိုး ၁။ ရောမဇနပုဒ်၌ ဖြစ်သော ဆား၊ ၂။ မုယောပြာဖြင့် ပြုသော ဆား။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

ဆီ ၅ မျိုး ၁။ တိလတေလ– နှမ်းဆီ၊ ၂။ သာသပတေလ– မုန်ညင်းဆီ၊ ၃။ မဓုကတေလ– သစ်မည်စည်ဆီ၊ ၄။ ဧရဏ္ဍကတေလ– ကြက်ဆူဆီ၊ ၅။ ဝသာတေလ– သားအမဲဆီ၊ ဆီကြည်ဆီ။ (ဝိ၊၅။၂၃၀။) (မ၊၌၊၂။၂၄၄။) (သံ၊၌၊၂။၂၇၁။) (ဝိ၊မြန်၊၅။၃၁၉။)

ဆီကျည် ၃ မျိုး ၁။ ကြေးကျည်၊ ၂။ သစ်သားကျည်၊ ၃။ သစ်သီးကျည်။ (ဝိ၊၃။၂၉၇။) (ဝိ၊မြန်၊၃။၂၇၉။)

ဆီကျည် လှူရကျိုး ၅ ပါး ၁။ အလွန် နှစ်လိုဖွယ်သော ရုပ်ရေအဆင်း ရှိခြင်း၊ ၂။ အလွန် သာယာနာပျော်ဖွယ်ကောင်းသော စကားသံရှိသူ ဖြစ်ခြင်း၊ ၃။ အလွန်ကောင်းစွာ တက်ကြွသော စိတ်ရှိသူ ဖြစ်ခြင်း၊ ၄။ မပျံ့လွင့်သော စိတ်ရှိခြင်း၊ ၅။ အလုံးစုံသော အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်အပ်ခြင်း (အစောင့်ရှောက်ခံရသူဖြစ်ခြင်း)။ (အပ၊၁။၃၆၁။) (အပ၊မြန်၊၁။၃၇၀။)

ဆီကြည် ၅ မျိုး ၁။ ဝံဆီကြည်၊ ၂။ ငါးဆီကြည်၊ ၃။ မိကျောင်းဆီကြည်၊ ၄။ ဝက်ဆီကြည်၊ ၅။ မြည်းဆီကြည်။ (ဝိ၊၅။၂၃၀။) (ဝိ၊မြန်၊၅။၃၁၉။)

ဆီမီးတိုင် လှူရကျိုး ၁၀ ပါး ၁။ တာဝတိံသာနတ်ပြည်၌ အမြင့်ယူဇနာ ခြောက်ဆယ် အကျယ်ယူဇနာ သုံးဆယ်ရှိသော ဗိမာန်ကို ရရှိခြင်း၊ ၂။ မရေမတွက်နိုင်သော ဆီမီးတိုင်တို့သည် နတ်ဘုံရှိသလောက် ထွန်းလင်းတောက်ပခြင်း၊ ၃။ ကြည့်လိုသည်ရှိသော် ထက်, အောက်, ဖီလာအရပ်အားလုံးကို မျက်စိဖြင့် မြင်ရခြင်း၊ ၄။ သုဂတိ ဒုဂ္ဂတိ လားမည့် ပုဂ္ဂိုလ်များကိုလည်း အဆီးအတား အပိတ်အပင် မရှိဘဲ ကြည့်ရှုနိုင်ခြင်း၊ ၅။ ရွှစ်ကျိပ်သော နတ်မင်းနှင့် တစ်ရာသော စကြာမင်းတို့၏ မိဖုရားအဖြစ်ကို ရရှိခြင်း၊ ၆။ ဖြစ်လေရာဘဝတို့၌ ဆီမီးတစ်သိန်းတို့ ဝန်းရံခြင်း၊ ၇။ မဏ္ဍပ်, သစ်ပင်ရင်း, ပြာသာဒ်, လှိုဏ်ဂူ, ဆိတ်ငြိမ်သော တောကျောင်းတို့၌ ဈာန်ဝင်စားနေစဉ် ဆီမီးတိုင်ငါးတိုင်တို့ တောက်ပနေခြင်း၊ ၈။ ဒီဗွစကွုအဘိညာဉ်သည် အထူးစင်ကြယ်လျက် အဘိညာဉ်၏ အထွတ်အထိပ်သို့ ရောက်ခြင်း၊ ၉။ ဆီမီးတိုင်လှူခဲ့သည့်အခါမှ စ၍ ကမ္ဘာတစ်သိန်းတိုင် ဒုဂ္ဂတိဘဝသို့ မရောက်ရခြင်း၊ ၁၀။ ခုနစ်နှစ်အရွယ်၌ ကိလေသာကုန်၍ ရဟန္တာဖြစ်ခြင်း။ (အပ၊၂။၁၉၆။) (အပ၊မြန်၊၂။၁၈၇။)

ဆီမီးပူဇော်ရကျိုး ၆ ပါး ၁။ ဖြစ်လေရာဘဝတိုင်း၌ များစွာသော ဆီမီးတို့ ကောင်းစွာ တောက်ပခြင်း၊ ၂။ နံရံတစ်ဖက်, ကျောက်တောင်တစ်ဖက်, တောင် စသည်တို့ကို ကျော်လွန်၍ အလိုရှိအပ်သော အရာဝတ္ထုကို မြင်နိုင်ခြင်း၊ ၃။ မျက်စိ အထူးစင်ကြယ်ခြင်း၊ ၄။ အခြံအရံတို့ဖြင့် တောက်ပခြင်း၊ ၅။ သဒ္ဓါတရားရှိသူ ဖြစ်ခြင်း၊ ၆။ ပညာဉာဏ် ကြီးသူ ဖြစ်ခြင်း။ (အပ၊၂။၂၅၁။) (အပ၊မြန်၊၂။၂၄၃။)

ဆီမီး လှူရကျိုး ၁၁ ပါး ၁။ တာဝတိံသာနတ်ပြည်၌ အမြင့် ယူဇနာခြောက်ဆယ်, အကျယ်ယူဇနာသုံးဆယ်ရှိသော ဘုံဗိမာန်ကို ရရှိခြင်း၊ ၂။ မရေမတွက်နိုင်သော ဆီမီးတိုင်များ ဝန်းရံလျက် နတ်ဘုံရှိသလောက် ထွန်းလင်းတောက်ပခြင်း၊ ၃။ မျက်ကွယ်ဖြစ်လျက် အလိုရှိလျှင် အထက်

http://www.dhammadownload.com

အောက် ဖီလာ အရပ်မျက်နှာအားလုံးကို မျက်စိဖြင့် မြင်နိုင်ခြင်း၊ ၄။ သုဂတိဘဝ, ဒုဂ္ဂတိဘဝ လားရောက်မည့်ပုဂ္ဂိုလ်တို့ကို အပိတ်အပင်မရှိဘဲ ကြည့်ရှုနိုင်ခြင်း၊ ၅။ ရှစ်ကျိပ်သော နတ်မင်းကြီးတို့နှင့် တစ်ရာသော စကြာမင်းတို့၏ မိဖုရားဖြစ်ရခြင်း၊ ၆။ လူ့ဘဝ နတ်ဘဝတို့၌ ဆီမီးတစ်သိန်း ဝန်းရံလျက် တောက်ပခြင်း၊ ၇။ မွေးဖွားရာ အိမ်၌ ဆီမီးတစ်သိန်းတို့ တောက်ပခြင်း၊ ၈။ မဏ္ဍပ်, သစ်ပင်ရင်း, ဆိတ်ငြိမ်ရာ ကျောင်းတို့၌ နေစဉ် ဆီမီးများ အမြဲတောက်ပခြင်း၊ ၉။ ဒိဗ္ဗစက္ခု အဘိညာဉ်သည် အထူးစင်ကြယ်လျက် ဈာန်အဘိညာဉ်တို့၌ အထွတ်အထိပ်သို့ ရောက်ခြင်း၊ ၁၀။ ဗောဓိပင်အား ဆီမီးလှူခဲ့သည့် အခါမှ စ၍ ကမ္ဘာတစ်သိန်းတိုင်တိုင် ဒုဂ္ဂတိဘဝသို့ မလားခြင်း၊ ၁၁။ နောက်ဆုံးဘဝ၌ ခုနစ်နှစ်အရွယ်တွင် ကိလေသာကုန်ခန်း ရဟန္တာဖြစ်ခြင်း။ (အပ၊၂။၂၀၄။) (အပ၊မြန်၊၂။၁၉၅။)

ဆိ လှူရကျိုး ၅ ပါး ထောပတ် လှူရကျိုး ၅ ပါးနှင့် တူသည်။

ဆီးမီးတိုင် လှူရကျိုး ၃ ပါး ၁။ အမျိုးဇာတ် မြင့်မြတ်သူ ဖြစ်ခြင်း၊ ၂။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၃။ တတ်သိနားလည်သူဟု သမုတ်အပ်သော ပညာရှိ ဖြစ်ခြင်း။ (အပ၊၁။၃၆၅။) (အပ၊မြန်၊၁။၃၇၄။)

ဆု ၁၀ မျိုး ၁။ ဝိသာခါ တောင်းသော ဆု ရှစ်မျိုး၊ ၂။ သုဒ္ဓေါဒနမင်းကြီး တောင်းသော ဆု တစ်မျိုး၊ ၃။ သမားတော်ဇီဝက တောင်းသော ဆု တစ်မျိုး။ (ဝိ၊ဋ္ဌ၊၄။၁၈၃။)

ဆုထူးပန် ၅ ယောက် ၁။ မေဏ္ဍကသူဌေးကြီး တစ်ဦး၊ ၂။ ထိုမေဏ္ဍကသူဌေးကြီး၏ သူဌေးကတော် စန္ဒပဒုမာမည်သူ တစ်ဦး၊ ၃။ ထိုမေဏ္ဍကသူဌေးကြီး၏ သား ဓနဉ္ဇယမည်သူ တစ်ဦး၊ ၄။ ထိုဓနဉ္ဇယ၏ မယား သုမနဒေဝီမည်သူ ချွေးမတစ်ဦး၊ ၅။ မေဏ္ဍကသူဌေးကြီး၏ ကျွန် ပုဏ္ဏမည်သူ တစ်ဦး။ (ဓမ္မ၊ဋ္ဌ၊၁။၂၄၃။)

ဆုလာဘ် ၅ ပါး ၁။ အာရောဂျသမ္ပဒါ– အနာရောဂါကင်းခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ ဒေယျဓမ္မသမ္ပဒါ– လှူဖွယ်ဝတ္ထုပစ္စည်းနှင့် ပြည့်စုံခြင်း၊ ၃။ ဒက္ခိဏေယျသမ္ပဒါ– အလှူခံပုဂ္ဂိုလ်နှင့် ပြည့်စုံခြင်း၊ ၄။ ဒေယျဓမ္မဿ အပရိမိတသမ္ပဒါ– လှူဖွယ်ဝတ္ထုပစ္စည်း၏ အတိုင်းအရှည် မရှိခြင်းနှင့် ပြည့်စုံခြင်း၊ ၅။ ဒါယကသမ္ပဒါ– ပေးလှူတတ်သော ပုဂ္ဂိုလ်နှင့် ပြည့်စုံခြင်း။ (ပေတ၊ဋ္ဌ။၁၂၁။)

ဆူးငြောင့် ၅ မျိုး ၁။ ရာဂဟူသော ဆူးငြောင့်၊ ၂။ ဒေါသဟူသော ဆူးငြောင့်၊ ၃။ မောဟဟူသော ဆူးငြောင့်၊ ၄။ မာနဟူသော ဆူးငြောင့်၊ ၅။ ဒိဋ္ဌိဟူသော ဆူးငြောင့်။ (သုတ္တနိ၊ဋ္ဌ၊၁။၂၃။)

ဆူး ငြောင့် မြား ၃ မျိုး ၁။ ရာဂတည်းဟူသော မြား၊ ၂။ ဒေါသတည်းဟူသော မြား၊ ၃။ မောဟ တည်းဟူသော မြား။ (နေတ္တိ၊ဝိဘာ။၂၇၅။)

ဆူးငြောင့် ၁၀ မျိုး ၁။ **အပေါင်းအသင်း၌ မွေ့လျော်ခြင်းသည် ဆိတ်ငြိမ်ရာ၌ မွေ့လျော်သူ၏ ဆူးငြောင့်** ဖြစ်ခြင်း၊ ၂။ သုဘနိမိတ်ကို အားထုတ်ခြင်းသည် အသုဘနိမိတ် အားထုတ်သူ၏ ဆူးငြောင့် ဖြစ်ခြင်း၊ ၃။ ပွဲလမ်းသဘင်စသည် ကြည့်ရှုနားထောင်မှုသည် ကွန်ဒြေလုံခြုံသူ၏ ဆူးငြောင့် ဖြစ်ခြင်း၊ ၄။ မိန်းမများ၏ အနီး၌ လှည့်လည်ခြင်းသည် မြတ်သော အကျင့် ဗြဟ္မစရိယ၏ ဆူးငြောင့်ဖြစ်ခြင်း၊ ၅။ အသံသည် ပထမဈာန်၏ ဆူးငြောင့်ဖြစ်ခြင်း၊ ၆။ ကြီစည်သုံးသပ်မှု

http://www.dhammadownload.com

ဝိတက်ဝိစာရတို့သည် ဒုတိယစျာန်၏ ဆူးငြောင့်ဖြစ်ခြင်း၊ ၇။ နှစ်သက်မှု ပီတိသည် တတိယစျာန်၏ ဆူးငြောင့်ဖြစ်ခြင်း၊ ၈။ ဝင်လေထွက်လေတို့သည် စတုတ္ထစျာန်၏ ဆူးငြောင့်ဖြစ်ခြင်း၊ ၉။ သညာ ဝေဒနာတို့သည် နိရောဓသမာပတ်၏ ဆူးငြောင့်ဖြစ်ခြင်း၊ ၁၀။ ရာဂ ဒေါသ မောဟတို့သည် ဆူးငြောင့်များ ဖြစ်ခြင်း။ (အံ၊၃။၃၆၃။) (အံ၊မြန်၊၃။၃၆၁။)

ဆေး ၂ မျိုး ၁။ သမထဆေး၊ ၂။ ဝိပဿနာဆေး။ (ပေဋကော။၂၅၀။)

ဆေး ၅ မျိုး ၁။ ထောပတ်၊ ၂။ ဆီဦး၊ ၃။ ဆီ၊ ၄။ ပျားရည်၊ ၅။ တင်လဲ။ (ဝိ၊၁။၃၆၂။) (ဝိ၊၃။၃၀၂။) (ဝိ၊၆၊၂။၂၉၆။) (ဝိ၊မြန်၊၁။၃၈၅။) (ဝိ၊မြန်၊၃။၃၀၃။)

ဆေးကုခြင်း ၅ မျိုး ၁။ မျက်စဉ်းတံဖြင့် ဆေးကုခြင်း (သာလာကိယ)၊ ၂။ ကျပ်ထုပ်ဖြင့် ဆေးကုခြင်း (သလ္လကတ္တိယ)၊ ၃။ အမြစ်တို့ဖြင့် ယှဉ်၍ ကိုယ်ကို ဆေးကုခြင်း (ကာယတိကိစ္ဆ)၊ ၄။ ဖုတ်ပြိတ္တာတို့ကို ထုတ်၍ ကုခြင်း (ဘူတိယ)၊ ၅။ သူငယ်တို့ကို ဆေးကုခြင်း (ကောမာရဘစ္စ)။ (မဟာနိ။ ၂၉၈။)

ဆေးကုပေးကောင်းသော ပုဂ္ဂိုလ် ၅ မျိုး (ရဟန်းတော်များက ဆေးကုပေးကောင်းသော ပုဂ္ဂိုလ်) ၁။ ရဟန်း၊ ၂။ ရဟန်းမ၊ ၃။ သာမဏေ၊ ၄။ သာမဏေမ၊ ၅။ သိက္ခမာန်။ (ဝိ၊၆၊၂။၆၄။)

ဆေးကုပေးကောင်းသော ပုဂ္ဂိုလ် ၅ မျိုး (ရဟန်းတော်များက ဆေးကုပေးကောင်းသော ပုဂ္ဂိုလ်) ၁။ အမိ၊ ၂။ အဖ၊ ၃။ ထိုမိဘတို့အား ပြုစု လုပ်ကျွေးနေသော ပုဂ္ဂိုလ်၊ ၄။ မိမိ၏ ဝေယျာဝစ္စကို ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်၊ ၅။ ရှင်လောင်း။ (ဝိ၊၆၊၂။၆၅။)

ဆေးကုပေးကောင်းသော ပုဂ္ဂိုလ် ၁၀ မျိုး (ရဟန်းတော်များက ဆေးကုပေးကောင်းသော ပုဂ္ဂိုလ်) ၁။ အစ်ကိုကြီး၊ ၂။ ညီငယ်၊ ၃။ အစ်မကြီး၊ ၄။ ညီမငယ်၊ ၅။ ဒေါလေး၊ ၆။ ဒေါကြီး၊ ၇။ ဘထွေး၊ ၈။ ဘကြီး၊ ၉။ အဖေ၏ အစ်မနှင့် ညီမ၊ ၁၀။ ဦးကြီး, ဦးလေး (အမေ၏ မောင်ကြီး, မောင်ငယ်။)။ (ဝိ၊၆၊၂။၆၅။)

ဆေးတံ အခိုးတံ လှူရကျိုး ၃ ပါး ၁။ ဖြောင့်မတ်သော သတိရှိသူ ဖြစ်ခြင်း၊ ၂။ အကြောတို့သည် ကောင်းစွာ ဆက်စပ်မှု ရှိခြင်း၊ ၃။ နတ်မျက်စိနှင့် တူသော မျက်စိရှိခြင်း။ (အပ၊၁။၃၆၅။) (အပ၊မြန်၊ ၁။၃၇၄။)

ဆေးပစ္စည်း၌ ရောင့်ရဲခြင်း ၃ မျိုး ၁။ မိမိရရှိသော ဆေးပစ္စည်းနှင့် လျော်ညီစွာ ရောင့်ရဲတင်းတိမ်ခြင်း (ယထာလာဘသန္တောသ)၊ ၂။ ဆေးပစ္စည်း၌ မိမိခွန်အားနှင့် လျော်ညီစွာ ရောင့်ရဲတင်းတိမ်ခြင်း (ယထာဗလသန္တောသ)၊ ၃။ ဆေးပစ္စည်း၌ မိမိနှင့် သင့်တော် လျောက်ပတ်သည်နှင့် လျော်ညီစွာ ရောင့်ရဲတင်းတိမ်ခြင်း (ယထာသာရုပ္ပသန္တောသ)။ (ဒီ၊၆၊၁။၁၈၄။) (မ၊၆၊၂။၄၈။) (ဒီ၊၆၊မြန်၊၁။၃၆၁။) (ဒီ၊၆၊မြန်၊၁။၃၆၁။)

ဆေး လှူရကျိုး ၁၀ ပါး ၁။ အသက်ရှည်ခြင်း၊ ၂။ ခွန်အားကြီးမားသူ ဖြစ်ခြင်း၊ ၃။ ဉာဏ်ပညာကြီးသူ ပညာရှိပုဂ္ဂိုလ် ဖြစ်ရခြင်း၊ ၄။ အဆင်းလှခြင်း၊ ၅။ အခြံအရံပေါများခြင်း၊ ၆။ ချမ်းသာကြီးခြင်း၊ ၇။ ဥပါဒ်ဘေးရန် အန္တရာယ် မရှိခြင်း၊ ၈။ ဆင်းရဲဒုက္ခ မရှိခြင်း၊ ၉။ အခါခပ်သိမ်း

http://www.dhammadownload.com

မြတ်နိုးကော်ရော် ပူဇော်မှုကို ခံရခြင်း၊ ၁၀။ ချစ်သူခင်သူတို့နှင့် မခွဲခွါ မကွေကွင်းရခြင်း။ (အပ၊၁၁။၃၆၃။) (အပ၊မြန်၊၁။၃၇၂။)

ဆေး၏ ဂုဏ်ကျေးဇူး ၃ ပါး ၁။ ဆေးသည် အဆိပ်ဖြင့် နှိပ်စက်ခံရသော သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်ခြင်း၊ ၂။ အနာရောဂါ၏ အဆုံးကို ပြုတတ်ခြင်း၊ ၃။ အသက်ကို မသေစေနိုင်ခြင်း။ (မိလိန္ဒ။ ၃၀၅။) (မိလိန္ဒ၊မြန်။၃၂၇။)

ဆဲရေးကြောင်း၀တ္ထု ၁၀ မျိုး ၁။ အမျိုးဇာတ်အားဖြင့် ဆဲရေးခြင်း၊ ၂။ နာမည်အားဖြင့် ဆဲရေးခြင်း၊ ၃။ အနွယ်အားဖြင့် ဆဲရေးခြင်း၊ ၄။ အလုပ်အကိုင်အားဖြင့် ဆဲရေးခြင်း၊ ၅။ အတတ်ပညာ အားဖြင့် ဆဲရေးခြင်း၊ ၆။ အနာရောဂါအားဖြင့် ဆဲရေးခြင်း၊ ၇။ အသွင်သဏ္ဌာန်အားဖြင့် ဆဲရေးခြင်း၊ ၈။ ကိလေသာအားဖြင့် ဆဲရေးခြင်း၊ ၉။ အာပတ်ဖြင့် ဆဲရေးခြင်း၊ ၁၀။ ယုတ်ညံ့သော ဆဲရေးကြောင်း စကားဖြင့် ဆဲရေးခြင်း။ (ဝိ၊၂။၈။) (ဝိ၊မြန်၊၂။၁၀။)

ဆဲရေးခြင်း ၂ မျိုး ၁။ အယုတ်အားဖြင့် ဆဲရေးခြင်း၊ ၂။ အမြတ်အားဖြင့် ဆဲရေးခြင်း။ (ဝိ၊၂။၉၊၁၁။) (ဝိ၊၅။ ၂၁၅။) (ဝိ၊၆၊၃။၅။) (ဝိ၊မြန်၊၂။၁၂၊၂၄။) (ဝိ၊မြန်၊၅။၃၀၀။)

ဆဲရေးခြိမ်းခြောက်တတ်သော ပုဂ္ဂိုလ်၌ အပြစ် ၁၁ မျိုး ၁။ မရသေးသော သမာဓိကို မရနိုင်ခြင်း၊ ၂။ ရရှိပြီးသော သမာဓိ ဆုတ်ယုတ်ခြင်း၊ ၃။ သူတော်ကောင်းတရားများ မဖြူစင်ခြင်း၊ ၄။ သူတော်ကောင်းတရားတို့၌ "ငါရပြီဟု" လွန်ကဲသော မှတ်ထင်မှု ရှိခြင်း၊ ၅။ မွေ့လျော်မှု မရှိဘဲ မြတ်သော အကျင့်ကို ကျင့်ခြင်း၊ ၆။ ညစ်ညမ်းသော အာပတ်တစ်ခုခုသို့ သင့်ရောက်ခြင်း၊ ၇။ သိက္ခာချ၍ လူထွက်ခြင်း၊ ၈။ ပြင်းထန်သော အနာရောဂါကို ရခြင်း၊ ၉။ စိတ်ပျံ့လွင့်ပြီး ရူးသွပ်ခြင်းသို့ ရောက်ခြင်း၊ ၁၀။ တွေတွေဝေဝေ သေရခြင်း၊ ၁၁။ သေပြီးနောက် အပါယ်ငရဲသို့ ကပ်ရောက်ရခြင်း။ (ဝိ၊၆၊၄။၁၈၄။)

ဆဲရေးတတ်သော ရဟန်း၏ အပြစ် ၅ ပါး ၁။ လောကုတ္တရာတရားမှ ဆုံးရှုံးခြင်း၊ ၂။ ညစ်နွမ်းသော အာပတ်တစ်မျိုးမျိုးသို့မူလည်း ရောက်ခြင်း၊ ၃။ ပြင်းထန်သော ရောဂါသို့ မူလည်း ရောက်ခြင်း၊ ၄။ တွေဝေလျက် သေရခြင်း၊ ၅။ ငရဲသို့ ရောက်ရခြင်း။ (အံ၊၂။၂၂၀။) (အံ၊မြန်၊၂။၂၇၇။)

ဆိုဆုံးမခက်သူ ဖြစ်ကြောင်း တရား ၁၆ ပါး ၁။ ယုတ်မာသော အလိုဆိုးရှိ၍ ထိုအလိုဆိုး နောက်သို့ လိုက်သူ ဖြစ်ခြင်း၊ ၂။ မိမိကိုယ်ကို ချီးကျူးမြှင့်တင်၍ သူတစ်ပါးတို့အား ကဲ့ရဲ့ရှုတ်ချသူ ဖြစ်ခြင်း၊ ၃။ အမျက်ဒေါသ ထွက်တတ်၍ အမျက်ဒေါသ၏ လွှမ်းမိုးခံရသူ ဖြစ်ခြင်း၊ ၄။ အမျက်ဒေါသ ထွက်လေ့ရှိပြီး အမျက်ဒေါသကြောင့် ရန်ငြိုးဖွဲ့လေ့ရှိသူ ဖြစ်ခြင်း၊ ၅။ အမျက်ဒေါသ ထွက်လေ့ ရှိပြီး အမျက်ဒေါသကြောင့် အစွဲလမ်းကြီးသူ ဖြစ်ခြင်း၊ ၆။ ဒေါသထွက်လေ့ရှိပြီး ဒေါသနှင့် နီးစပ်သော စကားကို ပြောဆိုတတ်သူ ဖြစ်ခြင်း၊ ၇။ အပြစ်တင်ခံရလျှင် အပြစ်တင်သူအား ဆန့်ကျင်ဘက် ပြုတတ်သူ ဖြစ်ခြင်း၊ ၈။ အပြစ်တင်ခံရလျှင် ထိုအပြစ်တင်သူအား ကြိမ်းမောင်း တတ်ခြင်း၊ ၉။ အပြစ်တင်ခံရလျှင် ထိုအပြစ်တင်သူအား အပြစ်ပြန်တင်တတ်ခြင်း၊ ၁၀။ အပြစ် တင်ခံရလျှင် အကြောင်းတစ်မျိုးမျိုးဖြင့် ဖုံးလွှမ်းလျက် စကားကို ပြင်ပသို့ လွှဲပြောင်းပြီး စိတ်ဆိုး အမျက်ထွက်ကာ ပြစ်မှားတတ်ခြင်း၊ ၁၁။ အပြစ်တင်ခံရလျှင် မိမိ၏ ဖြစ်စဉ်အကြောင်း အတ္ထုပ္ပတ္တိကို ရှင်းမပြနိုင်ခြင်း၊ ၁၂။ ကျေးဇူးကန်းလျက် ဂုဏ်တဂုဏ်ပြိုင် ပြုတတ်ခြင်း၊

http://www.dhammadownload.com

၁၃။ မနာလိုစိတ်ရှိပြီး နှမြောဝန်တို တတ်သူ ဖြစ်ခြင်း၊ ၁၄။ ကောက်ကျစ်စဉ်းလဲပြီး လှည့်ပတ် တတ်သူ ဖြစ်ခြင်း၊ ၁၅။ မောက်မာခက်ထန်လျက် မာနကြီးသူ ဖြစ်ခြင်း၊ ၁၆။ မိမိအယူကို စွဲလမ်းလျက် မြဲမြံစွာ ယူတတ်သူ စွန့်နိုင်ခဲသူ ဖြစ်ခြင်း။ (မ၊၁။၁၃၃။) (ဝိ၊၄၊၂။၁၉၇။)(မ၊မြန်၊၁။ ၁၄၁။)

ဆိုဆုံးမလွယ်သူ ဖြစ်ကြောင်း တရား ၁၆ ပါး ၁။ ယုတ်မာသော အလိုဆိုး မရှိမူ၍ ထိုအလိုဆိုး နောက်သို့ မလိုက်သူ ဖြစ်ခြင်း၊ ၂။ မိမိကိုယ်ကို မချီးကျူး မမြှင့်တင်မူ၍ သူတစ်ပါးတို့ အားလည်း မကဲ့ရဲ့ မရှုတ်ချခြင်း၊ ၃။ အမျက်ဒေါသ မထွက်တတ်ဘဲ အမျက်ဒေါသ လွှမ်းမိုးမှုကို မခံရခြင်း၊ ၄။ အမျက်ဒေါသ ထွက်လေ့မရှိဘဲ အမျက်ဒေါသကြောင့် ရန်ငြိုးဖွဲ့လေ့ မရှိခြင်း၊ ၅။ အမျက်ဒေါသထွက်လေ့ မရှိဘဲ အမျက်ဒေါသကြောင့် အစွဲအလမ်း မကြီးခြင်း၊ ၆။ အမျက် ဒေါသထွက်လေ့ မရှိဘဲ ဒေါသနှင့် နီးစပ်သော စကားကို ပြောဆိုလေ့ မရှိခြင်း၊ ၇။ အပြစ် တင်ခံရလျှင် အပြစ်တင်သူအား ဆန့်ကျင်ဘက် မပြုလုပ်ခြင်း၊ ၈။ အပြစ်တင်ခံရလျှင် အပြစ်တင်သူအား မကြိမ်းမောင်းခြင်း၊ ၉။ အပြစ်တင်ခံရလျှင် အပြစ်တင်သူအား တစ်ဖန်ပြန်၍ အပြစ်မတင်ခြင်း၊ ၁၀။ အပြစ်တင်ခံရလျှင် အကြောင်းတစ်မျိုးမျိုးဖြင့် မဖုံးလွှမ်းမူ၍ စကား ကိုလည်း အပြင်ပသို့ မလွှဲပြောင်းဘဲ အမျက်မထွက် မပြစ်မှားတတ်ခြင်း၊ ၁၁။ အပြစ်တင်ခံရလျှင် မိမိ၏ဖြစ်စဉ် အကြောင်းစုံကို ပြေလည်အောင် ရှင်းပြနိုင်ခြင်း၊ ၁၂။ ကျေးဇူးမကန်းမူ၍ ဂုဏ်တု ဂုဏ်ပြိုင် မပြုလုပ်တတ်ခြင်း၊ ၁၃။ မနာလိုစိတ် မရှိဘဲ နှမြောဝန်တိုတတ်သူလည်း မဟုတ်ခြင်း၊ ၁၄။ မကောက်ကျစ် မစဉ်းလဲ မလှည့်ပတ်တတ်သူ ဖြစ်ခြင်း၊ ၁၅။ မမောက်မာ မခက်ထန်ဘဲ မာနမကြီးသူ ဖြစ်ခြင်း၊ ၁၆။ မိမိအယူကို မစွဲလမ်းသူ မြဲမြံစွာ မယူသူ စွန့်လွှတ်နိုင်သူ ဖြစ်ခြင်း။ (မ၊၁။၁၃၅။) (မ၊မြန်၊၁။၁၄၂။)

ဆိုးကျိုးရှိသော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရှေးရှုကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင် ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

ဆဲစသော ကောင်္ခာသတို့ စက်ဆုပ်ဖွယ်ကောင်းပုံ ၅ မျိုး ၁။အဆင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းခြင်း၊ ၂။ ပုံသဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်ကောင်းခြင်း၊ ၃။ အနံ့အသက်အားဖြင့် စက်ဆုပ်ဖွယ် ကောင်းခြင်း၊ ၄။ သလိပ်, သည်းခြေ, သွေး စသော ဖြစ်ခဲ့ရာ အကြောင်းအားဖြင့် စက်ဆုပ်ဖွယ် ကောင်းခြင်း၊ ၅။ ဆဲ စသည် ဖြစ်ရာအရပ်အားဖြင့် စက်ဆုပ်ဖွယ်ကောင်းခြင်း။ (သာရတ္ထ၊ဋီ၊၂။၁၇၃။)

ဆဲပင်၌ ကြောင့်ကြစိုက်ရမှု ၁၆ ပါး ၁။ တန်ဆာဆင်ရခြင်း၊ ၂။ ပြေပြစ် ချောမွေ့အောင် ပြုရခြင်း၊ ၃။ ဆီလိမ်းရခြင်း၊ ၄။ ခေါင်းလျှော်ရခြင်း၊ ၅။ ပန်းပန်ရခြင်း၊ ၆။ အမွေးအကြိုင် လိမ်းရခြင်း၊ ၇။ ခေါင်းလျှော်ရန်အတွက် တရော်ကင်ပွန်း စသည်ကို ထောင်းထု၍ စိမ်ထုံရခြင်း၊ ၈။ သဖန်းခါးသီးကို ရှာရခြင်း၊ ၉။ သျှစ်သျှားသီးကို ရှာရခြင်း၊ ၁၀။ ဆဲပင်နက်အောင် ဆိုးရည် ဆိုးရခြင်း၊ ၁၁။ ဆဲပင်ထုံးရခြင်း၊ ၁၂။ ဘီးဖြင့် ဖီးရခြင်း၊ ၁၃။ ဆေတ္တာသည်တို့ဖြင့် ပြုပြင်

http://www.dhammadownload.com

ရခြင်း၊ ၁၄။ ထုံးပြီးသော ဆံပင်ကို ပြန်ဖြေရခြင်း၊ ၁၅။ သန်းရှာရခြင်း၊ ၁၆။ ဆံပင်ကျွတ်သည် ရှိသော် စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း။ (မိလိန္ဒ။၁၁။) (မိလိန္ဒ၊မြန်။၁၄။)

ဆံပင်၌ မတင့်တယ်သော အခြင်းအရာအားဖြင့် ရှုးရွဲထင်ပုံ ၅ မျိုး ၁။ ဝဏ္ဏ– အဆင်း၊ ၂။ သဏ္ဌာန– ပုံသဏ္ဌာန်၊ ၃။ ဂန္ဓ– အနံ့၊ ၄။ အာသယ– မှီရာ၊ ၅။ သြကာသ– တည်ရာ။ (ခုဒ္ဒက။၆။၅၈။)

ဆံပင်၏ ကင်းဆိတ်သည်၏အဖြစ် ၃ မျိုး ၁။ အတ္တမှ ကင်းဆိတ်သည်၏ အဖြစ်၊ ၂။ အတ္တ၏ ဥစ္စာအဖြစ်မှ ကင်းဆိတ်သည်၏ အဖြစ်၊ ၃။ မြဲသည်၏ အဖြစ်မှ ကင်းဆိတ်သည်၏ အဖြစ်။ (အဘိ။၆။၂။၂၄၉။)

ဆံပင်၏ ဓာတ် ၄ မျိုး ၁။ ဆံပင် စသည်တို့၌ ခက်မာသည်၏ အဖြစ်သည် ပထဝီဓာတ်၊ ၂။ ဆံပင် စသည်တို့၌ ဖွဲ့စည်းတတ်သည်၏ အဖြစ်သည် အာပေါဓာတ်၊ ၃။ ဆံပင် စသည်တို့၌ အငွေ့၏ အဖြစ်သည် တေဇောဓာတ်၊ ၄။ ဆံပင် စသည်တို့၌ တောင့်မာသည်၏ အဖြစ်သည် ဝါယောဓာတ်။ (အဘိ။၆။၂။၂၄၉။)

ဆံပင်၏ နိမိတ် ၅ မျိုး ၁။ ဝဏ္ဏနိမိတ်= မှတ်သားကြောင်း အဆင်း၊ ၂။ သဏ္ဌာနနိမိတ်= မှတ်သားကြောင်း သဏ္ဌာန်၊ ၃။ ဒိသာနိမိတ်= မှတ်သားကြောင်း အရပ်၊ ၄။ သြကာသနိမိတ်= မှတ်သားကြောင်း ဖြစ်ရာအရပ်၊ ၅။ ပရိစ္ဆေဒနိမိတ်= မှတ်သားကြောင်း အပိုင်းအခြား။ (အဘိ။၆။၂။၂၄၈။) (ခုဒ္ဒက။၆။၆၀။)

ဆံပင်၏ လက္ခဏာ ၄ ပါး ၁။ ထဒ္ဓလက္ခဏံ= ကြမ်းတမ်းခြင်းလက္ခဏာ၊ ၂။ အာဗန္ဓနလက္ခဏံ= တုပ်နှောင်ဖွဲ့စည်းခြင်းလက္ခဏာ၊ ၃။ ဥဏှတ္တလက္ခဏံ= ပူခြင်းလက္ခဏာ၊ ၄။ သမုဒီရဏလက္ခဏံ= ရွေ့ရှားခြင်း တွန်းကန်ခြင်းလက္ခဏာ။ (အဘိ။၆။၂။၂၄၉။) (ခုဒ္ဒက။၆။၆၁။)

ဆက်စပ်ခြင်း ၅ မျိုး ၁။ ပုဒ်ချင်း ဆက်စပ်ခြင်း ပဒသန္ဓိ၊ ၂။ ပုဒ်အနက်ချင်း ဆက်စပ်ခြင်း ပဒတ္ထသန္ဓိ၊ ၃။ အနုသန္ဓေတစ်ခုရှိသော ဒေသနာကို ရှေ့နောက်ဆက်စပ်ခြင်း ဒေသနာသန္ဓိ၊ ၄။ ချထားအပ်, ဟောကြားအပ်သော ဒေသနာအားဖြင့် ဆက်စပ်ခြင်း နိက္ခေပသန္ဓိ၊ ၅။ ချထားအပ်သော သုတ်အားဖြင့် ဆက်စပ်ခြင်း သုတ္တသန္ဓိ။ (မ။ဋ္ဌ။၁။၁၄။)

ဆင် ၁၀ မျိုး ၁။ ကာဠာဝက ဆင်မျိုး၊ ၂။ ဂင်္ဂေယျ ဆင်မျိုး၊ ၃။ ပဏ္ဍရ ဆင်မျိုး၊ ၄။ တမ္ဗ ဆင်မျိုး၊ ၅။ ပိင်္ဂလ ဆင်မျိုး၊ ၆။ ဂန္ဓ ဆင်မျိုး၊ ၇။ မင်္ဂလ ဆင်မျိုး၊ ၈။ ဟေမဝတဆင်မျိုး၊ ဟေမ ဆင်မျိုး၊ ၉။ ဥပေါသထ ဆင်မျိုး၊ ၁၀။ ဆဒ္ဒန္တ ဆင်မျိုး။ (မ။ဋ္ဌ။၁။၃၃၁။) (သံ။ဋ္ဌ။၂။၄၁။) (အဘိ။ဋ္ဌ။၂။၃၈၀။) (ပဋိသံ။ဋ္ဌ။၂။၂၃၀။) (ဥဒါန။ဋ္ဌ။၃၆၄။) (ဗုဒ္ဓဝံ။ဋ္ဌ။၆၁။) (သာရတ္ထ။ဋီ။၃။၂၁၈။) (ဝိမတိ။၂။၉၉။)

ဆင် ၁၀ မျိုး (တစ်နည်း) ၁။ ဂေါစရိဆင်မျိုး၊ ၂။ ကဠာပဆင်မျိုး၊ ၃။ ဂင်္ဂေယျဆင်မျိုး၊ ၄။ ပိင်္ဂလ ဆင်မျိုး၊ ၅။ ပဗ္ဗတေယျကဆင်မျိုး၊ ၆။ ဟေမဝတဆင်မျိုး၊ ၇။ တမ္ဗဆင်မျိုး၊ ၈။ မန္ဒာကိနီ ဆင်မျိုး၊ ၉။ ဥပေါသထဆင်မျိုး၊ ၁၀။ ဆန္ဒန္တဆင်မျိုး။ (ဒီ။ဋ္ဌ။၂။၁၆၄။) (ဒီ။ဋ္ဌ။မြန်။၂။၃၀၈။)

ဆင်ခြင်မှုမရှိဘဲ အိပ်သော ပုဂ္ဂိုလ်၏ အပြစ် ၅ ပါး ၁။ ဆင်းရဲစွာ အိပ်ရခြင်း၊ ၂။ ဆင်းရဲစွာ နိုးရခြင်း၊ ၃။ မကောင်းသော အိပ်မက် မြင်မက်ခြင်း၊ ၄။ နတ်တို့ မစောင့်ရှောက်ခြင်း၊ ၅။ သုက် လွတ်ခြင်း။ (အံ၊ ၂။၂၁၉။) (အံ၊ မြန်၊ ၂။၂၇၆။)

http://www.dhammadownload.com

ဆင်ခြင်၍ အိပ်သော ပုဂ္ဂိုလ်၏ အကျိုး ၅ ပါး ၁။ ချမ်းသာစွာ အိပ်ရခြင်း၊ ၂။ ချမ်းသာစွာ နိုးရခြင်း၊ ၃။ မကောင်းသော အိပ်မက်ကို မမက်ခြင်း၊ ၄။ နတ်တို့ စောင့်ရှောက်ကုန်ခြင်း၊ ၅။ သုတ်မလွတ်ခြင်း။ (အံ၊၂။၂၁၉။) (အံ၊မြန်၊၂။၂၇၆–၂၇၇။)

ဆင်ခြင်သုံးသပ်ခြင်း ၃ မျိုး ၁။ သောမနဿဝေဒနာနှင့် ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်း၊ ၂။ ဒေါမနဿဝေဒနာနှင့် ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်း၊ ၃။ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်း။ (နေတ္တိ၊ဋ္ဌ။၂၁၃။)

ဆင်နှင့်ယောဂီ တူပုံ ၅ မျိုး ၁။ ဆင်သည် သွားလာနေစဉ်ပင် မြေကြီးကို ခွဲခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ခန္ဓာကိုယ်ကို သုံးသပ်သည် ဖြစ်၍သာလျှင် အလုံးစုံသော ကိလေသာတို့ကို ဖောက်ခွဲအပ်ခြင်း)၊ ၂။ ဆင်သည် တစ်ကိုယ်လုံးဖြင့်သာလျှင် လှည့်လည်၍ ဖြောင့်စွာ ကြည့်ခြင်း, တူရွှအရပ်, အထောင့်အရပ်တို့ကို မကြည့်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသောကိုယ်ဖြင့် ကြည့်ရခြင်း, တူရွှအရပ်, အထောင့်အရပ်, အထက်အရပ်, အောက်အရပ်သို့ မကြည့်ရခြင်း၊ လှည်းထမ်းပိုးတစ်ပြန်မျှသာ ကြည့်ရခြင်း)၊ ၃။ ဆင်သည် အမြဲတည်ရာ မရှိမူ၍ ကျက်စားခြင်းငှာ သွားသည်ရှိသော် ထိုရောက်ရာ အရပ်၌သာလျှင် နေထိုင်ရန် ချဉ်းကပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အမြဲတည်နေရာ မရှိသည်ဖြစ်၍ တပ်မက်မှု အာလယကင်းလျက် ဆွမ်းခံသွားရခြင်း၊ ဝိပဿနာရှုသော ရဟန်းသည် သင့်တင့်လျောက်ပတ်သော နှစ်သက်ဖွယ်ရှိသော လိုဏ်ဂူ မဏ္ဍပ် တောင်ဂှမ်း စသည်ကို မြင်လျှင် ထိုအရပ်၌ နေထိုင်ရန် ချဉ်းကပ်ရခြင်း)၊ ၄။ ဆင်သည် ရေသို့ သက်ဆင်းသည်ရှိသော် စင်ကြယ်သန့်ရှင်း ညစ်ကြေးကင်း၍ အေးမြကြည်လင်လျက် ကြီးကျယ်သော ပဒုမ္မာကြာအိုင်သို့ သက်ဆင်းကာ ကစားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် စင်ကြယ်သန့်ရှင်း ညစ်ကြေးကင်း၍ အရဟတ္တဖိုလ်တည်းဟူသော ပဒုမ္မာကြာပန်းတို့ဖြင့် ဖုံးလွှမ်းနေသော သတိပဋ္ဌာန်တည်းဟူသော ရေကန်သို့ ဆင်းသက်လျက် ဉာဏ်ဖြင့် သခ်ါရတရား တို့ကို ခါတွက်လွှင့်ပစ်၍ ကစားခြင်း)၊ ၅။ ဆင်သည် သတိရှိသည်ဖြစ်၍ ခြေကို ကြွခြင်း ချခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သတိသမ္ပဇဉ်ဉာဏ်နှင့် ယှဉ်လျက် ကြွခြင်း လှမ်းခြင်း ကွေးခြင်း ဆန့်ခြင်းစသော အမှုတို့ကို ပြုခြင်း) ။ (မိလိန္ဒ။၃၈၃။) (မိလိန္ဒ၊မြန်။၄၀၄။)

ဆင် အင်္ဂါ ၅ ပါး (မင်း၏သာမည်ဆင် အင်္ဂါ ၅ ပါး) ၁။ အဆင်းရှုပါရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၂။ အသံသဒ္ဒါရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၃။ အနံ့ဂန္ဓာရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၄။ အရသာရသာရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၅။ အတွေ့အထိဖောဋ္ဌဗ္ဗာရုံတို့ကို သည်းမခံနိုင်ခြင်း။ (အံ၊၂။ ၁၃၈။) (အံ၊မြန်၊၂။၁၇၃–၁၇၄။)

ဆင်းရဲကြောင်း တရား ၃ ပါး ၁။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် ကာယဒုစရိုက်နှင့် ပြည့်စုံခြင်း၊ ၂။နှုတ်ဖြင့်ပြုအပ်သောမကောင်းသောအကျင့် ဝစီဒုစရိုက်နှင့်ပြည့်စုံခြင်း၊၃။စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် မနောဒုစရိုက်နှင့် ပြည့်စုံခြင်း။ (အံ၊၁။ ၁၁၂။) (အံ၊မြန်၊ ၁။၁၃၁။)

ဆင်းရဲကြောင်း တရား ၃ ပါး (တစ်နည်း) ၁။ အလိုရမ္မက်ကြီးခြင်း (လောဘ)၊ ၂။ အမျက်ဒေါသကြီးခြင်း (ဒေါသ)၊ ၃။ မိုက်မဲတွေဝေခြင်း (မောဟ) ။ (မဟာနိ။၂၈၃။)

http://www.dhammadownload.com

ဆင်းရဲကြောင်း တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရုန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရှေးရှုကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင် ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

ဆင်းရဲခြင်း ၅ မျိုး ၁။ သာသနာတော်၌ ရဟန်းအဖြစ်မည်သည် ဆင်းရဲခြင်း၊ ၂။ ရဟန်း ပြုပြီးသူ သည်လည်း ဆွမ်းခံအကျင့်ဖြင့် အသက်မွေးခြင်းကို အားထုတ်ရသဖြင့် အနှိုင်းမရှိ သီလအစုကို စောင့်ရှောက်ခြင်း လောကုတ္တရာတရားအားလျော်သော အကျင့်ပဋိပတ်ကို ဖြည့်ခြင်း၏ အစွမ်းဖြင့် မွေ့လျော်ခြင်းငှာ ဆင်းရဲခြင်း၊ ၃။ အိမ်၌ နေသဖြင့် မင်းတို့အား မင်းမှုကိစ္စ, အစိုးရသူတို့အား အစိုးရခြင်း အမှုကိစ္စ စသည်တို့ကို ဆောင်ရွက်ရသောကြောင့် အိမ်ရာတည်ထောင်လူဘောင်သည် အိုးပေါက်နှင့် သမုဒ္ဒရာကြီးကဲ့သို့ ပြည့်နိုင်ခဲသောကြောင့် ဆင်းရဲခြင်း၊ ၄။ အလိုမတူသော သူနှင့် ပေါင်းဖော်ရခြင်းသည် ဆင်းရဲခြင်း၊ ၅။ ဝဋ်ဆင်းရဲဟု ဆိုအပ်သော အခွန့်သို့ သွားရခြင်းသည် ဆင်းရဲခြင်း။ (ဓမ္မ၊၃၊၂။၂၈၈။)

ဆင်းရဲခြင်း ၇ မျိုး ၁။ ဒုက္ခဒုက္ခ- ဆင်းရဲသည်သာလျှင်ဖြစ်သော ဒုက္ခ၊ ၂။ ဝိပရိဏာမဒုက္ခ- ဖောက်ပြန်ခြင်း, ဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သော သုခဝေဒနာဟူသော ဒုက္ခ၊ ၃။ သင်္ခါရဒုက္ခ- လောကီဥပေက္ခာဝေဒနာနှင့် ကြွင်းသော တေဘူမကဘုံ၌ ဖြစ်ကုန်သော လောကီသင်္ခါရတို့သည် အဖြစ်အပျက်သည် နှိပ်စက်အပ်ကုန်သည်၏ အဖြစ်ကြောင့် ဆင်းရဲခြင်း၊ ၄။ ပဋိစ္စန္နဒုက္ခ- ကိုယ်စိတ်၌ ဖြစ်နေသော, ဖုံးကွယ်သော, မထင်ရှားသော ဆင်းရဲဒုက္ခ၊ ၅။ အပ္ပဋိစ္စန္နဒုက္ခ- သုံးဆယ့်နှစ်ပါးသော နှိပ်စက်ညှဉ်းပန်းမှု အစရှိသော မဖုံးကွယ်အပ်သော, ထင်ရှားသော ဆင်းရဲဒုက္ခ၊ ၆။ ပရိယာယဒုက္ခ- ဒုက္ခဒုက္ခမှ ကြွင်းသော ဇာတိ အစရှိသော အလုံးစုံသော ဆင်းရဲဒုက္ခ၊ ၇။ နိပ္ပရိယာယဒုက္ခ- ပရိယာယ်မဟုတ်, မုချဖြစ်သော ဆင်းရဲဒုက္ခ။ (အဘိ၊၌၊၂။ ၈၈။) (ဝိသုဒ္ဓိ၊၂။၁၃၀။)

ဆင်းရဲခြင်းသဘော ၃ မျိုး ၁။ ဒုက္ခ ဒုက္ခတာ- တကယ်ဆင်းရဲသော ဆင်းရဲခြင်းသဘော၊ ၂။ သင်္ခါရဒုက္ခတာ- ဖောက်ပြန်တတ်သော ဆင်းရဲခြင်းသဘော၊ ၃။ ဝိပရိဏာမ ဒုက္ခတာ- ပြုပြင်စီရင်မှု ဆင်းရဲခြင်းသဘော။(ဒီ၊၃။၁၈၁။)(သံ၊၂။၄၅၃။)(နေတ္တိ၊၌။။၁၂။)(နေတ္တိ၊၌။၂၁၄။)(နေတ္တိ၊ဝိဘာ။၂၇၅။) (ဒီ၊မြန်၊၃။၂၀၁။) (သံ၊မြန်၊၂။၄၄၉။)

ဆင်းရဲစွာ နေရကြောင်း တရား ၂ ပါး ၁။ အမျက်ထွက်ခြင်း ကောဓ၊ ၂။ ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ၊ (တစ်နည်း) ၁။ သူ့ကျေးဇူးကို ချေဖျက်ခြင်း မက္ခ၊ ၂။ အပြိုင်ပြုခြင်း ပလာသ၊ (တစ်နည်း) ၁။ ငြူစူခြင်း ဣဿာ၊ ၂။ ဝန်တိုခြင်း မစ္ဆရိယ၊ (တစ်နည်း) ၁။ လှည့်ပတ်ခြင်း မာယာ၊ ၂။ စဉ်းလဲခြင်း သာဌေယျ၊ (တစ်နည်း) ၁။ ဒုစရိုက်တရားတို့မှ မရှက်ခြင်း အဟိရိက၊ ၂။ ဒုစရိုက်တရားတို့မှ မလန့်ခြင်း အနောတ္တပ္ပ။ (အံ၊၁။၉၅။) (အံ၊မြန်၊၁။၁၁၁။)

ဆင်းရဲတရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၂၇။) (သံ၊မြန်၊ ၂။၂၆။)

http://www.dhammadownload.com

ဆင်းရဲဖြစ်ကြောင်း တရား ၃ ပါး ၁။ ကာမတဏှာ– ကာမဂုဏ်အာရုံ၌ သာယာသည်၏ အစွမ်းအားဖြင့် ဖြစ်သော တဏှာ၊ ၂။ ဘဝတဏှာ– ဘဝသည် (အတ္တသည်) မြဲ၏ဟု ယူသော သဿတဒိဋ္ဌနှင့် တကွဖြစ်သော တဏှာ၊ ၃။ ဝိဘဝတဏှာ– ဘဝသည် (အတ္တသည်) သေလျှင် ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌနှင့် တကွဖြစ်သော တဏှာ။ (သံ၊၂။၂၇။) (သံ၊မြန်၊ ၂။၂၆။)

ဆင်းရဲ၍ ဒုဂ္ဂတိရောက်ကြောင်း တရား ၂ ပါး ၁။ ဣန္ဒြိယေသု အဂုတ္တဒ္ဝါရတာ– စက္ခု စသော ဣန္ဒြေခြောက်ပါးတို့၌ လုံခြုံသောတံခါး မရှိခြင်း၊ ၂။ ဘောဇနေ အမတ္တညုတာ– ဘောဇဉ်တို့၌ အတိုင်းအရှည်ကို မသိခြင်း။ (ခု၅က။၂၁၁။) (ခု၅က၊မြန်။ ၁၉၄။)

ဆင်းရဲ၍ ဒုဂ္ဂတိရောက်ကြောင်း ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါ မရှိခြင်း၊ ၂။ ရှက်မှုဟိရီ မရှိခြင်း၊ ၃။ ကြောက်လန့်မှု ဩတ္တပ္ပ မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ ပညာမဲ့ခြင်း။ (အံ၊၂။၂–၃။) (အံ၊မြန်၊၂။၄။)

ဆတ္တပါဏိ ဥယျာဉ်စောင့်၌ ရှိသော အင်္ဂါ ၄ ပါး ၁။ ငြူစူခြင်း မရှိခြင်း၊ ၂။ သေရည် မသောက်ခြင်း၊ ၃။ သူတစ်ပါးတို့၌ ချစ်ခင်မှု မရှိခြင်း၊ ၄။ သူတစ်ပါးတို့၌ အမျက်ထွက်ခြင်း မရှိခြင်း။ (ဇာ၊၆၊ ၂။၁၇၅။)

ဆိတ်ငြိမ်ရာ၌ နေပါလျက် လာဘ်လာဘကို အလိုရှိသော ရဟန်း ၈ မျိုး ၁။ ဆိတ်ငြိမ်ရာ၌ နေ၍ လာဘ်လာဘကို အလိုရှိသဖြင့် အားထုတ်သော်လည်း လာဘ်လာဘ မရရှိသောကြောင့် စိုးရိမ်ပူဆွေးလျက် သူတော်ကောင်းတရားမှ ရွေ့လျောသော ရဟန်း၊ ၂။ ဆိတ်ငြိမ်ရာ၌ နေ၍ လာဘ်လာဘကို အလိုရှိသဖြင့် အားထုတ်သောအခါ လာဘ်လာဘ ရရှိလာသောကြောင့် လာဘ်ဖြင့် ယစ်မူးပြီး သူတော်ကောင်းတရားမှ ရွေ့လျောသော ရဟန်း၊ ၃။ ဆိတ်ငြိမ်ရာ၌ နေ၍ လာဘ်လာဘကို အလိုရှိသော်လည်း အားမထုတ်သဖြင့် လာဘ်လာဘကို မရသောကြောင့် စိုးရိမ်ပူဆွေးလျက် သူတော်ကောင်းတရားမှ ရွေ့လျောသော ရဟန်း၊ ၄။ ဆိတ်ငြိမ်ရာ၌ နေ၍ လာဘ်လာဘကို အလိုရှိသူဖြစ်ပါလျက် အားမထုတ်သော်လည်း လာဘ်လာဘ ရရှိလာသောကြောင့် ထိုလာဘ်ဖြင့် ယစ်မူးပြီး သူတော်ကောင်းတရားမှ ရွေ့လျောသော ရဟန်း၊ ၅။ ဆိတ်ငြိမ်ရာ၌ နေ၍ လာဘ်လာဘကို အလိုရှိသဖြင့် အားထုတ်သော်လည်း လာဘ်မရ၊ သို့သော် စိုးရိမ်ပူဆွေးမှု မရှိဘဲ သူတော်ကောင်းတရားမှလည်း မရွေ့လျောသော ရဟန်း၊ ၆။ ဆိတ်ငြိမ်ရာ၌ နေ၍ လာဘ်လာဘကို အလိုရှိသဖြင့် အားထုတ်သောအခါ လာဘ်လာဘ ရရှိလာသော်လည်း၊ ထိုလာဘ်ဖြင့် မယစ်မူး, မမေ့လျော့ဘဲ သူတော်ကောင်းတရားမှလည်း မရွေ့လျောသော ရဟန်း၊ ၇။ ဆိတ်ငြိမ်ရာ၌ နေ၍ လာဘ်လာဘကို အလိုရှိသော်လည်း အားမထုတ်သဖြင့် လာဘ်လာဘများကို မရရှိ၊ သို့သော် လာဘ်ဖြင့် စိုးရိမ်ပူဆွေးမှု မရှိဘဲ သူတော်ကောင်းတရားမှလည်း မရွေ့လျောသော ရဟန်း၊ ၈။ ဆိတ်ငြိမ်ရာ၌ နေ၍ လာဘ်ကို အလိုမရှိသဖြင့် အားမထုတ်ပါဘဲ လာဘ်လာဘများ ရရှိလာသဖြင့် ထိုလာဘ်ဖြင့် မယစ်မူး, မမေ့လျော့ဘဲ သူတော်ကောင်းတရားမှလည်း မရွေ့လျောသော ရဟန်း။ (အံ၊၃။၁၁၆။) (အံ၊၃။၁၄၃။) (အံ၊မြန်၊၃။ ၁၁၇၊၁၄၅။) (အံ၊မြန်၊၃။၁၁၇၊၁၄၅။)

ဆိတ်ငြိမ်ရာ ဝိပဿနာပွားသော ပုဂ္ဂိုလ်တို့ ရရှိအပ်သော အကျိုး ၂ မျိုး ၁။ မျက်မှောက် ဘဝ၌ပင် အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရ၍ ရဟန္တာ ဖြစ်နိုင်ခြင်း၊ ၂။ (ရဟန္တာ မဖြစ်ခဲ့လျှင်) အနာဂါမ် ဖြစ်နိုင်ခြင်း။ (ခု၅က။၂၂၂။) (ခု၅က၊မြန်။ ၂၀၆။)

http://www.dhammadownload.com

ဆိတ်သုဉ်းခြင်း ၂၀ ပါး ၁။ ဆိတ်သုဉ်းသော ဆိတ်သုံးခြင်း (သုညသုည)၊ ၂။ သခ်ါတို့မှ ဆိတ်သုဉ်းခြင်း (သခ်ါရသုည)၊ ၃။ ဖောက်ပြန်သောအားဖြင့် ဆိတ်သုဉ်းခြင်း (ဝိပရိဏာမသုည)၊ ၄။ မြတ်သော ဆိတ်သုဉ်းခြင်း (အဂ္ဂသုည)၊ ၅။ လက္ခဏာတို့မှ ဆိတ်သုဉ်းခြင်း (လက္ခဏသုည) ၆။ ခွါသောအားဖြင့် ဆိတ်သုဉ်းခြင်း (ဝိကွမ္ဘနသုည)၊ ၇။ တဒင်္ဂအားဖြင့် ဆိတ်သုဉ်းခြင်း (တဒင်္ဂသုည)၊ ၈။ ကောင်းစွာ ဖြတ်သောအားဖြင့် ဆိတ်သုဉ်းခြင်း (သမုစ္ဆေဒသုည)၊ ၉။ တစ်ဖန် ငြိမ်းသောအားဖြင့် ဆိတ်သုဉ်းခြင်း (ပဋိပ္ပဿဒ္ဓိသုည)၊ ၁၀။ ထွက်မြောက်သောအားဖြင့် ဆိတ်သုဉ်းခြင်း (နိဿရဏသုည)၊ ၁၁။ အတွင်း (အဇ္ဈတ္တ) ဆိတ်သုဉ်းခြင်း (အဇ္ဈတ္တသုည)၊ ၁၂။ အပ (ဗဟိဒ္ဓ) ဆိတ်သုဉ်းခြင်း (ဗဟိဒ္ဓါသုည)၊ ၁၃။ နှစ်မျိုးလုံး ဆိတ်သုဉ်းခြင်း (ဥဘတောသုည)၁၄။သဘောတူ(သဘာဂ)ဆိတ်သုဉ်းခြင်း(သဘာဂသုည)၊၁၅။သဘောမတူ(ဝိသဘာဂ) ဆိတ်သုဉ်းခြင်း (ဝိသဘာဂသုည) ၁၆။ ရှာမှီးသော ဆိတ်သုဉ်းခြင်း (ဧသနာသုည) ၁၇။ သိမ်းဆည်းသော ဆိတ်သုဉ်းခြင်း (ပရိဂ္ဂဟသုည။)၊ ၁၈။ ရသောအားဖြင့် ဆိတ်သုဉ်းခြင်း (ပဋိလာဘသုည)၊၁၉။ထိုးထွင်း၍သိသောဆိတ်သုဉ်းခြင်း(ပဋိဝေဓသုည)၊၂၀။တစ်ခုတည်းအဖြစ်ဟူသော ဆိတ်သုဉ်းခြင်း (ဧကတ္တ သုည)၊ ၂၁။ အထူးထူးအဖြစ်ဟူသော ဆိတ်သုဉ်းခြင်း (နာနတ္တသုည)၊ ၂၂။ နှစ်သက်သော ဆိတ်သုဉ်းခြင်း (ခန္တိသုည)၊ ၂၃။ အဓိဋ္ဌာန်အားဖြင့် ဆိတ်သုဉ်းခြင်း (အဓိဋ္ဌာနသုတ်)၊ ၂၄။ သက်ဝင်သောအားဖြင့် ဆိတ်သုဉ်းခြင်း (ပရိယောဂါဟဏသုည)၊ ၂၅။ မြတ်သော ဆိတ်သုဉ်းခြင်း (ပရမတ္ထသုည) ။ (ပဋိသံ။၃၅၉။) (ပဋိသံ။၃၆၆။) (ပဋိသံ၊မြန်။၄၂၃။) (ပဋိသံ၊မြန်။၄၂၃။)

ဆုတ်ကပ် အသက်တမ်းငါးထောင်၌ ဖြစ်ပေါ်လာသော တရား ၂ ပါး ၁။ ဖရုသဝါစာ– မိမိသူတစ်ပါး နှစ်ဦးသားကို လွဲသွားကဲ့သို့ ကြမ်းတမ်းစေတတ်သော စကားကို ပြောဆိုခြင်း၊ ၂။ သမ္ဖပ္ပလာပ– မိမိ သူတစ်ပါး နှစ်ဦးသား၏ စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော အကျိုးမဲ့ အနှစ်မဲ့ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း။ (ဒီ၊၃။၅၈။)

ဆုတ်ကပ် အသက်တမ်း ငါးရာ၌ ဖြစ်ပေါ်လာသော တရား ၃ ပါး ၁။ အဓမ္မရာဂ– အမိ, မိထွေး, အဘ, ဘထွေး, အရီး အစရှိသော မသင့်လျော်သော အရာဌာနတို့၌ တပ်မက်ခြင်း ရာဂ၊ ၂။ ဝိသမလောဘ– မခံစားသင့်သော အရာတို့၌သော်လည်း အလွန်အားကြီးသည် ဖြစ်၍ ညီညွတ်မျှတမှု မရှိသော လောဘ၊ ၃။ မိစ္ဆာဓမ္မ– ယောကျ်ားအချင်းချင်း, မိန်းမ အချင်းချင်းတို့၌ တပ်နှစ်သက်ခြင်း ရှိကြကုန်သည် ဖြစ်၍ ရွံတ်ယွင်း ဖောက်ပြန် မမှန်သော သဘောရှိသော တဏှာလောဘ။ (ဒီ၊၃။၅၈။) (ဒီ၊မြန်၊၃။၆၀။)

ဆုတ်ကပ် အသက်တမ်း နှစ်ရာငါးဆယ်၌ ဖြစ်ပေါ်လာသော တရား ၅ ပါး ၁။ အမတ္တေယျတာ– အမိ၏ အစီးပွားကို မဆောင်ရွက်ခြင်း၊ ၂။ အပေတ္တေယျတာ– အဖ၏ အစီးပွားကို မဆောင်ရွက်ခြင်း၊ ၃။ အသာမညတာ– ရဟန်းသံဃာတော်တို့၏ အစီးပွားကို မဆောင်ရွက်ခြင်း၊ ၄။ အဗြဟ္မညတာ–တားမြစ်ကန့်ကွက် ပယ်ဖျက်အပ်ပြီးသော မကောင်းမှုရှိသော ရဟန်းတို့၏ အစီးပွားကို မဆောင်ရွက်ခြင်း၊၅။ နကုလေဇ္ဇာပစာယိတာ– အမျိုးတို့၌ ဘကြီး ဘထွေး စသော ကြီးသော ပုဂ္ဂိုလ်တို့ကို ရိုသေလေးစားမှု မပြုခြင်း။ (ဒီ၊၃။၅၈။) (ဒီ၊မြန်၊၃။၆၁။)

http://www.dhammadownload.com

ဆုတ်ယုတ်ကြောင်း တရား ၆ ပါး (ရဟန်း ဆုတ်ယုတ်ကြောင်း တရား ၆ ပါး) ၁။ စက္ခုပသာဒဖြင့် အဆင်းရူပါရုံကို မြင်၍ အကုသိုလ်သံယောဇဉ်များ ဖြစ်ပေါ်သောအခါ ထိုအကုသိုလ်သံယောဇဉ်ကို မစွန့်ပယ် မဖျောက်ဖျက်ဘဲ ကင်းကွာအောင် မပြုခြင်း၊ ၂။ သောတပသာဒဖြင့် အသံ သဒ္ဒါရုံကို ကြား၍ အကုသိုလ်အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သောအခါ ထိုအကုသိုလ်သံယောဇဉ်ကို မစွန့်ပယ် မဖျောက်ဖျက်ဘဲ ကင်းကွာအောင် မပြုခြင်း၊ ၃။ ဃာနပသာဒဖြင့် အရသာ ရသာရုံကို လျက်၍ အကုသိုလ်အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သော အခါ ထိုအကုသိုလ်သံယောဇဉ်ကို မစွန့်ပယ် မဖျောက်ဖျက်ဘဲ ကင်းကွာအောင် မပြုခြင်း၊ ၄။ ကာယပသာဒဖြင့် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ အကုသိုလ်အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သောအခါ ထိုအကုသိုလ်သံယောဇဉ်ကို မစွန့်ပယ် မဖျောက်ဖျက်ဘဲ ကင်းကွာအောင် မပြုခြင်း၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိ၍ အကုသိုလ် အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သောအခါ ထိုအကုသိုလ်သံယောဇဉ်ကို မစွန့်ပယ် မဖျောက်ဖျက်ဘဲ ကင်းကွာအောင် မပြုခြင်း။ (သံ၊၂။၂၉၉။) (သံ၊မြန်၊၂။၂၉၁။)

ဆုတ်ယုတ်ကြောင်း ၆ ပါး (တစ်နည်း) (ရဟန်းဆုတ်ယုတ်ကြောင်း တရား ၆ ပါး) ၁။ အမှုကိစ္စ၌ မွေ့လျော်ခြင်း၊ ၂။ စကားပြောမှု၌ မွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ ၅။ အမျိုးသမီးတို့နှင့် ရောနှောမှု၌ မွေ့လျော်ခြင်း၊ ၆။ သံသရာကို ချဲ့ထွင်တတ်သော တရား၌ မွေ့လျော်ခြင်း။ (အဘိ၊ဝိ။၃၉၅။) (အဘိ၊ဝိ၊မြန်၊၂။၅၀၀။)

ဆုတ်ယုတ်ကြောင်း ၆ ပါး (တစ်နည်း) (ရဟန်း ဆုတ်ယုတ်ကြောင်း တရား ၆ ပါး) ၁။ အမှုကိစ္စ၌ မွေ့လျော်ခြင်း၊ ၂။ စကားပြောမှု၌ မွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအသင်း၌ မွေ့လျော်ခြင်း၊ ၅။ ပြောဆိုဆုံးမ ခက်ခြင်း၊ ၆။ မိတ်ဆွေယုတ်ရှိခြင်း။ (အဘိ၊ဝိ။၃၉၅။) (အဘိ၊ဝိ၊မြန်၊၂။၅၀၀။)

ဆုတ်ယုတ်ကြောင်း ၂ မျိုး ၁။ အကျိုးစီးပွား ဆုတ်ယုတ်ခြင်း၊ ၂။ အကျိုးစီးပွားမဲ့ ဖြစ်ပေါ်ခြင်း။ (အဘိ၊၄၊၂။၃၉၆။)

ဆုတ်ယုတ်ပျက်စီးကြောင်း ၁၂ ပါး ၁။ အလွန် တတ်သိ နားလည်လွယ်သူ ဖြစ်ပါလျက် မသိနားမလည်ခြင်း၊ တရားဓမ္မကို အလိုရှိသူ ဖြစ်ပါလျက် တရားကို မုန်းခြင်း၊ ၂။ လူယုတ်မာတို့အား ချစ်ခင်နှစ်သက်၍ သူတော်ကောင်းတို့အား မချစ်မနှစ်သက်ခြင်း, ထိုမသူတော် လူယုတ်မာတို့၏ တရားကို နှစ်သက်ခြင်း၊ ၃။ ပွဲသဘင် အကြည့်များလျက် အအိပ်ကြီးခြင်း ထကြွလုံ့လမရှိဘဲ ပျင်းရိခြင်း၊ ၄။ အရွယ်လွန်ပြီး အိုမင်းနေသော မိဘနှစ်ပါးကို မပြုစု မလုပ်ကျွေးခြင်း၊ ၅။ ရဟန်းပုဏ္ဏားတို့နှင့် အခြားသော အလှူခံပုဂ္ဂိုလ်တို့အား မုသာဝါဒဖြင့် လှည့်ပတ်ခြင်း၊ ၆။ ဘောဇဉ်နှင့်တကွ များစွာသော စည်းစိမ်ဥစ္စာ ရတနာတို့ကို မိမိတစ်ဦးတည်းသာ ခံစားသုံးဆောင်ခြင်း၊ ၇။ အမျိုးအနွယ် ဥစ္စာဓနတို့ဖြင့် ခက်ထန်လျက် ဆွေမျိုးတို့အပေါ်၌ မထီမဲ့မြင်ပြုခြင်း၊ ၈။ မိန်းမကြူးခြင်း, သေသောက်ကြူးခြင်း, ကြွေအံကြူးခြင်းဖြင့် ရရှိသမျှ စည်းစိမ်ဥစ္စာတို့ကို ပျက်စီးစေခြင်း၊ ၉။ မိမိ၏ သားမယားတို့ဖြင့် မရောင့်ရဲနိုင်ဘဲ သူတစ်ပါးသားမယားတို့၌ ပြစ်မှားကျူးလွန်ခြင်း၊ ၁၀။ အရွယ်လွန်ပြီးသော ယောကျ်ားအိုကြီး ဖြစ်နေပါလျက် ဆယ့်ခြောက်နှစ်အရွယ် သတို့သမီးငယ်ကို ယူထားသဖြင့် ထိုသတို့သမီးငယ်အပေါ်၌

http://www.dhammadownload.com

စိုးရိမ်ပူပန်၍ အိပ်မပျော်ဖြစ်ခြင်း၊ ၁၁။ မိန်းမကြူးသော ယောကျ်ား, ယောကျ်ားကြူးသော မိန်းမတို့ကို အစိုးရသူ၏ အဖြစ်၌ ထားခြင်း၊ ၁၂။ မင်းမျိုး၌ ဖြစ်သော်လည်း စည်းစိမ်ဥစ္စာ ဆင်းရဲနွမ်းပါး၍ အလိုရမ္မက်ကြီးပြီး မင်းအဖြစ်ကို တောင့်တခြင်း။ (သုတ္တနိ။၂၉၅။) (သုတ္တနိ။မြန်။၂၇၈။)

ဆုတ်ယုတ်ပျက်စီးခြင်း ၄ မျိုး ၁။ အိုမင်းခြင်း ဟူသော ဆုတ်ယုတ် ပျက်စီးခြင်း၊ ၂။ နာခြင်း ဟူသော ဆုတ်ယုတ် ပျက်စီးခြင်း၊ ၃။ ဆွေမျိုးတို့၏ ဆုတ်ယုတ်ပျက်စီးခြင်း၊ ၄။ စည်းစိမ်ဥစ္စာတို့၏ ဆုတ်ယုတ်ပျက်စီးခြင်း။ (မ၊၂။၂၅၄။) (အံ၊ဋ္ဌ၊၁။၁၇၅။) (မ၊မြန်၊၂။၂၆၃။)

ဆုတ်ယုတ်သော အဖို့ရှိသော တရား ၂ ပါး ၁။ ဆုံးမခက်ခြင်း၊ ၂။ မကောင်းသော အဆွေခင်ပွန်းရှိခြင်း။ (ဒီ၊၃။၂၂၈။) (ဒီ၊မြန်၊၃။၂၅၁။)

ဆုတ်ယုတ်သော အဖို့ရှိသော တရား ၃ ပါး ၁။ လောဘဟူသော အကုသိုလ်မူလ၊ ၂။ ဒေါသ ဟူသော အကုသိုလ်မူလ၊ ၃။ မောဟဟူသော အကုသိုလ်မူလ။ (ဒီ၊၃။၂၂၉။) (ဒီ၊မြန်၊၃။၂၅၂။)

ဆုတ်ယုတ်သော အဖို့ရှိသော တရား ၄ ပါး ၁။ ကာမတဏှာ ဟူသော ကာမယောဂ၊ ၂။ ဘဝတဏှာ ဟူသော ဘဝယောဂ၊ ၃။ ၆၂ ပါးသော ဒိဋ္ဌိအယူ ဟူသော ဒိဋ္ဌိယောဂ၊ ၄။ မသိမှု 'အဝိဇ္ဇာ' ဟူသော အဝိဇ္ဇာယောဂ။ (ဒီ၊ ၃။၂၃၁။) (ဒီ၊ မြန်၊ ၃။၂၅၃။)

ဆုတ်ယုတ်သော အဖို့ရှိသော တရား ၅ ပါး ၁။ ဘုရား၌ ယုံမှားခြင်း၊ ၂။ တရားတော်၌ ယုံမှားခြင်း၊ ၃။ သံဃာတော်၌ ယုံမှားခြင်း၊ ၄။ အကျင့်သိက္ခာ၌ ယုံမှားခြင်း၊ ၅။ မြတ်သော သီတင်းသုံးဖော်တို့၌ အမျက်ထွက်ခြင်း။ (ဒီ၊၃။၂၃၂။) (ဒီ၊မြန်၊၃။၂၅၅။)

ဆုတ်ယုတ်သော အဖို့ရှိသော တရား ၆ ပါး ၁။ ဘုရား၌ ရိုသေလေးစားခြင်း မရှိ၊ ၂။ တရားတော်၌ ရိုသေလေးစားခြင်း မရှိ၊ ၃။ သံဃာတော်၌ ရိုသေလေးစားခြင်း မရှိ၊ ၄။ သိက္ခာ (၃) ပါး၌ ရိုသေလေးစားခြင်း မရှိ၊ ၅။ မမေ့မလျော့ခြင်း (ကောင်းသော အကျင့်)၌ ရိုသေလေးစားခြင်းမရှိ၊ ၆။ ပဋိသန္ထာရ (ပျူငှာစွာ ဆက်ဆံခြင်း)၌ ရိုသေလေးစားခြင်း မရှိ။ (ဝိ၊၅။၁၆၅။) (ဒီ၊၃။၂၀၂။) (ဒီ၊၃။၂၃၈။)(အဘိ၊ဝိ။၃၉၅။)(ဝိ၊မြန်၊၅။၂၄၃-၂၄၄။)(ဒီ၊မြန်၊၃။၂၂၅။)(ဒီ၊မြန်၊၃။၂၆၀။)(အဘိ၊ဝိ၊မြန်၊၂။၅၀၀။)

ဆုတ်ယုတ်သော အဖို့ရှိသော တရား ၇ ပါး ၁။ သဒ္ဓါမရှိ၊ ၂။ ရှက်ခြင်းမရှိ၊ ၃။ ကြောက်လန့်ခြင်းမရှိ၊ ၄။ အကြားအမြင် မရှိ၊ ၅။ ပျင်းရိ၏၊ ၆။ သတိလွတ်၏၊ ၇။ ပညာ မရှိ။ (ဝိ၊၅။၂၄၃။) (ဒီ၊၃။၂၀၈။) (ဒီ၊၃။၂၄၁။) (ဝိ၊မြန်၊၅။၃၃၃။) (ဒီ၊မြန်၊၃။၂၃၂။) (ဒီ၊မြန်၊၃။၂၆၄။)

ဆုတ်ယုတ်သော အဖို့ရှိသော တရား ၉ ပါး ၁။ ငါ၏ အကျိုးမဲ့ကို ပြုဖူးသည်ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၂။ ငါ၏ အကျိုးမဲ့ကို ပြုနေဆဲဟု ရန်ငြိုးဖွဲ့ခြင်း၊ ၃။ ငါ၏ အကျိုးမဲ့ကို ပြုလတ္တံ့ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၄။ ငါချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုဖူးသည်ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၅။ ငါချစ်ခင် နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုနေဆဲဟု ရန်ငြိုးဖွဲ့ခြင်း၊ ၆။ ငါချစ်ခင် နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုလတ္တံ့ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၇။ ငါမချစ်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုဖူးသည်ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၈။ ငါမချစ်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုနေဆဲဟု ရန်ငြိုးဖွဲ့ခြင်း၊ ၉။ ငါမချစ်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုလတ္တံ့ဟု ရန်ငြိုးဖွဲ့ခြင်း။ (ဒီ၊၃။၂၁၄။) (ဒီ၊မြန်၊၃။၂၇၇။)

http://www.dhammadownload.com

ဆုတ်ယုတ်သော အဖို့ရှိသော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ မပေးသည်ကို ခိုးယူခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောခြင်း၊ ၅။ ကုန်းတိုက်ခြင်း၊ ၆။ ကြမ်းတမ်းသော စကားကို ပြောခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောခြင်း၊ ၈။ လွန်စွာ မက်မောခြင်း၊ ၉။ ပျက်စီးစေလိုခြင်း၊ ၁၀။ မှားသော အယူရှိခြင်း။ (ဒီ၊၃။၂၅၇။) (ဒီ၊မြန်၊၃။၂၈၁။)

ဆန္ဒ ၅ မျိုး ၁။ ပရိယေသနဆန္ဒ– ဝတ္ထုပစ္စည်းအာရုံ ကာမဂုဏ်တို့ကို ရှာမှီးခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ဆန္ဒ၊ ၂။ ပဋိလာဘဆန္ဒ– ရရှိလာသော ပစ္စည်းဝတ္ထုဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ဆန္ဒ၊ ၃။ ပရိဘောဂဆန္ဒ– ပစ္စည်းဝတ္ထုတို့ကို သုံးဆောင်ခံစားခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ဆန္ဒ၊ ၄။ သန္နိဓိဆန္ဒ– ရရှိလာသော ပစ္စည်းဥစ္စာများကို သိုမှီးသိမ်းဆည်းထားခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း လုံခြုံအောင် စောင့်ရှောက်ခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း ဖြစ်သော ဆန္ဒ၊ ၅။ ဝိဿဇ္ဇနဆန္ဒ– မျက်မှောက်၌ ဖြစ်သော အကျိုးစီးပွားကို သာလျှင် ကြံစည်၍ စွန့်လွှတ်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်သော ဆန္ဒ။ (မဟာနိ။၂၀၁။) (ဒီ၊၁၊၂။၃၁၂။) (ဒီ၊ဋီ၊၂။၂၅၇။) (ဒီ၊၁၊မြန်၊၂။၅၇၄။)

ဆန္ဒပေးမရသော ဌာန ၃ မျိုး ၁။ ကွဲနေသော သံဃာများ ညီညွတ်မှုကို ပြုရာဌာန၊ ၂။ တိဏဝတ္ထာရက သမထ အရာဌာန၊ ၃။ ပဝါရဏာကို ချီးမြှောက်ရာဌာန။ (ဝိ၊၁၊၃။၃၆၂။)

ဆန်း အဒတွာ ဂမန သိက္ခာပုဒ်၌ အင်္ဂါ ၆ မျိုး ၁။ ဆုံးဖြတ်ကြောင်း စကား ဖြစ်နေစဉ် ဖြစ်ခြင်း၊ ၂။ ဓမ္မကံ ဖြစ်ခြင်း၊ ၃။ ဓမ္မကံဟု အမှတ် ရှိခြင်း၊ ၄။ တူညီသော တစ်ခုတည်းသော သိမ်၌ တည်သူ ဖြစ်ခြင်း၊ ၅။ ဥပုသ် စသောကံ၌ တူသော ပေါင်းဖော်ခြင်း ရှိသူ ဖြစ်ခြင်း၊ ၆။ ပျက်စေလိုသဖြင့် နှစ်တောင့်ထွာ ဟတ္ထပါသ်ကို စွန့်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၅။)

ဆန္ဒန္တအိုင်ကြီး၏ ပတ်ဝန်းကျင်၌ ရှိသော တော ၇ မျိုး ၁။ သုဒ္ဓကလ္လဟာရ တော၊ ၂။ သုဒ္ဓ နီလုပွလတော၊ ၃။ ရတ္တုပွလ တော၊ ၄။ သေတုပွလ တော၊ ၅။ ရတ္တပဒုမ တော၊ ၆။ သေတ ပဒုမ တော၊ ၇။ ကုမုဒကြာ တော။ (သာရတ္ထ၊ဋီ၊၁။၂၅၇။)

ဆန်.ကျင်ဖက်မှထွက်မြောက်တတ်သော ဓာတ် ၆ မျိုး ၁။ ပျက်စီးစေလိုမှု ဗျာပါဒမှ ထွက်မြောက်တတ်သော မေတ္တာစေတောဝိမုတ္တိ၊ ၂။ ညှဉ်းဆဲလိုမှု ဝိဟိံသာမှ ထွက်မြောက်တတ်သော ကရုဏာစေတောဝိမုတ္တိ၊ ၃။ မမွေ့လျော်မှု အရတိမှ ထွက်မြောက်တတ်သော မုဒိတာစေတောဝိမုတ္တိ၊ ၄။ စွဲမက်မှု ရာဂမှ ထွက်မြောက်တတ်သော ဥပေက္ခာစေတောဝိမုတ္တိ၊ ၅။ ရာဂစသော နိမိတ်အားလုံးတို့မှ ထွက်မြောက်တတ်သော အနိမိတ္တစေတောဝိမုတ္တိ၊ ၆။ မဝေခွဲနိုင်မှု သို့လော သို့လော ယုံမှား တွေးတောမှုမှ ထွက်မြောက်တတ်သော အသို့မာန သမုဂ္ဃါတ။ (အံ၊၃။၂၅၇။) (အံ၊မြန်၊၃။၃၃၃။)

ဆပ်ပြာ ၃ မျိုး ၁။ ဥသခါရ– မြေပေါက်ဆပ်ပြာ၊ ၂။ ဆာရိကခါရ– ပြာစစ်ဆပ်ပြာ၊ ၃။ ဂေါမယခါရ– နွားချေးကို စစ်၍ ယူအပ်သော ဆပ်ပြာ။ (အဘိ၊၁၊၁။၂၈၆။)

ဆဗ္ဗင်္ဂိရဟန်း ၆ ပါး ၁။ ပဏ္ဍုကမည်သော ရဟန်း၊ ၂။ လောဟိတကမည်သော ရဟန်း၊ ၃။ မေတ္တိယမည်သော ရဟန်း၊ ၄။ ဘုမ္မဇကမည်သော ရဟန်း၊ ၅။ အဿဇိမည်သော ရဟန်း၊ ၆။ ပုနဗ္ဗသုကမည်သော ရဟန်း။ (မ၊၁၊၃။၁၃၀။)

http://www.dhammadownload.com

ဆုံးဖြတ်ခြင်း ၂ ပါး ၁။ တဏှာဝိနိစ္ဆယ– တဏှာဖြင့် ဆုံးဖြတ်ခြင်း။ ၂။ ဒိဋ္ဌိဝိနိစ္ဆယ– မိစ္ဆာဒိဋ္ဌိဖြင့် ဆုံးဖြတ်ခြင်း။ (ဒီ၊ဋ္ဌ၊၂။၃၁၂။) (မဟာနိ။၂၀၅။) (ဒီ၊ဋ္ဌ၊မြန်၊၂။၅၇၅။)

ဆုံးဖြတ်ခြင်း ၄ မျိုး ၁။ ဉာဏ်ဖြင့် ဆုံးဖြတ်ခြင်း– ဉာဏဝိနိစ္ဆယ၊ ၂။ တဏှာဖြင့် ဆုံးဖြတ်ခြင်း– တဏှာဝိနိစ္ဆယ၊ ၃။ မိစ္ဆာဒိဋ္ဌိဖြင့် ဆုံးဖြတ်ခြင်း– ဒိဋ္ဌိဝိနိစ္ဆယ၊ ၄။ ကြိစည်ခြင်းဖြင့် ဆုံးဖြတ်ခြင်း– ဝိတက္ကဝိနိစ္ဆယ။ (ဒီ၊ ဋ္ဌ၊ ၂။၈၉။) (အံ၊ ဋ္ဌ၊ ၃။၂၇၃။) (အဘိ၊ ဋ္ဌ၊ ၂။၄၉၄။) (ပဋိသံ၊ ဋ္ဌ၊ ၁။၁၁၂။) (သာရတ္ထ၊ ဋီ၊ ၃။၄၈၀။) (ဒီ၊ ဋ္ဌ၊ မြန်၊ ၂။၁၆၅။)

ဆုံးမခက်သူ ဖြစ်အကြောင်း ၁၉ ပါး ၁။ ယုတ်မာသော အလိုရှိသူ ဖြစ်ခြင်း၊ ၂။ မိမိကိုယ်ကို ချီးမွှောက်၍ သူတစ်ပါးအား ရှုတ်ချတတ်သူ ဖြစ်ခြင်း၊ ၃။ ဒေါသထွက်လေ့ရှိသူ ဖြစ်ခြင်း၊ ၄။ ဒေါသကြောင့် ရန်ငြိုးဖွဲ့တတ်သူ ဖြစ်ခြင်း၊ ၅။ ဒေါသကြောင့် ဖြေ၍မရနိုင်လောက်အောင် စွဲငြိကပ်တတ်သူ ဖြစ်ခြင်း၊ ၆။ ဒေါသထွက်စရာ စကားမျိုးကို ပြောဆိုတတ်သူ ဖြစ်ခြင်း၊ ၇။ စောဒကပုဂ္ဂိုလ်ကို ဆန့်ကျင်သောအားဖြင့် ဖြန့်တတ် ဖုံးလွှမ်းတတ်သူ ဖြစ်ခြင်း၊ ၈။ စောဒကပုဂ္ဂိုလ်ကို ခြိမ်းခြောက် မောင်းမဲတတ်သူ ဖြစ်ခြင်း၊ ၉။ စောဒကပုဂ္ဂိုလ်အပေါ်၌ တစ်ဖန်ပြန်၍ အပြစ်တင်တတ်သူ ဖြစ်ခြင်း၊ ၁၀။ အခြားသော စကားဖြင့် ဖုံးလွှမ်းတတ်သူ ဖြစ်ခြင်း၊ ၁၁။ မိမိအကျင့်ဖြင့် ပြည့်စုံအောင် မဖြေဆိုနိုင်သူ ဖြစ်ခြင်း၊ ၁၂။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သူ ဖြစ်ခြင်း၊ ၁၃။ ဂုဏ်တုဂုဏ်ပြိုင် ပြုတတ်သူ ဖြစ်ခြင်း၊ ၁၄။ ငြူစူစောင်းမြောင်းတတ်သူ ဖြစ်ခြင်း၊ ၁၅။ ဝန်တိုသူ ဖြစ်ခြင်း၊ ၁၆။ ကောက်ကျစ်စဉ်းလဲသူ ဖြစ်ခြင်း၊ ၁၇။ လှည့်ပတ်တတ်သူ ဖြစ်ခြင်း၊ ၁၈။ ကြမ်းတမ်း ခက်ထန်၍ လွန်ကဲသော မာနရှိသူ ဖြစ်ခြင်း၊ ၁၉။ မိမိအယူကို မှားသောအားဖြင့် သုံးသပ်လျက် စွဲမြဲစွာယူပြီး ခဲယဉ်းသဖြင့် စွန့်လွှတ်တတ်သူ ဖြစ်ခြင်း။ (ဝိ၊ဋ္ဌ၊၂။၁၉၇။)

ဆုံးမခက်သည့် ရဟန်း သင့်သော အာပတ် ၃ ပါး ၁။ ဒုက္ကဋ်အာပတ်၊ ၂။ ထုလ္လစ္စဉ်းအာပတ်၊ ၃။ သံဃာဒိသိသ်အာပတ်။ (ဝိ၊၅။၉၁။) (ဝိ၊မြန်၊၅။၁၃၂။)

ဆုံးမစကားကို မနာယူသူဖြစ်ကြောင်း အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်မဲခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၉။)

ဆယ်နှစ်သို့ မရောက်လာခြင်း၏ အကြောင်း ၇ မျိုး နိဒ္ဒသဝတ္ထု ၇ မျိုးနှင့် တူသည်။

ဆွေမျိုး ၄ မျိုး ၁။ သားချင်းဆွေမျိုး– ဉာတိဗန္ဓဝ၊ ၂။ အနွယ်တူ ဆွေမျိုး– ဂေါတ္တဗန္ဓဝ၊ ၃။ တိုင်ပင်ဖက်ဆွေမျိုး– မန္တဗန္ဓဝ၊ ၄။ အတတ်ပညာ ဆွေမျိုး– သိပ္ပဗန္ဓဝ။ (မဟာနိ။၉။)

ဆွေးနွေးမေးမြန်းသင့်သော ပုဂ္ဂိုလ် ၅ မျိုး ၁။ သီလနှင့် ပြည့်စုံ၍ သီလနှင့် စပ်သော ပြဿနာကို ဖြေဆိုနိုင်သူ၊ ၂။ သမာဓိနှင့် ပြည့်စုံ၍ သီလနှင့်စပ်သော ပြဿနာကို ဖြေဆိုနိုင်သူ၊ ၃။ ပညာနှင့် ပြည့်စုံ၍ သီလနှင့် စပ်သော ပြဿနာကို ဖြေဆိုနိုင်သူ၊ ၄။ လွတ်မြောက်ကြောင်း ဝိမုတ္တိနှင့် ပြည့်စုံ၍ သီလနှင့်စပ်သော ပြဿနာကို ဖြေဆိုနိုင်သူ၊ ၅။ ပစ္စဝေက္ခဏာ ဉာဏ်အမြင်နှင့် ပြည့်စုံ၍ သီလနှင့် စပ်သော ပြဿနာကို ဖြေဆိုနိုင်သူ။ (အံ၊၂။၁၆၇။) (အံ၊မြန်၊၂။၂၁၂–၂၁၃။)

http://www.dhammadownload.com

ဆွေးမြည့်ပျက်စီးခြင်း ၁၀ မျိုး ၁။ မှန်ကန်သော အယူအမြင်ရှိသူ၏ သန္တာန်၌ မှားယွင်းသော အယူအမြင်သည် ဆွေးမြေ့ပျက်စီးခြင်း၊ ၂။ မှန်ကန်သော အကြံအစည်ရှိသူ၏ သန္တာန်၌ မှားယွင်းသော အကြံအစည်သည် ဆွေးမြေ့ပျက်စီးခြင်း၊ ၃။ မှန်ကန်သော စကားရှိသူ၏ သန္တာန်၌ မှားယွင်းသော စကားပြောဆိုမှု ဆွေးမြေ့ပျက်စီးခြင်း၊ ၄။ မှန်ကန်သော အလုပ်ရှိသူ၏ သန္တာန်၌ မှားယွင်းသော အမှုအလုပ်သည် ဆွေးမြေ့ ပျက်စီးခြင်း၊ ၅။ မှန်ကန်သော အသက်မွေးသူ၏ သန္တာန်၌ မှားယွင်းသော အသက်မွေးမှုသည် ဆွေးမြေ့ ပျက်စီးခြင်း၊ ၆။ မှန်ကန်သော လုံ့လရှိသူ၏ သန္တာန်၌ မှားယွင်းသော လုံ့လသည် ဆွေးမြေ့ပျက်စီးခြင်း၊ ၇။ မှန်ကန်သော သတိရှိသူ၏ သန္တာန်၌ မှားယွင်းသော သတိသည် ဆွေးမြေ့ပျက်စီးခြင်း၊ ၈။ မှန်ကန်သော သမာဓိရှိသူ၏ သန္တာန်၌ မှားယွင်းသော သမာဓိသည် ဆွေးမြေ့ပျက်စီးခြင်း၊ ၉။ သမ္မာဉာဏ်ဟူသော ပစ္စဝေက္ခဏာဉာဏ်ရှိသူ၏ သန္တာန်၌ မိစ္ဆာဉာဏ်သည် ဆွေးမြေ့ ပျက်စီးခြင်း၊ ၁၀။ မှန်ကန်သော လွတ်မြောက်မှုရှိသူ၏ သန္တာန်၌ မှားယွင်းသော လွတ်မြောက်မှုသည် ဆွေးမြေ့ပျက်စီးခြင်း။ (မ၊၃။၁၂၀။) (အံ၊၃။၄၃၀။) (ပဋိသံ၊၁။၁၁။) (မ၊မြန်၊၃။၁၂၄။) (အံ၊မြန်၊၃။၄၂၂။)

ဆွမ်း ၂ မျိုး ၁။ ပါတရာသဘတ္တ– အရဏ်တက်မှ မွန်းတည့်ချိန်အထိ သုံးဆောင်အပ်သော ဆွမ်း၊ ၂။ သာယမာသဘတ္တ– မွန်းတည့်ချိန်မှ နောက်တစ်နေ့ အရဏ်တက်ချိန်အတွင်းအထိ သုံးဆောင်အပ်သော ဆွမ်း။ (ရဟန်းများ နံနက်ဆွမ်းကိုသာ စားကောင်းသည်။) (ဒီ၊၁။၁၁၅။) (မ၊၁။၂။ ၁၁၂။) (အံ၊၁။၂။၃၇၇။) (ဒီ၊၁၊မြန်၊၁။၁၄၃။)

ဆွမ်း ၂ မျိုး (အကျိုးအာနိသင် ကြီးမားလျက် အကျိုးပေးတူမျှသော ဆွမ်း ၂ မျိုး) ၁။ ဘုန်းပေး သုံးဆောင်တော်မူပြီးနောက် အတုမဲ့သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်သော ဆွမ်း၊ ၂။ ဘုန်းပေး သုံးဆောင်တော်မူပြီးနောက် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံဝင်တော်မူသော ဆွမ်း။ (ဥဒါန။၁၈၃။) (ဥဒါန၊မြန်။၁၆၆။)

ဆွမ်း ၂ မျိုး ၁။ ဆွမ်းကို သုံးဆောင်သော ရဟန်းအား အကုသိုလ်တရား တိုးပွားခြင်း ကုသိုလ်တရား ဆုတ်ယုတ်သဖြင့် မမှီဝဲအပ်သော ဆွမ်း၊ ၂။ ဆွမ်းကို သုံးဆောင်သော ရဟန်းအား အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ်တရား တိုးပွားသဖြင့် မှီဝဲအပ်သော ဆွမ်း။ (အံ၊၃။၁၇၆။) (အံ၊၃။ ၃၃၆။) (အံ၊မြန်၊၃။၁၇၈၊၃၃၅။) (အံ၊မြန်၊၃။၁၇၈၊၃၃၅။)

ဆွမ်း ၃ မျိုး ၁။ ဓုရဘတ္တ– အမြဲမပြတ် ပေးလှူအပ်သော ဆွမ်း၊ ၂။ ကုဋိဘတ္တ– ကျောင်းအား ပေးလှူအပ်သော ဆွမ်း၊ ၃။ ဝါရကဘတ္တ– အလှည့်ကျအားဖြင့် ပေးလှူအပ်သော ဆွမ်း။ (ဝိ၊၆၊၄။၁၀၆။)

ဆွမ်း ၄ မျိုး (မဟာအဋ္ဌကထာ၌ လာသော ဘတ် ၄ မျိုး) ၁။ ဝိဟာရဘတ်– ကျောင်းတိုက်၌ လှူထားသော လယ်ယာစသည်တို့မှ ဖြစ်သော ဘတ်၊ ၂။ အဋ္ဌကဘတ်– ရဟန်းရှစ်ပါးအား ပေးလှူအပ်သော ဘတ်၊ ၃။ စတုက္ကဘတ်– ရဟန်းလေးပါးအား လှူအပ်သော ဘတ်၊ ၄။ ဂုဋ္ဌကဘတ်– အရသာရှိသော မုန့်တစ်မျိုးဖြင့် သပိတ်အပြည့်ထည့်၍ ပိတ်ပြီးလှူအပ်သော ဘတ်။ (ဝိ၊၆၊၄။၁၀၆။)

ဆွမ်း ၁၄ မျိုး ၁။ သံဃဘတ္တ– သံဃာအား ပေးလှူအပ်သော ဆွမ်း၊ ၂။ ဥဒ္ဒေသဘတ္တ– ရည်ညွှန်း၍ ပေးလှူအပ်သော ဆွမ်း၊ ၃။ နိမန္တနဘတ္တ– ပင့်ဖိတ်၍ ပေးလှူအပ်သော ဆွမ်း၊

http://www.dhammadownload.com

၄။ သလာကဘတ္တ– စာရေးတံမဲဖြင့် ပေးလှူအပ်သော ဆွမ်း၊ ၅။ ပက္ခိကဘတ္တ– လဆန်းပက္ခ, လဆုတ်ပက္ခတို့၌ ပေးလှူအပ်သော ဆွမ်း၊ ၆။ ဥပေါသထိကဘတ္တ– ဥပုသ်နေ့၌ ပေးလှူအပ်သော ဆွမ်း၊ ၇။ ပါဋိပဒိကဘတ္တ– ဥပုသ်အထွက်တစ်ရက်နေ့၌ ပေးလှူအပ်သော ဆွမ်း၊ ၈။ အာဂန္တုကဘတ္တ– ဧည့်သည် အာဂန္တုကတို့အား ပေးလှူအပ်သော ဆွမ်း၊ ၉။ ဂမိကဘတ္တ– ခရီးသွားရဟန်းတို့အား ပေးလှူအပ်သော ဆွမ်း၊ ၁၀။ ဂိလာနဘတ္တ– ဂိလာနရဟန်းတို့အား ပေးလှူအပ်သော ဆွမ်း၊ ၁၁။ ဂိလာနုပဋ္ဌာကဘတ္တ– ဂိလာနကို ပြုစုလုပ်ကျွေးသော ရဟန်းတို့အား ပေးလှူအပ်သော ဆွမ်း၊ ၁၂။ ဝိဟာရဘတ္တ– ကျောင်းတိုက်အား ရည်စူး၍ ပေးလှူအပ်သော ဆွမ်း၊ ၁၃။ ဓုရဘတ္တ– အမြဲတမ်း နေအိမ်၌ ပေးလှူအပ်သော ဆွမ်း၊ ၁၄။ ဝါရဘတ္တ– ရွာနေရဟန်း, တောနေရဟန်း စသည်တို့အား အလှည့်အကြိမ်အားဖြင့် ပေးလှူအပ်သော ဆွမ်း။ (သာရတ္ထ၊ဋီ၊၂။၆။) (ဝိမတိ၊၁။၁၀၀။)

ဆွမ်း ၁၆ မျိုး ၁။ သြဒနော– ထမင်း၊ ၂။ ကုမ္မာသော– မုယောမုန့်၊ ၃။ သတ္တု– မုန့်ညက်, မုန့်လုံး၊ ၄။ မဏ္ဍော– ငါး၊ ၅။ မံသံ– အသား၊ ၆။ ခီရံ– နို့ရည်၊ ၇။ ဒဓိ– နို့ဓမ်း၊ ၈။ သပ္ပိ– ထောပတ်၊ ၉။ နဝနီတံ– ဆီဦး၊ ၁၀။ တေလံ– ဆီ၊ ၁၁။ မဓု– ပျားရည်၊ ၁၂။ ဖာဏိတံ– တင်လဲ၊ ၁၃။ ယာဂု– ဆန်ပြုတ်၊ ၁၄။ ခါဒနီယံ– မုန့် စသော ခဲဖွယ်၊ ၁၅။ သာယနီယံ– ဆီဦးထောပတ် စသော သာယာဖွယ်၊ ၁၆။ လေဟနီယံ– နို့ဃနာ စသော လျက်ဖွယ်။ (ဒီ၊၆၊၃။၁၉၆။) (အံ၊၆၊၂။၂၈၂။) (စူဠနိ၊၆။၁၁၃။)

ဆွမ်းကျောင်းဘုန်းကြီး ခန့်ထိုက်ကြောင်း တရား ၅ ပါး ၁။ ဆန္နာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ ညွှန်းအပ်ပြီး မညွှန်းရသေးသည်ကို သိခြင်း။ (အံ၊၂။၂၄၁။) (အံ၊မြန်၊၂။၃၁၀။)

ဆွမ်းကျောင်းဘုန်းကြီး ငရဲကျကြောင်း အင်္ဂါ ၄ ပါး ၁။ ချစ်ခြင်းကြောင့် အဂတိလိုက်ခြင်း၊ ၂။ မုန်းခြင်းကြောင့် အဂတိလိုက်ခြင်း၊ ၃။ မသိခြင်းကြောင့် အဂတိလိုက်ခြင်း၊ ၄။ ကြောက်ရွံ့ခြင်းကြောင့် အဂတိလိုက်ခြင်း။ (အံ၊၁။၃၂၆။) (အံ၊မြန်၊၁။၃၄၂။)

ဆွမ်းကျောင်းဘုန်းကြီး နတ်ပြည်ရောက်ကြောင်း အင်္ဂါ ၄ ပါး ၁။ ချစ်ခြင်းကြောင့် အဂတိသို့ မလိုက်ခြင်း၊ ၂။ မုန်းခြင်းကြောင့် အဂတိသို့ မလိုက်ခြင်း၊ ၃။ မသိခြင်းကြောင့် အဂတိသို့ မလိုက်ခြင်း၊ ၄။ ကြောက်ရွံ့ခြင်းကြောင့် အဂတိသို့ မလိုက်ခြင်း။ (အံ၊၁။၃၂၆။) (အံ၊မြန်၊၁။ ၃၄၂–၃၄၃။)

ဆွမ်းကျောင်းဘုန်းကြီး မခန့်ထိုက်ကြောင်း တရား ၅ ပါး ၁။ ဆန္နာဂတိသို့ လိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ လိုက်ခြင်း၊ ၃။ မောဟာဂတိသို့ လိုက်ခြင်း၊ ၄။ ဘယာဂတိသို့ လိုက်ခြင်း၊ ၅။ ညွှန်းအပ်ပြီး မညွှန်းရသေးသည်ကို မသိခြင်း။ (အံ၊၂။၂၄၀။) (အံ၊မြန်၊၂။၃၁၀။)

ဆွမ်းစားရာ၌ ဆင်ခြင်ရမည့် အင်္ဂါ ၈ ပါး ၁။ မြူးတူးပျော်ပါးခြင်း အကျိုးငှာ မသုံးဆောင်ခြင်း၊ ၂။ မာန်ယစ်ခြင်းအကျိုးငှာ မသုံးဆောင်ခြင်း၊ ၃။ တန်ဆာဆင်ခြင်း အကျိုးငှာ မသုံးဆောင်ခြင်း၊ ၄။ အရေအဆင်း လှပတင့်တယ်စေခြင်းအကျိုးငှာ မသုံးဆောင်ခြင်း၊ ၅။ ခန္ဓာကိုယ် တည်တန့်၍ မျှတစေခြင်းငှာသာ သုံးဆောင်ခြင်း၊ ၆။ သာသနဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယ

http://www.dhammadownload.com

နှစ်ပါးကို ချီးမြှောက်နိုင်ခြင်း အကျိုးငှာသော သုံးဆောင်ခြင်း၊ ၇။ ဆာလောင်မွတ်သိပ်မှု ဝေဒနာဟောင်းကို ပယ်ဖျောက်၍ ဝေဒနာအသစ်မဖြစ်စေခြင်းငှာ သုံးဆောင်ခြင်း၊ ၈။ ဣရိယာပုတ်လေးပါး မျှတစေခြင်းအကျိုးငှာ သုံးဆောင်ခြင်း။ (ဝိသုဒ္ဓိ၊ဋီ၊၁။၆၂။)

ဆွမ်းညွှန်ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆန္နာဂတိသို့ မလိုက်ရခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ရခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ရခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ရခြင်း၊ ၅။ ဆွမ်းညွှန်ပြီးခြင်း၊ မညွှန်ရသေးခြင်းကို သိခြင်း။ (ဝိ၊၄။၃၃၀။) (ဝိ၊မြန်၊၄။၃၃၃။)

ဆွမ်းညွှန်းရဟန်း ငရဲ ကျကြောင်း ၅ ပါး ၁။ ဆန္နာဂတိသို့ လိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ လိုက်ခြင်း၊ ၃။ မောဟာဂတိသို့ လိုက်ခြင်း၊ ၄။ ဘယာဂတိသို့ လိုက်ခြင်း၊ ၅။ ညွှန်းအပ်သည် မညွှန်းအပ်သည်ကို မသိခြင်း။ (ဝိ၊၅။၃၅၅။) (ဝိ၊မြန်၊၅။၄၅၉။)

ဆွမ်းညွှန်းရဟန်း နတ်ပြည်ရောက်ကြောင်း ၅ ပါး ၁။ ဆန္နာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ ညွှန်းအပ်ပြီး, မညွှန်းအပ်ပြီးသည်ကို သိခြင်း။ (ဝိ၊၅။၃၅၅။) (ဝိ၊မြန်၊၅။၄၅၆။)

ဆွမ်း၌ ရောင့်ရဲခြင်း ၁၅ မျိုး ၁။ ပိဏ္ဍပါတေ ဝိတက္ကသန္တောသော– ဆွမ်းရရန် ကြံစည်ခြင်း၌ ရောင့်ရဲခြင်း၊ ၂။ ကမနသန္တောသော–ဆွမ်းရရန် သွားခြင်း၌ ရောင့်ရဲခြင်း(ကမ္မဋ္ဌာန်းဖြင့် သွားခြင်း။)၊ ၃။ ပရိယေသနသန္တောသော– ဆွမ်းရှာမှီးခြင်း၌ ရောင့်ရဲခြင်း၊ ၄။ ပဋိလာဘသန္တောသော– ကောင်းကောင်း, မကောင်းကောင်း ရရှိသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၊ ၅။ ပဋိဂ္ဂဟဏသန္တောသော– မျှလောက်ရုံကို ခံယူခြင်းဖြင့် ရောင့်ရဲခြင်း၊ ၆။ မတ္တာပဋိဂ္ဂဟဏ သန္တောသော– ပမာဏကို သိ၍ ခံယူခြင်း၌ ရောင့်ရဲခြင်း၊ ၇။ လောလုပ္ပဝိဝဇ္ဇနသန္တောသော– လောလုပ္ပတဏှာကို ပယ်၍ အိမ်စဉ်အတိုင်း ဆွမ်းခံခြင်း၌ ရောင့်ရဲခြင်း၊ ၈။ ယထာလာဘ သန္တောသော– ရသမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၊ ၉။ ယထာဗလသန္တောသော– မိမိ၏ ကာယဗလ အားလျော်စွာ ရောင့်ရဲခြင်း၊ ၁၀။ ယထာသာရုပ္ပသန္တောသော– မိမိနှင့် သင့်လျော်သမျှဖြင့် ရောင့်ရဲခြင်း၊ ၁၁။ ဥပကာရသန္တောသော– ဆွမ်း၏ ရဟန်းတရားအား ကျေးဇူးပြု မှုကို သိ၍ ရောင့်ရဲခြင်း၊ ၁၂။ ပရိမာဏသန္တောသော– အတိုင်းအရှည်ဖြင့် ခံယူခြင်းဖြင့် ရောင့်ရဲခြင်း၊ ၁၃။ ပရိဘောဂ သန္တောသော– မွတ်သိပ်ဆာလောင်မှု ပယ်ဖျောက်ရုံမျှ သုံးဆောင်ခြင်းဖြင့် ရောင့်ရဲခြင်း၊ ၁၄။ သန္ထိဓိပရိဝဇ္ဇန သန္တောသော– သိမ့်မှိမှု မပြုဘဲ သုံးဆောင်ခြင်းဖြင့် ရောင့်ရဲခြင်း၊ ၁၅။ ဝိဿဇ္ဇန သန္တောသော– သာရဏီယအကျင့်၌ တည်သော ရဟန်းသည် ဆွမ်းကို စွန့်ကြဲခြင်း၌ ရောင့်ရဲခြင်း။ (ဒီ၊ဋ္ဌ၊၃။ ၁၉၇။) (အံ၊ဋ္ဌ၊၂။၂၈၂။) (စူဠနိ၊ဋ္ဌ။၁၁၄။)

ဆွမ်း၌ ရောင့်ရဲခြင်း ၃ မျိုး ၁။ ဆွမ်း၌ မိမိရရှိခြင်းနှင့် လျော်ညီစွာ ရောင့်ရဲတင်းတိမ်ခြင်း (ယထာလာဘသန္တောသ)၊ ၂။ ဆွမ်း၌ မိမိ ခွန်အားနှင့် လျော်ညီစွာ ရောင့်ရဲတင်းတိမ်ခြင်း (ယထာဗလသန္တောသ)၊ ၃။ ဆွမ်း၌ မိမိနှင့် သင့်တော်လျောက်ပတ်သည်နှင့် လျော်ညီစွာ ရောင့်ရဲတင်းတိမ်ခြင်း (ယထာသာရုပ္ပသန္တောသ) ။ (ဒီ၊ဋ္ဌ၊၁။၁၈၃။) (မ၊ဋ္ဌ၊၂။၄၈။) (ဒီ၊ဋ္ဌ၊မြန်၊ ၁။၃၅၉။)

ဆွမ်းနှင့် သက်ဆိုင်သော ဓုတင် ၅ မျိုး ၁။ ပိဏ္ဍပါတိကင်္ဂဓုတင် (ဆွမ်းခံစားခြင်း။)၊ ၂။ သပဒါနစာရိကင်္ဂဓုတင် (အိမ်စဉ်အတိုင်း ဆွမ်းခံစားခြင်း။)၊ ၃။ ဧကာသနိကင်္ဂဓုတင် (တစ်ထိုင်တည်း

http://www.dhammadownload.com

၌သာ ဆွမ်းစားခြင်း။)၊ ၄။ ပတ္တပိဏ္ဍိကင်္ဂုတင် (သပိတ်၌ရှိသော ဆွမ်းကိုသာ စားခြင်း။)၊ ၅။ ခလုပစ္ဆာဘတ္တိကင်္ဂုတင် (တားမြစ်ပြီးဆွမ်းကို ပြန်မစားခြင်း။)။ (ဒီ၊ဋ္ဌ၊၃။၁၉၈။) (အံ၊ဋ္ဌ၊၂။ ၂၈၃။) (သုတ္တနိ၊ဋ္ဌ၊၂။၇၅။) (စူဠနိ၊ဋ္ဌ။၁၁၅။)

ဆွမ်းဖြစ်ပေါ်ရာ ဧတတ် ၁၅ မျိုး ၁။ သံဃဘတ္တ– သံဃာအား ပေးလှူအပ်သော ဆွမ်း၊ ၂။ ဥဒ္ဒေသဘတ္တ– ရည်ညွှန်း၍ ပေးလှူအပ်သော ဆွမ်း၊ ၃။ နိမန္တန– ပင့်ဖိတ်၍ ပေးလှူအပ်သော ဆွမ်း၊ ၄။ သလာကဘတ္တ– စာရေးတံမဲဖြင့် ပေးလှူအပ်သော ဆွမ်း၊ ၅။ ပက္ခိက– လဆန်းပက္ခ, လဆုတ်ပက္ခတို့၌ ပေးလှူအပ်သော ဆွမ်း၊ ၆။ ဥပေါသထိက– ဥပုသ်နေ့၌ ပေးလှူအပ်သော ဆွမ်း၊ ၇။ ပါဋိပဒိကဘတ္တ– ဥပုသ်အထွက်တစ်ရက်နေ့၌ ပေးလှူအပ်သော ဆွမ်း၊ ၈။ အာဂန္တုကဘတ္တ– ဧည့်သည်အာဂန္တုတို့အား ပေးလှူအပ်သော ဆွမ်း၊ ၉။ ဂမိကဘတ္တ– ခရီးသွားရဟန်းတို့အား ပေးလှူအပ်သော ဆွမ်း၊ ၁၀။ ဂိလာနဘတ္တ– ဂိလာနရဟန်းတို့အား ပေးလှူအပ်သော ဆွမ်း၊ ၁၁။ ဂိလာနုပဋ္ဌာကဘတ္တ– ဂိလာနကို ပြုစုလုပ်ကျွေးသော ရဟန်းတို့အား ပေးလှူအပ်သော ဆွမ်း၊ ၁၂။ ဓုရဘတ္တ– အမြဲတမ်း နေအိမ်၌ ပေးလှူအပ်သော ဆွမ်း၊ ၁၃။ ကုဋိဘတ္တ– ကျောင်းငယ်ကို ရည်စူး၍ ပေးလှူအပ်သော ဆွမ်း၊ ၁၄။ ဝါရဘတ္တ– ရွာနေရဟန်း, တောနေရဟန်း စသည်တို့အား အလှည့်အကြိမ်အားဖြင့် ပေးလှူအပ်သော ဆွမ်း၊ ၁၅။ ဝိဟာရဘတ္တ– ကျောင်းတိုက်အား ရည်စူး၍ ပေးလှူအပ်သော ဆွမ်း။ (ဒီ၊ဋ္ဌ၊၃။၁၉၇။) (အံ၊ဋ္ဌ၊၂။၂၈၂။) (စူဠနိ၊ဋ္ဌ။၁၁၄။)

ဆွမ်းလှူကျိုး ၅ ပါး ၁။ အသက်ကို ပေးလှူသည် မည်ခြင်း၊ ၂။ အဆင်းကို ပေးလှူသည် မည်ခြင်း၊ ၃။ ချမ်းသာကို ပေးလှူသည် မည်ခြင်း၊ ၄။ ခွန်အားကို ပေးလှူသည် မည်ခြင်း၊ ၅။ ဉာဏ်ကို ပေးလှူသည် မည်ခြင်း။ (အံ၊၂။၃၅။) (အံ၊မြန်၊၂။၄၅။) (အံ၊ဋ္ဌ၊၁။၃၄၈။)

ဆွမ်းလှူကျိုး ၁၂ ပါး ၁။ တာဝတိံသာနတ်ပြည် တစ်ထောင်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ရခြင်း၊ ၂။ တစ်ထောင်သော စကြာမင်းတို့၏ မိဖုရားအဖြစ်ကို ရခြင်း၊ ၃။ မရေမတွက်နိုင်သော ပဒေသရာဇ်မင်းအဖြစ်ကို ရခြင်း၊ ၄။ ကြာညိုပန်းအဆင်းနှင့် တူသော အဆင်းရှိသည် ဖြစ်၍ အလွန် အဆင်းလှခြင်း၊ ၅။ ကိုယ်အင်္ဂါအားလုံးနှင့် ပြည့်စုံသည်ဖြစ်၍ လွန်စွာ ရှုချင်စဖွယ် ရှိခြင်း၊ ၆။ မြတ်သော အမျိုး၌ ဖြစ်၍ အလင်းအရောင်ကို ဆောင်နိုင်ခြင်း၊ ၇။ မောင်းမတစ်ထောင်တို့၏ အကြီးအမှူး ဖြစ်ခြင်း၊ ၈။ မရေမတွက်နိုင်သော သင်္ကန်း, ဆွမ်း, ဆေးပစ္စည်းကျောင်း အိပ်ရာနေရာတို့ကို ရရှိခြင်း၊ ၉။ ဆွမ်းလှူခဲ့သည့်အချိန်မှ စ၍ သုံးဆယ့်တစ်ကမ္ဘာတိုင်တိုင် ဒုဂ္ဂတိဘဝသို့ မလားရောက်ရခြင်း၊ ၁၀။ လူ့ဘဝနှင့် နတ်ဘဝ နှစ်မျိုးတို့၌သာ ကျင်လည်ခဲ့ရခြင်း၊ ၁၁။ များသော စည်းစိမ် ဥစ္စာရှိ၍ မြင့်မြတ်သော အမျိုး၌ ဖြစ်ရခြင်း၊ ၁၂။ နောက်ဆုံးဘဝ၌ ကိလေသာကုန်ခန်း၍ ရဟန္တာ ဖြစ်ရခြင်း။ (အပ၊၂။၂၈၄။) (အပ၊မြန်၊၂။၂၇၇။)

ဆွမ်းအကျိုး ၄ ပါး ၁။ ဘောဇဉ်ပေးလှူခြင်းသည် အသက်ကို ပေးလှူခြင်းမည်၍ အသက် ရှည်ခြင်း၊ ၂။ ဘောဇဉ်ပေးလှူခြင်းသည် အဆင်းကို ပေးလှူခြင်းမည်၍ အဆင်းလှခြင်း၊ ၃။ ဘောဇဉ်ကို ပေးလှူခြင်းသည် ချမ်းသာကို ပေးလှူခြင်းမည်၍ ချမ်းသာကို ရရှိနိုင်ခြင်း၊ ၄။ ဘောဇဉ်ကို ပေးလှူခြင်းသည် ခွန်အားကို ပေးလှူခြင်းမည်၍ ခွန်အားကြီးခြင်း။ (အံ၊၁။၃၇၄-၃၇၅။) (အံ၊မြန်၊၁။၃၈၈။)

http://www.dhammadownload.com

ဇ

ဇနပဒကလျာဏီ၏ ကောင်းခြင်း ၅ ဖြာ ၁။ ဆဝိကလျာဏ– အရေ၏ ကောင်းခြင်း၊ ၂။ မံသ ကလျာဏ– အသား၏ ကောင်းခြင်း၊ ၃။ နှာရုကလျာဏ– အကြော၏ ကောင်းခြင်း၊ ၄။ အဋ္ဌိ ကလျာဏ– အရိုး၏ ကောင်းခြင်း။၅။ ဝယကလျာဏ– အရွယ်၏ ကောင်းခြင်း။ (သံ၊၌၊ ၃။၂၅၉။)

ဇနိုးမောင်နှံ ဘဝတိုင်း ရေစက်ဆုံကြောင်း တရား ၄ ပါး ၁။ ဇနိုးမောင်နှံ နှစ်ယောက်လုံးသည် သဒ္ဓါတရား တူမျှရခြင်း၊ ၂။ ဇနိုးမောင်နှံ နှစ်ယောက်လုံးသည် သီလတရား တူမျှရခြင်း၊ ၃။ ဇနိုးမောင်နှံ နှစ်ယောက်လုံးသည် စွန့်ကြဲမှု စာဂတရား တူမျှရခြင်း၊ ၄။ ဇနိုးမောင်နှံ နှစ်ယောက်လုံးသည် အသိပညာ တူမျှရခြင်း။ (အံ၊၁၀။၃၇၃။) (အံ၊မြန်၊၁၀။၃၈၇။)

ဇရာ ၂ မျိုး ၁။ ပါကဋဇရာ– ဆံဖြူခြင်း, သွားကျိုးခြင်းစသည်ဖြင့် ရုပ်တရား၌ ထင်ရှားသော ဇရာ၊ ၂။ ပဋိစ္စန္နဇရာ– နာမ်တရား၌ ဖောက်ပြန်မှု မထင်ရှားသဖြင့် ဖုံးလွှမ်းထားသော ဇရာ။ (မ၊၌၊၁၀။ ၂၂၁။) (သံ၊၌၊၂။၁၁။) (အဘိ၊၌၊၁။၃၃၃။) (အဘိ၊၌၊၂။၉၃။) (ပဋိသံ၊၌၊ ၁။၁၄၀။)

ဇရာ ၂ မျိုး (တစ်နည်း) ၁။ သဝီစိဇရာ– အကြားအကြား၌ ဖြစ်သော ရုပ် အဆင်းအထူး စသည် တို့အား သိလွယ်သော ဇရာ၊ ၂။ အဝီစိဇရာ– အကြားအကြား၌ ဖြစ်သော ရုပ်အဆင်းအထူး စသည်တို့အား သိရန်မလွယ်သော ဇရာ။ (မ၊၌၊၁။၂၂၁။) (သံ၊၌၊၂။၁၂။) (အဘိ၊၌၊၂။၉၃။) (ပဋိသံ၊၌၊ ၁။၁၄၁။)

ဇရာ ၂ မျိုး (တစ်နည်း) ၁။ အဝီစိဇရာ– ပတ္တမြား စသည်၌ရှိသော အိုခြင်းဇရာကဲ့သို့ အကြား မရှိသော အိုခြင်းဇရာ၊ ၂။ သဝီစိဇရာ– ပန်း, သစ်သီး, သစ်ရွက်နုတို့၏ ရင့်ရော်ပုံ ထင်ရှားသကဲ့သို့ အကြားရှိသော အိုခြင်းဇရာ။ (အဘိ၊၌၊၁။၃၆၅။)

ဇာတိခန္ဓာ ၂ ပါး ၁။ ရုပ်ဇာတိ ရူပက္ခန္ဓာ၊ ၂။ နာမ်ဇာတိ သဒ္ဓါရက္ခန္ဓာ။ (အဘိ၊၌၊၃။၆။)

ဇာတိဘေဒအားဖြင့် အဗျာကတ ၂ မျိုး ၁။ ဝိပါက အဗျာကတ၊ ၂။ ကိရိယာ အဗျာကတ။ (ဝိသုဒ္ဓိ၊ ၂။၈၄။)

ဇာတိလောဟ ၇ မျိုး ၁။ သံ၊ ၂။ ဌေး၊ ၃။ ရွှေ၊ ၄။ သလွဲဖြူ (သလွဲစင်)၊ ၅။ သလွဲမည်း (ခဲပုပ်)၊ ၆။ ကြေးနီ၊ ၇။ သံမဏိ (သံရှဉ်) ။ (အဘိ၊၌၊၂။၆၀။)

ဇိဂှါဝိညေယျရသ ၂ မျိုး ၁။သေဝိတဗ္ဗ ဇိဂှါဝိညေယျရသ– ဤဇိဂှါဝိညာဉ်ဖြင့် သိအပ်သော ရသာရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ ယုတ်လျော့၍ ကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော ဇိဂှါဝိညေယျရသ၊ ၂။ အသေဝိတဗ္ဗ ဇိဂှါဝိညေယျရသ– ဤဇိဂှါဝိညာဉ်ဖြင့် သိအပ်သော ရသာရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော ဇိဂှါဝိညေယျရသ။ (ဒီ၊၂။၂၂၅။) (ဒီ၊မြန်၊၂။၂၅၂။)

ဇိဝိတိန္ဒြေ ၂ ပါး ၁။ ရုပ်ဇီဝိတိန္ဒြေ၊ ၂။ နာမ်ဇီဝိတိန္ဒြေ။ (ဝိ၊၌၊၂။၃၈။) (အဘိ၊၌၊၂။၁၀။) (ပဋိသံ၊၌၊၁။၈၀။) (ဝိသုဒ္ဓိ၊၂။၁၃၃။)

http://www.dhammadownload.com

ဇီဝိတိန္ဒေ၏ ခန္ဓာ ၂ ပါး ၁။ ရုပ်ဇီဝိတိန္ဒေ ရူပကွန္ဓာ၊ ၂။ နာမ်ဇီဝိတိန္ဒေ သင်္ခါရကွန္ဓာ။ (အဘိ၊ဌ၊ ၃။၅။)

ဇူတပွမာဒဌာနသရုပ် ၁၉ ပါး ၁။ အဌပဒံ– ရှစ်ကွက်ရှိသော ပျဉ်ချပ်၌ ကြွေအံကစားခြင်း၊ ၂။ ဒသပဒံ– ဆယ်ကွက်ရှိသော ပျဉ်ချပ်၌ ကြွေအံကစားခြင်း၊ ၃။ အာကာသံ– ရှစ်ကွက် ဆယ်ကွက် အသွင် ကောင်းကင်၌ ကစားခြင်း၊ ၄။ ပရိဟာရပထံ– ပုရွက်ဆိတ်ကြောင်း လိုက်တမ်း ကစားခြင်း၊ ၅။ သန္တိကံ– ဇယ်တောက်တမ်း, ဇယ်ကောက်တမ်း ကစားခြင်း၊ ၆။ ခလိကံ– ကြွေအန်ကစားရာ စည်းဝိုင်း၌ အန်စာကို ပစ်ချ၍ ကစားခြင်း၊ ၇။ ဃဋိကံ– ကျည်းသားတုတ်ရိုက် ကစားခြင်း၊ ၈။ သလာကာဟတ္ထံ– အုန်းမျှင်စည်း ထန်းမျှင်စည်းတို့ဖြင့် အရုပ်ထင်ဆောင် နံရံစသည်၌ ရိုက်၍ ကစားခြင်း၊ ၉။ အက္ခံ– ဂုံညင်း, ဂေါ်လီ ကစားခြင်း၊ ၁၀။ ပဂ်စီရံ– ထန်းရွက် စသည်ဖြင့် နဲ့ငယ်, ပုလွေငယ် မှုတ်၍ ကစားခြင်း၊ ၁၁။ ဝက်ကံ– ထွန်ငယ်ဖြင့် ကစားခြင်း၊ ၁၂။ မောက္ခစိကံ– ဂျွမ်းဘားကစားခြင်း၊ ၁၃။ စိဂ်ုလိကံ– ထန်းရွက် စသည်ဖြင့် ပြုအပ်သော စကြာဖြင့် ကစားခြင်း၊ ၁၄။ ပတ္တာနုကံ– သစ်ရွက်ဖြင့် ပြုအပ်သော စလယ်တောင်းဖြင့် သဲ စသည်ကို ချင့်၍ ကစားခြင်း၊ ၁၅။ ရထကံ– ရထားငယ်ဖြင့် ကစားခြင်း၊ ၁၆။ ဓနုကံ– လေးငယ်ဖြင့် ကစားခြင်း၊ ၁၇။ အက္ခရိကံ– အက္ခရာကို သိအောင် ကစားခြင်း၊ ၁၈။ မနေသိကံ– ပုဏ္ဏားဒိုင်မေးတမ်း ကစားခြင်း၊ ၁၉။ ကျိုးယောင်, ကန်းယောင် စသည် ဆောင်၍ ကစားခြင်း။ (ဒီ၊၁။၆၊၆၂။) (ဒီ၊မြန်၊၁။၆၊၇၄။)

ဇေတဝန်ကျောင်းတိုက်အတွင်း၌ ရှိသော ကျောင်းဆောင်ကြီး ၄ ဆောင် ၁။ ကရေရိကုဋ္ဌိ ကျောင်းဆောင်၊ ၂။ ကောသမ္ဗကုဋ္ဌိ ကျောင်းဆောင်၊ ၃။ ဂန္ဓကုဋ္ဌိ ကျောင်းဆောင်၊ ၄။ သလဋ္ဌာဂါရ ကျောင်းဆောင်။ (ဒီ၊ဌ၊၂။၁။) (ဒီ၊ဌ၊မြန်၊၂။၁။)

ဇောတိသိက္ခာပုဒ်၌ အဂ်ါ ၃ ပါး ၁။ ဖျားနာခြင်း အစရှိသော အကြောင်း မရှိခြင်း၊ ၂။ လှုံခြင်းငှာ အလိုရှိသူ ဖြစ်ခြင်း၊ ၃။ မီးတောက်စေခြင်း။ (ဝိမတိ၊၂။၄၃။)

ဇောတိသိက္ခာပုဒ်၌ အဂ်ါ ၄ ပါး ၁။ ကျန်းမာသူ ဖြစ်ခြင်း၊ ၂။ ခွင့်ပြုထားသော အကြောင်း မဟုတ်ခြင်း၊ ၃။ လှုံခြင်းငှာ အလိုရှိသူ ဖြစ်ခြင်း၊ ၄။ မီးတောက်စေခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၁။)

ဇမ္ဗုကပရိဗိုဇ် ရဟန္တာအပေါ် ကျူးလွန်ခဲ့သော ဝစီကံ ၄ ပါး ၁။ သင်သည် ဒါယကာသူကြွယ်၏ အိမ်၌ ဆွမ်းကို စားခြင်းထက် မစင်ကို စားခြင်းသည် ကောင်းမြတ်၏၊ ၂။ သူကြွယ်သည် ခေါ်လာခဲ့သော ဆေတ္တာသည်ဖြင့် ဆံကို ရိတ်ခြင်းထက် ထန်းစေ့မှုတ်ညှပ်ဖြင့် ဆံကို နုတ်စေ ခြင်းသည် ကောင်းမြတ်၏၊ ၃။ သူကြွယ်ပေးလှူအပ်သော ပုဆိုးသင်္ကန်းကို ဝတ်ခြင်းထက် အဝတ်မစည်း ကိုယ်လုံးတည်းဖြင့် လှည့်လည်ခြင်းသည် ကောင်းမြတ်၏၊ ၄။ သူကြွယ် ယူဆောင်ခဲ့သော ညောင်စောင်း၌ အိပ်လျောင်းခြင်းထက် မြေ၌ အိပ်လျောင်းခြင်းသည် ကောင်းမြတ်၏။ (ဓမ္မ၊ဌ၊၁။၃၁၃။)

ဇမ္ဗုကပရိဗိုဇ်၏ အကျင့် ၄ မျိုး ၁။ မစင်ကိုသာ စားခြင်း၊ ၂။ မြေကြီး၌သာ အိပ်ခြင်း၊ ၃။ အဝတ် မဝတ်ဘဲ ကိုယ်လုံးတည်းနေခြင်း၊ ၄။ ထန်းစေ့မှုတ် ထန်းစေ့ခွံဖြင့် ဆံပင်ကို နှုတ်ခြင်း။ (ဓမ္မ၊ဌ၊၁။၃၁၈။)

http://www.dhammadownload.com

ဓမ္မဒိပ်ကျွန်းသားတို့၏ ထူးခြားမှု ၃ မျိုး ၁။ သတိမန္တော– မြဲမြံသော သတိရှိခြင်း၊ ၂။ သူရာ– ရဲရင့်ခြင်း၊ ၃။ ဗြဟ္မစရိယဝါသော– မဂ္ဂင်ရှစ်ပါးတည်းဟူသော မြတ်သော အကျင့်ကို ကျင့်သုံးနိုင်ခြင်း။ (အံ၊၃။၁၉၈။) (အဘိ၊က။၈၄။) (ဝိမာန၊၄။၁၆။) (သာရတ္ထ၊ဋီ၊၁။၂၉၁။) (သာရတ္ထ၊ဋီ၊၂။၁၉။) (အံ၊မြန်၊၃။၁၉၈။) (အဘိ၊က၊မြန်၊၁။၁၄၅။)

ဓမ္မဒိပ်အပြင်၌ တိုင်းပြည်တာဝန်ကို ဆောင်ရွက်ကြသော မင်းကြီး ၇ ပါး ၁။ သတ္တဘူ မင်းကြီး၊ ၂။ ဗြဟ္မဒတ္တ မင်းကြီး၊ ၃။ ဝေဿဘူ မင်းကြီး၊ ၄။ ဘရတ မင်းကြီး၊ ၅။ ရေဏု မင်းကြီး၊ ၆,၇။ ဓတရဋ္ဌ မင်းကြီး ၂ ပါး။ (ဒီ၊၂။၁၉၀။) (ဒီ၊၄။၂။၂၅၅။) (ဒီ၊မြန်၊၂။၂၁၅။) (ဒီ၊၄၊မြန်၊၂။၄၇၄။)

ဓမ္မဒိပ်တစ်ခွင်လုံး ကြားရသော ကျယ်လောင်သော အသံကြီး ၄ မျိုး ၁။ ဓနဉ္ဇယကောရဝ္ယမင်း၏ လောင်းတမ်းကစားမှုဌ္ဌ အောင်နိုင်၍ ပုဏ္ဏကဘီလူးစစ်သူကြီး၏ လက်ဖျစ်တီး၍ ကြွေးကြော်သံ၊ ၂။ ကဿပဘုရားရှင်၏ သာသနာတော် ဆုတ်ယုတ်လာသောကာလ၌ ခွေးအသွင်ဖန်ဆင်းထားသော ဝိသုကြိုနတ်သား၏ ကြွေးကြော်သံ၊ ၃။ ကုသဇာတ်၌ ခုနစ်ပြည်ထောင်မင်းတို့သည် တိုင်းပြည်ကို နှောင့်ယှက်သော ကာလ၌ ပဘာဝတီနှင့် အတူတကွ ဆင်ဖြင့် ထွက်၍ ငါသည် ကုသမင်းမြတ်တည်းဟု ဘုရားအလောင်း ကုသမင်း၏ ကြွေးကြော်သော အသံ၊ ၄။ အာဠာဝကဘီလူးသည် ကေလာသတောင်ထိပ်၌ ရပ်၍ ကြွေးကြော်သော အသံ။ (သံ၊၄၊၁။၂၉၄။) (သုတ္တနိ၊၄၊၁။၂၁၈။) (ဇာ၊၄၊၄။၁၈၃။)

ဗျ

တဏှာကို စွဲမှီ၍ ဖြစ်ပေါ်လာသော တရား ၉ ပါး ၁။ လိုချင်မှု တဏှာကို စွဲမှီ အကြောင်းပြု၍ ရှာမှီးရခြင်း၊ ၂။ ရှာမှီးခြင်းကို အကြောင်းပြုစွဲ မှီ၍ ရရှိလာခြင်း၊ ၃။ ရရှိလာခြင်းကို စွဲမှီ၍ အသုံးချရန် စိတ်ပိုင်းဖြတ်ရခြင်း၊ ၄။ စိတ်ပိုင်းဖြတ်ခြင်းကို စွဲမှီ၍ နှစ်သက် တပ်မက်မှု ဆန္ဒရာဂ ဖြစ်ခြင်း၊ ၅။ ဆန္ဒရာဂကို စွဲမှီ၍ ငါ ငါ့စွာဟု မြဲမြံစွာ ဆုံးဖြတ်ခြင်း၊ ၆။ မြဲမြံစွာ ဆုံးဖြတ်ခြင်းကို စွဲမှီ၍ သိမ်းဆည်းရခြင်း၊ ၇။ သိမ်းဆည်းခြင်းကို စွဲမှီ၍ နမြောဝန်တိုမှု ဖြစ်ခြင်း၊ ၈။ ဝန်တိုမှု ဖြစ်ခြင်းကို စွဲမှီ၍ စောင့်ရှောက်ရခြင်း၊ ၉။ စောင့်ရှောက်ရခြင်း ဟူသော အကြောင်းကြောင့် တုတ်, ဓား စသော လက်နက်ကိုင်ဆောင်ရခြင်း, ခိုက်ရန်ဖြစ်ရခြင်း, ငြင်းခုံရခြင်း, မခံသာအောင် ပြောဆိုခြင်း, ကုန်းတိုက်ခြင်း, မဟုတ်မမှန် ပြောခြင်း ဟူသော များစွာသော အကုသိုလ်များ ဖြစ်ပွားရခြင်း။(ဒီ၊၃။၂၅၃။)(အံ၊၃။၂၀၁။)(အဘိ၊ဝိ။၄၀၄။)(ဝိ၊ဋ္ဌ၊၄။၁၈၁။)(ပဋိသံ၊ဋ္ဌ၊၁။၁၁၁။)(သာရတ္ထ၊ဋီ၊၁။၃၀၈။) (ဝိသုဒ္ဓိ၊ဋီ၊၁။၂၅၄။) (နေတ္တိ၊ဝိဘာ။၁၅၇။) (ဒီ၊မြန်၊၃။၂၇၇။) (အံ၊မြန်၊၃။၂၀၁။) (အဘိ၊ဝိ၊မြန်၊၂။၅၁၁။)

တဏှာမူလက တရား ၉ ပါး တဏှာအရင်းခံရှိသော တရား ၉ ပါး တဏှာကို စွဲမှီ၍ ဖြစ်ပေါ်လာသော တရား ၉ ပါး၊ ပယ်အပ်သော တရား ၉ ပါး၊ ပဟာတဗ္ဗတရား ၉ ပါး တို့နှင့် တူသည်။

တဏှာဖြစ်ကြောင်း ၄ ပါး ၁။ သက်နိုး ဟူသော အကြောင်းကြောင့် တဏှာ ဖြစ်ခြင်း၊ ၂။ ဆွမ်းဟူသော အကြောင်းကြောင့် တဏှာ ဖြစ်ခြင်း၊ ၃။ ကျောင်းဟူသော အကြောင်းကြောင့် တဏှာ ဖြစ်ခြင်း၊ ၄။ အမှတ်မထား တစ်ပါးပါးသော အကြောင်းကြောင့် (ဝါ) ဤသို့ဖြစ်ခြင်း, မဖြစ်ခြင်းဟူသော အကြောင်းကြောင့် တဏှာ ဖြစ်ခြင်း။ (ခုဒ္ဒက။၂၆၈။) (ခုဒ္ဒက၊မြန်။ ၂၅၄။)

တဏှာဖြစ်ကြောင်း ၄ ပါး (တစ်နည်း) ၁။သက်နိုးဟူသောအကြောင်းကြောင့် တဏှာလောဘ ဖြစ်ခြင်း၊ ၂။ ဆွမ်းဟူသော အကြောင်းကြောင့် တဏှာလောဘ ဖြစ်ခြင်း၊ ၃။ ကျောင်းဟူသော အကြောင်းကြောင့် တဏှာလောဘ ဖြစ်ခြင်း၊ ၄။ သက်နိုးစသည်တို့၏ နည်းခြင်း, များခြင်း ဟူသော အကြောင်းကြောင့် တဏှာလောဘ ဖြစ်ခြင်း။ (အဘိ၊ဝိ။၃၉၀။) (အဘိ၊ဝိ၊မြန်၊၂။၄၉၂။)

တဏှာအရင်းခံရှိသော တရား ၉ ပါး တဏှာမူလက တရား ၉ ပါး၊ တဏှာကို စွဲမှီ၍ ဖြစ်ပေါ်လာသော တရား ၉ ပါး၊ ပယ်အပ်သော တရား ၉ ပါး၊ ပဟာတဗ္ဗတရား ၉ ပါး တို့နှင့် တူသည်။

တဏှာ၏ ဖြစ်ကြောင်း ၄ ပါး (တစ်နည်း) ၁။ သက်နိုးဟူသော အကြောင်းကြောင့် တဏှာဖြစ်ခြင်း၊ ၂။ ဆွမ်းဟူသော အကြောင်းကြောင့် တဏှာဖြစ်ခြင်း၊ ၃။ ကျောင်းဟူသော အကြောင်းကြောင့် တဏှာဖြစ်ခြင်း၊ ၄။ အထူးသဖြင့် မြတ်သော ဆီ, ပျား, တင်လဲ စသော အကြောင်းကြောင့် တဏှာဖြစ်ခြင်း။ (ဒီ၊၃။၁၉၁။) (ဒီ၊မြန်၊၃။၂၁၃။)

တဏှာ၏ ရေအယဉ်နှင့် တူပုံ ၄ မျိုး ၁။ အစဉ်သဖြင့် တိုးပွားလာခြင်း၊ ၂။ အဆက်မပြတ် ဖြစ်ခြင်း၊ ၃။ အောက်သို့ နစ်မြုပ်စေခြင်း၊ ၄။ ကူးမြောက်နိုင်ခဲခြင်း။ (ဣတိဝုတ်၊ဋ္ဌ။၃၂၇။)

တတိယကထိနသိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ သက်နိုးသည် မိမိကိုယ်ပိုင်သက်နိုး ဖြစ်ခြင်း၊ ၂။ သက်နိုး

http://www.dhammadownload.com

ပမာဏနှင့် ကိုက်ညီခြင်း၊ ၃။ ပလိဗောဓ ပြတ်ပြီးသည် ဖြစ်ခြင်း၊ ၄။ ပိုလွန်သော သင်္ကန်းဖြစ်ခြင်း၊ ၅။ တစ်လ ဟူသော အပိုင်းအခြား လွန်သွားခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၉၈။) (ဝိမတိ၊၁။၃၂၂။)

တတိယဈာန်၌ ရှိသော တရား ၁၄ မျိုး ၁။ ချမ်းသာခြင်း သုခ၊ ၂။ အမှတ်ရခြင်း သတိ၊ ၃။ ကောင်းစွာ သိခြင်း သမ္မဇည၊ ၄။ စိတ်တည်ငြိမ်ခြင်း စိတ္တေကဂ္ဂတာ၊ ၅။ တွေ့ထိခြင်း ဖဿ၊ ၆။ ခံစားခြင်း ဝေဒနာ၊ ၇။ မှတ်ခြင်း သညာ၊ ၈။ စေ့ဆော်ခြင်း စေတနာ၊ ၉။ စိတ်၊ ၁၀။ အလိုဆန္ဒ၊ ၁၁။ ဆုံးဖြတ်ခြင်း အဓိမောက္ခ၊ ၁၂။ လုံ့လပြုခြင်း ဝီရိယ၊ ၁၃။ လျစ်လျူရှုခြင်း ဥပေက္ခာ၊ ၁၄။ နှလုံးသွင်းခြင်း မနသိကာရ။ (မ၁။၇၆။) (မ၊မြန်၊၃။၈၀။)

တတိယပါဠိဒေသနီယသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ သေက္ခဟု သမုတ်ခံထားသူ ဖြစ်ခြင်း၊ ၂။ အိမ်ဥပစာ၌ မပင့်ဖိတ်ထားခြင်း၊ ၃။ ဂိလာနရဟန်း၏ နိစ္စဘတ်မဟုတ်သော ဆွမ်းစသည်ကို ယူ၍ စားခြင်း။ (ဝိမတိ၊၂။၅၈။)

တတိယ ပါဠိဒေသနီယသိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ သေက္ခဟု သမုတ်ခံထားသူ ဖြစ်ခြင်း၊ ၂။ ရွေးခြယ်ပင့်ဖိတ်ထားသူ မဟုတ်ခြင်း၊ ၃။ ကျန်းမာသူ ဖြစ်ခြင်း၊ ၄။ အိမ်ဥပစာသို့ သက်ရောက်ခြင်း၊ ၅။ နိစ္စဘတ် စသည်တို့ကို ထား၍ အခြားသော အာမိသကို ယူ၍ စားသုံးခြင်း။ (သာရတ္ထ၊ဋီ၊ ၃။၁၀၃။)

တတိယပါရာဇိက၏ ဖြစ်ကြောင်း သမုဋ္ဌာန် ၃ ပါး ၁။ ရံခါ ကိုယ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်၊ ၂။ ရံခါ နှုတ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်၊ ၃။ ရံခါ ကိုယ်ကြောင့်လည်းကောင်း နှုတ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏။ (ဝိ၊၅။၃၅၉။) (ဝိ၊မြန်၊၅။၄၆၃။)

တတိယသြက္ကာကမင်း မိဖုရားကြီး ဟတ္ထာ၏ သားတော် ၄ ယောက် ၁။ သြက္ကာမုခ၊ ၂။ ဟရကဏ္ဍု၊ ၃။ ဟတ္ထိနိက၊ ၄။ သိနိသူရ။ (ဒီ၊ဋ္ဌ၊၁။၂၃၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၅၄။)

တတိယသြက္ကာကမင်း၏ မိဖုရား ၅ ပါး ၁။ ဟတ္ထာမိဖုရား၊ ၂။ စိတ္တာမိဖုရား၊ ၃။ ဇန္တုမိဖုရား၊ ၄။ ဇာလိနီမိဖုရား၊ ၅။ ဝိသာခါမိဖုရား။ (ဒီ၊ဋ္ဌ၊၁။၂၃၀။) (သုတ္တနိ၊ဋ္ဌ၊၂။၈၅။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၅၄။)

တတုတ္ထရိသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ သတ်မှတ်ထားသောအတိုင်းအတာထက် ပိုလွန်စွာ သာယာခြင်း၊ ၂။ လုယူအပ်သည်၏ အဖြစ် အစရှိသော အကြောင်း ရှိခြင်း၊ ၃။ ဆွေမျိုးမတော်သူထံမှ တောင်းယူခြင်း၊ ၄။ ထိုသို့ တောင်းယူခြင်းကြောင့် ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၂။ ၄၀၅။) (ဝိမတိ၊၁။၃၂၆။)

တထတရား ၄ ပါး ၁။ ဤကား ဒုက္ခတည်း ဟူသော စကားသည် အမှားမဟုတ် အမှန်ဖြစ်ခြင်း၊ ၂။ ဤကား ဒုက္ခဖြစ်ကြောင်းတည်း ဟူသော စကားသည် အမှားမဟုတ် အမှန်ဖြစ်ခြင်း၊ ၃။ ဤကား ဒုက္ခချုပ်ရာနိဗ္ဗာန်တည်း ဟူသော စကားသည် အမှားမဟုတ် အမှန်ဖြစ်ခြင်း၊ ၄။ ဤကား ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တည်း ဟူသော စကားသည် အမှားမဟုတ် အမှန်ဖြစ်ခြင်း။ (ပဋိသံ။၂၉၃။) (ပဋိသံ၊မြန်။၃၅၀။)

တထာဂတမည်ကြောင်း ၈ မျိုး ၁။ ထိုဝိပဿီစသော ရှေးဘုရားတို့ ကြွလာတော်မူပုံ အခြင်းအရာ အားဖြင့် ကြွလာတော်မူပြီးသောကြောင့် တထာဂတ မည်၏၊ ၂။ ထိုဝိပဿီစသော ရှေးဘုရား

http://www.dhammadownload.com

ရှင်တို့ ကြွသွားတော်မူပုံ အခြင်းအရာအားဖြင့် ကြွသွားတော်မူပြီးသောကြောင့် တထာဂတ မည်၏၊ ၃။ မှန်ကန်သော လက္ခဏာသို့ ရောက်တော်မူပြီးသောကြောင့် တထာဂတ မည်၏၊ ၄။ မှန်ကန်သော တရားတို့ကို ဟုတ်မှန်သောအားဖြင့် ထိုးထွင်း၍ သိတော်မူပြီးသောကြောင့် တထာဂတ မည်၏၊ ၅။ မှန်ကန်သောအတိုင်း မြင်တော်မူလေ့ ရှိသည်၏ အဖြစ်ကြောင့် တထာဂတ မည်၏၊ ၆။ ဟုတ်မှန်သော စကားကို မိန့်တော်မူလေ့ ရှိသည်၏ အဖြစ်ကြောင့် တထာဂတ မည်၏၊ ၇။ ထိုနှုတ်ဖြင့် မြွက်ဆိုတော်မူသည့်အတိုင်း ပြုလုပ်တော်မူလေ့ ရှိသည်၏ အဖြစ်ကြောင့် တထာဂတ မည်၏၊ ၈။ ခပ်သိမ်းသော သတ္တဝါတို့ကို သီလ စသည်တို့ဖြင့် လွှမ်းမိုးတော်မူသည်၏ အဖြစ်ကြောင့် တထာဂတ မည်၏။ (ဒီ၊၁၊၁။၅၉။) (မ၊၁၊၁။၄၇။) (အံ၊၁၊၁။ ၈၀။) (ပဋိသံ၊၁၊၁။၁၉၀။) (ဥဒါန၊၁။၁၁၂။) (ဗုဒ္ဓဝံ၊၁။၁၈။) (ဒီ၊၁၊မြန်၊၁။၁၁၁။)

တပည့်က ကမ္မဋ္ဌာန်းဆရာအား ကပ်ဆောင်ထိုက်သော ဒန်ပူ ၃ မျိုး ၁။ သေးငယ်သော ဒန်ပူ၊ ၂။ အလယ်အလတ် ဒန်ပူ၊ ၃။ ကြီးသော ဒန်ပူ။ (သာရတ္ထ၊ဋီ၊၂။၂၀၅။)

တပည့်ကျင့်ဝတ် ၅ ပါး ၁။ နေရာမှ ထ၍ ခရီးဦးကြိုခြင်း၊ ၂။ ခစားဆည်းကပ်ခြင်း၊ ၃။ စကားကို နာယူခြင်း၊ ၄။ အရိုအသေ လုပ်ကျွေးခြင်း၊ ၅။ အတတ်ပညာကို ရိုသေစွာ သင်ကြားလေ့ကျက်ခြင်း။ (ဒီ၊၃။၁၅၄။) (ဒီ၊မြန်၊၃။၁၇၂။)

တပုဿ, ဘလ္လိက, စိတ္တ စသော သူကြွယ်တို့၏ အင်္ဂါ ၆ ပါး (ဘုရားရှင်၌ ဆုံးဖြတ်ခြင်းသို့ ရောက်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေနိုင်သော တပုဿ, ဘလ္လိက, စိတ္တ စသော သူကြွယ်တို့၏ အင်္ဂါ ၆ ပါး) ၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ၂။ တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ၃။ သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊ ၄။ မြတ်သော အရိယာသီလနှင့် ပြည့်စုံခြင်း၊ ၅။ မြတ်သော ဉာဏ်အမြင်နှင့် ပြည့်စုံခြင်း၊ ၆။ မြတ်သော လွတ်မြောက်မှုနှင့် ပြည့်စုံခြင်း။ (အံ၊၂။၃၉၂။) (အံ၊မြန်၊၂။၄၉၆။)

တမလွန်ကို မကြောက်ကြောင်း တရား ၄ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ ကိုယ်နှုတ်စိတ် သုံးပါးလုံး (နူးညံ့ခြင်း)၊ ၃။ ခွဲခြမ်း ဝေဖန်လေ့ရှိခြင်း၊ ၄။ ပြောဆိုခြင်း၌ ကျွမ်းကျင်ခြင်း။ (သံ၊၁။၄၀။) (သံ၊မြန်၊၁။၃၉။)

တမလွန်ဘဝ၌ စီးပွားချမ်းသာဖြစ်ကြောင်း တရား ၄ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ၃။ ပေးကမ်းစွန့်ကြဲမှုနှင့် ပြည့်စုံခြင်း၊ ၄။ အဖြစ်အပျက်ကို ထိုးထွင်းသိသော ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၃။၁၁၀၊၁၁၃။) (အံ၊မြန်၊၃။၁၀၉၊၁၁၂။)

တမလွန်ဘဝ၌ မစိုးရိမ် မပူပန်ရကြောင်း တရား ၄ ပါး ၁။ ဝစီသစ္စာ– ပရမတ္ထသစ္စာနှင့် ပြည့်စုံခြင်း၊ ၂။ ကုသိုလ် အကုသိုလ် စသည်တို့ကို ခွဲခြားသိသော ပညာနှင့် ပြည့်စုံခြင်း၊ ၃။ လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၊ ၄။ စွန့်ကြဲကြောင်း စေတနာနှင့် ပြည့်စုံခြင်း။ (သံ၊၁။၂၁၇။) (သုတ္တနိ။၃၀၇။) (သံ၊မြန်၊ ၁။၂၀၁။) (သုတ္တနိ၊မြန်။၂၉၀။)

တမလွန်လောကကို မကြောက်သော သူ၏ အင်္ဂါ ၄ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၂။ မကောင်းမှုတို့ကို မပြုလုပ်ဘဲ နူးညံ့ပျော့ပျောင်းသော ကျင့်ဇြေရှိခြင်း၊ ၃။ သူတစ်ပါးတို့အား

http://www.dhammadownload.com

ခွဲခြမ်းဝေဖန်လျက် သုံးဆောင်လေ့ရှိခြင်း၊ ၄။ တောင်းခံလာသော သူတို့၏ ပြောဆိုအပ်သော စကားကို သိလေ့ရှိခြင်း။ (နေတ္တိ၊၆။၁၆၁။)

တမလွန်လောကၦ အောင်မြင်ရန် ကျင့်သော မိန်းမ၏ အင်္ဂါ ၄ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ၃။ ပေးကမ်းစွန့်ကြဲမှုနှင့် ပြည့်စုံခြင်း၊ ၄။ ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၃။၉၇၊၉၉။) (အံ၊မြန်၊၃။၉၇၊၉၉။)

တမန်ညွှန်ပြအပ်သော ကပ္ပိယ ၄ မျိုး ၁။ တမန်မျက်မှောက်၌ ညွှန်ပြအပ်သော ကပ္ပိယ တစ်မျိုး၊ ၂။ တမန်၏ မျက်မှောက်မဟုတ်သည်၌ ညွှန်ပြအပ်သော ကပ္ပိယ ၃ မျိုး။ (ဝိ၊၆၊၂။၂၅၅။)

တမန်အဖြစ်ဖြင့် သွားထိုက်သော ရဟန်း၏ အင်္ဂါ ၈ ပါး ၁။ သတင်းပေးသော သူ၏ စကားကို နားထောင်တတ်ခြင်း၊ ၂။ တစ်ဖန် ကြားသိစေတတ်ခြင်း၊ ၃။ ကောင်းစွာ နာယူမှတ်သားတတ်ခြင်း၊ ၄။ မမေ့မပျောက်အောင် ကောင်းစွာ ဆောင်ထားနိုင်ခြင်း၊ ၅။ ထိုသတင်းမှာ စကား၏ အနုက်အဓိပ္ပါယ်ကို ကိုယ်တိုင်လည်း သိနားလည်ခြင်း၊ ၆။ သူတစ်ပါးကိုလည်း သိနားလည်စေ နိုင်ခြင်း၊ ၇။ သင့်လျော်သော စကား, မသင့်လျော်သော စကား၌ ကျွမ်းကျင်လိမ္မာခြင်း၊ ၈။ ခိုက်ရန်ဖြစ်ပွားမှု မပြုတတ်ခြင်း။ (ဝိ၊၄။၃၆၄။) (အံ၊၃။၃၇။) (သာရတ္ထ၊ဋီ၊၃။၃၆၂။) (ဝိမတိ၊၂။၂၁၀။) (အံ၊မြန်၊၃။၃၈။) (ဝိ၊မြန်၊၄၊၃၇၀။) (ဝဇီရ၊၅၀၅။)

တရား ၂ မျိုး ၁။ ယှဉ်ဖက်တရားတို့ကို ချိုးမြှောက်တတ်သော ပဂ္ဂဟတရား၊ ၂။ စိတ်၏ မပျံ့လွင့်မှု အဝိက္ခေပတရား၊ (တစ်နည်း) ၁။ နာမ်တရား၊ ၂။ ရုပ်တရား၊ (တစ်နည်း) ၁။ သစ္စာလေးပါးကို သိတတ်သော ဝိဇ္ဇာတရား၊ ၂။ ကိလေသာမှ လွတ်မြောက်သော ဝိမုတ္တိတရား၊ (တစ်နည်း) ၁။ ဘဝမြို၏ဟု ယူသော ဘဝဒိဋ္ဌိတရား၊ ၂။ ဘဝပြတ်၏ဟု ယူသော ဝိဘဝဒိဋ္ဌိတရား၊ (တစ်နည်း) ၁။ဒုစရိုက်တို့မှ မရုက်ခြင်း အဟိရိကတရား၊ ၂။ ဒုစရိုက်တို့မှ မလန့်ခြင်း အနောတ္တပ္ပတရား၊ (တစ်နည်း) ၁။ဒုစရိုက်တို့မှ ရှက်ခြင်း ဟိရီတရား၊ ၂။ ဒုစရိုက်တို့မှ လန့်ခြင်း ဩတ္တပ္ပတရား၊ (တစ်နည်း) ၁။ ဆိုဆုံးမခက်ခြင်း ဒေါဝစဿတာတရား၊ ၂။ အဆွေခင်ပွန်းကောင်းရှိခြင်း ကလျာဏမိတ္တတာတရား၊ (တစ်နည်း) ၁။ တစ်ဆယ့်ရှစ်ပါးသော ဓာတ်တို့၌ ကျွမ်းကျင်ခြင်း ဓာတုကုသလတာတရား၊ ၂။ တစ်ဆယ့်ရှစ်ပါးသော ဓာတ်တို့ကို အနိစ္စစသောအားဖြင့် နှလုံးသွင်းခြင်း၌ ကျွမ်းကျင်ခြင်း မနသိကာရကုသလတာတရား၊(တစ်နည်း)၁။အာပတ်တို့၌ ကျွမ်းကျင်ခြင်း အာပတ္တိကုသလတတရား၊ ၂။ အာပတ်တို့မှ ထခြင်း၌ ကျွမ်းကျင်ခြင်း အာပတ္တိဝုဋ္ဌာနကုသလတာတရား။ (အံ၊၁။၈၁-၈၂။) (အံ၊မြန်၊၁။၉၆။)

တရား ၂ မျိုး (တစ်နည်း) ၁။ မိမိ၏ စိတ်ဖြူစင်ခြင်း၊ ၂။ လောကၦ တစ်စုံတစ်ရာကို မစွဲလမ်းခြင်း၊ (တစ်နည်း) ၁။ အမျက်ထွက်ခြင်း ကောဓ၊ ၂။ ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ၊ (တစ်နည်း) ၁။ အမျက်ထွက်ခြင်းကို ပယ်ဖျောက်ခြင်း၊ ၂။ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်ခြင်း။ (အံ၊၁။၉၀။) (အံ၊မြန်၊၁။၁၀၅။)

တရား ၂ မျိုး (တစ်နည်း) ၁။ ဖြောင့်မတ်ခြင်း အဇ္ဇဝ၊ ၂။ နူးညံ့ခြင်း မဒ္ဒဝ၊ (တစ်နည်း) ၁။သည်းခံခြင်း ခန္တီ၊ ၂။ ကောင်းသော အကျင့်ဖြင့် မွေ့လျော်ခြင်း သောရစ္စ၊ (တစ်နည်း) ၁။ နူးညံ့ပြေပြစ်သော စကားရှိခြင်း သာဓုလျ၊ ၂။ အစေ့အစပ် အဆက်အသွယ်ကောင်းခြင်း ပဋိသန္ထာရ၊ (တစ်နည်း)

http://www.dhammadownload.com

၁။ မည့်ဉီးဆဲခြင်း အဟိသာ၊ ၂။ စင်ကြယ်ခြင်း သောစေယျ။ (တစ်နည်း) ၁။ ကျန်ခြေတို့၌ မဆို့ပိတ်အပ်သော တံခါးရှိခြင်း ကျန်ခြေယသု အဂုတ္တဒွါရတာ၊ ၂။ အစားအစာတို့၌ အတိုင်း အရှည်ကို မသိခြင်း ဘောဇနေ အမတ္တညုတာ၊ (တစ်နည်း) ၁။ ကျန်ခြေတို့၌ ဆို့ပိတ်အပ်သော တံခါးရှိခြင်း ကျန်ခြေယသု ဂုတ္တဒွါရတာ၊ ၂။ အစားအစာတို့၌ အတိုင်းအရှည်ကို သိခြင်း ဘောဇနေ မတ္တညုတာ၊ (တစ်နည်း) ၁။ နိဝရဏတို့ ငြိမ်းစေခြင်း သမထ၊ ၂။ သခ်ါရတို့ကို ရှုမှတ် သိမ်းဆည်းခြင်း ဝိပဿနာ၊ (တစ်နည်း) ၁။ ဉာဏ်အမြင် အယူ၏ စင်ကြယ်ခြင်း ဒိဋ္ဌိဝိသုဒ္ဓိ၊ ၂။ ဉာဏ်အမြင် အယူအားလျော်စွာ အားထုတ်ခြင်း ယထာဒိဋ္ဌိပဓာန၊ (တစ်နည်း) ၁။ ကုသိုလ် တရားတို့၌ မရောင့်ရဲနိုင်ခြင်း၊ ၂။ တရားအားထုတ်ရာ၌ ဆုတ်နစ်မှု မရှိခြင်း၊ (တစ်နည်း) ၁။ သတိတရား ကင်းလွတ်ခြင်း မုဋ္ဌဿစ္စ၊ ၂။ ဆင်ခြင်ဉာဏ် ကင်းမဲ့ခြင်း အသမ္ပဇည၊ (တစ်နည်း) ၁။ အောက်မေ့ခြင်း သတိ၊ ၂။ ဆင်ခြင်ခြင်း သမ္ပဇည။ (အံ၊၁။၉၃-၉၄။) (အံ၊မြန်၊၁။၁၁၁။)

တရား ၉ မျိုး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၉ ပါး၊ ရန်ဖြစ်ကြောင်း ၉ ပါးတို့နှင့် တူသည်။

တရားကို ဆောက်တည်ခြင်း ၄ ပါး ၁။ ယခုပစ္စုပ္ပန်၌လည်း ဆင်းရဲသော နောင်အခါ၌ ဆင်းရဲသော အကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်း၊ ၂။ ယခုပစ္စုပ္ပန်၌ ဆင်းရဲသော နောင်အခါ၌ ချမ်းသာသော အကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်း၊ ၃။ ယခု ပစ္စုပ္ပန်၌ ချမ်းသာသော နောင်အခါ၌ ဆင်းရဲသော အကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်း၊ ၄။ ယခုပစ္စုပ္ပန်၌လည်း ချမ်းသာသော နောင်အခါ၌လည်း ချမ်းသာသော အကျိုးကို ပေးတတ်သော တရားကို ဆောက်တည်ခြင်း။ (ဒီ၊၃။၁၉၁။) (မ၊၁။၃၇၉။) (မ၊၁။၃၈၅။) (ဒီ၊မြန်၊၃။၂၁၃။) (မ၊မြန်၊၁။ ၃၉၂။) (မ၊မြန်၊၁။၃၉၂။)

တရားကို ဆောင်သူ ၂ မျိုး ၁။ အနည်းငယ်မျှသော တရားကို နာပြီး၍ တရားတော်အတိုင်း လိုက်နာ ကျင့်သုံး၍ နာမကာယဖြင့် ဒုက္ခစသည်တို့ကို ပိုင်းခြား၍ သိလျက် သစ္စာလေးပါး တရားကို မြင်သူ၊ ၂။ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ ယနေ့၌ပင်လျှင် ထိုးထွင်း သိခြင်းကို အလိုရှိလျက် တရားကို မမေ့မလျော့သော သူ။ (ဓမ္မ၊၄၊၂။၂၄၄။)

တရားထူး မရနိုင်သော ပုဂ္ဂိုလ် ၁၆ ယောက် ၁။ တိရစ္ဆာန်ဘုံ၌ ဖြစ်သော သတ္တဝါ၊ ၂။ ပြိတ္တာဘုံ၌ ဖြစ်သော သတ္တဝါ၊ ၃။ မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်၊ ၄။ ကောက်ကျစ်စဉ်းလဲသော ပုဂ္ဂိုလ်၊ ၅။ အမိသတ်သော ပုဂ္ဂိုလ်၊ ၆။ အဖသတ်သော ပုဂ္ဂိုလ်၊ ၇။ ရဟန္တာသတ်သော ပုဂ္ဂိုလ်၊ ၈။ သံဃာ သင်းခွဲသော ပုဂ္ဂိုလ်၊ ၉။ ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုသော ပုဂ္ဂိုလ်၊ ၁၀။ ရဟန်းအသွင် ခိုး၍ နေသောပုဂ္ဂိုလ်၊ ၁၁။ တိတ္ထိဘောင်သို့ ပြောင်းရွေ့သွားသော ပုဂ္ဂိုလ်၊ ၁၂။ ဘိက္ခုနီမကို ဖျက်ဆီးသော ပုဂ္ဂိုလ်၊ ၁၃။ သံဃာဒိသိသ်အာပတ် သင့်ပြီးနောက် ယင်းအာပတ်မှ မထသေးသော ပုဂ္ဂိုလ်၊ ၁၄။ ပဏ္ဍာက်ဖြစ်သော ပုဂ္ဂိုလ်၊ ၁၅။ ဥဘတော ဗျည်းဖြစ်သော ပုဂ္ဂိုလ်၊ ၁၆။ အသက် ခုနစ်နှစ်အောက် ငယ်သော ပုဂ္ဂိုလ်။ (မိလိန္ဒ။၂၉၈။) (မိလိန္ဒ၊မြန်။၃၂၀။)

တရားနာသော် မဂ်ရကြောင်း တရား ၅ ပါး ၁။ သူ၏ ဂုဏ်ကို ချေဖျက်လိုစိတ် မရှိဘဲ တရားနာခြင်း၊ ၂။ အပြစ်တင်လိုစိတ် မရှိဘဲ တရားနာခြင်း၊ ၃။ တရားဟောပုဂ္ဂိုလ်ကို ထိပါး ပုတ်ခတ်လိုစိတ် မရှိခြင်း၊ ၄။ ပညာရှိ၍ မမိုက်မဲ မဆွဲ့အခြင်း၊ ၅။ မိမိ မသိသောအရာ၌ သိ၏ ဟု မှတ်ထင်လေ့ မရှိခြင်း။ (အံ၊၂။၁၅၄။) (အံ၊၂။၁၅၅။) (အံ၊မြန်၊၂။၁၉၆။) (အံ၊မြန်၊၂။၁၉၇။)

http://www.dhammadownload.com

တရားနာသော် မင်္ဂလာကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ တရားကို မထီမဲ့မြင် မပြုခြင်း၊ ၂။ တရားဟောပုဂ္ဂိုလ်ကို မထီမဲ့မြင် မပြုခြင်း၊ ၃။ မိမိကိုယ်ကို မထီမဲ့မြင် မပြုခြင်း၊ ၄။ စိတ်တည်ကြည်လျက် တရားနာခြင်း၊ ၅။ သင့်သောအားဖြင့် နှလုံးသွင်းခြင်း။ (အံ၊၂။၁၅၄။) (အံ၊မြန်၊၂။၁၉၅။)

တရားနာသော်လည်း မင်္ဂလာကြောင်း တရား ၅ ပါး ၁။ ဟောကြားသော တရားကို မထီမဲ့မြင် ပြုခြင်း၊ ၂။ တရားဟောပုဂ္ဂိုလ်ကို မထီမဲ့မြင် ပြုခြင်း၊ ၃။ မိမိကိုယ်ကို မထီမဲ့မြင် ပြုခြင်း၊ ၄။ ပညာမရှိခြင်း၊ မိုက်မဲခြင်း၊ ဆွံ့အခြင်း၊ ၅။ မသိသော အရာ၌ သိ၏ဟု မှတ်ထင်ခြင်း။ (အံ၊၂။၁၅၄။) (အံ၊မြန်၊၂။၁၉၆။)

တရားနာသော်လည်း မင်္ဂလာကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ သူ၏ ဂုဏ်ကို ချေဖျက်လိုစိတ်ဖြင့် တရားနာခြင်း၊ ၂။ အပြစ်တင်လိုစိတ်ဖြင့် တရားနာခြင်း၊ ၃။ တရားဟောပုဂ္ဂိုလ်ကို ထိပါး ပုတ်ခတ်လိုစိတ် ရှိခြင်း၊ ၄၊ ပညာမဲ့၍ မိုက်မဲ ဆွံ့အခြင်း၊ ၅။ မိမိမသိသော အရာ၌ သိ၏ဟု မှတ်ထင်လေ့ရှိခြင်း။ (အံ၊၂။၁၅၅။) (အံ၊မြန်၊၂။၁၉၇။)

တရားနာသော်လည်း မင်္ဂလာကြောင်းတရား ၅ ပါး (တစ်နည်း) ၁။ ဟောအပ်သော တရားကို မထီမဲ့မြင် ပြုခြင်း၊ ၂။ တရားဟော ပုဂ္ဂိုလ်ကို မထီမဲ့မြင် ပြုခြင်း၊ ၃။ မိမိကိုယ်ကို မထီမဲ့မြင် ပြုခြင်း၊ ၄။ စိတ်မတည်ကြည်ဘဲ တရားနာခြင်း၊ ၅။ မသင့်သော အားဖြင့် နှလုံးသွင်းခြင်း။ (အံ၊၂။၁၅၄။) (အံ၊မြန်၊၂။၁၉၅။)

တရား၏ ကောင်းခြင်း ၃ မျိုး ၁။ အာဒိကလျာဏ– အစ၏ကောင်းခြင်း၊ ၂။ မဇ္ဈေကလျာဏ– အလယ်၏ကောင်းခြင်း၊ ၃။ ပရိယောသာနကလျာဏ– အဆုံး၏ကောင်းခြင်း။ (ဝိ၊ဋ္ဌ၊၁။၉၈။)

တရားထူး ၂ မျိုး ၁။ သမထ၏ အစွမ်းအားဖြင့် ဖြစ်သော ပုဗ္ဗာပရိယဝိသေသ၊ ၂။ ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်သော ပုဗ္ဗာပရိယဝိသေသ။ (ဥဒါန၊ဋ္ဌ။၂၉၂။)

တရားထူးကို မျက်မှောက် မပြုနိုင်ကြောင်း တရား ၆ ပါး တရားထူး မရကြောင်း တရား ၆ ပါး နှင့် တူသည်။

တရားထူးမရကြောင်း တရား ၆ ပါး ၁။ ဤတရားတို့ကား ဆုတ်ယုတ်သော အဖို့ရှိကုန်၏ ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိခြင်း၊ ၂။ ဤတရားတို့ကား တည်သော အဖို့ရှိကုန်၏ဟူ၍ ဟုတ်တိုင်း မှန်စွာ မသိခြင်း၊ ၃။ ဤတရားတို့ကား ထူးသော အဖို့ရှိကုန်၏ ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိခြင်း၊ ၄။ ဤတရားတို့ကား ကိလေသာတို့ကို ဖောက်ခွဲခြင်း အဖို့ရှိကုန်၏ ဟူ၍ ဟုတ်တိုင်းမှန်စွာ မသိခြင်း၊ ၅။ ကောင်းမွန် ရှိသေစွာ ပြုအပ်သည်ကိုလည်း ပြုလေ့မရှိခြင်း၊ ၆။ သင့်လျော်လျောက်ပတ်သည်ကိုလည်း ပြုလေ့မရှိခြင်း။ (အံ၊၂။၃၇၂။) (အံ၊မြန်၊၂။၄၆၉။)

တရားထူးမရကြောင်း တရား ၅ ပါး ၁။ ကျောင်း၌ ဝန်တိုခြင်းကို မပယ်ခြင်း၊ ၂။ ဒါယကာ၌ ဝန်တိုခြင်းကို မပယ်ခြင်း၊ ၃။ လာဘ်၌ ဝန်တိုခြင်းကို မပယ်ခြင်း၊ ၄။ ဂုဏ်အဆင်း၌ ဝန်တိုခြင်းကို မပယ်ခြင်း၊ ၅။ တရား၌ ဝန်တိုခြင်းကို မပယ်ခြင်း။ (အံ၊၂။၂၃၉။) (အံ၊မြန်၊၂။၃၀၆။)

တရားထူး မရကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ ကျောင်း၌ ဝန်တိုခြင်းကို မပယ်ခြင်း၊ ၂။ ဒါယကာ၌ ဝန်တိုခြင်းကို မပယ်ခြင်း၊ ၃။ လာဘ်၌ ဝန်တိုခြင်းကို မပယ်ခြင်း၊ ၄။ ဂုဏ်

http://www.dhammadownload.com

အဆင်းဌ် ဝန်တိုခြင်းကို မပယ်ခြင်း၊ ၅။ သူ့ကျေးဇူးကို မသိခြင်း, ထင်စွာ မပြုခြင်း။ (အံ၊၂။၂၄၀။) (အံ၊မြန်၊၂။၃၀၇-၃၀၈။)

တရားထူး မရကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ သတိလွတ်ကင်းခြင်း၊ ၂။ ဆင်ခြင်ဉာဏ် မရှိခြင်း၊ ၃။ ဣန္ဒြေတို့ဌ် တံခါးကို ပိတ်မထားခြင်း၊ ၄။ စားသောက်ဖွယ်တို့ဌ် အတိုင်းအရှည်ကို မသိခြင်း၊ ၅။ ပလွှားဝါကြွားခြင်း၊ ၆။ မြွောက်ပင့်ရှုတ်ချ၍ ဟောပြောခြင်း။ (အံ၊၂။၃၇၅။) (အံ၊မြန်၊၂။၄၇၃။)

တရားထူး ရကြောင်း တရား ၅ ပါး ၁။ ကျောင်းဌ် ဝန်တိုခြင်းကို ပယ်ခြင်း၊ ၂။ ဒါယကာဌ် ဝန်တိုခြင်းကို ပယ်ခြင်း၊ ၃။ လာဘ်ဌ် ဝန်တိုခြင်းကို ပယ်ခြင်း၊ ၄။ ဂုဏ်အဆင်းဌ် ဝန်တိုခြင်းကို ပယ်ခြင်း၊ ၅။ တရားဌ် ဝန်တိုခြင်းကို ပယ်ခြင်း။ (အံ၊၂။၂၃၉။) (အံ၊မြန်၊၂။၃၀၆။)

တရားထူး ရကြောင်း တရား ၅ ပါး ၁။ ကျောင်းဌ် ဝန်တိုခြင်းကို ပယ်ခြင်း၊ ၂။ ဒါယကာဌ် ဝန်တိုခြင်းကို ပယ်ခြင်း၊ ၃။ လာဘ်ဌ် ဝန်တိုခြင်းကို ပယ်ခြင်း၊ ၄။ ဂုဏ်အဆင်းဌ် ဝန်တိုခြင်းကို ပယ်ခြင်း၊ ၅။ သူ့ကျေးဇူးကို သိခြင်း, ထင်စွာပြုခြင်း။ (အံ၊၂။၂၄၀။) (အံ၊မြန်၊၂။၃၀၉။)

တရားထူး ရကြောင်း တရား ၆ ပါး ၁။ ဤတရားတို့ကား ဆုတ်ယုတ်သော အဖို့ရှိကုန်ဟု ဟုတ်တိုင်း မှန်စွာ သိခြင်း၊ ၂။ ဤတရားတို့ကား တည်သော အဖို့ရှိကုန်၏ဟု ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၃။ ဤတရားတို့ကား ထူးသော အဖို့ ရှိကုန်၏ဟု ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၄။ ဤတရားတို့ကားကိလေသာတို့ကို ဖောက်ခွဲခြင်းအဖို့ရှိကုန်၏ဟု ဟုတ်တိုင်းမှန်စွာသိခြင်း၊၅။ ကောင်းမွန်ရှိသေစွာ ပြုအပ်သည်ကို ပြုလေ့ရှိခြင်း၊ ၆။ သင့်လျော် လျောက်ပတ် သည်ကို ပြုလေ့ရှိခြင်း။ (အံ၊၂။၃၇၂။) (အံ၊မြန်၊၂။၄၆၉။)

တရားထူးကို မျက်မှောက် ပြုနိုင်ကြောင်း တရား ၆ ပါး တရားထူးရကြောင်း တရား ၆ ပါးနှင့် တူသည်။

တရားထူးရကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ သတိလွတ်ကင်းခြင်းကို ပယ်ခြင်း၊ ၂။ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံခြင်း၊ ၃။ ဣန္ဒြေတို့ဌ် တံခါးကို လုံခြုံစွာ ပိတ်ထားခြင်း၊ ၄။ စားသောက်ဖွယ်တို့ဌ် အတိုင်းအရှည်ကို သိခြင်း၊ ၅။ ပလွှားဝါကြွားခြင်းကို ပယ်ခြင်း၊ ၆။ မြွောက်ပင့်, ရှုတ်ချ၍ ဟောပြောမှုကို ပယ်ခြင်း။ (အံ၊၂။၃၇၅။) (အံ၊မြန်၊၂။၄၇၄။)

တရားထူးရသည်ဟု ဝန်ခံသော ပုဂ္ဂိုလ်အား မေးစစ်ပုံ ၆ မျိုး ၁။ ကိ ံတေ အဓိဂတံ- အဘယ် စ္စာန်ကို ရသနည်း စသည်ဖြင့် ရအပ်သော စ္စာန်ကို မေးခြင်း၊ ၂။ ကိန္တိ တေ အဓိဂတံ- သမထ ဝိပဿနာ နှစ်မျိုးတို့တွင် ဘယ်တရားကို နှလုံးသွင်းအားထုတ်သဖြင့် ရသနည်း စသည်ဖြင့် တရားထူးရခြင်း၏ အကြောင်းကို မေးခြင်း၊ ၃။ ကဒါ တေ အဓိဂတံ- တရားထူးရရာ အချိန် အခါကို မေးခြင်း၊ ၄။ ကတ္ထ တေ အဓိဂတံ- တရားထူးရသည့် နေရာအရပ်ကို မေးခြင်း၊ ၅။ ကတမေ တေ ကိလေသာ ပဟီနာ- ဘယ်ကိလေသာတွေကို ပယ်ပြီး ဖြစ်သနည်း စသည်ဖြင့် ပယ်အပ်ပြီးသော ကိလေသာများကို မေးခြင်း၊ ၆။ ကတမေသံ တွံ ဓမ္မာနံ လာဘာ- မင်္ဂကို ရလျှင် အဘယ်မင်္ဂကို ရသနည်း, သောတာပတ္တိမင်္ဂကို ရသလော, သကဒါဂါမိမင်္ဂကို ရသလော စသည်ဖြင့် မေးခြင်း။ (ဝိ၊ဋ္ဌ၊၂။၈၂။)

http://www.dhammadownload.com

တရားနာခြင်း တရားဆွေးနွေးခြင်း အကျိုး ၅ ပါး ၁။ မြတ်စွာဘုရားအား လေးစား မြတ်နိုးခြင်း၊ ၂။ ပါဋိကို ထိုးထွင်း၍ သိခြင်း၊ အနက်ကို ထိုးထွင်း၍ သိခြင်း၊ ၃။ တရား၌ နက်နဲသော အနက်ကို ပညာဖြင့် ထိုးထွင်း၍သိခြင်း၊ ၄။ မချွတ်ဧကန် အရဟတ္တဖိုလ်သို့ ရောက်ပြီး ရောက်လတ္တံ့ ဖြစ်၏ ဟုချီးမွမ်းခံရခြင်း၊ ၅။ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေမှုကိုသာ အားထုတ်လျက် နေခြင်း။ (အံ၊၃။၁၇၁။) (အံ၊မြန်၊၃။၁၇၃။)

တရားနာရကျိုး ၅ ပါး ၁။ မကြားဖူးသည်ကို ကြားနာရခြင်း၊ ၂။ ကြားဖူးသည်ကို ဖြူစင်စေခြင်း၊ ၃။ ယုံမှားမှုကို လွန်မြောက်နိုင်ခြင်း၊ ၄။ အယူကို ဖြောင့်မတ်နိုင်ခြင်း၊ ၅။ စိတ် ကြည်လင်ခြင်း။ (အံ၊၂။၂၁၆။) (အံ၊မြန်၊၂။၂၇၂။)

တရားနာရကျိုး ၅ ပါး (တစ်နည်း) (နှုတ်ဖြင့် လေ့ကျက်အပ်, စိတ်ဖြင့် နှလုံးသွင်းအပ်, ပညာဖြင့် ထိုးထွင်း၍သိအပ်သော– သောတာနုဂတတရားတို့၌ ရရှိအပ်သော အကျိုး ၅ ပါး) ၁။ မျက်မှောက်ဘဝ၌ပင် တရားထူးကို ရရှိနိုင်ခြင်း၊ ၂။ မကျန်းမာသောအခါ တရားထူး ရနိုင်ခြင်း၊ ၃။ သေခါနီးအခါ၌ တရားထူး ရနိုင်ခြင်း၊ ၄။ နတ်ပြည်ရောက်သော အခါ၌ တရားထူး ရနိုင်ခြင်း၊ ၅။ ပစ္စေကဗောဓိဉာဏ်သို့ ရောက်နိုင်ခြင်း (ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ခြင်း)။ (ပေဋကော။၁၈၇။)

တရားနာရကျိုး ၆ ပါး ၁။ အောက်ပိုင်းသံယောဇဉ် ငါးပါးတို့မှ မလွတ်သေးသော ရဟန်းသည် သေခါနီးအခါ၌ မြတ်စွာဘုရားအား ဖူးမြော်ခွင့်ရရှိပြီး အစ အလယ် အဆုံး ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ထက်ဝန်းကျင်ပြည့်စုံသော တရားတော်ကို ကြားနာရသောကြောင့် အောက်ပိုင်းသံယောဇဉ်တို့မှ ကင်းလွတ်ခြင်း၊ ၂။ အောက်ပိုင်းသံယောဇဉ် ငါးပါးတို့မှ မလွတ်သေးသော ရဟန်းသည် သေခါနီးအခါ၌ ဘုရားရှင်၏ တပည့်သာဝက တစ်ပါးပါးကို ဖူးမြော်ခွင့်ရရှိပြီး ထိုသာဝက၏ အစ အလယ် အဆုံး ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ထက်ဝန်းကျင်ပြည့်စုံသော တရားကို ကြားနာရသောကြောင့် အောက်ပိုင်းသံယောဇဉ်တို့မှ ကင်းလွတ်ခြင်း၊ ၃။ အောက်ပိုင်းသံယောဇဉ် ငါးပါးတို့မှ မလွတ်သေးသော ရဟန်းသည် သေခါနီး အခါ၌ ကြားနာ သင်ယူခဲ့ဖူးသည့်အတိုင်း တရားတော်ကို စိတ်ဖြင့် အဖန်ဖန် ကြံစည်, သုံးသပ်, ရှုမြင်သောကြောင့် အောက်ပိုင်းသံယောဇဉ်တို့မှ ကင်းလွတ်ခြင်း၊ ၄။ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ လွတ်သော်လည်း အရဟတ္တဖိုလ်ဖြင့် မလွတ်မြောက်သေးသော ရဟန်းသည် သေခါနီးအခါ၌ ဘုရားရှင်အား ဖူးမြော်ခြင်း ရရှိပြီး အစ အလယ် အဆုံး ကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ထက်ဝန်းကျင် ပြည့်စုံသော တရားတော်ကို ကြားနာရသောကြောင့် ဥပဓိကုန်ရာ နိဗ္ဗာန်၌ အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်ခြင်း၊ ၅။ အောက်ပိုင်းသံယောဇဉ် ငါးပါးမှ လွတ်သော်လည်း အရဟတ္တဖိုလ်ဖြင့် မလွတ်သေးသော ရဟန်းသည် သေခါနီးအခါ၌ ဘုရားရှင်၏ တပည့်သာဝက တစ်ပါးပါးကို ဖူးမြော်ခွင့်ရပြီး ထိုသာဝက၏ တရားကို ကြားနာရသောကြောင့် ဥပဓိကုန်ရာနိဗ္ဗာန်သို့ အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်ခြင်း၊ ၆။ အောက်ပိုင်းသံယောဇဉ် ငါးပါးမှ လွတ်သော်လည်း အရဟတ္တဖိုလ်ဖြင့် မလွတ်သေးသော ရဟန်းသည် သေခါနီးအခါ၌ ကြားနာ သင်ယူခဲ့ဖူးသည့်အတိုင်း တရား တော်ကို စိတ်ဖြင့် အဖန်ဖန် ကြံစည်, သုံးသပ်, ရှုမြင်သောကြောင့် ဥပဓိကုန်ရာနိဗ္ဗာန်တို့ အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်ခြင်း။ (အံ၊၂။၃၃၅။) (အံ၊မြန်၊၂။၄၂၆။)

http://www.dhammadownload.com

တရားနှင့် မညီသော စာရေးတံမဲ ယူခြင်း ၁၀ ပါး ၁။ အဓိကရဏ်းသည် သေးငယ်လည်း သေးငယ်၍ ငြင်းခုံကာမျှသာ ဖြစ်ခြင်း၊ ၂။ နှစ်ကြိမ် သုံးကြိမ် ဆုံးဖြတ်ပြီးလည်း မဟုတ်ခြင်း၊ ၃။ နှစ်ကြိမ်သုံးကြိမ် အမှုသည် ရဟန်းတို့ကို အောက်မေ့စေအပ်, အခြားသော ရဟန်းတို့ကိုလည်း အောက်မေ့စေအပ်သည် မဟုတ်ခြင်း၊ ၄။ အဓမ္မဝါဒီရဟန်းတို့ အလွန်များပြားကုန်၏ဟု သိခြင်း၊ ၅။ အဓမ္မဝါဒီရဟန်းတို့ အလွန်များပြားကုန်တန်ရာ၏ဟု သိခြင်း၊ ၆။ သံဃာကွဲပြားလိမ့်မည်ဟု သိခြင်း၊ ၇။ သံဃာကွဲပြားတန်ရာ၏ဟု သိခြင်း၊ ၈။ မတရားသဖြင့် စာရေးတံမဲကို ယူခြင်း၊ ၉။ တကွဲတပြားစီ မဲကို ယူခြင်း၊ ၁၀။ မိမိတို့၏ အယူအဆအတိုင်း မဲကို မယူခြင်း။ (ဝိ၊၄။၂၀၅။) (ဝိ၊မြန်၊၄။၂၀၀။)

တရားနှင့် မညီသော တဿပါပိယသိကဝိနည်းကံ ၁၂ ပါး မတရားသော တဇ္ဇနီယဝိနည်းကံ ၁၂ ပါးနှင့် တူ၏။

တရားနှင့် မညီသော ပါတိမောက်ထားခြင်း ၃ မျိုး ၁။ အကြောင်းရင်း မရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၃။ အကြောင်းရင်းမရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။ ၄၂၆။) (ဝိ၊မြန်၊၄၊၄၂၇။)

တရားနှင့် မညီသော ပါတိမောက်ထားခြင်း ၄ မျိုး ၁။ အကြောင်းရင်း မရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၃။ အကြောင်းရင်းမရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၄။ အကြောင်းရင်းမရှိသော အသက်မွေးမှု ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၆။) (ဝိ၊မြန်၊၄၊၄၂၇။)

တရားနှင့် မညီသော ပါတိမောက်ထားခြင်း ၅ မျိုး ၁။ အကြောင်းရင်းမရှိသော ပါရာဇိကအာပတ်ဖြင့် ပါတိမောက်ထားခြင်း၊ ၂။ အကြောင်းရင်းမရှိသော သံဃာဒိသေသ်အာပတ်ဖြင့် ပါတိမောက်ထားခြင်း၊ ၃။ အကြောင်းရင်းမရှိသော ပါစိတ်အာပတ်ဖြင့် ပါတိမောက်ထားခြင်း၊ ၄။ အကြောင်းရင်းမရှိသော ပါဋိဒေသနီအာပတ်ဖြင့် ပါတိမောက်ထားခြင်း၊ ၅။ အကြောင်းရင်းမရှိသော ဒုက္ကဋ်အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၆။) (ဝိ၊မြန်၊၄၊၄၂၇။)

တရားနှင့် မညီသော ပါတိမောက်ထားခြင်း ၆ မျိုး ၁။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၂။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းမရှိသောသီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊၃။မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၄။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၅။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းမရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက် ထားခြင်း၊ ၆။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းမရှိသော အယူပျက်စီးခြင်းဖြင့် ပါတိ မောက်ထားခြင်း။ (ဝိ၊၄။၄၂၇။) (ဝိ၊မြန်၊၄၊၄၂၈။)

တရားနှင့် မညီသော ပါတိမောက်ထားခြင်း ၇ မျိုး ၁။ အကြောင်းရင်း မရှိသော ပါရာဇိကအာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ အကြောင်းရင်းမရှိသော သံဃာဒိသေသ်အာပတ်ဖြင့်

http://www.dhammadownload.com

ပါတိမောက်ကို ထားခြင်း၊ ၃။ အကြောင်းရင်းမရှိသော ထုလ္လစ္စဉ်းအာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၄။ အကြောင်းရင်းမရှိသော ပါစိတ်အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၅။ အကြောင်းရင်း မရှိသော ပါဋိဒေသနီအာပတ်ဖြင့် ပါတိမောက် ထားခြင်း၊ ၆။ အကြောင်းရင်း မရှိသော ဒုက္ကဋ်အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၇။ အကြောင်းရင်း မရှိသော ဒုဗ္ဘာသီ အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၇။) (ဝိ၊မြန်၊၄၊၄၂၈။)

တရားနှင့် မညီသော ပါတိမောက်ထားခြင်း ၈ မျိုး ၁။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်း မရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၂။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်း မရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၃။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်း မရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက် ထားခြင်း၊ ၄။ ဆုံးဖြတ်အပ် ပြီးသော အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက် ထားခြင်း၊ ၅။ မဆုံးဖြတ် အပ်သေးသော အကြောင်းရင်းမရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၆။ ဆုံးဖြတ် အပ်ပြီးသော အကြောင်းရင်းမရှိသော အယူပျက်စီး ခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၇။ မဆုံးဖြတ် အပ်သေးသော အကြောင်းရင်းမရှိသော အသက်မွေးမှု ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၈။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်း မရှိသော အသက်မွေးမှု ပျက်စီးခြင်းဖြင့် ပါတိမောက် ထားခြင်း။ (ဝိ၊၄။၄၂၇။) (ဝိ၊မြန်၊၄၊၄၂၈။)

တရားနှင့် မညီသော ပါတိမောက်ထားခြင်း ၉ မျိုး ၁။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်း မရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၂။ ဆုံးဖြတ်အပ်ပြီးသော အကြောင်း ရင်းမရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၃။ ဆုံးဖြတ်အပ်ပြီး မဆုံးဖြတ် အပ်သေးသောအကြောင်းရင်းမရှိသောသီလပျက်စီးခြင်းဖြင့်ပါတိမောက်ထားခြင်း၊ ၄။မဆုံးဖြတ် အပ်သေးသော အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၅။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၆။ ဆုံးဖြတ်အပ်ပြီး, မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းမရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၇။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်း မရှိသော အယူပျက်စီး ခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၈။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်း မရှိသော အယူပျက်စီး ခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၉။ ဆုံးဖြတ်အပ်ပြီး မဆုံးဖြတ်အပ်သေးသော အကြောင်းရင်း မရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း။ (ဝိ၊၄။၄၂၈။) (ဝိ၊မြန်၊၄၊၄၂၉။)

တရားနှင့် မညီသော ပါတိမောက်ထားခြင်း ၁၀ မျိုး ၁။ပါရာဇိကကျသော ပုဂ္ဂိုလ်သည် ထိုပရိသတ်၌ ထိုင်မနေခြင်း၊ ၂။ ပါရာဇိကစကားသည် မပြီးပြတ်သေးသည် မဟုတ်ခြင်း၊ ၃။ သိက္ခာချ သူသည် ထိုပရိသတ်၌ ထိုင်မနေခြင်း၊ ၄။ သိက္ခာချသော စကားသည် မပြီးပြတ်သေးသည် မဟုတ်ခြင်း၊ ၅။ တရားနှင့် လျော်သော ညီညွတ်ခြင်းသို့ ကပ်ရောက်ခြင်း၊ ၆။ တရားနှင့် လျော်သော ညီညွတ်ခြင်းကို တစ်ဖန် မယူခြင်း၊ ၇။ တရားနှင့် လျော်သော ညီညွတ်ခြင်းကို တစ်ဖန် ယူရန် စကားသည် မပြီးပြတ်သေးသည် မဟုတ်ခြင်း၊ ၈။ သီလပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်းတို့ မရှိခြင်း၊ ၉။ အကျင့်ပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်းတို့

http://www.dhammadownload.com

မရှိခြင်း၊ ၁၀။ အယူပျက်စီးခြင်းဖြင့် မြင်ခြင်း ကြားခြင်း ယုံမှားခြင်းတို့ မရှိခြင်း။ (ဝိ၊၄။၄၂၈။) (ဝိ၊မြန်၊၄၊၄၂၉။)

တရားနှင့် မညီသော ဝန်ခံသဖြင့် ပြုခြင်း ၅ ပါး ၁။ ပါရာဇိကအာပတ်လွန်ကျူးသော ရဟန်းကို ပါရာဇိကအာပတ်ဖြင့် စောဒနာသောအခါ သံဃာဒိသိသ်အာပတ်သင့်ဟု ဝန်ခံသဖြင့် ထိုရဟန်းအား သံဃာက သံဃာဒိသိသ်အာပတ်ဖြင့် ဆုံးဖြတ်ခြင်း၊ ၂။ ပါရာဇိကအာပတ် လွန်ကျူးသော ရဟန်းကို ပါရာဇိကအာပတ်ဖြင့် စောဒနာသောအခါ ပါစိတ်အာပတ်စသည် သင့်၏ဟု ဝန်ခံသဖြင့် ထိုရဟန်းအား သံဃာက ပါစိတ်အာပတ်စသည်ဖြင့် ဆုံးဖြတ်ခြင်း၊ ၃။ သံဃာဒိသိသ်အာပတ် လွန်ကျူးသော ရဟန်းကို သံဃာဒိသိသ်အာပတ်ဖြင့် စောဒနာသော အခါ ပါစိတ်အာပတ်စသည် သင့်၏ဟု ဝန်ခံသဖြင့် ရဟန်းအား သံဃာက ပါစိတ်အာပတ် စသည်ဖြင့် ဆုံးဖြတ်ခြင်း၊ ၄။ သံဃာဒိသိသ်အာပတ်စသည်ကို လွန်ကျူးသော ရဟန်းကို သံဃာဒိသိသ်အာပတ်စသည်ဖြင့် စောဒနာသောအခါ ပါရာဇိကအာပတ်သင့်ဟု ဝန်ခံသဖြင့် ထိုရဟန်းအား သံဃာက ပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်ခြင်း၊ ၅။ ဒုက္ကဋ်အာပတ် လွန်ကျူးသော ရဟန်းကို ဒုက္ကဋ်အာပတ်ဖြင့် စောဒနာသောအခါ သံဃာဒိသိသ်စသည် သင့်၏ဟု ဝန်ခံသဖြင့် ထိုရဟန်းအား၊ သံဃာက သံဃာဒိသိသ်အာပတ် စသည်ဖြင့် ဆုံးဖြတ်ခြင်း။ (ဝိ၊၅။၃၂၆) (ဝိ၊မြန်၊၅။၄၂၇။)

တရားနှင့် မညီသော ပါတိမောက်ထားခြင်း ၂ မျိုး ၁။ အကြောင်းရင်း မရှိသော သီလ ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ အကြောင်းရင်းမရှိသော အကျင့် ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၆။) (ဝိ၊မြန်၊၄၊၄၂၆။)

တရားနှင့် မညီသော ဝိနည်း ဖြေဆိုခြင်း ၅ မျိုး ၁။ တရား မဟုတ်သည်ကို တရားဟု ဆိုခြင်း၊ ၂။ တရားဟုတ်သည်ကို တရား မဟုတ်ဟု ဆိုခြင်း၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ဆိုခြင်း၊ ၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ဆိုခြင်း၊ ၅။ မပညတ်ရသေးသည်ကို ပညတ်ခြင်း၊ ပညတ်ထားပြီးသည်ကို နုတ်ပယ်ခြင်း။ (ဝိ၊၅။၃၅၅။) (ဝိ၊မြန်၊၅။၄၅၈။)

တရားနှင့် မညီသော အကပ်ခံခြင်း အင်္ဂါ ၅ ပါး ၁။ ကိုယ်ဖြင့် ပေးအပ်သည်ကို ကိုယ်ဖြင့် မခံယူခြင်း၊ ၂။ ကိုယ်ဖြင့် ပေးအပ်သည်ကို ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် မခံယူခြင်း၊ ၃။ ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်ဖြင့် မခံယူခြင်း၊ ၄။ ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် မခံယူခြင်း၊ ၅။ စွန့်လွှတ်၍ ပေးအပ်သည်ကို ကိုယ်ဖြင့် လည်းကောင်း, ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် လည်းကောင်း မခံယူခြင်း။ (ဝိ၊၅။၃၂၅။) (ဝိ၊မြန်၊၅။၄၂၅။)

တရားနှင့် မညီသော အယူကို ထင်စွာ ပြုခြင်း ၅ ပါး ၁။ အာပတ် မသင့်သည်၌ အာပတ် သင့်သည် ဟူသော အယူကို ထင်စွာ ပြုခြင်း၊ ၂။ ဒေသနာဂါမ် မဟုတ်သော အာပတ်ဖြင့် အယူကို ထင်စွာ ပြုခြင်း၊ ၃။ ဒေသနာ ကြားအပ်ပြီးသော အာပတ်ဖြင့် အယူကို ထင်စွာ ပြုခြင်း၊ ၄။ ရဟန်း လေးပါး ငါးပါးတို့ဖြင့် အယူကို ထင်စွာ ပြုခြင်း၊ ၅။ မနဟု ဆိုအပ်သော စိတ်ဖြင့် အယူကို ထင်စွာ ပြုခြင်း။ (ဝိ၊၅။၃၂၄။) (ဝိ၊မြန်၊၅။၄၂၄။)

http://www.dhammadownload.com

တရားနှင့် မညီသော အယူကို ထင်စွာ ပြုခြင်း ၅ ပါး (တစ်နည်း) ၁။ နာနာသံဝါသက ပုဂ္ဂိုလ်ထံ၌ အယူကို ထင်စွာပြုခြင်း၊ ၂။ သိမ်အသီးသီး၌ တည်သူအထံ၌ အယူကို ထင်စွာ ပြုခြင်း၊ ၃။ ပကတိသီလ မရှိသူအထံ၌ အယူကို ထင်စွာပြုခြင်း၊ ၄။ ရဟန်းလေးပါး ငါးပါး တို့ဖြင့် အယူကို ထင်စွာပြုခြင်း၊ ၅။ မနုဟု ဆိုအပ်သော စိတ်ဖြင့် အယူကို ထင်စွာပြုခြင်း၊ **မှတ်ချက်။ ။** တရားနှင့် လျော်သော အယူကို ထင်စွာ ပြုခြင်း (၅) ပါးကို အထက်က (၅) ပါးနှင့် အပြန်အားဖြင့် သိလေ။ (ဝိ၊၅။၃၂၅။) (ဝိ၊မြန်၊၅။၄၂၅။)

တရားနှင့် မညီသော အလှူ ၉ မျိုး ၁။ သံဃာ၏ အထံသို့ ညွတ်ပြီးသော လာဘ်ကို အခြား သံဃာ အထံသို့လည်းကောင်း, စေတီအထံသို့လည်းကောင်း, ပုဂ္ဂိုလ်အထံသို့လည်းကောင်း ညွတ် စေခြင်း၊ ၂။ စေတီအထံသို့ ညွတ်ပြီးသော လာဘ်ကို အခြားစေတီအထံသို့လည်းကောင်း, သံဃာ အထံသို့လည်းကောင်း, ပုဂ္ဂိုလ်အထံသို့လည်းကောင်း ညွတ်စေခြင်း၊ ၃။ ပုဂ္ဂိုလ် တစ်ပါးပါး အထံသို့ ညွတ်ပြီးသော လာဘ်ကို အခြားပုဂ္ဂိုလ် တစ်ပါးထံသို့လည်းကောင်း, သံဃာအထံသို့ လည်းကောင်း, စေတီအထံသို့လည်းကောင်း ညွတ်စေခြင်း။ (ဝိ၊၆၊၄။၁၈၂။)

တရားနှင့် လျော်ညီသော ကံ ၄ မျိုး ၁။ မြတ်စွာဘုရား၏ အဆုံးအမနှင့် အညီ ပြုလုပ်အပ်သော အပလောကနကံ၊ ၂။ မြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ ပြုလုပ်အပ်သော ဉတ္တိကံ၊ ၃။ မြတ်စွာ ဘုရား၏ အဆုံးအမနှင့် အညီ ပြုလုပ်အပ်သော ဉတ္တိဒုတိယကံ၊ ၄။ မြတ်စွာဘုရား၏ အဆုံးအမနှင့် အညီ ပြုလုပ်အပ်သော ဉတ္တိစတုတ္ထကံ။ (ဝိ၊၂။၁၉၉။) (ဝိ၊မြန်၊၂။၂၂၄။)

တရားနှင့် လျော်ညီသော စာရေးတံမဲ ယူခြင်း ၁၀ ပါး ၁။ အဓိကရုဏ်းသည် သေးလည်း မသေး ငယ်ခြင်း၊ ၂။ နှစ်ကြိမ်သုံးကြိမ် ဆုံးဖြတ်ပြီးလည်း ဖြစ်ခြင်း၊ ၃။ နှစ်ကြိမ်သုံးကြိမ် အမှုသည် ရဟန်းတို့ကို အောက်မေ့စေအပ်၊ အခြားရဟန်းတို့ကိုလည်း အောက်မေ့စေအပ်ခြင်း၊ ၄။ ဓမ္မဝါဒီ ရဟန်းတို့ အလွန်များကုန်၏ဟု သိခြင်း၊ ၅။ ဓမ္မဝါဒီရဟန်းတို့ အလွန်များကုန်တန်ရာ၏ ဟု သိခြင်း၊ ၆။ သံဃာ မကွဲပြားမည်ကို သိခြင်း၊ ၇။ သံဃာ မကွဲပြားတန်ရာ၏ဟု သိခြင်း၊ ၈။ တရားသဖြင့် စာရေးတံမဲကို ယူခြင်း၊ ၉။ ညီညွတ်စွာ စာရေးတံမဲကို ယူခြင်း၊ ၁၀။ မိမိတို့ အယူအဆအတိုင်း စာရေးတံမဲကို ယူခြင်း။ (ဝိ၊၄။၂၀၅။) (ဝိ၊မြန်၊၄။၂၀၀။)

တရားနှင့် လျော်ညီသော တဿပါပိယသိကကံ ဝိနည်းကံ ၁၂ ပါး တရားသော တဇ္ဇနီယဝိနည်းကံ ၁၂ ပါးနှင့် တူ၏။

တရားနှင့် လျော်ညီသော ပါတိမောက်ကို ထားခြင်း ၇ မျိုး ၁။ အကြောင်းရင်း ရှိသော ပါရာဇိက အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ အကြောင်းရင်းရှိသော သံဃာဒိသေသ် အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၃။ အကြောင်းရင်းရှိသော ထုလ္လစ္စဉ်းအာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၄။ အကြောင်းရင်းရှိသော ပါစိတ်အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၅။ အကြောင်းရင်းရှိသော ပါဋိဒေသနီအာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၆။ အကြောင်း ရင်းရှိသော ဒုက္ကဋ်အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၇။ အကြောင်းရင်း ရှိသော ဒုဗ္ဘာသိ အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၇။) (ဝိ၊မြန်၊၄၊၄၂၈။)

http://www.dhammadownload.com

တရားနှင့် လျော်ညီသော ပါတိမောက်ထားခြင်း ၉ မျိုး ၁။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်း ရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၂။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်း ရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၃။ ဆုံးဖြတ်အပ်ပြီး, မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၄။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၅။ ဆုံးအပ်ဖြတ်ပြီးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၆။ ဆုံးဖြတ်အပ်ပြီး, မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၇။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်း ရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၈။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်း ရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၉။ ဆုံးဖြတ်အပ်ပြီး, မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း။ (ဝိ၊၄။၄၂၈။) (ဝိ၊မြန်၊၄၊၄၂၉။)

တရားနှင့် လျော်ညီသော ပါတိမောက်ထားခြင်း ၂ မျိုး ၁။ အကြောင်းရင်း ရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၆။) (ဝိ၊မြန်၊၄၊၄၂၆။)

တရားနှင့် လျော်ညီသော ပါတိမောက်ထားခြင်း ၃ မျိုး ၁။ အကြောင်းရင်း ရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၃။ အကြောင်းရင်းရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၆။) (ဝိ၊မြန်၊၄၊၄၂၇။)

တရားနှင့် လျော်ညီသော ပါတိမောက်ထားခြင်း ၄ မျိုး ၁။ အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၃။ အကြောင်းရင်းရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၄။ အကြောင်းရင်းရှိသော အသက်မွေးမှု ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၆။) (ဝိ၊မြန်၊၄၊၄၂၇။)

တရားနှင့် လျော်ညီသော ပါတိမောက်ထားခြင်း ၅ မျိုး ၁။ အကြောင်းရင်း ရှိသော ပါရာဇိက အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ အကြောင်းရင်းရှိသော သံဃာဒိသေသ်အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၃။ အကြောင်းရင်းရှိသော ပါစိတ်အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၄။ အကြောင်းရင်းရှိသော ပါဋိဒေသနီအာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း၊ ၅။ အကြောင်းရင်းရှိသော ဒုက္ကဋ်အာပတ်ဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၇။) (ဝိ၊မြန်၊၄၊၄၂၇။)

တရားနှင့် လျော်ညီသော ပါတိမောက်ထားခြင်း ၆ မျိုး ၁။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်း ရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၂။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်း ရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၃။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၄။ ဆုံးဖြတ်အပ်

http://www.dhammadownload.com

ပြီးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၅။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော အယူ ပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း၊ ၆။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက်ကို ထားခြင်း။ (ဝိ၊၄။၄၂၇။) (ဝိ၊မြန်၊၄၊၄၂၈။)

တရားနှင့် လျော်ညီသော ပါတိမောက်ထားခြင်း ၈ မျိုး ၁။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၂။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော သီလပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၃။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက်ထားခြင်း၊ ၄။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော အကျင့်ပျက်စီးခြင်းဖြင့် ပါတိမောက် ထားခြင်း၊ ၅။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက် ထားခြင်း၊ ၆။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော အယူပျက်စီးခြင်းဖြင့် ပါတိမောက် ထားခြင်း၊ ၇။ မဆုံးဖြတ်အပ်သေးသော အကြောင်းရင်းရှိသော အသက်မွေးမှု ပျက်စီးခြင်းဖြင့် ပါတိမောက် ထားခြင်း၊ ၈။ ဆုံးဖြတ်အပ်ပြီးသော အကြောင်းရင်းရှိသော အသက်မွေးမှု ပျက်စီးခြင်းဖြင့် ပါတိမောက် ထားခြင်း။ (ဝိ၊၄။၄၂၇။) (ဝိ၊မြန်၊၄၊၄၂၈။)

တရားနှင့် လျော်ညီသော ပါတိမောက်ထားခြင်း ၁၀ မျိုး ၁။ ပါရာဇိကကျသော ပုဂ္ဂိုလ်သည် ထိုပရိသတ်၌ ထိုင်နေခြင်း၊ ၂။ ပါရာဇိက စကားသည် မပြီးပြတ်သေးခြင်း၊ ၃။ သိက္ခာ ချသူသည် ထိုပရိသတ်၌ ထိုင်နေခြင်း၊ ၄။ သိက္ခာချသော စကားသည် မပြီးပြတ်သေးခြင်း၊ ၅။ တရားနှင့် လျော်သော ညီညွတ်ခြင်းသို့ မကပ်ရောက်ခြင်း၊ ၆။ တရားနှင့်လျော်သော ညီညွတ်ခြင်းကို တစ်ဖန်ယူခြင်း၊ ၇။ တရားနှင့်လျော်သော ညီညွတ်ခြင်းကို တစ်ဖန် ယူရန် စကားသည် မပြီးပြတ်သေးခြင်း၊ ၈။ သီလပျက်စီးခြင်းဖြင့် မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းတို့ ရှိခြင်း၊ ၉။ အကျင့်ပျက်စီးခြင်းဖြင့် မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းတို့ ရှိခြင်း၊ ၁၀။ အယူပျက်စီးခြင်းဖြင့် မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းတို့ ရှိခြင်း။ (ဝိ၊၄။၄၂၈။) (ဝိ၊မြန်၊၄၊၄၂၉။)

တရားနှင့် လျော်ညီသော ဝိနည်း ဖြေဆိုခြင်း ၅ မျိုး ၁။ တရားမဟုတ်သည်ကို တရားမဟုတ်ဟု ဆိုခြင်း၊ ၂။ တရား ဟုတ်သည်ကို တရားဟု ဆိုခြင်း၊ ၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ဆိုခြင်း၊ ၄။ ဝိနည်း ဟုတ်သည်ကို ဝိနည်း ဟုတ်၏ဟု ဆိုခြင်း၊ ၅။ မပညတ်ရသေးသည်ကို မပညတ်ဘဲ ပညတ်ပြီးသည်ကို မပယ်နှုတ်ခြင်း။ (ဝိ၊၅။၃၅၅။) (ဝိ၊မြန်၊ ၅။၄၅၈။)

တရားနှင့် လျော်ညီသော ဝန်ခံမှုဖြင့် ပြုခြင်း ၅ ပါး ၁။ ရဟန်းသည် ပါရာဇိကသို့ ရောက်၏၊ ပါရာဇိကဖြင့် စောဒနာအပ်သော် ပါရာဇိကသို့ ရောက်၏ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ပါရာဇိကအာပတ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့်လျော်သော ဝန်ခံမှုဖြင့် ပြုခြင်း မည်၏၊ ၂။ ရဟန်းသည် သံဃာဒိသိသ်သို့ ရောက်၏၊ သံဃာဒိသိသ်ဖြင့် စောဒနာအပ်သော် သံဃာဒိသိသ်သို့ ရောက်၏ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ထိုသံဃာဒိသိသ် အာပတ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့်လျော်သော ဝန်ခံမှုဖြင့် ပြုခြင်း မည်၏၊ ၃။ ရဟန်းသည် ပါစိတ်သို့ ရောက်၏၊ ပါစိတ်ဖြင့် စောဒနာအပ်သော် ပါစိတ်သို့ ရောက်ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ပါစိတ်အာပတ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့်လျော်သော ဝန်ခံမှုဖြင့် ပြုခြင်း မည်၏၊

http://www.dhammadownload.com

၄။ ရဟန်းသည် ပါဋိဒေသနီသို့ ရောက်၏၊ ပါဋိဒေသနီဖြင့် စောဒနာအပ်သော် ပါဋိဒေသနီသို့ ရောက်၏ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ပါဋိဒေသနီအာပတ်ဖြင့် ဆုံးဖြတ်အံ့ တရားနှင့် လျော်သော ဝန်ခံမှုဖြင့် ပြုခြင်း မည်၏၊ ၅။ ရဟန်းသည် ဒုက္ကဋ်သို့ ရောက်၏၊ ဒုက္ကဋ်ဖြင့် စောဒနာအပ်သော် ဒုက္ကဋ်သို့ ရောက်၏ဟု ဝန်ခံ၏၊ ထိုရဟန်းကို သံဃာသည် ဒုက္ကဋ်အာပတ်ဖြင့် ဆုံးဖြတ်အံ့၊ တရားနှင့် လျော်သော ဝန်ခံမှုဖြင့် ပြုခြင်း မည်၏။ (ဝိ၅။၃၂၆။) (ဝိ၊မြန်၊၅။၄၂၇။)

တရားနှင့် လျော်ညီသော အကပ်ခံခြင်း အင်္ဂါ ၅ ပါး ၁။ ကိုယ်ဖြင့် ပေးအပ်သည်ကို ကိုယ်ဖြင့် ခံယူခြင်း၊ ၂။ ကိုယ်ဖြင့် ပေးအပ်သည်ကို ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် ခံယူခြင်း၊ ၃။ ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်ဖြင့် ခံယူခြင်း၊ ၄။ ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် ပေးအပ်သည်ကို ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် ခံယူခြင်း၊ ၅။ ပစ်လွှတ်၍ ပေးအပ်သည်ကို ကိုယ်ဖြင့်လည်းကောင်း, ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့်လည်းကောင်း ခံယူခြင်း။ (ဝိ၅။၃၂၅။) (ဝိ၊မြန်၊၅။၄၂၆။)

တရားနှင့် လျော်ညီသော အယူကို ထင်စွာပြုခြင်း ၅ ပါး ၁။ အာပတ်သင့်သည်၌ အာပတ်သင့်၏ဟူသော အယူကို ထင်စွာ ပြုခြင်း၊ ၂။ ဒေသနာဂါမ် ဖြစ်သော အာပတ်ဖြင့် အယူကို ထင်စွာ ပြုခြင်း၊ ၃။ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် အယူကို ထင်စွာ ပြုခြင်း၊ ၄။ ရဟန်း လေးပါး ငါးပါးတို့ဖြင့် အယူကို ထင်စွာ မပြုခြင်း၊ ၅။ စိတ်ဖြင့် အယူကို ထင်စွာ မပြုခြင်း။ (ဝိ၅။၃၂၄။) (ဝိ၊မြန်၊၅။၄၂၅။)

တရားနှင့် လျော်ညီသော အယူကို ထင်စွာပြုခြင်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ သမာနသံဝါသက ပုဂ္ဂိုလ်တို့၏ အထံ၌ အယူကို ထင်စွာ ပြုခြင်း၊ ၂။ သိမ်တစ်ခုတည်း၌ တည်သူထံ၌ အယူကို ထင်စွာ ပြုခြင်း၊ ၃။ ပကတတ်ရဟန်းထံ၌ အယူကို ထင်စွာပြုခြင်း၊ ၄။ ရဟန်း လေးပါး ငါးပါးတို့ဖြင့် အယူကို ထင်စွာ မပြုခြင်း၊ ၅။ မန မာနသဟု ဆိုအပ်သော စိတ်ဖြင့် အယူကို ထင်စွာ မပြုခြင်း။ (ဝိ၅။၃၂၅။) (ဝိ၊မြန်၊၅။၄၂၅။)

တရားနှင့် လျော်ညီသော အလှူ ၃ မျိုး ၁။ သံဃာအား ညွတ်ပြီးသော လာဘ်ကို သံဃာအားသာ ပေးလှူခြင်း၊ ၂။ စေတီအား ညွတ်ပြီးသော လာဘ်ကို စေတီအားသာ ပေးလှူခြင်း၊ ၃။ ပုဂ္ဂိုလ်အား ညွတ်ပြီးသော လာဘ်ကို ပုဂ္ဂိုလ်အားသာ ပေးလှူခြင်း။ (ဝိ၆၊၄။၁၈၂။)

တရား ၂ ပါး အစု ၁။ နာမ်တရား, ရုပ်တရား၊ ၂။ အဝိဇ္ဇာ, ဘဝတဏှာ၊ ၃။ ဘဝဒိဋ္ဌိ, ဝိဘဝဒိဋ္ဌိ၊ ၄။ အဟိရိက, အနောတ္တပ္ပ၊ ၅။ ဟိရီ, ဩတ္တပ္ပ၊ ၆။ ဆုံးမခက်ခြင်း, မကောင်းသော အဆွေခင်ပွန်း ရှိခြင်း၊ ၇။ ဆုံးမလွယ်ခြင်း, ကောင်းသော အဆွေခင်ပွန်းရှိခြင်း၊ ၈။ အာပတ်၌ ကျွမ်းကျင်ခြင်း, အာပတ်မှ ထခြင်း၌ ကျွမ်းကျင်ခြင်း၊ ၉။ သမာပတ်၌ ကျွမ်းကျင်ခြင်း, သမာပတ်မှ ထခြင်း၌ ကျွမ်းကျင်ခြင်း၊ ၁၀။ ဓာတ်၌ ကျွမ်းကျင်ခြင်း, နလုံးသွင်းခြင်း၌ ကျွမ်းကျင်ခြင်း၊ ၁၁။ အာယတနာ၌ ကျွမ်းကျင်ခြင်း, ပဋိစ္စသမုပ္ပါဒ်၌ ကျွမ်းကျင်ခြင်း၊ ၁၂။ အကြောင်းဟုတ်သည်၌ ကျွမ်းကျင်ခြင်း, အကြောင်းမဟုတ်သည်၌ ကျွမ်းကျင်ခြင်း၊ ၁၃။ ဖြောင့်မတ်ခြင်း, နူးညံ့သိမ်မွေ့ခြင်း၊ ၁၄။ သည်းခံခြင်း, တရား၌ မွေ့လျော်ခြင်း၊ ၁၅။ သိမ်မွေ့ပြေပြစ်ခြင်း, စေ့စပ်ခြင်း၊ ၁၆။ မညှဉ်းဆဲခြင်း, စင်ကြယ်ခြင်း၊ ၁၇။ လွတ်သော သတိရှိခြင်း, ပညာအဆင်အခြင်

http://www.dhammadownload.com

မရှိခြင်း၊ ၁၈။ သတိရှိခြင်း, ပညာအဆင်အခြင် ရှိခြင်း၊ ၁၉။ ဣန္ဒြေတို့၌ မလုံသော တံခါးရှိခြင်း, အစားအစာ၌ အတိုင်းအရှည် မသိခြင်း၊ ၂၀။ ဣန္ဒြေတို့၌ လုံသော တံခါးရှိခြင်း, အစားအစာ၌ အတိုင်းအရှည် သိခြင်း၊ ၂၁။ ဆင်ခြင်ခြင်းအား, ပွားများခြင်းအား၊ ၂၂။ သတိအား, သမာဓိအား၊ ၂၃။ သမထတရား, ဝိပဿနာတရား၊ ၂၄။ သမထအာရုံ, ဝိရိယအာရုံ၊ ၂၅။ ဝီရိယတရား, မပျံ့လွင့်ခြင်း၊ ၂၆။ သီလပျက်ခြင်း, အာရုံ ပျက်ခြင်း၊ ၂၇။ သီလနှင့် ပြည့်စုံခြင်း, အယူနှင့် ပြည့်စုံခြင်း၊ ၂၈။ သီလစင်ကြယ်ခြင်း, အယူစင်ကြယ်ခြင်း၊ ၂၉။ စင်ကြယ်သော ဉာဏ်အမြင်, ဉာဏ်အမြင်အားလျော်သော ဝီရိယ၊ ၃၀။ ထိတ်လန့်သင့်သော အရာတို့၌ ထိတ်လန့်ခြင်း, ထိတ်လန့်သော ပုဂ္ဂိုလ်၏ ဉာဏ်နှင့် ယှဉ်သော ဝီရိယ၊ ၃၁။ ကုသိုလ်တရားတို့၌ မရောင့်ရဲခြင်း, ကမ္မဋ္ဌာန်း၌ မဆုတ်မနစ်ခြင်း၊ ၃၂။ ဝိဇ္ဇာတရား, ကိလေသာမှ လွတ်ခြင်း၊ ၃၃။ ကိလေသာကုန်ရာ အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်။ (ဒီ၃၊၁၀၅-၁၈၀။) (ဒီ၊မြန်၊၃၊၁၀၉-၁၉၉။)

တရားမဲ့ ကျင့်မှု၏ အခြေခံတရား ၅ ပါး ၁။ လောဘ၊ ၂။ ဒေါသ၊ ၃။ မောဟ၊ ၄။ မသင့်မတင့် နှလုံးသွင်းမှု၊ ၅။ မှားယွင်းစွာ ထားသော စိတ်။ (အံ၊၃။၃၂၄။) (အံ၊မြန်၊၃။၃၂၃။)

တရားမှန်တော်ကြီး ၄ ချပ် ဓမ္မာဒါသ ၄ ပါးနှင့် တူသည်။

တရားသဖြင့် ကျင့်မှု၏ အခြေခံတရား ၅ ပါး ၁။ အလောဘ၊ ၂။ အဒေါသ၊ ၃။ အမောဟ၊ ၄။ သင့်တင့်စွာ နှလုံးသွင်းမှု၊ ၅။ မှန်ကန်စွာ ထားသော စိတ်။ (အံ၊၃။၃၂၄။) (အံ၊မြန်၊၃။၃၂၃။)

တရားသော တဇ္ဇနီယ ဝိနည်းကံ ၁၂ ပါး ၁။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံ၍ ပြုလုပ်ခြင်း၊ ၂။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာကြား၍ စင်ကြယ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း ဒေသနာမကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ ဒေသနာကြား၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ ၄။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၅။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၆။ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၇။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၈။ ဒေသနာကြား၍ စင်ကြယ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၉။ ဒေသနာမကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၀။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၁။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း ပေါင်း ၁၂ ပါး။ (ဝိ၄။၇။) (ဝိ၊မြန်၊၇ မှ ၉။)

တရားသော နိယဿဝိနည်းကံ ၁၂ ပါး ၁။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ ၂။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာခံဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ ၄။ မျက်မှောက်၌ ပြုလုပ်ခြင်း၊

http://www.dhammadownload.com

တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၅။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၆။ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၇။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၈။ ဒေသနာဂါမ်အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၉။ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၀။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၁။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ (ဝိ၊၄။၁၆။) (ဝိ၊မြန်၊၄။၁၆။)

တရားသော ပဋိသာရဏီယကံ ၁၂ ပါး ၁။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ ၂။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမ်ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာမကြားရသေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ ၄။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၅။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၆။ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၇။ အာပတ်သင့် သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၈။ ဒေသနာဂါမ် ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၉။ ဒေသနာမကြားရသေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၀။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၁။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ (ဝိ၊၄။၄၁။) (ဝိ၊မြန်၊၄။၄၀။)

တရားသော ပဗ္ဗာဇနီယကံ ၁၂ ပါး ၁။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံ၍ ပြုလုပ်ခြင်း၊ ၂။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမ်ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာမကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ ၄။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၅။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၆။ ဝန်ခံ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၇။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၈။ ဒေသနာဂါမ်ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၉။ ဒေသနာ မကြားအပ်သေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၀။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၁။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့်

http://www.dhammadownload.com

ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ (ဝိ၊၄။၃၀။) (ဝိ၊မြန်၊၄။၃၀။)

တရားဟောပုဂ္ဂိုလ် ၄ မျိုး ဓမ္မကထိက ၄ မျိုး နှင့် တူသည်။

တရားဟောရန် အစီအစဉ် ၃ မျိုး ၁။ ပါဠိကိုသာ ရွတ်ပြခြင်း– သြသာရဏာ၊ ၂။ ပါဠိတော်၏ အနက်အဓိပ္ပါယ်ကို ပြောပြခြင်း အဋ္ဌကထာကဲ့သို့ ဖွင့်ပြခြင်း– ကထန၊ ၃။ ပါဠိတော်ကို လည်းကောင်း ပါဠိတော်၏ အနက်အဓိပ္ပါယ်ကိုလည်းကောင်း အသံနေအသံထားဖြင့် ရွတ်ပြခြင်း– သရဘာညာ။ (သာရတ္ထ၊ဋီ၊၃။၂၇၇။) (ဝိမတိ၊၂။၁၇၀။)

တရားဟောသင့်ကြောင်း ၃ မျိုး ၁။ တရားဟောသူ အနက်ကိုလည်း သိ၍ ပါဠိကိုလည်း သိခြင်း၊ ၂။ တရားနာသူ အနက်ကိုလည်း သိ၍ ပါဠိကိုလည်း သိခြင်း၊ ၃။ တရားဟော တရားနာ နှစ်ယောက်လုံး အနက်ကိုလည်း သိ၍ ပါဠိကိုလည်း သိခြင်း။ (အံ၊၁။၁၄၉။) (အံ၊မြန်၊၁။၁၆၈။)

တရားအစု ၄ ပါး ၁။ အလောဘဟူသော တရားအစု၊ ၂။ အဒေါသဟူသော တရားအစု၊ ၃။ သမ္မာသတိဟူသော တရားအစု၊ ၄။ သမ္မာသမာဓိဟူသော တရားအစု။ (ဒီ၊၃။၁၉၁။) (ဒီ၊မြန်၊၃။၂၁၃။)

တရားအား‌ထုတ်ရဟန်း၏ ဘေးရန် ၅ မျိုး ၁။ အအိပ်ကြိုးခြင်း၊ ၂။ ပျင်းရိခြင်း၊ ၃။ ကိုယ်လက် တဆန့်ကျင့်ကျင့် ရှိခြင်း၊ ၄။ ရဟန်းတရား၌ မမွေ့လျော်ခြင်း၊ ၅။ အစားအစာ၌ အတိုင်း အရှည်ကို မသိဘဲ စားခြင်းကြောင့် ထမင်းအဆီ ယစ်ခြင်း။ (ဇာတက၊၂။၁၇၀။)

တရဏဝိပဿနာဉာဏ် ၄ ပါး ၁။ နာမ်, ရုပ်ကို ပိုင်းခြား၍ ယူတတ်သော ဉာဏ်၊ ၂။ အကြောင်း တရားကို သိမ်းဆည်းတတ်သော ဉာဏ်၊ ၃။ ရုပ်နာမ်တရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တ အားဖြင့် သုံးသပ်တတ်သော ဉာဏ်၊ ၄။ ခရီးမဂ်, အကြောင်းမဂ် ဟုတ်သည်, မဟုတ်သည်ကို သိတတ်သော ဉာဏ်။ (အံ၊ဋီ၊၃။၁၁၆။)

တလသတ္တိက သိက္ခာပုဒ်၌ အဂ်ါ ၃ မျိုး ၁။ အမျက်ထွက်သည် ဖြစ်ခြင်း၊ ၂။ လွတ်မြောက်ခြင်း၌ အလိုရှိသူ မဟုတ်ခြင်း၊ ၃။ ရိုက်မည့်ဟန် အမူအရာဖြင့် လက်ဝါးပြင်ကို ရွယ်ပြခြင်း။ (သာရတ္ထ၊ ဋီ၊၃။၉၄။)

တာဒိ မည်ကြောင်း ၅ ပါး ၁။ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ သည်းခံနိုင်ခြင်း (ဣဋ္ဌာနိဋ္ဌေ တာဒိ)၊ ၂။ ရာဂ စသော ကိလေသာကို စွန့်နိုင်ခြင်း (စတ္တာဝီ)၊ ၃။ သြဃ စသည့် တရားတို့ကို လွန်နိုင်ခြင်း (တိဏ္ဏာဝီ)၊ ၄။ ရာဂ စသော ကိလေသာမှ လွတ်နိုင်ခြင်း (မုတ္တာဝီ)၊ ၅။ ထိုသဒ္ဓါ သီလ စသည်ဖြင့် ညွှန်းဆိုနိုင်ခြင်း (တံနိဒ္ဒေသ) ။ (မဟာနိ။၃၆၅။)

တာဝတိံသာနတ်တို့၏ ထူးခြားမှု ၃ မျိုး ၁။ အသက်အားဖြင့် သာလွန်ခြင်း၊ ၂။ အဆင်းအားဖြင့် သာလွန်ခြင်း၊ ၃။ ချမ်းသာအားဖြင့် သာလွန်ခြင်း။ (အံ၊၃။၁၉၈။) (အံ၊မြန်၊၃။ ၁၉၈။)

တာဝတိံသာနတ်ပြည်သို့ လူ့ဓန္ဓာကိုယ်ဖြင့် ရောက်ခဲ့သော ပုဂ္ဂိုလ် ၄ ဦး ၁။ မန္ဓာတုစကြာမင်း၊ ၂။ နေမိမင်း၊ ၃။ သာဓိနမင်း၊ ၄။ ဂုတ္တိလစောင်းသမား။ (မိလိန္ဒ။၁၂၀။) (မိလိန္ဒ၊မြန်။၁၂၉။) (မိလိန္ဒ၊မြန်။၃၀၁။) (မိလိန္ဒ။၂၈၁။)

http://www.dhammadownload.com

တာဝန်ခံနိုင်သူမဲ့ တရား ၄ မျိုး ၁။ မအိုစေအံ့ဟူ၍ တာဝန်ခံနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိ။ ၂။ မနာစေအံ့ဟူ၍ တာဝန်ခံနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိ၊ ၃။ မသေစေအံ့ဟူ၍ တာဝန်ခံနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိ၊ ၄။ ကံတို့၏ အကျိုးကို မဖြစ်စေအံ့ဟူ၍ တာဝန်ခံနိုင်သူ တစ်စုံတစ်ယောက်မျှ မရှိ။ (အံ၊၁။၄၉၁။) (အံ၊မြန်၊၁။၅၀၆။)

တားမြစ်ခြင်း ၁၂ ပါး ၁။ ကံသည် ပြု၍ မပြီးသေးခြင်း၊ ၂။ ကံသည် မကောင်းသဖြင့် ပြုအပ်သော ကံ ဖြစ်ခြင်း၊ ၃။ တစ်ဖန် ပြုထိုက်သော ကံ ဖြစ်ခြင်း၊ ၄။ (ပါဠိတော် စသည်ဖြင့်) မဆောင်အပ်ခြင်း၊ ၅။ (ပါဠိတော်စသည်ဖြင့်) မကောင်းသဖြင့် ဆောင်အပ်ခြင်း၊ ၆။ တစ်ဖန် ပါဠိတော် စသည်ဖြင့် ဆောင်ထိုက်ခြင်း၊ ၇။ မဆုံးဖြတ်အပ်သေးခြင်း၊ ၈။ မကောင်းသဖြင့် ဆုံးဖြတ်အပ်ခြင်း၊ ၉။ တစ်ဖန် ဆုံးဖြတ်ထိုက်ခြင်း၊ ၁၀။ မငြိမ်းစဲသေးခြင်း၊ ၁၁။ မကောင်းသဖြင့် ငြိမ်းစဲခြင်း၊ ၁၂။ တစ်ဖန် ငြိမ်းစဲထိုက်ခြင်း။ (ဝိ၊၅။၂၆၄။) (ဝိ၊မြန်၊၅။၃၅၆။)

တားမြစ်ခြင်း ဖြစ်ပွားကြောင်း အခြင်းအရာ ၁၀ ပါး ၁။ ထိုကျောင်း၌ ဖြစ်သော အဓိကရုဏ်းကို တားမြစ်ခြင်း၊ ၂။ ထိုကျောင်း၌ ဖြစ်သော ငြိမ်းသော အဓိကရုဏ်းကို တားမြစ်ခြင်း၊ ၃။ လမ်းခရီးအကြား၌ အဓိကရုဏ်းကို တားမြစ်ခြင်း၊ ၄။ လမ်းခရီးအကြား၌ ငြိမ်းသော အဓိကရုဏ်းကို တားမြစ်ခြင်း၊ ၅။ ဝိနည်းမိုရ်ရှိရာသို့ ရောက်ပြီးသော အဓိကရုဏ်းကို တားမြစ်ခြင်း၊ ၆။ ထိုဝိနည်းမိုရ်ရှိရာသို့ ရောက်ပြီးသော ငြိမ်းသော အဓိကရုဏ်းကို တားမြစ်ခြင်း၊ ၇။ သတိဝိနည်းကို တားမြစ်ခြင်း၊ ၈။ အမူဋ္ဌဝိနည်းကို တားမြစ်ခြင်း၊ ၉။ တဿ ပါပိယသိကာ သမထကို တားမြစ်ခြင်း၊ ၁၀။ တိဏဝတ္ထာရကသမထကို တားမြစ်ခြင်း။ (ဝိ၊၅။၂၆၅။) (ဝိ၊မြန်၊၅။၃၅၇။)

တားမြစ်ခြင်း ၂ မျိုး ၁။ ကိုယ်ဖြင့် တားမြစ်ခြင်း၊ ၂။ နှုတ်ဖြင့် တားမြစ်ခြင်း။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

တိကဘောဇဉ်ကို ပညတ်ခြင်း အကျိုးထူး ၃ ပါး ၁။ သီလမရှိသော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်း အကျိုး၊ ၂။ သီလရှိသော ရဟန်းတို့၏ ချမ်းသာစွာ နေရခြင်းအကျိုး၊ ၃။ ဒါယကာတို့၏ ကြည်ညိုခြင်းကို စောင့်ရှောက်ခြင်း အကျိုး။ (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၅။၃၁၀။)

တိစီဝရိက် ဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌ တိစီဝရိက်ဓုတင်၊ ၂။ မဇ္ဈိမ တိစီဝရိက်ဓုတင်၊ ၃။ မုဒုက တိစီဝရိက်ဓုတင်။ (ဝိသုဒ္ဓိ၊၁။၆၂။)

တိစီဝရိက်ဓုတင်ဆောင် ရဟန်း ၅ မျိုး ၁။ ပညာနဲ့၍ မိုက်မဲတွေဝေသောကြောင့် ဆောက်တည်ခြင်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် ဆောက်တည်ခြင်း၊ ၃။ စိတ်ပျံ့လွင့်ရူးသွပ်သောကြောင့် ဆောက်တည်ခြင်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်တို့သည် ချီးမွမ်းအပ်၏ဟု ဆောက်တည်ခြင်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို အမှီပြု၍ ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်ခြင်း။ (ဝိ၊၅။၂၃၃။) (ဝိ၊၅။၃၃၆။) (အဘိ၊ပု။၁၈၀။) (ဝိ၊မြန်၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၃၈။) (အဘိ၊ပု၊မြန်။၈၄။)

တိစီဝရိက်နှင့် ကင်း၍ မနေရသော အရပ် ၁၅ မျိုး ၁။ ဥပစာတူ, ဥပစာထူးရှိသော (ဥပစာမတူသော) ရွာ၊ ၂။ ဥပစာမတူသော အိမ်၊ ၃။ ဥပစာမတူသော ဘဏ္ဍာတိုက်၊ ၄။ ဥပစာ

http://www.dhammadownload.com

မတူသော ပြအိုး၊ ၅။ ဥပစာမတူသော တန်ဆောင်း၊ ၆။ ဥပစာမတူသော ပြာသာဒ်၊ ၇။ ဥပစာမတူသော ပြာသာဒ်ဦးပြည်း၊ ၈။ ဥပစာမတူသော လှေ၊ ဥပစာမတူသော လှည်းကုန်သည်, လှည်းဝိုင်း၊ ၁၀။ ဥပစာမတူသော လယ်၊ ၁၁။ ဥပစာမတူသော ကောက်နယ်တလင်း၊ ၁၂။ ဥပစာမတူသော အရံ၊ ၁၃။ ဥပစာမတူသော ကျောင်း၊ ၁၄။ ဥပစာမတူသော သစ်ပင်ရင်း၊ ၁၅။ ဥပစာတူ, ဥပစာထူးရှိသော (ဥပစာမတူသော) လွင်တီးခေါင်, ဟင်းလင်းပြင်။ (ဝိ၊၁။၂၉၉။) (ဝိ၊မြန်၊ ၁။၃၁၆။)

တိရစ္ဆာနကထာ ၂၇ မျိုး (မင်္ဂဖိုလ်နိဗ္ဗာန်၏ ဖီလာကန့်လန့်ဖြစ်သော စကား၂၇ မျိုး) ၁။ ရာဇကထာ– မင်းကို အကြောင်းပြု၍ ပြောဆိုအပ်သော စကား၊ ၂။ စောရကထာ– ခိုးသား ဓားပြ သူပုန်တို့ကို အကြောင်းပြု၍ ပြောဆိုအပ်သော စကား၊ ၃။ မဟာမတ္တကထာ– မှူးကြီး, မတ်ကြီးတို့၏ အကြောင်းကို ပြောသော စကား၊ ၄။ သေနကထာ– စစ်တပ်အကြောင်းကို ပြောသော စကား၊ ၅။ ဘယကထာ– ဘေးကြီး ဘေးငယ် အသွယ်သွယ်အကြောင်းကို ပြောသော စကား၊ ၆။ ယုဒ္ဓကထာ– စစ်တိုက်ခြင်းအကြောင်းကို ပြောသော စကား၊ ၇။ အန္နကထာ– စားဖွယ်အကြောင်းကို ပြောသော စကား၊ ၈။ ပါနကထာ– သောက်ဖွယ်အကြောင်းကို ပြောသော စကား၊ ၉။ ဝတ္ထကထာ– အဝတ်အထည်အကြောင်းကို ပြောသော စကား၊ ၁၀။ သယနကထာ– အိပ်ရာနေရာအကြောင်းကို ပြောသော စကား၊ ၁၁။ မာလာကထာ– ပန်းအကြေစင်း ပြောသော စကား၊ ၁၂။ ဂန္ဓကထာ– နံ့သာအကြောင်း ပြောသော စကား၊ ၁၃။ ဉာတိကထာ– ဆွေမျိုးအကြောင်း ပြောသော စကား၊ ၁၄။ ယာနကထာ– ယာဉ်အကြောင်း ပြောသော စကား၊ ၁၅။ ဂါမကထာ– ရွာအကြောင်း ပြောသော စကား၊ ၁၆။ နိဂမကထာ– နိဂုံးအကြောင်း ပြောသော စကား၊ ၁၇။ နဂရကထာ– မြို့အကြောင်း ပြောသော စကား၊ ၁၈။ ဇနပဒကထာ– ဇနပုဒ်အကြောင်း ပြောသော စကား၊ ၁၉။ ဣတ္ထိကထာ– မိန်းမအကြောင်း ယောကျ်ားအကြောင်း ပြောသော စကား၊ ၂၀။ သူရကထာ– သူရဲကောင်းအကြောင်း ပြောသော စကား၊ ၂၁။ ဝိသိကာကထာ– လမ်းဆုံလမ်းခွ လမ်းမအကြောင်း ပြောသော စကား၊ ၂၂။ ကုမ္ဘဋ္ဌာနကထာ– ရေခပ်ဆိပ်ရေချိုးဆိပ်ကို အကြောင်းပြု၍ ပြောဆိုအပ်သော စကား၊ ၂၃။ ပုဗ္ဗပေတကထာ– ရှေးရှေးကသေလွန်ပြီးသော ဆွေမျိုးတို့အကြောင်းပြောသော စကား၊ ၂၄။ နာနတ္တကထာ– ဆိုခဲ့ပြီး ဆိုအပ်လတ္တံ့မှ တစ်ပါးသော အမျိုးမျိုးသော သဘောရှိသော စကား၊ ၂၅။ လောကက္ခာယိကကထာ– လောကကြီးအကြောင်းကို ပြောသော စကား၊ ၂၆။ သမုဒ္ဒက္ခာယိကကထာ– သမုဒ္ဒရာအကြောင်း ပြောသော စကား၊ ၂၇။ ဣတိဘဝါဘဝကထာ– တိုးပွားကြောင်း ဆုတ်ယုတ်ကြောင်း ပြောဆိုသော စကား။ (ဒီ၊၁။၁၆၇။) (ဒီ၊၁။၇၆၂။) (ဒီ၊၃။၃၀။) (သံ၊၃။၃၆၈။) (ဒီ၊မြန်၊၁။၂၀၃။) (ဒီ၊မြန်၊၁။၇၊၇၅။) (ဒီ၊မြန်၊၃။၂၉။) (သံ၊မြန်၊၃။၃၇၃။)

တိရစ္ဆာနကထာ ၃၂ မျိုး ၁။ မင်းနှင့် စပ်သော စကား (ရာဇကထာ)၊ ၂။ ခိုးသူနှင့် စပ်သော စကား (စောရကထာ)၊ ၃။ အမတ်ကြီးတို့နှင့် စပ်သော စကား (မဟာမတ္တကထာ)၊ ၄။ စစ်သည်နှင့် စပ်သော စကား (သေနာကထာ)၊ ၅။ ဘေးနှင့် စပ်သော စကား (ဘယကထာ)၊ ၆။ စစ်ထိုးခြင်းနှင့် စပ်သော စကား (ယုဒ္ဓကထာ)၊ ၇။ ထမင်းနှင့် စပ်သော စကား (အန္နကထာ)၊ ၈။ အဖျော်ယမကာနှင့် စပ်သော စကား (ပါနကထာ)၊ ၉။ အဝတ်အထည်နှင့် စပ်သော စကား (ဝတ္ထကထာ)၊ ၁၀။ ယာဉ်ရထားနှင့် စပ်သော စကား (ယာနကထာ)၊ ၁၁။ အိပ်ရာ နေရာနှင့်

http://www.dhammadownload.com

စပ်သော စကား (သဃနကထာ)၊ ၁၂။ ပန်းနှင့် စပ်သော စကား (မာလာကထာ)၊ ၁၃။ နံ့သာနှင့် စပ်သော စကား (ဂန္ဓကထာ)၊ ၁၄။ ဆွေမျိုးတို့နှင့် စပ်သော စကား (ဉာတိကထာ)၊ ၁၅။ ရွာနှင့် စပ်သော စကား (ဂါမကထာ)၊ ၁၆။ နိဂုံးနှင့် စပ်သော စကား (နိဂမကထာ)၊ ၁၇။ မြို့နှင့် စပ်သော စကား (နဂရကထာ)၊ ၁၈။ ဇနပုဒ်နှင့် စပ်သော စကား (ဇနပဒကထာ)၊ ၁၉။ မိန်းမနှင့် စပ်သော စကား (ဣတ္ထိကထာ)၊ ၂၀။ ယောကျ်ားနှင့် စပ်သော စကား (ပုရိသကထာ)၊ ၂၁။ သူရဲသူခက်နှင့် စပ်သော စကား (သူရကထာ)၊ ၂၂။ လမ်းဆုံ လမ်းခွနှင့်ဆိုင်သော စကား (ဝိသိခါကထာ)၊ ၂၃။ ရေဆိပ်နှင့် ဆိုင်သော စကား (ကုမ္ဘဋ္ဌာနကထာ)၊ ၂၄။ ရှေးဦ့ဖြစ်ဖူးသည်ကို ဆိုသော စကား(ပုဗ္ဗပေတကထာ)၊ ၂၅။ အထူးထူး အပြားပြားစကား (နာနတ္တကထာ)၊ ၂၆။ သံသရာကို ရှည်စေတတ်သော စကား (လောကက္ခာယိကကထာ)၊ ၂၇။ သမုဒ္ဒရာနှင့် စပ်သော စကား (သမုဒ္ဒက္ခာယိကာ)၊ ၂၈။ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့နှင့် စပ်သော စကား (ဣတိဘဝါဘဝကထာ) (၂၈ မှ ၃၂ အထိ ဣတိဘဝါဘဝကထာ (၅) ပါး) ။ (မဟာနိ။၂၈၆။)

တိရစ္ဆာနကထာ ၂၈ မျိုး မဂ်ဖိုလ်နှင့် ဖိလာဖြစ်သော စကား ၂၈ မျိုးနှင့် တူသည်။

တိဟိတ်ကုသိုလ်ဝေဒနာ ၂ မျိုး ၁။ သသန်္ခါရိက တိဟိတ်ကုသိုလ်ဝေဒနာ၊ ၂။ အသန်္ခါရိက တိဟိတ်ကုသိုလ်ဝေဒနာ။ (အဘိ၊၌၊၂။၁၆။)

တူရိယာ ၅ မျိုး ၁။ အာတတ– အိုးစည်, စည်ပုတ် အစရှိသော တစ်ဖက်ပိတ်စည်၊ ၂။ ဝိတတ– မုရိုးစည် အစရှိသော နှစ်ဖက်မျက်ပြင်ရှိသော စည်၊ ၃။ အာတတဝိတတ– ထက်စည် အစရှိသော အလုံးစုံ သားရေဖြင့် ကြက်အပ်သော စည်၊ ၄။ သုသိရ– နဲ့ ပလွေ ခရုသင်း အစရှိသော အပေါက် အခေါင်းရှိသော စည်၊ ၅။ ဃန– တစ်ခဲနက် အပေါက်အခေါင်း မရှိသော ဘားစည်, သစ်သားချပ် ဝါးလက်ခုပ် စသော စည်။ (မ၊ ၌၊ ၂။၂၀၀။) (အံ၊ ၌၊ ၃။၂၃၃။) (ဗုဒ္ဓဝံ၊၌။၁၂၅။)

တူလောနဒ္ဓသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ လဲပါသော အခင်းရှိသော ညောင်စောင်း အင်းပျဉ် ဖြစ်ခြင်း၊ ၂။ မိမိအတွက် ပြုလုပ်ခြင်း, ပြုလုပ်စေပြီး၍ ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၀၁။)

တူသော ပေါင်းသင်းမှုရှိသူ ဖြစ်ကြောင်း ၂ ပါး ၁။ မိမိကိုယ်တိုင် တူသော ပေါင်းသင်းမှု ရှိသည်ကို ပြုခြင်း၊ ၂။ ညီညွတ်သော သံဃာက အာပတ်ကို မရှုခြင်း, မကုစားခြင်း, အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ခံရသော ရဟန်းကို သံဃာဘောင်သို့ သွင်းခြင်း။ (ဝိ၊၃။၄၈၅။) (ဝိ၊မြန်၊ ၃။၄၉၂။)

တေဇ ၅ ပါး ၁။ သီလ တည်းဟူသော စရဏတေဇ၊ ၂။ သမာဓိတည်းဟူသော ဂုဏတေဇ၊ ၃။ ဝိပဿနာ တည်းဟူသော ပညာတေဇ၊ ၄။ အရိယကုသိုလ်တည်းဟူသော ပုညတေဇ၊ ၅။ ဘုရားစကားတော် တည်းဟူသော ဓမ္မတေဇ။ (ပဋိသံ။၉၉။) (ပဋိသံ၊မြန်။၁၃၁။)

တေဇောဓာတ် ၂ ပါး ၁။ အတွင်းသန္တာန်၌ ဖြစ်သော အဇ္ဈတ္တတေဇောဓာတ်၊ ၂။ အပသန္တာန်၌ ဖြစ်သော ဗဟိဒ္ဓတေဇောဓာတ်။ (မ၊၁။၂၄၅။) (မ၊၂။၈၅။) (အဘိ၊ဝိ။၈၅။) (မ၊မြန်၊၁။၂၅၄။) (မ၊မြန်၊၂။၉၂။) (အဘိ၊ဝိ၊မြန်၊၁။၃၀၀။)

http://www.dhammadownload.com

တေဇောဓာတ် ၄ မျိုး (မိမိသန္တာန်၌ ဖြစ်သော တေဇောဓာတ် ၄ မျိုး) ၁။ ပူလောင်စေသော တေဇောဓာတ်၊ ၂။ ဆွေးမြည့်စေသော တေဇောဓာတ်၊ ၃။ လောင်မြိုက်စေသော တေဇောဓာတ်၊ ၄။ စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်ကို ကောင်းစွာ ကျက်ခြင်းသို့ ရောက်စေသော တေဇောဓာတ်။ (မ၊၂။၈၅။) (မ၊မြန်၊၂။၉၂။)

တေမိမင်းသားကို စုံစမ်းမှုအကြီးစား ၁၆ မျိုး ၁။ တစ်နှစ်သား အရွယ်တွင် မုန့်ခဲဖွယ်ဖြင့် စုံစမ်းခြင်း၊ ၂။ နှစ်နှစ်သားအရွယ်တွင် သစ်သီးကြီးငယ်ဖြင့် စုံစမ်းခြင်း၊ ၃။ သုံးနှစ် အရွယ်တွင် ကစားစရာ အရုပ်မျိုးစုံဖြင့် စုံစမ်းခြင်း၊ ၄။ လေးနှစ်အရွယ်တွင် စားဖွယ်မျိုးစုံတို့ဖြင့် စုံစမ်းခြင်း၊ ၅။ ငါးနှစ်အရွယ်တွင် မီးဖြင့် စုံစမ်းခြင်း၊ ၆။ ခြောက်နှစ်အရွယ်တွင် မုန်ယိုဆင်ဖြင့် စုံစမ်းခြင်း၊ ၇။ ခုနစ်နှစ်အရွယ်တွင် မြွေဖြင့် စုံစမ်းခြင်း၊ ၈။ ရှစ်နှစ် အရွယ်တွင် ကပွဲသဘင်ဖြင့် စုံစမ်းခြင်း၊ ၉။ ကိုးနှစ်အရွယ်တွင် သန်လျက်ဖြင့် စုံစမ်းခြင်း၊ ၁၀။ ဆယ်နှစ်အရွယ်တွင် ခရုသင်းမှုတ်သံဖြင့် စုံစမ်းခြင်း၊ ၁၁။ ဆယ့်တစ်နှစ်အရွယ်တွင် စည်သံဖြင့် စုံစမ်းခြင်း၊ ၁၂။ ဆယ့်နှစ်နှစ် အရွယ်တွင် ဆီမီးရောင်ဖြင့် စုံစမ်းခြင်း၊ ၁၃။ ဆယ့်သုံးနှစ်အရွယ်တွင် တင်လဲဖြင့် စုံစမ်းခြင်း၊ ၁၄။ ဆယ့်လေးနှစ်သား အရွယ်တွင် မစင်ဖြင့် စုံစမ်းခြင်း၊ ၁၅။ ဆယ့်ငါးနှစ်အရွယ်တွင် မီးကျီးဖြင့် စုံစမ်းခြင်း၊ ၁၆။ ဆယ့်ခြောက်နှစ်သားအရွယ်တွင် နတ်သမီးကဲ့သို့ ချောမောလှပ ကုန်သော ကချေသည်မိန်းမတို့ဖြင့် စုံစမ်းခြင်း။ (ဇာ၊၄၊၆။၆။)

တေမိမင်းသား၏ အကျင့် ၃ မျိုး ၁။ တစ်ဆယ့်ခြောက်နှစ်တိုင် မအပါဘဲလျက် သူအအသွင် ကျင့်ခြင်း၊ ၂။ တစ်ဆယ့်ခြောက်နှစ်တိုင် နားမပင်းပါဘဲလျက် နားပင်းသူအသွင် ကျင့်ခြင်း၊ ၃။တစ်ဆယ့်ခြောက်နှစ်တိုင် မဆွဲပါဘဲလျက် ဆွဲသော(မသွားနိုင်သော)ပုဂ္ဂိုလ်အသွင် ကျင့်ခြင်း။ (အပ၊၂။၄၁၂-၄၁၃။) (ဇာ၊၄၊၆။၅။) (အပ၊မြန်၊၂။၄၁၁-၄၁၂။)

တေမိယမင်းသား ဆောက်တည်သော အဓိဋ္ဌာန် ၃ မျိုး တေမိမင်းသား၏ အကျင့် ၃ မျိုးနှင့် တူသည်။

တော ၄၀ ၁။ အနိစ္စတော- ခန္ဓာငါးပါး၌ အနိစ္စအားဖြင့် သုံးသပ်ခြင်း၊ ၂။ ဒုက္ခတော- ခန္ဓာ ငါးပါး၌ ဒုက္ခအားဖြင့် သုံးသပ်ခြင်း၊ ၃။ ရောဂတော- မူလ အနာရောဂါနှင့် တူသောအားဖြင့် သုံးသပ်ခြင်း၊ ၄။ ဂဏ္ဍတော- အိုင်းအမာနှင့် တူသောအားဖြင့် သုံးသပ်ခြင်း၊ ၅။ သလ္လတော- ဆူးငြောင့်နှင့် တူသောအားဖြင့် သုံးသပ်ခြင်း၊ ၆။ အဃတော- အစီးအပွားမဲ့ကို ဆောင်သော အားဖြင့် သုံးသပ်ခြင်း၊ ၇။ အာဗာဓတော- ပြင်းထန်သော အနာရောဂါအားဖြင့် သုံးသပ်ခြင်း၊ ၈။ ပရတော- ပြင်ပ သူစိမ်းနှင့် တူသောအားဖြင့် သုံးသပ်ခြင်း၊ ၉။ ပလောကတော- ဧရာ ဗျာဓိ မရဏတို့ဖြင့် ပရမ်းပတာ ပျက်စီးတတ်သောအားဖြင့် သုံးသပ်ခြင်း၊ ၁၀။ ဣတိတော- များစွာသော ပျက်စီးခြင်းကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် ပျက်စီးကြောင်းအားဖြင့် သုံးသပ်ခြင်း၊ ၁၁။ဥပဒ္ဒဝတော- မင်းဘေး မင်းဒဏ် စသော ဥပဒ္ဒဝေါတို့၏ တည်ရာဝတ္ထုအားဖြင့် သုံးသပ်ခြင်း၊ ၁၂။ ဘယတော- ခပ်သိမ်းသော ဘေးတို့၏ တည်ရာအားဖြင့် သုံးသပ်ခြင်း၊ ၁၃။ ဥပသဂ္ဂတော- အကျိုးမဲ့ခြင်းတို့သည် အစဉ်လိုက်အပ်သည် ဖြစ်၍ ငြိတွယ်သောအားဖြင့် သုံးသပ်ခြင်း၊ ၁၄။ စလတော- လောကဓံတရားတို့ကြောင့် တုန်လှုပ်သောအားဖြင့် သုံးသပ်ခြင်း၊ ၁၅။ ပဘင်္ဂုတော- ပျက်ခြင်းသို့ ရောက်သောအားဖြင့် သုံးသပ်ခြင်း၊ ၁၆။ အဒ္ဓုဝတော- မြဲမြံခိုင်ခန့်သော

http://www.dhammadownload.com

သဘော မရှိသောအားဖြင့် သုံးသပ်ခြင်း၊ ၁၇။ အတာဏတော– မစောင့်ရှောက်နိုင်သောအားဖြင့် သုံးသပ်ခြင်း၊ ၁၈။ အလေဏတော– မှီခိုပုန်းအောင်းရာ မဟုတ်သောအားဖြင့် သုံးသပ်ခြင်း၊ ၁၉။ အသရဏတော– ကိုးကွယ်ရာ မဟုတ်သောအားဖြင့် သုံးသပ်ခြင်း၊ ၂၀။ ရိတ္တတော– ဓာတ်၊ သုဘ, သုခ, အတ္တတို့မှ ဆိတ်သောအားဖြင့် သုံးသပ်ခြင်း၊ ၂၁။ တုစ္ဆတော– အချည်းနှီးအားဖြင့် သုံးသပ်ခြင်း၊ ၂၂။ သုညတော– သာမိ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယကဟူတို့ကို ကြဲဆအပ်သော အတ္တမှ ဆိတ်သောအားဖြင့် သုံးသပ်ခြင်း၊ ၂၃။ အနတ္တတော– တိတ္ထိတို့ ကြဲဆအပ်သော အတ္တ၏ ဆန့်ကျင်ဘက်အားဖြင့် သုံးသပ်ခြင်း၊ ၂၄။ အာဒီနဝတော– အပြစ်အားဖြင့်လည်းကောင်း, အထီးကျန် ကပဏမနုဿနှင့် တူသောအားဖြင့်လည်းကောင်း သုံးသပ်ခြင်း၊ ၂၅။ ဝိပရိဏာမဓမ္မတော– ဇရာ, မရဏတည်းဟူသော နှစ်ပါးသော အဖို့တို့ဖြင့် ဖောက်ပြန်ခြင်းသဘော ရှိသောအားဖြင့် သုံးသပ်ခြင်း၊ ၂၆။ အသာရကတော– အနှစ်မဟုတ် အကာနှင့် တူသောအားဖြင့် သုံးသပ်ခြင်း၊ ၂၇။ အဃမူလတော– မကောင်းမှု၏ အကြောင်းမူလအားဖြင့် သုံးသပ်ခြင်း၊ ၂၈။ ဝဓကတော– အကျွမ်းဝင်သော သူကို သတ်တတ်သော ရန်သူနှင့် တူသောအားဖြင့် သုံးသပ်ခြင်း၊ ၂၉။ ဝိဘဝတော– အစီးအပွား ကင်းသောအားဖြင့် သုံးသပ်ခြင်း၊ ၃၀။ သာသဝတော– အာသဝေါတရားတို့၏ အာရုံအားဖြင့် သုံးသပ်ခြင်း၊ ၃၁။ သခ်ံတတော– အကြောင်းတရားတို့သည် ပြုပြင်အပ်သောအားဖြင့် သုံးသပ်ခြင်း၊ ၃၂။ မာရာမိသတော– မစ္စုမာရ်, ကိလေသမာရ်တို့၏ အစာ အာမိသအားဖြင့် သုံးသပ်ခြင်း၊ ၃၃။ ဇာတိဓမ္မတော– ဖြစ်ခြင်းသဘော ရှိသောအားဖြင့် သုံးသပ်ခြင်း၊ ၃၄။ ဇရာဓမ္မတော– အိုမင်းရင့်ရော်ခြင်း သဘော ရှိသောအားဖြင့် သုံးသပ်ခြင်း၊ ၃၅။ ဗျာဓိဓမ္မတော– နာခြင်းသဘော ရှိသောအားဖြင့် သုံးသပ်ခြင်း၊ ၃၆။ မရဏဓမ္မတော– သေကြေပျက်စီးခြင်းသဘော ရှိသောအားဖြင့် သုံးသပ်ခြင်း၊ ၃၇။ သောကဓမ္မတော– စိုးရိမ်ခြင်းသဘော ရှိသောအားဖြင့် သုံးသပ်ခြင်း၊ ၃၈။ ပရိဒေဝဓမ္မတော– ငိုကြွေးခြင်း သဘောရှိသောအားဖြင့် သုံးသပ်ခြင်း၊ ၃၉။ ဥပါယာသဓမ္မတော– ပြင်းစွာ ပင်ပန်းခြင်းသဘော ရှိသောအားဖြင့် သုံးသပ်ခြင်း၊ ၄၀။ သံကိလေသိကဓမ္မတော– တဏှာ, ဒိဋ္ဌိ, ဒုစ္စရိတ သံကိလေသာတို့၏ အာရုံတို့၏ အဖြစ်တည်းဟူသော သဘောအားဖြင့် သုံးသပ်ခြင်း။ (ဝိသုဒ္ဓိ၊၂။၂၄၆။)

တောကျောင်းနေရဟန်း ပြည့်စုံရမည့် တရား ၅ ပါး ၁။ သီလရှိပြီး သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကျင့်ခြင်း၊ ၂။ အကြားအမြင်များလျက် ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်း၊ ၃။ ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေခြင်း၊ ၄။ ရူပါဝစရဈာန် ၄ ပါးကို အလိုရှိတိုင်း ရခြင်း၊ ၅။ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၂။၁၁၉။) (အံ၊မြန်၊၂။၁၄၇။)

တောကျောင်းနေ ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ သဒ္ဓါတရားရှိလျက် ဘုရားရှင်၏ သမ္မာသမ္ဗုဒ္ဓဉာဏ် အရဟတ္တမဂ်ဉာဏ်ကို ယုံကြည်ခြင်း၊ ၂။ အနာရောဂါကင်း၍ ကမ္မဋ္ဌာန်းအားထုတ်ရန် ခံသော ဝမ်းမီးနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၃။ ကောက်ကျစ်စဉ်းလဲမှု မရှိဘဲ ဆရာ၌လည်းကောင်း ကျွမ်းကျင်လိမ္မာသော သိတင်းသုံးဖော်တို့၌လည်းကောင်း မိမိကိုယ်ကို ထင်စွာ ပြုတတ်သူ ဖြစ်ခြင်း၊ ၄။ အကုသိုလ်တရားတို့ကို ပယ်ရန် ကုသိုလ်တရားတို့ကို ဖြစ်စေရန် ထက်သန်သော

http://www.dhammadownload.com

လုံ့လ, အားအစွမ်းနှင့် ပြည့်စုံခြင်း၊ ၅။ အဖြစ်အပျက်ကို သိ၍ ကိလေသာတို့ကို ဖောက်ခွဲလျက် နိဗ္ဗာန်ကို ရောက်စေတတ်သော ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၃။၂၆၈။) (အံ၊မြန်၊၃။၂၆၉။)

တောကျောင်း၌ မနေထိုက်သော အင်္ဂါ ၄ ၁။ ကာမဝိတက်နှင့် ပြည့်စုံခြင်း၊ ၂။ ဗျာပါဒ ဝိတက်နှင့် ပြည့်စုံခြင်း၊ ၃။ ဝိဟိံသာဝိတက်နှင့် ပြည့်စုံခြင်း၊ ၄။ ပညာမရှိ မိုက်၍ မသန့်ရှင်းသော နူတ်ရှိသူ ဖြစ်ခြင်း။ (အံ၊၁။၅၇၅။) (အံ၊မြန်၊၁။၅၈၈။)

တောကျောင်း အင်္ဂါ ၅ ပါး ၁။ ရွာနှင့် မဝေးလွန်း မနီးလွန်းမူ၍ သွားလာလွယ်ကူလျက် အသံတိတ် ဆိတ်ပြီး မှက် ခြင် ကင်း သန်းစသည် နည်းပါးရခြင်း၊ ၂။ ထိုကျောင်း၌ နေသော ရဟန်းအား ပစ္စည်းလေးပါးတို့ မငြိုမငြင်ဘဲ ရရှိခြင်း၊ ၃။ ထိုကျောင်း၌ အကြားအမြင် များကုန်သော တရားတော်ကို ဆောင်ကုန်သော မထေရ်ကြီးတို့ နေထိုင်ကြခြင်း၊ ၄။ ထိုမထေရ်ကြီးတို့ထံ ချဉ်းကပ်၍ တရားတော်၏ အနက်အဓိပ္ပာယ်ကို မေးမြန်းလျှောက်ထား နိုင်ခြင်း၊ ၅။ မထေရ်ကြီး များက မပေါ်လွင်သည်ကို ပေါ်လွင်အောင်ပြုလျက် ယုံမှားသံသယ များကို ပယ်ဖျောက်ပေးခြင်း။ (အံ၊၃။၂၆၈။) (အံ၊မြန်၊၃။၂၆၉။)

တောထွက်ရဟန်း ၅ မျိုး (ရခဲသော တောထွက်ရဟန်း ၅ မျိုး) ၁။ သိမ်မွေ့သော တောထွက် ရဟန်း၊ ၂။ ရဟန်းအသွင်အပြင်နှင့် ပြည့်စုံသော တောထွက်ရဟန်း၊ ၃။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော တောထွက်ရဟန်း၊ ၄။ တရားဟောတတ်သော တောထွက်ရဟန်း၊ ၅။ ဝိနည်းမိုရ် တောထွက်ရဟန်း။ (အံ၊၂။၆၉။) (အံ၊မြန်၊၂။၈၄။)

တောထွက်ရဟန်း ၅ မျိုး (တစ်နည်း) (ရခဲသော တောထွက်ရဟန်း ၅ မျိုး) ၁။ ဆိုဆုံးမ လွယ်သော တောထွက်ရဟန်း၊ ၂။ ကောင်းသော အယူကို ယူတတ်သော တောထွက်ရဟန်း၊ ၃။ ဆုံးမစကားကို အမြတ်တနိုး ခံယူတတ်သော တောထွက်ရဟန်း၊ ၄။ တရားဟောတတ်သော တောထွက်ရဟန်း၊ ၅။ ဝိနည်းမိုရ် တောထွက်ရဟန်း။ (အံ၊၂။၆၉။) (အံ၊မြန်၊၂။၈၄။)

တောဒေယျပုတ္တား၏ စကား ၃ ခွန်း ၁။ မျက်စဉ်းတို့၏ တစ်စစ ကုန်သွားပုံကို ကြည့်၍ လည်းကောင်း၊ ၂။ တောင်ပို့တို့၏ တစ်စစ စုပုံလာပုံကို ကြည့်၍လည်းကောင်း၊ ၃။ ပျားကောင်တို့၏ စုပေါင်းဆောင်ရွက်ပုံကို ကြည့်၍လည်းကောင်း ပညာရှိသူသည် အိမ်၌ နေရာ၏။ (ဒီ၊ဋ္ဌ၊၁။၃၁၇။) (ဒီ၊ဋ္ဌ၊မြန်၊၁။၆၁၄။)

တောနေရဟန်း ၅ မျိုး ၁။ ပညာဉာဏ် နုန့်သည်၏ အဖြစ် တွေဝေသည်၏ အဖြစ်ကြောင့် တောင်၌ နေခြင်း၊ ၂။ ယုတ်ညံ့သော အလိုရှိသည်ဖြစ်၍ အလိုဆိုး နိပ်စက်အပ်သောကြောင့် တောင်၌ နေခြင်း၊ ၃။ ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းကြောင့် တောင်၌ နေခြင်း၊ ၄။ ဘုရားရှင်တို့သည် လည်းကောင်း, ဘုရားရှင်၏ တပည့်သာဝကတို့သည် လည်းကောင်း ချီးမွမ်းအပ်၏ဟု နှလုံးသွင်း၍ တောင်၌ နေခြင်း၊ ၅။ အလိုနည်းခြင်း ရောင့်ရဲခြင်း, ခေါင်းပါးခြင်း စသော ဤအကျင့်ဖြင့် အကျိုးရှိခြင်းကို မှီ၍ တောင်၌ နေခြင်း။ (အံ၊၂။၁၉၃။) (အံ၊မြန်၊၂။၂၄၅။)

တောနေရဟန်း၏ ကျင့်ဝတ် ၁၈ ပါး ၁။ သံဃာအထံသို့ ရောက်သော သံဃာ့အလယ်၌ နေသော တောနေရဟန်းသည် သီတင်းသုံးဖော်တို့၌ ရိုသေခြင်း တုပ်ဝပ်မှု ရှိရခြင်း၊ ၂။ တောနေရဟန်းသည် နေရာထိုင်ခင်း၌ လိမ်မာ ကျွမ်းကျင်ရခြင်း၊ ၃။ တောနေရဟန်းသည် သံဃာနှင့်

http://www.dhammadownload.com

အတူ နေသော် မြတ်သော အကျင့်ဟု ဆိုအပ်သော ဝတ်ကြီး ဝတ်ငယ်တရားကို သိရခြင်း၊ ၄။ အလွန်စောသော (နံနက်)အခါ၌ ရွာသို့ မဝင်ထိုက်၊ အလွန်နေမြင့်မှ ပြန်မလာထိုက်၊ ၅။ ဆွမ်း၏ ရှေ့အဖို့၌ သော်လည်းကောင်း ဆွမ်း၏နောက်အဖို့၌သော်လည်းကောင်း ဒါယကာ အိမ်တို့၌ လှည့်လည်သွားခြင်း မပြုရ၊ ၆။ တောနေရဟန်းသည် ပျံ့လွင့်မှု လျှပ်ပေါလော်လည်မှု မရှိရ၊ ၇။ တောနေရဟန်းသည် နှုတ်ကြမ်းတမ်းမှု စကားရောဖောရောမှု မရှိရ၊ ၈။ တောနေရဟန်းသည် ဆိုဆုံးမလွယ်သူ မိတ်ဆွေကောင်းရှိသူ ဖြစ်ရခြင်း၊ ၉။ မျက်စိ စသော ဣန္ဒြေတို့၌ လုံခြုံသည့် တံခါးရှိရခြင်း၊ ၁၀။ ဘောဇဉ်စားသုံးခြင်း၌ အတိုင်းအရှည် ရှိရခြင်း၊ ၁၁။ နိုးနိုးကြားကြား ရှိရခြင်း၊ ၁၂။ အားထုတ်မှု လုံ့လ ရှိရခြင်း၊ ၁၃။ သတိကောင်းသူ ဖြစ်ရခြင်း၊ ၁၄။ တည်ကြည်သော သမာဓိရှိသူ ဖြစ်ရခြင်း၊ ၁၅။ ပညာကြွယ်သူ ဖြစ်ရခြင်း၊ ၁၆။ ဝိနည်း အဘိဓမ္မာတို့၌ အားထုတ်မှု ပြုရခြင်း၊ ၁၇။ အရူပသမာပတ်တို့၌ အားထုတ်မှု ပြုရခြင်း၊ ၁၈။ လောကုတ္တရာတရား၌ အားထုတ်မှု ပြုရခြင်း။ (မ၊၂။၁၃၃) (မ၊မြန်၊၂။၁၄၃-၁၄၄-၁၄၅-၁၄၆။)

တောနေရဟန်း၏ အဆောင်အယောင် ၄ မျိုး ၁။ သီလကို စောင့်ရှောက်ခြင်း၊ ၂။ ရောင့်ရဲတင်းတိမ်တတ်ခြင်း၊ ၃။ စက္ခု စသော ဣန္ဒြေတို့ကို စောင့်ရှောက်တတ်ခြင်း၊ ၄။ သတိနှင့် အကျိုးရှိ, မရှိ သိတတ်သော ဉာဏ်ပညာ ရှိခြင်း။ (မ၊ဋီ၊၂။၁၆၁။) (အံ၊ဋီ၊၂။၃၇၈။)

တောရကျောင်း၌ နေရခြင်း အကျိုး ၂ ပါး ၁။ မိမိ၏ မျက်မှောက်အတ္တဘောဝ၌ ချမ်းသာစွာ နေထိုင်ရခြင်း၊ ၂။ နောင်လာနောင်သား လူအများကို အစဉ်သနားစောင့်ရှောက်ရခြင်း။ (အံ၊၁။၆၂။) (အံ၊မြန်၊၁။၇၄။)

တောလိုက်မုဆိုးနှင့် ကိန္နရီမတို့မှ ဖွားမြင်လာသော မထေရ် ၂ ပါး ၁။ ကောန္တပုတ္တ တိဿ မထေရ်၊ ၂။ သုမိတ္တမထေရ်။ (သာရတ္ထ၊ဋီ၊၁။၁၃၅။)

တောအုပ်ကြီး ၂ မျိုး ၁။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က မစိုက်မပျိုးအပ်ဘဲ အလိုလို ပေါက်နေသော အပိုင်းအခြားရှိသော တောအုပ်ကြီး တစ်မျိုး၊ ၂။ ကပိလဝတ်ပြည်၏ အနီး၌ ရှိသော တစ်ဖက်မှ သမုဒ္ဒရာနှင့် ဆက်စပ်ပြီး တစ်ဖက်မှ ဟိမဝန္တာတောင်နှင့် ဆက်စပ်နေ သောကြောင့် အပိုင်းအခြားမရှိသော တောအုပ်ကြီး တစ်မျိုး။ (ဝိ၊ဋ္ဌ၊၂။၁။) (မ၊ဋ္ဌ၊၁။၁၂။)

တောအုပ်နှင့် ယောဂီ တူပုံ ၅ ပါး ၁။ တောအုပ်သည် မစင်ကြယ်သော လူအပေါင်းကို ဖုံးလွှမ်းခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သူတစ်ပါးတို့၏ အပြစ်တို့ကို ဖုံးလွှမ်းရခြင်း)၊ ၂။ တောအုပ်သည် များစွာသော လူတို့မှ ဆိတ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရာဂ, ဒေါသ, မောဟ, မာန ဒိဋ္ဌိကွန်ရက်တို့မှ လည်းကောင်း၊ အလုံးစုံသော ကိလေသာတို့မှ လည်းကောင်း ကင်းဆိတ်ရခြင်း)၊ ၃။ တောအုပ်သည် လူတို့ဖြင့် ကျဉ်းမြောင်းခြင်းမှ ကင်းသည်ဖြစ်၍ ဆိတ်ငြိမ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အရိယာတို့၏ ဥစ္စာမဟုတ်သော ယုတ်ညံ့သော အကုသိုလ်တရားတို့မှ ကင်းဆိတ်ရခြင်း)၊ ၄။ တောအုပ်သည် ငြိမ်သက်၍ သန့်ရှင်းစင်ကြယ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရာဂစသည် ငြိမ်းအေး၍ မာနကို ဖယ်ပြီးခြင်း)၊ ၅။ တောအုပ်သည် အရိယာဖြစ်သော သူတော်ကောင်းတို့ အမြဲ မှီဝဲအပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အရိယာသူတော်ကောင်းတို့ အမြဲ မှီဝဲအပ်ခြင်း) ။ (မိလိန္ဒ။၃၉၄။) (မိလိန္ဒ၊မြန်။၄၁၆။)

http://www.dhammadownload.com

တိုးပွားကြောင်း ၂ မျိုး ၁။ အကျိုးမဲ့ ဆုတ်ယုတ်ခြင်းကြောင့်၊ ၂။ အကျိုးစီးပွား ဖြစ်ထွန်းခြင်းကြောင့်။ (အဘိ၊ဋ္ဌ၊၂။၃၉၆။)

တိုးပွားခြင်း ၃ မျိုး ၁။ သဒ္ဒါတရား၏ တိုးပွားခြင်း၊ ၂။ သီလတရား၏ တိုးပွားခြင်း၊ ၃။ ပညာ၏ တိုးပွားခြင်း။ (အံ၊၁။၂၉၁။) (အံ၊မြန်၊၁။၃၀၈။)

တိုးပွားခြင်း ၁၀ မျိုး ၁။ လယ်ယာတို့ဖြင့် တိုးပွားခြင်း၊ ၂။ ဥစ္စာစပါးတို့ဖြင့် တိုးပွားခြင်း၊ ၃။ သားမယားတို့ဖြင့် တိုးပွားခြင်း၊ ၄။ ကျွန်အမှုလုပ်ယောကျ်ားတို့ဖြင့် တိုးပွားခြင်း၊ ၅။ အခြေလေးချောင်းရှိသော သတ္တဝါတို့ဖြင့် တိုးပွားခြင်း၊ ၆။ သဒ္ဒါဖြင့် တိုးပွားခြင်း၊ ၇။ သီလဖြင့် တိုးပွားခြင်း၊ ၈။ သုတဖြင့် တိုးပွားခြင်း၊ ၉။ စာဂဖြင့် တိုးပွားခြင်း၊ ၁၀။ ပညာဖြင့် တိုးပွားခြင်း။ (အံ၊၃။၃၆၅။) (အံ၊မြန်၊၃။၃၆၂။)

တံခါးခေါက်ပုံ ကျင့်ဝတ် ၃ မျိုး ၁။ နတ်ဘီလူးတို့သည် တံခါး၏ အပေါ်ပိုင်း၌ ခေါက်တတ်ကြကုန်၏၊ ၂။ တိရစ္ဆာန်တို့သည် တံခါး၏ အောက်ပိုင်း၌ ခေါက်တတ်ကြကုန်၏၊ ၃။ လူတို့သည် တံခါး၏ အလယ်ပိုင်း၌ ခေါက်တတ်ကြကုန်၏။ (သာရတ္ထ၊ဋီ၊၃။၃၃၁။)(ဒီ၊ဋ္ဌ၊၁။)

တံစွန် လှူရကျိုး ၁၀ ပါး ၁။ ဆင်, မြင်း, ရထား, ခြေလျင် ဟူသော အင်္ဂါ လေးပါးရှိသော စစ်သည်တို့ အမြဲတမ်း ဝန်းရံစောင့်ရှောက်ခြင်း၊ ၂။ တူရိယာ ခြောက်သောင်းနှင့် တကွ ကောင်းစွာ တန်ဆာဆင်အပ်သော စည်တို့သည် အမြဲတမ်း ဝန်းရံခြင်း၊ ၃။ ပတ္တမြား, ပုတီး, နားတောင်းတို့ဖြင့် ကောင်းစွာ တန်ဆာဆင်လျက် ပြိုးရွှင်စွာ ပြောဆိုတတ်ကုန်သော သေးသွယ်သော ခါးရှိသော ရှုစ်သောင်းခြောက်ထောင်သော မိန်းမတို့သည် အမြဲတမ်း ဝန်းရံခြင်း၊ ၄။ ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်၌ မွေ့လျော်ရခြင်း၊ ၅။ အကြိမ်ရှစ်ဆယ်တိုင်တိုင် သိကြားနတ်မင်းအဖြစ်ကို ရခြင်း၊ ၆။ အကြိမ်တစ်ထောင် စကြာမင်းအဖြစ်ကို ရခြင်း၊ ၇။ ပဒေသရာဇ်မင်းအဖြစ်ကို မရေမတွက်နိုင်အောင် ရခြင်း၊ ၈။ စကြာမင်းဖြစ်သောအခါ သုံးယူဇနာ တိုင်အောင် ထက်ဝန်းကျင်မှ တံခွန်များ စိုက်ထောင်နေခြင်း၊ ၉။ တံခွန်လှူသည့်အခါမှ စ၍ ကမ္ဘာတစ်သိန်း တိုင်အောင် ဒုဂ္ဂတိဘဝများသို့ မလားရခြင်း၊ ၁၀။ နောက်ဆုံး ဘဝ၌ ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်ရခြင်း။ (အပ၊၂။၁၈၂။) (အပ၊မြန်၊၂။၁၇၆။)

တံ ဇီဝံ တံ သရီရံ ဒိဋ္ဌိကို ဖြစ်စေသော တရား ၅ ပါး ၁။ ရုပ်ကို အမှား နှလုံးသွင်းသောကြောင့် တံဇီဝံ တံ သရီရံ ဒိဋ္ဌိ ဖြစ်၏၊ ၂။ ဝေဒနာကို အမှား နှလုံးသွင်းသောကြောင့် တံ ဇီဝံ တံ သရီရံ ဒိဋ္ဌိ ဖြစ်၏၊ ၃။ သညာကို အမှား နှလုံးသွင်းသောကြောင့် တံ ဇီဝံ တံ သရီရံ ဒိဋ္ဌိ ဖြစ်၏၊ ၄။ သင်္ခါရကို အမှား နှလုံးသွင်းသောကြောင့် တံ ဇီဝံ တံ သရီရံ ဒိဋ္ဌိ ဖြစ်၏၊ ၅။ ဝိညာဏ်ကို အမှား နှလုံးသွင်းသောကြောင့် တံ ဇီဝံ တံ သရီရံ ဒိဋ္ဌိ ဖြစ်၏။ (သံ၊၂။၁၇၆။) (သံ၊မြန်၊၂။၁၆၇)

တံတိုင်း ၃ မျိုး (ခွင့်ပြုအပ်သော တံတိုင်း ၃ မျိုး) ၁။ အုတ်တံတိုင်း၊ ၂။ ကျောက်တံတိုင်း၊ ၃။ သစ်သားတံတိုင်း။ (ဝိ၊၂။၃၄၈။) (ဝိ၊မြန်၊၂။၃၉၄။) (ဝိ၊၄။၂၅၈–၂၉၉။) (ဝိ၊မြန်၊၄။၂၅၈၊၃၀၄။)

တံပူခဲခြင်း အကျိုး ၅ ပါး ၁။ မျက်စိ ကြည်လင်ခြင်း၊ ၂။ ခံတွင်းအနံ့ ကောင်းခြင်း၊ ၃။ အရသာကို ဆောင်တတ်သော အကြောတို့ စင်ကြယ်ကုန်ခြင်း၊ ၄။ သည်းခြေ သလိပ်သည် အစာကို မမြှေးယှက်ခြင်း၊ ၅။ ထမင်းမြိန်ခြင်း။ (အံ၊၂။၂၁၉။) (အံ၊မြန်၊၂။၂၇၅။)

http://www.dhammadownload.com

တံပူမခဲခြင်း အပြစ် ၅ မျိုး ၁။ မျက်စိ မကြည်လင်ခြင်း၊ ၂။ ခံတွင်းအနံ့ မကောင်းခြင်း၊ ၃။ အရသာကို ဆောင်တတ်သော အကြောတို့ မစင်ကြယ်ကုန်ခြင်း၊ ၄။ သည်းခြေသလိပ်သည် အစာကို မြှေးယှက်ခြင်း၊ ၅။ ထမင်း မမြိန်ခြင်း။ (အံ၊၂။၂၁၉။) (အံ၊မြန်၊၂။၂၇၅။)

တံမြက်စည်း လှည်းရကျိုး ၂၁ ပါး ၁။ စိတ်နောက်ကျမှု မရှိခြင်း၊ ၂။ စိတ်ဓာတ် စင်ကြယ်ခြင်း၊ ၃။ အခါခပ်သိမ်း စိတ်ထားဖြူစင်ခြင်း၊ ၄။ စိတ်ကို ပူလောင်စေတတ်သည့် လောကတည်း ဟူသော ငြောင့် မရှိသူဖြစ်ခြင်း၊ ၅။ နူနာ မရှိခြင်း၊ ၆။ အိုင်းအမာ မရှိခြင်း၊ ၇။ ဝဲကြီးနာ မရှိခြင်း၊ ၈။ ဝက်ရူးရောဂါ မရှိခြင်း၊ ၉။ ပွေးနာ မရှိခြင်း၊ ၁၀။ ယားနာ မရှိခြင်း၊ ၁၁။ စိုးရိမ်မှု မရှိခြင်း၊ ၁၂။ ငိုကြွေးမှုမရှိခြင်း၊ ၁၃။ စိတ်တုန်လှုပ်မှုမရှိခြင်း၊ ၁၄။ စိတ်ထားဖြောင့်မတ်ခြင်း၊ ၁၅။ ဈာန် သမာဓိတို့၌ မမေ့လျော့ခြင်း၊ ၁၆။ စိတ်သန့်ရှင်းခြင်း၊ ၁၇။ အလိုရှိအပ်သော သမာဓိကို ပြည့်စုံစွာ ရရှိခြင်း၊ ၁၈။ နှစ်သက်ဖွယ်အာရုံ၌ မနှစ်သက်ခြင်း၊ ၁၉။ အမျက်ထွက်ဖွယ်အာရုံ၌ အမျက်မထွက်ခြင်း၊ ၂၀။ တွေဝေဖွယ်အာရုံ၌ မတွေဝေခြင်း၊ ၂၁။ ဒုဂ္ဂတိဘုံဘဝများသို့ မလားမရောက်ရခြင်း။ (အပ၊၂။၁။) (အပ၊မြန်၊၂။၁)

တံမြက်စည်း လှည်းရကျိုး ၅ ပါး ၁။ မိမိစိတ် ကြည်လင်ခြင်း၊ ၂။ သူတစ်ပါးစိတ် ကြည်လင်ခြင်း၊ ၃။ နတ်တို့ နှစ်သက်ကုန်ခြင်း၊ ၄။ ကြည်ညိုခြင်းကို ဖြစ်စေတတ်သော ကုသိုလ်ကံကို ဆည်းပူးခြင်း၊ ၅။ သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ရောက်ခြင်း။ (ဝိ၅။၂၃၁။) (ဝိ၊မြန်၊၅။၃၂၁။)

တက္ကတွန်း နိဂဏ္ဌတို့၏ ပညတ်ချက် ဒဏ် ၃ မျိုး ၁။ မကောင်းမှုကို ပြုခြင်းနှင့် စပ်၍ ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု ကာယဒဏ်၊ ၂။ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု ဝစီဒဏ်၊ ၃။ စိတ်ဖြင့် ပြုအပ်သော မကောင်းမှု မနောဒဏ်။ (မ၊၂။၃၅။) (မ၊မြန်၊၂။၄၁။)

တက္ကတွန်း အာဇီဝကတို့ မှတ်ထားသော ဝဠုဆင်းရဲမှု ထွက်မြောက်တတ်သူ ၃ ဦး ၁။ နန္ဒဝစ္ဆ၊ ၂။ ကိသသံကိစ္စ၊ ၃။ မက္ခလိဂေါသာလ။ (မ၊၂။၁၉၃။) (မ၊မြန်၊၂။၂၀၅။)

တက္ကတွန်းတို့၏ ခြိုးခြံသော အကျင့် ၇၃ ပါး ၁။ အဝတ်မဝတ်ဘဲ နေခြင်း၊ ၂။ အမျိုးကောင်းသားတို့၏ အလေ့အထဟူသမျှကို ပယ်ကာ မတ်တတ်ရပ်ပြီး ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ ၃။ လက်ဖြင့် မစင်ကို သုတ်လေ့ရှိခြင်း၊ ၄။ အရှင် လာပါလေ့ဟု ဆိုသူ၏ ဆွမ်းကို မခံခြင်း၊ ၅။ အရှင် ရပ်ပါဦးလေ့ဟု ဆိုသူ၏ ဆွမ်းကို မခံခြင်း၊ ၆။ မိမိ မရောက်မီ ယူဆောင်လာသော ဆွမ်းကို မခံခြင်း၊ ၇။ ရည်စူး၍ ပြုသော ဆွမ်းကို မခံခြင်း၊ ၈။ ပင့်ဖိတ်ဆွမ်းကို မခံခြင်း၊ ၉။ အိုးဝမှ ကော်၍လောင်းသော ဆွမ်းကို မခံခြင်း၊ ၁၀။ တောင်းဝမှ ကော်၍ လောင်းသော ဆွမ်းကို မခံခြင်း၊ ၁၁။ တံခါးခုံခြား၍ ကျော်လောင်းသော ဆွမ်းကို မခံခြင်း၊ ၁၂။ တုတ်ခြား၍ ကျော်လောင်းသော ဆွမ်းကို မခံခြင်း၊ ၁၃။ ကျည်ပွေ့ခြား၍ ကျော်လောင်းသော ဆွမ်းကို မခံခြင်း၊ ၁၄။ နှစ်ယောက်စားနေစဉ်မှ လောင်းသော ဆွမ်းကို မခံခြင်း၊ ၁၅။ ကိုယ်ဝန်ဆောင် မိန်းမဆွမ်းကို မခံခြင်း၊ ၁၆။ နို့တိုက်ဆဲ မိန်းမဆွမ်းကို မခံခြင်း၊ ၁၇။ ယောကျ်ားနှင့် နီးနှောနေသော မိန်းမ၏ ဆွမ်းကို မခံခြင်း၊ ၁၈။ ဆော်သြစုဆောင်း၍ လောင်းသော ဆွမ်းကို မခံခြင်း၊ ၁၉။ ခွေးမျှော်နေရာမှ ဆွမ်းကို မခံခြင်း၊ ၂၀။ ယင်အုံရာမှ ဆွမ်းကို မခံခြင်း၊ ၂၁။ ငါးမစားခြင်း၊ ၂၂။ အမဲမစားခြင်း၊ ၂၃။ သေအရက်မသောက်ခြင်း၊ ၂၄။ ဖွဲ၌ မြုပ်ထားသော

http://www.dhammadownload.com

ဝီရကမည်သော ဆေးရည်ကို မသောက်ခြင်း၊ ၂၅။ တစ်အိမ်တည်း၌သာ ဆွမ်းခံခြင်း၊ ၂၆။ တစ်လုတ်သာ စားခြင်း၊ ၂၇။ နှစ်အိမ်၌သာ ဆွမ်းခံခြင်း၊ ၂၈။ နှစ်လုတ်သာ စားခြင်း၊ ၂၉။ ခုနစ်အိမ်၌သာ ဆွမ်းခံခြင်း၊ ၃၀။ ခုနှစ်လုတ်သာ စားခြင်း၊ ၃၁။ ဆွမ်းလောင်းခွက်ငယ် တစ်ခုစာဖြင့် ရောင့်ရဲခြင်း၊ ၃၂။ ဆွမ်းလောင်းခွက်ငယ် နှစ်ခုစာဖြင့် ရောင့်ရဲခြင်း၊ ၃၃။ တစ်ရက်ခြားလည်း အစာစားခြင်း၊ ၃၄။ နှစ်ရက်ခြားလည်း အစာစားခြင်း၊ ၃၅။ ခုနစ်ရက်ခြားလည်း အစာစားခြင်း၊ ၃၆။ လခွဲတစ်ကြိမ်တိုင်အောင် ရက်ပိုင်းခြား၍ အစာစားခြင်း၊ ၃၇။ ဟင်းခွက်စိမ်းကို စားနေခြင်း၊ ၃၈။ ပြောင်းဆန်ကို စားနေခြင်း၊ ၃၉။ ကျိတ်သီးဆန်ကို စားနေခြင်း၊ ၄၀။ သားရေဖတ် အစအနကို စားနေခြင်း (တစ်နည်း) မှော်ကို စားနေခြင်း၊ ၄၁။ ရွေးရွေးချယ်ခဲ့သော ဆွမ်းကိုသာ စားခြင်း၊ ၄၂။ ဖွဲနု ဆန်ကွဲကို စားနေခြင်း၊ ၄၃။ ထမင်းချိုးကို စားခြင်း၊ ၄၄။ မြက်ကို စားခြင်း၊ ၄၅။ နှမ်းဖတ်ကို စားနေခြင်း၊ ၄၆။ နွားချေးကို စားနေခြင်း၊ ၄၇။ တောသစ်မြစ် တောသစ်သီးကို စား၍ မျှတခြင်း၊ ၄၈။ ကြေကျသော သစ်သီးကို စား၍ မျှတခြင်း၊ ၄၉။ ပိုက်ဆံလျှော်အဝတ်ကို ဝတ်ခြင်း၊ ၅၀။ ပိုက်ဆံလျှော်နှင့် ရောနှောယက်သော အဝတ်ကို ဝတ်ခြင်း၊ ၅၁။ သူသေကောင်မှ အဝတ်တို့ကို ဝတ်ခြင်း၊ ၅၂။ ပံသုကူအဝတ်တို့ကို ဝတ်ခြင်း၊ ၅၃။ သစ်ခေါက်အဝတ်တို့ကို ဝတ်ခြင်း၊ ၅၄။ သစ်နက်ရေ အဝတ်ကို ဝတ်ခြင်း၊ ၅၅။ သစ်နက်ရေအဝတ်ကို ဝတ်ခြင်း၊ ၅၆။ သမန်းမြက်အဝတ်ကို ဝတ်ခြင်း၊ ၅၇။ လျှော်တေအဝတ်ကို ဝတ်ခြင်း၊ ၅၈။ ပျဉ်ချပ်အဝတ်ကို ဝတ်ခြင်း၊ ၅၉။ ဆံခြည်ကမ္မလာကို ဝတ်ခြင်း၊ ၆၀။ သားမြီးကမ္မလာကို ဝတ်ခြင်း၊ ၆၁။ ခင်ပုပ်ငှက်တောင်အဝတ်ကို ဝတ်ခြင်း၊ ၆၂။ ဆံမုတ်ဆိတ်ကို နုတ်ခြင်း၊ ဆံမုတ်ဆိတ်နုတ်ခြင်းအမှုကို အားထုတ်ခြင်း၊ ၆၃။ ထိုင်ရန်နေရာကို ပယ်ကာ ရပ်လျက်နေခြင်း၊ ၆၄။ ဆောင့်ကြောင့်ထိုင်နေခြင်း၊ ဆောင့်ကြောင့်ထိုင်နေခြင်းကို အားထုတ်ခြင်း၊ ၆၅။ ဆူးအခင်းပေါ်၌ နေခြင်း၊ ၆၆။ ဆူးအခင်းပေါ်၌ အိပ်ခြင်း၊ ၆၇။ နံပါးတစ်ဖက်တည်းဖြင့် အိပ်ခြင်း၊ ၆၈။ ပျဉ်းပြားပေါ်၌ အိပ်ခြင်း၊ ၆၉။ ကြမ်းတမ်းသော မြေပြင်ပေါ်၌ အိပ်ခြင်း၊ ၇၀။ မြူအညစ်အကြေးကို ဆောင်ခြင်း၊ ၇၁။ လွင်တီးခေါင်၌ နေလေ့ရှိခြင်း၊ ၇၂။ ရေ မသောက်ဘဲ နေခြင်း၊ ရေမသောက်ခြင်းအမှုကို အားထုတ်ခြင်း၊ ၇၃။ တစ်နေ့သုံးကြိမ် မကောင်းမှု ဆေးကြောရန် ရေသို့ သက်ဆင်းခြင်း အမှုကို အားထုတ်ခြင်း။ (ဒီ၊၁။၁၅၇။) (ဒီ၊မြန်၊၁။၁၉၀။)

တက္ကိပုဂ္ဂိုလ် ၄ မျိုး (ကြံဆလျက် မိစ္ဆာအယူကို ယူသော တက္ကိပုဂ္ဂိုလ် ၄ မျိုး) ၁။ တစ်ဆင့်စကားကြား၍ အတ္တသည် မြဲ၏ဟု ကြံဆလျက် မိစ္ဆာအယူကို ယူသော အနုဿုတိကတက္ကိ ပုဂ္ဂိုလ်၊ ၂။ ဘဝဟောင်းကို အောက်မေ့နိုင်၍ အတ္တသည် မြဲ၏ဟု ကြံဆလျက် မိစ္ဆာအယူကို ယူသော ဇာတိဿရ တက္ကိပုဂ္ဂိုလ်၊ ၃။ ရူပါရုံ, သဒ္ဒါရုံ အစရှိသော အာရုံရသဖြင့် ကြံ၍ မိစ္ဆာအယူကို ယူသော လာဘီတက္ကိပုဂ္ဂိုလ်၊ ၄။ ကြံဆခြင်းသက်သက်မျှဖြင့်သာ မိစ္ဆာအယူကို ယူသော သုဒ္ဓတက္ကိပုဂ္ဂိုလ်။ (ဒီ၊၃။၁။၉၉။) (ဒီ၊၃၊မြန်၊၁။၁၉၁။)

တက်ကပ် အသက်တမ်းရှစ်သောင်း၌ ဖြစ်ပေါ်လာသော အနာရောဂါ ၃ မျိုး ၁။ ဣစ္ဆာ–ထမင်းကို အလိုရှိသော အနာရောဂါ (ထမင်းဆာသော ရောဂါ)၊ ၂။ အနသန်– ထမင်းမစားချင်သော အနာရောဂါ၊ (တစ်နည်း) ထမင်းကို အလွန်စားခြင်းကြောင့်ဖြစ်သော ကိုယ်၏

http://www.dhammadownload.com

ပျင်းသည်၏အဖြစ်ဟု ဆိုအပ်သော အနာရောဂါ၊ ၃။ ဇရာ– ပေါ်လွင်ထင်ရှားသော အိုမင်းရင့်ရော်ခြင်း အနာရောဂါ။ (ဒီ၊၃။၆၂။) (ဒီ၊မြန်၊၃။၆၅။)

တိက်, ဒုက် ၂ စု ၁။ တိက်ပုဒ်, ဒုက်ပုဒ်တို့ဖြင့် မရေတွက်အပ်သော ကြွင်းကျန်သော အစိတ်ရှိသော တိက်, ဒုက် ဟူသော သပွဒေသတိက်, ဒုက်၊ ၂။ တိက်ပုဒ်, ဒုက်ပုဒ်တို့ဖြင့် မရေတွက်အပ်သော ကြွင်းကျန်သော အစိတ်မရှိသော တိက်, ဒုက်ဟူသော နိပ္ပဒေသ တိက်, ဒုက်။ (အဘိ၊၆။၁၀။၈၀။)

တောင် ၃ မျိုး ၁။ မြေကြီးသက်သက်ရှိသော တောင်၊ ၂။ ကျောက်သက်သက်ရှိသော တောင်၊ ၃။ မြေနှင့် ကျောက်ရောသော တောင်။ (ဝိ၊၆။၃။၃၁၈။)

တောင် ၅ မျိုး ၁။ ပဏ္ဍာဝတောင်၊ ၂။ ဂိဇ္ဈကူဋ္ဌတောင်၊ ၃။ ဝေဘာရတောင်၊ ၄။ ဣသိဂိလိတောင်၊ ၅။ ဝေပုလ္လတောင်။ (သုတ္တ၊၆။၂။၁၁၁။)

တောင်ကြီး ၇ လုံး ၁။ ယုဂန္ဓရ တောင်ကြီး၊ ၂။ ဣသဓရ တောင်ကြီး၊ ၃။ ကရဝီက တောင်ကြီး၊ ၄။ သုဒဿန တောင်ကြီး၊ ၅။ နေမိန္ဓရ တောင်ကြီး၊ ၆။ ဝိနတက တောင်ကြီး၊ ၇။ အဿကဏ္ဏ တောင်ကြီး။ (အဘိ၊၆။၁။၃၃၇။) (ဇာတက၊၂။၂၀၁။) (ဇာ၊၆၊၆။၁၅၆။)

တောင်စဉ် ၇ ထပ် တောင်ကြီး ၇ လုံးနှင့်တူသည်။

တောင်ထွတ်၏ ဂုဏ် ၅ ပါး ၁။ အထက်သို့ အလွန် မြင့်တက်ခြင်း၊ ၂။ မတုန်မလှုပ် တည်ခြင်း၊ ၃။ တက်ရောက်ဖို့ရန် ခဲယဉ်းခြင်း၊ ၄။ မျိုးစေ့အားလုံးတို့၏ ပေါက်ရောက်ကြီးပွားရာ မဖြစ်ခြင်း၊ ၅။ ချစ်ခြင်း, မုန်းခြင်းမှ ကင်းလွတ်ခြင်း။ (မိလိန္ဒ။၃၀၈။) (မိလိန္ဒ၊မြန်။၃၃၀။)

တောင်ဝှေး လှုရုကျိုး ၆ ပါး ၁။ သားသမီးများစွာ ထွန်းကားခြင်း၊ ၂။ ထိတ်လန့်ကြောက်ရွံ့မှု မရှိခြင်း၊ ၃။ သူတစ်ပါးတို့ မလွှမ်းမိုး မနှိပ်စက်အပ်ခြင်း၊ ၄။ အလုံးစုံသော အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်ခံရခြင်း၊ ၅။ မှားယွင်းချွတ်ချော်မှု မရှိခြင်း၊ ၆။ စိတ်တုန်လှုပ်မှု မရှိခြင်း။ (အပ၊၁။၃၆၄။) (အပ၊မြန်၊၁။၃၇၃။)

တောင်၏ အင်္ဂါ ၅ ပါး ၁။ တောင်သည် မရွေ့ရှား, မတုန်လှုပ်, မယိမ်းယိုင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အလိုရှိအပ်သော အာရုံ အလိုမရှိအပ်သော အာရုံတို့၌ မတုန်လှုပ်)၊ ၂။ တောင်သည် တင်းမာသည်ဖြစ်၍ တစ်စုံတစ်ခုနှင့်မျှ မရောနှော မတွဲစပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် တင်းမာသည်ဖြစ်၍ တစ်စုံတစ်ယောက်နှင့်မျှ မရောနှော မတွဲစပ်ရခြင်း။)၊ ၃။ တောင်၌ မျိုးစေ့မပေါက်နိုင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မိမိ၏စိတ်၌ ကိလေသာတို့ကို မပေါက်စေခြင်း)၊ ၄။ တောင်သည် ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ်ဖြင့် တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်ခြင်း)၊ ၅။ တောင်သည် (ပကတိထက်) မမြင့်မောက် မနိမ့်ရှိုင်းခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် လောကဓံတရားတို့ကြောင့် စိတ်ကို တက်ကြွမှု နိမ့်ကျမှု မပြုလုပ်ရခြင်း) ။ (မိလိန္ဒ။၃၆၉။) (မိလိန္ဒ၊မြန်။၃၉၂။)

တောင့်တခြင်း ၂ မျိုး ပတ္ထနာ ၂ မျိုးနှင့် တူသည်။

တောင့်တခြင်း ၂ မျိုး ၁။ တဏှာဟူသော တောင့်တခြင်း၊ ၂။ ကုသိုလ်ပြုလိုခြင်းဟူသော တောင့်တခြင်း။ (ဣတိဝု၊၆။၅၈။)

http://www.dhammadownload.com

တောင့်တမှု ၅ မျိုး (ဗိမ္မိသာရမင်းကြီး အိမ်ရှေ့မင်းသား ဖြစ်စဉ် တောင့်တမှု ၅ မျိုး) ၁။ ဗိမ္မိသာရမင်းကြီးသည် ရှေးအခါ အိမ်ရှေ့မင်းသားဖြစ်စဉ် "ငါ့ကို မင်းအဖြစ်၌ အဘိသိက်သွန်းပါမူ ကောင်းလေစွ"ဟု တောင့်တခြင်း၊ ၂။ မင်းဖြစ်ပြီးသော အကျွန်ုပ်နိုင်ငံသို့ မြတ်စွာဘုရား ကြွရောက်လာမူ ကောင်းလေစွဟု တောင့်တခြင်း၊ ၃။ မြတ်စွာဘုရားကို ဆည်းကပ်ရမူ ကောင်းလေစွဟု တောင့်တခြင်း၊ ၄။ မြတ်စွာဘုရားသည် အကျွန်ုပ်အား တရားဟောမူ ကောင်းလေစွဟု တောင့်တခြင်း၊ ၅။ မြတ်စွာဘုရား၏ တရားတော်ကို ငါသိရပါမူ ကောင်းလေစွဟု တောင့်တခြင်း။ (ဝိ၊၃။၄၇။) (ဝိ၊မြန်၊၃။၅၁။)

တောင့်တ၍ မရကောင်းသော အရာ ၅ မျိုး ၁။ အိုတတ်သော သဘောတရားသည် "မအိုပါစေလင့်"ဟု တောင့်တ၍ မရခြင်း၊ ၂။ နာတတ်သော သဘောတရားသည် "မနာဖျားပါ စေလင့်"ဟု တောင့်တ၍ မရခြင်း၊ ၃။ သေတတ်သော သဘောတရားသည် "မသေပါစေလင့်"ဟု တောင့်တ၍ မရခြင်း၊ ၄။ ကုန်တတ်သော သဘောတရားသည် "မကုန်ဆုံးပါစေလင့်"ဟု တောင့်တ၍ မရခြင်း၊ ၅။ ပျက်စီးတတ်သော သဘောတရားသည် "မပျက်စီးပါစေလင့်"ဟု တောင့်တ၍ မရခြင်း။ (အံ၊၂။၄၇။) (အံ၊မြန်၊၂။၅၉။) (အံ၊၂။၅၀။) (အံ၊မြန်၊၂။၅၉။)

တိုင်ပင်မှုကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ် ၈ ယောက် ၁။ ရာဂကြီးသူ၊ ၂။ ဒေါသကြီးသူ၊ ၃။ မောဟစရိုက်ရှိသူ၊ ၄။ မာန်မာနကြီးသူ၊ ၅။ လာဘ်လာဘ၌ လိုချင်တက်မက်မှု ကြီးသူ၊ ၆။ ပျင်းရိသူ၊ ၇။ အကြံအစည် တစ်ခုတည်းကိုသာ စူးစိုက်ကြံစည်တတ်သူ၊ ၈။ ငယ်ရွယ် မိုက်မဲသူ။ (မိလိန္ဒ။ ၉၉။) (မိလိန္ဒ၊မြန်။၁၀၇။)

တိုင် လှူရကျိုး ၅ ပါး ၁။ မေတ္တာကြောင့် မတုန်မလှုပ်သူ ဖြစ်ခြင်း၊ ၂။ မယုတ်လျော့သော ကိုယ်အင်္ဂါရှိသူ ဖြစ်ခြင်း၊ ၃။ ယုံကြည်ထိုက် နာယူထိုက်သော စကားရှိသူ ဖြစ်ခြင်း၊ ၄။ စိတ်တုန်လှုပ်မှု မရှိခြင်း၊ ၅။ တစ်စုံတစ်ယောက်၏ ငြောင့်တံသင်းမှ ကင်းသူ ဖြစ်ခြင်း။ (အပ၊၁။၃၇၆။) (အပ၊မြန်၊ ၁။၃၈၇။)

တစ်စိတ်တစ်ဒေသကို ပြီးစေနိုင်သော ပုဂ္ဂိုလ် ၃ မျိုး ၁။ သောတာပန်ပုဂ္ဂိုလ်၊ ၂။ သကဒါဂါမ်ပုဂ္ဂိုလ်၊ ၃။ အနာဂါမ်ပုဂ္ဂိုလ်။ (အံ၊၄၊၂။၂၁။)

တစ်ထောင်တန် ဂါထာ ၄ ပုဒ် ၁။ သကိဒေဝ သုတသောမ၊ သင်္ဘီ ဟောတိ သမာဂမော။ သာ နံ သင်္ကိတိ ပါလေတိ၊ နာသင်္ဘီ ဗဟုသင်္ကိမော။ ၂။ သင်္ဘီရေဝ သမာသေထ၊ သင်္ဘီ ကုဗ္ဗေထ သန္ထဝံ၊ သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ နံ ပါဝိယော၊ ၃။ ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ၊ သတ္တွ ဓမ္မော နံ ဇရံ ဥပေတိ၊ သန္တော ဟဝေ သင်္ဘီ ပဝေဒယန္တိ၊ ၄။ နဘံ စ ဘူရေ ပထဝီ စ ဘူရေ၊ ပါရံ သမုဒ္ဒဿ တဒါဟု ဘူရေ၊ တတော ဟဝေ ဘူရတရံ ဝဒန္တိ၊ သတ္တွ ဓမ္မော အသတ္တွ ရာဇ။ (ဇာတက၊၂။၁၃၆–၁၃၇။)

တစ်ပါးတည်း နေသင့်သော ရဟန်း၏ တရား ၅ ပါး ၁။ ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၊ ၂။ ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၊ ၃။ ရတတ်သမျှသော ကျောင်း အိပ်ရာ နေရာဖြင့် ရောင့်ရဲခြင်း၊ ၄။ ရတတ်သမျှသော သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့်

http://www.dhammadownload.com

ရောင့်ရဲခြင်း၊ ၅။ ကာမဂုဏ်တို့၌ အကြိုအစည်များလျက် မနေခြင်း။ (အံ၊၂။၁၂၈။) (အံ၊မြန်၊၂။ ၁၅၉-၁၆၀။)

တစ်ပါးတည်း မနေသင့်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ရတတ်သမျှသော သင်္ကန်းဖြင့် မရောင့်ရဲနိုင်ခြင်း၊ ၂။ ရတတ်သမျှသော ဆွမ်းဖြင့် မရောင့်ရဲနိုင်ခြင်း၊ ၃။ ရတတ်သမျှသော ကျောင်း အိပ်ရာနေရာဖြင့် မရောင့်ရဲနိုင်ခြင်း၊ ၄။ ရတတ်သမျှသော သူနာ၏ အထောက်အပံ့ ဆေး အသုံး အဆောင်ဖြင့် မရောင့်ရဲနိုင်ခြင်း၊ ၅။ ကာမဂုဏ်တို့၌ အကြိုအစည်များလျက် နေခြင်း။ (အံ၊၂။၁၂၈။) (အံ၊မြန်၊၂။၁၅၉။)

တစ်ဖက်စွန်းရောက် အယူမှား ၁၀ ပါး ၁။ လောကသည် မြဲ၏ဟု ယူခြင်း၊ ၂။ လောကသည် မမြဲဟု ယူခြင်း၊ ၃။ လောကသည် အဆုံးရှိ၏ဟု ယူခြင်း၊ ၄။ လောကသည် အဆုံးမရှိဟု ယူခြင်း၊ ၅။ အသက်သည် ကိုယ်တည်းဟု ယူခြင်း၊ ၆။ အသက်တစ်ခြား ကိုယ်တစ်ခြားဟု ယူခြင်း၊ ၇။ သတ္တဝါသေပြီးနောက် ဖြစ်လည်း ဖြစ်၊ မဖြစ်လည်း မဖြစ်ဟု ယူခြင်း၊ ၈။ သတ္တဝါ သေပြီးနောက် ဖြစ်၏ဟု ယူခြင်း၊ ၉။ သတ္တဝါ သေပြီးနောက် မဖြစ်ဟု ယူခြင်း၊ ၁၀။ သတ္တဝါ သေပြီးနောက် ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟု ယူခြင်း။ (အဘိ၊ဝိ။၄၀၆။) (အဘိ၊ဝိ၊မြန်၊၂။၅၁၃။)

တဇ္ဈနိယက်ကို ငြိမ်းစေနိုင်ကြောင်း ၁၈ ပါး ၁။ တဇ္ဈနိယက်ထိုက်သော ရဟန်းသည် ဥပဇ္ဈာယ် ဆရာပြုလုပ်၍ ရဟန်းခံမပေးခြင်း၊ ၂။ နိဿယညှိမပေးခြင်း၊ ၃။ သာမဏေကို မလုပ်ကျွေး မပြုစုစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မနှစ်သက်ခြင်း၊ ၅။ သမုတ်ခံရသော်လည်း (သြဝါဒသမ္မုတိ ရရှိသော်လည်း) ရဟန်းမတို့ကို သြဝါဒမပေးခြင်း၊ ၆။ တဇ္ဈနိယက်ပြုကြောင်းအာပတ်သို့ မရောက်ခြင်း၊ ၇။ အလားတူဖြစ်သော အခြားအာပတ်သို့ မရောက်ခြင်း၊ ၈။ ထို့ထက် ရုန့်ရင်းကြမ်းတမ်းသော အာပတ်သို့ မရောက်ခြင်း၊ ၉။ တဇ္ဈနိယက်ကို မကဲ့ရဲ့ခြင်း၊ ၁၀။ တဇ္ဈနိယက်ပြုသော ရဟန်းတို့ကို မကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့မထားခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့မထားခြင်း၊ ၁၃။ ဆုံးမမှုကို မပြုလုပ်ခြင်း၊ ၁၄။ အကြီးအမှုုအရာကို မယူခြင်း၊ ၁၅။ အခွင့်ရေး မတောင်းခံခြင်း၊ ၁၆။ မစောဒနာခြင်း၊ ၁၇။ မအောက်မေ့စေခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ခြင်း။ (ဝိ၊၄။၁၁။) (ဝိ၊မြန်၊၄။၁၁။)

တဇ္ဈနိယက် ပြုလိုက ပြုနိုင်ကြောင်း အင်္ဂါ ၃ ပါး ၁။ မျက်ကွယ် မျက်မှောက် ငြင်းခုံလျက် ဆန့်ကျင်ဘက်ပြော၍ သံဃာ၌ အဓိကရဏ်းကို ပြုတတ်ခြင်း၊ ၂။ မိုက်မဲမလိမ္မာ အာပတ်များပြားခြင်း၊ ၃။ မလျော်သော လူမူဆက်ဆံရေးတို့ဖြင့် လူတို့နှင့် ရောနှော၍ နေခြင်း။ (ဝိ၊၅။၂၁၉။) (ဝိ၊မြန်၊၅။၃၀၆။)

တဇ္ဈနိယက် ပြုနိုင်သော အင်္ဂါ ၃ ပါး ၁။ အထူးအားဖြင့် ခိုက်ရန်ပြုတတ်ခြင်း၊ ၂။ အမြဲမပြတ် အာပတ်သင့်ခြင်း၊ ၃။ ကုလဒူသကအမှုကို ပြုခြင်း။ (ဝိ၊၆၊၄။၂။)

တဇ္ဈနိယက် မငြိမ်းစေနိုင်သော အကြောင်း ၁၈ ပါး ၁။ တဇ္ဈနိယက် ထိုက်သော ရဟန်းသည် ဥပဇ္ဈာယ်ဆရာပြုလုပ်၍ ရဟန်းခံပေးခြင်း၊ ၂။ နိဿယညှိ ပေးခြင်း၊ ၃။ သာမဏေကို ပြုစု

http://www.dhammadownload.com

လုပ်ကျွေးစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာနှစ်သက်ခြင်း၊ ၅။ သမ္မုတိရ၍ ရဟန်းမတို့ကို ဆုံးမခြင်း၊ ၆။ တဇ္ဈနီယကံပြုကြောင်း အာပတ်သို့ ရောက်ခြင်း၊ ၇။ အလားတူဖြစ်သော အခြားအာပတ်သို့ ရောက်ခြင်း၊ ၈။ ထို့ထက် ရှုန့်ရင်းကြမ်းတမ်းသော အာပတ်သို့ ရောက်ခြင်း၊ ၉။ တဇ္ဈနီယကံကို ကဲ့ရဲ့ခြင်း၊ ၁၀။ တဇ္ဈနီယကံပြုသော ရဟန်း တို့ကို ကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့ထားခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့ထားခြင်း၊ ၁၃။ ဆုံးမမှုကို ပြုလုပ်ခြင်း၊ ၁၄။ အကြီးအမှူးအရာကို ယူခြင်း၊ ၁၅။ အခွင့်ရေး တောင်းဆိုခြင်း၊ ၁၆။ စောဒနာခြင်း၊ ၁၇။ အောက်မေ့စေခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် ရောယှက်ခြင်း။ (ဝိ၊၄။၁၀။) (ဝိ၊မြန်၊၄။၁၀။)

တဇ္ဈနီယက် ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး ၁။ ကောင်းစွာ ကျင့်ခြင်းသည် တဇ္ဈနီယက် ငြိမ်းအေးခြင်း၏ အစတည်း၊ ၂။ ဥတ်သည် တဇ္ဈနီယက် ငြိမ်းအေးခြင်း၏ အလယ်တည်း၊ ၃။ ကမ္မဝါစာသည် တဇ္ဈနီယက် ငြိမ်းအေးခြင်း၏ အဆုံးတည်း။ (ဝိ၊၅။၂၅၂။) (ဝိ၊မြန်၊၅။၃၄၄။)

တဇ္ဈနီယက်၏ စ လယ် ဆုံး ၃ ပါး ၁။ တဇ္ဈနီယက်၏ အကြောင်းဝတ္ထုနှင့် ပုဂ္ဂိုလ်သည် အစတည်း၊ ၂။ ဥတ်သည် အလယ်တည်း၊ ၃။ ကမ္မဝါစာသည် အဆုံးတည်း။ (ဝိ၊၅။၂၅၂။) (ဝိ၊မြန်၊၅။၃၄၄။)

တဇ္ဈနီယက်၌ ကျင့်ဝတ် ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံ မပေးရခြင်း၊ ၂။ နိဿယညှိုးမပေးရခြင်း၊ ၃။ သာမဏေကို မလုပ်ကျွေးစေရခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရခြင်း၊ ၅။ သမုတ်ခံရသော်လည်း၊ (သြဝါဒသမ္မုတိရသော်လည်း) ရဟန်းမတို့ကို သြဝါဒမပေးရခြင်း၊ ၆။ တဇ္ဈနီယက် ပြုထိုက်သော အာပတ်သို့ မရောက်ရခြင်း၊ ၇-၈။ အလားတူ အခြားအာပတ်သို့လည်းကောင်း, ထို့ထက် ရှုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်းကောင်း မရောက်ရခြင်း၊ ၉။ တဇ္ဈနီယက်ကို မကဲ့ရဲ့ရခြင်း၊ ၁၀။ တဇ္ဈနီယက်ပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့၍ မထားရခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့၍ မထားရခြင်း၊ ၁၃။ ဆုံးမမှုကို မပြုလုပ်ရခြင်း၊ ၁၄။ အကြီးအမှူးအရာ၌ မထားရခြင်း၊ ၁၅။ အခွင့်ရေး မတောင်းခံရခြင်း၊ ၁၆။ မစောဒနာရခြင်း၊ ၁၇။ မအောက်မေ့စေရခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ရခြင်း။ (ဝိ၊၄။၁၀။) (ဝိ၊မြန်၊၄။၁၀။)

တဇ္ဈနီယက်ပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါး ၁။ မျက်မှောက် မျက်ကွယ်၌ ငြင်းခုံလျက် သံဃာ၌ အဓိကရဏ်း ပြုလုပ်ခြင်း၊ အာပတ်များပြား အပိုင်းအခြားမရှိခြင်း၊ လူတို့နှင့် ရောယှက်နေထိုင်ခြင်း၊ ၂။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း၊ အကျင့်အရာ၌ အကျင့်ပျက်စီးခြင်း၊ အယူဝါဒအရာ၌ အယူဝါဒ ပျက်စီးခြင်း၊ ၃။ ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၄။ ရဟန်းတစ်မျိုးသည် မျက်မှောက်၌ ငြင်းခုံတတ်လျက် သံဃာ၌ အဓိကရဏ်း ပြုလုပ်တတ်ခြင်း၊ အာပတ်များပြားသူ ဖြစ်ခြင်း၊ လူတို့နှင့်ရောယှက် နေထိုင်ခြင်း၊ ၅။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း၊ အကျင့်အရာ၌ အကျင့်ပျက်စီးခြင်း၊ အယူဝါဒအရာ၌ အယူဝါဒ ပျက်စီးခြင်း၊ ၆။ ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။ (ဝိ၊၄။၉။) (ဝိ၊မြန်၊၄။၉-၁၀။)

http://www.dhammadownload.com

တိတ္ထိတို့ သတ်မှတ်ထားအပ်သော ပဝိဝေက ၃ မျိုး ၁။ စီဝရပဝိဝေက– ပိုက်ဆံလျှော်ချည် စသည်ဖြင့် ရက်လုပ်အပ်သော သင်္ကန်းကို ဝတ်ရုံခြင်း၊ ၂။ ပိဏ္ဍပါတပဝိဝေက– ဟင်းရွက် မြက်သီးဆန် ကျိတ်ဆန် သားရေဖတ် စသည်တို့ကို စားသုံးခြင်း၊ ၃။ သေနာသနပဝိဝေက– သစ်ပင်ရင်း, သုသာန် စသည်၌ နေထိုင်ခြင်း။ (အံ၊၁။၂၄၂။) (အံ၊မြန်၊၁။၂၆၀။)

တိတ္ထိတို့၏ အကျင့် ၄ မျိုး ၁။ သဗ္ဗဝါရိဝါရိတ– ရေအေးအားလုံး သုံးစွဲခြင်းကို တားမြစ်ခြင်း၊ ၂။ သဗ္ဗဝါရိယုတ္တ– မကောင်းမှုအားလုံးကို တားမြစ်ခြင်းနှင့် ယှဉ်ခြင်း၊ ၃။ သဗ္ဗဝါရိဓုတ– မကောင်းမှုအားလုံးကို လှုပ်ခါချပြီး ဖြစ်ခြင်း၊ ၄။ သဗ္ဗဝါရိဖုဋ္ဌ– မကောင်းမှုအားလုံးကို တားမြစ်သောအားဖြင့် အမြဲ တွေ့ထိအပ်ခြင်း။ (သံ၊၌၊၁။၁၁၆။)

တိတ္ထိတို့၏ အယူမှား ပေါက်ဖွားရာ ၃ မျိုး ၁။ ပုဗ္ဗကမ္မဝါဒ– ရှေးက ပြုခဲ့ဖူးသော ကံကြောင့် သာလျှင် ဖြစ်၏ဟု အယူရှိခြင်း၊ ၂။ ဣဿရနိမ္မာနဝါဒ– လောကကို အစိုးရသော ဗြဟ္မာကြီး ဖန်ဆင်းမှုကြောင့် ဖြစ်၏ဟု အယူရှိခြင်း၊ ၃။ အဟေတုကဝါဒ– အကြောင်း, အထောက်အပံ့ မရှိဘဲ ဖြစ်၏ဟု အယူရှိခြင်း။ (အဘိ၊ဝိ။၃၈၂။) (အဘိ၊ဝိ၊မြန်၊၂။၄၇၉။)

တိတ္ထိဖြစ်ခဲ့ဖူးသော သာမဏေတို့ ဖြည့်ကျင့်ရမည့် ကျင့်ဝတ် ၈ ပါး ၁။ အလွန် စောလွန်းသော အခါ၌ ရွာတွင်းသို့ မဝင်ဘဲ အလွန် နေမြင့်သော အချိန်ကျမှ ရွာထဲမှ မပြန်ရခြင်း၊ ၂။ ပြည့်တန်ဆာမ အစရှိသူတို့ ကျက်စားရာအရပ်၌ မလှည့်လည်ရခြင်း၊ ၃။ သီတင်းသုံးဖော်တို့၏ အမှုကိစ္စတို့၌ လိမ္မာကျွမ်းကျင်ရခြင်း၊ ၄။ ပါဠိစာပေ ရွတ်အံခြင်း စသည်တို့၌ ထက်သန်သော ဆန္ဒရှိသူ ဖြစ်ရခြင်း၊ ၅။ တိတ္ထိတို့၏ ဆန့်ကျင်ဘက်အပြစ်ကို ပြောဆိုခြင်း၌ နှစ်သက်ဝမ်းမြောက်သူ ဖြစ်ရခြင်း၊ ၆။ ဘုရား စသည်တို့၏ အပြစ်ကို ပြောဆိုရာ၌ မနှစ်သက် ဝမ်းမမြောက်ရခြင်း၊ ၇။ တိတ္ထိတို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုရာ၌ မနှစ်သက် ဝမ်းမမြောက်ရခြင်း၊ ၈။ ဘုရား စသည်တို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုရာ၌ နှစ်သက် ဝမ်းမြောက်ရခြင်း။ (ဝိ၊၌၊၃။၂၇၅။)

တန်ခိုး ၅ မျိုး ၁။ သီလတန်ခိုး၊ ၂။ ဂုဏ်တော်တန်ခိုး၊ ၃။ ပညာတန်ခိုး၊ ၄။ ကောင်းမှုတန်ခိုး၊ ၅။ တရားဓမ္မတန်ခိုး။ (ဓမ္မ၊၌၊၂။၃၉၆။)

တန်ခိုး ၁၀ မျိုး ၁။ အဓိဋ္ဌာနာဂ္ဂါ– အဓိဋ္ဌာန်ခြင်း၏ အစွမ်းအားဖြင့် ပြီးသော တန်ခိုး၊ ၂။ ဝိကုဗ္ဗနာဂ္ဂါ– အထူးထူးသော ရုပ်အဆင်းကို ဖန်ဆင်းခြင်းဟု ဆိုအပ်သော တန်ခိုး၊ ၃။ မနောမယဂ္ဂါ– ဈာန်စိတ်ဖြင့် ပြီးသော ခန္ဓာကိုယ်ကို ဖြစ်စေတတ်သော တန်ခိုး၊ ၄။ ဉာဏဝိပ္ပါရာဂ္ဂါ– ဖြစ်လတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏ ပျံ့နှံ့ခြင်း အရှိန်အဟုန်ကြောင့် ဖြစ်သော တန်ခိုး၊ ၅။ သမာဓိဝိပ္ပါရာဂ္ဂါ– သမာဓိ၏ ပျံ့နှံ့ခြင်း အရှိန်အဟုန်ကြောင့် ဖြစ်သော တန်ခိုး၊ ၆။ အရိယာဂ္ဂါ– အရိယာတို့၏ ဥစ္စာဖြစ်သော တန်ခိုး၊ ၇။ ကမ္မဝိပါကဇဂ္ဂါ– ကံ၏ အကျိုးကြောင့် ဖြစ်သော တန်ခိုး၊ ၈။ ပုညဝတောဂ္ဂါ– လွန်ကဲသော ဘုန်းကံရှိသော ပုဂ္ဂိုလ်တို့၌ ဖြစ်သောတန်ခိုး၊ ၉။ ဝိဇ္ဇာမယာဂ္ဂါ– အာထဗ္ဗဏကျမ်းလာ ဝိဇ္ဇာအတတ် ပညာကြောင့် ဖြစ်သော တန်ခိုး၊ ၁၀။ တတ္ထ တတ္ထ သမ္မာပယောဂပစ္စယာ ဂ္ဂါ– သကဋ္ဌပျူဟာ, စက္ကဗျူဟာ စသော အစီအရင်ကြောင့်ဖြစ်သော တန်ခိုးအထူး, ဂဏန်းအတတ်, စောင်းအတတ်, အယုတ်အားဖြင့် လယ်ထွန်ခြင်းစသော အမှုတို့ကိုစွဲ၍ ပြီးမြောက်သော တန်ခိုးအထူး။ (ပဋိသံ၊မြန်။၄၄၇။)

http://www.dhammadownload.com

တန်ခိုးကြီးကြောင်း တရား ၃ ပါး ၁။ ဒါန– ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း၊ ၂။ ဒမ– စကွေ့စသော ဣန္ဒြေတို့ကို ဆုံးမခြင်း၊ ဣန္ဒြေတို့ကို ဆုံးမကြောင်း ဥပုသ်စောင့်သုံးခြင်း၊ ၃။ သံယမ– ငါးပါးသီလ, အာဇီဝဋ္ဌမကသီလဟု ဆိုအပ်သော ကိုယ်နှုတ် စောင့်စည်းမှုနှင့် ပြည့်စုံခြင်း။ (ခုဒ္ဒက။၂၀၅။) (ခုဒ္ဒက၊မြန်။ ၁၈၉။)

တန်ခိုးကြီးစေသော တရား ၄ ပါး ၁။ မှန်ကန်သော သစ္စာစကားကိုသာ ပြောဆိုခြင်း၊ ၂။ ဣန္ဒြေတို့ကို ဆုံးမခြင်း၊ ၃။ ပေးကမ်း စွန့်ကြဲခြင်း၊ ၄။ တရားဓမ္မကို ကျင့်ခြင်း။ (ဇာတက၊၂။၂၆၉။)

တန်ခိုးကြီးသူ ၄ ဦး ၁။ အရှင်သာရိပုတ္တရာ၊ ၂။ အရှင်မောဂ္ဂလ္လာန်၊ ၃။ အရှင်ဗာကုလထေရ်၊ ၄။ ဘဒ္ဒါကစ္စာနာထေရီ။ (အံ၊၌၊၁။၂၈၉။)

တန်ခိုးပြာဋိဟာ ၃ ပါး ၁။ ဣဒ္ဓိပါဋိဟာရိယ– မြေလျှိုးမိုးပျံခြင်း စသော အမျိုးမျိုးသော တန်ခိုး၊ ၂။ အာဒေသနာပါဋိဟာရိယ– သင်၏ စိတ်သည် ဤသို့ ဖြစ်နေ၏ စသည်ဖြင့် အတတ်ပြောနိုင်သော တန်ခိုး၊ ၃။ အနုသာသနီပါဋိဟာရိယ– "ဤသို့ ကြံစည်ကြကုန်လင့်" စသည်ဖြင့် ပြောဆိုဆုံးမသော တန်ခိုး။ (ဒီ၊၃။၁၈၄။) (အံ၊၁။၁၇၀။) (ဗုဒ္ဓဝံ၊၌။၅၁။) (ဒီ၊မြန်၊၃။၂၀၅။) (အံ၊မြန်၊၁။၁၈၉။)

တန်ခိုးပြာဋိဟာ ၅ ပါး (ကောရက္ခတ္တိယနှင့် ပတ်သက်၍ သုနက္ခတ္တအား ဘုရားရှင် ပြတော်မူအပ်သော တန်ခိုးပြာဋိဟာ ၅ ပါး) ၁။ ခုနစ်ရက်မြောက်နေ့၌ သေလိမ့်မည်ဟု ဘုရားရှင် မိန့်တော်မူသည့်အတိုင်းပင် ကောရက္ခတ္တိယသည် သေခြင်း၊ ၂။ အစာမကြေသောရောဂါဖြင့် သေလိမ့်မည်ဟု ဘုရားရှင် မိန့်တော်မူသည့်အတိုင်း သေခြင်း၊ ၃။ ကာလကဉ္စိကာ အသုရာတို့၌ ဖြစ်လိမ့်မည်ဟု ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ကာလကဉ္စိကာ အသုရာတို့၌သာ ဖြစ်ခြင်း၊ ၄။ ဗီရဏတ္ထမ္ဘက သုသာန်၌ စွန့်ပစ်လိမ့်မည်ဟု ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ထိုသုသာန်၌ပင် စွန့်ပစ်ခံရခြင်း၊ ၅။ ဖြစ်ရာအရပ်မှ လာ၍ သုနက္ခတ္တနှင့်တကွ စကားပြောမည်ဟု ဘုရားရှင် မိန့်တော်မူသည့် အတိုင်း စကားလာပြောခြင်း။ (ဒီ၊၌၊၃။၇။)

တန်ခိုးပြာဋိဟာ ၄ မျိုး (ကမ္မာပတ်လုံးတည်မည့် တန်ခိုးပြာဋိဟာ ၄ မျိုး) ၁။ လ၌ ယုန်အမှတ်တံဆိပ်သည် ကမ္ဘာပတ်လုံး တည်ခြင်း၊ ၂။ ဝဋ္ဋဇာတ်၌ မီးလောင်ရာ အရပ်သည် ကမ္ဘာပတ်လုံး မီးမလောင်ခြင်း၊ ၃။ အိုးထိန်းသည်၏ နေအိမ်တည်ရာအရပ်သည် ကမ္ဘာပတ်လုံး မိုးမစိုခြင်း၊ ၄။ ဘုရားအလောင်း မျောက်မင်း အဓိဋ္ဌာန်ပြု၍ အခေါင်းဖြစ် သွားသော ကျူတောသည် ကမ္ဘာပတ်လုံး တည်ခြင်း။ (ဇာ၊၌၊၁။၁၈၈။)

တန်ခိုးဖန်ဆင်းသော ယောဂီပုဂ္ဂိုလ် ဝင်စားရမည့် အခြင်းအရာ ၁၄ မျိုး ၁။ကသိဏာနုလောမတော– ကသိဏ်းတို့ကို အစဉ်အတိုင်း ဝင်စားရခြင်း၊ ၂။ ကသိဏပဋိလောမတော– ကသိဏ်းတို့ကို အပြန်အားဖြင့် (ပြောင်းပြန်အားဖြင့်) ဝင်စားရခြင်း၊ ၃။ ကသိဏာနုလောမ ပဋိလောမတော– ကသိဏ်းတို့ကို အစဉ်အတိုင်းအားဖြင့်လည်းကောင်း၊ ပြောင်းပြန်အားဖြင့်လည်းကောင်း ဝင်စားရခြင်း၊ ၄။ ဈာနာနုလောမတော– ဈာန်တို့ကို (အနုလုံ) အစဉ်အတိုင်းအားဖြင့် ဝင်စားရခြင်း၊ ၅။ ဈာနပဋိလောမတော– ဈာန်တို့ကို (ပဋိလုံ) အပြန်အားဖြင့် ဝင်စားရခြင်း၊ ၆။ ဈာနာနုလောမ ပဋိလောမတော– ဈာန်တို့ကို အနုလုံ–ပဋိလုံအားဖြင့် ဝင်စားရခြင်း၊ ၇။ ဈာနုက္ကန္တိကတော–

http://www.dhammadownload.com

အစဉ်အတိုင်းရှိနေသော ဈာန်တို့ကို ခုန်ကျော်သောအားဖြင့် ဝင်စားရခြင်း၊ ၈။ ကသိဏုက္ကန္တိက တော– ကသိုဏ်းတို့ကို ခုန်ကျော်သောအားဖြင့် ဝင်စားရခြင်း၊ ၉။ ဈာနကသိဏုက္ကန္တိကတော– ဈာန်ကသိုဏ်းတို့ကို ခုန်ကျော်သောအားဖြင့် ဝင်စားရခြင်း၊ ၁၀။ အင်္ဂသင်္ကန္တိတော– ဈာန်အင်္ဂါကို လွန်သောအားဖြင့် ဝင်စားရခြင်း၊ ၁၁။ အာရမ္မဏသင်္ကန္တိတော– အာရုံကို လွန်သောအားဖြင့် ဝင်စားရခြင်း၊ ၁၂။ အင်္ဂါရမ္မဏသင်္ကန္တိတော– ဈာန်အင်္ဂါနှင့် အာရုံကို လွန်သောအားဖြင့် ဝင်စားရခြင်း၊ ၁၃။ အင်္ဂဝဝတ္ထာ ပနတော– ဈာန်အင်္ဂါကို ပိုင်းခြား မှတ်သားသောအားဖြင့် ဝင်စားရခြင်း၊ ၁၄။ အာရမ္မဏ ဝဝတ္ထာပနတော– အာရုံကို ပိုင်းခြားမှတ်သားသောအားဖြင့် ဝင်စားရခြင်း။ (ဝိသုဒ္ဓိ၊၂။၂။)

တန်ခိုးသဖွယ်ဖြစ်သော အရာ ၅ မျိုး ၁။ အောင်လံ တံခွန်သည် ရထား၏ တန်ခိုး၊ ၂။ မီးခိုးသည် မီး၏ တန်ခိုး၊ ၃။ ရှင်ဘုရင်သည် တိုင်းပြည်၏ တန်ခိုး၊ ၄။ အတတ်ပညာသည် ယောဂျားတို့၏ တန်ခိုး၊ ၅။ လင်ယောဂျားသည် မိန်းမတို့၏ တန်ခိုး။ (ဇာတက၊၂။၃၂၇။)

တန်ခိုး အစီအရင် ၂ ပါး ဣဒ္ဓိဝိဓာ ၂ ပါး နှင့် တူသည်။

တန်ခိုး၏ တည်ရာ ၄ ပါး ၁။ ဆန္ဒကြီးမှူးသော သမာဓိအားထုတ်ခြင်း (ဆန္ဒိဒ္ဓိပါဒ)၊ ၂။ စိတ်ကြီးမှူးသော သမာဓိအားထုတ်ခြင်း (စိတ္တိဒ္ဓိပါဒ)၊ ၃။ ဝီရိယလွန်ကဲသော သမာဓိ အားထုတ်ခြင်း (ဝီရိယိဒ္ဓိပါဒ)၊ ၄။ ပညာလွန်ကဲသော သမာဓိအားထုတ်ခြင်း (ဝီမံသိဒ္ဓိပါဒ)။ (ပဋိသံ။၃၈၄။) (ပဋိသံ၊မြန်။၄၄၇။)

တန်ခိုး၏ ဘူမိ ၄ မျိုး ၁။ ပထမဈာန်ဟု ဆိုအပ်သော ဝိဝေကဇဘူမိ၊ ၂။ ဒုတိယဈာန်ဟု ဆိုအပ်သော ပီတိသုခဘူမိ၊ ၃။ တတိယဈာန်ဟု ဆိုအပ်သော ဥပေက္ခာသုခဘူမိ၊ ၄။ စတုတ္ထဈာန်ဟု ဆိုအပ်သော အဒုက္ခမသုခဘူမိ။ (ပဋိသံ။၃၈၄။) (ဝိသုဒ္ဓိ၊၂။၁၃။) (ပဋိသံ၊မြန်။၄၄၇။)

တန်ခိုး၏ မူလ ၁၆ ပါး ၁။ မတွန့်ဆုတ်သော စိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်ခြင်း၊ ၂။ မပျံ့လွင့်သော စိတ်သည် ဥဒ္ဓစ္စကြောင့် မတုန်လှုပ်ခြင်း၊ ၃။ မကပ်ငြိသော စိတ်သည် ရာဂကြောင့် မတုန်လှုပ်ခြင်း၊ ၄။ မထိပါးသော စိတ်သည် ဗျာပါဒကြောင့် မတုန်လှုပ်ခြင်း၊ ၅။ မမှီသော စိတ်သည် ဒိဋ္ဌိကြောင့် မတုန်လှုပ်ခြင်း၊ ၆။ မစပ်သော စိတ်သည် ဆန္ဒရာဂကြောင့် မတုန်လှုပ်ခြင်း၊ ၇။ ကင်းလွတ်သော စိတ်သည် ကာမရာဂကြောင့် မတုန်လှုပ်ခြင်း၊ ၈။ မယှဉ်သော စိတ်သည် ကိလေသာကြောင့် မတုန်လှုပ်ခြင်း၊ ၉။ ကင်းသော ကိလေသာ အပိုင်းအခြားကို ပြုတတ်သော စိတ်သည် ကိလေသာ အပိုင်းခြားကြောင့် မတုန်လှုပ်ခြင်း၊ ၁၀။ အာရုံတစ်ခုတည်း၌ ဖြစ်သော စိတ်သည် အထူးထူးသော အာရုံတို့ကြောင့် မတုန်လှုပ်ခြင်း၊ ၁၁။ သဒ္ဓါဖြင့် သိမ်းဆည်းအပ်သော စိတ်သည် သဒ္ဓါမရှိခြင်းကြောင့် မတုန်လှုပ်ခြင်း၊ ၁၂။ ဝီရိယဖြင့် သိမ်းဆည်းအပ်သော စိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်ခြင်း၊ ၁၃။ သတိဖြင့် သိမ်းဆည်းအပ်သော စိတ်သည် မေ့လျော့ခြင်းကြောင့် မတုန်လှုပ်ခြင်း၊ ၁၄။ သမာဓိဖြင့် သိမ်းဆည်းအပ်သော စိတ်သည် ဥဒ္ဓစ္စကြောင့် မတုန်လှုပ်ခြင်း၊ ၁၅။ ပညာဖြင့် သိမ်းဆည်းအပ်သော စိတ်သည် အဝိဇ္ဇာကြောင့် မတုန်လှုပ်ခြင်း၊ ၁၆။ ပညာအလင်း ရောက်သော စိတ်သည် အဝိဇ္ဇာအမိုက်မှောင်ကြောင့် မတုန်လှုပ်ခြင်း။ (ပဋိသံ။၃၈၄–၃၈၅။) (ပဋိသံ၊မြန်။၄၄၈။)

http://www.dhammadownload.com

တန်ဆာ ၂ မျိုး ၁။ မျိုအပ်သော အစာသည် အသားဌ ဆင်သော တန်ဆာ၊ ၂။ ပန်း, နံ့သာ အစရှိသည်တို့သည် အရေဌဆင်သော တန်ဆာ။ (ဇာ၊ဋ္ဌ၊၇။၁၅၄။)

တန်ဆာဆင်ခြင်း ၂ ပါး ၁။ အိမ်ရာထောင်သော လူ၏ တန်ဆာဆင်ခြင်း (အဂါရိယဝိဘူသာ)၊ ၂။ ရဟန်း၏ တန်ဆာဆင်ခြင်း (ပဗ္ဗဇိတဝိဘူသာ) ။ (မဟာနိ။၂၉၆။)

တုန်လှုပ်ခြင်း ၅ မျိုး ၁။ တဏှိဋ္ဌိတ– တဏှာကြောင့် တုန်လှုပ်ခြင်း၊ ၂။ ဒိဋ္ဌိဋ္ဌိတ– ဒိဋ္ဌိကြောင့် တုန်လှုပ်ခြင်း၊ ၄။ မာနိဋ္ဌိတ– မာနကြောင့် တုန်လှုပ်ခြင်း၊ ၄။ ကိလေသိဋ္ဌိတ– ကိလေသာ ကြောင့် တုန်လှုပ်ခြင်း၊ ၅။ ကာမိဋ္ဌိတ– ကာမကြောင့် တုန်လှုပ်ခြင်း။ (စူဠနိ။၄၁၊၅၉။)

တုန်လှုပ်ခြင်း ၉ မျိုး ၁။ ဤအရာသည် ဖြစ်၏ဟု တုန်လှုပ်ခြင်း၊ ၂။ ငါဖြစ်၏ဟု တုန်လှုပ်ခြင်း၊ ၃။ ဤဟာ ငါဖြစ်၏ဟု တုန်လှုပ်ခြင်း၊ ၄။ ဖြစ်လတ္တံ့ဟု တုန်လှုပ်ခြင်း၊ ၅။ ရုပ်ရှိသည် ဖြစ်လတ္တံ့ဟု တုန်လှုပ်ခြင်း၊ ၆။ နာမ်ရှိသည် ဖြစ်လတ္တံ့ဟု တုန်လှုပ်ခြင်း၊ ၇။ သညာရှိသည် ဖြစ်လတ္တံ့ဟု တုန်လှုပ်ခြင်း၊ ၈။ သညာမရှိသည် ဖြစ်လတ္တံ့ဟု တုန်လှုပ်ခြင်း၊ ၉။ သညာ ရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟု တုန်လှုပ်ခြင်း။ (အဘိ၊ဝိ။၄၀၄။) (အဘိ၊ဝိ၊မြန်၊၂။၅၁၁။)

တုန်လှုပ်တတ်သော တရား ၇ ပါး ၁။ ရာဂိဋ္ဌိတ– ရာဂတည်းဟူသော တုန်လှုပ်တတ်သော တရား၊ ၂။ ဒေါသိဋ္ဌိတ– ဒေါသတည်းဟူသော တုန်လှုပ်တတ်သော တရား၊ ၃။ မောဟိဋ္ဌိတ– မောဟတည်း ဟူသော တုန်လှုပ်တတ်သော တရား၊ ၄။ မာနိဋ္ဌိတ– မာနတည်းဟူသော တုန်လှုပ်တတ်သော တရား၊ ၅။ ဒိဋ္ဌိဋ္ဌိတ– ဒိဋ္ဌိတည်းဟူသော တုန်လှုပ်တတ်သော တရား၊ ၆။ ကိလေသိဋ္ဌိတ– ကိလေသာတည်းဟူသော တုန်လှုပ်တတ်သော တရား၊ ၇။ ဒုစ္စရိတိဋ္ဌိတ– ဒုစရိုက်တည်း ဟူသော တုန်လှုပ်တတ်သော တရား။ (အံ၊ဋ္ဌ၊၂။၁၀၁။)

တပ်မက်ခြင်း ရာဂကို ထူးသော ဉာဏ်ဖြင့် သိကြောင်း တရား ၂ ပါး ၁။ သမထကမ္မဋ္ဌာန်း၊ ၂။ ဝိပဿနာကမ္မဋ္ဌာန်း။ (အံ၊၁။၉၈။) (အံ၊မြန်၊၁။၁၁၅။)

တပ်မက်မှုအပေါင်း ၆ ပါး တဏှာကာယ ၆ ပါးနှင့် တူသည်။

တုပ်ဝပ်ရိုကျိုး ရိုးမှု ၄ မျိုး ၁။ ဆွေမျိုးဖြစ်၍ တုပ်ဝပ်ရိုသေမှု ပြုခြင်း၊ ၂။ ကြောက်၍ တုပ်ဝပ် ရိုသေမှု ပြုခြင်း၊ ၃။ ဆရာဖြစ်၍ တုပ်ဝပ်ရိုသေမှု ပြုခြင်း၊ ၄။ အလှူခံထိုက်သော မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်၍ တုပ်ဝပ်ရိုသေမှု ပြုခြင်း (နံပါတ်(၄) ရိုသေခြင်းသည်သာ သရဏဂုံ ဖြစ်၏။ (ဒီ၊ဋ္ဌ၊၁။၂၀၇။) (မ၊ဋ္ဌ၊၁။၁၃၇။) (အံ၊ ဋ္ဌ၊၂။၁၈။) (သာရတ္ထ၊ဋီ၊၁။၄၁၈။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၀၇။)

တဿပါပိယသိကကံ အပြုခံရသောရဟန်း ကျင့်ရမည့် တရား ၈ ပါး ၁။ ရဟန်းပဋ္ဌင်း မပြုပေး ရခြင်း၊ ၂။ နိဿရည်း မပေးရခြင်း၊ ၃။ အလုပ်အကျွေး သာမဏေများ မထားရခြင်း၊ ၄။ ရဟန်းမ များအား ဆုံးမသူဟု သမုတ်ခြင်း၊ ဘိက္ခုနောဝါဒကသမ္မုတိကို မသာယာအပ်ခြင်း၊ ၅။ ဩဝါဒ သမ္မုတိ ရသော်လည်း ရဟန်းမတို့ကို မဆုံးမအပ်ခြင်း။ ၆။ မည်သည့် သံဃသမ္မုတိကိုမျှ မသာယာအပ်ခြင်း၊ ၇။ တစ်စုံတစ်ခုသော သီးခြားဌာနဌ် အကြီးအကဲအရာ မထားအပ်ခြင်း၊

http://www.dhammadownload.com

၈။ ထိုကဲ့ပြုခံရသော ရဟန်းကို အမှူးပြု၍ အာပတ်မှ မထစေအပ်ခြင်း။ (အံ၊၃။၁၅၉။) (အံ၊မြန်၊ ၃။၁၆၁။)

တဿပါဝိယသိကဝိနည်းကံ၌ ကျင့်ဝတ် ၁၈ ပါး ဒြိမ်းချောက်မှု တဇ္ဇနီယဝိနည်းကံ၌ ကျင့်ဝတ် ၁၈ ပါးနှင့် တူသည်။

တဿပါဝိယသိကဝိနည်းကံ ပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါး တဇ္ဇနီယဝိနည်းကံ ပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါးနှင့် တူသည်။

တဿပါဝိယသိကကံ ပြုခြင်းအကြောင်း ၅ ပါး ၁။ မစင်ကြယ်သော ကာယကံ ဝစီကံနှင့် ပြည့်စုံခြင်း၊ ၂။ အလဇ္ဇီပုဂ္ဂိုလ်၏ လက္ခဏာနှင့် ပြည့်စုံခြင်း၊ ၃။ စွပ်စွဲခြင်းနှင့်တကွ ဖြစ်ခြင်း၊ ၄။ သံဃာဖြင့် ပြုခြင်း၊ ၅။ တရားနှင့် အညီအညွတ် ပြုခြင်း။ (ဝိ၊၌၊၄။၃၈။)

တိဿဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ဓမ္မစက္ကာတရားဦး ဟောတော်မူသောအခါ၌ လူ နတ် ဗြဟ္မာ ကုဋေတစ်ရာ တရားထူး ရကြသည်၊ ၂။ ဒုတိယအကြိမ် တရားဟောတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေကိုးဆယ် တရားထူး ရကြသည်၊ ၃။ တတိယအကြိမ် တရားဟောတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေခြောက်ဆယ်တို့ တရားထူးရပြီး ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၅၉။) (အပ၊မြန်၊၂။၃၅၆။)

တိဿဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပဌမအစည်းအဝေး၌ ရဟန်း ကုဋေတစ်ရာ၊ ၂။ ဒုတိယအစည်းအဝေး၌ ရဟန်း ကုဋေကိုးဆယ်၊ ၃။ တတိယအစည်းအဝေး၌ ရဟန်း ကုဋေ ရှစ်ဆယ်။ (အဘိ၊၌၊၁။၆၈။) (အပ၊၂။၃၅၉။) (ဇာ၊၌၊၁။၄၈။) (အပ၊မြန်၊၂။၃၅၇။)

တိဿဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ဗြဟ္မဒေဝထေရ်၊ ၂။ ဥဒယထေရ်။ (အဘိ၊၌၊၁။၆၈။) (ဗုဒ္ဓဝံ၊၌။၂၇၁။) (ဇာ၊၌၊၁။၄၉။)

တိဿဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ ဖုဿာထေရီ၊ ၂။ သုဒတ္တာထေရီ။ (အဘိ၊၌၊၁။၆၈။) (ဗုဒ္ဓဝံ၊၌။၂၇၁။) (ဇာ၊၌၊၁။၄၉။)

တိဿဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ ရဟာသေလ မည်သော ပြာသာဒ်ဆောင်၊ ၂။ နာရိသယမည်သော ပြာသာဒ်ဆောင်၊ ၃။ နိသဘမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၆၀။) (အပ၊မြန်၊၂။၃၅၈။)

တွေ့ထိခြင်း ၃ မျိုး ၁။ ချမ်းသာစွာ ခံစားအပ်သော တွေ့ထိခြင်း၊ ၂။ ဆင်းရဲစွာ ခံစားအပ်သော တွေ့ထိခြင်း၊ ၃။ အလယ်အလတ် ခံစားအပ်သော တွေ့ထိခြင်း။ (နေတ္တိ၊၌။၂၁၃။)

တွေ့ထိမှုအပေါင်း ၆ ပါး ၁။ မျက်စိနှင့် တွေ့ထိခြင်း စက္ခုသမ္ဖဿ၊ ၂။ နားနှင့် တွေ့ထိခြင်း သောတသမ္ဖဿ၊ ၃။ နာခေါင်းနှင့် တွေ့ထိခြင်း ဃာနသမ္ဖဿ၊ ၄။ လျှာနှင့် တွေ့ထိခြင်း ဇိဝှါသမ္ဖဿ၊ ၅။ ကိုယ်ခန္ဓာနှင့် တွေ့ထိခြင်း ကာယသမ္ဖဿ၊ ၆။ စိတ်နှင့် တွေ့ထိခြင်း မနောသမ္ဖဿ။ (မ၊၁။၆၄။) (မ၊မြန်၊၁။၇၀။)

http://www.dhammadownload.com

ထ

ထမင်းမစားနိုင်သော သူ ၅ မျိုး ၁။ အိပ်ငိုက်နေသူ၊ ၂။ ဆင်းရဲမှု နှိပ်စက်ခံနေရသူ၊ ၃။ အနာရောဂါ နှိပ်စက်ခံနေရသူ၊ ၄။ ဥပုသ်စောင့်သူ၊ ၅။ လာဘ်မရသူ။ (အံ၊၂။၅၀၃။) (အံ၊မြန်၊၂။၆၂၈။)

ထိနမိဒ္ဓပယ်ကြောင်း တရား ၆ ပါး ၁။ အလွန်စားခြင်းကြောင့် ထိနမိဒ္ဓဖြစ်မှု မဖြစ်မှု အကြောင်း နိမိတ်ကို မှတ်သားခြင်း၊ ၂။ ဣရိယာပုထ်တို့ ပြောင်းရွေ့ပေးခြင်း၊ ၃။ အာလောကသညာကို နှလုံးသွင်းခြင်း၊ ၄။ လွင်တီးခေါင် ဟင်းလင်းပြင်၌ နေခြင်း၊ ၅။ ထိနမိဒ္ဓကို ပယ်ပြီးသော မိတ်ဆွေကောင်းတို့ကို မှီဝဲခြင်း၊ ၆။ ခုတင်အကျင့်၌ မှီသော လျောက်ပတ်သော စကားကို ပြောဆိုခြင်း။ (ဒီ၊ဋ္ဌ၊၂။၃၇၀။) (မ၊ဋ္ဌ၊၁။၂၈၈။) (သံ၊ဋ္ဌ၊၃။၂၀၃။) (အံ၊ဋ္ဌ၊၁။၃၈။) (အဘိ၊ဋ္ဌ၊၂။၂၆၀။) (ဣတိ၀ုတ်၊ဋ္ဌ။၃၄၁။) (ဒီ၊ဋီ၊၁။၂၆၁။) (ဒီ၊ဋ္ဌ၊မြန်၊၂။၆၈၆။) (ဒီ၊ဋ္ဌ၊မြန်၊၂။၆၈၆။)

ထိနမိဒ္ဓနိဝရဏ ပယ်ကြောင်း တရား ၆ ပါး ထိနမိဒ္ဓပယ်ကြောင်း တရား ၆ ပါးနှင့် တူသည်။

ထီး ၃ မျိုး (ဘုရားရှင် ခွင့်ပြုအပ်သော ထီး ၃ မျိုး) ၁။ သေတစ္ဆတ္တ– ထီးဖြူ၊ ၂။ ကိလဉ္ဇစ္ဆတ္တ– ဖျာရက်သကဲ့သို့ နှီးဖြင့် ပြုလုပ်ထားသော ထီး (ဖျာထီး။)၊ ၃။ ပဏ္ဏစ္ဆတ္တ– သစ်ရွက်ထီး။ (ဝိ၊၂။၂၆၂။) (ဝိ၊၂။၄၅၁။) (ဝိ၊ဋ္ဌ၊၃။၃၈၅။) (ဝိ၊မြန်၊၂။၂၉၇။) (ဝိ၊မြန်၊၂။၅၁၃။)

ထီးနှင့် ယောဂီ အင်္ဂါ ၃ ပါး ၁။ ထီးသည် ဦးထိပ်ထက်၌ တည်လျက် လှည့်လည်ကျက်စားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ကိလေသာတို့၏ ဦးထိပ်အထက်၌ တည်လျက် လှည့်လည်ကျက်စားရခြင်း)၊ ၂။ ထီးသည် ဦးထိပ်၌ ထောက်ပံ့တတ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းဟူသော အထောက်အပံ့ ရှိရခြင်း)၊ ၃။ ထီးသည် လေပူနေပူ ထိုးပေါက်တို့ကို ပယ်ဖျောက်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အထူးထူး အပြားပြားသော သမဏဗြာဟ္မဏတို့၏ အယူဟူသော လေ, ရာဂ ဒေါသ မောဟတည်းဟူသော မီးပူ, ကိလေသာတည်းဟူသော မိုးရေပေါက်တို့ကို ပယ်ဖျောက်ရခြင်း)။ (မိလိန္ဒ။၄၀၂။) (မိလိန္ဒ၊မြန်။၄၂၄။)

ထီးလှူရကျိုး ၈ ပါး ၁။ အအေးကို မသိရခြင်း၊ ၂။ အပူကို မသိရခြင်း၊ ၃။ မြူမှုန် အညစ်အကြေး မလိမ်းကျန် မကပ်ငြိခြင်း၊ ၄။ ဥပါဒ်ဘေးရန် အန္တရာယ် မရှိခြင်း၊ ၅။ အမြဲတမ်း ရိုသေ မြတ်နိုးပူဇော်မှု ခံရခြင်း၊ ၆။ သိမ်မွေ့နူးညံ့သော အရေအဆင်း ရှိခြင်း၊ ၇။ စိတ်ဓာတ် သန့်ရှင်း ကြည်လင်ခြင်း၊ ၈။ တန်ဆာဆင်အပ်သော ထီးတစ်သိန်းတို့သည် ဦးထိပ်၌ ဆောင်းမိုး ထားခြင်း။ (အပ၊၁။၃၅၈။) (အပ၊မြန်၊၁။၃၆၆။)

ထူးမြတ်သော တရား ၂ ပါး ၁။ လူ့ဘောင်မှ ထွက်ခွာ၍ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်း ပြုပြီး ရဟန်းသာမဏေတို့အား သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတို့ကို စွန့်လွှတ် လှူဒါန်းခြင်း၊ ၂။ လူ့ဘောင်မှ ထွက်ခွါ၍ ရဟန်းဘောင်သို့ ဝင်ရောက်ရဟန်းပြုပြီး ခပ်သိမ်းသော ဥပဓိတို့ကို စွန့်လွှတ်လျက် တဏှာကုန်ရာ အရဟတ္တဖိုလ်နိဗ္ဗာန်သို့ ရောက်ခြင်း။ (နေတ္တိ၊ဋ္ဌ။၁၃၈။)

ထူးသောဉာဏ်ဖြင့် ပိုင်းခြားသိအပ်သော တရား ၅ ပါး ၁။ ရူပုပါဒါနက္ခန္ဓာ၊ ၂။ ဝေဒနုပါဒါ

http://www.dhammadownload.com

နက္ခန္တာ၊ ၃။ သညုပါဒါနက္ခန္ဓာ၊ ၄။ သင်္ခါရုပါဒါနက္ခန္ဓာ၊ ၅။ ဝိညာဏုပါဒါနက္ခန္ဓာ။ (သံ၊၃။၄၈။) (သံ၊မြန်၊၃။၅၁။)

ထူးသော ဉာဏ်ဖြင့် သိ၍ ပယ်အပ်သော တရား ၂ ပါး ၁။ အဝိဇ္ဇာ၊ ၂။ ဘဝတဏှာ။ (သံ၊၃။၄၈။) (သံ၊မြန်၊၃။၅၁။)

ထူးသောဉာဏ်ဖြင့် သိ၍ ပွားများအပ်သော တရား ၂ ပါး ၁။ သမထ–နိဝရဏတရားတို့ကို ငြိမ်းစေတတ်သော သမာဓိ၊ ၂။ ဝိပဿနာ– အနိစ္စ အစရှိသည်၏ အစွမ်းဖြင့် အထူးထူး အပြားပြားအားဖြင့် ရှုခြင်း။ (သံ၊၃။၄၈။) (သံ၊မြန်၊၃။၅၁။)

ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုအပ်သော တရား ၂ ပါး ၁။ ဝိဇ္ဇာ– ဝိဇ္ဇာ ၃ ပါး, ဝိဇ္ဇာ ၈ ပါး၊ ၂။ ဝိမုတ္တိ– ကိလေသာမှ လွတ်သော အရဟတ္တဖိုလ်။ (သံ၊၃။၄၈။) (သံ၊မြန်၊၃။၅၁။)

ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၂ ပါး ၁။ ပြုပြင်အပ်သော သင်္ခတဓာတ်၊ ၂။ မပြုပြင်အပ်သော အသင်္ခတဓာတ်။ (ဒီ၊၃။၂၂၉။) (ဒီ၊မြန်၊၃။၂၅၁။)

ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၃ ပါး ၁။ ကာမဓာတ်၊ ၂။ ရူပဓာတ်၊ ၃။ အရူပဓာတ်။ (ဒီ၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၅၂။)

ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၄ ပါး ၁။ ဆင်းရဲခြင်းဟု အရိယာတို့ သိအပ်သော အမှန်တရား– ဒုက္ခအရိယသစ္စာ၊ ၂။ ဆင်းရဲဖြစ်ကြောင်းဟု အရိယာတို့သိအပ်သော အမှန်တရား– ဒုက္ခသမုဒယအရိယသစ္စာ၊ ၃။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ဟု အရိယာတို့ သိအပ်သော အမှန်တရား– ဒုက္ခနိရောဓအရိယသစ္စာ၊ ၄။ ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟု အရိယာတို့သိအပ်သော အမှန်တရား– ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာ။ (ဒီ၊၃။၂၃၁။) (ဒီ၊မြန်၊၃။၂၅၃။)

ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၅ ပါး ကိလေသာမှ လွတ်မြောက်ကြောင်း ၅ ပါးနှင့် တူသည်။

ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၆ ပါး ၁။ အမြတ်ဆုံးသော မြင်ရခြင်း၊ ၂။ အမြတ်ဆုံးသော ကြားရခြင်း၊ ၃။ အမြတ်ဆုံးသော လာဘ်ရခြင်း၊ ၄။ အမြတ်ဆုံးသော အကျင့်ကို ကျင့်ရခြင်း၊ ၅။ အမြတ်ဆုံးသော လုပ်ကျွေးခြင်း၊ ၆။ အမြတ်ဆုံးသော အောက်မေ့ခြင်း။ (ဒီ၊၃။၂၃၉။) (ဒီ၊မြန်၊၃။၂၆၂။)

ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၇ ပါး ၁။ သိက္ခာ (၃) ပါးကို စောင့်ထိန်းခြင်း၌ ထက်သော ဆန္ဒရှိခြင်းနှင့် သိက္ခာ (၃) ပါးကို စောင့်ထိန်းခြင်း၌ မကင်းသော တောင့်တခြင်း ရှိ၏၊ ၂။ တရားကို ဆင်ခြင်ခြင်း၌ ထက်သော ဆန္ဒရှိခြင်းနှင့် တရားကို ဆင်ခြင်ခြင်း၌ မကင်းသော တောင့်တခြင်း ရှိ၏၊ ၃။ တဏှာကို ဖျက်ဆီးခြင်း၌ ထက်သော ဆန္ဒရှိခြင်းနှင့် တဏှာကို ဖျက်ဆီးခြင်း၌ မကင်းသော တောင့်တခြင်း ရှိ၏၊ ၄။ တစ်ယောက်ထီးတည်း နေခြင်း၌ ထက်သော ဆန္ဒရှိခြင်းနှင့် တစ်ယောက်ထီးတည်း နေခြင်း၌ မကင်းသော တောင့်တခြင်း ရှိ၏၊ ၅။ သမ္မပ္ပဓာန်လုံ့လကို ချီးမြှောက်ခြင်း၌ ထက်သော ဆန္ဒရှိခြင်း သမ္မပ္ပဓာန်လုံ့လကို ချီးမြှောက်ခြင်း၌

http://www.dhammadownload.com

မကင်းသော တောင့်တခြင်း ရှိ၏၊ ၆။ သတိပညာ၌ ထက်သော ဆန္ဒ ရှိခြင်းနှင့် သတိပညာ၌ မကင်းသော တောင့်တခြင်း ရှိ၏၊ ၇။ အရိယာမဂ်ကို သိမြင်ခြင်း၌ ထက်သော ဆန္ဒရှိခြင်းနှင့် အရိယာမဂ်ကို သိမြင်ခြင်း၌ မကင်းသော တောင့်တခြင်း ရှိ၏။ (ဒီ၊၃။၂၄၂၂။) (ဒီ၊မြန်၊၃။၂၆၅။)

ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၈ ပါး ၁။ မိမိသန္တာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသောအဆင်း မကောင်းသော အဆင်းရှိသော ငယ်သော (ကသိဏ်း) ရုပ်ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ သိသည် မြင်သည်ဟု အမှတ်သညာရှိ၏၊ ဤကား ပဌမ အဘိဘာယတနစျာန်တည်း၊ ၂။ မိမိသန္တာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ကြီးသော (ကသိဏ်း) ရုပ်ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ သိသည် မြင်သည်ဟု အမှတ်သညာ ရှိ၏၊ ဤကား ဒုတိယ အဘိဘာယတနစျာန်တည်း၊ ၃။ မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်၊ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ငယ်သော (ကသိဏ်း) ရုပ်ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ သိသည် မြင်သည်ဟု အမှတ်သညာ ရှိ၏၊ ဤကား တတိယ အဘိဘာယတနစျာန်တည်း၊ ၄။ မိမိသန္တာန်၌ အဆင်းရုပ်ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်းသော အဆင်း မကောင်းသော အဆင်းရှိသော ကြီးသော (ကသိဏ်း) ရုပ်ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ သိသည် မြင်သည်ဟု အမှတ်သညာ ရှိ၏၊ ဤကား စတုတ္ထ အဘိဘာယတန စျာန်တည်း၊ ၅။ မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမှတ်၊ အပသန္တာန်၌ ညိုသော အဆင်း ညိုသော (ကသိဏ်း) ရုပ်ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ သိသည် မြင်သည်ဟု အမှတ်သညာ ရှိ၏၊ ဤကား ပဉ္စမ အဘိဘာယတနစျာန်တည်း၊ ၆။ မိမိသန္တာန်၌ အဆင်း ရုပ်ကို မရှုမှတ်၊ အပသန္တာန်၌ ဝါရွေသော အဆင်း ဝါရွေသော (ကသိဏ်း) ရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ သိသည် မြင်သည်ဟု အမှတ်သညာ ရှိ၏၊ ဤကား ဆဋ္ဌ အဘိဘာယတနစျာန်တည်း၊ ၇။ မိမိသန္တာန်၌ အဆင်းကို မရှုမှတ်၊ အပသန္တာန်၌ နီသောအဆင်း နီသော (ကသိဏ်း) ရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ သိသည် မြင်သည်ဟု အမှတ်သညာရှိ၏၊ ဤကား သတ္တမ အဘိဘာယတန စျာန်တည်း၊ ၈။ မိမိသန္တာန်၌ အဆင်းကို မရှုမှတ်၊ အပသန္တာန်၌ ဖြူသောအဆင်း ဖြူသော (ကသိဏ်း) ရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ သိသည် မြင်သည်ဟု အမှတ်သညာရှိ၏၊ ဤကား အဋ္ဌမ အဘိဘာယတနစျာန်တည်း။ (ဒီ၊၃။၂၅၀။) (ဒီ၊မြန်၊၃။၂၇၃။)

ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၉ ပါး ၁။ ပဌမစျာန်သို့ ရောက်၍ နေခြင်း၊ ၂။ ဒုတိယ စျာန်သို့ ရောက်၍ နေခြင်း၊ ၃။ တတိယစျာန်သို့ ရောက်၍ နေခြင်း၊ ၄။ စတုတ္ထစျာန်သို့ ရောက်၍ နေခြင်း၊ ၅။ အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍ နေခြင်း၊ ၆။ ဝိညာဏဉ္စာယတနစျာန်သို့ ရောက်၍ နေခြင်း၊ ၇။ အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေခြင်း၊ ၈။ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍ နေခြင်း၊ ၉။ သညာဝေဒနာတို့၏ ချုပ်ခြင်း (နိရောဓသမာပတ်) သို့ ရောက်၍ နေခြင်း။ (ဒီ၊၃။၂၅၄။) (ဒီ၊မြန်၊၃။၂၇၈။)

ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၁၀ ပါး ၁။ မှန်သော အယူရှိသူအား မှားသော မိစ္ဆာအယူသည် ပျက်စီး၏၊ ၂။ မှန်သော အကြံရှိသူအား မှားသော အကြံသည် ပျက်စီး၏၊ ၃။ မှန်စွာပြောဆိုသူအား မှားသော စကားသည် ပျက်စီး၏၊ ၄။ မှန်သောအမှုကို ပြုသူအား

http://www.dhammadownload.com

မှားသော အမှုကို ပြုခြင်းသည် ပျက်စီး၏၊ ၅။ မှန်သော အသက်မွေးခြင်းရှိသူအား မှားသော အသက်မွေးခြင်းသည် ပျက်စီး၏၊ ၆။ မှန်သော အားထုတ်ခြင်းရှိသူအား မှားသော အားထုတ်ခြင်းသည် ပျက်စီး၏၊ ၇။ မှန်သော အောက်မေ့ခြင်းရှိသူအား မှားသော အောက်မေ့ခြင်းသည် ပျက်စီး၏၊ ၈။ မှန်သော တည်ကြည်ခြင်းရှိသူအား မှားသော တည်ကြည်ခြင်းသည် ပျက်စီး၏၊ ၉။ မှန်သော အသိဉာဏ်ရှိသူအား မှားသော အသိဉာဏ်သည် ပျက်စီး၏၊ ၁၀။ မှန်သော လွတ်မြောက်ခြင်းရှိသူအား မှားသော လွတ်မြောက်ခြင်းသည် ပျက်စီး၏။ (ဒီ၊၃။၂၅၉။) (ဒီ၊မြန်၊ ၃။၂၈၃။)

ထူးသော အဖို့ရှိသော တရား ၂ ပါး ၁။ ဆုံးမလွယ်ခြင်း၊ ၂။ ကောင်းသော အဆွေခင်ပွန်း ရှိခြင်း။ (ဒီ၊၃။၂၂၈။) (ဒီ၊မြန်၊၃။၂၅၁။)

ထူးသော အဖို့ရှိသော တရား ၃ ပါး ၁။ အလောဘဟူသော ကုသိုလ်မူလ၊ ၂။ အဒေါသဟူသော ကုသိုလ်မူလ၊ ၃။ အမောဟဟူသော ကုသိုလ်မူလ။ (ဒီ၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၅၂။)

ထူးသော အဖို့ရှိသော တရား ၄ ပါး ၁။ ကာမယောဂဝိသံယောဂ–ကာမယောဂနှင့် မယှဉ်ခြင်း, ကာမယောဂမှ ကင်းခြင်း၊ ၂။ ဘဝယောဂဝိသံယောဂ– ဘဝယောဂမှ ကင်းကြောင်းတရား၊ ၃။ ဒိဋ္ဌိယောဂဝိသံယောဂ– ဒိဋ္ဌိယောဂနှင့် မယှဉ်သော, ဒိဋ္ဌိယောဂနှင့် ကင်းကွာသော တရား၊ ၄။ အဝိဇ္ဇာယောဂဝိသံယောဂ– ဒိဋ္ဌိယောဂနှင့် မယှဉ်သော, ဒိဋ္ဌိယောဂနှင့် ကင်းကွာသော တရား။ (ဒီ၊၃။၂၃၁။) (ဒီ၊မြန်၊၃။၂၅၃။)

ထူးသော အဖို့ရှိသော တရား ၅ ပါး ၁။ သဒ္ဓါန္ဒြေ၊ ၂။ ဝီရိယိန္ဒြေ၊ ၃။ သတိန္ဒြေ၊ ၄။ သမာဓိန္ဒြေ၊ ၅။ ပညိန္ဒြေ။ (ဒီ၊၃။၂၃၃။) (ဒီ၊မြန်၊၃။၂၅၅။)

ထူးသော အဖို့ရှိသော တရား ၆ ပါး ၁။ ဘုရား၌ ရှိသေလေးစားခြင်း၊ ၂။ တရားတော်၌ ရှိသေလေးစားခြင်း၊ ၃။ သံဃာတော်၌ ရှိသေလေးစားခြင်း၊ ၄။ သိက္ခာ (၃) ပါး၌ ရှိသေလေးစားခြင်း၊ ၅။ မမေ့မလျော့ခြင်း (ကောင်းသော အကျင့်) ၌ ရှိသေလေးစားခြင်း၊ ၆။ ပဋိသန္ထာရ (ပျူငှာစွာ ဆက်ဆံခြင်း) ၌ ရှိသေလေးစားခြင်း။ (ဒီ၊၃။၂၃၈။) (ဒီ၊မြန်၊၃။၂၆၁။)

ထူးသော အဖို့ရှိသော တရား ၈ ပါး ၁။ ငါသည် အမှုကိစ္စကို ပြုရအံ့၊ အမှုကိစ္စပြုသော ငါသည် ဘုရား၏အဆုံးအမကို နှလုံးသွင်းရန် မလွယ်၊ မျက်မှောက် မပြုရသေးသော တရားကို မျက်မှောက်ပြုခြင်းငှာ ဝီရိယကို ဖြစ်စေအံ့ဟု စိတ်အကြံဖြစ်ကာ ဝီရိယကို ဖြစ်စေ၏၊ ဤကား ရွေးဦးစွာသော အားထုတ်ခြင်း၏ အကြောင်း၊ ၂။ ငါသည် အမှုကိစ္စကို ပြုပြီးပြီ၊ အမှုကိစ္စပြုသော ငါသည် ဘုရား၏အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ မျက်မှောက် မပြုရသေးသော တရားကို မျက်မှောက်ပြုခြင်းငှာ ဝီရိယကို ဖြစ်စေအံ့ဟု စိတ်အကြံဖြစ်ကာ ဝီရိယကို ဖြစ်စေ၏၊ ဤကား နှစ်ခုမြောက်သော အားထုတ်ခြင်း၏ အကြောင်း၊ ၃။ ငါသည် ခရီးသွားရအံ့၊ အမှုကိစ္စပြုသော ငါသည် ဘုရား၏ အဆုံးအမကို နှလုံးသွင်းရန် မလွယ်၊ ဝီရိယကို ဖြစ်စေအံ့ဟု စိတ်အကြံဖြစ်ကာ ဝီရိယကို ဖြစ်စေ၏၊ ဤကား သုံးခုမြောက်သော အားထုတ်ခြင်း၏ အကြောင်း၊ ၄။ ငါသည် ခရီးသွားပြီးပြီ အမှုကိစ္စပြုသော ငါသည် ဘုရား၏ အဆုံးအမကို နှလုံးသွင်းရန် မစွမ်းနိုင်၊ ဝီရိယကို ဖြစ်စေအံ့ဟု စိတ်အကြံဖြစ်ကာ ဝီရိယကို

http://www.dhammadownload.com

ဖြစ်စေ၏၊ ဤကား လေးခုမြောက်သော အားထုတ်ခြင်း၏ အကြောင်း၊ ၅။ ဆွမ်းခံ သွားသည် ရှိသော် ကြမ်းသော နုသော ဆွမ်းဘောဇဉ်ကို ပြည့်စုံအောင် မရ၊ ကိုယ်သည် ပေါ့၏၊ အမှုကိစ္စပြုရန် ခဲ့၏၊ ဝီရိယကို ဖြစ်စေအံ့ဟု စိတ်အကြံဖြစ်ကာ ဝီရိယကို ဖြစ်စေ၏၊ ဤကား ငါးခုမြောက်သော အားထုတ်ခြင်း၏ အကြောင်း၊ ၆။ ဆွမ်းခံသွားသည်ရှိသော် ကြမ်းသော နုသော ဆွမ်းဘောဇဉ်ကို ပြည့်စုံအောင် ရခဲ့၏၊ ကိုယ်သည် အားရှိ၏၊ အမှုကိစ္စပြုရန် ခဲ့၏၊ ဝီရိယကို ဖြစ်စေအံ့ဟု စိတ်အကြံဖြစ်ကာ ဝီရိယကို ဖြစ်စေ၏၊ ဤကား ခြောက်ခုမြောက်သော အားထုတ်ခြင်း၏ အကြောင်း၊ ၇။ အနည်းငယ်မျှသော အနာသည် ဖြစ်၏၊ အနာသည် တိုးပွားရာသော အကြောင်းရှိ၏၊ ဝီရိယကို ဖြစ်စေအံ့ဟု စိတ်အကြံ ဖြစ်ကာ ဝီရိယကို ဖြစ်စေ၏၊ ဤကား ခုနစ်ခုမြောက်သော အားထုတ်ခြင်း၏ အကြောင်း၊ ၈။ အနာမှ ထ၏၊ အနာမှ ထ၍ မကြာသေး၊ ပြန်ဖြစ်ရာသော အကြောင်းရှိ၏၊ ဝီရိယကို ဖြစ်စေအံ့ဟု စိတ်အကြံဖြစ်ကာ ဝီရိယကို ဖြစ်စေ၏၊ ဤကား ရှစ်ခုမြောက်သော အားထုတ်ခြင်း၏ အကြောင်း။ (ဒီ၊၃။၂၄၇။) (ဒီ၊မြန်၊၃။၂၇၀။)

ထူးသော အဖို့ရှိသော တရား ၉ ပါး ၁။ ငါ၏ အကျိုးမဲ့ကို ပြုဖူးသည်ဟု ထိုအကျိုးမဲ့ ပြုခြင်းကို ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေ၏၊ ၂။ ငါ၏ အကျိုးမဲ့ကို ပြုနေဆဲဟု ထိုအကျိုးမဲ့ပြုခြင်းကို ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေ၏၊ ၃။ ငါ၏ အကျိုးမဲ့ကို ပြုလတ္တံ့ဟု ထိုအကျိုးမဲ့ပြုခြင်းကို ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေ၏၊ ၄။ ငါချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုဖူးပြီဟု ထိုအကျိုးမဲ့ပြုခြင်းကို ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေ၏၊ ၅။ ငါချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုနေဆဲဟု ထိုအကျိုးမဲ့ပြုခြင်းကို ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေ၏၊ ၆။ ငါ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုလတ္တံ့ဟု ထိုအကျိုးမဲ့ပြုခြင်းကို ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေ၏၊ ၇။ ငါ မနှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုဖူးသည်ဟု ထိုအကျိုးမဲ့ပြုခြင်းကို ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေ၏၊ ၈။ ငါ မနှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုနေဆဲဟု ထိုအကျိုးမဲ့ပြုခြင်းကို ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေ၏၊ ၉။ ငါ မနှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုလတ္တံ့ဟု ထိုအကျိုးမဲ့ပြုခြင်းကို ထိုပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေ၏။ (ဒီ၊၃။၂၅၄။) (ဒီ၊မြန်၊၃။၂၇၇။)

ထူးသော အဖို့ရှိသော တရား ၁၀ ပါး ၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ မပေးသည်ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၆။ ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ လွန်စွာ မမက်မောခြင်း၊ ၉။ မပျက်စီးစေလိုခြင်း၊ ၁၀။ မှန်သော အယူရှိခြင်း။ (ဒီ၊၃။၂၅၇။) (ဒီ၊မြန်၊၃။၂၈၁။)

http://www.dhammadownload.com

ထူးသော အဖို့ရှိသော တရား ၇ ပါး ၁။ သဒ္ဓါတရား ရှိခြင်း၊ ၂။ ရှက်ခြင်း ရှိခြင်း၊ ၃။ ကြောက်လန့်ခြင်း ရှိခြင်း၊ ၄။ အကြားအမြင် များခြင်း၊ ၅။ အားထုတ်သော ဝီရိယရှိခြင်း၊ ၆။ ထင်သော သတိရှိ၏၊ ၇။ ပညာရှိခြင်း။ (ဒီ၊၃။၂၄၂။) (ဒီ၊မြန်၊၃။၂၆၅။)

ထေယျသံဝါသက ၃ မျိုး ၁။ လိင်္ဂတ္ထေနက– ရှင် ရဟန်း အသွင်ကို ခိုးယူခြင်း၊ ၂။ သံဝါသတ္ထေနက– ငါ ဆယ်ဝါရပြီ ဆယ့်ငါးဝါရပြီ စသည်ဖြင့် ပေါင်းသင်းခြင်းကို ခိုးယူခြင်း၊ ၃။ ဥဘယတ္ထေနက– အထက်ပါ နှစ်မျိုးလုံးကို ခိုးယူခြင်း။ (ဝိ၊၆။၃။၂၉၈။)

ထေယျသတ္ထသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ ခိုးသူ ကုန်သည်အပေါင်း ဖြစ်ခြင်း၊ ၂။ ခိုးသူ ကုန်သည်မှန်း သိလျက် တိုင်ပင်၍ အချိန်းအချက် ပြုခြင်း၊ ၃။ အချိန် စသည် မရွှေတ်ယွင်းဘဲ သွားခြင်း။ (ဝိမတိ၊၂။၄၇။)

ထေယျသတ္ထသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ခိုးမှု ပြုပြီး, မပြုရသေးသော ခိုးသူ ကုန်သည်အပေါင်း ဖြစ်ခြင်း၊ ၂။ သိခြင်း၊ ၃။ အချိန်းအချက် ပြုခြင်း၊ ၄။ အချိန်အခါ, နေ့ရက် ရွှေတ်ယွင်းမှု မရှိဘဲ သွားခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၆။)

ထေယျာဝဟာရ စသော ခိုးခြင်း ၅ မျိုး ၁။ ထေယျာဝဟာရ– ခိုးသူ၏ ဖြစ်ကြောင်း ဖြစ်ရာ ချိန်စဉ်းလဲ တင်းစဉ်းလဲ စသည်ဖြင့် လှည့်ပတ်၍ ခိုးခြင်း၊ ၂။ ပသယျာဝဟာရ– လွှမ်းမိုးနှိပ်စက် အနိုင်ထက်ပြု၍ ခိုးခြင်း၊ ၃။ ပရိကပ္ပါဝဟာရ– ဘဏ္ဍာကို ဖြစ်စေ, ယူရာအရပ်ကို ဖြစ်စေ ကြံဆ၍ ခိုးခြင်း၊ ၄။ ပဋိစ္ဆန္နာဝဟာရ– မြက်စသည်ဖြင့် ဖုံးကွယ်ထားပြီး နောက်မှ ခိုးယူခြင်း၊ ၅။ ကုသာဝဟာရ– မဲလိပ်ရွှေ့ပြောင်း၍ ခိုးခြင်း။ (ဝိ၊၆၊၁။၂၆၄။)

ထေရကရဏ တရား ၄ ပါး ၁။ သီလရှိခြင်း၊ ၂။ ပိဋကအကြားအမြင် များခြင်း၊ ၃။ ဈာန်လေးပါး တို့ကို ရရှိခြင်း၊ ၄။ အာသဝေါကုန်ခန်း ရဟန္တာဖြစ်ခြင်း။ (ဒီ၊၆၊၃။၁၈၁။)

ထေရဂါထာ၌ နိပါတ်ပေါင်း ၂၁ မျိုး ၁။ ဧကနိပါတ်၊ ၂။ ဒုကနိပါတ်၊ ၃။ တိကနိပါတ်၊ ၄။ စတုက္ကနိပါတ်၊ ၅။ ပဉ္စကနိပါတ်၊ ၆။ ဆက္ကနိပါတ်၊ ၇။ သတ္တကနိပါတ်၊ ၈။ အဋ္ဌကနိပါတ်၊ ၉။ နဝကနိပါတ်၊ ၁၀။ ဒသကနိပါတ်၊ ၁၁။ ဧကာဒသကနိပါတ်၊ ၁၂။ ဒွါဒသကနိပါတ်၊ ၁၃။ တေရသနိပါတ်၊ ၁၄။ စုဒ္ဒသနိပါတ်၊ ၁၅။ သောဠသနိပါတ်၊ ၁၆။ ဝီသတိနိပါတ်၊ ၁၇။ တိံသနိပါတ်၊ ၁၈။ စတ္တာလီသနိပါတ်၊ ၁၉။ ပညာသနိပါတ်၊ ၂၀။ သဋ္ဌိနိပါတ်၊ ၂၁။ သတ္တတိနိပါတ်။ (ထေရ၊၆၊၁။၃။)

ထေရီဂါထာ၌ နိပါတ်ပေါင်း ၁၆ မျိုး ၁။ ဧကနိပါတ်၊ ၂။ ဒုကနိပါတ်၊ ၃။ တိကနိပါတ်၊ ၄။ စတုက္ကနိပါတ်၊ ၅။ ပဉ္စကနိပါတ်၊ ၆။ ဆက္ကနိပါတ်၊ ၇။ သတ္တကနိပါတ်၊ ၈။ အဋ္ဌကနိပါတ်၊ ၉။ နဝကနိပါတ်၊ ၁၀။ ဧကာဒသကနိပါတ်၊ ၁၁။ ဒွါဒသကနိပါတ်၊ ၁၂။ သောဠသကနိပါတ်၊ ၁၃။ ဝီသတိနိပါတ်၊ ၁၄။ တိံသနိပါတ်၊ ၁၅။ စတ္တာလီသနိပါတ်၊ ၁၆။ မဟာနိပါတ်။ (ထေရ၊၆၊၁။၄။)

ထောပတ်ကြည်၏ ဂုဏ် ၃ ပါး ၁။ အဆင်းနှင့် ပြည့်စုံခြင်း၊ ၂။ အနံ့နှင့် ပြည့်စုံခြင်း၊ ၃။ အရသာနှင့် ပြည့်စုံခြင်း။ (မိလိန္ဒ။၃၀၈။) (မိလိန္ဒ၊မြန်။၃၂၉။)

http://www.dhammadownload.com

ထောပတ် လှူရကျိုး ၅ ပါး ၁။ ခွန်အားဗလနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၂။ ရုပ်အဆင်း လှပတင့်တယ်သူ ဖြစ်ခြင်း၊ ၃။ ရွှင်လန်းဝမ်းမြောက်ဖွယ် ဖြစ်သော သား (သမီး) ရှိသူ ဖြစ်ခြင်း၊ ၄။ အနာရောဂါကင်းသူ ဖြစ်ခြင်း၊ ၅။ သန့်ရှင်းစင်ကြယ်သူ ဖြစ်ခြင်း။ (အပ၊၁။၃၆၈။) (အပ၊မြန်၊ ၁။၃၇၈။)

ထိုးထွင်း၍ သိနိုင်ခဲသော တရား ၂ ပါး ၁။ သတ္တဝါတို့၏ ညစ်ညူးခြင်းအကြောင်း၊ ၂။ သတ္တဝါတို့၏ စင်ကြယ်ခြင်းအကြောင်း။ (ဒီ၊၃။၂၂၉။) (ဒီ၊မြန်၊၃။၂၅၁။)

ထိုးထွင်း၍ သိနိုင်ခဲသော တရား ၃ ပါး ၁။ ကာမတရားတို့မှ အလုံးစုံ ထွက်မြောက်**ကြောင်း** ဖြစ်သော(အနာဂါမိမဂ်)နေကွမ္မတော်၊ ၂။ရုပ်တရားတို့မှ အလုံးစုံ ထွက်မြောက်ကြောင်းဖြစ်သော (အရဟတ္တမဂ်၏ အခြေခံ) အရူပတော်၊ ၃။ သခ်ိတတရားတို့၏ ချုပ်ငြိမ်းကြောင်း ဖြစ်သော (အရဟတ္တဖိုလ်) နိဗ္ဗာနတော်။ (ဒီ၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၅၂။)

ထိုးထွင်း၍ သိနိုင်ခဲသော တရား ၄ ပါး ၁။ ယုတ်သော အဖို့ရှိသော သမာဓိ၊ ၂။ မတိုးမဆုတ် တန့်ရပ်သော အဖို့ရှိသော သမာဓိ၊ ၃။ ထူးသော အဖို့ရှိသော သမာဓိ၊ ၄။ သံသရာ၌ငြိုးငွေ့သော အဖို့ရှိသော (နိဗ္ဗာန်နှင့် စပ်သော။) သမာဓိ။ (ဒီ၊၃။၂၃၁။) (ဒီ၊မြန်၊၃။၂၅၃။)

ထိုးထွင်း၍ သိနိုင်ခဲသော တရား ၅ ပါး ၁။ ကာမဂုဏ်တို့မှ လွတ်မြောက်ခြင်း၊ ၂။ ဗျာပါဒမှ လွတ်မြောက်ခြင်း၊ ၃။ ညှဉ်းဆဲခြင်း ဝိဟေသမှ လွတ်မြောက်ခြင်း၊ ၄။ ရုပ်တရားတို့မှ လွတ်မြောက်ခြင်း၊ ၅။ ဥပါဒါနက္ခန္ဓာအပေါင်း သက္ကာယမှ လွတ်မြောက်ခြင်း။ (ဒီ၊၃။၂၃၃။) (ဒီ၊မြန်၊၃။၂၅၅။)

ထိုးထွင်း၍ သိနိုင်ခဲသော တရား ၆ ပါး ၁။ ကိလေသာမှ လွတ်သော မေတ္တာနှင့် ယှဉ်သော စိတ်သည် ဒေါသမှ ထွက်မြောက်ခြင်း (မေတ္တာစေတောဝိမုတ္တိ)၊ ၂။ ကိလေသာမှ လွတ်သော ကရုဏာနှင့် ယှဉ်သော စိတ်သည် 'ဝိဟေသတရား'မှ ထွက်မြောက်ခြင်း (ကရုဏာစေတောဝိမုတ္တိ)၊ ၃။ ကိလေသာမှ လွတ်သော မုဒိတာနှင့် ယှဉ်သော စိတ်သည် မမွေ့လျော်ခြင်း 'အရတိတရား'မှ ထွက်မြောက်ခြင်း (မုဒိတာစေတောဝိမုတ္တိ)၊ ၄။ ကိလေသာမှ လွတ်သော ဥပေက္ခာနှင့် ယှဉ်သော စိတ်သည် စွဲမက်ခြင်း 'ရာဂ'မှ ထွက်မြောက်ခြင်း (ဥပေက္ခာစေတောဝိမုတ္တိ)၊ ၅။ အရဟတ္တဖိုလ်စိတ်သည် အလုံးစုံသော ရာဂ စသော နိမိတ်တို့မှ ထွက်မြောက်ခြင်း (အနိမိတ္တစေတောဝိမုတ္တိ)၊ ၆။ ငါဟူသော 'မာန'ကို အကြွင်းမဲ့ ဖြတ်ခြင်းသည် ယုံမှားခြင်း 'ဝိစိကိစ္ဆာ'ငြောင့်မှ ထွက်မြောက်ခြင်း (အသမ္မိမာနသမုဂ္ဃါတ) ။ (ဒီ၊၃။၂၃၈။) (ဒီ၊မြန်၊၃။၂၆၁။)

ထိုးထွင်း၍ သိနိုင်ခဲသော တရား ၇ ပါး ၁။ ပါဠိကို သိခြင်း၊ ၂။ အနက်ကို သိခြင်း၊ ၃။ မိမိကိုယ်ကို သိခြင်း၊ ၄။ အတိုင်းအရှည်ကို သိခြင်း၊ ၅။ အခါကို သိခြင်း၊ ၆။ ပရိသတ်ကို သိခြင်း၊ ၇။ ပုဂ္ဂိုလ်ကို သိခြင်း။ (ဒီ၊၃။၂၄၂။) (ဒီ၊မြန်၊၃။၂၆၅။)

ထိုးထွင်း၍ သိနိုင်ခဲသော တရား ၈ ပါး ၁။ လောကဓ္ဓံ ဘုရားပွင့်တော်မူ၏၊ သစ္စာ ၄ ပါး တရားကိုလည်း ဟောတော်မူ၏၊ သို့သော် ပုဂ္ဂိုလ်သည် ငရဲဘုံသို့ ရောက်နေ၏၊ ဤကား မြတ်သော အကျင့်ကို ကျင့်ခြင်းငှာ အခွင့်မဟုတ်သော ရွေးဦးစွာသော အကွဏတည်း၊ ၂။ လောကဓ္ဓံ ဘုရားပွင့်တော်မူ၏၊ သစ္စာ (၄) ပါး တရားကိုလည်း ဟောတော်မူ၏၊ သို့သော် တိရစ္ဆာန်ဘုံသို့

http://www.dhammadownload.com

ရောက်နေ၏၊ ဤကား မြတ်သော အကျင့်ကို ကျင့်ခြင်းငှာ အခွင့်မဟုတ်သော နှစ်ခုမြောက်သော အကွဲဏာတည်း၊ ၃။ လောကဋ္ဌ ဘုရားပွင့်တော်မူ၏၊ သစ္စာ (၄) ပါး တရားကိုလည်း ဟောတော်မူ၏၊ သို့သော် ပြိတ္တာဘုံသို့ ရောက်နေ၏၊ ဤကား သုံးခုမြောက်သော အကွဲဏာတည်း၊ ၄။ လောကဋ္ဌ ဘုရားပွင့်တော်မူ၏၊ သစ္စာ (၄) ပါး တရားကိုလည်း ဟောတော်မူ၏၊ သို့သော် အသက်ရှည်သော အရူပဘုံ အသညသတ်ဘုံသို့ ရောက်နေ၏၊ ဤကား လေးခုမြောက်သော အကွဲဏာတည်း၊ ၅။ လောကဋ္ဌ ဘုရားပွင့်တော်မူ၏၊ သစ္စာ (၄) ပါး တရားကိုလည်း ဟောတော်မူ၏၊ သို့သော် ပစ္စန္တရစ်ဇနပုဒ်အရပ် လူရိုင်းတို့အတွင်း၌ မွေးဖွား၏၊ ဤကား ငါးခုမြောက်သော အကွဲဏာတည်း၊ ၆။ လောကဋ္ဌ ဘုရား ပွင့်တော်မူ၏၊ သစ္စာ (၄) ပါး တရားကိုလည်း ဟောတော်မူ၏၊ သို့သော် မှားသော အယူ၊ ဖောက်ပြန်သော အယူရှိ၏၊ ဤကား ခြောက်ခုမြောက်သော အကွဲဏာတည်း၊ ၇။ လောကဋ္ဌ ဘုရား ပွင့်တော်မူ၏၊ သစ္စာ (၄) ပါး တရားကိုလည်း ဟောတော်မူ၏၊ သို့သော် ပညာမရှိ၊ စိတ်ဖောက်ပြန်သူ ဖြစ်၏၊ ဆွံ့အနေသူ ဖြစ်၏၊ ဤကား ခုနစ်ခုမြောက်သော အကွဲဏာတည်း၊ ၈။ လောကဋ္ဌ ဘုရားမပွင့်၊ သစ္စာ (၄) ပါး တရားကိုလည်း မဟော၊ ဤကား ရှစ်ခု မြောက်သော အကွဲဏာတည်း။ (ဒီ၊၃။၂၄၈။)(ဒီ၊မြန်၊၃။၂၇၁။)

ထိုးထွင်း၍ သိနိုင်ခဲသော တရား ၉ ပါး ၁။ ဓာတ်ထူးခြင်းကို စွဲ၍ ဖဿထူးခြင်း၊ ၂။ ဖဿထူးခြင်းကို စွဲ၍ ဝေဒနာထူးခြင်း၊ ၃။ ဝေဒနာထူးခြင်းကို စွဲ၍ ကာမသညာ စသည် ထူးခြင်း၊ ၄။ ကာမသညာ စသည် ထူးခြင်းကို စွဲ၍ အကြံထူးခြင်း၊ ၅။ အကြံထူးခြင်းကို စွဲ၍ လိုချင် ဆန္ဒထူးခြင်း၊ ၆။ လိုချင် ဆန္ဒထူးခြင်းကို စွဲ၍ ပူလောင်မှု ထူးခြင်း၊ ၇။ ပူလောင်မှု ထူးခြင်းကို စွဲ၍ ရှာမှီးမှု ထူးခြင်း၊ ၈။ ရှာမှီးမှု ထူးခြင်းကို စွဲ၍ ရမှု ထူးခြင်း၊ ၉။ ရမှု ထူးခြင်းကို စွဲ၍ မှတ်ထင်မှု ထူးခြင်း။ (ဒီ၊၃။၂၅၄။) (ဒီ၊မြန်၊၃။၂၇၈။)

ထိုးထွင်း၍ သိနိုင်ခဲသော တရား ၁၀ ပါး ၁။ ကာမဆန္ဒန္ဒ၊ ဒေါသ၊ ထိုင်းမှိုင်းခြင်း၊ ပျံ့လွင့်ခြင်း၊ ယုံမှားခြင်း အင်္ဂါ (၅) ပါးကို ပယ်၏၊ ၂။ မျက်စိဖြင့် ရူပါရုံမြင်သော် ဝမ်းမသာ ဝမ်းမနည်း လျစ်လျူရှု၍သာ နေ၏၊ နားဖြင့် အသံကို ကြားသော် ဝမ်းမသာ ဝမ်းမနည်း လျစ်လျူရှု၍သာ နေ၏၊ နှာခေါင်းဖြင့် အနံ့ကို နံသော် ဝမ်းမသာ ဝမ်းမနည်း လျစ်လျူရှု၍သာ နေ၏၊ လျှာဖြင့် အရသာကို လျက်သော် ဝမ်းမသာ ဝမ်းမနည်း လျစ်လျူရှု၍သာ နေ၏၊ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော် ဝမ်းမသာ ဝမ်းမနည်း လျစ်လျူရှု၍သာ နေ၏၊ စိတ်ဖြင့် သဘော တရားကို သိသော် ဝမ်းမသာ ဝမ်းမနည်း လျစ်လျူရှု၍သာ နေ၏၊ ဤသို့ အင်္ဂါ (၆) ပါးရှိသော ဥပေက္ခာနှင့် ပြည့်စုံ၏၊ ၃။ သတိတည်းဟူသော တစ်ခုသော စောင့်ရှောက်ခြင်း ရှိ၏၊ ၄။ ဆင်ခြင်၍ အချို့ကို မှီဝဲ၏၊ ဆင်ခြင်၍ အချို့ကို သည်းခံ၏၊ ဆင်ခြင်၍ အချို့ကို ပယ်ဖျောက်၏၊ ဆင်ခြင်၍ အချို့ကို ရှောင်ကြဉ်၏ ဟူသော လေးပါးသော မှီရာ ရှိ၏၊ ၅။ သမဏဗြာဟ္မဏတို့၏ များစွာသော အသီးသီးသော သစ္စာတို့ကို ပယ်အပ်ကုန်၏၊ ၆။ ကာမဂုဏ်ရှာမှီးခြင်း၊ ဘဝရှာမှီးခြင်း၊ မြတ်သော အကျင့်ကို ရှာမှီးခြင်းဟူသော အလုံးစုံသော ရှာမှီးခြင်းတို့ကို ပယ်အပ်ကုန်၏၊ ၇။ ကာမဂုဏ်နှင့် ကြဲခြင်းကို ပယ်၏၊ ပျက်စီးစေလိုခြင်းကို ပယ်၏၊ ညှဉ်းဆဲခြင်း၌ ကြဲခြင်းကို ပယ်၏၊ ဤသို့ ကြည်လင်သော အကြဲ ရှိ၏၊ ၈။ ငြိမ်းသော ကာယသင်္ခါရ ရှိ၏၊ ၉။ ကိလေသာတို့မှ လွတ်သော စိတ်ရှိ၏၊ ၁၀။ ကိလေသာတို့မှ လွတ်သော ပညာရှိ၏။ (ဒီ၊၃။၂၅၇။) (ဒီ၊မြန်၊၃။၂၈၁။)

http://www.dhammadownload.com

ထိုးထွင်းသိသောပညာ ရကြောင်းတရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (သံ၊မြန်၊၃။၃၆၄-၃၆၇။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။)

ထက်သောပညာ ရကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။)

ထောက်ပံ့ခြင်း ၂ မျိုး ၁။ ပစ္စည်းဖြင့် ထောက်ပံ့ခြင်း- အာမိသသင်္ဂဟ၊ ၂။ တရားဖြင့် ထောက်ပံ့ခြင်း- ဓမ္မသင်္ဂဟ။ (အံ၊၁။၉၁။) (အံ၊မြန်၊၁။၁၀၇။)

ထိုင်ခုံ ၄ မျိုး အင်းပျဉ် ၄ မျိုးနှင့် တူသည်။

ထိုင်ခြင်း၌ အပြစ် ၆ မျိုး ၁။ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်မြတ်နှင့် အလွန်ဝေးရာ နေရာ၌ ထိုင်ခြင်း၊ ၂။ အလွန်နီးကပ်ရာ နေရာ၌ ထိုင်ခြင်း၊ ၃။ အထက်လေညာအရပ်၌ ထိုင်ခြင်း၊ ၄။ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်မြတ်၏ နေရာထက် မြင့်ရာနေရာ အရပ်၌ ထိုင်ခြင်း၊ ၅။ ရိုသေ လေးစားထိုက်သော ပုဂ္ဂိုလ်မြတ်၏ မျက်နှာချင်းဆိုင်ရာ နေရာ၌ ထိုင်ခြင်း၊ ၆။ ရိုသေ လေးစားထိုက်သော ပုဂ္ဂိုလ်မြတ်၏ နောက်ကျောနေရာ၌ ထိုင်ခြင်း။ (ဝိ၊၆၊၁။၁၀၁။) (ဒီ၊၆၊၂။၇၄။) (မ၊၆၊၁။၁၁၄။) (သံ၊၆၊၁။၁၅။) (အံ၊၆၊၂။၁၃။) (ပဋိသံ၊၆၊၂။၂၃၈။) (မဟာနိ၊၆။၂၆၈။) (ဒီ၊၆၊မြန်၊၂။၁၃၇။)

ထိတ်လန့်ဖွယ် အကြောင်း ၈ မျိုး သံဝေဂဝတ္ထု ၈ ပါးနှင့် တူသည်။

ထန်းရွက်ယပ် လှူရကျိုး ၈ ပါး ၁။ အအေးအပူကို မသိရခြင်း၊ ၂။ ပူလောင် ပူအိုက်မှု မရှိခြင်း၊ ၃။ ကိုယ်စိတ်နှစ်ပါး ပူပန်မှု မရှိခြင်း၊ ၄။ ရာဂမီးငြိမ်းသူ ဖြစ်ခြင်း၊ ၅။ ဒေါသမီးငြိမ်းသူ ဖြစ်ခြင်း၊ ၆။ မောဟမီး ငြိမ်းသူ ဖြစ်ခြင်း၊ ၇။ မာနမီးငြိမ်းသူ ဖြစ်ခြင်း၊ ၈။ ဒိဋ္ဌိမီးငြိမ်းသူ ဖြစ်ခြင်း။ (အပ၊၁။၃၆၀။) (အပ၊မြန်၊၁။၃၆၉။)

ထပ်တူတပ်မျှမရှိသော အရာ ၄ မျိုး ၁။ မိမိ၏ ကိုယ်ခန္ဓာနှင့် ထပ်တူထပ်မျှ ချစ်အပ်သော အရာ မည်သည် မရှိ၊ ၂။ ဆန်စပါးနှင့် ထပ်တူထပ်မျှ တူညီသော ဥစ္စာမည်သည် မရှိ၊ ၃။ ပညာနှင့် ထပ်တူထပ်မျှ တူညီသော အရောင်အလင်းမည်သည် မရှိ၊ ၄။ မိုးရွာခြင်းနှင့် ထပ်ထူထပ်မျှ တူညီသော မြစ်မည်သည် မရှိ။ (နေတ္တိ၊၌။၁၆၀။)

ထေရ် ၃ မျိုး ၁။ အသက်အရွယ်အားဖြင့် ကြီးသော ဇာတိထေရ်၊ ၂။ တရားဂုဏ်အားဖြင့် ကြီးသော ဓမ္မထေရ်၊ ၃။ သမုတ်အပ်သောအားဖြင့် ကြီးသော သမ္မုတိထေရ်။ (ဒီ၊၃။၁၈၂။) (ဒီ၊မြန်၊၃။၂၀၂။)

ထွက်မြောက်ကြောင်း ဓာတ် ၆ ပါး ၁။ ကိလေသာမှ လွတ်သော မေတ္တာနှင့် ယှဉ်သော စိတ်သည် ဒေါသမှ ထွက်မြောက်ခြင်း၊ ၂။ ကိလေသာမှ လွတ်သော ကရုဏာနှင့် ယှဉ်သောစိတ်သည် ဝိဟေသတရားမှ ထွက်မြောက်ခြင်း၊ ၃။ ကိလေသာမှ လွတ်သော မုဒိတာနှင့် ယှဉ်သော စိတ်သည် မမွေ့လျော်ခြင်း အရတိမှ ထွက်မြောက်ခြင်း၊ ၄။ ကိလေသာမှ လွတ်သော ဥပေက္ခာနှင့် ယှဉ်သော စိတ်သည် စွဲမက်ခြင်းရာဂမှ ထွက်မြောက်ခြင်း၊ ၅။ ကိလေသာမှ လွတ်သော ရာဂစသော အစွဲအမှတ် နိမိတ်မရှိသော အရဟတ္တဖိုလ်စိတ်သည် ရာဂစသော နိမိတ်တို့မှ လွတ်မြောက်ခြင်း၊

http://www.dhammadownload.com

ဖ။ ငါဟူသော မာနကို အကြွင်းမဲ့ဖြတ်ခြင်းသည် ယုံမှားခြင်း ဝိစိကိစ္ဆာငြောင့်မှ ထွက်မြောက်ခြင်း။ (ဒီ၊၃။၂၀၅-၂၀၆။) (ဒီ၊မြန်၊၃။၂၂၈။)

ထွက်လေ ဝင်လေ ရှုရာ၌ ဘာဝနာ ပြီးစီးကြောင်း တရား ၃ ပါး ၁။ နိမိတ္တ- မှတ်သားကြောင်း ဖြစ်သော နာခေါင်းဖျား အထက်နှုတ်ခမ်းဖျား အရုပ်၊ ၂။ အဿာသ- ထွက်လေ၊ ၃။ ပဿာသ- ဝင်လေ။ (ဝိ၊၆၊၂။၂၅။)

ထွက်သက် ဝင်သက်ကို ရှုမှတ်ပုံ အခြင်းအရာ ၉ မျိုး ၁။ တိုသော ရှည်သော ထွက်သက် ဝင်သက်၏ အစွမ်းဖြင့် ထွက်သက်ကိုသာ ကောင်းစွာ မှတ်နိုင်သူ၊ ဝင်သက်ကိုသာ ကောင်းစွာ မှတ်နိုင်သူ၊ ထွက်သက် ဝင်သက် နှစ်မျိုးလုံးကို ကောင်းစွာ မှတ်နိုင်သူဟူ၍ ၃ မျိုး၊ ၂။ ဘာဝနာ၌ လွန်စွာအားထုတ်လိုခြင်း လက္ခဏာရှိသော ကုသိုလ်ဆန္ဒ၏ အစွမ်းအားဖြင့် ထွက်သက်ကိုသာ ကောင်းစွာ မှတ်နိုင်သူ၊ ဝင်သက်ကိုသာ ကောင်းစွာ မှတ်နိုင်သူ၊ ထွက်သက် ဝင်သက် နှစ်မျိုးလုံးကို ကောင်းစွာ မှတ်နိုင်သူဟူ၍ ၃ မျိုး၊ ၃။ ဝမ်းမြောက်ခြင်း ပါမောဇ္ဇ၏ အစွမ်းအားဖြင့် ထွက်သက်ကိုသာ ကောင်းစွာ မှတ်နိုင်သူ အစရှိသော ပုဂ္ဂိုလ် ၃ မျိုးအားဖြင့် ၃ မျိုး။ (ဝိမတိ၊၁။၂၁၁။။)

၅

ဒကာဒကာမများ မလေးစားကြောင်း တရား ၅ ပါး ၁။ ရဟန်းသည် အဆွေခင်ပွန်း မဟုတ်ပါဘဲ အကျွမ်းတဝင် ပြုတတ်ခြင်း၊ ၂။ မစိုးပိုင်ဘဲလျက်လည်း (စိုးပိုင်သကဲ့သို့) စီရင်တတ်ခြင်း၊ ၃။ စွန့်လွှတ် (ကွဲပြား) ပြီးသူတို့ကိုလည်း (စေ့စပ်ရန်) မှီဝဲလေ့ရှိခြင်း၊ ၄။ နားရင်း၌ ကပ်၍လည်း တိုးတိုးပြောလေ့ရှိခြင်း၊ ၅။ အလွန်လည်း တောင်းတတ်ခြင်း။ (အံ၊၂။၁၂၀။) (အံ၊မြန်၊၂။၁၄၇-၁၄၈။)

ဒကာဒကာမများ လေးစားကြောင်း တရား ၅ ပါး ၁။ ရဟန်းသည် အဆွေခင်ပွန်း မဟုတ်ဘဲ အကျွမ်းတဝင်ပြုလေ့ မရှိခြင်း၊ ၂။ မစိုးပိုင်ဘဲလျက်လည်း (စိုးပိုင်သကဲ့သို့) စီရင်လေ့ မရှိခြင်း၊ ၃။ စွန့်လွှတ် (ကွဲပြား) ပြီးသူတို့ကိုလည်း (စေ့စပ်ရန်) မှီဝဲလေ့ မရှိခြင်း၊ ၄။ နားရင်း၌ ကပ်၍လည်း တိုးတိုးပြောလေ့ မရှိခြင်း၊ ၅။ အလွန်လည်း မတောင်းတတ်ခြင်း။ (အံ၊၂။၁၂၀။) (အံ၊မြန်၊၂။၁၄၈။)

ဒသက ၁၀ မျိုး ၁။ မန္ဒဒသက- အသက်တမ်းတစ်ရာရှိသော ပုဂ္ဂိုလ်၏ များသောအားဖြင့် သတိပညာ နုံ့နေးသော ပထမ ဆယ်နှစ်၊ ၂။ ခိဒ္ဓာဒသက- မြူးတူးပျော်ရွှင်ခြင်းများသော ဒုတိယ ဆယ်နှစ်၊ ၃။ ဝဏ္ဏဒသက- အဆင်းနှင့် ပြည့်စုံသောအားဖြင့် ဖြစ်သော တတိယ ဆယ်နှစ်၊ ၄။ ဗလဒသက- ခွန်အား သန်မာသောအားဖြင့် ဖြစ်သော စတုတ္ထဆယ်နှစ်၊ ၅။ ပညာဒကက- ပညာဉာဏ် ပွင့်လင်းသောအားဖြင့် ဖြစ်သော ပဉ္စမ ဆယ်နှစ်၊ ၆။ ဟာနိဒသက- ခိဒ္ဓာ, ဝဏ္ဏ, ဗလ, ပညာ ဆုတ်ယုတ်သောအားဖြင့် ဖြစ်သော ဆဋ္ဌ ဆယ်နှစ်၊ ၇။ ပမ္ဘာရဒသက- ခန္ဓာကိုယ် ရှေ့သို့ ကိုင်းသောအားဖြင့် ဖြစ်သော သတ္တမ ဆယ်နှစ်၊ ၈။ ဝင်္ကဒသက- ခန္ဓကိုယ်သည် ထယ်ကိုင်းကဲ့သို့ ကုန်းသောအားဖြင့် ဖြစ်သော အဋ္ဌမ ဆယ်နှစ်၊ ၉။ မောမူဟဒသက- အလွန် တွေဝေသော သတိ မေ့သောအားဖြင့် ဖြစ်သော နဝမ ဆယ်နှစ်၊ ၁၀။ ဝိသယနဒသက- အိပ်ရာ

http://www.dhammadownload.com

ညောင်စောင်း၌ လဲလျောင်းခြင်း များသောအားဖြင့် ဖြစ်သော ဒသမ ဆယ်နှစ်။ (ဝိသုဒ္ဓိ၂။၂၅၄။) (ဇာ၂၊၄။၃၉၇။)

ဒါန ၂ မျိုး ၁။ အာမိသဒါန– ထမင်းအဖျော်စသော လှူဖွယ်ပစ္စည်း ဒါနဝတ္ထု ဆယ်ခုတို့ကို စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်း၊ ၂။ ဓမ္မဒါန– မျက်မှောက်, တမလွန် နှစ်တန်သော အကျိုး, မဂ်ဖိုလ်နိဗ္ဗာန်အကျိုးတို့ကို သယ်ပိုးဆောင်ရွက်နိုင်သော ဘုရားရှင်၏ တရားတော်များကို သူတစ်ပါးတို့အား သင်ကြားပို့ချ ဟောပြော ပြသပေးခြင်း။ (ခုဒ္ဒက။၂၆၀။) (ခုဒ္ဒက၊၄။၁၁၈။) (ဣတိဝုတ်၊၄။၂၉၄။) (သုတ္တနိ၊၄။၂။၂၃။) (စရိယာ၊၄။၂၉၅။) (ခုဒ္ဒက၊မြန်။၂၄၆။)

ဒါန ၃ မျိုး ၁။ ပစ္စည်းဝတ္ထုကို စွန့်လှူကြောင်း စေတနာအလှူဒါန၊ ၂။ ဘေးမဲ့ကို ပေးခြင်း ဝိရတိစေတသိက်၊ ၃။ ပေးလှူထိုက်သော သဘောရှိသော ပစ္စည်းကို ပေးလှူခြင်း။ (အဘိ၊၄၊ ၃။၁၉၇။)

ဒါန ၃ မျိုး (တစ်နည်း) ၁။ ဆွမ်း, ထမင်း အစရှိသော အာမိသကို ပေးလှူခြင်း၊ ၂။ သတ္တဝါတို့အား ဘေးမဲ့ပေးခြင်း, သတ္တဝါတို့ကို ဘေးမရှိအောင် စောင့်ရှောက်ခြင်း၊ ၃။ တရားဓမ္မကို ပေးလှူခြင်း။ (သီ၊ဋ္ဌ၊သစ်၊၁။၂၇၃။)

ဒါန ၆ မျိုး ၁။ ရူပဒါန၊ ၂။ သဒ္ဒဒါန၊ ၃။ ဂန္ဓဒါန၊ ၄။ ရသဒါန၊ ၅။ ဖောဋ္ဌဗ္ဗဒါန၊ ၆။ ဓမ္မဒါန။ (စရိယာ၊၄။၂၉၉။) (သီ၊ဋ္ဌ၊သစ်၊၁။၂၇၃။)

ဒါန ၈ မျိုး အလှူ ၈ မျိုးနှင့် တူသည်။

ဒါနပါရမီ ၃ မျိုး ၁။ ခန္ဓာကိုယ်မှ အပဖြစ်သော ပစ္စည်းဥစ္စာကို လှူဒါန်းခြင်း– ဒါနပါရမီ၊ ၂။ လက် ခြေ စသော ကိုယ်အင်္ဂါ အစိတ်အပိုင်းကို လှူဒါန်းခြင်း– ဒါနဥပပါရမီ၊ ၃။ မိမိ၏ အသက်ကို စွန့်လွှတ်လှူဒါန်းခြင်း– ဒါနပရမတ္ထပါရမီ။ (အပ၊၄၊၁။၃၂။)

ဒါနဖြစ်ကြောင်း ၃ ပါး ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ လှူဖွယ်ဝတ္ထုရှိခြင်း၊ ၃။ အလှူခံပုဂ္ဂိုလ်ရှိခြင်း။ (ဣတိဝုတ်၊၄။၂၉၆။)

ဒါနဖြစ်ကြောင်း ၈ ပါး ၁။ ရောက်လာသောကြောင့် အလှူကို ပေးလှူခြင်း၊ ၂။ ကဲ့ရဲ့ခြင်းမှ ကြောက်သောကြောင့် အလှူကို ပေးလှူခြင်း၊ ၃။ ငါအား ပေးဘူးသည်ဟု ကြောက်သောကြောင့် အလှူကို ပေးလှူခြင်း၊ ၄။ ငါအား ပေးလတ္တံ့ဟု ကြောက်သောကြောင့် အလှူကို ပေးလှူခြင်း၊ ၅။ အလှူသည် သူတော်ကောင်းတို့ ချီးမွမ်းအပ်၏ဟု ကြောက်သောကြောင့် အလှူကို ပေးလှူခြင်း၊ ၆။ ငါသည် ထမင်းချက်၏၊ ဤသူတို့ မချက်ကုန်၊ ချက်သော ငါသည် မချက်သော သူတို့အား မပေးဘဲ ထားခြင်းငှာ မထိုက်ဟု ကြောက်သောကြောင့် အလှူကို ပေးလှူခြင်း၊ ၇။ ကောင်းသော ကျေဉ်စောသတင်း ပျံ့နှံ့၏ဟု ကြောက်သောကြောင့် အလှူကို ပေးလှူခြင်း၊ ၈။ သမထဝိပဿနာစိတ်၏ အခြံအရံအလို့ငှာ ကြောက်သောကြောင့် အလှူကို ပေးလှူခြင်း။ (ဒီ၊၃။၂၁၄။) (ဒီ၊မြန်၊၃။၂၃၇။)

ဒါနမယစသော ကုသိုလ်ဇော ၃ မျိုး ၁။ ကာယက် ဒါနမယစသော ကုသိုလ်ဇော၊ ၂။ ဝစီက် ဒါနမယစသော ကုသိုလ်ဇော၊ ၃။ မနောက် ဒါနမယစသော ကုသိုလ်ဇော။ (အဘိ၊၄၊၁။၁၁၆။)

http://www.dhammadownload.com

ဒါနဝတ္ထု ၁၀ မျိုး ၁။ အန္နေ– ခဲဖွယ်ဘောဇဉ်၊ ၂။ ပါန– အဖျော်ရည်၊ ၃။ ဝတ္ထ– အဝတ်အထည်၊ ၄။ ယာန– ဖိနပ် စသော ယာဉ်၊ ၅။ မာလာ– ပန်း၊ ၆။ ဂန္ဓ– နံ့သာ၊ ၇။ ဝိလေပန– လိမ်းကျံကြောင်း နံ့သာပျောင်း၊ ၈။ သေယျာ– အိပ်ရာနေရာ၊ ၉။ အာဝသထ– ကျောင်း၊ ၁၀။ ပဒီပေယျ– ဆီမီး။ (ဝိ၊၆၊၄။၁၈၂။) (စရိယာ၊၆။၂၉၅။)

ဒါနအကျိုး ၅ ပါး ၁။ နတ်၌ ဖြစ်သော အသက်ရှည်ခြင်း၊ ၂။ နတ်၌ ဖြစ်သော အဆင်းလှခြင်း၊ ၃။ နတ်၌ ဖြစ်သော ချမ်းသာကြီးခြင်း၊ ၄။ နတ်၌ ဖြစ်သော အခြံအရံ အကျော်အစောရှိခြင်း၊ ၅။ နတ်၌ ဖြစ်သော အစိုးရခြင်း။ (အံ၊၂။၂၇။) (အံ၊မြန်၊၂။၃၅။)

ဒါနအကျိုး ၅ ပါး (တစ်နည်း) ၁။ လူ၌ ဖြစ်သော အသက်ရှည်ခြင်း၊ ၂။ လူ၌ ဖြစ်သော အဆင်းလှခြင်း၊ ၃။ လူ၌ ဖြစ်သော ချမ်းသာကြီးခြင်း၊ ၄။ လူ၌ ဖြစ်သော အခြံအရံ အကျော်အစောရှိခြင်း၊ ၅။ လူ၌ ဖြစ်သော အစိုးရခြင်း။ (အံ၊၂။၂၇။) (အံ၊မြန်၊၂။၃၆။)

ဒါနအကျိုး ၅ ပါး (တစ်နည်း) ၁။ ပေးလှူတတ်သော ရဟန်းသည် အလှူခံတော်မူပါဟု တောင်းပန်ခံရသည် ဖြစ်၍သာလျှင် သင်္ကန်းကို သုံးဆောင်ရသည်က များ၍ တောင်းပန်မခံရဘဲ သုံးဆောင်ရသည်က နည်းခြင်း၊ ၂။ ပေးလှူတတ်သော ရဟန်းသည် အလှူခံတော်မူပါဟု တောင်းပန်ခံရသည်ဖြစ်၍သာလျှင် ဆွမ်းကို သုံးဆောင်ရသည်က များ၍ တောင်းပန်မခံရဘဲ သုံးဆောင်ရသည်က နည်းခြင်း၊ ၃။ ပေးလှူတတ်သော ရဟန်းသည် အလှူခံတော်မူပါဟု တောင်းပန်ခံရသည် ဖြစ်၍သာလျှင် ကျောင်းကို သုံးဆောင်ရသည်က များ၍ တောင်းပန်မခံရဘဲ သုံးဆောင်ရသည်က နည်းခြင်း၊ ၄။ ပေးလှူတတ်သော ရဟန်းသည် အလှူခံတော်မူပါဟု တောင်းပန်ခံရသည် ဖြစ်၍သာလျှင် ဆေးကို သုံးဆောင်ရသည်က များ၍ တောင်းပန်မခံရဘဲ သုံးဆောင်ရသည်က နည်းခြင်း၊ ၅။ ပေးလှူတတ်သော ရဟန်းသည် သီတင်းသုံးဖော်တို့သည် ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ဖြင့် နှစ်ခြိုက်ဖွယ် ပူဇော်ကြသည်က များ၍ မနှစ်ခြိုက်ဖွယ် ပူဇော်ကြသည်က နည်းခြင်း။ (အံ၊၂။၂၇–၂၈။) (အံ၊မြန်၊၂။၃၆။)

ဒါနအကျိုး ၅ ပါး (တစ်နည်း) ၁။ လူအများ ချစ်ခင် မြတ်နိုးမှုကို ခံရခြင်း၊ ၂။ သူတော်ကောင်းများ ချဉ်းကပ်ခံရခြင်း၊ ၃။ ကောင်းသတင်း ကျော်စော ပျံ့နှံ့ခြင်း၊ ၄။ မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်းပရိသတ်သို့ ရဲဝံ့စွာ ချဉ်းကပ်နိုင်ခြင်း၊ ၅။ သေသည် အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရခြင်း။ (အံ၊၂။၃၃။) (အံ၊မြန်၊၂။၄၂။)

ဒါနအကျိုး ၅ ပါး (တစ်နည်း) ၁။ လူအများ ချစ်ခင် မြတ်နိုးခြင်း၊ ၂။ ငြိမ်သက်သော စိတ်နလုံး ရှိသည့် သူတော်ကောင်းတို့ ချဉ်းကပ်ခြင်း၊ ၃။ ကောင်းသော ကျော်စောသံသည် ပျံ့နှံ့၍ ထွက်ခြင်း၊ ၄။ လူတို့ အကျင့်တရား (ငါးပါးသီလ) မှ မလွတ်ကင်းနိုင်ခြင်း၊ ၅။ နောက်ဘဝ၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရခြင်း။ (အံ၊၂။၃၄။) (အံ၊မြန်၊၂။၄၄။)

ဒါန အနှောင့်အယှက် ၄ မျိုး ၁။ ရွေးရွေးက အလှူဒါနကို ပြုလုပ်ဖူးသော အလေ့အထ မရှိခြင်း၊ ၂။ မိမိပိုင်ဆိုင်သော ပစ္စည်းဝတ္ထုတို့၏ နည်းပါးနေခြင်း၊ ၃။ မွန်မွန်မြတ်မြတ် နှစ်သက်ဖွယ် ဝတ္ထုပစ္စည်း ဖြစ်ခြင်း၊ ၄။ ကုန်ခန်းသွားမည်ကို ကြံစည်တွေးတောခြင်း။ (စရိယာ၊၆။၃၁၈။) (သီ၊ဋီ၊သစ်၊၁။၂၉၅။)

http://www.dhammadownload.com

ဒါနအန္တရာယ် ၄ မျိုး ဒါန အနောင့်အယှက် ၄ မျိုးနှင့် တူသည်။

ဒါန၏ မျက်မှောက်အကျိုး ပေးကြောင်း အင်္ဂါ ၄ ပါး အလှူ၏ မျက်မှောက်အကျိုးပေးကြောင်း အင်္ဂါ ၄ ပါးနှင့်တူသည်။

ဒါန၏ အင်္ဂါ ၆ ပါး အလှူ၏ အင်္ဂါ ၆ ပါးနှင့် တူသည်။

ဒါယကာကျင့်ဝတ် ၅ ပါး ၁။ မေတ္တာနှင့် ယှဉ်သော ကာယကံမှု ရှိရခြင်း၊ ၂။ မေတ္တာနှင့် ယှဉ်သော ဝစီကံမှု ရှိရခြင်း၊ ၃။ မေတ္တာနှင့် ယှဉ်သော မနောကံမှု ရှိရခြင်း၊ ၄။ အမြဲမပြတ် လှူဒါန်းလိုသော အလောဘတံခါးကို ဖွင့်၍ ထားရခြင်း၊ ၅။ ဆွမ်းစသော အာမိသတို့ကို ပေးလှူရခြင်း။ (ဒီ၊၃။ ၁၅၅–၁၅၆။) (ဒီ၊မြန်၊၃။၁၇၄။)

ဒါယကာ၏ အင်္ဂါ ၇ ပါး (ရဟန်းတို့ မကပ်ရောက်သင့်သော ဒါယကာ၏ အင်္ဂါ ၇ ပါး) ၁။ မြတ်နိုးသဖြင့် ခရီးဦး မကြိုဆိုခြင်း၊ ၂။ မြတ်နိုးသဖြင့် ရှိမခိုးခြင်း၊ ၃။ မြတ်နိုးသဖြင့် နေရာမပေးခြင်း၊ ၄။ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို ထိုပုဂ္ဂိုလ်အား လျှို့ဝှက်ခြင်း၊ ၅။ အလှူဝတ္ထု အများ ရှိပါလျက်လည်း အနည်းငယ်ကို ပေးလှူခြင်း၊ ၆။ မွန်မြတ်သော လှူဖွယ် ရှိပါလျက် ကြမ်းတမ်းသော ဝတ္ထုကို ပေးလှူခြင်း၊ ၇။ မရိုမသေ ပေးလှူခြင်း။ (အံ၊၂။၄၀၂။) (အံ၊မြန်၊၂။၅၀၉။)

ဒါယကာ၏ အင်္ဂါ ၇ ပါး (တစ်နည်း) (ရဟန်းတို့ ကပ်ရောက်သင့်သော ဒါယကာ၏ အင်္ဂါ ၇ ပါး) ၁။ မြတ်နိုးသဖြင့် ခရီးဦး ကြိုဆိုခြင်း၊ ၂။ မြတ်နိုးသဖြင့် ရှိခိုးခြင်း၊ ၃။ မြတ်နိုးသဖြင့် နေရာပေးခြင်း၊ ၄။ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို ထိုပုဂ္ဂိုလ်အား မလျှို့ဝှက်ခြင်း၊ ၅။ လှူဖွယ်ဝတ္ထု အများရှိသော် များပြားစွာ ပေးလှူခြင်း၊ ၆။ မွန်မြတ်သော လှူဖွယ်ဝတ္ထုရှိသော် မွန်မြတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်း၊ ၇။ ရိုရိုသေသေ ပေးလှူခြင်း။ (အံ၊၂။၄၀၂။) (အံ၊မြန်၊ ၂။၅၀၉။)

ဒီသာဖရဏမေတ္တာ ၁၀ ပါး ၁။ အရှေ့အရပ်မျက်နှာ၌ ရှိကုန်သော သတ္တဝါအားလုံးတို့ 'ဘေးရန် ကင်းကုန်သည် ကြောင့်ကြဖျာပါဒ ကင်းကုန်သည် ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၂။ အနောက်အရပ်မျက်နှာ၌ ရှိကုန်သော သတ္တဝါအားလုံးတို့ 'ဘေးရန်ကင်းကုန်သည် ကြောင့်ကြဖျာပါဒ ကင်းကုန်သည် ဆင်းရဲမရှိကုန်သည် မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၃။ မြောက်အရပ်မျက်နှာ၌ ရှိကုန်သော သတ္တဝါအားလုံးတို့ 'ဘေးရန် ကင်းကုန်သည် ကြောင့်ကြဖျာပါဒ ကင်းကုန်သည် ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၄။ တောင်အရပ်မျက်နှာ၌ ရှိကုန်သော သတ္တဝါ အားလုံးတို့ 'ဘေးရန် ကင်းကုန်သည် ကြောင့်ကြဖျာပါဒ ကင်းကုန်သည် ဆင်းရဲ မရှိကုန်သည် မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၅။ အရှေ့မြောက်အရပ် မျက်နှာ၌ ရှိကုန်သော သတ္တဝါအားလုံးတို့ 'ဘေးရန်ကင်းကုန်သည် ကြောင့်ကြဖျာပါဒ ကင်းကုန်သည် ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြ ပါစေ'ဟု ပွားခြင်း၊ ၆။ အနောက်တောင် အရပ်မျက်နှာ၌ ရှိကုန်သော သတ္တဝါ အားလုံးတို့ 'ဘေးရန်ကင်းကုန်သည် ကြောင့်ကြဖျာပါဒ ကင်းကုန်သည် ဆင်းရဲ

http://www.dhammadownload.com

မရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၇။ အရှေ့တောင်အရပ်မျက်နှာ၌ ရှိကုန်သော သတ္တဝါအားလုံးတို့ 'ဘေးရန် ကင်းကုန်သည် ကြောင့်ကြမျာပါဒ ကင်းကုန်သည် ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၈။ အနောက်တောင်အရပ် မျက်နှာ၌ ရှိကုန်သော သတ္တဝါအားလုံးတို့ 'ဘေးရန်ကင်းကုန်သည် ကြောင့်ကြမျာပါဒ ကင်းကုန်သည် ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၉။ အောက်အရပ်မျက်နှာ၌ ရှိကုန်သော သတ္တဝါအားလုံးတို့ 'ဘေးရန် ကင်းကုန်သည် ကြောင့်ကြမျာပါဒ ကင်းကုန်သည် ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၁၀။ အထက်အရပ်မျက်နှာ၌ ရှိကုန်သော သတ္တဝါအားလုံးတို့ 'ဘေးရန်ကင်းကုန်သည် ကြောင့်ကြမျာပါဒ ကင်းကုန်သည် ဆင်းရဲမရှိကုန်သည် မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း။ (ပဋိသံ။၃၁၄။) (ပဋိသံ။မြန်။၃၇၆။)

ဒီဃနိကာယ် ၃ ကျမ်း ၁။ သီလက္ခန္ဓဝဂ်၊ ၂။ မဟာဝဂ်၊ ၃။ ပါထိကဝဂ်။ (ဒီ။ဋ္ဌ။၁။၂။) (ဒီ။ဋ္ဌ။မြန်။၁။၃။)

ဒီပင်္ကရဘုရားရှင်နှင့် ပွင့်ရာကမ္ဘာတူ ဘုရား ၃ ဆူ ၁။ တဏှင်္ကရဘုရားရှင်၊ ၂။ မေဓင်္ကရဘုရားရှင်၊ ၃။ သရဏင်္ကရဘုရားရှင်။ (ဗုဒ္ဓဝံ။ဋ္ဌ။၁၅၉။)

ဒီပင်္ကရဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပဌမအကြိမ် သုနန္ဒာမည်သော အာရာမ်၌ ကုဋေတစ်သိန်းကုန်သော တပည့်သာဝကတို့၏ အင်္ဂါလေးပါးတို့နှင့် ပြည့်စုံသော အစည်းအဝေး၊ ၂။ ဒုတိယအကြိမ် နာရဒမည်သော တောင်ထိပ်၌ ကုဋေတစ်ရာကုန်သော ရဟန္တာအရှင်မြတ်တို့ အစည်းအဝေး၊ ၃။ တတိယအကြိမ် ဒီပင်္ကရာဘုရားရှင် သုဒဿန တောင်၌ ဝါဆိုပြီး၍ ဝါကျွတ်ကာလ ကုဋေကိုးသောင်း အတိုင်းအရှည်ရှိသော ရဟန်းတို့နှင့် ပဝါရဏာပြုသော အစည်းအဝေး။ (အဘိ။ဋ္ဌ။၁။၅၅။) (ဗုဒ္ဓဝံ။ဋ္ဌ။၁၅၁။) (ဇာ။ဋ္ဌ။၁။၃၅။)

ဒီပင်္ကရဘုရားရှင်၏ အင်္ဂသာဝက ၂ ပါး ၁။ သုမင်္ဂလထေရ်၊ ၂။ တိဿထေရ်။ (အဘိ။ဋ္ဌ။ ၁။၅ဖ။) (ဗုဒ္ဓဝံ။ ဋ္ဌ။၁၅၅။) (ဇာ။ ဋ္ဌ။ ၁။၃ဖ။)

ဒီပင်္ကရဘုရားရှင်၏ အင်္ဂသာဝိကာမ ၂ ပါး ၁။ နန္ဒာထေရီ၊ ၂။ သုနန္ဒာထေရီ။ (အဘိ။ဋ္ဌ။၁။၅ဖ။) (ဗုဒ္ဓဝံ။ဋ္ဌ။၁၅၅။) (ဇာ။ဋ္ဌ။၁။၃ဖ။)

ဒီးဒုတ်ငှက်နှင့် ယောဂီပုဂ္ဂိုလ် တူပုံ ၂ မျိုး ၁။ ဒီးဒုတ်ငှက်သည် သေရည်ကို သောက်မိသည် ရှိသော် ထွေးအန်ပစ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သင့်လျော်သောအားဖြင့် နှလုံးသွင်း၍ မနှစ်သက်ဖွယ်သော စိတ်ကို ထွေးအန်ပစ်ခြင်း)၊ ၂။ ဒီးဒုတ်ငှက်သည် တစ်ကြိမ် သောက်အပ်သော ရေကို မထွေးအန်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရတနာသုံးပါးတို့၌ ဖြစ်ပေါ်လာသော ကြည်ညိုမှုကို ပြန်၍ မလျော့ချအပ်ခြင်း, ခန္ဓာငါးပါးတို့အပေါ်၌ ဖြစ်ပေါ်လာသော အနိစ္စ ဉာဏ်ကို တစ်ဖန် မလျော့ချအပ်ခြင်း) ။ (မိလိန္ဒ။၄၀၁။) (မိလိန္ဒ။မြန်။၄၂၃။)

ဒုကုဋ္ဌသင်္ကန်းကြီးကို ထားခဲ့နိုင်ကြောင်း ၅ ပါး ၁။ မကျန်းမမာ ဖျားနာနေခြင်း၊ ၂။ မိုးလေးလ ဖြစ်ခြင်း၊ ၃။ မြစ်တစ်ဖက်ကမ်းသို့ သွားရောက်လိုခြင်း၊ ၄။ လုံခြုံသော တံခါးရွက်ရှိသော ကျောင်း ဖြစ်ခြင်း၊ ၅။ ကထိန်ခင်းပြီးဖြစ်ခြင်း။ (ဝိ။၃။၄၁၃။) (ဝိ။မြန်။၃။၄၁၇။)

http://www.dhammadownload.com

ဒုစရိုက် ၃ ပါး ၁။ ကာယဒုစရိုက်– ကိုယ်ဖြင့် ပြုသော မကောင်းသော အကျင့်၊ ၂။ ဝစီဒုစရိုက်– နှုတ်ဖြင့် ပြုသော မကောင်းသော အကျင့်၊ ၃။ မနောဒုစရိုက်– စိတ်ဖြင့် ပြုသော မကောင်းသော အကျင့်။ (ဝိ၊၅။၂၂၂။) (ဒီ၊၃။၁၈၀။) (အဘိ၊၀။၃၇၈။) (ခုဒ္ဒက။၂၃၂။) (ပဋိသံ၊၆။၂။၁၆၉။) (နေတ္တိ၊၆။ ၁၅၆။) (သာရတ္ထ၊ဋီ၊၁။၃၀၅။) (နေတ္တိ၊၀ဘာ။၂၇၅။) (ဝိ၊မြန်၊၅။၃၁၀။) (ဒီ၊မြန်၊၃။၂၀၀။) (အဘိ၊၀၊မြန်၊ ၂။၄၇၂။) (ခုဒ္ဒက၊မြန်။၂၁၇။)

ဒုစရိုက်ရှိသူ အပြစ် ၅ ပါး ၁။ မိမိကိုယ်တိုင် မိမိကိုယ်ကို စွပ်စွဲခြင်း၊ ၂။ ပညာရှိတို့ ကဲ့ရဲ့ခြင်း၊ ၃။ မကောင်းသော ကျော်စောသံ ရှိခြင်း၊ ၄။ သူတော်ကောင်းတရားမှ ကင်းခြင်း၊ ၅။ မသူတော်တရား၌ တည်ခြင်း။ (အံ၊၂။၂၃၄။) (အံ၊မြန်၊၂။၂၉၉။)

ဒုစရိုက်ရှိသူ အပြစ် ၅ ပါး (တစ်နည်း) ၁။ မိမိကိုယ်တိုင် မိမိကိုယ်ကို စွပ်စွဲခြင်း၊ ၂။ ပညာရှိတို့၏ ကဲ့ရဲ့မှုခံရခြင်း၊ ၃။ မကောင်းသတင်း ပျံ့နှံ့ထွက်ခြင်း၊ ၄။ တွေတွေဝေဝေဖြင့် သေရခြင်း၊ ၅။ သေလွန်ပြီးနောက် ငရဲသို့ ရောက်ရခြင်း။ (ကာယ,ဝစီ,မနောဒုစရိုက်၌လည်း နည်းတူ)။ (အံ၊၂။၂၃၃။) (အံ၊မြန်၊၂။၂၉၇။) (အံ၊မြန်၊၂။၂၉၇–၂၉၈။)

ဒုစရိုက်ရှိသူ အပြစ် ၅ ပါး (တစ်နည်း) ၁။ မိမိကိုယ်တိုင် မိမိကိုယ်ကို စွပ်စွဲခြင်း၊ ၂။ ပညာရှိတို့၏ ကဲ့ရဲ့မှုကို ခံရခြင်း၊ ၃။ မကောင်းသတင်း ပျံ့နှံ့ထွက်ခြင်း၊ ၄။ သူတော်ကောင်းတရားမှ ကင်းကွာခြင်း၊ ၅။ မသူတော်တရား၌ တည်ခြင်း။(ကာယ,ဝစီ,မနောဒုစရိုက်ရှိသူ၌လည်း နည်းတူ။) ။ (အံ၊၂။၂၃၄။) (အံ၊မြန်၊၂။၂၉၉။)

ဒုတိယဈာန်၌ ရှိသော တရား ၁၅ မျိုး ၁။ မိမိအစ္ချတ္တသန္တာန်၌ ကြည်စေတတ်သော သဒ္ဓါ၊ ၂။ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိ၊ ၃။ ချမ်းသာခြင်း သုခ၊ ၄။ စိတ်တည်ငြိမ်ခြင်း ဧကဂ္ဂတာ၊ ၅။ တွေ့ထိခြင်း ဖဿ၊ ၆။ ခံစားခြင်း ဝေဒနာ၊ ၇။ မှတ်ခြင်း သညာ၊ ၈။ စေ့ဆော်ခြင်း စေတနာ၊ ၉။ စိတ်၊ ၁၀။ အလို ဆန္ဒ၊ ၁၁။ ဆုံးဖြတ်ခြင်း အဓိမောက္ခ၊ ၁၂။ လုံ့လပြုခြင်း ဝီရိယ၊ ၁၃။ အမှတ်ရခြင်း သတိ၊ ၁၄။ လျစ်လျူရှုခြင်း ဥပေက္ခာ၊ ၁၅။ နှလုံးသွင်းခြင်း မနသိကာရ။ (မ၊၃။၇၅။) (မ၊မြန်၊၃။၇၉။)

ဒုတိယ ပဝါရဏာသင်္ဃာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ ပယ်မြစ်စေအပ်ပြီးသော ပဝါရိတ်သင့်ပြီး ဖြစ်ခြင်း၊ ၂။ ပဝါရိတ်သင့်ပြီးသည်ဟု အမှတ်ရှိခြင်း၊ ၃။ အပြစ်တင်ခြင်း မျက်နှာ မသာယာအောင် ပြုတတ်သည်၏ အပြစ်ကို ရှုငဲ့သူ ဖြစ်ခြင်း၊ ၄။ အတိရိတ်ဝိနည်းကံ မပြုအပ်သေးသော ဂိလာန၏ အပိုအလျှံလည်း မဟုတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရှေးရှု ဆောင်ယူ၍ ပင့်ဖိတ်ခြင်း၊ ၅။ စားခြင်း၏ ပြီးဆုံးခြင်း။ (သာရတ္ထ၊ဋီ၊၃။၆၅။) (ဝိမတိ၊၂။၃၁။)

ဒုတိယပါဋိဒေသနီယသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ သံဃာစုံ၌ ဘိက္ခုနီဖြစ်သော ရဟန်းမသည် ခွင့်မပြုထားသော အခြင်းအရာဖြင့် စီရင်မှု ပြုခြင်း၊ ၂။ မတားမြစ်ဘဲ စားဖွယ်ကို စားမျိုခြင်း။ (ဝိမတိ၊၂။၅၈။)

ဒုတိယ ပါဋိဒေသနီယသိက္ခာပုဒ်၌ အင်္ဂါ ၅ ပါး ၁။ ပြည့်စုံသော နှစ်ဖက်သံဃာ၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်သော ရဟန်းမ ဖြစ်ခြင်း၊ ၂။ ဘောဇဉ်ငါးမျိုး ဖြစ်ခြင်း၊ ၃။ မြို့တွင်း

http://www.dhammadownload.com

ရွာတွင်း အိမ်ခရီးလမ်း၌ ရပ်တည်သော ဘိက္ခုနီ၏ ခွင့်ပြုထားသော အခြင်းအရာမှ တစ်ပါးသော အခြင်းအရာအားဖြင့် စီမံခြင်း၊ ၄။ မတားမြစ်ခြင်း၊ ၅။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၀၃။)

ဒုတိယပါရာဇိကဉ် ကြည့်ရှုဆင်ခြင်ရမည့် အရာ ၅ မျိုး ၁။ ဝတ္ထု– ခိုးသည့် ပစ္စည်းဥစ္စာဘဏ္ဍာ၊ ၂။ ကာလ– ခိုးယူသည့် အချိန်အခါ ခေတ်ကာလ၊ ၃။ ဒေသ– ခိုးယူသည့် အရပ်ဒေသ၊ ၄။ အဂ္ဃ– ခိုးယူသော ပစ္စည်း၏ တန်ဖိုး၊ ၅။ ပရိဘောဂ– ဘဏ္ဍာကို သုံးစွဲထားခြင်း။ (ဝိ၊၄၊၁။၂၆၅။)

ဒုတိယပါရာဇိက အင်္ဂါ ၆ ပါး ၁။ န သကသညိတာ– မိမိဥစ္စာဟု အမှတ်မရှိခြင်း၊ ၂။ န ဝိဿာသဂ္ဂါဟိတာ– ချစ်ကျွမ်းဝင်သောကြောင့် ယူခြင်းမျိုး မဟုတ်ခြင်း၊ ၃။ န တာဝ ကာလိကတာ– ခဏခေတ္တ ငှားရန်းခြင်းမျိုး မဟုတ်ခြင်း၊ ၄။ ပရိက္ခာရဿ ဂရုဘာဝေါ– တစ်မတ်, တစ်မတ်တန်ထက် ပိုလွန်သော ပစ္စည်းဝတ္ထု ဖြစ်ခြင်း၊၅။ ထေယျစိတ္တံ– ခိုးလိုသောစိတ် ရှိခြင်း၊ ၆။ ဌာနာစာဝနံ– တည်ရာနေရာမှ ရွေ့လျောစေခြင်း။ (ဝိ၊၄၊၁။၃၂၆။)

ဒုတိယပါရာဇိက ဖြစ်ကြောင်း သမုဋ္ဌာန် ၃ ပါး ၁။ ရဲခါ ကိုယ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်၊ ၂။ ရဲခါ နှုတ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်၊ ၃။ ရဲခါ ကိုယ်ကြောင့်လည်းကောင်း နှုတ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏။ (ဝိ၊၅။၃၅၉။) (ဝိ၊၄၊၁။၃၂၈။) (ဝိ၊မြန်၊ ၅။၄၆၃။)

ဒုတိယ သဟသေယျသိက္ခာပုဒ် အင်္ဂါ ၃ မျိုး ၁။ ပါစိတ်ဝတ္ထုဖြစ်သော ကျောင်းဖြစ်ခြင်း၊ ၂။ ထိုကျောင်း၌ မိန်းမနှင့် အတူတကွ အိပ်ခြင်း၊ ၃။ နေဝင် မိုးချုပ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၁။) (ဝိမတိ၊၂။၈။)

ဒုတိယ သေနာသနသိက္ခာပုဒ် အင်္ဂါ ၇ မျိုး ၁။ ဘုံလျိုမွေ့ရာ အစရှိသော အိပ်ရာ အခင်းတို့ ဖြစ်ခြင်း၊ ၂။ ထိုအိပ်ရာခင်းတို့သည် သံဃာ့ပစ္စည်း ဖြစ်ခြင်း၊ ၃။ ဆိုအပ်ပြီးသော လက္ခဏာ ရှိသော ကျောင်း၌ ကိုယ်တိုင် ခင်းခြင်း, သူတစ်ပါးကို ခင်းစေခြင်း၊ ၄။ နှောင့်ယှက်တတ်သူ မရှိခြင်း၊ ၅။ ဘေးရန် မရှိခြင်း၊ ၆။ ငဲ့ကွက်ခြင်း မရှိဘဲ အရပ်မျက်နှာသို့ ခရီးထွက်သွားခြင်း၊ ၇။ ကျောင်းတိုက်၏ အစွန်ဆုံးကျောင်းမှ ခဲနှစ်ကျအရပ်ဟူသော ကျောင်းဥပစာအပိုင်းအခြားကို ကျော်လွန်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၃၀။) (ဝိမတိ၊၂။၁၆။)

ဒုတိယ သံဃဘေဒသိက္ခာပုဒ် အင်္ဂါ ၄ မျိုး ၁။ သံဃာကွဲပြားခြင်းငှာ အားပေးသမှု ပြုခြင်း နောက်လိုက်ခြင်း၊ ၂။ ဓမ္မကံဖြင့် ကမ္မဝါစာ ရွတ်ဖတ်ခြင်း၊ ၃။ ကမ္မဝါစာ ပြီးဆုံးခြင်း၊ ၄။ အယူကို မစွန့်ခြင်း။ (သာရတ္ထ၊ဋီ၂။၃၆၃။)

ဒုတိယ သင်္ဃာဒိသေသ အဓမ္မဝတ္ထု ၁၀ ပါး ၁။ သားဦးချိုဇူးဖြင့် ဆောင်ထားသော ဆားသည် အပ်၏ဟု ပြုခြင်း၊ ၂။ မွန်းတည့်ပြီးနောက် အရိပ်လက်နှစ်သစ် လွန်ချိန်၌ စားသောက်ခြင်းငှာ အပ်၏ဟု ပြုခြင်း၊ ၃။ ရွာတစ်ပါးသို့ သွားမည့်ရဟန်းအား အတိရိတ်ဝိနည်းက် မပြုဘဲ စားသောက်ခြင်းသည် အပ်၏ဟု ယူခြင်း၊ ၄။ တစ်သိမ်တည်း၌ သံဃာ့ကံကို အသီးသီး ပြုခြင်းသည် အပ်၏ဟု ယူခြင်း၊ ၅။ မရောက်လာသေးသော ရဟန်းတို့၏ ဆန္ဒကို လာမှ ယူမည်ဟု ကြို၍ ဝင်ဖြစ်သော သံဃာဖြင့် ကံပြုပြီးနောက်မှ ဆန္ဒကို ယူခြင်းသည် အပ်၏ဟု ပြုခြင်း၊ ၆။ ဆရာဥပဇ္ဈာယ်တို့၏ အလေ့အကျက်သည် (ဓမ္မဝိနယနှင့် မညီသော်လည်း) အပ်၏ဟု

http://www.dhammadownload.com

ပြခြင်း၊ ၇။ အတိရိတ်ဝိနည်းကံ မပြုဘဲ နို့ဓမ်း (နို့ချဉ်) မဖြစ်မီ နို့ရည်ကို သုံးဆောင်ခြင်းသည် အပ်၏ဟု ပြခြင်း၊ ၈။ သေရည် မဖြစ်သေးသော သေနှုကို သောက်ခြင်းသည် အပ်၏ဟု ပြခြင်း၊ ၉။ အမြိတ်အဆာမပါသော နိသီဒိုင်အခင်းသည် အပ်၏ဟု ပြခြင်း၊ ၁၀။ ရွှေငွေသည် အပ်၏ဟု ပြခြင်း။ (ဝိ၊၄။၄၉၅) (ဝိ၊မြန်၊၄၊၅၀၁။)

ဒုတိယသင်္ဂါယနာတင်ရာ၌ ဂဏပါမောက္ခ မထေရ် ၈ ပါး ၁။ သဗ္ဗကာမိမထေရ်၊ ၂။ သာဠ္ဟမထေရ်၊ ၃။ ရေဝတမထေရ်၊ ၄။ ခုဇ္ဇသောဘိတမထေရ်၊ ၅။ ယသမထေရ်၊ ၆။ သာဏအရဟံ၌ နေသော သမ္ဘူတမထေရ်၊ ၇။ ဝါသဘဂါမိမထေရ်၊ ၈။ သုမနမထေရ်။ (သာရတ္ထ၊ဋီ၊၁။၁၁၃။)

ဒုတိယအနိယတသိက္ခာပုဒ်၌ ဝေဒနာ ၂ ပါး ၁။ သုခဝေဒနာ၊ ၂။ ဥပေက္ခာဝေဒနာ။ (ဝိ၊၆၊၂။၂၁၈။)

ဒုတိယအနိယတသိက္ခာပုဒ် သမုဋ္ဌာန် ၃ ပါး ၁။ ကာယစိတ္တသမုဋ္ဌာန်၊ ၂။ ဝါစာစိတ္တသမုဋ္ဌာန်၊ ၃။ ကာယဝါစာစိတ္တသမုဋ္ဌာန်။ (ဝိ၊၆၊၂။၂၁၈။)

ဒု သ နု သော အသံကြီး ၄ မျိုး ၁။ ဒု– ဒုဇ္ဈီတမဇီဝိမှ စသော ဂါထာ၏ အစအက္ခရာ၊ ၂။ သ– သဠဝသသဟဿာနိ စသော ဂါထာ၏ အစအက္ခရာ၊ ၃။ နု– နတ္ထိ အန္ဓော ကုတော အန္ဓော စသော ဂါထာ၏ အစအက္ခရာ၊ ၄။ သော– သောဟံ နုန ဣတော ဂန္ဓာ စသော ဂါထာ၏ အစအက္ခရာ။ (ပေတ၊၆။၂၆၂။) (ဇာ၊၆၊၃။၄၁။)

ဒုသီမာရုံနတ်ကျရောက်သည့် ငရဲ၏အမည် ၃ မျိုး ၁။ ဆ ဖဿာယတနိကငရဲ– ဒွါရခြောက်ပါးလုံး ဆင်းရဲဒုက္ခ ခံစားရသော ငရဲ၊ ၂။ သကိုသမာဟတငရဲ– သံတံကျင်ကြီးများ ခုပေါင်း ကျရောက်ခြင်း ခံရသော ငရဲ၊ ၃။ ပစ္စတ္တဝေဒနီယငရဲ– ကိုယ်တိုင်သီးခြား ဆင်းရဲဒုက္ခ ခံစားရသော ငရဲ။ (မ၊၁။၄၁၃။) (မ၊မြန်၊၁။၄၂၇။)

ဒေဝ ၃ မျိုး ၁။ သမ္မုတိဒေဝ– မင်း, မင်းသား စသော သူတို့သည် သမ္မုတိနတ်၊ ၂။ ဥပပတ္တိဒေဝ– နတ်ပြည်၌ ဖြစ်ကုန်သော နတ်တို့သည် ဥပပတ္တိနတ်၊ ၃။ ဝိသုဒ္ဓိဒေဝ– ဘုရား ရဟန္တာ ပုဂ္ဂိုလ်တို့သည် ဝိသုဒ္ဓိနတ်။ (ဣတိဝု၊၆။၃၁၉။)

ဒေဝဂဗ္ဘမင်းသမီး၏ သား ၁၀ ယောက် ၁။ ဝါသုဒေဝ၊ ၂။ ဗလဒေဝ၊ ၃။ စန္ဒဒေဝ၊ ၄။ သူရိယဒေဝ၊ ၅။ အဂ္ဂိဒေဝ၊ ၆။ ဝရုဏဒေဝ၊ ၇။ အဇ္ဇုန၊ ၈။ ပဇ္ဇုန၊ ၉။ ဃဋပဏ္ဍိတ၊ ၁၀။ အကံ်ရ။ (ဇာ၊၆၊၄။၈၁။)

ဒေဝဒတ် ငရဲ၌ ကမ္မာတည်အောင် ဖြစ်ကြောင်းတရား ၈ ပါး ၁။ လာဘ်ရခြင်း၊ ၂။ လာဘ်မရခြင်း၊ ၃။ အခြံအရံရှိခြင်း၊ ၄။ အခြံအရံမရှိခြင်း၊ ၅။ ပူဇော်သက္ကာရ ရှိခြင်း၊ ၆။ ပူဇော်သက္ကာရ မရှိခြင်း၊ ၇။ ယုတ်မာသော အလိုဆိုးရှိခြင်း၊ ၈။ ယုတ်မာသော အဆွေ ခင်ပွန်းရှိခြင်း။ (အံ၊၃။ ၁၀။) (အံ၊၃။၁၃။) (အံ၊မြန်၊၃။၁၄။) (အံ၊မြန်၊၃။၁၄။)

ဒေဝဒတ် ငရဲကျကြောင်း ၃ ပါး ၁။ ပါပိစ္ဆတာဟု ဆိုအပ်သော ယုတ်မာသော အလိုဆိုးသည် လွှမ်းမိုးနှိပ်စက်အပ်ခြင်း၊ ၂။ ပါပမိတ္တတာဟု ဆိုအပ်သော မကောင်းသော မိတ်ဆွေယုတ် ရှိခြင်း၊ ၃။ အနည်းငယ်မျှသော တရားထူးကို ရခြင်းဖြင့် အကြွားဥ္ဇ အပြီးအဆုံးသို့ ရောက်ခြင်း။ (ခုဒ္ဒက။၂၅၃။) (ခုဒ္ဒက၊မြန်။ ၂၃၈။)

http://www.dhammadownload.com

ဒေဝဒတ်အား လွှမ်းမိုးနိုပ်စက်သည့် မသူတော်တရား ၃ ပါး ၁။ အလိုဆိုးရှိခြင်း၊ ၂။ မိတ်ဆွေယုတ်ရှိခြင်း၊ ၃။ အနည်းငယ်မျှသော တရားထူးကို ရခြင်းဖြင့် အကြွားဥ ဆုံးရှုံးခြင်းသို့ ရောက်ခြင်း။ (ဝိ၊၄။၃၆၆။) (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၄၊၃၇၂။) (ဝိ၊မြန်၊၅။၃၁၀။)

ဒေဝဒတ်အား လွှမ်းမိုးနိုပ်စက်သည့် မသူတော်တရား ၈ ပါး ၁။ လာဘ်ရခြင်း၊ ၂။ လာဘ်မရခြင်း၊ ၃။ ကျော်စောခြင်း၊ ၄။ မကျော်စောခြင်း၊ ၅။ ကောင်းစွာ ပြုစုခြင်း၊ ၆။ ကောင်းစွာ မပြုစုခြင်း၊ ၇။ အလိုဆိုးရှိခြင်း၊ ၈။ မိတ်ဆွေယုတ်ရှိခြင်း။ (ဝိ၊၄။၃၆၅။) (ဝိ၊မြန်၊၄၊၃၇၁။)

ဒေဝဒတ်၏ တောင်းဆိုချက် ၅ ချို့ ၁။ ရဟန်းအားလုံး အသက်ထက်ဆုံး (တောကျောင်းဥသာနေထိုင်သီတင်းသုံးရသော)အာရညကင်ခုတင်ဆောက်တည်စေ၍ ရွာနီးကျောင်း(မြို့ကျောင်း)၌ မနေစေရန် တောင်းဆိုခြင်း၊ ၂။ ရဟန်းတော်များ အသက်ထက်ဆုံး အိမ်စဉ်လှည့်လည်၍ ဆွမ်းခံစားရသော ပိဏ္ဍပါတ်ခုတင်ကို ဆောက်တည်စေ၍ ပင့်ဖိတ်ကျွေးသောဆွမ်း(နိမန္တနဘတ်)ကို လက်မခံစေရန် တောင်းဆိုခြင်း၊ ၃။ ရဟန်းတော်များ အသက်ထက်ဆုံး ပံသုကူခုတင်ကို ဆောက်တည်စေလျက် ပံသုကူသင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင်၍ လူဒါယကာတို့ လှူဒါန်းသော အဝတ်သင်္ကန်းကို လက်မခံစေရန် တောင်းဆိုခြင်း၊ ၄။ ရဟန်းတော်များ အသက်ထက်ဆုံး သစ်ပင်ရင်းဥသာ နေထိုင်ရသော ရုက္ခမူခုတင်ကို ဆောက်တည်စေလျက် အမိုးအကာရှိသော ကျောင်းဥ မနေစေရန် တောင်းဆိုခြင်း၊ ၅။ ရဟန်းတော်များ အသက်ထက်ဆုံး အမဲသား ငါးကို မစားစေရန် တောင်းဆိုခြင်း။ (ဝိ၊၁။၂၆၃။) (ဝိ၊၄။၃၅၉။) (ဓမ္မ၊ဋ္ဌ၊၁။၉၁။) (ဝိ၊မြန်၊၁။၂၇၈။) (ဝိ၊မြန်၊၄၊၃၆၄။)

ဒေဝဒတ်၏ မသူတော်တရား ၃ ပါး ဒေဝဒတ်အား လွှမ်းမိုးနိုပ်စက်သည့် မသူတော်တရား ၃ ပါးနှင့် တူသည်။

ဒေဝဓမ္မ ၂ ပါး ၁။ ဟိရီ– ကာယဒုစ္စရိုက် စသည်တို့မှ ရှက်ခြင်း၊ ၂။ ဩတ္တပ္ပ– ကာယဒုစ္စရိုက် စသည်တို့မှ ကြောက်လန့်ခြင်း။ (ဇာတက၊၁။၂။) (ဇာဋ္ဌ၊၁။၁၄၅။)

ဒေသနာ ၂ မျိုး ၁။ သမ္မုတိဒေသနာ– ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ စသည်ဖြင့် လူအများ ခေါ်ဝေါ်သမုတ်ထားသည့် အတိုင်း ဟောကြားခြင်း၊ ၂။ ပရမတ္ထဒေသနာ– ခန္ဓာ အာယတန ဓာတ် အနိစ္စ ဒုက္ခ စသည်ဖြင့် ပရမတ္ထဓမ္မအားဖြင့် ဟောခြင်း။ (မ၊ဋ္ဌ၊၁။၁၄၂။) (အံ၊ဋ္ဌ၊၁။၇၃။) (ဣတိဝုတ်၊ဋ္ဌ။၇၈။)

ဒေသနာ ၂ မျိုး (တစ်နည်း) (ဘုရားရှင်တို့ ပရိယာယ်အားဖြင့် ဟောကြားအပ်သော ဒေသနာ ၂ မျိုး) ၁။ မကောင်းမှုကို မကောင်းမှုအားဖြင့် ရှုမြင်ကြဟု ဟောကြားခြင်း၊ ၂။ မကောင်းမှုကို မကောင်းမှုအားဖြင့် ရှုမြင်၍ ထိုမကောင်းမှုဥ ငြီးငွေ့တပ်မက်မှု ကင်းလျက် ထိုမကောင်းမှုမှ လွတ်မြောက်အောင် အားထုတ်ကြဟု ဟောကြားခြင်း။ (ခုဒ္ဒက။၂၁၈။) (ခုဒ္ဒက၊မြန်။ ၂၀၁။)

ဒေသနာ ၂ မျိုး (တစ်နည်း) ၁။ အတ္တာနုပနာယိကာဒေသနာ– မိမိကိုယ်ကို ကပ်ဆောင်အပ်သော ဒေသနာ၊ ၂။ ပရူပနာယိကာဒေသနာ– သူတစ်ပါးတို့ကို ကပ်ဆောင်အပ်သော ဒေသနာ။ (နေတ္တိ၊ဋ္ဌ။၁၅၂။)

http://www.dhammadownload.com

ဒေသနာ ၃ မျိုး ၁။ အာဏာဒေသနာ– အာဏာများသောအားဖြင့် ဟောတော်မူသော ဝိနည်းပိဋကဒေသနာ၊ ၂။ ဝေါဟာရဒေသနာ– ဝေါဟာရများသောအားဖြင့် ဟောတော်မူသော သုတ္တန်ပိဋကဒေသနာ၊ ၃။ ပရမတ္ထဒေသနာ– ပရမတ်များသောအားဖြင့် ဟောတော်မူသော အဘိဓမ္မပိဋကဒေသနာ။ (ဝိ၊ဋ္ဌ၊၁။၁၇။) (ဒီ၊ဋ္ဌ၊၁။၂၀။) (အဘိ၊ဋ္ဌ၊၁။၂၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၄။)

ဒေသနာ ၄ မျိုး ၁။ သဘာဝဓမ္မကို မှီ၍ ဖြစ်သော တရားဟောခြင်း– ဓမ္မာဓိဋ္ဌာန ဓမ္မဒေသနာ၊ ၂။ သဘာဝဓမ္မကို မှီ၍ ဖြစ်သော ပုဂ္ဂိုလ်ကို ဟောခြင်း– ဓမ္မာဓိဋ္ဌာန ပုဂ္ဂလဒေသနာ၊ ၃။ ပုဂ္ဂိုလ်ကို မှီ၍ ဖြစ်သော ပုဂ္ဂိုလ်အားဖြင့် ဟောခြင်း– ပုဂ္ဂလာဓိဋ္ဌာန ပုဂ္ဂလဒေသနာ၊ ၄။ ပုဂ္ဂိုလ်ကို မှီ၍ ဖြစ်သော သဘာဝဓမ္မ၏ အစွမ်းဖြင့် ဟောခြင်း– ပုဂ္ဂလာဓိဋ္ဌာန ဓမ္မဒေသနာ။ (မ၊ဋ္ဌ၊၁။၂၅။) (ပဋိသံ၊ဋ္ဌ၊၁။၆၁။)

ဒေသနာဉာဏ် ၂ မျိုး ၁။ ပဝတ္တမာန ဒေသနာဉာဏ်– ဓမ္မစက်ကြာတရား ဟောသည်မှ စ၍ အညာသိကောဏ္ဍညထေရ်၏ သောတာပတ္တိမဂ်တိုင်အောင် ဖြစ်ဆဲ ဒေသနာဉာဏ်၊ ၂။ ပဝတ္တ ဒေသနာဉာဏ်– အရှင် အညာသိကောဏ္ဍညထေရ်၏ သောတာပတ္တိဖိုလ်ခဏဌိကား ဖြစ်ပြီး ဒေသနာဉာဏ်။ (မ၊ဋ္ဌ၊၁။၃၃၄။) (သံ၊ဋ္ဌ၊၂။၄၄။) (အံ၊ဋ္ဌ၊၂။၂၅၄။) (အံ၊ဋ္ဌ၊၃။၂၉၅။) (အဘိ၊ဋ္ဌ၊၂။၃၈၃။)

ဒေသနာတော် နက်နဲခြင်း၏ အကြောင်း ၄ မျိုး ၁။ ဝိနည်းပညတ်တော်တည်းဟူသော အကြောင်းအရာ ဌာန၊ ၂။ အဝတ္ထာဘုံ, ဌာနဘုံတည်းဟူသော ဘုံအထူး အကြောင်းအရာဌာန၊ ၃။ ပဋိစ္စသမုပ္ပါဒ်တည်းဟူသော အကြောင်းအရာဌာန၊ ၄။ ဗုဒ္ဓအယူမှ တစ်ပါးသော မိစ္ဆာအယူတည်းဟူသော အကြောင်းအရာဌာန။ (ဒီ၊ဋ္ဌ၊၁။၉၄။) (ဒီ၊ဋ္ဌ၊၂။၇၅။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၈၀။)(ဒီ၊ဋ္ဌ၊မြန်၊၁။၁၈၀။)

ဒေသနာနိဒါန်း ၂ မျိုး ၁။ သာဓာရဏ ဒေသနာနိဒါန်း၊ ၂။ အသာဓာရဏ ဒေသနာနိဒါန်း။ (ဒီ၊ဋ္ဌီ၊၂။၂၇၈။)

ဒေသနာဟာရဝိဘင်္ဂ ၆ ပါး ၁။ အဿာဒ၊ ၂။ အာဒီနဝ၊ ၃။ နိဿရဏ၊ ၄။ ဖလ၊ ၅။ ဥပါယ၊ ၆။ အာဏတ္တိ။ (နေတ္တိ၊ဋ္ဌ၊၅။)

ဒေါမနဿ ၂ မျိုး ၁။ သေဝိတဗ္ဗဒေါမနဿ– ဤဒေါမနဿကို မှီဝဲသော ပုဂ္ဂိုလ်အား ကုသိုလ်တရားများ ယုတ်လျော့၍ အကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော ဒေါမနဿ၊ ၂။ အသေဝိတဗ္ဗဒေါမနဿ– ဤဒေါမနဿကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော ဒေါမနဿ။ (ဒီ၊၃။၂၂၂။) (ဒီ၊မြန်၊၃။၂၄၈။)

ဒေါမနဿဝေဒနာနှင့် ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်း ၆ ပါး ၁။ မျက်စိဖြင့် ရူပါရုံကို မြင်၍ နှလုံးမသာခြင်း ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်ခြင်း၊ ၂။ နားဖြင့် သဒ္ဒါရုံကို ကြား၍ နှလုံးမသာခြင်း ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သော သဒ္ဒါရုံကို ဆင်ခြင်ခြင်း၊ ၃။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်း၍ နှလုံးမသာခြင်း ဒေါမနဿ ဝေဒနာ၏ အကြောင်းဖြစ်သော ဂန္ဓာရုံကို ဆင်ခြင်ခြင်း၊ ၄။ လျှာဖြင့် ရသာရုံကို လျက်၍ နှလုံးမသာခြင်း ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သော ရသာရုံကို ဆင်ခြင်ခြင်း၊ ၅။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာ

http://www.dhammadownload.com

ရုံကို ထိ၍ နှလုံးမသာခြင်း ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ဆင်ခြင်ခြင်း၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိ၍ နှလုံးမသာခြင်း ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်ခြင်း။ (ဒီ၊၃။၂၀၃။) (အဘိ၊၀။၃၉၅။) (ဒီ၊မြန်၊၃။၂၂၆။) (အဘိ၊၀၊မြန်၊၂။၅၀၁။)

ဒေါမနဿုပဝိစာရ ၆ ပါး ဒေါမနဿဝေဒနာနှင့် ယှဉ်သော ဆင်ခြင်သုံးသပ်ခြင်း ၆ ပါးနှင့် တူသည်။

ဒေါဝစဿကရဏဓမ္မ ၁၉ ပါး ဆုံးမခက်သူ ဖြစ်ကြောင်း ၁၉ ပါးနှင့် တူသည်။

ဒေါသကို ပယ်ကြောင်း တရား ၆ ပါး ၁။ မေတ္တာနိမိတ် အာရုံကို ယူခြင်း၊ ၂။ မေတ္တာဘာဝနာကို အဖန်ဖန် အားထုတ်ခြင်း၊ ၃။ ကံသာလျှင် မိမိ၏ ဥစ္စာဟု ဆင်ခြင်ခြင်း၊ ၄။ ပညာဖြင့် ဆင်ခြင်မှု များသည် ဖြစ်ခြင်း၊ ၅။ စိတ်ကောင်းရှိသည် ဖြစ်ခြင်း၊ ၆။ လျောက်ပတ်သော စကားကို ပြောဆိုခြင်း။ (ဒီ၊၃၊၂။၃၆၉။) (မ၊၃၊၁။၂၈၇။) (ဒီ၊၃၊မြန်၊၂။၆၈၄။) (ဒီ၊၃၊မြန်၊၂။၆၈၄။)

ဒေါသစရိုက်ရှိသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း ၈ ပါး ၁။ မေတ္တာ၊ ၂။ ကရုဏာ၊ ၃။ မုဒိတာ၊ ၄။ ဥပေက္ခာ၊ ၅။ နီလကသိုဏ်း၊ ၆။ ပီတကသိုဏ်း၊ ၇။ လောဟိတကသိုဏ်း၊ ၈။ ဩဒါတကသိုဏ်း။ (ဝိသုဒ္ဓိ၊၁။၁၁၀။) (သာရတ္ထ၊ဋီ၊၂။၂၀၃။)

ဒေါသဖြစ်ပေါ်ကြောင်း ၂ မျိုး ၁။ ဒေါသဖြစ်ကြောင်း အနိဋ္ဌာရုံ၊ ၂။ မသင့်လျော်သော အကြောင်း အားဖြင့် နှလုံးသွင်းခြင်း။ (အံ၊၁။၈၆။) (အံ၊မြန်၊၁။၁၀၂။)

ဒေါသမူစိတ် ၂ ပါး ၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၊ ၂။ ဒေါမနဿ သဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်။ (ဝိသုဒ္ဓိ၂။၈၄။)

ဒေါသသဟဂုတ်ဝေဒနာ ၂ မျိုး ၁။ နိယတဒေါသသဟဂုတ် ဝေဒနာ၊ ၂။ အနိယတဒေါသ သဟဂုတ် ဝေဒနာ။ (အဘိ၊၃၊၂။၁၅။)

ဒေါသ ဆိုးကျိုး ၃ ပါး ၁။ မိစ္ဆာဝါစာ– မှားသော စကား၊ ၂။ မိစ္ဆာကမ္မန္တ– မှားသော အလုပ်၊ ၃။ မိစ္ဆာအာဇီဝ–မှားသော အသက်မွေးမှု။ (ပေဋကော။၁၈၂။)

ဒက္ခိဏာဝိသုဒ္ဓိ ၄ ပါး အလှူ၏ သန့်ရှင်းစင်ကြယ်ကြောင်း ၄ ပါးနှင့် တူသည်။

ဒုက္ကဋ်အာပတ် ၈ မျိုး ၁။ ပုဗ္ဗပယောဂဒုက္ကဋ်– မခိုးမီ ရှေ့အဖို့၌ ဖြစ်သော ပယောဂကြောင့် သင့်သော ဒုက္ကဋ်၊ ၂။ သဟပယောဂဒုက္ကဋ်– ခိုးခြင်းနှင့် တကွဖြစ်သော ပယောဂကြောင့် သင့်သော ဒုက္ကဋ်၊ ၃။ အနာမာသဒုက္ကဋ်– မသုံးသပ်ကောင်းသော ဝတ္ထုကို သုံးသပ်ခြင်းကြောင့် သင့်သော ဒုက္ကဋ်၊ ၄။ ဒုရူပစိဏ္ဏဒုက္ကဋ်– မကောင်းသဖြင့် ကျင့်ခြင်းကြောင့် သင့်သော ဒုက္ကဋ်၊ ၅။ ဝိနယဒုက္ကဋ်– ဝိနည်း၌ ပညတ်အပ်သော ဒုက္ကဋ်၊ ၆။ ဉာတဒုက္ကဋ်– သိနေပါလျက် မပြောခြင်းကြောင့် သင့်သော ဒုက္ကဋ်၊ ၇။ ဥတ္တိဒုက္ကဋ်– ဥတ်ကြောင့် သင့်ရောက်သော ဒုက္ကဋ်၊ ၈။ ပဋိဿဝဒုက္ကဋ်– ဝန်ခံမှု ပျက်ကွက်ခြင်းကြောင့် သင့်သော ဒုက္ကဋ်။ (ဝိ၊၃၊၁။၂၇၁။) (သာရတ္ထ၊ဋီ၊၂။၁၃၃။)

ဒုက္ခ ၂ မျိုး ၁။ နာမဒုက္ခ– နာမ်ဆင်းရဲ၊ ၂။ ရူပဒုက္ခ– ရုပ်ဆင်းရဲ။ (ဝိသုဒ္ဓိ၂။၁၄၄။)

ဒုက္ခ ၃ မျိုး ၁။ ဆင်းရဲအစစ် အဖြစ်ဖြင့် ဆင်းရဲခြင်း– ဒုက္ခဒုက္ခ (ဆင်းရဲသောကြောင့် ကိုယ်စိတ်၌

http://www.dhammadownload.com

ဖြစ်သော ဒုက္ခဝေဒနာ– ဒုက္ခဒုက္ခ)၊ ၂။ ပြုပြင်သည့်အဖြစ်ဖြင့် ဆင်းရဲခြင်း– သခါရဒုက္ခ (ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်အပ်သောကြောင့် ဥပေက္ခာဝေဒနာနှင့် တေဘူမကသခါရတရား– သခါရဒုက္ခ)၊ ၃။ ဖောက်ပြန်အပ်သည် အဖြစ်ဖြင့် ဆင်းရဲခြင်း– ဝိပရိဏာမဒုက္ခ၊ သုခဝေဒနာ (ဖောက်ပြန်သဖြင့် ဆင်းရဲဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်– ဝိပရိဏာမဒုက္ခ)။ (ဒီ၊၃။၁၈၁။) (သံ၊၃။၅၂။) (နေတ္တိ၊၄။၂၁၄။) (နေတ္တိ၊ဝိဘာ။၂၇၅။) (ဒီ၊မြန်၊၃။၂၀၁။) (သံ၊မြန်၊၃။၅၆။)

ဒုက္ခ ၃ မျိုး (တစ်နည်း) ၁။ ကာမဘုံ၌ ဖြစ်ခြင်း ဆင်းရဲ၊ ၂။ ရူပဘုံ၌ ဖြစ်ခြင်း ဆင်းရဲ၊ ၃။ အရူပဘုံ၌ ဖြစ်ခြင်း ဆင်းရဲ။ (ဝိသုဒ္ဓိ၊၂။၁၄၄။)

ဒုက္ခ ၇ မျိုး ဆင်းရဲခြင်း ၇ မျိုးနှင့် တူသည်။

ဒုက္ခ ၇ မျိုး (တစ်နည်း) ၁။ ဒုက္ခဒုက္ခ– ဆင်းရဲသည်သာလျှင် ဖြစ်သော ဒုက္ခ၊ ၂။ ဝိပရိဏာမဒုက္ခ– ဖောက်ပြန်ခြင်း, ဒုက္ခဖြစ်ခြင်း၏ အကြောင်းဖြစ်သော သုခဝေဒနာ ဟူသော ဒုက္ခ၊ ၃။ သခါရဒုက္ခ– လောကီဥပေက္ခာဝေဒနာနှင့် ကြွင်းသော တေဘူမကဘုံ၌ ဖြစ်ကုန်သော လောကီသခါရတို့သည် အဖြစ်အပျက်သည် နှိပ်စက်အပ်ကုန်သည်၏ အဖြစ်ကြောင့် ဆင်းရဲခြင်း၊ ၄။ ပဋိစ္စန္နဒုက္ခ– ကိုယ်စိတ်၌ ဖြစ်နေသော, ဖုံးကွယ်သော, မထင်ရှားသော ဆင်းရဲဒုက္ခ၊ ၅။ အပဋိစ္စန္နဒုက္ခ– သုံးဆယ့်နှစ်ပါးသော နှိပ်စက် ညှဉ်းပန်းမှု အစရှိသော မဖုံးကွယ်အပ်သော, ထင်ရှားသော ဆင်းရဲ ဒုက္ခ၊ ၆။ ပရိယာယဒုက္ခ– ဒုက္ခဒုက္ခမှ ကြွင်းသော ဇာတိအစရှိသော အလုံးစုံသော ဆင်းရဲဒုက္ခ၊ ၇။ နိပ္ပရိယာယဒုက္ခ– ပရိယာယ်မဟုတ်, မုချ ဖြစ်သော ဆင်းရဲဒုက္ခ။ (ပေဋကော။၁၈၂။)

ဒုက္ခတာ ၃ ပါး ဆင်းရဲခြင်းသဘော ၃ မျိုးနှင့် တူသည်။

ဒုက္ခမည်ကြောင်း ၄ ပါး ၁။ ပူပန်ခြင်း အနက်သဘောကြောင့် ဒုက္ခ မည်၏၊ ၂။ သည်းခံနိုင်ခဲခြင်း အနက်သဘောကြောင့် ဒုက္ခ မည်၏၊ ၃။ ဆင်းရဲ၏တည်ရာ အနက်သဘောကြောင့် ဒုက္ခ မည်၏၊ ၄။ သုခကို ပယ်တတ်သော အနက်သဘောကြောင့် ဒုက္ခ မည်၏။ (မ၊၃၊၂။၁၉။)

ဒုက္ခမည်ကြောင်း ၄ မျိုး ၁။ အမြဲမပြတ် အိုခြင်း သေခြင်းတို့သည် နှိပ်စက်အပ်သည် ဖြစ်ခြင်း၊ ၂။ ခက်ခက်ခဲခဲ ခံရသည် ဖြစ်ခြင်း၊ ၃။ ဒုက္ခ၏ တည်ရာဝတ္ထု ဖြစ်ခြင်း၊ ၄။ သုခ၏အဖြစ်ကို ပယ်ခြင်း။ (အဘိ၊၃၊၂။၄၅။)

ဒုက္ခလက္ခဏာ ၆ ပါး ၁။ ဒုက္ခတော– အဖန်ဖန် နှိပ်စက်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ ၂။ ရောဂတော– နာကျင်ကိုက်ခဲသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ ၃။ ဂဏ္ဍတော– အတွင်း၌ ဖျက်ဆီးတတ်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ ၄။ သလ္လတော– စူးဝင်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ ၅။ အဃတော– ဆင်းရဲသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ ၆။ အာဗာဓတော– ပြင်းစွာ နှိပ်စက်တတ်သော အနာရောဂါဖြစ်ခြင်း။ (အံ၊၃၊၃။၂၇၈။)

ဒုက္ခဝေဒနာ ၂ မျိုး ၁။ ကိုယ်၌ ဖြစ်သော ဒုက္ခဝေဒနာ၊ ၂။ စိတ်၌ ဖြစ်သော ဒုက္ခဝေဒနာ။ (အဘိ၊၃၊၂။၁၃။)

http://www.dhammadownload.com

ဒုက္ခသညာကို ဖြစ်စေသော ရဟန်း၏ အကျိုး ၆ မျိုး ၁။ အလုံးစုံသော သခါရတို့၌ ငြီးငွေ့သော သညာသည် ငါ့အား ရွေးရှုတည်လိမ့်မည်ဟု မြင်ခြင်း၊ ၂။ အလုံးစုံသော လောကမှလည်း ငါ၏ စိတ်သည် ထမြောက်လိမ့်မည်ဟု မြင်ခြင်း၊ ၃။ နိဗ္ဗာန်၌ အေးငြိမ်းမှုကို မြင်ရလတ္တံ့ဟု စိတ်အကြံဖြစ်ခြင်း၊ ၄။ ကိန်းအောင်းနေသော အနုသယကိလေသာတို့သည် အကြွင်းမဲ့ ဖြတ်ခြင်းသို့ ရောက်လိမ့်မည်ဟု မြင်ခြင်း၊ ၅။ ရဟန်းကိစ္စကို ပြုလေ့ရှိသူ ဖြစ်လိမ့်မည်ဟု မြင်ခြင်း၊ ၆။ မေတ္တာနှင့် ယှဉ်သော လုပ်ကျွေးခြင်းဖြင့် မြတ်စွာဘုရားကို လုပ်ကျွေးရ လိမ့်မည်ဟု မြင်ခြင်း။ (အံ၊၂။၃၈၆။) (အံ၊မြန်၊၂။၄၈၅။)

ဒုက္ခသစ္စာ ၁၂ ပါး ၁။ ပဋိသန္ဓေတည်ရခြင်း ဒုက္ခ၊ ၂။ အိုရခြင်း ဒုက္ခ၊ ၃။ သေရခြင်း ဒုက္ခ၊ ၄။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဖြစ်ရခြင်း ဒုက္ခ၊ ၅။ မချစ်မနှစ်သက်သော သူတို့နှင့် ပေါင်းသင်းရခြင်း ဒုက္ခ၊ ၆။ ချစ်ခင်နှစ်သက်သော သူတို့နှင့် ကွေကွင်းရခြင်း ခွဲခွါနေရခြင်း ဒုက္ခ၊ ၇။ အလိုရှိအပ်သော အရာဝတ္ထုကို မရရှိခြင်း ဒုက္ခ၊ ၈။ ရူပုပါဒါနက္ခန္ဓာ ဟူသော ဒုက္ခ၊ ၉။ ဝေဒနုပါဒါနက္ခန္ဓာ ဟူသော ဒုက္ခ၊ ၁၀။ သညုပါဒါနက္ခန္ဓာဟူသော ဒုက္ခ၊ ၁၁။ သင်္ခါရုပါဒါနက္ခန္ဓာ ဟူသော ဒုက္ခ၊ ၁၂။ ဝိညာဏုပါဒါနက္ခန္ဓာ ဟူသော ဒုက္ခ။ (ဝိသုဒ္ဓိ၊၂။၁၂၉။)

ဒုက္ခသစ္စာကို မသိကြောင်း ၄ ပါး ၁။ အန္တောဂဓတော– ဒုက္ခသည် ဒုက္ခသစ္စာ၌ အကျုံးဝင်ခြင်း၊ ၂။ ဝတ္ထုတော– နိဿယပစ္စည်း၏ အဖြစ်ဖြင့် တည်ရာဖြစ်ခြင်း၊ ၃။ အာရမ္မဏတော– အာရမ္မဏပစ္စည်း၏ အဖြစ်ဖြင့် အာရုံပြုခြင်း၊ ၄။ ပဋိစ္စာဒနတော– ဒုက္ခသစ္စာကို ဖုံးလွှမ်းခြင်း။ (မ၊ဋ္ဌ၊၁။ ၂၂၈။) (သံ၊ဋ္ဌ၊၂။၁၇။)

ဒုက္ခသစ္စာ၌ ဆင်းရဲ ၈ ပါး ၁။ ပဋိသန္ဓေ တည်နေရခြင်း ဆင်းရဲ၊ ၂။ အိုရခြင်း ဆင်းရဲ၊ ၃။ နာရခြင်း ဆင်းရဲ၊ ၄။ သေရခြင်း ဆင်းရဲ၊ ၅။ မချစ်မနှစ်သက်သော လူတို့နှင့် အတူတကွ ပေါင်းသင်း နေထိုင်ရခြင်း ဆင်းရဲ၊ ၆။ ချစ်ခင်သော သူတို့နှင့် ကွေကွင်းရခြင်း ဆင်းရဲ၊ ၇။ လိုချင်သော အရာကို မရခြင်း ဆင်းရဲ၊ ၈။ စွဲလမ်းရာအာရုံဖြစ်သော ခန္ဓာငါးပါး ဆင်းရဲ။ (ဝိ၊၃။၁၄။) (ဝိ၊မြန်၊ ၃။၁၆။)

ဒုက္ခသစ္စာ၌ ညဏ် ၃ ပါး ၁။ သစ္စညဏ်– ဆင်းရဲဖြစ်သော ဒုက္ခသစ္စာကို ထိုးထွင်း၍ သိခြင်း၊ ၂။ ကိစ္စညဏ်–ဆင်းရဲဖြစ်သော ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ ၃။ ကတညဏ်– ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပြီးပြီဟု သိခြင်း။ (ဝိ၊၃။၁၅။) (ဝိ၊မြန်၊၃။၁၇။)

ဒုက္ခသစ္စာ၌ ဖြစ်သော ညဏ် ၄ မျိုး ၁။ သင်ယူ ကြားနာသော အခြင်းအရာအားဖြင့် ဖြစ်သော ညဏ်၊ ၂။သုံးသပ်သောအခြင်းအရာအားဖြင့်ဖြစ်သောညဏ်၊၃။ထိုးထွင်း၍သိသောအခြင်းအရာ အားဖြင့် ဖြစ်သော ညဏ်၊ ၄။ ဆင်ခြင်သော အခြင်းအရာအားဖြင့် ဖြစ်သော ညဏ်။ (သံ၊ဋ္ဌ၊ ၃။၁၆၀။)

ဒုက္ခာနုပဿနာညဏ် လွတ်ရာ ဥပါဒါန် ၁ ပါး ၁။ ကာမုပါဒါန်။ (ပဋိသံ။၂၄၃။) (ပဋိသံ၊မြန်။၃၀၀။)

ဒုဂ္ဂတိ ၂ မျိုး ၁။ ပဋိပတ္တိ ဒုဂ္ဂတိ– အကျင့်ဒုဂ္ဂတိ၊ ၂။ ဂတိဒုဂ္ဂတိ– လားရာဒုဂ္ဂတိ။ (မ၊ဋ္ဌ၊၁။၁၇၂။)

ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်း တရား ၆ ပါး ၁။ ကာမဂုဏ်ကို ကြိုစည်မှု ကာမဝိတက်နှင့် ပြည့်စုံခြင်း၊ ၂။ ပျက်စီးစေရန် ကြိုစည်မှု ဗျာပါဒဝိတက်နှင့် ပြည့်စုံခြင်း၊ ၃။ ညှဉ်းဆဲရန် ကြိုစည်မှု

http://www.dhammadownload.com

ဝိဟိံသဝိတက်နှင့် ပြည့်စုံခြင်း၊ ၄။ ကာမဂုဏ်၌ မှတ်သားမှု ကာမသညာနှင့် ပြည့်စုံခြင်း၊ ၅။ ပျက်စီးရန် မှတ်သားမှု ဗျာပါဒသညာနှင့် ပြည့်စုံခြင်း၊ ၆။ ညှဉ်းဆဲရန် မှတ်သားမှု ဝိဟိံသသညာနှင့် ပြည့်စုံခြင်း။ (အံ၊၂။၃၇၄။) (အံ၊မြန်၊၂။၄၇၂။)

ဒုဂ္ဂတိဝဋ္ဋဆင်းရဲသို့ ရောက်ကြောင်း တရား ၃ ပါး ၁။ လိုချင်တပ်မက်မှု လောဘ၊ ၂။ အမျက်ထွက်မှု ဒေါသ၊ ၃။ တွေဝေမှု မောဟ။ (အံ၊၂။၂၉၇။) (အံ၊မြန်၊၂။၃၈၂။)

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅ မျိုး ၁။ အတ္တသည် ကာမဂုဏ် (၅) ပါးတို့ဖြင့် ကုံလုံပြည့်စုံစွာ ပျော်ရွှင်ခံစား၍ မျက်မှောက် လောကီနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသော အယူ၊ ၂။ အတ္တသည် ပထမဈာန်သို့ ရောက်၍ မျက်မှောက် လောကီနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသော အယူ၊ ၃။ အတ္တသည် ဒုတိယဈာန်သို့ ရောက်၍ မျက်မှောက် လောကီနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသော အယူ၊ ၄။ အတ္တသည် တတိယဈာန်သို့ ရောက်၍ မျက်မှောက် လောကီနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသော အယူ၊ ၅။ အတ္တသည် စတုတ္ထဈာန်သို့ ရောက်၍ မျက်မှောက် လောကီနိဗ္ဗာန်သို့ ရောက်သည်ဟု ယူသော အယူ။ (ဒီ၊၁။၃၃၊၃၄။) (ဒီ၊မြန်၊၁။၃၉။)

ဒိန္ဒ ၂ မျိုး ၁။ ဘဝမြိ၏ဟု ယူမှားခြင်း– ဘဝဒိဋ္ဌိ၊ ၂။ ဘဝပြတ်၏ဟု ယူမှားခြင်း– ဝိဘဝဒိဋ္ဌိ။ (မ၊၁။၉၄။) (သံ၊၂။၇၇။) (မ၊မြန်၊၁။၁၀၁။) (သံ၊မြန်၊၂။၇၄။)

ဒိန္ဒ ၄ မျိုး ၁။ ချမ်းသာဆင်းရဲကို ကိုယ်တိုင် ပြုအပ်၏ဟု အမှန်အကန် အခိုင်အမာအားဖြင့် ယူခြင်း၊ ၂။ ချမ်းသာဆင်းရဲကို သူတစ်ပါး ပြုအပ်၏ဟု အမှန်အကန် အခိုင်အမာအားဖြင့် ယူခြင်း၊ ၃။ ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း ပြုအပ်၏၊ သူတစ်ပါးလည်း ပြုအပ်၏ဟု အမှန်အကန် အခိုင်အမာအားဖြင့် ယူခြင်း၊ ၄။ ချမ်းသာဆင်းရဲကို ကိုယ်တိုင်လည်း မပြုအပ်၊ သူတစ်ပါးလည်း မပြုအပ်၊ အကြောင်းကို မစွဲမူ၍ ဖြစ်၏ဟု အမှန်အကန် အခိုင်အမာအားဖြင့် ယူခြင်း။ (အဘိ၊ဝိ။၃၉၁။) (အဘိ၊ဝိ၊မြန်၊၂။၄၉၄။)

ဒိန္ဒ ၅ မျိုး ၁။ အတ္တသည် သညာရှိ၏ သေပြီးနောက် ပျက်စီးခြင်းမရှိ မြဲ၏ဟု ယူခြင်း၊ ၂။ အတ္တသည် သညာမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ မြဲ၏ဟု ယူခြင်း၊ ၃။ အတ္တသည် သညာရှိသည်လည်း မဟုတ်, သညာမရှိသည်လည်း မဟုတ်, သေပြီးနောက် ပျက်စီးခြင်းမရှိ မြဲ၏ဟု ယူခြင်း၊ ၄။ ထင်ရှားရှိသော သတ္တဝါ၏ ပြတ်စဲပျက်စီး ကင်းပျောက်ခြင်းကို ပညတ်ခြင်း၊ ၅။ မျက်မှောက်ဘဝ၌ ဖြစ်သော ဒိဋ္ဌဓမ္မနိဗ္ဗာန်ကို ပြောဆိုပညတ်ခြင်း။ (အဘိ၊ဝိ။၃၉၂။) (အဘိ၊ဝိ၊မြန်၊၂။၄၉၇။)

ဒိန္ဒ ၆ မျိုး (မသင့်သော အကြောင်းအားဖြင့် နှလုံးသွင်းသော သူအား ဖြစ်သော ဒိဋ္ဌိ ၆ ပါး) ၁။ "ငါအား အတ္တသည် ရှိ၏" ဟု ယူသောအားဖြင့် အမှန်အကန် အခိုင်အမာအားဖြင့် ဒိဋ္ဌိဖြစ်ခြင်း၊ ၂။ "ငါအား အတ္တသည် မရှိ" ဟု ယူသောအားဖြင့် အမှန်အကန် အခိုင်အမာအားဖြင့် ဒိဋ္ဌိဖြစ်ခြင်း၊ ၃။ "အတ္တဖြင့်သာလျှင် အတ္တကို သိ၏"ဟု ယူဆသော သူအား အမှန်အကန် အခိုင်အမာအားဖြင့် ဒိဋ္ဌိဖြစ်ခြင်း၊ ၄။ "အတ္တဖြင့်သာလျှင် အနတ္တကို သိ၏" ဟု ယူသော သူအား အမှန်အားဖြင့် လည်းကောင်း အခိုင်အမာအားဖြင့်လည်းကောင်း ဒိဋ္ဌိ ဖြစ်ခြင်း၊ ၅။ "အနတ္တဖြင့်သာလျှင် အတ္တကို သိ၏" ဟု ယူအပ်သော သူအား အမှန်အားဖြင့် လည်းကောင်း

http://www.dhammadownload.com

အခိုင်အမာအားဖြင့်လည်းကောင်း ဒိဋ္ဌဖြစ်ခြင်း၊ ၆။ ငါ၏ ထိုအတ္တသည် သိမြင် ခံစားတတ်၏၊ ခိုင်မြဲ၏၊ စသည်ဖြင့် ယူသော သူအား အမြင်မှားမှု ဒိဋ္ဌဖြစ်ခြင်း။ (မ၊၁။၁၀။) (အဘိ၊၀။၃၉၆။) (မ၊မြန်၊၁။၁၂။) (အဘိ၊၀၊မြန်၊၂။၅၀၃။)

ဒိဋ္ဌ ၁၆ မျိုး ၁။ သာယာဖွယ်ဟု ယူသော အယူ(အသာဒဒိဋ္ဌ)၊ ၂။ အတ္တသို့ အစဉ်လိုက်သော အယူ (အတ္တာနုဒိဋ္ဌ)၊ ၃။ ဖောက်ပြန်သော အယူရှိသော အယူ (မိစ္ဆာဒိဋ္ဌ)၊ ၄။ မိမိ၏ ကိုယ်ကို စွဲလမ်းသော အယူ (သက္ကာယဒိဋ္ဌ)၊ ၅။ အတ္တသည် မြဲ၏ဟု ယူသော အယူ (သဿတဒိဋ္ဌ)၊ ၆။ အတ္တသည် ပြတ်၏ဟု ယူသော အယူ(ဥစ္ဆေဒဒိဋ္ဌ)၊ ၇။ အဆုံးရှိ၏ဟု ယူသော အယူ (အန္တဂ္ဂါဟိကဒိဋ္ဌ)၊ ၈။ အတိတ်ဟူသော ရှေ့အစွန်းသို့ အစဉ်လျှောက်၍ ယူသော အယူ (ပုဗ္ဗန္တာနုဒိဋ္ဌ)၊ ၉။ နောက်အစွန်းသို့ အစဉ်လျှောက်၍ ယူသော အယူ (အပရန္တာနုဒိဋ္ဌ)၊ ၁၀။ အကျိုးမဲ့၌ ယုဉ်စေတတ်သော (သံယောဇနဒိဋ္ဌ)၊ ၁၁။ ငါဟူသော မာန်မူခြင်းဖြင့် နှောင့်ဖွဲ့.အပ်သော အယူ (အဟန္တိ မာနဝိနိဗန္ဓဒိဋ္ဌ)၊ ၁၂။ ငါ့စွာဟူ၍ မာန်မူခြင်းဖြင့် နှောင်ဖွဲ့.အပ်သော အယူ (မမန္တိ မာနဝိနိဗန္ဓဒိဋ္ဌ)၊ ၁၃။ ငါ၏ ကိုယ်ဟူသော အတ္တဝါဒနှင့်စပ်သော အယူ (အတ္တဝါဒပဋိသံယုတ္တ ဒိဋ္ဌ)၊ ၁၄။ အတ္တကို လောကဟု ပြောဆိုခြင်းနှင့်စပ်သော အယူ (လောကဝါဒပဋိသံယုတ္တဒိဋ္ဌ)၊ ၁၅။ ဘဝ၏ အစွမ်းအားဖြင့် ဖြစ်သော အယူ– ဘဝဒိဋ္ဌ၊ ၁၆။ ဝိဘဝ၏ အစွမ်းဖြင့် ဖြစ်သော အယူ– ဘဝဒိဋ္ဌ။ (ပဋိသံ။၁၃၃။) (ပဋိသံ၊မြန်။၁၇၄။)

ဒိဋ္ဌဋ္ဌာန ၈ မျိုး ၁။ ခန္ဓာ ဟူသော ဒိဋ္ဌတို့၏ တည်ရာအကြောင်း၊ ၂။ အဝိဇ္ဇာ ဟူသော ဒိဋ္ဌတို့၏ တည်ရာအကြောင်း၊ ၃။ ဖဿ ဟူသော ဒိဋ္ဌတို့၏ တည်ရာအကြောင်း၊ ၄။ သညာ ဟူသော ဒိဋ္ဌတို့၏ တည်ရာအကြောင်း၊ ၅။ ဝိတက်ဟူသော ဒိဋ္ဌတို့၏ တည်ရာအကြောင်း၊ ၆။ မသင့်သော အားဖြင့် နှလုံးသွင်းခြင်း ဟူသော ဒိဋ္ဌတို့၏ တည်ရာအကြောင်း၊ ၇။ အဆွေခင်ပွန်းယုတ် ဟူသော ဒိဋ္ဌတို့၏ တည်ရာအကြောင်း။ (ပဋိသံ။၁၃၂။) (ဒီ၊ဋ္ဌ၊၁။၉၉။) (မ၊ဋ္ဌ၊၁။၃၁၇။) (ပဋိသံ၊မြန်။၁၇၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၉၃။)

ဒိဋ္ဌတို့၏ ချုပ်ခြင်း ၂ မျိုး ၁။ ခဏိကအားဖြင့် ချုပ်ခြင်း၊ ၂။ ပစ္ဆိမအကြောင်းအားဖြင့် ချုပ်ခြင်း။ (မ၊ဋ္ဌ၊၁။၃၁၇။)

ဒိဋ္ဌတို့၏ တည်ရာ ၈ မျိုး ဒိဋ္ဌဋ္ဌာန ၈ မျိုးနှင့် တူသည်။

ဒိဋ္ဌတို့၏ အကြောင်း ၂ မျိုး ၁။ ဒိဋ္ဌတို့၏ ဖြစ်ခြင်းသည် ခဏိကအကြောင်း၊ ၂။ ရှစ်ပါးသော ဖြစ်ရာ အကြောင်းတို့သည် ပစ္ဆိမအကြောင်း။ (မ၊ဋ္ဌ၊၁။၃၁၇။)

ဒိဋ္ဌဗ္ဗ တည်သော ကာယက် ၃ မျိုး ၁။ ယထာဒိဋ္ဌယံ ဋ္ဌိတကာယကမ္မံ– သူတစ်ပါးအသက် သတ်ခြင်း စသည်ကို ပြုသောသူအား မကောင်းမှုမရှိဟု ယူ၍ သူ့အသက်သတ်ခြင်းကို ပြုခြင်း၊ ၂။ ဒိဋ္ဌသဟဇာတကာယကမ္မံ– သူတစ်ပါးအသက် သတ်ခြင်း စသည်ကို ပြုသောသူအား မကောင်းမှုမရှိဟု ယူ၍ ထိုအယူနှင့် အတူတကွဖြစ်သော ကာယက်မှု၊ ၃။ ဒိဋ္ဌာနုလောမိက ကာယကမ္မံ– အထက်ပါ အယူကိုသာလျှင် စွဲယူ၍ ဆောက်တည်ခြင်း။(ပဋိသံ၊ဋ္ဌ၊၂။၄၈။)

ဒိဋ္ဌ ဖြစ်ကြောင်း ၈ ပါး ဒိဋ္ဌဋ္ဌာန ၈ မျိုးနှင့် တူသည်။

http://www.dhammadownload.com

ဒိဋ္ဌဖြစ်ကြောင်း ၆ ပါး ၁။ ရုပ်သည် ငါ, ငါ့ဥစ္စာ, ငါလိပ်ပြာ (ငါအတ္တ) ဟု ရှုခြင်း၊ ၂။ ဝေဒနာသည် ငါ, ငါ့ဥစ္စာ, ငါလိပ်ပြာ (ငါအတ္တ) ဟု ရှုခြင်း၊ ၃။ သညာသည် ငါ, ငါ့ဥစ္စာ, ငါလိပ်ပြာ (ငါအတ္တ) ဟု ရှုခြင်း၊ ၄။ သင်္ခါရသည် ငါ, ငါ့ဥစ္စာ, ငါလိပ်ပြာ (ငါအတ္တ) ဟု ရှုခြင်း၊ ၅။ မြင်အပ်, ကြားအပ်, တွေ့ထိအပ်, သိအပ်, ရောက်အပ်, စိတ်ဖြင့် ကြံစည်အပ်သော အာရုံသည် ငါ, ငါ့ဥစ္စာ, ငါလိပ်ပြာ (ငါအတ္တ) ဟု ရှုခြင်း၊ ၆။ ထိုငါသည် လောကတည်း၊ ကိုယ်တည်း၊ ထိုငါသည် တမလွန်ဘဝ၌ ဖြစ်အံ့၊ မြဲအံ့၊ ခိုင်ခံ့အံ့၊ ဖောက်ပြန်ခြင်းသဘော မရှိအံ့ စသော အယူကိုလည်း ငါ, ငါ့ဥစ္စာ, ငါလိပ်ပြာ (ငါအတ္တ) ဟု ရှုခြင်း။ (မ၊၁။၁၈၈။) (မ၊မြန်၊၁။၂၁၉။)

ဒိဋ္ဌဖြစ်ပုံ ၁၈ ပါး ၁။ ဒိဋ္ဌ (၆၂) ပါး၌ အတွင်းဝင်ခြင်း (ဒိဋ္ဌဂတ)၊ ၂။ လွန်နိုင်ခဲခြင်း (ဒိဋ္ဌဂဟန)၊ ၃။ ရုံရွာဖွယ် ဘေးဘျမ်းရှိခြင်း (ဒိဋ္ဌကန္တာရ)၊ ၄။ သမ္မာဒိဋ္ဌနှင့် ဆန့်ကျင်ခြင်း (ဒိဋ္ဌဝိသုက)၊ ၅။ သဿတအယူစသည်ကြောင့် တုန်လှုပ်ခြင်း (ဒိဋ္ဌဝိပ္ဖန္ဒိတ)၊ ၆။ အကျိုးမဲ့၌ ယှဉ်စေခြင်း (ဒိဋ္ဌသညောဇန)၊ ၇။ ငြောင့်တံကျင်ကဲ့သို့ နှုတ်နိုင်ခဲခြင်း (ဒိဋ္ဌသလ္လ)၊ ၈။ နိပ်စက်ကျဉ်းမြောင်းစေခြင်း (ဒိဋ္ဌသမ္ဗာဓ)၊ ၉။ လွတ်မြောက်ခြင်းကို တားမြစ်နှောင့်ယှက်ခြင်း (ဒိဋ္ဌပလိဗောဓ)၊ ၁၀။ နှောင်ဖွဲ့တတ်သော သဘော (ဒိဋ္ဌဗန္ဓန)၊ ၁၁။ ချောက်ကမ်းနှင့်တူသော သဘော (ဒိဋ္ဌပပါတ)၊ ၁၂။ အဖန်ဖန် ကိန်းတတ်သော သဘော (ဒိဋ္ဌာနုသယ)၊ ၁၃။ ကိုယ်ကို ပူပန်စေတတ်သော သဘော (ဒိဋ္ဌသန္တာပ)၊ ၁၄။ ကိုယ်ကို ပြင်းစွာ ပူလောင်တတ်သော သဘော (ဒိဋ္ဌပရိဠာဟ)၊ ၁၅။ ကိလေသာဖြင့် ထုံးဖွဲ့တတ်သော သဘော (ဒိဋ္ဌဂန္ထ)၊ ၁၆။ ပြင်းစွာ စွဲယူတတ်သော သဘော (ဒိဋ္ဌုပါဒါန)၊ ၁၇။ မှားယွင်းစွာ နှလုံးသွင်းတတ်သော သဘော (ဒိဋ္ဌာဘိနိဝေသ)၊ ၁၈။ မှားယွင်းစွာ သုံးသပ်တတ်သော သဘော (ဒိဋ္ဌိပရာမာသ)။ (ပဋိသံ။၁၃၂။) (ပဋိသံ၊မြန်။၁၇၃။)

ဒိဋ္ဌိဝိပတ္တိကြောင့် သင့်သော အာပတ် ၂ ပါး ၁။ ဥတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် ယုတ်ညံ့သော အယူကို မစွန့်အံ့၊ ဥတ်၏ အဆုံး၌ ဒုက္ကဋ်အာပတ်သို့ ရောက်ခြင်း၊ ၂။ ကမ္မဝါစာ၏ အဆုံး၌ ပါစိတ်အာပတ်သို့ ရောက်ခြင်း။ (ဝိ၊၅။၁၇၈။) (ဝိ၊မြန်၊၅။၂၆၀။)

ဒိဋ္ဌိသီသ ၂ မျိုး ၁။ သဿတဒိဋ္ဌိသီသ– အတ္တလောကသည် မြဲ၏ဟူသော အယူကို ဦးတည်ခြင်း၊ ၂။ ဥစ္ဆေဒဒိဋ္ဌိသီသ– အတ္တကောင် သတ္တဝါကောင်သည် လည်းကောင်း, လောကသည် လည်းကောင်း, သေပြီးနောက် ထပ်၍ မဖြစ်, အဆက်ပြတ်၏ ဟူသော အယူမှား အယူကို ဦးတည်ခြင်း။ (သံ၊ဋီ၊၂။၁၇။)

ဒိဋ္ဌိပတ္တပုဂ္ဂိုလ် ၆ ယောက် ၁။ သောတာပတ္တိဖိုလ်၌ တည်သော ပုဂ္ဂိုလ်၊ ၂။ သကဒါဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်၊ ၃။ သကဒါဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်၊ ၄။ အနာဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်၊ ၅။ အနာဂါမိဖိုလ်၌ တည်သော ပုဂ္ဂိုလ်၊ ၆။ အရဟတ္တမဂ်၌ တည်သော ပုဂ္ဂိုလ်။ (ဒီ၊ဋ္ဌ၊၃။၇၃။) (မ၊ဋ္ဌ၊၃။၁၃၂။) (အံ၊ဋ္ဌ၊၃။၁၄၇။)

ဒုဋ္ဌုလ္လဝါစာ သံဃာဒိသိသ်အာပတ် ဖြစ်ကြောင်း သမုဋ္ဌာန် ၃ ပါး ၁။ ရဲခါ ကိုယ်ကြောင့် လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏၊ ၂။ ရဲခါ နှုတ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း

http://www.dhammadownload.com

ဖြစ်၏၊ ၃။ ရံခါ ကိုယ်ကြောင့်လည်းကောင်း နှုတ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်၏။ (ဝိ၊၅။၃၆၀။) (ဝိ၊မြန်၊၅။၄၆၄။)

ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်၌ မဂ် ၂ မျိုး ၁။ ဝစ္စမဂ်– ကျင်ကြီးပေါက်၊ ၂။ ပဿာဝမဂ်– ကျင်ငယ်ပေါက်။ (ဝိ၊၆၊၂။၁၃၃။)

ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ လူမိန်းမ ဖြစ်ခြင်း၊ ၂။ လူမိန်းမဟု အမှတ်ရှိခြင်း၊ ၃။ ရုန့်ရင်းသော စကားဖြင့် သာယာတပ်စွဲခြင်း၊ ၄။ ထိုရုန့်ရင်းသော စကားဖြင့် သာယာတပ်မက်သော ရာဂဖြင့် ပြောဆိုခြင်း၊ ၅။ အပြောခံရသူက ထိုပြောသော ခဏာဒ်ပင် သိခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၂၃။) (ဝိမတိ၊၁။၂၆၅။)

ဒုဋ္ဌုလ္လသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ ရဟန်း၏ ရုန့်ရင်း ကြမ်းတမ်းသော အာပတ်ကို သိခြင်း၊ ၂။ ဖုံးကွယ်လိုသဖြင့် ငါ မပြောကြားအံ့ဟု လုံ့လဝီရိယ တာဝန်ကို ချထားခြင်း။ (သာရတ္ထ၊ဋီ၊ ၃။၈၄။) (ဝိမတိ၊၂။၄၆။)

ဒုဋ္ဌုလ္လာရောစနသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ပါရာဇိကအာပတ် မသင့်သော ရဟန်း၏ ဝတ္ထုနှင့် တကွ သံဃာဒိသေသ် အာပတ် သင့်ခြင်း ၂။ ရဟန်းမဟုတ်သူ လူသာမဏေအား ပြောကြားခြင်း၊ ၃။ သမ္မုတိရသော ရဟန်းမဟုတ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၄။) (ဝိမတိ၊၂။၉။)

ဒဏ် ၃ ပါး ၁။ ကာယဒဏ္ဍ– ကာယဒုစရိုက် သုံးပါး၊ ၂။ ဝစီဒဏ္ဍ– ဝစီဒုစရိုက် လေးပါး၊ ၃။ မနော ဒဏ္ဍ– မနောဒုစရိုက် သုံးပါး။ (မဟာနိ။၃၁၅။) (စူဠနိ။၂၂၉။) (အပ၊ဋ္ဌ၊၁။၁၄၄။)

ဒဏ်ကြီး ၁၀ ပါး (ခင်ပွန်းကြီးဆယ်ပါးတို့အား ပြစ်မှားမိသော ပုဂ္ဂိုလ်များ ရရှိခံစားရမည့် ဒဏ်ကြီး ၁၀ ပါး) ၁။ ကြမ်းတမ်းပြင်းထန်သော ဦးခေါင်းကိုက်ခဲခြင်း စသော ရောဂါဝေဒနာ ဖြစ်ခြင်း၊ ၂။ ပစ္စည်းဥစ္စာများ အကြောင်းအမျိုးမျိုးဖြင့် ဆုတ်ယုတ်ပျက်စီးခြင်း၊ ၃။ ခန္ဓာကိုယ် ခြေပြတ်, လက်ပြတ်စသည် ဖြစ်ခြင်း၊ ၄။ မျက်စိကွယ်ခြင်း, နှုနာစွဲခြင်း, လေငန်းဖြတ်ခြင်း စသော ကြီးလေးသော အနာရောဂါ ဖြစ်ခြင်း၊ ၅။ ရူးသွပ်ခြင်းသို့ ရောက်ခြင်း၊ ၆။ ရာထူး ဌာနန္တရများ ဖယ်ရှားခံရခြင်း၊ ၇။ ကြမ်းတမ်းသော စွပ်စွဲမှုများကို ခံရခြင်း၊ ၈။ မိမိ၏ မှီခို အားထားရာဖြစ်သော ဆွေမျိုးများ သေဆုံးပျက်စီးခြင်း၊ ၉။ စည်းစိမ်ဥစ္စာများ ဆွေးမြည့် ပျက်စီးခြင်း, ရွှေတုံးရွှေခဲများမှ မီးသွေးခဲ စသည် ဖြစ်သွားခြင်း, အိမ်မီးလောင်ခံရခြင်း၊ ၁၀။ သေလွန်ပြီးနောက် အပါယ်ငရဲသို့ ကျရောက်ရခြင်း။ (ဓမ္မ။၃၄။) (ဓမ္မ၊ဋ္ဌ၊၂။၄၄။) (အပ၊ဋ္ဌ၊၁။ ၂၇၁။) (ဓမ္မ၊မြန်။၃၂။)

ဒန္တပေါနသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ အကပ်မခံထားသော အာဟာရ ဖြစ်ခြင်း၊ ၂။ ခွင့်ပြုထားသော အာဟာရ မဟုတ်ခြင်း၊ ၃။ မီးခိုး အစရှိသော အာပတ်၏ အင်္ဂါဟု ပြောဆိုခြင်းငှာ မထိုက်သော ခဲဖွယ်ဘောဇဉ် မဟုတ်သည် ဖြစ်ခြင်း၊ ၄။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၅။) (ဝိမတိ၊၂။၃၈။)

ဒန်ပူမဝါး အပြစ် ၅ ပါး ၁။ မျက်စိ မကြည်မလင်ခြင်း၊ ၂။ ခံတွင်းနံ့ မကောင်းခြင်း၊ ၃။ အရသာကို ဆောင်သော အကြောတို့ မစင်ကြယ်ခြင်း၊ ၄။ သည်းခြေ သလိပ်သည် အစာကို မြှေးယှက်ခြင်း၊ ၅။ ထမင်းမမြိန်ခြင်း။ (ဝိ၊၄။၂၇၈။) (အံ၊၂။၂၁၉။) (ဝိ၊မြန်၊၄။၂၈၂။) (အံ၊မြန်၊၂။ ၂၇၅။)

http://www.dhammadownload.com

ဒန်ပူဝါးကျိုး ၅ ပါး ၁။ မျက်စိကြည်လင်ခြင်း၊ ၂။ ခံတွင်းအနံ့ ကောင်းခြင်း၊ ၃။ အရသာကို ဆောင်သော အကြောတို့ စင်ကြယ်ခြင်း၊ ၄။ သည်းခြေသလိပ်သည် အစာကို မမြှေးယှက်ခြင်း၊ ၅။ ထမင်းမြိန်ခြင်း။ (ဝိ၊၄။၂၇၈။) (အံ၊၂။၂၁၉။) (ဝိ၊မြိန်၊၄။၂၈၂။) (အံ၊မြိန်၊၂။၂၇၅။)

ဒုပ္ပဋိဝိဇ္ဇ တရား ၅ ပါး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၅ ပါး၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေတတ်သော ဓာတ် ၅ ပါးတို့နှင့် တူသည်။

ဒုပ္ပဋိဝိဇ္ဇ တရား ၆ ပါး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၆ ပါး၊ ကိလေသာမှ လွတ်သော ဓာတ် ၆ ပါးတို့နှင့် တူသည်။

ဒုပ္ပဋိဝိဇ္ဇ တရား ၈ ပါး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၈ ပါး၊ ရပ်ပြစ် ၈ ပါး၊ မြတ်သော အကျင့်ကို ကျင့်ခြင်းငှာ အခွင့်မဟုတ်သော အကွဏ ၈ ပါးနှင့် တူသည်။

ဒုပ္ပဋိဝိဇ္ဇ တရား ၉ ပါး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၉ ပါးနှင့် တူသည်။

ဒုပ္ပဋိဝိဇ္ဇတရား ၂ ပါး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၂ ပါးနှင့် တူသည်။

ဒုပ္ပဋိဝိဇ္ဇတရား ၃ ပါး ထိုးထွင်း၍သိနိုင်ခဲသော တရား ၃ ပါး၊ သမာဓိ ၃ ပါးတို့နှင့် တူသည်။

ဒုပ္ပဋိဝိဇ္ဇတရား ၇ ပါး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၇ ပါး၊ သူတော်ကောင်းတရား ၇ ပါးတို့နှင့် တူသည်။

ဒုပ္ပဋိဝိဇ္ဇ တရား ၁၀ ပါး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၁၀ ပါး၊ မြတ်သော အကျင့် ၁၀ ပါးတို့နှင့် တူသည်။

ဒိဗ္ဗစက္ခုဉာဏ် ဖြစ်ရာအာရုံ ၄ ပါး ၁။ ပရိတ္တအာရုံ၊ ၂။ ပစ္စုပ္ပန်အာရုံ၊ ၃။ အဇ္ဈတ္တအာရုံ၊ ၄။ ဗဟိဒ္ဓအာရုံ။ (ဝိသုဒ္ဓိ၊၂။၆၄။)

ဒိဗ္ဗသောတဉာဏ် ဖြစ်ရာအာရုံ ၄ ပါး ၁။ ပရိတ္တအာရုံ၊ ၂။ ပစ္စုပ္ပန်အာရုံ၊ ၃။ အဇ္ဈတ္တအာရုံ၊ ၄။ ဗဟိဒ္ဓအာရုံ။ (ဝိသုဒ္ဓိ၊၂။၆၁။)

ဒိဗ္ဗသောတဉာဏ်၏ စွမ်းအား ၄ ပါး ၁။ နတ်၌ ဖြစ်သော ဝေးသော အသံကို ကြားနိုင်ခြင်း၊ ၂။ နတ်၌ ဖြစ်သော နီးသော အသံကို ကြားနိုင်ခြင်း၊ ၃။ လူ၌ ဖြစ်သော ဝေးသော အသံကို ကြားနိုင်ခြင်း၊ ၄။ လူ၌ ဖြစ်သော နီးသော အသံကို ကြားနိုင်ခြင်း။ (ဒီ၊၁။၇၄။) (ဒီ၊မြန်၊၁။၈၈။)

ဒုဗ္ဘစသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ မပြောဆိုထိုက်သည်ကို ပြုတတ်သူ ဖြစ်ခြင်း၊ ၂။ ဓမ္မကံဖြင့် ကမ္မဝါစာ ရွတ်ဆိုခြင်း၊ ၃။ ကမ္မဝါစာ ပြီးဆုံးခြင်း၊ ၄။ အယူကို မစွန့်ခြင်း။ (သာရတ္ထ၊ဋီ၊ ၂။၃၆၇။) (ဝိမတိ၊၁။၂၉၈။)

ဒုဗ္ဘလသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ရဟန်းက တရားသဖြင့် သမ္မုတိရထားသူ ဖြစ်ခြင်း၊ ၂။ သံဃာနှင့် တကွ သင်္ကန်းကို ပေး၍ ကဲ့ရဲ့လိုသဖြင့် ကဲ့ရဲ့ရွတ်ချခြင်း။ (ဝိမတိ၊၂။၅၃။)

http://www.dhammadownload.com

ဒုဗ္ဗလသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ရဟန်း ဖြစ်ခြင်း၊ ၂။ တရားသဖြင့် ရအပ်သော သမုတိရှိသူ ဖြစ်ခြင်း၊ ၃။ သံဃာနှင့် တကွ ဝိကပ္ပနာလောက်သော သင်္ကန်းကို ပေးခြင်း၊ ၄။ နောက်၌ ကဲ့ရဲ့ ရှုတ်ချလိုသောကြောင့် ရှုတ်ချခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၆။)

ဒုဗ္ဗဏ္ဏကရဏသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ဝတ်ရန်းရန် တတ်ကောင်းသော သင်းပိုင် ဧကသီ သင်္ကန်းကို ကပ္ပဗိန္ဒုမပြုအပ်သူ ဖြစ်ခြင်း၊ ၂။ သင်္ကန်းပျောက်ပျက်သူ အစရှိသည်တို့ မဟုတ်ခြင်း၊ ၃။ ဝတ်ခြင်း ရုံရန်းခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၂။) (ဝိမတိ၊၂။၄၄။)

ဒုလ္လဘ ၅ မျိုး ၁။ အသက်ရှည်ခြင်း၊ ၂။ အဆင်းလှခြင်း၊ ၃။ ချမ်းသာခြင်း၊ ၄။ အခြံအရံများခြင်း၊ ၅။ နတ်ပြည်၌ ဖြစ်ရခြင်း။ (အံ၊၂။၄၁။) (အံ၊မြန်၊၂။၅၁။)

ဒုလ္လဘတရား ၆ ပါး ရခဲသော တရား ၆ ပါးနှင့် တူသည်။

ဒဿနဘူမိဖြင့် ပယ်အပ်သော သံယောဇဉ် ၃ ပါး ၁။ သက္ကာယဒိဋ္ဌိ၊ ၂။ ဝိစိကိစ္ဆာ၊ ၃။ သီလဗ္ဗတပရာမာသ။ (နေတ္တိ၊ဋ္ဌ။၁၄။)

ဒဿနသမာပတ္တိ ၄ ပါး ၁။ သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသ၌ အနိစ္စ စသည်အားဖြင့် အားထုတ်အပ်သော ဝိပဿနာသည် ပဌမဒဿနသမာပတ္တိ၊ ၂။ အရိုးဟူသော အာရုံ၌ အနိစ္စ စသည်ဖြင့် အားထုတ်အပ်သော ဝိပဿနာသည် ဒုတိယဒဿနသမာပတ္တိ၊ ၃။ သေက္ခပုဂ္ဂိုလ်, ပုထုဇဉ် ပုဂ္ဂိုလ်တို့၏ စိတ်ကို ပိုင်းခြား၍ သိတတ်သော ဉာဏ်သည် တတိယဒဿနသမာပတ္တိ၊ ၄။ ရဟန္တာပုဂ္ဂိုလ်၏ စိတ်ကို ပိုင်းခြား၍ သိတတ်သော ဉာဏ်သည် စတုတ္ထဒဿနသမာပတ္တိ။ (ဒီ၊ဋ္ဌ၊၃။၇၂။)

ဒဿနသမာပတ္တိ ၄ ပါး (တစ်နည်း) ၁။ ပဌမစျာန်သည် ပဌမ ဒဿနသမာပတ္တိ၊ ၂။ ဒုတိယစျာန်သည် ဒုတိယ ဒဿနသမာပတ္တိ၊ ၃။ တတိယစျာန်သည် တတိယ ဒဿနသမာပတ္တိ၊ ၄။ စတုတ္ထစျာန်သည် စတုတ္ထ ဒဿနသမာပတ္တိ၊ ။ (ဒီ၊ဋ္ဌ၊၃။၇၂။)

ဒဿနသမာပတ္တိ ၄ ပါး (တစ်နည်း) ၁။ ပဌမမဂ်သည် ပဌမ ဒဿနသမာပတ္တိ၊ ၂။ ဒုတိယ မဂ်သည် ဒုတိယ ဒဿနသမာပတ္တိ၊ ၃။ တတိယမဂ်သည် တတိယ ဒဿနသမာပတ္တိ၊ ၄။ စတုတ္ထ မဂ်သည် စတုတ္ထ ဒဿနသမာပတ္တိ၊ ။ (ဒီ၊ဋ္ဌ၊၃။၇၂။)

ဒဿနသမာပတ္တိ ၄ ပါး (တစ်နည်း) ၁။ အားထုတ်ခြင်းကို စွဲ၍ ကောဋ္ဌာသကို သိခြင်းအား လျောက်ပတ်သော သမာဓိကို ရ၍ စိတ်တည်ကြည်လတ်သော် "ဤငါ၏ကိုယ်၌ ဆဲပင် အမွေး စသော ၃၂ ကောဋ္ဌာသတို့သာ ရှိကုန်၏"ဟု စူးစိုက်ဆင်ခြင်၏၊ ဤကား ဆဲ အစရှိသည်ကို စက်ဆုပ်ဖွယ်ဟု ရှုသဖြင့် ဖြစ်သော ဉာဏ်အမြင်သို့ ရောက်ခြင်း၊ ၂။ အားထုတ်ခြင်းကို စွဲ၍ ကောဋ္ဌာသကို သိခြင်းအား လျောက်ပတ်သော သမာဓိကို ရ၍ စိတ်တည်ကြည်လတ်သော် ကိုယ်တွင်းရှိသော ဆဲ စသော ၃၂ ကောဋ္ဌာသ အရေ အသား အသွေးကို လွန်၍ အရိုးကို ဆင်ခြင်၏၊ ဤကား အရိုးကို စက်ဆုပ်ဖွယ်ဟု ရှုသဖြင့် ဖြစ်သော ဉာဏ်အမြင်သို့ ရောက်ခြင်း၊ ၃။ အားထုတ်ခြင်းကို စွဲ၍ ကောဋ္ဌာသကို သိခြင်းအား လျောက်ပတ်သော သမာဓိကို ရ၍ စိတ်တည်ကြည်လတ်သော် ကိုယ်တွင်းရှိ ၃၂ ပါးသော ကောဋ္ဌာသတို့

http://www.dhammadownload.com

ရှိကုန်၏၊ အရေ အသား အသွေးကို လွန်၍ အရိုးကိုလည်း ဆင်ခြင်၏၊ ပစ္စုပ္ပန် တမလွန် နှစ်ပါးစုံ မပြတ်သော ပုဂ္ဂိုလ်၏ ဝိညာဉ်ကိုလည်း သိ၏။ ဤကား သုံးကြိမ်မြောက် ဉာဏ်အမြင်သို့ ရောက်ခြင်း၊ ၄။ အားထုတ်ခြင်းကို စွဲ၍ ကောဋ္ဌာသကို သိခြင်းအား လျောက်ပတ်သော သမာဓိကို ရ၍ စိတ်တည်ကြည်လတ်သော် ကိုယ်တွင်းရှိ ၃၂ ပါးသော ကောဋ္ဌာသတို့ ရှိကုန်၏၊ အရေ အသား အသွေးကို လွန်၍ အရိုးကိုလည်း ဆင်ခြင်၏၊ ပစ္စုပ္ပန် တမလွန် နှစ်ပါးစုံ ပြတ်သော ပုဂ္ဂိုလ်၏ ဝိညာဉ်ကိုလည်း သိ၏၊ ဤကား လေးကြိမ်မြောက် ဉာဏ်အမြင်သို့ ရောက်ခြင်း။ (ဒီ၊၃။၈၆-၈၇။) (ဒီ၊မြန်၊၃။၉၂-၉၃။)

ဒဿိတာပတ္တိပညတ် ၂ မျိုး ၁။ ပြုလုပ်သူကို မပြအပ်သော ပညတ်၊ ၂။ ပြုလုပ်သူကို ပြအပ်သော ပညတ်။ (ဝဇိရ။၆၉။)

ဒုဿီလမည်ကြောင်း ဘေး ၅ မျိုး ၁။ သူ့အသက်သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ သေရည်အရက်သောက် စားခြင်း။ (အံ၊၂။၁၈၀။) (အံ၊မြန်၊၂။၂၂၉။)

ဒုဿီလရဟန်း၏ အလှူကို စင်ကြယ်စေနိုင်ကြောင်း ၁၀ ပါး ၁။ အပြစ်ကင်းသော ချပ်မိန်ညိုနှင့် တူသော သင်္ကန်းကို ဆောင်ခြင်း၊ ၂။ ဘုရားအရိယာတို့နှင့် တူစွာ ဦးပြည်း (ကတုံး) အသွင်ကို ဆောင်ခြင်း၊ ၃။ ရဟန်းသံဃာအပေါင်းသို့ သင်္ဃဝင်နိုင်ခြင်း၊ ၄။ ဘုရား, တရား, သံဃာကို ကိုးကွယ်ဆီးကပ်ခြင်းသို့ ကပ်ရောက်ခြင်း၊ ၅။ ကမ္မဋ္ဌာန်းအလုပ် အားထုတ်သူတို့၏ နေရာ ကျောင်းကန်၌ နေထိုင်ခြင်း၊ ၆။ သာသနာတော်၏ တည်တန့်ခြင်းကို ရှာမှီးခြင်း လိုလားခြင်း၊ ၇။ မြတ်သော တရားတော်ကို ဟောကြားတတ်ခြင်း၊ ၈။ တရားလျှင် မှီခိုရာ လားရာ လဲလျောင်းရာ ရှိခြင်း၊ ၉။ မြတ်စွာဘုရားသည်သာလျှင် အမြတ်ဆုံးဟု စင်စစ်ဧကန် ဖြောင့်မှန်သော အယူ ရှိခြင်း၊ ၁၀။ တစ်လလျှင် နှစ်ကြိမ် ပါရိသုဒ္ဓိစသော ဥပုသ်ပြုနိုင်ခြင်း။ (မိလိန္ဒ။၂၅၀။) (မိလိန္ဒ၊ မြန်။၂၆၈။)

ဒွါရဝတီမြို့၏ ညီနောင်မင်းသား ၁၀ ပါး ၁။ ဝါသုဒေဝ၊ ၂။ ဗလဒေဝ၊ ၃။ စန္ဒဒေဝ၊ ၄။ သူရိယဒေဝ၊ ၅။ အဂ္ဂိဒေဝ၊ ၆။ ဝရုဏဒေဝ၊ ၇။ ပဇ္ဇုန်၊ ၈။ အဇ္ဇုန်၊ ၉။ ဃဋပဏ္ဍိတ၊ ၁၀။ အကံ္ခရှ။ (ပေတ၊ဋ္ဌ။၈၈။)

ဒွေဘာဂသိက္ခာပုဒ်၌ အဖို့အစု ၄ မျိုး ၁။ မဲနက်သော သိုးမွေးတို့၏ အဖို့အစု နှစ်ခု၊ ၂။ ဖြူသော သိုးမွေးတို့၏ အဖို့အစု တစ်ခု၊ ၃။ ညိုရွှေရော အရောင်ကြောင်သော သိုးမွေးတို့၏ အဖို့အစု တစ်ခု။ (ဝိ၊ဋ္ဌ၊၂။၂၆၃။)

ဓ

ဓာတု ၃ မျိုး ၁။ အာရမ္မဓာတု- ရွေးဉီးစွာ အားထုတ်သော ဝီရိယဓာတ် ဟူသော အာရမ္မဓာတ်၊ ၂။ နိက္ကမဓာတု- ပျင်းရိသူအဖြစ်မှ ထွက်မြောက်ကြောင်း လုံ့လဝီရိယဟူသော နိက္ကမဓာတ်၊ ၃။ ပရက္ကမဓာတု- ပြင်းစွာ အားထုတ်ခြင်း ဟူသော ပရက္ကမဓာတ်။ (ဥဒါန၊ဋ္ဌ။၂၁၁။)

ဓာတုကထာကျမ်း၂ မျိုး ၁။ အကျဉ်းအားဖြင့် ပြအပ်သော ဓာတုကထာ၊ ၂။ အကျယ်အားဖြင့် ပြအပ်သော ဓာတုကထာ။ (အဘိ၊ဋ္ဌ၊၃။၁။)

http://www.dhammadownload.com

ဓာတုကထာကျမ်းကို ဝေဖန်ပုံ ၁၄ မျိုး ၁။ သင်္ဂဟ အသင်္ဂဟ၊ ၂။ သင်္ဂဟိတေန အသင်္ဂဟိတ၊ ၃။ အသင်္ဂဟိတေန သင်္ဂဟိတ၊ ၄။ သင်္ဂဟိတေန သင်္ဂဟိတ၊ ၅။ အသင်္ဂဟိတေန အသင်္ဂဟိတ၊ ၆။ သမ္မယောဂ ဝိပ္ပယောဂ၊ ၇။ သမ္မယုတ္တေန ဝိပ္ပယုတ္တ၊ ၈။ ဝိပ္ပယုတ္တေန သမ္မယုတ္တ၊ ၉။ သမ္မယုတ္တေန သမ္မယုတ္တ၊ ၁၀။ ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တ၊ ၁၁။ သင်္ဂဟိတေန သမ္မယုတ္တ ဝိပ္ပယုတ္တ၊ ၁၂။ သမ္မယုတ္တေန သင်္ဂဟိတ အသင်္ဂဟိတ၊ ၁၃။ အသင်္ဂဟိတေန သမ္မယုတ္တ ဝိပ္ပယုတ္တ၊ ၁၄။ ဝိပ္ပယုတ္တေန သင်္ဂဟိတ အသင်္ဂဟိတ။ (အဘိ၊၆၊၁၊၈။)

ဓား ၃ မျိုး ၁။ ကာယသတ္ထ– ကာယဒုစရိုက်သုံးပါး၊ ၂။ ဝစီသတ္ထ– ဝစီဒုစရိုက်လေးပါး၊ ၃။ မနောသတ္ထ– မနောဒုစရိုက်သုံးပါး။ (မဟာနိ။၁၁၇။)

ဓားငယ် လှုံ့ရုကျိုး ၅ ပါး ၁။ ကလျာဏမိတ္တဟု ခေါ်ဆိုအပ်သော မိတ်ဆွေကောင်းကို ရရှိခြင်း၊ ၂။ လုံ့လဝီရိယရှိသူ ဖြစ်ခြင်း၊ ၃။ သည်းခံခြင်းတည်းဟူသော ခန္တီတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၄။ မေတ္တာတည်းဟူသော ဓားလက်နက် ရှိခြင်း၊ ၅။ ဝရဓိန်နှင့် တူသော ဉာဏ်ပညာတည်းဟူသော ဓားလက်နက် ရှိခြင်း။ (အပ၊၁။၃၆၀။) (အပ၊မြန်၊၁။၃၆၈။)

ဓုတင်မ္မ ၅ ပါး ၁။ အလိုနည်းခြင်း၊ ၂။ ရောင့်ရဲလွယ်ခြင်း၊ ၃။ ဆိတ်ငြိမ်မှုကို လိုလားခြင်း၊ ၄။ ကိလေသာတို့ကို ခေါင်းပါးစေခြင်း၊ ၅။ ဤဓုတင်အကျင့်တည်းဟူသော ကုသိုလ်တရားဖြင့် အလိုရှိသည်၏အဖြစ် ရှိခြင်း။ **မှတ်ချက်။** ။ ဓုတင်္ဂမည်သည် ဓုတင်အကျင့်, ကိလေသာတို့ကို ဖျက်ဆီးကြောင်း အကျင့်ဟု ဆိုသည်။ (ဝိသုဒ္ဓိ၊၁။၇၈။)

ဓုတင် ၁ ပါး (ဝီရိယနှင့် ယှဉ်သော ဓုတင် ၁ ပါး) ၁။ နိသဇ္ဇိကင်္ဂဓုတင်။ (ဝိသုဒ္ဓိ၊၁။၇၉။)

ဓုတင် ၂ ပါး (သင်္ကန်းနှင့် စပ်လျဉ်းသော ဓုတင် ၂ ပါး) ၁။ ပံသုကူလဓုတင်၊ ၂။ တိစီဝရိက်ဓုတင်။ (ဝိသုဒ္ဓိ၊၁။၇၉။)

ဓုတင် ၂ ပါး (ဒကာ, ဒကာမများ ဆောက်တည် ကျင့်သုံးနိုင်သော ဓုတင် ၂ ပါး) ၁။ ဧကာသနိက်ဓုတင်– တစ်ထိုင်တည်း တစ်နေရာတည်း၌ ဆွမ်း ထမင်းစားခြင်း အကျင့်၊ ၂။ ပတ္တပိဏ္ဍ ဓုတင်– တစ်ခွက်တည်း တစ်ပန်းကန်တည်း၌ ဆွမ်း ထမင်းစားခြင်း အကျင့်။ (ဝိသုဒ္ဓိ၊၁။၇၉။)

ဓုတင် ၅ ပါး (ရောယှက်မှု မရှိသော သီးသန့် ဓုတင် ၅ ပါး) ၁။ အာရညကင် ဓုတင်၊ ၂။ ပံသုကူလဓုတင်၊ ၃။ တိစီဝရိက် ဓုတင်၊ ၄။ နိသဇ္ဇိကင်္ဂဓုတင်၊ ၅။ သုသာနဓုတင်။ (ဝိသုဒ္ဓိ၊၁။၇၉။)

ဓုတင် ၅ ပါး (ဆွမ်းနှင့် စပ်လျဉ်းသော ဓုတင် ၅ ပါး) ၁။ သပဒါနာစာရိကဓုတင်၊ ၂။ ဧကာသနိက်ဓုတင်၊ ၃။ ပတ္တပိဏ္ဍဓုတင်၊ ၄။ ပိဏ္ဍပါတိက်ဓုတင်၊ ၅။ ခလုပစ္ဆာဘတ္တိကင်္ဂဓုတင်။ (ဝိသုဒ္ဓိ၊၁။၇၉။)

ဓုတင် ၅ ပါး (ကျောင်းနှင့် စပ်လျဉ်းသော ဓုတင် ၅ ပါး) ၁။ အာရညကင်ဓုတင်၊ ၂။ ရုက္ခမူလဓုတင်၊ ၃။ အဗ္ဘောကာသိကဓုတင်၊ ၄။ သုသာန်ဓုတင်၊ ၅။ ယထာသန္ထတိဓုတင်။ (ဝိသုဒ္ဓိ၊ ၁။၇၉။)

ဓုတင်ကျင့်ထိုက်သော ပုဂ္ဂိုလ် ၁၀ ယောက် ၁။ သဒ္ဓါတရားရှိသော သူ၊ ၂။ မကောင်းမှုမှ ရှက်တတ်သော သူ၊ ၃။ တည်ကြည်မှု သမာဓိရှိသော သူ၊ ၄။ အံ့ဖွယ်ကို မပြုလုပ်တတ်သော သူ၊ ၅။ အကျိုးစီးပွားကို ထုံလေ့ရှိသော သူ၊ ၆။ လျှပ်ပေါလော်လည်မှု မရှိသော သူ၊ ၇။ **အကျင့်**

http://www.dhammadownload.com

သိက္ခာကို လိုလားသော သူ၊ ၈။ စွဲစွဲမြဲမြဲ ဆောက်တည်သော သူ၊ ၉။ ကဲ့ရဲ့ခြင်းသဘော မရှိသော သူ (မကဲ့ရဲ့တတ်သော သူ။)၊ ၁၀။ မေတ္တာပွားများ၍ နေလေ့ရှိသော သူ။ (မိလိန္ဒ။၃၃၃။) (မိလိန္ဒ၊ မြန်။၃၅၇။)

ဓုတင် ၁၃ ပါး ၁။ ပံသုကူလဓုတင်– ဒါယကာတို့ လှူအပ်သော သင်္ကန်းကို ပယ်၍ မြေပုံမှာလွှားမြေမှုန့်အားနှယ် စက်ဆုပ်ဖွယ်သို့ ရောက်သော သင်္ကန်းကို ဆောင်ခြင်း၊ ၂။ တိစီဝရိက်ဓုတင်– ဝတ်လောက် ရုံလောက် ၄ ထည်မြောက်သင်္ကန်းကို ပယ်၍ သင်းပိုင် ဧကသီ ဒုကုဋ္ဌ (နှစ်ထပ်သင်္ကန်းကြီး) ဟူသော သင်္ကန်း ၃ ထည်ကိုသာ ဆောင်ခြင်း၊ ၃။ ပိဏ္ဍပါတ်ဓုတင်– ဆွမ်းဘောဇဉ်မှ အပိုအလွန်ဖြစ်သော လာဘ်ကို ပယ်၍ စားဖွယ်ဘောဇဉ် အပေါင်း၏ သပိတ်၌ ကျခြင်း ဆွမ်းအလို့ငှာ သွားလာလှည့်လည်ခြင်းအကျင့်ရှိသော ပုဂ္ဂိုလ်၏အကြောင်း ဆောက်တည်မှု စေတနာကို ဆောင်ခြင်း၊ ၄။ သပဒါနာစာရိကဓုတင်– အိမ်စဉ်ဖြတ်ကျော် လျှပ်ပေါသော သွားခြင်းကို ပယ်၍ အိမ်စဉ် ဆွမ်းရပ်ခြင်း အလေ့အကျင့်ရှိခြင်း၊ ၅။ ဧကာသနိက်ဓုတင်– လှည့်လှည်ပြောင်းကွေး အထူးထူးသော နေရာ၌ စားခြင်းကို ပယ်၍ တစ်နေရာတည်း၌ စားခြင်း အလေ့အကျင့် ရှိခြင်း၊ ၆။ ပတ္တပိဏ်ဓုတင်– နှစ်ခုမြောက်သော သပိတ်ခွက်ကို ပယ်၍ တစ်ခွက်တည်း၌သာ ဆွမ်းကို ခံယူခြင်း အလေ့အကျင့်ရှိခြင်း၊ ၇။ ခလုပစ္ဆာဘတ္တိကဓုတင်– ဂိလာနပုဂ္ဂိုလ် ဝိနည်းခိုရ်ပုဂ္ဂိုလ်တို့၏ ပိုလွန်ကြွင်းကျန်သော ဘောဇဉ်ကို ပယ်၍ ပယ်မြစ်ရာကာလ၏ နောက်မှ ရအပ်သော ဆွမ်းကို စားလေ့မရှိခြင်း၊ ၈။ အာရညကင်ဓုတင်– ရွာနီးကျောင်းကို ပယ်၍ တောကျောင်း၌ နေခြင်း အလေ့အကျင့် ရှိခြင်း၊ ၉။ ရုက္ခမူဓုတင်– ကျောက်သစ်ရွက် မြက် အင်္ကတေ အုတ်ဟူသော အမိုးကို ပယ်၍ သစ်ပင်ရင်း၌ နေခြင်း အလေ့အကျင့် ရှိခြင်း၊ ၁၀။ အဗ္ဘောကာသိဓုတင်– ကျောက် သစ်ရွက် မြက် အင်္ကတေ အုတ်ဟူသော အမိုးတို့ကို လည်းကောင်း သစ်ပင်၏ အနီးအောက်ကိုလည်းကောင်း ပယ်၍ လွင်တီးခေါင် ဟင်းလင်းအပြင်၌ နေခြင်း အလေ့အကျင့်ရှိခြင်း၊ ၁၁။ သောသာနိက ဓုတင်– သချိုင်းမဟုတ်သော အရပ်ကို ပယ်၍ သချိုင်း၌ နေခြင်း အလေ့အကျင့်ရှိခြင်း၊ ၁၂။ ယထာသန္ထတိဓုတင်– ထစေတုံရောင်း ကောင်း, မကောင်း စုံစမ်းမေးမြန်းခြင်း ကြည့်ရှုခြင်းဟူသော ကျောင်း၌ လျှပ်ပေါခြင်းကို ပယ်၍ ခင်းထားတိုင်းသော နေရာအလား ရှေ့ဖျားညွှန်ပြ ချထားတိုင်းသော ကျောင်း၌ နေခြင်း အလေ့အကျင့်ရှိခြင်း၊ ၁၃။ နေသဇ္ဇိကဓုတင်– လျောင်း အိပ်ခြင်းကို ပယ်၍ ထိုင်၍ နေခြင်း အလေ့အကျင့်ရှိခြင်း၊ **မှတ်ချက်။** ။ ဓုတင် မည်သည် ကိလေသာတို့ကို ဖျက်ဆီးကြောင်း အကျင့်ဟု ဆိုသည်။ (မိလိန္ဒ။၃၄၀။) (ဝိသုဒ္ဓိ၊၁။၅၇။) (မိလိန္ဒ၊မြန်။၃၆၃။)

ဓုတင်ဆောက်တည်ရကျိုး ၂၈ ပါး ၁။ အသက်မွေးမှု စင်ကြယ်ခြင်း၊ ၂။ ချမ်းသာသော အကျိုးရှိခြင်း၊ ၃။ အပြစ်မရှိခြင်း၊ ၄။ သူတစ်ပါးတို့အား ဆင်းရဲဒုက္ခ မရောက်စေခြင်း၊ ၅။ ဘေးရန် မရှိခြင်း၊ ၆။ မနှိပ်စက်, မညှဉ်းပန်းရခြင်း၊ ၇။ စင်စစ် ကုသိုလ်တိုးပွားခြင်း၊ ၈။ မဆုတ်ယုတ်နိုင်ခြင်း၊ ၉။ မာယာမရှိခြင်း၊ ၁၀။ ကိုယ်ကို စောင့်ရှောက်ခြင်း၊ ၁၁။ တောင့်တအပ်သည်ကို ပေးနိုင်ခြင်း၊ ၁၂။ သတ္တဝါတို့အား ဆုံးမနိုင်ခြင်း၊ ၁၃။ စောင့်စည်းမှုဟူသော စီးပွားရှိခြင်း၊ ၁၄။ သူတော်ကောင်းတို့အား လျော်ကန်ခြင်း၊ ၁၅။ သူတစ်ပါးတို့ကို မမှီရခြင်း၊ ၁၆။ လာဘ်မက်မောမှုမှ ကင်းလွတ်ခြင်း၊ ၁၇။ ရာဂကုန်ခန်းလွယ်ခြင်း၊ ၁၈။ ဒေါသကုန်ခန်းလွယ်ခြင်း၊

http://www.dhammadownload.com

၁၉။ မောဟကုန်ခန်းလွယ်ခြင်း၊ ၂၀။ မာန်မာနကို ပယ်နိုင်ခြင်း၊ ၂၁။ မကောင်းသော အကြံအစည်ကို ပယ်ဖြတ်နိုင်ခြင်း၊ ၂၂။ ယုံမှားမှုကို လွန်မြောက်ရခြင်း၊ ၂၃။ ပျင်းရိမှုကို ဖျက်ဆီးနိုင်ခြင်း၊ ၂၄။ မမွေ့လျော်မှုကို ပယ်နိုင်ခြင်း၊ ၂၅။ အရာရာ၌ သည်းခံနိုင်ခြင်း၊ ၂၆။ အတုမရှိခြင်း၊ ၂၇။ ယှဉ်ပြိုင်ဘက် ကင်းခြင်း၊ ၂၈။ အလုံးစုံသော ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ခြင်း။ (မိလိန္ဒ။၃၃၃။) (မိလိန္ဒ၊မြန်။၃၅၆။)

ဓုတင်ဆောင်သူတို့ ရရှိသော အကျိုး ၁၈ ပါး ၁။ ဓုတင်ဆောင်ပုဂ္ဂိုလ်တို့၏ အကျင့်သည် စင်ကြယ်ခြင်း၊ ၂။ ကျင့်ဝတ်သည် ကောင်းစွာ ပြည့်စုံခြင်း၊ ၃။ ကာယကံ ဝစီကံကို ကောင်းစွာ စောင့်ရှောက်အပ်ခြင်း၊ ၄။ ပီတိအလေ့အကျင့်သည် ကောင်းစွာ စင်ကြယ်ခြင်း၊ ၅။ လုံ့လဝီရိယကို ကောင်းစွာ ချီးမြှောက်အပ်ခြင်း၊ ၆။ ဘေးဥပါဒ်ငြိမ်းခြင်း၊ ၇။ အတ္တဟု စွဲယူမှု ဒိဋ္ဌိကင်းခြင်း၊ ၈။ ရန်ငြိုးထားခြင်းမှ လွတ်ကင်းခြင်း၊ ၉။ မေတ္တာတရား ရှေးရှုထင်ခြင်း၊ ၁၀။ သုံးဆောင်ဖွယ် အာဟာရကို ပိုင်းခြားနိုင်ခြင်း၊ ၁၁။ သတ္တဝါအားလုံးတို့ အလေးအမြတ် ပြုအပ်ခြင်း၊ ၁၂။ စားသောက်ဖွယ် ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း၊ ၁၃။ နိုးကြားမှုကို အားထုတ်နိုင်ခြင်း၊ ၁၄။ စွဲလမ်းတပ်မက်ဖွယ်ရာ နေရာကျောင်း မရှိခြင်း၊ ၁၅။ ချမ်းသာရာအရပ်၌ နေနိုင်ခြင်း၊ ၁၆။ မကောင်းမှုကို စက်ဆုပ်တတ်ခြင်း၊ ၁၇။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း၊ ၁၈။ အမြဲမပြတ် မမေ့မလျော့ခြင်း။ (မိလိန္ဒ။၃၃၃။) (မိလိန္ဒ၊မြန်။၃၅၆။)

ဓုတင်ဆယ့်သုံးပါးနှင့် ပြည့်စုံသူတို့ ရရှိသော အကျိုး ၃၀ ပါး ၁။ ပြေပြစ် နူးညံ့သော မေတ္တာစိတ် ရှိသူ ဖြစ်ခြင်း၊ ၂။ ကိလေသာတို့ကို ဖျက်ဆီးသတ်ပုတ် ပယ်နုတ်ပြီးသူ ဖြစ်ခြင်း၊ ၃။ မာန်ထောင်ခြင်း မာန်မူခြင်းကို ပယ်ပြီးသူ ဖြစ်ခြင်း၊ ၄။ မတုန်မလှုပ် မြဲမြံစွာ သက်ဝင်၍ ယုံမှားကင်းသော သဒ္ဓါတရားရှိသူ ဖြစ်ခြင်း၊ ၅။ နစ်မျို့ကြည်ရွှင် ခင်မင်စဖွယ် ငြိမ်းအေးသိမ်မွေ့ ချမ်းသာသော သမာပတ်ကို ရရှိသူ ဖြစ်ခြင်း၊ ၆။ သီလဟူသော အလွန်မြတ်သော အတုမရှိ စင်ကြယ်သော အနှံ့ဖြင့် ထုံအပ်သူ ဖြစ်ခြင်း၊ ၇။ နတ်လူတို့ ချစ်ခင်မြတ်နိုးအပ်သူ ဖြစ်ခြင်း၊ ၈။ မြတ်သော အရိယာပုဂ္ဂိုလ်ဖြစ်သော ရဟန္တာထေရ်ရှင်တို့ တောင့်တအပ်သူ ဖြစ်ခြင်း၊ ၉။ နတ်လူတို့ ပူဇော်အပ်သူ ဖြစ်ခြင်း၊ ၁၀။ အလွန်အလွန် ပညာရှိဖြစ်သော ပဏ္ဍိတ ပုဂ္ဂိုလ်တို့သည် အလွန်အထူးချီးကျူး ထောမနာအပ်သူ ဖြစ်ခြင်း၊ ၁၁။ ဤလူ့ပြည်၌ လည်းကောင်း နတ်ပြည်ဗြဟ္မာပြည်တို့၌ လည်းကောင်း လောကနှင့် မလိမ်းကျံသူ ဖြစ်ခြင်း၊ ၁၂။ အလွန် အနည်းငယ်မျှသော အပြစ်တို့၌သော်လည်း ဘေးဟု ရှုလေ့ရှိသူ ဖြစ်ခြင်း၊ ၁၃။ ပြန့်ပြောများမြတ်သော သမ္မတ္တိကို လိုလားသူတို့၏ မင်္ဂိုလ်ဟူသော အကျိုးကို ပြီးစေနိုင်သူ ဖြစ်ခြင်း၊ ၁၄။ တောင့်တအပ်၍ ပြန့်ပြောမွန်မြတ်သော ပစ္စည်းကို ရသူ ဖြစ်ခြင်း၊ ၁၅။ မြဲသော ကျောင်း အိပ်ရာနေရာ မရှိသူ ဖြစ်ခြင်း၊ ၁၆။ ဈာန်၌ သက်ဝင်၍ ထိုဈာန်ဖြင့်သာ နေထိုင်လေ့ရှိသူ ဖြစ်ခြင်း၊ ၁၇။ ဖြေရှင်းအပ်ပြီးသော ကိလေသာကွန်ရက်ရှိသူ ဖြစ်ခြင်း၊ ၁၈။ ကောက်ကွေ့, ဖုံးလွှမ်းသော ဂတိနိဝရဏတို့ကို ဖျက်ခွဲပြီးသူ ကောင်းစွာ ဖြတ်ပြီးသူ ဖြစ်ခြင်း၊ ၁၉။ မပျက်စီးသော သဘောရှိသူ ဖြစ်ခြင်း၊ ၂၀။ အလွန်နှိပ်ချသော နေထိုင်ခြင်း ရှိသူ ဖြစ်ခြင်း၊ ၂၁။ အပြစ်ကင်းသော အသုံးအဆောင်ရှိသူ ဖြစ်ခြင်း၊ ၂၂။ နိရယဂတိစသော ဂတိငါးပါးမှ လွတ်သူဖြစ်ခြင်း၊ ၂၃။ အလုံးစုံသော ယုံမှားကို လွန်မြောက်ပြီးသူ ဖြစ်ခြင်း၊ ၂၄။ အရဟတ္တ

http://www.dhammadownload.com

ဖိုလ်လျှင် တောင့်တအပ်သော အကျိုးရှိသူ ဖြစ်ခြင်း၊ ၂၅။ မဂ်ဖိုလ်တရားကို မြင်ပြီးသူ ဖြစ်ခြင်း၊ ၂၆။ မတုန်မလှုပ် မြဲမြံ၍ ကြောက်လန့်သူတို့၏ အားကိုးရာ အကြောင်းကင်းရာ နိဗ္ဗာန်သို့ ကပ်ရောက်သူ ဖြစ်ခြင်း၊ ၂၇။ အနုသယကို ပိုင်းဖြတ်နိုင်သူ ဖြစ်ခြင်း၊ ၂၈။ အလုံးစုံသော အာသဝေါကုန်ခန်းခြင်းသို့ ရောက်သူ ဖြစ်ခြင်း၊ ၂၉။ အေးမြချမ်းသာသော သမာပတ်ကို ဝင်စား၍ နေထိုင်ခြင်းများသူ ဖြစ်ခြင်း၊ ၃၀။ အလုံးစုံသော ရဟန်း၏ ဂုဏ်ကျေးဇူးအပေါင်းနှင့် ကောင်းစွာ ပြည့်စုံသူ ဖြစ်ခြင်း။ (မိလိန္ဒ။၃၄၁) (မိလိန္ဒ၊ မြန်။၃၆၅။)

ဓုတင် အကျဉ်း ၃ ပါး ၁။ သပဒါနာစာရိက ဓုတင်၊ ၂။ ဧကာသနိကဓုတင်၊ ၃။ အဇ္ဈောကာသိက ဓုတင်။ (ဝိသုဒ္ဓိ၊ဒ။၇၉။)

ဓုရ ၂ ပါး (လောကုတ္တရာတရားကို ဖြစ်စေရာ၌ ဓုရ ၂ ပါး) ၁။ သဒ္ဓါဓုရ၊ ၂။ ပညာဓုရ။ (သံ၊ဋ္ဌ၊၃။၂၇၁။)

ဓုရ ၂ ပါး (တစ်နည်း) ၁။ ဂန္ထဓုရ– စာပေကျမ်းဂန် သင်ယူ ဟောပြော ပို့ချ ရေးသား ဖြန့်ချီခြင်း၊ ၂။ ဝိပဿနာဓုရ– သမထဝိပဿနာ အလုပ် အားထုတ်ခြင်း။ (အံ၊ဋ္ဌ၊၁။၂၈။) (ဓမ္မ၊ဋ္ဌ၊၁။၅။)

ဓာတ်ကမ္မဋ္ဌာန်း ကျွမ်းကျင်ကြောင်း အခြင်းအရာ ၇ ပါး ၁။ နှုတ်အားဖြင့်၊ ၂။ စိတ်အားဖြင့်၊ ၃။ အဆင်းအားဖြင့်၊ ၄။ ပုံသဏ္ဌာန်အားဖြင့်၊ ၅။ အရပ်အားဖြင့်၊ ၆။ တည်ရာအားဖြင့်၊ ၇။ အပိုင်းအခြားအားဖြင့် ကမ္မဋ္ဌာန်းကို သင်ယူရာ၌ ကျွမ်းကျင်သူ၏ အဖြစ်ကို အလိုရှိအပ်။ (အဘိ၊ဋ္ဌ၊၂။၅၃။)

ဓာတ် ၂ ပါး ၁။ သခ်ိတဓာတ်– များစွာသော အကြောင်းတရားတို့ဖြင့် ပေါင်းစု၍ ပြုအပ်သော ခန္ဓာငါးပါးဓာတ်၊ ၂။ အသခ်ိတဓာတ်– တစ်စုံတစ်ခုသော အကြောင်းတို့ဖြင့် မပြုလုပ်သော နိဗ္ဗာနဓာတ်။ (မ၊ဋ္ဌ။၁၀၈။) (ပဋိသံ၊ဋ္ဌ၊ဒ။၆၂။) (အနုဋီ၊၂။၁၇၁။) (မ၊ မြန်၊ဋ္ဌ။၁၁၂။)

ဓာတ် ၂ ပါး (တစ်နည်း) ၁။ မနောဝိညာဏဓာတ်၊ ၂။ ဓမ္မဓာတ်။ (အဘိ၊ဓ။၂၈။) (အဘိ၊ဓ၊မြန်။၄၄။)

ဓာတ် ၃ ပါး ၁။ ကာမဓာတ်– ကာမဘုံ၌ ဖြစ်သော ခန္ဓာငါးပါး၊ ၂။ ရူပဓာတ်– ရူပဘုံ၌ ဖြစ်သော ခန္ဓာငါးပါး၊ ၃။ အရူပဓာတ်– အရူပဘုံ၌ ဖြစ်သော နာမ်ခန္ဓာလေးပါး။ (ဒီ၊ဋ္ဌ။၁၈၁။) (မ၊ဋ္ဌ။၁၀၈။) (ပဋိသံ၊ဋ္ဌ၊ဒ။၆၂။) (အနုဋီ၊၂။၁၇၁။) (ဒီ၊မြန်၊ဋ္ဌ။၂၀၁။) (မ၊မြန်၊ဋ္ဌ။၁၁၂။)

ဓာတ် ၃ ပါး (တစ်နည်း) ၁။ ရူပဓာတ်၊ ၂။ အရူပဓာတ်၊ ၃။ နိရောဓဓာတ်။ (ဒီ၊ဋ္ဌ။၁၈၁။) (ခုဒ္ဒက။၂၂၆။) (ပဋိသံ၊ဋ္ဌ၊ဒ။၆၂။) (ဒီ၊မြန်၊ဋ္ဌ။၂၀၁။) (ခုဒ္ဒက၊မြန်။၂၁၀။)

ဓာတ် ၃ ပါး (တစ်နည်း) ၁။ ဟီနာ ဓာတု– အညံ့ဓာတ်, အကုသိုလ်စိတ် တစ်ဆယ့်နှစ်ပါး၊ ၂။ မဇ္ဈိမာ ဓာတု– အလယ်အလတ်ဓာတ်, ကြွင်းသော တေဘူမကတရား၊ ၃။ ပဏီတာ ဓာတု– အမြတ်ဓာတ်, လောကုတ္တရာတရား ကိုးပါး။ (ဒီ၊ဋ္ဌ။၁၈၁။) (ပဋိသံ၊ဋ္ဌ၊ဒ။၆၃။) (ဒီ၊မြန်၊ဋ္ဌ။၂၀၁။)

ဓာတ် ၄ ပါး ၁။ ပထဝီဓာတ်၊ ၂။ အာပေါဓာတ်၊ ၃။ တေဇောဓာတ်၊ ၄။ ဝါယောဓာတ်။ (ဒီ၊ဋ္ဌ။၁၉၀။) (သံ၊ဋ္ဌ။၃၇၉။) (သံ၊ဋ္ဌ။၃၈၅။) (ဒီ၊မြန်၊ဋ္ဌ။၂၁၂။) (သံ၊မြန်၊ဋ္ဌ။၃၆၇၊၃၇၂။) (သံ၊မြန်၊ဋ္ဌ။၃၆၇၊၃၇၂။)

http://www.dhammadownload.com

ဓာတ် ၆ ပါး ၁။ ပထဝီဓာတ်၊ ၂။ အာပေါဓာတ်၊ ၃။ တေဇောဓာတ်၊ ၄။ ဝါယောဓာတ်၊ ၅။ အာကာသဓာတ်၊ ၆။ ဝိညာဏဓာတ်။ (ဒီ၃။၂၀၅။) (မ၃။၁၀၇။) (မ၃။၈၁။) (အဘိ၊ဝိ။၈၄။) (ဒီ၊မြန်၊၃။၂၂၈။) (မ၊မြန်၊၃။၁၁၁။) (မ၊မြန်၊၃။၈၅။) (အဘိ၊ဝိ၊မြန်၊၁။၂၉၇။)

ဓာတ် ၆ ပါး (တစ်နည်း) ၁။ သုခဓာတ်၊ ၂။ ဒုက္ခဓာတ်၊ ၃။ သောမနဿဓာတ်၊ ၄။ ဒေါမနဿဓာတ်၊ ၅။ ဥပေက္ခာဓာတ်၊ ၆။ အဝိဇ္ဇာဓာတ်။ (မ၃။၁၀၈။) (အဘိ၊ဝိ။၈၇။) (မ၊မြန်၊၃။၁၁၁။) (အဘိ၊ဝိ၊မြန်၊၁။၃၀၅။)

ဓာတ် ၆ ပါး (တစ်နည်း) ၁။ ကာမဓာတ်– ဝတ္ထုကာမ ကိလေသကာမ, ကာမ ၁၁ ဘုံ စသည်၊ ၂။ နေက္ခမ္မဓာတ်– အလောဘ, ပဌမစျာန်, ကုသိုလ်အားလုံးနှင့် ယှဉ်သော ဓာတ်သဘော၊ နေက္ခမ္မဝိတက်၊ ၃။ ဗျာပါဒဓာတ်– စိုးပွားချမ်းသာကို ဖျက်ဆီးတတ်သော သဘော၊ ၄။ အဗျာပါဒဓာတ်– မေတ္တာသာလျှင်ဖြစ်သော ဓာတ်၊ ၅။ ဝိဟိံသာဓာတ်– ညှဉ်းဆဲခြင်းသဘော၊ ၆။ အဝိဟိံသာဓာတ်– မညှဉ်းဆဲခြင်းသဘော။ (မ၃။၁၀၈။) (အဘိ၊ဝိ။၈၈။) (မ၊မြန်၊၃။၁၁၂။) (အဘိ၊ဝိ၊မြန်၊၁။၃၀၈။)

ဓာတ် ၇ ပါး ၁။ အာဘာဓာတု– အရောင်အလင်းဟူသော ဓာတ်သဘော, သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်သော သဘောတရား, ရူပဓာတ်၊ ၂။ သုဘဓာတု– တင့်တယ်သော သဘော၊ ၃။ အာကာသာနဉ္စာယတန ဓာတု– အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ဟူသော တည်ရာအာရုံရှိသော စျာန်, အာကာသာနဉ္စာယတနဘုံ၊ ၄။ ဝိညာဏဉ္စာယတနဓာတု– အဆုံးအပိုင်းအခြားမရှိသော ပဌမာရုပ္ပဝိညာဏ်လျှင် တည်ရာအာရုံရှိသော ဒုတိယာရုပ္ပစျာန်၊ ၅။ အာကိဉ္စညာယတနဓာတု– စိုးစဉ်းအနည်းငယ် ဘင်မျှ အကြွင်းအကျန် မရှိသော အာကာသာနဉ္စာယတနဝိညာဏ်၏အဖြစ်–အာကာသာနဉ္စာယတန ဝိညာဉ်၏ကင်းကွာ ချုပ်ပျောက်ခြင်း (နတ္ထိဘောပညတ်) ဟူသော တည်ရာအာရုံဟူသောဖြစ်ရာအာရုံ၊ ၆။ နေဝသညာနာသညာယတနဓာတု– သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်သော မိမိမှကြွင်းသော သမ္ပယုတ်တရားတို့၏ တည်ရာဖြစ်သော စျာန်စိတ်, နေဝသညာနာသညာယတနဘုံ၊ ၇။ သညာဝေဒယိတနိရောဓ ဓာတု– သညာဝေဒနာတို့၏ ချုပ်ရာဖြစ်သော သမာပတ်။ (သံ၊၁။၃၆၄။) (သံ၊မြန်၊၁။၃၄၈။)

ဓာတ် ၁၈ ပါး ၁။ စက္ခုဓာတ်– ရူပဓာတ်– စက္ခုဝိညာဏဓာတ်၊ ၂။ သောတဓာတု– သဒ္ဒဓာတ်– သောတဝိညာဏဓာတ်၊ ၃။ ဃာနဓာတ်– ဂန္ဓဓာတ်– ဃာနဝိညာဏဓာတ်၊ ၄။ ဇိဝှါဓာတ်– ရသဓာတ်– ဇိဝှါဝိညာဏဓာတ်၊ ၅။ ကာယဓာတ်– ဖောဋ္ဌဗ္ဗဓာတ်– ကာယဝိညာဏဓာတ်၊ ၆။ မနောဓာတ်– မနောဝိညာဏဓာတ်– ဓမ္မဓာတ် ပေါင်း (၁၈) ပါး။ (မ၃။၁၀၇။) (အဘိ၊ဓ။ ၂၅၉။) (အဘိ၊ဝိ။၄၁၅။) (အဘိ၊ဝိ။၄၁၇။) (အဘိ၊ဝိ။၈၉။) (အဘိ၊ဝိ။၉၂။) (အဘိ၊ပု။၁၀၁။) (ယမက၊၁။၁၉၅။) (စူဠနိ၊၌။၈၁။) (ဝိသုဒ္ဓိ၊၂။၁၁၅။) (မ၊မြန်၊၃။၁၁၁။) (အဘိ၊ဓ၊မြန်။၃၈၉။) (အဘိ၊ဝိ၊မြန်၊၁။၃၁၁။) (အဘိ၊ဝိ၊မြန်၊၁။၃၁၁။) (အဘိ၊ဝိ၊မြန်၊၂။၅၂၄။) (အဘိ၊ဝိ၊မြန်၊၂။၅၂၄။) (အဘိ၊ပု၊မြန်။၁၁။)

ဓာတ်ကမ္မဋ္ဌာန်း ပွားများပုံ ၄ မျိုး ၁။ သသမ္ဘာရသခေ်ပတော– ပထဝီဓာတ် စသော သမ္ဘာရနှင့် တစ်ကွဖြစ်သော ဆံပင် စသည်တို့ကို အကျဉ်းချုံးသောအားဖြင့် ပွားရခြင်း၊ ၂။ သသမ္ဘာရဝိဘတ္တိတော– ပထဝီဓာတ် စသော သမ္ဘာရနှင့် တကွဖြစ်သော ဆံပင် စသည်ကို ဝေဖန်သော

http://www.dhammadownload.com

အားဖြင့် ပွားရခြင်း၊ ၃။ သလက္ခဏသခေ်ပတော– ထဒ္ဓဘာဝ အစရှိသော လက္ခဏာနှင့် တကွ ဖြစ်သော ဆံပင် စသည်တို့ကို အကျဉ်းချုံးသောအားဖြင့် ပွားရခြင်း၊ ၄။ သလက္ခဏဝိဘတ္တိတော– ထဒ္ဓဘာဝ အစရှိသော လက္ခဏာနှင့် တကွဖြစ်သော ဆံပင် စသည်တို့ကို ဝေဖန်သော အားဖြင့် ပွားရခြင်း။ (ဝိသုဒ္ဓိ၊၁။၃၄၇။)

ဓာတ်တော်တို့ကို ဌာပနာရာဒ္ဓ် အရှင်မဟာကဿပ ပြုအပ်သော အဓိဋ္ဌာန် ၃ ချက် ၁။ ပန်းတို့သည် မည်ိုးနွမ်းပါစေကုန်လင့်၊ ၂။ ရနံ့တို့သည် မပျောက်ပါစေကုန်လင့်၊ ၃။ ဆီမီးတို့သည် မငြိမ်းပါ စေကုန်လင့်။ (ဒီ၊ဋ္ဌ၊၂။၂၀၄။) (ဒီ၊ဋ္ဌ၊မြန်၊၂။၂၀၄။)

ဓာတ်တော်တို့၏ အရေအတွက် ၃ မျိုး ၁။ အကြီးဆုံး ဓာတ်တော်များသည် ငါးပြည် ရှိသည်၊ ၂။ အလတ်စား ဓာတ်တော်များသည်လည်း ငါးပြည်ပင် ဖြစ်သည်၊ ၃။ အသေးဆုံး ဓာတ်တော် များသည် ခြောက်ပြည် ဖြစ်သည်၊ စုစုပေါင်း တစ်ဆယ့်ခြောက်ပြည် ဖြစ်၏။ (အပ၊၂။၃၈၄။)

ဓာတ်တော်တို့၏ အရောင်အဆင်း ၃ မျိုး ၁။ အကြီးဆုံး ဓာတ်တော်များသည် ရွှေအဆင်း ရှိသည်၊ ၂။ အလတ်စား ဓာတ်တော်များသည် ပုလဲအဆင်းရှိသည်၊ ၃။ အသေးဆုံး ဓာတ်တော်များသည် မြတ်လေးပန်းငုံ အဆင်းရှိကြသည်။ (အပ၊၂။၃၈၄။) (အပ၊မြန်၊၂။၃၈၃။)

ဓာတ်တော်၏ အရွယ်အစား ၃ မျိုး ၁။ အကြီးဆုံး ဓာတ်တော်သည် ပဲနောက်စေ့ အရွယ်ပမာဏ ရှိသည်၊ ၂။ အလယ်အလတ်စား ဓာတ်တော်သည် ဆန်စေ့ထက်ပိုင်းကျိုး အရွယ်မျှပမာဏ ရှိသည်၊ ၃။ အငယ်ဆုံး ဓာတ်တော်များသည် မုန်ညင်းစေ့မျှ ပမာဏရှိသည်။ (အပ၊၂။၃၈၄။) (အပ၊မြန်၊၂။၃၈၃။)

ဓာတ်တို့ကို နှလုံးသွင်းပုံ ၁၃ မျိုး ၁။ ဝစနတ္ထတော– ပထဝီစသော ဓာတ်တို့ကို အနက် အားဖြင့် နှလုံးသွင်းခြင်း၊ ၂။ ကလာပတော– ပရမာဏုမြူ အတိုင်းအရှည်ရှိသော ကလာပ်စည်းအားဖြင့် နှလုံးသွင်းခြင်း၊ ၃။ စုဏ္ဏတော– ထိုကလာပ်၌ အကျုံးဝင်သော တရားတို့ကို ပထဝီဓာတ် စသောအားဖြင့် အသီးသီး အသေးစိတ် နှလုံးသွင်းခြင်း၊ ၄။ လက္ခဏာဒိတော– မာကြောခက်ထန် သည်၏အဖြစ် အစရှိသော လက္ခဏာ စသည်အားဖြင့် နှလုံးသွင်းခြင်း၊ ၅။ သမုဋ္ဌာနတော– ကမ္မသမုဋ္ဌာန်း အစရှိသောအားဖြင့် နှလုံးသွင်းခြင်း၊ ၆။ နာနတ္တေကတ္တတော– ထူးခြား ကွဲပြားသည်၏အဖြစ် တူသည်၏အဖြစ်အားဖြင့် နှလုံးသွင်းခြင်း၊ ၇။ ဝိနိဗ္ဘောဂါဝိနိဗ္ဘောဂတော– အသီးအသီး ခွဲခြားဝေဖန်ခြင်း, အသီးသီး ခွဲခြားဝေဖန်ခြင်းအားဖြင့် နှလုံးသွင်းခြင်း၊ ၈။ သဘာဂဝိသဘာဂတော– သဘောတူခြင်း သဘောမတူခြင်းအားဖြင့် နှလုံးသွင်းခြင်း၊ ၉။ အဿုတ္တိကဇာဟိရဝိသေသတော– အဿုတ္တိကအထူး ဇာဟိရအထူးအားဖြင့် နှလုံးသွင်းခြင်း၊ ၁၀။ သင်္ဂဟတော– သဇာတိသင်္ဂဟ စသော သိမ်းယူခြင်းအားဖြင့် နှလုံးသွင်းခြင်း၊ ၁၁။ ပစ္စယတော– အချင်းချင်း ထောက်ပံ့သောအားဖြင့် နှလုံးသွင်းခြင်း၊ ၁၂။ အသမန္နာ ဟာရတော– အဗျာပါရနည်းအားဖြင့် နှလုံးသွင်းခြင်း၊ ၁၃။ ပစ္စယဝိဘာဂတော– မိမိအား ကျေးဇူးပြုတတ်သော တရားအထူး, ကျေးဇူးပြုတတ်သည်၏ အဖြစ်ဟူသော သတ္တိအထူးအားဖြင့် နှလုံးသွင်းခြင်း။ (ဝိသုဒ္ဓိ၊၁။၃၆၀။)

ဓာတ်တို့၏ အကြောင်း ၄ ပါး ၁။ ကံ၊ ၂။ စိတ်၊ ၃။ ဥတု၊ ၄။ အာဟာရ။ (ဝိသုဒ္ဓိ၊၁။၃၆၆။)

http://www.dhammadownload.com

ဓမ္မ ၂ မျိုး ၁။ မင်္ဂ, ဖိုလ်, နိဗ္ဗာန်သည် မုချဓမ္မ၊ ၂။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို မှီသော ကုသိုလ်သည် ပရိယာယဓမ္မ။ (ဣတိဝုတ်၊ဋ္ဌ။၃၀၆။)

ဓမ္မ ၅ မျိုး ၁။ အကျိုးကို ဖြစ်စေတတ်သော အကြောင်းအားလုံး၊ ၂။ အရိယမဂ်၊ ၃။ ဟောကြားအပ်သော ပါဠိ၊ ၄။ ကုသိုလ်၊ ၅။ အကုသိုလ်။ (ဣတိဝုတ်၊ဋ္ဌ။၁၁၉။)

ဓမ္မကထိက ၄ မျိုး ၁။ အကြောင်းအကျိုး, အကောင်းအဆိုးကို ခွဲခြားဝေဖန်၍ မသိနားမလည်သော ပရိသတ်၌ အကျိုးအကြောင်းနှင့် မဆက်စပ်သော အနည်းငယ်မျှသော တရားစကားကို ဟောတတ်သော ဓမ္မကထိကပုဂ္ဂိုလ်၊ ၂။ အကြောင်းအကျိုး, အကောင်းအဆိုးကို ခွဲခြား ဝေဖန်၍ တတ်သိနားလည်သော ပရိသတ်၌ အကျိုးအကြောင်းနှင့် ဆက်စပ်သော အနည်းငယ်မျှသော တရားစကားကို ဟောကြားတတ်သော ဓမ္မကထိကပုဂ္ဂိုလ်၊ ၃။ အကြောင်း အကျိုး, အကောင်းအဆိုးကို ခွဲခြားဝေဖန်၍ မသိ နားမလည်သော ပရိသတ်၌ အကျိုးအကြောင်းနှင့် မဆက်စပ်သော များစွာသော တရားစကားကို ဟောကြားတတ်သော ဓမ္မကထိကပုဂ္ဂိုလ်၊ ၄။ အကျိုးအကြောင်း ခွဲခြားဝေဖန်၍ တတ်သိနားလည်သော ပရိသတ်၌ အကြောင်းအကျိုး ဆက်စပ်သော များစွာသော စကားကို ဟောကြားတတ်သော ဓမ္မကထိကပုဂ္ဂိုလ်။ (အံ၊၁။၄၅၅။) (အဘိ၊ပု။၁၄၈။) (အံ၊မြန်၊၁။ ၄၆၇။) (အဘိ၊ပု၊မြန်။၅၁။)

ဓမ္မကထိကကျင့်စဉ် ၃ မျိုး ၁။ အစဉ်သိလကို ဟောပြရခြင်း၊ ၂။ အလယ်၌ မဂ်ကို ထင်အောင် ဟောပြရခြင်း၊ ၃။ အဆုံး၌ နိဗ္ဗာန်ကို ထင်အောင် ဟောပြရခြင်း။ (ဒီ၊ဋ္ဌ၊၁။၁၅၉။) (ဒီ၊ဋ္ဌ၊မြန်၊ ၁။၃၁၁။)

ဓမ္မကထိကများ မိမိသန္တာန်၌ ဖြစ်စေရမည့် တရား ၅ ပါး ၁။ အစဉ်အတိုင်းဖြစ်သော တရားစကား အနုပုဒ္ဓိကထာကို ဟောကြားမည်ဟု နှလုံးသွင်းလျက် ဟောရခြင်း၊ ၂။ အကျိုးအကြောင်းပြလျက် ဟောမည်ဟု နှလုံးသွင်း၍ ဟောရခြင်း၊ ၃။ အစဉ်သနားခြင်းကို အစွဲပြု၍ ဟောမည်ဟု နှလုံးသွင်း၍ ဟောရခြင်း၊ ၄။ အာမိသကို မငဲ့ဘဲဟောမည်ဟု နှလုံးသွင်းလျက် ဟောရခြင်း၊ ၅။ မိမိကိုယ်ကိုလည်းကောင်း, သူတစ်ပါးကိုလည်းကောင်း မထိပါးမပုတ်ခတ်မူ၍ ဟောရခြင်း။ (အံ၊၂။၁၆၂။) (အံ၊မြန်၊၂။၂၀၈။)

ဓမ္မစက္ခုရတနာကို လည်စေတော်မူသော ဘုရားရှင်၏ တရားတော် ၅ ပါး ၁။ အကျိုးစီးပွားကို သိတော်မူခြင်း၊ ၂။ တရားကို သိတော်မူခြင်း၊ ၃။ အတိုင်းအရှည်ကို သိတော်မူခြင်း၊ ၄။ ကာလကို သိတော်မူခြင်း၊ ၅။ ပရိသတ်ကို သိတော်မူခြင်း။ (အံ၊၂။၁၃၁။) (အံ၊မြန်၊၂။၁၆၂ –၁၆၃။)

ဓမ္မစက္ခုရတနာကို အတုလိုက်၍ လည်စေသော အရှင်သာရိပုတ္တြာ၏ တရား ၅ ပါး ၁။ အကျိုးကို သိခြင်း၊ ၂။ တရားကို သိခြင်း၊ ၃။ အတိုင်းအရှည်ကို သိခြင်း၊ ၄။ ကာလကို သိခြင်း၊ ၅။ ပရိသတ်ကို သိခြင်း။ (အံ၊၂။၁၃၁။) (အံ၊မြန်၊၂။၁၆၃–၁၆၄။)

ဓမ္မစက္ခု ၂ မျိုး ၁။ ပဋိဝေဓဉာဏ် ဓမ္မစက်၊ ၂။ ဒေသနာဉာဏ် ဓမ္မစက်။ (မ၊ဋ္ဌ၊၁။၃၃၃။) (သံ၊ဋ္ဌ၊၂။၄၄။) (အံ၊ဋ္ဌ၊၂။၂၅၄။) (အံ၊ဋ္ဌ၊၂။၂၉၆) (အံ၊ဋ္ဌ၊၃။၂၉၅။) (အဘိ၊ဋ္ဌ၊၂။၃၈၂။) (ပဋိသံ၊ဋ္ဌ၊၂။၂၂၁။) (ပဋိသံ၊ဋ္ဌ၊၂။၂၃၃။) (ဗုဒ္ဓဝံ၊ဋ္ဌ။၇၆။)

http://www.dhammadownload.com

ဓမ္မတာ ၃၀ ပါး (ဘုရားရှင်တိုင်း၏ ဖြစ်မြဲ ဓမ္မတာ ၃၀) ၁။ နောက်ဆုံးဘဝ ဘုရားဖြစ်လတ္တံ့သော ဘုရားအလောင်းတော်သည် ဆင်ခြင်စုံစမ်းနိုင်သော ဉာဏ်ရှိလျက် အမိဝမ်းသို့ သက်ဝင်ခြင်း၊ ၂။ အမိဝမ်း၌ တင်ပလ္လင်ခွေထိုင်၍ ပြင်ပသို့ရှေးရှု ကြည့်နိုင်ခြင်း၊ ၃။ ဘုရားအလောင်း၏ မယ်တော် ရုပ်လျက် မွေးဖွားခြင်း၊ ၄။ တောအရပ်၌သာလျှင် အမိဝမ်းမှ ထွက်လာခြင်း၊ ၅။ မြောက်အရပ်သို့ ရှေးရှုလျက် ခုနစ်လှမ်း လျှောက်လှမ်း၍ အရပ်လေးမျက်နှာကို ကြည့်၍ ရဲရင့်သော အသံကို ကျူးရင့်ခြင်း၊ ၆။ နိမိတ်လေးမျိုးတို့ကို မြင်၍ သားမွေးဖွားသော နေ့၌ တောထွက်ခြင်း၊ ၇။ ရဟန်းပြုပြီး၍ အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် ခုနစ်ရက်ပတ်လုံး ကမ္မဋ္ဌာန်းတရား ကျင့်ကြံ အားထုတ်ခြင်း၊ ၈။ သဗ္ဗညုတဉာဏ်ရအံ့သော နေ့၌ နို့ဃနာဆွမ်းကို သုံးဆောင်ခြင်း၊ ၉။ မြက်ခင်းပြင်၌ ထိုင်၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူခြင်း၊ ၁၀။ အာနာပါနဿတိကမ္မဋ္ဌာန်း ပရိကံပြုခြင်း၊ ၁၁။ မာရ်စစ်သည်တို့ကို နှိပ်ကွပ်ဖျက်ဆီးခြင်း၊ ၁၂။ ဗောဓိပလ္လင်၌သာလျှင် ဝိဇ္ဇာသုံးပါး အစထား၍ အသာဓာရဏဉာဏ် အစရှိသော ဂုဏ်ကျေးဇူးတို့ကို ရတော်မူခြင်း၊ ၁၃။ ခုနစ်သတ္တာဟပတ်လုံး ဗောဓိပင်အနီး၌သာလျှင် အချိန်ကုန်လွန်စေခြင်း၊ ၁၄။ တရားဟောခြင်းငှာ ဗြဟ္မာကြီးသည် တောင်းပန်ခြင်း၊ ၁၅။ ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစက္ကာတရား ဟောတော်မူခြင်း၊ ၁၆။ တပို့တွဲလပြည့်နေ့တွင် အင်္ဂါလေးပါးနှင့် ပြည့်စုံသော အစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူခြင်း၊ ၁၇။ ဇေတဝန်ကျောင်းအရပ်၌ အမြဲသီတင်းသုံးနေတော်မူခြင်း၊ ၁၈။ သာဝတ္ထိပြည်တံခါးဝအနီး၌ တန်ခိုးပြာဋိဟာအစုံကို ပြတော်မူခြင်း၊ ၁၉။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောတော်မူခြင်း၊ ၂၀။ သင်္ကဿနကိုရ်မြို့တံခါး အနီးအရပ်၌ နတ်ပြည်မှ သက်ဆင်းတော်မူခြင်း၊ ၂၁။ အမြဲမပြတ် ဖလသမာပတ်ကို ဝင်စားတော်မူခြင်း၊ ၂၂။ တစ်နေ့ နှစ်ကြိမ် ဆုံးမထိုက်သော လူအပေါင်းကို ကြည့်တော်မူခြင်း၊ ၂၃။ အကြောင်းဖြစ်ပေါ်လာသော အခါ၌ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း၊ ၂၄။ အဋ္ဌပ္ပတ္တိဖြစ်ပေါ်လာလျှင် ဇာတ်တော်ကို ဟောတော်မူခြင်း၊ ၂၅။ ဆွေမျိုးတို့၏ စုံညီအစည်းအဝေး၌ ဗုဒ္ဓဝင်ကို ဟောတော်မူခြင်း၊ ၂၆။ အာဂန္တုကရဟန်းတို့နှင့် အစ္ဆေအစပ်စကားကို ပြောတော်မူခြင်း၊ ၂၇။ ဝါဆိုခြင်းမှ ထသော် ပင့်ဖိတ်ထားသော ဒါယကာတို့အား မပြောကြားဘဲ ခရီးသွားတော်မမူခြင်း၊ ၂၈။ နေ့စဉ် နေ့စဉ် ဆွမ်းရှေ့အဖို့ကိစ္စ, ဆွမ်းစားပြီးနောက်အဖို့ကိစ္စ, ပဌမယံကိစ္စ, မဇ္ဈိမယံကိစ္စ, ပစ္ဆိမယံကိစ္စတို့ကို ပြုတော်မူခြင်း၊ ၂၉။ ပရိနိဗ္ဗာန်ပြုတော်မူသော နေ့၌ အမဲအရသာကို သုံးဆောင်တော်မူခြင်း၊ ၃၀။ ကုဋေနှစ်သန်းလေးသိန်း သမာပတ်တို့ကို ဝင်စား၍ ပရိနိဗ္ဗာန် ပြုတော်မူခြင်း။ (ဗုဒ္ဓဝံ၊၌။၃၅၂။)

ဓမ္မဒါယာဒါ၌ ဓမ္မ ၂ မျိုး ၁။ လောကုတ္တရာတရား ကိုးပါးသည် မုချဓမ္မ– နိပ္ပရိယာယဓမ္မ၊ ၂။ နိဗ္ဗာန်ကို ဆုတောင်း၍ ဒါန, သီလ စသော ကောင်းမှုကုသိုလ်ကို ပြုလျက် အစဉ်သဖြင့် မဂ်ဖိုလ်တရားကို ရရှိခြင်းသည် ပရိယာယဓမ္မ။ (မ၊၌၊၁။၉၂။)

ဓမ္မဒေသနာ ၂ မျိုး ၁။ သံခိတ္တဓမ္မဒေသနာ– အကျဉ်းချုပ် မာတိကာမျှကို ရွတ်ဆို ဟောကြားခြင်း၊ ၂။ ဝိတ္ထာရဓမ္မဒေသနာ– အကျဉ်းချုပ်မာတိကာကို အကျယ်ချဲ့၍ ဟောကြားခြင်း။ (အံ၊၌၂။၁၁။)

http://www.dhammadownload.com

ဓမ္မဒေသနာသိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ ပါဠိအဋ္ဌကထာဓမ္မကို ခြောက်ခွန်းအထက်၌ ဟောပြောခြင်း၊ ၂။ ကောင်းစွာ ပြောအပ်သော စကား၊ မကောင်းသဖြင့် ပြောအပ်သော စကား၊ စသည်ကို သိနိုင်စွမ်းရှိသော မိန်းမ ဖြစ်ခြင်း၊ ၃။ ဣရိယာပုထ်ကို ပြောင်းလဲမှု မရှိခြင်း၊ ၄။ တတ်သိနားလည်သော ယောကျ်ားလူသား မရှိခြင်း၊ ၅။ မမေးသော ပြဿနာကို ဖြေကြားခြင်း။ (သာရတ္ထ၊ ဋီ၊၃။၁၂။)

ဓမ္မဒဿီဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ဓမ္မစက္ကာတရားဦး ဟောတော်မူသောအခါ လူ နတ် ဗြဟ္မာ ကုဋေတစ်သိန်း တရားထူးရကြသည်၊ ၂။ သဉ္ဇယရသေ့ကို ဆုံးမတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေကိုးဆယ် တရားထူး ရကြသည်၊ ၃။ သိကြားမင်းသည် ပရိသတ်နှင့် တကွ ဘုရားရှင်ထံ ချဉ်းကပ်သောအခါ လူနတ်ဗြဟ္မာ ကုဋေရှစ်ဆယ်တို့ တရားထူးရပြီး ကျွတ်တမ်း ဝင်ကြသည်။ (အပ၊၂။၃၅၅။) (အပ၊မြန်၊၂။၃၅၃။)

ဓမ္မဒဿီဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပဌမအစည်းအဝေး၌ ဘုရားရှင်သည် သရဏဖြို့တော်၌ ဝါကပ်တော်မူသော အခါ၌ ရဟန္တာ ကုဋေတစ်သိန်း၊ ၂။ ဒုတိယ အစည်းအဝေး၌ နတ်ပြည်မှ လူပြည်သို့ ကြွလာတော်မူသော အခါ၌ ရဟန္တာ ကုဋေတစ်ရာ၊ ၃။ တတိယ အစည်းအဝေး၌ ဓုတင်ဂုဏ်ကို ပြတော်မူသောအခါ ရဟန္တာ ကုဋေရှစ်ဆယ်တို့ စည်းဝေးတော်မူကြသည်။ (အပ၊၂။၃၅၆။) (အဘိ၊၌၊၁။၆၇။) (ဇာ၊၌၊၁။၄၇။) (အပ၊မြန်၊၂။၃၅၃။)

ဓမ္မဒဿီဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ပဒုမထေရ်၊ ၂။ ဖုဿဒေဝထေရ်။ (အဘိ၊၌၊၁။၆၇။) (ဗုဒ္ဓဝံ၊၌။၂၆၂။) (ဇာ၊၌၊၁။၄၇။)

ဓမ္မဒဿီဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ ခေမာထေရီ၊ ၂။ သဗ္ဗနာမထေရီ။ (အဘိ၊၌၊၁။၆၇။) (ဗုဒ္ဓဝံ၊၌။၂၆၂။) (ဇာ၊၌၊၁။၄၈။)

ဓမ္မဒဿီဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ အရဇမည်သော ပြာသာဒ်ဆောင်၊ ၂။ ဝိရဇမည်သော ပြာသာဒ်ဆောင်၊ ၃။ သုဒဿနမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၅၆။) (အပ၊မြန်၊၂။၃၅၄။)

ဓမ္မပဋိသမ္ဘိဒါ၌ ဓမ္မ ၅ မျိုး ၁။ အကျိုးတရားကို ဖြစ်စေတတ်သော အကြောင်းတရားအားလုံး၊ ၂။ အရိယမဂ်တရား၊ ၃။ ဘုရားရှင် ဟောကြားအပ်သော ပါဠိတရား၊ ၄။ ကုသိုလ်တရား၊ ၅။ အကုသိုလ်တရား။ (အဘိ၊၌၊၂။၃၇၀။) (ပဋိသံ၊၌၊၁။၃။) (အံ၊ဋီ၊၂။၃၄၈။)

ဓမ္မပဋိသမ္ဘိဒါ၏ အာရုံဖြစ်သော ဓမ္မ ၅ ပါး ၁။ ပညာမျက်စိ (စက္ခု)၊ ၂။ အသိဉာဏ် (ဉာဏ)၊ ၃။ အပြားအားဖြင့် သိတတ်သော ဉာဏ် (ပညာ)၊ ၄။ ထိုးထွင်း၍ သိသော ဉာဏ် (ဝိဇ္ဇာ)၊ ၅။ အလင်းရောင် (အာလောက) ။ (ပဋိသံ။၃၃၀။) (ပဋိသံ၊မြန်။၃၉၂။)

ဓမ္မပဒ ၄ ပါး ၁။ အနဘိဇ္ဈာဓမ္မပဒ– အနဘိဇ္ဈာ–အလောဘ၏ အစွမ်းအားဖြင့် ရအပ်သော ဝိပဿနာမဂ်ဖိုလ်နိဗ္ဗာန်၊ ၂။ အဗျာပါဒဓမ္မပဒ– မေတ္တာ–အဒေါသကို အဦးပြုသဖြင့် ရအပ်သော ဈာန်၊ ၃။ သမ္မာသတိဓမ္မပဒ– သတိကို အဦးပြုသဖြင့် ရအပ်သော ဈာန်၊ ၄။ သမ္မာသမာဓိဓမ္မပဒ– သမာပတ်ရှစ်ပါးကို အဦးပြုသဖြင့် ရအပ်သော ဈာန် စသည်။ (အံ၊၁။၃၃၇–၃၃၈။) (ပေဋကော။၂၀၄။) (ပဋိသံ၊၌၊၁။၂၇၂။) (ဓမ္မ၊၌၊၁။၄၁၇။) (နေတ္တိ၊၌။၁၄၇။) (အံ၊မြန်၊၁။၃၅၃။)

http://www.dhammadownload.com

ဓမ္မဝါဒီပုဂ္ဂိုလ်ဟု သိနိုင်ကြောင်း ၁၈ ပါး ၁။ တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြခြင်း၊ ၂။ တရားဟုတ်သည်ကို တရားဟုတ်၏ဟု ပြခြင်း၊ ၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြခြင်း၊ ၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု ပြခြင်း၊ ၅။ ဘုရားရှင် မဟောအပ် မပြောအပ်သည်ကို မြတ်စွာဘုရား မဟောအပ် မပြောအပ်ဟု ပြခြင်း၊ ၆။ ဘုရားရှင် ဟောအပ် ပြောအပ်သည်ကို မြတ်စွာဘုရားသည် ဟောအပ် ပြောအပ်၏ဟု ပြခြင်း၊ ၇။ ဘုရားရှင်၏ အလေ့အကျင့် မဟုတ်သည်ကို ဘုရားရှင်၏ အလေ့အကျင့် မဟုတ်ဟု ပြခြင်း၊ ၈။ ဘုရားရှင်၏ အလေ့အကျင့်ကို ဘုရားရှင်၏ အလေ့အကျင့်ဟု ပြခြင်း၊ ၉။ ဘုရားရှင် မပညတ်အပ်သည်ကို ဘုရားရှင်သည် မပညတ်အပ်ဟု ပြခြင်း၊ ၁၀။ မြတ်စွာဘုရား ပညတ်အပ်သည်ကို ဘုရားရှင်သည် ပညတ်အပ်၏ဟု ပြခြင်း၊ ၁၁။ အာပတ်သင့်သည်ကို အာပတ်သင့်၏ဟု ပြခြင်း၊ ၁၂။ အာပတ်မသင့်သည်ကို အာပတ်မသင့်ဟု ပြခြင်း၊ ၁၃။ ပေါ့သော အာပတ်ကို ပေါ့သော အာပတ်ဟု ပြခြင်း၊ ၁၄။ လေးသော အာပတ်ကို လေးသော အာပတ်ဟု ပြခြင်း၊ ၁၅။ အကြွင်းရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြခြင်း၊ ၁၆။ အကြွင်းမရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြခြင်း၊ ၁၇။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်ကို ရုန့်ရင်းကြမ်းတမ်းသော အာပတ်ဟု ပြခြင်း၊ ၁၈။ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ဟု ပြခြင်း။ (ဝိ၊၃။၅၀၂။) (ဝိ၊မြန်၊၃။၅၀၈။)

ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ကြောင်း ၇ ပါး ၁။ ဆရာသမားများထံ ချဉ်းကပ်၍ နိကာယ်ငါးရပ်၏ အနက်အဓိပ္ပာယ်ကို မေးမြန်းခြင်း၊ ၂။ ဆံပင်, ခြေသည်း လက်သည်း စသော အဇ္ဈတ္တိကဝတ္ထု, အဝတ်အစား စသော ဗာဟိရဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်း၊ ၃။ သဒ္ဓါ စသော ဣန္ဒြေတို့ကို ညီမျှအောင် ပြုခြင်း၊ ၄။ ပညာမဲ့သော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ ၅။ ပညာရှိ ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊ ၆။ နက်နဲသော ဥဏ်အကျင့်ကို ဆင်ခြင်ခြင်း၊ ၇။ ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ဖို့ရန် စိတ်ညွတ်ခြင်း။ (ဒီ၊၌၊၂။၃၇၉။) (မ၊၌၊၁။၂၉၄။) (သံ၊၌၊၃။၁၉၃။) (အံ၊၌၊၁။၃၉၀။) (အဘိ၊၌၊၂။၂၆၃။) (ဝိသုဒ္ဓိ၊၁။၁၂၈။) (သာရတ္ထ၊ဋီ၊၂။၂၂၇။) (ဒီ၊၌၊မြန်၊၂။၆၉၈။) (ဒီ၊၌၊မြန်၊၂။၆၉၈။)

ဓမ္မဝိစယသမ္မောဇ္ဈင် ဖြစ်ကြောင်း ၆ ပါး ၁။ ဆရာသမားများထံ ချဉ်းကပ်၍ အနက်အဓိပ္ပါယ်ကို မေးမြန်းခြင်း၊ ၂။ ဆံပင် ခြေသည်း လက်သည်းစသော အဇ္ဈတ္တိကဝတ္ထု, အဝတ်အစားစသော ဗဟိဒ္ဓဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်း၊ ၃။ သဒ္ဓါစသော ဣန္ဒြေတို့ကို ညီမျှအောင် ပြုလုပ်ခြင်း၊ ၄။ ပညာမဲ့သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၅။ ပညာရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၆။ ဓမ္မဝိစယသမ္မောဇ္ဈင်ဖြစ်ရန် စိတ်ညွတ်ခြင်း နှလုံးသွင်းခြင်း။ (ဒီ၊ဋီ၊၂။၁၂၉။)

ဓမ္မသင်္ဂဏီကျမ်း၌ ဝေဖန်ရာပါဋိရပ် ၄ မျိုး ၁။ စိတ်ကို ဝေဖန်ရာ ပါဋိရပ် (စိတ္တဝိဘတ္တိ)၊ ၂။ ရုပ်ကို ဝေဖန်ရာ ပါဋိရပ် (ရူပဝိဘတ္တိ)၊ ၃။ မူလ စသည်ဖြင့် ထားရာ တရားအစု (နိက္ခေပရာသိ)၊ ၄။ အနက်ကို ထုတ်ရာ အဋ္ဌကထာကဏ္ဍ (အတ္ထုဒ္ဓါရ) ။ (အဘိ၊၌၊၁။၆။)

ဓမ္မာဒါသ ၄ ပါး ၁။ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၌ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုမှု သဒ္ဓါတရားနှင့် ပြည့်စုံရခြင်း၊ ၂။ သွာက္ခာတတာ စသော ဂုဏ်တော်ခြောက်ပါးတို့နှင့် ပြည့်စုံတော်မူသော တရားတော်၌ တုန်လှုပ်ခြင်း မရှိသော

http://www.dhammadownload.com

ကြည်ညိုမှု သဒ္ဓါတရားနှင့် ပြည့်စုံရခြင်း၊ ၃။ သုပ္ပဋိပန္နတာ စသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော အရိယာသံဃာ၌ တုန်လှုပ်ခြင်း မရှိသော ကြည်ညိုမှု သဒ္ဓါတရားနှင့် ပြည့်စုံရခြင်း၊ ၄။ မကျိုးမပေါက် မပြောက်မကျားသော အရိယာသူတော်ကောင်းတို့ ချီးမွမ်း အပ်သော ငါးပါးသီလနှင့် ပြည့်စုံရခြင်း။ (ဒီ၊၂။၈၀။) (သံ၊၃။၃၁၁။) (သံ၊၃။၃၂၁။) (ဒီ၊မြန်၊၂။ ၉၂-၉၃။) (သံ၊မြန်၊၃။၃၊၃၁၃။) (သံ၊မြန်၊၃။၃၊၃၁၃။)

ဓမ္မာနုပဿနာ ၅ ပါး ၁။ နီဝရဏတရား ငါးပါးကို ဆင်ခြင်ခြင်း၊ ၂။ ခန္ဓာ ငါးပါးကို ဆင်ခြင်ခြင်း၊ ၃။ အာယတန တစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်း၊ ၄။ ဗောဇ္ဈင် ခုနစ်ပါးကို ဆင်ခြင်ခြင်း၊ ၅။ သစ္စာ လေးပါးကို ဆင်ခြင်ခြင်း။ (ဒီ၊၂။၂၃၈-၂၃၉။) (ဒီ၊၂။၂၄၃။) (ဒီ၊မြန်၊၂။၂၆၆၊၂၈၀။) (ဒီ၊မြန်၊၂။၂၆၆၊၂၈၀။)

ဓမ္မက္ခန္ဓာ ၄ ပါး ၁။ သီလဂုဏ်- သီလကွန်၊ ၂။ သမာဓိဂုဏ်- သမာဓိကွန်၊ ၃။ ပညာဂုဏ်- ပညာကွန်၊ ၄။ ဝိမုတ္တိဂုဏ်- ဝိမုတ္တိကွန်။ (ဒီ၊၃။၁၉၁။) (ဒီ၊မြန်၊၃။၂၁၃။)

ဓမ္မက္ခန္ဓာ ၅ ပါး မျက်မှောက်ပြုအပ်သော တရား ၅ ပါး၊ သစ္စိကာတဗ္ဗတရား ၅ ပါးတို့နှင့် တူသည်။

ဓမ္မက္ခန္ဓာ ၅ ပါး (တစ်နည်း) ၁။ သီလကွန်၊ ၂။ သမာဓိကွန်၊ ၃။ ပညာကွန်၊ ၄။ ဝိမုတ္တိကွန်- အရဟတ္တဖိုလ်ဟူသော-ဂုဏ်-ကျေးဇူး, အရဟတ္တဖိုလ်ဟူသော တရားအစု၊ ၅။ ဝိမုတ္တိဉာဏဒဿနကွန်- အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော, ပစ္စဝေက္ခဏာဉာဏ်ဟူသော-ဂုဏ်-ကျေးဇူး။ (ပဋိ၊သံ၊၂။၁၊၁၅၆။)

ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပုံ ၉ မျိုး (အကြောင်းတို့ကို ပိုင်းခြား၍ ယူခြင်း၌ ဖြစ်သော ပညာသည် ဓမ္မဋ္ဌိတိဉာဏ်ဖြစ်ပုံ အခြင်းအရာ ၉ မျိုး) ၁။ အဝိဇ္ဇာသည် သခါရတို့၏ တစ်ဘဝ၌ အစစွာ ဖြစ်ကြောင်းဖြစ်၍ တည်ရာအကြောင်း၊ ၂။ သခါရတို့၏ စ၍ ဖြစ်ပြီးနောက် ဖြစ်တည်ကြောင်း ဖြစ်၍ တည်ရာအကြောင်း၊ ၃။ သခါရတို့၏ ဘဝ စသည်တို့၌ အကျိုးကို ပစ်ချကြောင်းဖြစ်၍ တည်ရာအကြောင်း၊ ၄။ သခါရတို့၏ မိမိအကျိုးဖြစ်ဖို့ရန် အားထုတ်ကြောင်းဖြစ်၍ တည်ရာ အကြောင်း၊ ၅။ သခါရတို့၏ မိမိအကျိုးနှင့် စပ်ယှဉ်ကြောင်းဖြစ်၍ တည်ရာအကြောင်း၊ ၆။ သခါရတို့၏ မိမိကိန်းရာ ခန္ဓာအစဉ်ကို နှောင်ဖွဲ့ကြောင်းဖြစ်၍ တည်ရာအကြောင်း၊ ၇။ အခြားအကြောင်းတို့နှင့် ပေါင်းမိသော် သခါရတို့၏ ဖြစ်ကြောင်းဖြစ်၍ တည်ရာ အကြောင်း၊ ၈။ သခါရတို့၏ ဇနကအကြောင်းဖြစ်၍ တည်ရာအကြောင်း၊ ၉။ သခါရတို့၏ ဥပတ္ထမ္ဘက အကြောင်းဖြစ်၍ တည်ရာအကြောင်း၊ ဤအကြောင်းအရာ ၉ မျိုးဖြင့် အဝိဇ္ဇာသည် အကြောင်း၊ သခါရတို့သည် အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့တည်း၊ အဝိဇ္ဇာ, သခါရဟူသော ဤတရားနှစ်ပါးတို့သည် အကြောင်းကြောင့်ဖြစ်သော အကျိုးတရားတို့တည်းဟု အကြောင်း တို့ကို ပိုင်းခြား၍ ယူခြင်း၌ဖြစ်သော ပညာသည် ဓမ္မဋ္ဌိတိဉာဏ် မည်၏၊ ဓမ္မဋ္ဌိတိဉာဏ် ဟူသည် သခါရစသော အကျိုးတရားတို့၏ တည်ရာအကြောင်း၌ ဖြစ်သော ဉာဏ်တည်း။ (ဒီ၊၃။၁။၉၄-၉၅။) (ဒီ၊၃၊မြန်၊၁။၁၈၂။)

http://www.dhammadownload.com

နံ

နဂရပရိက္ခာရ ၇ မျိုး မြို့၏ အခြံအရံ ၇ ပါးနှင့် တူသည်။

နဂါး ၅ မျိုး ၁။ မဠွေရိကာ မည်သော နဂါး၊ ၂။ မြေ၌ တည်သော နဂါး၊ ၃။ တောင်၌ တည်သော နဂါး၊ ၄။ ဂင်္ဂါမြစ်၌ တည်သော နဂါး၊ ၅။ သမုဒ္ဒရာ၌ တည်သော နဂါး။ (အပ၊၌၊၁။၂၆၇။)

နဂါးတို့ မိမိဇာတ်ကို မစွန့်နိုင်ရာ အခါ ၂ ပါး ၁။ ဇာတ်တူ နဂါးမနှင့် မေထုန်မှီဝဲရာအခါ၊ ၂။ သတိလွတ်ကင်းလျက် အိပ်ပျော်ရာအခါ။ (ဝိ၊၃။၁၂၁။) (ဝိ၊မြန်၊၃။၁၂၃။)

နဂါးတို့၏ ပင်ကိုသဘာဝကို ထင်ရှားပြရာ အခါ ၅ မျိုး ၁။ ပဋိသန္ဓေနေရာအခါ၊ ၂။ အရေဟောင်းကို စွန့်ရာအခါ (အရေလဲရာအခါ။)၊ ၃။ ဇာတ်တူသော နဂါးမနှင့် မေထုန်မှီဝဲရာအခါ၊ ၄။ လွတ်လွတ်လပ်လပ် အိပ်ရာအခါ၊ ၅။ စုတေရာအခါ။ (ဝိ၊၌၊၃။၃၀၄။)

နဂါးမင်း ၄ ဦး ၁။ ဝိရူပက္ခနဂါးမင်း၊ ၂။ ဧရာပထနဂါးမင်း၊ ၃။ ဆဗ္ဗာပုတ္တနဂါးမင်း၊ ၄။ ကဏှာဂေါတမက နဂါးမင်း။ (ဝိ၊၄။၂၄၅။) (အံ၊၁။၃၈၄။) (ဝိ၊မြန်၊၄။၂၄၃။) (အံ၊မြန်၊၁။၃၉၈။) (ဇာ၊၌၊၂။၁၃၃။)

နဂါးမျိုး ၄ မျိုး ၁။ ဥဒ္ဓ ဖြစ်သော အဏ္ဍဇ နဂါး၊ ၂။ သားအိမ်၌ ဖြစ်သော ဇလာဗုဇ နဂါး၊ ၃။ အညစ်အကြေးတို့၌ ဖြစ်သော သံသေဒဇ နဂါး၊ ၄။ ကိုယ်ထင်ရှားဖြစ်သော ဩပပါတိက နဂါး။ (သံ၊၂။၂၀၂။) (သံ၊မြန်၊၂၁၉၂။)

နယ ၄ မျိုး ၁။ မူလနယ၊ ၂။ မူလမူလနယ၊ ၃။ မူလကနယ၊ ၄။ မူလမူလကနယ။ (အဘိ၊၌၊၃။၂၈၈။)

နယမာတိကာ ပုဒ် ၄ ပုဒ် ၁။ တီဟိ သင်္ဂဟပုဒ်၊ ၂။ တီဟိ အသင်္ဂဟပုဒ်၊ ၃။ စတူဟိ သမ္မယောဂပုဒ်၊ ၄။ စတူဟိ ဝိပ္ပယောဂပုဒ်။ (အဘိ၊၌၊၃။၂။)

နဝိပလ္လာသ ၄ ပါး ၁။ အနိစ္စ၌ အနိစ္စဟု နှလုံးသွင်းခြင်း၊ ၂။ ဒုက္ခ၌ ဒုက္ခဟု နှလုံးသွင်းခြင်း၊ ၃။ အနတ္တ၌ အနတ္တဟု နှလုံးသွင်းခြင်း၊ ၄။ အသုဘ၌ အသုဘဟု နှလုံးသွင်းခြင်း။ (ပဋိသံ။ ၂၇၃။) (ပဋိသံ၊မြန်။၃၃၀။)

နဟာနသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ မဇ္ဈိမဒေသ၌ လဝက် ၁၅ ရက်အောက် လျော့သောကာလ၌ ရေချိုးခြင်း၊ ၂။ အခါသမယ စသည်တို့ မရှိခြင်း။ (ဝိမတိ၊၂။၄၄။)

နဟာနသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ မဇ္ဈိမဒေသအရပ် ဖြစ်ခြင်း၊ ၂။ လဝက် (၁၅) ရက်အောက် ယုတ်လျော့သော ကာလ၌ ရေချိုးခြင်း၊ ၃။ ခွင့်ပြုထားသော အခါသည် လည်းကောင်း၊ မြစ်တစ်ဖက်ကမ်းသို့ သွားခြင်းကိစ္စသည် လည်းကောင်း၊ ဘေးရန်တို့သည် လည်းကောင်း မရှိခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၁။)

နဟောတိ တထာဂတော ဒိဋ္ဌိကို ဖြစ်စေသော တရား ၅ ပါး ၁။ ရုပ်ကို အမှား နှလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးသည့်နောက်၌ မဖြစ်ဟူသော (နဟောတိ တထာဂတော) ဒိဋ္ဌိ ဖြစ်၏၊ ၂။ ဝေဒနာကို အမှား နှလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးသည့် နောက်၌ မဖြစ်ဟူသော (နဟောတိ တထာဂတော) ဒိဋ္ဌိ ဖြစ်၏၊ ၃။ သညာကို အမှား နှလုံးသွင်း

http://www.dhammadownload.com

သောကြောင့် သတ္တဝါသည် သေပြီးသည့်နောက်၌ မဖြစ်ဟူသော (နဟောတိ တထာဂတော) ဒိဋ္ဌိ ဖြစ်၏၊ ၄။ သခ်ါရကို အမှားနှလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးသည့်နောက်၌ မဖြစ်ဟူသော (နဟောတိ တထာဂတော) ဒိဋ္ဌိ ဖြစ်၏၊ ၅။ ဝိညာဏ်ကို အမှား နှလုံးသွင်း သောကြောင့် သတ္တဝါသည် သေပြီးသည့်နောက်၌ မဖြစ်ဟူသော (နဟောတိ တထာဂတော) ဒိဋ္ဌိ ဖြစ်၏။ (သံ၊၂။၁၇၆။) (သံ၊မြန်၊၂။၁၆၈။)

နာကျင်ခြင်း ၃ မျိုး ၁။ ဇရာတုရ- အိုခြင်းကြောင့် နာကျင်ခြင်း၊ ၂။ ရောဂါတုရ- အနာရောဂါကြောင့် နာကျင်ခြင်း၊ ၃။ ကိလေသာတုရ- ကိလေသာကြောင့် နာကျင်နှိပ်စက်ခံ ရခြင်း။ (သံ၊၄။၁။၂၆၃။) (သံ၊၄၊၂။၂၃၀။)

နာဂသေနမထေရ်လောင်း ပဋိသန္ဓေယူသော အခါ၌ ဖြစ်ပေါ်လာသော အံ့ဖွယ် ၃ မျိုး ၁။ လက်နက် ဘဏ္ဍာများ အားလုံး ထွန်းလင်းတောက်ပခြင်း၊ ၂။ မြတ်သော ကောက်စပါးများ ပြည့်စုံခြင်း၊ ၃။ မိုးကြီး သည်းထန်စွာ ရွာသွန်းခြင်း။ (မိလိန္ဒ။၈) (မိလိန္ဒ၊မြန်။၁၁။)

နာဂသေနမထေရ်လောင်း၏ ဆုတောင်း ၂ မျိုး ၁။ နိဗ္ဗာန်မရမီ ဖြစ်လေရာဘဝတိုင်း၌ ဂင်္ဂါ မြစ်၏ လှိုင်းတံပိုးအဟုန်တို့ကဲ့သို့ မကုန်ခန်းနိုင်သော ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရလို၏၊ဟု ဆုတောင်းခြင်း၊ ၂။ မိလိန္ဒမင်းလောင်းလျာ သာမဏေ၏ မေးသမျှပြဿနာအားလုံးကို ရှင်းလင်း ဖြေကြားနိုင်သူ ဖြစ်ရလို၏၊ဟု ဆုတောင်းခြင်း။ (မိလိန္ဒ။၃။) (မိလိန္ဒ၊မြန်။၄။)

နာထကရဏာ တရား ၁၀ ပါး ကျေးဇူးများသော တရား ၁၀ ပါး၊ ဗဟုကာရတရား ၁၀ ပါး၊ မှီခိုရာတရား ၁၀ ပါးတို့နှင့် တူသည်။

နာထကရဏာဓမ္မ ၁၀ ပါး မှီခိုရာတရား ၁၀ ပါးနှင့် တူသည်။

နာနတ္တတရား ၉ ပါး ၁။ ဓာတုနာနတ္တ- ဓာတ်တို့၏ အထူးထူးသော သဘော, ဓာတ် အမျိုးမျိုး၊ ၂။ ဖဿနာနတ္တ- ဖဿတို့၏ အထူးထူးသဘော, ဖဿအမျိုးမျိုး၊ ၃။ ဝေဒနာနာနတ္တ- ဝေဒနာတို့၏ အထူးထူးသော သဘော, ဝေဒနာအမျိုးမျိုး၊ ၄။ သညာနာနတ္တ- သညာတို့၏ အထူးထူးသော သဘော, သညာ အမျိုးမျိုး၊ ၅။ သင်္ခါနာနတ္တ- အကြံအစည်တို့၏ အထူး ထူးသော သဘော, အကြံအစည်အမျိုးမျိုး၊ ၆။ ဆန္ဒနာနတ္တ- ဆန္ဒတို့၏ အထူးထူးသော သဘော, ဆန္ဒ အမျိုးမျိုး၊ ၇။ ပရိဠာဟနာနတ္တ- ပူလောင်မှုတို့၏ အထူးထူးသော သဘော, ပူလောင်မှု အမျိုးမျိုး၊ ၈။ ပရိယေသနနာနတ္တ- ရှာဖွေမှုတို့၏ အထူးထူးသော သဘော, ရှာဖွေမှု အမျိုးမျိုး၊ ၉။ လာဘနာနတ္တ- လာဘ်တို့၏ အထူးထူးသော သဘော, လာဘ်အမျိုးမျိုး။ (ပဋိ၊သံ။၈၄။) (ပဋိ၊သံ၊မြန်။၁၁၂။)

နာနတ္တသညာ ၄၄ ပါး ၁။ အကုသလသညာ တစ်ဆယ့်နှစ်ပါး၊ ၂။ ကာမာဝစရကုသလသညာ ရှစ်ပါး၊ ၃။ ကာမာဝစရကုသလ ဝိပါကသညာ တစ်ဆယ့်တစ်ပါး၊ ၄။ အကုသလဝိပါကသညာ နှစ်ပါး၊ ၅။ ကာမာဝစရ ကိရိယသညာ တစ်ဆယ့်တစ်ပါး ပေါင်း လေးဆယ့်တစ်ပါး။ (အဘိ၊ဋ္ဌ၊၁။၂၄၇။) (ပဋိ၊သံ၊ဋ္ဌ၊၁။၁၂၄။)

နာမည် ၂ မျိုး ၁။ ကဲ့ရဲ့ရှုတ်ချအပ်သော ယုတ်ညံ့သော နာမည်၊ ၂။ မကဲ့ရဲ့ မရှုတ်ချအပ်သော ဘုရား တရား သံဃာနှင့် စပ်သော မြင့်မြတ်သော နာမည်။ (ဝိ၊၂။၈။) (ဝိ၊မြန်၊၂။၁၀။)

http://www.dhammadownload.com

နာမည် ၄ မျိုး ၁။ အာဝတ္ထိကနာမ- အခိုက်အတန့်အားဖြင့် ထင်ရှားသော နာမည်။ ၂။ လိင်္ဂိကနာမ- အသွင်သဏ္ဌာန်အားဖြင့် ထင်ရှားသော နာမည်။ ၃။ နေမိတ္တိကနာမ- အကြောင်းမှ လာသော နာမည်၊ ၄။ အဓိစ္စသမုပ္ပန္နနာမ- တစ်စုံတစ်ခုသော အကြောင်းကို မခွဲမူ၍ (ဝါ) သဒ္ဒါနက်ကို မငဲ့မူ၍ ဖြစ်သော နာမည်။ (ဝိ၊ဋ္ဌ၊၁။ဂု၅။) (ခုဒ္ဒက၊ဋ္ဌ။ဂ၁။) (ဝိသုဒ္ဓိ၊၁။၂၀၃။)

နာမည် ၄ မျိုး (တစ်နည်း) ၁။ သာမညနာမ- ကမ္ဘာဦးလူသားတို့ သမုတ်၍ ထားအပ်ခဲ့သော မင်း၏ မဟာသမ္မတဟူသော နာမည်၊ ၂။ ဂုဏ်နာမ- ဓမ္မကထိက, တိပိဋကဓရ အစရှိသော ဂုဏ်ကြောင့်လာသော နာမည်၊ ၃။ ကိတ္တိမနာမ- ဆရာသမား, ဆွေမျိုး စသည်တို့ကို ပင့်ဖိတ်စုပေါင်း၍ ကောင်းစွာပြောကြား, မှည့်ခေါ်စေအပ်သော နာမည်၊ ၄။ ဩပပါတိက နာမ- ရှေးကာလ၌ ခေါ်ဝေါ်ပညတ်ထားသော အမည်ကို ယခုကာလ၌လည်း ခေါ်ဝေါ်ကြသော မြေကြီး, တောင် စသော နာမည်။ (အဘိ၊ ဋ္ဌ၊ ၁။၄၂၀။) (ပဋိသံ၊ ဋ္ဌ၊ ၁။၂၇၇။)

နာရဒဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ရှေးဦးစွာ ဓမ္မစကြာ တရားဟောကြားတော်မူသော အခါ၌ လူနတ်ဗြဟ္မာ ကုဋေတစ်သိန်း သစ္စာလေးပါးကို ထိုးထွင်း၍ သိသည်၊ ၂။ မဟာဒေဝ နဂါးမင်းကို ဆုံးမ၍ တန်ခိုးပြာဋိဟာပြလျက် တရားဟောတော်မူသော အခါ လူနတ် ဗြဟ္မာ ကုဋေကိုးသောင်း ကျွတ်တမ်းဝင်သည်၊ ၃။ မိမိသားတော်ကို ဆုံးမတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေရှစ်သောင်း ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၄၁။) (အပ၊မြန်၊၂။၃၃၇။)

နာရဒဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် အစည်းအဝေး၌ ရဟန္တာ ကုဋေတစ်သိန်း၊ ၂။ ဒုတိယအကြိမ် ဘုရားရှင်တို့၏ဂုဏ်နှင့် စပ်သော ဗုဒ္ဓဝင်ကို နိဒါန်းနှင့် တကွ ဟောပြတော်မူသော အခါ၌ ရဟန္တာ ကုဋေကိုးသောင်း၊ ၃။ ဘုရားရှင်အား ဝေရောစန နဂါးမင်းက အလှူဒါနပြုလုပ်သော အခါ၌ ရဟန္တာရှစ်သန်းတို့ စည်းဝေးခဲ့ကြသည်။ (အဘိ၊ဋ္ဌ၊ ၁။ဖဝ၄။) (အပ၊၂။၃၄၁။) (အပ၊မြန်၊၂။၃၃၈။)

နာရဒဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ဘဒ္ဒသာလထေရ်၊ ၂။ ဇိတမိတ္တထေရ်။ (အဘိ၊ဋ္ဌ၊၁။ဖဝ၄။) (ဗုဒ္ဓဝံ၊ ဋ္ဌ။၂၂၄။)

နာရဒဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ ဥတ္တရာထေရီ၊ ၂။ ဖဂ္ဂုနီထေရီ။ (အဘိ၊ဋ္ဌ၊၁။ဖဝ၄။) (ဗုဒ္ဓဝံ၊ ဋ္ဌ။၂၂၄။)

နာရဒဘုရားလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ ဇိတမည်သော ပြာသာဒ်ဆောင်၊ ၂။ ဝိဇိတမည်သော ပြာသာဒ်ဆောင်၊ ၃။ အဘိရာမမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၄၂။) (အပ၊မြန်၊၂။၃၃၉။)

နား ၂ မျိုး ၁။ နတ်၌ ဖြစ်သော နား- သောတ၊ ၂။ အသားတည်းဟူသော နား- သောတ။ (ဣတိဝုတ်၊ဋ္ဌ။ဂု၅။)

နိကမနသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ သံဃိကကျောင်း ဖြစ်ခြင်း၊ ၂။ ရဟန်း၏ မိမိတို့ဘက်တွင် တိုင်ပင်ခြင်း ပြုတတ်သည်၏ အဖြစ် အစရှိသည်တို့မှ ကျွတ်လွတ်သူ ဖြစ်ခြင်း၊ ၃။ အမျက်ဒေါသဖြင့် ကိုယ်တိုင် ဆွဲထုတ်ခြင်း, သူတစ်ပါးကိုလည်း ဆွဲထုတ်စေခြင်း။ (သာရတ္ထ၊ဋီ၊၃။၃၁။) (ဝိမတိ၊၂။၁၇။)

http://www.dhammadownload.com

နိကာယ် ၅ ရပ် ၁။ ဒီဃနိကာယ်၊ ၂။ မဇ္ဈိမနိကာယ်၊ ၃။ သံယုတ္တနိကာယ်၊ ၄။ အင်္ဂုတ္တရနိကာယ်၊ ၅။ ခုဒ္ဒကနိကာယ်။ (ဝိ၊၆၊၁။၂၁။) (ဒီ၊၆၊၁။၂၃။) (အဘိ၊၆၊၁။၂၅။) (ခုဒ္ဒက၊၆။၂။) (ဥဒါန၊၆။၄။) (ဒီ၊၆၊မြန်၊၁။၄၁။)

နိဂဏ္ဌတို့၏ ဝါဒ ကဲ့ရဲ့ဖွယ် အကြောင်း ၁၀ မျိုး ၁။ အကယ်၍ သတ္တဝါတို့သည် ရှေးကံကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ ခါးသီးသော ဆင်းရဲဝေဒနာကို ခံစားနေကြရသော နိဂဏ္ဌတို့သည် မချွတ်ဧကန် ရှေးက မကောင်းမှုကံကို ပြုခဲ့သူတို့ ဖြစ်ကုန်၏ဟု ကဲ့ရဲ့ထိုက်ခြင်း၊ ၂။ အကယ်၍ သတ္တဝါတို့သည် တန်ခိုးရှင် ဖန်ဆင်းခြင်းကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ ခါးသီးသော ဆင်းရဲဝေဒနာကို ခံစားကြရသော နိဂဏ္ဌတို့သည် မချွတ်ဧကန် ယုတ်မာသော တန်ခိုးရှင် ဖန်ဆင်းထားသူများ ဖြစ်ကုန်၏ဟု ကဲ့ရဲ့ထိုက်ခြင်း၊ ၃။ အကယ်၍ သတ္တဝါတို့သည် အကြောင်းဆုံစည်းမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ ခါးသီးသော ဆင်းရဲဝေဒနာကို ခံစားဒုက္ခရသော နိဂဏ္ဌတို့သည် မချွတ်ဧကန် ယုတ်ညံ့သော ဆုံစည်းမှုရှိသူများ ဖြစ်ကုန်၏ဟု ကဲ့ရဲ့ထိုက်ခြင်း၊ ၄။ အကယ်၍ သတ္တဝါတို့သည် အမျိုးဇာတ် ထူးခြားမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ ခါးသီးသော ဆင်းရဲဝေဒနာကို ခံစားနေကြရသော နိဂဏ္ဌတို့သည် မချွတ်ဧကန် ယုတ်ညံ့သော အမျိုးဇာတ်ရှိသူများ ဖြစ်ကုန်၏ဟု ကဲ့ရဲ့ထိုက်ခြင်း၊ ၅။ အကယ်၍ သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ လုံ့လပြုမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရကုန်သော် နိဂဏ္ဌတို့သည် မချွတ်ဧကန် ခါးသီးသော ဆင်းရဲဝေဒနာကို ခံစားကြရစေရန် မျက်မှောက်ဘဝ၌ လုံ့လပြုသူများ ဖြစ်ကုန်၏ဟု ကဲ့ရဲ့ထိုက်ခြင်း၊ ၆။ သတ္တဝါတို့သည် ရှေးကံကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသည်ဖြစ်စေ၊ ရှေးကံကြောင့် ချမ်းသာဆင်းရဲကို မခံစားကြရသည်ဖြစ်စေ၊ နိဂဏ္ဌတို့ကား ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏၊ ၇။ သတ္တဝါတို့သည် တန်ခိုးရှင် ဖန်ဆင်းမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသည်ဖြစ်စေ၊ တန်ခိုးရှင် ဖန်ဆင်းမှုကြောင့် ချမ်းသာဆင်းရဲကို မခံစားကြရသည်ဖြစ်စေ နိဂဏ္ဌတို့ကား ကဲ့ရဲ့ထိုက်သူများ ဖြစ်ကုန်၏၊ ၈။ သတ္တဝါတို့သည် အကြောင်းဆုံစည်းမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသည် ဖြစ်စေ၊ အကြောင်းဆုံစည်းမှုကြောင့် ချမ်းသာဆင်းရဲကို မခံစားကြရသည် ဖြစ်စေ၊ နိဂဏ္ဌတို့ကား ကဲ့ရဲ့ထိုက်သူတို့ ဖြစ်ကုန်၏၊ ၉။ သတ္တဝါတို့သည် အမျိုးဇာတ် ထူးခြားမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသည် ဖြစ်စေ၊ အမျိုးဇာတ် ထူးခြားမှုကြောင့် ချမ်းသာဆင်းရဲကို မခံစားကြရသည် ဖြစ်စေ၊ နိဂဏ္ဌတို့ကား ကဲ့ရဲ့ထိုက်သူတို့ ဖြစ်ကုန်၏၊ ၁၀။ သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ လုံ့လပြုမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသည် ဖြစ်စေ၊ မျက်မှောက်ဘဝ၌ လုံ့လပြုမှုကြောင့် ချမ်းသာဆင်းရဲကို မခံစားကြရသည် ဖြစ်စေ နိဂဏ္ဌတို့ကား ကဲ့ရဲ့ထိုက်သူတို့ ဖြစ်ကုန်၏။ (မ၊၃၊၈။) (မ၊မြန်၊၃။၈-၉။)

နိဂဏ္ဌနာဋပုတ္တ၏ အယူဝါဒ ၄ မျိုး ၁။ အလုံးစုံသော ရေအေးသုံးစွဲမှုကို တားမြစ်ခြင်း၊ ၂။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်း၊ ၃။ အလုံးစုံသော မကောင်းမှုကို ခါလှုပ်ချပြီးခြင်း၊ ၄။ အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် အမြဲတွေ့ထိအပ်ခြင်း။ (ဒီ၊၁။၅၄။) (ဒီ၊မြန်၊၁။၆၄။)

http://www.dhammadownload.com

နိဒါန်း ၃ မျိုး ၁။ ဘုရားအလောင်းတော်၏ ဒီပင်္ကရာဘုရားရှင်ထံ၌ ဘုရားဖြစ်ရန် ဆုတောင်းမှု ပြုပြီးသည်မှ ဝေဿန္တရာမင်းဘဝမှ စုတေ၍ တုသိတာနတ်ပြည်၌ ဖြစ်သည်တိုင်အောင်သော စကားစဉ်သည် ဒူရေနိဒါန်း၊ ၂။ ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ စုတေ၍ ဗောဓိ မဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်ကို ရရှိတော်မူသည့်တိုင်အောင်သော စကားစဉ်သည် အဝိဒူရေ နိဒါန်း၊ ၃။ ထိုထိုအရပ်၌ နေတော်မူသော ဘုရားရှင်၏ ထိုထိုအရပ်၌နှစ်၌ ရထိုက်သော စကားစဉ်သည် သန္တိကေနိဒါန်း။ (အပ၊၌၊၁။၂။) (စရိယာ၊၌။၃။) (ဇာ၊၌၊၁။၂။)

နိဒါန်း ၇ မျိုး (သိက္ခာပုဒ် ပညတ်ရာဌာနဟု ဆိုအပ်သော နိဒါန်း ၇ မျိုး) ၁။ ဝေသာလီမြို့၊ ၂။ ရာဇဂြိုဟ်မြို့၊ ၃။ သာဝတ္ထိမြို့၊ ၄။ အာဠဝီမြို့၊ ၅။ ကောသမ္ဗီမြို့၊ ၆။ သက္ကတိုင်း၊ ၇။ ဘဂ္ဂတိုင်း။ (ဝိ၊၌၊၄။၁၄၁။)

နိဗ္ဗအာရုံ ၄ မျိုး ၁။ ရူပသညာ– ကသိဏ်းရုပ်၌ ဖြစ်သော အမှတ်သညာ, ကသိဏ်းရုပ်ကို အာရုံပြုသော ရူပါဝစရစျာန်၊ ၂။ ရူပသင်္ခါ– ရူပါရုံ၌ ကြံစည်တတ်သော သင်္ခါ, ရူပါရုံ၌ ကြံစည်မှု၊ ၃။ ဖဿ– အာရုံကိုတွေ့ထိတတ်သော သဘော၊ ၄။ ဝေဒနာ– အာရုံခံစားခြင်း။ (သံ၊၌၊၂။၁၂၃။)

နိမိတ် ၃ မျိုး ၁။ သမထနိမိတ်– နိဝရဏတရားတို့ကို ငြိမ်းစေတတ်သော သမာဓိအာရုံ၊ ၂။ ပဂ္ဂဟနိမိတ်– အားထုတ်သော ကမ္မဋ္ဌာန်းအာရုံ၊ ၃။ ဥပေက္ခာနိမိတ်– ရှေးဝိရိယသည်ပင် နောက်ဝိရိယ၏ အကြောင်းဖြစ်သော အာရုံ။ (နေတ္တိ၊၌။၂၁၄။)

နိမိတ်ကို စောင့်ရှောက်ရာ၌ ယောဂီတို့ ရှောင်ရသော မလျောက်ပတ်သော အကြောင်းအရာ ၇ မျိုး ၁။ ဥဂ္ဂဟနိမိတ် စသည် မဖြစ်နိုင်သော မလျောက်ပတ်သော ကျောင်း၊ ၂။ ဆွမ်းခံရွာ၊ ၃။ စကားပြောခြင်း၊ ၄။ သမာဓိရအောင် အထောက်အကူ မပေးနိုင်သော ပုဂ္ဂိုလ်၊ ၅။ ဆွမ်း စသော စားဖွယ်ဘောဇဉ်၊ ၆။ အပူအအေးဥတု၊ ၇။ ထိုင်ခြင်း, လျှောက်ခြင်း စသော ကျရိယာပုထ်။ (သာရတ္ထ၊ဋီ၊၂။၂၂၁။)

နိမိတ်ကြီး ၄ ပါး (ဘုရားအလောင်းမြင်သော နိမိတ်ကြီး ၄ ပါး) ၁။ ဇရာဇိဏ္ဏ– သူအို၊ ၂။ ဗျာဓိတ– သူနာ၊ ၃။ မတ– သူသေ၊ ၄။ ပဗ္ဗဇိတ– ရဟန်း။ (အပ၊၌၊၁။၆၉။) (ဇာ၊၌၊၁။၆၇။)

နိယာမ တရား ၂ မျိုး ၁။ အရိယာမဂ်သည် အပါယ်လေးပါး၌ ဖောက်ဖောက်ပြန်ပြန် ကျရောက်ခြင်းသဘော မရှိသည်၏ အဖြစ်ကိုလည်းကောင်း မိမိ၏အခြားမဲ့၌ ဖိုလ်ကို ဖြစ်စေခြင်းကို လည်းကောင်း သတ်မှတ်ဆုံးဖြတ်တတ်သောကြောင့် သမ္မတ္တနိယာမ မည်၏၊ ၂။ အနန္တရိယကံသည် စုတိ၏ အခြားမဲ့၌ ငရဲ၌ ဖြစ်ခြင်းကို အမြဲသတ်မှတ် ဆုံးဖြတ်တတ်သောကြောင့် မိစ္ဆတ္တနိယာမ မည်၏။ (အဘိ၊၌၊၃။၂၃၂။)

နိယာမတရား ၅ မျိုး ၁။ ဗီဇနိယာမ– မျိုးဗီဇ အစေ့တို့၏ မြဲသော သဘော၊ ၂။ ဥတုနိယာမ– ထိုထိုအချိန်အခါ၌ ထိုထိုသစ်ပင်တို့၏ တစ်ပြိုင်နက်အားဖြင့်သာလျှင် အပွင့်, အသီး, အညွန့်တို့ကို ယူခြင်းဟူသော ဥတု၏ မြဲသော သဘော၊ ၃။ ကမ္မနိယာမ– တိဟိတ်, ဒွိဟိတ် စသော ထိုထိုကံ၏ မိမိအားလျော်သော အကျိုးကို ပေးခြင်းဟူသော ကံတို့၏ မြဲသော သဘော၊ ၄။ ဓမ္မနိယာမ– ဘုရားအလောင်းတော်တို့၏ ပဋိသန္ဓေယူရာ, မယ်တော်ဝမ်းမှ ထွက်တော်မူရာ–

http://www.dhammadownload.com

အစရှိသော အခါ၌ တစ်သောင်းသော စကြဝဠာ၏ တုန်လှုပ်ရခြင်းဟူသော ဓမ္မ၏ မြဲသော သဘော၊ ၅။ စိတ္တနိယာမ– တစ်စုံတစ်ယောက်သော သူ၏ စီမံမှုမရှိဘဲ မိမိ၏ သဘောဓမ္မတာ အားဖြင့်သာလျှင် စိတ်အစဉ်တို့၏ ဖြစ်ခြင်း မြဲသောသဘော။ (ဒီ၊ဋ္ဌ၊၂။၂၅။) (အဘိ၊ဋ္ဌ၊၁။၃၁၂။) (ဒီ၊ဋ္ဌ၊မြန်၊၂။၄၄။)

နိယဿက်ကို ငြိမ်းစေအပ်သော အကြောင်း ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံ မပေးခြင်း၊ ၂။ နိဿယညှိ မပေးခြင်း၊ ၃။ သာမဏေကို မပြုစု မလုပ်ကျွေးစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ခြင်း၊ ၅။ ဩဝါဒသမ္မုတိ ရသော်လည်း ရဟန်းမတို့ကို ဩဝါဒမပေးခြင်း၊ မဆုံးမခြင်း၊ ၆။ နိယဿက်ပြုကြောင်း အာပတ်သို့ မသင့်ရောက်ခြင်း၊ ၇။ အခြားအလားတူဖြစ်သော အာပတ်သို့လည်း မသင့်ရောက်ခြင်း၊ ၈။ ထို့ထက် ရုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း မသင့်ရောက်ခြင်း၊ ၉။ နိယဿဝိနည်းကံကို မကဲ့ရဲ့ခြင်း၊ ၁၀။ နိယဿဝိနည်းကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်းတို့၏ ဥပုသ်ကို ဆိုင်းငံ့မထားခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့မထားခြင်း၊ ၁၃။ ဆုံးမမှုကို မပြုလုပ်ခြင်း၊ ၁၄။ အကြီးအမှူးအရာကို မယူခြင်း၊ ၁၅။ အခွင့်ရေး မတောင်းဆိုခြင်း၊ ၁၆။ မစောဒနာရခြင်း၊ ၁၇။ မအောက်မေ့စေခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ခြင်း။ (ဝိ၊၄။၂၁။) (ဝိ၊မြန်၊၄။၁၉–၂၀။)

နိယဿက်ကို မငြိမ်းစေအပ်သော အကြောင်း ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံပေးခြင်း၊ ၂။ နိဿယညှိပေးခြင်း၊ ၃။ သာမဏေကို ပြုစုလုပ်ကျွေးစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာနှစ်သက်ခြင်း၊၅။ဩဝါဒသမ္မုတိရသဖြင့် ရဟန်းမတို့ကို ဆုံးမဩဝါဒပေးခြင်း၊ ၆။ နိယဿက်ပြုကြောင်းဖြစ်သော အာပတ်သို့ သင့်ရောက်ခြင်း၊ ၇။ အခြားအလားတူဖြစ်သော အာပတ်သို့လည်း သင့်ရောက်ခြင်း၊ ၈။ ထို့ထက် ရုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း သင့်ရောက်ခြင်း၊ ၉။ နိယဿ ဝိနည်းကံကို ကဲ့ရဲ့ခြင်း၊ ၁၀။ နိယဿဝိနည်းကံပြုသော ရဟန်းတို့ကို ကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်းတို့၏ ဥပုသ်ကို ဆိုင်းငံ့ထားခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့ထားရခြင်း၊ ၁၃။ ဆုံးမမှုကို ပြုလုပ်ခြင်း၊ ၁၄။ အကြီးအမှူးအရာကို ယူခြင်း၊ ၁၅။ အခွင့်ရေး တောင်းဆိုခြင်း၊ ၁၆။ စောဒနာရခြင်း၊ ၁၇။ အောက်မေ့စေရခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် ရောယှက်ခြင်း။ (ဝိ၊၄။၂၀။)

နိယဿက်ကို ပြုလိုက ပြုနိုင်ကြောင်း အင်္ဂါ ၃ ပါး ၁။ သံဃာ၌ အဓိကရဏ်းကို ပြုတတ်ခြင်း၊ ၂။ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိခြင်း၊ ၃။ လူတို့နှင့် ရောနှော၍ နေခြင်း။ (ဝိ၊၅။၂၁၉။) (ဝိ၊မြန်၊၅။၃၀၆။)

နိယဿက် စသည် ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး ၁။ နိယဿက် ငြိမ်းအေးခြင်း၏ ကောင်းစွာ ကျင့်ခြင်းသည် အစ၊ ၂။ ဥတ်သည် အလယ်တည်း၊ ၃။ ကမ္မဝါစာသည် အဆုံးတည်း။ (ဝိ၊၅။၂၅၂။) (ဝိ၊မြန်၊၅။၃၄၄။)

နိယဿက်ပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါး ၁။ မျက်ကွယ်မျက်မှောက်၌ ငြင်းခုံလျက် သံဃာ၌ အဓိကရဏ်းကို ပြုလုပ်ခြင်း၊ အာပတ်များပြား၍ အပိုင်းအခြား မရှိခြင်း၊ လူတို့နှင့်

http://www.dhammadownload.com

ရောယှက်နေထိုင်ခြင်း၊ ၂။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း၊ အကျင့်အရာ၌ အကျင့်ပျက်စီးခြင်း၊ အယူဝါဒအရာ၌ အယူဝါဒပျက်စီးခြင်း၊ ၃။ ဘုရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာ၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၄။ ရဟန်းတစ်မျိုးသည် မျက်မှောက်မျက်ကွယ်၌ ငြင်းခုံတတ်လျက် သံဃာ၌ အဓိကရဏ်းကို ပြုလုပ်တတ်ခြင်း၊ အာပတ်များပြား၍ အပိုင်းအခြား မရှိသူဖြစ်ခြင်း၊ လူတို့နှင့် ရောယှက်နေထိုင်ခြင်း၊ ၅။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးသူ ဖြစ်ခြင်း၊ အကျင့်အရာ၌ အကျင့်ပျက်စီးသူ ဖြစ်ခြင်း၊ အယူဝါဒအရာ၌ အယူဝါဒပျက်စီးသူ ဖြစ်ခြင်း၊ ၆။ ဘုရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာ၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။ (ဝိ၊၄။၁၈။) (ဝိ၊မြန်၊၄။၁၇။)

နိရောဓ ၂ မျိုး ၁။ သဉ္ဇပါဒိသေသနိရောဓ– ကိလေသာတို့မှ ကြွင်းသော ဥပါဒါနက္ခန္ဓာနှင့် တကွ ဖြစ်သော နိဗ္ဗာန်၊ ၂။ အနုပါဒိသေသနိရောဓ– ကိလေသာတို့မှ ကြွင်းသော ဥပါဒါနက္ခန္ဓာ မရှိသော နိဗ္ဗာန်။ (ဝိသုဒ္ဓိ၊၂။၁၄၅။)

နိရောဓသမာပတ် မဝင်စားခင် ရှေးဦးစွာ ပြုရမည့်ကိစ္စ ၄ မျိုး ၁။ အသီးအခြား ဖွဲ့ထားသော မိမိကိုယ်၌ မပါလာသော ပရိက္ခရာကို မပျက်စီးစေခြင်း၊ ၂။ သံဃာ အလိုရှိနေခြင်း၊ မျှော်ကိုးနေခြင်း၊ ၃။ ဘုရားရှင် ခေါ်တော်မူခြင်း၊ ၄။ အသက်ကာလ အပိုင်းအခြားကို ဆင်ခြင်ရခြင်း။ (သာရတ္ထ၊ဋီ၊၁။၃၈၁။)

နိရောဓသစ္စာ၌ ဉာဏ် ၃ ပါး ၁။ သစ္စဉာဏ်–ဆင်းရဲချုပ်ရာဖြစ်သော နိရောဓသစ္စာ (နိဗ္ဗာန်) ကို ထိုးထွင်း၍ သိခြင်း၊ ၂။ ကိစ္စဉာဏ်– နိရောဓသစ္စာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုအပ်၏ဟု သိခြင်း၊ ၃။ ကတဉာဏ်– နိရောဓသစ္စာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုပြီးပြီဟု သိခြင်း။ (ဝိ၊၃။၁၅။) (ဝိ၊မြန်၊ ၃။၁၇။)

နိရောဓနုပဿနာဉာဏ် လွတ်ရာ ဥပါဒါန် ၄ ပါး ၁။ ကာမုပါဒါန်၊ ၂။ ဒိဋ္ဌုပါဒါန်၊ ၃။ သီလဗ္ဗတုပါဒါန်၊ ၄။ အတ္တဝါဒုပါဒါန်။ (ပဋိသံ။၂၄၃။)

နိရုတ္တိနည်း ၅ ပါး ၁။ ဝဏ္ဏာဂမ– ထင်ရှားမရှိသော အက္ခရာ လာခြင်း၊ ၂။ ဝဏ္ဏဝိပရိယာယ– ထင်ရှားရှိသော အက္ခရာတို့၏ အထက်အောက် ပြန်လှန်ခြင်း၊ ၃။ ဝဏ္ဏဝိကာရ– တစ်ပါးသော အက္ခရာကို တစ်ပါးအက္ခရာသို့ ပြုခြင်း၊ ၄။ ဝဏ္ဏဝိနာသ– ထင်ရှားရှိသော အက္ခရာကို ချေခြင်း ဖျောက်ဖျက်ခြင်း၊ ၅။ ဓာတုနံ အတ္ထာတိသယေန ယောဂေါ– ထိုထိုပုဒ်ဗျည်းတို့၌ ထိုက်သည်အား လျော်စွာ ဓာတ်တို့၏ အနက်အထူးဖြင့် ယှဉ်ပြခြင်း။ (မဟာနိ၊၌။၂၂၉။)

နိရုတ္တိ ၂၀၀ ၁။ အနက်ကို ထွန်းပြသော နိရုတ္တိ ၁၀၀၊ ၂။ ဓမ္မဖြစ်၍ဖြစ်သော နိရုတ္တိ ၁၀၀၊ ပေါင်း ၂၀၀။ (သာရတ္ထ၊ဋီ၊၂။၃၈။)

နိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံဖြစ်သော နိရုတ္တိ ၁၀ ပါး ၁။ ဓမ္မပဋိသမ္ဘိဒါ ငါးပါးတို့ကို ပြရန် သဒ္ဒါကို ထုတ်ဆောင်ပြခြင်း နိရုတ္တိငါးပါး၊ ၂။ အတ္ထပဋိသမ္ဘိဒါ ငါးပါးတို့ကို ပြရန်သဒ္ဒါကို ထုတ်ဆောင်ပြခြင်း နိရုတ္တိငါးပါး၊ ဤ (၁၀) ပါးသော နိရုတ္တိတို့သည် နိရုတ္တိပဋိသမ္ဘိဒါ၏ အာရုံ ဖြစ်ကုန်၏။ (ပဋိသံ။၃၃၄။) (ပဋိသံ၊မြန်။၃၉၆။)

http://www.dhammadownload.com

နိဝေသန ၂ မျိုး ၁။ တဏှာနိဝေသန– တဏှာဟူသော နေအိမ်၊ ၂။ ဒိဋ္ဌိနိဝေသန– ဒိဋ္ဌိဟူသော နေအိမ်။ (စူဠနိ။၇၉။)

နိသဇ္ဇာဒေါသ ၆ ပါး ထိုင်ခြင်း၌ အပြစ် ၆ မျိုးနှင့် တူသည်။

နိသီဒနသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ နိသီဒိုင်း (ထိုင်ခင်း) သည် ပမာဏထက် ကျော်လွန်ခြင်း၊ ၂။ မိမိအတွက် ပြုလုပ်ခြင်း, ပြုလုပ်စေပြီး၍ ရရှိခြင်း။ (သာရတ္ထ။ဋီ။၃။၁၀၂။) (ဝိမတိ။၂။၅၇။)

နိသဇ္ဇီကဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌ နိသဇ္ဇီကဓုတင်၊ ၂။ မဇ္ဈိမ နိသဇ္ဇီကဓုတင်၊ ၃။ မုဒုက နိသဇ္ဇီကဓုတင်။ (ဝိသုဒ္ဓိ။၁။၇၆။)

နိသဇ္ဇီကဓုတင် ဆောက်တည်ရကျိုး ၅ ပါး ၁။ စိတ်အနှောင့်အဖွဲ့ကို ဖြတ်တောက်နိုင်ခြင်း၊ ၂။ မည်သည့် ကမ္မဋ္ဌာန်းကိုမဆို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား လျောက်ပတ်ခြင်း၊ ၃။ ကြည်ညိုဖွယ် ကောင်းသော ဣရိယာပုထ် ရှိခြင်း၊ ၄။ ကမ္မဋ္ဌာန်းဘာဝနာကို ပြင်းစွာ အားထုတ်ခြင်းအား လျောက်ပတ်ခြင်း၊ ၅။ ကောင်းမြတ်သော အကျင့်ပဋိပတ်ကို တိုးပွား စေခြင်း။ (ဝိသုဒ္ဓိ။၁။၇၆။)

နိသဇ္ဇီကဓုတင်ဆောင် ရဟန်း ၅ မျိုး ၁။ ပညာနှံ့နေး တွေဝေသောကြောင့် ဆောက်တည်သော ရဟန်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်အပ်သောကြောင့် ဆောက်တည်သော ရဟန်း၊ ၃။ စိတ်ပျံ့လွင့်သည်ဖြစ်၍ ရူးသွပ်သောကြောင့် ဆောက်တည်သော ရဟန်း၊ ၄။ ဘုရားရှင်နှင့် တပည့်သာဝကတို့သည် ချီးမွမ်းအပ်၏ဟု နှလုံးသွင်းသောကြောင့် ဆောက်တည်သော ရဟန်း၊ ၅။ အလိုနည်းခြင်း, ရောင့်ရဲခြင်း, ခေါင်းပါးခြင်း, ကောင်းသော အကျင့်ကို အလိုရှိခြင်း ဟူသော အကြောင်းကြောင့် ဆောက်တည်သော ရဟန်း။ (ဝိ၅။၂၃၃။) (ဝိ၅။၃၃၆။) (အံ၂။၁၉၄။) (အဘိ၁။၁၈၀။) (ဝိ၊မြန်၅။၃၂၃။) (ဝိ၊မြန်၅။၄၃၈။) (အံ၊မြန်၂။၂၄၇။) (အဘိ၁။မြန်။၈၄။)

နိဝရဏတရား ၅ ပါး ပယ်အပ်သော တရား ၅ ပါး၊ ပဟာတဗ္ဗတရား ၅ ပါးတို့နှင့် တူသည်။

နိဝရဏတရား ၅ ပါး ၁။ ကာမဂုဏ်၌ လိုလားမှု– ကာမစ္ဆန္ဒ၊ ၂။ ပျက်စီးစေလိုမှု– ဗျာပါဒ၊ ၃။ လေးလံထိုင်းမှိုင်းမှု–ထိနမိဒ္ဓ၊ ၄။ ပျံ့လွင့်မှု– ဥဒ္ဓစ္စ၊ နောင်တပူပန်မှု– ကုက္ကုစ္စ၊ ၅။ မဝေခွဲနိုင်မှု– ဝိစိကိစ္ဆာ။ (ဒီ။၃။၁၉၅။) (မ၊၂။၄၁၉။) (သံ၊၃။၅၆။) (သံ၊၃။၈၅။) (အံ၊၂။၅၆။) (အံ၊၃။၂၅၀။) (အဘိ၊၀။၃၉၂။) (ပေဋကော။၂၅၉။) (ပဋိသံ၊၁။၁၁၀။) (ပဋိသံ၊၁။၂။၃၃။) (ဒီ၊မြန်၃။၂။၂၁၈။) (မ၊မြန်၂။ ၄၂၅။) (သံ၊မြန်၃။၆၀။) (သံ၊မြန်၃။၉၀။) (အံ၊မြန်၂။၆၉။) (အံ၊မြန်၃။၂။၄၄၉။) (အဘိ၊၀၊မြန်၂။၄၉၆။)

နိဝရဏ ၆ ပါး ၁။ ကာမစ္ဆန္ဒနိဝရဏ– ကုသိုလ်တရားတို့ကို တားမြစ် ပိတ်ပင်တတ်သော ကာမ၌ လိုချင်မှု ကာမစ္ဆန္ဒနိဝရဏတရား၊ ၂။ ဗျာပါဒနိဝရဏ– ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော ဗျာပါဒနိဝရဏတရား၊ ၃။ ထိနမိဒ္ဓနိဝရဏ– စျာန်, မဂ်, ဖိုလ် တရားကို ဖြစ်ခွင့်မပေးပဲ ပိတ်ဆီးနှောင့်ရှက် ကန့်ကွက်တားမြစ်တတ်သော စိတ်စေတသိက် ထိုင်းမှိုင်းမှု– ထိနမိဒ္ဓ နိဝရဏတရား၊ ၄။ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ– ကုသိုလ်တရားတို့ကို တားမြစ်ပိတ်ပင်တတ်သော စိတ်ပျံ့လွင့်မှု– ဥဒ္ဓစ္စ, နောင်တတစ်ဖန် ပူပန်မှု– ကုက္ကုစ္စ၊ ၅။ ဝိစိကိစ္ဆာနိဝရဏ– ကုသိုလ် တရားတို့ကို တားမြစ်ပိတ်ပင်တတ်သော ပြင်ပခန္ဓာတရားတို့၌ မဆုံးဖြတ်နိုင်မှု ဝိစိကိစ္ဆာ

http://www.dhammadownload.com

နိဝရဏာတရား၊ ၆။ အဝိဇ္ဇာနိဝရဏ– အဝိဇ္ဇာဟူသော တားဆီးပိတ်ပင်တတ်သော အဝိဇ္ဇာနိဝရဏာတရား။ (အဘိ၊ဓ။၂၃၂။) (အဘိ၊ဓ။၂၈၃။) (အဘိ၊ဓ၊မြန်။၄၂၇။) (အဘိ၊ဓ၊မြန်။၄၂၇။)

နိဝရဏ ၁၀ ပါး ၁။ မိမိခန္ဓာကို စွဲ၍ ဖြစ်သော ကာမဋ္ဌ လိုချင်မှု– ကာမစ္ဆန္ဒ၊ ၂။ ပြင်ပခန္ဓာကို စွဲ၍ဖြစ်သော ကာမလိုချင်မှု– ကာမစ္ဆန္ဒ၊ ၃။ မိမိခန္ဓာကို စွဲ၍ဖြစ်သော ပျက်စီးစေလိုမှု– ဗျာပါဒ၊ ၄။ ပြင်ပခန္ဓာကို စွဲ၍ဖြစ်သော ပျက်စီးစေလိုမှု– ဗျာပါဒ၊ ၅။ စိတ်၏ ထိုင်းမှိုင်းမှု– ထိန၊ ၆။ စေတသိက်၏ ထိုင်းမှိုင်းမှု– မိဒ္ဓ၊ ၇။ စိတ်ပျံ့လွင့်မှု– ဥဒ္ဓစ္စ၊ ၈။ နောင်တ တစ်ဖန်ပူပန်မှု– ကုက္ကုစ္စ၊ ၉။ မိမိခန္ဓာတရားတို့၌ မဝေခွဲနိုင်မှု– ဝိစိကိစ္ဆာ၊ ၁၀။ ပြင်ပခန္ဓာတရားတို့၌ မဆုံးဖြတ်နိုင်မှု– ဝိစိကိစ္ဆာ။ (သံ၊၃။၉၇။) (သံ၊မြန်၊၃။၁၀၁။)

နိဝရဏကင်းသော အရိယာတပည့်အား မဖြစ်သော တရား ၅ မျိုး ၁။ ကာမဂုဏ်ကို မှီ၍ ဖြစ်သော ဆင်းရဲမှု နှလုံးမသာယာမှု မဖြစ်ခြင်း၊ ၂။ ကာမဂုဏ်ကို မှီ၍ ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှု မဖြစ်ခြင်း၊ ၃။ အကုသိုလ်ကို မှီ၍ ဖြစ်သော ဆင်းရဲမှု နှလုံးမသာယာမှု မဖြစ်ခြင်း၊ ၄။ အကုသိုလ်ကို မှီ၍ ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှု မဖြစ်ခြင်း၊ ၅။ ကုသိုလ်ကို မှီ၍ ဖြစ်သော ဆင်းရဲမှု နှလုံးမသာယာမှု မဖြစ်ခြင်း။ (အံ၊၂။၁၈၂။) (အံ၊မြန်၊ ၂။၂၃၂။)

နိဝရဏပယ်ခြင်းကို သိကြောင်း ၂ မျိုး ၁။ ကိလေသာ အစဉ်အားဖြင့်လည်းကောင်း၊ ၂။ မဂ်အစဉ်အားဖြင့်လည်းကောင်း (နိဝရဏပယ်ခြင်းကို သိအပ်၏) ။ (သုတ္တနိ၊ဋ္ဌ၊၁။၂၃။)

နေခြင်း ၃ ပါး ၁။ သမာပတ် (၈) ပါး ချမ်းသာကို ခံစား၍ နေခြင်း၊၂။ ဗြဟ္မဝိဟာရတရားဖြင့် နေခြင်း၊၃။ မြတ်သော ဖလသမာပတ်ချမ်းသာကို ခံစား၍ နေခြင်း။ (ဒီ၊၃။၁၈၄။) (ဒီ၊မြန်၊၃။၂၀၅။)

နေခြင်း ၄ ပါး ၁။ ဣရိယာပထဝိဟာရ– အိပ်၍လည်းကောင်း, ထိုင်၍လည်းကောင်း, ရပ်၍လည်းကောင်း သွား၍လည်းကောင်း နေခြင်း၊ ၂။ ဒိဗ္ဗဝိဟာရ– စျာန်ဝင်စား၍ နေခြင်း၊ ၃။ ဗြဟ္မဝိဟာရ– မေတ္တာ စသည်ကို ပွားများ၍ နေခြင်း၊ ၄။ အရိယဝိဟာရ– ဖလသမာပတ် ဝင်စား၍ နေခြင်း။ (ဝိ၊ဋ္ဌ၊၁။၈၁။)

နေထိုင်ခြင်း ၂ မျိုး ၁။ သူယုတ်တို့၏ အတူတကွ နေထိုင်ခြင်း၊ ၂။ သူတော်ကောင်းတို့၏ အတူတကွ နေထိုင်ခြင်း။ (အံ၊၁။၇၇။) (အံ၊မြန်၊၁။၉၁။)

နေထိုင်ခြင်း ၄ မျိုး ၁။ ရပ်ခြင်း ထိုင်ခြင်း စသော ဣရိယာပုထ်ဖြင့် နေခြင်း– ဣရိယာပထဝိဟာရ၊ ၂။ နတ်တို့နေခြင်းကဲ့သို့ အဘိညာဉ် ဝင်စား၍ နေခြင်း– ဒိဗ္ဗဝိဟာရ၊ ၃။ မေတ္တာစျာန် စသည်ကို ဝင်စား၍ ဗြဟ္မာတို့၏ မြတ်သော နေခြင်း– ဗြဟ္မဝိဟာရ၊ ၄။ ဖလသမာပတ် ဝင်စားခြင်းဖြင့် မြတ်သော အရိယာတို့၏ နေခြင်း– အရိယဝိဟာရ။ (သာရတ္ထ၊ဋီ၊၁။၂၀၃။)

နေမင်း၏ အနာရောဂါ ၄ မျိုး ၁။ တိမ်တိုက်၊ ၂။ ဆီးနှင်း၊ ၃။ မိုး၊ ၄။ ရာဟု အသူရိန်။ (မိလိန္ဒ။ ၂၆၅။) (မိလိန္ဒ၊မြန်။၂၈၄။)

နေမြင့်မှ ထမင်းချက်သော အိမ်၌ အပြစ် ၅ ပါး ၁။ ခရီးသွား ဧည့်သည်တို့အား အခါအား လျော်စွာ မပူဇော်ရခြင်း၊ ၂။ ဗလိနတ်စာကို ခံယူကုန်သော နတ်တို့အား အခါအားလျော်စွာ

http://www.dhammadownload.com

မပူဇော်ရခြင်း၊ ၃။ နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ကုန်သော သမဏဗြာဟ္မဏတို့အား အခါအားလျော်စွာ မပူဇော်ရခြင်း၊ ၄။ ကျွန်အမှုလုပ် ယောကျ်ားတို့သည် မျက်နှာ မသာမယာဘဲ အလုပ်ကို လုပ်ရခြင်း၊ ၅။ အခါမဲ့၌ စားသမျှ ထမင်းသည် သြဇာမရှိခြင်း။ (အံ၊၂။၂၂၇။) (အံ၊မြန်၊၂။၂၈၈။)

နေယျ ၃ မျိုး ၁။ မဂ္ဂသစ္စာ– အရိယာမဂ်ဟူသော အမှန်တရား၊ ၂။ သီလက္ခန္ဓ– သီလအစုဟူသော ဂုဏ်ကျေးဇူး၊ ၃။ ပညာက္ခန္ဓ– ပညာဟူသော ဂုဏ်ကျေးဇူး။ (ပေဋကော။၂၀၃။)

နေယျပထ ၅ မျိုး ၁။ သခ်ါရ– ပြုပြင်စီရင်ခြင်း၊ ၂။ ဝိကာရ– ဖောက်ပြန်ပျက်စီးခြင်း၊ ၃။ လက္ခဏ–အနိစ္စစသော သဘောလက္ခဏာ၊ ၄။ နိဗ္ဗာန်–ကိလေသာငြိမ်းအေးခြင်း၊ ၅။ ပညတ် အပြားအားဖြင့် ဟောပြသိမှတ်စေအပ်သော တရား။ (မဟာနိ၊၌။၃၄၀။)

နေယျပုဂ္ဂိုလ် ၂ မျိုး ၁။ ထက်သော ဣန္ဒြေရှိသော တိက္ခိန္ဒြိယ နေယျပုဂ္ဂိုလ်၊ ၂။ နုံသော ဣန္ဒြေရှိသော မုဒိန္ဒြိယနေယျပုဂ္ဂိုလ်။ (ပေဋကော။၁၈၈။)

နေရာ ပေးလှူရကျိုး ၁၃ ပါး ၁။ တာဝတိံသာနတ်ပြည်၌ အမြင့် ယူဇနာ ခြောက်ဆယ်, အကျယ် ယူဇနာသုံးဆယ်ရှိသော ဘုံဗိမာန်ကို ရရှိခြင်း၊ ၂။ ရွှေ, ပတ္တမြား, ဖန်, ကျောက်နီဖြင့် ပြီးသော ပလ္လင်တို့ကို ရရှိခြင်း၊ ၃။ လဲမွေ့ရာအခင်း, သားမွေးအခင်း ပိုးချည်အခင်း စသော အခင်းတို့ကို ရရှိခြင်း၊ ၄။ သွားလိုရာအရပ်သို့ ပလ္လင်မြတ်နှင့်တကွ ပျော်မြူးပြုံးရွှင်စွာ သွားရခြင်း၊ ၅။ ရှစ်ကျိပ်သော နတ်မင်းကြီးတို့၏ လည်းကောင်း, ခုနစ်ကျိပ်သော စကြာမင်းတို့၏ လည်းကောင်း, မိဖုရားအဖြစ်ကို ရခဲ့ခြင်း၊ ၆။ ဘဝများစွာ သံသရာ၌ များမြတ်သော စည်းစိမ်ဥစ္စာတို့ကို ရရှိပြီးနောက် ပစ္စည်းဥစ္စာများ ဆုတ်ယုတ်မှု မရှိခြင်း၊ ၇။ လူ့ဘဝနှင့် နတ်ဘဝ ဟူသော ဘဝနှစ်မျိုး၌သာ ကျင်လည်ရခြင်း၊ ၈။ လူ့ဘဝ၌ ဖြစ်သောအခါ မင်းမျိုးနှင့် ပုဏ္ဏားမျိုးတို့၌သာ ဖြစ်ရခြင်း၊ ၉။ စိတ်ဆင်းရဲခြင်းနှင့် အဆင်းမလှခြင်းကို မသိခဲ့ရခြင်း၊ ၁၀။ အစေအပါး အလုပ်အကျွေး အထိန်းတော်တို့ များပြားခြင်း၊ ၁၁။ ရေချိုးပေးခြင်း, နုံသာ လိမ်းပေးခြင်း စသည်ဖြင့် အခါခပ်သိမ်း ပျော်မွေ့စေခြင်း၊ ၁၂။ နေရာ ပေးလှူသည့် အချိန်မှစ၍ ကမ္ဘာတစ်သိန်း တိုင်တိုင် ဒုဂ္ဂတိဘဝသို့ မလားမရောက်ခဲ့ရခြင်း၊ ၁၃။ နောက်ဆုံးဘဝ၌ ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်ခြင်း။ (အပ၊၂။၂၀၂။) (အပ၊မြန်၊၂။၁၉၃။)

နေဝသညီနာသညီဝါဒ ၈ ပါး ၁။ အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ ထိုအတ္တကို သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်ဟု ပညတ်ခြင်း၊ ၂။ အတ္တသည် ရုပ်မရှိ၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ ထိုအတ္တကို သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်းမဟုတ်ဟု ပညတ်ခြင်း၊ ၃။ အတ္တသည် ရုပ်လည်း ရှိ၏၊ ရုပ်လည်း မရှိ၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ ထိုအတ္တကို သညာရှိသည်လည်း မဟုတ် သညာ မရှိသည်လည်း မဟုတ်ဟု ပညတ်ခြင်း၊ ၄။ အတ္တသည် ရုပ်ရှိသည်လည်းမဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ ထိုအတ္တကို သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်း မဟုတ်ဟု ပညတ်ခြင်း၊ ၅။ အတ္တသည် အဆုံးရှိ၏၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ ထိုအတ္တကို သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်းမဟုတ်ဟု

http://www.dhammadownload.com

ပညတ်ခြင်း၊ ၆။ အတ္တသည် အဆုံးမရှိ၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ ထိုအတ္တကို သညာရှိသည်လည်း မဟုတ်၊ သညာမရှိသည်လည်း မဟုတ်၊ ပညတ်ခြင်း၊ ၇။ အတ္တသည် အဆုံးလည်း ရှိ၏၊ အဆုံးလည်း မရှိ၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ ထိုအတ္တကို သညာရှိသည်လည်း မဟုတ်ဟု သညာမရှိသည်လည်း မဟုတ်ဟု ပညတ်ခြင်း၊ ၈။ အတ္တသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်းမဟုတ်၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ ထိုအတ္တကို သညာရှိသည်လည်းမဟုတ် သညာမရှိသည်လည်း မဟုတ်ဟု ပညတ်ခြင်း။ (ဒီ၊၁။၃၀။) (အဘိ၊၀၊။၄၀၃။) (ဒီ၊မြန်၊၁။၃၅၅။) (အဘိ၊၀၊မြန်၊၂။၅၁၀။)

နေဝ ဟောတိ န နဟောတိ တထာဂတော ဒိဋ္ဌိကို ဖြစ်စေသော တရား ၅ ပါး ၁။ ရုပ်ကို အမှား နလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးသည့်နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ် ဟူသော (နေဝ ဟောတိ န နဟောတိ) ဒိဋ္ဌိ ဖြစ်၏၊ ၂။ ဝေဒနာကို အမှား နလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးသည့်နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော (နေဝ ဟောတိ န နဟောတိ) ဒိဋ္ဌိ ဖြစ်၏၊ ၃။ သညာကို အမှား နလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးသည့်နောက်၌ ဖြစ်သည် လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော (နေဝ ဟောတိ န နဟောတိ) ဒိဋ္ဌိ ဖြစ်၏၊ ၄။ သင်္ခါရကို အမှားနလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးသည့်နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော (နေဝ ဟောတိ န နဟောတိ) ဒိဋ္ဌိ ဖြစ်၏၊ ၅။ ဝိညာဏ်ကို အမှားနလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးသည့်နောက်၌ ဖြစ်သည်လည်းမဟုတ် မဖြစ်သည်လည်း မဟုတ်ဟူသော (နေဝ ဟောတိ န နဟောတိ) ဒိဋ္ဌိ ဖြစ်၏။ (သံ၊၂။၁၇၇။) (သံ၊မြန်၊၂။၁၆၉။)

နေ၏ အင်္ဂါ ၅ ပါး ၁။ နေသည် အလုံးစုံသော ရေကို ခန်းခြောက်စေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ကိလေသာတို့ကို အကြွင်းမဲ့ ခန်းခြောက်စေခြင်း)၊ ၂။ နေသည် အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ရာဂဒေါသစသော ကိလေသာအမိုက်မှောင် ဒုစရိုက်အမိုက်မှောင်ကို မျှတ်လွင့် ပယ်ဖျောက် ခြင်း)၊ ၃။ နေသည် အမြဲမပြတ် လှည့်လည်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အမြဲမပြတ် သင့်လျော်သောအားဖြင့် နလုံးသွင်းမှု ယောနိသောမနသိကာရကို ပြုရခြင်း)၊ ၄။ နေသည် ရောင်ခြည်ပန်းကုံးရှိခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် (ကမ္မဋ္ဌာန်း) အာရုံပန်းကုံး ရှိခြင်း)၊ ၅။ နေသည် လူအပေါင်းကို ကောင်းစွာ နွေးထွေးစေလျက် လှည့်လည်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အကျင့်သီလ ဝတ်ကြီးဝတ်ငယ် စသည်တို့ဖြင့်လည်းကောင်း ဈာန် ဝိမောက္ခ သမာဓိ သမာပတ္တိ ဣဒ္ဓိ ဗိုလ် ဗောဇ္ဈင် စသည်တို့ဖြင့်လည်းကောင်း နတ်နှင့်တကွသော လူအပေါင်းကို ကောင်းစွာ နွေးထွေး စေခြင်း)၊ ၆။ နေသည် ရာဟုအသုရိန်ဘေးမှ ကြောက်ရွံ့သည် ဖြစ်၍ လှည့်လည်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဒုစရိုက်ကွန်ရက် ဒုဂ္ဂတိကွန်ရက် ကိလေသာကွန်ရက် စသည်တို့ဖြင့် ဖွဲ့ယှက် အပ်ကုန်သော ခြောက်ဆယ့် နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ သံခမောက် ဆောင်းအုပ်လျက် လမ်းလွဲ လမ်းမှားသို့ သွားကုန်သော သတ္တဝါတို့ကို မြင်၍ ကြီးစွာသော ထိတ်လန့်ခြင်းဘေးဖြင့် စိတ်ကို ထိတ်လန့်စေလျက် တရားကျင့်ရခြင်း)၊ ၇။ နေသည် အကောင်း အဆိုးတို့ကို မြင်စေခြင်း ပြခြင်း

http://www.dhammadownload.com

(ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဣန္ဒြေ ဖိုလ် ဗောဇ္ဈင် သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣဒ္ဓိပါဒ်ဖြစ်သော လောကီ လောကုတ္တရာတရားတို့ကို ပြခြင်း) ။ (မိလိန္ဒ။၃၇၂။) (မိလိန္ဒ၊မြန်။၃၉၅။)

နေ့၏ အစွန်းဖြင့် ဥပုသ် ၃ မျိုး ၁။ လကွယ် တစ်ဆယ့်လေးရက် စာတုဒ္ဒသီဥပုသ်၊ ၂။ လပြည့် လကွယ် တစ်ဆယ့်ငါးရက် ပန္နရသီဥပုသ်၊ ၃။ သံဃာညီညွတ်သော အခါ ပြုရသော ဥပုသ် သာမဂ္ဂီဥပုသ်။ (သာရတ္ထ၊ဋီ၊၃။၂၇၇။)

နိုးကြားကြောင်း တရား ၅ ပါး ၁။ သဒ္ဓိန္ဒြေ– ယုံကြည်မှုဟူသော ဣန္ဒြေ၊ ၂။ ဝီရိယိန္ဒြေ– အားထုတ်မှုဟူသော ဣန္ဒြေ၊ ၃။ သတိန္ဒြေ– သတိရမှုဟူသော ဣန္ဒြေ၊ ၄။ သမာဓိန္ဒြေ– တည်ငြိမ်မှု ဟူသော ဣန္ဒြေ၊ ၅။ ပညိန္ဒြေ– အထူးထူးအပြားပြား ဝေဖန်ပိုင်းခြား စဉ်းစားသိမြင်တတ်သော သဘောတရား ပညာဟူသော ဣန္ဒြေ။ (သံ၊ဋ္ဌ၊၁။၂၃။)

နိုးကြား၍ ဝိပဿနာပွားသော ပုဂ္ဂိုလ်တို့ ရရှိအပ်သော အကျိုး ၂ မျိုး ၁။ မျက်မှောက်ဘဝ၌ပင် ရဟန္တာ ဖြစ်နိုင်ခြင်း၊ ၂။ (ရဟန္တာမဖြစ်ခဲ့လျှင်) အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း။ (ခုဒ္ဒက။၂၂၂–၂၂၃။) (ခုဒ္ဒက၊မြန်။၂၀၆–၂၀၇။)

နံရံ ၃ မျိုး ၁။ အုတ်နံရံ၊ ၂။ ကျောက်နံရံ၊ ၃။ သစ်သားနံရံ။ (ဝိ၊၂။၃၄၈။) (ဝိ၊မြန်၊၂။၃၉၄။)

နံ့သာ ၁၀ မျိုး ရနံ့ ၁၀ မျိုးနှင့် တူသည်။

နံ့သာမျိုး ၃ မျိုး ၁။ အမြစ်နံ့သာ၊ ၂။ အနှစ်နံ့သာ၊ ၃။ အပွင့်နံ့သာ။ (ဓမ္မ၊ဋ္ဌ၊၁။၂၆၅။)

နက်နဲခြင်း ၄ မျိုး ဂမ္ဘီရ ၄ မျိုးနှင့် တူသည်။

နက်နဲသော ပညာ ရကြောင်းတရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်း တရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအား လျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (သံ၊မြန်၊၃။၃၆၄၃၆၇။) (သံ၊မြန်၊၃။၃၆၄၃၆၇။)

နေကွမ္မ တရား ၅ ပါး ၁။ ရှင်ရဟန်းအဖြစ်ကို ရရှိခြင်း၊ ၂။ ဥပစာရစျာန်နှင့်တကွ အပွနာပဌမစျာန်၊ ၃။ နိဗ္ဗာန်၊ ၄။ ဝိပဿနာတရား၊ ၅။ အလုံးစုံသော ကုသိုလ်တရား။ (ဣတိဝုတ်၊ ဋ္ဌ။၃၃၀။) (အံ၊ဋီ၊၂။၄၆။) (ဝိသုဒ္ဓိ၊ဋီ၊၁။၁၄၅။)

နောက်လိုက်ရဟန်းအဖြစ် ခေါ်ထိုက်ကြောင်းတရား ၅ ပါး ၁။ မဝေးလွန်းမနီးလွန်း လိုက်တတ်ခြင်း၊ ၂။ (ဆရာ၏) ဆွမ်းပြည့် သပိတ်ကို လဲလှယ်၍လည်း ယူတတ်ခြင်း၊ ၃။ အာပတ်အနီး၌ ဆရာ စကားပြောဆိုသော် တားမြစ်တတ်ခြင်း၊ ၄။ ဆရာစကား ပြောဆိုသော် ကြားဝင်၍ မပြော တတ်ခြင်း၊ ၅။ ပညာရှိလျက် မမိုက်မဲ မဆွံ့အခြင်း။ (အံ၊၂။၁၂၁။) (အံ၊မြန်၊ ၂။၁၄၈။)

နောက်အဖို့ကို ကြံဆစွဲယူသော အချို့ရဟန်းပုဏ္ဏားတို့၏ မိစ္ဆာအယူပြု စကားအကျဉ်း ၅ မျိုး ၁။ အတ္တသည် သညာရှိ၏၊ သေပြီးနောက်၌လည်း မပျက်စီးဟူသော အယူဝါဒ၊ ၂။ အတ္တသည် သညာ မရှိ၊ သေပြီးနောက်၌လည်း မပျက်စီးဟူသော အယူဝါဒ၊ ၃။ အတ္တသည် သညာ ရှိသည်လည်း မဟုတ်၊ သညာ မရှိသည်လည်း မဟုတ်၊ သေပြီးနောက်၌လည်း မပျက်စီး ဟူသော အယူဝါဒ၊ ၄။ ထင်ရှားရှိသော သတ္တဝါ၏ ပျက်စီးခြင်း ဘဝကင်းခြင်း ဟူသော

http://www.dhammadownload.com

အယူဝါဒ၊ ၅။ မျက်မှောက်ဘဝ၌ ဆင်းရဲငြိမ်းခြင်းဟူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ။ (မ၊၃။၁၈။) (မ၊မြိန်၊ ၃။၁၉။)

နောင်တရကြောင်း ၁၀ ပါး ၁။ ငယ်ရွယ်စဉ် ရွေးအခါ၌ ဥစ္စာကို ရှာဖွေစုဆောင်းမှု မပြုခြင်း၊ ၂။ ငယ်ရွယ်စဉ်အခါ၌ အသက်မွေးဝမ်းကြောင်း အတတ်ကို မသင်ထားခြင်း၊ ၃။ ရွေးအခါ၌ ကောက်ကျစ်မှု, ကုန်းချောစကားပြောဆိုမှု, ကြမ်းကြုတ်မှု, လာဘ်စားမှု, ရုန့်ရင်းစကားပြောဆိုမှုကို ပြုမိခြင်း၊ ၄။ ရွေးအခါ၌ သူ့အသက်သတ်မှုကို ပြုမိခြင်း၊ ၅။ ရွေးအခါ၌ သူတစ်ပါး မယားဥ၌ ပြစ်မှားမှု ပြုမိခြင်း၊ ၆။ ရွေးအခါ၌ စားဖွယ်သောက်ဖွယ် များစွာရှိလျက် အလှူဒါန မပြုမိခြင်း၊ ၇။ ရွေးအခါ၌ မိမိတတ်နိုင်ပါလျက် အိုမင်းသော မိဘကို မလုပ်ကျွေးမိခြင်း၊ ၈။ သွန်သင်ဆုံးမတတ်သော ဆရာလည်းဖြစ်သော, အလိုရှိဖွယ် ပစ္စည်းဝတ္ထုတို့ကိုလည်း ယူဆောင်ပေးတတ်သော ဖခင်၏ ဆုံးမစကားကို နားမထောင်မိခြင်း၊ ၉။ သီလရှိ, အကြားအမြင် များကုန်သော ရဟန်းပုဏ္ဏားတို့သို့ ဆည်းကပ်၍ မလုပ်ကျွေးမိခြင်း၊ ၁၀။ ရွေးအခါ၌ သုစရိုက် သုံးပါး ကိုယ်ကျင့်သီလတရားကို မကျင့်မိခြင်း။ (ဇာတက၊၁။၂၄၇။) (ဇာ၌၊၄။၁၇၈။)

နစ္စဂိတသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ကခြင်း စသည်တို့တွင် တစ်မျိုးမျိုး ဖြစ်ခြင်း၊ ၂။ ခွင့်ပြုထားသော အကြောင်းမှ လွဲ၍ သွားခြင်း၊ ၃။ ကြည့်ရှုခြင်း, နားထောင်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၄။) (ဝိမတိ၊၂။၇၇။)

နစ်မြုပ်စေတတ်သော သြဃ တရား ၄ မျိုး ၁။ ကာမတဏှာ ဟူသော နစ်မြုပ်စေတတ်သော ကာမောဃတရား၊ ၂။ ဘဝတဏှာ ဟူသော နစ်မြုပ်စေတတ်သော ဘဝေါဃတရား၊ ၃။ ဒိဋ္ဌိ ဟူသော နစ်မြုပ်စေတတ်သော ဒိဋ္ဌောဃတရား၊ ၄။ မောဟဟူသော နစ်မြုပ်စေ တတ်သော အဝိဇ္ဇောဃတရား။ (သာရတ္ထ၊ဋီ၊၁။၃၀၇။)

နိဗ္ဗေဓဝတ္ထု ၁၀ ပါး ဆွေးမြည့်ပျက်စီးခြင်း ၁၀ မျိုးနှင့် တူသည်။

နည်း ၅ ပါး ၁။ နန္ဒိယာဝဋ္ဋနည်း– ဇလပ်ပန်းသည် အစိတ်ပွင့်ချပ်တို့ဖြင့် ရစ်ပတ်၍ လည်သကဲ့သို့ အစိတ်ဖြစ်သော တဏှာ အဝိဇ္ဇာ သမထ ဝိပဿနာတို့ဖြင့် သံကိလေသပက္ခ ဝေဒါနပက္ခ တို့ကို ချုပ်စပ်ရစ်ပတ်၍ လည်ခြင်းရှိသောနည်း, နန္ဒီမည်သော ဝမ်းမြောက် ဝမ်းသာခြင်းတို့၏ လည်ခြင်းရှိသော နည်း၊ ၂။ တိပုက္ခလနည်း– ကုသိုလ်ဆိုင်ရာ၌ ကုသိုလ် မူလ, အကုသိုလ် ဆိုင်ရာ၌ အကုသိုလ်မူလဟူသော ၃ ပါးသော အစိတ်အပိုင်းတို့ဖြင့် တင့်တယ်သော ကုသိုလ်, အကုသိုလ်တရားတို့ကို သိစေတတ်သော နည်း၊ ၃။ သီဟဝိက္ကီဠိတနည်း–ခြင်္သေ့မင်းတည်း ဟူသော ဘုရားရှင်၏ တင့်တယ်စံပယ်ခြင်းရှိသော သုဘသညာ အစရှိသော ဝိပလ္လာသတို့ဖြင့် အလုံးစုံသော သံကိလေသပက္ခတရားကိုလည်းကောင်း, သဒ္ဓိန္ဒြေအစရှိသော ဣန္ဒြေတို့ဖြင့် ဝေဒါနပက္ခဖြစ်သော တရားကိုလည်းကောင်း သစ္စာလေးပါးတို့နှင့် ယှဉ်စေခြင်းအားဖြင့် ဆောင်ခြင်းလက္ခဏာရှိသော နည်း၊ ၄။ ဒိသာလောစနနည်း– အရပ်မျက်နှာနှင့် တူသော ကုသိုလ်, အကုသိုလ်တရားတို့ကို စိတ်ဖြင့် ကြည့်ရှုစုံစမ်း ထောက်လှမ်းဆင်ခြင်ကြောင်း ဖြစ်သော နည်း၊ ၅။ အကုံသနည်း– လိုအပ်သော ဝတ္ထုကို လိုရာအရပ်သို့ ချိတ်ဖြင့် ချိတ်ငင်ယူဆောင်သကဲ့သို့ ဒိသာလောစနနည်းဖြင့် ကြည့်ရှုအပ်ပြီးသော ဒိသာတရားတို့ကို အတ္ထနည်းသုံးပါး၌ ကောင်းစွာ ဆောင်ကြောင်း ဖြစ်သော နည်း။ (ပေဋကော။၁၆၉။) (နေတ္တိ၊၌။၂။) (နေတ္တိ၊ဝိဘာ။၂၃။)

http://www.dhammadownload.com

နည်းပါးသည်၏ အဖြစ် ၂ မျိုး ၁။ သရသပရိတ္တတာ– သရသ၏ နည်းပါးသည်၏ အဖြစ်၊ ၂။ ခဏပရိတ္တတာ– အသက်ရှည်ရာ ခဏ၏ နည်းပါးသည်၏ အဖြစ်။ (သံ၊ဋ္ဌ၊၁။၂၀။)

နတ် ၃ မျိုး ၁။ မင်း, မင်းသား စသော သူတို့သည် သမ္မုတိနတ်၊ ၂။ နတ်ပြည်၌ ဖြစ်ကုန်သော နတ်တို့သည် ဥပပတ္တိနတ်၊ ၃။ ဘုရားရဟန္တာပုဂ္ဂိုလ်တို့သည် ဝိသုဒ္ဓိနတ်။ (အဘိ၊ဝိ။၄၃၇။) (စူဠနိ။၂၂၅။) (စူဠနိ။၉၂။) (မ၊ဋ္ဌ၊၁။၃၅။) (ခုဒ္ဒက၊ဋ္ဌ။၁၀၃။) (ဣတိဝု၊တ်၊ဋ္ဌ။၂၄၂။) (သုတ္တနိ၊ဋ္ဌ၊၂။၈။) (ဇာ၊ဋ္ဌ၊၁။၁၄၉။) (ဝိသုဒ္ဓိ၊ဋီ၊၁။၇။) (အဘိ၊ဝိ၊မြန်၊၂။၅၅၆။)

နတ်ဆေးနှင့် တူသော အရာ ၂ မျိုး ၁။ ဒေသနာတော်၏ တင့်တယ်စမွယ်ကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်တော် (ဒေသနာဝိလာသ)၊ ၂။ လွန်ကဲများပြားသော ကောင်းမှုတော် (ပုညုဿယ)။ (ဒီ၊ဋ္ဌ၊၁။၆၆။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၂၆။)

နတ်တမန် ၃ မျိုး ၁။ အသက်အရွယ်အားဖြင့် ရှစ်ဆယ်ကျော် ကိုးဆယ်ရှိပြီး ဆံဖြူ သွားကျိုး တုတ်တောင်ဝှေးကို အားကိုးအားထားပြု၍ တုန်တုန်ရီရီ သွားလာနေထိုင်ရသော သူအို၊ ၂။ ရောဂါဝေဒနာပြင်းစွာ နှိပ်စက်ခံနေရသဖြင့် အိပ်ရာထဲ၌ လဲနေသော သူနာ၊ ၃။ ညိုမဲ ဖူးယောင် ပုပ်ပွနေသော သူသေကောင်။ (အံ၊၁။၁၃၇။) (အံ၊မြန်၊၁။၁၅၅။)

နတ်တို့ စုတေကြောင်း ၄ မျိုး ၁။ အသက်ကုန်ခြင်း၊ ၂။ ကောင်းမှုကုန်ခြင်း၊ ၃။ အစာအာဟာရကုန်ခြင်း၊ ၄။ အမျက်ထွက်ခြင်း။ (ဓမ္မ၊ဋ္ဌ၊၁။၁၁၀။)

နတ်တို့ စုတေခါနီး၌ ဖြစ်ပေါ်သော ပုဗ္ဗနိမိတ် ၅ မျိုး ၁။ ပန်ဆင်နေကျ, ဆောင်နေကျ ပန်းတို့ညှိုးနွမ်းကုန်ခြင်း၊ ၂။ ဝတ်နေကျအဝတ်တို့သည် ညစ်နွမ်းကုန်ခြင်း၊ ၃။ ချိုင်း နှစ်ဖက်ကြားတို့မှ ချွေးယိုစီးကုန်ခြင်း၊ ၄။ ခန္ဓာကိုယ်၌ ရုပ်အဆင်းမလှ ဖြစ်လာခြင်း၊ ၅။ မိမိနေရာ ဘုံဗိမာန်၌ မမွေ့လျော် မပျော်ပိုက်တော့ခြင်း။ (ခုဒ္ဒက။၂၄၇။) (ဒီ၊ဋ္ဌ၊၂။၂၀။) (မ၊ဋ္ဌ၊၃။၁၂၁။) (ဇာ၊ဋ္ဌ၊၅။၂၉၇။) (ခုဒ္ဒက၊မြန်။၂၃၂။) (ဒီ၊ဋ္ဌ၊မြန်၊၂။၃၇။)

နတ်တို့ စုတေခါနီး အခြားနတ်များက ပြောကြားသည့် စကား ၃ ခွန်း ၁။ သင်သည် ဤနတ်ပြည်မှ စုတေပြီးနောက် လူ့ပြည် လူ့လောကသို့ သွားရောက်ပါဟု ပြောဆိုခြင်း၊ ၂။ လူဖြစ်ပြီးနောက် မြတ်စွာဘုရား၏ ဓမ္မဝိနယသာသနာတော်၌ အတုမရှိ မြတ်သော သဒ္ဓါတရားရအောင် အားထုတ်ပါဟု ပြောဆိုကြခြင်း၊ ၃။ ဘုရားရှင်သာသနာတော်၌ ယုံကြည်မှု သဒ္ဓါတရားကို ရရှိပြီးနောက် အသက်ထက်ဆုံး ယင်းသဒ္ဓါတရားကို မည်သည့်သတ္တဝါတစ်စုံတစ်ယောက်ကမျှ မဖျက်ဆီး မပြောင်းရွှေ့နိုင်အောင် အားထုတ်ပါဟု ပြောဆိုကြခြင်း။ (ခုဒ္ဒက။၂၄၇။) (အပ၊၁။၂၉၉။) (ခုဒ္ဒက၊မြန်။၂၃၂။) (အပ၊မြန်၊၁။၃၀၅။)

နတ်တို့ စည်းဝေးရခြင်းအကြောင်း ၄ မျိုး ၁။ ဝါဆိုဝါကပ်ကြသော ရဟန်းတို့အား ချီးမြှောက်ခြင်း အကျိုးငှာလည်းကောင်း၊ ၂။ ပဝါရဏာပြုကြသော ရဟန်းတို့အား ချီးမြှောက်ခြင်းအကျိုးငှာလည်းကောင်း၊ ၃။ တရားနာခြင်း အကျိုးငှာလည်းကောင်း၊ ၄။ ပင်လယ်ကသစ်ပင် ပွဲသဘင် ပျော်မြူးခံစားခြင်း အကျိုးငှာလည်းကောင်း။ (ဒီ၊ဋ္ဌ၊၂။၂၃၂။) (ဒီ၊ဋ္ဌ၊မြန်၊၂။၄၃၀–၄၃၁။)

http://www.dhammadownload.com

နတ်တို့ ပြောဆိုအပ်သော စကား ၃ မျိုး ၁။ ထေရဝါဒဗုဒ္ဓဘာသာဝင် အရိယာသာဝကအား သာသနာ့ဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းပြုရန် တိုက်တွန်းစေ့ဆော်သောအခါ "ဤမည်သော အရိယာသာဝကသည် မာရ်နတ်နှင့် စစ်တိုက်ရန်အတွက် တိုက်တွန်းစေ့ဆော်နေ၏"ဟု နတ်တို့သည် နတ်ပြည်၌ အချင်းချင်း ပြောဆိုခြင်း၊ ၂။ ဘုရားရှင်၏တပည့် ဖြစ်သော အရိယာသာဝက တစ်ယောက်သည် ကမ္မဋ္ဌာန်း ဘာဝနာတရား အားထုတ်နေသော အခါ "ဤမည်သော အရိယာသာဝကသည် မာရ်နတ်နှင့် စစ်တိုက်နေ၏"ဟု နတ်ပြည်၌ နတ်တို့အချင်းချင်း ပြောဆိုကြခြင်း။ (ခုဒ္ဒက။၂၄၆။) (ခုဒ္ဒက၊မြန်။၂၃၀။)

နတ်တို့အား ဘုရားရှင် ဖြေကြားတော်မူအပ်သော အဖြေ ၄ မျိုး ၁။ အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံး၊ ၂။ အရသာအားလုံးတို့တွင် တရားအရသာသည် အမြတ်ဆုံး၊ ၃။ မွေ့လျော်ခြင်းအားလုံးတို့တွင် တရား၌ မွေ့လျော်ခြင်းသည် အမြတ်ဆုံး၊ ၄။ တဏှာ၏ ကုန်ခြင်းသည် အရဟတ္တဖိုလ်သို့ ကောင်းစွာ ရောက်စေတတ်သောကြောင့် အမြတ်ဆုံး။ (ဓမ္မ၊၄၊၂။၃၅၁။)

နတ်ပရိသတ်၏ အရောင် ၄ မျိုး ၁။ အလွန်ညိုခြင်း၊ ၂။ အလွန်ဝါခြင်း၊ ၃။ အလွန်နီခြင်း၊ ၄။ အလွန်ဖြူခြင်း။ (သံ၊၁၊၁။၁၁၅။)

နတ်ပြည်၌ ဖြစ်သော အမေးပြဿနာ ၄ မျိုး ၁။ အလှူတို့တွင် အဘယ်အလှူကို အကြီးဆုံး အမြတ်ဆုံး အလှူဟူ၍ ဆိုအပ်သနည်း၊ ၂။ အရသာတို့တွင် အဘယ်အရသာကို အကြီးဆုံး အမြတ်ဆုံး အရသာဟူ၍ ဆိုအပ်သနည်း၊ ၃။ မွေ့လျော်ခြင်းတို့တွင် အဘယ်သို့သော မွေ့လျော်ခြင်းကို အကြီးဆုံး အမြတ်ဆုံးဟူ၍ ဆိုအပ်သနည်း၊ ၄။ တဏှာ၏ကုန်ခြင်းကိုသာလျှင် အဘယ်ကြောင့် အကြီးဆုံး အမြတ်ဆုံးဟူ၍ ဆိုအပ်သနည်း။ (ဓမ္မ၊၄၊၂။၃၅၁။)

နတ်ပြည်၌ မဖြစ်သော ကမ္မဋ္ဌာန်း ၁၂ ပါး ၁။ အသုဘကမ္မဋ္ဌာန်း ဆယ်ပါး၊ ၂။ ကာယဂတာသတိ၊ ၃။ အာဟာရေ ပဋိကူလသညာ။ (ဝိသုဒ္ဓိ၊၁။၁၁၀။)

နတ်ပြည်ရောက်ကြောင်း တရား ၂ ပါး ၁။ ကောင်းသော အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ၂။ ကောင်းသော အယူနှင့် ပြည့်စုံခြင်း။ (ခုဒ္ဒက။၂၁၃။) (ခုဒ္ဒက၊မြန်။၁၉၆။)

နတ်ပြည်ရောက်ကြောင်း တရား ၂ ပါး (တစ်နည်း) ၁။ အမျက်မထွက်ခြင်း= အက္ကောဓ၊ ၂။ ရန်ငြိုးမဖွဲ့ခြင်း= အနုပနာဟ၊ (တစ်နည်း) ၁။ သူ့ကျေးဇူးကို မချေဖျက်ခြင်း= အမက္ခ၊ ၂။ အပြိုင် မပြုခြင်း= အပဠာသ၊ (တစ်နည်း) ၁။ မငြူစူခြင်း= အနိဿာ၊ ၂။ ဝန်မတိုခြင်း= အမစ္ဆရိယ၊ (တစ်နည်း) ၁။ မလှည့်ပတ်ခြင်း= အမာယာ၊ ၂။ မစဉ်းလဲခြင်း= အသာဌေယျ၊ (တစ်နည်း) ၁။ ဒုစရိုက်တရားတို့မှ ရှက်ခြင်း= ဟိရီ၊ ၂။ ဒုစရိုက်တရားတို့မှ လန့်ခြင်း= ဩတ္တပ္ပ။ (အံ၊၁။၉၆။) (အံ၊မြန်၊၁။၁၁၂။)

http://www.dhammadownload.com

နတ်ပြည်ရောက်ကြောင်း တရား ၃ ပါး ၁။ သီလရှိခြင်း, သီလမရှိခြင်း ဟူသော အညစ်အကြေးကို ပယ်ခြင်း၊ ၂။ မငြူစူတတ်ခြင်း၊ ငြူစူခြင်း ဟူသော အညစ်အကြေးကို ပယ်ခြင်း၊ ၃။ ဝန်မတို တတ်ခြင်း၊ ဝန်တိုခြင်း ဟူသော အညစ်အကြေးကို ပယ်ခြင်း။ (အံ၊၁။၁၀၄။) (အံ၊မြန်၊၁။၁၂၂။)

နတ်ပြည်ရောက်ကြောင်း တရား ၃ ပါး (တစ်နည်း) ၁။ ကုသိုလ်ကာယကံမှုနှင့် ပြည့်စုံခြင်း၊ ၂။ ကုသိုလ်ဝစီကံမှုနှင့် ပြည့်စုံခြင်း၊ ၃။ ကုသိုလ်မနောကံမှုနှင့် ပြည့်စုံခြင်း၊ (တစ်နည်း) ၁။ အပြစ်မရှိသော ညီညွတ်သော စင်ကြယ်သော ကာယကံမှုနှင့် ပြည့်စုံခြင်း၊ ၂။ အပြစ်မရှိသော ညီညွတ်သော စင်ကြယ်သော ဝစီကံမှုနှင့် ပြည့်စုံခြင်း၊ ၃။ အပြစ်မရှိသော ညီညွတ်သော စင်ကြယ်သော မနောကံမှုနှင့် ပြည့်စုံခြင်း၊ (တစ်နည်း) ၁။ မိမိကိုယ်တိုင် ပါဏာတိပါတ စသော ဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူတစ်ပါးတို့ကိုလည်း ရှောင်ကြဉ်စေခြင်း၊ ၃။ ရှောင်ကြဉ်ခြင်း၌ သဘောတူ ခွင့်ပြုခြင်း။ (အံ၊၁။၂၉၆-၂၉၇။) (အံ၊မြန်၊၁။၃၁၄။)

နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး ၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မုသားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။ (အံ၊၂။၁၅၁။) (အံ၊မြန်၊၂။၁၉၀။) (အံ၊၂။၁၇၉။) (အံ၊မြန်၊၂။၂၂၉။)

နတ်ပြည်ရောက်ကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ တပ်မက်မောမှုလည်း မရှိခြင်း၊ ၆။ ကြမ်းတမ်းခက်ထန် မာကျောမှုလည်း မရှိခြင်း။ (အံ၊၂။၃၇၇။) (အံ၊မြန်၊၂။၄၇၆။)

နတ်ပြည်ရောက်ကြောင်း တရား ၆ ပါး ၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ အလိုနည်းခြင်း၊ ၆။ မှန်ကန်သော အယူရှိခြင်း။ (အံ၊၂။၃၇၇။) (အံ၊မြန်၊၂။၄၇၆။)

နတ်ပြည်ရောက်ကြောင်း တရား ၁၀ ပါး ၁။ သနားညှာတာတတ်လျက် သူ့အသက် သတ်မှုမှ ရှောင်ကြဉ်လေ့ရှိခြင်း၊ ၂။ သူ့ဥစ္စာကို မခိုးယူတတ်ခြင်း၊ ၃။ မာတုရက္ခိတ (အမိအုပ်ထိန်းထားသူ) စသော မိန်းမဆယ်မျိုးတို့၌ ကာမဖြင့် မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်လေ့ရှိခြင်း၊ ၄။ ပရိသတ် အလယ်၌ တံစိုးလက်ဆောင် လာဘ်အာမိသဟူသော အကြောင်းကြောင့်လည်း မဟုတ်မမှန်သော စကားကို မပြောဆိုတတ်ခြင်း၊ ၅။ ကုန်းချောစကား ပြောခြင်းမှ ရှောင်ကြဉ်၍ ညီညွတ်ကြောင်း စကားကိုသာ ပြောဆိုတတ်ခြင်း၊ ၆။ ချစ်ခင်နှစ်လိုဖွယ်သော စကား, ယဉ်ကျေးသိမ်မွေ့လျက် လူအများ နားဝင်ချိုသော စကားမျိုးကိုသာ ပြောဆိုတတ်ခြင်း၊ ၇။ အကျိုးစီးပွားနှင့် စပ်သော စကား တရားမမှန်နှင့် စပ်သော စကား စသည်တို့ကိုသာ ပြောဆိုတတ်ခြင်း၊ ၈။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာကို ရွေးရှုမကြံစည်တတ်ခြင်း အဘိဇ္ဈာ မများခြင်း၊ ၉။ ဤသတ္တဝါတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟု မဖျက်ဆီးလိုသော

http://www.dhammadownload.com

စိတ်အကြံ ရှိခြင်း၊ ၁၀။ လူဒါန်းပူဇော်ရကျိုးသည် ရှိ၏ စသည်ဖြင့် မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၉၂။) (အံ၊မြန်၊၃။၄၈၂။)

နတ်ပြည်ရောက်ကြောင်း ၃ ပါး (တစ်နည်း) ၁။ မှန်သောစကားကိုသာပြောဆိုရခြင်း၊ ၂။ သူတစ်ပါးတို့ အပေါ် အမျက်ဒေါသ မထွက်ရခြင်း၊ ၃။ တောင်းခံလာသော ပုဂ္ဂိုလ်တို့အား အနည်းငယ်မျှဖြစ်စေ, များများဖြစ်စေ ပေးလှူရခြင်း။ (ဓမ္မ။၄၆။) (ဓမ္မ၊မြန်။၄၃။) (ဓမ္မ၊ဋ္ဌ၊ ၂။၂၀၄။)

နတ်ပြည်ရောက်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ အရှက် ရှိခြင်း၊ ၃။ အကြောက်အလန့် ရှိခြင်း၊ ၄။ အားထုတ်အပ်သော လုံ့လဝီရိယ ရှိခြင်း၊ ၅။ ပညာ ရှိခြင်း။ (အံ၊၂။၃။) (အံ၊မြန်၊၂။၅။)

နတ်ပြည်ရောက်မည့် ပုဂ္ဂိုလ် ၂၀ ဦး ၁။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော သုစရိုက်တရား ဆယ်ပါးတို့ကို မိမိကိုယ်တိုင် ပြုလုပ်ဆောင်ရွက်တတ်သူ ဆယ်ယောက်၊ ၂။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော သုစရိုက် ဆယ်ပါးတို့ကို သူတစ်ပါးတို့အား ဆောက်တည်စေတတ်သူ ဆယ်ယောက်။ (အံ၊၃။၅၀၈။) (အံ၊မြန်၊၃။၄၉၇။)

နတ်ပြည်ရောက်မည့် ပုဂ္ဂိုလ် ၃၀ ဦး ၁။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော သုစရိုက်ဆယ်ပါးတို့ကို မိမိကိုယ်တိုင် ပြုလုပ်ဆောင်ရွက်တတ်သူ ဆယ်ယောက်၊ ၂။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော သုစရိုက် ဆယ်ပါးတို့ကို သူတစ်ပါးတို့အား ပြုလုပ်ဆောက်တည်စေတတ်သူ ဆယ်ယောက်၊ ၃။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော သုစရိုက်ဆယ်ပါး၌ နှစ်သက်သဘောတူသူ ဆယ်ယောက် ပေါင်း ၃၀ ဖြစ်သည်။ (အံ၊၃။၅၀၈။) (အံ၊မြန်၊၃။၄၉၇။)

နတ်ပြည်ရောက်မည့် ပုဂ္ဂိုလ် ၄၀ ဦး ၁။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော သုစရိုက် ဆယ်ပါးတို့ကို မိမိကိုယ်တိုင် ပြုလုပ်ဆောင်ရွက်တတ်သူ ဆယ်ယောက်၊ ၂။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော သုစရိုက်ဆယ်ပါးတို့ကို သူတစ်ပါးတို့အား ဆောက်တည်စေတတ်သူ ဆယ်ယောက်၊ ၃။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော သုစရိုက် ဆယ်ပါး၌ နှစ်သက်သဘောတူသူ ဆယ်ယောက်၊ ၄။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း စသော သုစရိုက် ဆယ်ပါး၏ ဂုဏ်ကျေးဇူးကို ပြောဆိုတတ်သူ ဆယ်ယောက် ပေါင်း ၄၀ ဖြစ်သည်။ (အံ၊၃။၅၁၀။) (အံ၊မြန်၊၃။၄၉၉။)

နတ်ပြည် ရောက်မည့် ဥပါသကာ၏ အင်္ဂါ ၅ ပါး ၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ သေအရက် သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။ (အံ၊၂။၁၇၉။) (အံ၊မြန်၊၂။၂၂၈။)

နတ်ပြည်ရောက်မည့် ဥပါသိကာမတို့၏ အင်္ဂါ ၁၀ ပါး ၁။ သနားညှာတာလျက် သူ့အသက်သတ်မှုမှ ရှောင်ကြဉ်လေ့ရှိခြင်း၊ ၂။ ရွာ၌ ဖြစ်စေ တောင်၌ဖြစ်စေ သူ့ဥစ္စာကို မခိုးယူတတ်ခြင်း၊ ၃။ မာတုရက္ခိတ (အမိအုပ်ထိန်းထားသူ) စသော မိန်းမဆယ်မျိုးတို့၌ ကာမဖြင့် မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်လေ့ရှိခြင်း၊ ၄။ ပရိသတ်အလယ်၌ တံစိုးလက်ဆောင် လာဘ်အာမိသ

http://www.dhammadownload.com

ဟူသော အကြောင်းကြောင့်လည်း မဟုတ်မမှန်သော စကားကို မပြောဆိုတတ်ခြင်း၊ ၅။ ကုန်းချော စကား ပြောကြားခြင်းမှ ရှောင်ကြဉ်၍ ညီညွတ်ကြောင်း စကားကိုသာ ပြောဆိုတတ်ခြင်း၊ ၆။ ချစ်ခင်နှစ်လိုဖွယ်သော စကား, ယဉ်ကျေးသိမ်မွေ့လျက် လူအများနားဝင်ချိုသော စကားမျိုး ကိုသာ ပြောဆိုတတ်ခြင်း၊ ၇။ အကျိုးစီးပွားနှင့် စပ်သော စကား တရား ဓမ္မနှင့်စပ်သော စကား စသည်တို့ကိုသာ ပြောဆိုတတ်ခြင်း၊ ၈။ သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာကို ရေးရှုမကြံစည် တတ်ခြင်း အဘိဇ္ဈာမများခြင်း၊ ၉။ ဤသတ္တဝါတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေဟု မဖျက်ဆီးလိုသော စိတ်အကြံ ရှိခြင်း၊ ၁၀။ လူဒါန်း ပူဇော်ရကျိုးသည် ရှိ၏ စသည်ဖြင့် မှန်သော အမြင် ရှိခြင်း။ (အံ၊၃။၄၉၂။) (အံ၊မြန်၊၃။၄၈၂။)

နတ်ပြည်သို့ ရောက်စေသော ကုသိုလ်အယဉ် ၈ မျိုး ၁။ မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်ခြင်း၊ ၂။ တရားတော်ကို ကိုးကွယ်ဆည်းကပ်ခြင်း၊ ၃။ သံဃာတော်ကို ကိုးကွယ် ဆည်းကပ်ခြင်း၊ ၄။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၆။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၇။ မဟုတ်မမှန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သေရည် သေရက် သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။ (အံ၊၃။၇၆။) (အံ၊မြန်၊ ၃။၇၇။)

နတ်ပြည်သို့ ရောက်မည့် ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆန္နာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ သံဃိက ပစ္စည်းကို ပုဂ္ဂလိကကဲ့သို့ မသုံးဆောင်ခြင်း။ (ဝိ၊၅။၃၅၅။) (ဝိ၊မြန်၊၅။၄၅၈။)

နတ်ပြည်သို့ ဧကန် ရောက်ကြောင်း အင်္ဂါ ၄ ပါး ၁။ မိမိကိုယ်တိုင် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူတစ်ပါးအားလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်စေခြင်း၊ ၃။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်းကို အလိုတူ ခွင့်ပြုခြင်း၊ ၄။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိခြင်း၊ (တစ်နည်း) ၁။ မိမိကိုယ်တိုင် သူ့ဥစ္စာ ခိုးမှုမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူတစ်ပါးအားလည်း သူ့ဥစ္စာခိုးမှုမှ ရှောင်ကြဉ်စေခြင်း၊ ၃။ သူ့ဥစ္စာ ခိုးမှုမှ ရှောင်ကြဉ်ခြင်းဌ အလိုတူ ခွင့်ပြုခြင်း၊ ၄။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ရှိခြင်း။ (အံ၊၁။၅၅၁။) (အံ၊၁။၅၆၀။) (အံ၊၁။၅၇၅။) (အံ၊၁။၅၇၆။) (အံ၊မြန်၊ ၁။၅၆၄–၅၆၅၊၅၆၆၊၅၇၅၊၅၈၉။) (အံ၊မြန်၊၁။၅၆၄–၅၆၅၊၅၆၆၊၅၇၅၊၅၈၉။) (အံ၊မြန်၊၁။ ၅၈၉–၅၉၀။)

နတ်ပြည်သို့ ဧကန်ရောက်မည့် ပုဂ္ဂိုလ် ၄ မျိုး ၁။ အပြစ်မရှိသော ကာယက် ကာယ သုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၂။ အပြစ်မရှိသော ဝစီက် ဝစီသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၃။ အပြစ်မရှိသော မနောက် မနောသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၄။ အပြစ် မရှိသော သမ္မာဒိဋ္ဌိအယူနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ (တစ်နည်း) ၁။ ကာယသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၂။ ဝစီသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၃။ မနောသုစရိုက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၄။ သူ့ကျေးဇူးကို သိလျက် ပေးဆပ်တတ်သော ပုဂ္ဂိုလ်၊ (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၂။ သီလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၃။ လုံ့လဝီရိယနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၄။ ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်။ (အံ၊၁။၅၄၈။) (အံ၊မြန်၊၁။၅၆၄–၅၆၅၊၅၆၆၊၅၇၅၊၅၈၉။)

http://www.dhammadownload.com

နတ်ဖြစ်ကြောင်း တရား ၄ ပါး ၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ မကျိုးမပေါက် မပြောက်မကျားသော အရိယာပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သော ငါးပါးသီလနှင့် ပြည့်စုံခြင်း။ (သံ၊၃။၃၄၃။) (သံ၊မြန်၊၃။၃၄၆။)

နတ်လူတို့၏ စစ်မှန်သော ပြီးဆုံးခြင်းသို့ ရောက်ကြောင်း ၃ မျိုး ၁။ အသေကွဲဖြစ်သော (ရဟန္တာတို့၏ ဥစ္စာဖြစ်သော) သီလအစုနှင့် ပြည့်စုံခြင်း၊ ၂။ အသေကွဲဖြစ်သော (ရဟန္တာတို့၏ဥစ္စာဖြစ်သော) သမာဓိအစုနှင့် ပြည့်စုံခြင်း၊ ၃။ အသေကွဲဖြစ်သော (ရဟန္တာတို့၏ ဥစ္စာဖြစ်သော) ပညာအစုနှင့် ပြည့်စုံခြင်း၊ (တစ်နည်း) ၁။ တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်း ဣဒ္ဓိပါဋိဟာရိယနှင့်ပြည့်စုံခြင်း၊ ၂။သူတစ်ပါးစိတ်ကို အတတ်ဟောခြင်း အာဒေသနာပါဋိဟာရိယနှင့် ပြည့်စုံခြင်း၊ ၃။ ဤသို့ မကြေစည်ကြကုန်လင့်စသည်ဖြင့် ပြောဆိုဆုံးမခြင်း အနုသာသနီပါဋိဟာရိယနှင့် ပြည့်စုံခြင်း၊ (တစ်နည်း) ၁။ သမ္မာဒိဋ္ဌိနှင့် ပြည့်စုံခြင်း၊ ၂။ သမ္မာဉာဏ်နှင့် ပြည့်စုံခြင်း၊ ၃။ သမ္မာဝိမုတ္တိနှင့် ပြည့်စုံခြင်း။ (အံ၊၁။၂၉၅။) (အံ၊မြန်၊၁။၃၁၂။)

နတ်သားတို့ စုတေကြောင်း ၄ ပါး ၁။ နတ်သက်ကုန်ခြင်းကြောင့် စုတေရခြင်း၊ ၂။ ကောင်းမှုကုန်ခြင်းကြောင့်စုတေရခြင်း၊၃။အာဟာရသုံးဆောင်ချိန်၌အာဟာရကိုမသုံးဆောင်မိ၍အာဟာရမတ်ကုန်၍ စုတေရခြင်း၊ ၄။ အမျက်ဒေါသကြောင့် စုတေရခြင်း။ (သီ၊ဋီ၊သစ်၊၂။ ၃၄၂။)

နတ်သုဓာ၏ အကျိုးအာနိသင် ၁၂ မျိုး ၁။ ထမင်းမွတ်သိပ် ဆာလောင်မှုကို ပယ်ဖျောက်နိုင်ခြင်း၊ ၂။ ရေမွတ်သိပ် ဆာလောင်မှုကို ပယ်ဖျောက်နိုင်ခြင်း၊ ၃။ မမွေ့လျော်ခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ၄။ ပူပန်ခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ၅။ ပင်ပန်းခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ၆။ အမျက်ထွက်ခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ၇။ ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ၈။ ငြင်းခုံခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ၉။ ချောပစ်ကုန်းတိုက်ခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ၁၀။ အအေးကို ပယ်ဖျောက်နိုင်ခြင်း၊ ၁၁။ အပူကို ပယ်ဖျောက်နိုင်ခြင်း၊ ၁၂။ ပျင်းရိခြင်းကို ပယ်ဖျောက်နိုင်ခြင်း။ (ဇာတက၊၂။၁၀၄။)

နေတ္တိ ၃၃ ပါး ၁။ အတ္ထနယ ၃ ပါး၊ ၂။ အတ္ထပဒ ၆ ပါး၊ ၃။ ဟာရ ၁၆ ပါး၊ ၄။ ဗျဉ္ဇနပဒ ၆ ပါး၊ ၅။ ဒိသာလောစနနယ၊ ၆။ အင်္ကုသနယ၊ ပေါင်း ၃၃ ပါး။ (နေတ္တိ၊ဝိဘာ။၄၈။)

နေတ္တိကျမ်း၌ ဝါရ ၂ ပါး ၁။ သင်္ဂဟဝါရ၊ ၂။ ဝိဘာဂဝါရ။ (နေတ္တိ၊ဋ္ဌ။၂။)

နေတ္တိကျမ်း ၃ မျိုး (ကျမ်းအပိုင်းအခြားအားဖြင့် နေတ္တိကျမ်း ၃ မျိုး) ၁။ ဟာရဝိစာရ၊ ၂။ နယဝိစာရ၊ ၃။ ပဋ္ဌာနဝိစာရ။ (နေတ္တိ၊ဋ္ဌ။၂။)

နိဒ္ဒသဝတ္ထု ၇ ပါး (နောင်တစ်ဖန် ဆယ်နှစ်သို့ မရောက်လာခြင်း အကြောင်း ၇ ပါး) ၁။ သိက္ခာပုဒ်ကို ကျင့်သုံးဆောက်တည်ရာ၌ ထက်သန်သော အလိုဆန္ဒရှိပြီး နောင်အခါ ဆောက်တည်ရာ၌လည်း မကင်းသော ချစ်ခြင်း ရှိခြင်း၊ ၂။ တေဘူမကတရားတို့ကို အနိစ္စ စသည်၏ အစွမ်းဖြင့် စူးစမ်းဆင်ခြင်ခြင်း ဝိပဿနာ၌ ထက်သန်သော အလိုဆန္ဒရှိပြီး နောင်အခါ ဆင်ခြင်ရာ၌လည်း မကင်းသော ချစ်ခြင်း ရှိခြင်း၊ ၃။ အလိုဆိုးကို ဖျောက်ရာ၌ ထက်သန်သော အလိုဆန္ဒ ရှိပြီး နောင်အခါ အလိုဆိုးကို ပယ်ဖျောက်ရာ၌လည်း မကင်းသော ချစ်ခြင်း ရှိခြင်း၊ ၄။ ဆိတ်ငြိမ်ရာ

http://www.dhammadownload.com

အရုပ်ဝယ် တစ်ယောက်တည်း ကိန်းအောင်းရာ၌ ထက်သန်သော အလိုဆန္ဒရှိပြီး နောင်အခါ၌လည်း ယင်းကိန်းအောင်းမှု၌ မကင်းသော ချစ်ခြင်းရှိခြင်း၊ ၅။ လုံ့လအားထုတ်ရာ၌ ထက်သန်သော အလိုဆန္ဒရှိပြီး နောင်အခါ၌လည်း ယင်းလုံ့လအားထုတ်မှု၌ မကင်းသော ချစ်ခြင်းရှိခြင်း၊ ၆။ အောက်မေ့မှုသတိ ရင့်ကျက်မှုပညာ၌ ထက်သန်သော အလိုဆန္ဒရှိပြီး နောင်အခါ၌လည်း ယင်းသတိ ပညာ၌ မကင်းသော ချစ်ခြင်း ရှိခြင်း၊ ၇။ အရိယာမဂ်ကို သိမြင်ခြင်း သမ္မာဒိဋ္ဌိအယူကို ထိုးထွင်းသိခြင်း၌ ထက်သန်သော ဆန္ဒရှိပြီး နောင်အခါ ယင်းသမ္မာဒိဋ္ဌိအယူကို ထိုးထွင်းသိမှု၌လည်း မကင်းသော ချစ်ခြင်း ရှိခြင်း။ (အံ၊၂။၄၀၇။) (အံ၊၂။၄၂၅။) (ပဋိ၊၂။ ၁။၆၈။) (အံ၊မြန်၊၂။၅၁၆။) (အံ၊မြန်၊၂။၅၁၆။) (အံ၊မြန်၊၂။၅၃၇။) (အံ၊၂၊၄၂၄)

နိဒ္ဒသဝတ္ထု ၇ ပါး (တစ်နည်း) ၁။ ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ ရှက်မှု ဟိရိတရားနှင့် ပြည့်စုံခြင်း၊ ၃။ ကြောက်လန့်မှု ဩတ္တပ္ပတရားနှင့် ပြည့်စုံခြင်း၊ ၄။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း၊ ၅။ ထက်သန်သော လုံ့လရှိခြင်း၊ ၆။ သတိနှင့် ပြည့်စုံခြင်း၊ ၇။ ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၂။၄၂၆-၄၂၇။) (အံ၊မြန်၊၂။၅၄၀။)

နန္ဒမင်းသား၏ မဟာမဂ်လာ ၅ မျိုး ၁။ ကေသဝိဿဇ္ဇန- နန္ဒမင်းသား၏ ဆံထုံးကို ဖြေခြင်း မင်္ဂလာ၊ ၂။ ပဋ္ဌဗန္ဓ- နဖူး၌ သင်းကျစ်ပြားကို ဖွဲ့ခြင်းမင်္ဂလာ၊ ၃။ ဃရမင်္ဂလ- အိမ်ရှေ့မင်း၏ နန်းသစ်သို့ ဝင်ခြင်းမင်္ဂလာ၊ ၄။ အာဝါဟမင်္ဂလ- ထိမ်းမြား လက်ထပ်ခြင်း မင်္ဂလာ၊ ၅။ ဆတ္တ မင်္ဂလ- အိမ်ရှေ့ ထီးဖြူဆောင်းယူခြင်း မင်္ဂလာ။ (ဝိ၊၆၊၃။၂၉၀။)

နန္ဒာအမည်ရှိသော မင်းသမီး ၃ ယောက် ၁။ အာနန္ဒာထေရ်၏ နှမတော် နန္ဒာမင်းသမီး၊ ၂။ ခေမကသာကီဝင်မင်း၏ သမီးတော် အဘိရူပနန္ဒာ၊ ၃။ ခေမကသာကီဝင်မင်း၏ သမီးတော် ဇနပဒကလျာဏီနန္ဒာ။ (သုတ္တနိ၊၆၊၁။၂၃၃။)

နိဗ္ဗာနဓာတ် ၂ မျိုး ၁။ သဥပါဒိသေသ နိဗ္ဗာနဓာတ်- ခန္ဓာငါးပါး အကြွင်းရှိသေးသော ချုပ်ငြိမ်းမှု သဘော၊ ၂။ အနုပါဒိသေသနိဗ္ဗာနဓာတ်- ခန္ဓာငါးပါးအကြွင်းမရှိတော့သော ချုပ်ငြိမ်းမှု သဘော။ (ခုဒ္ဒက။၂၂၀။) (ပဋိသံ၊၆၊၁။၂၉၀။) (ဓာတု၊နိ၊၆။) (ခုဒ္ဒက၊မြန်။၂၀၄။)

နိဗ္ဗိဒါနုပဿနာဉာဏ်လွတ်ရာ ဥပါဒါန် ၁ ပါး ၁။ ကာမုပါဒါန်။ (ပဋိသံ။၂၄၃။) (ပဋိသံ၊မြန်။၃၀၀။)

နိဗ္ဗေဓဘာဂိယသညာ ၆ ပါး ၁။ မမြဲသော သဘော၌ မမြဲဟု အဖန်ဖန် ရှုမှတ်သော အနိစ္စာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၂။ မမြဲသော သဘော၌ ဆင်းရဲဒုက္ခဟု အဖန်ဖန် ရှုမှတ်သော ဒုက္ခာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၃။ ဆင်းရဲသော သဘော၌ (အစိုးမရ) အတ္တလိပ်ပြာ မဟုတ်ဟု အဖန်ဖန်ရှုမှတ်သော အနတ္တာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၄။ ပဟာနာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၅။ ဝိရာဂါနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၆။ နိရောဓာနုပဿနာဉာဏ်၌ ဖြစ်သော သညာ။ (ဒီ၊၃။၂၀၈။) (ဣတိဝု၊၆။၁၀၀။) (ဒီ၊မြန်၊၃။၂၃၁။)

နိဗ္ဗာန်ကို ချမ်းသာဟု ရှုခြင်း အကျိုး (၆) ပါး ၁။ လောကုတ္တရာပညာနှင့် ပြည့်စုံခြင်း၊ ၂။ နိယာမ (မဂ်) သို့ ဝင်နိုင်ခြင်း၊ ၃။ သောတာပတ္တိဖိုလ်ကို ရနိုင်ခြင်း၊ ၄။ သကဒါဂါမိဖိုလ်ကို ရနိုင်ခြင်း၊ ၅။ အနာဂါမိဖိုလ်ကို ရနိုင်ခြင်း၊ ၆။ အရဟတ္တဖိုလ်ကို ရနိုင်ခြင်း။ (အံ၊၂။၃၈၅။) (အံ၊မြန်၊၂။၄၈၆။)

http://www.dhammadownload.com

နိဗ္ဗာန်ကို ဆင်းရဲဟု ရှုခြင်း အပြစ် ၆ ပါး ၁။ လောကုတ္တရာပညာနှင့် မပြည့်စုံနိုင်ခြင်း၊ ၂။ နိယာမ (မဂ်) သို့ မသက်ဝင်နိုင်ခြင်း၊ ၃။ သောတာပတ္တိဖိုလ်ကို မရနိုင်ခြင်း၊ ၄။ သကဒါဂါမိဖိုလ်ကို မရနိုင်ခြင်း၊ ၅။ အနာဂါမိဖိုလ်ကို မရနိုင်ခြင်း၊ ၆။ အရဟတ္တဖိုလ်ကို မရနိုင်ခြင်း။ (အံ၊၂။၃၈၅။) (အံ၊မြန်၊၂။၄၈၆။)

နိဗ္ဗာန်မရကြောင်း တရား ၆ ပါး ၁။ စိတ်ကို နှိမ့်ချသင့်သော အခါ၌ မနှိမ့်ချခြင်း၊ ၂။ စိတ်ကို ချီးမြှောက်သင့်သော အခါ၌ မချီးမြှောက်ခြင်း၊ ၃။ စိတ်ကို ရွှင်လန်းစေသင့်ရာအခါ၌ မရွှင်လန်းစေခြင်း၊ ၄။ စိတ်ကို လျစ်လျူရှုသင့်သော အခါ၌ လျစ်လျူမရှုခြင်း၊ ၅။ နှလုံးသွင်း ယုတ်ညံ့ခြင်း၊ ၆။ ခန္ဓာငါးပါးဟူသော သက္ကာယ၌ မွေ့လျော်ခြင်း။ (အံ၊၂။၃၇၉။) (အံ၊မြန်၊ ၂။၄၇၈။)

နိဗ္ဗာန်ရကြောင်း တရား ၆ ပါး ၁။ စိတ်ကို နှိမ့်ချသင့်သောအခါ၌ နှိမ့်ချခြင်း၊ ၂။ စိတ်ကို ချီးမြှောက်သင့်သော အခါ၌ ချီးမြှောက်ခြင်း၊ ၃။ စိတ်ကို ရွှင်စေသင့်သော အခါ၌ ရွှင်စေခြင်း၊ ၄။ စိတ်ကို လျစ်လျူရှုသင့်သော အခါ၌ လျစ်လျူရှုခြင်း၊ ၅။ နှလုံးသွင်း မွန်မြတ်ခြင်း၊ ၆။ နိဗ္ဗာန်၌ မွေ့လျော်ခြင်း။ (အံ၊၂။၃၇၉။) (အံ၊မြန်၊၂။၄၇၈။)

နိဗ္ဗာန်ရောက်ကြောင်း တရား ၃ ပါး ၁။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလအစုနှင့် ပြည့်စုံခြင်း၊ ၂။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သမာဓိအစုနှင့် ပြည့်စုံခြင်း၊ ၃။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ပညာအစုနှင့် ပြည့်စုံခြင်း။ (အံ၊၃။၅၂၉။) (အံ၊မြန်၊၃။၅၁၆။)

နိဗ္ဗာန်သို့ ရောက်ကြောင်းတရား ၃ ပါး (တစ်နည်း) ၁။ မလိုချင် မတပ်မက်မှု အလောဘ၊ ၂။ အမျက်မထွက်မှု အဒေါသ၊ ၃။ မတွေဝေမှု အမောဟ။ (အံ၊၁။၃၃၄။) (အံ၊၂။၂၉၈။) (အံ၊မြန်၊၁။၁၅၂။) (အံ၊မြန်၊၂။၃၈၃။)

နိဗ္ဗာန်ရောက်ကြောင်း တရား ၃ ပါး (တစ်နည်း) ၁။ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း ဣဒ္ဓိပါဋိဟာရိယနှင့် ပြည့်စုံခြင်း၊ ၂။ ရည်ညွှန်း၍ အတတ်ဟောနိုင်ခြင်း အာဒေသနာပါဋိဟာရိယနှင့် ပြည့်စုံခြင်း၊ ၃။ ဆုံးမမှု အနုသာသနီပါဋိဟာရိယနှင့် ပြည့်စုံခြင်း။ (အံ၊၃။၅၂၉။) (အံ၊မြန်၊၃။၅၁၇။)

နိဗ္ဗာန်ရောက်ကြောင်း တရား ၃ ပါး (တစ်နည်း) ၁။ သမ္မာဒိဋ္ဌိ= မှန်သော အမြင်နှင့် ပြည့်စုံခြင်း၊ ၂။ သမ္မာဉာဏ= မှန်ကန်သော အသိဉာဏ်နှင့် ပြည့်စုံခြင်း၊ ၃။ သမ္မာဝိမုတ္တိ= မှန်ကန်သော လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်း။ (အံ၊၃။၅၂၉။) (အံ၊မြန်၊၃။၅၁၇။)

နိဗ္ဗာန်ရောက်ကြောင်း တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။ ၄၇၂-၇၈။)

နိဗ္ဗာန်သို့ ရောက်ကြောင်း သညာ ၆ ပါး နိဗ္ဗေဓဘာဂိယသညာ ၆ ပါးနှင့် တူသည်။

http://www.dhammadownload.com

နိဗ္ဗာန်ရောက်ကြောင်း အကျင့် ၈ ပါး ၁။ သမ္မာဒိဋ္ဌိ– မှန်သော အယူရှိခြင်း၊ ၂။ သမ္မာသင်္ကပ္ပ– မှန်သော အကြံရှိခြင်း၊ ၃။ သမ္မာဝါစာ– မှန်သော စကားကို ပြောဆိုခြင်း၊ ၄။ သမ္မာကမ္မန္တ– မှန်သော အလုပ်ကို လုပ်ခြင်း၊ ၅။ သမ္မာအာဇီဝ– မှန်သော အသက်မွေးမှု ရှိခြင်း၊ ၆။ သမ္မာဝါယာမ– မှန်သော အားထုတ်မှု ရှိခြင်း၊ ၇။ သမ္မာသတိ– မှန်သော သတိရှိခြင်း၊ ၈။ သမ္မာသမာဓိ– မှန်သော သမာဓိရှိခြင်း။ (သံ၊၂။၄၄၇၊၄၄၈။) (သံ၊မြန်၊၂။၄၄၃၊၄၄၄။)

နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရား ၁၅ ပါး ၁။ ကျင့်နိုင်စွမ်းရှိရခြင်း၊ ၂။ ကိုယ်နှုတ် ဖြောင့်မတ်ရခြင်း၊ ၃။ စိတ်ထား ကောင်းစွာ ဖြောင့်မတ်ရခြင်း၊ ၄။ ဆိုဆုံးမလွယ်ကူရခြင်း၊ ၅။ စိတ်ထား နူးညံ့သိမ်မွေ့ရခြင်း၊ ၆။ မာန်မာနမရှိခြင်း၊ ၇။ ပစ္စည်း ၄ ပါး၌ ရောင့်ရဲလွယ်ခြင်း၊ ၈။ မွေးမြူ လွယ်ခြင်း၊ ၉။ အမှုကိစ္စ နည်းပါးခြင်း၊ ၁၀။ ဝန်ကျဉ်းပေါ့ပါးသော အသက်မွေးမှု ရှိရခြင်း၊ ၁၁။ ငြိမ်သက်သော ဣန္ဒြေရှိရခြင်း၊ ၁၂။ ရင့်ကျက်သော ပညာရှိရခြင်း၊ ၁၃။ ကိုယ်နှုတ်စိတ် ကြမ်းတမ်းမှု မရှိရခြင်း၊ ၁၄။ ဒါယကာတို့၌ တပ်မက်မှုကင်းရခြင်း၊ ၁၅။ ပညာရှိတို့ ကဲ့ရဲ့စွပ်စွဲ နိုင်မည့် ဒုစရိုက်ကို အနည်းငယ်မျှလည်း မပြုကျင့်ရခြင်း။ (ခုဒ္ဒက။၁၀။) (ခုဒ္ဒက၊ မြန်။၁၀။)

နိဗ္ဗာန်သို့ ရောက်စေတတ်သော ကံ ဖြစ်ကြောင်း တရား ၃ ပါး ၁။ အလောဘ၊ ၂။ အဒေါသ၊ ၃။ အမောဟ၊ ၁။ (တစ်နည်း) အားကြီးသော တပ်မက်ခြင်း ဆန္ဒရာဂ၏ အကြောင်းဖြစ်ကုန်သော အတိတ်တရားကို စွဲ၍ အလိုဆန္ဒ မဖြစ်ခြင်း၊ ၂။ အားကြီးသော တပ်မက်ခြင်း ဆန္ဒရာဂ၏ အကြောင်းဖြစ်ကုန်သော အနာဂတ်တရားကို စွဲ၍ အလိုဆန္ဒ မဖြစ်ခြင်း၊ ၃။ အားကြီးသော တပ်မက်ခြင်း ဆန္ဒရာဂ၏ အကြောင်းဖြစ်ကုန်သော ပစ္စုပ္ပန်တရားကို စွဲ၍ အလိုဆန္ဒ မဖြစ်ခြင်း။ (အံ၊၁။၂၆၆။) (အံ၊၁။၂၆၈။) (အံ၊မြန်၊၁။၂၈၄။) (အံ၊မြန်၊၁။၂၈၄။)

နိဗ္ဗာန်သို့ သက်ဝင်စေနိုင်သော သညာ ၉ မျိုး ၁။ မတင့်တယ်ဟု အမှတ်ပြုခြင်း= အသုဘသညာ၊ ၂။ သေခြင်း၌ အမှတ်ပြုခြင်း= မရဏသညာ၊ ၃။ အစားအသောက်၌ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုခြင်း= အာဟာရေ ပဋိကူလသညာ၊ ၄။ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု အမှတ် ပြုခြင်း= သဗ္ဗလောကေ အနဘိရတိသညာ၊ ၅။ မမြဲဟု အမှတ်ပြုခြင်း= အနိစ္စသညာ၊ ၆။ မမြဲမှု၌ ဆင်းရဲဟု အမှတ်ပြုခြင်း= အနိစ္စေ ဒုက္ခသညာ၊ ၇။ ဆင်းရဲမှု၌ အစိုးမရဟု အမှတ်ပြုခြင်း= ဒုက္ခေ အနတ္တသညာ၊ ၈။ ပယ်ခြင်း၌ ဖြစ်သော အမှတ်ပြုခြင်း= ပဟာနသညာ၊ ၉။ တပ်မက်မှု ကင်းခြင်း၌ ဖြစ်သော အမှတ်ပြုခြင်း= ဝိရာဂသညာ။ (အံ၊၃။ ၁၉၂။) (အံ၊မြန်၊၃။၁၉၂။)

နာမ် ၄ မျိုး နာမည် ၄ မျိုး၊ နာမည် ၄ မျိုး (တစ်နည်း)တို့နှင့် တူသည်။

နာမ်ကမ္မဋ္ဌာန်း၌ နှလုံးသွင်းခြင်း ၃ မျိုး ၁။ ဖဿ၏ အစွမ်းဖြင့် နှလုံးသွင်းခြင်း၊ ၂။ ဝေဒနာ၏ အစွမ်းဖြင့် နှလုံးသွင်းခြင်း၊ ၃။ စိတ်၏ အစွမ်းဖြင့် နှလုံးသွင်းခြင်း။ (ဒီ၊ဋ္ဌ၊၂။၃၁၄။) (ဒီ၊ဋ္ဌ၊မြန်၊ ၂။၅၇၈။)

နိမ္မာနရတိနတ်ပြည်၌ ဖြစ်နိုင်သော မယား ၄ မျိုး ၁။ မိခင်နှင့် တူသော မယား၊ ၂။ နှမနှင့် တူသော မယား၊ ၃။ အဆွေခင်ပွန်းနှင့် တူသော မယား၊ ၄။ ကျွန်မနှင့် တူသော မယား။ (ဇာ၊ဋ္ဌ၊၂။၃၁၅။)

နိသဇ္ဇာဒေါသ ၆ ပါး ထိုင်ခြင်း၌ အပြစ် ၆ မျိုးနှင့် တူသည်။

http://www.dhammadownload.com

နိဿဂ္ဂိပါစိတ် သိက္ခာပုဒ် ၃၀ ကထိနဝဂ်၌ ၁။ ပထမကထိနသိက္ခာပုဒ်၊ ၂။ ဒုတိယကထိန သိက္ခာပုဒ်၊ ၃။ တတိယကထိနသိက္ခာပုဒ်၊ ၄။ သင်္ကန်းဟောင်းကို ဖွပ်လျှော်ခိုင်းခြင်း သိက္ခာပုဒ်၊ ၅။ သင်္ကန်းကို ခံယူခြင်း သိက္ခာပုဒ်၊ ၆။ ဆွေမျိုးမတော်သူကို တောင်းခြင်း သိက္ခာပုဒ်၊ ၇။ သင်းပိုင် ကိုယ်ဝတ်ထက် လွန်၍ တောင်းခြင်း သိက္ခာပုဒ်၊ ၈။ ဥဒ္ဒိဿသဒ္ဒါဖြင့် မှတ်အပ်သော သင်္ကန်း၌ အထူးကြံစည်ခြင်း (ပထမဥပက္ခဋ္ဌ) သိက္ခာပုဒ်၊ ၉။ ဥဘိန္နံသဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယ ဥပက္ခဋ္ဌသိက္ခာပုဒ်၊ ၁၀။ ဒူတပုဒ်ဖြင့် မှတ်အပ်သော ရာဇသိက္ခာပုဒ်၊ ကောသိယဝဂ်၌ ၁၁။ သိုးမွေးဖြင့် မှတ်အပ်သော ကောသိယသိက္ခာပုဒ်၊ ၁၂။ အမည်းသက်သက် သိုးမွေးဖြင့် မှတ်အပ်သော သိက္ခာပုဒ်၊ ၁၃။ သိုးမွေးဖြူ သိုးမွေးကြောင် နှစ်ဖို့ဖြင့် မှတ်အပ်သော ဒွေဘာဂ သိက္ခာပုဒ်၊ ၁၄။ ဆဗ္ဗဿသိက္ခာပုဒ်၊ ၁၅။ နိသီဒနသိက္ခာပုဒ်၊ ၁၆။ နှစ်ပါးသော သိုးမွေးဖြင့် မှတ်အပ်သော သိက္ခာပုဒ်၊ ၁၇။ သိုးမွေးဖွပ်ခိုင်းသော သိက္ခာပုဒ်၊ ၁၈။ ရွှေငွေကို ခံယူသော သိက္ခာပုဒ်၊ ၁၉။ ရွှေငွေကို ဖလှယ်သော သိက္ခာပုဒ်၊ ၂၀။ ကုန်ရောင်းကုန်ဝယ် သိက္ခာပုဒ်၊ ပတ္တဝဂ်၌ ၂၁။ ပဌမ သပိတ်သိက္ခာပုဒ်၊ ၂၂။ ဒုတိယ သပိတ်သိက္ခာပုဒ် (ငါးဖွဲ့အောက် ယုတ်သော သပိတ်သိက္ခာပုဒ်)၊ ၂၃။ ဆေးကို ပညတ်သော သိက္ခာပုဒ်၊ ၂၄။ မိုးရေခံသင်္ကန်း သိက္ခာပုဒ်၊ ၂၅။ ငါးခုမြောက် လုယူခြင်းဖြင့် မှတ်အပ်သော သိက္ခာပုဒ်၊ ၂၆။ ချည်ကို ကိုယ်တိုင် တောင်းသော သိက္ခာပုဒ်၊ ၂၇။ သင်္ကန်းကို ရက်စေသော သိက္ခာပုဒ်၊ ၂၈။ အဆောတလျင် လှူသော သင်္ကန်း သိက္ခာပုဒ်၊ ၂၉။ သင်္ကန်းကို ရွာတွင်း၌ ထားသော သိက္ခာပုဒ်၊ ၃၀။ သံဃာ၏ လာဘ်ကို မိမိသို့ ညွတ်စေသော သိက္ခာပုဒ်။ (ဝိ၊၅။၂၁။) (ဝိ၊မြန်၊၅။၃၆။)

နိဿဂ္ဂိပါစိတ်အာပတ် ဖြစ်ကြောင်း သမုဋ္ဌာန် ၆ ပါး ၁။ ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် စိတ်ကြောင့် မဖြစ်ကုန်၊ ၂။ ရံခါ နှုတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်စိတ်ကြောင့် မဖြစ်ကုန်၊ ၃။ ရံခါ ကိုယ်ကြောင့်လည်းကောင်း နှုတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်၊ ၄။ ရံခါ ကိုယ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်၊ ၅။ ရံခါ ကိုယ်ကြောင့်လည်းကောင်း နှုတ်ကြောင့် လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏။ (ဝိ၊၅။၃၆၃။) (ဝိ၊မြန်၊၅။၄၆၇။)

နိဿယ ၂ မျိုး ၁။ တဏှာနိဿယ၊ ၂။ ဒိဋ္ဌိနိဿယ။ (နေတ္တိ၊၌။၅၅။)

နိဿယည်း ငြိမ်းကြောင်း အင်္ဂါ ၅ ပါး (ဥပဇ္ဈာယ်ဆရာနှင့် စပ်၍ နိဿယည်း ငြိမ်းကြောင်း အင်္ဂါ ၅ ပါး) ၁။ ဥပဇ္ဈာယ်ဆရာသည် အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားခြင်း၊ ၂။ ဥပဇ္ဈာယ် ဆရာသည် လူထွက်သွားခြင်း၊ ၃။ ဥပဇ္ဈာယ်ဆရာသည် သေလွန်သွားခြင်း၊ ၄။ ဥပဇ္ဈာယ် ဆရာသည် တိတ္ထိဘောင်သို့ ပြောင်းရွှေ့သွားခြင်း၊ ၅။ ဥပဇ္ဈာယ်ဆရာ၏ နှင်ထုတ်ခြင်းကို ခံရခြင်း။ (ဝိ၊၃။၈၉။) (ဝိ၊၅။၂၃၀။) (ဝိ၊မြန်၊၃။၇၉။) (ဝိ၊မြန်၊၅။၃၁၉။)

နိဿယည်း ငြိမ်းကြောင်း အင်္ဂါ ၆ ပါး ၁။ နိဿယည်းဆရာသည် အရပ်တစ်ပါးသို့ ပြောင်းရွှေ့ သွားခြင်း၊ ၂။ နိဿယည်းဆရာသည် လူထွက်သွားခြင်း၊ ၃။ နိဿယည်းဆရာသည် သေလွန် သွားခြင်း၊ ၄။ နိဿယည်းဆရာသည် တိတ္ထိဘောင်သို့ ပြောင်းရွှေ့သွားခြင်း၊ ၅။ နိဿယည်း ဆရာ၏ နှင်ထုတ်ခြင်းကို ခံရခြင်း၊ ၆။ ဥပဇ္ဈာယ်ဆရာနှင့် တွေ့ဆုံခြင်း။ (ဝိ၊၃။၈၉။)(ဝိ၊မြန်၊၃။၉၁။)

http://www.dhammadownload.com

နိဿယညှိးဆရာ ပြုလုပ်၍ မနေသင့်သူ ၂ မျိုး ၁။ အလဇ္ဇီပုဂ္ဂိုလ်၊ ၂။ ဝိနည်း၌ မလိမ္မာသူ။ (ဝိ၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

နိဿယညှိးဆရာ ဖြစ်ကြောင်း တရား ၅ ပါး ၁။ သီလနှင့် ပြည့်စုံခြင်း၊ ၂။ သမာဓိနှင့် ပြည့်စုံခြင်း၊ ၃။ ပညာနှင့် ပြည့်စုံခြင်း၊ ၄။ ဝိမုတ္တိနှင့် ပြည့်စုံခြင်း၊ ၅။ ဝိမုတ္တိဉာဏဒဿနနှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၃၈။) (အံ၊မြန်၊၂။၃၀၄။)

နိဿယညှိးဆရာ မရှိဘဲ အသက်ထက်ဆုံး နေခွင့်ရှိသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဥပုသ်ကို သိခြင်း၊ ၂။ ဥပုသ်ကံကို သိခြင်း၊ ၃။ ပါတိမောက်ကို သိခြင်း၊ ၄။ ပါတိမောက် ပြခြင်းကို သိခြင်း၊ ၅။ ငါးဝါ, ငါးဝါအထက် ကျော်လွန်ခြင်း။ (ဝိ၅။၃၁၃။) (ဝိ၊မြန်၊၅။၄၁၁။)

နိဿယညှိးဆရာ မရှိဘဲ အသက်ထက်ဆုံး နေခွင့်ရှိသော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ပဝါရဏာကို သိခြင်း၊ ၂။ ပဝါရဏာကံကို သိခြင်း၊ ၃။ ပါတိမောက်ကို သိခြင်း၊ ၄။ ပါတိမောက် ပြမှုကို သိခြင်း၊ ၅။ ငါးဝါ, ငါးဝါအထက် ကျော်လွန်ခြင်း။ (ဝိ၅။၃၁၃။) (ဝိ၊မြန်၊၅။၄၁၁။)

နိဿယညှိးဆရာမရှိဘဲ အသက်ထက်ဆုံး နေခွင့်မရှိသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဥပုသ်ကို မသိခြင်း၊ ၂။ ဥပုသ်ကံကို မသိခြင်း၊ ၃။ ပါတိမောက်ကို မသိခြင်း၊ ၄။ ပါတိမောက် ပြခြင်းကို မသိခြင်း၊ ၅။ ငါးဝါ မပြည့်သေးခြင်း၊ **မှတ်ချက်။** ။ အမှီဆရာ မရှိဘဲ အသက်ထက်ဆုံး နေခွင့်ရှိသော ရဟန်း၏ အင်္ဂါ ၅ ပါးကို အထက်က နေခွင့်မရှိသော ရဟန်း၏အင်္ဂါ (၅) ပါးနှင့် အပြန်ယူအပ်၏။ (ဝိ၅။၃၁၃။) (ဝိ၊မြန်၊၅။၄၁၁။)

နိဿယညှိးဆရာ မရှိဘဲ အသက်ထက်ဆုံး နေခွင့်မရှိသော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ပဝါရဏာကို မသိခြင်း၊ ၂။ ပဝါရဏာကံကို မသိခြင်း၊ ၃။ ပါတိမောက်ကို မသိခြင်း၊ ၄။ ပါတိမောက်ပြခြင်းကို မသိခြင်း၊ ၅။ ငါးဝါ မပြည့်သေးခြင်း၊ **မှတ်ချက်။** ။ အမှီ (ဆရာ) မရှိဘဲ နေကောင်းသော ရဟန်း၏ အင်္ဂါ (၅) ပါးကို အထက်က နေခွင့်မရှိသော ရဟန်း၏ အင်္ဂါ (၅) ပါးနှင့် အပြန်ယူအပ်၏။ (ဝိ၅။၃၁၃။) (ဝိ၊မြန်၊၅။၄၁၁။)

နိဿယညှိးဆရာ မရှိဘဲ အသက်ထက်ဆုံး နေခွင့်မရှိသော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ် ဟုတ်သည် မဟုတ်သည်ကို မသိခြင်း၊ ၂။ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိခြင်း၊ ၃။ အကြွင်းရှိ၊ မရှိသော အာပတ်ကို မသိခြင်း၊ ၄။ ရုန့်ရင်း မရုန့်ရင်းသော အာပတ်ကို မသိခြင်း၊ ၅။ ငါးဝါ မပြည့်ခြင်း။ (ဝိ၅။၃၁၄။) (ဝိ၊မြန်၊၅။၄၁၁။)

နိဿယညှိးဆရာ၏ အင်္ဂါ ၁၀ ပါး ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင်များခြင်း၊ ၃။ ဥဘတောဝိဘင်းကို နှုတ်တက်ရရှိခြင်း၊ ၄။ မကျန်းမမာသူကို လုပ်ကျွေးပြုစုနိုင်ခြင်း၊ ၅။ မပျော်မွေ့မှုကို ငြိမ်းစေနိုင်ခြင်း၊ ၆။ ကုက္ကုစ္စသံသယကို ပယ်ဖျောက်နိုင်ခြင်း၊ ၇။ မိန္ဆာအယူကို ပယ်ဖျောက်နိုင်ခြင်း၊ ၈။ အဓိသီလ၌ တည်စေနိုင်ခြင်း၊ ၉။ အဓိစိတ္တ၌ တည်စေနိုင်ခြင်း၊ ၁၀။ အဓိပညာ၌ တည်စေနိုင်ခြင်း။ (အံ၊၃။၃၁၃။) (အံ၊မြန်၊၃။၃၁၃။)

နိဿယညှိး ပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး၊ သာမဏေကို ပြုစုလုပ်ကျွေးစေနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါးတို့နှင့် တူသည်။

http://www.dhammadownload.com

နိဿယည်းပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါးနှင့် တူသည်။

နိဿယည်းပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ရဟန်း၏ အင်္ဂါ ၅ ပါး၊ သာမဏေကို ပြုစုလုပ်ကျွေးစေနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါးနှင့် တူသည်။

နိဿယည်းပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး၊ သာမဏေကို ပြုစုလုပ်ကျွေးစေနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါးတို့နှင့် တူသည်။

နိဿယည်းပေးအပ်သူ ၂ မျိုး ၁။ ဝိနည်း၌ မလိမ္မာသူ၊ ၂။ တောင်းပန်သော လဒ္ဓိပုဂ္ဂိုလ်။ (ဝိ၅၅။ ၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

နိဿယည်း မပေးထိုက်ကြောင်း အင်္ဂါ ၅ ပါး ဥပဇ္ဈာယ်ဆရာ မလုပ်ထိုက်ကြောင်း အင်္ဂါ ၅ ပါးနှင့် တူသည်။

နိဿယည်း မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ရဟန်းခံမပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး၊ သာမဏေကို မပြုစုမလုပ်ကျွေးစေနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါးတို့နှင့်တူသည်။

နိဿယည်း မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး၊ သာမဏေကို မပြုစု မလုပ်ကျွေးစေနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါးတို့နှင့် တူသည်။ (ဝိ၁၃။၉၄။) (ဝိ၊မြန်၊၃။၉၆။)

နိဿယည်းမပေးအပ်သူ ၂ မျိုး ၁။ အလဒ္ဓိပုဂ္ဂိုလ်၊ ၂။ လဒ္ဓိပုဂ္ဂိုလ်ဖြစ်သော်လည်း မတောင်းပန်သော သူ။ (ဝိ၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

နိဿယည်း မပေးအပ်သော ရဟန်း၏ အင်္ဂါ ၃ ပါး ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံ မပေးအပ်သော ရဟန်း၏ အင်္ဂါ ၃ ပါးနှင့် တူသည်။

နိဿယည်းမယူဘဲ နေနိုင်သော ရဟန်း, ရဟန်းမတို့၏ အင်္ဂါ ၅ ပါး ၁။ ဥပုသ်ကို သိခြင်း၊ ၂။ ဥပုသ်ကံကို သိခြင်း၊ ၃။ ပါတိမောက်ကို သိခြင်း၊ ၄။ ပါတိမောက်ပြခြင်းကို သိခြင်း၊ ၅။ ငါးဝါ, ငါးဝါထက် ကျော်လွန်ခြင်း။ (ဝိ၅။၂၃၄။) (ဝိ၊မြန်၊၅။၃၂၂၄။)

နိဿယည်းမယူဘဲ မနေနိုင်သော ရဟန်း, ရဟန်းမတို့၏ အင်္ဂါ ၅ ပါး ၁။ ဥပုသ်ကို မသိခြင်း၊ ၂။ ဥပုသ်ကံကို မသိခြင်း၊ ၃။ ပါတိမောက်ကို မသိခြင်း၊ ၄။ ပါတိမောက်ပြခြင်းကို မသိခြင်း၊ ၅။ ငါးဝါ မပြည့်ခြင်း။ (ဝိ၅။၂၃၄။) (ဝိ၊မြန်၊၅။၃၂၂၄။)

နိဿယည်းမယူဘဲ မနေနိုင်သော ရဟန်း, ရဟန်းမတို့၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ပဝါရဏာကို မသိခြင်း၊ ၂။ ပဝါရဏာကံကို မသိခြင်း၊ ၃။ ပါတိမောက်ကို မသိခြင်း၊ ၄။ ပါတိမောက်ပြခြင်းကို မသိခြင်း၊ ၅။ ငါးဝါ မပြည့်ခြင်း။ (ဝိ၅။၂၃၄။) (ဝိ၊မြန်၊၅။၃၂၂၄။)

နိဿယည်းမယူဘဲ မနေနိုင်သော ရဟန်း, ရဟန်းမတို့၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ဟုတ် မဟုတ်ကို မသိခြင်း၊ ၂။ ပေါ့သော အာပတ်, လေးသော အာပတ်ကို မသိခြင်း၊ ၃။ အကြွင်းရှိသော အာပတ်, အကြွင်းမရှိသော အာပတ်ကို မသိခြင်း၊ ၄။ ရုန့်ရင်းသော

http://www.dhammadownload.com

အာပတ်, မရုန့်ရင်းသော အာပတ်ကို မသိခြင်း၊ ၅။ ငါးဝါ မပြည့်သေးခြင်း။ (ဝိ၊၅။၂၃၄။) (ဝိ၊မြန်၊၅။၃၂၄။)

နိဿယည်း မလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် မပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် မပြည့်စုံခြင်း။ (ဝိ၊၃။၁၁၁။) (ဝိ၊မြန်၊၃။၁၁၃။)

နိဿယည်း မလွတ်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် မပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် မပြည့်စုံခြင်း၊ ၆။ ငါးဝါမပြည့်သေးခြင်း။ (ဝိ၊၃။၁၁၃။) (ဝိ၊မြန်၊၃။၁၁၄။)

နိဿယည်း မလွတ်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားမရှိခြင်း၊ ၂။ အကုသိုလ် ဒုစရိုက်တရားတို့၌ အရှက်မရှိခြင်း၊ ၃။ အကုသိုလ် ဒုစရိုက်တရားတို့၌ အကြောက်အလန့် မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ သတိကင်းလွတ်ခြင်း၊ ၆။ ငါးဝါ မပြည့် သေးခြင်း။ (ဝိ၊၃။၁၁၄။) (ဝိ၊မြန်၊၃။၁၁၅။)

နိဿယည်း မလွတ်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ပါရာဇိက, သံဃာဒိသိသ်အာပတ် ဟူသော လွန်ကဲသော သီလပျက်စီးခြင်း၊ ၂။ အောက်အာပတ် ငါးပုံဟူသော လွန်ကဲသော အကျင့် ပျက်စီးခြင်း၊ ၃။ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော လွန်ကဲသော အယူပျက်စီးခြင်း၊ ၄။ အကြား အမြင် နည်းပါးခြင်း (ကြားနာအပ်ပြီးသော သုတ် အဘိဓမ္မာတရား မရှိခြင်း)၊ ၅။ ပညာ မရှိခြင်း (အာပတ်စသည်ကို သိစွမ်းနိုင်သော ပညာ မရှိခြင်း)၊ ၆။ ငါးဝါ မပြည့်ခြင်း။ (ဝိ၊၃။၁၁၄။) (ဝိ၊မြန်၊၃။၁၁၅။)

နိဿယည်း မလွတ်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ အာပတ်သင့်သည်ကို မသိခြင်း၊ ၂။ အာပတ်မသင့်သည်ကို မသိခြင်း၊ ၃။ အောက်အာပတ် ငါးပုံဟူသော ပေါ့သော အာပတ်ကို မသိခြင်း၊ ၄။ ပါရာဇိက သံဃာဒိသိသ်ဟူသော လေးသော အာပတ်ကို မသိခြင်း၊ ၅။ ဘိက္ခု, ဘိက္ခုနီပါတိမောက်နှစ်ပါးကို အကျယ်မရ၍ ကောင်းစွာ မဝေဖန်နိုင်ဘဲ မာတိကာဟု ဆိုအပ်သော သုတ်အားဖြင့်လည်းကောင်း၊ သဒ္ဒါပုဒ်ဗျည်းအားဖြင့်လည်းကောင်း ကောင်းစွာ မဆုံးဖြတ် နိုင်ခြင်း၊ ၆။ ငါးဝါ မပြည့်သေးခြင်း။ (ဝိ၊၃။၁၁၄။) (ဝိ၊မြန်၊၃။၁၁၅။)

နိဿယည်းမလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားမရှိခြင်း၊ ၂။ အကုသိုလ် ဒုစရိုက်တရားတို့၌ အရှက်မရှိခြင်း၊ ၃။ အကုသိုလ် ဒုစရိုက်တရားတို့၌ အကြောက်အလန့် မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ သတိလွတ်ကင်းခြင်း။ (ဝိ၊၃။၁၁၂။) (ဝိ၊မြန်၊ ၃။၁၁၃။)

http://www.dhammadownload.com

နိဿယည်းမလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ပါရာဇိက, သံဃာဒိသိသ်အာပတ်ဟူသော လွန်ကဲသော သီလပျက်စီးခြင်း၊ ၂။ အောက်အာပတ်ငါးပုံဟူသော လွန်ကဲသော အကျင့်ပျက်စီးခြင်း၊ ၃။ သဿတဒိဋ္ဌ–ဥစ္ဆေဒဒိဋ္ဌိဟု ဆိုအပ်သော လွန်ကဲသော အယူပျက်စီးခြင်း၊ ၄။ အကြားအမြင် နည်းခြင်း (ကြားနာအပ်ပြီးသော သုတ် အဘိဓမ္မာတရား မရှိခြင်း)၊ ၅။ ပညာမရှိခြင်း (အာပတ်စသည်ကို သိစွမ်းနိုင်သော ပညာမရှိခြင်း) ။ (ဝိ၊၃။၁၁၂။) (ဝိ၊မြန်၊၃။၁၁၄။)

နိဿယည်းမလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်သင့်သည်ကို မသိခြင်း၊ ၂။ အာပတ်မသင့်သည်ကို မသိခြင်း၊ ၃။ အောက်အာပတ်ငါးပုံဟူသော ပေါ့သော အာပတ်ကို မသိခြင်း၊ ၄။ ပါရာဇိက, သံဃာဒိသိသ်ဟူသော လေးသော အာပတ်ကို မသိခြင်း၊ ၅။ ဘိက္ခု, ဘိက္ခုနီဟူသော ပါတိမောက်နှစ်ပါးတို့ကို အကျယ်မရမူ၍ ကောင်းစွာမဝေဖန်နိုင်ဘဲ မာတိကာဟု ဆိုအပ်သော သုတ်အားဖြင့်လည်းကောင်း၊ သဒ္ဒါ ပုဒ် ဗျည်းအားဖြင့်လည်းကောင်း မဆုံးဖြတ်နိုင်ခြင်း။ (ဝိ၊၃။၁၁၂။) (ဝိ၊မြန်၊၃။၁၁၄။)

နိဿယည်းမလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်သင့်သည်ကို မသိခြင်း၊ ၂။ အာပတ်မသင့်သည်ကို မသိခြင်း၊ ၃။ ပေါ့သော အာပတ်ကို မသိခြင်း၊ ၄။ လေးသော အာပတ်ကို မသိခြင်း၊ ၅။ ငါးဝါ မပြည့်သေးခြင်း။ (ဝိ၊၃။၁၁၃။) (ဝိ၊မြန်၊၃။၁၁၄။)

နိဿယည်းလွတ်သော ပုဂ္ဂိုလ်၏ အင်္ဂါ ၇ ပါး ၁။ ငါးဝါပြည့်ရခြင်း၊ ၂။ ဘိက္ခုပါတိမောက်, ဘိက္ခုနီပါတိမောက် နှစ်ပါးတို့ကို နှုတ်တက်အာဂုံရခြင်း၊ ၃။ သုတ္တန်မှ လေးဘာဏဝါရတို့ကို သင်ယူထားရခြင်း၊ ၄။ အန္ဓကဝိန္ဒသုတ်, မဟာရာဟုလောဝါဒသုတ်, အမ္ဗဋ္ဌသုတ်နှင့် အလားတူသော သုတ်တစ်ခုခုကို သင်ယူရခြင်း၊ ၅။ သုမင်္ဂလ ဒုမင်္ဂလကိစ္စတို့၌ တရားဟောဖို့ရန် အနုမောဒနာတရား သုံးပုဒ်တို့ကို သင်ယူထားရခြင်း၊ ၆။ ဥပုသ်ပဝါရဏာ စသော ကံကြီးကံငယ် အဆုံးအဖြတ်ကို သင်ယူထားရခြင်း၊ ၇။ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရစေနိုင်သော သမထဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းတစ်ခုခုကို သင်ယူ ပွားများအားထုတ်ထားရခြင်း။ (ဝိ၊၆။၃။၅၄။)

နိဿယည်းလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံခြင်း။ (ဝိ၊၃။၁၁၂။) (ဝိ၊မြန်၊၃။၁၁၃။)

နိဿယည်းလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ အကုသိုလ်ဒုစရိုက်တရားတို့၌ ရှက်ခြင်း၊ ၃။ အကုသိုလ်ဒုစရိုက်တရားတို့၌ ကြောက်လန့်ခြင်း၊ ၄။ လုံ့လဝီရိယရှိခြင်း၊ ၅။ သတိတည်မြဲခြင်း သတိရှိခြင်း။ (ဝိ၊၃။၁၁၂။) (ဝိ၊မြန်၊ ၃။၁၁၃။)

နိဿယည်းလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ပါရာဇိက သံဃာဒိသိသ်အာပတ်ဟု ဆိုအပ်သော လွန်ကဲသော သီလ မပျက်စီးခြင်း၊ ၂။ အောက်အာပတ် ငါးပုံဟူသော လွန်ကဲသော

http://www.dhammadownload.com

အကျင့် မပျက်စီးခြင်း၊ ၃။ သဿတဒိဋ္ဌိ– ဥစ္ဆေဒဒိဋ္ဌိဟု ဆိုအပ်သော လွန်ကဲသော အယူ မပျက်စီးခြင်း၊ ၄။ အကြားအမြင် များခြင်း (ကြားနာအပ်ပြီးသော သုတ် အဘိဓမ္မာတရား ရှိခြင်း)၊ ၅။ ပညာရှိခြင်း (အာပတ်စသည်ကို သိစွမ်းနိုင်သော ပညာရှိခြင်း) ။ (ဝိ၊၃။၁၁၂။) (ဝိ၊မြန်၊ ၃။၁၁၄။)

နိဿယည်းလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်သင့်သည်ကို သိခြင်း၊ ၂။ အာပတ်မသင့်သည်ကို သိခြင်း၊ ၃။ အောက်အာပတ်ငါးပုံဟူသော ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ ပါရာဇိက သံဃာဒိသိသ်ဟူသော လေးသော အာပတ်ကို သိခြင်း၊ ၅။ ဘိက္ခု၊ ဘိက္ခုနီဟူသော ပါတိမောက်နှစ်ပါးကို အကျယ်ရ၍ ကောင်းစွာ ဝေဖန်နိုင်ပြီး မာတိကာဟု ဆိုအပ်သော သုတ်အားဖြင့်လည်းကောင်း သဒ္ဒါ ပုဒ် ဗျည်းအားဖြင့် လည်းကောင်း ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း။ (ဝိ၊၃။၁၁၃။) (ဝိ၊မြန်၊၃။၁၁၄။)

နိဿယည်းလွတ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်သင့်သည်ကို သိခြင်း၊ ၂။ အာပတ်မသင့်သည်ကို သိခြင်း၊ ၃။ ပေါ့သောအာပတ်ကို သိခြင်း၊ ၄။ လေးသောအာပတ်ကို သိခြင်း၊ ၅။ ငါးဝါ, ငါးဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၁၁၃။) (ဝိ၊မြန်၊၃။၁၁၄။)

နိဿယည်းလွတ်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ အကုသိုလ် ဒုစရိုက် တရားတို့၌ ရှက်ခြင်း၊ ၃။ အကုသိုလ်ဒုစရိုက်တရားတို့၌ ကြောက်လန့်ခြင်း၊ ၄။ လုံ့လဝီရိယ ရှိခြင်း၊ ၅။ သတိတည်မြဲခြင်း၊ ၆။ ငါးဝါ, ငါးဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၁၁၄။) (ဝိ၊မြန်၊ ၃။၁၁၅။)

နိဿယည်းလွတ်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ပါရာဇိက, သံဃာဒိသိသ်အာပတ် ဟူသော လွန်ကဲသော သီလ မပျက်စီးခြင်း၊ ၂။ အောက်အာပတ် ငါးပုံဟူသော လွန်ကဲသော အကျင့် မပျက်စီးခြင်း၊ ၃။ သဿတဒိဋ္ဌိ– ဥပစ္ဆေဒဒိဋ္ဌိဟူသော လွန်ကဲသော အယူ မပျက်စီးခြင်း၊ ၄။ အကြားအမြင်များခြင်း (ကြားနာအပ်ပြီးသော သုတ် အဘိဓမ္မာတရား ရှိခြင်း)၊ ၅။ ပညာ ရှိခြင်း (အာပတ်စသည်ကို သိစွမ်းနိုင်သော ပညာရှိခြင်း)၊ ၆။ ငါးဝါ, ငါးဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၁၁၄။) (ဝိ၊မြန်၊၃။၁၁၅။)

နိဿယည်းလွတ်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ အာပတ် သင့်သည်ကို သိခြင်း၊ ၂။ အာပတ်မသင့်သည်ကို သိခြင်း၊ ၃။ ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ လေးသော အာပတ်ကို သိခြင်း၊ ၅။ ဘိက္ခု–ဘိက္ခုနီပါတိမောက်နှစ်ပါးကို အကျယ်ရ၍ ကောင်းစွာ ဝေဖန်နိုင်ပြီး မာတိကာဟု ဆိုအပ်သော သုတ်အားဖြင့်လည်းကောင်း သဒ္ဒါ ပုဒ် ဗျည်းအားဖြင့်လည်းကောင်း ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း၊ ၆။ ငါးဝါ, ငါးဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၁၁၄။) (ဝိ၊မြန်၊၃။၁၁၅။)

နိဿယည်းလွတ်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော

http://www.dhammadownload.com

လွတ်မြောက်မှုဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံခြင်း၊ ၆။ ငါး၀ါ, ငါး၀ါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၁၁၃။) (ဝိ၊မြန်၊၃။၁၁၅။)

နိဿရဏာ ၃ မျိုး ကာမရာဂ၏ ထွက်မြောက်ရာ ၃ မျိုးနှင့် တူသည်။

နိဿရဏာဓာတ် ၃ မျိုး ၁။ ကာမဂုဏ်တို့မှ ထွက်မြောက်ရာဖြစ်သော နေက္ခမ္မဓာတ်၊ ၂။ ရုပ်တရားတို့မှ ထွက်မြောက်ရာဖြစ်သော အာရုပ္ပဓာတ်၊ ၃။ ပဋိစ္စသမုပ္ပါဒ်တရားတို့မှ ထွက်မြောက်ရာ ဖြစ်သော နိရောဓဓာတ်။ (ခု၌က။၂၃၇။) (ခု၌က၊မြန်။၂၂၁။)

နိဿရဏာဓာတ် ၅ မျိုး ၁။ ကာမဂုဏ်မှ ထွက်မြောက်ကြောင်း "အသုဘစျာန်"ကို နှလုံး သွင်းခြင်း၊ ၂။ ဗျာပါဒ၏ ဆန့်ကျင်ဘက် မေတ္တာကို နှလုံးသွင်းခြင်း၊ ၃။ ဝိဟိံသ၏ ဆန့်ကျင်ဘက် "အဝိဟိံသကဂုဏ်စျာန်"ကို နှလုံးသွင်းခြင်း၊ ၄။ အရူပစျာန်ကို နှလုံးသွင်းခြင်း၊ ၅။ သက္ကာယ ချုပ်ငြိမ်းမှု အရဟတ္တဖိုလ်ကို နှလုံးသွင်းခြင်း။ (အံ၊၂။၂၁၄။) (အံ၊မြန်၊၂။၂၆၈–၂၆၉–၂၇၀။)

နိဿာရဏီယ ဓာတ် ၆ မျိုး ဆန့်ကျင်ဖက်မှ ထွက်မြောက်တတ်သော ဓာတ် ၆ မျိုးနှင့် တူသည်။

နိဿိတသီလ ၂ မျိုး ၁။ တဏှာနိဿိတသီလ– ဤသီလဖြင့် ထင်ရှားသော နတ်သည် လည်းကောင်း, မထင်ရှားသော နတ်သည် လည်းကောင်း ဖြစ်လိမ့်မည်ဟု ဘဝသမ္ပတ္တိကို တောင့်တ၍ ဖြစ်စေအပ်သော သီလ၊ ၂။ ဒိဋ္ဌိ နိဿိတသီလ– ဤသီလဖြင့် သံသရာဆင်းရဲမှ စင်ကြယ်သည် လွတ်မြောက်သည်ဟု အယူစင်ကြယ်ရေးဖြင့် ဖြစ်စေအပ်သော သီလ။ (ဝိသုဒ္ဓိ၊၁။၁၂။)

နွားကျောင်းသား ကြီးပွားနိုင်ကြောင်း ၁၁ ပါး ၁။ နွားတို့၏ ရုပ်အဆင်းကို သိခြင်း၊ ၂။ နွားတို့၏ အမှတ်လက္ခဏာကို ကျွမ်းကျင်ခြင်း၊ ၃။ ယင်ချေးဥတို့ပွားသည်ကို ပယ်ဖျောက်ပေးတတ်ခြင်း၊ ၄။ အနာကို ဆေးထည့်၍ ဖုံးလွှမ်းပေးတတ်ခြင်း၊ ၅။ မီးခိုးထွက်အောင် ပြုလုပ်ပေးတတ်ခြင်း၊ ၆။ ရေဆိပ်ကို သိခြင်း၊ ၇။ နွားတို့ရေသောက်ပြီး မပြီးကို သိခြင်း၊ ၈။ လမ်းခရီးကို သိခြင်း၊ ၉။ နွားတို့ကျက်စားရာ စားကျက်၌ ကျွမ်းကျင်ခြင်း၊ ၁၀။ နွားမတို့၏ နို့ရည်ကို အကုန်မညှစ်ခြင်း၊ ၁၁။ နွားတို့ဖခင် နွားတို့၏ ဦးစီးဖြစ်သော နွားလား ဥသဘတို့ကို ထူးထူးကဲကဲ ပူဇော်ခြင်း။ (မ၊၁။၂၈၄။) (အံ၊၃။၅၄၉။) (မ၊မြန်၊၁။၂၉၁။) (အံ၊မြန်၊၃။၅၃၆။)

နွားကျောင်းသား မကြီးပွားနိုင်ကြောင်း ၁၁ ပါး ၁။ နွားတို့၏ ရုပ်အဆင်းကို မသိခြင်း၊ ၂။ နွားတို့၏ အမှတ်လက္ခဏာကို မကျွမ်းကျင်ခြင်း၊ ၃။ ယင်ချေးဥ တိုးပွားသည်ကို မပယ်ဖျောက်တတ်ခြင်း၊ ၄။ အနာကို ဆေးထည့်ပြီး ဖုံးလွှမ်းမပေးတတ်ခြင်း၊ ၅။ မီးခိုးထွက်အောင် မပြုလုပ်တတ်ခြင်း၊ ၆။ ရေဆိပ်ကို မသိခြင်း၊ ၇။ နွားတို့၏ ရေသောက်ပြီး, မပြီးကို မသိခြင်း၊ ၈။ လမ်းခရီးကို မသိခြင်း၊ ၉။ နွားတို့ကျက်စားရာ နွားစားကျက်၌ မကျွမ်းကျင်ခြင်း၊ ၁၀။ နွားမတို့၏ နို့ရည်ကို ကုန်အောင်ညှစ်ခြင်း၊ ၁၁။ နွားတို့၏ ဦးစီးဖြစ်သော နွားလားဥသဘတို့ကို ထူးထူးကဲကဲ မပူဇော်ခြင်း။ (မ၊၁။၂၈၁။) (အံ၊၃။၅၄၆။) (မ၊မြန်၊၁။၂၈၉။) (အံ၊မြန်၊၃။၅၃၃။)

နွားထွက်အရသာ ၅ မျိုး ၁။ နို့ရည်၊ ၂။ နို့ခမ်း၊ ၃။ ရက်တက်ရည်၊ ၄။ ဆီဦး၊ ၅။ ထောပတ်။ (ဝိ၊၃။၃၄၂။) (ဝိ၊မြန်၊၃။၃၄၆။) (သုတ္တနိ၊၌၊၂။၅၃။)

http://www.dhammadownload.com

နွားထွက်အရသာ ငါးမျိုးတို့ကို သုံးဆောင်ရကျိုး ၄ မျိုး ၁။ ဆာလောင် မွတ်သိပ်ခြင်းကို ငြိမ်းစေခြင်း၊ ၂။ အရေ၏အဆင်း အထူး ကြည်လင်ခြင်း၊ ၃။ အားကို တိုးပွားစေခြင်း၊ ၄။ ကိုယ်ချမ်းသာ, စိတ်ချမ်းသာကို ဖြစ်စေခြင်း။ (သုတ္တနိ၊၆၊၂၊၅၃။)

နွားလား ၃ မျိုး ၁။နွားတစ်ရာတို့၏ အကြီးအကဲဖြစ်သောမြတ်သောနွားလားဥသဘ၊ ၂။နွားအထောင်တို့၏ အကြီးအကဲဖြစ်သော မြတ်သော နွားလားဝသဘ၊ ၃။ နွားအားလုံးတို့၏ အကြီးအကဲဖြစ်သော ဖြူစင်သော ကြည်ညိုဖွယ်ရှိသော ဝန်ကြီးကို ဆောင်နိုင်သော မိုးခြိမ်းသံတို့မှလည်း မကြောက်မလန့်သော မြတ်သော နွားလားနိသဘ။ (သီ၊ဋ္ဌ၊သစ်၊၂။၃၆၂။)

နွားလား ၄ မျိုး ၁။ မိမိနွားအုပ်၌သာ ကြမ်းတမ်းပြီး အခြားနွားအုပ်၌ မကြမ်းတမ်းသော နွားလား၊ ၂။ အခြားနွားအုပ်၌သာ ကြမ်းတမ်းပြီး မိမိနွားအုပ်၌ မကြမ်းတမ်းသော နွားလား၊ ၃။ မိမိနွားအုပ်၌လည်း ကြမ်းတမ်း, အခြားနွားအုပ်၌လည်း ကြမ်းတမ်းသော နွားလား၊ ၄။ မိမိနွားအုပ်၌လည်း မကြမ်းတမ်း, အခြားနွားအုပ်၌လည်း မကြမ်းတမ်းသော နွားလား။ (အံ၊၁။၄၂၃။) (အဘိ၊ပု။၁၅၄။) (အံ၊မြန်၊၁။၄၃၆။) (အဘိ၊ပု၊မြန်။၅၈။)

နွားလားနှင့် တူသော ပုဂ္ဂိုလ် ၄ မျိုး ၁။ မိမိနွားအုပ်၌ကြမ်းလျက် တစ်ပါးသော နွားအုပ်၌ မကြမ်းသော နွားလားကဲ့သို့ မိမိပရိသတ်ကို ထိတ်လန့်စေလျက် သူတစ်ပါးပရိသတ်ကို မထိတ်လန့်စေတတ်သော ပုဂ္ဂိုလ်၊ ၂။ တစ်ပါးသော နွားအုပ်၌သာ ကြမ်းတမ်းလျက် မိမိနွားအုပ်၌ မကြမ်းသော နွားလားကဲ့သို့ တစ်ပါးသော ပရိသတ်ကိုသာ ထိတ်လန့်စေလျက် မိမိပရိသတ်ကို မထိတ်လန့်စေတတ်သော ပုဂ္ဂိုလ်၊ ၃။ မိမိနွားအုပ်၌လည်း ကြမ်းတမ်း၍ တစ်ပါးသော နွားအုပ်၌လည်း ကြမ်းတမ်းသော နွားလားကဲ့သို့ မိမိပရိသတ်ကိုလည်း ထိတ်လန့်စေလျက် သူတစ်ပါးတို့၏ ပရိသတ်ကိုလည်း ထိတ်လန့်စေတတ်သော ပုဂ္ဂိုလ်၊ ၄။ မိမိနွားအုပ်၌လည်း မကြမ်းဘဲ တစ်ပါးသော နွားအုပ်၌လည်း မကြမ်းသော နွားလားကဲ့သို့ မိမိပရိသတ်ကိုလည်း မထိတ်လန့်စေဘဲ သူတစ်ပါးပရိသတ်ကိုလည်း မထိတ်လန့်စေတတ်သော ပုဂ္ဂိုလ်။ (အံ၊၁။၄၂၃။) (အဘိ၊ပု။၁၅၄။) (အံ၊မြန်၊၁။၄၃၆။) (အဘိ၊ပု၊မြန်။၅၈။)

နွားဇော့၍ သေကြရသော ပုဂ္ဂိုလ် ၄ ဦး ၁။ ပုက္ကုသာတိ အမျိုးကောင်းသား၊ ၂။ ဗာဟိယ ဒါရုစီရိယ ရဟန်း၊ ၃။ တမ္ဗဒါဋ္ဌိက မည်သော ခိုးသူသတ်သမား၊ ၄။ သုပ္ပဗုဒ္ဓ မည်သော လူနူ။ (ဓမ္မ၊၆၊ ၁။၃၀၃။)

နွားအကျင့်ကျင့်သော ကောလိယ၏သား ပုဏ္ဏအား ဘုရားရှင် ဟောကြားသော ကံတရား ၄ မျိုး ၁။ မည်းသောကံ, မည်းသော အကျိုးရှိသော ကံ၊ ၂။ ဖြူသောကံ, ဖြူသော အကျိုးရှိသော ကံ၊ ၃။ အမည်းအဖြူရောသော ကံ, အမည်းအဖြူရောသော အကျိုးရှိသော ကံ၊ ၄။ မမည်း မဖြူသော ကံ, မမည်းမဖြူအကျိုးရှိသော ကံ။ (မ၊၂။၅၂။) (မ၊မြန်၊၂။၅၇။)

နွားအပေါင်းနှင့် ယောဂီပုဂ္ဂိုလ် တူပုံ ၄ မျိုး ၁။ နွားအပေါင်းသည် မိမိ၏ နေရာအိမ်ခြံကို မစွန့်ခြင်း, (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် "ဤကိုယ်ကောင်သည် မမြဲခြင်း, အဝတ်တို့ဖြင့် ဖုံးလွှမ်းရခြင်း, ဖရိဖရဲ ကွဲပျက်ခြင်း စသော သဘောရှိ၏"ဟု မိမိကိုယ်ကို မစွန့်ရခြင်း)၊ ၂။ နွားအပေါင်းသည် ဆွဲယူ ရွက်ဆောင်အပ်သော ဝန်ရှိသည် ဖြစ်၍ ချမ်းသာခြင်း ဆင်းရဲ

http://www.dhammadownload.com

ခြင်းဖြင့် ဝန်ကို ရွက်ဆောင်ရခြင်း, (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဆောက်တည်အပ်သော မြတ်သော အကျင့်ရှိသည် ဖြစ်၍ ချမ်းသာခြင်း ဆင်းရဲခြင်းဖြင့် အသက်ဆုံးသည်တိုင်အောင် မြတ်သော အကျင့်ကို ကျင့်ရခြင်း)၊ ၃။ နွားအပေါင်းသည် အလိုအာသာဖြင့် အနှံ့ကို ယူလျက် ရေကို သောက်ခြင်း, (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဆရာဥပဇ္ဈာယ်တို့၏ အဆုံးအမကို ချစ်ခင်လေးမြတ် ကြည်ညိုခြင်းဖြင့် ကောင်း မကောင်းသော အနှံ့ကို ယူလျက် ခံယူရခြင်း)၊ ၄။ နွားအပေါင်းသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်က ဝန်ကို ရွက်ဆောင်စေအပ်သည် ရှိသော် ရွက်ဆောင်ခြင်း, (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သီတင်းကြီး,သီတင်းလတ် ရဟန်း တို့၏လည်းကောင်း လူဥပါသကာတို့၏လည်းကောင်း အဆုံးအမကို ဦးခေါင်းဖြင့် ခံယူရခြင်း) ။ (မိလိန္ဒ။၃၈၁။) (မိလိန္ဒ။မြန်။၄၀၃။)

နှလုံးမသာယာမှုကို ပယ်ဖျောက်ပုံ ၁၀ ပါး (အလှူခံတို့အပေါ်၌ ဖြစ်တတ်သော နှလုံးမသာယာမှုကို ပယ်ဖျောက်ပုံ ၁၀ ပါး) ၁။ အလှူပွဲသို့ သူ့အသက် သတ်လေ့ရှိသူ, သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်သူဟု နှစ်မျိုး လာရာတွင် သူ့အသက်သတ်သူကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုး ခံရလိမ့်မည်ဟု ကြံ၍ မိမိကား သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူကိုသာ အာရုံပြုကာ ပေးလှူ ပူဇော်ရန်၊ ၂။ အလှူပွဲသို့ သူ့ဥစ္စာ ခိုးယူလေ့ရှိသော်သူ, သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်သူဟု နှစ်မျိုးလာရာတွင် သူ့ဥစ္စာ ခိုးယူလေ့ရှိသော သူကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုး ခံရလိမ့်မည်ဟု ကြံ၍ မိမိကား သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူကိုသာ အာရုံပြုကာ ပေးလှူပူဇော်ရန်၊ ၃။ အလှူပွဲသို့ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိသူ, ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူ နှစ်မျိုးလာရာတွင် ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်လေ့ရှိသူကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုး ခံရလိမ့်မည်ဟု ကြံ၍ မိမိကား ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူတို့ကိုသာ အာရုံပြုကာ ပေးလှူ ပူဇော်ရန်၊ ၄။ အလှူပွဲသို့ မမှန်စကား ပြောလေ့ရှိသူ, မမှန်ပြောခြင်းမှ ရှောင်ကြဉ်သူ နှစ်မျိုးလာရာတွင် မမှန်စကား ပြောလေ့ရှိသူကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုး ခံရလိမ့်မည်ဟု ကြံ၍ မိမိကား မမှန်ပြောခြင်းမှ ရှောင်ကြဉ်သူကိုသာ အာရုံပြုကာ ပေးလှူပူဇော်ရန်၊ ၅။ အလှူပွဲသို့ ကုန်းတိုက်စကား ပြောလေ့ရှိသူ, ကုန်းတိုက်စကား ပြောခြင်းမှ ရှောင်ကြဉ်သူ နှစ်မျိုးလာရာတွင် ကုန်းတိုက်စကား ပြောလေ့ရှိသူကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုး ခံရလိမ့်မည်ဟု ကြံ၍ မိမိကား ကုန်းတိုက်စကား ပြောခြင်းမှ ရှောင်ကြဉ်သူကိုသာ အာရုံပြုကာ ပေးလှူပူဇော်ရန်၊ ၆။ အလှူပွဲသို့ ရှန့်ကြမ်းသော စကား ပြောလေ့ရှိသူ, ရှန့်ကြမ်းသော စကားမှ ရှောင်ကြဉ်သူ နှစ်မျိုးလာရာတွင် ရှန့်ကြမ်းသော စကား ပြောလေ့ရှိသူကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုး ခံရလိမ့်မည်ဟု ကြံ၍ မိမိကား ရှန့်ကြမ်းသော စကားမှ ရှောင်ကြဉ်သူကိုသာ အာရုံပြုကာ ပေးလှူပူဇော်ရန်၊ ၇။ အလှူပွဲသို့ ပြိန်ဖျင်းသောစကား ပြောလေ့ရှိသူ, ပြိန်ဖျင်းသောစကား ပြောခြင်းမှ ရှောင်ကြဉ်သူ နှစ်မျိုးလာရာတွင် ပြိန်ဖျင်းသောစကား ပြောလေ့ရှိသူကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုး ခံရလိမ့်မည်ဟု ကြံ၍ မိမိကား ပြိန်ဖျင်းသောစကား ပြောခြင်းမှ ရှောင်ကြဉ်သူကိုသာ အာရုံပြုကာ ပေးလှူ

http://www.dhammadownload.com

ပူဇော်ရန်၊ ၈။ အလျှူပွဲသို့ လိုချင်တပ်မက်ခြင်း အဘိဇ္ဈာရှိသူ, လိုချင်တပ်မက်ခြင်း အဘိဇ္ဈာမရှိသူ နှစ်မျိုးလာရာတွင် လိုချင်တပ်မက်ခြင်း အဘိဇ္ဈာရှိသူကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုး ခံရလိမ့်မည်ဟု ကြံ၍ မိမိအား လိုချင်တပ်မက်ခြင်း အဘိဇ္ဈာမရှိသူကိုသာ အာရုံပြုကာ ပေးလှူပူဇော်ရန်၊ ၉။ အလျှူပွဲသို့ ပျက်စီးစေလိုသော စိတ်ဗျာပါဒရှိသူ, ပျက်စီးစေလိုသော စိတ်ဗျာပါဒမရှိသူ နှစ်မျိုးလာရာတွင် ပျက်စီးစေလိုသော စိတ်ဗျာပါဒရှိသူကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုးခံရလိမ့်ဟု ကြံ၍ မိမိကား ပျက်စီးစေလိုသော စိတ်ဗျာပါဒမရှိသူကိုသာ အာရုံပြုကာ ပေးလှူပူဇော်ရန်၊ ၁၀။ အလျှူပွဲသို့ မှားသော အယူရှိသူမိစ္ဆာဒိဋ္ဌိ, မှန်သော အယူရှိသူသမ္မာဒိဋ္ဌိ နှစ်မျိုး လာရာတွင် မှားသော အယူရှိသူ မိစ္ဆာဒိဋ္ဌိကား သူ၏ မကောင်းမှုအားလျော်စွာ သူပင် မကောင်းကျိုး ခံရလိမ့်မည်ဟု ကြံ၍ မိမိကား မှန်သော အယူရှိသူ သမ္မာဒိဋ္ဌိကိုသာ အာရုံ ပြုကာ ပေးလှူပူဇော်ရန်။ (ဒီ၊၁။၁၃၁–၂။) (ဒီ၊မြန်၊၁။၁၅၅။)

နှလုံးမွေ့လျော်ဖွယ် ရှိခြင်း ၂ မျိုး ၁။ တောဓ၏ နှလုံးမွေ့လျော်ဖွယ် ရှိခြင်း၊ ၂။ ပုဂ္ဂိုလ်၏ နှလုံးမွေ့လျော်ဖွယ် ရှိခြင်း။ (မ၊၌၊၂။၁၅၁။)

နှလုံးသွင်းခြင်း ၂ မျိုး ၁။ တဏှာနိဝေသနာ= တဏှာဟူသော နှလုံးသွင်းခြင်း၊ ၂။ ဒိဋ္ဌိနိဝေသနာ= ဒိဋ္ဌိဟူသော နှလုံးသွင်းခြင်း။ (မဟာနိ။၈၅။)

နှလုံးသွင်းမှု၌ ကျွမ်းကျင်ကြောင်း အခြင်းအရာ ၁၀ ပါး ၁။ အစဉ်အတိုင်းအားဖြင့်၊ ၂။ အလွန်မမြန်သည်၏ အဖြစ်အားဖြင့်၊ ၃။ အလွန် မနှေးသည်၏ အဖြစ်အားဖြင့်၊ ၄။ ပျံ့လွင့်ခြင်းကို တားမြစ်ခြင်းအားဖြင့်၊ ၅။ နာမည်ပညတ်ကို လွန်ခြင်းအားဖြင့်၊ ၆။ အစဉ်အတိုင်း လွှတ်ခြင်းအားဖြင့်၊ ၇။ လက္ခဏာအားဖြင့်၊ ၈, ၉, ၁၀။ သုံးပါးကုန်သော သုတ္တန်အားဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း၌ ကျွမ်းကျင်သူ၏ အဖြစ်ကို အလိုရှိအပ်၏။ (အဘိ၊၌၊၂။၅၃။)

နှာနှပ်တံ လှူရကျိုး ၈ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၂။ သီလတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၃။ ဟိရိတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၄။ ဩတ္တပ္ပတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၅။ သုတတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၆။ စာဂတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၇။ သည်းခံခြင်း ခန္တီတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၈။ ပညာဂုဏ်နှင့် ပြည့်စုံခြင်း။ (အပ၊၁။၃၆၆။) (အပ၊မြန်၊၁။၃၇၅။)

နှိုးနှောခြင်း ၂ မျိုး ၁။ ဒဿနသံသဂ္ဂ– အမြင်ဖြင့် နှိုးနှောခြင်း၊ ၂။ သဝနသံသဂ္ဂ– အကြားဖြင့် နှိုးနှောခြင်း။ (စူဠနိ။၂၃၄။)

နှိုးနှောတိုင်ပင်သူတို့ ရှောင်ကြဉ်အပ်သော အရပ် ၈ မျိုး ၁။ မညီညွတ်သော အရပ်၊ ၂။ ဘေးအန္တရာယ်ရှိသော အရပ်၊ ၃။ အလွန်လေထန်သော အရပ်၊ ၄။ နံရံစသည် ဖုံးကွယ်သော အရပ်၊ ၅။ နတ်စင်, နတ်ကွန်း အရပ်၊ ၆။ ခရီးလမ်းမ၊ ၇။ စစ်မြေပြင်၊ ၈။ ရေဆိပ်။ (မိလိန္ဒ။၉၈။) (မိလိန္ဒ၊မြန်။၁၀၆။)

နှိုင်းချိန်၍ စကားပြောသော ပုဂ္ဂိုလ်၏ အကျိုး ၅ ပါး ၁။ မဟုတ်မမှန်သော စကားကို မပြောမိတတ်ခြင်း၊ ၂။ ကုန်းတိုက်စကားကို မပြောမိတတ်ခြင်း၊ ၃။ ကြမ်းတမ်းသော စကားကို

http://www.dhammadownload.com

မပြောမိတတ်ခြင်း၊ ၄။ ပြိန်ဖျင်းသော စကားကို မပြောမိတတ်ခြင်း၊ ၅။ သေလွန်ပြီးနောက် နတ်ပြည်သို့ လားရောက်ရခြင်း။ (အံ၊၂။၂၂၂။) (အံ၊မြန်၊၂။၂၈၀။)

နှိုင်းယှဉ်ခြင်းနှင့် စပ်သော ပုဂ္ဂိုလ် ၃ ယောက် ၁။ စကားဖွာလန်ကြဲလျက် လျှပ်ပေါ်လော်လည်၍ တည်ကြည်မှုစသည် မရှိသဖြင့် နှိုင်းယှဉ်တိုင်းတာ၍ လွယ်ကူသော သုပွမေယျပုဂ္ဂိုလ်၊ ၂။ လျှပ်ပေါ်မှုစသည် မရှိဘဲ သတိ သမာဓိ စသည်နှင့် ပြည့်စုံသဖြင့် နှိုင်းယှဉ်ရန် မလွယ်ကူသော ပုဂ္ဂိုလ်၊ ၃။ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သဖြင့် မနှိုင်းယှဉ် မတိုင်းတာအပ်သော ပုဂ္ဂိုလ်။ (အံ၊၁။၂၆၉။) (အံ၊မြန်၊၁။၂၈၇။)

နှုတ်ဖြင့် ရုန့်ရင်းကြမ်းတမ်းစွာ မပြုအပ်ရာ ဌာန ၄ မျိုး ဝစီပါဂဇ္ဈိယ မပြုအပ်သည့်ဌာန ၈ မျိုးနှင့် တူသည်။

နှုတ်မှာစကား သတင်းလွှာ ဆောင်ယူပေးပို့သူ စေတမန်၏ အင်္ဂါ ၈ မျိုး တမန်အဖြစ်ဖြင့် သွားထိုက်သော ရဟန်း၏ အင်္ဂါ ၈ ပါးနှင့် တူသည်။

နှုတ်အကျင့် ၂ ပါး ဝစီသမာစာရ ၂ ပါးနှင့် တူသည်။

နှုတ်အကျင့် ၄ မျိုး (မကောင်းမှု တိုးပွားစေသော နှုတ်အကျင့် ၄ မျိုး) ၁။ မဟုတ်မမှန် စကားကို ပြောဆိုလေ့ရှိခြင်း၊ ၂။ ချောပစ် ကုန်းတိုက်စကားကို ပြောဆိုခြင်း၊ ၃။ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၄။ ပြိန်ဖျင်းသော စကားကို ပြောဆိုလေ့ရှိခြင်း။ (မ၊၃။၉၅၅။) (မ၊မြန်၊ ၃။၉၉၉။)

နှုတ်၏ စင်ကြယ်မှု ၄ မျိုး ၁။ တံစိုးလက်ဆောင်ဟူသော အကြောင်းကြောင့်လည်း မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ မရှိခြင်း၊ ၂။ ညီညွတ်သူတို့ အချင်းချင်းကွဲပြားအောင် ကုန်းတိုက်စကား မပြောတတ်ခြင်း၊ ၃။ ချစ်ခင်နှစ်လိုဖွယ်သော စကား ယဉ်ကျေးသိမ်မွေ့လျက် လူအများ နားဝင်ချိုသော စကားမျိုးကိုသာ ပြောတတ်ခြင်း၊ ၄။ အကျိုးစီးပွားနှင့်စပ်သော စကား တရားဓမ္မနှင့် စပ်သောစကား စသည်တို့ကိုသာ ပြောဆိုတတ်ခြင်း။ (အံ၊၃။၄၇၆။) (အံ၊မြန်၊၃။၄၆၈။)

နှုတ်၏ မစင်ကြယ်မှု ၄ မျိုး ၁။ ပရိသတ်အလယ်၌ တံစိုးလက်ဆောင်စသော လာဘ်အာမိသကြောင့် မဟုတ်မမှန် ပြောလေ့ရှိခြင်း၊ ၂။ ညီညွတ်သူ အချင်းချင်း ကွဲပြားသွားအောင် ကုန်းချောစကား ပြောကြားတတ်ခြင်း၊ ၃။ သူတစ်ပါးနားကို ခါးစေတတ်လျက် အမျက်ထွက်ဖွယ်စကား ကြမ်တမ်းသော စကားကို ပြောဆိုတတ်ခြင်း၊ ၄။ အကျိုးမဲ့, အခါမဲ့, တရားမဲ့ ပြိန်ဖျင်းသော စကားကို ပြောဆိုတတ်ခြင်း။ (အံ၊၃။၄၇၄။) (အံ၊မြန်၊၃။၄၆၆။)

နှင်ထုတ်ခြင်း ၂ မျိုး ၁။ ကောင်းစွာ နှင်ထုတ်ခြင်း၊ ၂။ မကောင်းသဖြင့် နှင်ထုတ်ခြင်း။ (ဝိ၊၃။၄၄၃။) (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၃။၄၅၀။) (ဝိ၊မြန်၊၅။၂၉၈။)

နှင်ထုတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၃ ပါး ဥက္ခိတ္တကရဟန်း၏ အင်္ဂါ ၃ ပါးနှင့် တူသည်။

နှစ်ခု နှစ်ခုအားဖြင့် ဟောကြားအပ်သော အကုသိုလ်တရား စု ၁၅ စု ၁။ တပ်မက်ခြင်း= တဏှာ၊ အမှန် မသိခြင်း= အဝိဇ္ဇာ၊ ၂။ မကောင်းမှု ဒုစရိုက်ကို မစက်ဆုပ်ခြင်း= အဟိရိက၊ မကောင်းမှု အကုသိုလ်ကို မကြောက်ရွံ့ခြင်း= အနောတ္တပ္ပ၊ ၃။ သတိလွတ်ကင်းခြင်း= အဿတိ၊ မသိခြင်း, မဆင်ခြင်ခြင်း= အသမ္ပဇည၊ ၄။ မသင့်သော အကြောင်းဖြင့် နှလုံးသွင်းခြင်း= အယောနိသော

http://www.dhammadownload.com

မနသိကာရ၊ ပျင်းရိသော သူ၏အဖြစ်, ပျင်းရိခြင်း= ကောသဇ္ဇ၊ ၅။ ငါအမြတ်ဆုံး အသာဆုံးဟု ဝါကြွားခြင်း= အဟံကာရ၊ ငါ့ဥစ္စာ, ငါ့ဟာဟု ပြုခြင်း= မမံကာရ၊ ၆။ ယုံကြည်မှုသဒ္ဓါ မရှိခြင်း= အဿဒ္ဓါ၊ ကုသိုလ်ကောင်းမှုဌ မေ့လျော့ခြင်း= ပမာဒ၊ ၇။ သူယုတ်တို့၏ ယုတ်ညံ့သော တရားကို ကြားနာခြင်း– အသဒ္ဓမ္မဿဝန၊ မစောင့်စည်းခြင်း= အသံဝရ၊ ၈။ သူတစ်ပါး ပစ္စည်းကို မိမိပစ္စည်း ဖြစ်စေလိုခြင်း= အဘိဇ္ဈာ၊ သူတစ်ပါးအကျိုးမဲ့ကို ကြံစည်ခြင်း= ဗျာပါဒ၊ ၉။ နိဗ္ဗာန်ချမ်းသာကို ပိတ်ဆို့တားမြစ် ဖုံးလွှမ်းတတ်သော တရား= နီဝရဏ၊ ဝဋ်ဆင်းရဲ၌ ယှဉ်တတ်သော တရား= သံယောဇန၊ ၁၀။ အမျက်ဒေါသ, အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း= ကောဓ၊ ရန်ငြိုးဖွဲ့ခြင်း= ဥပနာဟ၊ ၁၁။ သူတစ်ပါး၏ ဂုဏ်ကျေးဇူးကို ကြိတ်ချေဖျက်ဆီးခြင်း= မက္ခ၊ တုဘက်ပြိုင်ခြင်း= ပဠာသ၊ ၁၂။ ငြူစူခြင်း သူတစ်ပါး တိုးတက်, ကြီးပွား, ပြည့်စုံနေသည်ကို မနာလိုခြင်း= ဣဿာ၊ နှမြောစေးနဲမှု ဝန်တိုမှု= မစ္ဆရိယ၊ ၁၃။ လှည့်စားခြင်း အယောင်ဆောင်ခြင်း= မာယာ၊ စဉ်းလဲခြင်း, လိမ်လည်ခြင်း= သာဌေယျ၊ ၁၄။ အတ္တလောကသည် မြို၏ဟု အယူရှိခြင်း= သဿတဒိဋ္ဌိ၊ အတ္တကောင် သတ္တဝါကောင် လောကသည် သေပြီးနောက် ထပ်၍မဖြစ် အဆက်ပြတ်၏ဟူသော အယူမှား ရှိခြင်း= ဥစ္ဆေဒဒိဋ္ဌိ၊ ၁၅။ ပြောဆိုဆုံးမ ခက်ခြင်း= ဒေါဝစဿ၊ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံး ကြမ်းတမ်းရိုင်းပြခြင်း– ပဂဗ္ဘ။ (နေတ္တိ၊ဝိဘာ။၂၇၄။)

နှစ်သက်ဖွယ် ရတနာ ၂ မျိုး ၁။ ပစ္စည်း တည်းဟူသော နှစ်သက်ဖွယ်ရာ အာမိသရတနာ၊ ၂။ တရား တည်းဟူသော နှစ်သက်ဖွယ်ရာ ဓမ္မရတနာ။ (အံ၊၁။၉၃။) (အံ၊မြန်၊၁။၁၀၉။)

နိပ်ကွပ်ကြောင်း ၂၂ ပါး ၁။ပဋိညာဉ်စကားကို စွန့်ပယ်ခြင်း၊ ၂။ဝန်ခံအပ်ပြီးသောအနက် ပယ်မြစ်ခြင်း၌ မူလပဋိညာဉ်စကားမှ တစ်ပါးသော ပဋိညာဉ်စကားကို ပြုခြင်း၊ ၃။ ပဋိညာဉ်စကားနှင့် ဆန့်ကျင်သော အကြောင်းပြစကားကို ပြောကြားခြင်း၊ ၄။ ပဋိညာဉ်စကားကို ဖယ်ရှားပစ်ခြင်း၊ ၅။ သာမညအားဖြင့် ပြောဆိုအပ်သော အကြောင်းကို ပယ်မြစ်အပ်သော် တစ်ပါးသော ထူးသော အကြောင်းစကားကို ပြောဆိုခြင်း၊ ၆။ အနက်အဓိပ္ပါယ် တစ်ပါးကို ပြောဆိုခြင်း၊ ၇။ အနက်အဓိပ္ပါယ်မရှိသော စကားကို ပြောဆိုခြင်း၊ ၈။ မသိအပ်, မသိနိုင်သော အနက်သဘော၊ ၉။ ရှေ့နောက်အားဖြင့် ဆက်စပ်ခြင်းမရှိသော အနက်သဘော၊ ၁၀။ ပဋိညာ ဟိတ် ဥဒါဟရဏ် ဥပနယ နိဂုမ်းဟူသော ဝါကျအစိတ် ၅ ပါးတို့ကို အစဉ်ချွတ်လွဲစေ၍ ဖောက်ပြန်စွာ ပြောဆိုခြင်း၊ ၁၁။ အစိတ်အစိတ်၏ ချို့တဲ့ခြင်း၊ ၁၂။ အဓိက အကြောင်းကို ထုတ်ဆောင်ခြင်း၊ ၁၃။ စွပ်စွဲစကားကို ထား၍ သဒ္ဓါအနက်တို့ကို အဖန်ဖန် ပြောဆိုခြင်း၊ ၁၄။ အတုလိုက်၍ မပြောဆိုခြင်း၊ ၁၅။ ဝါဒရှင်က ပြောဆိုအပ်သော် ပရိသတ်က သိအပ်သော စကားကို ပဋိဝါဒိက သိနိုင်ခဲခြင်း၊ ၁၆။ ဝါဒဖက်ပြိုင် ပြောဆိုရာ၌ စကားတုံ့ပြန်သင့်ပါလျက် မတုံ့ပြန်နိုင်ခြင်း၊ ၁၇။ တစ်ပါးသော ပြုဖွယ်ကိစ္စနှင့် ကပ်ငြိဖွယ်ရှိသဖြင့် စကားကို ဖြတ်လိုက်ခြင်း၊ စကားကို ပယ်ဖျက်ခြင်း၊ ၁၈။ သူတစ်ပါး၏ အယူဝါဒကို ခွင့်ပြုလက်ခံခြင်း၊ ၁၉။ နှိပ်ကွပ်တားမြစ်ခြင်းသို့ ရောက်သော, (မေးစိစစ်ထိုက်သော) သူအား နှိပ်ကွပ်တားမြစ်ခြင်း၊ ၂၀။ ဆိုက်ရောက်လာသော နှိပ်ကွပ်တားမြစ်ထိုက်သော သူအားလည်းကောင်း, မနှိပ်ကွပ်, မတားမြစ်ထိုက်သော အကြောင်းအရာ၌လည်းကောင်း နှိပ်ကွပ်တားမြစ်ခြင်း၊ ၂၁။ ရှေးအယူဝါဒမှ လျှောကျသော အယူဝါဒကို ပြောဆိုခြင်း၊ ၂၂။ မသေချာသော, ဆန့်ကျင်သော အကြောင်းအတုကို ပြောဆိုခြင်း။ (အနုဋီ၊၃။၆၁။)

http://www.dhammadownload.com

နှိပ်နင်း၍ ဥပုသ်ပဝါရဏာကို ပြုသင့်သော အင်္ဂါ ၅ ပါး ၁။ အရှက် မရှိခြင်း၊ ၂။ မိုက်မဲခြင်း၊ ၃။ ပကတိသော သီလ မရှိခြင်း၊ ၄။ သာသနာမှ ရွှေ့လျောစေလိုသည် ဖြစ်၍ ဆိုတတ်ခြင်း၊ ၅။ အာပတ်မှ ထစေလိုသည် ဖြစ်၍ မဆိုတတ်ခြင်း။ (ဝိ၊၅။၃၃၆။) (ဝိ၊မြန်၊၅။၄၄၀။)

နှိမ်နင်း၍ ဥပုသ်ပဝါရဏာကို ပြုသင့်သော အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ မစင်ကြယ်သော ကိုယ်အကျင့်ရှိခြင်း၊ ၂။ မစင်ကြယ်သော နှုတ်အကျင့်ရှိခြင်း၊ ၃။ မစင်ကြယ်သော အသက်မွေးမှု ရှိခြင်း၊ ၄။ မိုက်မဲ မလိမ္မာဘဲ ငြင်းခုံခြင်းကို ပြုတတ်ခြင်း၊ ၅။ ခိုက်ရန် ပြုတတ်ခြင်း။ (ဝိ၊၅။၃၃၇။) (ဝိ၊မြန်၊၅။၄၄၀။)

ပ

ပကုဓကစ္စာယနာ၏ ကာယ ၇ ပါး ၁။ ပထဝီကာယ၊ ၂။ အာပေါကာယ၊ ၃။ တေဇောကာယ၊ ၄။ ဝါယောကာယ၊ ၅။ သုခကာယ၊ ၆။ ဒုက္ခကာယ၊ ၇။ ဇီဝကာယ။ (ဒီ၊၁။၅၂။) (ဒီ၊မြန်၊၁။၆၃။)

ပကပ္ပနာ ၂ မျိုး ၁။ တဏှာပကပ္ပနာ– တဏှာဟူသော ကြံစည်ပြုမှုခြင်း၊ ၂။ ဒိဋ္ဌိပကပ္ပနာ– ဒိဋ္ဌိဟူသော ကြံစည်ပြုမှုခြင်း။ (မဟာနိ။၅၅။) (မဟာနိ။၂၄၅။)

ပစ္ဆတ္ထိက ၂ မျိုး ရန်သူ ၂ မျိုးနှင့် တူသည်။

ပညာ ၂ မျိုး ၁။ သူတစ်ပါးမှ ကြားအပ်သော အသံကြောင့် ဖြစ်ပေါ်သော ပညာ– သုတမယိ ပညာ၊ ၂။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းကြောင့် ဖြစ်ပေါ်သော ပညာ– စိန္တာမယိ ပညာ။ (ပေဋကော။၁၆၈။)

ပညာ ၂ မျိုး (တစ်နည်း) ၁။ သမာဓိပညာ၊ ၂။ ဝိပဿနာပညာ။ (မ၊ဋ္ဌ၊၂။၂၄၅။)

ပညာ ၃ မျိုး ၁။ ကျင့်ဆဲ (သေက္ခ) ပညာ၊ ၂။ ကျင့်ပြီး (အသေက္ခ) ပညာ၊ ၃။ ကျင့်ဆဲလည်း မဟုတ် ကျင့်ပြီးလည်းမဟုတ် (နေဝသေက္ခာနာသေက္ခ) ပညာ။ (ဒီ၊၃။၁၈၃။) (ဒီ၊မြန်၊၃။၂၀၃။)

ပညာ ၃ မျိုး (တစ်နည်း) ၁။ အကြံဖြင့် ပြီးသော ပညာ၊ ၂။ ကြားမြင်ခြင်းဖြင့် ပြီးသော ပညာ၊ ၃။ ပွားများခြင်းဖြင့် ပြီးသော ပညာ။ (ဒီ၊ ၃။၁၈၃။) (ဒီ၊ မြန်၊ ၃။၂၀၃။)

ပညာ ၃ မျိုး (တစ်နည်း) ၁။ စိန္တာမယပညာ– သူတစ်ပါးတို့၏ အထံမှ သင်ယူ နာကြားခြင်း မရှိဘဲ မိမိ၏ ဉာဏ်ပညာဖြင့် ထိုးထွင်း ကြံစည်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်ပေါ်သော ပညာ၊ ၂။ သုတမယပညာ– သူတစ်ပါးတို့၏ အထံမှ သင်ကြားနာယူ ရသောကြောင့် ရရှိအပ်သော ပညာ၊ ၃။ ဘာဝနာမယပညာ– ဘာဝနာ၏ အစွမ်းအားဖြင့် ပြီးသော အပွနာသို့ ရောက်သော ပညာ။ (ပေဋကော။၂၁၈။) (ဝိသုဒ္ဓိ၊၂။၆၉။)

ပညာ ၅ မျိုး ၁။ ကံသာလျှင် မိမိဥစ္စာရှိသော သူ၏အဖြစ်ကို သိသောဉာဏ်– ကမ္မဿ ကတာပညာ၊ ၂။ စျာန ပညာ၊ ၃။ ဝိပဿနာပညာ၊ ၄။ မဂ်ပညာ၊ ၅။ ဖိုလ်ပညာ။ (အံ၊ဋ္ဌ၊ ၁။၃၇၈။)

ပညာကထာမှ ဖြစ်လာသော ဝိသုဒ္ဓိ ၅ ပါး ၁။ စင်ကြယ်သော နိဗ္ဗာန်သို့ ရောက်စေနိုင်သော ဉာဏ်အမြင်– ဒိဋ္ဌိဝိသုဒ္ဓိ၊ ၂။ ယုံမှားခြင်းကို လွန်မြောက်၍ အဟေတုကဒိဋ္ဌိ ဝိသမဟေတုက

http://www.dhammadownload.com

ဒိဋ္ဌိတို့မှ စင်ကြယ်သော (ပစ္စယပရိဂ္ဂဟ) ဉာဏ်- ကခ်ါဝိတရဏဝိသုဒ္ဓိ၊ ၃။ လမ်းစဉ်မှန်, လမ်းစဉ်မှား, ကျင့်စဉ်မှန်, ကျင့်စဉ်မှားကို သိတတ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း- မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ၄။ အရိယမဂ်သို့ ရောက်ကြောင်း အကျင့်ဖြစ်သည့် စင်ကြယ်သော ဉာဏ်အမြင်- ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ၅။ ဆန့်ကျင်ဘက် အညစ်အကြေးကို စင်ကြယ်စေတတ်- သုတ်သင်တတ်သော ဉာဏ်အမြင်- ဉာဏဒဿန ဝိသုဒ္ဓိ။ (မ၊၄၊၂။ဖ၄။)

ပညာကျယ်ပြန့်ကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအား လျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (အံ၊၁။၅၆၇။)(အံ၊မြန်၊၁။၅၈၂။)(ပဋိသံ။၃၇၀။) (သံ၊မြန်၊၃။၃၆၄၃၆၇။) (သံ၊မြန်၊၃။၃၆၄-၃၆၇။) (ပဋိသံ၊မြန်။၄၃၄။)

ပညာကြီးကြောင်း တရား ၄ ပါး ပညာကျယ်ပြန့်ကြောင်း တရား ၄ ပါး၊ ဖိုလ်ကို မျက်မှောက်ပြုကြောင်း တရား ၄ ပါးတို့နှင့် တူသည်။

ပညာစက္ခု ၅ မျိုး ဉာဏစက္ခု ၅ မျိုးနှင့် တူသည်။

ပညာပွားကြောင်း တရား ၄ ပါး ၁။သူတော်ကောင်းကို မှီဝဲချဉ်းကပ်ခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအား လျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (သံ၊မြန်၊၃။၃၆၄-၃၆၇။) (သံ၊မြန်၊၃။၃၆၄-၃၆၇။)

ပညာဖြင့် တရားထူးရကြောင်း ၈ ပါး ၁။ အလေးအမြတ်ပြုအပ်သော ဆရာသမားများနှင့် သီတင်းသုံးဖော်များအပေါ်၌ ချစ်ကြောက်ရိုသေ လေးစားမှု ရှိရခြင်း၊ ၂။ ထိုဆရာသမားများနှင့် သီတင်းသုံးဖော်များထံ အခါအားလျော်စွာ ချဉ်းကပ်၍ ယုံမှားဖွယ်ရှိသော တရားတို့၌ မေးမြန်းလျက် ယုံမှားမှုကို ပယ်ဖျောက်ရခြင်း၊ ၃။ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးမှုနှင့် ပြည့်စုံခြင်း၊ ၄။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရခြင်း၊ ၅။ ပရိယတ္တိပဋိပတ္တိ ဗဟုသုတနှင့် ပြည့်စုံရခြင်း၊ ၆။ အကုသိုလ်တရားတို့ကို ပယ်ရန်၊ ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လဝီရိယ ရှိရခြင်း၊ ၇။ သံဃာ့အလယ်သို့ ရောက်သောအခါ တိရစ္ဆာနကထာများကို မပြောမူ၍ တရားစကားကိုသာ ပြောဆိုရခြင်း၊ သူတစ်ပါးကိုလည်း တရားစကား ပြောဆိုစေလျက် နေခြင်း၊ ၈။ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အဖြစ်အပျက်ကို အဖန်တလဲလဲ ရှု၍ နေရခြင်း။ (အံ၊၃။၂၄၄။) (အံ၊မြန်၊၃။၄။)

ပညာများကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။)

ပညာများကြောင်း တရား ၄ ပါး ပညာကျယ်ပြန့်ကြောင်း တရား ၄ ပါးနှင့် တူသည်။

ပညာရကြောင်း တရား ၄ ပါး ပညာကျယ်ပြန့်ကြောင်း တရား ၄ ပါး၊ ဖိုလ်ကို မျက်မှောက်ပြုကြောင်း တရား ၄ ပါးတို့နှင့် တူသည်။

http://www.dhammadownload.com

ပညာရှိ ၂ မျိုး ၁။ ဝိနည်း မဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ ဝိနည်း ဟုတ်သည်၌ ဝိနည်းဟုတ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၅။၂၁၅။) (အံ၊၁။၈၃။) (ဝိ၊မြန်၊၅။၃၀၁။) (အံ၊မြန်၊၁။၉၈။)

ပညာရှိ ၂ မျိုး (တစ်နည်း) ၁။ မိမိအား မရောက်သော ဝန်ကို မရွက်ဆောင်သော ပုဂ္ဂိုလ်၊ ၂။ မိမိအား ရောက်သော ဝန်ကို ရွက်ဆောင်သော ပုဂ္ဂိုလ်။ (ဝိ၅။၂၁၅။) (အံ၊၁။၈၃။) (ဝိ၊မြန်၊၅။၃၀၀။) (အံ၊မြန်၊၁။၉၈။)

ပညာရှိ ၂ မျိုး (တစ်နည်း) ၁။ မအပ်သည်၌ မအပ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ အပ်သည်၌ အပ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၅။၂၁၅။) (အံ၊၁။၈၃။) (ဝိ၊မြန်၊၅။၃၀၁။) (အံ၊မြန်၊၁။၉၈။)

ပညာရှိ ၂ မျိုး (တစ်နည်း) ၁။ အာပတ်သင့်သည်၌ အာပတ်သင့်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ အာပတ်မသင့်သည်၌ အာပတ်မသင့်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၅။၂၁၅။) (အံ၊၁။၈၃။) (ဝိ၊မြန်၊၅။၃၀၁။) (အံ၊မြန်၊၁။၉၈။)

ပညာရှိ ၂ မျိုး (တစ်နည်း) ၁။ တရားမဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ တရားဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၅။၂၁၅။) (အံ၊၁။၈၃။) (ဝိ၊မြန်၊၅။၃၀၁။) (အံ၊မြန်၊၁။၉၈။)

ပညာရှိ ၂ မျိုး (တစ်နည်း) ၁။ အပြစ်ကို အပြစ်အားဖြင့် ရှုမြင်တတ်သူ၊ ၂။ အပြစ်ကို ဝန်ခံ ပြောကြား လာသော ပုဂ္ဂိုလ်အား တရားအားလျော်စွာ ခံယူသူ။ (အံ၊၁။၆၁။) (သံ၊၁။၂၄၁။) (အံ၊မြန်၊၁။၇၃။) (သံ၊မြန်၊၁။၂၂၄။)

ပညာရှိ ၃ မျိုး ၁။ ပရိယတ္တိပဋိဘာနဝါ– ဘုရားရှင်၏ သုတ္တ, ဂေယျ ဝေယျာကရဏ စသော စာပေပရိယတ္တိကို တတ်သိ နားလည်သော ပညာရှိ၊ ၂။ အကြောင်း အကျိုး ဌာနာဌာန စသည်ကို သိသော ပညာရှိ၊ ၃။ အဓိဂမပဋိဘာနဝါ– လောကုတ္တရာ တရားထူးတို့ကို ထိုးသွင်း၍ သိသော ပညာရှိ။ (မဟာနိ။၁၈၀။) (စူဠနိ။၂၂၄။) (စူဠနိ။၂၇၈။)

ပညာရှိကြောင့် မဖြစ်ပေါ်သော တရား ၃ မျိုး ၁။ ကြောက်လန့်ခြင်းဘေးအားလုံး၊ ၂။ မငြိမ်သက်ခြင်း ဥပဒ္ဒဝေါအားလုံး၊ ၃။ စိတ်ဆင်းရဲခြင်း ဥပသဂ္ဂအားလုံး။ (အံ၊၁။၁၀၀။) (အံ၊မြန်၊၁။၁၁၇။)

ပညာရှိတို့ ကဲ့ရဲ့ထိုက်သူ ဖြစ်ကြောင်းတရား ၃ ပါး ၁။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့်ရှိခြင်း၊ ၂။ နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့်ရှိခြင်း၊ ၃။ စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့်ရှိခြင်း။ (အံ၊၁။၁၀၂။) (အံ၊မြန်၊၁။၁၂၀။)

ပညာရှိတို့ မကဲ့ရဲ့ထိုက်သူ ဖြစ်ကြောင်း တရား ၃ ပါး ၁။ ကိုယ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့်၊ ၂။ နှုတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့်၊ ၃။ စိတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့်။ (အံ၊၁။၁၀၂။) (အံ၊မြန်၊၁။၁၂၀။)

ပညာရှိတို့ မတားမြစ်အပ်သော သဒ္ဒါအမည် ၃ မျိုး ၁။ လွန်ပြီး ချုပ်ပြီး ဖောက်ပြန်ပြီးသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၏ ဖြစ်ပြီးဟူသော အရေအတွက်, အမည်, ပညတ်၊ ၂။ မဖြစ်သေး, မထင်ရှားသေးသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၏ ဖြစ်လတ္တံ့

http://www.dhammadownload.com

ဟူသော အရေအတွက်, အမည်, ပညတ်၊ ၃။ ဖြစ်နေသော, ထင်ရှားနေသော ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်၏ ဖြစ်ဆဲဟူသော အရေအတွက်, အမည်, ပညတ်။ (သံ၊၂။၅၉ ဖဝ။) (သံ၊မြန်၊၂။၅၇။)

ပညာရှိတို့ ကဲ့ရဲ့ခြင်း ခံရကြောင်း တရား ၂ ပါး ၁။ ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ် မသက်ဝင် မပိုင်းခြားမူ၍ ကဲ့ရဲ့ထိုက်သူအား ချီးမွမ်းစကား ပြောဆိုခြင်း၊ ၂။ ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ် မသက်ဝင် မပိုင်းခြားမူ၍ ချီးမွမ်းထိုက်သူအား ကဲ့ရဲ့စကား ပြောဆိုခြင်း။ (တစ်နည်း) ၁။ ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ် မသက်ဝင် မပိုင်းခြားမူ၍ မကြည်ညိုထိုက်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေခြင်း၊ ၂။ ဉာဏ်ဖြင့် မသိမြင် မဆုံးဖြတ် မသက်ဝင် မပိုင်းခြားမူ၍ ကြည်ညိုထိုက်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေခြင်း။ (အံ၊၁။၈၈။) (အံ၊မြန်၊၁။၁၀၃။)

ပညာရှိတို့၏ ကဲ့ရဲ့ခြင်း ခံရကြောင်း အကျင့်မှား ၂ မျိုး ၁။ မြတ်စွာဘုရားအား သတ်ရန် ကြံစည်ခြင်း စသော မှားသော အကျင့်၊ ၂။ မြတ်စွာဘုရား၏ တပည့်သာဝကတို့အား သင်းခွဲခြင်း သတ်ရန် ကြံစည်ခြင်း စသော မှားသော အကျင့်။ (တစ်နည်း) ၁။ အမိအား ရိုက်နှက်သတ်ဖြတ်ခြင်း စသော မှားသော အကျင့်၊ ၂။ အဖအား ရိုက်နှက် သတ်ဖြတ်ခြင်း စသော မှားသော အကျင့်။ (အံ၊၁။၈၉။) (အံ၊မြန်၊၁။၁၀၄။)

ပညာရှိတို့၏ ကဲ့ရဲ့ခြင်း မခံရကြောင်း တရား ၂ ပါး ၁။ ဉာဏ်ဖြင့် သိမြင် ဆုံးဖြတ်၍ ဉာဏ်ဖြင့် သက်ဝင်ပိုင်းခြား၍ ကဲ့ရဲ့ထိုက်သူအား ကဲ့ရဲ့စကား ပြောဆိုခြင်း၊ ၂။ ဉာဏ်ဖြင့် သိမြင် ဆုံးဖြတ်၍ ဉာဏ်ဖြင့် သက်ဝင်ပိုင်းခြား၍ ချီးမွမ်းထိုက်သူအား ချီးမွမ်းစကား ပြောဆိုခြင်း။ (တစ်နည်း) ၁။ ဉာဏ်ဖြင့် သိမြင် ဆုံးဖြတ်၍ ဉာဏ်ဖြင့် သက်ဝင်ပိုင်းခြား၍ မကြည်ညိုထိုက်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေခြင်း၊ ၂။ ဉာဏ်ဖြင့် သက်ဝင်ဆုံးဖြတ်၍ ဉာဏ်ဖြင့် သက်ဝင်ပိုင်းခြား၍ ကြည်ညိုထိုက်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေခြင်း။ (အံ၊၁။၈၈။) (အံ၊မြန်၊၁။၁၀၃။)

ပညာရှိတို့၏ ကဲ့ရဲ့ခြင်း မခံရကြောင်း အကျင့်မှန် ၂ မျိုး ၁။ အမိအား လုပ်ကျွေးပြုစုခြင်း စသော မှန်သော အကျင့်၊ ၂။ အဖအား လုပ်ကျွေးပြုစုခြင်း စသော မှန်သော အကျင့်၊ (တစ်နည်း) ၁။ မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးခြင်း စသော မှန်သော အကျင့်၊ ၂။ မြတ်စွာဘုရား၏ တပည့် သာဝကတို့အား ပြုစုလုပ်ကျွေးခြင်း စသော မှန်သော အကျင့်။ (အံ၊၁။၈၉။) (အံ၊မြန်၊၁။၁၀၄။)

ပညာရှိတို့၏ စွန့်ခြင်း ၃ မျိုး ၁။ မြတ်သော ကိုယ်အင်္ဂါဟူသော အကြောင်းကြောင့် ဥစ္စာကို စွန့်ခြင်း၊ ၂။ အသက်ဇီဝိတိန္ဒြေကို စောင့်ရှောက်လိုခြင်း အကြောင်းကြောင့် ကိုယ်အင်္ဂါကို စွန့်ခြင်း၊ ၃။ သူတော်ကောင်းတရားကို အစဉ်အောက်မေ့သောကြောင့် ဥစ္စာကိုလည်းကောင်း ကိုယ်အင်္ဂါကို လည်းကောင်း အသက်ကိုလည်းကောင်း စွန့်ခြင်း။ (ဇာတက၊၂။၁၄၅။)

ပညာရှိ ဖြစ်ကြောင်း ၄ ပါး ပညာရှိမည်ကြောင်း ၄ ပါးနှင့် တူသည်။

ပညာရှိမည်ကြောင်း ၄ ပါး ၁။ ဓာတ်တို့၌ လိမ္မာကျွမ်းကျင်သူ ဖြစ်ခြင်း၊ ၂။ အာယတနတို့၌ လိမ္မာကျွမ်းကျင်သူ ဖြစ်ခြင်း၊ ၃။ ပဋိစ္စသမုပ္ပါဒ်တို့၌ လိမ္မာကျွမ်းကျင်သူ ဖြစ်ခြင်း၊ ၄။ အရာဟုတ်သည် အရာမဟုတ်သည် (ဌာနာဌာန)တို့၌ လိမ္မာကျွမ်းကျင်ခြင်း။ (မ၊၃။၁၀၇။)(မ၊ဋ္ဌ၊၁။၃၈၂။)(မ၊ဋ္ဌ၊၄။၅၆။) (ထေရ၊ဋ္ဌ၊၂။၄၀၅။) (မ၊မြန်၊၃။၁၁၁။)

http://www.dhammadownload.com

ပညာရှိရဟန်း ဖြစ်ကြောင်း ၄ မျိုး ပညာရှိမည်ကြောင်း ၄ ပါးနှင့် တူသည်။

ပညာရှိ လက္ခဏာ ၃ ပါး ၁။ ကောင်းသော အကြံကို ကြံစည်လေ့ရှိခြင်း၊ ၂။ ကောင်းသော စကားကို ပြောဆိုလေ့ရှိခြင်း၊ ၃။ ကောင်းသော အမှုကို ပြုလေ့ရှိခြင်း။ (အံ၊၁။၁၀၁။) (အံ၊မြန်၊၁။၁၁၉။) (ပဋိသံ၊၁၊၂။၂၄၃။) (နေတ္တိ၊၁၊။၁၄၈။)

ပညာရှိ သူတော်ကောင်းတို့ သတ်မှတ်အပ်သော တရား ၃ မျိုး ၁။ အလှူဒါန၊ ၂။ ရှင်ရဟန်း ပြုခြင်း၊ ၃။ အမိအဖတို့အား လုပ်ကျွေးပြုစုခြင်း။ (အံ၊၁။၁၄၉။) (အံ၊မြန်၊၁။၁၆၈။)

ပညာရှိသူအဖြစ် ၃ မျိုး ၁။ ကာယဒွါရ၌ ပညာရှိသူ၏အဖြစ်– ကာယမောနေယျ၊ ၂။ ဝစီဒွါရ၌ ပညာရှိသူ၏အဖြစ်– ဝစီမောနေယျ၊ ၃။ မနောဒွါရ၌ ပညာရှိသူ၏အဖြစ်– မနောမောနေယျ။ (အံ၊၁။၂၇၆။) (အံ၊မြန်၊၁။၂၉၅။)

ပညာရှိဟု မှတ်ကြောင်း လက္ခဏာ ၃ မျိုး ပညာရှိဟု ထင်ရှားကြောင်း အပြုအမူ ၃ မျိုးနှင့် တူသည်။

ပညာရှိဟု သိကြောင်း တရား ၃ ပါး ၁။ ကိုယ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့်–ကာယသုစရိုက်၊ ၂။ နှုတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့်– ဝစီသုစရိုက်၊ ၃။ စိတ်ဖြင့် ပြုအပ်သော ကောင်းသော အကျင့်– မနောသုစရိုက်။ (အံ၊၁။၁၀၀။) (အံ၊မြန်၊၁။၁၁၈။)

ပညာရှိဟု သိကြောင်း တရား ၃ ပါး (တစ်နည်း) ၁။ မိမိအပြစ်ကို အပြစ်အားဖြင့် ရှုခြင်း၊ ၂။ မိမိအပြစ်ကို အပြစ်အားဖြင့် ရှု၍ တရားအလျောက် ကုစားခြင်း၊ ၃။ သူတစ်ပါးက အပြစ်ကို ဝန်ခံပြောလာသော် တရားအလျောက် ခံယူခြင်း၊ (တစ်နည်း။) ၁။ သင့်လျော်သော အကြောင်းအားဖြင့် အမေးပြဿနာကို ပြုတတ်ခြင်း၊ ၂။ သင့်လျော်သော အကြောင်းအားဖြင့် အမေးပြဿနာကို ဖြေတတ်ခြင်း၊ ၃။ သင့်လျော်သော အကြောင်းအားဖြင့် သူတစ်ပါး ဖြေဆိုအပ်သည်ကို ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေးတတ်ခြင်း၊ (တစ်နည်း) ၁။ ကုသိုလ်ကာယကံ၊ ၂။ ကုသိုလ်ဝစီကံ၊ ၃။ ကုသိုလ်မနောကံ၊ (တစ်နည်း) ၁။ အပြစ်မရှိသော ကာယကံ၊ ၂။ အပြစ်မရှိသော ဝစီကံ၊ ၃။ အပြစ်မရှိသော မနောကံ၊ (တစ်နည်း) ၁။ ဆင်းရဲခြင်းမရှိသော ကာယကံ၊ ၂။ ဆင်းရဲခြင်းမရှိသော ဝစီကံ၊ ၃။ ဆင်းရဲခြင်းမရှိသော မနောကံ။ (အံ၊၁။၁၀၁–၁၀၂။) (အံ၊မြန်၊၁။၁၂၀။)

ပညာရှိဟု သိကြောင်း အမှတ်နိမိတ် ၃ မျိုး ပညာရှိဟု ထင်ရှားကြောင်း အပြုအမူ ၃ မျိုးနှင့် တူသည်။

ပညာဝိမုတ္တပုဂ္ဂိုလ် ၅ ယောက် ၁။ ဈာန်မရရှိသော ရဟန္တာပုဂ္ဂိုလ် ၁ ယောက်၊ ၂ မှ ၅။ ရူပဈာန် လေးပါးတို့မှထ၍ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ် ၄ ယောက်။ (ဒီ၊၃၊၃။၇၃။) (အံ၊၃၊၃။၁၄၆။)

ပညတ်၂ ပါး ၁။ ပါတိမောက်၌ သရုပ်အားဖြင့် လာသော အာပတ်စု ငါးမျိုးသည် သဉ္ဇဒ္ဓေသ ပညတ်၊ ၂။ ပါတိမောက်၌ သရုပ်အားဖြင့် မပြသော အာပတ်စုသည် အနုဒ္ဓေသပညတ်။ (ဝဓိရ။၆၉။)

ပညတ် ၃ ပါး ၁။ မူလပညတ်၊၂။ အနုပညတ်၊၃။ အနုပန္နပညတ်။ (ဝိ၊၅။၂၁၈။) (ဝိ၊မြန်၊၅။၃၀၄။)

http://www.dhammadownload.com

ပညတ် ၃ ပါး (တစ်နည်း) ၁။ သဗ္ဗတ္ထ ပညတ်၊ ၂။ ပဒေသ ပညတ်၊ ၃။ သာဓာရဏ ပညတ်။ (ဝိ၊ ၅၈။) (ဝိ၊မြန်၊ ၅။ ၃၀၄။)

ပညတ် ၃ ပါး (တစ်နည်း) ၁။ သာဓာရဏ ပညတ်၊ ၂။ ဧကတော ပညတ်၊ ၃။ ဥဘတော ပညတ်။ (ဝိ၊ ၅။ ၂၁၈။) (ဝိ၊မြန်၊ ၅။ ၃၀၄။)

ပညတ် ၆ ပါး ၁။ ဥပါဒါပညတ်– လ နေတို့၏ လှည့်ပတ်ခြင်း အစရှိသည်တို့ကို စွဲမှီ၍ နံနက် အစရှိသော အခါ, အရှေ့အစရှိသော အရပ် ဤသို့အစရှိသည်တို့ကို စွဲမှီ၍ ပညတ်အပ်သော အနက်၊ ၂။ ဥပနိဓာပညတ်– ပထမအနက်, ဒုတိယအနက် အစရှိသည်တို့ကို ထောက်ဆ၍ ဒုတိယ, တတိယ ဤသို့ အစရှိသောအားဖြင့် သိစေတတ်သော နာမပညတ်၊ ၃။ သမောဓာန ပညတ်– ထိုထို ဒဏ္ဍ, ပဒ, ဧည, ပုပ္ဖ အစရှိသော ဝတ္ထုတို့၏ အပေါင်းအစုကို စိတ်ဖြင့် ရှုငဲ့၍ သုံးချောင်းသော တုတ်, ရှစ်ကွက်ရှိသော ပျဉ်ချပ်, စပါးတို့၏ အစု, ပန်းတို့၏ အစု ဤသို့ အစရှိသော အပေါင်းအစုကို ရှုငဲ့၍ ဆိုအပ်သော ပညတ်၊ ၄။ ဥပနိက္ခိတ္တပညတ်– ရှေးရှေး၌ ဖြစ်သော တစ်ခု, နှစ်ခုစသော အရာဝတ္ထု၏အနီး၌ ကပ်ထား၍ ထောက်စာ၍ နှစ်ခု သုံးခု လေးခု ဤသို့အစရှိသော ရှေးရှေးအရာဝတ္ထု၏ အနီး၌ ကပ်ထား၍ ဆိုအပ်သော ပညတ်၊ ၅။ တဒ္ဓာပညတ်– ထိုထိုတရားသဘောကို ထောက်စာ၍ စိတ်ဖြင့် ရှုငဲ့၍ ပထဝီဓာတ်, တေဇောဓာတ် ဤသို့အစရှိသော ထိုပရမတ္ထအားလျော်စွာ ဖြစ်သော ပညတ်၊ ၆။ သန္တတိပညတ်– ရုပ်နာမ်ခန္ဓာအစဉ် မပြတ်ခြင်းကို ငဲ့၍ ထောက်စာ၍ အသက်ရှစ်ဆယ်ရှိသူ, အသက် ကိုးဆယ်ရှိသူ, ဤသို့အစရှိသော ရုပ်နာမ်ခန္ဓာအစဉ်ကို စွဲ၍ဖြစ်သော ပညတ်။ (အဘိ၊ဋ္ဌ၊ ၃။ ၂၆။)

ပညတ် ၆ ပါး (တစ်နည်း) ၁။ ကိစ္စပညတ်– ခန္ဓကဘာဏက, ဓမ္မကထိက ဤသို့အစရှိသော ကိစ္စ၏ အစွမ်းဖြင့် သိစေတတ်သော နာမပညတ်၊ ၂။ သဏ္ဌာနပညတ်– ကြဲလှီ ပိန်ချုံးသော ပုဂ္ဂိုလ်, သေးငယ်သော တုတ်, ဝဖြိုးသော ပုဂ္ဂိုလ်, တုတ်သော ဒုတ် ဤသို့အစရှိသော ပုံသဏ္ဌာန်၏ အစွမ်းဖြင့် သိစေတတ်သော နာမပညတ်၊ ၃။ လိင်္ဂပညတ်– မိန်းမ, ယောကျ်ား ဤသို့အစရှိသော လိင်၏ အစွမ်းဖြင့် သိစေတတ်သော နာမပညတ်၊ ၄။ ဘူမိပညတ်– ကာမာဝစရတရားတို့, ရူပါဝစရတရားတို့, အရူပါဝစရတရားတို့, ကောသလတိုင်း၌ နေသူလူတို့, မဒ္ဓရာမြို့၌ နေသူ လူတို့ ဤသို့အစရှိသော ဘုံ၏ အစွမ်းအားဖြင့် သိစေတတ်သော နာမပညတ်၊ ၅။ ပစ္စတ္တပညတ်– တိဿ, နာဂ, သုမန ဤသို့အစရှိသော မိမိ၏ နာမည်ကို ပြုခြင်းမျှ၏ အစွမ်းဖြင့် သိစေတတ်သော နာမပညတ်၊ ၆။ အသန်တပညတ်– သခ်ါရတရားတို့၏ ချုပ်ကြောင်းနိဗ္ဗာန်, သခ်ါရတရားတို့၏ ငြိမ်းကြောင်းနိဗ္ဗာန် ဤသို့အစရှိသော အသင်္ခတ တရားကို သိစေတတ်သော နာမည်ပညတ်။ (အဘိ၊ဋ္ဌ၊ ၃။ ၂၈။)

ပညတ် ၆ ပါး (အဋ္ဌကထာနည်း) ၁။ ဝိဇ္ဇမာနပညတ်– ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက် အားဖြင့် သိစေခြင်း, သိစေကြောင်း နာမည်, ပညတ်ထားခြင်း, ပညတ်ထားကြောင်း နာမည်၊ ၂။ အဝိဇ္ဇမာနပညတ်– ပရမတ္ထအားဖြင့် ထင်ရှားမရှိသော လောကဥ်ထုတ်ဖော် ပြောဆိုအပ်သော နာမည်မျှဖြင့် ပြီးစီးသော မိန်းမယောကျ်ား အစရှိသော အနက်အားဖြင့် သိစေခြင်း, သိစေကြောင်း နာမည်၊ ၃။ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်– သုံးပါးသော ဝိဇ္ဇာရှိသော ပုဂ္ဂိုလ်, ခြောက်ပါးသော အဘိညာဉ်ရှိသော ပုဂ္ဂိုလ်, ဤသို့ အစရှိသော စကားရပ်တို့၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသော

http://www.dhammadownload.com

ဝိဇ္ဇာ, အဘိညာဉ်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပုဂ္ဂိုလ်ကို သိစေကြောင်း ပညတ်၊ ၄။ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်– မိန်းမ၏အဆင်း, ယောကျ်ား၏ အဆင်း ဤသို့အစရှိသော ပုဒ်တို့၌ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိန်းမ, ယောကျ်ား, ပရမတ္ထအားဖြင့် ထင်ရှားရှိသော အဆင်းအားဖြင့် သိစေကြောင်း ပညတ်၊ ၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်– စက္ခုပသာဒ၌ မှီသော သမ္မဿ, သောတပသာဒ၌ မှီသော သမ္မဿ ဤသို့အစရှိသော ပုဒ်တို့၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသော စက္ခုပသာဒ, သောတပသာဒ အစရှိသော တရားဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော သမ္မဿကို သိစေကြောင်း ပညတ်၊ ၆။ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်– ခတ္တိယ၏သား, ပုဏ္ဏား၏သား ဤသို့ အစရှိသော ပုဒ်တို့၌ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ခတ္တိယ, ပုဏ္ဏားဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော သားကို သိစေကြောင်း ပညတ်။ (အဘိ၊၌၊၃၇။၂၆။)

ပညတ္တိ ၆ ပါး ၁။ ခန္ဓပညတ္တိ၊ ၂။ အာယတနပညတ္တိ၊ ၃။ ဓာတုပညတ္တိ၊ ၄။ သစ္စပညတ္တိ၊ ၅။ ဣန္ဒြိယပညတ္တိ၊ ၆။ ပုဂ္ဂလပညတ္တိ။ (အဘိ၊ပု။၁၀၁။) (အဘိ၊ပု၊မြန်။၁။)

ပညတ္တိ ၉ ပါး ၁။ ပညတ္တိ၊ ၂။ အနုပညတ္တိ၊ ၃။ အနုပွန္နပညတ္တိ၊ ၄။ သဗ္ဗတ္ထပညတ္တိ၊ ၅။ ပဒေသပညတ္တိ၊ ၆။ သာဓာရဏပညတ္တိ၊ ၇။ အသာဓာရဏပညတ္တိ၊ ၈။ ဧကတ္တေါပညတ္တိ၊ ၉။ ဥဘတော ပညတ္တိ။ (ဝိ၊၅။၁။) (ဝိ၊၅။၁၁။) (ဝိ၊၅။၅။) (ဝိ၊၅။၉ဖ။) (ဝိ၊မြန်၊၅၊၁၊၈၊၁၁၊၁၃၉။) (ဝိ၊မြန်၊၅၊၁၊၈၊ ၁၈၊၁၃၉။) (ဝိ၊မြန်၊၅၊၁၊၈၊၁၈၊၁၃၉။) (ဝိ၊မြန်၊၅၊၁၊၈၊၁၈၊၁၃၉။)

ပညတ်ချက် ၃ ပါး (မကောင်းမှုကို ပြုခြင်းနှင့်စပ်၍ ဘုရားရှင်၏ ပညတ်ချက် ၃ ပါး) ၁။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းမှု ကာယကံ၊ ၂။ နှုတ်ဖြင့် ပြုအပ်သော မကောင်းမှု ဝစီကံ၊ ၃။ စိတ်ဖြင့် ပြုအပ်သော မကောင်းမှု မနောကံ။ (မ၊၂။၃ဖ။) (မ၊မြန်၊၂။၄၁။)

ပညိန္ဒြေ စင်ကြယ်ကြောင်း ၃ ပါး ၁။ ပညာမရှိသော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၂။ ပညာရှိ ပုဂ္ဂိုလ်တို့ကို မှီဝဲ ဆည်းကပ်ခြင်း၊ ၃။ ဂမ္ဘီရညာဏ်အကျင့်ကို ဆင်ခြင်ခြင်း။ (ပဋိ။၁၉၈။) (မ၊ ၌၊၄၊ ၂၄၄။) (သံ၊ ၌၊ ၃။၃ဖ။) (အံ၊ ၌၊ ၁။၃၈၈။) (ဥဒါန၊ ၌။၁၉၉။) (အံ၊ ဋီ၊ ၃။၂၆၉။)

ပဋိဃသညာ ၅ ပါး ၁။ ရူပသညာ၊ ၂။ သဒ္ဒသညာ၊ ၃။ ဂန္ဓသညာ၊ ၄။ ရသသညာ၊ ၅။ ဖောဋ္ဌဗ္ဗသညာ။ (စူဠနိ၊၌။၅၆။)

ပဋိဃသညာ ၁၀ ပါး ၁။ ဒွေး ပဉ္စဝိညာဏ် တစ်ဆယ်။ (ပဋိသံ၊၌၊၁။၁၂၃။)

ပဋိနိဿဂ္ဂ ၂ မျိုး စွန့်လွှတ်ခြင်း ၂ မျိုးနှင့် တူသည်။

ပဋိနိဿဂ္ဂါနုပဿနာဉာဏ်လွတ်ရာ ဥပါဒါန် ၄ ပါး ၁။ ကာမုပါဒါန်၊ ၂။ ဒိဋ္ဌုပါဒါန်၊ ၃။ သီလဗ္ဗတုပါဒါန်၊ ၄။ အတ္တဝါဒုပါဒါန်။ (ပဋိသံ။၂၄၃။) (ပဋိသံ၊မြန်။၃၀၀။)

ပဋိပဒါ ၄ ပါး ၁။ ဆင်းရဲစွာ ကျင့်၍ နှေးသော အသိညာဏ် ဖြစ်ပေါ်သော 'ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ'၊ ၂။ ဆင်းရဲစွာ ကျင့်ရသော်လည်း လျင်သော အသိညာဏ်ဖြစ်ပေါ်သော 'ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ'၊ ၃။ ချမ်းသာစွာ ကျင့်ရသော်လည်း နှေးသော အသိညာဏ်ဖြစ်ပေါ်သော 'သုခပဋိပဒါ ဒန္ဓာဘိညာ'၊ ၄။ ချမ်းသာစွာ ကျင့်ရ၍ လျင်သော အသိညာဏ်ဖြစ်ပေါ်သော 'သုခပဋိပဒါ ခိပ္ပါဘိညာ'။

http://www.dhammadownload.com

(ဒီ၊၃။၈၈။) (အံ၊၃။၃၀၆။) (အဘိ၊၈။၅၀။) (အဘိ၊၈။၅၆။) (အဘိ၊၈။၆၀။) (ပဋိသံ၊၆။ ၁။၂၇၁။) (ထေရ၊၆။ ၂။၅၄၄။) (ဒီ၊မြန်၊၃။၉၄-၉၅။) (အံ၊မြန်၊၃။၃၀၅။) (အဘိ၊၈၊မြန်။၇၇၊၈၆၊၉၃။) (အဘိ၊၈၊မြန်။၇၇၊၈၆၊၉၃။) (အဘိ၊၈၊မြန်။၇၇၊၈၆၊၉၃။)

ပဋိပဒါမဂ် ၄ ပါး ၁။ ဝိပဿနာ ညစ်ညူးကြောင်း တရားကြောင့် ပျံ့လွင့်ခြင်း (ဓမ္မဒ္ဓစ္စ) ရှေးသွား ရှိသော အရိယာမဂ်၊ ၂။ သမထရှေးသွားရှိသော အရိယာမဂ်၊ ၃။ ဝိပဿနာ ရှေ့သွားရှိသော အရိယာမဂ်၊ ၄။ ယုဂနဒ္ဓတရားလျှင် ရှေးသွားရှိသော အရိယာမဂ်။ (ပဋိသံ၊၆။၂။၁၈၆။)

ပဋိပတ္တိဒုဂ္ဂတိ ၂ မျိုး ၁။ လူတို့၏ (မှားသော) အကျင့် ဟူသော ဒုဂ္ဂတိသို့ ရောက်ကြောင်းတရား– ပဋိပတ္တိဒုဂ္ဂတိ၊ ၂။ ရဟန်းတို့၏ (မှားသော) အကျင့်ဟူသော ဒုဂ္ဂတိသို့ ရောက်ကြောင်းတရား– ပဋိပတ္တိဒုဂ္ဂတိ။ (မ၊၆၊၁။၁၇၂။)

ပဋိပတ္တိသုဂတိ ၂ မျိုး ၁။ လူတို့၏ မှန်သော အကျင့်ဟူသော သုဂတိသို့ ရောက်ကြောင်းတရား– ပဋိပတ္တိသုဂတိ၊ ၂။ ရဟန်းတို့၏ မှန်သော အကျင့်ဟူသော သုဂတိသို့ ရောက်ကြောင်းတရား– ပဋိပတ္တိသုဂတိ။ (မ၊၆၊၁။၁၇၂။)

ပဋိဘာဂနိမိတ်ကို စောင့်ရှောက်နိုင်ကြောင်း နည်းလမ်း ၇ မျိုး ၁။ လျောက်ပတ်သော ကျောင်း နေရာကို မှီဝဲရခြင်း၊ ၂။ လျောက်ပတ်သော ဆွမ်းခံရွာကို ရရှိခြင်း၊ ၃။ အပို့စ္ဆကထာ စသော စကားကို ပြောဆိုခြင်း၊ ၄။ လျောက်ပတ်သော ပုဂ္ဂိုလ်ကို မှီဝဲရခြင်း၊ ၅ လျောက်ပတ်သော ဘောဇဉ်ကို မှီဝဲရခြင်း၊ ၆။ လျောက်ပတ်သော ရာသီဥတုကို မှီဝဲရခြင်း၊ ၇။ လျောက်ပတ်သော ဣရိယာပုတ်ဖြင့် နေထိုင်ခြင်း။ (ဝိ၊၆၊၂။၃၀။)

ပဋိဘာဂနိမိတ်ကို အာရုံပြုသော ကမ္မဋ္ဌာန်း ၂၂ ပါး ၁။ ကသိုဏ်း ဆယ်ပါး၊ ၂။ အသုဘ ဆယ်ပါး၊ ၃။ အာနာပါနဿတိ၊ ၄။ ကာယဂတာသတိ။ (ဝိသုဒ္ဓိ၊၁။၁၀၉။)

ပဋိဘာနပဋိသမ္ဘိဒါ၏ အာရုံဖြစ်သော ဉာဏ် ၂၀ ၁။ ငါးပါးသော ဓမ္မတို့၌ သိသော ဉာဏ် (၅) ပါး၊ ၂။ ငါးပါးသော အတ္ထတို့၌ သိသော ဉာဏ် (၅) ပါး၊ ၃။ ဆယ်ပါးသော နိရုတ္တိတို့၌ သိသော ဉာဏ် (၁၀) ပါး။ (ပဋိသံ။၃၃၄။) (ပဋိသံ၊ မြန်။၃၉၆။)

ပဋိဘာနဝါ ပုဂ္ဂိုလ် ၃ မျိုး ၁။ ပရိယတ္တိဉာဏ်အား ထင်သော (ပရိယတ္တိပဋိဘာနဝါ) ပုဂ္ဂိုလ်၊ ၂။ အနက်ဉာဏ် လက္ခဏာစသော မေးမြန်းမှု ဉာဏ်အားထင်သော ပရိပုစ္ဆာ ပဋိဘာနဝါ) ပုဂ္ဂိုလ်၊ ၃။ မဂ် စသည်တို့ကို ထိုးထွင်းသိသော (အဓိဂမပဋိဘာနဝါ) ပုဂ္ဂိုလ်။ (အပ၊၆၊ ၁။၂၀၇။)

ပဋိဘာန်ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ် ၃ မျိုး ၁။ ပရိယတ္တိပဋိဘာန်ဉာဏ် ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၂။ အကျိုး, အကြောင်း, လက္ခဏာ, အရာဟုတ်, အရာမဟုတ်တို့ကို မေးမြန်းသည် ရှိသော် အဋ္ဌကထာ ပရိပုစ္ဆာဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၃။ မဂ် ဖိုလ်တည်းဟူသော ပဋိဘာန် ဉာဏ်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်။ (သုတ္တနိ၊ ၆၊ ၁။၉၉။)

ပဋိဝေဓဉာဏ် ၂ မျိုး ၁။ ဘုရားအလောင်း တောထွက်သည်မှ စ၍ အရဟတ္တမဂ်တိုင်အောင်သည် ဖြစ်ဆဲ– ဥပ္ပဒ္ဒမာန ပဋိဝေဓဉာဏ်၊ ၂။ အရဟတ္တဖိုလ်ခဏ၌ကား ဖြစ်ပြီး– ဥပ္ပန္နပဋိဝေဓဉာဏ်။ (မ၊၆၊၁။၃၃၃။) (သံ၊၆၊၂။၄၄။) (အံ၊၆၊၂။၂၅၄။) (အံ၊၆၊၃။၂၉၅။) (အဘိ၊၆၊၂။၃၈၂။)

http://www.dhammadownload.com

ပဋိဝေဓသဒ္ဒမူ အနှစ် ၅ ထောင် တည်ပုံ ၁။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် အနှစ်တစ်ထောင်၊ ၂။ သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် အနှစ်တစ်ထောင်၊ ၃။ အနာဂါမ်ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အနှစ်တစ်ထောင်၊ ၄။ သကဒါဂါမ်ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အနှစ်တစ်ထောင်၊ ၅။ သောတာပန်ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အနှစ်တစ်ထောင်။ (ဝိ၊ဋ္ဌ၊၄။၁၂၇။)

ပဋိသမ္ဘိဒါဉာဏ် ၃ ပါး (ဝိပါက်ပဋိသမ္ဘိဒါဉာဏ် ၃ ပါး) ၁။ အတ္ထ ပဋိသမ္ဘိဒါဉာဏ်၊ ၂။ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်၊ ၃။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်။ (အဘိ၊ဝိ။၃၁၂၊၃၁၃၊၃၁၄-၅-၆။) (အဘိ၊ဝိ၊မြန်၊ ၂။၃၇၃။)

ပဋိသမ္ဘိဒါဉာဏ် ၃ ပါး (တစ်နည်း) (ကိရိယာအဗျာကတ ပဋိသမ္ဘိဒါဉာဏ် ၃ ပါး) ၁။ အတ္ထ ပဋိသမ္ဘိဒါဉာဏ်၊ ၂။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊ ၃။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်။ (အဘိ၊ဝိ။ ၃၁၇-၃၁၈။) (အဘိ၊ဝိ၊မြန်၊၂။၃၈၂။)

ပဋိသမ္ဘိဒါဉာဏ် ၄ ပါး ၁။ အတ္ထပဋိသမ္ဘိဒါ- ပါဠိတော်၏ အနက်အထူးကို ထိုးထွင်း၍ သိစွမ်းနိုင်သော ဉာဏ်ပညာ၊ ၂။ ဓမ္မပဋိသမ္ဘိဒါ- အကြောင်းတရားတို့၌ ထူးသော သဘောကို ထိုးထွင်း၍ သိတတ်သော ဉာဏ်ပညာ၊ ၃။ နိရုတ္တိပဋိသမ္ဘိဒါ- ထုတ်ဆိုအပ်သော သဒ္ဒါကို ဝေဖန်ပိုင်းခြား၍ သိမြင်တတ်သော ဉာဏ်ပညာ၊ ၄။ ပဋိဘာနပဋိသမ္ဘိဒါ- (အတ္ထပဋိသမ္ဘိဒါဉာဏ်စသော) ဉာဏ်ပညာတို့ကို အသီးအသီး ပိုင်းခြားထိုးထွင်း သိမြင်တတ်သော ဉာဏ်ပညာ။ (အဘိ၊ဝိ။၃၀၇၊ ၃၀၈၊၃၀၉၊၃၁၀၊၃၁၁။) (အဘိ၊ဝိ။၃၄၄။) (မိလိန္ဒ။၃၂၂။) (အံ၊ဋ္ဌ၊၁။၉၃။) (ပဋိသံ၊ဋ္ဌ၊၁။၃။) (ဥဒါန၊ဋ္ဌ။ ၁၂၀။) (ဣတိဝုတ်၊ဋ္ဌ။၁၁၈။) (အပ၊ဋ္ဌ၊၁။၂၆၅။) (သာရတ္ထ၊ဋီ၊၁။၁၈။) (အဘိ၊ဝိ၊မြန်၊၂။၃၆၅။) (အဘိ၊ဝိ၊ မြန်၊၂။၃၆၅။) (မိလိန္ဒ၊မြန်။၃၄၄။)

ပဋိသမ္ဘိဒါ ၄ ပါး ပဋိသမ္ဘိဒါဉာဏ် ၄ ပါးနှင့် တူသည်။

ပဋိသမ္ဘိဒါဉာဏ် စင်ကြယ်ကြောင်း ၅ ပါး ၁။ အဓိဂမေန- အရဟတ္တဖိုလ်သို့ ရောက်သောကြောင့် စင်ကြယ်ခြင်း၊ ၂။ ပရိယတ္တိယာ- ဘုရားစကားတော်ကို သင်ခြင်းကြောင့် စင်ကြယ်ခြင်း၊ ၃။ သဝနေန- သူတော်ကောင်းတရားကို နာကြားခြင်းကြောင့် စင်ကြယ်ခြင်း၊ ၄။ ပရိပုစ္ဆာယ- ပါဠိတော် အဋ္ဌကထာ စသည်တို့၏ အနက်အဓိပ္ပါယ်ကို အဖန်ဖန်မေးခြင်းကြောင့် စင်ကြယ်ခြင်း၊ ၅။ ပုဗ္ဗယောဂေန- ရှေးဘုရားရှင်တို့၏ သာသနာ၌ အနုလောမဉာဏ် ဂေါတြဘူဉာဏ် အနီးနားရောက်အောင် တရားအားထုတ်ခဲ့ဖူးခြင်းကြောင့် စင်ကြယ်ခြင်း။(အဘိ၊ဋ္ဌ၊၂။၃၇၂။)(ပဋိသံ၊ ဋ္ဌ၊၁။၆။) (အံ၊ဋီ၊၁။၁၄၁။) (အံ၊ဋီ၊၂။၃၅၀။)

ပဋိသမ္ဘိဒါဉာဏ် ရကြောင်း ၈ ပါး ၁။ ပုဗ္ဗယောဂ- ဝိပဿနာတရားကို အားထုတ်ခြင်း၊ ၂။ ဗဟုဿုစ္စ- များသော အကြားအမြင် ရှိခြင်း၊ ၃။ ဒေသဘာသာ- တစ်ရာ့တစ်ပါးသော ထီးဆောင်းမင်းတို့၏ ဘာသာစကားကို တတ်ကျွမ်းနားလည်ခြင်း၊ ၄။ အာဂမော- ဘုရားစကားတော်ကို သင်ယူခြင်း၊ ၅။ ပရိပုစ္ဆာ- ပါဠိတော်၏ အနက်အဓိပ္ပါယ် အဆုံးအဖြတ်ကို မေးမြန်းခြင်း၊ ၆။ အဓိဂမော- သောတာပန် စသည် ဖြစ်ခြင်း၊ ၇။ ဂရုသန္နိဿယော- ဗဟုသုတ တိက္ခ ပဋိဘာန်ဉာဏ် ရင့်သန်သော ဆရာကောင်းတို့အထံ၌ နည်းခံ၍ နေရခြင်း၊ ၈။ မိတ္တသမ္ဘတ္တိ- ဗဟုသုတ တိက္ခပဋိဘာန်ဉာဏ် ရင့်သန်သော ကလျာဏမိတ္တတို့နှင့် ပြည့်စုံခြင်း။ (ဝိသုဒ္ဓိ၊၂။၇၂။)

http://www.dhammadownload.com

ပဋိသမ္ဘိဒါတို့ ကွဲပြားခြင်းသို့ ရောက်ရာ ၂ ဌာန ၁။ သိက္ခာကျင့်ဆဲ သေက္ခပုဂ္ဂိုလ်တို့၏ ဖြစ်ရာတည်ရာ ဘုံဌာန၊ ၂။ အသေက္ခ, ရဟန္တာပုဂ္ဂိုလ်တို့၏ ဖြစ်ရာတည်ရာ ဘုံဌာန။ (အဘိ၊ဋ္ဌ၊၂။၃၇၂။)

ပဋိသမ္ဘိဒါပတ္တ ဖြစ်ကြောင်း ပညာ ၁၆ ပါး ၁။ ရသော ပညာ၊ ၂။ ပွားသော ပညာ၊ ၃။ ပြန့်ပြောသော ပညာ၊ ၄။ မြတ်သော ပညာ၊ ၅။ အသီးသီး သိသော ပညာ၊ ၆။ ကျယ်ပြန့်သော ပညာ၊ ၇။ နက်နဲသော ပညာ၊ ၈။ ဆိုခဲ့ပြီး ပညာတို့နှင့် မနီးသော ပညာ၊ ၉။ မြေကြီးကဲ့သို့ ကျယ်ပြန့်သော ပညာ၊ ၁၀။ များသော ပညာ၊ ၁၁။ မြန်သော ပညာ၊ ၁၂။ ပေါ့ပါးသော ပညာ၊ ၁၃။ ရွှင်သော ပညာ၊ ၁၄။ လျင်သော ပညာ၊ ၁၅။ ထက်သော ပညာ၊ ၁၆။ ဖောက်ခွဲနိုင်သော ပညာ။ (ပဋိသံ။၃၇၁၊၃၈၁။) (ပဋိသံ၊မြန်။၄၃၄၊၄၄၄။)

ပဋိသမ္ဘိဒါမဂ်၏ မာတိကာကထာ ၁၈ ချက် ၁။ ဆာလောင်မှု ကိလေသာ မရှိခြင်း (နိစ္ဆာတော ကထာ)၊ ၂။ လွတ်မြောက်ခြင်း (ဝိမောက္ခကထာ)၊ ၃။ ရတတ်လွတ်မြောက်ခြင်း (ဝိဇ္ဇာဝိမုတ္တိ ကထာ)၊ ၄။ လွန်မြတ်သော သီလ (အဓိသီလကထာ)၊ ၅။ လွန်မြတ်သော သမာဓိ (အဓိစိတ္တ ကထာ)၊ ၆။ လွန်မြတ်သော ပညာ (အဓိပညာကထာ)၊ ၇။ ကိုယ်စိတ်တို့၏ ငြိမ်းခြင်း (ပဿဒ္ဓိကထာ)၊ ၈။ မြင်ခြင်း (ဒဿနကထာ)၊ ၉။ စင်ကြယ်ခြင်း (ဝိသုဒ္ဓိကထာ)၊ ၁၀။ ထွက်မြောက်ခြင်း (နေက္ခမ္မကထာ)၊ ၁၁။ ကျွတ်လွတ်ခြင်း (နိဿရဏကထာ)၊ ၁၂။ ကင်းဆိတ်ခြင်း (ပဝိဝေကကထာ)၊ ၁၃။ စွန့်လွှတ်ခြင်း (ဝေါသဂ္ဂကထာ)၊ ၁၄။ ကျင့်ခြင်း (စရိယာကထာ)၊ ၁၅။ ဈာန်ဝိမောက္ခ (ဈာနဝိမောက္ခ ကထာ)၊ ၁၆။ ပွားများခြင်း(ဘာဝနာ ကထာ)၊ ၁၇။ ဆောက်တည်ခြင်း (အဓိဋ္ဌာနကထာ)၊ ၁၈။ အသက်မွေးခြင်း(ဇီဝိတကထာ)။ (ပဋိသံ။၄၁၅။) (ပဋိသံ၊မြန်။ ၄၇၈။)

ပဋိသမ္ဘိဒါသို့ ရောက်ခါနည်း ရဟန်း၏ တရား ၇ ပါး ၁။ ဤကား ငါ့စိတ်၏ တွန့်တိုမှုတည်းဟု သိခြင်း၊ ၂။ မိမိသန္တာန်၌ ကြုံသော စိတ်ကို မှန်စွာ သိခြင်း၊ ၃။ အပ အာရုံ၌ ပျံ့လွင့်သော စိတ်ကို သိခြင်း၊ ၄။ ထင်ရှားသော ခံစားမှု ဖြစ်ခြင်း ချုပ်ခြင်းကို သိခြင်း၊ ၅။ ထင်ရှားသော မှတ်သားမှု၏ ဖြစ်ခြင်း ချုပ်ခြင်းကို သိခြင်း၊ ၆။ ထင်ရှားသော ကြံစည်မှု၏ ဖြစ်ခြင်း ချုပ်ခြင်းကို သိခြင်း၊ ၇။ နိမိတ်ကို ကောင်းစွာ မှတ်၍ ပညာဖြင့် ထိုးထွင်း၍ သိခြင်း။ (အံ၊၂။၄၂၂-၄၂၃။) (အံ၊မြန်၊၂။၅၃၄။)

ပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံသူ၊ ၂။ ရှေးအားထုတ်ခြင်းနှင့် မပြည့်စုံသူ။ (ပဋိသံ။၃၈၁။) (ပဋိသံ၊မြန်။၄၄၅။)

ပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ၍ အကြားအမြင်များသူ၊ ၂။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ၍ အကြားအမြင် မများသူ။ (ပဋိသံ။ ၃၈၂။) (ပဋိသံ၊မြန်။၄၄၅။)

ပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ အကြားအမြင်လည်း များ၍ တရားဟောခြင်းများသော သူ၊ ၂။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ အကြားအမြင်လည်းများ၍ တရားဟောခြင်း မများသော သူ။ (ပဋိသံ။၃၈၂။) (ပဋိသံ၊မြန်။ ၄၄၅။)

http://www.dhammadownload.com

ပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ၊ အကြားအမြင်များ တရားဟောခြင်းလည်း များ၍ ဆရာကို မှီခိုသူ၊ ၂။ ရှေးအားထုတ်ခြင်းနှင့်ပြည့်စုံ၊ အကြားအမြင်များ တရားဟောခြင်းလည်း များ၍ ဆရာကို မမှီခိုသူ။ (ပဋိသံ။၃၈၂။) (ပဋိသံ၊ မြန်။၄၄၅။)

ပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ၊ အကြားအမြင်များ၊ တရားဟောခြင်းလည်းများ ဆရာကို မှီခိုရ၍ ဝိပဿနာဖြင့် နေခြင်းများသော ပုဂ္ဂိုလ်၊ ၂။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ၊ အကြားအမြင်လည်း များ၊ တရားဟောခြင်းလည်း များ၍ ဆရာကို မှီခိုရ၍ ဝိပဿနာဖြင့် နေခြင်း မများသော ပုဂ္ဂိုလ်။ (ပဋိသံ။၃၈၂။) (ပဋိသံ၊မြန်။၄၄၅။)

ပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ရှေးအားထုတ်ခြင်းနှင့်ပြည့်စုံ၊ အကြားအမြင်လည်းများ၊ တရားဟောခြင်းလည်းများ၊ ဆရာကိုလည်း မှီခို၊ ဝိပဿနာ ဖြင့်လည်း နေခြင်းများ၍ ဆင်ခြင်ခြင်းများသော ပုဂ္ဂိုလ်၊ ၂။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ၊ အကြားအမြင်လည်းများ၊ တရားဟောခြင်းလည်းများ ဆရာကိုလည်း မှီခို၊ ဝိပဿနာ ဖြင့်လည်း နေခြင်းများ၍ ဆင်ခြင်ခြင်း မများသော ပုဂ္ဂိုလ်။ (ပဋိသံ။၃၈၂။) (ပဋိသံ၊မြန်။၄၄၅။)

ပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ၊ အကြားအမြင်လည်းများ၊ တရားဟောခြင်းလည်းများ၊ ဆရာကိုလည်း မှီခို၊ ဝိပဿနာဖြင့် နေခြင်းလည်းများ၊ ဆင်ခြင်ခြင်းလည်း များ၍ သေက္ခပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ်၊ ၂။ ရှေးအားထုတ်ခြင်းနှင့် ပြည့်စုံ၊ အကြားအမြင်လည်းများ၊ တရားဟောခြင်းလည်းများ၊ ဆရာကိုလည်း မှီခို၊ ဝိပဿနာဖြင့် နေခြင်းလည်းများ၊ ဆင်ခြင်ခြင်းလည်း များ၍ အသေက္ခပဋိသမ္ဘိဒါသို့ ရောက်သော ပုဂ္ဂိုလ်။ (ပဋိသံ။၃၈၃။) (ပဋိသံ၊မြန်။၄၄၆။)

ပဋိသာရဏီယကံကို ငြိမ်းစေအပ်သော အကြောင်း ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံမပေးခြင်း၊ ၂။ နိဿယည်း မပေးခြင်း၊ ၃။ သာမဏေကို မပြုစု မလုပ်ကျွေးစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ခြင်း၊ ၅။ သြဝါဒ သမ္မုတိရသော်လည်း ရဟန်းမတို့ကို မဆုံးမရခြင်း၊ ၆။ ပဋိသာရဏီယကံပြုကြောင်း အာပတ်သို့ မသင့် မရောက်ခြင်း၊ ၇။ အလားတူဖြစ်သော အခြားအာပတ်သို့လည်း မသင့် မရောက်ခြင်း၊ ၈။ ထို့ထက် ရုန့်ရင်း ကြမ်းတမ်းသော အာပတ်သို့လည်း မသင့် မရောက်ခြင်း၊ ၉။ ပဋိသာရဏီယကံကို မကဲ့ရဲ့ခြင်း၊ ၁၀။ ပဋိသာရဏီယကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့မထားခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့မထားခြင်း၊ ၁၃။ ပြောဆိုဆုံးမမှုကို မပြုလုပ်ခြင်း၊ ၁၄။ အကြီးအမှူးအရာကို မယူခြင်း၊ ၁၅။ အခွင့်ရေး မတောင်းဆိုခြင်း၊ ၁၆။ မစောဒနာခြင်း (အပြစ်မတင်ခြင်း)၊ ၁၇။ မအောက်မေ့စေခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ခြင်း။ (ဝိ၊၄။၄၆။) (ဝိ၊မြန်၊၄။၄၃။)

ပဋိသာရဏီယကံကို ပြုလိုက ပြုနိုင်ကြောင်း အင်္ဂါ ၃ ပါး ၁။ သံဃာ၌ အဓိကရဏ်းကို ပြုတတ်ခြင်း၊ ၂။ မိုက်မဲမလိမ္မာ အာပတ်များပြား အပိုင်းခြား မရှိခြင်း၊ ၃။ လူတို့ကို ဆဲရေး ရေရွတ်ခြင်း။ (ဝိ၊၅။၂၂၀။) (ဝိ၊မြန်၊၅။၃၀၇။)

http://www.dhammadownload.com

ပဋိသာရဏီယကံကို မငြိမ်းစေအပ်ကြောင်း ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံ ပေးခြင်း၊ ၂။ နိဿယည်းပေးခြင်း၊ ၃။ သာမဏေကို ပြုစု လုပ်ကျွေးစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာနှစ်သက်ခြင်း၊ ၅။ ဩဝါဒသမ္မုတိရ၍ ရဟန်းမတို့ကို ဆုံးမခြင်း၊ ၆။ ပဋိသာရဏီယကံပြုကြောင်း အာပတ်သို့ သင့်ရောက်ခြင်း၊ ၇။ အလားတူဖြစ်သော အခြား အာပတ်သို့လည်း သင့်ရောက်ခြင်း၊ ၈။ ထို့ထက် ရုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း သင့်ရောက်ခြင်း၊ ၉။ ပဋိသာရဏီယကံကို ကဲ့ရဲ့ခြင်း၊ ၁၀။ ပဋိသာရဏီယကံပြုသော ရဟန်းတို့ကို ကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့ထားခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့ထားခြင်း၊ ၁၃။ ပြောဆိုဆုံးမမှုကို ပြုလုပ်ခြင်း၊ ၁၄။ အကြီးအမှူး အရာကို ယူခြင်း၊ ၁၅။ အခွင့်ရေး တောင်းဆိုခြင်း၊ ၁၆။ စောဒနာခြင်း (အပြစ်တင်ခြင်း)၊ ၁၇။ အောက်မေ့စေခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် ရောယှက်ခြင်း။ (ဝိ၊၄။၄၅။) (ဝိ၊မြန်၊၄။၄၃။)

ပဋိသာရဏီယကံ ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး နိဿယကံ ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး၊ ပဗ္ဗာဇနီယကံ ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး၊ ဥက္ခေပနီယကံ ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါးတို့နှင့် တူသည်။

ပဋိသာရဏီယကံ၌ ကျင့်ဝတ် ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာပြုလုပ်၍ ရဟန်းခံ မပေးရခြင်း၊ ၂။ နိဿယည်း မပေးရခြင်း၊ ၃။ သာမဏေကို မလုပ်ကျွေး မပြုစုစေရခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရခြင်း၊ ၅။ ဩဝါဒသမ္မုတိရသော်လည်း ရဟန်းမတို့ကို မဆုံးမရခြင်း၊ ၆။ ပဋိသာရဏီယကံပြုကြောင်း အာပတ်သို့ မသင့်ရောက်ရခြင်း၊ ၇။ အလားတူဖြစ်သော အခြားအာပတ်သို့လည်း မသင့်ရောက်စေရခြင်း၊ ၈။ ထို့ထက် ရုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း မသင့်ရောက် စေရခြင်း၊ ၉။ ပဋိသာရဏီယကံကို မကဲ့ရဲ့ရခြင်း၊ ၁၀။ ပဋိသာရဏီယကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့မထားရခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့မထားရခြင်း၊ ၁၃။ ပြောဆိုဆုံးမမှုကို မပြုလုပ်ရခြင်း၊ ၁၄။ အကြီးအမှူးအရာကို မယူရခြင်း၊ ၁၅။ အခွင့်ရေး မတောင်းဆိုရခြင်း၊ ၁၆။ မစောဒနာရခြင်း၊ ၁၇။ မအောက်မေ့စေရခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ရခြင်း။ (ဝိ၊၄။၄၃။) (ဝိ၊မြန်၊၄။၄၁။)

ပဋိသာရဏီယကံ ပြုထိုက်သော ရဟန်း၏ အင်္ဂါ ၈ ပါး ၁။ လူတို့အား လာဘ်မရအောင် အားထုတ်ခြင်း၊ ၂။ လူတို့အား အကျိုးစီးပွားမဲ့ဖြစ်အောင် အားထုတ်ခြင်း၊ ၃။ လူတို့အား ဆဲရေး, ရေရွတ်ခြင်း (မခြိမ်းခြောက်ခြင်း)၊ ၄။ လူအချင်းချင်း ကွဲပြားစေခြင်း၊ ၅။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၆။ တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၇။ သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၈။ လူတို့၏ တရားနှင့် စပ်သော ဝန်ခံမှုကို မှားအောင် ပြုခြင်း။ (အံ၊၃။၁၅၉။) (အံ၊မြန်၊၃။၁၆၁။)

ပဋိသာရဏီယကံ ပြုလိုက ပြုနိုင်သော အကြောင်း ၄ ပါး ၁။ လူတို့အား လာဘ်မရအောင် လုံ့လပြုခြင်း၊ အကျိုးမဲ့ဖြစ်အောင် လုံ့လပြုခြင်း၊ နေရာမရအောင် လုံ့လပြုခြင်း၊ လူတို့ကို ဆဲရေးခြင်း၊ ရေရွတ်ခြင်း၊ လူအချင်းချင်း ကွဲပြားစေခြင်း၊ ၂။ လူတို့အား ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်များ၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ လူတို့အား

http://www.dhammadownload.com

ယုတ်ယုတ်မာမာဆဲရေးခြင်း၊ ရွတ်ချခြင်း၊ လူတို့၏ တရားနှင့် လျော်သောဝန်ခံချက်ကို မမှန်မကန် ချွတ်ယွင်းစေခြင်း၊ ၃။ ရဟန်းတစ်မျိုးသည် လူတို့အား လာဘ်မရအောင် ပြုလုပ်ခြင်း၊ အကျိုးမဲ့ဖြစ်အောင် ပြုလုပ်ခြင်း၊ နေရာမရအောင် ပြုလုပ်ခြင်း၊ လူတို့ကို ဆဲရေးခြင်း၊ ရေရွတ်ခြင်း၊ လူအချင်းချင်း ကွဲပြားအောင် ပြုလုပ်ခြင်း၊ ၄။ ရဟန်းတစ်မျိုးသည် ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ လူတို့ကို ယုတ်ယုတ်မာမာ ဆဲရေးခြင်း၊ ရွတ်ချခြင်း၊ လူတို့၏ တရားနှင့် လျော်သော ဝန်ခံချက်ကို မမှန်မကန် ချွတ်ယွင်းစေခြင်း။ (ဝိ၊၄။၄၂။) (ဝိ၊မြန်၊၄။၄၀။)

ပဋိသာရဏီယကံ မပြုထိုက်သော ရဟန်း၏ အင်္ဂါ ၈ ပါး ၁။ လူတို့အား လာဘ်မရအောင် အားမထုတ်ခြင်း၊ ၂။ လူတို့အားအကျိုးစီးပွားမဲ့ဖြစ်အောင် အားမထုတ်ခြင်း၊ ၃။ လူတို့အားမဆဲရေး, မရေရွတ်ခြင်း (မခြိမ်းခြောက်ခြင်း)၊ ၄။ လူအချင်းချင်း မကွဲပြားစေခြင်း၊ ၅။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးမဲ့ကို မပြောဆိုခြင်း၊ ၆။ တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကို မပြောဆိုခြင်း၊ ၇။ သံဃာတော်၏ ဂုဏ်ကျေးဇူးမဲ့ကို မပြောဆိုခြင်း၊ ၈။ လူတို့၏ တရားနှင့် စပ်သော ဝန်ခံမှုကို မှန်အောင် ပြုခြင်း။ (အံ၊၃။၁၅၉။) (အံ၊မြန်၊၃။၁၆၁။)

ပဋိသန္ဓာရ ၂ မျိုး လောကဝတ်ပြုခြင်း၂ မျိုးနှင့် တူသည်။

ပဋိသန္ဓေ ၃ မျိုး ၁။ ကာမဘဝ ပဋိသန္ဓေ၊ ၂။ ရူပဘဝ ပဋိသန္ဓေ၊ ၃။ အရူပဘဝ ပဋိသန္ဓေ။ (ဝိသုဒ္ဓိ၊ ၂။၁၈၄။)

ပဋိသန္ဓေ ၄ မျိုး ၁။ အဏ္ဍဇပဋိသန္ဓေ– အဥ္ဍ ဖြစ်သော ပဋိသန္ဓေ၊ ၂။ ဇလာဗုဇပဋိသန္ဓေ– သားအိမ်၌ ဖြစ်သော ပဋိသန္ဓေ၊ ၃။ သံသေဒဇပဋိသန္ဓေ– အညီအဟောက် အပုပ်အစပ်စသည်၌ ဖြစ်သော ပဋိသန္ဓေ၊ ၄။ ဩပပါတိကပဋိသန္ဓေ– ဥပပတ် ပဋိသန္ဓေ။ (ဒီ၊ ၃။၁၉၂။) (ဝိသုဒ္ဓိ၊ ၂။၁၈၄။) (ဒီ၊ မြန်၊ ၃။၂၁၄။)

ပဋိသန္ဓေကိန်းအောင်းခြင်း ၄ မျိုး ၁။ အသိမရှိမူ၍ အဓိဝမ်းသို့ သက်ပြီး အသိမရှိမူ၍ အဓိဝမ်း၌ တည်လျက် အသိမရှိမူ၍ အဓိဝမ်းမှ ထွက်ခြင်း၊ ၂။ အသိရှိလျက် အဓိဝမ်းသို့ သက်ပြီး အသိမရှိမူ၍ အဓိဝမ်း၌ တည်လျက် အသိမရှိမူ၍ အဓိဝမ်းမှ ထွက်ခြင်း၊ ၃။ အသိရှိလျက် အဓိဝမ်းသို့ သက်ပြီး အသိရှိလျက် အဓိဝမ်း၌ တည်လျက် အသိမရှိမူ၍ အဓိဝမ်းမှ ထွက်ခြင်း၊ ၄။ အသိရှိလျက် အဓိဝမ်းသို့ သက်ပြီး အသိရှိလျက် အဓိဝမ်း၌ တည်လျက် အသိရှိလျက် အဓိဝမ်းမှ ထွက်ခြင်း။ (ဒီ၊၃။၈၅။) (ဒီ၊၃။၁၉၂။) (ဒီ၊မြန်၊၃။၉၁–၉၂။) (ဒီ၊မြန်၊၃။၂၁၅။)

ပဋိသန္ဓေခဏ၌ သဟဇာတ, အညမည, နိဿယ, ဝိပ္ပယုတ္တပစ္စည်းဖြင့် ကျေးဇူးပြုသော တရား ၁၄ ပါး ၁။ ခန္ဓာငါးပါး၊ ၂။ အာယု, ဥသွာ, ဝိညာဏ်ဟု ဆိုအပ်သော ဇီဝိတသင်္ခါရ သုံးပါး၊ ၄။ နာမ်–ရုပ် နှစ်ပါး ပေါင်း တစ်ဆယ့်လေးပါး။ (ပဋိသံ၊၁၊၂။၁၇၃။)

ပဋိသန္ဓေခဏ၌ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ ပစ္စည်းဖြင့် ကျေးဇူးပြုသော တရား ၁၄ ပါး ၁။ နာမ်ခန္ဓာ လေးပါး၊ ၂။ သဒ္ဒါန္ဒြေ စသော ဣန္ဒြေ ငါးပါး၊ ၃။ အလောဘ စသော ဟိတ် သုံးပါး၊ ၄။ နာမ်, ပဋိသန္ဓေဝိညာဏ် နှစ်ပါး ပေါင်း တစ်ဆယ့်လေးပါး။ (ပဋိသံ၊၁၊၂။၁၇၃။)

http://www.dhammadownload.com

ပဋိသန္ဓေ စသော ဆင်းရဲမှု မလွတ်မြောက်ကြောင်း ၄ ပါး ၁။ မြတ်သော အရိယသစ္စာလကို လျော်စွာ မသိခြင်း ထိုးထွင်း၍ မသိခြင်း၊ ၂။ မြတ်သော သမုဒယကို လျော်စွာ မသိခြင်း, ထိုးထွင်း၍ မသိခြင်း၊ ၃။ မြတ်သော ပညာကို လျော်စွာ မသိခြင်း, ထိုးထွင်း၍ မသိခြင်း၊ ၄။ မြတ်သော နိဗ္ဗာန်ကို လျော်စွာ မသိခြင်း, ထိုးထွင်း၍ မသိခြင်း။ (အဘိ၊က၊၉၅။) (အဘိ၊က၊မြန်၊၁။၁၆၃။)

ပဋိသန္ဓေ တည်ကြောင်း ၃ မျိုး ကိုယ်ဝန်တည်ခြင်း၏ အကြောင်း ၃ မျိုးနှင့် တူသည်။

ပဋိသန္ဓေ တည်ကြောင်း ၈ မျိုး ကိုယ်ဝန်ယူခြင်း၏ အကြောင်း ၈ မျိုးနှင့် တူသည်။

ပဋိသန္ဓေ ဓာတ် ၁၁ ပါး (ကာမဓာတ် ကာမဘုံ၌ အာယတနမချို့မူ၍ အပြည့်အစုံ ဖြစ်ထိုက်ကုန်သော ကာမာဝစရ နတ် လူ စသည်တို့၏ ပဋိသန္ဓေ ဓာတ် ၁၁ ပါး) ၁။ စက္ခုဓာတ်၊ ၂။ ရူပဓာတ်၊ ၃။ သောတဓာတ်၊ ၄။ ဃာနဓာတ်၊ ၅။ ဇိဝှါဓာတ်၊ ၆။ ဇိဝှါဓာတ်၊ ၇။ ရသဓာတ်၊ ၈။ ကာယဓာတ်၊ ၉။ ဖောဋ္ဌဗ္ဗဓာတ်၊ ၁၀။ မနောဝိညာဏဓာတ်၊ ၁၁။ ဓမ္မဓာတ်။ (အဘိ၊ဝိ။၄၂၈။) (အဘိ၊ဝိ၊မြန်၊၂။၅၄၅။)

ပဋိသန္ဓေဝိညာဏ်၏ တည်ရာ ၇ မျိုး ၁။ ကိုယ်သဏ္ဌာန်ချင်း ကွဲပြားခြင်း ပဋိသန္ဓေသညာချင်းလည်း ကွဲပြားသော သတ္တဝါ၊ ၂။ ကိုယ်သဏ္ဌာန်ချင်း ကွဲပြားခြင်း ပဋိသန္ဓေသညာတူသော်လည်း ကွဲပြားသော သတ္တဝါ၊ ၃။ ကိုယ်သဏ္ဌာန်ချင်း တူ၍ ပဋိသန္ဓေသညာချင်း ကွဲပြားသော သတ္တဝါ၊ ၄။ ကိုယ်သဏ္ဌာန်ချင်း တူ၍ ပဋိသန္ဓေသညာချင်းလည်း တူသော ကွဲပြားသော သတ္တဝါ၊ ၅။ အာကာသာနဉ္စာယတနဘုံသို့ ရောက်နေသော ဗြဟ္မာ၊ ၆။ ဝိညာဏဉ္စာယတနဘုံသို့ ရောက်နေသော ဗြဟ္မာ၊ ၇။ အာကိဉ္စညာယတနဘုံသို့ ရောက်နေသော ဗြဟ္မာ။ (အံ၊၂။၄၂၇။) (အံ၊မြန်၊၂။၅၄၀-၅၄၁။)

ပဋိသန္ဓေ အာယတန ၁၁ ပါး (ကာမဘုံ၌ အာယတနမချို့မူ၍ အပြည့်အစုံ ဖြစ်ထိုက်ကုန်သော ကာမာဝစရနတ် ကမ္ဘာဦးလူ ဥပပါတ်ပဋိသန္ဓေနေသော ပြိတ္တာ အသုရာ ငရဲ တိရစ္ဆာန်တို့၏ ပဋိသန္ဓေ အာယတန ၁၁ ပါး) ၁။ စက္ခာယတန၊ ၂။ ရူပါယတန၊ ၃။ သောတာယတန၊ ၄။ ဃာနာယတန၊ ၅။ ဇိဝှါယတန၊ ၆။ ဇိဝှါယတန၊ ၇။ ရသာယတန၊ ၈။ ကာယာယတန၊ ၉။ ဖောဋ္ဌဗ္ဗာယတန၊ ၁၀။ မနာယတန၊ ၁၁။ ဓမ္မာယတန။ (အဘိ၊ဝိ။၄၂၇။) (အဘိ၊ဝိ၊မြန်၊၂။၅၄၃။)

ပဋိသန္ဓေ အာရုံ ၃ မျိုး ၁။ ကံ– အားထုတ်အပ်ဖူးသော ကုသိုလ်, အကုသိုလ်စေတနာ၊ ၂။ ကမ္မနိမိတ်– ကံကို ပြုရာ၌ အာရုံပြုခဲ့သော ဝတ္ထု၊ ၃။ ဂတိနိမိတ်– ဖြစ်လတ္တံ့သော နေရာ၌ တစ်မျိုးသော အကြောင်းအရာအားဖြင့် ထင်လာခြင်း။ (အဘိ၊၅၊၂။၁၄၉။)

ပဋိသန္ဓေ အာရုံ ၃ မျိုး (တစ်နည်း) ၁။ အတိတ်အာရုံ၊ ၂။ ပစ္စုပ္ပန်အာရုံ၊ ၃။ အတိတ်ပစ္စုပ္ပန်ဟု မဆိုထိုက်သော ပညတ်အာရုံ။ (အဘိ၊၅၊၂။၁၄၉။)

ပဋိသန္ဓေ ဣန္ဒြေ ၁၄ ပါး (ဉာဏသမ္မယုတ်ဖြစ်သော ကာမာဝစရနတ်တို့၏ ပဋိသန္ဓေ ဣန္ဒြေ ၁၄ ပါး) ၁။ စက္ခုန္ဒြေ၊ ၂။ သောတိန္ဒြေ၊ ၃။ ဃာနိန္ဒြေ၊ ၄။ ဇိဝှိန္ဒြေ၊ ၅။ ကာယိန္ဒြေ၊ ၆။ မနိန္ဒြေ၊ ၇။ (ဣတ္ထိန္ဒြေ)၊ ၈။ (ပုရိသိန္ဒြေ)၊ ၉။ ဇီဝိတိန္ဒြေ၊ ၁၀။ (သောမနဿိန္ဒြေ)၊ ၁၁။ (ဥပေက္ခိန္ဒြေ)၊ ၁၂။ သဒ္ဓိန္ဒြေ၊ ၁၃။ ဝီရိယိန္ဒြေ၊ ၁၄။ သတိန္ဒြေ၊ ၁၅။ သမာဓိန္ဒြေ၊ ၁၆။ ပညိန္ဒြေ။ **မှတ်ချက်။ ။**

http://www.dhammadownload.com

(ကုတ္ထိန္ဒြေနှင့် ပုရိသိန္ဒြေ သောမနဿိန္ဒြေနှင့် ဥပေက္ခိန္ဒြေတို့သည် တစ်ပါးရလျှင် ကျန်တစ်ပါး မရ၊ ထို့ကြောင့် ၁၄ ပါး ဖြစ်၏)။ (အဘိ၊ ဝိ။၄၂၉။) (အဘိ၊ ဝိ၊ မြန်၊ ၂။၅၄၆။)

ပဋိစ္စသမုပ္ပါဒ်၌ အတ္ထနယ ၄ ပါး ၁။ တစ်ခုတည်း၏ အဖြစ်ဖြင့် အဝိဇ္ဇာစသော သဘောတို့ကို ဉာဏ်ဖြင့် ဆောင်ယူကြောင်း သိကြောင်းနည်း (ဧကတ္တနယ)၊ ၂။ အသီးအသီး၏ အဖြစ်ဖြင့် အဝိဇ္ဇာစသော သဘောတို့ကို ဉာဏ်ဖြင့် ဆောင်ယူကြောင်း သိကြောင်းနည်း (နာနတ္တနယ)၊ ၃။ အဝိဇ္ဇာ၏ သခ်ၤါရတို့ကို 'ငါအဝိဇ္ဇာသည် ဖြစ်စေထိုက်ကုန်၏' သခ်ၤါရတို့၏လည်း 'ငါတို့သည် ဝိညာဏ်ကို ဖြစ်စေထိုက်ကုန်၏' ဤသို့ အစရှိသော ဗျာပါဒ ကြောင့်ကြ မရှိခြင်းတို့ကို ဉာဏ်ဖြင့် ဆောင်ယူကြောင်း, သိကြောင်းနည်း၊ (အဗျာပါဒနယ)၊ ၄။ အဝိဇ္ဇာ အစရှိကုန်သော အကြောင်းတို့ကြောင့် သခ်ၤါရ အစရှိသည်တို့၏သာ ဖြစ်ကုန်၏၊ သခ်ၤါရမှ တစ်ပါး အခြားတရားတို့၏ ဖြစ်ခြင်းမရှိ၊ ဤသို့ အစရှိသည်ဖြင့် အဝိဇ္ဇာစသော သဘောတရားတို့ကို ဉာဏ်ဖြင့် ဆောင်ယူကြောင်း သိကြောင်းနည်း၊ (ဝေဓမ္မတာနယ)။ (အဘိ၊ ဋ္ဌ၊ ၂။၁၈၈။)

ပဋိစ္စသမုပ္ပါဒ်၏ ကာလ ၃ ပါး ၁။ အဝိဇ္ဇာ, သခ်ၤါရတို့သည် အတိတ်ကာလ၊ ၂။ ဇာတိ, ဇရာ, မရဏတို့သည် အနာဂတ်ကာလ၊ ၃။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝတို့သည် ပစ္စုပ္ပန်ကာလ။ (ဝိ၊ဋ္ဌ၊၁။၈၆။)

ပဋိစ္စသမုပ္ပါဒ်၏ နယ ၉ မျိုး ၁။ အဝိဇ္ဇာဒီကနယ၊ ၂။ သခ်ၤါရာဒီကနယ၊ ၃။ ဝိညာဏာဒီကနယ၊ ၄။ နာမာဒီကနယ၊ ၅။ သဠာယတနာဒီကနယ၊ ၆။ ဖဿာဒီကနယ၊ ၇။ ဝေဒနာဒီကနယ၊ ၈။ တဏှာဒီကနယ၊ ၉။ ဥပါဒါနာဒီကနယ။ (အဘိ၊ဋ္ဌ၊၂။၁၉၀။)

ပဋိစ္စသမုပ္ပါဒ်၏ နက်နဲခြင်း ၄ မျိုး ၁။ အကျိုးအားဖြင့် နက်နဲခြင်း၊ ၂။ အကြောင်းအားဖြင့် နက်နဲခြင်း၊ ၃။ ဒေသနာအားဖြင့် နက်နဲခြင်း၊ ၄။ ထိုးထွင်း၍ သိအပ်သော သဘောအားဖြင့် နက်နဲခြင်း။ (အဘိ၊ဋ္ဌ၊၂။၁၈၇။)

ပဋိစ္စသမုပ္ပါဒ်၏ နက်နဲခြင်း အခြင်းအရာ ၄ မျိုး ၁။ အကျိုးတရား၏ နက်နဲသော အဖြစ်၊ ၂။ အကြောင်းတရား၏ နက်နဲသော အဖြစ်၊ ၃။ ဒေသနာတော်၏ နက်နဲသော အဖြစ်၊ ၄။ ထိုးထွင်းသော ဉာဏ်၏ နက်နဲသော အဖြစ်။ (ဒီ၊ဋ္ဌ၊၂။၈၃။) (ဒီ၊ဋ္ဌ၊မြန်၊၂။၁၅၃။)

ပဋိစ္စသမုပ္ပါဒ်၏ မူလပဒ ၉ မျိုး ၁။ အဝိဇ္ဇာမူလပဒ၊ ၂။ သခ်ၤါရမူလပဒ၊ ၃။ ဝိညာဏမူလပဒ၊ ၄။ နာမမူလပဒ၊ ၅။ သဠာယတနမူလပဒ၊ ၆။ ဖဿမူလပဒ၊ ၇။ ဝေဒနာမူလပဒ၊ ၈။ တဏှာမူလပဒ၊ ၉။ ဥပါဒါန်မူလပဒ။ (အဘိ၊ဋ္ဌ၊၂။၁၉၀။)

ပဋိစ္စသမုပ္ပါဒ်၏ ဝဋ် ၃ ပါး ၁။ အဝိဇ္ဇာ, တဏှာ ဥပါဒါန်တို့သည် ကိလေသဝဋ်၊ ၂။ သခ်ၤါရ, ကမ္မဘဝသည် ကမ္မဝဋ်၊ ၃။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဥပပတ္တိဘဝတို့သည် ဝိပါကဝဋ်။ (ဝိ၊ ဋ္ဌ၊ ၁။၈၆။)

ပဋိစ္စသမုပ္ပါဒ်၏ အခြင်းအရာ ၂၀ ၁။ အဝိဇ္ဇာ, သခ်ၤါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝဟု ဆိုအပ်သော အတိတ်အကြောင်း (၅) ပါး၊ ၂။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟု ဆိုအပ်သော ပစ္စုပ္ပန်အကျိုး (၅) ပါး၊ ၃။ တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သခ်ၤါရဟု

http://www.dhammadownload.com

ဆိုအပ်သော ပစ္စုပ္ပန်အကြောင်း (၅) ပါး၊ ၄။ ဇာတိ, ဇရာ, မရဏကို ညွှန်ပြခြင်းဖြင့် သိမ်းယူအပ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဟု ဆိုအပ်သော အနာဂတ်အကျိုး (၅) ပါး ပေါင်း ၂၀။ (ဝိ၊ဋ္ဌ၊၁။၈၆။)

ပဋိစ္စသမုပ္ပါဒ်၏ အစပ် ၃ ပါး ၁။ တဏှာ ဒုက္ခတို့၏အကြောင်းသည် အစပ် တစ်ပါး၊ ၂။ ဒုက္ခ ဘဝတို့၏ အကြောင်းသည် အစပ် တစ်ပါး၊ ၃။ ဘဝ ဇာတိတို့၏အကြောင်းသည် အစပ် တစ်ပါး။ (မ၊ဋ္ဌ၊၁။၅၅။)

ပဋိစ္စသမုပ္ပါဒ်၏ အစပ် ၃ ပါး ၁။ သခ်ါရနှင့် ဝိညာဏ်အကြား တစ်စပ်၊ ၂။ ဝေဒနာနှင့်တဏှာ အကြား တစ်စပ်၊ ၃။ ဘဝနှင့် ဇာတိ အကြား တစ်စပ်။ (ဝိ၊ဋ္ဌ၊၁။၈၆။)

ပဋိစ္စသမုပ္ပါဒ်၏ အဓာန်.ကာလ ၃ ပါး ၁။ ရှေ့ဘဝ၌ ဖြစ်သော တဏှာ ဟူသော နန္ဒီသည် အတိတ်အဓွန့်.ကာလ၊ ၂။ ဇာတိ ဇရာ မရဏသည် အနာဂတ်ဘဝ၌ ဖြစ်သော အဓွန့်၊ ၃။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟူသော ဒုက္ခသည် ပစ္စုပ္ပန်ဘဝဖြစ်သော အဓွန့်။ (မ၊ဋ္ဌ၊၁။၅၅။)

ပဋိစ္စသမုပ္ပါဒ်၏ အလွှာ ၄ ပါး ၁။ ရှေ့ဘဝ၌ ဖြစ်သော တဏှာ တည်းဟူသော နန္ဒီသည် အလွှာ တစ်ပါး၊ ၂။ ခန္ဓာငါးပါး တည်းဟူသော ဒုက္ခသည် အလွှာ တစ်ပါး၊ ၃။ ကမ္မဘဝသည် အလွှာ တစ်ပါး၊ ၄။ ဇာတိ ဇရာ မရဏ (ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း) သည် အလွှာ တစ်ပါး။ (မ၊ဋ္ဌ၊၁။၅၅။)

ပဋိစ္စသမုပ္ပါဒ်၏ အလွှာ ၄ ပါး (တစ်နည်း) ၁။ အဝိဇ္ဇာသခ်ါရ- တစ်လွှာ၊ ၂။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ- တစ်လွှာ၊ ၃။ တဏှာ, ဥပါဒါန်, ဘဝ-တစ်လွှာ၊ ၄။ ဇာတိ, ဇရာ, မရဏ- တစ်လွှာ။ (ဝိ၊ဋ္ဌ၊၁။၈၆။)

ပဌမကထိနသိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ သင်္ကန်းသည် မိမိသင်္ကန်း ဖြစ်ခြင်း၊ ၂။ သင်္ကန်း ပမာဏနှင့် ကိုက်ညီခြင်း၊ ၃။ ပလိဗောဓပြတ်ပြီး ဖြစ်ခြင်း၊ ၄။ ပိုလွန်သော သင်္ကန်း ဖြစ်ခြင်း၊ ၅။ ဆယ်ရက်အပိုင်းအခြား လွန်သွားခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၉၃။) (ဝိမတိ၊၁။၃၁၇။)

ပဌမဈာန်၌ ရှိသော တရား ၁၆ ပါး ၁။ ကြံခြင်း ဝိတက်၊ ၂။ ဆင်ခြင်ခြင်း ဝိစာရ၊ ၃။ နှစ်သက်ခြင်း ပီတိ၊ ၄။ ချမ်းသာခြင်း သုခ၊ ၅။ စိတ်တည်ငြိမ်ခြင်း ဧကဂ္ဂတာ၊ ၆။ တွေ့.ထိခြင်း ဖဿ၊ ၇။ ခံစားခြင်း ဝေဒနာ၊ ၈။ မှတ်ခြင်း သညာ၊ ၉။ စေ့ဆော်ခြင်း စေတနာ၊ ၁၀။ စိတ်၊ ၁၁။ အလိုဆန္ဒ၊ ၁၂။ ဆုံးဖြတ်ခြင်း အဓိမောက္ခ၊ ၁၃။ လုံ့လပြုခြင်း ဝီရိယ၊ ၁၄။ အမှတ်ရခြင်း သတိ၊ ၁၅။ လျစ်လျူရှုခြင်း ဥပေက္ခာ၊ ၁၆။ နှလုံးသွင်းခြင်း မနသိကာရ။ (မ၊၃။၇၅။) (မ၊မြန်၊၃။၇၉။)

ပဌမဈာန် မရကြောင်း တရား ၆ ပါး ၁။ ကာမဂုဏ်၌ ဖြစ်သော အလို ကာမစ္ဆန္ဒကို မပယ်ခြင်း။ ၂။ ပျက်စီးစေလိုမှု ဗျာပါဒကို မပယ်ခြင်း၊ ၃။ လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓကို မပယ်ခြင်း၊ ၄။ ပျံ့.လွင့်မှု နောင်တပူပန်မှု ဥဒ္ဓစ္စ ကုက္ကုစ္စကို ပယ်ခြင်း၊ ၅။ မဝေခွဲနိုင်မှု ဝိစိကိစ္ဆာကို မပယ်ခြင်း၊ ၆။ ကာမဂုဏ်တို့၌ အပြစ်ကို ဟုတ်တိုင်းမှန်စွာ မမြင်ခြင်း။ (အံ၊၂။၃၇၃။) (အံ၊မြန်၊၂။၄၇၀-၄၇၁။)

ပဌမဈာန် မရကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ ကာမဂုဏ်ကို ကြံစည်မှု ကာမဝိတက်ကို မပယ်ခြင်း၊ ၂။ ပျက်စီးစေရန် ကြံစည်မှု ဗျာပါဒဝိတက်ကို မပယ်ခြင်း၊ ၃။ ညှဉ်းဆဲရန် ကြံစည်မှု

http://www.dhammadownload.com

ဝိဟိံသဝိတက်ကို မပယ်ခြင်း၊ ၄။ ကာမဂုဏ်တို့၌ မှတ်သားမှု ကာမသညာကို မပယ်ခြင်း၊ ၅။ ပျက်စီးစေရန် မှတ်သားမှု ဗျာပါဒသညာကို မပယ်ခြင်း၊ ၆။ ညှဉ်းဆဲရန် မှတ်သားမှု ဝိဟိံသသညာကို မပယ်ခြင်း။ (အံ၊၂။၃၇၄။) (အံ၊မြန်၊၂။၄၇၁။)

ပဌမစျာန် ရကြောင်း တရား ၆ ပါး ၁။ ကာမဂုဏ်၌ ဖြစ်သော အလို– ကာမစ္ဆန္ဒကို ပယ်ခြင်း၊ ၂။ ပျက်စီးစေလိုမှု ဗျာပါဒကို ပယ်ခြင်း၊ ၃။ လေးလံထိုင်းမှိုင်းမှု ထိန မိဒ္ဓကို ပယ်ခြင်း၊ ၄။ ပျံ့လွင့်မှု နောင်တစ်ဖန် ပူပန်မှု ဥဒ္ဓစ္စကုက္ကုစ္စကို ပယ်ခြင်း၊ ၅။ မဝေခွဲနိုင်မှု ဝိစိကိစ္ဆာကို ပယ်ခြင်း၊ ၆။ ကာမဂုဏ်တို့၌ အပြစ်ကို ဟုတ်တိုင်းမှန်စွာ မြင်ခြင်း။ (အံ၊၂။၃၇၃။) (အံ၊မြန်၊၂။၄၇၁။)

ပဌမစျာန် ရကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ ကာမဂုဏ်ကို ကြဲစည်မှု ကာမဝိတက်ကို ပယ်ခြင်း၊ ၂။ ဖျက်ဆီးရန် ကြဲစည်မှု ဗျာပါဒဝိတက်ကို ပယ်ခြင်း၊ ၃။ ညှဉ်းဆဲရန် ကြဲစည်မှု ဝိဟိံသဝိတက်ကို ပယ်ခြင်း၊ ၄။ ကာမဂုဏ်၌ မှတ်သားမှု ကာမသညာကို ပယ်ခြင်း၊ ၅။ ပျက်စီးစေရန် မှတ်သားမှု ဗျာပါဒသညာကို ပယ်ခြင်း၊ ၆။ ညှဉ်းဆဲရန် မှတ်သားမှု ဝိဟိံသသညာကို ပယ်ခြင်း။ (အံ၊၂။၃၇၄။) (အံ၊မြန်၊၂။၄၇၁–၄၇၂။)

ပဌမစျာန် ပယ်အပ်သော နီဝရဏ ၅ ပါး ၁။ ကာမစ္ဆန္ဒ၊ ၂။ ဗျာပါဒ၊ ၃။ ထိနမိဒ္ဓ၊ ၄။ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ၅။ ဝိစိကိစ္ဆာ။ (သာရတ္ထ၊ ဋီ၊ ၂။၁၇၃။)

ပဌမစျာန် အင်္ဂါ ၅ ပါး ၁။ စိတ်ကို ကမ္မဋ္ဌာန်းအာရုံ၌ ရှေးရှု တင်စေတတ်သော ဝိတက်၊ ၂။ စိတ်ကို ကမ္မဋ္ဌာန်းအာရုံသို့ အစဉ်ဖွဲ့တတ်သော ဝိစာရ၊ ၃။ ဝမ်းမြောက်ခြင်း ပီတိ၊ ၄။ ကိုယ်စိတ် ချမ်းသာခြင်း သုခ၊ ၅။ စိတ်တည်ကြည်ခြင်း ဧကဂ္ဂတာ။ (သာရတ္ထ၊ဋီ၊၂။၁၇၄။)

ပဌမစျာန် လက္ခဏာ ၁၀ ပါး ၁။ စိတ်ကို ထက်ဝန်းကျင်မှ နှောင်ဖွဲ့တတ်သော နီဝရဏတရားတို့မှ စျာန်စိတ်၏ စင်ကြယ်ခြင်း၊ ၂။ အလယ်အလတ်ဖြစ်သော သမာဓိနိမိတ်ကို ရခြင်း (သမာဓိနိမိတ်သို့ ရောက်ခြင်း။)၊ ၃။ ထိုသမာဓိနိမိတ်၌ စျာန်စိတ် ပြေးဝင်နေခြင်း၊ ၄။ စင်ကြယ်ပြီးသော စျာန်စိတ်ကို ဗျာပါရမပြု လျစ်လျူရှုခြင်း၊ ၅။ သမာဓိရပြီးသော စျာန်စိတ်ကို လျစ်လျူရှုခြင်း၊ ၆။ ကိလေသာတို့နှင့် မရောသည့်အတွက် တစ်ပါးတည်းအဖြစ်ဖြင့် တည်နေသော စျာန်စိတ်ကို လျစ်လျူရှုခြင်း၊ ၇။ ထိုစျာန်စိတ်၌ ဖြစ်ကုန်သော သမာဓိ, ပညာဟု ဆိုအပ်သော ယုဂနद္ဓတရားတို့ကို တစ်ပါးသည် တစ်ပါးကို မကျော်လွန်စေခြင်းအားဖြင့် ကောင်းစွာ ရွင်လန်းစေခြင်း ဖြူစင်စေခြင်း၊ ၈။ သဒ္ဓါစသော ဣန္ဒြေတို့ကို ဝိမုတ္တိရသတစ်ခုတည်း အဖြစ်ဖြင့် ရွင်လန်းဖြူစင်စေခြင်း၊ ၉။ ထိုဧကရသသဘောရှိသော ဣန္ဒြေတို့အား လျော်သော ဝီရိယကို ဆောင်ရွက်သည်၏ အဖြစ်အားဖြင့် ကောင်းစွာ ရွင်လန်းစေခြင်း၊ ၁၀။ စျာန်စိတ်၌ ဖြစ်သော သမာဓိ ပညာ စသော တရားတို့ကို အဖန်ဖန် ဖြစ်စေသောအားဖြင့် ကောင်းစွာ ရွင်လန်းစေခြင်း ဖြူစင်စေခြင်း။ (ဝိ၊၌၊၂။၃။)

ပဌမစျာန် အစဉ် လက္ခဏာ ၃ ပါး ၁။ ထက်ဝန်းကျင် နှောင်ဖွဲ့တတ်သော နီဝရဏတရားတို့မှ စျာန်စိတ်၏ စင်ကြယ်ခြင်း၊ ၂။ အလယ်ဖြစ်သော သမာဓိနိမိတ်ကို ရခြင်း၊ ၃။ ထိုသမာဓိနိမိတ်သို့ ပြေးဝင်ခြင်း။ (ဝိ၊၌၊၂။၃။)

http://www.dhammadownload.com

ပဌမစျာန် အဆုံးဌ် လက္ခဏာ ၄ ပါး ၁။ စျာန်စိတ်ဌ် ဖြစ်ကုန်သော သမာဓိ, ပညာ ဟူသော ယုဂနဒ္ဓတရားတို့ကို တစ်ပါးသည် တစ်ပါးကို မကျော်လွန်စေသောအားဖြင့် ကောင်းစွာ ရွှင်လန်းစေခြင်း ဖြူစင်စေခြင်း၊ ၂။ သဒ္ဓါစသော ဣန္ဒြေတို့ကို ဝိမုတ္တိရသ တစ်ခုတည်း၏ အဖြစ်ဖြင့် ရွှင်လန်းစေခြင်း ဖြူစင်စေခြင်း၊ ၃။ ထိုဧကရသသဘောရှိသော ဣန္ဒြေတို့အားလျော်သော ဝီရိယကို ဆောင်ရွက်သည်၏ အဖြစ်အားဖြင့် ကောင်းစွာ ရွှင်လန်းစေခြင်း၊ ၄။ စျာန်စိတ်ဌ် ဖြစ်သော သမာဓိ,ပညာ စသော တရားတို့ကို အဖန်ဖန် ဖြစ်စေသောအားဖြင့် ကောင်းစွာ ရွှင်လန်း ဖြူစင်စေခြင်း။ (ဝိ၊ဌ၊၂။၃။)

ပဌမစျာန် အလယ်ဌ် လက္ခဏာ ၃ ပါး ၁။ နိဝရဏတရားတို့မှ စင်ကြယ်ပြီးသော စျာန်စိတ်ကို လျစ်လျူရှုခြင်း၊ ၂။ သမာဓိရပြီးသော စျာန်စိတ်ကို လျစ်လျူရှုခြင်း၊ ၃။ ကိလေသာတို့နှင့် မရောသည့်အတွက် တစ်ပါးတည်း တည်နေသော စျာန်စိတ်ကို လျစ်လျူရှုခြင်း။ (ဝိ၊ဌ၊၂။၃။)

ပဌမဒုဋ္ဌဒေါသသိက္ခာပုဒ် အင်္ဂါ ၅ ပါး ၁။ စောဒနာခံရသူက ရဟန်းဖြစ်ခြင်း၊ ၂။ ထိုစုဒိတက ရဟန်းဌ် အာပတ် စင်ကြယ်သူဟု အမှတ်ရှိခြင်း၊ ၃။ အကြင်ပါရာဇိကဖြင့် စွပ်စွဲ၏၊ ထိုစွပ်စွဲမှု၏ မြင်ခြင်း အစရှိသောအားဖြင့် အခြေအမြစ် မရှိခြင်း၊ ၄။ သာသနာမှ ရွေ့လျောလိုသော စိတ်ဖြင့် မျက်မှောက်ဌ် စွပ်စွဲခြင်း၊ ၅။ စွပ်စွဲခံရသော ရဟန်းက ထိုစွပ်စွဲသော ခဏဌ်ပင် သိခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၅ဖ။) (ဝိမတိ၊၁။၂၉၃။)

ပဌမ ပဝါရဏာသိက္ခာပုဒ်ဌ် အင်္ဂါ ၃ ပါး ၁။ ဆွမ်းစားစဉ် ဘောဇဉ်ငါးမျိုး တစ်မျိုးမျိုးဖြင့် ဟတ္ထပါသ်ဌ် တည်လျက် ရှေးရှုဆောင်သော် ပယ်မြစ်ခြင်း၊ ၂။ အာမိသသည် အတိရိတ်ဝိနည်းကဲ့ မပြုရသေးခြင်း, ဂိလာန၏ အပိုအလျှံ မဟုတ်ခြင်း၊ ၃။ ဆွမ်းစားခွင့်ရှိသော ကာလဌ်. စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၆၄။) (ဝိမတိ၊၂။၃၁။)

ပဌမ ပါဋိဒေသနီယသိက္ခာပုဒ်ဌ် အင်္ဂါ ၂ ပါး ၁။ မြို့ရွာတွင်းဌ် တည်သော ဆွေမျိုးမတော် ဘိက္ခုနီ၏ လက်မှ မိမိလက်ဖြင့် ယာဝကာလိကဝတ္ထုကို ခံယူခြင်း၊ ၂။ စားမျိုခြင်း။ (ဝိမတိ၊၂။၅၈။)

ပဌမ ပါဋိဒေသနီယသိက္ခာပုဒ်ဌ် အင်္ဂါ ၅ ပါး ၁။ ပြည့်စုံသော ဘိက္ခု ဘိက္ခုနီသံဃာဌ် ရဟန်းမဖြစ်ခြင်း၊ ၂။ ဆွေမျိုးမတော်သူ ဖြစ်ခြင်း၊ ၃။ မြို့တွင်းရွာတွင်း ခရီးလမ်းဌ် ရပ်တည်သော ဘိက္ခုနီ၏ လက်မှ မိမိကိုယ်တိုင် ခံယူခြင်း၊ ၄။ ယာဝကာလိကဝတ္ထု ဖြစ်ခြင်း၊ ၅။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၀၃။)

ပဌမဇောဓိဌ် ဘုရားရှင်အား ပြုစုလုပ်ကျွေးသော ရဟန်းသာမဏေ ၇ ပါး ၁။ နာဂသမာလ ထေရ်၊ ၂။ နာဂိတထေရ်၊ ၃။ ဥပဝါဏထေရ်၊ ၄။ သုနက္ခတ္တထေရ်၊ ၅။ စုန္ဒသာမဏေ၊ဖ။ သာဂတထေရ်၊၇။ မေဃိယထေရ်။ (အံ၊ဋီ၊၃။၂၆၇။)

ပဌမ သဟသေယျသိက္ခာပုဒ် အင်္ဂါ ၃ ပါး ၁။ ပါစိတ်ဝတ္ထုဖြစ်သော ကျောင်း ဖြစ်ခြင်း၊ ၂။ ထိုထို ကျောင်းဌ် လူသာမဏေနှင့် အတူတကွ အိပ်ခြင်း၊ ၃။ လေးရက်မြောက်နေ့ဌ် နေဝင် မိုးချုပ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၀။) (ဝိမတိ၊၂။၇။)

http://www.dhammadownload.com

ပဌမ သေနာသနသိက္ခာပုဒ်၌ အင်္ဂါ ၆ ပါး ၁။ ညောင်စောင်း စသည်တို့သည် သံဃာ့ပစ္စည်း ဖြစ်ခြင်း၊ ၂။ မခင်းဖို့ တားမြစ်ထားသော အရပ်၌ ကိုယ်တိုင်ခင်းခြင်း၊ သူတစ်ပါးကို ခင်းစေခြင်း၊ ၃။ နှောင့်ယှက်သူ မရှိခြင်း၊ ၄။ ဘေးရန် မရှိခြင်း၊ ၅။ ခဲတစ်ကျအရပ်ကို ကျော်လွန်ခြင်း၊ ၆။ ငဲ့ကွက်မှု မရှိသူ ဖြစ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၂၈။) (ဝိမတိ၊၂။၁၆။)

ပဌမ သံဃဘေဒသိက္ခာပုဒ်၌ အင်္ဂါ ၄ ပါး ၁။ သံဃာ၏ ကွဲပြားခြင်းငှာ လုံ့လပြုခြင်း၊ ၂။ ဓမ္မကံဖြင့် ကမ္မဝါစာ ရွတ်ဆိုခြင်း၊ ၃။ ကမ္မဝါစာ ပြီးဆုံးခြင်း၊ ၄။ အယူကို မစွန့်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၆၂။) (ဝိမတိ၊၁။၂၉၇။)

ပဌမ ဥပက္ခဋ္ဌသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ သင်္ကန်း၌ များမြတ် ပိုမိုစွာ ရရှိလိုခြင်း၊ ၂။ ဆွေမျိုးမတော်သူ ထံမှ တောင်းယူခြင်း၊ ၃။ ထိုသို့ တောင်းယူခြင်းကြောင့် ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၀၆။) (ဝိမတိ၊၁။၃၂၇။)

ပဌမ ဥစ္စာရဆဋ္ဌနသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ သုံးစွဲနေသော နံရံတစ်ဖက် တံတိုင်းစသည် ဖြစ်ခြင်း၊ ၂။ မပန်ကြားဘဲ ကျင်ကြီး စသည်တို့ကို စွန့်ပစ်ခြင်း စသည်။ (ဝိမတိ၊၂။၇၆။)

ပဌမ ဥစ္စာရဆဋ္ဌနသိက္ခာပုဒ်၌ အင်္ဂါ ၅ ပါး ၁။ ကျင်ကြီး စသည်တို့ ဖြစ်ခြင်း၊ ၂။ မကြည့်ရှုခြင်း၊ ၃။ သုံးစွဲ သွားလာနေသော နေရာအရပ် ဖြစ်ခြင်း၊ ၄။ နံရံတစ်ဖက် တံတိုင်း ရှိခြင်း၊ ၅။ ကိုယ်တိုင် စွန့်ပစ်ခြင်း, သူတစ်ပါးကို စွန့်ပစ်စေခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၄။)

ပဌာန်း ၆ မျိုး (အနုလောမ၌ ပဌာန်း ၆ မျိုး) ၁။ တိကပဌာန်း၊ ၂။ ဒုကပဌာန်း၊ ၃။ တိကဒုကပဌာန်း၊ ၄။ တိကတိကပဌာန်း၊ ၅။ ဒုကဒုကပဌာန်း။ (ပဌာန၊၁။၁၅။)

ပဏ္ဍိတ သရဏဂုံ ၄ ပါး ၁။ ဆွေမျိုးတော်စပ်သဖြင့် ပျုပ်ဝပ်ရှိကျိုး ရှိခိုးဦးညွှတ်ခြင်း– ဉာတိပဏ္ဍိတ၊ ၂။ ကြောက်သဖြင့် ပျုပ်ဝပ်ရှိကျိုး ရှိခိုးဦးညွှတ်ခြင်း– ဘယပဏ္ဍိတ၊ ၃။ ဆရာသမား ဖြစ်သဖြင့် ပျုပ်ဝပ်ရှိကျိုး ရှိခိုးဦးညွှတ်ခြင်း– အာစရိယပဏ္ဍိတ၊ ၄။ မြတ်သော အလျှုခံ ပုဂ္ဂိုလ်၏ ဂုဏ်ကို အာရုံပြု၍ အမြတ်တနိုး ကိုးကွယ်ဆည်းကပ်ခြင်း– ဒက္ခိဏေယျပဏ္ဍိတ။ (အံ၊ဋ္ဌ၊၂။၁၈။)

ပဏီတဘောဇနသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ မွန်မြတ်သော အာဟာရဖြင့် ရောစပ်အပ်သော ဘောဇဉ် ဖြစ်ခြင်း၊ ၂။ ကျန်းမာသူ ဖြစ်ခြင်း၊ ၃။ တောင်းခံမှု မပြုဘဲ ရရှိခြင်း၊ ၄။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၆၉။) (ဝိမတိ၊၂။၃၄။)

ပဏီတဘောဇဉ် ၉ မျိုး မွန်မြတ်သော ဘောဇဉ် ၉ မျိုးနှင့် တူသည်။

ပဏီတဝိညာဏ ၆ ပါး ၁။ ကုသလာဗျာကတဝိညာဏ၊ ၂။ အဗျာကတဝိညာဏ၊ ၃။ သုခလည်း ဖြစ်၍ အဒုက္ခမသုခလည်းဖြစ်သော ဝေဒနာနှင့် ယှဉ်သော ဝိညာဏ၊ ၄။ အဒုက္ခမသုခ ဖြစ်သော ဝေဒနာနှင့် ယှဉ်သော ဝိညာဏ၊ ၅။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝိညာဏ၊ ၆။ အာသဝ တရားနှင့် တကွ မဖြစ်သော ဝိညာဏ။ **မှတ်ချက်။** ။ ဤနေရာ၌ ရူပကွန္ဓာ ၁၊၂၊၃၊၄ ပါး သရုပ် ကျန်သည်။ (အဘိ၊ဝိ။၁၁။) (အဘိ၊ဝိ၊မြန်၊၁။၂၃။)

http://www.dhammadownload.com

ပဏီတဝေဒနာ ၆ ပါး ၁။ ကုသလာဗျာကတဝေဒနာ၊ ၂။ အဗျာကတဝေဒနာ၊ ၃။ သုခလည်း ဖြစ်၍ အဒုက္ခမသုခလည်းဖြစ်သော ဝေဒနာ၊ ၄။ အဒုက္ခမသုခဝေဒနာ၊ ၅။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာ၊ ၆။ အာသဝတရားနှင့်တကွ မဖြစ်သော ဝေဒနာ။ (အဘိ၊ဝိ။၄။) (အဘိ၊ဝိ၊မြန်၊ ၁။၇။)

ပဏီတသညာ ၆ ပါး ၁။ ကုသလာဗျာကတသညာ၊ ၂။ အဗျာကတသညာ၊ ၃။ သုခလည်းဖြစ်၍ အဒုက္ခမသုခလည်းဖြစ်သော ဝေဒနာနှင့် ယှဉ်သော သညာ၊ ၄။ အဒုက္ခမသုခဖြစ်သော ဝေဒနာနှင့် ယှဉ်သော သညာ၊ ၅။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ သညာ၊ ၆။ အာသဝ တရားနှင့် တကွ မဖြစ်သော သညာ။ (အဘိ၊ဝိ။၆။) (အဘိ၊ဝိ၊မြန်၊၁။၁၃။)

ပဏီတသင်္ခါရ ၆ ပါး ၁။ ကုသလာဗျာကတသင်္ခါရ၊ ၂။ အဗျာကတသင်္ခါရ၊ ၃။ သုခလည်းဖြစ်၍ အဒုက္ခမသုခလည်းဖြစ်သော ဝေဒနာနှင့် ယှဉ်သော သင်္ခါရ၊ ၄။ အဒုက္ခမသုခဖြစ်သော ဝေဒနာနှင့် ယှဉ်သော သင်္ခါရ၊ ၅။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်သင်္ခါရ၊ ၆။ အာသဝ တရားနှင့် တကွ မဖြစ်သော သင်္ခါရ။ (အဘိ၊ဝိ။၉။) (အဘိ၊ဝိ၊မြန်၊၁။၁၉။)

ပထမပါရာဇိက မဆုံးဖြတ်မီ ဆင်ခြင်ရမည့်အရာ ၆ မျိုး ၁။ ဝတ္ထု ထိုထိုသိက္ခာပုဒ်၏ အကြောင်းဝတ္ထု၊ ၂။ မာတိကာ– ထိုထိုသိက္ခာပုဒ်တည်းဟူသော မာတိကာ၊ ၃။ ပဒဘာဇနီ– ထိုထိုသိက္ခာပုဒ် ပါဠိတော်၏ အဖွင့်ဖြစ်သော ပဒဘာဇနီ၊ ၄။ တိကပရိစ္ဆေဒ– သံဃာဒိသိသ် သုံးချက်, ပါစိတ် အာပတ်သုံးချက် စသော တိက်အပိုင်းအခြား၊ ၅။ အန္တရာပတ္တိ– ဝိနိတဝတ္ထုနှင့်တကွ ထိုထို သိက္ခာပုဒ်တို့၏ အကြားဌ် ဖြစ်သော အန္တရာပတ်၊ ၆။ အနာပတ္တိ– မသာယာသော ရဟန်းအား အာပတ်မသင့် စသော အနာပတ်။ (ဝိ၊ဋ္ဌ၊၁။၂၀၁။)

ပထဝီ ၂ မျိုး ၁။ ဇာတပထဝီ (အစစ်ဖြစ်သော မြေ။) ၂။ အဇာတပထဝီ (အစစ်မဟုတ်သော မြေ။)။ (ဝိ၊၂။၄၉။) (ဝိ၊မြန်၊၂။၅၄။)

ပထဝီ ၄ မျိုး ၁။ လက္ခဏပထဝီ– မှတ်ကြောင်းလက္ခဏာ (ပထဝီ) မြေ၊ ၂။ သသမ္ဘာရပထဝီ– အဆောက်အဦအပေါင်းနှင့်တကွသော(ပထဝီ)မြေ၊၃။အာရမ္မဏပထဝီ–ဈာန်၏အာရုံဖြစ်သော (ပထဝီ) မြေ၊ ၄။ သမ္မုတိပထဝီ– သမုတ်အပ်သော အမည်ဖြစ်သော (ပထဝီ) မြေ။ (မ၊ဋ္ဌ၊၁။၂၆။)

ပထဝီခဏနသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ မြေကြီးအစစ် ဖြစ်ခြင်း၊ ၂။ မြေကြီးအစစ်ဟု အမှတ် ရှိခြင်း၊ ၃။ ကိုယ်တိုင်တူးခြင်း, သူတစ်ပါးကို တူးစေခြင်း နှစ်မျိုးတို့တွင် တစ်မျိုးမျိုး ဖြစ်ခြင်း။ (သာရတ္ထ၊ ဋီ၊၃။၁၆။) (ဝိမတိ၊၂။၁၀။)

ပထဝီဓာတ် ၂ မျိုး ၁။ ခန္ဓာကိုယ်အတွင်း၌ ဖြစ်သော အဇ္ဈတ္တိကပထဝီဓာတ်၊ ၂။ ခန္ဓာကိုယ် ပြင်ပ၌ ဖြစ်သော ဗာဟိရပထဝီဓာတ်။ (မ၊၁။၂၄၂။) (မ၊၂။၈၄။) (အဘိ၊ဝိ။၈၄။) (အဘိ၊ဋ္ဌ၊၂။၅၂။) (မ၊မြန်၊၁။ ၂၅၀။) (မ၊မြန်၊၂။၉၁။) (အဘိ၊ဝိ၊မြန်၊၁။၂၉၇။)

ပထဝီဓာတ် ၂၀ (မိမိသန္တာန်၌ ဖြစ်သော– ဥပါဒိန္နရုပ်/ပထဝီဓာတ် ၂၀ မျိုး) ၁။ ဆံပင်၊ ၂။ မွေးညှင်း၊ ၃။ ခြေသည်း လက်သည်း၊ ၄။ သွား၊ ၅။ အရေထူ အရေပါး၊ ၆။ အသား၊ ၇။ အကြော၊ ၈။ အရိုး၊ ၉။ ရိုးတွင်းခြင်ဆီ၊ ၁၀။ အညှို့၊ ၁၁။ နှလုံး၊ ၁၂။ အသည်း၊ ၁၃။ အမြှေး၊

http://www.dhammadownload.com

၁၄။ အဖျဉ်း၊ ၁၅။ အဆုတ်၊ ၁၆။ အူမ၊ ၁၇။ အူသိမ်၊ ၁၈။ အစာသစ်၊ ၁၉။ အစာဟောင်း၊ ၂၀။ ကိုယ်တွင်း၌ ဖြစ်သော ကိုယ်ကို စွဲ၍ ဖြစ်သော ကြိမ်းတမ်းသော ကြမ်းတမ်းသည်၏ အဖြစ်သို့ ရောက်သော အခြားအလုံးစုံသော ဥပါဒိန္နရုပ်တရား။ (မ၊၂။၈၄။) (မ၊မြန်၊၂။၉၁။)

ပထဝီဓာတ် ၂၀ တစ်နည်း (အဋ္ဌတ္တသန္တာန်၌ ဖြစ်သော ပထဝီဓာတ် ၂၀) ၁။ ကေသာ– ဆံပင်၊ ၂။ လောမာ– အမွေး၊ ၃။ နခါ– ခြေသည်း,လက်သည်း၊ ၄။ ဒန္တာ– သွား၊ ၅။ တစော– အရေထူ, အရေပါး၊ ၆။ မံသံ– အသား၊ ၇။ နှာရု– အကြော၊ ၈။ အဋ္ဌိ– အရိုး၊ ၉။ အဋ္ဌိမိဉ္ဇံ– ရိုးတွင်းခြင်ဆီ၊ ၁၀။ ဝက္ကံ– အညှို့၊ ၁၁။ ဟဒယံ– နှလုံး၊ ၁၂။ ယကနံ–အသဲ၊ ၁၃။ ကိလောမကံ– အခြေး၊ ၁၄။ ပိဟကံ– အဖျဉ်း၊ ၁၅။ ပပ္ဖါသံ– အဆုတ်၊ ၁၆။ အန္တံ–အူမ၊ ၁၇။ အန္တဂုဏံ– အူသိမ်၊ ၁၈။ ဥဒရိယံ– အစာသစ်၊ ၁၉။ ကရီသံ– အစာဟောင်း၊ ၂၀။ မတ္ထလုင်္ဂံ– ဦးနှောက်။ (မ၊၁။၂၄၂။) (အဘိ၊၀။၈၄။) (မ၊မြန်၊၁။၂၅၀။) (အဘိ၊၀၊မြန်၊၁။၂၉၈။)

ပဒ ၄ မျိုး (ပဒသော ဓမ္မံ ဝါစေယျ၌ ပဒ ၄ မျိုး) ၁။ ပဒ– ဂါထာ၏ ပဌမပါဒ၊ ၂။ အနုပဒ– ဂါထာ၏ ဒုတိယပါဒ၊ ၃။ အနုက္ခရ– တစ်လုံးစီ တစ်လုံးစီဖြစ်သော အက္ခရာ၊ ၄။ အနုဗျဉ္ဇန– ဝိဘတ်တစ်ခု အဆုံးသတ်ထားသော ပုဒ်ဗျည်း။ (ဝိ၊ဋ္ဌ၊၃။၇။)

ပဒ ၄ မျိုး (တစ်နည်း) ၁။ နာမပဒ၊ ၂။ အာချာတပဒ၊ ၃။ ဥပသဂ္ဂပဒ၊ ၄။ နိပါတပဒ။ (နေတ္တိ၊ ဝိဘာ။၄၆။)

ပဒသောဓနဝါရ ၂ မျိုး ၁။ အနုလောမ ပဒသောဓနဝါရ၊ ၂။ ပဋိလောမ ပဒသောဓနဝါရ။ (အဘိ၊ဋ္ဌ၊ ၃။၂၉၃။)

ပဒသောဓမ္မသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ရဟန်းမဟုတ်သူ ဖြစ်ခြင်း၊ ၂။ ပါဋိအဋ္ဌကထာတရားကို အစုအစုအားဖြင့် ပို့ချသူ ဖြစ်ခြင်း၊ ၃။ တစ်ပေါင်းတည်း ရွတ်ဆိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၆။) (ဝိမတိ၊၂။၅။)

ပဒုမဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ရှေးဦးစွာ ဓမ္မစက္ကာတရား ဟောကြားသော အခါ၌ လူနတ်ဗြဟ္မာ ကုဋေတစ်ရာ ကျွတ်တမ်းဝင်ကြသည်၊ ၂။ ဒုတိယအကြိမ် တရားဟောသောအခါ လူနတ်ဗြဟ္မာ ကုဋေကိုးဆယ်တို့ ကျွတ်တမ်းဝင်ကြသည်၊ ၃။ မိမိ၏ သားတော်ကို ဆုံးမသော အခါ လူနတ်ဗြဟ္မာ ကုဋေရှစ်ဆယ် ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၃၉။) (အပ၊မြန်၊၂။၃၃၅။)

ပဒုမဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် ရဟန္တာ ကုဋေတစ်သိန်း၊ ၂။ ဒုတိယအကြိမ် တရားစစ်သူကြီးဖြစ်သော သာလမထေရ်အကျိုးငှါ ကထိန်သင်္ကန်းချုပ်သော အခါ၌ ရဟန္တာ သုံးသိန်း၊ ၃။ တတိယအကြိမ် ပဒုမဘုရားရှင်သည် တောအုပ်ထဲ၌ ဝါကပ်တော်မူသောအခါ ရဟန္တာခန်စ်သိန်း စည်းဝေးတော်မူကြသည်။ (အဘိ၊ဋ္ဌ၊၁။၆၃။) (အပ၊၂။၃၃၉။) (ဇာ၊ဋ္ဌ၊၁။၄၄။) (အပ၊မြန်၊၂။၃၃၅။)

ပဒုမဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ သာလထေရ်၊ ၂။ ဥပသာလထေရ်။ (အဘိ၊ဋ္ဌ၊၁။၆၄။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၁၆။)

http://www.dhammadownload.com

ပဒုမဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ ရာဓာထေရီ၊ ၂။ သုရာဓာထေရီ။ (အဘိ၊၌၊၁။ဖြ၄။) (ဗုဒ္ဓဝံ၊၌။၂၁ဖြ။)

ပဒုမဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ နန္ဒုတ္တရမည်သော ပြာသာဒ်ဆောင်၊ ၂။ ဝသုတ္တရမည်သော ပြာသာဒ်ဆောင်၊ ၃။ ယသုတ္တရမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၄၀။) (အပ၊မြန်၊ ၂။၃၃ဖြ။)

ပဒုမုတ္တရဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ပထမအကြိမ် ဓမ္မစကြာတရား ဟောကြား တော်မူသောအခါ၌ လူနတ်ဗြဟ္မာကုဋေတစ်သိန်း ကျွတ်တမ်းဝင်ကြသည်၊ ၂။ ဒုတိယအကြိမ် တရားဟောတော်မူသော အခါ၌ လူနတ်ဗြဟ္မာ သုံးသန်းခုနစ်သိန်း ကျွတ်တမ်းဝင်သည်၊ ၃။ တတိယအကြိမ် ခမည်းတော်မင်းကြီးထံ ချဉ်းကပ်၍ တရားဟောသောအခါ လူနတ်ဗြဟ္မာ ငါးသန်း ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၄၃။) (အပ၊မြန်၊၂။၃၄၀။)

ပဒုမုတ္တရဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် ရဟန္တာ ကုဋေ တစ်သိန်း၊ ၂။ ဒုတိယအကြိမ် ဘုရားရှင် ဝေဘာရတောင်၌ သီတင်းသုံးတော်မူသောအခါ ရဟန္တာ ကုဋေ ကိုးသောင်း၊ ၃။ တတိယအကြိမ် ဘုရားရှင် ဒေသစာရီ လှည့်လည်တော်မူစဉ် ရွာနိဂုံးတိုင်းနိုင်ငံမှ ရဟန်းပြုသော ရဟန္တာ ကုဋေရှစ်သောင်းတို့ စည်းဝေးတော်မူကြသည်။ (အဘိ၊၌၊၁။ဖြ၅။) (အပ၊၂။ ၃၄၄။) (အပ၊မြန်၊၂။၃၄၁။)

ပဒုမုတ္တရဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ဒေဝလထေရ်၊ ၂။ သုဇာတထေရ်။ (အဘိ၊၌၊၁။ဖြ၅။) (ဗုဒ္ဓဝံ၊၌။၂၃၂။)

ပဒုမုတ္တရဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ အမိတာထေရီ၊ ၂။ အသမာထေရီ။ (အဘိ၊၌၊၁။ဖြ၅။) (ဗုဒ္ဓဝံ၊၌။၂၃၂။)

ပဒုမုတ္တရဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ နရဝါဟန မည်သော ပြာသာဒ်ဆောင်၊ ၂။ ယသဝါဟနမည်သော ပြာသာဒ်ဆောင်၊ ၃။ ဝသဝတ္တီမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၄၅။) (အပ၊မြန်၊၂။၃၄၂။)

ပဒေသ ၁၀ ပါး အစိတ်အပိုင်း ၁၀ မျိုးနှင့် တူသည်။

ပဒုမ္မာကြာ၏ အင်္ဂါ ၃ ပါး ၁။ ပဒုမ္မာကြာသည် ရေ၌ ကြီးပွားလျက် ရေဖြင့် မလိမ်းကြေ မကပ်ငြိခြင်း၊ ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အမျိုး, ဂိုဏ်းဂဏ, လာဘ်လာဘ၊ ပူဇော်သက္ကာရ အခြံအရံ စသော အသုံးအဆောင်တို့၌ မကပ်ငြို မလိမ်းကျံရခြင်း၊ ၂။ ပဒုမ္မာကြာသည် ရေပေါ်၌ တက်ရောက်၍ တည်ခြင်း၊ ထို့အတူ ယောဂီပုဂ္ဂိုလ်သည် လောကကို လွှမ်းမိုး၍ လောက၏ အထက်၌ တက်ရောက်လျက် လောကုတ္တရာတရား၌ တည်ရခြင်း၊ ၃။ ပဒုမ္မာ ကြာသည် အနည်းငယ်မျှသော လေတိုက်ခတ်ခြင်းကြောင့် တုန်လှုပ်ခြင်း၊ ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည် အနည်းငယ်မျှသော ကိလေသာတို့၌သော်လည်း စောင့်စည်းမှု ပြုလျက် ဘေးဟုရှုလေ့ ရှိသည် ဖြစ်၍ နေရခြင်း။ (မိလိန္ဒ။၃၅၇။) (မိလိန္ဒ၊မြန်။၃၈၀။)

http://www.dhammadownload.com

ပဓာန ၇ မျိုး ၁။ ယဇ်ပူဇော်ခြင်းတို့တွင် မီးဖြင့် ပူဇော်ခြင်းသည် ပဓာန၊ ၂။ ဆန်းကျမ်းတို့တွင် သာဝိတ္ထိဆန်းကျမ်းသည် ပဓာန၊ ၃။ လူသားတို့၌ ရှင်ဘုရင်သည် ပဓာန၊ ၄။ မြစ်တို့၌ သမုဒ္ဒရာသည် ပဓာန၊ ၅။ နက္ခတ်တာရာတို့၌ လမင်းသည် ပဓာန၊ ၆။ တောက်ပမှုတို့၌ နေမင်းသည် ပဓာန၊ ၇။ ကောင်းမှုကုသိုလ်ကို အလိုရှိကုန်သော ပုဂ္ဂိုလ်တို့၏ လှူဒါန်းပူဇော်မှုတို့၌ သံဃာသည် ပဓာန။ (သုတ္တနိ။၃၇၀။) (သုတ္တနိ၊မြန်။၃၄၉။)

ပဓာနတရား ၄ ပါး ၁။ စက္ခုန္ဒြေ စသည်ကို စောင့်သော ပုဂ္ဂိုလ်အား ဖြစ်သော ဝီရိယသံဝရပဓာန၊ ၂။ ကာမဝိတက် စသည်ကို ပယ်သော ပုဂ္ဂိုလ်အား ဖြစ်သော ဝီရိယပဟာနပဓာန၊ ၃။ ဗောဇ္ဈင် စသည်ကို ပွားသော ပုဂ္ဂိုလ်အား ဖြစ်သော ဝီရိယဘာဝနာပဓာန၊ ၄။ သမာဓိနိမိတ်ကို စောင့်သော ပုဂ္ဂိုလ်အား ဖြစ်သော ဝီရိယအနုရက္ခဏာ ပဓာန။ (ဒီ၊၃။၁၈၉။) (ဒီ၊မြန်၊၃။၂၀၉။)

ပဓာနိယင်္ဂ ၄ ပါး ၁။ သီလ၏ စင်ကြယ်ခြင်း သီလပါရိသုဒ္ဓိနှင့် ပြည့်စုံအောင် အားထုတ်ရခြင်း၊ ၂။ စိတ်၏ စင်ကြယ်ခြင်း စိတ္တပါရိသုဒ္ဓိနှင့် ပြည့်စုံအောင် အားထုတ်ရခြင်း၊ ၃။ အယူ၏ စင်ကြယ်ခြင်း ဒိဋ္ဌိပါရိသုဒ္ဓိနှင့်ပြည့်စုံအောင်အားထုတ်ရခြင်း၊၄။လွတ်မြောက်မှု၏ စင်ကြယ်ခြင်း ဝိမုတ္တိပါရိသုဒ္ဓိနှင့် ပြည့်စုံအောင် အားထုတ်ရခြင်း။ (အံ၊၁။၅၁၅။) (အံ၊မြန်၊၁။၅၃၀-၅၃၁။)

ပဓာနိယင်္ဂတရား ၅ ပါး ကျေးဇူးများသော တရား ၅ ပါး၊ ဗဟုကာရတရား ၅ ပါး၊ ကမ္မဋ္ဌာန်းအားထုတ်သူ၏ အင်္ဂါ ၅ ပါးတို့နှင့် တူသည်။

ပပဉ္စတရား ၃ ပါး သံသရာကို ချဲ့တတ်သော တရား ၃ ပါးနှင့် တူသည်။

ပပဉ္စတရား ၅ ပါး ၁။ ဒေါသပပဉ္စ၊ ၂။ မောဟပပဉ္စ၊ ၃။ တဏှာ-ရာဂ ပပဉ္စ၊ ၄။ ဒိဋ္ဌိပပဉ္စ၊ ၅။ မာန ပပဉ္စ။ (ဥဒါန၊၌။၃၃၈။)

ပမာဏကို သိခြင်း ၂ မျိုး ၁။ ခံယူခြင်း ပမာဏကို သိခြင်း၊ ၂။ သုံးဆောင်ခြင်း ပမာဏကို သိခြင်း။ (သုတ္တနိ၊၌၊၂။၇၅။)

ပရမ ၁၄ ပါး ၁။ ဒသာဟပရမ (အတိရေကစီဝရ)၊ ၂။ မာသပရမ၊ ၃။ သန္တုဋ္ဌရတ္တရပရမ၊ ၄။ ဆက္ခတ္တုပရမ၊ ၅။ ဆဇ္ဈသပရမ၊ ၆။ တိယောဇနပရမ၊ ၇။ ဒသာဟပရမ (အတိရေကပတ္တ)၊ ၈။ သတ္တာဟပရမ၊ ၉။ ဆာရတ္တပရမ၊ ၁၀။ အမတေယျကံသပရမ၊ ၁၁။ ဒွင်္ဂုလပဇ္ဇပရမ၊ ၁၂။ အဋ္ဌင်္ဂုလပရမ (မဋ္ဌပီဌပါဒက)၊ ၁၃။ အဋ္ဌင်္ဂုလပရမ (ဒန္တကဋ္ဌ)။ (ဝိ၊၌၊၄။၁၇၉။)

ပရမတ္ထတရားတို့၏ လက္ခဏာ ၂ ပါး ၁။ သဘာဝလက္ခဏာ၊ ၂။ သာမညလက္ခဏာ။ (သီ၊ဋ္ဌီ၊သစ်၊၁။၄၀၂။)

ပရဟိတ ကျင့်၍ အတ္တဟိတ မကျင့်သော ပုဂ္ဂိုလ် ၅ မျိုး ၁။ မိမိသည် သီလနှင့် မပြည့်စုံဘဲ သူတစ်ပါးကိုမူ သီလနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၂။ မိမိသည် သမာဓိနှင့် မပြည့်စုံဘဲ သူတစ်ပါးမူ သမာဓိနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၃။ မိမိသည် ပညာနှင့် မပြည့်စုံဘဲ သူတစ်ပါးကိုမူ ပညာနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၄။ မိမိသည် လွတ်မြောက်မှု ဝိမုတ္တိနှင့် မပြည့်စုံဘဲ သူတစ်ပါးကိုမူ လွတ်မြောက်မှု ဝိမုတ္တိနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၅။ မိမိသည် လွတ်မြောက်မှုကို ဆင်ခြင်တတ်သော

http://www.dhammadownload.com

ပစ္စဝေက္ခဏာဉာဏ် အမြင်နှင့် မပြည့်စုံဘဲ သူတစ်ပါးကိုမူ လွတ်မြောက်မှုကို ဆင်ခြင် တတ်သော ပစ္စဝေက္ခဏာဉာဏ် အမြင်နှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း။ (အံ၊၂။၁၁။) (အံ၊မြန်၊၂။၁၆။)

ပရိညာ ၃ ပါး ၁။ ဉာတပရိညာ– ခန္ဓာငါးပါး၌ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်အားဖြင့် ပိုင်းခြား၍ ရုပ်နာမ်ဓမ္မတို့ကို အထူးထူး အပြားပြား ပိုင်းခြားသိမြင်တတ်သော ဉာဏ်။ ၂။ တီရဏပရိညာ– စူးစမ်းဆင်ခြင် သုံးသပ်ခြင်းအားဖြင့် ပိုင်းခြား၍ သိခြင်း, သိကြောင်း ဖြစ်သော ဉာဏ်၊ ခန္ဓာငါးပါးတို့ကို အနိစ္စ ဒုက္ခ စသည်အားဖြင့် ကျော်လွန်ခြင်း၊ ၃။ ပဟာန ပရိညာ– ရုပ်နာမ်စသည်၌ အရဟတ္တမဂ်ဖြင့် ပယ်ခြင်းအားဖြင့် ပိုင်းခြား၍ သိခြင်း၊ ဆန္ဒရာဂ စသည်တို့ကို အရဟတ္တမဂ်ဖြင့် ပယ်ကြောင်းဖြစ်သော ဉာဏ်။ (ဝိ၊၆၁။၁၈၄။) (မ၊၆၁။၃၀။) (သံ၊၆၁။၄၃။) (သံ၊၆၂၊၂။၁၀၁။) (ဣတိဝု၀တ်၊၆။၅၀။) (ဇာ၊၆၊၇။၁၅၅။) (သာရတ္ထ၊ဋီ၊၂။၂၀။)

ပရိညာ ၃ ပါး (တစ်နည်း) ၁။ ဉာတပရိညာ– ထိုထို ရုပ် ဝေဒနာ သညာ သင်္ခါရ စသော တရား တို့၏ အသီးအသီးသော မိမိတို့၏ လက္ခဏာကို ကောင်းစွာ မှတ်သည်၏အစွမ်းအားဖြင့် ဖြစ်သော ပညာ၊ ၂။ တီရဏပရိညာ– ထိုတေဘူမက တရားတို့၏သာလျှင် အားလုံးနှင့် ဆက်ဆံသော အနိစ္စ ဒုက္ခ အနတ္တဟူသော သာမညလက္ခဏာသို့ တင်၍ အနိစ္စတာ စသော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာ၊ ၃။ ပဟာနပရိညာ– ထိုတေဘူမက တရားတို့၌ သာလျှင် မြဲ၏ဟု အမှတ်များသော သညာစသည်ကို ပယ်စွန့်သည်၏ အစွမ်း အားဖြင့် ဖြစ်သော အနိစ္စတာစသော လက္ခဏာလျှင် အာရုံရှိသော ဝိပဿနာပညာ။ (စူဠနိ။၁၂၁။) (စူဠနိ။၁၂၃။) (ပဋိသံ၊ ဋ္ဌ၊၁။၃၂။)ဝိသုဒ္ဓိ၊၂။၂၄၁။) (ဝိသုဒ္ဓိ၊၂။၃၃၄။)

ပရိညာ ၃ ပါး (တစ်နည်း) ၁။ ဧကပရိညာ၊ ၂။ သဗ္ဗပရိညာ၊ ၃။ မူလပရိညာ။ (သံ၊၆၂၊၂။၁၀၁။)

ပရိညေယျတရား ၂ ပါး ပိုင်းခြား၍ သိအပ်သော တရား ၂ ပါးနှင့် တူသည်။

ပရိညေယျတရား ၃ ပါး ပိုင်းခြား၍ သိအပ်သော တရား ၃ ပါးနှင့် တူသည်။

ပရိညေယျတရား ၄ ပါး ပိုင်းခြား၍ သိအပ်သော တရား ၄ ပါး၊ အာဟာရ ၄ ပါးတို့နှင့်တူသည်။

ပရိညေယျတရား ၅ ပါး ပိုင်းခြား၍ သိအပ်သော တရား ၅ ပါး၊ ဥပါဒါနက္ခန္ဓာ ၅ ပါးတို့နှင့်တူသည်။

ပရိညေယျ တရား ၆ ပါး ပိုင်းခြား၍ သိအပ်သော တရား ၆ ပါး၊ အဿတ္တိကာယတန ၆ ပါး တို့နှင့် တူသည်။

ပရိညေယျတရား ၇ ပါး ပိုင်းခြား၍ သိအပ်သော တရား ၇ ပါး၊ ဝိညာဏ်၏ တည်ရာတရား ၇ ပါး၊ ဝိညာဏဋ္ဌိတိ ၇ ပါးတို့နှင့် တူသည်။

ပရိညေယျတရား ၈ ပါး ပိုင်းခြား၍ သိအပ်သော တရား ၈ ပါး၊ လောကဓံတရား ၈ ပါး တို့နှင့် တူသည်။

ပရိညေယျတရား ၉ ပါး ပိုင်းခြားသိအပ်သော တရား ၉ ပါး၊ သတ္တာဝါသဘုံ ၉ ပါးတို့နှင့်တူသည်။

ပရိညေယျ တရား ၁၀ ပါး ပိုင်းခြားသိအပ်သော တရား ၁၀ ပါး၊ အာယတန ၁၀ ပါးတို့နှင့်တူသည်။

http://www.dhammadownload.com

ပရိဏာတသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ သံဃာသို့ ညွတ်ကိုင်းပြီးသည် ဖြစ်ခြင်း၊ ၂။ ထိုသို့ သံဃာသို့ ညွတ်ကိုင်းပြီးသည်ကို သိ၍ မိမိအား ညွတ်စေခြင်း၊ ၃။ ရရှိခြင်း။ (သာရတ္ထ၊ဋီ၂။၄၄၈။) (ဝိမတိ၊ ၁။၃၆၂။)

ပရိနိဗ္ဗာန် ၂ မျိုး ၁။ ကိလေသဝဋ်ကုန်ဆုံးသောကြောင့် ခန္ဓာအကြွင်းအကျန်ရှိသေးသော သဥပါဒိသေသ ပရိနိဗ္ဗာန်၊ ၂။ စုတိစိတ်ချုပ်ငြိမ်းသဖြင့် ခန္ဓဝဋ်ကုန်ဆုံးသောကြောင့် ခန္ဓာအကြွင်းအကျန် မရှိသော အနုပါဒေသသပရိနိဗ္ဗာန်။ (ခဗ္ဗ၊ဋ္ဌ၊၁။၃၈၁။) (ထေရ၊ဋ္ဌ၊၁။၅၅။)

ပရိနိဗ္ဗာန် ၃ မျိုး ၁။ ကိလေသပရိနိဗ္ဗာန– ကိလေသာတို့၏ ချုပ်ငြိမ်းခြင်း၊ ၂။ ခန္ဓပရိနိဗ္ဗာန– ခန္ဓာကိုယ်တော်၏ ချုပ်ငြိမ်းခြင်း၊ ၃။ ဓာတုပရိနိဗ္ဗာန– ဓာတ်တော် မွေတော်များ၏ ချုပ်ငြိမ်းခြင်း။ (ဒီ၊ဋ္ဌ၊၃။၈၂။) (မ၊ဋ္ဌ၊၄။၈၁။) (အံ၊ဋ္ဌ၊၁။၇၀။) (အဘိ၊ဋ္ဌ၊၂။၄၁၃။) (သာရတ္ထ၊ဋီ၊၁။၁၇၃။)

ပရိပါစိတသိက္ခာပုဒ် အင်္ဂါ ၅ မျိုး ၁။ ရဟန်းမသည် စီမံအပ်သည် ဖြစ်ခြင်း၊ ၂။ ထိုသို့ စီမံအပ်သည်ကို သိခြင်း၊ ၃။ လူတို့ အားထုတ်အပ်သည် မဟုတ်ခြင်း၊ ၄။ ဆွမ်း စသည်တို့တွင် တစ်မျိုးမျိုး ဖြစ်ခြင်း၊ ၅။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၃။၅၂။) (ဝိမတိ၊၂။၂၅။)

ပရိဗိုဇ်ရဟန်း ၂ မျိုး ၁။ ကိုယ်၏ အထက် အောက်ကို အဝတ်ဖြင့် ဖုံးလွှမ်းသော ပရိဗိုဇ်ရဟန်း၊ ၂။ ကိုယ်၏ အထက်ပိုင်းကိုသာ အဝတ်ဖုံးသော, လုံးဝ အဝတ်မဖုံးသော ပရိဗိုဇ်ရဟန်း။ (သီ၊ဋီ၊ သစ်၊၂။၃၆၈။)

ပရိဘောဂ ၂ မျိုး သုံးဆောင်ခြင်း ၂ မျိုးနှင့် တူသည်။

ပရိဘောဂ ၄ မျိုး သုံးဆောင်ခြင်း ၄ မျိုးနှင့် တူသည်။

ပရိဘောဂ လှူရကျိုး ၃ ပါး အိုး လှူရကျိုး ၃ ပါး နှင့် တူသည်။

ပရိမဏ္ဍလ ၂ မျိုး ၁။ နာဘိမဏ္ဍလ– ချက်၏ ဘေးပတ်ပတ်လည် အဝန်းအဝိုင်း၊ ၂။ ဇာဏုမဏ္ဍလ– ပုဆစ်ဒူးဝန်း၏ ဘေးပတ်ပတ်လည် အဝန်းအဝိုင်း။ (ဝိ၊ဋ္ဌ၊၃။၁၆၁။)

ပရိမဏ္ဍလသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ လေးစားခြင်း မရှိသူ ဖြစ်ခြင်း၊ ၂။ အာပတ်မသင့်သော အကြောင်းအရာ မဟုတ်ခြင်း၊ ၃။ ထက်ဝန်းကျင် ဝန်းဝိုင်းစွာ သင်းပိုင် ဇကသီကို ဝတ်ရုံမှု မပြုခြင်း။ (သာရတ္ထ၊ဋီ၃။၁၀၅။)

ပရိယေသန ၂ မျိုး ရှာမှီးခြင်း ၂ မျိုးနှင့် တူသည်။

ပရိယုဋ္ဌာန ၇ ပါး ၁။ ကာမရာဂပရိယုဋ္ဌာန– လိုချင်တပ်မက်မှုဟူသော ထကြွသောင်းကျန်းခြင်း၊ ၂။ ပဋိဃပရိယုဋ္ဌာန– အမျက်ထွက်မှုဟူသော ထကြွသောင်းကျန်းခြင်း၊ ၃။ မာနပရိယုဋ္ဌာန– ထောင်လွှားမှုဟူသော ထကြွသောင်းကျန်းခြင်း၊ ၄။ ဒိဋ္ဌိပရိယုဋ္ဌာန– အယူမှားမှုဟူသော ထကြွသောင်းကျန်းခြင်း၊၅။ဝိစိကိစ္ဆာပရိယုဋ္ဌာန–ယုံမှားတွေးတောမှုဟူသောထကြွသောင်းကျန်းခြင်း၊ ၆။ ဘဝရာဂပရိယုဋ္ဌာန– ဘဝ၌ တပ်မက်မှုဟူသော ထကြွသောင်းကျန်းခြင်း၊ ၇။ အဝိဇ္ဇာပရိယုဋ္ဌာန– မသိမှုဟူသော ထကြွသောင်းကျန်းခြင်း။ (အဘိ၊ဝိ။၃၉၇။) (အဘိ၊ဝိ၊မြန်၊၂။၅၀၄။)

http://www.dhammadownload.com

ပရိယတ္တိ ၃ မျိုး ၁။ အလဂဒ္ဒူပမာပရိယတ္တိ– လာဘ်ပူဇော သက္ကာရတို့ကို ရလိုရ၍ သင်ယူသော ပရိယတ်သည် မြွေဖမ်းဥပမာရှိသော သင်ယူခြင်း ပရိယတ် မည်၏၊ ၂။ နိဿရဏတ္ထပရိယတ္တိ– မင်္ဂ ဖိုလ်တို့ကို ရလိုရ၍ သင်ယူသော ပရိယတ်သည် သံသရာမှ ထွက်မြောက်ကြောင်း ဖြစ်သော သင်ယူခြင်း ပရိယတ် မည်၏၊ ၃။ ဓမ္မဘဏ္ဍာဂါရိကပရိယတ္တိ– ရဟန္တာပုဂ္ဂိုလ်၏ သင်ယူခြင်း ပရိယတ်သည် ဘဏ္ဍာစိုးကဲ့သို့ သင်ယူခြင်း ပရိယတ် မည်၏။ (ဝိ၊၌၊၁။၁၉။) (ဒီ၊၌၊၁။၂၁–၂၂။) (မ၊၌၊၂။၁၃။) (အဘိ၊၌၊၁။၂၄။) (ဒီ၊၌၊မြန်၊၁။၃၇။)

ပရိယတ္တိဗဟုဿုတပုဂ္ဂိုလ် ၄ မျိုး ၁။ နိဿယည်း လွတ်နိုင်စွမ်းရှိသော ပိဋကဋ္ဌ အကြားအမြင် များသော နိဿယမုစ္စနကပုဂ္ဂိုလ်၊ ၂။ ပရိသတ်ကို လုပ်ကျွေးနိုင်စွမ်းရှိသော ပိဋက အကြား အမြင်များသော ပရိသုပဋ္ဌာကပုဂ္ဂိုလ်၊ ၃။ ဘိက္ခုနီတို့ကို အဆုံးအမသြဝါဒပေးနိုင်စွမ်းသော ပိဋကအကြားအမြင်များသော ဘိက္ခုနောဝါဒကပုဂ္ဂိုလ်၊ ၄။ အကျိုးအားလုံးကို ပြီးစေနိုင်သော ပိဋကအကြားအမြင်များသော သဗ္ဗတ္ထကဗဟုဿုတပုဂ္ဂိုလ်။ (ဒီ၊၌၊၂။၁၁၉။)(ဒီ၊၌၊မြန်၊၂။၂၂၂။)

ပရိယတ္တိ၏ အကျိုး အာနိသင် ၄ မျိုး ၁။ သုတ္တ ဂေယျ စသည်တို့ကို သင်ယူခဲ့သော ရဟန်းသည် သတိလွတ်ကင်းလျက် သေဆုံးသွားသော်လည်း နတ်ပြည်၌ ဖြစ်၍ ချမ်းသာ လွယ်ကူစွာ တရားအစုများကို ပြန်သတိရပြီး လျင်မြန်စွာ တရားထူး ရနိုင်ခြင်း၊ ၂။ သုတ္တ ဂေယျ စသည်တို့ကို သင်ယူခဲ့သော ရဟန်းသည် သေလွန်ပြီးနောက် နတ်ပြည်၌ တန်ခိုးကြီးပါဒ်နှင့် ပြည့်စုံသော နတ်က တရားဟောသောအခါ ပြန်သတိရပြီး လျင်မြန်စွာ တရားထူးရနိုင်ခြင်း၊ ၃။ သုတ္တ ဂေယျ စသည်တို့ကို သင်ယူခဲ့သော ရဟန်းသည် သေလွန်ပြီးနောက် နတ်ပြည်၌ နတ်သားတစ်ယောက်က နတ်ပရိသတ်ဝယ် တရားဟောသောအခါ ပြန်သတိရပြီး လျင်မြန်စွာ တရားထူး ရနိုင်ခြင်း၊ ၄။ သုတ္တ ဂေယျ စသည်တို့ကို သင်ယူခဲ့သော ရဟန်းသည် သေလွန် သောအခါ နတ်ပြည်၌ အချင်းနတ်သား သတီရ ပါလေ့ဟု သြဝါဒါတိကနတ်များက သတိရစေ သဖြင့် ပြန်သတိရပြီး လျင်မြန်စွာ တရားထူး ရနိုင်ခြင်း။ (အံ၊၁။၅၀၄–၅၀၅။) (အံ၊မြန်၊၁။၅၁၉။)

ပရိယန္တ ၂ မျိုး ၁။ သိက္ခာပဒပရိယန္တ– သိက္ခာပုဒ် အပိုင်းအခြားအားဖြင့် ဆောက်တည်ခြင်း၊ ၂။ ကာလပရိယန္တ– ကာလ အပိုင်းအခြားအားဖြင့် ဆောက်တည်ခြင်း။ (ပဋိသံ၊၌၊၁။၁၈၈။)

ပရိဝါကျမ်း၌ ဝဂ် ၃ မျိုး ၁။ မဟာဝဂ်၊ ၂။ ပညတ္တိဝဂ်၊ ၃။ သင်္ဃဝဂ်။ (ဝိမတိ၊၂။၃၂၀။)

ပရိဝဋ္ဋ ၄ မျိုး ၁။ ဓာတု ပရိဝဋ္ဋ၊ ၂။ အာယတန ပရိဝဋ္ဋ၊ ၃။ ပဋိစ္စသမုပ္ပါဒ ပရိဝဋ္ဋ၊ ၄။ ဌာန အဌာန ပရိဝဋ္ဋ။ (မ၊၌၊၄။၈၈။)

ပရိဝဋ္ဋဉာဏ် ၃ ပါး ၁။ သစ္စာလေးပါးတို့၌ အမှန်အတိုင်းသိသော သစ္စဉာဏ်၊ ၂။ ပရိညေယျ ပဟာတဗ္ဗ စသည်ဖြင့် ပြုဖွယ်ကိစ္စ မှန်သမျှကို သိသော ကိစ္စဉာဏ်၊ ၃။ ပရိညာတံ, ပဟီနံ စသည်ဖြင့် ပြုဖွယ်ကိစ္စတို့၌ ပြုပြီးသည်ကို သိသော ကတဉာဏ်။ (ပဋိသံ၊၌၊၂။၂၁၆။) (သာရတ္ထ၊ဋီ၊၃။၁၇၉။) (ဝိမတိ၊၂။၉၁။)

ပရိဝါသ ၂ မျိုး ၁။ ညဋ္ဌဖုံးလွှမ်းသော ပဋိစ္ဆန္နပရိဝါသ်၊ ၂။ ညဋ္ဌမဖုံးလွှမ်းသော အပဋိစ္ဆန္နပရိဝါသ်။ (ဝိ၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

http://www.dhammadownload.com

ပရိဝါသ် ၂ မျိုး ၁။ သုဒ္ဓန္တပရိဝါသ်၊ ၂။ သမောဓာန ပရိဝါသ်။ (ဝိ၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

ပရိဝါသ် ၃ မျိုး ၁။ ပဋိစ္ဆန္န ပရိဝါသ်၊ ၂။ အပဋိစ္ဆန္န ပရိဝါသ်၊ ၃။ သုဒ္ဓန္တ ပရိဝါသ်။ (ဝိ၅။၂၁၉။) (ဝိ၊မြန်၊၅။၃၀၆။)

ပရိဝါသ် ၄ မျိုး ၁။ ပဋိစ္ဆန္န ပရိဝါသ်၊ ၂။ အပဋိစ္ဆန္န ပရိဝါသ်၊ ၃။ သုဒ္ဓန္တ ပရိဝါသ်၊ ၄။ သမောဓာန ပရိဝါသ်။ (ဝိ၅။၂၂၅။) (ဝိ၊၆၊၄။၆။) (ဝိ၊မြန်၊၅။၃၁၃။)

ပရိဝါသ်ဆောက်တည်သော ရဟန်းတို့အား ခွင့်ပြုအပ်သော အမှုကိစ္စ ၁၅ ပါး ၁။ ပရိဝါသ် ဆောက်တည်သော ရဟန်းတို့သည် အချင်းချင်း သီတင်းကြီးစဉ်ငယ်လိုက် ရှိခိုးရခြင်း၊ ၂။ ခရီးဦးကြိုဆိုရခြင်း၊ ၃။ လက်အုပ်ချီခြင်း၊ ၄။ အရိုအသေပြုခြင်း၊ ၅။ နေရာခင်းခြင်း၊ ၆။ အိပ်ရာခင်းခြင်း၊ ၇။ ခြေဆေးရေ တည်ထားခြင်း၊ ၈။ ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်း၊ ၉။ သပိတ်သင်္ကန်း လှမ်းယူခြင်း၊ ၁၀။ ရေချိုးရာ၌ ကျောက်ကုန်းကို ကြေးတွန်း ကြေးပွတ်ခြင်း၊ ၁၁။ ဥပုသ်ပြုခြင်း၊ ၁၂။ ပဝါရဏာပြုခြင်း၊ ၁၃။ မိုးရေခံသင်္ကန်းကို ခံယူခြင်း၊ ၁၄။ ဥဒ္ဒေသဘတ် စသော ဆွမ်းဝတ်ကို စွန့်ခြင်း၊ ၁၅။ သံဃဘတ် စသည်ကို ခံယူခြင်း။ (ဝိ၄။၁၀၀။) (ဝိ၄။၈၂။) (ဝိ၄။၉၂။) (ဝိ၊မြန်၊၄။၇၈။) (ဝိ၊မြန်၊၄။၈၆–၈၇။) (ဝိ၊မြန်၊၄။၉၅။)

ပရိဝါသ် ဆောက်တည်သောရဟန်း မသာယာ မနှစ်သက်အပ်သော အမှုကိစ္စ ၁၀ ပါး ၁။ ပကတတ်ရဟန်းတို့၏ ရှိခိုးခြင်းကို မသာယာအပ်၊ ၂။ ခရီးဦးကြိုဆိုခြင်းကို မသာယာအပ်၊ ၃။ လက်အုပ်ချီခြင်းကို မသာယာအပ်၊ ၄။ အရိုအသေပြုခြင်းကို မသာယာအပ်၊ ၅။ နေရာခင်းပေးခြင်းကို မသာယာအပ်၊ ၆။ အိပ်ရာခင်းပေးခြင်းကို မသာယာအပ်၊ ၇။ ခြေဆေးရေ တည်ထားခြင်းကို မသာယာအပ်၊ ၈။ ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်း ထားခြင်းကို မသာယာအပ်၊ ၉။ သပိတ်သင်္ကန်း လှမ်းယူခြင်းကို မသာယာအပ်၊ ၁၀။ ရေချိုးရာ၌ ကျောက်ကုန်းကို ကြေးတွန်း ကြေးပွတ်ပေးခြင်းကို မသာယာအပ်။ (ဝိ၄။၈၂။) (ဝိ၊မြန်၊၄။၇၈။)

ပရိဝါသ် ဆောက်တည်သောရဟန်း၏ ကျင့်ဝတ် ၉၄ ပါး ၁။ ဥပဇ္ဈာယ်ပြုလုပ်၍ ရဟန်းခံ မပေးရခြင်း၊ ၂။ နိဿယည်း မပေးရခြင်း၊ ၃။ သာမဏေကို မပြုစု မလုပ်ကျွေးစေရခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရခြင်း၊ ၅။ ဩဝါဒ သမ္မုတိရသော်လည်း ရဟန်းမတို့ကို မဆုံးမရခြင်း၊ ၆။ သံဃာက ပရိဝါသ်ပေးကြောင်းဖြစ်သော အာပတ်သို့ မသင့်ရောက်ရခြင်း၊ ၇။ အလားတူဖြစ်သော အခြားအာပတ်သို့လည်း မသင့်ရောက်ရခြင်း၊ ၈။ ထို့ထက် ရှုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း မသင့်ရောက်ရခြင်း၊ ၉။ ပရိဝါသ်ကံကို မကဲ့ရဲ့ရခြင်း၊ ၁၀။ ကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရခြင်း၊ ၁၁။ ပကတတ် ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့မထားရခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့မထားရခြင်း၊ ၁၃။ ဆိုဆုံးမ မှုကို မပြုလုပ်ရခြင်း၊ ၁၄။ အကြီးအမှူးအရာကို မယူရခြင်း၊ ၁၅။ အခွင့်ရေး မတောင်းဆိုရခြင်း၊ ၁၆။ မစောဒနာရခြင်း၊ ၁၇။ မအောက်မေ့စေရခြင်း၊ ၁၈။ ပကတတ် ရဟန်းတို့နှင့် မရောယှက်ရခြင်း၊ ၁၉။ ပကတတ်ရဟန်း၏ ရှေ့မှ မသွားရ၊ ရှေ့မှ မထိုင်ရခြင်း၊ ၂၀။ သံဃာ၏ အယုတ်ညံ့ဆုံး နေရာ, အယုတ်ညံ့ဆုံး အိပ်ရာ, အယုတ်ညံ့ဆုံး ကျောင်းကို ယူရခြင်း၊ ၂၁။ သံဃာ၏ အယုတ်ညံ့ဆုံးဖြစ်သော ထိုင်နေရာ, အိပ်ရာ, ကျောင်းကို နှစ်သက်ရခြင်း၊ ၂၂။ ပကတတ်ရဟန်းကို

http://www.dhammadownload.com

ရှေ့သွားပြု၍ ဒါယကာ၏ အိမ်သို့ မချဉ်းကပ်ရခြင်း၊ ၂၃။ ပကတတ်ရဟန်း၏ နောက်လိုက်ပြု၍ ဒါယကာ၏ အိမ်သို့ မချဉ်းကပ်ရခြင်း၊ ၂၄။ အာရညကင်ဓုတင်ကို မဆောက်တည်ရခြင်း၊ ၂၅။ ပိဏ္ဍပါတ်ဓုတင်ကို မဆောက်တည်ရခြင်း၊ ၂၆။ "ငါ့ကို မသိပါစေလင့်"ဟု နှလုံးသွင်း၍ ဆွမ်းကို မပို့ဆောင်စေရခြင်း၊ ၂၇။ အာဂန္တုကရဟန်းဖြစ်သော်လည်း အာဝါသိကရဟန်းအား ပရိဝါသ်ဆောက်တည်ထားကြောင်း ပြောရခြင်း၊ ၂၈။ အာဝါသိကရဟန်းဖြစ်သော်လည်း၊ အာဂန္တုကရဟန်းအား ပရိဝါသ်ဆောက်တည်ထားကြောင်း ပြောရခြင်း၊ ၂၉။ ဥပုသ်နေ့၌ ပြောကြားရခြင်း၊ ၃၀။ ပဝါရဏာနေ့၌ ပြောကြားရခြင်း၊ ၃၁။ မကျန်းမာသူဖြစ်မူ တစ်ဖန် ပြောကြားရခြင်း၊ ၃၂။ ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့ ပကတတ် ရဟန်းမပါဘဲ အန္တရာယ်လည်းမရှိဘဲ မသွားရခြင်း၊ ၃၃။ ရဟန်းရှိသော ကျောင်းမှ ရဟန်း မရှိသော ဇရပ်တန်ဆောင်း စသည်သို့ ပကတတ်ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွား ရခြင်း၊ ၃၄။ ရဟန်းရှိသော ကျောင်းမှ ရဟန်းမရှိသော ကျောင်းသို့လည်းကောင်း၊ ဇရပ် တန်ဆောင်းသို့လည်းကောင်း၊ ပကတတ်ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၃၅။ ရဟန်းရှိသော ဇရပ် တန်ဆောင်း စသည်မှ ရဟန်းမရှိသော ကျောင်းသို့ ပကတတ်ရဟန်း မပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၃၆။ ရဟန်းရှိသော ဇရပ်တန်ဆောင်း စသည်မှ ရဟန်းမရှိသော ဇရပ်တန်ဆောင်း စသည်သို့ ပကတတ်ရဟန်း မပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၃၇။ ရဟန်းရှိသော ဇရပ် တန်ဆောင်း စသည်မှ ရဟန်းမရှိသော ကျောင်းသို့ လည်းကောင်း၊ ဇရပ်တန်ဆောင်း စသည်သို့လည်းကောင်း ပကတတ်ရဟန်း မပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၃၈။ ရဟန်းရှိသော ကျောင်းမှလည်းကောင်း ဇရပ် တန်ဆောင်း စသည်မှလည်းကောင်း ရဟန်းမရှိသော ကျောင်းသို့ ပကတတ်ရဟန်း မပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၃၉။ ရဟန်း ရှိသော ကျောင်းမှလည်းကောင်း၊ ဇရပ်တန်ဆောင်း စသည်မှလည်းကောင်း ရဟန်းမရှိသော ဇရပ်တန်ဆောင်း စသည်သို့ ပကတတ်ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၀။ ရဟန်းရှိသော ကျောင်းမှ လည်းကောင်း၊ ဇရပ်တန်ဆောင်း စသည်မှလည်းကောင်း ရဟန်းမရှိသော ကျောင်းသို့ လည်းကောင်း ဇရပ်တန်ဆောင်း စသည်သို့လည်းကောင်း ပကတတ်ရဟန်း မပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၁။ ပကတတ်ရဟန်းရှိသော ကျောင်းမှ နာနာသံဝါသက အပေါင်းအသင်းမတူသည့် ရဟန်းများရှိသော ကျောင်းသို့ ပကတတ်ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၂။ ပကတတ်ရဟန်းရှိသော ကျောင်းမှ နာနာသံဝါသက ရဟန်းများ ရှိသော ဇရပ်တန်ဆောင်း စသည်သို့ ပကတတ်ရဟန်း မပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၃။ ပကတတ်ရဟန်းရှိသော ကျောင်းမှ နာနာသံဝါသကရဟန်းများရှိသော ကျောင်းသို့လည်းကောင်း၊ ဇရပ်တန်ဆောင်း စသည် သို့လည်းကောင်း ပကတတ်ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၄။ ပကတတ်ရဟန်းရှိသော ဇရပ် တန်ဆောင်း စသည်မှ နာနာသံဝါသက ရဟန်းများ ရှိသော ကျောင်းသို့ ပကတတ်ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၅။ ပကတတ်ရဟန်းရှိသော ဇရပ် တန်ဆောင်း စသည်မှ နာနာသံဝါသက ရဟန်းများရှိသော ဇရပ် တန်ဆောင်း စသည်သို့ ပကတတ်ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၆။ ပကတတ်ရဟန်းရှိသော ဇရပ်တန်ဆောင်း စသည်မှ နာနာသံဝါသက

http://www.dhammadownload.com

ရဟန်းများရှိသော့ ကျောင်းသို့လည်းကောင်း၊ ဇရပ်တန်ဆောင်း စသည်သို့လည်းကောင်း ပကတတ်ရဟန်း မပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၇။ ပကတတ်ရဟန်းရှိသော ကျောင်းမှ လည်းကောင်း ဇရပ်တန်ဆောင်း စသည်မှလည်းကောင်း နာနာသံဝါသကရဟန်းများ ရှိသော ကျောင်းသို့ ပကတတ်ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၈။ ပကတတ်ရဟန်းရှိသော ကျောင်းမှလည်းကောင်း၊ ဇရပ် တန်ဆောင်း စသည်မှ လည်းကောင်း၊ နာနာ သံဝါသကရဟန်းများ ရှိသော ဇရပ်တန်ဆောင်း စသည်သို့ ပကတတ် ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၄၉။ ပကတတ်ရဟန်းရှိသော ကျောင်းမှ လည်းကောင်း၊ ဇရပ်တန်ဆောင်း စသည်မှလည်းကောင်း နာနာသံဝါသကရဟန်းများရှိသော ကျောင်းသို့ လည်းကောင်း ဇရပ်တန်ဆောင်း စသည်သို့လည်းကောင်း ပကတတ်ရဟန်းမပါဘဲ အန္တရာယ်လည်း မရှိဘဲ မသွားရခြင်း၊ ၅၀။ ပကတတ်ရဟန်းရှိသော ကျောင်းမှ သမာန သံဝါသက အပေါင်းအသင်းတူသည့် ရဟန်းများရှိသော ကျောင်းသို့ နေ့ချင်းပင် ရောက်နိုင် ၏ဟု သိလျှင် သွားရခြင်း၊ ၅၁။ ပကတတ်ရဟန်းရှိသော ကျောင်းမှ သမာနသံဝါသက ရဟန်းများရှိသော ဇရပ်တန်ဆောင်း စသည်သို့ နေ့ချင်းပင် ရောက်နိုင်၏ဟု သိလျှင် သွားရခြင်း၊ ၅၂။ ပကတတ်ရဟန်းရှိသော ကျောင်းမှ သမာနသံဝါသကရဟန်းများရှိသော ကျောင်းသို့လည်းကောင်း၊ ဇရပ်တန်ဆောင်း စသည်သို့လည်းကောင်း နေ့ချင်း ရောက်နိုင် ၏ဟု သိလျှင် သွားရခြင်း၊ ၅၃။ ပကတတ်ရဟန်းရှိသော ဇရပ်တန်ဆောင်း စသည်မှ သမာနသံဝါသက ရဟန်းများ ရှိသော ကျောင်းသို့ နေ့ချင်းပင် ရောက်နိုင်၏ဟု သိလျှင် သွားရခြင်း၊ ၅၄။ ပကတတ်ရဟန်းရှိသော ဇရပ်တန်ဆောင်းစသည်မှ သမာနသံဝါသက ရဟန်းများ ရှိသော ကျောင်းသို့လည်းကောင်း ဇရပ်တန်ဆောင်းစသည်သို့ လည်းကောင်း နေ့ချင်းပင် ရောက်နိုင်၏ဟု သိလျှင် သွားရခြင်း၊ ၅၅။ ပကတတ်ရဟန်းရှိသော ကျောင်းမှလည်းကောင်း၊ ဇရပ် တန်ဆောင်း စသည်မှ လည်းကောင်း သမာနသံဝါသကရဟန်းများ ရှိသော ကျောင်းသို့ နေ့ချင်းပင် ရောက်နိုင်၏ဟု သိလျှင် သွားရခြင်း၊ ၅၆။ ပကတတ်ရဟန်းရှိသော ကျောင်းမှလည်းကောင်း ဇရပ်တန်ဆောင်း စသည်မှလည်းကောင်း၊ သမာနသံဝါသက ရဟန်းများ ရှိသော ဇရပ်တန်ဆောင်းစသည်သို့ နေ့ချင်းပင် ရောက်နိုင်၏ဟု သိလျှင် သွားရခြင်း၊ ၅၇။ ပကတတ်ရဟန်းရှိသော ကျောင်းမှလည်းကောင်း၊ ဇရပ် တန်ဆောင်း စသည်မှ လည်းကောင်း သမာနသံဝါသကရဟန်းများ ရှိသော ကျောင်းသို့ လည်းကောင်း ဇရပ်တန်ဆောင်း စသည်သို့လည်းကောင်း နေ့ချင်းပင် ရောက်နိုင်၏ဟု သိလျှင် သွားရခြင်း၊ ၅၈။ ပကတတ်ရဟန်းနှင့် အတူ တစ်မိုးတည်းသော ကျောင်း၌ မနေရခြင်း၊ ၆၀။ တစ်မိုးတည်းသော ဇရပ်တန်ဆောင်းစသည်၌ မနေရခြင်း၊ ၆၁။ တစ်မိုးတည်းသော ကျောင်း၌ လည်းကောင်း၊ ဇရပ်တန်ဆောင်း စသည်၌လည်းကောင်း မနေရခြင်း၊ ၆၂။ ပကတတ်ရဟန်းကို မြင်လျှင် နေရာမှ ထရခြင်း၊ ၆၃။ ပကတတ်ရဟန်းကို နေရာသို့ ကြွရန် ဖိတ်ကြားရခြင်း၊ ၆၄။ ပကတတ်ရဟန်းနှင့် အတူ တစ်နေရာတည်း၌ မထိုင်ရခြင်း၊ ၆၅။ နိမ့်သော နေရာ၌ ပကတတ်ရဟန်း ထိုင်နေလျှင် မြင့်သော နေရာ၌ မထိုင်ရခြင်း၊ ၆၆။ မြေ၌ ပကတတ်ရဟန်း

http://www.dhammadownload.com

ထိုင်နေလျှင် နေရာ၌မထိုင်ရခြင်း၊ ၆၇။ စကြ်ိတစ်ခုတည်း၌ စကြ်ိမလျှောက်ရခြင်း၊ ၆၈။ နိမ့်သော စကြ်ိ၌ ပကတတ်ရဟန်း စကြ်ိ လျှောက်နေလျှင် မြင့်သောစကြ်ိ၌ စကြ်ိ မလျှောက်ရခြင်း၊ ၆၉။ မြေ၌ ပကတတ်ရဟန်း စကြ်ိ လျှောက်နေလျှင် စကြ်ိ၌ စကြ်ိမလျှောက်ရခြင်း၊ ၇၀။ ပရိဝါသ်ဆောက်တည်သော သီတင်းကြိုးရဟန်းနှင့်အတူ တစ်မိုးတည်းသော ကျောင်း၌ မနေရခြင်း၊ ၇၁။ အရင်းသို့ ငင်သော ရဟန်းနှင့်အတူ တစ်မိုးတည်းသောကျောင်း၌ မနေရခြင်း၊ ၇၂။ မာနတ်ကျင့် ထိုက်သော ရဟန်းနှင့် အတူ တစ်မိုးတည်းသော ကျောင်း၌ မနေရခြင်း၊ ၇၃။ မာနတ်ကျင့်ဆဲ ရဟန်းနှင့်အတူ တစ်မိုးတည်းသော ကျောင်း၌ မနေရခြင်း၊ ၇၄။ အဇ္ဈာန်သွင်းထိုက်သော ရဟန်းနှင့် အတူ တစ်မိုးတည်းသော ကျောင်း၌ မနေရခြင်း၊ ၇၅။ ပရိဝါသ်ဆောက်တည်သော သီတင်းကြိုးရဟန်းနှင့် အတူ တစ်မိုးတည်းသော ဇရပ်တန်ဆောင်းစသည်၌ မနေရခြင်း၊ ၇၆။ အရင်းသို့ ငင်သော ရဟန်းနှင့် အတူ တစ်မိုးတည်းသော ဇရပ် တန်ဆောင်း စသည်၌ မနေရခြင်း၊ ၇၇။ မာနတ်ထိုက်သော ရဟန်းနှင့်အတူ တစ်မိုးတည်းသော ဇရပ် တန်ဆောင်း စသည်၌ မနေရခြင်း၊ ၇၈။ မာနတ်ကျင့်ဆဲ ရဟန်းများနှင့် အတူ တစ်မိုးတည်းသော ဇရပ် တန်ဆောင်းစသည်၌ မနေရခြင်း၊ ၇၉။ အဇ္ဈာန်သွင်းထိုက်သော ရဟန်းနှင့်အတူ တစ်မိုးတည်းသော ဇရပ်တန်ဆောင်း စသည်၌ မနေရခြင်း၊ ၈၀။ ပရိဝါသ်ဆောက်တည်သော သီတင်းကြိုးရဟန်းနှင့် အတူ တစ်မိုးတည်းသော ကျောင်း၌လည်းကောင်း ဇရပ်တန်ဆောင်း စသည်၌လည်းကောင်း မနေရခြင်း၊ ၈၁။ အရင်းသို့ငင်သော ရဟန်းနှင့်အတူ တစ်မိုးတည်းသော ကျောင်း၌လည်းကောင်း ဇရပ်တန်ဆောင်း စသည်၌လည်းကောင်း မနေရခြင်း၊ ၈၂။ မာနတ်ကျင့်ထိုက်သော ရဟန်းနှင့် အတူ တစ်မိုးတည်းသော ကျောင်း၌လည်းကောင်း ဇရပ် တန်ဆောင်း စသည်၌လည်းကောင်း မနေရခြင်း၊ ၈၃။ မာနတ်ကျင့်ဆဲရဟန်းနှင့် အတူ တစ်မိုးတည်းသော ကျောင်း၌လည်းကောင်း၊ ဇရပ် တန်ဆောင်း စသည်၌လည်းကောင်း မနေရခြင်း၊ ၈၄။ အဇ္ဈာန်သွင်းထိုက်သော ရဟန်းနှင့်အတူ တစ်မိုးတည်းသော ကျောင်း၌လည်းကောင်း ဇရပ်တန်ဆောင်း စသည်၌လည်းကောင်း မနေရခြင်း၊ ၈၅။ တစ်နေရာတည်း၌ မထိုင်ရခြင်း၊ ၈၆။ နိမ့်သော နေရာ၌ ထိုင်လျှင် မြင့်သော နေရာ၌ မထိုင်ရခြင်း၊ ၈၇။ မြေ၌ ထိုင်လျှင် နေရာ၌ မထိုင်ရခြင်း၊ ၈၈။ စကြ်ိတစ်ခုတည်း၌ စကြ်ိမလျှောက်ရခြင်း၊ ၈၉။ နိမ့်သော စကြ်ိ၌ စကြ်ိလျှောက်လျှင် မြင့်သောစကြ်ိ၌ စကြ်ိမလျှောက်ရခြင်း၊ ၉၀။ မြေ၌ စကြ်ိလျှောက်လျှင် စကြ်ိ၌ စကြ်ိမလျှောက်ရခြင်း၊ ၉၁။ ပရိဝါသ်ဆောက်တည်သော ရဟန်းလျှင် လေးပါးမြောက်ဖြစ်သော စတုဝဂ္ဂသံဃာသည် အကယ်၍ ပရိဝါသ် ပေးငြားအံ့၊ ကံမမြောက်သဖြင့် မပြုလုပ်ရခြင်း၊ ၉၂။ အရင်းသို့ ငင်ငြားအံ့၊ ကံမမြောက်သဖြင့် မပြု လုပ်ရခြင်း၊ ၉၃။ မာနတ်ကို ပေးငြားအံ့၊ ကံမမြောက်သဖြင့် မပြုလုပ်ရခြင်း၊ ၉၄။ ပရိဝါသ် ဆောက်တည်သော ရဟန်းလျှင် နှစ်ကျိပ်မြောက်ဖြစ်သော ဝိသတိဝဂ္ဂသံဃာသည် အဇ္ဈာန် သွင်းငြားအံ့၊ ကံမမြောက်သဖြင့် မပြုလုပ်ရခြင်း။ (ဝိ၊၄။၈၃။) (ဝိ၊၄။၈၉။) (ဝိ၊၄။၉၆။) (ဝိ၊မြန်၊ ၄။၇၈-၈၂။) (ဝိ၊မြန်၊၄။၈၄၊၈၆။) (ဝိ၊မြန်၊၄။၉၀၊၉၃။)

ပရိဝါသ်ဆောက်တည်သော ရဟန်း၏ ညဉ့်ပြတ်ခြင်းအကြောင်း ၃ ပါး ၁။ ပကတတ် ရဟန်းနှင့် ကျောက်ကုန်းဆန့်လျက် အိပ်ခြင်းဟု ဆိုအပ်သော အတူနေခြင်း၊ ၂။ ပကတတ်ရဟန်းနှင့် ကင်းကွာ၍ နေခြင်း၊ ၃။ ဝတ်မကြားခြင်း။ (ဝိ၊၄။၈၇။) (ဝိ၊၅။၂၁၉။) (ဝိ၊မြန်၊၄။၈၂။) (ဝိ၊မြန်၊၅။၃၀၆။)

http://www.dhammadownload.com

ပရိသတ် ၄ ပါး ၁။ ရဟန်းပရိသတ်၊ ၂။ ရဟန်းမ ပရိသတ်၊ ၃။ သီတင်းသည် ဥပါသကာ ပရိသတ်၊ ၄။ သီတင်းသည်မ ဥပါသိကာမ ပရိသတ်။ (မ၊၌၊၁။၃၁၀။) (သာရတ္ထ၊ဋီ၊၂။၁။)

ပရိသတ် ၄ ပါး (တစ်နည်း) ၁။ မင်းပရိသတ်၊ ၂။ ပုဏ္ဏားပရိသတ်၊ ၃။ သူကြွယ်ပရိသတ်၊ ၄။ ရဟန်းပရိသတ်။ (သာရတ္ထ၊ဋီ၊၂။၁။)

ပရိသတ် ၂ မျိုး (ယောဋ္ဌမုခပုဏ္ဏားအား အရှင်ဥဒေန ဟောကြားခဲ့သော ပရိသတ် ၂ မျိုး) ၁။ ပတ္တမြား နားဆောင်း ဝတ်ဆင်ကုန်သော မိန်းမတို့၌ ပြင်းစွာ တပ်ခြင်းရှိသည် ဖြစ်၍ သား မယား ကျွန်မိန်းမ ကျွန်ယောကျ်ား, လယ်ယာ ရွှေငွေကို ရှာမှီးသော ပရိသတ်၊ ၂။ ပတ္တမြားနားဆောင်း ဝတ်ဆင်ကုန်သော မိန်းမတို့၌ ပြင်းစွာတပ်ခြင်း မရှိသည်ဖြစ်၍ သားမယား ကျွန်မိန်းမ ကျွန်ယောကျ်ား လယ်ယာ ရွှေငွေကို ပယ်စွန့်၍ ရဟန်းပြုသော ပရိသတ်။ (မ၊၂။၃၆၆။) (မ၊မြန်၊၂။၃၇၀။)

ပရိသတ် ၂ မျိုး (တစ်နည်း) ၁။ တိမ်သော ပရိသတ်၊ တုန်လှုပ် ပျံ့လွင့်မှုရှိလျက် အချည်းနှီး တက်ကြွသော မာန်ရှိသော ပရိသတ်၊ ၂။ နက်သော ပရိသတ်၊ မတုန်လှုပ် မပျံ့လွင့်မှု၍ အချည်းနှီး တက်ကြွသော မာန်မရှိသော ပရိသတ်၊ (တစ်နည်း) ၁။ မညီညွတ်သော ဝဂ္ဂပရိသတ်၊ ၂။ ညီညွတ်သော သမဂ္ဂပရိသတ်၊ (တစ်နည်း) ၁။ ကောင်းမြတ်သော ပဋိပတ်အကျင့်နှင့် မပြည့်စုံသော ပုဂ္ဂိုလ်ရှိသော ပရိသတ်၊ ၂။ ကောင်းမြတ်သော ပဋိပတ်အကျင့်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ရှိသော ပရိသတ်၊ (တစ်နည်း) ၁။ ပုထုဇဉ်ပရိသတ်၊ ၂။ အရိယာပရိသတ်၊ (တစ်နည်း) ၁။ ရူပ်ထွေးပွေလီမ် ဖျင်းသိမ်သော ပရိသတ်၊ ၂။ သန့်ရှင်းကြည်လင် အနှစ်ထင်သော ပရိသတ်၊ (တစ်နည်း) ၁။ အဆုံးမခက်သော မေးမြန်း၍ မဆုံးမအပ်သော ပရိသတ်၊ ၂။ မေးမြန်း၍ ဆုံးမအပ်သော အဆုံးအမ မခက်သော ပရိသတ်၊ (တစ်နည်း) ၁။ ပစ္စည်းအာမိသကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပရိသတ်၊ ၂။ သူတော်ကောင်းတရားကို အလေးပြု၍ ပစ္စည်းအာမိသကို အလေးမပြုသော ပရိသတ်၊ (တစ်နည်း) ၁။ တရားနှင့် မညီသော ကောက်ကျစ်သော ပရိသတ်၊ ၂။ တရားနှင့် ညီသော ဖြောင့်မတ်သော ပရိသတ်၊ (တစ်နည်း) ၁။ တရားနှင့် ယှဉ်သော ပရိသတ်၊ ၂။ တရားနှင့် မယှဉ်သော ပရိသတ်၊ (တစ်နည်း) ၁။ တရားမဟုတ်သည်ကို ဆိုလေ့ရှိသော အဓမ္မဝါဒီပရိသတ်၊ ၂။ တရားဟုတ်သည်ကို ဆိုလေ့ရှိသော ဓမ္မဝါဒီပရိသတ်။ (အံ၊၁။၇၁–၇၅။) (အံ၊မြန်၊၁။၈၃။)

ပရိသတ် ၃ မျိုး ၁။ ပုဂ္ဂိုလ်မြတ်ရှိသော (အဂ္ဂဝတီ) ပရိသတ်၊ ၂။ မညီညွတ်သော (ဝဂ္ဂ) ပရိသတ်၊ ၃။ ညီညွတ်သော (သမဂ္ဂ) ပရိသတ်။ (အံ၊၁။၂၄၅။) (အံ၊မြန်၊၁။၂၆၃။)

ပရိသတ် ၃ မျိုး (တစ်နည်း) ၁။ ဆုံးမခက်သဖြင့် မမေးမူ၍ ဆုံးမအပ်သော ပရိသတ်၊ ၂။ ဆုံးမလွယ်သဖြင့် မေး၍ ဆုံးမအပ်သော ပရိသတ်၊ ၃။ ပမာဏကို သိ၍ ဆုံးမအပ်သော ပရိသတ်။ (အံ၊၁။၂၈၉။) (အံ၊မြန်၊၁။၃၀၆။)

ပရိသတ် ၈ မျိုး ၁။ မင်းပရိသတ်၊ ၂။ ပုဏ္ဏားပရိသတ်၊ ၃။ သူကြွယ်ပရိသတ်၊ ၄။ ရဟန်းပရိသတ်၊ ၅။ စာတုမဟာရာဇ် ပရိသတ်၊ ၆။ တာဝတိံသာ ပရိသတ်၊ ၇။ မာရ်ပရိသတ်၊ ၈။ ဗြဟ္မာပရိသတ်။ (ဒီ၊၂။၉၁။) (ဒီ၊၃။၂၁၅။) (မ၊၁။၁၀၄။) (အံ၊၃။၁၂၇။) (သံ၊၄၊၂။၄၃။) (ပဋိသံ၊၄၊၂။၂၃၂။) (သာရတ္ထ၊ဋီ၊၁။ ၃၂၂။) (ဒီ၊ဋီ၊၁။၃၅၆။) (ဒီ၊မြန်၊၂။၁၀၆။) (ဒီ၊မြန်၊၃။၂၃၈။) (မ၊မြန်၊၁။၁၁၁။) (အံ၊မြန်၊၃။၁၂၈။)

http://www.dhammadownload.com

ပရိသတ်ကို တင့်တယ်စေတတ်သော ပုဂ္ဂိုလ် ၄ မျိုး ၁။ ကောင်းမြတ်သော တရားရှိသည့် သီလဝန္တ ရဟန်း၊ ၂။ ကောင်းမြတ်သော တရားရှိသည့် သီလဝန္တ ရဟန်းမ၊ ၃။ ကောင်းမြတ်သော တရားရှိသည့် သီလဝန္တဥပါသကာ၊ ၄။ ကောင်းမြတ်သော တရားရှိသည့် သီလဝန္တဥပါသိကာမ။ (အံ၊၁။၅၄၈။) (အံ၊မြန်၊၁။၅၆၃။)

ပရိသတ်ကို နဂါးတို့ ကြည့်ရခြင်းအကြောင်း ၂ မျိုး ၁။ ဂဠုန်ရန်ကို ကြည့်ခြင်း၊ ၂။ ဆွေမျိုးတို့ကို ကြည့်ခြင်း။ (ဇာ၊ဋ္ဌ၊၇။၃၇။)

ပရိသတ်ကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ် ၄ မျိုး ၁။ ယုတ်ညံ့သော တရားရှိသည့် ဒုဿီလရဟန်း၊ ၂။ ယုတ်ညံ့သော တရားရှိသည့် ဒုဿီလရဟန်းမ၊ ၃။ ယုတ်ညံ့သော တရားရှိသည့် ဒုဿီလဥပါသကာ၊ ၄။ ယုတ်ညံ့သော တရားရှိသည့် ဒုဿီလဥပါသိကာမ။ (အံ၊၁။၅၄၇-၅၄၈။) (အံ၊မြန်၊ ၁။၅၆၃။)

ပရိသတ်အပြစ် ၃ မျိုး ၁။ ကံသို့ ရောက်ကြကုန်သော ရဟန်းတို့သည် မကြွလာခြင်း၊ ၂။ ဆန္ဒ ပေးထိုက်ကုန်သော ရဟန်းတို့သည် ဆန္ဒကို မဆောင်ခြင်း၊ ၃။ မျက်မှောက် ရောက်ရှိလာကုန်သော ရဟန်းတို့ကို တားမြစ်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၅၆။)

ပရိက္ခရာ ၄ ပါး ၁။ စောင့်ရှောက်အပ်၊ လုံခြုံစေအပ်၊ မြတ်နိုးအပ်၊ သုံးဆောင်အပ်သော ပရိက္ခရာ၊ ၂။ စောင့်ရှောက်အပ်၊ လုံခြုံစေအပ်၊ မြတ်နိုးအပ်၊ မသုံးဆောင်အပ်သော ပရိက္ခရာ၊ ၃။ စောင့် ရှောက်အပ်၊ လုံခြုံစေအပ်၊ မမြတ်နိုးအပ်၊ မသုံးဆောင်အပ်သော ပရိက္ခရာ၊ ၄။ မစောင့် ရှောက်အပ်၊ မလုံခြုံစေအပ်၊ မမြတ်နိုးအပ်၊ မသုံးဆောင်အပ်သော ပရိက္ခရာ။ (ဝိ၅။၂၂၅။) (ဝိ၊မြန်၊၅။၃၁၂။)

ပရိက္ခရာ ၈ ပါး ၁။ သင်းပိုင်၊ ၂။ ဇကသီ၊ ၃။ ဒုကူဋ်၊ ၄။ သပိတ်၊ ၅။ ပဲခွပ် (ဒန်ပူဖြတ်စရာ မားငယ်။)၊ ၆။ အပ်၊ အပ်ချည်၊ ၇။ ခါးပန်းကြိုး၊ ၈။ ရေစစ်။ (ဝိ၊ဋ္ဌ၊၁။၂၀၅။) (ဒီ၊ဋ္ဌ၊၁။၁၈၄။) (မ၊ဋ္ဌ၊၂။၁၁၅။) (မ၊ဋ္ဌ၊၃။၂၃၁။) (အံ၊ဋ္ဌ၊၂။၃၈၀။) (အပ၊ဋ္ဌ၊၁။၇၈။) (ဗုဒ္ဓဝံ၊ဋ္ဌ။၃၃၃။) (ဇာ၊ဋ္ဌ၊၃။၃၅၆။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၆၂။)

ပရိက္ခရာ အနည်းငယ်ကို စွန့်သောရဟန်း ပြည့်စုံရမည့် အင်္ဂါ ၅ ပါး ၁။ ဆန္နာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ စွန့်ပြီးခြင်း မစွန့်ရသေးခြင်းကို သိခြင်း။ (ဝိ၄။၃၃၁။) (ဝိ၊မြန်၊၄။ ၃၃၅။)

ပရိဂ္ဂဟ ၂ မျိုး ၁။ တဏှာပရိဂ္ဂဟ- တဏှာဖြင့် သိမ်းဆည်းခြင်း၊ ၂။ ဒိဋ္ဌိပရိဂ္ဂဟ- ဒိဋ္ဌိဖြင့် သိမ်း ဆည်းခြင်း။ (မဟာနိ။၄၃။) (မဟာနိ။၉၄။) (မဟာနိ။၂၁၄။)

ပရိတ်တရားတော် မစောင့်ရှောက်ခြင်း အစွမ်းမထက်ခြင်း အကြောင်း ၃ ပါး ၁။ မာတုဃာတက (အမိသတ်ခြင်း) စသော ပဉ္စာနန္တရိယကံက တားမြစ်ထားခြင်း၊ ၂။ နိယတမိစ္ဆာဒိဋ္ဌိ ဟူသော ကိလေသာက တားမြစ်ထားခြင်း၊ ၃။ ပရိတ်တရားတော်က ကာကွယ်စောင့်ရှောက်လိမ့်မည်ဟု မယုံကြည်ခြင်း။ (မိလိန္ဒ။၁၅၅။) (မိလိန္ဒ၊မြန်။၁၆၇။)

http://www.dhammadownload.com

ပရမ္မုရဘောဇနသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ရွှေဦးစွာ ပင့်ဖိတ်ထားသော ဘောဇဉ်ကို ထားခဲ့၍ နောက်မှပင့်ဖိတ်သော ဘောဇဉ်ကို စားသုံးသောခြင်း၊ ၂။ ခွင့်ပြုထားသော အခါသမယ မဟုတ်ခြင်း၊ ၃။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၅၇။) (ဝိမတိ၊၂။၂၉။)

ပလိဗောဓ ၁၀ မျိုး (ကမ္မဋ္ဌာန်းအားထုတ်ရာ၌ အနှောင့်အယှက် ၁၀ မျိုး) ၁။ အာဝါသ– နေရာကျောင်း၊ ၂။ ကုလ– ဆွေမျိုး၊ အလုပ်အကျွေး ဒါယကာ၊ ၃။ လာဘ– ပစ္စည်းလေးရပ် လာဘ်လာဘ၊ ၄။ ဂဏ– သုတ္တန်ဆောင်ဂိုဏ်း စသော သံဃာအများ၊ ၅။ ကမ္မ– ကျောင်းပြင်ခြင်း ခကျောင်း ဆောက်ခြင်း စသော အမှု၊ ၆။ အဒ္ဓါန– ခရီးဝေးသွားရာ ကိစ္စ၊ ၇။ ဉာတိ– ဆရာတပည့် မိဘ ညီ အစ်ကို မောင် နှမ စသော ဆွေမျိုး၊ ၈။ အာဗာဓ– အနာရောဂါ၊ ၉။ ဂန္ထ– ပရိယတ္တိစာပေ ကျမ်းစာများကို သင်ယူနေရခြင်း ပို့ချနေရခြင်း၊ ၁၀။ ဣဒ္ဓိ– ပုထုဇဉ်ဘဝဖြင့် ရရှိထားသော တန်ခိုး။ (ဝိ၊၄၊၂။၂၁။) (ဝိသုဒ္ဓိ၊၁။၈၆။)

ပဝါရဏာ ၂ မျိုး ၁။ စာတုဒ္ဒသီပဝါရဏာ၊ ၂။ ပန္နရသီပဝါရဏာ။ (ဝိ၊၃။၂၂၄။) (ဝိ၊၅။၂၁၃။) (ဝိ၊မြန်၊၃။၂၂၃။) (ဝိ၊မြန်၊၅။၂၉၇။)

ပဝါရဏာ ၃ မျိုး ၁။ စာတုဒ္ဒသီပဝါရဏာ၊ ၂။ ပန္နရသီပဝါရဏာ၊ ၃။ သာမဂ္ဂီပဝါရဏာ။ (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

ပဝါရဏာ ၃ မျိုး (တစ်နည်း) ၁။ သံဃပဝါရဏာ၊ ၂။ ဂဏပဝါရဏာ၊ ၃။ ပုဂ္ဂလပဝါရဏာ။ (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

ပဝါရဏာ ၃ မျိုး (တစ်နည်း) ၁။ တေဝါစိကပဝါရဏာ၊ ၂။ ဒွေဝါစိကပဝါရဏာ၊ ၃။ သမာနဝဿိက ပဝါရဏာ။ (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

ပဝါရဏာ ၄ မျိုး ၁။ ဝဿံဝုတ္ထပဝါရဏာ– ဝါကျွတ်သော အခါ မိမိကိုယ်ကို သံဃာ ဂိုဏ်း ပုဂ္ဂိုလ်ထံ၌ အပ်နှံခြင်း၊ အပြစ်ရှိသော် ပြောဆိုဆုံးမရန် အခွင့်ပေးခြင်း ဖိတ်ခေါ်ခြင်း ပဝါရဏာ၊ ၂။ ပစ္စယပဝါရဏာ– သင်္ကန်း, ဆွမ်းစသော ပစ္စည်းလေးပါးဖြင့် အလိုရှိသောအခါ တောင်းဖို့ရန် ဖိတ်မန်ထားခြင်း၊ ၃။ ပဋိက္ခေပ ပဝါရဏာ– ဆွမ်းစားနေဆဲ ရဟန်းထံသို့ ဒါယကာက ဆွမ်းထပ်ထည့်ရန် ဖိတ်မန်ရာ၌ ရဟန်းက ဆွမ်းကို ပယ်မြစ်ခြင်း၊ ၄။ ယာဝဒတ္ထ ပဝါရဏာ– အလိုရှိတိုင်း မွန်မြတ်သော ဘောဇဉ်ဖြင့် လုပ်ကျွေးခြင်း အလိုရှိစေခြင်း ဖိတ်ခြင်း။ (မ၊၌၊၁။၉၇။) (သာရတ္ထ၊ဋီ၊၃။၅၈။)

ပဝါရဏာ ၉ မျိုး ၁။ စာတုဒ္ဒသီ ပဝါရဏာ၊ ၂။ ပန္နရသီ ပဝါရဏာ၊ ၃။ သာမဂ္ဂီ ပဝါရဏာ၊ ၄။ သံဃ ပဝါရဏာ၊ ၅။ ဂဏ ပဝါရဏာ၊ ၆။ ပုဂ္ဂလ ပဝါရဏာ၊ ၇။ တေဝါစိက ပဝါရဏာ၊ ၈။ ဒွေဝါစိက ပဝါရဏာ၊ ၉။ သမာနဝဿိက ပဝါရဏာ။ (ဝိ၊၌၊၃။၁၄၄။)

ပဝါရဏာကံ ၄ မျိုး ၁။ တရားနှင့် မလျော်ဘဲ ဝဂ်ဖြစ်သော အစုကွဲသော ပဝါရဏာကံ၊ ၂။ တရားနှင့် မလျော်ဘဲ ညီညွတ်သော ပဝါရဏာကံ၊ ၃။ တရားနှင့် လျော်ညီ၍ ဝဂ်ဖြစ်သော အစုကွဲသော ပဝါရဏာကံ၊ ၄။ တရားနှင့် လျော်ညီ၍ ညီညွတ်သော ပဝါရဏာကံ။ (ဝိ၊၃။၂၂၄။) (ဝိ၊မြန်၊၃။၂၂၃။)

http://www.dhammadownload.com

ပဝါရဏာကံ၏ စ လယ် ဆုံး ၃ ပါး ၁။ ပဝါရဏာကံ၏ ညီညွတ်ခြင်းသည် အစတည်း၊ ၂။ ပဝါရဏာရွတ်ခြင်း (ကိရိယာ) သည် အလယ်တည်း၊ ၃။ ပဝါရဏာပြီးဆုံးခြင်းသည် အဆုံးတည်း။ (ဝိ၊၅။၂၅၂။) (ဝိ၊မြန်၊၅။၃၄၄။)

ပဝါရဏာပြုကြောင်း ၃ ပါး ၁။ မြင်သော အကြောင်းအားဖြင့် ဖိတ်ကြားခြင်း၊ ၂။ ကြားသော အကြောင်းအားဖြင့် ဖိတ်ကြားခြင်း၊ ၃။ ယုံမှားဖွယ် အကြောင်းအားဖြင့် ဖိတ်ကြားခြင်း။ (ဝိ၊၃။၂၂၃။) (ဝိ၊မြန်၊၃။၂၂၂။)

ပဝါရဏာမပြုအပ်သော ပရိသတ် ၂၀ ၁။ ရဟန်းမ နေသောပရိသတ်၊ ၂။ သိက္ခမာန် နေသော ပရိသတ်၊ ၃။ သာမဏေ နေသောပရိသတ်၊ ၄။ သာမဏေမ နေသော ပရိသတ်၊ ၅။ သိက္ခာ ချပြီးသူ နေသောပရိသတ်၊ ၆။ ပါရာဇိကကျသူ နေသောပရိသတ်၊ ၇။ အာပတ်ကို မရှု ခြင်းကြောင့် နှင်ထုတ်ထားသောရဟန်း နေသောပရိသတ်၊ ၈။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း နေသောပရိသတ်၊ ၉။ ယုတ်ညံ့သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း နေသောပရိသတ်၊ ၁၀။ ပဏ္ဍုက်နေသော ပရိသတ်၊ ၁၁။ ပေါင်းသင်း ဆက်ဆံမှု ခိုးသူ နေသောပရိသတ်၊ ၁၂။ တိတ္ထိဘောင်သို့ ပြောင်းရွေ့သူ နေသော ပရိသတ်၊ ၁၃။ တိရစ္ဆာန် နေသောပရိသတ်၊ ၁၄။ အမိသတ်သူ နေသောပရိသတ်၊ ၁၅။ အဖသတ်သူ နေသောပရိသတ်၊ ၁၆။ ရဟန္တာကို သတ်သူ နေသော ပရိသတ်၊ ၁၇။ ရဟန်းမကို ဖျက်ဆီးသူ နေသောပရိသတ်၊ ၁၈။ သံဃာအသင်းခွဲသူ နေသောပရိသတ်၊ ၁၉။ ဘုရားရှင်ကို သွေးစိမ်း တည်အောင် ပြုသူ နေသောပရိသတ်၊ ၂၀။ ဥဘတောဗျည်း နေသောပရိသတ်။ (ဝိ၊၃။၂၄၉၊၂၅၀။) (ဝိ၊မြန်၊၃။၂၄၇။)

ပဝါရဏာ ရပ်တန့်ထားခြင်း ၂ မျိုး ၁။ သဗ္ဗသင်္ဂါဟိက ပဝါရဏာထပန၊ ၂။ ပုဂ္ဂလပဝါရဏာ ထပန။ (ဝိ၊၆၊၃။၃၆၀။)

ပဝါရိတ်သင့်ကြောင်း အင်္ဂါ ၅ ပါး ၁။ စားဆဲဖြစ်ခြင်း၊ ၂။ ဘောဇဉ်ငါးပါးတို့တွင် တစ်ပါးပါး ဖြစ်ခြင်း၊ ၃။ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း တည်ခြင်း၊ ၄။ မိမိထံသို့ ရှေးရှုဆောင်ယူလာခြင်း၊ ၅။ ကိုယ်နှုတ်တို့ဖြင့် ပယ်မြစ်ခြင်း။ (ဝိ၊၆၊၃။၈၉။)

ပဝါရိတ်သင့်ခြင်း ထင်ရှားကြောင်း အခြင်းအရာ ၅ ပါး ၁။ စားဆဲသည် ထင်ရှားခြင်း၊ ၂။ ဘောဇဉ်သည် ထင်ရှားခြင်း၊ ၃။ ဟတ္ထပါသ်အတွင်း၌ တည်ခြင်း၊ ၄။ ရှေးရှုဆောင်ခြင်း၊ ၅။ မြစ်ပယ်ခြင်းသည် ထင်ရှားခြင်း။ (ဝိ၊၅။၃၂၆။) (ဝိ၊မြန်၊၅။၄၂၆။)

ပဝတ္ထုပရိယာဒါနေ၌ ပဝတ္ထုဖြစ်ခြင်း ၂ မျိုး ၁။ ကိလေသပဝတ္ထု- ကိလေသာတို့၏ ဖြစ်ခြင်း၊ ၂။ ခန္ဓပဝတ္ထု- ခန္ဓာတို့၏ ဖြစ်ခြင်း။ (ပဋိ်သံ၊၆၊၁။၃၈။)

ပဝတ္တိမဟာဝါရ၌ ပညာ ၄ မျိုး ၁။ ပုရေပညာ၊ ၂။ ပစ္ဆာ ပညာ၊ ၃။ ပရိပုဏ္ဏပညာ၊ ၄။ မောဟ ပညာ။ (အဘိ၊၆၊၃။၂၉၈။)

ပဝတ္တိမဟာဝါရ၌ အန္တရဝါရ ၃ မျိုး ၁။ ဥပ္ပါဒဝါရ၊ ၂။ နိရောဓဝါရ၊ ၃။ ဥပ္ပါဒနိရောဓဝါရ။ (အဘိ၊၆၊၃။၂၉၆။)

http://www.dhammadownload.com

ပသေနဒိကောသလမင်းကြီးက ဘုရားရှင်အား ပူဇော်ကြောင်း ၁၀ ပါး ၁။ မြတ်စွာဘုရားသည် လူအများ၏ စီးပွားချမ်းသာအလို့ငှာ ကျင့်၍ လူအများကို မြတ်သော ဉာဏ်၌ တည်စေတော်မူခြင်း၊ ၂။ မြတ်စွာဘုရားသည် ကြီးမြတ်သော သီလရှိတော်မူ၍ ထိုကြီးမြတ် အပြစ်ကင်းသော သီလနှင့် ပြည့်စုံတော်မူခြင်း၊ ၃။ မြတ်စွာဘုရားသည် နေ့ညဉ့်ပတ်လုံး အစွန်အဖျားကျသော တောကျောင်းတို့ကို မှီဝဲတော်မူခြင်း၊ ၄။ မြတ်စွာဘုရားသည် ရတတ်သမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲခြင်း၊ ၅။ မြတ်စွာဘုရားသည် အာဟုနေယျစသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်း၊ ၆။ မြတ်စွာဘုရားသည် အပို့ဆောကထာ သီလကထာ သမာဓိကထာ စသည်တို့ကို အလိုရှိတိုင်း ရတော်မူခြင်း၊ ၇။ မြတ်စွာဘုရားသည် ဈာန်လေးပါးတို့ကို အလိုရှိတိုင်း လွယ်ကူစွာ ရခြင်း၊ ၈။ မြတ်စွာဘုရားသည် အမည်အနွယ်နှင့်တကွ ရှေးဌ၌ နေခဲ့ဖူးသော ခန္ဓာအစဉ်တို့ကို အောက်မေ့နိုင်ခြင်း၊ ၉။ မြတ်စွာဘုရားသည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိတော်မူခြင်း၊ ၁၀။ မြတ်စွာဘုရားသည် အရဟတ္တ ဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၃။၃၀၈။) (အံ၊မြန်၊၃။၃၀၇။)

ပဟာတဗ္ဗတရား ၂ ပါး ပယ်အပ်သော တရား ၂ ပါးနှင့် တူသည်။

ပဟာတဗ္ဗတရား ၃ ပါး ပယ်အပ်သော တရား ၃ ပါးနှင့် တူသည်။

ပဟာတဗ္ဗတရား ၄ ပါး ပယ်အပ်သော တရား ၄ ပါး၊ ဩဃ ၄ ပါးတို့နှင့် တူသည်။

ပဟာတဗ္ဗတရား ၅ ပါး ပယ်အပ်သော တရား ၅ ပါး၊ နီဝရဏတရား ၅ ပါးတို့နှင့် တူသည်။

ပဟာတဗ္ဗတရား ၆ ပါး ၁။ ပယ်အပ်သော တရား ၆ ပါး၊ အနုသယ ၆ ပါးတို့နှင့် တူသည်။

ပဟာတဗ္ဗ တရား ၇ ပါး ပယ်အပ်သော တရား ၇ ပါး၊ အနုသယ ၇ ပါးတို့နှင့် တူသည်။

ပဟာတဗ္ဗတရား ၈ ပါး ပယ်အပ်သော တရား ၈ ပါး၊ မှားသော သဘောရှိသော တရား ၈ ပါးတို့နှင့် တူသည်။

ပဟာတဗ္ဗတရား ၉ ပါး ပယ်အပ်သော တရား ၉ ပါး၊ တဏှာအကြောင်းရင်းရှိသော တရား ၉ ပါးတို့နှင့် တူသည်။

ပဟာတဗ္ဗတရား ၁၀ ပါး ပယ်အပ်သော တရား ၁၀ ပါး၊ မှားသော အကျင့် ၁၀ ပါးတို့နှင့်တူသည်။

ပဟာန ၃ မျိုး ၁။ တဒင်္ဂပဟာန်– အခိုက်အတန့်အားဖြင့် ပယ်ခြင်း၊၂။ ဝိက္ခမ္ဘနပဟာန်– ဖယ်ခွာသော အားဖြင့် ပယ်ခြင်း၊၃။ သမုစ္ဆေဒပဟာန်– အကြွင်းမဲ့ ဖြတ်တောက်ခြင်းအားဖြင့် ပယ်ခြင်း။ (ဝိ၊၅၊၁။၁၈။)

ပဟာန ၃ မျိုး (တစ်နည်း) ၁။ လွန်ကျူးမှုကို ပယ်ရှားကြောင်း သီလတရား– ဝိတိက္ကမပဟာန၊ ၂။ ကိလေသာတို့၏ ထကြွမှုကို ပယ်ရှားကြောင်း သမာဓိတရား– ပရိယုဋ္ဌာနပဟာန်၊ ၃။ ကိလေသာတို့၏ အစဉ်မပြတ် ကိန်းဝပ်ခြင်းကို ပယ်ရှားကြောင်း ပညာတရား– အနုသယပဟာန်။ (ဝိ၊၅၊၁။၁၈။) (ဒီ၊၅၊၁။၂၀။) (ဒီ၊၅၊မြန်၊၁။၃၅၅။)

http://www.dhammadownload.com

ပဟာန ၃ မျိုး (တစ်နည်း) ၁။ ဝီတိက္ကမပဟာန– ကိလေသာတို့၏ လွန်ကျူးခြင်း အခိုက် အတန့်ကို ပယ်ကြောင်း ဝိနည်းပိဋက၊ ၂။ ပရိယုဋ္ဌာနပဟာန– ကိလေသာတို့၏ ထကြွသောင်းကျန်းခြင်း အခိုက်အတန့်ကို ပယ်ကြောင်း သုတ္တန်ပိဋက၊ ၃။ အနုသယပဟာန– ကိလေသာတို့၏ အနုသယ အခိုက်အတန့်ကို ပယ်ကြောင်း အဘိဓမ္မပိဋက။ (အဘိ၊ဋ္ဌ၊၁။၂၂။)

ပဟာန ၅ မျိုး ၁။ တဒင်္ဂပဟာန၊ ၂။ ဝိက္ခမ္ဘနပဟာန၊ ၃။ သမုစ္ဆေဒပဟာန၊ ၄။ ပဋိပ္ပဿဒ္ဓိပဟာန၊ ၅။ နိဿရဏပဟာန။ (ပဋိသံ။၂၆။) (အံ၊ဋ္ဌ၊၁။၃၅။) (ဣတိဝု၊ဋ္ဌ။၁၀၅။) (ဣတိဝု၊ဋ္ဌ။၃၅။) (သာရတ္ထ၊ဋီ၊၂။၂၉။) (ပဋိသံ၊မြန်။၃၅။)

ပဟာနဝိနည်း ၅ ပါး ၁။ တဒင်္ဂပွဟာန– ဝိပဿနာရှုခိုက် တဒင်္ဂအားဖြင့် ကိလေသာတို့ကို ပယ်ခြင်း၊ ၂။ ဝိက္ခမ္ဘနပွဟာန– ဥပစာရသမာဓိ, အပ္ပနာသမာဓိဖြင့် နီဝရဏစသည်တို့ကို ပယ်ခွာခြင်း၊ ၃။ သမုစ္ဆေဒပွဟာန– မဂ်လေးပါးဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်ခြင်း၊ ၄။ ပဋိပဿဒ္ဓိပွဟာန– ဖိုလ်လေးပါးဖြင့် ကိလေသာတို့၏ ငြိမ်းအေးခြင်း၊ ၅။ နိဿရဏပွဟာန– သခ်ါရအားလုံးကို ပယ်ပြီးဖြစ်သဖြင့် နိဗ္ဗာန်၏ သခ်ါရတရားတို့မှ လွတ်မြောက်ခြင်း။ (မ၊ဋ္ဌ၊၁။၂၃။) (သံ၊ဋ္ဌ၊၂။၂၃၃။) (အဘိ၊ဋ္ဌ၊၁။၃၈၅။) (ပဋိသံ၊ဋ္ဌ၊၂။၅၂။) (သုတ္တနိ၊ဋ္ဌ၊၁။၇။) (စူဠနိ၊ဋ္ဌ။၇၁။) (ဝိမတိ၊၁။၁၀၆။)

ပဟာရသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ အမျက်ထွက်ခြင်း၊ ၂။ လွတ်မြောက်လိုသည် မဟုတ်ဘဲ ရဟုန်းအား ရိုက်ပုတ်ခြင်း။ (ဝိမတိ၊၂။၅၁။)

ပဟာရသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ အမျက်ထွက်သည် ဖြစ်ခြင်း၊ ၂။ လွတ်မြောက်ခြင်း၌ အလိုရှိသူ မဟုတ်ခြင်း၊ ၃။ ရဟန်းအား ပုတ်ခတ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၃။)

ပဥ္စာဗျာကရဏ ၄ ပါး ၁။ ဧကန်စင်စစ် ဖြေအပ်သော ပြဿနာ၊ ၂။ တစ်ဖန်မေး၍ ဖြေအပ်သော ပြဿနာ၊ ၃။ အကျယ်ဝေဖန်၍ ဖြေအပ်သော ပြဿနာ၊ ၄။ မေးသည်ကို ထား၍ ဖြေအပ်သော ပြဿနာ။ (ဒီ၊၃။၁၉၂။) (ပေဋကော။၂၂၅။) (ဒီ၊မြန်၊၃။၂၁၄။)

ပါဠိလိပုတ်ပြည်၏ ဘေးအန္တရာယ် ၃ မျိုး ၁။ မီးဘေးအန္တရာယ်၊ ၂။ ရေဘေးအန္တရာယ်၊ ၃။ အချင်းချင်းကုန်းတိုက်မှုကြောင့် ပျက်စီးခြင်းအန္တရာယ်။ (ဝိ၊၃။၃၂၄။) (ဒီ၊၂။၇၄။) (ဥဒါန။၁၈၇။) (ဥဒါန၊မြန်။၁၆၉။)

ပါဠိဒေသနီယသိက္ခာပုဒ် ၄ ပါး ၁။ အညာတိကပုဒ်ဖြင့် မှတ်အပ်သော ပဌမ ပါဠိဒေသနီယသိက္ခာပုဒ်၊ ၂။ ဘိက္ခုနီယာ ဝေါသာသန္တီယာပုဒ်ဖြင့် မှတ်အပ်သော ဒုတိယပါဠိဒေသနီယသိက္ခာပုဒ်၊ ၃။ သေက္ခသမ္မတပုဒ်ဖြင့် မှတ်အပ်သော တတိယပါဠိဒေသနီယသိက္ခာပုဒ်၊ ၄။ အာရညက သေနာသနပုဒ်ဖြင့် မှတ်အပ်သော စတုတ္ထပါဠိဒေသနီယသိက္ခာပုဒ်။ (ဝိ၊၅။၄၃။) (ဝိ၊မြန်၊၅။၇၄။)

ပါဠိဒေသနီအာပတ် ဖြစ်ကြောင်း သမုဋ္ဌာန် ၄ ပါး ၁။ ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်စိတ်ကြောင့် မဖြစ်ကုန်၊ ၂။ ရံခါ ကိုယ်နှုတ်ကြောင့် ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်၊ ၃။ ရံခါ ကိုယ်စိတ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ ၄။ ရံခါ ကိုယ်နှုတ်စိတ်ကြောင့် ဖြစ်ကုန်၏။ (ဝိ၊၅။၃၆၃။) (ဝိ၊မြန်၊၅။၄၆၇။)

http://www.dhammadownload.com

ပါဠိဟာရိယ ၃ ပါး ၁။ ကျွဒ္ဓိပါဠိဟာရိယ– တန်ခိုးအမျိုးမျိုး ဖန်ဆင်းပြသခြင်း၊ ၂။ အာဒေသနာ ပါဠိဟာရိယ– သူတစ်ပါးတို့၏ စိတ်အကြံအစည်ကို သိ၍ တရားဟောခြင်း၊ ၃။ အနုသာသနီ ပါဠိဟာရိယ– ထိုထိုပုဂ္ဂိုလ်တို့၏ အလိုဆန္ဒ အဇ္ဈာသယအားလျော်စွာ ဆုံးမနိုင်ခြင်း။ (ဒီ၁။၂၀၆။) (ပဋိသံ။၄၀၁။)(အပ၊၂။၃၀၀။)(ဒီ၊ဋ္ဌ၊၁။၃၂၂။)(သာရတ္ထ၊ဋီ၊၃။၂၀၅။)(ဒီ၊မြန်၊၁။၂၅၄။)(ပဋိသံ၊မြန်။၄၆၃။) (ဒီ၊ဋ္ဌ၊မြန်၊၁။၆၂၄။) (ဗုဒ္ဓဝံ၊မြန်။၂၉၄။)

ပါဋ ၂ မျိုး ၁။ ဗျဉ္ဇနပါဋ၊ ၂။ အတ္ထပါဋ။ (မဟာနိ၊ဋ္ဌ။၂။)

ပါဋ ၆ မျိုး ၁။ သန္ဓာယဘာသိတပါဋ၊ ၂။ ဗျဉ္ဇနဘာသိတပါဋ၊ ၃။ သာဝသေသပါဋ၊ ၄။ အနုသေသပါဋ၊ ၅။ နီတပါဋ၊ ၆။ နေယျပါဋ။ (မဟာနိ၊ဋ္ဌ။၅။)

ပါဏ ၂ မျိုး ၁။ ခေါ်ဝေါ်ကြောင်း ပညတ်အားဖြင့် သတ္တဝါ၊ ၂။ ပရမတ္ထအားဖြင့် ရုပ်နာမ် ဇီဝိတိန္ဒြေ။ (ဒီ၊ဋ္ဌ၊၁။၆၈။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၂၉။)

ပါဏာတိပါတကံ မြောက်ကြောင်း အင်္ဂါ ၅ ပါး ၁။ ပါဏော– သက်ရှိသတ္တဝါ ဖြစ်ခြင်း၊ ၂။ ပါဏသညိတာ– သက်ရှိသတ္တဝါဟု အမှတ်ရှိခြင်း၊ ၃။ ဝဓကစိတ္တံ– သေစေလိုသော စိတ် ရှိခြင်း၊ ၄။ ဝါယာမော– သတ်ခြင်းငှာ လုံ့လပြုခြင်း၊ ၅။ တေန မရဏံ– ထိုလုံ့လကြောင့် သေခြင်း။ (ခုဒ္ဒကာဋ္ဌ။၂၁။) (မဟာနိ၊ဋ္ဌ။၉၈။)

ပါဏာတိပါတ စသည်တို့၌ ဆုံးဖြတ်ပုံ ၆ မျိုး ၁။ သဘောအားဖြင့် ဆုံးဖြတ်ခြင်း၊ ၂။ အာရုံ အားဖြင့် ဆုံးဖြတ်ခြင်း၊ ၃။ ဝေဒနာအားဖြင့် ဆုံးဖြတ်ခြင်း၊ ၄။ မူလအားဖြင့် ဆုံးဖြတ်ခြင်း၊ ၅။ ကံအားဖြင့် ဆုံးဖြတ်ခြင်း၊ ၆။ အကျိုးဖလအားဖြင့် ဆုံးဖြတ်ခြင်း။ (ကင်္ခာဝိတရဏီ၊ဋ္ဌ။၂၂၂။)

ပါဏာတိပါတ၌ လုံ့လပယောဂ ၆ ပါး ၁။ သာဟတ္ထိက– ကိုယ်တိုင်သတ်ခြင်း၊ ၂။ အာဏတ္တိက– သူတစ်ပါးကို စေခိုင်း၍ သတ်ခြင်း၊ ၃။ နိဿဂ္ဂိယ– မြား လုံ့ စသည်တို့ဖြင့် ပစ်လွှတ်၍ သတ်ခြင်း၊ ၄။ ထာဝရ– ပြောင်းရွှေ့၍ မရစကောင်းသော တွင်းတူးထားခြင်း, လက်နက်ကို အနီး၌ ထားခြင်း စသည်ဖြင့် စီရင်၍ သတ်ခြင်း၊ ၅။ ဝိဇ္ဇာမယ– ဂါထာ မန္တာန် အင်းအိုင် လက်ဖွဲ့စသော အတတ်ပညာဖြင့် သတ်ခြင်း၊ ၆။ ကျွဒ္ဓိမယ– ကမ္မဇဓိဋ္ဌတန်ခိုးကို အသုံးပြု၍ သတ်ခြင်း။ (ဝိ၊ဋ္ဌ၊၂။၃၉။) (ဒီ၊ဋ္ဌ၊၁။၆၉။) (မ၊ဋ္ဌ၊၁။၂၀၂။) (သံ၊ဋ္ဌ၊၂။၁၃၄။) (အဘိ၊ဋ္ဌ၊၁။၁၄၀။) (ခုဒ္ဒကာဋ္ဌ။၁၉။) (ကင်္ခာဝိတရဏီ၊ဋ္ဌ။၂၁၈။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၃၀။)

ပါဏာတိပါတ အင်္ဂါ ၅ ပါး ၁။ ပါဏော– သက်ရှိသတ္တဝါဖြစ်ခြင်း၊ ၂။ ပါဏသညိတာ– သက်ရှိ သတ္တဝါဟု အမှတ်ရှိခြင်း၊ ၃။ ဝဓကစိတ္တံ– သတ်လို သေစေလိုသော စိတ်ရှိခြင်း၊ ၄။ ဥပက္ကမော– သတ်ခြင်းငှာ လုံ့လပြုခြင်း၊ ၅။ တေန မရဏံ– ထိုလုံ့လကြောင့် သေခြင်း။ (ဒီ၊ဋ္ဌ၊၁။၆၉။) (မ၊ဋ္ဌ၊၁။၂၀၂။) (သံ၊ဋ္ဌ၊၂။၁၃၄။) (အဘိ၊ဋ္ဌ၊၁။၁၄၀။) (ပဋိသံ၊ဋ္ဌ၊၁။၂၀၄။) (ကင်္ခာဝိတရဏီ၊ဋ္ဌ။၂၁၈။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၃၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၃၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၃၀။)

ပါတိမောက် ၂ မျိုး ၁။ ဘိက္ခုပါတိမောက်၊ ၂။ ဘိက္ခုနီပါတိမောက်။ (အံ၊ဋ္ဌ၊၂။၆၅။) (ဥဒါန၊ဋ္ဌ။၂၇၁။) (သာရတ္ထ၊ဋီ၊၁။၆၇။) (သာရတ္ထ၊ဋီ၊၃။၂၇၇။) (ဝိမတိ၊၂။၁၇၁။)

http://www.dhammadownload.com

ပါတိမောက်ကို ပညတ်တော်မူခြင်း၏ အကျိုးထူး ၂ ပါး ၁။ သံဃာ၏ ကောင်းခြင်း အကျိုး၊ ၂။ သံဃာ၏ ချမ်းသာစွာ နေထိုင်ရခြင်း အကျိုး၊ (တစ်နည်း) ၁။ သီလမရှိကုန်သော ပုဂ္ဂိုလ်တို့ကို နှိမ်နင်းခြင်း အကျိုး၊ ၂။ သီလကို ချစ်မြတ်နိုးကုန်သော ပုဂ္ဂိုလ်တို့ ချမ်းသာစွာ နေထိုင်ရခြင်း အကျိုး၊ (တစ်နည်း) ၁။ မျက်မှောက်ဖြစ်သော အာသဝေါတရားတို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်လတ္တံ့သော အာသဝေါတရားတို့ကို တားဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ မျက်မှောက်၌ ဖြစ်ကုန်သော အပြစ်တို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်လတ္တံ့သော အပြစ်တို့ကို တားဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ မျက်မှောက်၌ ဖြစ်ကုန်သော ရန်တို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်လတ္တံ့သော ရန်တို့ကို တားဆီးခြင်း အကျိုး၊ ၁။ (တစ်နည်း) မျက်မှောက်၌ ဖြစ်ကုန်သော ဘေးတို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်ကုန်သော ဘေးတို့ကို တားဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲခြင်းသဘော အကုသိုလ်တို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်လတ္တံ့သော ဆင်းရဲခြင်းသဘော အကုသိုလ်တို့ကို တားဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ လူတို့အား အစဉ်သနားခြင်း အကျိုး၊ ၂။ အလိုဆိုးရှိကုန်သော ရဟန်းတို့၏ အသင်းအပင်းကို ဖျက်ဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ မကြည်ညိုကုန်သေးသော သူတို့ကို ကြည်ညိုစေခြင်း အကျိုး၊ ၂။ ကြည်ညိုပြီးသူတို့ကိုလည်း တိုးတက်ကြည်ညိုစေခြင်း အကျိုး၊ (တစ်နည်း) ၁။ သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်း အကျိုး၊ ၂။ ဝိနည်းကို ချီးမြှောက်ခြင်း အကျိုး။ (အံ၊၁။၉၇။) (အံ၊မြန်၊၁။၁၁၄။)

ပါတိမောက်ကို ရုပ်တန့်ထားခြင်း၏ အကြောင်း ၁၀ မျိုး ၁။ ပါရာဇိကကျသော သူသည် ထိုသံဃပရိသတ်၌ ပါဝင်နေခြင်း၊ ၂။ ပါရာဇိကနှင့် စပ်သော စကားသည် မပြီးပြတ်သေးခြင်း၊ ၃။ ထိုသံဃပရိသတ်၌ လူသာမဏော ပါဝင်နေခြင်း၊ ၄။ လူသာမဏောနှင့် စပ်သော စကားသည် မပြီးပြတ်သေးခြင်း၊ ၅။ ထိုသံဃပရိသတ်၌ သိက္ခာချသူ ပါဝင်နေခြင်း၊ ၆။ သိက္ခာချသူနှင့် စပ်သော စကားသည် မပြီးပြတ်သေးခြင်း၊ ၇။ ထိုသံဃပရိသတ်၌ ပဏ္ဏက် ပါဝင်နေခြင်း၊ ၈။ ပဏ္ဏက်နှင့် စပ်သော စကားသည် မပြီးပြတ်သေးခြင်း၊ ၉။ ထိုသံဃပရိသတ်၌ ရဟန်းမကို ဖျက်ဆီးသူ ပါဝင်နေခြင်း၊ ၁၀။ ရဟန်းမကို ဖျက်ဆီးသူနှင့် စပ်သော စကားသည် မပြီးပြတ်သေးခြင်း။ (အံ၊၃။၃၁၂။) (အံ၊မြန်၊၃။၃၁၁။)

ပါတိမောက္ခုဒ္ဒေသ ၉ မျိုး ၁။ ဘိက္ခုပါတိမောက် နိဒါနုဒ္ဒေသ၊ ၂။ ဘိက္ခုပါတိမောက် ပါရာဇိကုဒ္ဒေသ၊ ၃။ ဘိက္ခုပါတိမောက် သံဃာဒိသေသုဒ္ဒေသ၊ ၄။ ဘိက္ခုပါတိမောက် အနိယတုဒ္ဒေသ၊ ၅။ ဘိက္ခုပါတိမောက် ဝိတ္ထာရုဒ္ဒေသ၊ ၆။ ဘိက္ခုနီပါတိမောက် နိဒါနုဒ္ဒေသ၊ ၇။ ဘိက္ခုနီပါတိမောက် ပါရာဇိကုဒ္ဒေသ၊ ၈။ ဆိက္ခုနီပါတိမောက် သံဃာဒိသေသုဒ္ဒေသ၊ ၉။ ဘိက္ခုနီပါတိမောက် ဝိတ္ထာရုဒ္ဒေသ။ (အံ၊၄၊၂။၆၅။) (သာရတ္ထ၊ဋီ၊၃။၂၇၇။) (ဝိမတိ၊၂။၁၇၁။)

ပါတိမောက်ပြခြင်း ၅ မျိုး ၁။ နိဒါန်းကို ပြုပြီးလျှင် အကြွင်းကို သုတသဒ္ဒါဖြင့် ကြား၍ ပြခြင်း၊ ၂။ နိဒါန်းနှင့် ပါရာဇိက လေးပါးတို့ကို ပြုပြီးလျှင် အကြွင်းကို သုတသဒ္ဒါဖြင့် ကြား၍ ပြခြင်း၊ ၃။ နိဒါန်း, ပါရာဇိက လေးပါးနှင့် သံဃာဒိသိသ် တစ်ဆယ့်သုံးပါးတို့ကို ပြုပြီးလျှင် အကြွင်းကို သုတသဒ္ဒါဖြင့် ကြား၍ ပြခြင်း၊ ၄။ နိဒါန်း, ပါရာဇိက လေးပါး, သံဃာဒိသိသ်

http://www.dhammadownload.com

တစ်ဆယ့်သုံးပါးနှင့် အနိယတ နှစ်ပါးတို့ကို ပြပြီးလျှင် အကြွင်းကို သုတသဒ္ဒါဖြင့် ကြား၍ ပြခြင်း၊ ၅။ အကျယ်အားဖြင့် ပြခြင်း။ (ဝိ၊၃။၁၅၁။) (ဝိ၊မြန်၊၃။၁၅၆။)

ပါတိမောက်ပြသောအခါ အပိုင်းအခြားပြု၍ ပိတ်ပင်ထားရကြောင်း ၃ ပါး ၁။ ရှေးဘုရားရှင် တို့၏ အစဉ်အလာ၏ အစွမ်းကြောင့် ပိတ်ပင်ထားခြင်း၊ ၂။ ပါတိမောက်တရားတော်၏ အလေးအမြတ် ပြုအပ်သည်၏ အဖြစ်ကြောင့် ပိတ်ပင်ထားခြင်း၊ ၃။ ရဟန်းအဖြစ်၏ အလေးအမြတ် ပြုအပ်သည်၏ အဖြစ်ကြောင့် ပိတ်ပင်ထားခြင်း။ (မိလိန္ဒ။၁၈၉။) (မိလိန္ဒ၊မြန်။၂၀၃။)

ပါတိမောက် မပြအပ်သော ပရိသတ် ၂၀ ၁။ ရဟန်းမနေသော ပရိသတ်၊ ၂။ သိက္ခာမာန် နေသော ပရိသတ်၊ ၃။ သာမဏေနေသော ပရိသတ်၊ ၄။ သာမဏေမ နေသော ပရိသတ်၊ ၅။ သိက္ခာချပြီးသူနေသော ပရိသတ်၊ ၆။ ပါရာဇိကကျသူနေသော ပရိသတ်၊ ၇။ အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်းနေသော ပရိသတ်၊ ၈။ အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း နေသော ပရိသတ်၊ ၉။ ယုတ်ညံ့သော မိစ္ဆာအယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားသော ရဟန်း နေသော ပရိသတ်၊ ၁၀။ ပဏ္ဍုက်နေသော ပရိသတ်၊ ၁၁။ ပေါင်းသင်းဆက်ဆံမှု ခိုးသူနေသော ပရိသတ်၊ ၁၂။ တိတ္ထိတို့ထံ ပြောင်းရွှေ့သူ နေသော ပရိသတ်၊ ၁၃။ တိရစ္ဆာန်နေသော ပရိသတ်၊ ၁၄။ အမိသတ်သူ နေသော ပရိသတ်၊ ၁၅။ အဖသတ်သူ နေသော ပရိသတ်၊ ၁၆။ ရဟန္တာသတ်သူ နေသော ပရိသတ်၊ ၁၇။ ရဟန်းမကို ဖျက်ဆီးသူ ဧနသော ပရိသတ်၊ ၁၈။ သံဃာအသင်းခွဲသူ နေသော ပရိသတ်၊ ၁၉။ ဘုရားကို သွေးစိမ်း တည်အောင် ပြုသူ နေသော ပရိသတ်၊ ၂၀။ ဥဘတောဗျည်း နေသော ပရိသတ်။ (ဝိ၊၃။၁၈၉၊၁၉၀။) (ဝိ၊မြန်၊ ၃။၁၉၀။)

ပါရဂူ ၆ မျိုး ၁။ အဘိညာပါရဂူ– တရားအားလုံးတို့ကို ဉာတပရိညာဖြင့် သိ၍ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်ခြင်း၊ ၂။ ပရိညာပါရဂူ– ဆင်းရဲဒုက္ခအားလုံးတို့ကို တီရဏပရိညာဖြင့် လွန်မြောက်၍ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်ခြင်း၊ ၃။ ပဟာနပါရဂူ– ကိလေသာအားလုံးတို့ကို ပဟာနပရိညာဖြင့် ပယ်၍ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်ခြင်း၊ ၄။ ဘာဝနာပါရဂူ–မဂ်ဉာဏ်လေးပါးတို့ကို ပွားစေသဖြင့် နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်ခြင်း၊ ၅။ သစ္ဆိကိရိယာပါရဂူ– နိဗ္ဗာန်ကို မျက်မှောက်ပြုသောအားဖြင့် နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်ခြင်း၊ ၆။ သမာပတ္တိပါရဂူ– သမာပတ်အားလုံးတို့ကို ကောင်းစွာ ဝင်စားခြင်းဖြင့် နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်ခြင်း။ (စူဠနိ။၁၅၅။) (စူဠနိ။၁၆၅။) (မ၊ဋ္ဌ၊၃။၂၇၁။) (အံ၊ဋ္ဌ၊၂။၂၆၈။) (အံ၊ဋ္ဌ၊၃။၁၁၁။) (ထေရ၊ဋ္ဌ၊ ၂။၂၆၀။) (အံ၊ဋ္ဌီ၊၂။၂၂၃။)

ပါရဂူဒွ် ပါရ ၆ မျိုး ၁။ အဘိညာ ပါရ၊ ၂။ ပရိညာ ပါရ၊ ၃။ ပဟာန ပါရ၊ ၄။ ဘာဝနာ ပါရ၊ ၅။ သစ္ဆိကိရိယာ ပါရ၊ ၆။ သမာပတ္တိ ပါရ။ (အံ၊ဋ္ဌ၊၂။၁၄၃။)

ပါရမီ ၁၀ ပါး ၁။ ပေးလှူခြင်းဟူသော ဘုရားအလောင်း သူတော်ကောင်းတို့၏ အမှုလုပ်ငန်း– ဒါနပါရမီ၊ ၂။ သီလစောင့်ထိမ်းခြင်းဟူသော ဘုရားအလောင်း သူတော်ကောင်းတို့၏ အမှုလုပ်ငန်း– သီလပါရမီ၊ ၃။ နိဗ္ဗာန်ရောက်ကြောင်း တရားအကျင့်ကို ကျင့်ခြင်းဟူသော

http://www.dhammadownload.com

ဘုရားအလောင်း သူတော်ကောင်းတို့၏ အမှုလုပ်ငန်း– နေကွမ္မပါရမီ၊ ၄။ ပညာဟူသော အလောင်းတော်မြတ်တို့၏ အမှုလုပ်ငန်း– ပညာပါရမီ၊ ၅။ ဝီရိယဟူသော အလောင်းတော်မြတ်တို့၏ အမှုလုပ်ငန်း– ဝီရိယပါရမီ၊ ၆။ သည်းခံခြင်းဟူသော အလောင်းတော်မြတ်တို့၏ အမှုလုပ်ငန်း– ခန္တီပါရမီ၊ ၇။ သစ္စာဟူသော အလောင်းတော်မြတ်တို့၏ အမှုလုပ်ငန်း– သစ္စပါရမီ၊ ၈။ စိတ်ကို ခိုင်မြဲစွာ တည်စေခြင်း–ထားခြင်းဟူသော အလောင်းတော် မြတ်တို့၏ အမှုလုပ်ငန်း– အဓိဋ္ဌာနပါရမီ၊ ၉။ မေတ္တာဟူသော အလောင်းတော်မြတ်တို့၏ အမှုလုပ်ငန်း– မေတ္တာပါရမီ၊ ၁၀။ လျစ်လျူရှုကြောင်း စေတနာဟူသော ဘုရားအလောင်း သူတော်ကောင်းတို့၏ အမှုလုပ်ငန်း– ဥပေက္ခာပါရမီ။ (အဝ၊၂။ပါ၊၃၀၆။) (ဒီ၊ဋ္ဌ၊၁။၆၀။) (ဗုဒ္ဓဝံ၊ဋ္ဌ။၁၃၀။) (စရိယာ၊ဋ္ဌ။၂၇၀။) (ဒီ၊ဋီ၊၁။၆၈။) (ဝိသုဒ္ဓိ၊ဋီ၊၁။၂၅၉။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၁၂။) (ဗုဒ္ဓဝံ၊မြန်။၃၀၀။)

ပါရမီ ၃၀ ပါး ၁။ ပစ္စည်းဥစ္စာ ပေးလှူခြင်းဟူသော သာမန် ဒါနပါရမီ= ဒါနပါရမီ၊ အင်္ဂါကြီး, ငယ်ကို စွန့်ခြင်းဟူသော အလတ်စားဖြစ်သော ဒါနပါရမီ= ဒါနဥပပါရမီ၊ မိမိအသက်ကို စွန့်လှူခြင်း ဟူသော အလွန်ထိပ်တန်းကျသော မြတ်သော ဒါနပါရမီ= ဒါနပရမတ္ထပါရမီ– ၃ ပါး၊ ၂။ သီလပါရမီ၊ သီလဥပပါရမီ၊ သီလပရမတ္ထပါရမီ– သုံးပါး၊ ၃။ နေကွမ္မပါရမီ၊ နေကွမ္မဥပပါရမီ၊ နေကွမ္မပရမတ္ထပါရမီ– သုံးပါး၊ ၄။ ပညာပါရမီ၊ ပညာဥပပါရမီ၊ ပညာပရမတ္ထပါရမီ– သုံးပါး၊ ၅။ ဝီရိယပါရမီ၊ ဝီရိယဥပပါရမီ၊ ဝီရိယပရမတ္ထပါရမီ– သုံးပါး၊ ၆။ ခန္တီပါရမီ၊ ခန္တီဥပပါရမီ၊ ခန္တီပရမတ္ထပါရမီ– သုံးပါး၊ ၇။ သစ္စာပါရမီ၊ သစ္စဥပပါရမီ၊ သစ္စပရမတ္ထပါရမီ– သုံးပါး၊ ၈။ အဓိဋ္ဌာနပါရမီ၊ အဓိဋ္ဌာနဥပပါရမီ၊ အဓိဋ္ဌာနပရမတ္ထပါရမီ– သုံးပါး၊ ၉။ မေတ္တာပါရမီ၊ မေတ္တာဥပပါရမီ၊ မေတ္တာပရမတ္ထပါရမီ– သုံးပါး၊ ၁၀။ ဥပေက္ခာပါရမီ၊ ဥပေက္ခာဥပပါရမီ၊ ဥပေက္ခာပရမတ္ထပါရမီ– သုံးပါး, စုစုပေါင်း ပါရမီသုံးဆယ် ဖြစ်၏။ (ဒီ၊ဋီ၊၁။၉၃။)

ပါရမီဖြစ်ကြောင်း တရား ၄ ပါး ၁။ ဥဿာဟော– သဗ္ဗညုတဉာဏ် ဖောမိဉာဏ် ရရန်အတွက် လွန်စွာ အားထုတ်ခြင်း၊ ၂။ ဥမ္မင်္ဂေါ– သဗ္ဗညုတဉာဏ် ဖောမိဉာဏ် အဆောက်အဦတို့၌ ကျွမ်းကျင်လိမ္မာသော ပညာနှင့် ပြည့်စုံခြင်း၊ ၃။ အဝတ္ထာန်– သဗ္ဗညုတဉာဏ် ရရန်အတွက် တုန်လှုပ်ခြင်းကင်းစွာ စွဲစွဲမြဲမြဲ ဆောက်တည်ခြင်း၊ ၄။ ဟိတစရိယာ– မေတ္တာ ကရုဏာ ဘာဝနာကို ပွားများခြင်း။ (စရိယာ၊ဋ္ဌ။၂၈၂။)

ပရမတ္ထပါရမီ (အသက်စွန့်ခြင်းပါရမီ) ၁၀ ပါး ဒါနပရမတ္ထပါရမီ စသည်။

ပါရမီအားလုံးတို့ကို ပေါင်း၍ ရေတွက်သော အဓိဋ္ဌာန် ၄ ပါး ၁။ သစ္စာအဓိဋ္ဌာန်၊ ၂။ စာဂ အဓိဋ္ဌာန်၊ ၃။ ဥပသမာအဓိဋ္ဌာန်၊ ၄။ ပညာအဓိဋ္ဌာန်။ (ဒီ၊ဋီ၊၁။၉၅။)

ပါရာဇိက ၂၄ ပါး ၁။ ဘိက္ခုပါရာဇိက လေးပါး၊ ၂။ ရဟန်းမတို့ ရဟန်းတို့နှင့် မဆက်ဆံသော ပါရာဇိက လေးပါး၊ ၃။ ရှင် ရဟန်း မပြုထိုက်သော ပုဂ္ဂိုလ် ဆယ့်တစ်ယောက်၊ ၄။ လူဝတ်လဲသော ဘိက္ခုနီတစ်ယောက်၊ ၅။ ရှည်သော အင်္ဂါဇာတ်ရှိသော ပုဂ္ဂိုလ်, နူးညံ့သော ကျောကုန်းရှိသော ပုဂ္ဂိုလ်, သူတစ်ပါးအင်္ဂါဇာတ်ကို ပါးစပ်ဖြင့် စုပ်သောပုဂ္ဂိုလ်, သူတစ်ပါး အင်္ဂါဇာတ်ပေါ် ရှေးရှုထိုင်သော ပုဂ္ဂိုလ်ဟု ဆိုအပ်သော အနုလောမပါရာဇိက လေးပါး, ပေါင်း (၂၄) ပါး။ (ဝိ၊ဋ္ဌ၊၂။၁၀၃။)

http://www.dhammadownload.com

ပါရာဇိကသိက္ခာပုဒ် ၄ ပါး ၁။ မေထုန်မှီဝဲခြင်း (မေထုန) သိက္ခာပုဒ်၊ ၂။ ပိုင်ရှင်မပေးသော သူတစ်ပါး ပစ္စည်းကို ခိုးယူခြင်း (အဒိန္နာဒါန) သိက္ခာပုဒ်၊ ၃။ လူကို သတ်ဖြတ်ခြင်း (မနုသဝိဂ္ဂဟ) သိက္ခာပုဒ်၊ ၄။ ဈာန်မဂ်ဖိုလ်တရားကို လူတို့အား ပြောကြားခြင်း (ဥတ္တရိမနုဿဓမ္မ) သိက္ခာပုဒ်။ (ဝိ၊၅။၅။) (ဝိ၊မြန်၊၅။၇။)

ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်းကြောင့် သင့်သောအာပတ် ၃ ပါး ၁။ ဒုက္ကဋ်အာပတ်၊ ၂။ ပါစိတ်အာပတ်၊ ၃။ သံဃာဒိသိသ်အာပတ်။ (ဝိ၊၅။၉၁။) (ဝိ၊မြန်၊၅။၁၃၁။)

ပါရာဇိကအာပတ် ဖြစ်ကြောင်း သမုဋ္ဌာန် ၃ ပါး ၁။ ရဲခါ ကိုယ်ကြောင့် စိတ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ ၂။ ရဲခါ နှုတ်ကြောင့် စိတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်၊ ၃။ ရဲခါ ကိုယ်ကြောင့် နှုတ်ကြောင့် စိတ်ကြောင့် ဖြစ်ကုန်၏။ (ဝိ၊၅။၃၆၂။) (ဝိ၊မြန်၊၅။၄၆၆။)

ပါရိဝါသိယ (သိုးခြင်း) ၄ ပါး ၁။ ပရိသပါရိဝါသိယ- ပရိသတ် သိုးခြင်း၊ ၂။ ရတ္တိပါရိဝါသိယ- ညဉ့် သိုးခြင်း၊ ၃။ ဆန္နပါရိဝါသိယ- ဆန္န သိုးခြင်း၊ ၄။ အဇ္ဈာသယပါရိဝါသိယ- အဇ္ဈာသယ သိုးခြင်း။ (ဝိ၊၆၊၃။၂၂၄။)

ပါရိသုဒ္ဓိ ၃ မျိုး ၁။ ကာယကံ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်း- ကာယကမ္မပါရိသုဒ္ဓိ၊ ၂။ ဝစီကံ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်း- ဝါစာကမ္မပါရိသုဒ္ဓိ၊ ၃။ မနောကံ၏ ထက်ဝန်းကျင် စင်ကြယ်ခြင်း- မနောကမ္မပါရိသုဒ္ဓိ။ (ပေဋကော။၂၁၆။)

ပါရိသုဒ္ဓိပဓာနိယင်္ဂ တရား ၉ ပါး ၁။ သီလ၏ စင်ကြယ်ခြင်း- သီလဝိသုဒ္ဓိ၊ ၂။ စိတ်၏ အထူး သဖြင့် စင်ကြယ်ခြင်း, ဂေါတြဘူအဆုံးရှိသော ရှေ့အဖို့၌ဖြစ်သော ဇောစိတ် စသည်၏ နိဝရဏ ဘေးရန်မှ စင်ကြယ်ခြင်း- စိတ္တဝိသုဒ္ဓိ၊ ၃။ အယူ (အသိဉာဏ်) ၏ စင်ကြယ်ခြင်း၊ ကမ္မဿကတဉာဏ်, သစ္စာနုလောမိကဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟု ဆိုအပ်သော အယူ၏ စင်ကြယ်ခြင်း၊ စင်ကြယ်သော ကမ္မဿကတာဉာဏ်, သစ္စာနုလောမိကဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဟု ဆိုအပ်သော အယူ (စင်ကြယ်သော နိဗ္ဗာန်သို့ ရောက်စေနိုင်သော ဉာဏ်အမြင်)- ဒိဋ္ဌိဝိသုဒ္ဓိ၊ ၄။ ယုံမှားခြင်းကို လွန်မြောက်၍ (အဟေတုကဒိဋ္ဌိ ဝိသမဟေတုကဒိဋ္ဌိတို့မှ)- စင်ကြယ်ခြင်း, စင်ကြယ်သော (ပစ္စယပရိဂ္ဂဟ) ဉာဏ်- ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ ၅။ လမ်းစဉ်မှန် လမ်းစဉ်မှား, ကျင့်စဉ်မှန် ကျင့်စဉ်မှားကို သိတတ်သော ဉာဏ်အမြင်၏ စင်ကြယ်ခြင်း- မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ၆။ အရိယမဂ်သို့ ရောက်ကြောင်း အရိယမဂ်ကို ရကြောင်း အကျင့် ဖြစ်သည့် စင်ကြယ်သော ဉာဏ်အမြင်- ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ၇။ (ဆန့်ကျင်ဘက် အညစ်အကြေးကို) စင်ကြယ်စေတတ်, သုတ်သင်တတ်သော ဉာဏ်အမြင်, (ဆန့်ကျင်ဘက် အညစ်အကြေးမှ) စင်ကြယ်သော ဉာဏ်အမြင်- ဉာဏဒဿန ဝိသုဒ္ဓိ၊ ၈။ အရဟတ္တဖိုလ်ပညာ- အရဟတ္တဖလပညာ၊ ၉။ အရဟတ္တဖိုလ်ဟူသော ဝိမုတ္တိ- အရဟတ္တဖလဝိမုတ္တိ။ (ပဋိသံ၊၂၊၁။၁၁၉။)

ပါဋိဝိသယ ၃ မျိုး ၁။ ပါဋိအတ္ထ၊ ၂။ ပါဋိဒေသနာ၊ ၃။ ပါဋိအတ္ထပဋိဝေဓ။ (သာရတ္ထ၊ဋီ၊၁။၇၇။)

ပိဋက ၃ ပုံ ၁။ ဝိနည်းပိဋက၊ ၂။ သုတ္တန်ပိဋက၊ ၃။ အဘိဓမ္မာပိဋက။ (ဝိ၊၁၊၁။၁၄။) (ဒီ၊၁၊၁။၁၇။) (ဒီ၊၁၊၃။၈၁။) (မ၊၁၊၄။၇၉။) (အဘိ၊၁၊၁။၁၉။) (အဘိ၊၁၊၂။၄၁၂။) (ဒီ၊၁၊မြန်၊၁။၂၈။)

http://www.dhammadownload.com

ပိယဒဿီဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် ရဟန္တာ ကုဋေ တစ်သိန်း၊ ၂။ ဒုတိယအကြိမ် ရဟန္တာ ကုဋေကိုးဆယ်၊ ၃။ တတိယအကြိမ် ရဟန္တာ ကုဋေရှစ်ဆယ် စည်းဝေးတော်မူကြသည်။ (အပ၊၂။၃၅၁။) (အဘိ၊၄၊၁။၆၆။) (ဇာ၊၄၊၁။၄၆။) (အပ၊မြန်၊၂။၃၄၉။)

ပိယဒဿီဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ပါလိတထေရ်၊ ၂။ သဗ္ဗဒဿီထေရ်။ (အဘိ၊၄၊၁။၆၆။) (ဗုဒ္ဓဝံ၊၄။၂၅၃။) (ဇာ၊၄၊၁။၄၇။)

ပိယဒဿီဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ သုဇာတာထေရီ၊ ၂။ ဓမ္မဒိန္နာထေရီ။ (အဘိ၊၄၊၁။ ၆၆။) (ဗုဒ္ဓဝံ၊၄။၂၅၃။) (ဇာ၊၄၊၁။၄၇။)

ပိယဒဿီဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ သုနိမ္မလမည်သော ပြာသာဒ်ဆောင်၊ ၂။ ဝိမလမည်သော ပြာသာဒ်ဆောင်၊ ၃။ ဂိရိဂုဟာမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၅၂။) (အပ၊မြန်၊၂။၃၄၉။)

ပိယဒဿီမြတ်စွာဘုရား၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ပထမအကြိမ် ဓမ္မစကြာ တရားဟောတော်မူသောအခါ၌ လူနတ်ဗြဟ္မာ ကုဋေတစ်သိန်း၊ ၂။ ဒုတိယအကြိမ် သုဒဿနနတ်မင်း၏ မှားသော အယူ မိစ္ဆာဒိဋ္ဌိကို ပယ်ဖျောက်လျက် တရားဟောတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေကိုးသောင်း၊ ၃။ တတိယအကြိမ် ဒေါဏမုခဆင်ကို ဆုံးမတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေရှစ်သောင်း တရားထူးရပြီး ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၅၁။) (အပ၊မြန်၊၂။၃၄၈။)

ပိသာစလောဟ ၈ မျိုး ၁။ သံကြောင်း၊ ၂။ သံကျွတ်၊ ၃။ သံပွတ်၊ ၄။ သွပ်မည်သော သံ (သံပြန်)၊ ၅။ သံကျောက်၊ ၆။ သံလိုက်၊ ၇။ သံခဲ၊ ၈။ သံချေး။ (အဘိ၊၄၊၂။၆၀။) (မ၊ဋီ၊၁။၆၉။)

ပိသုဏဝါစာကံ အင်္ဂါ ၅ ပါး ၁။ ကွဲပြားထိုက်သူ ဖြစ်ခြင်း၊ ၂။ ကွဲပြားခြင်းကို ရှေးရှုပြုသူ ဖြစ်ခြင်း၊ ၃။ မိမိကို ချစ်စေလိုသူ ဖြစ်ခြင်း၊ ၄။ ထိုသူတစ်ပါးတို့ ကွဲပြားခြင်း, မိမိကို ချစ်စေလိုခြင်းတို့နှင့် လျော်ညီစွာ လုံ့လပြုခြင်း၊ ၅။ ထိုအပြောခံရသူသည် ထိုအကြောင်း အကျိုးကို သိခြင်း။ (မဟာနိ၊၄။၁၀၁၊၃၉၆။) (သာရတ္ထ၊ဋီ၊၁။၃၄၅။)

ပိသုဏဝါစာ အင်္ဂါ ၄ ပါး ၁။ ချစ်ခင်နေသူ နှစ်ဦးတို့ ကွဲပြားဖို့ရန် ရှေ့ရှုပြုလုပ်ခြင်း၊ ၂။ မိမိကို ချစ်ခင်စေလိုခြင်း၊ ၃။ ထိုသို့ဖြစ်အောင် လုံ့လပြုခြင်း၊ ၄။ ကုန်းတိုက်သော သူ၏ ထိုအနက် အဓိပ္ပာယ်ကို သိခြင်း။ (ဒီ၊၁၊၁။၇၃။) (မ၊၁၊၁။၂၀၄။) (သံ၊၁၊၂။၁၃၆။) (ပဋိသံ၊၁၊၁။၂၀၅။) (ဒီ၊၁၊မြန်၊၁။၁၃၈။) (ဒီ၊၁၊မြန်၊၁။၁၃၈။)

ပီတိ ၅ မျိုး ၁။ ခုဒ္ဒိကာပီတိ– ခန္ဓာကိုယ်၌ ကြက်သီးမွေးညင်း ထရုံမျှ ဖြစ်သော နှစ်သက်ခြင်း ပီတိ၊ ၂။ ခဏိကာပီတိ– မကြာခဏ ခန္ဓာကိုယ်၌ လျှပ်စစ်ပစ်သကဲ့သို့ ဖြစ်သော နှစ်သက်ခြင်း ပီတိ၊ ၃။ ဩက္ကန္တိကာပီတိ– ကမ်းသို့ ရောက်သော သမုဒ္ဒရာ လှိုင်းတံပိုးသကဲ့သို့ ခန္ဓာကိုယ်သို့ သက်၍ သက်၍ ဖြစ်သော နှစ်သက်ခြင်း ပီတိ၊ ၄။ ဥဗ္ဗေဂါပီတိ– ခန္ဓာကိုယ်ကို အထက်သို့ တက်စေ၍ ကောင်းကင်၌ ခုန်လွှား ပျံတက်စေခြင်း အတိုင်းအရှည်ရှိသော နှစ်သက်ခြင်း ပီတိ၊ ၅။ ဖရဏာပီတိ– လေဖြင့် ပြည့်စေအပ်သော ပူစီဖောင်းသကဲ့သို့ အစဉ်မပြတ် ထက်ဝန်းကျင် တွေ့ထိ

http://www.dhammadownload.com

ပျံ့နှံ့လျက် ဖြစ်သော နှစ်သက်ခြင်း ပီတိ။ (အဘိ၊၆၊၁။၁၅၈။) (ပဋိသံ၊ ၆၊၁။၁၆၉။) (ပဋိသံ၊၆၊၂။၁၉၂။) (မဟာနိ၊၆။၁၁၁။) (ဝိသုဒ္ဓိ၊၁။၁၃၉။)

ပီတိကို ကောင်းစွာ သိခြင်း ၂ မျိုး ၁။ ဈာန်ရခြင်းကြောင့် အာရုံအားဖြင့် ကောင်းစွာ သိခြင်း၊ ၂။ ဝိပဿနာရှုသော အခါ လက္ခဏာကို ထိုးထွင်း၍ သိခြင်းကြောင့် မတွေဝေသောအားဖြင့် ကောင်းစွာ သိခြင်း။ (သံ၊၆၊၃။၃၀၂။)

ပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရား ၁၁ ပါး ၁။ အရဟံ အစရှိသော ဘုရားရှင် ဂုဏ်တော် ကိုးပါးကို အဖန်ဖန် အောက်မေ့ခြင်း၊ ၂။ တရားဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၃။ သံဃာ့ ဂုဏ်တော်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၄။ မိမိ၏ သီလဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၅။ မိမိ၏ စွန့်ကြဲခဲ့သော ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း၊ ၆။ သန္ဓါစသော ဂုဏ်နှင့် ပြည့်စုံသော နတ်တို့ကို သက်သေအရာ၌ ထား၍ နတ်တို့သန္ဓါ အစရှိသော ဂုဏ်နှင့် တူသော မိမိ၏ သန္ဓါအစရှိသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၇။ နိဗ္ဗာန်၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၈။ ကြမ်းတမ်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်သူ ဖြစ်ခြင်း၊ ၉။ သိမ်မွေ့ နူးညံ့သော ပုဂ္ဂိုလ်ကို မှီဝဲသူ ဖြစ်ခြင်း၊ ၁၀။ ကြည်ညိုဖွယ်ရှိသော သုတ်ကို ဆင်ခြင်သူ ဖြစ်ခြင်း၊ ၁၁။ ထိုပီတိသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်း၌ ညွတ်သော စိတ်ရှိသူ ဖြစ်ခြင်း။ (မ၊၆၊၁။၃၀၀။) (သံ၊၆၊၃။၁၉၈။) (အံ၊၆၊၁။၃၉၉။) (အဘိ၊၆၊၁။၁၁၇။) (အဘိ၊၆၊၂။၂၆၉။) (ဝိသုဒ္ဓိ၊၁။၁၂၉။) (သာရတ္ထ၊ ဋီ၊၂။၂၂၈။) (ဒီ၊ဋီ၊၂။၁၃၀။)

ပီတိ၏ အကျိုးတရား ၅ ပါး ၁။ ကာမဂုဏ်ကို မှီ၍ နှလုံးမသာမှု မဖြစ်ခြင်း၊ ၂။ ကာမဂုဏ်ကို မှီ၍ ဝမ်းမြောက်မှု မဖြစ်ခြင်း၊ ၃။ အကုသိုလ်ကို မှီ၍ နှလုံးမသာမှု မဖြစ်ခြင်း၊ ၄။ အကုသိုလ်ကို မှီ၍ ဝမ်းမြောက်မှု မဖြစ်ခြင်း၊ ၅။ ကုသိုလ်ကို မှီ၍ နှလုံးမသာမှု မဖြစ်ခြင်း။ (အံ၊၂။၁၈၂။) (အံ၊မြန်၊၂။၂၃၃။)

ပုညကိရိယဝတ္ထု ၃ ပါး ၁။ ပေးလှူကြောင်း ဒါနစေတနာဟူသော ကောင်းမှုပြုရာ– ဒါနမယ ပုညကိရိယဝတ္ထု၊ ၂။ သီလစောင့်ထိမ်းခြင်းဟူသော ကောင်းမှုပြုရာ– သီလမယပုညကိရိယ ဝတ္ထု၊ ၃။ သမထဝိပဿနာဘာဝနာများခြင်းဟူသော ကောင်းမှုပြုရာ– ဘာဝနာမယ ပုညကိရိယ ဝတ္ထု။ (ဒီ၊၃။၁၈၂။) (အံ၊၃။၇၂။) (ခုဒ္ဒက။၂၃၀။) (ဒီ၊မြန်၊၃။၂၀၂။) (အံ၊မြန်၊၃။၇၄။) (ခုဒ္ဒက၊မြန်။ ၂၁၄။)

ပုညကိရိယဝတ္ထု ၇ ပါး ၁။ အရိုအသေပြုခြင်းဟူသော ကောင်းမှုပြုရာ– ပုညကိရိယဝတ္ထု၊ ၂။ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်းဟူသော ကောင်းမှုပြုရာ– ပုညကိရိယဝတ္ထု၊ ၃။ ကောင်းမှု၏ အဖို့ကို သူတစ်ပါးအား မျှဝေပေးခြင်း ဟူသော ကောင်းမှုပြုရာ– ပုညကိရိယဝတ္ထု၊ ၄။ သူတစ်ပါး ပြုသော ကုသိုလ်အဖို့ကို ဝမ်းမြောက်နမော် သာဓုခေါ်ခြင်းဟူသော ကောင်းမှုပြုရာ– ပုညကိရိယ ဝတ္ထု၊ ၅။ တရားဟောခြင်းဟူသော ကောင်းမှုပြုရာ– ပုညကိရိယဝတ္ထု၊ ၆။ တရားနာခြင်း ဟူသော ကောင်းမှုပြုရာ– ပုညကိရိယဝတ္ထု၊ ၇။ အယူ၏ ဖြောင့်စွာ ဖြစ်ခြင်းဟူသော ကောင်းမှု ပြုရာ– ပုညကိရိယဝတ္ထု။ (ဒီ၊၆၊၃။၁၈၁။) (ဣတိဝုတ်၊၆။၁၉၅။)

ပုညကိရိယဝတ္ထု ၁၀ ပါး ၁။ အလှူဒါနပေးခြင်း၊ ၂။ သီလဆောက်တည်ခြင်း၊ ၃။ ဘာဝနာ ပွားများခြင်း၊ ၄။ အရိုအသေပြုခြင်း၊ ၅။ ဝတ်ကြီးဝတ်ငယ် ဝေယျာဝစ္စပြုခြင်း၊ ၆။ ကောင်းမှု

http://www.dhammadownload.com

တို့၏ အဖို့ဘာဂကို အမျှတန်းဝေခြင်း၊ ၇။ အမျှဝေအပ်သော ကောင်းမှုအဖို့ကိုလည်းကောင်း အခြားပြုအပ်သော ကောင်းမှုကိုလည်းကောင်း ဝမ်းမြောက်နမော် သာဓုခေါ်ခြင်း၊ ၈။ တရား ဒေသနာကို ဟောပြောခြင်း၊ ၉။ နူးညံ့သော စိတ်ဖြင့် တရားကို နာခြင်း၊ ၁၀။ အသိဉာဏ်, အယူကို ဖြောင့်မတ်အောင် ပြုခြင်း။ (အဘိ၊၆၊၁။၂၀၁။)

ပုညဝတော ဏ္ဍဒ္ဒိနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ၅ ယောက် ၁။ စကြဝတေးမင်း၊ ၂။ ဇောတိကသူဌေး၊ ၃။ ဇဋိလသူဌေး၊ ၄။ ယောသိတသူဌေး၊ ၅။ မေဏ္ဍကသူဌေး။ (ဝိသုဒ္ဓိ၊၂။၁၁။)

ပုညာဘိသန်ဒါရအား ကျေးဇူးပြုသော ပစ္စည်း ၂ မျိုး ၁။ အာရမ္မဏပစ္စည်း၊ ၂။ ဥပနိဿယ ပစ္စည်း။ (အဘိ၊၆၊၂။၁၃၉။)

ပုထုဇဉ် ၂ မျိုး ၁။ ခန္ဓ, အာယတန, ဓာတ် စသည်တို့၌ သင်ယူခြင်း, အဖန်ဖန် မေးမြန်းခြင်း, ကြားနာခြင်း စသည်တို့သည် မရှိသော ပညာမျက်စိကန်းသော အန္ဓပုထုဇဉ်ပုဂ္ဂိုလ်၊ ၂။ ခန္ဓ, အာယတန, ဓာတ် စသော တရားတို့၌ သင်ယူခြင်း, အဖန်ဖန် မေးမြန်းခြင်း, ကြားနာခြင်း စသည်တို့ရှိသော ပညာမျက်စိ ကောင်းစွာရှိသော ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်။ (ဒီ၊၆၊၁။၅၈။) (မ၊၆၊ ၃။၂၂။) (အံ၊၆၊၁။၄၇။) (အဘိ၊၆၊၁။၃၈၄။) (ပဋိသံ၊၆၊၁။၂၄၅။) (သာရတ္ထ၊ဋီ၊၁။၄၅။) (သာရတ္ထ၊ဋီ၊၂။၅၃။) (ဒီ၊၆၊မြန်၊၁။၁၀၉။) (ဒီ၊၆၊မြန်၊၁။၁၀၉။)

ပုထုဇဉ်တို့၏ ရယ်ရွှင်စိတ် ၈ ပါး ၁။ ကုသိုလ် သောမနဿသဟဂုတ်စိတ် ၄ ခု၊ ၂။ အကုသိုလ် သောမနဿသဟဂုတ်စိတ် ၄ ခု။ (အဘိ၊၆၊၁။၃၃၄။)

ပုထုဇဉ်ပုဂ္ဂိုလ်တို့ ကြောက်သော ဘေး ၄ မျိုး ၁။ ဒုဂ္ဂတိဘေး၊ ၂။ ဝဋ်ဘေး၊ ၃။ ကိလေသာ ဘေး၊ ၄။ စွပ်စွဲခြင်းဘေး။ (အဘိ၊၆၊၃။၃၆။)

ပုထုဇဉ် ဝိပဿနာကို ပွားများသော် ထင်ခြင်း မထင်ခြင်း၌ လိမ်မာကြောင်း အခြင်းအရာ ၉ ပါး ၁။ မမြဲသောအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၂။ ဆင်းရဲသောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း၊ ချမ်းသာသောအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၃။ အနှစ်မရှိ အလိုသို့ မလိုက်သောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း၊ အနှစ်ရှိ အလိုသို့လိုက်သောအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၄။ ကုန်ဆုံးတတ်သောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း၊ အစိုင်အခဲအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၅။ ပျက်ပြုန်းသောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း၊ အားထုတ်ခြင်း၌ မထင်ခြင်း၌ လိမ်မာခြင်း၊ ၆။ ဖောက်ပြန်ခြင်း၏ ထင်ခြင်း၌ လိမ်မာခြင်း၊ တည်မြဲသောအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၇။ အနိမိတ္တ၏ ထင်ခြင်း၌ လိမ်မာခြင်း၊ နိမိတ္တ၏ မထင်ခြင်း၌ လိမ်မာခြင်း၊ ၈။ အပ္ပဏိဟိတ၏ ထင်ခြင်း၌ လိမ်မာခြင်း၊ တောင့်တခြင်း၏ မထင်ခြင်း၌ လိမ်မာခြင်း၊ ၉။ ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း၊ မှားသော နှလုံးသွင်းခြင်း အားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း။ (ပဋိသံ။၂၂၄။) (ပဋိသံ၊မြန်။၂၇၇။)

ပုထုဇဉ် သမာဓိကို ပွားများသော် ထင်ခြင်း၌ လိမ်မာကြောင်း အခြင်းအရာ ၇ ပါး ၁။ အာရုံနိမိတ်ကို ဆင်ခြင်ခြင်းကြောင့် နိမိတ်အာရုံ ထင်ခြင်း၊ ၂။ သမထနိမိတ်၌ ထင်ခြင်း၊ ၃။ စိတ်ကို ချီးမြှောက်သော နိမိတ်၌ ထင်ခြင်း၊ ၄။ မပျံ့လွင့်မှု၌ ထင်ခြင်း၊ ၅။ ဉာဏ်

http://www.dhammadownload.com

အလင်းရောင် ထင်ခြင်း၊ ၆။ ရွှင်လန်းမှု ထင်ခြင်း၊ ၇။ လျစ်လျူရှုမှုဌ် ထင်ခြင်း။ (ပဋိသံ။ ၂၂၃။) (ပဋိသံ၊မြန်။၂၇၆။)

ပုရာဏကဿပ သတ်မှတ်အပ်သော အမျိုးဇာတ် ၆ ပါး ၁။ ကဏှာဘိဇာတိ– သားသတ်သမား, မုဆိုး, တံငါ စသော မည်းညစ်သော အမျိုးဇာတ်၊ ၂။ နီလာဘိဇာတိ– ကမ္မဝါဒီစသော ညိုသော အမျိုးဇာတ်၊ ၃။ လောဟိတာဘိဇာတိ– အဝတ်တစ်ထည်တည်းကိုသာ ဝတ်သော နိဂဏ္ဌ တက္ကတွန်း စသော နီသော အမျိုးဇာတ်၊ ၄။ ဟလိဒ္ဒါဘိဇာတိ– အဝတ်ဖြူဝတ်သော တက္ကတွန်း စသော ဝါသော အမျိုးဇာတ်၊ ၅။ သုက္ကာဘိဇာတိ– အာဇီဝကာတက္ကတွန်း စသော ဖြူသော အမျိုးဇာတ်၊ ၆။ ပရမသုက္ကာဘိဇာတိ– မက္ခလိဂေါသာလ, နန္ဒ, ဝစ္ဆ စသော အလွန်ဖြူသော အမျိုးဇာတ်။ (အံ၊၂။၃၃၇။) (အံ၊မြန်၊၂။၄၂၇။)

ပုရာဏစီဝရသိက္ခာပုဒ်၌ အဂ်ါ ၃ မျိုး ၁။ ဟောင်းနွမ်းသော သင်္ကန်း ဖြစ်ခြင်း၊ ၂။ ဥပစာ အတွင်း၌ တည်၍ ဆွေမျိုးမတော်သော ဘိက္ခုနီအား စေခိုင်းခြင်း၊ ၃။ ထိုဆွေမျိုးမတော်သော ဘိက္ခုနီ၏ လျှော်ဖွပ်ခြင်းအမှု အစရှိသည်တို့ကို ပြုခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၀၀။) (ဝိမတိ၊၁။ ၃၂၃။)

ပုရိသဒေါသ ၈ ပါး ၁။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာသည်ရှိသော် "သတိ မရဖူး၊ မမှတ်မိဖူး" ဟု ပြောဆို၍ သတိမရခြင်းဖြင့်သာလျှင် ဖြေရှင်းခြင်း၊ ၂။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာသည်ရှိသော် "သင်လို ဗာလအဗျတ္တပုဂ္ဂိုလ်က ငါ့ကို ပြောတယ် ရှိသေး" ဟု စောဒကပုဂ္ဂိုလ်ကို ပြန်၍ လွှမ်းမိုးနှိပ်စက်ခြင်း၊ ၃။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာသည်ရှိသော် "သင်သည်လည်း အာပတ်သင့်၏၊ သင်သည် ရှေးဦးစွာ ကုစားပါဦး" ဟု ပြောဆိုခြင်း၊ ၄။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာသည်ရှိသော် အခြားအကြောင်းဖြင့် အခြားအကြောင်းကိုလည်းကောင်း, စကားကိုလည်းကောင်း ဖုံးလွှမ်းခြင်း၊ ၅။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာသည်ရှိသော် သံဃာ့ပရိသတ်အလယ်၌ လက်မောင်းကို မြှောက်ချီ၍ အလန့်စကားကို ပြောဆိုခြင်း၊ ၆။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် သံဃာကို မလေးစားဘဲ အလိုရှိရာ အရပ်သို့ ထွက်ခွာသွားခြင်း၊ ၇။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် "ငါသည် အာပတ်မသင့်"ဟု ဆိတ်ဆိတ်နေ၍ သံဃာကို ညှဉ်းဆဲခြင်း၊ ၈။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် "အဘယ့်ကြောင့် ငါ့အပေါ်၌ အလွန် ကြောင့်ကြစိုက်နေကြသနည်း၊ ယခုပင် သိက္ခာချ၍ လူထွက်အံ့" ဟု ပြောဆိုပြီး လူထွက်ခြင်း။ (ပဋိသံ၊၆။၂။၂၈။) (အဘိ၊ဝိ။၄၀၂။) (အဘိ၊ဝိ၊မြန်၊၂။၅၀၈။)

ပုရိသပုဂ္ဂလ ၈ မျိုး ၁။ ပဌမ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ ၂။ ပဌမ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ၃။ ဒုတိယ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ ၄။ ဒုတိယ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ၅။ တတိယ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ ၆။ တတိယ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ၇။ စတုတ္ထ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊ ၈။ စတုတ္ထ ဖလဋ္ဌာန်ပုဂ္ဂိုလ်။ (ဣတိဝု၊၆။၂၇၃။)

ပုရိသဘူမိ ၈ မျိုး (မက္ခလိဂေါသာလဝါဒ ပုရိသဘူမိ ၈ မျိုး) ၁။ မန္ဒဘူမိ– မွေးဖွားပြီး ခုနစ်ရက်အတွင်း ကလေးသူငယ်များ၏ အခိုက်အတန့်၊ ၂။ ခိဍ္ဍာဘူမိ– ဒုဂ္ဂတိဘဝမှ လာသော ကလေးသူငယ်တို့၏ ငိုကြွေးခြင်း သုဂတိဘဝမှ လာသော ကလေးသူငယ်တို့၏ ပြုံးရွှင် မြူးတူးခြင်း အခိုက်အတန့်၊ ၃။ ဝီမံသကဘူမိ– မိဘ စသူတို့၏ လက်ကို ကိုင်ပြီး ကြမ်းပြင်, မြေကြီး

http://www.dhammadownload.com

စသည်တို့၌ မြေကို ချ၍ ရပ်နိုင်, မရပ်နိုင် စုံစမ်းရာ အခိုက်အတန့်၊ ၄။ ဥဇုဂတဘူမိ– ခြေဖြင့်ဖြောင့်ဖြောင့် တန်းတန်း သွားနိုင် လာနိုင်ရာ အခိုက်အတန့်၊ ၅။ သေခဘူမိ– အတတ်ပညာတို့ကို သင်ယူရာ အခိုက်အတန့်၊ ၆။ သမဏဘူမိ– ရှင်ရဟန်းပြုရာ အခိုက်အတန့်၊ ၇။ ဇာနနဘူမိ– ဆရာသမားများကို မှီဝဲဆည်းကပ်၍ အယူအကျင့် မှန်မမှန် သိရာ အခိုက်အတန့်၊ ၈။ ပန္နဘူမိ– ဆွမ်းခံ၍ မရသည့်အတွက် အိပ်ရာပေါ်၌ လဲလျောင်းနေသော ရဟန်း၏ အခိုက်အတန့်။ (ဒီ၊၌၊၁။၁၄၇။) (မ၊၌၊၃။၁၆၀။) (သံ၊၌၊၂။၃၁၅။) (ဒီ၊၌၊မြန်၊၁။၂၈၆။) (ဒီ၊၌၊မြန်၊၁။၂၈၆။)

ပုရိသယုဂ ၄ မျိုး ၁။ ပဌမမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ပဌမ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ၂။ ဒုတိယ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ဒုတိယ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ၃။ တတိယ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, တတိယ ဖလဋ္ဌာန်ပုဂ္ဂိုလ်၊ ၄။ စတုတ္ထ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, စတုတ္ထဖလဋ္ဌာန်ပုဂ္ဂိုလ်။ (ဣတိဝုတ်၊၌။၂၇၃။)

ပုရိသရတနာ ၂ မျိုး ၁။ အဂါရိကရတနာ၊ ၂။ အနဂါရိကရတနာ။ (ခုဒ္ဒက၊၌။၁၄၉။)

ပုရေဇာတပစ္စည်း ၂ မျိုး ၁။ အာရမ္မဏ ပုရေဇာတပစ္စည်း၊ ၂။ ဝတ္ထု ပုရေဇာတပစ္စည်း။ (ပဋ္ဌာန၊၁။၁၅၂၊၃၇၄၊၄၁၈၊၄၅၂။) (ပဋ္ဌာန၊၂။၇၆၊၇၇၊၁၆၉–၁၇၀၊၂၂၅၂၆၆၊၂၉၆၊၃၃၃–၄၊၃၇၇၊၄၀၈၊၄၃၀၊၄၄၆၊၄၈၁။) (ပဋ္ဌာန၊၃။၁၃၊၄၆၊၇၈၊၉၉၊၁၁၄၊၁၄၄၊၁၆၅၊၁၉၁၊၂၁၇၊၂၃၈၊၂၆၂၊၂၈၄၊၃၁၀၊၃၂၃၊ ၃၄၆၊၃၆၁၊၃၇၉၊၃၉၈၊၄၁၈၊၄၃၃၊၄၅၃၊၅၀၄၊၅၂၉၊၅၇၀၊၅၉၁။) (ပဋ္ဌာန၊၄။၁၁၊၄၆၊၅၆၊၇၂၊၉၄၊၁၀၉၊၁၁၆၊၁၃၇၊၁၅၂၊၁၆၅၊၁၈၃၊၁၉၁။)

ပုရောဟိတ်ပုဏ္ဏား မဟာဝိဇိတမင်းအား ရွှင်လန်းထက်သန်စေသော အခြင်းအရာ ၁၆ ပါး ၁။ မဟာဝိဇိတမင်းသည် ယဇ်ပူဇော်ရန် အရံမင်းတို့ကို တိုင်ပင်ပြီး ဖြစ်ခြင်း၊ ၂။ မဟာဝိဇိတမင်းသည် ယဇ်ပူဇော်ရန် အမတ် မင်းမှုထမ်းတို့ကို တိုင်ပင်ပြီး ဖြစ်ခြင်း၊ ၃။ မဟာဝိဇိတမင်းသည် ယဇ်ပူဇော်ရန် သူဌေးတို့ကို တိုင်ပင်ပြီး ဖြစ်ခြင်း၊ ၄။ မဟာဝိဇိတမင်းသည် ယဇ်ပူဇော်ရန် သူကြွယ်တို့ကို တိုင်ပင်ပြီး ဖြစ်ခြင်း၊ ၅။ မဟာဝိဇိတမင်းသည် ဇာတ်နှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၆။ မဟာဝိဇိတမင်းသည် အဆင်းလှသူ ဖြစ်ခြင်း၊ ၇။ မဟာဝိဇိတမင်းသည် ကြွယ်ဝချမ်းသာသူ ဖြစ်ခြင်း၊ ၈။ မဟာဝိဇိတမင်းသည် ဗိုလ်ပါအင်အား ပြည့်စုံသူ ဖြစ်ခြင်း၊ ၉။ မဟာဝိဇိတမင်းသည် သဒ္ဓါတရားရှိသူ ဖြစ်ခြင်း၊ ၁၀။ မဟာဝိဇိတမင်းသည် အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၁၁။ မဟာဝိဇိတမင်းသည် ထိုထိုစကား၏ အနက်အဓိပ္ပာယ်ကို သိသူ ဖြစ်ခြင်း၊ ၁၂။ မဟာဝိဇိတမင်းသည် ပညာရှိခြင်း၊ ၁၃။ မဟာဝိဇိတမင်း၏ ပုရောဟိတ်သည် ဇာတ်နှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၁၄။ မဟာဝိဇိတမင်း၏ ပုရောဟိတ်သည် ဝေဒကျမ်းစသော ကျမ်းများကို တတ်မြောက်ပြီးသူ ဖြစ်ခြင်း၊ ၁၅။ ဝိဇိတမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် သီလရှိခြင်း၊ ၁၆။ မဟာဝိဇိတမင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ပညာရှိခြင်း။ (ဒီ၊၁။၁၃၂။) (ဒီ၊မြန်၊၁။၁၅၆။)

ပုလဲ ၈ မျိုး ၁။ ဟယမုတ္တာ– မြင်းသဏ္ဍာန်ရှိသော ပုလဲ၊ ၂။ ဂဇမုတ္တာ– ဆင်သဏ္ဍာန်ရှိသော ပုလဲ၊ ၃။ ရထမုတ္တာ– ရထားသဏ္ဍာန်ရှိသော ပုလဲ၊ ၄။ အာမလကမုတ္တာ– သျှိသျှားသီးသဏ္ဍာန်ရှိသော ပုလဲ၊ ၅။ ဝလယမုတ္တာ– လက်ကောက်သဏ္ဍာန်ရှိသော ပုလဲ၊ ၆။ အဂုံလိဝေဌကမုတ္တာ– လက်စွပ်သဏ္ဍာန်ရှိသော ပုလဲ၊ ၇။ ကကုဓဖလမုတ္တာ– ရေခံတက်သီးသဏ္ဍာန် ရှိသော ပုလဲ၊ ၈။ ပါကတိကမုတ္တာ– ပကတိသဘောရှိသော ပုလဲ။ (ဝိ၊၌၊၁။၅၆။)

http://www.dhammadownload.com

ပုလဲ ၈ မျိုး (တစ်နည်း) ၁။ ဆင်ဦးကင်းမှ ဖြစ်သောပုလဲ၊ ၂။ ဝက်စွယ်မှ ဖြစ်သောပုလဲ၊ ၃။ မြွေဦးခေါင်းမှ ဖြစ်သောပုလဲ၊ ၄။ တောင်ထွဋ်မှ ဖြစ်သောပုလဲ၊ မိုးတိမ်ညွှန့်မှ ဖြစ်သောပုလဲ၊ ၅။ ဝါးဆစ်မှ ဖြစ်သောပုလဲ၊ ၆။ ငါးဦးခေါင်းမှ ဖြစ်သောပုလဲ၊ ၇။ ခရုသင်းမှ ဖြစ်သောပုလဲ၊ ၈။ မုတ်ကောင်မှ ဖြစ်သောပုလဲ။ (သာရတ္ထ၊ဋီ၊၂။၃၁၉။) (အနုဋီ၊၂။၅၂။)

ပူဇော်ခြင်း ၂ မျိုး ၁။ ပစ္စည်းဖြင့် ပူဇော်ခြင်း– အာမိသယာဂ၊ ၂။ တရားဖြင့် ပူဇော်ခြင်း– ဓမ္မယာဂ။ (အံ၊၁။၉၀။) (အံ၊မြန်၊၁။၁၀၅။)

ပူဇော်ခြင်း ၂ မျိုး (တစ်နည်း) ၁။ ပစ္စည်းဖြင့် ပူဇော်ခြင်း– အာမိသပူဇာ၊ ၂။ တရားဖြင့် ပူဇော်ခြင်း– ဓမ္မပူဇာ။ (အံ၊၁။၉၂။) (အံ၊မြန်၊၁။၁၀၈။)

ပူဇော်အပ်သော ပုဂ္ဂိုလ်၏ အင်္ဂါ ၁၀ ပါး ၁။ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူမှုမှ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်မှုမှ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်ခြင်း၊ ၅။ ကုန်းချောစကား ပြောကြားခြင်းမှ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်ခြင်း၊ ၆။ ရုန့်ရင်း ကြမ်းတမ်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်ခြင်း၊ ၈။ အဘိဇ္ဈာမများသူ ဖြစ်ခြင်း၊ ၉။ မဖျက်ဆီးစေလိုသော စိတ်ရှိသူ ဖြစ်ခြင်း၊ ၁၀။ မှန်ကန်သော အမြင်ရှိသူ ဖြစ်ခြင်း။ (အံ၊၃။၄၈၈။) (အံ၊မြန်၊၃။၄၇၉။)

ပူပန်ခြင်း ၂ မျိုး ၁။ ကိုယ်၌ ဖြစ်သော ပူပန်ခြင်း၊ ၂။ စိတ်၌ ဖြစ်သော ပူပန်ခြင်း။ (ဓမ္မ၊ဋ္ဌ၊၁။၃၈၃။)

ပူပန်စေတတ်သော တရား ၂ ပါး ၁။ ကုသိုလ်ကောင်းမှုကို မပြုလုပ်ရသေးဘဲ မကောင်းမှု အကုသိုလ်ကိုသာ ပြုလုပ်ပြီးခြင်း၊ ၂။ ငါသည် ကောင်းမှုကုသိုလ်ကို မပြုလုပ်ရသေး ဟူ၍လည်းကောင်း၊ ငါသည် မကောင်းမှုအကုသိုလ်ကို ပြုလုပ်အပ်ပြီ ဟူ၍လည်းကောင်း စိုးရိမ်ပူပန်နေရခြင်း။ (ခုဒ္ဒက။၂၁၂။) (ခုဒ္ဒက၊မြန်။၁၉၅။)

ပူပန်စေတတ်သော တရား ၂ ပါး (တစ်နည်း) ၁။ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တို့ကို ပြုကျင့်မိ၍ ပူပန်ခြင်း၊ ၂။ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တို့ကို မပြုကျင့်မိ၍ ပူပန်ခြင်း။ (အံ၊၁။၅၁။) (အံ၊မြန်၊၁။၆၃။)

ပူပန်စေတတ်သော တရား ၁၀ ပါး ၁။ မှားသော အမြင်၊ ၂။ မှားသော အကြံအစည်၊ ၃။ မှားသော စကား၊ ၄။ မှားသော အလုပ်၊ ၅။ မှားသော အသက်မွေးမှု၊ ၆။ မှားသော အားထုတ်မှု၊ ၇။ မှားသော သတိ၊ ၈။ မှားသော သမာဓိ၊ ၉။ မှားသော ဉာဏ်၊ ၁၀။ မှားသော လွတ်မြောက်မှု။ (အံ၊၃။၄၅၄။) (အံ၊၃။၄၅၇။) (အံ၊မြန်၊၃။၄၄၇။) (အံ၊မြန်၊၃။၄၄၇။)

ပူပန်စေတတ်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရုန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂–၄၈၇။) (အံ၊မြန်၊၃။၄၇၂–၄၇၈။)

http://www.dhammadownload.com

ပူလောင်ခြင်း ၃ မျိုး ၁။ တပ်ခြင်းရာဂကြောင့် ဖြစ်သော ပူလောင်ခြင်း၊ ၂။ အမျက်ဒေါသကြောင့် ဖြစ်သော ပူလောင်ခြင်း၊ ၃။ မသိခြင်း တွေဝေခြင်း မောဟကြောင့် ပူလောင်ခြင်း။ (နေတ္တိ၊ ဋ္ဌ။၂၁၃။)

ပူလောင်ခြင်းနှင့် စပ်သော ပုဂ္ဂိုလ် ၄ မျိုး ၁။ မိမိကိုယ်ကို ပူလောင်စေလျက် မိမိကိုယ်ကို ပူလောင်ကြောင်း အကျင့်ကို အဖန်တလဲလဲ အားထုတ်သော ပုဂ္ဂိုလ်၊ ၂။ သူတစ်ပါးကို ပူလောင်စေလျက် သူတစ်ပါးကို ပူလောင်ကြောင်း အကျင့်ကို အဖန်တလဲလဲ အားထုတ်သော ပုဂ္ဂိုလ်၊ ၃။ မိမိ သူတစ်ပါး နှစ်ဦးသားတို့ကို ပူလောင်စေလျက် မိမိ သူတစ်ပါး နှစ်ဦးသား တို့ကို ပူလောင်ကြောင်းအကျင့်ကို အဖန်တလဲလဲ အားထုတ်သော ပုဂ္ဂိုလ်၊ ၄။ မိမိ သူတစ်ပါး နှစ်ဦးသားတို့ကို မပူလောင်စေဘဲ မိမိသူတစ်ပါး နှစ်ဦးသားတို့ကို ပူလောင်ကြောင်း အကျင့်ကို အဖန်တလဲလဲ အားမထုတ်သော ပုဂ္ဂိုလ်။ (အံ၊၁။၅၂၆။) (အံ၊မြန်၊၁။၅၄၂။)

ပူအိုက်ခြင်းအကြောင်း ၂ ပါး ၁။ ကိုယ်တွင်း၌ အာပေါဓာတ် ချောက်ချားခြင်းကြောင့် ပူအိုက်ခြင်း၊ ၂။ အပြင် ရာသီဥတု၏ အစွမ်းကြောင့် ပူအိုက်ခြင်း။ (စူဠနိ။၂၆၆။) (မဟာနိ။၃၈၈။)

ပေါ်လွင် ထင်ရှားကြောင်း အရာ ၄ မျိုး ၁။ ရထား၏ ပေါ်လွင်ထင်ရှားကြောင်းသည် အလံတံခွန်၊ ၂။ မီး၏ ပေါ်လွင်ထင်ရှားကြောင်းသည် မီးခိုး၊ ၃။ တိုင်းပြည်၏ ပေါ်လွင်ထင်ရှားကြောင်းသည် မင်း၊ ၄။ မိန်းမ၏ ပေါ်လွင်ထင်ရှားကြောင်းသည် လင်ယောကျ်ား။ (သံ၊၁။၃၉။) (သံ၊မြန်၊၁။၃၈။)

ပေတဝတ္ထုအဋ္ဌကထာ၌ ဝဂ်ပေါင်း ၄ ဝဂ် ၁။ ဥရဂဝဂ်၊ ၂။ ဥဗ္ဗရိဝဂ်၊ ၃။စူဠဝဂ်၊ ၄။ မဟာဝဂ်။ (ပေတ၊ဋ္ဌ။၃။)

ပေမ ၄ မျိုး ချစ်မြတ်နိုးခြင်း ၄ မျိုးနှင့် တူသည်။

ပေသုညသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ အမျိုးဇာတ် အစရှိသည်တို့ဖြင့် ဆဲဆိုသော ရဟန်း၏ စကားကို ကြား၍ ဆဲရေးခံရသော ရဟန်းအား ကပ်ဆောင် ပြောဆိုခြင်း၊ ၂။ မိမိကို ချစ်စေလိုခြင်း, ချစ်သူနှစ်ဦးတို့ ကွဲပြားစေလိုခြင်းတို့တွင် တစ်မျိုးမျိုး ဖြစ်ခြင်း၊ ၃။ ထိုပြောခံရသော ရဟန်းက သိခြင်း။ (သာရတ္ထ၊ဋီ၊၃။၅၅။) (ဝိမတိ၊၂။၄။)

ပေးလှူခြင်းကြောင့် လှူပြည် နတ်ပြည်တို့၌ ဖြစ်ရခြင်း ၈ မျိုး ၁။ မိမိသည် သီလနှင့် ပြည့်စုံလျက် မင်းမျိုး, ပုဏ္ဏားမျိုး သူကြွယ်မျိုးတို့ကို တောင့်တ၍ သမဏဗြာဟ္မဏတို့ အထံ၌ ထမင်း, အဖျော် စသော ဒါနဝတ္ထု ဆယ်ပါးတို့ကို ပေးလှူခဲ့သဖြင့် သေလွန်သော အခါ ထိုမင်းမျိုး, ပုဏ္ဏားမျိုး, သူကြွယ်မျိုးတို့ ဖြစ်ရခြင်း၊ ၂။ မိမိသည် သီလနှင့် ပြည့်စုံလျက် စတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်ခြင်းကို တောင့်တ၍ သမဏဗြာဟ္မဏတို့ အထံ၌ ထမင်း, အဖျော် စသော ဒါနဝတ္ထုဆယ်ပါးတို့ကို ပေးလှူခဲ့သဖြင့် သေလွန်သောအခါ ထိုစတုမဟာရာဇ် နတ်ဘုံ၌ ဖြစ်ရခြင်း၊ ၃။ မိမိသည် သီလနှင့် ပြည့်စုံလျက် တာဝတိံသာနတ်ဘုံ၌ ဖြစ်ခြင်းကို တောင့်တ၍ သမဏဗြာဟ္မဏတို့ အထံ၌ ထမင်း, အဖျော်စသော ဒါနဝတ္ထုဆယ်ပါးတို့ကို ပေးလှူခဲ့သဖြင့် သေလွန်သောအခါ ထိုတာဝတိံသာနတ်ဘုံ၌ ဖြစ်ရခြင်း၊ ၄။ မိမိသည် သီလနှင့် ပြည့်စုံလျက် ယာမာနတ်ဘုံ၌ ဖြစ်ခြင်းကို တောင့်တ၍ သမဏဗြာဟ္မဏတို့အထံ၌ ထမင်း, အဖျော် စသော ဒါနဝတ္ထုဆယ်ပါးတို့ကို ပေးလှူခဲ့သဖြင့် သေလွန်သောအခါ ထိုယာမာဘုံ၌

http://www.dhammadownload.com

ဖြစ်ရခြင်း၊ ၅။ မိမိသီလနှင့် ပြည့်စုံလျက် တုသိတာဘုံ၌ ဖြစ်ခြင်းကို တောင့်တ၍ သမဏ ဗြာဟ္မဏတို့ အထံ၌ ထမင်း, အဖျော် စသော ဒါနဝတ္ထုဆယ်ပါးတို့ကို ပေးလှူခဲ့သဖြင့် သေလွန်သောအခါ ထိုတုသိတာဘုံ၌ ဖြစ်ရခြင်း၊ ၆။ မိမိသည် သီလနှင့် ပြည့်စုံလျက် နိမ္မာနရတိဘုံ၌ ဖြစ်ခြင်းကို တောင့်တ၍ သမဏဗြာဟ္မဏတို့ အထံ၌ ထမင်း, အဖျော်စသော ဒါနဝတ္ထုဆယ်ပါးတို့ကို ပေးလှူခဲ့သဖြင့် သေလွန်သောအခါ ထိုနိမ္မာနရတိဘုံ၌ ဖြစ်ရခြင်း၊ ၇။ မိမိသည် သီလနှင့် ပြည့်စုံလျက် ပရနိမ္မိတဝသဝတ္တီဘုံ၌ ဖြစ်ခြင်းကို တောင့်တ၍ သမဏ ဗြာဟ္မဏတို့အထံ၌ ထမင်း, အဖျော်စသော ဒါနဝတ္ထုဆယ်ပါးတို့ကို ပေးလှူခဲ့သဖြင့် သေလွန် သောအခါ ထိုပရနိမ္မိတ ဝသဝတ္တီနတ်ပြည်၌ ဖြစ်ရခြင်း၊ ၈။ မိမိသည် သီလနှင့် ပြည့်စုံလျက် ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းကို တောင့်တ၍ **သမဏဗြာဟ္မဏတို့ အထံ၌** ထမင်း, အဖျော်စသော ဒါနဝတ္ထုဆယ်ပါးတို့ကို ပေးလှူခဲ့သဖြင့် သေလွန်သောအခါ ထိုဗြဟ္မာ့ပြည်၌ ဖြစ်ရခြင်း။ (အံ၊၃။၇၁။) (အံ၊မြန်၊၃။၇၂။)

ပေးလှူခြင်း အကြောင်း ၈ မျိုး ၁။ ချစ်မြတ်နိုးသဖြင့် ပေးလှူခြင်း၊ ၂။ အမျက်ထွက်သဖြင့် ပေးလှူခြင်း၊ ၃။ မိုက်မဲတွေဝေသဖြင့် ပေးလှူခြင်း၊ ၄။ ကြောက်သဖြင့် ပေးလှူခြင်း၊ ၅။ အစဉ်အလာ မပျက်စေရန် ပေးလှူခြင်း၊ ၆။ နတ်ပြည်ရောက်ရန် ပေးလှူခြင်း၊ ၇။ မိမိ၏ စိတ်နှစ်သက်မှု၊ ဝမ်းမြောက်မှုရှိရန် ပေးလှူခြင်း၊ ၈။ သမထဝိပဿနာစိတ်၏ အဆင် တန်ဆာ အခြံအရံအလို့ငှာ ပေးလှူခြင်း။ (အံ၊၃။၆၉။) (အံ၊မြန်၊၃။၇၀။)

ပေါရိုဏာဒဏ်မှ သုတသောမမင်း တောင်းယူသော ဆု ၄ မျိုး ၁။ မိမိ၏ အသက်ဆု၊ ၂။ မင်းတစ်ရာကျော်တို့၏ အသက်ဆု၊ ၃။ ထိုမင်းတစ်ရာကျော်တို့အား မိမိတိုင်းပြည်သို့ ပို့ဆောင်ခြင်းဆု၊ ၄။ ပေါရိုဏာဒ၏ လူသားစားခြင်းမှ ရှောင်ကြဉ်ခြင်းဆု။ (ဇာ၊၅၊၅၊၅၃၇။)

ပေါရိုဏာဒမင်းက မဟာသုတသောမမင်းအား ပေးသော ဆု ၄ မျိုး ၁။ မဟာသုတသောမ မင်းသည် ပေါရိုဏာဒမင်းအား အနှစ်တစ်ရာတိုင်တိုင် အနာရောဂါ မရှိသည်၏ အဖြစ်ကို မြင်တွေ့စေခြင်း၊ ၂။ ပေါရိုဏာဒမင်း ဖမ်းဆီးထားသော အရာမကသော မင်းတို့၏ အသားကို မစားခြင်း၊ ၃။ ပေါရိုဏာဒမင်း ဖမ်းဆီးထားသော ထိုအရာမကသော မင်းတို့အား မိမိတို့၏ တိုင်းပြည် အသီးအသီးသို့ ပြန်ပို့ခြင်း၊ ၄။ ပေါရိုဏာဒမင်းသည် လူသားစားခြင်းမှ ရှောင် ကြဉ်ခြင်း။ (ဇာတက၊၂။၁၄၂-၁၄၃။)

ပံသုကူဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌပံသုကူဓုတင်၊ ၂။ မဇ္ဈိမပံသုကူဓုတင်၊ ၃။ မုဒုပံသုကူဓုတင်။ (ဝိသုဒ္ဓိ၊၁။၆၁။)

ပံသုကူဓုတင် ဆောက်တည်ရကျိုး ၁၂ မျိုး ၁။ "ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ" ဟု ဘုရား ဟောထားသဖြင့် (ပထမ) နိဿယနှင့် လျော်သော အကျင့်ပဋိပတ် ရှိခြင်း၊ ၂။ ပထမအရိယ ဝံသ၌ တည်ခြင်း၊ ၃။ သင်္ကန်းကို ထိန်းသိမ်းစောင့်ရှောက်ရသော ဆင်းရဲ မရှိခြင်း၊ ၄။ သူတစ်ပါးနှင့် မစပ်သော အသက်မွေးမှု ရှိခြင်း၊ ၅။ သူခိုးဘေးမှ ကင်းဝေးခြင်း၊ ၆။ တပ်မက်မှု တဏှာ မဖြစ်ခြင်း၊ ၇။ ရဟန်းတို့အားလျောက်ပတ်သော ပရိက္ခရာ ဖြစ်ခြင်း၊ ၈။ ဘုရားရှင် ချီးမွမ်းအပ်သော ပစ္စည်း ဖြစ်ခြင်း၊ ၉။ ကြည်ညိုဖွယ်ကို ဆောင်ခြင်း၊ ၁၀။ အပို့စ္ဆတာ

http://www.dhammadownload.com

စသည်တို့၏ အကျိုး ပြီးစီးခြင်း၊ ၁၁။ ကောင်းမြတ်သော အကျင့်ကို တိုးပွားစေခြင်း၊ ၁၂။ နောင်လာနောက်သား တပည့်များကို ဒိဋ္ဌာနဂတိသို့ ရောက်စေခြင်း။ (ဝိသုဒ္ဓိ၊၁။ဖ၁။)

ပံသုကူခုတင် ဆောက်တည်သူ ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲ တွေဝေသောကြောင့် ဆောက်တည်ခြင်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် ဆောက်တည်ခြင်း၊ ၃။ စိတ်ပျံ့လွင့် ရူးသွပ်သောကြောင့် ဆောက်တည်ခြင်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်တို့သည် ချီးမွမ်းအပ်၏ဟု ဆောက်တည်ခြင်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို အမှီပြု၍ ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်ခြင်း။ (ဝိ၅၊။၂၃၃။) (ဝိ၅၊။၃၃၅။) (အံ၊၂။၁၉၃။) (အဘိ၊ပု။၁၈၀။) (ဝိ၊မြန်၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၃၈။) (အံ၊မြန်၊၂။၂၄၆။) (အဘိ၊ပု၊မြန်။၈၄။)

ပံသုကူအဝတ် ၁၀ မျိုး ၁။ သုသာန်၌ ဖြစ်သော ပံသုကူအဝတ်၊ ၂။ ဈေးတံခါး၀၌ စွန့်ပစ်ထားသော ပံသုကူအဝတ်၊ ၃။ ကြွက်ကိုက်ထားသော ပံသုကူအဝတ်၊ ၄။ ခြင်္ကိုက်ထားသော ပံသုကူအဝတ်၊ ၅။ မီးလောင်ထားသော ပံသုကူအဝတ်၊ ၆။ နွားစားအပ်သော ပံသုကူအဝတ်၊ ၇။ ဆိတ်စားအပ်သော ပံသုကူအဝတ်၊ ၈။ မို့မောက်နေသော တောင်ပို့ကို ရစ်ပတ်အပ်သော ပံသုကူအဝတ်၊ ၉။ အဘိသိက်သွန်းရာအရပ်၌ ပစ်ထားသော ပံသုကူအဝတ်၊ ၁၀။ သုသာန်သို့ ဆောင်ယူပြီး တစ်ဖန်ပြန်၍ ဆောင်ယူအပ်သော အဝတ်။ (ဝိ၊၌၊၄။၁၈၃။)

ပံသုကူအဝတ်သင်္ကန်း ၂၃ မျိုး ၁။ သောသာနိက– သုသာန်၌ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၂။ ပါပဏိက– ဈေးတံခါး၌ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၃။ ရထိယစောဠ– ရထားလမ်းမ၌ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၄။ သင်္ကာရစောဠ– အမှိုက်ပုံ၌ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၅။ သောတ္ထိယ– ကိုယ်ဝန် အညစ်အကြေးသုတ်၍ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၆။ နှာနစောဠ– မှော်ဆရာတို့က ရေချိုးစေပြီးလျှင် စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၇။ တိတ္ထစောဠ– ရေချိုးဆိပ်၌ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၈။ ဂတပစ္စာဂတ– သုသာန်သို့ အသွားအပြန် ဝတ်ပြီးလျှင် စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၉။ အဂ္ဂိဒဍ္ဎ– မီးလောင်၍ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၁၀။ ဂေါခါယိတ– နွားစားစွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၁၁။ ဥပစိကာခါယိတ– ခြစား၍ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၁၂။ ဥန္ဒူရခါယိတ– ကြွက်ကိုက်၍ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၁၃။ အန္တစ္ဆိန္န– အနားပြတ်၍ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၁၄။ ဒသာစ္ဆိန္န– အမြီတ်ဆာပြတ်၍ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၁၅။ ဓဇာဟဋ– တံခွန်ထူသော အဝတ်သင်္ကန်း၊ ၁၆။ ထူပစီဝရ– တောင်ပို့ကို ရစ်ပတ်၍ နတ်ပူဇော်ထားသော အဝတ်သင်္ကန်း၊ ၁၇။ သမဏစီဝရ– ရဟန်းက လှူသော သင်္ကန်း၊ ၁၈။ အာဘိသေကိက– အဘိသိက်ခံရာ အရပ်၌ စွန့်ပစ်ထားသော အဝတ်သင်္ကန်း၊ ၁၉။ ကဋ္ဌဟိမယ– ဧဟိဘိက္ခုခေါ်ခြင်းဖြင့် ဖြစ်ပေါ်လာသော သင်္ကန်း၊ ၂၀။ ပန္ထိက– လမ်းခရီး၌ ကျနေသော အဝတ်သင်္ကန်း၊ ၂၁။ ဝါတာဟဋ– လေတိုက်ခတ်ပြီး လွင့်လာသော အဝတ်သင်္ကန်း၊ ၂၂။ ဒေဝဒတ္တိယ– နတ်တို့က ပေးလှူသော အဝတ်သင်္ကန်း၊ ၂၃။ သာမုဒ္ဒိယ– သမုဒ္ဒရာလှိုင်း ပုတ်၍ မျောပါလာသော အဝတ်သင်္ကန်း။ (ဒီ၊၌၊၃။၁၉၂။) (အံ၊၌၊၂။၂၇၈။) (စူဠနိ၊၌။၁၁၀။) (ဝိသုဒ္ဓိ၊၁။ဖ၀။)

ပံသုကူအဝတ်အထည် ၅ မျိုး ၁။ နွားစားသော အဝတ်အထည်၊ ၂။ ဆိတ်စားသော အဝတ်အထည်၊ ၃။ တောင်ပို့ကို ရစ်ပတ်၍ နတ်ပူဇော်သော အဝတ်အထည်၊ ၄။ ရေချိုးရာ အဘိသိက်ခံရာ

http://www.dhammadownload.com

အရုပ်၌ စွန့်ထားသော အဝတ်အထည်၊ ၅။ သုသာန်သို့ ဆောင်၍ တစ်ဖန်ပြန်ယူသော အဝတ်အထည်။ (ဝိ၊၅။၂၃၀။) (ဝိ၊မြန်၊၅။၃၂၀။)

ပံသုကူအဝတ်အထည် ၅ မျိုး (တစ်နည်း) ၁။ သုသာန်၌ ကျသော အဝတ်အထည်၊ ၂။ အိမ်ဈေးဝင်၌ ကျသော အဝတ်အထည်၊ ၃။ ကြွက်ခဲသော အဝတ်အထည်၊ ၄။ ခြခဲသော အဝတ်အထည်၊ ၅။ မီးလောင်သော အဝတ်အထည်။ (ဝိ၊၅။၂၃၀။) (ဝိ၊မြန်၊၅။၃၂၀။)

ပဥ္စကင်္ဂ လက်သမားဆရာကြီး၏ ပစ္စည်း ၅ မျိုး ၁။ ဝါသိ– ပဲခွပ်၊ ၂။ ဖရသု– ပုဆိန်၊ ၃။ နိခါဒန– ဆောက်၊ ၄။ ဒဏ္ဍမုဂ္ဂရ– လက်ရိုက်တင်းပုတ်၊ ၅။ ကာဠသုတ္တနာဠိ– ကြိုးမည်း ထည့်ရာ ကျည်တောက်။ (သံ၊၄၊၃။၁၂၀။)

ပဥ္စင်္ဂ ၅ ဦး ၁။ အရှင်ကောဏ္ဍည၊ ၂။ အရှင်ဘဒ္ဒိယ၊ ၃။ အရှင်ဝပ္ပ၊ ၄။ အရှင်မဟာနာမ၊ ၅။ အရှင်အဿဇိ။ (ပဋိသံ၊၄၊၂။၁၂၀။)

ပဥ္စင်္ဂိကမဂ် ၅ ပါး ၁။ သမ္မာဒိဋ္ဌိ၊ ၂။ သမ္မာသင်္ကပ္ပ၊ ၃။ သမ္မာဝါယာမ၊ ၄။ သမ္မာသတိ၊ ၅။ သမ္မာသမာဓိ။ (အဘိ၊ဝိ။၂၄၇–၂၄၈–၂၄၉။) (အဘိ၊ဝိ၊မြန်၊၂။၂၅၆။)

ပဏ္ဏာသကမ္မာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ဝိနိစ္ဆယကထာသည် ဓမ္မကထိဖြစ်ခြင်း၊ ၂။ ထိုသို့သိလျက် ကံမှစ၍ တူညီသော တစ်ခုတည်းသော သိမ်၌ တည်လျက် နှစ်ထောင့်ထွာ ဟတ္ထပါသ်ကို စွန့်ခြင်း။ (ဝိမတိ၊၂။၅၃။)

ပက္ခိကဘတ် ၄ မျိုး ၁။ တစ်ဆယ့်လေးရက်မြောက်နေ့၌ လှူအပ်သော ဆွမ်း၊ ၂။ တစ်ဆယ့်ငါးရက်မြောက်နေ့၌ လှူအပ်သော ဆွမ်း၊ ၃။ ငါးရက်မြောက်နေ့၌ လှူအပ်သော ဆွမ်း၊ ၄။ ရှစ်ရက်မြောက်နေ့၌ လှူအပ်သော ဆွမ်း။ (ဝိ၊၆၊၄။၁၀၃။)

ပိုက်ကွန် ၂ မျိုး ၁။ တဏှာဇာလ–တဏှာပိုက်ကွန်၊ ၂။ ဒိဋ္ဌိဇာလ–ဒိဋ္ဌိပိုက်ကွန်။ (သုတ္တနိ၊၆၊၂။၁၅၄။)

ပိုက်ဆံ ၅ မျိုး ငွေ ၅ မျိုးနှင့် တူသည်။

ပိုက်ဆံ လျော်ချည်ပုဆိုးနှင့် တူသော ရဟန်း ၃ မျိုး ၁။ ရဟန်းသစ်သည် သီလမရှိမူ၍ ယုတ်မာသော အကျင့်ရှိခြင်းဟူသော အဆင်းမလှ ဖြစ်ခြင်း, ထိုဒုဿီလရဟန်းသစ်၏ အယူသို့ အတုလိုက်၍ မိုဝဲဆည်းကပ်သူတို့အား အစီးပွားမဲ့ ဖြစ်ခြင်း ဆင်းရဲခြင်းသို့ ရောက်ရခြင်း ဟူသော ကြမ်းသော အတွေ့ရှိခြင်း, ထိုဒုဿီလရဟန်းသစ်အား ပစ္စည်းလေးပါး လှူဒါန်းသော သူတို့အတွက် အကျိုးအာနိသင် မကြီးသောအားဖြင့် တန်ဖိုးနည်းခြင်း အဖိုးမထိုက်ခြင်းဟူသော ပေါတ္ထကူပမရဟန်း၊ ၂။ အလယ်အလတ်ဖြစ်သော မဇ္ဈိမရဟန်းသည် သီလမရှိမူ၍ ယုတ်မာသော အကျင့်ရှိခြင်းဟူသော အဆင်းမလှ ဖြစ်ခြင်း, ထိုဒုဿီလ ရဟန်းသစ်၏ အယူသို့ အတုလိုက်၍ မိုဝဲဆည်းကပ်သူတို့အား အစီးပွားမဲ့ ဖြစ်ခြင်း ဆင်းရဲခြင်းသို့ ရောက်ရခြင်း ဟူသော ကြမ်းသောအတွေ့ရှိခြင်း, ထိုဒုဿီလ ရဟန်းသစ်အား ပစ္စည်းလေးပါး လှူဒါန်းသော သူတို့အတွက် အကျိုးအာနိသင် မကြီးသောအားဖြင့် တန်ဖိုးနည်းခြင်း အဖိုးမထိုက်ခြင်း ဟူသော ပေါတ္ထကူပမရဟန်း၊ ၃။ မထေရ်ကြီးဖြစ်သော ရဟန်းသည် သီလမရှိမူ၍ ယုတ်မာသော အကျင့်ရှိခြင်းဟူသော အဆင်းမလှ ဖြစ်ခြင်း, ထိုဒုဿီလရဟန်းသစ်၏ အယူသို့ အတုလိုက်၍

http://www.dhammadownload.com

မိုဝဲဆည်းကပ်သူတို့အား အစီးပွားမဲ့ဖြစ်ခြင်း ဆင်းရဲခြင်းသို့ ရောက်ရခြင်းဟူသော ကြမ်းသော အတွေ့ရှိခြင်း, ထိုဒုဿီလရဟန်းသစ်အား ပစ္စည်းလေးပါး လှူဒါန်းသော သူတို့အတွက် အကျိုးအာနိသင် မကြီးသောအားဖြင့် တန်ဖိုးနည်းခြင်း အဖိုးမထိုက်ခြင်းဟူသော ပေါ်ထွက်ပုပမရဟန်း၊ (အဘိ၊ပု။၁၃၇။) (အဘိ၊ပု၊မြန်။၄၀။)

ပိုက်ဆံ လျော်ချည်ပုဆိုး ၃ မျိုး ၁။ အသစ်ဖြစ်၍ အဆင်းလည်းမလှ အတွေ့အထိ ကြမ်းတမ်း အဖိုးအနည်းငယ်မျှသာ ထိုက်တန်သော ပိုက်ဆံလျော်ချည်ပုဆိုး၊ ၂။ အလယ်အလတ် တစ်ပတ်နွမ်းဖြစ်၍ အဆင်းလည်းမလှ အတွေ့အထိ ကြမ်းတမ်း အဖိုးအနည်းငယ်မျှ ထိုက်တန်သော ပိုက်ဆံလျော်ချည်ပုဆိုး၊ ၃။ ဟောင်းနွမ်းသည် ဖြစ်၍ အဆင်းလည်းမလှ အတွေ့အထိ ကြမ်းတမ်း အဖိုးအနည်းငယ်မျှသာ ထိုက်သော ပိုက်ဆံလျော်ချည်ပုဆိုး။ (အဘိ၊ပု။၁၃၇။) (အဘိ၊ပု၊မြန်။၄၀။)

ပဂ္ဂဟ ၂ မျိုး ချီးမြှောက်ခြင်း ၂ မျိုးနှင့် တူသည်။

ပုဂ္ဂလကထာကို ဟောတော်မူရကြောင်း ၈ ပါး ၁။ ဟိရီဩတ္တပ္ပကို ပြတော်မူလိုခြင်း၊ ၂။ ကမ္မဿကတာကို ပြတော်မူလိုခြင်း၊ ၃။ အသီးအသီးသော ယောကျ်ားသည် ပြုအပ်သော အမှုကိစ္စကို ပြတော်မူလိုခြင်း၊ ၄။ အနန္တရိယကံကို ပြတော်မူလိုခြင်း၊ ၅။ ဗြဟ္မဝိဟာရကို ပြတော်မူလိုခြင်း၊ ၆။ ပုဗ္ဗေနိဝါသကို ပြတော်မူလိုခြင်း၊ ၇။ အလျှုခံပုဂ္ဂိုလ် စင်ကြယ်ခြင်း– ဒက္ခိဏာဝိသုဒ္ဓိကို ပြတော်မူလိုခြင်း၊ ၈။ လူတို့သမုတ်အပ်သော လောကသမ္မုတိကို မပယ်လိုခြင်း။ (မ၊ဋ္ဌ၊၁။၁၄၃။) (အံ၊ဋ္ဌ၊၁။၇၄။) (ဣတိဝုတ်၊ဋ္ဌ။၇၉။) (သာရတ္ထ၊ဋီ၊၁။၈၉။) (သီ၊ဋီ၊သစ်၊၂။၄၀၁။)(အနုဋီ၊ ၃။၆၈။)

ပုဂ္ဂလဒေသနာတော်ကို ဟောရကြောင်း ၈ ပါး ပုဂ္ဂလကထာကို ဟောတော်မူရကြောင်း ၈ ပါးနှင့် တူသည်။

ပုဂ္ဂလပညတ်ကျမ်းကို ဝေဖန်ပုံ ၆ မျိုး ၁။ ခန္ဓပညတ်၊ ၂။ အာယတနပညတ်၊ ၃။ ဓာတုပညတ်၊ ၄။ သစ္စပညတ်၊ ၅။ ဣန္ဒြိယပညတ်၊ ၆။ ပုဂ္ဂလပညတ်။ (အဘိ၊ဋ္ဌ၊၁။၈။)

ပုဂ္ဂိုလ် ၂ မျိုး ၁။ ဤလူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် ပြန်လာ၍ အာဂါမိမည်သော အစ္ဆတ္တ သံယောဇဉ် ရှိသော ပုဂ္ဂိုလ်၊ ၂။ ဤလူ့ဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်လာ၍ အနာဂါမိမည်သော ဗဟိဒ္ဓ သံယောဇဉ်ရှိသော ပုဂ္ဂိုလ်။ (အံ၊၁။၆၅။) (အံ၊မြန်၊၁။၇၇။)

ပုဂ္ဂိုလ် ၂ မျိုး တစ်နည်း ၁။ အမျက်ထွက်တတ်သော ကောဓနပုဂ္ဂိုလ်၊၂။ ရန်ငြိုးဖွဲ့တတ်သော ဥပနာဟပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၄။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ဂုဏ်ကျေးဇူးကို ချေဖျက်တတ်သော မက္ခီပုဂ္ဂိုလ်၊ ၂။ ဂုဏ်တုံဏ်ပြိုင် ပြုတတ်သော ပဠာသီပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၄။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ငြူစူ စောင်းမြောင်းတတ်သော ကုသုကီပုဂ္ဂိုလ်၊ ၂။ နမြောဝန်တို တတ်သော မစ္ဆရီပုဂ္ဂိုလ်။ (အဘိ၊ ပု။၁၀၄။) (အဘိ၊ ပု၊ မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ကောက်ကျစ် စဉ်းလဲတတ်သော သဋပုဂ္ဂိုလ်၊ ၂။ လှည့်စား လှည့်ပတ် တတ်သော မာယာဝီ ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၄။) (အဘိ၊ပု၊မြန်။၄။)

http://www.dhammadownload.com

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ဒုစရိုက်မှ မရှက်တတ်သော အဟိရိကပုဂ္ဂိုလ်၊ ၂။ ဒုစရိုက်မှ မကြောက်တတ်သော အနောတ္တပ္ပိပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ပြောဆိုဆုံးမ ခက်သော ဒုဗ္ဘစ ပုဂ္ဂိုလ်၊ ၂။ ယုတ်မာသော အဆွေခင်ပွန်းရှိသော ပါပမိတ္တပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ကွန်ဒြေတို့၌ မလုံခြုံသော တံခါးရှိသော အဂုတ္တဒွါရပုဂ္ဂိုလ်၊ ၂။ ဘောဇဉ်တို့၌ အတိုင်းအရှည်မသိသော ဘောဇနေ အမတ္တညူပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ လွတ်သော သတိရှိသော မုဋ္ဌဿတိပုဂ္ဂိုလ်၊ ၂။ ပညာဉာဏ် အဆင်အခြင်မရှိသော အသမ္ပဇာနပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ အကျင့်သီလ ပျက်စီးနေသော သီလဝိပန္နပုဂ္ဂိုလ်၊ ၂။ အယူပျက်စီးနေသော ဒိဋ္ဌိဝိပန္နပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ အောက်သံယောဇဉ် ငါးပါးဟု ဆိုအပ်သော အတွင်း သံယောဇဉ် ရှိသော အန္တရာ သံယောဇနပုဂ္ဂိုလ်၊ ၂။ အထက်သံယောဇဉ် ငါးပါးဟု ဆိုအပ်သော အပြင်အပ သံယောဇဉ်ရှိသော ဗဟိဒ္ဓသံယောဇနပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ အမျက် မထွက်တတ်သော အက္ကောဓနပုဂ္ဂိုလ်၊ ၂။ ရန်ငြိုး မဖွဲ့တတ်သော အနုပနာဟီပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ သူ့ကျေးဇူးကို မချေဖျက်တတ်သော အမက္ခီပုဂ္ဂိုလ်၊ ၂။ ဂုဏ်တု ဂုဏ်ပြိုင် မပြုလုပ်တတ်သော အပဠာသီပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ မငြူစူ မစောင်းမြောင်းတတ်သော အနိဿုကီပုဂ္ဂိုလ်၊ ၂။ မနှမြော ဝန်မတိုတတ်သော အမစ္ဆရီပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ မကောက်ကျစ် မစဉ်းလဲတတ်သော အသဋ္ဌပုဂ္ဂိုလ်၊ ၂။ မလှည့်မပတ်တတ်သော အမာယာဝီ ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ဒုစရိုက်မှ ရှက်တတ်သော ဟိရီမာပုဂ္ဂိုလ်၊ ၂။ ဒုစရိုက်မှ ကြောက်လန့်တတ်သော ဩတ္တပ္ပီပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ပြောဆိုဆုံးမ လွယ်သော သုဝစပုဂ္ဂိုလ်၊ ၂။ မိတ်ကောင်း ဆွေကောင်း ရှိသော ကလျာဏမိတ္တပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ကွန်ဒြေတို့၌ လုံခြုံသော တံခါးရှိသော ဂုတ္တဒွါရပုဂ္ဂိုလ်၊ ၂။ ဘောဇဉ်တို့၌ အတိုင်းအရှည်သိသော ဘောဇနေ မတ္တညူပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ထင်သော သတိရှိသော ဥပဋ္ဌိတဿတိပုဂ္ဂိုလ်၊ ၂။ ပညာဉာဏ် အဆင်အခြင် ရှိသော သဉ္ဇာနပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

http://www.dhammadownload.com

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ သီလအကျင့်နှင့် ပြည့်စုံသော သီလသမ္ပန္နပုဂ္ဂိုလ်၊ ၂။ အယူနှင့် ပြည့်စုံသော ဒိဋ္ဌိသမ္ပန္နပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၄။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ယုတ်ညံ့သော နှလုံးသွင်း အလိုဆန္ဒရှိသော ဟီနာဓိမုတ္တပုဂ္ဂိုလ်၊ ၂။ မြင့်မြတ်သော နှလုံးသွင်း အလိုဆန္ဒရှိသော ပဏီတာဓိမုတ္တပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၅။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ရောင့်ရဲတတ်သော တိတ္တပုဂ္ဂိုလ်၊ ၂။ ရောင့်ရဲစေတတ်သော တပ္ပေတပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၅။) (အဘိ၊ပု၊မြန်။၅။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ဗုဒ္ဓဝေနေယျပုဂ္ဂိုလ်၊ ၂။ သာဝကဝေနေယျပုဂ္ဂိုလ်။ (မ၊ဋ္ဌ၊၂။၁၇၇။)

ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ဤပုဂ္ဂိုလ်ကို ဆည်းကပ်သော ရဟန်းအား အကုသိုလ်တရားများ တိုးပွားခြင်း ကုသိုလ်တရားများ ဆုတ်ယုတ်သွားသဖြင့် မမှီဝဲအပ်သော ပုဂ္ဂိုလ်၊ ၂။ ဤပုဂ္ဂိုလ်ကို ဆည်းကပ်သော ရဟန်းအား အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော ပုဂ္ဂိုလ်။ (အံ၊၃။၁၇၇။) (အံ၊မြန်၊၃။၁၇၈၊၃၃၆။)

ပုဂ္ဂိုလ် ၃ မျိုး ၁။ ပုထုဇဉ်ပုဂ္ဂိုလ်၊ ၂။ သေက္ခပုဂ္ဂိုလ်၊ ၃။ အသေက္ခ– ရဟန္တာပုဂ္ဂိုလ်။ (မ၊ဋ္ဌ၊၁။၂၀၀။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) ၁။ ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်၊ ၂။ ကျင့်ပြီး အသေက္ခပုဂ္ဂိုလ်၊ ၃။ ကျင့်ဆဲ မဟုတ် ကျင့်ပြီးမဟုတ် နေဝသေက္ခာနာသေက္ခပုဂ္ဂိုလ်။ (ဒီ၊၃။၁၈၂။) (ဒီ၊မြန်၊၃။၂၀၂။)

ပုဂ္ဂိုလ် ၃ မျိုး တစ်နည်း (ဘုရားရှင် မပွင့်ထွန်းသော ကာလ၌ သီလကို ဟောပြသော ပုဂ္ဂိုလ် ၃ မျိုး) ၁။ ရသေ့ပရိဗ္ဗိုဇ်ပုဂ္ဂိုလ်တို့၊ ၂။ သဗ္ဗညုဘုရားအလောင်းပုဂ္ဂိုလ်တို့၊ ၃။ စကြဝတေးမင်းတို့။ (အဘိ၊ဋ္ဌ၊၂။၃၉၅။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) (လောကဋ္ဌ လူနတ်ဗြဟ္မာ သတ္တဝါအများ ချမ်းသာပွားရန် ဖြစ်ပေါ်လာသော ပုဂ္ဂိုလ် ၃ မျိုး။) ၁။ သဗ္ဗညုဘုရားရှင်၊ ၂။ အာသဝေါကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်၊ ၃။ ဗဟုသုတ အကျင့်သီလနှင့် ပြည့်စုံသော ဘုရားရှင်၏ တပည့်သာဝက သေက္ခပုဂ္ဂိုလ်။ (ခုဒ္ဒက။ ၂၄၉။) (ခုဒ္ဒက၊မြန်။၂၃၃။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) ၁။ နာမကာယဖြင့် ရှစ်ပါးသော စျာန်သို့ ရောက်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြုသူ ကာယသက္ခီပုဂ္ဂိုလ်၊ ၂။ သောတာပတ္တိဖိုလ်မှ စ၍ အထက်မင်္ဂသို့ ရောက်သူ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၊ ၃။ သဒ္ဓါတရားဖြင့် ကိလေသာမှ လွတ်သူ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်။ (အံ၊၁။၁၁၆။) (အံ၊မြန်၊၁။၁၃၄။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) ၁။ အမာဟောင်းနှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ လျှပ်စစ်နှင့်တူသော စိတ်ရှိသော ပုဂ္ဂိုလ်၊ ၃။ ဝဇိရစိန်နှင့် တူသော စိတ်ရှိသော ပုဂ္ဂိုလ်၊ (တစ်နည်း) ၁။ မမှီဝဲထိုက် မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်၊ ၂။ မှီဝဲထိုက် ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်၊ ၃။ အရိုအသေ အလေးအမြတ် ပြု၍ မှီဝဲဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်၊ (တစ်နည်း) ၁။ စက်ဆုပ်ထိုက် မမှီဝဲ မဆည်းကပ်ထိုက် မချဉ်းကပ်

http://www.dhammadownload.com

ထိုက်သော ပုဂ္ဂိုလ်၊ ၂။ လျစ်လျူရှုထိုက် မမှီဝဲ မဆည်းကပ်ထိုက် မချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်၊ ၃။ မှီဝဲထိုက် ဆည်းကပ်ထိုက် ချဉ်းကပ်ထိုက်သော ပုဂ္ဂိုလ်၊ (တစ်နည်း) ၁။ မစင်ကဲ့သို့ မကောင်းသော အနုံရှိသော စကားကို ဆိုတတ်သော ပုဂ္ဂိုလ်၊ ၂။ ပန်းကဲ့သို့ ကောင်းသော အနုံရှိသော စကားကို ဆိုတတ်သော ပုဂ္ဂိုလ်၊ ၃။ ပျားကဲ့သို့ ချိုသာသော စကားကို ဆိုတတ်သော ပုဂ္ဂိုလ်၊ (တစ်နည်း) ၁။ ကန်းသော ပုဂ္ဂိုလ်၊ ၂။ တစ်ဖက်အမြင်ရှိသော ပုဂ္ဂိုလ်၊ ၃။ နှစ်ဖက် အမြင်ရှိသော ပုဂ္ဂိုလ်၊ (တစ်နည်း) ၁။ မှောက်ထားသော အိုးနှင့် တူသော ပညာရှိသော ပုဂ္ဂိုလ်၊ ၂။ ခါးပိုက်နှင့် တူသော ပညာရှိသော ပုဂ္ဂိုလ်၊ ၃။ ကြီးကျယ်သော ပညာရှိသော ပုဂ္ဂိုလ်။ (အံ၊၁။၁၂၁-၁၂၈။) (အံ၊မြန်၊၁။၁၄၅။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) ၁။ အရဟတ္တဖိုလ်ကို ရခြင်း၌ မတောင့်တသော နိရာသပုဂ္ဂိုလ်၊ ၂။ အရဟတ္တဖိုလ်ကို ရခြင်း၌ တောင့်တသော အာသံသပုဂ္ဂိုလ်၊ ၃။ အရဟတ္တဖိုလ်ကို ရခြင်း၌ တောင့်တခြင်းမှ ကင်းသော ဝိဂတာသပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု၊မြန်။၅၅။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) (ကာယသက္ခီ-စသော ပုဂ္ဂိုလ် ၃ မျိုး) ၁။ ဈာန်မဂ်ဖိုလ် ချမ်းသာကို ကိုယ်တိုင် တွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ကာယသက္ခီပုဂ္ဂိုလ်၊ ၂။ သိမြင်ခြင်း အဆုံးသို့ ရောက်သော ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၊ ၃။ သဒ္ဓါကို အမှုးပြု၍ ကိလေသာမှ လွတ်သော သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု။၁၃၂။) (အဘိ၊ပု၊မြန်။၃၊) (အဘိ၊ပု၊မြန်။၃၄။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) (ဂူထဘာဏီစသော ပုဂ္ဂိုလ် ၃ မျိုး) ၁။ မစင်နှင့် တူသော စကား ရှိသော ဂူထဘာဏီပုဂ္ဂိုလ်၊ ၂။ ပန်းနှင့် တူသော စကားရှိသော ပုပ္ဖဘာဏီပုဂ္ဂိုလ်၊ ၃။ ပျားရည်နှင့် တူသော စကားရှိသော မဓုဘာဏီပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု။၁၃၂။) (အဘိ၊ပု၊မြန်။၅၊) (အဘိ၊ပု၊မြန်။၃၄။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) (အရကူပမစိတ္တစသော ပုဂ္ဂိုလ် ၃ မျိုး) ၁။ အိုင်းအမာနှင့် တူသော စိတ်ရှိသော အရကူပမစိတ္တပုဂ္ဂိုလ်၊ ၂။ လျှပ်စစ်နှင့် တူသော စိတ်ရှိသော ဝိဇ္ဇူပမစိတ္တပုဂ္ဂိုလ်၊ ၃။ ဝဇိရ စိန်နှင့် တူသောစိတ်ရှိသော ဝဇိရူပမစိတ္တပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု၊မြန်။၃၆။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) (အန္ဓစသော ပုဂ္ဂိုလ် ၃ မျိုး) ၁။ ပညာမျက်စိ မရှိသောကြောင့် အကန်းနှင့် တူသော အန္ဓပုဂ္ဂိုလ်၊ ၂။ ပညာမျက်စိတစ်ဖက်သာ အမြင်ရှိသော ဧကစက္ခုပုဂ္ဂိုလ်၊ ၃။ ပညာမျက်စိနှစ်ဖက် အမြင်ရှိသော ဒွိစက္ခုပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု။၁၃၄။) (အဘိ၊ပု၊ မြန်။၃၇။) (အဘိ၊ပု၊မြန်။၃၇။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) (အဝကုဇ္ဇပညစသော ပုဂ္ဂိုလ် ၃ မျိုး) ၁။ မှောက်ထားသော အိုးနှင့် တူသော ပညာရှိသော အဝကုဇ္ဇပညပုဂ္ဂိုလ်၊ ၂။ ခါးပိုက်၌ ထည့်ထားသော ခဲဖွယ်စားဖွယ် ဝတ္ထုရှိသော သူနှင့် တူသော ပညာရှိသော ဥဉ္ဆင်္ဂပညပုဂ္ဂိုလ်၊ ၃။ ကျယ်ပြန့်သော ပညာရှိသော ပုထုပညပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု။၁၃၅။) (အဘိ၊ပု၊မြန်။၅။၃၇။) (အဘိ၊ပု၊မြန်။၅။၃၇။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) ၁။ ကာမတို့၌လည်းကောင်း ဘဝတို့၌လည်းကောင်း တပ်ခြင်း မကင်းသော ပုဂ္ဂိုလ်၊ ၂။ ကာမတို့၌ တပ်ခြင်း ကင်းသည်ဖြစ်၍ ဘဝတို့၌ တပ်ခြင်း မကင်းသော

http://www.dhammadownload.com

ပုဂ္ဂိုလ်၊ ၃။ ကာမတို့၌လည်းကောင်း, ဘဝတို့၌လည်းကောင်း တပ်ခြင်းကင်းသော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု။၁၃၆။) (အဘိ၊ပု၊မြန်။၅၊၃၉။) (အဘိ၊ပု၊မြန်။၅၊၃၉။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) (ပါသာဏလေခူပမ စသော ပုဂ္ဂိုလ် ၃ မျိုး) ၁။ ကျောက်၌ ရေးသားထားသော အကွရာနှင့်တူသော ပါသာဏလေခူပမပုဂ္ဂိုလ်၊ ၂။ မြေကြီးပေါ်၌ ရေးသားထားသော အက္ခရာနှင့် တူသော ပထဝီလေခူပမပုဂ္ဂိုလ်၊ ၃။ ရေပေါ်၌ ရေးသားအပ်သော အက္ခရာနှင့်တူသော ဥဒကလေခူပမပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု။၁၃၇။) (အဘိ၊ပု၊မြန်။၆။၄၀။) (အဘိ၊ပု၊မြန်။၆။၄၀။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) ၁။ သီလ သမာဓိ ပညာအားဖြင့် ယုတ်ညံ့သဖြင့် မမှီဝဲ မဆည်းကပ်အပ်သော ပုဂ္ဂိုလ်၊ ၂။ သီလသမာဓိပညာအားဖြင့် တူညီသဖြင့် မှီဝဲဆည်းကပ်အပ်သော ပုဂ္ဂိုလ်၊ ၃။ သီလ သမာဓိ ပညာတို့ဖြင့် လွန်ကဲသဖြင့် အရိုအသေ အလေးအမြတ်ပြု၍ မှီဝဲဆည်းကပ်အပ်သော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု။၁၄၀။) (အဘိ၊ပု၊မြန်။၆။၄၃။) (အဘိ၊ပု၊မြန်။၆။၄၃။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) ၁။ သီလမရှိဘဲ ယုတ်မာသော အကျင့်ရှိခြင်း, မစင်ကြယ်ခြင်း, အတွင်းသဘောပုပ်ခြင်း စသည်တို့ကြောင့် စက်ဆုပ်အပ်, မမှီဝဲအပ်, မဆည်းကပ်အပ်သော ပုဂ္ဂိုလ်၊ ၂။ အမျက်ထွက်ခြင်း, စိတ်ဆိုးခြင်း, အနည်းငယ်ပြောဆိုရုံမျှဖြင့် ငြိကပ်ခြင်း စသည်တို့ကြောင့် လျစ်လျူရှုအပ်, မမှီဝဲအပ်, မဆည်းကပ်အပ်သော ပုဂ္ဂိုလ်၊ ၃။ သီလနှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းသော အကျင့်ရှိခြင်း စသည်တို့ကြောင့် မှီဝဲအပ်, ဆည်းကပ် အပ်သော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၇။) (အဘိ၊ပု။၁၄၁။) (အဘိ၊ပု၊မြန်။၆။၄၄။) (အဘိ၊ပု၊မြန်။၆။၄၄။)

ပုဂ္ဂိုလ် ၃ မျိုး (တစ်နည်း) ၁။ သီလအကျင့်တို့၌ ပြည့်စုံအောင် ပြုလေ့ရှိသည်ဖြစ်၍ သမာဓိ ပညာတို့၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိသော သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်၊ ၂။ သီလအကျင့်နှင့် သမာဓိတို့၌ ပြည့်စုံအောင် ပြုလေ့ရှိသည်ဖြစ်၍ ပညာ၌ အတိုင်းအရှည်အားဖြင့် ပြုလေ့ရှိသော အနာဂါမ်ပုဂ္ဂိုလ်၊ ၃။ သီလအကျင့်၌လည်းကောင်း, သမာဓိ၌လည်းကောင်း, ပညာ၌လည်းကောင်း ပြည့်စုံအောင် ပြုလေ့ရှိသော ရဟန္တာပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၇။) (အဘိ၊ပု။၁၄၂။) (အဘိ၊ပု၊မြန်။၆။၄၅။) (အဘိ၊ပု၊မြန်။၆။၄၅။)

ပုဂ္ဂိုလ် ၄ မျိုး (ဆင်ဦးစီး ဆင်ဆရာ၏သား ပေဿနှင့် သာလာရွာသား ပုဏ္ဏားသူကြွယ်တို့အား ဘုရားရှင် ဟောကြားခဲ့သော ပုဂ္ဂိုလ် ၄ မျိုး) ၁။ မိမိကိုယ်ကို ပူလောင်ဆင်းရဲစေတတ်, ပူလောင်ဆင်းရဲစေခြင်းကို လုံ့လပြုခြင်း၌ အားထုတ်တတ်သော ပုဂ္ဂိုလ်၊ ၂။ သူတစ်ပါးကို ပူလောင်ဆင်းရဲစေတတ်, ပူလောင်ဆင်းရဲစေခြင်းကို လုံ့လပြုခြင်း၌ အားထုတ်တတ်သော ပုဂ္ဂိုလ်၊ ၃။ မိမိကိုယ်ကိုလည်းကောင်း သူတစ်ပါးကိုလည်းကောင်း ပူလောင်ဆင်းရဲစေတတ်, ပူလောင်ဆင်းရဲစေခြင်းကို လုံ့လပြုခြင်း၌ အားထုတ်သော ပုဂ္ဂိုလ်၊ ၄။ မိမိကိုယ်ကိုလည်းကောင်း သူတစ်ပါးကိုလည်းကောင်း မပူလောင် မဆင်းရဲစေတတ်, ပူလောင်ဆင်းရဲစေခြင်းကို လုံ့လပြုခြင်း၌ အားမထုတ်သော ပုဂ္ဂိုလ်။ (မ၊၂။၃၊၇၄။) (မ၊မြန်၊၂။၄။)

ပုဂ္ဂိုလ် ၄ မျိုး(တစ်နည်း) ၁။ မိမိ၏ အကျိုးငှာ ကျင့်သည်ဖြစ်၍ သူတစ်ပါး၏ အကျိုးငှာ မကျင့်သော ပုဂ္ဂိုလ်၊ ၂။ သူတစ်ပါး၏ အကျိုးငှာ ကျင့်သည်ဖြစ်၍ မိမိ၏ အကျိုးငှာ မကျင့်သော ပုဂ္ဂိုလ်၊ ၃။ မိမိ၏ အကျိုးငှာ မကျင့်သည်ဖြစ်၍ သူတစ်ပါး၏ အကျိုးငှာလည်း မကျင့်သော

http://www.dhammadownload.com

ပုဂ္ဂိုလ်၊ ၄။ မိမိ၏ အကျိုးငှာလည်းကောင်း သူတစ်ပါး၏ အကျိုးငှာလည်းကောင်း ကျင့်သော ပုဂ္ဂိုလ်။ (ဒီ၊၃။၁၉၄။) (မ၊၌၊၂။၄၃။) (ဒီ၊မြန်၊၃။၂၁၆–၂၁၇။)

ပုဂ္ဂိုလ် ၄ မျိုး(တစ်နည်း) (သူယုတ်မာ သူတော်ကောင်း ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး) ၁။ သူယုတ်မာ ပုဂ္ဂိုလ်၊ ၂။ သူယုတ်မာထက် သူယုတ်မာပုဂ္ဂိုလ်၊ ၃။ သူတော်ကောင်းပုဂ္ဂိုလ်၊ ၄။ သူတော်ကောင်းထက် သူတော်ကောင်းပုဂ္ဂိုလ်။ (အံ၊၁။၅၃၉–၅၄၀။) (အံ၊၁။၅၄၄။) (အံ၊မြန်၊၁။၅၅၅။) (အံ၊မြန်၊၁။၅၅၅။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) ၁။ ဥဃ္ဃဋိတညူ– **မာတိကာအကျဉ်းကို** ဟောလိုက်ရုံမျှဖြင့် တစ်မဂ်တစ်ဖိုလ် တရားထူးကို ထိုးထွင်း၍ သိနိုင်သော **ပုဂ္ဂိုလ်၊** ၂။ ဝိပဉ္စိတညူ– မာတိကာအကျဉ်းကို အကျယ်ချဲ့၍ ဟောသော အခါ၌ တရားထူးရသော ပုဂ္ဂိုလ်၊ ၃။ နေယျော– ကလျာဏမိတ္တတို့ကို မှီဝဲဆီးကပ်၍ ပါဋိသင်ခြင်း အဌကထာသင်ခြင်း စသည်ဖြင့် အစဉ်အတိုင်း အားထုတ်သဖြင့် တရားထူးရသော ပုဂ္ဂိုလ်၊ ၄။ ပဒပရမော– များစွာသော ပုဂ္ဂိုလ်တို့ထံမှ ကြိမ်ဖန်များစွာ သင်ယူ နာကြား ဆည်းပူး ပွားများပါသော်လည်း ဤဘဝ၌ တရားထူး မရနိုင်သော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၇။) (အဘိ၊ပု။၁၄၇။) (ဒီ၊၌၊၂။၅၉။) (ဒီ၊၌၊၂။၆၀။) (သံ၊၌၊၁။၁၈၄။) (သံ၊၌၊၂။၄။) (အံ၊၌၊၂။၃၃၇။) (သာရတ္ထ၊ဋီ၊၃။၁၅၈။) (အဘိ၊ပု၊မြန်။၇။၅၀။) (အဘိ၊ပု၊မြန်။၇။၅၀။) (ဒီ၊၌၊မြန်၊၂။၁၁၀။) (ဒီ၊၌၊မြန်၊၂။၁၁၀။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (တမောတမပရာယန–စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ဒွန်းစဏ္ဍားမျိုး သူဆင်းရဲမျိုး စသည်၌ ဖြစ်၍ မကောင်းမှု ဒုစရိုက်တို့ကို ပြုကျင့်သဖြင့် သေလွန်သော အခါ အပါယ်ငရဲသို့ ကျရောက်ကုန်သော တမောတမပရာယဏပုဂ္ဂိုလ် (အမှောင်မှ လာ၍ အမှောင်သို့ သွားသော ပုဂ္ဂိုလ်)၊ ၂။ ဒွန်းစဏ္ဍားမျိုး သူဆင်းရဲမျိုး စသည်၌ ဖြစ်သော်လည်း ကုသိုလ်ကောင်းမှု သုစရိုက်တရားတို့ကို ပြုကျင့်သဖြင့် သေလွန်သော အခါ နတ်ပြည်သို့ ရောက်ကုန်သော တမောဇောတိပရာယဏပုဂ္ဂိုလ် (အမှောင်မှ လာ၍ အလင်းသို့ သွားသော ပုဂ္ဂိုလ်)၊ ၃။ သူဌေးသူကြွယ်မျိုး စသည်၌ ဖြစ်သော်လည်း မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုကျင့်သဖြင့် သေလွန်သော အခါ အပါယ်ငရဲသို့ ကျရောက်ကုန်သော ဇောတိတမပရာယဏ ပုဂ္ဂိုလ် (အလင်းမှ လာ၍ အမှောင်သို့ သွားသော ပုဂ္ဂိုလ်)၊ ၄။ သူဌေးသူကြွယ်မျိုး စသည်၌ ဖြစ်၍ ကုသိုလ်ကောင်းမှု ကာယသုစရိုက် တရားတို့ကို ပြုကျင့်သဖြင့် သေလွန်သော အခါ နတ်ပြည်သို့ ရောက်ကုန်သော ဇောတိဇောတိပရာယဏပုဂ္ဂိုလ် (အလင်းမှ လာ၍ အလင်းသို့ သွားသော ပုဂ္ဂိုလ်)။ (သံ၊၁။၉၄။) (အဘိ၊ပု။၁၀၉။) (အဘိ၊ပု။၁၅၉။) (နေတ္တိ၊၌။၁၃၂။) (သံ၊မြန်၊၁။၉၁။) (အဘိ၊ပု၊မြန်။၈။၆၃။) (အဘိ၊ပု၊မြန်။၈။၆၃။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) ၁။ ရှိခိုးခြင်းငှာသာ ထိုက်၍ ခရီးဦး ကြိုခြင်းငှာ မထိုက်သော ပုဂ္ဂိုလ်၊ ၂။ ခရီးဦး ကြိုခြင်းငှာသာ ထိုက်၍ ရှိခိုးခြင်းငှာ မထိုက်သော ပုဂ္ဂိုလ်၊ ၃။ ရှိခိုးခြင်းငှာလည်း ထိုက်၊ ခရီးဦး ကြိုခြင်းငှာလည်း ထိုက်သော ပုဂ္ဂိုလ်၊ ၄။ ရှိခိုးခြင်းငှာလည်း မထိုက်၊ ခရီးဦး ကြိုခြင်းငှာလည်း မထိုက်သော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၂၇။) (ဝိ၊မြန်၊၅။၃၁၅။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) ၁။ နေရာပေးခြင်းငှာ ထိုက်၍ ရှိခိုခြင်းငှာ မထိုက်သော ပုဂ္ဂိုလ်၊ ၂။ ရှိခိုးခြင်းငှာ ထိုက်၍ နေရာပေးခြင်းငှာ မထိုက်သော ပုဂ္ဂိုလ်၊ ၃။ နေရာပေးခြင်းငှာလည်း

http://www.dhammadownload.com

ထိုက်၊ ရှိခိုးခြင်းငှာလည်း ထိုက်သော ပုဂ္ဂိုလ်၊ ၄။ နေရာပေးခြင်းငှာလည်း မထိုက်၊ ရှိခိုးခြင်းငှာလည်း မထိုက်သော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၂၇။) (ဝိ၊မြန်၊၅။၃၁၆။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ယောဋ္ဌမုခပုဏ္ဏားအား အရှင်ဥဒေန ဟောကြားခဲ့သော လောကဒ္ဓံ ရှိသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ မိမိကိုယ်ကို ပူလောင် ဆင်းရဲစေတတ်, ပူလောင် ဆင်းရဲစေခြင်းကို လုံ့လပြုခြင်းကို အားထုတ်သော ပုဂ္ဂိုလ်၊ ၂။ သူတစ်ပါးကို ပူလောင်ဆင်းရဲ စေတတ်, ပူလောင် ဆင်းရဲစေခြင်းကို လုံ့လပြုခြင်းကို အားထုတ်သော ပုဂ္ဂိုလ်၊ ၃။ မိမိကိုယ်ကို လည်းကောင်း သူတစ်ပါးကို လည်းကောင်း ပူလောင်ဆင်းရဲစေတတ်, ပူလောင်ဆင်းရဲ စေခြင်းကို လုံ့လ ပြုခြင်းကို အားထုတ်သော ပုဂ္ဂိုလ်၊ ၄။ မိမိကိုယ်ကိုလည်းကောင်း သူတစ်ပါး ကိုလည်းကောင်း ပူလောင် ဆင်းရဲစေတတ်သူလည်း မဟုတ် ပူလောင်ဆင်းရဲစေခြင်းကို လုံ့လ ပြုခြင်းကို အားထုတ်သူလည်း မဟုတ်သော ပုဂ္ဂိုလ်။ (မ၊၂။၃၆၅။) (မ၊မြန်၊၂။၃၆၉။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ဘုရားရှင်ပွင့်ထွန်းသော ကာလ၌ သီလကို ဟောပြသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ရဟန်းသံဃာ၊ ၂။ ရဟန်းမသံဃာ၊ ၃။ ဥပါသကာ သီတင်းသည်ယောကျ်ားတို့၊ ၄။ ဥပါသိကာ သီတင်းသည်မိန်းမတို့။ (အဘိ၊၆၊၂။၃၉၅။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ပမာဏပြုခြင်းနှင့် စပ်၍ ကြည်ညိုသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ရုပ်ကိုသာ ပမာဏပြု၍ ရုပ်၌ ကြည်ညိုသော ပုဂ္ဂိုလ်၊ ၂။ အသံကိုသာ ပမာဏပြု၍ အသံ၌သာ ကြည်ညိုသော ပုဂ္ဂိုလ်၊ ၃။ ခေါင်းပါးမှုကိုသာ ပမာဏပြု၍ ခေါင်းပါးခြင်း၌ ကြည်ညိုသော ပုဂ္ဂိုလ်၊ ၄။ တရားဓမ္မကိုသာ ပမာဏပြု၍ တရားဓမ္မ၌ ကြည်ညိုသော ပုဂ္ဂိုလ်။ (အံ၊၁။၃၈၂။) (အံ၊မြန်၊၁။၃၉၇။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ဈာန်ဝင်စားသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ပြည့်စုံသည်သာ ဖြစ်လျက် ချို့တဲ့၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ ချို့တဲ့သည်သာ ဖြစ်လျက် ပြည့်စုံဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၃။ ပြည့်စုံသည်သာ ဖြစ်လျက် ပြည့်စုံ၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၄။ ချို့တဲ့သည်သာ ဖြစ်လျက် ပြည့်စုံ၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (အဘိ၊၀။၃၅၅။) (အဘိ၊၀၊မြန်၊၂။၄၃၉။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ဈာန်ဝင်စားသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ဖြည်းနှေးစွာ ဝင်စား၍ လျင်မြန်စွာ ထသော ပုဂ္ဂိုလ်၊ ၂။ လျင်မြန်စွာ ဝင်စား၍ ဖြည်းနှေးစွာ ထသော ပုဂ္ဂိုလ်၊ ၃။ ဖြည်းနှေးစွာ ဝင်စား၍ ဖြည်းနှေးစွာ ထသော ပုဂ္ဂိုလ်၊ ၄။ လျင်မြန်စွာ ဝင်စား၍ လျင်မြန်စွာ ထသော ပုဂ္ဂိုလ်။ (အဘိ၊၀။၃၅၅။) (အဘိ၊၀၊မြန်၊၂။၄၄၀။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ဈာန်ဝင်စားသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ သမာဓိဈာန်အရာ၌ စိတ်ကို ထားရန် လိမ္မာ၍ သမာပတ်ဝင်စားရန် မလိမ္မာသော ပုဂ္ဂိုလ်၊ ၂။ သမာဓိဈာန်အရာ၌ သမာပတ်ဝင်စားရန် လိမ္မာ၍ စိတ်ကို ထားရန် မလိမ္မာသော ပုဂ္ဂိုလ်၊ ၃။ သမာဓိဈာန်အရာ၌ စိတ်ကိုထားရန် လိမ္မာ၍ သမာပတ်ဝင်စားရန်လည်း လိမ္မာသော ပုဂ္ဂိုလ်၊ ၄။ သမာဓိဈာန် အရာ၌ စိတ်ကို ထားရန် မလိမ္မာ၍ သမာပတ်ဝင်စားရန်လည်း မလိမ္မာသော ပုဂ္ဂိုလ်။ (အဘိ၊၀။၃၅၆။) (အဘိ၊၀၊မြန်၊၂။၄၄၀။)

http://www.dhammadownload.com

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) ၁။ ရေစုန်မျှော၍ လိုက်တတ်သော ပုဂ္ဂိုလ်၊ ၂။ အထက်ရေညာသို့ ဆန်တက်တတ်သော ပုဂ္ဂိုလ်၊ ၃။ အောက်သို့လည်း မစုန်, အထက်သို့ မဆန်တက်ဘဲ အလည်၌ တည်တတ်သော ပုဂ္ဂိုလ်၊ ၄။ တစ်ဖက်ကမ်းသို့ ကူးမြောက်လျက် ကြည်းကုန်း အထက်၌ တည်တတ်သော ပုဂ္ဂိုလ်။ (နေတ္တိ၊၌။၁၃၆။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (အသပ္ပုရိသ စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ သူ့အသက် သတ်ခြင်း, သူ့ဥစ္စာကို ခိုးခြင်း စသည်ကို ပြုလေ့ရှိသဖြင့် သူတော်ကောင်းမဟုတ်သော အသပ္ပုရိသ ပုဂ္ဂိုလ်၊ ၂။ မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်း စသည်ကို ပြုလျက် သူတစ်ပါးတို့ အားလည်း သူ့အသက်သတ်ခြင်း စသည်ကို ပြုလုပ်စေတတ်သော သူတော်မဟုတ်သူအောက် သာလွန်၍ သူတော်ကောင်းမဟုတ်သော–အသပ္ပုရိသေန အသပ္ပုရိသတရပုဂ္ဂိုလ်၊ ၃။ သူ့အသက် သတ်ခြင်း စသည်မှ ရှောင်ကြဉ်သဖြင့် သူတော်ကောင်းဖြစ်သော သပ္ပုရိသပုဂ္ဂိုလ်၊ ၄။ မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်လျက် သူတစ်ပါးတို့ကိုလည်း သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်စေတတ်သော သူတော်ကောင်းထက် သာလွန်၍ သူတော်ကောင်းဖြစ်သော သပ္ပုရိသေန သပ္ပုရိသတရပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၇။) (အဘိ၊ပု။၁၄၃။) (အဘိ၊ပု၊မြန်။၆။၄၇။) (အဘိ၊ပု၊မြန်။၆။၄၇။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ပါပ စသော ပုဂ္ဂိုလ် ၄ ပါး) ၁။ သူ့အသက်သတ်ခြင်း စသည်ကို ပြုလေ့ရှိသဖြင့် ယုတ်မာသော ပါပပုဂ္ဂိုလ်၊ ၂။ သူ့အသက်သတ်ခြင်း စသည်ကို မိမိကိုယ်တိုင်လည်း ပြုလုပ်လျက်၊ သူတစ်ပါးတို့ကိုလည်း ပြုလုပ်စေသော ယုတ်မာသော ပုဂ္ဂိုလ်အောက် သာလွန်၍ ယုတ်မာသော ပါပေနပါပတရပုဂ္ဂိုလ်၊ ၃။ သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်သဖြင့် ကောင်းမြတ်သော ကလျာဏပုဂ္ဂိုလ်၊ ၄။ သူ့အသက် သတ်ခြင်း စသည်မှ မိမိကိုယ်တိုင်လည်း ရှောင်ကြဉ်၍ သူတစ်ပါးတို့ကိုလည်း ရှောင်ကြဉ်စေတတ်သော ကောင်းမြတ်သော ပုဂ္ဂိုလ်ထက် သာလွန်၍ ကောင်းမြတ်သော ကလျာဏေန ကလျာဏတရ ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၇။) (အဘိ၊ပု။၁၄၄။) (အဘိ၊ပု၊မြန်။၆။၄၈။) (အဘိ၊ပု၊မြန်။၆။၄၈။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ပါပဓမ္မ–စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ သူ့အသက်သတ်ခြင်း စသည်ကို ပြုလေ့ရှိသဖြင့် ယုတ်ညံ့သော အကျင့်ရှိသော ပါပဓမ္မပုဂ္ဂိုလ်၊ ၂။ မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်း စသော အမှုကို ပြုလျက် သူ့တစ်ပါးတို့အားလည်း သူ့အသက်သတ်ခြင်း စသော အမှုကို ပြုလုပ်စေတတ်သော ယုတ်ညံ့သော အကျင့်ရှိသူအောက် သာလွန်၍ ယုတ်ညံ့သော အကျင့်ရှိသော ပါပဓမ္မေန ပါပဓမ္မတရပုဂ္ဂိုလ်၊ ၃။ သူ့အသက်သတ်ခြင်း စသည်မှ ရှောင်ကြဉ်သဖြင့် ကောင်းမြတ်သော အကျင့်ရှိသော ကလျာဏဓမ္မပုဂ္ဂိုလ်၊ ၄။ မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းစသည်မှ ရှောင်ကြဉ်၍ သူတစ်ပါးတို့အားလည်း ရှောင်ကြဉ်စေတတ်သော ကောင်းသော အကျင့်ရှိသူထက် သာ၍ကောင်းသော အကျင့်ရှိသော ကလျာဏဓမ္မေန ကလျာဏဓမ္မတရပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၇။) (အဘိ၊ပု။၁၄၆။) (အဘိ၊ပု၊မြန်။၆။ ၄၉။) (အဘိ၊ပု၊မြန်။၆။၄၉။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (သာဝဇ္ဇ–စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ အပြစ်ရှိသော ကာယကံ, ဝစီကံ, မနောကံတို့နှင့် ပြည့်စုံသော သာဝဇ္ဇပုဂ္ဂိုလ်၊ ၂။ အပြစ်ရှိသော ကာယကံ, ဝစီကံ, စသည်တို့နှင့်

http://www.dhammadownload.com

များစွာပြည့်စုံလျက် အပြစ်မရှိသော ကာယက်, ဝစီက် စသည်တို့နှင့် အနည်းငယ် ပြည့်စုံသော ဝဇ္ဇဟုလပုဂ္ဂိုလ်၊ ၃။ အပြစ်မရှိသော ကာယက် စသည်တို့နှင့် များစွာပြည့်စုံလျက် အပြစ်ရှိသော ကာယက် စသည်တို့နှင့် အနည်းငယ်မျှသာ ပြည့်စုံသော အပွဝဇ္ဇပုဂ္ဂိုလ်၊ ၄။ အပြစ်မရှိသော ကာယက်, ဝစီက်, မနောက် တို့နှင့် ပြည့်စုံသော အနဝဇ္ဇပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၇။) (အဘိ၊ပု။၁၄၆။) (အဘိ၊ပု၊မြန်။၆။၄၉။) (အဘိ၊ပု၊မြန်။၆။၄၉။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ယုတ္တပွဋ္ဌိဘာန စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ပြဿနာကို မေးအပ်သည် ရှိသော် သင့်လျော်စွာ ဖြေဆိုတတ်လျက် လွတ်လွတ်လပ်လပ် သွက်လက်လျင်မြန်စွာ မဖြေဆိုတတ်သော ယုတ္တပွဋ္ဌိဘာန နောမုတ္တပွဋ္ဌိဘာနပုဂ္ဂိုလ်၊ ၂။ ပြဿနာကို မေးအပ်သည်ရှိသော် သွက်လက်မြန်စွာ လွတ်လွတ်လပ်လပ် ဖြေဆိုတတ်လျက် သင့်လျော်သည်ကို မဖြေဆိုတတ်သော မုတ္တပွဋ္ဌိဘာန နောယုတ္တပွဋ္ဌိဘာနပုဂ္ဂိုလ်၊ ၃။ ပြဿနာကို မေးအပ်သည်ရှိသော် သင့်လျော်စွာလည်း ဖြေဆိုတတ်၍ သွက်လက်လျင်မြန်စွာ လွတ်လွတ်လပ်လပ်လည်း ဖြေဆိုတတ်သော ယုတ္တပွဋ္ဌိဘာန မုတ္တပွဋ္ဌိဘာနပုဂ္ဂိုလ်၊ ၄။ ပြဿနာကို မေးအပ်သည်ရှိသော် သင့်လျော်စွာလည်း မဖြေဆိုတတ်ဘဲ သွက်လက်လျင်မြန်စွာ လွတ်လွတ်လပ်လပ်လည်း မဖြေဆိုတတ်သော နောယုတ္တပွဋ္ဌိဘာန နောမုတ္တပွဋ္ဌိဘာနပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၈။) (အဘိ၊ပု။၁၄၇။) (အဘိ၊ပု၊မြန်။ ၇။၅၀။) (အဘိ၊ပု၊မြန်။၇။၅၀။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (မဆင်မခြင်ပြုလုပ်တတ်သော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ဉာဏ်ဖြင့် မဆင်ခြင်မသက်ဝင်မှု၍ မချီးမွမ်းထိုက်သော မကောင်းသောအကျင့် မှားသောအကျင့် ရှိကုန်သော တိတ္ထိဆရာကြီးများနှင့် ယင်းတို့၏ တပည့်သာဝကတို့အား ကောင်းစွာ ကျင့်သူ၊ မှန်စွာ ကျင့်သူများ ဖြစ်ကြ၏ဟု ဂုဏ်ကျေးဇူးကို ပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၂။ ဉာဏ်ဖြင့် မဆင်ခြင်မသက်ဝင်မှု၍ ချီးမွမ်းထိုက်သော ကောင်းသောအကျင့် မှန်သောအကျင့်ရှိကုန်သော ဘုရားရှင်နှင့် ယင်းတို့၏ တပည့်သာဝကတို့အား အကျင့်မကောင်းသူ အကျင့်မှားသူများ ဖြစ်ကြ၏ဟု ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၃။ ဉာဏ်ဖြင့် မဆင်ခြင် မသက်ဝင်မှု၍ မကြည်ညိုထိုက်သော အရာ၌ မကောင်းသောအကျင့်, မှားသောအကျင့်ကို ကောင်းသော အကျင့်, မှန်သောအကျင့်ဟု ကြည်ညိုခြင်းကို ဖြစ်စေတတ်သော ပုဂ္ဂိုလ်၊ ၄။ ဉာဏ်ဖြင့် မဆင်ခြင် မသက်ဝင်မှု၍ ကြည်ညိုထိုက်သော အရာ၌ ကောင်းသောအကျင့်, မှန်သောအကျင့်ကို မကောင်းသောအကျင့်, မှားယွင်းသောအကျင့်ဟု မကြည်ညိုခြင်းကို ဖြစ်စေတတ်သော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၈။) (အဘိ၊ပု။၁၅၆။) (အဘိ၊ပု၊မြန်။၇။၆၀။) (အဘိ၊ပု၊ မြန်။၇။၆၀။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ဆင်ခြင်၍ပြုလုပ်တတ်သော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ဉာဏ်ဖြင့် ဆင်ခြင်သက်ဝင်၍ မချီးမွမ်းထိုက်သော တိတ္ထိဆရာကြီးများနှင့် ယင်းတို့၏ တပည့်သာဝကတို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၂။ ဉာဏ်ဖြင့် ဆင်ခြင်သက်ဝင်၍ ချီးမွမ်း ထိုက်သော ဘုရားရှင်နှင့် ယင်း၏ တပည့်သာဝကတို့၏ ဂုဏ်ကျေးဇူးကို ပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၃။ ဉာဏ်ဖြင့် ဆင်ခြင်သက်ဝင်၍ မကြည်ညိုထိုက်သော အရာ၌ မကြည်ညိုခြင်းကို ပြတတ်သော ပုဂ္ဂိုလ်၊ ၄။ ဉာဏ်ဖြင့် ဆင်ခြင်သက်ဝင်၍ ကြည်ညိုထိုက်သော အရာ၌ ကြည်ညိုခြင်းကို ပြတတ်သော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၈။) (အဘိ၊ပု။၁၅၇။) (အဘိ၊ပု၊မြန်။၇။၆၁။)

http://www.dhammadownload.com

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (အသက်မွေးမှုပြုသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ လုံ့လ၏ အကျိုးကိုသာ မှီ၍ အသက်မွေးလျက် ရွေးကောင်းမှုကုသိုလ်ကံ၏ အကျိုးကို မမှီဘဲ အသက်မွေးသော ပုဂ္ဂိုလ်၊ ၂။ ရွေးကောင်းမှုကုသိုလ်ကံ၏ အကျိုးကိုသာ မှီ၍ အသက်မွေးလျက် လုံ့လ၏ အကျိုးကို မမှီဘဲ အသက်မွေးသော ပုဂ္ဂိုလ်၊ ၃။ လုံ့လအကျိုးကိုလည်းမှီ, ရွေးကုသိုလ်ကောင်းမှုကံ၏ အကျိုးကိုလည်း မှီ၍ အသက်မွေးသော ပုဂ္ဂိုလ်၊ ၄။ လုံ့လ၏ အကျိုးကိုလည်း မမှီ, ရွေးကောင်းမှုကုသိုလ်ကံ၏ အကျိုးကိုလည်း မမှီဘဲ အသက်မွေးသော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၉။) (အဘိ၊ပု။ ၁၅၈။) (အဘိ၊ပု၊မြန်။၈။၆၂။) (အဘိ၊ပု၊မြန်။၈။၆၂။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ဩဇာတောဇာတ–စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ အောက်မှလာ၍ အောက်သို့ညွတ်သော ဩဇာတောဇာတပုဂ္ဂိုလ်၊ ၂။ အောက်မှလာ၍ အထက်သို့ညွတ်သော ဩဇာတုဏ္ဏတပုဂ္ဂိုလ်၊ ၃။ အထက်မှလာ၍ အောက်သို့ညွတ်သော ဥဏ္ဏာတောဇာတပုဂ္ဂိုလ်၊ ၄။ အထက်မှလာ၍ အထက်သို့ညွတ်သော ဥဏ္ဏာတုဏ္ဏတပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၉။) (အဘိ၊ပု။ ၁၆၀။) (အဘိ၊ပု၊မြန်။၈။၆၄။) (အဘိ၊ပု၊မြန်။၈။၆၄။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ရူပပွမာဇာစသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ရုပ်အဆင်းလျှင် အတိုင်းအရှည် ရှိသော ရူပပွမာဇာပုဂ္ဂိုလ်၊ ၂။ ရုပ်အဆင်း၌ ကြည်ညိုသော ရူပပွသန္နပုဂ္ဂိုလ်၊ ၃။ အသံလျှင် အတိုင်းအရှည်ရှိသော ပုဂ္ဂိုလ်၊ ၄။ အသံ၌ ကြည်ညိုသော ဃောသပွသန္နပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၉။) (အဘိ၊ပု။၁၆၁။) (အဘိ၊ပု၊မြန်။၈။၆၅။) (အဘိ၊ပု၊မြန်။၈။၆၅။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (လူခပွမာဇာစသောပုဂ္ဂိုလ် ၄ မျိုး) ၁။ ခေါင်းပါးခြင်းလျှင် အတိုင်းအရှည်ရှိသော လူခပွမာဇာပုဂ္ဂိုလ်၊ ၂။ ခေါင်းပါးခြင်း၌ ကြည်ညိုသော လူခပွသန္န ပုဂ္ဂိုလ်၊ ၃။ တရားလျှင်အတိုင်းအရှည်ရှိသော ဓမ္မပွမာဇာပုဂ္ဂိုလ်၊ ၄။ တရား၌ ကြည်ညိုသော ဓမ္မပွသန္န ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၉။) (အဘိ၊ပု။၁၆၂။) (အဘိ၊ပု၊မြန်။၈။၆၆။) (အဘိ၊ပု၊မြန်။၈။၆၆။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (အတ္တဟိတ ပဋိပန္နစသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ မိမိ၏ အကျိုးစီးပွား အတွက်သာ ကျင့်၍ သူတစ်ပါးတို့၏ အကျိုးစီးပွားအတွက် မကျင့်သော အတ္တဟိတပဋိပန္နပုဂ္ဂိုလ်၊ ၂။ သူတစ်ပါးတို့၏ အစီးအပွားအတွက်သာ ကျင့်၍ မိမိ၏ အစီးအပွားအတွက် မကျင့်သော ပရဟိတပဋိပန္နပုဂ္ဂိုလ်၊ ၃။ မိမိ၏ အစီးအပွားအတွက်လည်း ကျင့်၍ သူတစ်ပါးတို့၏ အစီးအပွားအတွက်လည်း ကျင့်သော အတ္တပရဟိတပဋိပန္နပုဂ္ဂိုလ်၊ ၄။ မိမိ၏ အစီးအပွား အတွက်လည်း မကျင့်မူ၍ သူတစ်ပါးတို့၏ အစီးအပွားအတွက်လည်း မကျင့်သော နှ အတ္တ ပရဟိတပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၉။) (အဘိ၊ပု။၁၆၂။) (အဘိ၊ပု၊မြန်။၈။၆၆။) (အဘိ၊ပု၊မြန်။၈။၆၆။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (မိမိကိုယ်ကို ပူလောင်စေတတ်သော ပုဂ္ဂိုလ် စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ မိမိကိုယ်ကို ပူလောင်ဆင်းရဲစေသည် ဖြစ်၍ ပူလောင်ဆင်းရဲစေခြင်းနှင့် ယှဉ်သော အမှုကို အဖန်ဖန်အားထုတ်သော အတ္တန္တပပုဂ္ဂိုလ်၊ ၂။ သူတစ်ပါးကို ပူလောင်ဆင်းရဲစေသည် ဖြစ်၍ ပူလောင်ဆင်းရဲစေခြင်းနှင့် ယှဉ်သော အမှုကို အဖန်ဖန်အားထုတ်သော ပရန္တပပုဂ္ဂိုလ်၊ ၃။ မိမိကိုယ်ကို လည်းကောင်း, သူတစ်ပါးကိုလည်းကောင်း နှစ်ဦးလုံးကို ပူလောင်ဆင်းရဲစေသည် ဖြစ်၍ ပူလောင်ဆင်းရဲစေခြင်းနှင့် ယှဉ်သော အမှုကို အဖန်ဖန်အားထုတ်သော

http://www.dhammadownload.com

အတ္တပရန္တပပုဂ္ဂိုလ်၊ ၄။ မိမိကိုယ်ကိုလည်းကောင်း, သူတစ်ပါးကိုလည်းကောင်း နှစ်ဦးလုံးကို မပူလောင် မဆင်းရဲစေသည် ဖြစ်၍ ယင်းပူလောင်ဆင်းရဲစေခြင်းနှင့် ယှဉ်သော အမှုကို အဖန်အဖန် အားမထုတ်သော နအတ္တပရန္တပပုဂ္ဂိုလ်။ (ဒီ၊၃။၁၉၄။) (အဘိ၊ပု။၁၀၉။) (အဘိ၊ပု။၁၆၅။) (ဒီ၊မြန်၊၃။၂၁၆။) (အဘိ၊ပု၊မြန်။၈။၆၇။) (အဘိ၊ပု၊မြန်။၈။၆၇။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (သရာဂ စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ရာဂကို မပယ်ရသေးသဖြင့် ရာဂ ရှိနေသော ရာဂနှင့် တကွဖြစ်သော သရာဂပုဂ္ဂိုလ်၊ ၂။ ဒေါသကို မပယ်ရသေးသဖြင့် ဒေါသ ရှိနေသော ဒေါသနှင့် တကွဖြစ်သော သဒေါသပုဂ္ဂိုလ်၊ ၃။ မောဟကို မပယ်ရသေးသဖြင့် မောဟရှိနေသော မောဟနှင့် တကွဖြစ်သော သမောဟပုဂ္ဂိုလ်၊ ၄။ မာနကို မပယ်ရသေးသဖြင့် မာနရှိသော မာနနှင့် တကွဖြစ်သော သမာနပုဂ္ဂိုလ်။ (အဘိ၊ပု။၁၁၀။) (အဘိ၊ပု။၁၇၀။) (အဘိ၊ပု၊မြန်။၉။၇၄။) (အဘိ၊ပု၊မြန်။၉။၇၄။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (စတုတ္ထဈာန်ရ–စသောပုဂ္ဂိုလ် ၄ မျိုး) ၁။ အဈ္ဈတ္တသန္တာန်၌ စိတ်ငြိမ်း အေးကြောင်း စတုတ္ထဈာန်သမာပတ်ကိုသာ ရရှိသည်ဖြစ်၍ အဓိပညာဟုဆိုအပ်သော ခန္ဓာတရားတို့၌ ရှုမှတ်မှုဝိပဿနာကို မရသော ပုဂ္ဂိုလ်၊ ၂။ အဓိပညာဟုဆိုအပ်သော ခန္ဓာတရားတို့၌ ရှုမှတ်မှုဝိပဿနာကိုသာ ရရှိ၍ အဈ္ဈတ္တသန္တာန်၌ စိတ်ငြိမ်းအေးကြောင်း စတုတ္ထဈာန်သမာပတ်ကို မရသော ပုဂ္ဂိုလ်၊ ၃။ စတုတ္ထဈာန်သမာပတ်နှင့် အဓိပညာ ဓမ္မဝိပဿနာ နှစ်ပါးစုံကို ရသောပုဂ္ဂိုလ်၊ ၄။ စတုတ္ထဈာန်သမာပတ်နှင့် အဓိပညာ ဓမ္မဝိပဿနာ နှစ်ပါးစုံကို မရသော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၁၀။) (အဘိ၊ပု။၁၇၁။) (အဘိ၊ပု၊မြန်။၉။၇၅။) (အဘိ၊ပု၊မြန်။၉။၇၅။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (အနုသောတဂါမီ စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ကာမဂုဏ်တို့ကို မှီဝဲလျက် မကောင်းမှုတို့ကို ပြုလုပ်ခြင်းကြောင့် သံသရာဝဋ်ဆင်းရဲ ရေအယဉ်သို့ အစဉ်လိုက်ပါနေရသော အနုသောတဂါမီ ပုဂ္ဂိုလ်၊ ၂။ ကာမဂုဏ်တို့ကို မမှီဝဲဘဲ မကောင်းမှုတို့မှ ရှောင်ကြဉ်ခြင်းကြောင့် သံသရာဝဋ်ဆင်းရဲ ရေအယဉ်သို့ အစဉ်မလိုက်ပါမူ၍ ဝဋ်ရေအယဉ်၏ အထက်သို့ ဆန်တက်သော ပဋိသောတဂါမိပုဂ္ဂိုလ်၊ ၃။ အောက်ပိုင်းသံယောဇဉ် ငါးပါး ကုန်ခြင်းကြောင့် ရူပဘုံမှ ဤကာမဘုံသို့ ပြန်မလည်တော့ဘဲ တည်တံ့သော သဘောရှိသော ဝိတတ္တပုဂ္ဂိုလ်၊ ၄။ တဏှာရေအယဉ် သံသရာရေအယဉ်ကို ကူးမြောက်ပြီးသည်ဖြစ်၍ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းသို့ ရောက်လျက် အရဟတ္တဖိုလ်တည်းဟူသော ကြည်းကုန်း၌ တည်သော တိဏ္ဏပါရင်္ဂတပုဂ္ဂိုလ်။ (အဘိ၊ပု။၁၁၀။) (အဘိ၊ပု။၁၇၁။) (အဘိ၊ပု၊မြန်။၉။၇၅။) (အဘိ၊ပု၊မြန်။၉။၇၅။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (အပ္ပဿုတ–စသောပုဂ္ဂိုလ် ၄ မျိုး) ၁။ သုတ္တ ဂေယျ စသော အကြားအမြင် နည်းသည်ဖြစ်၍ အကြားအမြင်နှင့် မပြည့်စုံသော အပ္ပဿုတသုတေန အနုပပန္နပုဂ္ဂိုလ်၊ ၂။ သုတ္တ ဂေယျစသော အကြားအမြင်နည်းသည်ဖြစ်၍ ထိုအနည်းငယ်သော သုတ္တ ဂေယျ စသော အကြားအမြင်၏ အနက်ကို သိလျက် လောကုတ္တရာ တရားအားလျော်စွာ ကျင့်သော အပ္ပဿုတသုတေန ဥပပန္နပုဂ္ဂိုလ်၊ ၃။ သုတ္တ–ဂေယျ–ဝေယျာကရဏစသော အကြားအမြင် များသည်ဖြစ်၍ တိုများစွာသော သုတ္တ ဂေယျစသော အကြားအမြင်၏ အနက်ကို မသိဘဲ လောကုတ္တရာတရားအားလျော်စွာ မကျင့်သော ဗဟုဿုတသုတေန အနုပပန္နပုဂ္ဂိုလ်၊ ၄။ သုတ္တ

http://www.dhammadownload.com

ဂေယျစသော အကြားအမြင်များသည်ဖြစ်၍ ထိုများစွာသော သုတ္တ ဂေယျစသော အကြားအမြင်၏ အနက်ကို သိလျက် လောကုတ္တရာတရားအား လျော်စွာ ကျင့်သော ဗဟုသုတသုတေန ဥပပန္နပုဂ္ဂိုလ်။ (အဘိ၊ပု။၁၁၀။) (အဘိ၊ပု။၁၇၂။) (အဘိ၊ပု။၁၇၃။) (အဘိ၊ပု၊မြန်။၉။၇၆။) (အဘိ၊ပု၊မြန်။၉။၇၆။) (အဘိ၊ပု၊မြန်။၉။၇၇။)

ပုဂ္ဂိုလ် ၄ မျိုး (မတုန်မလှုပ်တတ်သော ရဟန်း-စသော ရဟန်း ၄ မျိုး) အပွဿုတ-စသော ပုဂ္ဂိုလ် ၄ မျိုးနှင့် တူသည်။

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (အနဂၤဏသုတ်လာ ပုဂ္ဂိုလ် ၄ မျိုး) ၁။ မိမိ၏ စိတ်အစဉ်၌ ကိလေသာအညစ်အကြေး ရှိနေပါလျက် ကိလေသာအညစ်အကြေး ရှိ၏ဟု အမှန်အတိုင်း မသိသော ပုဂ္ဂိုလ်၊ ၂။ မိမိ၏ စိတ်အစဉ်၌ ကိလေသာအညစ်အကြေး ရှိနေသည်ကို ကိလေသာအညစ်အကြေး ရှိ၏ဟု အမှန်အတိုင်းသိသော ပုဂ္ဂိုလ်၊ ၃။ မိမိ၏ စိတ်အစဉ်၌ ကိလေသာအညစ်အကြေး မရှိခြင်းကို ကိလေသာအညစ်အကြေး မရှိဟု အမှန်အတိုင်း မသိသော ပုဂ္ဂိုလ်၊ ၄။ မိမိ၏ စိတ်အစဉ်၌ ကိလေသာအညစ်အကြေး မရှိခြင်းကို ကိလေသာအညစ်အကြေး မရှိဟု အမှန်အတိုင်း သိသော ပုဂ္ဂိုလ်။ (မ၊၁။၂၉။) (မ၊မြန်၊၁။၃၃။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) ၁။ ထိုထိုအာရုံ၌ လိုချင်တပ်မက်မှု ရှိသူ-အတ္တိစ္ဆာပုဂ္ဂိုလ်၊ ၂။ အလိုဆိုး ရှိသူ- ပါပိစ္ဆာပုဂ္ဂိုလ်၊ ၃။ အလိုကြီးသူ- မဟိစ္ဆာပုဂ္ဂိုလ်၊ ၄၊ အလိုနည်းသူ- အပ္ပိစ္ဆာပုဂ္ဂိုလ်။ (ဥဒါန၊၁၌။၂၀၆။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ဓုတ နဓုတဝါဒ စသော ပုဂ္ဂိုလ် ၄ မျိုး) ၁။ ဓုတ နဓုတဝါဒ- မိမိကိုယ်တိုင်သာ ဓုတင်အကျင့်တို့ကို ဆောက်တည်၍ သူတစ်ပါးတို့အား မဆောက်တည်စေသော ပုဂ္ဂိုလ်၊ ၂။ နဓုတ ဓုတဝါဒ- မိမိကိုယ်တိုင် ဓုတင်အကျင့်တို့ကို မဆောက်တည်ဘဲ သူတစ်ပါးတို့အား ဆောက်တည်စေသော ပုဂ္ဂိုလ်၊ ၃။ နေဝ ဓုတ နဓုတဝါဒ- မိမိကိုယ်တိုင်လည်း ဓုတင်အကျင့်ကို မဆောက်တည်, သူတစ်ပါးကိုလည်း မဆောက်တည်စေသော ပုဂ္ဂိုလ်၊ ၄။ ဓုတ ဓုတဝါဒ- မိမိကိုယ်တိုင်လည်း ဓုတင်အကျင့်ကို ဆောက်တည်ပြီး သူတစ်ပါးကိုလည်း ဆောက်တည်စေသော ပုဂ္ဂိုလ်။ (ဥဒါန၊၁၌။၂၂၉။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) ၁။ (ပစ္စုပ္ပန်ဘဝ၌) ယုတ်၍ ယုတ်သော လားရာရှိသော ပုဂ္ဂိုလ်၊ ၂။ (ပစ္စုပ္ပန်ဘဝ၌) ယုတ်၍ မြတ်သော လားရာရှိသော ပုဂ္ဂိုလ်၊ ၃။ (ပစ္စုပ္ပန်ဘဝ၌) မြတ်၍ ယုတ်သော လားရာရှိသော ပုဂ္ဂိုလ်။)၊ ၄။ (ပစ္စုပ္ပန်ဘဝ၌) မြတ်၍ မြတ်သော လားရာရှိသော ပုဂ္ဂိုလ်။ (ဒီ၊၃။၁၉၄။) (ဒီ၊မြန်၊၃။၂၁၇။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) ၁။ မတုန်မလှုပ်သော သဒ္ဓါနှင့် ပြည့်စုံသော ရဟန်း၊ ၂။ ကြာပဒုမာနှင့် တူသော ရဟန်း၊ ၃။ ကြာပုဏ္ဍရိက်နှင့် တူသော ရဟန်း၊ ၄။ နူးညံ့သိမ်မွေ့သော ရဟန်း။ (ဒီ၊၃။ ၁၉၄။) (ဒီ၊မြန်၊၃။၂၁၇။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ပရိသတ်ကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ် ၄ ယောက်) ၁။ သီလမရှိ ယုတ်မာသော အကျင့်ရှိသော ရဟန်း (ဘိက္ခု)၊ ၂။ သီလမရှိ၊ ယုတ်မာသော အကျင့်ရှိသော

http://www.dhammadownload.com

ရဟန်းမ (ဘိက္ခုနီ)၊ ၃။ သီလမရှိ ယုတ်မာသော အကျင့်ရှိသော ဒါယကာ (ဥပါသကာ)၊ ၄။ သီလမရှိ ယုတ်မာသော အကျင့်ရှိသော ဒါယိကာမ (ဥပါသိကာ) ။ (ဝိ၊၅။၂၂၆။) (ဝိ၊မြန်၊၅။၃၁၄။)

ပုဂ္ဂိုလ် ၄ မျိုး (တစ်နည်း) (ပရိသတ်၌ တင့်တယ်စေသော ပုဂ္ဂိုလ် ၄ ယောက်) ၁။ သီလရှိသော ကောင်းသော အကျင့်ရှိသော ရဟန်းယောကျ်ား (ဘိက္ခု။)၊ ၂။ သီလရှိသော ကောင်းသော အကျင့်ရှိသော ရဟန်းမ (ဘိက္ခုနီ။)၊ ၃။ သီလရှိသော ကောင်းသော အကျင့် ရှိသော ဒါယကာ (ဥပါသကာ)၊ ၄။ သီလရှိသော ကောင်းသော အကျင့်ရှိသော ဒါယိကာမ (ဥပါသိကာ)။ (ဝိ၊၅။၂၂၆။) (ဝိ၊မြန်၊၅။၃၁၄။)

ပုဂ္ဂိုလ် ၅ မျိုး (ပေးလှူပြီး မထီမဲ့မြင် ပြုလုပ်တတ်သော ပုဂ္ဂိုလ်–စသော ပုဂ္ဂိုလ် ၅ မျိုး) ၁။ သင်္ကန်းစသော ပစ္စည်းလေးပါးကို ပေးလှူပြီးနောက် "ငါသည် ပေးလှူ၏၊ ဤသူသည် ခံယူ၏" ဟု ပေးလှူပြီး မထီမဲ့မြင်ပြုတတ်သော ဒတ္တာ အဝဇာနနပုဂ္ဂိုလ်၊ ၂။ နှစ်နှစ် သုံးနှစ် စသည် ပေါင်းသင်းဆက်ဆံပြီးနောက် မထီမဲ့မြင်ပြုလုပ်တတ်သော သံဝါသေန အဝဇာနနပုဂ္ဂိုလ်၊ ၃။ သူတစ်ပါးတို့သည် ကျေးဇူးရှိ ကျေးဇူးမဲ့ကို ပြောဆိုသည်ရှိသော် လက်ဦးစကားကိုသာ အကြောင်းရင်းထား၍ လျင်စွာ ယုံကြည်တတ်သော အာစေယျမုခပုဂ္ဂိုလ်၊ ၄။ အနည်းငယ် မျှသော ယုံကြည်ခြင်း ဆည်းကပ်ခြင်း ကြည်ညိုခြင်း စသည်ဖြင့် လျှပ်ပေါလော်လည်သော လောဘပုဂ္ဂိုလ်၊ ၅။ ကုသိုလ်–အကုသိုလ်, အပြစ်ရှိ–မရှိ, အယုတ်အမြတ် စသော တရားကိုမျှ မသိတတ်သော ထိုင်းအမိုက်မဲသော မန္ဒမောမူဟပုဂ္ဂိုလ်။ (အံ၊၂။၁၄၅။) (အံ၊မြန်၊၂။၁၈၃–၁၈၄။) (အဘိ၊ပု။၁၁၁။) (အဘိ၊ပု၊မြန်။၁၀။၇၉။) (အဘိ၊ပု၊မြန်။၁၀။၇၉။)

ပုဂ္ဂိုလ် ၆ မျိုး ၁။ ယုတ်နိမ့်သော အမျိုးဌာန ဖြစ်၍ ယုတ်ညံ့သော အကုသိုလ်တရားကို ဖြစ်ပွားစေတတ်သော ပုဂ္ဂိုလ်၊ ၂။ ယုတ်နိမ့်သော အမျိုးဌာန ဖြစ်၍ ကုသိုလ်ကောင်းမှုဟု ဆိုအပ်သော ဖြူစင်သော တရားကို ဖြစ်ပွားစေတတ်သော ပုဂ္ဂိုလ်၊ ၃။ ယုတ်နိမ့်သော အမျိုးဌာန ဖြစ်၍ မမည်းလည်း မမည်း ဖြူလည်းမဖြူသော အကျိုးကို ဖြစ်စေလျက် အရဟတ္တဖိုလ်ကို ပြီးစေတတ်သော ပုဂ္ဂိုလ်၊ ၄။ ဖြူစင်မြင့်မြတ်သော အမျိုးဌာန ဖြစ်၍ ကောင်းမှုကုသိုလ်ဟု ဆိုအပ်သော ဖြူစင်သော တရားကို ဖြစ်စေတတ်သော ပုဂ္ဂိုလ်၊ ၅။ ဖြူစင်မြင့်မြတ်သော အမျိုးဌာန ဖြစ်၍ မည်းညစ်သော အကုသိုလ်တရားကို ဖြစ်စေတတ်သော ပုဂ္ဂိုလ်၊ ၆။ ဖြူစင်မြင့်မြတ်သော အမျိုးဌာန ဖြစ်၍ မည်းလည်းမမည်း, ဖြူလည်း မဖြူသော အကျိုးကို ဖြစ်စေလျက် အရဟတ္တဖိုလ်ကို ပြီးစေတတ်သော ပုဂ္ဂိုလ်။ (နေတ္တိ၊ဋ္ဌ။၁၃၆။)

ပုဂ္ဂိုလ် ၆ မျိုး (တစ်နည်း) ၁။ မကောင်းမှုမှ ကောင်းစွာ ရှောင်ကြဉ်လျက် သီတင်းသုံးဖော်တို့နှင့် ချမ်းသာသော ပေါင်းသင်းမှုရှိပြီး ကြားနာမှု အကြားအမြင်များမှုဖြင့် ပြုသင့်သည်ကို မပြု၊ ပညာဖြင့် သိသင့်သည်ကို မသိ၊ လွတ်မြောက်မှု ဝိမုတ္တိကိုလည်း မရ၊ ထို့ကြောင့် သေလွန်ပြီးသောအခါ ဆုတ်ယုတ်ခြင်းသို့သာ ရောက်သော ပုဂ္ဂိုလ်၊ ၂။ မကောင်းမှုမှ ကောင်းစွာ ရှောင်ကြဉ်လျက် သီတင်းသုံးဖော်တို့နှင့် ချမ်းသာသော ပေါင်းသင်းမှုရှိပြီး ကြားနာမှု အကြားအမြင်များမှုဖြင့် ပြုသင့်သည်ကို ပြုသောကြောင့် ပညာဖြင့် သိသင့်သည်ကို ထိုးထွင်းသိ၍ လွတ်မြောက်မှု ဝိမုတ္တိကိုလည်း ရပြီးလျှင် သေလွန်ပြီးသောအခါ ထူးမြတ်သည်၏ အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်၊ ၃။ အမျက်ဒေါသ မာန်မာန လွှမ်းမိုး လွန်ကဲလျက် ရဲဖန်ရဲခါ လောဘကြီးပြီး

http://www.dhammadownload.com

ကြားနာမှု အကြားအမြင်များမှုဖြင့် ပြုသင့်သည်ကို မပြု၊ ပညာဖြင့် သိသင့်သည်ကို မသိ၊ လွတ်မြောက်မှု ဝိမုတ္တိကိုလည်း မရ၊ ထို့ကြောင့် သေလွန်ပြီးသောအခါ ဆုတ်ယုတ်ခြင်း သို့သာ ရောက်သော ပုဂ္ဂိုလ်၊ ၄။ အမျက်ဒေါသ မာန်မာန လွန်ကဲလျက် ရဲဖန်ရဲခါ လောဘ ကြီးပြီး ကြားနာမှု အကြားအမြင်များမှုတို့ဖြင့် ပြုသင့်သည်ကို ပြုသောကြောင့် ပညာဖြင့် ထိုးထွင်းသိသင့်သည်ကို သိ၍ လွတ်မြောက်မှု ဝိမုတ္တိ ကိုလည်း ရရှိပြီးလျှင် သေလွန်ပြီး သောအခါ ထူးမြတ်သည်၏ အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်၊ ၅။ အမျက်ဒေါသ မာန်မာန လွှမ်းမိုးလွန်ကဲလျက် ရဲဖန်ရဲခါ စကားပြောဆိုမှု များပြီး ကြားနာမှု အကြားအမြင်များမှုဖြင့် ပြုသင့်သည်ကို မပြု၊ ပညာဖြင့် သိသင့်သည်ကို မသိ၊ လွတ်မြောက်မှု ဝိမုတ္တိကိုလည်း မရ၊ ထို့ကြောင့် သေလွန်ပြီးသောအခါ ဆုတ်ယုတ်ခြင်းသို့သာ ရောက်သော ပုဂ္ဂိုလ်၊ ၆။ အမျက်ဒေါသ မာန်မာန လွှမ်းမိုးလွန်ကဲလျက် ရဲဖန်ရဲခါ စကားပြောဆိုမှု များပြီး ကြားနာမှု အကြားအမြင် များမှုဖြင့် ပြုသင့်သည်ကို ပြုသောကြောင့် ပညာဖြင့် ထိုးထွင်းသိသင့်သည်ကို သိ၍ လွတ်မြောက်မှု ဝိမုတ္တိကိုလည်း ရရှိပြီးလျှင် သေလွန်ပြီးသောအခါ ထူးမြတ်သည်၏အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်။ (အံ၊၂။၃၀၇။) (အံ၊မြန်၊၂။၃၉၄။)

ပုဂ္ဂိုလ် ၇ မျိုး (ပညာဝိမုတ္တစသော ပုဂ္ဂိုလ် ၇ မျိုး) ၁။ အရှုပသမာပတ် မဂ်ပညာ နှစ်ပါးစုံဖြင့် ကိလေသာမှ လွတ်မြောက်သော 'ဥဘတောဘာဂဝိမုတ္တ' ပုဂ္ဂိုလ်၊ ၂။ မဂ်ပညာဖြင့်သာ ကိလေသာမှ လွတ်မြောက်သော 'ပညာဝိမုတ္တ' ပုဂ္ဂိုလ်၊ ၃။ နာမကာယဖြင့် ဝိမောက္ခရုစ်ပါးသို့ ရောက်၍ နိရောဓသစ္စာကို မျက်မှောက်ပြုသော 'ကာယသက္ခီ' ပုဂ္ဂိုလ်၊ ၄။ ဤကား ဒုက္ခသစ္စာတည်း စသည်ဖြင့် သစ္စာလေးပါးတရားကို ကောင်းစွာ သိခြင်းသို့ ရောက်သော 'ဒိဋ္ဌိပတ္တ' ပုဂ္ဂိုလ်၊ ၅။ ဤကား ဒုက္ခသစ္စာတည်း စသည်ဖြင့် သစ္စာလေးပါးတရားကို သက်ဝင်ယုံကြည်၍ ကိလေသာမှ လွတ်မြောက်သော 'သဒ္ဓါဝိမုတ္တ' ပုဂ္ဂိုလ်၊ ၆။ ပညာရှေ့ဆောင်၍ အရိယမဂ်ကို ဖြစ်စေသော 'ဓမ္မာနုသာရီ' ပုဂ္ဂိုလ်၊ ၇။ သဒ္ဓါရှေ့ဆောင်၍ အရိယမဂ်ကို ဖြစ်စေသော 'သဒ္ဓါနုသာရီ' ပုဂ္ဂိုလ်။ (ဒီ၊၃။၈၇။) (အဘိ၊ပု။၁၁၃။) (အဘိ၊ပု။၁၈၃။) (ဒီ၊မြန်၊၃။၉၄။) (အဘိ၊ပု၊မြန်။၁၂။၈၇။) (အဘိ၊ပု၊မြန်။၁၂။၈၇။)

ပုဂ္ဂိုလ် ၉ မျိုး ၁။ တရားအားလုံးကို ကိုယ်တိုင်မှန်စွာ သိမြင်တော်မူသော သဗ္ဗညုဘုရားရှင်၊ ၂။ သစ္စာလေးပါး မြတ်တရားကို အသီးအခြား သိမြင်တော်မူသော ပစ္စေကဗုဒ္ဓါ၊ ၃။ နှစ်ပါးသော အဖို့ဖြင့် လွတ်မြောက်သော ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်၊ ၄။ ပညာဖြင့် လွတ်မြောက်သော ပညာဝိမုတ္တပုဂ္ဂိုလ်၊ ၅။ ဈာန်မဂ်ဖိုလ်ချမ်းသာကို ကိုယ်တိုင် တွေ့ထိခံစား၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသော ကာယသက္ခီပုဂ္ဂိုလ်၊ ၆။ သိမြင်ခြင်းအဆုံးသို့ ရောက်သော ဒိဋ္ဌိပတ္တပုဂ္ဂိုလ်၊ ၇။ သဒ္ဓါတရားကို အမှူးပြု၍ လွတ်မြောက်သော သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊ ၈။ ပညာ တရားဖြင့် အစဉ်ရောက်သော ဓမ္မာနုသာရီပုဂ္ဂိုလ်၊ ၉။ သဒ္ဓါတရားဖြင့် အစဉ်ရောက်သော သဒ္ဓါနုသာရီ ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၁၃။) (အဘိ၊ပု။၁၈၄။) (အဘိ၊ပု၊မြန်။၁၂။၈၈။) (အဘိ၊ပု၊မြန်။၁၂။၈၈။)

ပုဂ္ဂိုလ် ၉ မျိုး (တစ်နည်း) ၁။ လောကဌ် ထင်ရှားရှိသော ရဟန္တာ၊ ၂။ ရဟန္တာဖြစ်ရန် ကျင့်သူ၊ ၃။ အနာဂါမ်၊ ၄။ အနာဂါမိဖိုလ်ရောက်ရန် ကျင့်သူ၊ ၅။ သကဒါဂါမ်၊ ၆။ သကဒါဂါမိဖိုလ်

http://www.dhammadownload.com

ရောက်ရန် ကျင့်သူ၊ ၇။ သောတာပန်၊ ၈။ သောတာပတ္တိဖိုလ်ရောက်ရန် ကျင့်သူ၊ ၉။ ပုထုဇဉ်။ (အံ၊၃။၁၇၉။) (အံ၊မြန်၊၃။၁၈၁။)

ပုဂ္ဂိုလ် ၁၀ မျိုး ၁။ သီလမရှိ အရဟတ္တဖိုလ်ပညာ စသည်ကိုလည်း မသိသော ပုဂ္ဂိုလ်၊ ၂။ သီလမရှိ အရဟတ္တဖိုလ်ပညာ စသည်ကိုလည်း ကောင်းစွာသိသော ပုဂ္ဂိုလ်၊ ၃။ သီလရှိသည်၊ အရဟတ္တဖိုလ်ပညာ စသည်ကို မသိသော ပုဂ္ဂိုလ်၊ ၄။ သီလရှိသည်၊ အရဟတ္တဖိုလ်ပညာ စသည်ကို ကောင်းစွာသိသော ပုဂ္ဂိုလ်၊ ၅။ ထက်သော ရာဂရှိသည်၊ အရဟတ္တဖိုလ်ပညာ စသည်ကိုလည်း မသိသော ပုဂ္ဂိုလ်၊ ၆။ ထက်သော ရာဂရှိသည်၊ အရဟတ္တဖိုလ်ပညာ စသည်ကို သိသော ပုဂ္ဂိုလ်၊ ၇။ အမျက်ထွက်သည် အရဟတ္တဖိုလ်ပညာ စသည်ကို မသိသော ပုဂ္ဂိုလ်၊ ၈။ အမျက်ထွက်သည်၊ အရဟတ္တဖိုလ်ပညာ စသည်ကို သိသော ပုဂ္ဂိုလ်၊ ၉။ ပျံ့လွင့်သည်၊ အရဟတ္တဖိုလ်ပညာ စသည်ကို မသိသော ပုဂ္ဂိုလ်၊ ၁၀။ ပျံ့လွင့်သည်၊ အရဟတ္တဖိုလ်ပညာ စသည်ကို သိသော ပုဂ္ဂိုလ်။ (အံ၊၃။၃၆၇။) (အံ၊မြန်၊၃။၃၆၃။)

ပုဂ္ဂိုလ်ကို ကြည်ညိုခြင်း အပြစ် ၅ ပါး ၁။ မိမိကြည်ညိုသော ပုဂ္ဂိုလ်သည် သံဃာမှ နှင်ထုတ်ထိုက်သော အာပတ်ကို ကျူးလွန်သဖြင့် နှင်ထုတ်ခံရသော အခါ အခြားရဟန်းတော်များ အပေါ်၌ မကြည်ညိုမှုများ ဖြစ်ပေါ်ပြီး တရားဓမ္မများ မနာကြားတော့သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ရခြင်း၊ ၂။ မိမိကြည်ညိုသော ပုဂ္ဂိုလ်သည် သံဃာ၏ အစွန်အဖျားဌာန နေစေသင့်သော အပြစ် အာပတ်သင့်ရောက်မှုကြောင့် သံဃာက အစွန်အဖျားဌာန နေထိုင်စေသော အခါ အခြားရဟန်းတော်များ အပေါ်၌ မကြည်ညိုမှုများ ဖြစ်ပေါ်ပြီး၊ တရားဓမ္မများ မနာကြားတော့သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ရခြင်း၊ ၃။ မိမိ ကြည်ညိုသော ပုဂ္ဂိုလ်သည် အရပ်တစ်ပါးသို့ ဖဲခွာသွားသောအခါ အခြားရဟန်းတော်များထံ မကိုးကွယ် မဆည်းကပ်တော့သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ရခြင်း၊ ၄။ မိမိ ကြည်ညိုသော ပုဂ္ဂိုလ်သည် လူထွက်သွားသောအခါ အခြားရဟန်းတော်များထံ မကိုးကွယ် မဆည်းကပ်တော့သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ရခြင်း၊ ၅။ မိမိကြည်ညိုသော ပုဂ္ဂိုလ် ပျံလွန်တော်မူသောအခါ အခြားသော ရဟန်းတော်များထံ မကိုးကွယ် မဆည်းကပ်တော့သဖြင့် သူတော်ကောင်းတရားမှ ဆုတ်ယုတ်ရခြင်း။ (အံ၊၂။၂၃၆။) (အံ၊မြန်၊၂။၃၀၂။)

ပုဂ္ဂိုလ်အုပ်စု ၂ မျိုး ၁။ ဘဝသုံးပါးတို့၌ ကမ္မာဝရဏ စသော အနှောက်အယှက် ကင်းသဖြင့် ကျွတ်သင့်ကျွတ်ထိုက်သော ဘဗ္ဗပုဂ္ဂိုလ်အုပ်စု၊ ၂။ ဘဝသုံးပါးတို့၌ ကမ္မာဝရဏစသော အနှောင့်အယှက်များနှင့် ပြည့်နှက်လျက် သဒ္ဓါတရား ကင်းမဲ့သဖြင့် မကျွတ်သင့် မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်အုပ်စု။ (သံ၊၌၊၁။၁၈၅။)

ပေါင်းခြင်း ၄ မျိုး ၁။ ဇာတ်တူအားဖြင့် ပေါင်းခြင်း (သဇာတိသင်္ဂဟ)၊ ၂။ ဖြစ်ရာတူသောအားဖြင့် ပေါင်းခြင်း (သဉ္ဇာတိ သင်္ဂဟ)၊ ၃။ အလုပ်တူအားဖြင့် ပေါင်းခြင်း (ကိရိယသင်္ဂဟ)၊ ၄။ အရေအတွက်အားဖြင့် ပေါင်းခြင်း (ဂဏနသင်္ဂဟ) ။ (မ၊၌၊၂။၁၂၂။)

ပေါင်းဖော်ခြင်း ၂ မျိုး ၁။ တဏှာသန္ဓော– တဏှာဖြင့် ပေါင်းဖော်ခြင်း၊ ၂။ ဒိဋ္ဌိသန္ဓော– ဒိဋ္ဌိအားဖြင့် ပေါင်းဖော်ခြင်း။ (ဓဋ္ဌနိ။၂၄၁။)

http://www.dhammadownload.com

ပေါင်းသင်းခြင်း ၃ မျိုး ၁။ ဧကကမ္မ– အတူတကွ ဝိနည်းကံ ပြုခြင်း၊ ၂။ ဧကုဒ္ဒေသ– အတူတကွ ပါတိမောက်ရွတ်ဆိုခြင်း၊ ၃။ သမသိက္ခတာ– အညီအမျှ ကျင့်ကြံ နေထိုင်ခြင်း။ (ဝိ၊၂။၂၇၇၊ ၂၈၁၄၁၄။) (ဝိ၊မြန်၊၂။၃၁၅၊၃၂၀၊၄၆၇။)

ပေါင်းသင်းမှု မတူသူ ဖြစ်ကြောင်း ၂ ပါး ၁။ မိမိကိုယ်တိုင် ပေါင်းသင်းမှု မတူသည်ကို ပြုခြင်း၊ ၂။ ညီညွတ်သော သံဃာက ထိုရဟန်းကို အာပတ်ကို မရှုခြင်း, မကုစားခြင်း အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်ထားခြင်း။ (ဝိ၊၃။၄၈၅။) (ဝိ၊မြန်၊၃။၄၉၂။)

ပိုင်းခြား၍ သိခြင်း ၃ ပါး ၁။ ရာဂကုန်ခြင်းကို ပိုင်းခြား၍ ပိုင်ပိုင်နိုင်နိုင် သိခြင်း၊ ၂။ ဒေါသကုန်ခြင်းကို ပိုင်းခြား၍ ပိုင်ပိုင်နိုင်နိုင် သိခြင်း၊ ၃။ မောဟကုန်ခြင်းကို ပိုင်းခြား၍ ပိုင်ပိုင်နိုင်နိုင် သိခြင်း။ (သံ၊၂။၁၃၀။) (သံ၊မြန်၊၂။၁၂၁။)

ပိုင်းခြား၍ သိအပ်သော တရား ၂ ပါး ၁။ နာမ်၊ ၂။ ရုပ်။ (ဒီ၊၃။၂၂၈။) (ပေဋကော။၂၅၀။) (ဒီ၊မြန်၊၃။၂၅၀။)

ပိုင်းခြား၍ သိအပ်သော တရား ၃ ပါး ၁။ ချမ်းသာကို ခံစားခြင်း– သုခဝေဒနာ၊ ၂။ ဆင်းရဲသော ခံစားမှု ဝေဒနာ– ဒုက္ခဝေဒနာ၊ ၃။ အသင့်အားဖြင့် အညီအမျှ လျစ်လျူရှု၍ ခံစားခြင်း– ဥပေက္ခာ ဝေဒနာ။ (ဒီ၊၃။၂၂၉။) (ဒီ၊မြန်၊၃။၂၅၁။)

ပိုင်းခြား၍ သိအပ်သော တရား ၄ ပါး ၁။ အလုတ်အလွေးပြုအပ်သော အာဟာရ၊ ၂။ ဖဿဟူသော (ဝေဒနာကို) ဆောင်တတ်သောတရား– ဖဿာဟာရ၊ ၃။ စေတနာဟူသော အာဟာရ– မနော သဉ္စေတနာဟာရ၊ ၄။ ပဋိသန္ဓေဝိညာဉ်ဟူသော ဆောင်တတ်သောတရား– ဝိညာဏာဟာရ။ (ဒီ၊၃။၂၃၁။) (ဒီ၊မြန်၊၃။၂၅၃။)

ပိုင်းခြား၍ သိအပ်သော တရား ၅ ပါး ၁။ ရုပ်ဥပါဒါနက္ခန္ဓာ၊ ၂။ ဝေဒနာဥပါဒါနက္ခန္ဓာ၊ ၃။ သညာဥပါဒါနက္ခန္ဓာ၊ ၄။ သင်္ခါရဥပါဒါနက္ခန္ဓာ၊ ၅။ ဝိညာဏ်ဥပါဒါနက္ခန္ဓာ။ (ဒီ၊၃။၂၃၂။) (သံ၊၂။ ၁၃၀။) (သံ၊၂။၂၂။) (ဒီ၊မြန်၊၃။၂၅၅။) (သံ၊မြန်၊၂။၁၂၁။) (သံ၊မြန်၊၂။၂၂။)

ပိုင်းခြား၍ သိအပ်သော တရား ၆ ပါး ၁။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်– စက္ခာယတန၊ ၂။ ကြားသိစိတ်ဖြစ်ရာ နားအကြည်– သောတာယတန၊ ၃။ နံသိစိတ်ဖြစ်ရာ နှာခေါင်း အကြည်– ဃာနာယတန၊ ၄။ လျက်သိစိတ်ဖြစ်ရာ လျှာအကြည်– ဇိဝှါယတန၊ ၅။ ကာယဝိညာဉ်၏ ဖြစ်ရာ– ကာယာယတန၊ ၆။ (သမ္မယုတ်တရားတို့၏)ဖြစ်ရာဖြစ်ကြောင်း စိတ်–မနာယတန။ (ဒီ၊၃။၂၃၇။) (ဒီ၊မြန်၊၃။၂၆၀။)

ပိုင်းခြား၍ သိအပ်သော တရား ၇ ပါး ၁။ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေသညာချင်း ကွဲပြားသော သတ္တဝါ၊ ၂။ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေသညာချင်း တူသော သတ္တဝါ၊ ၃။ ကိုယ်သဏ္ဌာန်ချင်း တူ၍ ပဋိသန္ဓေသညာချင်း ကွဲပြားသော သတ္တဝါ၊ ၄။ ကိုယ်သဏ္ဌာန်ချင်း တူ၍ ပဋိသန္ဓေသညာချင်း တူသော သတ္တဝါ၊ ၅။ ရူပသညာကို လုံးဝ လွန်မြောက်၍ "ကောင်းကင်သည် အဆုံးမရှိ"ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာ၊ ၆။ အာကာသာနဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု

http://www.dhammadownload.com

နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာ၊ ၇။ ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ "တစ်စုံတစ်ခုမျှ မရှိ"ဟု ပွားများလျက် အာကိဉ္စာညာယတနဘုံသို့ ရောက်သော ဗြဟ္မာ။ (ဒီ၊၃။၂၄၁။) (ဒီ၊မြန်၊၃။၂၆၄။)

ပိုင်းခြား၍ သိအပ်သော တရား ၈ ပါး ၁။ လာဘ်ရခြင်း၊ ၂။ လာဘ်မရခြင်း၊ ၃။ အကျော်အစော ရှိခြင်း၊ ၄။ အကျော်အစော မရှိခြင်း၊ ၅။ ကဲ့ရဲ့ခြင်း၊ ၆။ ချီးမွမ်းခြင်း၊ ၇။ ချမ်းသာခြင်း၊ ၈။ ဆင်းရဲခြင်း။ (ဒီ၊၃။၂၄၅။) (ဒီ၊မြန်၊၃။၂၆၈။)

ပိုင်းခြား၍ သိအပ်သော တရား ၉ ပါး ၁။ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားသော သတ္တဝါတို့၏ နေရာ၊ ၂။ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေသညာချင်း တူသော သတ္တဝါတို့၏ နေရာ၊ ၃။ ကိုယ်သဏ္ဌာန်ချင်း တူ၍ ပဋိသန္ဓေသညာချင်း ကွဲပြားသော သတ္တဝါတို့၏ နေရာ၊ ၄။ ကိုယ်သဏ္ဌာန်ချင်း တူ၍ ပဋိသန္ဓေသညာချင်း တူသော သတ္တဝါတို့၏ နေရာ၊ ၅။ သညာမရှိ၊ အာရုံကို ခံစားခြင်းမရှိသော သတ္တဝါတို့၏ နေရာ၊ ၆။ ရူပသညာလွန်မြောက်၍ ပဋိသန္ဓေသညာချုပ်ကာ နာနတ္တသညာကို နှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ"ဟု ပွားများသော သတ္တဝါတို့၏နေရာ (အာကာသာနဉ္စာယတနဘုံ)၊ ၇။ အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ" ဟု ပွားများသော သတ္တဝါတို့၏ နေရာ (ဝိညာဏဉ္စာယတနဘုံ)၊ ၈။ ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်၍ "တစ်စုံတစ်ခုမျှ မရှိ"ဟု ပွားများသော သတ္တဝါတို့၏နေရာ (အာကိဉ္စညာယတနဘုံ)၊ ၉။ အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတန စျာန်သို့ ရောက်နေသော သတ္တဝါတို့၏ နေရာ (နေဝသညာနာသညာယတနဘုံ)။ (ဒီ၊၃။၂၅၂။) (ဒီ၊မြန်၊၃။၂၇၆။)

ပိုင်းခြား၍ သိအပ်သော တရား ၁၀ ပါး ၁။ မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်-စက္ခာယတန၊ ၂။ အဆင်းအာရုံ- ရူပါယတန၊ ၃။ ကြားသိစိတ်ဖြစ်ရာ နားအကြည်- သောတာယတန၊ ၄။ အသံအာရုံ-သဒ္ဒါယတန၊ ၅။ နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည်- ဃာနာယတန၊ ၆။ အနံ့ အာရုံ- ဂန္ဓာယတန၊ ၇။ လျှာသိစိတ် ဖြစ်ရာ လျှာအကြည်- ဇိဝှါယတန၊ ၈။ ရသာရုံ- ရသာယတန၊ ၉။ ကာယဝိညာဉ်၏ ဖြစ်တည်စုဝေးရာ-ကာယာယတန၊ ၁၀။ (ထိသိစိတ်) ဖြစ်ကြောင်း ဖောဋ္ဌဗ္ဗာရုံ- ဖောဋ္ဌဗ္ဗာယတန။ (ဒီ၊၃။၂၅၇။) (ဒီ၊မြန်၊၃။၂၈၀။)

ပိုင်းခြားသိသင့်သော တရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၁၅၆။မြန်၊၁၄၇-၈။)

ပစ်ခတ်ခြင်း ၄ မျိုး ၁။ ဩမဋ္ဌ- အပေါ်၌ တည်၍ အောက်သို့ ရှေးရှု့၍ ပစ်ခတ်ခြင်း၊ ၂။ ဥမ္မဋ္ဌ- အောက်၌ တည်၍ အပေါ်သို့ ရှေ့ရှု့၍ ပစ်ခတ်ခြင်း၊ ၃။ မဋ္ဌ- ထိုးဖောက်၍ ပစ်ခတ်ခြင်း၊ ၄။ ဝိမဋ္ဌ- အမျိုးမျိုးအဖုံဖုံ ပစ်ခတ်ခြင်း။ (သံ၊၄၊၁။၄၆။)

ပစ္စယပရိဂ္ဂဟပညာ၏ ဓမ္မဋ္ဌိတိဉာဏ် မည်ကြောင်း ၉ ပါး ၁။ အဝိဇ္ဇာကြောင့် သင်္ခါရတို့၏ ဖြစ်ပေါ်ခြင်း (ဥပါဒဋ္ဌိတိ)၊ ၂။ ဖြစ်ပွားလျက် တည်ခြင်း(ပဝတ္တဋ္ဌိတိ)၊ ၃။ အကြောင်းဖြစ်လျက် တည်ခြင်း (နိမိတ္တဋ္ဌိတိ)၊ ၄။ အားထုတ်လျက် တည်ခြင်း(အာယူဟနဋ္ဌိတိ)၊ ၅။ ဆက်စပ်လျက် တည်ခြင်း (သညောဂဋ္ဌိတိ)၊ ၆။ ကြောင့်ကြလျက် တည်ခြင်း (ပလိဗောဓဋ္ဌိတိ)၊ ၇။ မူလ

http://www.dhammadownload.com

အကြောင်းဖြစ်၍ တည်ခြင်း (သမုဒယဋ္ဌိတိ)၊ ၈။ ဇနကအကြောင်းဖြစ်၍ တည်ခြင်း (ဟေတုဋ္ဌိတိ)၊ ၉။ ဥပထမ္ဘကအကြောင်းဖြစ်၍ တည်ခြင်း (ပစ္စယဋ္ဌိတိ) ။ (ပဋိသံ။၄၈။) (ပဋိသံ၊မြန်။၆၄။)

ပစ္စဝေက္ခဏာ ဆင်ခြင်ရမည့် အချိန်အခါ ၂ မျိုး ၁။ ပစ္စည်းလေးပါးကို ရလာသော အခါ၌ ဆင်ခြင်ရခြင်း၊ ၂။ ပစ္စည်းလေးပါးကို သုံးဆောင်သော အခါ၌ ဆင်ခြင်ရခြင်း။ (ဝိသုဒ္ဓိ၊၁။ ၄၁။)

ပစ္စဝေက္ခဏာဉာဏ် ၁၉ တန် ၁။ သောတာပန်ပုဂ္ဂိုလ်၏ မဂ်ကို ဆင်ခြင်သော ဉာဏ်၊ ၂။ သောတာပန်ပုဂ္ဂိုလ်၏ ဖိုလ်ကို ဆင်ခြင်သော ဉာဏ်၊ ၃။ သောတာပန်ပုဂ္ဂိုလ်၏ ပယ်ပြီးကိလေသာကို ဆင်ခြင်သော ဉာဏ်၊ ၄။ သောတာပန်ပုဂ္ဂိုလ်၏ ကြွင်းသော ကိလေသာကို ဆင်ခြင်သော ဉာဏ်၊ ၅။ သောတာပန်ပုဂ္ဂိုလ်၏ နိဗ္ဗာန်ကို ဆင်ခြင်သော ဉာဏ်၊ ထို့အတူ သကဒါဂါမ်ပုဂ္ဂိုလ်၌လည်း ငါးပါး၊ အနာဂါမ်ပုဂ္ဂိုလ်၌လည်း ငါးပါး၊ ရဟန္တာပုဂ္ဂိုလ်၌ ကြွင်းကျန်သေးသော ကိလေသာ မရှိတော့သဖြင့် ထိုကြွင်းကျန်သော ကိလေသာကို ဆင်ခြင်သော ဉာဏ်ကြဉ် ကျန်လေးပါး ပေါင်း ၁၉ပါး။ (ပဋိသံ၊ဋ္ဌ၊၁။၂၈။)

ပစ္စေကဗုဒ္ဓါတို့ သီတင်းသုံးတော်မူရာ ဌာန ၃ ခု ၁။ ဟိမဝန္တာ နန္ဒမူလျောက်ကမ်း၌ ရှိသော ရွှေလိုဏ်ဂူ၊ ၂။ ဟိမဝန္တာ နန္ဒမူလျောက်ကမ်း၌ ရှိသော ပတ္တမြားလိုဏ်ဂူ၊ ၃။ ဟိမဝန္တာ နန္ဒမူ လျောက်ကမ်း၌ ရှိသော ငွေလိုဏ်ဂူ။ (အပ၊ဋ္ဌ၊၁။၁၇၀။)

ပစ္စေကဗုဒ္ဓါလောင်းလျာများ ဆုတောင်းပြည့်ကြောင်း ၅ ပါး ၁။ မနုဿတ္တံ– လူသားစင်စစ်ဖြစ်ရခြင်း၊ ၂။ လိင်္ဂသမ္ပတ္တိ– ပုရိသလိင်နှင့် ပြည့်စုံရခြင်း (ယောကျ်ားစင်စစ် ဖြစ်ရခြင်း)၊ ၃။ ဝိဂတာသဝဒဿနံ– သဗ္ဗညုဘုရားရှင်, ပစ္စေကဗုဒ္ဓါ, ဘုရားရှင်တို့၏ တပည့်သာဝက တစ်ပါးပါးကို ဖူးမြင်ရခြင်း၊ ၄။ အဓိကာရော– ကိုယ်အသက်ကို စွန့်လှူခြင်းဟု ဆိုအပ်သော လွန်ကဲသော ကုသိုလ်ကောင်းမှု ရှိရခြင်း၊ ၅။ ဆန္ဒတာ– ပစ္စေကဗုဒ္ဓါဖြစ်ကြောင်း ကောင်းမှုပါရမီတို့ကို ဖြည့်ကျင့်ရာ၌ လွန်ကဲသော သမ္မာဆန္ဒ ရှိခြင်း။ (သုတ္တနိ၊ဋ္ဌ၊၁။၄၆။) (အပ၊ဋ္ဌ၊ ၁။၁၅၈။)

ပစ္စည်း ၄ ပါး ၁။ ဆွမ်း၊ ၂။ ကျောင်း၊ ၃။ သင်္ကန်း၊ ၄။ ဆေး။ (သုတ္တနိ၊ဋ္ဌ၊၂။၁၀၆။)

ပစ္စန္တရစ်ရဟန်းတို့အတွက် လျှောက်ထားသော ဆု ၅ ပါး (ပစ္စန္တရစ်ရဟန်းတို့အတွက် ဘုရားရှင် ထံမှ သောဏကုဋိကဏ္ဏမထေရ် လျှောက်ထားသော ဆု ၅ ပါး) ၁။ ဝိနည်းဓိရ်ရဟန်း အပါအဝင် ရဟန်းငါးပါးအပေါင်းဖြင့် ရဟန်းခံနိုင်ခြင်း၊ ၂။ အမြဲ ရေချိုးနိုင်ခြင်း၊ ၃။ သားရေအခင်း ဆောင်နိုင်ခြင်း၊ ၄။ အထပ်များသော ဖိနပ်ကို စီးနိုင်ခြင်း၊ ၅။ တိစီဝရိက်သင်္ကန်းဆောင် ရဟန်းသည် တိစီဝရိက် သင်္ကန်းနှင့် ကင်းကွာ၍ နေနိုင်ခြင်း။ (အံ၊ဋ္ဌီ၊၁။၁၆၇။)

ပစ္စုပ္ပန်ကာလကို အကြောင်းပြု၍ ဖြစ်သော ယုံမှားခြင်း ၆ မျိုး ၁။ ငါသည် ဖြစ်ခဲ့သလော၊ ၂။ ငါသည် ဖြစ်ဆဲ မဟုတ်သလော၊ ၃။ ငါသည် အဘယ့်ကြောင့် ဖြစ်သနည်း၊ ၄။ ငါသည် အဘယ်ပုံ အဘယ်နည်းဖြင့် ဖြစ်သနည်း၊ ၅။ ဤသတ္တဝါသည် အဘယ်ဘဝမှ လာလေသနည်း၊ ၆။ ထိုသတ္တဝါသည် အဘယ်ဘဝသို့ သွားရဦးမည်နည်း။ (စူဠနိ၊ဋ္ဌ။၉၅။)

ပစ္စုပ္ပန်ကာလ ပစ္စည်း ၁၅ ပစ္စည်း ၁။ ဟေတုပစ္စည်း၊ ၂။ သဟဇာတပစ္စည်း၊ ၃။ အညမညပစ္စည်း၊ ၄။ နိဿယပစ္စည်း၊ ၅။ ပုရေဇာတပစ္စည်း၊ ၆။ ပစ္ဆာဇာတပစ္စည်း၊ ၇။ ဝိပါကပစ္စည်း၊

http://www.dhammadownload.com

၈။ အာဟာရပစ္စည်း၊ ၉။ ဣန္ဒြိယပစ္စည်း၊ ၁၀။ ဈာနပစ္စည်း၊ ၁၁။ မဂ္ဂပစ္စည်း၊ ၁၂။ သမ္ပယုတ္တပစ္စည်း၊ ၁၃။ ဝိပ္ပယုတ္တပစ္စည်း၊ ၁၄။ အတ္ထိပစ္စည်း၊ ၁၅။ အဝိဂတပစ္စည်း။ (အဘိ၊၌၊၃။၃၅၃။)

ပစ္စုပ္ပန်ကာလဘေဒ၌ ဝါရ ၃ မျိုး ၁။ ပုဂ္ဂလဝါရ၊ ၂။ ဩကာသဝါရ၊ ၃။ ပုဂ္ဂလောကာသဝါရ။ (အဘိ၊၌၊၃။၂၉၇။)

ပစ္စုပ္ပန် ၃ မျိုး ၁။ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏ ဟူသော ခဏပစ္စုပ္ပန်၊ ၂။ ရုပ်အစဉ်အတန်း နာမ်အစဉ်အတန်းဟူသော သန္တတိပစ္စုပ္ပန်၊ ၃။ ပဋိသန္ဓေမှ စုတိတိုင်အောင်သော အချိန်ကာလ ဟူသော အဒ္ဓါပစ္စုပ္ပန်။ (ဝိ၊၌၊၂။၃၉။) (အဘိ၊၌၊၁။၄၄၅။) (ဝိသုဒ္ဓိ၊၂။၆၁။)

ပဋ္ဌိမသာဝက ၃ မျိုး ၁။ ဘုရားရှင် သက်ရှိထင်ရှားရှိစဉ် ရှင်ပြု၍ နောက်ပိုင်း၌ ရဟန်းပြု၍ ကမ္မဋ္ဌာန်းယူ၍ အရဟတ္တဖိုလ်သို့ ရောက်သော တပည့်သာဝက၊ ၂။ ဘုရားရှင် သက်ရှိထင်ရှားရှိစဉ် ရှင်, ရဟန်းပြု၍ နောက်ပိုင်း၌ ကမ္မဋ္ဌာန်းယူ၍ အရဟတ္တဖိုလ်သို့ ရောက်သော တပည့်သာဝက၊ ၃။ ဘုရားရှင် သက်ရှိထင်ရှားရှိစဉ် ရှင်, ရဟန်းအဖြစ်ရ၍ ကမ္မဋ္ဌာန်းယူ၍ နောက်ပိုင်း၌ အရဟတ္တဖိုလ်သို့ ရောက်သော တပည့်သာဝက။ (ဒီ၊၌၊၂။၁၈၂။) (ဒီ၊၌၊မြန်၊ ၂။၃၄၂။)

ပစ်လွှတ်၍ သတ်ခြင်း၌ ပယောဂ ၂ မျိုး ၁။ ဥဒ္ဒိဿ– ရည်ရွယ်သည့်အတိုင်း ဖြစ်သော ပယောဂ၊ ၂။ အနုဒ္ဒိဿ– မရည်ရွယ်ဘဲ ဖြစ်သွားသော ပယောဂ။ (ဝိ၊၌၊၂။၄၃။)

ပုစ္ဆာ ၂ မျိုး ၁။ အဂါရိကပုစ္ဆာ– ဘယ်ဟာသည် ကုသိုလ် ဘယ်ဟာသည် အကုသိုလ် စသည်ဖြင့် မေးခြင်း၊ ၂။ အနာဂါရိကပုစ္ဆာ– ဥပါဒါနက္ခန္ဓာ ငါးပါးဟူသည် ဤတရားတို့ပါလော စသည်ဖြင့် မေးခြင်း။ (မ၊၌၊၂။၂၂၉။) (အံ၊၌၊၂။၁၄။)

ပုစ္ဆာ ၂ မျိုး (တစ်နည်း) (ဘုရားရှင်တို့ မေးမြန်းလေ့ရှိသော ပုစ္ဆာ ၂ မျိုး) ၁။ အနုမတိပုစ္ဆာ– သဘော တူညီချက်ကို ရလိုရှိ၍ မေးခြင်း၊ ၂။ ကထေတုကမျတာပုစ္ဆာ– မိမိကိုယ်တိုင် ဖြေကြားလိုရှိ၍ မေးခြင်း။ (ဒီ၊၌၊၁။၆၈။) (သံ၊၌၊၂။၈။) (ဣတိဝု၊၌။၃၈။) (ဒီ၊၌၊မြန်၊၁။၁၂၉။)

ပုစ္ဆာ ၂ မျိုး (တစ်နည်း) ၁။ အနုလောမပုစ္ဆာ၊ ၂။ ပဋိလောမပုစ္ဆာ။ (အဘိ၊၌၊၃။၂၈၈။)

ပုစ္ဆာ ၂ မျိုး (တစ်နည်း) ၁။ အနက်ကို ကိ သဒ္ဒါကို ရှေ့ထားသောအားဖြင့် ထင်ရှားစွာ ပြအပ်သော ထင်ရှားသော အမေးပုစ္ဆာ၊ ၂။ အနက်ကို ကိ သဒ္ဒါမထည့်ဘဲ ရိုးရိုးသဒ္ဒါဖြင့် ပြအပ်သော မထင်ရှားသော အမေးပုစ္ဆာ။ (မ၊ဋီ၊၁။၂၀၅။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) (ဘုရားရှင်တို့ မေးမြန်းခြင်းမရှိသော ပုစ္ဆာ ၃ မျိုး) ၁။ မသိမမြင်သော တရားကို ထင်ရှားခြင်းငှာ မေးမြန်းခြင်း (အဒိဋ္ဌဇောတနာပုစ္ဆာ)၊ ၂။ သိမြင်ပြီးသော တရားကို နှီးနော ညှိနှိုင်းလို၍ မေးခြင်း (ဒိဋ္ဌသံသန္ဒနာပုစ္ဆာ)၊ ၃။ ယုံမှားခြင်းကို ပယ်ဖျောက်ခြင်းငှာ မေးမြန်းခြင်း (ဝိမတိစ္ဆေဒနာပုစ္ဆာ) ။ (မဟာနိ။၂၆၃။) (စူဠနိ။၅၀။) (စူဠနိ။၆၂။) (သံ၊၌၊၂။၈။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ မနုဿပုစ္ဆာ– လူဇာတ်ရှိသော ပုဂ္ဂိုလ်တို့က ဘုရားရှင်ထံ ချဉ်းကပ်၍ မေးအပ်သော ပုစ္ဆာ၊ ၂။ အမနုဿပုစ္ဆာ– နဂါး ဂဠုန် ဗြဟ္မာ စသည်တို့က ဘုရားရှင်အား မေးအပ်သော ပုစ္ဆာ၊ ၃။ နိမ္မိတပုစ္ဆာ– နိမ္မိတဘုရားရှင်က မြတ်စွာဘုရားထံ ချဉ်းကပ်၍ မေးအပ်သော ပုစ္ဆာ။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၂။)

http://www.dhammadownload.com

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ မိမိအကျိုးငှာ မေးသော ပုစ္ဆာ (အတ္တတ္ထပုစ္ဆာ)၊ ၂။ သူတစ်ပါး အကျိုးငှာ မေးသော ပုစ္ဆာ (ပရတ္ထပုစ္ဆာ)၊ ၃။ အတ္တပရ နှစ်ဝအကျိုးငှာ မေးသော ပုစ္ဆာ။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ ဒိဋ္ဌဓမ္မိကတ္ထပုစ္ဆာ– မျက်မှောက်ဘဝ၌ ဖြစ်သော အကျိုး စီးပွားအတွက် မေးအပ်သော ပုစ္ဆာ၊ ၂။ သမ္မရာယိကတ္ထပုစ္ဆာ– တမလွန်ဘဝ၌ ဖြစ်သော အကျိုးစီးပွားအတွက် မေးအပ်သော ပုစ္ဆာ၊ ၃။ ပရမတ္ထပုစ္ဆာ– မြတ်သော အကျိုးစီးပွားအလို့ငှါ မေးအပ်သော ပုစ္ဆာ။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ အနဝဇ္ဇတ္ထပုစ္ဆာ– အပြစ်မရှိခြင်းအကျိုးငှာ မေးအပ်သော ပုစ္ဆာ၊ ၂။ နိက္ကိလေသတ္ထပုစ္ဆာ– ကိလေသာကို ပယ်ခြင်းအကျိုးငှာ မေးအပ်သော ပုစ္ဆာ၊ ၃။ ဝေဒါနတ္ထပုစ္ဆာ– ဖြူစင်ခြင်းအကျိုးငှာ မေးအပ်သောပုစ္ဆာ။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ အတိတ်ကို အာရုံပြု၍ မေးသော ပုစ္ဆာ (အတီတပုစ္ဆာ) ၂။ အနာဂတ်ကို အာရုံပြု၍ မေးသော ပုစ္ဆာ (အနာဂတပုစ္ဆာ)၊ ၃။ ပစ္စုပ္ပန်ကို အာရုံပြု၍ မေးသော ပုစ္ဆာ (ပစ္စုပ္ပန္နပုစ္ဆာ) ။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ အဈ္ဈတ္တတရားကို အာရုံပြု၍ မေးသော ပုစ္ဆာ (အဈ္ဈတ္တပုစ္ဆာ)၊ ၂။ ဗဟိဒ္ဓတရားကို အာရုံပြု၍ မေးသော ပုစ္ဆာ (ဗဟိဒ္ဓပုစ္ဆာ)၊ ၃။ အဈ္ဈတ္တဗဟိဒ္ဓတရား နှစ်ပါးကို အာရုံပြု၍ မေးသော ပုစ္ဆာ (အဈ္ဈတ္တဗဟိဒ္ဓပုစ္ဆာ) ။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ အပြစ်မရှိသည်ကို မေးသော ပုစ္ဆာ (ကုသလပုစ္ဆာ) ၂။ အပြစ်နှင့်တကွသော လက္ခဏာကို မေးသော ပုစ္ဆာ (အကုသလပုစ္ဆာ)၊ ၃။ အပြစ်ရှိ မရှိဟု မဆိုအပ်သော တရားတို့ကို မေးသော ပုစ္ဆာ (အဗျာကတပုစ္ဆာ) ။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ ခန္ဓာငါးပါးအကြောင်း မေးသော ပုစ္ဆာ (ခန္ဓပုစ္ဆာ)၊ ၂။ အာယတန ဆယ့်နှစ်ပါး အကြောင်း မေးသော ပုစ္ဆာ (အာယတနပုစ္ဆာ)၊ ၃။ ဓာတ်ဆယ့်ရှစ်ပါးအကြောင်း မေးသော ပုစ္ဆာ (ဓာတုပုစ္ဆာ) ။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ သတိပဋ္ဌာန်လေးပါးအကြောင်း မေးသော ပုစ္ဆာ (သတိပဋ္ဌာနပုစ္ဆာ)၊ ၂။ သမ္မပ္ပဓာန်လေးပါးအကြောင်းမေးသော ပုစ္ဆာ (သမ္မပ္ပဓာနပုစ္ဆာ)၊ ၃။ ဣဒ္ဓိပါဒ်လေးပါး အကြောင်းမေးသော ပုစ္ဆာ (ဣဒ္ဓိပါဒပုစ္ဆာ) ။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ ဣန္ဒြေအကြောင်း မေးသော ပုစ္ဆာ (ဣန္ဒြိယပုစ္ဆာ)၊ ၂။ ဗိုလ်ငါးပါး အကြောင်း မေးသော ပုစ္ဆာ (ဗလပုစ္ဆာ)၊ ၃။ ဗောဇ္ဈင်ခုနစ်ပါးအကြောင်း မေးသော ပုစ္ဆာ (ဗောဇ္ဈင်္ဂပုစ္ဆာ)။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

ပုစ္ဆာ ၃ မျိုး (တစ်နည်း) ၁။ မဂ်လေးပါးအကြောင်း မေးသော ပုစ္ဆာ (မဂ္ဂပုစ္ဆာ)၊ ၂။ ဖိုလ်လေးပါး အကြောင်း မေးသော ပုစ္ဆာ (ဖလပုစ္ဆာ)၊ ၃။ နိဗ္ဗာန်အကြောင်း မေးသော ပုစ္ဆာ(နိဗ္ဗာနပုစ္ဆာ)။ (မဟာနိ။၂၆၄။) (စူဠနိ။၅၁။) (စူဠနိ။၆၃။)

http://www.dhammadownload.com

ပုစ္ဆာ ၅ မျိုး ၁။ ဉာဏ်ဖြင့် မသိမမြင်, မဆုံးဖြတ်နိုင်သေးသော သဘောကို သိမြင်လာအောင် မေးမြန်းသော ပုစ္ဆာ– အဒိဋ္ဌဇောတနာပုစ္ဆာ၊ ၂။ ဉာဏ်ဖြင့် သိမြင်ပြီးသော သဘောကို နှီးနှော ဆွေးနွေးခြင်းငှာ မေးမြန်းအပ်သော ပုစ္ဆာ– ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၊ ၃။ ယုံမှားသံသယကို ဖြတ်တောက်ခြင်းငှာ မေးမြန်းအပ်သော ပုစ္ဆာ– ဝိမတိစ္ဆေဒနပုစ္ဆာ၊ ၄။ တရားနာပုဂ္ဂိုလ်၏ အလိုကို ယူခြင်းငှာ မေးမြန်းအပ်သော ပုစ္ဆာ– အနုမတိပုစ္ဆာ၊ ၅။ ကိုယ်တိုင် ဖြေဆိုလို၍ မေးမြန်းအပ်သော ပုစ္ဆာ– (ကထေတုကမျတာ ပုစ္ဆာ)၊ (ဒီ၊ဋ္ဌ၊၁။၆၇။) (မ၊ဋ္ဌ၊၂။၂၃၅။) (သံ၊ဋ္ဌ၊ ၂။၇။) (အံ၊ဋ္ဌ၊၁။၇၉။) (အဘိ၊ဋ္ဌ၊၁။၉၇။) (ပဋိသံ၊ဋ္ဌ၊၁။၅၆။) (ဣတိဝုတ်၊ဋ္ဌ။၃၇။) (ဗုဒ္ဓဝံ၊ဋ္ဌ။၇၉။) (နေတ္တိ၊ဋ္ဌ။၁၄။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၂၇။)

ပဋ္ဌာန်း ၂၄ ပါး ၁။ အနုလောမ၌ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း ခြောက်ပါး၊ ၂။ ပစ္စနီယ၌ ခြောက်ပါး၊ အနုလောမပစ္စနီယ၌ ခြောက်ပါး၊ ပစ္စနီယာနုလောမ၌ ခြောက်ပါး ပေါင်းနှစ်ဆယ့်လေးပါး ဖြစ်သည်။ (ဒီ၊ဋီ၊၁။၁၃၈။)

ပဋ္ဌာန်း ၆ မျိုး (ပဋ္ဌာန်းကျမ်း အနုလောမ ပဋ္ဌာန်း ၆ မျိုး) ၁။ တိကပဋ္ဌာန်း၊ ၂။ ဒုကပဋ္ဌာန်း၊ ၃။ ဒုကတိကပဋ္ဌာန်း၊ ၄။ တိကဒုကပဋ္ဌာန်း၊ ၅။ တိကတိကပဋ္ဌာန်း၊ ၆။ ဒုကဒုကပဋ္ဌာန်း။ (အဘိ၊ဋ္ဌ၊၁။၁၀။)

ပဋ္ဌာန်း ၆ မျိုး (တစ်နည်း) (ပစ္စနီယ၌ ပဋ္ဌာန်း ၆ မျိုး) ၁။ တိကပဋ္ဌာန်း၊ ၂။ ဒုကပဋ္ဌာန်း၊ ၃။ ဒုကတိကပဋ္ဌာန်း၊ ၄။ တိကဒုကပဋ္ဌာန်း၊ ၅။ တိကတိကပဋ္ဌာန်း၊ ၆။ ဒုကဒုကပဋ္ဌာန်း။ (ပဋ္ဌာန၊၁။၁၆။) (အဘိ၊ဋ္ဌ၊၁။၁၀။)

ပဋ္ဌာန်း ၆ မျိုး (တစ်နည်း) (ပဋ္ဌာန်းကျမ်း အနုလောမပစ္စနီယ၌ ပဋ္ဌာန်း ၆ မျိုး) ၁။ တိကပဋ္ဌာန်း၊ ၂။ ဒုကပဋ္ဌာန်း၊ ၃။ ဒုကတိကပဋ္ဌာန်း၊ ၄။ တိကဒုကပဋ္ဌာန်း၊ ၅။ တိကတိကပဋ္ဌာန်း၊ ၆။ ဒုကဒုကပဋ္ဌာန်း။ (ပဋ္ဌာန၊၁။၁၇။) (အဘိ၊ဋ္ဌ၊၁။၁၀။)

ပဋ္ဌာန်း ၆ မျိုး (တစ်နည်း) (ပဋ္ဌာန်းကျမ်း ပစ္စနီယာနုလောမ၌ ပဋ္ဌာန်း ၆ မျိုး) ၁။ တိကပဋ္ဌာန်း၊ ၂။ ဒုကပဋ္ဌာန်း၊ ၃။ ဒုကတိကပဋ္ဌာန်း၊ ၄။ တိကဒုကပဋ္ဌာန်း၊ ၅။ တိကတိကပဋ္ဌာန်း၊ ၆။ ဒုကဒုကပဋ္ဌာန်း။ (ပဋ္ဌာန၊၁။၁၈။) (အဘိ၊ဋ္ဌ၊၁။၁၁။)

ပဋ္ဌာန်းကျမ်း၌ ဝါရကြီး ၇ ဝါရ ၁။ ပဋိစ္စဝါရ၊ ၂။ သဟဇာတဝါရ၊ ၃။ ပစ္စယဝါရ၊ ၄။ နိဿယဝါရ၊ ၅။ သံသဋ္ဌဝါရ၊ ၆။ သမ္ပယုတ္တဝါရ၊ ၇။ ပဉ္စဝါရ။ (အဘိ၊ဋ္ဌ၊၃။၃၉၅။)

ပဋ္ဌာန်း ပစ္စည်း ၂၄ ပါး ၁။ ဟေတုပစ္စည်း၊ ၂။ အာရမ္မဏပစ္စည်း၊ ၃။ အဓိပတိပစ္စည်း၊ ၄။ အနန္တရပစ္စည်း၊ ၅။ သမနန္တရပစ္စည်း၊ ၆။ သဟဇာတပစ္စည်း၊ ၇။ အညမညပစ္စည်း၊ ၈။ နိဿယပစ္စည်း၊ ၉။ ဥပနိဿယပစ္စည်း၊ ၁၀။ ပုရေဇာတပစ္စည်း၊ ၁၁။ ပစ္ဆာဇာတပစ္စည်း၊ ၁၂။ အာသေဝနပစ္စည်း၊ ၁၃။ ကမ္မပစ္စည်း၊ ၁၄။ ဝိပါကပစ္စည်း၊ ၁၅။ အာဟာရပစ္စည်း၊ ၁၆။ ဣန္ဒြိယပစ္စည်း၊ ၁၇။ ဈာနပစ္စည်း၊ ၁၈။ မဂ္ဂပစ္စည်း၊ ၁၉။ သမ္ပယုတ္တပစ္စည်း၊ ၂၀။ ဝိပ္ပယုတ္တပစ္စည်း၊ ၂၁။ အတ္ထိပစ္စည်း၊ ၂၂။ နတ္ထိပစ္စည်း၊ ၂၃။ ဝိဂတပစ္စည်း၊ ၂၄။ အဝိဂတပစ္စည်း။ (အဘိ၊ဋ္ဌ၊၁။၉။) (ပဋ္ဌာန၊ ၁။၁။)

ပဏ္ဏာကာ ၃ မျိုး ၁။ လူပဏ္ဏာကာ၊ ၂။ နတ်ပဏ္ဏာကာ၊ ၃။ တိရစ္ဆာန်ပဏ္ဏာကာ။ (ဝိ၊၁။၃၄။) (ဝိ၊မြန်၊၁။၃၈။)

ပဏ္ဏာကာ ၇ မျိုး ၁။ သူတစ်ပါး၏ အင်္ဂါဇာတ်ကို ပါးစပ်ဖြင့် ယူ၍ သုက်ဖြင့် သွန်းလောင်းခံရသော် ကိလေသာအပူငြိမ်းသော သူသည် အာသိတ္တပဏ္ဏာကာပုဂ္ဂိုလ်၊ ၂။ သူတစ်ပါး၏

http://www.dhammadownload.com

မေထုန်ကျူးလွန်မှုကို ကြည့်ရသော် ငြူစူခြင်းဖြစ်သော် ကိလေသာအပူငြိမ်းသော သူသည် ဥဿူယပဏ္ဏာကပုဂ္ဂိုလ်၊ ၃။ လုံ့လပယောဂဖြင့် ဝေးစေတို့ကို အထုတ်ခံရသူသည် ဩပက္ကမိက ပဏ္ဏာကပုဂ္ဂိုလ်၊ ၄။ အကုသိုလ်ဝိပါက်၏ အကျိုးဆက်ကြောင့် လဆုတ်ပက္ခ၌ ပဏ္ဏာကဖြစ်၍ လဆန်းပက္ခ၌ ကိလေသာအပူငြိမ်းသော သူသည် ပက္ခပဏ္ဏာကပုဂ္ဂိုလ်၊ ၅။ ပဋိသန္ဓေအခါ၌ပင် ဘာဝရုပ်ပါမလာသော သူသည် နပုံသကပဏ္ဏာကပုဂ္ဂိုလ်၊ ၆။ လအပိုင်းအခြားအားဖြင့် ပဏ္ဏာကဖြစ်သော သူသည် မာသပဏ္ဏာကပုဂ္ဂိုလ်၊ ၇။ မန်းမှုတ်ခြင်း မှော်အတတ်ဖြင့် ဝေးစေပယ်ထုတ်ခံရသူသည် လေခပဏ္ဏာကပုဂ္ဂိုလ်။ (ဝဇိရ။၄၂၉။)

ပဏ္ဍတ္တိဝါဒ၌ နယဝါရ ၄ မျိုး ၁။ ပဒသောဓနဝါရ၊ ၂။ ပဒသောဓန မူလစက္ကဝါရ၊ ၃။ သုဒ္ဓ ဓန္ဓဝါရ၊ ၄။ သုဒ္ဓဓန္ဓမူလစက္ကဝါရ။ (အဘိ၊ဋ္ဌ၊၃။၂၉၃။)

ပိဏ္ဍပါတသန္တောသ ၁၅ ပါး ဆွမ်း၌ ရောင့်ရဲခြင်း ၁၅ ပါးနှင့် တူသည်။

ပိဏ္ဍပါတ်ဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌ ပိဏ္ဍပါတ်ဓုတင်၊ ၂။ မဇ္ဈိမ ပိဏ္ဍပါတ်ဓုတင်၊ ၃။ မုဒုက ပိဏ္ဍပါတ်ဓုတင်။ (ဝိသုဒ္ဓိ၊၁။ဖ၃။)

ပိဏ္ဍပါတ်ဓုတင် ဆောက်တည်ရကျိုး ၁၅ ပါး ၁။ "ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ" ဟူသော ဘုရားစကားတော်နှင့် အညီ (ဒုတိယ) နိဿယနှင့် လျော်သော အကျင့်ပဋိပတ် ရှိခြင်း၊ ၂။ ဒုတိယ အရိယဝံသ၌ တည်ခြင်း၊ ၃။ သူတစ်ပါးနှင့် မစပ်သော အသက်မွေးမှု ရှိခြင်း၊ ၄။ ဘုရားရှင် ချီးမွမ်းအပ်သော ပစ္စည်း ဖြစ်ခြင်း၊ ၅။ ဆွမ်းခံသွားရန်အတွက် ပျင်းရိမှုကို နှိမ်နင်းနိုင်ခြင်း၊ ၆။ စင်ကြယ်သော အသက်မွေးမှု ရှိခြင်း၊ ၇။ သေခိယကျင့်ဝတ်ကို ပြည့်စုံစေခြင်း၊ ၈။ သူတစ်ပါးတို့အား မမွေးမြူရခြင်း၊ ၉။ ဆွမ်းလောင်းလှူသော သူတစ်ပါးတို့အား ချီးမြှောက်မှုကို ပြုခြင်း၊ ၁၀။ မာန် မာနကို ပယ်ခြင်း၊ ၁၁။ ရသတဏှာကို ပယ်ရှားနိုင်ခြင်း၊ ၁၂။ ဂဏဘောဇန ပရမ္မရဘောဇန စာရိတ္တသိက္ခာပုဒ်တို့ဖြင့် အာပတ်မသင့်ခြင်း၊ ၁၃။ အပ္ပိစ္ဆတာ စသည်တို့အားလျော်သော အသက်မွေးမှု ရှိခြင်း၊ ၁၄။ ကောင်းမြတ်သော အကျင့်ပဋိပတ်ကို တိုးပွားစေခြင်း၊ ၁၅။ နောင်လာနောက်သားတို့အား ဒိဋ္ဌာနုဂတိသို့ လိုက်စေသောအားဖြင့် ချီးမြှောက်ရခြင်း။ (ဝိသုဒ္ဓိ၊၁။ဖ၄။)

ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သူ ၅ မျိုး ၁။ ပညာနုံ့နေး တွေဝေသောကြောင့် ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ရဟန်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်အပ်သောကြောင့် ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ရဟန်း၊ ၃။ စိတ်ပျံ့လွင့်သည် ဖြစ်၍ ရူးသွပ်သောကြောင့် ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ရဟန်း၊ ၄။ မြတ်စွာဘုရားနှင့် တပည့်သာဝကဟိုသည် ချီးမွမ်းအပ်၏ဟု နှလုံးသွင်းလျက် ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ရဟန်း၊ ၅။ အလိုနည်းခြင်း, ရောင့်ရဲခြင်း,ခေါင်းပါးခြင်း, ကောင်းသော အကျင့်ကို အလိုရှိခြင်းတို့ကို အမှီပြု၍ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သော ရဟန်း။ (ဝိ၊၅။၂၃၃။) (ဝိ၊၅။၃၃၅။) (ဝိ၊မြန်၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၃၈။) (အဘိ၊ပု။၁၇၉။) (အဘိ၊ပု၊မြန်။၈၃။)

ပိဏ္ဍပါတ်ဓုတင်ဆောင် အကျိုး ၅ ပါး ၁။ ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ သွားရခြင်း၊ ၂။ ဂဏဘောဇဉ်ကို မဆောက်တည်ရခြင်း၊ ၃။ ပရမ္မရဘောဇဉ်ကို မဆောက်တည်ရခြင်း၊

http://www.dhammadownload.com

၄။ (သမယ)ကို မဆောက်တည်ရခြင်း၊ ၅။ (ရနိုးသော ဆွမ်းကို) ဝိကပွနာ မပြုရခြင်း။ (ဝိ၊၅။ ၂၃၀။) (ဝိ၊မြန်၊၅။၃၁၉။)

ဝိဏ္ဏပါတ်ခုတင်ဆောင်ရဟန်း လက်မခံအပ်သော ဆွမ်း ၁၄ မျိုး ၁။ သံဃာအား လှူအပ်သော ဆွမ်း– သံဃဘတ္တ၊ ၂။ သံဃာမှ ရည်ညွှန်းလှူအပ်သော ဆွမ်း– ဥဒ္ဒေသဘတ္တ၊ ၃။ ပင့်ဖိတ်၍ လှူဒါန်းအပ်သော ဆွမ်း– နိမန္တနာဘတ္တ၊ ၄။ စာရေးတံမဲချ၍ လှူအပ်သော ဆွမ်း– သလာကဘတ္တ၊ ၅။ ၁၅ ရက် တစ်ကြိမ် ပေးလှူအပ်သော ဆွမ်း– ပက္ခိကဘတ္တ၊ ၆။ ဥပုသ်နေ့၌ လှူအပ်သော ဆွမ်း– ဥပေါသထိကဘတ္တ၊ ၇။ လဆန်းတစ်ရက် လဆုတ်တစ်ရက်နေ့၌ လှူသော ဆွမ်း– ပါဋိပဒိကဘတ္တ၊ ၈။ ဧည့်သည်ရဟန်းတို့အား လှူအပ်သော ဆွမ်း– အာဂန္တုကဘတ္တ၊ ၉။ ခရီးသွားတို့အား လှူအပ်သော ဆွမ်း– ဂမိကဘတ္တ၊ ၁၀။ သူနာအား ပေးလှူအပ်သော ဆွမ်း– ဂိလာနဘတ္တ၊ ၁၁။ သူနာပြုအား ပေးအပ်သော ဆွမ်း– ဂိလာနုပဋ္ဌာကဘတ္တ၊ ၁၂။ ကျောင်း၌ လှူအပ်သော ဆွမ်း– ဝိဟာရဘတ္တ၊ ၁၃။ အမြဲဝတ်တည်ထားအပ်သော ဆွမ်း– ဓုရဘတ္တ၊ ၁၄။ အလှည့်ကျအားဖြင့် ဆောင်လှူအပ်သော ဆွမ်း– ဝါရကဘတ္တ။ (ဝိသုဒ္ဓိ၊၁။ဖ၃။)

ပုဏ္ဏမထေရ်၏ လာဘ် ၅ မျိုး ၁။ ပညာရှိတို့သည် ကျေးဇူးစကားကို ပြောဆိုခြင်းဟူသော လာဘ်၊ ၂။ သီတင်းသုံးဖော် ရဟန်းတို့သည် ချီးမွမ်းစကားကို ပြောဆိုခြင်းဟူသော လာဘ်၊ ၃။ မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ ကျေးဇူးစကားကို ပြောဆိုခြင်းဟူသော လာဘ်၊ ၄။ အလိုနည်းသူ၏ အဖြစ် အစရှိသော ကျေးဇူးသို့ သက်ဝင်၍ သက်ဝင်၍ ကျေးဇူးကို ပြောဆိုခြင်းဟူသော လာဘ်၊ ၅။ မြတ်စွာဘုရားသည် ဝမ်းမြောက်တော်မူခြင်းဟူသော လာဘ်။ (မ၊၄၊၂။၅၄။)

ပုဏ္ဏား ၅ မျိုး ၁။ ဗြဟ္မာနှင့် တူသော ပုဏ္ဏား၊ ၂။ နတ်နှင့် တူသော ပုဏ္ဏား၊ ၃။ စည်းကမ်းရှိသော ပုဏ္ဏား၊ ၄။ စည်းကမ်းပျက်သော ပုဏ္ဏား၊ ၅။ ဒွန်းစဏ္ဍားနှင့် တူသော ပုဏ္ဏား။ (အံ၊၂။၁၉၆။) (အံ၊မြန်၊၂။၂၅၀။)

ပုဏ္ဏား ၁၀ မျိုး ၁။ ဆေးသမားနှင့် တူသော ပုဏ္ဏား၊ ၂။ ကျွန်အမှုလုပ်နှင့် တူသော ပုဏ္ဏား၊ ၃။ နှိပ်စက်၍ အခွန်တောင်းသူနှင့် တူသော ပုဏ္ဏား၊ ၄။ စိုက်ထားအပ်သော သစ်ငုတ်နှင့် တူသော ပုဏ္ဏား၊ ၅။ ကုန်သည်နှင့် တူသောပုဏ္ဏား၊ ၆။ သူဌေးသူကြွယ်နှင့် တူသော ပုဏ္ဏား၊ ၇။ သားသတ်သမား, ငှက်သတ်သမားနှင့် တူသောပုဏ္ဏား၊ ၈။ ရွာကို ဖျက်ဆီးတတ်သူနှင့် တူသော ပုဏ္ဏား၊ ၉။ တောလိုက်မုဆိုးနှင့် တူသော ပုဏ္ဏား၊ ၁၀။ မကောင်းမှုအညစ်အကြေးကို ဆေးလျှော်တတ်သော သူနှင့် တူသော ပုဏ္ဏား။ (ဇာတက၊၁။၃၀၃၊၄ ၅ ၆။)

ပုဏ္ဏားကို မသတ်ထိုက်ကြောင်း ၃ ပါး ၁။ ဝေဒကျမ်းကို ရွတ်ဖတ် သရဇ္ဈာယ်တတ်ခြင်း၊ ၂။ တောင်းရမ်းအလှူခံခြင်းနှင့် ယှဉ်သောသူ ဖြစ်ခြင်း၊ ၃။ ဆောင်ယူ လှူအပ်, ပူဇော်အပ်သော ပုဂ္ဂိုလ်ဟူသော မီးဖြစ်ခြင်း။ (ဇာတက၊၂။၂၃၁။) (ဇာ၊၆၊၇။၄၆။)

ပုဏ္ဏားတို့ စုဝေးကြရခြင်း အကြောင်းကိစ္စ ၂ မျိုး ၁။ ယဇ်ပူဇော်မှုကို ခံစားလိုခြင်း၊ ၂။ မန္တန်ကို ရွတ်ဖတ် သရဇ္ဈာယ်လိုခြင်း။ (ဒီ၊၆၊၁။၂၅၀။) (ဒီ၊၆၊မြန်၊၁။၄၈၉။)

ပုဏ္ဏားတို့ စုဝေးကြရာဌာန ၂ ဌာန ၁။ ဇာတ်ကို သုတ်သင်ခြင်းငှာ အလိုရှိသော အခါ၌ ပေါက္ခရသာတိ

http://www.dhammadownload.com

ပုဏ္ဏား နေထိုင်ရာ ဥက္ကဋ္ဌမြို့၌ စုဝေးကြကုန်၏၊ ၂။ ဗေဒင်တို့ကို သုတ်သင်ခြင်းငှာ အလိုရှိသော အခါ၌ ဣစ္ဆာနင်္ဂိုလရွာ၌ စုဝေးကြကုန်၏။ (မ၊ဌ၊၃။၂၉၄။)

ပုဏ္ဏားတို့ ပညတ်ထားကုန်သော ဥစ္စာ ၄ မျိုး ၁။ ပုဏ္ဏား၏ ကိုယ်ပိုင်ဥစ္စာ ဆွမ်းခံခြင်း၊ ၂။ မင်း၏ ကိုယ်ပိုင်ဥစ္စာ လေးနှင့် မြား ထည့်သော ကျည်တောင့်၊ ၃။ သူဌေးသူကြွယ် ကုန်သည်မျိုး၏ ကိုယ်ပိုင်ဥစ္စာ လယ်ထွန်ခြင်း နွားကျောင်းခြင်း၊ ၄။ သူဆင်းရဲမျိုး၏ ကိုယ်ပိုင်ဥစ္စာ တံစဉ် ထမ်းပိုး။ (မ၊၂။၃၉၀။) (မ၊မြန်၊၂။၃၉၆။)

ပုဏ္ဏားတို့ သိစေကုန်သော အလုပ်အကျွေး ၄ မျိုး ၁။ ပုဏ္ဏားမျိုးအား အလုပ်အကျွေးကို သိစေကုန်၏၊ ပညတ်ထားကုန်၏၊ ၂။ မင်းမျိုးအား အလုပ်အကျွေးကို သိစေကုန်၏၊ ပညတ်ထားကုန်၏၊ ၃။ သူဌေးသူကြွယ်မျိုးအား အလုပ်အကျွေးကို သိစေကုန်၏၊ ပညတ်ထားကုန်၏၊ ၄။ သူဆင်းရဲမျိုးအား အလုပ်အကျွေးကို သိစေကုန်၊ ပညတ်ထားကုန်၏။ (မ၊၂။၃၈၈။) (မ၊မြန်၊၂။၃၉၃။)

ပုဏ္ဏားတို့ သတ်မှတ်ထားသော ပညာရှိယောကျ်ားမြတ်၏ အင်္ဂါ ၄ ပါး ၁။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း၊ ၂။ ပြောဆိုအပ်သော စကား၏ အနက်အဓိပ္ပာယ်ကို သိခြင်း၊ ၃။ ကြာမြင့်စွာ အခါက ပြုအပ် ပြောဆိုအပ်သည်ကို အောက်မေ့ သတိရနိုင်ခြင်း၊ ၄။ ထိုထို အိမ်မှုကိစ္စကို စီရင်ခြင်းငှာ စွမ်းနိုင်ခြင်း။ (အံ၊၁။၃၄၄။) (အံ၊မြန်၊၁။၃၆၀။)

ပုဏ္ဏားတို့၏ လက်ဦးဆရာ ဝေဒကျမ်းပြု ရသေ့ ၁၀ ပါး ၁။ အင်္ဂကရသေ့၊ ၂။ ဝါမကရသေ့၊ ၃။ ဝါမဒေဝရသေ့၊ ၄။ ဝေဿာမိတ္တရသေ့၊ ၅။ ယမဒဂ္ဂိရသေ့၊ ၆။ အင်္ဂီရသရသေ့၊ ၇။ ဘာရဒ္ဝါဇရသေ့၊ ၈။ ဝါသေဋ္ဌရသေ့၊ ၉။ ကဿပရသေ့၊ ၁၀။ ဘဂုရသေ့။ (ဒီ၊၁။၉၇။) (အံ၊၂။၁၉၇၊၂၀၂။) (ဒီ၊မြန်၊၁။၁၁၅။) (အံ၊မြန်၊၂။၂၅၀။)

ပတ္ထကလ္လ အင်္ဂါ ၄ ပါး ၁။ ဥပုသ်နေ့ ဖြစ်ခြင်း၊ ၂။ ဥပုသ်ကံအား လျောက်ပတ်သော ပကတတ်ရဟန်းတို့သည် နှစ်တောင့်ထွာ ဟတ္ထပါသ်ကို မစွန့်မူ၍ တစ်သိမ်တည်း၌ တည်ခြင်း၊ ၃။ သဘာဂ အာပတ် မရှိခြင်း၊ ၄။ သိမ်အတွင်း၌ လူစသော ဝဇ္ဇနီယပုဂ္ဂိုလ် နှစ်ဆယ့်တစ်ယောက်တို့ကို ဖယ်ကြဉ်ပြီး ဖြစ်ခြင်း။ (ဝိ၊ဌ၊၃။၃၄၄။) (ဝိ၊ဌ၊၄။၁၇၂။)

ပတ္ထနိက္ကဠေန အင်္ဂါ ၈ ပါး သဝိတ်မှောက်ခြင်း အင်္ဂါ ၈ ပါးနှင့် တူသည်။

ပတ္ထပိဏ်ဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌပတ္ထပိဏ်ဓုတင်၊ ၂။ မဇ္ဈိမပတ္ထပိဏ်ဓုတင်၊ ၃။ မုဒုကပတ္ထပိဏ်ဓုတင်။ (ဝိသုဒ္ဓိ၊၁။၆၇။)

ပတ္ထပိဏ်ဓုတင် ဆောက်တည်သော ရဟန်း ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲ တွေဝေသောကြောင့် ဆောက်တည်ခြင်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် ဆောက်တည်ခြင်း၊ ၃။ စိတ်ပျံ့လွင့် ရူးသွပ်သောကြောင့် ဆောက်တည်ခြင်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင်၏တပည့်တို့သည် ချီးမွမ်းအပ်၏ဟု ဆောက်တည်ခြင်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို မှီ၍ ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်ခြင်း။ (ဝိ၊၅။၃၃၆။) (အံ၊၂။၁၉၄။) (ဝိ၊မြန်၊၅။၄၃၈။) (အံ၊မြန်၊၂။၂၄၇။)

http://www.dhammadownload.com

ပတ္တပိဏ်ခုတင် ဆောက်တည်ရကျိုး ၆ ပါး ၁။ အမျိုးမျိုးသော ရသတဏှာကို ပယ်ဖျောက်နိုင်ခြင်း၊ ၂။ အတြိစ္ဆတာကို ပယ်နိုင်ခြင်း၊ ၃။ အာဟာရ၌ ဘုရားရှင်သည် ခွင့်ပြုတော်မူသော အကျိုးမျှကိုသာ ကြည့်ရှုလေ့ ရှိခြင်း၊ ၄။ သပိတ်မှ အပိုဖြစ်သော ပန်းကန်ခွက်ယောက် စသည်ကို ကိုင်ဆောင်ခြင်းကြောင့် ဖြစ်သော ပင်ပန်းမှု မရှိခြင်း၊ ၅။ အခြားသော ဆွမ်းဟင်း ခွက်တို့၌ ပျံ့လွင့်မှု မရှိဘဲ စားသောက်နိုင်ခြင်း၊ ၆။ အပို၌တာ စသည်တို့အားလျော်သော အကျင့် ရှိခြင်း။ (ဝိသုဒ္ဓိ၊၁။၆၈။)

ပတ္တမြှားရတနာ၏ ဂုဏ် ၃ ပါး ၁။ အလိုရှိရာကို ပေးနိုင်ခြင်း၊ ၂။ ကြည်လင်ရွှင်လန်းမှုကို ပြုတတ်ခြင်း၊ ၃။ ထွန်းလင်း တောက်ပမှုကို ပြုတတ်ခြင်း။ (မိလိန္ဒ။၃၀၇။) (မိလိန္ဒ၊မြန်။၃၂၉။)

ပတ္တမြှား၏ အင်္ဂါ ၃ ပါး ၁။ ပတ္တမြှားရတနာသည် ထက်ဝန်းကျင် စင်ကြယ်ခြင်း၊ (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ထက်ဝန်းကျင် စင်ကြယ်သော အသက်မွေးမှု ရှိခြင်း)၊ ၂။ ပတ္တမြှားရတနာသည် တစ်စုံတစ်ခုသော အညစ်ကြေးနှင့် မရောနှောခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ယုတ်ညံ့သော အကုသိုလ်တရား, ယုတ်ညံ့သော အဆွေခင်ပွန်းတို့နှင့် မရောနှောခြင်း)၊ ၃။ ပတ္တမြှား ရတနာသည် အမျိုးစားမှန်ကန်သော ရတနာတို့နှင့် ယှဉ်စပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အလွန်မြတ်သော ဇာတ်ရှိသူတို့နှင့်လည်းကောင်း သေက္ခပုဂ္ဂိုလ်, သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ တေဝိဇ္ဇ ဆဠာဘိညပုဂ္ဂိုလ်တို့နှင့်လည်းကောင်း ပေါင်းသင်းဆက်ဆံရခြင်း)။ (မိလိန္ဒ။၃၉၇။) (မိလိန္ဒ၊မြန်။၄၁၉။)

ပတ္တဥက္ကုဇ္ဇန အင်္ဂါ ၈ ပါး သပိတ်လှန်ရန် အင်္ဂါ ၈ ပါးနှင့် တူသည်။ (အံ၊၃။၁၅၈။) (အံ၊မြန်၊၃။၁၆၀။)

ပတ္ထနာ ၂ မျိုး ၁။ တဏှာဟူသော တောင့်တခြင်း– တဏှာပတ္ထနာ၊ ၂။ ဆန္ဒဟူသော တောင့်တခြင်း– ဆန္ဒပတ္ထနာ။ (မ၊ဋ္ဌ၊၁။၄၃။)

ပန်းကုံး ၆ မျိုး ၁။ ဂန္ထိမ်– ရိုးတန်အချင်းချင်း, အညာအချင်းချင်း သီကုံးထုံးဖွဲ့အပ်သော ပန်းကုံး၊ ၂။ ဂေါပ္ပိမ်– ချည်ဖြင့်သော်လည်းကောင်း, လျှော် စသည်တို့ဖြင့်သော်လည်းကောင်း ထိုးသီ၍ စီတန်းဖွဲ့ထားအပ်သော ပန်းကုံး၊ ၃။ ဝေဓိမ်– ခရေပန်း စသည်တို့ကို သီကုံးသကဲ့သို့ အပ်စသည်တို့ဖြင့် အလယ်မှ ထိုးဖောက်သီကုံးအပ်သော ပန်းကုံး၊ ၄။ ဝေဠိမ်– ပန်းစည်း စသည်တို့ကဲ့သို့ ရစ်ပတ်ဖွဲ့သီအပ်သော ပန်းကုံး၊ ၅။ ပူရိမ်– ပန်းကုံး ပန်းအဝတ် စသည်တို့ဖြင့် ရစ်ပတ်ပြီး လိုအပ်သော နေရာကို ဖြည့်၍ ဖြည့်၍ သီကုံးအပ်သော ပန်းကုံး၊ ၆။ ဝါယိမ်– ရက်လုပ်သော ဇာပန်း, အဝတ်ပန်း, အရုပ်ပန်း။ (ဝိ၊ဋ္ဌ၊၂။၂၀၄။)

ပုန်းကွယ်၍ လုယူခြင်း ၂ မျိုး ၁။ ဆီးနှင်းကျရာ အခါ၌ ဆီးနှင်းဖြင့် မိမိကိုယ်ကို ပုန်းကွယ်၍ ခရီးသွားသူကို လုယူခြင်း၊ ၂။ တောချုံ စသည်ဖြင့် ပုန်းကွယ်၍ ခရီးသွားသူကို လုယူခြင်း။ (ဒီ၊ဋ္ဌ၊၁။၇၈။) (မ၊ဋ္ဌ၊၂။၁၁၅။) (အဘိ၊ဋ္ဌ၊၃။၉၁။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၄၉။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၄၉။)

ပဗ္ဘာဇနီယကံကို ပြုလိုက ပြုနိုင်ကြောင်း အင်္ဂါ ၃ ပါး ၁။ သံဃာ၌ အဓိကရဏ်းကို ပြုတတ်ခြင်း၊ ၂။ မိုက်မဲ မလိမ္မာ အာပတ်များပြား အပိုင်းအခြား မရှိခြင်း၊ ၃။ ယုတ်ညံ့သော အကျင့်ရှိခြင်း။ (ဝိ၊၅။၂၁၉။) (ဝိ၊မြန်၊၅။၃၀၆။)

http://www.dhammadownload.com

ပဗ္ဘာဇနီယကံကို ငြိမ်းစေနိုင်ကြောင်း ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံမပေးခြင်း၊ ၂။ နိဿယညှိုး မပေးခြင်း၊ ၃။ သာမဏေကို မလုပ်ကျွေး မပြုစုစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ခြင်း၊ ၅။ ဩဝါဒသမ္မုတိရသော်လည်း ရဟန်းမတို့ကို ဩဝါဒမပေးခြင်း၊ ၆။ ပဗ္ဘာဇနီယကံပြုကြောင်း အာပတ်သို့ မရောက်ခြင်း၊ ၇။ အလားတူ ဖြစ်သော အခြားအာပတ်သို့လည်း မသင့်ရောက်ခြင်း၊ ၈။ ထို့ထက် ရုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း မသင့် မရောက်ခြင်း၊ ၉။ ပဗ္ဘာဇနီယကံကို မကဲ့ရဲ့ခြင်း၊ ၁၀။ ပဗ္ဘာဇနီယကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့မထားခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့မထားခြင်း၊ ၁၃။ ဆုံးမသြဝါဒပေးမှုကို မပြုလုပ်ခြင်း၊ ၁၄။ အကြီးအမှူးအရာကို မယူခြင်း၊ ၁၅။ အခွင့်အရေး မတောင်းဆိုခြင်း၊ ၁၆။ မစောဒနာခြင်း (အပြစ်မတင်ခြင်း)၊ ၁၇။ မအောက်မေ့စေခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ခြင်း။ (ဝိ၊၄။၃၅။) (ဝိ၊မြန်၊၄။၃၄။)

ပဗ္ဘာဇနီယကံကို မငြိမ်းစေနိုင်ကြောင်း ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံပေးခြင်း၊ ၂။ နိဿယညှိုးပေးခြင်း၊ ၃။ သာမဏေကို ပြုစုလုပ်ကျွေးစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာနှစ်သက်ခြင်း၊ ၅။ ဩဝါဒသမ္မုတိရသည်ရှိသော် ရဟန်းမတို့ကို ဩဝါဒပေးခြင်း၊၆။ပဗ္ဘာဇနီယကံပြုကြောင်းဖြစ်သောအာပတ်သို့သင့်ရောက်ခြင်း၊၇။အလားတူ ဖြစ်သော အခြား အာပတ်သို့လည်း သင့်ရောက်ခြင်း၊ ၈။ ထို့ထက် ရုန့်ရင်းသော အာပတ် သင့်ရောက်ခြင်း၊ ၉။ ပဗ္ဘာဇနီယကံကို ကဲ့ရဲ့ခြင်း၊ ၁၀။ ပဗ္ဘာဇနီယကံ ပြုသော ရဟန်းတို့ကို ကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့ထားခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့ထားခြင်း၊ ၁၃။ ဆုံးမမှုကို ပြုလုပ်ခြင်း၊ ၁၄။ အကြီးအမှူးအရာကို ယူခြင်း၊ ၁၅။ အခွင့်အရေး တောင်းဆိုခြင်း၊ ၁၆။ စောဒနာမှု (အပြစ်တင်မှု) ပြုခြင်း၊ ၁၇။ အောက်မေ့စေခြင်း၊ ၁၈။ ပကတတ် ရဟန်းတို့နှင့် ရောယှက်ခြင်း။ (ဝိ၊၄။၃၅။) (ဝိ၊မြန်၊၄။၃၄။)

ပဗ္ဘာဇနီယက် ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး နိဿယက် ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး၊ ပဋိသာရဏီယက် ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး၊ ဥက္ခေပနီယက် ငြိမ်းအေး ခြင်း၏ စလယ်ဆုံး ၃ ပါး တို့နှင့် တူသည်။

ပဗ္ဘာဇနီယက် ပြုလိုက ပြုနိုင်ကြောင်း ၁၄ ပါး ၁။ မျက်ကွယ် မျက်မှောက်၌ ငြင်းခုံလျက် သံဃာ၌ အဓိကရဏ်းကို ပြုလုပ်ခြင်း အာပတ်များ၍ အပိုင်းအခြား မရှိခြင်း၊ လူတို့နှင့် ရောနှော နေထိုင်ခြင်း၊ ၂။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း၊ အကျင့်အရာ၌ အကျင့်ပျက်စီးခြင်း အယူဝါဒအရာ၌ အယူဝါဒ ပျက်စီးခြင်း၊ ၃။ ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၄။ ကိုယ်၌ ဖြစ်သော မြူးထူးခြင်း, နှုတ်၌ ဖြစ်သော မြူးထူးခြင်း, ကိုယ်နှုတ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံခြင်း၊ ၅။ ကိုယ်၌ ဖြစ်သော, နှုတ်၌ ဖြစ်သော, ကိုယ်နှုတ်၌ ဖြစ်သော မကျင့်အပ်သော အရာနှင့် ပြည့်စုံခြင်း၊ ၆။ ကိုယ်၌ ဖြစ်သော, နှုတ်၌ ဖြစ်သော, ကိုယ်နှုတ်၌ ဖြစ်သော ဖျက်ဆီးခြင်းနှင့် ပြည့်စုံခြင်း၊ ၇။ ကိုယ်၌ ဖြစ်သော, နှုတ်၌ ဖြစ်သော, ကိုယ်နှုတ်၌ ဖြစ်သော ယုတ်မာသော အာပတ်မွေးခြင်းနှင့် ပြည့်စုံခြင်း၊ ၈။ ရဟန်းတစ်မျိုးသည် မျက်ကွယ်

http://www.dhammadownload.com

မျက်မှောက်၌ ငြင်းခုံတတ်လျက် သံဃာ၌ အဓိကရဏ်းကို ပြုလုပ်တတ်ခြင်း၊ အာပတ် များပြား၍ အပိုင်းအခြားမရှိသူ ဖြစ်ခြင်း၊ လူတို့နှင့် ရောနှောနေထိုင်တတ်ခြင်း၊ ၉။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း၊ အကျင့်အရာ၌ အကျင့် ပျက်စီးခြင်း, အယူဝါဒအရာ၌ အယူဝါဒ ပျက်စီးခြင်း၊ ၁၀။ ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၁၁။ ကိုယ်၌ဖြစ်သော၊ နှုတ်၌ဖြစ်သော၊ ကိုယ်နှုတ်၌ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံခြင်း၊ ၁၂။ ကိုယ်၌ဖြစ်သော၊ နှုတ်၌ ဖြစ်သော၊ ကိုယ်နှုတ်၌ ဖြစ်သော မကျင့်အပ်သော အရာနှင့် ပြည့်စုံခြင်း၊ ၁၃။ ကိုယ်၌ဖြစ်သော၊ နှုတ်၌ဖြစ်သော၊ ကိုယ်နှုတ်၌ ဖြစ်သော ပျက်စီးခြင်းနှင့် ပြည့်စုံခြင်း၊ ၁၄။ ကိုယ်၌ဖြစ်သော နှုတ်၌ဖြစ်သော, ကိုယ်နှုတ်၌ဖြစ်သော ယုတ်မာသော အသက်မွေးမှုနှင့် ပြည့်စုံခြင်း။ (ဝိ၊၄။၃၁။) (ဝိ၊မြန်၊၄။၃၀-၃၁။)

ပဗ္ဘာဇနီယဝိနည်းကံ၌ ကျင့်ဝတ် ၁၈ ပါး ၁။ ဥပဇ္ဈာယ်ဆရာပြုလုပ်၍ ရဟန်းခံ မပေးရခြင်း၊ ၂။ နိဿယည်း မပေးရခြင်း၊ ၃။ သာမဏေကို မလုပ်ကျွေးစေရခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ရခြင်း၊ ၅။ ဩဝါဒသမ္မုတိရသော်လည်း ရဟန်းမတို့ကို ဩဝါဒ မပေးရခြင်း၊ ၆။ ပဗ္ဘာဇနီယက် ပြုကြောင်းဖြစ်သော အာပတ်သို့ မသင့်မရောက်ရခြင်း၊ ၇။ အလားတူဖြစ်သော အခြားအာပတ်သို့လည်း မသင့်မရောက်ရခြင်း၊ ၈။ ထို့ထက်ရုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း မသင့်မရောက်ရခြင်း၊ ၉။ ပဗ္ဘာဇနီယက်ပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရခြင်း၊ ၁၀။ ပဗ္ဘာဇနီယက်ပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့မထားရခြင်း၊ ၁၂။ ပဝါရဏာကို ဆိုင်းငံ့မထားရခြင်း၊ ၁၃။ ဆုံးမမှုကို မပြုလုပ်ရခြင်း၊ ၁၄။ အကြီးအမှူးအရာ၌ မနေရခြင်း၊ ၁၅။ အခွင့်အရေး မတောင်းဆိုရခြင်း၊ ၁၆။ မစောဒနာရခြင်း၊ ၁၇။ မအောက်မေ့စေရခြင်း၊ ၁၈။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ရခြင်း။ (ဝိ၊၄။၃၄။) (ဝိ၊မြန်၊၄။၃၂။)

ပုဗ္ဗကရဏ ၄ ပါး ၁။ ဥပုသ်ပြုမည့် သိမ်၌ တံမြက်လှည်းခြင်း၊ ၂။ ဆီမီးညှိထွန်းခြင်း၊ ၃။ သောက်ရေသုံးဆောင်ရေ တည်ထားခြင်း၊ ၄။ နေရာ ခင်းထားခြင်း။ (ဝိ၊၆၊၃။၃၄၄။)

ပုဗ္ဗကိစ္စ ၄ ပါး (ဥပုသ်ပြုရာ၌ ပုဗ္ဗကိစ္စ ၄ ပါး) ၁။ ဥပုသ်ကျောင်းဆောင်၌ တံမြက်လှည်းရခြင်း၊ ၂။ ဆီမီးညှိထွန်းရခြင်း၊ ၃ နေရာခင်းရခြင်း၊ ၄။ သောက်ရေ သုံးဆောင်ရေ တည်ထားရခြင်း။ (ဝိ၊၆၊၄။၁၇၂။)

ပုဗ္ဗကိစ္စ ၄ ပါး (တစ်နည်း) (နိဂြောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်၏ ပုဗ္ဗကိစ္စ ၄ ပါး) ၁။ နာနာဇဒ္ဓအဝိကောပန- အသီးအသီး မိမိခန္ဓာကိုယ်နှင့် စပ်နေသော သပိတ်သင်္ကန်းညောင်စောင်း အင်းပျဉ် ကျောင်း စသည်တို့ မပျက်စီးရအောင် အဓိဋ္ဌာန်ခြင်း၊ ၂။ သံဃပဋိမာနန- သံဃာတော်များက မိမိအား မျှော်လင့်စောင့်ဆိုင်းနေသောအခါ နိဂြောဓသမာပတ်မှ ထပါစေဟု အဓိဋ္ဌာန်ခြင်း၊ ၃။ သတ္ထုပက္ကောသန- မြတ်စွာဘုရားက ခေါ်သောအခါ နိဂြောဓသမာပတ်မှ ထပါစေဟု အဓိဋ္ဌာန်ခြင်း၊ ၄။ အဒ္ဓါနပရိစ္ဆေဒ- မိမိ၏ အာယုသင်္ခါရ အသက်အပိုင်းကို ဆင်ခြင်ခြင်း။ (ပဋိသံ၊၆၊၁။၂၈၇။)

http://www.dhammadownload.com

ပုဗ္ဗကိစ္စ ၅ မျိုး (ဥပုသ်ပြုရာ၌ ပုဗ္ဗကိစ္စ ၅ မျိုး) ၁။ ဆန္ဒကို လျှောက်ထားခြင်း၊ ၂။ ပါရိသုဒ္ဓိကို လျှောက်ထားခြင်း၊ ၃။ ဥတုကို လျှောက်ထားခြင်း၊ ၄။ ဥပုသ်သိမ်အတွင်းရှိ ရဟန်းများကို ရေတွက်ခြင်း၊ ၅။ ဘိက္ခုနီမတို့ တောင်းပန်သော ဩဝါဒကို လျှောက်ထားခြင်း။ (ဝိ၊၆၊၃။ ၃၄၄။)

ပုဗ္ဗနိမိတ် ၅ မျိုး (ဘုရားအလောင်း၏ အိပ်မက်ကြီး ငါးမျိုးတို့၏ ပုဗ္ဗနိမိတ် ၅ မျိုး) ၁။ ဤပထဝီ မြေကြီးသည် ကြီးစွာသော အိပ်ရာ ဖြစ်၏၊ အစရှိသော ပထမ အိပ်မက်ကြီးသည် ဘုရားအလောင်း သဗ္ဗညုတဉာဏ်တော်ကို ရရှိခြင်း၏ ပုဗ္ဗနိမိတ်၊ ၂။ နေဇာမြက်မျိုးသည် ချက်မှ တက်သွား၍ ထွန်တုံးအရွယ်ရှိသော ရိုးတံနှီဖြင့် တစ်ထွာခန့် အစရှိသည်ဖြင့် မြင်မက်သော ဒုတိယ အိပ်မက်ကြီးသည် မဂ္ဂင်ရှစ်ပါးကို နတ်တို့၌ ကောင်းစွာ ထင်ရှားဟောပြတော်မူခြင်း၏ ပုဗ္ဗနိမိတ်၊ ၃။ ဖွေးဖွေးဖြူကုန်သော မည်းနက်သော ဦးခေါင်းရှိကုန်သော ပိုးလောက်တို့သည် ခြေထောက်တို့မှ တက်သွားပြီး ပုဆစ်ဒူးဝန်းတိုင် ဖုံးအုပ်ကုန်၏၊ ဟူသော တတိယအိပ်မက်ကြီးသည် များစွာသော အဝတ်ဖြူဝတ်ကုန်သော လူဝတ်ကြောင်တို့သည် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ် ခြင်း၏ ပုဗ္ဗနိမိတ်၊ ၄။ အဆင်းအရောင် အမျိုးမျိုးရှိကုန်သော ငှက်လေးကောင်တို့သည် အရပ်လေးမျက်နှာတို့မှ လာကုန်၍ ခြေရင်း၌ သက်ဆင်းရပ်နားကြ၍ အားလုံးဖွေးဖွေးဖြူ ဖြစ်ကြကုန်၏၊ ဟူသော စတုတ္ထ အိပ်မက်ကြီးသည် မင်းမျိုး, ပုဏ္ဏားမျိုး အစရှိကုန်သော အမျိုးလေးပါး လူတို့သည် ဘုရားရှင်၏ သာသနာတော်၌ ရှင်ရဟန်းပြု၍ မြင့်မြတ်သော အရဟတ္တဖိုလ်တရားကို မျက်မှောက်ပြုခြင်း၏ ပုဗ္ဗနိမိတ်၊ ၅။ ကြီးစွာသော ကျင်ကြီးတောင်၏ အထက်ဝယ် စင်္ကြံကြွသွားရာ ကျင်ကြီးမလိမ်းကျံဘဲ ကြွသွားနိုင်၏၊ ဟူသော ပဉ္စမအိပ်မက်ကြီးသည် ဘုရားရှင် ပစ္စည်းလေးပါး လာဘ်များ ရရှိရာတို့၌ လောဘစသော ကိလေသာ စိတ်ဖြင့် မကပ်ငြိခြင်း၏ ပုဗ္ဗနိမိတ်။ (သာရတ္ထ၊ဋီ၊၂။၃၀၄။)

ပုဗ္ဗနိမိတ်ကြီး ၃၂ မျိုး (ဘုရားအလောင်း ပဋိသန္ဓေယူခါ ဖြစ်ပေါ်သော ပုဗ္ဗနိမိတ်ကြီး ၃၂ မျိုး) ၁။ စကြဝဠာတိုက်တစ်သောင်း ပြင်းစွာ တုန်လှုပ်ခြင်း၊ ၂။ စကြဝဠာတစ်သောင်း အတိုင်းအရှည် ရှိသော အရောင်အလင်းများ ပျံ့နှံ့ခြင်း၊ ၃။ သူကန်းများ မျက်စိအမြင် ရရှိခြင်း၊ ၄။ နားပင်း သူများ အသံကို ကြားရခြင်း၊ ၅။ စကားမပြော အ သောသူများ စကားကောင်းစွာ ပြောဆိုခြင်း၊ ၆။ ခါးကုန်းနေသူများ ခန္ဓာကိုယ် ဖြောင့်မတ်သွားခြင်း၊ ၇။ ဆွဲသော, မသွားနိုင်သော ပုဂ္ဂိုလ်များ မိမိခြေဖြင့် သွားလာနိုင်ခြင်း၊ ၈။ အချုပ်အနှောင်ခံရသော သတ္တဝါများ အနှောင်အဖွဲ့မှ လွတ်ခြင်း၊ ၉။ ငရဲအားလုံးတို့၌ ငရဲမီးများ ငြိမ်းခြင်း၊ ၁၀။ ပြိတ္တာဘုံတို့၌ ပြိတ္တာများ ဆာလောင်မွတ်သိပ်မှု ငြိမ်းအေးခြင်း၊ ၁၁။ တိရစ္ဆာန်သတ္တဝါတို့အား ဘေးမရှိခြင်း၊ ၁၂။ ရောဂါ ဖြစ်နေသော သတ္တဝါတို့ အနာရောဂါများ ငြိမ်းအေးခြင်း၊ ၁၃။ သတ္တဝါအားလုံး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပြောဆိုခြင်း၊ ၁၄။ ချိုမြိန်သာယာသော အခြင်းအရာအားဖြင့် မြင်းများ ဟီခြင်း၊ ၁၅။ ချိုမြိန်သာယာသော အခြင်းအရာအားဖြင့် ဆင်များ အော်မြည် ကြွေးကြော်ခြင်း၊ ၁၆။ တူရိယာအားလုံး မိမိတို့၏ တူရိယာအသံများ ထွက်ပေါ်လာခြင်း၊ ၁၇။ လူတို့၏ လက်ဝတ်ရတနာ အဆင်တန်ဆာများ အချင်းချင်း မထိဘဲ အသံမြည်ခြင်း၊ ၁၈။ အရပ်မျက်နှာ အားလုံး အထူးသဖြင့် ကြည်လင် သန့်ရှင်းနေခြင်း၊ ၁၉။ သတ္တဝါတို့၏ ကိုယ်စိတ်ချမ်းသာမှုကို ဖြစ်စေလျက် သာယာနူးညံ့သော လေပြေ လေအေးများ တိုက်ခတ်ခြင်း၊ ၂၀။ အခါမဲ့မိုးများ

http://www.dhammadownload.com

ရွာသွန်းခြင်း၊ ၂၁။ မြေကြီးထဲမှ ရေများ အပေါ်သို့ ပန်းတက်လာခြင်း၊ ၂၂။ ငှက်များ ကောင်းကင်၌ ပျံသန်းမှုကို စွန့်လွှတ်ခြင်း၊ ၂၃။ မြစ်ရေများ မစီးဆင်းဘဲ ရပ်တန့်နေခြင်း၊ ၂၄။ မဟာသမုဒ္ဒရာရေသည် ရေချို ဖြစ်သွားခြင်း၊ ၂၅။ အဆင်းငါးမျိုးရှိသော ကြာတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်သော အပြင် (မျက်နှာပြင်) ရှိခြင်း၊ ၂၆။ ရေ၌ ဖြစ်သော ကုန်း၌ ဖြစ်သော ပန်းအားလုံး ပွင့်ကြခြင်း၊ ၂၇။ သစ်ပင်တို့၏ ပင်စည်တို့၌ ပင်စည်ကြာ, အကိုင်းအခက်တို့၌ အကိုင်းအခက်ကြာ, နွယ်တို့၌ နွယ်ကြာပန်းတို့ ပွင့်ကြခြင်း၊ ၂၈။ တစ်ခဲနက်သော ကျောက်အပြင်ကို ဖောက်ခွဲ၍ အထက်အထက်၌ ပွင့်ချပ်တစ်ရာရှိသော ခန္ဓပဒုမမည်သော ကြာတို့ ထွက်ပေါ်ခြင်း၊ ၂၉။ ကောင်းကင်၌ တွဲလဲဆွဲသော သြလမ္ဘကပဒုမမည်သော ကြာတို့ ဖြစ်ပေါ်လာခြင်း၊ ၃၀။ ထက်ဝန်းကျင် ပန်းမိုးများ ရွာသွန်းခြင်း၊ ၃၁။ ကောင်းကင်၌ နတ်တူရိယာတို့သည် အသံမြည်ခြင်း၊ ၃၂။ အလုံးစုံသော တစ်သောင်းသော လောကဓာတ်သည် ပန်းကုံးကြီးကို ပစ်လွှတ်ထားသကဲ့သို့လည်းကောင်း, ပန်းစည်းကြီးကဲ့သို့လည်းကောင်း၊ တန်ဆာဆင် ထားသော ပန်းအိပ်ရာနေရာကဲ့သို့လည်းကောင်း ဖြစ်၍ ပန်းနံ့တို့ဖြင့် ထုံမွှမ်းလျက် အလွန် တင့်တယ်ခြင်း။ (အပ၊၌၊၁၀။ဖ၂။) (ဇာ၊၌၊၁၀။ဖ၀။)

ပုဗ္ဗပယောဂ စသော ခိုးခြင်း ၅ မျိုး ၁။ ပုဗ္ဗပယောဂ– ဘဏ္ဍာကို မယူမီ ရှေ့အဖို့၌ ဖြစ်သော ခိုးခြင်း၊ ၂။ သဟပယောဂ– လုံ့လပယောဂနှင့် တစ်ပြိုင်နက်ဖြစ်သော ခိုးခြင်း၊ ၃။ သံဝိဒါဝဟာရ– စုပေါင်းတိုင်ပင်၍ ခိုးခြင်း၊ ၄။ သင်္ကေတကမ္မ– မည်သည့်အချိန် ခိုးမည် စသည်ဖြင့် အချိန်းအချက် အမှတ်အသားပြု၍ ခိုးခြင်း၊ ၅။ နိမိတ္တကမ္မ– လက်ရိပ်ပြခြင်း မျက်စိမှိတ် ပြခြင်း စသည်ဖြင့် အရိပ်နိမိတ်ပြု၍ ခိုးခြင်း။ (ဝိ၊၌၊၁။၂၆၄။)

ပုဗ္ဗဘာဂမင် ဆောင်ကြဉ်းပေးသော အကျိုးထူး ၃ ပါး ၁။ မတရားလောဘ စသည်တို့ဖြင့် ညစ်နွမ်းကုန်သော သတ္တဝါတို့ကို အထူး သန့်ရှင်းစင်ကြယ်စေခြင်း အကျိုး၊ ၂။ လောကုတ္တရာမင်္ဂကို ရရှိခြင်းငှာ ဖြစ်စေခြင်း အကျိုး၊ ၃။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းအကျိုး။ (ဒီ၊၌၊၂။ ၃၄၃။) (မ၊၌၊၁။၂၄၂။) (ဒီ၊၌၊မြန်၊၂။ဖ၃၁။)

ပုဗ္ဗဘာဂမင် ပယ်ဖျောက်သည့် ဘေးရန် ၄ မျိုး ၁။ စိတ်နှလုံး စိုးရိမ်ပူပန်ခြင်း ဘေးရန်၊ ၂။ ငိုကြွေးမြည်တမ်းခြင်း ဘေးရန်၊ ၃။ ကိုယ်၌ ဖြစ်သော ဆင်းရဲ ဘေးရန်၊ ၄။ စိတ်၌ဖြစ်သော နှလုံးမသာယာခြင်း ဘေးရန်။ (ဒီ၊၌၊၂။၃၄၃။) (မ၊၌၊၁။၂၄၂။) (ဒီ၊၌၊မြန်၊၂။ဖ၃၁။)

ပုဗ္ဗယောဂါဝစရပုဂ္ဂိုလ်တို့၏ အကျိုးအာနိသင် ၅ ပါး ၁။ မျက်မှောက်ဘဝ၌ ကြိုတင်၍ အရဟတ္တဖိုလ်ကို ပြည့်စုံစေနိုင်ခြင်း၊ ၂။ ထိုသို့မဖြစ်ခဲ့လျှင် သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို ပြည့်စုံစေနိုင်ခြင်း၊ ၃။ ထိုသို့မဖြစ်လျှင် နတ်သားဖြစ်လျက် အရဟတ္တဖိုလ်ကို ပြည့်စုံ စေနိုင်ခြင်း၊ ၄။ ထိုသို့မဖြစ်လျှင် ဘုရားရှင်တို့၏ မျက်မှောက်၌ ခိပ္ပါဘိညရဟန္တာ ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း၊ ၅။ ထိုသို့မဖြစ်ခဲ့လျှင် နောက်ဆုံးဘဝ နောက်ဆုံးကာလ၌ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ခြင်း။ (အပ၊၌၊ ၁။၁၅၅။)

ပုဗ္ဗာပရ ၅ မျိုး ၁။ အတ္ထပုဗ္ဗာပရ၊ ၂။ ဓမ္မပုဗ္ဗာပရ၊ ၃။ အက္ခရပုဗ္ဗာပရ၊ ၄။ ဗျဉ္ဇနပုဗ္ဗာပရ၊ ၅။ အနုသန္ဓိပုဗ္ဗာပရ။ (အံ၊၌၊၃။ဖ၀။)

http://www.dhammadownload.com

ပုဗ္ဗာပရသန္ဓိ ၄ မျိုး ၁။ အတ္ထသန္ဓိ၊ ၂။ ဗျဉ္ဇနသန္ဓိ၊ ၃။ ဒေသနာသန္ဓိ၊ ၄။ နိဒ္ဒေသသန္ဓိ။ (နေတ္တိ၊ဋ္ဌ။၃၃။)

ပုဗ္ဗာပရာနုသန္ဓိ ၆ မျိုး ၁။ ပုဒ်တစ်ခု၏ အခြားပုဒ်တစ်ခုနှင့် ဆက်စပ်ခြင်း– ပဒသန္ဓိ၊ ၂။ ပုဒ်အနက်တစ်ခု၏ အခြားပုဒ်အနက်တစ်ခုနှင့် ဆက်စပ်ခြင်း– ပဒတ္ထသန္ဓိ၊ ၃။ အနုသန္ဓေ အမျိုးမျိုးရှိသော သုတ်၏ ထိုအနုသန္ဓေတို့အားလျော်သော အနုသန္ဓေတို့ဖြင့်လည်းကောင်း, အနုသန္ဓေတစ်ခုသာ ရှိသော သုတ်၏ ရှေ့အဖို့, နောက်အဖို့ အနုသန္ဓေတို့ဖြင့်လည်းကောင်း ဆက်စပ်ခြင်း– နိဒ္ဒေသသန္ဓိ၊ ၄။ သုတ္တနိက္ခေပလေးပါးတို့၏ အစွမ်းဖြင့် ဆက်စပ်ခြင်း– နိက္ခေပသန္ဓိ၊ ၅။ သုတ္တာနုသန္ဓေသုံးပါးတို့၏ အစွမ်းဖြင့် ဆက်စပ်ခြင်း– သုတ္တသန္ဓိ၊ ၆။ ဒေသနာတစ်ခု၏ အခြားဒေသနာတစ်ခုတို့နှင့် တကွ နီးနှောဆက်စပ်ခြင်း– ဒေသနာသန္ဓိ။ (သီ၊ဋီ၊ သစ်၊၁။၄၈၆။)

ပုဗ္ဗေနိဝါသညာဏ် ဖြစ်ရာအာရုံ ၈ ပါး ၁။ ပရိတ္တအာရုံ၊ ၂။ မဟဂ္ဂတအာရုံ၊ ၃။ အပ္ပမာဏအာရုံ၊ ၄။ မဂ္ဂအာရုံ၊ ၅။ အတိတ်အာရုံ၊ ၆။ အဇ္ဈတ္တအာရုံ၊ ၇။ ဗဟိဒ္ဓအာရုံ၊ ၈။ နိ ဝတ္တဗ္ဗအာရုံ။ (ဝိသုဒ္ဓိ၊၂။၆၃။)

ပုဗ္ဗန္တာနုဒိဋ္ဌိဖြင့် နှလုံးသွင်းပုံ ၁၈ မျိုး ၁။ တည်မြဲ အယူရှိသော သဿတဝါဒ (၄) ပါး၊ ၂။ အချို့သော တည်မြဲ၏ဟု အယူရှိသော ဧကစ္စသဿတိကဒိဋ္ဌိ (၄) ပါး၊ ၃။ အဆုံးရှိ အဆုံးမရှိ အယူရှိသော အန္တာနန္တိကဒိဋ္ဌိ (၄) ပါး၊ ၄။ အဆုံးမရှိ ပစ်လွှင့်သော အယူရှိသော အမရာဝိက္ခေပိကဒိဋ္ဌိ (၄) ပါး၊ ၅။ အကြောင်းမဲ့ ဖြစ်၏ဟု အယူရှိသော အဓိစ္စသမုပ္ပန္နိကဒိဋ္ဌိ (၂) ပါး ဤ (၁၈) ပါးသော အခြင်းအရာတို့တည်း။ (ပဋိသံ။၁၅၄။) (ပဋိသံ၊မြန်။၁၉၈။)

ပယ်ခြင်း ၂ မျိုး ၁။ ကိုယ်ဖြင့် ပယ်ခြင်း၊ ၂။ နှုတ်ဖြင့် ပယ်ခြင်း။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၉။)

ပယ်ခြင်း ၂ မျိုး (တစ်နည်း) ၁။ အကြွင်းမဲ့ပယ်ခြင်း (သမုစ္ဆေဒပဟာန်)၊ ၂။ တစ်ဖန် ငြိမ်းအေးစေသော အားဖြင့် ပယ်ခြင်း (ပဋိပဿဒ္ဓိပဟာန်) ။ (ပဋိသံ။၂၆။) (ပဋိသံ၊မြန်။၃၅။)

ပယ်ခြင်း ၃ မျိုး (တစ်နည်း) ၁။ အလိုကြိုးခြင်း၊ ၂။ မရောင့်ရဲခြင်း၊ ၃။ ကိလေသာ မခေါင်းပါးခြင်း။ (ဝိ၊၅။၂၁၈။) (ဝိ၊မြန်၊၅။၃၀၄။)

ပယ်ခြင်း ၃ မျိုး (တစ်နည်း) ၁။ အလိုကြိုးခြင်း၊ ၂။ မရောင့်ရဲခြင်း၊ ၃။ အတိုင်းအရှည်ကို မသိခြင်း။ (ဝိ၊၅။၂၁၈။) (ဝိ၊မြန်၊၅။၃၀၄။)

ပယ်ခြင်း ၃ မျိုး (တစ်နည်း) ၁။ ပဌမစျာန်ကဲ့သို့ ကာမတို့မှ ထွက်မြောက်ခြင်း၊ ၂။ အရူပ စျာန်ကဲ့သို့ ရုပ်တို့မှ ထွက်မြောက်ခြင်း၊ ၃။ အသခ်ံတတရားကို စွဲ၍ဖြစ်သော တရား၏ ချုပ်ငြိမ်းခြင်းဟူသော ထွက်မြောက်ခြင်း။ (ပဋိသံ။၂၆။) (ပဋိသံ၊မြန်။၃၅။)

ပယ်ခြင်း ၄ မျိုး ၁။ ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းအားဖြင့် ထိုးထွင်းသိသော ပရိညာပဋိဝေဓ အလိုအားဖြင့် ထိုးထွင်းသိသည်ဖြစ်၍ ပယ်သင့်သော ကိလေသာတို့ကို ပယ်၏၊ ၂။ သမုဒယသစ္စာကို ပယ်သောအားဖြင့် ထိုးထွင်းသိသော ပဟာနပဋိဝေဓ အလိုအားဖြင့် ထိုးထွင်းသိသည်ဖြစ်၍ ပယ်သင့်သော ကိလေသာတို့ကို ပယ်၏၊ ၃။ နိရောဓသစ္စာကို မျက်မှောက်ပြုသော အားဖြင့် ထိုးထွင်းသိသော သစ္ဆိကိရိယာပဋိဝေဓအလိုအားဖြင့် ထိုးထွင်းသိသည်ဖြစ်၍ ပယ်သင့်သော ကိလေသာတို့ကို ပယ်၏၊ ၄။ မဂ္ဂသစ္စာကို ပွားစေသောအားဖြင့် ထိုးထွင်းသိသော

http://www.dhammadownload.com

ဘာဝနာပဋိဝေဓအလိုအားဖြင့် ထိုးထွင်းသိသည်ဖြစ်၍ ပယ်သင့်သော ကိလေသာတို့ကို ပယ်၏။ (ပဋိသံ။၂၆။) (ပဋိသံ၊မြန်။၃၅။)

ပယ်ခြင်း ၅ မျိုး ပဟာန ၅ မျိုးနှင့် တူသည်။

ပယ်စွန့်ခြင်း၏ အကြောင်း၂ ပါး ၁။ ပရိဝိစ္ဆိန္နနာယ ဝါ နီရဿတိ (သူတစ်ပါးတို့ စွန့်စေသဖြင့်) စွန့်ခြင်း၊ ၂။ အနဘိသမ္ဘုဏာန္တော ဝါ နီရဿတိ (မမိမရောက်နိုင်သည်ဖြစ်၍) စွန့်ခြင်း။ (မဟာနိ။၅၈။)

ပယ်ဖျောက်နိုင်ခဲသော တရား ၅ ပါး ၁။ ဖြစ်လာသော ရာဂကို ပယ်ဖျောက်နိုင်ခဲ၏၊ ၂။ ဖြစ်လာသော ဒေါသကို ပယ်ဖျောက်နိုင်ခဲ၏၊ ၃။ ဖြစ်လာသော မောဟကို ပယ်ဖျောက်နိုင်ခဲ၏၊ ၄။ ဖြစ်လာသော ဆန္ဒကို ပယ်ဖျောက်နိုင်ခဲ၏၊ ၅။ ဖြစ်လာသော ခရီးသွားလိုသော စိတ်ကို ပယ်ဖျောက်နိုင်ခဲ၏။ (ဝိ၊၅။၂၃၁။) (အံ၊၂။၁၆၂။) (ဝိ၊မြန်၊၅။၃၂၁။) (အံ၊မြန်၊၂။၂၀၈။)

ပယ်ရမည့် တဏှာ ၃ ပါး ၁။ ကာမတဏှာ– ကာမဂုဏ်အာရုံ၌ သာယာသည်၏ အစွမ်းအားဖြင့် ဖြစ်သော တဏှာ၊ ၂။ ဘဝတဏှာ– ဘဝသည် (အတ္တသည်) မြဲ၏ဟု ယူသော သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာ၊ ၃။ ဝိဘဝတဏှာ– ဘဝသည် (အတ္တသည်) သေလျှင် ပြတ်၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာ။ (ဒီ၊၃။၂၂၉။) (အံ၊၂။၃၈၇။) (ဒီ၊မြန်၊၃။၂၂၂။) (အံ၊မြန်၊၂။၂၀၈။)

ပယ်သင့်သော ဘဝ ၃ မျိုး ၁။ ကာမဘဝ၊ ၂။ ရူပဘဝ၊ ၃။ အရူပဘဝ။ (အံ၊၂။၃၈၆–၃၈၇။) (အံ၊မြန်၊၂။၃၈၈။)

ပယ်သင့်သော မာန ၃ မျိုး ၁။ အမျိုး ဓာတ် စသည်ကို စွဲ၍ ဖြစ်သော မာန၊ ၂။ ယုတ်သော မာန၊ ၃။ အလွန်ထောင်လွှား တက်ကြွသော မာန။ (အံ၊၂။၃၈၆–၃၈၇။) (အံ၊မြန်၊၂။၃၈၈–၃၈၉။)

ကျင့်ရမည့် သိက္ခာ ၃ ပါး ၁။ လွန်ကဲမြင့်မြတ်သော သီလ– အဓိသီလ၊ ၂။ လွန်ကဲမြင့်မြတ်သော စိတ်– အဓိစိတ္တ၊ ၃။ လွန်ကဲမြင့်မြတ်သော ပညာ– အဓိပညာ။ (အံ၊ ၂။၃၈၆–၃၈၇။) (အံ၊ မြန်၊ ၂။၃၈၈။)

ပယ်သင့်သော တဏှာ ၃ ပါး ပယ်ရမည့် တဏှာ ၃ ပါးနှင့် တူသည်။

ပယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး ၁။ စွဲမက်မှု ရာဂကို ပယ်၍ မတင့်တယ်မှု အသုဘကို ပွားများအပ်ခြင်း၊ ၂။ အမျက်ထွက်မှု ဒေါသကို ပယ်၍ ချစ်ခင်မှု မေတ္တာကို ပွားများအပ်ခြင်း၊ ၃။ တွေဝေမှု မောဟကို ပယ်၍ သိမှု ပညာကို ပွားများအပ်ခြင်း။ (အံ၊၂။၃၈၈။) (အံ၊မြန်၊၂။၄၉၀။)

ပယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး (တစ်နည်း) ၁။ ကာယဒုစရိုက်ကို ပယ်၍ ကာယသုစရိုက်ကို ပွားများအပ်ခြင်း၊ ၂။ ဝစီဒုစရိုက်ကို ပယ်၍ ဝစီသုစရိုက်ကို ပွားများအပ်ခြင်း၊ ၃။ မနောဒုစရိုက်ကို ပယ်၍ မနောသုစရိုက်ကို ပွားများ အပ်ခြင်း။ (အံ၊၂။၃၈၈။) (အံ၊မြန်၊၂။၄၉၀။)

ပယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး (တစ်နည်း) ၁။ ကာမဂုဏ်ကြိစည်မှု ကာမဝိတက်ကို ပယ်၍ ကာမဂုဏ်မှ ထွက်မြောက်ကြောင်း ကြိစည်မှု နေက္ခမ္မ

http://www.dhammadownload.com

ဝိတက်ကို ပွားများအပ်ခြင်း၊ ၂။ ပျက်စီးစေရန် ကြံစည်မှု ဗျာပါဒဝိတက်ကို ပယ်ရန် မပျက်စီးရန် ကြံစည်မှု အဗျာပါဒဝိတက်ကို ပွားများအပ်ခြင်း၊ ၃။ ညှဉ်းဆဲရန် ကြံစည်မှု ဝိဟိံသာဝိတက်ကို ပယ်ရန် မညှဉ်းဆဲရန် ကြံစည်မှု အဝိဟိံသာဝိတက်ကို ပွားများအပ်ခြင်း။ (အံ၊၂။၃၈၈။) (အံ၊မြန်၊၂။၄၉၁။)

ပယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး (တစ်နည်း) ၁။ ကာမဂုဏ်ကို မှတ်သားမှု ကာမသညာကို ပယ်၍ ထွက်မြောက်ကြောင်းကို မှတ်သားမှု နေက္ခမ္မသညာကို ပွားများအပ်ခြင်း၊ ၂။ ပျက်စီးခြင်းကို မှတ်သားမှု ဗျာပါဒသညာကို ပယ်၍ မပျက်စီးခြင်းကို မှတ်သားမှု အဗျာပါဒသညာကို ပွားများအပ်ခြင်း၊ ၃။ ညှဉ်းဆဲခြင်းကို မှတ်သားမှု ဝိဟိံသသညာကို ပယ်၍ မညှဉ်းဆဲခြင်းကို မှတ်သားမှု အဝိဟိံသသညာကို ပွားများအပ်ခြင်း။ (အံ၊၂။၃၈၉။) (အံ၊မြန်၊၂။၄၉၁။)

ပယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး (တစ်နည်း) ၁။ ကာမစိတ်ကို ပယ်၍ နေက္ခမ္မစိတ်ကို ပွားများအပ်ခြင်း၊ ၂။ ဗျာပါဒစိတ်ကို ပယ်၍ အဗျာပါဒစိတ်ကို ပွားများအပ်ခြင်း၊ ၃။ ဝိဟိံသာစိတ်ကို ပယ်၍ အဝိဟိံသာစိတ်ကို ပွားများအပ်ခြင်း။ (အံ၊၂။၃၈၉။) (အံ၊မြန်၊၂။၄၉၂။)

ပယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး (တစ်နည်း) ၁။ သဿတဒိဋ္ဌိကို ပယ်၍ အနိစ္စသညာကို ပွားများအပ်ခြင်း၊ ၂။ သက္ကာယဒိဋ္ဌိကို ပယ်၍ အနတ္တသညာကို ပွားများအပ်ခြင်း၊ ၃။ မိစ္ဆာဒိဋ္ဌိကို ပယ်၍ သမ္မာဒိဋ္ဌိကို ပွားများအပ်ခြင်း။ (အံ၊၂။၃၈၉။) (အံ၊မြန်၊၂။၄၉၂။)

ပယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး (တစ်နည်း) ၁။ မမွေ့လျော်မှု အရတိကို ပယ်၍ ဝမ်းမြောက်မှု မုဒိတာကို ပွားများအပ်ခြင်း၊ ၂။ ညှဉ်းဆဲမှု ဝိဟိံသာကို ပယ်၍ မညှဉ်းဆဲမှု အဝိဟိံသာကို ပွားများအပ်ခြင်း၊ ၃။ တရားမဟုတ်သည်ကို ကျင့်မှု အကုသလကမ္မပထတရားကို ပယ်၍ တရားဟုတ်သည်ကို ကျင့်မှု ကုသလကမ္မပထတရားများကို ပွားများအပ်ခြင်း။ (အံ၊၂။၃၉၀။) (အံ၊မြန်၊၂။၄၉၃။)

ဖယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး (တစ်နည်း) ၁။ မရောင့်ရဲမှု အသန္တုဋ္ဌိတာကို ပယ်၍ ရောင့်ရဲမှု သန္တုဋ္ဌိကို ပွားများအပ်ခြင်း၊ ၂။ ဆင်ခြင်ဉာဏ် မရှိမှု အသမ္ပဇညကို ပယ်၍ ဆင်ခြင်ဉာဏ်ရှိမှု သမ္ပဇညကို ပွားအပ်ခြင်း၊ ၃။ အလိုကြီးမှု မဟိစ္ဆတာကို ပယ်၍ အလိုနည်းမှု အပ္ပိစ္ဆတာကို ပွားများအပ်ခြင်း။ (အံ၊၂။၃၉၀။) (အံ၊မြန်၊၂။၄၉၃။)

ပယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး (တစ်နည်း) ၁။ ဆုံးမခက်သော စကားရှိမှု ဒေါဝစဿတာကို ပယ်၍ ဆုံးမလွယ်သော စကားရှိမှု သောဝစဿတာကို ပွားများအပ်ခြင်း၊ ၂။ မကောင်းသော အပေါင်းအသင်းရှိမှု ပါပမိတ္တတာကို ပယ်၍ ကောင်းသော အပေါင်းအသင်းရှိမှု ကလ္လာဏမိတ္တတာကို ပွားများအပ်ခြင်း၊ ၃။ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စကို ပယ်၍ ကွက်သက်ဝင်သက်ရှိအောက်မေ့မှု အာနာပါနဿတိကမ္မဋ္ဌာန်းကို ပွားများအပ်ခြင်း။(အံ၊၂။၃၉၀။) (အံ၊မြန်၊၂။၄၉၄။)

http://www.dhammadownload.com

ပယ်သင့်သော တရား ၃ ပါးနှင့် ပွားများသင့်သော တရား ၃ ပါး (တစ်နည်း) ၁။ ပျံ့လွင့်မှု ဥဒ္ဓစ္စကို ပယ်၍ ငြိမ်းချမ်းမှု သမထကမ္မဋ္ဌာန်းကို ပွားများအပ်ခြင်း၊ ၂။ ကွန်ဒြေတို့ကို မစောင့်ဆည်းမှု အသံဝရကို ပယ်၍ စောင့်စည်းမှု သံဝရကို ပွားများအပ်ခြင်း၊ ၃။ မေ့လျော့မှု ပမာဒကို ပယ်၍ မမေ့လျော့မှု အပ္ပမာဒကို ပွားများအပ်ခြင်း။ (အံ၊၂။၃၉၀။) (အံ၊မြန်၊၂။၄၉၄။)

ပယ်အပ်သော တရား ၂ ပါး ၁။ အမှန်တရားသဘောကို ဖုံးလွှမ်းတတ်သော မောဟ– အဝိဇ္ဇာ၊ ၂။ ဘဝကို တောင့်တတပ်မက် စွဲလမ်းမှု, ဘဝကို ချည်နှောင်တတ်သော တဏှာ– ဘဝတဏှာ။ (ဒီ၊၃။၂၂၈။) (ပေဋကော။၂၅၀။) (ဒီ၊မြန်၊၃။၂၅၀။)

ပယ်အပ်သော တရား ၃ ပါး ပယ်ရမည့် တဏှာ ၃ ပါးနှင့် တူသည်။

ပယ်အပ်သော တရား ၄ ပါး ၁။ လိုချင်ဖွယ် ကာမတို့၌ နစ်မြုပ်စေတတ်သော သဘော– ကာမောဃ၊ ၂။ ဘဝ၌ နစ်မြုပ်စေတတ် နစ်မြုပ်တတ်သော သဘော– ဘဝေါဃ၊ ၃။ နစ်မြုပ်စေတတ် နှစ်မြုပ်တတ်သော ဒိဋ္ဌိ–ဒိဋ္ဌောဃ၊ ၄။ ဝဋ်ဆင်းရဲ၌ နစ်မြုပ်စေတတ်သော တရား–အဝိဇ္ဇောဃ။ (ဒီ၊၃။၂၃၁။) (ဒီ၊မြန်၊၃။၂၅၃။)

ပယ်အပ်သော တရား ၅ ပါး ၁။ (ကုသိုလ်ဖြစ်ခြင်းကို) တားမြစ် ပိတ်ပင်တတ်သော ကာမစ္ဆန္ဒ–ကာမစ္ဆန္ဒနီဝရဏ၊ ၂။ ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော ဗျာပါဒ– ဗျာပါဒနီဝရဏ၊ ၃။ (စျာန်, မဂ်, ဖိုလ် တရားကို) ပိတ်ပင်တတ်သော ထိနနှင့် မိဒ္ဓ– ထိနမိဒ္ဓနီဝရဏ၊ ၄။ ကုသိုလ်တရားတို့ကို ပိတ်ပင်တတ်သော စိတ်ပျံ့လွင့်ခြင်းနှင့် နောင်တတဖန် ပူပန်ခြင်း သဘော– ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ၅။ (ကုသိုလ်စိတ်ကို) ပိတ်ပင်တတ်သော တွေးတော မဆုံးဖြတ်နိုင်ဘဲ သို့လော သို့လော သံသယဖြစ်ခြင်း– ဝိစိကိစ္ဆာနီဝရဏ။ (ဒီ၊၃။၂၃၂။) (ဒီ၊မြန်၊၃။၂၅၅။)

ပယ်အပ်သော တရား ၆ ပါး ၁။ ရူပါရုံ၌ တပ်မက်မှု, (ရူပဘဝ၌ ပြင်းစွာ တပ်မက်မှု, ရူပဘဝလျှင် အာရုံရှိသည့်) တဏှာ– ရူပတဏှာ၊ ၂။ သဒ္ဒါရုံ၌ တပ်မက်မှု တဏှာ– သဒ္ဒတဏှာ၊ ၃။ ဂန္ဓာရုံ၌ တပ်မက်မှုတဏှာ– ဂန္ဓတဏှာ၊ ၄။ ရသာရုံ၌ တပ်မက်မှု တဏှာ– ရသတဏှာ၊ ၅။ ဖောဋ္ဌဗ္ဗာရုံ၌ တပ်မက်မှု တဏှာ– ဖောဋ္ဌဗ္ဗတဏှာ၊ ၆။ ဓမ္မာရုံ၌ တပ်မက်မှု တဏှာ– ဓမ္မတဏှာ။ (ဒီ၊၃။၂၃၇။) (ဒီ၊မြန်၊၃။၂၆၀။)

ပယ်အပ်သော တရား ၇ ပါး ၁။ သတ္တဝါတို့၏ သန္တာန်၌ ကိန်းတတ် တည်နေတတ် အဖန်ဖန် ဖြစ်တတ်သော ကာမရာဂ– ကာမရာဂါနုသယ၊ ၂။ သတ္တဝါတို့၏ သန္တာန်၌ ကိန်းတတ် တည်နေတတ် အဖန်ဖန်ဖြစ်တတ်သော ဒေါသ– ပဋိဃာနုသယ၊ ၃။ သတ္တဝါတို့၏ သန္တာန်၌ ကိန်းတတ် တည်နေတတ် အဖန်ဖန်ဖြစ်တတ်သော ဒိဋ္ဌိ–ဒိဋ္ဌာနုသယ၊ ၄။ သတ္တဝါတို့၏ သန္တာန်၌ ကိန်းတတ် တည်နေတတ် အဖန်ဖန်ဖြစ်တတ်သော ယုံမှားတွေးတောမှု– ဝိစိကိစ္ဆာနုသယ၊ ၅။ သတ္တဝါတို့၏ သန္တာန်၌ ကိန်းတတ် တည်နေတတ် အဖန်ဖန် ဖြစ်တတ်သော မာန– မာနာနုသယ၊ ၆။ သတ္တဝါတို့၏ သန္တာန်၌ ကိန်းတတ် တည်နေတတ် အဖန်ဖန်ဖြစ်တတ်သော ဘဝ၌ တပ်မက်မှု– ဘဝရာဂါနုသယ၊ ၇။ သတ္တဝါတို့၏ သန္တာန်၌ ကိန်းတတ် တည်နေတတ် အဖန်ဖန် ဖြစ်တတ်သော မသိမှု– အဝိဇ္ဇာနုသယ။ (ဒီ၊၃။၂၄၁။) (ဒီ၊မြန်၊၃။၂၆၄။)

http://www.dhammadownload.com

ပယ်အပ်သော တရား ၈ ပါး ၁။ မှားသော သိမြင်ခြင်း၊ ၂။ မှားသော ကြံစည်ခြင်း၊ ၃။ မှားသော ပြောဆိုခြင်း၊ ၄။ မှားသော ပြုလုပ်ခြင်း၊ ၅။ မှားသော အသက်မွေးခြင်း၊ ၆။ မှားသော အားထုတ်ခြင်း၊ ၇။ မှားသော အောက်မေ့ခြင်း၊ ၈။ မှားသော တည်ကြည်ခြင်း။ (ဒီ၊၃။၂၄၆။) (ဒီ၊မြန်၊၃။၂၆၈။)

ပယ်အပ်သော တရား ၉ ပါး တဏှာကို စွဲမှီ၍ ဖြစ်ပေါ်လာသော တရား ၉ ပါးနှင့် တူသည်။

ပယ်အပ်သော တရား ၁၀ ပါး ၁။ မိစ္ဆာဒိဋ္ဌိ– မှားသော အယူ၊ ၂။ မိစ္ဆာသင်္ကပ္ပ– မှားသော အကြံ၊ ၃။ မိစ္ဆာဝါစာ– မှားသော ပြောဆိုမှု၊ ၄။ မိစ္ဆာကမ္မန္တ– မှားသော ပြုလုပ်ခြင်း၊ ၅။ မိစ္ဆာအာဇီဝ– မှားသော အသက်မွေးမှု၊ ၆။ မိစ္ဆာဝါယာမ– မှားသော အားထုတ်မှု၊ ၇။ မိစ္ဆာသတိ– မှားသော အောက်မေ့မှု၊ ၈။ မိစ္ဆာသမာဓိ– မှားသော တည်ကြည်မှု၊ ၉။ မိစ္ဆာဉာဏ– မှားသော အသိဉာဏ်၊ ၁၀။ မိစ္ဆာဝိမုတ္တိ– မှားသော ထွက်မြောက်မှု။ (ဒီ၊၃။၂၅၇။) (အံ၊၃။၄၃၅။) (ဒီ၊မြန်၊၃။၂၈၀။) (အံ၊မြန်၊၃။၄၂၈။)

ပလ္လင် လှူရကျိုး ၅ ပါး ၁။ မြင့်မြတ်သော အမျိုး၌ ဖြစ်ရခြင်း၊ ၂။ စည်းစိမ်ဥစ္စာ များပြားစွာ ရရှိသူ ဖြစ်ခြင်း၊ ၃။ အလုံးစုံပြည့်စုံသူ ဖြစ်ခြင်း၊ ၄။ ဝန်တိုမှု မရှိခြင်း၊ ၅။ တောင့်တအပ်သော ပလ္လင်သည် ရှေးရှုရောက်လာပြီး ထိုပလ္လင်မြတ်နှင့်အတူ တောင့်တအပ်သော အရပ်သို့ သွားနိုင်ခြင်း။ (အပ၊၁။၃၇၇။) (အပ၊မြန်၊၁။၃၈၇။)

ပလ္လတ္ထိက ၃ မျိုး ၁။ အာယောဂပလ္လတ္ထိက– အာယောဂပတ် ဖွဲ့ခြင်း၊ ၂။ ဟတ္ထပလ္လတ္ထိက– လက်ဖြင့် ရစ်ပတ်ဖွဲ့ခြင်း၊ ၃။ ဒုဿပလ္လတ္ထိက– အဝတ်သင်္ကန်းဖြင့် ရစ်ပတ်ဖွဲ့ခြင်း။ (ဝိ၊ဌ၊၃။၁၆၉။)

ပဿဒ္ဓိ ၂ မျိုး ၁။ ကာယိကာပဿဒ္ဓိ– ကိုယ်၌ ဖြစ်သော ငြိမ်းအေးခြင်း၊၂။ စေတသိကာပဿဒ္ဓိ– စိတ်၌ ဖြစ်သော ငြိမ်းအေးခြင်း။ (အဘိ၊ဌ၊၁။၁၆၀။) (နေတ္တိ၊ဌ။၅၆။)

ပဿဒ္ဓိသမ္ဓောဇ္ဈင် ဖြစ်ကြောင်း ၇ ပါး ၁။ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ကို မှီဝဲ သုံးဆောင်ရခြင်း၊ ၂။ မိမိနှင့် သင့်လျော် လျောက်ပတ်သော ဥတုကို မှီဝဲရခြင်း၊ ၃။ မိမိနှင့် သင့်လျော် လျောက်ပတ်သော ဣရိယာပုတ်ကို မှီဝဲခြင်း၊၄။ မိမိနှင့် တစ်ပါးသော သတ္တဝါတို့၏ ချမ်းသာခြင်း ဆင်းရဲခြင်းသည် ကံကြောင့်သာ ဖြစ်ရ၏ဟု ဆင်ခြင်ခြင်း၊ ၅။ တုတ် ဓား စသည်တို့ဖြင့် သူတစ်ပါးတို့အား ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ ၆။ ကိုယ်စိတ်ငြိမ်းချမ်းသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊ ၇။ ပဿဒ္ဓိသမ္ဓောဇ္ဈင် ဖြစ်ဖို့ရန် စိတ်ညွတ်ခြင်း။ (ဒီ၊ဌ၊၂။၃၈၂။) (မ၊ဌ၊၁။၃၀၀။) (သံ၊ဌ၊၃။၁၉၉။) (အံ၊ဌ၊၁။၄၀၀။) (အဘိ၊ဌ၊၂။၂၇၀။) (ဝိသုဒ္ဓိ၊၁။၁၃၀။) (သာရတ္ထ၊ဋီ၊၂။၂၂၅။) (ဒီ၊ဋီ၊၂။၁၃၀။) (ဒီ၊ဌ၊မြန်၊၂။၇၁၀။) (ဒီ၊ဌ၊မြန်၊၂။၇၁၀။)

ပျက်စီးခြင်း ၄ ပါး ဝိပတ္တိ ၄ ပါးနှင့် တူသည်။

ပျက်စီးခြင်းတရား ၅ ပါး ၁။ ဆွေမျိုးတို့၏ ပျက်စီးခြင်း (ဉာတိဗျသန)၊ ၂။ စည်းစိမ်ဥစ္စာတို့၏ ပျက်စီးခြင်း (ဘောဂဗျသန)၊ ၃။ အနာသည်ပင် ပျက်စီးခြင်း (ရောဂဗျသန)၊ ၄။ အကျင့်သီလ ပျက်စီးခြင်း (သီလဗျသန)၊ ၅။ အယူ ပျက်စီးခြင်း (ဒိဋ္ဌိဗျသန)။ (ဝိ၊၅။၂၃၀။) (ဝိ၊၅။၃၃၈။) (ဒီ၊၃။

http://www.dhammadownload.com

၁၉၆။) (အံ၊၂။၁၂၉။) (အဘိ၊၀။၃၉၃။) (၀ိ၊မြန်၊၅။၃၁၉။) (၀ိ၊မြန်၊၅။၄၄၂။) (ဒီ၊မြန်၊၃။၂၁၈။) (အံ၊မြန်၊၂။၁၆၁။) (အဘိ၊၀ိ၊မြန်၊၂။၄၉၇။)

ပျက်စီးခြင်း ၂ မျိုး ၁။ အကျင့်သီလ ပျက်စီးခြင်း– သီလဝိပတ္တိ၊ ၂။ ဉာဏ်အမြင် အယူ ပျက်စီးခြင်း– ဒိဋ္ဌိဝိပတ္တိ။ (အံ၊၁။၉၄။) (အံ၊မြန်၊၁။၁၁၀။)

ပျက်စီးခြင်း ၃ မျိုး ၁။ သီလ၏ ပျက်စီးခြင်း၊ ၂။ စိတ်၏ ပျက်စီးခြင်း၊ ၃။ အယူ၏ ပျက်စီးခြင်း၊ (တစ်နည်း) ၁။ အမှု၏ ပျက်စီးခြင်း၊ ၂။ အသက်မွေးမှု၏ ပျက်စီးခြင်း၊ ၃။ အယူ၏ ပျက်စီးခြင်း။ (အံ၊၁။၂၇၁။) (အံ၊၁။၂၇၄။) (အံ၊မြန်၊၁။၂၈၉။) (အံ၊မြန်၊၁။၂၈၉။)

ပျက်စီးခြင်း ၃ မျိုး (တစ်နည်း) ၁။ သီလ ပျက်စီးခြင်း၊ ၂။ အယူဒိဋ္ဌိ ပျက်စီးခြင်း၊ ၃။ အကျင့်အာစာရ ပျက်စီးခြင်း။ (နေတ္တိ၊၀ိဘာ။၂၇၆။)

ပျက်စီးခြင်းအကြောင်း ၁၀ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၁၀ ပါး၊ အဘိညေယျ တရား ၁၀ ပါးတို့နှင့် တူသည်။

ပျက်သော အယူ ၃ ပါး ၁။ ဤရုပ်သည် ငါ၏ ဥစ္စာတည်း ဟူသော အယူ၊ ၂။ ဤရုပ်သည် ငါဖြစ်၏ ဟူသော အယူ၊ ၃။ ဤရုပ်သည် ငါ၏ အတ္တတည်းဟူသော အယူ။ (ပဋိ်သံ။၁၆၀။) (ပဋိသံ၊မြန်။၂၀၄။)

ပျောက်ကွယ်ခြင်း ၃ မျိုး ၁။ ပရိယတ္တိ ပျောက်ကွယ်ခြင်း၊ ၂။ ပဋိ၀ေဓ ပျောက်ကွယ်ခြင်း၊ ၃။ ပဋိပတ္တိ ပျောက်ကွယ်ခြင်း။ (အဘိ၊၌၊၂။၄၁၂။)

ပျင်းရိခြင်းအကြောင်း ၈ ပါး ၁။"ငါသည် အမှုကိစ္စကို ပြုရဦးမည်၊ ထိုအမှုကိစ္စကို ပြုသော ငါ့အား ပင်ပန်းလတ္တံ့၊ ထို့ကြောင့် ယခု အိပ်ဦးမည်"ဟု နှလုံးသွင်းလျက် တရားရရန် အားမထုတ်ဘဲ အိပ်ခြင်း၊ ၂။ "ငါသည် အမှုကိစ္စကို ပြုပြီး ဖြစ်၏၊ အမှုကို ပြုသော ငါ၏ ကိုယ်သည် ပင်ပန်း၏၊ ထို့ကြောင့် အိပ်ဦးမည်"ဟု နှလုံးသွင်းလျက် တရားထူးရရန် အားမထုတ်ဘဲ အိပ်ခြင်း၊ ၃။ "ငါသည် ခရီးသွားရဦးမည်၊ ထိုခရီးသွားသော ငါ့အား ပင်ပန်းလိမ့်မည်၊ ထို့ကြောင့် အိပ်ဦးမည်"ဟု နှလုံးသွင်းလျက် တရားထူးရရန် အားမထုတ်ဘဲ အိပ်ခြင်း၊ ၄။ ငါသည် ခရီးသွားပြီး ဖြစ်၏၊ ခရီးသွားပြီးသော ငါ့အား ပင်ပန်း၏၊ ထို့ကြောင့် အိပ်ဦးမည်ဟု နှလုံးသွင်း၍ တရားထူးရရန် အားမထုတ်ဘဲ အိပ်ခြင်း၊ ၅။ ဆွမ်းခံသွားစဉ် ဆွမ်းစသည် ပြည့်စုံအောင် မရသော ငါ၏ ကိုယ်သည် ပင်ပန်း၏၊ မခံ့ကျန်း၊ ထို့ကြောင့် ယခု အိပ်ဦးမည်ဟု နှလုံးသွင်း၍ တရားထူးရရန် အားမထုတ်ဘဲ အိပ်ခြင်း၊ ၆။ ဆွမ်းခံသွားစဉ် ဆွမ်းစသည် ပြည့်စုံစွာ ရသော ငါ့၏ ခန္ဓာကိုယ်သည် ပင်ပန်း၏၊ မခံ့ကျန်း၊ ထို့ကြောင့် ယခု အိပ်ဦးမည်ဟု နှလုံးသွင်းလျက် တရားထူးရရန် အားမထုတ်ဘဲ အိပ်ခြင်း၊ ၇။ ငါ့အား အနည်းငယ်မျှသော အနာရောဂါသည် ဖြစ်၏၊ အိပ်ရန် သင့်လျော်၏၊ ထို့ကြောင့် အိပ်ဦးမည်ဟု နှလုံးသွင်းလျက် တရားအားမထုတ်ဘဲ အိပ်ခြင်း၊ ၈။ ငါ့အား အနာရောဂါ ပျောက်ပြီးသည်ကား မကြာသေး၊ ထိုငါ၏ ခန္ဓာကိုယ်သည် အားနည်း၏၊ မခံ့ကျန်း၊ ထို့ကြောင့် ယခု အိပ်ဦးမည်ဟု နှလုံးသွင်းလျက် တရားအားမထုတ်ဘဲ အိပ်ခြင်း။ (ဒီ၊၃။၂၁၁။) (ဒီ၊၃။၂၄၆။) (အံ၊၃။၁၄၇။) (အဘိ၊၀ိ။၄၀၀။) (သာရတ္ထ၊ဋီ၊၂။၂၅။) (ဒီ၊မြန်၊၃။ ၂၃၄–၂၃၅။) (ဒီ၊မြန်၊၃။၂၆၉။) (အံ၊မြန်၊၃။၁၅၀။) (အဘိ၊၀ိ၊မြန်၊၂။၅၀၆။)

http://www.dhammadownload.com

ပျင်းရိခြင်း အပြစ် ၆ ပါး ၁။ အေးလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း၊ ၂။ ပူလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း၊ ၃။ မိုးချုပ်လွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း၊ ၄။ စောလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း၊ ၅။ ဆာလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း၊ ၆။ ဝလွန်းသည်ဟု အမှုကိစ္စကို မပြုခြင်း။ (ဒီ၊၃။၁၄၉။) (ဒီ၊မြန်၊၃။၁၆၆-၁၆၇။)

ပျင်းရိပုံ ၈ မျိုး ၁။ အလုပ်လုပ်စရာရှိ၍ အလုပ်လုပ်မည်ဆိုလျှင် ကိုယ်ပင်ပန်းမည်ဟု ကြံ၍ အလုပ်မလုပ်သေးဘဲ အိပ်ခြင်း, လုံ့လမပြုခြင်း၊ ၂။ အလုပ်လုပ်ပြီးသည်ကို အကြောင်းပြု၍ ကိုယ်ပန်ပန်းနေသည်ဟု ကြံ၍ အလုပ်မလုပ်တော့ဘဲ အိပ်ခြင်း, လုံ့လမပြုခြင်း၊ ၃။ ခရီးသွားစရာရှိသည်ကို အကြောင်းပြု၍ အလုပ်မလုပ်ဘဲ အိပ်ခြင်း, လုံ့လမပြုခြင်း၊ ၄။ ခရီးသွားပြီးသည်ကို အကြောင်းပြု၍ ကိုယ်ပင်ပန်းနေသဖြင့် အလုပ်မလုပ်ဘဲ အိပ်ခြင်း, လုံ့လမပြုခြင်း၊ ၅။ ရွာ နိဂုံး စသည်တို့၌ ဆွမ်းခံထွက်၍ ဆွမ်းပြည့်စုံစွာ မရသည်ကို အကြောင်းပြု၍ အလုပ်မလုပ်တော့ဘဲ အိပ်ခြင်း, လုံ့လမပြုခြင်း၊ ၆။ ရွာ, နိဂုံး စသည်တို့၌ ဆွမ်းခံထွက်၍ ဆွမ်းပြည့်စုံစွာ ရ၍ ဗိုက်ပြည့်အောင် သုံးဆောင်၍ ကိုယ်ပင်ပန်းခြင်း, ကိုယ်လေးလံခြင်းကို အကြောင်းပြု၍ အလုပ်မလုပ်ဘဲ အိပ်ခြင်း, လုံ့လမပြုခြင်း၊ ၇။ အနာရောဂါ အနည်းငယ် ဖြစ်သည်ကို အကြောင်းပြု၍ အလုပ်မလုပ်ဘဲ အိပ်ခြင်း, လုံ့လမပြုခြင်း၊ ၈။ နာလန်ထခါစကို အကြောင်းပြု၍ အလုပ်မလုပ်ဘဲ အိပ်ခြင်း, လုံ့လမပြုခြင်း။ (သာရတ္ထ၊ဋီ၊၂။၂၅၊)

ပျဉ်ချပ် လှူရကျိုး ၂ ပါး ၁။ ရွှေပလ္လင် ပတ္တမြားပလ္လင်တို့ကို ရခြင်း၊ ၂။ ဆင်စွယ်, စန္ဒကူး နှစ်တို့ဖြင့် ပြုလုပ်အပ်သော ပလ္လင်မြတ်တို့ကို ရခြင်း။ (အပ၊၁။၃၆၈။) (အပ၊မြန်၊၁။၃၇၇။)

ပြာဋိဟာ ၃ ပါး ပါဋိဟာရိယ ၃ ပါးနှင့် တူသည်။

ပြာပူနှင့် တူသော တရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၁၄၅။) (သံ၊မြန်၊၂။၁၃၆။)

ပြိတ္တာတို့အကျိုးရှိစေသော အလှူအင်္ဂါ ၃ ပါး ၁။ အတ္တနော အနုမောဒနေန- ပြိတ္တာတို့ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုရခြင်း၊ ၂။ ဒါယကာနံ ဥဒ္ဒိသေန- အလှူရှင်တို့က ထိုပြိတ္တာများကို ရည်မှန်း၍ လှူဒါန်းရခြင်း၊ ၃။ ဒက္ခိဏေယျသမ္မဒါယ- အလှူခံပုဂ္ဂိုလ်၏ ဂုဏ်နှင့် ပြည့်စုံရခြင်း။ (ခုဒ္ဒက၊ဋ္ဌ။၁၇၆။) (ပေတ၊ဋ္ဌ။၂၅။)

ပြုစုလုပ်ကျွေးရခက်သော ဂိလာနရဟန်း အင်္ဂါ ၅ ပါး ၁။ မသင့်တော် မလျောက်ပတ်သော အမှုကို ပြုလေ့ရှိခြင်း၊ ၂။ သင့်လျော် လျောက်ပတ်သော အရာ၌ အတိုင်းအရှည်ကို မသိခြင်း၊ ၃။ ဆေးကို မမှီဝဲ မသုံးဆောင်ခြင်း၊ ၄။ မိမိအကျိုးကို လိုလားသော သူနာပြုရဟန်းအား အနာရောဂါတိုးပွားသည်ကို လည်းကောင်း, ဆုတ်ယုတ်သည်ကို လည်းကောင်း, တည်တန့်နေသည်ကို လည်းကောင်း ဟုတ်တိုင်းမှန်စွာ မပြောပြတတ်ခြင်း၊ ၅။ ကိုယ်၌ ဖြစ်ဆဲသော ပြင်းထန်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သော သဘော မရှိခြင်း။ (ဝိ၊၃။၄၁၈။) (ဝိ၊မြန်၊၃။၄၂၂။)

ပြုစုလုပ်ကျွေးရလွယ်သော ဂိလာနရဟန်း အင်္ဂါ ၅ ပါး ၁။ သင့်တော် လျောက်ပတ်သော အမှုကိုသာ ပြုလေ့ရှိခြင်း၊ ၂။ သင့်လျောက်ပတ်သော အရာ၌ အတိုင်းအရှည်ကို သိခြင်း၊ ၃။ ဆေးကို မှီဝဲသုံးဆောင်ခြင်း၊ ၄။ မိမိအကျိုး လိုလားသော သူနာပြုရဟန်းအား အနာရောဂါ တိုးပွား

http://www.dhammadownload.com

သည်ကိုလည်းကောင်း, ဆုတ်ယုတ်သည်ကိုလည်းကောင်း, တည်တန့်နေသည်ကိုလည်းကောင်း, ဟုတ်တိုင်းမှန်စွာ ပြောပြတတ်ခြင်း၊ ၅။ ကိုယ်၌ ဖြစ်ပေါ်နေဆဲဖြစ်သော ပြင်းထန်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်သော သဘောရှိခြင်း။ (ဝိ၊၃။၄၁၈။) (ဝိ၊မြန်၊ ၃။၄၂၂။)

ပြုပြင်စီရင်ခြင်း ၃ ပါး သင်္ခါရ ၃ ပါးနှင့် တူသည်။

ပြုလုပ်တတ်သူကို မပြသော သိက္ခာပုဒ် ၁၅ ပုဒ် ၁။ သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၊ ၂။ မုသာဝါဒ သိက္ခာပုဒ်၊ ၃။ ဩမသဝါဒသိက္ခာပုဒ်၊ ၄။ ပေသုညသိက္ခာပုဒ်၊ ၅။ ဘူတဂါမသိက္ခာပုဒ်၊ ၆။ အညဝါဒက သိက္ခာပုဒ်၊ ၇။ ဥဇ္ဇာပနကသိက္ခာပုဒ်၊ ၈။ ဂဏဘောဇနသိက္ခာပုဒ်၊ ၉။ ပရမ္ပရဘောဇနသိက္ခာပုဒ်၊ ၁၀။ သုရာမေရယသိက္ခာပုဒ်၊ ၁၁။ အင်္ဂုလိပတောဒကသိက္ခာပုဒ်၊ ၁၂။ သဟဓမ္မိကသိက္ခာပုဒ်၊ ၁၃။ အနာဒရိယသိက္ခာပုဒ်၊ ၁၄။ တလဃာတကသိက္ခာပုဒ်၊ ၁၅။ ဇတုမဋ္ဌကသိက္ခာပုဒ်။ (ဝဇိရ။ ၆၉-၇၀။)

ပြုလုပ်သင့်သော တရား ၃ ပါး ၁။ ကာယသုစရိုက် သုံးပါး၊ ၂။ ဝစီသုစရိုက် လေးပါး၊ ၃။ မနော သုစရိုက် သုံးပါး။ (နေတ္တိ၊ဋ္ဌ။၁၆၀။)

ပြေးသွား၍ မတင့်တယ်သူ ၄ ဦး ၁။ အဘိသိက် သွန်းအပ်ပြီးသော မင်းသည် အလုံးစုံသော မင်းမြောက်တန်ဆာဖြင့် ဆင်ယင်ဝတ်စားပြီးသောအခါ ခါးတောင်းအောက်ပိုးကြိုက်ခြင်းကို ပြု၍ မင်းရင်ပြင်၌ လျင်မြန်စွာ သွားလာခြင်းသည် မတင့်တယ်၊ ၂။ ပြည့်ရှင်မင်းကြီး၏ မင်္ဂလာ ဆင်တော်သည် တန်ဆာဆင်လျက် လျင်မြန်စွာ သွားလာခြင်းသည် မတင့်တယ်၊ ၃။ ရဟန္တာ အရှင်မြတ်သည် လျင်မြန်စွာသွားလာသည်ရှိသော်မတင့်တယ်၊၄။ မိန်းမတို့မည်သည် လျင်မြန်စွာ သွားလာခြင်းတို့သည် မတင့်တယ်။ (ဓမ္မ၊ဋ္ဌ၊၁။၂၄၆။)

ပြောဆိုခြင်း ဝေါဟာရ ၄ မျိုး ၁။ မြင်သည်ကို မြင်၏ဟု ပြောခြင်း၊ ၂။ ကြားသည်ကို ကြား၏ဟု ပြောဆိုခြင်း၊ ၃။ ထိတွေ့သည်ကို ထိတွေ့၏ဟု ပြောဆိုခြင်း၊ ၄။ သိသည်ကို သိ၏ဟု ပြောဆိုခြင်း။ (မ၊၃။၇၉။) (မ၊မြန်၊၃။၈၃။)

ပြင်းစွာ တပ်မက်ခြင်း ၆ မျိုး ၁။ နှလုံးကို ပွားစေတတ်ကုန်သော အဆင်းရူပါရုံတို့၌ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း၊ ၂။ နှလုံးကို ပွားစေတတ်ကုန်သော အသံ သဒ္ဒါရုံတို့၌ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း၊ ၃။ နှလုံးကို ပွားစေတတ်ကုန်သော အနံ့ ဂန္ဓာရုံတို့၌ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း၊ ၄။ နှလုံးကို ပွားစေတတ်ကုန်သော အရသာ ရသာရုံတို့၌ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း၊ ၅။ နှလုံးကို ပွားစေတတ်ကုန်သော အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့၌ စိတ်၏ ပြင်းစွာ တပ်မက်ခြင်း။ (အဘိ၊ဝိ။၃၉၄။) (အဘိ၊ဝိ၊မြန်၊၂။၄၉၉။)

ပြည့်စုံခြင်း ၅ ပါး ၁။ ဆွေမျိုးတို့၏ ပြည့်စုံခြင်း- ဉာတိသမ္ပဒါ၊ ၂။ စည်းစိမ်ဥစ္စာတို့၏ ပြည့်စုံခြင်း- ဘောဂသမ္ပဒါ၊ ၃။ အနာမဲ့ခြင်းနှင့် ပြည့်စုံခြင်း- အရောဂသမ္ပဒါ၊ ၄။ အကျင့်သီလ၏ ပြည့်စုံခြင်း- သီလသမ္ပဒါ၊ ၅။ အယူ၏ ပြည့်စုံခြင်း- ဒိဋ္ဌိသမ္ပဒါ။ (ဝိ၊၅။၂၃၀။) (ဝိ၊၅။၃၃၈။) (အံ၊၂။၁၃၀။) (ဝိ၊မြန်၊၅။၃၁၉။) (ဝိ၊မြန်၊၅။၄၄၂။) (အံ၊မြန်၊၂။၁၆၂။)

http://www.dhammadownload.com

ပြည့်စုံခြင်း ၂ မျိုး ၁။ ပစ္စည်းပြည့်စုံခြင်း– အာမိသိဒ္ဓိ၊ ၂။ တရားပြည့်စုံခြင်း– ဓမ္မိဒ္ဓိ။ (အံ၊၁။၉၂။) (အံ၊မြန်၊၁။၁၀၈။)

ပြည့်စုံခြင်း ၂ မျိုး (တစ်နည်း) ၁။ အကျင့်သီလ၏ ပြည့်စုံခြင်း သီလသမ္ပဒါ၊ ၂။ ဉာဏ်အမြင် အယူ၏ ပြည့်စုံခြင်း ဒိဋ္ဌိသမ္ပဒါ။ (အံ၊၁။၉၄။) (အံ၊မြန်၊၁။၁၁၀။)

ပြည့်စုံခြင်း ၂ မျိုး (တစ်နည်း) ၁။ ပစ္စုပ္ပန်ခဏ၌ ပြည့်စုံခြင်းရှိသည်၏ အဖြစ်ဟူသော သမန္နာဂမ၊ ၂။ ရူပါဝစရအစရှိသော ဘုံတို့တွင် အမှတ်မထား တစ်ပါးပါးသော ဘုံ တည်းဟူသော ဈာန်သို့ ရောက်ခြင်းအားဖြင့် ရခြင်းဟူသော သမန္နာဂမ။ (အဘိ၊ဋ္ဌ၊၃။၁၇၉။)

ပြည့်စုံခြင်း ၃ မျိုး ၁။ သီလ၏ ပြည့်စုံခြင်း၊ ၂။ စိတ်၏ ပြည့်စုံခြင်း၊ ၃။ အယူ၏ ပြည့်စုံခြင်း၊ (တစ်နည်း) ၁။ အမှု၏ ပြည့်စုံခြင်း၊ ၂။ အသက်မွေးမှု၏ ပြည့်စုံခြင်း၊ ၃။ အယူ၏ ပြည့်စုံခြင်း။ (အံ၊၁။၂၇၂။) (အံ၊မြန်၊၁။၂၉၀။) (အံ၊၁။၂၇၄။) (အံ၊မြန်၊၁။၂၉၀။)

ပြည့်စုံခြင်း ၃ မျိုး (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း သဒ္ဓါသမ္ပဒါ၊ ၂။ သီလ၏ ပြည့်စုံခြင်း သီလသမ္ပဒါ၊ ၃။ ပညာနှင့် ပြည့်စုံခြင်း ပညာသမ္ပဒါ။ (အံ၊၁။၂၉၁။) (အံ၊မြန်၊၁။၃၀၈။)

ပြည့်စုံခြင်း ၃ မျိုး (တစ်နည်း) ၁။ သီလ၏ ပြည့်စုံခြင်း၊ ၂။ သမာဓိ၏ ပြည့်စုံခြင်း၊ ၃။ ပညာ၏ ပြည့်စုံခြင်း။ (နေတ္တိ၊ဝိဘာ။၂၇၆။)

ပြည့်စုံခြင်း ၅ ပါး (တစ်နည်း) ၁။ ယုံကြည်မှု သဒ္ဓါနှင့် ပြည့်စုံခြင်း၊ ၂။ စောင့်ထိန်းမှု သီလနှင့် ပြည့်စုံခြင်း၊ ၃။ အကြားအမြင် သုတနှင့် ပြည့်စုံခြင်း၊ ၄။ စွန့်ကြဲမှု စာဂနှင့် ပြည့်စုံခြင်း၊ ၅။ သိမှုပညာနှင့် ပြည့်စုံခြင်း။ (အံ၊၂။၄၆။) (အံ၊၂။၁၀၄။) (အံ၊မြန်၊၂။၅၇။) (အံ၊မြန်၊၂။၁၂၇။)

ပြည့်စုံခြင်း ၅ ပါး (တစ်နည်း) ၁။ စောင့်ထိန်းမှု သီလနှင့် ပြည့်စုံခြင်း၊ ၂။ တည်ကြည်မှု သမာဓိနှင့် ပြည့်စုံခြင်း၊ ၃။ သိမှုပညာနှင့် ပြည့်စုံခြင်း၊ ၄။ ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်'နှင့် ပြည့်စုံခြင်း၊ ၅။ ကိလေသာမှ လွတ်မြောက်မှု 'အရဟတ္တဖိုလ်'၌ ဖြစ်သော 'ပစ္စဝေက္ခဏာ ဉာဏ်'နှင့် ပြည့်စုံခြင်း။ (အံ၊၂။၁၀၄။) (အံ၊မြန်၊၂။၁၂၇။)

ပြည့်စုံခြင်း ၈ မျိုး ၁။ ထကြွလှုံ့လန့်ပြည့်စုံခြင်း ဥဒ္ဓါနသမ္ပဒါ၊ ၂။ စောင့်ရှောက်မှုနှင့် ပြည့်စုံခြင်း အာရက္ခသမ္ပဒါ၊ ၃။ မိတ်ကောင်း ဆွေကောင်းရှိခြင်း ကလျာဏမိတ္တတာ၊ ၄။ မျှတစွာ အသက်မွေးခြင်း သမဇီဝိတာ၊ ၅။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း သဒ္ဓါသမ္ပဒါ၊ ၆။ သီလနှင့် ပြည့်စုံခြင်း သီလသမ္ပဒါ၊ ၇။ စွန့်ကြဲမှုနှင့် ပြည့်စုံခြင်း စာဂသမ္ပဒါ၊ ၈။ ပညာနှင့် ပြည့်စုံခြင်း ပညာသမ္ပဒါ။ (အံ၊၃။၁၄၀။) (အံ၊မြန်၊၃။၁၄၂။)

ပြည့်စုံသည်၏ အဖြစ် ၅ မျိုး ၁။ အားထုတ်ခြင်းနှင့် ပြည့်စုံသည်၏ အဖြစ်၊ ၂။ စေတနာနှင့် ပြည့်စုံသည်၏ အဖြစ်၊ ၃။ ကံနှင့် ပြည့်စုံသည်၏ အဖြစ်၊ ၄။ အကျိုးဝိပါက်နှင့် ပြည့်စုံသည်၏ အဖြစ်၊ ၅။ ဖြစ်လတ္တံ့သော ဘုံဌာန၏ နိမိတ်ထင်လာခြင်းနှင့် ပြည့်စုံသည်၏ အဖြစ်။ (မ၊ဋ္ဌ၊၄။၈၇။) (အဘိ၊ဋ္ဌ၊၂။၄၁၉။)

ပြန့်ပြောခြင်း ၂ မျိုး ၁။ ပစ္စည်း၏ ပြန့်ပြောခြင်း– အာမိသဝေပုလ္လ၊ ၂။ တရား၏ ပြန့်ပြောခြင်း– ဓမ္မဝေပုလ္လ။ (အံ၊၁။၉၃။) (အံ၊မြန်၊၁။၁၀၉။)

http://www.dhammadownload.com

ပြဿနာ ၄ မျိုး ၁။ ဧကံသဗျာကရဏီယပဥ– စင်စစ်ဧကန် အမှန်အားဖြင့်သာ ဖြေဆိုအပ်သော ပြဿနာ၊ ၂။ ဝိဘဇ္ဇဗျာကရဏီယပဥ– ဝေဖန်ခွဲခြား၍ ဖြေဆိုအပ်သော ပြဿနာ၊ ၃။ ပဋိပုစ္ဆာဗျာကရဏီယပဥ– တစ်ဖန်မေး၍ ဖြေဆိုအပ်သော ပြဿနာ၊ ၄။ ဌပနီယပဥ– မဖြေဆိုအပ်, ဤအတိုင်းထားအပ်သော ပြဿနာ။ (အံ၊၁။၃၅၅။) (မိလိန္ဒ။၁၄၇။) (ဒီ၊ဌ၊၂။၁၅၇။) (အံ၊မြန်၊၁။၃၆၉။) (မိလိန္ဒ၊မြန်။၁၅၈။) (ဒီ၊ဌ၊မြန်၊၂။၂၉၆။)

ပြဿနာ ၅၅၀ ပါး ၁။ ဒသက၌ ပဉ္စာ ၁၀၀၊ ၂။ ဧကကနှင့် နဝက၌ ပဉ္စာ ၁၀၀၊ ၃။ ဒုကနှင့် အဋ္ဌက၌ ပဉ္စာ ၁၀၀၊ ၄။ တိကနှင့် သတ္တက၌ ပဉ္စာ ၁၀၀၊ ၅။ စတုက္ကနှင့် ဆက္က၌ ပဉ္စာ ၁၀၀၊ ၆။ ပဉ္စက၌ ပဉ္စာ ၅၀။ (ဒီ၊ဌ၊၃။၂၄၉။)

ပြဿနာ ၁၀၁၄ ပါး ၁။ ဧကက အစွမ်းဖြင့် ပြဿနာ ၂ ပါး၊ ၂။ ဒုက အစွမ်းဖြင့် ပြဿနာ ၇၀ ပါး၊ ၃။ တိက အစွမ်းဖြင့် ပြဿနာ ၁၈၀ ပါး၊ ၄။ စတုက္က အစွမ်းဖြင့် ပြဿနာ ၂၀၀ ပါး၊ ၅။ ပဉ္စက အစွမ်းဖြင့် ပြဿနာ ၁၃၀ ပါး၊ ၆။ ဆက္က အစွမ်းဖြင့် ပြဿနာ ၁၃၂ ပါး၊ ၇။ သတ္တက အစွမ်းဖြင့် ပြဿနာ ၉၈ ပါး၊ ၈။ အဋ္ဌက အစွမ်းဖြင့် ပြဿနာ ၈၈ ပါး၊ ၉။ နဝက အစွမ်းဖြင့် ပြဿနာ ၅၄ ပါး၊ ၁၀။ ဒသက အစွမ်းဖြင့် ပြဿနာ ၆၀ ပါး။ (ဒီ၊ဌ၊၃။၂၃၅။)

ပြဿနာကြီး ၁၄ ခု (ဘုရားရှင် သိကြားမင်းအား ဖြေကြားတော်မူအပ်သော ပြဿနာကြီး ၁၄ ခု) ၁။ ဣဿာမစ္ဆရိယ– မနာလိုခြင်း, ဝန်တိုခြင်း၊ ၂။ ပိယာပိယ– ချစ်ခြင်း, မုန်းခြင်း၊ ၃။ ဆန္ဒ– အလို၊ ၄။ ဝိတက္က– ကြံဆခြင်း၊ ၅။ ပပဉ္စ– သံသရာကို ချဲ့ထွင်ခြင်း၊ ၆။ သောမနဿ– ဝမ်းမြောက်ခြင်း၊ ၇။ စိတ်နှလုံး မသာယာခြင်း ဒေါမနဿ၊ ၈။ လျစ်လျူရှုခြင်း ဥပေက္ခာ၊ ၉။ ကာယသမာစာရ– ကိုယ်၏ ကောင်းသော အကျင့်၊ ၁၀။ ဝစီသမာစာရ– နှုတ်၏ ကောင်းသော အကျင့်၊ ၁၁။ ပရိယေသန– ရှာမှီးခြင်း၊ ၁၂။ ဣန္ဒြိယသံဝရ– ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ ၁၃။ အနေကဓာတု– အဇ္ဈာသယဓာတ် အမျိုးမျိုး၊ ၁၄။ အစ္စန္တနိဋ္ဌာ– ပျက်စီးခြင်းကို လွန်သော နိဗ္ဗာန်။ (ဒီ၊ဌ၊၂။၃၃၀။) (ဒီ၊ဌ၊မြန်၊၂။၆၀၇။)

ပြဿနာ မေးကြောင်း ၅ မျိုး ၁။ အသိဉာဏ်ပညာ နည်းသည်ဖြစ်၍ အလွန် တွေဝေသောကြောင့် မေးခြင်း၊ ၂။ ယုတ်ညံ့သော အလိုရှိသည်ဖြစ်၍ အလိုဆိုး နှိပ်စက်အပ်သောကြောင့် မေးခြင်း၊ ၃။ လွှမ်းမိုးနှိပ်စက်လိုသောကြောင့် မေးခြင်း၊ ၄။ သိလိုသောကြောင့် မေးခြင်း၊ ၅။ မေးသော ပုစ္ဆာအား အကယ်၍ မဖြေဆိုနိုင်လျှင် ငါ ကောင်းစွာ ဖြေကြားပေးမည်ဟု နှလုံးသွင်း၍ မေးခြင်း။ (အံ၊၂။၁၆၈။) (အံ၊မြန်၊၂။၂၁၄။)

ပြဿနာကို ဖြေဆိုခြင်း ၄ မျိုး ၁။ ဧကံသဗျာကရဏီယ– တစ်မျိုးတည်းကို ဖြေဆိုခြင်း၊ ၂။ ဝိဘဇ္ဇဗျာကရဏီယ– ခွဲခြားဝေဖန်၍ ဖြေဆိုခြင်း၊ ၃။ ပဋိပုစ္ဆာဗျာကရဏီယ– တစ်ဖန် တုံ့ပြန် မေးမြန်းလျက် ဖြေဆိုခြင်း၊ ၄။ ဌပနီယ– မဖြေဆိုဘဲ ထားခြင်း။ (မိလိန္ဒ။၁၄၇။) (မိလိန္ဒ၊မြန်။၁၅၈။)

ပွားစီးခြင်း ၂ မျိုး ၁။ ပစ္စည်းဖြင့် ပွားစီးခြင်း– အာမိသသန္နိစယ၊ ၂။ တရားဖြင့် ပွားစီးခြင်း– ဓမ္မသန္နိစယ။ (အံ၊၁။၉၃။) (အံ၊မြန်၊၁။၁၀၉။)

ပွားများခြင်း ၂ မျိုး ၁။ လောကီတရား ပွားများခြင်း၊ ၂။ လောကုတ္တရာတရား ပွားများခြင်း။ (ပဋိသံ။၂၈။) (ပဋိသံ၊မြန်။၃၇။)

http://www.dhammadownload.com

ပွားများခြင်း ၃ မျိုး ၁။ ရူပါဝစရ ကုသိုလ်တရားတို့ကို ပွားများခြင်း၊ ၂။ အရူပါဝစရကုသိုလ်တရားတို့ကို ပွားများခြင်း၊ ၃။ အကျုံးမဝင်သော ကုသိုလ်တရားတို့ကို ပွားများခြင်း။ (ပဋိသံ။၂၈။) (ပဋိသံ၊မြန်။၃၇။)

ပွားများခြင်း ၄ မျိုး ၁။ ဒုက္ခသစ္စာကို ပိုင်းခြားသိ၍ ပွားများခြင်း၊ ၂။ သမုဒယသစ္စာကို ပယ်၍ ပွားများခြင်း၊ ၃။ နိရောဓသစ္စာကို မျက်မှောက်ပြု၍ ပွားများခြင်း၊ ၄။ မဂ္ဂသစ္စာကို ပွားထုံ၍ ပွားများခြင်း။ (ပဋိသံ။၂၈။) (ပဋိသံ၊မြန်။၃၇။)

ပွားများခြင်း ၄ မျိုး (တစ်နည်း) ၁။ ရှာမှီး၍ ပွားများခြင်း (ဧသနာဘာဝနာ)၊ ၂။ ရရောက်၍ ပွားများခြင်း (ပဋိလာဘဘာဝနာ)၊ ၃။ ကိစ္စတူပွားများခြင်း (ဧကရသဘာဝနာ)၊ ၄။ အဖန်ဖန် မှီဝဲ၍ ပွားများခြင်း (အာသေဝနာဘာဝနာ) ။ (ပဋိသံ။၂၈။) (ပဋိသံ၊မြန်။၃၇။)

ပွားများခြင်း ၄ ပါး (တစ်နည်း) ၁။ ထိုထွက်သက်ဝင်သက်တရားတို့ကို မကျော်လွန်သော သဘောအားဖြင့် ပွားများခြင်း၊ ၂။ ဣန္ဒြေတို့၏ တစ်ခုတည်းသော ကိစ္စရှိသောသဘောအားဖြင့် ပွားများခြင်း၊ ၃။ ထိုဈာန်သို့ ရောက်ကြောင်းဖြစ်သော ဝီရိယကို ဆောင်တတ်သော သဘောအားဖြင့် ပွားများခြင်း၊ ၄။ အဖန်တလဲလဲ မှီဝဲသော သဘောအားဖြင့် ပွားများခြင်း။ (ပဋိသံ။၃၀။) (ပဋိသံ။၁၇၀-၁၇၁။) (ပဋိသံ၊မြန်။၄၀။) (ပဋိသံ၊မြန်။၂၁၈။)

ပွားများအပ်သော တရား ၂ ပါး ၁။ နိဝရဏတရားတို့ကို ငြိမ်းစေတတ်သော သမာဓိ- သမထ၊ ၂။ အပြားအားဖြင့် ရှုခြင်း- ဝိပဿနာ။ (ဒီ၊၃။၂၂၈။) (ပေဋကော။၂၅၁။) (ဒီ၊မြန်၊၃။၂၅၀။)

ပွားများအပ်သော တရား ၃ ပါး ၁။ ဝိတက် ဝိစာရနှင့် တကွဖြစ်သော သမာဓိ၊ ၂။ ဝိတက်ကား မရှိ၊ ဝိစာရမျှရှိသော သမာဓိ၊ ၃။ ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော သမာဓိ။ (ဒီ၊၃။၂၂၉။) (ဒီ၊မြန်၊၃။၂၅၁။)

ပွားများအပ်သော တရား ၄ ပါး ၁။ ရုပ်ခန္ဓာကိုယ်၌ ရုပ်ခန္ဓာကိုယ်ဟု အဖန်ဖန် ရှုလျက် နေခြင်း၊ ၂။ ခံစားမှုဝေဒနာတို့၌ ခံစားမှုဝေဒနာဟု အဖန်ဖန် ရှုလျက် နေခြင်း၊ ၃။ စိတ်၌ စိတ်ဟု အဖန်ဖန် ရှုလျက် နေခြင်း၊ ၄။ သဘောတရားတို့၌ သဘောတရားဟု အဖန်ဖန် ရှုလျက် နေခြင်း။ (ဒီ၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၅၃။)

ပွားများအပ်သော တရား ၅ ပါး ၁။ ယုံကြည်မှုလျှင် အကြီးအကဲတရား- သဒ္ဓိန္ဒြေ၊ ၂။ အားထုတ်မှုလျှင် အကြီးအကဲတရား- ဝီရိယိန္ဒြေ၊ ၃။ သတိလျှင် အကြီးအကဲတရား-သတိန္ဒြေ၊ ၄။ စိတ် တည်ငြိမ်မှု သမာဓိလျှင် အကြီးအကဲတရား သမာဓိန္ဒြေ၊ ၅။ ကွဲကွဲပြားပြားသိမှု ပညာလျှင် အကြီးအကဲတရား- ပညိန္ဒြေ။ (သံ၊၆၊၁။၂၃။)

ပွားများအပ်သော တရား ၅ ပါး (တစ်နည်း) ၁။ ဝိတိပျံ့နှံ့သော (ပ ဒု တ) ဈာန်၊ ၂။ သုခပျံ့နှံ့သော (ပ ဒု တ) ဈာန်၊ ၃။ အခြားပုဂ္ဂိုလ်တို့၏ စိတ်ကို အပြန့်အနှံ့သိသော (စေတောပရိယ) အဘိညာဉ်၊ ၄။ အလင်းပြန့်နှံ့သော (ဒိဗ္ဗစက္ခု) အဘိညာဉ်၊ ၅။ သမာပတ်ထသော ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာဉာဏ်။ (ဒီ၊၃။၂၃၂။) (ဒီ၊မြန်၊၃။၂၅၄။)

http://www.dhammadownload.com

ပွားများအပ်သော တရား ၆ ပါး ၁။ ဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၂။ တရားဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၃။ သံဃာ့ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၄။ သီလဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၅။ စွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၆။ နတ်တို့ကို သက်သေ ထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း။ (ဒီ၊၃။၂၃၇။) (ဒီ၊မြန်၊၃။၂၆၀။)

ပွားများအပ်သော တရား ၇ ပါး ၁။ သတိဟူသော ကောင်းစွာ သိကြောင်းတရား– သတိသမ္ဗောဇ္ဈင်၊ ၂။ သစ္စာ ၄ ပါး တရားကို စူးစမ်းဆင်ခြင်တတ်သော ပညာဟူသော ကောင်းစွာ သိကြောင်းတရား– ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ၃။ ဝီရိယဟူသော ကောင်းစွာ သိကြောင်းတရား– ဝီရိယသမ္ဗောဇ္ဈင်၊ ၄။ ဝမ်းမြောက်ခြင်းဟူသော ကောင်းစွာ သိကြောင်းတရား– ပီတိသမ္ဗောဇ္ဈင်၊ ၅။ ကိုယ် စိတ် ငြိမ်းအေးခြင်းဟူသော ကောင်းစွာ သိကြောင်းတရား– ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ၆။ စိတ်တည်ကြည်ခြင်းဟူသော ကောင်းစွာ သိကြောင်းတရား– သမာဓိ သမ္ဗောဇ္ဈင်၊ ၇။ ထိုမိမိဖြစ်ရာယှဉ်ဘက်တရားတို့၌ လျစ်လျူရှုခြင်းဟူသော ကောင်းစွာ သိကြောင်းတရား– ဥပေက္ခာ သမ္ဗောဇ္ဈင်။ (ဒီ၊၃။၂၄၁။) (ဒီ၊မြန်၊၃။၂၆၄။)

ပွားများအပ်သော တရား ၈ ပါး ၁။ မှန်ကန်သော အမြင်– သမ္မာဒိဋ္ဌိ၊ ၂။ မှန်ကန်သော အကြံ– သမ္မာသင်္ကပ္ပ၊ ၃။ မှန်ကန်သော စကား– သမ္မာဝါစာ၊ ၄။ မှန်ကန်သော အလုပ်– သမ္မာကမ္မန္တ၊ ၅။ မှန်ကန်သော အသက်မွေးမှု– သမ္မာအာဇီဝ၊ ၆။ မှန်ကန်သော အားထုတ်မှု– သမ္မာဝါယာမ၊ ၇။ မှန်ကန်သော အောက်မေ့မှု– သမ္မာသတိ၊ ၈။ မှန်ကန်သော တည်ကြည်မှု– သမ္မာသမာဓိ။ (ဒီ၊၃။၂၄၅။) (သံ၊၃။၁၀။) (ဒီ၊မြန်၊၃။၂၆၈။) (သံ၊မြန်၊၃။၁၁။)

ပွားများအပ်သော တရား ၉ ပါး ၁။ သီလစင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာန ဖြစ်သော အင်္ဂါ၊ ၂။ စိတ်စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာနဖြစ်သော အင်္ဂါ၊ ၃။ ပညာ၏ စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာနဖြစ်သော အင်္ဂါ၊ ၄။ ယုံမှားခြင်းကို ဖျောက်နိုင်သော ဉာဏ်၏ စင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာနဖြစ်သော အင်္ဂါ၊ ၅။ မဂ် ဟုတ်, မဟုတ်ကို သိသော ဉာဏ်၏ စင်ကြယ်ခြင်း ဟူသော ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာနဖြစ်သော အင်္ဂါ၊ ၆။ မဂ်ရကြောင်း အကျင့်ကို သိသော ဉာဏ်၏ စင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာနဖြစ်သော အင်္ဂါ၊ ၇။ ဝိပဿနာဉာဏ်အမြင်၏ စင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာန ဖြစ်သော အင်္ဂါ၊ ၈။ အရဟတ္တဖိုလ်ဉာဏ်ပညာ စင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာန ဖြစ်သော အင်္ဂါ၊ ၉။ အရဟတ္တဖိုလ်၏ စင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိကို ပွားစေခြင်း၏ ပဓာနဖြစ်သော အင်္ဂါ။ (ဒီ၊၃။၂၅၂။) (ဒီ၊မြန်၊၃။၂၇၅။)

ပွားများအပ်သော တရား ၁၀ ပါး ၁။ အပိုင်းအခြားမရှိသော အလုံးစုံ ပြန့်ပွားစေအပ်သော မြေအဝန်း– ပထဝီကသိုဏ်း၊ ၂။ ရေကသိုဏ်း စီးဖြန်းဖို့အတွက် စီမံပြုလုပ်ထားသော ရေ– အာပေါကသိုဏ်း၊ ၃။ အကြွင်းမဲ့ အလုံးစုံ ပြန့်ပွားစေအပ်သော မီး– တေဇောကသိုဏ်း၊ ၄။ အကြွင်းမဲ့ အလုံးစုံ ပြန့်ပွားစေအပ်သော လေ– ဝါယောကသိုဏ်း၊ ၅။ အကြွင်းမဲ့ အလုံးစုံ ပြန့်ပွားစေအပ်သော ညိုသော အဆင်း– နီလကသိုဏ်း၊ ၆။ အကြွင်းမဲ့ အလုံးစုံ ပြန့်ပွားစေအပ်သော ရွှေသော အဆင်း– ပီတကသိုဏ်း၊ ၇။ အကြွင်းမဲ့ အလုံးစုံ ပြန့်ပွားစေအပ်သော

http://www.dhammadownload.com

နိသော အဆင်း– လောဟိတကသိုဏ်း၊ ၈။ အကြွင်းမဲ့ အလုံးစုံ ပြန့်ပွားစေအပ်သော ဖြူသော အဆင်း– ဩဒါတကသိုဏ်း၊ ၉။ ပိုင်းခြားပြုလုပ်ထားအပ်သော နံရံပေါက်, ပြူတင်းပေါက် စသော ဟင်းလင်းအပေါက်– အာကာသကသိုဏ်း၊ ၁၀။ အာကာသကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်း ၉ ပါးတို့တွင် တစ်ပါးပါးကို ခွါ၍ ရအပ်သော ကောင်းကင်ပညတ်၌ ဖြစ်သော ပဌမာရုပ္ပဝိညာဏ်– ဝိညာဏကသိုဏ်း။ (ဒီ၊၃။၂၅၇။) (ဒီ၊မြန်၊၃။၂၈၀။)

ပွဲကြည့်ခြင်း အပြစ် ၆ ပါး ၁။ အဘယ်မှာ ကပွဲ ရှိသနည်းဟု မေး၍ သွားခြင်း၊ ၂။ အဘယ်မှာ သီဆိုပွဲ ရှိသနည်းဟု မေး၍ သွားခြင်း၊ ၃။ အဘယ်မှာ တီးမှုတ်ပွဲ ရှိသနည်းဟု မေး၍ သွားခြင်း၊ ၄။ အဘယ်မှာ ကွက်စိပ် စာဟောပွဲ ရှိသနည်းဟု မေး၍ သွားခြင်း၊ ၅။ အဘယ်မှာ လက်ခုပ်တီးပွဲ ရှိသနည်းဟု မေး၍ သွားခြင်း၊ ၆။ အဘယ်မှာ စည်တီးပွဲ ရှိသနည်း"ဟု မေး၍ သွားခြင်း။ (ဒီ၊၃။၁၄၈။) (ဒီ၊မြန်၊၃။၁၆၆။)

ပွင့်လင်းမှု တင့်တယ်သော အရာ ၃ မျိုး ၁။ လဝန်းသည် ပွင့်လင်းမှသာ တင့်တယ်သည်၊ ဖုံးကွယ်သော် မတင့်တယ်၊ ၂။ နေဝန်းသည် ပွင့်လင်းမှသာ တင့်တယ်သည်၊ ဖုံးကွယ်သော် မတင့်တယ်၊ ၃။ မြတ်စွာဘုရား ဟောကြားသော တရားတော်သည် ပွင့်လင်းမှသာ တင့်တယ်သည်၊ ဖုံးကွယ်သော် မတင့်တယ်။ (အံ၊၁။၂၈၆။) (အံ၊မြန်၊၁။၃၀၄။)

ဖ

ဖရဏာ ၂ မျိုး (စေတသာ ဖုဋ္ဌောဟူသော ပါဠိ၌ နှံ့ခြင်း ၂ မျိုး) ၁။ အာပေါဖရဏာ– အာပေါကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကို ဝင်စား၍ အာပေါကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ဖြင့် နှံ့ခြင်း၊ ၂။ ဒိဗ္ဗစက္ခုဖရဏာ– အာလောကကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ကို ပွားစေ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အလုံးစုံသော သမုဒ္ဒရာကို မြင်ခြင်း, ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် နှံ့ခြင်း။ (မ၊၃၊၄။၁၀၃။) (အံ၊၃၊၁။၄၁၀။)

ဖရဏာ ၅ မျိုး (ဖရိတွာ အဓိမုစ္စိတွာဟူသော ပါဠိ၌ နှံ့ခြင်း ဖရဏာ ၅ မျိုး) ၁။ စေတောဖရဏာ– တစ်သောင်းသော လောကဓာတ်၌ သတ္တဝါတို့၏စိတ်ကို သိအောင် စိတ်ဖြင့် နှံ့ခြင်း၊ ၂။ ကသိဏဖရဏာ– တစ်သောင်းသော လောကဓာတ်၌ ကသိုဏ်းတို့ဖြင့် နှံ့ခြင်း၊ ၃။ ဒိဗ္ဗစက္ခုဖရဏာ– အာလောကကသိုဏ်းကို ပွားစေ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် တစ်သောင်းသော လောကဓာတ်ကို မြင်အောင် နှံ့ခြင်း၊ ၄။ အာလောကဖရဏာ– အာလောကကသိုဏ်းပညတ် ပဋိဘာဂနိမိတ်ဖြင့် နှံ့ခြင်း၊ ၅။ သရီရဖရဏာ– တစ်သောင်းသော လောကဓာတ်၌ ကိုယ်ရောင်ကိုယ်ဝါဖြင့် ဖြန့်နှံ့ခြင်း။ (မ၊၃၊၄။၁၀၅။)

ဖရုသဝါစာကံမြောက် အင်္ဂါ ၃ မျိုး ၁။ ဆဲဆိုထိုက်သော သူတစ်ပါး ဖြစ်ခြင်း၊ ၂။ အမျက် ထွက်သော စိတ် ရှိခြင်း၊ ၃။ ဆဲရေးခြင်း။ (ဒီ၊၃၊၁။၇၄။) (မ၊၃၊၁။၂၀၄။) (အဘိ၊၅၊၁။၁၄၃။) (ပဋိသံ၊၃၊၁။၂၀၆။) (မဟာနိ၊၅။၁၀၁။) (သာရတ္ထ၊ဋီ၊၁။၃၄၆။) (ဒီ၊၅၊မြန်၊၁။၁၄၀။) (ဒီ၊၅၊မြန်၊၁။၁၄၀။)

http://www.dhammadownload.com

ဖလသမာပတ်တည်ပုံ အခြင်းအရာ ၃ မျိုး ၁။ အလုံးစုံသော သခ်ါရနိမိတ်တို့ကို နှလုံး မသွင်းခြင်း၊ ၂။ နိဗ္ဗာန်အာရုံကိုသာလျှင် နှလုံးသွင်းခြင်း၊ ၃။ ဖလသမာပတ် မဝင်စားမီ ရှေ့အဖို့၌ ကာလ ပိုင်းခြားခြင်း။ (ဥဒါန၊၌။၃၃။)

ဖလသမာပတ်ဝင်စားပုံ ၂ မျိုး ၁။ နိဗ္ဗာန်အာရုံမှ တစ်ပါး အခြားသော အာရုံကို နှလုံးမသွင်းခြင်း၊ ၂။ နိဗ္ဗာန်အာရုံကိုသာလျှင် နှလုံးသွင်းခြင်း။ (ပဋိသံ၊၌၊၁။၂၄၇။) (ဥဒါန၊၌။၃၂။)

ဖိနပ်လှူရကျိုး ၃ ပါး ၁။ ဆင်ယာဉ်, မြင်းယာဉ်, ထမ်းစင်, သန်လျင်းတို့ကို အမြဲတမ်း ရရှိခြင်း၊ ၂။ ပတ္တမြားစီလျက် ကြေးနီဖြင့် ပြုလုပ်အပ်ကုန်သော ရွှေခြေနင်း ငွေခြေနင်းတို့ကို ရရှိခြင်း၊ ၃။ မကောင်းသော အကျင့်တို့ကို သုတ်သင်တတ်သော အရိယာမဂ်သို့ ဝိပဿနာ သတိတို့သည် ပြေးသွားကုန်ခြင်း။ (အပ၊၁။၃၆၃။) (အပ၊မြန်၊၁။၃၇၂။)

ဖုသန ၂ မျိုး (တွေ့ခြင်း ရောက်ခြင်း ၂ မျိုး) ၁။ ဉာဏဖုသန– မဂ်လေးပါးတို့သည် ဉာဏ်ဖြင့် ရောက်ခြင်း၊ ၂။ ဝိပါကဖုသန– ဖိုလ်လေးပါးတို့သည် အကျိုးဖြင့် ရောက်ခြင်း။ (ဓမ္မ၊၌၊၁။ ၁၄၇။)

ဖောက်ပြန်ခြင်းတရား ၄ မျိုး (သညာ၏ ဖောက်ပြန်ခြင်း ၄ မျိုး) ၁။ မမြဲသော အရာ၌ မြဲ၏ဟု သညာ၏ ဖောက်ပြန်ခြင်း၊ ၂။ ဆင်းရဲသောအရာ၌ ချမ်းသာ၏ဟု သညာ၏ ဖောက်ပြန်ခြင်း၊ ၃။ အတ္တမဟုတ်သော အရာ၌ အတ္တဟုတ်၏ဟု သညာ၏ ဖောက်ပြန်ခြင်း၊ ၄။ မတင့်တယ်သော အရာ၌ တင့်တယ်၏ဟု သညာ၏ ဖောက်ပြန်ခြင်း။ (အံ၊၁။၃၆၁။) (အဘိ၊ဝိ။၃၉၀။) (ပေဋကော။ ၂၄၇။) (ဒီ၊ဋီ၊၂။၁၄၉။) (အံ၊မြန်၊၁။၃၇၅။) (အဘိ၊ဝိ၊မြန်၊၂။၄၉၃။)

ဖောက်ပြန်ခြင်းတရား ၄ မျိုး (တစ်နည်း) (စိတ်၏ ဖောက်ပြန်ခြင်း ၄ မျိုး) ၁။ မမြဲသော အရာ၌ မြဲ၏ဟု စိတ်၏ ဖောက်ပြန်ခြင်း၊ ၂။ ဆင်းရဲသော အရာ၌ ချမ်းသာ၏ဟု စိတ်၏ ဖောက်ပြန်ခြင်း။ ၃။ အတ္တမဟုတ်သော အရာ၌ အတ္တဟုတ်၏ဟု စိတ်၏ ဖောက်ပြန်ခြင်း၊ ၄။ မတင့်တယ်သော အရာ၌ တင့်တယ်၏ဟု စိတ်၏ ဖောက်ပြန်ခြင်း။ (အံ၊၁။၃၆၁။) (အဘိ၊ ဝိ။၃၉၀။) (ပေဋကော။၂၄၇။) (ဒီ၊ဋီ၊၂။၁၄၉။) (အံ၊မြန်၊၁။၃၇၅။) (အဘိ၊ဝိ၊မြန်၊၂။၄၉၃။)

ဖောက်ပြန်ခြင်းတရား ၄ မျိုး (တစ်နည်း) (အယူ၏ ဖောက်ပြန်ခြင်း ၄ မျိုး) ၁။ မမြဲသော အရာ၌ မြဲ၏ဟု အယူ၏ ဖောက်ပြန်ခြင်း၊ ၂။ ဆင်းရဲသော အရာ၌ ချမ်းသာ၏ဟု အယူ၏ ဖောက်ပြန်ခြင်း၊ ၃။ အတ္တမဟုတ်သော အရာ၌ အတ္တဟုတ်၏ဟု အယူ၏ ဖောက်ပြန်ခြင်း၊ ၄။ မတင့်တယ်သော အရာ၌ တင့်တယ်၏ဟု အယူ၏ ဖောက်ပြန်ခြင်း။ (အံ၊၁။၃၆၁။) (အဘိ၊ ဝိ။၃၉၀။) (ပေဋကော။၂၄၇။) (ဒီ၊ဋီ၊၂။၁၄၉။) (အံ၊မြန်၊၁။၃၇၅။) (အဘိ၊ဝိ၊မြန်၊၂။၄၉၃။)

ဖောက်ပြန်သောအားဖြင့် ရှာမှီးခြင်း ဝိပရိယေသနာ ၄ မျိုး ၁။ မမြဲသော အရာ၌ မြဲသည်ဟု ဖောက်ပြန်သောအားဖြင့် ရှာမှီးခြင်း၊ ၂။ ဆင်းရဲသော ဒုက္ခအရာ၌ ချမ်းသာသုခဟု ဖောက်ပြန်သောအားဖြင့် ရှာမှီးခြင်း၊ ၃။ မတင့်တယ်သော အသုဘအရာ၌ တင့်တယ်သော သုဘဟု ဖောက်ပြန်သောအားဖြင့် ရှာမှီးခြင်း၊ ၄။ အတ္တမဟုတ်သော အရာ၌ အတ္တဟု ဖောက်ပြန်သော အားဖြင့် ရှာမှီးခြင်း။ (သာရတ္ထ၊ဋီ၊၁။၃၀၅။)

http://www.dhammadownload.com

ဖန်ရည် ၃ မျိုး ၁။ ရာဂကသာဝ– တပ်မက်မှု ဖန်ရည်၊ ၂။ ဒေါသကသာဝ– အမျက်ထွက်မှု စိတ်ဆိုးမှု ဖန်ရည်၊ ၃။ မောဟကသာဝ– တွေဝေမှု ဖန်ရည်။ (အဘိ၊ဝိ။၃၈၃။) (အဘိ၊ဝိ၊မြန်၊၂။၄၈၀။)

ဖန်ရည် ၃ မျိုး (တစ်နည်း) ၁။ ကာယကသာဝ– ကိုယ်ဖန်ရည်၊ ၂။ ဝစီကသာဝ– နှုတ်ဖန်ရည်၊ ၃။ မနောကသာဝ– စိတ်ဖန်ရည်။ (အဘိ၊ဝိ။၃၈၃။) (အဘိ၊ဝိ၊မြန်၊၂။၄၈၀။)

ဖုံးကွယ်၍ လုယူခြင်း ၂ မျိုး ၁။ ဟိမဝိပရာမောသ– ဆီးနှင်းဖြင့် ဖုံးကွယ်၍ လုယူခြင်း၊ ၂။ ဂုမ္ဗ ဝိပရာမောသ– ချုံပုတ်ဖြင့် ဖုံးကွယ်၍ လုယူခြင်း။ (သံ၊ဋ္ဌ၊၃။၃၃၉။)

ဖုံးလွှမ်းခြင်း ၃ ပါး ၁။ ဝတ္ထုကိုသာ ဖုံးလွှမ်း၍ အာပတ်ကို မဖုံးလွှမ်းခြင်း၊ ၂။ အာပတ်ကိုသာ ဖုံးလွှမ်း၍ ဝတ္ထုကို မဖုံးလွှမ်းခြင်း၊ ၃။ ဝတ္ထုရော အာပတ်ကိုပါ ဖုံးလွှမ်းခြင်း။ (ဝိ၊၅။၂၁၈။) (ဝိ၊မြန်၊၅။၃၀၅။)

ဖုံးလွှမ်းခြင်း ၃ မျိုး ၁။ ဇန္တာဃရပဋိစ္ဆာဒိ– ရေချိုးအိမ်ဖြင့် ဖုံးလွှမ်းခြင်း၊ ၂။ ဥဒကပဋိစ္ဆာဒိ– ရေဖြင့် ဖုံးလွှမ်းခြင်း၊ ၃။ ဝတ္ထပဋိစ္ဆာဒိ– အဝတ်ဖြင့် ဖုံးလွှမ်းခြင်း။ (ဝိ၊၄။၂၅၉။) (ဝိ၊ဋ္ဌ၊၄။၅၁။) (ဝိ၊မြန်၊ ၄။၂၆၀။)

ဖိုလ် ၄ ပါး ၁။ သောတာပတ္တိဖိုလ်၊ ၂။ သကဒါဂါမိဖိုလ်၊ ၃။ အနာဂါမိဖိုလ်၊ ၄။ အရဟတ္တဖိုလ်။ (ဒီ၊၃။၁၉၀။) (ဒီ၊၃။၂၃၁။) (ပဋိသံ၊ဋ္ဌ၊၁။၁၂၆။) (ဒီ၊မြန်၊၃။၂၁၂။) (ဒီ၊မြန်၊၃။၂၅၄။)

ဖိုလ် ၄ ပါး (တစ်နည်း) ၁။ သုံးပါးသော သံယောဇဉ် အနှောင်အဖွဲ့ အကြွင်းမဲ့ကုန်သဖြင့် အပါယ်သို့ ကျခြင်းသဘောမရှိ၊ သုဂတိဠ်သာကိန်းသေမြဲသော(တစ်နည်း)ဆင်းရဲအဆုံးရောက်ရန် ကိန်းသေမြဲသော၊ အထက်မင် သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်ခြင်း၊ ၂။ သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့ အကြွင်းမဲ့ ကုန်ခြင်း၊ လောဘ ဒေါသ မောဟ တရားတို့ ခေါင်းပါးခြင်း၊ ဤလူ့ပြည်သို့ တစ်ကြိမ်သာလာပြီး ဆင်းရဲအဆုံးကို ပြုသော သကဒါဂါမ် ဖြစ်ခြင်း၊ ၃။ အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသော ငါးပါးသော သံယောဇဉ်အနှောင်အဖွဲ့ အကြွင်းမဲ့ကုန်သဖြင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေပြီး၊ ထိုဗြဟ္မာ့ဘုံ၌ပင် ပရိနိဗ္ဗာန်ပြု၍ ထိုဗြဟ္မာ့ဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ် ဖြစ်ခြင်း၊ ၄။ ကိလေသာ အားလုံးကို အကြွင်းမဲ့ ပယ်ပြီးကုန်ပြီးသော အာသဝရှိသော မြတ်သော အလျှုံခံပုဂ္ဂိုလ် (အဂ္ဂဒက္ခိဏေယျ) ရဟန္တာ ဖြစ်ခြင်း။ (ဒီ၊၁။၁၄၈။) (ဒီ၊မြန်၊၁။၁၇၅။)

ဖိုလ်ကို မျက်မှောက်ပြုကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊ ၂။ သူတော်ကောင်းတရား ကြားနာခြင်း၊ ၃။ အသင့်အတင့်နှလုံးသွင်းခြင်း၊ ၄။ လောကုတ္တရာ တရားအား လျော်သော အကျင့်ကို ကျင့်ခြင်း။ (ပဋိသံ။၃၇၀။) (ပဋိသံ၊မြန်။၄၃၄။)

ဖဿ ၇ ပါး ၁။ စက္ခုသမ္ဖဿ– မျက်စိ အတွေ့အထိ၊ ၂။ သောတသမ္ဖဿ– နား အတွေ့အထိ၊ ၃။ ဃာနသမ္ဖဿ– နှာခေါင်း အတွေ့အထိ၊ ၄။ ဇိဝှါသမ္ဖဿ– လျှာ အတွေ့အထိ၊ ၅။ ကာယသမ္ဖဿ– ကိုယ် အတွေ့အထိ၊ ၆။ မနောဓာတုသမ္ဖဿ– မနောဓာတ် အတွေ့အထိ၊ ၇။ မနောဝိညာဏဓာတုသမ္ဖဿ– မနောဝိညာဏဓာတ် အတွေ့အထိ။ (သံ၊၁။၂၄၅။) (အဘိ၊ဝိ။၄၁၆။) (အဘိ၊ဝိ။၄၁၈။) (သံ၊မြန်၊၁။၂၂၉။) (အဘိ၊ဝိ၊မြန်၊၂။၅၂၅။) (အဘိ၊ဝိ၊မြန်၊၂။၅၂၅။)

http://www.dhammadownload.com

ဖဿ ၃ မျိုး တွေ့ထိခြင်း ၃ မျိုးနှင့် တူသည်။

ဖဿ ၃ မျိုး ၁။ ချမ်းသာစွာ ခံစားအပ်သော အတွေ့၊ ၂။ ဆင်းရဲစွာ ခံစားအပ်သော အတွေ့၊ ၃။ ဆင်းရဲစွာလည်းမဟုတ် ချမ်းသာစွာလည်းမဟုတ်သော ခံစားအပ်သော အတွေ့။ (ဝဇိရ။၄၃။)

ဖဿ ၆ မျိုး ၁။ စက္ခုသမ္ဖဿ– မျက်စိအတွေ့အထိ၊ ၂။ သောတသမ္ဖဿ– နားအတွေ့အထိ၊ ၃။ ဃာနသမ္ဖဿ– နှာခေါင်းအတွေ့အထိ၊ ၄။ ဇိဝှါသမ္ဖဿ– လျှာအတွေ့အထိ၊ ၅။ ကာယသမ္ဖဿ– ကိုယ်အတွေ့အထိ၊ ၆။ မနောသမ္ဖဿ– စိတ်အတွေ့အထိ။ (ဒီ၊၃။၂၀၂။) (သာရတ္ထ၊ဋီ၊၁။၂၂၀။) (ဒီ၊မြန်၊ ၃။၂၂၅။)

ဖဿပရိညာ ၃ ပါး ၁။ ဉာတပရိညာ– ဖဿကို အမျိုးမျိုးသော နည်းဖြင့် သိခြင်း၊ ၂။ တီရဏပရိညာ– သာမန်ထက် လွန်၍ ဝိပဿနာဉာဏ်ဖြင့် သိခြင်း၊ ၃။ ပဟာနပရိညာ– ဖဿ၌ ဆန္ဒရာဂကို ပယ်၍ သိခြင်း။ (မဟာနိ။၄၀။)

ဖဿအပေါင်း ၆ ပါး ဖဿ ၆ မျိုးနှင့် တူသည်။

ဖုဿတီမိဖုရားအား သိကြားမင်းက ပေးသော ဆု ၁၀ မျိုး ၁။ အဂ္ဂမဟေသီ မိဖုရား ဖြစ်ခြင်း၊ ၂။ စိမ်းညိုသော မျက်စိ ရှိခြင်း၊ ၃။ စိမ်းညိုသော မျက်ခုံး ရှိခြင်း၊ ၄။ ဖုဿတီ ဟူသော အမည်ကို ရခြင်း၊ ၅။ ဂုဏ်ထူးဝိသေသနှင့် ယှဉ်သော သားကို ရခြင်း၊ ၆။ ပဋိသန္ဓေ ယူသောအခါ ဝမ်းဗိုက်မပူခြင်း၊ ၇။ နို့ တွဲမကျခြင်း၊ ၈။ ဆံပင် မဖြူခြင်း၊ ၉။ နူးညံ့သော အသားအရေ ရှိခြင်း၊ ၁၀။ အသတ်ခံရမည့် သတ္တဝါတို့အား လွတ်စေခြင်းငှာ စွမ်းနိုင်ခြင်း။ (စရိယာ၊ဋ္ဌ။၇၇။)

ဖုဿဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ သင်္ကဿမြို့၌ ဓမ္မစကြာတရား ဟောတော်မူသော အခါ လူနတ်ဗြဟ္မာ ကုဋေတစ်သိန်း တရားထူး ရကြသည်၊ ၂။ ဒုတိယအကြိမ် တရား ဟောတော်မူသော အခါ လူနတ်ဗြဟ္မာ ကိုးသန်း ကျွတ်တမ်းဝင်ကြသည်၊ ၃။ တတိယအကြိမ် တရားဟောတော်မူသော အခါ လူနတ်ဗြဟ္မာ ရှစ်သန်း တရားထူးရပြီး ကျွတ်တမ်းဝင် ကြသည်။ (အပ၊၂။၃၆၁။) (အပ၊မြန်၊၂။၃၅၉။)

ဖုဿဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် အစည်းအဝေး၌ ရဟန္တာ ခြောက်သန်း၊ ၂။ ဒုတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ငါးသန်း၊ ၃။ တတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ လေးသန်း စည်းဝေးတော်မူကြသည်။ (အပ၊၂။၃၆၂။) (အဘိ၊ဋ္ဌ၊၁။၆၈။) (ဇာ၊ဋ္ဌ၊၁။၄၉။) (အပ၊မြန်၊၂။၃၆၀။)

ဖုဿဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ သုရက္ခိတထေရ်၊ ၂။ ဓမ္မသေနထေရ်။ (အဘိ၊ဋ္ဌ၊၁။ ၆၈။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၇၅။) (ဇာ၊ဋ္ဌ၊၁။၄၉။)

ဖုဿဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ စာလာထေရီ၊ ၂။ ဥပစာလာထေရီ။ (အဘိ၊ဋ္ဌ၊၁။ ၆၈။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၇၅။) (ဇာ၊ဋ္ဌ၊၁။၄၉။)

ဖုဿဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ ဂရုဋ္ဌပက္ခမည်သော ပြာသာဒ်ဆောင်၊ ၂။ ဟံသမည်သော ပြာသာဒ်ဆောင်၊ ၃။ သုဝဏ္ဏဘာရမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၆၂။) (အပ၊မြန်၊၂။၃၆၀။)

http://www.dhammadownload.com

ဖုဿတီမိဖုရား တောင်းသော ဆု ၁၀ မျိုး ၁။ သိဝိမင်းကြီး၏ နန်းတော်ကို အစိုးရသော မိဖုရားကြီး ဖြစ်လိုခြင်း၊ ၂။ သမင်မငယ်၏ မျက်လုံးနှင့် တူသော ညိုသော မျက်လုံး ရှိလိုခြင်း၊ ၃။ ညိုသောမျက်ခုံး ရှိလိုခြင်း၊ ၄။ ဖုဿတီဒေဝီ ဟူသော အမည်ကိုပင် ရရှိလိုခြင်း၊ ၅။ နှမြော ဝန်တိုခြင်းကင်းလျက် မင်းတစ်ပါးတို့ ပူဇော်ထိုက်သော သားကောင်းရတနာကို ရလိုခြင်း၊ ၆။ ကိုယ်ဝန်ဆောင်သော အခါ ဝမ်းဗိုက်သည် ညီညွတ်စွာ ပကတိအတိုင်း ရှိစေလိုခြင်း၊ ၇။ သားသမီးများစွာပင် ဖွားမြင်သော်လည်း သားမြတ်အစုံသည် တွဲမကျဘဲ အရွယ်ရောက်စ အတိုင်း တည်ရှိစေလိုခြင်း၊ ၈။ အရွယ်လွန်သော်လည်း ဆံမဖြူသွားမကျိုးဘဲ ငယ်မူငယ်သွေး အတိုင်း တည်ရှိစေလိုခြင်း၊ ၉။ ခန္ဓာကိုယ်အဆင်းသည်လည်း မြူမလိမ်းတဲ့ ကြေးညိဿတင် စင်ကြယ်သော ကိုယ်ရှိလိုခြင်း၊ ၁၀။ မင်းပြစ်သင့်၍ သေခါနီးသို့ ရောက်နေသော သူကို ကယ်တင်နိုင်လိုခြင်း။ (ဇာတက၊၂။၃၁၂။)

ဖျော်ရည် ၈ မျိုး (ရဟန်းတို့အား အပ်သော ဖျော်ရည် ၈ မျိုး) ၁။ သရက်သီးဖျော်ရည်၊ ၂။ သပြေသီး ဖျော်ရည်၊ ၃။ တောငှက်ပျောသီး ဖျော်ရည်၊ ၄။ အိမ်ငှက်ပျောသီး ဖျော်ရည်၊ ၅။ သစ်မည်စည်သီး (မယ်ဇယ်သီး) ဖျော်ရည်၊ ၆။ သပျက်သီး (စပျစ်သီး) ဖျော်ရည်၊ ၇။ ကြာစွယ် ဖျော်ရည်၊ ၈။ ဖက်သက်သီး (တရော်သီး) ဖျော်ရည်။ (ဝိ၊၃။၃၄၄။) (ဝိ၊မြန်၊၃။၃၄၇။)

ဖျက်ခြင်း ၂ မျိုး ၁။ ရဟန်းတို့ကို ဖျက်ခြင်း၊ ၂။ ပစ္စည်းတို့ကို ဖျက်ခြင်း။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။ ၂၉၉။)

ဖျက်ဆီးခြင်း ၃ မျိုး ၁။ သံဝါသနာသန- ကံကြီး ကံငယ်ဟူသော သံဝါသကို ဖျက်ဆီးခြင်း၊ ၂။ လိင်္ဂနာသန- ရှင်ရဟန်းအသွင်ကို ဖျက်ဆီးခြင်း၊ ၃။ ဒဏ္ဍကမ္မနာသန- သဲဒဏ်, ရေဒဏ် ပေးမှု ဟူသော ဖျက်ဆီးခြင်း။ (ဝိ၊၆၊၃။၁၄၀။)

ဖျောက်နိုင်ခဲသော တရား ၅ ပါး ၁။ စွဲမက်မှု ရာဂ၊ ၂။ အမျက်ထွက်မှု ဒေါသ၊ ၃။ တွေဝေမှု မောဟ၊ ၄။ ဉာဏ်၌ ထင်မြင်မှု၊ ၅။ ခရီးသွားလိုစိတ်။ (အံ၊၂။၁၆၂။) (အံ၊မြန်၊၂။၂၀၈။)

ဖြူစင်ခြင်း ၃ မျိုး ၁။ ကိုယ်၏ ဖြူစင်ခြင်း၊ ၂။ နှုတ်၏ ဖြူစင်ခြင်း၊ ၃။ စိတ်၏ ဖြူစင်ခြင်း။ (နေတ္တိ၊ ဝိဘာ။၂၇၆။)

ဖြူစင်တရား ၂ ပါး ၁။ မကောင်းမှုမှ ရှုက်ခြင်း- ဟိရီ၊ ၂။ မကောင်းမှုမှ ထိတ်လန့်ခြင်း- အနောတ္တပ္ပ။ (အံ၊၁။၅၃။) (အံ၊မြန်၊၁။၆၅။)

ဖြူစင်လမ်းဟု ဆိုအပ်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင် ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရေးရွှင်စည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။ ၄၇၂-၄၇၈။)

http://www.dhammadownload.com

ဖြေဆိုခြင်းဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ အသင့်ကိုသာ ဖြေဆိုတတ်၍ လျင်စွာ မဖြေဆိုတတ်သော ပုဂ္ဂိုလ်၊ ၂။ လျင်စွာသာ ဖြေဆိုတတ်၍ အသင့်ကို မဖြေဆိုတတ်သော ပုဂ္ဂိုလ်၊ ၃။ လျင်စွာလည်း ဖြေဆိုတတ်၊ အသင့်ကိုလည်း ဖြေဆိုတတ်သော ပုဂ္ဂိုလ်၊ ၄။ အသင့်လည်း မဖြေဆိုတတ်၊ လျင်စွာလည်း မဖြေဆိုတတ်သော ပုဂ္ဂိုလ်။ (အံ၊၁။၄၅၂။) (အံ၊မြန်၊၁။၄၆၄။)

ဖြစ်ကြောင်း ချုပ်ကြောင်း တရား ၄ ပါး ၁။ အာဟာရဖြစ်ခြင်းကြောင့် ရုပ်အပေါင်း ဖြစ်၏၊ အာဟာရ ချုပ်ခြင်းကြောင့် ရုပ်အပေါင်း ချုပ်၏၊ ၂။ ဖဿဖြစ်ခြင်းကြောင့် ဝေဒနာတို့ ဖြစ်၏၊ ဖဿ ချုပ်ခြင်းကြောင့် ဝေဒနာတို့ ချုပ်ကုန်၏၊ ၃။ နာမ်ရုပ်ဖြစ်ခြင်းကြောင့် စိတ်ဖြစ်၏၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် စိတ်ချုပ်၏၊ ၄။ နှလုံးသွင်းမှု ဖြစ်ခြင်းကြောင့် သဘောတရားတို့ ဖြစ်ကုန်၏၊ နှလုံးသွင်းမှု ချုပ်ခြင်းကြောင့် သဘောတရားတို့ ချုပ်ကုန်၏။ (သံ၊၃။၁၆၁။) (သံ၊မြန်၊၃။၁၆၇။)

ဖြစ်စေထိုက်သော တရား ၂ ပါး ၁။ ကိလေသာကုန်ခြင်းကို ပြုတတ်သော အရိယာမဂ်၌ ဖြစ်သော ဉာဏ်၊ ၂။ ကိလေသာ တစ်ဖန် မဖြစ်ရာ အရိယာဖိုလ်၌ ဖြစ်သော ဉာဏ်။ (ဒီ၊၃။၂၂၉။) (ဒီ၊မြန်၊ ၃။၂၅၁။)

ဖြစ်စေနိုင်ခဲသော အားထုတ်ခြင်း ၂ မျိုး ၁။ အိမ်၌ နေကုန်သော လူတို့ သင်္ကန်း၊ဆွမ်း၊ ကျောင်း၊ ဆေး အသုံးအဆောင်တို့ကို ထောက်ပံ့ရန် အားထုတ်ခြင်း၊ ၂။ ရှင်ရဟန်းတို့ အလုံးစုံသော ဥပဓိတို့မှ ကင်းလွတ်ရာ နိဗ္ဗာန်အကျိုးငှာ အားထုတ်ခြင်း။ (အံ၊၁။၅၁။) (အံ၊မြန်၊၁။၆၂။)

ဖြစ်စေအပ်သော တရား ၃ ပါး ၁။ အတိတ်အဖို့လျှင် အာရုံရှိသော ဉာဏ်၊ ၂။ အနာဂတ်အဖို့လျှင် အာရုံရှိသော ဉာဏ်၊ ၃။ ပစ္စုပ္ပန်အဖို့လျှင် အာရုံရှိသော ဉာဏ်။ (ဒီ၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၅၂။)

ဖြစ်စေအပ်သော တရား ၄ ပါး ၁။ သစ္စာလေးပါး၌ သိသော ဓမ္မဉာဏ်၊ ၂။ ဓမ္မဉာဏ်သို့ အစဉ် လိုက်သော အန္ဝယဉာဏ်၊ ၃။ သူတစ်ပါးတို့ စိတ်ကို ပိုင်းခြားသိသော ပရိယဉာဏ်၊ ၄။ သမ္မုတိ ပညတ်၌ သိသော သမ္မုတိဉာဏ်။ (ဒီ၊၃။၂၃၁။) (ဒီ၊မြန်၊၃။၂၅၃။)

ဖြစ်စေအပ်သော တရား ၅ ပါး ၁။ ဤသမာဓိသည် သမာပတ်ဝင်စားဆဲခဏ၌ ချမ်းသာ၏၊ နောင်အခါ ချမ်းသာသော အကျိုးလည်း ရှိ၏ဟု ကိုယ်တိုင်သိသော ဉာဏ်၊ ၂။ ဤသမာဓိသည် ကိလေသာတို့မှ ကင်းဝေး၏၊ လောကနှင့် ရောစပ်ခြင်းမရှိဟု ကိုယ်တိုင်သိသော ဉာဏ်၊ ၃။ ဤ သမာဓိကို ဘုရားစသော ယောဂျာများမြတ်တို့ မှီဝဲအပ်၏ဟု ကိုယ်တိုင်သိသော ဉာဏ်၊ ၄။ ဤ သမာဓိသည် ငြိမ်သက်၏၊ကိလေသာငြိမ်းခြင်းကြောင့် ရအပ်၏၊ တည်ကြည်ခြင်း ဧကောဒီဘာဝ အဖြစ်ဖြင့် ရအပ်၏၊ အားထုတ်လျက် နီဝရဏကိလေသာတို့ကို နှိပ်စက်ဖွယ် တားမြစ်ဖွယ်မရှိဟု ကိုယ်တိုင်သိသော ဉာဏ်၊ ၅။ ဤသမာဓိကို သတိနှင့် ပြည့်စုံသည်ဖြစ်၍ ဝင်စား၏၊ ထ၏ဟု ကိုယ်တိုင်သိသော ဉာဏ်။ (ဒီ၊၃။၂၃၄။) (ဒီ၊မြန်၊၃။၂၅၇။)

ဖြစ်စေအပ်သော တရား ၆ ပါး ၁။ မျက်စိဖြင့် ရုပ်အဆင်းကို မြင်သော် ဝမ်းသာဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှုသော နေခြင်း၊ ၂။ နားဖြင့် အသံကို ကြားသော် ဝမ်းသာဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှုသော နေခြင်း၊ ၃။ နှာခေါင်းဖြင့် အနံ့ကို နံသော် ဝမ်းသာဝမ်းနည်းမဖြစ်ဘဲ လျစ်လျူရှုသော နေခြင်း၊ ၄။ လျှာဖြင့် အရသာကို လျက်သော် ဝမ်းသာဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှု

http://www.dhammadownload.com

၍သာ နေခြင်း၊ ၅။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသော် ဝမ်းသာဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှု၍သာ နေခြင်း၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိသော် ဝမ်းသာဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှု၍သာ နေခြင်း။ (ဒီ၊၃။၂၃၉။) (ဒီ၊မြန်၊၃။၂၆၂။)

ဖြစ်စေအပ်သော တရား ၇ ပါး ၁။ အနိစ္စသညာ– အနိစ္စာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၂။ အနတ္တသညာ– အနတ္တာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၃။ အသုဘသညာ– အသုဘာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၄။ အာဒီနဝသညာ– အာဒီနဝါနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၅။ ပဟာနသညာ–ပဟာနာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၆။ ဝိရာဂသညာ–ဝိရာဂါနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၇။ နိရောဓသညာ– နိရောဓာနုပဿနာဉာဏ်၌ ဖြစ်သော သညာ။ (ဒီ၊၃။၂၄၂။) (ဒီ၊မြန်၊၃။၂၆၅။)

ဖြစ်စေအပ်သော တရား ၈ ပါး ၁။ အလိုနည်း သူ၏ အကျင့်၊ အလိုကြီးသူ၏ အကျင့်မဟုတ်၊ ၂။ ရောင့်ရဲလွယ်သူ၏ အကျင့်၊ မရောင့်ရဲသူ၏ အကျင့်မဟုတ်၊ ၃။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်သူ၏ အကျင့်၊ အပေါင်းအဖော်၌ မွေ့လျော်သူ၏ အကျင့်မဟုတ်၊ ၄။ အားထုတ်ခြင်း ဝီရိယရှိသူ၏ အကျင့်၊ ပျင်းရိသူ၏ အကျင့်မဟုတ်၊ ၅။ သတိရှိသူ၏ အကျင့်၊ သတိလွတ်သူ၏ အကျင့်မဟုတ်၊ ၆။ တည်ကြည်သူ၏ အကျင့်၊ မတည်ကြည်သူ၏ အကျင့်မဟုတ်၊ ၇။ ပညာရှိသူ၏ အကျင့်၊ ပညာမဲ့သူ၏ အကျင့်မဟုတ်၊ ၈။ သံသရာမချဲ့သူ၏ အကျင့်၊ သံသရာချဲ့သူ၏ အကျင့်မဟုတ်။ (ဒီ၊၃။၂၄၉။) (ဒီ၊မြန်၊၃။၂၇၂။)

ဖြစ်စေအပ်သော တရား ၉ ပါး ၁။ မတင့်တယ်ဟူသော အမှတ်သညာ၊ ၂။ သေခြင်းဟူသော အမှတ်သညာ၊ ၃။ အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟူသော အမှတ်သညာ၊ ၄။ အလုံးစုံသော လောက၌ မွေ့လျော်ဖွယ်မရှိ ဟူသော အမှတ်သညာ၊ ၅။ မမြဲသော လောက၌ မွေ့လျော်ဖွယ်မရှိ ဟူသော အမှတ်သညာ၊ ၆။ မမြဲသော အနိစ္စတရား၌ ဆင်းရဲ၏ ဟူသော အမှတ်သညာ၊ ၇။ ဆင်းရဲဒုက္ခတရား၌ အနတ္တဟူသော အမှတ်သညာ၊ ၈။ ပယ်ခြင်းတရား၌ အနတ္တဟူသော အမှတ်သညာ၊ ၉။ တပ်ခြင်းကင်းသော အမှတ်သညာ။ (ဒီ၊၃။၂၅၄။) (ဒီ၊မြန်၊၃။၂၇၈။)

ဖြစ်စေအပ်သော တရား ၁၀ ပါး ၁။ မတင့်တယ်သော အမှတ်သညာ၊ ၂။ သေခြင်းဟူသော အမှတ်သညာ၊ ၃။ အစာ၌ စက်ဆုပ်ဖွယ်သော အမှတ်သညာ၊ ၄။ လောက၌ မမွေ့လျော်သော အမှတ်သညာ၊ ၅။ မမြဲဟူသော အမှတ်သညာ၊ ၆။ ဆင်းရဲခြင်းဟူသော အမှတ်သညာ၊ ၇။ အတ္တမဟုတ်ဟူသော အမှတ်သညာ၊ ၈။ ပယ်ခြင်းဟူသော အမှတ်သညာ၊ ၉။ ရာဂကင်းခြင်းဟူသော အမှတ်သညာ၊ ၁၀။ ရာဂချုပ်ခြင်းဟူသော အမှတ်သညာ။ (ဒီ၊၃။၂၅၉။) (ဒီ၊မြန်၊၃။၂၈၂။)

ဖြတ်ခြင်းရှိသော ပါစိတ်အာပတ် ၅ မျိုး ၁။ ပမာဏကို ကျော်လွန်ခြင်း ရှိသော ညောင်စောင်းအင်းပျဉ်၊ ၂။ ပမာဏကို ကျော်လွန်ခြင်း ရှိသော နိသီဒိုင်၊ ၃။ ပမာဏကို ကျော်လွန်ခြင်း ရှိသော အမာလွမ်းသင်္ကန်း၊ ၄။ ပမာဏကို ကျော်လွန်ခြင်း ရှိသော မိုးရေခံသင်္ကန်း၊ ၅။ ပမာဏကို ကျော်လွန်ခြင်း ရှိသော မြတ်စွာဘုရား၏ သင်္ကန်းတော်။ (ဝိ၊၆၊၄။၁၇၂။)

ဖွားဖက်တော် ၇ ဦး ၁။ ရာဟုလာမိခင် ယသော်ဓရာဒေဝီ၊ ၂။ ရှင်အာနန္ဒာ၊ ၃။ ဆန္နအမတ်၊ ၄။ ကာဠုဒဲယီအမတ်၊ ၅။ ကဏ္ဍကမြင်း၊ ၆။ မဟာဗောဓိပင်၊ ၇။ ရွှေအိုးကြီးလေးလုံး။

http://www.dhammadownload.com

မှတ်ချက်။ [အံ၊ ၌၊ ၁၊ ၂၃၄၂၌] ရှင်အာနန္ဒာနေရာ၌ အာရောဟနီယဆစိတ်အတွေ့အထင်ဟု မှတ်တမ်းတင်ထားသည်။ (ဒီ၊ ၌၊ ၂။၁၈။) (အပ၊ ၌၊ ၁။၆၅။) (ဒီ၊ ၌၊ မြန်၊ ၂။၃၂။)

ဗ

ဗလ ၂ မျိုး ၁။ ကိုယ်၏စွမ်းအား– ကာယဗလ၊ ၂။ ဉာဏ်စွမ်းအား– ဉာဏဗလ။ (သံ၊၌၊၂။၄၁။)

ဗလ ၅ မျိုး ၁။ ဗာဟုဗလ– ကိုယ်စွမ်းအား၊ ၂။ ဘောဂဗလ– ဥစ္စာစည်းစိမ်စွမ်းအား၊ ၃။ အမစ္စဗလ– အမတ်စွမ်းအား၊ ၄။ အဘိဇစ္စဗလ– မင်းမျိုးဟူသော အမျိုးဇာတ်စွမ်းအား၊ ၅။ ပညာဗလ– အသိဉာဏ်စွမ်းအား။ (ဇာ၊၌၊၅။၁၂၇။)

ဗလဝ ဝိပဿနာဉာဏ် ၄ ပါး ၁။ ကြောက်မက်ဖွယ်အားဖြင့် (ဘေးရန်အားဖြင့်) ထင်လာသော ဉာဏ်၊ ၂။ ခန္ဓာ စသည်တို့၏ အပြစ်တို့ကို အဖန်ဖန် ရှုခြင်း၌ ဖြစ်သော ဉာဏ်၊ ၃။ သခ်ါရတို့မှ လွတ်မြောက်လိုသည်အဖြစ်အားဖြင့် ဖြစ်သော ဉာဏ်– မုစ္စိတုကမျတာဉာဏ်၊ ၄။ ခန္ဓာတို့၏ အပျက်ကိုသာ ရှုသော, သိသော ဉာဏ်– ဘင်္ဂဉာဏ်။ (အံ၊ဋ္ဌ၊၃။၉၈။) (အံ၊ဋ္ဌ၊၃။၁၁၆။)

ဗဟုကာရတရား ၃ ပါး ကျေးဇူးများသော တရား ၃ ပါးနှင့် တူသည်။

ဗဟုကာရတရား ၄ ပါး ကျေးဇူးများသော တရား ၄ ပါးနှင့် တူသည်။

ဗဟုကာရတရား ၅ ပါး ကျေးဇူးများသော တရား ၅ ပါး၊ ကမ္မဋ္ဌာန်းအားထုတ်သူ၏ အင်္ဂါ ၅ ပါး၊ ပဓာနိယင်္ဂတရား ၅ ပါးတို့နှင့် တူသည်။

ဗဟုကာရ တရား ၆ ပါး ကျေးဇူးများသော တရား ၆ ပါး၊ သာရဏီယ တရား ၆ ပါးတို့နှင့်တူသည်။

ဗဟုကာရတရား ၇ ပါး ကျေးဇူးများသော တရား ၇ ပါး၊ သူတော်ကောင်း ဥစ္စာ ၇ ပါးတို့နှင့်တူသည်။

ဗဟုကာရတရား ၈ ပါး ကျေးဇူးများသော တရား ၈ ပါး နှင့် တူသည်။

ဗဟုကာရ တရား ၉ ပါး ကျေးဇူးများသော တရား ၉ ပါးနှင့် တူသည်။

ဗဟုကာရတရား ၁၀ ပါး ကျေးဇူးများသော တရား ၁၀ ပါး၊ မှီခိုရာတရား ၁၀ ပါးနှင့် နာထကရဏမမ္မ ၁၀ ပါး တူသည်။

ဗဟိဒ္ဓတဏှာဝိစရိတ ၁၈ ပါး အပသန္တာန်ကို စွဲ၍ ဖြစ်သော တဏှာ ၁၈ ပါးနှင့် တူသည်။

ဗဟိဒ္ဓဝိညာဏ ၆ ပါး ၁။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော စက္ခုဝိညာဏ်၊ ၂။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော သောတဝိညာဏ်၊ ၃။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ဃာနဝိညာဏ်၊ ၄။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ဇိဝှါဝိညာဏ်၊ ၅။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ကာယဝိညာဏ်၊ ၆။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော မနောဝိညာဏ်။ (အဘိ၊ဝိ။၁၁။) (အဘိ၊ဝိ၊မြန်၊၁။၂၂။)

http://www.dhammadownload.com

ဗဟိဒ္ဓသညာ ၆ ပါး ၁။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော စက္ခုသမ္ဗဿဇာ သညာ၊ ၂။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော သောတသမ္ဗဿဇာ သညာ၊ ၃။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ဃာနသမ္ဗဿဇာ သညာ၊ ၄။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ဇိဝှါသမ္ဗဿဇာ သညာ၊ ၅။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ကာယသမ္ဗဿဇာ သညာ၊ ၆။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော မနောသမ္ဗဿဇာ သညာ။ (အဘိ၊ဝိ။၆။) (အဘိ၊ဝိ၊မြန်၊၁၀။၁၂။)

ဗဟိဒ္ဓသဒ္ဒါရုံ ၆ ပါး ၁။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော စက္ခုသမ္ဗဿဇာ စေတနာ၊ ၂။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော သောတသမ္ဗဿဇာ စေတနာ၊ ၃။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ဃာနသမ္ဗဿဇာ စေတနာ၊ ၄။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ဇိဝှါသမ္ဗဿဇာ စေတနာ၊ ၅။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ကာယသမ္ဗဿဇာ စေတနာ၊ ၆။ အခြားတစ်ပါးသော ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော မနောသမ္ဗဿဇာ စေတနာ။ (အဘိ၊ဝိ။၈။) (အဘိ၊ဝိ၊မြန်၊၁၀။၁၇။)

ဗဟုဿုတ ၂ မျိုး ၁။ ပရိယတ် ဗဟုဿုတ– ပိဋကတ်သုံးပုံ၌ အကြားအမြင် များခြင်း၊ ၂။ ပဋိဝေဓ ဗဟုဿုတ– သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း အကြားအမြင်။ (ဒီ၊ဋ္ဌ၊၂။၁၁၉။) (ဒီ၊ဋ္ဌ၊မြန်၊ ၂။၂၂၂။)

ဗဟုဿုတပုဂ္ဂိုလ် ၃ မျိုး ၁။ နိဿယမုစ္စနက– နိဿယညှိးမှ လွတ်သော ဗဟုဿုတပုဂ္ဂိုလ်၊ ၂။ ပရိသုပဋ္ဌာက– ပရိသတ်ကို ပြုစုလုပ်ကျွေးနိုင်သော ဗဟုဿုတပုဂ္ဂိုလ်၊ ၃။ ဘိက္ခုနောဝါဒက– ဘိက္ခုနီမတို့ကို ဆုံးမတတ်သော ဗဟုဿုတပုဂ္ဂိုလ်။ (ဝိ၊ဋ္ဌ၊၃။၅၄။)

ဗဟုဿုတရှိသော ပုဂ္ဂိုလ် ၂ မျိုး ၁။ ပရိယတ္တိ ဗဟုဿုတပုဂ္ဂိုလ်= ပိဋကတ်သုံးပုံတို့၌ အနက်အဓိပ္ပါယ်အားဖြင့် အကုန်အစင် တတ်သိနားလည်သော ပုဂ္ဂိုလ်၊ ၂။ ပဋိဝေဓ ဗဟုဿုတ ပုဂ္ဂိုလ်= မဂ်လေးပါး ဖိုလ်လေးပါး ဝိဇ္ဇာသုံးပါး အဘိညာဉ်ငါးပါးတို့ကို ထိုးထွင်း၍ သိသော ပုဂ္ဂိုလ်။ (အပ၊ဋ္ဌ၊၁။၂၀၇။)

ဗာဝရီရသေ့ကြီး၏ တပည့်ရသေ့ ၁၆ ယောက် ၁။ အဇိတ၊ ၂။ တိဿ၊ ၃။ မေတ္တေယျ၊ ၄။ ပုဏ္ဏက၊ ၅။ မေတ္တဂူ။၆။ ဓောတက၊ ၇။ ဥပသီဝ၊ ၈။ နန္ဒ၊ ၉။ ဟေမက၊ ၁၀။ တောဒေယျကပ္ပ၊ ၁၁။ ဧတကဏ္ဍီ၊ ၁၂။ ဘဒြာဝုဓ၊ ၁၃။ ဥဒယ၊ ၁၄။ ပေါသာလ၊ ၁၅။ မောဃရာဇ၊ ၁၆။ ပိင်္ဂိယ။ (သုတ္တနိ။ ၄၃၁။) (သုတ္တနိ။၄၄၉။) (စူဠနိ။၄။) (သုတ္တနိ၊မြန်။၄၀၈။) (သုတ္တနိ၊မြန်။၄၀၈။)

ဗာဟိရလူဖွယ် ဝတ္ထု ၁၀ ပါး ကိုယ်လူဖွယ် ဝတ္ထု ၁၀ ပါးနှင့် တူသည်။

ဗာဟိရာယတန ၆ ပါး ၁။ ရုပ်အဆင်း၊ ၂။ အသံ၊ ၃။ အနံ့၊ ၄။ အရသာ၊ ၅။ အတွေ့အထိ၊ ၆။ တရား သဘော။ (ဒီ၊ဋ္ဌ၊၂။၃၇၄။) (မ၊ဋ္ဌ၊၁။၂၉၁။) (ဒီ၊မြန်၊၃။၂၂၅။) (ဒီ၊ဋ္ဌ၊မြန်၊၂။၆၉၃။) (ဒီ၊ဋ္ဌ၊မြန်၊၂။၆၉၃။) (ဒီ၊၃၊၂၀၂)

http://www.dhammadownload.com

ဗာဟုသုတိကဆရာတို့၏ အမျိုးအနွယ်ဂိုဏ်း ၂ ဂိုဏ်း (ဂေါကုလိကဂိုဏ်းမှ ခွဲထွက်သော ဗာဟုသုတိကဆရာတို့၏ အမျိုးအနွယ်ဂိုဏ်း ၂ ဂိုဏ်း) ၁။ ပဏ္ဏတ္တိဝါဒဂိုဏ်း၊ ၂။ ဗာဟုလိယဂိုဏ်း။ (အဘိ၊ဋ္ဌ၊၃၊၁၀၆။)

ဗီဇဂါမ် ၅ မျိုး ၁။ မူလဗီဇ– အမြစ်မျိုးစေ့၊ ၂။ ခန္ဓဗီဇ– ပင်စည်မျိုးစေ့၊ ၃။ ဖဋ္ဌုဗီဇ– အဆစ်မျိုးစေ့၊ ၄။ အဂ္ဂဗီဇ– အညွန့်မျိုးစေ့၊ ၅။ ဗီဇဗီဇ– အစေ့မျိုးစေ့။ (ဝိ၊၂။၅၂။) (ဝိ၊၅။၂၃၅။) (ဒီ၊၁။၆၁။) (သံ၊၂။၄၄။) (ဒီ၊ဋ္ဌ၊၁။၇၅။) (မ၊ဋ္ဌ၊၂။၁၁၂။) (သံ၊ဋ္ဌ၊၁။၂၂၉။) (သံ၊ဋ္ဌ၊၃။၃၃၅။) (အံ၊ဋ္ဌ၊၂။၃၇၇။) (ပဋိသံ၊ဋ္ဌ၊၂။၃၀၇။) (သုတ္တနိ၊ဋ္ဌ၊၁။၁၃၀။) (ဝိ၊မြန်၊၂။၅၇။) (ဝိ၊မြန်၊၅။၃၂၆။) (ဒီ၊မြန်၊၁။၅၊၇၃။) (သံ၊မြန်၊၂။၄၃။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၄၃။)

ဗီဇ ၅ မျိုး ဗီဇဂါမ် ၅ မျိုးနှင့် တူသည်။

ဗူးနှင့် ကြုတ်ပခြုပ်, ဖာ လှူရက်မျိုး ၁၀ ပါး ၁။ ကောင်းစွာ လုံခြုံမှု ရှိခြင်း၊ ၂။ ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခနှင့် ပြည့်စုံခြင်း၊ ၃။ ကြီးကျယ် များပြားသော အခြံအရံ ရှိခြင်း၊ ၄။ ဂတိဝိပတ္တိမှ ကင်းလွတ်ခြင်း၊ ၅။ နူးညံ့သိမ်မွေ့ခြင်း၊ ၆။ ဆင်းရဲအားလုံးတို့မှ လွတ်ကင်းခြင်း၊ ၇။ ကြီးကျယ် ပြန့်ပြောသော ဂုဏ်တို့ကို ရရှိခြင်း၊ ၈။ ညီညွတ်သော ခြေဖျား ရှိခြင်း၊ ၉။ ထိတ်လန့်မှုမှ ကောင်းစွာ လွတ်ကင်းခြင်း၊ ၁၀။ ရွှေ ငွေ မြ ဖန် ဟူသော အဆင်းလေးမျိုး ရှိသော ဗူးနှင့် ကြုတ်တို့ကို ရရှိပြီး ဆင်ရတနာ မြင်းရတနာတို့ မပျောက်ပျက်ခြင်း။ (အပ၊၁။၃၆၅။) (အပ၊မြန်၊၁။၃၇၅။)

ဗေဒင် ၃ ကျမ်း ၁။ ဣရု ဗေဒင်၊ ၂။ ယဇု ဗေဒင်၊ ၃။ သာမ ဗေဒင်။ (ဒီ၊ဋ္ဌ၊၁။၂၂၀။) (မ၊ဋ္ဌ၊၃။၂၄၉။) (သုတ္တနိ၊ဋ္ဌ၊၂။၁၆၉။) (အပ၊ဋ္ဌ၊၁။၃၀၇။) (သာရတ္ထ၊ဋီ၊၁။၁၂၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၃၃။)

ဗေဒင် ၅ ကျမ်း ၁။ ဣရုဝေဒ၊ ၂။ ယဇုဝေဒ၊ ၃။ သာမဝေဒ၊ ၄။ အာထဗ္ဗဏဝေဒ၊ ၅။ ဣတိဟာသဝေဒ။ (သံ၊ဋီ၊၁။၁၁၆။)

ဗေဒင်တို့ကို မပြတ်သရဇ္ဈာယ်ခြင်း မပြုသော်လည်း ဉာဏ်၌ထင်ကြောင်း ၅ ပါး ၁။ ကာမရာဂ မထကြွသည်ဖြစ်၍ ကာမရာဂမနှိပ်စက်အပ်သော စိတ်ဖြင့် ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို လည်းကောင်း, မိမိသူတစ်ပါး အကျိုးများခြင်းကိုလည်းကောင်း သိမြင်ခြင်း၊ ၂။ ဗျာပါဒ မထကြွသည်ဖြစ်၍ ဗျာပါဒမနှိပ်စက်အပ်သော စိတ်ဖြင့် ဗျာပါဒမှ ထွက်မြောက်ခြင်းကို လည်းကောင်း, မိမိသူတစ်ပါး အကျိုးများခြင်းကိုလည်းကောင်း သိမြင်ခြင်း၊ ၃။ ထိနမိဒ္ဓ မထကြွသည်ဖြစ်၍ ထိနမိဒ္ဓမနှိပ်စက်အပ်သော စိတ်ဖြင့် ထိနမိဒ္ဓမှ ထွက်မြောက်ခြင်းကိုလည်းကောင်း, မိမိသူတစ်ပါး အကျိုးများခြင်းကိုလည်းကောင်း သိမြင် ခြင်း၊ ၄။ ကုက္ကုစ္စ မထကြွသည်ဖြစ်၍ ကုက္ကုစ္စမနှိပ်စက်အပ်သော စိတ်ဖြင့် ကုက္ကုစ္စမှ ထွက်မြောက်ခြင်းကိုလည်းကောင်း, မိမိသူတစ်ပါး အကျိုးများခြင်းကိုလည်းကောင်း သိမြင်ခြင်း၊ ၅။ ဝိစိကိစ္ဆာ မထကြွသည်ဖြစ်၍ ဝိစိကိစ္ဆာမနှိပ်စက်အပ်သော စိတ်ဖြင့် ဝိစိကိစ္ဆာမှ ထွက်မြောက်ခြင်းကိုလည်းကောင်း, မိမိသူတစ်ပါး အကျိုးများခြင်းကိုလည်းကောင်း သိမြင်ခြင်း။ (အံ၊၂။၂၀၅။) (အံ၊မြန်၊၂။၂၅၉။)

ဗေဒင်တို့ကို နေ့ညမပြတ် သရဇ္ဈာယ်ပါလျက် ဉာဏ်၌ မထင်ကြောင်း ၅ ပါး ၁။ ကာမရာဂ ထကြွသောင်းကျန်းသည်ဖြစ်၍ ကာမရာဂနှိပ်စက်အပ်သော စိတ်ဖြင့် နေခြင်း၊ ၂။ ဗျာပါဒ ထကြွ

http://www.dhammadownload.com

သောင်းကျန်းသည်ဖြစ်၍ ဗျာပါဒနိုပ်စက်အပ်သော စိတ်ဖြင့် နေခြင်း၊ ၃။ ထိနမိဒ္ဓ ထကြွ သောင်းကျန်းသည်ဖြစ်၍ ထိနမိဒ္ဓနိုပ်စက်အပ်သော စိတ်ဖြင့် နေခြင်း၊ ၄။ ကုက္ကုစ္စ ထကြွ သောင်းကျန်းသည်ဖြစ်၍ ကုက္ကုစ္စနိုပ်စက်အပ်သော စိတ်ဖြင့်နေခြင်း၊ ၅။ ဝိစိကိစ္ဆာ ထကြွ သောင်းကျန်းသည်ဖြစ်၍ ထိုဝိစိကိစ္ဆာနိုပ်စက်အပ်သော စိတ်ဖြင့် နေခြင်း။ (အံ၊၂။၂၀၃။) (အံ၊မြန်၊၂။၂၅၇။)

ဗောဓိညောင်ရွက်ကို စွန့်ပစ်ရကျိုး ၂၀ ပါး (စေတီရင်ပြင်၌ ကြွေကျနေသော ဗောဓိ ညောင်ရွက်ကို စွန့်ပစ်ရကျိုး ၂၀) ၁။ လူ့ဘဝနှင့် နတ်ဘဝတို့၌သာ ကျင်လည်ရခြင်း၊ ၂။ လူ့ဘဝ၌ ဖြစ်သော အခါ မင်းမျိုးနှင့် ပုဏ္ဏားမျိုးတို့၌သာ ဖြစ်ရခြင်း၊ ၃။ အင်္ဂါကြီးငယ်နှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၄။ အလုံးအရပ်နှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၅။ အလွန် ချောမောလှပခြင်း၊ ၆။ စင်ကြယ်သူ ဖြစ်ခြင်း၊ ၇။ ပြည့်စုံသော အင်္ဂါရှိသူ ဖြစ်ခြင်း၊ ၈။ ရွှေအဆင်းနှင့်တူသော အဆင်းရှိလျက် လှော်ပြီး ဦးပြီးသော ရွှေနှင့် တူသောသူ ဖြစ်ခြင်း၊ ၉။ အသားအရေသည် အခါခပ်သိမ်း နူးညံ့ခြင်း၊ ၁၀။ အသားအရေသည် အခါခပ်သိမ်း ပြေပြစ်ညက်ညောခြင်း၊ ၁၁။ အခါခပ်သိမ်း သိမ်မွေ့ခြင်း၊ ၁၂။ အလွန်နုနယ်သူ ဖြစ်ခြင်း၊ ၁၃။ ဖြစ်လေရာ ဘဝတိုင်း၌ ခန္ဓာကိုယ် မြူ အညစ်ကြေး မလိမ်းကျံ မကပ်ငြိခြင်း၊ ၁၄။ လေပူနေပူကြောင့်လည်းကောင်း, မီးပူကြောင့် လည်းကောင်း ခန္ဓာကိုယ်၌ ချွေးမထွက်ခြင်း၊ ၁၅။ နူနာရောဂါ မရှိခြင်း၊ ၁၆။ အိုင်းအမာ မရှိခြင်း၊ ၁၇။ ဝဲစွဲသော အနာ မရှိခြင်း၊ ၁၈။ မွဲ့မည်း မရှိခြင်း၊ ၁၉။ သွေးစုနာ မပေါက်ခြင်း၊ ၂၀။ ပွေးအနာ မရှိခြင်း။ (အပ၊၂။၁၀၅။) (အပ၊မြန်၊၂။၁၀၀။)

ဗောဓိပက္ခိယ တရား ၃၇ ပါး ၁။ သတိပဋ္ဌာန်တရား လေးပါး၊ ၂။ သမ္မပ္ပဓာန်တရား လေးပါး၊ ၃။ ဣဒ္ဓိပါဒ်တရား လေးပါး၊ ၄။ ဣန္ဒြေ ငါးပါး၊ ၅။ ဗိုလ် ငါးပါး၊ ၆။ ဗောဇ္ဈင်တရား ခုနစ်ပါး၊ ၇။ မဂ္ဂင်တရား ရှစ်ပါး။ (ပဋိသံ၊၌၊၂။၈၂။) (ဝိသုဒ္ဓိ၊၂။၃၁၈။) (သာရတ္ထ၊ဋီ၊၂။၄၄။)

ဗောဓိမင်းသား၏ အဝတ်ပုဆိုးအခင်းကို ဘုရားရှင် နင်းတော်မမူကြောင်း ၃ ပါး ၁။ ဗောဓိမင်းသား၏ ဘုရားရှင်ကို အကြောင်းပြု၍ မိစ္ဆာအယူကို ယူခြင်းမှ ရှောင်လိုခြင်း၊ ၂။ တိတ္ထိတို့၏ ကဲ့ရဲ့ခြင်းမှ ရှောင်လိုခြင်း၊ ၃။ အနာဂတ်၌ လူတို့၏ ရဟန်းတို့ကို အကြောင်းပြု၍ နောင်တစ်ဖန် ပူပန်ခြင်း ဖြစ်ခြင်းမှ ရှောင်လိုခြင်း။ (မ၊ဋီ၊၃။၁၅၂။)

ဗောဓိသမ္ဘာရဘာဝနာ ၄ ပါး ၁။ အလုံးစုံသော အဆောက်အဦကို ပွားများခြင်း– သဗ္ဗသမ္ဘာရဘာဝနာ၊ ၂။ အဆက်မပြတ် ပွားများခြင်း– နိရန္တရဘာဝနာ၊ ၃။ ကြာမြင့်စွာသော ကာလပတ်လုံး ဖြစ်စေခြင်း– စိရကာလဘာဝနာ၊ ၄။ ကောင်းမွန်ရိုသေစွာ ပွားများခြင်း– သက္ကစ္စဘာဝနာ။ (စရိယာ၊၌။၁၉။)

ဗောဇ္ဈင် ၃ ပါး (တွန့်တိုသော စိတ်၏ ဆန့်ကျင်ဘက် ဗောဇ္ဈင် ၃ ပါး) ၁။ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ၂။ ဝီရိယသမ္ဗောဇ္ဈင်၊ ၃။ ပီတိသမ္ဗောဇ္ဈင်။ (မ၊၌၊၁။၈၈။)

ဗောဇ္ဈင် ၃ ပါး (ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက် ဗောဇ္ဈင် ၃ ပါး) ၁။ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ၂။ သမာဓိသမ္ဗောဇ္ဈင်၊ ၃။ ဥပေက္ခာသမ္ဗောဇ္ဈင်။ (မ၊၌၊၁။၈၈။)

http://www.dhammadownload.com

ဗောဇ္ဈင် ၇ ပါး ၁။ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော အောက်မေ့ခြင်း– သတိသမ္ဗောဇ္ဈင်၊ ၂။ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော တရားသဘောကို စူးစမ်းဆင်ခြင်ခြင်း– ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ၃။ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော အားထုတ်ခြင်း 'ဝီရိယသမ္ဗောဇ္ဈင်'၊ ၄။ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော နှစ်သိမ့်ခြင်း– ပီတိသမ္ဗောဇ္ဈင်၊ ၅။ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော ကိုယ်စိတ်ငြိမ်းအေးခြင်း– ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ၆။ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော တည်ကြည်ခြင်း– သမာဓိသမ္ဗောဇ္ဈင်၊ ၇။ မဂ်ဉာဏ်၏ အကြောင်းဖြစ်သော အညီအမျှ ရှုခြင်း– ဥပေက္ခာသမ္ဗောဇ္ဈင်။ (ဒီ၊၃။၂၀၈။) (ဒီ၊၃။၈၇။) (မ၊၂။၂၀၄။) (သံ၊၃။၆၄။) (သံ၊၃။၆၉။) (သံ၊၃။၇၄။) (သံ၊၃။၇၇။) (အဘိ၊၀။၂၃၆။) (အဘိ၊၀။၂၃၈။) (အဘိ၊၀။၂၄၁။) (ပဋိသံ။၃၀၂။) (ပဋိသံ။၃၁၀။) (မိလိန္ဒ။ ၃၂၃။) (ဥဒါန၊၄။၁၂၈။) (ဒီ၊မြန်၊၃။၂၃၁။) (ဒီ၊မြန်၊၃။၉၄။) (မ၊မြန်၊၂။၂၁၆။) (သံ၊မြန်၊၃။၆၈။) (သံ၊မြန်၊ ၃။၆၈။) (သံ၊မြန်၊၃။၆၈။) (သံ၊မြန်၊၃။၆၈။) (အဘိ၊၀၊မြန်၊၂။၂၃၂။) (အဘိ၊၀၊မြန်၊၂။၂၃၂။) (အဘိ၊၀၊မြန်၊ ၂။၂၃၂။) (ပဋိသံ၊မြန်။၃၆၁၊၃၇၁။) (ပဋိသံ၊မြန်။၃၆၁၊၃၇၁။) (မိလိန္ဒ၊မြန်။၃၄၆။)

ဗောဇ္ဈင်ခုနစ်ပါး ပွားများရကျိုး ၃ ပါး ၁။ ရှေးဦး နေခဲ့ဖူးသော ဘဝများစွာ အောက်မေ့နိုင်ခြင်း၊ ၂။ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကံအားလျော်စွာ သွားသော သတ္တဝါတို့ကို သိမြင်နိုင်ခြင်း၊ ၃။ အာသဝေါကုန်ခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေနိုင်ခြင်း။ (အံ၊၃။၄၂၇။) (အံ၊မြန်၊ ၃။၄၁၉။)

ဗောဇ္ဈင်တို့၏ မဖောက်မပြန်သောအားဖြင့် မိမိကိစ္စကို ပြီးစေရာဘုံ ၄ မျိုး ၁။ ဝိပဿနာ၊ ၂။ ဝိပဿနာပါဒကစျာန်၊ ၃။ မဂ်၊ ၄။ ဖိုလ်။ (အံ၊၄။၁။၆၃။)

ဗောဇ္ဈင် ပွားများရကျိုး ၇ ပါး ၁။ မျက်မှောက်ဘဝ၌ စောစီးစွာ အရဟတ္တဖိုလ်ကို ပြီးစေနိုင်ခြင်း၊ ၂။ မျက်မှောက်ဘဝ၌ စောစီးစွာ အရဟတ္တဖိုလ်ကို မပြီးစေနိုင်ခဲ့သော် သေခါနီးအချိန်၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်ခြင်း၊ ၃။ သေခါနီးအချိန်၌ အရဟတ္တဖိုလ်ကို မပြီးစေ နိုင်ခဲ့သော် အောက်အဖို့ရှိသော သံယောဇဉ်ငါးပါး ကုန်ခြင်းကြောင့် သက်တမ်း၏ အလယ်၌ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ရခြင်း၊ ၄။ သက်တမ်းအလယ်၌ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့သော် သက်တမ်း၏ ထက်ဝက်ကို လွန်၍ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း၊ ၅။ သက်တမ်း၏ တစ်ဝက်ကို လွန်၍ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့သော် လုံ့လပယောဂ မပါဘဲ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း၊ ၆။ လုံ့လပယောဂ မပါဘဲ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့သော် လုံ့လပယောဂနှင့် တကွ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း၊ ၇။ လုံ့လပယောဂနှင့် တကွ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့သော် အထက် အထက်ဘုံသို့ အဆင့်ဆင့် တက်၍ အကနိဋ္ဌဘုံ၌ ပရိနိဗ္ဗာန်ပြုမည့် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း။ (သံ၊၃။၆၃။) (သံ၊မြန်၊၃။၆၆။)

ဗုဒ္ဓ ၃ မျိုး ၁။ ဗုဒ္ဓ– သဗ္ဗညုဘုရား၊ ၂။ ပစ္စေကဗုဒ္ဓ– ကိုယ်တိုင်သာ (ဆရာ မရှိပဲ) သစ္စာ ၄ ပါးကို သိမြင်သော ဘုရား, သီးခြား ဘုရား, ဘုရားငယ်၊ ၃။ အနုဗုဒ္ဓ– ဘုရားသို့ အတုလိုက်၍ သစ္စာ ၄ ပါးကို သိသော သူ, ဘုရား၏ အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝကများ။ (ခုဒ္ဒ၊၁။၂။၁၅၄။)

http://www.dhammadownload.com

ဗုဒ္ဓ ၄ မျိုး ၁။ သုတဗုဒ္ဓ–ပရိယတ္တိ ပဋိပတ္တိ ဗဟုသုတရှိသော ရဟန်း၊ ၂။ စတုသစ္စဗုဒ္ဓ– ရဟန္တာ ပုဂ္ဂိုလ်၊ ၃။ ပစ္စေကဗုဒ္ဓ– ပစ္စေကဗုဒ္ဓါ၊ ၄။ သဗ္ဗညုဗုဒ္ဓ– သဗ္ဗညုဘုရားရှင်။ (သံ၊၌၊၁။၂၄။) (အံ၊၌၊၁။၈၉။)

ဗုဒ္ဓကိစ္စ ၅ မျိုး (ဘုရားရှင် နေ့စဉ် ပြုလုပ်နေကြ ရှေ့အဖို့ကိစ္စ ၅ မျိုး) ၁။ ပုရေဘတ္တကိစ္စ– ဆွမ်းမစားမီ ရှေ့အဖို့၌ ပြုအပ်သော အမှုကိစ္စ၊ ၂။ ပစ္ဆာဘတ္တကိစ္စ– ဆွမ်းစားပြီးနောက်၌ ပြုအပ်သော အမှုကိစ္စ၊ ၃။ ပုရိမယာမကိစ္စ– ပထမယာမ်၌ ပြုအပ်သော အမှုကိစ္စ၊ ၄။ မဇ္ဈိမယာမကိစ္စ– မဇ္ဈိမယာမ်၌ ပြုအပ်သော အမှုကိစ္စ၊ ၅။ ပစ္ဆိမယာမကိစ္စ– ပစ္ဆိမယာမ်၌ ပြုအပ်သော အမှုကိစ္စ။ (ဒီ၊၌၊၁။၄၆။) (သံ၊၌၊၁။၂၂၄။) (အံ၊၌၊၁။၄၈။) (ဒီ၊၌၊မြန်၊၁။၈၅။)

ဗုဒ္ဓခေတ် ၃ ပါး ခေတ် ၃ ပါးနှင့် တူသည်။

ဗုဒ္ဓစက္ခု ၂ ပါး ၁။ ဝေနေယျသတ္တဝါတို့၏ သဒ္ဓါအစရှိသော ငါးပါးသော ကွန်ဒြေ အမြတ်အယုတ်, ကွန်ဒြေ တိုးပွားခြင်း ယုတ်လျော့ခြင်း, ကွန်ဒြေအနုအရင့်ကို သိသောဉာဏ်– ကွန်ဒြိယပရောပရိယတ္တဉာဏ်၊ ၂။ သတ္တဝါတို့၏ အာသယ, အနုသယကို ဟုတ်မှန်စွာ သိသော ဉာဏ်၊ သဿတဒိဋ္ဌိ စသော လေးပါးသော အတွင်းခံဓာတ်သဘော ဟူသော အာသယ, ကာမရာဂါနုသယ စသော ၇–ပါးသော အနုသယကို ဟုတ်မှန်စွာ သိသော ဉာဏ်တော်– အာသယာနုသယဉာဏ်။ (ဒီ၊၌၊၂။၅၈။) (မ၊၌၊၂။၈၄။) (သာရတ္ထ၊ဋီ၊၃။၁၅၇။) (ဒီ၊၌၊မြန်၊၂။၁၀၇။) (ဝိဇီရ၊ဋီ၊၃၉၇။)

ဗုဒ္ဓဓမ္မ ၁၈ ပါး ဘုရားရှင်၏ ဂုဏ်ကျေးဇူး ၁၈ ပါး နှင့် တူသည်။

ဗုဒ္ဓဘူမိ ၄ မျိုး ဘုရားဖြစ်ကြောင်း ၄ ပါးနှင့် တူသည်။

ဗုဒ္ဓဝစန ၃ မျိုး ဘုရားစကားတော် ၃ မျိုးနှင့် တူသည်။

ဗုဒ္ဓဝစန အင်္ဂါ ၉ ပါး ဘုရားစကားတော်၏ အင်္ဂါ ၉ ပါးနှင့် တူသည်။

ဗုဒ္ဓိစရိုက်ရှိသူအား လျောက်ပတ်သော ကမ္မဋ္ဌာန်း ၄ ပါး ၁။ မရဏာဿတိ ကမ္မဋ္ဌာန်း၊ ၂။ ဥပသမာနုဿတိ ကမ္မဋ္ဌာန်း၊ ၃။ စတုဓာတုဝဝတ္ထာန်၊ ၄။ အာဟာရေ ပဋိကူလသညာ။ (ဝိသုဒ္ဓိ၊၁။၁၁၀။) (သာရတ္ထ၊ဋီ၊၂။၂၀၃။)

ဗိုလ် ၂ ပါး ၁။ သမထစွမ်းအား၊ ၂။ ဝိပဿနာစွမ်းအား။ (ပဋိသံ။၉၅။) (ပဋိသံ၊မြန်။၁၂၅။)

ဗိုလ် ၄ ပါး ၁။ အားထုတ်ခြင်း 'ဝီရိယ'ဗိုလ်၊ ၂။ အောက်မေ့ခြင်း 'သတိ'ဗိုလ်၊ ၃။ တည်ကြည်ခြင်း 'သမာဓိ'ဗိုလ်၊ ၄။ အပြားအားဖြင့် သိခြင်း 'ပညာ'ဗိုလ်။ (ဒီ၊၃။၁၉၁။) (ဒီ၊မြန်၊၃။၂၁၄။)

ဗိုလ် ၄ ပါး ၁။ သဒ္ဓါဗိုလ်၊ ၂။ ဝီရိယဗိုလ်၊ ၃။ သတိဗိုလ်၊ ၄။ သမာဓိဗိုလ်၊ (တစ်နည်း) ၁။ ပညာဗိုလ်၊ ၂။ ဝီရိယဗိုလ်၊ ၃။ အပြစ်မရှိခြင်း အနဝဇ္ဇဗိုလ်၊ ၄။ ချီးမြှောက်ခြင်း သင်္ဂဟဗိုလ်၊ (တစ်နည်း) ၁။ ဆင်ခြင်မှု ပဋိသင်္ခါရဗိုလ်၊ ၂။ ပွားများခြင်း ဘာဝနာဗိုလ်၊ ၃။ အပြစ် မရှိခြင်း အနဝဇ္ဇဗိုလ်၊ ၄။ ချီးမြှောက်ခြင်း သင်္ဂဟဗိုလ်။ (အံ၊၃။၁၇၃။) (အံ၊၁။၄၅၉။) (အံ၊မြန်၊၃။၁၇၅။) (အံ၊မြန်၊၁။၄၇၂။)

http://www.dhammadownload.com

ဗိုလ် ၅ ပါး ၁။ သဒ္ဓါဗိုလ်၊ ၂။ ဟိရီဗိုလ်၊ ၃။ ဩတ္တပ္ပဗိုလ်၊ ၄။ ဝီရိယဗိုလ်၊ ၅။ ပညာဗိုလ်။ (အံ၊၂။ ၂၁၇။) (အံ၊မြန်၊၂။၂၇၃။)

ဗိုလ် ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါဗိုလ်၊ ၂။ ဝီရိယဗိုလ်၊ ၃။ သတိဗိုလ်၊ ၄။ သမာဓိဗိုလ်၊ ၅။ ပညာဗိုလ်။ (မ၊၂။၂၀၄။) (သံ၊၃။၂၁၈–၂၂၁။) (ပဋိသံ။၃၅၀။) (မ၊မြန်၊၂။၂၁၆။) (သံ၊မြန်၊၃။၂၁၇။) (ပဋိသံ၊မြန်။၄၁၄။)

ဗိုလ် ၆၈ ပါး ၁။ သဒ္ဓါဗိုလ်၊ ၂။ ဝီရိယဗိုလ်၊ ၃။ သတိဗိုလ်၊ ၄။ သမာဓိဗိုလ်၊ ၅။ ပညာဗိုလ်၊ ၆။ ဟိရီဗိုလ်၊ ၇။ ဩတ္တပ္ပဗိုလ်၊ ၈။ ပဋိသခ်ါနဗိုလ်၊ ၉။ ဘာဝနာဗိုလ်၊ ၁၀။ အနဝဇ္ဇဗိုလ်၊ ၁၁။ သင်္ဂဟဗိုလ်၊ ၁၂။ ခန္တီဗိုလ်၊ ၁၃။ ပညတ္တိဗိုလ်၊ ၁၄။ နိဇ္ဈတ္တိဗိုလ်၊ ၁၅။ လက္ခဏရိယဗိုလ်၊ ၁၆။ အဓိဋ္ဌာန်ဗိုလ်၊ ၁၇။ သမထဗိုလ်၊ ၁၈။ ဝိပဿနာဗိုလ်၊ ၁၉။ သေခဗိုလ် (၁၀) ပါး၊ ၂၀။ အသေခဗိုလ် (၁၀) ပါး၊ ၂၁။ ခီဏာသဝဗိုလ် (၁၀) ပါး၊ ၂၂။ လက္ခဏဗိုလ် (၁၀) ပါး၊ ၂၃။ တထာဂတဗိုလ် (၁၀) ပါး။ (ပဋိသံ။၃၅၀။) (ပဋိသံ၊မြန်။၄၁၄။)

ဗိုလ် ၇ ပါး ၁။ သဒ္ဓါဗိုလ်၊ ၂။ ဝီရိယဗိုလ်၊ ၃။ ဟိရီဗိုလ်၊ ၄။ ဩတ္တပ္ပဗိုလ်၊ ၅။ သတိဗိုလ်၊ ၆။ သမာဓိဗိုလ်၊ ၇။ ပညာဗိုလ်။ (ဒီ၊၃။၂၀၉။) (အံ၊၂။၃၉၇။) (အဘိ၊ဓ။၃၂။) (ဒီ၊မြန်၊၃။၂၃၂။) (အံ၊မြန်၊၂။၅၀၂။) (အဘိ၊ဓ၊မြန်။၅၀။)

ဗျဿနတရား ၅ ပါး ပျက်စီးခြင်းတရား ၅ ပါးနှင့် တူသည်။

ဗျာပါဒ ဒေါသ ပယ်ကြောင်း တရား ၆ ပါး ၁။ သြဒိဿက စသော မေတ္တာပွားနည်းကို သင်ယူခြင်း၊ ၂။ မေတ္တာဘာဝနာကို အဖန်တလဲလဲ အားထုတ်ခြင်း၊ ၃။ ကံသာလျှင် မိမိဥစ္စာ ရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊ ၄။ ဒေါသ၏ အပြစ်, မေတ္တာ၏ အကျိုးအာနိသင်ကို ကောင်းစွာ သိခြင်း၊ ၅။ မေတ္တာဘာဝနာ၌ မွေ့လျော်သော မိတ်ကောင်းတို့ကို မှီဝဲရခြင်း၊ ၆။ မေတ္တာ၌ မှီသော မေတ္တာနှင့် စပ်ယှဉ်သော စကားကို ပြောဆိုခြင်း။ (သံ၊၌၊၃။၂၀၂။) (အံ၊၌၊၁။၃၇၊) (အဘိ၊၌၊၂။၂၅၈။) (ကထာ၀တ်၊၌။၃၃၉။)

ဗျာပါဒကံမြောက် အင်္ဂါ ၂ ပါး ၁။ တစ်ပါးသော သတ္တဝါ ဖြစ်ခြင်း၊ ၂။ ထိုတစ်ပါးသူ၏ ပျက်စီးကြောင်းကို ကြံခြင်း။ (ဒီ၊၌၊၃။၂၃၂။) (မ၊၌၊၁။၂၀၅။) (သံ၊၌၊၂။၁၃၇။) (အဘိ၊၌၊၁။၁၄၄။) (ပဋိသံ၊၌၊၁။၂၀၆။) (မဟာနိ၊၌။၁၀၂။) (သာရတ္ထ၊ဋီ၊၁။၃၄၆။)

ဗျာပါဒနိဝရဏကို ဖွန့်ပယ်ကြောင်းတရား ၆ ပါး ၁။ မေတ္တာနိမိတ္တသ ဥဂ္ဂဟော– ဗျာပါဒနိဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာနိမိတ်အာရုံကို သင်ယူခြင်း၊ ၂။ မေတ္တာဘာဝနာ နုယောဂေါ– မေတ္တာဘာဝနာကို အားထုတ်ခြင်း၊ ၃။ ကမ္မဿကတာ– ဆန့်ကျင်ဘက် ရန်သူကို မြင်လျှင် ဒေါသမဖြစ်ဘဲ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏ အဖြစ်ကို နှလုံး သွင်းခြင်း၊ ၄။ ပဋိသခ်ါနဗဟုလတာ– အသင့်အားဖြင့် နှလုံးသွင်းဆင်ခြင်မှု များခြင်း၊ ၅။ ကလျာဏ မိတ္တတာ– ဆရာသမားကောင်း စသော မိတ်ကောင်း ဆွေကောင်းရှိခြင်း၊ ၆။ သပ္ပါယကထာ– လျောက်ပတ်သော စကားကို ပြောဆိုခြင်း။ (ဒီ၊ဋီ၊၁။၂၆၀။)

ဗျာပါဒ၏ ထွက်မြောက်ရာ ၂ မျိုး ၁။ ဝိက္ခမ္ဘနနိဿရဏ– ပယ်ခွါဖျက်ဆီးတတ်သော (ဆန့်ကျင်ဘက် တရားမှ) ထွက်မြောက်ကြောင်း (ပဌမစျာန်)၊ ၂။ သမုစ္ဆေဒနိဿရဏ– အကြွင်းမဲ့ ဖြတ်

http://www.dhammadownload.com

တောက် ဖျက်ဆီးတတ်သော (ဆန့်ကျင်ဘက်တရားမှ) ထွက်မြောက်ကြောင်း အရဟတ္တ မဂ်။ (သံ၊၄၊၃။၂၁၀။)

ဗျဥ္ဇနပဒ ၆ ပါး ၁။ အက္ခရ၊ ၂။ ပဒ၊ ၃။ ဗျဥ္ဇန၊ ၄။ နိရုတ္တိ၊ ၅။ နိဒ္ဒေသ၊ ၆။ အာကာရ။ (ဣတိဝုတ်၊ ၄။၁၈။) (နေတ္တိ၊၄။၅၊၁၀။) (ဒီ၊ဋီ၊၁။၃၆။) (ဒီ၊ဋီ၊၁။၄၁။)

ဗျဥ္ဇနပါဌ ၆ မျိုး ၁။ အက္ခရဗျဥ္ဇနပါဌ၊ ၂။ ပဒဗျဥ္ဇနပါဌ၊ ၃။ ဗျဥ္ဇနဗျဥ္ဇနပါဌ၊ ၄။ အာကာရ ဗျဥ္ဇနပါဌ၊ ၅။ နိရုတ္တိဗျဥ္ဇနပါဌ၊ ၆။ နိဒ္ဒေသဗျဥ္ဇနပါဌ။ (မဟာနိ၊၄။၂။)

ဗျဥ္ဇနဗုဒ္ဓိ ၁၀ ပါး ၁။ သိထိလ– လျော့လျော့ ရွတ်ဆိုအပ်သော အက္ခရာ၊ ၂။ ဓနိတ– တင်းတင်းမာမာ ရွတ်ဆိုအပ်သော အက္ခရာ၊ ၃။ ဒီဃ– ရှည်ရှည် ရွတ်ဆိုအပ်သော အက္ခရာ၊ ၄။ ရဿ– တိုတို ရွတ်ဆိုအပ်သော အက္ခရာ၊ ၅။ ဂရုက– လေးလေးပင်ပင် ရွတ်ဆိုအပ်သော အက္ခရာ၊ ၆။ လဟုက– ပေါ့ပေါ့ပါးပါး ရွတ်ဆိုအပ်သော အက္ခရာ၊ ၇။ နိဂ္ဂဟီတ– နိဂ္ဂဟိတ်အက္ခရာ (ဌာန်ကရိုဏ်းတို့ကို နှိပ်၍ ရွတ်အပ်သော အက္ခရာ။)၊ ၈။ သမ္ဓန္ဓ– ပုဒ်စပ်၍ ရွတ်အပ်သော အက္ခရာ၊ ၉။ ဝဝတ္ထိတ– ပုဒ်ဖြတ်၍ ရွတ်အပ်သော အက္ခရာ၊ ၁၀။ ဝိမုတ္တ– ဌာန် ကရိုဏ်း တို့ကို မပိတ်ဘဲ လွှတ်၍ ရွတ်အပ်သော အက္ခရာ။ (ဝိ၊၄၊၄။၂၄၇။) (ဒီ၊၄၊၁။၁၅၉။) (မ၊၄၊၂။၁၀၈။) (အံ၊၄၊၂။၁၆၉။) (သာရတ္ထ၊ဋီ၊၁။၃၂၇။) (ဒီ၊၄၊မြန်၊၁။၃၁၂။) (ဒီ၊၄၊မြန်၊၁။၃၁၂။)

ဗျဥ္ဇနသန္ဓိ ၆ ပုဒ် ၁။ အက္ခရ၊ ၂။ ပဒ၊ ၃။ ဗျဥ္ဇန၊ ၄။ အာကာရ၊ ၅။ နိရုတ္တိ၊ ၆။ နိဒ္ဒေသ။ (နေတ္တိ၊ ၄။၃၄။)

ဗြဟ္မစရိယတရား ၈ ပါး ၁။ သမ္မာဒိဋ္ဌိ– မှန်ကန်စွာ သိမြင်ခြင်း၊ ၂။ သမ္မာသင်္ကပ္ပ– မှန်ကန်စွာ ကြံစည်ခြင်း၊ ၃။ သမ္မာဝါစာ– မှန်ကန်စွာ ပြောဆိုခြင်း၊ ၄။ သမ္မာကမ္မန္တ– မှန်ကန်စွာ ပြုလုပ်ခြင်း၊ ၅။ သမ္မာအာဇီဝ– မှန်ကန်စွာ အသက်မွေးမြူခြင်း၊ ၆။ သမ္မာဝါယာမ– မှန်ကန်စွာ အားထုတ်ခြင်း၊ ၇။ သမ္မာသတိ– မှန်ကန်စွာ အောက်မေ့ခြင်း၊ ၈။ သမ္မာသမာဓိ– မှန်ကန်စွာ တည်ကြည်ခြင်း။ (သံ၊၃။၂၁။) (သံ၊မြန်၊၃။၂၄။)

ဗြဟ္မစရိယဖလ ၄ ပါး ဗြဟ္မစရိယ၏ အကျိုး ၄ ပါးနှင့် တူသည်။

ဗြဟ္မစရိယသဒ္ဒါ၏ အနက် ၁၀ မျိုး ၁။ ဒါန အနက်၊ ၂။ ဝေယျာဝစ္စ အနက်၊ ၃။ ငါးပါးသော သိက္ခာပုဒ်သီလ အနက်၊ ၄။ အပွမညာတရား အနက်၊ ၅။ မေထုန်မှ ရှောင်ကြဉ်ခြင်း အနက်၊ ၆။ မိမိမယားဖြင့် ရောင့်ရဲခြင်း အနက်၊ ၇။ လုံ့လဝီရိယ အနက်၊ ၈။ ဥပုသ်အင်္ဂါ အနက်၊ ၉။ အရိယမဂ် အနက်၊ ၁၀။ သာသနာ အနက်။ (ဒီ၊၄၊၁။၁၆၀။) (မ၊၄၊၁။၃၄၆။) (ဒီ၊၄၊မြန်၊၁။၃၁၃။) (ဒီ၊၄၊မြန်၊၁။၃၁၃။)

ဗြဟ္မစရိယ၏ အကျိုး ၄ ပါး ၁။ သောတာပတ္တိဖိုလ်၊ ၂။ သကဒါဂါမိဖိုလ်၊ ၃။ အနာဂါမိဖိုလ်၊ ၄။ အရဟတ္တဖိုလ်။ (သံ၊၃။၂၁။) (သံ၊မြန်၊၃။၂၄။)

ဗြဟ္မစိုရ်တရား ၄ ပါး ဗြဟ္မဝိဟာရတရား ၄ ပါးနှင့် တူသည်။

ဗြဟ္မဇာလဒေသနာတော်၏ အမည် ၅ မျိုး ၁။ ဗြဟ္မဇာလ– မြတ်သော ဉာဏ်ကွန်ရက်၊ ၂။ အတ္ထဇာလ– အနက်သဘောကွန်ရက်၊ ၃။ ဓမ္မဇာလ– တရားအစဉ်ကွန်ရက်၊ ၄။ ဒိဋ္ဌိဇာလ– အယူဝါဒကွန်ရက်၊ ၅။ အနုတ္တရသင်္ဂါမဝိဇယ– အတုမဲ့စစ်အောင်ပွဲ။ (ဒီ၊၁။၄၃။) (ဒီ၊မြန်၊ ၁။၅၁။)

http://www.dhammadownload.com

ဗြဟ္မဝိဟာရတရား ၄ ပါး ၁။ မေတ္တာ၊ ၂။ ကရုဏာ၊ ၃။ မုဒိတာ၊ ၄။ ဥပေက္ခာ။ (ဝိသုဒ္ဓိ၊၁။၁၀၇။) (သာရတ္ထ၊ဋီ၊၂။၂၀၃။)

ဘာဝနာ ၄ မျိုး (ဗြဟ္မာတို့ ပွားများအပ်သော ဘာဝနာ ၄ မျိုး) ၁။ မေတ္တာစျာန်ဘာဝနာ၊ ၂။ ကရုဏာစျာန်ဘာဝနာ၊ ၃။ မုဒိတာစျာန်ဘာဝနာ၊ ၄။ ဥပေက္ခာစျာန်ဘာဝနာ။ (အံ၊ဋ္ဌ၊၂။၉၉။) (ဣတိဝုတ်၊ ဋ္ဌ။၃၁၈။)

ဗြဟ္မာမင်းဖြစ်သော ရသေ့ညီအစ်ကို ၇ ပါး ၁။ ယာမဟန္နမည်သော ရသေ့၊ ၂။ သောမယာမ ရသေ့၊ ၃။ မနောဇဝရသေ့၊ ၄။ သမုဒ္ဒရသေ့၊ ၅။ မာဃရသေ့၊ ၆။ ဘရတရသေ့၊ ၇။ ကာလ ပုရေက္ခတ ရသေ့။ (ဇာတက၊၂။၁၈၅။)

ဗြဟ္မာမင်း၏ အသံ အင်္ဂါ ၈ ပါး ၁။ သန့်ရှင်းခြင်း၊ ၂။ ပြတ်သားခြင်း၊ ၃။ သာယာခြင်း၊ ၄။ နားဝင်ချိုခြင်း၊ ၅။ အသံလုံခြင်း၊ ၆။ မကွဲအက်ခြင်း၊ ၇။ အသံအောင်ခြင်း၊ ၈။ မြည်ဟိန်းခြင်း။ (ဒီ၊၂။၁၇၁။) (ဒီ၊မြန်၊၂။၁၉၅။)

ဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသူ ၅ ယောက် ၁။ အကြား၌ ပရိနိဗ္ဗာန်ပြုသော အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ၂။ သင်္ခတမ်းထင်ဝင်္ကို ကျော်၍ ပရိနိဗ္ဗာန်ပြုသော ဥပဟစ္စပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ၃။ ပြုပြင်မှုမရှိဘဲ ပရိနိဗ္ဗာန်ပြုသော အသခ်ါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ၄။ ပြုပြင်မှုဖြင့် ပရိနိဗ္ဗာန်ပြုသော သသခ်ါရပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ၅။ အထက်အလျဉ်သွားမည့် ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ် ပုဂ္ဂိုလ်။ (ပဋိသံ။၁၆၀–၁၆၁။) (ပဋိသံ၊မြန်။၂၀၅။)

ဗြာဟ္မဏ ၂ မျိုး ၁။ ဇာတိဗြာဟ္မဏ– အမျိုးဇာတ်အားဖြင့် ဗြာဟ္မဏမည်သော ပုဏ္ဏား၊ ၂။ ဝိသုဒ္ဓိဗြာဟ္မဏ– အထူးသဖြင့် ကိလေသာစင်ကြယ်ပြီးသူ ဘုရား, ရဟန္တာဟူသော ပုဏ္ဏား။ (သာရတ္ထ၊ဋီ၊၁။၂၁၃။)

ဗြာဟ္မဏသစ္စာ ၄ ပါး ၁။ သတ္တဝါတို့အား မသတ်အပ်ဟု မှန်သော စကားကို ပြောဆိုလျက် ထိုအမှန်တရားကို ထူးသော ဉာဏ်ဖြင့် သိ၍ သတ္တဝါတို့အပေါ်၌ အစဉ်သနားစောင့်ရှောက်ခြင်းငှာ ကျင့်ခြင်း၊ ၂။ အလုံးစုံသော ကာမဂုဏ်တို့သည် အမြဲမရှိကုန်, ဆင်းရဲဒုက္ခတို့ချည်းသာ ဖြစ်ကုန်၏ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏ဟု မှန်သော စကားကို ပြောဆိုလျက် ထိုအမှန်တရားကို ထူးသော ဉာဏ်ဖြင့် သိ၍ ထိုကာမဂုဏ်တရားတို့ ချုပ်ငြိမ်းရန် ကျင့်ခြင်း၊ ၃။ အလုံးစုံသော ဘဝတို့သည် အမြဲမရှိကုန်, ဆင်းရဲဒုက္ခတို့ချည်းသာ ဖြစ်ကုန်၏၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏ဟု မှန်သော စကားကို ပြောဆိုလျက် ထိုအမှန်တရားကို ထူးသော ဉာဏ်ဖြင့် သိ၍ ထိုဘဝတို့ ချုပ်ငြိမ်းရန် ကျင့်ခြင်း၊ ၄။ ငါဟူသော ကိုယ်ကောင် အတ္တသည်လည်းကောင်း သူတစ်ပါးဟူသော ကိုယ်ကောင် အတ္တသည်လည်းကောင်း မည်သည့် အဖျတ္တသန္တာန် ဗဟိဒ္ဓသန္တာန်၌မျှ မရှိ, တစ်စုံတစ်ယောက်သော သူ၏ တစ်စုံတစ်ရာ သက်ဆိုင်သူ အတ္တနိယ၏ အဖြစ်၌လည်း မရှိ, ဤသို့စသည်ဖြင့် မှန်သော စကားကို ပြောဆိုလျက် ထိုအမှန်တရားကို ထူးသောဉာဏ်ဖြင့် သိ၍ အာကိဉ္စညာယတနစျာန်အကျင့်ကို ကျင့်ခြင်း။ (အံ၊၁။၄၉၆။) (အံ၊မြန်၊၁။၅၁၀–၅၁၁။)

http://www.dhammadownload.com

ဗြာဟ္မဏဟု သတ်မှတ်ကြောင်း ၅ ပါး ၁။ အမိဘက် အဖဘက် နှစ်ဘက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိခြင်း၊ ဘိုးဘေး ခုနှစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိခြင်း၊ ဇာတ်နှင့် စပ်သော စကားဖြင့် အပယ်မခံရခြင်း အကဲ့ရဲ့မခံရခြင်း၊ ၂။ ဝေဒကျမ်းဂါထာတို့ကို ရွတ်ဆို တတ်ခြင်း၊ ဝေဒကျမ်းတို့ကို အာဂုံဆောင်နိုင်ခြင်း၊ အဘိဓာန်နိဃဏ္ဍုကျမ်း အလင်္ကာ ကေဋ္ဌုဘ ကျမ်း ငါးခုမြောက် ဣတိဟာသကျမ်းနှင့် တကွ ဗေဒင်သုံးပုံတို့ကို တစ်ဖက်ကမ်းခပ် တတ်မြောက်ခြင်း၊ ပဒကျမ်းကို တတ်ခြင်း၊ ဗျာကရုဏ်းကျမ်းကို တတ်ခြင်း၊ လောကာယတကျမ်း မဟာပုရိသလက္ခဏာကျမ်းတို့ကို အကြွင်းမဲ့တတ်ခြင်း၊ ၃။ အဆင်းလှခြင်း၊ ရှုချင်ဖွယ်ရှိခြင်း ကြည်ညိုဖွယ်ရှိခြင်း၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံခြင်း၊ ဗြဟ္မာနှင့်တူသော အဆင်း ရှိခြင်း၊ ဗြဟ္မာနှင့် တူသော ကိုယ်ရှိခြင်း ခံ့ညားသော ကိုယ်ခန္ဓာရှိခြင်း၊ ၄။ သီလရှိခြင်း၊ ကြီးပွားသော သီလရှိခြင်း၊ ကြီးပွားသော သီလနှင့် ပြည့်စုံခြင်း၊ ၅။ ပညာ ရှိခြင်း၊ ထက်မြက်သော ဉာဏ်ရှိခြင်း၊ ယဇ်ယောက်မကိုင်သော သူတို့တွင် ပဌမ (သို့မဟုတ်) ဒုတိယဖြစ်ခြင်း။ (ဒီ၊၁။၁၁၃။) (ဒီ၊မြန်၊၁။၁၃၃။)

ဘ

ဘဝ ၂ ပါး ၁။ ကမ္မဘဝ–အာသဝနှင့် တကွဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ၊ ထိုထို ဘုံဘဝသို့ ရောက်စေတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံ၊ ၂။ ဥပပတ္တိဘဝ– ဥပါဒိန္နက္ခန္ဓာ၊ သတ္တဝါတို့၏ ဖြစ်ရာဌာနဘုံ။ (အဘိ၊ဝိ။၁၄၃။) (အဘိ၊ဝိ၊မြန်၊၂။၃၇။) (ဝိမတိ၊၂။၈၄။)

ဘဝ ၃ ပါး ၁။ ကာမတစ်ဆယ့်တစ်ဘုံ ဟူသော ကာမဘဝ၊ ၂။ ရူပတစ်ဆယ့်ခြောက်ဘုံ ဟူသော ရူပဘဝ၊ ၃။ အရူပလေးဘုံ ဟူသော အရူပဘဝ။ (ဒီ၊၃။၁၈၁။) (မ၊၁။၃၆၈။) (မ၊၁။၆၂။) (သံ၊၁။၂၄၅။) (သံ၊၂။၄၅၃။) (သံ၊၃။၅၂။) (ဣတိဝုတ်၊၄။၁၆၉။) (ဒီ၊မြန်၊၃။၂၀၁။) (မ၊မြန်၊၁။၃၇၉။) (မ၊မြန်၊၁။၆၇။) (သံ၊မြန်၊၁။၂၂၉။) (သံ၊မြန်၊၂။၄၄၉။) (သံ၊မြန်၊၃။၅၅။)

ဘဝ ၃ ပါး (တစ်နည်း) ၁။ သညီဘဝ– သညာရှိသော ဘုံဘဝ၊ ၂။ အသညီဘဝ– သညာ မရှိသော အသညသတ်ဘုံဘဝ၊ ၃။ နေဝသညီနာသညီဘဝ– သညာရှိသည်လည်း မဟုတ် သညာ မရှိသည်လည်း မဟုတ်သော ဘုံဘဝ။ (ဣတိဝုတ်၊၄။၁၆၉။)

ဘဝ ၃ ပါး (တစ်နည်း) ၁။ ဧကဝေါကာရဘဝ– ခန္ဓာ ၁ ပါး ရှိသော ဘုံဘဝ၊ ၂။ စတုဝေါကာရ ဘဝ– ၄ ပါးသော နာမ်ခန္ဓာတို့ဖြင့် ရောပြွမ်းသော ဘုံဘဝ၊ ၃။ ပဉ္စဝေါကာရဘဝ– ခန္ဓာ ၅ ပါး ရှိသော ဘုံဘဝ။ (ဣတိဝုတ်၊၄။၁၇၀။)

ဘဝ ၉ ပါး ၁။ ကာမဘဝ၊ ၂။ ရူပဘဝ၊ ၃။ အရူပဘဝ၊ ၄။ သညီဘဝ၊ ၅။ အသညီဘဝ၊ ၆။ နေဝသညီနာသညီဘဝ၊ ၇။ ဧကဝေါကာရဘဝ၊ ၈။ စတုဝေါကာရဘဝ၊ ၉။ ပဉ္စဝေါကာရ ဘဝ။ (သုတ္တနိ၊၄။၁။၁၈။) (သာရတ္တ၊ဋီ၊၁။၂၃၁။) (ဝိသုဒ္ဓိ၊ဋီ၊၁။၂၃၀။)

ဘဝကို သာယာခြင်း ၂ ပါး ၁။ သုခဝေဒနာ၊ ၂။ ဣဋ္ဌာရုံဝတ္ထု။ (မဟာနိ။၂၃။)

http://www.dhammadownload.com

ဘဝကို သဘာခြင်း ၃ ပါး ၁။ အရွယ်ကောင်းခြင်း (ယောဗ္ဗည)၊ ၂။ ကျန်းမာအနာကင်းခြင်း (အာရောဂျ)၊ ၃။ အသက်ရှင်ခြင်း အသက်ရှည်ခြင်း (ဇီဝိတ) ။ (မဟာနိ။၂၃။)

ဘဝကို သဘာခြင်း ၄ ပါး ၁။ လာဘ်ရခြင်း- လာဘ၊ ၂။ အခြံအရံများခြင်း- ယသ၊ ၃။ ချီးမွမ်းခြင်း- ပသံသာ၊ ၄။ ချမ်းသာခြင်း- သုခ။ (မဟာနိ။၂၃။)

ဘဝကို သဘာခြင်း ၅ ပါး ၁။ နှစ်သက်ဖွယ် ရူပါရုံ၊ ၂။ နှစ်သက်ဖွယ် သဒ္ဒါရုံ၊ ၃။ နှစ်သက်ဖွယ် ဂန္ဓာရုံ၊ ၄။ နှစ်သက်ဖွယ် ရသာရုံ၊ ၅။ နှစ်သက်ဖွယ် ဖောဋ္ဌဗ္ဗာရုံ။ (မဟာနိ။၂၃။)

ဘဝကို သဘာခြင်း ၆ ပါး ၁။ မျက်စိနှင့် ပြည့်စုံခြင်း (စက္ခုသမ္ပဒါ)၊ ၂။ နားနှင့် ပြည့်စုံခြင်း (သောတသမ္ပဒါ)၊ ၃။ နာခေါင်းနှင့် ပြည့်စုံခြင်း (ဃာနသမ္ပဒါ)၊ ၄။ လျှာနှင့် ပြည့်စုံခြင်း (ဇိဝှါသမ္ပဒါ)၊ ၅။ ကိုယ်ကာယနှင့် ပြည့်စုံခြင်း (ကာယသမ္ပဒါ)၊ ၆။ အသိစိတ်နှင့် ပြည့်စုံခြင်း (မနောသမ္ပဒါ) ။ (မဟာနိ။၂၃။)

ဘဝစသည်ကို ပိုင်းခြား၍ သိကြောင်း အကျင့် ၈ ပါး ၁။ သမ္မာဒိဋ္ဌိ- မှန်ကန်စွာ သိမြင်ခြင်း၊ ၂။ သမ္မာသင်္ကပ္ပ- မှန်ကန်စွာ ကြံစည်ခြင်း၊ ၃။ သမ္မာဝါစာ- မှန်ကန်စွာ ပြောဆိုခြင်း၊ ၄။ သမ္မာကမ္မန္တ- မှန်ကန်စွာ ပြုလုပ်ခြင်း၊ ၅။ သမ္မာအာဇီဝ- မှန်ကန်စွာ အသက်မွေးမြူခြင်း၊ ၆။ သမ္မာဝါယာမ- မှန်ကန်စွာ အားထုတ်ခြင်း၊ ၇။ သမ္မာသတိ- မှန်ကန်စွာ အောက်မေ့ခြင်း၊ ၈။ သမ္မာသမာဓိ- မှန်ကန်စွာ တည်ကြည်ခြင်း။ (သံ၊၂။၄၅၃၊၄၅၄။) (သံ၊မြန်၊၂။၄၄၉။)

ဘဝစက် ၂ မျိုး ၁။ အတိတ်ဖြစ်သော အကြောင်းအဖို့မှ စ၍ ပစ္စုပ္ပန်အကျိုးဝိပါက်ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် အဝိဇ္ဇာဟူသော အရင်းမူလရှိသည်ဖြစ်၍ ဝေဒနာဟူသော အဆုံးရှိသော ဘဝစက်၊ ၂။ အနာဂတ်အဖို့ကို ဆက်စပ်လျက် ချဲ့ဖြန့်တတ်သည်၏ အဖြစ်ကြောင့် တဏှာဟူသော အရင်းမူလရှိသည်ဖြစ်၍ ဇရာမရဏာဟူသော အဆုံးရှိသော ဘဝစက်။ (အဘိ၊ဋ္ဌ၊၂။၁၈၁။)

ဘဝစက်၏ ကာလ ၃ မျိုး ၁။ အဝိဇ္ဇာ၊ သင်္ခါရ တည်းဟူသော အတိတ်ကာလ၊ ၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတည်းဟူသော ပစ္စုပ္ပန်ပွန် ကာလ၊ ၃။ ဇာတိ၊ ဇရာမရဏာတည်းဟူသော အနာဂတ်ကာလ။ (အဘိ၊ဋ္ဌ၊၂။၁၈၁။)

ဘဝစက်၏ ပစ္စုပ္ပန်ကာလ အင်္ဂါ ၈ ပါး ၁။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ပေါင်း ၈ ပါး။ (အဘိ၊ဋ္ဌ၊၂။၁၈၂။)

ဘဝစက်၏ ပစ္စုပ္ပန်ဘဝင် အကျိုး ၅ မျိုး ၁။ ဝိညာဏ်၊ ၂။ နာမ်ရုပ်၊ ၃။ သဠာယတန၊ ၄။ ဖဿ၊ ၅။ ဝေဒနာ။ (အဘိ၊ဋ္ဌ၊၂။၁၈၃။)

ဘဝစက်၏ ပစ္စုပ္ပန်ဘဝင် အကြောင်း ၅ မျိုး ၁။ တဏှာ၊ ၂။ ဥပါဒါန်၊ ၃။ ကမ္မဘဝ၊ ၄။ အဝိဇ္ဇာ၊ ၅။ သင်္ခါရ။ (အဘိ၊ဋ္ဌ၊၂။၁၈၃။)

ဘဝစက်၏ သင်္ကဟ ၄ မျိုး ၁။ အဝိဇ္ဇာ သင်္ခါရဟူသော ဟေတုသင်္ဂဟ၊ ၂။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော ဖလသင်္ဂဟ၊ ၃။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူသော ဟေတုသင်္ဂဟ၊ ၄။ ဇာတိ၊ ဇရာ မရဏာဟူသော ဖလသင်္ဂဟ။ (အဘိ၊ဋ္ဌ၊၂။၁၈၂။)

http://www.dhammadownload.com

ဘဝစက်၏ အကန့်ထောက်ဆဲ ၂၀ ၁။ အတိတ်ဘဝ၌ အဝိဇ္ဇာစသော အကြောင်း ၅ မျိုး၊ ၂။ ဤပစ္စုပ္ပန်ဘဝ၌ ဝိညာဏ်စသော အကျိုး ၅ မျိုး၊ ၃။ ဤပစ္စုပ္ပန်ဘဝ၌ တဏှာစသော အကြောင်း ၅ မျိုး၊ ၄။ အနာဂတ်ဘဝ၌ ဝိညာဏ်စသော အကျိုး ၅ မျိုး။ (အဘိ၊၌၊၂။၁၈၄။)

ဘဝစက်၏ အစပ် ၃ မျိုး ၁။ သခ်ါရတို့၏လည်းကောင်း၊ ပဋိသန္ဓေဝိညာဏ်၏လည်းကောင်း အကြားသည် သခ်ါရတည်းဟူသော အကြောင်းတို့နှင့် ပဋိသန္ဓေဝိညာဏ်တည်းဟူသော အကျိုး၏ စပ်ခြင်း၊ ၂။ ဝေဒနာဟူသော ပစ္စုပ္ပန်အကျိုး၏လည်းကောင်း၊ တဏှာဟူသော အနာဂတ်အကြောင်း၏လည်းကောင်း အကြားသည် အကျိုးအကြောင်း၏ စပ်ခြင်း၊ ၃။ ကမ္မဘဝ ဟူသော အကြောင်း၏လည်းကောင်း၊ ဇာတိဟူသော အကျိုး၏လည်းကောင်း အကြားသည် အကြောင်းအကျိုး၏ စပ်ခြင်း။ (အဘိ၊၌၊၂။၁၈၂။)

ဘဝစက်၏ အတိတ်ကာလ အင်္ဂါ ၂ ပါး ၁။ အဝိဇ္ဇာ၊ ၂။ သခ်ါရ။ (အဘိ၊၌၊၂။၁၈၂။)

ဘဝစက်၏ အတိတ်ဘဝ၌ အကြောင်း ၅ မျိုး ၁။ အဝိဇ္ဇာ၊ ၂။ သခ်ါရ၊ ၃။ တဏှာ၊ ၄။ ဥပါဒါန်၊ ၅။ ကမ္မဘဝ။ (အဘိ၊၌၊၂။၁၈၂။)

ဘဝစက်၏ အနာဂတ်ကာလအင်္ဂါ ၂ ပါး ၁။ ဇာတိ၊ ၂။ ဇရာမရဏာ။ (အဘိ၊၌၊၂။၁၈၂။)

ဘဝစက်၏ အနာဂတ်ဘဝ၌ အကျိုး ၅ မျိုး ၁။ ဝိညာဏ်၊ ၂။ နာမ်ရုပ်၊ ၃။ သဠာယတန၊ ၄။ ဖဿ၊ ၅။ ဝေဒနာ။ (အဘိ၊၌၊၂။၁၈၃။)

ဘဝစက်၏ အရင်းမူလ ၂ မျိုး ၁။ အဝိဇ္ဇာ၊ ၂။ တဏှာ။ (အဘိ၊၌၊၂။၁၈၁။)

ဘဝသစ်ကို ရခြင်း ၄ ပါး ၁။ အတ္တဘောကို ရခြင်း၌ မိမိစေတနာသာ ဖြစ်၍ သူတစ်ပါး၏ စေတနာ မဖြစ်ခြင်း၊ ၂။ အတ္တဘောကို ရခြင်း၌ သူတစ်ပါးစေတနာသာ ဖြစ်၍ မိမိစေတနာ မဖြစ်ခြင်း၊ ၃။ အတ္တဘောကို ရခြင်း၌ မိမိစေတနာလည်းဖြစ် သူတစ်ပါး၏ စေတနာလည်း ဖြစ်ခြင်း၊ ၄။ အတ္တဘောကို ရခြင်း၌ မိမိစေတနာလည်း မဖြစ် သူတစ်ပါးစေတနာလည်း မဖြစ်ခြင်း။ (ဒီ၊၃။၁၉၃။) (ဒီ၊မြန်၊၃။၂၁၅။)

ဘာဝဒသကရုပ် ၁၀ ပါး ၁။ ဘာဝရုပ် ၁ ပါး၊ ၂။ မဟာဘုတ်ရုပ် ၄ ပါး၊ ၃။ ဝဏ္ဏ ဂန္ဓ ရသ သြဇရုပ် ၄ ပါး၊ ၄။ ဇီဝိတရုပ် ၁ ပါး ပေါင်း ၁၀ ပါး။ (အဘိ၊၌၊၂။၂၁။)

ဘာဝနာ ၂ ပါး ၁။ လောကိယဘာဝနာ– လောကီသီလသမာဓိပညာတို့ကိုဖြစ်စေခြင်း၊ ၂။ လောကုတ္တရဘာဝနာ– လောကုတ္တရာတရားတို့ကို ဖြစ်စေခြင်း။ (ဝိသုဒ္ဓိ၊၂။၃၃၉။)

ဘာဝနာ ၃ ပါး ၁။ ကာယဘာဝနာ– ပွားစေအပ်ပြီးသော တရားအပေါင်း၊ (အသက်မွေးခြင်းလျှင် အကြောင်းရှိ၊ မရှိသော ကာယကံ ၃–ပါးမှ ရှောင်ကြဉ်ခြင်းကို ကာယဘာဝနာဆိုသည်)၊ ၂။ စိတ္တဘာဝနာ– စိတ်ကို ဖြစ်ပွားစေခြင်း၊ ၃။ ပညာဘာဝနာ– ပညာကို ဖြစ်ပွားစေခြင်း။ (ဒီ၊၃။၁၈၃။) (ဒီ၊မြန်၊၃။၂၀၄။)

ဘာဝနာ ၄ ပါး ၁။ ထိုထိုအာရုံ၌ ဖြစ်သော တရားတို့၏ လွန်၍ မဖြစ်ခြင်းသဘော၊ ၂။ ဣန္ဒြေတို့၏ တစ်ခုတည်းသော ကိစ္စရသ သဘော၊ ၃။ ထိုသို့ကပ်လျက် ဝီရိယကို ဆောင်ရွက်ခြင်း သဘော၊

http://www.dhammadownload.com

၄။ အဖန်ဖန် မှီဝဲခြင်းသဘော။ (ပဋိသံ။ပါ၊၂၈၄။) (ဒီ၊၃။၁၈၁။) (မ၊၁။၃၆။) (မ၊၁။၆၂။) (သံ၊၁။၂၄၅။) (ပဋိသံ။ပါ၊၂၈၆။) (ပဋိသံ။ပါ၊၂၈၇။) (ဒီ၊မြန်၊၃။၂၀၁။) (မ၊မြန်၊၁။၃၇၉။) (မ၊မြန်၊၁။၆၇။) (ပဋိသံ၊မြန်။၃၄၂၊၃၄၃၊၃၄၅။) (ပဋိသံ၊မြန်။၃၄၂၊၃၄၃၊၃၄၅။) (ပဋိသံ၊မြန်။၃၄၂၊ ၃၄၃၊၃၄၅။)

ဘာဝနာဘာဂိယ ပုဂ္ဂိုလ် ၁၂ ယောက် ၁။ သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ ၂။ သကဒါဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်၊ ၃။ အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ ၄။ အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်၊ ၅။ အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊ ၆။ ဥပဟစ္စပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊ ၇။ အသင်္ခါရပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊ ၈။ သသင်္ခါရ ပရိနိဗ္ဗာယီ ပုဂ္ဂိုလ်၊ ၉။ ဥဒ္ဓံသောတအကနိဋ္ဌဂါမိ ပုဂ္ဂိုလ်၊ ၁၀။ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်၊ ၁၁။ ဒိဋ္ဌပ္ပတ္တ ပုဂ္ဂိုလ်၊ ၁၂။ ကာယသက္ခီ ပုဂ္ဂိုလ်။ (နေတ္တိ၊၌။၁၆၄။)

ဘာဝနာဘူမိဖြင့် ပယ်အပ်သော သံယောဇဉ် ၇ ပါး ၁။ ကာမစ္ဆန္ဒသံယောဇဉ်၊ ၂။ ဗျာပါဒ သံယောဇဉ်၊ ၃။ ရူပရာဂသံယောဇဉ်၊ ၄။ အရူပရာဂသံယောဇဉ်၊ ၅။ မာနသံယောဇဉ်၊ ၆။ ဥဒ္ဓစ္စသံယောဇဉ်၊ ၇။ အဝိဇ္ဇာသံယောဇဉ်။ (နေတ္တိ၊၌။၁၄။)

ဘာဝနာ မည်ကြောင်း ၄ ပါး ၁။ ဖြစ်သော တရားတို့ကို လွန်၍ မဖြစ်ခြင်းအနက်ကြောင့် ဘာဝနာ မည်ခြင်း၊ ၂။ ကွန္ဒြေတို့၏ ကိစ္စတစ်ခုတည်းရှိသောကြောင့် ဘာဝနာမည်ခြင်း၊ ၃။ ထိုသို့ ရောက်စေခြင်းငှာ အားထုတ်ခြင်း ဆောင်ခြင်း သဘောရှိသောကြောင့် ဘာဝနာ မည်ခြင်း၊ ၄။ ပွားအပ်ထုံအပ်သော သဘောကြောင့် ဘာဝနာ မည်ခြင်း။ (ပဋိသံ။၄၀၆။) (ပဋိသံ။၄၀၉။) (ပဋိသံ၊မြန်။၄၇၀။) (ပဋိသံ၊မြန်။၄၇၀။)

ဘာဝေတဗ္ဗတရား ၂ ပါး ပွားများအပ်သော တရား ၂ ပါးနှင့် တူသည်။

ဘာဝေတဗ္ဗတရား ၃ ပါး ပွားများအပ်သော တရား ၃ ပါးနှင့် တူသည်။

ဘာဝေတဗ္ဗတရား ၄ ပါး ပွားများအပ်သော တရား ၄ ပါး၊ သတိပဋ္ဌာန် ၄ ပါးတို့နှင့် တူသည်။

ဘာဝေတဗ္ဗတရား ၅ ပါး ပွားများအပ်သော တရား ၅ ပါးနှင့် တူသည်။

ဘာဝေတဗ္ဗတရား ၆ ပါး ပွားများအပ်သော တရား ၆ ပါး၊ အဖန်ဖန် အောက်မေ့အပ်သော ဌာန ၆ ပါးတို့နှင့် တူသည်။

ဘာဝေတဗ္ဗ တရား ၇ ပါး ပွားများအပ်သော တရား ၇ ပါး၊ သမ္ဗောဇ္ဈင် ၇ ပါးတို့နှင့်တူသည်။

ဘာဝေတဗ္ဗတရား ၈ ပါး ၁။ မှန်သော သိခြင်း၊ ၂။ မှန်သော ကြံခြင်း၊ ၃။ မှန်သော ပြောဆိုခြင်း၊ ၄။ မှန်သော ပြုလုပ်ခြင်း၊ ၅။ မှန်သော အသက်မွေးခြင်း၊ ၆။ မှန်သော အားထုတ်ခြင်း၊ ၇။ မှန်သော အောက်မေ့ခြင်း၊ ၈။ မှန်သော တည်ကြည်ခြင်း။ (ဒီ၊၃။၂၄၅။) (ဒီ၊မြန်၊၃။၂၆၈။)

ဘာဝေတဗ္ဗတရား ၉ ပါး ပွားများအပ်သော တရား ၉ ပါး၊ မဂ္ဂင် ၉ ပါးတို့နှင့် တူသည်။

ဘာဝေတဗ္ဗတရား ၉ ပါး ပွားများအပ်သော တရား ၉ ပါးနှင့် တူသည်။

ဘာဝေတဗ္ဗ တရား ၁၀ ပါး ပွားစေအပ်သော တရား ၁၀ ပါး၊ ကသိဏ်းအာရုံ ၁၀ ပါးတို့နှင့် တူသည်။

http://www.dhammadownload.com

ဘာသိတ ၃ မျိုး ၁။ သဗ္ဗညုဗုဒ္ဓဘာသိတ၊ ၂။ ပစ္စေကဗုဒ္ဓဘာသိတ၊ ၃။ သာဝကဘာသိတ။ (သီ၊ဋီ၊သစ်၊ ၁။၁၂၉။)

ဘိသာပနသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ ရဟန်းဖြစ်ခြင်း၊ ၂။ ထိုရဟန်း၏ မြင်ရာ ကြားရာအရပ်၌ ကြောက်စေခြင်းငှာ အလိုရှိသည်၏ အဖြစ်ဖြင့် လုံ့လပြုခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၀။) (ဝိမတိ၊၂။၄၃။)

ဘိလူးမ၏ အမှတ်အသား ၄ မျိုး ၁။ မျက်စိ မမှိတ်ခြင်း၊ ၂။ မျက်စိနီခြင်း၊ ၃။ ရွဲရှား ကြောက်လန့်မှု မရှိခြင်း၊ ၄။ အရိပ်မရှိခြင်း။ (ဇာ၊၆၊၆။၁၇၁။)

ဘုရား ၂ မျိုး ၁။ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော သမ္မာသမ္ဗုဒ္ဓ၊ ၂။ သစ္စာလေးပါးကို အသီးအခြား သိတော်မူသော ပစ္စေကဗုဒ္ဓါ။ (အံ၊၁။၇၆။) (အံ၊မြန်၊၁။၉၀။)

ဘုရားဂုဏ်တော် ၉ ပါး ၁။ အရဟံ– ပူဇော်အထူးကို ခံတော်မူထိုက်သော ဂုဏ်၊ ၂။ သမ္မာသမ္ဗုဒ္ဓ– အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဂုဏ်၊ ၃။ ဝိဇ္ဇာစရဏသမ္ပန္နော– အသိညာဏ်ဝိဇ္ဇာ, အကျင့်စရဏနှင့် ပြည့်စုံတော်မူသော ဂုဏ်၊ ၄။ သုဂတော– ကောင်းသော စကားကို ဆိုတော်မူတတ်သော ဂုဏ်၊ ၅။ လောကဝိဒူ– လောကကို သိတော်မူသော ဂုဏ်၊ ၆။ အနုတ္တရော ပုရိသဒမ္မသာရထိ– ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော ဂုဏ်၊ ၇။ သတ္ထာဒေဝမနုဿာနံ– နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဂုဏ်၊ ၈။ ဗုဒ္ဓ– သစ္စာလေးပါးတို့ကို သိစေတော်မူသော ဂုဏ်၊ ၉။ ဘဂဝါ– ဘုန်းတန်ခိုးကြီးတော်မူသော ဂုဏ်။ (ဒီ၊၁။၄၆။) (ဒီ၊၁။၅၈။) (ဒီ၊မြန်၊၁။၅၅။) (ဒီ၊မြန်၊၁။၅၅။)

ဘုရားဂုဏ်တော် အကျဉ်းချုပ် ၂ ပါး ၁။ အတ္တဟိတသမ္ပတ္တိ– မိမိ၏ အကျိုးစီးပွားနှင့် ပြည့်စုံခြင်း၊ ၂။ ပရဟိတပဋိပတ္တိ– သူတစ်ပါးတို့၏ အကျိုးစီးပွားကို ကျင့်ခြင်း။ (ဝိသုဒ္ဓိ၊ ဋီ၊၁။၂၆၃။)

ဘုရားဂုဏ်တော် အကျဉ်းချုပ် ၃ ပါး ၁။ ဟေတုသမ္ပတ္တိ– မဟာကရုဏာတော်နှင့် ယှဉ်၍ ဗောဓိညာဏ် အဆောက်အဦတို့ကို ဖြည့်ကျင့်ခြင်းဟု ဆိုအပ်သော အကြောင်းနှင့် ပြည့်စုံခြင်း၊ ၂။ ဖလသမ္ပတ္တိ– ဉာဏ, ပဟာန, အာနုဘာဝ, ရူပကာယ, သမ္ပဒါလေးပါးတို့ကို ရရှိခြင်းဟု ဆိုအပ်သော အကျိုးနှင့် ပြည့်စုံခြင်း၊ ၃။ သတ္တူပကာရသမ္ပတ္တိ– ဒေဝဒတ်စသော ဆန့်ကျင်ဘက် ပုဂ္ဂိုလ်တို့၏ သော်မှ အကျိုးစီးပွားကို အလိုရှိခြင်း, ကွန်ဒြေမရင့်ကျက်သေးသော ပုဂ္ဂိုလ်တို့၏ ကွန်ဒြေရင့်ကျက်မှုကို ဆိုင်းငံ့ခြင်း နိယျာနိကဓမ္မဒေသနာကို ဟော ပြောခြင်း စသည်ဖြင့် သတ္တဝါတို့အား ကျေးဇူးပြုခြင်းနှင့် ပြည့်စုံခြင်း။ (ဝိသုဒ္ဓိ၊ဋီ၊၁။၂၆၄။)

ဘုရားစကားတော် ၂ မျိုး ၁။ ဓမ္မ– သုတ်,အဘိဓမ္မာ၊ ၂။ ဝိနယ– ဝိနည်း။ (ဝိ၊၆၊၁။၁၃။) (ဒီ၊၆၊၁။၁၆။) (ဒီ၊၆၊မြန်၊၁။၂၇။)

ဘုရားစကားတော် ၃ မျိုး ၁။ ပဌမဗုဒ္ဓဝစန– ရှေးဦးစွာ ဟောသော ဘုရားစကားတော်၊ အနေက ဇာတိသံသာရံ စသော ဂါထာ (ယဒါ ဟဝေ– စသော ဂါထာ။)၊ ၂။ ပစ္ဆိမဗုဒ္ဓဝစန– နောက်ဆုံး ဟောသော ဘုရားစကားတော်၊ ဟန္ဒ ဒါနိ ဘိက္ခဝေ စသော နောက်ဆုံးစကား၊ ၃။ မဇ္ဈိမ

http://www.dhammadownload.com

ဗုဒ္ဓဝစန– အထက်ပါ စကားနှစ်ခုတို့၏ အကြားခံ ၄၅ ဝါ ပတ်လုံး ဟောကြားအပ်သော တရားစကားတော်များ။ (ဝိ၊၆၊၁။၁၄။) (ဒီ၊၆၊မြန်၊၁။၂၇။)

ဘုရားစကားတော်၏ အင်္ဂါ ၉ ပါး ၁။ ဥဘတောဝိဘင်္ဂနိဒ္ဒေသ, ခန္ဓက, ပရိဝါ, သုတ္တနိပါတ်၌ မင်္ဂလသုတ်, ရတနသုတ်, နာလကသုတ်, တုဝဋ္ဋကသုတ်, အခြားသော သုတ္တအမည်ရသော ဘုရားစကားတော် တည်းဟူသော သုတ္တ၊ ၂။ ဂါထာပါရှိသော သုတ်အားလုံး, အထူးသဖြင့် သဲယုတ်နိကာယ်၌ သဂါထာဝဂ္ဂအားလုံး တည်းဟူသော ဂေယျ၊ ၃။ အဘိဓမ္မပိဋကအားလုံး, ဂါထာမဲ့သုတ်အားလုံး, အခြားသော အင်္ဂါရှစ်ပါးတို့ဖြင့် မရေတွက်အပ်သော ဘုရားစကားတော် တည်းဟူသော ဝေယျာကရိဏ်း၊ ၄။ ဓမ္မပဒ, ထေရဂါထာ, ထေရီဂါထာ, သုတ္တနိပါတ်၌ သုတ်ဟု အမည်မရသော ဂါထာသက်သက်ဖြစ်သော ဘုရားစကားတော်တည်းဟူသော ဂါထာ၊ ၅။ သောမနဿဝေဒနာနှင့် ယှဉ်သော ဉာဏ်ကြောင့်ဖြစ်သော ဂါထာတို့နှင့် စပ်ကုန်သော ရှစ်ဆယ့်နှစ်သုတ်ကုန်သော ဘုရားစကားတော်တည်းဟူသော ဥဒါန်း၊ ၆။ "ဝုတ္တံ ဟေတံ ဘဂဝတာ" ဤသို့အစရှိသော နည်းဖြင့် ဖြစ်သော သုတ်ပေါင်း တစ်ရာဆယ့်နှစ်သုတ် တည်းဟူသော ဣတိဝုတ္တက၊ ၇။ အပဏ္ဏကဇာတ် အစရှိသော ငါးရာ့ငါးဆယ်ဇာတ်တော် တည်းဟူသော ဇာတက၊ ၈။ အံ့ဖွယ်သရဲ, မဖြစ်ဖူးမြဲဖြစ်သော တရားကျေးဇူးတို့နှင့် ယှဉ်ကုန်သော ဘုရားစကားတော်သုတ် အားလုံးတည်းဟူသော အဗ္ဘုတဓမ္မ၊ ၉။ စူဠဝေဒလ္လသုတ်, မဟာဝေဒလ္လသုတ်, သမ္မာဒိဋ္ဌိသုတ်, သက္ကပဉ္ဉသုတ်, သခါရဘာဇနီယသုတ်, မဟာပုဏ္ဏမသုတ် အစရှိကုန်သော အလုံးစုံကုန်သော ပညာကိုလည်းကောင်း၊ နှစ်သက်ခြင်းကိုလည်းကောင်း ရကုန်ရကုန်၍ မေးအပ်သော သုတ်တည်းဟူသော ဝေဒလ္လ။ (ဝိ၊၆၊၁။၂၂။) (ဒီ၊၆၊၁။ ၂၄–၂၅။) (အဘိ၊၆၊၁။၂၇။) (ဒီ၊၆၊မြန်၊၁။၄၃။)

ဘုရားဆုတောင်း ပြည့်ကြောင်း အင်္ဂါ ၈ ပါး ၁။ လူသားစင်စစ် ဖြစ်ရခြင်း၊ ၂။ ယောကျ်ားဓါ၏ လိင်သဏ္ဌာန်နှင့် ပြည့်စုံရခြင်း၊ ၃။ အားကြီးသော ကောင်းမှုအကြောင်းနှင့် ပြည့်စုံရခြင်း၊ ၄။ ဘုရားရှင်ကို ဖူးတွေ့ရခြင်း၊ ၅။ ရသေ့ရဟန်းဖြစ်ရခြင်း၊ ၆။ စွာန်အဘိညာဉ်တရားနှင့် ပြည့်စုံရခြင်း၊ ၇။ လွန်ကဲသော ကောင်းမှုကုသိုလ် ပါရမီ အဆောက်အဦးရှိရခြင်း၊ ၈။ ဘုရားဖြစ်လိုသော ဆန္ဒ ပြင်းပြရခြင်း။ (သုတ္တနိ၊၆၊၁။၄၃။)

ဘုရားဆုပန်နိုင်ရန် စွမ်းအားကြီး ၄ မျိုး ၁။ ယောကျ်ားမြတ်သည် တရား၌ ရှိသေလေးစားသော ဓမ္မဂါရဝစိတ်ဖြင့် မိမိကိုယ်စွမ်းကို အမှီပြုကာ သမ္မာသမ္ဗောဓိခေါ်သော သဗ္ဗညုတဉာဏ်၌ အလွန်အမင်း စိတ်ညွတ်နေခြင်း အဗျတ္တိကဇလ၊ ၂။ ပြင်ပလောက သူတစ်ပါးကို အမှီပြုကာ သမ္မာသမ္ဗောဓိခေါ်သဗ္ဗညုတဉာဏ်၌ အလွန်အမင်း အမှန်အကန် စိတ်ညွတ်နေခြင်း တည်းဟူသော ဇာဟိရဇလ၊ ၃။ အရဟတ္တမဂ်ဉာဏ်ကို ရရှိဖို့ အားကြီးသော အကြောင်း၏ ပြည့်စုံခြင်းကို အကြောင်းပြု၍ သဗ္ဗညုတဉာဏ်၌ အလွန်အမင်း အမှန်အကန် စိတ်ညွတ်နေခြင်းတည်းဟူသော ဥပနိဿယဇလ၊ ၄။ သဗ္ဗညုတဉာဏ်ကို ရနိုင်စေလောက်အောင် ပြောင်မြောက်သော လုံလဝီရိယနှင့် ပြည့်စုံခြင်း ဥပနိဿယ အဓိကာရ ကုသိုလ်များကို ရှိရှိသေသေ အမြဲပြုကျင့်ခြင်း တည်းဟူသော ပယောဂဇလ။ (သီ၊ဋ္ဌိ၊သစ်၊၁။၂၅၇။)

http://www.dhammadownload.com

ဘုရားဆုပန်နိုင်ရန် အကြောင်းရင်း ၄ မျိုး ၁။ ဘုရားဆုပန်မည့် ယောကျ်ားမြတ်သည် ရှေးရှေး ဘုရားရှင်တို့ အထံ၌ အဓိကာရ ကောင်းမှုကုသိုလ်ထူးကို ပြုခဲ့ဖူးခြင်း တည်းဟူသော မဂ်ဉာဏ်, ဖိုလ်ဉာဏ်၏ အားကြီးသော အကြောင်း၏ ပြည့်စုံခြင်း၊ ၂။ ပင်ကိုအားဖြင့် ကရုဏာဓာတ်ခံ ကြီးမားခြင်း, မိမိ၏ ကိုယ်နှင့် အသက်ကိုပင် စွန့်၍ သတ္တဝါတို့၏ ဒုက္ခကို ပယ်ရှားလိုခြင်း ဟူသော ကရုဏာ၏ ပြည့်စုံခြင်း၊ ၃။ ယောကျ်ားမြတ်သည် မိမိ အလိုရှိအပ်သည့် ဘုရား အဖြစ်တည်းဟူသော အကျိုးပြီးစီးသည့်တိုင်အောင် အလွန်ကြာမြင့်စွာ အားထုတ်ရသော်လည်း ဝဋ်ဒုက္ခနှင့် တကွ သတ္တဝါတို့၏ အစီးအပွားအလို့ငှာ ခဲယဉ်းလှသော အကျင့်တို့ကို ကျင့်ရခြင်း တို့မှ မငြီးငွေ့ခြင်း, မကြောက်ခြင်းဟူသော လုံ့လ ဥဿာဟ၏ ပြည့်စုံခြင်း၊ ၄။ ယောကျ်ား မြတ်သည် အစီးအပွားမဲ့မှ မြစ်တား၍ အစီးအပွား၌ ယှဉ်စေသည့် မိတ်ဆွေကောင်းကို မှီခို ဆည်းကပ်ခြင်းတည်းဟူသော မိတ်ဆွေကောင်း၏ ပြည့်စုံခြင်း။ (သီ၊ဋီ၊သစ်၊၁။၂၅၅။)

ဘုရားဆုပန်နိုင်သော အထောက်အပံ့ကောင်း ၄ မျိုး ၁။ ဘုရားဆုပန်မည့် ယောကျ်ားမြတ်သည် သက်တော်ထင်ရှားရှိသော ဘုရားကိုယ်တော်တိုင် ကြီးစွာသော ဘုရားအာနုဘော်ဖြင့် ပြာဋိဟာရှု ပြုတော်မူသည်ကို ကိုယ်တိုင် ဖူးမြင်ရသောအခါ "သဗ္ဗညုတဉာဏ်တော်သည် အာနုဘော် ကြီးစွတကား၊ သဗ္ဗညုတဉာဏ်ကို ရတော်မူခြင်းကြောင့် မြတ်စွာဘုရားသည် ဤသို့ အံ့ဖွယ် ထူးကဲသော သဘောရှိပေသည်၊ မကြေစည်နိုင်သော အာနုဘော်လည်း ရှိတော်မူပေသည်"ဟု ဆင်ခြင်ပြီးလျှင် ထိုကိုယ်တွေ့မျက်မြင်ဖြစ်သည့် ဘုရားအာနုဘော်ကို အကြောင်းပြု၍ သဗ္ဗညုတ ဉာဏ်၌ စိတ်ညွတ်တတ်ခြင်း၊ ၂။ ကိုယ်တိုင်ပင် ဘုရားရှင်ကို မဖူးမြင်ရသော်လည်း "မြတ်စွာ ဘုရားသည် ဤသို့ ဤသို့သော အာနုဘော်နှင့် ပြည့်စုံတော်မူပေ၏"ဟု သူတစ်ပါးထံမှ တစ်ဆင့်ကြားရသည်ကို အကြောင်းပြု၍လည်း သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်တတ်ခြင်း၊ ၃။ မြတ်စွာဘုရား၏ အာနုဘော်ကို ကိုယ်တိုင်လည်း မမြင်ရ, သူတစ်ပါးထံမှလည်း မကြားရ စေကာမူ မြတ်စွာဘုရား ဟောကြားအပ်သည့် ဘုရားအာနုဘော်နှင့်စပ်သော တရားကို ကြားနာ ရ၍လည်း သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်တတ်ခြင်း၊ ၄။ ရှေး၌ ဆိုခဲ့သော အကြောင်းသုံးပါး မရှိသော်လည်း ဘုရားဆုပန်လိုသော ယောကျ်ားမြတ်ကိုယ်တိုင်က အလွန်မြင့်မြတ်သော နှလုံးသွင်းဓာတ်ခံ ရှိသည့်အတွက် "ငါသည် ထိုမြတ်စွာဘုရားတို့၏ အနွယ်အဆက် ထုံးတမ်း စဉ်လာ ဓမ္မတာကို မကွယ်မပျောက်အောင် စောင့်ရှောက်ပေးအံ့"ဟု တရားကို အလွန်ရိုသေ ကော်ရော် ပူဇော်လျက် ထိုဓမ္မဂရုစိတ်ကို အကြောင်းပြု၍ သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်တတ်ခြင်း။ (သီ၊ဋီ၊သစ်၊၁။၂၅၄။)

ဘုရားဆုပန်ပုဂ္ဂိုလ်များ ပြည့်စုံရမည့် အင်္ဂါ ၈ ပါး ၁။ မနုဿတ္တ– လူသား စင်စစ် ဖြစ်ရခြင်း၊ ၂။ လိင်္ဂသမ္ပတ္တိ– ပုရိသလိင်နှင့် ပြည့်စုံခြင်း (ယောကျ်ားစင်စစ် ဖြစ်ရခြင်း)၊ ၃။ ဟေတု– ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်ခြင်း၏အကြောင်း ကောင်းမှု ရှိရခြင်း၊ ၄။ သတ္ထာရဒဿန– သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊ ၅။ ပဗ္ဗဇ္ဇာ– သာသနာ့ဝန်ထမ်း ရသေ့ရဟန်း ဖြစ်ရခြင်း၊ ၆။ ဂုဏသမ္ပတ္တိ– အဘိညာဉ်သမာပတ်ဟူသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံရခြင်း၊ ၇။ အဓိကာရော– ဘုရားရှင်အား ကိုယ်အသက်ကို စွန့်လှူခြင်းဟု ဆိုအပ်သော လွန်ကဲသော ကုသိုလ်ကောင်းမှု ရှိခြင်း၊ ၈။ ဆန္ဒတာ– ဘုရားဖြစ်ကြောင်း ပါရမီတို့ကို ဖြည့်ကျင့်ရာ၌

http://www.dhammadownload.com

လွန်ကဲသော သမ္မာဆန္ဒ ရှိခြင်း။ (အံ၊၆၊၁။၃၆၂။) (အဘိ၊၆၊၁။၇၁။) (အဘိ၊၆၊၂။၄၁၈။) (ဥဒါန၊၆။၁၁၇။) (ဣတိဝု၊၆။၁၁၅။) (အပ၊၆၊၁။၁၅၆။) (အပ၊၆၊၁။၁၈။) (အပ၊၆၊၁။၅၅။) (စရိယာ၊၆။၁၆။) (စရိယာ၊၆။၂၇၄။) (ဇာ၊၆၊၁။၁၇။)

ဘုရားနှစ်ဆူ တစ်ပြိုင်နက် မပွင့်ကြောင်း ၃ ပါး ၁။ ထူးဆန်း အံ့ဩဖွယ်ဖြစ်မှု မရှိတော့ခြင်း၊ ၂။ ဘုရားရှင်နှစ်ဆူ ဟောတော်မူသော တရားတော်များ၏ ထူးခြားမှု မရှိခြင်း၊ ၃။ နှစ်ဆူသော ဘုရားရှင်တို့၏ တပည့်များ အချင်းချင်း ငြင်းခုံမှု ဖြစ်နိုင်ခြင်း။ (အံ၊၆၊၁။၃၅၉။)

ဘုရားဖြစ်ကြောင်း တရား ၁၀ ပါး ပါရမီ ၁၀ ပါးနှင့် တူသည်။

ဘုရားဖြစ်ကြောင်း ၄ ပါး ၁။ ပါရမီစာဂစရိယတို့ကို မဆုတ်မနစ် အားသစ်ကြိုးစားခြင်း လုံ့လ ဥဿာဟ၊ ၂။ သဗ္ဗညုတဉာဏ် အဆောက်အဦတို့၌ ဖြစ်သော ဥပါယကောသလ္လဉာဏ်၊ ၃။ ဘုရားဖြစ်ကြောင်း တရားတို့၌ ခိုင်ခိုင်မာမာ ဆောက်တည်ခြင်း၊ ၄။ မေတ္တာဘာဝနာနှင့် ကရုဏာဘာဝနာ တည်းဟူသော ဟိတစရိယ။ (သုတ္တနိ၊၆၊၁။၄၅။) (အပ၊၆၊၁။၁၅၈။) (ဒီ၊ဋ္ဌ၊၁။၇၃။) (သီ၊ဋ္ဌ၊သစ်၊၁။၂၅၉။) (သီ၊ဋ္ဌ၊သစ်၊၁။၂၅၉။)

ဘုရားမပွင့်သည့်အမျိုးအနွယ် ၂ မျိုး ၁။ ဝေဿကုလ- ကုန်သည် လယ်သမားမျိုး၊ ၂။ သုဒ္ဓကုလ- သူဆင်းရဲမျိုး။ (အပ၊၆၊၁။၆၀။)

ဘုရားရှင် ၁ ဆူ (ဤဘဒ္ဒကမ္ပမှ ကမ္ဘာတစ်သိန်းအထက်၌ ပွင့်တော်မူသော ဘုရားရှင် ၁ ဆူ) ၁။ ပဒုမုတ္တရဘုရားရှင်၊ (ဒီ၊၆၊၂။၄။) (အဘိ၊၆၊၁။၆၄။) (ဒီ၊၆၊မြန်၊၂။၇။)

ဘုရားရှင် ၁ ဆူ (ဘဒ္ဒကမ္ပမှ အထက် ကိုးဆယ့်လေးကပ်ကမ္ဘာ၌ ပွင့်တော်မူပြီး ဘုရားရှင် ၁ ဆူ) ၁။ သိဒ္ဓတ္ထဘုရားရှင်။ (ဒီ၊၆၊၂။၅။) (အဘိ၊၆၊၁။၆၇။) (ဒီ၊၆၊မြန်၊၂။၈။)

ဘုရားရှင် ၁ ဆူ (ဤဘဒ္ဒကမ္ပမှ ကိုးဆယ့်တစ်ကမ္ဘာ၌ ပွင့်တော်မူသော ဘုရားရှင် ၁ ဆူ) ၁။ ဝိပဿီဘုရားရှင်။ (ဒီ၊၆၊၂။၅။) (အဘိ၊၆၊၁။၆၉။) (ဒီ၊၆၊မြန်၊၂။၈။)

ဘုရားရှင် ၂ ဆူ (ဤဘဒ္ဒကမ္ပမှ ကမ္ဘာသုံးသောင်းအထက်၌ ပွင့်တော်မူသော ဘုရားရှင် ၂ ဆူ) ၁။ သုမေဓဘုရားရှင်၊ ၂။ သုဇာတဘုရားရှင်။ (ဒီ၊၆၊၂။၄။) (အဘိ၊၆၊၁။၆၅။) (ဒီ၊၆၊မြန်၊၂။၇-၈။)

ဘုရားရှင် ၂ ဆူ (ဤဘဒ္ဒကမ္ပမှ ကိုးဆယ့်နှစ်ကမ္ဘာ၌ ပွင့်တော်မူသော ဘုရားရှင် ၂ ဆူ) ၁။ တိဿဘုရားရှင်၊ ၂။ ဖုဿဘုရားရှင်။ (ဒီ၊၆၊၂။၅။) (ဒီ၊၆၊မြန်၊၂။၈။)

ဘုရားရှင် ၂ ဆူ (ဤဘဒ္ဒကမ္ပမှ သုံးဆယ့်တစ်ကမ္ဘာ၌ ပွင့်တော်မူသော ဘုရားရှင် ၂ ဆူ) ၁။ သိခီဘုရားရှင်၊ ၂။ ဝေဿဘူဘုရားရှင်။ (ဒီ၊၆၊၂။၅။) (အဘိ၊၆၊၁။၆၉။) (ဗုဒ္ဓဝံ၊၆။၂၈၅။) (ဒီ၊၆၊မြန်၊၂။၈။)

ဘုရားရှင် ၂ ဆူ (ဘဒ္ဒကမ္ပမှ အထက် ကိုးဆယ့်နှစ်ကပ်ကမ္ဘာ၌ ပွင့်တော်မူပြီး ဘုရားရှင် ၂ ဆူ) ၁။ တိဿမြတ်စွာဘုရား၊ ၂။ ဖုဿမြတ်စွာဘုရား (အဘိ၊၆၊၁။၆၈။)

ဘုရားရှင် ၂ ဆူ (မဏ္ဍကမ္ပာ၌ ပွင့်တော်မူသော ဘုရားရှင် ၂ ဆူ) ၁။ တိဿဘုရားရှင်၊ ၂။ ဖုဿဘုရားရှင်။ (ဗုဒ္ဓဝံ၊၆။၂၆၇။)

http://www.dhammadownload.com

ဘုရားရှင် ၂၈ ဆူ ၁။ တဏှင်္ကရ မြတ်စွာဘုရား၊ ၂။ မေဓင်္ကရ မြတ်စွာဘုရား၊ ၃။ သရဏင်္ကရ မြတ်စွာဘုရား၊ ၄။ ဒီပင်္ကရ မြတ်စွာဘုရား၊ ၅။ ကောဏ္ဍည မြတ်စွာဘုရား၊ ၆။ မင်္ဂလ မြတ်စွာဘုရား၇။ သုမန မြတ်စွာဘုရား၊ ၈။ ရေဝတမြတ်စွာဘုရား၊ ၉။ သောဘိတ မြတ်စွာဘုရား၊ ၁၀။ အနောမဒဿီ မြတ်စွာဘုရား၊ ၁၁။ ပဒုမ မြတ်စွာဘုရား၊ ၁၂။ နာရဒ မြတ်စွာဘုရား၊ ၁၃။ ပဒုမုတ္တရ မြတ်စွာဘုရား၊ ၁၄။ သုမေဓ မြတ်စွာဘုရား၊ ၁၅။ သုဇာတ မြတ်စွာဘုရား၊ ၁၆။ ပိယဒဿီ မြတ်စွာဘုရား၊ ၁၇။ အတ္ထဒဿီ မြတ်စွာဘုရား၊ ၁၈။ ဓမ္မဒဿီ မြတ်စွာဘုရား၊ ၁၉။ သိဒ္ဓတ္ထ မြတ်စွာဘုရား၊ ၂၀။ တိဿ မြတ်စွာဘုရား၊ ၂၁။ ဖုဿ မြတ်စွာဘုရား၊ ၂၂။ ဝိပဿီ မြတ်စွာဘုရား၊ ၂၃။ သိခီမြတ်စွာဘုရား၊ ၂၄။ ဝေဿဘူမြတ်စွာဘုရား၊ ၂၅။ ကကုသန္ဓ မြတ်စွာဘုရား၊ ၂၆။ ကောဏာဂမန မြတ်စွာဘုရား၊ ၂၇။ ကဿပ မြတ်စွာဘုရား၊ ၂၈။ ဂေါတမ မြတ်စွာဘုရား။ (တ, မေ, သ, ဒီ၊ ကောဏ်, မင်, သု, ရေ၊ သော, အ, ပ, နာ၊ ပ, သု, သု, ပိ၊ အတ်, ဓမ်, သိ, တိ၊ ဖု, ဝိ, သိ, ဂေ၊ က, ကော, ကဿ်, ဂေါ, နမာမဟံ-နှစ်ကျိပ်ရှစ်ဆူ ဘုရားရှိခိုးအကျဉ်း ဖြစ်သည်)။ (ဇာ၊၆၊၁။၅၂။) (အပ၊၂။၃၈၁။) (အပ၊မြန်၊ ၂။၃၈၁။)

ဘုရားရှင် ၃ ဆူ (ဤဘဒ္ဒကမ္ပာမှ တစ်အသင်္ချေ် ကမ္ပာတစ်သိန်းအထက်၌ ပွင့်တော်မူသော ဘုရားရှင် ၃ ဆူ) ၁။ အနောမဒဿီဘုရားရှင်၊ ၂။ ပဒုမဘုရားရှင်၊ ၃။ နာရဒဘုရားရှင်။ (ဒီ၊၆၊၂။၄။) (အဘိ၊၆၊၁။၆၃။) (ဒီ၊၆၊မြန်၊၂။၇။)

ဘုရားရှင် ၃ ဆူ (ဤဘဒ္ဒကမ္ပာမှ ကမ္ပာတစ်သောင်းရှစ်ထောင်အထက်၌ ပွင့်တော်မူသော ဘုရားရှင် ၃ ဆူ) ၁။ ပိယဒဿီဘုရားရှင်၊ ၂။ အတ္ထဒဿီဘုရားရှင်၊ ၃။ ဓမ္မဒဿီဘုရားရှင်။ (ဒီ၊၆၊၂။၅။) (အဘိ၊၆၊၁။၆၆။) (ဒီ၊၆၊မြန်၊၂။၄-၅၊၈။)

ဘုရားရှင် ၃ ဆူ (ဝရကမ္ပာ၌ ပွင့်တော်မူသော ဘုရားရှင် ၃ ဆူ) ၁။ ပိယဒဿီဘုရားရှင်၊ ၂။ အတ္ထဒဿီဘုရားရှင်၊၃။ ဓမ္မဒဿီဘုရားရှင်။ (ဗုဒ္ဓဝံ၊၆။၂၄၅။)

ဘုရားရှင် ၄ ဆူ (ကောဏ္ဍညဘုရားရှင် ပွင့်တော်မူပြီး ကမ္ပာတစ်အသင်္ချေ်ကို လွန်သော အခါ၌ ပွင့်တော်မူပြီး ဘုရားရှင် ၄ ဆူ) ၁။ မင်္ဂလမြတ်စွာဘုရား၊ ၂။ သုမနမြတ်စွာဘုရား၊ ၃။ ရေဝတ မြတ်စွာဘုရား၊ ၄။ သောဘိတမြတ်စွာဘုရား။ (အဘိ၊၆၊၁။၅၇။)

ဘုရားရှင် ၄ ဆူ (ဘဒ္ဒကမ္ပာ၌ ပွင့်တော်မူပြီး ဘုရားရှင် ၄ ဆူ) ၁။ ကကုသန္ဓ၊ ၂။ ကောဏာဂမန၊ ၃။ ကဿပ၊ ၄။ ဂေါတမ။ (ဒီ၊၂။၂။) (အဘိ၊၆၊၁။၇၀။) (ဒီ၊မြန်၊၂။၂။)

ဘုရားရှင် ၅ ဆူ (ဤဘဒ္ဒကမ္ပာ၌ ပွင့်တော်မူသော ဘုရားရှင် ၅ ဆူ) ၁။ ကကုသန္ဓဘုရားရှင်၊ ၂။ ကောဏာဂမနဘုရားရှင်၊ ၃။ ကဿပဘုရားရှင်၊ ၄။ ဂေါတမဘုရားရှင်၊ ၅။ ပွင့်လတ္တံ့ မေတ္တေယျဘုရားရှင်။ (ဒီ၊၆၊၂။၅။) (ဗုဒ္ဓဝံ၊၆။၂၉၆။) (ဒီ၊၆၊မြန်၊၂။၈။)

ဘုရားရှင်ကို စွပ်စွဲသူ ၂ မျိုး ၁။ အရှင်၌ ဒေါသကိန်း၍ ဒေါသသာ ဖျက်ဆီးအပ်သော သူ၊ ၂။မကောင်းသောယူခြင်းဖြင့် ယူသောသဒ္ဓါလွန်ကဲသူ။(တစ်နည်း)၁။မြတ်စွာဘုရားမဟောပြော အပ်သည်ကို မြတ်စွာဘုရား ဟောပြောအပ်သည်ဟု ပြသူ၊ ၂။ မြတ်စွာဘုရား ဟောပြော အပ်သည်ကို မြတ်စွာဘုရား မဟောပြောအပ်ဟူ၍ ပြသူ။ (တစ်နည်း) ၁။ ဆောင်၍ သိအပ်သော အနက်ရှိသော နေယျတ္ထသုတ်ကို တိုက်ရိုက်သိအပ်သော အနက်ရှိသော နီတတ္ထသုတ်ဟု ပြသူ၊

http://www.dhammadownload.com

၂။ တိုက်ရိုက်သိအပ်သော အနက်ရှိသော နိတ္ထသုတ်ကို ဆောင်၍ သိအပ်သော အနက်ရှိသော နေယျတ္ထသုတ်ဟု ပြသူ။ (အံ၊၁။၆၁။) (အံ၊မြန်၊၁။၇၃။)

ဘုရားရှင်ကို တပည့်သာဝကတို့ ရှိသေလေးမြတ် ပူဇော်မှုပြုကြောင်း တရား ၅ မျိုး ၁။ ဘုရားရှင်သည် လွန်မြတ်သော သီလ ရှိခြင်း၊ ၂။ အလွန် နှစ်လိုဖွယ်ကောင်းသော သဗ္ဗညုတ ဉာဏ် အမြင် ရှိခြင်း၊ ၃။ လွန်မြတ်သော ဌာနုပ္ပတ္တိပညာ ရှိခြင်း၊ ၄။ အရိယာသစ္စာ လေးပါး တရားမြတ်ကို မေးကြကုန်သော တပည့်သာဝကတို့၏ စိတ်ကို ဘုရားရှင်သည် ထိုအရိယသစ္စာ တရားမြတ်တို့ကို ဖြေကြားတော်မူသောအားဖြင့် နှစ်သက်စေခြင်း၊ ၅။ ဘုရားရှင်သည် တပည့်သာဝကတို့အား ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါး အစရှိသော အကျင့်တရား တို့ကို ဟောကြားတော်မူခြင်း။ (မ၊၂။၂၀၁။) (မ၊မြန်၊၂။၂၁၃-၂၁၄။)

ဘုရားရှင်ကို ပေါ်ဌပါဒပရိဗိုဇ် မေးသော ပြဿနာ ၂ ရပ် ၁။ သညာ၏ ချုပ်ခြင်း၊ ၂။ သညာ ချုပ်ရာမှ ထခြင်း။ (ဒီ၊၅၊၁။၃၀၀။) (ဒီ၊၅၊မြန်၊၁။၅၈၃။)

ဘုရားရှင်ကို မစ္ဆပ်စွဲသူ ၂ မျိုး ၁။ ဆောင်၍ သိအပ်သော အနက်ရှိသော နေယျတ္ထသုတ်ကို ဆောင်သိအပ်သော အနက်ရှိသော နေယျတ္ထသုတ်ဟု ပြသူ၊ ၂။ တိုက်ရိုက်သိအပ်သော အနက်ရှိသော နိတ္ထသုတ်ကို တိုက်ရိုက် သိအပ်သော အနက်ရှိသော နိတ္ထသုတ်ဟု ပြသော သူ။ (အံ၊၁။၆၁။) (အံ၊မြန်၊၁။၇၃။)

ဘုရားရှင်နှင့် တပည့်သာဝကတို့ကို ရည်စူး၍ သူ့အသက်သတ်သူ၏ မကောင်းမှု ဖြစ်ကြောင်း ၅ မျိုး ၁။ "သွားကြလော့၊ ဤမည်သော သတ္တဝါကို ဆောင်ခဲ့ကြလော့"ဟု ပြောဆို ခိုင်းစေမှုကြောင့် မကောင်းမှု များစွာ ဖြစ်ပွားခြင်း၊ ၂။ လည်ဋ္ဌ ကြိုးချည် ရစ်ပတ်ဆွဲငင် ခံရသော သတ္တဝါသည် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းကို ခံစားရသောကြောင့် မကောင်းမှု များစွာ ဖြစ်ပွားခြင်း၊ ၃။ "သွားကြလော့၊ ဤသတ္တဝါကို သတ်ကြလော့"ဟု ပြောဆိုမှုကြောင့် မကောင်းမှု များစွာ ဖြစ်ပွားခြင်း၊ ၄။ ထိုသတ္တဝါသည် အသတ်ခံရသော် ကိုယ်စိတ်ဆင်းရဲခြင်းကို ခံစားရသောကြောင့် မကောင်းမှု များစွာ ဖြစ်ပွားခြင်း၊ ၅။ သားသတ်သူသည် ဘုရားရှင်ကို သော်လည်းကောင်း ဘုရားရှင်၏ တပည့်သာဝကကိုသော်လည်းကောင်း မအပ်သော အသားဖြင့် ကဲ့ရဲ့ထိပါး ပုတ်ခတ် စကားပြောဆိုလာသောကြောင့် မကောင်းမှု များစွာ ဖြစ်ပွားခြင်း။ (မ၊၂။၃၄။) (မ၊မြန်၊၂။၃၉။)

ဘုရားရှင် ခွင့်ပြုအပ်သော ဗူး ခွက် ၃ မျိုး ၁။ သံဗူး၊ ၂။ သစ်သားဗူး၊ ၃။ သစ်သီးဗူး။ (ဝိ၊၆၊၃။၃၈၅။)

ဘုရားရှင် တရားဟောကြောင်း တရား ၁၀ ပါး ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ခြင်း၊ ၃။ ဆည်းကပ်ခြင်း၊ ၄။ မေးမြန်းခြင်း၊ ၅။ နားစိုက်ကြားနာခြင်း၊ ၆။ နာကြားပြီးတရားကို ဆောင်ခြင်း၊ ၇။ ဆောင်အပ်ပြီးသော တရားတို့၏ အနက်အဓိပ္ပါယ်ကို ဆင်ခြင်ခြင်း၊ ၈။ အနက်ပါဠိကို သိ၍ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း၊ ၉။ ပြည်ကြီးသူတို့၏ စကားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၁၀။ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် အကျိုး ရှိစေသူ ဖြစ်ခြင်း။ (အံ၊၃။၃၇၉။) (အံ၊မြန်၊၃။၃၇၆။)

http://www.dhammadownload.com

ဘုရားရှင် တာဒီမည်ကြောင်း ၅ ပါး ၁။ နှစ်သက်အပ်သော အာရုံ, မနှစ်သက်အပ်သော အာရုံ၌ သည်းခံခြင်းရှိတော်မူခြင်း၊ ၂။ ကိလေသာတို့ကို ပျို့အန်တော်မူပြီးရှိခြင်း၊ ၃။ ကိလေသာတို့ကို စွန့်ပယ်တော်ပြီးရှိခြင်း၊ ၄ သံသရာမှ ကူးမြောက်တော်မူပြီးရှိခြင်း၊ ၅။ ထိုဂုဏ်တော်တို့ဖြင့် ဟုတ်မှန်သောအားဖြင့် ညွှန်ပြအပ်ပြီး ဖြစ်ခြင်း။ (မ၊ဌ၊၃။၂၃ဖ။)

ဘုရားရှင် တောရကျောင်းများကို မှီဝဲတော်မူကြောင်း ၂ ပါး ၁။ မိမိ၏ မျက်မှောက်ဘဝ၌ လွတ်လွတ်လပ်လပ် ချမ်းသာစွာ နေရခြင်း၊ ၂။ နောင်လာနောင်သား လူအများကို အစဉ် သနားစောင့်ရှောက်တော်မူလိုခြင်း(အတုလိုက်စေလိုခြင်း။) (မ၊၁။၂၈။) (မ၊မြန်၊၁။၂၂။)

ဘုရားရှင်တို့ ကျောင်းသို့ ဝင်တော်မူကြောင်း ၂ ပါး ၁။ ပုဂ္ဂိုလ်ကို ချီးမွမ်းတော်မူလိုခြင်း၊ ၂။ တရားကို ချီးမွမ်းတော်မူလိုခြင်း။ (မ၊ဌ၊၁။၁၀၂။)

ဘုရားရှင်တို့ ကြောင့်ကြမဲ့ နေတော်မူရန် စိတ်ဖြစ်ပေါ်လာရကြောင်း ၃ ပါး ၁။ သမ္မာပဋိပတ် အကျင့်မြတ်၏ ဆန့်ကျင်ဘက်ဖြစ်သော ရာဂ ဒေါသ စသော ကိလေသာတို့၏ အားကြီးသည် ဖြစ်ခြင်း၊ ၂။ တရားဒေသနာတော်သည် လွန်စွာ ခက်ခဲနက်နဲတော်မူခြင်း၊ ၃။ တရားတော်တို့၌ ဘုရားရှင်တို့သည် လွန်လွန်ကဲကဲ ရိုသေတော်မူခြင်း။ (ဒီ၊ဋ္ဌ၊၂။ဖ၁။)

ဘုရားရှင်တို့ စောင့်ရှောက်ဖွယ် မလိုသော တရား ၄ မျိုး ၁။ ဘုရားရှင်တို့သည် စင်ကြယ်သော ကိုယ်အကျင့် ရှိတော်မူသောကြောင့် ကာယဒုစရိုက်မှုကို စောင့်ရှောက်ဖွယ် မလိုခြင်း၊ ၂။ စင်ကြယ်သော နှုတ်အကျင့် ရှိတော်မူသောကြောင့် ဝစီဒုစရိုက်မှုကို စောင့်ရှောက်ဖွယ် မလိုခြင်း၊ ၃။ စင်ကြယ်သော စိတ်အကျင့် ရှိတော်မူသောကြောင့် မနောဒုစရိုက်မှုကို စောင့်ရှောက်ရန် မလိုခြင်း၊ ၄။ စင်ကြယ်သော အသက်မွေးမှု ရှိတော်မူသောကြောင့် မိစ္ဆာဇီဝမှုကို စောင့်ရှောက်ရန် မလိုခြင်း။ (အံ၊၂။၄၅၉။) (မ၊ဌ၊၂။၂၈၀။) (သံ၊ဌ၊၁။၂၅၄။) (အံ၊မြန်၊၂။၅၈၀။)

ဘုရားရှင်တို့ တစ်ပါးတည်း ကိန်းအောင်းတော်မူခြင်း အကျိုး ၂၈ မျိုး ၁။ မိမိကိုယ်ကို စောင့်ရှောက်ခြင်း၊ ၂။ အသက်ကို တိုးပွားစေခြင်း၊ ၃။ ကိုယ်အား ဉာဏ်အားကို ပေးခြင်း၊ ၄။ အပြစ်ဒေါသကို ပိတ်ပင်ခြင်း၊ ၅။ ကျော်စောမဲ့ကို ပယ်နိုင်ခြင်း၊ ၆။ အကျော်အစောကို ဆောင်နိုင်ခြင်း၊ ၇။ မမွေ့လျော်ခြင်းကို ပယ်ဖျောက်နိုင်ခြင်း၊ ၈။ မွေ့လျော်ခြင်းကို ဆောင်ခြင်း၊ ၉။ ကြောက်လန့်ခြင်းကို ပယ်နိုင်ခြင်း၊ ၁၀။ ရဲရင့်ခြင်းကို ပြုခြင်း၊ ၁၁။ ပျင်းရိခြင်းကို ပယ်နိုင်ခြင်း၊ ၁၂။ လုံ့လကို ဖြစ်စေခြင်း၊ ၁၃။ ရာဂကို ပယ်နိုင်ခြင်း၊ ၁၄။ ဒေါသကို ပယ်နိုင်ခြင်း၊ ၁၅။ မောဟကို ပယ်နိုင်ခြင်း၊ ၁၆။ မာနကို ပယ်သတ်နိုင်ခြင်း၊ ၁၇။ ဝိတက်ကို ချိုးဖျက်နိုင်ခြင်း၊ ၁၈။ စိတ်ကို တည်ကြည်အောင် ပြုနိုင်ခြင်း၊ ၁၉။ စိတ်ကို ပျော့ပျောင်းစေနိုင်ခြင်း၊ ၂၀။ ကြည်လင်ရွှင်ပြခြင်းကို ဖြစ်စေနိုင်ခြင်း၊ ၂၁။ လေးမြတ်သည်ကို ပြုနိုင်ခြင်း၊ ၂၂။ လာဘ်ကို ဖြစ်စေနိုင်ခြင်း၊ ၂၃။ ရှိခိုးထိုက်သည်ကို ပြုနိုင်ခြင်း၊ ၂၄။ နှစ်သက်ခြင်းသို့ ရောက်စေနိုင်ခြင်း၊ ၂၅။ ဝမ်းမြောက်ခြင်းကို ပြုနိုင်ခြင်း၊ ၂၆။ သခါရတရားတို့၏ သဘောကို ပြနိုင်ခြင်း၊ ၂၇။ ပဋိသန္ဓေနေခြင်းကို ခွါဖြတ်နိုင်ခြင်း၊ ၂၈။ အလုံးစုံသော ငြိမ်းအေးခြင်းကို ပေးနိုင်ခြင်း။ (မိလိန္ဒ။၁၄၁။) (မိလိန္ဒ၊မြန်။ ၁၅၂။)

ဘုရားရှင်တို့ မစွန့်အပ်သော ဌာန ၄ မျိုး ၁။ ဗောဓိပလ္လင်ဌာန၊၂။ တရားဦး ဓမ္မစကြာဟောရာ မိဂဒါဝုန်တော၊၃။ နတ်ပြည်မှ ဆင်းသက်တော်မူသော အခါ သင်္ကဿနဂိုရ်မြို့၏ တံခါး၌

http://www.dhammadownload.com

ပဌမခြေရာ အမှတ်အသား၊၄။ ဇေတဝန်ကျောင်း ဂန္ဓကုဋိ၏ ညောင်စောင်းခြေလေးချောင်း ထိရာဌာန။ (ဒီ၊ဋ္ဌ၊၂။၁၇။) (ဗုဒ္ဓဝံ၊ဋ္ဌ။၁၅၈။) (ဒီ၊ဋ္ဌ၊မြန်၊၂။၃၁။)

ဘုရားရှင်တို့ တစ်ပါးတည်း ကိန်းအောင်းရကြောင်း ၄ ပါး ၁။ နေထိုင်ရမှု ချမ်းသာခြင်း၊ ၂။ အပြစ်မရှိသော ဂုဏ်ကျေးဇူး များခြင်း၊ ၃။ အလုံးစုံသော ဘုရားရှင်တို့၏ ဓမ္မတာအစဉ် ဖြစ်ခြင်း၊ ၄။ အလုံးစုံသော ဘုရားရှင်တို့ ချီးမွမ်းအပ်ခြင်း။ (မိလိန္ဒ။၁၄၂။) (မိလိန္ဒ၊မြန်။၁၅၃။)

ဘုရားရှင်တို့ မိမိဖန်ဆင်းအပ်သော ပစ္စည်းတို့ကို မမှီဝဲခြင်း အကြောင်း ၂ ပါး ၁။ မြတ်စွာဘုရားသည် မြတ်သောအလှူကို ခံတော်မူထိုက်၏ဟု နှလုံးသွင်း၍ ဘုရားရှင်အား ပစ္စည်းလေးပါးတို့ကို ပေးလှူကုန်သော နတ်လူတို့သည် အလုံးစုံသော ဒုဂ္ဂတိမှ လွတ်မြောက်လတ္တံ့သည်ကို သိမြင်တော်မူခြင်း၊ ၂။ ဘုရားရှင်တို့သည် တန်ခိုးပြာဋိဟာကို ပြ၍ အသက် မွေးကုန်၏ဟု သူတစ်ပါးတို့ ကဲ့ရဲ့စွပ်စွဲမှုမှ ရှောင်ကြဉ်တော်မူလိုခြင်း။ (မိလိန္ဒ။၂၁၉။) (မိလိန္ဒ၊မြန်။၂၃၄။)

ဘုရားရှင်တို့ မေးမြန်းတော်မူခြင်း အကြောင်း ၂ ပါး ၁။ တရား ဟောတော်မူလိုခြင်း၊ ၂။ သိက္ခာပုဒ် ပညတ်တော်မူလိုခြင်း။ (ဝိ၊ဋ္ဌ၊၁။၁၄၈။)

ဘုရားရှင်တို့ လောကကို ကြည့်တော်မူရာကာလ ၂ ပါး ၁။ ဘုရားရှင်တို့သည် နံနက် မိုးသောက်ထ အခါ၌ လောကကို ကြည့်ကုန်သည်ရှိသော် စကြဝဠာအနာရေးမှ စ၍ ဂန္ဓကုဋီသို့ ရှေ့ရှု ဉာဏ်တော်ကို ပြု၍ ကြည့်တော်မူကုန်၏၊ ၂။ ဘုရားရှင်တို့သည် ညအခါ၌ လောကကို ကြည့်ကုန်သည်ရှိသော် ဂန္ဓကုဋီမှ စ၍ စကြာဝဠာသို့ ရှေးရှု ဉာဏ်တော်ကို ပြု၍ ကြည့်တော်မူကုန်၏။ (ဓမ္မ၊ဋ္ဌ၊၁။၂၀၃။)

ဘုရားရှင်တို့အား အန္တရာယ်မပြုနိုင်သော အရာ ၄ မျိုး ၁။ ဘုရားရှင်တို့အား ရည်မှန်း၍ ပို့ဆောင်အပ်ကုန်သော ပစ္စည်းလေးပါးတို့ကို တစ်စုံတစ်ယောက်သော သူသည် အန္တရာယ် မပြုနိုင်၊ ၂။ ဘုရားရှင်တို့၏ အသက်ကို တစ်စုံတစ်ယောက်သော သူသည် အန္တရာယ် မပြုနိုင်၊ ၃။ ဘုရားရှင်တို့၏ ယောကျ်ားမြတ်လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါးနှင့် လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ကို တစ်စုံတစ်ယောက်သော သူသည် အန္တရာယ် မပြုနိုင်၊ ၄။ ဘုရားရှင်တို့၏ ရောင်ခြည်တို့ကို တစ်စုံတစ်ယောက်သော သူသည် အန္တရာယ် မပြုနိုင်။ (ဗုဒ္ဓဝံ၊ဋ္ဌ။၃၅၂။)

ဘုရားရှင်တို့၏ ကွဲပြားမှု ၅ မျိုး ၁။ အာယုဝေမတ္တ– အသက်တော်၏ မတူထူးသော အတိုင်းအရှည် ရှိခြင်း၊ ၂။ ပမာဏဝေမတ္တ– ကိုယ်တော်အရုပ်ပမာဏ မတူထူးသော အတိုင်းအရှည်ရှိခြင်း၊ ၃။ ကုလဝေမတ္တ– အမျိုးတော်မတူ ထူးသော အတိုင်းအရှည်ရှိခြင်း၊ ၄။ ပဓာနဝေမတ္တ– ကမ္မဋ္ဌာန်း အားထုတ်မှု မတူထူးသော အတိုင်းအရှည်ရှိခြင်း၊ ၅။ ရသိဝေမတ္တ– ရောင်ခြည်တော်၏ မတူထူးသော အတိုင်းအရှည်ရှိခြင်း။ (ဒီ၊ဋ္ဌ၊၂။၁၇။) (ဥဒါန၊ဋ္ဌ။၁၃၅။) (ဗုဒ္ဓဝံ၊ဋ္ဌ။၁၅၇။) (ဒီ၊ဋ္ဌ၊မြန်၊၂။၃၁။)

ဘုရားရှင်တို့၏ စကားတော် ၂ မျိုး ၁။ လူတို့ သမုတ်အပ်သော ပညတ်အားဖြင့် ဟောပြောသော စကားတော် (သမ္မုတိကထာ)၊ ၂။ မဖောက်မပြန် မှန်ကန်တိကျသော အနက်သဘောအားဖြင့် ဟောပြောသော စကားတော် (ပရမတ္ထကထာ) ။ (ဒီ၊ဋ္ဌ၊၁။၃၁၅။) (ဒီ၊ဋ္ဌ၊၂။၇၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၆၁၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၆၁၂။)

http://www.dhammadownload.com

ဘုရားရှင်တို့၏ မတူညီခြင်း ၈ မျိုး ၁။ အာယုဝေမတ္တာ- အသက်အတိုင်းအရှည် မတူညီခြင်း၊ ၂။ ပမာဏဝေမတ္တာ- ကိုယ်တော်အရပ်အတိုင်းအရှည် မတူညီခြင်း၊ ၃။ ကုလဝေမတ္တာ- အမျိုး မတူညီခြင်း၊ ၄။ ပဓာနဝေမတ္တာ- ကမ္မဋ္ဌာန်းအားထုတ်မှု မတူညီခြင်း၊ ၅။ ရသ္မီဝေမတ္တာ- ရောင်ခြည်တော် မတူညီခြင်း၊ ၆။ ယာနဝေမတ္တာ- စီးတော်ယာဉ် မတူညီခြင်း၊ ၇။ ဗောဓိဝေမတ္တာ- ဗောဓိပင် မတူညီခြင်း၊ ၈။ ပလ္လင်္ကဝေမတ္တာ- ပလ္လင်တော် မတူညီခြင်း။ (သုတ္တနိ၊၌၊၂။၁၃၄။) (ဗုဒ္ဓဝံ၊၌။၃၄၈။)

ဘုရားရှင်တို့၏ ဝါဒ ချီးမွမ်းဖွယ်အကြောင်း ၁၀ မျိုး ၁။ အကယ်၍ သတ္တဝါတို့သည် ရှေးကံကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ အာသဝေါကင်းသော ချမ်းသာကို ခံစားရသော ဘုရားရှင်သည် မချွတ်ဧကန်ပင် ရှေးဘဝက ကောင်းမှုကံကို ပြုခဲ့သူ ဖြစ်၏ဟု ချီးမွမ်းထိုက်ခြင်း၊ ၂။ အကယ်၍ သတ္တဝါတို့သည် တန်ခိုးရှင် ဖန်ဆင်းမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ အာသဝေါကင်းသော ချမ်းသာကို ခံစားရသော ဘုရားရှင်သည် မချွတ်ဧကန်ပင် ကောင်းမြတ်သော တန်ခိုးရှင်က ဖန်ဆင်းထားသူ ဖြစ်၏ဟု ချီးမွမ်းထိုက်ခြင်း၊ ၃။ အကယ်၍ သတ္တဝါတို့သည် အကြောင်းဆုံစည်းမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ အာသဝေါကင်းသော ချမ်းသာကို ခံစားရသော ဘုရားရှင်သည် မချွတ်ဧကန်ပင် ကောင်းသော အကြောင်းဆုံစည်းမှုရှိသူ ဖြစ်၏ဟု ချီးမွမ်းထိုက်ခြင်း၊ ၄။ အကယ်၍ သတ္တဝါတို့သည် အမျိုးဇာတ် ထူးခြားမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသော် ယခုဘဝ၌ အာသဝေါကင်းသော ချမ်းသာကို ခံစားရသော ဘုရားရှင်သည် မချွတ်ဧကန်ပင် ကောင်းမြတ်သော အမျိုးဇာတ်ထူးသူ ဖြစ်၏ဟု ချီးမွမ်းထိုက်ခြင်း၊ ၅။ သတ္တဝါတို့သည် ရှေးဘဝက ပြုခဲ့သော ကံကြောင့် ချမ်းသာ ဆင်းရဲကို ခံစားကြရသည်ဖြစ်စေ၊ မခံစားကြရသည်ဖြစ်စေ၊ ဘုရားရှင်ကား ချီးမွမ်းထိုက်သော ပုဂ္ဂိုလ် ဖြစ်၏၊ ၆။ သတ္တဝါတို့သည် တန်ခိုးရှင်ဖန်ဆင်းမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသည် ဖြစ်စေ၊ မခံစားကြရသည်ဖြစ်စေ၊ ဘုရားရှင်ကား ချီးမွမ်းထိုက်သော ပုဂ္ဂိုလ် ဖြစ်၏၊ ၇။ သတ္တဝါတို့သည် အကြောင်းဆုံစည်းမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသည်ဖြစ်စေ၊ မခံစားကြရသည်ဖြစ်စေ၊ ဘုရားရှင်သည် ချီးမွမ်းထိုက်သော ပုဂ္ဂိုလ် ဖြစ်၏၊ ၈။ သတ္တဝါတို့သည် အမျိုးဇာတ် ထူးခြားမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရသည်ဖြစ်စေ၊ မခံစားကြရသည်ဖြစ်စေ၊ ဘုရားရှင်သည် ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်ဖြစ်၏၊ ၁၀။ သတ္တဝါတို့သည် မျက်မှောက်ဘဝ၌ လုံ့လပြုမှုကြောင့် ချမ်းသာဆင်းရဲကို ခံစားကြရ သည်ဖြစ်စေ၊ မခံစားကြရသည်ဖြစ်စေ၊ ဘုရားရှင်သည် ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်ဖြစ်၏။ (မ၊၃။၁၆။) (မ၊မြန်၊၃။၁၇-၁၈။)

ဘုရားရှင်တို့၏ သရီရဓာတ်တော်များ တည်ရှိရာ ဌာန ၅ ဌာန ၁။ ဇမ္ဗုဒိပ်ကျွန်းခေါ် မဇ္ဈိမဒေသ၊ ၂။ သီဟိဠ်ကျွန်း, မြန်မာပြည် အစရှိသော အခြားကျွန်းနိုင်ငံများ၊ ၃။ တာဝတိံသာနတ်ပြည်၊ ၄။ နဂါးပြည်၊ ၅။ ဗြဟ္မာ့ပြည်။ (ဒီ၊ဋ္ဌ၊၃။၈၄။)

ဘုရားရှင်တို့၏ အားတော် ၂ မျိုး ၁။ ကာယဗလ- ပကတိဆင် အစီးပေါင်း ကုဋေတစ်ထောင်တို့၏ ခွန်အား, ပကတိယောကျ်ား ကုဋေတစ်သောင်းတို့၏ ခွန်အားရှိသော ကိုယ်အားတော်၊ ၂။ ဉာဏဗလ- ဒသဗလဉာဏ် စတုဝေသာရဇ္ဇဉာဏ် စသော ဉာဏ်အားတော်။ (မ၊၌၊၁။၃၃၁။) (အံ၊၌၊၃။၂၉၃။) (အဘိ၊၌၊၂။၃၈၀။) (ပဋိသံ၊၌၊၂။၂၃၀။) (ဗုဒ္ဓဝံ၊၌။၆၀။) (သာရတ္ထ၊ဋီ၊၃။၂၁၈။)

http://www.dhammadownload.com

ဘုရားရှင်ထံမှ ရှင်အာနန္ဒာ တောင်းယူသော (အခွင့်အရေး) ဆု ၈ မျိုး ၁။ တပည့်တော် လက်ခံထားသော ပင့်ဖိတ်ရာအိမ်သို့ ဘုရားရှင် ကြွတော်မူရန်၊ ၂။ တိုင်းတစ်ပါးဇနပုဒ် တစ်ပါးမှ ဘုရားဖူးရန် လာကုန်သော ပရိသတ်ကို ရောက်လာသော ခဏ၌ပင် ဘုရားရှင်ကို ဖူးမြင်ခွင့်ပြုရန်၊ ၃။ တပည့်တော်အား ယုံမှားသံသယ ဖြစ်သော ခဏ၌ပင် ဘုရားရှင်ထံ ချဉ်းကပ်ခွင့်ပြုရန်၊ ၄။ မိမိ မျက်ကွယ်၌ ဟောကြားခဲ့သော တရားကို မိမိအား ပြန်လည် ဟောကြားပေးရန်၊ ၅။ ဘုရားရှင်ရရှိသော မွန်မြတ်သော သင်္ကန်းကို မိမိအား မပေးရန်၊ ၆။ ဘုရားရှင်သည် မိမိရရှိသော မွန်မြတ်သော ဆွမ်းကို မိမိအား မပေးရန်၊ ၇။ ဘုရားရှင်နှင့် တစ်ခုတည်းသော ဂန္ဓကုဋီ၌ နေခွင့်ကို မပေးရန်၊ ၈။ ပင့်ဖိတ်အိမ်သို့ မိမိကို ခေါ်မသွားရန်။ (ထေရ၊၁၊၂။၄၁၅။) (ထေရ၊၁၊၂။၄၁၅။) (ဇာ၊၁၊၄။၉၆။) (သာရတ္ထ၊၌၊၁။၄၃၀။) (သာရတ္ထ၊၌၊၁။၄၃၀။)

ဘုရားရှင်ထံမှ ရှင်အာနန္ဒာ တောင်းယူသော အခွင့်အရေး ၄ မျိုး ၁။ တပည့်တော် လက်ခံထားသော ပင့်ဖိတ်ရာအိမ်သို့ ဘုရားရှင် ကြွတော်မူရန်၊ ၂။ တိုင်းတစ်ပါး ဇနပုဒ်တစ်ပါးမှ ဘုရားဖူးရန် လာကုန်သော ပရိသတ်ကို ရောက်လာသော ခဏ၌ပင် ဘုရားရှင်ကို ဖူးမြင်ခွင့်ပြုရန်၊ ၃။ တပည့်တော်အား ယုံမှားသံသယ ဖြစ်သော ခဏ၌ပင် ဘုရားရှင်ကို ချဉ်းကပ်ခွင့်ရရန်၊ ၄။ တပည့်တော်၏ မျက်ကွယ်၌ ဟောကြားခဲ့သော တရားကို ကြွလာ၍ တပည့်အား ဟောကြားပေးရန်။ (ထေရ၊၁၊၂။၄၁၅။) (သာရတ္ထ၊၌၊၁။၄၃၀။)

ဘုရားရှင်ထံမှ ရှင်အာနန္ဒာ ပယ်မြစ်သော အခွင့်အရေး ၄ မျိုး ၁။ ဘုရားရှင်သည် မိမိရရှိအပ်သော မွန်မြတ်သော သင်္ကန်းကို တပည့်တော်အား မပေးရန်၊ ၂။ ဘုရားရှင်သည် မိမိရရှိအပ်သော မွန်မြတ်သော ဆွမ်းကို တပည့်တော်အား မပေးရန်၊ ၃။ ဘုရားရှင်နှင့် တစ်ခုတည်းသော ဂန္ဓကုဋီ၌ နေခွင့်ကို တပည့်တော်အား မပေးရန်၊ ၄။ ပင့်ဖိတ်အိမ်သို့ တပည့်တော်ကို ခေါ်၍ မသွားရန်။ (ထေရ၊၁၊၂။၄၁၅။) (သာရတ္ထ၊၌၊၁။၄၃၀။)

ဘုရားရှင် ဒေသစာရီ ကြွချီတော်မူကြောင်း ၄ မျိုး ၁။ ရှည်မြင့်စွာ နေခြင်းကြောင့် ညောင်းညာသော ဝေဒနာကို ဖျောက်ခြင်းငှာ သလုံးမြင်းခေါင်းတို့ဖြင့် လှည့်လည်တော်မူခြင်း၏ အစွမ်းဖြင့် ကိုယ်တော်၏ ကျန်းမာသည်၏အဖြစ် အကျိုးငှာလည်းကောင်း၊ ၂။ အကြောင်းထူး ဖြစ်ပေါ်လာချိန်ကို အလိုရှိတော်မူခြင်း၏ အကျိုးငှာလည်းကောင်း၊ ၃။ သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း အကျိုးငှာလည်းကောင်း၊ ၄။ ထိုထို မြို့ရွာတို့၌ ဣန္ဒြေ ရင့်ကျက်ကုန်သော သစ္စာလေးပါးကို သိစေထိုက်သော သတ္တဝါတို့ကို သစ္စာလေးပါးကို သိစေခြင်း အကျိုးငှာလည်းကောင်း။ (ဒီ၊၌၊၁၀။၂၁၆။) (မ၊၌၊၂။၅၇။) (သာရတ္ထ၊၌၊၁။၄၅၄။) (ဒီ၊၌၊မြန်၊၁၀။၄၂၅။)

ဘုရားရှင် ဒေသစာရီ ကြွချီတော်မူကြောင်း ၄ မျိုး (တစ်နည်း) ၁။ ဘုရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ကြလိမ့်မည် ဟူသော အကြောင်းကြောင့်လည်းကောင်း၊ ၂။ တရားကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ကြလိမ့်မည်ဟူသော အကြောင်းကြောင့်လည်းကောင်း၊ ၃။ သံဃာကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြလိမ့်မည်ဟူသော အကြောင်းကြောင့်လည်းကောင်း။ ၄။ ကြီးစွာသော တရားဒေသနာ မိုးရေဖြင့် ပရိသတ်လေးပါးတို့ကို နှစ်သိမ့် ရောင့်ရဲစေ လိမ့်မည်ဟူသော အကြောင်းကြောင့်လည်းကောင်း ဘုရားရှင်သည် ဒေသစာရီ ကြွချီတော် မူ၏။ (ဒီ၊၌၊၁၀။၂၁၆။) (မ၊၌၊၂။၅၇။) (သာရတ္ထ၊၌၊၁။၄၅၄။) (ဒီ၊၌၊မြန်၊၁၀။၄၂၅။)

http://www.dhammadownload.com

ဘုရားရှင် ဒေသစာရီ ကြွချီတော်မူကြောင်း ၅ မျိုး ၁။ သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကုန်အံ့၊ ၂။ ပိုင်ရှင်သည် မပေးအပ်သော သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကုန်အံ့၊ ၃။ သူတစ်ပါး၏ မယားကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ကုန်အံ့၊ ၄။ မဟုတ်မမှန်သော မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ကုန်အံ့၊ ၅။ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ကုန်အံ့။ (မ၊ဋ္ဌ၊၂။၅၇၊၅၈။) (သာရတ္ထ၊ဋီ၊၁။၄၅၄။)

ဘုရားရှင် ဒေသစာရီ ကြွချီတော်မူကြောင်း ၈ မျိုး ၁။ ပဌမစျာန်ကို ရကြွလိမ့်မည်၊ ၂။ ဒုတိယစျာန်ကို ရကြွလိမ့်မည်၊ ၃။ တတိယစျာန်ကို ရကြွလိမ့်မည်၊ ၄။ စတုတ္ထစျာန်ကို ရကြွလိမ့်မည်၊ ၅။ အာကာသာနဉ္စာယတနစျာန်သမာပတ်ကို ရကြွလိမ့်မည်၊ ၆။ အာကိဉ္စညာယတနစျာန်သမာပတ်ကို ရကြွလိမ့်မည်၊ ၇။ ဝိညာဏဉ္စာယတနစျာန်သမာပတ်ကို ရကြွလိမ့်မည်၊ ၈။ နေဝသညာနာသညာယတနစျာန်သမာပတ်ကို ရကြွလိမ့်မည်။ (ဒီ၊ဋ္ဌ၊၁။၂၁၆။) (မ၊ဋ္ဌ၊၂။၅၈။) (သာရတ္ထ၊ဋီ၊၁။၄၅၄။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၂၆။)

ဘုရားရှင် ဒေသစာရီ ကြွချီတော်မူကြောင်း ၈ မျိုး (တစ်နည်း) ၁။ သောတာပတ္တိမဂ်ကို ရရှိကြလိမ့်မည်၊ ၂။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကြလိမ့်မည်၊ ၃။ သကဒါဂါမိမဂ်ကို ရကြလိမ့်မည်၊ ၄။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုကြလိမ့်မည်၊ ၅။ အနာဂါမိမဂ်ကို ရကြလိမ့်မည်၊ ၆။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုကြလိမ့်မည်၊ ၇။ အရဟတ္တမဂ်ကို ရကြလိမ့်မည်၊ ၈။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြလိမ့်မည်။ (ဒီ၊ဋ္ဌ၊၁။၂၁၆။) (မ၊ဋ္ဌ၊၂။၅၈။) (သာရတ္ထ၊ဋီ၊၁။၄၅၄။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၂၆။)

ဘုရားရှင် ဒေသစာရီ ကြွချီတော်မူခြင်း ၂ မျိုး ၁။ တုရိတစာရိကာ– အရှင်မဟာကဿပ စသော ကျွတ်ထိုက်သော သတ္တဝါကို တွေ့မြင်သဖြင့် ယူဇနာတစ်ရာ ယူဇနာတစ်ထောင် စသော ခရီးကို တစ်ခဏချင်း ကြွတော်မူခြင်း၊ ၂။ အတုရိတစာရိကာ– လူအပေါင်းကို ချီးမြှောက်သော အားဖြင့် နေ့စဉ်နေ့တိုင်း တစ်ဂါဝုတ်, ယူဇနာဝက်, တစ်ယူဇနာ စသည်ဖြင့် ဖြည်းဖြည်း ကြွတော်မူခြင်း။ (ဒီ၊ဋ္ဌ၊၁။၂၁၃။) (မ၊ဋ္ဌ၊၂။၅၅။) (သံ၊ဋ္ဌ၊၂။၁၆၄။) (အံ၊ဋ္ဌ၊၂။၁၆၅။) (ဥဒါန၊ဋ္ဌ။၁၆၅။) (သုတ္တနိ၊ဋ္ဌ၊၂။၁၆၂။) (သာရတ္ထ၊ဋီ၊၁။၄၅၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၂၀။)

ဘုရားရှင် ဒေသစာရီ ကြွတော်မူရာ အဝန်းအဝိုင်း ၃ မျိုး ၁။ ယူဇနာ ကိုးရာရှိသော ကြီးသော အဝန်းအဝိုင်း, စီရင်စုနယ် (မဟာမဏ္ဍလ။)၊ ၂။ ယူဇနာ ခြောက်ရာရှိသော အလယ်အလတ် အဝန်းအဝိုင်း, စီရင်စုနယ် (မဇ္ဈိမမဏ္ဍလ။)၊ ၃။ ယူဇနာသုံးရာရှိသော (အဆုံးစွန်သော။) အငယ်ဆုံး အဝန်းအဝိုင်း, စီရင်စုနယ် (အန္တိမမဏ္ဍလ။) ။ (ဒီ၊ဋ္ဌ၊၁။၂၁၅။) (မ၊ဋ္ဌ၊၂။၅၆။) (သာရတ္ထ၊ဋီ၊၁။၃၅၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၂၂။)

ဘုရားရှင် ဒေသစာရီ ကြွချီတော်မူကြောင်း ၇ မျိုး ၁။ အရပ်တစ်ပါး၌ နေကုန်သော ဆုံးမထိုက်သော သတ္တဝါတို့ကို ဆုံးမတော်မူလိုခြင်း၊ ၂။ ထိုအရပ်တစ်ပါး၌ တည်ရှိကုန်သော သတ္တဝါတို့အား အားထုတ်ခြင်းကို ဖြစ်စေခြင်း၊ ၃။ တပည့်သာဝကတို့၏ တစ်ခုတည်းသော အရပ်၌ အမြဲနေခြင်းကို ပယ်တော်မူခြင်း၊ ၄။ ကိုယ်တော်၏လည်း ထိုတစ်နေရာတည်းသော

http://www.dhammadownload.com

အရပ်၌ ကပ်ငြိခြင်း မရှိသည်ကို ပြုခြင်း၊ ၅။ ဘုရားရှင်တို့၏ နေထိုင်ရာအရပ် ဖြစ်ခြင်းကြောင့် ထိုအရပ်တို့၏ စေတီအဖြစ်, ရှိသေမှု ပြုအပ်ရာအရပ်အဖြစ်သို့ ရောက်စေခြင်း၊ ၆။ များစွာ ကုန်သော သတ္တဝါတို့အား ဖူးမြင်ခြင်း ဆည်းကပ်ခြင်း အစရှိသည်တို့ကြောင့် ကောင်းမှုအပေါင်းတို့၏ ပွားရခြင်း၊ ၇။ မိုးမရွာခြင်း အစရှိသော ဘေးရန်တို့၏ ငြိမ်းစေခြင်း။ (နေတ္တိ၊ဋ္ဌ။၂၂၈။)

ဘုရားရှင် ပယ်မြစ်အပ်သော တရား ၃ ပါး ၁။ မဟိစ္ဆတာ– ပစ္စည်းလေးပါးတို့၌ အလွန် အလိုကြီးခြင်း၊ ၂။ အသန္တုဋ္ဌိတာ– ပစ္စည်းလေးတို့၌ မရောင့်ရဲခြင်း၊ ၃။ အဂေါပါယန– ကိလေသာတို့ကို ခေါင်းပါးအောင် ခွာခြစ်ကြောင်းဖြစ်သော အကျင့်၌ မစောင့်ရှောက်ခြင်း။ (ဝိ၊ဋ္ဌ၊၄။၁၆၃။)

ဘုရားရှင် ပယ်အပ်ပြီးသော တရား ၇ ပါး ၁။ ရာဂတရား၊ ၂။ ဒေါသတရား၊ ၃။ မောဟတရား၊ ၄။ မာနတရား၊ ၅။ သက္ကာယဒိဋ္ဌိတရား၊ ၆။ ဝိစိကိစ္ဆာတရား၊ ၇။ သီလဗ္ဗတပရာမာသ။ (မ၊ဋ္ဌ၊၂။၃၆။)

ဘုရားရှင် ပွင့်ထွန်းမှုကြောင့် ဖြစ်သော အံ့ဖွယ် ၄ ပါး ၁။ ဘုရားရှင် ပွင့်ထွန်းမှုကြောင့် ရာဂ ကင်းခြင်းဟူသော အံ့ဖွယ်၊ ၂။ ဘုရားရှင် ပွင့်ထွန်းမှုကြောင့် မာနကင်းခြင်းဟူသော အံ့ဖွယ်၊ ၃။ ဘုရားရှင် ပွင့်ထွန်းမှုကြောင့် သောကကင်းခြင်းဟူသော အံ့ဖွယ်၊ ၄။ ဘုရားရှင်ပွင့်ထွန်းမှုကြောင့် အဝိဇ္ဇာကင်းခြင်း ဟူသော အံ့ဖွယ်။ (အံ၊၁။၄၄၇။) (အံ၊မြန်၊၁။၄၆၀။)

ဘုရားရှင် မပြောသော စကား ၄ ခွန်း ၁။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး မချစ်မနှစ်သက်သော စကား၊ ၂။ ဟုတ်မှန် အကျိုးမရှိ၊ သူတစ်ပါး မချစ်မနှစ်သက်သော စကား၊ ၃။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး ကြိုက်နှစ်သက်သော စကား၊ ၄။ ဟုတ်မှန် အကျိုး မရှိသော သူတစ်ပါး ကြိုက်နှစ်သက်သော စကား။ (မ၊၂။၅၇–၅၈။) (မ၊မြန်၊၂။၆၂–၆၃။)

ဘုရားရှင် မေးစစ်ခြင်းခံရသူ ရောက်နိုင်သော အရာဌာန ၃ မျိုး ၁။ အကြောင်းတစ်ပါးဖြင့် အကြောင်းတစ်ပါးကို, အခြားစကားတစ်ခုဖြင့် အခြားစကားတစ်ခုကို ဖုံးလွှမ်းခြင်း၊ ၂။ အပြင်အပဖြစ်သော စကားသို့ ညွတ်စေခြင်း၊ ၃။ အမျက်ဒေါသ ထွက်ခြင်းကို ထင်စွာ ပြုခြင်း။ (အံ၊၁။၁၈၇။) (အံ၊မြန်၊၁။၂၀၅။)

ဘုရားရှင် ၃ မျိုး ၁။ လေးသချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရသော ပညာဓိကဘုရားရှင်၊ ၂။ ရှစ်သချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရသော သဒ္ဓါဓိကဘုရားရှင်၊ ၃။ တစ်ဆယ့် ခြောက်သချေ်နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ရသော ဝီရိယာဓိကဘုရားရှင်။ (အပ၊ဋ္ဌ၊၁။ ၁၅၅။)

ဘုရားရှင် ယူသော အယူဝါဒ ၂ မျိုး ၁။ များစွာသော ကုသိုလ်တရားတို့ကို ပြုအပ်၏ဟူ၍ ယူသော ကိရိယဝါဒ၊ ၂။ များစွာသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မပြုအပ်ဟူ၍ ယူသော အကိရိယဝါဒ။ (အံ၊၁။၆၃။) (အံ၊မြန်၊၁။၇၆။)

ဘုရားရှင် ရဟန်းတို့အား မေးမြန်းခြင်း အကြောင်း ၂ ပါး ၁။ တရားဒေသနာတော်ကို ဟောကြား တော်မူလိုခြင်း၊ ၂။ ဝိနည်းသိက္ခာပုဒ်ကို ပညတ်တော်မူလိုခြင်း။ (ဝိ၊၁။၇။) (ဝိ၊မြန်၊၁။၉။)

http://www.dhammadownload.com

ဘုရားရှင်လက်ထက် စည်းဝေးရာ ကာလ ၂ ပါး ၁။ ဝါဆို ဝါကပ်ခါနီး၌ စည်းဝေးခြင်း၊ ၂။ ပဝါရဏာပြုရာ ကာလ၌ စည်းဝေးခြင်း။ (ဒီ၊ဋ္ဌ၊၃။၂၃၇။)

ဘုရားရှင် လွတ်မြောက်ပြီး တရား ၁၀ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်၊ ၆။ ဇာတိ၊ ၇။ ဇရာ၊ ၈။ မရဏ၊ ၉။ ဒုက္ခ၊ ၁၀။ ကိလေသာ။ (အံ၊၃။၃၇၆။) (အံ၊မြန်၊၃။၃၇၃။)

ဘုရားရှင် ဝါနှစ်ဆယ်ရပြီးနောက် အမြဲ သီတင်းရာဌာန ၂ ခု ၁။ အနာထပိဏ်သူဌေး လှူဒါန်းသော ဇေတဝန်ကျောင်းတော်၊ ၂။ ဝိသာခါ လှူဒါန်းသော ပုဗ္ဗာရုံကျောင်းတော်။ (အံ၊ဋ္ဌ၊၂။၃၀။)

ဘုရားရှင် သာဝကတို့ကို စောင့်ရှောက်သော အကြိမ် ၆ ကြိမ် ၁။ ညပိုင်း သုံးကြိမ်၊ ၂။ နေ့ပိုင်း သုံးကြိမ်။ (ဇာ၊ဋ္ဌ၊၃။၃၅၄။)

ဘုရားရှင် သိတော်မူပုံ ၅ မျိုး ၁။ ပကတိမျက်စိဖြင့် မြင်၍ သိခြင်း၊ ၂။ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မြင်၍ သိခြင်း၊ ၃။ ပကတိနားဖြင့် ကြား၍ သိခြင်း။၄။ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် ကြား၍ သိခြင်း၊ ၅။ သဗ္ဗညုတဉာဏ်ဖြင့် သိခြင်း။ (ဒီ၊ဋ္ဌ၊၁။၄၅။) (ဒီ၊ဋ္ဌ၊မြန်၊၁။၈၄။)

ဘုရားရှင် သတ်မှတ်အပ်သော ပညာရှိ ယောကျ်ားမြတ်၏ အင်္ဂါ ၄ ပါး ၁။ လူအများ၏ စီးပွားချမ်းသာ အလို့ငှာ ကျင့်၍ ကောင်းသော ကုသိုလ်တရား, မြတ်သော လောကုတ္တရာ တရား၌ တည်စေတတ်ခြင်း၊ ၂။ ကြံစည်မှု လမ်းကြောင်း၌ စိတ်၏ ဝသီဘော်များသည်၏ အဖြစ်သို့ ရောက်ခြင်း၊ ၃။ ဈာန်လေးပါးတို့ကို အလိုရှိတိုင်း မငြိုမငြင် မပင်ပန်းဘဲ ရရှိခြင်း၊ ၄။ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၁။၃၄၅။) (အံ၊မြန်၊၁။၃၆၀။)

ဘုရားရှင်ဟော အမျိုးဇာတ် ၆ မျိုး ၁။ မည်းညစ်သော ဇာတ်ရှိသည်ဖြစ်၍ မည်းညစ်သော သဘောကို ဖြစ်စေသော အမျိုး- (ဒွန်းစဏ္ဍာမျိုး တံငါမျိုး မုဆိုးမျိုးစသည်၌ ဖြစ်၍ သေလွန်သောအခါ ငရဲကျသူ)၊ ၂။ မည်းညစ်သော ဇာတ်ရှိသည်ဖြစ်၍ ဖြူစင်သော သဘောကို ဖြစ်စေသော အကျိုး- (ဒွန်းစဏ္ဍာမျိုးစသည်၌ ဖြစ်သော်လည်း ကိုယ်နှုတ်စိတ်တို့ကို ကောင်းစွာ ကျင့်သောကြောင့် သေလွန်သောအခါ နတ်ပြည်သို့ ရောက်သူ)၊ ၃။ မည်းညစ်သော ဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သည်လည်း မဟုတ် ဖြူစင်သည်လည်း မဟုတ်သော အမျိုး (ဒွန်းစဏ္ဍာမျိုးစသည်၌ ဖြစ်သော်လည်း ရဟန်းဘောင်သို့ ဝင်၍ သတိပဋ္ဌာန်လေးပါး စသည် ပွားများသော သူ)၊ ၄။ ဖြူစင်သော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းညစ်သော သဘောကို ဖြစ်စေသော အမျိုး(ချမ်းသာကြွယ်ဝသော အမျိုး၌ ဖြစ်သော်လည်း ကိုယ်နှုတ် စိတ်ဖြင့် မကောင်းသော အကျင့်ကို ကျင့်သောကြောင့် သေလွန်သောအခါ ငရဲကျသူ)၊ ၅။ ဖြူသော အမျိုးဇာတ်ရှိသူ ဖြစ်၍ ဖြူသောသဘောကို ဖြစ်စေသောအမျိုး (ချမ်းသာ ကြွယ်ဝသော မင်းမျိုး ပုဏ္ဏား သူကြွယ်မျိုး စသည်၌ ဖြစ်၍ ကိုယ်နှုတ်စိတ်တို့ကို ကောင်းစွာ ကျင့်သောကြောင့် နတ်ပြည်၌ ဖြစ်သူ)၊ ၆။ ဖြူသော အမျိုးဇာတ်ရှိသူ ဖြစ်ပါလျက် မည်းသည်လည်း မဟုတ် ဖြူသည်လည်း မဟုတ်သော အမျိုး(ချမ်းသာကြွယ်ဝသော အမျိုး၌ ဖြစ်၍ ရဟန်းဘောင်သို့ ဝင်ပြီး သတိပဋ္ဌာန်လေးပါး စသည် ပွားများသော သူ)။ (အံ၊၂။ ၃၃၈။) (အံ၊မြန်၊၂။၄၂၈။)

http://www.dhammadownload.com

ဘုရားရှင် အချိန်အခါကို သိ၍ ပြောသော စကား ၂ ခွန်း ၁။ ဟုတ်မှန် အကျိုးရှိသော သူတစ်ပါး မချစ်မနှစ်သက်သော စကား၊ ၂။ ဟုတ်မှန် အကျိုးရှိသော သူတစ်ပါး ကြိုက်နှစ်သက်သော စကား။ (မ၊၂။၅၇-၅၈။) (မ၊မြန်၊၂။၆၃။)

ဘုရားရှင် အပေါ်၌ သကုလဒါယိပရိဗိုဇ် မြင်သော ကိုယ်ကျင့်တရား ၅ မျိုး ၁။ ဘုရားရှင်သည် နည်းသော အစာအာဟာရ ရှိခြင်း၊ နည်းသော အစာအာဟာရ ရှိသည်၏ အဖြစ်၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ ရှိခြင်း၊ ၂။ ဘုရားရှင်သည် ရဏာ ရဏာ သင်္ကန်းဖြင့် ရောင့်ရဲတော်မူခြင်း၊ ရဏာ ရဏာ သင်္ကန်းဖြင့် ရောက်ရဲခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ ရှိတော်မူခြင်း၊ ၃။ ဘုရားရှင်သည် ရဏာ ရဏာဆွမ်းဖြင့် ရောင့်ရဲတော်မူခြင်း၊ ရဏာ ရဏာဆွမ်းဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ ရှိတော်မူခြင်း၊ ၄။ ဘုရားရှင်သည် ရဏာ ရဏာကျောင်း, အိပ်ရာ, နေရာဖြင့် ရောင့်ရဲတော်မူခြင်း၊ ရဏာ ရဏာ ကျောင်း, အိပ်ရာ, နေရာဖြင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ ရှိတော်မူခြင်း၊ ၅။ ဘုရားရှင်သည် ကိုယ်အားဖြင့် ကင်းဆိတ်တော်မူခြင်း၊ ကိုယ်၏ ကင်းဆိတ်ခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလေ့ ရှိတော်မူခြင်း။ (မ၊၂။၁၉၈။) (မ၊မြန်၊၂။၂၁၀။)

ဘုရားရှင် အရိယာတပည့်သာဝက ရရှိသော ဈာန်တရား ၄ မျိုး ၁။ ပဌမဈာန်တရား၊ ၂။ ဒုတိယဈာန်တရား၊ ၃။ တတိယဈာန်တရား၊ ၄။ စတုတ္ထဈာန်တရား။ (မ၊၂။၁၉။) (မ၊မြန်၊၂။၂၂။)

ဘုရားရှင် အသံတော်၏ ပြည့်စုံသော အင်္ဂါ ၈ မျိုး ၁။ သန့်ရှင်းခြင်း၊ ၂။ သိလွယ်ခြင်း၊ ၃။ သာယာခြင်း၊ ၄။ နာချင်ဖွယ် ရှိခြင်း၊ ၅။ လုံးခြင်း၊ ၆။ ဖရိဖရဲမကွဲခြင်း၊ ၇။ နက်ခြင်း၊ ၈။ ပဲ့တင်ထပ်ခြင်း။ (မ၊၂။၃၄၀။) (မ၊မြန်၊၂။၃၄၄။)

ဘုရားရှင် အာဟာရသုံးဆောင်ပုံ ၈ မျိုး ၁။ ရွာသူ သားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါး ကစားခြင်းငှာ အာဟာရကို မသုံးဆောင်၊ ၂။ လက်ဝေ့ လက်ပန်းသည် အစရှိသော သူတို့ကဲ့သို့ အားတည်းဟူသော မာန်ယစ်ခြင်းငှာ အာဟာရကို မသုံးဆောင်၊ ၃။ နန်းတွင်းသူ ပြည့်တန်ဆာမတို့ကဲ့သို့ အင်္ဂါကြီးငယ် ပြည့်ဖြိုးခြင်းငှာ အာဟာရကို မသုံးဆောင်၊ ၄။ ဇာတ်သမားကချေသည် အစရှိသော သူတို့ကဲ့သို့ ကိုယ်ရေကိုယ်ဝါ တင့်တယ်လှပခြင်းငှာ အာဟာရကို မသုံးဆောင်၊ ၅။ ဤကိုယ်ကာယ၏ တည်တံ့ရုံငှာသာလျှင် အာဟာရကို သုံးဆောင်၏၊ ၆။ ဤကိုယ်ကာယ၏ မျှတရုံသာလျှင် အာဟာရကို သုံးဆောင်၏၊ ၇။ ဤကိုယ်ကာယ၏ ပင်ပန်းခြင်း ငြိမ်းရုံငှာသာလျှင် အာဟာရကို သုံးဆောင်၏၊ ၈။ သာသနာ့တော်ဟူ၍ ဝိနည်း၊ မဂ္ဂင်ဟူ၍ နှစ်ပါးကို ချီးမြှောက်ရုံငှာ သာလျှင် အာဟာရကို သုံးဆောင်၏။ (မ၊၂။၃၃၉။) (မ၊မြန်၊၂။၃၄၃။)

ဘုရားရှင်အား လုံး တူညီသော အကြောင်းအရာ ၃ မျိုး ၁။ ပါရမီဖြည့်သူ အဖြစ်၊ ၂။ ဘုရားရှင်တို့၏ ဂုဏ်တော်၊ ၃။ ကျွတ်ထိုက်သော ဝေနေယျ သတ္တဝါ။ (ဒီ၊ဋီ၊၃။၈၀။)

ဘုရားရှင်၏ ဂုဏ်ကျေးဇူး ၁၈ ပါး ၁။ ဘုရားရှင်အား ကာယဒုစ္စရိုက် မရှိခြင်း၊ ၂။ ဘုရားရှင်အား ဝစီဒုစ္စရိုက် မရှိခြင်း၊ ၃။ ဘုရားရှင်အား မနောဒုစ္စရိုက် မရှိခြင်း၊ ၄။ အတိတ်၌ ဘုရားရှင်အား အပိတ်အပင် အတားအဆီး မရှိသော ဉာဏ်တော်ရှိခြင်း၊ ၅။ အနာဂတ်၌ ဘုရားရှင်အား အပိတ်အပင် အတားအဆီး မရှိသော ဉာဏ်တော်ရှိခြင်း၊ ၆။ ပစ္စုပ္ပန်၌ ဘုရား

http://www.dhammadownload.com

ရှင်အား အပိတ်အပင် အတားအဆီး မရှိသော ဉာဏ်တော်ရှိခြင်း၊ ၇။ ဘုရားရှင်၏ အလုံးစုံသော ကာယကံသည် ဉာဏ်သို့ အစဉ်လိုက်ခြင်း၊ ၈။ ဘုရားရှင်၏ အလုံးစုံသော ဝစီကံသည် ဉာဏ်သို့ အစဉ်လိုက်ခြင်း၊ ၉။ ဘုရားရှင်၏ အလုံးစုံသော မနောကံသည် ဉာဏ်သို့ အစဉ်လိုက်ခြင်း၊ ၁၀။ သတ္တဝါတို့၏ အစီးအပွားကို အလိုရှိသော ဆန္ဒ၏ ယုတ်လျော့ခြင်းသည် မရှိခြင်း၊ ၁၁။ ဘေးကင်းခြင်း, ဆိတ်ငြိမ်ခြင်းကို ကြံသော ဝိတက်သို့ အစဉ်လိုက်သော ဝီရိယ၏ ယုတ်လျော့ခြင်းသည် မရှိခြင်း၊ ၁၂။ သတိ၏ ယုတ်လျော့ခြင်းသည် မရှိခြင်း၊ ၁၃။ ရယ်မြူးသဖြင့် ပြုခြင်းသည် မရှိခြင်း၊ ၁၄။ ချွတ်ချော်ခြင်းသည် မရှိခြင်း၊ ၁၅။ တုန်လှုပ်ခြင်းသည် မရှိခြင်း၊ ၁၆။ အဆောတလျင်ပြုခြင်းသည် မရှိခြင်း၊ ၁၇။ ကြောင့်ကြမဲ့စိတ်, အားမထုတ်သော စိတ် မရှိခြင်း၊ ၁၈။ အကုသိုလ်စိတ် မရှိခြင်း။ (ဒီ၊၃၊၃၊၁၇၆။) (မူလဋီ၊၂၊၂။)

ဘုရားရှင်၏ ဂုဏ်ကျေးဇူး ၃ မျိုး ၁။ အကျင့်၏ ဂုဏ်ကျေးဇူး၊ ၂။ ကိုယ်တော်၏ ဂုဏ်ကျေးဇူး၊ ၃။ သီလ စသော ဂုဏ်တော်၏ ဂုဏ်ကျေးဇူး။ (သာရတ္ထ၊ဋီ၊၃။၃၂၃။)

ဘုရားရှင်၏ စွယ်တော် ၄ ဆူ ၁။ တာဝတိံသာနတ်ပြည်၌ တစ်ဆူ၊ ၂။ ဂန္ဓာရတိုင်း၌ တစ်ဆူ၊ ၃။ ကလိင်္ဂတိုင်း၌ တစ်ဆူ၊ ၄။ နဂါးပြည်၌ တစ်ဆူ။ (ဒီ၊၂။၁၃၈။) (ဒီ၊မြန်၊၂။၁၆၀။)

ဘုရားရှင်၏ တပည့် ပညာရှိသည် နမြောဝန်တိုသူကို လွှမ်းမိုးနိုင်မှု ၅ မျိုး ၁။ အသက်အားဖြင့် လွှမ်းမိုးနိုင်ခြင်း၊ ၂။ အခြံအရံ (အကျော်အစော) အားဖြင့် လွှမ်းမိုးနိုင်ခြင်း၊ ၃။ ရုပ်အဆင်းအားဖြင့် လွှမ်းမိုးနိုင်ခြင်း၊ ၄။ ချမ်းသာခြင်းဖြင့် လွှမ်းမိုးနိုင်ခြင်း၊ ၅။ တမလွန်လောကဝယ် နတ်ပြည်၌ ဖြစ်ခြင်းဖြင့် လွှမ်းမိုးနိုင်၏။ (အံ၊၂။၂၇၊၂၈။) (အံ၊မြန်၊၂။၃၈။)

ဘုရားရှင်၏ တရားဟောခြင်း ၂ မျိုး ၁။ အကျဉ်းအားဖြင့် တရားဟောခြင်း၊ ၂။ အကျယ်အားဖြင့် တရားဟောခြင်း။ (အံ၊၁။၅၅။) (အံ၊မြန်၊၁။၆၈။)

ဘုရားရှင်၏ ဒေသနာ ၂ မျိုး ၁။ ခန္ဓာ စသည်တို့၏ အစွမ်းဖြင့် ဟောကြားသော ပရမတ္ထဒေသနာ၊ ၂။ ထောပတ်အိုး အစရှိသောအားဖြင့် ဟောကြားသော သမ္မုတိဒေသနာ။ (အဘိ၊၄၊၃၊၁၄၀။) (သာရတ္ထ၊ဋီ၊၁။၈၉။)

ဘုရားရှင်၏ နောက်ဆုံး မှာထားချက် ၄ ရပ် ၁။ အာနန္ဒာ...တရားတော်သည် ဟောကြားသူဆရာ (ဘုရား) မှ ကင်းခဲ့ပြီ၊ ငါတို့ဆရာ (ဘုရား) မရှိတော့ပြီဟု မထင်မှတ်အပ်၊ ငါဟောကြားပညတ်ခဲ့သော တရားတော်နှင့် ဝိနည်းသည် ငါကွယ်လွန်သော အခါ သင်တို့၏ ဆရာ (ဘုရား) အဖြစ် တည်ရစ်လတ္တံ့၊ ၂။ အာနန္ဒာ... ယခုအခါ ရဟန်းတို့သည် အချင်းချင်း ငါ့ရှင် "အာဝုသော"ဟူသော စကားဖြင့် (ကြီးငယ်မရွေး) ခေါ်ကုန်သကဲ့သို့ ငါကွယ်လွန်သော အခါ၌ကား ဤသို့ မခေါ်ဝေါ်အပ်၊ အာနန္ဒာ.. မထေရ်ကြီးဖြစ်သော ရဟန်းသည် သီတင်းငယ်ရဟန်းကို အမည်ဖြင့်ဖြစ်စေ၊ အနွယ်ဖြင့်ဖြစ်စေ ငါ့ရှင် "အာဝုသော" ဟူသော စကားဖြစ်စေ ခေါ်အပ်၏၊ သီတင်းငယ်ရဟန်းသည် မထေရ်ကြီးဖြစ်သော ရဟန်းကို အရှင်ဘုရား "ဘန္တေ" ဟူ၍သော်လည်းကောင်း အရှင် "အာယသ္မာ" ဟူ၍သော်လည်းကောင်း ဤသို့သာ ခေါ်အပ်၏၊ ၃။ အာနန္ဒာ...သံဃာသည် ငါကွယ်လွန်သော အခါ၌ အသေးအနုပ် သိက္ခာပုဒ်တို့ကို နုတ်ပယ်လိုက နုတ်ပယ်လေလော့၊ ၄။ အာနန္ဒာ...ငါကွယ်လွန်သော အခါ၌ ဆန္ဒ

http://www.dhammadownload.com

ရဟန်းအား ဗြဟ္မဒဏ် ပေးအပ်၏၊ (မှတ်ချက်) ဗြဟ္မဒဏ်ဟူသည် ဆန္ဒရဟန်းသည် ပြောဆို လိုရာ စကားကို ပြောပါစေ၊ သင်တို့ကမူ ဆန္ဒရဟန်းကို ဆုံးမပြောဆိုခြင်း မပြုရဟု သံဃာမှ ကြဉ်သော ဒဏ်ပေတည်း။ (ဒီ၊၂။၁၂၆။) (ဒီ၊မြန်၊၂။၁၄၇။)

ဘုရားရှင်၏ ပြည့်ဖြိုးသော အသားတော်ရှိရာ ၇ ဌာန ၁, ၂။ လက်ဖမိုးတော် ၂ ဘက်၊ ၃, ၄။ ခြေဖမိုးတော် ၂ ဘက်၊ ၅, ၆။ ပခုံးစွန်းတော် ၂ ဘက်၊ ၇။ လည်ကုပ်တော်။ (ဒီ၊ဌ၊၂။၃၉။) (ဒီ၊ဌ၊မြန်၊၂။၇၁။) (မ၊ဌ၊၃။၂၆၀။)

ဘုရားရှင်၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ် ၈ ပါး ၁။ မြတ်စွာဘုရားသည် လူအများ၏ စီးပွားချမ်းသာအလို့ငှာ လောကကို စောင့်ရှောက်ရန်အလို့ငှာ နတ်လူတို့၏ အကျိုးစီးပွား အလို့ငှာ ကျင့်တော်မူခြင်း၊ ၂။ မြတ်စွာဘုရား၏ တရားတော်သည် သွာက္ခာတတာ စသော ဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသော တရားတော်ဖြစ်ခြင်း၊ ၃။ မြတ်စွာဘုရားသည် ဤကား ကုသိုလ်၊ ဤကား အကုသိုလ်၊ ဤကား အပြစ်ရှိ၏၊ ဤကား အပြစ်မရှိ၊ ဤကား မှီဝဲအပ်၏၊ ဤကား မမှီဝဲအပ်၊ ဤကား ယုတ်၏၊ ဤကား မြတ်၏၊ ဤကား မည်းညစ်သော အဖို့ရှိ၏၊ ဤကား ဖြူစင်သော အဖို့ရှိ၏ဟု ဟောပြခြင်း၊ ၄။ မြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန် ရောက်ကြောင်းအကျင့်ကို ကောင်းစွာဖော်ပြတော်မူခြင်း၊၅။ ထိုမြတ်စွာဘုရားအား လာဘ်သက္ကာရ အကျော်အစောသည် လွန်စွာ ပြည့်စုံပါပေ၏၊ သို့သော်လည်း မြတ်စွာဘုရားသည် မာန်ယစ်ခြင်းကင်းလျက် အစာအာဟာရကို ဘုဉ်းပေးတော်မူခြင်း၊ ၆။ မြတ်စွာဘုရားသည် ပရိသတ်ကို စွန့်ခွါလျက် တစ်ပါးတည်း မွေ့လျော်ခြင်း၊ ၇။ မြတ်စွာဘုရားသည် ဟောပြောသည့် အတိုင်း ပြုကျင့်လေ့ရှိခြင်း၊ ပြုကျင့်သည့်အတိုင်း ဟောပြော လေ့ရှိခြင်း ဤနည်းဖြင့် လောကုတ္တရာတရားအား လျော်သော အကျင့်ကို ကျင့်လေ့ရှိခြင်း၊ ၈။ မြတ်စွာဘုရားသည် အာဒိဗြဟ္မစရိယအကျင့်ဖြင့် အလုံးစုံသော တရားတို့၌ ယုံမှားခြင်း ခရီးခဲကို ကူးမြောက်၍ သို့လော သို့လော တွေးတောခြင်းမှ ကင်းစင်ခြင်း။ (ဒီ၊၂။၁၇၉။) (ဒီ၊၂။၁၈၄။) (ဒီ၊မြန်၊၂။၂၀၄။) (ဒီ၊မြန်၊၂။၂၀၄။)

ဘုရားရှင်၏ လောကီဆရာ ၅ ဦး (သဗ္ဗညုဘုရားအဖြစ်သို့ မရောက်သေးမီ ဘုရားရှင်၏ လောကီဆရာ ၅ ဦး) ၁။ ဘုရားအလောင်း မွေးဖွားသည့်အချိန်၌ လက္ခဏာဖတ်သော ရာမ, ဓဇ, လက္ခဏ, မန္တီ, ယည, သုယာမ, သုဘောဇ, သုဒတ္တဟူသော ပုဏ္ဏား ရှစ်ယောက်၊ ၂။ ပဒကကျမ်း, ဗျာကရုဏ်းကျမ်း, ဆဋ္ဌင်္ဂကျမ်း အတတ်တို့ကို သင်ကြားပေးသော သဗ္ဗမိတ္တ မည်သော ပုဏ္ဏား၊ ၃။ ဘုရားလောင်းအား သူအို, သူနာ, သူသေ, ရဟန်းဟူသော နိမိတ်ကြီး လေးပါးကို ပြ၍ ထိတ်လန့်ကြောက်ရွံ့စေပြီး တောထွက်စေသော နတ်သား၊ ၄။ အာကိဉ္စညာယတနဈာန်၏ ပရိကံကို ပြောကြားပြသပေးသော ကာလာမ၏ သားဖြစ်သော အာဋ္ဌာရ ရသေ့၊ ၅။ နေဝသညာ နာသညာယတနဈာန်၏ ပရိကံကို သင်ကြားပြသပေးသော ရာမ၏ သားဖြစ်သော ဥဒကရသေ့။ (မိလိန္ဒ။၂၂၉။) (မိလိန္ဒ၊မြန်။၂၄၆။)

ဘုရားရှင်၏ ဝါနှစ်ဆယ်အတွင်း၌ အလုပ်အကျွေး ၇ ပါး ၁။ အရှင်နာဂသမာလ၊ ၂။ အရှင် နာဂိတ၊ ၃။ အရှင်ဥပဝါန၊ ၄။ အရှင်သုနက္ခတ္တ၊ ၅။ ရှင်စုန္ဒ၊ ၆။ ရှင်သာဂတ၊ ၇။ ရှင်မေဃိယ။ (အပ၊ဌ၊၁။၃၄၈။)

http://www.dhammadownload.com

ဘုရားရှင်၏ သာသနာတော်မှ ပြင်ပသာသနာဌ် မဖြစ်သော တရား ၁၀ ပါး ၁။ သမ္မာဒိဋ္ဌိ– မှန်သော အမြင်၊ ၂။ သမ္မာသင်္ကပ္ပ– မှန်သော အကြံ၊ ၃။ သမ္မာဝါစာ– မှန်သော စကား၊ ၄။ သမ္မာကမ္မန္တ– မှန်သော အလုပ်၊ ၅။ သမ္မာအာဇီဝ– မှန်သော အသက်မွေးမှု၊ ၆။ သမ္မာ ဝါယာမ– မှန်သော လုံ့လ၊ ၇။ သမ္မာသတိ– မှန်သော သတိ၊ ၈။ သမ္မာသမာဓိ– မှန်သော သမာဓိ၊ ၉။ သမ္မာဉာဏ– မှန်သော အသိဉာဏ်၊ ၁၀။ သမ္မာဝိမုတ္တိ– မှန်သော လွတ်မြောက်မှု။ (အံ၊၃။၄၅၀၊၄၅၂။) (အံ၊မြန်၊၃။၄၄၂၊၄၄၄။)

ဘုရားရှင်၏ သီဟနာဒ ၁၁၀ ပါး (ခြင်္သေ့ဟောက်သံကဲ့သို့ ရဲရင့်စွာ မြွက်ဆိုအပ်သော စကားတော် ၁၁၀ ပါး) ၁။ ခြိုးခြံသော အကျင့်ရှိသူအချို့ ငရဲ၌ ဖြစ်နေသည်ကို ငါ မြင်၏၊ ၂။ အခြားသော ခြိုးခြံသော အကျင့်ရှိသူတစ်ဦး နတ်ပြည်၌ ဖြစ်နေသည်ကို ငါ မြင်၏၊ ၃။ အကုသိုလ်တရားကို ပယ်ခြင်း၌ ငါသည်သာ အမြတ်ဆုံး ဖြစ်၏၊ ၄။ ကုသိုလ်တရားကို ဆောက်တည်ခြင်း၌လည်း ငါသည် အမြတ်ဆုံး ဖြစ်၏၊ ၅။ အကုသိုလ်တရားကို ပယ်ခြင်း၌ ငါ၏တပည့် သံဃာသည် သာလျှင် အမြတ်ဆုံး ဖြစ်၏၊ ၆။ ကုသိုလ်တရားကို ဆောက်တည်ခြင်း၌လည်း ငါ၏ တပည့်သံဃာသည် သာလျှင် အမြတ်ဆုံး ဖြစ်၏၊ ၇။ သီလအားဖြင့် ငါနှင့် တူသူ မရှိ၊ ၈။ သမာဓိအားဖြင့် ငါနှင့် တူသူ မရှိ၊ ၉။ ပညာအားဖြင့် ငါနှင့်တူသူ မရှိ၊ ၁၀။ ဝိမုတ္တိ အားဖြင့် ငါနှင့်တူသူ မရှိ၊ ဤကား ရှေ့ပိုင်း သီဟနာဒ ၁၀ ပါးတည်း၊ ရှေ့ပိုင်း သီဟနာဒ ၁၀ ပါးကို ပရိသာသု စ နဒတိ စသော သီဟနာဒ ၁၀ ပါးတို့၌ တစ်ပါးပါးကို ၁၀ ပါးစီ မြှောက်၍ သီဟနာဒ ၁၁၀ ပါး ဖြစ်သည်။ (ဒီ၊ဋ္ဌ၊၁။၂၉၇။) (ဒီ၊ဋ္ဌ၊မြန်၊၁။၅၇၅။)

ဘုရားရှင်၏ သင်္ကန်းကို အရှင်အာနန္ဒာ လက်ခံရခြင်း၏ အကြောင်း ၄ ပါး (ပရိနိဗ္ဗာန်စံဝင်တော့မည့် ဘုရားရှင် ဗွန့်တော်မူသော သင်္ကန်းကို ရှင်အာနန္ဒာ လက်ခံရခြင်း၏ အကြောင်း ၄ ပါး) ၁။ ဥပဋ္ဌာကရာထူး၏ အထွတ်အထိပ်သို့ ရောက်ခြင်း၊၂။ သူတစ်ပါးတို့၏ အပြစ် ပြောဆိုခွင့်ကို ဖြတ်တောက်လိုခြင်း၊၃။ ထိုသင်္ကန်းဖြင့်ပင် ဘုရားရှင်အား ပူဇော် လိုခြင်း၊ ၄။ မြတ်စွာဘုရား၏ အလိုဆန္ဒကို လိုက်လျောလိုခြင်း။ (ဒီ၊ဋ္ဌ၊၂။၁၇၁။)

ဘုရားရှင်၏ အကျင့်ချုပ်တရား ၄ ပါး ၁။ လူအပေါင်းသည် အိုခြင်း သေခြင်းသို့ ရောက်ရ၍ မမြဲ၊ ၂။ လူအပေါင်းသည် စောင့်ရှောက်သူမှ ကင်း၍ အားကိုးရာ မရှိ၊ ၃။ လူအပေါင်းသည် မိမိနှင့် မိမိကိုယ်ပိုင်ဥစ္စာ မရှိ၊ အလုံးစုံကို ပယ်စွန့်၍ သွားရ၏၊ ၄။ လူအပေါင်းသည် အမြဲလိုနေ၍ ပြည့်သည်မရှိ၊ ရောင့်ရဲခြင်းမရှိ၊ တဏှာ၏ကျေးကျွန်ချည်း ဖြစ်၏။ (မ၊၂။၂၅၆။) (မ၊မြန်၊၂။ ၂၆၅–၂၆၆။)

ဘုရားရှင်၏ အဆုံးအမ ၃ မျိုး ၁။ ပျင်းရိခြင်းကို ဘေးအားဖြင့် ရှု၍ ကြိုးစားအားထုတ်ခြင်းကို ဘေးမရှိသောအားဖြင့် ရှုပြီး ထက်သန်သော ဝီရိယရှိသူ ဖြစ်စေရခြင်း၊ ၂။ ငြင်းခုံခြင်းကို ဘေးအားဖြင့် ရှု၍ မငြင်းခုံခြင်းကို ဘေးမရှိသောအားဖြင့် ရှုပြီး ညီညွတ်သူ ပြေပြစ်သူ ဖြစ်စေရခြင်း၊ ၃။ မေ့လျော့ခြင်းကို ဘေးအားဖြင့် ရှု၍ မမေ့လျော့ခြင်းကို ဘေးမရှိသောအားဖြင့် ရှုပြီး အင်္ဂါရုစ်ပါးရှိသော မဂ်ကို ပွားများသူ ဖြစ်ရခြင်း။ (အပ၊၂။၄၂၀။) (အပ၊မြန်၊၂။၄၁၉။)

http://www.dhammadownload.com

ဘုရားရှင်၏ အလင်းရောင် ၄ မျိုး ၁။ ဉာဏာလောက– ဉာဏ်၏ အာနုဘော်ကြောင့် ဖြစ်ပေါ်လာသော အလင်းရောင်၊ ၂။ ပီတိအာလောက– ပီတိ၏ အစွမ်းကြောင့် ဖြစ်ပေါ်လာသော ကိုယ်တော် အလင်းရောင်၊ ၃။ ပသာဒါလောက– ကြည်ညိုခြင်း၏ အစွမ်းကြောင့် ဖြစ်ပေါ်လာသော အလင်းရောင်၊ ၄။ ဓမ္မကထာအာလောက– ဘုရားရှင်၏ တရားစကားတော်ကြောင့် ဖြစ်ပေါ်လာသော အလင်းရောင်။ (သံ၊၌၊၁။၅၀။)

ဘုရားရှင်၏ အားတော် ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါဗလ၊ ၂။ ရှက်မှု ဟိရီဗလ၊ ၃။ ကြောက်လန့်မှု ဩတ္တပ္ပဗလ၊ ၄။ ထက်သန်သော ဝီရိယဗလ၊ ၅။ သိမှု ပညာဗလ။ (အံ၊၂။၈။) (အံ၊မြန်၊၂။ ၁၀–၁၁။)

ဘုရားရှင်၏ အားတော် ၆ ပါး ၁။ အကြောင်းဟုတ်သည်ကို အကြောင်းဟုတ်သောအားဖြင့် လည်းကောင်း အကြောင်းမဟုတ်သည်ကို အကြောင်းမဟုတ်သော အားဖြင့်လည်းကောင်း ဟုတ်တိုင်းမှန်စွာ ခွဲခြားသိတော်မူခြင်း၊ ၂။ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်ကုန်သော ဆောက်တည်အပ်သော ကံတို့၏အကျိုးတို့ကို အကြောင်းအထောက်အပံ့အားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြားသိတော်မူခြင်း၊ ၃။ ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ်တို့၏ ညစ်ညူးကြောင်း ဖြူစင်ကြောင်း, ထမြောက်ကြောင်းတို့ကို ဟုတ်တိုင်းမှန်စွာ ခွဲခြားသိတော်မူခြင်း၊ ၄။ ရှေးရှေးဌာန ဖြစ်ခဲ့ဖူးသော ဘဝပေါင်းများစွာတို့ကို အခြင်းအရာ အဖြစ်သည်နှင့်တကွ အောက်မေ့တော်မူနိုင်ခြင်း၊ ၅။ လူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့် တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ကံအားလျော်စွာ ဖြစ်သော သတ္တဝါတို့ကို သိမြင်တော်မူခြင်း၊ ၆။ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် သိ၍ ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေတော်မူခြင်း။ (အံ၊၂။၃၆၅။) (အံ၊မြန်၊၂။၄၅၈။)

ဘုရားရှင်၏ အံ့ဖွယ် အခါ ၄ ပါး ၁။ ဘုရားအလောင်း ပဋိသန္ဓေနေသော အခါ၊ ၂။ ဘုရားအလောင်း ဖွားမြင်သော အခါ၊ ၃။ ဘုရားဖြစ်တော်မူသော အခါ၊ ၄။ ဓမ္မစကြာတရား ဟောကြားတော်မူသော အခါ။ (အံ၊၁။၄၄၆။) (အံ၊မြန်၊၁။၄၆၀။)

ဘုရားရှင်၏ ဣဿရိယဘုန်းတော် ၈ ပါး ၁။ အဏုမြူသဖွယ် သေးငယ်သော အတ္တဘော ဖြစ်အောင် ပြုနိုင်စွမ်းရှိသော အဏိမာ တည်းဟူသော ဣဿရိယဘုန်းတော်၊ ၂။ ကောင်းကင်၌ ခြေတော်ဖြင့် ကြွသွားခြင်း အစရှိသော အမှုကို ပြုနိုင်စွမ်းရှိသော လျင်မြန် ပေါ့ပါးဩသော လဃိမာ တည်းဟူသော ဣဿရိယဘုန်းတော်၊ ၃။ ကိုယ်ကာယတော်ကို ကြီးမားစွာ ဖန်ဆင်းနိုင်စွမ်းရှိသော မဟိမာ တည်းဟူသော ဣဿရိယဘုန်းတော်၊ ၄။ အလိုရှိအပ်သော အရပ်ဒေသသို့ အရောက်သွားနိုင်စွမ်းရှိသော ပတ္တိတည်းဟူသော ဣဿရိယ ဂုဏ်တော်၊ ၅။ အမိဋ္ဌာန်ပြုခြင်း အစရှိသည်အားဖြင့် အလိုရှိအပ်သော အကျိုးစီးပွားကို ပြီးမြောက်စေနိုင်စွမ်းရှိသော ပါကမ္မတည်းဟူသော ဣဿရိယဘုန်းတော်၊ ၆။ မိမိအလိုတော်အတိုင်း ဖြစ်အောင် နိုင်နိုင်နင်းနင်း ပြုနိုင်စွမ်းရှိသော ဤသိတာတည်းဟူသော ဣဿရိယ ဘုန်းတော်၊ ၇။ တန်ခိုးဖန်ဆင်းရာ၌ လေ့လာခြင်းရှိသော ဝသိတာတည်းဟူသော ဣဿရိယဘုန်းတော်၊ ၈။ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူသော ဘုရားရှင်၏ လည်းကောင်း အခြားသော တစ်စုံတစ်ခုကို ပြုတော်မူသော

http://www.dhammadownload.com

ဘုရားရှင်၏လည်းကောင်း အမှတ်မထား တစ်ပါးပါးသော အမှုဌ် ပြီးဆုံးခြင်းသို့ ရောက်အောင် ပြုနိုင်စွမ်းရှိသော ယတ္ထကာမာ ဝသာယိတာတည်းဟူသော ဣဿရိယဘုန်းတော်။ (သာရတ္ထ၊ ဋီ၊၁။၃၁၁။)

ဘုရားရှင်၏ ဆုံးမနည်း ၄ မျိုး ၁။ "ဤပုဂ္ဂိုလ်သည် ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် သုံးပါးသော သံယောဇဉ် 'အနောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်း သဘော မရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်လတ္တံ့'ဟု သိ၍ ဆုံးမခြင်း၊၂။ "ဤပုဂ္ဂိုလ်သည် ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် သုံးပါးသော သံယောဇဉ် 'အနောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် တပ်မက်ခြင်း 'ရာဂ' အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ'တို့၏လည်း ခေါင်းပါးသောကြောင့် ဤလူ့ပြည်ကို တစ်ကြိမ်သာ လာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ဖြစ်လတ္တံ့'ဟု သိ၍ ဆုံးမခြင်း၊ ၃။ "ဤပုဂ္ဂိုလ်သည် ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် အောက်ကာမဘုံ၌ ပဋိသန္ဓေ နေခြင်းအဖို့ရှိသည့် ငါးပါးသော သံယောဇဉ် 'အနောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် (ဗြဟ္မာဘုံ၌) ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လာခြင်းသဘော မရှိသော အနာဂါမ် ဖြစ်လတ္တံ့"ဟု သိ၍ ဆုံးမခြင်း၊ ၄။ တစ်ပါးသော ပုဂ္ဂိုလ်ကို "ဤပုဂ္ဂိုလ်သည် ငါဆုံးမသည့်အတိုင်း ကျင့်သည်ရှိသော် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ တရားကင်းသော လွတ်မြောက်သည့် (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သည့် (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ ပြည့်စုံစေ၍ နေသော် ရဟန္တာ ဖြစ်လတ္တံ့'ဟု သိ၍ ဆုံးမခြင်း။ (ဒီ၊၃။၈၉။) (ဒီ၊မြန်၊၃။၉၆။)

ဘုရားရှင်အား အထူး မစောင့်စည်းရသော တရား ၃ ပါး ၁။ စင်ကြယ်ပြီးသော ကိုယ်အကျင့် (ကာယသုစရိုက်)၊ ၂။ စင်ကြယ်ပြီးသော နှုတ်အကျင့် (ဝစီသုစရိုက်)၊ ၃။ စင်ကြယ်ပြီးသော စိတ်အကျင့် (မနောသုစရိုက်) ။ (ဒီ၊၃။၁၈၂။) (ဒီ၊မြန်၊၃။၂၀၂။)

ဘုရားရှင်၏ ကိုယ်တော်ရောင် တောက်ချိန် ၂ မျိုး ၁။ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသော ညဉ့်အခါ၊ ၂။ ဥပါဒိနုကခန္ဓာ အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသော ညဉ့်အခါ။ (ဒီ၊၂။၁၁၁။) (ဒီ၊မြန်၊၂။၁၂၉။)

ဘုရားသာသနာတော်၌ ရဟန်းပြုသော အချို့ပုဂ္ဂိုလ်၌ တွေ့ဆုံနိုင်သော ဘေး ၄ မျိုး ၁။ အမျက်ထွက်ခြင်း ကိုယ်စိတ်ခံပြင်းခြင်း တည်းဟူသော လှိုင်းတံပိုးဘေး၊ ၂။ မိမိ ဝမ်းပြည့်ရေးကိုသာ ကြည့်သူအဖြစ် တည်းဟူသော မိကျောင်းဘေး၊ ၃။ ကာမဂုဏ်ငါးပါး တည်းဟူသော ရေဝဲဘေး၊ ၄။ အမျိုးသမီး မာတုဂါမ တည်းဟူသော ကြမ်းသော ငါးဘေး။ (မ၊၂။၁၂၃။) (မ၊မြန်၊၂။၁၃၃။)

ဘုရားသာသနာ၌ ဝေါဟာရစေတနာကို ဖြတ်တောက်ခြင်းငှာ ဖြစ်ကုန်သော တရား ၈ မျိုး ၁။ သူ့အသက် မသတ်ခြင်းကို အကြောင်းပြု၍ သူ့အသက်သတ်ခြင်းကို ပယ်ထိုက်ခြင်း၊ ၂။ အရှင် ပေးအပ်သည်ကိုသာ ယူခြင်းကို အကြောင်းပြု၍ အရှင်မပေးအပ်သည်ကို ယူခြင်းကို ပယ်ထိုက်ခြင်း၊ ၃။ အမှန်ပြောဆိုခြင်းကို အကြောင်းပြု၍ မဟုတ်မမှန် ပြောဆိုခြင်းကို

http://www.dhammadownload.com

ပယ်ထိုက်ခြင်း၊ ၄။ ချောပစ်ကုန်းတိုက်စကား မပြောဆိုခြင်းကို အကြောင်းပြု၍ ချောပစ်ကုန်းတိုက် စကားကို ပယ်ထိုက်ခြင်း၊ ၅။ မတပ်မက်ခြင်းဟူသော အလောဘကို အကြောင်းပြု၍ တပ်မက်ခြင်း ဟူသော လောဘကို ပယ်ထိုက်ခြင်း၊ ၆။ မကဲ့ရဲ့ မထိပါးခြင်းကို အကြောင်းပြု၍ ကဲ့ရဲ့ထိပါးခြင်းကို ပယ်ထိုက်ခြင်း၊ ၇။ ပြင်းစွာ အမျက်မထွက်ခြင်းကို အကြောင်းပြု၍ ပြင်းစွာ အမျက်ထွက်ခြင်းကို ပယ်ထိုက်ခြင်း၊ ၈။ အလွန် မာန်မမူခြင်းကို အကြောင်းပြု၍ အလွန် မာန်မူခြင်းကို ပယ်ထိုက်ခြင်း။ (မ၊၂။၂၃။) (မ၊မြိန်၊၂။၂၆။)

ဘုရားစသော အဆွေခင်ပွန်းကောင်းတို့အား မပြစ်မှားသူ ရရှိနိုင်သော အကျိုး ၁၀ မျိုး ၁။ မိမိအိမ်မှ အရပ်တစ်ပါးသို့ ထွက်သွားသော် များသော အစာ ရရှိခြင်း၊ ထိုခင်ပွန်းအပေါ် မပြစ်မှားသော သူကို လူအများတို့က မှီ၍ အသက်မွေးခြင်း၊ ၂။ အဆွေခင်ပွန်းအပေါ် မပြစ်မှားသော သူသည် ရောက်ရာရာအရပ်၌ အပူဇော်ခံရခြင်း၊ ၃။ ခိုးသူတို့ အနိုင်အထက် မပြုနိုင်ခြင်း၊ မင်းတို့သည် မထီမဲ့မြင် မပြုနိုင်ကုန်ခြင်း၊ ခပ်သိမ်းသော ရန်သူတို့ကို ကျော်လွှားနိုင်ခြင်း၊ ၄။ အမျက်မထွက်ဘဲ မိမိအိမ်သို့ ပြန်လာရခြင်း၊ သဘင်အလယ်၌ ဝမ်းမြောက်သော စိတ်ရှိခြင်း၊ ဆွေမျိုးတို့ထက် မြတ်ခြင်း၊ ၅။ သူတစ်ပါးကို ပူဇော်သက္ကာရပြု၍ မိမိကိုလည်း သူတစ်ပါးတို့က ရိုသေလေးစားခြင်း၊ ကျေးဇူးသတင်း ကျော်စောခြင်း၊ ၆။ အဆွေခင်ပွန်းတို့အား မပြစ်မှားသော သူသည် အဆွေခင်ပွန်းတို့အား ပူဇော်သည်ဖြစ်၍ ပူဇော်ခြင်းကို ခံရခြင်း၊ ဘုရားအစရှိသော အဆွေခင်ပွန်းတို့အား ရှိခိုးသည်ဖြစ်၍ မိမိလည်း ရှိခိုးခံရခြင်း၊ အခြံအရံများခြင်း ကျေးဇူးသတင်း ကျော်စောခြင်း၊ ၇။ အဆွေခင်ပွန်းတို့အား မပြစ်မှားသော သူသည် ညဉ့်အခါ၌ မီးသည် တောက်ပသကဲ့သို့ အစိုးရခြင်း, အခြံအရံ များခြင်းဖြင့် တောက်ပခြင်း နတ်ကဲ့သို့ တင့်တယ်ခြင်း၊ အသရေတည်မြဲခြင်း၊ ၈။ အဆွေခင်ပွန်းတို့အား မပြစ်မှားသော သူသည် နွားများစွာ ပိုင်ခြင်း၊ လယ်ယာ၌ ပျိုးပင်များ ဖြစ်ထွန်းစည်ပင်ခြင်း, ပျိုးပင်တို့၏ အသီးကို စားရခြင်း၊ ၉။ အဆွေခင်ပွန်းတို့အား မပြစ်မှားသော သူသည် ချောက်ကမ်းပါးပြတ်, တောင်, သစ်ပင် စသည်တို့မှ ကျ၍ စုတေသော် သုဂတိဘုံဘဝ၌ တည်ရာရရှိခြင်း၊ ၁၀။ အဆွေခင်ပွန်းတို့အား မပြစ်မှားသော သူကို ရန်သူတို့က မညှဉ်းဆဲနိုင်ခြင်း။ (ဇာ၊၄၊၆။၁၆။)

ဘုရားအလောင်း ငုံးငှက်၏ ခန္ဓာကိုယ် ဝဖြိုးခြင်းအကြောင်း ၄ မျိုး ၁။ အစာအာဟာရ စားသောက်ခြင်း၌ အလိုတရာ နည်းခြင်း၊ ၂။ အစာအာဟာရ ရှာဖွေရာ၌ ကြိုးတင်စဉ်းစားမှု မရှိခြင်း၊ ၃။ "ထိုမည်သော အရပ်၌ ချိုမြိန်ကောင်းမွန်သော အစာကို ရအံ့"ဟု ကြံ၍ မနှီးမဝေးသော အရပ်သို့ သွားခြင်း၊ ၄။ အစာကောင်းသည် ဖြစ်စေ, မကောင်းသည်ဖြစ်စေ ရရှိသော အစာဖြင့် ရောင့်ရဲကျေနပ်ခြင်း။ (ဇာ၊၄၊၃။၂၉၅။)

ဘုရားအလောင်းတို့ ပြည့်စုံရမည့် အင်္ဂါ ၈ ပါး ၁။ လူ့အဖြစ်ကို ရရှိသူ ဖြစ်ခြင်း၊ ၂။ ပုရိသလိင်နှင့် ပြည့်စုံရခြင်း (ယောကျ်ား စင်စစ်ဖြစ်ရခြင်း)၊ ၃။ အရဟတ္တဖိုလ်ကို ရနိုင်ခြင်း၊ ဟူသော အကြောင်း ရှိခြင်း၊ ၄။ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊ ၅။ ရသေ့, ရဟန်း ဖြစ်ရခြင်း၊ ၆။ သမာပတ် ရှစ်ပါးနှင့် ဈာန်အဘိညာဉ် ရရှိထားခြင်း ဟူသော ဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၇။ (အသက်ကို စွန့်၍) ဘုရားအဖြစ် ဆုတောင်းခြင်း၊ ၈။ ဘုရားဖြစ်ရန် လွန်ကဲသော အလိုဆန္ဒ ရှိခြင်း။ (အပ၊၂။၃၁၁။) (ဗုဒ္ဓဝံ၊မြိန်။၃၀၅။)

http://www.dhammadownload.com

ဘုရားအလောင်းတို့ မတူညီသော (ထူးသော) အခြင်းအရာ ၄ ပါး ၁။ အမျိုးဇာတ်၏ ထူးခြားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ ၂။ ကမ္မဋ္ဌာန်းအကျင့်၏ ထူးခြားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ ၃။အသက်တော်၏ ထူးခြားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၊ ၄။ အရပ်တော် ပမာဏ၏ ထူးခြားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း။ (မိလိန္ဒ။၂၇၆။) (မိလိန္ဒ၊မြန်။၂၉၅။)

ဘုရားအလောင်းတို့ မဖြစ်နိုင်သော ဘဝဌာန ၁၈ မျိုး ၁။ နေ ဇစ္စန္ဓော ဟောတိ နေ ဇစ္စဗဓိရော– ပဋိသန္ဓေအားဖြင့် ကန်းသူ နားပင်းသူ မဖြစ်ခြင်း၊ ၂။ နေ ဥမ္မတ္တကော– အရူးမဖြစ်ခြင်း၊ ၃။ နေ ဧဠမူခေါ နေ ပီဌသပ္ပီ– ခံတွင်းမှ သွားရည်ယိုသူ ဆွံ့အသူ မဖြစ်ခြင်း၊ ၄။ နေ မိလက္ခေသု ဥပ္ပဇ္ဇတိ– လူရိုင်းတို့၌ မဖြစ်ခြင်း၊ ၅။ နေ ဒါသိယာ ကုစ္ဆိမှိ နိဗ္ဗတ္တတိ– ကျွန်မဝမ်း၌ ပဋိသန္ဓေ မနေခြင်း၊ ၆။ နေ နိယတမိစ္ဆာဒိဋ္ဌိကော ဟောတိ– နိယတမိစ္ဆာအယူရှိသူ မဖြစ်ခြင်း၊ ၇။ နာသေ လိင်္ဂံ ပရိဝတ္တတိ– လိင်ပြောင်းလဲမှု မဖြစ်ခြင်း၊ ၈။ နေ ပဉ္စာနန္တရိယ ကမ္မာနိ ကရောတိ– ပဉ္စာနန္တရိယကံကို မလွန်ကျူးခြင်း၊ ၉။ နေ ကုဋ္ဌီ ဟောတိ– နူနာစွဲကပ်သူ မဖြစ်ခြင်း၊ ၁၀။ နေ တိရစ္ဆာနယောနိယံ ဥပ္ပဇ္ဇတော ပစ္ဆိမတ္တဘာဝေါ ဟတ္ထိတော အဓိကတ္တဘာဝေါ, ဟောတိ– တိရစ္ဆာန်မျိုး၌ ဖြစ်သော ငုံးအောက် ငယ်သော သတ္တဝါ, ဆင်ထက်ကြီးသော သတ္တဝါ မဖြစ်ခြင်း၊ ၁၁။ နေ ခုပ္ပိပါသိက နိဇ္ဈာမတဏှိက ပေတေသု ဥပ္ပဇ္ဇတိ– ခုပ္ပိပါသိကနိဇ္ဈာမ တဏှိကပြိတ္တာဘုံ ဘဝတို့၌ မဖြစ်ခြင်း၊ ၁၂။ နေ ကာလကဉ္စိကာသုရေသု– ကာလကဉ္စိကအသုရာတို့၌ မဖြစ်ခြင်း၊ ၁၃။ နေ အဝီစိ နိရယေ– အဝီစိငရဲ၌ မဖြစ်ခြင်း၊ ၁၄။ နေ လောကန္တရိကေသု– လောကန္တရိက် ငရဲတို့၌ မဖြစ်ခြင်း၊ ၁၅။ ကာမာဝစရေသု ပန နေ မာရော ဟောတိ– ကာမာဝစရနတ်ပြည်တို့၌ မာရ်နတ် မဖြစ်ခြင်း၊ ၁၆။ ရူပါဝစရေသု နေ အသညီဘဝေ, နေ သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇတိ– ရူပဗြဟ္မာ့ပြည်တို့တွင် အသညသတ်ဘုံ, သုဒ္ဓါဝါသဘုံတို့၌ မဖြစ်ခြင်း၊ ၁၇။ နေ အရူပဘဝေသု– အရူပဘုံတို့၌ မဖြစ်ခြင်း၊ ၁၈။ နေ အညံ စက္ကဝါဠံ သင်္ကမတိ– အခြားသော စက်ဝဠာ၌ ပြောင်း၍ မဖြစ်ခြင်း။ (အပဒါန၊၁။၁၅၇။) (သုတ္တနိ၊၆။၄၅။)

ဘုရားအလောင်းတို့၏ ဂုဏ်ကျေးဇူး ၁၀ ပါး ၁။ တပ်မက်မှု မရှိခြင်း၊ ၂။ ကပ်ငြိမှု မရှိခြင်း၊ ၃။ ပေးကမ်းနိုင်ခြင်း၊ ၄။ စွန့်လွှတ်နိုင်ခြင်း၊ ၅။ နောက်သို့ ပြန်မဆုတ်ခြင်း၊ ၆။ သိမ်မွေ့နူးညံ့ခြင်း၊ ၇။ ကြီးကျယ်မြင့်မြတ်ခြင်း၊ ၈။ သိနိုင်ခဲခြင်း၊ ၉။ ရနိုင်ခဲခြင်း၊ ၁၀။ ဘုရားဖြစ်ကြောင်း ဗုဒ္ဓဓမ္မ၏ အတုမရှိခြင်း။ (မိလိန္ဒ။၂၆၈။) (မိလိန္ဒ၊မြန်။၂၈၇။)

ဘုရားလောင်းတို့၏ ဓမ္မတာ (မြဲခြင်း) ၅ မျိုး ၁။ ဘုရားလောင်းတို့၏ အမိအဖတို့သည် မြဲခြင်း၊ ၂။ သဗ္ဗညုတဉာဏ်တော်သည် မြဲခြင်း၊ ၃။ အဂ္ဂသာဝကတို့သည် မြဲခြင်း၊ ၄။ သားတော်သည် မြဲခြင်း၊ ၅။ အလုပ်အကျွေးသည် မြဲခြင်း။ (မိလိန္ဒ။၁၉၂။) (မိလိန္ဒ၊မြန်။၂၀၆။)

ဘုရားအလောင်းတို့၏ ဓမ္မတာ ၁၆ ပါး ၁။ တုသိတာနတ်ပြည်မှ စုတေ၍ သတိသမ္ပဇဉ်နှင့် ယှဉ်လျက် အမိဝမ်းသို့ သက်ဝင်ခြင်း၊ ၂။ ထိုသို့ သက်ဝင်သောအခါ တစ်သောင်းသော လောကဓာတ်လည်း ပြင်းစွာ တုန်လှုပ်လျက် နတ်ပြည်တို့၏ အာနုဘော်ကို ကျော်လွန်၍ အတိုင်းအရှည်ပမာဏ မရှိသော မြတ်သော အလင်းရောင် ဖြစ်ပေါ်လာခြင်း၊ ၃။ နတ်မင်းကြီး လေးယောက်တို့သည် ဘုရားအလောင်းကို စောင့်ရှောက်ကြခြင်း၊ ၄။ ဘုရားအလောင်း၏ မယ်တော်သည် ငါးပါးသီလ လုံခြုံခြင်း။၅။ ဘုရားအလောင်း၏ မယ်တော်သည် ယောကျ်ားတို့

http://www.dhammadownload.com

အပေါ်၌ ကာမဂုဏ်နှင့် စပ်သော စိတ် မဖြစ်ပေါ်ခြင်း၊ ဘုရားအလောင်းမယ်တော်အား မည်သည့် ယောကျ်ားမဆို တပ်မက်သော စိတ်ဖြင့် မလွန်ကျူးအပ်ခြင်း၊ ၆။ ရူပါရုံစသော ကာမဂုဏ် ငါးပါးတို့ကို အလိုရှိတိုင်း ရ၍ ထိုကာမဂုဏ်ငါးပါးတို့ဖြင့် ပြည့်စုံစွာ တင့်တယ်စမွာယ်လျက် နေခြင်း၊ ၇။ ဘုရားအလောင်း၏ မယ်တော်သည် အနာရောဂါကင်း၍ ကိုယ်ကျန်းမာ စိတ်ချမ်းသာလျက် ဝမ်းဗိုက်အတွင်း၌ တည်သော အင်္ဂါကြီးငယ်နှင့် ပြည့်စုံသော ဘုရား အလောင်းကို တွေ့မြင်နိုင်ခြင်း၊ ၈။ ဘုရားအလောင်းကို ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်သော အခါ ကွယ်လွန် အနိစ္စရောက်၍ တုသိတာနတ်ပြည်သို့ ကပ်ရောက်ရခြင်း၊ ၉။ ဘုရား အလောင်း၏ မယ်တော်သည် ဆယ်လတိတိ ဘုရားအလောင်းကိုယ်ဝန်ကို ဆောင်၍ ဖွားမြင် ရခြင်း၊ ၁၀။ ဘုရားအလောင်း၏ မယ်တော်သည် ရုပ်လျက်သာလျှင် ဘုရားအလောင်းကို ဖွားမြင်ခြင်း၊ ၁၁။ ဘုရားအလောင်းကို ဖွားမြင်သောအခါ ရှေးဦးစွာ နတ်တို့က ခံယူ၍ နောက်မှ လူတို့က ခံယူကြရခြင်း၊ ၁၂။ ဘုရားအလောင်းကို ဖွားမြင်သောအခါ မြေသို့ မရောက်မီ နတ်မင်းကြီးလေးပါးတို့က ခံယူကြပြီးလျှင် မယ်တော်၏ ရှေ့၌ ထားကြခြင်း၊ ၁၃။ သလိပ် သွေးစသည်ဖြင့် မလိမ်းကျံဘဲ သန့်ရှင်းစင်ကြယ်စွာဖြင့် ဖွားမြင်ခြင်း၊ ၁၄။ ကောင်းကင်မှ ရေပူရေအေးတည်းဟူသော ရေအလျဉ်နှစ်ခု ဖြစ်ပေါ်လာခြင်း၊ ၁၅။ ဖွားမြင်ပြီးစ ဖြစ်သော ဘုရားအလောင်းသည် မြောက်ဘက်အရပ်သို့ မျက်နှာမူလျက် ခြေခုနစ်လှမ်း ကြွလှမ်း ပြီးလျှင် ငါသည် လောကအားလုံးထက် အမြတ်ဆုံး, ဖြစ်၏၊ ဤပဋိသန္ဓေနေမှုသည် နောက်ဆုံး ဖြစ်၏၊ နောက်ထပ် ဘဝသစ်ဖြစ်ရန် မရှိဟု ရဲရင့်သော စကားကို ပြောဆိုခြင်း၊ ၁၆။ ဘုရားအလောင်း ဖွားမြင်တော်မူသော အခါ၌ တစ်သောင်းသော လောကဓာတ်သည် ပြင်းစွာ တုန်လှုပ်လျက် နတ်ဗြဟ္မာတို့၏ အာနုဘော်ကို ကျော်လွန်၍ အတိုင်းအရှည် မရှိသော မြတ်သော အလင်းရောင် ဖြစ်ပေါ်လာခြင်း။ (ဒီ၊၂။၁၀။) (ဒီ၊မြန်၊၂။၁၀။)

ဘုရားအလောင်းတို့၏ အစ္ဆရိယ ၆ မျိုး ၁။ နေက္ခမ္မစ္ဆရိယ– ဘုရားအလောင်းတို့သည် ကာမဂုဏ်တို့၌ လည်းကောင်း အိမ်ရာတည်ထောင် လူ့ဘောင်၌လည်းကောင်း အပြစ်မြင်လေ့ ရှိပြီး တောထွက်လိုခြင်း၊ ၂။ ပဝိဝေကစ္ဆရိယ– အပေါင်းအဖော်၌ မွေ့လျော်ခြင်းကို အပြစ် မြင်လေ့ရှိပြီး ဆိတ်ငြိမ်ရာအရပ်၌ နေထိုင်လိုခြင်း၊ ၃။ အလောဘစ္ဆရိယ– တပ်မက်မှု လောဘ၌ အပြစ်မြင်လေ့ရှိပြီး အလောဘစိတ်ဖြင့် နေထိုင်လိုခြင်း၊ ၄။ အဒေါသစ္ဆရိယ– အမျက်ထွက်ခြင်း ဒေါသ၌ အပြစ်မြင်လေ့ရှိပြီး အဒေါသ မေတ္တာစိတ်ဖြင့် နေထိုင်လိုခြင်း၊ ၅။ အမောဟစ္ဆရိယ– တွေဝေခြင်းမောဟ၌ အပြစ်မြင်လေ့ရှိပြီး ပညာ အမောဟစိတ်ဖြင့် နေထိုင်လိုခြင်း၊ ၆။ နိဿရဏစ္ဆရိယ– အလုံးစုံသော ဘဝတို့၌ ကျင်လည်ရခြင်းကို အပြစ်မြင်လျက် ဘဝအားလုံးတို့မှ လွတ်မြောက်လိုခြင်း။ (စရိယာ၊၌။၂၈၂။)

ဘုရားအလောင်းတို့၏ အစ္ဆရိယ ၁၀ ပါး ၁။ ဒါနစ္ဆရိယ– ပေးလှူခြင်း၌ ဖြစ်သော အလို၊ ၂။ သီလစ္ဆရိယ– သီလဆောက်တည်ခြင်း၌ ဖြစ်သော အလို၊ ၃။ နေက္ခမ္မစ္ဆရိယ– ထွက်မြောက်ခြင်း နေက္ခမ္မ၌ ဖြစ်သောအလို၊ ၄။ ပညာအစ္ဆရိယ– ပညာရှာခြင်း၌ ဖြစ်သော အလို၊ ၅။ ဝီရိယစ္ဆရိယ– အားထုတ်ခြင်း၌ ဖြစ်သော အလို၊ ၆။ ခန္တီအစ္ဆရိယ–သည်းခံ ခြင်း၌ ဖြစ်သော အလို၊ ၇။ သစ္စာအစ္ဆရိယ– သစ္စာ၌ ဖြစ်သောအလို၊ ၈။ အဓိဋ္ဌာနစ္ဆရိယ–

http://www.dhammadownload.com

စိတ်ကို ခိုင်မြဲစွာ ထားခြင်း၌ ဖြစ်သော အလို၊ ၉။ မေတ္တာအစ္ဆာသယ- အကျိုးစီးပွားကို အလိုရှိခြင်းသဘော၌ ဖြစ်သော အလို၊ ၁၀။ ဥပေက္ခာအစ္ဆာသယ- အသင့်အားဖြင့် အညီအမျှ ရှုခြင်း၌ ဖြစ်သော အလို။ (ဒီ၊ဋ္ဌ၊၁။၇၃။)

ဘုရားအလောင်းများ ပွားများခဲ့ပြီးသော တရား ၅ မျိုး ၁။ အလိုဆန္ဒလျှင် အကြီးအမှူးရှိသော ဣဒ္ဓိပါဒ်ကို ပွားများခဲ့ပြီး ဖြစ်ခြင်း၊ ၂။ အားထုတ်မှု ဝီရိယလျှင် အကြီးအမှူးရှိသော ဣဒ္ဓိ ပါဒ်ကို ပွားများခဲ့ပြီး ဖြစ်ခြင်း၊ ၃။ စိတ်လျှင် အကြီးအမှူးရှိသော ဣဒ္ဓိပါဒ်ကို ပွားများခဲ့ပြီး ဖြစ်ခြင်း၊ ၄။ ပညာလျှင် အကြီးအမှူးရှိသော ဣဒ္ဓိပါဒ်ကို ပွားများခဲ့ပြီး ဖြစ်ခြင်း၊ ၅။ လွန်ကဲသော လုံ့လကိုသာလျှင် ပွားများခဲ့ပြီး ဖြစ်ခြင်း။ (အံ၊၂။၇၂။) (အံ၊မြန်၊၂။၈၈။)

ဘုရားအလောင်းများ၏ အံ့ဖွယ်တရား ၄ ပါး ၁။ သတ္တဝါအပေါင်းအား မိမိ၏ သားသမီးအရင်းကဲ့သို့ ချစ်ခင်သော စိတ်ဖြင့် သိမ်းဆည်းခြင်း၊ ၂။ ထိုသတ္တဝါတို့အပေါ်၌ သံကိလေသာ၏ အစွမ်းဖြင့် စိတ်ညစ်နွမ်းမှု မရှိခြင်း၊ ၃။ သတ္တဝါတို့၏ စီးပွားချမ်းသာကို ဆောင်တတ်သော လုံ့လပယောဂကို အားထုတ်ခြင်း၊ ၄။ မိမိအတွက် ဘုရားအဖြစ်ကို ပြုတတ်သော ပါရမီဆယ်ပါး အကျင့်တရားတို့ကို တစ်ဆင့်ထက်တစ်ဆင့် ရင့်ကျက်အောင် ပြုလုပ်ခြင်း။ (စရိယာ၊ဋ္ဌ။၂၈၁။) (သီ၊ဋ္ဌ၊သစ်၊၁။၂၅၈။)

ဘုရားအလောင်း မွေးဖွားပြီးခါစမှာ စကားပြောသော ဘဝ ၃ မျိုး ၁။ဥမ္မင်္ဂဇာတ်တော်လာ မဟောသဓပဏ္ဍိတ ဘဝ၊ ၂။ ဝေဿန္တရဇာတ်တော်လာ ဝေဿန္တရာမင်းဘဝ၊ ၃။ နောက်ဆုံး ဘုရားဖြစ်မည့် သိဒ္ဓတ္ထမင်းသားဘဝ။ (အပ၊ဋ္ဌ၊၁။၆၅။) (စရိယာ၊ဋ္ဌ။၈၀။) (ဇာ၊ဋ္ဌ၊၁။၆၃။) (ဇာ၊ဋ္ဌ၊၇။၂၄၈။)

ဘုရားအလောင်း လူ့ဘဝဖြင့် နတ်ပြည်သို့ ရောက်သော ဘဝ ၄ မျိုး ၁။ မန္ဓတ်မင်း ဘဝ၊ ၂။ သာမိနမင်း ဘဝ၊ ၃။ ဂုတ္တိလစောင်းတီးသမား ဘဝ၊ ၄။ နိမိမင်းကြီး ဘဝ။ (မ၊ဋ္ဌ၊၃။၂၂၀။)

ဘုရားအလောင်း၏ လူဖွယ်ဝတ္ထု ၂ မျိုး ၁။ ကိုယ်တွင်း လူဖွယ်ဝတ္ထု၊ ၂။ ကိုယ်လူဖွယ်ဝတ္ထု။ (သီ၊ဋ္ဌ၊သစ်၊၁။၂၇၃။)

ဘုရားအလောင်းလက္ခဏာကို ဖတ်သော ပုဏ္ဏား ၈ ယောက် ၁။ ရာမပုဏ္ဏား၊ ၂။ ဓဇပုဏ္ဏား၊ ၃။ လက္ခဏပုဏ္ဏား၊ ၄။ မန္တီပုဏ္ဏား၊ ၅။ ကောဏ္ဍညပုဏ္ဏား၊ ၆။ ဘောဇပုဏ္ဏား၊ ၇။ သုယာမပုဏ္ဏား၊ ၈။ သုဒတ္တပုဏ္ဏား။ (ဇာ၊ဋ္ဌ၊၁။၆၆။)

ဘုရားအလောင်း အင်္ဂါ ၈ ပါး ဘုရားဆုပန်ပုဂ္ဂိုလ်များ ပြည့်စုံရမည့် အင်္ဂါ ၈ ပါးနှင့် တူသည်။

ဘုရား၏ ဓာတ်တော် ၇ ဆူ ၁-၂-၃-၄။ ဗွယ်တော် ၄ ဆူ၊ ၅-၆။ ညှပ်ရိုးတော် ၂ ဆူ၊ ၇။ သင်းကျစ်တော် ၁ ဆူ။ (ဒီ၊ဋ္ဌ၊၂။၁၉၆။) (ဒီ၊ဋ္ဌ၊မြန်၊၂။၃၅၀။)

ဘူတဂါမသိင်္ဂါပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ကြီးပွားပြီး, ကြီးပွားဆဲ သစ်ပင်အပေါင်း ဖြစ်ခြင်း၊ ၂။ ကြီးပွားပြီး, ကြီးပွားဆဲ သစ်ပင်အပေါင်းဟု အမှတ်ရှိခြင်း၊ ၃။ ကိုယ်တိုင် ဖျက်ဆီးခြင်း, သူတစ်ပါးကို ဖျက်ဆီးစေခြင်း။ (သာရတ္ထ၊ဋ္ဌီ၊၃။၂၃။) (ဝိမတိ၊၂။၁၂။)

ဘူတရုပ် ၄ ပါး ၁။ ပထဝီဓာတု- မြေ ပထဝီဓာတ်, ပထဝီရုပ်, ကြမ်းတမ်းခက်မာသော သဘော၊ ၂။ အာပေါဓာတု- ရုပ်ကလာပ်တို့ကို ဖရိုဖရဲ မရှိစေရအောင် ပေါင်းစပ်ဖွဲ့စည်းခြင်း သဘော,

http://www.dhammadownload.com

ရိပျော် စီးယို စွတ်စိုခြင်း အရည်အစေးသဘော, ယင်းသဘောကိုပင် အာပေါဓာတ်ဟု ဆိုရသည်၊ ၃။ ဝါယောဓာတု– ဝါယောဓာတ်, လေဓာတ်, ထောက်ကန်လှုပ်ရှားတတ်သော သဘော၊ ၄။ တေဇောဓာတု– တေဇော ဓာတ်, ထက်မြက် ရင့်ကျက် လောင်မြိုက်စေတတ်သော သဘော (ပူမှု, အေးမှုသဘော) ။ (ဝိသုဒ္ဓိ၊၂။၇၃။)

ဘူတာရောစနသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ဈာန်မင်္ဂဖိုလ် တရား၏ ထင်ရှားရှိသူ ဖြစ်ခြင်း၊ ၂။ ရဟန်း မဟုတ်သော လူ သာမဏေအား ပြောကြားခြင်း၊ ၃။ ထိုပြောသော ခဏ၌ပင် သိခြင်း၊ ၄။ တစ်ပါးသော သူကို မညွှန်းခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၃။) (ဝိမတိ၊၂။၉။)

ဘူမိဘေဒအားဖြင့် ကုသိုလ် ၄ မျိုး ၁။ ကာမာဝစရကုသိုလ်၊ ၂။ ရူပါဝစရကုသိုလ်၊ ၃။ အရူပါဝစရကုသိုလ်၊ ၄။ လောကုတ္တရာကုသိုလ်။ (ဝိသုဒ္ဓိ၊၂။၈၃။)

ဘူမိဘေဒအားဖြင့် ကြိယာစိတ် ၃ မျိုး ၁။ ကာမာဝစရကြိယာစိတ်၊ ၂။ ရူပါဝစရကြိယာစိတ်၊ ၃။ အရူပါဝစရကြိယာစိတ်။ (ဝိသုဒ္ဓိ၊၂။၈၆။)

ဘေဒကရဝတ္ထု ၁၈ ပါး ကွဲပြားခြင်းကို ပြုတတ်သော ဝတ္ထု ၁၈ ပါးနှင့် တူသည်။

ဘေသဇ္ဇသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ထောပတ် အစရှိသော ဆေးပစ္စည်းတို့ကို အကပ်ခံယူ အပ်ပြီးသည် ဖြစ်ခြင်း၊ ၂။ မိမိကိုယ်ပိုင် ဆေးပစ္စည်း ဖြစ်ခြင်း၊ ၃။ ခုနစ်ရက် အပိုင်းအခြားကို လွန်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၃၅။) (ဝိမတိ၊၁။၃၅၅။)

ဘေး ၃ မျိုး ၁။ ရုပ်ဇီဝိတ နာမ်ဇီဝိတတို့၏ သေခြင်းသို့ ကပ်ရောက်ရခြင်း၊ ၂။ အသက်တမ်း၏ အလွန်နည်းပါးခြင်း၊ ၃။ အိုခြင်းတရား ကပ်ရောက်နိပ်စက်မှု ခံရသူအား ကိုးကွယ် အားထားရာ မရှိခြင်း။ (သံ၊၄၊၁။၂၁။)

ဘေး ၃ မျိုး (တစ်နည်း) ၁။ နံနက် စသော အချိန်ကာလတို့ကို ကျော်လွန်သွားရခြင်း၊ ၂။ နေ့ည တို့ကို ကျော်လွန်နေရခြင်း၊ ၃။ အသက်အရွယ်နှင့် ဂုဏ်သိက္ခာတို့ကို စွန့်ပစ်သွားရခြင်း။ (သံ၊၄၊၁။၂၂။)

ဘေး ၃ မျိုး (တစ်နည်း) ၁။ ဆာလောင် မွတ်သိပ်ခြင်းဘေး၊ ၂။ ရောဂါဘေး၊ ၃။ လက်နက်ဘေး။ (ဇာ၊၄၊၂။၁၁၃။)

ဘေး ၄ မျိုး ၁။ ဇာတိဘေး– ပဋိသန္ဓေတည်နေခြင်းကို စွဲ၍ ဖြစ်သော ဘေး၊ ၂။ ဇရာဘေး– အိုခြင်းကို စွဲ၍ ဖြစ်သော ဘေး၊ ၃။ ဗျာဓိဘေး– နာခြင်းကို စွဲ၍ ဖြစ်သော ဘေး၊ ၄။ မရဏဘေး– သေခြင်းကို စွဲ၍ ဖြစ်သော ဘေး၊ ၁။ (တစ်နည်း) မီးဘေး၊ ၂။ ရေဘေး၊ ၃။ မင်းဘေး၊ ၄။ ခိုးသူ ဘေး။ (အံ၊၁။၄၃၃ဖ။) (အဘိ၊၀ိ။၃၈၁။) (အဘိ၊၀ိ။၃၉၀။) (အံ၊မြန်၊၁။၄၄၉။) (အဘိ၊၀ိ၊မြန်၊ ၂။၄၇၈။) (အဘိ၊၀ိ၊မြန်၊၂။၄၉၄။)

ဘေး ၄ မျိုး (တစ်နည်း) ၁။ ကိလေသာ တည်းဟူသော ဘေး၊ ၂။ ဝဋ်ဆင်းရဲ တည်းဟူသော ဘေး၊ ၃။ ဒုဂ္ဂတိဘဝ တည်းဟူသော ဘေး၊ ၄။ သူတစ်ပါးတို့သည် ကဲ့ရဲ့စွပ်စွဲခြင်းတည်း ဟူသော ဘေး။ (မ၊၄၊၂။၂၈၃။)

http://www.dhammadownload.com

ဘေး ၄ မျိုး (တစ်နည်း) ၁။ မီးဘေး၊ ၂။ ရေဘေး၊ ၃။ မင်းဘေး၊ ၄။ သူခိုးဘေး။ (အံ၊၁။၄၃၆။) (အံ၊မြန်၊၁။၄၄၉။)

ဘေး ၅ မျိုး (ဗိုလ်လေးပါးနှင့် ပြည့်စုံသော အရိယာတပည့် ကျော်လွန်အပ်သော ဘေး ၅ မျိုး) ၁။ အာဇီဝကဘယ- အသက်မွေးမှု ဟူသော ဘေး၊ ၂။ အသိလောကဘယ-အကျော်စောမဲ့ခြင်း ဟူသော ဘေး၊ ၃။ ပရိသသာရဇ္ဇဘယ- ပရိသတ်ကို ကြောက်ရွံ့ခြင်းဘေး၊ ၄။ မရဏဘယ- သေခြင်းဘေး၊ ၅။ ဒုဂ္ဂတိဘယ- မကောင်းသော လားရာရှိသော ဒုဂ္ဂတိဘေး။ (အံ၊၃။၁၇၄။) (အဘိ၊ဝိ။၃၉၃။) (အံ၊မြန်၊၃။၁၇၆။) (အဘိ၊ဝိ၊မြန်၊၂။၄၉၇။)

ဘေး ၂ မျိုး ၁။ မျက်မှောက်ဖြစ်သော ဘေး- ဒိဋ္ဌဓမ္မိကဘယ၊ ၂။ တမလွန်ဖြစ်သော ဘေး- သမ္ပရာယိကဘယ။ (မဟာနိ။၃၁၅။)

ဘေး ၄ မျိုး (တစ်နည်း) ၁။ ဥမိဘယ- လှိုင်းတံပိုးဘေး၊ ၂။ ကုမ္ဘီလဘယ- မိကျောင်းဘေး၊ ၃။ အာဝဋ္ဋ ဘယ- ဝဲဘေး၊ ၄။ သုသုကာဘယ- ငါးမန်းဘေး။ (အဘိ၊ဝိ။၃၉၁။) (အဘိ၊ဝိ၊ မြန်၊၂။၄၉၄။)

ဘေး ၄ မျိုး (တစ်နည်း) ၁။ အတ္တာနုဝါဒဘယ- မိမိကိုယ်ကို စွပ်စွဲသော ဘေး၊ ၂။ ပရာနုဝါဒဘယ- သူတစ်ပါးတို့ စွပ်စွဲသော ဘေး၊ ၃။ ဒဏ္ဍဘယ- အပြစ်ဒဏ်ဟူသော ဘေး၊ ၄။ ဒုဂ္ဂတိဘယ- မကောင်းသော လားရာဂတိ ဟူသော ဒုဂ္ဂတိဘေး။ (အဘိ၊ဝိ။၃၉၁။) (အဘိ၊ဝိ၊မြန်၊ ၂။၄၉၄။)

ဘေးရန် ၂ မျိုး ၁။ ပါကဋပရိဿယ- ခြင်္သေ့, သစ်, ကျား, မြွေ စသော သတ္တဝါများနှင့် မျက်စိ ရောဂါ, ဦးခေါင်းရောဂါ, နုနာအိုင်းအမာ စသော အနာရောဂါဟု ဆိုအပ်သော ထင်ရှားသော ဘေးရန်၊ ၂။ ပဋိစ္ဆန္နပရိဿယ- ဒုစရိုက်တရား ဆယ်ပါးနှင့် တကွ ရာဂ ဒေါသ စသော ကိလေသာ တရားများ, ကာမစ္ဆန္ဒ ဗျာပါဒ စသော နီဝရဏတရာများ မာယာ, သာဌေယျ စသော အလုံးစုံသော အကုသိုလ် အဘိသင်္ခါရတရားဟု ဆိုအပ်သော ဖုံးလွှမ်းထားသော ဘေးရန်။ (မဟာနိ။၁၀၆။) (မဟာနိ။၂၈၀။) (မဟာနိ။၃၇၂။) (မဟာနိ။၃၈၈။) (မဟာနိ။၃၉၃။) (စူဠနိ။၂၄၉။) (စူဠနိ။၂၅၆။) (မဟာနိ၊ဋ္ဌ။၄၁၀။)

ဘေးရန်ငြိမ်းကြောင်း တရား ၅ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်သူအား မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်, တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်, စိတ်၌ ဖြစ်သော ဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလည်း ခံစားရခြင်းဟူသော ဘေးရန်မှ ငြိမ်းခြင်း၊ ၂။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်သူအား မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်, တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်, စိတ်၌ဖြစ်သော ဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလည်း ခံစားရခြင်းဟူသော ဘေးရန်မှလည်း ငြိမ်းခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူအား မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်, တမလွန်ဘဝ၌ဖြစ်သော ဘေးရန်, စိတ်၌ ဖြစ်သော ဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလည်း ခံစားရခြင်းဟူသော ဘေးရန်မှလည်း ငြိမ်းခြင်း၊ ၄။ မမှန်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်သူအား မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်, တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်, စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံးမသာယာခြင်းကိုလည်း ခံစားရခြင်း ဟူသော ဘေးရန်မှလည်း ငြိမ်းခြင်း၊ ၅။ မေ့လျော့ကြောင်းဖြစ်သော သေရည် သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်သူအား မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်, တမလွန်ဘဝ၌

http://www.dhammadownload.com

ဖြစ်သော ဘေးရန်, စိတ်၌ ဖြစ်သော ဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလည်း ခံစားရခြင်း ဟူသော ဘေးရန်မှလည်း ငြိမ်းခြင်း။ (သံ၊၃။၃၃၉။) (သံ၊မြန်၊၃။၃၄၂။)

ဘောဇနေ မတ္တညူ ဖြစ်ကြောင်း အင်္ဂါ ၈ ပါး ၁။ ဤကိုယ်ကာယကို တည်စေခြင်းအကျိုးငှာ စားခြင်း၊ ၂။ အသက်ဇီဝိတိန္ဒြေကို မျှစေခြင်းအကျိုးငှာ စားခြင်း၊ ၃။ ကိုယ်ကို ညှဉ်းဆဲနှိပ်စက် တတ်သော ဆာလောင်ခြင်း, မွတ်သိပ်ခြင်းကို ငြိမ်းစေခြင်းငှာ စားခြင်း၊ ၄။ သိက္ခာသုံးပါး သာသနာကို ချီးမြှောက်ခြင်းငှာ စားခြင်း၊ ၅။ ဝေဒနာဟောင်း မဖြစ်စေရန်ဟု နှလုံးသွင်း၍ စားခြင်း၊ ၆။ ဝေဒနာအသစ်ကိုလည်း မဖြစ်စေရဟု နှလုံးသွင်း၍ စားခြင်း၊ ၇။ ငါ့အား မျှခြင်းသည်လည်း ဖြစ်အံ့ဟု နှလုံးသွင်း၍ စားခြင်း၊ ၈။ တရားသဖြင့် ရှာယူ၍ ဆင်ခြင်၍ စားခြင်း။ (အဘိ၊ဋ္ဌ၊၁။၄၃၂။)

ဘောဇဉ် ၅ မျိုး ၁။ ဩဒန– ထမင်း၊ ၂။ ကုမ္မာသ– တစ်ဝက်ကျက်ပြုတ် မုယောဆန်ဖြင့် ပြုလုပ်အပ်သော စားဖွယ်၊ ၃။ သတ္တု– မုန့်ဆုပ် မုန့်လုံး၊ ၄။ မဒ္ဓု– ငါး၊ ၅။ မံသ– အသား။ (ဝိ၊၂။၁၁၊၁၁၃၊၁၁၅၊၁၁၅။) (ဝိ၊၂။၁၂၄။) (ဝိ၊၂။၂၂၈။) (ဝိ၊၂။၃၀၀၊၄၀၉။) (ဝိ၊၅။၃၂၈။) (ဝိ၊ဋ္ဌ၊၃။၈၉။) (ဝိ၊မြန်၊၂။၁၂၇၊၁၃၀၊၂၅၆။) (ဝိ၊မြန်၊၂။၁၂၇၊၁၃၉၊၁၄၀၊၂၅၆။) (ဝိ၊မြန်၊၂။၁၂၇၊၁၃၉၊၁၄၀၊၂၅၆။) (ဝိ၊မြန်၊၂။၁၂၇၊ ၁၃၉၊၁၄၀၊၁၄၀၊၂၅၆။) (ဝိ၊မြန်၊၂။၃၄၀၊၄၆၃။) (ဝိ၊မြန်၊၅။၄၂၉။)

ဘောဇဉ်၌ ဖြစ်သော ပရိညာ ၃ ပါး ၁။ ယာဂု စသည်တို့တွင် အမှတ်မရှိသော ယာဂုအဖြစ် စသည်ကို ပိုင်းခြားရ၍ သိခြင်း ဉာတ ပရိညာ၊ ၂။ အာဟာရ၌ ရုံ့ရှာခြင်းအမှတ်သညာ၏ အစွမ်းဖြင့် ဘောဇဉ်ကို သိခြင်း တီရဏ ပရိညာ၊ ၃။ ပြုအပ်သော အလုပ်အကျွေး အစာ အာဟာရ၌ ဆန္ဒရာဂကို ပယ်ခြင်း, သိခြင်း ပဟာန ပရိညာ။ (ဓမ္မ၊ဋ္ဌ၊၁။၃၈၆။)

ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း ၂ မျိုး ၁။ ခံယူခြင်း၌ အတိုင်းအရှည်ကို သိရခြင်း၊ ၂။ သုံးဆောင်ခြင်း၌ အတိုင်းအရှည်ကို သိရခြင်း။ (သံ၊ဋ္ဌ၊၃။၆၇။)

ဘောဇဉ်နှင့် ယောဂီတို့၏ အထောက်အပံ့ဖြစ်ခြင်း အင်္ဂါ ၃ ပါး ၁။ ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့အား အထောက်အပံ့ဖြစ်ခြင်း၊ (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သတ္တဝါတို့အား မဂ်၏ အထောက်အပံ့ ဖြစ်စေခြင်း)၊ ၂။ ဘောဇဉ်သည် အလုံးစုံသော သတ္တဝါတို့၏ ခွန်အားကို တိုးပွားစေခြင်း၊ (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ကောင်းမှု၏ တိုးပွားမှုဖြင့် တိုးပွားစေခြင်း)၊ ၃။ ဘောဇဉ်ကို အလုံးစုံသော သတ္တဝါတို့ တောင့်တအပ်ခြင်း၊ (ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည် အလုံးစုံသော လူအပေါင်းတို့၏ တောင့်တအပ်သူ ဖြစ်ခြင်း)။ (မိလိန္ဒ။၄၀၄။) (မိလိန္ဒ၊မြန်။၄၂၆။)

ဘောဇဉ်၏ ဂုဏ်ကျေးဇူး ၅ ပါး ၁။ အလုံးစုံသော သတ္တဝါတို့၏ အသက်ကို ဆောင်ထား နိုင်ခြင်း၊ ၂။ အလုံးစုံသော သတ္တဝါတို့၏ အားကို တိုးပွားစေခြင်း၊ ၃။ အလုံးစုံသော သတ္တဝါတို့၏ အဆင်းကို ဖြစ်စေခြင်း၊ ၄။ အလုံးစုံသော သတ္တဝါတို့၏ ပူပန်ခြင်းကို ငြိမ်းစေခြင်း၊ ၅။ အလုံးစုံသော သတ္တဝါတို့၏ ငတ်မွတ်ခြင်း, အားနည်းခြင်းကို ပယ်ဖျောက်ခြင်း။ (မိလိန္ဒ။ ၃၀၆။) (မိလိန္ဒ၊မြန်။၃၂၈။)

http://www.dhammadownload.com

ဘိက္ခုနီ ကုမာရီဘူတဝဂ် သိက္ခာပုဒ် ၁၃ ပါး ၁။ အသက် နှစ်ဆယ် မပြည့်သေးသော ကုမာရီအရွယ် သာမဏေမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော (ပဌမကုမာရီဘူတ) သိက္ခာပုဒ်၊ ၂။ အသက် နှစ်ဆယ် မပြည့်သေးသော နှစ်နှစ်ပတ်လုံး ခြောက်ပါးသော သိက္ခာပုဒ်ကို မကျင့်ရသေးသော ကုမာရီအရွယ် သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော (ဒုတိယ ကုမာရီဘူတ) သိက္ခာပုဒ်၊ ၃။ အသက် နှစ်ဆယ် ပြည့်ပြီးသော နှစ်နှစ်ပတ်လုံး ခြောက်ပါးသော သိက္ခာပုဒ် တို့ကို ကျင့်ပြီးသော သံဃာက မသမုတ်ရသေးသော သိက္ခမာန်မကို ဥပဇ္ဈာယ် ပြု၍ ပဉ္စင်းခံပေးသော (တတိယကုမာရီဘူတ) သိက္ခာပုဒ်၊ ၄။ တစ်ဆယ့်နှစ်ဝါ မပြည့်ဘဲ ဥပဇ္ဈာယ် ပြု၍ ပဉ္စင်းခံပေးသော (ဥနဒွါဒသဝဿ) သိက္ခာပုဒ်၊ ၅။ တစ်ဆယ့်နှစ်ဝါ ပြည့်၍ သံဃာက မသမုတ်သေးဘဲ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော (ပရိပုဏ္ဏဒွါဒသဝဿ) သိက္ခာပုဒ်၊ ၆။ ပဉ္စင်းခံမပေးသင့်သေးဟု ပြောသည်ကို ဝန်ခံပြီးမှ နောင်အခါ ရွတ်ချသော (ခိယျနဓမ္မ) သိက္ခာပုဒ်၊ ၇။ သိက္ခမာန်မကို "သင်က ငါ့အား သင်္ကန်းလျှူလျှင် ဥပဇ္ဈာယ်ပြု၍ သင်အား ငါ ပဉ္စင်းခံပေးအံ့" ဟုဆို၍ မိမိလည်း ပဉ္စင်းခံမပေး သူတစ်ပါးကိုလည်း ပဉ္စင်းခံမပေး စေသော (ပဌမသိက္ခမာန နှ ဝုဋ္ဌာပန) သိက္ခာပုဒ်၊ ၈။ သိက္ခမာန်မကို "သင်က ငါ့အား နှစ်နှစ်ပတ်လုံး လိုက်၍ လုပ်ကျွေးလျှင် ပဉ္စင်းခံပေးအံ့"ဟု ပြော၍ မိမိလည်း ပဉ္စင်းခံမပေး၊ သူတစ်ပါးကိုလည်း ပဉ္စင်းခံမပေးစေသော (ဒုတိယသိက္ခမာန နှ ဝုဋ္ဌာပန) သိက္ခာပုဒ်၊ ၉။ ယောကျ်ားကြီးငယ်တို့နှင့် ရောနှောလျက် သောကရောက်နေသော ကြမ်းတမ်းသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြုလျက် ပဉ္စင်းခံပေးသော (သောကာဝါသ) သိက္ခာပုဒ်၊ ၁၀။ အမိအဖနှင့် လင်ယောကျ်ားတို့က ခွင့်မပြုသော သိက္ခမာန်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော (အနနုညာတ) သိက္ခာပုဒ်၊ ၁၁။ အခါလွန်ပြီးသော ဆန္ဒပေးခြင်းဖြင့် သိက္ခမာန်မကို ပဉ္စင်းခံ ပေးသော (ပါရိဝါသိက) သိက္ခာပုဒ်၊ ၁၂။ နှစ်စဉ်နှစ်တိုင်း ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံ ပေးသော (အနုဝဿ) သိက္ခာပုဒ်၊ ၁၃။ တစ်နှစ်တည်း၌ သိက္ခမာန်မ နှစ်ယောက်ကို ဥပဇ္ဈာယ် ပြု၍ ပဉ္စင်းခံပေးသော (ဧကဝဿ) သိက္ခာပုဒ်။ (ဝိ၊၅၊။၁၁၉။) (ဝိ၊မြန်၊၅။၁၈၀-၁၈၄။)

ဘိက္ခုနီ ဂဇ္ဈနီဝဂ် သိက္ခာပုဒ် ၁၀ ပါး ၁။ ကိုယ်ဝန်ဆောင်မိန်းမကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံ ပေးသော (ဂဇ္ဈနီသိက္ခာပုဒ်၊ ၂။ နို့တိုက်မိခင်ကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော (ပါယန္တီ) သိက္ခာပုဒ်၊ ၃။ နှစ်နှစ်ပတ်လုံး ခြောက်ပါးသော သိက္ခာကို မကျင့်ရသေးသော သိက္ခမာန် မအား ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော (ပဌမသိက္ခာပန) သိက္ခာပုဒ်၊ ၄။ နှစ်နှစ်ပတ်လုံး ခြောက်ပါးသော သိက္ခာပုဒ်ကို ကျင့်ပြီးသော်လည်း သံဃာက မသမုတ်ရသေးသော သိက္ခမာန် မအား ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော (ဒုတိယသိက္ခာပန) သိက္ခာပုဒ်၊ ၅။ အသက်တစ်ဆယ့် နှစ်နှစ် မပြည့်သေးသော ယောကျ်ားနှင့် သွားလာဖူးသော သိက္ခမာန်မအား ဥပဇ္ဈာယ် ပြု၍ ပဉ္စင်းခံပေးသော (ပဌမဂိဟိဂတ) သိက္ခာပုဒ်၊ ၆။ အသက် တစ်ဆယ့်နှစ်နှစ် ပြည့်ပြီးသော ယောကျ်ားတစ်ပါး သွားလာဖူးသော သိက္ခမာန်မအား ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံ ပေးသော (ဒုတိယဂိဟိဂတ) သိက္ခာပုဒ်၊ ၇။ အသက်တစ်ဆယ့်နှစ်နှစ် ပြည့်ပြီးသော ယောကျ်ား တစ်ပါး သွားလာဖူးသော နှစ်နှစ်ပတ်လုံး ခြောက်ပါးသော သိက္ခာပုဒ်ကို ကျင့်ပြီးသော်လည်း သံဃာက မသမုတ်ရသေးသော သိက္ခမာန်မအား ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးသော (တတိယ ဂိဟိဂတ) သိက္ခာပုဒ်၊ ၈။ အတူနေ တပည့်မကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးပြီးလျှင် နှစ်နှစ်ပတ်လုံး

http://www.dhammadownload.com

မိမိလည်း မချီးမြှောက် သူတစ်ပါးကိုလည်း မချီးမြှောက် စေသော (ပဌမသဟဇာတိဝိနီ) သိက္ခာပုဒ်၊ ၉။ ပဉ္စင်းခံပေးသော ဘိက္ခုနီမကို နှစ်နှစ်ပတ်လုံး လိုက်၍ မလုပ်ကျွေးသော (ပဝတ္တိနီနာနုဗန္ဓန) သိက္ခာပုဒ်၊ ၁၀။ အတူနေတပည့်မကို ဥပဇ္ဈာယ် ပြု၍ ပဉ္စင်းခံပေးပြီးလျှင် မိမိလည်း ခေါ်၍ မသွား သူတစ်ပါးကိုလည်း ခေါ်၍ မသွားစေသော (ဒုတိယသဟဇာတိဝိနီ) သိက္ခာပုဒ်။ (ဝိ၅။၁၁၇။) (ဝိ၊မြန်၊၅။၁၇၆၊၁၇၉။)

ဘိက္ခုနီ စတုတ္ထ နိဿဂ္ဂိယသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ အမြွက်အားဖြင့် ယူလိုခြင်း၊ ၂။ အခြားသော ပစ္စည်းကို တောင်းယူခြင်း၊ ၃။ ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၁။) (ဝိမတိ၊၂။၇၅။) (ဝဇိရ၊ဋီ၊၃ဖဋ္ဌ။)

ဘိက္ခုနီ စတုတ္ထ ပါရာဇိကသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ကိုယ်ဖြင့် နှိုးနှောခြင်း၌ တပ်ခြင်း၊ ၂။ အားထုတ်မှု ရှိခြင်း၊ ၃။ ရွှစ်ခုမြှောက်ဝတ္ထု ပြည့်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၁၅။)

ဘိက္ခုနီ စတုတ္ထသံဃာဒိသေသ် သိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ဓမ္မကံဖြင့် နှင်ထုတ်ထားသော ဘိက္ခုနီ ဖြစ်ခြင်း၊ ၂။ ခွင့်ပြုထားသော အကြောင်းမဟုတ်ဘဲ သံဃာ့ဘောင်သို့ သွင်းခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၁၉။) (ဝိမတိ၊၂။၇၅။)

ဘိက္ခုနီ စိတ္တာဂါရဝဂ် သိက္ခာပုဒ် ၁၀ ပါး ၁။ မင်းအိမ်၊ ဆန်းကြယ်သော ဇရပ်၊ အရံ၊ ဥယျာဉ်၊ ရေကန် စသည်ကို ကြည့်ရှုရန် သွားသော (ရာဇာဂါရ) သိက္ခာပုဒ်၊ ၂။ အခြေရှည်သော ညောင်စောင်းနှင့် သားရဲရုပ် အခြေရှိသော ပလ္လင်ကို သုံးစွဲသော (အာသန္ဒီပရိဘုဉ္ဇန) သိက္ခာပုဒ်၊ ၃။ ချည်ငင်သော (သုတ္တကန္တန) သိက္ခာပုဒ်၊ ၄။ လူတို့၏ အမှုကြီးငယ်ကို ပြုသော (ဂိဟိဝေယျာဝစ္စ) သိက္ခာပုဒ်၊ ၅။ ရဟန်းမက အဓိကရဏ်းကို ငြိမ်းစေရန် ပန်ကြားသော အခါ ဝန်ခံ၍ မိမိလည်း မငြိမ်းစေ ငြိမ်းစေခြင်းငှာလည်း လုံ့လမပြုသော (အဓိကရဏ) သိက္ခာပုဒ်၊ ၆။ လူနှင့် ပရိဗိုဇ်ယောကျ်ား ပရိဗိုဇ်မိန်းမတို့အား မိမိလက်ဖြင့် ခဲဖွယ်ဘောဇဉ်ကို ပေးသော (ဘောဇနဒါန) သိက္ခာပုဒ်၊ ၇။ ဥတုနှီးသက်နုံးကို မစွန့်မူ၍ သုံးဆောင်သော (အာဝသထစီဝရ) သိက္ခာပုဒ်၊ ၈။ တံခါးဖွဲ့ရှိသော ကျောင်းကို မစွန့်မူ၍ ခရီး (ဒေသစာရီ) သွားလာသော (အာဝသထဝိဟာရ) သိက္ခာပုဒ်၊ ၉။ မဂ်ဖိုလ်မှ ဖီလာဖြစ်သော အတတ်ကို သင်သော (တိရစ္ဆာနဝိဇ္ဇပရိယာပုဏာန) သိက္ခာပုဒ်၊ ၁၀။ မဂ်ဖိုလ်မှ ဖီလာဖြစ်သော အတတ်ကို ပို့ချသော (တိရစ္ဆာနဝိဇ္ဇဝါစန) သိက္ခာပုဒ်။ (ဝိ၅။၁၁၃။) (ဝိ၊မြန်၊၅။၁၆၉၊၁၇၂။)

ဘိက္ခုနီ ဆဋ္ဌသံဃာဒိသေသ် သိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ လူယောကျ်ားက ဆန္ဒရာဂ စိုစွတ်ခြင်း၊ ၂။ ထိသို့သိလျက် ခွင့်ပြုထားသော အကြောင်းမဟုတ်ဘဲ တိုက်တွန်းခြင်း၊ ၃။ ထိုတိုက်တွန်းမှုကြောင့် အခြားဘိက္ခုနီသည် ယူ၍ စားမှု ပြီးဆုံးခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၀။) (ဝိမတိ၊၂။၇၄။)

ဘိက္ခုနီ ဆတ္တာပါဟနဝဂ် သိက္ခာပုဒ် ၁၃ ပါး ၁။ မနာပမဟုတ်ဘဲ ထီးဖိနပ်ကို ဆောင်သော (ဆတ္တုပါဟန) သိက္ခာပုဒ်၊ ၂။ မနာပမဟုတ်ဘဲ ယာဉ်ရထားဖြင့် ခရီးသွားသော (ယာန) သိက္ခာပုဒ်၊ ၃။ ခါးဝတ်တန်ဆာကို ဆောင်သော (သဃ်ာဏိက) သိက္ခာပုဒ်၊ ၄။ မိန်းမတို့၏ ဦးခေါင်းတန်ဆာ စသည်ကို ဆောင်သော (ဣတ္ထာလင်္ကာရ) သိက္ခာပုဒ်၊ ၅။ နံ့သာ နံ့သာပြောင်းဖြင့် ရေချိုးသော (ဂန္ဓဝဏ္ဏက) သိက္ခာပုဒ်၊ ၆။ နံ့သာဖြင့် ထုံအပ်သော နှမ်းမုန့်ညက်ဖြင့် ရေချိုးသော (ဝါသိတက) သိက္ခာပုဒ်၊ ၇။ ရဟန်းမအား ပွတ်သပ်ဆုပ်နယ်ခိုင်းသော (ဥမ္မဒ္ဒါပန) သိက္ခာပုဒ်၊

http://www.dhammadownload.com

၈။ သိက္ခာမာန်မကို ပွတ်သပ်ဆုပ်နယ်ခိုင်းသော (သိက္ခာမာနဥပ္ပဒ္ဒါပန။) သိက္ခာပုဒ်၊ ၉။ သာမဏေမကို ပွတ်သပ် ဆုပ်နယ်ခိုင်းသော (သာမဏေရီဥပ္ပဒ္ဒါပန) သိက္ခာပုဒ်၊ ၁၀။ လူမိန်းမကို ပွတ်သပ်ဆုပ်နယ်ခိုင်းသော (ဂိဟိနီဥပ္ပဒ္ဒါပန) သိက္ခာပုဒ်၊ ၁၁။ မပန်ကြားဘဲ ရဟန်းယောကျ်ား၏ ရှေ့နေရာ၌ ထိုင်နေသော (အနာပုစ္ဆာ) သိက္ခာပုဒ်၊ ၁၂။ ခွင့်မတောင်းဘဲ ရဟန်းယောကျ်ားအား ပြဿနာကို မေးသော (ပဉ္ဉာပုစ္ဆန) သိက္ခာပုဒ်၊ ၁၃။ ရင်လွှမ်းတဘက်မပါဘဲ ရွာသို့ ဝင်သော (အသံကစ္ဆိက) သိက္ခာပုဒ်။ (ဝိ၊၅။၁၂၁။) (ဝိ၊မြန်၊၅။၁၈၄၊၁၈၉။)

ဘိက္ခုနီ တတိယနိဿဂ္ဂိယ သိက္ခာပုဒ်၌ အဂ်ါ ၂ ပါး ၁။ ဘိက္ခုနီ ဖြစ်ခြင်း၊ ၂။ လဲလှယ် အပ်သော ဝိကပ္ပနာလောက်သော သင်္ကန်းကို မိမိဥစ္စာအမှတ်ဖြင့် လုယူခြင်း စသည်။ (ဝိမတိ၊၂။၇၅။)

ဘိက္ခုနီ တတိယ နိဿဂ္ဂိယသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ ရဟန်းမ ဖြစ်ခြင်း၊ ၂။ လဲလှယ် အပ်သော သင်္ကန်းသည် ဝိကပ္ပနာ လောက်ခြင်း၊ ၃။ မိမိဥစ္စာ အမှတ်ဖြင့် ကိုယ်တိုင် လုယူခြင်း, သူတစ်ပါးကို လုယူစေခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၁။)

ဘိက္ခုနီ တတိယသံဃာဒိသေသ်သိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ အန္တရာယ်မရှိဘဲ တစ်ဦးတည်း ဖြစ်ခြင်း၊ ၂။ ဘေးရန်မရှိဘဲ ရွာတစ်ပါးသို့ သွားခြင်း စသည်တို့တွင် တစ်ပါး။ (ဝိမတိ၊၂။၇၃။)

ဘိက္ခုနီ တတိယသံဃာဒိသေသ်သိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ အန္တရာယ်မရှိဘဲ တစ်ဦးတည်း ဖြစ်ခြင်း၊ ၂။ ရွာတစ်ပါးသို့ သွားခြင်း အစရှိသည်တို့တွင် တစ်ပါးပါးသော အရပ်သို့ သွားသူ၏ အဖြစ်သို့ ရောက်ခြင်း၊ ၃။ ဘေးရန် မရှိခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၁၈။)

ဘိက္ခုနီ တုဝဋ္ဋဂဂ် သိက္ခာပုဒ် ၁၀ ပါး ၁။ ညောင်စောင်းတစ်ခုတည်း၌ နှစ်ဦးအတူ အိပ်သော (တုဝဋ္ဋန) သိက္ခာပုဒ်၊ ၂။ တစ်ခင်း တစ်ရုံတည်း၌ နှစ်ဦးအတူ အိပ်သော (ဧကတ္ထရဏ) သိက္ခာပုဒ်၊ ၃။ စေတနာရှိသည် ဖြစ်၍ အခြားရဟန်းမ၏ မချမ်းသာခြင်းကို ပြုသော (အဖာသုကရဏ) သိက္ခာပုဒ်၊ ၄။ နာမကျန်းသော အတူနေ တပည့်မကို မလုပ်ကျွေးသော (နဥပဋ္ဌာပန) သိက္ခာပုဒ်၊ ၅။ ရဟန်းမတစ်ဦးအား မိမိကျောင်းကို ပေးပြီး၍ တစ်ဖန် နှင်ထုတ်သော (နိက္ကဍန) သိက္ခာပုဒ်၊ ၆။ ကမ္မဝါစာဖြင့် ဆုံးမပါလျက် အယူကို မစွန့်မူ၍ လူတို့နှင့် ရောနှောသော (သံသဋ္ဌ) သိက္ခာပုဒ်၊ ၇။ ယုံမှားဖွယ် ဘေးရှိသော နိုင်ငံအတွင်း၌ အဖော် မပါဘဲ ခရီးသွားသော (အန္တောရဋ္ဌ) သိက္ခာပုဒ်၊ ၈။ ယုံမှားဖွယ် ဘေးရှိသော တိုင်းတစ်ပါး၌ အဖော်မပါဘဲ ခရီးသွားသော (တိရောရဋ္ဌ) သိက္ခာပုဒ်၊ ၉။ ဝါတွင်းကာလ၌ ဒေသစာရီ လှည့်လည်သော (အန္တောဝဿ) သိက္ခာပုဒ်၊ ၁၀။ ဝါပအခါ၌ ဒေသစာရီ မလှည့် မသွားသော (စာရိက န ပက္ကမန) သိက္ခာပုဒ်။ (ဝိ၊၅။၁၁၁။) (ဝိ၊မြန်၊၅။၁၆၅ ၁၆၉။)

ဘိက္ခုနီတို့နှင့် မသက်ဆိုင်သော နိဿဂ္ဂိသိက္ခာပုဒ် ၁၂ မျိုး ၁။ ပုရာဏစီဝရဓောဝါပန သိက္ခာပုဒ်၊ ၂။ စီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ ၃။ ကောသေယျ သိက္ခာပုဒ်၊ ၄။ သုဒ္ဓကာဠက သိက္ခာပုဒ်၊ ၅။ ဒွေဘာဂ သိက္ခာပုဒ်၊ ၆။ ဆဗ္ဗဿ သိက္ခာပုဒ်၊ ၇။ နိသီဒနသန္ထတ သိက္ခာပုဒ်၊ ၈။ ဧဠကလောမ သိက္ခာပုဒ်၊ ၉။ ဧဠကလောမဓောဝါပန သိက္ခာပုဒ်၊ ၁၀။ ပထမပတ္တ သိက္ခာပုဒ်၊ ၁၁။ ဝဿိကာသာဋိက သိက္ခာပုဒ်၊ ၁၂။ အာရညက သိက္ခာပုဒ်။ (ဝိ၊၅၊၄။၁၈၉။)

http://www.dhammadownload.com

ဘိက္ခုနီတို့နှင့် မသက်ဆိုင်သော ပါစိတ်သိက္ခာပုဒ် ၂၂ မျိုး ၁။ ဘိက္ခုနောဝါဒကဝဂ်လာ သိက္ခာပုဒ် ၁၀ ပုဒ်၊ ၂။ ပရမ္မုခတောဇနေ သိက္ခာပုဒ်၊ ၃။ အနတိရိတ္တ သိက္ခာပုဒ်၊ ၄။ အဘိဟဋ္ဌ သိက္ခာပုဒ်၊ ၅။ ပဏီတဘောဇနသိက္ခာပုဒ်၊ ၆။ အစေလက သိက္ခာပုဒ်၊ ၇။ ဝိကာလေ ဂါမပ္ပဝေသန သိက္ခာပုဒ်၊ ၈။ ဥနဝီသတိဝဿ သိက္ခာပုဒ်၊ ၉။ ဒုဋ္ဌုလ္လဆာဒန သိက္ခာပုဒ်၊ ၁၀။ သံဝိဓာန သိက္ခာပုဒ်၊ ၁၁။ အနိက္ခန္တရာဇက သိက္ခာပုဒ် (အန္တေပုရသိက္ခာပုဒ်။)၊ ၁၂။ နိသီဒန သိက္ခာပုဒ်၊ ၁၃။ ဝဿိကာသာဋိက သိက္ခာပုဒ်။ (ဝိ၊၄၊၄။၁၈၉။)

ဘိက္ခုနီတို့နှင့် မသက်ဆိုင်သော သံဃာဒိသိသ် သိက္ခာပုဒ် ၆ မျိုး ၁။ သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၊ ၂။ ကာယသံသဂ္ဂ သိက္ခာပုဒ်၊ ၃။ ဒုဋ္ဌုလ္လဝါစာ သိက္ခာပုဒ်၊ ၄။ အတ္တကာမပါရိစရိယ သိက္ခာပုဒ်၊ ၅။ ကုဋိကာရ သိက္ခာပုဒ်၊ ၆။ မဟလ္လကဝိဟာရ သိက္ခာပုဒ်။ (ဝိ၊၄၊၄။၁၈၉။)

ဘိက္ခုနီတို့အား ပါရာဇိကသိက္ခာပုဒ် ပညတ်ရခြင်း၏ အကျိုးထူး ၁၀ ပါး ၁။ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်၊ ၂။ သံဃာတော်များ ချမ်းသာစေရန်၊ ၃။ အကျင့်သီလ ဖောက်ဖျက်သော ရဟန်းမတို့ကို နှိမ်နင်းရန်၊ ၄။ သီလကို ချစ်မြတ်နိုးသော ရဟန်းမတို့ ချမ်းသာစွာ နေနိုင်ရန်၊ ၅။ မျက်မှောက်ဖြစ်သော ဆင်းရဲအထူးကို စောင့်စည်းရန်၊ ၆။ နောင် ဖြစ်လတ္တံ့သော ဆင်းရဲအထူးကို ပယ်ရှားရန်၊ ၇။ မကြည်ညိုသေးသော သူတို့ကို ကြည်ညို စေရန်၊ ၈။ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေရန်၊ ၉။ သူတော်ကောင်းတရား (သာသနာသုံးရပ်) တည်တံ့ရန်၊ ၁၀။ ဝိနည်းစည်းကမ်းကို ချီးမြှောက်ရန်၊ ဤအကျိုးထူး တရား (၁၀) ပါးကို အကြောင်းပြု၍ ရဟန်းမတို့အား ပါရာဇိကသိက္ခာပုဒ်ကို ပညတ်တော်မူသည်။ (ဝိ၊၅။၉၇။) (ဝိ၊မြန်၊၅။၁၄၁။)

ဘိက္ခုနီ ဒုတိယနိဿဂ္ဂိယသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ အကာလသင်္ကန်း ဖြစ်ခြင်း၊ ၂။ ထိုအကာလ သင်္ကန်းကို သိလျက် ကာလသင်္ကန်းဟူသော အမြွက်ဖြင့် ဝေဖန်စေခြင်း၊ ၃။ ရခြင်း။ (ဝိမတိ၊ ၂။၇၅။)

ဘိက္ခုနီ ဒုတိယနိဿဂ္ဂိယသိက္ခာပုဒ်၌ အင်္ဂါ ၄ ပါး ၁။ အကာလသင်္ကန်း ဖြစ်ခြင်း၊ ၂။ အကာလ သင်္ကန်းဟု အမှတ် ရှိခြင်း၊ ၃။ ကာလသင်္ကန်းဟု ဆောက်တည်၍ အမြွက်ဖြင့် ဝေဖန်စေခြင်း၊ ၄။ ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၁။)

ဘိက္ခုနီ ဒုတိယသံဃာဒိသေသ် သိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ခိုးသူမ ဖြစ်ခြင်း၊ ၂။ ထိုသို့ သိလျက် ခွင့်ပြုထားသော အကြောင်းမဟုတ်ဘဲ ရဟန်းမပြုပေးခြင်း။ (ဝိမတိ၊၂။၇၂။)

ဘိက္ခုနီ ဒုတိယ သံဃာဒိသေသ် သိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ခိုးသူမ ဖြစ်ခြင်း၊ ၂။ ခိုးသူမဟု အမှတ်သညာ ရှိခြင်း၊ ၃။ ခွင့်ပြုထားသော အကြောင်းကို ကြဉ်ထား၍ ဥပဇ္ဈာယ်လုပ်၍ ဘိက္ခုနီ ပြုပေးခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၁၇။)

ဘိက္ခုနီ နဟာနဝဂ် နဂ္ဂဝဂ် သိက္ခာပုဒ် ၁၀ ပါး ၁။ အဝတ်မစည်း ကိုယ်လုံးတီး ရေချိုးသော (နဂ္ဂ) သိက္ခာပုဒ်၊ ၂။ ပမာဏာလွန်သော ရေသနုပ်ကို ပြုစေသော (ဥဒကသာဋိက) သိက္ခာပုဒ်၊ ၃။ ရဟန်းမ၏ သင်္ကန်းကို ဖြေ၍ ပြန်ချုပ်မပေးသော (စီဝရသိဗ္ဗန) သိက္ခာပုဒ်၊ ၄။ သင်္ကန်း

http://www.dhammadownload.com

ငါးထည်ကို ငါးရက်ထက်အလွန် မလဲလှယ်ဘဲဝတ်သော (သဃ်ာဋိစာရ) သိက္ခာပုဒ်၊ ၅။ တစ်ပါးသော ရဟန်းမသင်္ကန်းကို မပန်ကြားဘဲ ဝတ်ရုံသော (စီဝရသင်္ကန်မနိယ) သိက္ခာပုဒ်၊ ၆။ ဂိဏီး၏ သင်္ကန်းလာဘ်ကို အန္တရာယ်ပြုသော (ဂဏစီဝရ) သိက္ခာပုဒ်၊ ၇။ တရားနှင့် လျော်သော သင်္ကန်းဝေဖန်ခြင်းကို တားမြစ်သော (ပဋိဘာဟန) သိက္ခာပုဒ်၊ ၈။ လူ ပရိဗိုဇ်နှင့် ပရိဗိုဇ်မတို့အား ရဟန်း၏သင်္ကန်းကို ပေးစေသော (စီဝရဒါန) သိက္ခာပုဒ်၊ ၉။ အားနည်းသော သင်္ကန်းရနိုးခြင်းဖြင့် သင်္ကန်းကာလကို လွန်စေသော (ကာလအတိက္ကမန) သိက္ခာပုဒ်၊ ၁၀။ တရားနှင့် လျော်သော ကထိန်နုတ်ခြင်းကို တားမြစ်သော (ကထိနုဒ္ဓါရ) သိက္ခာပုဒ်။ (ဝိ၅။၁၀၉။) (ဝိ၊မြန်၊ ၅။၁၆၂–၁၆၅။)

ဘိက္ခုနီ နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ် ၁၂ ပါး ၁။ သပိတ်ကို သိုမှီးသိမ်းဆည်းသော (ပတ္တသန္နိစယ) သိက္ခာပုဒ်၊ ၂။ အကာလသင်္ကန်းကို ကာလသင်္ကန်းဟု ဆောက်တည်ကာ ဝေဖန်ခွဲဝေစေသော (အကာလစီဝရ) သိက္ခာပုဒ်၊ ၃။ ကာလသင်္ကန်းကို လဲလှယ်ဖလှယ်သော (စီဝရပရိဝတ္တန) သိက္ခာပုဒ်၊ ၄။ ထောပတ် စသည်ကို တောင်းပြီး၍ တစ်ပါးသော ဆီ စသည်ကို တောင်းသော (အညဝိညာပန) သိက္ခာပုဒ်၊ ၅။ ထောပတ် စသည်ကို ဝယ်စေပြီး၍ တစ်ပါးသော ဆီ စသည်ကို ဝယ်စေသော (အညစေတာပန) သိက္ခာပုဒ်၊ ၆။ သံဃိကဖြစ်သော ပရိက္ခရာဖြင့် တစ်ပါးသော ပရိက္ခရာကို လဲလှယ် ဝယ်စေသော (အညဒတ္ထိကသံဃိက) သိက္ခာပုဒ်၊ ၇။ သံဃိကဖြစ်သော ကိုယ်တိုင် တောင်းအပ်သော ပရိက္ခရာဖြင့် တစ်ပါးသော ပရိက္ခရာကို လဲလှယ်ဝယ်စေသော (သံဃိကသညာစိက) သိက္ခာပုဒ်၊ ၈။ အပ်သော ပရိက္ခရာဖြင့် တစ်ပါးသော ပရိက္ခရာကို လဲလှယ်ဝယ်စေသော (မဟာဇနိက) သိက္ခာပုဒ်၊ ၉။ ကိုယ်တိုင် တောင်းအပ်သော ပရိက္ခရာဖြင့် တစ်ပါးသော ပရိက္ခရာကို လဲလှယ်ဝယ်စေသော (မဟာဇနိကသညာစိက) သိက္ခာပုဒ်၊ ၁၀။ ပုဂ္ဂလိကဖြစ်သော ကိုယ်တိုင် တောင်းအပ်သော ပရိက္ခရာဖြင့် တစ်ပါးသော ပရိက္ခရာကို လဲလှယ်ဝယ်စေသော (ပုဂ္ဂလသညာစိက) သိက္ခာပုဒ်၊ ၁၁။ လေးသော အဝတ်အရုံကို တောင်းသော (ဂရုပါဝုရဏ) သိက္ခာပုဒ်၊ ၁၂။ ပေါ့သော အဝတ်အရုံကို တောင်းသော (လဟုပါဝုရဏ) သိက္ခာပုဒ်။ (ဝိ၅။၁၀၅။) (ဝိ၊မြန်၊၅။၁၅၀–၁၅၅။)

ဘိက္ခုနီ ပဌမ သံဃာဒိသေသ်သိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ ဆွဲခေါ်အပ်သူ မရှိဘဲ (မဆွဲခေါ်အပ်ပါဘဲ) တရားစွဲမှုကို ပြုခြင်း၊ ၂။ တရားစွဲမှု ပြီးဆုံးခြင်းသို့ ရောက်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၁၆။) (ဝိမတိ၊၂။၇၂။)

ဘိက္ခုနီပါစိတ် သိက္ခာပုဒ် ၁၆၆ ပုဒ် ၁။ ဘိက္ခုပါစိတ် ၉၆ ပုဒ်, ဘိက္ခုနီပါစိတ် ၉၂ ပုဒ်, စုစုပေါင်း ၁၈၈ ပုဒ်ရှိသည်, ထိုသိက္ခာပုဒ်များထဲမှ ဘိက္ခုနီဝဂ် (ဘိက္ခုနောဝါဒကဝဂ်။) သိက္ခာပုဒ် ၁၀ ပုဒ်, ပရမ္မရဘောဇန, အနတိရိတ္တဘောဇန, ဒုတိယပဝါရဏာ, ပဏီတဘောဇန, အစေလက, ဒုဋ္ဌုလ္လ, ဥနဝီသကိဝဿ, သံဝိဓာန, အန္တေပုရ, ဝိကာလဂါမပ္ပဝေသန, နိသီဒန, ဝဿိကသာဋိကာ သိက္ခာပုဒ် ၂၂ ပုဒ်ကို ပယ်နှုတ်၍ ကျန် ၁၆၆ ပုဒ် ဖြစ်သည်။ (ဝိ၊ဋ္ဌ၊၃။၂၂၉။)

ဘိက္ခုနီ ပါဋိဒေသနီသိက္ခာပုဒ် ၈ ပါး ၁။ မနာဖျားဘဲ ထောပတ်ကို တောင်း၍ စားသော (သပ္ပိဝိညာပန) သိက္ခာပုဒ်၊ ၂။ မနာဖျားဘဲ ဆီကို တောင်း၍ စားသော (တေလဝိညာပန) သိက္ခာပုဒ်၊ ၃။ မနာဖျားဘဲ ပျားရည်ကို တောင်း၍ စားသော (မဓုဝိညာပန) သိက္ခာပုဒ်၊

http://www.dhammadownload.com

၄။ မနာဖျားဘဲ တင်လဲကို တောင်းစားသော (ဖာဏိတဝိညာပန) သိက္ခာပုဒ်၊ ၅။ မနာဖျားဘဲ ငါးကို တောင်း၍ စားသော (မစ္ဆဝိညာပန) သိက္ခာပုဒ်၊ ၆။ မနာဖျားဘဲ အသားကို တောင်း၍ စားသော (မံသဝိညာပန) သိက္ခာပုဒ်၊ ၇။ မနာဖျားဘဲ နို့ရည်ကို တောင်း၍ သုံးဆောင်သော (ခီရဝိညာပန) သိက္ခာပုဒ်၊ ၈။ မနာဖျားဘဲ နို့ဓမ်းကို တောင်း၍ စားသော (ဒဓိဝိညာပန သိက္ခာပုဒ်) ။ (ဝိ၊၅။၁၂၅။) (ဝိ၊မြန်၊၅။၁၉၀၊၁၉၃။)

ဘိက္ခုနီ ပါရာဇိက သိက္ခာပုဒ် ၈ ပါး ၁။ မေထုန်မှီဝဲခြင်း (မေထုန) သိက္ခာပုဒ်၊ ၂။ ပိုင်ရှင် မပေးသော သူ့ဥစ္စာကို ခိုးယူခြင်း (အဒိန္နာဒါန) သိက္ခာပုဒ်၊ ၃။ လူ၏ အသက်ကို သတ်သော (မနုဿဝိဂ္ဂဟ) သိက္ခာပုဒ်၊ ၄။ ဈာန်မဂ်ဖိုလ်ကို မရဘဲ ရ၏ဟု ပြောသော (ဥတ္တရိမနုဿဓမ္မ) သိက္ခာပုဒ်၊ ၅။ ယောကျ်ားနှင့် ကိုယ်လက်နှီးနှောသော (ကာယသံသဂ္ဂ) သိက္ခာပုဒ်၊ ၆။ ပါရာဇိက ကျသော ရဟန်းမကို ကိုယ်တိုင်လည်း မမေး၊ ဂိုဏ်းအားလည်း မပြောကြားဘဲ နေသော ဥဗ္ဘဇာဏုမဏ္ဍလိက သိက္ခာပုဒ်၊ ၇။ သံဃာက နှင်ထုတ်ထားသော အရိဋ္ဌရဟန်းသို့ အတုလိုက်သော ဝဇ္ဇပဋိစ္ဆာဒိက သိက္ခာပုဒ်၊ ၈။ ဆဗ္ဗဂ္ဂီရဟန်းမတို့ ရှစ်ခုမြောက်သော အဋ္ဌမဝတ္ထုကို ပြည့်စေသော အဋ္ဌဝတ္ထုက သိက္ခာပုဒ်။ (ဝိ၊၅။၉၉။) (ဝိ၊မြန်၊၅။၁၃၉-၁၄၄။) (ဝိ၊ဋ္ဌ၊၃။၁၇၆။)

ဘိက္ခုနီ ပဥ္စမသံဃာဒိသေသ် သိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ နှစ်ဦးလုံး ဆန္ဒရာဂဖြင့် စိုစွတ်ခြင်း၊ ၂။ ရေ၊ ဒန်ပူမှ အခြားသော စားမျိုဖွယ်ကို ကိုယ်တိုင်ယူ၍ စားမျိုခြင်း။ (ဝိမတိ၊၂။၇၄။)

ဘိက္ခုနီ ပဥ္စမ သံဃာဒိသေသ် သိက္ခာပုဒ်၌ အင်္ဂါ ၄ ပါး ၁။ ရေ၊ ဒန်ပူမှ အခြားသော စားမျိုးဖွယ် ဖြစ်ခြင်း၊ ၂။ နှစ်ယောက်လုံးအားဖြင့် ဆန္ဒရာဂဖြင့် စိုစွတ်ခြင်း၊ ၃။ မိမိလက်ဖြင့် ယူခြင်း၊ ၄။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၁၉။)

ဘိက္ခုနီမတို့ကို ဆုံးမထိုက်သော ရဟန်း၏ အင်္ဂါ ၈ ပါး ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်း၊ ၂။ ပိဋကဗဟုသုတရှိခြင်း၊ ၃။ ဥဘတောဝိဘင်းနှင့် ပါတိမောက်နှစ်ပါးကို နှုတ်တက်ရခြင်း၊ ၄။ အဟောအပြော ကောင်းလျက် ကောင်းသော စကားလုံးနှင့် ကောင်းသော အသံရှိခြင်း၊ ၅။ ဘိက္ခုနီသံဃာအများ၏ ကြည်ညိုလေးစားမှုကို ခံရခြင်း၊ ၆။ ဘိက္ခုနီတို့အား တရားဟော ခြင်းငှာ, ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၇။ လူ့ဘဝတုန်းက ဘိက္ခုနီမတို့၌ ကာယသံသဂ္ဂအမှု, သိက္ခမာန်, သာမဏေမတို့၌ မေထုန်အမှု မလွန်ကျူးခဲ့ဖူးခြင်း၊ ၈။ ဝါ (သိက္ခာ) နှစ်ဆယ်, နှစ်ဆယ်ထက် ကျော်လွန်ခြင်း။ (ဝိ၊၂။၇၃-၇၄။) (ဝိ၊ဋ္ဌ၊၃။၅၇။) (အံ၊၃။၁၀၆။) (ဝိ၊မြန်၊၂။၈၃။) (အံ၊မြန်၊၃။၁၀၅။)

ဘိက္ခုနီ ရတ္တန္ဓကာရဝဂ် သိက္ခာပုဒ် ၁၀ ပါး ၁။ ညဉ့်မှောင်မိုက်၌ ယောကျ်ားနှင့် တစ်ယောက်ချင်း ရပ်တည် စကားပြောသော (ရတ္တန္ဓကာရ) သိက္ခာပုဒ်၊ ၂။ နံရံဖြင့် ဖုံးလွှမ်းအပ်သော အရပ်၌ ယောကျ်ားနှင့်တကွ တစ်ယောက်ချင်း ဟတ္ထပါသ်၌ ရပ်တည်သော (ပဋိစ္ဆန္နောကာသ) သိက္ခာပုဒ်၊ ၃။ လွင်တီးခေါင်၌ ယောကျ်ားနှင့် တစ်ယောက်ချင်း ဟတ္ထပါသ်၌ ရပ်တည်သော (အဇ္ဈောကာသ သလ္လပန) သိက္ခာပုဒ်၊ ၄။ ခရီးလမ်းကြောင်း၌ အဖော်ဖြစ်သော ဘိက္ခုနီကို လွှတ်လိုက်၍ ယောကျ်ားနှင့် တစ်ယောက်ချင်း ရပ်တည်သော (ဒုတိယိကဥယျောဇန) သိက္ခာပုဒ်၊ ၅။ နံနက်ပိုင်း ဒါယကာတို့အိမ်သို့ ချဉ်းကပ်နေထိုင်၍ အိမ်ရှင်တို့ကို မပန်ကြားဘဲ ပြန်သွားသော

http://www.dhammadownload.com

(အနာပုစ္ဆာပက္ကမန) သိက္ခာပုဒ်၊ ၆။ နေလွဲသော အခါ ဒါယကာတို့အိမ်သို့ ချဉ်းကပ်၍ အိမ်ရှင်တို့ကို မပန်ကြားဘဲ နေရာ၌ ထိုင်သော (အနာပုစ္ဆာအဘိနိသီဒန) သိက္ခာပုဒ်၊ ၇။ နေလွဲအခါ ဒါယကာတို့အိမ်သို့ ကပ်၍ ပိုင်ရှင်တို့ကို မပန်ကြားဘဲ အိပ်ရာ၌ အိပ်သော (အနာပုစ္ဆာသန္ထရဏ) သိက္ခာပုဒ်၊ ၈။ အထင်လွဲသဖြင့် ရဟန်းတစ်ပါးကို ကဲ့ရဲ့သော (ဥဇ္ဈာပနက) သိက္ခာပုဒ်၊ ၉။ မိမိ သူတစ်ပါး နှစ်ဦးသားကို ငရဲဖြင့်လည်းကောင်း အကျင့်မြတ်ဖြင့်လည်းကောင်း ကျိန်ဆဲသော (အဘိသပန) သိက္ခာပုဒ်၊ ၁၀။ မိမိကိုယ်ကို ထု၍ ထု၍ ငိုသော (ရောဒန) သိက္ခာပုဒ်။ (ဝိ၊၅။၁၀၇။) (ဝိ၊မြန်၊၅။၁၅၈–၁၆၂။)

ဘိက္ခုနီလောင်းအား မေးစီစစ်ရမည့် အန္တရာယ် ၂၄ မျိုး ၁။ အင်္ဂါဇာတ်မပါသူ မဟုတ်သလောဟု မေးရခြင်း၊ ၂။ အင်္ဂါဇာတ်အရာမျှပါသူ မဟုတ်သလောဟု မေးရခြင်း၊ ၃။ ဥတု မလာသူ မဟုတ်သလောဟု မေးရခြင်း၊ ၄။ အမြဲဥတုလာသူ မဟုတ်သလောဟု မေးရခြင်း၊ ၅။ အမြဲတမ်း အဝတ်ဖြင့် ပိတ်ဆို့ရသူ မဟုတ်သလောဟု မေးရခြင်း၊ ၆။ သွေးယိုစီးသူ မဟုတ်သလောဟု မေးရခြင်း၊ ၇။ အစ့ေရွှည်သူ မဟုတ်သလောဟု မေးရခြင်း၊ ၈။ ပဏ္ဍုက်မ (မိန်းမပဏ္ဍုက်) မဟုတ်သလောဟု မေးရခြင်း၊ ၉။ ယောကျ်ားရွာ မဟုတ်သလောဟု မေးရခြင်း၊ ၁၀။ မဂ်နှစ်ခု ဆက်စပ်နေသူ မဟုတ်သလောဟု မေးရခြင်း၊ ၁၁။ ဥဘတောဗျည်း မဟုတ်သလောဟု မေးရခြင်း၊ ၁၂။ နူနာရောဂါ, အိုင်းအနာရောဂါ, ပွေးညှင်း, သမင်ဖြူ, ခရုသင်း, တင်းတိမ်အနာ, ချောင်းဆိုးသွေးပါရောဂါ, ဝက်ရူး ကြက်ရူးရောဂါဟု ဆိုအပ်သော အနာကြီးငါးမျိုးရှိသလောဟု မေးရခြင်း၊ ၁၃။ လူက မွေးသည့် လူသားစင်စစ် ဟုတ်၏လောဟု မေးရခြင်း၊ ၁၄။ မိန်းမ–ဟုတ်၏လောဟု မေးရခြင်း၊ ၁၅။ သူ့ကျွန်အဖြစ်မှ တော်လှန်ပြီးသူ ဟုတ်၏လောဟု မေးရခြင်း၊ ၁၆။ ကြွေးမြီမရှိသူ ဟုတ်၏လောဟု မေးရခြင်း၊ ၁၇။ မင်းခစား, မင်းမှုထမ်း မဟုတ်သလောဟု မေးရခြင်း၊ ၁၈။ မိဘများက ခွင့်ပြု၏လော–ဟု မေးရခြင်း၊ ၁၉။ ပိုင်ရှင် လင်ယောကျ်ားက ခွင့်ပြု၏လောဟု မေးရခြင်း၊ ၂၀။ အသက် ၂၀ ပြည့်၏လောဟု မေးရခြင်း၊ ၂၁။ သင့်အား သပိတ်ပြည့်စုံ၏လောဟု မေးရခြင်း၊ ၂၂။ သင့်အား သင်္ကန်းပြည့်စုံ၏လောဟု မေးရခြင်း၊ ၂၃။ သင်သည် အဘယ်အမည် ရှိသနည်းဟု မေးရခြင်း၊ ၂၄။ သင်၏ ဥပဇ္ဈာယ်ဆရာ ဘိက္ခုနီမသည် အဘယ်အမည်ရှိသနည်းဟု မေးရခြင်း။ (ဝိ၊၄။၄၆၃။) (ဝိ၊မြန်၊၄၊၄၆၄။)

ဘိက္ခုနီသံဃာဒိသိသ် သိက္ခာပုဒ် ၁၀ ပါး ၁။ မာန်အမျက် ပွားသဖြင့် ငြင်းခုံ တရား တွေ့၍နေသော (ဥဿယဝါဒိက) သိက္ခာပုဒ်၊ ၂။ ခိုးသူမကို ဥပဇ္ဈာယ်ပြု၍ ပဗ္ဗင်းခံပေးသော (စောရီဝုဋ္ဌာပန) သိက္ခာပုဒ်၊ ၃။ အဖော်မပါ တစ်ယောက်တည်း ရွာတစ်ပါးသို့ သွားသော (ဂါမန္တရ) သိက္ခာပုဒ်၊ ၄။ နှင်ထုတ်ထားသော ရဟန်းမအား သံဃာ့ဘောင်သို့ သွင်းသော (ဥက္ခိတ္တာနုဝတ္တသာရဏ) သိက္ခာပုဒ်၊ ၅။ ကိလေသာ စိုစွတ်သည် ဖြစ်၍ ကိလေသာစိုစွတ်သော ယောကျ်ား၏ လက်မှ ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ စားသုံးသော (ပဌမအဝသုတ) သိက္ခာပုဒ်၊ ၆။ ယောကျ်ားပုဂ္ဂိုလ်ပေးသော ခဲဖွယ်ဘောဇဉ်ကို မိမိလက်ဖြင့် ခံယူ၍ စားလော့ဟု တိုက်တွန်းသော (ဒုတိယအဝသုတ) သိက္ခာပုဒ်၊ ၇။ ဥတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် အယူကို မစွန့်ဘဲ အမျက်ထွက်သော (ပဌမကုပိတ) သိက္ခာပုဒ်၊ ၈။ ဥတ်ကမ္မဝါစာဖြင့်

http://www.dhammadownload.com

ဆုံးမပါလျက် အယူကို မစွန့်ဘဲ တစ်စုံတစ်ခုသော အဓိကရဏ်းဌ် ရုံးသော (ဒုတိယကုဋိတ) သိက္ခာပုဒ်၊ ၉။ ဥတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် အယူကို မစွန့်ဘဲ လူတို့နှင့် ရောနှောသော (သံသဋ္ဌ) သိက္ခာပုဒ်၊ ၁၀။ ဥတ်ကမ္မဝါစာဖြင့် ဆုံးမပါလျက် အယူကို မစွန့်ဘဲ လူတို့နှင့် အသီးအခြား မနေကြလင့် ရောနှော၍သာ နေကြလောဟု တိုက်တွန်းသော (ဒုတိယသံသဋ္ဌ) သိက္ခာပုဒ်။ (ဝိ၊၅။၁၀၂။) (ဝိ၊မြန်၊၅။၁၄၅–၁၅၁။)

ဘိက္ခုနီသံဃာသည်သာ ကဲ့ပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ကိုယ်ကို ဖွင့်လှစ်၍ ရဟန်းမတို့အား ပြခြင်း၊ ၂။ ပေါင်ကို ပြခြင်း၊ ၃။ အင်္ဂါဇာတ်ကို ပြခြင်း၊ ၄။ ပခုံးစွန်း နှစ်ဖက်ကို ပြခြင်း၊ ၅။ ပြက်ရယ် ပြု၏၊ လူတို့ကို (မေထုန်မှီဝဲစိမ့်သောငှာ။) ယှဉ်စေခြင်း ထိုရဟန်းကို ဘိက္ခုနီသံဃာသည် ရှိမခိုးအပ်။ (ဝိ၊၅။၃၃၉။) (ဝိ၊မြန်၊၅။၄၄၂။)

ဘိက္ခုနီသံဃာသည်သာ ကဲ့ပြုအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ရဟန်းမိန်းမတို့အား လာဘ်မရစေခြင်းငှာ လုံ့လပြုခြင်း၊ ၂။ ရဟန်းမတို့အား အကျိုးမဲ့စေခြင်းငှာ လုံ့လပြုခြင်း၊ ၃။ ရဟန်းမတို့အား နေရာမရစေခြင်းငှာ လုံ့လပြုခြင်း၊ ၄။ ရဟန်းမတို့ကို ဆဲရေးရေရွတ်ခြင်း၊ ၅။ ရဟန်းယောကျ်ားတို့နှင့် ကွဲပြားစေခြင်း၊ ထိုရဟန်းအား ဘိက္ခုနီမ သံဃာသည် ရှိမခိုးအပ်။ (ဝိ၊၅။၃၃၉။) (ဝိ၊မြန်၊၅။၄၄၃။)

ဘိက္ခုနီသိက္ခာပုဒ် ပညတ်ရကျိုး ၁၀ ပါး ၁။ ဘိက္ခုနီမတို့အတွက် သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံမှု ပြုခြင်း၊ ၂။ သံဃာတော်များ ချမ်းသာစွာ နေထိုင်ရခြင်း၊ ၃။ အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိပ်နင်းနိုင်ခြင်း၊ ၄။ သီလကို ချစ်မြတ်နိုးကုန်သော ဘိက္ခုနီမတို့ ချမ်းသာစွာ နေထိုင်ရခြင်း၊ ၅။ မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူး အာသဝေါတရားတို့ကို စောင့်စည်းနိုင်ခြင်း၊ ၆။ နောင်ဖြစ်လတ္တံ့သော ဆင်းရဲအထူး အာသဝေါတရားတို့ကို ပယ်ရှားနိုင်ခြင်း၊ ၇။ မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေနိုင်ခြင်း၊ ၈။ ကြည်ညိုပြီးသော သူတို့ကို တိုး၍တိုး၍ ကြည်ညိုစေခြင်း၊ ၉။ သူတော်ကောင်းတရားတည်းဟူသော သာသနာသုံးရပ်ကို တည်တန့်စေနိုင်ခြင်း၊ ၁၀။ ဝိနည်းစည်းမျဉ်း ဥပဒေကို ချီးမြှောက်နိုင်ခြင်း။ (ဝိ၊၂။၂၇၆။) (ဝိ၊မြန်၊၂။၃၁၄။)

ဘိက္ခုနီ သုဒ္ဓပါစိတ် လသုဏာဝဂ် သိက္ခာပုဒ် ၁၀ ပါး ၁။ ကြက်သွန်ဖြူကို စားသော (လသုဏ) သိက္ခာပုဒ်၊ ၂။ ပဿာဝမဂ်အနီး ပေါင်ကြား ချိုင်းကြား၌ အမွေးကို ရိတ်နုတ်သော (သမ္ဘာဓလောမ) သိက္ခာပုဒ်၊ ၃။ ပဿာဝမဂ်အပြင်ကို ပုတ်ခတ်သော (တလဃာတက) သိက္ခာပုဒ်၊ ၄။ ချိတ်တောင့်ဖြင့် ထိုးသော (ဇတုမဋ္ဌက) သိက္ခာပုဒ်၊ ၅။ လက်နှစ်သစ်ထက် အလွန် ပဿာဝမဂ်ကို နှိုက်၍ ရေဆေးသော (ဥဒကသုဒ္ဓိက) သိက္ခာပုဒ်၊ ၆။ ဆွမ်းစားသော ရဟန်းအား သောက်ရေဖြင့်လည်းကောင်း ယပ်လေခတ်သဖြင့်လည်းကောင်း အနှီး၌ တည်သော (ဥပတိဋ္ဌန) သိက္ခာပုဒ်၊ ၇။ စပါးစိမ်းကို တောင်း၍ စားသော (အာမကဓည) သိက္ခာပုဒ်၊ ၈။ ကျင်ကြီး ကျင်ငယ် အမှိုက်နှင့် စားကြွင်းတို့ကို နံရံတံတိုင်း၏ တစ်ဖက်၌ စွန့်သော (ပထမဥစ္စာရဆဒ္ဒန) သိက္ခာပုဒ်၊ ၉။ ကျင်ကြီး ကျင်ငယ် အမှိုက်နှင့် စားကြွင်းတို့ကို စိမ်းသော ကောက်ပဲရိုရာ အရပ်၌ စွန့်သော (ဒုတိယဥစ္စာရဆဒ္ဒန) သိက္ခာပုဒ်၊ ၁၀။ ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှုနားထောင်ခြင်းငှာ သွားသော (နစ္စဂီတဝါဒိတ) သိက္ခာပုဒ်။ (ဝိ၊၅။၁၀၆။) (ဝိ၊မြန်၊၅။၁၅၅–၁၅၈။)

http://www.dhammadownload.com

ဘိက္ခုနီ သုဒ္ဓပါစိတ် သစိတ္တက ပဏ္ဍတ္တိဝဇ္ဇ သိက္ခာပုဒ် ၁၉ ပုဒ် ၁။ စောရီဝုဋ္ဌာပနသိက္ခာပုဒ်၊ ၂။ ဂါမန္တရသိက္ခာပုဒ်၊ ၃။ အာရာမသိက္ခာပုဒ်၊ ၄။ ဂဗ္ဘိနီဝဂ်၌ အစသိက္ခာပုဒ် ၇ ပုဒ်၊ ၅။ ကုမာရီဘူတဝဂ်၌ အစ သိက္ခာပုဒ် ၅ ပုဒ်၊ ၆။ ပုရိသသံသဋ္ဌသိက္ခာပုဒ်၊ ၇။ ပါရိဝါသိယ ဆန္နဒါနသိက္ခာပုဒ်၊ ၈။ အနုဝဿဝုဋ္ဌာပနသိက္ခာပုဒ်၊ ၉။ ဧကန္တရိကဝုဋ္ဌာပနသိက္ခာပုဒ်။ (ဝိ၊၆၊၃။၂၂၉။)

ဘိက္ခုနီသုဒ္ဓပါစိတ် အစိတ္တက လောကဝဇ္ဇ သိက္ခာပုဒ် ၁၀ ပုဒ် ၁။ ဂိရဂ္ဂသမဇ္ဇသိက္ခာပုဒ်၊ ၂။ စိတ္တာဂါရသိက္ခာပုဒ်၊ ၃။ သဃ်ာဏိသိက္ခာပုဒ်၊ ၄။ ဣတ္ထာလင်္ကာရသိက္ခာပုဒ်၊ ၅။ ဂန္ဓဝဏ္ဏကသိက္ခာပုဒ်၊ ၆။ ဝါသိတကသိက္ခာပုဒ်၊ ၇။ ဘိက္ခုနီဥပဓုဒ္ဓါပနသိက္ခာပုဒ်၊ ၈။ သိက္ခမာန ဥပဓုဒ္ဓါပနသိက္ခာပုဒ်၊ ၉။ သာမဏေရီ ဥပဓုဒ္ဓါပန သိက္ခာပုဒ်၊ ၁၀။ ဂိဟိနီ ဥပဓုဒ္ဓါပနသိက္ခာပုဒ်။ (ဝိ၊၆၊၃။၂၂၉။)

ဘိက္ခုနီ အာရာမဝဂ် သိက္ခာပုဒ် ၁၀ ပါး ၁။ ရဟန်းရှိသော အရံသို့ သိလျက် မပန်ကြားဘဲ ဝင်သော (အာရာမပဝိသန) သိက္ခာပုဒ်၊ ၂။ ရဟန်းကို ဆဲရေးသော (ဘိက္ခုအက္ကောသန) သိက္ခာပုဒ်၊ ၃။ ကြမ်းတမ်းစွာ ရဟန်းမကို ရေရွတ်သော (ဂဏပရိဘာသန) သိက္ခာပုဒ်၊ ၄။ ပင့်ဖိတ်အပ်သည် ဖြစ်လျက် လည်းကောင်း ပဝါရိတ်သင့်သည် ဖြစ်လျက် လည်းကောင်း ခဲဖွယ်ဘောဇဉ်ကို အရပ်တစ်ပါး၌ စားသော (ပဝါရိတ) သိက္ခာပုဒ်၊ ၅။ ဒါယကာတို့အား ဝန်တိုသော (ကုလမစ္ဆရိနီ) သိက္ခာပုဒ်၊ ၆။ ရဟန်းမရှိသော ကျောင်း မိုးလပတ်လုံး ဝါကပ်နေသော (အဘိကွဲကာဝါသ) သိက္ခာပုဒ်၊ ၇။ ဝါကျွတ်ပြီးနောက် နှစ်ဖက်သံဃာ၌ မြင်, ကြား, ယုံမှား သုံးပါးသော အကြောင်းဖြင့် မဖိတ်သော (အပဝါရဏာ) သိက္ခာပုဒ်၊ ၈။ ဂရုဓံတရား ရှစ်ပါးကို နာခြင်းငှာလည်းကောင်း ဥပုသ်ပဝါရဏာ အကျိုးငှာလည်းကောင်း မသွားသော (ဩဝါဒ) သိက္ခာပုဒ်၊ ၉။ လခွဲတစ်ကြိမ် ဥပုသ်နေ့ကိုလည်းမမေး ဩဝါဒကိုလည်း မတောင်းသော (ဩဝါဒူပသင်္ကမန) သိက္ခာပုဒ်၊ ၁၀။ ပေါင်ရင်း၌ပေါက်သော အိုင်းအမာ သွေးစုနာကို သံဃာနှင့် ဂိဏီးကို မပန်ကြားဘဲ ယောကျ်ားနှင့် တစ်ယောက်ချင်း ခွဲဖောက်စေသော (ပသာခေဓာတ) သိက္ခာပုဒ်။ (ဝိ၊၅။၁၁၅။) (ဝိ၊မြန်၊၅။၁၇၂၊၁၇၆။)

ဘိက္ခုနုပသမ္ပန္နသိက္ခာပုဒ်၌ အင်္ဂါ ၄ ပါး ၁။ ရဟန်းမ ကျောင်းသို့ သွားခြင်း၊ ၂။ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာတည်းဟူသော ပြည့်စုံသော နှစ်ဖက်သံဃာ၌ ရဟန်းမ ဖြစ်ခြင်း၊ ၃။ အခါသမယ မဟုတ်ခြင်း၊ ၄။ ဂရုဓမ္မတို့ဖြင့် ဆိုဆုံးမခြင်း။ (သာရတ္ထ၊ဋီ၊၃။၄၈။) (ဝိမတိ၊၂။၂၃။)

ဘိက္ခုမည်ကြောင်း တရား ၇ ပါး ၁။ ထင်ရှားရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု "သက္ကာယဒိဋ္ဌိ"ကို ဖျက်ဆီးအပ်ပြီး ဖြစ်ခြင်း၊ ၂။ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်ခြင်း၊ ၃။ ခွေးနွားစသည်တို့၏ အလေ့အကျင့်ကို အမှန်ဟု မှားသောအားဖြင့် သုံးသပ်မှု 'သီလဗ္ဗတပရာမာသ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်ခြင်း၊ ၄။ စွဲမက်မှု 'ရာဂ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်ခြင်း၊ ၅။ အမျက်ထွက်မှု "ဒေါသ"ကို ဖျက်ဆီးအပ်ပြီး ဖြစ်ခြင်း၊ ၆။ တွေဝေမှု 'မောဟ'ကို ဖျက်ဆီးအပ်ပြီး ဖြစ်ခြင်း၊ ၇။ ထောင်လွှားမှု 'မာန'ကို ဖျက်ဆီးအပ်ပြီး ဖြစ်ခြင်း။ (အံ၊၂။၅၀၈။) (မဟာနိ။၅၄။) (အံ၊မြန်၊၂။၆၃၃။)

ဘိက္ခုသမ္မုတိ ၄ မျိုး ၁။ ဧကရတ္တမို့ စေ ဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ၊ အညတြ ဘိက္ခုသမ္မုတိယာ၌

http://www.dhammadownload.com

လာသော ဘိက္ခုသမ္မုတိ တစ်ပါး၊ ၂။ အညံ နဝံ သန္ထတံ ကာရာပေယျ၊ အညတြ ဘိက္ခုသမ္မုတိယာဒ်ဋ္ဌ လာသော ဘိက္ခုသမ္မုတိ တစ်ပါး၊ ၃။ တတော စေ ဥတ္တရိ ဝိပ္ပဝသေယျ၊ အညတြ ဘိက္ခုသမ္မုတိယာဒ်ဋ္ဌ လာသော ဘိက္ခုသမ္မုတိ တစ်ပါး၊ ၄။ ဒုဋ္ဌုလ္လံ အာပတ္တိံ အနုပသမ္မန္နဿ အာရောစေယျ၊ အညတြ ဘိက္ခုသမ္မုတိယာဒ်ဋ္ဌ လာသော ဘိက္ခုသမ္မုတိ တစ်ပါး။ (ဝိ၊ဋ္ဌ၊၄။၁၇၂။)

ဘဂ္ဂတိုင်းဋ္ဌ ပညတ်အပ်သော သိက္ခာပုဒ် ၃ ပုဒ် ၁။ ဝိသိဗ္ဗန သိက္ခာပုဒ်၊ ၂။ သာမိသဟတ္ထ သိက္ခာပုဒ်၊ ၃။ သသိတ္ထက သိက္ခာပုဒ်။ (ဝိ၅။၂၅၇။) (ဝိ၊မြန်၊၅။၃၄၈-၃၅၀။)

ဘဂ်ိနုပဿနာဉာဏ်၏ အာနိသင် ၈ ပါး (အားရှိသည်၏ အဖြစ်သို့ ရောက်သော ဘင်္ဂဉာဏ်၏ အာနိသင် ၈ ပါး) ၁။ ဘဝဒိဋ္ဌိပ္ပဟာနံ- သဿတဒိဋ္ဌိကို ပယ်နိုင်ခြင်း၊ ၂။ ဇီဝိတ နိကန္တိပရိစ္စာဂေါ- အသက်၌ တပ်မက်မှုကို စွန့်လွှတ်နိုင်ခြင်း၊ ၃။ သဒါယုတ္တပယုတ္တတာ- အမြဲတန်း ဘာဝနာ၌ လွန်စွာ အားထုတ်ခြင်း၊ ၄။ ဝိသုဒ္ဓါဇီဝိတာ- စင်ကြယ်သော အသက်မွေးမှု ရှိခြင်း၊ ၅။ ဥဿုက္ကပ္ပဟာနံ- ကိစ္စကြီးငယ်တို့၌ ကြောင့်ကြဣာပါရကို ပယ်နိုင်ခြင်း၊ ၆။ ဝိဂတဘယတာ- တစ်စုံတစ်ခုသော အကြောင်းကြောင့် ဘေးကင်းခြင်း၊ ၇။ ခန္တိသောရစ္စ ပဋိလာဘော- သည်းခံမှုရှိ၍ ကောင်းသော အမှု၌ မွေ့လျော်ခြင်း၊ ၈။ အရတိရတိသဟနတာ- သမထဘာဝနာဟု ဆိုအပ်သော ကုသိုလ်အမှု၌ မမွေ့လျော်ခြင်း, ကာမဂုဏ်၌ မွေ့လျော်ခြင်း တို့ကို နှိမ်နင်းနိုင်ခြင်း။ (ပဋိသံ၊ဋ္ဌ၊၁။၂၄၂။) (ဝိသုဒ္ဓိ၊၂။၂၈၁။)

ဘဏ္ဍာတိုက် ၃ မျိုး ၁။ ဓနကောဋ္ဌာဂါရ- ရွှေ ငွေ စသော ပစ္စည်းဥစ္စာများကို သိုမှီး သိမ်းဆည်းရာ ဌာနဖြစ်သော ဥစ္စာဘဏ္ဍာတိုက်- ဥစ္စာဂိုဒေါင်၊ ၂။ ဓညကောဋ္ဌာဂါရ- စပါးများကို သိုမှီး သိမ်းဆည်းရာ ဌာနဖြစ်သော စပါးကျီ ဘဏ္ဍာတိုက် စပါးဂိုဒေါင်၊ ၃။ ဝတ္ထကောဋ္ဌာဂါရ- အဝတ်အထည်များကို သိုမှီးသိမ်းဆည်းရာ ဌာနဖြစ်သော အဝတ်ဘဏ္ဍာတိုက် အဝတ်ဂိုဒေါင်။ (ဒီ၊ဋ္ဌ၊၁။၂၆၄။) (အံ၊ဋ္ဌ၊၃။၄၈။) (သာရတ္ထ၊ဋီ၊၃။၃၅၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၅၁၄။)

ဘဒ္ဒကမ္မာဒ်ဋ္ဌ ကမ္မာပတ်လုံး တည်မည့်သစ်ပင် ၇ မျိုး ၁။ ဇမ္ဗုဒိပ်ကျွန်းဋ္ဌ သပြေပင်၊ ၂။ အသုရာတို့၏ ဆန်းကြယ်သော သစ္စတ်ပင်၊ ၃။ ဂဠုန်တို့၏ လက်ပံပင်၊ ၄။ အပရဂေါယာ အနောက်ကျွန်းဋ္ဌ ထိန်ပင်၊ ၅။ ဥတ္တရကုရု မြောက်ကျွန်းတို့၌ ပဒေသာပင်၊ ၆။ ပုဗ္ဗဝိဒေဟအရှေ့ကျွန်းဋ္ဌ ကုက္ကိုပင်၊ ၇။ တာဝတိံသာနတ်ပြည်တို့၌ ပင်လယ်ကသစ်ပင်။ (သာရတ္ထ၊ဋီ၊၁။၂၅၉။)

ဘုန်းကံကြီးမားသူ ၅ ဦး (အင်္ဂတိုင်းဋ္ဌ ဘုန်းကံကြီးမားသူ ၅ ဦး) ၁။ မေဏ္ဍကသူဌေး၊ ၂။ မေဏ္ဍက သူဌေး၏ ဇနီး စန္ဒပဒုမာ၊ ၃။ မေဏ္ဍကသူဌေး၏ သား ဓနဉ္စယ၊ ၄။ ဓနဉ္စယ၏ ဇနီး သုမနဒေဝီ၊ ၅။ မေဏ္ဍကသူဌေး၏ ကျွန်ဖြစ်သူ ပုဏ္ဏ။ (အံ၊ဋ္ဌ၊၁။၃၁၁။) (ပဋိသံ၊ဋ္ဌ၊၂။၃၀၁။) (ဓမ္မ၊ဋ္ဌ၊၁။၂၄၃။) (ဓမ္မ၊ဋ္ဌ၊၂။၂၃၈။) (ဝိသုဒ္ဓိ၊၂။၁၁။)

ဘုန်းကြီးလူထွက်တို့ ပြအပ်သော သာသနာတော်၏ အတုမရှိသော ဂုဏ်ကျေးဇူး ၅ မျိုး ၁။ တည်ရာသာသနာတော်၏ မြင့်မြတ်သည်၏ အဖြစ်ကို ပြခြင်း၊ ၂။ စင်ကြယ်သန့်ရှင်း အညစ်အကြေးကင်းသည်၏ အဖြစ်ကို ပြခြင်း၊ ၃။ မကောင်းမှုတို့နှင့် မရောနှောသည်၏

http://www.dhammadownload.com

အဖြစ်ကို ပြခြင်း၊ ၄။ ထိုးထွင်း၍ သိမြင်နိုင်ခဲသည်၏ အဖြစ်ကို ပြခြင်း၊ ၅။ များစွာ ထိမ်းသိမ်းစောင့်ရှောက်ရသည်၏ အဖြစ်ကို ပြခြင်း။ (မိလိန္ဒ။၂၄၃။) (မိလိန္ဒ၊မြန်။၂၆၀။)

ဘုန်းကြီးလူထွက်တို့ အကဲ့ရဲ့ခံရပုံ ၅ မျိုး ၁။ ကုသိုလ်တရားတို့၌ ယုံကြည်မှု သဒ္ဓါ မရှိတော့ပြီဟု ကဲ့ရဲ့ခံရခြင်း၊ ၂။ ကုသိုလ်တရားတို့၌ ရှက်မှု ဟိရီမရှိတော့ပြီဟု ကဲ့ရဲ့ခံရခြင်း၊ ၃။ ကုသိုလ်တရားတို့၌ ကြောက်လန့်မှု ဩတ္တပ္ပ မရှိတော့ပြီဟု ကဲ့ရဲ့ခံရခြင်း၊ ၄။ ကုသိုလ်တရားတို့၌ အားထုတ်မှု ဝီရိယ မရှိတော့ပြီဟု ကဲ့ရဲ့ခံရခြင်း၊ ၅။ ကုသိုလ်တရားတို့၌ သိမှု ပညာ မရှိတော့ပြီဟု ကဲ့ရဲ့ခံရခြင်း။ (အံ၊၂။၃။) (အံ၊မြန်၊၂။၅။)

ဘုန်းတော် ၆ ပါး ၁။ ဣဿရိယ– ဘုရားရှင်၏ စိတ်၌ လွန်ကဲသော အစိုးရသူ၏ အဖြစ်ဟူသော ဣဿရိယဘုန်းတော် (တစ်နည်း) အဏိမာ လဃိမာ စသော လောကီလူအပေါင်းတို့ အမြတ်ဟူ၍ သမုတ်အပ်သော အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော ဣဿရိယဘုန်းတော်၊ ၂။ လောကုတ္တရာတရား ကိုးပါး တည်းဟူသော ဓမ္မဘုန်းတော်၊ ၃။ ယသ– လောကသုံးပါး လုံးတို့၌ ပျံ့နှံ့လျက် ဟုတ်မှန်သော ဂုဏ်တော်တို့ကြောင့် ရအပ်သော လွန်လွန်ကဲကဲ ထက်ဝန်းကျင် စင်ကြယ်သော ယသဘုန်းတော်၊ ၄။ သိရိ– ဘုရားရှင်အား ဖူးမြော်သော သူတို့၏ မျက်စိကို ကြည်လင်စေနိုင်စွမ်းသော အခြင်းအရာ အားလုံးနှင့် ပြည့်စုံသော အင်္ဂါကြီးငယ်တို့၏ တင့်တယ်ခြင်း အသရေ ဟူသော သိရီဘုန်းတော်၊ ၅။ ကာမ– အတ္တဟိတ, ပရဟိတ အကျိုးစီးပွားမှန်သမျှ၌ အလိုရှိတိုင်း ပြီးစီးနိုင်ခြင်း ဟူသော ကာမဘုန်းတော်၊ ၆။ ပယတ္တ– တစ်လောကလုံး လေးစားထိုက်သူ၏ အဖြစ်သို့ ရောက်ကြောင်းဖြစ်သော သမ္မာဝါယာမဟု ဆိုအပ်သော ပယတ္တဘုန်းတော်။ (ဝိ၊၆၊၁။ဂဖ။) (ခုဒ္ဒက၊၆။ဧ၂။) (ဝိသုဒ္ဓိ၊၁။၂၀၅။)

ဘုံ ၄ ပါး ၁။ ကာမာဝစရဘုံ၊ ၂။ ရူပါဝစရဘုံ၊ ၃။ အရူပါဝစရဘုံ၊ ၄။ လောကုတ္တရာဘုံ။ (ပဋိသံ။၈၁။) (ပဋိသံ၊မြန်။၁၀၈။)

ဘုံလေးပါး၌ ဖြစ်သော ဣန္ဒြေ ၈ ပါး ၁။ မနိန္ဒြေ၊ ဇီဝိတိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ပေါင်း (၈) ပါး။ (ဝိသုဒ္ဓိ၊၂။၁၂၄။)

ဘုံလျှို မွေ့ရာ ၅ မျိုး ၁။ ဥဏ္ဏာဘိသိ– သားမွေးကို အဆာသွတ်၍ ပြုလုပ်အပ်သော ဘုံလျှို၊ ၂။ စောဋ္ဌဘိသိ– အဝတ်စ ပုဆိုးစတို့ကို အဆာသွတ်၍ ပြုလုပ်အပ်သော ဘုံလျှို၊ ၃။ ဝါကဘိသိ– လျှော်မျှင်, လျှော်ချည်ကို အဆာသွတ်၍ ပြုလုပ်အပ်သော ဘုံလျှို၊ ၄။ တိဏဘိသိ– မြက်တို့ကို အဆာသွတ်၍ ပြုလုပ်အပ်သော ဘုံလျှို၊ ၅။ ပဏ္ဏဘိသိ– သစ်ရွက်တို့ကို အဆာသွတ်၍ ပြုလုပ်အပ်သော ဘုံလျှို။ (ဝိ၊၂။၅၉။) (ဝိ၊၄။၂၉ဖ။) (ဝိ၊၆၊၄။ဖဝ။) (ဝိ၊မြန်၊၂။ဖဖ။) (ဝိ၊မြန်၊၄။၃၀၁။)

ဘုံလျှို မွေ့ရာ ၅ မျိုး (တစ်နည်း) ၁။ မဏ္ဍဘိသိ– ညောင်စောင်း၌ ခင်းအပ်သော ဘုံလျှို၊ ၂။ ပိဋ္ဌဘိသိ– အင်းပျဉ်၌ ခင်းအပ်သော ဘုံလျှို၊ ၃။ ဘူမတ္ထရဏဘိသိ– မြေ၌ ခင်းအပ်သော ဘုံလျှို၊ ၄။ စက်မနဘိသိ– စင်္ကြံလမ်း၌ ခင်းအပ်သော ဘုံလျှို၊ ၅။ ပါဒပုဉ္ဆနဘိသိ– ခြေသုတ်ရာ၌ ခင်းအပ်သော ဘုံလျှို။ (ဝိ၊၆၊၄။ဖဝ။)

ဘုံလျှိမွေ့ရာ လှူရကျိုး ၆ ပါး ၁။ ညီညွတ်ပြေပြစ်သော ခန္ဓာကိုယ်ရှိသူ ဖြစ်ခြင်း၊ ၂။ လူအများတို့၏ မြတ်နိုးပူဇော်မှုကို ခံရခြင်း၊ ၃။ သိမ်မွေ့နူးညံ့သူ ဖြစ်ခြင်း၊ ၄။ ရှုချင်ဖွယ် တင့်တယ်လှပ

http://www.dhammadownload.com

ချောမောသူ ဖြစ်ခြင်း၊ ၅။ အခြံအရံနှင့် တကွဖြစ်သော အသိဉာဏ်ပညာကို ရရှိခြင်း၊ ၆။ လဲသွတ်အခင်း, ခြသေ့ရုပ် ကျားရုပ် စသည်တို့ဖြင့် အထူးပြုလုပ်အပ်သော အခင်း သစ်နက်ရေ အခင်း စသော အခင်း အမျိုးမျိုးတို့ကို ရရှိခြင်း။ (အပ၊၁။၃၆၇။) (အပ၊မြန်၊၁။၃၇၆။)

ဘုံအားဖြင့် ဝိပါက် ၄ မျိုး ၁။ ကာမာဝစရဝိပါက်၊ ၂။ ရူပါဝစရဝိပါက်၊ ၃။ အရူပါဝစရဝိပါက်၊ ၄။ လောကုတ္တရာဝိပါက်။ (ဝိသုဒ္ဓိ၊၂။၈၄။)

မ

မကောင်းမှု ဖုံးထားသူ လားရာဂတိ ၂ မျိုး ၁။ ငရဲဘုံ နိရယဂတိ၊ ၂။ တိရစ္ဆာန်မျိုး တိရစ္ဆာနဂတိ။ (အံ၊၁။၆၁။) (အံ၊မြန်၊၁။၇၄။)

မကောင်းမှု ဖုံးမထားသူ လားရာဂတိ ၂ မျိုး ၁။ နတ်ဘုံ ဒေဝဂတိ၊ ၂။ လူ့ဘုံ မနုဿဂတိ။ (အံ၊၁။၆၁။) (အံ၊မြန်၊၁။၇၄။)

မကောင်းမှုပြုကြောင်း ၄ ပါး ၁။ ချစ်ခြင်း– ဆန္ဒာဂတိသို့ လိုက်ခြင်း၊ ၂။ မုန်းခြင်း– ဒေါသာဂတိသို့ လိုက်ခြင်း၊ ၃။ မသိခြင်း– မောဟာဂတိသို့ လိုက်ခြင်း၊ ၄။ ကြောက်ခြင်း– ဘယာဂတိသို့ လိုက်ခြင်း။ (ဒီ၊၃။၁၄၇။) (ဒီ၊မြန်၊၃။၁၆၅–၁၆၆။)

မကောင်းသော စကား ၅ မျိုး ၁။ သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်အတွက် သဒ္ဓါတရားနှင့် စပ်သော စကားသည် မကောင်း၊ ၂။ သီလမရှိသော ပုဂ္ဂိုလ်အတွက် သီလနှင့် စပ်သော စကားသည် မကောင်း၊ ၃။ အကြားအမြင်နည်းသော သူအတွက် အကြားအမြင်များမှုနှင့် စပ်သော စကားသည် မကောင်း၊ ၄။ နှမြောဝန်တိုသော သူအတွက် စွန့်ကြဲပေးကမ်းမှုနှင့် စပ်သော စကားသည် မကောင်း၊ ၅။ ပညာမရှိသော သူအား ပညာနှင့် စပ်သော စကားသည် မကောင်း။ (အံ၊၂။၁၅၉။) (အံ၊မြန်၊၂။၂၀၃။)

မကောင်းသော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရွေးရွက်ကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂။) (အံ၊မြန်၊၃။၄၇၂–၄၇၈။)

မကောင်းသော အရာဝတ္ထု ၄ မျိုး ၁။ ကာမဂုဏ် ခံစားလေ့ရှိသော သူသည် ပျင်းရိလျှင် မကောင်း၊ ၂။ ရဟန်းသာမဏေသည် ကိုယ်နှုတ်မစောင့်စည်းလျှင် မကောင်း၊ ၃။ ရှင်ဘုရင်သည် မစူစမ်း မဆင်ခြင်ဘဲ ပြုလျှင် မကောင်း၊ ၄။ ပညာရှိသူတော်ကောင်းသည် အမျက်ထွက်လျှင် မကောင်း။ (ဇာတက၊၁။၁၀၉–၁၂၀။) (ဇာတက၊၁။၃၃၆။)

မကြီးပွားခြင်း ၂ မျိုး ၁။ အကျိုး, အစီးအပွား ဆုတ်ယုတ်ခြင်း၊ ၂။ အကျိုးမဲ့တွေ ဖြစ်ပေါ်လာခြင်း။ (ဒီ၊ဋီ၊၃။၂၁၅။)

http://www.dhammadownload.com

မကြီးပွားနိုင်သော ရဟန်း၏ အင်္ဂါ ၁၁ ပါး ၁။ မဟာဘုတ်ရုပ်, ဥပါဒါရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ မသိခြင်း၊ ၂။ ပညာရှိနှင့် လူမိုက်တို့၏ လက္ခဏာကို ဟုတ်တိုင်းမှန်စွာ မသိခြင်း၊ ၃။ ဖြစ်ပေါ်လာသော ကာမဝိတက် စသည်ကို မစွန့်ပယ် မဖျောက်ဖျက်တတ်ခြင်း၊ ၄။ စက္ခုန္ဒြေ အစ မနိန္ဒြေအဆုံးရှိသော ဣန္ဒြေခြောက်ပါးတို့ကို မစောင့်စည်းတတ်ခြင်း၊ ၅။ ကြားနာသင်ယူပြီးတိုင်းသော တရားတို့ကို သူတစ်ပါးတို့အား အကျယ် မဟောတတ်ခြင်း၊ ၆။ အကြားအမြင်များကုန်သော သုတ် ဝိနည်း အဘိဓမ္မာကို ဆောင်ကုန်သော ရဟန်းတို့ထံ ချဉ်းကပ်၍ ယုံမှားမှုကို မပယ်ဖျောက်တတ်ခြင်း, မမေးမြန်းတတ်ခြင်း၊ ၇။ ဘုရားရှင် ဟောကြားအပ်သော သုတ် ဝိနည်း အဘိဓမ္မာတို့၏ ပါဠိအနက်ကို မသိ နားမလည်သဖြင့် ဝမ်းမြောက်နှစ်သက်မှုကို မရခြင်း၊ ၈။ အင်္ဂါရုစ်ပါးရှိသော အဋ္ဌင်္ဂိကမဂ်ကို ဟုတ်တိုင်းမှန်စွာ မသိခြင်း၊ ၉။ သတိပဋ္ဌာန် လေးပါးကို ဟုတ်တိုင်းမှန်စွာ မသိခြင်း၊ ၁၀။ သဒ္ဓါတရားရှိကုန်သော ဒကာတို့၏ ပစ္စည်းလေးပါးတို့ကို အတိုင်းအရှည်မသိဘဲ ခံယူခြင်း၊ ၁၁။ သံဃာမိဘ သံဃာ့ရှေ့ဆောင် သက်တော်ရှည် မထေရ်ကြီးတို့၌ ကာယကံမေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာကို ရှေးရှု မတည်စေခြင်း။ (အံ၊၃။၅၄၇။) (အံ၊မြန်၊၃။၅၃၄။)

မကြံစည်အပ်, မကြံစည်ထိုက်သော အကြောင်းအရာ ၄ မျိုး ၁။ ဘုရားရှင်တို့၏ ဘုရားအရာကို မကြံသင့် မကြံအပ်၊ ၂။ စျာန်ရသူ၏ စျာန်အရာကို မကြံသင့် မကြံအပ်၊ ၃။ ကံအကျိုးကို မကြံသင့် မကြံအပ်၊ ၄။ လောကကို မကြံသင့် မကြံအပ်။ (အံ၊၁။၃၉၂။) (သာရတ္ထ၊ဋီ၊၁။၉၁။) (အံ၊မြန်၊၁။၄၀၆။)

မကြောက်တတ်သူ ၄ ဦး ၁။ ဆင်အာဇာနည်၊ ၂။ မြင်းအာဇာနည်၊ ၃။ နွားလားဥသဘအာဇာနည်၊ ၄။ ရဟန္တာပုဂ္ဂိုလ်။ (ဓမ္မ၊ဋ္ဌ၊၂။၃၁။)

မခေါ်ဆောင်အပ်သော နောက်လိုက်ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အလွန်ဝေးစွာလည်း လိုက်တတ်၍ အလွန် ဦးစွာမူလည်း လိုက်တတ်၏၊ ၂။ (ဆရာ၏) ဆွမ်းပြည့် သပိတ်ကို လဲလှယ်၍လည်း မယူတတ်ခြင်း၊ ၃။ အာပတ်၏ အနီးဌာ ဆရာ စကားပြောဆိုသော် မတားမြစ်တတ်ခြင်း၊ ၄။ ဆရာ စကားပြောဆိုသော် ကြားဝင် ပြောတတ်ခြင်း၊ ၅။ ပညာမဲ့၍ မိုက်မဲပြီး ဆွံ့အခြင်း။ (အံ၊၂။၁၂၀။) (အံ၊မြန်၊၂။၁၄၈။)

မချစ်အပ်သော အရာ ၂ ပါး ၁။ အကျိုးစီးပွားမဲ့ကို လိုလားသော ရန်သူ စသည် (သတ္တာ)၊ ၂။ နှစ်လိုဖွယ်မရှိသော အာရုံငါးပါး စသည် (သင်္ခါရာ) ။ (မဟာနိ။၃၉၂။)

ပစ္စည်းဘဏ္ဍာ ၅ မျိုး (ရဟန်းတို့ မခွဲဝေကောင်းသော ပစ္စည်းဘဏ္ဍာ ၅ မျိုး) ၁။ အရုံ၊ အရုံနေရာ၊ ၂။ ကျောင်း၊ ကျောင်းနေရာ၊ ၃။ ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှိ (မွေ့ရာ, ဖုံ။) ခေါင်းအုံး၊ ၄။ ကြေးအိုးကြီး၊ ကြေးအိုးစရည်း၊ ကြေးအင်တွဲ၊ ကြေးမျဉ်း၊ ပဲခွပ်၊ ပုဆိန်၊ ဓားမ၊ ပေါက်တူး၊ ဆောက်၊ ၅။ နွယ်၊ ဝါး၊ ဖြူဆံမြက်၊ ပြိတ်မြက်၊ မြက်၊ မြေညက်၊ သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ။ (ဝိ၊၄။၃၂၂-၃၂၃။) (ဝိ၊မြန်၊၄။၃၂၅-၃၂၆။)

မဃလုလင်၏ မယား ၄ ယောက် ၁။ သုဇာတာ၊ ၂။ သုဓမ္မာ၊ ၃။ စိတ္တာ၊ ၄။ နန္ဒာ။ (ဒီ၊ဋ္ဌ၊၂။၃၀၅။) (ဒီ၊ဋ္ဌ၊မြန်၊၂။၅၆၂။)

http://www.dhammadownload.com

မစိုက်ပျိုးသင့်သော လယ်မြေ ၈ မျိုး ၁။ အမြင့်အနိမ့်ရှိသော လယ်မြေ၊ ၂။ ကျောက်ခဲကျောက်စရစ်ရှိသော လယ်မြေ၊ ၃။ ဆပ်ပြာပေါက်သော လယ်မြေ၊ ၄။ ထွန်ကြောင်းမနက်သော လယ်မြေ၊ ၅။ ရေဝင်ပေါက် မပြည့်စုံသော လယ်မြေ၊ ၆။ ရေထုတ်ပေါက် မပြည့်စုံသော လယ်မြေ၊ ၇။ ရေမြောင်း မပြည့်စုံသော လယ်မြေ၊ ၈။ ကန်သင်းနှင့် မပြည့်စုံသော လယ်မြေ။ (အံ၊၃။၆၉။) (အံ၊မြန်၊၃။၇၁။)

မဆုတ်ယုတ်ကြောင်း တရား ၄ ပါး ၁။ သီလနှင့် ပြည့်စုံခြင်း၊ ၂။ ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိခြင်း၊ ၃။ အစားအစာ၌ အတိုင်းအရှည်ကို သိခြင်း၊ ၄။ နိုးကြားခြင်း၌ ယှဉ်ခြင်း။ (အံ၊၁။၃၄၈။) (အံ၊မြန်၊၁။၃၃။)

မဆုတ်ယုတ်ကြောင်း တရား ၆ ပါး ၁။ စက္ခုပသာဒဖြင့် အဆင်းရူပါရုံကို မြင်၍ အကုသိုလ်အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သောအခါ ထိုအကုသိုလ် အကြံအစည် သံယောဇဉ်များကို စွန့်ပယ် ဖျောက်ဖျက်လျက် ကင်းကွာအောင် ပြုခြင်း၊ ၂။ သောတပသာဒဖြင့် သဒ္ဒါရုံအသံကို ကြား၍ အကုသိုလ်အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သောအခါ ထိုအကုသိုလ် အကြံအစည် သံယောဇဉ်များကို စွန့်ပယ် ဖျောက်ဖျက်လျက် ကင်းကွာအောင် ပြုခြင်း၊ ၃။ ဃာနပသာဒဖြင့် အနံ့ဂန္ဓာရုံကို နံ၍ အကုသိုလ်အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သော အခါ ထိုအကုသိုလ် အကြံအစည် သံယောဇဉ်များကို စွန့်ပယ် ဖျောက်ဖျက်လျက် ကင်းကွာအောင် ပြုခြင်း၊ ၄။ ဇိဝှါပသာဒဖြင့် အရသာ ရသာရုံကို လျက်၍ အကုသိုလ် အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သောအခါ ထိုအကုသိုလ် အကြံအစည် သံယောဇဉ်များကို စွန့်ပယ် ဖျောက်ဖျက်လျက် ကင်းကွာအောင် ပြုခြင်း၊ ၅။ ကာယပသာဒဖြင့် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ အကုသိုလ်အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သောအခါ ထိုအကုသိုလ် အကြံအစည် သံယောဇဉ်များကို စွန့်ပယ်ဖျောက်လျက် ကင်းကွာအောင် ပြုခြင်း၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိ၍ အကုသိုလ်အကြံအစည် သံယောဇဉ်များ ဖြစ်ပေါ်သောအခါ ထိုအကုသိုလ် အကြံအစည် သံယောဇဉ်များကို ပယ်ဖျောက်လျက် ကင်းကွာအောင် ပြုခြင်း။ (သံ၊၂။၂၉၉။) (သံ၊မြန်၊၂။၂၉၁။)

မဆုတ်ယုတ်ကြောင်း တရား ၇ ပါး အပရိဟာနိယတရား ၇ ပါးတို့နှင့် တူသည်။

မညနာ ၃ မျိုး ၁။ တဏှာမညနာ– တဏှာသည် ဖြစ်စေအပ်သော မာနဖြင့် မှတ်ထင်– ကြဆခြင်း၊ ၂။ ဒိဋ္ဌိမညနာ– မိစ္ဆာအယူကို အမှီပြု၍ဖြစ်သော မှတ်ထင်ကြဆခြင်း၊ ၃။ မာနမညနာ– ငါ, ငါဟု အထင်ကြီးမှု, မာနမညနာတရား။ (သံ၊၄၊၁။၅၀။)

မညီညွတ်ခြင်း ၃ မျိုး ၁။ ရာဂဝိသမ– တပ်မက်မှု ရာဂဖြင့် မညီညွတ်ခြင်း၊ ၂။ ဒေါသဝိသမ– ပြစ်မှားမှု ဒေါသဖြင့် မညီညွတ်ခြင်း၊ ၃။ မောဟဝိသမ– တွေဝေမှု မောဟဖြင့် မညီညွတ်ခြင်း။ (အဘိ၊ဝိ။၃၈၂။) (အဘိ၊ဝိ၊မြန်၊၂။၄၈၀။)

မညီညွတ်ခြင်း ၃ မျိုး (တစ်နည်း) ၁။ ကာယဝိသမ– ကိုယ်မညီညွတ်ခြင်း၊ ၂။ ဝစီဝိသမ– နှုတ်မညီညွတ်ခြင်း၊ ၃။ မနောဝိသမ– စိတ်မညီညွတ်ခြင်း။ (အဘိ၊ဝိ။၃၈၂။) (သာရတ္ထ၊ဋီ၊ ၁။၃၀၅။) (အဘိ၊ဝိ၊မြန်၊၂။၄၈၀။)

http://www.dhammadownload.com

မည္သွန်ပြအပ်သော ကပ္ပိယ ၂ မျိုး ၁။ နူတ်ဖြင့် မိမိကိုယ်တိုင် ကပ္ပိယအဖြစ်ကို ခံယူသော ကပ္ပိယ၊ ၂။ မျက်ကွယ်၌ ကပ္ပိယအဖြစ်ကို ခံယူသော ကပ္ပိယ။ (ဝိ၊၌၊၂။၂၅၄။)

မတရားသဖြင့် စောဒနာခံရသော ရဟန်းအား ရွှင်လန်းစေနိုင်သော အခြင်းအရာ ၅ မျိုး ၁။ ငါသည် မလျောက်ပတ်သော အခါ၌ စောဒနာခံရပြီး လျောက်ပတ်သော အခါ၌ စောဒနာခံရခြင်း မဟုတ်ဟု နှလုံးရွှင်လန်းမှု ဖြစ်ခြင်း၊ ၂။ ငါသည် မဟုတ်မမှန်သော စကားဖြင့် စောဒနာခံရပြီး ဟုတ်မှန်သော စကားဖြင့် စောဒနာခံရခြင်း မဟုတ်ဟု နှလုံးရွှင်လန်းမှု ဖြစ်ခြင်း၊ ၃။ ငါသည် ကြမ်းတမ်းသော စကားဖြင့် စောဒနာခံရပြီး နူးညံ့သော စကားဖြင့် စောဒနာခံရခြင်း မဟုတ်ဟု နှလုံးရွှင်လန်းမှု ဖြစ်ခြင်း၊ ၄။ ငါသည် အကျိုးနှင့် မစပ်သော စကားဖြင့် စောဒနာခံရခြင်း အကျိုးနှင့် စပ်သောစကားဖြင့် စောဒနာခံရခြင်း မဟုတ်ဟု နှလုံးရွှင်လန်းမှု ဖြစ်ခြင်း၊ ၅။ ငါအား ဒေါသစိတ်ဖြင့် စောဒနာခြင်းခံရပြီး မေတ္တာစိတ်ဖြင့် စောဒနာခံရခြင်း မဟုတ်ဟု နှလုံးရွှင်လန်းမှု ဖြစ်ခြင်း။ (ဝိ၊၄။၄၃၈။) (ဝိ၊မြန်၊၄၊၄၃၉။) (အံ၊၂။၁၇၂။) (အံ၊မြန်၊၂။၂၁၉။)

မတရားသော ကုန်ကူးခြင်း ၅ မျိုး ၁။ သက်ရှိသတ္တဝါတို့ကို ရောင်းဝယ် ကုန်ကူးခြင်း၊ ၂။ လက်နက်တို့ကို ရောင်းဝယ် ကုန်ကူးခြင်း၊ ၃။ အဆိပ်ကို ရောင်းဝယ် ကုန်ကူးခြင်း၊ ၄။ အသားအမဲတို့ကို ရောင်းဝယ် ကုန်ကူးခြင်း၊ ၅။ အရက်သေစာတို့ကို ရောင်းဝယ် ကုန်ကူးခြင်း။ (သုတ္တနိ၊၌၊၂။၁၀၉။)

မတရားသော တဇ္ဇနီယဝိနည်းကံ ၁၂ ပါး ၁။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမြန်းဘဲ ပြုလုပ်ခြင်း၊ ဝန်မခံဘဲ ပြုလုပ်ခြင်း၊ ၂။ အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊ ဒေသနာကြား၍ မစင်ကြယ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေဘဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊ ၄။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊ ၅။ မမေးမမြန်းဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊ ၆။ ဝန်မခံဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊ ၇။ အာပတ် မသင့်ဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊ ၈။ ဒေသနာကြား၍ မစင်ကြယ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားဖြစ်လျက် ပြုလုပ်ခြင်း၊ ၉။ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားဖြစ်လျက် ပြုလုပ်ခြင်း၊ ၁၀။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊ ၁၁။ မအောက်မေ့ စေဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားဖြစ်လျက် ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း ပေါင်း ၁၂ ပါး။ (ဝိ၊၄။၅၂။) (ဝိ၊မြန်၊၅-၇။)

မတရားသော နိယဿဝိနည်းကံ ၁၂ ပါး ၁။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမြန်းဘဲ ပြုလုပ်ခြင်း၊ ဝန်မခံဘဲ ပြုလုပ်ခြင်း၊ ၂။ အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမ်မဟုတ်သော အာပတ်ဖြင့်

http://www.dhammadownload.com

ပြုလုပ်ခြင်း၊ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေဘဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊ ၄။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း၊ ၅။ မမေးမမြန်းဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲ တပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊ ၆။ ဝန်မခံဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း၊ ၇။ အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊ မတရား သဖြင့် ပြုလုပ်ခြင်း မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း၊ ၈။ ဒေသနာဂါမ်မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း၊ ၉။ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း၊ ၁၀။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း၊ ၁၁။ မအောက်မေ့စေဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီဖြစ်လျက် ပြုလုပ်ခြင်း။ (ဝိ၊၄။၁၅။) (ဝိ၊မြန်၊၄။၁၅။)

မတရားသော ပဋိသာရဏီယကံ ၁၂ ပါး ၁။ မျက်ကွယ်၌ ပြုလုပ်ခြင်း မမေးမမြန်းဘဲ ပြုလုပ်ခြင်း၊ ဝန်မခံဘဲ ပြုလုပ်ခြင်း၊ ၂။ အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမ် မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေဘဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊ ၄။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၅။ မမေးမမြန်းဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၆။ ဝန်မခံဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၇။ အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၈။ ဒေသနာဂါမ် မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၉။ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၁၀။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၁၁။ မအောက်မေ့စေဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ဖြစ်လျက် ပြုလုပ်ခြင်း။ (ဝိ၊၄။၄၁။) (ဝိ၊မြန်၊၄။၃၉။)

မတရားသော ပဇ္ဇာဓနိယဝိနည်းကံ ၁၂ ပါး ၁။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမမြန်းဘဲ ပြုလုပ်ခြင်း၊ ဝန်မခံဘဲ ပြုလုပ်ခြင်း၊ ၂။ အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမ် မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မအောက်မေ့စေဘဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ဘဲ

http://www.dhammadownload.com

ပြုလုပ်ခြင်း၊ ၄။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၅။ မမေးမြန်းဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၆။ ဝန်မခံဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၇။ အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၈။ ဒေသနာဂါမ်မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၉။ ဒေသနာ ကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၁၀။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၁၁။ မအောက်မေ့စေ၍ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း။ (ဝိ၊၄။၂၉။) (ဝိ၊မြန်၊၂၉။)

မတုန်လှုပ်ခြင်း ၆ မျိုး ၁။ သဒ္ဓါတရားဖြင့် ထက်ဝန်းကျင် သိမ်းယူအပ်သော စိတ်သည် သဒ္ဓါမရှိသူ၏ အကုသိုလ်စိတ်ကြောင့် တုန်လှုပ်မှု မရှိခြင်း၊ ၂။ ဝီရိယဖြင့် သိမ်းယူအပ်သော စိတ်သည် ပျင်းရိသူ၏ အကုသိုလ်စိတ်ကြောင့် တုန်လှုပ်မှု မရှိခြင်း၊ ၃။ သတိတရားဖြင့် သိမ်းယူအပ်သော စိတ်သည် မေ့လျော့ကြောင်း အကုသိုလ်စိတ်ကြောင့် တုန်လှုပ်မှု မရှိခြင်း၊ ၄။ သမာဓိတရားဖြင့် သိမ်းယူအပ်သော စိတ်သည် ပျံ့လွင့်သော စိတ်ကြောင့် တုန်လှုပ်မှု မရှိခြင်း၊ ၅။ ဉာဏ်ပညာဖြင့် သိမ်းယူအပ်သော စိတ်သည် အဝိဇ္ဇာ (မောဟ) ကြောင့် တုန်လှုပ်မှု မရှိခြင်း၊ ၆။ ဖြစ်ပေါ်လာသော ဉာဏ်အလင်းရောင်ရှိသော စိတ်သည် ကိလေသာအမိုက် မှောင်ကြောင့် တုန်လှုပ်မှု မရှိခြင်း။ (ဝိ၊၌၊၁။၁၂၇။)

မထစေထိုက်သူ ၄ ဦး (သံဃိကကျောင်း အိပ်ရာနေရာမှ မထစေထိုက်သူ ၄ ဦး) ၁။ သီတင်းကြီး ပုဂ္ဂိုလ်၊ ၂။ ဘဏ္ဍာဂါရိက ပုဂ္ဂိုလ်၊ ၃။ ဂိလာနပုဂ္ဂိုလ်၊ ၄။ သံဃာထံမှ ကျောင်းရရှိထားသော ပုဂ္ဂိုလ်။ (ဝိ၊၌၊၃။၄၀၄။)

မထီမဲ့မြင်ပြုအပ်, ကဲ့ရဲ့ရွှတ်ချအပ်သော ပုဂ္ဂိုလ် ၁၀ ယောက် ၁။ လင်ကင်းသော မိန်းမ (မုဆိုးမ)၊ ၂။ အားအင်နည်းပါး ချိနဲ့သော ပုဂ္ဂိုလ်၊ ၃။ ဆွေမျိုးမရှိသော ပုဂ္ဂိုလ်၊ ၄။ အစားကြီးသော ပုဂ္ဂိုလ် (အစားကြူးသော ပုဂ္ဂိုလ်)၊ ၅။ ဆရာသမားထံ မဆည်းကပ်ဖူးသော ပုဂ္ဂိုလ်၊ ၆။ ယုတ်မာသော အဆွေခင်ပွန်းရှိသော ပုဂ္ဂိုလ်၊ ၇။ ပစ္စည်းဥစ္စာချို့တဲ့သော ပုဂ္ဂိုလ်၊ ၈။ အကျင့်ယုတ်သော ပုဂ္ဂိုလ်၊ ၉။ ယုတ်ညံ့သော အလုပ်အကိုင်ရှိသော ပုဂ္ဂိုလ်၊ ၁၀။ လုံ့လဝီရိယမရှိသော ပုဂ္ဂိုလ်။ (မိလိန္ဒ။၂၇၉။) (မိလိန္ဒ၊မြန်။၂၉၉။)

မထေရ်ကြီးဖြစ်ကြောင်း တရား ၄ ပါး ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံ၍ အနည်းငယ် မျှသော အပြစ်တို့၌ ဘေးဟု ရှုလျက် နေခြင်း၊ ၂။ အစ အလယ် အဆုံး ကောင်းခြင်းရှိသော တရားတို့ကို ဟောပြောလျက် အကြားအမြင် ဗဟုသုတပြည့်စုံခြင်း၊ ၃။ မျက်မှောက်၌ ဖြစ်သော ဈာန်လေးပါးတို့ကို အလိုရှိတိုင်း မပင်ပန်းဘဲ ရခြင်း၊ ၄။ အာသဝေါကုန်ခန်းလျက် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၁။၃၃၁။) (အံ၊မြန်၊၁။၃၄၆။)

http://www.dhammadownload.com

မထေရ်ကြီးရဟန်း၏ လူအများ အစီးအပွားဖြစ်ကြောင်း တရား ၅ ပါး ၁။ ရဟန်းဝါရင့်သော မထေရ်ကြီး ဖြစ်ခြင်း၊ ၂။ ထင်ရှားကျော်စောခြင်း၊ ၃။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း ဆေး ပစ္စည်း ၄ ပါး ရလေ့ရှိခြင်း၊ ၄။ အကြားအမြင် များခြင်း၊ ၅။ မှန်ကန်သော "သမ္မာဒိဋ္ဌိ" အယူရှိခြင်း။ (အံ၊၂။၁၀၁။) (အံ၊မြန်၊၂။၁၂၃–၁၂၄။)

မထေရ်ကြီးရဟန်း၏ လူအများ အစီးအပွားမဲ့ကြောင်း တရား ၅ ပါး ၁။ ရဟန်းဝါရင့်သော မထေရ်ကြီး ဖြစ်ခြင်း၊ ၂ ထင်ရှားကျော်စောခြင်း၊ ၃။ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း ၄ ပါး ရလေ့ရှိခြင်း၊ ၄။ အကြားအမြင် များခြင်း၊ ၅။ မှားသော အယူ "မိစ္ဆာဒိဋ္ဌိ" ရှိခြင်း။ (အံ၊၂။၁၀၀။) (အံ၊မြန်၊၂။၁၂၂–၁၂၃။)

မထေရ်မည်ကြောင်း တရား ၆ ပါး ၁။ သစ္စာလေးပါးကို သိခြင်း၊ ၂။ လောကုတ္တရာတရား ကိုးပါးနှင့် ပြည့်စုံခြင်း၊ ၃။ သတ္တဝါတို့အား မည္ဉ်းဆဲခြင်း၊ ၄။ သီလစောင့်ထိန်းမှုနှင့် ပြည့်စုံခြင်း၊ ၅။ ဣန္ဒြေတို့ကို ဆုံးမထားခြင်း၊ ၆။ အကုသိုလ် ကိလေသာ အညစ်အကြေးတို့ကို မင်္ဂဖြင့် ပယ်ပြီး ဖြစ်ခြင်း။ (ဓမ္မ။၅၁။) (ဓမ္မ။မြန်။၄၈။)

မဓုရာပြည်၏ အပြစ် ၅ ပါး ၁။ မြေအပြင် ညီညွတ်မှု မရှိခြင်း၊ ၂။ မြူမှုန်များခြင်း၊ ၃။ ကြမ်းတမ်းသော ခွေးများ ရှိခြင်း၊ ၄။ အတင့်ရဲသော ဘီလူး ရက္ခိုက်များ ရှိခြင်း၊ ၅။ ဆွမ်းခံ၍ ရခဲခြင်း။ (အံ၊၂။ ၂၂၄။) (အံ၊မြန်၊၂။၂၈၃။)

မနသာကဋ္ဌ ပုဏ္ဏားရွာသား ထင်ရှားသော ဗြာဟ္မဏမဟာသာလ ပုဏ္ဏား ၅ ယောက် ၁။ စင်္ကီပုဏ္ဏား၊ ၂။ တာရကပုဏ္ဏား၊ ၃။ ပေါက္ခရသာတိပုဏ္ဏား၊ ၄။ ဇာဏုဿောဏိပုဏ္ဏား၊ ၅။ တောဒေယျ ပုဏ္ဏား။ (ဒီ၊၁။၂၂၂။)

မနသိကာရ ၃ ပါး ၁။ အာရမ္မဏပဋိပါဒက မနသိကာရ (မနသိကာရစေတသိက်)၊ ၂။ ဝီထိပဋိပါဒက မနသိကာရ (ပဉ္စဒ္ဝါရာဝဇ္ဇန်း)၊ ၃။ ဇဝနပဋိပါဒကမနသိကာရ (မနောဒ္ဝါရာဝဇ္ဇန်း)။ (ဝိသုဒ္ဓိ၊၂။၉၆။)

မနာပ ၂ မျိုး ၁။ ပုဂ္ဂလ မနာပ၊ ၂။ သမ္ဘုတိ မနာပ။ (သံ၊၄၊၁။၁၃၈။)

မနာပကာယိကာမည်သော နတ်သမီးဖြစ်ကြောင်း ၈ ပါး ၁။ မိဘတို့ ထိမ်းမြားလက်ထပ် ပေးထားသော လင်ယောကျ်ားအား ချစ်ဖွယ်သော စကားကို ဆိုပြီး ချစ်ခင်စဖွယ်ပြုကျင့်၍ လင်ယောကျ်ားစကားကို နာခံကာ, လင်ယောကျ်ား၏ ရှေးဦးစွာ အိပ်ယာမှထလျက် နောက်မှ အိပ်လေ့ရှိခြင်း၊ ၂။ လင်ယောကျ်ားက အရိုအသေ အလေးအမြတ်ပူဇော် မြတ်နိုးအပ်သော အမိအဖ ရဟန်းပုဏ္ဏားတို့အား ရိုသေလေးမြတ် ပူဇော်အပ်ခြင်း၊ ၃။ လင်ယောကျ်ား၏ အိမ်တွင်းမှ လုပ်ငန်းဖြစ်သော အစေခံအလုပ်သမားတို့အတွက် ပြုအပ်သည်, မပြုအပ်သည်ကို သိခြင်း၊ ၄။ အိမ်တွင်းသားများဖြစ်သော အစေခံအလုပ်သမားတို့အတွက် ပြုအပ်သည်, မပြုအပ် သည်ကို သိခြင်း၊ ၅။ လင်ယောကျ်ား ရှာဖွေစုဆောင်းထားသော ဥစ္စာစပါး ရွှေငွေ များကို မခိုးမဝှက်ဘဲ လုံခြုံစွာ ထိန်းသိမ်း စောင့်ရှောက်တတ်ခြင်း၊ ၆။ ဘုရား, တရား, သံဃာ, ရတနာမြတ်သုံးပါးတို့အား ကိုးကွယ်ဆည်းကပ်တတ်သော ဥပါသိကာမ ဖြစ်ခြင်း၊ ၇။ ငါးပါး သီလနှင့် ပြည့်စုံခြင်း၊ ၈။ ပေးကမ်းစွန့်ကြဲမှုနှင့် ပြည့်စုံလျက် ဝန်တိုမှု မစ္ဆရိယတည်းဟူသော

http://www.dhammadownload.com

အညစ်အကြေးကင်းသော စိတ်ဖြင့် အိမ်ကို အုပ်စိုးရ၍နေခြင်း။ (အံ၊၃။၉၃။) (အံ၊၃။၉၅။) (အံ၊မြန်၊ ၃။၉၃၊၉၅။) (အံ၊မြန်၊၃။၉၃၊၉၅။)

မနာယတန ၂ ပါး ၁။ ဟိတ်ရှိသော မနာယတန၊ ၂။ ဟိတ်မရှိသော မနာယတန။ (အဘိ၊ဝိ။၇၁။) (အဘိ၊ဝိ၊မြန်၊၁။၂၅၃–၂၅၅။)

မနာယတန ၃ ပါး ၁။ ကုသိုလ် မနာယတန၊ ၂။ အကုသိုလ် မနာယတန၊ ၃။ အဗျာကတ မနာယတန။ (အဘိ၊ဝိ။၇၁။) (အဘိ၊ဝိ၊မြန်၊၁။၂၅၃။)

မနာယတန ၃ ပါး (တစ်နည်း) ၁။ သုခဝေဒနာနှင့် ယှဉ်သော မနာယတန၊ ၂။ ဒုက္ခဝေဒနာနှင့် ယှဉ်သော မနာယတန၊ ၃။ အဒုက္ခမသုခါဝေဒနာနှင့် ယှဉ်သော မနာယတန။ (အဘိ၊ဝိ။၇၂။) (အဘိ၊ဝိ၊မြန်၊၁။၂၅၅။)

မနာယတန ၄ ပါး ၁။ ကာမဘုံ၌ သက်ဝင်၍ ဖြစ်သော ကာမာဝစရ မနာယတန၊ ၂။ ရူပဘုံ၌ သက်ဝင်၍ ဖြစ်သော ရူပါဝစရ မနာယတန၊ ၃။ အရူပဘုံ၌ သက်ဝင်၍ ဖြစ်သော အရူပါဝစရ မနာယတန၊ ၄။ ဘုံသုံးပါး၌ အကျုံးမဝင်သော အပရိယာပန္နေ (လောကုတ္တရ) မနာယတန။ (အဘိ၊ဝိ။၇၁။) (အဘိ၊ဝိ၊မြန်၊၁။၂၅၄။)

မနာယတန ၅ ပါး ၁။ သုခိန္ဒြေနှင့် ယှဉ်သော မနာယတန၊ ၂။ ဒုက္ခိန္ဒြေနှင့် ယှဉ်သော မနာယတန၊ ၃။ သောမနဿိန္ဒြေနှင့် ယှဉ်သော မနာယတန၊ ၄။ ဒေါမနဿိန္ဒြေနှင့် ယှဉ်သော မနာယတန၊ ၅။ ဥပေက္ခိန္ဒြေနှင့် ယှဉ်သော မနာယတန။ (အဘိ၊ဝိ။၇၁။) (အဘိ၊ဝိ၊မြန်၊၁။၂၅၄။)

မနာယတန ၆ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါဝိညာဏ်၊ ၅။ ကာယဝိညာဏ်၊ ၆။ မနောဝိညာဏ်။ (အဘိ၊ဝိ။၇၁။) (အဘိ၊ဝိ၊မြန်၊၁။၂၅၄။)

မနာယတန ၇ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါ ဝိညာဏ်၊ ၅။ ကာယဝိညာဏ်၊ ၆။ မနောဓာတ်၊ **၇။ မနောဝိညာဏဓာတ်**။ (အဘိ၊ဝိ။၇၁။) (အဘိ၊ဝိ၊မြန်၊၁။၂၅၄။)

မနာယတန ၈ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါဝိညာဏ်၊ ၅။ သုခဝေဒနာနှင့် တကွ ဖြစ်သော ကာယဝိညာဏ်၊ ၆။ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်၊ ၇။ မနောဓာတ်၊ ၈။ မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၇၁။) (အဘိ၊ဝိ၊မြန်၊ ၁။၂၅၄။)

မနာယတန ၉ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါဝိညာဏ်၊ ၅။ ကာယဝိညာဏ်၊ ၆။ မနောဓာတ်၊ ၇။ ကုသိုလ် မနောဝိညာဏဓာတ်၊ ၈။ အကုသိုလ် မနောဝိညာဏဓာတ်၊ ၉။ အဗျာကတ မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၇၁။) (အဘိ၊ဝိ၊မြန်၊ ၁။၂၅၅။)

မနာယတန ၁၀ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါဝိညာဏ်၊ ၅။ သုခဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်၊ ၆။ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်၊ ၇။ မနောဓာတ်၊ ၈။ ကုသိုလ် မနောဝိညာဏဓာတ်၊ ၉။ အကုသိုလ် မနော ဝိညာဏဓာတ်၊ ၁၀။ အဗျာကတ မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၇၁။) (အဘိ၊ဝိ၊မြန်၊၁။၂၅၅။)

http://www.dhammadownload.com

မနောဒုစရိုက် ၃ ပါး ၁။ အဘိဇ္ဈာ– သူတစ်ပါး စည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်အောင် မတရားကြံစည်ခြင်း၊ ၂။ ဗျာပါဒ– သူတစ်ပါးတို့အား ဆုတ်ယုတ်ပျက်စီးစေလိုခြင်း၊ ၃။ မိစ္ဆာဒိဋ္ဌိ– မှားသော အယူဝါဒရှိခြင်း။ (မ၊၁။၃၅၆။) (မ၊၁။၃၆၂။) (မ၊မြန်၊၁။၃၆၇။) (မ၊မြန်၊၁။၃၆၇။)(အဘိ၊ဝိ။ ၃၇၈။) (အဘိ၊ဝိ၊မြန်၊၂။၄၇၃။)

မနောဘာဝနိယရဟန်းအား ချဉ်းကပ်သင့်သော အခါ ၆ မျိုး ၁။ စွဲမက်မှု ကာမရာဂမှ ထွက်မြောက်ကြောင်းကို မသိသောအခါ ဖြစ်ခြင်း၊ ၂။ ပျက်စီးစေလိုမှု ဗျာပါဒမှ ထွက်မြောက်ကြောင်းကို မသိသောအခါ ဖြစ်ခြင်း၊ ၃။ လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓမှ ထွက်မြောက်ကြောင်းကို မသိသော အခါ ဖြစ်ခြင်း၊ ၄။ ပျံ့လွင့်မှု နောင်တ ပူပန်မှု ဥဒ္ဓစ္စ ကုက္ကုစ္စမှ ထွက်မြောက်ကြောင်းကို မသိသောအခါ ဖြစ်ခြင်း၊ ၅။ မဝေခွဲနိုင်မှု ဝိစိကိစ္ဆာမှ ထွက်မြောက်ကြောင်းကို မသိသော အခါ ဖြစ်ခြင်း၊ ၆။ အာသဝေါတရား ကုန်ခန်းရန် အာရုံနိမိတ်ကို မသိသောအခါ ဖြစ်ခြင်း။ (အံ၊၂။၂၈၀။) (အံ၊မြန်၊၂။၃၆၀။)

မနောမယဉာဏ်၏ အာရုံ ၃ မျိုး ၁။ ကာမအာရုံ၊ ၂။ ပစ္စုပ္ပန်အာရုံ၊ ၃။ ဗဟိဒ္ဓအာရုံ (ဒီ၊ဋ္ဌ၊၁။ ၂၀၃။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၉၇။)

မနောမယိဒ္ဓိဉာဏ် စွမ်းအား ၅ ပါး ၁။ မိမိကိုယ်မှ တစ်ပါးသော ကိုယ်ကို ဖန်ဆင်းနိုင်ခြင်း၊ ၂။ ထိုကိုယ်ကား ရုပ်ရှိခြင်း၊ ၃။ စိတ်ဖြင့် ပြီးခြင်း၊ ၄။ အင်္ဂါကြီးငယ် အပြည့်အစုံရှိခြင်း၊ ၅။ ဣန္ဒြေ မချို့တဲ့သော ကိုယ်ဖြစ်ခြင်း။ (ဒီ၊၁။၇၃။) (ဒီ၊မြန်၊၁။၈၆။)

မနောမောနေယျ ၇ ပါး ၁။ မနောဒုစရိုက် သုံးပါးကို ပယ်ခြင်း၊ ၂။ မနောသုစရိုက် သုံးပါး၊ ၃။ မနောအာရုံ၌ သိသော ဉာဏ်၊ ၄။ စိတ်ကို ပိုင်းခြား၍ သိခြင်း၊ ၅။ စိတ်ကို ပိုင်းခြား၍ သိခြင်းနှင့်တကွ ဖြစ်သော မဂ်၊ ၆။ စိတ်၌ ဆန္ဒရာဂကို ပယ်ခြင်း၊ ၇။ စိတ္တသခ်ါရ ချုပ်ခြင်းရှိသော သညာ, ဝေဒနာတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာနသမာပတ်။ (ဒီ၊ဋ္ဌ၊၃။၁၈၆။) (ခု၊ပါ၊၇၊၄၄။)

မနောဝိညေယျဓမ္မ ၂ မျိုး ၁။ သေဝိတဗ္ဗ မနောဝိညေယျဓမ္မ–ဤမနောဝိညာဉ်ဖြင့် သိအပ်သော ဓမ္မာရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ ယုတ်လျော့၍ ကုသိုလ်တရားများ တိုးပွား လာသဖြင့် မှီဝဲအပ်သော မနောဝိညေယျဓမ္မ၊ ၂။ အသေဝိတဗ္ဗ မနောဝိညေယျဓမ္မ– ဤမနော ဝိညာဉ်ဖြင့် သိအပ်သော ဓမ္မာရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော မနောဝိညေယျဓမ္မ။ (ဒီ၊၃။၂၂၅။) (ဒီ၊မြန်၊၃။၂၂၂။)

မနောသမာစာရ ၂ ပါး ၁။ သေဝိတဗ္ဗမနောသမာစာရ– မှီဝဲအပ်သော စိတ်အကျင့်၊ ၂။ အသေဝိတဗ္ဗ မနောသမာစာရ– မမှီဝဲအပ်သော စိတ်အကျင့်။ (နေတ္တိ၊ဋ္ဌ။၁၆၁။)

မနောသုစရိုက် ၃ ပါး ၁။ သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်အောင် မတရားမကြံစည်ခြင်း၊ ၂။ သူတစ်ပါးတို့အား ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစေလိုခြင်း၊ ၃။ မှန်ကန်သော အယူ ဝါဒရှိခြင်း။ (မ၊၁။၃၅၈။) (မ၊၁။၃၆၃။) (မ၊မြန်၊၁။၃၆၉။) (မ၊မြန်၊၁။၃၆၉။)

မနိန္ဒြေ ၂ ပါး ၁။ ဟိတ်ရှိသော မနိန္ဒြေ၊ ၂။ ဟိတ်မရှိသော မနိန္ဒြေ။ (အဘိ၊ဝိ။၁၂၈။) (အဘိ၊ဝိ၊မြန်၊၂။၃။)

http://www.dhammadownload.com

မနိန္ဒြေ ၃ ပါး ၁။ ကုသိုလ် မနိန္ဒြေ၊ ၂။ အကုသိုလ် မနိန္ဒြေ၊ ၃။ အဗျာကတမနိန္ဒြေ။ (အဘိ၊ဝိ။၁၂၈။) (အဘိ၊ဝိ၊မြန်၊၂။၃။)

မနိန္ဒြေ ၄ ပါး ၁။ ကာမဘုံ၌ ဖြစ်သော မနိန္ဒြေ (ကာမာဝစရမနိန္ဒြေ)၊ ၂။ ရူပဘုံ၌ ဖြစ်သော မနိန္ဒြေ (ရူပါဝစရမနိန္ဒြေ)၊ ၃။ အရူပဘုံ၌ ဖြစ်သော မနိန္ဒြေ (အရူပါဝစရမနိန္ဒြေ)၊ ၄။ ဘုံသုံးပါး၌ အကျုံးမဝင်သော (အပရိယာပန္န မနိန္ဒြေ) ။ (အဘိ၊ဝိ။၁၂၈။) (အဘိ၊ဝိ၊မြန်၊၂။၃။)

မနိန္ဒြေ ၅ ပါး ၁။ သုခိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေ၊ ၂။ ဒုက္ခိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေ၊ ၃။ သောမနဿိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေ၊ ၄။ ဒေါမနဿိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေ၊ ၅။ ဥပေက္ခိန္ဒြေနှင့် ယှဉ်သော မနိန္ဒြေ။ (အဘိ၊ဝိ။၁၂၈။) (အဘိ၊ဝိ၊မြန်၊၂။၃။)

မနိန္ဒြေ ၆ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါဝိညာဏ်၊ ၅။ ကာယဝိညာဏ်၊ ၆။ မနောဝိညာဏ်။ (အဘိ၊ဝိ။၁၂၈။) (အဘိ၊ဝိ၊မြန်၊၂။၃။)

မနိန္ဒြေ ၇ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါဝိညာဏ်၊ ၅။ ကာယဝိညာဏ်၊ ၆။ မနောဓာတ်၊ ၇။ မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၁၂၈။) (အဘိ၊ဝိ၊မြန်၊ ၂။၃။)

မနိန္ဒြေ ၈ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါဝိညာဏ်၊ ၅။ သုခဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်၊ ၆။ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်၊ ၇။ မနောဓာတ်၊ ၈။ မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၁၂၈။) (အဘိ၊ဝိ၊မြန်၊၂။၃။)

မနိန္ဒြေ ၉ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါ ဝိညာဏ်၊ ၅။ ကာယဝိညာဏ်၊ ၆။ မနောဓာတ်၊ ၇။ ကုသိုလ် မနောဝိညာဏဓာတ်၊ ၈။ အကုသိုလ် မနောဝိညာဏဓာတ်၊ ၉။ အဗျာကတ မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၁၂၉။) (အဘိ၊ဝိ၊မြန်၊၂။၃။)

မနိန္ဒြေ ၁၀ ပါး ၁။ စက္ခုဝိညာဏ်၊ ၂။ သောတဝိညာဏ်၊ ၃။ ဃာနဝိညာဏ်၊ ၄။ ဇိဝှါဝိညာဏ်၊ ၅။ သုခဝေဒနာနှင့် တကွဖြစ်သော ကာယဝိညာဏ်၊ ၆။ ဒုက္ခဝေဒနာနှင့် တကွဖြစ်သော ကာယ ဝိညာဏ်၊ ၇။ မနောဓာတ်၊ ၈။ ကုသိုလ် မနောဝိညာဏဓာတ်၊ ၉။ အကုသိုလ်မနောဝိညာဏ ဓာတ်၊ ၁၀။ အဗျာကတ မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၁၂၉။) (အဘိ၊ဝိ၊မြန်၊၂။၄။)

မနုဿရတနာ ၂ မျိုး ၁။ ဣတ္ထိရတနာ၊ ၂။ ပုရိသရတနာ။ (ခုဒ္ဒက၊ဋ္ဌ။၁၄၉။)

မဟာဇော်အပ်သော ပုဂ္ဂိုလ်၏ အင်္ဂါ ၁၀ ပါး ၁။ သူ့အသက် သတ်လေ့ရှိသူ ဖြစ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူလေ့ရှိသူ ဖြစ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိသူ ဖြစ်ခြင်း၊ ၄။ မဟုတ် မမှန်သော စကားကို ပြောဆိုလေ့ရှိသူ ဖြစ်ခြင်း၊ ၅။ ကုန်းချောစကား ပြောကြားလေ့ရှိသူ ဖြစ်ခြင်း၊ ၆။ ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုလေ့ရှိသူ ဖြစ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုလေ့ရှိသူ ဖြစ်ခြင်း၊ ၈။ အဘိဇ္ဈာများသူ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်လေ့ရှိသူ ဖြစ်ခြင်း၊ ၉။ သူတစ်ပါးတို့အား ပျက်စီးစေလိုစိတ် ရှိသူ ဖြစ်ခြင်း၊ ၁၀။ မှားယွင်းသော အမြင်ရှိသူ ဖြစ်ခြင်း။ (အံ၊၃။၄၈၈။) (အံ၊မြန်၊၃။၄၇၉။)

http://www.dhammadownload.com

မပူပန်စေတတ်သော တရား ၂ ပါး ၁။ ကုသိုလ်ကောင်းမှုများကိုသာ ပြုလုပ်အားထုတ်၍ မကောင်းမှု အကုသိုလ်များကို မပြုလုပ်ခဲ့ခြင်း၊ ၂။ ငါသည် ကောင်းမှုကုသိုလ်များကို ပြုလုပ်ပြီးပြီဟူ၍ လည်းကောင်း၊ ငါသည် မကောင်းမှု အကုသိုလ်များကို မပြုလုပ်အပ် ဟူ၍လည်းကောင်း မစိုးရိမ် မပူပန်ခြင်း။ (ခုဒ္ဒက။၂၁၃။) (ခုဒ္ဒက၊မြန်။ ၁၉၅။)

မပူပန်စေတတ်သော တရား ၂ ပါး (တစ်နည်း) ၁။ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက် တို့ကို ပြုကျင့်မိ၍ မပူပန်ခြင်း၊ ၂။ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တို့ကို မပြုကျင့်မိ၍ မပူပန်ခြင်း။ (အံ၊၁။၅၁။) (အံ၊မြန်၊၁။၆၃။)

မပူပန်စေတတ်သော တရား ၁၀ ပါး ၁။ မှန်သော အမြင်၊ ၂။ မှန်သော အကြံအစည်၊ ၃။ မှန်သော စကား၊ ၄။ မှန်သော အလုပ်၊ ၅။ မှန်သော အသက်မွေးမှု၊ ၆။ မှန်သော အားထုတ်မှု၊ ၇။ မှန်သော သတိ၊ ၈။ မှန်သော သမာဓိ၊ ၉။ မှန်သော ဉာဏ်၊ ၁၀။ မှန်သော လွတ်မြောက်မှု။ (အံ၊၃။၄၅၄ ၄၅၇။) (အံ၊၃။၄၅၇။) (အံ၊မြန်၊၃။၄၄၇ ၄၅၁။) (အံ၊မြန်၊၃။၄၄၇ ၄၅၁။)

မပူပန်စေတတ်သော တရား ၁၀ ပါး (တစ်နည်း) ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊ ၃။၄၇၂-၄၇၈။)

မပေါင်းသင်းထိုက်သော ပုဂ္ဂိုလ် ၃ မျိုး (ဇမ္ဗုဒိပ်တစ်ကျွန်းလုံး၌ လူတစ်ယောက်မျှ မရှိသော်လည်း မပေါင်းသင်းထိုက်သော ပုဂ္ဂိုလ် ၃ မျိုး) ၁။ နန္ဒင်းဆိုးရည်ကဲ့သို့ မမြဲသော စိတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ မျောက်ကဲ့သို့ လျင်မြန်သော စိတ်ရှိသော ပုဂ္ဂိုလ်၊ ၃။ ခဏချင်းဖြင့် ချစ်ခြင်း မုန်းခြင်းကို ဖြစ်စေတတ်သော ပုဂ္ဂိုလ်။ (ဇာတက၊၁။၁၁၈။)

မပြုလုပ်သင့်သော တရား ၃ ပါး ၁။ ကာယဒုစရိုက် သုံးပါး၊ ၂။ ဝစီဒုစရိုက် လေးပါး၊ ၃။ မနောဒုစရိုက် သုံးပါး။ (နေတ္တိ၊၌။၁၆၀။)

မပြတ်ဆင်ခြင်အပ်သော အကြောင်း ၅ ပါး အဘိဏှ ပစ္စဝေက္ခိတဗ္ဗဌာန ၅ ပါးနှင့် တူသည်။

မပြတ် အောက်မေ့အပ်သော တရား ၆ ပါး ၁။ မြတ်စွာဘုရားဂုဏ်ကို မပြတ် အောက်မေ့ခြင်း၊ ၂။ တရားတော်၏ ဂုဏ်ကို မပြတ်အောက်မေ့ခြင်း၊ ၃။ သံဃာတော်၏ ဂုဏ်ကို မပြတ် အောက်မေ့ခြင်း၊ ၄။ မိမိ၏ သီလကို မပြတ် အောက်မေ့ခြင်း၊ ၅။ မိမိ၏ စွန့်ကြဲမှုဂုဏ်ကို မပြတ် အောက်မေ့ခြင်း၊ ၆။ နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါ စသော ဂုဏ်ကို မပြတ် အောက်မေ့ခြင်း။ (အံ၊၂။၂၇၅၊၂၇၇။) (အံ၊မြန်၊၂။၃၅၄-၃၅၆။)

မပြောင်းထိုက်သော ခြေနင်းခုံ ၃ မျိုး ၁။ ကျင်ကြီးအိမ်၌ ထားအပ်သော ခြေနင်းခုံ၊ ၂။ ကျင်ငယ်အိမ်၌ ထားအပ်သော ခြေနင်းခုံ၊ ၃။ သန့်သက်ရေ ဆေးရာ၌ ထားအပ်သော ခြေနင်းခုံ။ (ဝိ၊၃။၂၇၉။) (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၃။၂၇၉။) (ဝိ၊မြန်၊၅။၃၁၀။)

http://www.dhammadownload.com

မဖောက်ပြန်သော သညာ ၃ မျိုး ၁။ အနိစ္စသညာ– မမြဲအနိစ္စဟု ဖြစ်သော သညာ၊ ၂။ ဒုက္ခသညာ– ဆင်းရဲ၏ဟု ဖြစ်သော အမှတ်သညာ၊ ၃။ အနတ္တသညာ– အနတ္တဟု ဖြစ်သော သညာ။ (နေတ္တိ၊ဝိဘာ။၂၇၆။)

မမေ့မလျော့ စောင့်ရှောက်အပ်သော အရာ ၄ မျိုး ၁။ ငါ၏ စိတ်သည် တပ်မက်ကြောင်းတရားတို့၌ မတပ်မက်စေလင့် ဟူ၍ စိတ်ကို မမေ့မလျော့ စောင့်ရှောက်ခြင်း၊ ၂။ ငါ၏ စိတ်သည် အမျက်ထွက်ကြောင်းတရားတို့၌ အမျက်မထွက်စေလင့်ဟူ၍ စိတ်ကို မမေ့မလျော့ စောင့်ရှောက်ခြင်း၊ ၃။ ငါ၏ စိတ်သည် တွေဝေကြောင်းတရား၌ မတွေဝေစေလင့် ဟူ၍ စိတ်ကို မမေ့မလျော့ စောင့်ရှောက်ခြင်း၊ ၄။ ငါ၏ စိတ်သည် မာန်ယစ်ကြောင်းတရားတို့၌ မာန် မယစ်ပါစေလင့် ဟူ၍ စိတ်ကို မမေ့မလျော့ စောင့်ရှောက်ခြင်း။ (အံ၊၁။၄၃၅။) (အံ၊မြန်၊၁။၄၄၈။)

မမေ့မလျော့ပြုအပ်သော တရား ၄ ပါး ၁။ ကာယသုစရိုက် ပွားခြင်း၌ မမေ့မလျော့ ပြုအပ်သည်၊ ၂။ ဝစီသုစရိုက် ပွားခြင်း၌ မမေ့မလျော့ ပြုအပ်သည်၊ ၃။ မနောသုစရိုက် ပွားခြင်း၌ မမေ့မလျော့ ပြုအပ်သည်၊ ၄။ သမ္မာဒိဋ္ဌိကို ပွားခြင်း၌ မမေ့မလျော့ ပြုအပ်သည်။ (အံ၊၁။၄၃၄။) (အံ၊မြန်၊၁။ ၄၄၇။)

မမေး မစိစစ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ သုတ်ကို မသိခြင်း၊ ၂။ သုတ်အား အလျော်ကို မသိခြင်း၊ ၃။ ဝိနည်းကို မသိခြင်း၊ ၄။ ဝိနည်းအား အလျော်ကို မသိခြင်း၊ ၅။ အကြောင်းဟုတ်သည် မဟုတ်သည်၌ မကျွမ်းကျင်ခြင်း။ (ဝိ၅။၃၃၃။) (ဝိ၊မြန်၊၅။၄၃၆။)

မမေး မစိစစ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ တရားကို မသိခြင်း၊ ၂။ တရားအား အလျော်ကို မသိခြင်း၊ ၃။ ဝိနည်းကို မသိခြင်း၊ ၄။ ဝိနည်းအားလျော်သည်ကို မသိခြင်း၊ ၅။ ရှေ့နောက် စကား၌ မလိမ္မာခြင်း။ (ဝိ၅။၃၃၄။) (ဝိ၊မြန်၊၅။၄၃၆။)

မမေး မစိစစ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဝတ္ထုကို မသိခြင်း၊ ၂။ နိဒါန်းကို မသိခြင်း၊ ၃။ ပညတ်ချက်ကို မသိခြင်း၊ ၄။ မျက်မှောက်ဖြစ်သော ပုဒ်ကို မသိခြင်း၊ (ရှေ့၌ ဆိုရမည့်ပုဒ်, နောက်၌ ဆိုရမည့် ပုဒ်ကို မသိခြင်း၊) ၅။ ရှေးနောက် စကားစပ်ကို မသိခြင်း။ (ဝိ၅။၃၃၄။) (ဝိ၊မြန်၊၅။၄၃၆။)

မမေးမစိစစ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ကို မသိခြင်း၊ ၂။ အာပတ်ဖြစ်ကြောင်းကို မသိခြင်း၊ ၃။ အာပတ်၏ ပယောဂကို မသိခြင်း၊ ၄။ အာပတ်၏ ငြိမ်းခြင်းကို မသိခြင်း၊ ၅။ အာပတ်ကို ဆုံးဖြတ်ခြင်း၌ မလိမ္မာခြင်း။ (ဝိ၅။၃၃၄။) (ဝိ၊မြန်၊၅။၄၃၆။)

မမေးမစိစစ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အဓိကရဏ်းကို မသိခြင်း၊ ၂။ အဓိကရဏ်းဖြစ်ကြောင်း သမုဋ္ဌာန်ကို မသိခြင်း၊ ၃။ အဓိကရဏ်း၏ ပယောဂကို မသိခြင်း၊ ၄။ အဓိကရဏ်း၏ ငြိမ်းခြင်းကို မသိခြင်း၊ ၅။ အဓိကရဏ်းကို ဆုံးဖြတ်ခြင်း၌ မကျွမ်းကျင်ခြင်း။ (ဝိ၅။၃၃၅။) (ဝိ၊မြန်၊၅။၄၃၇။)

မမဇ္ဈိ ဝိနိဗန္ဓဒီဋ္ဌဖြင့် နှလုံးသွင်းပုံ ၁၈ မျိုး ၁။ မျက်စိသည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၂။ နားသည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၃။ နှာခေါင်းသည်

http://www.dhammadownload.com

ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၄။ လျှာသည် ငါ့ဥစ္စာတည်းဟု အမှားနှလုံးသွင်းခြင်း၊ ၅။ ကိုယ်သည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၆။ စိတ်သည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၇။ ရူပါရုံသည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၈။ သဒ္ဒါရုံသည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၉။ ဂန္ဓာရုံသည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၁၀။ ရသာရုံသည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၁၁။ ဖောဋ္ဌဗ္ဗာရုံသည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၁၂။ ဓမ္မာရုံသည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၁၃။ စက္ခုဝိညာဏ်သည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၁၄။ သောတဝိညာဏ်သည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၁၅။ ဃာနဝိညာဏ်သည် ငါ့ဥစ္စာတည်းဟု အမှားနှလုံးသွင်းခြင်း၊ ၁၆။ ဇိဝှါဝိညာဏ်သည် ငါ့ဥစ္စာတည်းဟု အမှားနှလုံးသွင်းခြင်း၊ ၁၇။ ကာယဝိညာဏ်သည် ငါ့ဥစ္စာတည်းဟု အမှား နှလုံးသွင်းခြင်း၊ ၁၈။ မနောဝိညာဏ်သည် ငါ့ဥစ္စာတည်းဟု အမှားနှလုံးသွင်းခြင်း။ (ပဋိသံ။၁၅၅–၁၅၆။) (ပဋိသံ၊ မြန်။၁၉၉။)

မမြတ်သောလမ်းဟု ဆိုအပ်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရှန့်ရင်းကြမ်းတမ်းသော စကားကိုပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကိုပြောဆိုခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂–၄၈၇။) (အံ၊မြန်၊၃။၄၇၂–၄၇၈။)

မမြတ်သော အကျင့်ဖြင့် နေခြင်း ၄ မျိုး ၁။ အလှူ၊ အလှူ၏ အကျိုး မရှိဟု အယူဝါဒရှိသော ဆရာ၏ နေခြင်း၊ ၂။ ပြုအပ်သည် မမည်ဟု ပြောဆိုကြောင်းအယူ (အကြိယဝါဒ) ရှိသူ ဆရာ၏ နေခြင်း၊ ၃။ အကြောင်းမရှိဟု ပြောဆိုကြောင်းအယူ (အဟေတုကဝါဒ) ရှိသူ ဆရာ၏ နေခြင်း၊ ၄။ ကောင်းမှုကံ မကောင်းမှုကံနှင့် ကောင်းမှုအကျိုး မကောင်းမှု အကျိုးတို့ကို ပယ်ကြောင်းအယူရှိသူ ဆရာ၏ နေခြင်း။ (မ၊၂။၁၈၂။) (မ၊မြန်၊၂။၁၉၃၊၁၉၅၊၁၉၆၊၁၉၇။)

မမှီဝဲထိုက်သော ကိုယ်အကျင့် ၂ မျိုး ၁။ မကောင်းမှု တိုးပွားသော ကိုယ်အကျင့်၊ ၂။ ကောင်းမှု ဆုတ်ယုတ်သော ကိုယ်အကျင့်။ (မ၊၃။၉၄။) (မ၊မြန်၊၃။၉၈။)

မမှီဝဲထိုက်သော စိတ်ဖြစ်ပေါ်ခြင်း ၂ မျိုး ၁။ မကောင်းမှုတို့ တိုးပွားကုန်သော စိတ်ဖြစ်ပေါ်ခြင်း၊ ၂။ ကောင်းမှုတို့ ဆုတ်ယုတ်ကုန်သော စိတ်ဖြစ်ပေါ်ခြင်း။ (မ၊၃။၉၇။) (မ၊မြန်၊၃။၁၀၁။)

မမှီဝဲထိုက်သော စိတ်အကျင့် ၂ မျိုး ၁။ မကောင်းမှုတို့ တိုးပွားကုန်သော စိတ်အကျင့်၊ ၂။ ကောင်းမှုတို့ ဆုတ်ယုတ်ကုန်သော စိတ်အကျင့်။ (မ၊၃။၉၆။) (မ၊မြန်၊၃။၁၀၁။)

မမှီဝဲထိုက်သော နှုတ်အကျင့် ၂ မျိုး ၁။ မကောင်းမှုတို့ တိုးပွားကုန်သော နှုတ်အကျင့်၊ ၂။ ကောင်းမှုတို့ ဆုတ်ယုတ်ကုန်သော နှုတ်အကျင့်။ (မ၊၃။၉၅။) (မ၊မြန်၊၃။၉၉။)

မမှီဝဲထိုက်သော သညာ ၂ မျိုး ၁။ မကောင်းမှုတို့ တိုးပွားကုန်သော သညာ၊ ၂။ ကောင်းမှုတို့ ဆုတ်ယုတ်ကုန်သော သညာ။ (မ၊၃။၉၈။) (မ၊မြန်၊၃။၁၀၂။)

မမှီဝဲထိုက်သော အယူ ၂ မျိုး ၁။ မကောင်းမှု တိုးပွားကုန်သော ရအပ်သော အယူ၊ ၂။ ကောင်းမှု ဆုတ်ယုတ်ကုန်သော ရအပ်သော အယူ။ (မ၊၃။၉၉။) (မ၊မြန်၊၃။၁၀၃။)

http://www.dhammadownload.com

မမှီဝဲထိုက်သော အတ္တဘော ၂ မျိုး ၁။ မကောင်းမှု တိုးပွားစေသော အတ္တဘော၊ ၂။ ကောင်းမှု ဆုတ်ယုတ်စေသော အတ္တဘော။ (မ၊၃။၁၀၀။) (မ၊မြန်၊၃။၁၀၄။)

မမှီဝဲ မဆည်းကပ်အပ်သော ပုဂ္ဂိုလ်၏ အင်္ဂါ ၁၀ ပါး ၁။ မှားသော အယူရှိသူ ဖြစ်ခြင်း၊ ၂။ မှားသော အကြံရှိသူ ဖြစ်ခြင်း၊ ၃။ မှားသော စကားရှိသူ ဖြစ်ခြင်း၊ ၄။ မှားသော အလုပ်ရှိသူ ဖြစ်ခြင်း၊ ၅။ မှားသော အသက်မွေးမှုရှိသူ ဖြစ်ခြင်း၊ ၆။ မှားသော လုံ့လရှိသူ ဖြစ်ခြင်း၊ ၇။ မှားသော သတိရှိသူ ဖြစ်ခြင်း၊ ၈။ မှားသော သမာဓိရှိသူ ဖြစ်ခြင်း၊ ၉။ မှားသော ဉာဏ်အမြင်ရှိသူ ဖြစ်ခြင်း၊ ၁၀။ မှားသော လွတ်မြောက်မှု ရှိသူ ဖြစ်ခြင်း။ (အံ၊၃။၄၅၈။) (အံ၊မြန်၊၃။၄၅၂။)

မယား ၇ မျိုး ၁။ သူသတ်သမားနှင့် တူသော မယား၊ ၂။ ခိုးသူမနှင့် တူသော မယား၊ ၃။ အရှင်နှင့် တူသော မယား(ဤသုံးယောက်သည် သေလွန်ပြီးနောက် ငရဲ ရောက်၏)၊ ၄။ အမိနှင့် တူသော မယား၊ ၅။ နှမနှင့် တူသော မယား၊ ၆။ အဆွေခင်ပွန်းနှင့် တူသော မယား၊ ၇။ ကျွန်မနှင့် တူသော မယား(ဤလေးယောက်သည် သေလွန်ပြီးနောက် နတ်ပြည် ရောက်၏)။ (အံ၊၂။၄၆၇။) (ဇာ၊ဋ္ဌ၊၂။၃၁၄။) (အံ၊မြန်၊၂။၅၅၇။)

မယား ၁၀ ယောက် ၁။ ငွေဖြင့် ဝယ်ယူအပ်သော မယား၊ ၂။ အလိုတူ၍ နေသောမယား၊ ၃။ စည်းစိမ်ကြောင့် နေသောမယား၊ ၄။ အဝတ်အထည်ကြောင့် နေသော မယား၊ ၅။ ရေခွက်၌ လက်စုံချ၍ လက်ထပ်ထားသော မယား၊ ၆။ ခေါင်းခုကို ချစေ၍ နေသောမယား၊ ၇။ ကျွန်လည်း ဖြစ်, မယားလည်းဖြစ်သော မယား၊ ၈။ အလုပ်သမားမလည်းဖြစ်, မယားလည်း ဖြစ်သော မယား၊ ၉။ စစ်နိုင်သဖြင့် ဆောင်ယူအပ်သော မယား၊ ၁၀။ တစ်ခဏမျှထားသော အခိုက်အတန့် မယား။ (ဝိ၊၁။၂၀၂။) (ဝိ၊မြန်၊၁။၂၀၉။)

မယားကျင့်ဝတ် ၅ ပါး ၁။ အမှုကြီးငယ်ကို ကောင်းစွာ စီရင်ခြင်း၊ ၂။ နှစ်ဖက်သော ဆွေမျိုးကို ချီးမြှောက်ခြင်း၊ ၃။ မိမိလင်မှတစ်ပါး အခြားယောကျ်ားဌ လွန်ကျူးခြင်း၊ ၄။ ရှာဖွေ စုဆောင်းခဲ့သော ဥစ္စာကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ၅။ အလုံးစုံသော ကိစ္စတို့၌ လိမ္မာ၍ ပျင်းရိမှု မရှိခြင်း။ (ဒီ၊၃။၁၅၄–၁၅၅။) (ခုဒ္ဒက၊ဋ္ဌ။၁၁၆။) (ဒီ၊မြန်၊၃။၁၇၃။)

မယားဝတ္တရား ၅ ပါး ၁။ လင့်အပေါ် နှစ်ခြိုက်ဖွယ် ပြုလေ့ရှိပြီး ချစ်ဖွယ်စကားကို ဆိုလေ့ ရှိခြင်း၊ ၂။ ခင်ပွန်းသည် ရှိသေလေးစားအပ်သော အမိ အဖ သမဏ ဗြာဟ္မဏတို့ကို အရိုအသေ ပြုခြင်း၊ ၃။ အိမ်တွင်းမှုတို့၌ ကျွမ်းကျင်၍ မပျင်းမရိ စီမံစွမ်းနိုင်ခြင်း၊ ၄။ အစေခံ, ကျွေးကျွန်တို့ အပေါ်၌ အခြေအနေ အရပ်ရပ်ကို သိရှိကာ ခဲဖွယ်ဘောဇဉ် ရထိုက်သော အဖို့အစုတို့ကို ဝေဖန်ပေးနိုင်စွမ်းရှိခြင်း၊ ၅။ လင်ယောကျ်ား ဆောင်ယူလာသော ပစ္စည်းဥစ္စာတို့ကို မပျက် မစီးရအောင် စောင့်ရှောက်နိုင်ခြင်း။ (အံ၊၂။၃၁။) (အံ၊မြန်၊၂။၄၀။)

မယုံကြည်ခြင်း စသည်တို့ ဖြစ်ကြောင်းတရား ၃ ပါး ၁။ အနာဒရိယံ– ရိုသေမှုမရှိခြင်း၊ ၂။ ဒေါဝစဿတာ– ဆိုဆုံးမခက်ခြင်း၊ ၃။ ပါပမိတ္တတာ– မိတ်ဆွေယုတ်ရှိခြင်း။ (အံ၊၃။၃၇၂။) (အံ၊မြန်၊၃။၃၆၉။)

မယှဉ်ခြင်း ၄ ပါး ၁။ ကာမယောဂနှင့် မယှဉ်ခြင်း၊ ၂။ ဘဝယောဂနှင့် မယှဉ်ခြင်း၊ ၃။ ဒိဋ္ဌိယောဂနှင့် မယှဉ်ခြင်း၊ ၄။ အဝိဇ္ဇာယောဂနှင့် မယှဉ်ခြင်း။ (ဒီ၊၃။၁၉၂။) (ဒီ၊မြန်၊၃။၂၁၄။)

http://www.dhammadownload.com

မရဏာ ၃ မျိုး ၁။ ခဏိကမရဏာ– ရုပ် နာမ် သန်္ခါရတရားတို့၏ ပျက်စီးခြင်းသဘော၊ ၂။ သမ္မုတိမရဏာ– တိသဿ သေသည်, ဖုဿ သေသည်, သစ်ပင် သေသည် စသည်ဖြင့် လူတို့ခေါ်ဝေါ်သမုတ်အပ်သော သေခြင်းသဘော၊ ၃။ သမုစ္ဆေဒမရဏာ– ရဟန္တာပုဂ္ဂိုလ်တို့၏ တစ်ဖန် ပဋိသန္ဓေတည်နေခြင်း မရှိတော့သော ပရိနိဗ္ဗာန်ပြုခြင်း သဘော။ (အံ၊၆၊၁။၄၀၉။) (အဘိ၊၆၊၂။၉၅။) (ပဋိသံ၊၆၊၁။၁၃၅။) (ဝိသုဒ္ဓိ၊၁။၂၂၂။)

မရဏာနုဿတိ ပွားနည်း ၇ မျိုး ၁။ ယသမဟတ္တတော– အခြေအရံများသော မဟာသမ္မတမင်း, မဟာသုဒဿနမင်း စသည်တို့သည်လည်း သေခြင်း၏ အလိုသို့ လိုက်ရဘိ၏၊ ငါ့အား ဆိုဖွယ်ရာ အဘယ်မှာ ရှိအံ့နည်းဟု သေခြင်းကို အဖန်ဖန် ပွားရခြင်း၊ ၂။ ပုညမဟတ္တတော– ဇောတိက, ဇဋိလ, မေဏ္ဍက စသော ကောင်းမှုဘုန်းကံ အလွန်ကြီးများသော ပုဂ္ဂိုလ်တို့သည်လည်း သေရသေး၏၊ ငါ့အား ဆိုဖွယ် အဘယ်ရှိအံ့နည်းဟု သေခြင်းကို အဖန်ဖန် ပွားရခြင်း၊ ၃။ ထာမမဟတ္တတော– ဝါသုဒေဝ, ဗလဒေဝ, ဘီမသေန စသော အားအစွမ်းကြီးများသောမင်းတို့သည်လည်း သေရသေး၏၊ ငါ့အား ဆိုဖွယ် အဘယ်ရှိအံ့နည်းဟု သေခြင်းကို အဖန်ဖန် ပွားရခြင်း၊ ၄။ ဣဒ္ဓိမဟတ္တတော– တန်ခိုးကြီးများသော အရှင်မောဂ္ဂလာန် စသည်တို့သည်လည်း သေမင်း၏ အလိုကို လိုက်ရသေး၏၊ ငါ့အား ဆိုဖွယ် မရှိဟု သေခြင်းကို အဖန်ဖန် ပွားရခြင်း၊ ၅။ ပညာမဟတ္တတော– ပညာကြီးများသော အရှင်သာရိပုတ္တရာထေရ် စသည်တို့သည်လည်း သေမင်း၏ အလိုသို့ လိုက်ပါရသေး၏၊ ငါ့အား ဆိုဖွယ်မရှိဟု သေခြင်းကို အဖန်ဖန် ပွားရခြင်း၊ ၆။ ပစ္စေကဗုဒ္ဓတော– ပစ္စေကဗုဒ္ဓါတို့သော်မှလည်း သေခြင်းမှ မလွတ်ကုန်၊ ငါ့အား ဆိုဖွယ်မရှိဟု သေခြင်းကို အဖန်ဖန် ပွားရခြင်း၊ ၇။ သမ္မာသမ္ဗုဒ္ဓတော– ဘုရားရှင်တို့သော်မှလည်း သေခြင်းမှ မလွတ်ကုန်၊ ငါ့အား ဆိုဖွယ်မရှိဟု သေခြင်းကို အဖန်ဖန် ပွားရခြင်း။ (ဝိသုဒ္ဓိ၊၁။၂၂၅။)

မရဏာနုဿတိ ပွားများပုံ ၈ ပါး ၁။ ဝဓကပစ္စုပဋ္ဌာနတော– သူသတ်သမား၏ သတ်ဖြတ်ခြင်းကို ခံရတော့မည့် ပုဂ္ဂိုလ်ကဲ့သို့ သေခြင်းတရားကို အဖန်ဖန် ပွားရခြင်း၊ ၂။ သမ္ပတ္တိဝိပတ္တိတော– အသက်ရှင်မှုနှင့် ပြည့်စုံနေခြင်းသည် သေဆုံး ပျက်စီးရခြင်းလျှင် အဆုံးရှိ၏ဟု သေခြင်းတရားကို အဖန်ဖန် ပွားရခြင်း၊ ၃။ ဥပသံဟရဏတော– သူတစ်ပါးတို့၏ သေခြင်းကို တွေ့မြင်ရ၍ မိမိ၏ သေခြင်းတရားကို အနီးသို့ ကပ်ဆောင်၍ အဖန်ဖန် ပွားရခြင်း၊ ၄။ ကာယဗဟုသာဓာရဏတော– ခန္ဓာကိုယ်၏ များစွာသော သတ္တဝါတို့နှင့် ဆက်ဆံသော အားဖြင့် သေခြင်းတရားကို အဖန်ဖန် ပွားရခြင်း၊ ၅။ အာယုဒုဗ္ဗလတော– အသက်၏ အားနည်းသောအားဖြင့် သေခြင်းကို အဖန်ဖန် ပွားရခြင်း၊ ၆။ အနိမိတ္တတော– သေခြင်း၏ အပိုင်းအခြား မရှိသောအားဖြင့် အဖန်ဖန် ပွားရခြင်း၊ ၇။ အဒ္ဓါနပရိစ္ဆေဒတော– တိုတောင်းသော လူတို့၏ အသက်တမ်းကာလ အပိုင်းအခြားအားဖြင့် သေခြင်းကို အဖန်ဖန် ပွားရခြင်း၊ ၈။ ခဏပရိတ္တတော– အသက်ရှင်သော ခဏ၏ အလွန် တိုတောင်းသော အဖြစ်အားဖြင့် သေခြင်းတရားကို အဖန်ဖန် ပွားရခြင်း။ (ဝိသုဒ္ဓိ၊၁။၂၂၃။)

မရိုသေခြင်း ၂ မျိုး ၁။ ပုဂ္ဂိုလ်ကို မရိုသေခြင်း၊ ၂။ တရားကို မရိုသေခြင်း။ (ဝိ၊၂။၁၅၀။) (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၂။၁၆၉။) (ဝိ၊မြန်၊၅။၃၀၀။)

http://www.dhammadownload.com

မရိုသေခြင်းတရား ၆ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၆ ပါး၊ ဟာနဘာဂိယ တရား ၆ ပါး နှင့် တူသည်။

မရောင့်ရဲ မတင်းတိမ်နိုင်သော အရာ ၃ မျိုး ၁။ အဂ္ဂိကွန္ဓော– မီးပုံကြီး၊ ၂။ သမုဒ္ဒေါ– မဟာသမုဒ္ဒရာ၊ ၃။ မဟိစ္ဆော– အလွန်လောဘကြီးသော ပုဂ္ဂိုလ်။ (မ၊ဋ္ဌ၊၂။၄၅။) (အံ၊ဋ္ဌ၊၁။၅၇။) (ဥဒါန၊ဋ္ဌ။၂၀၆။) (သာရတ္ထ၊ဋီ၊၂။၂၄။)

မရောင့်ရဲ မတင်းတိမ်နိုင်သော အရာ ၁၆ မျိုး ၁။ သမုဒ္ဒရာသည် မြစ်ချောင်းတို့ဖြင့် မရောင့်ရဲ မတင်းတိမ်နိုင်၊ ၂။ မီးသည် မီးစာ, ထင်းဖြင့် မရောင့်ရဲနိုင်၊ ၃။ မင်းသည် တိုင်းနိုင်ငံဖြင့် မရောင့်ရဲနိုင်၊ ၄။ လူမိုက်သည် မကောင်းမှုတို့ဖြင့် မရောင့်ရဲနိုင်၊ ၅။ မိန်းမသည် မေထုန်တရားဖြင့်လည်းကောင်း, တန်ဆာဖြင့်လည်းကောင်း, မွေးခြင်းဖြင့်လည်းကောင်း မရောင့်ရဲနိုင်၊ ၆။ ပုဏ္ဏားသည် မန္တရား, ဗေဒင်တို့ဖြင့် မရောင့်ရဲနိုင်၊ ၇။ ဈာန်ဝင်စားလေ့ရှိသူသည် သမာပတ်ဝင်စား၍ နေခြင်းဖြင့် မရောင့်ရဲနိုင်၊ ၈။ သိက္ခာသုံးပါး ကျင့်ဆဲသေက္ခ ပုဂ္ဂိုလ်သည် ရှိသေခြင်းဖြင့် မရောင့်ရဲနိုင်၊ ၉။ အလိုနည်းသော ပုဂ္ဂိုလ်သည် ဓုတင်ဆောင်ကျေးဇူးဖြင့် မရောင့်ရဲနိုင်၊ ၁၀။ လုံ့လဝီရိယပြင်းပြသော ပုဂ္ဂိုလ်သည် လုံ့လအားထုတ်ခြင်းဖြင့် မရောင့်ရဲနိုင်၊ ၁၁။ တရားဟောပုဂ္ဂိုလ်သည် ဆွေးနွေးခြင်းဖြင့် မရောင့်ရဲနိုင်၊ ၁၂။ ရဲရင့်သော သူသည် ပရိသတ်ဖြင့် မရောင့်ရဲနိုင်၊ ၁၃။ သဒ္ဓါတရားရှိသော သူသည် သံဃာအား လုပ်ကျွေးခြင်းဖြင့် မရောင့်ရဲနိုင်၊ ၁၄။ ပေးကမ်းလှူဒါန်းတတ်သော သူသည် ပေးကမ်းစွန့်ကြဲခြင်းဖြင့် မရောင့်ရဲနိုင်၊ ၁၅။ ပညာရှိသည် တရားနာခြင်းဖြင့် မရောင့်ရဲနိုင်၊ ၁၆။ ပရိသတ်လေးပါး တို့သည် ဘုရားရှင်ကို ဖူးမြင်ခြင်းဖြင့် မရောင့်ရဲနိုင်။ (ဇာ၊ဋ္ဌ၊၃။၃၂၂။)

မရွေ့ရှားသော စေတီထိုက်ရာ ၄ ဌာန အစလစေတီယဌာန ၄ ဌာနနှင့် တူသည်။

မလောက်မငဖြစ်ခြင်း ၂ မျိုး ဝိကလက ၂ မျိုးနှင့် တူသည်။

မလျင်မြန်သော ကြွချီတော်မူခြင်း ၂ မျိုး ၁။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်နှင့် မဆက်စပ်သော ကြွချီတော်မူခြင်း၊ (အနိဗဒ္ဓစာရိက။)၊ ၂။ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်နှင့် ဆက်စပ်သော ကြွချီတော်မူခြင်း ။(နိဗဒ္ဓစာရိက။) (ဒီ၊ဋ္ဌ၊၁။၂၁၆။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၂၆။)

မလွဲစေကန် မှန်သော အကျင့် ၃ မျိုး ၁။ မျက်စိ အစရှိသော ဣန္ဒြေတို့၌ စောင့်ထိမ်းအပ်သော တံခါး ရှိခြင်း၊ ၂။ အစာစားခြင်း၌ အတိုင်းအတာ ပမာဏ သိခြင်း၊ ၃။ နိုးကြားမှု၌ အမြဲလုံ့လ ရှိခြင်း။ (ဇာ၊ဋ္ဌ၊၁။၁၁၉။)

မလှထိုက်သော အလှ ၁၀ မျိုး ၁။ သေရည်အရက် အလှ၊ ၂။ ပွဲလမ်းသဘင် အလှူ၊ ၃။ မိန်းမ အလှ၊ ၄။ နွားလားဥသဘ အလှ၊ ၅။ ပန်းချီဆေးရေး အလှ၊ ၆။ လက်နက်အလှ၊ ၇။ အဆိပ်အလှ၊ ၈။ သံခြေကျင်း အလှ၊ ၉။ ချိန်စဉ်းလဲ တောင်းစဉ်းလဲ အလှ၊ ၁၀။ ကြက်, ဝက် အလှ။ (မိလိန္ဒ။၂၇၀။) (မိလိန္ဒ၊မြန်။၂၉၀။)

မသူတော်တရား ၇ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၇ ပါး၊ သူယုတ်မာတို့၏ တရား ၇ ပါး၊ အသဒ္ဓမ္မ ၇ ပါးတို့နှင့် တူသည်။

http://www.dhammadownload.com

မသူတော်တရား ၈ ပါး ၁။ လာဘ်ရမှု နှိပ်စက်လွှမ်းမိုးခြင်း၊ ၂။ လာဘ်မရမှု နှိပ်စက်လွှမ်းမိုးခြင်း၊ ၃။ အခြံအရံရှိမှု နှိပ်စက်လွှမ်းမိုးခြင်း၊ ၄။ အခြံအရံမရှိမှု နှိပ်စက်လွှမ်းမိုးခြင်း၊ ၅။ အရှိအသေပြုမှု နှိပ်စက်လွှမ်းမိုးခြင်း၊ ၆။ အရှိအသေမပြုမှု နှိပ်ဆက်လွှမ်းမိုးခြင်း၊ ၇။ ယုတ်ညံ့သော အလို နှိပ်စက်လွှမ်းမိုးခြင်း၊ ၈။ ယုတ်မာသော အဆွေခင်ပွန်းရှိမှု နှိပ်စက်လွှမ်းမိုးခြင်း။ (အံ၊၃။၁၀။) (အံ၊မြန်၊၃။၁၀။)

မသူတော်တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရှေးရှု ကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

မသင့်သောအားဖြင့် နှလုံးသွင်းသော သူ၏ ဒိဋ္ဌိ ၆ ပါး ၁။ ငါ့အား အတ္တသည် ရှိ၏ဟု အခိုင်အမာယူခြင်း၊ ၂။ ငါ့အား အတ္တသည် မရှိဟု အခိုင်အမာ ယူခြင်း၊ ၃။ အတ္တဖြင့်သာလျှင် အတ္တကို သိ၏ဟု အခိုင်အမာ ယူခြင်း၊ ၄။ အတ္တဖြင့်သာလျှင် အနတ္တကို သိ၏ဟု အခိုင်အမာ ယူခြင်း၊ ၅။ အနတ္တဖြင့်သာလျှင် အတ္တကို သိ၏ဟု အခိုင်အမာ ယူခြင်း၊ ၆။ ငါ၏အတ္တသည် ထိုထို ယောနိ ဂတိ ဝိညာဏဌိတိ သတ္တာဝါသ သတ္တနိကာယတို့၌ ကောင်းမှု မကောင်းမှု ကံ၏ အကျိုးကို သိမြင်ခံစားတတ်၏၊ ခိုင်မြဲစွာ တည်၏၊ ဖောက်ပြန်မှု မရှိ၊ ခိုင်မြဲသော မြင့်မိုရ်တောင်လ နေတို့နှင့် တူစွာ တူလတ္တံ့ဟု အခိုင်အမာ ယူခြင်း။ (ပဋိ၊သံ၊၌၊၂။၈။)(ပဋိ၊သံ၊၌၊၂။၂၅။)

မသတ်ထိုက်သော ပုဂ္ဂိုလ် ၂ ယောက် ၁။ ရန်တုံ့မမှု ဖြူစင်သော သီလရှိသောကြောင့်, ရဟန်းပုဏ္ဏားတို့အား မသတ်အပ်၊ ၂။ တိုင်းရေးပြည်ရေးကို ဆောင်ရွက်သူ ဖြစ်သောကြောင့် တမန်ကို မသတ်အပ်။ (ဇာတက၊၂။၃၃၈။)

မသုံးဆောင်ထိုက်သော ပစ္စည်း ၅ မျိုး (ရဟန်းတို့ မသုံးဆောင်ထိုက်သော ပစ္စည်း ၅ မျိုး) ၁။ မပေး မကပ်အပ်သော ပစ္စည်း၊ ၂။ ကပ်မှန်းမသိ မထင်ရှားသော ပစ္စည်း၊ ၃။ သမဏကပ္ပ ငါးပါးတို့ဖြင့် မကပ်အပ်သော ပစ္စည်း၊ ၄။ အကပ်မခံအပ်သော ပစ္စည်း၊ ၅။ အတိရိတ် ဝိနည်းကံ မပြုအပ်သော ပစ္စည်း။ (ဝိ၊၅။၂၃၁။) (ဝိ၊မြန်၊၅။၃၂၀။)

မဟာကုသိုလ်စိတ် ၈ ပါး ၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ် ၁-ပါး၊ ၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ် ၁-ပါး၊ ၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ် ၁-ပါး၊ ၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ် ၁-ပါး၊ ၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ် ၁-ပါး၊ ၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ် ၁-ပါး၊ ၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ် ၁-ပါး၊ ၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ် ၁-ပါး။ (အဘိ၊ဝိ။၁၇၅-၁၇၆-၁၇၇။) (အဘိ၊ဝိ။၂၉၉။) (အဘိ၊ဝိ။၃၀၄။) (အဘိ၊ဝိ။၃၀၉။) (အဘိ၊ဝိ၊မြန်၊၂။၇၀၄။) (အဘိ၊ဝိ၊မြန်၊၂။၇၀၄။) (အဘိ၊ဝိ၊မြန်၊၂။၇၀၄။) (အဘိ၊ဝိ၊မြန်၊၂။၇၀၄။)

http://www.dhammadownload.com

မဟာကစ္စည်းမထေရ်တောင်းဆိုသော ဆု ၅ ပါး ၁။ အဝန္တိတိုင်းဒကို့ဏာပထဇနပုဒ်၌ ဆယ်ပါးအောက် သာ၍နည်းသော (ဝိနည်းဓိရ်လျှင် ငါးယောက်မြောက်ဖြစ်သော) ဂိဏီးသံဃာဖြင့် ရဟန်းခံခွင့် (ရဟန်းပြုခွင့်) ပေးရန်၊ ၂။ အဝန္တိတိုင်း တောင်ပိုင်းနယ်၌ အလွှာများသော ဘိနပ်ကို စီးခွင့်ပြုတော်မူရန်၊ ၃။ အဝန္တိတိုင်း တောင်ပိုင်းနယ်၌ မပြတ်ရေချိုးခွင့် ပြုရန်၊ ၄။ အဝန္တိတိုင်း တောင်ပိုင်းနယ်၌ သိုးရေ ဆိတ်ရေ သမင်ရေ ဟူသော သားရေအခင်းတို့ကို ခွင့်ပြုတော် မူရန်၊ ၅။ မြတ်စွာဘုရားသည် သင်္ကန်း၌ အပ်သော ပရိယာယ်ကို ဟောကြားတော်မူရန်။ (ဝိ၊၃။၂၈၅။) (ဝိ၊မြန်၊၃။၂၈၅။)

မဟာကပ္ပိနမင်းကြီး၏ သိန္နေမြင်း ၅ စီး ၁။ ဝါလ၊ ၂။ ဝါလဝါဟန၊ ၃။ ပုပ္ဖ၊ ၄။ ပုပ္ဖဝါဟန၊ ၅။ သုပတ္တ။ (အပ၊၌၊၂၂၀။)

မဟာကပ္ပိနမင်း၏ မြင်း ၅ စီး တစ်နည်း ၁။ ဗလမြင်း၊ ၂။ ဗလဝါဟနမြင်း၊ ၃။ ပုပ္ဖမြင်း၊ ၄။ ပုပ္ဖဝါဟနမြင်း၊ ၅။ သုပတ္တမြင်း။ (ဓမ္မ၊၌၊၁။၃၅၃။)

မဟာကဿပမထေရ်အား ဘုရားရှင် ပဌမဦးဆုံးပေးသော သြဝါဒတော် ၃ ခွန်း ၁။ ထေရ, နဝ, မဇ္ဈိမရဟန်းတို့၌ ဟိရီ သြတ္တပ္ပကို ပြင်းထန်စွာ ထားရှိရမည်၊ ၂။ ကုသိုလ်နှင့် စပ်ယှဉ်သော တရားမှန်သမျှကို ရိသေလေးစားစွာ စိတ်၌ ကောင်းစွာသွင်း၍ နားထောင်ရမည်။ ၃။ ကိုယ်ကာယ၌ ထားရှိသော သတိ, ကာယဂတာသတိ ကမ္မဋ္ဌာန်းကို မစွန့်ရ။ (အံ၊ဋ္ဌီ၊၁။၁၅၃။)

မဟာဂေါပါလကသုတ်လာ ကထာ ၃ မျိုး ၁။ ပါဠိကို ဆိုပြီး၍ ပုဒ်တစ်ပုဒ်စီ၏ အနက်ကို ဖွင့်ဆိုခြင်း ဧကန္တဋ္ဌကကထာ၊ ၂။ ပညာမရှိသော နွားကျောင်းသားကို ပြပြီး၍ အစရှိသော လေးခုအပေါင်း စတုက္ကကို ဖွဲ့၍ အနက်ကို ဟောခြင်း စတုရဿာကထာ၊ ၃။ ပညာမရှိသော နွားကျောင်းသားကို ပြပြီး၍ အဆုံးကို ရောက်စေခြင်း အစရှိသော စတုက္ကကို ဟောဆိုခြင်း နိသိန္နစတုက္ကိက ကထာမည်၏။ (မ၊၌၊၂။၁၅၉။)

မဟာဂေါဝိန္ဒ ပုရောဟိတ်၏ အဆုံးမခံ မင်း ၇ ပါး ၁။ ရေဏုမင်း၊ ၂။ ရေဏုမင်း၏ သူငယ်ချင်း ဖြစ်သော သတ္တဘူမင်း၊ ၃။ ဗြဟ္မဒတ်မင်း၊ ၄။ ဝေဿဘူမင်း၊ ၅။ ဘာရတမင်း၊ ၆။ ဓတရဋ္ဌမင်း ၂ ပါး ပေါင်း ခုနစ်ပါး။ (စရိယာ၊၌။၄၇။)

မဟာဂေါဝိန္ဒပုဏ္ဏား တည်ထောင်အပ်သော တိုင်းပြည် ၇ ပြည် ၁။ ကလိင်္ဂတိုင်း ဒန္တပုရပြည်၊ ၂။ အဿကတိုင်း ပေါတနပြည်၊ ၃။ အဝန္တိတိုင်း မာဟိဿတိပြည်၊ ၄။ သောဝီရတိုင်း ရောဒုကပြည်၊ ၅။ ဝိဒေဟတိုင်း မိထိလာပြည်၊ ၆။ အင်္ဂတိုင်း စမ္ပာပြည်၊ ၇။ ကာသိတိုင်း ဗာရာဏသီပြည်။ (ဒီ၊၂။၁၈၉။) (ဒီ၊၌၊၂။၂၅၅။) (ဒီ၊မြန်၊၂။၂၁၄။) (ဒီ၊၌၊မြန်၊၂။၄၇၄။)

မဟာဂင်္ဂါ ၅ မျိုး ၁။ အာဝဋ္ဋဂင်္ဂါ၊ ၂။ ကဏ္ဏဂင်္ဂါ၊ ၃။ အာကာသဂင်္ဂါ၊ ၄။ ဗဟလဂင်္ဂါ၊ ၅။ ဥမင်္ဂဂင်္ဂါ။ (သုတ္တနိ၊၌၊၂။၁၆၁။)

မဟာနာမသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ သံဃာနှင့် စပ်သဖြင့် ဖိတ်ထားသည် ဖြစ်ခြင်း၊ ၂။ ဆေးတို့ကို တောင်းခြင်း၊ ၃။ ကျန်းမာသူ ဖြစ်ခြင်း၊ ၄။ အပိုင်းအခြားကို လွန်ခြင်း။ (သာရတ္ထ၊ဋ္ဌီ၊၃။၇၈။) (ဝိမတိ၊၂။၄၁။)

http://www.dhammadownload.com

မဟာပဒေသ ၄ ပါး ၁။ ဤသာသနာတော်၌ တစ်စုံတစ်ယောက်သော ရဟန်းသည် "ငါ့ရှင်တို့ ငါသည် ဤတရားကို မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား ဘုရားရှင် အဆုံးအမတော် ပါတည်း"ဟု ပြောဆိုငြားအံ့ ထိုရဟန်း၏စကားကို လက်လည်း မခံအပ်သေး၊ ပယ်လည်း မပယ်အပ်သေး၊ ထိုပြောဆိုသော ပုဒ်ဗျည်းတို့ကို ကောင်းစွာ မှတ်သား၍ သုတ်တရားတော်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်းတော်၌ နှိုးနှောကြည့်အပ်ကုန်၏၊ ဤသို့ သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှိုးနှောကြည့်သည်ရှိသော် ထိုပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း မသက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း မနှိုးနှောမိကုန်ငြားအံ့၊ "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ဤရဟန်း၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်"ဟု ဆုံးဖြတ်ကြရမည်၊ ဤသို့ ဆုံးဖြတ်၍ ထိုစကားကို ပယ်ကြလေ။ သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှိုးနှောကြည့်သည်ရှိသော် ထိုပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း သက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း နှိုးနှောမိကုန်ငြားအံ့၊ သို့ဖြစ်လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ဤရဟန်း၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်"ဟု ဆုံးဖြတ်ကြရမည်၊ ဤကား ရှေးဦးစွာသော မဟာပဒေသတည်း၊ ၂။ ဤသာသနာတော်၌ တစ်စုံတစ်ယောက်သော ရဟန်းသည် "ဤမည်သော ကျောင်း၌ အကြီးအမှူး မထေရ်နှင့် တကွသော သံဃာသည် နေ၏၊ ငါသည် ထိုသံဃာ၏ မျက်မှောက်မှ ကြားနာခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား ဘုရားရှင် အဆုံးအမတော်ပါတည်း" ဟု ပြောဆိုငြားအံ့၊ ထိုရဟန်း၏ စကားကို လက်လည်း မခံအပ်သေး၊ ပယ်လည်း မပယ်အပ်သေး၊ ထိုပြောဆိုသော ပုဒ်ဗျည်းတို့ကို ကောင်းစွာ မှတ်သား၍ သုတ်တရားတော်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်းတော်၌ နှိုးနှောကြည့်အပ်ကုန်၏၊ ဤသို့ သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှိုးနှောကြည့်သည်ရှိသော် ထိုပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း မသက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း မနှိုးနှောမိကုန်ငြားအံ့၊ "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ထိုရဟန်း၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်"ဟု ဆုံးဖြတ်ကြရမည်၊ ဤသို့ ဆုံးဖြတ်၍ ထိုစကားကို ပယ်ကြလေ၊ သို့မဟုတ် သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှိုးနှောကြည့်သည်ရှိသော် ထိုပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း သက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း နှိုးနှောမိကုန်ငြားအံ့၊ သို့ဖြစ်လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ထိုရဟန်း၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်"ဟု ဆုံးဖြတ်ကြရမည်၊ ဤကား ဒုတိယ မဟာပဒေသတည်း၊ ၃။ ဤသာသနာတော်၌ တစ်စုံတစ်ယောက်သော ရဟန်းသည် "ဤမည်သော ကျောင်း၌ အကြားအမြင် များကုန်သော ပါဠိတော်ကို နှုတ်ငုံဆောင်ကုန်သော များစွာသော မထေရ် ရဟန်းတို့သည် နေလျက် ရှိကုန်၏၊ ငါသည် ထိုမထေရ်တို့၏ မျက်မှောက်မှ ကြားနာခဲ့ရ ပါ၏၊ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား ဘုရားရှင် အဆုံးအမတော်ပါတည်း"ဟု ပြောဆိုငြားအံ့၊ ထိုရဟန်း၏ စကားကို လက်လည်း မခံအပ်သေး

http://www.dhammadownload.com

။ပ။ ဝိနည်း၌လည်း မနှီးနှောမိကုန်ငြားအံ့၊ သို့ဖြစ်လျှင် ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ထိုရဟန်း၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်ဟု ဆုံးဖြတ်ကြရမည်၊ ဤသို့ ဆုံးဖြတ်၍ ထိုစကားကို ပယ်ကြလေ၊ သို့မဟုတ် သုတ်တရားတော်၌ သွင်းကြည့်လျက် ။ပ။ ထိုပုဒ်ဗျည်းတို့သည် ဝိနည်းတော်၌လည်း နှီးနှောမိကုန်ငြားအံ့၊ "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ထိုရဟန်း၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်" ဟု ဆုံးဖြတ်ကြရမည်၊ ဤကား သုံးခုမြောက်သော မဟာပဒေသတည်း၊ ၄။ ဤသာသနာတော်၌ တစ်စုံတစ်ယောက်သော ရဟန်းသည် "ဤမည်သော ကျောင်း၌ အကြားအမြင်များသော ဝိနည်းတော်ကို ဆောင်သော တစ်ဦးသော မထေရ်သည် နေလျက် ရှိ၏၊ ငါသည် ထိုမထေရ်၏ မျက်မှောက်မှ ကြားနာခဲ့ရပါ၏၊ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား ဘုရားရှင် အဆုံးအမတော်ပါတည်း"ဟု ပြောဆိုငြားအံ့၊ ထိုရဟန်း၏ စကားကို လက်လည်း မခံအပ်သေး၊ ပယ်လည်း မပယ်အပ်သေး၊ ထိုပြောဆိုသော ပုဒ်ဗျည်းတို့ကို ကောင်းစွာ မှတ်သား၍ တရားတော်၌ သွင်းကြည့်အပ်ကုန်၏၊ ဝိနည်းတော်၌ နှီးနှောကြည့်အပ်ကုန်၏၊ ဤသို့ သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှီးနှောကြည့်သည်ရှိသော် ထိုပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း မသက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း မနှီးနှောမိကုန်ငြားအံ့၊ သို့ဖြစ်လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ထိုရဟန်း၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်"ဟု ဆုံးဖြတ်ကြရမည်၊ ထိုစကားကို ပယ်ကြလေ၊ သို့မဟုတ် သုတ်တရားတော်၌ သွင်းကြည့်လျက် ဝိနည်းတော်၌ နှီးနှောကြည့်သည်ရှိသော် ထိုပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း သက်ဝင်ကုန်ငြားအံ့၊ ဝိနည်းတော်၌လည်း နှီးနှောမိကုန်ငြားအံ့၊ သို့ဖြစ်လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ထိုရဟန်း၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်"ဟု ဆုံးဖြတ်ကြရမည်၊ ဤကား လေးခုမြောက်သော မဟာပဒေသပေတည်း။ (ဝိ၊၃။၃၄၈-၃၄၉။) (ဒီ၊၂။၁၀၃။) (အံ၊၁။၄၈၇။) (အံ၊၁။၄၈၉။) (ဝိ၊၄၊၁။၁၉၆။) (နေတ္တိ၊၄။၂၀။) (ဝိ၊မြန်၊ ၃။၃၅၂။) (ဒီ၊မြန်၊၂။၁၁၉။) (အံ၊မြန်၊၁။၅၀၂။) (အံ၊မြန်၊၁။၅၀၂။)

မဟာပဒေသ ၂ မျိုး ၁။ ဝိနယမဟာပဒေသ- ဝိနည်းဆိုင်ရာ ညွှန်ကြားချက်ကြီး၊ ၂။ သုတ္တန္တိကမဟာပဒေသ- သုတ္တန်ဆိုင်ရာ ညွှန်ကြားချက်ကြီး။ (ဝဇိရ။၈၆။)

မဟာပေသကာရသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ဆွေမျိုးမတော်သော, ပင့်ဖိတ်ထားခြင်း မရှိကုန်သော သူတို့၏ ရက်ကန်းသည်ထံသို့ အထူးထူး စီမံမှု ပြုခြင်းသို့ ရောက်ခြင်း၊ ၂။ သင်္ကန်းသည် မိမိအတွက် ရည်မှန်းထားခြင်း၊ ၃။ ထိုရဟန်း၏ စကားကြောင့် ချည်ကို ပွားစေခြင်း၊ ၄။ သင်္ကန်းကို ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၄၃။) (ဝိမတိ၊၁။၃၅၉။)

မဟာဘိနီဟာရ ဖြစ်ရန် အကြောင်း ၄ ပါး ၁။ ဘုရားအလောင်းတော်သည် ပင်ကိုယ်အားဖြင့် ဥပနိဿယနှင့် ပြည့်စုံသည် ဖြစ်၍ ရှေးရှေး ဘုရားရှင်တို့အထံ၌ ဘုရားဖြစ်ရန် တောင်းဆု ပြုခဲ့ဖူးခြင်း၊ ၂။ ဘုရားအလောင်းတော်သည် ပင်ကိုယ်အားဖြင့် ကရုဏာဓာတ်ခံ အားကြီးသည် ဖြစ်၍ သတ္တဝါတို့၏ သံသရာဆင်းရဲဒုက္ခကို ပယ်လိုသဖြင့် မိမိ၏ အသက်ကို စွန့်ခြင်း၊

http://www.dhammadownload.com

၃။ ဘုရားအလောင်းတော်သည် သတ္တဝါတို့၏ အစီးအပွားအလို့ငှာ ကြာမြင့်စွာသော ကာလ ပတ်လုံး ကြောက်ရွံ့ခြင်း ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ အလိုရှိအပ်သော အကျိုး ပြီးပြည့်စုံသည်အထိ အားထုတ်တော်မူခြင်း၊ ၄။ ဘုရားအလောင်းတော်သည် ကလျာဏမိတ္တကို အမှီရသည် ဖြစ်၍ အစီးအပွားမဲ့ကို တားမြစ်လျက် အစီးအပွားရှိသည်၌ တည်စေခြင်း။ (စရိယာ၊၌။၂၇၈။)

မဟာဘိနီဟာရ ဖြစ်ရန် အခြေခံတရား ၄ ပါး ၁။ မကြဲစည်အပ် မကြဲစည်နိုင်သော ကြီးမားသော တန်ခိုးအာနုဘော်ရှိသော ဘုရားရှင်တို့အား ဖူးမြင်ရခြင်းကြောင့် သဗ္ဗညုတဉာဏ် ရရန် စိတ်ကို စွဲမြဲစွာ ဆောက်တည်ထားခြင်း၊ ၂။ သဗ္ဗညုဘုရားရှင်တို့ မည်သည် ဤသို့သော သဘောရှိ၏ဟု ကြားရသောကြောင့် သဗ္ဗညုတဉာဏ် ရရန် စွဲမြဲစွာ စိတ်ကို ဆောက်တည်ထားခြင်း၊ ၃။ ဘုရားရှင်၏ တန်ခိုးအာနုဘော်နှင့် ယှဉ်သော တရားတော်ကို နာယူရသောကြောင့် သဗ္ဗညုတဉာဏ် ရရန် စွဲမြဲစွာ စိတ်ကို ဆောက်တည်ထားခြင်း၊ ၄။ ငါသည် ဘုရားရှင်တို့၏ အဆက်အနွယ်ကို စောင့်ရှောက်အံ့ဟု နှလုံးသွင်းလျက် သဗ္ဗညုတဉာဏ် ရရန် စိတ်ကို စွဲမြဲစွာ ဆောက်တည် ထားခြင်း။ (စရိယာ၊၌။၂၇၇။)

မဟာဘိနီဟာရ၏ စွမ်းရည် ၄ ပါး ၁။ အဇ္ဈတ္တိကဗလ– ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်၌ စင်စစ်အားဖြင့် ကိုင်းညွတ်သော စိတ်ဆန္ဒရှိသည် ဖြစ်၍ မိမိကိုယ်ကို အကြီးအမှူး ပြုကာ ဆုတောင်းနှင့် ပြည့်စုံပြီး ပါရမီတော်တို့ကို ဖြည့်လျက် သမ္မာသမ္ဗောဓိသို့ ရောက်ခြင်း၊ ၂။ ဗာဟိရဗလ– ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်၌ ကိုင်းညွတ်သော စိတ်ဆန္ဒရှိသည် ဖြစ်၍ လောကကို အကြီးအမှူးပြုကာ ဆုတောင်းနှင့် ပြည့်စုံပြီး ပါရမီတော်တို့ကို ဖြည့်လျက် သမ္မာသမ္ဗောဓိသို့ ရောက်ခြင်း၊ ၃။ ဥပနိဿယဗလ– ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်၌ ကိုင်းညွတ်သော စိတ်ဆန္ဒရှိသည် ဖြစ်၍ ဥပနိဿယနှင့် ပြည့်စုံသော ထက်မြက်သော ဣန္ဒြေ, သန့်ရှင်းသော ဓာတ်ခံတို့ဖြင့် ဆုတောင်းနှင့် ပြည့်စုံပြီး ပါရမီတို့ကို ဖြည့်လျက် သမ္မာသမ္ဗောဓိသို့ ရောက်ခြင်း၊ ၄။ ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်အား လျော်သော လုံ့လ ပယောဂနှင့် ပြည့်စုံသည် ဖြစ်၍ အမြဲတန်း ရှိသေလေးစားစွာ ပါရမီတို့ကို ဖြည့်ကျင့်လျက် သမ္မာသမ္ဗောဓိသို့ ရောက်ခြင်း။ (စရိယာ၊၌။၂၈၀။)

မဟာဘုတ်မည်ကြောင်း ၅ မျိုး ၁။ ကြီးကြီးမားမား ထင်ရှားဖြစ်ခြင်း ရှိသည် ဖြစ်ခြင်း၊ ၂။ မျက်လှည့်သည်, ဘီလူး အစရှိသည်တို့နှင့် တူသည် ဖြစ်ခြင်း၊ ၃။ များစွာသော အကြောင်းတရားတို့သည် ဆောင်ရွက်အပ်ကုန်သည် ဖြစ်ခြင်း၊ ၄။ အကြီးအကျယ် ဖောက်ပြန်ခြင်း ရှိကုန်သည် ဖြစ်ခြင်း၊ ၅။ ကြီးစွာသော လုံ့လဖြင့် ဆောင်ရွက်အပ်ကုန်သည်ဖြစ်၍ ထင်ရှား ရှိသည် ဖြစ်ခြင်း။ (အဘိ၊၌၊၁။၃၃၆။)

မဟာဘုတ်လေးပါးကို ခံယူသူ၏ အကျိုးမဲ့ ၅ မျိုး ၁။ မကောင်းသော အနံ့ကို ခံယူရခြင်း၊ ၂။ မစင်ကို ခံယူရခြင်း၊ ၃။ အနာရောဂါကို ခံယူရခြင်း၊ ၄။ အိုခြင်းကို ခံယူရခြင်း၊ ၅။ သေခြင်းကို ခံယူရခြင်း။ (သံ၊၌၊၃။၅၉။)

မဟာလေ့ကားပင် ၂ မျိုး ၁။ မဟာလေ့ခါးနွယ်ပင်၊ ၂။ မဟာလေ့ခါးသစ်ပင်။ (ဇာ၊၌၊၇။၃၁၄။)

http://www.dhammadownload.com

မဟာလေ့ကားပန်းဖြင့် ဘုရားပူဇော်ရကျိုး ၁၈ ပါး ၁။ ဘဝတိုင်း၌ များစွာသော စည်းစိမ် ဥစ္စာတို့ကို ရ၍ ရရှိပြီးသော ပစ္စည်းဥစ္စာများ ယုတ်လျော့မှု မရှိခြင်း၊ ၂။ နတ်ဘဝနှင့် လူဘဝ နှစ်မျိုးတို့၌သာ ကျင်လည်ရခြင်း၊ ၃။ လူ့ဘဝ၌ ဖြစ်သော အခါ မင်းမျိုးနှင့် ပုဏ္ဏားမျိုးတို့၌သာ ဖြစ်ခြင်း၊ ၄။ ဆင်ယာဉ်, မြင်းယာဉ်, ထမ်းစင်, သန်လျင်းဟူသော ယာဉ်အမျိုးမျိုးတို့ကို ရခြင်း၊ ၅။ ကျွန်မိန်းမ, ကျွန်ယောကျ်ား, တန်ဆာဆင်အပ်သော မိန်းမတို့ကို ရခြင်း၊ ၆။ ပိုးထည်, ကမ္ဗလာထည် စသော ကောင်းမြတ်သော အဝတ်အထည်တို့ကို ရခြင်း၊ ၇။ အသစ်ဖြစ်သော အဝတ်အထည်, သစ်သီးအဦးအဖျား, ဘောဇဉ်အဦးအဖျားတို့ကို ရခြင်း၊ ၈။ စားပါ, သောက်ပါ, အိပ်ပါဟု ပင့်ဖိတ်မှုခံရခြင်း၊ ၉။ အပူဇော်ခံရခြင်း၊ ၁၀။ ကျော်စောသတင်း လွှမ်းမိုးပျံတက်ခြင်း၊ ၁၁။ အသင်းအဖွဲ့များသူ ဖြစ်ခြင်း၊ ၁၂။ မပြိုကွဲ မပျက်စီးသော ပရိသတ်ရှိခြင်း၊ ၁၃။ ဆွေမျိုးတို့ထက် မြတ်သူဖြစ်ခြင်း၊ ၁၄။ အချမ်း, အပူ, အိုကိန်စပ်ပူလောင်မှု မရှိခြင်း၊ ၁၅။ စိတ်ကြောင့်ဖြစ်သော ဆင်းရဲဒုက္ခ မရှိခြင်း၊ ၁၆။ ရွှေအဆင်းနှင့် တူသော အဆင်းရှိသူ ဖြစ်ခြင်း၊ ၁၇။ မဟာလေ့ကားပန်းဖြင့် သုမေဓာဘုရားရှင်အား ပူဇော်ခဲ့သည့် အခါမှစ၍ ဒုဂ္ဂတိဘဝသို့ မရောက်ခဲ့ဖူးခြင်း၊ ၁၈။ နောက်ဆုံးဘဝ၌ ခုနစ်နှစ်သားအရွယ်ဖြင့် ပဋိသန္ဓိဒါပတ္တ ရဟန္တာ ဖြစ်ခြင်း။ (အပ၊၂။၁၇၅။) (အပ၊မြန်၊၂။၁၆၉။)

မဟာဝိကဋ္ဌဆေးကြီး ၄ မျိုး ၁။ ကျင်ကြီး၊ ၂။ ကျင်ငယ်၊ ၃။ သစ်ရွက်စိမ်းပြာ၊ ၄။ မြေညက်။ (ဝိ၊၃။၂၉၈။) (ဝိ၊၅။၂၂၆။) (ဝိ၊၆။၂။၂၉၅။) (ဝိ၊မြန်၊၃။၂၉၉။) (ဝိ၊မြန်၊၅။၃၁၄။)

မဟာဝိပါက်စိတ်၏ ဖြစ်ရာ ၄ ဌာန ၁။ ပဋိသန္ဓေဌာန၊ ၂။ ဘဝင်္ဂဌာန၊ ၃။ စုတိဌာန၊ ၄။ တဒါရုံဌာန။ (အဘိ၊၆၊၁။၃၀၇။)

မဟာဝတ္ထု ၁၄ မျိုး ၁။ အာဂန္တုကဝတ်၊ ၂။ အာဝါသိကဝတ်၊ ၃။ ဂမိကဝတ်၊ ၄။ အနုမောဒနဝတ်၊ ၅။ ဘတ္တဂ္ဂဝတ်၊ ၆။ ပိဏ္ဍစာရိကဝတ်၊ ၇။ အာရညိကဝတ်၊ ၈။ သေနာသနဝတ်၊ ၉။ ဇန္တာဃရဝတ်၊ ၁၀။ ဝစ္စကုဋိဝတ်၊ ၁၁။ ဥပဇ္ဈာယဝတ်၊ ၁၂။ သဒ္ဒိဝိဟာရိကဝတ်၊ ၁၃။ အာစရိယဝတ်၊ ၁၄။ အန္တေဝါသိကဝတ်။ (သာရတ္ထ၊ဋီ၊၂။၁၉၈။) (သာရတ္ထ၊ဋီ၊၃။၄၂၅။) (ဝဇိရ၊ဋီ၊၅၃၅။)

မဟာသမုဒ္ဒရာဇ် ငါးကြီး ၆ ကောင် ၁။ အာနန္ဒ မည်သော ငါး၊ ၂။ တိမိနန္ဒ မည်သော ငါး၊ ၃။ အဇ္ဈာရောဟ မည်သော ငါး၊ ၄။ တိမိင်္ဂိလ မည်သော ငါး၊ ၅။ တိမိရပိင်္ဂိလ မည်သော ငါး၊ ၆။ မဟာတိမိရပိင်္ဂိလ မည်သော ငါး။ (ဇာ၊၆၊၅။၅၀၀။)

မဟာသာဝက ၈၀ ပါး ၁။ အညာသိကောဏ္ဍည၊ ၂။ ဝပ္ပ၊ ၃။ ဘဒ္ဒိယ၊ ၄။ မဟာနာမ၊ ၅။ အဿဇိ၊ ၆။ နာဠက၊ ၇။ ယသ၊ ၈။ ဝိမလ၊ ၉။ သုဗာဟု၊ ၁၀။ ပုဏ္ဏဇိ၊ ၁၁။ ဂဝမ္ပတိ၊ ၁၂။ ဥရုဝေလ ကဿပ၊ ၁၃။ နဒီကဿပ၊ ၁၄။ ဂယာကဿပ၊ ၁၅။ သာရိပုတ္တ၊ ၁၆။ မဟာမောဂ္ဂလ္လာန်၊ ၁၇။ မဟာကဿပ၊ ၁၈။ မဟာကစ္စာန၊ ၁၉။ မဟာကောဋ္ဌိက၊ ၂၀။ မဟာကပ္ပိန၊ ၂၁။ မဟာစုန္ဒ၊ ၂၂။ အနုရုဒ္ဓ၊ ၂၃။ ကင်္ခါရေဝတ၊ ၂၄။ အာနန္ဒ၊ ၂၅။ နန္ဒက၊ ၂၆။ ဘဂု၊ ၂၇။ နန္ဒိယ၊ ၂၈။ ကိမိလ၊ ၂၉။ ဘဒ္ဒိယ၊ ၃၀။ ရာဟုလာ၊ ၃၁။ သီဝလိ၊ ၃၂။ ဥပါလိ၊ ၃၃။ ဒဗ္ဗ၊ ၃၄။ ဥပသေန၊ ၃၅။ ခဒိရ ဝနိယရေဝတ၊ ၃၆။ မန္တာနီပုတ္တေမသား ပုဏ္ဏား၊ ၃၇။ သုနာပရန္တတိုင်းသား ပုဏ္ဏ၊ ၃၈။ သောဏ ကုဋိကဏ္ဏ၊ ၃၉။ သောဏကောဋိဝိသ၊ ၄၀။ ရာဓ၊ ၄၁။ သုဘူတိ၊ ၄၂။ အင်္ဂုလိမာလ၊ ၄၃။ ဝက္ကလိ၊

http://www.dhammadownload.com

၄၄။ ကာဠုဒါယိ၊ ၄၅။ မဟာဥဒါယိ၊ ၄၆။ ပိလိန္ဒဝစ္ဆ၊ ၄၇။ သောဘိတ၊ ၄၈။ ကုမာရကဿပ၊ ၄၉။ ရဋ္ဌပါလ၊ ၅၀။ ဝင်္ဂီသ၊ ၅၁။ သဘိယ၊ ၅၂။ သေလ၊ ၅၃။ ဥပဝါဏ၊ ၅၄။ မေဃိယ၊ ၅၅။ သာဂတ၊ ၅၆။ နာဂိတ၊ ၅၇။ လကုဏ္ဍက၊ ၅၈။ ဘဒ္ဒိယ၊ ၅၉။ ပိဏ္ဍောလဘာရဒ္ဝါဇ၊ ၆၀။ မဟာပန္ထက၊ ၆၁။ စူဠပန္ထက၊ ၆၂။ ဗာကုလ၊ ၆၃။ ကုဏ္ဍဓာန၊ ၆၄။ ဒါရုစီရိယ၊ ၆၅။ ယသောဇ၊ ၆၆။ အဓိတ၊ ၆၇။ တိဿမေတ္တေယျ၊ ၆၈။ ပုဏ္ဏက၊ ၆၉။ မေတ္တဂူ၊ ၇၀။ ဓောတက၊ ၇၁။ ဥပသီဝ၊ ၇၂။ နန္ဒ၊ ၇၃။ ဟေမက၊ ၇၄။ တောဒေယျ၊ ၇၅။ ကပ္ပ၊ ၇၆။ ဇတုကဏ္ဍီ၊ ၇၇။ ဘဒြာဝုဓ၊ ၇၈။ ဥဒယ၊ ၇၉။ ပေါသလ မောဃရာဇ၊ ၈၀။ ပိင်္ဂိယ။ (ထေရ၊၆၊၂။၅၄၂။) (အံ၊၎၊၂။၁၃၂။)

မဟာသုတသောမ မင်းကြီးက ပေါရိသာဒမင်းထံ တောင်းသော ဆု ၄ မျိုး ၁။ ငါသည် ကြာမြင့်စွာသော ကာလပတ်လုံး အနာရောဂါကင်းသော သင့်ကို တွေ့မြင်ရပါလို၏ဟု တောင်းခြင်း၊ ၂။ ပေါရိသာဒမင်း ဖမ်းဆီးထားသော တစ်ရာကျော်သော မင်းတို့၏ အသက်ကို ပေးလျူပါဟု တောင်းခြင်း၊ ၃။ ပေါရိသာဒမင်း ဖမ်းဆီးထားသော မင်းပေါင်းတစ်ရာကျော်တို့ကို မိမိနိုင်ငံသို့ ပြန်ပို့ပေးပါဟု တောင်းခြင်း၊ ၄။ ပေါရိသာဒမင်းအား လူသားစားခြင်းမှ ရှောင်ကြဉ်ပါဟု တောင်းခြင်း။ (စရိယာ၊၆။၂၄၈။)

မဟာသုဒဿနမင်း၏ ကုသဝတီနေပြည်တော်၌ အသံ ၁၀ ပါး ၁။ ဆင်သံ၊ ၂။ မြင်းသံ၊ ၃။ ရထားသံ၊ ၄။ စည်ကြီးသံ၊ ၅။ မုရိုးစည်သံ၊ ၆။ စောင်းသံ၊ ၇။ သီချင်းသံ၊ ၈။ ခရသင်းသံ၊ ၉။ ကြွေးနင်းခွက်ခွင်းသံ၊ ၁၀။ စားကြပါ သောက်ကြပါ ဆိုသော အသံ။ (ဒီ၊၂။၁၃၉။) (ဒီ၊မြန်၊ ၂။၁၆၂။)

မဟာသံယိကာစရိယကုလဂိဏီး ၂ ဂိဏီး ၁။ ဂေါကုလိကာစရိယဂိဏီး၊ ၂။ ဧကဇ္ဈောဟာရိကာစရိယဂိဏီး။ (အဘိ၊၆၊၃။၁၀၆။)

မဟောသဓပညာရှိ၏ ဂုဏ်အင်္ဂါ ၂၈ ပါး ၁။ ရဲရင့်ခြင်း၊ ၂။ မကောင်းမှုမှ ရှက်ခြင်း၊ ၃။ မကောင်းမှုမှ ကြောက်လန့်ခြင်း၊ ၄။ အသင်းအပင်းရှိခြင်း၊ ၅။ အဆွေခင်ပွန်း, မိတ်ဆွေနှင့် ပြည့်စုံခြင်း၊ ၆။ သည်းခံတတ်ခြင်း၊ ၇။ သီလရှိခြင်း၊ ၈။ မှန်သောစကားကို ဆိုတတ်ခြင်း၊ ၉။ စင်ကြယ်သော အကျင့်နှင့် ပြည့်စုံခြင်း၊ ၁၀။ အမျက်ဒေါသ မရှိခြင်း၊ ၁၁။ ထောင်လွှားမှု မာန်မာန မရှိခြင်း၊ ၁၂။ ငြူစူစောင်းမြောင်းမှု မရှိခြင်း၊ ၁၃။ လုံ့လဝီရိယရှိခြင်း၊ ၁၄။ အားထုတ်မှု ရှိခြင်း၊ ၁၅။ သူတစ်ပါးကို ချီးမွှောက်တတ်ခြင်း၊ ၁၆။ ခွဲခြမ်း ဝေဖန်လေ့ရှိခြင်း၊ ၁၇။ အပြောအဆို ပြေပြစ်ခြင်း၊ ၁၈။ နှိမ့်ချသော သဘောရှိခြင်း၊ ၁၉။ သိမ်မွေ့နူးညံ့ခြင်း၊ ၂၀။ ကောက်ကျစ်စဉ်းလဲမှု မရှိခြင်း၊ ၂၁။ လိမ်ညာလှည့်ပတ်မှု မရှိခြင်း၊ ၂၂။ လွန်ကဲသော ပညာနှင့် ပြည့်စုံခြင်း၊ ၂၃။ ကျော်ဇော်မှု ရှိခြင်း၊ ၂၄။ အတတ်ပညာနှင့် ပြည့်စုံခြင်း၊ ၂၅။ မိုခိုအားထားလာသော သူတို့၏ အစီး အပွားကို ရှာမှီးလိုလေ့ရှိခြင်း၊ ၂၆။ လူအများက လိုလားတောင်းတအပ်ခြင်း၊ ၂၇။ စည်းစိမ် ဥစ္စာရှိခြင်း၊ ၂၈။ အခြံအရံများခြင်း။ (မိလိန္ဒ။၂၀၃။) (မိလိန္ဒ၊မြန်။၂၁၈။)

မဟလ္လကဝိဟာရသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ကျောင်းဆောက်မည့်သူ ကျောင်းရှင် ဒါယကာရှိသော ကျောင်းဖြစ်ခြင်း၊ ၂။ မိမိအတွက် နေဖို့ ကျောင်းဆောင် ဖြစ်ခြင်း၊ ၃။ သတ်မှတ်ထားသော

http://www.dhammadownload.com

ဝန်းကျင်လှည့်ပတ် နှစ်ထပ်သုံးထပ် မိုးခြင်းထက် အလွန်စီမံမှု ပြုခြင်း။ (သာရတ္ထ၊ဋီ၊ ၃။၃၃။) (ဝိမတိ၊၂။၁၉။)

မအပ်သော ပစ္စည်း ၅ မျိုး မသုံးဆောင်ထိုက်သော ပစ္စည်း ၅ မျိုးနှင့် တူသည်။

မာဏဝအနက် ၃ မျိုး ၁။ သတ္တ၊ ၂။ စောရ၊ ၃။ တရုဏ။ (သာရတ္ထ၊ဋီ၊၁။၆၂။)

မာတိကာ ၅ မျိုး ၁။ သင်္ဂီဟော အသင်္ဂီဟော ။ပ။ ဝိပွယုတ္တေန သင်္ဂဟိတံ အသင်္ဂဟိတံဟူ၍ တစ်ဆယ့်လေးပုဒ်တို့ဖြင့် ချထားအပ်သော နယမာတိကာ၊ ၂။ ခန္ဓာဝါးပါး ။ပ။ မနသိကာရ ဟူသော ပုဒ်ပေါင်းတစ်ရာ့နှစ်ဆယ့်ငါးပုဒ်ဖြင့် ထားအပ်သော အဘိဓမ္မာတိကာ၊ ၃။ ခန္ဓာ, အာယတန, ဓာတ်တို့ဖြင့် သိမ်းယူရေတွက်ပုံကို ပြသော တီဟိ သင်္ဂဟပုဒ် စသော ပုဒ်လေးပုဒ်တို့ဖြင့် ချထားအပ်သော နယမုခမာတိကာ၊ ၄။ တူသော အဖို့ကို ပြသော သဘာဂပုဒ် မတူသော အဖို့ကို ပြသော ဝိသဘာဂပုဒ်ဟူသော ပုဒ်နှစ်ပုဒ်တို့ဖြင့် ချထားအပ်သော လက္ခဏမာတိကာ၊ ၅။ ဓမ္မသင်္ဂဏီကျမ်း၌ လာသော မာတိကာအားလုံးသည် ဓာတုကထာကျမ်း၏ မာတိကာ တည်းဟူသော အားဖြင့် ခြောက်ဆယ့်ခြောက်ပါးသော တိက်ပုဒ် နှစ်ရာသော ဒုက်ပုဒ်တို့ကို အကျဉ်းချုံး၍ ချထားအပ်သော ဗာဟိရမာတိကာ။ (အဘိ၊၄၊၃။၁။)

မာတုဂါမကို ရုန့်ရင်းစကား ပြောခြင်းကြောင့် သင့်သော အာပတ် ၃ ပါး ၁။ သံဃာဒိသိသ် အာပတ်၊ ၂။ ထုလ္လစ္စဉ်းအာပတ်၊ ၃။ ဒုက္ကဋ်အာပတ်။ (ဝိ၊၅။၉၀။) (ဝိ၊မြန်၊၅။၁၃၀။)

မာတုဂါမတို့နှင့် စပ်လျဉ်း၍ ကျင့်သုံးရန် အချက် ၃ ချက် ၁။ ရဟန်းတို့သည် မာတုဂါမတို့ကို မတွေ့မြင်ရအောင် ကျင့်သုံးရခြင်း၊ ၂။ တွေ့မြင်ခဲ့သော် စကားမပြောဘဲ နေရခြင်း၊ ၃။ မလွဲမရှောင်သာ စကားပြောရသော် အမိရင်း နှမရင်း စသည်ကဲ့သို့ အမှတ်သတိထား၍ ပြောဆိုခြင်း၊ ဤသုံးချက်ကို ရှင်အာနန္ဒာ မေးလျှောက်သဖြင့် ပရိနိဗ္ဗာန်ပြုခါနီး၌ ဘုရားရှင် ဟောကြားခဲ့ခြင်း ဖြစ်သည်။ (ဒီ၊၂။၁၁၆။) (ဒီ၊မြန်၊၂။၁၃၅။)

မာတုဂါမ အပြစ် ၅ ပါး ၁။ မစင်ကြယ်ခြင်း၊ ၂။ မကောင်းသော အနံ့ရှိခြင်း၊ ၃။ အအိပ် ကြီးခြင်း၊ ၄။ ဘေးရန်နှင့် တကွ ဖြစ်ခြင်း၊ ၅။ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်ခြင်း။ (အံ၊၂။၂၂၇။) (အံ၊မြန်၊၂။၂၈၉။)

မာတုဂါမ အပြစ် ၅ ပါး (တစ်နည်း) ၁။ အမျက်ထွက်တတ်ခြင်း၊ ၂။ ရုန်ငြိုးဖွဲ့တတ်ခြင်း၊ ၃။ ပြင်းထန်သော အဆိပ်ရှိခြင်း၊ ၄။ လျှာနှစ်ခွရှိခြင်း၊ ၅။ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်ခြင်း။ (အံ၊၂။၂၂၈။) (အံ၊မြန်၊၂။၂၈၉။)

မာတုဂါမနှင့် ကိုယ် လက် နှီးနော်ခြင်းကြောင့် သင့်သော အာပတ် ၅ ပါး ၁။ ပါရာဇိက အာပတ်၊ ၂။ သံဃာဒိသိသ်အာပတ်၊ ၃။ ထုလ္လစ္စဉ်းအာပတ်၊ ၄။ ဒုက္ကဋ်အာပတ်၊ ၅။ ပါစိတ် အာပတ်။ (ဝိ၊၅။၉၀။) (ဝိ၊မြန်၊၅။၁၃၀။)

မာန ၂ မျိုး ၁။ အတ္တုက္ကံသနမာန– မိမိကိုယ်ကို ချီးမြှောက်ခြင်းမာန၊ ၂။ ပရဝမ္ဘနမာန– သူတပါးကို နှိမ်ချိုးခြင်း မာန။ (မဟာနိ။၆၁။) (မဟာနိ။၃၃၆။) (စူဠနိ။၂၀၅။)

http://www.dhammadownload.com

မာန ၃ မျိုး ၁။ သဒ္ဓေယျာဟမသ္မီမာန– ငါသည် မြတ်သူ ဖြစ်၏ဟု မြတ်သော သူအား ဖြစ်သော မာန၊ ၂။ သဒိသောဟမသ္မီမာန– ငါသည် တူမျှသူ ဖြစ်၏ဟု အရည်အချင်း တူသူအား ဖြစ်သော မာန၊ ၃။ ဟီနောဟမသ္မီမာန– ငါသည် ယုတ်နိမ့်သူ ဖြစ်၏ဟု ယုတ်နိမ့်သူအား ဖြစ်သော မာန။ (ဒီ၊၃။၁၈၁။) (မဟာနိ။၃၃၆။) (မဟာနိ။၆၁။) (ဓူဋ္ဌနိ။၂၀၅။) (ဣတိဝုတ်၊၆။၄၇။) (သုတ္တနိ၊၆။၁။၁၇။) (ဒီ၊မြန်၊၃။၂၀၁။)

မာန ၄ မျိုး ၁။ လက်လာဘဖြင့် မာနကို ဖြစ်စေခြင်း၊ ၂။ အခြေအရံ အကျော်အစောအားဖြင့် မာနကို ဖြစ်စေခြင်း၊ ၃။ ချီးမွမ်းခံရခြင်းအားဖြင့် မာနကို ဖြစ်စေခြင်း၊ ၄။ ချမ်းသာသုခဖြင့် မာနကို ဖြစ်စေခြင်း။ (မဟာနိ။၆၁။) (မဟာနိ။၃၃၆။)

မာန ၅ မျိုး ၁။ နှစ်သက်ဖွယ် ရူပါရုံတို့ကို ရခြင်းကြောင့် မာနကို ဖြစ်စေခြင်း၊ ၂။ နှစ်သက်ဖွယ် သဒ္ဒါရုံကို ရခြင်းကြောင့် မာနကို ဖြစ်စေခြင်း၊ ၃။ နှစ်သက်ဖွယ် ဂန္ဓာရုံကို ရခြင်းကြောင့် မာနကို ဖြစ်စေခြင်း၊ ၄။ နှစ်သက်ဖွယ် ရသာရုံကို ရခြင်းကြောင့် မာနကို ဖြစ်စေခြင်း၊ ၅။ နှစ်သက်ဖွယ် ဖောဋ္ဌဗ္ဗာရုံကို ရခြင်းကြောင့် မာနကို ဖြစ်စေခြင်း။ (မဟာနိ။၆၁။) (မဟာနိ။၃၃၆။) (ဓူဋ္ဌနိ။ ၂၀၅။)

မာန ၆ မျိုး ၁။ မျက်စိအမြင်နှင့် ပြည့်စုံခြင်းကြောင့် မာနကို ဖြစ်စေခြင်း၊ ၂။ နားအကြားနှင့် ပြည့်စုံခြင်းကြောင့် မာနကို ဖြစ်စေခြင်း၊ ၃။ နှာခေါင်းအနံ့ ရကာမျှဖြင့် ပြည့်စုံခြင်းကြောင့် မာနကို ဖြစ်စေခြင်း၊ ၄။ လျှာဖြင့် အရသာခံနိုင်ရုံမျှဖြင့် ပြည့်စုံခြင်းကြောင့် မာနကို ဖြစ်စေခြင်း၊ ၅။ ကိုယ်ဖြင့် အထိအတွေ့ခံနိုင်ရုံမျှဖြင့် ပြည့်စုံခြင်းကြောင့် မာနကို ဖြစ်စေခြင်း၊ ၆။ စိတ်ဖြင့် အာရုံသိကာမျှဖြင့် ပြည့်စုံခြင်းကြောင့် မာနကို ဖြစ်စေခြင်း။ (မဟာနိ။၆၁။) (မဟာနိ။၃၃၆။)

မာန ၇ မျိုး ၁။ မာန– မန်ထောင်လွှားတက်ကြွခြင်း၊ ၂။ အတိမာန– ငါနှင့် တူသော သူမရှိဟု အလွန်အကြူး မာန်ထောင်လွှား တက်ကြွခြင်း၊ ၃။ မာနတိမာန– ဤသူကား ရှေ့အခါက ငါနှင့် တူ၍ ယခုအခါ၌ ငါ့အောက် ယုတ်နိမ့်လွန်း၏၊ ငါကား ယခုအခါ အလွန်မြတ်လှစွာ၏ဟု မာန်ထောင်လွှားတက်ကြွခြင်း၊ ၄။ ဩမာန– အမျိုး ဇာတ် စသည်အားဖြင့် ငါသည် ယုတ်ညံ့လှ၏ဟု မိမိကိုယ်ကို အောက်၌ ထား၍ မာန်ထောင်လွှား တက်ကြွခြင်း၊ ၅။ အဓိမာန– ဈာန်မဂ် စသည်ကို မရဘဲလျက် ရ၏ဟု အောက်မေ့မှတ်ထင်၍ ထောင်လွှား တက်ကြွခြင်း၊ ၆။ အသ္မိမာန– ရုပ်ခန္ဓာစသည်သည် ငါဖြစ်၏ဟု ထောင်လွှား တက်ကြွခြင်း၊ ၇။ မိစ္ဆာမာန– မကောင်းသော အတတ်ပညာအကြားအမြင် စသည်ဖြင့် အထူးအားဖြင့် ထောင်လွှားတက်ကြွခြင်း။(အဘိ၊ဝိ။၃၉၇။) (မဟာနိ။၃၃၆။) (မဟာနိ။၆၁။) (ဓူဋ္ဌနိ။၂၀၅။) (ပဋိသံ၊၆၊၂၊၂၇။) (အဘိ၊ဝိ၊မြန်၊၂။၅၀၄။)

မာန ၈ မျိုး ၁။ လာဘ်ဖြင့် မာနကို ဖြစ်စေခြင်း၊ ၂။ လာဘ်မရသော်လည်း ယုတ်သော မာနကို ဖြစ်စေခြင်း၊ ၃။ အခြေအရံများခြင်းဖြင့် မာန်ကို ဖြစ်စေခြင်း၊ ၄။ အခြေအရံမများသော်လည်း ယုတ်သော မာနကို ဖြစ်စေခြင်း၊ ၅။ ချီးမွမ်းခံရခြင်းဖြင့် မာနကို ဖြစ်စေခြင်း၊ ၆။ ကဲ့ရဲ့ခံရ သော်လည်း ယုတ်သော မာနကို ဖြစ်စေခြင်း၊ ၇။ ချမ်းသာခြင်းဖြင့် မာနကို ဖြစ်စေခြင်း၊ ၈။ ဆင်းရဲသော်လည်း ယုတ်သော မာနကို ဖြစ်စေခြင်း။ (မဟာနိ။၆၁။) (မဟာနိ။၃၃၆။)

မာန ၉ မျိုး ၁။ ရဟန်း ရှင် ဘုရင် စသော မြတ်သော ပုဂ္ဂိုလ်၏ "ငါသည် သင့်ထက် မြတ်၏"ဟု မာန်ထောင်ခြင်း၊ ၂။ ရဟန်း ရှင် ဘုရင် စသော မြတ်သော ပုဂ္ဂိုလ်၏ "ငါသည် သင်နှင့်

http://www.dhammadownload.com

တူ၏"ဟု မာန်ထောင်ခြင်း၊ ၃။ ရဟန်း ရှင် ဘုရင် စသော မြတ်သော ပုဂ္ဂိုလ်၏ "ငါသည် သင့်အောက် ယုတ်၏"ဟု မာန်ထောင်ခြင်း၊ ၄။ အမတ်ကြီးစသော တူသော ပုဂ္ဂိုလ်၏ "ငါသည် သင့်ထက် မြတ်၏"ဟု မာန်ထောင်ခြင်း၊ ၅။ အမတ်ကြီးစသော တူသော ပုဂ္ဂိုလ်၏ "ငါသည် သင်နှင့် တူ၏"ဟု မာန်ထောင်ခြင်း၊ ၆။ အမတ်ကြီးစသော တူသော ပုဂ္ဂိုလ်၏ "ငါသည် သင့်အောက် ယုတ်၏"ဟု မာန်ထောင်ခြင်း၊ ၇။ ကျွန် စသော ယုတ်သော ပုဂ္ဂိုလ်၏ "ငါသည် သင့်ထက် မြတ်၏"ဟု မာန်ထောင်ခြင်း၊ ၈။ ကျွန် စသော ယုတ်သော ပုဂ္ဂိုလ်၏ "ငါသည် သင်နှင့် တူ၏"ဟု မာန်ထောင်ခြင်း၊ ၉။ ကျွန် စသော ယုတ်သော ပုဂ္ဂိုလ်၏ "ငါသည် သင့်အောက် ယုတ်၏"ဟု မာန်ထောင်ခြင်း။ (အဘိ၊ဝိ။၄၀၄။) (စူဠနိ။၂၀၅။) (ဒီ၊ဋ္ဌ၊၃။၁၇၂။) (ပဋိသံ၊ဋ္ဌ၊၂။၃၁။) (ဣတိဝုတ်၊ဋ္ဌ။၄၇။) (သုတ္တနိ၊ဋ္ဌ၊၁။၁၇။) (အဘိ၊ဝိ၊မြန်၊၂။၅၁၁။)

မာန ၉ မျိုး (တစ်နည်း) ၁။ မြတ်သော သူအား ငါမြတ်၏ဟု မာနဖြစ်ခြင်း၊ ၂။ မြတ်သော သူအား ငါသည် သူများနှင့် တူ၏ဟု မာနဖြစ်ခြင်း၊ ၃။ မြတ်သော သူအား ငါသည် သူများအောက် ယုတ်၏ဟု မာနဖြစ်ခြင်း၊ ၄။ အများနှင့် တူသော သူအား ငါမြတ်၏ဟု မာနဖြစ်ခြင်း၊ ၅။ အများနှင့်တူသော ငါသည် အများနှင့် တူ၏ဟု မာနဖြစ်ခြင်း၊ ၆။ အများနှင့် တူသော ငါသည် အများအောက် ယုတ်၏ဟု မာနဖြစ်ခြင်း၊ ၇။ ယုတ်သော သူအား ငါသည် မြတ်၏ဟု မာနဖြစ်ခြင်း၊ ၈။ ယုတ်သော သူအား ငါသည် အများနှင့် တူ၏ဟု မာနဖြစ်ခြင်း၊ ၉။ ယုတ်သော သူအား ငါသည် အများအောက် ယုတ်၏ဟု မာနဖြစ်ခြင်း။ (မဟာနိ။၆၁။) (မဟာနိ။၃၃၆။)

မာန ၁၀ မျိုး ၁။ အချို့သော သူသည် အမျိုးဇာတ်အားဖြင့် မာန်ထောင်လွှားခြင်း၊ ၂။ အချို့သော သူသည် အနွယ်အားဖြင့် မာန်ထောင်လွှားခြင်း၊ ၃။ အချို့သော သူသည် အမျိုးကောင်းသားဟူ၍ မာန်ထောင်လွှားခြင်း၊ ၄။ အချို့သော သူသည် အဆင်းတင့်တယ်ခြင်းဖြင့် မာန်ထောင်လွှားခြင်း၊ ၅။ အချို့သော သူသည် ဥစ္စာဓနရှိသောအားဖြင့် မာန်ထောင်လွှားခြင်း၊ ၆။ အချို့သော သူသည် တရားရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် မာန်ထောင်လွှားခြင်း၊ ၇။ အချို့သော သူသည် အမှုလုပ်ငန်းအားဖြင့် မာန်ထောင်လွှားခြင်း၊ ၈။ အချို့သော သူသည် အတတ်ပညာအားဖြင့် မာန်ထောင်လွှားခြင်း၊ ၉။ အချို့သော သူသည် အသိပညာအားဖြင့် မာန်ထောင်လွှားခြင်း၊ ၁၀။ အချို့သော သူသည် ဉာဏ်ပဋိဘာန်အားဖြင့် မာန်ထောင်လွှားခြင်း။ (မဟာနိ။၆၁။) (မဟာနိ။၃၃၆။)

မာနကြောင့် ဖြစ်သော အာသဝ ၂ ပါး ၁။ ဘဝအာသဝ– ဘဝ၌ ယိုစီးတတ် ဖြစ်တတ်သော သဘော၊ ၂။ အဝိဇ္ဇာအာသဝ– အဝိဇ္ဇာဟူသော အာသဝ။ (မ၊ဋ္ဌ၊၃။၃၀။)

မာနဖြစ်ကြောင်း ၄ ပါး ၁။ လာဘမာန– လာဘ်ရခြင်းကြောင့် မာနဖြစ်ခြင်း၊ ၂။ ယသမာန– အခြွေအရံပေါများခြင်းကြောင့် မာနဖြစ်ခြင်း၊ ၃။ ပသံသာမာန– ချီးမွမ်းခံရသောကြောင့် မာနဖြစ်ခြင်း၊ ၄။ သုခမာန– ချမ်းသာသောကြောင့် မာနဖြစ်ခြင်း။ (စူဠနိ။၂၀၅။)

မာနဖြစ်ခြင်း ၆ မျိုး ၁။ မျက်စိနှင့် ပြည့်စုံသောကြောင့် မာနဖြစ်ခြင်း၊ ၂။ နားနှင့် ပြည့်စုံသောကြောင့် မာနဖြစ်ခြင်း၊ ၃။ နာခေါင်းနှင့် ပြည့်စုံသောကြောင့် မာနဖြစ်ခြင်း၊ ၄။ လျှာနှင့် ပြည့်စုံသောကြောင့် မာနဖြစ်ခြင်း၊ ၅။ ကိုယ်ခန္ဓာနှင့် ပြည့်စုံသောကြောင့် မာနဖြစ်ခြင်း၊ ၆။ စိတ်နှင့် ပြည့်စုံသောကြောင့် မာနဖြစ်ခြင်း။ (စူဠနိ။၂၀၅။)

http://www.dhammadownload.com

မာနတ် ၂ ပါး ၁။ ညဉ့်ဖုံးလွှမ်းသော ပဋိစ္ဆန္နမာနတ်၊ ၂။ ညဉ့်မဖုံးလွှမ်းသော အပဋိစ္ဆန္နမာနတ်။ (ဝိ၅၊၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

မာနတ် ၂ ပါး ၁။ ပကတ္တမာနတ်– တစ်ပကတ္တ (၁၅ ရက်) ပတ်လုံး ကျင့်သုံးအပ်သော အကျင့်၊ ၂။ သမောဓာန မာနတ်– ပေါင်းစု၍ ကျင့်သုံးအပ်သော သံဃာကို မြတ်နိုးစေခြင်း အကျင့်။ (ဝိ၅၊၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

မာနတ် ၃ ပါး ၁။ ပဋိစ္ဆန္နမာနတ်၊ ၂။ အပ္ပဋိစ္ဆန္နမာနတ်၊ ၃။ ပကတ္တမာနတ်။ (ဝိ၅၊၂၁၉။) (ဝိ၊မြန်၊၅။၃၀၆။)

မာနတ် ၄ ပါး (ဆောက်တည်ရန် မာနတ် ၄ ပါး) ၁။ ပဋိစ္ဆန္နမာနတ်၊ ၂။ အပဋိစ္ဆန္နမာနတ်၊ ၃။ ပကတ္တမာနတ်၊ ၄။ သမောဓာနမာနတ်။ (ဝိ၅၊၂၂၅။) (ဝိ၊မြန်၊၅။၃၁၃။) (ဝိ၊ဋ္ဌ၊၄။၁၆။)

မာနတ်ကျင့်ဆဲ ရဟန်းတို့အား ခွင့်ပြုအပ်သော အမှုကိစ္စ ၁၅ ပါး ပရိဝါသ်ဆောက်တည်သော ရဟန်းတို့အား ခွင့်ပြုအပ်သော အမှုကိစ္စ ၁၅ ပါးနှင့် တူသည်။

မာနတ်ကျင့်ဆဲရဟန်းတို့၏ ကျင့်ဝတ် ၉၄ ပါး ပရိဝါသ်ဆောက်တည်သော ရဟန်း၏ ကျင့်ဝတ် ၉၄ ပါးနှင့် တူသည်။

မာနတ်ကျင့်ဆဲရဟန်း၏ ညဉ့်ပြတ်ခြင်းအကြောင်း ၄ ပါး ၁။ ပကတတ်ရဟန်းနှင့် ကျောက်ကုန်းဆန့်လျက် အိပ်ခြင်းဟု ဆိုအပ်သော အတူနေခြင်း၊ ၂။ ပကတတ်ရဟန်းနှင့် ကင်းဝေး၍ နေခြင်း၊ ၃။ မာနတ်ကို မကြားခြင်း၊ ၄။ ယုတ်လျော့သော သံဃာမပြည့်သော ဂိုဏ်းဌ မာနတ်ကြား သဖြင့် ကျင့်ခြင်း။ (ဝိ၄၊၉၉။) (ဝိ၊မြန်၊၄။၉၃။)

မာနတ်ကျင့်ထိုက်သော ရဟန်းတို့အား ခွင့်ပြုအပ်သော အမှုကိစ္စ ၁၅ ပါး ပရိဝါသ်ဆောက်တည်သော ရဟန်းတို့အား ခွင့်ပြုထိုက်သော အမှုကိစ္စ ၁၅ ပါးနှင့် တူသည်။

မာနတ်ကျင့်သော ရဟန်း၏ ညဉ့်ပြတ်ခြင်း ၄ မျိုး ၁။ ပကတတ်ရဟန်းနှင့် အတူနေခြင်း၊ ၂။ ပကတတ်ရဟန်းနှင့် ကင်းဝေး၍ နေခြင်း၊ ၃။ ဝတ်ကို မကြားခြင်း၊ ၄။ လေးပါးမပြည့်သော ဂိုဏ်းဌ ကျင့်ခြင်း။ (ဝိ၅၊၂၂၅။) (ဝိ၊မြန်၊၅။၃၁၃။)

မာရ တရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၁၅၉။) (သံ၊မြန်၊၂။၁၅၀)

မိစ္ဆာဒိဋ္ဌိ ၁၀ မျိုး မိစ္ဆာအယူ ၁၀ မျိုးနှင့် တူသည်။

မိစ္ဆာဒိဋ္ဌိ ၆၂ မျိုး ၁။ ခန္ဓာတည်းဟူသော အတ္တနှင့်လောကို မြဲ၏ဟု ပြောဆိုကြောင်း သဿတအယူ ဒိဋ္ဌိ (၄) မျိုး၊ ၂။ သတ္တဝါ သင်္ခါရတို့၌ အချို့မြဲ, အချို့မမြဲ ဟူသော ပြောဆိုကြောင်း ဧကစ္စသဿတဝါဒ အယူဒိဋ္ဌိ (၄) မျိုး၊ ၃။ အဆုံးအပိုင်းအခြားရှိသော, အဆုံးအပိုင်းအခြား မရှိသော (အန္တာနန္တိက) အယူဒိဋ္ဌိ (၄) မျိုး၊ ၄။ အမရာဝါးကဲ့သို့ အမျိုးမျိုး ရှောင်ရှားတတ်, ငြင်းပယ်တတ်သော အယူ (အမရာဝိက္ခေပိက) ဒိဋ္ဌိ (၄) မျိုး၊ ၅။ အကြောင်းမရှိဘဲ ဖြစ်၏ဟူသော အယူရှိသူ– အဓိစ္စသမုပ္ပန္နိက ဒိဋ္ဌိ ၂ မျိုး၊ ၆။ သညာရှိ၏ဟု ယူသော သညီဝါဒဒိဋ္ဌိ (၁၆) မျိုး၊ ၇။ သညာမရှိဟု ယူသော အသညီဝါဒဒိဋ္ဌိ (၈) မျိုး၊ ၈။ သညာရှိသည်လည်း

http://www.dhammadownload.com

မဟုတ်၊ မရှိသည်လည်း မဟုတ်ဟု ယူသော နေဝသညီနာသညီဝါဒ ဒိဋ္ဌိ (၈) မျိုး၊ ၉။ ပြတ်စဲ၏ဟု ယူသော ဥစ္ဆေဒဝါဒဒိဋ္ဌိ (၇) မျိုး၊ ၁၀။ မျက်မှောက်ချမ်းသာမှုကို နိဗ္ဗာန်ဟု ယူသော ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ဒိဋ္ဌိ (၅) မျိုး စုစုပေါင်း ဒိဋ္ဌိ ၆၂ မျိုး။ (သာရတ္ထ၊ဋီ၊၁။၃၀၉။)

မိထိလာပြည် တံခါးလေးပေါက်တို့၌ ရှာ ၄ ရှာ ၁။ အရှေ့ ယဝမဇ္ဈကရှာ၊ ၂။ တောင် ယဝမဇ္ဈကရှာ၊ ၃။ အနောက် ယဝမဇ္ဈကရှာ၊ ၄။ မြောက် ယဝမဇ္ဈကရှာ။ (ဇာ၊၆၊၆။၁၆၄။)

မိဘကျင့်ဝတ် ၅ ပါး ၁။ မကောင်းမှုမှ တားမြစ်ခြင်း၊ ၂။ ကောင်းမှုၦ သက်ဝင်စေခြင်း ညွှန်ကြားခြင်း၊ ၃။ အတတ်ကို သင်စေခြင်း၊ ၄။ သင့်တော်သော ပုဂ္ဂိုလ်တို့နှင့် ထိမ်းမြားပေးခြင်း၊ ၅။ သင့်တော်သော အချိန်၌ အမွေဥစ္စာ, အရင်းအနှီး ထုတ်ပေးအပ်နှင်းခြင်း။ (ဒီ၊၃။၁၅၄။) (ခုဒ္ဒက၊၆။၁၁၆။) (ဒီ၊မြန်၊၃။၁၇၁–၁၇၂။)

မိဘတို့က သားသမီးတို့အပေါ်၌ ပွားများအပ်သော ဘာဝနာ ၄ မျိုး ၁။ မေတ္တာဘာဝနာ– မေတ္တာစိတ် ဖြစ်စေခြင်း၊ ၂။ ကရုဏာဘာဝနာ– သနားကြင်နာစိတ် ဖြစ်စေခြင်း၊ ၃။ မုဒိတာဘာဝနာ– ဝမ်းမြောက်ဝမ်းသာစိတ် ဖြစ်စေခြင်း၊ ၄။ ဥပေက္ခာဘာဝနာ– မျှတ (လျစ်လျူရှု) စိတ် ဖြစ်စေခြင်း။ (အံ၊၆၊၂။၁၂၉။) (ဣတိဝု၊၆။၃၁၈။)

မိဘတို့က သားသမီးတို့အား ပြုစုစောင့်ရှောက်ရခြင်း အကြောင်း ၅ ပါး ၁။ အသက်အရွယ်ကြီးရင့်လာသော မိဘတို့အား သားသမီးတို့က တစ်ဖန် ပြုစု လုပ်ကျွေးစေလိုခြင်း၊ ၂။ မိဘတို့၏ အလုပ်ကိစ္စတို့ကို အရွယ်ရောက်လာသော သားသမီးတို့က တစ်ဖန် ပြုလုပ်ဆောင်ရွက်စေလိုခြင်း၊ ၃။ မိဘတို့၏ မျိုးရိုးစဉ်ဆက်ကို တည်စေလိုခြင်း၊ ၄။ မိဘတို့၏ အမွေကို ခံယူစေလိုခြင်း၊ ၅။ ကွယ်လွန်သွားကြသော မိဘတို့အတွက် ကုသိုလ်ကောင်းမှု ပြုလုပ်၍ အမျှပေးဝေစေလိုခြင်း။ (ခုဒ္ဒက၊၆။၁၁၆။)

မိဘတို့အား ကျေးဇူးဆပ်နည်း ၄ မျိုး ၁။ သဒ္ဓါတရားမရှိသော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၂။ သီလမရှိသော မိဘတို့ကို သီလနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၃။ နှမြောဝန်တိုသော မိဘတို့ကို ပေးကမ်းစွန့်ကြဲမှုနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၄။ ပညာမရှိသော မိဘတို့ကို ပညာနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း။ (အံ၊၁။၆၃။) (အံ၊မြန်၊၁။၇၅–၇၆။)

မိဘတို့၏ သားသမီးတို့အပေါ်၌ ထားသော ဘာဝနာ ၄ မျိုး မိဘတို့က သားသမီးတို့အပေါ်၌ ပွားများအပ်သော ဘာဝနာ ၄ မျိုးနှင့် တူသည်။

မိဘတို့၏ အမည် ၃ မျိုး ၁။ ဗြဟ္မာကြီး၊ ၂။ လက်ဦးဆရာ၊ ၃။ အဝေးမှ ဆောင်ယူလာသော အလှူကို ခံယူထိုက်သူ။ (အံ၊၁။၁၃၀။) (အံ၊မြန်၊၁။၁၄၈။)

မိဘတို့၏ အမည် ၄ မျိုး ၁။ ဗြဟ္မာကြီး၊ ၂။ လက်ဦးဆရာ၊ ၃။ အိမ်ဦးနတ်၊ ၄။ အဝေးမှ ဆောင်၍ လှူအပ်သော အလှူခံ။ (အံ၊၁။၃၈၁။) (အံ၊မြန်၊၁။၃၉၆။)

မိမိကိုယ်ကို ကဲ့ရဲ့ကြောင်း ၂ ပါး ၁။ ပြုအပ်ပြီးသောကြောင့် ကဲ့ရဲ့ခြင်း (ငါသည် ကာယဒုစရိုက်

http://www.dhammadownload.com

စသည်ကို ပြုခဲ့ပြီဟု ကဲ့ရဲ့ခြင်း)၊ ၂။ မပြုမိသောကြောင့် ကဲ့ရဲ့ခြင်း (ငါသည် ကာယသုစရိုက် စသည်ကို မပြုခဲ့ပြီဟု ကဲ့ရဲ့ခြင်း) ။ (မဟာနိ။၄၁။) (မဟာနိ။၂၅၈။)

မိမိသဘောအားဖြင့် သေခြင်း ၂ မျိုး ၁။ အသက်ကုန်၍ သေခြင်း၊ ၂။ ကုသိုလ်ကုန်၍ သေခြင်း။ (အနုဋီ၊၂။၇၀။)

မိမိသန္တာန်၌ ဖြစ်စေသင့်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါတို့အား ပျက်စီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

မိမိသန္တာန်၌ မဖြစ်စေသင့်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

မိမိကိုယ်ပိုင်ဥစ္စာ ကဲ့ ၁၀ မျိုး ၁။ ကာယသုစရိုက် ၃ မျိုး၊ ၂။ ဝစီသုစရိုက် ၄ မျိုး၊ ၃။ မနောသုစရိုက် ၃ မျိုး ပေါင်း ၁၀ မျိုး။ (အဘိ၊၆၊၂။၃၉၇။) (သာရတ္ထ၊ဋီ၊၂။၆၂။)

မိမိ၏ အမှုကဲ့ မဟုတ်သော တရား ၁၀ ပါး ၁။ ကာယဒုစရိုက် (၃) ပါး၊ ၂။ ဝစီဒုစရိုက် (၄) ပါး၊ ၃။ မနောဒုစရိုက် (၃) ပါး, ပေါင်း (၁၀) ပါး။ (သာရတ္ထ၊ဋီ၊၂။၆၂။)

မိလိန္ဒမင်းလောင်းလျာ သာမဏေ၏ ဆုတောင်း ၂ မျိုး ၁။ တံမြက်ချေးအမှိုက် စွန့်ပစ်ရသော ကုသိုလ်ကြောင့် နိဗ္ဗာန်မရမီ စပ်ကြား ဖြစ်လေရာဘဝတိုင်း၌ မွန်းတည့်နေကဲ့သို့ ဘုန်းကံကြီးသူ တန်ခိုးတေဇော်ကြီးသူ ဖြစ်ရပါလို၏ဟု ဆုတောင်းခြင်း၊ ၂။ ဂင်္ဂါမြစ်၏ လှိုင်းတံပိုးအဟုန်တို့ကဲ့သို့ မကုန်ခန်းနိုင်သော ဉာဏ်ပဋိဘာန်ရှိသူ ဖြစ်ရပါလို၏ဟု ဆုတောင်းခြင်း။ (မိလိန္ဒ။၃၁။) (မိလိန္ဒ၊မြန်။၄။)

မိလိန္ဒပဉှာ၌ အခန်း ၆ မျိုး ၁။ အရှင်နာဂသေန မထေရ်နှင့် မိလိန္ဒမင်းကြီးတို့၏ ရှေးဘဝ ဆုတောင်းခန်း၊ ၂။ မိလိန္ဒမင်းကြီး၏ ပြဿနာအခန်း၊ ၃။ တရားတို့၏ မှတ်ကြောင်း လက္ခဏာကို မေးသော အခန်း၊ ၄။ ဆိတ်ချိုနှင့် တူသော ကောက်တကျစ်မေးခွန်းအခန်း၊ ၅။ မှန်းဆသော အားဖြင့် မေးသောအခန်း၊ ၆။ ဥပမာစကားကို မေးသောအခန်း။ (မိလိန္ဒ။၂။) (မိလိန္ဒ၊မြန်။၃။)

မိလိန္ဒမင်းကြီး ဆောက်တည်သော ကျင့်ဝတ် ၈ ပါး ၁။ ခုနစ်ရက်ပတ်လုံး မင်းနှင့် စပ်သော ကိစ္စအားလုံးကို မဆုံးမခြင်း၊ ၂။ ရာဂနှင့် စပ်သော စိတ်ကို မဖြစ်စေခြင်း၊ ၃။ ဒေါသနှင့် စပ်သော စိတ်ကို မဖြစ်စေခြင်း၊ ၄။ မောဟနှင့် စပ်သော စိတ်ကို မဖြစ်စေခြင်း၊ ၅။ ကျွန်အမှုလုပ်သမားဖြစ်ကုန်သော သူတို့၌သော်လည်း မိမိကိုယ်ကို နှိမ့်ချခြင်း၊ ၆။ ကိုယ်နှုတ်တို့ကို

http://www.dhammadownload.com

အစဉ်စောင့်ရှောက်ခြင်း၊ ၇။ အာယတနခြောက်ပါးတို့ကို အကြွင်းမဲ့ စောင့်စည်းခြင်း၊ ၈။ မေတ္တာဘာဝနာဌ္ဌ စိတ်ကို ထည့်သွင်းခြင်း။ (မိလိန္ဒ။၉၇။) (မိလိန္ဒ၊မြန်။၁၀၅။)

မိလိန္ဒမင်းကြီး သင်ယူတတ်ကျွမ်းသည့် ကျမ်းဂန် အတတ် ၁၉ မျိုး ၁။ သုတိ– ဟု ဆိုအပ်သော ဝေဒကျမ်း အတတ်၊ ၂။ သမ္မုတိ(သမိတိ)ဟု ဆိုအပ်သော ကမ္ဘာဥပဒေသကျမ်း အတတ်၊ ၃။ သခ်္ခာခေါ် အဘိဓမ္မာကျမ်း အတတ်၊ ၄။ ယောဂခေါ် အဘိဓမ္မာကျမ်း အတတ်၊ ၅။ နီတိကျမ်း အတတ်၊ ၆။ ဝိသေသိကာခေါ် အဘိဓမ္မာကျမ်းအတတ်၊ ၇။ အတွက်အချက် သခ်္ခာကျမ်း အတတ်၊ ၈။ အတီးအမှုတ် တူရိယာပညာကျမ်းအတတ်၊ ၉။ ဆေးကုခြင်း အတတ်ကို ပြဆိုထားသော တိကိစ္ဆကျမ်း အတတ်၊ ၁၀။ လေးအတတ်ကို ပြဆိုထားသော ဓနုဗ္ဗေဒကျမ်း အတတ်၊ ၁၁။ ပုရာဏ်ကျမ်း (ကမ္ဘာရွေးဟောင်းကျမ်း) အတတ်၊ ၁၂။ ဇောတိသ ခေါ် ဗေဒင်ကျမ်း အတတ်၊ ၁၃။ မာယာကျမ်း (လှည့်စားခြင်း, အလိမ္မာသုံးခြင်းကို ပြသောကျမ်း) အတတ်၊ ၁၅။ တက္ကဗေဒခေါ် ဟေတုဝိဇ္ဇာကျမ်း အတတ်၊ ၁၆။ မန္တာန်ကျမ်းအတတ်၊ ၁၇။ ယုဒ္ဓကျမ်း (စစ်ရေးစစ်ရာနှင့် သက်ဆိုင်သော ပညာရပ်ကို ပြသောကျမ်း) အတတ်၊ ၁၈။ ဆန်းကျမ်း အတတ်၊ ၁၉။ ဘုရားဟော ပါဠိတော်ဟူသော ကျမ်းဂန်အတတ်။ (မိလိန္ဒ။၄။) (မိလိန္ဒ၊မြန်။၅။)

မီး ၃ မျိုး (မမှီဝဲအပ်သော မီး ၃ မျိုး) ၁။ ကာမဂုဏ်တို့၌ တပ်မက်သော သတ္တဝါတို့အား လောင်မြိုက်တတ်သော ရာဂမီး၊ ၂။ သူတစ်ပါးအသက်ကို သတ်လေ့ရှိသော သတ္တဝါတို့အား လောင်မြိုက်တတ်သော ဒေါသမီး၊ ၃။ အရိယဓမ္မ၌ တွေဝေနေသော သတ္တဝါတို့အား လောင်မြိုက်တတ်သော မောဟမီး။ (ဒီ၃။၁၈၂။) (အံ၊၂။၄၃၁။) (အဘိ၀ိ။၃၈၃။) (ခုဒ္ဒက။၂၅၇။) (ပဋိသံ၊၁။၂။၃၁၈။) (ဥဒါန၊၁။၁၈၈။) (နေတ္တိ၀ိဘာ။၂၇၅။) (ဒီ၊မြန်၊၃။၂၀၂။) (အံ၊မြန်၊၂။၅၄၄။) (အဘိ၀ိ၊မြန်၊၂။၄၈၀။) (ခုဒ္ဒက၊မြန်။၂၄၂။)

မီး ၃ မျိုး (တစ်နည်း) (ပူဇော်ထိုက်သော မီး ၃ မျိုး) ၁။ အမိ အဖဟု ဆိုအပ်သော အပူဇော်ခံ မီး– အာဟုနေယျဂ္ဂိ၊ ၂။ အိမ်ရှင် လင်ယောကျ်ား ဟူသော မီး–ဂဟပတဂ္ဂိ၊ ၃။ အလှူခံ ရဟန်းပုဏ္ဏား ဟူသော မီး–ဒက္ခိဏေယျဂ္ဂိ။ (ဒီ၃။၁၈၂။)) (အံ၊၂။၄၃၁။) (ဒီ၊မြန်၊၃။၂၀၂။ (အံ၊မြန်၊၂။၅၄၅–၅၄၆။)

မီး ၃ မျိုး (တစ်နည်း) ၁။ နရကဂ္ဂိ– ငရဲမီး၊ ၂။ ကပ္ပဋ္ဌာနဂ္ဂိ– ကမ္ဘာဖျက်မီး၊ ၃။ ဒုက္ခဂ္ဂိ– ဆင်းရဲဒုက္ခမီး။ (အပ၊ဋ္ဌ၊၁။၃၁၃။)

မီး ၃ မျိုး (တစ်နည်း) ၁။ နိရယဂ္ဂိ– ငရဲမီး၊ ၂။ ပေတဂ္ဂိ– ပြိတ္တာမီး၊ ၃။ သံသာရဂ္ဂိ– သံသရာမီး။ (အပ၊ဋ္ဌ၊၁။၃၂၉။)

မီး ၇ မျိုး ၁။ ရာဂမီး၊ ၂။ ဒေါသမီး၊ ၃။ မောဟမီး၊ ၄။ အပူဇော်ခံ–အမိအဖမီး၊ ၅။ အိမ်ရှင်မီး၊ ၆။ အလှူခံ ရဟန်းမီး၊ ၇။ ထင်းမီး။ (အံ၊၂။၄၂၈။) (အံ၊မြန်၊၂။၅၄၂။)

မီး ၁၁ မျိုး ၁။ ရာဂမီး၊ ၂။ ဒေါသမီး၊ ၃။ မောဟမီး၊ ၄။ ဇာတိ ပဋိသန္ဓေမီး၊ ၅။ အိုခြင်း ဇရာမီး၊ ၆။ သေခြင်း မရဏမီး၊ ၇။ စိုးရိမ်ခြင်း သောကမီး၊ ၈။ ငိုကြွေးခြင်း ပရိဒေဝမီး၊ ၉။ ကိုယ်ဆင်းရဲခြင်း ဒုက္ခမီး၊ ၁၀။ စိတ်ဆင်းရဲခြင်း ဒေါမနဿမီး၊ ၁၁။ ပြင်းစွာ ပူပန်ခြင်း ဥပါယာသမီး။ (သာရတ္ထ၊ဋီ၊၂။၈၉။) (ဝိမတိ၊၁။၁၄၃။)

http://www.dhammadownload.com

မီးလှုံခြင်း အပြစ် ၅ မျိုး ၁။ မျက်စိ မကြည်လင်ခြင်း၊ ၂။ အဆင်းမလှခြင်း၊ ၃။ အားနည်းခြင်း၊ ၄။ အပေါင်းအဖော်၌ မွေ့လျော်မှု တဏှာကို ပွားခြင်း၊ ၅။ တိရစ္ဆာန်ကဲ့သာ စကားများဖြစ်ပေါ်စေခြင်း။ (အံ၊၂။၂၂၄။) (အံ၊မြန်၊၂။၂၈၃။)

မီး အင်္ဂါ ၅ ပါး ၁။ မီးသည် မြက်, ထင်း, သစ်ခက်, သစ်ရွက်တို့ကို လောင်တတ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အတွင်းအပြင်၌ ဖြစ်ကုန်သော ဣန္ဒာရုံ အနိဋ္ဌာရုံကို ခံစားတတ်ကုန်သော ကိလေသာအားလုံးတို့ကို ဉာဏ်တည်းဟူသော မီးဖြင့် ရှို့မြိုက်ခြင်း၊ ၂။ မီးသည် သနားမှု, ကြင်နာမှု, မရှိခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော ကိလေသာတို့၌ သနားကြင်နာမှုကို မပြုခြင်း)၊ ၃။ မီးသည် အအေးကို ပယ်ဖျောက်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဝီရိယတည်းဟူသော အပူမီးကို ဖြစ်စေ၍ ကိလေသာတို့ကို ပယ်ဖျောက်ခြင်း)၊ ၄။ မီးသည် ချစ်ခြင်း မုန်းခြင်းမှ လွတ်ကင်းလျက် အပူကို ဖြစ်စေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ချစ်ခြင်း မုန်းခြင်းမှ လွတ်ကင်းသော မီးနှင့် တူသော စိတ်ဖြင့် နေခြင်း)၊ ၅။ မီးသည် အမိုက်မှောင်ကို ပယ်ဖျောက်၍ အလင်းရောင်ကို ပြခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ပယ်ဖျောက်၍ ဉာဏ်တည်းဟူသော အလင်းရောင်ကို ပြခြင်း) ။ (မိလိန္ဒ။၃၆၇။) (မိလိန္ဒ၊မြန်။၃၉၀။)

မုဆိုးတို့၏ အင်္ဂါ ၄ ပါး ၁။ သားမုဆိုးသည် အနည်းငယ်သာ အိပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အအိပ်အနေ နည်းရခြင်း)၊ ၂။ သားမုဆိုးသည် သားသမင်တို့၌ စားလျှင် စိတ်ကို မြဲစွာ နှောင်ဖွဲ့ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအာရုံ၌သာလျှင် စိတ်ကို မြဲစွာ နှောင်ဖွဲ့ထားရခြင်း)၊ ၃။ သားမုဆိုးသည် ပြုဖွယ်အမှုကိစ္စ၏ အချိန်ကာလကို သိရခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် "ဤအချိန်သည် တစ်ပါးတည်း ကိန်းအောင်းရမည့် အချိန်တည်း၊ ဤအချိန်သည် ကိန်းအောင်းရာမှ ထွက်ရမည့် အချိန်တည်း"ဟု ကိန်းအောင်းခြင်း၏ အချိန်အခါကို သိရခြင်း)၊ ၄။ သားမုဆိုးသည် သားသမင်ကို တွေ့မြင်သည်ရှိသော် "ဤသမင်ကို ငါရတော့မည်"ဟု ရွှင်လန်းခြင်းကို ဖြစ်စေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းအာရုံ၌ အလွန်မွေ့လျော်သည်ဖြစ်၍ လွန်မြတ်သော တရားထူးကို ရတော့အံ့ဟု ရွှင်ပြမှုကို ဖြစ်စေခြင်း) ။ (မိလိန္ဒ။၃၉၇။) (မိလိန္ဒ၊မြန်။၄၂၀။)

မုနီ ၆ ပါး ၁။ အဂါရမုနိ- လူဝတ်ကြောင်ဘဝဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို သိမြင်သော ပုဂ္ဂိုလ်၊ ၂။ အနာဂါရမုနိ- ရဟန်းသာမဏေ ဘဝဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို သိမြင်သော ပုဂ္ဂိုလ်၊ ၃။ သေခမုနိ- သောတာပတ္တိမဂ္ဂဉာန် အစ အရဟတ္တမဂ္ဂဉာန် အဆုံးရှိသော ခုနစ်ယောက်သော သေက္ခပုဂ္ဂိုလ်၊ ၄။ အသေခမုနိ- ကိလေသာ ကုန်ခန်းပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်၊ ၅။ ပစ္စေကမုနိ- ပစ္စေကဗုဒ္ဓါ၊ ၆။ မုနိမုနိ- သဗ္ဗညုဘုရားရှင်။ (မဟာနိ။၄၄။) (မဟာနိ။၂၆၁။) (စူဠနိ။၇၄။)

မုနိ စွပ်စွဲကဲ့ရဲ့ မခံရကြောင်း ၂ ပါး ၁။ အပြစ်ကို မပြုတတ်သော မုနိသည် အပြစ်ကို မပြုတတ်သောကြောင့် စွပ်စွဲခြင်း မကပ်ရောက်၊ ၂။ အပြစ်ကို မပြုတတ်သော မုနိသည် အပြစ်ကို မပြုလိုက်ရဟူ၍ စွပ်စွဲခြင်းသို့ မကပ်ရောက်။ (မဟာနိ။၄၇။)

မုလေးပင် ၂ မျိုး ၁။ နွယ်မုလေးပင်၊ ၂။ ပကတိမုလေးပင်။ (ဓာ၊ဋ္ဌ၊၇။၃၁၄။)

http://www.dhammadownload.com

မုသာဝါဒ ၅ မျိုး ၁။ ပါရာဇိကသို့ ရောက်ကြောင်း မုသာဝါဒ၊ ၂။ သံဃာဒိသိသ်သို့ ရောက်ကြောင်း မုသာဝါဒ၊ ၃။ ထုလ္လစ္စဉ်းသို့ ရောက်ကြောင်း မုသာဝါဒ၊ ၄။ ပါစိတ်သို့ ရောက်ကြောင်း မုသာဝါဒ၊ ၅။ ဒုက္ကဋ်သို့ ရောက်ကြောင်း မုသာဝါဒ။ (ဝိ၅။၃၃၆။) (ဝိ၊မြန်၊၅။၄၃၉။)

မုသာဝါဒကံ့မြောက် အင်္ဂါ ၄ ပါး ၁။ အတထံဝတ္ထု– မဟုတ်မမှန်သော ဝတ္ထုဖြစ်ခြင်း၊ ၂။ ဝိသံဝါဒနစိတ္တံ– လိမ်လည်စိတ် ချုတ်ချော် မှားယွင်းလိုစိတ် ရှိခြင်း၊ ၃။ တဒ္ဓောဝါယာမော– မဟုတ်မှန်သော ထိုစကားကို ပြောဆိုရန် အားထုတ်ခြင်း၊ ၄။ ပရဿ တဒတ္ထဝိဇာနနံ– သူတစ်ပါးအား ထိုမမှန်မကန်သော အကြောင်းအရာကို သိစေခြင်း။ (ဒီ၊၁၁၊၇၁။) (မ၊၁၁၊၂၀၃။) (သံ၊၁၊၂။၁၃၅။) (အဘိ၊၁၁၊၁၄၂။) (ပဋိသံ၊၁၁၊၂၀၅။) (ခုဒ္ဒက၊၁၁။၂၁။) (ဣတိဝုတ်၊၁၁။၂၂၁။) (မဟာနိ၊၁၁၀၀၊၃၉၅။) (သာရတ္ထ၊ဋီ၊၁၊၃၄၄။) (ဒီ၊၁၁၊မြန်၊၁၊၁၃၅။)

မုသာဝါဒကြောင့် သင့်နိုင်သော အာပတ် ၅ မျိုး ၁။ ပါရာဇိကအာပတ်၊ ၂။ သံဃာဒိသိသ် အာပတ်၊ ၃။ ပါစိတ်အာပတ်၊ ၄။ ထုလ္လစ္စဉ်းအာပတ်၊ ၅။ ဒုက္ကဋ်အာပတ်။ (ဝိ၁၁၊၄။၁၇၂။)

မုသာဝါဒသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ မဟုတ်မမှန် ဖောက်ပြန်သော ဝတ္ထုဖြစ်ခြင်း၊ ၂။ ချုတ်ယွင်းစကားကို ရှုးရှုပြုခြင်း၊ ၃။ မိမိပြောလိုသော အကြောင်းအရာကို ထိုပုဂ္ဂိုလ်အား သိစေခြင်း ဟူသော လုံ့လရှိခြင်း။ (ဝိမတိ၊၂။၂။)

မုသာဝါဒသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ ချုတ်ယွင်းသော စကားကို ရှုးရှုပြုခြင်း၊ ၂။ ချုတ်ယွင်းလိုသော စိတ်ဖြင့် အကြင်အကြောင်းကို ပြောဆိုလို၏၊ ထိုပုဂ္ဂိုလ်၏ သိစေလိုခြင်းကို လုံ့လပြုခြင်း။ (သာရတ္ထ၊ဋီ၊၃၊၂။)

မုသားစကား ပြောဆိုခြင်းကြောင့် ဖြစ်သော အာသဝ ၃ ပါး ၁။ ကာမာသဝ– လိုချင်မှု ကာမဟူသော ယိုစီးတတ် ဖြစ်တတ်သော သဘော၊ ၂။ ဒိဋ္ဌာသဝ– သတ္တဝါတို့၏ သန္တာန်၌ ယိုစီး ဖြစ်ပွား နေတတ်၍ မူးယစ်မိုက်မဲစေတတ်သော ဒိဋ္ဌိ (အယူမှား, အမြင်မှား) ဟူသော အာသဝေါတရား၊ ၃။ အဝိဇ္ဇာသဝ–အဝိဇ္ဇာဟူသော အာသဝတရား။ (မ၊၁၁၊၂၉။)

မုသာစကား ဖြစ်ပုံ ၃ မျိုး ၁။ မုသားစကား မပြောမီ ရှေးအဖို့၌ မုသားစကားပြောအံ့ဟု အကြံဖြစ်ခြင်း၊ ၂။ မုသားစကား ပြောဆဲစကား၌ မုသားစကားကို ပြောနေ၏ဟု သိခြင်း၊ ၃။ မုသားစကားကို ပြောဆိုပြီးသော အခါ၌ ငါသည် မုသားစကားကို ပြောဆိုခဲ့ပြီဟု သိခြင်း။ (မဟာနိ။ ၁၁၈။) (မဟာနိ။၃၀၉။) (စူဠနိ။၂၀၄။)

မုသားစကား ဖြစ်ပုံ ၄ မျိုး ၁။ မုသားစကား ဆိုအံ့ဟု ကြိုတင်ကြံစည်ခြင်း၊ ၂။ မုသားဆိုသူအား ငါ မုသားဆိုနေ၏ဟု သိခြင်း၊ ၃။ မုသားဆိုပြီး သူအား ငါ မုသားဆိုခဲ့ပြီဟု သိခြင်း၊ ၄။ မိမိအယူကို ဖုံးကွယ်၍ ဆိုခြင်း။ (မဟာနိ။၁၁၈။) (မဟာနိ။၃၀၉။)

မုသားစကား ဖြစ်ပုံ ၅ မျိုး ၁။ မုသားစကား ဆိုအံ့ဟု ကြိုတင်ကြံစည်ခြင်း၊ ၂။ ငါ မုသားဆိုနေ၏ဟု သိခြင်း၊ ၃။ ငါ မုသားဆိုခဲ့ပြီဟု သိခြင်း၊ ၄။ မိမိအယူကို ဖုံးကွယ်၍ ဆိုခြင်း၊ ၅။ မိမိ၏ အလိုကို ဖုံးကွယ်ဆိုခြင်း။ (မဟာနိ။၁၁၈။) (မဟာနိ။၃၀၉။)

http://www.dhammadownload.com

မုသားစကား ဖြစ်ပုံ ၆ မျိုး ၁။ မုသားစကား ဆိုအံ့ဟု ကြိုတင်ကြံစည်ခြင်း၊ ၂။ ဆိုဆဲ ပုဂ္ဂိုလ်အား ငါ မုသားဆိုနေ၏ဟု သိခြင်း၊ ၃။ ဆိုပြီးသူအား ငါ မုသားဆိုခဲ့ပြီဟု သိခြင်း၊ ၄။ မိမိအယူကို ဖုံးကွယ်၍ ဆိုခြင်း၊ ၅။ မိမိအလိုကို ဖုံးကွယ်၍ ဆိုခြင်း၊ ၆။ မိမိ၏ နှစ်သက်မှုကို ဖုံးကွယ်၍ ဆိုခြင်း။ (မဟာနိ။၁၁၈။) (မဟာနိ။၃၀၉။)

မုသားစကား ဖြစ်ပုံ ၇ မျိုး ၁။ မုသားစကား ဆိုအံ့ဟု ကြိုတင်ကြံစည်ခြင်း၊ ၂။ ဆိုဆဲပုဂ္ဂိုလ်အား ငါ မုသားဆိုနေ၏ဟု သိခြင်း၊ ၃။ ဆိုပြီးပုဂ္ဂိုလ်အား ငါ မုသားဆိုခဲ့ပြီဟု သိခြင်း၊ ၄။ မိမိအယူကို ဖုံးကွယ်၍ ဆိုခြင်း၊ ၅။ မိမိအလိုကို ဖုံးကွယ်၍ ဆိုခြင်း၊ ၆။ မိမိနှစ်သက်မှုကို ဖုံးကွယ်၍ ဆိုခြင်း၊ ၇။ မိမိအမှတ်ကို ဖုံးကွယ်၍ ဆိုခြင်း။ (မဟာနိ။၁၁၈။) (မဟာနိ။၃၀၉။)

မုသားစကား ဖြစ်ပုံ ၈ မျိုး ၁။ မုသားစကား ဆိုအံ့ဟု ကြိုတင်ကြံစည်ခြင်း၊ ၂။ ဆိုဆဲပုဂ္ဂိုလ်အား ငါ မုသားဆိုနေ၏ဟု သိခြင်း၊ ၃။ ဆိုပြီးပုဂ္ဂိုလ်အား ငါ မုသားဆိုခဲ့ပြီဟု သိခြင်း၊ ၄။ မိမိအယူကို ဖုံးကွယ်၍ ဆိုခြင်း၊ ၅။ မိမိအလိုကို ဖုံးကွယ်၍ ဆိုခြင်း၊ ၆။ မိမိနှစ်သက်သည်ကို ဖုံးကွယ်၍ ဆိုခြင်း၊ ၇။ မိမိအမှတ်သညာကို ဖုံးကွယ်၍ ဆိုခြင်း၊ ၈။ မိမိသဘောကို ဖုံးကွယ်၍ ဆိုခြင်း။ (မဟာနိ။၁၁၈။) (မဟာနိ။၃၀၉။)

မူလပဒ ၁၈ ပါး ၁။ အဝိဇ္ဇာ၊ ၂။ တဏှာ၊ ၃။ လောဘ၊ ၄။ ဒေါသ၊ ၅။ မောဟ၊ ၆။ သုဘသညာ၊ ၇။ သုခသညာ၊ ၈။ နိစ္စသညာ၊ ၉။ အတ္တသညာ၊ ၁၀။ သမထ၊ ၁၁။ ဝိပဿနာ၊ ၁၂။ အလောဘ၊ ၁၃။ အဒေါသ၊ ၁၄။ အမောဟ၊ ၁၅။ အသုဘသညာ၊ ၁၆။ ဒုက္ခသညာ၊ ၁၇။ အနိစ္စသညာ၊ ၁၈။ အနတ္တသညာ။ (ပေဋကော။၁၆၉။)

မူလပဒ ၁၈ ပါး (တစ်နည်း) ၁။ လောကိယ၊ ၂။ လောကုတ္တရ၊ ၃။ သတ္တာဓိဋ္ဌာန၊ ၄။ မဓ္မာဓိဋ္ဌာန၊ ၅။ ဉာဏ၊ ၆။ ဥယျ၊ ၇။ ဒဿန၊ ၈။ ဘာဝနာ၊ ၉။ သကဝစန၊ ၁၀။ ပရဝစန၊ ၁၁။ ဝိသဇ္ဇနီယ၊ ၁၂။ အဝိသဇ္ဇနီယ၊ ၁၃။ ကမ္မ၊ ၁၄။ ဝိပါက၊ ၁၅။ ကုသလ၊ ၁၆။ အကုသလ၊ ၁၇။ အနုညာတ၊ ၁၈။ ပဋိက္ခိတ္တ။ (နေတ္တိ။ဋ္ဌ။၁၃၉။)

မူလယမိုက်၌ ဝါရ ၂ မျိုး ၁။ ဥဒ္ဒေသဝါရ၊ ၂။ နိဒ္ဒေသဝါရ။ (အဘိ။ဋ္ဌ။၃။၂၈၇။)

မူလအားဖြင့် အကုသိုလ် ၃ မျိုး ၁။ လောဘမူလ အကုသိုလ်၊ ၂။ ဒေါသမူလ အကုသိုလ်၊ ၃။ မောဟမူလ အကုသိုလ်။ (ဝိသုဒ္ဓိ။၂။၈၄။)

မေထိယသန္ဓာန်၌ ဖြစ်ပေါ်သော အကုသိုလ်ဝိတက် ၃ မျိုး ၁။ ကာမဝိတက်၊ ၂။ ဗျာပါဒဝိတက်၊ ၃။ ဝိဟိံသာဝိတက်။ (ဥဒါန။၁၁၈။) (ဥဒါန။မြန်။၁၀၇။)

မေထုန်ငယ် ၇ ပါး ၁။ မာတုဂါမ၏ နုံ့သာ စသည်ဖြင့် လိမ်းကျံ ပွတ်သပ် နှိပ်နယ်ပေးခြင်း ရေချိုးပေးခြင်းကို သာယာခြင်း၊ ၂။ မာတုဂါမနှင့် အတူတကွ ပြင်းစွာ ရယ်ခြင်း ကိုယ်လက်ထိပါး ကစားခြင်း၊ ယုယုယယ ပြောဆိုခြင်းကို သာယာခြင်း၊ ၃။ မျက်နှာချင်းဆိုင်လျက် တစိမ့်စိမ့် ကြည့်ခြင်းကို သာယာခြင်း၊ ၄။ နံရံတစ်ဖက် တံတိုင်းတစ်ဖက် စသည်မှ သီချင်းဆိုခြင်း ရယ်မောခြင်း စသည်ပြုနေသော မာတုဂါမ၏ အသံကို သာယာခြင်း၊ ၅။ ရှေးယခင်က မာတုဂါမနှင့် အတူ ရယ်ရွှင် ပြောဆို ကစားဖူးသည်ကို အောက်မေ့သတိရလျက် သာယာခြင်း၊

http://www.dhammadownload.com

၆။ ကာမဂုဏ် ငါးပါးတို့ဖြင့် တင့်တယ် စံပယ်လျက် မြူးတူး ပျော်ပါးနေသော သူကြွယ်ကို လည်းကောင်း, သူကြွယ်၏သားကို လည်းကောင်း မြင်၍ သာယာခြင်း၊ ၇။ နတ်ပြည် ဗြဟ္မာ့ပြည်တို့ကို တောင့်တ၍ ဗြဟ္မစရိယအကျင့်ကို ကျင့်ခြင်း။ (ဝိသုဒ္ဓိ၊၁။၄၉။)

မေထုန်မှီဝဲခြင်းကြောင့် ရောက်သော အဓိကရုဏ်း ၁ ပါး ၁။ အာပတ္တာဓိကရုဏ်း။ (ဝိ၅။၉၃။) (ဝိ၅။၉၄။) (ဝိ၊မြန်၊၅။၁၃၄။) (ဝိ၊မြန်၊၅။၁၃၆။)

မေထုန်မှီဝဲခြင်းကြောင့် ရောက်သော အာပတ်တို့ ငြိမ်းကြောင်း သမထ ၃ ပါး ၁။ ရဲခါ သမ္မုခါ ဝိနယ၊ ၂။ ရဲခါ ပဋိညာတကရဏ၊ ၃။ ရဲခါ တိဏဝတ္ထာရက။ (ဝိ၅။၉၃။) (ဝိ၅။၉၄။) (ဝိ၊မြန်၊၅။ ၁၃၄။) (ဝိ၊မြန်၊၅။၁၃၆။)

မေထုန်မှီဝဲခြင်းကြောင့် ရောက်သော အာပတ် ၄ ပါး ၁။ ပါရာဇိကအာပတ်၊ ၂။ ထုလ္လစ္စည်းအာပတ်၊ ၃။ ဒုက္ကဋ်အာပတ်၊ ၄။ ပါစိတ်အာပတ်။ (ဝိ၅။၈၈။) (ဝိ၅။၉၄။) (ဝိ၊မြန်၊၅။၁၂၈။) (ဝိ၊မြန်၊၅။ ၁၃၅–၁၃၆။)

မေထုန်မှီဝဲခြင်းကြောင့် သင့်သော ဝိပတ္တိ ၂ ပါး ၁။ ရဲခါ သီလဝိပတ္တိ၊ ၂။ ရဲခါ အာစာရ ဝိပတ္တိ။ (ဝိ၅။၉၂။) (ဝိ၅။၉၄။) (ဝိ၊မြန်၊၅။၁၃၃။) (ဝိ၊မြန်၊၅။၁၃၆။)

မေထုန်မှီဝဲခြင်း ၂ မျိုး ၁။ မိမိဇနီးမယားဌ မေထုန်မှီဝဲခြင်း၊ ၂။ သူတစ်ပါး၏ ဇနီးမယားသို့ သွား၍ မေထုန်မှီဝဲခြင်း။ (မ၊ဋီ၊၁။၃၀၁။)

မေရယ ၅ မျိုး ၁။ ပုပ္ပါသဝ၊ ၂။ ဖလာသဝ၊ ၃။ ဂုဋ္ဌာသဝ၊ ၄။ မဇ္ဇာသဝ၊ ၅။ သမ္ဘာရသံယုတ္တ။ (ခုဒ္ဒက၊ဋ္ဌ။၁၇။) (ဣတိဝု၊ဋ္ဌ။၂၂၁။) (မဟာနိ၊ဋ္ဌ။၃၁၀။)

မေ သဒ္ဒါ၏ အနက် ၃ မျိုး ၁။ ဂါထာဘိဂီတံ မေ အဘောဇနေယျံ– စသော ပါဠိရပ်တို့၌ မယာ ဟူသော အနက်၊ ၂။ သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု စသော ပါဠိရပ်တို့၌ မယှံ ဟူသော အနက်၊ ၃။ ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ စသော ပါဠိရပ်တို့၌ မမ ဟူသော အနက်။ (ခုဒ္ဒက၊ဋ္ဌ။၈၆။)

မေ့လျော့ခြင်း ၂ မျိုး ၁။ တဏှာ အရင်းခံရှိသော မေ့လျော့ခြင်း၊ ၂။ အဝိဇ္ဇာ အရင်းခံရှိသော မေ့လျော့ခြင်း။ (နေတ္တိ၊ဝိဘာ။၁၅၇။)

မေးခြင်း ၅ မျိုး ၁။ နံ့ခြင်း တွေဝေခြင်းကြောင့် အမေးပြဿနာကို မေးခြင်း၊ ၂။ ယုတ်ညံ့သော အလိုဆိုး နှိပ်စက်သည် ဖြစ်၍ မေးခြင်း၊ ၃။ နှိပ်စက်လိုသည် ဖြစ်၍ မေးခြင်း၊ ၄။ သိလိုသည် ဖြစ်၍ မေးခြင်း၊ ၅။ အမေးခံရသူသည် ကောင်းစွာ မဖြေဆိုသော် ထိုသူအား ကောင်းစွာ ဖြေဆိုအံ့ဟု နှလုံးသွင်းကာ မေးခြင်း။ (ဝိ၅။၃၂၇။) (ဝိ၊မြန်၊၅။၄၂၈။)

မေးခွန်း ၃ မျိုး ပုစ္ဆာ ၃ မျိုးနှင့် တူသည်။

မေးစိစစ်ခြင်း ပြုထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အာပတ် ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၂။ ပေါ့သောအာပတ်, လေးသောအာပတ်ကို သိခြင်း၊ ၃။ အကြွင်းရှိ/မရှိသော အာပတ်ကို သိခြင်း၊ ၄။ ရုန့်ရင်းကြမ်းတမ်းသော အာပတ် မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို

http://www.dhammadownload.com

သိခြင်း၊ ၅။ ကုစား၍ရသော အာပတ် ကုစား၍ မရသော အာပတ်ကို သိခြင်း။ (ဝိ၅။၃၃၇။) (ဝိ၊မြန်၊၅။၄၄၀။)

မေးစိစစ်ခြင်း မပြုထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အာပတ် ဟုတ်သည် မဟုတ်သည်ကို မသိခြင်း၊ ၂။ ပေါ့သောအာပတ် လေးသောအာပတ်ကို မသိခြင်း၊ ၃။ အကြွင်းရှိ၊ မရှိသော အာပတ်ကို မသိခြင်း၊ ၄။ ရုန့်ရင်းကြမ်းတမ်း၊ မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မသိခြင်း၊ ၅။ ကုစား၍ရ၊ မရသော အာပတ်ကို မသိခြင်း။ (ဝိ၅။၃၃၇။) (ဝိ၊မြန်၊၅။၄၄၀။)

မေးစိစစ်ခြင်း ပြုထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ သုတ်ဟု ဆိုအပ်သော ဥဘတော ဝိဘင်းကို သိခြင်း၊ ၂။ ထိုသုတ်အားလျော်သော မဟာပဒေသ လေးပါးကို သိခြင်း၊ ၃။ ဝိနည်း (ခန္ဓက ပရိဝါ) ကို သိခြင်း၊ ၄။ ဝိနည်းအားလျော်သော မဟာပဒေသလေးပါးကို သိခြင်း၊ ၅။ အကြောင်း ဟုတ်သည် မဟုတ်သည်၌ လိမ္မာခြင်း။ (ဝိ၅။၃၃၃) (ဝိ၊မြန်၊၅။၄၃၆။)

မေးစိစစ်ခြင်း ပြုထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ တရား (သုတ်,အဘိဓမ္မာ) ကို သိခြင်း၊ ၂။ တရားအားလျော်စွာသော သုတ္တန် မဟာပဒေသလေးပါးကို သိခြင်း၊ ၃။ ဝိနည်း (ခန္ဓက ပရိဝါ) ကို သိခြင်း၊ ၄။ ဝိနည်းအားလျော်သော မဟာပဒေသလေးပါးကို သိခြင်း၊ ၅။ နောက်စကား၌ လိမ္မာခြင်း။ (ဝိ၅။၃၃၄။) (ဝိ၊မြန်၊၅။၄၃၆။)

မေးစိစစ်ခြင်း ပြုထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဝတ္ထုကို သိခြင်း၊ ၂။ နိဒါန်းကို သိခြင်း၊ ၃။ ပညတ်ချက်ကို သိခြင်း၊ ၄။ မျက်မှောက်ဖြစ်သော ပုဒ် (ရှေ့၌ ဆိုရမည့်ပုဒ်- နောက်၌ ဆိုရမည့်ပုဒ်) ကို သိခြင်း၊ ၅။ ရှေ့နောက် စကားမစပ်ကို သိခြင်း။ (ဝိ၅။၃၃၄။) (ဝိ၊မြန်၊၅။၄၃၆။)

မေးစိစစ်ခြင်း ပြုထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန်ကို သိခြင်း၊ ၃။ အာပတ်၏ ပယောဂကို သိခြင်း၊ ၄။ အာပတ်၏ ငြိမ်းအေးမှုကို သိခြင်း၊ ၅။ အာပတ်ကို ဆုံးဖြတ်ခြင်း၌ လိမ္မာခြင်း။ (ဝိ၅။၃၃၄။) (ဝိ၊မြန်၊၅။၄၃၇။)

မေးစိစစ်ခြင်း ပြုထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အဓိကရဏ်းကို သိခြင်း၊ ၂။ အဓိကရဏ်းဖြစ်ကြောင်း သမုဋ္ဌာန်ကို သိခြင်း၊ ၃။ အဓိကရဏ်း၏ ပယောဂကို သိခြင်း၊ ၄။ အဓိကရဏ်း၏ ငြိမ်းခြင်းကို သိခြင်း၊ ၅။ အဓိကရဏ်းကို ဆုံးဖြတ်ခြင်း၌ လိမ္မာခြင်း။ (ဝိ၅။၃၃၅။) (ဝိ၊မြန်၊၅။၄၃၇။)

မေးစိစစ်ခြင်း မပြုထိုက်သော ရဟန်း၏ အင်္ဂါ ၄ ပါး ၁။ ချစ်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဆန္ဒာဂတိသို့ လိုက်ခြင်း)၊ ၂။ မုန်းသဖြင့် မလားအပ်သည်သို့ လားခြင်း (ဒေါသာဂတိသို့ လိုက်ခြင်း)၊ ၃။ တွေဝေသဖြင့် မလားအပ်သည်သို့ လားခြင်း (မောဟာဂတိသို့ လိုက်ခြင်း)၊ ၄။ ကြောက်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဘယာဂတိသို့ လိုက်ခြင်း)။ (ဝိ၅။၂၂၈) (ဝိ၊မြန်၊၅။၃၁၇။)

http://www.dhammadownload.com

မေးမြန်းခြင်းဌာ ထိုက်သော ပုဂ္ဂိုလ် ၅ မျိုး ၁။ သီလနှင့် ပြည့်စုံ၍ သီလနှင့် စပ်သော အမေးပြဿနာကို ဖြေနိုင်သူ၊ ၂။ သမာဓိနှင့် ပြည့်စုံ၍ သီလနှင့် စပ်သော အမေးပြဿနာကို ဖြေနိုင်သူ၊ ၃။ ပညာနှင့် ပြည့်စုံ၍ သီလနှင့် စပ်သော အမေးပြဿနာကို ဖြေနိုင်သူ၊ ၄။ လွတ်မြောက်မှု ဝိမုတ္တိနှင့် ပြည့်စုံ၍ ဝိမုတ္တိနှင့် စပ်သော အမေးပြဿနာကို ဖြေနိုင်သူ၊ ၅။ ပစ္စဝေက္ခဏာဉာဏ်အမြင်နှင့် ပြည့်စုံ၍ ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်သော အမေးပြဿနာကို ဖြေနိုင်သူ။ (အံ၊၂။၁၆၈။) (အံ၊မြန်၊၂။၂၁၃။)

မောနေယျ ၃ ပါး ၁။ ကာယမောနေယျ– ကာယဒုစရိုက် သုံးပါးကို ပယ်၍ ကာယသုစရိုက် သုံးပါးကို ကျင့်ခြင်း၊ တစ်နည်း ကိုယ်ဖြင့် ရဟန်းအဖြစ်ကို ပြုတတ်သော အကျင့်ကို ကျင့်ခြင်း၊ ၂။ ဝစီမောနေယျ– ဝစီဒုစရိုက် လေးပါးကို ပယ်၍ ဝစီသုစရိုက် လေးပါးကို ကျင့်ခြင်း၊ တစ်နည်း နှုတ်ဖြင့် ရဟန်းအဖြစ်ကို ပြုတတ်သော အကျင့်ကို ကျင့်ခြင်း၊ ၃။ မနောမောနေယျ– မနောဒုစရိုက် သုံးပါးကို ပယ်၍ မနောသုစရိုက် သုံးပါးကို ကျင့်ခြင်း။ တစ်နည်း စိတ်ဖြင့် ရဟန်းအဖြစ်ကို ပြုတတ်သော အကျင့်ကို ကျင့်ခြင်း။ (ဒီ၊၃။၁၈၄။) (ဒီ၊မြန်၊၃။၂၀၄။) (ခုဒ္ဒက။၂၃၄။) (မဟာနိ။၁၀၀။) (မဟာနိ။၂၆၀။) (မဟာနိ။၄၄။) (စူဠနိ။၇၃။) (ဣတိဝုတ်၊၌။၂၀၄။) (ခုဒ္ဒက၊မြန်။၂၁၈။)

မောနေယျ ၃ မျိုး (တစ်နည်း) ပညာရှိသူအဖြစ် ၃ မျိုးနှင့် တူသည်။

မောဟဓာတ်ကို ပယ်ကြောင်းတရား ၅ ပါး ၁။ ဆရာကို မှီ၍ နေခြင်း၊ ၂။ ပရိယတ္တိဓမ္မကို သင်ခြင်း, ပို့ချခြင်း၊ ၃။ သင်အပ်, ပို့ချအပ်ပြီးသော ပရိယတ္တိဓမ္မ၏ အနက်ကို မေးခြင်း၊ ၄။ သင့်တင့်လျောက်ပတ်သော အခါ၌ တရားစကားကို နာခြင်း၊ ၅။ အကြောင်းအရာ ဟုတ်သည်, မဟုတ်သည်ကို ဆုံးဖြတ်ခြင်း။ (မ၊၌၊၁။၃၉၂။)

မောဟနသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ မောဟကံကို တင်ထားခြင်း၊ ၂။ သုံးကြိမ်တိုင်အောင် ပါတိမောက်ကို အကျယ်အားဖြင့် ကြားနာပြီးခြင်း၊ ၃။ တွေဝေလိုသူအား တွေဝေစေခြင်း။ (ဝိမတိ၊၂။၅၁။)

မောဟနသိက္ခာပုဒ်၌ အင်္ဂါ ၄ ပါး ၁။ မောဟနကံကို တင်ထားခြင်း၊ ၂။ တွေဝေစေခြင်းဌာ အလိုရှိသူဖြစ်ခြင်း၊ ၃။ နှစ်ကြိမ် သုံးကြိမ်အထက် ပါတိမောက်ကို အကျယ်အားဖြင့် ကြားနာပြီးသူ ဖြစ်ခြင်း၊ ၄။ တွေဝေစေခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၃။)

မောဟမူစိတ် ၂ ပါး ၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် စိတ်၊ ၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် စိတ်။ (ဝိသုဒ္ဓိ၊၂။၈၄။)

မောဟ ဆိုးကျိုး ၂ ပါး ၁။ မိစ္ဆာဒိဋ္ဌိ– မှားသောအယူ၊ ၂။ မိစ္ဆာသတိ– မှားယွင်းသော သတိ။ (ပေဋကော။၁၈၂။)

မိုး ၄ မျိုး ၁။ ချုန်းသာ ချုန်း၍ မရွာသော မိုး၊ ၂။ ရွာသာ ရွာ၍ မချုန်းသော မိုး၊ ၃။ ချုန်းလည်း မချုန်း ရွာလည်း မရွာသော မိုး၊ ၄။ ချုန်းလည်း ချုန်း ရွာလည်း ရွာသော မိုး။ (အံ၊၁။၄၁၆–၄၁၇။) (အဘိ၊ပု။၁၄၈။) (အံ၊မြန်၊၁။၄၂၉။) (အဘိ၊ပု၊မြန်။၅၂။)

http://www.dhammadownload.com

မိုး ၉ မျိုး ၁။ ရေမိုး ရွာခြင်း၊ ၂။ မြတ်လေးပန်းမိုး ရွာခြင်း၊ ၃။ ပဲမိုး ရွာခြင်း၊ ၄။ အသပြာငွေမိုး ရွာခြင်း၊ ၅။ အဝတ်တန်ဆာမိုး ရွာခြင်း၊ ၆။ လက်နက်မိုး ရွာခြင်း၊ ၇။ မီးကျီးမီးခဲမိုး ရွာခြင်း၊ ၈။ ကျောက်ခဲမိုး ရွာခြင်း၊ ၉။ သဲမိုး ရွာခြင်း။ (မ၊ဋီ၊၃။၃၂။)

မိုးကြိုး ၉ မျိုး ၁။ သညာကင်းအောင် သတိမေ့အောင် ပြုစွမ်းနိုင်သော (အသညာ) မိုးကြိုး၊ ၂။ ဝိစက္ကို မည်သော မိုးကြိုး (မိုးကြိုးစက်)၊ ၃။ လျှပ်စစ်မိုးကြိုး (သတေရမည်သော မိုးကြိုး)၊ ၄။ ဂဂ္ဂရမိုးကြိုး, ဂက်ဂက်မြည်သော မိုးကြိုး၊ ၅။ မျောက်ဦးခေါင်းသဏ္ဌာန်ရှိသော မိုးကြိုး (ကပိသီသမိုးကြိုး)၊ ၆။ ရေ၌ ချောက်ချားသော ငါးနှင့် တူသော မိုးကြိုး (မစ္ဆဝိလောလိကာ မိုးကြိုး)၊ ၇။ အတောင်ဖြန့်သော ကြက်နှင့် တူသော မိုးကြိုး (ကုက္ကုဋ္ဌကမိုးကြိုး)၊ ၈။ ထွန်တုံးနှင့် တူသော (ဒဏ္ဍမဏ္ဍိက) မိုးကြိုး၊ ၉။ သုက္ခာသနိ မည်သော မိုးကြိုး (ခြောက်ကပ်ကပ်ခြိန်းသော မိုးကြိုး) ။ (ဒီ၊ဋ္ဌ၊၂။၁၆၀။) (ဒီ၊ဋ္ဌ၊မြန်၊၂။၃၀၁။)

မိုးကြိုးပစ်သော်လည်း မထိတ်လန့်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာ၊ ၂။ ဆင်အာဇာနည်။ (အံ၊၁။၇၆။) (အံ၊မြန်၊၁။၉၁။)

မိုးကြိုးပစ်သော်လည်း မထိတ်လန့်သော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာ၊ ၂။ မြင်းအာဇာနည်။ (အံ၊၁။၇၆။) (အံ၊မြန်၊၁။၉၁။)

မိုးကြိုးပစ်သော်လည်း မထိတ်လန့်သော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာ၊ ၂။ သားများသနင်း ခြင်္သေ့မင်း။ (အံ၊၁။၇၇။) (အံ၊မြန်၊၁။၉၁။) (ထေရ၊ဋ္ဌ၊၁။၆။)

မိုးနှင့် တူသော ပုဂ္ဂိုလ် ၃ မျိုး ၁။ အဝုဋ္ဌကသမပုဂ္ဂိုလ်– ထစ်ချုန်းရုံသာ ထစ်ချုန်း၍ မရွာသော မိုးနှင့် တူသော ပုဂ္ဂိုလ်၊ ၂။ ပဒေသဝဿီပုဂ္ဂိုလ်– ကွက်ကြားရွာသော မိုးနှင့် တူသော ပုဂ္ဂိုလ်၊ ၃။ သဗ္ဗတ္ထာဘိဝဿီပုဂ္ဂိုလ်– အလုံးစုံသော အရပ်ဒေသတို့၌ ထစ်ချုန်းလျက် ရွာသွန်းသော မိုးနှင့် တူသော ပုဂ္ဂိုလ်။ (ခု၌က။၂၃၉။) (ခု၌က၊မြန်။၂၂၄။)

မိုးနှင့် တူသော ပုဂ္ဂိုလ် ၄ မျိုး ၁။ ပြောရုံသာ ပြော၍ ပြောသည့်အတိုင်း မလုပ်သော ပုဂ္ဂိုလ်၊ ၂။ အလုပ်ကိုသာ လုပ်၍ မပြောသည့် ပုဂ္ဂိုလ်၊ ၃။ ပြောလည်း ပြော၍ ပြောသည့်အတိုင်း လုပ်သော ပုဂ္ဂိုလ်၊ ၄။ မပြောလည်း မပြော လုပ်လည်း မလုပ်သော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၄၉။) (အဘိ၊ပု၊မြန်။၅၂။)

မိုးရေခဲသင်္ကန်းကို ဝတ်ခြင်းကြောင့် အာပတ်သင့်ကြောင်း ၄ မျိုး ၁။ မိုးရေခဲသင်္ကန်းနှင့် တကွ ဖြစ်ခြင်း၊ ၂။ ဘေးရန် မရှိခြင်း၊ ၃။ မိုးရေခဲသင်္ကန်းသည် မိမိကိုယ်ပိုင်ဥစ္စာ ဖြစ်ခြင်း၊ ၄။ သတ်မှတ်ထားသော အခါမဟုတ်သည်၌ ဝတ်ရုံခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၄၀။) (ဝိမတိ၊၁။၃၅၇။)

မိုးရေခဲသင်္ကန်း ထားခဲ့နိုင်ကြောင်း ၅ ပါး ၁။ မကျန်းမမာ ဖျားနာနေခြင်း၊ ၂။ သိမ်အပသို့ သွားရောက်လိုခြင်း၊ ၃။ မြစ်တစ်ဖက်ကမ်းသို့ သွားရောက်လိုခြင်း၊ ၄။ လုံခြုံသော တံခါးရွက် ရှိသော ကျောင်းဖြစ်ခြင်း၊ ၅။ မိုးရေခဲသင်္ကန်းကို မချုပ်ရသေးခြင်း, ချုပ်၍ မပြီးဆုံးသေးခြင်း။ (ဝိ၊၃။၄၁၃။) (ဝိ၊မြန်၊၃။၄၁၇။)

http://www.dhammadownload.com

မိုးရေခဲသင်္ကန်း ခေတ် ၄ မျိုး ၁။ သင်္ကန်း ရှာမှီးရာခေတ်၊ ၂။ ချုပ်ဆိုးမှု စသည် ပြုရာခေတ်၊ ၃။ ဝတ်ရာခေတ်၊ ၄။ အဓိဋ္ဌာန်တင်ရာခေတ်။ (ဝိ၊၆၊၂။၂၉၈။)

မိုးရေခဲသင်္ကန်း သမယ ၂ မျိုး ၁။ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်မှ နယုန်လပြည့်နေ့ အထိ (၇) လအတွင်းသည် ပိဋ္ဌသမယ မည်၏၊ ၂။ နယုန်လပြည့်ကျော် တစ်ရက်မှ တန်ဆောင်မုန်း လပြည့်နေ့ အထိ (၅) လ အတွင်းသည် ကုစ္ဆိသမယ မည်၏။ (ဝိ၊၆၊၂။၂၉၈။)

မိုးရွာကြောင်း ၈ မျိုး ၁။ နဂါးတို့၏ တန်ခိုးအာနုဘော်ကြောင့် ရွာခြင်း၊ ၂။ ဂဠုန်တို့၏ တန်ခိုး အာနုဘော်ကြောင့် ရွာခြင်း၊ ၃။ ဝေဿဝလာဟကနတ်တို့၏ အာနုဘော်ကြောင့် ရွာခြင်း၊ ၄။ သစ္စာဓိဋ္ဌာန်ပြုခြင်းကြောင့် ရွာခြင်း၊ ၅။ ရာသီဥတုဖြစ်ပေါ်မှုကြောင့် ရွာခြင်း၊ ၆။ မာရ်နတ် လှည့်စားခြင်းကြောင့် ရွာခြင်း၊ ၇။ တန်ခိုးရှင်တို့၏ တန်ခိုးပြမှု စွမ်းအားကြောင့် ရွာခြင်း၊ ၈။ ဖျက်ဆီးကြောင်းဖြစ်သော မိုးတိမ်ကြောင့် ရွာခြင်း။ (သံ၊၆၊၂။၃၂၂။)

မိုးနှင့်ယောဂီ တူပုံ ၅ မျိုး ၁။ မိုးသည် ဖြစ်ပေါ်လာသော မြူအညစ်အကြေးကို ငြိမ်းစေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ပေါ်လာသော ကိလေသာမြူအညစ်အကြေး ငြိမ်းစေခြင်း)၊ ၂။ မိုးသည် မြေ၌ အပူကို ငြိမ်းစေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မေတ္တာဘာဝနာဖြင့် နတ်နှင့် တကွသော လူအပေါင်းကို ငြိမ်းစေခြင်း) ၃။ မိုးသည် အလုံးစုံသော မျိုးစေ့တို့ကို ပေါက်ရောက်စေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သဒ္ဓါတရားတည်းဟူသော မျိုးစေ့ကို ဖြစ်စေ၍ လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာဟူသော စည်းစိမ်ချမ်းသာတို့၌ စိုက်ပျိုးရခြင်း)၊ ၄။ မိုးသည် ဥတုအားဖြင့် ဖြစ်ပွား၍ မြေအပြင်၌ ပေါက်ရောက်ကုန်သော မြက်သစ်ပင် ချုံနွယ် ဆေးပင် တော..သစ်ပင်တို့ကို စောင့်ရှောက်ခြင်း (ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည် အသင့်အားဖြင့် နှလုံးသွင်းခြင်း ယောနိသောမနသိကာရဖြင့် ရဟန်းတရားတို့ကို စောင့်ရှောက်ရခြင်း)၊ ၅။ မိုးသည် ရွာသည်ရှိသော် မြစ် တစ်ဖက်ဆည်ကန် ရေအိုင် စသည် တို့ကို ရေအယဉ်ဖြင့် ပြည့်စေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ပါဠိသင်ခြင်း၊ အဋ္ဌကထာ သင်ခြင်းစသော တရားတည်းဟူသော မိုးကို အလွန် ရွာသွန်းစေ၍ မင်္ဂဖိုလ်ကို အလိုရှိ ကုန်သော သူတို့၏ စိတ်ကို ထက်ဝန်းကျင် ပြည့်စေခြင်း) ။ (မိလိန္ဒ။၃၉၆။) (မိလိန္ဒ၊မြန်။၄၁၈။)

မိုး အန္တရာယ် ၅ မျိုး (နိမိတ်ဖတ်သူတို့ မသိမြင်နိုင်သော မိုး၏ အန္တရာယ် ၅ မျိုး) ၁။ အထက် ကောင်းကင်၌ တေဇောဓာတ် ဖောက်ပြန်ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသော မိုးတို့သည် တစ်ဖန် ပျောက်ကင်းကုန်ခြင်း မိုးမရွာခြင်း၊ ၂။ အထက်ကောင်းကင်၌ ဝါယောဓာတ် ဖောက်ပြန် ပျက်စီးခြင်းကြောင့် ဖြစ်ပေါ်လာသော မိုးတို့သည် တစ်ဖန် ပျောက်ကင်းကုန်ခြင်း မိုးမရွာခြင်း၊ ၃။ ရာဟုအသုရိန်သည် လက်ဖြင့် မိုးရေကို ခံပြီး သမုဒ္ဒရာ၌ စွန့်ပစ်၍ မိုးမရွာခြင်း၊ ၄။ မိုးတိမ် "ဝဿဝလာဟက" နတ်တို့သည် မေ့လျော့ကုန်၍ မိုးမရွာခြင်း၊ ၅။ လူတို့ တရားမစောင့် ကုန်၍ မိုးမရွာခြင်း။ (အံ၊၂။၂၁၂။) (အံ၊၂။၂၁၂။) (အံ၊မြန်၊၂။၂၆၆–၂၆၇။) (အံ၊မြန်၊၂။၂၆၆။)

မံသစက္ခု ၂ မျိုး ၁။ သသမ္ဘာရစက္ခု– စက္ခုပသာဒရုပ်နှင့် တကွဖြစ်သော မျက်တွင်း မျက်လွှာ တို့ဖြင့် ခြံရုံအပ်သော အဆောက်အဦနှင့် တကွသော အသားစိုင် မျက်စိ၊ ၂။ ပသာဒစက္ခု– မဟာဘုတ်လေးပါးတို့ကို စွဲမြဲစွာယူ၍ ဖြစ်သော ပသာဒ အကြည်ဓာတ်မျက်စိ။ (သံ၊၆၊၃။၂။) (အဘိ၊၆၊၁။၃၄၄။) (ပဋိသံ၊၆၊၁။၇၃။) (ဣတိဝု၊၆၊၈၅။) (မဟာနိ၊၆၊၁၃၅။) (သာရတ္ထ၊ဋီ၊၃။၂၀၉။)

http://www.dhammadownload.com

မဂ်ကိစ္စ ၁၆ ချက် ၁။ ဒုက္ခသစ္စာ၌ ပိုင်းခြားခြင်း, ပယ်ခြင်း, မျက်မှောက်ပြုခြင်း ပွားများခြင်း ကိစ္စ လေးပါး၊ ၂။ သမုဒယသစ္စာ၌လည်း ထို့အတူ လေးပါး၊ ၃။ နိရောဓသစ္စာ၌လည်း ထို့အတူ လေးပါး၊ ၄။ မဂ္ဂသစ္စာ၌လည်း ထို့အတူ လေးပါး ပေါင်း (၁၆) ပါး။ (ဝိ၊၌၊၁၃၇။)

မဂ္ဂဘာဝနာ ၃၇ ပါး ၁။ သတိပဋ္ဌာန် လေးပါး၊ ၂။ သမ္မပ္ပဓာန် လေးပါး၊ ၃။ ဣဒ္ဓိပါဒ် လေးပါး၊ ၄။ ဣန္ဒြေ ငါးပါး၊ ၅။ ဗိုလ် ငါးပါး၊ ၆။ ဗောဇ္ဈင် ခုနစ်ပါး၊ ၇။ မဂ္ဂင် ရှစ်ပါး၊ ပေါင်း ၃၇ ပါး။ (ဝိ၊၁၊၁၁၉။) (ဝိ၊မြန်၊၁၊၁၂၂။)

မဂ္ဂသစ္စာ၌ ဉာဏ် ၃ ပါး ၁။ သစ္စဉာဏ်–ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာကို ထိုးထွင်း၍ သိခြင်း၊ ၂။ ကိစ္စဉာဏ်–ဆင်းရဲချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာကို ပွားများအပ်၏ဟု သိခြင်း၊ ၃။ ကတဉာဏ်–မဂ္ဂသစ္စာကို ပွားများပြီးပြီဟု သိခြင်း။ (ဝိ၊၃။၁၅။) (ဝိ၊မြန်၊၃။၁၇–၁၈။)

မဂ္ဂသစ္စာ၌ မဂ္ဂင် ၈ ပါး ၁။ သမ္မာဒိဋ္ဌိ– မှန်ကန်စွာ သိမြင်ခြင်း၊ ၂။ သမ္မာသင်္ကပ္ပ– မှန်ကန်စွာ ကြံစည်ခြင်း၊ ၃။ သမ္မာဝါစာ– မှန်ကန်စွာ ပြောဆိုခြင်း၊ ၄။ သမ္မာကမ္မန္တ– မှန်ကန်စွာ ပြုလုပ်ခြင်း၊ ၅။ သမ္မာအာဇီဝ– မှန်ကန်စွာ အသက်မွေးမြူခြင်း၊ ၆။ သမ္မာဝါယာမ– မှန်ကန်စွာ အားထုတ်ခြင်း၊ ၇။ သမ္မာသတိ– မှန်ကန်စွာ အောက်မေ့ခြင်း၊ ၈။ သမ္မာသမာဓိ– မှန်ကန်စွာ တည်ကြည်ခြင်း။ (ဝိ၊၃။၁၅။) (ဝိ၊မြန်၊၃။၁၆။)

မဂ္ဂင် ၃ ပါး (ဝိပဿနာ၏ ရှေ့အဖို့၌ စင်ကြယ်သော မဂ္ဂင် ၃ ပါး) ၁။ မှန်ကန်စွာ ပြောဆိုခြင်း– သမ္မာဝါစာမဂ္ဂင်၊ ၂။ မှန်ကန်စွာ ပြုလုပ်ခြင်း– သမ္မာကမ္မန္တမဂ္ဂင်၊ ၃။ မှန်ကန်စွာ အသက်မွေးမြူခြင်း– သမ္မာအာဇီဝမဂ္ဂင်။ (မ၊၌၊၄၊၂၄၈။)

မဂ္ဂင် ၅ ပါး (မဂ်၏ အဆောက်အဦကိစ္စကို ပြုစေတတ်သော မဂ္ဂင် ၅ ပါး) ၁။ မှန်ကန်စွာ သိမြင်ခြင်း– သမ္မာဒိဋ္ဌိမဂ္ဂင်၊ ၂။ မှန်ကန်စွာ ကြံစည်ခြင်း– သမ္မာသင်္ကပ္ပမဂ္ဂင်၊ ၃။ မှန်ကန်စွာ အားထုတ်ခြင်း– သမ္မာဝါယာမမဂ္ဂင်၊ ၄။ မှန်ကန်စွာ အောက်မေ့ခြင်း– သမ္မာသတိမဂ္ဂင်၊ ၅။ မှန်ကန်စွာ တည်ကြည်ခြင်း– သမ္မာသမာဓိမဂ္ဂင်။ (မ၊၌၊၄၊၂၄၈။)

မဂ္ဂင် ၈ ပါး ၁။ မှန်ကန်သော အမြင်– သမ္မာဒိဋ္ဌိ၊ ၂။ မှန်ကန်သော အကြံ– သမ္မာသင်္ကပ္ပ၊ ၃။ မှန်ကန်သော စကား– သမ္မာဝါစာ၊ ၄။ မှန်ကန်သော အလုပ်– သမ္မာကမ္မန္တ၊ ၅။ မှန်ကန်သော အသက်မွေးမှု– သမ္မာအာဇီဝ၊ ၆။ မှန်ကန်သော အားထုတ်မှု– သမ္မာဝါယာမ၊ ၇။ မှန်ကန်သော အောက်မေ့မှု– သမ္မာသတိ၊ ၈။ မှန်ကန်သော တည်ကြည်မှု– သမ္မာသမာဓိ။ (ဒီ၊၁။၁၄၉။) (ဒီ၊၁။၁၅၆။) (ဒီ၊၂။၂၀၁။) (မ၊၁။၁၉။) (သံ၊၂။၅၀။) (သံ၊၃။၅၀။) (အဘိ၊၀။၁၁၀။) (အဘိ၊၀။ ၂၄၄–၂၄၅။) (အဘိ၊၀။၂၅၀။) (ပဋိသံ၊၃၃၀။) (မဟာနိ။၂၂၆။) (မဟာနိ။၂၂၈။) (ဒီ၊မြန်၊၁။၁၇၇။) (ဒီ၊မြန်၊၁။ ၁၇၇။) (ဒီ၊မြန်၊၂။၂၂၆။) (မ၊မြန်၊၁။၂၀။) (သံ၊မြန်၊၂။၄၈။) (သံ၊မြန်၊၃။၁၁။) (အဘိ၊၀၊မြန်၊ ၁။၃၈၀။) (အဘိ၊၀၊မြန်၊၁။၃၈၀။) (အဘိ၊၀၊မြန်၊၁။၃၈၀။) (ပဋိသံ၊မြန်။၃၉၁။)

မဂ်တရား ရစေနိုင်ကြောင်း တရားနှာပုံ ၅ မျိုး ၁။ တရားစကားကို မကဲ့ရဲ့ခြင်း၊ ၂။ တရားဟော ပုဂ္ဂိုလ်ကို မကဲ့ရဲ့ခြင်း၊ ၃။ မိမိကိုယ်ကို မကဲ့ရဲ့ခြင်း၊ ၄။ ပျံ့လွင့်သော စိတ်မရှိဘဲ တည်ကြည်သော စိတ်ရှိ၍ တရားနာခြင်း၊ ၅။ သင့်လျော်သော အကြောင်းအားဖြင့် နှလုံး သွင်းခြင်း။ (၀ဇိ၊၄။)

http://www.dhammadownload.com

မဂ်ပေါက် ၃ မျိုး ၁။ ဝစ္ဆမဂ် (ကျင်ကြီးစွန့်ရာအပေါက်)၊ ၂။ ပဿာဝမဂ် (ကျင်ငယ်စွန့်ရာ အပေါက်)၊ ၃။ မုခမဂ် (စားသောက်ရာ ပါးစပ်ပေါက်) (ဝိ၊၁။၃၅။) (ဝိ၊မြန်၊၁။၃၈။)

မဂ်ပေါက် ၃၀ ၁။ လူမိန်းမ, နတ်မိန်းမ, တိရစ္ဆာန်အမတို့၌ ဝစ္ဆမဂ်, ပဿာဝမဂ်, မုခမဂ် သုံးခုစီ အားဖြင့် ကိုးပေါက်။၊ ၂။ လူဥဘတောဗျည်း, နတ်ဥဘတောဗျည်း တိရစ္ဆာန်ဥဘတောဗျည်း တို့၌လည်း ရှေ့နည်းတူ သုံးခုစီအားဖြင့် ကိုးပေါက်၊ ၃။ လူပဏ္ဍုက်, နတ်ပဏ္ဍုက်, တိရစ္ဆာန် ပဏ္ဍုက်တို့၌ ဝစ္ဆမဂ် မုခမဂ် နှစ်ခုစီ အားဖြင့် ခြောက်ပေါက်၊ ၄။ လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန် အထီးတို့၌ ဝစ္ဆမဂ်, မုခမဂ် နှစ်ခုစီအားဖြင့် ခြောက်ပေါက်= စုစုပေါင်း မဂ်ပေါက် သုံးဆယ် ဖြစ်၏။ (ဝိ၊၄။၁။၂၂၅။)

မဂ်ဖိုလ်နှင့် ဖိလာဖြစ်သော စကား ၂၈ မျိုး ၁။ ရာဇကထာ– မင်းနှင့် စပ်သော စကား၊ ၂။ စောရကထာ– ခိုးသူနှင့် စပ်သော စကား၊ ၃။ မဟာမတ္တကထာ– အမတ်ကြီးများနှင့် စပ်သော စကား၊ ၄။ သေနာကထာ– စစ်တပ်နှင့် စပ်သော စကား၊ ၅။ ဘယကထာ–ကြောက်မက်ဖွယ် ဘေးနှင့် စပ်သော စကား၊ ၆။ ယုဒ္ဓကထာ– စစ်တိုက်ခြင်းနှင့် စပ်သော စကား၊ ၇။ အန္နကထာ– အစားအစာနှင့် စပ်သော စကား၊ ၈။ ပါနကထာ– အဖျော်, ယမကာ, စသော သောက်ဖွယ်ရာနှင့် စပ်သော စကား၊ ၉။ ဝတ္ထကထာ– အဝတ်အထည်နှင့် စပ်သော စကား၊ ၁၀။ သယနကထာ– နေရာနှင့် စပ်သော စကား၊ ၁၁။ မာလာကထာ– ပန်းနှင့် စပ်သော စကား၊ ၁၂။ ဂန္ဓကထာ– အမွှေးနံ့သာနှင့် စပ်သော စကား၊ ၁၃။ ဉာတိကထာ– ဆွေမျိုးနှင့် စပ်သော စကား၊ ၁၄။ ယာနကထာ– ယာဉ်နှင့် စပ်သော စကား၊ ၁၅။ ဂါမကထာ– ရွာနှင့် စပ်သော စကား၊ ၁၆။ နိဂမကထာ– နိဂုံးနှင့် စပ်သော စကား၊ ၁၇။ နဂရကထာ– မြို့နှင့် စပ်သော စကား၊ ၁၈။ ဇနပဒကထာ– ဇနပုဒ် (မြို့နယ်) နှင့် စပ်သော စကား၊ ၁၉။ ဣတ္ထိကထာ– မိန်းမနှင့် စပ်သော စကား၊ ၂၀။ ပုရိသကထာ– ယောကျ်ားနှင့် စပ်သော စကား၊ ၂၁။ သူရကထာ– သူရဲကောင်းနှင့် စပ်သော စကား၊ ၂၂။ ဝိသိခါကထာ– ခရီးဆုံနှင့် စပ်သော စကား၊ ၂၃။ ကုမ္ဘဋ္ဌာနကထာ– ရေဆိပ်နှင့် စပ်သော စကား၊ ၂၄။ ပုဗ္ဗပေတကထာ– သေလွန်သူနှင့် စပ်သော စကား၊ ၂၅။ နာနတ္တကထာ–အထွေထွေနှင့် စပ်သော စကား၊ ၂၆။ လောကက္ခာယိက ကထာ– လောကအကြောင်းနှင့် စပ်သော စကား၊ ၂၇။ သမုဒ္ဒက္ခာယိကကထာ– သမုဒ္ဒရာ အကြောင်းနှင့် စပ်သော စကား၊ ၂၈။ ဣတိဘဝါဘဝကထာ– ကြီးပွားခြင်း ဆုတ်ယုတ်ခြင်းနှင့် စပ်သော စကား။ (ဝိ၊၂။၂၁၄။) (ဝိ၊မြန်၊၂။၂၃၉။)

မဂ်ဖိုလ်ရကြောင်း တရား ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါတရားရှိသူ ဖြစ်ခြင်း၊ ၂။ ထက်သန်သော ဝီရိယရှိသူ ဖြစ်ခြင်း၊ ၃။ ထင်သော သတိ ရှိသူ ဖြစ်ခြင်း၊ ၄။ တည်ကြည်သော သမာဓိရှိသူ ဖြစ်ခြင်း၊ ၅။ ပညာရှိသူ ဖြစ်ခြင်း။ (အံ၊၃။၅၃၁။) (အံ၊၃။၅၃၄။) (အံ၊မြန်၊၃။၅၁၈၊၅၂၂။) (အံ၊မြန်၊၃။ ၅၁၈၊၅၂၂။)

မဂ်ဖိုလ်ရကြောင်း တရား ၆ ပါး ၁။ ယုံကြည်မှု သဒ္ဓါတရားရှိသူ ဖြစ်ခြင်း၊ ၂။ သီလရှိသူ ဖြစ်ခြင်း၊ ၃။ ထက်သန်သော လုံ့လရှိသူ ဖြစ်ခြင်း၊ ၄။ ထင်သော သတိရှိသူ ဖြစ်ခြင်း၊ ၅။ တည်ကြည်သော သမာဓိရှိသူ ဖြစ်ခြင်း၊ ၆။ ပညာရှိသူ ဖြစ်ခြင်း။ (အံ၊၃။၅၃၆။) (အံ၊မြန်၊၃။ ၅၂၄။)

http://www.dhammadownload.com

မဂ်မရကြောင်း တရား ၆ ပါး ၁။ ပဉ္စာနန္တရိယကံနှင့် ပြည့်စုံခြင်း၊ ၂။ နိယတမိစ္ဆာဒိဋ္ဌိကိလေသာနှင့် ပြည့်စုံခြင်း၊ ၃။ ဒွိဟိတ် အဟိတ် ပဋိသန္ဓေဝိပါက်နှင့် ပြည့်စုံခြင်း၊ ၄။ ယုံကြည်မှု သဒ္ဓါ မရှိခြင်း၊ ၅။ ပြုလိုမှု ဆန္ဒ မရှိခြင်း၊ ၆။ ပညာ ကင်းမဲ့ခြင်း။ (အံ၊၂။၃၈၀။) (အံ၊မြန်၊၂။၄၇၉။)

မဂ်မရကြောင်း တရား ၆ ပါး (တစ်နည်း) (ဝေရောပိတသုတ်) ၁။ အမိရင်းကို သတ်ခြင်း၊ ၂။ အဖရင်းကို သတ်ခြင်း၊ ၃။ ရဟန္တာကို သတ်ခြင်း၊ ၄။ မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးကို ဖြစ်စေခြင်း၊ ၅။ သံဃာကို သင်းခွဲခြင်း၊ ၆။ ပညာမဲ့လျက် မိုက်မဲ ဆွဲ့အခြင်း။ (အံ၊၂။၃၈၀။) (အံ၊မြန်၊၂။၄၇၉။)

မဂ်မရကြောင်း တရား ၆ ပါး (တစ်နည်း) (သုဿူသတိသုတ်) ၁။ တရားတော်ကို မနာယူခြင်း၊ ၂။ နားမစိုက်ခြင်း၊ ၃။ သိခြင်းဌာ စိတ်ကို မဖြစ်စေခြင်း၊ ၄။ အကျိုးမဲ့ကို ယူခြင်း၊ ၅။ အကျိုးရှိသည်ကို စွန့်ပယ်ခြင်း၊ ၆။ (သာသနာတော်နှင့်။) မလျော်သော ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၂။ ၃၈၁။) (အံ၊မြန်၊၂။၄၈၀။)

မဂ်ရကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ ပဉ္စာနန္တရိယကံ မရှိခြင်း၊ ၂။ နိယတမိစ္ဆာဒိဋ္ဌိကိလေသာ မရှိခြင်း၊ ၃။ ဒွိဟိတ် အဟိတ်ပဋိသန္ဓေ ဝိပါက် မရှိခြင်း၊ ၄။ ယုံကြည်မှု သဒ္ဓါ ရှိခြင်း၊ ၅။ ပြုလိုမှု ဆန္ဒ ရှိခြင်း၊ ၆။ ပညာ ရှိခြင်း။ (အံ၊၂။၃၈၀။) (အံ၊မြန်၊၂။၄၇၉။)

မဂ်ရကြောင်း တရား ၆ ပါး ၁။ အမိရင်းကို မသတ်ခြင်း၊၂။ အဖရင်းကို မသတ်ခြင်း၊ ၃။ ရဟန္တာကို မသတ်ခြင်း၊၄။ မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးကို မဖြစ်စေခြင်း၊ ၅။ သံဃာကို သင်းမခွဲခြင်း၊ ၆။ ပညာရှိ၍ မိုက်မဲဆွဲ့အသူ မဟုတ်ခြင်း။ (အံ၊၂။၃၈၀။) (အံ၊မြန်၊၂။၄၈၀။)

မဂ်ရကြောင်းတရား ၆ ပါး (တစ်နည်း) ၁။ တရားတော်ကို နာယူခြင်း၊ ၂။ နားစိုက်ထောင်ခြင်း၊ ၃။ သိခြင်းဌာ စိတ်ကို ဖြစ်စေခြင်း၊ ၄။ အကျိုးရှိသည်ကို ယူခြင်း၊ ၅။ အကျိုးမရှိသည်ကို စွန့်ပယ်ခြင်း၊ ၆။ လျော်သော ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၂။၃၈၁။) (အံ၊မြန်၊၂။၄၈၀။)

မဂ် မကပ်ရောက်တတ်သော အဖို့အစု ၂ မျိုး ၁။ ကိလေသကာမနှင့် ယှဉ်သော ချမ်းသာကို အဖန်ဖန် အားထုတ်ခြင်း အဖို့အစု၊ ၂။ ခန္ဓာကိုယ်၏ ပင်ပန်းကြောင်း အကျင့်ကို အဖန်ဖန် အားထုတ်ခြင်း အဖို့အစု။ (သာရတ္ထ၊ဋီ၊၃။၁၆၉။)

မဂ်အမည် ရကြောင်း ၅ ပါး ၁။ သရသ– မိမိ၏ သဘောအားဖြင့် အမည်ရခြင်း၊ ၂။ ပစ္စနီက– ဆန့်ကျင်ဘက်အားဖြင့် အမည်ရခြင်း၊ ၃။ သဂုဏ– မိမိ၏ ဂုဏ်အားဖြင့် အမည်ရခြင်း၊ ၄။ အာရမ္မဏ– အာရုံအားဖြင့် အမည်ရခြင်း၊ ၅။ အာဂမန– အာရုံအားဖြင့် အမည်ရခြင်း။ (ဝိသုဒ္ဓိ၊၂။၃၀၇။) (ပဋိသံ၊ဌ၊၂။၁၄၈။)

မဂ်၏ သုညတ စသော အမည်ရပုံ ၅ မျိုး ၁။ မိမိ မဂ်၏ ကိစ္စရသအားဖြင့် လည်းကောင်း၊ ၂။ ဆန့်ကျင်ဘက် သဘောအားဖြင့်လည်းကောင်း၊ ၃။ မိမိ၏ဂုဏ်အားဖြင့်လည်းကောင်း၊ ၄။ အာရုံအားဖြင့် လည်းကောင်း၊ ၅။ လားရာအာရုံအားဖြင့် လည်းကောင်း သုညတစသော အမည်နာမကို ရ၏။ (ဝိမတိ၊၁။၂၄၃။)

http://www.dhammadownload.com

မင်္ဂ၏ သုညတအပ္ပဏိဟိတ မည်ကြောင်း ၃ ပါး ၁။ မင်္ဂ၏ ဖြစ်ပေါ်လာကြောင်း ဝိပဿနာ၊ ၂။ မိမိဟူသော မင်္ဂ၏ ဂုဏ်၊ ၃။ နိဗ္ဗာန်အာရုံ။ (အဘိ၊၆၊၁။)(၂၆၆။)

မင်္ဂအင်္ဂါ ၅ ပါး ၁။ သမ္မာဒိဋ္ဌိ– မဖောက်မပြန်မှန်ကန်သော အယူ၊ ၂။ သမ္မာသင်္ကပ္ပ– မဖောက်မပြန်မှန်ကန်သော အကြံ၊ ၃။ သမ္မာဝါယာမ– မဖောက်မပြန် မှန်ကန်သော အားထုတ်မှု၊ ၄။ သမ္မာသတိ– မဖောက်မပြန် မှန်ကန်သော သတိ၊ ၅။ သမ္မာသမာဓိ– မဖောက်မပြန် မှန်ကန်သော စိတ်တည်ငြိမ်မှု။ (အဘိ၊၈။၃၁။) (အဘိ၊၈၊မြန်။၄၈။)

မင်္ဂလဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအစည်းအဝေး၌ ရဟန်းအရေအတွက် ကုဋေတစ်သိန်း၊ ၂။ဒုတိယအစည်းအဝေး၌ရဟန်းကုဋေတစ်ထောင်၊ ၃။တတိယ အစည်းအဝေး၌ ရဟန်း ကုဋေကိုးဆယ်။ (ဇာ၊၁၊၁။၃၇။) (အဘိ၊၆၊၁။၅၇။)

မင်္ဂလဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ သုဒေဝထေရ်၊ ၂။ ဓမ္မသေနထေရ်။ (အဘိ၊၆၊၁။၆၁။) (ဗုဒ္ဓဝံ၊၆။၁၈၂။) (ဇာ၊၆၊၁။၄၁။)

မင်္ဂလဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ သီဝလာထေရီ၊ ၂။ အသောကာထေရီ။ (အဘိ၊၆၊၁။၆၁။) (ဗုဒ္ဓဝံ၊၆။၁၈၂။)

မင်္ဂလာ ၃၈ ပါး ၁။ သူမိုက်ကို မမှီဝဲ မဆည်းကပ်ခြင်း၊ ၂။ ပညာရှိတို့ကို မှီဝဲ ဆည်းကပ်ခြင်း၊ ၃။ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ ၄။ သင့်လျော် လျောက်ပတ်သော အရပ်၌ နေခြင်း၊ ၅။ ရှေ့ဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုရှိသူ ဖြစ်ခြင်း၊ ၆။ မိမိကိုယ်စိတ်ကို ကောင်းစွာ ထားခြင်း၊ ၇။ အကြွားအမြင်များခြင်း၊၈။ အပြစ်မရှိသော အတတ်ကို တတ်ခြင်း၊ ၉။ မိမိတို့ ဆိုင်ရာ ဝိနည်းစည်းကမ်းကို ကောင်းစွာကျင့်သုံးခြင်း၊ ၁၀။ စကားကို ကောင်းစွာ ပြောဆိုခြင်း၊ ၁၁။ အမိအဖတို့ကို ပြုစုလုပ်ကျွေးခြင်း၊ ၁၂။ သားမယားကို ချီးမြှောက်ထောက်ပံ့ခြင်း၊ ၁၃။ ပျင်းရိခြင်းစသော အနှောက်အယှက်မရှိမူ၍ အလုပ်အကိုင်ကို ပြုလုပ်ခြင်း၊ ၁၄။ အလှူပေးခြင်း၊ ၁၅။ ကုသိုလ်ကမ္မပထတရားကို ကျင့်ခြင်း၊ ၁၆။ ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊ ၁၇။ အပြစ်ကင်းသောအမှုကို ပြုခြင်း၊၁၈။ မကောင်းမှုမှ စိတ်ဖြင့် ရှောင်ကြဉ်ခြင်း၊ ၁၉။ မကောင်းမှုမှ ကိုယ်နှုတ်ဖြင့် ရှောင်ခြင်း၊ ၂၀။ သေအရက်သောက်ခြင်းမှ စောင့်စည်းခြင်း၊ ၂၁။ ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်း၊ ၂၂။ ရိုသေထိုက်သူတို့အား ရိုသေခြင်း၊ ၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း၊ ၂၄။ ရောင့်ရဲလွယ်ခြင်း၊ ၂၅။ ပြုဖူးသော သူ့ကျေးဇူးကို သိခြင်း၊ ၂၆။ သင့်တင့်သော အခါ၌ တရားနာခြင်း၊ ၂၇။ သည်းခံခြင်း၊ ၂၈။ သူတော်ကောင်းတို့၏ ဆုံးမစကားကို နာလွယ်ခြင်း၊ ၂၉။ ရဟန်းတို့အား ဖူးမြင်ခြင်း၊ ၃၀။ သင့်တင့်သောအခါ၌ တရားကို ဆွေးနွေးမေးမြန်းခြင်း၊ ၃၁။ ကိလေသာတရားကို ပူပန်စေတတ်သော အကျင့်ကို ကျင့်ခြင်း၊ ၃၂။ မြတ်သော အကျင့်ကို ကျင့်ခြင်း၊ ၃၃။ အရိယ သစ္စာတို့ကို မဂ်ဖြင့် မြင်ခြင်း၊ ၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ ၃၅။ လောကဓံတရားတို့နှင့် တွေ့ထိသော ပုဂ္ဂိုလ်၏ စိတ်သည် မတုန်လှုပ်ခြင်း၊ ၃၆။ စိုးရိမ်မှု မရှိခြင်း၊ ၃၇။ ကိလေသာ မြုံကင်းခြင်း၊ ၃၈။ ဘေးရန်မရှိခြင်း။ (ခု၅က။၃၁။) (ခု၅က၊မြန်။၃၁။)

http://www.dhammadownload.com

မင်္ဂလာ ၅ မျိုး (မဃဒေဝမင်းကြီး၏ သားတော်မင်းကြီး ရသေ့ရဟန်းပြုသော နေ့၌ ဖြစ်ပေါ်သော မင်္ဂလာ ၅ မျိုး) ၁။ မဃဒေဝမင်းကြီး၏ မတကဘတ်ကို လှူခြင်းမင်္ဂလာ၊ ၂။ သားတော် မင်းကြီး၏ ရသေ့ရဟန်းပြုခြင်း မင်္ဂလာ၊ ၃။ မဃဒေဝမင်းကြီး၏ မြေးတော် မင်းသား၏ ထီးဖြူ ဆောင်းခြင်း မင်္ဂလာ၊ ၄။ ထိုတတိယမင်း၏ သားတော် အိမ်ရှေ့မင်း ခန့်ထားခြင်း မင်္ဂလာ၊ ၅။ အိမ်ရှေ့မင်းသား၏ သားတော် အမည်မှည့်ခြင်းမင်္ဂလာ။ (မ၊ဋ္ဌ၊၃။၂၁၅။)

မင်္ဂလာရုပ် ၈ မျိုး ၁။ ခရသင်း၊ ၂။ လှည်းဘီး၊ ၃။ ရေပြည့်အိုး၊ ၄။ ချွန်းဖြောင့်၊ ၅။ အသရေရှိ နွားငယ်၊ ၆။ ချွန်းကောက်၊ ၇။ တံခွန်၊ အလံ၊ ၈။ လည်ရေးသုံးဆင့်။ (ဝိမတိ၊၁။၁၆၈။)

မင်းကျင့်တရား ၁၀ ပါး ၁။ အလှူပေးခြင်း၊ ၂။ သီလဆောက်တည်ခြင်း၊ ၃။ ပေးကမ်းစွန့်ကြဲခြင်း၊ ၄။ ဖြောင့်မတ်ခြင်း၊ ၅။ သိမ်မွေ့နူးညံ့ခြင်း၊ ၆။ ဥပုသ်သီတင်းဆောက်တည်ခြင်း စသော အကျင့်ကို ကျင့်ခြင်း၊ ၇။ အမျက်မထွက်ခြင်း၊ ၈။ သူတစ်ပါးတို့အား မညှဉ်းဆဲခြင်း၊ ၉။ သည်းခံခြင်း၊ ၁၀။ တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်ခြင်း။ (ဇာတက၊၂။၉၇။) (ဇာ၊ဋ္ဌ၊၃။၂၅၈။) (ဇာ၊ဋ္ဌ၊၃။၃၀၀။) (ဇာ၊ဋ္ဌ၊၃။၃၉၁။)

မင်းချီးမြှောက်ထိုက်သော စစ်သူရဲကောင်း အင်္ဂါ ၄ ပါး ၁။ အကြောင်း ဟုတ်သည်၌ လိမ္မာခြင်း၊ ၂။ အဝေးဌာန မြားကို ကျစေနိုင်ခြင်း (မြားကို အဝေးရောက်အောင် ပစ်နိုင်ခြင်း)၊ ၃။ ပစ်မှတ်ကို မလွဲအောင် မမှားအောင် ပစ်နိုင်ခြင်း၊ ၄။ ကြီးမားသော ခန္ဓာကိုယ်ကို ဖောက်ခွဲနိုင်ခြင်း။ (အံ၊၁။ ၄၉၀။) (အံ၊မြန်၊၁။၅၀၅။)

မင်းတို့ကျင့်သုံးအပ်သော သင်္ဂဟဝတ္ထု ၄ ပါး ၁။ ထွက်ရှိသော ကောက်စပါးမှ ဆယ်ဖို့တစ်ဖို့ အခွန်ယူခြင်း၌ သိတတ်ခြင်း၊ ၂။ စစ်သူကြီးတို့အား ခြောက်လစာ ထမင်းရိက္ခာတို့ကို ပေးခြင်း၌ သိခြင်း၊ ၃။ သူဆင်းရဲတို့အား မှတ်တမ်း၌ စာရင်းရေး၍ သုံးနှစ် အတိုးမဲ့ တစ်ထောင်မျှ, နှစ်ထောင်မျှသော အသပြာငွေရင်းကို ပေးခြင်း၊ ၄။ "အဘ၊ ဦးကြီး၊ ဦးလေး" အစရှိသော ယဉ်ကျေးသိမ်မွေ့သော ချစ်ဖွယ်စကားဖြင့် ချီးမြှောက်ပြောဆိုခြင်း။ (ဣတိဝုတ်၊ဋ္ဌ။၈၉။)

မင်းတို့ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး အပရိဟာနိယတရား ၇ ပါး(ရာဇအပရိဟာနိယ ၇ ပါး) နှင့် တူသည်။

မင်းတို့အလိုရှိအပ်သော သမ္ဘတ္တိ ၇ မျိုး ၁။ သာမိသမ္ဘတ္တိ- အရှင်သခင်, အကြီးအမှူး အစိုးရ မင်းတို့၏ ပြည့်စုံခြင်း၊ ၂။ အမစ္စသမ္ဘတ္တိ-အမတ်တို့၏ ပြည့်စုံခြင်း၊ ၃။ သေနာသမ္ဘတ္တိ-စစ်တပ်၏ ပြည့်စုံခြင်း၊ ၄။ ရဋ္ဌသမ္ဘတ္တိ- တိုင်းပြည်၏ ပြည့်စုံခြင်း၊ ၅။ ဝိဘဝသမ္ဘတ္တိ- စည်းစိမ်ဥစ္စာ၏ ပြည့်စုံခြင်း၊ ၆။ မိတ္တသမ္ဘတ္တိ- မိတ်ဆွေ၏ ပြည့်စုံခြင်း၊ ၇။ ဒုဂ္ဂသမ္ဘတ္တိ- ခံတပ်မြို့၏ ပြည့်စုံခြင်း။ (ဥဒါန၊ဋ္ဌ။၉၂။)

မင်းတို့ အသက်ထက်ဆုံး အောက်မေ့အပ်သော အရပ် ၃ မျိုး ၁။ မိမိကို ဖွားမြင်ရာ အရပ်သည် အသက်ထက်ဆုံး အောက်မေ့အပ်သော ပဌမအရပ်၊ ၂။ မိမိကို အဘိသိက်သွန်းလောင်းရာ အရပ်သည် အသက်ထက်ဆုံး အောက်မေ့အပ်သော ဒုတိယအရပ်၊ ၃။ မိမိ စစ်အောင်မြင်ရာ အရပ်သည် အသက်ထက်ဆုံး အောက်မေ့အပ်သော တတိယအရပ်။ (အံ၊၁။၁၀၅။)(အံ၊မြန်၊၁။၁၂၃။)

http://www.dhammadownload.com

မင်းနှင့် အကျွမ်းဝင်သော သူတို့ ပြည့်စုံရမည့် အင်္ဂါ ၃ ပါး ၁။ အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ၂။ ပညာ အဆင်အခြင်ဉာဏ်နှင့် ပြည့်စုံခြင်း၊ ၃။ စိတ်နှလုံး ဖြောင့်မတ်စင်ကြယ်ခြင်း။ (ဇာတက၊ ၂။၂၉၀။)

မင်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး ၁။ မပြတ်စည်းဝေးခြင်း၊ ၂။ တိုင်းပြည်ကိစ္စ အညီအညွတ် ဆောင်ရွက်ခြင်း၊ ၃။ မပညတ်ခဲ့သော အရာကို မပညတ်၊ ပညတ်ပြီးသော အရာကို မပယ်ဖျက်ခြင်း၊ ၄။ အသက်ကြီးသူတို့ကို ရိုသေမြတ်နိုးခြင်း၊ ၅။ အမျိုးသမီးများကို အနိုင်အထက် မသိမ်းပိုက်ကြခြင်း၊ ၆။ နတ်ကွန်း– စေတီတို့ကို အရိုအသေပြု ပူဇော်ကြခြင်း၊ ၇။ ရဟန္တာတို့ကို တရားနှင့်အညီ စောင့်ရှောက်ခြင်း။ (အံ၊၂။၄၀၇။) (အံ၊၂။ ၄၀၉။) (အံ၊၂။ ၄၀၉။) (အံ၊မြန်၊၂။၅၁၆။) (အံ၊မြန်၊၂။၅၁၆။)

မင်းမြောက်တန်ဆာ ၅ ပါး ၁။ ဆတ္တံ– ထီးဖြူ၊ ၂။ စာမရဲ– စာမရီသားမြီးယပ်၊ ၃။ ခဂ္ဂ– သန်လျက်၊ ၄။ မောဠိ– မကိုဋ် သင်းကျစ်၊ ၅။ ရတနပါဒုကံ– ရတနာခြေနင်း။ (ဝိ၊၆၊၁။၅၆။။) (ဇာတက၊ ၂။၅၉။) (သံ၊ဋီ၊၂။၁၆၆။)

မင်းရွေးထိုက်သော စစ်သူရဲကောင်း အင်္ဂါ ၃ ပါး ၁။ မြားကို အဝေးရောက်အောင် ပစ်လွှင့်နိုင်ခြင်း၊ ၂။ ထိမှန်အောင် ပစ်နိုင်ခြင်း၊ ၃။ ကြီးမားသော အထည်ကိုယ်များကို ဖောက်ထွင်းစေနိုင်ခြင်း။ (အံ၊၁။၂၈၈။) (အံ၊မြန်၊၁။၃၀၅။)

မင်းသုံးထိုက်သော မင်း၏ ဆင်အင်္ဂါ ၄ မျိုး ၁။ နာယူတတ်သော ဆင်၊ ၂။ သတ်ဖြတ် တတ်သော ဆင်၊ ၃။ သည်းခံတတ်သော ဆင်၊ ၄။ သွားတတ်သော ဆင်။ (အံ၊၁။၄၃၁။) (အံ၊မြန်၊၁။၄၄၄။)

မင်းသုံး အာဇာနည်မြင်း အင်္ဂါ ၈ ပါး ၁။ အမိဘက်, အဖဘက် နှစ်ဘက်လုံးမှ ကောင်းစွာ ဖွားမြင်ခြင်း၊ ၂။ အာဇာနည်မြင်းတို့ မွေးဖွားလေ့ရှိသော အရပ်ဒေသမှ ဖွားမြင်ခြင်း၊ ၃။ ခြောက်သည် ဖြစ်စေ, စိုသည်ဖြစ်စေ, အစာကို မကျဲပြန့်စေဘဲ ရိုရိုသေသေ စားခြင်း၊ ၄။ ကျင်ကြီး, ကျင်ငယ်ကို ဖိ၍ မထိုင်, ဖိ၍ မအိပ်ခြင်း၊ ၅။ အခြားသောမြင်းတို့ကို မနှင်ထုတ်မူ၍ ချမ်းသာစွာ ပေါင်းသင်းလျက် တင့်တယ်စွာ နေထိုင်ခြင်း၊ ၆။ ရထားထိန်းအား ကောက်ကျစ်စဉ်းလဲမှုတို့ကို ထင်စွာ ပြတတ်ခြင်း၊ ၇။ အခြားသော မြင်းတို့သည် ဝန်ကိုဆောင်သည် ဖြစ်စေ, မဆောင်သည် ဖြစ်စေ, မိမိသည်ကား ဝန်ကိုဆောင်ထားသော စိတ်ကို ဖြစ်စေခြင်း၊ ၈။ အသက်ကုန်ဆုံးသည့်တိုင်အောင် ခွန်အားဗလနှင့် ပြည့်စုံလျက် ဖြောင့်သော လမ်းဖြင့်သာ သွားတတ်ခြင်း။ (အံ၊၃။၃၂။) (အံ၊မြန်၊ ၃။၃၃။)

မင်းအဖြစ်ကို တောင့်တနိုင်သော သားကြီး အင်္ဂါ ၅ ပါး ၁။ ကောင်းသော အမျိုးဇာတ်ရှိခြင်း၊ ၂။ အလွန်အဆင်းလှခြင်း၊ ၃။ မိဘတို့ ချစ်မြတ်နိုးခြင်း၊ ၄။ နိဂုံးဇနပုဒ်နေ ပြည်သူတို့ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း၊ ၅။ မင်းတို့ တတ်သင့်သော အတတ်ပညာကို အပြည့်အစုံ သင်ယူပြီးခြင်း။ (အံ၊၂။၁၃၄။) (အံ၊မြန်၊၂။၁၆၈။)

မင်းအသုံးတော်ခံ အာဇာနည်မြင်း အင်္ဂါ ၅ ပါး ၁။ ဖြောင့်မတ်ခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ လျင်မြန်ခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ နူးညံ့ခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ သည်းခံခြင်းနှင့် ပြည့်စုံခြင်း၊ ၅။ အကျင့်စင်ကြယ်ခြင်းနှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၁၇။) (အံ၊မြန်၊၂။၂၇၂။)

http://www.dhammadownload.com

မင်းအသုံးတော်ခံ အာဇာနည်မြင်း၏ အင်္ဂါ ၆ ပါး ၁။ ရူပါရုံကို သည်းခံနိုင်ခြင်း၊ ၂။ သဒ္ဒါရုံကို သည်းခံနိုင်ခြင်း၊ ၃။ ဂန္ဓာရုံကို သည်းခံနိုင်ခြင်း၊ ၄။ ရသာရုံကို သည်းခံနိုင်ခြင်း၊ ၅။ ဖောဋ္ဌဗ္ဗာရုံကို သည်းခံနိုင်ခြင်း၊ ၆။ အဆင်းနှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၅၀။) (အံ၊မြန်၊၂။၃၂၃။)

မင်းအသုံးတော်ခံ အာဇာနည်မြင်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ရူပါရုံကို သည်းခံ နိုင်ခြင်း၊ ၂။ သဒ္ဒါရုံကို သည်းခံနိုင်ခြင်း၊ ၃။ ဂန္ဓာရုံကို သည်းခံနိုင်ခြင်း၊ ၄။ ရသာရုံကို သည်းခံနိုင်ခြင်း၊ ၅။ ဖောဋ္ဌဗ္ဗာရုံကို သည်းခံနိုင်ခြင်း၊ ၆။ လျင်မြန်သော အဟုန်နှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၅၁။) (အံ၊မြန်၊၂။၃၂၅။)

မင်းအား ထိုက်သော ဆင်၏ အင်္ဂါ ၅ မျိုး ၁။ နာယူတတ်ခြင်း၊ ၂။ သတ်ဖြတ်တတ်ခြင်း၊ ၃။ စောင့်ရှောက်တတ်ခြင်း၊ ၄။ သည်းခံတတ်ခြင်း၊ ၅။ သွားတတ်ခြင်း။ (အံ၊၂။၁၄၂။) (အံ၊မြန်၊၂။၁၇၉-၁၈၀။)

မင်း၏ ကောင်းသော အာဇာနည်မြင်းဖြစ်အောင် ပြည့်စုံရသော အင်္ဂါ ၁၀ မျိုး ၁။ မြင်းဇက်၌ ကောင်းစွာ လည်ကို ကိုင်နိုင်ရန် အကြောင်းကို ပြုရခြင်း၊ ၂။ ထမ်းပိုးတင်ခြင်း၌ အကြောင်းကို ပြုရခြင်း၊ ၃။ လွန်စွာ ခြေလေးချောင်းတို့ကို လိုက်ဖက်လျော်ညီစွာ မြှောက်ခြင်း, ချခြင်း၌ အကြောင်းကို ပြုရခြင်း၊ ၄။ လုံးနေအောင် ပြေးခြင်း၌ အကြောင်းကို ပြုရခြင်း၊ ၅။ ခွါဖျားတို့ဖြင့် မြေကို ထိရုံမျှ ဆွဲခြင်း၌ အကြောင်းကို ပြုရခြင်း၊ ၆။ လျင်စွာ ပြေးခြင်း၌ အကြောင်းကို ပြုရခြင်း၊ ၇။ မြူးထူးခြင်း၌ အကြောင်းကို ပြုရခြင်း၊ ၈။ မင်းသိနိုင်သော ဂုဏ်မြောက်အောင် ပြုခြင်း၌ အကြောင်းကို ပြုရခြင်း၊ ၉။ မြင်းရာဇဝင်တွင်အောင် ပြုခြင်း၌ အကြောင်းကို ပြုရခြင်း၊ ၁၀။ လွန်စွာ လျင်မြန်ခြင်း၊ မြတ်သော မြင်း၏အဖြစ်၊ အလွန်နူးညံ့သော ပြောလွယ် ဆိုလွယ်သော မြင်းအဖြစ်၌ အကြောင်းကို ပြုရခြင်း။ (မ၊၂။၁၁၀။) (မ၊မြန်၊၂။၁၁၈။)

မင်း၏ ချီးမြှောက်ခြင်းကို ခံရသော မင်းခစား ၄ ယောက် ၁။ ပညာကျေးဇူး သိတတ်သော မင်းခစားပုဂ္ဂိုလ်၊ ၂။ ရဲရင့်သော မင်းခစားပုဂ္ဂိုလ်၊ ၃။ အလွန်လိမ္မာ၍ ပညာရှိသော မင်းခစားပုဂ္ဂိုလ်၊ ၄။ မမေ့မလျော့သော မင်းခစားပုဂ္ဂိုလ်။ (ဇာတက၊၂။၂၉၀။)

မင်း၏ ချီးမြှောက်ခြင်းကို မခံရသော မင်းခစား ၄ ယောက် ၁။ ပညာ- ကျေးဇူးမထင်ရှား မသိတတ်သော ပုဂ္ဂိုလ်၊ ၂။ မရဲရင့်သော ပုဂ္ဂိုလ်၊ ၃။ အလွန်မလိမ္မာသော ပညာမဲ့သော ပုဂ္ဂိုလ်၊ ၄။ သတိမေ့လျော့သော ပုဂ္ဂိုလ်။ (ဇာတက၊၂။၂၉၀။)

မင်း၏ အင်္ဂါ အစိတ်အပိုင်းဟူ၍ မရေတွက်ထိုက်သော ဆင်၏ အင်္ဂါ ၅ ပါး ၁။ အဆင်းရူပါရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၂။ အသံ သဒ္ဒါရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၃။ အနံ့ ဂန္ဓာရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၄။ အရသာ ရသာရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၅။ အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းမခံနိုင်ခြင်း။ (အံ၊၂။၁၃၉။) (အံ၊မြန်၊၂။၁၇၃-၁၇၄။)

မင်း၏ အင်္ဂါ အစိတ်အပိုင်းဟူ၍ ရေတွက်ထိုက်သော ဆင်၏ အင်္ဂါ ၅ ပါး ၁။ အဆင်းရူပါရုံတို့ကို သည်းခံနိုင်ခြင်း၊ ၂။ အသံ သဒ္ဒါရုံတို့ကို သည်းခံနိုင်ခြင်း၊ ၃။ အနံ့ ဂန္ဓာရုံတို့ကို သည်းခံနိုင်ခြင်း၊ ၄။ အရသာ ရသာရုံတို့ကို သည်းခံနိုင်ခြင်း၊ ၅။ အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းခံနိုင်ခြင်း။ (အံ၊၂။၁၄၁။) (အံ၊မြန်၊၂။၁၇၇-၁၇၈။)

http://www.dhammadownload.com

မစ္ဆ ၄ မျိုး ၁။ မရဏမစ္ဆ၊ ၂။ ကိလေသမစ္ဆ၊ ၃။ ဒေဝပုတ္တမစ္ဆ။ (သုတ္တနိ၊၄၊၂၂၅။)

မစ္ဆရိယ ၅ မျိုး ၁။ အာဝါသမစ္ဆရိယ– အရိပ် အာဝါသ နေရာ ကျောင်း၌ ဝန်တိုခြင်း၊ ၂။ ကုလ မစ္ဆရိယ– အလုပ်အကျွေး ဒါယကာတို့၌ ဝန်တိုခြင်း၊ ၃။ လာဘမစ္ဆရိယ– လာဘ် လာဘ၌ ဝန်တိုခြင်း၊ ၄။ ဓမ္မမစ္ဆရိယ– ဓမ္မ၌ ဝန်တိုခြင်း၊ ၅။ ဝဏ္ဏမစ္ဆရိယ– အဆင်း၌ လည်းကောင်း ဂုဏ်ကျေးဇူး၌ လည်းကောင်း ဝန်တိုခြင်း။ (ဒီ၊၃။၁၉၅။) (အံ၊၂။၂၃၈။) (အံ၊၂။၂၃၈။) (အံ၊၃။၂၅၁။) (အဘိ၊၈။၂၂၆။) (အဘိ၊၀။၃၇၂။) (အဘိ၊၀။၃၈၆။) (အဘိ၊၀။၃၉၁။) (မဟာနိ။၁၀၄။) (မဟာနိ။၁၇၄။) (မဟာနိ။၁၉၃။) (မဟာနိ။၁၉၇။) (မဟာနိ။၂၈။) (မဟာနိ။၃၀၀။) (မဟာနိ။၃၃၃။) (မဟာနိ။၉၉။) (စူဠနိ။၀ါ၊၂၆။) (ဒီ၊၄၊၃။၂၂။) (ဝိသုဒ္ဓိ၊၂။၃၂၄။) (ဒီ၊မြန်၊၃။၂၁၈။) (အံ၊မြန်၊၂။၃၀၅။) (အံ၊မြန်၊၂။၃၀၅။) (အံ၊မြန်၊၃။၂၅၁။) (အဘိ၊၈၊မြန်။၄၁၄။) (အဘိ၊၀၊မြန်၊၂။၄၆၂။) (အဘိ၊၀၊မြန်၊၂။၄၆၂။) (အဘိ၊၀၊မြန်၊၂။၄၆၂။)

မစ္ဆရိယနှင့် ယှဉ်သော ကိလေသာ ၇ ပါး ၁။ ငြင်းခုံခြင်း (ကလဟ)၊ ၂။ ခိုက်ရန်ဖြစ်ခြင်း (ဝိဝါဒ)၊ ၃။ ဒိုင်ကြွေးခြင်း (ပရိဒေဝ)၊ ၄။ စိုးရိမ်ခြင်း (သောက)၊ ၅။ မာန်မူခြင်း (မာန)၊ ၆။ အလွန် မာန်မူခြင်း (အတိမာန)၊ ၇။ ချောပစ်ကုန်းတိုက်ခြင်း (ပေသုည) ။ (မဟာနိ။၁၉၉။)

မိစ္ဆာကမ္မန္တ ၃ မျိုး ၁။ သူတစ်ပါးအသက်ကို သတ်ခြင်း၊ ၂။ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ ၃။ ကာမဂုဏ် တို့၌ မှားယွင်း ဖောက်ပြန်စွာ ကျင့်ခြင်း။ (မ၊၃။၁၁၉။) (မ၊မြန်၊၃။၁၂၂။)

မိစ္ဆာစာရက်မြောက် အင်္ဂါ ၄ မျိုး ၁။ မသွားလာထိုက်သော ဝတ္ထု ဖြစ်ခြင်း၊ ၂။ ထိုမသွားလာ ထိုက်သော ဝတ္ထု၌ မှီဝဲစိတ် ရှိခြင်း၊ ၃။ မှီဝဲမှု လုံ့လပယောဂ ရှိခြင်း၊ ၄။ မဂ်အချင်းချင်း ထိစပ်ခြင်း၌ သာယာခြင်း။ (သာရတ္ထ၊ဋီ၊၁။၃၄၄။)

မိစ္ဆာဒိဋ္ဌိ ၃ မျိုး ၁။ အဟေတုကဒိဋ္ဌိ– အကြောင်းကံတရား မရှိဟု အကြောင်းကံတရား မရှိဘဲ ကောင်းကျိုး ဆိုးကျိုးများကို ခံစံကြရသည်ဟု မှားယွင်းစွာ ယူဆခြင်း, မှားယွင်းစွာ ယူဆသော ဒိဋ္ဌိ၊ ၂။ အကိရိယဒိဋ္ဌိ– ကောင်းမှု မကောင်းမှုကို ပြုသော်လည်း ပြုသည် မမည်၊ ပြုရာ မရောက်ဟု မှားယွင်းစွာ မြင်စွဲသော မိစ္ဆာအယူ၊ ၃။ နတ္ထိကဒိဋ္ဌိ– ဒါန စေတနာ၏ အကျိုး စသည် မရှိဟူသော အယူမှား အမြင်မှား။ (အံ၊၆၊၁။၃၆၉။)

မိစ္ဆာဒိဋ္ဌိ ၈ မျိုး ၁။ မိစ္ဆာဒိဋ္ဌိ– မှားသော အယူ၊ ၂။ မိစ္ဆာသင်္ကပ္ပ– မှားသော အကြံ၊ ၃။ မိစ္ဆာဝါစာ– မှားသော ပြောဆိုမှု၊ ၄။ မိစ္ဆာကမ္မန္တ– မှားသော အမှု၊ ၅။ မိစ္ဆာဇီဝ– မှားသော အသက်မွေးမှု၊ ၆။ မိစ္ဆာဝါယာမ– မှားသော အားထုတ်မှု၊ ၇။ မိစ္ဆာသတိ– မှားသော သတိ၊ ၈။ မိစ္ဆာသမာဓိ– မှားသော စိတ်တည်ငြိမ်မှု။ (ပဋိသံ၊၆၊၁။၁၁၁။)

မိစ္ဆာဒိဋ္ဌိ ၈ မျိုး (လောကဝါဒ မိစ္ဆာဒိဋ္ဌိ ၈ မျိုး) ၁။ အတ္တဘောသည်လည်းကောင်း, သခ်ါရလောက သည်လည်းကောင်းမြဲ၏၊ ၂။အတ္တဘောသည်လည်းကောင်း,သခ်ါရလောကသည်လည်းကောင်း မမြဲ၊ ၃။ အတ္တဘောသည်လည်းကောင်း, သခ်ါရလောကသည်လည်းကောင်း မြဲလည်းမြဲ၏, မြဲလည်းမမြဲ၊ ၄။ အတ္တဘောသည်လည်းကောင်း, သခ်ါရလောကသည် လည်းကောင်း မြဲသည် လည်းမဟုတ်, မမြဲသည်လည်းမဟုတ်၊ ၅။ အတ္တဘောသည်လည်းကောင်း, သခ်ါရလောကသည်

http://www.dhammadownload.com

လည်းကောင်း အဆုံးရှိ၏၊ ၆။ အတ္တဘောသည် လည်းကောင်း, သခ်ါရလောကသည် လည်းကောင်းအဆုံးမရှိ၊ ၇။ အတ္တဘောသည်လည်းကောင်း, သခ်ါရလောကသည် လည်းကောင်း အဆုံးလည်းရှိ, အဆုံးလည်း မရှိ၊ ၈။ အဆုံး ရှိသည်လည်း မဟုတ်, အဆုံးမရှိသည်လည်း မဟုတ်။ (မ၊၌၊၁။၁၈၆။)

မိစ္ဆာဒိဋ္ဌိ ၆၂ မျိုး ၁။ အတ္တသည်လည်းကောင်း, လောကသည်လည်းကောင်း မြဲ၏ဟု အယူရှိသူတို့၏ သဿတဝါဒ (၄) ပါး၊ ၂။ သတ္တဝါ, သခ်ါရတို့တွင် အချို့မြဲ၏ဟု အယူရှိသူတို့၏ ဧကစ္စသဿတဝါဒ (၄) ပါး၊ ၃။ အန္တာနန္တ အယူရှိသူတို့၏ အန္တာနန္တဝါဒ (၄) ပါး၊ ၄။ မပြီး မပြတ်နိုင်သော အယူစကားဖြင့် အထူးထူး အပြားပြား ပယ်ရှားခြင်းရှိသူတို့၏ အမရာဝိက္ခေပဝါဒ (၄) ပါး၊ ၅။ အကြောင်းမရှိဘဲ ဖြစ်ပေါ်လာ၏ဟု အယူရှိသူတို့၏ အဓိစ္စသမုပ္ပန္နဝါဒ (၂) ပါး၊ ၆။ သညာရှိ၏ဟု ဖြစ်သော ပြောဆိုကြောင်း အယူရှိသူတို့၏ သညီဝါဒ ၁၆ ပါး၊ ၇။ သညာမရှိဟု ဖြစ်သော ပြောဆိုကြောင်း အယူရှိသူတို့၏ အသညီဝါဒ ၈ ပါး၊ ၈။ သညာရှိသည်လည်း မဟုတ်, သညာ မရှိသည်လည်း မဟုတ်ဟု ဖြစ်သော ပြောဆိုကြောင်း အယူရှိသူတို့၏ နေဝသညီနာသညီဝါဒ ၈ ပါး၊ ၉။ ဥစ္ဆေဒဝါဒ (၇) ပါး၊ ၁၀။ ပစ္စုပ္ပန်အတ္တဘောဌ်ဒုက္ခ၏ ငြိမ်းအေးခြင်းကို ပြောဆိုကြကုန်သော သူတို့၏ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ (၅) ပါး၊ ပေါင်း မိစ္ဆာဒိဋ္ဌိ ၆၂ပါး။ (ဒီ၊၁။၄၂။) (အဘိ၊၀။၄၁၄။) (မ၊၌၊၁။၃၁၁။) (ပဋိသံ၊၌၊၂။၃၅။) (၀ိသုဒ္ဓိ၊ဋီ၊၁။၂၅၄။) (ဒီ၊မြန်၊၁။၅၀။) (အဘိ၊၀ိ၊မြန်၊၂။၅၂၃။)

မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ် လားရာ ဂတိ ၂ မျိုး ၁။ ငရဲဘုံ နိရယဂတိ၊ ၂။ တိရစ္ဆာန်မျိုး တိရစ္ဆာနဂတိ။ (အံ၊၁။၆၂။) (အံ၊မြန်၊၁။၇၄။)

မိစ္ဆာဒိဋ္ဌိဖြင့် နှလုံးသွင်းပုံ ၁၀ မျိုး ၁။ ပေးလှူခြင်းသည် အကျိုးမရှိဟု မှားစွာ နှလုံးသွင်းခြင်း၊ ၂။ ယဇ်ပယ်ပူဇော်ခြင်းသည် အကျိုးမရှိဟု မှားစွာ နှလုံးသွင်းခြင်း၊ ၃။ ယဇ်ကြီးပူဇော်ခြင်းသည် အကျိုးမရှိဟု မှားစွာ နှလုံးသွင်းခြင်း၊ ၄။ ကောင်းမှု မကောင်းမှု ကံတို့၏ အကျိုးမရှိဟု မှားစွာ နှလုံးသွင်းခြင်း၊ ၅။ ဤလောကသည် မရှိဟု မှားစွာ နှလုံးသွင်းခြင်း၊ ၆။ တစ်ပါးသော လောကသည် မရှိဟု မှားစွာ နှလုံးသွင်းခြင်း၊ ၇။ အမိသည် မရှိဟု မှားစွာ နှလုံးသွင်းခြင်း၊ ၈။ အဖသည် မရှိဟု မှားစွာ နှလုံးသွင်းခြင်း၊ ၉။ ဥပပတ်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်ဟု မှားစွာ နှလုံးသွင်းခြင်း၊ ၁၀။ ဤပစ္စုပ္ပန်လောက တမလွန် လောကတို့ကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြု၍ ပြောကြားနိုင်ကုန်သော ရဟန်းပုဏ္ဏားတို့သည် မရှိကုန်ဟု မှားစွာ နှလုံးသွင်းခြင်း။ (ပဋိသံ။၁၄၆–၁၄၇။) (ပဋိသံ၊မြန်။ ၁၉၀။)

မိစ္ဆာဒိဋ္ဌိ ဖြစ်ကြောင်း တရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သခ်ါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၁၅၁။) (သံ၊မြန်၊၂။၁၄၂။)

မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ၁၀ ပါး ၁။ ပေးလှူအပ်သော အလှူ၏ အကျိုးသည် မရှိဟု ယူခြင်း၊ ၂။ ကြီးစွာသော ယဇ်ပူဇော်ခြင်းသည် အကျိုးမရှိဟု ယူခြင်း၊ ၃။ အာဟုန, ပါဟုန မင်္ဂလာကို ပြုခြင်းသည် အကျိုးမရှိဟု ယူခြင်း၊ ၄။ ကောင်းသောအမှု ကုသိုလ်ကံ, မကောင်းသောအမှု အကုသိုလ်ကံတို့၏ အကျိုးပေးမှုသည် မရှိဟု ယူခြင်း၊ ၅။ ဤလောကသည် မရှိဟု ယူခြင်း၊

http://www.dhammadownload.com

၆။ တမလွန်လောကသည် မရှိဟု ယူခြင်း၊ ၇။ အမိ၌ ပြုအပ်သော ကောင်းကျိုး မကောင်းကျိုး မရှိဟု ယူခြင်း၊ ၈။ အဖ၌ ပြုအပ်သော ကောင်းကျိုး မကောင်းကျိုး မရှိဟု ယူခြင်း၊ ၉။ စုတေလတ္တံ့သော သတ္တဝါ ပဋိသန္ဓေနေလတ္တံ့သော သတ္တဝါ မရှိဟု ယူခြင်း၊ ၁၀။ ဤလောကကို လည်းကောင်း, တမလွန်လောကကိုလည်းကောင်း ထူးသောဉာဏ်ဖြင့် သိ၍ ကျင့်ကြံ ဟောကြားကုန်သော သမဏဗြာဟ္မဏတို့ မရှိဟု ယူခြင်း။ (အဘိ၊ဝိ။၄၀၅။) (ပဋိသံ၊၁။၂၃။)(အဘိ၊ဝိ၊မြန်၊ ၂။၅၁၃။)

မိစ္ဆာဒိဋ္ဌိဖြစ်ပေါ်ကြောင်း ၂ မျိုး ၁။ တစ်ပါးသူထံမှ မသူတော်တရားသံကို ကြားနာရခြင်း၊ ၂။ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း။ (အံ၊၁။၈၆။) (အံ၊မြန်၊၁။၁၀၂။)

မိစ္ဆာဒိဋ္ဌိ အထမြောက်ကြောင်း အင်္ဂါ ၂ ပါး ၁။ ဝတ္ထု၏ ယူအပ်သော အခြင်းအရာ ဖောက်ပြန်သည်ဖြစ်ခြင်း၊ ၂။ မိမိယူထားသော ဝတ္ထုသည် မိမိယူထားသော အခြင်းအရာအတိုင်း ထိုဝတ္ထု၏ ထင်ခြင်း။ (အဘိ၊ဋ္ဌ၊၁။၁၄၄။)

မိစ္ဆာဒိဋ္ဌိ တည်ရာဝတ္ထု ၁၀ မျိုး ၁။ ပေးလှူအပ်သော အကျိုးသည် မရှိ၊ ၂။ အလှူကြီး ပေးလှူပူဇော်မှု အကျိုးသည် မရှိ၊ ၃။ လက်ဆောင်ပေးခြင်း စသော အလှူငယ်အကျိုးသည် မရှိ၊ ၄။ ကောင်းမှုကံ, မကောင်းမှုကံတို့၏ အကျိုးဖျား, အကျိုးရင်း မရှိ၊ ၅။ ဤလောကသည် မရှိ၊ ၆။ သွားရာ တမလွန်လောကသည် မရှိ၊ ၇။ အမိ၌ ပြုအပ်သော ကောင်းကျိုး ဆိုးပြစ်သည် မရှိ၊ ၈။ အဖ၌ ပြုအပ်သော ကောင်းကျိုး ဆိုးပြစ်သည် မရှိ၊ ၉။ စုတေ၍ ပဋိသန္ဓေနေသော သတ္တဝါတို့မည်သည် မရှိ၊ ၁၀။ ဤလောကကို လည်းကောင်း၊ တမလွန်လောကကို လည်းကောင်း၊ ထူးသော ပညာဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ သိစေကုန်သော မှန်စွာ သိကုန်သော နိဗ္ဗာန်အား လျော်သော အကျင့်ကို ကောင်းစွာ ကျင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည် မရှိ။ (သာရတ္ထ၊ဋီ၊၃။၄၈၁။)

မိစ္ဆာဒိဋ္ဌိ၏ အင်္ဂါ ၂ ပါး ၁။ ယူအပ်သော အကြောင်းအရာ ဝတ္ထု၏ ယူအပ်သော အခြင်းအရာမှ ဖောက်ပြန်သည်၏ အဖြစ်, ဖြစ်ခြင်း၊ ၂။ အယူကို ယူအပ်သော အခြင်းအရာအတိုင်း ထိုသူအား ထင်ခြင်း။ (ဒီ၊ဋ္ဌ၊၃။၂၃၂။) (မ၊ဋ္ဌ၊၁။၂၀၅။) (သံ၊ဋ္ဌ၊၂။၁၃၇။) (ပဋိသံ၊ဋ္ဌ၊၁။၂၀၇။)

မိစ္ဆာမဂ္ဂင် ၈ ပါး ၁။ မိစ္ဆာဒိဋ္ဌိ– မှားသော အယူ, အမြင်၊ ၂။ မိစ္ဆာသင်္ကပ္ပ– မှားသော အကြံ၊ ၃။ မိစ္ဆာဝါစာ– မှားသော စကား၊ ၄။ မိစ္ဆာကမ္မန္တ– မှားသော အလုပ်၊ ၅။ မိစ္ဆာအာဇီဝ– မှားသော အသက်မွေးမှု၊ ၆။ မိစ္ဆာဝါယာမ– မှားသော အားထုတ်မှု၊ ၇။ မိစ္ဆာသတိ– မှားသော အောက်မေ့မှု၊ ၈။ မိစ္ဆာသမာဓိ– မှားသော တည်ကြည်မှု။ (မ၊၁။၁၆၆။) (သံ၊၃။၁၃။) (အဘိ၊ဝိ။၄၀၁။) (မ၊မြန်၊၁။၁၇၁။) (သံ၊မြန်၊၃။၁၅။) (အဘိ၊ဝိ၊မြန်၊၂။၅၀၈။)

မိစ္ဆာမဂ္ဂင် ၁၀ ပါး ဖြစ်မှားပုံ ၁။ မှားသော အမြင်ရှိသူအား မှားသောအကြံ ဖြစ်ခြင်း၊ ၂။ မှားသော အကြံအစည်ရှိသူအား မှားသောစကား ဖြစ်ခြင်း၊ ၃။ မှားသော စကားရှိသူအား မှားသော အလုပ်လုပ်ခြင်း၊ ၄။ မှားသော အလုပ်ရှိသူအား မှားသော အသက်မွေးမှု ဖြစ်ခြင်း၊ ၅။ မှားသော အသက်မွေးမှုရှိသူအား မှားသော လုံ့လ ဖြစ်ခြင်း၊ ၆။ မှားသော လုံ့လရှိသူအား မှားသော သတိ ဖြစ်ခြင်း၊ ၇။ မှားသော သတိရှိသူအား မှားသောသမာဓိ ဖြစ်ခြင်း၊ ၈။ မှားသော သမာဓိ

http://www.dhammadownload.com

ရှိသူအား မှားသောဉာဏ် ဖြစ်ခြင်း၊ ၉။ မှားသော ဉာဏ်ရှိသူအား မှားသော လွတ်မြောက်မှု ဖြစ်ခြင်း။ (အံ၊၃။၄၂၈။) (အံ၊မြန်၊၃။၄၂၀။)

မိစ္ဆာဝါစာ ၄ မျိုး ၁။ မဟုတ်မမှန်သော စကား၊ ၂။ ချောပစ်ကုန်းတိုက် စကား၊ ၃။ ကြမ်းတမ်းသော စကား၊ ၄။ ပြိန်ဖျင်းသော စကား။ (မ၊၃။၁၁၈။) (မ၊မြန်၊၃။၁၂၁။)

မိစ္ဆာအယူ ၁၀ မျိုး ၁။ ပေးလှူခြင်း၏ အကျိုးမရှိ၊ ၂။ ယဇ်အလှူကြီး၏ အကျိုးမရှိ၊ ၃။ ယဇ်အလှူငယ်၏ အကျိုးမရှိ၊ ၄။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဖျား အကျိုးရင်း မရှိ၊ ၅။ ဤပစ္စုပ္ပန်လောကသည် မရှိ၊ ၆။ တမလွန်လောကသည် မရှိ၊ ၇။ အမိ၌ အကောင်းအဆိုး ပြုကျိုးသည် မရှိ၊ ၈။ အဖ၌ အကောင်းအဆိုး ပြုကျိုးသည် မရှိ၊ ၉။ စုတေ ကွယ်လွန်ပြီး၍ ပဋိသန္ဓေနေရကုန်သော သတ္တဝါတို့ မရှိ၊ ၁၀။ ပစ္စုပ္ပန် တမလွန်လောကတို့ကို ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ သိစေကုန်သော ကောင်းစွာ သိကုန်သော ကောင်းစွာ ကျင့်ကုန်သော ရဟန်း ပုဏ္ဏားတို့သည် မရှိ။ (မ၊၃။၁၁၆။) (မ၊မြန်၊၃။၁၁၉။)

မိစ္ဆတ္တတရား ၈ ပါး ၁။ မှားသော အယူ၊ ၂။ မှားသော အကြံ၊ ၃။ မှားသော စကား၊ ၄။ မှားသော အမှု၊ ၅။ မှားသော အသက်မွေးမှု၊ ၆။ မှားသော အားထုတ်မှု၊ ၇။ မှားသော အောက်မေ့မှု၊ ၈။ မှားသော တည်ကြည်မှု။ (ဒီ၊၃။၂၁၀။) (ဒီ၊၃။၂၄၆။) (သာရတ္ထ၊ဋီ၊၁။၃၀၈။) (ဒီ၊မြန်၊၃။၂၃၄။) (ဒီ၊မြန်၊၃။၂၆၈။)

မိစ္ဆတ္တတရား ၁၀ ပါး ၁။ မိစ္ဆာဒိဋ္ဌိ– မှားသော အယူ၊ ၂။ မိစ္ဆာသင်္ကပ္ပ– မှားသော အကြံ၊ ၃။ မိစ္ဆာဝါစာ– မှားသော စကားပြောဆိုမှု၊ ၄။ မိစ္ဆာကမ္မန္တ– မှားသော အမှု၊ ၅။ မိစ္ဆာအာဇီဝ– မှားသော အသက်မွေးမှု၊ ၆။ မိစ္ဆာဝါယမ– မှားသော အားထုတ်မှု၊ ၇။ မိစ္ဆာသတိ– မှားသော သတိ၊ ၈။ မိစ္ဆာသမာဓိ– မှားသော တည်ကြည်မှု၊ ၉။ မိစ္ဆာဉာဏ– မှားသော ဉာဏ်၊ ၁၀။ မိစ္ဆာဝိမုတ္တိ– မှားသော လွတ်မြောက်မှု။ (ဝိမတိ၊၂။၂၉၁။)

မဏ္ဍိမဒေသ၌ သီးသန့် ပညတ်အပ်သော သိက္ခာပုဒ် ၄ ပါး ၁။ ဝိနည်းဓိုရ်လျှင် ငါးယောက်မြောက်ဖြစ်သော ဂိဏီဖြင့် ရဟန်းခံခြင်း၊ ၂။ အလွှာလွှာ အထပ်ထပ်သော ဖိနပ်ကို စီးခြင်း၊ ၃။ အမြှေရေချိုးခြင်း၊ ၄။ သားရေအခင်းကို ဆောင်ခြင်းတို့ကို မပြုရ၊ (ပစ္စန္တရစ်ဒေသတို့၌ ယင်းသိက္ခာပုဒ် ၄ ပါးတို့ကို ပြုခွင့်ရ၏) ။ (ဝိ၊၃။၂၈၈။) (ဝိ၊ဋ္ဌ၊၅။၁၃၈။)

မဏ္ဍိမနိကာယ် ကောင်းခြင်း ၃ ပါး ၁။ "သဗ္ဗဓမ္မမူလပရိယာယံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ" အစရှိသည်ဖြင့် ဘုရားရှင်သည် အားထုတ်တော်မူအပ်သည်၏ အဖြစ်ကြောင့် အစ၌ ကောင်းခြင်း (အာဒိကလျာဏ)၊ ၂။ အလယ်၌ "သုတ္တံ ဂေယျံ ဝေယျာကရဏံ ဂါထာ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဝေဒလ္လံ" ဟု ဟောတော်မူခြင်းကြောင့် အလယ်၌ ကောင်းခြင်း (မဇ္ဈေကလျာဏ)၊ ၃။ အဆုံး၌ "အရိယော ဘာဝိတိန္ဒြိယော"ဟု ဟောတော် မူခြင်းကြောင့် အဆုံး၌ ကောင်းခြင်း (ပရိယောသာန ကလျာဏ) ။ (မ၊ဋ္ဌ၊၄။၂၅၂။)

မဏ္ဍိမပဋိပဒါ ၈ ပါး ၁။ မှန်စွာ သိမြင်ခြင်း–သမ္မာဒိဋ္ဌိ၊ ၂။ မှန်စွာ ကြံခြင်း–သမ္မာသင်္ကပ္ပ၊ ၃။ မှန်စွာ ပြောဆိုခြင်း–သမ္မာဝါစာ၊ ၄။ မှန်စွာ ပြုလုပ်ခြင်း–သမ္မာကမ္မန္တ၊ ၅။ မှန်ကန်စွာ အသက်မွေးခြင်း–သမ္မာအာဇီဝ၊ ၆။ မှန်စွာ အားထုတ်ခြင်း–သမ္မာဝါယာမ၊ ၇။ မှန်စွာ အောက်မေ့ခြင်း–သမ္မာသတိ၊ ၈။ မှန်စွာ တည်ကြည်ခြင်း–သမ္မာသမာဓိ။ (ဝိ၊၃။၁၄။) (ဝိ၊မြန်၊၃။၁၅။)

http://www.dhammadownload.com

မဥ္စပီဌသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ ပမာဏထက် ကျော်လွန်သော ညောင်စောင်း အင်းပျဉ် ဖြစ်ခြင်း၊ ၂။ မိမိအတွက် ပြုလုပ်ခြင်း ပြုလုပ်စေပြီး၍ ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၀၁။) (ဝိမတိ၊၂။၅၆။)

မည်သူမျှ မတားမြစ် မပိတ်ပင်နိုင်သော ဘုရားရှင်၏ ဂုဏ်ကျေးဇူး ၄ ပါး ၁။ ဘုရားရှင်အား ရည်ညွှန်း၍ ပြုလုပ်ထားသော ရှေးရှုအနီးကပ် ပြုစီရင်အပ်ပြီးသော လာဘ်ကို မည်သူမျှ အန္တရာယ် ပြုခြင်းငှာ မတတ်နိုင်ခြင်း၊ ၂။ ဘုရားရှင်၏ တစ်လံမျှလောက်သော ရောင်ခြည်တော်ကို မည်သူမျှ အန္တရာယ်ပြုခြင်းငှာ မတတ်နိုင်ခြင်း၊ ၃။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို မည်သူမျှ အန္တရာယ်ပြုခြင်းငှာ မတတ်နိုင်ခြင်း၊ ၄။ ဘုရားရှင်၏ အသက်ဇီဝိတိန္ဒြေကို မည်သူမျှ အန္တရာယ် ပြုခြင်းငှာ မတတ်နိုင်ခြင်း။ (မိလိန္ဒ။၁၅၈။) (မိလိန္ဒ၊ မြန်။၁၇၀။)

မည်းညစ်သော တရား ၂ ပါး ၁။ မကောင်းမှုမှ မရှက်ခြင်း အဟိရိက၊ ၂။ မကောင်းမှုမှ မထိတ် လန့်ခြင်း အနောတ္တပ္ပ။ (အံ၊၁။၅၃။) (အံ၊မြန်၊၁။၆၅။)

မည်းညစ်သော လမ်းဟု ဆိုအပ်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးခြင်၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

မဏ္ဍနဝိဘူသနဌာန သရုပ် ၂၀ ၁။ ဥစ္ဆာဒနံ- ခန္ဓာကိုယ်ကို နံ့သာမှုန့်ဖြင့် ပွတ်တိုက်ခြင်း၊ ၂။ ပရိမဒ္ဒနံ- အင်္ဂါကြီးငယ် ပြေပြစ်စေရန် ဆီလိမ်း၍ ဆုပ်နယ်ခြင်း၊ ၃။ နှာယနံ-နံ့သာရည်ဖြင့် ရေချိုးခြင်း၊ ၄။ သမ္မာဟနံ- လက်ခြေတို့ကို တိုးပွားအောင် ပြင်းစွာ ဆုပ်နယ်ခြင်း၊ ၅။ အာဒါသံ- ကြေးမုံ (မှန်) ဆောင်ခြင်း၊ ၆။ အဥ္ဇနံ- မျက်ရေးကွင်းခြင်း၊ ၇။ မာလာဂန္ဓဝိလေပနံ-ပန်းနံ့သာ, နံ့သာပျောင်း စသည်တို့ဖြင့် လိမ်းကျံခြယ်လှယ်ခြင်း၊ ၈။ မုခစုဏ္ဏံ- မျက်နှာချေမှုန့်တို့ဖြင့် မျက်နှာကို ခြယ်သခြင်း၊ ၉။ မုခဝိလေပနံ- သနပ်ခါး ပေါင်ဒါ စသည်တို့ဖြင့် မျက်နှာကို လိမ်းကျံခြင်း၊ ၁၀။ ဟတ္ထဗန္ဓံ- လက်၌ ဝတ်ဆင်အပ်သော လက်ကောက်, လက်စွပ်, လက်ပတ် နာရီ စသည် ဝတ်ဆင်ခြင်း၊ ၁၁။ သိခါဗန္ဓံ- ဦးစွန်း၌ ဖွဲ့အပ်သော ရွှေဆံထိုးစသည်ကို ပန်ဆင်ခြင်း၊ ၁၂။ ဒဏ္ဍံ- လေးတောင်ရှိသော တုတ်ကို ကိုင်ဆောင်ခြင်း၊ ၁၃။ နာဋိကံ- အဆန်း တကြယ်ပြုလုပ်အပ်သော ဆေးကျည်တောက် ဆေးကျည်ဗူးကို ဆောင်ယူခြင်း၊ ၁၄။ အသိံ- သန်လျက် (ဓားလွယ်) ကို ဆောင်ခြင်း၊ ၁၅။ ဆတ္တံ- ဆန်းကြယ်သော ထီးကို ဆောင်ခြင်း၊ ၁၆။ စိတြုပါဟနံ- ဆန်းကြယ်သော ဖိနပ်ကို စီးခြင်း၊ ၁၇။ ဥဏ္ဍီသံ- နဖူး၌ သင်းကျစ်ပြားကို ဖွဲ့ခြင်း၊ ၁၈။ မဏိံ- ပတ္တမြားကျောက်မျက်ရတနာကို ဆောင်ခြင်း၊ ၁၉။ ဝါလဗီဇနီ- စာမရီ သားမြီးယပ်ကို ဆောင်ခြင်း၊ ၂၀။ ဩဒါတဝတ္ထာနိ- ဖြူသော ရှည်သော အမြိတ်အဆာရှိသော အဝတ်တို့ကို ဝတ်ခြင်း။ (ဒီ၊၁။၇၊၆၂။) (ဒီ၊မြန်၊၁။၇၊၇၄။)

မိတ်ဆွေ ၂ မျိုး ၁။ အဂါရိကမိတ္တ-ပေးနိုင်ခဲသော အရာကို ပေးခြင်း စသော လက္ခဏာနှင့် ပြည့်စုံသော လူမိတ်ဆွေ၊ ၂။ အနာဂါရိကမိတ္တ- ချစ်ခင်အပ်ခြင်း, အလေးပြုအပ်ခြင်း စသော လက္ခဏာတို့နှင့် ပြည့်စုံသော ရဟန်းမိတ်ဆွေ။ (စူဋ္ဌနိ။၂၃၉။) (စူဋ္ဌနိ။၃၀၆။)

http://www.dhammadownload.com

မိတ်ဆွေ ၃ မျိုး ၁။ ဥပကာရ– ကျေးဇူးပြုတတ်သော မိတ်ဆွေ၊ ၂။ သမာနသုခဒုက္ခ– ချမ်းသာ အတူ ဆင်းရဲအတူ မိတ်ဆွေ၊ ၃။ အနုကမ္ပက– အစဉ်သနားတတ်သော မိတ်ဆွေ။ (အပ၊၌၊၁၀။၁၇ဖ။)

မိတ်ဆွေ ၄ မျိုး ၁။ ဉာတိဗန္ဓု– အမျိုး မိတ်ဆွေ၊ ၂။ ဂေါတ္တဗန္ဓု– အနွယ်မိတ်ဆွေ၊ ၃။ မိတ္တဗန္ဓု– အပေါင်းအသင်း မိတ်ဆွေ၊ ၄။ သိပ္ပဗန္ဓု– အတတ်ပညာ မိတ်ဆွေ။ (အပ၊၌၊၁၀။၂၀၈။)

မိတ်ဆွေကောင်း ဖြစ်ကြောင်း ၈ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ သီလနှင့် ပြည့်စုံခြင်း၊ ၃။ အကြားအမြင်နှင့် ပြည့်စုံခြင်း၊ ၄။ စွန့်ကြဲပေးကမ်းခြင်းနှင့် ပြည့်စုံခြင်း၊ ၅။ လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၊ ၆။ သတိနှင့် ပြည့်စုံခြင်း၊ ၇။ တည်ကြည်မှု သမာဓိနှင့် ပြည့်စုံခြင်း၊ ၈။ ပညာနှင့် ပြည့်စုံခြင်း။ (အံ၊ဋ္ဌ၊၃။၁၆၆။)

မိတ်ဆွေကောင်း အင်္ဂါ ၃ ပါး ၁။ ပေးနိုင်ခဲသည်ကို ပေးခြင်း၊ ၂။ ပြုနိုင်ခဲသည်ကို ပြုခြင်း၊ ၃။ သည်းခံနိုင်ခဲသည်ကို သည်းခံခြင်း။ (အံ၊၁။၂၈၉။) (အံ၊မြန်၊၁။၃၀၆။)

မိတ်ဆွေကောင်း အင်္ဂါ ၇ ပါး ၁။ ပိယော– သီလသမ္ပတ္တိ, ဒိဋ္ဌသမ္ပတ္တိနှင့် ပြည့်စုံသည် ဖြစ်၍ ချစ်ခင်မြတ်နိုးအပ်ခြင်း၊ ၂။ ဂရု– ကျောက်ထီးကဲ့သို့ အလေးအမြတ် ပြုအပ်ခြင်း၊ ၃။ ဘာဝနီယော– ဥတ္တရိမနုဿဓမ္မ၏ အစွမ်းအားဖြင့် ချီးမွမ်းအပ်ခြင်း၊ ၄။ ဝတ္တာ– အခါအားလျော်စွာ သံသရာမှ ထွက်မြောက်ကြောင်း တရားစကားကို ဟောပြောတတ်ခြင်း၊ ၅။ ဝစနက္ခမော– ဆုံးမလွယ်သည် ဖြစ်၍ သီတင်းသုံးဖော်တို့၏ စကားကို နှစ်သက်တတ်ခြင်း၊ ၆။ ဂမ္ဘီရဉ္စ ကထံ ကတ္တာ– သစ္စာလေးပါး, ပဋိစ္စသမုပ္ပါဒ် စသော နက်နဲသော တရားစကားကို ပြောဆိုတတ်ခြင်း၊ ၇။ နော အဋ္ဌာနေ နိယောဇကော– အဓမ္မ, အဝိနယ စသည့် အရာတို့ကို ဓမ္မ ဝိနယ စသည်တို့၏ အစွမ်းအားဖြင့် မညွှန်ပြ, မတိုက်တွန်း မယှဉ်စပ်စေခြင်း။ (နေတ္တိ၊၌။၁၄၂။) (နေတ္တိ၊ဝိဘာ။၃၂၀။)

မိတ်ဆွေကျင့်ဝတ် ၅ ပါး ၁။ ပေးကမ်းစွန့်ကြဲခြင်း၊ ၂။ ချစ်ဖွယ်သော စကားကို ဆိုခြင်း၊ ၃။ အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း၊ ၄။ မိမိနှင့် ထပ်တူညီမျှ ဆက်ဆံခြင်း၊ ၅။ မချွတ်မယွင်း ပြောဆိုပေးကမ်းခြင်း။ (ဒီ၊၃။၁၅၅။) (ဒီ၊မြန်၊၃။၁၇၃။)

မိတ်ဆွေကျင့်ဝတ် ၅ ပါး (တစ်နည်း) ၁။ မူးယစ်သော မိတ်ဆွေကို စောင့်ရှောက်ခြင်း၊ ၂။ မူးယစ်သော မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်ခြင်း၊ ၃။ ကြောက်ရွံ့သော မိတ်ဆွေ၏ အားကိုးရာ ဖြစ်ခြင်း၊ ၄။ ဘေးရန်ဖြစ်လတ်သော် မစွန့်ပစ်ခြင်း၊ ၅။ မိတ်ဆွေ၏ သားမြေး အဆက်ဆက်တို့ကို တုံ့ပြန်ချီးမြှောက်ခြင်း။ (ဒီ၊၃။၁၅၅။) (ဒီ၊မြန်၊၃။၁၇၃။)

မိတ်ဆွေစစ် ၄ ယောက် ၁။ ကျေးဇူးပြုတတ်သူ၊ ၂။ ချမ်းသာအတူ ဆင်းရဲအတူ ဖြစ်သူ၊ ၃။ အကျိုးစီးပွားကို ပြောကြားတတ်သူ၊ ၄။ အစဉ်သနားတတ်သူ။ (ဒီ၊၃။၁၅၂။) (ဒီ၊မြန်၊၃။၁၆၉။)

မိတ်ဆွေစစ် ၄ ယောက် တစ်နည်း ၁။ မူးယစ်သော မိတ်ဆွေကို စောင့်ရှောက်တတ်ခြင်း၊ ၂။ မူးယစ်သော မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်ခြင်း၊ ၃။ ကြောက်ရွံ့သော မိတ်ဆွေ၏ အားကိုးရာ ဖြစ်ခြင်း၊ ၄။ ပြုဖွယ်ကိစ္စ ဖြစ်ပေါ်လတ်သော် ထိုသူပြောသည်ထက် နှစ်ဆသော စည်းစိမ်ကို ပေးတတ်ခြင်း။ (ဒီ၊၃။၁၅၂။) (ဒီ၊မြန်၊၃။၁၆၉။)

http://www.dhammadownload.com

မိတ်ဆွေစစ် ၄ ယောက် တစ်နည်း ၁။ မိတ်ဆွေအား လျှို့ဝှက်သောအမှုကို ပြောကြားခြင်း၊ ၂။ မိတ်ဆွေ၏ လျှို့ဝှက်သောအမှုကို လျှို့ဝှက်ခြင်း၊ ၃။ ဘေးရန်ဖြစ်လတ်သော် မစွန့်ပစ်ခြင်း၊ ၄။ မိတ်ဆွေ၏ အကျိုးငှာ အသက်ကိုသော်လည်း စွန့်ခြင်း။ (ဒီ၊၃။၁၅၂။) (ဒီ၊မြန်၊ ၃။၁၆၉–၁၇၀။)

မိတ်ဆွေစစ် ၄ ယောက် တစ်နည်း ၁။ မကောင်းမှုမှ တားမြစ်တတ်ခြင်း၊ ၂။ ကောင်းမှုဌ် သက်ဝင်စေခြင်း၊ ၃။ မကြားဘူးသော တရားစကားကို ပြောကြားတတ်ခြင်း၊ ၄။ နတ်ပြည်ခရီးကို ပြောကြားတတ်ခြင်း။ (ဒီ၊၃။၁၅၃။) (ဒီ၊မြန်၊၃။၁၇၀။)

မိတ်ဆွေစစ် ၄ ယောက် တစ်နည်း ၁။ မိတ်ဆွေ၏ ဆုတ်ယုတ်ပျက်စီးခြင်းကို မနှစ်သက်ခြင်း၊ ၂။ မိတ်ဆွေ၏ ဖြစ်ထွန်းတိုးတက်ခြင်းကို နှစ်သက်ခြင်း၊ ၃။ မိတ်ဆွေအား ကဲ့ရဲ့စကား ပြောသူကို ကန့်ကွက်တားမြစ်ခြင်း၊ ၄။ မိတ်ဆွေအား ချီးမွမ်းစကားပြောသူကို ထောက်ခံ ချီးမွမ်းခြင်း။ (ဒီ၊၃။၁၅၃။) (ဒီ၊မြန်၊၃။၁၇၀။)

မိတ်ဆွေတု ၄ ယောက် ၁။ စင်စစ် ယူသာ ယူတတ်သော သူ၊ ၂။ နှုတ်ဖြင့်သာ ပေးတတ်သော သူ၊ ၃။ အကြိုက်ကို လိုက်၍ ပြောဆိုတတ်သူ၊ ၄။ ပျက်စီးကြောင်း၌ အပေါင်းအဖော် ဖြစ်တတ်သူ။ (ဒီ၊၃။၁၅၁။) (ဒီ၊မြန်၊၃။၁၆၈။)

မိတ်ဆွေတု ၄ ယောက် တစ်နည်း ၁။ စင်စစ် ယူသာ ယူတတ်ခြင်း၊ ၂။ နည်းသော ဥစ္စာဖြင့် များသော ဥစ္စာကို အလိုရှိခြင်း၊ ၃။ မိမိ၌ ဘေးဖြစ်လတ်သော် ကိစ္စကို ပြုတတ်ခြင်း၊ ၄။ အကျိုးကို ရလို၍ ဆည်းကပ်ခြင်း။ (ဒီ၊၃။၁၅၁။) (ဒီ၊မြန်၊၃။၁၆၈။)

မိတ်ဆွေတု ၄ ယောက် တစ်နည်း ၁။ လွန်ပြီးသော အရာဖြင့် ချီးမြှောက်ခြင်း၊ ၂။ မဖြစ်သေးသော အရာဖြင့် ချီးမြှောက်ခြင်း၊ ၃။ အချည်းနှီး လောကွတ်မျှဖြင့် ချီးမြှောက်ခြင်း၊ ၄။ ဖြစ်ဆဲကိစ္စတို့၌ ပျက်ဆီးခြင်းကို ပြခြင်း။ (ဒီ၊၃။၁၅၁။) (ဒီ၊မြန်၊၃။၁၆၈။)

မိတ်ဆွေတု ၄ ယောက် တစ်နည်း ၁။ မကောင်းမှုကိုလည်း ခွင့်ပြုခြင်း၊ ၂။ ကောင်းမှုကိုလည်း ခွင့်ပြုခြင်း၊ ၃။ မျက်မှောက်၌ ချီးမွမ်းစကား ဆိုခြင်း၊ ၄။ မျက်ကွယ်၌ ကဲ့ရဲ့စကား ဆိုခြင်း။ (ဒီ၊၃။၁၅၁။) (ဒီ၊မြန်၊၃။၁၆၈။)

မိတ်ဆွေတု ၄ ယောက် တစ်နည်း ၁။ သေရည်သေရက် သောက်ခြင်း၌ အပေါင်းအဖော်ဖြစ်ခြင်း၊ ၂။ အခါမဲ့ ခရီးသွားလာခြင်း၌ အပေါင်းအဖော်ဖြစ်ခြင်း၊ ၃။ ပွဲလမ်းသဘင် ကြည့်ရှုခြင်း၌ အပေါင်းအဖော်ဖြစ်ခြင်း၊ ၄။ လောင်းကစားလေ့ရှိခြင်း၌ အပေါင်းအဖော်ဖြစ်ခြင်း။ (ဒီ၊၃။၁၅၂။) (ဒီ၊မြန်၊၃။၁၆၈။)

မိတ်ဆွေယုတ်နှင့် ပေါင်းခြင်းအပြစ် ၆ ပါး ခင်ပွန်း (မိတ်ဆွေ) ယုတ်နှင့် ပေါင်းလေ့ရှိသူတို့သည်၊ ၁။ လောင်းကစား ကြူးတတ်ကုန်၏၊ ၂။ ကာမဂုဏ် ကြူးတတ်ကုန်၏၊ ၃။ သေသောက် ကြူးတတ်ကုန်၏၊ ၄။ မာယာဖြင့် လှည့်ပတ်တတ်ကုန်၏၊ ၅။ အနိုင်အထက် ပြုတတ်ကုန်၏၊ ၆။ ခင်ပွန်းယုတ်တို့သာ အပေါင်းအဖော် ဖြစ်တတ်ကုန်၏။ (ဒီ၊၃။၁၄၉။) (ဒီ၊မြန်၊၃။၁၆၆။)

မိတ်ဆွေဟု ဆိုအပ်သော သီလစသော ဂုဏ်ကျေးဇူး ၁၀ မျိုး ၁။ စူဠသီလ– သေးငယ်သော သီလ၊ ၂။ မဇ္ဈိမသီလ– အလယ်အလတ်သီလ၊ ၃။ မဟာသီလ– ကြီးမြတ်သော သီလ၊ ၄။ ကထာဝတ္ထု

http://www.dhammadownload.com

ဆယ်ပါး၊ ၅။ ခုတင်ကျေးငှေး တစ်ဆယ့်ခြောက်ပါး၊ ၆။ ဝိပဿနာဂုဏ်ကျေးငှေး၊ ၇။ မဂ်လေးပါး၊ ၈။ ဖိုလ်လေးပါး၊ ၉။ ဝိဇ္ဇာသုံးပါး၊ ၁၀။ အဘိညာဉ်ခြောက်ပါး။ (ဓမ္မ၊၄၊၁။၂၉၆။)

မိတ်မဖွဲ့သင့်သော မိန်းမ ၅ ယောက် ၁။ အလွန်အဆင်းနှင့် ပြည့်စုံသော မိန်းမ၊ ၂။ များစွာသော သူတို့ ချစ်ခင်နှစ်သက်အပ်သော မိန်းမ၊ ၃။ ကခြင်း သီဆိုခြင်း၌ လိမ္မာသော မိန်းမ၊ ၄။ သူတစ်ပါးတို့ သိမ်းပိုက်ထားသော မယား၊ ၅။ စည်းစိမ်ဥစ္စာ ဟူသော အကြောင်းကြောင့် မိမိထံ ဆည်းကပ်လာသော မိန်းမ။ (ဇာတက၊၂။၁၂၅။)

မေတ္တာ ၅၂၈ ပါး ၁။ သမ္မေ သတ္တာ အဝေရာ ဟောန္တု စသည်ဖြင့် ပိုင်းခြားကန့်သတ်မှု မရှိသော အနောဓိသမေတ္တာ– (၂၀)၊ ၂။ သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု– စသည်ဖြင့် ပိုင်းခြားကန့်သတ်မှုရှိသော သြဓိသမေတ္တာ– (၂၈) ပေါင်း လေးဆယ့်ရှစ်ပါး ဖြစ်၏၊ ၃။ အထက်ပါ (၄၈) ပါးဖြင့် အရပ်ဆယ်မျက်နှာနှင့် ပွားများလျှင် (၄၈၀) ဖြစ်၏၊ ၄။ ယင်း (၄၈၀) ကို သြဓိသ– အနောဓိသမေတ္တာ (၄၈) နှင့် ပေါင်းလျှင် ငါးရာနှစ်ဆယ့်ရှစ်သွယ် မေတ္တာ ဖြစ်၏။ (ပဋိသံ၊၄၊၂။၂၁၀။)

မေတ္တာစေတောဝိမုတ္တိကို မီဝဲကြောင်း ဗောဇ္ဈင် ၇ ပါး ၁။ သတိကို ထင်စေသော သတိသမ္ဗောဇ္ဈင်၊ ၂။ ပညာဖြင့် ထက်ဝန်းကျင်ကို စူးစမ်းသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ၃။ ဝီရိယဖြင့် အားထုတ်သော ဝီရိယသမ္ဗောဇ္ဈင်၊ ၄။ ပူလောင်ခြင်းကို ငြိမ်းစေသော ပီတိသမ္ဗောဇ္ဈင်၊ ၅။ ရုန့်ရင်းမှုကို ငြိမ်းစေသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ၆။ စိတ်ကို ကောင်းစွာထားသော သမာဓိသမ္ဗောဇ္ဈင်၊ ၇။ ဉာဏ်ဖြင့် ကိလေသာတို့ကို ဆင်ခြင်သော ဥပေက္ခာသမ္ဗောဇ္ဈင်။ (ပဋိသံ။၃၁၈၊၃၁၉။) (ပဋိသံ၊ မြန်။၃၇၉။)

မေတ္တာစေတောဝိမုတ္တိကို မီဝဲကြောင်း ဗိုလ် ၅ ပါး ၁။ သဒ္ဓါမရှိခြင်းကြောင့် မတုန်လှုပ်သော သဒ္ဓါဗိုလ်၂။ ပျင်းရိခြင်းကြောင့် မတုန်လှုပ်သော ဝီရိယဗိုလ်၊ ၃။ မေ့လျော့ခြင်းကြောင့် မတုန်လှုပ်သော သတိဗိုလ်၊ ၄။ ဥဒ္ဓစ္စကြောင့် မတုန်လှုပ်သော သမာဓိဗိုလ်၊ ၅။ အဝိဇ္ဇာကြောင့် မတုန်လှုပ်သော ပညာဗိုလ်။ (ပဋိသံ။၃၁၇။) (ပဋိသံ၊မြန်။၃၇၈။)

မေတ္တာစေတောဝိမုတ္တိကို မီဝဲကြောင်း မဂ္ဂင် ၈ ပါး ၁။ "သတ္တဝါအားလုံး ရုန်မရှိ၊ ဘေးမရှိ၊ ချမ်းသာကြပါစေ"ဟု ကောင်းစွာ ရှုမြင်သော သမ္မာဒိဋ္ဌိထုံအပ်သော မဂ္ဂင်၊ ၂။ "သတ္တဝါအားလုံး ရုန်မရှိ၊ ဘေးမရှိ၊ ချမ်းသာကြပါစေ"ဟု ကောင်းစွာ ရွေးရွှတင်သော သမ္မာသင်္ကပ္ပ ထုံအပ်သော မဂ္ဂင်၊ ၃။ "သတ္တဝါအားလုံး ရုန်မရှိ၊ ဘေးမရှိ၊ ချမ်းသာကြပါစေ"ဟု ကောင်းစွာ သိမ်းဆည်းသော သမ္မာဝါစာ ထုံအပ်သော မဂ္ဂင်၊ ၄။ "သတ္တဝါအားလုံး ရုန်မရှိ၊ ဘေးမရှိ၊ ချမ်းသာကြပါစေ"ဟု ကောင်းစွာ ဖြစ်စေသော သမ္မာကမ္မန္တထုံအပ်သော မဂ္ဂင်၊ ၅။ "သတ္တဝါအားလုံး ရုန်မရှိ၊ ဘေးမရှိ၊ ချမ်းသာကြပါစေ"ဟု ကောင်းစွာ ဖြူစင်စေသော သမ္မာအာဇီဝထုံအပ်သော မဂ္ဂင်၊ ၆။ "သတ္တဝါအားလုံး ရုန်မရှိ၊ ဘေးမရှိ၊ ချမ်းသာကြပါစေ"ဟု ကောင်းစွာ အားထုတ်သော သမ္မာဝါယာမထုံအပ်သော မဂ္ဂင်၊ ၇။ "သတ္တဝါအားလုံး ရုန်မရှိ၊ ဘေးမရှိ၊ ချမ်းသာကြပါစေ"ဟု ကောင်းစွာ ထင်သော သမ္မာသတိထုံအပ်သော မဂ္ဂင်၊ ၈။ "သတ္တဝါအားလုံး ရုန်မရှိ၊ ဘေးမရှိ၊ ချမ်းသာကြပါစေ"ဟု ကောင်းစွာ တည်ကြည်သော သမ္မာသမာဓိထုံအပ်သော မဂ္ဂင်။ (ပဋိသံ။၃၁၉–၃၂၀။) (ပဋိသံ၊မြန်။၃၈၀–၃၈၁။)

http://www.dhammadownload.com

မေတ္တာပုဗ္ဗဘာဂပဋိပဒါ ၁၅ ပါး နိဗ္ဗာန်ရောက်ကြောင်း အကျင့်တရား ၁၅ ပါးနှင့် တူသည်။

မေတ္တာပွားပုံ ၄ မျိုး ၁။ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု– လုံးစုံများစွာ သတ္တဝါတို့သည် ဘေးရန် ကင်းကြပါစေ၊ ၂။ အဗျာပဇ္ဈာ ဟောန္တု– အမျက်ဒေါသတို့သည် ကင်းကြပါစေ၊ ၃။ အနီဃာ ဟောန္တု– ဆင်းရဲခြင်းတို့သည် ကင်းကြပါစေ၊ ၄။ သုခီ အတ္တာနံ ပရိဟရန္တု– ချမ်းသာစွာ မိမိကိုယ်ကို စောင့်ရှောက်နိုင်ကြပါစေ။ (ပဋိသံ၊၂၊၂။၂၁၀။)

မေတ္တာပွားရကျိုး ၁၁ မျိုး ၁။ ချမ်းသာစွာ အိပ်ရခြင်း၊ ၂။ ချမ်းသာစွာ နိုးရခြင်း၊ ၃။ မကောင်းသော အိပ်မက်များကို မမြင်မက်ခြင်း၊ ၄။ လူအများ၏ ချစ်ခင်နှစ်သက်မှုကို ခံရခြင်း၊ ၅။ နတ်ဘီလူး တို့၏ ချစ်ခင်မြတ်နိုးမှုကို ခံရခြင်း၊ ၆။ နတ်များ၏ စောင့်ရှောက် ကူညီမှုကို ရရှိခြင်း၊ ၇။ အဆိပ်, မီး, ဓား စသော လက်နက်များ မကျရောက်ခြင်း၊ ၈။ လျင်မြန်စွာ စိတ်တည်ကြည်ခြင်း၊ ၉။ မျက်နှာအဆင်း ကြည်လင်ခြင်း၊ ၁၀။ မတွေမဝေဘဲ သေရခြင်း၊ ၁၁။ မင်္ဂိုလ်ကို မရသေး သည်ရှိသော် ဗြဟ္မာပြည်သို့ လားရောက်ရခြင်း။ (ဝိ၅။၂၄၉။) (အံ၊၃။၅၄၂။) (ပဋိသံ။၃၁၄။) (မိလိန္ဒ။၁၉၅။) (ဇာ၊၆၊၁၁။၅၅။) (ဝိသုဒ္ဓိ၊၁။၂၉၉။) (ဝိ၊မြန်၊၅။၃၃၉–၃၄၀။) (အံ၊မြန်၊၃။၅၂၉။) (ပဋိသံ၊မြန်။ ၃၇၅။) (မိလိန္ဒ၊မြန်။၂၁၀။)

မေတ္တာမပွားအပ်သော ပုဂ္ဂိုလ် ၄ ယောက် ၁။ အပ္ပိယပုဂ္ဂလ– မချစ်မနှစ်သက်အပ်သော ပုဂ္ဂိုလ်၊ ၂။ အတိပ္ပိယသဟာယက– အလွန် ချစ်ခင်အပ်သော သူငယ်ချင်း မိတ်ဆွေ၊ ၃။ မဇ္ဈတ္တ– မချစ် မမုန်း လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်၊ ၄။ ဝေရီပုဂ္ဂလ– မိမိ၏ ရန်သူဖြစ်သော ပုဂ္ဂိုလ်။ (ဝိသုဒ္ဓိ၊၁။ ၂၈၇။)

မေတ္တာအကျိုး ၈ ပါး ၁။ ချမ်းသာစွာ အိပ်စက်ရခြင်း၊ ၂။ ချမ်းသာစွာ နိုးရခြင်း၊ ၃။ မကောင်းသော အိပ်မက်ဆိုးများကို မမြင်မက်ခြင်း၊ ၄။ လူတို့၏ ချစ်မြတ်နိုးမှုကို ခံရခြင်း၊ ၅။ နတ်ဘီလူး စသည်တို့၏ ချစ်မြတ်နိုးမှုကို ခံရခြင်း၊ ၆။ နတ်တို့၏ စောင့်ရှောက်မှုကို ခံရခြင်း၊ ၇။ အဆိပ်, မီး, ဓား စသော လက်နက်များ မကျရောက်ခြင်း၊ ၈။ အထက်မင်္ဂိုလ်တို့ကို ထိုးထွင်း၍ မသိသေးမူ ဗြဟ္မာပြည်သို့ ကပ်ရောက်ရခြင်း။ (အံ၊၃။၁။) (အံ၊မြန်၊၃။၁။)

မာန်တက်ခြင်း ၃ မျိုး ၁။ ဂုဏ်, ဇာတ်, ပညာ, ဥစ္စာ, ဂုဏ်သိ၍, အဆင်း, ခြွေရံ စသည်အားဖြင့် သူတစ်ပါးထက် မြတ်၏ဟု ထောင်လွှားခြင်း– သေယျမာန်၊ ၂။ ဂုဏ်, ဇာတ်, ပညာ, ဥစ္စာ, ဂုဏ်သိ၍, အဆင်း, ခြွေရံ စသည်အားဖြင့် သူတစ်ပါးနှင့် တူမျှ၏ဟု ထောင်လွှားခြင်း– သဒိသမာန်၊ ၃။ ဂုဏ်, ဇာတ်, ပညာ, ဥစ္စာ, ဂုဏ်သိ၍, အဆင်း, ခြွေရံ စသည်အားဖြင့် သူတစ်ပါးအောက် နိမ့်ကျသော်လည်း မည်သူမျှ အရေးမစိုက် ထောင်လွှားခြင်း– ဟီနမာန်။ (သံ၊၃။၅၂။) (သံ၊မြန်၊၃။၅၅။)

မာန်ထောင်ခြင်း ၃ မျိုး ၁။ ငါသည် ဆန္ဒထက်မြက်၏ဟု မာန်ထောင်ခြင်း– သေယျဝိဓ၊ ၂။ ငါသည် သင်နှင့် တူ၏ဟု မာန်ထောင်ခြင်း– သဒိသဝိဓ၊ ၃။ ငါသည် သင့်အောက် ယုတ်၏ ဟု မာန်ထောင်ခြင်း–ဟီနဝိဓ။ (အဘိ၊ဝိ။၃၈၁။) (အဘိ၊ဝိ၊မြန်၊၂။၄၇၈။)

မာန်ယစ်ခြင်း ၃ မျိုး ၁။ အရွယ်နုပျိုခြင်းကို စွဲ၍ ဖြစ်သော မာန်ယစ်ခြင်း၊ ၂။ ရောဂါကင်းခြင်းကို

http://www.dhammadownload.com

စွဲ၍ ဖြစ်သော မာန်ယစ်ခြင်း၊ ၃။ အသက်ရှည်ခြင်းကို စွဲ၍ ဖြစ်သော မာန်ယစ်ခြင်း။ (ဒီ၊၃။၁၈၄။) (အံ၊၁။၁၄၅။) (ဒီ၊မြန်၊၃။၂၀၄။) (အံ၊မြန်၊၁။ဒဖ၃။)

မာန်ယစ်ခြင်း မဒ ၂၇ ပါး ၁။ အမျိုးဇာတ်ကို စွဲ၍ မာန်ယစ်ခြင်း ဇာတိမဒ၊ ၂။ အနွယ်ကို စွဲ၍ မာန်ယစ်ခြင်း ဂေါတ္တမဒ၊ ၃။ ကျန်းမာခြင်းကို စွဲ၍ မာန်ယစ်ခြင်း အာရောဂျမဒ၊ ၄။ အရွယ်နုပျိုခြင်းကို စွဲ၍ မာန်ယစ်ခြင်း ယောဗ္ဗနမဒ၊ ၅။ အသက်ရှည်ခြင်းကို စွဲ၍ မာန်ယစ်ခြင်း ဇီဝိတမဒ၊ ၆။ ပစ္စည်းဥစ္စာ ရရှိခြင်းကို စွဲ၍ မာန်ယစ်ခြင်း လာဘမဒ၊ ၇။ ကောင်းစွာ ပြုစုခံရခြင်းကို စွဲ၍ မာန်ယစ်ခြင်း သက္ကာရမဒ၊ ၈။ အလေးဂရုပြု ခံရခြင်းကို စွဲ၍ မာန်ယစ်ခြင်း ဂရုကာရမဒ၊ ၉။ ရှေ့သွားပြုခြင်းကို စွဲ၍ မာန်ယစ်ခြင်း ပုရေက္ခာရမဒ၊ ၁၀။ အခြံအရံကို စွဲ၍ မာန်ယစ်ခြင်း ပရိဝါရမဒ၊ ၁၁။ စည်းစိမ်ဥစ္စာကို စွဲ၍ မာန်ယစ်ခြင်း ဘောဂမဒ၊ ၁၂။ အဆင်းကို စွဲ၍ မာန်ယစ်ခြင်း ဝဏ္ဏမဒ၊ ၁၃။ အကြားအမြင်ကို စွဲ၍ မာန်ယစ်ခြင်း သုတမဒ၊ ၁၄။ ဉာဏ်ပညာကို စွဲ၍ မာန်ယစ်ခြင်း ပဋိဘာနမဒ၊ ၁၅။ ညဉ့်အပိုင်းအခြားကို သိခြင်း ဝါကြီးခြင်းကို စွဲ၍ မာန်ယစ်ခြင်း ရတ္တညုမဒ၊ ၁၆။ ပိဏ္ဍပါတ် ခုတင် ဆောင်ခြင်းကို စွဲ၍ မာန်ယစ်ခြင်း ပိဏ္ဍပါတိကမဒ၊ ၁၇။ မထီမဲ့မြင် မအောက်မေ့စေလိုခြင်းကို စွဲ၍ မာန်ယစ်ခြင်း အနဝညတ္တိမဒ၊ ၁၈။ ရုပ်ခြင်း ထိုင်ခြင်းစသော ဣရိယာပုထ်ကို စွဲ၍ မာန်ယစ်ခြင်း ဣရိယာပထမဒ၊ ၁၉။ တန်ခိုးနှင့် ပြည့်စုံခြင်းကို စွဲ၍ မာန်ယစ်ခြင်း ဣဒ္ဓိမဒ၊ ၂၀။ အကျော်အစောကို စွဲ၍ မာန်ယစ်ခြင်း ယသမဒ၊ ၂၁။ သီလကို စွဲ၍ မာန်ယစ်ခြင်း သီလမဒ၊ ၂၂။ ဈာန်ကို စွဲ၍ မာန်ယစ်ခြင်း ဈာနမဒ၊ ၂၃။ အတတ်ပညာကို စွဲ၍ မာန်ယစ်ခြင်း သိပ္ပမဒ၊ ၂၄။ အရုပ်အမောင်းကို စွဲ၍ မာန်ယစ်ခြင်း အာရောဟမဒ၊ ၂၅။ ကိုယ်လုံးကိုယ်ပေါက်ကို စွဲ၍ မာန်ယစ်ခြင်း ပရိဏာဟမဒ၊ ၂၆။ ကိုယ်ပုံသဏ္ဌာန်ကို စွဲ၍ မာန်ယစ်ခြင်း သဏ္ဌာနမဒ၊ ၂၇။ ကိုယ်အင်္ဂါကြီးငယ် စုံလင်သည်ကို စွဲ၍ မာန်ယစ်ခြင်း ပါရိပူရိမဒ အစရှိသည်ဖြင့် မာန်ယစ်ခြင်း အများရှိ၏။ (သာရတ္ထ၊ဋီ၊၁။၃၀၂။)

မိန်းမ ၃ မျိုး ၁။ လူမိန်းမ၊ ၂။ နတ်မိန်းမ၊ ၃။ တိရစ္ဆာန်မိန်းမ။ (ဝိ၊၁။၃၄။) (သာရတ္ထ၊ဋီ၊၂။၈၆။) (ဝိ၊မြန်၊၁။၃၈။)

မိန်းမ ၁၀ ယောက် (မသွားလာထိုက်သော မိန်းမ ၁၀ ယောက်) ၁။ အမိစောင့်ရှောက်သော မိန်းမ၊ ၂။ အဖစောင့်ရှောက်သော မိန်းမ၊ ၃။ အမိအဖစောင့်ရှောက်သော မိန်းမ၊ ၄။ မောင် စောင့်ရှောက်သော မိန်းမ၊ ၅။ အစ်မ, ညီမ စောင့်ရှောက်သော မိန်းမ၊ ၆။ ဆွေမျိုး စောင့်ရှောက်သော မိန်းမ၊ ၇။ အနွယ်စောင့်ရှောက်သော မိန်းမ၊ ၈။ တရားကျင့်ဖော်တို့ စောင့်ရှောက်သော မိန်းမ၊ ၉။ အစောင့်အရှောက်ချထားသော မိန်းမ၊ ၁၀။ ဒဏ်တပ်ထားသော မိန်းမ။ (ဝိ၊၁။၂၀၂။) (ဝိ၊မြန်၊၁။၂၀၈။)

မိန်းမ ၁၂ ယောက် (မသွားလာထိုက်သော မိန်းမ ၁၂ ယောက်) ၁။ အမိဝမ်းမှ စ၍ အစောင့်အရှောက်ထားရှိသော မိန်းမ၊ ၂။ မင်းဒဏ် ချထားခြင်း ခံရသော မိန်းမ၊ ၃။ ဥစ္စာဖြင့် ဝယ်ထားသော မိန်းမ၊ ၄။ အလိုတူ၍ နေသော မိန်းမ၊ ၅။ စည်းစိမ်ဥစ္စာကြောင့် နေသော မိန်းမ၊ ၆။ အဝတ်ပုဆိုးကြောင့် နေသော မိန်းမ၊ ၇။ ရေလွှတ်၌ လက်အတူချ၍ မိဘတို့က ထိမ်းမြားထားသော မိန်းမ၊ ၈။ ဈေးရောင်းခေါင်းခုကို ချစေ၍ မယားပြုထားသော မိန်းမ၊ ၉။ ကျွန်မလည်းဖြစ်, မယားလည်း

http://www.dhammadownload.com

ဖြစ်သော မိန်းမ၊ ၁၀။ အမှုလုပ်လည်းဖြစ်, မယားလည်း ဖြစ်သော မိန်းမ၊ ၁၁။ စစ်မြေပြင်အရပ်မှ ဆောင်ယူအပ်သော မိန်းမ၊ ၁၂။ အခိုက်အတန့် တစ်ခဏမျှ ပေါင်းအပ်သော မိန်းမ။ (ဒီ၊ဋ္ဌ၊၃၊၂၃၁။) (သံ၊ဋ္ဌ၊၂။၁၃၅။) (အဘိ၊ဋ္ဌ၊၁။၁၄၁။)

မိန်းမ ၂၀ (မသွားလာထိုက်သော မိန်းမ ၂၀) ၁။ အမိစောင့်ရှောက်အပ်သော မိန်းမ၊ ၂။ အဖ စောင့်ရှောက်အပ်သော မိန်းမ၊ ၃။ မိဘစောင့်ရှောက်အပ်သော မိန်းမ၊ ၄။ မောင်စောင့်ရှောက် အပ်သော မိန်းမ၊ ၅။ ညီမ, အစ်မ စောင့်ရှောက်အပ်သော မိန်းမ၊ ၆။ ဆွေမျိုး စောင့်ရှောက် အပ်သော မိန်းမ၊ ၇။ အနွယ်တူသူ စောင့်ရှောက်အပ်သော မိန်းမ၊ ၈။ သီတင်းသုံးဖော်တို့ စောင့်ရှောက်အပ်သော မိန်းမ၊ ၉။ အစောင့်အရှောက်ထားသော မိန်းမ၊ ၁၀။ မင်းတို့သည် ဒဏ်ထားအပ်သော မိန်းမ၊ ၁၁။ ဥစ္စာဖြင့် ဝယ်အပ်သော မိန်းမ၊ ၁၂။ အလိုတူ၍ နေသော မိန်းမ၊ ၁၃။ စည်းစိမ်အလို့ငှာ နေသော မိန်းမ၊ ၁၄။ အဝတ်ပုဆိုးအလို့ငှာ နေသော မိန်းမ၊ ၁၅။ ရေခွက်၌ လက်ကို ချ၍ မိဘတို့က ထိမ်းမြားသော မိန်းမ၊ ၁၆။ ခေါင်းခုကို ပယ်ချ စေ၍ ယူအပ်သော မိန်းမ၊ ၁၇။ ကျွန်မလည်းဖြစ်, မယားလည်း ဖြစ်သော မိန်းမ၊ ၁၈။ အမှု လုပ်လည်းဖြစ်, မယားလည်းဖြစ်သော မိန်းမ၊ ၁၉။ စစ်မြေပြင်အရပ်မှ ဆောင်ယူအပ်သော မိန်းမ၊ ၂၀။ တစ်ခဏမျှ နေစေအပ်သော ပြည့်တန်ဆာ မိန်းမ။ (ဒီ၊ဋ္ဌ၊၃၊၂၃၁။) (သံ၊ဋ္ဌ၊၂။၁၃၅။) (အဘိ၊ဋ္ဌ၊၁။၁၄၁။) (ပဋိသံ၊ဋ္ဌ၊၁။၂၀၄။) (ဝိမာန၊ဋ္ဌ။၆၅။)

မိန်းမက ယောကျ်ားကို နှောင်ဖွဲ့ပုံ ၈ မျိုး ၁။ ငိုကြွေးခြင်းဖြင့် နှောင်ဖွဲ့ခြင်း၊ ၂။ ပြုံးရယ်ခြင်းဖြင့် နှောင်ဖွဲ့ခြင်း၊ ၃။ စကားပြောခြင်းဖြင့် နှောင်ဖွဲ့ခြင်း၊ ၄။ အသွင်အပြင် အမူအရာဖြင့် နှောင်ဖွဲ့ခြင်း၊ ၅။ ပန်း သစ်သီး စသော ပစ္စည်းဖြင့် နှောင်ဖွဲ့ခြင်း၊ ၆။ ဂန္ဓာရုံအနံ့ဖြင့် နှောင်ဖွဲ့ခြင်း၊ ၇။ ရသာရုံ အရသာဖြင့် နှောင်ဖွဲ့ခြင်း၊ ၈။ ဖောဋ္ဌဗ္ဗာရုံ အတွေ့ဖြင့် နှောင်ဖွဲ့ခြင်း။ (အံ၊၃။၃၈။) (အံ၊၃။မြန်၊၃၉။)

မိန်းမက လင်ယောကျ်ားကို အထင်သေးကြောင်း ၈ မျိုး ၁။ ဆင်းရဲနွမ်းပါးခြင်း၊ ၂။ ရောဂါ အနာရှိခြင်း၊ ၃။ အိုမင်းခြင်း၊ ၄။ သေသောက်ကြူးခြင်း၊ ၅။ တွေဝေ, မိုက်မဲ, ထုံခြင်း၊ ၆။ မေ့လျော့ ပေါ့ဆခြင်း၊ ၇။ အမှုကိစ္စအားလုံးတို့၌ နောက်လိုက်ပြုလုပ်သူ ဖြစ်ခြင်း၊ ၈။ ဥစ္စာအားလုံး တို့ကို မပေးကမ်းခြင်း။ (ဇာ၊ဋ္ဌ၊၅။၄၆၆။)

မိန်းမတို့ ချစ်အပ်သော ယောကျ်ား၏ အင်္ဂါ ၅ ပါး ၁။ ရုပ်အဆင်းချောမောမှု ရှိခြင်း၊ ၂။ စည်းစိမ် ဥစ္စာ ရှိခြင်း၊ ၃။ ကိုယ်ကျင့်သီလ ရှိခြင်း၊ ၄။ လိမ္မာရေးခြားရှိလျက် မပျင်းရိခြင်း၊ ၅။ သားသမီး ရနိုင်ခြင်း။ (သံ၊၂။၄၃၆။) (သံ၊မြန်၊၂။၄၃၂။)

မိန်းမတို့၌ တွေ့မြင်အပ်သော ကာမဂုဏ် ၅ ပါး ၁။ နှလုံး မွေ့လျော်ဖွယ်ကောင်းသော ရူပါရုံ၊ ၂။ နှလုံးမွေ့လျော်ဖွယ်ကောင်းသော သဒ္ဒါရုံ၊ ၃။ နှလုံး မွေ့လျော်ဖွယ်ကောင်းသော ဂန္ဓာရုံ၊ ၄။ နှလုံး မွေ့လျော်ဖွယ်ကောင်းသော ရသာရုံ၊ ၅။ နှလုံးမွေ့လျော်ဖွယ်ကောင်းသော ဖောဋ္ဌဗ္ဗာရုံ။ (ထေရဂါထာ။၂၈၉။) (ထေရဂါထာ၊မြန်။၇၈။)

မိန်းမတို့ ပျက်စီးကြောင်း ၂၅ ပါး ၁။ လင်ယောကျ်ား အရုပ်တစ်ပါးသို့ သွားခြင်းကို ချီးမွမ်းခြင်း၊ ၂။ အရုပ်တစ်ပါး၌ ရောက်နေသော လင်ယောကျ်ားကို သတိမရ မအောက်မေ့ခြင်း၊ ၃။ အရုပ်

http://www.dhammadownload.com

တစ်ပါးမှ ပြန်ရောက်လာသော လင်ယောကျ်ားကို မနှစ်သက်ခြင်း၊ ၄။ လင်ယောကျ်ား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၅။ လင်ယောကျ်ား၏ ကျေးဇူးကို မပြောဆိုခြင်း၊ ၆။ လင်ယောကျ်ား၏ အကျိုးမဲ့ကို ပြုကျင့်ခြင်း၊ ၇။ လင်ယောကျ်း၏ အကျိုးစီးပွားကို မပြုကျင့်ခြင်း၊ ၈။ လင်ယောကျ်းအား မပြုအပ်သည်ကို ပြုခြင်း၊ ၉။ လင်ယောကျ်း၏ ပြုအပ်သည်ကို မပြုခြင်း၊ ၁၀။ အဝတ်ကို မြဲစွာဝတ်၍ အိပ်ခြင်း၊ ၁၁။ လင်ယောကျ်းကို ကျောပေး၍ အိပ်ခြင်း၊ ၁၂။ တပြောင်းပြန်ပြန် လူးလိမ့်တတ်ခြင်း၊ ၁၃။ ထွက်သက်ဝင်သက်, ထွက်လေ, ဝင်လေကို ရှည်စွာ ဖြစ်စေခြင်း၊ ၁၄။ ဆင်းရဲဝေဒနာ ကြားတတ်ခြင်း၊ ၁၅။ ကျင်ကြီးကျင်ငယ် မပြတ် သွားခြင်း၊ ၁၆။ ဖောက်ပြန်သော အကျင့်ကို ကျင့်တတ်ခြင်း၊ ၁၇။ တစ်ပါးသော ယောကျ်း အသံကို ကြားသောအခါ နားစွင့်လျက် နားထောင်တတ်ခြင်း၊ ၁၈။ စည်းစိမ်ဥစ္စာကို ဖျက်ဆီးတတ်ခြင်း၊ ၁၉။ အိမ်နီးချင်းယောကျ်းတို့နှင့် ကိလေသာ၏ အစွမ်းအားဖြင့် ပေါင်းဖက်ရောရှက်မှုကို ပြုခြင်း၊ ၂၀။ အိမ်မှ ထွက်ခွာသွားတတ်ခြင်း (အိမ်မှ ဆင်းသွားတတ်ခြင်း)၊ ၂၁။ အခါမဲ့ဖြစ်သော ညဉ့်အချိန်၌ သွားလေ့ရှိခြင်း၊ ၂၂။ သယောက်လင် ထားလျက် လင်ယောကျ်း အပေါ်၌ ရိုသေခြင်းကင်း၍ ပြစ်မှားလိုသော စိတ်အကြံအစည် ရှိခြင်း၊ ၂၃။ အမြဲမပြတ် တံခါးဝ၌ ရပ်တည်ခြင်း၊ ၂၄။ လက်ကတီးကြား, နို့ အစရှိသော အင်္ဂါကြီးငယ်တို့ကို ပြတတ်ခြင်း၊ ၂၅။ ထိုမှတ္ပါမှ သွား၍ ကြည့်တတ်ခြင်း။ (ဇာတက၊၂။၁၂၁။) (ဇာ၊၆။၅၆၈။)

မိန်းမတို့. မချစ်အပ်သော ယောကျ်း၏ အင်္ဂါ ၅ ပါး ၁။ ရုပ်အဆင်းချောမောမှု မရှိခြင်း၊ ၂။ စည်းစိမ်ဥစ္စာ မရှိခြင်း၊ ၃။ ကိုယ်ကျင့်သီလ မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ သားသမီး မရနိုင်ခြင်း။ (သံ၊၂။၄၃၆။) (သံ၊မြန်၊၂။၄၃၂။)

မိန်းမတို့ မတင်းတိမ်နိုင်သော အရာ ၃ မျိုး ၁။ မေထုန်မှီဝဲခြင်း၊ ၂။ သားဖွားခြင်း၊ ၃။ အဝတ်အစားတန်ဆာခြင်း။ (ဇာ၊၆။၂။၂၉၅။)

မိန်းမတို့ မြွေဟောက်ဦးခေါင်းနှင့် တူပုံ ၅ မျိုး ၁။ အမျက်ထွက်တတ်ခြင်း၊ ၂။ ရန်ငြိုးဖွဲ့တတ်ခြင်း၊ ၃။ ရာဂအဖြစ်များသောကြောင့် ပြင်းသော အဆိပ်ရှိခြင်း၊ ၄။ ကုန်းချောစကား ပြောတတ်သောကြောင့် လျှာနှစ်ခွရှိခြင်း၊ ၅။ လင်ယောကျ်းအပေါ် လွန်ကျူးတတ်သောကြောင့် အဆွေခင်ပွန်း၌ ပြစ်မှားတတ်ခြင်း။ (ဇာ၊၆။၅။၄၈၃။)

မိန်းမတို့ ရနိုင်ခဲသော အရာဌာန ၅ မျိုး (ကောင်းမှုမပြုခဲ့သော မိန်းမ ရနိုင်ခဲသော အရာဌာန ၅ မျိုး) ၁။ သင့်လျော်သော အမျိုးဥ၌ ဖွားမြင်ရန် ခဲယဉ်းခြင်း၊ ၂။ သင့်လျော်သော အမျိုးဥ၌ ဖွားမြင်ပြီးနောက် သင့်လျော်သော အမျိုးအိမ်သို့ လိုက်ပါရန် ခဲယဉ်းခြင်း၊ ၃။ သင့်လျော်သော အမျိုးအိမ်သို့ လိုက်ပါပြီးနောက် လင်တူမယား (မယားပြိုင်) မရှိရန် ခဲယဉ်းခြင်း၊ ၄။ မယားပြိုင် မရှိဘဲ သင့်လျော်သော အမျိုးအိမ်သို့ လိုက်ပါပြီးနောက် သားသမီးရရန် ခဲယဉ်းခြင်း၊ ၅။ အထက်ပါ အင်္ဂါများနှင့် ပြည့်စုံသော်လည်း လင်ယောကျ်းအပေါ် လွှမ်းမိုးနိုင်ရန် ခဲယဉ်းခြင်း။ (သံ၊၂။၄၄၅။) (သံ၊မြန်၊၂။၄၄၁။)

မိန်းမတို့ ရလွယ်သော အရာဌာန ၅ မျိုး (ကောင်းမှုပြုခဲ့သော မိန်းမ ရလွယ်သော အရာဌာန ၅ မျိုး) ၁။ သင့်လျော်သော အမျိုးဥ၌ ဖွားမြင်ရခြင်း၊ ၂။ သင့်လျော်သော အမျိုးအိမ်သို့ လိုက်ပါရခြင်း၊

http://www.dhammadownload.com

၃။ လင်တူမယား (မယားပြိုင်) **မရှိခြင်း**၊ ၄။ သားသမီးများ ရရှိခြင်း၊ ၅။ လင်ယောကျ်ားအပေါ် လွှမ်းမိုးကျော်လွန်၍ ကျင့်ဆောင် လုပ်နိုင်ခြင်း။ (သံ၊၂။၄၄၅) (သံ၊မြန်၊၂။၄၄၁။)

မိန်းမတို့ လျှပ်ပေါ်ရာ ၅ မျိုး ၁။ အစာအာဟာရ၌ လျှပ်ပေါ်ခြင်း၊ ၂။ တန်ဆာဆင်ခြင်း၌ လျှပ်ပေါ်ခြင်း၊ ၃။ တစ်ပါးသော ယောကျ်ား၌ လျှပ်ပေါ်ခြင်း၊ ၄။ ဥစ္စာ၌ လျှပ်ပေါ်ခြင်း၊ ၅။ ခြေ၌ လျှပ်ပေါ်ခြင်း။ (သုတ္တန်၊၌၊၁။၃၂။)

မိန်းမတို့ လင်ယောကျ်ားကို လွန်ကျူး၍ ကျင့်ကြောင်း ၄၀ ပါး ၁။ ကိုယ်လက်ကို ဆန့်ခြင်း၊ ၂။ ကိုယ်လက်ကို ညွတ်ခြင်း၊ ၃။ တင့်တယ်စမွယ်ခြင်း၊ ၄။ ရုက်နိုးသကဲ့သို့ ပြုခြင်း၊ ၅။ လက်သည်းခြေသည်းဖြင့် လက်သည်းခြေသည်းကို ခြစ်ခြင်း၊ ၆။ ခြေထောက်တစ်ခုဖြင့် ခြေထောက်တစ်ခုကို နင်းခြင်း၊ ၇။ သစ်သားတုတ်ချောင်းဖြင့် မြေကို ခြစ်ခြင်း၊ ၈။ သူငယ်ကို မြှောက်ချီခြင်း, မြှောက်ချီစေခြင်း၊ ၉။ သူငယ်ကို ကစားခြင်း, ကစားစေခြင်း၊ ၁၀။ သူငယ်ကို နမ်းရှုပ်ခြင်း, နမ်းရှုပ်စေခြင်း၊ ၁၁။ စားဖွယ်သောက်ဖွယ်ကို စားခြင်း, စားစေခြင်း၊ ၁၂။ စားဖွယ်သောက်ဖွယ်ကို ပေးခြင်း၊ ၁၃။ စားဖွယ်သောက်ဖွယ်ကို တောင်းခြင်း၊ ၁၄။ ပြုအပ်သော အမှုကို အတုလိုက်၍ ပြုခြင်း၊ ၁၅။ အသံကို မြှင့်၍ ဆိုခြင်း၊ ၁၆။ အသံကို နှိမ့်၍ ဆိုခြင်း၊ ၁၇။ ကခြင်းဖြင့် ထင်စွာဆိုခြင်း၊ ၁၈။ ကခြင်းဖြင့် ကွယ်၍ဆိုခြင်း၊ ၁၉။ သီဆိုခြင်းဖြင့် ထင်စွာ ဆိုခြင်း၊ ၂၀။ သီဆိုခြင်းဖြင့် ကွယ်၍ ဆိုခြင်း၊ ၂၁။ တီးမှုတ်ခြင်းဖြင့် ထင်စွာဆိုခြင်း ကွယ်၍ ဆိုခြင်း၊ ၂၂။ ငိုခြင်းဖြင့် ထင်စွာဆိုခြင်း ကွယ်၍ဆိုခြင်း၊ ၂၃။ တင့်တယ်စမွယ်ခြင်းဖြင့် ထင်စွာဆိုခြင်း, ကွယ်၍ဆိုခြင်း၊ ၂၄။ တန်ဆာဆင်ခြင်းဖြင့် ထင်စွာဆိုခြင်း ကွယ်၍ ဆိုခြင်း၊ ၂၅။ ပြင်းစွာ ရယ်ခြင်း၊ ၂၆။ စောင်း၍ ကြည့်ခြင်း၊ ၂၇။ ခါးကို လှုပ်ခြင်း၊ ၂၈။ လျှို့ဝှက် အပ်သော အင်္ဂါကို ထက်ဝန်းကျင်လှုပ်ခြင်း၊ ၂၉။ ပေါင်ကို ဖွင့်လှစ်ပြခြင်း၊ ၃၀။ ပေါင်ကို ဖုံးခြင်း၊ ၃၁။ သားမြတ်ကို ပြခြင်း၊ ၃၂။ လက်ကတီးကို ပြခြင်း၊ ၃၃။ ချက်ကို ပြခြင်း၊ ၃၄။ မျက်စိကို မှိတ်ပြခြင်း၊ ၃၅။ မျက်မှောင်ကို ချီခြင်း၊ ၃၆။ နှုတ်ခမ်းကို ကိုက်ခြင်း၊ ၃၇။ လျှာကို ထုတ်ပြခြင်း၊ ၃၈။ အဝတ်ကို ကျွတ်အောင် ပြုခြင်း၊ ၃၉။ အဝတ်ကို ပြင်၍ ဝတ်ခြင်း၊ ၄၀။ ဆံပင်ကို ဖြေခြင်း, ထုံးခြင်း။ (ဇာတက၊၂။၁၁၁။) (ခမ္မ၊၌၊၂။၄၂၉။) (ဇာ၊၌၊၅။၄၆၇။)

မိန်းမတို့သည် လင်ယောကျ်ားအပေါ်၌ မထီမဲ့မြင်ပြုကြောင်း ၈ ပါး ၁။ ဆင်းရဲနွမ်းပါးနေခြင်း၊ ၂။ အနာရောဂါ နှိပ်စက်ခံနေရခြင်း၊ ၃။ အိုမင်းမစွမ်းအရွယ်သို့ ရောက်ခြင်း၊ ၄။ သေသောက် ကြူးခြင်း၊ ၅။ အလွန် တွေဝေခြင်း၊ ၆။ သုရာယစ်သဖြင့် မေ့လျော့ခြင်း၊ ၇။ အလုံးစုံသော ကိစ္စတို့၌ မယားအလိုသို့ လိုက်ခြင်း၊ ၈။ အလုံးစုံသော ပစ္စည်းဥစ္စာကို ပေးခြင်း။ (ဇာတက၊၂။၁၂၀။)

မိန်းမတို့သည် လင်ယောကျ်ားအပေါ်၌ အပြစ်ဆောင်ကြောင်း ၉ ပါး ၁။ ပန်းခြံစသည်သို့ သွားလေ့ရှိခြင်း၊ ၂။ ဥယျာဉ်သို့ သွားလေ့ရှိခြင်း၊ ၃။ မြစ်ဆိပ်သို့ သွားလေ့ရှိခြင်း၊ ၄။ မိဘ အိမ်သို့ သွားလေ့ရှိခြင်း၊ ၅။ သူတစ်ပါးအိမ်သို့ သွားလေ့ရှိခြင်း၊ ၆။ မှန်ကြည့်ခြင်း, အဝတ် တန်ဆာ ဆင်ခြင်းတို့၌ အလွန်လုံ့လပြုခြင်း၊ ၇။ သေရည်အရက် သောက်လေ့ရှိခြင်း၊ ၈။ မလသာ ပြတင်းပေါက် စသည်ဖြင့် ကြည့်လေ့ရှိခြင်း၊ ၉။ မိမိ၏ အင်္ဂါကြီးငယ်ကို ပြလျက် အကြောင်းအရာ မဟုတ်သည်၌ တည်လေ့ရှိခြင်း။ (ဇာတက၊၂။၁၂၀။)

http://www.dhammadownload.com

မိန်းမတို့ အလိုပြည့်နိုင်ခဲသော အရာ ၃ မျိုး ၁။ မေထုန်မှီဝဲခြင်း၊ ၂။ ကလေးမွေးခြင်း၊ ၃။ အဝတ်တန်ဆာ။ (ဇာ၊ဋ္ဌ၊၅၊၄၆၅။)

မိန်းမတို့၏ ကောင်းခြင်း ၅ ဖြာ ၁။ ဆံပင်၏ ကောင်းခြင်း၊ ၂။ အသား၏ ကောင်းခြင်း၊ ၃။ အရိုး၏ ကောင်းခြင်း၊ ၄။ အရေ၏ ကောင်းခြင်း၊ ၅။ အရွယ်၏ ကောင်းခြင်း။ (ဓမ္မ၊ဋ္ဌ၊၁။၂၄၄။)

မိန်းမတို့၏ ကောင်းခြင်း ၅ ဖြာ တစ်နည်း ၁။ အရေ၏ ကောင်းခြင်း၊ ၂။ အသား၏ ကောင်းခြင်း၊ ၃။ အကြောဓာ၏ ကောင်းခြင်း၊ ၄။ အရိုး၏ ကောင်းခြင်း၊ ၅။ အရွယ်၏ ကောင်းခြင်း။ (ဇာ၊ဋ္ဌ၊ ၁။၄၁၈။)

မိန်းမတို့၏ ခွန်အား ၅ မျိုး ၁။ ရူပဗလ–ရုပ်ရေအဆင်း လှပခြင်း ဟူသော ခွန်အားဗလ၊ ၂။ ဘောဂဗလ– စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း ဟူသော ခွန်အားဗလ၊ ၃။ ဉာတိဗလ– ဆွေမျိုးတို့နှင့် ပြည့်စုံခြင်းဟူသော ခွန်အားဗလ၊ ၄။ ပုတ္တဗလ– သားသမီးနှင့် ပြည့်စုံခြင်းဟူသော ခွန်အားဗလ။ ၅။ သီလဗလ– ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်းဟူသော ခွန်အားဗလ။ (သံ၊၂။၄၄၃၊၄၄၄၊ ၄၄၅။) (သံ၊မြန်၊၂။၄၃၈၊၄၄၀၊၄၄၁။)

မိန်းမတို့၏ လက်နက် ၅ မျိုး ၁။ ရုပ်အဆင်း၊ ၂။ အသံ၊ ၃။ အနံ့၊ ၄။ အရသာ၊ ၅။ အတွေ့အထိ။ (ဇာ၊ဋ္ဌ၊၅။၄၆၄။)

မိန်းမတို့၏ အဆင်တန်ဆာ ၅ မျိုး ၁။ ဦးခေါင်း၌ ပန်ဆင်အပ်သော တန်ဆာ၊ ၂။ လည်ပင်း၌ ဝတ်ဆင်အပ်သော တန်ဆာ၊ ၃။ လက်၌ ဝတ်ဆင်အပ်သော တန်ဆာ၊ ၄။ ခြေ၌ ဝတ်ဆင်အပ်သော တန်ဆာ၊ ၅။ ခါး၌ ဝတ်ဆင်အပ်သော တန်ဆာ။ (ဝိ၊၂။၄၅၅။) (ဝိ၊မြန်၊၂။၅၁၇။)

မိန်းမတို့၏ အပြစ် ၅ ပါး ၁။ မစင်ကြယ်ခြင်း၊ ၂။ မကောင်းသော အနံ့ရှိခြင်း၊ ၃။ အအိပ် ကြီးခြင်း၊ ၄။ ဘေးဘျမ်းနှင့် တကွ ဖြစ်ခြင်း၊ ၅။ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်ခြင်း။ (အံ၊၂။၂၂၇။) (အံ၊မြန်၊ ၂။၂၈၉။)

မိန်းမတို့၏ အပြစ် ၅ ပါး (တစ်နည်း) ၁။ အမျက်ထွက်တတ်ခြင်း၊ ၂။ ရန်ငြိုးဖွဲ့တတ်ခြင်း၊ ၃။ ပြင်းထန်သော အဆိပ်ရှိခြင်း၊ ၄။ လျှာနှစ်ခွ ရှိခြင်း၊ ၅။ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်ခြင်း။ (အံ၊၂။၂၂၇။) (အံ၊မြန်၊၂။၂၈၉။)

မိန်းမနိမိတ်၌ ဌာန ၅ မျိုး ၁။ နံပါး လေးဘက် လေးဌာန၊ ၂။ အလယ် တစ်ဌာန ပေါင်း (၅) မျိုး။ (ဝိ၊ဋ္ဌ၊၁။၂၂၂။)

မိန်းမမာယာ ၄၀ ပါး မိန်းမတို့ လင်ယောကျ်ားကို လွန်ကျူး၍ ကျင့်ကြောင်း ၄၀ ပါးနှင့် တူသည်။

မိန်းမများ နတ်ပြည်ရောက်ကြောင်း ၅ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ မကောင်းမှုမှ ရှက်ခြင်း၊ ၃။ မကောင်းမှုမှ ကြောက်လန့်ခြင်း၊ ၄။ အမျက်မထွက်တတ်ခြင်း၊ ၅။ ပညာ ရှိခြင်း။ (သံ၊၂။၄၄၁။) (သံ၊မြန်၊၂။၄၃၆။)

မိန်းမများ နတ်ပြည်ရောက်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ မကောင်းမှုမှ

http://www.dhammadownload.com

ရှက်ခြင်း၊ ၃။ မကောင်းမှုမှ ကြောက်လန့်ခြင်း၊ ၄။ မငြူစူ မစောင်းမြောင်း တတ်ခြင်း၊ ၅။ ပညာရှိခြင်း။ (သံ၊၂။၄၄၁။) (သံ၊မြန်၊၂။၄၃၇။)

မိန်းမများ နတ်ပြည်ရောက်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ မကောင်းမှုမှ ရှက်ခြင်း၊ ၃။ မကောင်းမှုမှ ကြောက်လန့်ခြင်း၊ ၄။ အခြားယောကျ်ားတို့၌ လွန်ကျူးခြင်း၊ ၅။ ပညာရှိခြင်း။ (သံ၊၂။၄၄၁။) (သံ၊မြန်၊၂။၄၃၇။)

မိန်းမများ နတ်ပြည်ရောက်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ မကောင်းမှုမှ ရှက်ခြင်း၊ ၃။ မကောင်းမှုမှ ကြောက်လန့်ခြင်း၊ ၄။ ကိုယ်ကျင့်သီလနှင့် ပြည့်စုံခြင်း၊ ၅။ ပညာရှိခြင်း။ (သံ၊၂။၄၄၁။) (သံ၊မြန်၊၂။၄၃၇။)

မိန်းမများ နတ်ပြည်ရောက်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ မကောင်းမှုမှ ရှက်ခြင်း၊ ၃။ မကောင်းမှုမှ ကြောက်လန့်ခြင်း၊ ၄။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း၊ ၅။ ပညာရှိခြင်း။ (သံ၊၂။၄၄၂။) (သံ၊မြန်၊၂။၄၃၇။)

မိန်းမများ နတ်ပြည်ရောက်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ မကောင်းမှုမှ ရှက်ခြင်း၊ ၃။ မကောင်းမှုမှ ကြောက်လန့်ခြင်း၊ ၄။ လုံ့လဝီရိယရှိခြင်း၊ ၅။ ပညာရှိခြင်း။ (သံ၊၂။၄၄၂။) (သံ၊မြန်၊၂။၄၃၈။)

မိန်းမများ နတ်ပြည်ရောက်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ မကောင်းမှုမှ ရှက်ခြင်း၊ ၃။ မကောင်းမှုမှ ကြောက်လန့်ခြင်း၊ ၄။ ထင်သော သတိရှိခြင်း၊ ၅။ ပညာရှိခြင်း။ (သံ၊၂။၄၄၂။) (သံ၊မြန်၊၂။၄၃၈။)

မိန်းမများ နတ်ပြည်ရောက်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူမှုမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မုသားစကားမှ ရှောင်ကြဉ်ခြင်း၊ ၅။ မူးယစ်ဆေးဝါး မှီဝဲသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း။ (သံ၊၂။၄၄၂။) (သံ၊မြန်၊၂။၄၃၈။)

မိန်းမများ ဖေါက်ပြန်ပုံ အမှတ်အသား ၂၅ မျိုး မိန်းမတို့ ပျက်စီးကြောင်း ၂၅ ပါးနှင့် တူသည်။

မိန်းမများ မကောင်းမှုပြုနိုင်ကြောင်း ၉ ပါး ၁။ သစ်သီးခြံ, ပန်းခြံသို့ သွားလေ့ရှိခြင်း၊ ၂။ ဥယျာဉ်သို့ သွားလေ့ရှိခြင်း၊ ၃။ မြစ်ဆိပ်သို့ သွားလေ့ရှိခြင်း၊ ၄။ ဆွေမျိုးအိမ်သို့ သွားလေ့ရှိခြင်း၊ ၅။ သူတစ်ပါး အမျိုးအိမ်သို့ သွားလေ့ရှိခြင်း၊ ၆။ ကြေးမုံ, အဝတ်အစား တန်ဆာဆင်မှု၌ အဖန်ဖန် ပြုလုပ်အားထုတ်လေ့ရှိခြင်း၊ ၇။ သေရည်အရက် သောက်စားလေ့ ရှိခြင်း၊ ၈။ (ပွဲသဘင်) ကြည့်ရှုလေ့ရှိခြင်း၊ ၉။ တံခါးအနီး၌ ရပ်တည်လေ့ရှိခြင်း။ (ဇာ၊၆၊၅။၄၆၇။)

မိန်းမများ မရနိုင်သော အရာဌာန ၅ မျိုး ၁။ မာရ်နတ်မင်း၊ ၂။ သိကြားမင်း၊ ၃။ ဗြဟ္မာမင်း၊ ၄။ သဗ္ဗညုဘုရား၌၊ ၅။ စကြဝတေးမင်း။ (ပေဋကော။၁၉၁။)

မိန်းမများ မရောင့်ရဲနိုင်သော အရာ၂ မျိုး ၁။ မေထုန် မှီဝဲခြင်း၊ ၂။ သားဖွားခြင်း။ (အံ၊၁။၇၇။) (အံ၊မြန်၊၁။၉၁။)

http://www.dhammadownload.com

မိန်းမများ အပါယ်ကျကြောင်း ၃ ပါး ၁။ နံနက်အခါ၌ ဝန်တိုမှု မစ္ဆရိယအညစ်အကြေး လွှမ်းမိုးသော စိတ်ဖြင့် နေခြင်း၊ ၂။ နေ့လည်အခါ၌ ငြူစူစောင်းမြောင်းမှု ဣဿာအညစ်အကြေး လွှမ်းမိုးသော စိတ်ဖြင့် နေခြင်း၊ ၃။ ညနေအခါ၌ ကာမရာဂ လွှမ်းမိုးသော စိတ်ဖြင့် နေခြင်း။ (သံ၊၂။၄၃၇။) (သံ၊မြန်၊၂။၄၃၃။)

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက် မရှိခြင်း၊ ၃။ အကြောက် မရှိခြင်း၊ ၄။ အမျက်ထွက်တတ်ခြင်း၊ ၅။ ပညာမဲ့ခြင်း။ (သံ၊၂။၄၃၈။) (သံ၊မြန်၊၂။၃၄၄။)

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက် မရှိခြင်း (မကောင်းမှုဌ မရှက်ခြင်း)၊ ၃။ အကြောက်မရှိခြင်း (မကောင်းမှုဌ မကြောက်ခြင်း)၊ ၄။ ရန်ငြိုးဖွဲ့တတ်ခြင်း၊ ၅။ ပညာ မရှိခြင်း။ (သံ၊၂။၄၃၈။) (သံ၊မြန်၊၂။၄၃၄။)

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက် မရှိခြင်း (မကောင်းမှုဌ မရှက်ခြင်း)၊ ၃။ အကြောက် မရှိခြင်း (မကောင်းမှုဌ မကြောက်ခြင်း)၊ ၄။ ငြူစူစောင်းမြောင်းခြင်း၊ ၅။ ပညာ မရှိခြင်း။ (သံ၊၂။၄၃၈။) (သံ၊မြန်၊၂။၄၃၄။)

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက် မရှိခြင်း (မကောင်းမှုဌ မရှက်ခြင်း)၊ ၃။ အကြောက် မရှိခြင်း (မကောင်းမှုဌ မကြောက်ခြင်း)၊ ၄။ နှမြောဝန်တိုခြင်း၊ ၅။ ပညာ မရှိခြင်း။ (သံ၊၂။၄၃၈။) (သံ၊မြန်၊၂။၄၃၄။)

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက် မရှိခြင်း (မကောင်းမှုဌ မရှက်ခြင်း)၊ ၃။ အကြောက် မရှိခြင်း (မကောင်းမှုဌ မကြောက်ခြင်း)၊ ၄။ ယောကျ်ားတစ်ပါးတို့ဌ လွန်ကျူးဿ ကျင့်ခြင်း၊ ၅။ ပညာ မရှိခြင်း။ (သံ၊၂။၄၃၉။) (သံ၊မြန်၊၂။၄၃၅။)

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက် မရှိခြင်း (မကောင်းမှုဌ မရှိခြင်း)၊ ၃။ အကြောက် မရှိခြင်း (မကောင်းမှုဌ မကြောက်ခြင်း)၊ ၄။ သီလ မရှိခြင်း၊ ၅။ ပညာမရှိခြင်း။ (သံ၊၂။၄၃၉။) (သံ၊မြန်၊၂။၄၃၅။)

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက် မရှိခြင်း (မကောင်းမှုဌ မရှက်ခြင်း)၊ ၃။ အကြောက်မရှိခြင်း (မကောင်းမှုဌ မကြောက်ခြင်း)၊ ၄။ အကြားအမြင် နည်းခြင်း၊ ၅။ ပညာ မရှိခြင်း။ (သံ၊၂။၄၃၉။) (သံ၊မြန်၊၂။၄၃၅။)

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက်မရှိခြင်း (မကောင်းမှုဌ မရှက်ခြင်း)၊ ၃။ အကြောက်မရှိခြင်း (မကောင်းမှုဌ မကြောက်ခြင်း)၊ ၄။ ပျင်းရိခြင်း၊ ၅။ ပညာမရှိခြင်း။ (သံ၊၂။၄၃၉။)

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက်မရှိခြင်း (မကောင်းမှုဌ မရှက်ခြင်း)၊ ၃။ အကြောက်မရှိခြင်း (မကောင်းမှုဌ မကြောက်ခြင်း)၊ ၄။ သတိလွတ်ကင်းခြင်း၊ ၅။ ပညာမရှိခြင်း။ (သံ၊၂။၄၄၀။) (သံ၊မြန်၊၂။၄၃၆။)

http://www.dhammadownload.com

မိန်းမများ အပါယ်ကျကြောင်း ၅ ပါး (တစ်နည်း) ၁။ သူ့အသက် သတ်လေ့ရှိခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူလေ့ရှိခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိခြင်း၊ ၄။ မုသားစကား ပြောလေ့ရှိခြင်း၊ ၅။ မူးယစ်ဆေးဝါး မှီဝဲသုံးစွဲလေ့ရှိခြင်း။ (သံ၊၂။၄၄၀။) (သံ၊မြန်၊၂။၄၃၆။)

မိန်းမများ အပါယ်ရောက်ကြောင်း ၃ ပါး ၁။ နံနက်အခါ၌ မစ္ဆရိယအားကြီးသော စိတ်ဖြင့် နေခြင်း၊ ၂။ နေ့လည်အခါ၌ ဣဿာအားကြီးသော စိတ်ဖြင့် နေခြင်း၊ ၃။ ညနေအခါ၌ ကာမရာဂ အားကြီးသော စိတ်ဖြင့် နေခြင်း။ (အံ၊၁။၂၈၅။) (အံ၊မြန်၊၁။၃၀၂။)

မာရ် ၅ မျိုး ၁။ ကိလေသမာရ်၊ ၂။ ခန္ဓမာရ်၊ ၃။ အဘိသင်္ခါရမာရ်၊ ၄။ ဒေဝပုတ္တမာရ်၊ ၅။ မစ္စုမာရ်။ (ဥဒါန၊၌။၁၉၅။) (နေတ္တိ၊၌။၁၄၅။) (သာရတ္ထ၊ဋီ၊၁။၃၁၀။) (ဝိသုဒ္ဓိ၊ဋီ၊၁။၂၅၅။)

မာရ်နတ်မင်း၏ သမီးတော် ၃ ယောက် ၁။ တဏှာ၊ ၂။ အရတိ၊ ၃။ ရဂါ။ (သံ၊၁။၁၂၅။) (ဓမ္မ၊၌၊၂။ ၁၂၈။) (အပ၊၌၊၁။၉၃။) (သံ၊မြန်၊၁။၁၂၃။)

မာရ်နတ် ရေးခြစ်ထားခဲ့သော စာကြောင်း ၁၆ ကြောင်း ၁။ ငါသည် ဘုရားရှင်ကဲ့သို့ ဒါန ပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၂။ ငါသည် ဘုရားရှင်ကဲ့သို့ သီလ ပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၃။ ငါသည် ဘုရားရှင်ကဲ့သို့ နေက္ခမ္မပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၄။ ငါသည် ဘုရားရှင်ကဲ့သို့ ပညာပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၅။ ငါသည် ဘုရားရှင်ကဲ့သို့ ဝီရိယပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၆။ ငါသည် ဘုရားရှင်ကဲ့သို့ ခန္တီပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၇။ ငါသည် ဘုရားရှင်ကဲ့သို့ သစ္စာပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၈။ ငါသည် ဘုရားရှင်ကဲ့သို့ အဓိဋ္ဌာနပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၉။ ငါသည် ဘုရားရှင်ကဲ့သို့ မေတ္တာပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၁၀။ ငါသည် ဘုရားရှင်ကဲ့သို့ ဥပေက္ခာပါရမီကို မဖြည့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၁၁။ ငါသည် ဘုရားရှင်ကဲ့သို့ ဣဒ္ဓိယပရောပရိယတ္တဉာဏ်ကို ထိုးထွင်း၍ သိခြင်း၏ အားကြီးသော အကြောင်းဖြစ်သော ပါရမီဆယ်ပါးကို မဖြည့်ကျင့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၁၂။ ငါသည် ဘုရားရှင်ကဲ့သို့ အာသယာနုသယဉာဏ်ကို ထိုးထွင်း၍ သိခြင်း၏ အားကြီးသော အကြောင်းဖြစ်သော ပါရမီဆယ်ပါးကို မဖြည့်ကျင့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၁၃။ ငါသည် ဘုရားရှင်ကဲ့သို့ မဟာကရုဏာသမာပတ္တိဉာဏ်ကို ထိုးထွင်း၍ သိခြင်း၏ အားကြီးသော အကြောင်းဖြစ်သော ပါရမီဆယ်ပါးကို မဖြည့်ကျင့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၁၄။ ငါသည် ဘုရားရှင်ကဲ့သို့ ယမကပါဋိဟာရိယဉာဏ်ကို ထိုးထွင်း၍ သိခြင်း၏ အားကြီးသော အကြောင်းဖြစ်သော ပါရမီဆယ်ပါးကို မဖြည့်ကျင့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၁၅။ ငါသည် ဘုရားရှင်ကဲ့သို့ အနာဝရဏဉာဏ်ကို ထိုးထွင်း၍ သိခြင်း၏ အားကြီးသော အကြောင်းဖြစ်သော ပါရမီဆယ်ပါးကို မဖြည့်ကျင့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း၊ ၁၆။ ငါသည် ဘုရားရှင်ကဲ့သို့ သမ္မညုတဉာဏ်ကို ထိုးထွင်း၍ သိခြင်း၏ အားကြီးသော အကြောင်းဖြစ်သော ပါရမီဆယ်ပါးကို မဖြည့်ကျင့်ခဲ့သဖြင့် ဘုရားရှင်နှင့် တူစွာ မဖြစ်ခြင်း။ (အပ၊၌၊၁။၉၂။)

http://www.dhammadownload.com

မာရ်နတ်စစ်သည်တော် ၁၀ မျိုး ၁။ ဝတ္ထုကာမ, ကိလေသကာမ၊ ၂။ အစွန်အဖျားကျောင်း စသည် တို့၌လည်းကောင်း, မြတ်သော ကုသိုလ်တရားတို့၌ လည်းကောင်း မမွေ့လျော်ခြင်း၊ ၃။ ဆာလောင်မွတ်သိပ်ခြင်း၊ ၄။ တဏှာ၊ ၅။ ထိနမိဒ္ဓ၊ ၆။ ထိတ်လန့်,ကြောက်ခြင်း၊ ၇။ အကျင့် မြတ်၌ ယုံမှားခြင်း ဝိစိကိစ္ဆာ၊ ၈။ တရားထူး အနည်းငယ်ရရှိ၍ မာန်တက်ခြင်း, ကျေးဇူး ဖျက်ခြင်း, ကိုယ်စိတ် ခက်ထန်မာကြောလာခြင်း၊ ၉။ လာဘ်သက္ကာရ အကျော်အစော၊ ၁၀။ မိမိကိုယ်ကို ချီးမွှောက်ပင့်ခြင်း, သူတစ်ပါးကို ရှုတ်ချ, နှိမ်ခြင်း။ (သုတ္တနိ။၃၄၂။) (စူဠနိ။၁၁၄။) (ဣတိဝုတ်၊၌။၁၁၈။) (သာရတ္ထ၊ဋီ၊၃။၁၄၁။) (သုတ္တနိ၊မြန်။၃၂၃။)

မာရ်နတ်၏ နာမည် ၃ မျိုး ၁။ ကဏှ၊ ၂။ နမုစိ၊ ၃။ ပမတ္တဗန္ဓု။ (ဥဒါန၊၌။၃၃၃။)

မာရ်နတ်၏ သမီးများ ဘုရားရှင်ကို ဖြားယောင်းသွေးဆောင်သည့် မိန်းမအရွယ်အစား ၆ မျိုး ၁။ ကုမာရိကာ– တစ်ဆယ့်ခြောက်နှစ်အရွယ် သတို့သမီးငယ်အရွယ်၊ ၂။ အဝိဇာတာ– သားသမီး မမွေးဖွားမီ ပုံစံအရွယ်၊ ၃။ သကိဝိဇာတာ– တစ်သား မွေးပြီးအရွယ်၊ ၄။ ဒုဝိဇာတာ– နှစ်သား မွေးပြီးအရွယ်၊ ၅။ မဇ္ဈိမိတ္ထိယော– အလယ်အလတ်အရွယ်၊ ၆။ မဟိတ္ထိယော– မိန်းမကြီးအရွယ်။ (အပ၊၌၊၁။၉၃။)

မာရ်နတ်မင်း၏ နှိုင်ငံကို ကျော်လွန်ကြောင်း တရား ၃ ပါး ၁။ အသေခ ဖြစ်သော သီလကွန္ဓနှင့် ပြည့်စုံခြင်း၊ ၂။ အသေခဖြစ်သော သမာဓိကွန္ဓနှင့် ပြည့်စုံခြင်း၊ ၃။ အသေခဖြစ်သော ပညာကွန္ဓနှင့် ပြည့်စုံခြင်း။ (ခုဒ္ဒက။၂၃၀။) (ခုဒ္ဒက၊မြန်။၂၁၄။)

မျိုးစေ့ ၅ မျိုး ဗီဇဂါမ် ၅ မျိုးနှင့် တူသည်။

မျိုးစေ့နှင့် ယောဂီတူပုံ ၂ မျိုး ၁။ မျိုးစေ့သည် အနည်းငယ်မျှပင် ဖြစ်သော်လည်း မိုးလည်း မှန်ကန်၍ လယ်ကောင်းယာကောင်း၌ စိုက်ပျိုးအပ်သည်ရှိသော် အလွန်များစွာသော အသီး တို့ကို အစဉ်တစိုက် ဖြစ်စေခြင်း (ထို့အတူ အကြင်အခြင်းအရာအားဖြင့် ကျင့်သည်ရှိသော် စောင့်ထိန်းအပ်သော သီလသည် အလုံးစုံ အရဟတ္တဖိုလ်တည်းဟူသော အသီးကို အစဉ်တစိုက် ပေးခြင်း)၊ ၂။ မျိုးစေ့သည် ကောင်းစွာ ထက်ဝန်းကျင် သုတ်သင်ပြီးသော လယ်၌ စိုက်ပျိုး အပ်သည်ရှိသော် လျင်မြန်စွာ ပေါက်ရောက်စည်ပင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်၏ ဆိတ်ငြိမ်ရာ အရပ်၌ ကောင်းစွာ သိမ်းဆည်း သုတ်သင်အပ်သော သတိပဋ္ဌာန်တည်းဟူသော လယ်မြေမြတ်၌ ပစ်ချစိုက်ပျိုးအပ်သော စိတ်သည် လျင်မြန်စွာ ပေါက်ရောက် စည်ပင်ခြင်း)။ (မိလိန္ဒ။၃၅၈။) (မိလိန္ဒ၊မြန်။၃၈၁။)

မျက်ကွယ်၌ ပြုအပ်သော ကံ ၈ မျိုး ၁။ တမန်ဖြင့် ရဟန်းခံသော ဒူတေနုပသမ္ပဒါကံ၊ ၂။ သပိတ်မှောက်သော ကံ၊ ၃။ သပိတ်လှန်သော ကံ၊ ၄။ ရူးသော ရဟန်းအား ဥမ္မတ္တကသမ္မုတိ ပေးသော ကံ၊ ၅။ သေကွဖြစ်ကုန်သော အမျိုးတို့အား သေကွဟုသမုတ်သော ကံ၊ ၆။ ဆန္နရဟန်းအား ပေးအပ်သော ဇြဟ္မဒဏ်ကံ၊ ၇။ ဒေဝဒတ်ရဟန်းအား ပြုလုပ်အပ်သော ပကာသနီယကံ၊ ၈။ မကြည်ညိုထိုက်သော အမှုကို ပြုသော ရဟန်းအပေါ်၌ ပြုအပ်သော အဝန္ဒနီယကံ။ (ဝိ၊၌၊၄။၂၄၄။)

http://www.dhammadownload.com

မျက်စိ ၂ မျိုး စက္ခု ၂ မျိုးနှင့် တူသည်။

မျက်စိ ၃ မျိုး စက္ခု ၃ မျိုးနှင့် တူသည်။

မျက်စဉ်းဆေး လှူရကျိုး ၈ ပါး ၁။ ကျယ်သော မျက်စိရှိသူ ဖြစ်ခြင်း၊ ၂။ မျက်စိ၏ ဖြူသင့်သော နေရာ၌ ဖြူခြင်း၊ ၃။ မျက်စိ၏ ဝါသင့်သော နေရာ၌ ဝါခြင်း၊ ၄။ မျက်စိ၏ နီသင့်သော နေရာ၌ နီခြင်း၊ ၅။ အလွန်ကြည်လင်သော မျက်စိရှိခြင်း၊ ၆။ ရောဂါခပ်သိမ်းတို့မှ ကင်းလွတ်ခြင်း၊ ၇။ နတ်မျက်စိနှင့် တူသော မျက်စိကို ရရှိခြင်း၊ ၈။ အတုမရှိသော ပညာမျက်စိကို ရရှိခြင်း။ (အပ၊၁။၃၆၄။) (အပ၊မြန်၊၁။၃၇၃။)

မျက်နှာချေမှုန့် ၅ မျိုး ၁။ မုန်ညင်းမှုန့်၊ ၂။ ဆားမှုန့်၊ ၃။ မြေညက်မှုန့်၊ ၄။ နှမ်းမှုန့်၊ ၅။ နနွင်းမှုန့်။ (ဇာ၊ဋ္ဌ၊၅။၃၂၁။)

မျက်မှောက်၌ ပြုအပ်သော သမ္မုခါဝိနည်း ၄ ပါး ၁။ သံဃသမ္မုခတာ– သံဃာ၏ မျက်မှောက် ဖြစ်ခြင်း၊ ၂။ ဓမ္မသမ္မုခတာ– ဓမ္မ၏ မျက်မှောက်ဖြစ်ခြင်း၊ ၃။ ဝိနယသမ္မုခတာ– ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း၊ ၄။ ပုဂ္ဂလသမ္မုခတာ– ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း။ (ဝိ၊ဋ္ဌ၊၄။၂၄၄။)

မျက်မှောက်ပြုခြင်း ၂ မျိုး ၁။ ရရှိသဖြင့် မျက်မှောက်ပြုခြင်း၊ ၂။ အာရုံပြုသဖြင့် မျက်မှောက်ပြုခြင်း။ (မဟာနိ၊ဋ္ဌ။၇၂။)

မျက်မှောက်ပြုခြင်း ၂ မျိုး (တစ်နည်း) ၁။ ပဋိလာဘသစ္ဆိကိရိယ– တတိယစျာန်ကို ဖြစ်စေ၍ စျာန်မယုတ်ဘဲ သေ၍ သုဘကိဏှာဘုံ၌ ထိုဗြဟ္မာတို့နှင့် အသက်, အဆင်းအားဖြင့် တူသည် ဖြစ်၍ ဖြစ်၏၊ ၂။ ပစ္စက္ခသစ္ဆိကိရိယ– စတုတ္ထစျာန်ကို ဖြစ်စေ၍ တန်ခိုး ဖန်ဆင်းသဖြင့် သုဘကိဏှာဘုံသို့ သွား၍ ထိုဗြဟ္မာတို့နှင့် တကွ အတူရပ်၏၊ အတူစကားပြော၏၊ အတူတိုင်ပင်နှီးနော၏။ (မ၊ဋ္ဌ၊၃။၁၈၉။)

မျက်မှောက်ပြုအပ်သော တရား ၂ ပါး ၁။ အသိညာဏ် ဝိဇ္ဇာ၊ ၂။ ကိလေသာမှ လွတ်ခြင်း ဝိမုတ္တိ။ (ဒီ၊၃။၂၂၉။) (ပေဋကော။၂၅၁။) (ဒီ၊မြန်၊၃။၂၅၁။)

မျက်မှောက်ပြုအပ်သော တရား ၃ ပါး ၁။ ရှေ့၌ နေဖူးသော ခန္ဓာအစဉ်ကို သိသော (ပုဗ္ဗေနိဝါသာနုဿတိ) ဉာဏ်ဝိဇ္ဇာ၊ ၂။ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို သိသော (စုတူပပါတ) ဉာဏ်ဝိဇ္ဇာ၊ ၃။ အာသဝေါတရားတို့၏ ကုန်ရာ အရဟတ္တမဂ်၌ ဖြစ်သော (အာသဝက္ခယ) ဉာဏ်ဝိဇ္ဇာ။ (ဒီ၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၅၂။)

မျက်မှောက်ပြုအပ်သော တရား ၄ ပါး ၁။ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့ခြင်း 'သတိ' ဖြင့် မျက်မှောက်ပြုအပ်သော တရား၊ ၂။ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မျက်မှောက်ပြုအပ်သော တရား၊ ၃။ ဝိမောက္ခ နှစ်ပါးတို့ကို နာမကာယဖြင့် မျက်မှောက်ပြုအပ်သော တရား၊ ၄။ အာသဝေါတရားတို့၏ ကုန်ခြင်းကို အရဟတ္တဖိုလ်ပညာဖြင့် မျက်မှောက်ပြုအပ်သော တရား။ (ဒီ၊၃။၁၉၂။) (ဒီ၊မြန်၊၃။၂၁၄။)

မျက်မှောက်ပြုအပ်သော တရား ၄ ပါး ၁။ သောတာပတ္တိဖိုလ်စိတ်၊ ၂။ သကဒါဂါမိဖိုလ်စိတ်၊ ၃။ အနာဂါမိဖိုလ်စိတ်၊ ၄။ အရဟတ္တဖိုလ်စိတ်။ (ဒီ၊၃။၂၃၁။) (ဒီ၊မြန်၊၃။၂၅၄။)

http://www.dhammadownload.com

မျက်မှောက်ပြုအပ်သော တရား ၄ ပါး (တစ်နည်း) ၁။ စက္ခုဝိညာဉ်ဖြင့်လည်းကောင်း ပညာဖြင့်လည်းကောင်း မျက်မှောက်ပြုအပ်သော ဒိဗ္ဗစက္ခုအဘိညာဉ်၊ ၂။ သတိဖြင့်လည်းကောင်း ပညာဖြင့်လည်းကောင်း မျက်မှောက်ပြုအပ်သော ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၊ ၃။ ကိုယ်ဖြင့်လည်းကောင်း ပညာဖြင့်လည်းကောင်း မျက်မှောက်ပြုအပ်သော ဣဒ္ဓိဝိဓအဘိညာဉ်၊ ၄။ ပညာဖြင့် မျက်မှောက်ပြုအပ်သော အာသဝက္ခယဉာဏ်။ (နေတ္တိ၊ဋ္ဌ။၁၂၈။)

မျက်မှောက်ပြုအပ်သော တရား ၄ မျိုး (တစ်နည်း) ၁။ ကိုယ်ဖြင့် မျက်မှောက်ပြုအပ်သာ ဝိမောက္ခရှစ်ပါးဟူသော တရား၊ ၂။ သတိဖြင့် မျက်မှောက်ပြုအပ်သော ပုဗ္ဗေနိဝါသဉာဏ်ဟူသော တရား၊ ၃။ မျက်စိဖြင့် မျက်မှောက်ပြုအပ်သော စုတူပပါတဉာဏ်ဟူသော တရား၊ ၄။ ပညာဖြင့် မျက်မှောက်ပြုအပ်သော အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်တရား။ (အံ၊၁။ ၅၀၂။) (အံ၊မြန်၊၁။၅၁၇။)

မျက်မှောက်ပြုအပ်သော တရား ၅ ပါး ၁။ သီလကွန္ဓ– သီလကျေးရူး၊ ၂။ သမာဓိကွန္ဓ– သမာဓိကျေးရူး၊ ၃။ ပညာကွန္ဓ– ပညာဟူသော ဂုဏ်ကျေးရူး၊ ၄။ ဝိမုတ္တိကွန္ဓ– အရဟတ္တဖိုလ်နှင့်ယှဉ်သောတရား အစု၊ ၅။ ဝိမုတ္တိညာဏဒဿနကွန္ဓ– အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အစု ဂုဏ်ကျေးရူး။ (ဒီ၊၃။၂၃၆။) (ဒီ၊မြန်၊၃။၂၅၉။)

မျက်မှောက်ပြုအပ်သော တရား ၆ ပါး ၁။ များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေခြင်း (ဣဒ္ဓိဝိဓ)၊ ၂။ နတ်တို့၏ နားနှင့် တူခြင်း (ဒိဗ္ဗသောတ)၊ ၃။ အခြားတစ်ပါးသူ၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြားသိခြင်း (စေတောပရိယ)၊ ၄။ ရှေ့၌ဖြစ်ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်း (ပုဗ္ဗေနိဝါသာနုဿတိ)၊ ၅။ လူတို့၏ မျက်စိအမြင်ထက် သာလွန်၍ နတ်မျက်စိနှင့် တူခြင်း (ဒိဗ္ဗစက္ခု)၊ ၆။ အာသဝေါတရားတို့ကို ကုန်ခန်းစေတတ်သော အရဟတ္တမဂ်ဉာဏ် (အာသဝက္ခယ) ။ (ဒီ၊၃။၂၃၉။) (ဒီ၊မြန်၊၃။၂၆၂–၂၆၃။)

မျက်မှောက်ပြုအပ်သော တရား ၇ ပါး ၁။ သခ်ါရတို့ကို အနိစ္စအားဖြင့် ဟုတ်တိုင်းမှန်စွာ ဖြစ်သော အားကို အကြောင်းပြု၍ ငါသည် အာသဝေါတရား ကုန်ပြီဟု သိခြင်း၊ ၂။ ကာမဂုဏ်တို့သည် မီးကျီးအပြည့်ရှိသော တွင်းနှင့် တူကုန်၏ဟု ဟုတ်တိုင်းမှန်စွာ မြင်သော အားကို အကြောင်းပြု၍ ငါသည် အာသဝေါကုန်ပြီဟု သိခြင်း၊ ၃။ အာသဝေါတရားတို့၏ အကြောင်းဖြစ်သော အလုံးစုံသော တရားတို့မှ တပ်ခြင်းကင်းသော အားကို အကြောင်းပြု၍ ငါသည် အာသဝေါကုန်ပြီဟု သိခြင်း၊ ၄။ သတိပဋ္ဌာန်တရား (၄) ပါးတို့ကို ပွားသော အားကို အကြောင်းပြု၍ ငါသည် အာသဝေါတရား ကုန်ပြီဟု သိခြင်း၊ ၅။ ဣန္ဒြေ (၅) ပါးတို့ကို ပွားသော အားကို အကြောင်းပြု၍ ငါသည် အာသဝေါတရား ကုန်ပြီဟု သိခြင်း၊ ၆။ ဗောဇ္ဈင် (၇) ပါးတို့ကို ပွားသော အားကို အကြောင်းပြု၍ ငါသည် အာသဝေါတရား ကုန်ပြီဟု သိခြင်း၊ ၇။ အင်္ဂါ (၈) ပါးရှိသော မြတ်သော အရိယမဂ်တို့ကို ပွားသော အားကို အကြောင်းပြု၍ ငါသည် အာသဝေါတရား ကုန်ပြီဟု သိခြင်း။ (ဒီ၊၃။၂၄၂။) (ဒီ၊မြန်၊၃။၂၆၅။)

မျက်မှောက်ပြုအပ်သော တရား ၈ ပါး ၁။ မိမိသန္တာန်၌ ကသိုဏ်းရုပ်ဈာန် ရှိ၏၊ ပြင်ပသန္တာန်၌လည်း ကသိုဏ်းရုပ်တို့ကို ရှု၏၊ ဤကား ပဌမဝိမောက္ခ၊ ၂။ မိမိသန္တာန်၌ အဆင်းရုပ်ကို

http://www.dhammadownload.com

မရှုမှတ်၊ ပြင်ပသန္တာန်၌ ကသိုဏ်းရုပ်တို့ကို ရှု၏၊ ဤကား ဒုတိယဝိမောက္ခ၊ ၃။ တင့်တယ်၏ ဟုသာ နှလုံးသွင်း၏၊ ဤကား တတိယဝိမောက္ခ၊ ၄။ ရူပသညာတို့ကို လုံးဝ လွန်မြောက်၍ ပဋိဃသညာတို့ လုံးဝ ချုပ်သည့်ပြင် နာနတ္တသညာတို့ကိုလည်း လုံးဝ နှလုံးမသွင်း၊ ကောင်းကင်သည် အဆုံးမရှိဟု ပွားခြင်းကြောင့် အာကာသာနဉ္စာယတနဈာန် ရောက်၍ နေ၏၊ ဤကား စတုတ္ထဝိမောက္ခ၊ ၅။ အာကာသာနဉ္စာယတနဈာန်ကို လွန်မြောက်၍ ဝိညာဏ်သည် အပိုင်းအခြား မရှိဟု ပွားခြင်းကြောင့် ဝိညာဏဉ္စာယတနဈာန်ရောက်၍ နေ၏၊ ဤကား ပဉ္စမဝိမောက္ခ၊ ၆။ ဝိညာဏဉ္စာယတနဈာန်ကို လွန်မြောက်၍ တစ်စုံတစ်ခုမျှ မရှိဟု ပွားခြင်းကြောင့် အာကိဉ္စညာယတနဈာန်သို့ ရောက်၍ နေ၏၊ ဤကား ဆဋ္ဌဝိမောက္ခ၊ ၇။ အာကိဉ္စညာယတနဈာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍ နေ၏၊ ဤကား သတ္တမဝိမောက္ခ၊ ၈။ နေဝသညာနာသညာယတနဈာန်ကို လွန်မြောက်၍ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍ နေ၏၊ ဤကား အဋ္ဌမဝိမောက္ခ။ (ဒီ၊၃။၂၅၁။) (ဒီ၊မြန်၊၃။၂၇၄။)

မျက်မှောက်ပြုအပ်သော တရား ၉ ပါး ၁။ ပဌမဈာန်ဝင်စားသော ပုဂ္ဂိုလ်အား ကာမသညာ ချုပ်၏၊ ၂။ ဒုတိယဈာန်ဝင်စားသော ပုဂ္ဂိုလ်အား ဝိတက် ဝိစာရတို့ ချုပ်ကုန်၏၊ ၃။ တတိယဈာန် ဝင်စားသော ပုဂ္ဂိုလ်အား ပီတိချုပ်၏၊ ၄။ စတုတ္ထဈာန်ဝင်စားသော ပုဂ္ဂိုလ်အား ထွက်သက် ဝင်သက်တို့ ချုပ်ကုန်၏၊ ၅။ အာကာသာနဉ္စာယတနဈာန် ဝင်စားသော ပုဂ္ဂိုလ်အား ရုပ်သညာ ချုပ်၏၊ ၆။ ဝိညာဏဉ္စာယတနဈာန် ဝင်စားသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတနဈာန် ချုပ်၏၊ ၇။ အာကိဉ္စညာယတနဈာန် ဝင်စားသော ပုဂ္ဂိုလ်အား ဝိညာဏဉ္စာယတနဈာန် ချုပ်၏၊ ၈။ နေဝညာနာသညာယတနဈာန် ဝင်စားသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတနဈာန် ချုပ်၏၊ ၉။ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်အား သညာသည်လည်းကောင်း ဝေဒနာသည်လည်းကောင်း ချုပ်၏။ (ဒီ၊၃။၂၅၅။) (ဒီ၊မြန်၊၃။၂၇၈။)

မျက်မှောက်ပြုအပ်သော တရား ၁၀ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော အယူ၊ ၂။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော အကြံ၊ ၃။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော အမှန်ပြောဆိုသော စကား၊ ၄။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော အမှန်ပြုသော အမှု၊ ၅။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော အသက်မွေးမှု၊ ၆။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော အားထုတ်မှု၊ ၇။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော အောက်မေ့မှု၊ ၈။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော တည်ကြည်မှု၊ ၉။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော အသိဉာဏ်၊ ၁၀။ ရဟန္တာပုဂ္ဂိုလ်၌ ဖြစ်သော မှန်သော လွတ်မြောက်မှု။ (ဒီ၊၃။၂၆၀။) (ဒီ၊မြန်၊၃။၂၈၃။)

မျက်မှောက်ဘဝ ချမ်းသာစွာ နေရကြောင်း တရား ၆ ပါး ၁။ တရား၌ မွေ့လျော်ခြင်း၊ ၂။ ဘာဝနာ၌ မွေ့လျော်ခြင်း၊ ၃။ အကုသိုလ်တရားကို ပယ်စွန့်မှု၌ မွေ့လျော်ခြင်း၊ ၄။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း၊ ၅။ ဆင်းရဲမရှိရာ (နိဗ္ဗာန်) ၌ မွေ့လျော်ခြင်း၊ ၆။ သံသရာနယ်ချဲ့ (ပပဉ္စ) တရား မရှိရာ (နိဗ္ဗာန်) ၌ မွေ့လျော်ခြင်း။ (အံ၊၂။၃၇၅။) (အံ၊မြန်၊၂။၄၇၄။)

မျက်မှောက်ဘဝ၌ စီးပွားချမ်းသာ ဖြစ်ကြောင်းတရား ၄ ပါး ၁။ ထကြွလုံ့လနှင့် ပြည့်စုံ ရခြင်း၊ ၂။ စောင့်ရှောက်မှုနှင့် ပြည့်စုံရခြင်း၊ ၃။ မိတ်ကောင်းဆွေကောင်း ရှိရခြင်း၊ ၄။ ဝင်ငွေ ထွက်ငွေ

http://www.dhammadownload.com

အားလျော်စွာ မျှမျှတတ အသက်မွေးမှု ပြုရခြင်း။ (အံ၊၃။၁၀၇။) (အံ၊၃။၁၁၂။) (အံ၊မြန်၊၃။၁၀၇၊၁၁၀။) (အံ၊မြန်၊၃။၁၀၇၊၁၁၀။)

မျက်မှောက် အောင်မြင်ရန် ကျင့်သော မိန်းမ၏ အင်္ဂါ ၄ ပါး ၁။ အမှုကိစ္စတို့ကို ကောင်းစွာ ပြုလုပ်စီရင်တတ်ခြင်း၊ ၂။ အခြွေအရံ ပရိသတ်တို့အား ချီးမြှောက် ထောက်ပံ့တတ်ခြင်း၊ ၃။ လင်ယောကျ်ား၏ ချစ်ခင်နှစ်သက်ဖွယ်ကို ပြုလုပ်တတ်ခြင်း၊ ၄။ လင်ယောကျ်ား ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာတို့ကို ထိန်းသိမ်းစောင့်ရှောက်တတ်ခြင်း။ (အံ၊၃။၉၇။) (အံ၊မြန်၊ ၃။၉၇။)

မျက်မှောက် အတ္တဘောဒ္ဓပင်လျှင် အမှန်အမှား နှစ်ပါးအကျိုး ရှိကုန်သော တရား ၅ မျိုး ၁။ ယုံကြည်ခြင်း၊ ၂။ နှစ်သက်ခြင်း၊ ၃။ တဆင့်ကြားခြင်း၊ ၄။ အခြင်းအရာကို အပြန်ပြန်ကြံဆခြင်း၊ ၅။ စဉ်းစားတွေးကြံ လက်ခံနှစ်သိမ့်သော အယူ၊ စူးစိုက်ကြည့်ရှု နှစ်သက်ကျေနပ်၍ ယူအပ်သော အယူ။ (မ၊၂။၃၈၂။) (မ၊၃။၅။) (မ၊မြန်၊၂။၃၈၇။) (မ၊မြန်၊၃။၉။)

မျောက်နှင့် ယောဂီ တူပုံ ၂ မျိုး ၁။ မျောက်သည် သစ်ကိုင်း သစ်ခက်တို့ဖြင့် တစ်ခဲနက်ရှုပ်ထွေးသော ကြောက်လန့်တတ်သူတို့၏ ပုန်းအောင်းရာဖြစ်သော ဆိတ်ငြိမ်သော သစ်ပင်ကြီး၌ နေထိုင်ရန် အတွက် ချဉ်းကပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မကောင်းမှုမှ ရှက်တတ်၍ သီလကို ချစ်မြတ်နိုးတတ်သော အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသော သုတ် ဝိနည်း အဘိဓမ္မာကို ဆောင်သော ပြောဆိုဆုံးမတတ်သော ဆရာသမားကို ချဉ်းကပ်၍ နေခြင်း)၊ ၂။ မျောက်သည် သစ်ပင်၌သာလျှင် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းကို ပြုခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် တောင်္ခါသာလျှင် သွားခြင်း, ထိုင်ခြင်း, ရပ်ခြင်း, အိပ်ခြင်းကို ပြုလျက် သတိပဋ္ဌာန်တရားကို ကျင့်ကြံ သုံးဆောင်ခံစားရခြင်း) ။ (မိလိန္ဒ။၃၅၅။) (မိလိန္ဒ၊မြန်။၃၇၈။)

မြား ၇ စင်း ၁။ ရာဂသလ္လ– ရာဂ တည်းဟူသော မြား၊ ၂။ ဒေါသသလ္လ– ဒေါသ တည်းဟူသော မြား၊ ၃။ မောဟသလ္လ– မောဟတည်းဟူသော မြား၊ ၄။ မာနသလ္လ– မာနတည်းဟူသော မြား၊ ၅။ ဒိဋ္ဌိသလ္လ– ဒိဋ္ဌိ တည်းဟူသော မြား၊ ၆။ သောကသလ္လ– သောက တည်းဟူသော မြား၊ ၇။ ကထံကထာသလ္လ– သို့လော သို့လော သံသယ ဝိစိကိစ္ဆာ ဟူသော မြား။ (မဟာနိ။၄၅။) (မဟာနိ။၃၂၄။)

မြား,ငြောင့် ၅ မျိုး ၁။ ရာဂသလ္လ– တပ်မက်မှုဟူသော ငြောင့်, မြား၊ ၂။ ဒေါသသလ္လ– ပြစ်မှားမှုဟူသော ငြောင့်, မြား၊ ၃။ မောဟသလ္လ– တွေဝေမှုဟူသော ငြောင့်, မြား၊ ၄။ မာနသလ္လ– ထောင်လွှားမှုဟူသော ငြောင့်,မြား၊ ၅။ ဒိဋ္ဌိသလ္လ– အယူမှားမှုဟူသော ငြောင့်,မြား။ (အဘိ၊ဝိ။ ၃၉၁။) (အဘိ၊ဝိ၊မြန်၊၂။၄၉၅။)

မြေ ၅ မျိုး ၁။ ရူပါရုံ၌ တပ်သော ရာဂမြေ (ရူပရဂ)၊ ၂။ သဒ္ဒါရုံ၌ တပ်သော ရာဂမြေ (သဒ္ဒရဂ)၊ ၃။ ဂန္ဓာရုံ၌ တပ်သော ရာဂမြေ (ဂန္ဓရဂ)၊ ၄။ ရသာရုံ၌ တပ်သော ရာဂမြေ (ရသရဂ)၊ ၅။ ဖောဋ္ဌဗ္ဗာရုံ၌ တပ်သော ရာဂမြေ (ဖောဋ္ဌဗ္ဗရဂ) ။ (မဟာနိ။၄၀၆။) (သုတ္တနိ၊၌၊၂။၂၉၀။)

မြေးထူးခြင်း ၂ မျိုး ၁။ ကာယိကာခိဒ္ဓာ– ရထားငယ်ဖြင့် ကစားခြင်း စသော ကိုယ်ဖြင့် မြေးထူးခြင်း၊ ၂။ ဝါစသိကာခိဒ္ဓာ– ပါးစပ်ဖြင့် ဆိုင်းတီးခြင်း စသော နှုတ်ဖြင့် မြေးထူးခြင်း။ (မဟာနိ။၂၉၅။) (စူဠနိ။၂၄၆။) (စူဠနိ။၂၇၉။)

http://www.dhammadownload.com

မြေ ၄ မျိုး ၁။ ခက်ထန်မာကြောသော မြေ၊ ၂။ အဆင်းအစရှိသော အဆောက်အဦတို့နှင့် တကွ ဖြစ်သော မြေ၊ ၃။ ပဋိဘာဂနိမိတ်ဖြစ်သော ပထဝီကသိုဏ်း၊ ၄။ ကမ္ဘာဦးလူသားတို့ သမုတ်အပ် ခေါ်ဝေါ်အပ်သော မြေ။ (ဗုဒ္ဓဝံ၊၌။၄၄။)

မြေကြီး ၂ မျိုး ၁။ ဇာတပထဝီ– အစစ်ဖြစ်သော သက်သက်သော မြေ၊ ၂။ အဇာတပထဝီ– အစစ် မဟုတ်သော များသောအားဖြင့် သဲ ကျောက်စရစ်ခဲ ပါရှိသော မြေ။ (ဝိ၊၌၊၃။၂၀။)

မြေကြီးပမာ ကြီးမားသော ပညာ ရကြောင်းတရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရား အားလျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။)

မြေကြီးနှင့် ယောဂီ တူပုံ ၅ မျိုး ၁။ မြေကြီးသည် ကောင်းမြတ်သော စန္ဒကူးအကျော် တောင်ဇလပ် စသည်တို့ဖြင့် လောင်းချခြင်းခံရသော်လည်းကောင်း၊ မကောင်းသော ကျင်ကြီး ကျင်ငယ် သွေးပြည် တံတွေး စသည်တို့ဖြင့် လောင်းချခြင်းခံရသော်လည်းကောင်း မတုန်လှုပ် မဖောက်ပြားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် လာဘ်ရခြင်း မရခြင်း ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း စသော ကောင်း မကောင်းသော အရာတို့၌ မတုန်လှုပ် မဖောက်ပြားခြင်း)၊ ၂။ မြေကြီးသည် တန်ဆာဆင်ခြင်း အပြေပြစ်ပြုခြင်းမှ ကင်းသည်ဖြစ်၍ မိမိ၏ အနှံ့ဖြင့် ထက်ဝန်းကျင် အရပ်ကို ပျံ့နှံ့ထုံစေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အပြေပြစ်ပြုခြင်းမှ ကင်းသည်ဖြစ်၍ မိမိ၏ သီလတည်းဟူသော အနံ့ဖြင့် ထက်ဝန်းကျင်အရပ်ကို ပျံ့နှံ့ထုံစေခြင်း)၊ ၃။ မြေကြီးသည် အပြတ်အခြားမရှိ, အကျိုးအပေါက်မရှိ, အခေါင်းမရှိဘဲ ထူထဲ၍ တစ်ခဲနက် ကျယ်ပြန့်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အပြတ်အခြားမရှိ၊ အကျိုးအပေါက်မရှိ၊ အခေါင်းမရှိဘဲ ထူထဲ၍ တစ်ခဲနက် ပြန့်ကျယ်သော သီလရှိခြင်း)၊ ၄။ မြေကြီးသည် ရွာ နိဂုံး ဇနပုဒ် သစ်ပင် တောတောင် စသည်တို့ကို ထမ်းဆောင်နေရသော်လည်း ငြိုငြင်ပင်ပန်းမှု မရှိခြင်း (ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည် သွန်သင်ဆုံးမသဖြင့်လည်းကောင်း၊ တရားပြသဖြင့်လည်းကောင်း၊ ဆောက်တည် စေသဖြင့်လည်းကောင်း၊ ထက်သန်ရွင်လန်းစေသဖြင့်လည်းကောင်း၊ တရားဒေသနာတို့၌ ငြိုငြင် ပင်ပန်းမှု မရှိခြင်း)၊ ၅။ မြေကြီးသည် ချစ်ခြင်း, မုန်းခြင်းမှ ကင်းခြင်း (ထို့အတူ ယောဂီ ပုဂ္ဂိုလ်သည် ချစ်ခြင်း မုန်းခြင်းမှ ကင်းသော စိတ်ဖြင့် နေခြင်း) ။ (မိလိန္ဒ။၃၆၅။) (မိလိန္ဒ၊မြန်။၃၈၈။)

မြေခွေးအိုနှင့် ယောဂီ တူပုံ ၂ မျိုး ၁။ မြေခွေးအိုသည် အစာကို ရသည်ရှိသော် မစက်ဆုပ် မရွံ့ရှာဘဲ အလိုရှိတိုင်း စားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဘောဇဉ်ကို ရသည်ရှိသော် မစက်ဆုပ် မရွံ့ရှာဘဲ ခန္ဓာကိုယ် မျှတရုံလောက်သာ သုံးဆောင်ခြင်း)၊ ၂။ မြေခွေးအိုသည် အစာကို ရသည်ရှိသော် ကြမ်းတမ်း၏ဟူ၍ လည်းကောင်း၊ မွန်မြတ်၏ဟူ၍လည်းကောင်း မစူးစမ်း မရွေးချယ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဘောဇဉ်ကို ရအပ်သည်ရှိသော် ကြမ်းတမ်းသည် မွန်မြတ်သည်ဟူ၍လည်းကောင်း၊ ကောင်းသည်ဆိုးသည်ဟူ၍ လည်းကောင်း မစူးစမ်း မရွေးချယ်ဘဲ ရတိုင်းသော အစာဖြင့် ရောင့်ရဲခြင်း) ။ (မိလိန္ဒ။၃၇၉။) (မိလိန္ဒ၊မြန်။၄၀၁။)

မြေငလျင်လှုပ်ကြောင်း ၈ ပါး ၁။ ဤမဟာပထဝီမြေကြီးသည် ရေ၌ တည်၏၊ ရေသည် လေ၌ တည်၏၊ လေသည် ကောင်းကင်၌ တည်၏၊ ပြင်းထန်စွာ လေတိုက်သောအခါ ရေကို

http://www.dhammadownload.com

လှုပ်စေ၏၊ ရေလှုပ်သော် မြေကို လှုပ်စေ၏၊ ဤကား မြေငလျင်လှုပ်ခြင်း၏ ပထမအကြောင်းတည်း၊ ၂။ တန်ခိုးအာဘိညာဉ်နှင့် ပြည့်စုံသော သမဏဗြာဟ္မဏနှင့် နတ်တို့သည် ပထဝီကသိုဏ်းနှင့် အာပေါကသိုဏ်းစွာန်သညာတို့ကို ပွားများပြီးလျှင် ဤမြေကြီးကို တုန်လှုပ်စေ၏၊ ဤကား မြေငလျင်လှုပ်ခြင်း၏ ဒုတိယအကြောင်းတည်း၊ ၃။ ဘုရားအလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ အမိဝမ်းတိုက်သို့ သက်ရောက်သောအခါ ဤမြေကြီးသည် သွက်သွက်ခါပြင်းစွာ တုန်လှုပ်၏၊ ဤကား မြေငလျင် အကြီးအကျယ် လှုပ်ခြင်း၏ တတိယအကြောင်းတည်း၊ ၄။ ဘုရားအလောင်းသည် အမိဝမ်းတိုက်မှ ဖွားမြင်သောအခါ သွက်သွက်ခါပြင်းစွာ တုန်လှုပ်၏၊ ဤကား မြေငလျင် အကြီးအကျယ် လှုပ်ခြင်း၏ စတုတ္ထအကြောင်းပေတည်း၊ ၅။ ဘုရားရှင်သည် သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူသောအခါ ဤမြေကြီးသည် သွက်သွက်ခါ ပြင်းစွာ တုန်လှုပ်၏၊ ဤကား မြေငလျင် အကြီးအကျယ် လှုပ်ခြင်း၏ ပဉ္စမအကြောင်းပေတည်း၊ ၆။ ဘုရားရှင်သည် ဓမ္မစက္ကာတရားဦးကို ဟောတော်မူသောအခါ ဤမြေကြီးသည် သွက်သွက်ခါ ပြင်းစွာ တုန်လှုပ်၏၊ ဤကား မြေငလျင် အကြီးအကျယ် လှုပ်ခြင်း၏ ဆဋ္ဌမအကြောင်းပေတည်း၊ ၇။ ဘုရားရှင်သည် အာယုသင်္ခါရ (အသက်ရှည်ရန် ပြုပြင်မှု) ကို စွန့်လွှတ်တော်မူသောအခါ ဤမြေကြီးသည် သွက်သွက်ခါ ပြင်းစွာ တုန်လှုပ်၏၊ ဤကား မြေငလျင် အကြီးအကျယ် လှုပ်ခြင်း၏ သတ္တမအကြောင်းပေတည်း၊ ၈။ ဘုရားရှင်သည် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ဝင်စံတော်မူသောအခါ ဤမြေကြီးသည် သွက်သွက်ခါ ပြင်းစွာ တုန်လှုပ်၏၊ ဤကား မြေငလျင် အကြီးအကျယ် လှုပ်ခြင်း၏ အဋ္ဌမအကြောင်းပေတည်း၊ (ဒီ၊၂။၉၀။) (ဒီ၊၌၊၁။၁၂၀။) (အံ၊၌၊၃။၂၅၁။) (ဒီ၊မြန်၊၂။၁၀၄။) (ဒီ၊၌၊မြန်၊ ၁။၂၃၃။)

မြေငလျင်လှုပ်ရာ အခါ ၈ မျိုး ၁။ ဘုရားအလောင်း တောထွက်တော်မူရာ အခါ၊ ၂။ ဗောဓိမဏ္ဍိုင်သို့ ချဉ်းကပ်ရောက်ရာ အခါ၊ ၃။ ပဲသုကူသင်္ကန်းကို ကောက်ယူရာ အခါ၊ ၄။ ပဲသုကူသင်္ကန်းကို ဆေးကြောဖွပ်လျော်ရာ အခါ၊ ၅။ ကာဠကာရာမသုတ်ကို ဟောကြားရာ အခါ၊ ၆။ ဂေါတမကသုတ်ကို ဟောကြားရာ အခါ၊ ၇။ ဝေဿန္တရာဇာတ်ကို ဟောကြားရာ အခါ၊ ၈။ ဖြဟ္မာလသုတ်ကို ဟောကြားရာ အခါ။ (ဒီ၊၌၊၁။၁၂၀။) (ဒီ၊၌၊မြန်၊၁။၂၃၃။)

မြေ၌တည်သော ဥဒေါင်းငှက်၏ ဌာန အပိုင်းအခြား ၃ မျိုး ၁၊ ၂။ ခြေထောက် နှစ်ဖက်နှစ်ဌာန၊ ၃။ အမြီး တစ်ဌာန။ (ဝိ၊၌၊၁။၂၈၁။)

မြို့၏ အကာအရံ ၇ မျိုး ၁။ မြို့ကို ဝန်းရံ၍ လက်နက်စွဲကိုင်သော အစောင့်အရှောက်တို့ဖြင့် ပြုအပ်သော အကာအရံ (မြို့ပြင်အစောင့်တပ်)= နန်းတော်ဝင်း အကာ, အတွင်းမြို့ရိုး (ပရိက္ခေပ)၊ ၂။ ကျုံး (ပရိခါ)၊ ၃။ မြို့ရိုးအခြေ၌ ခိုင်မြဲအောင် ဖို့ထားအပ်သော မြေခုံ (ဥဒ္ဓါပ)၊ ၄။ အပြင်မြို့ရိုး (ပါကာရော)၊ ၅။ တံခါးတိုင်, မြို့တံခါးပေါက်၌ ခိုင်မြဲစွာ စိုက်ထားအပ်သော တိုင် (ဧသိကာ)၊ ၆။ တံခါးမပွင့်အောင် လျှိုထားအပ်သော တံခါးချင်ဟု ရှေးက ခေါ်ဝေါ်အပ်သော မင်းတုပ် (ပလိဃ)၊ ၇။ ပြအိုး=ပစ္စင်=မြား, သေနတ်ပစ်စင် (အဋ္ဋ)။ (ဝိမတိ၊၁။၂၆၆။) (ဒီ၊ဋ္ဌ၊၂။၂၁၅။) (ဝိသုဒ္ဓိ၊ဋ္ဌ၊၁။၆၃။)

http://www.dhammadownload.com

မြို့၏ အခြေအရံ ၇ ပါး ၁။ တုရိဏ်းတိုင်သည် နက်သော တွင်းရှိ၍ တုန်လှုပ်မှု မရှိခြင်း၊ ၂။ ကျုံးသည် နက်၍ ကျယ်ခြင်း၊ ၃။ မြို့၌ ထက်ဝန်းကျင် လှည့်လည်နိုင်သော လမ်းသည် မြင့်ခြင်း ကျယ်ခြင်း၊ ၄။ မြို့၌ လက်နက်ကို သိုမှီးထားခြင်း၊ ၅။ မြို့၌ စစ်သည်ဗိုလ်ပါ အပေါင်း နေခြင်း၊ ၆။ မြို့၌ ပညာရှိ၍ လိမ္မာသော တံခါးမှူး ရှိခြင်း၊ ၇။ မြို့တံတိုင်းသည် မြင့်ခြင်း ကျယ်ခြင်း။ (အံ၊၂။၄၇၈။) (အံ၊မြန်၊၂။၅၅၉။)

မြောက်ကျွန်းသူတို့၏ ထူးခြားမှု ၃ မျိုး ၁။ တပ်မက်မှုတဏှာ မရှိခြင်း၊ ၂။ ငါ့ပစ္စည်းဟု သိမ်းဆည်းမှု မရှိခြင်း၊ ၃။ အနှစ်တစ်ထောင်ဟူသော အသက် မြဲခြင်း။ (အံ၊၃။၁၉၈။) (အံ၊မြန်၊၃။၁၉၈။)

မြင်ခြင်း ၂ မျိုး ၁။ စက္ခုဒဿန- မျက်စိဖြင့် မြင်ခြင်း၊ ၂။ ဉာဏဒဿန- ဉာဏ်ဖြင့် မြင်ခြင်း။ (သံ၊၄၊၃။၁၇၉။)

မြင့်သောနေရာ မြတ်သောနေရာ ၂၀ မျိုး ၁။ အာသန္ဒိ- ဘုရားရှင်၏ လက်ရုစ်သစ်ပမာဏထက် လွန်သော အခြေရှိသော ညောင်စောင်းအင်းပျဉ်၊ ၂။ ပလ္လင်္ကံ- အခြေ၌ ခြသေ့, သစ်, ကျား စသော သားရဲရုပ်ပါရှိသော ပလ္လင်၊ ၃။ ဂေါနကံ- လက်လေးသစ်ထက် လွန်သော သားမွေး ရှိသော ကော်ဇောကြီး၊ ၄။ စိတ္တကံ- ဆန်းကြယ်စွာ ရက်လုပ်ထားသော သားမွေးအခင်း၊ ၅။ ပဋိကံ-သားမွေးဖြင့် ပြုလုပ်ထားသော အခင်း၊ ၆။ ပဋလိကံ- တစ်ခဲနက် သန်းပြောက် ရှိသော သားမွေးအခင်း၊ ၇။ တူလိကံ- လဲရှိသော အခင်း၊ ၈။ ဝိကတိကံ-သားရဲရုပ်တို့ဖြင့် ဆန်းကြယ်စွာ ပြုလုပ်အပ်သော သားမွေးအခင်း၊ ၉။ ဥဒ္ဓလောမီ- နှစ်ဖက်လုံး၌ သားမွေးရှိသော နှစ်ဖက်ချောအခင်း၊ ၁၀။ ဧကန္တလောမီ- တစ်ဖက်ထဲ၌သာ သားမွေးရှိသော တစ်ဖက်ချော အခင်း၊ ၁၁။ ကဋ္ဌိဿံ- ပိုးချည်တိုင်လျှောက် ရွှေချည်ဖောက်၍ ရက်လုပ်အပ်သော အခင်း၊ ၁၂။ ကောသေယျံ- ရတနာရွှေချည် ငွေချည်တို့ဖြင့် ပိုးချည်တိုင်လျှောက် ပိုးချည်ဖောက်၍ ရက်လုပ်အပ်သော အခင်း၊ ၁၃။ ကုတ္တကံ- တစ်ကျိပ်ခြောက်ယောက် ကပြလောက်သော သားမွေးကော်ဇောကြီး၊ ၁၄။ ဟတ္ထတ္ထရံ- ဆင်ကျောက်ကုန်း၌ ခင်းအပ်သော ဆင်တင် ကော်ဇောကြီး၊ ၁၅။ အဿတ္ထရံ-မြင်းကျောက်ကုန်း၌ ခင်းအပ်သော မြင်းတင်ကော်ဇောကြီး၊ ၁၆။ ရထတ္ထရံ- ရထားပေါ်၌ ခင်းအပ်သော ရထားတင်ကော်ဇောကြီး၊ ၁၇။ အဇိနပဝေဏီ- သစ်နက်ရေတို့ဖြင့် ညောင်စောင်းပမာဏခန့်ရှိ အထပ်ထပ်ချုပ်အပ်သော အခင်း၊ ၁၈။ ကဒလိ မိဂပဝရပစ္စတ္ထရဏံ- ဝံပိုင်မည်သော သားကောင်၏ အရေဖြင့် ပြုအပ်သော မြတ်သော အပေါ်လွှမ်းအခင်း၊ ၁၉။ သဥတ္တရစ္ဆဒဒ- အထက်၌ ဗိတာန်နီ မျက်နှာကျက်နှင့် တကွဖြစ်သော အခင်း၊ ၂၀။ ဥဘတောလောဟိတကူပဓာနံ- ညောင်စောင်း၏ ခြေရင်းခေါင်းရင်း နှစ်ဖက်တို့၌ ထားအပ်သော နီသော အဆင်းရှိသော ခြေအုံး ခေါင်းအုံး။ (ဝိ၊၃။၂၈၁။) (ဒီ၊၁။၇ ၆၂။) (ဝိ၊မြန်၊၃။၂၈၁။) (ဒီ၊မြန်၊၁။၆၊၇၄။)

မြင်းကောင်း အင်္ဂါ ၅ ပါး ၁။ ဖြောင့်မတ်ခြင်း၊ ၂။ လျင်မြန်ခြင်း၊ ၃။ နူးညံ့ခြင်း၊ ၄။ သည်းခံခြင်း၊ ၅။ အကျင့်စင်ကြယ်ခြင်း။ (အံ၊၂။၂၁၇။) (အံ၊မြန်၊၂။၂၇၂။)

မြင်းကောင်း အင်္ဂါ ၆ ပါး (ပထမအာဇာနီယသုတ်) ၁။ ရူပါရုံကို သည်းခံနိုင်ခြင်း၊ ၂။ သဒ္ဒါရုံကို သည်းခံနိုင်ခြင်း၊ ၃။ ဂန္ဓာရုံကို သည်းခံနိုင်ခြင်း၊ ၄။ ရသာရုံကို သည်းခံနိုင်ခြင်း၊

http://www.dhammadownload.com

၅။ ဖောဋ္ဌဗ္ဗာရုံကို သည်းခံနိုင်ခြင်း၊ ၆။ ခွန်အားဗလ အဆင်းတို့နှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၅၀။) (အံ၊မြန်၊၂။၃၂၃။)

မြင်းကောင်း အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ရူပါရုံကို သည်းခံနိုင်ခြင်း၊ သဒ္ဒါရုံကို သည်းခံနိုင်ခြင်း၊ ၃။ ဂန္ဓာရုံကို သည်းခံနိုင်ခြင်း၊ ၄။ ရသာရုံကို သည်းခံနိုင်ခြင်း၊ ၅။ ဖောဋ္ဌဗ္ဗာရုံကို သည်းခံနိုင်ခြင်း၊ ၆။ ဓမ္မာရုံကို သည်းခံနိုင်ခြင်း။ (အံ၊၂။၂၅၀။) (အံ၊၂။၂၅၁။) (အံ၊မြန်၊၂။၃၂၄-၃၂၅။) (အံ၊မြန်၊၂။၃၂၅-၃၂၆။)

မြင်းကောင်း အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ရူပါရုံကို သည်းခံနိုင်ခြင်း၊ သဒ္ဒါရုံကို သည်းခံနိုင်ခြင်း၊ ၃။ ဂန္ဓာရုံကို သည်းခံနိုင်ခြင်း၊ ၄။ ရသာရုံကို သည်းခံနိုင်ခြင်း၊ ၅။ ဖောဋ္ဌဗ္ဗာရုံကို သည်းခံနိုင်ခြင်း၊ ၆။ လျင်မြန်သော အဟုန်နှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၅၁။) (အံ၊မြန်၊၂။၃၂၅။)

မြင်းငယ် ၃ စီး ၁။ လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်း, အလုံး အရပ်နှင့် မပြည့်စုံသော မြင်းငယ်၊ ၂။ လျင်မြန်ခြင်းနှင့် လည်းကောင်း အဆင်းနှင့် လည်းကောင်း ပြည့်စုံ၍ အလုံး အရပ်နှင့် မပြည့်စုံသော မြင်းငယ်၊ ၃။ လျင်မြန်ခြင်း အဆင်း အလုံး အရပ် သုံးမျိုးလုံးနှင့် ပြည့်စုံသော မြင်းငယ်။ (အံ၊၃။၁၉၈။) (အံ၊မြန်၊၃။၁၉၈။)

မြင်းယုတ်၏ အပြစ် ၈ မျိုး ၁။ ရှေ့သို့ သွားလော့ဟု ရထားထိန်းက ထိုးဆွ၍ မောင်းနှင်အပ်ပါလျက် နောက်သို့ ဆုတ်ခြင်း၊ နောက်သို့ ရထားဘီးကို လိမ့်စေခြင်း၊ ၂။ ရှေ့သို့ သွားလော့ဟု ရထားထိန်းက ထိုးဆွ၍ မောင်းနှင်အပ်ပါလျက် နောက်သို့ ခုန်ခြင်း၊ ခုန်ကန်ခြင်း၊ ရထားထမ်းပိုးကို ဖျက်ဆီးခြင်း၊ ၃။ ရှေ့သို့ သွားလော့ဟု ရထားထိန်းက ထိုးဆွ၍ မောင်းနှင်အပ်ပါလျက် ရထားသံဆီသို့ ပေါင်ကို ပစ်လွှတ်ရိုက်ခတ်၍ ရထားသံကိုပင် နင်းဖိခြင်း၊ ၄။ ရှေ့သို့ သွားလော့ဟု ရထားထိန်းက ထိုးဆွ၍ မောင်းနှင်အပ်ပါလျက် ရထားကို လမ်းလွဲအောင် ပြုခြင်း၊ လမ်းမဟုတ်သည်ကို ယူခြင်း၊ ၅။ ရှေ့သို့ သွားလော့ဟု ရထားထိန်းက ထိုးဆွ၍ မောင်းနှင်အပ်ပါလျက် ရှေ့ကိုယ်ကို ခုန်ခြင်း ရှေ့ခြေထောက် နှစ်ဖက်တို့ကို မြှောက်ချီခြင်း၊ ၆။ ရှေ့သို့ သွားလော့ဟု ရထားထိန်းက ထိုးဆွ၍ မောင်းနှင်အပ်ပါလျက်၊ ကြိမ်လုံးနှင်တန်ကို မနာခံမူ၍ သွားတို့ဖြင့် နှုတ်သီးထိန်းဇက် သံကွင်းကိုက်ဖြတ်၍ လိုရာအရပ်သို့ ဆွဲသွားခြင်း၊ ၇။ ရှေ့သို့ သွားလော့ဟု ရထားထိန်းက ထိုးဆွ၍ မောင်းနှင်အပ်ပါလျက် ရှေ့လည်းမတိုး နောက်လည်းမဆုတ်ဘဲ ခိုင်မြဲစွာ နစ်မြုပ်တည်နေသော သံငုတ်ကဲ့သို့ ခြေထောက်လေးဖက်တို့ကို မလှုပ်မယှက် စွဲမြဲစွာ ရပ်တည်ခြင်း၊ ၈။ ရှေ့သို့သွားလော့ဟု ရထားထိန်းက ထိုးဆွ၍ မောင်းနှင်အပ်ပါလျက် ရှေ့ခြေနှစ်ချောင်းတို့ကို ခေါက်၍ ကွေး၍ လည်းကောင်း, နောက်ခြေနှစ်ချောင်းတို့ကို ခေါက်၍ ကွေး၍လည်းကောင်း ထိုမူလနေရာ အရပ်၌သာလျှင် ဖိ၍ နေခြင်း ဝပ်ခြင်း။ (အံ၊၃။၃၃။) (အံ၊မြန်၊၃။၃၄။)

မြစ်ကြီး ၅ စင်း ၁။ ဂင်္ဂါမြစ်ကြီး၊ ၂။ ယမုနာမြစ်ကြီး၊ ၃။ အစိရဝတီမြစ်ကြီး၊ ၄။ သရဘူမြစ်ကြီး၊ ၅။ မဟီမြစ်ကြီး။ (မ၊ဌ၊၃။၂၆။) (ဥဒါန၊ဌ။၂၇၄။) (သာရတ္ထ၊ဋီ၊၁။၂၅၇။) (အံ၊ဌ၊၃။၂၂၀။)

မြတ်နိုးခြင်း ၂ မျိုး ၁။ တဏှာမမတ္တ- တဏှာဖြင့် မြတ်နိုးခြင်း၊ ၂။ ဒိဋ္ဌမမတ္တ- ဒိဋ္ဌိဖြင့် မြတ်နိုးခြင်း။ (စူဠနိ။၈၀။)

http://www.dhammadownload.com

မြတ်နိုးတွယ်တာခြင်း ၂ မျိုး ကေလာယန ၂ မျိုးနှင့် တူသည်။

မြတ်သော တရား ၄ မျိုး ၁။ မြတ်သော သီလ၊ ၂။ မြတ်သော သမာဓိ၊ ၃။ မြတ်သော ပညာ၊ ၄။ မြတ်သော ဝိမုတ္တိ၊ ၁။ (တစ်နည်း) အရဟတ္တဖိုလ်ရောက်ရာ၌ သုံးသပ်သော ရုပ် (မြတ်သော ရုပ်)၊ ၂။ အရဟတ္တဖိုလ်ရောက်ရာ၌ သုံးသပ်သော ဝေဒနာ(မြတ်သော ဝေဒနာ)၊ ၃။ အရဟတ္တဖိုလ်ရောက်ရာ၌ သုံးသပ်သော သညာ(မြတ်သော သညာ)၊ ၄။ အရဟတ္တဖိုလ်သို့ ရောက်သော ဘဝ(မြတ်သော ဘဝ) ။ (အံ၊၁။၃၉၀-၃၉၁။) (အံ၊မြန်၊၁။၄၀၄။)

မြတ်သော ဘုံ ၃ ဘုံ ၁။ ဝေဟပ္ဖိုလ်ဗြဟ္မာဘုံ၊ ၂။ အကနိဋ္ဌာဗြဟ္မာဘုံ၊ ၃။ နေဝသညာနာသညာယတနဗြဟ္မာဘုံ။ (အဘိ၊၄၊၂။၅၀၅။)

မြတ်သော မဂ္ဂင် ၈ မျိုး ၁။ ကောင်းစွာ မြင်ခြင်း၊ ၂။ ကောင်းစွာ ကြံခြင်း၊ ၃။ ကောင်းသော စကားကို ပြောဆိုခြင်း၊ ၄။ ဒုစရိုက်မှ ရှောင်ကြဉ်ခြင်း အစရှိသော ကောင်းသော အမှုကို ပြုလုပ်ခြင်း၊ ၅။ ကောင်းစွာ အသက်မွေးခြင်း၊ ၆။ ကောင်းစွာ အားထုတ်ခြင်း၊ ၇။ ကောင်းစွာ အောက်မေ့ဆင်ခြင်ခြင်း၊ ၈။ ကောင်းစွာ တည်ကြည်ခြင်း။ (မ၊၂။၂၀၄။) (မ၊မြန်၊၂။၂၁၆။)

မြတ်သော လမ်းဟု ဆိုအပ်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရှန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။ ၄၇၂-၄၇၈။)

မြတ်သော အကျင့်ကို ကျင့်ခြင်းဌာ အခွင့်မဟုတ်သော အချိန် ၉ မျိုး ၁။ ငရဲဘုံသို့ ရောက်နေခြင်း၊ ၂။ တိရစ္ဆာန်ဘုံသို့ ရောက်နေခြင်း၊ ၃။ ပြိတ္တာဘုံသို့ ရောက်နေခြင်း၊ ၄။ အသူရကာယ်ဘုံသို့ ရောက်နေခြင်း၊ ၅။ အရူပဘုံနှင့် အသညသတ်ဘုံသို့ ရောက်နေခြင်း၊ ၆။ ပစ္စန္တရစ်ဇနပုဒ် လူရိုင်းတို့အတွင်း၌ ဖြစ်နေခြင်း၊ ၇။ မှားယွင်းဖောက်ပြန်သော အယူ ရှိခြင်း၊ ၈။ စိတ်ဖောက်ပြန်နေသူ၊ ဆွံ့အနေသူ ဖြစ်ခြင်း၊ ၉။ မြတ်စွာဘုရား မပွင့်သော ကာလ ဖြစ်ခြင်း။ (ဒီ၊၃၊၂၁၉။) (ဒီ၊၃။၂၄၈။) (ဒီ၊မြန်၊၃။၂၄၂-၂၄၃။) (ဒီ၊မြန်၊၃။၂၇၁။)

မြတ်သော အကျင့်ကို ကျင့်ခြင်းဌာ အခွင့်မဟုတ်သော အချိန် ၈ မျိုး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၈ ပါး၊ ဒုပ္ပဋိဝေ္ဓ တရား ၈ ပါး၊ ရုပ်ပြစ် ၈ ပါး၊ အကွဏ ၈ ပါးတို့နှင့် တူသည်။

မြတ်သော အကျင့်ကို ဆောက်တည်ကြောင်း ၂ ပါး ၁။ ရဟန်းဖြစ်ခြင်း၊ ၂။ အလွေအရံကို စွန့်ခွာ၍ တောရပ်မှီခြင်း။ (မဟာနိ။၁၁၉။)

မြတ်သော အကျင့်ဖြင့် ပယ်ရမည့် မစ္ဆရိယ ၅ မျိုး ၁။ ကျောင်း၌ ဝန်တိုခြင်းကို ပယ်ရန် ကျင့်ရခြင်း၊ ၂။ ဒါယကာ၌ ဝန်တိုခြင်းကို ပယ်ရန် ကျင့်ရခြင်း၊ ၃။ လာဘ်၌ ဝန်တိုခြင်းကို ပယ်ရန် ကျင့်ရခြင်း၊ ၄။ ဂုဏ်အဆင်း၌ ဝန်တိုခြင်းကို ပယ်ရန် ကျင့်ရခြင်း၊ ၅။ တရား၌ ဝန်တိုခြင်းကို ပယ်ရန် ကျင့်ရခြင်း။ (အံ၊၂။၂၃၉။) (အံ၊မြန်၊၂။၃၀၆။)

http://www.dhammadownload.com

မြတ်သောအကျင့် ၁၀ ပါး ထိုးထွင်း၍ သိနိုင်ခဲသော တရား ၁၀ ပါး၊ ဒုပ္ပဋိဝေဓတရား ၁၀ ပါး တို့နှင့် တူသည်။

မြတ်သော အလှူ ၅ မျိုး ၁။ အတိုင်းအရှည် မရှိကုန်သော သတ္တဝါတို့အား ဘေးမဲ့ပေးလျက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူတစ်ပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ ယုတ်မာသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မုသားစကား ပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ သေရည်အရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း။ (အဘိ၊က။၂၅၆။) (အဘိ၊က၊မြန်၊၂။၅၀။)

မြန်သောပညာ ရကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်း တရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။)

မြွေ ၂ မျိုး ၁။ အလိုရှိတိုင်း ရုပ်ဖန်ဆင်းနိုင်သော မြွေ၊ ၂။ အလိုရှိတိုင်း ရုပ်မဖန်ဆင်းနိုင်သော မြွေ။ (သုတ္တနိ၊၄၊၁။၁၂။)

မြွေ ၂ မျိုး (တစ်နည်း) (အလိုရှိတိုင်း ရုပ်ဖန်ဆင်းနိုင်သော မြွေ ၂ မျိုး) ၁။ ရေ၌ ဖြစ်သော မြွေမျိုး၊ ၂။ ကြည်း၌ ဖြစ်သော မြွေမျိုး။ (သုတ္တနိ၊၄၊၁။၁၂။)

မြွေ ၄ မျိုး (တစ်နည်း) ၁။ ကဋ္ဌမုခမြွေ– ထင်းခြောက်နှင့် တူသည်၏အဖြစ်သို့ ရောက်စေတတ်သော အဆိပ်ရှိသော မြွေ၊ ၂။ ပူတိမုခမြွေ– အပုတ်ကောင်နှင့် တူသည်၏အဖြစ်သို့ ရောက်စေတတ်သော အဆိပ်ရှိသော မြွေ၊ ၃။ အင်္ဂါမုခမြွေ– မီးလောင်သည်နှင့် တူသည်၏ အဖြစ်သို့ ရောက်စေတတ်သော အဆိပ်ရှိသော မြွေ၊ ၄။ သတ္ထမုခမြွေ– ဓားနှင့် ခုတ်ဖြတ်ထား သကဲ့သို့ အပိုင်းပိုင်းပြတ်သည်၏ အဖြစ်သို့ ရောက်စေတတ်သော အဆိပ်ရှိသော မြွေ။ (သံ၊၄၊၃။၅၂။)

မြွေ ၄ မျိုး (တစ်နည်း) ၁။ လျင်မြန်သော အဆိပ်သာရှိ၍ ကြမ်းတမ်းသော အဆိပ်မရှိသော မြွေ၊ ၂။ ကြမ်းတမ်းသော အဆိပ်သာရှိ၍ လျင်မြန်သော အဆိပ်မရှိသော မြွေ၊ ၃။ လျင် မြန်သော အဆိပ်လည်းရှိ၍ ကြမ်းတမ်းသော အဆိပ်လည်းရှိသော မြွေ၊ ၄။ လျင်မြန်သော အဆိပ်လည်း မရှိ ကြမ်းတမ်းသော အဆိပ်လည်း မရှိသော မြွေ။ (အံ၊၁။၄၂၅။) (အဘိ၊ပု။၁၅၅။) (အံ၊မြန်၊၁။၄၃၈။) (အဘိ၊ပု၊မြန်။၅၉။)

မြွေကြီး ၄ ကောင်နှင့် ဓာတ်ကြီး ၄ ပါး ၁။ ပထဝီဓာတ်= ကဋ္ဌမုခမြွေ–(ထင်းခြောက်ကဲ့သို့ မာကျောသော ခံတွင်းရှိသော မြွေသည် ကိုက်အပ်သော ကိုယ်သည် လွန်စွာခက်ထန် တောင့်တင်းခိုင်မာသကဲ့သို့ အဖျစ္ဆာပထဝီဓာတ်၏ ပျက်ခြင်းကြောင့် ကိုယ်သည် လွန်စွာ ခက်ထန်, တောင့်တင်းခိုင်မာလေ၏)၊ ၂။ အာပေါဓာတ်= ပူတိမုခမြွေ၊ (ပူတိမုခမြွေ အကိုက် ခံရသော ကိုယ်သည် ပုပ်သိုးနံစော် ဖြစ်ရသကဲ့သို့ ကိုယ်တွင်းအာပေါဓာတ် ပျက်စီး ခြင်းကြောင့် ကိုယ်သည် ပုပ်သိုးနံစော်ပေ၏)၊ ၃။ တေဇောဓာတ်= အင်္ဂါမုခမြွေ၊ (အင်္ဂါမုခမြွေ အကိုက်ခံရသော ကိုယ်သည် ပြင်းစွာပူလောင်သကဲ့သို့ ကိုယ်တွင်းတေဇောဓာတ် ပျက်စီး

http://www.dhammadownload.com

ခြင်းကြောင့် ကိုယ်သည် ပြင်းစွာပူလောင်၏)၊ ၄။ ဝါယောဓာတ်= သတ္တမုခမြွေ– (သတ္တမုခမြွေအကိုက်ခံရသော ကိုယ်သည် စုတ်ပြတ်သကဲ့သို့ ကိုယ်တွင်း ဝါယောဓာတ်ပျက်စီးခြင်းကြောင့် ကိုယ်သည် စုတ်ပြတ်၏)။ (အဘိ၊ဋ္ဌ၊၁။၃၃၉။)

မြွေနဂါးတို့ မိမိအမျိုးဇာတိကို မလွန်နိုင်ရာ ကာလ ၅ ပါး ၁။ ပဋိသန္ဓေနေရာ၊ ၂။ စုတေရာ၊ ၃။ လွတ်လွတ်ကျွတ်ကျွတ် အိပ်ပျော်ရာ၊ ၄။ ဇာတိတူ မြွေနဂါးမျိုးဌဲ့ မေထုန်မှီဝဲရာ၊ ၅။ အရေဟောင်းကို စွန့်ရာ။ (သုတ္တနိ၊ဋ္ဌ၊၁။၁၂။) (သာရတ္ထ၊ဋီ၊၃။၁၈။)

မြွေနဂါးတို့ အရေခွံဟောင်း စွန့်ပုံ ၄ မျိုး ၁။ မိမိ မြွေ, နဂါးဇာတ်ဌဲ့ တည်ရခြင်း၊ ၂။ မိမိ၏ အရေခွံအဟောင်းကို စက်ဆုပ်ခြင်း၊ ၃။ အုတ်အကြား, သစ်သား, သစ်ပင် ဝါးပင်ရင်း အကြားအရပ်ကို မှီရခြင်း၊ ၄။ အားအစွမ်း ထုတ်ရခြင်း။ (ဒီ၊ဋ္ဌ၊၁။၁၉၉။) (မ၊ဋ္ဌ၊၃။၁၈၁။) (ပဋိသံ၊ဋ္ဌ၊၂။၂၇၈။) (သာရတ္ထ၊ဋီ၊၃။၁၈။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၈၈။)

မြွေနှင့်တူသော တရား ၄ ပါး ၁။ ပထဝီဓာတ်၊ ၂။ အာပေါဓာတ်၊ ၃။ ဝါယောဓာတ်၊ ၄။ တေဇောဓာတ်။ (သံ၊၂။၃၈၂။) (သံ၊မြန်၊၂။၃၇၈။)

မြွေနှင့်တူသော ပုဂ္ဂိုလ် ၄ မျိုး ၁။ လျင်မြန်သော အဆိပ်သာရှိ၍ ကြမ်းတမ်းသော အဆိပ်မရှိသော မြွေကဲ့သို့ အမြဲမပြတ် အမျက်ထွက်တတ်သော်လည်း ရှည်ကြာမြင့်စွာ အမျက်ဒေါသ မကိန်းသော ပုဂ္ဂိုလ်၊ ၂။ ကြမ်းတမ်းသော အဆိပ်သာရှိ၍ လျင်မြန်သော အဆိပ်မရှိသော မြွေကဲ့သို့ အမြဲမပြတ် အမျက်မထွက်တတ်သော်လည်း တစ်ရံတစ်ခါ ထွက်သော အမျက်ဒေါသသည် ရှည်ကြာမြင့်စွာ ကိန်းနေတတ်သော ပုဂ္ဂိုလ်၊ ၃။ လျင်သော အဆိပ်လည်း ရှိ၍ ကြမ်းတမ်းသော အဆိပ်လည်းရှိသော မြွေကဲ့သို့ အမြဲမပြတ်လည်း အမျက်ဒေါသ ထွက်တတ်၍ ရှည်ကြာလေးမြင့်စွာသော နေ့ညပတ်လုံးလည်း အမျက်ဒေါသ ကိန်းနေတတ်သော ပုဂ္ဂိုလ်၊ ၄။ လျင်သော အဆိပ်လည်းမရှိဘဲ ကြမ်းတမ်းသော အဆိပ်လည်းမရှိသော မြွေကဲ့သို့ အမြဲမပြတ်လည်း အမျက်ဒေါသ မထွက်တတ်ဘဲ ရှည်ကြာမြင့်စွာသော ကာလပတ်လုံးလည်း အမျက်ဒေါသ မကိန်းတတ်သော ပုဂ္ဂိုလ်။ (အံ၊၁။၄၂၆။) (အဘိ၊ပု။၁၅၅။) (အံ၊မြန်၊၁။၄၃၈။) (အဘိ၊ပု၊မြန်။၅၉။)

မြွေနှင့် ယောဂီ အင်္ဂါ ၃ ပါး ၁။ မြွေသည် ရင်ပတ်ဖြင့် သွားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ပညာဖြင့် သွားအပ်ခြင်း၊ ပညာဖြင့် သွားသော ယောဂီပုဂ္ဂိုလ်၏ စိတ်သည် နည်းမှန်လမ်းမှန် သဘောလက္ခဏာမှန်ကို ပွားများနိုင်ခြင်း)၊ ၂။ မြွေသည် သွားသည်ရှိသော် အဆိပ်နိုင်သော ဆေးကို ရှောင်ကြဉ်၍ သွားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မကောင်းမှု ဒုစရိုက်အကျင့်တို့ကို ရှောင်ကြဉ်၍ လှည့်လည်သွားလာရခြင်း)၊ ၃။ မြွေသည် လူကို မြင်သည်ရှိသော် ပူပန်စိုးရိမ်ကြောစည်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မကောင်းသော အကြံအစည်တို့ကို ကြံမိသည်ရှိသော် "ငါသည် မေ့လျော့ခြင်းဖြင့် နေ့ကို ကုန်လွန်စေအပ်၏၊ ထိုမေ့လျော့ခြင်းကို တစ်ဖန် ပြန်ရခြင်းငှာ မတတ်ကောင်း"ဟု ပူပန်စိုးရိမ် ကြောစည်ရခြင်း)။ (မိလိန္ဒ။၃၉၁။) (မိလိန္ဒ၊မြန်။၄၁၂။)

မြွေဖမ်းသူ၏ အကျိုးမဲ့ ၅ မျိုး ၁။ မကောင်းသော အနံ့ကို ခံယူရခြင်း၊ ၂။ မစင်ကို ခံယူရသကဲ့သို့ ဖြစ်ခြင်း၊ ၃။ အနာရောဂါကို ခံယူသကဲ့သို့ ဖြစ်ခြင်း၊ ၄။ အဆိပ်ကို ခံယူသကဲ့သို့ ဖြစ်ခြင်း၊ ၅။ သေခြင်းကို ခံယူသကဲ့သို့ ဖြစ်ခြင်း။ (သံ၊ဋ္ဌ၊၃။၅၉။)

http://www.dhammadownload.com

မြွေမင်း ၄ မျိုး နဂါးမင်း ၄ ဦး နှင့်တူသည်။

မြွေဟောက် အပြစ် ၅ ပါး ၁။ မစင်ကြယ်ခြင်း၊ ၂။ မကောင်းသော အနံ့ရှိခြင်း၊ ၃။ အအိပ်ကြီးခြင်း၊ ၄။ ဘေးရန်နှင့် တကွ ဖြစ်ခြင်း၊ ၅။ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်ခြင်း။ (အံ၊၂။၂၂၇။) (အံ၊မြန်၊၂။၂၈၉။)

မြွေဟောက် အပြစ် ၅ ပါး (တစ်နည်း) ၁။ အမျက်ထွက်တတ်ခြင်း၊ ၂။ ရန်ငြိုးဖွဲ့တတ်ခြင်း၊ ၃။ ပြင်းထန်သော အဆိပ်ရှိခြင်း၊ ၄။ လျှာ နှစ်စွ ရှိခြင်း၊ ၅။ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်ခြင်း။ (အံ၊၂။၂၂၇။) (အံ၊မြန်၊၂။၂၈၉။)

မြှားအတတ် ၁၂ မျိုး ၁။ သရုပဋိဗာဟန- မိမိ၏ မြှားဖြင့် ရန်သူ၏ မြှားအလာကို ဆီးကာဟန့်တားသော မြှားရေးအတတ်၊ ၂။ စက္ကဝိဒ္ဓ- မြှားကို စက်ဝန်းကဲ့သို့ ပစ်သော မြှားရေးအတတ်၊ ၃။ သရလဒ္ဓိ-နွယ်တန်းသကဲ့သို့ မြှားတန်းမပြတ်အောင် ပစ်ခြင်းတည်းဟူသော မြှားရေးအတတ်၊ ၄။ သရရဇ္ဇု- ကြိုးအစဉ်ကဲ့သို့ ပစ်ခြင်းတည်းဟူသော မြှားရေးအတတ်၊ ၅။ သရဝေဓိ- ရွေ့ပစ်လိုက်သော မြှားကို နောက်မြှားဖြင့် မှန်အောင် ပစ်ခြင်း တည်းဟူသော မြှားရေးအတတ်၊ ၆။ သရပါသာဒ- မြှားတို့ကို ပြာသာဒ်သဏ္ဌာန်ထင်အောင် ပစ်ခြင်းတည်းဟူသော မြှားရေးအတတ်၊ ၇။ သရသောပါန- မြှားတို့ကို စောင်းတန်းဆင့်အောင် (စောင်းတံတန်းသဏ္ဌာန်ထင်အောင်) ပစ်ခြင်းတည်းဟူသော မြှားရေးအတတ်၊ ၈။ သရမဏ္ဍပ- မြှားတို့ကို မဏ္ဍပ်အသွင်ပေါ်အောင် ပစ်ခြင်းတည်းဟူသော မြှားရေးအတတ်၊ ၉။ သရပါကာရ- မြှားတို့ကို တံတိုင်းသဏ္ဌာန်ထင်အောင် ပစ်ခြင်းတည်းဟူသော မြှားရေးအတတ်၊ ၁၀။ သရပေါက္ခရဏီ- မြှားတို့ကို လေးထောင့်ရေကန်သဏ္ဌာန် ထင်အောင် ပစ်ခြင်းတည်းဟူသော မြှားရေးအတတ်၊ ၁၁။ သရပဒုမ- မြှားတို့ကို ပဒုမာ ကြာပွင့်ချပ်ကဲ့သို့ မြှားထပ်အဆိုင်ဆိုင် တက်အောင် ပစ်ခြင်းတည်းဟူသော မြှားရေးအတတ်၊ ၁၂။ သရဝဿ- မြှားတို့ကို (မိုးရွာသည်နှင့် တူအောင်) မြှားမိုးရွာသကဲ့သို့ ပစ်ခြင်းတည်းဟူသော မြှားရေးအတတ်။ (ဇာ၊၌၊၅။၁၃၈။)

မွတ်သိပ်မှု ၃ ပါး ၁။ ကာမဂုဏ်၌ မွတ်သိပ်မှု- ကာမတဿိနာ၊ ၂။ ဘဝမပြတ်ဟူသော အယူနှင့် တကွဖြစ်သော မွတ်သိပ်မှု- ဘဝတဿိနာ၊ ၃။ ဘဝပြတ်၏ဟူသော အယူနှင့် တကွ ဖြစ်သော မွတ်သိပ်မှု- ဝိဘဝတဿိနာ။ (သံ၊၃။၅၄။) (သံ၊မြန်၊၃။၅၈။)

မွန်မြတ်သော ဘောဇဉ် ၉ မျိုး ၁။ ထောပတ်၊ ၂။ ဆီဦး၊ ၃။ ဆီ၊ ၄။ ပျားရည်၊ ၅။ တင်လဲ၊ ၆။ ငါး၊ ၇။ အသား၊ ၈။ နို့ရည်၊ ၉။ နို့ခဲမ်း။ (ဝိ၊၂။၁၁၉။) (ဝိ၊မြန်၊၂။၁၃၅။)

မှားသော အကြံ ၃ မျိုး ၁။ ကာမဂုဏ်နှင့် စပ်သော အကြံ၊ ၂။ အမျက်ဒေါသနှင့် စပ်သော အကြံ၊ ၃။ ညှဉ်းဆဲမှုနှင့် စပ်သော အကြံ။ (မ၊၃။၁၁၇။)

မှားသော သဘောတရား ၁၀ ပါး ၁။ မိစ္ဆာဒိဋ္ဌိ- မှားသော အယူ၊ ၂။ မိစ္ဆာသင်္ကပ္ပ- မှားသော အကြံ၊ ၃။ မိစ္ဆာဝါစာ- မှားသော စကားပြောဆိုမှု၊ ၄။ မိစ္ဆာကမ္မန္တ- မှားသော အမှု၊ ၅။ မိစ္ဆာအာဇီဝ- မှားသော အသက်မွေးမှု၊ ၆။ မိစ္ဆာဝါယမ- မှားသော အားထုတ်မှု၊ ၇။ မိစ္ဆာသတိ- မှားသော သတိ၊ ၈။ မိစ္ဆာသမာဓိ- မှားသော တည်ကြည်မှု၊ ၉။ **မိစ္ဆာညာဏ**- မှားသော ဉာဏ်၊ ၁၀။ **မိစ္ဆာ**ဝိမုတ္တိ- မှားသော လွတ်မြောက်မှု။ (အဘိ၊ဝိ။၄၀၅။) (**အဘိ**၊ဝိ၊မြန်၊၂။၅၁၃။)

http://www.dhammadownload.com

မှားသော သဘောတရား ၈ မျိုး ပယ်အပ်သော တရား ၈ ပါး၊ ပဟာတဗ္ဗတရား ၈ ပါး၊ မိစ္ဆတ္တ တရား ၈ ပါးတို့နှင့် တူသည်။

မှားသော အကျင့် ၁၀ ပါး ပယ်အပ်သော တရား ၁၀ ပါး၊ ပဟာတဗ္ဗတရား ၁၀ ပါးတို့နှင့် တူသည်။

မိုခိုရာတရား ၁၀ ပါး ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ခြင်း၊ ၂။ အကြားအမြင်များလျက် တရားတို့ကို ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိအပ်ခြင်း၊ ၃။ မိတ်ဆွေကောင်းရှိလျက် ထိုမိတ်ဆွေကောင်းတို့၌ ကိုင်းညွတ်ခြင်း၊ ၄။ ဆုံးမလွယ်၍ အဆုံးအမကို ရိုသေစွာ ခံယူတတ်ခြင်း၊ ၅။ သီတင်းသုံးဖော်တို့၏ အမှုကိစ္စတို့၌ စူးစမ်းမှု ပညာနှင့် ပြည့်စုံလျက် ပြုစီမံရန် စွမ်းနိုင်ခြင်း၊ ၆။ တရားတော်ကို အလိုရှိလျက် သုတ် ဝိနည်း အဘိဓမ္မာတို့၌ များစွာ မြတ်နိုးမှု ရှိခြင်း၊ ၇။ အကုသိုလ်တရားတို့ကို ပယ်၍ ကုသိုလ်တရားတို့ကို ပြည့်စုံစေရန် ထက်သန်သော လုံ့လရှိခြင်း၊ ၈။ ရသမျှသော သင်္ခန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် ရောင့်ရဲခြင်း၊ ၉။ လွန်ကဲသော သတိနှင့် ပြည့်စုံလျက် ကြာမြင့်စွာက ပြုလုပ် ပြောဆိုခဲ့မှုကို အောက်မေ့နိုင်ခြင်း၊ ၁၀။ အဖြစ်အပျက်ကို သိသောပညာ ကိလေသာကို ဖောက်ခွဲလျက် နိဗ္ဗာန်သို့ ရောက်စေတတ်သော ပညာနှင့် ပြည့်စုံခြင်း။ (ဒီ၊၃။၂၂၁။) (ဒီ၊၃။၂၅၅။) (အံ၊၃။၂၇၅။) (အံ၊၃။၂၇၇။) (ဒီ၊မြန်၊၃။၂၄၄-၂၄၅-၂၄၆။) (ဒီ၊မြန်၊၃။၂၇၉။) (အံ၊မြန်၊၃။ ၂၇၅၊၂၇၇။) (အံ၊မြန်၊၃။၂၇၅၊၂၇၇။)

မှိခြင်း နိဿယ ၂ ပါး ၁။ တဏှာနိဿယ- တဏှာဖြင့် မှီခြင်း၊ ၂။ ဒိဋ္ဌိနိဿယ- ဒိဋ္ဌိဖြင့် မှီခြင်း။ (မဟာနိ။၁၀၃။) (မဟာနိ။၁၄၇။) (မဟာနိ။၁၈၉။) (မဟာနိ။၃၄၁။) (မဟာနိ။၃၆၄။) (စူဠနိ။၂၉၅။) (စူဠနိ။၉၇။)

မှိရာ ၂ ပါး ၁။ တဏှာဥပယ- တဏှာတည်းဟူသော မှိရာ၊ ၂။ ဒိဋ္ဌဥပယ- ဒိဋ္ဌိဟူသော မှိရာ။ (မဟာနိ။၆၂-၆၃။) (မဟာနိ။၁၅၉။) (မဟာနိ။၂၃၉။)

မှိရာ ၄ ပါး ၁။ ဉာဏ်ဖြင့် ဆင်ခြင်၍ မှီဝဲသင့်သော အရာကို မှီဝဲခြင်း၊ ၂။ ဉာဏ်ဖြင့် ဆင်ခြင်၍ သည်းခံသင့်သော အရာကို သည်းခံခြင်း၊ ၃။ ဉာဏ်ဖြင့် ဆင်ခြင်၍ ရှောင်ကြဉ်သင့်သော အရာကို ရှောင်ကြဉ်ခြင်း၊ ၄။ ဉာဏ်ဖြင့် ဆင်ခြင်၍ ပယ်ဖျောက်သင့်သော အရာကို ပယ်ဖျောက်ခြင်း။ (ဒီ၊၃။၁၈၇။) (ဒီ၊မြန်၊၃။၂၀၈။)

မှိရာ ၄ ပါး ၁။ သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ (ဆွမ်းခံကြွ၍) ရရှိလာသော ဆွမ်းကို အမှီပြုလျက် ရဟန်းတရား အားထုတ်ရခြင်း၊ ၂။ မြေမှုန့် အလိမ်းလိမ်းကပ်သော ပံသုကူသင်္ကန်းကို အမှီပြု၍ ရဟန်းတရား အားထုတ်ရခြင်း၊ ၃။ သစ်ပင်ရင်းတည်းဟူသော ကျောင်းကို အမှီ ပြု၍ ရဟန်းတရား အားထုတ်ရခြင်း၊ ၄။ နွားကျင်ငယ်ပုပ်ဖြင့် စိမ်အပ်သော ဆီးဖြူ ဖန်ခါး, သျှစ်ရွက် သီးဆေးကို အမှီပြု၍ ရဟန်းတရား အားထုတ်ရခြင်း။ (ဝိ၊၃။၇၃။) (ဝိ၊၃။၁၃၃။) (ဝိ၊မြန်၊၃။၁၃၄။) (ဝိ၊မြန်၊၃။၁၃၄။)

မှိဝဲခြင်း၌ မရောင့်ရဲနိုင်သော တရား ၃ မျိုး ၁။ အိပ်ခြင်း၊ ၂။ သေအရက် သောက်ခြင်း၊ ၃။ မေထုန် မှိဝဲခြင်း။ (အံ၊၁။၂၆၃။) (အံ၊မြန်၊၁။၂၈၁။)

http://www.dhammadownload.com

မှီဝဲဆည်းကပ်ထိုက်သော ပုဂ္ဂိုလ်၏ အင်္ဂါ ၁၀ ပါး ၁။ မှန်သော အယူရှိသူ ဖြစ်ခြင်း၊ ၂။ မှန်သော အကြံရှိသူ ဖြစ်ခြင်း၊ ၃။ မှန်သော စကားရှိသူ ဖြစ်ခြင်း၊ ၄။ မှန်သော အလုပ်ရှိသူ ဖြစ်ခြင်း၊ ၅။ မှန်သော အသက်မွေးမှုရှိသူ ဖြစ်ခြင်း၊ ၆။ မှန်သော လုံ့လရှိသူ ဖြစ်ခြင်း၊ ၇။ မှန်သော သတိရှိသူ ဖြစ်ခြင်း၊ ၈။ မှန်သော သမာဓိရှိသူ ဖြစ်ခြင်း၊ ၉။ မှန်သော ဉာဏ်အမြင်ရှိသူ ဖြစ်ခြင်း၊ ၁၀။ မှန်သော လွတ်မြောက်မှု ရှိသူ ဖြစ်ခြင်း။ (အံ၊၃။၄၅၈။) (အံ၊မြန်၊၃။၄၅၂။)

မှီဝဲထိုက်သော ကိုယ်အကျင့် ၂ မျိုး ၁။ မကောင်းမှုကို ဆုတ်ယုတ်ကုန်သော ကိုယ်အကျင့်၊ ၂။ ကောင်းမှုတို့ တိုးပွားကုန်သော ကိုယ်အကျင့်။ (မ၊၃။၉၄။) (မ၊မြန်၊၃။၉၈။)

မှီဝဲထိုက်သော စိတ်ဖြစ်ပေါ်ခြင်း ၂ မျိုး ၁။ မကောင်းမှုတို့ ဆုတ်ယုတ်ကုန်သော စိတ်ဖြစ်ပေါ်ခြင်း၊ ၂။ ကောင်းမှုတို့ တိုးပွားကုန်သော စိတ်ဖြစ်ပေါ်ခြင်း။ (မ၊၃။၉၇။) (မ၊မြန်၊၃။၁၀၂။)

မှီဝဲထိုက်သော စိတ်အကျင့် ၂ မျိုး ၁။ မကောင်းမှုတို့ ဆုတ်ယုတ်ကုန်သော စိတ်အကျင့်၊ ၂။ ကောင်းမှုတို့ တိုးပွားကုန်သော စိတ်အကျင့်။ (မ၊၃။၉၇။) (မ၊မြန်၊၃။၁၀၁။)

မှီဝဲထိုက်သော နှုတ်အကျင့် ၂ မျိုး ၁။ မကောင်းမှုတို့ ဆုတ်ယုတ်ကုန်သော နှုတ်အကျင့်၊ ၂။ ကောင်းမှုတို့ တိုးပွားကုန်သော နှုတ်အကျင့်။ (မ၊၃။၉၅။) (မ၊မြန်၊၃။၉၉။)

မှီဝဲထိုက်သော သညာ ၂ မျိုး ၁။ မကောင်းမှုတို့ ဆုတ်ယုတ်ကုန်သော သညာ၊ ၂။ ကောင်းမှုတို့ တိုးပွားကုန်သော သညာ။ (မ၊၃။၉၇။) (မ၊မြန်၊၃။၁၀၂။)

မှီဝဲထိုက်သော အယူ ၂ မျိုး ၁။ မကောင်းမှု ဆုတ်ယုတ်ကုန်သော ရအပ်သော အယူ၊ ၂။ ကောင်းမှု တိုးပွားကုန်သော ရအပ်သော အယူ။ (မ၊၃။၉၉။) (မ၊မြန်၊၃။၁၀၃။)

မှီဝဲထိုက်သော အတ္တဘော ၂ မျိုး (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာ သဘော၊ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ရွာ၊ နိုဂုံး၊ မြို့၊ ဇနပုဒ်၊ ပုဂ္ဂိုလ် ၂ မျိုးစီ) ၁။ မကောင်းမှု ဆုတ်ယုတ်စေသော အတ္တဘော၊ ၂။ ကောင်းမှု တိုးပွားစေသော အတ္တဘော။ (မ၊၃။၁၀၀။) (မ၊မြန်၊၃။၁၀၄။)

မှီဝဲသင့်သော မိတ်ဆွေ၏ အင်္ဂါ ၇ ပါး ၁။ ပေးနိုင်ခဲသော အရာဝတ္ထုကို ပေးတတ်ခြင်း၊ ၂။ ပြုနိုင်ခဲသော အမှုကို ပြုခြင်း၊ ၃။ မကောင်းသဖြင့် ဆိုအပ်သော စကားတို့ကိုလည်းကောင်း သည်းခံနိုင်ခဲသော အရာတို့ကိုလည်းကောင်း သည်းခံခြင်း၊ ၄။ မိမိ၏ လျှို့ဝှက်အပ်သော အရာကို ပြောကြားခြင်း၊ ၅။ အဆွေခင်ပွန်း၏ လျှို့ဝှက်အပ်သော အရာကို လျှို့ဝှက်ခြင်း၊ ၆။ ဘေးရန်ဖြစ်ပေါ်သော အခါတို့၌ မစွန့်ပစ်ခြင်း၊ ၇။ ပစ္စည်းဥစ္စာကုန်ခြင်းကြောင့် မထီမဲ့မြင် မပြုခြင်း။ (အံ၊၂။၄၂၁။) (အံ၊မြန်၊၂။၅၃၁။)

မှီဝဲသင့်သော မိတ်ဆွေ၏ အင်္ဂါ ၇ ပါး (တစ်နည်း) ၁။ ချစ်လည်း ချစ်ထိုက်ခြင်း၊ ၂။ မြတ်နိုးလည်း မြတ်နိုးထိုက်ခြင်း၊ ၃။ အလေးအမြတ်လည်း ပြုထိုက်ခြင်း၊ ၄။ နှလုံးကိုလည်း ပွားစေတတ်ခြင်း၊ ၅။ သူတစ်ပါးတို့ကို ဆုံးမတတ်၍ သူတစ်ပါး ဆုံးမသည်ကိုလည်း ခံနိုင်ခြင်း၊ ၆။ နက်နဲသော တရားကို ပြောဆိုတတ်ခြင်း၊ ၇။ အရာဌာနမဟုတ်သည်၌ မတိုက်တွန်းခြင်း။ (အံ၊၂။၄၂၂။) (အံ၊မြန်၊၂။၅၃၃။)

http://www.dhammadownload.com

မှုတ်လွှင့်ပယ်အပ်သော တရား ၁၀ ပါး ပယ်အပ်သော တရား ၁၀ ပါးနှင့် တူသည်။

မှတ်ထင်ခြင်း ၃ မျိုး ၁။ တဏှာဖြင့် မှတ်ထင်ခြင်း– တဏှာမညိတ၊ ၂။ မာနဖြင့် မှတ်ထင်ခြင်း– မာနမညိတ၊ ၃။ ဒိဋ္ဌိဖြင့် မှတ်ထင်ခြင်း– ဒိဋ္ဌိမညိတ။ (မ၊၄၊၄။၂၁၅။)

မှန်ကန်သောအမြင်၂ မျိုး ၁။ အာသဝတို့နှင့် တကွဖြစ်သော ကောင်းမှု၏ အစုဖြစ်သော ခန္ဓာ အစရှိသော ဥပဓိအကျိုးကို ပေးတတ်သော မှန်ကန်သော အယူ–အမြင်၊ လောကီသမ္မာဒိဋ္ဌိ၊ ၂။ အပြစ်ကင်းသော အာသဝမရှိသော လောကမှ လွတ်မြောက်သော အရိယမဂ်၏ အစိတ်အပိုင်း ဖြစ်သော မှန်ကန်သော အယူ အမြင်၊ လောကုတ္တရာသမ္မာဒိဋ္ဌိ။ (မ၊၃။၁၁၇။) (မ၊မြန်၊၃။၁၁၉။)

မှန်သော သဘောရှိသော တရား ၈ ပါး သမ္မတ္တတရား ၈ ပါးနှင့် တူသည်။

ယ

ယထာသန္ဆတိ ဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌ ယထာသန္ဆတိဓုတင်၊ ၂။ မဇ္ဈိမ ယထာသန္ဆတိဓုတင်၊ ၃။ မုဒုက ယထာသန္ဆတိဓုတင်။ (ဝိသုဒ္ဓိ၊၁။၇၅။)

ယထာကမ္မူပဂဉာဏ် ဖြစ်ရာအာရုံ ၅ ပါး ၁။ ပရိတ္တအာရုံ၊ ၂။ မဟဂ္ဂတအာရုံ၊ ၃။ အတိတ်အာရုံ၊ ၄။ အဇ္ဈတ္တအာရုံ၊ ၅။ ဗဟိဒ္ဓအာရုံ။ (ဝိသုဒ္ဓိ၊၂။၆၅။)

ယထာသန္ဆတိဓုတင် ဆောက်တည်သူ ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲတွေဝေသောကြောင့် ဆောက်တည်ခြင်း၊ ၂။ ယုတ်မာသော အလိုဆိုးနှိပ်စက်သောကြောင့် ဆောက်တည်ခြင်း၊ ၃။ စိတ်ပျံ့လွင့် ရူးသွပ်သောကြောင့် ဆောက်တည်ခြင်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်တို့သည် ချီးမွမ်း အပ်၏ဟု ဆောက်တည်ခြင်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို အမှီပြု၍ ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်ခြင်း။ (ဝိ၊၅။၂၃၃။) (ဝိ၊၅။၃၃၆။) (အံ၊၂။၁၉၄။) (အဘိ၊ပု။၁၈၀။) (ဝိ၊မြန်၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၃၈။) (အံ၊မြန်၊၂။၂၄၇။) (အဘိ၊ပု၊မြန်။၈၄။)

ယထာသန္ဆတိဓုတင် ဆောက်တည်ရကျိုး ၆ ပါး ၁။ ရသည့်ဝတ္ထုပစ္စည်းဖြင့် ကျေနပ် ရောင့်ရဲ ရမည်ဟူသော ဘုရားရှင်၏ဩဝါဒကို လိုက်နာခြင်း၊ ၂။ သီတင်းသုံးဖော်တို့၏ အစီးအပွားကို လိုလားခြင်း၊ ၃။ အယုတ်, အမြတ်, ကောင်း, မကောင်း စသည့်ကြံဆမှုကို ပယ်စွန့်ခြင်း၊ ၄။ နှစ်သက်ခြင်း မနှစ်သက်ခြင်းကို ပယ်ခြင်း၊ ၅။ အခြားအခြားသော ကျောင်းများ၌ လိုချင် တပ်မက်မှု တံခါးပေါက်ကို ပိတ်ခြင်း၊ ၆။ အပွိစ္ဆတာ စသည်တို့အားလျော်သော အကျင့် ရှိခြင်း။ (ဝိသုဒ္ဓိ၊၁။၇၅။)

ယမက ၃ မျိုး (နယတစ်ခုစီ၌ ယမက ၃ မျိုး) ၁။ မူလယမက၊ ၂။ မူလမူလယမက၊ ၃။ အညမည မူလယမက။ (အဘိ၊၄၊၃။၂၈၈။)

ယမက ၁၀ မျိုး ၁။ မူလယမက၊ ၂။ ခန္ဓယမက၊ ၃။ အာယတနယမက၊ ၄။ ဓာတုယမက၊ ၅။ သစ္စ ယမက၊ ၆။ သခ်ါရယမက၊ ၇။ အနုသယယမက၊ ၈။ စိတ္တယမက၊ ၉။ ဓမ္မယမက၊ ၁၀။ ဣန္ဒြိယ ယမက။ (အဘိ၊၄၊၃။၂၈၇။)

http://www.dhammadownload.com

ယမက အတ္ထ ၂ မျိုး ၁။ သန္နိဋ္ဌာနအတ္ထ၊ ၂။ သံသယအတ္ထ။ (အဘိ၊ဋ္ဌ၊၃။၂၈၈။)

ယမိုက်ကျမ်း ဝေဖန်ပုံ ၁၀ မျိုး ၁။ မူလယမိုက်၊ ၂။ ခန္ဓယမိုက်၊ ၃။ အာယတနယမိုက်၊ ၄။ ဓာတုယမိုက်၊ ၅။ သစ္စယမိုက်၊ ၆။ သခါရယမိုက်၊ ၇။ အနုသယယမိုက်၊ ၈။ စိတ္တယမိုက်၊ ၉။ ဓမ္မယမိုက်၊ ၁၀။ ကွန်ဒြိယယမိုက်။ (အဘိ၊ဋ္ဌ၊၁။၉။)

ယသ သတို့သား၏ ပြာသာဒ် ၃ ဆောင် ၁။ ဟေမန္တိကပါသာဒ– ဆောင်းဥတု လေးလ နေရန် ပြုလုပ်ထားသော ပြာသာဒ်၊ ၂။ ဂိမှိကပါသာဒ– နွေဥတုလေးလ နေရန် ပြုလုပ်ထားသော ပြာသာဒ်၊ ၃။ ဝဿိကပါသာဒ– မိုးဥတုလေးလ နေရန် ပြုလုပ်ထားသော ပြာသာဒ်။ (အပ၊ဋ္ဌ၊၂။၂၇၁။)

ယသ သတိုးသား၏ သူငယ်ချင်း ၄ ယောက် ၁။ ဝိမလ၊ ၂။ သုဗာဟု၊ ၃။ ပုဏ္ဏဇိ၊ ၄။ ဂဝမ္ပတိ။ (ဝိ၊၃။၂၅။) (ဝိ၊မြန်၊၃။၂၉။)

ယာဂု လှူရကျိုး ၁၀ ပါး ၁။ အသက်ရှည်ခြင်း၊ ၂။ အဆင်းလှပခြင်း၊ ၃။ ချမ်းသာကြီးခြင်း၊ ၄။ ခွန်အားကြီးခြင်း၊ ၅။ ဉာဏ်ပညာကြီးခြင်း၊ ၆။ သောက်အပ်သော ယာဂုသည် ဆာလောင်မှုကို ပယ်ဖျောက်ခြင်း၊ ၇။ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ခြင်း၊ ၈။ လေကို စုန်ဆင်းစေတတ်ခြင်း (လေနာကို ပယ်ဖျောက်တတ်ခြင်း)၊ ၉။ ဆီးအိမ်ကို စင်ကြယ်စေတတ်ခြင်း၊ ၁၀။ အစာသစ်အကြွင်းကို ကြေကျက်စေတတ်ခြင်း။ (ဝိ၊၃။၃၁၅။) (ဝိ၊မြန်၊၃။၃၁၆။)

ယာဂု လှူရကျိုး ၅ ပါး ၁။ အနာရောဂါ ကင်းခြင်း၊ ၂။ ရုပ်ရေအဆင်း လှပခြင်း၊ ၃။ လျင်မြန်စွာ တရားကို ဆင်ခြင်နိုင်ခြင်း၊ ၄။ ထမင်း, အဖျော်ကို ရလွယ်ခြင်း၊ ၅။ အသက်ရှည်ခြင်း။ (အပ၊၁။၄၄၂။) (အပ၊မြန်၊၁။၄၅၃။)

ယာဂု သောက်ရကျိုး ၅ ပါး ၁။ ဆာလောင်မှုကို ပယ်ဖျောက်နိုင်ခြင်း၊ ၂။ မွတ်သိပ်မှုကို ပယ်ဖျောက်နိုင်ခြင်း၊ ၃။ လေကို စုန်စေနိုင်ခြင်း၊ ၄။ ဆီးအိမ်ကို သုတ်သင်ခြင်း၊ ၅။ အစာသည် အကြွင်းအကျန်ကို ကျေညက်စေနိုင်ခြင်း။ (အံ၊၂။၂၁၈။) (အံ၊မြန်၊၂။၂၇၅။)

ယာဉ် ၆ မျိုး ၁။ လှည်းပေါင်းချုပ်ယာဉ်၊ ၂။ ရထားယာဉ်၊ ၃။ လှည်းယာဉ်၊ ၄။ သဲလျင်းယာဉ်၊ ၅။ ထမ်းစင်ယာဉ်၊ ၆။ ပုဆိုးသဲလျင်းယာဉ်။ (ဝိ၊၂။၄၅၃။) (ဝိ၊မြန်၊၂။၅၁၅။)

ယာထာဝသရသဘူမိ ၄ မျိုး ဗောဇ္ဈင်တို့၏ မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် မိမိကိစ္စကို ပြီးစေရာဘုံ ၄ မျိုးနှင့် တူသည်။

ယာမ ၄ မျိုး တိတ္ထိတို့၏ အကျင့် ၄ မျိုးနှင့် တူသည်။

ယာဝတတိယကကံကြောင့် သင့်သော အာပတ် ၅ မျိုး ၁။ ဥက္ခိတ္တကရဟန်းသို့ အစဉ်လိုက်သော ရဟန်းမအား သုံးကြိမ်တိုင်အောင် ဥတ်ကမ္မဝါစာဖြင့် အဖန်ဖန် ဆုံးမသော်လည်း အယူကို မစွန့်ခြင်းကြောင့် ပါရာဇိကအာပတ်၊ ထုလ္လစ္စည်းအာပတ်, ဒုက္ကဋ်အာပတ်၊ ၂။ ဘေဒါနုဝတ္တကစသော သမနုဘာသနကံကြောင့် သံဃာဒိသေသ်အာပတ်၊ ၃။ ယုတ်မာသော အယူကို မစွန့်လွှတ်ခြင်းကြောင့် ပါစိတ်အာပတ်။ (ဝိ၊ဋ္ဌ၊၄။၁၇၃။)

http://www.dhammadownload.com

ယုဂ ၅ မျိုး (သာသနာတော်၏ ယုဂ ၅ မျိုး) ၁။ ဝိမုတ္တိယုဂ- ဝိမုတ္တိယုဂခေတ်, မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရနိုင်သည့် ခေတ်ကာလ၊ ၂။ သမာဓိယုဂ- စျာန် သမာပတ် ရနိုင်သည့် ခေတ်ကာလ၊ ၃။ သီလယုဂ-သီလဆောက်တည်နိုင်သည့် ခေတ်ကာလ၊ ၄။ သုတယုဂ- ပိဋကအကြားအမြင် ရနိုင်သည့် ခေတ်ကာလ၊ ၅။ ဒါနယုဂ- အလှူပြုနိုင်သည့် ခေတ်ကာလ။ (ထေရဂု၊၂။၃၆၈။)

ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာအရ ပုဂ္ဂိုလ် ၁၀၈ ယောက် ၁။ ဧကဗီဇီ, ကောလံကောလ, သတ္တက္ခတ္တုပရမ-သောတာပန်ပုဂ္ဂိုလ်သုံးယောက်၊ ၂။ ၎င်းသုံးယောက်ကို ပဋိပဒါလေးပါးနှင့် မြှောက်- သောတာပန် တစ်ဆယ့်နှစ်ယောက် ရ၏၊ ၃။ ကာမဘုံ, ရူပဘုံ, အရူပဘုံတို့၌ ရအပ် ရောက်အပ်ပြီးသော ဖိုလ်ရှိသကဒါဂါမ်ပုဂ္ဂိုလ် သုံးယောက်၊ ၄။ ၎င်းသုံးယောက်ကို ပဋိပဒါလေးနှင့် မြှောက်- သကဒါဂါမ် တစ်ဆယ့်နှစ်ယောက် ရ၏၊ ၅။ အဝိဟာဘုံ၌ အန္တရာပရိနိဗ္ဗာယီ, ဥပဟစ္စပရိနိဗ္ဗာယီ, သသင်္ခါရပရိနိဗ္ဗာယီ, အသင်္ခါရပရိနိဗ္ဗာယီ, ဥဒ္ဓံသောတအကနိဋ္ဌဂါမီ- အနာဂါမ်ပုဂ္ဂိုလ်ငါးယောက်, ထို့အတူ အတပ္ပါဘုံ၌ ငါးယောက်, သုဒဿာဘုံ၌ ငါးယောက်, သုဒဿီဘုံ၌ ငါးယောက် ရ၏၊ ၆။ အကနိဋ္ဌဘုံ၌ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်ကြဉ်၍ကျန်ပုဂ္ဂိုလ်လေးယောက် ရ၏၊ စုစုပေါင်းအနာဂါမ်ပုဂ္ဂိုလ်နှစ်ဆယ့်လေးယောက် ဖြစ်၏၊ ၇။ သုက္ခဝိပဿကရဟန္တာ, သမထယာနိကရဟန္တာပုဂ္ဂိုလ် နှစ်ယောက်၊ ၈။ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်အားဖြင့် ပုဂ္ဂိုလ်ပေါင်း ငါးဆယ့်လေးယောက် ရ၏၊ ၉။ ၎င်းငါးဆယ့်လေးယောက်ကို- သဒ္ဓါဓုရပုဂ္ဂိုလ်, ပညာဓုရပုဂ္ဂိုလ် နှစ်မျိုးဖြင့် မြှောက်လျှင် ပုဂ္ဂိုလ်ပေါင်း (၁၀၈) ယောက် ဖြစ်၏။ (ခုဒ္ဒက၊ဋ္ဌ။၁၅၃။)

ယေဝါပနက တရား ၄ ပါး ၁။ ဆန္ဒ၊ ၂။ အဓိမောက္ခ၊ ၃။ ဥဒ္ဓစ္စ၊ ၄။ မနသိကာရ။ (ဝိသုဒ္ဓိ၊၂။၉၈။)

ယောကျ်ား ၃ မျိုး ၁။ လူယောကျ်ား၊ ၂။ နတ်ယောကျ်ား၊ ၃။ တိရစ္ဆာန်ယောကျ်ား။ (ဝိ၊၁။၃၄။) (ဝိ၊မြန်၊၁။၃၈။)

ယောကျ်ားက မိန်းမကို နှောင်ဖွဲ့.ပုံ ၈ မျိုး ၁။ ငိုကြွေခြင်းဖြင့် နှောင်ဖွဲ့.ခြင်း၊ ၂။ ပြုံးရယ်ခြင်းဖြင့် နှောင်ဖွဲ့.ခြင်း၊ ၃။ စကားပြောခြင်းဖြင့် နှောင်ဖွဲ့.ခြင်း၊ ၄။ အသွင်အပြင်အမူအရာဖြင့် နှောင်ဖွဲ့.ခြင်း၊ ၅။ ပန်းသစ်သီးစသော ပစ္စည်းဖြင့် နှောင်ဖွဲ့.ခြင်း၊ ၆။ ဂန္ဓာရုံအနံ့ဖြင့် နှောင်ဖွဲ့.ခြင်း၊ ၇။ ရသာရုံ- အရသာဖြင့် နှောင်ဖွဲ့.ခြင်း၊ ၈။ ဖောဋ္ဌဗ္ဗာရုံ- အတွေ့.အထိဖြင့် နှောင်ဖွဲ့.ခြင်း။ (အံ၊၃။၃၈။) (အံ၊မြန်၊၃။၃၉။)

ယောကျ်ားငယ် ၃ မျိုး ၁။ လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်း အလုံးအရုပ်နှင့် မပြည့်စုံသော ယောကျ်ားငယ်၊ ၂။ လျင်မြန်ခြင်းနှင့် လည်းကောင်း အဆင်းနှင့် လည်းကောင်း ပြည့်စုံ၍ အလုံးအရုပ်နှင့် မပြည့်စုံသော ယောကျ်ားငယ်၊ ၃။ လျင်မြန်ခြင်း အဆင်း အလုံးအရုပ် သုံးမျိုးလုံးနှင့် ပြည့်စုံသော ယောကျ်ားငယ်။ (အံ၊၃။၁၉၈။) (အံ၊မြန်၊၃။၁၉၈။)

ယောကျ်ားတို့ ချစ်အပ်သော မိန်းမ၏ အင်္ဂါ ၅ ပါး ၁။ ရုပ်အဆင်းလှပမှု ရှိခြင်း၊ ၂။ စည်းစိမ်ဥစ္စာ ရှိခြင်း၊ ၃။ ကိုယ်ကျင့်သိလ ရှိခြင်း၊ ၄။ လိမ္မာရေးခြားရှိလျက် မပျင်းရိခြင်း၊ ၅။ သားသမီးရခြင်း။ (သံ၊၂။၄၃၆။) (သံ၊မြန်၊၂။၄၃၂။)

http://www.dhammadownload.com

ယောကျ်ားတို့ မချစ်အပ်သော မိန်းမ၏ အင်္ဂါ ၅ ပါး ၁။ ရုပ်အဆင်းလှပမှု မရှိခြင်း၊ ၂။ စည်းစိမ်ဥစ္စာ မရှိခြင်း၊ ၃။ ကိုယ်ကျင့်သီလ မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ သားသမီး မရနိုင်ခြင်း။ (သံ၊၂။၄၃၆။) (သံ၊မြန်၊၂။၄၃၂။)

ယောကျ်ားတို့၏ ဖြစ်ရာ အနိုက်အတန့် ၈ မျိုး ပုရိသဘူမိ ၈ မျိုးနှင့် တူသည်။

ယောကျ်ားတို့၏ အညစ်အကြေး ၉ ပါး ၁။ ကောဓ– အမျက်ထွက်ခြင်း၊ ၂။ မက္ခ–သူ့ကျေးဇူးကန်းခြင်း၊ ၃။ ဣဿာ– ငြူစူစောင်းမြောင်းခြင်း၊ ၄။ မစ္ဆရိယ– ဝန်တိုခြင်း၊ ၅။ မာယာ–လှည့်ပတ်ခြင်း၊ ၆။ သာဌေယျ– စဉ်းလဲကောက်ကျစ်ခြင်း၊ ၇။ မုသာဝါဒ– လိမ်ညာပြောဆိုခြင်း၊ ၈။ ပါပိစ္ဆတာ– ယုတ်မာသော အလိုရှိခြင်း၊ ၉။ မိစ္ဆာဒိဋ္ဌိ– မှားသော အယူ ရှိခြင်း။ (အဘိ၊ဝိ။၄၀၄။) (အဘိ၊ဝိ၊မြန်၊၂။၅၁၁။)

ယောကျ်ားတို့၏ အပြစ် ၈ ပါး ပုရိသဒေါသ ၈ ပါးနှင့် တူသည်။

ယောကျ်ားတို့၏ အပြစ် ၁၈ မျိုး ၁။ ကြီးမားပြန့်ကျယ်သော ခြေဖဝါးရှိခြင်း၊ ၂။ လက်သည်းခြေသည်း မညီညွတ်ခြင်း၊ ၃။ အသားစိုင် အောက်သို့ လျှောကျနေခြင်း၊ ၄။ အထက်နှုတ်ခမ်းရှည်ခြင်း၊ ၅။ သွားရေ အရိအစ္ဆဲ ယိုခြင်း၊ ၆။ ဝက်စွယ်ကဲ့သို့ အစွယ် ငေါထွက်နေခြင်း၊ ၇။ နှာခေါင်းကျိုးသကဲ့သို့ မညီညာခြင်း၊ ၈။ ဝမ်းဗိုက် ကြီးခြင်း, ရွဲခြင်း၊ ၉။ ကျောက်ကုန်းကောက်ကွေးခြင်း၊ ၁၀။ မျက်စိစွေခြင်း၊ ၁၁။ ကြေးနီအဆင်းနှင့်တူသော နီသော မုတ်ဆိတ်မွေးရှိခြင်း၊ ၁၂။ ရွှေရောင်ဆံရှိခြင်း၊ ၁၃။ ကိုယ်အရေတွန့်ခြင်း၊ ၁၄။ မဲ့.မည်းတို့နှင့် ပြည့်နှက်ခြင်း၊ ၁၅။ ကြောင်သော မျက်စိရှိခြင်း၊ ၁၆။ ခါး, ကျောက်ကုန်း, လည်ကုပ် ကောက်ခြင်း၊ ၁၇။ ခြေခွင်ခြင်း၊ ၁၈။ အရပ် အလွန်မြင့်ခြင်း။ (ဇာ၊၆၊၇။၃၂၈။)

ယောကျ်ားနီမိတ်၌ ဌာန ၆ မျိုး ၁။ နံပါးလေးဘက် လေးဌာန၊ ၂။ အလယ် တစ်ဌာန၊ ၃။ အထက်တစ်ဌာန ပေါင်း ၆ မျိုး။ (ဝိ၊၆၊၁။၂၂၂။)

ယောကျ်ားမြတ်တို့အကျင့် ၈ ပါး ဖြစ်စေအပ်သော တရား ၈ ပါး၊ ဥပါဒေတဗ္ဗ တရား ၈ ပါး တို့နှင့် တူသည်။

ယောကျ်ားမြတ်တို့၏ ကြံစည်ပုံ ၈ မျိုး ၁။ ဤလောကုတ္တရာတရားသည် အလိုနည်းသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၍ အလိုကြီးသော ပုဂ္ဂိုလ်အား မပြည့်စုံခြင်း၊ ၂။ ဤလောကုတ္တရာတရားသည် ရောင့်ရဲလွယ်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၍ မရောင့်ရဲသော ပုဂ္ဂိုလ်အား မပြည့်စုံခြင်း၊ ၃။ ဤလောကုတ္တရာတရားသည် ဆိတ်ငြိမ်မှု ရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၍ အပေါင်းအဖော်၌ မွေ့လျော်သော ပုဂ္ဂိုလ်အား မပြည့်စုံခြင်း၊ ၄။ ဤလောကုတ္တရာတရားသည် ထက်သန်သော လုံ့လရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၍ ပျင်းရိသော ပုဂ္ဂိုလ်အား မပြည့်စုံခြင်း၊ ၅။ ဤလောကုတ္တရာတရားသည် ထင်သော သတိရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၍ သတိလွတ်သော ပုဂ္ဂိုလ်အား မပြည့်စုံခြင်း၊ ၆။ ဤလောကုတ္တရာတရားသည် တည်ကြည်သော သမာဓိရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၍ သမာဓိမရှိသော ပုဂ္ဂိုလ်အား မပြည့်စုံခြင်း၊ ၇။ ဤလောကုတ္တရာတရားသည် ပညာရှိသော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၍ ပညာမဲ့သော ပုဂ္ဂိုလ်အား မပြည့်စုံခြင်း၊

http://www.dhammadownload.com

၈။ ဤလောကုတ္တရာတရားသည် သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စတရားမှကင်းသည့် နိဗ္ဗာန်၌ မွေ့လျော် ပျော်ပိုက်သော ပုဂ္ဂိုလ်အားသာ ပြည့်စုံ၍ ပပဉ္စတရား၌ မွေ့လျော် ပျော်ပိုက်သော ပုဂ္ဂိုလ်အား မပြည့်စုံခြင်း။ (အံ၊၃။၆၂။) (အံ၊၃။၆၅။) (အံ၊မြန်၊၃။၆၃။) (အံ၊မြန်၊၃။၆၃။)

ယောကျ်ားမြတ်တို့၏ လက္ခဏာ ၃၂ မျိုး ၁။ အညီအညွတ် ကောင်းစွာ ထိသော ခြေဖဝါးရှိခြင်း၊ ၂။ အောက် ခြေဖဝါးပြင်တို့၌ အကန့်တစ်ထောင် ရှိကုန်သော အကွပ်ပုံတောင်းနှင့် တကွ ဖြစ်ကုန်သော အလုံးစုံသော အခြင်းအရာတို့နှင့် ပြည့်စုံကုန်သော စက်လက္ခဏာတို့ ဖြစ်ပေါ်ကုန်ခြင်း၊ ၃။ ရှည်သော ဖနောင့် ရှိခြင်း၊ ၄။ ရှည်သော လက်ချောင်း ခြေချောင်း ရှိခြင်း၊ ၅။ နူးညံ့နုနယ်သော လက်ဖဝါး ခြေဖဝါး ရှိခြင်း၊ ၆။ ကွန်ရက်ပမာ ညီညာသော ခြေလက် ရှိခြင်း၊ ၇။ မြင့်သော ဖမျက် ရှိခြင်း၊ ၈။ ဧဏီသားကဲ့သို့ ပြေပြစ်သော မြင်းခေါင်း ရှိခြင်း၊ ၉။ ရပ်လျက် မကိုင်းမညွတ်မူဘဲ လက်ဖဝါးပြင် နှစ်ဖက်တို့ဖြင့် ပုဆစ်ဒူးဝန်းတို့ကို သုံးသပ်နိုင်ခြင်း ဆုပ်နယ်နိုင်ခြင်း၊ ၁၀။ အအိမ်၌ ဖုံးလွှမ်းထားသော ယောကျ်ားနိမိတ် ရှိခြင်း၊ ၁၁။ ရွှေအဆင်းကဲ့သို့သော အဆင်းရှိခြင်း, ရွှေအဆင်းနှင့်တူသော အသားအရေ ရှိခြင်း၊ ၁၂။ ချောမွေ့သော အရေရှိခြင်း၊ အရေ၏ ချောမွေ့သည်၏ အဖြစ်ကြောင့် ကိုယ်တော်၌ မြူအညစ်အကြေးသည် မလိမ်းကျံ မကပ်ငြိခြင်း၊ ၁၃။ တစ်ပင် တစ်ပင်ချင်းသာ ပေါက်သော မွေးညင်း ပေါက်တို့၌ တစ်ပင် တစ်ပင်သာ အမွေးတို့ ပေါက်ကုန်ခြင်း၊ ၁၄။ အထက်သို့ ကော့ပျံသော မွေးညင်းရှိခြင်း၊ ၁၅။ ဗြဟ္မာမင်းကဲ့သို့ ဖြောင့်စင်းသော ကိုယ်ဟန်ရှိခြင်း၊ ၁၆။ လက်ဖမိုး ခြေဖမိုး ပခုံး နှစ်ဖက်စီနှင့် လည်ကုပ် တည်းဟူသော (ကိုယ်အစိတ်အပိုင်း) ခုနစ်ဌာန ပြည့်ဝသော အသား ရှိခြင်း၊ ၁၇။ ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ကဲ့သို့ ပြည့်ဖြိုးသော ကိုယ်ရှိခြင်း၊ ၁၈။ လက်ပြင် နှစ်ဖက်ကြား၌ ကျောရိုးကြောင်းမထင် ပြည့်ဖြိုးသော ကျောပြင် ရှိခြင်း၊ ၁၉။ ပညောင်ပင်ကဲ့သို့ ဝန်းသော ကိုယ်ရှိခြင်း၊ ကိုယ်တော်၏ အရပ်နှင့် လဲသည် တူညီသော အတိုင်းအရှည် ရှိခြင်း၊ ၂၀။ ညီညွတ် လုံးဝန်းသော လည်တိုင် ရှိခြင်း၊ ၂၁။ ရသာကို ဆောင်တတ်ကုန်သော ရသာကြော အထွတ်အမြတ် ရှိခြင်း၊ ၂၂။ ခြင်္သေ့မင်း၏ မေးနှင့် တူသော မေးရှိခြင်း၊ ၂၃။ လေးဆယ်သော သွားတော်ရှိခြင်း၊ ၂၄။ ညီညာသော သွားတော် ရှိခြင်း၊ ၂၅။ မကဲ့သော သွားတော် ရှိခြင်း၊ ၂၆။ အလွန်ဖြူစင်သော စွယ်တော်ရှိခြင်း၊ ၂၇။ ရှည်ပြန့် နူးညံ့သော လျှာရှိခြင်း၊ ၂၈။ ဗြဟ္မာမင်း၏ အသံကဲ့သို့ အသံရှိခြင်း၊ ကရဝိက်ငှက်သံနှင့် တူသော အသံရှိခြင်း၊ ၂၉။ အလွန်ညီသော မျက်လုံးရှိခြင်း၊ ၃၀။ နွားငယ်မျက်တောင်နှင့် တူသော မျက်တောင်ရှိခြင်း၊ ၃၁။ မျက်မှောင်တော် နှစ်ခုအကြား၌ ဖြူစင်နူးညံ့သော လဝါဂွမ်းနှင့် တူသော ဥဏ္ဏလုံမွေးရှင်တော် ပေါက်ခြင်း၊ ၃၂။ သင်းကျစ်ဆောင်းသကဲ့သို့သော ဦးခေါင်း တော်ရှိခြင်း။ (မ၊၂။၃၃၆။) (မ၊မြန်၊၂။၃၄၁။)

ယောကျ်ားမြတ် ဖြစ်ကြောင်း တရား ၁၀ ပါး ၁။ ကာမစ္ဆန္ဒ– ကာမဂုဏ်၌ တပ်မက်ခြင်းကို ပယ်ခြင်း၊ ၂။ ဗျာပါဒ– အမျက်ဒေါသကို ပယ်ခြင်း၊ ၃။ ထိနမိဒ္ဓ– စိတ် စေတသိက်၏ တွန့်တိုဆုတ်နစ်ခြင်းကို ပယ်ခြင်း၊ ၄။ ဥဒ္ဓစ္စကုက္ကုစ္စ– စိတ်ပျံ့လွင့်ခြင်းသဘော, နောင်တ တစ်ဖန် ပူပန်ခြင်းသဘောကို ပယ်ခြင်း၊ ၅။ ဝိစိကိစ္ဆာ– သို့လော သို့လော သံသယဖြစ်ခြင်းကို ပယ်ခြင်း၊ ၆။ သီလနှင့် ပြည့်စုံခြင်း၊ ၇။ သမာဓိ– သမာဓိနှင့် ပြည့်စုံခြင်း၊ ၈။ ပညာနှင့်

http://www.dhammadownload.com

ပြည့်စုံခြင်း၊ ၉။ အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်း၊ ၁၀။ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံခြင်း။ (အံ၊၃။၂၆၉။) (အံ၊မြန်၊၃။၂၇၀။)

ယောကျ်ားမြတ်၏ လက္ခဏာတော် ၂ ပါး (ဥတ္တရလုလင်အား ဘုရားရှင် တန်ခိုးဖန်ဆင်း၍ ပြတော်မူသော ယောကျ်ားမြတ်၏ လက္ခဏာတော် ၂ ပါး) ၁။ အအိမ်ဖြင့် ဖုံးလွှမ်းထားသော ယောကျ်ားနိမိတ်, လိင်၊ ၂။ ရှည်ပြန့်သော လျှာတော်။ (မ၊၂။၃၃၆။) (မ၊မြန်၊၂။၃၄၀။)

ယောဂတရား ၄ ပါး ၁။ ကာမတဏှာ ဟူသော ကာမယောဂ၊ ၂။ ဘဝတဏှာ ဟူသော ဘဝယောဂ၊ ၃။ ၆၂ ပါးသောအယူ ဟူသော ဒိဋ္ဌိယောဂ၊ ၄။ မသိမှု အဝိဇ္ဇာ ဟူသော အဝိဇ္ဇာယောဂ။ (ဒီ၊၃။၁၉၂။) (သံ၊၃။၅၄။) (အံ၊၁။၃၁၆။) (ပဋိသံ၊၌၊၂။၂၂။) (ဥဒါန၊၌။၃၁၇။) (ဒီ၊မြန်၊၃။၂၁၄။) (ဒီ၊မြန်၊၃။၂၅၃။) (သံ၊မြန်၊၃။၅၈။) (အံ၊မြန်၊၁။၃၃၂။) (ဒီ၊၃၊၂၃၁။)

ယောဂီတို့ မှီဝဲသင့်သော လျောက်ပတ်သော အကြောင်းအရာ ၇ မျိုး ၁။ လျောက်ပတ်သော ကျောင်း၊ ၂။ လျောက်ပတ်သော ဆွမ်းခံရွာ၊ ၃။ လျောက်ပတ်သော စကား၊ ၄။ လျောက်ပတ်သော ပုဂ္ဂိုလ်၊ ၅။ လျောက်ပတ်သော စားဖွယ်ဘောဇဉ်၊ ၆။ လျောက်ပတ်သော အပူအအေး ဥတု၊ ၇။ လျောက်ပတ်သော ဣရိယာပုထ်။ (သာရတ္ထ၊ဋီ၊၂။၂၂၁။)

ယောဂီပုဂ္ဂိုလ်တို့ ရဲဖန် ရဲခါ နှလုံးသွင်း ဆင်ခြင်ရမည့် အကြောင်း ၅ ပါး ၁။ ရာဂ, ဒေါသ, မောဟနှင့် စပ်သော အကုသိုလ် အကြံအစည်များ ဖြစ်ပေါ်လာသောအခါ ကုသိုလ်နှင့် စပ်သော အခြားသော အကြောင်းအရာများကို နှလုံးသွင်း ဆင်ခြင်ရခြင်း၊ ၂။ ရာဂ, ဒေါသ, မောဟနှင့် စပ်သော အကုသိုလ် အကြံအစည်များ၏ အပြစ်နှင့် ဆိုးကျိုးများကို ဆင်ခြင် နှလုံးသွင်းရခြင်း၊ ၃။ ရာဂ, ဒေါသ, မောဟနှင့် စပ်သော အကုသိုလ်အကြံအစည်များကို မအောက်မေ့, နှလုံးမသွင်းဘဲ နေရခြင်း၊ ၄။ ရာဂ, ဒေါသ, မောဟနှင့် စပ်သော အကုသိုလ် အကြံအစည်တို့၏ ကြံစည်ပုံ ကြမ်းတမ်းမှု တဖြည်းဖြည်း ရုပ်တန့်ကြောင်းကို နှလုံးသွင်း ဆင်ခြင်ရခြင်း၊ ၅။ ရာဂ, ဒေါသ, မောဟနှင့်စပ်သော အကုသိုလ် အကြံအစည်များ ဖြစ်ပေါ် လာသောအခါ သွားချင်းကြိတ်လျက် လျှာဖြင့် အာစောက်ကို ထိစေ၍ စိတ်ဖြင့် စိတ်ကို ဖိနှိပ် ပင်ပန်းစေရခြင်း။ (မ၊၁။၁၆၇။) (မ၊မြန်၊၁။၁၇၂။)

ယောဂီပုဂ္ဂိုလ် ဖြတ်တောက်ရမည့် ကြောင့်ကြမှု (ပလိဗောဓယေါ်) ၅ ပါး ၁။ ရှည်နေသော ဆံပင်, ခြေသည်း, လက်သည်း, မုတ်ဆိတ် ကျင်စွယ်တို့ကို ရိတ်ဖြတ်ရခြင်း၊ ၂။ ဆွေးမြည့် ပေါက်ပြဲနေသော သင်္ကန်းတို့ကို ဖာထေးချုပ်စပ် စသည် ပြုလုပ်ခြင်းအားဖြင့် ခိုင်မြဲအောင် ပြုရခြင်း၊ ၃။ ညစ်နွမ်းသော သင်္ကန်းတို့ကို ဆိုးရည်ဖြင့် ဆိုးရခြင်း၊ ၄။ အညစ်အကြေး ရှိနေသော သပိတ်ကို မီးဖုတ်ရခြင်း၊ ၅။ ညောင်စောင်း အင်းပျဉ် စသည်တို့ကို သုတ်သင် ရခြင်း။ (ဝိသုဒ္ဓိ၊၁။၁၁၉။)

ယောဂီပုဂ္ဂိုလ်အတွက် ကျေးဇူးများသော တရား ၃ ပါး ၁။ ဝိရိယ– ကမ္မဋ္ဌာန်းတရား ကြိုးစား အားထုတ်မှု၊ ၂။ သတိ– ကမ္မဋ္ဌာန်းအာရုံ၌ အမြဲမပြတ် သတိရနေမှု၊ ၃။ သမ္မဇည– ကမ္မဋ္ဌာန်း အာရုံကို ကောင်းစွာ အပြားအားဖြင့် သိသော ဉာဏ်။ (ဝိသုဒ္ဓိ၊ဋီ၊၁။၁၅၅။)

http://www.dhammadownload.com

ယောနိ ၄ မျိုး ၁။ ဥဋ္ဌ ဖြစ်သော သတ္တဝါဟု ဆိုအပ်သော အဏ္ဍဇယောနိ၊ ၂။ သားအိမ်၌ ဖြစ်သော သတ္တဝါဟု ဆိုအပ်သော ဇလာဗုဇယောနိ၊ ၃။ အညိုခွံ ဖြစ်သော သတ္တဝါဟု ဆိုအပ်သော သံသေဒဇယောနိ၊ ၄။ ခန္ဓာကိုယ် ထင်ရှားဖြစ်သော သတ္တဝါဟု ဆိုအပ်သော ဩပပါတိကယောနိ။ (မ၊၁။၁၀၅။) (သာရတ္ထ၊ဋီ၊၂။၁၇။) (မ၊မြန်၊၁။၁၁၂။)

ယက္ကန်းသည်မလေးအား ဘုရားရှင် မေးတော်မူသော ပုစ္ဆာ ၄ မျိုး ၁။ သင်သည် အဘယ်အရပ်မှ လာသနည်း၊ ၂။ သင်သည် အဘယ်အရပ်သို့ သွားမည်နည်း၊ ၃။ သင်သည် မသိလေသလော၊ ၄။ သင်သည် သိပါသလော။ (ဓမ္မ၊၄။၂။၁၁၃။)

ယက္ကန်းသည်မလေး၏ အဖြေ ၄ ချက် ၁။ တပည့်တော်သည် အဘယ်ဘဝမှ လာ၍ ဤဘဝ၌ ဖြစ်ရသနည်းဟု မသိပါ၊ ၂။ တပည့်တော်သည် ဤဘဝမှ သွား၍ အဘယ်ဘဝ၌ ဖြစ်ရမည်နည်းဟု မသိပါ၊ ၃။ တပည့်တော်သည် သေရမည်၏ အဖြစ်ကို သိပါသည်၊ ၄။ ညဉ့်အခါ နေ့အခါ နံနက်အခါ စသည်တို့တွင် ဤမည်သော အခါ၌ သေရမည်ဟု မသိပါ။ (ဓမ္မ၊၄။၂။၁၁၃။)

ယဇ်ပူဇော်ခြင်း ၂ မျိုး ၁။ အာမိသယာဂ– ဝတ္ထုပစ္စည်းဖြင့် ယဇ်ပူဇော်ခြင်း၊ ၂။ ဓမ္မယာဂ– တရားဖြင့် ယဇ်ပူဇော်ခြင်း။ (ခုဒ္ဒက။၂၆၄။) (ခုဒ္ဒက၊မြန်။၂၅၀။)

ယဇ်ပူဇော်ခြင်း ၅ မျိုး ၁။ အဿမေဓ– မြင်းကို သတ်၍ ယဇ်ပူဇော်ခြင်း၊ ၂။ ပုရိသမေဓ– ယောကျ်ားကို သတ်၍ ယဇ်ပူဇော်ခြင်း၊ ၃။ သမ္မာပါသ– ထမ်းပိုးကျည်ကို ပစ်၍ ယဇ်ပူဇော်ခြင်း၊ ၄။ ဝါဇပေယျ– ထောပတ်သောက်၍ ယဇ်ပူဇော်ခြင်း၊ ၅။ နိရဂ္ဂဠ– တံခါးမပိတ်ဘဲ ယဇ်ပူဇော်ခြင်း။ (သံ၊၁။၇၆။) (သံ၊ဋ္ဌ၊၁။၁၃၄။) (သံ၊မြန်၊၁။၇၅။)

ယဇ်ပူဇော်သော ပုဏ္ဏားတို့၏ လက်နက် ၃ မျိုး ၁။ ကာယကံ လက်နက်၊ ၂။ ဝစီကံ လက်နက်၊ ၃။ မနောကံ လက်နက်။ (အံ၊၂။၄၃၀။) (အံ၊မြန်၊၂။၅၄၃။)

ယဇ်မပူဇော်မီ ထားရှိရမည့် စိတ်သဘောထား ၃ မျိုး (ပုရောဟိတ်ပုဏ္ဏားက မဟာဝိဇိတမင်းအား ညွှန်ကြားသော ယဇ်မပူဇော်မီ ထားရှိရမည့် စိတ်သဘောထား ၃ မျိုး) ၁။ ယဇ်ကြီးပူဇော်ရန် ကြံစည်တောင့်တနေသော ကာလ၌ ငါ၏ များစွာသော စည်းစိမ်ဥစ္စာ ကုန်ခန်းလိမ့်မည်တကားဟု နှလုံးမသာခြင်း မဖြစ်ရန်၊ ၂။ ယဇ်ကြီးပူဇော်ဆဲကာလ၌ ငါ၏ များစွာသော စည်းစိမ်ဥစ္စာ အခု ကုန်ခန်း၏တကားဟု နှလုံးမသာခြင်း မဖြစ်ရန်၊ ၃။ ယဇ်ကြီးပူဇော်ပြီးသော ကာလ၌ ငါ၏ များစွာသော စည်းစိမ်ဥစ္စာ အခု ကုန်ခန်းလေပြီးတကားဟု နှလုံးမသာခြင်း မဖြစ်ရန်။ (ဒီ၊၁။၁၃၁။) (ဒီ၊မြန်၊၁။၁၅၄။)

ယဇ်အခြံအရံ ၄ ပါး (မဟာဝိဇိတမင်းအား ပုရောဟိတ်ပုဏ္ဏားက ညွှန်ကြားသော ယဇ်အစီအမံ ယဇ်အခြံအရံ ၄ မျိုး) ၁။ နိုင်ငံတွင်း အရံမင်းတို့အား ယဇ်ပူဇော်ခြင်းကို သဘောတူရန် တိုင်ပင်ခြင်း၊ ၂။ ယဇ်ပူဇော်ခြင်းကို သဘောတူရန် နိုင်ငံတွင်းအမတ် မင်းမူထမ်းတို့အား တိုင်ပင်ခြင်း၊ ၃။ ယဇ်ပူဇော်ခြင်းကို သဘောတူရန် နိုင်ငံတွင်း ဗြာဟ္မဏမဟာသာလ သူဌေးတို့အား တိုင်ပင်ခြင်း၊ ၄။ ယဇ်ပူဇော်ခြင်းကို သဘောတူရန် နိုင်ငံတွင်း သူကြွယ်တို့အား တိုင်ပင်ခြင်း။ (ဒီ၊၁။၁၂၉။) (ဒီ၊မြန်၊၁။၁၅၂။)

http://www.dhammadownload.com

ယဇ်အခြံအရံ ၄ ပါး (တစ်နည်း) (ပုရောဟိတ်ပုဏ္ဏားပြည့်စုံသော ယဇ်အခြံအရံ ၄ ပါး) ၁။ ဇာတ်နှင့် ပြည့်စုံခြင်း၊ ၂။ ဝေဒကျမ်း စသော ကျမ်းတို့ကို တတ်မြောက်ခြင်း၊ ၃။ သီလ ရှိခြင်း၊ ၄။ ပညာ ရှိခြင်း။ (ဒီ၊၁။၁၃၀။) (ဒီ၊မြန်၊၁။၁၅၄။)

ယဇ်အခြံအရံ ၈ ပါး (မဟာဝိဇိတမင်း၏ ယဇ်အခြံအရံ ၈ ပါး) ၁။ ဇာတ်နှင့် ပြည့်စုံခြင်း၊ ၂။ အဆင်း လှခြင်း၊ ၃။ ကြွယ်ဝချမ်းသာခြင်း၊ ၄။ ဗိုလ်ပါအင်အားရှိခြင်း၊ ၅။ သဒ္ဓါတရားရှိခြင်း၊ ၆။ အကြားအမြင် များခြင်း၊ ၇။ ထိုထိုပြောဆိုအပ်သော စကား၏ အနက်အဓိပ္ပါယ်ကို သိခြင်း၊ ၈။ ပညာရှိခြင်း။ (ဒီ၊၁။၁၃၀။) (ဒီ၊မြန်၊၁။၁၅၃။)

ယာဉ် ၆ မျိုး ၁။ လှည်းပေါင်းချုပ်ယာဉ်၊ ၂။ ရထားယာဉ်၊ ၃။ လှည်းယာဉ်၊ ၄။ သံလျင်းယာဉ်၊ ၅။ ထမ်းစင်ယာဉ်၊ ၆။ ပုဆိုးသံလျင်းယာဉ်။ (ဝိ၊၂။၂၆၅။) (ဝိ၊မြန်၊၂။၃၀၀။)

ယုတ်နိမ့်ခြင်း မြင့်မြတ်ခြင်း ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ ယုတ်နိမ့်သည် ဖြစ်၍ ယုတ်နိမ့်လတ္တံ့သော ပုဂ္ဂိုလ်၊ ၂။ ယုတ်နိမ့်သည်ဖြစ်၍ မြင့်မြတ်လတ္တံ့သော ပုဂ္ဂိုလ်၊ ၃။ မြင့်မြတ်သည် ဖြစ်၍ ယုတ်နိမ့်လတ္တံ့သော ပုဂ္ဂိုလ်၊ ၄။ မြင့်မြတ်သည်ဖြစ်၍ မြင့်မြတ်လတ္တံ့သော ပုဂ္ဂိုလ်။ (အံ၊၁။၃၉၈။) (အံ၊မြန်၊၁။၄၁၃။)

ယုတ်မာသူ ၃ ယောက် ၁။ သားကောင် အပေါင်းတို့တွင် မြေခွေးသတ္တဝါသည် ယုတ်မာ၏၊ ၂။ ငှက်အပေါင်းတို့တွင် ကျီးသည် ယုတ်မာ၏၊ ၃။ သစ်ပင်အပေါင်းတို့တွင် ကြက်ဆူပင်သည် ယုတ်မာ၏။ (ဇာတက၊၁။၉၀။)

ယုတ်လျော့ခြင်း ၂ မျိုး ၁။ ရအပ် ရောက်အပ်ပြီးသော တရားမှ ယုတ်လျော့ခြင်း၊ ၂။ မရအပ် မရောက်အပ်သေးသော တရားမှ ယုတ်လျော့ခြင်း။ (အဘိ၊၌၊၃။၁၄၁။)

ယပ် ၃ မျိုး ၁။ လျှော်ဖြင့် ပြီးသော ယပ်၊ ၂။ ပန်းရင်းမြက်ဖြင့် ပြီးသော ယပ်၊ ၃။ ဥဒေါင်းမြီးဖြင့် ပြီးသော ယပ်။ (ဝိ၊၄။၂၆၉။) (ဝိ၊မြန်၊၄။၂၇၂။)

ယုံမှားခြင်း ၁၆ မျိုး ၁။ ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့ဖူးလေလော၊ ၂။ ငါသည် အတိတ်ကာလ၌ ဖြစ်ခဲ့ဖူးပြီ ဟုတ်ရဲ့လား၊ ၃။ ငါသည် အတိတ်ကာလ၌ အဘယ်အမျိုး ဖြစ်ခဲ့ဖူးသနည်း၊ ၄။ ငါသည် အတိတ်ကာလ၌ အဘယ်ပုံ ဖြစ်ခဲ့သနည်း၊ ၅။ ငါသည် အတိတ်ကာလ၌ အဘယ်သို့ ဖြစ်၍ အဘယ်သို့ ဖြစ်ခဲ့ပြီးသလော၊ ၆။ ငါသည် အနာဂတ်ကာလ၌ ဖြစ်ဦးမည်လော၊ ၇။ ငါသည် အနာဂတ်ကာလ၌ မဖြစ်တော့လေသလော၊ ၈။ ငါသည် အနာဂတ်ကာလ၌ အဘယ်အမျိုး ဖြစ်လိမ့်မည်နည်း၊ ၉။ ငါသည် အနာဂတ်ကာလ၌ အဘယ်ပုံ ဖြစ်ဦးမည်နည်း၊ ၁၀။ ငါသည် အနာဂတ်ကာလ၌ အဘယ်သို့ ဖြစ်၍ အဘယ်သို့ ဖြစ်ဦးမည်နည်း၊ ၁၁။ ငါသည် ယခု ဖြစ်နေဆဲဟုတ်သလော၊ ၁၂။ ငါသည် ယခု ဖြစ်နေဆဲ ဟုတ်ပါလေစလော၊ ၁၃။ ငါသည် ယခု အဘယ်အမျိုး ဖြစ်ရသနည်း၊ ၁၄။ ငါသည် ယခု အဘယ်ပုံ ဖြစ်လေသနည်း၊ ၁၅။ ဤသတ္တဝါအကောင်သည် အဘယ်အရပ်မှ လာလေသနည်း၊ ၁၆။ ထိုသတ္တဝါအကောင်သည် အဘယ်အရပ်သို့ သွားဦးမည်နည်း။ (စူဠနိ၊၄။၉၅။) (ဝိသုဒ္ဓိ၊၂။၂၃၄။) (သာရတ္ထ၊ဋီ၊၃။၁၃၉။) (ဝိမတိ၊၂။၈၅။)

http://www.dhammadownload.com

ယုံမှားခြင်း ၃ မျိုး ၁။ အတိတ်ကာလကို အာရုံပြု၍ ယုံမှားခြင်း၊ ၂။ အနာဂတ်ကာလကို အာရုံပြု၍ ယုံမှားခြင်း၊ ၃။ ယခု ပစ္စုပွန်ကာလကို အာရုံပြု၍ ယုံမှားခြင်း။ (ဒီ၊၃။၁၈၂။) (ဒီ၊မြန်၊၃။၂၀၂။)

ယုံမှားထိုက်သော ရဟန်း အင်္ဂါ ၅ ပါး ၁။ ပြည့်တန်ဆာမ ရှိရာ၌ ကျက်စားခြင်း၊ ၂။ မုဆိုးမ ရှိရာ၌ ကျက်စားခြင်း၊ ၃။ အပျိုဟိုင်း ရှိရာ၌ ကျက်စားခြင်း၊ ၄။ နပုံးပဏ္ဍုက် ရှိရာ၌ ကျက်စားခြင်း၊ ၅။ ရဟန်းမ ရှိရာ၌ ကျက်စားခြင်း။ (ဝိ၊၅။၂၃၀။) (ဝိ၊မြန်၊၅။၃၁၉။)

ယုံမှားဖွယ်ရှိသော မဟာပုရိသ လက္ခဏာ ၂ ပါး ၁။ အအိမ်ဖြင့် ဖုံးလွှမ်းအပ်သော အင်္ဂါဇာတ်၊ ၂။ ရှည်လျား ကျယ်ပြန့်သော လျှာ။ (သုတ္တနိ။၃၆၇။) (သုတ္တနိ၊မြန်။၃၄၆။)

ယုံမှားသံသယ ဖြစ်ခြင်း ၃ မျိုး ၁။ မြင်အပ်သော အာရုံသို့ အစဉ်လိုက်သဖြင့် ယုံမှားခြင်း၊ ၂။ ကြားအပ်သော အာရုံသို့ အစဉ်လိုက်သဖြင့် ယုံမှားခြင်း၊ ၃။ အတွေ့အထိအာရုံသို့ အစဉ်လိုက်သဖြင့် ယုံမှားခြင်း။ (ဝိ၊၄၊၂။၁၇၁။)

ယောက်ျားတို့ မလွန်ကျူး မသွားလာအပ်သော ဌာန ၂၀ အဂမနီယဌာန ၂၀ နှင့် တူသည်။

ယောက်ျားမြတ်လက္ခဏာရှိသူ၏ ဖြစ်ကိန်း ၂ ပါး ၁။ လူ့ဘောင်၌နေသော်တရားစောင့်သောတရားနှင့် အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း ဖြစ်နိုင်ခြင်း၊ ၂။ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်သော် ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင် မှန်စွာ သိတော်မူသော လောက၌ (ကိလေသာ) အပိတ်အပင်ကို ဖွင့်လှစ် ဖျက်ဆီးပြီးသော ဘုရား ဖြစ်နိုင်ခြင်း။ (ဒီ၊၃။၁၁၇။) (ဒီ၊မြန်၊၃။၁၃၅။)

ရ

ရခဲသော တရား ၆ ပါး ၁။ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲခြင်း၊ ၂။ ဘုရားရှင်တို့ ဟောကြားအပ်သော ဓမ္မဝိနယကို ဟောကြားတတ်သော ပုဂ္ဂိုလ်ကို ရခဲခြင်း၊ ၃။ သူတော်ကောင်းတို့၏ တည်ရာ မွေးဖွားရာ မဇ္ဈိမဒေသအရပ်၌ ဖြစ်ရခြင်းကို ရခဲခြင်း၊ ၄။ မျက်စိ စသော ဣန္ဒေတို့၏ မချို့တဲ့သူ၏ အဖြစ်ကို ရခဲခြင်း၊ ၅။ ကောင်းမှုကုသိုလ်ပြုလိုမှု ဆန္ဒကို ရခဲခြင်း၊ ၆။ မမိုက် မဆွံ့အသူ၏ အဖြစ်ကို ရခဲခြင်း။ (အံ၊၂။၃၈၄။) (အံ၊မြန်၊၂။၄၈၄။)

ရခဲသော တရား ၅ မျိုး ဒုလ္လဘ ၅ မျိုးနှင့် တူသည်။

ရခဲသော ပုဂ္ဂိုလ် ၃ မျိုး ၁။ မြတ်စွာဘုရား၊ ၂။ ဘုရားရှင်၏ ဓမ္မဝိနယကို ဟောကြားဖော်ထုတ်သော ပုဂ္ဂိုလ်၊ ၃။ သူ့ကျေးဇူးကို သိသည်အလျောက် သူ့ကျေးဇူးကို ထင်စွာ ပြလေ့ရှိသူ ကတညုတကတဝေဒီ ပုဂ္ဂိုလ်။ (အံ၊၁။၂၆၉။) (အံ၊မြန်၊၁။၂၈၇။)

http://www.dhammadownload.com

ရခဲသောပုဂ္ဂိုလ် ၂ ယောက် ၁။ ရှေးဦးစွာ ကျေးဇူးသိတတ်သော ပုဗ္ဗကာရီပုဂ္ဂိုလ်၊ ၂။ ပြုခဲ့ဖူးသော သူ့ကျေးဇူးကို သိ၍ သူ့ကျေးဇူးကို ထင်စွာ ပြလေ့ရှိသော ကတညုကတဝေဒီပုဂ္ဂိုလ်။ (အဘိ၊ပု။၁၂၈။) (အဘိ၊ပု၊မြန်။၃၁။)

ရခဲသော ပုဂ္ဂိုလ် ၅ ဦး ၁။ လောကဋ္ဌ ပူဇော်အထူးကို ခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲခြင်း၊ ၂။ လောကဋ္ဌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောပြောတတ်သော ပုဂ္ဂိုလ်ကို ရခဲခြင်း၊ ၃။ လောကဋ္ဌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိတတ်သော ပုဂ္ဂိုလ်ကို ရခဲခြင်း၊ ၄။ လောကဋ္ဌ မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဝိနယကို ဟောကြားသည်ရှိသော် သိသည့်အတိုင်း တရားနှင့်အညီ ကျင့်သော ပုဂ္ဂိုလ်ကို ရခဲခြင်း၊ ၅။ လောကဋ္ဌ သူပြုဖူးသော ကျေးဇူးကို သိ၍ သူပြုဖူးသော ကျေးဇူးကို ထင်ရှားအောင် ပြုလေ့ရှိသော ပုဂ္ဂိုလ်ကို ရခဲခြင်း။ (အံ၊၂။၁၄၉။) (အံ၊၂။၂၀၈။) (အံ၊၂။၂၀၉။) (အံ၊မြန်၊၂။၁၈၇-၁၈၈။) (အံ၊မြန်၊၂။၂၆၃။) (အံ၊မြန်၊၂။၂၆၃-၂၆၄။)

ရခဲသော ရတနာ ၅ မျိုး (တစ်နည်း) ၁။ လောကဋ္ဌ ဆင်ရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲခြင်း၊ ၂။ လောကဋ္ဌ မြင်းရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲခြင်း၊ ၃။ လောကဋ္ဌ ကျောက်မျက်ရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲခြင်း၊ ၄။ လောကဋ္ဌ မိန်းမရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲခြင်း၊ ၅။ လောကဋ္ဌ သူဌေးရတနာ၏ ထင်ရှားဖြစ်ပေါ်မှုကို ရခဲခြင်း။ (အံ၊၂။၁၄၈။) (အံ၊မြန်၊၂။၁၈၆-၁၈၇။)

ရခဲသော အရာ ၄ မျိုး ၁။ တရားနှင့် အညီ စည်းစိမ်ဥစ္စာတို့ကို ရရှိခြင်း၊ ၂။ တရားနှင့် အညီ စည်းစိမ်ဥစ္စာတို့ကို ရရှိပြီး အဆွေအမျိုးတို့နှင့် တကွ ဆရာဥပဇ္ဈာယ်တို့နှင့် တကွ အခြံအရံကို ရရှိခြင်း၊ ၃။ တရားနှင့် အညီ စည်းစိမ်ဥစ္စာတို့ကို ရရှိ၍ ဆွေမျိုးတို့နှင့် အတူ ဥပဇ္ဈာယ်ဆရာနှင့် အတူ အသက်ရှည်ခြင်း၊ ၄။ သေသောအခါ ကောင်းသော လားရာဖြစ်သော နတ်ပြည်၌ ဖြစ်ရခြင်း။ (အံ၊၁။၃၇၇။) (အံ၊မြန်၊၁။၃၉၁။)

ရခဲသောအရာ ၄ မျိုး (တစ်နည်း) ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ သီလနှင့် ပြည့်စုံခြင်း၊ ၃။ စွန့်ကြဲမှုနှင့် ပြည့်စုံခြင်း၊ ၄။ ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၁။၃၇၇။) (အံ၊မြန်၊၁။၃၉၁။)

ရတနသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ သူတစ်ပါးဥစ္စာ ဖြစ်ခြင်း၊ ၂။ အကျွမ်းဝင်သဖြင့် ယူခြင်း, ပံ့သုကူ ကောက်ယူခြင်း အမှတ်သညာ မရှိခြင်း၊ ၃။ ခွင့်ပြုထားသော အကြောင်းမရှိဘဲ ကောက်ယူခြင်း။ (ဝိမတိ၊၂။၅၄။)

ရတနသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ခွင့်ပြုမှု မပြုခြင်း၊ ၂။ သူတစ်ပါးတို့၏ ဥစ္စာ ဖြစ်ခြင်း၊ ၃။ အကျွမ်းဝင်သဖြင့် ယူခြင်း, ပံ့သုကူ ကောက်ယူခြင်းတို့၌ အမှတ်သညာ မရှိခြင်း၊ ၄။ ကိုယ်တိုင် ကောက်ယူခြင်း, သူတစ်ပါးကို ကောက်ယူစေခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၈။)

ရတနာ ၂ မျိုး ၁။ သဝိညာဏကရတနာ- သက်ရှိဖြစ်သော ဆင်ရတနာ, မြင်းရတနာ, ဣတ္ထိရတနာ သားကြီးရတနာ ဂဟပတိရတနာ စသည်၊ ၂။ အဝိညာဏကရတနာ- သက်မဲ့ဖြစ်သော စကြာ ရတနာ, ပတ္တမြားရတနာ စသည်။ (မ၊ဋ္ဌ၊၄။၁၉၇။) (ခုဒ္ဒက၊ဋ္ဌ။၁၄၉။) (သုတ္တနိ၊ဋ္ဌ၊၁။၂၇၈။)

http://www.dhammadownload.com

ရတနာ ၂ မျိုး (တစ်နည်း) (သက်ရှိရတနာ ၂ မျိုး) ၁။ တိရစ္ဆာန်ရတနာ၊ ၂။ လူရတနာ။(မ၊ဋ္ဌ၊ ၄။၁၉၇။)

ရတနာ ၂ မျိုး (တစ်နည်း) (လူရတနာ ၂ မျိုး) ၁။ လူမိန်းမ ရတနာ၊ ၂။ လူယောကျ်ားရတနာ။ (မ၊ဋ္ဌ၊ ၄။၁၉၇။) (သုတ္တနိ၊ဋ္ဌ၊၁။၂၇၈။)

ရတနာ ၂ မျိုး (တစ်နည်း) (ယောကျ်ားရတနာ ၂ မျိုး) ၁။ လူဝတ်ကြောင်, အိမ်ထောင်သူ ရတနာ၊ ၂။ အိမ်ရာမထောင် ရဟန်း ရတနာ။ (မ၊ဋ္ဌ၊၄။၁၉၇။) (သုတ္တနိ၊ဋ္ဌ၊၁။၂၇၈။)

ရတနာ ၂ မျိုး (တစ်နည်း) (ရဟန်းရတနာ ၂ မျိုး) ၁။ သိက္ခာကျင့်ဆဲ သေက္ခရဟန်း ရတနာ၊ ၂။ သိက္ခာကျင့်ပြီး အသေက္ခရဟန်း ရတနာ။ (မ၊ဋ္ဌ၊၄။၁၉၇။)

ရတနာ ၂ မျိုး (တစ်နည်း) (အသေက္ခရဟန်းရတနာ ၂ မျိုး) ၁။ ဗုဒ္ဓရတနာ၊ ၂။ သာဝက ရတနာ။ (မ၊ဋ္ဌ၊၄။၁၉၇။)

ရတနာ ၂ မျိုး (တစ်နည်း) (ဗုဒ္ဓရတနာ ၂ မျိုး) ၁။ ပစ္စေကဗုဒ္ဓ ရတနာ၊ ၂။ သမ္မညဗုဒ္ဓ ရတနာ။ (မ၊ဋ္ဌ၊၄။၁၉၇။)

ရတနာ ၇ မျိုး (တစ်နည်း) ၁။ ရွှေရတနာ၊ ၂။ ငွေရတနာ၊ ၃။ ပုလဲရတနာ၊ ၄။ ပတ္တမြားရတနာ၊ ၅။ ကျောက်မျက်ရွှဲရတနာ၊ ၆။ စိန်၊ ၇။ သန္ဘာ။ (သီ၊ဋ္ဌ၊သစ်၊၂။၃၀၂။)

ရတနာ ၁၀ မျိုး ၁။ ပုလဲ၊ ၂။ ပတ္တမြား၊ မြ၊ ၃။ ကျောက်မျက်ရွှဲ၊ ၄။ ခရုသင်း၊ ၅။ ကျောက်သလင်း၊ ၆။ သန္ဘာ၊ ၇။ ငွေ၊ ၈။ ရွှေ၊ ၉။ ပတ္တမြားနီ၊ ၁၀။ ပတ္တမြားပြောက်။ (ဝိ၊၂။၂၁၂။) (ဝိ၊ဋ္ဌ၊၂။၁၃၀။) (သာရတ္ထ၊ဋ္ဌီ၊၂။၁၃၂။) (ဝိမတိ၊၁။၁၇၅။) (ဝိ၊မြန်၊၂။၂၃၈။)

ရတနာနှင့် တူသော ဥပါသကာ အင်္ဂါ ၅ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ သီလနှင့် ပြည့်စုံခြင်း၊ ၃။ အထူးအဆန်းဖြစ်သော မြင်ခြင်း ကြားခြင်း တွေ့ထိခြင်းတို့ကို မင်္ဂလာဟု အယူ မရှိခြင်း၊ ၄။ ဒိဋ္ဌသုတမုတမင်္ဂလာတို့ကို မယုံကြည်ဘဲ ကံကိုသာ ယုံကြည်ခြင်း၊ ၅။ ဘုရားသာသနာတော်မှ ပြင်ပဖြစ်သော အလှူခံပုဂ္ဂိုလ်ကို မရှာမှီးဘဲ ဘုရားသာသနာ အတွင်း၌သာ ဒါန စသည် ပြုလုပ်ခြင်း။ (အံ၊ဋ္ဌ၊၂။၂၂။)

ရတနာမည်ကြောင်း ၅ ပါး ၁။ ရိုသေအပ်, မြတ်နိုးအပ်, ပူဇော်အပ်, ဆန်းကြယ်စွာ ပြုအပ်သောကြောင့်၊ ၂။ တန်ဖိုးကြီးသော, အဖိုးထိုက်တန်သောကြောင့်၊ ၃။ အတူမရှိ, တုန့်ပြန်စရာ မရှိသောကြောင့်၊ ၄။ ရခဲ, မြင်နှိုင်ခဲသောကြောင့်၊ ၅။ မြတ်သော, ဂုဏ်ရှိသော ပုဂ္ဂိုလ်တို့၏ အသုံးအဆောင် ဖြစ်သောကြောင့်။ (ဒီ၊ဋ္ဌ၊၂။၃၅။) (ခုဒ္ဒက၊ဋ္ဌ။၁၄၃။) (သုတ္တနိ၊ဋ္ဌ၊၁။၂၇၂။) (မဟာနိ၊ဋ္ဌ။၂၃၁။) (သီ၊ဋ္ဌီ၊သစ်၊၁။၂၄။)

ရထား ၂ မျိုး ၁။ သူရဲကောင်းစီးရထား၊ ၂။ တန်ဆာဆင်အပ်သော ရထား။ (မ၊ဋ္ဌ၊၂။၉၉။)

ရထားငါးရာ ဖခင်ထံမှ ရရှိသော အမျိုးသမီး ၃ ဦး ၁။ ဗိမ္ဗိသာရမင်းကြီး၏ သမီးတော် စုန္ဒီမင်းသမီး၊ ၂။ ဓနဥယသူဌေး၏ သမီး ဝိသာခါသတို့သမီး၊ ၃။ ကောသလမင်းကြီး၏ သမီးတော် သုမနာမင်းသမီး။ (အံ၊ဋ္ဌ၊၃။၁၆။)

http://www.dhammadownload.com

ရနံ့ ၁၀ မျိုး ၁။ အမြစ်မွှေးရနံ့ (မူလဂန္ဓ)၊ ၂။ အနှစ်မွှေးရနံ့ (သာရဂန္ဓ)၊ ၃။ အကာမွှေးရနံ့ (ဖေဂ္ဂုဂန္ဓ)၊ ၄။ အခွံမွှေးရနံ့ (တစဂန္ဓ)၊ ၅။ အပွေးမွှေးရနံ့ (ပပဋ္ဌိကဂန္ဓ)၊ ၆။ အရည်မွှေးရနံ့ (ရသဂန္ဓ)၊ ၇။ အရွက်မွှေးရနံ့ (ပတ္တဂန္ဓ)၊ ၈။ အပွင့်မွှေးရနံ့ (ပုပ္ဖဂန္ဓ)၊ ၉။ အသီးမွှေးရနံ့ (ဖလဂန္ဓ)၊ ၁၀။ နံ့သာမွှေးရနံ့ (ဂန္ဓဂန္ဓ) ။ (မ၊၆၊၃။၂၅။)

ရနိုင်ခဲသော တရားတို့ကို ရကြောင်းတရား ၁၀ ပါး ၁။ ထက်ကြွလုံ့လရှိခြင်း, မပျင်းရိခြင်းသည် စည်းစိမ်ဥစ္စာတို့၏ အကြောင်း၊ ၂။ တန်ဆာဆင်မှု အတင့်အတယ်ပြုမှုသည် အဆင်းလှခြင်း၏ အကြောင်း၊ ၃။ သင့်လျော်သည်ကို ပြုမှုသည် အနာကင်းခြင်း၏ အကြောင်း၊ ၄။ မိတ်ဆွေကောင်း ရှိမှုသည် သီလပြည့်စုံခြင်းအကြောင်း၊ ၅။ ဣန္ဒြေတို့၌ စောင့်စည်းမှုသည် မြတ်သောအကျင့်၏ အကြောင်း၊ ၆။ မချွတ်ယွင်းစေမှုသည် မိတ်ဆွေတို့၏ အကြောင်း၊ ၇။ သရဏဂုံယူပြုခြင်းသည် အကြားအမြင်များခြင်း၏ အကြောင်း၊ ၈။ ကြားနာခြင်း, မေးမြန်းခြင်းသည် ပညာရှိခြင်း၏ အကြောင်း၊ ၉။ စိစစ်မှု, ဆင်ခြင်မှုသည် တရားရခြင်း၏ အကြောင်း၊ ၁၀။ အမှန်ကျင့်မှုသည် နတ်ပြည်နတ်ရွာ ရောက်ရခြင်း၏ အကြောင်း။ (အံ၊၃။၃၆၄။) (အံ၊မြန်၊၃။၃၆၂။)

ရနိုင်ခဲသော တရားတို့၏ အနှောင့်အယှက် ၁၀ မျိုး ၁။ ပျင်းရိခြင်း ထက်ကြွလုံ့လမရှိခြင်းသည် စည်းစိမ်ဥစ္စာတို့၏ အနှောင့်အယှက်ဘေးရန်၊ ၂။ တန်ဆာမဆင်ခြင်း အတင့်အတယ် မပြုခြင်းသည် အဆင်းလှပခြင်း၏ အနှောင့်အယှက် ဘေးရန်၊ ၃။ မသင့်လျော်သော အပြုအမူသည် အနာကင်းခြင်း၏ အနှောင့်အယှက် ဘေးရန်၊ ၄။ မိတ်ဆွေယုတ်ရှိခြင်းသည် သီလ၏ အနှောင့်အယှက် ဘေးရန်၊ ၅။ ဣန္ဒြေတို့ကို မစောင့်စည်းခြင်းသည် မြတ်သောအကျင့်၏ အနှောင့်အယှက် ဘေးရန်၊ ၆။ ချွတ်ယွင်းစေခြင်းသည် မိတ်ဆွေတို့၏ အနှောင့်အယှက် ဘေးရန်၊ ၇။ သရဏဂုံမှကို မပြုခြင်းသည် အကြားအမြင်များခြင်း၏ အနှောင့်အယှက် ဘေးရန်၊ ၈။ မကြားနာခြင်း မမေးမြန်းခြင်းသည် ပညာ၏ အနှောင့်အယှက် ဘေးရန်၊ ၉။ မစိစစ် မဆင်ခြင်မှုသည် တရားဓမ္မတို့၏ အနှောင့်အယှက် ဘေးရန်၊ ၁၀။ အမှားကျင့်ခြင်းသည် နတ်ပြည်ရွာ၏ အနှောင့်အယှက် ဘေးရန်။ (အံ၊၃။၃၆၄။) (အံ၊မြန်၊၃။၃၆၂။)

ရနိုင်ခဲသော တရား ၁၀ ပါး ၁။ အဆင်းလှပခြင်း၊ ၂။ စည်းစိမ်ဥစ္စာ၊ ၃။ အနာရောဂါကင်းခြင်း၊ ၄။ အကျင့်သီလ၊ ၅။ မြတ်သောအကျင့် ဗြဟ္မစရိယ၊ ၆။ သူတော်ကောင်းမိတ်ဆွေ၊ ၇။ အကြားအမြင်များခြင်း၊ ၈။ အတတ်ပညာ၊ ၉။ တရားဓမ္မ၊ ၁၀။ နတ်ပြည်နတ်ရွာ။ (အံ၊၃။၃၆၄။) (အံ၊မြန်၊၃။၃၆၁။)

ရနိုင်ခဲသော ပုဂ္ဂိုလ် ၂ မျိုး ၁။ သူတစ်ပါးအပေါ် ရှေးဦးစွာ ကျေးဇူးပြုတတ်သော– ပုဗ္ဗကာရီ ပုဂ္ဂိုလ်၊ ၂။ ပြုဖူးသော သူ့ကျေးဇူးကို သိ၍ ကျေးဇူးတုံ့ပြုတတ်သော– ကတညုကတဝေဒီ ပုဂ္ဂိုလ်၊ ၁။ (တစ်နည်း) ရောင့်ရဲသော ပုဂ္ဂိုလ်၊ ၂။ ရောင့်ရဲစေတတ်သော ပုဂ္ဂိုလ်။ (အံ၊၁။၈၆။) (သုတ္တနိ၊၆၊ ၂။၂၉။) (အံ၊မြန်၊၁။၁၀၁။)

ရလွယ် အပြစ်ကင်းသော ပစ္စည်း ၄ မျိုး ၁။ ပဲသုကူသက်နံ်း၊ ၂။ သလုံးမြင်းခေါင်းကို အရင်းပြု၍ အိမ်စဉ်လှည့်လည်သဖြင့် ရအပ်သော ဆွမ်း၊ ၃။ သစ်ပင်ရင်း တည်းဟူသော ကျောင်း၊ ၄။ နွားကျင်ငယ်ဖြင့် စိမ်အပ်သော ဆီးဖြူသီး ဖန်ခါးသီးဆေး။ (ခုဒ္ဒက။၂၆၄။) (ခုဒ္ဒက၊မြန်။၂၅၁။)

http://www.dhammadownload.com

ရလွယ်သော ပစ္စည်း ၄ မျိုး (ရဟန်းတို့ ရလွယ်သော ပစ္စည်း ၄ မျိုး) ၁။ သင်္ကန်းတို့တွင် ပံသုကူသင်္ကန်းသည် တာဝန်လည်း နည်း, ရလည်း ရလွယ်သော ပစ္စည်း ဖြစ်သည်၊ ၂။ စားဖွယ်တို့တွင် ဆွမ်းခံလှည့်လည်၍ ရအပ်သော ဆွမ်းသည် တာဝန်လည်း နည်း, ရလည်း ရလွယ်သော ပစ္စည်း ဖြစ်သည်၊ ၃။ ကျောင်းတို့တွင် သစ်ပင်ရင်းဟူသော ကျောင်းသည် တာဝန်လည်း နည်း, ရလည်း ရလွယ်သော ပစ္စည်း ဖြစ်သည်၊ ၄။ ဆေးတို့တွင် နွားကျင်ငယ်ပုပ်တည်း ဟူသော ဆေးသည် တာဝန်လည်း နည်း, ရလည်း ရလွယ်သော ပစ္စည်း ဖြစ်သည်။ (အံ၊၁။၃၃၅။) (အံ၊မြန်၊၁။၃၅၁။)

ရသ ၃ မျိုး ၁။ အတ္ထရသ– ဖိုလ်လေးပါး၊ ၂။ ဓမ္မရသ– မဂ်လေးပါး၊ ၃။ ဝိမုတ္တိရသ– နိဗ္ဗာန်။ (ယမက၊၁။၁၉၉။) (ယမက၊၁။၇၆–၇၇။) (အံ၊ဋ္ဌ၊၁။၃၈၀။)

ရသေ့ ၃ မျိုး (အလိုလို ကြွေကျသော သစ်သီး စသည်တို့ကို စား၍ အသက်မွေးမြူသော ရသေ့ ၃ မျိုး) ၁။ ထိုင်ရာအရပ်မှ မထဘဲ လက်ဖြင့် မှီရာအရပ်၌ ကြွေကျသော သစ်သီး စသည်တို့ကိုသာ စား၍ အသက်မွေးသော မြင့်မြတ်သော ရသေ့၊ ၂။ သစ်ပင်တစ်ပင်မှ အခြားသစ်ပင်တစ်ပင်သို့ မသွားဘဲ မိမိ၏ အနီး၌ရှိသော သစ်ပင်မှ ကြွေကျသော သစ်သီး စသည်တို့ကိုသာ စား၍ အသက်မွေးမြူသောအလယ်အလတ် ရသေ့၊၃။ သစ်ပင်များရှိရာသို့ သွား၍ အလိုလို ကြွေကျသော သစ်သီး စသည်တို့ကိုသာ ရှာဖွေကောက်ယူ စား၍ အသက်မွေးမြူသော အပျော့စား ရသေ့။ (ဒီ၊ဋ္ဌ၊၁။၂၄၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၇၄။)

ရသေ့ ၈ မျိုး ၁။ သားမယားနှင့် တကွ နေသော သပုတ္တဘရိယရသေ့၊ ၂။ ကောက်ပဲတို့ကို ရှားမှီးခြင်းဟူသော အသက်မွေးဝမ်းကြောင်း အကျင့်ရှိသော ရသေ့၊ ၃။ ရွာနိဂုံးတို့၌ ဆန်ဆွမ်းကို ခံယူ၍ ချက်ပြုတ်၍ အသက်မွေးမြူသော ရသေ့ (မီးဖြင့် ချက်ပြီးသား ဆွမ်းကို မခံယူသော ရသေ့)၊ ၄။ ရွာသို့ ဝင်၍ ချက်ပြီးသားဆွမ်းကို အလှူခံ၍ (ကိုယ်တိုင် ချက်ပြုတ်ခြင်း မပြုဘဲ) အသက်မွေးမြူသော ရသေ့။၅။ လက်ဆုပ်ပမာဏရှိသော ကျောက်ခဲဖြင့် ငွေးပင် အစရှိသော သစ်ပင်တို့၏ အခွံအခေါက်ကို ထုရိုက်ခွာယူ၍ သုံးဆောင်ကာ အသက်မွေးသော ရသေ့၊ ၆။ မိမိ၏ သွားဖြင့်ပင် သစ်ခွံ သစ်ခေါက်ကို ကိုက်ခွာ၍ သုံးဆောင်ကာ အသက်မွေးသော ရသေ့၊ ၇။ အပင်မှ သစ်သီးတို့ကို ချွေ၍ စားသော ရသေ့၊ ၈။ အလိုလို ကြွေကျသော သစ်သီး, သစ်ရွက်, သစ်ပွင့် အစရှိသည်တို့ကိုသာ ခဲစား၍ အသက်မွေးမြူသော ရသေ့။ (ဒီ၊ဋ္ဌ၊၁။၂၄၁။) (သုတ္တနိ၊ဋ္ဌ၊၁။၃၁၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၇၃။)

ရဟန္တာ၂ မျိုး ၁။ သတတဝိဟာရီ ရဟန္တာ– တစ်စုံတစ်ခုသော အမှုကို ပြုလုပ်၍လည်း သမာပတ်ကို ပင်စားနိုင်သော, မပြတ်သမာပတ်ဖြင့် နေလေ့ရှိသော ရဟန္တာ၊ ၂။ နော သတတဝိဟာရီရဟန္တာ– အနည်းငယ်မျှလည်းဖြစ်သော အမှုကိစ္စ၌ အမှုကိစ္စဖြင့် လုံ့လဗျာပါရ ပြုရသည်ဖြစ်၍ ဖလသမာပတ်ကို ဝင်စားခြင်းငှာ မစွမ်းနိုင်သော, အမြဲမပြတ် ဖလသမာပတ်ဖြင့် နေလေ့မရှိသော ရဟန္တာ။ (မ၊ဋ္ဌ၊၄။၄၆။)

ရဟန္တာတို့ ပယ်အပ်ပြီးသော တရား ၇ ပါး ၁။ သက္ကာယဒိဋ္ဌိ– ငါ့ကိုယ်ဟူသော အစွဲ၊ ၂။ ဝိစိကိစ္ဆာ– ယုံမှားခြင်း၊ ၃။ သီလဗ္ဗတပရာမာသ– လွဲမှားသော သီလအကျင့်၊ ၄။ ရာဂ–

http://www.dhammadownload.com

တပ်မက်ခြင်းတဏှာ၊ ၅။ ဒေါသ (အမျက်ဒေါသ)၊ ၆။ မောဟ– တွေဝေမိုက်မဲခြင်း၊ ၇။ မာန–မာန်ထောင်လွှားခြင်း။ (မဟာနိ။၆၆။) (မဟာနိ။၇၇။) (မဟာနိ။၈၈။)

ရဟန္တာတို့အား ဖြစ်တတ်သော အခြင်းအရာ ၂ မျိုး ၁။ ငါသည် ရရှိအပ်သော အရဟတ္တဖိုလ် ဂုဏ်ကျေးဇူးကို နတ်နှင့်တကွ လောကသားအားလုံးသည် လျင်မြန်စွာသာလျှင် ထိုးထွင်း၍ သိလျှင် ကောင်းလေစွ–ဟူသော စိတ် ဖြစ်ခြင်း၊ ၂။ အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိသည်၏ အဖြစ်ကို ရွေအိုးကို ရရှိအပ်သော ယောကျ်ားကဲ့သို့ တစ်ပါးသော သူအား မပြောကြားလိုခြင်း။ (ဒီ။၃။၂။ ၂၇၀။) (ဒီ။၃။မြန်။၂။၄၉၉။)

ရဟန္တာတို့၏ မိုခိုနေထိုင်ရာ တရား ၁၀ ပါး ၁။ ကာမဓာတ်နှစ်သော အင်္ဂါငါးပါးရှိ နိဝရဏတရားကို ပယ်အပ်ပြီးခြင်း၊ ၂။ အင်္ဂါ ခြောက်ပါးရှိ ဥပေက္ခာနှင့် ပြည့်စုံခြင်း၊ ၃။ သတိ အစောင့်အရှောက် တရား ရှိခြင်း၊ ၄။ မိုရာတရား လေးပါးရှိခြင်း၊ ၅။ တစ်ဦးတည်း, တစ်ယူသန် အမှန်ဟု စွဲကိုင်ထားအပ်သော ဒိဋ္ဌိသစ္စာကို ပယ်နုတ်ပြီးခြင်း၊ ၆။ ရာမှီးခြင်းအားလုံးတို့ကို ကောင်းစွာ စွန့်လွှတ်ပြီးခြင်း၊ ၇။ နောက်ကျူကင်းစင် ကြည်လင်သန့်ရှင်းသော အကြံအစည် ရှိခြင်း၊ ၈။ ချုပ်ငြိမ်းပြီးသော ထွက်လေ ဝင်လေ ကာယသင်္ခါ ရရှိခြင်း၊ ၉။ စတုတ္ထဈာန်၍ ကောင်းစွာ လွတ်မြောက်သော စိတ်ရှိခြင်း၊ ၁၀။ ကောင်းစွာ လွတ်မြောက်သော (အရဟတ္တ မဂ်ဖိုလ်) ပညာရှိခြင်း။ (ဝဇီရ။၄၁၅။)

ရဟန္တာတို့၏ အားတော် ၁၀ ပါး ၁။ သင်္ခါရတရားတို့ကို အမှန်အတိုင်း သိခြင်း၊ ၂။ မီးကျီးတွင်း ဥပမာရှိသော ကာမဂုဏ်တို့ကို အမှန်အားဖြင့် သိခြင်း၊ ၃။ ဆိတ်ငြိမ်ရာ အရပ်သို့ စိတ် ညွတ်ခြင်း၊ ၄။ သတိပဋ္ဌာန်တရားတို့ကို ပွားပြီးဖြစ်ခြင်း၊ ၅။ သမ္မပ္ပဓာန်တရားတို့ကို ပွားပြီး ဖြစ်ခြင်း၊ ၆။ ဣဒ္ဓိပါဒ်တရားတို့ကို ပွားပြီးဖြစ်ခြင်း၊ ၇။ ဣန္ဒြေတရားတို့ကို ပွားပြီးဖြစ်ခြင်း၊ ၈။ ဗိုလ်တရားတို့ကို ပွားပြီးဖြစ်ခြင်း၊ ၉။ ဗောဇ္ဈင်တရားတို့ကို ပွားပြီးဖြစ်ခြင်း၊ ၁၀။ မဂ္ဂင် တရားတို့ကို ပွားပြီးဖြစ်ခြင်း။ (အံ။၃။၃၉၇။) (အံ။မြန်။၃။၃၉၀။)

ရဟန္တာတို့၏ ဥစ္စာ တရား ၁၀ ပါး ၁။ မှန်သော မြင်ခြင်း၊ ၂။ မှန်သော ကြံခြင်း၊ ၃။ မှန်သော ပြောဆိုခြင်း၊ ၄။ မှန်သော ပြုလုပ်ခြင်း၊ ၅။ မှန်သော အသက်မွေးခြင်း၊ ၆။ မှန်သော အားထုတ်ခြင်း၊ ၇။ မှန်သော အောက်မေ့ခြင်း၊ ၈။ မှန်သော တည်ကြည်ခြင်း၊ ၉။ မှန်သော သိခြင်း (သမ္မာဉာဏ။)၊၁၀။ကိလေသာတို့မှလွတ်သောဖလသမာပတ် "သမ္မာဝိမုတ္တိ"။(ဒီ။၃။၂၂၅။)(ဒီ။မြန်။ ၃။၂၄၈။)

ရဟန္တာတို့ မလွန်ကျူးတော့သော အရာ ၉ မျိုး ၁။ စေတနာနှင့် တကွ လုံ့လပြု၍ သူတစ်ပါး အသက်ကို မသတ်ခြင်း၊ ၂။ အရှင်မပေးသော ဥစ္စာကို မခိုးယူခြင်း၊ ၃။ မမြတ်သော မေထုန် အကျင့်ကို မကျင့်ခြင်း၊ ၄။ ချွတ်ယွင်းသော စကားကို မပြောဆိုခြင်း၊ ၅။ ရှေးအခါ လူဖြစ်စဉ်ကဲ့သို့ ပစ္စည်းဥစ္စာကို သိုမှီး၍ ကာမဂုဏ်တို့ကို မသုံးဆောင် မခံစားခြင်း၊ ၆။ ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ ၇။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၈။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၉။ ဘယာဂတိသို့ မလိုက်ခြင်း။ (အံ။၃။၁၇၇။) (အံ။မြန်။၃။၁၈၀။) (အံ။၃။၁၇၈။) (အံ။မြန်။၃။၁၈၀။)

http://www.dhammadownload.com

ရဟန္တာတို့ မလွန်ကျူးတော့သော အရာ ၉ မျိုး (တစ်နည်း) ၁။ သူ့အသက်ကို မသတ်ခြင်း၊ ၂။ အရှင်မပေးသော ဥစ္စာကို မခိုးယူခြင်း၊ ၃။ မေထုန်အကျင့်ကို မမှီဝဲခြင်း၊ ၄။ ချွတ်ယွင်းသော စကားကို မပြောဆိုခြင်း၊ ၅။ ရွေးအခါ လူဖြစ်စဉ်ကဲ့သို့ သိုမှီး၍ ကာမဂုဏ်တို့ကို မသုံးဆောင်ခြင်း၊ ၆။ ဘုရားကို မပယ်စွန့်ခြင်း၊ ၇။ တရားတော်ကို မပယ်စွန့်ခြင်း၊ ၈။ သံဃာတော်ကို မပယ်စွန့်ခြင်း၊ ၉။ သိက္ခာကို မပယ်စွန့်ခြင်း။ (အံ၊၃။၁၇၉။) (အံ၊မြန်၊၃။၁၈၀။)

ရဟန္တာတို့ မလွန်ကျူးတော့သော အရာ ၉ မျိုး (တစ်နည်း) ၁။ စေတနာနှင့် တကွ လုံ့လပြု၍ သူ့အသက်သတ်ခြင်းငှာ မထိုက်၊ ၂။ မပေးအပ်သော ဥစ္စာ ခိုးယူခြင်းငှာ မထိုက်၊ ၃။ မေထုန်အကျင့်ကို မှီဝဲခြင်းငှာ မထိုက်၊ ၄။ သိလျက် ချို့ယွင်းသော စကားကို ပြောဆိုခြင်းငှာ မထိုက်၊ ၅။ ရွေးလူ့ဘဝ၌ကဲ့သို့ သိုမှီးခြင်းကို ပြု၍ ကာမဂုဏ်တို့ကို သုံးဆောင်ခြင်းငှာ မထိုက်၊ ၆။ ဘုရားကို စွန့်ပယ်ခြင်းငှာ မထိုက်၊ ၇။ တရားကို စွန့်ပယ်ခြင်းငှာ မထိုက်၊ ၈။ သံဃာကို စွန့်ပယ်ခြင်းငှာ မထိုက်၊ ၉။ သိက္ခာကို ပယ်စွန့်ခြင်းငှာ မထိုက်။ (အံ၊၃။၁၇၉။) (အံ၊မြန်၊၃။၁၈၁။)

ရဟန္တာတို့ သက်ဝင်ပြီး အရာဌာန ၆ ပါး ၁။ ကိလေသာမှ ထွက်မြောက်ရာ အရဟတ္တဖိုလ်သို့ သက်ဝင်ပြီး ဖြစ်ခြင်း၊ ၂။ ကိလေသာမှ ဆိတ်သုဉ်းရာ အရဟတ္တဖိုလ်သို့ သက်ဝင်ပြီး ဖြစ်ခြင်း၊ ၃။ ကြောင့်ကြမရှိရာ အရဟတ္တဖိုလ်သို့ သက်ဝင်ပြီး ဖြစ်ခြင်း၊ ၄။ တဏှာကုန်ဆုံးရာ အရဟတ္တဖိုလ်သို့ သက်ဝင်ပြီး ဖြစ်ခြင်း၊ ၅။ ဥပါဒါန်တို့၏ ကုန်ဆုံးရာ အရဟတ္တဖိုလ်သို့ သက်ဝင်ပြီးဖြစ်ခြင်း၊ ၆။ မောဟကင်းရာ အရဟတ္တဖိုလ်သို့ သက်ဝင်ပြီး ဖြစ်ခြင်း။ (အံ၊၂။၃၃၁။) (အံ၊မြန်၊၂။၄၂၁။)

ရဟန္တာတို့၏ တရား ၁၀ ပါး ၁။ အသေကွဖြစ်သော သမ္မာဒိဋ္ဌိ၊ ၂။ အသေကွဖြစ်သော သမ္မာသင်္ကပ္ပ၊ ၃။ အသေကွဖြစ်သော သမ္မာဝါစာ၊ ၄။ အသေကွဖြစ်သော သမ္မာကမ္မန္တ၊ ၅။ အသေကွဖြစ်သော သမ္မာအာဇီဝ၊ ၆။ အသေကွဖြစ်သော သမ္မာဝါယာမ၊ ၇။ အသေကွဖြစ်သော သမ္မာသတိ၊ ၈။ အသေကွဖြစ်သော သမ္မာသမာဓိ၊ ၉။ အသေကွဖြစ်သော သမ္မာဉာဏ (အရဟတ္တဖိုလ်ကြဉ်ကျန်သော လောကီပညာ)၊ ၁၀။ အသေကွဖြစ်သော သမ္မာဝိမုတ္တိ (အရဟတ္တဖိုလ်ဝိမုတ္တိ)။ (ဒီ၊၃။၂၆၀။) (ပဋိသံ၊၁။၁၁၉။) (ဒီ၊မြန်၊၃။၂၈၃။)

ရဟန္တာတို့၏ ရယ်ရွှင်စိတ် ၅ ပါး ၁။ ကိရိယာ သောမနဿသဟဂုတ် ၅ ခု။ (အဘိ၊၁။၁။၃၃၄။)

ရဟန္တာ၌ ရှိသော မှီရာတရား ၄ ပါး ၁။ ဉာဏ်ဖြင့် ဆင်ခြင်သိမြင်၍ မှီဝဲသုံးစွဲသင့်သော ပစ္စည်းလေးပါးကို မှီဝဲသုံးစွဲခြင်း၊ ၂။ ဉာဏ်ဖြင့် ဆင်ခြင် သိမြင်၍ ချုပ်တည်း သည်းခံသင့်သော အအေးအပူ စသည်ကို ချုပ်တည်း သည်းခံခြင်း၊ ၃။ ဉာဏ်ဖြင့် ဆင်ခြင်သိမြင်၍ ရှောင်ရှားသင့်သော ဆင်ကြမ်း၊ မြင်းကြမ်း ခွေးဆိုး စသည်ကို ရှောင်ရှားခြင်း၊ ၄။ ဉာဏ်ဖြင့် ဆင်ခြင်သိမြင်၍ ပယ်ထုတ်သင့်သော ကာမဝိတက် စသော အကုသိုလ်ကို ပယ်ထုတ်ခြင်း။ (ဝဇိ၇။၄၁၅။)

ရဟန္တာ၌ ရှိသော တရား ၆ ပါး ၁။ မျက်စိဖြင့် အဆင်းကို မြင်၍ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း လျစ်လျူရှုခြင်း၊ ၂။ နားဖြင့် အသံကို ကြား၍ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း လျစ်လျူရှုခြင်း၊ ၃။ နှာခေါင်းဖြင့် အနံ့ကို နမ်း၍ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း လျစ်လျူရှုခြင်း၊ ၄။ လျှာဖြင့်အရသာကို လျက်၍ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း လျစ်လျူရှုခြင်း၊

http://www.dhammadownload.com

၅။ ကိုယ်ဖြင့် အတွေ့အထိကို တွေထိ၍ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း လျစ်လျူရှုခြင်း၊ ၆။ စိတ်ဖြင့် သဘောတရားကို သိ၍ ဝမ်းလည်းမသာ ဝမ်းလည်းမနည်း လျစ်လျူရှုခြင်း။ (အံ၊၂။၂၄၇။) (အံ၊မြန်၊၂။၃၂၀။)

ရဟန္တာဌ် ရှိသော တရား ၆ ပါး (တစ်နည်း) ၁။ တန်ခိုးဖန်ဆင်းခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ နတ်နားနှင့် တူသော ဒိဗ္ဗသောတနှင့် ပြည့်စုံခြင်း၊ ၃။ သူတစ်ပါး၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ သိခြင်း၊ ၄။ ရှေ့ဌ် ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်ခြင်း၊ ၅။ နတ်မျက်စိနှင့် တူသော ဒိဗ္ဗစက္ခုနှင့် ပြည်စုံခြင်း၊ ၆။ အရဟတ္တဖိုလ်ပညာနှင့် ပြည့်စုံခြင်း (အာသဝက္ခယ ညာဏ်) ။ (အံ၊၂။၂၄၇။) (အံ၊မြန်၊၂။၃၂၀-၃၂၁-၃၂၂။)

ရဟန္တာဌ် ရှိသော တရား ၆ ပါး (တစ်နည်း) ၁။ သဒ္ဓါနှေ့ ပြည့်စုံခြင်း၊ ၂။ ဝီရိယနှေ့ ပြည့်စုံခြင်း၊ ၃။ သတိနှေ့ ပြည့်စုံခြင်း၊ ၄။ သမာဓိနှေ့ ပြည့်စုံခြင်း၊ ၅။ ပညာနှေ့ ပြည့်စုံခြင်း၊ ၆။ အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၄၉။) (အံ၊မြန်၊၂။၃၂၂။)

ရဟန္တာဌ် ရှိသော တရား ၆ ပါး (တစ်နည်း) ၁။ သဒ္ဓါဗိုလ်နှင့် ပြည့်စုံခြင်း၊ ၂။ ဝီရိယဗိုလ်နှင့် ပြည့်စုံခြင်း၊ ၃။ သတိဗိုလ်နှင့် ပြည့်စုံခြင်း၊ ၄။ သမာဓိဗိုလ်နှင့် ပြည့်စုံခြင်း၊ ၅။ ပညာဗိုလ်နှင့် ပြည့်စုံခြင်း။ ၆။ အရဟတ္တဖိုလ်ပညာနှင့် ပြည့်စုံခြင်း၊ ။ (အံ၊၂။၂၄၉။) (အံ၊မြန်၊၂။၃၂၃။)

ရဟန္တာဌ် ရှိသော တရား ၆ ပါး (တစ်နည်း) ၁။ ရူပါရုံကို သည်းခံနိုင်ခြင်း၊ ၂။ သဒ္ဒါရုံကို သည်းခံနိုင်ခြင်း၊ ၃။ ဂန္ဓာရုံကို သည်းခံနိုင်ခြင်း၊ ၄။ ရသာရုံကို သည်းခံနိုင်ခြင်း၊ ၅။ ဖောဋ္ဌဗ္ဗာရုံကို သည်းခံနိုင်ခြင်း၊ ၆။ ဓမ္မာရုံကို သည်းခံနိုင်ခြင်း။ (အံ၊၂။၂၅၀။မြန်၊၃၂၄။)

ရဟန္တာ လွန်ကျူး၍ မကျင့်သော အကြောင်းအရာ ၅ မျိုး ၁။ စေ့ဆော်၍ သတ္တဝါကို မသတ်၊ ၂။ အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူမှု မပြု၊ ၃။ မေထုန် မှီဝဲမှုကို မပြု၊ ၄။ သိလျက် မဟုတ်မမှန် စကားကို မပြော၊ ၅။ ရှေးဌ် လူဝတ်ကြောင်ဖြစ်စဉ်ကဲ့သို့ သိမ်းဆည်း စုဆောင်း၍ ဝတ္ထုကာမတို့ကို မသုံးဆောင်။ (မ၊၂။၁၉၂။) (မ၊မြန်၊၂။၂၀၄။)

ရဟန္တာ ဝိပဿနာ ပွားရာဌ် ကျွမ်းကျင်ခြင်း ၁၂ ပါး ၁။ မမြဲသောအားဖြင့် ထင်ခြင်းဌ် ကျွမ်းကျင်ခြင်း၊ မြဲသောအားဖြင့် မထင်ခြင်းဌ် ကျွမ်းကျင်ခြင်း၊ ၂။ ဆင်းရဲသောအားဖြင့် ထင်ခြင်းဌ် လိမ်မာခြင်း၊ ချမ်းသာသောအားဖြင့် မထင်ခြင်းဌ် ကျွမ်းကျင်ခြင်း၊ ၃။ အနှစ်မရှိ အလိုသို့ မလိုက်သောအားဖြင့် ထင်ခြင်းဌ် ကျွမ်းကျင်ခြင်း၊ အနှစ်ရှိ အလိုသို့ လိုက်သော အားဖြင့် မထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊ ၄။ ကုန်ဆုံးတတ်သောအားဖြင့် ထင်ခြင်းဌ် ကျွမ်းကျင်ခြင်း၊ အစိုင်အခဲအားဖြင့် မထင်ခြင်းဌ် ကျွမ်းကျင်ခြင်း၊ ၅။ ပျက်ပြုန်းသောအားဖြင့် ထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊ အားထုတ်ခြင်းဌ် မထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊ ၆။ ဖောက်ပြန်ခြင်း၏ ထင်ခြင်းဌ် လိမ်မာခြင်း၊ တည်မြဲသောအားဖြင့် မထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊ ၇။ အနိမိတ္တ၏ ထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊ နိမိတ္တ၏ မထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊ ၈။ အပွဏိဟိတ၏ ထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊ တောင့်တခြင်း၏ မထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊ ၉။ ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊ မှားသော နှလုံးသွင်းခြင်းအားဖြင့် မထင်ခြင်းဌ် လိမ်မာကျွမ်းကျင်ခြင်း၊

http://www.dhammadownload.com

၁၀။ ဉာဏ်၏ ထင်ခြင်း၌ ကျွမ်းကျင်ခြင်း၊ အဉာဏ်၏ မထင်ခြင်း၌ လိမ်မာကျွမ်းကျင်ခြင်း၊ ၁၁။ မယုဉ်ခြင်း ဝိသံယောဂ၏ ထင်ခြင်း၌ လိမ်မာကျွမ်းကျင်ခြင်း၊ ယုဉ်ခြင်း သံယောဂ၏ မထင်ခြင်း၌ လိမ်မာကျွမ်းကျင်ခြင်း၊ ၁၂။ နိရောဓဟူသော နိဗ္ဗာန်၏ ထင်ခြင်း၌ လိမ်မာခြင်း သခ်ါရတို့၏ မထင်ခြင်း၌ ကျွမ်းကျင်ခြင်း။ (ပဋိသံ။၂၂၅။) (ပဋိသံ၊မြန်။၂၇၈။)

ရဟန္တာ သမာဓိပွားများရာ ထင်ခြင်း၌ လိမ်မာကြောင်း အခြင်းအရာ ၁၀ ပါး ၁။ အာရုံနိမိတ်ကို ဆင်ခြင်ခြင်းကြောင့် နိမိတ်အာရုံ ထင်ခြင်း၊ ၂။ သမထနိမိတ်၌ ထင်ခြင်း၊ ၃။ စိတ်ကို ချီးမြှောက်သော နိမိတ်၌ ထင်ခြင်း၊ ၄။ မပျံ့လွင့်မှု၌ ထင်ခြင်း၊ ၅။ ဉာဏ်အလင်းရောင်၌ ထင်ခြင်း၊ ၆။ ရွှင်လန်းမှု၌ ထင်ခြင်း၊ ၇။ လျစ်လျူရှုမှု၌ ထင်ခြင်း၊ ၈။ တစ်ခုတည်းအဖြစ်၌ ထင်ခြင်း၊ ၉။ အသမ္မောဟဉာဏ် ထင်ခြင်း၊ ၁၀။ ဝိမုတ္တိ(အရဟတ္တဖိုလ်) ထင်ခြင်း ထည့်လျှင် (၁၀) ပါး ရ၏။ (ပဋိသံ။၂၂၃။) (ပဋိသံ၊မြန်။၂၇၇။)

ရဟန္တာ၏ ဉာဏ်အား ၈ မျိုး ၁။ အလုံးစုံသော တေဘူမက သခ်ါရတရားတို့ကို အနိစ္စအားဖြင့် ဟုတ်တိုင်းမှန်စွာ ဝိပဿနာ မဂ်ပညာဖြင့် သိမြင်ခြင်း၊ ၂။ ကာမဂုဏ်တရားတို့ကို မီးကျီးစုနှင့် တူ၏ ဟူ၍ ဟုတ်တိုင်းမှန်စွာ ဝိပဿနာ မဂ်ဉာဏ်ပညာဖြင့် သိမြင်ခြင်း၊ ၃။ သခ်ါရတရားတို့၏ ကင်းဆိတ်ရာ နိဗ္ဗာန်သို့ စိတ်ညွတ် ကိုင်းရှိုင်းလျက် တည်ခြင်း၊ ၄။ သတိပဋ္ဌာန်လေးပါး တရားတို့ကို ကောင်းစွာ ပွားများအပ်ခြင်း၊ ၅။ ဣဒ္ဓိပါဒ်လေးပါး တရားတို့ကို ကောင်းစွာ ပွားများအပ်ခြင်း၊ ၆။ ဣန္ဒြေငါးပါး တရားတို့ကို ကောင်းစွာ ပွားများအပ်ခြင်း၊ ၇။ ဗောဇ္ဈင် ခုနစ်ပါး တရားတို့ကို ကောင်းစွာ ပွားများအပ်ခြင်း၊ ၈။ မဂ္ဂင်ရှစ်ပါး တရားတို့ကို ကောင်းစွာ ပွားများအပ်ခြင်း။ (အံ၊၃။၅၈။) (အံ၊မြန်၊၃။၅၉။)

ရဟန္တာ၏ တရား ၆ မျိုး ၁။ စောင့်စည်းမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို စောင့်စည်းမှုဖြင့် ပယ်ခြင်း၊ ၂။ မှီဝဲမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို မှီဝဲမှုဖြင့် ပယ်ခြင်း၊ ၃။ သည်းခံခြင်းဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို သည်းခံမှုဖြင့် ပယ်ခြင်း၊ ၄။ ရှောင်ကြဉ်မှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို ရှောင်ကြဉ်မှုဖြင့် ပယ်ခြင်း၊ ၅။ ပယ်ဖျောက်မှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို ပယ်ဖျောက်မှုဖြင့် ပယ်ခြင်း၊ ၆။ ပွားများမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို ပွားများမှုဖြင့် ပယ်ခြင်း။ (အံ၊၂။၃၄၀။) (အံ၊မြန်၊၂။၄၃၁-၄၃၂။)

ရဟန္တာ၏ မြဲသော နေခြင်း ၆ ပါး ၁။ မျက်စိဖြင့် ရူပါရုံကို မြင်သော် ဝမ်းသာခြင်း ဝမ်းနည်းခြင်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၂။ နားဖြင့် သဒ္ဒါရုံကို ကြားသော် ဝမ်းသာခြင်း ဝမ်းနည်းခြင်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၃။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော် ဝမ်းသာခြင်း ဝမ်းနည်းခြင်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၄။ လျှာဖြင့် ရသာရုံကို လျက်သော် ဝမ်းသာခြင်း ဝမ်းနည်းခြင်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၅။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိသော် ဝမ်းသာခြင်း ဝမ်းနည်းခြင်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း။ (ဒီ၊၃။၂၀၇။) (ဒီ၊၃။၂၃၉။) (ဒီ၊မြန်၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၆၂။)

ရဟန္တာ၏ အား ၇ ပါး မျက်မှောက်ပြုအပ်သော တရား ၇ ပါး၊ သစ္စိကာတဗ္ဗတရား ၇ ပါး တို့နှင့် တူသည်။

http://www.dhammadownload.com

ရဟန္တာ အကဲ့ရဲ့ခံရကြောင်း ၅ ပါး ၁။ ပြည့်တန်ဆာမ အိမ်လျှင် ကျက်စားရာရှိခြင်း၊ ၂။ မုဆိုးမ အိမ်လျှင် ကျက်စားရာရှိခြင်း၊ ၃။ အပျိုကြီးအိမ်လျှင် ကျက်စားရာရှိခြင်း၊ ၄။ ပဏ္ဍုကအိမ်လျှင် ကျက်စားရာရှိခြင်း၊ ၅။ ရဟန်းမိန်းမကျောင်းလျှင် ကျက်စားရာရှိခြင်း။ (အံ၊၂။၁၁၂။) (အံ၊မြန်၊ ၂။၁၃၈။)

ရဟန္တာ ပယ်အပ်ပြီးတရား ၅ ပါး ၁။ ကာမစ္ဆန္ဒ– ကာမဂုဏ်၌ တပ်မက်ခြင်း၊ ၂။ ဗျာပါဒ– အမျက်ဒေါသ၊ ၃။ ထိနမိဒ္ဓ– စိတ်စေတသိက်၏ တွန့်တိုဆုတ်နစ်ခြင်း၊ ၄။ ဥဒ္ဓစ္စကုက္ကုစ္စ– စိတ်ပျံ့လွင့်ခြင်းသဘော, နောင်တတဖန် ပူပန်ခြင်းသဘော၊ ၅။ ဝိစိကိစ္ဆာ– ယုံမှား တွေးတောခြင်း။ (ဝဇိရ။၄၁၅။)

ရဟန္တာ ဖြစ်ကြောင်း တရား ၃ ပါး ၁။ သာသနာတော်၌ ရဟန်းသည် ဣန္ဒြေတို့၌ ပိတ်ထား အပ်သော တံခါးရှိခြင်း၊ ၂။ အစားအစာတို့၌ အတိုင်းအရှည်ကို သိခြင်း၊ ၃။ နိုးကြားမှု၌ အမြဲယှဉ်ခြင်း။ (အံ၊၁။၁၁၁။) (အံ၊မြန်၊၁။၁၃၀။)

ရဟန္တာ ဖြစ်ကြောင်း တရား ၆ ပါး ၁။ ယုံကြည်မှု သဒ္ဓါ ရှိခြင်း၊ ၂။ ရှက်မှု ဟိရီ ရှိခြင်း၊ ၃။ ကြောက်လန့်မှု ဩတ္တပ္ပ ရှိခြင်း၊ ၄။ ထက်သန်သော လုံ့လ ရှိခြင်း၊ ၅။ ပညာ ရှိခြင်း၊ ၆။ ကိုယ်နှင့် အသက်တို့၌ ငဲ့ကွက်မှု မရှိခြင်း။ (အံ၊၂။၃၇၈။) (အံ၊မြန်၊၂။၄၇၇။)

ရဟန္တာ ဖြစ်ကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ မာန်မူခြင်းကို ပယ်ခြင်း၊ ၂။ ယုတ်သော မာန်မူခြင်းကို ပယ်ခြင်း၊ ၃။ အလွန် မာန်မူခြင်းကို ပယ်ခြင်း၊ ၄။ အထင်ကြီးမှုကို ပယ်ခြင်း၊ ၅။ ခက်ထန်ခြင်းကို ပယ်ခြင်း၊ ၆။ အလွန် နိမ့်ကျခြင်းကို ပယ်ခြင်း။ (အံ၊၂။၃၇၅။) (အံ၊မြန်၊၂။၄၇၃။)

ရဟန္တာ ဖြစ်ကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ တရား၌ မွေ့လျော်၍ နေခြင်း၊ ၂။ ဘာဝနာ၌ မွေ့လျော်၍ နေခြင်း၊ ၃။ အကုသိုလ်တရားကို ပယ်စွန့်မှု၌ မွေ့လျော်ခြင်း၊ ၄။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း၊ ၅။ ဆင်းရဲမရှိရာ နိဗ္ဗာန်၌ မွေ့လျော်ခြင်း၊ ၆။ သံသရာ ချဲ့ထွင်တတ်သော ပပဉ္စ တရားမရှိရာ နိဗ္ဗာန်၌ မွေ့လျော်ခြင်း။ (အံ၊၂။၃၇၅။) (အံ၊မြန်၊၂။၄၇၄။)

ရဟန္တာ ဖြစ်ကြောင်း တရား ၇ ပါး ၁။ သဒ္ဓါတရားရှိခြင်း၊ ၂။ သီလရှိခြင်း၊ ၃။ အကြားအမြင် များခြင်း၊ ၄။ တစ်ယောက်တည်း ကိန်းအောင်းခြင်း၊ ၅။ ထက်သန်သော လုံ့လ ရှိခြင်း၊ ၆။ သတိနှင့် ပြည့်စုံခြင်း၊ ၇။ ပညာရှိခြင်း။ (အံ၊၂။၄၆၁။) (အံ၊မြန်၊၂။၅၅၂။)

ရဟန္တာဖြစ်ကြောင်း ၇ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၇ ပါး၊ အဘိညေယျတရား ၇ ပါးတို့နှင့် တူသည်။

ရဟန္တာဖြစ်ရန် ပွားများသင့်သော တရား ၇ ပါး ၁။ သတိပဋ္ဌာန် ၄ ပါး၊ ၂။ သမ္မပ္ပဓာန် ၄ ပါး၊ ၃။ ဣဒ္ဓိပါဒ် ၄ ပါး၊ ၄။ ဇိုလ် ၅ ပါး၊ ၅။ ဗောဇ္ဈင် ၇ ပါး၊ ၆။ မဂ္ဂင် ၈ ပါး။ (အံ၊၂။၄၉၃။) (အံ၊မြန်၊ ၂။၅၁၄။)

ရဟန္တာ မပြုထိုက်သော အရာ ၅ ပါး ၁။ ရဟန္တာသည် သတ်လိုသော စေတနာဖြင့် သူတစ်ပါး အသက် သတ်ခြင်း၊ ၂။ ရဟန္တာသည် ခိုးယူသော စိတ်ဖြင့် သူ့ဥစ္စာ ယူခြင်း၊ ၃။ ရဟန္တာသည်

http://www.dhammadownload.com

မေထုန်မှီဝဲခြင်း၊ ၄။ ရဟန္တာသည် သိလျက် မဟုတ်မမှန်သော စကားပြောခြင်း၊ ၅။ ရဟန္တာသည် ကာမဂုဏ်တို့ကို သိမှီး၍ ခံစားခြင်း။ (ဒီ၊၃။၁၉၆။) (ဒီ၊မြန်၊၃။၂၁၈။)

ရဟန္တာ မပြုထိုက်သော အရာ ၉ ပါး ၁။ အာသဝေါကင်းပြီးသော ရဟန္တာရဟန်းသည် သေစေလိုသော သတ္တဝါကို ဇီဝိတိန္ဒြေမှ ချခြင်း၊ ၂။ အာသဝေါကင်းပြီးသော ရဟန္တာရဟန်းသည် မပေးသည်ကို ခိုးလိုသော စိတ်ဖြင့် ခိုးယူခြင်း၊ ၃။ အာသဝေါကင်းပြီးသော ရဟန္တာရဟန်းသည် မေထုန်အကျင့်ကို မှီဝဲခြင်း၊ ၄။ အာသဝေါကင်းပြီးသော ရဟန္တာရဟန်းသည် သိလျက် မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊ ၅။ အာသဝေါကင်းပြီးသော ရဟန္တာရဟန်းသည် ရွေးလူဖြစ်စဉ်အခါက ပြုလုပ်သကဲ့သို့ ဝတ္ထုကာမ ကိလေသာကာမတို့ကို စုဆောင်းသိမှီး၍ သုံးဆောင်ခြင်း၊ ၆။ အာသဝေါကင်းပြီးသော ရဟန္တာရဟန်းသည် ချစ်သဖြင့် မလားအပ်သည့် အရာသို့ လားခြင်း၊ ၇။ အာသဝေါကင်းပြီးသော ရဟန္တာရဟန်းသည် မုန်းသဖြင့် မလားအပ်သည့် အရာသို့ လားခြင်း၊ ၈။ အာသဝေါကင်းပြီးသော ရဟန္တာ ရဟန်းသည် မသိသဖြင့် မလားအပ်သည့် အရာသို့ လားခြင်း၊ ၉။ အာသဝေါကင်းပြီးသော ရဟန္တာရဟန်းသည် ကြောက်သဖြင့် မလားအပ်သည့်အရာသို့ လားခြင်း။ (ဒီ၊၃။၁၁၀။) (ဒီ၊မြန်၊၃။၁၂၄–၁၂၅။)

ရဟန္တာ မဖြစ်ကြောင်း တရား ၆ ပါး ၁။ ယုံကြည်မှု သဒ္ဓါ မရှိခြင်း၊ ၂။ ရှက်မှု ဟိရိ မရှိခြင်း၊ ၃။ ကြောက်လန့်မှု ဩတ္တပ္ပ မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ ပညာမဲ့ခြင်း၊ ၆။ ကိုယ်နှင့် အသက်တို့၌ ငဲ့ကွက်မှု ရှိခြင်း။ (အံ၊၂။၃၇၇။) (အံ၊မြန်၊၂။၄၇၇။)

ရဟန္တာ မဖြစ်ကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ မာန်မူခြင်း၊ ၂။ ယုတ်သော မာန်မူခြင်း၊ ၃။ အလွန် မာန်မူခြင်း၊ ၄။ အထင်ကြီးခြင်း၊ ၅။ ခက်ထန်ခြင်း၊ ၆။ အလွန်နိမ့်ကျခြင်း။ (အံ၊၂။ ၃၇၅။) (အံ၊မြန်၊၂။၄၇၃။)

ရဟန္တာ လျင်မြန်စွာ ဖြစ်ကြောင်း တရား ၅ ပါး ၁။ အတ္ထပဋိသမ္ဘိဒါဉာဏ်သို့ ရောက်၍ နေခြင်း၊ ၂။ ဓမ္မပဋိသမ္ဘိဒါဉာဏ်သို့ ရောက်၍ နေခြင်း၊ ၃။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သို့ ရောက်၍ နေခြင်း၊ ၄။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သို့ ရောက်၍ နေခြင်း၊ ၅။ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်ကို ဆင်ခြင်ခြင်း။ (အံ၊၂။၁၀၅။) (အံ၊မြန်၊၂။၁၂၈–၁၂၉။)

ရဟန္တာ သို့မဟုတ် အနာဂါမ် ဖြစ်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မိမိ သန္တာန်၌သာလျှင် အောက်မေ့ခြင်း သတိသည် ကောင်းစွာ တည်၏၊ ၂။ တရားတို့၏ ဖြစ်မှု ပျက်မှုကို သိသော ပညာဖြင့် ခန္ဓာကိုယ်၌ မတင့်တယ်ဟု ရှုလေ့ရှိသည်ဖြစ်၍ နေခြင်း၊ ၃။ (သုံးဆောင်အပ်သော) အာဟာရ၌ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေခြင်း၊ ၄။ အလုံးစုံသော လောက၌ မမွေ့လျော်ဖွယ်ဟု အမှတ်ရှိသည်ဖြစ်၍ နေခြင်း၊ ၅။ အလုံးစုံသော သင်္ခါရ တရားတို့၌ အမြဲမရှိဟု ရှုလေ့ရှိသည်ဖြစ်၍ နေခြင်း။ (အံ၊၂။၁၅၆။) (အံ၊မြန်၊၂။၁၅၅–၁၅၆။)

ရဟန္တာနှင့် အနာဂါမ် ဖြစ်ကြောင်း တရား ၅ ပါး ၁။ အလိုဆန္ဒလျှင် အကြီးအမှူးရှိသော ဣဒ္ဓိပါဒ်ကို ပွားများခြင်း၊ ၂။ စိတ်လျှင် အကြီးအမှူးရှိသော ဣဒ္ဓိပါဒ်ကို ပွားများခြင်း၊ ၃။ အားထုတ်မှု ဝီရိယလျှင် အကြီးအမှူးရှိသော ဣဒ္ဓိပါဒ်ကို ပွားများခြင်း၊ ၄။ ဝိမံသလျှင်

http://www.dhammadownload.com

အကြီးအမှူးရှိသော ဣဒ္ဓိပါဒ်ကို ပွားများခြင်း၊ ၅။ လွန်ကဲသော လုံ့လကိုသာလျှင် ပွားများခြင်း။ (အံ၊၂။၇၂။) (အံ၊မြန်၊၂။၈၈။)

ရဟန္တာ၏ တာဒိဂုဏ် ၅ ပါး ၁။ ဣဋ္ဌာရုံ အနိဋ္ဌာရုံ နှစ်ပါးဌ် သည်းခံခြင်း၊ ၂။ ကိလေသာကို စွန့်ခြင်းကြောင့် သည်းခံခြင်း၊ ၃။ ရာဂ စသည်မှ လွတ်ခြင်းကြောင့် သည်းခံခြင်း၊ ၄။ သီလ စသည်တို့ဖြင့် ညွှန်းဆိုအပ်သောကြောင့် သည်းခံခြင်း။ (မဟာနိ။၈၈။)

ရဟန္တာ၏ အား ၇ မျိုး ၁။ အနိစ္စအားဖြင့် သင်္ခါရတရား အားလုံးတို့ကို ဟုတ်တိုင်းမှန်စွာ ပညာဖြင့် ကောင်းစွာ သိမြင်ခြင်း၊ ၂။ လောကီအာရုံ ကာမဂုဏ်တရားတို့သည် မီးကျီးတွင်းနှင့် တူကုန်၏ဟု ဟုတ်မှန်သော ပညာဖြင့် ကောင်းစွာ သိမြင်ခြင်း၊ ၃။ အလုံးစုံသော အာသဝေါ တရားတို့မှ ကင်းသည်ဖြစ်၍ နိဗ္ဗာန်ဌ ကိုင်းညွတ်သော စိတ်, နေကွမ္မဌ် မွေ့လျော်သော စိတ်ရှိခြင်း၊ ၄။ သတိပဋ္ဌာန်တရား လေးပါးတို့ကို ကောင်းစွာ ပွားများပြီး ဖြစ်ခြင်း၊ ၅။ သဒ္ဓိန္ဒြေ စသော ဣန္ဒြေငါးပါးတို့ကို ကောင်းစွာ ပွားများပြီးဖြစ်ခြင်း၊ ၆။ ဗောဇ္ဈင်တရား ခုနစ်ပါးကို ကောင်းစွာ ပွားများပြီးဖြစ်ခြင်း၊ ၇။ မဂ္ဂင်ရှစ်ပါးကို ကောင်းစွာ ပွားများပြီး ဖြစ်ခြင်း။ (ပဋိသံ၊၌၊၁။၁၂၇။)

ရဟန္တာ၏ အင်္ဂါ ၅ ပါး ၁။ ကျင့်ပြီး ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလနှင့် ပြည့်စုံခြင်း၊ ၂။ ကျင့်ပြီး ရဟန္တာတို့၏ ဥစ္စာဖြစ်သော သမာဓိနှင့် ပြည့်စုံခြင်း၊ ၃။ ကျင့်ပြီး ရဟန္တာတို့၏ ဥစ္စာဖြစ်သော ပညာနှင့် ပြည့်စုံခြင်း၊ ၄။ ကျင့်ပြီး ရဟန္တာတို့၏ ဥစ္စာဖြစ်သော (ကိလေသာမှ) လွတ်မြောက်မှု (အရဟတ္တဖိုလ်) နှင့် ပြည့်စုံခြင်း၊ ၅။ ကျင့်ပြီး ရဟန္တာတို့၏ ဥစ္စာဖြစ်သော (ကိလေသာမှ) လွတ်မြောက်မှု (အရဟတ္တဖိုလ်) ကို သိသော ဉာဏ်အမြင် "ပစ္စဝေက္ခဏာဉာဏ်"နှင့် ပြည့်စုံခြင်း။ (အံ၊၂။၁၁၈။) (အံ၊မြန်၊၂။၁၄၅–၁၄၆။)

ရဟန္တာ၏ အင်္ဂါ ၆ မျိုး ၁။ မျက်စိဖြင့် ရူပါရုံ–အဆင်းကို မြင်၍ နှစ်သက်ခြင်း စိတ်ဆိုးခြင်း မဖြစ်ဘဲ သတိပညာထား၍ လျစ်လျူရှုလျက် နေခြင်း၊ ၂။ နားဖြင့် သဒ္ဒါရုံ–အသံကို ကြား၍ နှစ်သက်ခြင်း စိတ်ဆိုးခြင်း မဖြစ်ဘဲ သတိပညာထား၍ လျစ်လျူရှုလျက် နေခြင်း၊ ၃။ နှာခေါင်းဖြင့် အနံ့ကို နမ်းရှု၍ နှစ်သက်ခြင်း စိတ်ဆိုးခြင်း မဖြစ်ဘဲ သတိပညာထား၍ လျစ်လျူရှုလျက် နေခြင်း၊ ၄။ လျှာဖြင့် အရသာကို လျက်၍ နှစ်သက်ခြင်း စိတ်ဆိုးခြင်း မဖြစ်ဘဲ သတိပညာထား၍ လျစ်လျူရှုလျက် နေခြင်း၊ ၅။ ကိုယ်ဖြင့် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ နှစ်သက်ခြင်း၊ စိတ်ဆိုးခြင်း မဖြစ်ဘဲ သတိပညာထား၍ လျစ်လျူရှုလျက် နေခြင်း၊ ၆။ မနော စိတ်ဖြင့် သဘောတရားကို သိ၍ နှစ်သက်ခြင်း စိတ်ဆိုးခြင်း မဖြစ်ဘဲ သတိပညာထား၍ လျစ်လျူရှုလျက် နေခြင်း။ (ဝဇိရ။၄၁၅။)

ရဟန္တာ၏ အင်္ဂါ ၁၀ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်ဖြစ်သော မှန်ကန်သော ဉာဏ်အမြင်၊ ၂။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်ဖြစ်သော မှန်ကန်သော အကြံအစည်၊ ၃။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်ဖြစ်သော မှန်ကန်စွာ ပြောဆိုကြောင်း တရားသဘော၊ ၄။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်ဖြစ်သော မှန်ကန်စွာ ပြုလုပ်ကြောင်း တရားသဘော၊ ၅။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တ

http://www.dhammadownload.com

ဖိုလ်ဖြစ်သော မှန်ကန်စွာ အသက်မွေးကြောင်း တရားသဘော၊ ၆။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်ဖြစ်သော မှန်ကန်သော ဝိရိယ၊ ၇။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်ဖြစ်သော မှန်ကန်သော သတိတရား၊ ၈။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်ဖြစ်သော မှန်ကန်သော တည်ကြည်သော တရား၊ ၉။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော မှန်ကန်သော အရဟတ္တဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်၊ ၁၀။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော မှန်ကန်သော အရဟတ္တဖိုလ် ဝိမုတ္တိ။ (ဝဇိရ။၄၁၅။)

ရဟန်း ၄ မျိုး ၁။ စွဲလမ်းတတ်သော ဒါယကာကို စွဲလမ်းတတ်သော ရဟန်း၊ ၂။ စွဲလမ်းတတ်သော ဒါယကာကို မစွဲလမ်းတတ်သော ရဟန်း၊ ၃။ မစွဲလမ်းတတ်သော ဒါယကာကို စွဲလမ်းတတ်သော ရဟန်း၊ ၄။ မစွဲလမ်းတတ်သော ဒါယကာကို မစွဲလမ်းတတ်သော ရဟန်း။ (မ၊၆၊၂။၅၂။)

ရဟန်း ၄ မျိုး ၁။ မတုန်လှုပ်သော ရဟန်း၊ ၂။ ပုဏ္ဏာရိုက်ကြောနှင့် တူသော ရဟန်း၊ ၃။ ပဒုမာကြာနှင့် တူသော ရဟန်း၊ ၄။ ရဟန်းတို့တွင် သိမ်မွေ့နူးညံ့သော ရဟန်း။ (အံ၊၁။၃၉၉။) (အံ၊မြန်၊၁။၄၁၃။) (အံ၊၁။၄၀၁–၄၀၂။) (အံ၊မြန်၊၁။၄၁၃။)

ရဟန်း ၄ မျိုး (မတုန်မလှုပ်တတ်သော ရဟန်း–စသော ရဟန်း ၄ မျိုး) ၁။ အထက်မဂ်ဉာဏ် သုံးပါးလျှင် လဲလျောင်းရာရှိသောကြောင့် မတုန်မလှုပ်တတ်သော သောတာပန်ပုဂ္ဂိုလ်ဟု ဆိုအပ်သော သမဏမစလရဟန်း၊ ၂။ ပဒုမ္မာကြာပန်းနှင့် တူသော သကဒါဂါမ်ပုဂ္ဂိုလ်ဟု ဆိုအပ်သော သမဏပဒုမရဟန်း၊ ၃။ ပုဏ္ဏာရိုက်ကြာပန်းနှင့် တူသော အနာဂါမ်ပုဂ္ဂိုလ်ဟု ဆိုအပ်သော သမဏပုဏ္ဏာရိုကရဟန်း၊ ၄။ ရဟန်းတို့တွင် အလွန်သိမ်မွေ့သော ရဟန္တာ ပုဂ္ဂိုလ်ဟု ဆိုအပ်သော သမဏသုခုမာလရဟန်း။ (အဘိ၊ပု။၁၁၀။) (အဘိ၊ပု၊မြန်။၉။၇၇။)

ရဟန်း ၅ မျိုး ၁။ အာပတ်ကိုလည်း လွန်ကျူးသိသဖြင့် နှလုံးမသာခြင်းလည်း ဖြစ်၍ လွတ်မြောက်ကြောင်း ပညာကို မသိသော ရဟန်း၊ ၂။ အာပတ်ကို လွန်ကျူးမိသော်လည်း နှလုံးမသာယာခြင်းကား မဖြစ်ဘဲ လွတ်မြောက်ကြောင်း ပညာကို မသိသော ရဟန်း၊ ၃။ အာပတ်ကို မလွန်ကျူးသော်လည်း နှလုံးမသာယာခြင်းဖြစ်၍ လွတ်မြောက်ကြောင်း ပညာကို မသိသော ရဟန်း၊ ၄။ အာပတ်ကို မလွန်ကျူးသဖြင့် နှလုံးမသာခြင်းလည်း မဖြစ်ဘဲ လွတ်မြောက်ကြောင်း ပညာကို မသိသော ရဟန်း၊ ၅။ အာပတ်ကို မလွန်ကျူးသဖြင့် နှလုံးမသာခြင်းလည်း မဖြစ်ဘဲ လွတ်မြောက်ကြောင်း ပညာကို သိ၏။ (အံ၊၂။၁၄၆။) (အံ၊မြန်၊၂။၁၈၄–၁၈၆။)

ရဟန်း ၈ မျိုး ရဟန်းဖြစ်ခြင်း ၈ မျိုးနှင့် တူသည်။

ရဟန်းက ရှိမခိုးထိုက်သော ပုဂ္ဂိုလ် ၁၀ ဦး ၁။ ရဟန်းငယ်၊ ၂။ လူ, သာမဏေ၊ ၃။ မတူ ကွဲပြားသော သံဝါသရှိသော ပုဂ္ဂိုလ်၊ ၄။ မိန်းမ၊ ၅။ ပဏ္ဍာက်(နပုံး)၊ ၆။ ပရိဝါသ် ဆောက်တည်သော ရဟန်း၊ ၇။ (ပရိဝါသ်အစ) အရင်းသို့ ငင်ခြင်းငှာထိုက်သော ရဟန်း၊ ၈။ မာနတ်ကို ထိုက်ကုန်သော ရဟန်း၊ ၉။ မာနတ်ကျင့်သော ရဟန်း။ ၁၀။ အဇ္ဈာန်သွင်းခြင်းငှာ ထိုက်သော ရဟန်း။ (ဝိမတိ၊၂။၃၁၁။)

http://www.dhammadownload.com

ရဟန်းကို ဆိတ်ဖိုအဖြစ် တင်စား၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်းကြောင့် ရောက်သော အာပတ် ၃ ပါး ၁။ ဒုက္ကဋ်အာပတ်၊ ၂။ ပါစိတ်အာပတ်၊ ၃။ သံဃာဒိသိသ်အာပတ်။ (ဝိ၅။၉၁။) (ဝိ၊မြန်၊၅။၁၃၁။)

ရဟန်းကောင်းဖြစ်ကြောင်း တရား ၅ ပါး ၁။ "သုံးဆောင်တော်မူပါ"ဟု တောင်းပန်၍ သုံးဆောင်ရသော ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း ၄ ပါးက များခြင်း၊ ၂။ သီတင်းသုံးဖော်တို့က နှစ်မြို့ဖွယ် ကာယကံ ဝစီကံ မနောကံမှု ပြုကာ ပူဇော်မှုပြုသည်က များခြင်း၊ ၃။ ဝေဒနာတို့ များစွာ မဖြစ်ကုန်မူ၍ အနာကင်းသည်က များခြင်း၊ ၄။ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော စျာန် ၄ ပါးကို အလိုရှိတိုင်း ရခြင်း၊ ၅။ "အရဟတ္တဖိုလ်"ပညာကို ယခု ဘဝ၌ပင် ကိုယ်တိုင် မျက်မှောက်ပြု၍ နေရခြင်း။ (အံ၊၂။၁၁၅။) (အံ၊မြန်၊၂။၁၄၁–၁၄၃။)

ရဟန်းကိစ္စ ၃ ပါး ၁။ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းလျက် အာစာရဂေါစရသီလနှင့် ပြည့်စုံပြီးလျှင် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ အပြစ်ကင်း စင်ကြယ်သော အသက်မွေးမှု ရှိရခြင်း၊ ၂။ အကုသိုလ်တရားတို့ကို ပယ်ခြင်း, ကုသိုလ်တရားတို့ကို ပွားများခြင်း, မဂ်ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း အကျိုးငှါ ပြင်းပြင်းထန်ထန် ထက်ထက်သန်သန် အားထုတ်ရခြင်း၊ ၃။ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေတတ်သော အဖြစ်အပျက်ကို သိမြင်တတ်သော မြတ်သော ဝိပဿနာဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်ရခြင်း။ (နေတ္တိ၊၌။၁၆၀။)

ရဟန်းကျင့်ထိုက်သော တရား ၃ မျိုး ၁။ အဓိသီလသိက္ခာကို ဆောက်တည်ခြင်း၊ ၂။ အဓိစိတ္တသိက္ခာကို ဆောက်တည်ခြင်း၊ ၃။ အဓိပညာသိက္ခာကို ဆောက်တည်ခြင်း။ (မ၊၌၊၂။၂၁၃။) (အံ၊၁။၂၃၀။) (အံ၊မြန်၊၁။၂၄၇။)

ရဟန်းကျင့်ဝတ် ၆ ပါး ၁။ မကောင်းမှုမှ တားမြစ်ရခြင်း၊ ၂။ ကောင်းမှုၭ သက်ဝင်စေခြင်း၊ ၃။ ကောင်းသော စိတ်ဖြင့် စောင့်ရှောက်ခြင်း၊ ၄။မကြားဖူးသော တရားစကားကို ဟောကြားခြင်း၊ ၅။ ကြားနာဖူးသော တရားစကားကို ဖြူစင်စေခြင်း (ထပ်မံဟောကြားခြင်း)၊ ၆။ နတ်ပြည်ခရီးကို ပြောကြားခြင်း။ (ဒီ၊၃။၁၅၅–၁၅၆။) (ဒီ၊မြန်၊၃။၁၇၄–၁၇၅။)

ရဟန်းကြီးကို ရှိခိုးသော ရဟန်းငယ် ဖြစ်စေရမည့် တရား ၅ ပါး ၁။ လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်ခြင်း၊ ၂။ လက်အုပ်ချီခြင်း၊ ၃။ လက်ဝါးပြင် နှစ်ဖက်တို့ဖြင့် ခြေတို့ကို ဆုပ်နယ်ခြင်း၊ ၄။ ချစ်ခြင်းကို ဖြစ်စေခြင်း၊ ၅။ ရိုသေခြင်းကို ဖြစ်စေခြင်း။ (ဝိ၅။၃၅၈။) (ဝိ၊မြန်၊ ၅။၄၆၁။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံရခြင်း။ (ဝိ၃။၉၀။) (ဝိ၊မြန်၊၃။၉၂။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ မကျန်းမမာဖြစ်နေသော အနီးနေ တပည့် အတူနေတပည့်တို့ကို မိမိကိုယ်တိုင်သော် လည်းကောင်း, သူတစ်ပါးကိုသော်

http://www.dhammadownload.com

လည်းကောင်း ပြုစုလုပ်ကျွေးနိုင်, ပြုစုလုပ်ကျွေးစေနိုင်ခြင်း၊ ၂။ သာသနာတော်၌ မမွေ့လျော်သော အနီးနေတပည့် အတူနေတပည့်ကို မိမိကိုယ်တိုင် အရပ်တစ်ပါးသို့ ဆောင်သွားခြင်းငှာလည်းကောင်း, သူတစ်ပါးကို အရပ်တစ်ပါးသို့ ဆောင်သွားစေခြင်းငှာလည်းကောင်း စွမ်းနိုင်ခြင်း၊ ၃။ ဖြစ်ပေါ်လာသော ကုက္ကုစ္စကို တရားအားဖြင့် ကိုယ်တိုင်ပယ်ဖျောက်ခြင်းငှာလည်းကောင်း သူတစ်ပါးကို ပယ်ဖျောက်စေခြင်းငှာလည်းကောင်း စွမ်းနိုင်ခြင်း၊ ၄။ လွန်ကဲသော ဓမ္မဟူသော ရုပ်နာမ်တရား အပိုင်းအခြား၌ သွန်သင်ပြသ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၅။ ဝိနည်းပိဋကတ်၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။ (ဝိ၊၆၊၃။၂၆၆။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဖျားနာနေသော တပည့်တို့ကို လုပ်ကျွေးခြင်းငှာ လည်းကောင်း, လုပ်ကျွေးစေခြင်းငှာလည်း စွမ်းနိုင်ခြင်း၊ ၂။ မမွေ့လျော်သော တပည့်တို့ကို အရပ်တစ်ပါးသို့ ခေါ်ဆောင်ခြင်းငှာ လည်းကောင်း၊ ခေါ်ဆောင်စေခြင်းငှာ လည်းကောင်း စွမ်းနိုင်ခြင်း၊ ၃။ တပည့်တို့၌ ဖြစ်ပေါ်လာသော သံသယကုက္ကုစ္စကို တရားအားဖြင့် ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်ခြင်း၊ ၄။ အာပတ်ကို သိခြင်း၊ ၅။ အာပတ်မှ ထမြောက်မှုကို သိခြင်း။ (ဝိ၊၃။၉၂။) (ဝိ၊မြန်၊၃။၉၄။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အားလည်း ထိုသီလဂုဏ်၌ ဆောက်တည်စေတတ်ခြင်း၊ ၂။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အားလည်း ထိုသမာဓိဂုဏ်၌ ဆောက်တည်စေတတ်ခြင်း၊ ၃။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အားလည်း ထိုပညာဂုဏ်၌ ဆောက်တည်စေတတ်ခြင်း၊ ၄။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အား ထိုဝိမုတ္တိဂုဏ်၌ ဆောက်တည်စေတတ်ခြင်း၊ ၅။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အားလည်း ထိုဝိမုတ္တိဉာဏဒဿနဂုဏ်၌ ဆောက်တည်စေတတ်ခြင်း။ (ဝိ၊၃။၉၁။) (ဝိ၊မြန်၊၃။၉၂။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါတရားရှိခြင်း၊ ၂။ အကုသိုလ် ဒုစရိုက်တရားတို့၌ ရှက်ခြင်း၊ ၃။ အကုသိုလ် ဒုစရိုက်တရားတို့၌ ကြောက်လန့်ခြင်း၊ ၄။ လုံ့လဝီရိယရှိခြင်း၊ ၅။ သတိရှိခြင်း။ (ဝိ၊၃။၉၁။) (ဝိ၊မြန်၊၃။၉၃။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ပါရာဇိကအာပတ်, သံဃာဒိသိသ်အာပတ် ဟူသော လွန်ကဲသော သီလပျက်စီးမှု မရှိခြင်း၊ ၂။ အောက်အာပတ် ငါးပုံဟူသော လွန်ကဲသော အကျင့်ပျက်စီးမှု မရှိခြင်း၊ ၃။ အယူပျက်စီးမှု မရှိခြင်း၊ ၄။ အကြားအမြင် များခြင်း (ကြားနာအပ်ပြီးသော သုတ်အဘိဓမ္မာတရားရှိခြင်း)၊ ၅။ ပညာရှိခြင်း (အာပတ်စသည်ကို သိစွမ်းနိုင်သော ပညာရှိခြင်း) ။ (ဝိ၊၃။၉၂။) (ဝိ၊မြန်၊၃။၉၃။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ တပည့်တို့ကို လွန်ကဲ မြင့်မြတ်သော ခန္ဓကလာ ကျင့်ဝတ်သိက္ခာတို့၌ ကျင့်စေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၂။ မဂ္ဂဗြဟ္မစရိယ၏

http://www.dhammadownload.com

အစအကျင့်ဖြစ်သော ဥဘတောဝိဘင်းလာ သိက္ခာအရာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၃။ ရုပ်နာမ်တရားတို့ကို ပိုင်းခြားပြရာ အဘိဓမ္မာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၄။ အလုံးစုံသော ဝိနည်း၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၅။ ဖြစ်ပေါ်လာသော မိစ္ဆာအယူကို တရားသဖြင့် ကင်းဆိတ်စေခြင်း စွန့်လွှတ်စေခြင်းငှာ စွမ်းနိုင်ခြင်း။ (ဝိ၊၃။၉၃။) (ဝိ၊မြန်၊၃။၉၄။)

ရဟန်ခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်သင့်သည်ကို သိခြင်း၊ ၂။ အာပတ်မသင့်သည်ကို သိခြင်း၊ ၃။ ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ လေးသော အာပတ်ကို သိခြင်း၊ ၅။ ဘိက္ခု–ဘိက္ခုနီ ပါတိမောက် နှစ်ပါးကို အကျယ်ရ၍ ကောင်းစွာ ဝေဖန်နိုင်ပြီး၊ မာတိကာဟု ဆိုအပ်သော သုတ်အားဖြင့်လည်းကောင်း, သဒ္ဒါ ပုဒ် ဗျည်းအားဖြင့် လည်းကောင်း ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း။ (ဝိ၊၃။၉၃။) (ဝိ၊မြန်၊၃။၉၅။)

ရဟန်ခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်သင့်သည်ကို သိခြင်း၊ ၂။ အာပတ်မသင့်သည်ကို သိခြင်း၊ ၃။ ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ လေးသော အာပတ်ကို သိခြင်း၊ ၅။ ဆယ်ဝါ, ဆယ်ဝါထက် အလွန်ရှိခြင်း။ (ဝိ၊၃။၉၄။) (ဝိ၊မြန်၊၃။၉၅။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အားလည်း ထိုသီလဂုဏ်၌ ဆောက်တည်စေတတ်ခြင်း၊ ၂။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အားလည်း ထိုသမာဓိဂုဏ်၌ ဆောက်တည်စေတတ်ခြင်း၊ ၃။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အားလည်း ထိုပညာဂုဏ်၌ ဆောက်တည်စေတတ်ခြင်း၊ ၄။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အားလည်း ထိုလွတ်မြောက်မှု ဝိမုတ္တိဂုဏ်၌ ဆောက်တည်စေတတ်ခြင်း၊ ၅။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံ၍ သူတစ်ပါးတို့အားလည်း ထိုလွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်၌ဆောက်တည်စေတတ်ခြင်း၊၆။ဆယ်ဝါ, ဆယ်ဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၉၅။) (ဝိ၊မြန်၊၃။၉၆။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ အာပတ် သင့်သည်ကို သိခြင်း၊ ၂။ အာပတ်မသင့်သည်ကို သိခြင်း၊ ၃။ အောက်အာပတ်ငါးပုံဟု ဆိုအပ်သော ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ ပါရာဇိကအာပတ် သံဃာဒိသိသ် အာပတ်ဟု ဆိုအပ်သော လေးသော အာပတ်ကို သိခြင်း၊ ၅။ ဘိက္ခု–ဘိက္ခုနီ ပါတိမောက် နှစ်ပါးကို အကျယ်ရ၍ ကောင်းစွာ ဝေဖန်နိုင်ပြီး မာတိကာ–ဟုဆိုအပ်သော သုတ်အားဖြင့်လည်းကောင်း သဒ္ဒါ ပုဒ် ဗျည်းအားဖြင့် လည်းကောင်း ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း၊ ၆။ ဆယ်ဝါ, ဆယ်ဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၉၇။) (ဝိ၊မြန်၊၃။၉၉။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ အာပတ် သင့်သည်ကို မသိခြင်း၊ ၂။ အာပတ်မသင့်သည်ကို မသိခြင်း၊ ၃။ အောက်အာပတ် ငါးပုံဟူသော ပေါ့သော အာပတ်ကို မသိခြင်း၊ ၄။ ပါရာဇိကအာပတ်, သံဃာဒိသိသ်အာပတ်ဟု ဆိုအပ်သော လေးသော အာပတ်ကို မသိခြင်း၊ ၅။ ဘိက္ခု, ဘိက္ခုနီ ပါတိမောက်နှစ်ပါးကို အကျယ်မရမူ၍ ကောင်းစွာ မဝေဖန်နိုင်ဘဲ,

http://www.dhammadownload.com

မာတိကာဟု ဆိုအပ်သော သုတ်အားဖြင့်လည်းကောင်း သဒ္ဒါ ပုဒ် ဗျည်းအားဖြင့်လည်းကောင်း ကောင်းစွာ မဆုံးဖြတ်နိုင်ခြင်း၊ ၆။ ဆယ်ဝါ မပြည့်ခြင်း။ (ဝိ၊၃။၉၇။) (ဝိ၊မြန်၊၃။၉၈။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိ ဉာဏဒဿနဂုဏ်နှင့် ပြည့်စုံခြင်း၊ ၆။ ဆယ်ဝါ, ဆယ်ဝါထက် အလွန်ရှိခြင်း။ (ဝိ၊၃။၉၄။) (ဝိ၊မြန်၊၃။၉၆။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား ရှိခြင်း၊ ၂။ အကုသိုလ် ဒုစရိုက်တရားတို့၌ ရှက်ခြင်း၊ ၃။ အကုသိုလ် ဒုစရိုက်တရားတို့ကို ကြောက်လန့်ခြင်း၊ ၄။ လုံ့လဝီရိယရှိခြင်း၊ ၅။ သတိမြဲခြင်း၊ ၆။ ဆယ်ဝါ, ဆယ်ဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၉၅။) (ဝိ၊မြန်၊၃။၉၇။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ပါရာဇိကအာပတ်, သံဃာဒိသိသ်အာပတ်ဟူသော လွန်ကဲသော သီလ မပျက်စီးခြင်း၊ ၂။ အောက် အာပတ်ငါးပုံ ဟူသော လွန်ကဲသော အကျင့် မပျက်စီးခြင်း၊ ၃။ အယူပျက်စီးမှု မရှိခြင်း၊ ၄။ အကြားအမြင် များခြင်း၊ ၅။ ပညာရှိခြင်း၊ ၆။ ဆယ်ဝါ, ဆယ်ဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၉၆။) (ဝိ၊မြန်၊၃။၉၇။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ဖျားနာနေသော တပည့်ကို လုပ်ကျွေးခြင်းငှာလည်းကောင်း လုပ်ကျွေးစေခြင်းငှာလည်းကောင်း စွမ်းနိုင်ခြင်း၊ ၂။ မမွေ့လျော်သော တပည့်ကို အရပ်တစ်ပါးသို့ ခေါ်ဆောင်ခြင်းငှာလည်းကောင်း ခေါ်ဆောင်သွားစေခြင်းငှာလည်းကောင်း စွမ်းနိုင်ခြင်း။၃။ တပည့်တို့၌ ဖြစ်ပေါ်လာသော သံသယကုက္ကုစ္စကို တရားဖြင့် ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်ခြင်း၊ ၄။ အာပတ်ကို သိခြင်း၊ ၅။ အာပတ်မှ ထမြောက်မှုကို သိခြင်း၊ ၆။ ဆယ်ဝါ, ဆယ်ဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၉၆။) (ဝိ၊မြန်၊၃။၉၇၊၉၈။)

ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ တပည့်တို့ကို လွန်ကဲမြင့်မြတ်သော ခန္ဓကလာ ကျင့်ဝတ် သိက္ခာတို့၌ ကျင့်စေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၂။ မဂ္ဂဗြဟ္မစရိယ၏ အစအကျင့်ဖြစ်သော ဥဘတောဝိဘင်းလာ သိက္ခာအရာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၃။ ရုပ်နာမ်တရားတို့ကို ပိုင်းခြားပြရာ အဘိဓမ္မာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၄။ အလုံးစုံသော ဝိနည်း၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၅။ ဖြစ်ပေါ်လာသော မိစ္ဆာအယူကို တရားသဖြင့် ကင်းဆိတ်စေခြင်း, စွန့်လွှတ်စေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၆။ ဆယ်ဝါ, ဆယ်ဝါထက် ကျော်လွန်ခြင်း။ (ဝိ၊၃။၉၇။) (ဝိ၊မြန်၊၃။၉၈။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် မပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်

http://www.dhammadownload.com

တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် မပြည့်စုံခြင်း။ (ဝိ၊၃။၉၀။) (ဝိ၊မြန်၊၃။၉၁။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံဘဲ သူတစ်ပါးတို့အား လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်၌ မဆောက်တည်စေတတ်ခြင်း၊ ၂။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံဘဲ သူတစ်ပါးတို့အား လည်း ထိုသမာဓိဂုဏ်၌ မဆောက်တည်စေတတ်ခြင်း၊ ၃။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံဘဲ၊ သူတစ်ပါးတို့အား လည်း ထိုပညာဂုဏ်၌ မဆောက်တည် စေတတ်ခြင်း၊ ၄။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် မပြည့်စုံဘဲ သူတစ်ပါးတို့အား လည်း ထိုဝိမုတ္တိဂုဏ်၌ မဆောက်တည်စေတတ်ခြင်း၊ ၅။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် မပြည့်စုံဘဲ သူတစ်ပါးတို့အား လည်း ထိုဝိမုတ္တိဉာဏဒဿနဂုဏ်၌ မဆောက်တည်စေတတ်ခြင်း။ (ဝိ၊၃။၉၀။) (ဝိ၊မြန်၊၃။၉၂။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ယုံကြည်မှု သဒ္ဓါတရား မရှိခြင်း၊ ၂။ ဒုစရိုက်တရားတို့၌ အရှက် မရှိခြင်း၊ ၃။ ဒုစရိုက်တရားတို့၌ အကြောက်အလန့် မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ သတိလွတ်ကင်းခြင်း။ (ဝိ၊၃။၉၁။) (ဝိ၊မြန်၊၃။၉၃။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ပါရာဇိကအာပတ်, သံဃာဒိသိသ်အာပတ် ဟူသော လွန်ကဲသော သီလပျက်စီးခြင်း၊ ၂။ အောက်အာပတ်ငါးပုံ ဟူသော လွန်ကဲသော အကျင့်ပျက်စီးခြင်း၊ ၃။ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဟူသော အယူပျက်စီးခြင်း၊ ၄။ အကြားအမြင် နည်းခြင်း (ကြားနာအပ်ပြီးသော သုတ်အဘိဓမ္မာတရား မရှိခြင်း)၊ ၅။ ပညာမရှိခြင်း (အာပတ်စသည်ကို သိစွမ်းနိုင်သော ပညာမရှိခြင်း)။ (ဝိ၊၃။၉၁။) (ဝိ၊မြန်၊၃။၉၃။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ တပည့်တို့ကို လွန်ကဲမြင့်မြတ်သော ခန္ဓကလာကျင့်ဝတ်သိက္ခာတို့၌ ကျင့်စေခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၂။ မဂ္ဂင်ဖြဟ္မစရိယ၏ အစအကျင့်ဖြစ်သော ဥဘတောဝိဘင်းလာ သိက္ခာအရာ၌ ဆုံးမခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၃။ ရုပ်နာမ်တရားတို့ကို ပိုင်းခြားပြရာ အဘိဓမ္မာ၌ ဆုံးမခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၄။ အလုံးစုံသော ဝိနည်း၌ ဆုံးမခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၅။ ဖြစ်ပေါ်လာသော မိစ္ဆာအယူကို တရားအားဖြင့် ကင်းဆိတ်စေခြင်း၊ စွန့်လွှတ်စေခြင်းငှာ မစွမ်းနိုင်ခြင်း။ (ဝိ၊၃။၉၂။) (ဝိ၊မြန်၊၃။၉၄။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်သင့်သည်ကို မသိခြင်း၊ ၂။ အာပတ်မသင့်သည်ကို မသိခြင်း၊ ၃။ ပေါ့သော အာပတ်ကို မသိခြင်း၊ ၄။ လေးသော အာပတ်ကို မသိခြင်း၊ ၅။ ဆယ်ဝါအောက် ယုတ်လျော့ခြင်း။ (ဝိ၊၃။၉၃။) (ဝိ၊မြန်၊၃။၉၅။)

ရဟန်းခံမပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်သင့်သည်ကို မသိခြင်း၊ ၂။ အာပတ်မသင့်သည်ကို မသိခြင်း၊ ၃။ ပေါ့သော အာပတ်ကို မသိခြင်း၊ ၄။ လေးသော အာပတ်ကို မသိခြင်း၊ ၅။ ဘိက္ခု-ဘိက္ခုနီ ပါတိမောက်နှစ်ပါးကို အကျယ်မရမူ၍ ကောင်းစွာ

http://www.dhammadownload.com

မဝေဖန်နိုင်ဘဲ မာတိကာဟု ဆိုအပ်သော သုတ်အားဖြင့်လည်းကောင်း, သဒ္ဒါ ပုဒ် ဗျည်းအားဖြင့်လည်းကောင်း ကောင်းစွာ မဆုံးဖြတ်နိုင်ခြင်း။ (ဝိ၊၃။၉၃။) (ဝိ၊မြန်၊၃။၉၄။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဖျားနာနေသော တပည့်တို့ကို လုပ်ကျွေးခြင်းငှာလည်းကောင်း, လုပ်ကျွေးစေခြင်းငှာလည်းကောင်း မစွမ်းနိုင်ခြင်း၊ ၂။ မမွေ့လျော်သော တပည့်ကို အရပ်တစ်ပါးသို့ ခေါ်ဆောင်ခြင်းငှာလည်းကောင်း, ခေါ်ဆောင်စေခြင်းငှာ လည်းကောင်း မစွမ်းနိုင်ခြင်း၊ ၃။ တပည့်တို့၌ ဖြစ်ပေါ်လာသော သံသယကုက္ကုစ္စကို တရားသဖြင့် ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၄။ အာပတ်ကို မသိခြင်း၊ ၅။ အာပတ်မှ ထမြောက်ခြင်းကို မသိခြင်း။ (ဝိ၊၃။၉၂။) (ဝိ၊မြန်၊၃။၉၃။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံဘဲ သူတစ်ပါးတို့အားလည်း၊ ထိုသီလဂုဏ်ကို မဆောက်တည်စေတတ်ခြင်း၊ ၂။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံဘဲ သူတစ်ပါးတို့အားလည်း ထိုသမာဓိ ဂုဏ်ကို မဆောက်တည်စေတတ်ခြင်း၊ ၃။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံဘဲ သူတစ်ပါးတို့အားလည်း ထိုပညာဂုဏ်ကို မဆောက်တည်စေတတ်ခြင်း၊ ၄။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် မပြည့်စုံဘဲ၊ သူတစ်ပါးတို့အားလည်း ထိုလွတ်မြောက်မှု ဝိမုတ္တိဂုဏ်ကို မဆောက်တည်စေတတ်ခြင်း၊ ၅။ မိမိကိုယ်တိုင် ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် မပြည့်စုံဘဲ၊ သူတစ်ပါးတို့အားလည်း ထိုလွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်၌ မဆောက်တည်စေတတ်ခြင်း၊ ၆။ ဆယ်ဝါအောက် ယုတ်လျော့ခြင်း။ (ဝိ၊၃။၉၄၊၉၅။) (ဝိ၊မြန်၊၃။၉၆။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အကုသိုလ် ဒုစရိုက်တရားတို့၌ အရှက်မရှိခြင်း၊ ၃။ အကုသိုလ် ဒုစရိုက်တရားတို့ကို ကြောက်လန့်မှု မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ သတိလွတ်ကင်းခြင်း၊ ၆။ ဆယ်ဝါ မပြည့်သေးခြင်း။ (ဝိ၊၃။၉၅။) (ဝိ၊မြန်၊၃။၉၇။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ပါရာဇိကအာပတ်, သံဃာဒိသိသ်အာပတ် ဟူသော လွန်ကဲသော သီလ ပျက်စီးခြင်း၊ ၂။ အောက်အာပတ် ငါးပုံဟူသော လွန်ကဲသော အကျင့် ပျက်စီးခြင်း၊ ၃။ သဿတဒိဋ္ဌိ–ဥစ္ဆေဒဒိဋ္ဌိဟူသော အယူ ပျက်စီးခြင်း၊ ၄။ အကြားအမြင် နည်းပါးခြင်း၊ ၅။ ပညာမရှိခြင်း၊ ၆။ ဆယ်ဝါ မပြည့်ခြင်း။ (ဝိ၊၃။၉၆။) (ဝိ၊မြန်၊၃။၉၇။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ဖျားနာနေသော တပည့်ကို လုပ်ကျွေးခြင်းငှာလည်းကောင်း လုပ်ကျွေးစေခြင်းငှာလည်းကောင်း မစွမ်းနိုင်ခြင်း၊ ၂။ မမွေ့လျော်သော တပည့်ကို အရပ်တစ်ပါးသို့ ခေါ်ဆောင်ခြင်းငှာလည်းကောင်း ခေါ်ဆောင်သွားစေခြင်းငှာလည်းကောင်း မစွမ်းနိုင်ခြင်း၊ ၃။ တပည့်တို့၌ ဖြစ်ပေါ်သော သံသယကုက္ကုစ္စကို

http://www.dhammadownload.com

တရားဖြင့် ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၄။ အာပတ်ကို မသိခြင်း၊ ၅။ အာပတ်မှ ထမြောက်မှုကို မသိခြင်း၊ ၆။ ဆယ်ဝါ မပြည့်ခြင်း။ (ဝိ၊၃။၉၆။) (ဝိ၊မြန်၊၃။၉၇။)

ရဟန်းခံ မပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ တပည့်တို့ကို လွန်ကဲမြင့်မြတ်သော ခန္ဓကလာ ကျင့်ဝတ်သိက္ခာတို့၌ ကျင့်စေခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၂။ မဂ္ဂဗြဟ္မစရိယ၏ အစအကျင့်ဖြစ်သော ဥဘတောဝိဘင်းလာ သိက္ခာအရာ၌ ဆုံးမခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၃။ ရုပ်နာမ်တရားတို့ကို ပိုင်းခြားပြရာ အဘိဓမ္မာ၌ ဆုံးမခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၄။ အလုံးစုံသော ဝိနည်း၌ ဆုံးမခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၅။ ဖြစ်ပေါ်လာသော မိစ္ဆာအယူကို တရားသဖြင့် ကင်းဆိတ်စေခြင်း, စွန့်လွှတ်စေခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၆။ ဆယ်ဝါ မပြည့်ခြင်း။ (ဝိ၊၃။၉၇။) (ဝိ၊မြန်၊၃။၉၈။)

ရဟန်းခံမပေးနိုင်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် မပြည့်စုံခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် မပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် မပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် မပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် မပြည့်စုံခြင်း၊ ၆။ ဆယ်ဝါအောက် ယုတ်လျော့ခြင်း။ (ဝိ၊၃။၉၄။) (ဝိ၊မြန်၊၃။၉၅။)

ရဟန်းခံရာ၌ ပရိသတ်ပြည့်စုံရမည့် အင်္ဂါ ၄ ပါး ၁။ ပါရာဇိကလည်း မကျ, ဥက္ခိတ္တကလည်း မဟုတ်သော ရဟန်းစစ်စစ်၏ မဏ္ဍိမဒေသ အိန္ဒိယ၌ ဆယ်ပါး, မြန်မာစသော ပစ္စန္တရစ်နိုင်ငံ၌ ငါးပါးရှိ၍ ထိုရဟန်းတို့ တစ်သိမ်တည်း၌ ဟတ္ထပါသ်ကို မစွန့်မူ၍ တည်ခြင်း၊ ၂။ ဆန္ဒထိုက်သူ၏ ဆန္ဒကို ဆောင်ခြင်း၊ ၃။ မျက်မှောက်ပါဝင်သော ရဟန်းတို့၏ ထိုက်ကို မတားမြစ်ခြင်း၊ ၄။ ရဟန်းလောင်းမှ တစ်ပါး လူစသော ဝဇ္ဇနီယပုဂ္ဂိုလ်တို့၏ ဟတ္ထပါသ်၌ မရှိခြင်းတည်း။ (ဝိမတိ၊၂။၁၃၆။)

ရဟန်းခံရာ၌ ရှေးဦးစွာ ပြုရသော ကိစ္စ ၈ မျိုး ၁။ ဥပဇ္ဈာယ်ကို ယူစေခြင်း၊ ၂။ သပိတ်သင်္ကန်းတို့ကို ပြောပြခြင်း၊ ၃။ ရဟန်းလောင်းကို သံဃဟတ္ထပါသ်မှ အပြင်ဘက်၌ ထား၍ နည်းပေးလမ်းပြပြုမည့် ရဟန်းကို သမုတ်ခြင်း၊ ၄။ သမုတ်အပ်သော (သမ္မုတိရသော) ရဟန်းက အပြင်ဘက်သို့ လိုက်၍ သွန်သင်ပြသ နည်းပေးရခြင်း၊ ၅။ ထိုသမ္မုတိရသော ရဟန်းက ရှေးဦးစွာ သံဃာ့ထံ ပြန်လာခဲ့၍ သံဃာအား သွန်သင်ပြီးကြောင်းကို ဥတ်ဖြင့် အသိပေးရခြင်း၊ ၆။ ပဉ္စင်းလောင်းကို ဟတ္ထပါသ်သို့ ခေါ်ယူရခြင်း၊ ထိုပဉ္စင်းလောင်းက ရဟန်းတော်တို့အား ဝတ်ချ၍ မြင့်မြတ်သော ပဉ္စင်းအဖြစ်ကို တောင်းစေရခြင်း၊ ၇။ အန္တရာယိကဓမ္မတို့ကို မေးဖို့ရန် သမ္မုတိပေးရခြင်း၊ ၈။ ထိုသမ္မုတိရသော ရဟန်းတော်က အန္တရာယိကဓမ္မတို့ကို မေးရခြင်း။ (ဝိမတိ၊၂။၁၃၆။)

ရဟန်းချမ်းသာ ၈ ပါး ၁။ ဥစ္စာစုဆောင်း သိမ်းဆည်းရမှု မရှိခြင်း၊ ၂။ အပြစ်ကင်းသော ဆွမ်းကို ရှာမှီးရခြင်း၊ ၃။ ငြိမ်းအေးပြီးသော ဆွမ်းကို သုံးဆောင်ရခြင်း၊ ၄။ တိုင်းပြည်၏ အခွန်အတုတ်ကို နှိပ်စက်ညှဉ်းဆဲမှု မရှိခြင်း၊ ၅။ အဆောက်အဦးတို့၌ တပ်မက်မှု ဆန္ဒရာဂကင်းခြင်း၊ ၆။ ခိုးသူတို့ လုယက်မှု ဘေးရန် မရှိခြင်း၊ ၇။ မင်းစိုးရာဇာများနှင့် ဆက်ဆံမှု

http://www.dhammadownload.com

မရှိခြင်း၊ ၈။ အရပ်လေးမျက်နှာတို့၌ အပိတ်အပင် အဆီးအတား မရှိခြင်း။ (အဘိ၊၌၊၁၁။၃၇။) (အပ၊၌၊၁၁။၉။) (ဗုဒ္ဓဝံ၊၌။၉။) (ဇာ၊၌၊၁၁။၅၁။)

ရဟန်း–စသူတို့ ငရဲကျကြောင်း တရား ၅ ပါး (ဘိက္ခု, ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေရီ, ဥပါသကာ, ဥပါသိကာမတို့ ငရဲသို့ကျကြောင်း တရား ၅ ပါး) ၁။ သူ့အသက်ကို သတ်တတ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးတတ်ခြင်း၊ ၃။ မမြတ်သော မေထုန်အကျင့်ကို ပြုကျင့်တတ်ခြင်း၊ ၄။ မဟုတ်မမှန်သော စကားကို ပြောဆိုတတ်ခြင်း၊ ၅။ မူးယစ်ဆေးဝါး သုံးစွဲတတ်ခြင်း။ (အံ၊၂။၂၄၃။) (အံ၊မြန်၊၂။၃၁၃။)

ရဟန်း–စသူတို့ နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး (ဘိက္ခု, ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေရီ, ဥပါသကာ, ဥပါသိကာမတို့ နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး) ၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ မမြတ်သော မေထုန်အကျင့်ကို ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ မူးယစ်ဆေးဝါး သုံးစွဲမှုမှ ရှောင်ကြဉ်ခြင်း။ (နိဂဏ္ဌ အာဇီဝက တိတ္ထိ စသည်တို့၏ အင်္ဂါများလည်း နည်းတူ ဖြစ်သည်) ။ (အံ၊၂။၂၄၃။) (အံ၊မြန်၊၂။၃၁၃။)

ရဟန်းညွှန်ပြအပ်သော ကပ္ပိယ ၄ မျိုး ၁။ ရဟန်းက မျက်မှောက်၌ ညွှန်ပြအပ်သော ကပ္ပိယ တစ်မျိုး၊ ၂။ ရဟန်း၏ မျက်မှောက်မဟုတ်သည်၌ ညွှန်ပြအပ်သော ကပ္ပိယ ၃ မျိုး။ (ဝိ၊၌၊၂။၂၅၅။)

ရဟန်းတို့ ကြောက်ရွံ့စေတတ်သော တရား ၅ ပါး ၁။ ယုံကြည်မှုသဒ္ဓါတရား မရှိခြင်း၊ ၂။ စောင့်ထိန်းမှု သီလ မရှိခြင်း၊ ၃။ အကြားအမြင် နည်းခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ ပညာ မရှိခြင်း။ (အံ၊၂။၁၆၁။) (အံ၊မြန်၊၂။၂၀၇။)

ရဟန်းတို့ မကျက်စားထိုက်သော အရပ် ၇ မျိုး ၁။ ပြည့်တန်ဆာမအိမ်၊ ၂။ မုဆိုးမအိမ်၊ ၃။ အပျိုကြီးအိမ်၊ ၄။ ပဏ္ဍုက်အိမ်၊ ၅။ ဘိက္ခုနီမကျောင်း၊ ၆။ သေတင်းကုပ် (အရက်ဆိုင်။)၊ ၇။ မင်း, မင်း၏အမတ်, တိတ္ထိ, တိတ္ထိတို့၏ တပည့်သာဝက။ (အဘိ၊ဝိ။၂၅၅။) (အဘိ၊ဝိ၊မြန်၊၂။၂၇၅။)

ရဟန်းတို့နှင့် မသက်ဆိုင်သော ဘိက္ခုနီ ပါရာဇိကသိက္ခာပုဒ် ၄ မျိုး ၁။ ဥဇ္ဇာဇာမထ္ထာလိကာ သိက္ခာပုဒ်၊ ၂။ ဝဇ္ဇပဋိစ္ဆာဒိကာ သိက္ခာပုဒ်၊ ၃။ ဥက္ခိတ္တာနုဝတ္တိကာ သိက္ခာပုဒ်၊ ၄။ အဋ္ဌဝတ္ထုကာ သိက္ခာပုဒ်။ (သာရတ္ထ၊ဋီ၊၂။၂၉၇။)

ရဟန်းတို့ မသုံးဆောင်ထိုက်သော အသား ၃ မျိုး ၁။ မိမိကို ရည်စူး၍ သတ်အပ်သည်ကို မျက်စိဖြင့် မြင်ရသော အသား၊ ၂။ မိမိကို ရည်စူး၍ သတ်အပ်သည်ကို နားဖြင့် ကြားရသော အသား၊ ၃။ မိမိကို ရည်စူး၍ သတ်အပ်သည်ကို ယုံမှားမှု ဖြစ်သော အသား။ (မ၊၂။၃၂။) (မ၊မြန်၊၂။၃၇။)

ရဟန်းတို့ သုံးဆောင်ကောင်းသော အသား ၃ မျိုး ၁။ မိမိကို ရည်စူး၍ သတ်အပ်သည်ကို မျက်စိဖြင့် မမြင်ရသော အသား၊ ၂။ မိမိကို ရည်စူး၍ သတ်အပ်သည်ကို နားဖြင့် မကြားရသော အသား၊ ၃။ မိမိကို ရည်စူး၍ သတ်အပ်သည်ကို ယုံမှားမှု မရှိသော အသား။ (မ၊၂။၃၂။) (မ၊မြန်၊၂။၃၇။)

http://www.dhammadownload.com

ရဟန်းတို့ အကဲ့ရဲ့ ခံရကြောင်း ၃ ပါး ၁။ ဆိတ်ငြိမ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့်သာဝကရဟန်းတို့သည် ဆိတ်ငြိမ်ခြင်း ဝိဝေကကို အတုလိုက်၍ မကျင့်ကြခြင်း၊ ၂။ ဘုရားရှင်က ပယ်ရန် ဟောကြားတော်မူအပ်သော အကုသိုလ်တရားများကို မပယ်ခြင်း၊ ၃။ ပစ္စည်းပစ္စယ များပြားလာစေရန်သာ ကျင့်သူများဖြစ်၍ ဘုရားရှင်၏ အဆုံးအမတော်များကို ပေါ့ပေါ့တန်တန်သာ နာယူကြလျက် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ဥပဓိဝိဝေကကို ရရှိရေးဌ်ဒ် တာဝန်မဲ့သူများ ဖြစ်ခြင်း။ (မ၊၁။၁၇။) (မ၊မြန်၊၁။၁၉။)

ရဟန်းတို့ အဆောတလျင် ပြုလုပ်အပ်သော အလုပ် ၃ မျိုး ၁။ အဓိသီလသိက္ခာကို ဆောက်တည်ခြင်း၊ ၂။ အဓိစိတ္တသိက္ခာကို ဆောက်တည်ခြင်း၊ ၃။ အဓိပညာသိက္ခာကို ဆောက်တည်ခြင်း။ (အံ၊၁။ ၂၄၂။) (အံ၊မြန်၊၁။၂၅၅။)

ရဟန်းတို့ အသက်ထက်ဆုံး အောက်မေ့အပ်သော အရပ် ၃ မျိုး ၁။ မိမိရဟန်းပြုရာ အရပ်သည် အသက်ထက်ဆုံး အောက်မေ့အပ်သော ပဌမအရပ်၊ ၂။ သစ္စာလေးပါးကို ဟုတ်မှန်သော အတိုင်း သိရာအရပ်သည် အသက်ထက်ဆုံး အောက်မေ့အပ်သော ဒုတိယအရပ်၊ ၃။ အရဟတ္တ ဖိုလ်သို့ ရောက်ရာအရပ်သည် အသက်ထက်ဆုံး အောက်မေ့အပ်သော တတိယအရပ်။ (အံ၊၁။၁၀၅။) (အံ၊မြန်၊၁။၁၂၃။)

ရဟန်းတို့အား ဘုရားရှင် မေးမြန်းရကြောင်း ၂ ပါး ၁။ တရားဒေသနာ ဟောကြားတော်မူလိုခြင်း၊ ၂။ သိက္ခာပုဒ် ပညတ်တော်မူလိုခြင်း။ (ဝိ၊၃။၇၄။) (ဝိ၊၃။၂၁၁။) (ဝိ၊မြန်၊၃။၇၇။) (ဝိ၊မြန်၊၃။၇၇။)

ရဟန်းတို့ ရဲရင့်စေတတ်သော တရား ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါတရား ရှိခြင်း၊ ၂။ စောင့်ထိန်းမှု သီလရှိခြင်း၊ ၃။ အကြားအမြင်များခြင်း၊ ၄။ ထက်သန်သော လုံ့လရှိခြင်း၊ ၅။ ပညာဉာဏ် ရှိခြင်း။ (အံ၊၂။၁၆၂။) (အံ၊မြန်၊၂။၂၀၇။)

ရဟန်းတို့အား ဟောပြထိုက်သော တရား ၅ ပါး ၁။ သီလရှိသူတို့ ဖြစ်စေကုန်ခြင်း၊ ၂။ ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိကြစေခြင်း၊ ၃။ စကားပြော နည်းကြစေခြင်း၊ ၄။ တောကျောင်း၌ နေစေခြင်း၊ ၅။ မှန်ကန်သော သမ္မာဒိဋ္ဌိအယူ ရှိစေခြင်း။ (အံ၊၂။၁၂၁။) (အံ၊မြန်၊၂။၁၄၉-၁၅၀။)

ရဟန်းပညာရှိ မည်ကြောင်း တရား ၅ ပါး ၁။ အဓိကရဏ်းကို သိခြင်း၊ ၂။ အဓိကရဏ်း ဖြစ်ကြောင်း သမုဋ္ဌာန်ကို သိခြင်း၊ ၃။ အဓိကရဏ်း၏ ပယောဂကို သိခြင်း၊ ၄။ အဓိကရဏ်း၏ ငြိမ်းခြင်းကို သိခြင်း၊ ၅။ အဓိကရဏ်းကို ဆုံးဖြတ်ခြင်း၌ လိမ္မာခြင်း။ (ဝိ၊၅။၃၄၆။) (ဝိ၊မြန်၊၅။၄၄၉။)

ရဟန်းပညာရှိ မည်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သုတ်ဟု ဆိုအပ်သော ဥဘတောဝိဘင်းကို သိခြင်း၊ ၂။ သုတ်အား လျော်သော မဟာပဒေသလေးပါးကို သိခြင်း၊ ၃။ ဝိနည်း (ခန္ဓက ပရိဝါ) ကို သိခြင်း၊ ၄။ ဝိနည်းအား လျော်သော မဟာပဒေသ လေးပါးကို သိခြင်း၊ ၅။ အကြောင်း ဟုတ်သည် မဟုတ်သည်၌ လိမ္မာခြင်း။ (ဝိ၊၅။၃၄၄။) (ဝိ၊မြန်၊၅။၄၄၈။)

ရဟန်းပညာရှိ မည်ကြောင်း ၅ ပါး (တစ်နည်း) ၁။ တရား (သုတ်,အဘိဓမ္မာ) ကို သိခြင်း၊ ၂။ တရားအား လျော်သော သုတ္တန် မဟာပဒေသလေးပါးကို သိခြင်း၊ ၃။ ဝိနည်း (ခန္ဓကပရိဝါ)

http://www.dhammadownload.com

ကို သိခြင်း၊ ၄။ ဝိနည်းအားလျော်သော မဟာပဒေသလေးပါးကို သိခြင်း၊ ၅။ ရှေ့နောက် စကားဥ် လိမ္မာခြင်း။ (ဝိ၊၅။၃၄၅။) (ဝိ၊မြန်၊၅။၄၄၉။)

ရဟန်းပညာရှိ မည်ကြောင်း ၅ ပါး (တစ်နည်း) ၁။ ဝတ္ထုကို သိခြင်း၊ ၂။ နိဒါန်းကို သိခြင်း၊ ၃။ ပညတ်ချက်ကို သိခြင်း၊ ၄။ မျက်မှောက်ပြုအပ်သော ပုဒ်, ရှေ့၌ဆိုအပ်သော ပုဒ်, နောက်၌ ဆိုအပ်သော ပုဒ်တို့ကို သိခြင်း၊ ၅။ ရှေ့နောက် စကားစပ်ကို သိခြင်း။ (ဝိ၊၅။၃၄၅။) (ဝိ၊မြန်၊၅။၄၄၉။)

ရဟန်းပညာရှိ မည်ကြောင်း ၅ ပါး (တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ် သင့်ကြောင်း သမုဋ္ဌာန်ကို သိခြင်း၊ ၃။ အာပတ်၏ ပယောဂကို သိခြင်း၊ ၄။ အာပတ်ငြိမ်းခြင်းကို သိခြင်း၊ ၅။ အာပတ်ကို ဆုံးဖြတ်ခြင်း၌ လိမ္မာ ကျွမ်းကျင်ခြင်း။ (ဝိ၊၅၊၃၄၅။) (ဝိ၊မြန်၊၅။၄၄၉။)

ရဟန်းပုဏ္ဏားတို့၏ အညစ်အကြေး ၄ ပါး ၁။ သေရည်အရက် သောက်စားခြင်း၊ ၂။ မေထုန် အကျင့်ကို မှီဝဲခြင်း၊ ၃။ ရွှေငွေကို သာယာလျက် ခံယူခြင်း၊ ၄။ မှားသော အသက်မွေးမှုဖြင့် အသက်မွေးခြင်း။ (ဝိ၊၄။၄၅၃။) (ဝိ၊မြန်၊၄၊၄၅၇။)

ရဟန်းပြုဖူးသော မိန်းမ ၂ မျိုး ၁။ တိတ္ထိတို့ဘောင်၌ ရဟန်းပြုဖူးသော မိန်းမ၊ ၂။ အခြားသော ဘိက္ခုနီမတို့ဘောင်၌ ရဟန်းပြုဖူးသော မိန်းမ။ (ဝိ၊၂။၂၉၂။) (ဝိ၊မြန်၊၂။၃၃၁။)

ရဟန်းပြုရခြင်း၏ မျက်မှောက်ဘဝ ရကျိုး ၁၄ မျိုး ၁။ ကျွန်ယောက်ကျားရဟန်းပြုသဖြင့် မင်္ဂ၏ အပူဇော်ကို ခံရခြင်း၊ ၂။ မင်း၏ အခွန်ထမ်းလယ်သမား ရဟန်းပြုသဖြင့် မင်း၏ အပူဇော်ကို ခံရခြင်း၊ ၃။ သီလ, သမာဓိ, ပညာ, ဣန္ဒြေ စသော တရားတို့ကို ပွားများသဖြင့် ပထမစျာန်ကို ရခြင်း၊ ၄။ ဒုတိယစျာန်ကို ရခြင်း၊ ၅။ တတိယစျာန်ကို ရခြင်း၊ ၆။ စတုတ္ထ (ပဉ္စမ)စျာန်ကို ရခြင်း၊ ၇။ ဝိပဿနာဉာဏ်ကို ရခြင်း၊ ၈။ မနောမယိဒ္ဓိဉာဏ်ကို ရခြင်း၊ ၉ ။ ဣဒ္ဓိဝိဓဉာဏ်ကို ရခြင်း၊ ၁၀။ ဒိဗ္ဗသောတဉာဏ်ကို ရခြင်း၊ ၁၁။ စေတောပရိယဉာဏ်ကို ရခြင်း၊ ၁၂။ ပုဗ္ဗေနိဝါသ ဉာဏ်ကို ရခြင်း၊ ၁၃။ စုတူပပါတဉာဏ်ကို ရခြင်း၊ ၁၄။ အာသဝက္ခယမည်သော အရဟတ္တ မဂ်ဉာဏ်ကို ရခြင်း။ (ဒီ၊၁။၅၆။) (ဒီ၊မြန်၊၁။၆၇။)

ရဟန်းဖြစ်ခြင်း ၈ မျိုး ၁။ ဧဟိဘိက္ခုပသမ္ပဒါ= ဘုရားရှင်က "ဧဟိ ဘိက္ခု" ဟု ခေါ်လိုက်သဖြင့် ရဟန်းဖြစ်ခြင်း၊ ၂။ သရဏာဂမနုပသမ္ပဒါ= သရဏဂုံဖြင့် ရဟန်းဖြစ်ခြင်း၊ ၃။ ဩဝါဒုပသမ္ပဒါ= ဘုရားရှင်၏ ဩဝါဒကို ခံယူခြင်းဖြင့် ရဟန်းဖြစ်ခြင်း၊ ၄။ ပဉ္စာဗျာကရဏုပသမ္ပဒါ= ဘုရားရှင်မေးသော ပုစ္ဆာကို ဖြေဆိုခြင်းဖြင့် ရဟန်းဖြစ်ခြင်း၊ ၅။ ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါ= ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းဖြစ်ခြင်း၊ ၆။ ဂရုဓမ္မုပသမ္ပဒါ= ဂရုဓမ်တရားရှစ်ပါးဖြင့် ရဟန်းဖြစ်ခြင်း၊ ၇။ ဥဘတောသံဃဉပသမ္ပဒါ= ဥဘတောသံဃာ၌ ရဟန်းဖြစ်ခြင်း၊ ၈။ ဒူတေနဉပသမ္ပဒါ= တမန်ဖြင့် ရဟန်းဖြစ်ခြင်း။ (ဝိ၊၆။၁၀။၂၀၆။) (အံ၊၆၊၂။၆၆။) (အဘိ၊၆၊၂။ ၃၁၆။)

ရဟန်းပြုခြင်း ၈ မျိုး ရဟန်းဖြစ်ခြင်း ၈ မျိုးနှင့် တူသည်။

ရဟန်းမခံထိုက်သူ ၂ ဦး ၁။ အသက်နှစ်ဆယ် မပြည့်သေးသူ၊ ၂။ ကိုယ်လက်အင်္ဂါ ယုတ်သော သူ။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

http://www.dhammadownload.com

ရဟန်းမခံထိုက်သူ ၅ ဦး ၁။ အသက်နှစ်ဆယ် မပြည့်သေးသူ၊ ၂။ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းသူ၊ ၃။ ဝတ္ထုချို့တဲ့ သူ၊ ၄။ မာတုဃာတက စသော မကောင်းမှုကို ပြုခဲ့သူ၊ ၅။ သပိတ်သင်္ကန်း မပြည့်စုံသူ။ (ဝိ၅။၂၃၀။) (ဝိ၊မြန်၊၅။၃၂၀။)

ရဟန်းမခံထိုက်သူ ၂ မျိုး ၁။ ပဏ္ဍုကဲငါးမျိုး၊ ၂။ မာတုဃာတကကဲ့ စသည် ကျူးလွန်သော သူ။ (ဝိ၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

ရဟန်းမခံထိုက်သူ ၂ မျိုး (တစ်နည်း) ၁။ သပိတ် သင်္ကန်း စသည့် ပရိက္ခရာ မပြည့်စုံသူ၊ ၂။ ပြည့်စုံသော်လည်း ပဋိုင်းအဖြစ် မတောင်းပန်သူ။ (ဝိ၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

ရဟန်းမတို့ ငရဲကျကြောင်း တရား ၅ ပါး ၁။ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၃။ မကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်း၊ ၄။ ကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လျှူသော ပစ္စည်းကို ဖျက်ဆီးခြင်း။ (အံ၊၂။၁၂၃။) (အံ၊မြန်၊၂။၁၅၁။)

ရဟန်းမတို့ ငရဲကျကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်း ပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၃။ ငြူစူခြင်းလည်း ရှိခြင်း၊ ၄။ ဝန်တိုခြင်းလည်း ရှိခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လျှူအပ်သော ပစ္စည်းကို ဖျက်ဆီးခြင်း။ (အံ၊၂။၁၂၃။) (အံ၊မြန်၊၂။၁၅၂။)

ရဟန်းမတို့ ငရဲကျကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ ချီးမွမ်းထိုက်သူ၏ ဂုဏ် ကျေးဇူးကို ချီးမွမ်းပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၃။ မှားယွင်းသော အယူလည်း ရှိခြင်း၊ ၄။ မှားယွင်းသော အကြံအစည်လည်း ရှိခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လျှူအပ်သော ပစ္စည်းကို ဖျက်ဆီးခြင်း။ (အံ၊၂။၁၂၄။) (အံ၊မြန်၊၂။၁၅၂-၁၅၃။)

ရဟန်းမတို့ ငရဲကျကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၃။ မှားယွင်းသော ပြောဆိုခြင်းလည်း ရှိခြင်း၊ ၄။ မှားယွင်းသော ပြုခြင်းလည်း ရှိခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လျှူအပ်သော ပစ္စည်းကို ဖျက်ဆီးခြင်း။ (အံ၊၂။၁၂၄။) (အံ၊မြန်၊၂။၁၅၃။)

ရဟန်းမတို့ ငရဲကျကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၃။ မှားယွင်းသော အားထုတ်မှု "ဝီရိယ"ရှိခြင်း၊ ၄။ မှားယွင်းသော အောက်မေ့မှု သတိရှိခြင်း၊ ၅။ သဒ္ဓါ တရားဖြင့် လျှူအပ်သော ပစ္စည်းကို ဖျက်ဆီးခြင်း။ (အံ၊၂။၁၂၅။) (အံ၊မြန်၊၂။၁၅၄-၁၅၅။)

ရဟန်းမတို့ စံပြု တောင့်တထိုက်သော ဘိက္ခုနီမ ၂ ပါး ၁။ ခေမာဘိက္ခုနီမ၊ ၂။ ဥပ္ပလဝဏ္ဏာ ဘိက္ခုနီမ။ (အံ၊၁။၈၇။) (အံ၊မြန်၊၁။၁၀၂။)

ရဟန်းမတို့ နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး ၁။ နေရာ ကျောင်း၌ ဝန်မတိုခြင်း၊ ၂။ ဒါယကာ တို့၌ ဝန်မတိုခြင်း၊ ၃။ လာဘ်သပ်ပကာ၌ ဝန်မတိုခြင်း၊ ၄။ ကိုယ်ရေအဆင်း ဂုဏ်အဆင်းတို့၌ ဝန်မတိုခြင်း၊ ၅။ ပရိယတ်တရား၌ ဝန်မတိုခြင်း။ (အံ၊၂။၁၂၂။) (အံ၊မြန်၊၂။၁၅၀-၁၅၁။)

http://www.dhammadownload.com

ရဟန်းမတို့ နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၃။ မကြည်ညိုသင့်သော အရာ၌ မကြည်ညိုခြင်း၊ ၄။ ကြည်ညိုသင့်သော အရာ၌ ကြည်ညိုခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို မဖျက်ဆီးခြင်း။ (အံ၊၂။၁၂၃။) (အံ၊မြန်၊၂။၁၅၁။)

ရဟန်းမတို့ နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၃။ ငြူစူမှုလည်း မရှိခြင်း၊ ၄။ ဝန်တိုမှုလည်း မရှိခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို မဖျက်ဆီးခြင်း။ (အံ၊၂။၁၂၃။) (အံ၊မြန်၊၂။၁၅၂။)

ရဟန်းမတို့ နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၃။ မှန်ကန်သော အယူ ရှိခြင်း၊ ၄။ မှန်ကန်သော အကြံအစည် ရှိခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းတို့ကို မဖျက်ဆီး။ (အံ၊၂။၁၂၄။) (အံ၊မြန်၊၂။၁၅၃။)

ရဟန်းမတို့ နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၃။ မှန်ကန်သော ပြောဆိုခြင်းလည်း ရှိခြင်း၊ ၄။ မှန်ကန်သော ပြုခြင်းလည်း ရှိခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို မဖျက်ဆီး။ (အံ၊၂။၁၂၄။) (အံ၊မြန်၊၂။၁၅၄။)

ရဟန်းမတို့ နတ်ပြည်ရောက်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မချီးမွမ်းထိုက်သူ၏ ကျေးဇူးမဲ့ကို ကဲ့ရဲ့ပြောဆိုခြင်း၊ ၂။ ချီးမွမ်းထိုက်သူ၏ ဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း၊ ၃။ မှန်ကန်သော အားထုတ်မှု 'ဝီရိယ'ရှိခြင်း၊ ၄။ မှန်ကန်သော အောက်မေ့မှု 'သတိ'ရှိခြင်း၊ ၅။ သဒ္ဓါတရားဖြင့် လှူအပ်သော ပစ္စည်းကို မဖျက်ဆီး။ (အံ၊၂။၁၂၅။) (အံ၊မြန်၊၂။၁၅၄-၁၅၅။)

ရဟန်းမတို့အား ဆုံးမခြင်းကို မခန့်ထားအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အရှက် မရှိခြင်း၊ ၂။ မိုက်မဲခြင်း၊ ၃။ ပကတိသီလ မရှိခြင်း၊ ၄။ သာသနာမှ ရွှေ့လျောစေလိုသည် ဖြစ်၍ ဆိုတတ်ခြင်း၊ ၅။ အာပတ်မှ ထစေလိုသည် ဖြစ်၍ မဆိုတတ်ခြင်း။ (ဝိ၊၅။၃၄၀။) (ဝိ၊မြန်၊ ၅။၄၄၄။)

ရဟန်းမတို့အား ဆုံးမခြင်းကို မခန့်ထားအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ မစင်ကြယ်သော ကိုယ်အကျင့်ရှိခြင်း၊ ၂။ မစင်ကြယ်သော နှုတ်အကျင့်ရှိခြင်း၊ ၃။ မစင်ကြယ်သော အသက်မွေးမှု ရှိခြင်း၊ ၄။ မလိမ္မာ မိုက်မဲခြင်း၊ ၅။ မေးစိစစ်ခြင်းကို ပေးခြင်းငှာ မစွမ်း နိုင်ခြင်း။ (ဝိ၊၅။၃၄၀။) (ဝိ၊မြန်၊၅။၄၄၄။)

ရဟန်းမတို့အား ဆုံးမခြင်းကို မခန့်ထားအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အရှက် မရှိခြင်း၊ ၂။ မိုက်မဲခြင်း၊ ၃။ ပကတိသီလ မရှိခြင်း၊ ၄။ ခိုက်ရန်ငြင်းခုံ ပြုတတ်ခြင်း၊ ၅။ သိက္ခာ သုံးပါး၌ ဖြည့်ကျင့်လေ့ မရှိခြင်း။ (ဝိ၊၅။၃၄၁။) (ဝိ၊မြန်၊၅။၄၄၅။)

ရဟန်းမတို့အား ဆုံးမခြင်းကို မယူထိုက်သော ရဟန်း၏ အင်္ဂါ (၅) ပါး ရဟန်းမိန်းမတို့အား ဆုံးမခြင်းငှာ မခန့်ထားအပ်သော ရဟန်း၏ အင်္ဂါ (၅) ပါး အားလုံးတို့နှင့် တူသည်။

http://www.dhammadownload.com

ရဟန်းမတို့အား ဆုံးမခြင်းကို မခန့်ထားအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ မကျင့်ထိုက်သော ကိုယ်အကျင့်နှင့် ပြည့်စုံခြင်း၊ ၂။ မကျင့်ထိုက်သော နှုတ်အကျင့်နှင့် ပြည့်စုံခြင်း၊ ၃။ မကျင့်ထိုက်သော ကိုယ်နှုတ်အကျင့်နှင့် ပြည့်စုံခြင်း၊ ၄။ ရဟန်းမတို့အား ဆဲရေးခြင်း၊ ၅။ ရဟန်းမတို့နှင့် မလျော်သော ရောနှောခြင်းဖြင့် ရောနှောခြင်း။ (ဝိ၅။၃၄၀။) (ဝိ၅။၃၄၁။) (ဝိ၊မြန်၊၅။၄၄၅။ (ဝိ၊မြန်၊၅။၄၄၅။)

ရဟန်းမတို့အား ဆုံးမတတ်သော ရဟန်း ပြည့်စုံရမည့် အင်္ဂါ ၈ ပါး ဘိက္ခုနီမတို့ကို ဆုံးမထိုက်သော ရဟန်း၏ အင်္ဂါ ၈ ပါးနှင့် တူသည်။

ရဟန်းတို့၏ အသွင်အပြင် ၂ မျိုး ၁။ ဖန်ရည်ဆိုးသော သင်္ကန်းကို ဝတ်ရုံခြင်း၊ ၂။ ဦးပြည်း (ခေါင်းတုံးရိတ်) ခြင်း။ (မိလိန္ဒ။၁၆၃။) (မိလိန္ဒ၊မြန်။၁၇၆။)

ရဟန်း မပြုကောင်းသော ပုဂ္ဂိုလ် ၁၃ ယောက် ၁။ အသက်နှစ်ဆယ် မပြည့်သော ပုဂ္ဂိုလ်၊ ၂။ ပါရာဇိက ကျူးသော ပုဂ္ဂိုလ်၊ ၃။ တိတ္ထိတို့၌ သာသနာတော်မှ ဖဲသွားပြီးသော ပုဂ္ဂိုလ်၊ ၄။ ထေယျသံဝါသကပုဂ္ဂိုလ်၊ ၅။ ပက္ခနုပုံသကပုဂ္ဂိုလ်၊ ၆။ တိရစ္ဆာန်ပုဂ္ဂိုလ်၊ ၇။ အမိကို သတ်ဖူးသော ပုဂ္ဂိုလ်၊ ၈။ အဖကို သတ်ဖူးသော ပုဂ္ဂိုလ်၊ ၉။ ရဟန္တာကို သတ်ဖူးသော ပုဂ္ဂိုလ်၊ ၁၀။ သံဃာသင်းခွဲဖူးသော ပုဂ္ဂိုလ်၊ ၁၁။ ဘုရားရှင်ကို သွေးစိမ်းတည်အောင် ပြုဖူးသော ပုဂ္ဂိုလ်၊ ၁၂။ ဘိက္ခုနီကို ဖျက်ဆီးဖူးသော ပုဂ္ဂိုလ်၊ ၁၃။ ဖိုမ လိင် နှစ်မျိုး ပါရှိသော ပုဂ္ဂိုလ်။ (သာရတ္ထ၊ဋီ၊၂။၅၅။)

ရဟန်းမိုက် မည်ကြောင်း ၅ ပါး ၁။ သုတ်ကို မသိခြင်း၊ ၂။ သုတ်အား အလျော်ကို မသိခြင်း၊ ၃။ ဝိနည်းကို မသိခြင်း၊ ၄။ ဝိနည်းအား အလျော်ကို မသိခြင်း၊ ၅။ အကြောင်း ဟုတ်သည် မဟုတ်သည်၌ မကျွမ်းကျင်ခြင်း။ (ဝိ၅။၃၄၄။) (ဝိ၊မြန်၊၅။၄၄၈။)

ရဟန်းမိုက် မည်ကြောင်း ၅ ပါး (တစ်နည်း) ၁။ တရားကို မသိခြင်း၊ ၂။ တရားအား အလျော်ကို မသိခြင်း၊ ၃။ ဝိနည်းကို မသိခြင်း၊ ၄။ ဝိနည်းအား လျော်စွာကို မသိခြင်း၊ ၅။ ရှေ့နောက် စကားဥ မလိမ္မာခြင်း။ (ဝိ၅။၃၄၅။) (ဝိ၊မြန်၊၅။၄၄၈။)

ရဟန်းမိုက် မည်ကြောင်း ၅ ပါး (တစ်နည်း) ၁။ ဝတ္ထုကို မသိခြင်း၊ ၂။ နိဒါန်းကို မသိခြင်း၊ ၃။ ပညတ်ကို မသိခြင်း၊ ၄။ မျက်မှောက်ပြုအပ်သော ပုဒ်ကို မသိခြင်း၊ ၅။ ရှေ့နောက် စကားစပ်ကို မသိခြင်း။ (ဝိ၅။၃၄၅။) (ဝိ၊မြန်၊၅။၄၄၉။)

ရဟန်းမိုက် မည်ကြောင်း ၅ ပါး (တစ်နည်း) ၁။ အာပတ်ကို မသိခြင်း၊ ၂။ အာပတ်ဖြစ်ကြောင်းကို မသိခြင်း၊ ၃။ အာပတ်၏ ပယောဂကို မသိခြင်း၊ ၄။ အာပတ်ငြိမ်းခြင်းကို မသိခြင်း၊ ၅။ အာပတ် အဆုံးဖြတ်၌ မလိမ္မာခြင်း။ (ဝိ၅။၃၄၅။) (ဝိ၊မြန်၊၅။၄၄၉။)

ရဟန်းမိုက် မည်ကြောင်း ၅ ပါး (တစ်နည်း) ၁။ အဓိကရဏ်းကို မသိခြင်း၊ ၂။ အဓိကရဏ်းဖြစ်ကြောင်း (သမုဋ္ဌာန်) ကို မသိခြင်း၊ ၃။ အဓိကရဏ်း၏ ပယောဂကို မသိခြင်း၊ ၄။ အဓိကရဏ်းငြိမ်းခြင်းကို မသိခြင်း၊ ၅။ အဓိကရဏ်းကို ဆုံးဖြတ်ခြင်း၌ မကျွမ်းကျင်ခြင်း။ (ဝိ၅။၃၄၆။) (ဝိ၊မြန်၊၅။၄၄၉။)

ရဟန်းများ ကုသိုလ်ရကြောင်း အင်္ဂါ ၃ ပါး ၁။ နံနက်အခါ ရိုသေလေးစားစွာ သမာဓိနိမိတ်ကို

http://www.dhammadownload.com

ဆောက်တည်ခြင်း၊ ၂။ နေ့လယ်၌ ရှိသေလေးစားစွာ သမာဓိနိမိတ်ကို ဆောက်တည်ခြင်း၊ ၃။ ညနေ၌ ရှိသေလေးစားစွာ သမာဓိနိမိတ်ကို ဆောက်တည်ခြင်း။ (အံ၊၁။၁၁၄။) (အံ၊မြန်၊ ၁။၁၃၃။)

ရဟန်းများ ကုသိုလ် မရကြောင်း အင်္ဂါ ၃ ပါး ၁။ နံနက်အခါ၌ ရှိသေလေးစားစွာ သမာဓိနိမိတ်ကို မဆောက်တည်ခြင်း၊ ၂။ နေ့လယ်အခါ၌ ရှိသေလေးစားစွာ သမာဓိနိမိတ်ကို မဆောက် တည်ခြင်း၊ ၃။ ညနေအခါ၌ ရှိသေလေးစားစွာ သမာဓိနိမိတ်ကို မဆောက်တည်ခြင်း။ (အံ၊၁။၁၁၃။) (အံ၊မြန်၊၁။၁၃၂။)

ရဟန်းများ ကြီးပွားကြောင်း တရား ၁၀ ပါး ၁။ သဒ္ဓါတရားရှိသူ ဖြစ်ခြင်း၊ ၂။ သီလ ရှိခြင်း၊ ၃။ အကြားအမြင်များခြင်း၊ ၄။ ဆုံးမလွယ်ခြင်း၊ ၅။ မိတ်ဆွေကောင်း ရှိခြင်း၊ ၆။ ထက်သန်သော လုံ့လရှိခြင်း၊ ၇။ ထင်သော သတိရှိသူ ဖြစ်ခြင်း၊ ၈။ ရောင့်ရဲလွယ်ခြင်း၊ ၉။ အလိုနည်းသူ ဖြစ်ခြင်း၊ ၁၀။ အယူမှန်ရှိခြင်း။ (အံ၊၃။၃၇၈။) (အံ၊မြန်၊၃။၃၇၄။)

ရဟန်းများ ကြွထိုက်သော အိမ် ၉ မျိုး ၁။ မြတ်မြတ်နိုးနိုး ခရီးဦးကြိုဆိုသော အိမ်၊ ၂။ မြတ်မြတ်နိုးနိုး ရှိခိုးသော အိမ်၊ ၃။ နေရာထိုင်ခင်းပေးသော အိမ်၊ ၄။ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုတို့ကို သိုဝှက်မထားသော အိမ်၊ ၅။ လှူဖွယ်အများကို လှူသော အိမ်၊ ၆။ မွန်မြတ်သော လှူဖွယ်ဝတ္ထုကို လှူသော အိမ်၊ ၇။ ရိုရိုသေသေ ပေးလှူသော အိမ်၊ ၈။ တရားနာရန် ချဉ်းကပ်သော အိမ်၊ ၉။ တရားကို ကောင်းစွာ နာကြားသော အိမ်။ (အံ၊၃။၁၉၂။) (ဓမ္မ၊ဋ္ဌ၊၁။၂၁၇။) (အံ၊မြန်၊၃။၁၉၃။)

ရဟန်းများ ချီးကျူးခံရပုံ ၅ မျိုး ၁။ ကုသိုလ်တရားတို့၌ ယုံကြည်မှု သဒ္ဓါရှိ၏ဟု ချီးမွမ်းခံရခြင်း၊ ၂။ ကုသိုလ်တရားတို့၌ ရှက်မှု ဟိရီ ရှိ၏ဟု ချီးမွမ်းခံရခြင်း၊ ၃။ ကုသိုလ်တရားတို့၌ ကြောက်လန့်မှု ဩတ္တပ္ပ ရှိ၏ဟု ချီးမွမ်းခံရခြင်း၊ ၄။ ကုသိုလ်တရားတို့၌ အားထုတ်မှု ဝီရိယ ရှိ၏ဟု ချီးမွမ်းခံရခြင်း၊ ၅။ ကုသိုလ်တရားတို့၌ သိမှုပညာ ရှိ၏ဟု ချီးမွမ်းခံရခြင်း။ (အံ၊၂။၄။) (အံ၊မြန်၊၂။၆။)

ရဟန်းများ ချီးမွမ်းခံရကြောင်း ၃ ပါး ၁။ ဆိတ်ငြိမ်စွာ နေတော်မူသော မြတ်စွာဘုရား၏ တပည့်သာဝကရဟန်းတို့သည် ဆိတ်ငြိမ်မှု ဝိဝေကကို အတုလိုက်၍ ကျင့်ကြခြင်း၊ ၂။ ဘုရားရှင်က ပယ်ရန် ဟောကြားတော်မူအပ်သော အကုသိုလ်တရားများကို ပယ်ခြင်း၊ ၃။ ပစ္စည်းပစ္စယများ တိုးပွားစေရန်သာ ကျင့်သူများ မဟုတ်ကြဘဲ ဘုရားရှင်၏ အဆုံးအမများကို လေးလေးစားစား နာယူကြလျက် မဂ်ဖိုလ်နိဗ္ဗာန် ဟူသော ဥပဓိဝိဝေကကို ရရှိရေး၌ ရှေ့သွားပုဂ္ဂိုလ်များ ဖြစ်ခြင်း။ (မ၊၁။၁၈။) (မ၊မြန်၊၁။၂၀။)

ရဟန်းများ စုဝေးရာ၌ ပြုလုပ်ရမည့်အလုပ် ၂ မျိုး ၁။ သစ္စာလေးပါးနှင့် စပ်ယှဉ်သော တရားစကား ကိုသာ ပြောဆိုခြင်း၊ ၂။ သမထ ဝိပဿနာ ဘာဝနာဖြင့် ဆိတ်ဆိတ်နေခြင်း။ (ဥဒါန၊ဋ္ဌ။၉၄။)

ရဟန်းများ စံပြု တောင့်တထိုက်သော ပုဂ္ဂိုလ် ၂ ပါး ၁။ အရှင်သာရိပုတ္တရာ၊ ၂။ အရှင်မဟာမောဂ္ဂလာန်။ (အံ၊၁။၈၇။) (အံ၊မြန်၊၁။၁၀၂။)

ရဟန်းများ စည်းဝေးရာ အခါ ၂ မျိုး ၁။ကမ္မဋ္ဌာန်းယူခြင်းအကျိုးငှာဝါဆိုခါနီးကာလ၌စည်းဝေးခြင်း၊

http://www.dhammadownload.com

၂။ ရရှိအပ်သော တရားထူးကို လျှောက်ကြားခြင်းငှာ ဝါကျတ်ပြီးကာလ၌ စည်းဝေးခြင်း။ (ဒီ၊ဋ္ဌ၊၂။၁၇၂။) (ဒီ၊ဋ္ဌ၊မြန်၊၂။၃၂၄။)

ရဟန်းများ ဆုတ်ယုတ်ကြောင်း တရား ၃ ပါး ၁။ အပေါင်းအသင်း, အပေါင်းအဖော်တို့၌ မွေ့လျော်ခြင်း၊ ၂။ ပြောဆိုဆုံးမခက်သော သူဖြစ်ခြင်း၊ ၃။ ယုတ်မာသော အဆွေခင်ပွန်းရှိသူ ဖြစ်ခြင်း။ (အံ၊၂။၂၇၃။) (အံ၊မြန်၊၂။၃၅၂။)

ရဟန်းများ ဆုတ်ယုတ်ကြောင်း တရား ၃ ပါး (တစ်နည်း) ၁။ အမှုသစ် အလုပ်အကိုင်၌ မွေ့လျော်ခြင်း၊ ၂။ စကားပြောခြင်း စကားများခြင်း၌ မွေ့လျော်ခြင်း၊ ၃။ အအိပ်များခြင်း၌ မွေ့လျော်ခြင်း။ (အံ၊၂။၂၇၃။) (အံ၊မြန်၊၂။၃၅၁။)

ရဟန်းများ ဆုတ်ယုတ်ကြောင်း တရား ၆ ပါး ၁။ အမှုသစ်၌ မွေ့လျော်ခြင်း၊ ၂။ စကားပြောမှု၌ မွေ့လျော်ခြင်း၊ ၃။ အိပ်မှု၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ ၅။ ဆုံးမခက်ခြင်း၊ ၆။ ယုတ်မာသော အဆွေခင်ပွန်း ရှိခြင်း။ (အံ၊၂။၂၇၃။) (အံ၊မြန်၊၂။၃၅၁-၃၅၂။)

ရဟန်းများ နေရာတိုင်း၌ ချမ်းသာစွာ နေရကြောင်း ၁၀ ပါး ၁။ မထေရ်ကြီး ဖြစ်ခြင်း၊ ၂။ သီလရှိခြင်း၊ ၃။ အကြားအမြင်များခြင်း၊ ၄။ အဓိကရဏ်းငြိမ်းစေမှု၌ ကျွမ်းကျင်ခြင်း၊ ၅။ ပါတိမောက်နှစ်ပါးကို နှုတ်တက်ရွတ် ရရှိခြင်း၊ ၆။ ဓမ္မဝိနယ၌ ဝမ်းမြောက်မှု ရှိခြင်း၊ ၇။ ရောင့်ရဲလွယ်ခြင်း၊ ၈။ ကြည်ညိုဖွယ် ရှိခြင်း၊ ၉။ ဈာန်လေးပါးကို အလိုရှိတိုင်း ရရှိခြင်း၊ ၁၀။ အရဟတ္တဖိုလ်ပညာ ရှိခြင်း။ (အံ၊၃။၄၁၉။) (အံ၊မြန်၊၃။၄၁၂။)

ရဟန်းများ နန်းတွင်းသို့ ဝင်ခြင်း၌ အပြစ် ၁၀ ပါး ၁။ မင်းနှင့် မိဖုရား အတူတကွရှိနေစဉ် ရဟန်း ဝင်သွားသောအခါ မိဖုရားက သော်လည်းကောင်း ရဟန်းက သော်လည်းကောင်း ပြုံးရယ်မိရာ၌ မင်းကြီးက "ဤရဟန်းနှင့် မိဖုရားတို့သည် လွန်ကျူးပြီးသော်လည်းကောင်း, လွန်ကျူးလတ္တံ့သော်လည်းကောင်း, မချွတ်ဧကန် ဖြစ်တန်ရာ၏"ဟု အထင်မှားမှု ဖြစ်တတ်ခြင်း၊ ၂။ မင်းကြီးသည် အမှုကိစ္စများသဖြင့် မိဖုရားငယ်တစ်ယောက်ကို သွားလာပြီးနောက် အမှတ်မရဘဲ မိဖုရားငယ် ကိုယ်ဝန်တည်သောအခါ "ဤအရပ်၌ ရဟန်းမှ တစ်ပါး အခြားမည်သူမျှ မဝင်၊ ရဟန်း၏ အမှုပင် ဖြစ်တန်ရာ၏"ဟု အထင်မှားမှု ဖြစ်တတ်ခြင်း၊ ၃။ နန်းတော်တွင်း၌ ရတနာပစ္စည်း တစ်စုံတစ်ခု ပျောက်ပျက်သောအခါ ရဟန်း၏ အမှုပင် ဖြစ်ရာသလောဟု အထင်မှားမှု ဖြစ်တတ်ခြင်း၊ ၄။ နန်းတော်တွင်း၏ လျှို့ဝှက်တိုင်ပင်ချက် နန်းတွင်းရေးရာများ အပြင်သို့ ပေါက်ကြားသောအခါ ရဟန်း၏ အမှုပင် ဖြစ်ရာသလောဟု အထင်မှားမှု ဖြစ်တတ်ခြင်း၊ ၅။ နန်းတွင်း၌ သားတော်က ခမည်းတော်မင်းကြီးကို လုပ်ကြံသတ်ဖြတ်ဖို့ရန်လည်းကောင်း ခမည်းတော်မင်းကြီးကလည်း သားတော်ကို လုပ်ကြံသတ်ဖြတ်ဖို့ရန်လည်းကောင်း အလိုရှိတတ်၏၊ ထိုအခါ ရဟန်း၏ အမှုပင် ဖြစ်လေသလောဟု အထင်မှားမှု ဖြစ်တတ်ခြင်း၊ ၆။ နန်းတွင်း၌ ရာထူးနိမ့်သော ပုဂ္ဂိုလ်ကို ရာထူးတိုးမြှင့်ခန့်အပ်သောအခါ "ဤမင်းသည် ရဟန်းနှင့် ရောနှော၏၊ ရဟန်း၏ အမှုပင် ဖြစ်လေသလော"ဟု ရာထူးပြောင်းလွဲခြင်းကို မနှစ်သက်သော သူတို့၏ အထင်မှားမှု ဖြစ်တတ်ခြင်း၊ ၇။ နန်းတွင်း၌ ရာထူးကြီးသူကို နိမ့်သော ရာထူး၌ ချထားခြင်းပြုသောအခါ "ဤမင်းသည်

http://www.dhammadownload.com

ရဟန်းနှင့် ရောနှောဏ်၊ ဤအမှုသည် ရဟန်း၏အမှုပင် ဖြစ်လေသလော"ဟု ရာထူးပြောင်းလွဲခြင်းကို မနှစ်သက်သော သူတို့၏ အထင်မှားမှု ဖြစ်တတ်ခြင်း၊ ၈။ မင်းကြီးသည် အချိန်မဲ့ အခါမဲ့၌ စစ်တပ်ကို စေလွှတ်သောအခါ ရဟန်း၏ အမှုပင် ဖြစ်လေသလော–ဟု အခါမဲ့၌ စစ်တပ်စေလွှတ်ခြင်းကို မနှစ်သက်သော သူတို့၏ အထင်မှားမှု ဖြစ်တတ်ခြင်း၊ ၉။ မင်းကြီးသည် စစ်တပ်ကို စေလွှတ်ပြီးနောက် လမ်းခရီးအကြားရောက်မှ တစ်ဖန် ပြန်လာစေသောအခါ "ဤအမှုသည် ရဟန်း၏ အမှုပင် ဖြစ်လေသလော"ဟု စစ်တပ်ပြန်လာခြင်းကို မနှစ်သက်သော သူတို့၏ အထင်မှားမှု ဖြစ်တတ်ခြင်း၊ ၁၀။ မင်း၏ နန်းတော်သည် ဆင်, မြင်း, ရထားတို့ဖြင့် ကျဉ်းမြောင်း ကြပ်တည်း၏၊ တပ်မက်ဖွယ် ရူပါရုံ သဒ္ဒါရုံ စသည်တို့လည်း ပေါများ၏၊ ထိုအာရုံတို့သည် ရဟန်းတို့အား မလျောက်ပတ်ခြင်း။ (ဝိ၊၂။၂၀၇–၂၀၈။) (အံ၊၃။၃၂၀။) (ဝိ၊မြန်၊၂။၂၃၃–၂၃၄။) (အံ၊မြန်၊၃။၃၁၉။)

ရဟန်းများ ပျံလွန်သောအခါ ပူပန်ရကြောင်း တရား ၆ ပါး ၁။ အမှုသစ် အလုပ်အကိုင်၌ မွေ့လျော်သည်ဖြစ်၍ ထိုအမှုသစ်ကို အဖန်ဖန် အားထုတ်ခြင်း၊ ၂။ စကားပြောခြင်း၌ မွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းသင်း၌ မွေ့လျော်ခြင်း၊ ၅။ နီးနှောမှု ငါးမျိုး၌ မွေ့လျော်ခြင်း၊ ၆။ ချဲ့ထွင်မှု ပပဉ္စတရား၌ မွေ့လျော်သည်ဖြစ်၍ ထိုပပဉ္စတရားတို့ကို အဖန်ဖန် အားထုတ်ခြင်း။ (အံ၊၂။၂၆၀။) (အံ၊မြန်၊၂။၃၃၈။)

ရဟန်းများ ပျံလွန်သောအခါ မပူပန်ရကြောင်း တရား ၆ ပါး ၁။ အမှုသစ် အလုပ်အကိုင်၌ မမွေ့လျော်သည်ဖြစ်၍ ထိုအမှုသစ်ကို အဖန်ဖန် အားမထုတ်ခြင်း၊ ၂။ စကားပြောခြင်း၌ မမွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မမွေ့လျော်ခြင်း၊ ၄။ အပေါင်းအသင်း၌ မမွေ့လျော်ခြင်း၊ ၅။ နီးနှောခြင်း၌ မမွေ့လျော်ခြင်း၊ ၆။ ချဲ့ထွင်မှု ပပဉ္စတရား၌ မမွေ့လျော်သည်ဖြစ်၍ ထိုချဲ့ထွင်မှု ပပဉ္စတရားတို့ အဖန်ဖန် အားမထုတ်ခြင်း။ (အံ၊၂။၂၆၁။) (အံ၊မြန်၊၂။၃၃၈။)

ရဟန်းများ ပြုအပ်သော ကိစ္စ ၂ မျိုး ၁။ တရားနှင့် စပ်သော စကားကို ပြောဆိုခြင်း၊ ၂။ မြတ်သော ဆိတ်ဆိတ်နေခြင်း။ (အံ၊၃။၁၇၀။) (အံ၊မြန်၊၃။၁၇၂။)

ရဟန်းများ မကျက်စားထိုက်သော အရပ် ၆ မျိုး ၁။ ပြည့်တန်ဆာမ အိမ်၊ ၂။ တစ်ခုလပ် မုဆိုးမအိမ်၊ ၃။ အပျိုကြီးအိမ်၊ ၄။ ပဏ္ဍုကအိမ်၊ ၅။ ဘိက္ခုနီကျောင်း၊ ၆။ သေတင်းကုပ်။ (သုတ္တနိ၊၄၊၁။၁၇၉။)

ရဟန်းများ မကြီးပွားကြောင်း တရား ၁၀ ပါး ၁။ သဒ္ဓါတရားမရှိသူ ဖြစ်ခြင်း၊ ၂။ သီလ မရှိခြင်း၊ ၃။ အကြားအမြင် ဗဟုသုတနည်းခြင်း၊ ၄။ ဆုံးမခက်သူ ဖြစ်ခြင်း၊ ၅။ မိတ်ဆွေ ယုတ်ရှိခြင်း၊ ၆။ ပျင်းရိသူ ဖြစ်ခြင်း၊ ၇။ သတိမေ့ပျောက်သူ ဖြစ်ခြင်း၊ ၈။ မရောင့်ရဲတတ်ခြင်း၊ ၉။ အလိုဆိုးရှိသူ ဖြစ်ခြင်း၊ ၁၀။ အယူမှားခြင်း။ (အံ၊၃။၃၇၇။) (အံ၊မြန်၊၃။၃၇၄။)

ရဟန်းများ မကြွထိုက်သော အိမ် ၉ မျိုး ၁။ မြတ်မြတ်နိုးနိုး ခရီးဦးမကြွဆိုသော အိမ်၊ ၂။ မြတ်မြတ်နိုးနိုး ရှိမခိုးသော အိမ်၊ ၃။ နေရာထိုင်ခင်း မပေးသော အိမ်၊ ၄။ ထင်ရှားရှိသော လှူဖွယ်ဝတ္ထုတို့ကို သိုဝှက်ထားသော အိမ်၊ ၅။ လှူဖွယ်အများရှိလျက် အနည်းငယ်မျှသာ လှူသော အိမ်၊ ၆။ မွန်မြတ်သော လှူဖွယ်ဝတ္ထု ရှိပါလျက် မကောင်းသည်ကို လှူသော အိမ်၊ ၇။ မရိုမသေ

http://www.dhammadownload.com

ပေးလှူသော အိမ်၊ ၈။ တရားနာရန် မချဉ်းကပ်သော အိမ်၊ ၉။ တရားကို ကောင်းစွာ မနာကြားသော အိမ်။ (အံ၊၃။၁၉၂။) (ဓမ္မ၊၄၊၁။၂၁၇။) (အံ၊မြန်၊၃။၁၉၃။)

ရဟန်းများ မကြွထိုက်သော ၄ဘန ၆ ၄ဘန ၁။ ပြည့်တန်ဆာမ ကျက်စားရာအရပ်၊ ၂။ လင်သေ, လင်ပြတ် တစ်ခုလပ်မုဆိုးမ ကျက်စားရာအရပ်၊ ၃။ အရွယ်လွန်ပြီး အပျိုကြီး ကျက်စားရာ အရပ်၊ ၄။ ပဏ္ဍုကျက်ကျက်စားရာအရပ်၊ ၅။ ထန်းရည်, ဓနိရည်, အရက်ဆိုင်ဟူသော ကျက်စားရာ အရပ်၊ ၆။ ဘိက္ခုနီ မပြတ်သွားရာ အရပ်။ (မူလဋီ၊၁။၉၇။)

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၆ ပါး ၁။ အမှုသစ်၌ မမွေ့လျော်ခြင်း၊ ၂။ စကား ပြောမှု၌ မမွေ့လျော်ခြင်း၊ ၃။ အိပ်မှု၌ မမွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မမွေ့လျော်ခြင်း၊ ၅။ မိတ်ဆွေကောင်း ရှိခြင်း။ (အံ၊၂။၂၇၄။) (အံ၊မြန်၊၂။၃၅၂။)

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၆ ပါး (တစ်နည်း) (ပထမ အပရိဟာနသုတ်) ၁။ ဘုရား၌ ရှိသေခြင်း၊ ၂။ တရား၌ ရှိသေခြင်း၊ ၃။ သံဃာ၌ ရှိသေခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရှိသေခြင်း၊ ၅။ မမေ့မလျော့မှု၌ ရှိသေခြင်း၊ ၆။ အစေ့အစပ်ပြုမှု၌ ရှိသေခြင်း။ (အံ၊၃။၂၉၀။) (အံ၊၃။၂၉၁။) (အံ၊မြန်၊၃။၃၇၃။) (အံ၊မြန်၊၃။၃၇၃။)

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၆ ပါး (တစ်နည်း) (ဒုတိယအပရိဟာနသုတ်) ၁။ ဘုရား၌ ရှိသေခြင်း၊ ၂။ တရား၌ ရှိသေခြင်း၊ ၃။ သံဃာ၌ ရှိသေခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရှိသေခြင်း၊ ၅။ ရှက်မှုဟိရိ၌ ရှိသေခြင်း၊ ၆။ ကြောက်လန့်မှု ဩတ္တပ္ပ၌ ရှိသေခြင်း။ (အံ၊၃။၂၉၁။) (အံ၊မြန်၊၃။၃၇၅။)

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၆ ပါး (တစ်နည်း) အပရိဟာနိယတရား ၆ ပါး (ဘိက္ခုအပရိဟာနိယတရား ၆ ပါး) နှင့် တူသည်။

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၆ ပါး ၁။ မြတ်စွာဘုရား၌ ရှိသေမှုရှိခြင်း၊ ၂။ တရားတော်၌ ရှိသေမှုရှိခြင်း၊ ၃။ သံဃာတော်၌ ရှိသေမှုရှိခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရှိသေမှု ရှိခြင်း၊ ၅။ ဆိုဆုံးမ လွယ်သော စကားရှိခြင်း၊ ၆။ အဆွေခင်ပွန်းကောင်း ရှိခြင်း။ (အံ၊၃။၃၇၀။) (အံ၊မြန်၊၃။၄၆၅။)

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး အပရိဟာနိယတရား ၇ ပါး (ဘိက္ခု အပရိဟာနိယတရား ၇ ပါး) နှင့် တူသည်။

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး (တစ်နည်း) အပရိဟာနိယတရား ၇ ပါး (ဘိက္ခု အပရိဟာနိယတရား ၇ ပါး) နှင့် တူသည်။

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး (တစ်နည်း) အပရိဟာနိယတရား ၇ ပါး (ဘိက္ခု အပရိဟာနိယတရား ၇ ပါး) နှင့် တူသည်။

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး (တစ်နည်း) အပရိဟာနိယတရား ၇ ပါး (ဘိက္ခု အပရိဟာနိယတရား ၇ ပါး) နှင့် တူသည်။

http://www.dhammadownload.com

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး (တစ်နည်း) အပရိဟာနိယတရား ၇ ပါး (ဘိက္ခု အပရိဟာနိယတရား ၇ ပါး) နှင့် တူသည်။

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး (တစ်နည်း) ၁။ ဘုရား၌ ရိုသေမှု ရှိခြင်း၊ ၂။ တရား၌ ရိုသေမှု ရှိခြင်း၊ ၃။ သံဃာ၌ ရိုသေမှု ရှိခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရိုသေမှု ရှိခြင်း၊ ၅ သမာဓိ၌ ရိုသေမှု ရှိခြင်း၊ ၆။ ရှက်ခြင်း၌ ရိုသေမှု ရှိခြင်း၊ ၇။ ကြောက်ခြင်း၌ ရိုသေမှု ရှိခြင်း။ (အံ၊၂။၄၁၉။) (အံ၊မြန်၊၂။ ၅၃၀။)

ရဟန်းများ မဆုတ်ယုတ်ကြောင်းတရား ၇ ပါး (တစ်နည်း) ၁။ ဘုရား၌ ရိုသေမှု ရှိခြင်း၊ ၂။ တရား၌ ရိုသေမှု ရှိခြင်း၊ ၃။ သံဃာ၌ ရိုသေမှု ရှိခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရိုသေမှု ရှိခြင်း၊ ၅။ သမာဓိ၌ ရိုသေမှု ရှိခြင်း၊ ၆။ ဆုံးမလွယ်သော စကားရှိခြင်း၊ ၇။ အဆွေခင်ပွန်းကောင်း ရှိခြင်း။ (အံ၊၂။၄၂၀။) (အံ၊မြန်၊၂။၅၃၁။)

ရဟန်းများ မဆုတ်ယုတ်ကြောင်းတရား ၇ ပါး (တစ်နည်း) ၁။ ဘုရား၌ ရိုသေခြင်း၊ ၂။ တရား၌ ရိုသေခြင်း၊ ၃။ သံဃာ၌ ရိုသေခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရိုသေခြင်း၊ ၅။ သမာဓိ၌ ရိုသေခြင်း၊ ၆။ မမေ့လျော့ခြင်း၌ ရိုသေခြင်း၊ ၇။ အစေ့အစပ်ပြုခြင်း၌ ရိုသေခြင်း။ (အံ၊၂။၄၁၉) (အံ၊မြန်၊၂။ ၅၃၀။)

ရဟန်းများ မဆုတ်ယုတ်ကြောင်းတရား ၇ ပါး ၁။ မပြတ် စည်းဝေးခြင်း၊ ၂။ သံဃာကိစ္စကို အညီအညွတ် ဆောင်ရွက်ခြင်း၊ ၃။ မပညတ်သော အရာကို မပညတ်၊ ပညတ်ထားသော အရာကို မပယ်ဖျက်ခြင်း၊ ၄။ သံဃာဦးစီး မထေရ်ကြီးတို့ကို ရိုသေမြတ်နိုးခြင်း၊ ၅။ ဘဝသစ်ကို တစ်ဖန် ပေးတတ်သည့် တဏှာ၏ အလိုသို့မလိုက်ခြင်း၊ ၆။ တောကျောင်း၌သာ နေလိုကြခြင်း၊ ၇။ သီလကို ချစ်မြတ်နိုးကုန်သော သိတင်းသုံးဖော်တို့အား စောင့်ရှောက်ခြင်း။ (အံ၊၂။၄၁၂။) (အံ၊မြန်၊၂။၅၂၂။)

ရဟန်းများ မဆုတ်ယုတ်ကြောင်းတရား ၆ ပါး ၁။ ဘုရား၌ ရိုသေခြင်း၊ ၂။ တရား၌ ရိုသေခြင်း၊ ၃။ သံဃာ၌ ရိုသေခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရိုသေခြင်း၊ ၅။ ဆိုဆုံးမလွယ်ခြင်း၊ ၆။ အဆွေခင်ပွန်းကောင်း ရှိခြင်း။ (အံ၊၂။၃၇၀။) (အံ၊မြန်၊၂။၄၆၅။)

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး (တစ်နည်း) ၁။ အမှုသစ်၌ လုံ့လ မစိုက်ကြခြင်း၊ ၂။ စကားပြောခြင်း၌ လုံ့လမစိုက်ကြခြင်း၊ ၃။ အိပ်စက်မှု၌ လုံ့လမစိုက်ကြခြင်း၊ ၄။ အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်မှု၌ လုံ့လမစိုက်ကြခြင်း၊ ၅။ အလိုဆိုးမှ ကင်းခြင်း၊ ၆။ ယုတ်ညံ့သော အဆွေခင်ပွန်းမှ ရှောင်ကြဉ်ခြင်း၊ ၇။ အနည်းငယ်သော တရားထူးကို ရကာမျှဖြင့် ရပ်စဲ၍ မနေခြင်း။ (အံ၊၂။ ၄၁၃။) (အံ၊မြန်၊၂။၅၂၃။)

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး (တစ်နည်း) ၁။ ယုံကြည်မှု သဒ္ဓါနှင့် ပြည့်စုံရခြင်း၊ ၂။ မကောင်းမှုမှ ရှက်မှု ဟိရီ ရှိရခြင်း၊ ၃။ မကောင်းမှုမှ ကြောက်လန့်မှု ဩတ္တပ္ပ ရှိရခြင်း၊ ၄။ အကြားအမြင် ဗဟုသုတ ရှိရခြင်း၊ ၅။ ထက်သန်သော လုံ့လ ရှိရခြင်း၊ ၆။ အောက်မေ့မှု သတိနှင့် ပြည့်စုံရခြင်း၊ ၇။ ဝိပဿနာ ဘာဝနာနှင့် ပြည့်စုံရခြင်း။ (အံ၊၂။ ၄၁၃။) (အံ၊မြန်၊၂။၅၂၃။)

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး (တစ်နည်း) ၁။ သတိသမ္ဗောဇ္ဈင်ကို ပွားနေခြင်း၊

http://www.dhammadownload.com

၂။ ဓမ္မဝိစယ သမ္မောဇ္ဈင်္ကို ပွားနေခြင်း၊ ၃။ ဝီရိယသမ္မောဇ္ဈင်္ကို ပွားနေခြင်း၊ ၄။ ပီတိသမ္မောဇ္ဈင်္ကို ပွားနေခြင်း၊ ၅။ ပဿဒ္ဓိသမ္မောဇ္ဈင်္ကို ပွားနေခြင်း၊ ၆။ သမာဓိသမ္မောဇ္ဈင်္ကို ပွားနေခြင်း၊ ၇။ ဥပေက္ခာသမ္မောဇ္ဈင်္ကို ပွားနေခြင်း။ (အံ၊၂။၄၁၄။) (အံ၊မြန်၊၂။၅၂၄။)

ရဟန်းများ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး (တစ်နည်း) ၁။ အနိစ္စသညာကို ပွားနေရခြင်း၊ ၂။ အနတ္တသညာကို ပွားနေရခြင်း၊ ၃။ အသုဘသညာကို ပွားနေရခြင်း၊ ၄။ အာဒီနဝသညာကို ပွားနေရခြင်း၊ ၅။ ပဟာနသညာကို ပွားနေရခြင်း၊ ၆။ ဝိရာဂသညာကို ပွားနေ ရခြင်း၊ ၇။ နိရောဓသညာကို ပွားနေရခြင်း။ (အံ၊၂။၄၁၄။) (အံ၊မြန်၊၂။၅၂၅။)

ရဟန်းများ မမှီဝဲထိုက်သော အစွန်းရောက် တရား ၂ ပါး ၁။ ကာမဂုဏ်ချမ်းသာကို ကပ်ငြိသော အားဖြင့် အဖန်တလဲလဲ လိုက်စားအားထုတ်ခြင်း (ကာမသုခလ္လိကာနုယောဂ)၊ ၂။ ခန္ဓာကိုယ်ကို ပင်ပန်းဆင်းရဲစေသော အားထုတ်မှု (အတ္တကိလမထာနုယောဂ) ။ (ပဋိသံ။၃၃၀။) (ပဋိသံ၊မြန်။ ၃၉၁။)

ရဟန်းများ ရုပ်ရည်အဆင်း ကြည်လင်ကြောင်း ၃ ပါး ၁။ လွန်ပြီးလာဘ်ကို တွေးတော ပူပန်မှု မရှိခြင်း၊ ၂။ အနာဂတ်လာဘ်ကို မတောင့်တခြင်း၊ ၃။ ပစ္စုပ္ပန် လာဘ်လာဘဖြင့်သာ မျှတခြင်း။ (သံ၊၁။၅။) (သံ၊မြန်၊၁။၅။)

ရဟန်းများ အမြဲမပြတ် ဆင်ခြင်အပ်သော တရား ၁၀ ပါး ၁။ ငါသည် အဆင်း ဖောက်ပြန်သည်၏ အဖြစ်သို့ ကပ်ရောက်ရာ၏ဟု ဆင်ခြင်ရခြင်း၊ ၂။ ငါ၏ အသက်မွေးမှုသည် သူတစ်ပါးနှင့် ဆက်စပ်နေ၏ဟု ဆင်ခြင်ရခြင်း၊ ၃။ ငါသည် လူအမူအရာ အသွင်အပြင်မှ တစ်ပါး အခြားသော အသွင်အပြင် အမူအရာကို ပြုသင့်၏ဟု ဆင်ခြင်ရခြင်း၊ ၄။ ငါ၏ စိတ်သည် သီလအားဖြင့် မိမိကိုယ်ကို မစွပ်စွဲဘဲ ရှိ၏လောဟု ဆင်ခြင်ရခြင်း၊ ၅။ ငါ့ကို သိနားလည်သော သီတင်းသုံးဖော်တို့က သီလအားဖြင့် မစွပ်စွဲဘဲ ရှိကြ၏လောဟု ဆင်ခြင်ရခြင်း၊ ၆။ ငါသည် ချစ်သူခင်သူ အားလုံးတို့နှင့် သေကွဲရှင်ကွဲ ကွဲရလိမ့်မည်ဟု ဆင်ခြင်ရခြင်း၊ ၇။ ငါသည် ကံသာလျှင် အမွေခံ ဥစ္စာရှိ၏ဟု ဆင်ခြင်ရခြင်း၊ ၈။ ငါသည် အဘယ်ကဲ့သို့ ဖြစ်နေစဉ် နေ့ညဉ့်တို့သည် ငါ့ကို ကျော်လွန်သနည်းဟု ဆင်ခြင်ရခြင်း၊ ၉။ ငါသည် ဆိတ်ငြိမ်ရာ တောကျောင်း၌ မွေ့လျော်ပါ၏လောဟု ဆင်ခြင်ရခြင်း၊ ၁၀။ ငါသည် ဥတ္တရိမနုဿဓမ္မ တရားထူး တရားမြတ်ကို ရထိုက်ပြီး သေခါနီးအခါ၌ မျက်နှာမလှ မဖြစ်ရအံ့ လောဟု ဆင်ခြင်ရခြင်း။ (အံ၊၃။၃၂၅။) (အံ၊မြန်၊၃။၃၂၄။)

ရဟန်းများ အသေကောင်းကြောင်း တရား ၆ ပါး ၁။ အလုပ်အကိုင်၌ မမွေ့လျော်သည် ဖြစ်၍ ထိုအလုပ်အကိုင်ကို အဖန်ဖန် အားမထုတ်ခြင်း၊ ၂။ စကားပြောဆိုခြင်း၌ မမွေ့လျော်သည် ဖြစ်၍ ထိုစကားပြောဆိုခြင်းကို အဖန်ဖန် အားမထုတ်ခြင်း၊ ၃။ အိပ်ခြင်း၌ မမွေ့လျော်သည် ဖြစ်၍ ထိုအိပ်ခြင်းကို အဖန်ဖန် အားမထုတ်ခြင်း၊ ၄။ အပေါင်းအသင်း၌ မမွေ့လျော်သည် ဖြစ်၍ ထိုအပေါင်းအသင်းကို အဖန်ဖန် အားမထုတ်ခြင်း၊ ၅။ နှီးနှောရောနှောမှု သံသဂ္ဂါးမျိုးတို့၌ မမွေ့လျော်သည်ဖြစ်၍ ထိုနှီးနှောမှုတို့ကို အဖန်ဖန် အားမထုတ်ခြင်း၊ ၆။ ချဲ့ထွင်မှု ပပဉ္စတရား

http://www.dhammadownload.com

တို့၌ မမွေ့လျော်သည်ဖြစ်၍ ထိုချဲ့ထွင်မှု ပပဉ္စတရားတို့ကို အဖန်ဖန် အားမထုတ်ခြင်း။ (အံ၊၂။၂၆၀။) (အံ၊မြန်၊၂။၃၃၇။)

ရဟန်းများ အသေမကောင်းကြောင်း တရား ၆ ပါး ၁။ အလုပ်အကိုင်၌ မွေ့လျော်သည်ဖြစ်၍ ထိုအလုပ်အကိုင်ကို အဖန်ဖန် အားထုတ်၍ နေခြင်း၊ ၂။ စကားပြောဆိုခြင်း၌ မွေ့လျော်သည်ဖြစ်၍ ထိုစကားပြောဆိုမှုကို အဖန်ဖန် အားထုတ်၍ နေခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်သည်ဖြစ်၍ ထိုအိပ်ခြင်းကို အဖန်ဖန် အားထုတ်၍ နေခြင်း၊ ၄။ အပေါင်းအသင်း၌ မွေ့လျော်သည်ဖြစ်၍ ထိုအပေါင်းအဖော်ကို အဖန်ဖန် အားထုတ်၍ နေခြင်း၊ ၅။ နှိုးနှောမှု ရောနှောမှု သံသဂ္ဂ ငါးမျိုးတို့၌ မွေ့လျော်သည်ဖြစ်၍ ထိုနှိုးနှောမှုတို့ကို အဖန်ဖန် အားထုတ်၍ နေခြင်း၊ ၆။ ချဲ့ထွင်မှု ပပဉ္စတရား၌ မွေ့လျော်သည်ဖြစ်၍ ထိုချဲ့ထွင်မှု ပပဉ္စတရားတို့ကို အဖန်ဖန် အားထုတ်၍ နေခြင်း။ (အံ၊၂။၂၅၉။) (အံ၊မြန်၊၂။၃၃၆။)

ရဟန်းများ၏ အနာရောဂါ ၄ မျိုး ၁။ အလိုကြီးသည် ဖြစ်၍ ပင်ပန်းခြင်းရှိလျက် ရရသမျှသော သင်္ကန်း ဆွမ်း ကျောင်း ဆေးပစ္စည်းတို့ဖြင့် မရောင့်ရဲခြင်း၊ ၂။ အလိုကြီးသည်ဖြစ်၍ ပင်ပန်းခြင်း ရှိလျက် ရရသမျှသော သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းတို့ဖြင့် မရောင့်ရဲဘဲ လာဘ်ပူဇော်သက္ကာရ ရရန်အတွက် ယုတ်မာသော အလိုဆိုးကို ဆောက်တည်ခြင်း၊ ၃။ လာဘ်ပူဇော်သက္ကာရကို ရရန်အတွက် လုံ့လကျိုးကုတ် အားထုတ်ခြင်း၊ ၄။ ရေတွက်၍ အမျိုးတို့အိမ်သို့ ချဉ်းကပ်ခြင်း, နေထိုင်ခြင်း, တရားဟောခြင်း ရေတွက်၍ ကျင်ကြီးကျင်ငယ်ကို ကောင်းစွာ တည်တန့်စေခြင်း။ (အံ၊၁။၄၆၁။) (အံ၊မြန်၊၁။၄၇၃။)

ရဟန်းမြတ်, ပြည့်စုံရသော တရား ၄ မျိုး (ဘုရားရှင် ပညတ်တော်မမူသော အယူဝါဒဖြင့် စစ်မထိုးနိုင်သော ပြီးပြည့်စုံသော ရဟန်းမြတ်, ပြည့်စုံရသော တရား ၄ မျိုး) ၁။ ကိုယ်ဖြင့် မကောင်းမှုကို မပြုခြင်း၊ ၂။ မကောင်းသော စကားကို မပြောဆိုခြင်း၊ ၃။ မကောင်းသော အကြံအစည်ကို မကြံစည်ခြင်း၊ ၄။ မကောင်းသော အသက်မွေးမှုကို မပြုခြင်း။ (မ၊၂။၂၁၆။) (မ၊မြန်၊၂။၂၂၈။)

ရဟန်းမြတ် ပြည့်စုံရသော တရား ၁၀ မျိုး (ဘုရားရှင် ပညတ်တော်မူသော ပြည့်စုံကောင်းမြတ်သော ကောင်းမှုရှိသော မွန်မြတ်သူတို့ ရောက်အပ်သော တရားသို့ ရောက်သော အယူဝါဒဖြင့် မထိုးနှက်နိုင်သော ရဟန်းမြတ် ပြည့်စုံရသော တရား ၁၀ မျိုး) ၁။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော အမြင်နှင့် ပြည့်စုံခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော အကြံနှင့် ပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော စကားနှင့် ပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော အမှုနှင့်ပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော အသက်မွေးမှုနှင့် ပြည့်စုံခြင်း၊ ၆။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော လုံ့လနှင့် ပြည့်စုံခြင်း၊ ၇။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော သတိနှင့် ပြည့်စုံခြင်း၊ ၈။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော တည်ကြည်ခြင်းနှင့် ပြည်စုံခြင်း၊

http://www.dhammadownload.com

၉။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော သိခြင်းနှင့် ပြည့်စုံခြင်း၊ ၁၀။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော ဝိမုတ္တိနှင့် ပြည့်စုံခြင်း။ (မ၊၂။၂၂၀။) (မ၊မြန်၊၂။၂၃၂။)

ရဟန်းမြတ်တို့၌ ပြည့်စုံရမည့် အကျင့် ၁၀ ပါး ၁။ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းခြင်း၊ ၂။ အကျင့်အာစာရနှင့် လည်းကောင်း သွားလာဝင်ထွက် ဆက်ဆံရန် သင့်လျော်သော အရပ်၊ ပုဂ္ဂိုလ်စသည့် ဂေါစရနှင့် လည်းကောင်း ပြည့်စုံခြင်း၊ ၃။ အနည်းငယ်မျှသော အပြစ်တို့၌ သော်လည်း ဘေးဟု ရှုလေ့ရှိခြင်း၊ ၄။ သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ခြင်း၊ ၅။ ကောင်းသော ကာယကံ ဝစီကံနှင့် ပြည့်စုံသည်ဖြစ်၍ စင်ကြယ်သော အသက်မွေးမှု ရှိခြင်း၊ ၆။ သိလနှင့် ပြည့်စုံခြင်း၊ ၇။ ဣန္ဒြေတို့၌ ပိတ်ထားသော တံခါးရှိခြင်း၊ ၈။ စားဖွယ်၌ အတိုင်းအရှည်ကို သိခြင်း၊ ၉။ အောက်မေ့ခြင်းသတိ ဆင်ခြင်ခြင်း သမ္မဇဉ်နှင့် ပြည့်စုံခြင်း၊ ၁၀။ ရောင့်ရဲလွယ်ခြင်း။ (ဒီ၊၁။၅၉။) (ဒီ၊မြန်၊၁။၇၁။)

ရဟန်းယောကျ်ားရတနာ ၂ မျိုး ၁။ အရိယာရဟန်းရတနာ၊ ၂။ ပုထုဇဉ်ရဟန်းရတနာ။ (သုတ္တနိ၊၌၊၁။၂၇၈။)

ရဟန်းယုတ်တို့ မကောင်းမှုပြုကြောင်း အင်္ဂါ ၃ ပါး ၁။ မညီညွတ်သော ကာယကံ ဝစီကံ မနောကံ သုံးပါးတို့နှင့် ပြည့်စုံခြင်း တည်းဟူသော မညီညွတ်မှုကို အမှီရခြင်း၊ ၂။ မှားသော မိစ္ဆာဒိဋ္ဌိ အယူနှင့် ပြည့်စုံခြင်း တည်းဟူသော တောအုပ်ကို အမှီရခြင်း၊ ၃။ မင်း, မင်း၏ အမတ်ကြီး စသော အားကြီးသော သူကို အမှီရခြင်း။ (အံ၊၁။၁၅၂-၁၅၃။) (အံ၊မြန်၊၁။၁၇၁။)

ရဟန်းယုတ်ဖြစ်ကြောင်း ၅ ပါး ၁။ မညီညွတ်သော အရပ်ကိုသော်လည်း အမှီရခြင်း၊ ၂။ တောအုပ်ကို သော်လည်း အမှီရခြင်း၊ ၃။ အားကြီးသူကိုသော်လည်း အမှီရခြင်း၊ ၄။ စည်းစိမ်ဥစ္စာကိုသော်လည်း စွန့်ကြဲလေ့ရှိခြင်း၊ ၅။ တစ်ယောက်တည်းသော်လည်း သွားလာတတ်ခြင်း။ (အံ၊၂။၁၁၄။) (အံ၊မြန်၊၂။၁၄၀-၁၄၁။)

ရဟန်းယုတ်၏ မသူတော်တရား ၁၀ ပါး ၁။ ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်ခြင်း၊ ၂။ ရဲတင်းခြင်း၊ ၃။ တဏှာနှင့် ပြည့်စုံခြင်း၊ ၄။ အစားကြီးခြင်း၊ ၅။ ကြမ်းကြုတ်ခြင်း၊ ၆။ သနားမှု ကရုဏာ မရှိခြင်း၊ ၇။ အားနည်းခြင်း၊ ၈။ မြည်တွန်တတ်ခြင်း၊ ၉။ သတိမေ့တတ်ခြင်း၊ ၁၀။ မစုဆောင်း တတ်ခြင်း။ (အံ၊၃။၃၇၅။) (အံ၊မြန်၊၃။၃၇၁။)

ရဟန်းယုတ်၏ အပြစ် ၈ မျိုး ၁။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် ငါသည် မမှတ်မိဟု သတိမရခြင်းဖြင့် ဖြေရှင်းခြင်း၊ ၂။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် သင်ကပဲ ပြောတယ်ရှိသေး စသည်ဖြင့် စောဒကပုဂ္ဂိုလ်အား တစ်ဖန်ပြန်၍ ဆန့်ကျင်ဘက် ပြောဆိုခြင်း၊ ၃။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ် သည်ရှိသော် သင်သည် ရှေးဦးစွာ ဤမည်သော အာပတ်ကို ကုစားဦးလော့ဟု စောဒကအား တစ်ဖန်တုန့်ပြန်ပြောဆိုခြင်း၊ ၄။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် အခြားအကြောင်းတစ်ခုခုဖြင့် အခြားအကြောင်းတစ်ခုကို ဖုံးလွှမ်းခြင်း အမျက်ဒေါသကို ထင်စွာ ပြုခြင်း၊ ၅။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ်သည်ရှိသော် သံဃာ့အလယ်၌

http://www.dhammadownload.com

လက်သီးလက်မောင်းတန်းမှုကို ပြုခြင်း၊ ဖ။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ်သည် ရှိသော် စောဒကပုဂ္ဂိုလ်၏စကား သံဃာ့စကားကို မနာခံမူ၍ အာပတ်တန်းလန်းဖြင့် သာလျှင် သွားလိုရာအရပ်သို့ ဖဲခွါသွားခြင်း၊ ၇။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာ အပ်သည်ရှိသော် ငါသည် အာပတ်မသင့်ဟု ဆိတ်ဆိတ် နေခြင်းဖြင့် သံဃာကို ညှဉ်းဆဲခြင်း၊ ၈။ ရဟန်းကောင်းတို့က အာပတ်ဖြင့် စောဒနာအပ်သည် ရှိသော် သိက္ခာချ၍ လူထွက်ခြင်း။ (အံ၊၃။၃၄။) (အံ၊မြန်၊၃။၃၅။)

ရဟန်းလောင်းအား မေးစိစစ်ရမည့် အင်္ဂရာယ် ၁၃ မျိုး ၁။ သင့်အား နူနာ, အိုင်းအမာ, ယားယံနာ, ခယရုပ်ချောင်းဆိုးနာ, ဝက်ရူး ကြက်ရူးနာဟု ဆိုအပ်သော အနာကြီး ငါးမျိုး ရှိသလောဟု မေးရခြင်း၊ ၂။ လူသားစင်စစ် ဖြစ်၏လောဟု မေးရခြင်း၊ ၃။ ယောကျ်ားစင်စစ် ဖြစ်၏လောဟု မေးရခြင်း၊ ၄။ သူ့ကျွန်အဖြစ်မှ တော်လှန်ပြီးသူ ဖြစ်၏လောဟု မေးရခြင်း၊ ၅။ ကြွေးမြီကင်းသူ ဖြစ်၏လောဟု မေးရခြင်း၊ ၆။ မင်းခစား, မင်းမှုထမ်းမဟုတ်သူဖြစ်၏ လောဟု မေးရခြင်း၊ ၇။ အမိရင်းက ရဟန်းပြုရန် ခွင့်ပြု၏လောဟု မေးရခြင်း၊ ၈။ အဖရင်းက ရဟန်းပြုရန် ခွင့်ပြု၏လောဟု မေးရခြင်း၊ ၉။ အသက်နှစ်ဆယ်ပြည့်သူ ဖြစ်၏လောဟု မေးရခြင်း၊ ၁၀။ သင့်အား သပိတ်ပြည့်စုံ၏လောဟု မေးရခြင်း၊ ၁၁။ သင့်အား သင်္ကန်း ပြည့်စုံ၏လောဟု မေးရခြင်း၊ ၁၂။ သင်သည် ဘယ်အမည်ရှိသနည်းဟု မေးရခြင်း၊ ၁၃။ သင်၏ ဥပဇ္ဈာယ်ဆရာသည် ဘယ်အမည်ရှိသနည်းဟု မေးရခြင်း။ (ဝိ၊၃။၁၃၀။) (ဝိ၊မြန်၊၃။၁၃၀။)

ရဟန်းသိက္ခာ ချရာ၌ အထူးသိခြင်း ၂ မျိုး ၁။ သတ်မှတ်ထားသူ အထူးသိခြင်း၊ ၂။ မသတ်မှတ် ထားသူ အထူးသိခြင်း။ (သာရတ္ထ၊ဋီ၊၂။၆၈။)

ရဟန်းမည်ရုံမျှ ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အဆင်း ရူပါရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၂။ အသံ သဒ္ဒါရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၃။ အနံ့ဂန္ဓာရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၄။ အရသာ ရသာရုံ တို့ကို သည်းမခံနိုင်ခြင်း၊ ၅။ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းမခံနိုင်ခြင်း။ (အံ၊၂။၁၃၈။) (အံ၊မြန်၊၂။၁၇၃-၁၇၄။)

ရဟန်းအဖြစ်ကို ပြုတတ်သော အကျင့် ၂၀ ပါး ၁။ မြတ်သောတရား၌ မွေ့လျော်ခြင်း၊ ၂။ မြတ်သော ဥပုသ်ပြုမှု နိယမရှိခြင်း၊ ၃။ မြတ်သော ဆွမ်းခံမှု စသော အကျင့်ရှိခြင်း၊ ၄။ ကောင်းမွန်စွာ ဝတ်ရုံ နေထိုင်ခြင်း၊ ၅။ စက္ခုစသော ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ ၆။ ကိုယ်နှုတ်နှလုံးကို စောင့်စည်းခြင်း၊ ၇။ အချမ်းအပူ စသည်ကို သည်းခံခြင်း၊ ၈။ ကောင်းသော အကျင့်၌ မွေ့လျော်ခြင်း၊ ၉။ တစ်ယောက်တည်း တရားကျင့်ခြင်း၊ ၁၀။ တစ်ယောက်တည်း မွေ့လျော်ခြင်း၊ ၁၁။ တစ်ယောက်တည်း ကိန်းအောင်းခြင်း၊ ၁၂။ မကောင်းမှုမှ ရှက်ကြောက်ခြင်း၊ ၁၃။ ကောင်းမှု၌ အားထုတ်ပြုကျင့်ခြင်း၊ ၁၄။ ကုသိုလ်ကျင့်ဝတ်၌ မမေ့မလျော့ခြင်း၊ ၁၅။သိက္ခာကို ကောင်းစွာ ယူခြင်း၊ ၁၆။ ဘုရားဟော ပါဠိတော်ကို သင်ယူခြင်း၊ ၁၇။အဋ္ဌကထာကို သင်ယူခြင်း၊ ၁၈။ သီလစသော သိက္ခာ သုံးပါး၌ မွေ့လျော်ခြင်း၊ ၁၉။ တပ်မက်မှု ကင်းလွတ်ခြင်း၊ ၂၀။ သိက္ခာပုဒ်တို့၌ ဖြည့်ကျင့်ခြင်း။ (မိလိန္ဒ။၁၆၃။) (မိလိန္ဒ၊မြန်။၁၇၅။)

ရဟန်းအလုပ် ၂ မျိုး ၁။ တရားစကား ပြောကြားခြင်း၊ ၂။ မြတ်သော ဆိတ်ဆိတ်နေခြင်း။ (ဥဒါန။၁၁၃-၁၁၄။) (ဥဒါန။၈၉။) (ဥဒါန၊မြန်။၈၂၊၁၀၃၊၁၀၄။) (ဥဒါန၊မြန်။၈၂၊၁၀၃၊၁၀၄။)

http://www.dhammadownload.com

ရဟန်းအား ကံပြုထိုက်သော အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်ခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၊၅။၂၂၀။) (ဝိ၊မြန်၊၅။၃၀၇။)

ရဟန်းအား ကံပြုထိုက်သော အင်္ဂါ ၃ ပါး (တစ်နည်း) ၁။ လွန်ကဲသော သီလ ပျက်စီးခြင်း၊ ၂။ လွန်ကဲသော အကျင့် ပျက်စီးခြင်း၊ ၃။ လွန်ကဲသော အယူ ပျက်စီးခြင်း။ (ဝိ၊၅။၂၂၀။) (ဝိ၊မြန်၊၅။၃၀၇။)

ရဟန်းအား ကံပြုထိုက်သော အင်္ဂါ ၃ ပါး (တစ်နည်း) ၁။ ကိုယ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ နှုတ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ ကိုယ်နှုတ်၌ ဖြစ်သော မြူးထူးခြင်းနှင့် ပြည့်စုံခြင်း။ (ဝိ၊၅။၂၂၀။) (ဝိ၊မြန်၊၅။၃၀၇။)

ရဟန်းအား ကံပြုထိုက်သော အင်္ဂါ ၃ ပါး (တစ်နည်း) ၁။ ကိုယ်၌ ဖြစ်သော သိက္ခာပုဒ်ကို လွန်ကျူးသော အကျင့် ရှိခြင်း၊ ၂။ နှုတ်၌ ဖြစ်သော သိက္ခာပုဒ်ကို လွန်ကျူးသော အကျင့် ရှိခြင်း၊ ၃။ ကိုယ်နှုတ်၌ ဖြစ်သော သိက္ခာပုဒ်ကို လွန်ကျူးသော အကျင့် ရှိခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၈။)

ရဟန်းအား ကံပြုထိုက်သော အင်္ဂါ ၃ ပါး (တစ်နည်း) ၁။ ကိုယ်၌ ဖြစ်သော သိက္ခာပုဒ်ကို ဖျက်ဆီးခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ နှုတ်၌ ဖြစ်သော သိက္ခာပုဒ်ကို ဖျက်ဆီးခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ ကိုယ်နှုတ်၌ ဖြစ်သော သိက္ခာပုဒ်ကို ဖျက်ဆီးခြင်းနှင့် ပြည့်စုံခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၈။)

ရဟန်းအား ကံပြုထိုက်သော အင်္ဂါ ၃ ပါး (တစ်နည်း) ၁။ ကိုယ်၌ ဖြစ်သော မှားသော အသက်မွေးမှုနှင့် ပြည့်စုံခြင်း၊ ၂။ နှုတ်၌ ဖြစ်သော မှားသော အသက်မွေးမှုနှင့် ပြည့်စုံခြင်း၊ ၃။ ကိုယ်နှုတ်၌ ဖြစ်သော မှားသော အသက်မွေးမှုနှင့် ပြည့်စုံခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၈။)

ရဟန်းအား ကံပြုထိုက်သော အင်္ဂါ ၃ ပါး (တစ်နည်း) ၁။ အာပတ်သို့ ရောက်သည် ဖြစ်၍ ကံပြုအပ်သည် ဖြစ်လျက် ဥပဇ္ဈာယ်ပြု၍ ပဋိဉာဉ်ခံပေးခြင်း၊ ၂။ မိုရာ နိဿယညှိုးကို ပေးခြင်း၊ ၃။ သာမဏေကို လုပ်ကျွေးစေခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၈။)

ရဟန်းအား ကံပြုထိုက်သော အင်္ဂါ ၃ ပါး (တစ်နည်း) ၁။ ကံပြုကြောင်းဖြစ်သော အာပတ်သို့ ရောက်ခြင်း၊ ၂။ ထိုအာပတ်နှင့် တူသော အခြားအာပတ်သို့ ရောက်ခြင်း၊ ၃။ ထိုအာပတ်အောက် ယုတ်ညံ့သော အာပတ်သို့ ရောက်ခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၈။)

ရဟန်းအား ကံပြုထိုက်သော အင်္ဂါ ၃ ပါး (တစ်နည်း) ၁။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၂။ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၃။ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၈။)

ရဟန်းအား တဏှာဖြစ်ကြောင်း ၄ မျိုး ၁။ သင်္ကန်းဟူသော အကြောင်းကြောင့် တပ်မက်မှု တဏှာ ဖြစ်ခြင်း၊ ၂။ ဆွမ်းဟူသော အကြောင်းကြောင့် တပ်မက်မှု တဏှာ ဖြစ်ခြင်း၊ ၃။ ကျောင်းဟူသော အကြောင်းကြောင့် တပ်မက်မှု တဏှာ ဖြစ်ခြင်း၊ ၄။ ဤသို့ ကြီးပွားခြင်း ဆုတ်ယုတ်ခြင်းဟူသော အကြောင်းကြောင့် တပ်မက်မှု တဏှာ ဖြစ်ခြင်း။ (အံ၊၁။၃၁၆။) (အံ၊၁။၅၇၁။) (အံ၊မြန်၊၁။၃၃၂။) (အံ၊မြန်၊၁။၅၈၅။)

http://www.dhammadownload.com

ရဟန်းအား နိဿယညှိး မပေးအပ်ကြောင်း အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်ခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

ရဟန်းအား မှီ၍ မနေအပ်ကြောင်း အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်ခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၈။)

ရဟန်း၏ ချမ်းသာခြင်း ၅ မျိုး ၁။ ရတတ်သမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၊ ၂။ ရတတ်သမျှသော ဆွမ်းဖြင့် ရောင့်ရဲခြင်း၊ ၃။ ရတတ်သမျှသော ကျောင်း အိပ်ရာနေရာဖြင့် ရောင့်ရဲခြင်း၊ ၄။ ရတတ်သမျှသော သူနာ၏ အထောက်အပံ့ ဆေး အသုံးအဆောင်ဖြင့် ရောင့်ရဲခြင်း၊ ၅။ မွေ့လျော်သည်ဖြစ်၍ မြတ်သော အကျင့်ကို ကျင့်ခြင်း။ (အံ၊၂။၁၂၉။) (အံ၊မြန်၊၂။၁၆၀။)

ရဟန်း၏ ဆင်းရဲခြင်း ၅ မျိုး ၁။ ရတတ်သမျှသော သင်္ကန်းဖြင့် မရောင့်ရဲနိုင်ခြင်း၊ ၂။ ရတတ်သမျှသော ဆွမ်းဖြင့် မရောင့်ရဲနိုင်ခြင်း၊ ၃။ ရတတ်သမျှသော ကျောင်း အိပ်ရာ နေရာဖြင့် မရောင့်ရဲနိုင်ခြင်း၊ ၄။ ရတတ်သမျှသော သူနာ၏ အထောက်အပံ့ ဆေးအသုံးအဆောင်ဖြင့် မရောင့်ရဲနိုင်ခြင်း၊ ၅။ မမွေ့လျော်ဘဲလျက် မြတ်သော အကျင့်ကို ကျင့်ခြင်း။ (အံ၊၂။၁၂၉။) (အံ၊မြန်၊၂။၁၆၀။)

ရဟန်း၏ အား ၂ မျိုး ၁။ ပဋိသင်္ခါနဗလ= ဆင်ခြင်ခြင်း ခွန်အားဗလ၊ ၂။ ဘာဝနာဗလ= ပွားများခြင်း ခွန်အားဗလ။ (အံ၊၁။၅၄-၅၅။) (အံ၊မြန်၊၁။၆၆။)

ရဟန်းဦးပြည်းမ၏ သား ဥဂ္ဂါဟမာနပရိဗိုဒ် ပညတ်ထားသော အယူဝါဒဖြင့် စစ်မထိုးနိုင်သော ပြီးပြည့်စုံသော ရဟန်းမြတ်, ပြည့်စုံရသော တရား ၄ မျိုး ၁။ ကိုယ်ဖြင့် မကောင်းမှုကို မပြုခြင်း၊ ၂။ မကောင်းသော စကားကို မပြောခြင်း၊ ၃။ မကောင်းသော အကြံအစည်ကို မကြံစည်ခြင်း၊ ၄။ မကောင်းသော အသက်မွေးမှုဖြင့် အသက်မမွေးခြင်း။ (မ၊၂။၂၁၅။) (မ၊မြန်၊၂။၂၂၈။)

ရအပ်သော ဒိဋ္ဌိ ၂ မျိုး ၁။ မှီဝဲထိုက်သော ရအပ်သော ဒိဋ္ဌိ၊ ၂။ မမှီဝဲထိုက်သော ရအပ်သော ဒိဋ္ဌိ။ (မ၊၃။၉၄။) (မ၊မြန်၊၃။၉၈။)

ရအပ်သော သညာ ၂ မျိုး ၁။ မှီဝဲထိုက်သော ရအပ်သော သညာ၊ ၂။ မမှီဝဲထိုက်သော ရအပ်သော သညာ။ (မ၊၃။၉၃။) (မ၊မြန်၊၃။၉၈။)

ရအပ်သော အတ္တဘော ၂ မျိုး ၁။ မှီဝဲထိုက်သော ရအပ်သော အတ္တဘော၊ ၂။ မမှီဝဲထိုက်သော ရအပ်သော အတ္တဘော။ (မ၊၃။၉၄။) (မ၊မြန်၊၃။၉၈။)

ရာဂကို ထူးသော ညဏ်ဖြင့် သိကြောင်း တရား ၅ ပါး ၁။ အသုဘသညာ-အသုဘ၌ ဖြစ်ပေါ်သော အမှတ်သညာ၊ ၂။ မရဏသညာ-သေခြင်းတရား၌ ဖြစ်သော အမှတ်သညာ၊ ၃။ အာဟာရေ ပဋိကူလသညာ-အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟု ရှုသော အမှတ်သညာ၊ ၄။ သဗ္ဗလောကေ အနဘိရတိသညာ-လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု ဖြစ်သော အမှတ်သညာ။ (အံ၊၃။၂၄၄။) (အံ၊မြန်၊၃။၃၁၅။)

http://www.dhammadownload.com

ရာဂကို ထူးသော ဉာဏ်ဖြင့် သိကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ အနိစ္စသညာ= အမြဲမရှိဟု သိသော အမှတ်သညာ၊ ၂။ အနတ္တသညာ= အတ္တမဟုတ်ဟု သိသော အမှတ်သညာ၊ ၃။ မရဏသညာ= သေခြင်းတရား၌ ဖြစ်သော အမှတ်သညာ၊ ၄။ အာဟာရေ ပဋိကူလ သညာ= အစာအာဟာရ၌ စက်ဆုပ်ဖွယ်ဟု ရှုသော အမှတ်သညာ၊ ၅။ သဗ္ဗလောကေ အနဘိရတိသညာ= လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု ဖြစ်သော အမှတ်သညာ။ (အံ၊၂။၂၄၄။) (အံ၊မြန်၊၂။၃၁၆။)

ရာဂကို ထူးသော ဉာဏ်ဖြင့် သိကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ မမြဲဟု သိသော အနိစ္စသညာ၊ ၂။ အနိစ္စ၌ ဒုက္ခဟု မှတ်သိမှု သညာ၊ ၃။ ဒုက္ခ၌ အနတ္တဟု မှတ်သိမှု သညာ၊ ၄။ တဒင်္ဂပဟာန် စသည်ဖြင့် ပယ်ခြင်း၌ ဖြစ်သော အမှတ်သညာ (ပဟာနသညာ)၊ ၅။ တပ်ခြင်း ကင်းမှု၌ ဖြစ်သော အမှတ်သညာ(ဝိရာဂသညာ) ။ (အံ၊၂။၂၄၅။) (အံ၊မြန်၊၂။၃၁၆။)

ရာဂကို ထူးသော ဉာဏ်ဖြင့် သိကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါန္ဒြေ၊ ၂။ ဝီရိယိန္ဒြေ၊ ၃။ သတိန္ဒြေ၊ ၄။ သမာဓိန္ဒြေ၊ ၅။ ပညိန္ဒြေ။ (အံ၊၂။၂၄၅။) (အံ၊မြန်၊၂။၃၁၆။)

ရာဂကို ထူးသော ဉာဏ်ဖြင့် သိကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါဗိုလ်၊ ၂။ ဝီရိယဗိုလ်၊ ၃။ သတိဗိုလ်၊ ၄။ သမာဓိဗိုလ်၊ ၅။ ပညာဗိုလ်။ (အံ၊၂။၂၄၅။) (အံ၊မြန်၊၂။၃၁၆။)

ရာဂကို ထူးသော ဉာဏ်ဖြင့် သိကြောင်းတရား ၆ ပါး (တစ်နည်း) ၁။ ဒဿနာနုတ္တရိယ– ဘုရားရှင်အား ဖူးမြော်ခွင့် ရခြင်း ဟူသော အမြတ်ဆုံးဖြစ်သော ဖူးမြင်မှု၊ ၂။ သဝနာနုတ္တရိယ– ဘုရားရှင်၏ တရားတော်ကို နာကြားခွင့် ရခြင်း ဟူသော အမြတ်ဆုံးဖြစ်သော နာကြားမှု၊ ၃။ လာဘာနုတ္တရိယ– ဘုရားရှင်၌ ယုံကြည်မှု သဒ္ဓါတရားကို ရခြင်းဟူသော အမြတ်ဆုံး ဖြစ်သော လာဘ်ရမှု၊ ၄။ သိက္ခာနုတ္တရိယ– ဘုရားသာသနာတော်၌ သိက္ခာသုံးပါးကို ကျင့်သုံး ရခြင်း ဟူသော အမြတ်ဆုံးဖြစ်သော အကျင့်သိက္ခာ၊ ၅။ ပါရိစရိယာနုတ္တရိယ– ဘုရားရှင်အား အမြဲမပြတ် ပြုစုလုပ်ကျွေးခွင့် ရခြင်း ဟူသော အမြတ်ဆုံးဖြစ်သော ပြုစုလုပ်ကျွေးမှု၊ ၆။ အနုဿတာနုတ္တရိယ– ဘုရားရှင်၏ ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်း ဟူသော အမြတ်ဆုံးဖြစ်သော အောက်မေ့မှု။ (အံ၊၂။၃၉၃။) (အံ၊မြန်၊၂။၄၉၇။)

ရာဂကို ထူးသော ဉာဏ်ဖြင့် သိကြောင်းတရား ၆ ပါး (တစ်နည်း) ၁။ ဗုဒ္ဓါနုဿတိ= ဘုရား ဂုဏ်တော်များကို အောက်မေ့ခြင်း၊ ၂။ ဓမ္မာနုဿတိ= တရားဂုဏ်တော်များကို အောက်မေ့ခြင်း၊ ၃။ သံဃာနုဿတိ= သံဃာဂုဏ်တော်များကို အောက်မေ့ခြင်း၊ ၄။ သီလာနုဿတိ= သီလ ဂုဏ်ကို အောက်မေ့ခြင်း၊ ၅။ စာဂါနုဿတိ= စွန့်ကြဲခြင်း၏ဂုဏ်ကို အောက်မေ့ခြင်း၊ ၆။ ဒေဝတာ နုဿတိ= နတ်တို့ကို သက်သေထား၍ မိမိ၏ သီလစသော ဂုဏ်ကို အောက်မေ့ခြင်း။ (အံ၊၂။၃၉၃။) (အံ၊မြန်၊၂။၄၉၇။)

ရာဂကို ထူးသော ဉာဏ်ဖြင့် သိကြောင်းတရား ၆ ပါး (တစ်နည်း) ၁။ မမြဲခြင်း၌ ဖြစ်သော မှတ်သားမှု အနိစ္စသညာကို ပွားခြင်း၊ ၂ မမြဲခြင်း၌ ဆင်းရဲဟု ဖြစ်သော မှတ်သားမှု– အနိစ္စေ ဒုက္ခသညာကို ပွားခြင်း၊ ၃။ ဆင်းရဲခြင်း၌ အစိုးမရဟု ဖြစ်သော မှတ်သားမှု ဒုက္ခေ အနတ္တသညာကို ပွားခြင်း၊ ၄။ ပယ်ခြင်း၌ ဖြစ်သော မှတ်သားမှု ပဟာနသညာကို ပွားခြင်း၊

http://www.dhammadownload.com

၅။ တပ်ခြင်း ကင်းခြင်း၌ ဖြစ်သော မှတ်သားမှု ဝိရာဂသညာကို ပွားခြင်း၊ ၆။ ချုပ်ခြင်း၌ ဖြစ်သော မှတ်သားမှု နိရောဓသညာကို ပွားခြင်း။ (အံ၊၂။၃၉၃။) (အံ၊မြန်၊၂။၄၉၈။)

ရာဂကို ထူးသော ဉာဏ်ဖြင့် သိကြောင်းတရား ၃ မျိုး ၁။ အတ္တမှ ဆိတ်သုဉ်းသော တည်ကြည်ခြင်း– သုညတသမာဓိ၊ ၂။ နိမိတ်မှ ကင်းသော တည်ကြည်ခြင်း– အနိမိတ္တ သမာဓိ၊ ၃။ တဏှာ တည်းဟူသော တောင့်တခြင်းမှ ကင်းသော တည်ကြည်ခြင်း– အပ္ပဏိဟိတ သမာဓိ၊ (တစ်နည်း) ၁။ ကြဲစည်ခြင်း ဝိတက်, သုံးသပ်ခြင်း ဝိစာရရှိသော တည်ကြည်ခြင်း သမာဓိ၊ ၂။ ကြဲစည်ခြင်း ဝိတက်ကား မရှိ, သုံးသပ်ခြင်း ဝိစာရမျှသာ ရှိသော တည်ကြည်ခြင်း သမာဓိ၊ ၃။ ကြဲစည်ခြင်း ဝိတက်လည်း မရှိ, သုံးသပ်ခြင်း ဝိစာရလည်း မရှိသော တည်ကြည်ခြင်း သမာဓိ။ (အံ၊၁။၃၀၄။) (အံ၊မြန်၊၁။၃၂၁။)

ရာဂကို ထူးသောဉာဏ်ဖြင့် သိရန် ပွားထိုက်သော တရား ၅ ပါး ၁။ အသုဘသညာ– မတင့်တယ်ဟူ၍ ဖြစ်သော အမှတ်သညာ၊ ၂။ မရဏသညာ– သေခြင်းကို အဖန်တလဲလဲ ရှုသော ဉာဏ်၌ ဖြစ်သော သညာ၊ ၃။ အာဒီနဝသညာ– ခန္ဓာကိုယ်၌ ရှိသော အပြစ်အနာရောဂါတို့ကို ရှုဆင်ခြင်တတ်သော ဝိပဿနာဉာဏ်၌ ပါဝင်သော–သညာ၊ ၄။ အာဟာရေ ပဋိကူလသညာ– (ရွာသို့ သွားရခြင်း, ရှာဖွေ တောင်းခံရခြင်း စသော ကိုးမျိုးသော အခြင်းအရာတို့ဖြင့်) အစာအာဟာရ၌ စက်ဆုပ် ရွံမုန်းဖွယ်ဟု ဖြစ်ပေါ်လာသော အမှတ်သညာ၊ ၅။ သဗ္ဗလောကေ အနဘိရတိသညာ– လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု ဖြစ်သော အမှတ်သညာ။ (အံ၊၂။၂၄၄။) (အံ၊မြန်၊၂။၃၁၅။)

ရာဂကို ထူးသောဉာဏ်ဖြင့် သိရန် ပွားထိုက်သော တရား ၅ ပါး (တစ်နည်း) ၁။ အနိစ္စသညာ– မမြဲဟု ဖြစ်သော သညာ၊ ၂။ အနတ္တသညာ– သခ်ၤဂတို့၌ အစိုးမရ အနတ္တဟု ဖြစ်သော သညာ၊ ၃။ မရဏသညာ၊ ၄။ အာဟာရေ ပဋိကူလသညာ၊ ၅။ သဗ္ဗလောကေ အနဘိရတိ သညာ။ (အံ၊၂။၂၄၄။) (အံ၊မြန်၊၂။၃၁၆။)

ရာဂကို ထူးသောဉာဏ်ဖြင့် သိရန် ပွားထိုက်သော တရား ၅ ပါး (တစ်နည်း) ၁။ အနိစ္စသညာ၊ ၂။ အနိစ္စ၌ ဒုက္ခဟု မှတ်ထင်မှု သညာ၊ ၃။ ဒုက္ခ၌ အနတ္တဟု မှတ်ထင်မှု သညာ၊ ၄။ ပဟာန သညာ၊ ၅။ ဝိရာဂသညာ။ (အံ၊၂။၂၄၅။) (အံ၊မြန်၊၂။၃၁၆။)

ရာဂကို ထူးသောဉာဏ်ဖြင့် သိရန် ပွားထိုက်သော တရား ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါန္ဒြေ၊ ၂။ ဝီရိယိန္ဒြေ၊ ၃။ သတိန္ဒြေ၊ ၄။ သမာဓိန္ဒြေ၊ ၅။ ပညိန္ဒြေ။ (အံ၊၂။၂၄၅။) (အံ၊မြန်၊၂။၃၁၆။)

ရာဂကို ထူးသောဉာဏ်ဖြင့် သိရန် ပွားထိုက်သော တရား ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါဗိုလ်၊ ၂။ ဝီရိယဗိုလ်၊ ၃။ သတိဗိုလ်၊ ၄။ သမာဓိဗိုလ်၊ ၅။ ပညာဗိုလ်။ (အံ၊၂။၂၄၅။) (အံ၊မြန်၊၂။၃၁၆။)

ရာဂကို ထူးသော ဉာဏ်ဖြင့် သိရန် ပွားထိုက်သော တရား ၇ ပါး ၁။ မမြဲဟု မှတ်သားမှု အနိစ္စသညာကို ပွားရခြင်း၊ ၂။ အစိုးမရဟု မှတ်သားမှု အနတ္တသညာကို ပွားရခြင်း၊ ၃။ ပတင့်တယ်ဟု မှတ်သားမှု အသုဘသညာကို ပွားရခြင်း၊ ၄။ အပြစ်ဟု မှတ်သားမှု အာဒီနဝသညာကို ပွားရခြင်း၊ ၅။ ပယ်အပ်၏ဟု မှတ်သားမှု ပဟာနသညာကို ပွားရခြင်း၊

http://www.dhammadownload.com

၆။ စွဲမက်ခြင်းကင်း၏ဟု မှတ်သားမှု ဝိရာဂသညာကို ပွားရခြင်း၊ ၇။ ချုပ်၏ဟု မှတ်သားမှု နိရောဓသညာကို ပွားရခြင်း။ (အံ၊၂။၅၁၂။) (အံ၊မြန်၊၂။၆၃၈။)

ရာဂကို ထူးသော ဉာဏ်ဖြင့် သိရန် ပွားထိုက်သော တရား ၇ ပါး (တစ်နည်း) ၁။ မတင့်တယ်ဟု မှတ်သားမှု အသုဘသညာကို ပွားရခြင်း၊ ၂။ သေခြင်း၌ မှတ်သားမှု မရဏသညာကို ပွားရခြင်း၊ ၃။ အာဟာရ၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု အာဟာရေ ပဋိကူလသညာကို ပွားရခြင်း၊ ၄။ အလုံးစုံသော လောက၌ မွေ့လျော်ဖွယ်မရှိဟု မှတ်သားမှု သဗ္ဗလောကေ အနဘိရတိသညာကို ပွားရခြင်း၊ ၅။ မမြဲဟု မှတ်သားမှု အနိစ္စသညာကို ပွားရခြင်း၊ ၆။ မမြဲခြင်း၌ ဆင်းရဲဟု မှတ်သားမှု အနိစ္စေ ဒုက္ခသညာကို ပွားရခြင်း၊ ၇။ ဆင်ရဲခြင်း၌ အစိုးမရဟု မှတ်သားမှု ဒုက္ခေ အနတ္တသညာကို ပွားရခြင်း။ (အံ၊၂။၅၁၃။) (အံ၊မြန်၊၂။၆၃၈။)

ရာဂငြိမ်းကြောင်း စကား ၁၀ မျိုး ၁။ အပ္ပိစ္ဆကထာ– အလိုနည်းမှု စသည်နှင့် စပ်သော စကား၊ ၂။ သန္တုဋ္ဌိကထာ– ရောင့်ရဲ တင်းတိမ်မှုနှင့် စပ်သော စကား၊ ၃။ ပဝိဝေကကထာ– ကင်းဆိတ်မှုနှင့် စပ်သော စကား၊ ၄။ အသံသဂ္ဂကထာ– ကိုယ်လက်နှီးနှောခြင်း စသည်နှင့် မဆက်စပ်သော စကား၊ ၅။ ဝီရိယာရမ္ဘကထာ– ရှမ့တ်ကြိုးစား ပွားများအားထုတ်မှုနှင့် စပ်သော စကား၊ ၆။ သီလကထာ– သီလနှင့် စပ်သော စကား၊ ၇။ သမာဓိကထာ– သမာဓိနှင့် စပ်သော စကား၊ ၈။ ပညာကထာ– ပညာနှင့် စပ်သော စကား၊ ၉။ ဝိမုတ္တိကထာ– အရဟတ္တ ဖိုလ်နှင့် စပ်သော စကား၊ ၁၀။ ဝိမုတ္တိဉာဏဒဿနကထာ– အရဟတ္တဖိုလ်ကို သိကြောင်း ဉာဏ်အမြင်နှင့် စပ်သော စကား။ (ဥဒါန။၁၁၉။) (ဥဒါန၊မြန်။၁၀၈။)

ရာဂစရိုက်ရှိသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း ၁၁ ပါး ၁။ အသုဘကမ္မဋ္ဌာန်း ဆယ်ပါး၊ ၂။ ကာယဂတာသတိ– ပေါင်း ဆယ့်တစ်ပါး။ (ဝိသုဒ္ဓိ၊၁။၁၁၀။) (သာရတ္ထ၊ဋီ၊၂။၂၀၃။)

ရာဂ စသည်ကို ထူးသောဉာဏ်ဖြင့် သိရန် ပွားများထိုက်သော တရား ၁၁ ပါး ၁။ ပထမစျာန်၊ ၂။ ဒုတိယစျာန်၊ ၃။ တတိယစျာန်၊ ၄။ စတုတ္ထစျာန်၊ ၅။ လွတ်မြောက်သော မေတ္တာစိတ်၊ ၆။ လွတ်မြောက်သော ကရုဏာစိတ်၊ ၇။ လွတ်မြောက်သော မုဒိတာစိတ်၊ ၈။ လွတ်မြောက်သော ဥပေက္ခာစိတ်၊ ၉။ အာကာသာနဉ္စာယတနစျာန်၊ ၁၀။ ဝိညာဏဉ္စာယတနစျာန်၊ ၁၁။ အာကိဉ္စညာယတနစျာန်။ (အံ၊၃။၅၅၇။) (အံ၊မြန်၊၃။၅၄၄။)

ရာဂ စသည် ကုန်ခန်းကြောင်း တရား ၄ ပါး ၁။ ကိုယ်၌ ကိုယ်ဟု အဖန်ဖန်ရှုသည် ဖြစ်၍ နေခြင်း၊ ၂။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလေ့ရှိသည် ဖြစ်၍ နေခြင်း၊ ၃။ ဝေဒနာတို့၌ ဝေဒနာဟု အဖန်ဖန်ရှုသည် ဖြစ်၍ နေခြင်း၊ ၄။ တရားတို့၌ တရားဟု အဖန်ဖန် ရှုသည်ဖြစ်၍ နေခြင်း၊ ၁။ (တစ်နည်း) မဖြစ်ပေါ်သေးသော အကုသိလ်တရားတို့ကို မဖြစ်ပေါ်စေခြင်း၊ ၂။ ဖြစ်ပေါ်ပြီးသော အကုသိလ်တရားတို့ကို ပယ်ရန် အားထုတ်ခြင်း၊ ၃။ မဖြစ်ပေါ်သေးသော ကုသိလ်တရားတို့ကို ဖြစ်ပေါ်စေခြင်း၊ ၄။ ဖြစ်ပေါ်ပြီးသော ကုသိလ်တရားတို့ကို တိုးပွားစေရန် အားထုတ်ခြင်း။ (အံ၊၁။၅၇၉။) (အံ၊မြန်၊၁။၅၉၃။)

ရာဂ စသည်တို့ကို ပယ်ရန် ပွားများထိုက်သော တရား ၈ ပါး ၁။ မှန်ကန်စွာ သိမြင်ခြင်း သမ္မာဒိဋ္ဌိ၊ ၂။ မှန်ကန်စွာ ကြံစည်ခြင်း သမ္မာသင်္ကပ္ပ၊ ၃။ မှန်ကန်စွာ ပြောဆိုခြင်း သမ္မာဝါစာ၊

http://www.dhammadownload.com

၄။ မှန်ကန်စွာ ပြုလုပ်ခြင်း သမ္မာကမ္မန္တ၊ ၅။ မှန်ကန်စွာ အသက်မွေးခြင်း သမ္မာအာဇီဝ၊ ၆။ မှန်ကန်စွာ အားထုတ်ခြင်း သမ္မာဝါယာမ၊ ၇။ မှန်ကန်စွာ အောက်မေ့ခြင်း သမ္မာသတိ၊ ၈။ မှန်ကန်စွာ တည်ကြည်ခြင်း သမ္မာသမာဓိ။ (အံ၊၃။၁၆၁။) (အံ၊မြန်၊၃။၁၆၃။)

ရာဂ စသည်တို့ကို ပယ်ရန် ပွားများထိုက်သော တရား ၉ ပါး ၁။ မတင့်တယ်ဟူသော မှတ်သားမှု အသုဘသညာ၊ ၂။ သေခြင်း၌ ဖြစ်သော မှတ်သားမှု မရဏသညာ၊ ၃။ အာဟာရ၌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု အာဟာရေ ပဋိကူလသညာ၊ ၄။ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု မှတ်သားမှု အနဘိရတိသညာ၊ ၅။ မမြဲဟု မှတ်သားမှု အနိစ္စသညာ၊ ၆။ မမြဲရာ၌ ဆင်းရဲဟု မှတ်သားမှု အနိစ္စေ ဒုက္ခသညာ၊ ၇။ ဆင်းရဲရာ၌ အစိုးမရဟု မှတ်သားမှု ဒုက္ခေ အနတ္တသညာ၊ ၈။ ပယ်ခြင်း၌ မှတ်သားမှု ပဟာနသညာ၊ ၉။ တပ်မက်မှု ကင်းခြင်း မှတ်သားမှု ဝိရာဂသညာ။ (အံ၊၃။၂၅၆။) (အံ၊မြန်၊၃။၂၅၅။)

ရာဂ စသည်တို့ကို ပယ်ရန် ပွားများထိုက်သော တရား ၈ ပါး (တစ်နည်း) ၁။ အဖျတ်သန္ဓာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ ဗဟိဒ္ဓသန္ဓာန်၌ ကောင်း, မကောင်းသော အဆင်းရှိသော ကသိဏ်းရုပ် အငယ်တို့ကို ရှုခြင်း၊ ၂။ အဖျတ်သန္ဓာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ ဗဟိဒ္ဓသန္ဓာန်၌ ကောင်း, မကောင်းသော အဆင်းရှိသော ကသိဏ်းရုပ်အကြီးတို့ကို ရှုခြင်း၊ ၃။ အဖျတ်သန္ဓာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ ဗဟိဒ္ဓသန္ဓာန်၌ ကောင်း, မကောင်းသော ကသိဏ်းရုပ်အငယ်တို့ကို ရှုခြင်း၊ ၄။ အဖျတ်သန္ဓာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ ဗဟိဒ္ဓသန္ဓာန်၌ ကောင်း, မကောင်းသော ကသိဏ်းရုပ်အကြီးတို့ကို ရှုခြင်း၊ ၅။ အဖျတ်သန္ဓာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ ဗဟိဒ္ဓသန္ဓာန်၌ ညိုသော အသွေးအရောင် အဆင်းရှိသော ကသိဏ်းရုပ်တို့ကို ရှုခြင်း၊ ၆။ အဖျတ်သန္ဓာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ ဗဟိဒ္ဓသန္ဓာန်၌ ဝါသော အသွေးအရောင် အဆင်းရှိသော ကသိဏ်းရုပ်တို့ကို ရှုခြင်း၊ ၇။ အဖျတ်သန္ဓာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ ဗဟိဒ္ဓသန္ဓာန်၌ နီသော အသွေးအရောင် အဆင်းရှိသော ကသိဏ်းရုပ်တို့ကို ရှုခြင်း၊ ၈။ အဖျတ်သန္ဓာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်မူ၍ ဗဟိဒ္ဓသန္ဓာန်၌ ဖြူသော အသွေးအရောင် အဆင်းရှိသော ကသိဏ်းရုပ်တို့ကို ရှုခြင်း။ (အံ၊၃။၁၆၁။) (အံ၊မြန်၊၃။၁၆၃။)

ရာဂ စသည်တို့ကို ပယ်ရန် ပွားများထိုက်သော တရား ၈ ပါး (တစ်နည်း) ၁။ အဖျတ်သန္ဓာန်၌ ကသိဏ်းရုပ်ရှိသည် ဖြစ်၍ အပ၌ ကသိဏ်းရုပ်တို့ကို ရှုခြင်း၊ ၂။ အဖျတ်သန္ဓာန်၌ ကသိဏ်းရုပ်တို့ကို မရှုမူ၍ အပ၌ ကသိဏ်းရုပ်တို့ကို ရှုခြင်း၊ ၃။ တင့်တယ်၏ဟူ၍ နှလုံးသွင်းခြင်း၊ ၄။ အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍ နေခြင်း၊ ၅။ ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍ နေခြင်း၊ ၆။ အာကိဉ္စညာယတနဈာန်သို့ ရောက်၍ နေခြင်း၊ ၇။ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍ နေခြင်း၊ ၈။ သညာဝေဒနာတို့၏ ချုပ်ရာ နိဗ္ဗာန သမာပတ်သို့ ရောက်၍ နေခြင်း။ (အံ၊၃။၁၆၁။) (အံ၊မြန်၊၃။၁၆၃။)

ရာဂ စသည်တို့ကို ပယ်ရန် ပွားများထိုက်သော တရား ၉ ပါး (တစ်နည်း) ၁။ ပထမဈာန်၊ ၂။ ဒုတိယဈာန်၊ ၃။ တတိယဈာန်၊ ၄။ စတုတ္ထဈာန်၊ ၅။ အာကာသာနဉ္စာယတနဈာန်၊ ၆။ ဝိညာဏဉ္စာယတနဈာန်၊ ၇။ အာကိဉ္စညာယတနဈာန်၊ ၈။ နေဝသညာနာသညာ ယတနဈာန်၊

http://www.dhammadownload.com

၉။ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်။ (အံ၊၃။၂၅၆။) (အံ၊မြန်၊၃။၂၅၆။)

ရာဂ စသည် ဖြစ်ကြောင်း တရား ၃ ပါး ၁။ သက္ကာယဒိဋ္ဌိ– မိမိကိုယ် အတ္တဘော ထင်ရှားရှိသည်ဟူသော အယူ၊ ၂။ ဝိစိကိစ္ဆာ– သို့လောသို့လော သံသယဖြစ်ခြင်း၊ ၃။ သီလဗ္ဗတပရာမာသ– အလေ့အကျင့်ကို မှားသောအားဖြင့် သုံးသပ်ခြင်း။ (အံ၊၃။၃၇၁။) (အံ၊မြန်၊၃။ ၃၇၁။)

ရာဂ စသည်မှ ထွက်မြောက်ကြောင်း ဓာတ် ၆ ပါး ၁။ မေတ္တာစိတ်ကို ပွားများအပ်ခြင်း၊ ၂။ ကရုဏာစိတ်ကို ပွားများအပ်ခြင်း၊ ၃။ မုဒိတာစိတ်ကို ပွားများအပ်ခြင်း၊ ၄။ ဥပေက္ခာစိတ်ကို ပွားများအပ်ခြင်း၊ ၅။ နိမိတ်မရှိသည့် လွတ်သော စိတ်ကို ပွားများအပ်ခြင်း၊ ၆။ ငါငါတကားဟု ထောင်လွှားမှုကို ကင်းရှင်းစေရန် ပွားများအပ်ခြင်း။ (အံ၊၂။၂၅၇။) (အံ၊မြန်၊၂။ ၃၃၃-၃၃၄-၃၃၅။)

ရာဂ ဒေါသ မောဟ ခေါင်းပါးပုံ ၂ မျိုး ၁။ ရာဂ ဒေါသ မောဟတို့သည် ယောဂီ၏ သန္တာန်၌ တစ်ခါတစ်ရံသာ ဖြစ်တော့ခြင်း၊ ၂။ ထကြွမှု နုံ့နေး သေးငယ်ခြင်း။ (သံ၊၆၊၃။၃၁၂။)

ရာဂ ဖြစ်ပေါ်ကြောင်း ၂ မျိုး ၁။ တင့်တယ်သော ဣဋ္ဌာရုံ၊ ၂။ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း။ (အံ၊၁။၈၆။) (အံ၊မြန်၊၁။၁၀၁။)

ရာဇဂြိုဟ်ပြည်၌ ပညတ်အပ်သော သိက္ခာပုဒ် ၂၁ ပုဒ် ၁။ အဒိန္နာဒါန သိက္ခာပုဒ်၊ ၂။ ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊ ၃။ ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊ ၄။ သံဃဘေဒက သိက္ခာပုဒ်၊ ၅။ ဘေဒါနုဝတ္တက သိက္ခာပုဒ်၊ ၆။ အညာတိကစီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ ၇။ ရူပိယ သံဝေါဟာရ သိက္ခာပုဒ်၊ ၈။ သုတ္တဝိညာပန သိက္ခာပုဒ်၊ ၉။ ဥဒ္ဒေသပန်က သိက္ခာပုဒ်၊ ၁၀။ ဘိက္ခုနီပရိပါစိတ ပိဏ္ဍပါတ သိက္ခာပုဒ်၊ ၁၁။ ဂဏဘောဇန သိက္ခာပုဒ်၊ ၁၂။ ဒိကာလ ဘောဇနသိက္ခာပုဒ်၊ ၁၃။ စာရိတ္တ သိက္ခာပုဒ်၊ ၁၄။ ဩရေနဒွဓာသနာန သိက္ခာပုဒ်၊ ၁၅။ ဥနဝီသတိဝဿ သိက္ခာပုဒ်၊ ၁၆။ စီဝရံ ဒတ္ဝာ ခီဃန သိက္ခာပုဒ်၊ ၁၇။ ဝေါသာသ သိက္ခာပုဒ်၊ ၁၈။ ဂိရဂ္ဂသမဇ္ဇ သိက္ခာပုဒ်၊ ၁၉။ အန္တောဝဿစာရိကစရဏ သိက္ခာပုဒ်၊ ၂၀။ ဝဿာစာရိက ပက္ကမန သိက္ခာပုဒ်၊ ၂၁။ ပါရိဝါသိကဆန္ဒဒါန သိက္ခာပုဒ်။ (ဝိ၊၅။၂၅၆။) (ဝိ၊မြန်၊၅။၃၄၉။)

ရာဇသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ကပ္ပိယကာရကကို ရဟန်းက ညွှန်ပြအပ်သည် ဖြစ်ခြင်း၊ ၂။ တမန်သည် အပ်ထားခြင်း၊ ၃။ သတ်မှတ်ထားသော အတိုင်းအရှည်ထက် ပိုလွန်စွာ ရလိုခြင်း၌ အားထုတ်ခြင်း၊ ၄။ ထိုသို့ သော လုံ့လပြုမှုကြောင့် ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၁၂။) (ဝိမတိ၊၁။၃၃၂။)

ရာသီ ၃ ပါး ၁။ မိစ္ဆတ္တနိယတရာသီ– မှားယွင်းသော သဘောရှိသည် ဖြစ်၍ မြဲသော အစု၊ ၂။ သမ္မတ္တနိယတရာသီ– မှန်သော သဘောရှိသည် ဖြစ်၍ မြဲသော အစု၊ ၃။ အနိယတရာသီ– မမြဲသော အစု။ (အဘိ၊က။၄၄၀။) (နေတ္တိ၊၆။၈၀။) (အဘိ၊က၊မြန်၊၂။၃၆၉။)

ရူပတဏှာ ၃ မျိုး ၁။ ကာမတဏှာ– ကာမဂုဏ်၌ လိုချင် တပ်မက်မှု၊ ၂။ ဘဝတဏှာ– သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာ၊ ၃။ ဝိဘဝတဏှာ– ဘဝ၏ ပြတ်ခြင်း ပျက်စီးခြင်း ကင်းခြင်း၌ ဖြစ်သော တဏှာ။ (သံ၊၆၊၂။၁၄။)

http://www.dhammadownload.com

ရူပပဋိသန္ဓေ ဓာတ် ၅ ပါး ၁။ စက္ခုဓာတ်၊ ၂။ ရူပဓာတ်၊ ၃။ သောတဓာတ်၊ ၄။ မနောဝိညာဏဓာတ်၊ ၅။ ဓမ္မဓာတ်။ (အဘိ၊ဝိ။၄၃၃။) (အဘိ၊ဝိ၊မြန်၊၂။၅၅၀။)

ရူပပဋိသန္ဓေ ဟိတ် ၃ ပါး ၁။ အလောဘ ဟူသော ဝိပါက်ဟိတ်၊ ၂။ အဒေါသ ဟူသော ဝိပါက်ဟိတ်၊ ၃။ အမောဟ ဟူသော ဝိပါက်ဟိတ် ပေါင်း ၃ ပါး။ (အဘိ၊ဝိ။၄၃၃။) (အဘိ၊ဝိ၊မြန်၊၂။၅၅၁။)

ရူပပဋိသန္ဓေ အာယတန ၅ ပါး ၁။ စက္ခာယတန၊ ၂။ ရူပါယတန၊ ၃။ သောတာယတန၊ ၄။ မနာယတန၊ ၅။ ဓမ္မာယတန။ (အဘိ၊ဝိ။၄၃၃။) (အဘိ၊ဝိ၊မြန်၊၂။၅၅၀။)

ရူပပဋိသန္ဓေ အာဟာရ ၃ ပါး ၁။ တွေ့ထိမှု ဖဿာဟာရ၊ ၂။ စိတ်စေ့ဆော်မှု မနောသဉ္စေတနာဟာရ၊ ၃။ သိမှု ဝိညာဏာဟာရ။ (အဘိ၊ဝိ။၄၃၄။) (အဘိ၊ဝိ၊မြန်၊၂။၅၅၁။)

ရူပဗြဟ္မာ့ပြည်၌ မဖြစ်သော ကမ္မဋ္ဌာန်း ၁၃ ပါး ၁။ အသုဘ ကမ္မဋ္ဌာန်း ဆယ်ပါး၊ ၂။ ကာယဂတာသတိ၊ ၃။ အာဟာရေ ပဋိကူလသညာ၊ ၄။ အာနာပါနဿတိ။ (ဝိသုဒ္ဓိ၊၁။၁၁၀။)

ရူပဘုံ၌ ဖြစ်သော စေတနာ ၄ ပါး ၁။ မျက်စိ အတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု စေတနာ- စက္ခုသမ္ဖဿဇာ စေတနာ၊ ၂။ နားအတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု စေတနာ- သောတသမ္ဖဿဇာ စေတနာ၊ ၃။ မနောဓာတ်အတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု စေတနာ- မနောဓာတုသမ္ဖဿဇာ စေတနာ၊ ၄။ မနောဝိညာဏဓာတ် အတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု စေတနာ- မနောဝိညာဏဓာတုသမ္ဖဿဇာ စေတနာ။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၂။)

ရူပဘုံ၌ ဖြစ်သော စိတ် ၄ ပါး ၁။ မြင်သိစိတ်- စက္ခုဝိညာဏ်၊ ၂။ ကြားသိစိတ်- သောတဝိညာဏ်၊ ၃။ သိကာမျှသဘော- မနောဓာတ်၊ ၄။ အထူးသိမှုသဘော- မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၂။)

ရူပဘုံ၌ ဖြစ်သော ဓာတ် ၉ ပါး ၁။ စက္ခုဓာတ်၊ ၂။ ရူပဓာတ်၊ ၃။ စက္ခုဝိညာဏဓာတ်၊ ၄။ သောတဓာတ်၊ ၅။ သဒ္ဒဓာတ်၊ ၆။ သောတဝိညာဏဓာတ်၊ ၇။ မနောဓာတ်၊ ၈။ ဓမ္မဓာတ်၊ ၉။ မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၄၁၉။) (အဘိ၊ဝိ၊မြန်၊၂။၅၃၀။)

ရူပဘုံ၌ ဖြစ်သော ဖဿ ၄ ပါး ၁။ မျက်စိအတွေ့-စက္ခုသမ္ဖဿ၊ ၂။ နားအတွေ့-သောတသမ္ဖဿ၊ ၃။ သိကာမျှသဘော မနောဓာတ်အတွေ့-မနောဓာတုသမ္ဖဿ၊ ၄။ အထူးသိမှုသဘော မနောဝိညာဏဓာတ်အတွေ့-မနောဝိညာဏဓာတုသမ္ဖဿ။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၁။)

ရူပဘုံ၌ ဖြစ်သော ဝေဒနာ ၄ ပါး ၁။ မျက်စိ အတွေ့ကြောင့် ဖြစ်သော ခံစားမှု- စက္ခု သမ္ဖဿဇာဝေဒနာ၊ ၂။ နားအတွေ့ကြောင့် ဖြစ်သော ခံစားမှု- သောတသမ္ဖဿဇာဝေဒနာ၊ ၃။ မနောဓာတ် အတွေ့ကြောင့် ဖြစ်သော ခံစားမှု- မနောဓာတုသမ္ဖဿဇာဝေဒနာ၊ ၄။ မနောဝိညာဏဓာတ် အတွေ့ကြောင့် ဖြစ်သော ခံစားမှု- မနောဝိညာဏဓာတုသမ္ဖဿဇာဝေဒနာ။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၂။)

ရူပဘုံ၌ ဖြစ်သော သစ္စာ ၃ ပါး ၁။ ဒုက္ခသစ္စာ၊ ၂။ သမုဒယသစ္စာ၊ ၃။ နိရောဓသစ္စာ။ (အဘိ၊ဝိ။၄၁၉။) (အဘိ၊ဝိ၊မြန်၊၂။၅၃၀။)

http://www.dhammadownload.com

၉။ သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်။ (အံ၊၃။၂၅၆။) (အံ၊မြန်၊၃။၂၅၆။)

ရာဂ စသည် ဖြစ်ကြောင်း တရား ၃ ပါး ၁။ သက္ကာယဒိဋ္ဌိ– မိမိကိုယ် အတ္တဘော ထင်ရှားရှိသည်ဟူသော အယူ၊ ၂။ ဝိစိကိစ္ဆာ– သို့လောသို့လော သံသယဖြစ်ခြင်း၊ ၃။ သီလဗ္ဗတပရာမာသ– အလေ့အကျင့်ကို မှားသောအားဖြင့် သုံးသပ်ခြင်း။ (အံ၊၃။၃၇၁။) (အံ၊မြန်၊၃။ ၃၇၁။)

ရာဂ စသည်မှ ထွက်မြောက်ကြောင်း ဓာတ် ၆ ပါး ၁။ မေတ္တာစိတ်ကို ပွားများအပ်ခြင်း၊ ၂။ ကရုဏာစိတ်ကို ပွားများအပ်ခြင်း၊ ၃။ မုဒိတာစိတ်ကို ပွားများအပ်ခြင်း၊ ၄။ ဥပေက္ခာစိတ်ကို ပွားများအပ်ခြင်း၊ ၅။ နိမိတ်မရှိသည့် လွတ်သော စိတ်ကို ပွားများအပ်ခြင်း၊ ၆။ ငါငါတကားဟု ထောင်လွှားမှုကို ကင်းရှင်းစေရန် ပွားများအပ်ခြင်း။ (အံ၊၂။၂၇၇။) (အံ၊မြန်၊၂။ ၃၃၃–၃၃၄–၃၃၅။)

ရာဂ ဒေါသ မောဟ ခေါင်းပါးပုံ ၂ မျိုး ၁။ ရာဂ ဒေါသ မောဟတို့သည် ယောဂီ၏ သန္တာန်၌ တစ်ခါတစ်ရံသာ ဖြစ်တော့ခြင်း၊ ၂။ ထကြွမှု နုံ့နေး သေးငယ်ခြင်း။ (သံ၊ဋ္ဌ၊၃။၃၁၂။)

ရာဂ ဖြစ်ပေါ်ကြောင်း ၂ မျိုး ၁။ တင့်တယ်သော ကျဋ္ဌာရုံ၊ ၂။ မသင့်လျော်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း။ (အံ၊၁။၈၆။) (အံ၊မြန်၊၁။၁၀၁။)

ရာဇဂြိုဟ်ပြည်၌ ပညတ်အပ်သော သိက္ခာပုဒ် ၂၁ ပုဒ် ၁။ အဒိန္နာဒါန သိက္ခာပုဒ်၊ ၂။ ပဌမ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊ ၃။ ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်၊ ၄။ သံဃဘေဒက သိက္ခာပုဒ်၊ ၅။ ဘေဒါနုဝတ္တက သိက္ခာပုဒ်၊ ၆။ အညာတိကစီဝရပဋိဂ္ဂဟဏ သိက္ခာပုဒ်၊ ၇။ ရူပိယ သံဝေါဟာရ သိက္ခာပုဒ်၊ ၈။ သုတ္တဝိညာပန သိက္ခာပုဒ်၊ ၉။ ဥဒ္ဒါပနက သိက္ခာပုဒ်၊ ၁၀။ ဘိက္ခုနီပရိပါစိတ ပိဏ္ဍပါတ သိက္ခာပုဒ်၊ ၁၁။ ဂဏဘောဇန သိက္ခာပုဒ်၊ ၁၂။ ဝိကာလ ဘောဇနသိက္ခာပုဒ်၊ ၁၃။ စာရိတ္တ သိက္ခာပုဒ်၊ ၁၄။ ဩရေနဒွမာသနာန သိက္ခာပုဒ်၊ ၁၅။ ဥနဝီသတိဝဿ သိက္ခာပုဒ်၊ ၁၆။ စီဝရံ ဒတ္ဝာ ခီဃန သိက္ခာပုဒ်၊ ၁၇။ ဝေါသာသ သိက္ခာပုဒ်၊ ၁၈။ ဂိရဂ္ဂသမဇ္ဇ သိက္ခာပုဒ်၊ ၁၉။ အန္တောဝဿစာရိကစရဏ သိက္ခာပုဒ်၊ ၂၀။ ဝဿစာရိက ပက္ကမန သိက္ခာပုဒ်၊ ၂၁။ ပါရိဝါသိကဆန္ဒဒါန သိက္ခာပုဒ်။ (ဝိ၊၅။၂၅၆။) (ဝိ၊မြန်၊၅။၃၄၉။)

ရာဇသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ကပ္ပိယကာရကကို ရဟန်းက ညွှန်ပြအပ်သည် ဖြစ်ခြင်း၊ ၂။ တမန်သည် အပ်ထားခြင်း၊ ၃။ သတ်မှတ်ထားသော အတိုင်းအရှည်ထက် ပိုလွန်စွာ ရလိုခြင်း၌ အားထုတ်ခြင်း၊ ၄။ ထိုသို့ သော လုံ့လပြုမှုကြောင့် ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၁၂။) (ဝိမတိ၊၁။၃၃၂။)

ရာသီ ၃ ပါး ၁။ မိစ္ဆတ္တနိယတရာသိ– မှားယွင်းသော သဘောရှိသည် ဖြစ်၍ မြဲသော အစု၊ ၂။ သမ္မတ္တနိယတရာသိ– မှန်သော သဘောရှိသည် ဖြစ်၍ မြဲသော အစု၊ ၃။ အနိယတရာသိ– မမြဲသော အစု။ (အဘိ၊က။၄၄၀။) (နေတ္တိ၊ဋ္ဌ။၈၀။) (အဘိ၊က၊မြန်၊၂။၃၆၉။)

ရူပတဏှာ ၃ မျိုး ၁။ ကာမတဏှာ– ကာမဂုဏ်၌ လိုချင် တပ်မက်မှု၊ ၂။ ဘဝတဏှာ– သဿတဒိဋ္ဌိနှင့် တကွဖြစ်သော တဏှာ၊ ၃။ ဝိဘဝတဏှာ– ဘဝ၏ ပြတ်ခြင်း ပျက်စီးခြင်း ကင်းခြင်း၌ ဖြစ်သော တဏှာ။ (သံ၊ဋ္ဌ၊၂။၁၄။)

http://www.dhammadownload.com

ရူပပဋိသန္ဓေ ဓာတ် ၅ ပါး ၁။ စက္ခုဓာတ်၊ ၂။ ရူပဓာတ်၊ ၃။ သောတဓာတ်၊ ၄။ မနောဝိညာဏဓာတ်၊ ၅။ ဓမ္မဓာတ်။ (အဘိ၊ဝိ။၄၃၃။) (အဘိ၊ဝိ၊မြန်၊၂။၅၅၀။)

ရူပပဋိသန္ဓေ ဟိတ် ၃ ပါး ၁။ အလောဘ ဟူသော ဝိပါက်ဟိတ်၊ ၂။ အဒေါသ ဟူသော ဝိပါက်ဟိတ်၊ ၃။ အမောဟ ဟူသော ဝိပါက်ဟိတ် ပေါင်း ၃ ပါး။ (အဘိ၊ဝိ။၄၃၃။) (အဘိ၊ဝိ၊မြန်၊၂။၅၅၁။)

ရူပပဋိသန္ဓေ အာယတန ၅ ပါး ၁။ စက္ခာယတန၊ ၂။ ရူပါယတန၊ ၃။ သောတာယတန၊ ၄။ မနာယတန၊ ၅။ ဓမ္မာယတန။ (အဘိ၊ဝိ။၄၃၃။) (အဘိ၊ဝိ၊မြန်၊၂။၅၅၀။)

ရူပပဋိသန္ဓေ အာဟာရ ၃ ပါး ၁။ တွေ့ထိမှု ဖဿာဟာရ၊ ၂။ စိတ်စေ့ဆော်မှု မနောသဉ္စေတနာဟာရ၊ ၃။ သိမှု ဝိညာဏာဟာရ။ (အဘိ၊ဝိ။၄၃၄။) (အဘိ၊ဝိ၊မြန်၊၂။၅၅၁။)

ရူပဖြဟ္မာ့ပြည်၌ မဖြစ်သော ကမ္မဋ္ဌာန်း ၁၃ ပါး ၁။ အသုဘ ကမ္မဋ္ဌာန်း ဆယ်ပါး၊ ၂။ ကာယဂတာသတိ၊ ၃။ အာဟာရေ ပဋိကူလသညာ၊ ၄။ အာနာပါနဿတိ။ (ဝိသုဒ္ဓိ၊၁။၁၁၀။)

ရူပဘုံ၌ ဖြစ်သော စေတနာ ၄ ပါး ၁။ မျက်စိ အတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု စေတနာ- စက္ခုဝိညာဏသမ္ပယုတ္တာ စေတနာ၊ ၂။ နားအတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု စေတနာ- သောတသမ္ပယုတ္တာ စေတနာ၊ ၃။ မနောဓာတ်အတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု စေတနာ- မနောဓာတုသမ္ပယုတ္တာ စေတနာ၊ ၄။ မနောဝိညာဏဓာတ် အတွေ့ကြောင့် ဖြစ်သော စေ့ဆော်မှု စေတနာ- မနောဝိညာဏဓာတုသမ္ပယုတ္တာ စေတနာ။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၂။)

ရူပဘုံ၌ ဖြစ်သော စိတ် ၄ ပါး ၁။ မြင်သိစိတ်- စက္ခုဝိညာဏ်၊ ၂။ ကြားသိစိတ်- သောတဝိညာဏ်၊ ၃။ သိကာမျှသဘော- မနောဓာတ်၊ ၄။ အထူးသိမှုသဘော- မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၂။)

ရူပဘုံ၌ ဖြစ်သော ဓာတ် ၉ ပါး ၁။ စက္ခုဓာတ်၊ ၂။ ရူပဓာတ်၊ ၃။ စက္ခုဝိညာဏဓာတ်၊ ၄။ သောတဓာတ်၊ ၅။ သဒ္ဒဓာတ်၊ ၆။ သောတဝိညာဏဓာတ်၊ ၇။ မနောဓာတ်၊ ၈။ ဓမ္မဓာတ်၊ ၉။ မနောဝိညာဏဓာတ်။ (အဘိ၊ဝိ။၄၁၉။) (အဘိ၊ဝိ၊မြန်၊၂။၅၃၀။)

ရူပဘုံ၌ ဖြစ်သော ဖဿ ၄ ပါး ၁။ မျက်စိအတွေ့-စက္ခုသမ္ပဿ၊ ၂။ နားအတွေ့-သောတသမ္ပဿ၊ ၃။ သိကာမျှသဘော မနောဓာတ်အတွေ့-မနောဓာတုသမ္ပဿ၊ ၄။ အထူးသိမှုသဘော မနောဝိညာဏဓာတ်အတွေ့-မနောဝိညာဏဓာတုသမ္ပဿ။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၁။)

ရူပဘုံ၌ ဖြစ်သော ဝေဒနာ ၄ ပါး ၁။ မျက်စိ အတွေ့ကြောင့် ဖြစ်သော ခံစားမှု- စက္ခု သမ္ပယုတ္တာ ဝေဒနာ၊ ၂။ နားအတွေ့ကြောင့် ဖြစ်သော ခံစားမှု- သောတသမ္ပယုတ္တာဝေဒနာ၊ ၃။ မနောဓာတ် အတွေ့ကြောင့် ဖြစ်သော ခံစားမှု- မနောဓာတုသမ္ပယုတ္တာဝေဒနာ၊ ၄။ မနောဝိညာဏဓာတ် အတွေ့ကြောင့် ဖြစ်သော ခံစားမှု- မနောဝိညာဏဓာတုသမ္ပယုတ္တာဝေဒနာ။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၂။)

ရူပဘုံ၌ ဖြစ်သော သစ္စာ ၃ ပါး ၁။ ဒုက္ခသစ္စာ၊ ၂။ သမုဒယသစ္စာ၊ ၃။ နိရောဓသစ္စာ။ (အဘိ၊ဝိ။၄၁၉။) (အဘိ၊ဝိ၊မြန်၊၂။၅၃၀။)

http://www.dhammadownload.com

ရူပဘုံ၌ ဖြစ်သော သညာ ၄ ပါး ၁။ မျက်စိ အတွေ့ကြောင့် ဖြစ်သော မှတ်သားမှုသညာ- စက္ခုသမ္ဖဿဇာသညာ၊ ၂။ နားအတွေ့ကြောင့် ဖြစ်သော မှတ်သားမှုသညာ- သောတသမ္ဖဿဇာသညာ၊ ၃။ မနောဓာတ်အတွေ့ကြောင့် ဖြစ်သော မှတ်သားမှုသညာ- မနောဓာတုသမ္ဖဿဇာသညာ၊ ၄။ မနောဝိညာဏဓာတ် အတွေ့ကြောင့် ဖြစ်သော မှတ်သားမှုသညာ- မနောဝိညာဏဓာတုသမ္ဖဿဇာသညာ။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၂။)

ရူပဘုံ၌ ဖြစ်သော ဟိတ် ၈ ပါး ၁။ အလောဘ၊ အဒေါသ၊ အမောဟဟု ဆိုအပ်သော ကုသိုလ်ဟိတ် သုံးပါး၊ ၂။ လောဘ၊ မောဟဟု ဆိုအပ်သော အကုသိုလ်ဟိတ် နှစ်ပါး၊ ၃။ အလောဘ၊ အဒေါသ၊ အမောဟဟု ဆိုအပ်သော ဝိပါက်အဗျာကတဟိတ် ကိရိယာအဗျာကတဟိတ် သုံးပါး။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၁။)

ရူပဘုံ၌ ဖြစ်သော အာယတန ၆ ပါး ၁။ စက္ခာယတန၊ ၂။ ရူပါယတန၊ ၃။ သောတာယတန၊ ၄။ သဒ္ဒါယတန၊ ၅။ မနာယတန၊ ၆။ ဓမ္မာယတန။ (အဘိ၊ဝိ။၄၁၉။) (အဘိ၊ဝိ၊မြန်၊၂။၅၃၀။)

ရူပဘုံ၌ ဖြစ်သော အာဟာရ ၃ ပါး ၁။ တွေ့ထိမှု ဟူသော ဖဿာဟာရ၊ ၂။ စိတ်စေ့ဆော်မှု ဟူသော မနောသဉ္စေတနာဟာရ၊ ၃။ သိမှု ဟူသော ဝိညာဏာဟာရ။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၁။)

ရူပဘုံ၌ ဖြစ်သော ဣန္ဒြေ ၁၄ ပါး ၁။ စက္ခုန္ဒြေ၊ ၂။ သောတိန္ဒြေ၊ ၃။ မနိန္ဒြေ၊ ၄။ ဇီဝိတိန္ဒြေ၊ ၅။ သောမနဿိန္ဒြေ၊ ၆။ ဥပေက္ခိန္ဒြေ၊ ၇။ သဒ္ဓိန္ဒြေ၊ ၈။ ဝီရိယိန္ဒြေ၊ ၉။ သတိန္ဒြေ၊ ၁၀။ ပညိန္ဒြေ၊ ၁၁။ အနညာတညဿာမီတိန္ဒြေ၊ ၁၂။ အညိန္ဒြေ၊ ၁၃။ အညာတာဝိန္ဒြေ။ (အဘိ၊ဝိ။၄၂၀။) (အဘိ၊ဝိ၊မြန်၊၂။၅၃၁။)

ရူပဘုံ ပဋိသန္ဓေ ဣန္ဒြေ ၁၀ ပါး ၁။ စက္ခုန္ဒြေ၊ ၂။ သောတိန္ဒြေ၊ ၃။ မနိန္ဒြေ၊ ၄။ ဇီဝိတိန္ဒြေ၊ ၅။ (သောမနဿိန္ဒြေ)၊ ၆။ (ဥပေက္ခိန္ဒြေ)၊ ၇။ သဒ္ဓိန္ဒြေ၊ ၈။ ဝီရိယိန္ဒြေ၊ ၉။ သတိန္ဒြေ၊ ၁၀။ သမာဓိန္ဒြေ၊ ၁၁။ ပညိန္ဒြေ၊ (သောမနဿိန္ဒြေနှင့် ဥပေက္ခိန္ဒြေတို့သည် တစ်ပါးဖြစ်လျှင် ကျန်တစ်ပါး မဖြစ်၊ ထိုကြောင့် (၁၀) ပါး ဖြစ်၏) ။ (အဘိ၊ဝိ။၄၃၃။) (အဘိ၊ဝိ၊မြန်၊၂။၅၅၁။)

ရူပသညာ ၁၅ ပါး ၁။ ရူပကုသိုလ်စိတ် ၅ ပါး၊ ၂။ ရူပဝိပါက်စိတ် ၅ ပါ။၃။ ရူပကြိယာစိတ် ၅ ပါး။ (ပဋိသံ၊ဋ္ဌ၊၁။၁၂၃။)

ရူပါယတနက စက္ခုသမ္ဖဿဇာဒီး ကျေးဖူးပြုတတ်သော ပစ္စည်း ၄ မျိုး ၁။ အာရမ္မဏပစ္စည်း၊ ၂။ ပုရေဇာတပစ္စည်း၊ ၃။ အတ္ထိပစ္စည်း၊ ၄။ အဝိဂတပစ္စည်း။ (အဘိ၊ဋ္ဌ၊၂။၁၆၉။)

ရူပါဝစရကုသိုလ်သည် အာရမ္မဏသတ္တိဖြင့် ကျေးဖူးပြုနိုင်သော တရားအစု ၅ စု ၁။ ကာမာဝစရကုသိုလ်၊ ၂။ ရူပါဝစရကုသိုလ်၊ ၃။ အကုသိုလ်၊ ၄။ ကာမာဝစရကြိယာ၊ ၅။ ရူပါဝစရကြိယာ။ (အဘိ၊ဋ္ဌ၊၃။၃၅၉။)

ရူပါဝစရဟိတ် ၆ ပါး ၁။ အလောဘ, အဒေါသ, အမောဟ ဟု ဆိုအပ်သော ကုသိုလ်ဟိတ် သုံးပါး၊ ၂။ ဝိပါက်အဗျာကတ, ကိရိယာ အဗျာကတတရားတို့၌ ရှိသော အလောဘ, အဒေါသ, အမောဟ ဟု ဆိုအပ်သော အဗျာကတဟိတ် သုံးပါး ပေါင်း (၆) ပါး။ (အဘိ၊ဓ။၂၁၇။) (အဘိ၊ဓ၊မြန်။၃၉၅။)

http://www.dhammadownload.com

ရူပိယသံဝေါဟာရသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ မိမိပစ္စည်းဖြင့် လဲလှယ်သော ပစ္စည်းသည် ရွှေငွေ ဖြစ်ခြင်း၊ ၂။ လဲလှယ်မှု ပြုခြင်း။ (သာရတ္ထ၊ဋီ၂၊၂။၄၂၅) (ဝိမတိ၊၁။၃၄၆။)

ရူပိယသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ရွှေငွေ ဖြစ်ခြင်း၊ ၂။ မိမိအတွက် ရည်ရွယ်သည် ဖြစ်ခြင်း၊ ၃။ အသပြာငွေ အစရှိသည်တို့တွင် တစ်စုံတစ်ခု ဖြစ်ခြင်း။ (သာရတ္ထ၊ဋီ၂၊၂။၄၂၂။) (ဝိမတိ၊၁။ ၃၄၃။)

ရူပက္ခန္ဓာ ၅ ပါး ၁။ ပထဝီဓာတ်၊ ၂။ အာပေါဓာတ်၊ ၃။ တေဇောဓာတ်၊ ၄။ ဝါယောဓာတ်၊ ၅။ ဥပါဒါရုပ်။ (အဘိ၊ဝိ။၁၄။) (အဘိ၊ဝိ၊မြန်၊၁။၆၇။)

ရူပက္ခန္ဓာ ၆ ပါး ၁။ စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရုပ် စက္ခုဝိညေယျရုပ် (ရူပါရုံ)၊ ၂။ သောတဝိညာဏ်ဖြင့် သိအပ်သော ရုပ် သောတဝိညေယျရုပ် (သဒ္ဒါရုံ)၊ ၃။ ဃာနဝိညာဏ်ဖြင့် သိအပ်သော ရုပ် ဃာနဝိညေယျရုပ် (ဂန္ဓာရုံ)၊ ၄။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော ရုပ် ဇိဝှါဝိညေယျရုပ် (ရသာရုံ)၊ ၅။ ကာယဝိညာဏ်ဖြင့် သိအပ်သော ရုပ် ကာယဝိညေယျရုပ် (ဖောဋ္ဌဗ္ဗာရုံ)၊ ၆။ မနောဝိညာဏ်ဖြင့် သိအပ်သော ရုပ် မနောဝိညေယျရုပ် (ရုပ်အားလုံး)။ (အဘိ၊ဝိ။၁၄။) (အဘိ၊ဝိ၊မြန်၊၁။၆၇။)

ရူပက္ခန္ဓာ ၇ ပါး ၁။ စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရုပ် စက္ခုဝိညေယျရုပ် (ရူပါရုံ)၊ ၂။ သောတဝိညာဏ်ဖြင့် သိအပ်သော ရုပ် သောတဝိညေယျရုပ် (သဒ္ဒါရုံ)၊ ၃။ ဃာနဝိညာဏ်ဖြင့် သိအပ်သော ရုပ် ဃာနဝိညေယျရုပ် (ဂန္ဓာရုံ)၊ ၄။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော ရုပ် ဇိဝှါဝိညေယျရုပ် (ရသာရုံ)၊ ၅။ ကာယဝိညာဏ်ဖြင့် သိအပ်သော ရုပ် ကာယဝိညေယျရုပ် (ဖောဋ္ဌဗ္ဗာရုံ)၊ ၆။ မနောဓာတ်ဖြင့် သိအပ်သော ရုပ် မနောဓာတုဝိညေယျရုပ် (ပဉ္စာရုံ)၊ ၇။ မနောဝိညာဏဓာတ်ဖြင့် သိအပ်သော ရုပ် မနောဝိညာဏဓာတုဝိညေယျရုပ် (ရုပ်အားလုံး)။ (အဘိ၊ဝိ။၁၄။) (အဘိ၊ဝိ၊မြန်၊၁။၆၇။)

ရူပက္ခန္ဓာ ၈ ပါး ၁။ စက္ခုဝိညာဏ်ဖြင့် သိအပ်သော ရုပ်၊ ၂။ သောတဝိညာဏ်ဖြင့် သိအပ်သော ရုပ်၊ ၃။ ဃာနဝိညာဏ်ဖြင့် သိအပ်သော ရုပ်၊ ၄။ ဇိဝှါဝိညာဏ်ဖြင့် သိအပ်သော ရုပ်၊ ကာယဝိညာဏ်ဖြင့် သိအပ်သော ရုပ်၊ ၆။ ကောင်းသော အတွေ့အထိ မကောင်းသော အတွေ့အထိရှိသော ရုပ်၊ ၈။ မနောဝိညာဏဓာတ်ဖြင့် သိအပ်သော ရုပ်။ (အဘိ၊ဝိ။၁၅။) (အဘိ၊ဝိ၊မြန်၊၁။၆၈။)

ရူပက္ခန္ဓာ ၉ ပါး ၁။ စက္ခုန္ဒြေ၊ ၂။ သောတိန္ဒြေ၊ ၃။ ဃာနိန္ဒြေ၊ ၄။ ဇိဝှိန္ဒြေ၊ ၅။ ကာယိန္ဒြေ၊ ၆။ ဣတ္ထိန္ဒြေ၊ ၇။ ပုရိသိန္ဒြေ၊ ၈။ ဇီဝိတိန္ဒြေ၊ ၉။ ဣန္ဒြေမမည်သော ရုပ် (၀၊) ဣန္ဒြေယရုပ် ရုစ်ခုမှ တစ်ပါးသော ရုပ်။ (အဘိ၊ဝိ။၁၅။) (အဘိ၊ဝိ၊မြန်၊၁။၆၉။)

ရူပက္ခန္ဓာ ၁၀ ပါး ၁။ စက္ခုန္ဒြေ၊ ၂။ သောတိန္ဒြေ၊ ၃။ ဃာနိန္ဒြေ၊ ၄။ ဇိဝှိန္ဒြေ၊ ၅။ ကာယိန္ဒြေ၊ ၆။ ဣတ္ထိန္ဒြေ။၇။ ပုရိသိန္ဒြေ၊ ၈။ ဇီဝိတိန္ဒြေ။၉။ ဣန္ဒြေ မမည်မူ၍ ထိပါးခြင်းနှင့် တကွ ဖြစ်သော ရုပ် (ဝိသယရုပ် ခုနစ်ပါး။)၊ ၁၀။ ဣန္ဒြေ မမည်မူ၍ ထိပါးခြင်းနှင့် တကွ မဖြစ်သော ရုပ် (နဣန္ဒြိယအပွင့ိဃရုပ်) ။ (အဘိ၊ဝိ။၁၅။) (အဘိ၊ဝိ၊မြန်၊၁။၆၉။)

ရူပက္ခန္ဓာ ၁၁ ပါး ၁။ စက္ခာယတန၊ ၂။ သောတာယတန၊ ၃။ ဃာနာယတန၊ ၄။ ဇိဝှါယတန၊ ၅။ ကာယာယတန၊ ၆။ ရူပါယတန၊ ၇။ သဒ္ဒါယတန၊ ၈။ ဂန္ဓာယတန၊ ၉။ ရသာယတန၊

http://www.dhammadownload.com

၁၀။ ဖောဋ္ဌဗ္ဗာယတန၊ ၁၁။ ဓမ္မာယတနဒွ် အကျုံးဝင်၍ မြင်တွေ့အပ်၊ ထိပါးအပ်သည်၏ အဖြစ် မရှိသော ရုပ်။ မှတ်ချက်။ ။ ဤနေရာ၌ ဝေဒနာကွန္ဓာ ၁ ပါး ကျန်သည်။ (အဘိ၊၀ိ။၁၅။) (အဘိ၊၀ိ၊မြန်၊၁။၇၀။)

ရူပကွန္ဓာ၏ ပျက်ခြင်းကို ရှုသော ပုဂ္ဂိုလ် မြင်သော လက္ခဏာ ၅ ပါး ၁။ အဝိဇ္ဇာ ချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်းတရား ချုပ်ခြင်းကြောင့် ရူပကွန္ဓာ၏ ချုပ်ခြင်းကို မြင်ခြင်း၊ ၂။ တဏှာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်းတရား ချုပ်ခြင်းကြောင့် ရူပကွန္ဓာ၏ ချုပ်ခြင်းကို မြင်ခြင်း၊ ၃။ ကံချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်းတရား ချုပ်ခြင်းကြောင့် ရူပကွန္ဓာ၏ ချုပ်ခြင်းကို မြင်ခြင်း၊ ၄။ အာဟာရချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ဟု အကြောင်းတရား ချုပ်ခြင်းကြောင့် ရူပကွန္ဓာ၏ ချုပ်ခြင်းကို မြင်ခြင်း၊ ၅။ ဖောက်ပြန်ခြင်း လက္ခဏာကို ရှုသော သူသည်လည်း ရူပကွန္ဓာ၏ ချုပ်ခြင်းကို မြင်ခြင်း။ (ပဋိသံ။၅၃။) (ပဋိသံ၊မြန်။၇၁။)

ရူပကွန္ဓာ၏ ဖြစ်ခြင်းကို ရှုသော ပုဂ္ဂိုလ် မြင်သော လက္ခဏာ ၅ ပါး ၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု အကြောင်းဖြစ်ခြင်းကြောင့် ရူပကွန္ဓာဖြစ်ခြင်းကို မြင်ခြင်း၊ ၂။ တဏှာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု အကြောင်းတရား ဖြစ်ခြင်းကြောင့် ရူပကွန္ဓာ ဖြစ်ခြင်းကို မြင်ခြင်း၊ ၃။ ကံဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု အကြောင်းတရား ဖြစ်ခြင်းကြောင့် ရူပကွန္ဓာဖြစ်ခြင်းကို မြင်ခြင်း၊ ၄။ အာဟာရဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ဟု အကြောင်းတရား ဖြစ်ခြင်းကြောင့် ရူပကွန္ဓာဖြစ်ခြင်းကို မြင်ခြင်း၊ ၅။ ဖြစ်ပေါ်ခြင်းလက္ခဏာကို ရှုသော သူသည်လည်း ရူပကွန္ဓာ၏ ဖြစ်ခြင်းကို မြင်ခြင်း။ (ပဋိသံ။၅၃။) (ပဋိသံ၊မြန်။၇၁။)

ရူပကွန္ဓာ၏ ဖြစ်ခြင်း(ဥပါဒ်)ကို ရှုသောအခါ တွေ့မြင်ရသော လက္ခဏာ ၅ ပါး ၁။ အဝိဇ္ဇာ၊ ၂။ တဏှာ၊ ၃။ ကံ၊ ၄။ အာဟာရ၊ ၅။ နိဗ္ဗတ္တိ– ခန္ဓာစသော ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း။ (ပဋိသံ၊၌။၁။၂၃၅။)

ရေကူးသူနှင့် တူသော ပုဂ္ဂိုလ် ၇ မျိုး ၁။ တစ်ကြိမ် နစ်မြုပ်သော်လည်း နစ်မြုပ်သည်သာ ဖြစ်သော ပုဂ္ဂိုလ်၊ ၂။ ပေါ်ပြီး နစ်မြုပ်သော ပုဂ္ဂိုလ်၊ ၃။ ပေါ်၍တည်သော ပုဂ္ဂိုလ်၊ ၄။ ပေါ်၍ တူရူကြည့် တစောင်းကြည့်သော ပုဂ္ဂိုလ်၊ ၅။ ပေါ်၍ ကူးခတ်သော ပုဂ္ဂိုလ်၊ ၆။ ပေါ်၍ ထောက်မှီရာသို့ ရောက်သော ပုဂ္ဂိုလ်၊ ၇။ ပေါ်၍ ကူးမြောက်လျက် ကမ်းတစ်ဖက်သို့ ရောက်ကာ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်သော ပုဂ္ဂိုလ်။ (အံ၊၂။၄၀၃။) (အဘိ၊ပု။၁၁၂။) (အဘိ၊ပု။၁၈၁။) (အံ၊မြန်၊၂။၅၁၀။) (အဘိ၊ပု၊မြန်။၁၂။၈၆။) (အဘိ၊ပု၊မြန်။၁၂။၈၆။)

ရေငင်ပုံး ၃ မျိုး (ခွင့်ပြုအပ်သော ရေငင်ပုံး ၃ မျိုး) ၁။ သံ–ကြေးပုံး၊ ၂။ သစ်သားပုံး၊ ၃။ သားရေပုံး။ (ဝိ၊၄။၂၅၉။) (ဝိ၊မြန်၊၄။၂၆၁။)

ရေစစ် လှူရကျိုး ၅ ပါး ၁။ ခပ်သိမ်းသော နတ်သက်တို့ကို ကျော်လွန်၍ နတ်၌ ဖြစ်သော အသက်ကို ရရှိခြင်း၊ ၂။ အခါခပ်သိမ်း ခိုးသူရန်သူတို့ မနှိပ်စက် မလွှမ်းမိုးနိုင်သူ ဖြစ်ခြင်း၊ ၃။ ဓားလက်နက်ဖြင့် အညှဉ်းဆဲ မခံရခြင်း၊ ၄။ အဆိပ်လက်နက်ဖြင့် အညှဉ်းဆဲ မခံရခြင်း၊ ၅။ အသက်တမ်းမပြည့်ဘဲ အကြွားဒွ် သေဆုံးမှု မရှိခြင်း။ (အပ၊၁။၃၆၁။) (အပ၊မြန်၊၁။၃၆၉။)

http://www.dhammadownload.com

ရေတွက်ခြင်း ၉ ပါး ၁။ ဝတ္ထုဖြင့် ရေတွက်ခြင်း၊ ၂။ ပျက်စီးခြင်းဖြင့် ရေတွက်ခြင်း၊ ၃။ အာပတ်ဖြင့် ရေတွက်ခြင်း၊ ၄။ နိဒါန်းဖြင့် ရေတွက်ခြင်း၊ ၅။ ပုဂ္ဂိုလ်ဖြင့် ရေတွက်ခြင်း၊ ၆။ အာပတ်အစုဖြင့် ရေတွက်ခြင်း၊ ၇။ သမုဋ္ဌာန်ဖြင့် ရေတွက်ခြင်း၊ ၈။ အဓိကရဏ်းဖြင့် ရေတွက်ခြင်း၊ ၉။ သမထဖြင့် ရေတွက်ခြင်း။ (ဝိ၅။၃၈၇။) (ဝိ၊မြန်၊၅။၄၉၃။)

ရေနှင့် ယောဂီ တူပုံ ၅ မျိုး ၁။ ရေသည် ကောင်းစွာတည်ခြင်း, မတုန်လှုပ်ခြင်း, မနောက်ကျခြင်း သဘောအားဖြင့် စင်ကြယ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဟန်ဆောင်, ဝါကြွား, ဖိနှိပ်ချုပ်ချယ်ခြင်း စသည်ကို ပယ်၍ မတုန်မလှုပ် ကောင်းစွာ တည်တန့်လျက် သဘာဝအားဖြင့် ထက်ဝန်းကျင် စင်ကြယ်သော အကျင့်ရှိခြင်း)၊ ၂။ ရေသည် အေးမြခြင်းသဘောခံ တည်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သတ္တဝါအားလုံးတို့၌ ချစ်ခင်ခြင်း သနားသည်းခံခြင်းနှင့် ပြည့်စုံသူ ဖြစ်လျက် အစီးအပွားကို ရှာမှီးသူ အစဉ်စောင့်ရှောက်သူ ဖြစ်ရခြင်း)၊ ၃။ ရေသည် မစင်ကြယ်သော အရာကို စင်ကြယ်အောင်ပြုခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရွာ၌ ဖြစ်စေ, တော၌ ဖြစ်စေ, ဥပဇ္ဈာယ်ဆရာ၌လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာနှင့် တန်းတူ ပုဂ္ဂိုလ် စသည်တို့၌ လည်းကောင်း အလုံးစုံသော ပုဂ္ဂိုလ်တို့၌ မငြင်းမခုံဘဲ အကြွင်းမဲ့ပြုလေ့ ရှိခြင်း)၊ ၄။ ရေကို လူအများ တောင့်တအပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရောင့်ရဲလွယ်ခြင်း အလိုနည်းခြင်း ဆိတ်ငြိမ်ရာအရပ်၌ ကိန်းအောင်းခြင်းဖြင့် အမြဲမပြတ် အလုံးစုံသော လူအပေါင်းတို့ တောင့်တ အပ်သူ ဖြစ်ခြင်း)၊ ၅။ ရေသည် တစ်စုံတစ်ယောက်သော သူ၏ အစီးအပွားမဲ့ကို မဆောင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သူတစ်ပါးတို့နှင့် ငြင်းခုံ ခိုက်ရန် ဖြစ်ခြင်းစသော မကောင်းမှုကို ကိုယ်နှုတ်စိတ်တို့ဖြင့် မပြုလုပ်ခြင်း) ။ (မိလိန္ဒ။၃၆၆။) (မိလိန္ဒ၊မြန်။၃၈၉။)

ရေ၌ ကျင်ကြီးကျင်ငယ် တံတွေးတို့ကို စွန့်ခြင်းကြောင့် သင့်သော အာပတ်တို့ငြိမ်းကြောင်း သမထ ၃ ပါး ၁။ ရံခါ သမ္မုခါဝိနယ၊ ၂။ ရံခါ ပဋိညာတကရဏ၊ ၃။ ရံခါ တိဏဝတ္ထာရက။ (ဝိ၅။၉၄။) (ဝိ၅။၉၅။) (ဝိ၊မြန်၊၅။၁၃၅။) (ဝိ၊မြန်၊၅။၁၃၇။)

ရေ၌ ကျင်ကြီးကျင်ငယ်နှင့် တံတွေးကို စွန့်ခြင်းကြောင့် သင့်သော ဝိပတ္တိ ၁ ပါး ၁။ အာစာရ ဝိပတ္တိ။ (ဝိ၅။၉၂။) (ဝိ၊မြန်၊၅။၁၃၃။)

ရေ၌ ကျင်ကြီးကျင်ငယ်နှင့် တံတွေးကို စွန့်ခြင်းကြောင့် သင့်သော အာပတ် ၁ ပါး ၁။ ဒုက္ကဋ် အာပတ်။ (ဝိ၅။၉၂။) (ဝိ၊မြန်၊၅။၁၃၂။)

ရေပွက် ဖြစ်ပေါ်ကြောင်း ၄ မျိုး ၁။ ရေပြင်ကို အကြောင်းပြု၍ လည်းကောင်း၊ ၂။ ရေပေါက်ကို အကြောင်းပြု၍ လည်းကောင်း၊ ၃။ ရေအစေးကို အကြောင်းပြု၍ လည်းကောင်း၊ ၄။ စုရုံး၍ ရောဖောင်းကို ပြု၍ ယူကြောင်းလေကို အကြောင်းပြု၍ လည်းကောင်း၊ ရေပွက်, ရောဖောင်းသည် ဖြစ်ပေါ်၏။ (အဘိ၊၄၊၂။၃၁။)

ရေ လှူရကျိုး ၁၁ ပါး (သံဃာတော်တို့အား ချိုးရေ သုံးဆောင်ရေ လှူရကျိုး ၁၁ ပါး) ၁။ နတ်သမီး တစ်ထောင်တို့တွင် အမြတ်ဆုံးဖြစ်လျက် အကြောင်း ဆယ်ပါးတို့ဖြင့် ထိုနတ်သမီး အားလုံး တို့ကို လွှမ်းမိုးနိုင်ခြင်း၊ ၂။ ငါးကျိပ်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ရရှိခြင်း၊

http://www.dhammadownload.com

၃။ နှစ်ကျိပ်သော စကြဝဠာတို့၏ မိဖုရားအဖြစ်ကို ရရှိခြင်း၊ ၄။ နတ်ဘဝနှင့် လူ့ဘဝ နှစ်မျိုးတို့၌သာ ကျင်လည်ရခြင်း၊ ၅။ တောင်ထိပ်၌ လည်းကောင်း, သစ်ပင်ဖျား၌ လည်းကောင်း, ကောင်းကင်၌ လည်းကောင်း, ရေကို အလိုရှိသော အခါ လျင်မြန်စွာ ရရှိခြင်း၊ ၆။ အလိုရှိသော အခါ၌ မိုးကို ရွာစေနိုင်ခြင်း၊ ၇။ မိုးမရွာသော အရပ်, ပူပြင်းလျက် ကျိုက်ကျိုက်ဆူသော အရပ် မရှိသူဖြစ်ခြင်း၊ ၈။ ခန္ဓာကိုယ်၌ ပူလောင်အိုက်စပ်မှု မရှိခြင်း၊ ၉။ ခန္ဓာကိုယ်၌ မြူမှုန် မရှိခြင်း၊ ၁၀။ ရေလျှုခဲ့သည့် ဘဝမှ စ၍ ကိုးဆယ့်တစ်ကမ္ဘာ တိုင်တိုင် ဒုဂ္ဂတိဘဝသို့ မလားမရောက်ရခြင်း၊ ၁၁။ နောက်ဆုံးဘဝ၌ စိတ်အထူးစင်ကြယ်သူ ဖြစ်လျက် ကိလေသာကုန်ခန်း၍ ရဟန္တာ ဖြစ်ခြင်း။ (အပ၊၂။၁၉၇။) (အပ၊မြန်၊၂။၁၈၉။)

ရေဝတ ၂ ပါး ၁။ ခဒိရဝနိယရေဝတ၊ ၂။ ကခ်ီရေဝတ။ (မ၊ဋ္ဌ၊၂။၁၄၉။)

ရေဝတဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ဗြဟ္မာမင်း တောင်းပန်သောကြောင့် တရားဟော တော်မူသော အခါ၌ ဂဏန်းသချိုင်္ကာအားဖြင့် မရေမတွက်နိုင်သော နတ်လူဗြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်၊၂။အရိန္ဒမမင်းကို ဆုံးမတော်မူသောအခါ၌ကုဋေတစ်သောင်းသော လူနတ်ဗြဟ္မာတို့ သစ္စာလေးပါးကို ထိုးထွင်းသိ၍ ကျွတ်တမ်းဝင်ကြသည်၊ ၃။ နိရောဓ သမာပတ်ကို ဖြေရှင်းဟောပြသော အခါ၌ ကုဋေတစ်ရာသော လူနတ်ဗြဟ္မာတို့အား သစ္စာလေးပါးကို ထိုးထွင်း၍ သိစေသည်။ (အပ၊၂။၃၃၂။) (အပ၊မြန်၊၂။၃၂၇။)

ရေဝတဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် အစည်းအဝေး၌ သချိုင်္ကာအားဖြင့် မရေမတွက်နိုင်သော ရဟန္တာများ၊ ၂။ ဒုတိယ အစည်းအဝေး၌ ရဟန္တာ ကုဋေတစ်သိန်း၊ ၃။ တတိယ အစည်းအဝေး၌ ဖျားနာနေသော အဂ္ဂသာဝက အရှင်ဝရုဏအား သူနာမေးကြရောက်တော်မူလာကြမည့် ရဟန္တာ ကုဋေတစ်ထောင်တို့ စည်းဝေးကြသည်။ (အပ၊၂။၃၃၂။) (အဘိ၊ဋ္ဌ၊၁။၆၂။) (ဇာ၊ဋ္ဌ၊၁။၄၂။) (အပ၊မြန်၊၂။၃၂၈။)

ရေဝတဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ဝရုဏထေရ်၊ ၂။ ဗြဟ္မဒေဝထေရ်။ (အဘိ၊ဋ္ဌ၊၁။၆၂။) (ဗုဒ္ဓဝံ၊ဋ္ဌ၊၁၉၇။) (ဇာ၊ဋ္ဌ၊၁။၄၂။)

ရေဝတဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ ဘဒ္ဒါထေရီ၊ ၂။ သုဘဒ္ဒါထေရီ။ (အဘိ၊ဋ္ဌ၊၁။၆၂။) (ဗုဒ္ဓဝံ၊ဋ္ဌ၊၁၉၇။)

ရေဝတဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ သုဒဿနမည်သော ပြာသာဒ်ဆောင်၊ ၂။ ရတနဂ္ဂိမည်သော ပြာသာဒ်ဆောင်၊ ၃။ အာဝေဠမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၃၃။) (အပ၊မြန်၊၂။၃၂၉။)

ရေသို့ ဆင်းသက်သူ ကြုံတွေ့ရတတ်သော ဘေး ၄ မျိုး ၁။ လှိုင်းတံပိုးဘေး၊ ၂။ မိကျောင်း ဘေး၊ ၃။ ဝဲဘေး၊ ၄။ ကြမ်းသော ငါးဘေး, လင်းပိုင်(လပိုင်) ဘေး။ (မ၊၂။၁၂၂။) (အံ၊၁။၄၃၈။) (မ၊မြန်၊၂။၁၃၃။) (အံ၊မြန်၊၁။၄၅၁။)

ရေသုတ်ပုဆိုး လှူရကျိုး ၅ ပါး ၁။ ရွှေအဆင်းနှင့် တူသော အဆင်းရှိသူ ဖြစ်ခြင်း၊ ၂။ မြူအညစ်အကြေး ကင်းစင်ခြင်း၊ ၃။ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း၊ ၄။ ဘုန်းတန်ခိုး

http://www.dhammadownload.com

ရှိန်စော် အာနုဘော်ကြီးမားသူ ဖြစ်ခြင်း၊ ၅။ ခန္ဓာကိုယ် ပြေပြစ် ညက်ညောခြင်း။ (အပ၊၁။ ၃၆၄။) (အပ၊မြန်၊၁။၃၇၃။)

ရေ၏ ဂုဏ်ကျေးဇူး ၂ ပါး ၁။ ရေသည် အေးမြ၍ ပူလောင်မှုကို ငြိမ်းစေခြင်း၊ ၂။ သတ္တဝါတို့၏ မွတ်သိပ်မှုကို ပယ်ဖျောက်နိုင်ခြင်း။ (မိလိန္ဒ။၃၀၅။) (မိလိန္ဒ၊မြန်။၃၂၇။)

ရေအိုင် ၄ မျိုး ၁။ ရေတိမ်နေပါလျက် နက်သယောင်ရှိသော ရေအိုင်၊ ၂။ ရေနက်နေပါလျက် တိမ်သယောင်ရှိသော ရေအိုင်၊ ၃။ ရေတိမ်လည်းတိမ်၍ တိမ်သယောင်လည်းရှိသော ရေအိုင်၊ ၄။ ရေလည်းနက်၍ နက်သယောင်လည်းရှိသော ရေအိုင်။ (အဘိ၊ပု။၁၅၃။) (အဘိ၊ပု၊မြန်။၅၆။)

ရေအိုင်ကြီး ၇ အိုင် (အလျား အနံ အနက်အားဖြင့် ယူဇနာငါးဆယ်ရှိသော ရေအိုင်ကြီး ၇ အိုင်) ၁။ အနောတတ္တဒဟ– အနဝတတ်ရေအိုင်၊ ၂။ ကဏ္ဍမုဏ္ဍဒဟ– ကဏ္ဍမုဏ္ဍရေအိုင်၊ ၃။ ရထကာရဒဟ– ရထကာရရေအိုင်၊ ၄။ ဆဒ္ဒန္တဒဟ– ဆဒ္ဒန်ရေအိုင်၊ ၅။ ကုဏာလဒဟ– ကုဏာလ ရေအိုင်၊ ။ မန္ဒာကိနီဒဟ– မန္ဒာကိနီရေအိုင်၊ ၇။ သီဟပပါတဒဟ– သီဟပပါတရေအိုင်။ (မ၊၆၊၃။၂၅။) (အံ၊၆၊၃။၂၁၈။) (သုတ္တနိ၊၆၊၂။၁၃၃။)

ရေအိုင်နှင့် တူသော ရဟန်း ၄ မျိုး ၁။ တိမ်လျက် နက်သယောင်ရှိသော ရေအိုင်ကဲ့သို့ ရွေ့သို့တက်ခြင်း ဒုက္ခ၌ သပိတ် သင်္ကန်း ဝတ်ရုံယူဆောင်ခြင်း စသည်တို့၌ ကြည်ညိုဖွယ်ရှိသော်လည်း သစ္စာလေးပါး မြတ်တရားကိုကား အမှန်အတိုင်း ထိုးထွင်း၍ သိသော ရဟန်း၊ ၂။ နက်လျက် တိမ်သယောင်ရှိသော ရေအိုင်ကဲ့သို့ ရွေ့သို့တက်ခြင်း ဒုက္ခ၌ သပိတ် သင်္ကန်း ဝတ်ရုံ ယူဆောင်ခြင်း စသည်တို့၌ ကြည်ညိုဖွယ် မရှိပါသော်လည်း သစ္စာလေးရပ် တရားမြတ် ကိုကား အမှန်အတိုင်း ထိုးထွင်း၍ သိသော ရဟန်း၊ ၃။ တိမ်လည်းတိမ်၍ တိမ်သယောင်လည်း ရှိသော ရေအိုင်ကဲ့သို့ ရွေ့သို့တက်ခြင်း ဒုက္ခ၌ သပိတ် သင်္ကန်းဝတ်ရုံ ယူဆောင်ခြင်း စသည်တို့၌ ကြည်ညိုဖွယ်လည်း မရှိမူ၍ သစ္စာလေးရပ် တရားမြတ်ကိုလည်း အမှန်အတိုင်း ထိုးထွင်း၍ မသိသော ရဟန်း၊ ၄။ ရေလည်းနက်၍ နက်သယောင်လည်းရှိသော ရေအိုင် ကဲ့သို့ ရွေ့သို့တက်ခြင်း ဒုက္ခ၌ သပိတ် သင်္ကန်းဝတ်ရုံ ယူဆောင်ခြင်း စသည်တို့၌ ကြည်ညို ဖွယ်ရှိ၍ သစ္စာလေးရပ် တရားမြတ်၌လည်း အမှန်အတိုင်း ထိုးထွင်း၍ သိသော ရဟန်း။ (အဘိ၊ပု။၁၅၃။) (အဘိ၊ပု၊မြန်။၅၇။)

ရေးထွင်းထားသော အက္ခရာနှင့် တူသော ပုဂ္ဂိုလ် ၃ မျိုး ၁။ ကျောက်၌ ရေးထွင်းထားသော အက္ခရာနှင့် တူသော ပုဂ္ဂိုလ်၊ ၂။ ရေ၌ ရေးသားအပ်သော အက္ခရာနှင့် တူသော ပုဂ္ဂိုလ်၊ ၃။ မြေ၌ ရေခြစ်အပ်သော အက္ခရာနှင့် တူသော ပုဂ္ဂိုလ်။ (အံ၊၁။၂၈၆။) (အံ၊မြန်၊၁။၃၀၄။)

ရဲရဲဝံ့ဝံ့ လွှမ်းမိုး၍ အိမ်၌ နေနိုင်သော မိန်းမတို့၏ အင်္ဂါ ၅ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မုသားစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ မူးယစ်ဆေးဝါး မှီဝဲ သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း။ (သံ၊၂။၄၄၆။) (သံ၊မြန်၊၂။၄၄၂။)

ရဲရင့်ကြောင်း တရား ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါ ရှိခြင်း၊ ၂။ စောင့်ထိန်းမှု သီလ ရှိခြင်း၊

http://www.dhammadownload.com

၃။ အကြားအမြင် များခြင်း၊ ၄။ ထက်သန်သော လုံ့လ ရှိခြင်း၊ ၅။ ပညာရှိခြင်း။ (အံ၊၂။၁၆၂။) (အံ၊မြန်၊၂။၂၀၇။)

ရောဂါ ၂ မျိုး ၁။ ခန္ဓာကိုယ်၌ ဖြစ်သော ရောဂါ၊ ၂။ စိတ်၌ ဖြစ်သော ရောဂါ။ (အံ၊၁။၄၆၀။) (အံ၊မြန်၊၁။၄၇၃။)

ရောဂါ ၂ မျိုး (တစ်နည်း) ၁။ အဝိဇ္ဇာ– အမှန်တရားသဘောကို ဖုံးလွှမ်းတတ်သော တရား၊ မောဟ၊ ၂။ ဘဝတဏှာ–ဘဝကို တောင့်တမှု, ဘဝ၌တပ်မက်စွဲလမ်းမှု, ဘဝကို ချည်နှောင်တတ်သော တဏှာ။ (ပေဋကော။၂၅၀။)

ရောပြွမ်းသော အဆုံးအဖြတ် ၁၆ မျိုး (ခန္ဓာငါးပါးတို့၌ သိထိုက်သော ရောပြွမ်းသော အဆုံးအဖြတ် ၁၆ မျိုး) ၁။ ခန္ဓာငါးပါးတို့၏ အတူတကွဖြစ်ခြင်းအားဖြင့်လည်းကောင်း၊ ၂။ ရှေ့နောက် အားဖြင့်လည်းကောင်း၊ ၃။ ကာလအပိုင်းအခြားအားဖြင့်လည်းကောင်း၊ ၄။ တူသော ဖြစ်ခြင်း, အသီးအသီးချုပ်ခြင်းအားဖြင့် လည်းကောင်း၊ ၅။ အသီးအသီးဖြစ်ခြင်း၊ အတူ ချုပ်ခြင်းအားဖြင့်လည်းကောင်း၊ ၆။ အတူဖြစ်ခြင်း, ချုပ်ခြင်းအားဖြင့်လည်းကောင်း၊ ၇။ အသီးသီး ဖြစ်ခြင်း, အသီးအသီးချုပ်ခြင်းအားဖြင့်လည်းကောင်း၊ ၈။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်အားဖြင့် လည်းကောင်း၊ ၉။ အတွင်းသန္တာန်, ပြင်ပသန္တာန်အားဖြင့်လည်းကောင်း၊ ၁၀။ ရုန့်ရင်းခြင်း, သိမ်မွေ့ခြင်းအားဖြင့်လည်းကောင်း၊ ၁၁။ ယုတ်ညံ့ခြင်း, မြတ်ခြင်းအားဖြင့်လည်းကောင်း၊ ၁၂။ ဝေးခြင်း, နီးခြင်းအားဖြင့်လည်းကောင်း၊ ၁၃။ အကြောင်းအားဖြင့်လည်းကောင်း၊ ၁၄။ ဖြစ်ကြောင်းအားဖြင့်လည်းကောင်း၊ ၁၅။ ထက်ဝန်းကျင် ပြီးစေအပ်သည်၏အဖြစ် လည်းကောင်း၊ ၁၆။ ပြုစီမံအပ်သည်၏အဖြစ်လည်းကောင်း။ (အဘိ၊၌၊၂။၂၀။)

ရောရဝ ငရဲ ၂ မျိုး ၁။ ဇာလ ရောရဝငရဲ၊ ၂။ ဓူမ ရောရဝငရဲ။ (သံ၊၌၊၁။၇၇။) (ဇာ၊၌၊၅။၂၈၈။)

ရိသေခြင်း တရား ၆ ပါး ထူးသော အဖို့ရှိသော တရား ၆ ပါး၊ ဝိသေသဘာဂိယတရား ၆ ပါး တို့နှင့် တူသည်။

ရိသေခြင်း ၆ ပါး ၁။ ဘုရား၌ ရိသေခြင်း၊ ၂။ တရားတော်၌ ရိသေခြင်း၊ ၃။ သံဃာတော်၌ ရိသေခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရိသေခြင်း၊ ၅။ အပွမာဒတရား၌ ရိသေခြင်း၊ ၆။ အာမိသနှင့် ဓမ္မတို့ဖြင့် အစေ့အစပ်ပြုခြင်း ပဋိသန္ထာရတရား၌ ရိသေခြင်း။ (ဝိ၊၅။၁၆၅။) (ဒီ၊၃။၂၀၂။) (ဝိ၊မြန်၊၅။၂၄၄။) (ဒီ၊မြန်၊၃။၂၂၅။)

ရိသေမှု မပြုသော ပုဂ္ဂိုလ် ၁၂ ယောက် ၁။ ရာဂကြီးသောသူ (ရာဂအစွမ်းကြောင့် ရိသေမှု မပြု)၊ ၂။ ဒေါသကြီးသောသူ (ဒေါသအစွမ်းကြောင့် ရိသေမှု မပြု)၊ ၃။ မောဟကြီးသောသူ (မောဟ အစွမ်းကြောင့် ရိသေမှု မပြု)၊ ၄။ မာန်မာန တက်ကြွသောသူ (မာနအစွမ်းကြောင့် ရိသေမှု မပြု)၊ ၅။ ဂုဏ်ကြက်သရေ မရှိသောသူ (ဂုဏ်အထူးမရှိသောကြောင့် ရိသေမှုမပြု)၊ ၆။ အလွန်ခက်ထန်သောသူ (အချုပ်အတည်း အတားအမြစ် မရှိသောကြောင့် ရိသေမှုမပြု)၊ ၇။ ယုတ်ညံ့သောသူ (ယုတ်ညံ့သော သဘောထားရှိသောကြောင့် ရိသေမှုမပြု)၊ ၈။ သူတစ်ပါး အလိုသို့ လိုက်ရသောသူ (မိမိကိုယ်ကို အစိုးမရသောကြောင့် ရိသေမှုမပြု)၊ ၉။ ယုတ်မာသော အကျင့်ရှိသောသူ (ကောက်ကျစ်စဉ်းလဲသော သဘောထားရှိသောကြောင့် ရိသေမှုမပြု)၊

http://www.dhammadownload.com

၁၀။ နှိပ်စက်ဆင်းရဲခံနေရသူ (တုံ့ပြန်နှိပ်စက်လိုသောကြောင့် ရှိသေမှုမပြု)၊ ၁၁။ လောဘကြီးသူ (လိုချင်မှုလောဘ ဖိစီးနှိပ်စက်သောကြောင့် ရှိသေမှု မပြု)၊ ၁၂။ တစ်စုံတစ်ခုကို ပြုလုပ်အားထုတ်ဆဲဖြစ်သော ပုဂ္ဂိုလ် (ပြုဆဲအမှုကိစ္စပြီးမြောက်စေလိုသောကြောင့် ရှိသေမှုမပြု)။ (မိလိန္ဒ။၁၇၉။) (မိလိန္ဒ၊မြန်။၁၉၃။)

ရိုသေမှု မရှိခြင်း စသည်တို့ ဖြစ်ကြောင်း တရား ၃ ပါး ၁။ အဟိရိက– အရှက် မရှိခြင်း၊ ၂။ အနောတ္တပ္ပ– အကြောက်မရှိခြင်း၊ ၃။ ပမာဒ– မေ့လျော့ခြင်း။ (အံ၊၃။၃၇၂။) (အံ၊မြန်၊၃။ ၃၆၉။)

ရုက္ခမူဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌ ရုက္ခမူဓုတင်၊ ၂။ မဇ္ဈိမ ရုက္ခမူဓုတင်၊ ၃။ မုဒုက ရုက္ခမူဓုတင်။ (ဝိသုဒ္ဓိ၊၁။၇၁။)

ရုက္ခမူဓုတင် ဆောက်တည်ရကျိုး ၇ ပါး ၁။ ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာဟု ဘုရားရှင် ဟောကြားထားသော စကားတော်နှင့် အညီ(တတိယ) နိဿယအားလျော်သော အကျင့် ရှိခြင်း၊ ၂။ သစ်ပင်ရင်း တည်းဟူသော ကျောင်းသည် ဘုရားရှင် ချီးမွမ်းအပ်သော ပစ္စည်း ဖြစ်ခြင်း၊ ၃။ သစ်ရွက်တို့၏ အမြဲမပြတ် ဖောက်ပြန် ပြောင်းလဲခြင်းကို တွေ့မြင်ရသဖြင့် အနိစ္စသညာကို ဖြစ်စေခြင်း၊ ၄။ အလုပ်အကိုင်တို့၌ မွေ့လျော်မှု ကျောင်း၌ ဝန်တိုမှုတို့ မရှိခြင်း၊ ၅။ ရုက္ခစိုးနတ်တို့နှင့် အတူတကွ နေထိုင်ရခြင်း၊ ၆။ အပို့စ္ဆတာ စသည်တို့အား လျော်သော အကျင့်ရှိခြင်း။ (ဝိသုဒ္ဓိ၊၁။၇၂။)

ရုက္ခမူဓုတင် ဆောက်တည်သူ ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲ တွေဝေသောကြောင့် ဆောက်တည်ခြင်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် ဆောက်တည်ခြင်း၊ ၃။ စိတ်ပျံ့လွင့် ရူးသွပ်သောကြောင့် ဆောက်တည်ခြင်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်တို့သည် ချီးမွမ်း အပ်၏ဟု ဆောက်တည်ခြင်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို အမှီပြု၍ ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်ခြင်း။ (အဘိ၊ပု၊မြန်။၈၄။)

ရုက္ခမူဓုတင် ဆောက်တည်သော ရဟန်း ရှောင်ကြဉ်ရမည့် သစ်ပင် ၇ မျိုး ၁။ မင်းနှစ်ပါးတို့၏ တိုင်းပြည်နယ်စပ် သစ်ပင်၊ ၂။ လူတို့ ပူဇော်ပသသော နတ်စိုးသစ်ပင်၊ ၃။ သစ်စေးပင် အစရှိသော အစေးအသုံးဝင်သော သစ်ပင်၊ ၄။ သရက် အစရှိသော အသီးသီးသော သစ်ပင်၊ ၅။ လင်းဆွဲများနေသော သစ်ပင်၊ ၆။ မြွေ၊ ကင်း စသည့်သတ္တဝါများ ခိုအောင်းနိုင်သော အခေါင်းရှိသော သစ်ပင်၊ ၇။ ကျောင်းတိုက်အလယ်၌ရှိသော သစ်ပင်။ (ဝိသုဒ္ဓိ၊၁။၇၁။)

ရောက်လေရာအရပ်၌ မိမိနိုင်ငံတွင်း နေရသကဲ့သို့ဖြစ်သော မင်း၏ အင်္ဂါ ၅ ပါး ၁။ ကောင်းသော ဇာတ်ရှိခြင်း၊ ၂။ ကြွယ်ဝချမ်းသာသော ပစ္စည်းဥစ္စာရှိခြင်း၊ ၃။ မိမိစကား နားထောင်သော အင်္ဂါ ၄ ပါးရှိသော စစ်တပ်ရှိခြင်း၊ ၄။ သားကြီးသည် ပညာရှိ ရဲရင့်ခြင်း၊ ၅။ ဘုန်းတန်ခိုးကျော်စောခြင်း။ (အံ၊၂။၁၃၃။) (အံ၊မြန်၊၂။၁၆၆–၁၆၇။)

ရောက်လေရာအရပ်၌ လွတ်မြောက်သော စိတ်ဖြင့် နေသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင်များခြင်း၊ ၃။ ထက်သန်သော လုံ့လရှိခြင်း၊ ၄။ ပညာရှိခြင်း၊ ၅။ (အရဟတ္တဖိုလ်) ဝိမုတ္တိကို ရင့်စေခြင်း။ (အံ၊၂။၁၃၄။) (အံ၊မြန်၊၂။၁၆၆– ၁၆၈။)

http://www.dhammadownload.com

ရောင်ခြည် ၄ မျိုး ၁။ လရောင်ခြည်၊ ၂။ နေရောင်ခြည်၊ ၃။ မီးရောင်ခြည်၊ ၄။ ပညာရောင်ခြည်။ (အံ၊၁။၄၅၆။) (အံ၊မြန်၊၁။၄၆၈။)

ရောင်လျှံ ၄ မျိုး ၁။ လရောင်လျှံ၊ ၂။ နေရောင်လျှံ၊ ၃။ မီးရောင်လျှံ၊ ၄။ ပညာရောင်လျှံ။ (အံ၊၁။၄၅၇။) (အံ၊မြန်၊၁။၄၆၉။)

ရောင့်ရဲစေနိုင်ခဲသော ပုဂ္ဂိုလ် ၂ မျိုး ၁။ ရတိုင်း ရတိုင်းသော ပစ္စည်းကို မသုံးမစား သိမ်းဆည်း၍ချည်း ထားသော ပုဂ္ဂိုလ်၊ ၂။ ရတိုင်း ရတိုင်းသော ပစ္စည်းကို စွန့်ပစ်သော ပုဂ္ဂိုလ်။(တစ်နည်း) ၁။ ရတိုင်းသော ပစ္စည်းကို သိမ်းဆည်း၍ချည်း မထားသော ပုဂ္ဂိုလ်၊ ၂။ ရတိုင်း ရတိုင်းသော ပစ္စည်းကို စွန့်ပစ်သော ပုဂ္ဂိုလ်။ (အံ၊၁။၈၆။) (အံ၊မြန်၊၁။၁၀၁။) (အဘိ၊ပု။၁၂၉။) (အဘိ၊ပု၊မြန်။၃၁။)

ရောင့်ရဲစေနိုင်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ ရတိုင်းရတိုင်းသော ပစ္စည်းဥစ္စာများကို မသိုမှီး မသိမ်းဆည်းသော ပုဂ္ဂိုလ်၊ ၂။ ရတိုင်းရတိုင်းသော ပစ္စည်းဥစ္စာများကို မစွန့်လွှတ်, မစွန့်ကြဲသော ပုဂ္ဂိုလ်။ (အဘိ၊ပု။၁၂၉။) (အဘိ၊ပု၊မြန်။၃၁။)

ရောင့်ရဲတင်းတိမ်ခြင်း ၃ မျိုး ၁။ ယထာလာဘသန္တောသ– မိမိ ရသမျှသော ပစ္စည်းဖြင့် ရောင့်ရဲခြင်း၊ ၂။ ယထာဗလသန္တောသ– မိမိ အားအစွမ်းရှိနိုင်သမျှဖြင့် ရောင့်ရဲခြင်း၊ ၃။ ယထာသာရုပ္ပသန္တောသ– မိမိနှင့် လျောက်ပတ်သမျှဖြင့် ရောင့်ရဲခြင်း။ (သံ၊ဋ္ဌ၊၁။၁၁၃။) (သံ၊ဋ္ဌ၊၂။ ၁၅၀။)

ရောင့်ရဲတင်းတိမ်ခြင်း ၁၂ မျိုး ၁။ သင်္ကန်းဌ မိမိရလာသည်နှင့် လျော်ညီစွာ ရောင့်ရဲခြင်း၊ မိမိစွမ်းအားနှင့် လျော်ညီစွာ ရောင့်ရဲခြင်း၊ မိမိနှင့် လျောက်ပတ်သည်နှင့် လျော်ညီစွာ ရောင့်ရဲခြင်း ၃ ပါး၊ ၂။ ဆွမ်းဌလည်း မိမိရရှိလာသည်နှင့် လျော်ညီစွာ ရောင့်ရဲခြင်း၊ မိမိစွမ်းအားနှင့် လျော်ညီစွာ ရောင့်ရဲခြင်း၊ မိမိနှင့် လျောက်ပတ်သည်နှင့် လျော်ညီစွာ ရောင့်ရဲခြင်း ၃ ပါး၊ ၃။ ကျောင်းအိပ်ရာ နေရာဌလည်း မိမိရရှိလာသည်နှင့် လျော်ညီစွာ ရောင့်ရဲခြင်း၊ မိမိစွမ်းအားနှင့် လျော်ညီစွာ ရောင့်ရဲခြင်း၊ မိမိနှင့် လျောက်ပတ်သည်နှင့် လျော်ညီစွာ ရောင့်ရဲခြင်း ၃ ပါး၊ ၄။ ဆေးပစ္စည်းဌလည်း မိမိရရှိလာသည်နှင့် လျော်ညီစွာ ရောင့်ရဲခြင်း၊ မိမိစွမ်းအားနှင့် လျော်ညီစွာ ရောင့်ရဲခြင်း၊ မိမိနှင့် လျောက်ပတ်သည်နှင့် လျော်ညီစွာ ရောင့်ရဲခြင်း ၃ ပါး၊ ပေါင်း ၁၂ ပါး။ (ဒီ၊ဋ္ဌ၊၁။၁၈၂။) (မ၊ဋ္ဌ၊၂။၄၇။) (အံ၊ဋ္ဌ၊၁။၆၀။) (ခုဒ္ဒက၊ဋ္ဌ။၁၂၂။) (ဥဒါန၊ဋ္ဌ။၂၀၈။) (သုတ္တနိ၊ဋ္ဌ၊၂။၂၇။) (မဟာနိ၊ဋ္ဌ။၂၈၇။) (သာရတ္ထ၊ဋီ၊၂။၂၆။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၃၇။)

ရောင့်ရဲတင်းတိမ်မှု မရှိသော အရာ ၃ မျိုး အလိုမပြည့်နိုင်သူ ၃ ဦး၊ မရောင့်ရဲနိုင်သူ ၃ ဦး နှင့် တူသည်။

ရောင့်ရဲလွယ်ခြင်း ၂ မျိုး ၁။ ကိုယ်ကို မျှတစေနိုင်ရုံသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၊ ၂။ ဝမ်းကို မျှတစေနိုင်ရုံသော ဆွမ်းဖြင့် ရောင့်ရဲခြင်း။ (ဒီ၊၁။၆၇။) (ဒီ၊မြန်၊၁။၈၀။)

ရောင်းဝယ်မှု မပြုကောင်းသော ပစ္စည်း ၅ မျိုး ၁။ လက်နက်၊ ၂။ လူ၊ ၃။ အသားငါး၊ ၄။ သေရည် အရက်၊ ၅။ အဆိပ်။ (အံ၊၂။၁၈၃။) (အံ၊မြန်၊၂။၂၃၃။)

ရစ်ပတ်ဖွဲ့ခြင်း ၃ မျိုး ပလ္လင်္ကထိက ၃ မျိုးနှင့် တူသည်။

http://www.dhammadownload.com

ရဋ္ဌပါလမထေရ်၏ ဓမ္မဒ္ဒေသ တရား ၄ ပါး ၁။ ဥပနီယတိ လောကော အဒ္ဓုဝေါ– အမြဲမတည်သော လောကကြီးကို အိုနာသေမှု ဒုက္ခအစုတို့က ကပ်၍ ဆောင်ယူအပ်ခြင်း၊ ၂။ အတာဏော လောကော အနဘိဿရော– လောကကြီးသည် အစောင့်အရှောက် ကင်းမဲ့၍ အစိုးမရခြင်း၊ ၃။ အသရဏော လောကော သဗ္ဗံ ပဟာယ ဂမနီယံ– လောကကြီးသည် ကိုးကွယ်ရာမဲ့ ဖြစ်၍ အားလုံးကို စွန့်လွှတ်၍ သွားရခြင်း၊ ၄။ ဥနော လောကော အတိတ္တော တဏှာဒါသော– လောကကြီးသည် အမြဲတမ်းယုတ်လျော့နေလျက် ရောင့်ရဲမှု မရှိဘဲ တဏှာကျွန် ဖြစ်နေရခြင်း။ (အပ၊၆၊၂။၂၁။)

ရတ္တန္ဓကာရသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ ညဉ့် မှောင်မိုက်ရာအခါ၌ ယောကျ်ား၏ အနီးအနား၌ ရပ်နေခြင်း စသည်၊ ၂။ ဆိတ်ကွယ်ရာကို ရှုငဲ့ခြင်း၊ ၃။ အဖော်မပါခြင်း။ (ဝိမတိ၊၂။၇၇။)

ရတ္တန္ဓကာရသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ညဉ့်မှောင်မိုက်ရာ အခါ ဖြစ်ခြင်း၊ ၂။ ယောကျ်ား၏ ဟတ္ထပါသ်၌ ရပ်ခြင်း စကား ပြောဆိုခြင်း၊ ၃။ အဖော်မပါခြင်း၊ ၄။ ဆိတ်ကွယ်ရာကို ရှုငဲ့ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၄။) (ဝဇိရ။၃၇၂။)

ရန် ၅ မျိုး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း၊ ၄။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊ ၅။ မူးယစ်ဆေးဝါးနှင့် သေရည် အရက်တို့ကို သောက်ခြင်း။ (ဝိ၊၅။၃၃၈။) (ဒီ၊၃။၂၅၄။) (အံ၊၂။၁၈၀။) (အဘိ၊ဝိ။၃၉၂။) (ဝိ၊မြန်၊၅။ ၄၄၁။) (ဒီ၊မြန်၊၃။၂၇၇။) (အဘိ၊ဝိ၊မြန်၊၂။၄၉၇။)

ရန်ငြိုး ပယ်ဖျောက်ပုံ ၅ မျိုး ၁။ ရန်ငြိုးဖြစ်ရာ ပုဂ္ဂိုလ်၌ မေတ္တာပွားခြင်း၊ ၂။ ရန်ငြိုးဖြစ်ရာ ပုဂ္ဂိုလ်၌ ကရုဏာပွားခြင်း၊ ၃။ ရန်ငြိုးဖြစ်ရာ ပုဂ္ဂိုလ်၌ ဥပေက္ခာပွားခြင်း၊ ၄။ ရန်ငြိုးဖြစ်ရာ ပုဂ္ဂိုလ်၌ မေ့ပစ်ခြင်း နှလုံးမသွင်းခြင်း၊ ၅။ ရန်ငြိုးဖြစ်ရာ ပုဂ္ဂိုလ်၌ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသူ၏ အဖြစ် အစရှိသည်ဖြင့် ဆင်ခြင် နှလုံးသွင်းခြင်း။ (သုတ္တနိ၊၆၊၁။၉။)

ရန်ငြိုးပြေကြောင်း ၉ ပါး ၁။ "ငါ၏ အကျိုးမဲ့ကို ပြုဘူးသည်ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်း"ဟု ရန်ငြိုးကို ဖြေခြင်း၊ ၂။ "ငါ၏ အကျိုးမဲ့ကို ပြုနေဆဲဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်း"ဟု ရန်ငြိုးကို ဖြေခြင်း၊ ၃။ "ငါ၏ အကျိုးမဲ့ကို ပြုလတ္တံ့ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်း"ဟု ရန်ငြိုးကို ဖြေခြင်း၊ ၄။ "ငါ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုဘူးသည်ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်း"ဟု ရန်ငြိုးကို ဖြေခြင်း၊ ၅။ "ငါ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုနေဆဲဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေခြင်း၊ ၆။ "ငါ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုလတ္တံ့ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေခြင်း၊ ၇။ "ငါ မချစ်ခင် မနှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုဘူးသည်ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေခြင်း၊ ၈။ "ငါမချစ်ခင် မနှစ်သက်သော

http://www.dhammadownload.com

ပုဂ္ဂိုလ်၏ အကျိုးကို ပြုနေဆဲဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေခြင်း၊ ၉။ "ငါမချစ်ခင် မနှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုလတ္တံ့ဟု ထိုအကျိုးမဲ့ပြုခြင်းကို ဤပုဂ္ဂိုလ်၌ အဘယ်အကြောင်းကြောင့် ရနိုင်အံ့နည်းဟု ရန်ငြိုးကို ဖြေခြင်း။ (ဒီ၊၂။၂၁၈။) (ဒီ၊၃။၂၅၄။) (အံ၊၃။၂၀၈။) (ဒီ၊မြန်၊၂။၂၄၁။) (ဒီ၊မြန်၊၃။၂၇၇။) (အံ၊မြန်၊၃။၂၀၈-၉။)

ရန်ငြိုးပြေကြောင်း ၁၀ ပါး ၁။ ငါ၏ အကျိုးမဲ့ကို ပြုခဲ့ဖူးသော ပုဂ္ဂိုလ်၌ တားမြစ်ရန် အဘယ်မှာ ရနိုင်ပါအံ့နည်းဟု ရန်ငြိုးပြေခြင်း၊ ၂။ ငါ၏ အကျိုးမဲ့ကို ပြုဆဲပုဂ္ဂိုလ်၌ တားမြစ်ရန် အဘယ်မှာ ရနိုင်ပါအံ့နည်းဟု ရန်ငြိုးပြေခြင်း၊ ၃။ ငါ၏ အကျိုးမဲ့ကို ပြုလတ္တံ့ပုဂ္ဂိုလ်၌ တားမြစ်ရန် အဘယ်မှာ ရနိုင်ပါအံ့နည်းဟု ရန်ငြိုးပြေခြင်း၊ ၄။ ငါချစ်ခင်သော သူ၏ အကျိုးမဲ့ကို ပြုဖူးသော ပုဂ္ဂိုလ်၌ တားမြစ်ရန် အဘယ်မှာ ရနိုင်ပါအံ့နည်းဟု ရန်ငြိုးပြေခြင်း၊ ၅။ ငါချစ်ခင်သော သူ၏ အကျိုးမဲ့ကို ပြုဆဲပုဂ္ဂိုလ်၌ တားမြစ်ရန် အဘယ်မှာ ရနိုင် ပါအံ့နည်းဟု ရန်ငြိုးပြေခြင်း၊ ၆။ ငါချစ်ခင်သော သူ၏ အကျိုးမဲ့ကို ပြုလတ္တံ့ ပုဂ္ဂိုလ်၌ တားမြစ်ရန် အဘယ်မှာ ရနိုင်ပါအံ့နည်းဟု ရန်ငြိုးပြေခြင်း၊ ၇။ ငါမချစ်ခင်သော သူ၏ အကျိုးစီးပွားကို ပြုခဲ့ဘူးသော ပုဂ္ဂိုလ်၌ တားမြစ်ရန် အဘယ်မှာ ရနိုင်ပါအံ့နည်းဟု ရန်ငြိုးပြေခြင်း၊ ၈။ ငါမချစ်ခင်သော သူ၏ အကျိုးစီးပွားကို ပြုဆဲပုဂ္ဂိုလ်၌ တားမြစ်ရန် အဘယ်မှာ ရနိုင်ပါအံ့နည်းဟု ရန်ငြိုးပြေခြင်း၊ ၉။ ငါမချစ်ခင်သော သူ၏ အကျိုးစီးပွားကို ပြုလတ္တံ့ပုဂ္ဂိုလ်၌ တားမြစ်ရန် အဘယ်မှာရနိုင်ပါအံ့နည်းဟု ရန်ငြိုးပြေခြင်း၊ ၁၀။ အရာ မဟုတ်သည်၌လည်း အမျက်မထွက်ခြင်း။ (အံ၊၃။၃၇၆။) (အံ၊မြန်၊၃။၃၇၂။)

ရန်ငြိုးဖွဲ့.ကြောင်း ၁၀ ပါး ၁။ ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ခဲ့ဖူးသူ ဖြစ်၏ ဟု ရန်ငြိုးဖွဲ့.ခြင်း၊ ၂။ ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ဆဲဟု ရန်ငြိုး ဖွဲ့.ခြင်း၊ ၃။ ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့.ခြင်း၊ ၄။ ငါ ချစ်မြတ်နိုးသော သူ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ဖူးသူ ဖြစ်၏ဟု ရန်ငြိုးဖွဲ့.ခြင်း၊ ၅။ ငါ ချစ်မြတ်နိုးသော သူ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ဆဲဖြစ်၏ဟု ရန်ငြိုးဖွဲ့.ခြင်း၊ ၆။ ငါ ချစ်မြတ်နိုးသော သူ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့.ခြင်း၊ ၇။ ငါ မချစ်မြတ်နိုးသော သူ၏ အကျိုးစီးပွားကို ပြုကျင့်ဖူး၏ဟု ရန်ငြိုးဖွဲ့.ခြင်း၊ ၈။ ငါမချစ် မမြတ်နိုးသော သူ၏ အကျိုးစီးပွားကို ပြုကျင့်ဆဲဟု ရန်ငြိုးဖွဲ့.ခြင်း၊ ၉။ ငါမချစ် မမြတ်နိုးသော သူ၏ အကျိုးစီးပွားကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့.ခြင်း၊ ၁၀။ အရာမဟုတ်သည်၌လည်း ရန်ငြိုး ဖွဲ့.ခြင်း။ (အံ၊၃။၃၇၅။) (အဘိ၊ဝိ။၄၀၅။) (အံ၊မြန်၊၃။၃၇၂။) (အဘိ၊ဝိ၊မြန်၊၂။၅၁၂။)

ရန်ငြိုးဖွဲ့.ခြင်းကို ပယ်ဖျောက်ကြောင်း တရား ၅ ပါး ၁။ ချစ်ခြင်း မေတ္တာကို ပွားရခြင်း၊ ၂။ သနားခြင်း ကရုဏာကို ပွားရခြင်း၊ ၃။ လျစ်လျူရှုခြင်း ဥပေက္ခာကို ပွားရခြင်း၊ ၄။ သတိမထားခြင်း နှလုံးမသွင်းခြင်းသို့ ရောက်စေရခြင်း၊ ၅။ ကံသာလျှင် မိမိဥစ္စာရှိသော အဖြစ်ကို ဆောက်တည် ရခြင်း။ (အံ၊၂။၁၆၃။) (အံ၊မြန်၊၂။၂၀၉။)

ရန်ငြိုးဖွဲ့.ခြင်းကို ပယ်ဖျောက်ရမည့် ပုဂ္ဂိုလ် ၅ မျိုး ၁။ နှုတ်အကျင့် စင်ကြယ်သော်လည်း ကိုယ်အကျင့် မစင်ကြယ်သူ၊ ၂။ နှုတ်အကျင့် မစင်ကြယ်သော်လည်း ကိုယ်အကျင့်

http://www.dhammadownload.com

စင်ကြယ်သူ၊ ၃။ နှုတ်အကျင့် ကိုယ်အကျင့် မစင်ကြယ်သော်လည်း ရဲဖန်ရဲခါ စိတ်၏ ကြည်လင်မှု ရသူ၊ ၄။ နှုတ်အကျင့် ကိုယ်အကျင့် မစင်ကြယ် ရဲဖန်ရဲခါ စိတ်၏ ကြည်လင်မှုလည်း မရသူ၊ ၅။ နှုတ်အကျင့် ကိုယ်အကျင့် စင်ကြယ်သည့်အပြင် ရဲဖန်ရဲခါ စိတ်ကြည်လင်မှုလည်း ရသူ။ (အံ၊၂။၁၆၄။) (အံ၊မြန်၊၂။၂၀၉-၂၁၀။)

ရန်ဖြစ်ကြောင်း ၆ ပါး ၁။ အမျက်ထွက်တတ်ခြင်း ရန်ငြိုးဖွဲ့တတ်ခြင်း၊ ၂။ ဂုဏ်ကို ချေဖျက်တတ်ခြင်း တုပြိုင်တတ်ခြင်း၊ ၃။ ငြူစူတတ်ခြင်း ဝန်တိုတတ်ခြင်း၊ ၄။ စဉ်းလဲတတ်ခြင်း လှည့်ပတ်တတ်ခြင်း၊ ၅။ မကောင်းသော အလိုရှိခြင်း မိစ္ဆာဒိဋ္ဌိအယူ ရှိခြင်း၊ ၆။ မိမိ၏ အယူကို မှားသောအားဖြင့် စွဲလမ်းတတ်ခြင်း။ (ဒီ၊၃။၂၀၄။) (ဒီ၊မြန်၊၃။၂၂၇။)

ရန်ဖြစ်ကြောင်း ၉ ပါး ၁။ "ငါ၏ အကျိုးမဲ့ကို ပြုကျင့်ဖူးသည်"ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၂။ "ငါ၏ အကျိုးမဲ့ကို ပြုနေဆဲ"ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၃။ "ငါ၏ အကျိုးမဲ့ကို ပြုလတ္တံ့"ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၄။ "ငါ ချစ်ခင် နှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးမဲ့ကို ပြုဖူးသည်"ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၅။ "အကျိုးမဲ့ကို ပြုနေဆဲ"ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၆။ "အကျိုးမဲ့ကို ပြုလတ္တံ့"ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၇။ "ငါမချစ်ခင် မနှစ်သက်သော ပုဂ္ဂိုလ်၏ အကျိုးကို ပြုဖူးသည်"ဟု ရန်ငြိုး ဖွဲ့ခြင်း၊ ၈။ "အကျိုးကို ပြုနေဆဲ"ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၉။ "အကျိုးကို ပြုလတ္တံ့"ဟု ရန်ငြိုး ဖွဲ့ခြင်း။ (ဒီ၊၃။၂၁၈။) (ဒီ၊မြန်၊၃။၂၄၁။) (အံ၊၃။၂၀၈။) (အဘိ၊၀။၄၀၃။) (အံ၊မြန်၊၃။၂၀၈။) (အဘိ၊၀၊မြန်၊၂။၅၁၀။)

ရန်သူ ၂ မျိုး ၁။ အရှင်ဒဗ္ဗကို ပါရာဇိကဖြင့် စွပ်စွဲကြကုန်သော မေတ္တိယဘူမဇကတို့သည် အရှင်ဒဗ္ဗတည်းဟူသော မိမိ တစ်ဦးတည်း၏ ရန်သူ= အတ္တပစ္စတ္ထိက၊ ၂။ ဘုရားရှင်၏ အဆုံးအမတော်ကို ဆန့်ကျင်ဘက်ပြုသူ အရိဋ္ဌရဟန်းကဲ့သို့ သာသနာတော်၏ ရန်သူ= သာသနပစ္စတ္ထိက။ (ဝိ၊ဋ္ဌ၊၃။၁၄၃။) (သာရတ္ထ၊ဋီ၊၁။၁၉၂။)

ရန်သူ ၃ မျိုး (အတွင်းရန်သူ ၃ မျိုး) ၁။ လောဘ၊ ၂။ ဒေါသ၊ ၃။ မောဟ။ (ခုဒ္ဒက။၂၅၂။) (ခုဒ္ဒက၊မြန်။၂၃၇။)

ရန်သူတို့ ကြိုက်နှစ်သက်အပ်သော တရား ၇ ပါး ၁။ ငါ၏ ရန်သူသည် ရုပ်ဆိုးသူဖြစ်ပါမူ ကောင်းလေစွဟု ရန်သူကို ရုပ်ဆိုးသူ ဖြစ်လိုခြင်း၊ ၂။ ငါ၏ ရန်သူသည် ဆင်းရဲစွာ အိပ်ရပါမူ ကောင်းလေစွဟု ရန်သူ ဆင်းရဲစွာ အိပ်ရခြင်းကို လိုလားခြင်း၊ ၃။ ငါ၏ ရန်သူသည် များသော အကျိုးစီးပွားရှိသူသည် မဖြစ်ပါမူ ကောင်းလေစွဟု ရန်သူ အကျိုးစီးပွားများစွာ ဖြစ်ထွန်းခြင်းကို မလိုလားခြင်း၊ ၄။ ငါ့ရန်သူသည် စည်းစိမ်ဥစ္စာရှိသူ မဖြစ်ပါမူ ကောင်းလေစွဟု ရန်သူ စည်းစိမ်ဥစ္စာ မရှိခြင်းကို လိုလားခြင်း၊ ၅။ ငါ့ရန်သူသည် အခြံအရံအကျော် အစောရှိသူ မဖြစ်ပါမူ ကောင်းလေစွဟု ရန်သူ အခြံအရံ အကျော်အစောကင်းမဲ့သူကို လိုလားခြင်း၊ ၆။ ငါ့ရန်သူသည် မိတ်ဆွေရှိသူသည် မဖြစ်ပါမူ ကောင်းလေစွဟု ရန်သူ မိတ်ဆွေမရှိမှုကို လိုလားခြင်း၊ ၇။ ငါ့ရန်သူသည် ဤဘဝမှ သေဆုံး၍ ငရဲသို့ လားရောက်ပါမူ ကောင်းလေစွဟု ရန်သူငရဲသို့ ကျရောက်မှုကို လိုလားခြင်း။ (သုတ္တနိ၊၁၊၁၁၀။)

ရန်သူနှင့် တူသော တရား ၅ ပါး ၁။ ရူပုပါဒါနက္ခန္ဓာ- ရုပ်ဟု ဆိုအပ်သော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ၊ ၂။ ဝေဒနူပါဒါနက္ခန္ဓာ- ဝေဒနာဟု ဆိုအပ်သော ဥပါဒါန်တို့၏ အာရုံ

http://www.dhammadownload.com

ဖြစ်သော ခန္ဓာ၊ ၃။ သညုပါဒါနက္ခန္ဓာ– သညာဟု ဆိုအပ်သော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ၊ ၄။ သခ်ါရုပါဒါနက္ခန္ဓာ– သခ်ါရဟု ဆိုအပ်သော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ၊ ၅။ ဝိညာဏုပါဒါနက္ခန္ဓာ– ဝိညာဏ်ဟု ဆိုအပ်သော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ။ (သံ၊၂။၃၈၃။) (သံ၊မြန်၊၂။၃၇၈။)

ရုန်သူမျိုး ၅ ပါး ၁။ မင်း၊ ၂။ မီး၊ ၃။ သူခိုး၊ ၄။ ရေ၊ ၅။ မချစ်မနှစ်သက်သူ(အမွေခံဆိုး)။ (သံ၊၁။၉၀။) (အံ၊၂။၂၂၆။) (အဘိ၊က။၂၅၉။) (မဟာနိ။၁၂၀။) (သံ၊ဋ္ဌ၊၁။၁၄၆။) (ထေရီ၊ဋ္ဌ။၂၉၆။) (မဟာနိ၊ဋ္ဌ။၃၂၆။) (ထေရီ။၄၃၃။)

ရုန်အောင်ကြောင်း တရား ၃ ပါး ၁။ ရောက်လာသော ဘေးကို ဖယ်ရှားနိုင်ရန် အသိဉာဏ်နှင့် ယှဉ်သော လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၊ ၂။ ကြောက်လန့်ကင်းလျက် ရဲရင့်ခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ အသိအလိမ္မာ ဉာဏ်ပညာနှင့် ဥပါယ်တံမျဉ် ပြည့်စုံခြင်း။ (ဇာတက၊၁။၁၄။)(ဇာ၊ဋ္ဌ၊၁။၃၀၀။)

ရုန်အောင်ကြောင်း တရား ၄ ပါး ၁။ သစ္စာ– မှန်ကန်သော စကား၊ ၂။ ဓမ္မော– စူးစမ်းဆင်ခြင်တတ်သော အသိဉာဏ်ပညာ၊ ၃။ ဓိတိ– အမြဲမပြတ် အားထုတ်ခြင်း လုံ့လဝီရိယ၊ ၄။ စာဂေါ– မိမိကိုယ်ကို စွန့်လွှတ်နိုင်ခြင်း။ (ဇာတက၊၁။၁၄။) (ဇာတက၊၁။၆၁။) (စရိယာ၊ဋ္ဌ။၂၂၃။) (ဇာ၊ဋ္ဌ၊၁။ ၂၉၇။) (ဇာ၊ဋ္ဌ၊၂။၁၉၁။)

ရုန်အောင်ကြောင်း တရား ၅ ပါး ၁။ ရုန်ဖြစ်ဖို့ ကြံလာလျှင် မန္တန်ကို ရွတ်၍ နူတ်ထိန်းချုပ်ခြင်းကို ပြုလုပ်၍ ရန်သူတို့ကို အနိုင်ယူခြင်း၊ ၂။ ပညာရှိတို့နှင့် တိုင်ပင်၍ နည်းလမ်းတစ်ခုကို မှတ်သား၍ အနိုင်ယူခြင်း၊ ၃။ ချစ်ဖွယ်စကားကို ပြောတတ်လျှင် ချစ်ဖွယ်စကားကို ပြောဆိုပြီး၍ ရန်သူတို့ကို အနိုင်ယူခြင်း၊ ၄။ တရားအဆုံးအဖြတ်ပေးသော အမတ်တို့အား တံစိုးလက်ဆောင်ပေး၍ ရန်သူတို့ကို အနိုင်ယူခြင်း၊ ၅။ ဆွေမျိုး ဆက်စပ်ပြု၍ ရန်သူတို့ကို အနိုင်ယူခြင်း။ (ဇာ၊ဋ္ဌ၊၃။၁၉၁။)

ရုန်အောင်ကြောင်း နည်းလမ်းကောင်း ၄ မျိုး ၁။ အမျက်ဒေါသ ထွက်သော သူကို အမျက်မထွက်ခြင်း ဟူသော မေတ္တာဖြင့် အောင်နိုင်ခြင်း၊ ၂။ မကောင်းသော အကျင့်စရိုက်ရှိသော သူကို ကောင်းစွာပြုကျင့်ခြင်းဖြင့် အောင်မြင်နိုင်ခြင်း၊ ၃။ နမြောတွန့်တို ကောက်ကျစ် စဉ်းလဲသော သူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ခြင်း၊ ၄။ မဟုတ်မမှန် ဖောက်ပြန်ချို့ယွင်းစွာ ပြောဆိုလေ့ရှိသော သူကို အမှန်ကို ပြောဆိုခြင်းဖြင့် အောင်နိုင်ခြင်း။ (ဇာတက၊၁။၃၆။)

ရုန့်ရင်းကြမ်းတမ်းသော စကား ၃ မျိုး (သံဃာဒိသိသ်အာပတ်သင့်စေသည့် ရုန့်ရင်းကြမ်းတမ်းသော စကား) ၁။ သိခရဏီသိ– နိမိတ်အပြင်သို့ထွက်သော အသားတို့ ရှိသော မိန်းမဟု ပြောဆိုခြင်း၊ ၂။ သမ္ဘိန္နာသိ– ဝစ္စမဂ်နှင့် ပဿာဝမဂ် တစ်စပ်တည်းရှိသော မိန်းမဟု ပြောဆိုခြင်း၊ ၃။ ဥဘတောဗျဉ္ဇနာသိ– မိန်းမအင်္ဂါဇာတ်, ယောကျ်ားအင်္ဂါဇာတ် နှစ်မျိုးရှိသော မိန်းမဟု ပြောဆိုခြင်း။ (ဝိ၊ဋ္ဌ၊၂။၁၃၄။)

ရုန့်ရင်းသော မကောင်းမှု ၆ မျိုး ၁။ အမိကို သတ်ခြင်း၊ ၂။ အဖကို သတ်ခြင်း၊ ၃။ ဘုရားရှင်အား သွေးထွက်သံယို ဖြစ်စေခြင်း၊ ၄။ သံဃာအား သင်းကွဲစေခြင်း၊

http://www.dhammadownload.com

၆။ ဘုရားရှင်မှ တစ်ပါး အခြားဘုရားဟု အမည်တွင်သူကို ယုံကြည်ကိုးကွယ်ခြင်း။ (သုတ္တနိ၊၄၊ ၁။၂၈၇။)

ရပ်ပြစ် ၈ ပါး ၁။ ဘုရားရှင်ပွင့်ထွန်းစဉ် ငရဲဘုံ၌ ဖြစ်ခြင်း၊ ၂။ တိရစ္ဆာန်ဘုံ၌ ဖြစ်ခြင်း၊ ၃။ ပြိတ္တာဘုံ၌ ဖြစ်ခြင်း၊ ၄။ အသညသတ်ဘုံ, အရူပဘုံတို့၌ ဖြစ်ခြင်း၊ ၅။ ထေရဝါဒ ဗုဒ္ဓ သာသနာမရောက်သော ပစ္စန္တရစ်အရပ်၌ ဖြစ်ခြင်း၊ ၆။ နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူ ဖြစ်ခြင်း၊ ၇။ ဣန္ဒြေချို့တဲ့၍ ပညာမဲ့သူ ဖြစ်ခြင်း၊ ၈။ ဘုရားမပွင့်သော အခါ ဖြစ်ခြင်း၊ (မှတ်ချက်) ဤရှစ်ပါး၌ အသုရာကာယ်ဘုံ၌ ဖြစ်ခြင်း တစ်ပါးကို ထပ်ထည့်လျှင် အက္ခဏ ၉ ပါး ဖြစ်သည်။ (ဒီ၊၃။၂၄၈။) (အံ၊၃။၆၀။) (ဝိမာန၊၄။၁၇၇။) (ဒီ၊မြန်၊၃။၂၇၁။) (အံ၊မြန်၊၃။၆၀။)

ရုပ် ၂၈ ပါး ၁။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟု ဆိုအပ်သော မဟာဘုတ်ရုပ် (၄) ပါး၊ ၂။ ထိုမဟာဘုတ်ရုပ် လေးပါးကို စွဲမှီ၍ ဖြစ်သော ဥပါဒါရုပ် ၂၄ ပါး– ပေါင်း ၂၈ ပါး။ (အဘိ၊ဓ။၁၄၅။) (အဘိ၊ဓ။၂၅၆။) (အဘိ၊ဓ၊မြန်။၂၂၅၊၄၈၂။) (အဘိ၊ဓ၊မြန်။၂၂၅၊၄၈၂။)

ရုပ် ၃ မျိုး ၁။ မြင်ခြင်းနှင့်လည်း တကွဖြစ်သော ထိပါးခြင်းနှင့်လည်း တကွဖြစ်သော ရုပ်၊ ၂။ မြင်ခြင်းကား မရှိ ထိပါးခြင်းနှင့်သာ တကွဖြစ်သော ရုပ်၊ ၃။ မြင်ခြင်းလည်း မရှိ ထိပါးခြင်းလည်း မရှိသော ရုပ်။ (ဒီ၊၃။၁၈၂။) (ဒီ၊မြန်၊၃။၂၀၂။)

ရုပ် ၄ မျိုး ၁။ ကံကြောင့် ဖြစ်သော ရုပ်၊ ၂။ စိတ်ကြောင့် ဖြစ်သော ရုပ်၊ ၃။ ဥတုကြောင့် ဖြစ်သော ရုပ်၊ ၄။ အာဟာရကြောင့် ဖြစ်သော ရုပ်။ (အံ၊ဋီ၊၁။၅၈။)

ရုပ် ၅ မျိုး ၁။ ဧကဇရုပ်– အကြောင်း ၁ ပါးကြောင့် ဖြစ်သော ရုပ်၊ ၂။ ဒွိဇရုပ်– (ဥတု, စိတ် ဟူသော) အကြောင်း ၂ ပါးကြောင့် ဖြစ်သော ရုပ်၊ ၃။ တိဇရုပ်– (ဥတု, စိတ်, အာဟာရ ဟူသော) အကြောင်း ၃ ပါးကြောင့် ဖြစ်သော ရုပ်၊ ၄။ စတုဇရုပ်– (ကံ, စိတ်, ဥတု, အာဟာရ ဟူသော) ၄– ပါးသော အကြောင်းကြောင့်ဖြစ်သော ရုပ်၊ ၅။ နကုတောစိဇာတရုပ်– အကြောင်းမဲ့ ဖြစ်သော ရုပ်။ (ဝိသုဒ္ဓိ၊၂။၈၂။)

ရုပ် ၁၁ မျိုး ၁။ အတီတရုပ်၊ ၂။ အနာဂတရုပ်၊ ၃။ ပစ္စုပ္ပန္နရုပ်၊ ၄။ အဇ္ဈတ္တရုပ်၊ ၅။ ဗဟိဒ္ဓရုပ်၊ ၆။ သြဋ္ဌာရိကရုပ်၊ ၇။ သုခုမရုပ်၊ ၈။ ဟီနရုပ်၊ ၉။ ပဏီတရုပ်၊ ၁၀။ ဒူရေရုပ်၊ ၁၁။ သန္တိကေရုပ်။ (အဘိ၊ဝိ။၁။) (အဘိ၊ဝိ၊မြန်၊၁။၁။)

ရုပ်ကို မသိပုံ ၂ မျိုး ၁။ အရေအတွက်အားဖြင့် ရုပ်ကို မသိခြင်း၊ ၂။ ဖြစ်ကြောင်းအားဖြင့် ရုပ်ကို မသိခြင်း။ (မ၊၄၊၂။၁၆၃။)

ရုပ်ကို လွန်ခြင်း ၄ မျိုး ၁။ သိအပ်ပြီးသော လွန်ခြင်း (ဉာတဝိဘူတ)၊ ၂။ စုံစမ်းခြင်း ဟူသော လွန်ခြင်း (တီရဏဝိဘူတ)၊ ၃။ ပယ်ခြင်း ဟူသော လွန်ခြင်း (ပဟာနဝိဘူတ)၊ ၄။ ကောင်းစွာ လွန်ခြင်း ဟူသော လွန်ခြင်း (သမတိက္ကမဝိဘူတ) ။ (မဟာနိ။၂၁၄။)

ရုပ်ကိုသာ ဖြစ်စေတတ်သော စိတ် ၁၉ ပါး ၁။ မနောဓာတ် (၃။) ပါး၊ ၂။ တဒါရုံစိတ် (၁၁) ပါး၊ ၃။ ရူပဝိပါက်စိတ် (၅) ပါး ပေါင်း (၁၉) ပါး။ (ဝိသုဒ္ဓိ၊၂။၂၅၀။)

http://www.dhammadownload.com

ရုပ်ကိုသာ ဖြစ်စေနိုင်သော စိတ် ၁၉ ပါး (တစ်နည်း) ၁။ ကာမကုသိုလ်ဝိပါက် ၁၁ ပါး၊ ၂။ အကုသိုလ်ဝိပါက် ၂ ပါး၊ ၃။ ကြိယာမနောဓာတ် ၁ ပါး၊ ၄။ ရူပဝိပါက်စိတ် ၅ ပါး။ (အဘိ၊၆၊၁။၃၆၁။)

ရုပ် ၈တိ ၅ မျိုး ၁။ ၈တိ၈တိ- (ခန္ဓာ ၅-ပါး၏) ကျင်လည်၍ ဖြစ်ရာအရပ်၊ ၂။ သဒ္ဓာတိ ၈တိ- ကောင်းစွာ ဖြစ်ရာ အရပ်၊ ၃။ သလက္ခဏ၈တိ- အသီးအခြားအမှတ်အသား, သာမည အမှတ်အသားနှင့် တကွ ဖြစ်ခြင်း၊ ၄။ ဝိဘဝ၈တိ- ပျက်စီးခြင်းသို့ ရောက်ခြင်း၊ ၅။ ဘေဒ ၈တိ- ပျက်စီးခြင်း။ (သံ၊၆၊၃။၁၀၉။)

ရုပ်နှင့် ဣရိယာပုထ် နှစ်မျိုးကို ဖြစ်စေတတ်သော စိတ် ၂၆ ပါး ၁။ ရူပကုသိုလ်စိတ် (၅) ပါး၊ ၂။ ရူပကြိယာစိတ် (၅) ပါး၊ ၃။ အရူပကုသိုလ်စိတ် (၄) ပါး၊ ၄။ အရူပကြိယာစိတ် (၄) ပါး၊ ၅။ လောကုတ္တရာစိတ် (၈) ပါး ပေါင်း (၂၆) ပါး။ (ဝိသုဒ္ဓိ၊၂။၂၅၀။) (အဘိ၊၆၊၁။၃၆၁။) (ဝိသုဒ္ဓိ၊၂။၂၅၀။)

ရုပ်, ဝိညတ်, ဣရိယာပုတ်တို့ကို ဖြစ်စေနိုင်သော စိတ် ၃၂ ပါး ၁။ ကာမကုသိုလ်စိတ် ၈ ပါး၊ ၂။ အကုသိုလ်စိတ် ၁၂ ပါး၊ ၃။ ကိရိယာစိတ် ၁၀ ပါး၊ ၄။ သေက္ခပုထုဇဉ်တို့၏ ကုသိုလ် အဘိညာဉ်စိတ် ၁ ပါး၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ကြိယာအဘိညာဉ်စိတ် ၁ ပါး။ (အဘိ၊၆၊၁။၃၆၁။) (ဝိသုဒ္ဓိ၊၂။၂၅၀။)

ရုပ် အတိတ် အနာဂတ် ပစ္စုပ္ပန် မည်ပုံ ၄ မျိုး ၁။ အဓွန့်ကာလအားဖြင့်၊ ၂။ ဖြစ်စဉ်အားဖြင့်၊ ၃။ အချိန်အခါအားဖြင့်၊ ၄။ ဥပါဒ်၊ ဌီ၊ ဘင် တည်းဟူသော ခဏအားဖြင့်။ (သာရတ္ထ၊ဋီ၊၃။၁၈၅။)

ရုပ်, ဣရိယာပုတ်, ဝိညတ်တို့ကို မဖြစ်စေနိုင်သော စိတ် ၁၆ ပါး ၁။ ဒွိပဉ္စဝိညာဏ် စိတ် ၁၀ ပါး၊ ၂။ သတ္တဝါအားလုံးတို့၏ ပဋိသန္ဓေစိတ် ၁ ပါး၊ ၃။ ရဟန္တာတို့၏ စုတိစိတ် ၁ ပါး၊ ၄။ အရူပ ဝိပါက်စိတ် ၄ ပါး။ (အဘိ၊၆၊၁။၃၆၂။) (ဝိသုဒ္ဓိ၊၂။၂၅၀။)

ရွာ ၂ မျိုး ၁။ အကာအရံ ခြံစည်းရိုး ရှိသော ရွာ၊ ၂။ အကာအရံ ခြံစည်းရိုး မရှိသော ရွာ။ (ဝိ၊၆၊၁။၂၆၀။)

ရွာ နိဂုံး ဇနပုဒ် ၂ မျိုး ၁။ ဤရွာ နိဂုံး ဇနပုဒ်၌ နေထိုင်သိတင်းသုံးသော ရဟန်းအား အကုသိုလ် တရား တိုးပွား၍ ကုသိုလ်တရားများ ဆုတ်ယုတ်သဖြင့် မမှီဝဲအပ်သော ရွာ နိဂုံး ဇနပုဒ်၊ ၂။ ဤရွာ နိဂုံး ဇနပုဒ်၌ နေထိုင်သိတင်းသုံးသော ရဟန်းအား အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ်တရား တိုးပွားသဖြင့် မှီဝဲအပ်သော ရွာ နိဂုံး ဇနပုဒ်။ (အံ၊၃။၁၇၇။) (အံ၊၃။၃၃၆။) (အံ၊မြန်၊ ၃။၁၇၈၊၃၃၅။) (အံ၊မြန်၊၃။၁၇၈၊၃၃၅။)

ရွာမှ ကင်းဆိတ်၍ နေသော ပုဂ္ဂိုလ် ၄ မျိုး ၁။ ရွာမှ ကင်းသော ကိုယ်ရှိသည်ဖြစ်၍ ရွာမှ မကင်းသော စိတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ ရွာမှ မကင်းသော ကိုယ်ရှိသည်ဖြစ်၍ ရွာမှ ကင်းသော စိတ်ရှိသော ပုဂ္ဂိုလ်၊ ၃။ ရွာမှ မကင်းသောကိုယ် မကင်းသော စိတ် နှစ်ပါးစုံရှိသော ပုဂ္ဂိုလ်၊ ၄။ ရွာမှ ကင်းသော ကိုယ် ကင်းသော စိတ်ရှိသော ပုဂ္ဂိုလ်။ (အံ၊၁။၄၅၄။) (အံ၊မြန်၊၁။၄၆၆။)

http://www.dhammadownload.com

ရွေးချယ် စီစစ်ခြင်း ၂ မျိုး ၁။ ဒက္ခိဏာဝိစိနန်- အယုတ်အမြတ် လှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ရွေးချယ် စီစစ်ခြင်း၊ ၂။ ဒက္ခိဏေယျဝိစိနန်- သီလရှိ မရှိ အလှူခံပုဂ္ဂိုလ်တို့ကို ရွေးချယ်စီစစ်ခြင်း။ (သံ၊၌၊၁။၅၉။)

ရှာမှီးခြင်း ၂ မျိုး ၁။ သေဝိတမ္မပရိယေသန- ဤရှာမှီးခြင်း ပရိယေသနကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ ယုတ်လျော့၍ ကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော ပရိယေသန၊ ၂။ အသေဝိတမ္မပရိယေသန- ဤရှာမှီးခြင်း ပရိယေသနကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော ပရိယေသန။ (ဒီ၊၂။၂၂၄။) (နေတ္တိ၊၌။၁၆၁။) (ဒီ၊မြန်၊၂။၂၅၁။)

ရှာမှီးခြင်း ၂ မျိုး (တစ်နည်း) ၁။ ပစ္စည်းကို ရှာမှီးခြင်း- အာမိသေသနာ၊ ၂။ တရားကို ရှာမှီးခြင်း- ဓမ္မေသနာ။ (အံ၊၁။၉၂။) (အံ၊မြန်၊၁။၁၀၇။)

ရှာမှီးခြင်း ၂ မျိုး (တစ်နည်း) (ထက်ဝန်းကျင် ရှာမှီးခြင်း ၂ မျိုး) ၁။ ပစ္စည်းကို ထက်ဝန်းကျင် ရှာမှီးခြင်း အာမိသပရိယေသနာ၊၂။ တရားကို ထက်ဝန်းကျင် ရှာမှီးခြင်း ဓမ္မပရိယေသနာ။ (အံ၊၁။၉၂။) (အံ၊မြန်၊၁။၁၀၈။)

ရှာမှီးခြင်း ၂ မျိုး (တစ်နည်း) (အထွတ်အထိပ်ရောက် ရှာမှီးခြင်း ၂ မျိုး) ၁။ ပစ္စည်းကို အထွတ်အထိပ်ရောက် ရှာမှီးခြင်း အာမိသပရိယေဋ္ဌိ၊၂။ တရားကို အထွတ်အထိပ်ရောက် ရှာမှီးခြင်း ဓမ္မပရိယေဋ္ဌိ။ (အံ၊၁။၉၂။) (အံ၊မြန်၊၁။၁၀၈။)

ရှာမှီးခြင်း ၂ မျိုး (တစ်နည်း) ၁။ အနရိယပရိယေသန- မိမိကိုယ်တိုင်က ပဋိသန္ဓေ တည်နေရခြင်း ဇာတိ, အိုရခြင်း ဧရာ စသည့်သဘော ရှိနေပါလျက် တစ်ဖန် ထိုပဋိသန္ဓေနေရခြင်း အိုရခြင်း သေရခြင်း သဘောရှိသည့် အရာကို ရှာမှီးခြင်းဟု ဆိုအပ်သော မမြတ်သော ရှာမှီးခြင်း၊ ၂။ အရိယပရိယေသန-မိမိကိုယ်တိုင်က ပဋိသန္ဓေတည်နေရခြင်း ဇာတိ, အိုရခြင်း ဧရာ စသည့်သဘော ရှိသည်ဖြစ်၍ ထို ဇာတိ-ဧရာစသည်တို့၌ အပြစ်ကို သိမြင်ပြီး ယင်းဇာတိ ဧရာ စသည်တို့ကင်းရာ နိဗ္ဗာန်ကို ရှာမှီးခြင်းဟု ဆိုအပ်သော မြတ်သော ရှာမှီးခြင်း။ (မ၊၁။၂၁၇။) (ဒီ၊၌၊၂။၃၂၅။) (မ၊မြန်၊၁။၂၂၄။) (ဒီ၊၌၊မြန်၊၂။၅၉၉။)

ရှာမှီးခြင်း ၃ မျိုး ၁။ ကာမကို ရှာမှီးခြင်း- ကာမေသနာ၊ ၂။ ဘဝကို ရှာမှီးခြင်း- ဘဝေသနာ၊ ၃။ အကျင့်မြတ်ကို ရှာမှီးခြင်း- ဗြဟ္မစရိယေသနာ။ (သံ၊၃။၅၀-၅၁။) (အဘိ၊ဝိ။၃၈၁။) (ခုဒ္ဒက။ ၂၂၈။) (သံ၊မြန်၊၃။၅၃။) (သံ၊မြန်၊၃။၅၃။) (သံ၊၃။၅၃။) (အဘိ၊ဝိ၊မြန်၊၂။၄၇၇။) (နေတ္တိ၊၌။၂၁၄။) (ခုဒ္ဒက၊မြန်။၂၁၂။)

ရှာမှီးခြင်း ၃ မျိုး (တစ်နည်း) ၁။ ကာမဂုဏ်ကို ရှာမှီးခြင်း၊ ၂။ ဘဝကို ရှာမှီးခြင်း၊ ၃။ တိတ္ထိတို့သည် မြတ်သော အကျင့်ဟု သမုတ်အပ်သော မိစ္ဆာအယူကို ရှာမှီးခြင်း။ (ဒီ၊၃။၁၈၁။) (ဒီ၊မြန်၊ ၃။၂၀၁။)

ရှိခိုးခြင်း ၃ မျိုး (တစ်နည်း) ၁။ ကိုယ်ဖြင့် ရှိခိုးခြင်း၊ ၂။ နှုတ်ဖြင့် ရှိခိုးခြင်း၊ ၃။ စိတ်ဖြင့် ရှိခိုးခြင်း။ (အံ၊၁။၂၉၈။) (အံ၊မြန်၊၁။၃၁၆။)

http://www.dhammadownload.com

ရှိခိုးခြင်း ၄ မျိုး ၁။ ဆွေမျိုးတော်စပ်သဖြင့် တုပ်ဝပ် ရှိခိုးခြင်း၊ ၂။ ကြောက်သဖြင့် တုပ်ဝပ် ရှိခိုးခြင်း၊ ၃။ ဆရာဖြစ်သဖြင့် တုပ်ဝပ် ရှိခိုးခြင်း၊ ၄။ မွန်မြတ်သော အလှူကို ခံယူထိုက်သော ပုဂ္ဂိုလ်ဖြစ်သဖြင့် တုပ်ဝပ် ရှိခိုးခြင်း။ (ဣတိဝုတ်၊၌။၂၁၅)

ရှိခိုးထိုက်သော ပုဂ္ဂိုလ် ၃ ဦး (ရဟန်းတော်များ ရှိခိုးထိုက်သော ပုဂ္ဂိုလ် ၃ ဦး) ၁။ မိမိထက် သီကျွာဝါကြီးသော ရဟန်း၊ ၂။ နာနာသံဝါသကဓမ္မဝါဒီ သီတင်းကြီးရဟန်း၊ ၃။ မြတ်စွာဘုရား။ (ဝိ၊၄။၃၁၂။) (ဝိ၊မြန်၊၄။၃၁၆။)

ရှိခိုးထိုက်သော ရဟန်း ၅ ပါး ၁။ မိမိအလျင် ရှေးဦးစွာ ရဟန်းခံသူ၊ ၂။ ဓမ္မကို ဆိုလေ့ရှိသော သီတင်းကြီး နာနာသံဝါသကရဟန်း၊ ၃။ ဆရာ၊ ၄။ ဥပဇ္ဈာယ်၊ ၅။ မြတ်စွာဘုရား။ (ဝိ၅။၃၅၈။) (ဝိ၊မြန်၊၅။၄၆၁။)

ရှိခိုးရကျိုး ၄ ပါး ၁။ အသက်ရှည်စွာ နေရခြင်း၊ ၂။ အဆင်းလှပတင့်တယ်ခြင်း၊ ၃။ ချမ်းသာ ကြီးခြင်း၊ ၄။ ခွန်အားကြီးခြင်း။ (ဓမ္မ၊၌၊၁။၄၂၅။)

ရှိမခိုးထိုက်သော ပုဂ္ဂိုလ် ၁၀ ယောက် (ရဟန်းတော်များ ရှိမခိုးထိုက်သော ပုဂ္ဂိုလ် ၁၀ ယောက်) ၁။ မိမိအောက် (သီကျွာငယ်) ဝါငယ်သော ရဟန်း၊ ၂။ လူ သာမဏေ၊ ၃။ နာနာသံဝါသက အဓမ္မဝါဒ (သီတင်းကြီး) ရဟန်း၊ ၄။ မာတုဂါမ၊ ၅။ ပဏ္ဍုက်၊ ၆။ ပရိဝါသ်ဆောက်တည် နေသော ရဟန်း၊ ၇။ အရင်းသို့ ငင်ထိုက်သော ရဟန်း၊ ၈။ မာနတ်ပေးထိုက်သော ရဟန်း၊ ၉။ မာနတ်ကျင့်ဆဲဖြစ်သော ရဟန်း၊ ၁၀။ အဋ္ဌာန်သွင်းထိုက်သော ရဟန်း။ (ဝိ၊၄။၃၁၂။) (ဝိ၊မြန်၊ ၄။၃၁၆။)

ရှိမခိုးထိုက်သော ရဟန်း ၅ ပါး ၁။ ရွာတွင်းဝင်သော ရဟန်း၊ ၂။ လမ်းခရီးသွားသော ရဟန်း၊ ၃။ အမိုက်မှောင်၌ နေသော ရဟန်း၊ ၄။ အမှုပြုဆဲ ဖြစ်၍ နှလုံးမသွင်းသော ရဟန်း၊ ၅။ အိပ်သော ရဟန်း။ (ဝိ၅။၃၅၇။) (ဝိ၊မြန်၊၅။၄၆၀။)

ရှိမခိုးထိုက်သော ရဟန်း ၅ ပါး (တစ်နည်း) ၁။ ယာဂု သောက်နေသော ရဟန်း၊ ၂။ ဆွမ်းစား ဇရပ်၌ ရှိသော ရဟန်း၊ ၃။ တစ်ဖက်သော ရန်သူအဖို့၌ တည်သော ရဟန်း၊ ၄။ တစ်ပါးကို ကြံစည်အောက်မေ့သော ရဟန်း၊ ၅။ အဝတ်မစည်း အချည်းနှီးနေသော ရဟန်း။ (ဝိ၅။ ၃၅၇။) (ဝိ၊မြန်၊၅။၄၆၀။)

ရှိမခိုးထိုက်သော ရဟန်း ၅ ပါး (တစ်နည်း) ၁။ ခဲဖွယ်ကို ခဲဆဲသော ရဟန်း၊ ၂။ စားဆဲ ဖြစ်သော ရဟန်း၊ ၃။ ကျင်ကြီးစွန့်ဆဲသော ရဟန်း၊ ၄။ ကျင်ငယ်စွန့်ဆဲသော ရဟန်း၊ ၅။ ဥက္ခိတ္တက ရဟန်း။ (ဝိ၅။၃၅၇။) (ဝိ၊မြန်၊၅။၄၆၀။)

ရှိမခိုးထိုက်သော ရဟန်း ၅ ပါး (တစ်နည်း) ၁။ မိမိနောက်မှ ပဋိညာဉ်းခံသော ရဟန်း၊ ၂။ သာမဏေ၊ ၃။ အဓမ္မကို ဆိုလေ့ရှိသော သီတင်းကြီး နာနာသံဝါသက ရဟန်း၊ ၄။ မိန်းမ၊ ၅။ ပဏ္ဍုက်။ (ဝိ၅။၃၅၇။) (ဝိ၊မြန်၊၅။၄၆၀။)

ရှိမခိုးထိုက်သော ရဟန်း ၅ ပါး (တစ်နည်း) ၁။ ပရိဝါသ်နေသော ရဟန်း၊ ၂။ အရင်းသို့

http://www.dhammadownload.com

ငင်ထိုက်သော ရဟန်း၊ ၃။ မာနတ်ထိုက်သော ရဟန်း၊ ၄။ မာနတ်ကျင့်သော ရဟန်း၊ ၅။ အဇ္ဈာန်ထိုက်သော ရဟန်း။ (ဝိ၊၅။၃၅၇။) (ဝိ၊မြန်၊၅။၄၆၁။)

ရှိမခိုးသော ပုဂ္ဂိုလ် ၂ ဦး ၁။ အသတ်ခံရမည့် သူသည် မိမိအား သတ်တတ်သော ပုဂ္ဂိုလ်ကို ရှိမခိုး၊ ၂။ သတ်တတ်သော သူသည်လည်း အသတ်ခံရမည့်ပုဂ္ဂိုလ်အား ရှိမခိုး။ (ဓာတက၊၂။၃၀၆။)

ရှုပုံ ၃ မျိုးဖြင့် ရှုသော ရဟန်း ၃ ပါး ၁။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို ဓာတ်အားဖြင့် ရှုသော ရဟန်း၊ ၂။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို အာယတနအားဖြင့် ရှုသော ရဟန်း၊ ၃။ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ကို ပဋိစ္စသမုပ္ပါဒ်အားဖြင့် ရှုသော ရဟန်း။ (သံ၊၂။၅၃။) (သံ၊မြန်၊၂။၅၁။)

ရှေ့ပြေးနိမိတ် ၂ ပါး ၁။ အရဏ်တက်ခြင်းသည် နေထွက်မည့် နေမင်း၏ ရှေ့ပြေး (ပုဗ္ဗင်္ဂမ)၊ ၂။ မှန်ကန်သော အသိအမြင်သည် ကုသိုလ်တရား၏ ရှေ့ပြေး (ပုဗ္ဗင်္ဂမ)။ (အံ၊၃။၄၄၉။) (အံ၊မြန်၊ ၃။၄၄၁။)

ရှေ့သွားပြုခြင်း ၂ မျိုး ၁။ တဏှာပုရေက္ခာရ- တဏှာရှေ့သွားပြုခြင်း၊ ၂။ ဒိဋ္ဌိပုရေက္ခာရ- ဒိဋ္ဌိရှေ့သွားပြုခြင်း။ (မဟာနိ။၅၆။) (မဟာနိ။၇၅။) (မဟာနိ။၁၆၄။)

ရှေးဦး နေခဲ့ဖူးသော ဘဝကို အောက်မေ့နိုင်သော ပုဂ္ဂိုလ် ၄ မျိုး ၁။ ကမ္မဝါဒီ တိတ္ထိပုဂ္ဂိုလ်များ၊ ၂။ ဘုရားရှင်၏ တပည့်သာဝကများ၊ ၃။ ပစ္စေကဗုဒ္ဓါများ၊ ၄။ မြတ်စွာဘုရားများ။ (ဒီ၊၌၊၂။၂။) (ဒီ၊၌၊မြန်၊၂။၂-၃။)

ရှေးပုဏ္ဏားတို့၏ စရိုက် ၅ မျိုး ၁။ ပုဏ္ဏေးမကိုသာ သွားလာခြင်း၊ ၂။ ဥတုလာသော ပုဏ္ဏေးမကိုသာ သွားလာခြင်း၊ ၃။ ပုဏ္ဏေးမကို မဝယ်မရောင်းခြင်း၊ ၄။ ဥစ္စာစပါး ရွှေ ငွေကို မသိမ်းခြင်း၊ ၅။ နံနက်စာ ညစာ အလို့ငှာသာ အစားအစာ ရှာခြင်း။ **မှတ်ချက်။** ။ ဤအကျင့်များသည် ယခုခေတ်ပုဏ္ဏားများ၌ မရှိပြီ ခွေးများ၌သာ ရှိတော့သည်ဟု ဟောတော်မူသည်။ (အံ၊၂။၁၉၅။) (အံ၊မြန်၊၂။၂၄၈-၂၄၉။)

ရှေးဦးစွာ ကြိုတင် ကြည့်ရှုအပ်သော ပုဂ္ဂိုလ် ၈ မျိုး ၁။ ကုန်သည်သည် ရောင်းရန် ပစ္စည်းကို ကြိုတင်၍ ကြည့်ရှုအပ်ခြင်း၊ ၂။ ဆင်ပြောင်ကြီးသည် နာမောင်းဖြင့် မရောက်မီ ခရီးကို ကြိုတင်၍ ကြည့်အပ်ခြင်း၊ ၃။ လှည်းကုန်သည်သည် လှည်းစခန်းဆိပ်ကို ကြိုတင်၍ ကြည့်အပ်ခြင်း၊ ၄။ လှေသူကြီးသည် မရောက်သေးသော ကမ်းကို ရှေးဦးမဆွကပင် ကြည့်၍ လှေကို လွှင့်အပ်ခြင်း၊ ၅။ ဆေးဆရာသည် ရှေးဦးစွာ အသက်ကို ကြည့်၍ လူနာထံသို့ ချဉ်းကပ်အပ်ခြင်း၊ ၆။ တံတားကို ကူးသောသူသည် ရှေးဦးစွာ ခိုင်သည် မခိုင်သည်၏ အဖြစ်ကို သိပြီးမှ တံတားသို့ တက်အပ်ခြင်း၊ ၇။ ရဟန်းသည် ရှေးဦးမဆွကပင် မရောက်သေးသော အချိန်အခါကို ဆင်ခြင်၍ သုံးဆောင်ဖွယ်ကို သုံးဆောင်အပ်ခြင်း၊ ၈။ ဘုရားအလောင်းတို့သည် ရှေးဦးမဆွကပင် မင်းမျိုးကိုလည်းကောင်း, ပုဏ္ဏားမျိုးကိုလည်းကောင်း ကြည့်အပ်ခြင်း။ (မိလိန္ဒ။၁၉၂။) (မိလိန္ဒ၊မြန်။၂၀၆။)

ရှေ့ရှုဆောင်ခြင်း ၂ မျိုး ၁။ နှုတ်အားဖြင့် ရှေ့ရှုဆောင်ခြင်း၊ ၂။ ကိုယ်အားဖြင့် ရှေ့ရှုဆောင်ခြင်း။ (ဝိ၊၌၊၂။၂၄၉။) (ဒီ၊၌၊၁။၁၅၃။) (မ၊၌၊၃။၂၂၁။) (ဒီ၊၌၊မြန်၊၁။၂၉၇။)

http://www.dhammadownload.com

ရှင်ပြု မပေးထိုက်သူ ၃၂ ယောက် ၁။ လက်ပြတ်သူ၊ ၂။ ခြေပြတ်သူ၊ ၃။ လက်ခြေပြတ်သူ၊ ၄။ နားပြတ်သူ၊ ၅။ နှာခေါင်းပြတ်သူ၊ ၆။ နားနှာခေါင်းပြတ်သူ၊ ၇။ ခြေချောင်း, လက်ချောင်း ပြတ်သူ၊ ၈။ ခြေမ, လက်မပြတ်သောသူ၊ ၉။ အကြောမ–ပြတ်သူ၊ ၁၀။ ခြေချောင်း, လက်ချောင်း ပူးနေသူ၊ ၁၁။ ကုန်းသူ၊ ၁၂။ ပုကွသူ၊ ၁၃။ လည်ပင်ကြီးနာ ရှိသူ၊ ၁၄။ သံပူကပ်၍ တံဆိပ် ခတ်ထားသူ၊ ၁၅။ ကြိမ်ဒဏ်ပေးခံရသူ၊ ၁၆။ တွေ့ရာအရပ်၌ သတ်စေဟူ၍ ကြော်ငြာထားသူ၊ ၁၇။ ခြေထိုင်းသူ (ခြေဒရွတ်ဆွဲသောသူ)၊ ၁၈။ ဆေးကုမရ ဆိုးဝါးလှသော အနာ ရောဂါဆိုး ရှိသူ၊ ၁၉။ ဖောက်ပြန်သော အဆင်းရှိသဖြင့် ပရိသတ်ကို ဖျက်ဆီးသူ၊ ၂၀။ မျက်စိတစ်ဖက် ကန်းသူ၊ ၂၁။ လက်ခြေကောက်သူ၊ ၂၂။ ခြေခွင်သူ၊ ၂၃။ ကိုယ်တစ်ခြမ်းသေသူ (သွက္ခာပါဒ စွဲသောသူ)၊ ၂၄။ အသွားဆွဲသူ (ခြေဆွဲ့သောသူ)၊ ၂၅။ အိုမင်းမစွမ်းသူ၊ ၂၆။ မျက်စိနှစ်ဖက် ကန်းသူ၊ ၂၇။ စကားဆွဲ့အသူ၊ ၂၈။ နားပင်းသူ၊ ၂၉။ ကန်းလည်းကန်း, အလည်းအသူ၊ ၃၀။ကန်းလည်းကန်း,နားလည်းပင်းသူ၊၃၁။အလည်းအနားလည်းပင်းသူ၊၃၂။ကန်းလည်းကန်း, အလည်းအ, နားလည်းပင်းသူ။ (ဝိ၊၃။၁၂၆။) (ဝိ၊မြန်၊၃။၁၂၇။)

ရှင် ရဟန်း မပြုပေးကောင်းသော အနာကြီးရောဂါသည် ၅ မျိုး ၁။ ကုဋ္ဌ– နူနာရောဂါ ရှိသူ၊ ၂။ ဂဏ္ဍ– ထွတ်မြင်းနာ (မြင်းဖုနာ။) ရောဂါရှိသူ၊ ၃။ သောသ– အသွေးအသားကို ခန်းခြောက် စေတတ်သော ဓယရုဂ် ချောင်းဆိုး ပန်းနာရောဂါ ရှိသူ၊ ၄။ ကိလာသ– ခရသင်း, ဝဲကြီး, ဆင်ညှင်းကြီးရောဂါရှိသူ၊ ၅။ အပမာရ– သည်းခြေသွေးလျှမ်း, ဘီလူးဖမ်းသဖြင့် ရူးနှမ်းသော အနာရောဂါရှိသူ။ (ဝိ၊၆၊၃။၂၇၇။)

ရောင်ကြဉ်ခြင်း ၅ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားသော အကျင့်မှ ရောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရောင်ကြဉ်ခြင်း၊ ၅။ သေရည်အရက် စသော မူးယစ်ဆေး မှီဝဲ သုံးစွဲခြင်းမှ ရောင်ကြဉ်ခြင်း။ (ဝိ၅။၃၃၈။) (ဝိ၊မြန်၊၅။၄၄၁။)

ရှည်သော သီချင်းသံဖြင့် တရားကို သီဆိုသော ရဟန်း၏ အပြစ် ၅ ပါး ၁။ မိမိကိုယ်တိုင်လည်း ထိုတရားသံ၌ သာယာတပ်မက်ခြင်း၊ ၂။ သူတစ်ပါးတို့သည်လည်း ထိုတရားသံ၌ သာယာ တပ်မက်ခြင်း၊ ၃။ လူတို့၏ ကဲ့ရဲ့မှုကို ခံရခြင်း၊ ၄။ အသံပြုပြင်မှုကို လိုလားသော ဓမ္မကထိက ရဟန်းအား သမာဓိပျက်ခြင်း၊ ၅။ နောင်လာနောက်သား လူအများတို့က အတုလိုက်ခြင်း။ (ဝိ၄။၂၄၃။) (ဝိ၊မြန်၊၄။၂၄၂။)

ရွှေငွေစွန့် ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆန္ဒာဂတိသို့ မလိုက်ရခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက် ရခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ရခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ရခြင်း၊ ၅။ စွန့်ပစ်အပ်, မစွန့်ပစ်အပ်သည်ကို သိရခြင်း။ (ဝိ၁။၃၄၈။) (ဝိ၊မြန်၊၁။၃၆၉။)

ရွှေ အညစ်အကြေး ၅ ပါး ၁။ သံ၊ ၂။ ကြေး၊ ၃။ သလွဲမဲ ခဲပုပ်၊ ၄။ သလွဲစင် ခဲမဖြူ၊ ၅။ ငွေ။ (သံ၊၃။၈၂။) (အံ၊၂။၁၃။) (သံ၊မြန်၊၃။၈၆။) (အံ၊မြန်၊၂။၁၉။)

ရွှေအိုးကြီး ၄ လုံး (ဘုရားအလောင်း၏ ရွှေအိုးကြီး ၄ လုံး) ၁။ တစ်ဂါဝုတ် အရွယ်ရှိ သစ်မည်သော ရွှေအိုး၊ ၂။ ယူဇနာဝက် အရွယ်ရှိသော ဧလ မည်သော ရွှေအိုး၊ ၃။ သုံးဂါဝုတ် အရွယ်ရှိသော

http://www.dhammadownload.com

ဥပ္ပလမည်သော ရွှေအိုး၊ ၄။ တစ်ယူဇနာ အရွယ်ရှိသော ပုဏ္ဏရိက ရွှေအိုး။ (ဒီ၊ဋ္ဌ၊၁။၂၅၃။) (မ၊ဋ္ဌ၊၃။ ၂၈၇။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၉၅။)

ရွှေအိုးကြီး ၄ မျိုး ၁။ ထာဝရနိဓိ– ရွှေငွေစသော မြေပေါ်မြေအောက်၌ ရှိသော ရွှေ့လျားခြင်း မရှိသော ရွှေအိုး၊ ၂။ ဇင်္ဃနိဓိ– ဆင် မြင်း ကျွဲ နွား ကျွန်မိန်းမ ကျွန်ယောကျ်ား စသော ရွှေ့လျားခြင်း ရှိသော ရွှေအိုး၊ ၃။ အင်္ဂသမနိဓိ– ကိုယ်အင်္ဂါကြီးငယ်ကဲ့သို့ အတူဘောနှင့် ဆက်စပ်နေသော အတတ်ပညာတည်းဟူသော ရွှေအိုး၊ ၄။ အနုဂါမိကနိဓိ– ဖြစ်လေရာရာ ဘုံဘဝသို့ အစဉ် လိုက်၍ အလိုရှိအပ်သော အကျိုးကို ပေးစွမ်းနိုင်သော ကုသိုလ်ကောင်းမှု တည်းဟူသော ရွှေအိုး။ (ခုဒ္ဒက၊ဋ္ဌ။၁၈၃။)

ရွှေအိုး မြုပ်နှံကြောင်း ၅ မျိုး ၁။ ရာဇဝတ်ပြစ်မှုဖြင့် စွပ်စွဲခံရသော အခါ၌ မင်းဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟု ရည်မှန်းခြင်း၊ ၂။ ခိုးသူတို့နှိပ်စက်ခံရသော အခါ၌ ခိုးသူဘေးမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟု ရည်မှန်းခြင်း၊ ၃။ ကြွေးမြီတင်သောအခါ၌ ကြွေးမြီမှ လွတ်မြောက်ရန် ဖြစ်လိမ့်မည်ဟု ရည်မှန်းခြင်း၊ ၄။ ငတ်မွတ်ခေါင်းပါးသော အခါ၌ မျှတရန် ဖြစ်လိမ့်မည်ဟု ရည်မှန်းခြင်း၊ ၅။ မီး ရေ စသော ဘေးရန်တို့ ဖြစ်ပေါ်သော် သုံးစွဲရန် ဖြစ်လိမ့်မည်ဟု ရည်မှန်းခြင်း။ (ခုဒ္ဒက။၉။) (ခုဒ္ဒက၊ မြန်။၈။)

ရွှေအိုး မြုပ်နှံခြင်းအကျိုး ၁၈ မျိုး (ကောင်းမှုရွှေအိုး မြုပ်နှံခြင်းအကျိုး ၁၈ မျိုး) ၁။ ရန်သူတို့ မအောင်နိုင်သည်ဖြစ်၍ တမလွန်ဘဝသို့ အစဉ်လိုက်ခြင်း၊ ၂။ တမလွန်ဘဝသို့ ပြောင်းသွား ရသည်ရှိသော် ထိုကောင်းမှုရွှေအိုးကို ယူ၍ သွားရခြင်း၊ ၃။ ကောင်းမှုရွှေအိုးသည် သူတစ်ပါး တို့နှင့် မဆက်ဆံ, ခိုးသူတို့ မခိုးယူနိုင်ခြင်း၊ ၄။ နတ်လူတို့၏ အလိုဟူသမျှကို ပေးနိုင်ခြင်း, တောင့်တသမျှ ချမ်းသာအားလုံးကို ရနိုင်ခြင်း၊ ၅။ ရုပ်ရည်အဆင်း ကောင်းခြင်း၊ ၆။ အသံ ကောင်းခြင်း၊ ၇။ အသွင်သဏ္ဌာန်ကောင်းခြင်း၊ ၈။ ရုပ်အဆင်းလှပခြင်း၊ ၉။ အစိုးရခြင်း၊ ၁၀။ အခြွေအရံများခြင်း၊ ၁၁။ ပဒေသရာဇ်မင်းအဖြစ်ကို ရခြင်း၊ ၁၂။ အစိုးရသော ဧကရာဇ် မင်းအဖြစ်ကို ရခြင်း၊ ၁၃။ စကြဝတေးမင်းချမ်းသာကို ရခြင်း၊ ၁၄။ နတ်မင်းဖြစ်ရခြင်း၊ ၁၅။ လူ့စည်းစိမ် နတ်စည်းစိမ်ကို ရခြင်း၊ ၁၆။ နိဗ္ဗာန်ချမ်းသာကို ရခြင်း၊ ၁၇။ မိတ်ဆွေ ကောင်းနှင့် ပြည့်စုံခြင်းကို အကြောင်းပြု၍ သင့်သောအကြောင်းအားဖြင့် အားထုတ်သူအား အရဟတ္တမဂ်ပညာ အရဟတ္တဖိုလ်ပညာတို့၌ လေ့လာခြင်းရှိသောသူ ဖြစ်ခြင်း၊ ၁၈။ ပဋိသမ္ဘိဒါ ၄ ပါး, ဝိမောက္ခ ၈ ပါး, သာဝကပါရမီဉာဏ်, ပစ္စေကဗောဓိဉာဏ်, သမ္မာသမ္ဗောဓိဉာဏ်ကို ရခြင်း။ (ခုဒ္ဒက။၁၀။) (ခုဒ္ဒက၊ မြန်။၉။)

ရွှေအိုး မြုပ်နှံပုံ ၄ မျိုး (ကောင်းမှု ရွှေအိုး မြုပ်နှံပုံ ၄ မျိုး) ၁။ အလှူပေးခြင်း။၂။ သီလ ဆောက်တည်ခြင်း၊ ၃။ ကိုယ်နှုတ်စိတ် စောင့်စည်းခြင်း၊ ၄။ ဣန္ဒြေတို့ကို ဆုံးမခြင်း။ (ခုဒ္ဒက။၉။) (ခုဒ္ဒက၊ မြန်။၉။)

ရွှေအိုး မြုပ်နှံရာဌာန ၇ မျိုး (ကောင်းမှုရွှေအိုး မြုပ်နှံရာဌာန ၇ မျိုး) ၁။ စေတီ၌ ကောင်းမှုရွှေအိုးကို မြုပ်နှံအပ်ရာ၏၊ ၂။ သံဃာ၌ ကောင်းမှုရွှေအိုးကို မြုပ်နှံအပ်ရာ၏၊ ၃။ ပုဂ္ဂိုလ်၌ ကောင်းမှု ရွှေအိုးကို မြုပ်နှံအပ်ရာ၏၊ ၄။ ဧည့်သည်၌ ကောင်းမှုရွှေအိုးကို မြုပ်နှံအပ်ရာ၏၊ ၅။ အမိ၌ ကောင်းမှု

http://www.dhammadownload.com

ရွှေအိုးကို မြုပ်နှံအပ်ရာ၏၊ ၆။ အဖဋ္ဌ ကောင်းမှုရွှေအိုးကို မြုပ်နှံအပ်ရာ၏၊ ၇။ အစ်ကိုကြီး, အစ်မကြီးဋ္ဌ ကောင်းမှုရွှေအိုးကို မြုပ်နှံအပ်ရာ၏။(ခုဒ္ဒက။၁၀။) (ခုဒ္ဒက၊ မြန်။၉။)

ရွှင်သောပညာရကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။)

လ

လ နေ ညစ်နွမ်းကြောင်း ၄ မျိုး ၁။ တိမ်တိုက်တို့သည် လ,နေတို့၏ ညစ်နွမ်းကြောင်း၊ ၂။ ဆီးနှင်းသည် လ,နေတို့၏ ညစ်နွမ်းကြောင်း၊ ၃။ အခိုးနှင့် မြူတို့သည် လ,နေတို့၏ ညစ်နွမ်းကြောင်း၊ ၄။ ရာဟုအသူရိန်သည် လ,နေတို့၏ ညစ်နွမ်းကြောင်း။ (ဝိ၊၄။၄၉၂။) (အံ၊၁။၃၆၂။) (ဝိ၊မြန်၊၄၊၄၉၆။) (အံ၊မြန်၊၁။၃၇၆။)

လနေတို့၏ အညစ်အကြေး ၄ မျိုး လ နေ ညစ်နွမ်းကြောင်း ၄ မျိုးနှင့် တူသည်။

လ နေ သွားရာ ခရီးလမ်းကြောင်း ၃ မျိုး ၁။ ဆိတ်အား လျောက်ပတ်သော ရာသီဋ္ဌ လ နေတို့၏ သွားလာရာလမ်းကြောင်း– အဇဝီထိ၊ ၂။ ဆင်အား လျောက်ပတ်သော ရာသီဋ္ဌ လ နေတို့၏ သွားလာရာ လမ်းကြောင်း– နာဂဝီထိ၊ ၃။ နွားအား လျောက်ပတ်သော ရာသီဋ္ဌ လ နေတို့၏ သွားရာလမ်းကြောင်း– ဂေါဝီထိ။ (ဒီ၊၃၊၃။၅၁။) (သာရတ္ထ၊ဋီ၊၁။၂၆၁။)

လနှင့် ယောဂီ တူပုံ ၅ မျိုး ၁။ လသည် လဆန်းပက္ခ၌ ထွက်ပေါ်သည်ရှိသော် တိုးပွား၍ တိုးပွား၍ ဖြစ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အကျင့်သီလ ဂုဏ်ကျေးဇူး ဝတ်ကြီး ဝတ်ငယ် တို့ဋ္ဌလည်းကောင်း၊ သတိပဋ္ဌာန်တရား အားထုတ်ခြင်း ဣန္ဒြေတို့ဋ္ဌ လုံခြုံသော တံခါးရှိခြင်း စသည်တို့ဋ္ဌလည်းကောင်း တိုးတက်၍ တိုးတက်၍ ပွားများရခြင်း)၊ ၂။ လသည် ကြယ်တာရာ အပေါင်းတို့၏ အကြီးအမှူးဖြစ်ခြင်း (ထို့အတူ ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် မွန်မြတ်သော ဆန္ဒာဓိပတိ ရှိရခြင်း)၊ ၃။ လသည် ညဉ့်၌ လှည့်လည် ထွက်ပေါ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်သူ ဖြစ်ရခြင်း)၊ ၄။ လသည် ဗိမာန် တံခွန် ဖြစ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သီလတည်းဟူသော တံခွန်ရှိသူ ဖြစ်ခြင်း)၊ ၅။ လသည် တောင်းတအပ် တောင်းပန်အပ်သည် ဖြစ်၍ ထွက်ပေါ်လာခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် တောင်းပန်အပ် တောင်းတအပ်သည် ဖြစ်၍ ဒါယကာတို့၏ အထံသို့ ချဉ်းကပ်ခြင်း)။ (မိလိန္ဒ။၃၇၁။) (မိလိန္ဒ၊မြန်။၃၉၄။)

လသုဏသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ကြက်သွန်ဖြူစိမ်း ဖြစ်ခြင်း၊ ၂။ စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊ ၃။၁၃၃။) (ဝိမတိ၊၂။၇၆။)

လူ ၃ မျိုး ၁။ အခစားလူ၊ ၂။ အမှုလုပ်လူ၊ ၃။ ခိုကပ် အသက်မွေးလူ။ (မဟာနိ။၉။)

လူ ၄ မျိုး ၁။ မနုဿနေရယိက– လူသားစင်စစ် ဖြစ်ပါလျက် သတ်မှု ခိုးမှု စသော အပြစ်ကို လွန်ကျူးသဖြင့် လက်ခြေဖြတ်ခြင်းစသော မင်းပြစ်မင်းဒဏ် ခံစားနေရသော– လူငရဲသား၊

http://www.dhammadownload.com

၂။ မနုဿပေတ– လူသားစင်စစ်ဖြစ်ပါလျက် ရွေးရွေးဘဝများ၌ ကုသိုလ်ကောင်းမှု မပြုခဲ့သဖြင့် စားရမဲ့ သောက်ရမဲ့ ခိုကိုးရာမဲ့ ဘဝမျိုးဖြင့် လှည့်လည် သွားလာနေရသော လူပြိတ္တာ၊ ၃။ မနုဿတိရစ္ဆာန– လူသားစင်စစ်ဖြစ်ပါလျက် သူတစ်ပါး အခိုင်းစေခံဘဝမျိုးဖြင့် အသက်မွေးဝမ်းကြောင်း ပြုသဖြင့် သူတစ်ပါးတို့၏ ဝန်ကို အမြဲထမ်းဆောင်နေရသော– လူ တိရစ္ဆာန်၊ ၄။ ပရမတ္ထမနုဿ– မိမိ၏ အကျိုးရှိ– မရှိကို သိပြီး ကံ– ကံ၏အကျိုးကို ယုံကြည်လျက် အကုသိုလ်အလုပ်များကို ရှောင်ကြဉ်ကာ ကုသိုလ်အလုပ်များကို ဆည်းပူးပြည့်ကျင့်သော မြတ်သော လူ။ (ဝိမာန၊၄။၁၉။)

လူ ၄ မျိုး (တစ်နည်း) ၁။ ဇမ္ဗူဒီပ်(တောင်) ကျွန်းလူ၊ ၂။ အပရဂေါယာန(အနောက်) ကျွန်းလူ၊ ၃။ ဥတ္တရကုရု(မြောက်) ကျွန်းလူ၊ ၄။ ပုဗ္ဗဝိဒေဟ(အရှေ့) ကျွန်းလူ။ (သုတ္တနိ၊၄၊၂။၉။)

လူတို့ ဝတ်ရုံနည်း ၉ မျိုး ၁။ သေတပဋ္ဌပါရုတ– ဖြူသော အဝတ်ရှိသော လူတို့၏ ဝတ်ရုံနည်း၊ ၂။ ပရိဿာဇကပါရုတ– ရသေ့ပရိဗ္ဗိုဇ်တို့၏ ဝတ်ရုံနည်း၊ ၃။ ဧကသာဋကပါရုတ– တစ်ထည်တည်းသာ အဝတ်ရှိသော သူတို့၏ ဝတ်ရုံနည်း၊ ၄။ သောဏ္ဍပါရုတ– သေသောက်ကြူးသမားတို့၏ ဝတ်ရုံနည်း၊ ၅။ အန္တေပုရိကပါရုတ– နန်းတွင်းသူတို့၏ ဝတ်ရုံနည်း၊ ၆။ မဟာဧဋ္ဌကပါရုတ– လက်သမားကြီးတို့၏ ဝတ်ရုံနည်း၊ ၇။ ကုဋ္ဌိပဝေသကပါရုက– ကုဋ္ဌီဝင်သော သူတို့၏ ဝတ်ရုံနည်း၊ ၈။ ဖြာဟ္မဏပါရုတ– ပုဏ္ဏားတို့၏ ဝတ်ရုံနည်း၊ ၉။ ပါဠိကာရကပါရုတ– သံဃာအစဉ်အတန်းကို ပြုသော ရဟန်းတို့၏ ဝတ်ရုံနည်း။ (ဝိ၊၆၊၄။၅၅။)

လူတို့အား သနားစောင့်ရှောက်တတ်သော ကျောင်းထိုင်ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ လွန်မြတ်သော ငါးပါးသီလကို ဆောက်တည်စေခြင်း၊ ၂။ သစ္စာလေးပါးတရားတို့ကို ရှုမြင်စေခြင်း၊ ၃။ မကျန်းမာသူတို့ထံ ချဉ်းကပ်၍ ရတနာသုံးပါး၌ အောက်မေ့မှု သတိကို ဖြစ်စေခြင်း၊ ၄။ အာဂန္တု ရဟန်းသံဃာများ ကြွရောက်လာသည်ရှိသော် လူဒါယကာတို့ထံ ချဉ်းကပ်၍ ကောင်းမှုကုသိုလ် ပြုလုပ်ရန် ပြောကြားခြင်း၊ ၅။ သဒ္ဓါဖြင့် ပေးလှူအပ်သော ယုတ်ညံ့သော ဆွမ်းကို ဖြစ်စေ၊ မွန်မြတ်သော ဆွမ်းကို ဖြစ်စေ ဘုဉ်းပေးသုံးဆောင်ခြင်း။ (အံ၊၂။၂၃၀။) (အံ၊မြန်၊၂။၂၉၃။)

လူဒုဿီလထက် ဒုဿီလရဟန်း၏ သာလွန်သော ဂုဏ် ၁၀ ပါး ၁။ ဒုဿီလရဟန်းသည် ဘုရား၌ ရိုသေမှု ရှိခြင်း၊ ၂။ တရား၌ ရိုသေမှု ရှိခြင်း၊ ၃။ သံဃာ၌ ရိုသေမှု ရှိခြင်း၊ ၄။ သိတင်းသုံးဖော်တို့၌ ရိုသေမှု ရှိခြင်း။ ၅။ ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း၌ ကြိုးစားအားထုတ်ခြင်း၊ ၆။ ပါဠိ, အဋ္ဌကထာ စသည်တို့၌ ကြားနာမှု များခြင်း၊ ၇။ ဒုဿီလရဟန်းသည် သီလပျက်သော်လည်း ပရိသတ်ထဲသို့ ရောက်သည်ရှိသော် သီလရှိသော အသွင်အပြင်ကို ဖြစ်စေခြင်း၊ ၈။ ကဲ့ရဲ့မှုမှ ကြောက်သောကြောင့် ကိုယ်မှု နှုတ်မှုကို စောင့်ရှောက်ခြင်း၊ ၉။ ကမ္မဋ္ဌာန်းသို့ ရှေးရှုသော စိတ်ကို ဖြစ်စေလျက် သာမန်ရဟန်းအဖြစ်သို့ ကပ်ရောက်ခြင်း၊ ၁၀။ ဒုဿီလရဟန်းသည် မကောင်းမှုကို ပြုသော်လည်း ပုန်းလျှိုးကွယ်လျှိုး ပြုကျင့်ခြင်း။ (မိလိန္ဒ။၂၄၉။) (မိလိန္ဒ၊မြန်။၂၆၇။)

လူနတ်တို့၏ အစီးအပွားဖြစ်ကြောင်း ရဟန်းတို့အကျင့် ၃ မျိုး ၁။ သာသနာတော်အား လျော်သော ကာယကံ၌ သူတစ်ပါးတို့ကို ဆောက်တည်စေခြင်း၊ ၂။ သာသနာတော်အား လျော်သော ဝစီကံ၌

http://www.dhammadownload.com

သူတစ်ပါးတို့ကို ဆောက်တည်စေခြင်း၊ ၃။ သာသနာတော်အား လျော်သော မနောက်တရားတို့၌ သူတစ်ပါးတို့ကို ဆောက်တည်စေခြင်း။ (အံ၊၁။၁၀၄။) (အံ၊မြန်၊၁။၁၂၂။)

လူနတ်တို့၏ အစီးအပွားမဲ့ကြောင်း ရဟန်းတို့အကျင့် ၃ မျိုး ၁။ သာသနာတော်အား မလျော်သော ကာယကံ၌ သူတစ်ပါးတို့ကို ဆောက်တည်စေခြင်း၊ ၂။ သာသနာတော်အား မလျော်သော ဝစီကံ၌ သူတစ်ပါးတို့ကို ဆောက်တည်စေခြင်း၊ ၃။ သာသနာတော်အား မလျော်သော မနောကံ စသည်တို့၌ သူတစ်ပါးတို့ကို ဆောက်တည်စေခြင်း။ (အံ၊၁။၁၀၄။) (အံ၊မြန်၊၁။၁၂၂။)

လူနတ်အကျိုးအတွက် ဖြစ်ပေါ်လာသော ပုဂ္ဂိုလ် ၂ မျိုး ၁။ ပူဇော်အထူးကို ခံယူထိုက်တော်မူသော အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရား၊ ၂။ စကြာရတနာကို လည်စေနိုင်သော စကြဝတေးမင်း။ (အံ၊၁။၇၆။) (အံ၊မြန်၊၁။၉၀။)

လူမိုက် ၂ မျိုး ၁။ မိမိ၏ အပြစ်ကို အပြစ်ဟူ၍ မရှုသော လူမိုက်၊ ၂။ တောင်းပန် ဝန်ချသူ၏ အပြစ်ကို တရားသဘောအတိုင်း လက်မခံသော လူမိုက်။ (သံ၊၁။၂၄၁။) (အံ၊၁။၆၀။) (သံ၊မြန်၊ ၁။၂၂၄။) (အံ၊မြန်၊၁။၇၃။)

လူမိုက်၂ မျိုး (တစ်နည်း) ၁။ မိမိအား မရောက်သော ဝန်ကို ရွက်ဆောင်သော ပုဂ္ဂိုလ်၊ ၂။ မိမိအား ရောက်သော ဝန်ကို မရွက်ဆောင်သော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

လူမိုက်၂ မျိုး (တစ်နည်း) ၁။ မအပ်သည်၌ အပ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ အပ်သည်၌ မအပ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၁။)

လူမိုက်၂ မျိုး (တစ်နည်း) ၁။ အာပတ်မသင့်သည်၌ အာပတ်မသင့်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ အာပတ်သင့်သည်၌ အာပတ်မသင့်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊ ၅။၃၀၁။)

လူမိုက်၂ မျိုး (တစ်နည်း) ၁။ တရား မဟုတ်သည်၌ တရားဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ တရား ဟုတ်သည်၌ တရား မဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၁။)

လူမိုက်၂ မျိုး (တစ်နည်း) ၁။ ဝိနည်း မဟုတ်သည်၌ ဝိနည်းဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ ဝိနည်း ဟုတ်သည်၌ ဝိနည်း မဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၁။)

လူမိုက်ကြောင့် ဖြစ်ပေါ်သော တရား ၃ မျိုး ၁။ ဖြစ်ပေါ်သမျှသော ကြောက်လန့်ခြင်း ဘေးအားလုံး၊ ၂။ ဖြစ်ပေါ်သမျှသော မငြိမ်သက်ခြင်း ဥပဒ္ဒဝေါအားလုံး၊ ၃။ ဖြစ်ပေါ်သမျှသော စိတ်ဆင်းရဲခြင်း ဥပသဂ္ဂအားလုံး။ (မ၊၃။၁၀၆။) (အံ၊၁။၁၀၀။) (မ၊မြန်၊၃။၁၁၀။) (အံ၊မြန်၊ ၁။၁၁၇။)

လူမိုက် ဆင်းရဲပင်ပန်းပုံ ၆ မျိုး ၁။ ငါ၏ သားသမီးတို့သည် ပျက်စီးသေကြကုန်ပြီဟု ကြို၍ ဆင်းရဲပင်ပန်းရ၏၊ ၂။ ငါ၏ သားသမီးတို့သည် ပျက်စီးသေကြကုန်၏ဟု ကြို၍ ဆင်းရဲပင်ပန်းရ၏၊ ၃။ ငါ၏ သားသမီးတို့သည် ပျက်စီး သေကြကုန်လတ္တံ့ဟု ကြို၍ ဆင်းရဲပင်ပန်းရ၏၊ ၄။ ငါ၏ စည်းစိမ်ဥစ္စာတို့သည် ပျက်စီးကုန်ပြီဟု ကြို၍ ဆင်းရဲ ပင်ပန်းရ၏၊ ၅။ ငါ၏ စည်းစိမ်ဥစ္စာတို့သည် ပျက်စီးကုန်၏ဟု ကြို၍ ဆင်းရဲပင်ပန်းရ၏၊ ၆။ ငါ၏ စည်းစိမ်ဥစ္စာတို့သည် ပျက်စီးကုန်လတ္တံ့ဟု ကြို၍ ဆင်းရဲပင်ပန်းရ၏။ (ဓမ္မ၊၄၊၁။၂၉၈။)

http://www.dhammadownload.com

လူမိုက်လက္ခဏာ ၃ ပါး ၁။ မကောင်းသော အကြံကို ကြံစည်လေ့ရှိခြင်း၊ ၂။ မကောင်းသော စကားကို ပြောဆိုလေ့ရှိခြင်း၊ ၃။ မကောင်းသော အလုပ်ကို ပြုလုပ်လေ့ရှိခြင်း။ (အံ၊၁။၁၀၀။) (ပေဋကော။၂၁၀။) (ပဋိသံ၊၆၊၂။၂၄၃။) (နေတ္တိ၊၆။၁၄၈။) (အံ၊မြန်၊၁။၁၁၉။)

လူမိုက်ဟု ထင်ရှားကြောင်း အပြုအမူ ၃ မျိုး ၁။ မကောင်းသော အကြံကို ကြံလေ့ရှိခြင်း၊ ၂။ မကောင်းသော စကားကို ပြောဆိုလေ့ရှိခြင်း၊ ၃။ မကောင်းသော အမှုကို ပြုလေ့ရှိခြင်း။ (အံ၊၁။၁၀၁။) (အံ၊မြန်၊၁။၁၁၉။)

လူမိုက်ဟု သိကြောင်း တရား ၃ ပါး ၁။ ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် ကာယဒုစရိုက်၊ ၂။ နှုတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် ဝစီဒုစရိုက်၊ ၃။ စိတ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့် မနောဒုစရိုက်။ (အံ၊၁။၁၀၀။) (အံ၊မြန်၊၁။၁၁၈။)

လူမိုက်ဟု သိကြောင်း တရား ၃ ပါး (တစ်နည်း) ၁။ မိမိအပြစ်ကို အပြစ်အားဖြင့် မရှုခြင်း၊ ၂။ မိမိအပြစ်ကို အပြစ်အားဖြင့် ရှုသော်လည်း တရားအလျောက် မကုစားခြင်း၊ ၃။ သူတစ်ပါးသည် အပြစ်ဝန်ခံ၍ ပြောလာပါလျက် တရားအလျောက် မခံယူခြင်း၊ (တစ်နည်း) ၁။ မသင့်လျော်သော အကြောင်းအားဖြင့် အမေးပြဿနာကို ပြုတတ်ခြင်း၊ ၂။ မသင့်လျော်သော အကြောင်းအားဖြင့် အမေးပြဿနာကို ဖြေတတ်ခြင်း၊ ၃။ သင့်လျော်သော အကြောင်းအားဖြင့် သူတစ်ပါး ဖြေဆိုအပ်သည်ကို ဝမ်းမြောက်ဝမ်းသာ ကောင်းချီး မပေးတတ်ခြင်း၊ (တစ်နည်း) ၁။ အကုသိုလ်ကာယကံ၊ ၂။ အကုသိုလ်ဝစီကံ၊ ၃။ အကုသိုလ် မနောကံ၊ (တစ်နည်း) ၁။ အပြစ်ရှိသော ကာယကံ၊ ၂။ အပြစ်ရှိသော ဝစီကံ၊ ၃။ အပြစ်ရှိသော မနောကံ၊ (တစ်နည်း) ၁။ ဆင်းရဲခြင်းရှိသော ကာယကံ၊ ၂။ ဆင်းရဲခြင်းရှိသော ဝစီကံ၊ ၃။ ဆင်းရဲခြင်းရှိသော မနောကံ။ (အံ၊၁။၁၀၁–၁၀၂။) (အံ၊မြန်၊၁။၁၁၉။)

လူမိုက် အမှတ်နိမိတ် ၃ မျိုး ၁။ မကောင်းသော အကြံကို ကြံလေ့ရှိခြင်း၊ ၂။ မကောင်းသော စကားကို ပြောဆိုလေ့ရှိခြင်း၊ ၃။ မကောင်းသော အမှုကို ပြုလေ့ရှိခြင်း။ (အံ၊၁။၁၀၀။) (အံ၊မြန်၊၁။၁၁၉။)

လူယုတ် အင်္ဂါ ၄ ပါး ၁။ အမိအပေါ်၌ မှားယွင်းဖောက်ပြန် မမှန်မကန် ပြုကျင့်ခြင်း၊ ၂။ အဖအပေါ်၌ မှားယွင်းဖောက်ပြန် မမှန်မကန် ပြုကျင့်ခြင်း၊ ၃။ မြတ်စွာဘုရား၌ မှားယွင်းဖောက်ပြန် မမှန်မကန် ပြုကျင့်ခြင်း၊ ၄။ မြတ်စွာဘုရား၏ တပည့်သာဝကအပေါ်၌ မှားယွင်းဖောက်ပြန် မမှန်မကန် ပြုကျင့်ခြင်း။ (အံ၊၁။၃၁၀။) (အံ၊မြန်၊၁။၃၂၆။)

လူယုတ်မာ အင်္ဂါ ၃ ပါး ၁။ အကုသိုလ် ကာယကံနှင့် ပြည့်စုံခြင်း၊ ၂။ အကုသိုလ်ဝစီကံနှင့် ပြည့်စုံခြင်း၊ ၃။ အကုသိုလ် မနောကံနှင့် ပြည့်စုံခြင်း၊ (တစ်နည်း) ၁။ အပြစ်ရှိသော မညှဉ်းညွတ်သော မစင်ကြယ်သော ကာယကံနှင့် ပြည့်စုံခြင်း၊ ၂။ အပြစ်ရှိသော မညှဉ်းညွတ်သော မစင်ကြယ်သော ဝစီကံနှင့် ပြည့်စုံခြင်း၊ ၃။ အပြစ်ရှိသော မညှဉ်းညွတ်သော မစင်ကြယ်သော မနောကံနှင့် ပြည့်စုံခြင်း။ (အံ၊၁။၂၉၇–၂၉၈။) (အံ၊မြန်၊၁။၃၁၅။)

လူသားတို့အား ကျေးဇူးများသော တရား ၄ ပါး ၁။ သူတော်ကောင်းပုဂ္ဂိုလ်တို့အား မှီဝဲ

http://www.dhammadownload.com

ဆည်းကပ်ခြင်း၊ ၂။ သူတော်ကောင်းတရားကို နာကြားခြင်း၊ ၃။ အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ ၄။ လောကုတ္တရာတရားအား လျော်သော အကျင့်ကို ကျင့်ခြင်း။ (အံ၊၁။၅၆၈။) (အံ၊မြန်၊၁၊၅၈၂။)

လူသတ်ခြင်းကြောင့် သင့်သော အာပတ် ၃ ပါး ၁။ ဒုက္ကဋ်အာပတ်၊ ၂။ ထုလ္လစ္စဉ်းအာပတ်၊ ၃။ ပါရာဇိကအာပတ်။ (ဝိ၊၅။၈၉။) (ဝိ၊မြန်၊၅။၁၂၈။)

လူအများ အံ့ချီးလောက်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော မြတ်စွာဘုရား၊ ၂။ စကြာရတနာကို လည်စေနိုင်သော စကြဝတေးမင်း။ (အံ၊၁။၇၆။) (အံ၊မြန်၊၁။၉၀။)

လူအားလုံးတို့နှင့် သက်ဆိုင်သော အရာ ၆ မျိုး ၁။ မြစ်၊ ၂။ လမ်းခရီး၊ ၃။ သေတင်းကုပ်၊ ၄။ ဇရုပ်၊ ၅။ ရေအိုးစင်၊ ၆။ မိန်းမ။ (ဇာတက၊၁။၁၆။)

လေနှင့် ယောဂီ တူပုံ ၅ မျိုး ၁။ လေသည် ကောင်းစွာ ပွင့်သော တောအုပ်၏ အတွင်းကို လွှမ်းခြုံတိုက်ခတ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ကိလေသာတို့မှ လွတ်မြောက်မှု "ဝိမုတ္တိ" ဟူသော မြတ်သော ပန်းတို့၏ ပွင့်ရာ အာရုံတောအတွင်း၌ မွှေ့လျော်ရခြင်း)၊ ၂။ လေသည် မြေ၌ပေါက်သော သစ်ပင်အပေါင်းတို့ကို လုံးထွေးတိုက်ခတ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် တောအတွင်း၌ တည်လျက် သစ်ါရတရားတို့ကို စီစစ်ခြင်းဖြင့် ကိလေသာတို့ကို လုံးထွေးတိုက်ခတ်ခြင်း)၊ ၃။ လေသည် ကောင်းကင်၌ သွားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် လောကုတ္တရာတရားတို့၌ စိတ်ကို ကောင်းစွာ ကျက်စားစေခြင်း)၊ ၄။ လေသည် အနံ့ကို ခံစားခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မိမိ၏ သီလမြတ်တည်းဟူသော အလွန် မွှေးကြိုင်သော အနံ့ကို ခံစားခြင်း)၊ ၅။ လေသည် တည်နေရာ မရှိခြင်း, အမြဲတမ်းစွဲရာနေရာ မရှိခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် တည်နေရာ, အမြဲတမ်းစွဲရာ နေရာမရှိဘဲ ရောနှော ဆက်ဆံခြင်း မရှိသဖြင့် အာရုံအားလုံးတို့၌ တပ်မက်မှု ကင်းလွတ်ခြင်း) ။ (မိလိန္ဒ။၃၆၈။) (မိလိန္ဒ၊မြန်။၃၉၁။)

လေပျက်ကြောင်း ၁၀ ပါး (ခန္ဓာကိုယ်တွင်းရှိ လေပျက်ခြင်းအကြောင်း ၁၀ ပါး) ၁။ အအေးကြောင့် ပျက်ခြင်း၊ ၂။ အပူကြောင့် ပျက်ခြင်း၊ ၃။ ဆာလောင်မှုကြောင့် ပျက်ခြင်း၊ ၄။ မွတ်သိပ်မှုကြောင့် ပျက်ခြင်း၊ ၅။ အလွန် စားသောက်ခြင်းကြောင့် ပျက်ခြင်း၊ ၆။ အထိုင်အရပ် များမှုကြောင့် ပျက်ခြင်း၊ ၇။ အလွန် အားထုတ်ခြင်းကြောင့် ပျက်ခြင်း၊ ၈။ အပြေးအလွှား အလွန်များခြင်းကြောင့် ပျက်ခြင်း၊ ၉။ လုံ့လပယောဂ လွန်ကဲခြင်းကြောင့် ပျက်ခြင်း၊ ၁၀။ ကံ၏အကျိုးပေးမှုကြောင့် ပျက်ခြင်း။ (မိလိန္ဒ။၁၃၇။) (မိလိန္ဒ၊မြန်။၁၄၈။)

လေသ ၁၀ မျိုး ၁။ ဇာတ်၊ ၂။ အမည်၊ ၃။ အနွယ်၊ ၄။ အသွင်သဏ္ဌာန်၊ ၅။ အာပတ်၊ ၆။ သပိတ်၊ ၇။ သင်္ကန်း၊ ၈။ ဥပဇ္ဈာယ်၊ ၉။ ဆရာ၊ ၁၀။ ကျောင်း အိပ်ရာနေရာ။ (ဝိ၊၁။၂၅၈။) (ဝိ၊မြန်၊၁။ ၂၇၄။)

လေသောက်ပြူတင်း ၃ မျိုး ၁။ ပွတ်တိုင်ဖြင့် ပြုလုပ်အပ်သော လေသောက်ပြူတင်း၊ ၂။ ဇာကွန်ရက်ဖြင့် ပြုလုပ်အပ်သော လေသောက်ပြူတင်း၊ ၃။ ဝါးခြမ်းစိတ်ဖြင့် ပြုလုပ်အပ်သော လေသောက်ပြူတင်း။ (ဝိ၊၄။၂၉၃။) (ဝိ၊မြန်၊၄။၂၉၈။)

http://www.dhammadownload.com

လေအောက်သို့သာ သွား၍ လေညာသို့ မသွားသော နံ့သာ ၃ မျိုး ၁။ မူလဂန္ဓ– အမြစ် နံ့သာမျိုး၊ ၂။ သာရဂန္ဓ– အနှစ် နံ့သာမျိုး၊ ၃။ ပုပ္ပဂန္ဓ– အပွင့် နံ့သာမျိုး။ (အံ၊၁။၂၂၆။) (အံ၊၄။၂။၂၀၅။) (အံ၊မြန်၊ ၁။၂၄၄။)

လေးသမား အင်္ဂါ ၄ ပါး ၁။ လေးသမားသည် မြားတို့ကို ပစ်သည်ရှိသော် ခြေနှစ်ဖက်တို့ကို မြေကြီး၌ စွဲမြဲစွာ တည်ခြင်း စသည်ကို ပြုလျက် "ပစ်အံ့"ဟု ရွှင်လန်းခြင်းကို ဖြစ်စေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သီလတည်းဟူသော မြေ၌ ဝီရိယတည်းဟူသော ခြေတို့ကို တည်စေခြင်း စသည်ဖြင့် "အလုံးစုံသော ကိလေသာတို့ကို ဉာဏ်တည်းဟူသော မြားဖြင့် ပစ်အံ့"ဟု ရွှင်လန်းမှုကို ဖြစ်စေခြင်း)၊ ၂။ လေးသမားသည် ကောက်ကွေးသော မြားကို ဖြောင့်အောင် ပြုခြင်းငှာ မြားဖြောင့်သော ကျင်းကို ဆောင်ယူခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဤကိုယ်၌ ကောက်ကွေ့သော စိတ်ကို ဖြောင့်စွာ ပြုခြင်းငှာ သတိပဋ္ဌာန်တည်း ဟူသော ကျင်းကို ဆောင်ခြင်း)၊ ၃။ လေးသမားသည် မှတ်တိုင်၌ မြားပစ် လေ့လာခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဤခန္ဓာကိုယ်၌ အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့်လည်းကောင်း, အိုင်းအမာ, အနာရောဂါ စသော အခြင်းအရာ လေးဆယ်အားဖြင့်လည်းကောင်း လေ့လာရခြင်း)၊ ၄။ လေးသမားသည် ညနေတိုင်း, နံနက်တိုင်း လေ့လာခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ညနေတိုင်း, နံနက်တိုင်း ကမ္မဋ္ဌာန်း အာရုံ၌ လေ့လာရခြင်း) ။ (မိလိန္ဒ။၄၀၅။) (မိလိန္ဒ၊မြန်။၄၂၇။)

လဲ ၃ မျိုး (ခေါင်းအုံးပြုလုပ်ခြင်းငှာ ခွင့်ပြုအပ်သော လဲသုံမျိုး) ၁။ သစ်ပင်လဲ (သစ်ပင်မှ ဖြစ်သောလဲ)၊ ၂။ နွယ်လဲ (နွယ်ပင်မှ ဖြစ်သောလဲ)၊ ၃။ ဖောင်းခါးမြက်လဲ (ရှင်မွေ့လွန်းပင် စသော မြက်ပင်မှ ဖြစ်သောလဲ) ။ (ဝိ၊၂။၂၂၀။)) (ဝိ၊၄။၂၉၅။) (ဝိ၊မြန်၊၂။၂၄၇။ (ဝိ၊မြန်၊၄။၃၀၀။)

လောက ၃ မျိုး ၁။ သတ္တလောက– သက်ရှိသတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာအစဉ်၊ ၂။ ဩကာသ လောက– သက်မဲ့ ဥတုဇရုပ်တို့၏ ခန္ဓာအစဉ်၊ ၃။ သင်္ခါရလောက–သက်ရှိ သက်မဲ့ နှစ်မျိုးလုံး တို့၏ ရုပ်နာမ်ခန္ဓာအစဉ်။ (ဒီ၊၄။၁။၁၅၆။) (မ၊၄။၂။၁၀၄။) (အံ၊၄။၁။၇၅။) (ဝိသုဒ္ဓိ၊၁။၁၉၈။) (ဒီ၊၄၊မြန်၊ ၁။၃၀၄။) (ဝိ၊၄၊၉၀။)

လောက ၃ မျိုး တစ်နည်း ၁။ သုခဝေဒနာလောက၊ ၂။ ဒုက္ခဝေဒနာလောက၊ ၃။ ဥပေက္ခာ ဝေဒနာလောက။ (ဝိ၊၄။၁။၉၀။) (ပဋိသံ၊မြန်။၁၅၃။) (ပဋိသံ၊မြန်။၁၅၃။) (ပဋိသမ္ဘိဒါမင်၊ပါဋိ၊၁၁၇။)

လောက ၃ မျိုး (တစ်နည်း) ၁။ ကိလေသလောက= ကိလေသာများသော, ဆင်းရဲများသော သတ္တဝါ (ကာမဘုံသား၊ အပါယ်ဘုံသား)၊ ၂။ ဘဝလောက= ပျက်စီးတတ်သော ဘဝ၊ ၃။ ဣန္ဒြိယလောက= ဣန္ဒြေနှင့် ပြည့်စုံသော သတ္တဝါအပေါင်း။ (နေတ္တိ၊၄။၁၈။)

လောက ၃ မျိုး (တစ်နည်း) ၁။ ဣန္ဒြေတို့နှင့် စပ်ကုန်သော ရုပ်တရားတို့၏ လည်းကောင်း, နာမ်တရားတို့၏ လည်းကောင်း, ရုပ်နာမ်တရားတို့၏လည်းကောင်း သန္တာန်၏အစွမ်းဖြင့် ဖြစ်ကုန်သောခန္ဓာတရားတို့၏ အပေါင်းအစုသည် သတ္တလောက၊ ၂။ ရုပ်ခန္ဓာ, နာမ်ခန္ဓာနှစ်မျိုးလုံး တို့သည် သင်္ခါရလောက၊ ၃။ မြေကြီး, တောင် အစရှိသော အရာသည် ဩကာသလောက။ (ဣတိဝုတ်၊၄။၂၄၈။)

http://www.dhammadownload.com

လောက ၇ မျိုး ၁။ ခန္ဓာလောက၊ ၂။ အာယတနလောက၊ ၃။ ဓာတုလောက၊ ၄။ သမ္မတ္တိဘဝ လောက= ပြည့်စုံသော ဘဝ (လူ့လောက နတ်လောက)၊ ၅။ သမ္မတ္တိသမ္ဘဝလောက= ပြည့်စုံခြင်း၏ အကြောင်း (သုဂတိဘုံသို့ လားစေတတ်သောကံ)၊ ၆။ ဝိပတ္တိဘဝလောက= ပျက်စီးသော ဘဝ, အပါယ်လောက, အပါယ်ဘုံ၊ ၇။ ဝိပတ္တိသမ္ဘဝလောက= ပျက်စီးခြင်း၏ အကြောင်း (အပါယ်သို့ လားစေတတ်သော ကံ) ။ (မ၊၌၊၂။၈၅။)

လောကကို သုညအားဖြင့် ရှုပုံ ၆ မျိုး ၁။ ခန္ဓာကိုယ်မှ ကင်းဆိတ်သောအားဖြင့် လောကကို ရှုခြင်း၊ ၂။ မိမိ၏ ဥစ္စာမှ ကင်းဆိတ်သောအားဖြင့် လောကကို ရှုခြင်း၊ ၃။ ထင်ရှားရှိသော မြေခြင်းမှ ကင်းဆိတ်သောအားဖြင့် လောကကို ရှုခြင်း၊ ၄။ အခါခပ်သိမ်း မြေစွာတည်ခြင်းမှ ကင်းဆိတ်သောအားဖြင့် လောကကို ရှုခြင်း၊ ၅။ အခါခပ်သိမ်း မြေစွာ ဖြစ်ခြင်းမှ ကင်းဆိတ်သောအားဖြင့် လောကကို ရှုခြင်း၊ ၆။ မဖောက်မပြန်သော သဘောမှ ကင်းဆိတ်သောအားဖြင့် လောကကို ရှုခြင်း။ (စူဠနိ။၁၈၃။)

ဝိညာဏကွန္ဓာ ၃၀ ပါး ၁။ စက္ခုသမ္မဿကြောင့်ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ၊ အပရိယာပန္ဆ ဝိညာဏကွန္ဓာ လေးပါး၊ ၂။ သောတသမ္မဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ၊ အပရိယာပန္ဆ ဝိညာဏကွန္ဓာ လေးပါး၊ ၃။ ဃာနသမ္မဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ၊ အပရိယာပန္ဆ ဝိညာဏကွန္ဓာ လေးပါး၊ ၄။ ဇိဝှါသမ္မဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, အပရိယာပန္ဆ ဝိညာဏကွန္ဓာ လေးပါး၊ ၅။ ကာယသမ္မဿကြောင့်ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, အပရိယာပန္ဆ ဝိညာဏကွန္ဓာ လေးပါး၊ ၆။ မနောသမ္မဿကြောင့်ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ၊ အပရိယာပန္ဆ ဝိညာဏကွန္ဓာ လေးပါး၊ ၇။ စက္ခု ဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ် ခြောက်ပါး ပေါင်း ၃၀ ပါး ဖြစ်၏။ (အဘိ၊ဝိ။၅၈။) (အဘိ၊ဝိ၊မြန်၊၁။၂၁၂။)

http://www.dhammadownload.com

ဝိညာဏဉ္စာယတနစျာန်၌ ရှိသော တရား ၁၃ မျိုး ၁။ ဝိညာဏဉ္စာယတနသညာ၊ ၂။ စိတ္တေကဂ္ဂတာ၊ ၃။ ဖဿ၊ ၄။ ဝေဒနာ၊ ၅။ သညာ၊ ၆။ စေတနာ၊ ၇။ စိတ်၊ ၈။ ဆန္ဒ၊ ၉။ အဓိမောက္ခ၊ ၁၀။ ဝီရိယ၊ ၁၁။ သတိ၊ ၁၂။ ဥပေက္ခာ၊ ၁၃။ မနသိကာရ။ (မ၊၃။၇၇။) (မ၊မြန်၊၃။၈၁။)

ဝိညာဏဋ္ဌိတိ ၄ ပါး ၁။ ရုပ်လျှင် တည်ရာရှိသော "အဘိသင်္ခါရ"ဝိညာဉ်သည် တည်ဆဲဖြစ်၍ တည်ခြင်း၊ ၂။ ဝေဒနာလျှင် တည်ရာရှိသော "အဘိသင်္ခါရ"ဝိညာဉ်သည် တည်ဆဲဖြစ်၍ တည်ခြင်း၊ ၃။ သညာလျှင် တည်ရာရှိသော "အဘိသင်္ခါရ"ဝိညာဉ်သည် တည်ဆဲဖြစ်၍ တည်ခြင်း၊ ၄။ သင်္ခါရလျှင် တည်ရာရှိသော "အဘိသင်္ခါရ"ဝိညာဉ်သည် တည်ဆဲဖြစ်၍ တည်ခြင်း။ (ဒီ၊၃။၁၉၀။) (ဒီ၊မြန်၊၃။၂၁၃။)

ဝိညာဏဋ္ဌိတိ ၇ ပါး ၁။ နာနတ္တကာယာ နာနတ္တသညီ= လူ, အချို့သောနတ်, အချို့သော ဝေမာနိက ပြိတ္တာတို့ကဲ့သို့ အထူးထူးသော ခန္ဓာကိုယ် ရှိ၍ အထူးထူးသော ပဋိသန္ဓေသညာ ရှိသော သတ္တဝါ၊ ၂။ နာနတ္တကာယာ ဧကတ္တသညီ= ပထမစျာန်ရဖြာဟ္မာတို့ကဲ့သို့ အထူးထူးသော ခန္ဓာကိုယ်ရှိ၍ တူသော ပဋိသန္ဓေသညာရှိသော သတ္တဝါ၊ ၃။ ဧကတ္တကာယာ နာနတ္တသညီ= အာဘဿရာဘုံ ဖြဟ္မာတို့ကဲ့သို့ တူသော ခန္ဓာကိုယ်ရှိပြီး အထူးထူးပြားသော ပဋိသန္ဓေသညာ ရှိသော သတ္တဝါ၊ ၄။ ဧကတ္တကာယာ ဧကတ္တသညီ= သုဘကိဏ္ဏာဘုံ ဖြဟ္မာတို့ကဲ့သို့ တူသော ခန္ဓာကိုယ်ရှိ၍ တူသော ပဋိသန္ဓေသညာရှိသော သတ္တဝါ၊ ၅။ အာကာသာနဉ္စာယတနုပဂါ သတ္တာ= ခပ်သိမ်းသော အခြင်းအရာအားဖြင့် ရူပသညာကို လွန်မြောက်လျက် ပဋိဃသညာ တို့၏ ချုပ်ခြင်း, နာနတ္တသညာတို့ကို နှလုံးမသွင်း ခြင်းကြောင့် "အနန္တော အာကာသော"ဟု စီးဖြန်းသဖြင့် အာကာသာနဉ္စာယတနဘုံသို့ ကပ်ရောက်သော သတ္တဝါ၊ ၆။ ဝိညာဏဉ္စာယတနုပဂါသတ္တာ= ခပ်သိမ်းသော အခြင်းအရာအားဖြင့် အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်ခြင်းကြောင့် "အနန္တံ ဝိညာဏံ" ဟု စီးဖြန်းပွားများသဖြင့် ဝိညာဏဉ္စာယတနဘုံသို့ ကပ်ရောက်သော သတ္တဝါ၊ ၇။ အာကိဉ္စညာယတနုပဂါသတ္တာ= ခပ်သိမ်းသော အခြင်းအရာ အားဖြင့် ဝိညာဏဉ္စာယတန စျာန်ကို လွန်မြောက်ခြင်းကြောင့် "နတ္ထိ ကိဉ္စိ" ဟု စီးဖြန်းပွားများ သဖြင့် အာကိဉ္စညာယတနဘုံသို့ ကပ်ရောက်သော သတ္တဝါ။ (ဒီ၊၃။၅၈။) (ဒီ၊၃။၂၀၉။) (ဒီ၊၃။၂၄၁။) (ဓာ၌နိ။၁၆၇။) (ပဋိသံ၊၌၊၁။၁၀၃။) (သာရတ္ထ၊ဋီ၊၁။၂၄၃။) (ဒီ၊မြန်၊၃။၆၈။) (ဒီ၊မြန်၊၃။၂၃၂-၂၃၃။) (ဒီ၊မြန်၊၃။၂၆၄။)

ဝိညာဏဋ္ဌိတိ ၇ ပါး ပိုင်းခြား၍ သိအပ်သော တရား ၇ ပါး၊ ပရိညေယျတရား ၇ ပါး၊ ဝိညာဏ်၏ တည်ရာတရား ၇ ပါးတို့နှင့် တူသည်။

ဝိညာဏ် ၁၁ မျိုး ၁။ အတိတ်ဝိညာဏ်၊ ၂။ အနာဂတ်ဝိညာဏ်၊ ၃။ ပစ္စုပ္ပန်ဝိညာဏ်၊ ၄။ အဇ္ဈတ္တ ဝိညာဏ်၊ ၅။ ဗဟိဒ္ဓဝိညာဏ်၊ ၆။ ဩဠာရိကဝိညာဏ်၊ ၇။ သုခုမဝိညာဏ်၊ ၈။ ဟီနဝိညာဏ်၊ ၉။ ပဏီတဝိညာဏ်၊ ၁၀။ ဒူရေဝိညာဏ်၊ ၁၁။ သန္တိကေဝိညာဏ်။ (အဘိ၊ဝိ။၁၀။) (အဘိ၊ဝိ၊မြန်၊၁။၂၀။)

ဝိညာဏ် ၅ မျိုး ၁။ စက္ခုဝိညာဏ်- စက္ခုဝတ္ထုကို မှီသော ဝိညာဏ်၊ ၂။ သောတဝိညာဏ်- သောတဝတ္ထုကို မှီသော ဝိညာဏ်၊ ၃။ ဃာနဝိညာဏ်- ဃာနဝတ္ထုကို မှီသော ဝိညာဏ်၊

http://www.dhammadownload.com

၄။ ဇဝှာဝိညာဏ်- ဇဝှာဝတ္ထုကို မှီသော ဝိညာဏ်၊ ၅။ ကာယဝိညာဏ်- ကာယဝတ္ထုကို မှီသော ဝိညာဏ်။ (အဘိ၊ဋ္ဌ၊၁။၁၃၈။)

ဝိညာဏ် ၆ မျိုး ၁။ စက္ခုဝိညာဏ်- မြင်သိစိတ်၊ ၂။ သောတဝိညာဏ်- ကြားသိစိတ်၊ ၃။ ဃာနဝိညာဏ်- နံသိစိတ်၊ ၄။ ဇိဝှာဝိညာဏ်- လျက်သိစိတ်- စားသိစိတ်၊ ၅။ ကာယဝိညာဏ်- ထိသိစိတ်၊ ၆။ မနောဝိညာဏ်- ကြံသိစိတ်။ (သံ၊၁။၂၄၅။) (သံ၊၂။၅၀။) (သံ၊၂။၅၃။) (သံ၊မြန်၊၁။၂၃၀။) (သံ၊မြန်၊၂။၄၈-၅၀။) (သံ၊မြန်၊၂။၄၈-၅၁။)

ဝိညာဏ်အပေါင်း ၆ ပါး ၁။ မြင်ခြင်း စက္ခုဝိညာဏ်၊ ၂။ ကြားခြင်း သောတဝိညာဏ်၊ ၃။ နံခြင်း ဃာနဝိညာဏ်၊ ၄။ လျက်ခြင်း ဇိဝှါဝိညာဏ်၊ ၅။ ထိတွေ့ခြင်း ကာယဝိညာဏ်၊ ၆။ သိခြင်း မနောဝိညာဏ်။ (ဒီ၊၃။၂၀၂။) (မ၊၁။၆၆။) (ပဋိသံ၊ဋ္ဌ၊၁။၃၂၀။) (ဒီ၊မြန်၊၃။၂၂၅။) (မ၊မြန်၊၁။၇၂။)

ဝိညာဏ်၏ တည်ရာတရား ၇ ပါး ပိုင်းခြား၍ သိအပ်သော တရား ၇ ပါး၊ ပရိညေယျတရား ၇ ပါး၊ ဝိညာဏဋ္ဌိတိ ၇ ပါးတို့နှင့် တူသည်။

ဝိတက် ၂ မျိုး (ဘုရားရှင်တို့သန္တာန်၌ ကြိမ်ဖန်များစွာ ဖြစ်သော ဝိတက် ၂ မျိုး) ၁။ ခေမ ဝိတက်၊ ၂။ ပဝိဝေကဝိတက်။ (ခုဒ္ဒက။၂၁၆။) (ခုဒ္ဒက၊ မြန်။ ၂၀၀။)

ဝိတက် ၃ မျိုး မကောင်းသော ကြံစည်ခြင်း ၃ မျိုးနှင့် တူသည်။

ဝိတက် ၃ မျိုး ကောင်းသောကြံစည်ခြင်း ၃ မျိုးနှင့် တူသည်။

ဝိတက် ၉ မျိုး ကြံစည်ခြင်း ၉ မျိုးနှင့် တူသည်။

ဝိတက် မောဟစရိုက်ရှိသူအား လျောက်ပတ်သော ကမ္မဋ္ဌာန်း ၁ ပါး ၁။ အာနာပါနဿတိ ကမ္မဋ္ဌာန်း။ (သာရတ္ထ၊ဋီ၊၂။၂၀၃။)

ဝိတက် အစဉ်လိုက်ပုံ ကျရောက်ပုံ ၂ မျိုး ၁။ ဝိတက်သည် အာရုံအားဖြင့် စိတ်ကို အစဉ်လိုက်အပ်၏၊ ကျရောက်အပ်၏၊ ၂။ ဝိတက်သည် ကောင်းစွာ ယှဉ်ခြင်းအားဖြင့် စိတ်ကို အစဉ်လိုက်အပ်၏၊ ကျရောက်အပ်၏။ (အဘိ၊ဋ္ဌ၊၃။၂၁၆။)

ဝိတက် အုပ်စု ၂ စု ၁။ ကာမဝိတက်- ကာမဂုဏ်နှင့် စပ်၍ ကြံစည်ခြင်း၊ ဗျာပါဒဝိတက်- သတ်ဖြတ်လိုမှုနှင့် စပ်၍ ကြံစည်ခြင်း၊ ဝိဟိံသာဝိတက်- ညှဉ်းဆဲမှုနှင့် စပ်၍ ကြံစည်ခြင်း၊ ၂။ နေက္ခမ္မဝိတက်- ကာမမှ လွတ်မြောက်မှုနှင့် စပ်သော ကြံစည်ခြင်း၊ အဗျာပါဒဝိတက်- မသတ်ဖြတ်လိုမှုနှင့် စပ်သော ကြံစည်ခြင်း၊ အဝိဟိံသာဝိတက်- မညှဉ်းဆဲမှုနှင့် စပ်သော ကြံစည်ခြင်း။ (မ၊၁။၁၆၁။) (မ၊မြန်၊၁။၁၆၅။)

ဝိဓာသဒ္ဓါ၏ အနက် ၃ မျိုး ၁။ မာန အနက်၊ ၂။ သဏ္ဌာန်အနက် (ကောင်းစွာ တည်ခြင်း အနက်)၊ ၃။ ကောဠာသ အဖို့အစုအနက်။ (အဘိ၊ဋ္ဌ၊၁။၃၄၃။)

ဝိနယ ၂ မျိုး ၁။ အဂါရိကဝိနယ- အကုသလကမ္မပထတရား ဆယ်ပါးမှ ရှောင်ကြဉ်ခြင်း၊ ၂။ အနဂါရိကဝိနယ- အာပတ်ခုနစ်ဖုံ မသင့်ရောက်ခြင်း။ (ခုဒ္ဒက၊ဋ္ဌ။၁၁၃။) (သုတ္တနိ၊ဋ္ဌ၊၂။၁၉။)

http://www.dhammadownload.com

ဝိနယ ၄ မျိုး ၁။ သံဝရဝိနယ၊ ၂။ ပဟာနဝိနယ၊ ၃။ သမထဝိနယ၊ ၄။ ပညတ္တိဝိနယ။ (အံ၊၆၊၃။၃၀၉။)

ဝိနီတဝတ္ထု ၅ ပါး ၁။ ပါရာဇိက သံဃာဒိသိသ် ပါစိတ် ပါဋိဒေသနီ ဒုက္ကဋ် ဟူသော ငါးပါးသော အာပတ်အစုတို့မှ ဝေးစွာ ကြဉ်ရှောင်ခြင်း ကင်း၍ ကြဉ်ရှောင်ခြင်း အသီးအသီး ကင်း၍ ကြဉ်ရှောင်ခြင်း (ရာဂ အစရှိသော) ရန်ကို ဖျက်ဆီးခြင်း၊ ၂။ မကျင့်ခြင်း မပြုခြင်း၊ ၃။ (အာပတ် အစုသို့ လွန်ကျူး၍) မရောက်ခြင်း၊ ၄။ (ပညတ်တည်းဟူသော) ကမ်းကို မလွန်ခြင်း၊ ၅။ အာပတ် အစုကို ပယ်ဖျောက် ဖျက်ဆီးခြင်း။ (ဝိ၊၅။၁၆၄။) (ဝိ၊မြန်၊၅။၂၄၃။)

ဝိနီတဝတ္ထု ၆ ပါး ၁။ မရှိသေခြင်း ခြောက်ပါးတို့မှ ဝေးစွာ ကြဉ်ရှောင်ခြင်း ကင်း၍ ကြဉ်ရှောင်ခြင်း အသီးအသီး ကင်း၍ ကြဉ်ရှောင်ခြင်း၊ ၂။ (ရာဂအစရှိသော) ရန်ကို ဖျက်ဆီးခြင်း၊ ၃။ မကျင့်ခြင်း မပြုခြင်း၊ ၄။ (အာပတ်အစုသို့) လွန်ကျူး၍ မရောက်၊ ၅။ (ပညတ်ဟူသော) ကမ်းကို မလွန်ခြင်း၊ ၆။ အာပတ်အစုကို ပယ်ဖျောက် ဖျက်ဆီးခြင်း။ (ဝိ၊၅။၁၆၅။) (ဝိ၊မြန်၊၅။၂၄၄။)

ဝိနီတဝတ္ထု ၇ ပါး ၁။ ခုနစ်ပါးသော အာပတ်အစုတို့မှ ဝေးစွာ ကြဉ်ရှောင်ခြင်း, ကင်း၍ ကြဉ်ရှောင်ခြင်း၊ ၂။ အသီးအသီးကင်း၍ ကြဉ်ရှောင်ခြင်း၊ ၃။ (ရာဂအစရှိသော) ရန်ကို ဖျက်ဆီးခြင်း၊ ၄။ မကျင့်ခြင်း မပြုခြင်း၊ ၅။ (အာပတ်အစုသို့) လွန်ကျူး၍ မရောက်ခြင်း၊ ၆။ (ပညတ်တည်းဟူသော) ကမ်းကို မလွန်ခြင်း၊ ၇။ အာပတ်အစုကို ပယ်ဖျောက် ဖျက်ဆီးခြင်း။ (ဝိ၊၅။၁၆၅။) (ဝိ၊မြန်၊၅။၂၄၃။)

ဝိနိစ္ဆယ ၂ မျိုး ဆုံးဖြတ်ခြင်း ၂ မျိုးနှင့် တူသည်။

ဝိနိစ္ဆယ ၄ မျိုး ဆုံးဖြတ်ခြင်း ၄ မျိုးနှင့် တူသည်။

ဝိနည်း ၂ မျိုး ၁။ ရဟန်းယောကျ်ား ဝိနည်း၊ ၂။ ရဟန်းမ ဝိနည်း ။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၉။)

ဝိနည်း ၂ မျိုး ၁။ စောင့်စည်းကြောင်း, ဆုံးမကြောင်းဖြစ်သော တရား (သံဝရဝိနည်း)၊ ၂။ ပယ်ကြောင်းဖြစ်သော တရား (ပဟာနဝိနည်း) ။ (မ၊၃၊၁။၂၃။) (သံ၊၃၊၂။၂၃၃။) (အဘိ၊၃၊၁။ ၃၈၅။) (ပဋိသံ၊၃၊၂။၅၂။) (သုတ္တနိ၊၃၊၁။၇။) (စူဠနိ၊၃။၇၁။)

ဝိနည်း ၄ မျိုး ၁။ သံဝရဝိနယ– ကာယဒုစရိုက်စသည်ကို ပယ်ရှားတတ် စောင့်ရှောက်တတ်သော ဝိနည်း၊ ၂။ ပဟာနဝိနယ– တဒင်္ဂစသော ပဟာန်အားဖြင့် စွန့်လွှတ်တတ် ပယ်ရှားတတ်သော ဝိနည်း၊ ၃။ သမထဝိနယ– အဓိကရဏ်း ငြိမ်းကြောင်း သမထ ခုနစ်ပါးတည်းဟူသော ဝိနည်း၊ ၄။ ပညတ္တိဝိနယ– ပညတ်အပ်သော သိက္ခာပုဒ်တည်းဟူသော ဝိနည်း။ (ဝိ၊၃၊၁။၁၉၁။)

ဝိနည်း ၄ မျိုး (တစ်နည်း) ၁။ သုတ္တပါဠိတော်၊ ၂။ သုတ္တာနုလောမ– သုတ်အားလျော်သော မဟာပဒေသ လေးပါး၊ ၃။ အာစရိယဝါဒ– ဆရာတို့၏ ဝါဒ (အဋ္ဌကထာ အစဉ်အဆက်။)၊ ၄။ အတ္တနောမတိ– မိမိ၏ အယူအဆ။ (ဝိ၊၃၊၁။၁၉၆။)

ဝိနည်းကို ဆွေးနွေး မေးမြန်းထိုက်သော ရဟန်း အင်္ဂါ ၅ ပါး ၁။ ဝတ္ထုကို သိခြင်း၊ ၂။ နိဒါန်းကို သိခြင်း၊ ၃။ ပညတ်ချက်ကို သိခြင်း၊ ၄။ မျက်မှောက်ပြုအပ်သော ပုဒ်ကို သိခြင်း (ရှေ့၌ ရွတ်ဆိုရမည့်ပုဒ် နောက်၌ ဆိုရမည့်ပုဒ်ကို သိခြင်း)၊ ၅။ ရှေ့နောက် စကားစပ်ကို သိခြင်း။ (ဝိ၊၅။၃၂၇။) (ဝိ၊မြန်၊၅။၄၂၈။)

http://www.dhammadownload.com

ဝိနည်းကို မဆွေးနွေး မမေးမြန်းထိုက်သော ရဟန်း အင်္ဂါ ၅ ပါး ၁။ ဝတ္ထုကို မသိခြင်း၊ ၂။ နိဒါန်းကို မသိခြင်း၊ ၃။ ပညတ်ကို မသိခြင်း၊ ၄။ မျက်မှောက်ပြုအပ်သော ပုဒ်ကို မသိခြင်း၊ ၅။ ရှေ့နောက် စကားစပ်ကို မသိခြင်း။ (ဝိ၅။၃၂၇။) (ဝိ၊မြန်၊၅။၄၂၈။)

ဝိနည်းကို မဖြေဆိုထိုက်သော ရဟန်း အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်မဲခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၅။၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

ဝိနည်းကို မဖြေဆိုထိုက်သော ရဟန်း အင်္ဂါ ၄ ပါး ၁။ ချစ်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဆန္ဒာဂတိသို့ လိုက်ခြင်း)၊ ၂။ မုန်းသဖြင့် မလားအပ်သည်သို့ လားခြင်း (ဒေါသာဂတိသို့ လိုက်ခြင်း)၊ ၃။ တွေဝေသဖြင့် မလားအပ်သည်သို့ လားခြင်း (မောဟာဂတိသို့ လိုက်ခြင်း)၊ ၄။ ကြောက်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဘယာဂတိသို့ လိုက်ခြင်း) ။ (ဝိ၅။၂၂၈) (ဝိ၊မြန်၊၅။၃၁၇။)

ဝိနည်းကို မမေးထိုက်သော ရဟန်း အင်္ဂါ ၄ ပါး ၁။ ချစ်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဆန္ဒာဂတိသို့ လိုက်ခြင်း)၊ ၂။ မုန်းသဖြင့် မလားအပ်သည်သို့ လားခြင်း (ဒေါသာဂတိသို့ လိုက်ခြင်း)၊ ၃။ တွေဝေသဖြင့် မလားအပ်သည်သို့ လားခြင်း (မောဟာဂတိသို့ လိုက်ခြင်း)၊ ၄။ ကြောက်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဘယာဂတိသို့ လိုက်ခြင်း) ။ (ဝိ၅။၂၂၈) (ဝိ၊မြန်၊၅။၃၁၇။)

ဝိနည်းကို မမေးထိုက်သော ရဟန်း အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်မဲခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၅။၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

ဝိနည်းကို သင်ခြင်း အကျိုး ၅ ပါး ၁။ မိမိ၏ သီလကျေးဇူးကို ကောင်းစွာ လုံခြုံစေခြင်း၊ စောင့်ရှောက်ခြင်း၊ ၂။ ကုက္ကုစ္စနိပ်စက်သော ရဟန်းတို့၏ ကိုးကွယ်ရာ ဖြစ်ခြင်း၊ ၃။ သံဃာ့ အလယ်၌ ရဲရင့်စွာ ပြောဆို ဆုံးဖြတ်နိုင်ခြင်း၊ ၄။ ရန်သူတို့ကို အကြောင်းနှင့်တကွ ကောင်းစွာ နှိမ်နင်းခြင်း၊ ၅။ သူတော်ကောင်းတရား တည်ခြင်းငှာ ကျင့်ခြင်း။ (ဝိ၅။၃၂၀။) (ဝိ၊မြန်၊၅။၄၁၉။)

ဝိနည်းကို အတူတကွ မဆွေးနွေးထိုက်သော ရဟန်း အင်္ဂါ ၄ ပါး ၁။ ချစ်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဆန္ဒာဂတိသို့ လိုက်ခြင်း)၊ ၂။ မုန်းသဖြင့် မလားအပ်သည်သို့ လားခြင်း (ဒေါသာဂတိသို့ လိုက်ခြင်း)၊ ၃။ တွေဝေသဖြင့် မလားအပ်သည်သို့ လားခြင်း (မောဟာဂတိသို့ လိုက်ခြင်း)၊ ၄။ ကြောက်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဘယာ ဂတိသို့ လိုက်ခြင်း)။ (ဝိ၅။၂၂၉) (ဝိ၊မြန်၊၅။၃၁၇။)

ဝိနည်းကံ ၄ မျိုး ၁။ အဓမ္မေန ဝဂ္ဂကမ္မံ– မတရားသဖြင့် ဝဂ်ဖြစ်သော ကံ၊ ၂။ အဓမ္မေန သမဂ္ဂကမ္မံ– မတရားသဖြင့် ညီညွတ်သော ကံ၊ ၃။ ဓမ္မေန ဝဂ္ဂကမ္မံ– တရားသဖြင့် ဝဂ်ဖြစ်သော ကံ၊ ၄။ ဓမ္မေန သမဂ္ဂကမ္မံ– တရားသဖြင့် ညီညွတ်သော ကံ။ (ဝိ၃။၄၃၅။) (ဝိ၊မြန်၊၃။၄၄၁။)

ဝိနည်းကံ ၆ မျိုး ၁။ မတရားသော ဝိနည်းကံ၊ ၂။ ဝဂ်ဖြစ်သော ဝိနည်းကံ၊ ၃။ ညီညွတ်သော ဝိနည်းကံ၊ ၄။ တရားတူဖြင့် ဝဂ်ဖြစ်သော ဝိနည်းကံ၊ ၅။ တရားတူဖြင့် ညီညွတ်သော ဝိနည်းကံ၊ ၆။ တရားသဖြင့် ညီညွတ်သော ဝိနည်းကံ။ (ဝိ၃။၄၃၆။) (ဝိ၊မြန်၊၃။၄၄၂။)

http://www.dhammadownload.com

ဝိနည်းဓိုရ် ပညာရှိ အင်္ဂါ ၅ ပါး ၁။ အာပတ်ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၂။ ပေါ့သော အာပတ် လေးသော အာပတ်ကို သိခြင်း၊ ၃။ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို သိခြင်း၊ ၄။ ရှုန့်ရင်းသော အာပတ် မရှုန့်ရင်းသော အာပတ်ကို သိခြင်း၊ ၅။ ပါတိမောက် နှစ်ပါးကို အကျယ်အားဖြင့် နှုတ်တက်ရခြင်း ဝေဖန် ရွတ်ဆိုနိုင်ခြင်း၊ ပါဠို အဋ္ဌကထာအားဖြင့် ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၃။)

ဝိနည်းဓိုရ် ပညာရှိ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၂။ ပေါ့သော အာပတ် လေးသော အာပတ်ကို သိခြင်း၊ ၃။ အကြွင်းရှိသော အာပတ်အကြွင်း မရှိသော အာပတ်ကို သိခြင်း၊ ၄။ ရှုန့်ရင်းသော အာပတ် မရှုန့်ရင်းသော အာပတ်ကို သိခြင်း၊ ၅။ အဓိကရဏ်းကို ဆုံးဖြတ်ခြင်း၌လည်း ကျွမ်းကျင်ခြင်း။ (ဝိ၅။၂၃၃။) (ဝိ၊မြန်၊၅။၃၂၃။)

ဝိနည်းဓိုရ် ပညာရှိ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်၏ အရင်းမူလကို သိခြင်း၊ ၃။ အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန်ကို သိခြင်း၊ ၄။ အာပတ်ချုပ်ခြင်းကို သိခြင်း၊ ၅။ အာပတ်ချုပ်ခြင်းသို့ ရောက်သော အကျင့်ကို သိခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊ ၅။၃၂၁။)

ဝိနည်းဓိုရ် ပညာရှိ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အဓိကရဏ်းကို သိခြင်း၊ ၂။ အဓိကရဏ်း၏ အရင်းမူလကို သိခြင်း၊ ၃။ အဓိကရဏ်း ဖြစ်ကြောင်း သမုဋ္ဌာန်ကို သိခြင်း၊ ၄။ အဓိကရဏ်း ချုပ်ခြင်းကို သိခြင်း၊ ၅။ အဓိကရဏ်း ချုပ်ခြင်းသို့ ရောက်သော အကျင့်ကို သိခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၂။)

ဝိနည်းဓိုရ် ပညာရှိ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဝတ္ထုကို သိခြင်း၊ ၂။ နိဒါန်းကို သိခြင်း၊ ၃။ (မူလ) ပညတ်ကို သိခြင်း၊ ၄။ အနုပညတ်ကို သိခြင်း၊ ၅။ ဝတ္ထုကို သိခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၂။)

ဝိနည်းဓိုရ် ပညာရှိ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဥတ်ကို သိခြင်း၊ ၂။ ဥတ်၏ ပြုဖွယ်ကိစ္စကို သိခြင်း၊ ၃။ ရှေးဆိုအပ်သော စကားဌ် ကျွမ်းကျင်ခြင်း၊ ၄။ နောက်ဆိုအပ်သော စကားဌ် ကျွမ်းကျင်ခြင်း၊ ၅။ အခါကိုလည်း သိခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၂။)

ဝိနည်းဓိုရ် ပညာရှိ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၂။ ပေါ့သော အာပတ် လေးသော အာပတ်ကို သိခြင်း၊ ၃။ အကြွင်းရှိသော အာပတ်၊ အကြွင်းမရှိသော အာပတ်ကို သိခြင်း၊ ၄။ ရှုန့်ရင်းသော အာပတ် မရှုန့်ရင်းသော အာပတ်ကို သိခြင်း၊ ၅။ ဆရာအဆက်ဆက် ဝါဒကို ကောင်းစွာ သင်ယူ နှလုံးသွင်း ဆောင်ယူ ခဲ့ခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၂။)

ဝိနည်းဓိုရ် ပညာရှိ အင်္ဂါ ၁၀ ပါး ၁။ အဓိကရဏ်းကို သိခြင်း၊ ၂။ အဓိကရဏ်း၏ အရင်းမူလကို သိခြင်း၊ ၃။ အဓိကရဏ်းဖြစ်ခြင်း အကြောင်းကို သိခြင်း၊ ၄။ အဓိကရဏ်းချုပ်ခြင်းကို သိခြင်း၊ ၅။ အဓိကရဏ်းချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်ကို သိခြင်း၊ ၆။ အမှုအကြောင်း (ဝတ္ထု) ကို သိခြင်း၊ ၇။ နိဒါန်းသိခြင်း၊ ၈။ မူလပညတ်ကို သိခြင်း၊ ၉။ အနုပညတ်ကို သိခြင်း၊ ၁၀။ ရှေ့နောက်ဆက်စပ်သော စကားလမ်းကြောင်း (အနုသန္ဓိဝစနပထ) ကို သိခြင်း။ (ဝိ၅။၂၄၆။) (ဝိ၊မြန်၊၅။၃၃၇။)

http://www.dhammadownload.com

ဝိနည်းခိုရ် ပညာရှိ အင်္ဂါ ၁၀ ပါး (တစ်နည်း) ၁။ ဥတ်ကို သိခြင်း၊ ၂။ ဥတ်၏ ပြုဖွယ် ကိစ္စကို သိခြင်း၊ ၃။ ရှေးဆိုအပ်သော စကားဌ လိမ္မာခြင်း၊ ၄။ နောက်ဆိုအပ်သော စကားဌ လိမ္မာခြင်း၊ ၅။ အခါကို သိခြင်း၊ ၆။ အာပတ် ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၇။ ပေါ့သော အာပတ်, လေးသော အာပတ်ကို သိခြင်း၊ ၈။ အကြွင်းရှိသော အာပတ်, အကြွင်းမရှိသော အာပတ်ကို သိခြင်း၊ ၉။ ရုန့်ရင်းကြမ်းတမ်းသော အာပတ်, မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို သိခြင်း၊ ၁၀။ ဆရာအဆက်ဆက်ဝါဒကို ကောင်းစွာ သင်ယူ, မှတ်သား ဆောင်ထားခြင်း။ (ဝိ၊၅။၂၄၇။) (ဝိ၊မြန်၊၅။၃၃၇-၈။)

ဝိနည်းခိုရ် ပညာရှိ အင်္ဂါ ၁၀ ပါး (တစ်နည်း) ၁။ အာပတ်ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၂။ ပေါ့သော အာပတ်, လေးသော အာပတ်ကို သိခြင်း၊ ၃။ အကြွင်းရှိသော အာပတ်၊ အကြွင်းမရှိသော အာပတ်ကို သိခြင်း၊ ၄။ ရုန့်ရင်း ကြမ်းတမ်းသော အာပတ် မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို သိခြင်း၊ ၅။ ပါတိမောက်နှစ်ပါးကို ကောင်းစွာ ရသဖြင့် သုတ်မာတိကာအားဖြင့် ဖြစ်စေ၊ ဝိဘင်းအကျယ်အားဖြင့် ဖြစ်စေ, ကောင်းစွာ ဆုံးဖြတ် နိုင်ခြင်း၊ ၆။ အာပတ် ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၇။ ပေါ့သော အာပတ်, လေးသော အာပတ်ကို သိခြင်း၊ ၈။ အကြွင်းရှိသော အာပတ်၊ အကြွင်းမရှိသော အာပတ်ကို သိခြင်း၊ ၉။ ရုန့်ရင်း ကြမ်းတမ်းသော အာပတ်, မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို သိခြင်း၊ ၁၀။ အဓိကရဏ်းကို ဆုံးဖြတ်ခြင်းဌ လိမ္မာခြင်း။ (ဝိ၊၅။၂၄၇။) (ဝိ၊မြန်၊၅။၃၃၈။)

ဝိနည်းခိုရ်ပုဂ္ဂိုလ် ပြည့်စုံရမည့် အင်္ဂါ ၇ ပါး ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ် မဟုတ်သည်ကို သိခြင်း၊ ၃။ လဟုကအာပတ်ကို သိခြင်း၊ ၄။ ဂရုကအာပတ်ကို သိခြင်း၊ ၅။ သီလရှိခြင်း၊ ၆။ သိက္ခာပုဒ်ဌ ဆောက်တည်၍ ကျင့်ခြင်း၊ ၇။ စျာန်မဂ်ဖိုလ်သို့ ရောက်ခြင်း။ (အံ၊၂။၅၀၄။) (အံ၊မြန်၊၂။၆၂၈။)

ဝိနည်းခိုရ်ပုဂ္ဂိုလ် ပြည့်စုံရမည့် အင်္ဂါ ၇ ပါး (တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ် မဟုတ်သည်ကို သိခြင်း၊ ၃။ လဟုကအာပတ်ကို သိခြင်း၊ ၄။ ဂရုကအာပတ်ကို သိခြင်း၊ ၅။ ပါတိမောက်နှစ်မျိုးတို့သည် အကျယ်အားဖြင့် နှုတ်ဌ လာကုန်ခြင်း၊ ၆။ ဝိဘင်းအားဖြင့် လည်းကောင်း ခန္ဓကအားဖြင့်လည်းကောင်း ကောင်းစွာ ဝေဖန် ဆုံးဖြတ်အပ်ခြင်း၊ ၇။ စျာန်မဂ် ဖိုလ်သို့ ရောက်နေခြင်း။ (အံ၊၂။၅၀၅။) (အံ၊မြန်၊၂။၆၂၉။)

ဝိနည်းခိုရ်ပုဂ္ဂိုလ် ပြည့်စုံရမည့် အင်္ဂါ ၇ ပါး (တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ် မဟုတ်သည်ကို သိခြင်း၊ ၃။ လဟုကအာပတ်ကို သိခြင်း၊ ၄။ ဂရုကအာပတ်ကို သိခြင်း၊ ၅။ ဝိနည်းဌ (လဇ္ဇီပုဂ္ဂိုလ်အဖြစ်ဖြင့်) တည်လျက် ပြောင်းရွေ့မှု မရှိခြင်း၊ ၆။ စျာန်လေးပါး တို့ကို အလိုရှိတိုင်း ရခြင်း၊ ၇။ အရဟတ္တဖိုလ်သို့ ရောက်၍ နေခြင်း။ (အံ၊၂။၅၀၅။) (အံ၊မြန်၊၂။၆၂၉။)

ဝိနည်းခိုရ်ပုဂ္ဂိုလ် ပြည့်စုံရမည့် အင်္ဂါ ၇ ပါး (တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ် မဟုတ်သည်ကို သိခြင်း၊ ၃။ လဟုကအာပတ်ကို သိခြင်း၊ ၄။ ဂရုကအာပတ်ကို သိခြင်း၊ ၅။ များပြားသော ရှေးက ဖြစ်ဖူးသည်ကို အောက်မေ့နိုင်ခြင်း၊ ၆။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်

http://www.dhammadownload.com

ပြည့်စုံခြင်း၊ ၇။ အရဟတ္တဖိုလ်ပညာကို ထူးသော ဉာဏ်ဖြင့် သိခြင်း။ (အံ၊၂။၅၀၅။) (အံ၊မြန်၊ ၂။၆၃၀။)

ဝိနည်းဓိရ်ပုဂ္ဂိုလ် ရရှိအပ်သော အကျိုး ၅ ပါး (ပါဠိတော်လာ) ၁။ မိမိ သီလဂုဏ်ကို ကောင်းစွာ လုံခြုံစေနိုင်ခြင်း၊ ၂။ ဝိနည်း၌ ကုက္ကုစ္စရှိသော ရဟန်းတို့၏ ကိုးကွယ်အားထားရာ ဖြစ်ခြင်း၊ ၃။ သံဃပရိသတ်အလယ်၌ ကြောက်ရွံ့ခြင်း ကင်း၍ ရဲတင်းစွာ ပြောဆိုနိုင်ခြင်း၊ ၄။ သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော ရဟန်းတို့ကို ဝိနည်းနှင့် အညီ ကောင်းစွာ နှိမ်နင်းနိုင်ခြင်း၊ ၅။ သာသနာတော် တည်ခြင်းငှာ ကျင့်နိုင်ခြင်း။ (ဝိ၅။၂၃၆။) (ဝိ၊မြန်၊၅။၃၂၆။) (ဝိ၊ဋ္ဌ၊၃။၁၄၁။)

ဝိနည်းဓိရ်ဖြစ်ကြောင်း အင်္ဂါ ၇ ပါး (တင့်တယ်သော ဝိနည်းဓိရ်ဖြစ်ကြောင်း အင်္ဂါ ၇ ပါး) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်မဟုတ်သည်ကို သိခြင်း။၃။ ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ လေးသော အာပတ်ကို သိခြင်း၊ ၅။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း၊ ၆။ အလိုရှိတိုင်း ဈာန်လေးပါးတို့ကို ရခြင်း၊ ၇။ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (ဝိ၅။၂၄၂။) (ဝိ၊မြန်၊၅။၃၃၃။)

ဝိနည်းဓိရ်ဖြစ်ကြောင်း အင်္ဂါ ၇ ပါး (တစ်နည်း) (တင့်တယ်သော ဝိနည်းဓိရ်ဖြစ်ကြောင်း အင်္ဂါ ၇ ပါး) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်မဟုတ်သည်ကို သိခြင်း၊ ၃။ ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ လေးသော အာပတ်ကို သိခြင်း၊ ၅။ ပါတိမောက်နှစ်ပါးကို အကျယ်အားဖြင့် ကျေကျေပြွန်ပြွန် ရခြင်း၊ ၆။ အလိုရှိတိုင်း ဈာန်သမာဓိကို ရခြင်း၊ ၇။ အာသဝေါတရား ကုန်ခန်းခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (ဝိ၅။၂၄၂။) (ဝိ၊မြန်၊၅။၃၃၃။)

ဝိနည်းဓိရ်မထေရ် ၂ ပါး ၁။ အရှင် ဥပတိဿမထေရ်၊ ၂။ အရှင်ဖုဿဒေဝမထေရ်။ (ဝိ၊ဋ္ဌ၊၁။ ၂၂၈။)

ဝိနည်းဓိရ်မိုက် အင်္ဂါ ၅ ပါး ၁။ အာပတ်ဟုတ်သည် မဟုတ်သည်ကို မသိခြင်း၊ ၂။ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိခြင်း၊ ၃။ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို မသိခြင်း၊ ၄။ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို မသိခြင်း၊ ၅။ ပါတိမောက်နှစ်ပါးကို အကျယ် မဝေဖန် မရွတ်ဆို ကောင်းစွာ မဆုံးဖြတ်နိုင်ခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၂။)

ဝိနည်းဓိရ်မိုက် အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ဟုတ်သည် မဟုတ်သည်ကို မသိခြင်း၊ ၂။ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိခြင်း၊ ၃။ အကြွင်းရှိသော အာပတ် အကြွင်းမရှိသော အာပတ်ကို မသိခြင်း၊ ၄။ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို မသိခြင်း၊ ၅။ အဓိကရဏ်းကို ဆုံးဖြတ်ခြင်း၌လည်း မကျွမ်းကျင်ခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၂။)

ဝိနည်းဓိရ်မိုက် အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ကို မသိခြင်း၊ ၂။ အာပတ်၏ အရင်းမူလကို မသိခြင်း၊ ၃။ အာပတ်ဖြစ်ကြောင်း သမုဋ္ဌာန်ကို မသိခြင်း၊ ၄။ အာပတ်ချုပ်ခြင်းကို မသိခြင်း၊ ၅။ အာပတ်ချုပ်ခြင်းသို့ ရောက်သော အကျင့်ကို မသိခြင်း။ (ဝိ၅။၂၃၁။) (ဝိ၊မြန်၊ ၅။၃၂၁။)

ဝိနည်းဓိရ်မိုက် အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အဓိကရဏ်းကို မသိခြင်း၊ ၂။ အဓိကရဏ်း၏ အရင်းမူလကို မသိခြင်း၊ ၃။ အဓိကရဏ်းဖြစ်ကြောင်း သမုဋ္ဌာန်ကို မသိခြင်း၊ ၄။ အဓိကရဏ်း

http://www.dhammadownload.com

ချုပ်ခြင်းကို မသိခြင်း၊ ၅။ အဓိကရုဏ်းချုပ်ခြင်းသို့ ရောက်သော အကျင့်ကို မသိခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၁။)

ဝိနည်းဓိရ်မိုက် အဂ်ါ ၅ ပါး (တစ်နည်း) ၁။ ဝတ္ထု(အမှု) ကို မသိခြင်း၊ ၂။ အကြောင်း (နိဒါန်း) ကို မသိခြင်း၊ ၃။ (မူလ) ပညတ်ကို မသိခြင်း၊ ၄။ အနုပညတ်ကို မသိခြင်း၊ ၅။ ဝတ္ထုကို မသိခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၂။)

ဝိနည်းဓိရ်မိုက် အဂ်ါ ၅ ပါး (တစ်နည်း) ၁။ ဥတ်ကို မသိခြင်း၊ ၂။ ဥတ်၏ ပြုဖွယ်ကိစ္စကို မသိခြင်း၊ ၃။ ရှေ့ဆိုအပ်သော စကားဌ် မကျွမ်းကျင်ခြင်း၊ ၄။ နောက်ဆိုအပ်သော စကားဌ် မကျွမ်းကျင်ခြင်း၊ ၅။ အခါကိုလည်း မသိခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၂။)

ဝိနည်းဓိရ်မိုက် အဂ်ါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ဟုတ်သည် မဟုတ်သည်ကို မသိခြင်း၊ ၂။ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိခြင်း၊ ၃။ အကြွင်းရှိသော အာပတ် အကြွင်း မရှိသော အာပတ်ကို မသိခြင်း၊ ၄။ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို မသိခြင်း၊ ၅။ ဆရာအဆက်ဆက်ဝါဒကို ကောင်းစွာ မသင်ယူ နှလုံးမသွင်း မဆောင်ခဲ့ရခြင်း။ (ဝိ၅။၂၃၂။) (ဝိ၊မြန်၊၅။၃၂၂။)

ဝိနည်းဓိရ်မိုက် အဂ်ါ ၁၀ ပါး ၁။ အဓိကရုဏ်းကို မသိခြင်း၊ ၂။ အဓိကရုဏ်း၏ အရင်းမူလကို မသိခြင်း၊ ၃။ အဓိကရုဏ်းဖြစ်ခြင်း အကြောင်းကို မသိခြင်း၊ ၄။ အဓိကရုဏ်းချုပ်ခြင်းကို မသိခြင်း၊ ၅။ အဓိကရုဏ်းချုပ်ခြင်းသို့ ရောက်ကြောင်း အကျင့်ကို မသိခြင်း၊ ၆။ အမှု အကြောင်း (ဝတ္ထု) ကို မသိခြင်း၊ ၇။ နိဒါန်းမသိခြင်း၊ ၈။ မူလပညတ်ကို မသိခြင်း၊ ၉။ အနုပညတ်ကို မသိခြင်း၊ ၁၀။ ဝတ္ထုကို မသိခြင်း။ (ဝိ၅။၂၄၆။) (ဝိ၊မြန်၊၅။၃၃၇။)

ဝိနည်းဓိရ်မိုက် အဂ်ါ ၁၀ ပါး (တစ်နည်း) ၁။ ဥတ်ကို မသိခြင်း၊ ၂။ ဥတ်၏ ပြုဖွယ်ကိစ္စကို မသိခြင်း၊ ၃။ ရှေးဆိုအပ်သော စကားဌ် မကျွမ်းကျင်ခြင်း၊ ၄။ နောက်ဆိုအပ်သော စကားဌ် မကျွမ်းကျင်ခြင်း၊ ၅။ အခါကို မသိခြင်း၊ ၆။ အာပတ် ဟုတ်သည် မဟုတ်သည်ကို မသိခြင်း၊ ၇။ ပေါ့သော အာပတ် လေးသော အာပတ်ကိုမသိခြင်း၊ ၈။ အကြွင်းရှိသော အာပတ် အကြွင်း မရှိသော အာပတ်ကို မသိခြင်း၊ ၉။ ရုန့်ရင်းကြမ်းတမ်းသော အာပတ် မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မသိခြင်း၊ ၁၀။ ဆရာအဆက်ဆက်ဝါဒကို ကောင်းစွာ မသင်ယူ မဆောင်ခဲ့ရခြင်း။ (ဝိ၅။၂၄၆။) (ဝိ၊မြန်၊၅။၃၃၇။)

ဝိနည်းဓိရ်မိုက် အဂ်ါ ၁၀ ပါး (တစ်နည်း) ၁။ အာပတ်ဟုတ်သည် မဟုတ်သည်ကို မသိခြင်း၊ ၂။ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိခြင်း၊ ၃။ အကြွင်းရှိသော အာပတ်၊ အကြွင်း မရှိသော အာပတ်ကို မသိခြင်း၊ ၄။ ရုန့်ရင်းကြမ်းတမ်းသော အာပတ် မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မသိခြင်း၊ ၅။ ပါတိမောက် နှစ်ပါးကို မရ၊ သုတ်မာတိကာအားဖြင့် ဖြစ်စေ၊ ဝိဘင်းအကျယ်အားဖြင့် ဖြစ်စေ ကောင်းစွာ မဆုံးဖြတ်နိုင်ခြင်း၊ ၆။ အာပတ်ဟုတ်သည် မဟုတ်သည်ကို မသိခြင်း၊ ၇။ ပေါ့သော အာပတ် လေးသော အာပတ်ကို မသိခြင်း၊ ၈။ အကြွင်းရှိသော အာပတ်၊ အကြွင်းမရှိသော အာပတ်ကို မသိခြင်း၊ ၉။ ရုန့်ရင်းကြမ်းတမ်းသော အာပတ် မရုန့်ရင်း မကြမ်းတမ်းသော အာပတ်ကို မသိခြင်း၊ ၁၀။ အဓိကရုဏ်းကို ဆုံးဖြတ်ခြင်းဌ် မကျွမ်းကျင်ခြင်း။ (ဝိ၅။၂၄၇။) (ဝိ၊မြန်၊၅။၃၃၈။)

http://www.dhammadownload.com

ဝိနည်းဓိုရ် လက္ခဏာ ၃ ပါး ၁။ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ဝိနည်းပါဠိတော်ကို ကောင်းစွာ အာရုံရ၍ ပါဠိတော်အားဖြင့်လည်းကောင်း အဋ္ဌကထာအားဖြင့်လည်းကောင်း ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း၊ ၂။ ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ဝိနည်းအကျင့်၌ ကောင်းစွာ တည်လျက် ပရဝါဒီပုဂ္ဂိုလ်တို့ မဆွဲဆောင်နိုင်ခြင်း၊ ၃။ ဆရာသမား အစဉ်အဆက်တို့၏ အဆုံးအဖြတ်ကို ကောင်းစွာ သင်ယူမှတ်သား ဆောင်ထားခြင်း။ (ဝိ၊၆၊၁။၁၉၉။)

ဝိနည်းဓိုရ်အား တင့်တယ်စေသည့် တရား ၇ ပါး ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်မဟုတ်သည်ကို သိခြင်း၊ ၃။ လဟုကအာပတ်ကို သိခြင်း၊ ၄။ ဂရုကအာပတ်ကို သိခြင်း၊ ၅။ သီလရှိခြင်း၊ ၆။ သိက္ခာပုဒ်၌ ဆောက်တည်၍ ကျင့်ခြင်း၊ ၇။ ဗျာန် မဂ်ဖိုလ်သို့ ရောက်၍ နေခြင်း။ (အံ၊၂။၅၀၅။) (အံ၊မြန်၊၂။၆၃၀။)

ဝိနည်းဓိုရ်အား တင့်တယ်စေသည့် တရား ၇ ပါး (တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်မဟုတ်သည်ကို သိခြင်း၊ ၃။ လဟုကအာပတ်ကို သိခြင်း၊ ၄။ ဂရုကအာပတ်ကို သိခြင်း၊ ၅။ ပါတိမောက် နှစ်မျိုးတို့သည် အကျယ်အားဖြင့် နှုတ်၌ လာကုန်ခြင်း၊ ၆။ ကောင်းစွာ ဝေဖန်ဆုံးဖြတ်အပ်ကုန်ခြင်း၊ ၇။ ဗျာန်မဂ်ဖိုလ်သို့ ရောက်၍ နေခြင်း။ (အံ၊၂။၅၀၅။) (အံ၊မြန်၊၂။၆၃၀။)

ဝိနည်းဓိုရ်အား တင့်တယ်စေသည့် တရား ၇ ပါး (တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်မဟုတ်သည်ကို သိခြင်း၊ ၃။ လဟုကအာပတ်ကို သိခြင်း၊ ၄။ ဂရုက အာပတ်ကို သိခြင်း၊ ၅။ ဝိနည်း၌တည်လျက် ပြောင်းရွေ့မှု မရှိခြင်း၊ ၆။ ဗျာန်လေးပါးတို့ကို အလိုရှိတိုင်း ရခြင်း၊ ၇။ အရဟတ္တဖိုလ်သို့ ရောက်၍ နေခြင်း။ (အံ၊၂။၅၀၆။) (အံ၊မြန်၊၂။၆၃၁။)

ဝိနည်းဓိုရ်အား တင့်တယ်စေသည့် တရား ၇ ပါး(တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်မဟုတ်သည်ကို သိခြင်း၊ ၃။ လဟုကအာပတ်ကို သိခြင်း၊ ၄။ ဂရုကအာပတ်ကို သိခြင်း၊ ၅။ များပြားသော ရွေးက ဖြစ်ဖူးသည်ကို အောက်မေ့နိုင်ခြင်း၊ ၆။ ဒိဗ္ဗစက္ခုဉာဏ်အမြင်နှင့် ပြည့်စုံခြင်း၊ ၇။ ဗျာန်မဂ်ဖိုလ်သို့ ရောက်၍ နေခြင်း။ (အံ၊၂။၅၀၆။) (အံ၊မြန်၊၂။၆၃၁။)

ဝိနည်းဓိုရ် အင်္ဂါ ၇ ပါး ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်မဟုတ်သည်ကို သိခြင်း၊ ၃။ ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ လေးသော အာပတ်ကို သိခြင်း၊ ၅။ အကြွားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း၊ ၆။ အလိုရှိတိုင်း ဗျာန်သမာဓိကို ရခြင်း၊ ၇။ အာသဝေါတရား ကုန်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု ခြင်း။ (ဝိ၊၅။၂၄၀။) (ဝိ၊မြန်၊၅။၃၃၀။)

ဝိနည်းဓိုရ် အင်္ဂါ ၇ ပါး ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်မဟုတ်သည်ကို သိခြင်း၊ ၃။ ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ လေးသော အာပတ်ကို သိခြင်း၊ ၅။ ပါတိမောက် နှစ်ပါးကို အကျယ်အားဖြင့် ကျေကျေပြွန်ပြွန် ရခြင်း၊ ၆။ အလိုရှိတိုင်း ဗျာန်သမာဓိကို ရခြင်း၊ ၇။ အာသဝေါတရား ကုန်၍ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း။ (ဝိ၊၅။၂၄၁-၂၄၂။) (ဝိ၊မြန်၊၅။၃၃၀-၃၃၃။)

ဝိနည်းဓိုရ် အင်္ဂါ ၇ ပါး (တစ်နည်း) ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ်မဟုတ်သည်ကို သိခြင်း၊ ၃။ ပေါ့သော အာပတ်ကို သိခြင်း၊ ၄။ လေးသော အာပတ်ကို သိခြင်း၊ ၅။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံလျက် အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟု ရှုလေ့ရှိခြင်း၊ ၆။ ဗျာန်

http://www.dhammadownload.com

လေးပါးတို့ကို အလိုရှိတိုင်း မပင်မပန်းဘဲ ရခြင်း၊ ၇။ အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (ဝိ၅၊၂၄၀။) (ဝိ၊မြန်၊၅။၃၃၀။)

ဝိနည်း၌ လာသော အနက် ၂ ပါး ၁။ ပညတ်၊ ၂။ ပညတ်အားလျော်သော မဟာပဒေသ လေးပါး။ (ဝိ၅၊၂၁၅။) (ဝိ၊မြန်၊၅။၂၉၉။)

ဝိနည်း မဆွေးနွေးထိုက်သော ရဟန်း၏ အင်္ဂါ ၃ ပါး ၁။ အရှက် မရှိခြင်း၊ ၂။ မိုက်မဲခြင်း၊ ၃။ ပကတတ်ရဟန်း မဟုတ်ခြင်း။ (ဝိ၅။၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

ဝိနည်း သင်ယူခြင်း အကျိုး ၅ ပါး ၁။ မိမိ၏ သီလ ကောင်းစွာ လုံခြုံခြင်း၊ ၂။ ဝိနယကုက္ကုစ္စ ရှိသော ရဟန်းတို့၏ ကိုးကွယ်အားထားရာ ဖြစ်ခြင်း၊ ၃။ သံဃာ့ပရိသတ်အလည်၌ ကြောက်ရွံ့ခြင်း ကင်းစွာ ပြောဆိုနိုင်ခြင်း၊ ၄။ မိမိ၏ ဆန့်ကျင်ဘက် သာသနာတော်၏ ဆန့်ကျင်ဘက် ရန်သူတို့ကို အကြောင်းလုံလောက်စွာ ပြ၍ နှိမ်နင်းနိုင်ခြင်း၊ ၅။ သဒ္ဓမ္မ သုံးဖြာ သာသနာတော်ကို အရှည်ခန့်၍ တည်တန့်အောင် ကျင့်နိုင်ခြင်း။ (ဝိ၊၆၊၁။၇၇။)

ဝိနည်း ဓေါင်းပါးခြင်း ၂ မျိုး ၁။ မအပ်သည်၌ အကြောင်းကို ပယ်သတ်ခြင်း၊ ၂။ အပ်သည်၌ အတိုင်းအရှည်ကို သိခြင်း။ (ဝိ၅။၂၁၅။) (ဝိ၊မြန်၊၅။၂၉၉။)

ဝိပရိယာသ တရား ၄ ပါး ဖောက်ပြန်ခြင်းတရား ၄ မျိုးနှင့် တူသည်။

ဝိပရီတသညာ ၃ မျိုး ၁။ နိစ္စသညာ၊ ၂။ သုခသညာ၊ ၃။ အတ္တသညာ။ (နေတ္တိ၊ဝိဘာ။၂၇၅။)

ဝိပါကဝဋ် ၅ ပါး ၁။ ဝိညာဏ်၊ ၂။ နာမ်ရုပ်၊ ၃။ သဠာယတန၊ ၄။ ဖဿ၊ ၅။ ဝေဒနာ။ (အဘိ၊၆၊ ၂။၁၈၄။)

ဝိပါက်တော် ၁၂ ပါး ၁။ ဒုက္ကရံ– ကဿပဘုရားရှင် လက်ထက်၌ ဂေါတမ ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ ဇောတိပါလလုလင် ဘဝဖြစ်စဉ် ကဿပဘုရားရှင်အား "ဤဦးပြည်းကတုံး ရဟန်းအား အဘယ်မှာ ဗောဓိဉာဏ် ရပါနိုင်အံ့နည်း၊ သဗ္ဗညုဗောဓိဉာဏ်ဟူသည် ရဖို့ အလွန်ခဲယဉ်းဘိ၏"ဟု ပြောဆိုခဲ့သဖြင့် ဒုက္ကရစရိယအကျင့်ကို ခြောက်နှစ် ကျင့်ခဲ့ရခြင်း၊ ၂။ ပထမအဇ္ဈက္ခာနံ– ဘုရားအလောင်းသည် သူ့ဆင်းရဲမျိုး၌ မုနာဠိမည်သော သေသောက်ကြူးသမား ဘဝဖြစ်စဉ် သုရာဘိမည်သော ပစ္စေကဗုဒ္ဓါအား "ဤရဟန်းသည် သီလမရှိ ယုတ်မာသော အကျင့်ရှိ၏" ဟု စွပ်စွဲခဲ့သဖြင့် စိဉ္ဆမာဏမိန်းမယုတ်၏ စွပ်စွဲခြင်းကို ခံရခြင်း၊ ၃။ ဒုတိယအဇ္ဈက္ခာနံ– ဘုရားအလောင်းသည် မထင်ရှားသော အမျိုး၌ မုနာဠိမည်သော သေသောက်ကြူးသမားဖြစ်စဉ် သုရာဘိပစ္စေကဗုဒ္ဓါအား သီလမရှိ စသည်ဖြင့် စွပ်စွဲခဲ့သဖြင့် သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို ခံရခြင်း၊ ၄။ တတိယအဇ္ဈက္ခာနံ– ဘုရားအလောင်းသည် ဗဟုသုတနှင့် ပြည့်စုံသော ဆရာရသေ့ဖြစ်စဉ် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံသော ရသေ့တစ်ပါးအား "ဤရသေ့သည် ကာမဂုဏ်ကို ခံစား၏" စသည်ဖြင့် စွပ်စွဲ ပြောဆိုခဲ့သဖြင့် သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို ခံရခြင်း၊ ၅။ သိလာဝေဟော– အတိတ်ဘဝ၌ ဘုရားအလောင်းသည် ညီငယ်ဖြစ်သူအား ကျောက်တုံးဖြင့် ထုခဲ့သဖြင့် ဒေဝဒတ် ကျောက်မောင်းဆင်၍ ကျောက်တုံးဖြင့် လိုမ့်ချခြင်းကို ခံရခြင်း၊ ၆။ သကလိကာဝေဟော– အတိတ်ဘဝ၌ ဘုရားအလောင်းသည်

http://www.dhammadownload.com

ကလေးသူငယ်ဘဝ လမ်းမ၌ ကစားနေစဉ် ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါအား ကျောက်ခဲဖြင့် ခြေဖမိုးကို ပစ်ခဲ့သဖြင့် ကျောက်ခဲစဖြင့် တိုက်မိပြီး သွေးစိမ်းတည်ရခြင်း, ဒေဝဒတ် ကျောက်မောင်းဆင်၍ လိုမ့်ချခြင်းကို ခံရခြင်း, ဒေဝဒတ်၏ လေးသမားတို့ဖြင့် လုပ်ကြံခြင်းကို ခံရခြင်း၊ ၇။ နာဠာဂိရိ- အတိတ်ဘဝ၌ ဘုရားအလောင်းသည် ဆင်ထိန်းသမား ဖြစ်စဉ် လမ်းမ၌ တွေ့မြင်သော ပစ္စေကဗုဒ္ဓါတစ်ပါးအား ဆင်ဖြင့် ထိပါးပုတ်ခတ်၍ စော်ကားခဲ့သဖြင့် နာဠာဂိရိဆင်ဖြင့် တိုက်ခြင်းကို ခံရခြင်း၊ ၈။ သတ္ထဋ္ဌေဒေါ- အတိတ်ဘဝ၌ ဘုရားအလောင်းသည် အစွန်းအဖျားအရပ်၌ မင်းဖြစ်စဉ် လူမိုက်များနှင့်ပေါင်းမိပြီး အပြစ်မဲ့သော သူတို့ကို သန်လျက်ဖြင့် ခုတ်ခဲ့သဖြင့် သမားတော် ဇီဝက၏ ခွဲစိပ်မှုကို ခံရခြင်း၊ ၉။ သီသဒုက္ခ- အတိတ်ဘဝ၌ ဘုရားအလောင်းသည် တံငါသည်တို့၏ ရွာ၌ ဖြစ်စဉ် တံငါသည်တို့ ငါးများကို ထုရိုက် သတ်ဖြတ်နေသည်ကို မြင်သောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့သဖြင့် ဦးခေါင်းခဲသော ဝေဒနာ ခံစားရခြင်း၊ ၁၀။ ယဝခါဒနံ- အတိတ်ဘဝ၌ ဘုရားအလောင်းသည် မထင်ရှားသော အမျိုး၌ ဖြစ်စဉ် ဖုဿဘုရားရှင်၏ တပည့်ရဟန်းများကို "ဟယ်- ဦးပြည်းရဟန်းတို့... သင်တို့သည် မုယောထမင်းကို စားကြကုန်၊ သလေးထမင်းကို မစားကြပါကုန်လင့်"ဟု ဆဲရေးခဲ့သဖြင့် ဝေရဉ္ဇာပြည်၌ မုယောဆွမ်းကို စားရခြင်း၊ ၁၁။ ပိဋ္ဌဒုက္ခံ- အတိတ်ဘဝ၌ ဘုရားအလောင်းသည် အားအစွမ်းနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးဖြစ်စဉ် လက်ပန်းသည် တစ်ယောက်၏ ခါးရိုးကို မြေကြီး၌ ကိုင်ပေါက် ရိုက်ချိုးခဲ့သဖြင့် တစ်ခါတစ်ရံ ခါးကိုက်သော ဝေဒနာကို ခံစားရခြင်း၊ ၁၂။ အတိသာရော- အတိတ်ဘဝ၌ ဘုရားအလောင်းသည် ဆေးဆရာ ဖြစ်စဉ် ဆေးကုခပေးရန် မေ့နေသော သူဌေးသားတစ်ယောက်အား ဝမ်းလျောဆေးတိုက်ခဲ့သဖြင့် ပရိနိဗ္ဗာန် စံဝင်ခါနီးအချိန်၌ သွေးဝမ်းသွန်သော ရောဂါဝေဒနာ ခံစားရခြင်း။ (အပ၊၁။၃၄၇။) (အပ၊မြန်၊၁။၃၅၅။) (အပ၊ဋ္ဌ၊၁။၁၂၈။) (အပ၊ဋ္ဌ၊၁။၁၄၁။)

ဝိပါက်မနာယတနက ဝိပါက် မနောသမ္ဖဿအား ကျေးဇူးပြုတတ်သော ပစ္စည်း ၉ မျိုး ၁။ သဟဇာတ ပစ္စည်း၊ ၂။ အညမညပစ္စည်း၊ ၃။ နိဿယပစ္စည်း၊ ၄။ ဝိပါကပစ္စည်း၊ ၅။ အာဟာရပစ္စည်း၊ ၆။ ဣန္ဒြိယပစ္စည်း၊ ၇။ သမ္မယုတ္တပစ္စည်း၊ ၈။ အတ္ထိပစ္စည်း၊ ၉။ အဝိဂတပစ္စည်း။ (အဘိ၊ဋ္ဌ၊ ၂။၁၆၉။)

ဝိပါက်ဝိညာဏ် ၁၅ မျိုး ဂတိအားဖြင့် ဝိပါက်ဝိညာဉ် ၁၅ မျိုး ၁။ ဝိပါက်ဝိညာဉ်သည် ဝိညာဏဌိတိအားဖြင့် ၇ မျိုး၊ ၂။ ဝိပါက်ဝိညာဉ်သည် သတ္တာဝါသအားဖြင့် ၈ မျိုးဟု မှတ်။ (အဘိ၊ဋ္ဌ၊ ၂။၁၅၂။)

ဝိပါက်ဝိညာဏ် ၂ မျိုး ၁။ ရုပ်နှင့် ရောနှောအပ်သော ဝိညာဏ်၊ ၂။ ရုပ်နှင့် မရောနှောအပ်သော ဝိညာဏ်။ (အဘိ၊ဋ္ဌ၊၂။၁၅၂။)

ဝိပါက်ဝိညာဏ် ၃ မျိုး ၁။ ကာမဘဝ၊ ၂။ ရူပဘဝ၊ ၃။ အရူပဘဝ။ (အဘိ၊ဋ္ဌ၊၂။၁၅၂။)

ဝိပါက်ဝိညာဏ် ၄ မျိုး ၁။ အဏ္ဍဇယောနိ- အဉ္ဍ၌ ဖြစ်သော- ပဋိသန္ဓေ၊ ၂။ ဇလာဗုဇယောနိ- သားအိမ်၌ ဖြစ်သော ပဋိသန္ဓေ၊ ၃။ သံသေဒဇယောနိ- အညှိ၌ ဖြစ်သော ပဋိသန္ဓေ၊ ၄။ ဩပပါတိကယောနိ- စတုမဟာရာဇ်၏ တာဝတိံသာ စသည်၌ ကိုယ်ထင်ရှားဖြစ်သော ပဋိသန္ဓေ။ (အဘိ၊ဋ္ဌ၊၂။၁၅၂။)

http://www.dhammadownload.com

ဝိပတ္တိ ၄ ပါး ၁။ ပါရာဇိကနှင့် သံဃာဒိသ်တို့သည် သီလဝိပတ္တိ မည်၏။ ၂။ ထုလ္လစ္စဉ်းအာပတ်၊ ပါစိတ်အာပတ်၊ ပါဋိဒေသနီအာပတ်၊ ဒုက္ကဋ်အာပတ်၊ ဒုဿသီအာပတ်၊ ယင်းငါးမျိုးသည် အာစာရဝိပတ္တိ မည်၏၊ ၃။ အယူဖောက်ပြန်၍ ယူခြင်း၊ စွပ်စွဲခြင်းတို့သည် ဒိဋ္ဌိဝိပတ္တိ မည်၏၊ ၄။ ထင်ရှားမရှိဘဲ လူတို့၏ ကုသိုလ်ကမ္မပထတရား ထက် လွန်မြတ်သော စျာန်မဂ်ဖိုလ်တရား ဥတ္တရိမနုဿဓမ္မကို ပြောဆိုခြင်း၊ အသက်မွေးဝမ်းကျောင်းအဖြစ် အောင်သွယ်လုပ်ခြင်း၊ အသက်မွေးဝမ်းကျောင်း ဟူသော အကြောင်းကြောင့် သင့်ကျောင်း၌ နေသော ရဟန်းသည် ရဟန္တာတည်းဟု ပြောဆိုခြင်း၊ အသက်မွေးဝမ်းကျောင်း ဟူသော အကြောင်းကြောင့် ပဏီတ ဘောဇဉ်ကို တောင်း၍ စားခြင်း အသက်မွေးဝမ်းကျောင်း ဟူသော အကြောင်းကြောင့် ထမင်းနှင့် ဟင်းကို တောင်း၍ စားခြင်း ဤအာပတ် ခြောက်ပါးတို့သည် အသက်မွေးမှု ပျက်စီးခြင်း အာဇီဝဝိပတ္တိ မည်၏။ (ဝိ၅။၁၆၅။) (ဝိ၅။၂၂၆။) (ဝိ၅။၂၅၈။) (ဝိ၊၄၊၁။၁၃၉။) (ဝိ၊မြန်၊၅။၂၄၄။) (ဝိ၊မြန်၊၅။၃၁၄။) (ဝိ၊မြန်၊၅။၃၅၀။)

ဝိပလ္လာသတရား ၄ ပါး ဖောက်ပြန်ခြင်းတရား ၄ မျိုးနှင့် တူသည်။

ဝိပလ္လာသတရား ၄ ပါး (တစ်နည်း) ၁။ အနိစ္စတရား၌ နိစ္စဟု နှလုံးသွင်းသော အမှတ်သညာ၏ ဖောက်ပြန်ခြင်း, စိတ်၏ ဖောက်ပြန်ခြင်း, အယူ၏ ဖောက်ပြန်ခြင်း၊ ၂။ ဒုက္ခတရား၌ သုခဟု နှလုံးသွင်းသော အမှတ်သညာ၏ ဖောက်ပြန်ခြင်း, စိတ်၏ ဖောက်ပြန်ခြင်း, အယူ၏ ဖောက်ပြန်ခြင်း၊ ၃။ အနတ္တတရား၌ အတ္တဟု နှလုံးသွင်းသော အမှတ်သညာ၏ ဖောက်ပြန်ခြင်း, စိတ်၏ ဖောက်ပြန်ခြင်း, အယူ၏ ဖောက်ပြန်ခြင်း၊ ၄။ အသုဘတရား၌ သုဘဟု နှလုံးသွင်းသော အမှတ်သညာ၏ ဖောက်ပြန်ခြင်း, စိတ်၏ ဖောက်ပြန်ခြင်း, အယူ၏ ဖောက်ပြန်ခြင်း။ (ပေဋကော။၂၄၇။)

ဝိပလ္လာသ ၄ ပါး (တစ်နည်း) ၁။ အနိစ္စ၌ နိစ္စဟု နှလုံးသွင်းခြင်း၊ ၂။ ဒုက္ခ၌ သုခဟု နှလုံး သွင်းခြင်း၊ ၃။ အနတ္တ၌ အတ္တဟု နှလုံးသွင်းခြင်း၊ ၄။ အသုဘ၌ သုဘဟု နှလုံးသွင်းခြင်း။ (ပဋိသံ။ ပါ။၂၇၃။) (ပဋိသံ၊မြန်။၃၃၀။)

ဝိပလ္လာသ ၄ ပါး (တစ်နည်း) ၁။ အသုဘ၌ သုဘဟု အမှတ်သညာ ဖောက်ပြန်ခြင်း၊ ၂။ အသုဘ၌ သုဘဟု စိတ်ဖောက်ပြန်ခြင်း၊ ၃။ ဒုက္ခ၌ သုခဟု အမှတ်သညာ ဖောက်ပြန်ခြင်း၊ ၄။ ဒုက္ခ၌ သုခဟု စိတ်ဖောက်ပြန်ခြင်း။ (ဒီ၊ဋီ၊၂။၁၄၉။)

ဝိပလ္လာသ ၁၂ မျိုး ၁။ အနိစ္စအရာ၌ နိစ္စဟု အမှတ်သညာ ဖောက်ပြန်ခြင်း, စိတ် ဖောက်ပြန်ခြင်း, အယူ ဖောက်ပြန်ခြင်း ဟူသော ဝိပလ္လာသ (၃) မျိုး၊ ၂။ ဒုက္ခအရာ၌ သုခဟု အမှတ်သညာ ဖောက်ပြန်ခြင်း, စိတ်ဖောက်ပြန်ခြင်း, အယူ ဖောက်ပြန်ခြင်း ဟူသော ဝိပလ္လာသ (၃) မျိုး၊ ၃။ အသုဘအရာ၌ သုဘဟု အမှတ်သညာ ဖောက်ပြန်ခြင်း စိတ် ဖောက်ပြန်ခြင်း, အယူ ဖောက်ပြန်ခြင်း ဟူသော ဝိပလ္လာသ (၃) မျိုး၊ ၄။ အနတ္တအရာ၌ အတ္တဟု အမှတ်သညာ ဖောက်ပြန်ခြင်း, စိတ် ဖောက်ပြန်ခြင်း, အယူ ဖောက်ပြန်ခြင်း ဟူသော ဝိပလ္လာသ (၃) မျိုး။ (သာရတ္ထ၊ဋီ၊၁။၃၀၅။)

http://www.dhammadownload.com

ဝိပလ္လာသဝတ္ထု ၄ မျိုး ၁။ ကာယ၊ ၂။ ဝေဒနာ၊ ၃။ စိတ္တ၊ ၄။ ဓမ္မ။ (ပေဋကော။၁၈၂။) (ပေဋကော။ ၂၄၈။)

ဝိပဿနာ ၁၈ ပါး (မဟာဝိပဿနာ ၁၈ ပါး) ၁။ အနိစ္စာနုပဿနာ– တောဘူမကတရား အပေါင်းကို အနိစ္စဟု အဖန်ဖန် ရှုခြင်း၊ ၂။ ဒုက္ခာနုပဿနာ– တောဘူမကတရားအပေါင်းကို ဒုက္ခဟု အဖန်ဖန် ရှုခြင်း၊ ၃။ အနတ္တာနုပဿနာ– တောဘူမက တရားအပေါင်းကို အနတ္တဟု အဖန်ဖန် ရှုခြင်း၊ ၄။ နိဗ္ဗိဒါနုပဿနာ– မြင်ပြီးသော လက္ခဏာရေးရှိသော တောဘူမက တရားအပေါင်း၌ ငြီးငွေ့သော အခြင်းအရာအားဖြင့် ဖြစ်၍ အဖန်ဖန် ရှုခြင်း၊ ၅။ ဝိရာဂါနုပဿနာ– ငြီးငွေ့ပြီးသော သင်္ခါရတို့၌ တပ်ခြင်းကင်းသော အခြင်းအရာအားဖြင့် ဖြစ်၍ အဖန်ဖန် ရှုခြင်း၊ ၆။ နိရောဓာနုပဿနာ– သင်္ခါရတို့၏ ချုပ်ခြင်းကို အဖန်ဖန် ရှုခြင်း၊ ၀၀– နိဗ္ဗာန်ကို အဖန်ဖန် ရှုခြင်း၊ ၇။ ပဋိနိဿဂ္ဂါနုပဿနာ– တောဘူမကသင်္ခါရ အပေါင်းကို စွန့်ခြင်း၏ အစွမ်းဖြင့် အဖန်ဖန် ရှုခြင်း။ ၈။ ခယာနုပဿနာ– ကုန်ခြင်းပျက်ခြင်းကို အဖန်ဖန် ရှုခြင်း၊ ၉။ ဝယာနုပဿနာ– ချုပ်ခြင်းပျက်ခြင်းကို အဖန်ဖန် ရှုခြင်း၊ ၁၀။ ဝိပရိဏာမာနုပဿနာ– ဖောက်ပြန်ခြင်းကို အဖန်ဖန် ရှုခြင်း၊ ၁၁။ အနိမိတ္တာနုပဿနာ– နိစ္စနိမိတ်ကို ပယ်ခွါသောအားဖြင့် အဖန်ဖန် ရှုမှတ် ပွားများခြင်း၊ ၁၂။ အပ္ပဏိဟိတာနုပဿနာ– တောင့်တခြင်း တဏှာပဏိဓိ မရှိသော အနုပဿနာ၊ ၁၃။ သုညတာနုပဿနာ–အတ္တစသည်မှ ဆိတ်သည်ကို အဖန်ဖန် ရှုခြင်း၊ ၁၄။ အဓိပညာ ဓမ္မဝိပဿနာ– လွန်ကဲမြင့်မြတ်သော ပညာဟု ဆိုအပ်သော ခန္ဓာ ၅–ပါး တရားတို့ကို အထူးထူးအပြားပြား ရှုတတ်သော ပညာ၊ ၁၅။ ယထာဘူတ ဉာဏဒဿနာ– မဖောက်မပြန် ဟုတ်မှန်သည့်အတိုင်း မှန်မှန်ကန်ကန် သဘောအားလျော်စွာ သိသော ဉာဏ်အမြင်၊ ၁၆။ အာဒီနဝါနုပဿနာ– အလုံးစုံသော ဘဝ, ယောနိ စသည် (တောဘူမက နာမ်ရုပ် သင်္ခါရတရား) တို့၌ (ကြောက်ဖွယ် ဘေးဆိုး အနေအားဖြင့် ထင်မြင်လာခြင်းကြောင့် ဖြစ်ပေါ်လာသော) အပြစ်မြင်သော အပြစ်အနာတို့ကို ရှုဆင်ခြင်တတ်သော ဝိပဿနာဉာဏ်၊ ၁၇။ ပဋိသင်္ခါနုပဿနာ– တစ်ဖန် စူးစမ်းဆင်ခြင်၍ အဖန်ဖန်အထပ်ထပ် ရှုကြည့်တတ်သော ဉာဏ်၊ ၁၈။ ဝိဝဋ္ဋာနုပဿနာ– ဝဋ်မှ ကင်းသော နိဗ္ဗာန်ကို အဖန်တလဲလဲ အာရုံပြုတတ်သော တရား။ (ဝိသုဒ္ဓိ၂။၂၆၄။)

ဝိပဿနာ ၃ မျိုး ၁။ သင်္ခါရပရိဂ္ဂဟကဝိပဿနာ– သင်္ခါရတရားတို့ကို ဆင်ခြင် သိမ်းဆည်းတတ်သော ဝိပဿနာ၊ ၂။ ဖလသမာပတ္တိဝိပဿနာ– ဖလသမာပတ်ကို ဝင်စားသော ဝိပဿနာ၊ ၃။ နိရောဓသမာပတ္တိဝိပဿနာ– နိရောဓသမာပတ်ကို ဝင်စားသော ဝိပဿနာ။ (ပဋိသံ၊၌၊ ၁။၂၈၇။) (ဝိသုဒ္ဓိ၂။၃၄၇။) (သာရတ္ထ၊ဋီ၊၁။၃၈၁။)

ဝိပဿနာဉာဏ်၏ အာရုံ ၆ မျိုး ၁။ ကာမအာရုံ၊ ၂။ မဟဂ္ဂုတ်အာရုံ၊ ၃။ အတိတ်အာရုံ၊ ၄။ အနာဂတ်အာရုံ၊ ၅။ ပစ္စုပ္ပန်အာရုံ၊ ၆။ အဇ္ဈတ္တအာရုံ၊ ၇။ ဗဟိဒ္ဓအာရုံ၊ (ဒီ၂၌၊၁။၂၀၂။)

ဝိပဿနာ ညစ်ညူးကြောင်း ၁၀ မျိုး ၁။ သြဘာသ– ဝိပဿနာဉာဏ်ကြောင့် ဖြစ်သော အလင်းရောင်၊ ၂။ ပီတိ– ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပေါ်လာသော ခုဒ္ဒကာ စသော ပီတိ၊ ၃။ ဉာဏ– ဝိပဿနာ၏ အစွမ်းကြောင့်ဖြစ်သော အလွန်သန့်ရှင်းသော ဉာဏ်၊ ၄။ ပဿဒ္ဓိ–

http://www.dhammadownload.com

ဝိပဿနာ၏ အစွမ်းကြောင့် ဖြစ်သော ကိုယ်စိတ်ငြိမ်းအေးခြင်း၊ ၅။ သုခ– ဝိပဿနာ၏ အစွမ်းကြောင့် ဖြစ်သော အလွန် မွန်မြတ်သော ချမ်းသာ၊ ၆။ အဓိမောက္ခ– ဝိပဿနာနှင့် ယှဉ်သော အားကြီးသော သဒ္ဓါ၊ ၇။ ပဂ္ဂဟ– ဝိပဿနာနှင့် ယှဉ်သော ကောင်းစွာ ချီးမြှောက်အပ်သော ဝီရိယ၊ ၈။ ဥပဋ္ဌာန– ဝိပဿနာနှင့် ယှဉ်သော အာရုံ၌ စွဲမြဲစွာ တည်သော သတိ၊ ၉။ ဥပေက္ခာ– သင်္ခါရကို လျစ်လျူရှုခြင်း, ရုပ်နာမ်ဌာနတို့ကို ဆင်ခြင်ခြင်းဟု ဆိုအပ်သော ဝိပဿနုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာ၊ ၁၀။ နိကန္တိ– ဝိပဿနာ၌ တက်မက်မှု တဏှာ။ (စူဠနိ၊ဋ္ဌ။၉၇။) (ဝိသုဒ္ဓိ၊၂။၂၆၉။) (သာရတ္ထ၊ဋီ၊၂။၂၃၉။)

ဝိပဿနာ ညစ်နွမ်းကြောင်း တရား ၃၀ ပါး ၁။ သြဘာသ၌ တဏှာ, မာန, ဒိဋ္ဌိ၏ အစွမ်းအားဖြင့် ဖြစ်ခြင်း သုံးပါး၊ ၂။ ထို့အတူ ပီတိ၌ သုံးပါး, ပဿဒ္ဓိ၌ သုံးပါး, အဓိမောက္ခ၌ သုံးပါး, ပဂ္ဂဟ၌ သုံးပါး သုခ၌ သုံးပါး, ဉာဏ၌ သုံးပါး, ဥပဋ္ဌာန၌ သုံးပါး, ဥပေက္ခာ၌ သုံးပါး, နိကန္တိ၌ သုံးပါး ပေါင်း သုံးဆယ် ဖြစ်၏။ (ပဋိသံ၊ဋ္ဌ၊၂။၁၉၃။)

ဝိပဿနုပက္ကိလေသ တရား ၁၀ ပါး ဝိပဿနာ ညစ်ညူးကြောင်း ၁၀ မျိုးနှင့် တူသည်။

ဝိပဿီဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ရှေးဦးစွာ ဓမ္မစကြာတရား ဟောတော်မူသော အခါ၌ တရားထူးရပြီး ကျွတ်တမ်းဝင်သွားကြသော လူနတ်ဗြဟ္မာတို့၏ အရေအတွက်ကို ဂဏန်းသင်္ချာအားဖြင့် ရေတွက်ပြခြင်းငှါ မစွမ်းနိုင်၊ ၂။ ဗန္ဓုမတီမြို့တော်၌ သစ္စာလေးပါး တရားကို ဟောကြားတော်မူသော အခါ လူနတ်ဗြဟ္မာ ရှစ်သောင်းလေးထောင်တို့ ကျွတ်တမ်းဝင်ကြသည်၊ ၃။ ဘုရားရှင်နှင့် အတူလိုက်၍ ရဟန်းပြုကြကုန်သော ထိုရှစ်သောင်းလေးထောင်သော ရဟန်းတို့အား သစ္စာလေးပါးတရားကို ဟောကြားသောအခါ ထိုရဟန်းအားလုံး တရားထူးရပြီး ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၆၄။) (အပ၊မြန်၊၂။၃၆၁။)

ဝိပဿီဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် အစည်းအဝေး၌ ရဟန္တာ (၆၈ သိန်း) ခြောက်သန်းရှစ်သိန်း၊ ၂။ ဒုတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ တစ်သိန်း၊ ၃။ တတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ရှစ်သောင်း ဖြစ်ပါသည်။ (ဒီ၊၂။၄။) (ဒီ၊၂။၄၃။) (ဒီ၊၂။၄၄။) (အပ၊၂။၃၆၄။) (အဘိ၊ဋ္ဌ၊၁။၆၉။) (ဇာ၊ဋ္ဌ၊၁။၄၉။) (ဒီ၊မြန်၊၂။၄။) (ဒီ၊မြန်၊၂။၄။) (ဒီ၊မြန်၊၂။၄။) (အပ၊မြန်၊၂။၃၆၂။)

ဝိပဿီဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ ခဏ္ဍထေရ်၊၂။ တိဿထေရ်။ (ဒီ၊၂။၄။) (ဒီ၊၂။၄၃။) (အဘိ၊ဋ္ဌ၊၁။၆၉။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၈၃။) (ဇာ၊ဋ္ဌ၊၁။၄၉။) (ဒီ၊မြန်၊၂။၄၊၄၆၊၄၈။) (ဒီ၊မြန်၊၂။၄၊၄၆၊၄၈။) (ဒီ၊မြန်၊၂။၄၊၄၆၊၄၈။) (ဒီ၊၂၊၄၄။)

ဝိပဿီဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ စန္ဒာထေရီ၂။ စန္ဒမိတ္တာထေရီ။ (အဘိ၊ဋ္ဌ၊၁။၆၉။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၈၃။) (ဇာ၊ဋ္ဌ၊၁။၄၉။)

ဝိပဿီသတို့သား၏ ပြာသာဒ် ၃ ဆောင် ၁။ မိုးလေးလ နေထိုင်ရန် ဆောက်လုပ်အပ်သော နန္ဒမည်သော ပြာသာဒ်၊၂။ ဆောင်းလေးလ နေထိုင်ရန် ဆောက်လုပ်အပ်သော သုနန္ဒမည်သော ပြာသာဒ်၊၃။ နွေလေးလ နေထိုင်ရန် ဆောက်လုပ်အပ်သော သိရိမာမည်သော ပြာသာဒ်။ (ဒီ၊၂။၁၈။) (ပဋ္ဌာန၊၂။၉၃၊၁၇၃၊၂၃၀၊၂၆၉၊၃၉၉၊၃၃၇၊၃၈၀၊၄၈၅။) (ပဋ္ဌာန၊၃။၁၅၊၈၁၊၁၀၀၊၁၁၆၊၁၄၆၊၁၆၇၊

http://www.dhammadownload.com

၁၉၄၊၂၁၉၊၂၄၀၊၂၈၆၊၃၂၄၊၄၀၀၊၄၂၀၊၄၇၁၊၅၁၁၊၅၅၂၊၅၇၂။) (အဝ၊၂။၃၆၅။) (ဒီ၊မြန်၊၂။၁၈။) (အဝ၊မြန်၊၂။၃၆၃။) (ပဋ္ဌာန၊၄။၁၃၊၂၆၊၄၈၊၁၃၈၊၁၆၆။)

ဝိဘူသဝ ၂ မျိုး ၁။ အဂါရိကဝိဘူသဝ– လူ၏ တန်ဆာဆင်ခြင်း၊ ၂။ အနာဂါရိကဝိဘူသဝ– ရဟန်း၏ တန်ဆာဆင်ခြင်း။ (စူဠနိ။၂၈၀။)

ဝိဘင်း ၂ မျိုး ၁။ ဘိက္ခုဝိဘင်၊ ၂။ ဘိက္ခုနီဝိဘင်။ (သာရတ္ထ၊ဋီ၊၁။၆၇။)

ဝိဘင်ကျမ်းလာ ဝိဘင်း ၁၈ မျိုး ၁။ ခန္ဓဝိဘင်း၊ ၂။ အာယတနဝိဘင်း၊ ၃။ ဓာတုဝိဘင်း၊ ၄။ သစ္စဝိဘင်း၊ ၅။ ဣန္ဒြိယဝိဘင်း၊ ၆။ ပစ္စယာကာရဝိဘင်း၊ ၇။ သတိပဋ္ဌာနဝိဘင်း၊ ၈။ သမ္မပ္ပဓာန်ဝိဘင်း၊ ၉။ ဣဒ္ဓိပါဒဝိဘင်း၊ ၁၀။ ဗောဇ္ဈင်္ဂဝိဘင်း၊ ၁၁။ မဂ္ဂင်္ဂဝိဘင်း၊ ၁၂။ ဈာနဝိဘင်း၊ ၁၃။ အပ္ပမညာဝိဘင်း၊ ၁၄။ သိက္ခာပဒဝိဘင်း၊ ၁၅။ ပဋိသမ္ဘိဒါဝိဘင်း၊ ၁၆။ ဉာဏဝိဘင်း၊ ၁၇။ ခုဒ္ဒကဝတ္ထုဝိဘင်း၊ ၁၈။ ဓမ္မဟဒယဝိဘင်း။ (အဘိ၊ဋ္ဌ၊၁။၇။)

ဝိမာနဝတ္ထု၌ ဝဂ်ပေါင်း ၇ ဝဂ် ၁။ ပီဌဝဂ်၊ ၂။ စိတ္တလတာဝဂ်၊ ၃။ ပါရိဆ္ဆတ္တကဝဂ်၊ ၄။ မဉ္ဇိဋ္ဌကဝဂ်၊ ၅။ မဟာရထဝဂ်၊ ၆။ ပါယာသိဝဂ်၊ ၇။ သုနိက္ခိတ္တဝဂ်။ (ဝိမာန၊ဋ္ဌ။၄။)

ဝိမောက္ခ ၃ ပါး ၁။ သုညတဝိမောက္ခ– အတ္တ, သတ္တ, ပုဂ္ဂလ စသည်မှလည်းကောင်း, ရာဂ, ဒေါသ စသည်မှလည်းကောင်း, ကင်းဆိတ်သည်ဖြစ်၍ အထူးထူးသော ကိလေသာတို့မှ လွတ်မြောက်သော (မဂ်ဖိုလ်နိဗ္ဗာန်) တရား၊ ၂။ အနိမိတ္တဝိမောက္ခ– နိစ္စနိမိတ် စသည်မှလည်းကောင်း, ရာဂနိမိတ် စသည် သင်္ခါရနိမိတ် စသည်မှလည်းကောင်း, ကင်းသော သဘောရှိသည်ဖြစ်၍ နိဗ္ဗာန်ကို အာရုံပြုသော အခြင်းအရာအားဖြင့် ဖြစ်သော အထူးထူးသော ကိလေသာတို့မှ လွတ်သော (မဂ်ဖိုလ်နိဗ္ဗာန်) တရား၊ ၃။ အပ္ပဏိဟိတဝိမောက္ခ– တဏှာဖြင့် တွယ်တာခြင်း မရှိမူ၍ ဒုက္ခာနုပဿနာဖြင့် ရအပ်သော အထူးထူးသော ကိလေသာတို့မှ လွတ်သော (မဂ်ဖိုလ်နိဗ္ဗာန်) တရား။ ((ဝိ၊၁။၁၁၈။) (ပဋိသံ။၂၃၀။) (နေတ္တိ၊ဋ္ဌ။၂၁၅။) (ဝိသုဒ္ဓိ၊၂။ ၂၉၆။) (ဝိ၊မြန်၊၁။၁၂၂။) (ပဋိသံ၊မြန်။၂၈၄။)

ဝိမောက္ခ ၆၈ ပါး ၁။ သုညတဝိမောက္ခ၊ ၂။ အနိမိတ္တဝိမောက္ခ၊ ၃။ အပ္ပဏိဟိတဝိမောက္ခ၊ ၄။ အဓိတ္တ ဝုဋ္ဌာနဝိမောက္ခ၊ ၅။ ဗဟိဒ္ဓါဝုဋ္ဌာနဝိမောက္ခ၊ ၆။ ဒုဘတောဝုဋ္ဌာနဝိမောက္ခ၊ ၇။ အဓိတ္တသန္တာန်မှ ထသော ဝိမောက္ခလေးပါး၊ ၈။ ဗဟိဒ္ဓသန္တာန်မှ ထသော ဝိမောက္ခ လေးပါး၊ ၉။ နှစ်ပါးသော အဖို့မှ ထသော ဝိမောက္ခ လေးပါး၊ ၁၀။ အဓိတ္တသဏ္ဌာန်မှ ထသော ပုဂ္ဂိုလ်အားလျော်သော ဝိမောက္ခ လေးပါး၊ ၁၁။ ဗဟိဒ္ဓသန္တာန်မှ ထသော ပုဂ္ဂိုလ်အားလျော်သော ဝိမောက္ခ လေးပါး၊ ၁၂။ နှစ်ပါးသော အဖို့မှ ထသော ပုဂ္ဂိုလ်အားလျော်သော ဝိမောက္ခ လေးပါး၊ ၁၃။ အဓိတ္တသန္တာန်မှ ထသော ပုဂ္ဂိုလ်အား ငြိမ်းချမ်းသော ဝိမောက္ခ လေးပါး၊ ၁၄။ ဗဟိဒ္ဓသန္တာန်မှ ထသော ပုဂ္ဂိုလ်အား ငြိမ်းချမ်းသော ဝိမောက္ခ လေးပါး၊ ၁၅။ နှစ်ပါးသော အဖို့မှ ထသော ပုဂ္ဂိုလ်အား ငြိမ်းချမ်းသော ဝိမောက္ခ လေးပါး၊ ၁၆။ ရုပ်ရှိသော ပုဂ္ဂိုလ်သည် ရုပ်ကို ရှုသော ဝိမောက္ခ၊ ၁၇။ အဓိတ္တသန္တာန်၌ ရုပ်ဟု အမှတ်မရှိသည် ဖြစ်၍ ဗဟိဒ္ဓသန္တာန်၌ ရုပ်ကို ရှုသော ဝိမောက္ခ၊ ၁၈။ တင့်တယ်၏ ဟူ၍သာလျှင် နှလုံးသွင်းသော ဝိမောက္ခ၊ ၁၉။ အာကာသာနဉ္စာယတနသမာပတ္တိ ဝိမောက္ခ၊ ၂၀။ ဝိညာဏဉ္စာယတနသမာပတ္တိ ဝိမောက္ခ၊ ၂၁။ အာကိဉ္စညာယတနသမာပတ္တိ

http://www.dhammadownload.com

ဝိမောက္ခ၊ ၂၂။ နေဝသညာနာသညာယတနသမာပတ္တိ ဝိမောက္ခ၊ ၂၃။ သညာဝေဒယိတ နိရောဓ သမာပတ္တိ ဝိမောက္ခ၊ ၂၄။ သမယဝိမောက္ခ၊ ၂၅။ အသမယဝိမောက္ခ၊ ၂၆။ သာမယိကဝိမောက္ခ၊ ၂၇။ အသာမယိကဝိမောက္ခ၊ ၂၈။ ကုပ္ပဝိမောက္ခ၊ ၂၉။ အကုပ္ပဝိမောက္ခ၊ ၃၀။ လောကိယဝိမောက္ခ၊ ၃၁။ လောကုတ္တရဝိမောက္ခ၊ ၃၂။ သာသဝဝိမောက္ခ၊ ၃၃။ အနာသဝဝိမောက္ခ၊ ၃၄။ သာမိသ ဝိမောက္ခ၊ ၃၅။ နိရာမိသဝိမောက္ခ၊ ၃၆။ နိရာမိသာနိရာမိသတရဝိမောက္ခ၊ ၃၇။ ပဏိဟိတ ဝိမောက္ခ၊ ၃၈။ အပ္ပဏိဟိတ ဝိမောက္ခ၊ ၃၉။ ပဏိဟိတပဋိပဿဒ္ဓိ ဝိမောက္ခ၊ ၄၀။ သညုတ္တ ဝိမောက္ခ၊ ၄၁။ ဝိသညုတ္တဝိမောက္ခ၊ ၄၂။ ဧကတ္တဝိမောက္ခ၊ ၄၃။ နာနတ္တဝိမောက္ခ၊ ၄၄။ သညာ ဝိမောက္ခ၊ ၄၅။ ဉာဏ ဝိမောက္ခ၊ ၄၆။ သီတိသိယာ ဝိမောက္ခ၊ ၄၇။ ဈာန ဝိမောက္ခ၊ ၄၈။ အနုပါဒါစိတ္တာသဝ ဝိမောက္ခ၊ (မှတ်ချက်) ဝိမောက္ခ ၆၈ ပါးဆိုသော်လည်း ၇၅ ပါး ဖြစ်နေသည်၊ ပါဠိတော်၌လည်း အဆုံး၌ ၇၅ ဟု ဂဏန်းထိုးထားသည်။ (ပဋိသံ။၂၃၁။) (ပဋိသံ၊မြန်။၂၈၅။)

ဝိမောက္ခ ၈ ပါး လွတ်မြောက်ခြင်း ၈ ပါး၊ မျက်မှောက်ပြုအပ်သော တရား ၈ ပါး၊ သစ္ဆိကာတဗ္ဗတရား ၈ ပါးတို့နှင့် တူသည်။

ဝိမောက္ခ ၈ ပါး (တစ်နည်း) ၁။ မဂ်ဉာဏ် လေးပါး၊ ၂။ ဖိုလ်ဉာဏ် လေးပါး ပေါင်း ရှစ်ပါး။ (အဗ၊၌၊၁။၃၃၄။)

ဝိမောက္ခဈာန် ၈ ပါး (ဆန့်ကျင်ဘက်အာရုံတရားတို့မှ လွတ်မြောက်သော ဝိမောက္ခဈာန် ၈ မျိုး) ၁။ မိမိသန္တာန်၌ ကသိဏ်းရုပ်ရှိသည် ဖြစ်၍ ပြင်ပသန္တာန်၌လည်း ကသိဏ်းရုပ်တို့ကို ရှုခြင်း၊ ၂။ မိမိသန္တာန်၌ ကသိဏ်းရုပ်ကို မရှုမူ၍ ပြင်ပသန္တာန်၌ ကသိဏ်းရုပ်တို့ကို ရှုခြင်း၊ ၃။ တင့်တယ်၏ ဟူ၍သာလျှင် နှလုံးသွင်းခြင်း၊ ၄။ ကောင်းကင်သည် အဆုံးမရှိဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍ နေခြင်း၊ ၅။ ဝိညာဏ်သည် အဆုံးမရှိဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍ နေခြင်း၊ ၆။ တစ်စုံတစ်ခုမျှ မရှိဟု နှလုံးသွင်းလျက် အာကိဉ္စညာယတနဈာန်သို့ ရောက်၍ နေခြင်း၊ ၇။ အာကိဉ္စညာယတန ဈာန်ကို လွန်မြောက်လျက် နေဝသညာနာသညာယတနဈာန်သို့ ရောက်၍ နေခြင်း၊ ၈။ နေဝသညာနာသညာယတနဈာန်ကို လွန်မြောက်လျက် သညာဝေဒနာတို့၏ ချုပ်ရာ နိရောဓ သမာပတ်သို့ ရောက်၍ နေခြင်း။ (အံ၊၃။၁၂၆။) (အံ၊မြန်၊၃။၁၂၇။)

ဝိမောက္ခတရား ၈ ပါး (ဆန့်ကျင်ဘက် နီဝရဏ စသော တရားတို့မှ လွတ်ကြောင်း ဝိမောက္ခ တရား ၈ မျိုး) ၁။ ကိုယ်တွင်း ဆံပင် စသည်တို့၌ ဖြစ်စေအပ်သော ရူပဈာန်ရှိသည် ဖြစ်၍ ပြင်ပကသိဏ်းရုပ်တို့ကိုလည်း ဈာန်မျက်စိဖြင့် ကြည့်ရှုသော ဈာန်တရား၊ ၂။ မိမိ ကိုယ်တွင်း ဆံပင် စသည်၏ အညို အနက်ရောင် စသော ကသိဏ်းရုပ်၌ ထိုကိုယ်တွင်း ကသိဏ်းရုပ်၌ ဖြစ်စေအပ်သော ရူပဈာန်သညာရှိသူ မဟုတ်သည် ဖြစ်၍ ပြင်ပ ကသိဏ်း ရုပ်တို့ကိုသာ ကြည့်ရှုသော ဈာန်တရား၊ ၃။ သုဘဟု နှလုံးသွင်းနေသူဟု ဆိုရ လောက်အောင် အလွန်သန့်ရှင်းစင်ကြယ် တင့်တယ်သော အဆင်းရောင် ကသိဏ်းတို့၌ ရှုမှတ် စီးဖြန်း၍ ဖြစ်စေအပ်သော ရုပ်ဈာန်တရား၊ ၄။ အလုံးစုံသော အခြင်းအရာအားဖြင့် ရူပဈာန်၌ ယှဉ်သော သညာနှင့် ကသိဏ်းရုပ် အမည်ရှိသော အာရုံတို့ကို လွန်မြောက် ခြင်းကြောင့်

http://www.dhammadownload.com

လည်းကောင်း၊ ပဋ္ဌဝတ္ထုနှင့် ပဋ္ဌာရုံတို့ ထိခိုက်ခြင်းကြောင့် ဖြစ်သော ဆယ်ပါးသော ဒွိပဋ္ဌဝိညာဏ်သညာတို့၏ ချုပ်ခြင်းသို့ ရောက်ခြင်းကြောင့်လည်းကောင်း အထူးထူးသော သဘောရှိသော ၄၄ ပါးသော ကာမာဝစရသညာတို့ကို နလုံးမသွင်းခြင်းကြောင့် လည်းကောင်း "ဖြစ်ခြင်း ပျက်ခြင်း အဆုံးအပိုင်းအခြား မရှိသော ကောင်းကင်တည်း'ဟု စီးဖြန်း ပွားများလျက် ဖြစ်ခြင်း ပျက်ခြင်း အဆုံးအပိုင်းအခြား မရှိသော ကောင်းကင်ပညတ်ဟူသော တည်ရာအာရုံရှိသော ဈာန်သို့ ရောက်၍ နေသော အာကာသာနဉ္စာယတန ဈာန်တရား၊ ၅။ အလုံးစုံသော အာကာသာနဉ္စာယတန ဈာန်နှင့်တကွ ထိုဈာန်၏ ကောင်းကင်ပညတ် အာရုံကို လွန်မြောက်ပြီး၍ အဆုံးအပိုင်းအခြားမရှိသော ပဋိဘာရုပွဝိညာဏ်တည်းဟု စီးဖြန်း ပွားများလျက် အဆုံးအပိုင်းအခြား မရှိသော ပဋိဘာရုပွဝိညာဏ်ဟူသော တည်ရာ အာရုံရှိသော ဈာန်သို့ ရောက်၍နေသော ဝိညာဏဉ္စာယတန ဈာန်တရား၊ ၆။ အလုံးစုံသော အဆုံးအပိုင်းအခြားမရှိသော ပဋိဘာရုပွဝိညာဏ်ဟူသော တည်ရာအာရုံရှိသော ဈာန်, အဆုံးအပိုင်းအခြားမရှိသော ပဋိဘာရုပွဝိညာဏ်ဟူသော တည်ရာအာရုံကို လွန်မြောက်၍ ပဋိဘာရုပွဝိညာဏ်၏ အနည်းငယ်စိုးစဉ်း ဘင်မျှ အကြွင်းအကျန် မရှိချေဟု စီးဖြန်း ပွားများလျက် အနည်းငယ်စိုးစဉ်း ဘင်မျှ အကြွင်းအကျန် မရှိသည်အဖြစ် တည်းဟူသော နတ္ထိဘောပညတ်ဟူသော တည်ရာအာရုံရှိသော ဈာန်သို့ ရောက်၍နေသော အာကိဉ္စညာယတန ဈာန်တရား၊ ၇။ အလုံးစုံသော အာကိဉ္စညာယတန ဈာန်နှင့် တကွ ထိုဈာန်၏ အာရုံဖြစ်သော နတ္ထိဘော ပညတ်ကို လွန်မြောက်၍ ရုန့်ရင်း ထင်ရှားသော သညာ မရှိသည်လည်း ဖြစ်၍ သိမ်မွေ့သော သညာ မရှိသည်လည်း မဟုတ်သော ဈာန်စိတ္တုပ္ပါဒ် တည်းဟူသော မနာယတန ဓမ္မာယတနသို့ ရောက်၍ နေသော နေဝသညာနာသညာယတန ဈာန်တရား၊၈။ အလုံးစုံသော နေဝသညာနာသညာယတန ဈာန်တရားကို လွန်၍ သညာဝေဒနာတို့၏ ချုပ်ခြင်း တည်းဟူသော နိရောဓသမာပတ်သို့ ရောက်၍ နေသော သူ၏ သညာဝေဒယိတ နိရောဓသမာပတ်။ (မ၊၂။၂၀၅။) (မ၊မြန်၊၂။၂၁၇။)

ဝိမောက္ခမုခ တရား ၃ ပါး ၁။ သခ်ါရအားလုံးတို့ကို ရှုခြင်းဖြင့် လောကမှ ထွက်မြောက်ခြင်း အနိမိတ္တဝိမောက္ခမုခ၊ ၂။ သခ်ါရတို့၌ ထိတ်လန့်ခြင်းဖြင့် လောကမှ ထွက်မြောက်ခြင်း အပ္ပဏိဟိတဝိမောက္ခမုခ၊၃။ တရားအလုံးစုံကို အနတ္တဟု ရှုခြင်းဖြင့် လောကမှ ထွက်မြောက်ခြင်း သုညတဝိမောက္ခမုခ။ (ပဋိသံ။၂၄၄။) (ပဋိသံ၊မြန်။၃၀၁။)

ဝိမောက္ခသုံးပါးတို့ ကာလအမျိုးမျိုး၌ ဖြစ်ပုံ ၄ မျိုး ၁။ အကြိုးအကဲသဘော (အာဓိပတေယျတ္ထ)၊ ၂။ ဆောက်တည်ခြင်းသဘော (အဓိဋ္ဌာနတ္ထ)၊ ၃။ ရှေးရှုဆောင်ခြင်းသဘော (အဘိနီဟာရတ္ထ)၊ ၄။ ထုတ်ဆောင် ထွက်မြောက်ခြင်းသဘော (နိယျာနတ္ထ) ။ (ပဋိသံ။၂၆၀။) (ပဋိသံ၊မြန်။၃၁၈။)

ဝိမောက္ခသုံးပါးတို့ တစ်ခုတည်းသော ကာလ၌ ဖြစ်ပုံ ၇ မျိုး ၁။ တစ်ခုတည်းပေါင်းသော သဘော (သမောဓာနတ္ထ)၊ ၂။ ရောက်ခြင်းသဘော (အဓိဂမတ္ထ)၊ ၃။ ရခြင်းသဘော (ပဋိလာဘတ္ထ)၊ ၄။ ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းသဘော (ပဋိဝေဓတ္ထ)၊ ၅။ မျက်မှောက်ပြုခြင်းသဘော (သစ္ဆိကိရိယတ္ထ)၊ ၆။ ဉာဏ်ဖြင့် တွေ့ထိခြင်းသဘော (ဖဿနတ္ထ)၊ ၇။ ထိုးထွင်း၍ သိခြင်း သဘော (အဘိသမယတ္ထ) ။ (ပဋိသံ။၂၆၀–၂၆၁။) (ပဋိသံ၊မြန်။၃၁၉။)

http://www.dhammadownload.com

ဝိမုတ္တာယတန ၅ ပါး ကိလေသာမှ လွတ်မြောက်ကြောင်း ၅ ပါးနှင့် တူသည်။

ဝိမုတ္တာယတန ၅ ပါး (တစ်နည်း) ကိလေသာမှ လွတ်မြောက်ကြောင်း ၅ ပါး (တစ်နည်း) နှင့် တူသည်။

ဝိမုတ္တိ ၂ ပါး ၁။ စိတ်၏ နလုံးသွင်းမှု– အဓိမုတ္တိ၊ ၂။ နိဗ္ဗာန်– နိဗ္ဗာနဝိမုတ္တိ။ (အဘိ၊ဓ။၂၆၅။) (မ၊ဋ္ဌ၊၁။၄၅။) (ဣတိဝုတ်၊ဋ္ဌ။၁၅၉။) (အဘိ၊ဓ၊မြန်။၅၀၄။)

ဝိမုတ္တိ ၂ ပါး (တစ်နည်း) ၁။ စိတ်၏ နီဝရဏ စသည်တို့မှ လွတ်ခြင်းသည် စိတ္တဝိမုတ္တိ မည်၏၊ ၂။ နိဗ္ဗာန်သည် အလုံးစုံသော သခ်ံတမှ လွတ်ခြင်းကြောင့် ဝိမုတ္တိ မည်၏။ (ဒီ၊ဋ္ဌ၊၃။၁၆၇။)

ဝိမုတ္တိ ၂ ပါး (တစ်နည်း) ၁။ ရာဂဝိရာဂ စေတောဝိမုတ္တိ– ရာဂကို လွန်မြောက်ခြင်းရှိသော (ကိလေသာတို့မှ) လွတ်မြောက်သော (အရဟတ္တဖိုလ်) သမာဓိရှိသောသူ၊ ၂။ အဝိဇ္ဇာဝိရာဂ ပညာဝိမုတ္တိ– အဝိဇ္ဇာကင်းကြောင်းဖြစ်သော ပညာဝိမုတ္တိ အရဟတ္တဖိုလ်ပညာ။ (ပေဋကော။ ၁၇၅။)

ဝိမုတ္တိ ၅ ပါး ၁။ တဒင်္ဂဝိမုတ္တိ– ခဏလွတ်ကင်းခြင်းရှိသော နိစ္စသညာ စသည်တို့မှ လွတ်ကင်းသော အနုပဿနာ ခုနစ်ပါး၊ ၂။ ဝိက္ခမ္ဘနဝိမုတ္တိ– နီဝရဏ စသော တရားတို့မှ လွတ်သော သမာပတ် ရှစ်ပါး၊ ၃။ သမုစ္ဆေဒဝိမုတ္တိ– ကိုယ်တိုင် ဖြတ်တောက်ပြီးသော ကိလေသာတို့မှ လွတ်ကင်းသော မဂ် လေးပါး၊ ၄။ ပဋိပ္ပဿဒ္ဓိဝိမုတ္တိ– မဂ်တန်ခိုး အရှိန်ကြောင့် ကိလေသာငြိမ်းပြီးသော အာရုံခံဖြစ်သော ဖိုလ် လေးပါး၊ ၅။ နိဿရဏဝိမုတ္တိ– ကိလေသာအားလုံးတို့မှ လွတ်ကင်းသော နိဗ္ဗာန်။ (ဒီ၊ဋ္ဌ၊၂။၁၉။) (မ၊ဋ္ဌ၊၄။၁၀။) (သံ၊ဋ္ဌ၊၃။၂၄။) (ဓမ္မ၊ဋ္ဌ၊၁။၂၇၄။) (ဥဒါန၊ဋ္ဌ။၂၉။) (ဒီ၊ဋ္ဌ၊မြန်၊၂။၃၄။)

ဝိမုတ္တိဉာဏ်မည်သော တရား ၄ မျိုး ၁။ ဝိပဿနာဉာဏ်– နိစ္စနိမိတ်အစရှိသော အာရုံတို့မှ လွတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း, တဒင်္ဂဝိမုတ္တိ၏ အဖြစ်ဖြင့် ကိလေသာတို့မှ လွတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဝိမုတ္တိဉာဏ် မည်၏၊ ၂။ မဂ်တရား– ဆိုင်ရာ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်သောအားဖြင့် လွတ်သော ဉာဏ် မည်၏၊ ၃။ ဖိုလ်တရား– ဆိုင်ရာကိလေသာတို့ကို တစ်ဖန် ငြိမ်းစေခြင်းအားဖြင့် လွတ်သည် မည်၏၊ ၄။ ပစ္စဝေက္ခဏာ ဉာဏ်– မဂ်ဝိမုတ္တိ, ဖိုလ်ဝိမုတ္တိကို သိစေတတ်သောကြောင့် ဝိမုတ္တိဉာဏ် မည်၏။ (အဘိ၊ဋ္ဌ၊ ၃။၁၈၃။)

ဝိမုတ္တိပရိပါစနိယ တရား ၁၅ ပါး ၁။ သဒ္ဓါမဲ့သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၂။ ပျင်းသော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၃။ သတိလွတ်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၄။ စိတ်သမာဓိ မတည်ကြည်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၅။ ပညာမဲ့သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၆။ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၇။ လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၈။ သတိတည်မြဲသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၉။ သမာဓိ တည်ကြည်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၁၀။ ပညာရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲ ဆည်းကပ်ခြင်း၊ ၁၁ ကြည်ညိုဖွယ်ရှိသော သုတ္တန်တို့ကို ဆင်ခြင်ခြင်း၊ ၁၂။ သမ္မပ္ပဓာန်တို့ကို ဆင်ခြင်ခြင်း၊ ၁၃။ သတိပဋ္ဌာန်တို့ကို ဆင်ခြင်ခြင်း၊ ၁၄။ ဈာန်ဝိမောက္ခတို့ကို ဆင်ခြင်ခြင်း၊

http://www.dhammadownload.com

၁၅။ နက်နဲသော ဉာဏ်၏ ကျက်စားရာဖြစ်သော ခန္ဓာ အာယတန စသော တရားကို ဆင်ခြင်ခြင်း။ (မ၊၌၊၄၊၂၄၃။)

ဝိမုတ္တိပရိပါစနိယ တရား ၁၅ ပါး (တစ်နည်း) ၁။ သဒ္ဓါန္ဒြေ၊ ၂။ ဝီရိယိန္ဒြေ၊ ၃။ သတိန္ဒြေ၊ ၄။ သမာဓိန္ဒြေ၊ ၅။ ပညိန္ဒြေ၊ ၆။ အနိစ္စသညာ၊ ၇။ အနိစ္စ၌ ဒုက္ခသညာ၊ ၈။ ဒုက္ခ၌ အနတ္တသညာ၊ ၉။ ပဟာနသညာ၊ ၁၀။ ဝိရာဂသညာ၊ ၁၁။ မေထိယထေရ်အား ဟောကြားအပ်သော ကလျာဏမိတ္တတာ– မိတ်ဆွေကောင်းရှိခြင်း၊ ၁၂။ ဝီရိယသံဝရ– ဣန္ဒြိယသံဝရသီလနှင့် ပြည့်စုံခြင်း၊ ၁၃။ အဘိသလ္လေခတာ– အလွန် ခေါင်းပါးစွာ ကျင့်ခြင်း၊ ၁၄။ ဝိရိယာရမ္ဘ– ကြိုးစားအားထုတ်မှု လုံ့လနှင့် ပြည့်စုံခြင်း၊ ၁၅။ နိဗ္ဗေဓိကပညာ– ကိလေသာတို့ကို ဖောက်ခွဲဖျက်ဆီးတတ်သော ပညာနှင့် ပြည့်စုံခြင်း။ (မ၊၌၊၄၊၂၄၄။) (သံ၊၌၊၃။၃၇။) (ဥဒါန၊၌။၂၀၀။)

ဝိရတိ ၃ ပါး ၁။ သမ္မတ္တဝိရတိ– မိမိ၏ ဇာတ် အမျိုး ဂုဏ်သိက္ခာ စသည်ကို အစွဲပြု၍ မိမိ ရှေ့မှောက် ရောက်လာသော အကုသိုလ်ဝတ္ထုမှ ရှောင်ကြဉ်ခြင်း၊ ၂။ သမာဒါနဝိရတိ– သိက္ခာပုဒ်ကို ဆောက်တည်ထားသဖြင့် အကုသိုလ်အမှုမှ ရှောင်ကြဉ်ခြင်း၊ ၃။ သမုစ္ဆေဒ ဝိရတိ– အရိယာမဂ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်သဖြင့် ရှောင်ကြဉ်ခြင်း။ (ဒီ၊၌၊၁။၂၇၂။) (ဒီ၊၌၊၁။၂၉၁။) (မ၊၌၊၁။၂၀၇။) (သံ၊၌၊၂။၁၃၈။) (အဘိ၊၌၊၁။၁၄၆။) (ပဋိသံ၊၌၊၁။၂၀၈။) (ခုဒ္ဒက၊၌။၁၂၀။) (ဣတိဝုတ်၊၌။၂၂၃။) (သုတ္တနိ၊၌၊၂။၂၅။) (ဒီ၊၌၊မြန်၊၁။၅၃၀၊၅၆၃။) (ဒီ၊၌၊မြန်၊၁။၅၃၀၊၅၆၃။)

ဝိရာဂ ၂ ပါး ၁။ ခယဝိရာဂ– သခါရတရားတို့၏ ဘင်ခဏဟူသော ပျက်စီးခြင်းသည်သာလျှင် ဖြစ်သော ကင်းခြင်း၊ ၂။ အစ္စန္တဝိရာဂ– စင်စစ် ရာဂကင်းကြောင်းဖြစ်သော (နိဗ္ဗာန်) တရား။ (ဝိ၊၌၊၂။၃၅။) (မ၊၌၊၂။၁၉၉။) (အံ၊၌၊၃။၁၇၅။) (ပဋိသံ၊၌၊၂။၁၀၂။) (ဝိသုဒ္ဓိ၊၁။၂၈၂။)

ဝိရာဂ ၂ ပါး တစ်နည်း ၁။ နိဗ္ဗာန်၊၂။ နိဗ္ဗာန်လျှင် အာရုံရှိသော တရားများ။ (ပဋိသံ။၃၂၅၊၃၂၆။) (ပဋိသံ၊မြန်။၃၈၅–၃၈၆။)

ဝိရာဂါနုပဿနာဉာဏ် လွတ်ရာ ဥပါဒါန် ၁ ပါး ၁။ ကာမုပါဒါန်။ (ပဋိသံ။၂၄၃။) (ပဋိသံ၊မြန်။၃၀၀။)

ဝိရောဓဝတ္ထု ၆ ပါး ၁။ နှလုံးကို မပွားစေတတ်ကုန်သော ရူပါရုံတို့၌ စိတ်နှလုံး မသာယာသဖြင့် ကြမ်းတမ်းစွာ အမျက်ထွက်ခြင်း၊ ၂။ နှလုံးကို မပွားစေတတ်ကုန်သော သဒ္ဒါရုံတို့၌ စိတ်နှလုံး မသာမယာသဖြင့် ကြမ်းတမ်းစွာ အမျက်ထွက်ခြင်း၊ ၃။ နှလုံးကို မပွားစေတတ်ကုန်သော ဂန္ဓာရုံတို့၌ စိတ်နှလုံးမသာမယာသဖြင့် ကြမ်းတမ်းစွာ အမျက်ထွက်ခြင်း၊ ၄။ နှလုံးကို မပွားစေတတ်ကုန်သော ရသာရုံတို့၌ စိတ်နှလုံး မသာမယာသဖြင့် ကြမ်းတမ်းစွာ အမျက်ထွက်ခြင်း၊ ၅။ နှလုံးကို မပွားစေတတ်ကုန်သော ဖောဋ္ဌဗ္ဗာရုံတို့၌ စိတ်နှလုံး မသာယာသဖြင့် ကြမ်းတမ်းစွာ အမျက်ထွက်ခြင်း။ (အဘိ၊ဝိ။၃၉၄။) (အဘိ၊ဝိ၊မြန်၊၂။၅၀၀။)

ဝိလေခနသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ ကဲ့ရဲ့လိုသူ ဖြစ်ခြင်း၊ ၂။ ရဟန်း၏ အထံ၌ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၂။) (ဝိမတိ၊၂။၅၁။)

ဝိဝါဒဖြစ်ခြင်း၏ အကြောင်းရင်းခံ ၆ ပါး ၁။ ဒေါသထွက်တတ်သည်ဖြစ်၍ ရုန်ငြိုးဖွဲ့လေ့ရှိခြင်း၊ ၂။ သူတစ်ပါးတို့၏ ကျေးဇူးကို ချေဖျက်တတ်သည်ဖြစ်၍ ပြိုင်ဘက်ပြုလေ့ရှိခြင်း၊

http://www.dhammadownload.com

၃။ သူတစ်ပါးတို့အား ငြူစူစောင်းမြောင်းလေ့ရှိပြီး နှမြောဝန်တိုမှု ရှိခြင်း၊ ၄။ ကောက်ကျစ်စဉ်းလဲသည်ဖြစ်၍ မာယာနှင့် ပြည့်စုံခြင်း၊ ၅။ ယုတ်မာသော အလိုရှိသည်ဖြစ်၍ မိစ္ဆာဒိဋ္ဌိ အယူနှင့် ပြည့်စုံခြင်း၊ ၆။ မိစ္ဆာဒိဋ္ဌိအယူကို စွဲမြဲစွာ ဆုပ်ကိုင်လျက် မိမိကိုယ်တိုင် မိစ္ဆာအယူကိုသာလျှင် သုံးသပ်လေ့ရှိခြင်း။ (ပဋိသံ၊၁၊၂၊၂၃။)

ဝိဝါဒမူလ ၆ မျိုး ငြင်းခုံကြောင်း ၆ ပါးနှင့် တူသည်။

ဝိဝါဒမူလ ၆ မျိုး ငြင်းခုံကြောင်း ၆ ပါးနှင့် တူသည်။

ဝိဝါဒါဓိကရဏ်း ၁၈ ပါး ၁။ ဓမ္မဟူ၍ ငြင်းခုံခြင်း၊ ၂။ အဓမ္မဟူ၍ ငြင်းခုံခြင်း၊ ၃။ ဝိနယဟူ၍ ငြင်းခုံခြင်း၊ ၄။ အဝိနယဟူ၍ ငြင်းခုံခြင်း၊ ၅။ ဘုရားဟောဟူ၍ ငြင်းခုံခြင်း၊ ၆။ ဘုရားဟော မဟုတ်ဟူ၍ ငြင်းခုံခြင်း၊ ၇။ မြတ်စွာဘုရား၏ အလေ့အကျက်ဟူ၍ ငြင်းခုံခြင်း၊ ၈။ မြတ်စွာဘုရား၏ အလေ့အကျက် မဟုတ်ဟူ၍ ငြင်းခုံခြင်း၊ ၉။ ဘုရားရှင်၏ ပညတ်ချက်ဟူ၍ ငြင်းခုံခြင်း၊ ၁၀။ ဘုရားရှင်၏ ပညတ်ချက် မဟုတ်ဟူ၍ ငြင်းခုံခြင်း၊ ၁၁။ အာပတ်ဟူ၍ ငြင်းခုံခြင်း၊ ၁၂။ အာပတ်မဟုတ်ဟူ၍ ငြင်းခုံခြင်း၊ ၁၃။ လဟုကံ ပေါ့သော အာပတ်ဟူ၍ ငြင်းခုံခြင်း၊ ၁၄။ ဂရုကံ လေးသော အာပတ်ဟူ၍ ငြင်းခုံခြင်း၊ ၁၅။ သာဝသေသ= အကြွင်းရှိသော အာပတ်ဟူ၍ ငြင်းခုံခြင်း၊ ၁၆။ အနာဝသေသ= အကြွင်းမရှိသော အာပတ်ဟူ၍ ငြင်းခုံခြင်း၊ ၁၇။ ရှန့်ရင်းသော အာပတ်ဟူ၍ ငြင်းခုံခြင်း၊ ၁၈။ မရှန့်ရင်းသော အာပတ်ဟူ၍ ငြင်းခုံခြင်း။ (ဝိ၊၄။၂၁၁။) (ဝိ၊မြန်၊၄။၂၀၇–၂၀၈။)

ဝိဝါဒါဓိကရဏ်းကို တားမြစ်ခြင်းဖြင့် တားမြစ်အပ်သော သမထ ၂ ပါး ၁။ သမ္မုခါဝိနယ သမထ၊ ၂။ ယေဘုယျသိကာ သမထ။ (ဝိ၊၅၊၄။၁၉၄။)

ဝိဝါဒါဓိကရဏ်းကို မငြိမ်းစေနိုင်သော သမထ ၅ ပါး ၁။ သတိဝိနယ သမထ၊ ၂။ အမူဠှဝိနယ သမထ၊ ၃။ ပဋိညာတကရဏ သမထ၊ ၄။ တဿပါပိယသိကာ သမထ၊ ၅။ တိဏဝတ္ထာရက သမထ။ (ဝိ၊၅။၁၉၇။) (ဝိ၊မြန်၊၅။၂၈၂။)

ဝိဝါဒါဓိကရဏ်းကြောင့် သင့်သော အာပတ် ၂ မျိုး ၁။ ရဟန်းကို ဆဲရေးအံ့၊ ပါစိတ် အာပတ်သို့ သင့်၏၊ ၂။ လူသာမဏေကို ဆဲရေးအံ့၊ ဒုက္ကဋ်အာပတ်သို့ သင့်၏။ (ဝိ၊၅။၁၇၉။) (ဝိ၊မြန်၊၅။၂၆၂။)

ဝိဝါဒါဓိကရဏ်းကြောင့် သင့်သော အာပတ် ၂ မျိုး (တစ်နည်း) ၁။ ရဟန်းပဉ္စင်းကို နှုတ်လှဲ့ထိုးအံ့၊ ပါစိတ်အာပတ်သို့ သင့်၏၊ ၂။ လူသာမဏေကို နှုတ်လှဲ့ထိုးအံ့၊ ဒုက္ကဋ်အာပတ်သို့ သင့်၏။ (ဝိ၊၅။၂၆၇။) (ဝိ၊မြန်၊၅။၃၃၀။)

ဝိဝါဒါဓိကရဏ်း ငြိမ်းရာ၌ သမ္မုခါဝိနယသမထ၏ အင်္ဂါ ၄ ပါး ၁။ သံဃသမ္မုခတာ– သံဃာ့ မျက်မှောက် ဖြစ်ခြင်း၊ ၂။ ဓမ္မသမ္မုခတာ– တရား၏ မျက်မှောက်ဖြစ်ခြင်း၊ ၃။ ဝိနယသမ္မုခတာ– ဝိနည်း၏ မျက်မှောက်ဖြစ်ခြင်း၊ ၄။ ပုဂ္ဂလသမ္မုခတာ– ပုဂ္ဂိုလ်၏ မျက်မှောက်ဖြစ်ခြင်း။ (ဝိ၊၄။၂၂၀။) (ဝိ၊၄။၂၂၆။) (ဝိ၊၄။၂၂၉။) (ဝိ၊၄။၂၃၂–၂၃၃။) (ဝိ၊မြန်၊၄။၂၁၆၊၂၂၃၊၂၂၆၊၂၂၉၊၂၃၁။) (ဝိ၊မြန်၊၄။၂၁၆၊၂၂၃၊၂၂၆၊၂၂၉၊၂၃၁။) (ဝိ၊မြန်၊၄။၂၁၆၊၂၂၃၊၂၂၆၊၂၂၉၊၂၃၁။) (ဝိ၊မြန်၊၄။ ၂၁၆၊၂၂၃၊၂၂၆၊၂၂၉၊၂၃၁။)

http://www.dhammadownload.com

ဝိဝါဒါဓိကရဏ်းနှင့် ကိစ္စာဓိကရဏ်း ငြိမ်းအေးကြောင်း သမထ ၂ ပါး ၁။ သမ္မုခါဝိနယ သမထ၊ ၂။ ယေဘုယျသိကာ သမထ။ (ဝိ၅။၁၉၆။) (ဝိ၊မြန်၊၅။၂၈၀။)

ဝိဝါဒါဓိကရဏ်းနှင့် ကိစ္စာဓိကရဏ်းတို့ကို မငြိမ်းအေးစေနိုင်သော သမထ ၅ ပါး ၁။ သတိဝိနယ သမထ၊ ၂။ အမူဠ္ဍဝိနယ သမထ၊ ၃။ ပဋိညာတကရဏ သမထ၊ ၄။ တဿ ပါပိယသိကာ သမထ၊ ၅။ တိဏဝတ္ထာရက သမထ။ (ဝိ၅။၁၉၈။) (ဝိ၊မြန်၊၅။၂၈၂-၂၈၃။)

ဝိဝါဒါဓိကရဏ်းနှင့် ဆုက်ဆံသော သမထ ၂ ပါး ၁။ သမ္မုခါဝိနယ သမထ၊ ၂။ ယေဘုယျသိကာ သမထ။ (ဝိ၅။၁၈၃။) (ဝိ၊မြန်၊၅။၂၇၀။)

ဝိဝါဒါဓိကရဏ်းနှင့် တူသော အဖို့ရှိသော သမထ ၂ ပါး ၁။ သမ္မုခါဝိနယ သမထ၊ ၂။ ယေဘုယျသိကာ သမထ။ (ဝိ၅။၁၈၆။) (ဝိ၊မြန်၊၅။၂၇၁။)

ဝိဝါဒါဓိကရဏ်းနှင့် မဆက်ဆံသော သမထ ၅ ပါး ၁။ သတိဝိနယ သမထ၊ ၂။ အမူဠ္ဍ ဝိနယ သမထ၊ ၃။ ပဋိညာတကရဏ သမထ၊ ၄။ တဿပါပိယသိကာ သမထ၊ ၅။ တိဏဝတ္ထာရက သမထ။ (ဝိ၅။၁၈၅။) (ဝိ၊မြန်၊၅။၂၇၀။)

ဝိဝါဒါဓိကရဏ်းနှင့် အနုဝါဒါဓိကရဏ်း ငြိမ်းအေးကြောင်း သမထ ၅ ပါး ၁။ သမ္မုခါဝိနယ၊ ၂။ ယေဘုယျသိကာ သမထ၊ ၃။ သတိဝိနယ သမထ၊ ၄။ အမူဠ္ဍဝိနယ သမထ၊ ၅။ တဿ ပါပိယသိကာ သမထ။ (ဝိ၅။၁၉၆။) (ဝိ၊မြန်၊၅။၂၈၀။)

ဝိဝါဒါဓိကရဏ်းနှင့် အနုဝါဒါဓိကရဏ်းတို့ကို မငြိမ်းအေးစေနိုင်သော သမထ ၂ ပါး ၁။ ပဋိညာတကရဏ သမထ၊ ၂။ တိဏဝတ္ထာရက သမထ။ (ဝိ၅။၁၉၈။) (ဝိ၊မြန်၊၅။၂၈၂။)

ဝိဝါဒါဓိကရဏ်းနှင့် အာပတ္တာဓိကရဏ်း ငြိမ်းအေးကြောင်း သမထ ၄ ပါး ၁။ သမ္မုခါဝိနယ သမထ၊ ၂။ ယေဘုယျသိကာ သမထ၊ ၃။ ပဋိညာတကရဏ သမထ၊ ၄။ တိဏဝတ္ထာရက သမထ။ (ဝိ၅။၁၉၆။) (ဝိ၊မြန်၊၅။၂၈၀။)

ဝိဝါဒါဓိကရဏ်းနှင့် အာပတ္တာဓိကရဏ်းတို့ကို မငြိမ်းအေးစေနိုင်သော သမထ ၃ ပါး ၁။ သတိဝိနယ သမထ၊ ၂။ အမူဠ္ဍဝိနယ သမထ၊ ၃။ တဿပါပိယသိကာ သမထ။ (ဝိ၅။၁၉၈။) (ဝိ၊မြန်၊၅။၂၈၂။)

ဝိဝါဒါဓိကရဏ်းဖြစ်ကြောင်း ၆ ပါး ၁။ အမျက်ထွက်လေ့ရှိလျက် ရန်ငြိုးဖွဲ့တတ်ခြင်း၊ ၂။ ငြူစူ စောင်းမြောင်းလျက် မနာလို ဝန်တိုတတ်ခြင်း၊ ၃။ ကောက်ကျစ်စဉ်းလဲလျက် မာယာများ၍ လိမ်လည်လှည့်ပတ်တတ်ခြင်း၊ ၄။ ယုတ်မာသော အလိုဆိုးရှိလျက် မှားသော အယူရှိခြင်း၊ ၅။ မိမိ၏ အယူကို မှားသောအားဖြင့် သုံးသပ်တတ်လျက် ခိုင်မြဲစွာယူ၍ စွန့်ပယ်နိုင်ခဲခြင်း။ (ဝိ၄။၂၁၂။) (ဝိ၊မြန်၊၄။၂၀၈။)

ဝိဝါဒါဓိကရဏ်းမှ တစ်ပါးသော အဖို့ရှိသော သမထ ၅ ပါး ၁။ သတိဝိနယ သမထ၊ ၂။ အမူဠ္ဍဝိနယ သမထ၊ ၃။ ပဋိညာတကရဏ သမထ၊ ၄။ တဿပါပိယသိကာ သမထ၊ ၅။ တိဏဝတ္ထာရကသမထ။ (ဝိ၅။၁၈၆။) (ဝိ၊မြန်၊၅။၂၇၁။)

http://www.dhammadownload.com

ဝိဝါဒါဓိကရုဏ်း အနုဝါဒါဓိကရုဏ်းနှင့် ကိစ္စာဓိကရုဏ်းတို့ကို မငြိမ်းအေးစေနိုင်သော သမထ ၂ ပါး ၁။ ပဋိညာတကရဏ သမထ၊ ၂။ တိဏဝတ္ထာရက သမထ။ (ဝိ၅။၁၉၉။) (ဝိ၊မြန်၊၅။၂၈၄။)

ဝေဿန္တရာမင်းကြီးဘဝ၌ မြေလှုပ်သော အကြိမ် ၇ ကြိမ် ၁။ ဝေဿန္တရာမင်းကြီး ရှစ်နှစ်သား အရွယ်တွင် အသည်းနှလုံး စသည်တို့ကို တောင်းခံလာသော ပုဂ္ဂိုလ်တို့အား လှူဒါန်းလိုသော

http://www.dhammadownload.com

အလိုဆန္ဒ ဖြစ်ပေါ်သောအခါ၌ တစ်ကြိမ်၊ ၂။ ပစ္စယမဂ််လာဆင်ဖြူတော်ကို လှူဒါန်းလိုက်သဖြင့် တိုင်းပြည်မှ နှင်ထုတ်ခံရသော အခါ၌ တစ်ကြိမ်၊ ၃။ မဟာဒါနကြီးကို ဖြစ်စေသော အခါ၌ တစ်ကြိမ်၊ ၄။ သားသမီးများကို လှူဒါန်းသော အခါ၌ တစ်ကြိမ်၊ ၅။ မဒ္ဒီမိဖုရားကို လှူဒါန်းသော အခါ၌ တစ်ကြိမ်၊ ၆။ ဆွေမျိုးအပေါင်းနှင့်အတူ ဝင်္ကတောင်မှ ဇေတုတ္တရာမြို့သို့ ဝင်သော အခါ၌ တစ်ကြိမ်၊ ၇။ ရတနာ ခုနစ်ပါး မိုးရွာသွန်းသော အခါ၌ တစ်ကြိမ်။ (စရိယာ၊၌။၁၀၃။)

ဝေဿန္တရာမင်းကြီး လှူအပ်သော အဖိုးမဖြတ်နိုင်သော ပတ္တမြား ၆ မျိုး ၁။ ထီးချက်၌ တပ်သော ပတ္တမြား၊ ၂။ ထီးအထွတ်၌ တပ်သော ပတ္တမြား၊ ၃။ ပုလဲသွယ်အဖျား၌ တပ်သော ပတ္တမြား၊ ၄။ ခွန်း၌ တပ်သော ပတ္တမြား၊ ၅။ ဆင်လည်ပင်း၌ ရစ်ဆွဲသော ပုလဲသွယ်၌ တပ်သော ပတ္တမြား၊ ၆။ ဆင်ဦးကင်း၌ တပ်သော ပတ္တမြား။ (ဇာ၊၌၊၇။၂၅၂။)

ဝေဿန္တရာမင်းကြီး သားသမီးလူရခြင်း အကြောင်း ၂ ပါး ၁။ အလှူကျင့်ဝတ် မယုတ်လျော့စေလိုခြင်း၊ ၂။ ဘိုးတော်သိင္ဆည်းမင်းကြီးသည် သားတော်, သမီးတော်တို့ကို ပုဏ္ဏားကြီးထံမှ ရွေးယူမည်ဟု သိမြင်ခြင်း။ (မိလိန္ဒ။၂၇၃။) (မိလိန္ဒ၊မြန်။၂၉၂။)

ဝေဿန္တရာမင်းကြီး အမြိမပြတ် နှလုံးသွင်းအပ်သော တရား ၁၀ ပါး ၁။ ဒမ– ဣန္ဒြေတို့ကို ကျိုးနွံစွာ ဆုံးမခြင်း၊ ၂။ သမ– ဣန္ဒြေတို့၏ ညီညွတ်မှုတခြင်း၊ ၃။ ခန္တီ– သည်းခံခြင်း၊ ၄။ သံဝရ– ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ ၅။ ယမ– အမြဲတန်း သီလစောင့်ထိန်းခြင်း၊ ၆။ နိယမ– အဖန်ဖန် အထပ်ထပ် သီလစောင့်ထိန်းခြင်း၊ ၇။ အက္ကောဓ– အမျက်မထွက်ခြင်း၊ ၈။ အဝိဟိံသာ– မညှဉ်းဆဲခြင်း၊ ၉။ သစ္စာ– ဖြောင့်မှန်သော ဝစီသစ္စာရှိခြင်း၊ ၁၀။ သောစေယျ– သန့်ရှင်းဖြူစင်ခြင်း။ (မိလိန္ဒ။၁၂၁။) (မိလိန္ဒ၊မြန်။၁၃၁။)

ဝေဿန္တရာမင်းကြီးအား သိကြားမင်းက ပေးသော ဆု ၈ မျိုး ၁။ ခမည်းတော် သဉ္ဇယ မင်းကြီးက ဝေဿန္တရာမင်းကြီးကို တစ်ဖန် မင်းအဖြစ်၌ တည်စေခြင်း၊ ၂။ သတ်မိန့်ကျပြီးသော သူတို့အား သတ်ခြင်းအမှုမှ လွတ်စေခြင်း၊ ၃။ သတ္တဝါအားလုံးတို့၏ မှီခိုအားထားရာ ဖြစ်ခြင်း၊ ၄။ သူတစ်ပါး သားမယားကို မလွန်ကျူးခြင်း၊ ၅။ မိန်းမတို့၏ အလိုသို့ မလိုက် ပါခြင်း၊ ၆။ ဝေဿန္တရာမင်းကြီး၏ သားသမီးများ အသက်ရှည်ခြင်း၊ ၇။ ထမင်းအဖျော် စသော များစွာသော လှူဖွယ်ပစ္စည်းများ ပေးလှူသော်လည်း မကုန်ခန်းဘဲ ပေးလှူနိုင်ခြင်း၊ အလှူဒါန ကြီးများကို ဖြစ်စေလျက် နတ်ပြည်သို့ ရောက်ပြီး ထိုနတ်ပြည်မှ ဤလူ့ပြည်သို့ တစ်ဖန် ပြန်လာကာ သဗ္ဗညုဘုရားရှင် အဖြစ်သို့ ရောက်ခြင်း။ (စရိယာ၊၌။၁၀၀။)

ဝေဿန္တရာမင်းကြီး၏ သတ္တသတက အလှူကြီး ၇ မျိုး ၁။ ဆင် ခုနစ်ရာ၊ ၂။ မြင်း ခုနစ်ရာ၊ ၃။ ရထား ခုနစ်ရာ၊ ၄။ မိန်းမခုနစ်ရာ၊ ၅။ ကျွန်ယောကျ်ား ခုနစ်ရာ၊ ၆။ ကျွန်မိန်းမ ခုနစ်ရာ၊ ၇။ နို့စားနွားမ ခုနစ်ရာ။ (စရိယာ၊၌။၈၅။)

ဝေါဿဂ္ဂ ၂ မျိုး ၁။ ဝိပဿနာ အခိုက်အတန့်၌ တဒင်္ဂပဟာန်၏ အစွမ်းဖြင့်လည်းကောင်း, မဂ်၏ အခိုက်အတန့်၌ သမုစ္ဆေဒပဟာန်၏ အစွမ်းဖြင့်လည်းကောင်း ကိလေသာတို့ကို စွန့်ပယ်ခြင်း– ပရိစ္စာဂဝေါဿဂ္ဂ၊ ၂။ ဝိပဿနာအခိုက်အတန့်၌ ထိုနိဗ္ဗာန်သို့ ညွတ်သည်၏ အဖြစ်ဖြင့်, မဂ်၏ အခိုက်အတန့်၌ အာရုံပြုခြင်းဖြင့် နိဗ္ဗာန်သို့ ပြေးဝင်ခြင်း– ပက္ခန္ဒန ဝေါဿဂ္ဂ။ (ဒီ၊၌၊၃။၂၀၅။)

http://www.dhammadownload.com

(မ၊ဋ္ဌ၊၁၊၈၉။) (မ၊ဋ္ဌ၊၂။၁၉၉။) (သံ၊ဋ္ဌ၊၁။၁၄၅။) (အံ၊ဋ္ဌ၊၂။၁၀။) (အံ၊ဋ္ဌ၊၂။၂၆၀။) (အံ၊ဋ္ဌ၊၃။၁၇၅။) (အဘိ၊ဋ္ဌ၊၂။၃၀၂။) (ပဋိသံ၊ဋ္ဌ၊၂။၃၀၆။)

သ

သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။)(သံ၊၃။၃၆၁။)(သံ၊မြန်၊၃။၃၆၄-၃၆၇။) (သံ၊မြန်၊၃။၃၆၄-၃၆၇။)

သကဒါဂါမိမဂ်ကြောင့် ကင်းသော အနုသယ၂ ပါး ၁။ ရုန့်ရင်းသော ကာမရာဂါနုသယ၊ ၂။ ရုန့်ရင်းသော ပဋိဃာနုသယ။ (ပဋိသံ။၂၈၅။)

သကဒါဂါမိမဂ် ပယ်အပ်သော စိတ် ၆ ပါး ၁။ ဒိဋ္ဌဂတဝိပ္ပယုတ်စိတ် ၄ ပါး၊ ၂။ ဒေါမနဿသဟဂုတ်စိတ် ၂ ပါး။ (အဘိ၊ဋ္ဌ၊၁။၂၇၇။)

သကဒါဂါမိမဂ် ပယ်အပ်သော သံယောဇဉ် ၂ ပါး ၁။ ရုန့်ရင်းသော ကာမရာဂသံယောဇဉ်၊ ၂။ ရုန့်ရင်းသော ပဋိဃသံယောဇဉ်။ (ပဋိသံ။၂၈၅။) (ပဋိသံ၊မြန်။၃၄၃။)

သကဒါဂါမိမဂ်ဖြင့် ကောင်းစွာ ဖြတ်အပ်သော တရား ၄ ပါး ၁။ ကြမ်းတမ်းသော ကာမရာဂသံယောဇဉ်၊ ၂။ ပဋိဃသံယောဇဉ်၊ ၃။ ကြမ်းတမ်းသော ကာမရာဂါနုသယ၊ ၄။ ပဋိဃာနုသယ (ဤတရားလေးပါးတို့မှ စိတ်သည် လွတ်မြောက်၏)။ (ပဋိသံ။၇၀။) (ပဋိသံ၊မြန်။၉၂။)

သကဒါဂါမ်ပုဂ္ဂိုလ် ၁၂ ယောက် ၁။ သုညတဝိမောက္ခဖြင့် သကဒါဂါမ်ဖြစ်သော ပုဂ္ဂိုလ်၊ ၂။ အနိမိတ္တဝိမောက္ခဖြင့် သကဒါဂါမ်ဖြစ်သော ပုဂ္ဂိုလ်၊ ၃။ အပ္ပဏိဟိတဝိမောက္ခဖြင့် သကဒါဂါမ်ဖြစ်သော ပုဂ္ဂိုလ်၊ ၄။ အထက်ပါ ပုဂ္ဂိုလ်သုံးယောက်၌ ကျင့်ပုံ ပဋိပဒါလေးမျိုး ကွဲပြားသဖြင့် ပဋိပဒါလေးပါးနှင့် မြောက်လျှင် ၁၂ ယောက် ဖြစ်၏။ (အံ၊ဋ္ဌ၊၂။၂၁၈။)

သညာ ၃ ပါး (ဈာတ်အားဖြင့် သညာ ၃ ပါး) ၁။ ကုသလသညာ၊ ၂။ အကုသလသညာ၊ ၃။ အဗျာကတသညာ။ (ဝိသုဒ္ဓိ၊၂။၉၂။)

သညာ ၃ ပါး (မကောင်းမှု တိုးပွားစေသော သညာ ၃ ပါး) ၁။ သူတစ်ပါးပစ္စည်းဥစ္စာတို့ကို မတရားသဖြင့် ရလိုသော သညာ။၂။ သူတစ်ပါးကို ပျက်စီးစေလိုသော သညာ၊ ၃။ သူတစ်ပါးကို ညှဉ်းဆဲလိုသော သညာ။ (မ၊၃။၉၈။) (မ၊မြန်၊၃။၁၀၂။)

သညာ ၆ ပါး ၁။ ရူပသညာ- အဆင်းဌ မှတ်သားမှု၊ ၂။ သဒ္ဒသညာ- အသံဌ မှတ်သားမှု၊ ၃။ ဂန္ဓသညာ- အနံ့ဌ မှတ်သားမှု၊ ၄။ ရသသညာ- အရသာဌ မှတ်သားမှု၊ ၅။ ဖောဋ္ဌဗ္ဗ သညာ- အတွေ့ဌ မှတ်သားမှု၊ ၆။ ဓမ္မသညာ- ဓမ္မသဘောဌ မှတ်သားမှု။ (သံ၊၂။၄၉။) (သံ၊၂။၅၂။) (သံ၊မြန်၊၂။၄၇-၅၀။) (သံ၊မြန်၊၂။၄၇-၅၀။)

သညာ ၇ ပါး ၁။ မတင့်တယ်ဟု မှတ်သားမှု- အသုဘသညာ၊ ၂။ သေခြင်းဌ မှတ်သားမှု- မရဏသညာ၊ ၃။ စားသောက်ဖွယ်ဌ စက်ဆုပ်ဖွယ်ဟု မှတ်သားမှု- အာဟာရေ ပဋိကူလ

http://www.dhammadownload.com

သညာ၊ ၄။ လောကအားလုံး၌ မမွေ့လျော်ဖွယ်ဟု မှတ်သားမှု– သဗ္ဗလောကေ အနဘိရတိသညာ၊ ၅။ မမြဲဟူ၍ မှတ်သားမှု– အနိစ္စသညာ၊ ၆။ မမြဲခြင်း၌ ဆင်းရဲဟု မှတ်သားမှု– အနိစ္စေ ဒုက္ခသညာ၊ ၇။ ဆင်းရဲခြင်း၌ အစိုးမရ အနတ္တဟု မှတ်သားမှု– ဒုက္ခေ အနတ္တသညာ။ (အံ၊၂။၄၃၂။) (အံ၊မြန်၊၂။၅၄၆။)

သညာ ၇ ပါး (တစ်နည်း) ၁။ အနိစ္စာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၂။ အနတ္တာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၃။ အသုဘာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၄။ အာဒီနဝါနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၅။ ပဟာနာနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၆။ ဝိရာဂါနုပဿနာဉာဏ်၌ ဖြစ်သော သညာ၊ ၇။ နိရောဓာနုပဿနာဉာဏ်၌ ဖြစ်သော သညာ။ (ဒီ၊၃။၂၀၉။) (ဒီ၊၃။၂၄၂။) (ဒီ၊မြန်၊၃။၂၃၂။) (ဒီ၊မြန်၊၃။၂၆၅။)

သညာ ၇ ပါး ဖြစ်စေအပ်သော တရား ၇ ပါး၊ ဥပ္ပါဒေတဗ္ဗတရား ၇ ပါးတို့နှင့် တူသည်။

သညာ ၇ ပါး (တစ်နည်း) ၁။ စက္ခုသမ္ဖဿဇာသညာ– မျက်စိအတွေ့ကြောင့် ဖြစ်သော မှတ်သားမှု၊ ၂။ သောတသမ္ဖဿဇာသညာ– နားအတွေ့ကြောင့် ဖြစ်သော မှတ်သားမှု၊ ၃။ ဃာနသမ္ဖဿဇာသညာ– နှာခေါင်းအတွေ့ကြောင့် ဖြစ်သော မှတ်သားမှု၊ ၄။ ဇိဝှါသမ္ဖဿဇာသညာ– လျှာအတွေ့ကြောင့် ဖြစ်သော မှတ်သားမှု၊ ၅။ ကာယသမ္ဖဿဇာသညာ– ကိုယ်အတွေ့ကြောင့် ဖြစ်သော မှတ်သားမှု၊ ၆။ မနောဓာတုသမ္ဖဿဇာသညာ– မနောဓာတ် အတွေ့ကြောင့် ဖြစ်သော မှတ်သားမှု၊ ၇။ မနောဝိညာဏဓာတုသမ္ဖဿဇာသညာ– မနော ဝိညာဏဓာတ်အတွေ့ကြောင့် ဖြစ်သော ခံစားမှတ်သားမှု။ (အဘိ၊ဝိ။၄၁၆။) (အဘိ၊ဝိ။၄၁၈။) (အဘိ၊ဝိ၊မြန်၊၂။၅၂၆။) (အဘိ၊ဝိ၊မြန်၊၂။၅၂၆။)

သညာ ၉ ပါး ဖြစ်စေအပ်သော တရား ၉ ပါး၊ ဥပ္ပါဒေတဗ္ဗ တရား ၉ ပါးနှင့် တူသည်။

သညာ ၁၁ မျိုး ၁။ အတိတ်သညာ၊ ၂။ အနာဂတ်သညာ၊ ၃။ ပစ္စုပ္ပန်သညာ၊ ၄။ အဇ္ဈတ္တသညာ၊ ၅။ ဗဟိဒ္ဓသညာ၊ ၆။ သြဠာရိကသညာ၊ ၇။ သုခုမသညာ၊ ၈။ ဟီနသညာ၊ ၉။ ပဏီတသညာ၊ ၁၀။ ဒူရေသညာ၊ ၁၁။ သန္တိကေသညာ။ (အဘိ၊ဝိ။၅၅။) (အဘိ၊ဝိ၊မြန်၊၁။၉။)

သညာ ၃ မျိုး ၁။ ကာမသညာ၊ ၂။ ဗျာပါဒသညာ၊ ၃။ ဝိဟိံသာသညာ။ (သာရတ္ထ၊ဋီ၊၁။၃၀၅။)

သညာ ၄ မျိုး ၁။ နည်းသော အာနုဘော်ရှိသော ကာမာဝစရသညာ (ပရိတ္တသညာ)၊ ၂။ မြတ်သည်၏ အဖြစ်သို့ ရောက်သော ရူပါဝစရသညာ (မဟဂ္ဂတသညာ)၊ ၃။ အတိုင်းအရှည် မရှိသော လောကုတ္တရာသညာ (အပ္ပမာဏသညာ)၊ ၄။ တစ်စုံတစ်ခုမျှ မရှိဟူသော အာကိဉ္စညာယတနသညာ။ (အံ၊၃။၃၀၆။) (အံ၊မြန်၊၃။၃၀၅။)

သညာ ၅ မျိုး (အကျိုးအာနိသင်ကြီးသော သညာ ၅ မျိုး) ၁။ မတင့်တယ်မှုဟူသော အမှတ် “အသုဘသညာ”၊ ၂။ သေခြင်း၌ ဖြစ်သော အမှတ် “မရဏသညာ”၊ ၃။ အပြစ်ဟု ဖြစ်သော အမှတ် “အာဒီနဝသညာ”၊ ၄။ မျိုအပ်သော အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟူသော အမှတ် “အာဟာရပဋိကူလသညာ”၊ ၅။ လောကအားလုံး၌ မွေ့လျော်ဖွယ် မရှိဟူသော အမှတ် “သဗ္ဗလောကအနဘိရတိသညာ”။ (အံ၊၂။၇၀။) (အံ၊မြန်၊၂။၈၅။)

http://www.dhammadownload.com

သညာ ၅ မျိုး တစ်နည်း (အကျိုးအာနိသင်ကြီးသော သညာ ၅ မျိုး) ၁။ အမြဲမရှိ ဟူသော အမှတ် "အနိစ္စသညာ"၊ ၂။ အစိုးမရ "အတ္တမဟုတ်"ဟူသော အမှတ် "အနတ္တသညာ"၊ ၃။ သေခြင်းဥ် ဖြစ်သော အမှတ် "မရဏသညာ"၊ ၄။ မျိုအပ်သော အစာအာဟာရဥ် စက်ဆုပ် ရွံရှာဖွယ်ဟူသော အမှတ် "အာဟာရပဋိကူလသညာ"၅။ လောကအားလုံးဥ် မွေ့လျော်ဖွယ် မရှိ ဟူသော အမှတ် "သဗ္ဗလောကအနဘိရတိသညာ"။ (အံ၊၂။၇၀။) (အံ၊မြန်၊၂။၈၅။)

သညာ ၁၀ ပါး ဖြစ်စေအပ်သော တရား ၁၀ ပါး၊ ဥပါဒေတဗ္ဗ တရား ၁၀ ပါးတို့နှင့် တူသည်။

သညာ ၁၀ ပါး ၁။ အသုဘသညာ– မတင့်တယ်ဟု အမှတ်ပြုခြင်း၊ ၂။ မရဏသညာ– သေခြင်းဥ် အမှတ်ပြုခြင်း၊ ၃။ အာဟာရေ ပဋိကူလသညာ– အစားအစာဥ် စက်ဆုပ်ဖွယ်ဟု အမှတ်ပြုခြင်း၊ ၄။ သဗ္ဗလောကေ အနဘိရတိသညာ– လောကအားလုံးဥ် မမွေ့လျော်ဖွယ်ဟု အမှတ်ပြုခြင်း၊ ၅။ အနိစ္စသညာ– မမြဲဟု အမှတ်ပြုခြင်း၊ ၆။ အနိစ္စေ ဒုက္ခသညာ– မမြဲရာဥ် ဆင်းရဲဟု အမှတ်ပြုခြင်း၊ ၇။ ဒုက္ခေ အနတ္တသညာ– ဆင်းရဲရာဥ် အစိုးမရဟု အမှတ်ပြုခြင်း၊ ၈။ ပဟာန သညာ– ပယ်ခြင်းဥ် ဖြစ်သော အမှတ်ပြုခြင်း၊ ၉။ ဝိရာဂသညာ– တပ်မက်မှု ကင်းခြင်းဥ် ဖြစ်သော အမှတ်ပြုခြင်း၊ ၁၀။ နိရောဓသညာ– ချုပ်ခြင်းဥ် အမှတ်ပြုခြင်း။ (အံ၊၃။၃၄၀။) (အံ၊မြန်၊၃။၃၃၅။)

သညာ ၁၀ ပါး (တစ်နည်း) ၁။ မမြဲဟု အမှတ်ပြု အနိစ္စသညာ၊ ၂။ အစိုးမရဟု အမှတ်ပြုမှု အနတ္တသညာ၊ ၃။ သေခြင်းဥ် အမှတ်ပြုမှု မရဏသညာ၊ ၄။ အစားအစာဥ် စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု အာဟာရေ ပဋိကူလသညာ၊ ၅။ လောကအားလုံးဥ် မမွေ့လျော်ဖွယ်ဟု အမှတ်ပြုမှု သဗ္ဗလောကေ အနဘိရတိသညာ၊ ၆။ အရိုးစုဖြစ်၍ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု အဋ္ဌိကသညာ၊ ၇။ ပိုးလောက်တို့ဖြင့် ပြည့်၍ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု ပုဠုဝကသညာ၊ ၈။ အဆင်းဖောက်ပြန်၍ ညိုမဲစွဲလျက် စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု ဝိနီလကသညာ၊ ၉။ အပိုင်းပိုင်း၍ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု ဝိစ္ဆိဒ္ဒကသညာ၊ ၁၀။ ဖူးဖူးရောင်ကြွတက်၍ စက်ဆုပ်ဖွယ်ဟု အမှတ်ပြုမှု ဥဒ္ဓုမာတကသညာ။ (အံ၊၃။၃၄၀။) (အံ၊မြန်၊၃။၃၃၉။)

သညာချုပ်ခြင်းဆိုင်ရာ အယူမှားခြင်း ၄ မျိုး ၁။ အချို့သမဏ, ဗြာဟ္မဏတို့က သညာ တို့သည် အကြောင်းအထောက်အပံ့ မရှိဘဲ ဖြစ်လည်းဖြစ် ချုပ်လည်းချုပ်ကြသည်။ အကြင်အခါ သညာဖြစ်သည်၊ ထိုအခါသညာရှိသည်၊ အကြင်အခါ သညာချုပ်သည် ထိုအခါ သညာ မရှိဟု ယူသော အယူမှားခြင်း၊ ၂။ အချို့သမဏ, ဗြာဟ္မဏတို့သည်ကား သတ္တဝါ၏ အတ္တ ဖြစ်သည်၊ ထိုသညာသည် ကပ်လည်းကပ် ခွါလည်းခွါသည်၊ အကြင်အခါမှာ သညာ ကပ်သည် ထိုအခါ သညာရှိသည်၊ အကြင်အခါ သညာခွါသည်၊ ထိုအခါ သညာမရှိဟု ယူသော အယူမှားခြင်း၊ ၃။ အချို့သမဏ ဗြာဟ္မဏတို့က တန်ခိုးကြီးသော သမဏ, ဗြာဟ္မဏ သတ္တဝါ၏ သညာကို ငင်၍လည်း သွင်းကြသည်၊ ငင်၍လည်း ထုတ်ကြသည်၊ အကြင်အခါမှာ သတ္တဝါ၏ သညာကို ငင်၍ သွင်းကြသည်၊ ထိုအခါ သညာရှိသည်၊ အကြင်အခါမှာ သတ္တဝါ၏ သညာကို ငင်၍ ထုတ်ကြသည်၊ ထိုအခါမှာ သညာမရှိဟု ယူသော အယူမှားခြင်း၊ ၄။ အချို့သမဏ, ဗြာဟ္မဏတို့က တန်ခိုးကြီးသော နတ် သတ္တဝါ၏ သညာကို ငင်၍လည်း သွင်းကြသည် ငင်၍လည်း ထုတ်ကြသည်၊ အကြင်အခါမှာ သတ္တဝါ၏သညာကို ငင်၍

http://www.dhammadownload.com

သွင်းကြသည်၊ ထိုအခါ သညာရှိသည်၊ အကြင်အခါမှာ သတ္တဝါ၏ သညာကို ငင်၍ ထုတ်ကြသည်၊ ထိုအခါ သညာမရှိဟု ယူသော အယူမှားခြင်း။ (ဒီ၊၁။၁၆၈။) (ဒီ၊မြန်၊၁။၂၀၄။)

သညာနှင့်တကွ ကိုယ်ဝန်ရှိသော သတ္တဝါ ၇ မျိုး ၁။ ကုလားအုပ်၊ ၂။ နွား၊ ၃။ မြည်း၊ ၄။ ဆိတ်၊ ၅။ သိုး၊ ၆။ ဆတ်၊ သမင်၊ ၇။ ကျွဲ။ (ဒီ၊ဋ္ဌ၊၁။၁၄၈။) (ဒီ၊ဋ္ဌ၊မြန်၊၁။၂၈၇။)

သညာမရှိသော အတ္တ ၄ မျိုး ၁။ ရုပ်ရှိသော အတ္တ၊ ၂။ ရုပ်မရှိသော အတ္တ၊ ၃။ ရုပ်ရှိသည်လည်း ဟုတ် ရုပ်မရှိသည်လည်း ဟုတ်သော အတ္တ၊ ၄။ ရုပ်ရှိသည်လည်း မဟုတ် ရုပ်မရှိသည်လည်း မဟုတ်သော အတ္တ။ (မ၊၃။၁၈။) (မ၊မြန်၊၃။၁၉။)

သညာမရှိသည့် ကိုယ်ဝန်ရှိသော သတ္တဝါ ၇ မျိုး ၁။ သလေး၊ ၂။ ကောက်ကြီး၊ ၃။ မုယော၊ ၄။ နတ်ကောက်၊ ၅။ ဆပ်၊ ၆။ ပြောင်း၊ ၇။ လူး။ (ဒီ၊ဋ္ဌ၊၁။၁၄၈။) (ဒီ၊ဋ္ဌ၊မြန်၊၁။၂၈၇။)

သညာရှိသော အတ္တ ၈ မျိုး ၁။ ရုပ်ရှိသော သညာရှိသော အတ္တ၊ ၂။ ရုပ်မရှိသော သညာရှိသော အတ္တ၊ ၃။ ရုပ်ရှိ နာမ်ရှိသော သညာရှိသော အတ္တ၊ ၄။ ရုပ်ရှိသည့်လည်း မဟုတ် နာမ်ရှိသည်လည်း မဟုတ်သော သညာရှိသော အတ္တ၊ ၅။ တူသော သညာရှိသော သညာရှိသော အတ္တ၊ ၆။ ထူးသော သညာရှိသော သညာရှိသော အတ္တ၊ ၇။ နည်းသော သညာရှိသော သညာရှိသော အတ္တ၊ ၈။ အတိုင်းအရှည်မဲ့ သညာရှိသော သညာရှိသော အတ္တ။ (မ၊၃။၁၈။) (မ၊မြန်၊၃။၁၉။)

သညာအပေါင်း ၆ ပါး ၁။ ရူပသညာ- ရူပါရုံ၌ ဖြစ်သော သညာ၊ ၂။ သဒ္ဒသညာ- သဒ္ဒါရုံ၌ ဖြစ်သော သညာ၊ ၃။ ဂန္ဓသညာ- ဂန္ဓာရုံ၌ ဖြစ်သော သညာ၊ ၄။ ရသသညာ- ရသာရုံ၌ ဖြစ်သော သညာ၊ ၅။ ဖောဋ္ဌဗ္ဗသညာ- ဖောဋ္ဌဗ္ဗာရုံ၌ ဖြစ်သော သညာ၊ ၆။ ဓမ္မသညာ- ဓမ္မာရုံ၌ ဖြစ်သော သညာ။ (ဒီ၊၃။၂၀၂။) (ဒီ၊မြန်၊၃။၂၂၅။)

သညီဝါဒ ၁၆ မျိုး ၁။ သေပြီးနောက် သညာရှိအယူ (၁၆) မျိုး-၁။ အတ္တသည် ရုပ်ရှိသည်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ သညာရှိသည်ဟု ယူသော အယူ၊ ၂။ အတ္တသည် ရုပ်မရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိသည်ဟု ယူသော အယူ၊ ၃။ အတ္တသည် ရုပ်ရှိ သည်လည်း ဟုတ်၏၊ ရုပ်မရှိသည်လည်း ဟုတ်၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာ ရှိသည်ဟု ယူသော အယူ၊ ၄။ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်၊ ရုပ်မရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိသည့်ဟု ယူသော အယူ၊ ၅။ အတ္တသည် အဆုံးရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းကို သညာရှိသည်ဟု ယူသော အယူ၊ ၆။ အတ္တသည် အဆုံးမရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိသည်ဟု ယူသော အယူ၊ ၇။ အတ္တသည် အဆုံးရှိသည်လည်း ဟုတ်၏၊ အဆုံးမရှိသည်လည်း ဟုတ်၏၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ သညာရှိသည်ဟု ယူသောအယူ၊ ၈။ အတ္တသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိ သည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ သညာရှိသည်ဟု ယူသော အယူ၊ ၉။ အတ္တသည် တစ်မျိုးတည်းသော သညာရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာ ရှိသည်ဟု ယူသော အယူ၊ ၁၀။ အတ္တသည် အမျိုးမျိုးသော သညာ ရှိ၏၊ သေပြီးနောက်

http://www.dhammadownload.com

ပျက်စီးခြင်း မရှိ၊ သညာရှိသည်ဟု ယူသော အယူ၊ ၁၁။ အတ္တသည် သေးငယ်သော သညာရှိ၏၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ သညာရှိသည်ဟု ယူသော အယူ၊ ၁၂။ အတ္တသည် ကြီးကျယ်သော သညာရှိ၏၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ သညာရှိသည်ဟု ယူသော အယူ၊ ၁၃။ အတ္တသည် စင်စစ် ချမ်းသာချည်း ရှိသည်၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ သညာရှိသည်ဟု ယူသော အယူ၊ ၁၄။ အတ္တသည် စင်စစ် ဆင်းရဲချည်း ရှိသည်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာရှိသည်ဟု ယူသော အယူ၊ ၁၅။ အတ္တသည် ချမ်းသာ ဆင်းရဲ ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ သညာရှိသည်ဟု ယူသော အယူ၊ ၁၆။ အတ္တသည် ချမ်းသာ ဆင်းရဲ မရှိ၊ သေပြီးနောက် ပျက်စီးခြင်းမရှိ သညာရှိသည်ဟု ယူသော အယူ။ (ဒီ၊၁။၂၈၊၂၉။) (ဒီ၊မြန်၊၁။၃၃။)

သညာက္ခန္ဓာ ၂ ပါး ၁။ ဟိတ်ရှိသော သညာက္ခန္ဓာ၊ ၂။ ဟိတ်မရှိသော သညာက္ခန္ဓာ။ (အဘိ၊ဝိ။ ၂၆-၂၇-၂၈။) (အဘိ၊ဝိ။၃၀၊၃၁။) (အဘိ၊ဝိ၊မြန်၊၁။၁၁၅။) (အဘိ၊ဝိ၊မြန်၊၁။၁၁၅။)

သညာက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ ဟိတ်နှင့် ယှဉ်သော သညာက္ခန္ဓာ၊ ၂။ ဟိတ်နှင့် မယှဉ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၀၊၃၁။) (အဘိ၊ဝိ၊မြန်၊၁။၁၁၅။)

သညာက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ လောကီဖြစ်သော သညာက္ခန္ဓာ၊ ၂။ လောကုတ္တရာဖြစ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၂။) (အဘိ၊ဝိ၊မြန်၊၁။၁၂၅။)

သညာက္ခန္ဓာ ၂ ပါး (တစ်နည်း) အာသဝတရား၏ အာရုံဖြစ်သော သညာက္ခန္ဓာ၊ ၂။ အာသဝ တရား၏ အာရုံမဟုတ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၂။) (အဘိ၊ဝိ၊မြန်၊၁။၁၃၂။)

သညာက္ခန္ဓာ ၂ ပါး (တစ်နည်း) အာသဝတရားနှင့် ယှဉ်သော သညာက္ခန္ဓာ၊ ၂။ အာသဝ တရားနှင့် မယှဉ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၂။) (အဘိ၊ဝိ၊မြန်၊၁။၁၃၂။)

သညာက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံဖြစ်သော သညာက္ခန္ဓာ၊ ၂။ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံလည်း မဟုတ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၂။) (အဘိ၊ဝိ၊မြန်၊၁။၁၃၃။)

သညာက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ သံယောဇဉ်နှင့် အာရုံဖြစ်သော သညာက္ခန္ဓာ၊ ၂။ သံယောဇဉ်၏ အာရုံမဟုတ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၃။) (အဘိ၊ဝိ၊မြန်၊၁။၁၃၃။)

သညာက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ သံယောဇဉ်နှင့် ယှဉ်သော သညာက္ခန္ဓာ၊ ၂။ သံယောဇဉ်နှင့် မယှဉ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၃။) (အဘိ၊ဝိ၊မြန်၊၁။၁၃၃။)

သညာက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံသာဖြစ်သော သညာက္ခန္ဓာ၊ ၂။ သံယောဇဉ်နှင့် မယှဉ်မူ၍ သံယောဇဉ်၏ အာရုံလည်းမဟုတ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၃။) (အဘိ၊ဝိ၊မြန်၊၁။၁၃၄။)

သညာက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ ဂန္ထတရား၏ အာရုံဖြစ်သော သညာက္ခန္ဓာ၊ ၂။ ဂန္ထ တရား၏ အာရုံ မဟုတ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၃။) (အဘိ၊ဝိ၊မြန်၊၁။၁၃၄။)

http://www.dhammadownload.com

သညာကွန္ဓာ ၂ ပါး (တစ်နည်း) ၁။ ဂန္ဆတရားနှင့် ယှဉ်သော သညာကွန္ဓာ။၂။ ဂန္ဆတရား၏ အာရုံမဟုတ်သော သညာကွန္ဓာ။ (အဘိ၊ဝိ။၃၃။) (အဘိ၊ဝိ၊မြန်၊၁။၁၃၅။)

သညာကွန္ဓာ ၂ ပါး (တစ်နည်း) ၁။ ဂန္ဆတရားနှင့် မယှဉ်မူ၍ ဂန္ဆတရား၏ အာရုံသာဖြစ်သော သညာကွန္ဓာ၊ ၂။ ဂန္ဆတရားနှင့် မယှဉ်မူ၍ ဂန္ဆတရား၏ အာရုံလည်းမဟုတ်သော သညာကွန္ဓာ။ (အဘိ၊ဝိ။၃၄။) (အဘိ၊ဝိ၊မြန်၊၁။၁၃၅။)

သညာကွန္ဓာ ၂ ပါး (တစ်နည်း) ၁။ သြဃတရား၏ အာရုံဖြစ်သော သညာကွန္ဓာ၊ ၂။ သြဃ တရား၏ အာရုံမဟုတ်သော သညာကွန္ဓာ။ (အဘိ၊ဝိ။၃၄။) (အဘိ၊ဝိ၊မြန်၊၁။၁၃၆။)

သညာကွန္ဓာ ၂ ပါး (တစ်နည်း) ၁။ သြဃတရားနှင့် ယှဉ်သော သညာကွန္ဓာ၊ ၂။ သြဃ တရားနှင့် မယှဉ်သော သညာကွန္ဓာ။ (အဘိ၊ဝိ။၃၄။) (အဘိ၊ဝိ၊မြန်၊၁။၁၃၆။)

သညာကွန္ဓာ ၂ ပါး (တစ်နည်း) ၁။ သြဃတရားနှင့် မယှဉ်မူ၍ သြဃတရား၏ အာရုံသာ ဖြစ်သော သညာကွန္ဓာ၊ ၂။ သြဃတရားနှင့် မယှဉ်မူ၍ သြဃတရား၏ အာရုံလည်း မဟုတ်သော သညာကွန္ဓာ။ (အဘိ၊ဝိ။၃၄။) (အဘိ၊ဝိ၊မြန်၊၁။၁၃၇။)

သညာကွန္ဓာ ၂ ပါး (တစ်နည်း) ၁။ ယောဂတရား၏ အာရုံဖြစ်သော သညာကွန္ဓာ၊ ၂။ ယောဂ တရား၏ အာရုံမဟုတ်သော သညာကွန္ဓာ။ (အဘိ၊ဝိ။၃၄။) (အဘိ၊ဝိ၊မြန်၊၁။၁၃၇။)

သညာကွန္ဓာ ၂ ပါး (တစ်နည်း) ၁။ ယောဂတရားနှင့် ယှဉ်သော သညာကွန္ဓာ၊ ၂။ ယောဂ တရားနှင့် မယှဉ်သော သညာကွန္ဓာ။ (အဘိ၊ဝိ။၃၄။) (အဘိ၊ဝိ၊မြန်၊၁။၁၃၇။)

သညာကွန္ဓာ ၂ ပါး (တစ်နည်း) ၁။ ယောဂတရားနှင့် မယှဉ်မူ၍ ယောဂတရား၏ အာရုံသာ ဖြစ်သော သညာကွန္ဓာ၊ ၂။ ယောဂတရားနှင့် မယှဉ်မူ၍ ယောဂတရား၏ အာရုံလည်း မဟုတ်သော သညာကွန္ဓာ။ (အဘိ၊ဝိ။၃၅။) (အဘိ၊ဝိ၊မြန်၊၁။၁၃၈။)

သညာကွန္ဓာ ၂၄ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ် အကုသိုလ် အဗျာကတ သညာကွန္ဓာ သုံးပါး၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ် အကုသိုလ် အဗျာကတသညာကွန္ဓာ သုံးပါး၊ ၃။ ဃာနသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ် အကုသိုလ် အဗျာကတသညာကွန္ဓာ သုံးပါး၊ ၄။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ် အံကုသိုလ် အဗျာကတသညာကွန္ဓာ သုံးပါး၊ ၅။ ကာယသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ် အကုသိုလ် အဗျာကတသညာကွန္ဓာ သုံးပါး၊ ၆။ မနောသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ်, အကုသိုလ်, အဗျာကတသညာကွန္ဓာ သုံးပါး၊ ၇။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနောသမ္ဖဿ ကြောင့် ဖြစ်သော သညာကွန္ဓာ ခြောက်ပါး ပေါင်း ၂၄ ပါး။ (အဘိ၊ဝိ။၃၅။) (အဘိ၊ဝိ၊မြန်၊ ၁။၁၄၀။)

သညာကွန္ဓာ ၃ ပါး ၁။ ကုသိုလ် သညာကွန္ဓာ၊ ၂။ အကုသိုလ် သညာကွန္ဓာ၊ ၃။ အဗျာကတ သညာကွန္ဓာ။ (အဘိ၊ဝိ။၂၆။) (အဘိ၊ဝိ၊မြန်၊၁။၁၁၃) (အဘိ၊ဝိ။၇၃။) (အဘိ၊ဝိ၊မြန်၊၁။၁၁၃)

သညာကွန္ဓာ ၄ ပါး ၁။ ကာမဘုံ၌ ဖြစ်သော ကာမာဝစရသညာကွန္ဓာ၊ ၂။ ရူပဘုံ၌ ဖြစ်သော ရူပါဝစရသညာကွန္ဓာ၊ ၃။ အရူပဘုံ၌ ဖြစ်သော အရူပါဝစရသညာကွန္ဓာ၊ ၄။ ဘုံ သုံးပါး၌

http://www.dhammadownload.com

အကျုံးမဝင်သော အပရိယာပန္နလောကုတ္တရ သညာက္ခန္ဓာ။ (အဘိ၊ဝိ။၂၆။) (အဘိ၊ဝိ၊မြန်၊၁။၁၁၃။)

သညာက္ခန္ဓာ ၅ ပါး ၁။ သုခဒွေနှင့် ယှဉ်သော သညာက္ခန္ဓာ၊ ၂။ ဒုက္ခဒွေနှင့် ယှဉ်သော သညာက္ခန္ဓာ၊ ၃။ သောမနဿဒွေနှင့် ယှဉ်သော သညာက္ခန္ဓာ၊ ၄။ ဒေါမနဿဒွေနှင့် ယှဉ်သော သညာက္ခန္ဓာ၊ ၅။ ဥပေက္ခာဒွေနှင့် ယှဉ်သော သညာက္ခန္ဓာ။ (အဘိ၊ဝိ။၂၇။) (အဘိ၊ဝိ၊မြန်၊၁။၁၁၃။)

သညာက္ခန္ဓာ ၆ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၃။ ဃာနသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၄။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၅။ ကာယသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၆။ မနောသမ္ဖဿကြောင့် ဖြစ်သော သညာ။ (အဘိ၊ဝိ။၂၇။) (အဘိ၊ဝိ၊မြန်၊၁။၁၁၄။)

သညာက္ခန္ဓာ ၇ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၃။ ဃာနသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၄။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၅။ ကာယသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၆။ မနောဓာတုသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၇။ မနောဝိညာဏဓာတုသမ္ဖဿကြောင့် ဖြစ်သော သညာ။ (အဘိ၊ဝိ။၂၇။) (အဘိ၊ဝိ၊မြန်၊၁။၁၁၄။)

သညာက္ခန္ဓာ ၇ ပါး (တစ်နည်း) ၁။ ကုသလသညာက္ခန္ဓာ။၂။ အကုသလသညာက္ခန္ဓာ၊ ၂။ အဗျာကတသညာက္ခန္ဓာ၊ ၄။ ကာမာဝစရသညာက္ခန္ဓာ၊ ၅။ ရူပါဝစရသညာက္ခန္ဓာ၊ ၆။ အရူပါဝစရသညာက္ခန္ဓာ၊ ၇။ ဘုံသုံးပါးဌ် အကျုံးမဝင်သော အပရိယာပန္နလောကုတ္တရ သညာက္ခန္ဓာ။ (အဘိ၊ဝိ။၃၅။) (အဘိ၊ဝိ၊မြန်၊၁။၁၃၉။)

သညာက္ခန္ဓာ ၈ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၃။ ဃာနသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၄။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၅။ ကာယသမ္ဖဿကြောင့် ဖြစ်သော သုခဝေဒနာနှင့် တကွဖြစ်သော သညာ၊ ၆။ ကာယသမ္ဖဿကြောင့် ဖြစ်သော ဒုက္ခဝေဒနာနှင့် တကွဖြစ်သော သညာ၊ ၇။ မနောဓာတုသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၈။ မနောဝိညာဏဓာတုသမ္ဖဿကြောင့် ဖြစ်သော သညာ။ (အဘိ၊ဝိ။၂၇။) (အဘိ၊ဝိ၊မြန်၊၁။၁၁၄။)

သညာက္ခန္ဓာ ၉ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၃။ ဃာနသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၄။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၅။ ကာယသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၆။ မနောဓာတုသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၇။ မနောဝိညာဏဓာတုသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ်သညာ၊ ၈။ မနောဝိညာဏဓာတုသမ္ဖဿကြောင့် ဖြစ်သော အကုသိုလ်သညာ၊ ၉။ မနောဝိညာဏဓာတုသမ္ဖဿကြောင့် ဖြစ်သော အဗျာကတသညာ။ (အဘိ၊ဝိ။၂၇။) (အဘိ၊ဝိ၊မြန်၊၁။၁၁၅။)

သညာက္ခန္ဓာ ၁၀ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၃။ ဃာနသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၄။ ဇိဝှါသမ္ဖဿကြောင့်

http://www.dhammadownload.com

ဖြစ်သော သညာ၊ ၅။ ကာယသမ္ဖဿကြောင့် ဖြစ်သော သုခဝေဒနာနှင့် တကွဖြစ်သော သညာ၊ ၆။ ကာယသမ္ဖဿကြောင့် ဖြစ်သော ဒုက္ခဝေဒနာနှင့် တကွဖြစ်သော သညာ၊ ၇။ မနောဓာတုသမ္ဖဿကြောင့် ဖြစ်သော သညာ၊ ၈။ မနောဝိညာဏဓာတုသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ်သညာ၊ ၉။ မနောဝိညာဏဓာတုသမ္ဖဿကြောင့် ဖြစ်သော အကုသိုလ် သညာ၊ ၁၀။ မနောဝိညာဏဓာတုသမ္ဖဿကြောင့် ဖြစ်သော အဗျာကတသညာ။ (အဘိ၊ဝိ။ ၂၇။) (အဘိ၊ဝိ၊မြန်၊၁။၁၁၅။)

သညာက္ခန္ဓာ ၃၀ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, အပရိယာပန္နသညာက္ခန္ဓာ လေးပါး၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, အပရိယာပန္နသညာက္ခန္ဓာ လေးပါး၊ ၃။ ဃာနသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, အပရိယာပန္နသညာက္ခန္ဓာလေးပါး၊ ၄။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, အပရိယာပန္နသညာက္ခန္ဓာလေးပါး၊ ၅။ ကာယသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, အပရိယာပန္နသညာက္ခန္ဓာလေးပါး၊ ၆။ မနောသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, အပရိယာပန္နသညာက္ခန္ဓာ လေးပါး၊ ၇။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနောသမ္ဖဿကြောင့် ဖြစ်သော သညာက္ခန္ဓာ ခြောက်ပါး ပေါင်း ၃၀ ဖြစ်၏။ (အဘိ၊ဝိ။၃၆။) (အဘိ၊ဝိ၊မြန်၊၁။၁၄၂။)

သတတဝိဟာရ ၆ ပါး ရဟန္တာ၏ မြဲသော နေခြင်း ၆ ပါး၊ ဖြစ်စေအပ်သော တရား ၆ ပါး၊ ဥပါဒေတဗ္ဗ တရား ၆ ပါးတို့နှင့် တူသည်။

သတတဝိဟာရ ၆ ပါး (တစ်နည်း) ၁။ မျက်စိဖြင့် ရူပါရုံကို မြင်သော် ဝမ်းသာ ဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၂။ နားဖြင့် သဒ္ဒါရုံကို ကြားသော် ဝမ်းသာ ဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၃။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသော် ဝမ်းသာ ဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၄။ လျှာဖြင့် ရသာရုံကို လျက်သော် ဝမ်းသာ ဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၅။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော် ဝမ်းသာ ဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိသော် ဝမ်းသာ ဝမ်းနည်း မဖြစ်ဘဲ လျစ်လျူရှု၍ နေခြင်း။ (ဒီ၊၃။၂၀၇။) (ဒီ၊၃။၂၃၉။) (ဒီ၊မြန်၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၆၂။)

သတိကင်းစွာ ကျိန်းသော ရဟန်း၏ အပြစ် ၅ ပါး ၁။ ဆင်းရဲစွာ အိပ်ရခြင်း၊ ၂။ ဆင်းရဲစွာ နိုးရခြင်း၊ ၃။ မကောင်းသော အိပ်မက် မြင်မက်ခြင်း၊ ၄။ နတ်တို့ မစောင့်ရှောက်ခြင်း၊ ၅။ သုက် လွတ်ခြင်း။ (ဝိ၊၃။၄၀၉။) (ဝိ၊၅။၃၅၇။) (အံ၊၂။၂၁၉။) (ဝိ၊မြန်၊၃။၄၁၃။) (ဝိ၊မြန်၊၅။၄၆၀။) (အံ၊မြန်၊၂။၂၇၆။)

သတိထား၍ ဆည်းကပ်ထိုက်သော အရာ ၅ မျိုး ၁။ ရှင်ဘုရင်၊ ၂။ မီး၊ ၃။ ဆင်၊ ၄။ မြွေဟောက်၊ ၅။ အလုံးစုံသော မိန်းမ။ (ဇာတက၊၂။၁၂၅။)

သတိပဋ္ဌာန် ၄ ပါး ပွားများအပ်သော တရား ၄ ပါး၊ ဘာဝေတဗ္ဗတရား ၄ ပါးတို့နှင့် တူသည်။

http://www.dhammadownload.com

သတိပဋ္ဌာန် ၄ ပါး ၁။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် သမ္မဇဉ်, အောက်မေ့မှု သတိ ရှိသည်ဖြစ်၍ လောကဌ် အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ရုပ်အပေါင်းဌ် ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုသည်ဖြစ်၍ နေခြင်း၊ ၂။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် သမ္မဇဉ်, အောက်မေ့မှု သတိရှိသည် ဖြစ်၍ လောကဌ် အဘိဇ္ဈာဒေါမနဿကို ပယ်ဖျောက်လျက် ဝေဒနာတို့ဌ် ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေခြင်း၊ ၃။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် သမ္မဇဉ်, အောက်မေ့မှု သတိရှိသည်ဖြစ်၍ လောကဌ် အဘိဇ္ဈာ, ဒေါမနဿတို့ကို ပယ်ဖျောက်လျက် စိတ်ဌ် စိတ်ဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေခြင်း၊ ၄။ ပြင်းစွာ အားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ် သမ္မဇဉ်, အောက်မေ့မှု သတိရှိသည်ဖြစ်၍ လောကဌ် အဘိဇ္ဈာ ဒေါမနဿတို့ကို ပယ်ဖျောက်လျက် သဘောတရားတို့ဌ် သဘောတရားဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေခြင်း။ (ဒီ၊၂။၁၇၅။) (ဒီ၊၂။၂၃၁။) (ဒီ၊၃။၁၈၅။) (မ၊၁။၇၀။) (မ၊၂။၂၀၃။) (သံ၊၃။၁၂၃။) (သံ၊၃။၁၄၃။) (သံ၊၃။၁၄၅။) (အဘိ၊၀။၂၀၀။) (အဘိ၊၀။၂၁၀။) (အဘိ၊၀။၂၁၃။) (ပဋိသံ။၄၀၆။) (မဟာနိ။၃၇၉။) (ပဋိသံ၊၆၁။၁၁၇။) (ပဋိသံ၊၆၁။၂၇၀။) (ဒီ၊မြန်၊၂။ ၁၉၉။) (ဒီ၊မြန်၊၂။၂၅၉။) (ဒီ၊မြန်၊၃။၂၀၅။) (ဒီ၊မြန်၊၃။၂၅၃။) (မ၊မြန်၊၁။၇၆။) (မ၊မြန်၊၂။၂၁၅။) (သံ၊မြန်၊၃။၁၂၇။) (သံ၊မြန်၊၃။၁၂၇။) (သံ၊မြန်၊၃။၁၂၇။) (သံ၊မြန်၊၃။၁၂၇။) (သံ၊မြန်၊၃။၁၆၆။) (အဘိ၊၀၊ မြန်၊၂။၁၅၉။) (အဘိ၊၀၊မြန်၊၂။၁၅၉။) (အဘိ၊၀၊မြန်၊၂။၁၅၉။) (ပဋိသံ၊မြန်။၄၆၇။) (ဒီ၊၃၊၂၃၀။)

သတိပဋ္ဌာန် ပွားများကျိုး ၂ ပါး (သတိပဋ္ဌာန်တရားကို အနည်းဆုံး ခုနစ်ရက်မှ အများဆုံး ခုနစ်နှစ် ပွားများအားထုတ်ပြီးဖော် ပုဂ္ဂိုလ်တို့ ရရှိသော အကျိုး ၂ ပါး) ၁။ မျက်မှောက်ဘဝဌ်ပင် ရဟန္တာဖြစ်နိုင်ခြင်း၊ ၂။ အနာဂါမိပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း။ (ဒီ၊၂။၂၅၁-၂၅၂။) (မ၊၁။၉၀။) (ဒီ၊မြန်၊၂။၂၈၀။) (မ၊မြန်၊၁။၉၈။)

သတိပဋ္ဌာန် ပွားများပုံ အခြင်းအရာ ၃ မျိုး ၁။ အတွင်းဖြစ်သော ကိုယ်ဌ် ကိုယ်ဟု အဖန်ဖန် ရှုလျက် နေခြင်း၊ ၂။ အပဖြစ်သော ကိုယ်ဌ် ကိုယ်ဟု အဖန်ဖန် ရှုလျက် နေခြင်း၊ ၃။ အတွင်း, အပ ဖြစ်သော ကိုယ်ဌ် ကိုယ်ဟု အဖန်ဖန်ရှုလျက် နေခြင်း၊ (ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာတို့ကိုလည်း ဤကာယာနုပဿနာနည်းတူ ရှုနိုင်သည်)။ (သံ၊၃။၁၂၅။) (သံ၊မြန်၊၃။၁၂၉။)

သတိဖြင့် ကျိန်းသော ရဟန်း၏ အကျိုး ၅ ပါး ၁။ ချမ်းသာစွာ အိပ်ရခြင်း၊ ၂။ ချမ်းသာစွာ နိုးရခြင်း၊ ၃။ မကောင်းသော အိပ်မက်များကို မမြင်မက်ခြင်း၊ ၄။ နတ်တို့ စောင့်ရှောက်ခြင်း၊ ၅။ သုက်မလွတ်ခြင်း။ (ဝိ၊၃။၄၀၀။) (ဝိ၊၅။၃၅၇။) (အံ၊၂။၂၁၉။) (ဝိ၊မြန်၊၃။၄၁၃။) (ဝိ၊မြန်၊၅။၄၆၀။) (အံ၊မြန်၊၂။၂၇၆။)

သတိရှိသူဖြစ်ကြောင်း ၄ ပါး ၁။ ကိုယ်ကာယဌ် ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားခြင်း၊ ၂။ ဝေဒနာတို့ဌ် ဝေဒနာနုပဿနာကို ပွားခြင်း၊ ၃။ စိတ်ဌ် စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပွားခြင်း၊ ၄။ ဓမ္မတို့ဌ် ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ပွားခြင်း။ (မဟာနိ။၁၈၈။) (မဟာနိ။၂၆၉။) (မဟာနိ။၃၁၂။) (မဟာနိ။၃၈၁။) (မဟာနိ။၃၈၅။) (မဟာနိ။၇။)

http://www.dhammadownload.com

သတိရှိသူဖြစ်ကြောင်း ၄ ပါး (တစ်နည်း) ၁။ သတိမရှိသူကို ကြဉ်ရှောင်ခြင်း၊ ၂။ သတိရှိစေသော တရားတို့ကို ပြုခြင်း၊ ၃။ သတိကို နှောင်ဖွဲ့တတ်သော တရားတို့ကို ပယ်သတ်ခြင်း၊ ၄။ သတိ၏ နိမိတ်ဖြစ်သော တရားကို မမေ့လျော့ခြင်း။ (မဟာနိ။၇။) (မဟာနိ။၂၆၉။)

သတိရှိသူဖြစ်ကြောင်း ၄ ပါး (တစ်နည်း) ၁။ သတိနှင့် ပြည့်စုံခြင်း၊ ၂။ သတိကို အလေ့အလာ ပြုခြင်း၊ ၃။ သတိကို အလေ့အကျက် ပြုခြင်း၊ ၄။ သတိမသက်ဆင်းခြင်း။ (မဟာနိ။၇။) (မဟာနိ။၂၆၉။)

သတိရှိသူဖြစ်ကြောင်း ၄ ပါး (တစ်နည်း) ၁။ ကပ်ငြိခြင်းကြောင့်၊ ၂။ ငြိမ်သက်သောကြောင့်၊ ၃။ ငြိမ်းအေးသောကြောင့်၊ ၄။ ငြိမ်သက်သော တရားနှင့် ပြည့်စုံသောကြောင့်။ (မဟာနိ။၈။) (မဟာနိ။၂၆၉။)

သတိလွတ်ခြင်း စသည်တို့ ဖြစ်ကြောင်း တရား ၃ ပါး ၁။ အရိယာပုဂ္ဂိုလ်တို့အား ဖူးမြော်ရန် အလိုမရှိခြင်း၊ ၂။ အရိယာတို့၏ တရားကို နာရန် အလိုမရှိခြင်း၊ ၃။ ချုပ်ချယ်လိုသော စိတ် ရှိခြင်း။ (အံ၊၃။၃၇၁။) (အံ၊မြန်၊၃။၃၆၉။)

သတိဝိနယ၏ စလယ်ဆုံး ၃ ပါး ၁။ ဝတ္ထုနှင့် ပုဂ္ဂိုလ်တို့သည် သတိဝိနယသမထ၏ အစတည်း၊ ၂။ ဥတ်သည် သတိဝိနယသမထ၏ အလယ်တည်း၊ ၃။ ကမ္မဝါစာသည် သတိဝိနယသမထ၏ အဆုံးတည်း။ (ဝိ၊၅။၂၅၂။) (ဝိ၊မြန်၊၅။၃၄၄။)

သတိဝိနည်းကို ပေးခြင်း အင်္ဂါ ၅ ပါး ၁။ စင်ကြယ်သော အာပတ်မသင့်သော (ရဟန္တာ) ပုဂ္ဂိုလ်အား ပေးခြင်း၊ ၂။ စောဒနာအပ်သော ပုဂ္ဂိုလ်အား ပေးခြင်း၊ ၃။ တောင်းပန်အပ်သော ပုဂ္ဂိုလ်အား ပေးခြင်း၊ ၄။ သံဃာဖြင့် ပေးခြင်း၊ ၅။ တရားနှင့် လျော်ညီစွာ အညီအညွတ် ပေးခြင်း။ (ဝိ၊၆၊၄။၃၆။)

သတိသမ္ဗောဇ္ဈင် ဆင်ခြင်၍ ပြုရမည့် အရာဌာန ၇ ပါး ၁။ ရှေ့သို့တက်ရာ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုခြင်း၊ ၂။ တူရကြည့်ရာ တစောင်းကြည့်ရာ၌ ဆင်ခြင်လျက် ပြုခြင်း၊ ၃။ ကွေးရာဆန့်ရာ၌ ဆင်ခြင်လျက် ပြုခြင်း၊ ၄။ ဒုကုဋ္ဌသပိတ်သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုခြင်း၊ ၅။ စားရာ သောက်ရာ ခဲရာ လျက်ရာ၌ ဆင်ခြင်လျက် ပြုခြင်း၊ ၆။ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ ဆင်ခြင်လျက် ပြုခြင်း၊ ၇။ သွားရာ, ရပ်ရာ, ထိုင်ရာ, အိပ်ရာ, နိုးရာ, ပြောရာ, ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုခြင်း။ (ဒီ၊၁။၆၇။) (ဒီ၊မြန်၊၁။၇၉။)

သတိသမ္ဗောဇ္ဈင် တည်ကြောင်း ၈ ပါး ၁။ မဖြစ်ခြင်း အနုပ္ပါဒကို ဆင်ခြင်ခြင်းကြောင့် တည်ခြင်း၊ ၂။ ဖြစ်ခြင်း ဥပ္ပါဒကို မဆင်ခြင်ခြင်းကြောင့် တည်ခြင်း၊ ၃။ ဆက်၍မဖြစ်ခြင်း အပဝတ္တကို ဆင်ခြင်ခြင်းကြောင့် တည်ခြင်း၊ ၄။ ဆက်၍ဖြစ်ခြင်း ပဝတ္တကို မဆင်ခြင်ခြင်းကြောင့် တည်ခြင်း၊ ၅။ နိမိတ်မရှိခြင်း အနိမိတ္တကို ဆင်ခြင်ခြင်းကြောင့် တည်ခြင်း၊ ၆။ နိမိတ်နိမိတ္တကို မဆင်ခြင်ခြင်းကြောင့် တည်ခြင်း၊ ၇။ ချုပ်ခြင်း ဝိသခ်ါရကို ဆင်ခြင် ခြင်းကြောင့် တည်ခြင်း၊ ၈။ သခ်ါရတို့ကို မဆင်ခြင်ခြင်းကြောင့် တည်ခြင်း။ (သံ၊၅၊၃။၁၈၂။) (ပဋိသံ။၃၁၂။) (ပဋိသံ၊မြန်။၃၇၃။)

http://www.dhammadownload.com

သတိသမ္မောဇ္ဈင် ဖြစ်ကြောင်း တရား ၄ ပါး ၁။ ရှေ့သို့သွားခြင်း နောက်သို့ဆုတ်ခြင်း စသည်တို့၌ သတိသမ္ပဇဉ်ရှိသူ ဖြစ်ခြင်း၊ ၂။ သတိကင်းလွတ်သော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်သူ ဖြစ်ခြင်း၊ ၃။ သတိစွဲမြဲသော ပုဂ္ဂိုလ်ကို မှီဝဲသူ ဖြစ်ခြင်း၊ ၄။ ထိုသတိသမ္ဗောဇ္ဈင်ဖြစ်ခြင်း၌ စွဲစွဲမြဲမြဲ သက်ဝင်သူ ဖြစ်ခြင်း။ (ဒီ၊၌၊၂။၃၇၆။) (မ၊၌၊၁။၂၉၄။) (သံ၊၌၊၃။၁၉၃။) (အံ၊၌၊၁။၃၉၀။) (အဘိ၊၌၊ ၂။၂၆၃။) (ဒီ၊ဋ္ဌ၊၂။၁၂၉။) (ဒီ၊၌၊မြန်၊၂။၆၉၇။) (ဒီ၊၌၊မြန်၊၂။၆၉၇။)

သတိသမ္ဗောဇ္ဈင် ရွှေ့လျှောကြောင်း ၈ ပါး ၁။ ဖြစ်ခြင်းကို ဆင်ခြင်ခြင်းကြောင့် ရွှေ့လျှောခြင်း၊ ၂။ မဖြစ်ခြင်းကို မဆင်ခြင်ခြင်းကြောင့် ရွှေ့လျှောခြင်း၊ ၃။ ဆက်၍ဖြစ်ခြင်းကို ဆင်ခြင်ခြင်းကြောင့် ရွှေ့လျှောခြင်း၊ ၄။ ဆက်၍ မဖြစ်ခြင်းကို မဆင်ခြင်ခြင်းကြောင့် ရွှေ့လျှောခြင်း၊ ၅။ နိမိတ်ကို ဆင်ခြင်ခြင်းကြောင့် ရွှေ့လျှောခြင်း၊ ၆။ နိမိတ်မရှိခြင်းကို မဆင်ခြင်ခြင်းကြောင့် ရွှေ့လျှောခြင်း၊ ၇။ သင်္ခါရတို့ကို ဆင်ခြင်ခြင်းကြောင့် ရွှေ့လျှောခြင်း၊ ၈။ ချုပ်ခြင်းကို မဆင်ခြင်ခြင်းကြောင့် ရွှေ့လျှောခြင်း။ (ပဋိ၊သံ။၃၁၂။) (ပဋိ၊သံ၊မြန်။၃၇၃။)

သတိန္ဒြေ စင်ကြယ်ကြောင်း ၃ ပါး ၁။ သတိလွတ်သော မေ့တတ်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၂။ သတိရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၃။ သတိပဋ္ဌာန်တရားတို့ကို ဆင်ခြင်ခြင်း။ (ပဋိ၊သံ။၁၉၈။) (မ၊၌၊၄။၂၄၃။) (သံ၊၌၊၃။၃၆။) (အံ၊၌၊၁။၃၈၈။) (ဉဒါန၊၌။၁၉၉။) (အံ၊ဋ္ဌ၊၃။၂၆၉။)

သနားခြင်း ၂ မျိုး ၁။ ပစ္စည်းဖြင့် သနားခြင်း– အာမိသာနုကမ္ပါ၊ ၂။ တရားဖြင့် သနားခြင်း– ဓမ္မာနုကမ္ပါ။ (အံ၊၁။၉၁။) (အံ၊မြန်၊၁။၁၀၇။)

သပဒါနစာရိကဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌ သပဒါနာစာရိကဓုတင်၊ ၂။ မဇ္ဈိမ သပဒါနာစာရိက ဓုတင်၊ ၃။ မုဒုက သပဒါနာစာရိကဓုတင်။ (ဝိသုဒ္ဓိ၊၁။၆၅။)

သပဒါနစာရိကဓုတင် ဆောက်တည်ရကျိုး ၈ ပါး ၁။ ဒကာတို့၌ အမြဲတမ်း လူသစ် ဖြစ်နေခြင်း၊ ၂။ လနှင့် တူသည်၏ အဖြစ်ရှိခြင်း၊ ၃။ အမျိုးဒကာတို့၌ ဝန်တိုခြင်း(ကုလမစ္ဆေရ) ကို ပယ်နိုင်ခြင်း၊ ၄။ ဒါယကာတို့၌ အညီအမျှ သနားကျင်နာမှု ရှိခြင်း၊ ၅။ ဒါယကာတို့၏ အိမ်သို့ ကပ်ခြင်း၌ အပြစ်မရှိခြင်း၊ ၆။ ပင့်ဖိတ်မှုကို လက်မခံခြင်း မနှစ်သက်ခြင်း၊ ၇။ ပို့လာသော ဆွမ်းဖြင့် အလိုမရှိခြင်း၊ ၈။ အပို့စ္ဆတာ စသည်တို့အား လျော်သော အကျင့် ရှိခြင်း။ (ဝိသုဒ္ဓိ၊၁။၆၅။)

သပဒါနစာရိကဓုတင် ဆောက်တည်သူ ၅ မျိုး ၁။ ပညာနှံ့၍ မိုက်မဲ တွေဝေသောကြောင့် ဆောက်တည်ခြင်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် ဆောက်တည်ခြင်း၊ ၃။ စိတ်ပျံ့လွင့် ရူးသွပ်သောကြောင့် ဆောက်တည်ခြင်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင့်တပည့်တို့သည် ချီးမွမ်းအပ်၏ဟု ဆောက်တည်ခြင်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို အမှီပြု၍ ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်ခြင်း။ (ဝိ၊၅။၂၃၃။) (ဝိ၊၅။၃၃၆။) (ဝိ၊မြန်၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၃၈။)

သပုဂ္ဂလနိဒ္ဒေသပညတ် ၂ မျိုး ၁။ ဒသိတာပတ္တိပညတ်၊ ၂။ အဒသိတာပတ္တိပညတ်။ (ဝဓိ၊၆၉။)

သပိတ် ၂ မျိုး (ဘုရားရှင် ခွင့်ပြုအပ်သော သပိတ် ၂ မျိုး) ၁။ လောဟပတ္တ– သံသပိတ်၊ ၂။ မတ္တိကာ

http://www.dhammadownload.com

ပတ္တ– မြေသပိတ်။ ((ဝိ၊၁။၃၅၃။) (ဝိ၊၂။၁၆၂။) (ဝိ၊၂။၃၁၈။) (ဝိ၊၅။၂၁၄။) (ဝိ၊၆၊၃၊၃၈၅။) (ဝိ၊မြန်၊၁။၃၇၃။) (ဝိ၊မြန်၊၂။၁၈၂။) (ဝိ၊မြန်၊၂။၁၈၂။) (ဝိ၊မြန်၊၅။၃၅၉။)

သပိတ် ၃ မျိုး ၁။ အကြီးစား ဥက္ကဋ္ဌသပိတ်– ဆန်တစ်ခွက်ချက် (နို့ဆီဗူး လေးလုံးချက်) ထမင်း၊ ယင်း၏ လေးပုံတစ်ပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ထည့်ယူနိုင်၏၊ ၂။ အလတ်စား မဇ္ဈိမသပိတ်– ဆန်တစ်စလယ်ချက် (နို့ဆီဗူး နှစ်လုံးချက်) ထမင်း၊ ယင်း၏ လေးပုံတစ်ပုံ ခဲဖွယ်နှင့် ၎င်းအားလျော်သော ဟင်းလျာကို ထည့်ယူနိုင်၏၊ ၃။ အငယ်စား သြမကသပိတ်– ဆန်တစ်လမယ်ချက် (နို့ဆီဗူး တစ်လုံးချက်) ထမင်း၊ ယင်း၏ လေးပုံ တစ်ပုံ ခဲဖွယ်နှင့် ၎င်းအား လျော်သော ဟင်းလျာကို ထည့်ယူနိုင်၏။ (ဝိ၊၁။၃၅၃။) (ဝိ၊မြန်၊၁။၃၇၄။) (ဝိ၊၂။၃၁၈။) (ဝိ၊မြန်၊၂။၃၅၉။)

သပိတ် ၉ လုံး ၁။ ဥက္ကဋ္ဌသပိတ်၊ ၂။ ဥက္ကဋ္ဌောမကသပိတ်၊ ၃။ ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်၊ ၄။ မဇ္ဈိမသပိတ်၊ ၅။ မဇ္ဈိမောမကသပိတ်၊ ၆။ မဇ္ဈိမုက္ကဋ္ဌသပိတ်၊ ၇။ သြမကသပိတ်၊ ၈။ သြမကောမကသပိတ်၊ ၉။ သြမကုက္ကဋ္ဌသပိတ်။ (ဝိ၊၆၊၂။၂၈၂။)

သပိတ်ကို အဓိဋ္ဌာန်တင်ခြင်း ၂ မျိုး ၁။ ကိုယ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း၊ ၂။ နှုတ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၉။)

သပိတ်ခြေ လှူရကျိုး ၅ ပါး ၁။ ငါးပါးသော အကြောင်းတို့ဖြင့် အမွေစား အမွေခံ ဖြစ်ခြင်း၊ ၂။ မည်သူတစ်ဦးတစ်ယောက်မျှ မတုန်လှုပ်စေနိုင်ခြင်း၊ ၃။ ဉာဏ်သတိဖြင့် ထိုးထွင်း၍ သိအပ်ကုန်သော တရားတို့ကို နာကြားရခြင်း၊ ၄။ ဆောင်ထားအပ်သော တရားဓမ္မတို့သည် မပျောက်မပျက်ခြင်း၊ ၅။ ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း။ (အပ၊၁။၃၆၂။) (အပ၊မြန်၊၁။၃၇၁။)

သပိတ်နှီးဝန်း ၂ မျိုး ၁။ သလွဲစင် နှီးဝန်း၊ ၂။ သလွဲမည်း နှီးဝန်း။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၉။)

သပိတ်၌ ဝိကပွနာ ပြုခြင်း ၂ မျိုး ၁။ မျက်မှောက်၌ ဝိကပွနာ ပြုခြင်း၊ ၂။ မျက်ကွယ်၌ ဝိကပွနာ ပြုခြင်း။ (ဝိ၊၆၊၂။၂၈၅။)

သပိတ်မှောက် အင်္ဂါ ၈ ပါး (ဒကာအား ရဟန်းများက သပိတ်မှောက်အင်္ဂါ ၈ ပါး) ၁။ ရဟန်းတို့အား လာဘ်မရစိမ့်သောငှာ အားထုတ်ခြင်း၊ ၂။ ရဟန်းတို့အား အကျိုးမဲ့ ဖြစ်စိမ့်သောငှာ အားထုတ်ခြင်း၊ ၃။ ရဟန်းတို့အား နေရာမရစိမ့်သောငှာ အားထုတ်ခြင်း၊ ၄။ ရဟန်းတို့အား ဆဲရေးခြိမ်းခြောက်ခြင်း၊ ၅။ ရဟန်းအချင်းချင်း ကွဲပြားစေခြင်း (ကွဲပြားစေရန် ကုန်းတိုက်ခြင်း)၊ ၆။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၇။ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၈။ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။ (ဝိ၊၄။၂၆၃။) (ဝိ၊မြန်၊၄။၂၆၅။) (အံ၊၃။၁၅၈။) (အံ၊မြန်၊၃။၁၆၀။)

သပိတ် လှူရကျိုး ၁၀ ပါး ၁။ ရွှေခွက်ဖြင့် သုံးဆောင်ရခြင်း၊ ၂။ ငွေခွက်ဖြင့် သုံးဆောင်ရခြင်း၊ ၃။ ပတ္တမြားခွက်ဖြင့် သုံးဆောင်ရခြင်း၊ ၄။ ပတ္တမြားနီ (ကျောက်နီ။) ဖြင့် ပြီးသော ခွက်ဖြင့် သုံးဆောင်ရခြင်း၊ ၅။ ဥပါဒ် ဘေးရန်အန္တရာယ် မရှိခြင်း၊ ၆။ အမြဲတမ်း ရှိသေမြတ်နိုး ပူဇော်မှု ခံရခြင်း၊ ၇။ ထမင်းအဖျော်ရည်တို့ကို ရလေ့သူ ဖြစ်ခြင်း၊ ၈။ အဝတ်အထည်တို့ကို ရလေ့ရှိသူ

http://www.dhammadownload.com

ဖြစ်ခြင်း၊ ၉။ ကျောင်းအိပ်ရာနေရာတို့ကို ရလေ့ရှိသူ ဖြစ်ခြင်း၊ ၁၀။ စည်းစိမ်ဥစ္စာများ မပျောက်ဆုံး မပျက်စီးခြင်း။ (အပ၊၁။၃၅၉။) (အပ၊မြန်၊၁။၃၆၇။)

သပိတ်လှန် အင်္ဂါ ၈ ပါး (ရဟန်းများက ဒကာအား သပိတ်လှန်အင်္ဂါ ၈ ပါး) ၁။ ရဟန်းတို့အား လာဘ်မရစေရန် အားမထုတ်ခြင်း၊ ၂။ ရဟန်းတို့အား အကျိုးမဲ့ဖြစ်စေရန် အားမထုတ်ခြင်း၊ ၃။ ရဟန်းတို့အား နေရာမရစိမ့်သောငှာ အားမထုတ်ခြင်း၊ ၄။ ရဟန်းတို့အား မဆဲရေး မခြိမ်းချောက်ခြင်း၊ ၅။ ရဟန်းအချင်းချင်း ကွဲပြားစေရန် ကုန်းမတိုက်ခြင်း)၊ ၆။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို မပြောခြင်း၊ ၇။ တရားတော်၏ ကျေးဇူးမဲ့ကို မပြောခြင်း၊ ၈။ သံဃာတော်၏ ကျေးဇူးမဲ့ကို မပြောခြင်း။ (ဝိ၊၄။၂၆၄။) (ဝိ၊မြန်၊၄။၂၆၆။) (အံ၊၃။၁၅၈။) (အံ၊မြန်၊၃။ ၁၆၀။)

သပိတ် အဓိဋ္ဌာန်တင်ပုံ ၂ မျိုး ၁။ ကိုယ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း၊ ၂။ နှုတ်ဖြင့် ရွတ်ဆို၍ အဓိဋ္ဌာန်တင်ခြင်း။ (ဝိ၊၆။၂။၂၈၄။)

သပိတ် အဓိဋ္ဌာန်ပျက်ကြောင်း ၇ ပါး ၁။ သူတစ်ပါးအား ပေးခြင်း၊ ၂။ လူဝတ်လဲခြင်း၊ ၃။ သိက္ခာချခြင်း၊ ၄။ ပျံလွန်တော်မူခြင်း (သေခြင်း။)၊ ၅။ လိင်ပြောင်းသွားခြင်း၊ ၆။ ပစ္စုဒ္ဓိရ် ပြုခြင်း၊ ၇။ သပိတ်ပေါက်သွားခြင်း။ (ဝိ၊၆။၂။၂၈၄။)

သဘာဝတရားကို အာရုံပြုသော ကမ္မဋ္ဌာန်း ၁၂ ပါး ၁။ ဗုဒ္ဓါနုဿတိ– ဘုရားရှင်၏ အရဟံစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ဓမ္မာနုဿတိ– တရားတော်၏ သွာက္ခာတတာစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ သံဃာနုဿတိ– သံဃာတော်၏ သုပ္ပဋိပန္နတာစသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ သီလာနုဿတိ– သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ စာဂါနုဿတိ– စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်း၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ အဖန်ဖန် အောက်မေ့ခြင်း၊ ဒေဝတာနုဿတိ– နတ်ဗြဟ္မာတို့ကို သက်သေအဖြစ်ဖြင့် အာရုံပြု၍ အဖန်ဖန် အောက်မေ့ခြင်း၊ မရဏာနုဿတိ– သေခြင်းကို အာရုံပြု၍ အဖန်ဖန် အောက်မေ့ခြင်း၊ ဥပသမာနုဿတိ– နိဗ္ဗာန် နိဗ္ဗာန်၏ဂုဏ်ကို အာရုံပြု၍ အဖန်ဖန် အောက်မေ့ခြင်းဟု ဆိုအပ်သော အနုဿတိ ရှစ်ပါး၊ ၂။ အာဟာရေ ပဋိကူလသညာ၊ ၃။ စတု ဓာတုဝဝတ္ထာန်၊ ၄။ ဝိညာဏဋ္ဌာယတန၊ ၅။ နေဝသညာနာသညာယတန။ (ဝိသုဒ္ဓိ၊၁။၁၀၉။)

သဘာဝအားဖြင့် ဝေဒနာ ၅ မျိုး ၁။ သုခဝေဒနာ၊ ၂။ ဒုက္ခဝေဒနာ၊ ၃။ သောမနဿဝေဒနာ၊ ၄။ ဒေါမနဿဝေဒနာ၊ ၅။ ဥပေက္ခာဝေဒနာ။ (ဝိသုဒ္ဓိ၊၂။၉၀။)

သဘောဇနသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ရာဂ ထင်ကြွကြကုန်သော လင်မယားတို့သည် နီးနီးကပ်ကပ် ထိုင်နေခြင်း၊ ၂။ အိပ်ရာခန်းဆောင် ဖြစ်ခြင်း၊ ၃။ အဖော်ရဟန်း မရှိခြင်း၊ ၄။ အနီးသို့ကပ်ဝင်၍ ထိုင်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၆။) (ဝိမတိ၊၂။၃၉။)

သမဏ ၄ မျိုး ၁။ သာသနာတွင်း၌သာ ရနိုင်၍ သာသနာပြင်ပ၌ မရနိုင်သော သောတာပန် ရဟန်း၊ ၂။ သာသနာတွင်း၌သာ ရနိုင်၍ သာသနာပြင်ပ၌ မရနိုင်သော သကဒါဂါမ်ရဟန်း၊ ၃။ သာသနာတွင်း၌သာ ရနိုင်၍ သာသနာပြင်ပ၌ မရနိုင်သော အနာဂါမ်ရဟန်း၊ ၄။ သာသနာတွင်း၌သာ ရနိုင်၍ သာသနာပြင်ပ၌ မရနိုင်သော အရဟတ္တဖိုလ်ကို မျက်မှောက်ပြုသော ရဟန္တာရဟန်း။ (အံ၊၁။၅၆၀။) (အံ၊မြန်၊၁။၅၇၅။)

http://www.dhammadownload.com

သမဏဗြာဟ္မဏတို့၏ ညစ်နွမ်းကြောင်း ၄ မျိုး ၁။ သေရည်သေရက် သောက်ခြင်းသည် သမဏဗြာဟ္မဏတို့၏ ပဌမ ညစ်နွမ်းကြောင်း၊ ၂။ မေထုန်မှီဝဲခြင်းသည် သမဏ, ဗြာဟ္မဏတို့၏ ဒုတိယ ညစ်နွမ်းကြောင်း၊ ၃။ ရွှေငွေကို ကိုင်ခြင်း ခံယူခြင်း သာယာခြင်းသည် သမဏ, ဗြာဟ္မဏတို့၏ တတိယ ညစ်နွမ်းကြောင်း၊ ၄။ မှားသော အသက်မွေးခြင်းသည် သမဏ, ဗြာဟ္မဏတို့၏ စတုတ္ထ ညစ်နွမ်းကြောင်း ဖြစ်သည်။ (အံ၊၁၊၃၆၃။) (အံ၊မြန်၊၁၊၃၇၇။)

သမဏသုခ ၈ ပါး ရဟန်းချမ်းသာ ၈ ပါးနှင့် တူသည်။

သမဏသညာ ၃ ပါး ရဟန်းတို့သန္တာန်၌ ဖြစ်စေထိုက်သော သမဏသညာ ၃ ပါး၊ ၁။ ငါသည် အဆင်းဖောက်ပြန်ခြင်းသို့ ရောက်၍ နေ၏ဟု မှတ်သိခြင်း၊ ၂။ ငါ၏ အသက်မွေးမှုသည် သူတစ်ပါးတို့နှင့် ဆက်စပ်နေ၏ဟု မှတ်သိခြင်း၊ ၃။ ငါသည် လူ့အသွင်အပြင်မှ အခြားသော ရဟန်းအသွင်အပြင်ကို ပြုအပ်၏ဟု မှတ်သိခြင်း။ (အံ၊၃။၄၂၇။) (အံ၊မြန်၊၃။၄၁၉။)

သမဏသညာ သုံးပါးကို မွှားများသော ရဟန်းတို့ ပြည့်စုံမည့်တရား ၇ ပါး ၁။ ကိုယ်ကျင့်သီလတို့၌ အမြဲမပြတ် ဖြည့်ကျင့်လေ့ရှိခြင်း၊ ၂။ အဘိဇ္ဈာ မများခြင်း၊ ၃။ ကိုယ်စိတ်ဆင်းရဲမှု ဗျာပါဒမရှိခြင်း၊ ၄။ အလွန် မာန်မာနကြီးမှု မရှိခြင်း၊ ၅။ အကျင့်သိက္ခာကို လိုလားခြင်း၊ ၆။ အသက်၏ အရံအတားဖြစ်သော ပစ္စည်းတို့၌ ဤမက်ဖိုလ်နိဗ္ဗာန်အကျိုးငှာ သုံးဆောင်၏ဟု ဆင်ခြင်ခြင်း၊ ၇။ ထက်သန်သော လုံ့လဝီရိယရှိခြင်း။ (အံ၊၃။၄၂၇။) (အံ၊မြန်၊၃။၄၁၉။)

သမထ ၂ မျိုး (ဝိဝါဒါဓိကရဏ်းကို ငြိမ်းစေသော သမထ ၂ မျိုး) ၁။ သမ္မုခါဝိနည်းသမထ၊ ၂။ ယေဘုယျသိက သမထ။ (ဝိ၊၄။၂၂၀။) (ဝိ၊၅။၁၉၅။) (ဒီ၊ဋ္ဌ၊၃။၂၂၃။) (မ၊ဋ္ဌ၊၄။၂၈။) (အံ၊ဋီ၊၃။၁၉၉။) (ဝိ၊မြန်၊၄။၂၁၆။) (ဝိ၊မြန်၊၅။၂၇၉။)

သမထ ၃ မျိုး (အာပတ္တာဓိကရဏ်းကို ငြိမ်းစေသော သမထ ၃ မျိုး) ၁။ သမ္မုခါဝိနည်းသမထ၊ ၂။ ပဋိညာတကရဏသမထ၊ ၃။ တိဏဝတ္ထာရကသမထ။ (ဝိ၊၄။၂၃၃။) (မ၊ဋ္ဌ၊၄။၃၀။) (ဝိ၊မြန်၊၄။၂၃၁။)

သမထ ၃ မျိုး ၁။ စိတ္တသမထ– သမာပတ် ရှစ်ပါးတို့၌ ရှိသော စိတ္တေကဂ္ဂတာ၊ ၂။ အဓိကရဏသမထ– သမ္မုခါဝိနယ စသော သမထ ခုနစ်ပါး၊ ၃။ သဗ္ဗသခ်ိရသမထ– သခ်ိရတရား အားလုံးတို့၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်။ (အဘိ၊ဋ္ဌ၊၁။၁၈၈။) (ပဋိသံ၊ဋ္ဌ၊၂။၁၁၉။)

သမထ ၄ မျိုး (အနုဝါဒါဓိကရဏ်းကို ငြိမ်းစေသော သမထ ၄ မျိုး) ၁။ သမ္မုခါဝိနည်းသမထ၊ ၂။ သတိဝိနည်းသမထ၊ ၃။ အမူဠှဝိနည်းသမထ၊ ၄။ တဿပါဝိယသိကသမထ။ (ဝိ၊၄။၂၂၉။) (မ၊ဋ္ဌ၊၄။၂၉။) (အံ၊ဋီ၊၃။၂၀၀။) (ဝိ၊မြန်၊၄။၂၂၅။)

သမထ ၇ မျိုး ၁။ သမ္မုခါဝိနယသမထ– သံဃ ဓမ္မ ဝိနယ ပုဂ္ဂလမျက်မှောက်၌ အဓိကရဏ်းကို ပယ်ဖျောက်ကြောင်း ငြိမ်းစေကြောင်း သမထ၊ ၂။ သတိဝိနယသမထ– သတိများပြား ရဟန္တာအား ပေးထိုက်သော အဓိကရဏ်းကို ငြိမ်းစေကြောင်းသမထ၊ ၃။ အမူဠှဝိနယ သမထ– တွေဝေခြင်း ရူးခြင်း ကင်းပျောက်သော မတွေဝေ မရူးသော ရဟန်းအား ပေးအပ် ပြုအပ်သော အဓိကရဏ်းကို ငြိမ်းစေကြောင်း ဝိနည်းသမထ၊ ၄။ ပဋိညာတကရဏသမထ– (အာပတ်ကို) ဝန်ခံခြင်းကြောင့်

http://www.dhammadownload.com

ဝန်ခံသည့်အတိုင်း ဆုံးဖြတ်မှု ပြုရသော အဓိကရုဏ်းကို ငြိမ်းစေကြောင်းသမထ၊ ၅။ ယေဘုယျသိကာ သမထ– ဓမ္မဝါဒီပုဂ္ဂိုလ်တို့၏ များသည့်၏ အဖြစ်ကို မှီသော (ဝါဝိဒါဓိကရုဏ်းကို) ငြိမ်းအေးစေခြင်း အမူအရာသမထ၊ ၆။ တဿ ပါပိယသိကာ သမထ– ထို (ဥပဝါဠရဟန်း) ကဲ့သို့ အထူးယုတ်မာသော ရဟန်းအား ပြုအပ်သော အဓိကရုဏ်းကို ပယ်ဖျောက်ကြောင်း ငြိမ်းစေကြောင်း သမထ၊ ၇။ တိဏဝတ္ထာရက သမထ– မြက်တို့ဖြင့် ဖုံးလွှမ်းအပ်သော မစင်, ကျင်ငယ်နှင့် တူသော အဓိကရုဏ်းကို ငြိမ်းစေကြောင်း သမထ။ (ဝိ၅။၁၆၉။) (ဝိ၊မြန်၊၅။၂၄၉။)

သမထနှင့် ဝိပဿနာ အစုံတွဲ၍ ပွားများပုံ ၁၆ မျိုး ၁။ အာရုံအနက် သဘောအားဖြင့် ပွားခြင်း၊ ၂။ ကျက်စားရာ အနက်သဘောအားဖြင့် ပွားခြင်း၊ ၃။ ပယ်ခြင်း အနက်သဘောအားဖြင့် ပွားခြင်း၊ ၄။ စွန့်လွှတ်ခြင်း အနက်သဘောအားဖြင့် ပွားခြင်း၊ ၅။ ထခြင်း အနက်သဘောအားဖြင့် ပွားခြင်း၊ ၆။ တစ်ဖန် ပြန်မလည်ခြင်း အနက် သဘောအားဖြင့် ပွားခြင်း၊ ၇။ ငြိမ်းခြင်း အနက်သဘောအားဖြင့် ပွားခြင်း၊ ၈။ မြတ်ခြင်း အနက် သဘောအားဖြင့် ပွားခြင်း၊ ၉။ လွတ်မြောက်ခြင်း အနက် သဘောအားဖြင့် ပွားခြင်း၊ ၁၀။ အာသဝေါမရှိခြင်း အနက် သဘောအားဖြင့် ပွားခြင်း၊ ၁၁။ ကူးမြောက်ခြင်း အနက် သဘောအားဖြင့် ပွားခြင်း၊ ၁၂။ သခ်ါရနိမိတ်ကင်းခြင်း အနက် သဘောအားဖြင့် ပွားခြင်း၊ ၁၃။ တောင့်တမှု ကင်းခြင်း အနက်သဘောအားဖြင့် ပွားခြင်း၊ ၁၄။ ဆိတ်သုဉ်းခြင်း အနက် သဘောအားဖြင့် ပွားခြင်း၊ ၁၅။ တစ်ခုတည်းသော ကိစ္စရသရှိခြင်း အနက်သဘောအားဖြင့် ပွားခြင်း၊ ၁၆။ လွန်၍ မဖြစ်ခြင်း အနက်သဘောအားဖြင့် ပွားခြင်း။ (ပဋိသံ။၂၈၈။) (ပဋိသံ၊မြန်။၃၄၅။)

သမထယာနိက ရဟန္တာ ရတနာ ၂ မျိုး ၁။ သာဝကပါရမီ ရရှိသော သမထယာနိက ရဟန္တာ ရတနာ၊ ၂။ သာဝကပါရမီ မရရှိသော သမထယာနိက ရဟန္တာရတနာ။ (ခုဒ္ဒက၊ဋ္ဌ။၁၄၉။) (သုတ္တနိ၊ဋ္ဌ၊၁။၂၇၈။)

သမထာသမထဿ သာဓာရဏဝါရ ၆ ပါး ၁။ ယေဘုယျသိကာ သမထသည် သမ္မုခါဝိနယ သမထနှင့် ဆက်ဆံ၏၊ ကျန်သမထ (၆) ပါးနှင့် မဆက်ဆံ၊ ၂။ သတိဝိနယ သမထသည် သမ္မုခါဝိနယ သမထနှင့် ဆက်ဆံ၏၊ ကျန်သမထ ၆ ပါးနှင့် မဆက်ဆံ၊ ၃။ အမူဠှဝိနယ သမထသည် သမ္မုခါဝိနယ သမထနှင့် ဆက်ဆံ၏၊ ကျန်သမထ (၆) ပါးနှင့် မဆက်ဆံ၊ ၄။ ပဋိညာတကရဏ သမထသည် သမ္မုခါဝိနယနှင့် ဆက်ဆံ၏၊ ကျန်သမထ (၆) ပါးနှင့် မဆက်ဆံ၊ ၅။ တဿပါပိယသိကာ သမထသည် သမ္မုခါဝိနယနှင့် ဆက်ဆံ၏၊ ကျန်သမထ (၆) ပါးနှင့် မဆက်ဆံ၊ ၆။ တိဏဝတ္ထာရက သမထသည် သမ္မုခါဝိနယနှင့် ဆက်ဆံ၏၊ ကျန်သမထ (၆) ပါးနှင့် မဆက်ဆံ။ (ဝိ၅။၁၈၇။) (ဝိ၊မြန်၊၅။၂၇၂။)

သမနုပဿနာ ၂ မျိုး ၁။ ဉာဏသမနုပဿနာ– ဉာဏ်ဖြင့် ကောင်းစွာ အဖန်ဖန် ရှုကြည့်ခြင်း၊ ၂။ ဒိဋ္ဌသမနုပဿနာ– မိစ္ဆာ အယူနှင့် တကွဖြစ်သော အဖန်ဖန် ရှုကြည့်ခြင်း။ (အံ၊ဋ္ဌ၊၁။၁၅။)

သမနုပဿနာ ၄ မျိုး ၁။ တဏှာသမနုပဿနာ– တဏှာဖြင့် ကောင်းစွာ အဖန်ဖန် ရှုကြည့်ခြင်း၊ ၂။ မာနသမနုပဿနာ– မာနဖြင့် ကောင်းစွာ အဖန်ဖန် ရှုကြည့်ခြင်း၊ ၃။ ဒိဋ္ဌသမနုပဿနာ–

http://www.dhammadownload.com

မိစ္ဆာ အယူဖြင့် အဖန်ဖန် ရှုကြည့်ခြင်း၊ ၄။ ဉာဏသမနုပဿနာ- ဉာဏ်ဖြင့် ကောင်းစွာ အဖန်ဖန် ရှုကြည့်ခြင်း။ (မ၊ဋ္ဌ၊၂။၁၇။)

သမနုဘာသနသိက္ခာပုဒ် ၁၁ မျိုး ၁။ ဘိက္ခုပါတိမောက်၌ လာသော ယာဝတတိယက သံဃာဒိသေသ် (၄) မျိုး၊ ၂။ အရိဋ္ဌသိက္ခာပုဒ် (၁) မျိုး၊ ၃။ ဘိက္ခုနီ ပါတိမောက်၌ လာသော ယာဝတတိယကပါရာဇိက (၁) မျိုး၊ ၄။ ယာဝတတိယက သံဃာဒိသေသ် (၄) မျိုး၊ ၅။ စဏ္ဍကာဠီ သိက္ခာပုဒ် (၁) မျိုး၊ ပေါင်း (၁၁) မျိုး။ (သာရတ္ထ၊ဋီ၊၂။၁၃၃။) (ဝိမတိ၊၁။၁၇၆။)

သမနုဿရ ပရိနိဗ္ဗာန် ၂ မျိုး ၁။ ဗျာနသမနုဿရ- ဗျာန်၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုခြင်း၊ ၂။ ပစ္ဆာဝေက္ခဏာ သမနုဿရ- ဗျာန်အင်္ဂါတို့ကို ဆင်ခြင်ပြီး၍ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုခြင်း။ (ဒီ၊ဋ္ဌ၊၂။၁၈၆။) (သံ၊ဋ္ဌ၊၁။၂၀၅။) (ဒီ၊ဋ္ဌ၊မြန်၊၂။၃၅၀။)

သမယဝိမုတ္တရဟန်း၏ ဆုတ်ယုတ်ကြောင်း တရား ၅ ပါး ၁။ အမှုကိစ္စ၌ မွေ့လျော်ခြင်း၊ ၂။ စကား ပြောဆိုခြင်း၌ မွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအသင်း၌ မွေ့လျော်ခြင်း၊ ၅။ လွတ်မြောက်ပြီးတိုင်းသော စိတ်ကို မဆင်ခြင်ခြင်း။ (အဘိ၊က။၇၈။) (အဘိ၊က၊မြန်၊၁။၁၃၄။)

သမယအနက် ၅ မျိုး ၁။ ကာလ၊ ၂။ သမူဟ၊ ၃။ ခဏ၊ ၄။ သမဝါယ၊ ၅။ ဟေတု။ (ဝဇိရ။၃၅။)

သမသီသိပုဂ္ဂိုလ် ၃ မျိုး ၁။ ကျရိယာပထသမသီသိ- အကြင် ကျရိယာပုတ်ဖြင့် ဝိပဿနာတရား အားထုတ်၍ ရဟန္တာဖြစ်ပြီး ထိုကျရိယာပုတ်ဖြင့်ပင် ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်၊ ၂။ ရောဂသမသီသိ- အနာရောဂါတစ်ခုကို ခံစားရသဖြင့် ထိုရောဂါခံစားလျက်ပင် ဝိပဿနာတရား အားထုတ်၍ ရဟန္တာဖြစ်ပြီး ထိုရောဂါဖြင့်ပင် ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်၊ ၃။ ဇီဝိတသမသီသိ- ရဟန္တာဖြစ်ပြီး ကိလေသာကုန်ခန်းခြင်းနှင့် အသက်ကုန်ခြင်း မရွေးမနှောင်း တစ်ပြိုင်နက်ဖြစ်သော ပုဂ္ဂိုလ်။ (သံ၊ဋ္ဌ၊၁။၁၆၈။) (အဘိ၊ဋ္ဌ၊၃။၃၇။) (ပဋိသံ၊ဋ္ဌ၊ ၁။၃၉၉။) (နေတ္တိ၊ဋ္ဌ။၂၇၂။)

သမသီသိရဟန္တာ ပုဂ္ဂိုလ် ၄ မျိုး ၁။ ရောဂသမသီသိ- အနာရောဂါ ငြိမ်းပျောက်ခြင်းနှင့် အာသဝေါကုန်ခန်းခြင်းတို့ တစ်ချိန်တည်းဖြစ်သော ရဟန္တာပုဂ္ဂိုလ်၊ ၂။ ဝေဒနာသမသီသိ- ဝေဒနာ ငြိမ်းပျောက်ခြင်းနှင့် အာသဝေါကုန်ခန်းခြင်းတို့ တစ်ချိန်တည်းဖြစ်သော ရဟန္တာပုဂ္ဂိုလ်၊ ၃။ ကျရိယာပထသမသီသိ- ထိုင်ခြင်း စသော ကျရိယာပုထ်တစ်ခုခုဖြင့် ဝိပဿနာ ရှုသော ယောဂီပုဂ္ဂိုလ်အား ကျရိယာပုတ်အဆုံးနှင့် အာသဝေါကုန်ခြင်းတို့ တစ်ချိန်တည်း ဖြစ်သော ရဟန္တာပုဂ္ဂိုလ်၊ ၄။ ဇီဝိတသမသီသိ- တရားအားထုတ်နေစဉ် အသက်တမ်း ကုန်ခြင်းနှင့် အာသဝေါကုန်ခန်းခြင်းတို့ တစ်ချိန်တည်းဖြစ်သော ရဟန္တာပုဂ္ဂိုလ်။ (အံ၊ဋ္ဌ၊၃။ ၁၄၉။)

သမာဓိ ၂ ပါး ၁။ ဥပစာရသမာဓိ- အပွနာသမာဓိ၏ အနီး, ရှေ့ပိုင်း၌ ဖြစ်သော သမာဓိ, ဧကဂ္ဂတာ စေတသိက်၊ ၂။ အပွနာသမာဓိ- အပွနာဈာန်နှင့် ယှဉ်သော သမာဓိ။ (ဝိသုဒ္ဓိ၊၁။၁၂၃။)

သမာဓိ ၂ ပါး (တစ်နည်း) ၁။ ဥပစာရနှင့် တကွ ဝိပဿနာ၏ အခြေခံဖြစ်သော သမာပတ် ရှစ်ပါးဟု ဆိုအပ်သော လောကိယသမာဓိ၊ ၂။ မဂ်နှင့် ယှဉ်သော သမာဓိဟု ဆိုအပ်သော လောကုတ္တရာသမာဓိ။ (ဥဒါန၊ဋ္ဌ။၂၁၁။) (ပဋိသံ။၄၇။) (ပဋိသံ၊မြန်။၆၂။)

http://www.dhammadownload.com

သမာဓိ ၃ ပါး ၁။ သဝိတက္ကသဝိစာရ သမာဓိ- ကြံစည်ခြင်း, ဆင်ခြင်ခြင်းနှင့် တကွ ဖြစ်သော သမာဓိ၊ ၂။ အဝိတက္ကဝိစာရမတ္တ သမာဓိ- ကြံစည်ခြင်းမရှိ, ဆင်ခြင်ခြင်းမျှ ရှိသော သမာဓိ၊ ၃။ အဝိတက္ကအဝိစာရ သမာဓိ- ကြံစည်ခြင်း ဆင်ခြင်ခြင်း နှစ်မျိုးလုံး မရှိသော သမာဓိ။ (ဒီ၃။ ၁၈၄။) (အဘိ၊၀။၃၅၆။) (ပဋိသံ။၄၇။) (ပေဋကော။၂၁၇။) (ပဋိသံ၊၆၊၁၁။၁၁၆။) (ဗုဒ္ဓဝံ၊၆။၆၃။) (နေတ္တိ၊၆။ ၂၁၄။) (နေတ္တိ၊၆။၈၃။) (နေတ္တိ၊၀ဘာ။၂၇၆။) (ဒီ၊မြန်၊၃။၂၀၄။) (အဘိ၊၀၊မြန်၊၂။၄၄၀။) (ပဋိသံ၊မြန်။၆၂။)

သမာဓိ ၃ ပါး (တစ်နည်း) ၁။ သုညတသမာဓိ- အတ္တ, သတ္တ, ပုဂ္ဂလ စသည်မှလည်းကောင်း, ရာဂ, ဒေါသ စသည်မှလည်းကောင်း, ကင်းဆိတ်သော မဂ်သမာဓိ ဖိုလ်သမာဓိ၊ ၂။ အနိမိတ္တ သမာဓိ- နိစ္စနိမိတ် စသည်မှ လည်းကောင်း, ရာဂနိမိတ် စသည် သင်္ခါရနိမိတ် စသည်မှ လည်းကောင်း, ကင်းသော သဘောရှိသည် ဖြစ်၍ နိဗ္ဗာန်ကို အာရုံပြုသော အခြင်းအရာအားဖြင့် ဖြစ်သော မဂ်သမာဓိ ဖိုလ်သမာဓိ၊ ၃။ အပ္ပဏိဟိတ သမာဓိ- တဏှာဖြင့် တွယ်တာခြင်း မရှိမူ၍ ဒုက္ခာနုပဿနာဖြင့် ရအပ်သော မဂ်သမာဓိ ဖိုလ်သမာဓိ။ (ဝိ၊၁။၁၁၈။) (ဒီ၊၃။၁၈၄။) (မိလိန္ဒ။၃၂၀။) (ဝိ၊မြန်၊၁။၁၂၂။) (ဒီ၊မြန်၊၃။၂၀၄။) (မိလိန္ဒ၊မြန်။၃၄၃။)

သမာဓိ ၃ ပါး (တစ်နည်း) ၁။ ခဏိကသမာဓိ- ခဏတာဖြစ်သော စိတ်တည်ကြည်ခြင်း၊ ၂။ ဥပစာရသမာဓိ- ဈာန်အနီးသို့ ကပ်ရောက်သော စိတ်တည်ကြည်ခြင်း၊ ၃။ အပ္ပနာ သမာဓိ- ဈာန်သို့ သက်ရောက်သော စိတ်တည်ကြည်ခြင်း။ (အဘိ၊၆၊၁။၁၆၀။)

သမာဓိ ၄ ပါး ၁။ ဆုတ်ယုတ်ခြင်း အဖို့ရှိသော (ဟာနဘာဂိယ) သမာဓိ၊ ၂။ တည်တံ့ခြင်း အဖို့ရှိသော (ဌိတိဘာဂိယ) သမာဓိ၊ ၃။ ထူးသော အဖို့ရှိသော (ဝိသေသဘာဂိယ) သမာဓိ၊ ၄။ ငြီးငွေ့ခြင်းအဖို့ရှိသော (နိဗ္ဗေဓဘာဂိယ) သမာဓိ။ (ပဋိသံ။၄၇။) (ပဋိသံ၊မြန်။၆၂။)

သမာဓိ ၄ ပါး တစ်နည်း (နှစ်ပါးစီ ကွဲပြားသော သမာဓိ ၄ မျိုး) ၁။ ဥပစာရသမာဓိ- အပ္ပနာ သမာဓိ၊ ၂။ လောကိယသမာဓိ- လောကုတ္တရသမာဓိ၊ ၃။ သပ္ပီတိကသမာဓိ- နိပ္ပီတိက သမာဓိ၊ ၄။ သုခသဟဂတသမာဓိ- ဥပေက္ခာသဟဂတသမာဓိ။ (ဝိသုဒ္ဓိ၊၁။၈၁။)

သမာဓိ ၄ ပါး (တစ်နည်း) (သုံးပါးစီကွဲပြားသောသမာဓိ ၄ မျိုး) ၁။ ဟီနသမာဓိ- ယုတ်သော သမာဓိ၊ မဇ္ဈိမ သမာဓိ- အလယ်အလတ်သမာဓိ၊ ပဏီတသမာဓိ- မြတ်သောသမာဓိ၊ ၂။ သဝိတက္က သဝိစာရ သမာဓိ- ကြံစည်ခြင်း အာရုံ၌ ထိုမှဤမှ လှည့်လည်၍ အဖန်ဖန် သုံးသပ်ခြင်းနှင့် တကွ ဖြစ်သော သမာဓိ၊ အဝိတက္ကအဝိစာရ သမာဓိ- ဝိတက်ဝိစာရမရှိသော သမာဓိ၊ အဝိတက္က ဝိစာရမတ္တာ သမာဓိ-ဝိတက်မရှိ, ဝိစာရသာရှိသော သမာဓိ၊ ၃။ ပီတိသဟဂတာ သမာဓိ- ဝမ်းမြောက်ခြင်းနှင့်တကွ ဖြစ်သော သမာဓိ၊ သုခသဟဂတာ သမာဓိ- သုခနှင့်တကွ ဖြစ်သော သမာဓိ၊ ဥပေက္ခာသဟဂတာ သမာဓိ- ဥပေက္ခာနှင့်တကွ ဖြစ်သော သမာဓိ၊ ၄။ ပရိတ္တ သမာဓိ- အားနည်းသမာဓိ၊ မဟဂ္ဂတသမာဓိ- မြတ်သည်၏ အဖြစ်သို့ ရောက်သော သမာဓိ၊ အပ္ပမာဏ သမာဓိ- အတိုင်းအရှည် အပိုင်းအခြား မရှိသော သမာဓိ။ (ဝိသုဒ္ဓိ၊၁။၈၂။)

သမာဓိ ၄ ပါး (တစ်နည်း) ၁။ ဆန္ဒသမာဓိ- ဆန္ဒခေါင်းဆောင်သော-သမာဓိ၊ ၂။ ဝီရိယသမာဓိ- ဝီရိယခေါင်းဆောင်သော-သမာဓိ၊ ၃။ စိတ္တသမာဓိ- စိတ်ခေါင်းဆောင်သော-သမာဓိ၊ ၄။ ဝီမံသ သမာဓိ- ပညာခေါင်းဆောင်သော-သမာဓိ။ (ပေဋကော။၁၉၃။)

http://www.dhammadownload.com

သမာဓိ ၄ ပါး (တစ်နည်း) ထိုးထွင်း၍ သိနိုင်ခဲသော တရား ၄ ပါး၊ ဒုပ္ပဋိဝိဇ္ဈတရား ၄ ပါး တို့နှင့် တူသည်။

သမာဓိ ၅ ပါး ၁။ ပီတိပျံ့နှံ့ခြင်း (ပီတိဖရဏတာ) သမာဓိ၊ ၂။ သုခပြန့်နှံ့ခြင်း (သုခ ဖရဏတာ) သမာဓိ၊ ၃။ ဥပေက္ခာစိတ်ပျံ့နှံ့ခြင်း (စေတောဖရဏတာ) သမာဓိ၊ ၄။ အရောင်အလင်း ပျံ့နှံ့ခြင်း (အာလောကဖရဏတာ) သမာဓိ၊ ၅။ ပစ္စဝေက္ခဏ၏ အကြောင်းနိမိတ်ဖြစ်သော သမာဓိ။ (ပဋိသံ။၄၇။) (ပဋိသံ၊မြန်။၆၃။)

သမာဓိ ၆ ပါး ၁။ ဗုဒ္ဓါနုဿတိ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း၊ ၂။ ဓမ္မာနုဿတိ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း၊ ၃။ သံဃာနုဿတိအစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း၊ ၄။ သီလာနုဿတိအစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း၊ ၅။ စာဂါနုဿတိ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း၊ ၆။ ဒေဝတာနုဿတိ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း။ (ပဋိသံ။၄၇။) (ပဋိသံ၊မြန်။၆၃။)

သမာဓိ ၆ ပါး (တစ်နည်း) (လေးပါးစီ ကွဲပြားသော သမာဓိ ၆ မျိုး) ၁။ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ သမာဓိ၊ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ သမာဓိ၊ သုခပဋိပဒါ ဒန္ဓာဘိညာ သမာဓိ၊ သုခပဋိပဒါ ခိပ္ပဘိညာ သမာဓိ၊ ၂။ ပရိတ္တ ပရိတ္တာရမ္မဏ သမာဓိ၊ ပရိတ္တ အပ္ပမာဏာရမ္မဏ သမာဓိ၊ အပ္ပမာဏ ပရိတ္တာရမ္မဏ သမာဓိ၊ အပ္ပမာဏ အပ္ပမာဏာရမ္မဏ သမာဓိ၊ ၃။ ပဌမစျာန် သမာဓိ၊ ဒုတိယစျာန် သမာဓိ၊ တတိယစျာန် သမာဓိ၊ စတုတ္ထစျာန်သမာဓိ၊ ၄။ ဟာနဘာဂိယ သမာဓိ၊ ဌိတိဘာဂိယ သမာဓိ၊ ဝိသေသဘာဂိယ သမာဓိ၊ နိဗ္ဗေဓဘာဂိယ သမာဓိ၊ ၅။ ကာမာဝစရ သမာဓိ၊ ရူပါဝစရ သမာဓိ၊ အရူပါဝစရ သမာဓိ၊ အပရိယာပန္န သမာဓိ၊ ၆။ ဆန္ဒသမာဓိ၊ စိတ္တသမာဓိ၊ ဝီရိယသမာဓိ၊ ဝီမံသသမာဓိ။ (ဝိသုဒ္ဓိ၊၁။၈၂။)

သမာဓိ ၇ ပါး ၁။ သမာဓိ၌ လိမ်မာခြင်း၊ ၂။ သမာဓိဝင်စားမှု၌ လိမ်မာခြင်း၊ ၃။ သမာဓိ တည်စေမှု၌ ကျွမ်းကျင်ခြင်း၊ ၄။ သမာဓိမှ ထမှု၌ လိမ်မာခြင်း၊ ၅။ သမာဓိ ခံ့ကျန်းမှု၌ လိမ်မာခြင်း၊ ၆။ သမာဓိကျက်စားရာအာရုံ၌ လိမ်မာခြင်း၊ ၇။ သမာဓိသို့ ရှေးရှုဆောင်ခြင်း၌ လိမ်မာခြင်း။ (ပဋိသံ။၄၇။) (ပဋိသံ၊မြန်။၆၃။)

သမာဓိ ၈ ပါး ၁။ ပထဝီကသိုဏ်း၏ အစွမ်းအားဖြင့် စိတ်တည်ကြည် မပျံ့လွင့်ခြင်း သမာဓိ၊ ၂။ အာပေါကသိုဏ်း၏ အစွမ်းအားဖြင့် စိတ်တည်ကြည် မပျံ့လွင့်ခြင်း သမာဓိ၊ ၃။ တေဇောကသိုဏ်း၏ အစွမ်းအားဖြင့် စိတ်တည်ကြည် မပျံ့လွင့်ခြင်း သမာဓိ၊ ၄။ ဝါယောကသိုဏ်း၏ အစွမ်းအားဖြင့် စိတ်တည်ကြည် မပျံ့လွင့်ခြင်း သမာဓိ၊ ၅။ နီလကသိုဏ်း၏ အစွမ်းအားဖြင့် စိတ်တည်ကြည် မပျံ့လွင့်ခြင်း သမာဓိ၊ ၆။ ပီတကသိုဏ်း၏ အစွမ်းအားဖြင့် စိတ်တည်ကြည် မပျံ့လွင့်ခြင်း သမာဓိ၊ ၇။ လောဟိတကသိုဏ်း၏ အစွမ်းအားဖြင့် စိတ်တည်ကြည် မပျံ့လွင့်ခြင်း သမာဓိ၊ ၈။ ဩဒါတကသိုဏ်း၏ အစွမ်းအားဖြင့် စိတ်တည်ကြည် မပျံ့လွင့်ခြင်း သမာဓိ ။ (ပဋိသံ။၄၇။) (ပဋိသံ၊မြန်။၆၃။)

သမာဓိ ၉ ပါး ၁။ ယုတ်သော ရူပါဝစရ သမာဓိ၊ ၂။ အလတ်ဖြစ်သော ရူပါဝစရ သမာဓိ၊ ၃။ မြတ်သော ရူပါဝစရ သမာဓိ၊ ၄။ ယုတ်သော အရူပါဝစရ သမာဓိ၊ ၅။ အလတ်ဖြစ်သော အရူပါ

http://www.dhammadownload.com

ဝစရ သမာဓိ၊ ၆။ မြတ်သော အရူပါဝစရ သမာဓိ၊ ၇။ သုညတသမာဓိ အရူပါဝစရ သမာဓိ၊ ၈။ အနိမိတ္တသမာဓိ အရူပါဝစရ သမာဓိ၊ ၉။ အပ္ပဏိဟိတသမာဓိ အရူပါဝစရ သမာဓိ။ (ပဋိသံ။၄၇။) (ပဋိသံ၊မြန်။၆၃။)

သမာဓိ ၁၀ ပါး ၁။ ဥဒ္ဓုမာတကသညာ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း မပျံ့လွင့်ခြင်း သမာဓိ၊ ၂။ ဝိနီလကသညာ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း သမာဓိ၊ ၃။ ဝိပုဗ္ဗက သညာ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း သမာဓိ၊ ၄။ ဝိစ္ဆိဒ္ဒကသညာ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း သမာဓိ၊ ၅။ ဝိက္ခာယိတကသညာ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း သမာဓိ၊ ၆။ ဝိက္ခိတ္တကသညာ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း သမာဓိ၊ ၇။ ဟတ ဝိက္ခိတ္တကသညာ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း သမာဓိ၊ ၈။ လောဟိတကသညာ၏ အစွမ်းအားဖြင့် စိတ်တည်ကြည်ခြင်း သမာဓိ၊ ၉။ ပုဠုဝကသညာ၏ အစွမ်းအားဖြင့် စိတ် တည်ကြည်ခြင်း သမာဓိ၊ ၁၀။ အဋ္ဌိကသညာ၏ အစွမ်းအားဖြင့် စိတ်တည် ကြည်ခြင်း သမာဓိ။ (ပဋိသံ။၄၇-၄၈။) (ပဋိသံ၊မြန်။၆၃။)

သမာဓိကို တားမြစ်တတ်သော ဉာဏ် ၈ ပါး ၁။ အလိုဆန္ဒ (ကာမစ္ဆန္ဒ)၊ ၂။ အမျက်ထွက်ခြင်း (ဒေါသ)၊ ၃။ ထိုင်းမှိုင်းခြင်း (ထိနမိဒ္ဓ)၊ ၄။ ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ)၊ ၅။ ယုံမှားခြင်း (ဝိစိကိစ္ဆာ)၊ ၆။ မသိခြင်း (အဝိဇ္ဇာ)၊ ၇။ မမွေ့လျော်ခြင်း (အရတိ)၊ ၈။ အကုသိုလ်တရားအားလုံး (သမ္မေပိ အကုသလာဓမ္မာ) ။ (ပဋိသံ။၁၆၁။) (ပဋိသံ၊မြန်။၂၀၇။)

သမာဓိကို ပွားများရကျိုး ၄ ပါး ၁။ ဤကား ဆင်းရဲတည်းဟု ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၂။ ဤကား ဆင်းရဲဖြစ်ပေါ်ကြောင်းတည်းဟု ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၃။ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) တည်းဟု ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၄။ ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်း အကျင့်တည်းဟု ဟုတ်တိုင်းမှန်စွာ သိခြင်း။ (သံ၊၃။၃၆၃။) (သံ၊မြန်၊၃။၃၆၈။)

သမာဓိကို ပွားများသော ပုဂ္ဂိုလ်၌ ဖြစ်သော ဉာဏ် ၅ မျိုး ၁။ ဤသမာဓိသည် ယခု ချမ်းသာ၏၊ နောင်ချမ်းသာကျိုး ရှိ၏ဟု မိမိသန္တာန်၌ ဉာဏ်ဖြစ်ပေါ်ခြင်း၊ ၂။ ဤသမာဓိသည် ယခု မြတ်၏၊ တဏှာဖြင့် သုံးဆောင်မှု မရှိဟု မိမိသန္တာန်၌ ဉာဏ်ဖြစ်ပေါ်ခြင်း၊ ၃။ ဤ သမာဓိသည် ယခု ယောကျ်ားမြတ်တို့သာ မှီဝဲအပ်၏ဟု မိမိသန္တာန်၌ ဉာဏ် ဖြစ်ပေါ်ခြင်း၊ ၄။ ဤသမာဓိသည် ယခု ငြိမ်သက်၏၊ မွန်မြတ်၏၊ စိတ်၏ တည်ကြည်ခြင်းကို ရ၏ဟု မိမိသန္တာန်၌ ဉာဏ်ဖြစ်ပေါ်ခြင်း၊ ၅။ ငါသည် သတိရှိလျက် ဤသမာပတ်ကို ဝင်စားအံ့၊ ထအံ့ဟု မိမိသန္တာန်၌ ဉာဏ်ဖြစ်ပေါ်ခြင်း။ (အံ၊၂။၂၀။) (အံ၊မြန်၊၂။၂၆၊၂၇။)

သမာဓိစရိယ ၉ ပါး ၁။ ပဌမစျာန် သမာဓိ၊ ၂။ ဒုတိယစျာန် သမာဓိ၊ ၃။ တတိယစျာန် သမာဓိ၊ ၄။ စတုတ္ထစျာန် သမာဓိ၊ ၅။ ပဉ္စမစျာန် သမာဓိ၊ ၆။ အာကာသာနဉ္စာယတနစျာန် သမာဓိ၊ ၇။ ဝိညာဏဉ္စာယတနစျာန် သမာဓိ၊ ၈။ အာကိဉ္စညာယတနစျာန် သမာဓိ၊ ၉။ နေဝသညာ နာသညာယတနစျာန် သမာဓိ။ (ပဋိသံ။၉၆။) (မ၊ဋီ၊၂။၂၇၅။) (ဝိသုဒ္ဓိ၊ဋီ၊၁၊၄၆၁။) (အပ၊မြန်၊၁။၁၂၇။)

သမာဓိ၌ အားရှိကြောင်း တရား ၆ ပါး ၁။ သမာဓိကို ဝင်စားမှု၌ ကျွမ်းကျင်ခြင်း၊ ၂။ သမာဓိ၏ တည်မှု၌ ကျွမ်းကျင်ခြင်း၊ ၃။ သမာဓိမှ ထမှု၌ ကျွမ်းကျင်ခြင်း၊ ၃။ ကောင်းစွာ ပြုအပ်သည်

http://www.dhammadownload.com

ကိုလည်း ပြုလေ့ ရှိခြင်း၊ ၄။ အမြဲပြုမူလည်း ရှိခြင်း၊ ၆။ လျောက်ပတ်သည်ကိုလည်း ပြုလေ့ ရှိခြင်း။ (အံ၊၂။၃၇၃။) (အံ၊မြန်၊၂။၄၇၀။)

သမာဓိ ပညာဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ စိတ်၏ တည်ကြည်ခြင်း သမာဓိရှိပြီး သခ်ါရတရားတို့ကို ရှုမြင်တတ်သော ပညာမရှိသော ပုဂ္ဂိုလ်၊ ၂။ သခ်ါရတရားတို့ကို ရှုမြင်တတ်သော ပညာရှိပြီး စိတ်၏ တည်ကြည်ခြင်း သမာဓိမရှိသော ပုဂ္ဂိုလ်၊ ၃။ စိတ်၏ တည်ကြည်ခြင်း သမာဓိလည်း မရှိ သခ်ါရတရားတို့ကို ရှုမြင်တတ်သော ပညာလည်း မရှိသော ပုဂ္ဂိုလ်၊ ၄။ စိတ်၏ တည်ကြည်ခြင်း သမာဓိလည်းရှိ သခ်ါရတရားတို့ကို ရှုမြင်တတ်သော ပညာလည်း ရှိသော ပုဂ္ဂိုလ်။ (အံ၊၁။၄၀၄။) (အံ၊၁။၄၀၆။) (အံ၊မြန်၊၁။၄၁၈။) (အံ၊မြန်၊၁။၄၁၈။)

သမာဓိ ပွားများမှု ၄ မျိုး ၁။ ပွားများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရန်ဖြစ်သော သမာဓိကို ပွားများမှု၊ ၂။ ပွားများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော ဒိဗ္ဗစက္ခုဉာဏ်အမြင်ကို ရရန်ဖြစ်သော သမာဓိကို ပွားများမှု၊ ၃။ ပွားများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော အောက်မေ့ခြင်း သတိနှင့် ဆင်ခြင်ဉာဏ် သမ္မဇဉ်အလို့ငှာ ဖြစ်သော သမာဓိကို ပွားများမှု၊ ၄။ ပွားများအပ် ကြိမ်ဖန်များစွာ လေ့လာအပ်သော အာသဝေါတရားတို့ ကုန်ခန်းရန်ဖြစ်သော သမာဓိကို ပွားများမှု။ (အံ၊၁။၃၅၃။) (အံ၊မြန်၊ ၁။၃၆၈။)

သမာဓိဘာဝနာ ၄ ပါး ၁။ ပစ္စုပ္ပန်အတ္တဘောဌ် ချမ်းသာစွာ နေခြင်းငှာ ဖြစ်သော သမာဓိဘာဝနာ၊ ၂။ ဒိဗ္ဗစက္ခုဉာဏ်အမြင်ကို ရခြင်းငှာ ဖြစ်သော သမာဓိဘာဝနာ၊ ၃။ သတိ သမ္မဇဉ်နှင့် ပြည့်စုံစေခြင်းငှာ ဖြစ်သော သမာဓိဘာဝနာ၊ ၄။ အာသဝေါတရားတို့၏ ကုန်ခြင်းငှာ ဖြစ်သော သမာဓိဘာဝနာ။ (ဒီ၊၃။၁၈၆။) (ဒီ၊မြန်၊၃။၂၀၆။)

သမာဓိသို့ မရောက်နိုင်ကြောင်း ၅ ပါး ၁။ အဆင်းရှုပါရုံကို သည်းမခံနိုင်ခြင်း၊ ၂။ အသံ သဒ္ဒါရုံကို သည်းမခံနိုင်ခြင်း၊ ၃။ အနံ့ ဂန္ဓာရုံကို သည်းမခံနိုင်ခြင်း၊ ၄။ အရသာ ရသာရုံကို သည်းမခံနိုင်ခြင်း၊ ၅။ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို သည်းမခံနိုင်ခြင်း။ (အံ၊၂။၁၂၁။) (အံ၊မြန်၊၂။၁၄၉။)

သမာဓိသို့ ရောက်နိုင်ကြောင်း ၅ ပါး ၁။ အဆင်းရှုပါရုံကို သည်းခံနိုင်ခြင်း၊ ၂။ အသံ သဒ္ဒါရုံကို သည်းခံနိုင်ခြင်း၊ ၃။ အနံ့ ဂန္ဓာရုံကို သည်းခံနိုင်ခြင်း၊ ၄။ အရသာ ရသာရုံကို သည်းခံနိုင်ခြင်း၊ ၅။ အတွေ့ ဖောဋ္ဌဗ္ဗာရုံကို သည်းခံနိုင်ခြင်း။ (အံ၊၂။၁၂၁။) (အံ၊မြန်၊၂။၁၄၉။)

သမာဓိသမ္ဘောဇ္ဈင် ဖြစ်ကြောင်းတရား ၁၁ ပါး ၁။ အတွင်း, အပ ကာယဝတ္ထု စင်ကြယ်အောင် ပြုသူ ဖြစ်ခြင်း၊ ၂။ သဒ္ဓါစသော ဣန္ဒြေတို့ကို ညီမျှအောင် ပြုသူ ဖြစ်ခြင်း၊ ၃။ ကသိုဏ်း နိမိတ်ကို ယူခြင်း၌ ကျွမ်းကျင်လိမ္မာသူ ဖြစ်ခြင်း၊ ၄။ လုံ့လလျော့ခြင်း စသည်တို့ကြောင့် စိတ် တွန့်ဆုတ်သော အခါ၌ ထိုတွန့်ဆုတ်သော စိတ်ကို ချီးမြှောက်တတ်သူ ဖြစ်ခြင်း၊ ၅။ စိတ် ပျံ့လွင့်သော, မတည်တံ့သော အခါ၌ ထိုပျံ့လွင့်သော စိတ်ကို နှိပ်သူ ဖြစ်ခြင်း၊ ၆။ သာယာမှု မရှိသော စိတ်ဖြစ်သော အခါ၌ သံဝေဂဝတ္ထု ရှစ်ပါးတို့ကို ဆင်ခြင်ခြင်းဖြင့် ရွှင်လန်း တက်ကြွစေသူ ဖြစ်ခြင်း၊ ၇။ အာရုံ၌ အညီအမျှဖြစ်သော သမထလမ်းမှန် သွားနေသောစိတ် ဖြစ်သောအခါ၌ လျစ်လျူရှုသူ ဖြစ်ခြင်း၊ ၈။ စိတ်ပျံ့လွင့်သူကို ရှောင် ကြဉ်သူ ဖြစ်ခြင်း၊

http://www.dhammadownload.com

၉။ စိတ်တည်ကြည်သူကို မှီဝဲသူ ဖြစ်ခြင်း၊ ၁၀။ ဈာန်ဝိမောက္ခတို့ကို ဆင်ခြင်သူ ဖြစ်ခြင်း၊ ၁၁။ ရပ်ခြင်း, ထိုင်ခြင်း စသည်တို့၌ သမာဓိဖြစ်စေခြင်းငှာသော စိတ်ကို ညွတ်သူ ဖြစ်ခြင်း။ (ဒီ၊၃၊၂၊၃၀၃။) (မ၊၃၊၁၀။၃၀၁။) (သံ၊၃၊၃။၁၉၉။) (အံ၊၃၊၁။၄၀၁။) (အဘိ၊၃၊၂၊၂၇၁။) (ဝိသုဒ္ဓိ၊၁။၁၃၁။) (သာရတ္ထ၊ဋီ၊၂။၂၂၅-၂၂၆။) (ဒီ၊၅၊မြန်၊၂။၇၁၂။)

သမာဓိသမ္ဘောဇ္ဈင်ဖြစ်ကြောင်း ၁၀ ပါး ၁။ ဆံပင်, ခြေသည်း လက်သည်း စသော အဇ္ဈတ္တဝတ္ထု, အဝတ်အထည်စသော ဗဟိဒ္ဓဝတ္ထုတို့ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်ခြင်း၊ ၂။ သဒ္ဓိန္ဒြေစသော ဣန္ဒြေတို့ကို ညီမျှအောင် ပြုလုပ်ခြင်း၊ ၃။ ကသိုဏ်းနိမိတ်, ဥဂ္ဂဟနိမိတ်တို့၌ ကျွမ်းကျင်ခြင်း၊ ၄။ အလွန်တက်ကြွနေသော အခါ၌ စိတ်ကို နှိပ်ကွပ်ခြင်း၊ ၅။ တွန့်ဆုတ် လျော့ရဲနေသော အခါ၌ စိတ်ကို မြှောက်ပင့်ခြင်း၊ ၆။ သာယာခြင်း ကင်းနေသော စိတ်ကို သဒ္ဓါနှင့် သံဝေဂတို့၏ အစွမ်းအားဖြင့် ရွှင်လန်းစေခြင်း၊ ၇။ သမထလမ်းကြောင်းပေါ်သို့ ရောက်နေသဖြင့် ကောင်းစွာ ဖြစ်ပေါ်နေသော စိတ်ကို လျစ်လျူရှုခြင်း၊ ၈။ သမာဓိမရှိ, မတည်ကြည်သော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊ ၉။ သမာဓိရှိ၍ တည်ကြည်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊ ၁၀။ သမာဓိ သမ္ဘောဇ္ဈင်ဖြစ်ရန် စိတ်ညွတ်ခြင်း, နှလုံးသွင်းခြင်း။ (ဒီ၊ဋီ၊၂။၁၃၀။)

သမာဓိအား ကောင်းကြောင်းတရား ၆ ပါး ၁။ သမာဓိဝင်စားမှု၌ ကျွမ်းကျင်ခြင်း၊ ၂။ သမာဓိ၏ တည်မှု၌ ကျွမ်းကျင်ခြင်း၊ ၃။ သမာဓိမှ ထမှု၌ ကျွမ်းကျင်ခြင်း၊ ၄။ ကောင်းမွန်ရိုသေစွာ ပြုအပ်သည်ကိုပြုလေ့ရှိခြင်း၊ ၅။ အမြဲပြုခြင်းလည်း ရှိခြင်း၊ ၆။ လျောက်ပတ်သည်ကိုလည်း ပြုလေ့ရှိခြင်း။ (အံ၊၂။၃၇၃။) (အံ၊မြန်၊၂။၄၇၀။)

သမာဓိအား ကျေးဇူးပြုတတ်သော ဉာဏ် ၈ ပါး ၁။ ဈာန်၊ ၂။ မေတ္တာ၊ ၃။ အာလောကသညာ၊ ၄။ မပျံ့လွင့်ခြင်း၊ ၅။ တရားကို ပိုင်းခြားမှတ်သားခြင်း၊ ၆။ ဉာဏ်၊ ၇။ ဝမ်းမြောက်ခြင်း၊ ၈။ ကုသိုလ်တရားအားလုံး။ (ပဋိ၊သံ။၁၆၁-၁၆၂။) (ပဋိ၊သံ၊မြန်။၂၀၇။)

သမာဓိအား မကောင်းကြောင်း ၆ ပါး ၁။ သမာဓိဝင်စားမှု၌ မကျွမ်းကျင်ခြင်း၊ ၂။ သမာဓိ၏ တည်မှု၌ မကျွမ်းကျင်ခြင်း၊ ၃။ သမာဓိမှ ထမှု၌ မကျွမ်းကျင်ခြင်း၊ ၄။ ကောင်းစွာ ရိုသေစွာ ပြုအပ်သည်ကို ပြုလေ့မရှိခြင်း၊ ၅။ အမြဲပြုမှုလည်း မရှိခြင်း၊ ၆။ လျောက်ပတ်သည်ကို ပြုလေ့မရှိခြင်း။ (အံ၊၂။၃၇၃။) (အံ၊မြန်၊၂။၄၇၀။)

သမာဓိအား မရှိကြောင်း တရား ၆ ပါး ၁။ သမာဓိကို ဝင်စားမှု၌ မကျွမ်းကျင်ခြင်း၊ ၂။ သမာဓိ၏ တည်မှု၌ မကျွမ်းကျင်ခြင်း၊ ၃။ သမာဓိမှ ထမှု၌ မကျွမ်းကျင်ခြင်း၊ ၄။ ကောင်းစွာ ပြုအပ်သည်ကိုလည်း ပြုလေ့ မရှိခြင်း၊ ၅။ အမြဲပြုမှုလည်း မရှိခြင်း၊ ၆။ လျောက်ပတ်သည်ကိုလည်း ပြုလေ့ မရှိခြင်း။ (အံ၊၂။၃၇၃။) (အံ၊မြန်၊၂။၄၇၀။)

သမာဓိ အခြံအရံ အဆောက်အဦ ၇ ပါး ၁။ မှန်စွာ သိမြင်ခြင်း (သမ္မာဒိဋ္ဌိ)၊ ၂။ မှန်စွာ ကြံခြင်း (သမ္မာသင်္ကပ္ပ)၊ ၃။ မှန်စွာ ပြောဆိုခြင်း (သမ္မာဝါစာ)၊ ၄။ မှန်စွာ ပြုလုပ်ခြင်း (သမ္မာကမ္မန္တ)၊ ၅။ မှန်စွာ အသက်မွေးခြင်း (သမ္မာအာဇီဝ)၊ ၆။ မှန်စွာ အားထုတ်ခြင်း (သမ္မာဝါယာမ)၊ ၇။ မှန်စွာ အောက်မေ့ခြင်း (သမ္မာသတိ)၊ (မှတ်ချက်) ဤသုတ်လာ သရုပ်များကို သနင်္ကိုမာရဗြဟ္မာမင်း ဟောပြခြင်း ဖြစ်ပါသည်၊ မဂ္ဂင်ရှစ်ပါးတွင် ရှေ့ခုနစ်ပါးသည် နောက်ဆုံး သမ္မာသမာဓိ၏

http://www.dhammadownload.com

အခြံအရံဟု ဆိုရာရောက်သည်။ (ဒီ၂၊၁၇၅။) (ဒီ၃၊၂၊၂၀၈။) (အံ၊၂၊၆၂၈။) (ဒီ၊မြန်၊၂၊၁၉၉။) (ဒီ၊မြန်၊၃၊၂၃၁။) (အံ၊မြန်၊၂၊၅၄၁။)

သမာဓိ၏ တည်ကြည်မှု အနက်သဘော ၂၅ ပါး ၁။ သိမ်းဆည်းအပ်သော အနက် သဘော၊ ၂။ အခြံအရံဟူသော အနက်သဘော၊ ၃။ ပြည့်စုံခြင်း အနက်သဘော၊ ၄။ အာရုံတစ်ခု တည်းသာ ရှိခြင်း အနက်သဘော၊ ၅။ မပျံ့လွင့်ခြင်း အနက်သဘော၊ ၆။ မနောက်ကျခြင်း အနက်သဘော၊ ၇။ မတုန်လှုပ်ခြင်း အနက်သဘော၊ ၈။ ကိလေသာမှ လွတ်ခြင်း အနက် သဘော၊ ၉။ အာရုံတစ်ခုတည်း၌ တင်ခြင်း အနက်သဘော၊ ၁၀။ အပွနာကို ရှာမှီးတတ်သော အနက်သဘော၊ ၁၁။ နီဝရဏတရားတို့ကို မရှာမှီးတတ်သော အနက်သဘော၊ ၁၂။ အပွနာကို ရှာမှီးတတ်သည်၏ အဖြစ်ဟူသော အနက်သဘော၊ ၁၃။ နီဝရဏတို့ကို မရှာမှီးတတ်သည်၏ အဖြစ်ဟူသော အနက်၊ ၁၄။ အပွနာကို ယူတတ်သော အနက်သဘော၊ ၁၅။ နီဝရဏတို့ကို မယူတတ်သော အနက်သဘော၊ ၁၆။ အပွနာကို ယူတတ်သည်၏ အဖြစ်ဟူသော အနက် သဘော၊ ၁၇။ နီဝရဏတို့ကို မယူတတ်သည်၏ အဖြစ်ဟူသော အနက်သဘော၊ ၁၈။ အပွနာကို ကျင့်တတ်ခြင်း အနက်သဘော၊ ၁၉။ နီဝရဏတို့ကို မကျင့်တတ်ခြင်း အနက် သဘော၊ ၂၀။ အပွနာကို ကျင့်တတ်သည်၏ အဖြစ်ဟူသော အနက်သဘော၊ ၂၁။ နီဝရဏ တို့ကို မကျင့်တတ်သည်၏ အဖြစ်ဟူသော အနက်သဘော၊ ၂၂။ အပွနာကို ထွန်းပတတ်သော အနက်သဘော၊ ၂၃။ နီဝရဏတို့ကို လောင်စေတတ်သော အနက်သဘော၊ ၂၄။ အပွနာကို ထွန်းပတတ်သည်၏ အဖြစ်ဟူသော အနက်သဘော၊ ၂၅။ နီဝရဏတို့ကို လောင်စေတတ် သည်၏ အဖြစ်ဟူသော အနက်သဘော။ ဤသည်တို့ကား သမာဓိ၏ တည်ကြည်မှု သဘောတရား (၂၅) ပါးတို့တည်း။ (ပဋိသံ။၄၈။) (ပဋိသံ၊မြန်။၆၄။)

သမာဓိ အင်္ဂါ ၅ ပါး ၁။ ပီတိဖရဏတာ– ပီတိကို ဖြန့်နှံ့၍ဖြစ်သော ဈာန်နှစ်ပါး၌ ဖြစ်သော ပညာ၊ ၂။ သုခဖရဏတာ– သုခကို ဖြန့်နှံ့၍ဖြစ်သော ဈာန်သုံးပါး၌ဖြစ်သော ပညာ၊ ၃။ စေတော ဖရဏတာ– သူတစ်ပါးတို့၏ စိတ်ကို ဖြန့်နှံ့၍ဖြစ်သော စေတောပရိယပညာ၊ ၄။ အာလောက ဖရဏတာ– အလင်းရောင်ကို ဖြန့်နှံ့၍ဖြစ်သော ဒိဗ္ဗစက္ခုဉာဏ်၊ ၅။ ပစ္စဝေက္ခဏာနိမိတ္တ– ပစ္စဝေက္ခဏာဉာဏ်။ (ပဋိသံ၊၌၊၁။၁၁၇။)

သမာဓိဇ္ဈေ စင်ကြယ်ကြောင်း ၃ ပါး ၁။ သမာဓိမရှိသော မတည်ကြည်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၂။ သမာဓိရှိ၍ တည်ကြည်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၃။ ဈာန ဝိမောက္ခတရားတို့ကို ရည်ရွယ်၍ ဟောထားသော သုတ်တို့ကို ဆင်ခြင်ခြင်း။ (ပဋိသံ။၁၉၈။) (မ၊၌၊၄။၂၄၄။) (သံ၊၌၊၃။၃၆။) (အံ၊၌၊၁။၃၈၈။) (ဥဒါန၊၌။၁၉၉။) (အံ၊ဋီ၊၃။၂၆၉။)

သမာနသုခဒုက္ခ မိတ်ဆွေ၏ အင်္ဂါ ၄ ပါး ၁။ မိမိ၏ လျှို့ဝှက်ချက်ကို သူတစ်ပါးအား မပြောဘဲ မိတ်ဆွေကိုသာ ပြောပြခြင်း၊ ၂။ မိတ်ဆွေ၏ လျှို့ဝှက်ချက်များကို ဖုံးကွယ်ထားပေးခြင်း၊ ၃။ ဘေးရန် တွေ့ကြုံလာသောအခါ စွန့်ခွာ၍ မပြေးခြင်း၊ ၄။ မိတ်ဆွေအတွက် အသက် ကိုပင် စွန့်လွတ်ရဲခြင်း။ (အပ၊၌၊၁။၁၇၆။)

သမာပတ္တိ ၃ ပါး ၁။ သုညတ သမာပတ္တိ– အတ္တ, သတ္တ, ပုဂ္ဂလ စသည်မှလည်းကောင်း၊

http://www.dhammadownload.com

ရာဂ, ဒေါသ စသည်မှလည်းကောင်း၊ ကင်းဆိတ်လျက် သမာပတ်ဝင်စားခြင်း၊ ၂။ အနိမိတ္တ သမာပတ္တိ- နိစ္စနိမိတ် စသည်မှလည်းကောင်း၊ ရာဂနိမိတ်စသည် သင်္ခါရနိမိတ် စသည်မှ လည်းကောင်း, ကင်းသော သဘောရှိသည် ဖြစ်၍ နိဗ္ဗာန်ကို အာရုံပြုသော အခြင်းအရာ အားဖြင့် သမာပတ်ဝင်စားခြင်း၊ ၃။ အပ္ပဏိဟိတ သမာပတ္တိ- တဏှာဖြင့် တွယ်တာခြင်း မရှိမူ၍ ဒုက္ခာနုပဿနာဖြင့် သမာပတ်ဝင်စားခြင်း။ (ဝိ၊၁။၁၁၉။) (ဝိ၊မြန်၊၁။၁၂၂။)

သမာပတ္တိ ၅ ပါး ၁။ သညာသမာပတ္တိ- သညာရှိသော သမာပတ်၊ ၂။ အသညာသမာပတ္တိ- သညာမရှိ- ကင်းသော သမာပတ်၊ ၃။ နေဝသညာနာသညာ သမာပတ္တိ- သညာရှိသည်လည်း မဟုတ် သညာမရှိသည်လည်းမဟုတ်သော ဈာန်ကို ဝင်စားခြင်း၊ ၄။ ဝိဘူတသညာ သမာပတ္တိ- ထင်စွာပြတတ်သော သညာဟူသော သမာပတ်, ဝိညာဏဉ္စာယတနသမာပတ်၊ ၅။ နိရောဓ သမာပတ္တိ- စိတ်, စေတသိက်, စိတ္တဇရုပ်တို့၏ ချုပ်ခြင်းဟူသော သမာပတ်။ (နေတ္တိ၊၌။၈၃။)

သမာရောပနာ ၄ ပါး ၁။ ပဒဋ္ဌာန၊ ၂။ ဝေဝစန၊ ၃။ ဘာဝနာ၊ ၄။ ပဟာန။ (နေတ္တိ၊၌။၆၈။)

သမုဒယ ၂ မျိုး ၁။ ဒိဋ္ဌိသမ္ပယုတ္တ သမုဒယ၊ ၂။ ဒိဋ္ဌိဝိပ္ပယုတ္တ သမုဒယ။ (ဝိသုဒ္ဓိ၊၂။၁၄၄။)

သမုဒယ ၃ မျိုး ၁။ ကာမတဏှာဟု ဆိုအပ်သော သမုဒယ၊ ၂။ ဘဝတဏှာဟု ဆိုအပ်သော သမုဒယ၊ ၃။ ဝိဘဝတဏှာဟု ဆိုအပ်သော သမုဒယ။ (ဝိသုဒ္ဓိ၊၂။၁၄၄။)

သမုဒယသစ္စာကို မသိခြင်း၏ အကြောင်း ၃ မျိုး ၁။ ဝတ္ထုအားဖြင့် မသိခြင်း၊ ၂။ အာရုံအားဖြင့် မသိခြင်း၊ ၃။ ဖုံးလွှမ်းသောအားဖြင့် မသိခြင်း။ (မ၊၌။၁။၂၂၈။) (သံ၊၌။၂။၁၇။)

သမုဒယသစ္စာ၌ ဉာဏ် ၃ ပါး ၁။ သစ္စဉာဏ်- ဆင်းရဲဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာကို ထိုးထွင်း၍ သိခြင်း၊ ၂။ ကိစ္စဉာဏ်- ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာကို ပယ်အပ်၏ဟု သိခြင်း၊ ၃။ ကတဉာဏ်- ဆင်းရဲဖြစ်ကြောင်း သမုဒယသစ္စာကို ပယ်ပြီးပြီဟု သိခြင်း။ (ဝိ၊၃။၁၅။) (ဝိ၊မြန်၊၃။၁၇။)

သမောဓာနပရိဝါသ် ၃ မျိုး ၁။ သြဓာနသမောဓာနပရိဝါသ်- ပယ်ရှားခါတွက်၍ ပေါင်းအပ်ရာ ပရိဝါသ်, (အနိက္ခိတ္တပရိဝါသ် ဆောက်တည်နေစဉ် တစ်ရက်၌ သံဃာဒိသိသ်အာပတ် သင့်ပြန်၏၊ ထိုအာပတ်ကိုလည်း ညဉ့်ဖုံးထားမိ၏၊ ထိုအခါ ပရိဝါသ်ကျင့်ပြီး ညဉ့်များကို ပယ်ရှားခါတွက်၍ ကြားအာပတ်ကို မူလအာပတ်ထည်း၌ ပေါင်း၍ ပရိဝါသ် ပေးရပြန်၏၊ ထိုပရိဝါသ်သည် သြဓာနသမောဓာနပရိဝါသ်)၊ ၂။ အဂ္ဂသမောဓာနပရိဝါသ်- အကြာဆုံး ဖုံးလွှမ်းသောညဉ့်အပိုင်းအခြားအားဖြင့် ပေါင်း၍ပေးအပ်သော ပရိဝါသ်၊ ၃။ မိဿကသမောဓာန ပရိဝါသ်- အထူးထူးသော ဝတ္ထုရှိ, ဝတ္ထုမတူ, မျိုးမတူသော သံဃာဒိသိသ် အာပတ်တို့ကို တစ်ပေါင်းတည်းပြု၍ ပေးသော ပရိဝါသ်။ (ဝိ၊၌၊၄။၂၆။)

သမောဓာနမာနတ် ၃ မျိုး ၁။ သြဓာနသမောဓာနမာနတ်- ပယ်ရှားခါတွက်၍ ပေါင်းအပ်ရာ မာနတ်, (အနိက္ခိတ္တမာနတ် ဆောက်တည်နေစဉ် တစ်ရက်၌ သံဃာဒိသိသ်အာပတ် သင့်ပြန်၏၊ ထိုအာပတ်ကိုလည်း ညဉ့်ဖုံးထားမိ၏၊ ထိုအခါ မာနတ်ကျင့်ပြီး ညဉ့်များကို ပယ်ရှားကာ

http://www.dhammadownload.com

တွက်၍ ကြားအာပတ်ကို မူလအာပတ်ထည်း၌ ပေါင်း၍ မာနတ် ပေးရပြန်၏၊ ထိုမာနတ်သည် သြဓာနသမောဓာနမာနတ်)၊ ၂။ အဂ္ဂသမောဓာန– အကြာဆုံး ဖုံးလွှမ်းသော ညဉ့်အပိုင်းအခြား အားဖြင့် ပေါင်း၍ ပေးအပ်သော မာနတ်၊ ၃။ မိဿကသမောဒါနမာနတ်– အထူးထူးသော ဝတ္ထုရှိ, ဝတ္ထုမတူ, မျိုးမတူသော သံဃာဒိသိသ်အာပတ်တို့ကို တစ်ပေါင်းတည်းပြု၍ ပေးသော မာနတ်။ (ဝိ၊၌၊၄။၃၂။)

သမောသရဏ ၃ မျိုး စုဝေးပေါင်းဆုံခြင်း ၃ မျိုးနှင့် တူသည်။

သမင်တို့ မာယာ ၆ မျိုး ၁။ ခြေလေးချောင်းတို့ကို ဆန့်တန်း၍ နံပါးတစ်ဖက်ဖြင့် အိပ်ခြင်း၊ ၂။ ခွါတို့ဖြင့် မြက်, မြေတို့ကို တူးခြစ်ထားခြင်း၊ ၃။ လျှာကို ထုတ်ထားခြင်း၊ ၄။ ဝမ်းဗိုက်ကို ဖူးဖူးယောင်သကဲ့သို့ ဖောင်းအောင် ပြုခြင်း၊ ၅။ ကျင်ကြီး ကျင်ငယ်တို့ကို စွန့်ထားခြင်း၊ ၆။ ထွက်လေ ဝင်လေကို ချုပ်ထားခြင်း။ (ဇာ၊၌၊၁။၁၈၀။)

သမင်နှင့် ယောဂီ တူပုံ ၃ မျိုး ၁။ သမင်သည် နေ့အခါ တောခို လှည့်လည်၍ ညဉ့်အခါ လွင်တီးခေါင်၌ လှည့်လည်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် နေ့အခါ တောခို၌နေ၍ ညဉ့်အခါ လွင်တီးခေါင်၌ နေခြင်း)၊ ၂။ သမင်သည် လုံခြုံစေ၊ မြွားဖြစ်စေ ရှေးရှုကျရောက် သည်ရှိသော် လှည့်ပတ်ပြေးလွှား ကိုယ်ကို လက်နက်အဦးသို့ မဆောင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ကိလေသာတို့ ရှေးရှုကျရောက်သည်ရှိသော် ပြေးလွှား လှည့်ပတ်၍ စိတ်ကို ကိလေသာအနီးသို့ မဆောင်ရခြင်း) ။ (မိလိန္ဒ။၃၈၀။) (မိလိန္ဒ၊မြန်။၄၀၂။)

သမုဒ္ဒရာနသီသ ၁၃ မျိုး ၁။ ပဌမပါရာဇိက သမုဒ္ဒရာန်၊ ၂။ အဒိန္နာဒါန သမုဒ္ဒရာန်၊ ၃။ သဗ္ဗရိတ္တ သမုဒ္ဒရာန်၊ ၄။ သမနုဘာသန သမုဒ္ဒရာန်၊ ၅။ ကထိန သမုဒ္ဒရာန်၊ ၆။ ဧဠကလောမ သမုဒ္ဒရာန်၊ ၇။ ပဒသောဓမ္မ သမုဒ္ဒရာန်၊ ၈။ အဒ္ဓါန သမုဒ္ဒရာန်၊ ၉။ ထေယျသတ္ထ သမုဒ္ဒရာန်၊ ၁၀။ ဓမ္မဒေသနာ သမုဒ္ဒရာန်၊ ၁၁။ ဘူတာရောစန သမုဒ္ဒရာန်၊ ၁၂။ စောရီဝုဋ္ဌာပန သမုဒ္ဒရာန်၊ ၁၃။ အနနုညာတ သမုဒ္ဒရာန်။ (ဝိ၊၅။၁၅၇။) (သာရတ္ထ၊ဋီ၊၂။၉၅။) (ဝိမတိ၊၁။၁၄၈။) (ဝိ၊မြန်၊၅။၂၃၅၊၂၄၁)

သမုဒ္ဒရာန် ၁၃ ပါး သမုဒ္ဒရာနသီသ ၁၃ မျိုးနှင့် တူသည်။

သမုတ်ခြင်း ၃ ပါး ၁။ တောင်ဝှေး ဆောင်စိမ့်သောငှာ သမုတ်ခြင်း၊ ၂။ သပိတ်ကို ဆိုင်းဖြင့် ဆောင်စိမ့်သောငှာ သမုတ်ခြင်း၊ ၃။ တောင်ဝှေးနှင့် ဆိုင်းကို ဆောင်စိမ့်သောငှာ သမုတ်ခြင်း။ (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၅။၃၁၀။)

သမုဒ္ဒရာ ၄ မျိုး ၁။ သံသာရသာဂရ– သံသရာသမုဒ္ဒရာ၊ ၂။ ဧလသာဂရ– ရေသမုဒ္ဒရာ၊ ၃။ နယသာဂရ– ပိဋကသုံးပုံ တည်းဟူသော နည်း သမုဒ္ဒရာ၊ ၄။ ဉာဏသာဂရ– သဗ္ဗညုတ ဉာဏ်တည်း ဟူသော သမုဒ္ဒရာ။ (အဘိ၊၌၊၁။၁၁။)

သမုဒ္ဒရာ ၆ မျိုး ၁။ စိန်ပေါများသော လူခန္ဓာကိုယ်နှင့် တူသော နှာခေါင်းပြားကုန်သော ငါးတို့ ကျက်စားရာ ခုရမာလီသမုဒ္ဒရာ၊ ၂။ ရွှေပေါများသော ထီးကဲ့သို့ နေကဲ့သို့ တောက်ပြောင်သော အရောင်ကို လွှတ်လျက် တည်သော အင်္ဂါမာလီသမုဒ္ဒရာ၊ ၃။ ငွေပေါများသော နွားနို့ကဲ့သို့ နို့ဓမ်းကဲ့သို့ အရောင်လင်းလက်သော ရေပြင်ရှိသော ဒဓိမာလီ သမုဒ္ဒရာ၊

http://www.dhammadownload.com

၄။ နီလာပတ္တမြားရတနာ ပေါများသော စိမ်းစိုသော သမန်းမြက်ကဲ့သို့ စိမ်းစိုပြည့်ဖြိုးသော ကောက်စပါးကဲ့သို့ တောက်ပြောင်သော စိမ်းပြာရောင် ရေပြင်ရှိသော ကုသမာလီသမုဒ္ဒရာ၊ ၅။ ပတ္တမြားပြောက်၊ မြကျောက်၊ သန္တာနီရတနာ ပေါများသော ကျူတော, ဝါးတောကဲ့သို့ ထင်ရသော ရေပြင်ရှိသော နဠမာလီ သမုဒ္ဒရာ၊ ၆။ ရေကို ဆွဲငင်၍ ဆွဲငင်၍ ခပ်သိမ်းသော အဖို့အားဖြင့် ရေသည် တက်လတ်သော် ခပ်သိမ်းသော အဖို့အားဖြင့် ရေသည် ကမ်းပါးပြတ် ထုံးအိုင်ကြီးကဲ့သို့ ထင်ရှားသော, လှိုင်းတက်ကာ တစ်ဖက်၌ ကျသွားသည်နှင့် တူသော, ကြောက်မက်ဖွယ်အသံ ဆူညံပွက်သော ဗလဝါမုခီ သမုဒ္ဒရာ။ (ဇာ၊၆၊၄။၁၄၂။)

သမုဒ္ဒရာနှင့် ယောဂီ တူပုံ ၅ မျိုး ၁။ မဟာသမုဒ္ဒရာသည် အကောင်ပုပ်နှင့် မဆက်ဆံခြင်း၊ အတူမနေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ မကွ ပဋ္ဌာသ ဣဿာ မစ္ဆရိယ မာယာ သာဌေယျဟူသော မကောင်းမှု ဒုစရိုက် အကုသိုလ် အညစ်အကြေးတို့နှင့် အတူမနေခြင်း)၊ ၂။ မဟာသမုဒ္ဒရာသည် ပုလဲ ပတ္တမြား ကြောင်မျက်ရွဲ ခရုသင်း ကျောက်သလင်း သန္တာ ဖလ် မြဟူသော အမျိုးမျိုးသော ရတနာအပေါင်းကို ဆောင်လျက် အပသို့ မကြဲဖြန့်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဈာန် မဂ်ဖိုလ် ဝိမောက္ခ သမာဓိ သမာပတ္တိ ဝိပဿနာ အဘိညာဉ်တည်းဟူသော အမျိုးမျိုးသော ဂုဏ်ကျေးဇူး ရတနာတို့ကို ရသည်ရှိသော် ပိတ်ဖုံးထားလျက် အပသို့ မထုတ်ဆောင်ခြင်း)၊ ၃။ မဟာသမုဒ္ဒရာသည် များပြားကုန်သော ကြီးမားသော သတ္တဝါတို့နှင့် အတူနေခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သန္တုဋ္ဌိ သလ္လေခစသော ဂုဏ်တို့နှင့် ပြည့်စုံသော မိတ်ဆွေကောင်း သီတင်းသုံးဖော်တို့ကို အမှီပြု၍ နေခြင်း)၊ ၄။ မဟာသမုဒ္ဒရာသည် ဂင်္ဂါ ယမုနာ သရဘူ မဟီ အစိရဝတီစသော မြစ်အားလုံးတို့ဖြင့်လည်းကောင်း၊ ကောင်းကင်မှ ကျသော မိုးရေအယဉ်တို့ဖြင့် လည်းကောင်း ပြည့်သော်လည်း မိမိကမ်းကို မလွန်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် လာဘ်ပူဇော် သက္ကာရ စသော အကြောင်းကြောင့်လည်းကောင်း အသက်ဟူသော အကြောင်းကြောင့် လည်းကောင်း သိက္ခာပုဒ်တော်များကို လွန်ကျူး၍ မကျင့်ခြင်း)၊ ၅။ မဟာသမုဒ္ဒရာသည် စီးဝင်ကုန်သော ဂင်္ဂါ ယမုနာ သရဘူ မဟီ အစိရဝတီစသော မြစ်အားလုံးတို့ဖြင့် လည်းကောင်း၊ ကောင်းကင်မှ ကျသော မိုးရေအယဉ်တို့ဖြင့်လည်းကောင်း မပြန့်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်း နှုတ်တက်ဆောင်ခြင်း စသည်တို့ဖြင့် မှတ်သားအပ်သော အင်္ဂါကိုးပါးရှိသော ဘုရားရှင်၏ ပရိယတ္တိသာသနာ တော်မြတ်ကို နာယူကာမျှဖြင့် မရောင့်ရဲ မတင်းတိမ်ခြင်း) ။ (မိလိန္ဒ။၃၆၃။) (မိလိန္ဒ၊မြန်။၃၈၆။)

သမုဒ္ဒရာ၏ ဂုဏ်ကျေးဇူး ၄ ပါး ၁။ အလုံးစုံသော အကောင်ပုပ်တို့မှ ဆိတ်သုဉ်းခြင်း၊ ၂။ အလုံးစုံသော မြစ်တို့ဖြင့် စီးဝင်သော်လည်း မပြည့်နိုင်ခြင်း၊ ၃။ ကြီးကုန်သော သတ္တဝါတို့၏ နေရာဖြစ်ခြင်း၊ ၄။ မနှိုင်းယှဉ်အပ်သော အထူးထူး အပြားအပြား ပြန့်ပြောသော လှိုင်းတံပိုးတို့ဖြင့် ရောပြွမ်းခြင်း။ (မိလိန္ဒ။၃၀၅။) (မိလိန္ဒ၊မြန်။၃၂၇။)

သမုဒ္ဒရာ၏ အံ့ဖွယ် ၈ ပါး ၁။ မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း ညွှတ်ကိုင်းရှိုင်း၍ တစစနက်ခြင်း၊ ၂။ မဟာသမုဒ္ဒရာရေသည် ကမ်းကို မကျော်လွန်ခြင်း၊ ၃။ မဟာသမုဒ္ဒရာသည် အကောင်ပုပ်များနှင့် မဆက်ဆံခြင်း (အကောင်ပုပ်များ ဖြစ်ပေါ်လာလျှင် ကုန်းပေါ်သို့

http://www.dhammadownload.com

လှိုင်းဖြင့် ရိုက်တင်ခြင်း)၊ ၄။ ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ, မဟီ ဟူသော မြစ် ငါးသွယ် တို့သည် မဟာသမုဒ္ဒရာသို့ ရောက်သည်ရှိသော် မူလအမည်ကို စွန့်၍ မဟာသမုဒ္ဒရာ ဟူ၍သာ ခေါ်ဆိုအပ်ခြင်း၊ ၅။ မဟာသမုဒ္ဒရာသို့ မြစ်ရေများ အမြဲမပြတ် စီးဝင်လျက် မိုးရေများ ရွာသွန်းသော်လည်း မဟာသမုဒ္ဒရာရေသည် တိုးမှုဆုတ်မှု မထင်ရှားခြင်း၊ ၆။ မဟာသမုဒ္ဒရာရေသည် ငန်သော အရသာတစ်ခုတည်းသာ ရှိခြင်း၊ ၇။ မဟာသမုဒ္ဒရာသည် ပုလဲ, ပတ္တမြား, ရွှေ, ငွေ စသော များစွာသော ရတနာတို့နှင့် ပြည့်စုံခြင်း၊ ၈။ မဟာသမုဒ္ဒရာသည် တစ်ယူဇနာ, နှစ်ယူဇနာ စသည်အားဖြင့် အတွင်ဘောကြီးများသော တိမိ, တိမိင်္ဂလ စသော ငါးကြီးများနှင့် နဂါး အသုရာတို့၏ နေထိုင် ကျက်စားရာ နေရာဌာန ဖြစ်ခြင်း။ (ဝိ၊၄။၄၁၉၊၄၂၀၊၄၂၁။) (အံ၊၃။၃၉၉။) (ဥဒါန။၁၃၉။) (အံ၊မြန်၊၃။၄၀။) (ဥဒါန၊မြန်။၅၂၅။) (ဝိ၊မြန်၊၄၊၄၂၀။)

သမန္တစက္ခု ဉာဏ်တော် ၁၄ ပါး ၁။ ဆင်းရဲဒုက္ခ၌ ဖြစ်သော ဉာဏ်၊ ၂။ ဆင်းရဲဖြစ်ကြောင်း သမုဒယ၌ ဖြစ်သော ဉာဏ်၊ ၃။ ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်၌ ဖြစ်သော ဉာဏ်၊ ၄။ ဆင်းရဲ ငြိမ်းရာသို့ ရောက်ကြောင်းဖြစ်သော ကျင့်ဝတ်လမ်းစဉ်၌ ဖြစ်သော ဉာဏ်။ ၅။ အတ္ထ ပဋိသမ္ဘိဒါ၌ ဖြစ်သော ဉာဏ်၊ ၆။ ဓမ္မပဋိသမ္ဘိဒါ၌ ဖြစ်သော ဉာဏ်၊ ၇။ နိရုတ္တိပဋိသမ္ဘိဒါ၌ ဖြစ်သော ဉာဏ်၊ ၈။ ပဋိဘာနပဋိသမ္ဘိဒါ၌ ဖြစ်သော ဉာဏ်၊ ၉။ ဣန္ဒြေအနုအရင့်ကို သိသော ဉာဏ်၊ ၁၀။ သတ္တဝါတို့၏ အာသယအနုသယကို သိသော ဉာဏ်၊ ၁၁။ ယမကပါဋိဟာရိယ၌ သိသော ဉာဏ်၊ ၁၂။ မဟာကရုဏာသမာပတ်၌ သိသော ဉာဏ်၊ ၁၃။ အလုံးစုံကို သိသော သဗ္ဗညုတဉာဏ်၊ ၁၄။ အပိတ်အပင် အဆီးအတား မရှိသော အနာဝရဏဉာဏ် (ဤဗုဒ္ဓ ဉာဏ်တော် (၁၄) ပါးတွင် ရှေး (၈) ပါးသော ဉာဏ်တို့သည် သာဝကတို့နှင့် ဆက်ဆံကုန်၏၊ (၆) ပါးသော ဉာဏ်တို့သည် ဘုရားရှင်တို့နှင့်သာ ဆက်ဆံကုန်၏) ။ (ပဋိသံ။၁၂၇-၁၂၈။) (ပဋိသံ၊မြန်။၁၆၆။)

သမန္တပဋ္ဌာန်းပေါင်း ၂၄ မျိုး ၁။ တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း ဟူ၍ အနုလုံ၌ ၆ မျိုး၊ ၂။ တိကပဋ္ဌာန်း။။ပ။ ဒုကဒုကပဋ္ဌာန်းဟူ၍ ပစ္ဆနိက်၌လည်း ၆ မျိုး၊ ၃။ တိကပဋ္ဌာန်း ။ပ။ ဒုကဒုကပဋ္ဌာန်းဟူ၍ အနုလုံ ပစ္ဆနိက်၌လည်း ၆ မျိုး၊ ၄။ တိကပဋ္ဌာန်း။ပ။ ဒုကဒုကပဋ္ဌာန်းဟူ၍ ပစ္ဆနိက်အနုလုံ၌လည်း ၆ မျိုး၊ ပေါင်း ၂၄ မျိုး။ (အဘိ၊၌၊၁။၁၁။) (အဘိ၊၌၊၃။၃၄၂။)

သရဏဂုံ ၂ မျိုး ၁။ လောကီ သရဏဂုံ၊ ၂။ လောကုတ္တရာ သရဏဂုံ။ (ဒီ၊၌၊၁။၂၀၆။) (မ၊၌၊၁။၁၃၆။) (မ၊၌၊၁။၁၃၆။) (အံ၊၌၊၂။၁၇။) (ဣတိဝု၊၌။၂၁၃။) (သာရတ္ထ၊ဋီ၊၁။၄၁၆။) (ဝိမတိ၊၁။၈၇။) (ဒီ၊၌၊မြန်၊ ၁။၄၀၅။) (ဒီ၊၌၊မြန်၊၁။၄၀၅။) (ဝဇီရ။၅၅။)

သရဏဂုံ ၂ မျိုး (တစ်နည်း) ၁။ အပြစ်ရှိ (သာဝဇ္ဇ) သရဏဂုံ၊ ၂။ အပြစ်မရှိ(အနဝဇ္ဇ) သရဏဂုံ။ (ခုဒ္ဒက၊၌။၇။)

သရဏဂုံ တည်ကြောင်း ၄ မျိုး ၁။ ဘုရား, တရား, သံဃာတို့အား မိမိကိုယ်ကို စွန့်၍ ကိုးကွယ်ခြင်း၊ ၂။ ဘုရား, တရား သံဃာတို့ကိုသာလျှင် ကိုးကွယ် အားထားရာရှိခြင်း၊ ၃။ ဘုရား၏

http://www.dhammadownload.com

တပည့်, တရား၏ တပည့်, သံဃာ၏ တပည့်အဖြစ် ဆည်းကပ် ကိုးကွယ်ခြင်း၊ ၄။ ဘုရား, တရား, သံဃာတို့အား သာလျှင် ရှိခိုးခြင်း, လက်အုပ်ချီခြင်း အစရှိသော မွန်မြတ်သော တုပ်ဝပ်မှု ရှိသေမှု ပြုခြင်း။။ (ဣတိဝုတ်၊၌။၂၁၄။)

သရဏာဂုံ မဟုတ်နိုင်ကြောင်း ၃ မျိုး ၁။ ဆွေမျိုးဖြစ်သော တိတ္ထိအား ရှိခိုးခြင်း၊ ၂။ မင်းတို့အား ကြောက်သဖြင့် ရှိခိုးခြင်း၊ ၃။ အတတ်ပညာကို သင်ပေးဖူးသော တိတ္ထိအား ရှိခိုးခြင်း။ (သာရတ္ထ၊ ဋီ၊၁။၄၁၉။)

သရဏာဂုံအကျိုး ၁၀ ပါး (သရဏာဂုံ သုံးပါးတည်သော နတ်များက အခြားနတ်တို့အပေါ် လွှမ်းမိုးနိုင်သော အရာဌာန ၁၀ မျိုး) ၁။ နတ်၌ ဖြစ်သော သက်တမ်း၊ ၂။ နတ်၌ ဖြစ်သော အဆင်း၊ ၃။ နတ်၌ ဖြစ်သော ချမ်းသာ၊ ၄။ နတ်၌ ဖြစ်သော အလွှေအရံ၊ ၅။ နတ်၌ ဖြစ်သော အကြီးအကဲ၊ ၆။ နတ်၌ ဖြစ်သော ရူပါရုံ၊ ၇။ နတ်၌ ဖြစ်သော သဒ္ဒါရုံ၊ ၈။ နတ်၌ ဖြစ်သော ဂန္ဓာရုံ၊ ၉။ နတ်၌ ဖြစ်သော ရသာရုံ၊ ၁၀။ နတ်၌ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ။ (သံ၊၂။၄၆၇။) (သံ၊၂။၄၇၂။) (သံ၊မြန်၊၂။၄၆၃၊၄၆၇။) (သံ၊မြန်၊၂။၄၆၃၊၄၆၇။)

သရီရဒေါသ ၆ ပါး ကိုယ်ခန္ဓာ အပြစ် ၆ မျိုးနှင့် တူသည်။

သရက်ပင်ငယ်ကို ပျိုးထောင်နည်း ၅ မျိုး ၁။ ရေဝတ်ကျင်းကို ခိုင်အောင် ဖွဲ့ရခြင်း၊ ၂။ အခါအားလျော်စွာ ရေလောင်းရခြင်း၊ ၃။ ရေမထွက်အောင် ရေဘောင်ကို ခိုင်အောင် ပြုရခြင်း၊ ၄။ အပင်အနီး၌ ရှိသော နွယ်ပင်, သစ်ကိုင်းခြောက်, ပင့်ကူအိမ် စသည်တို့ကို ရှင်းလင်း ပေးရခြင်း၊ ၅။ အခါအားလျော်စွာ အပင်ရင်းကို မြေတူးဆွပေးရခြင်း။ (အံ၊ဋီ၊၃။၈။)

သရက်သီး ၄ မျိုး ၁။ စိမ်းလျက် မှည့်ယောင်ရှိသော သရက်သီး၊ ၂။ မှည့်လျက် စိမ်းယောင် ရှိသော သရက်သီး၊ ၃။ စိမ်းလျက် စိမ်းယောင်ရှိသော သရက်သီး၊ ၄။ မှည့်လျက် မှည့်ရောင် ရှိသော သရက်သီး။ (အံ၊၁။၄၂၁။) (အဘိ၊ပု။၁၅၁။) (အံ၊မြန်၊၁။၄၃၃။) (အဘိ၊ပု၊မြန်။၅၄။)

သရက်သီးနှင့် တူသော ပုဂ္ဂိုလ် ၄ မျိုး ၁။ စိမ်းလျက် မှည့်ယောင်ရှိသော သရက်သီးနှင့် တူသော ပုဂ္ဂိုလ်၊ ၂။ မှည့်လျက် စိမ်းယောင်ရှိသော သရက်သီးနှင့် တူသော ပုဂ္ဂိုလ်၊ ၃။ စိမ်းလျက် စိမ်းယောင်ရှိသော သရက်သီးနှင့် တူသော ပုဂ္ဂိုလ်၊ ၄။ မှည့်လျက် မှည့်ယောင်ရှိသော သရက်သီးနှင့် တူသော ပုဂ္ဂိုလ်။ (အံ၊၁။၄၂၁။) (အံ၊မြန်၊၁။၄၃၃။)

သရက်သီးနှင့် တူသော ရဟန်း ၄ မျိုး ၁။ စိမ်းလျက် မှည့်ရောင်ရှိသော သရက်သီးကဲ့သို့ ရှေ့သို့ တက်ခြင်း, နောက်သို့ဆုတ်ခြင်း စသည်တို့၌ ကြည်ညိုဖွယ် အသွင်ရှိလျက် သစ္စာလေးပါးကို ထိုးထွင်း၍ မသိသေးသော ပုဂ္ဂိုလ်ရဟန်း၊ ၂။ မှည့်နေပါလျက် စိမ်းရောင်ရှိသော သရက်သီးကဲ့သို့ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း စသည်တို့၌ ကြည်ညိုဖွယ်အသွင် မရှိသော်လည်း သစ္စာလေးပါးကိုကား ထိုးထွင်း၍ သိသော ရဟန်း၊ ၃။ စိမ်းလျက် စိမ်းရောင် ရှိသော သရက်သီးကဲ့သို့ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း စသည်တို့၌လည်း ကြည်ညိုဖွယ် မရှိဘဲ သစ္စာလေးပါးကိုလည်း ထိုးထွင်း၍ မသိသော ရဟန်း၊ ၄။ မှည့်နေလျက် မှည့်ရောင်ရှိသော သရက်သီးကဲ့သို့ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း စသည်တို့၌လည်း

http://www.dhammadownload.com

ကြည်ညိုဖွယ်ရှိလျက် သစ္စာလေးပါး မြတ်တရားကိုလည်း အမှန်အတိုင်း ထိုးထွင်း၍ သိသော ရဟန်း။ (အဘိ၊ပု။၁၅၁။) (အဘိ၊ပု၊မြန်။၅၄။)

သလိပ်ပျက်ကြောင်း ၃ ပါး ၁။ အအေးကြောင့် ပျက်ခြင်း၊ ၂။ အပူကြောင့် ပျက်ခြင်း၊ ၃။ စားဖွယ် သောက်ဖွယ်ကြောင့် ပျက်ခြင်း။ (မိလိန္ဒ။၁၃၇။) (မိလိန္ဒ၊မြန်။၁၄၈။)

သဝိညာဏကရုပနာ ၂ မျိုး သက်ရှိရုပနာ ၂ မျိုးနှင့် တူသည်။

သဟဓမ္မိကသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ ရဟန်း၏ ဝိနည်းပညတ်တော်ဖြင့် ပြောဆိုခြင်း၊ ၂။ မကျင့်လိုသဖြင့် ဤသို့ ပြောဆိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၉။) (ဝိမတိ၊၂။၄၉။)

သဥဒ္ဒေသပညတ် ၂ မျိုး ၁။ သပုဂ္ဂလနိဒ္ဒေသပညတ်၊ ၂။ အပုဂ္ဂလနိဒ္ဒေသပညတ်။ (ဝဇိရ။၆၉။)

သာကီဝင်မင်း ညီနောင် ၅ ပါး ၁။ သုဒ္ဓေါဒနမင်း၊ ၂။ သုက္ကောဒနမင်း၊ ၃။ သက္ကောဒနမင်း၊ ၄။ ဓောတောဒနမင်း၊ ၅။ အမိတောဒနမင်း။ (သာရတ္ထ၊ဋီ၊၃။၇၇။) (မ၊ဋ္ဌ၊၁။၃၆၆။)

သာကီဝင်မင်းသား ၆ ယောက် (အတူတကွ ရဟန်းပြုသော သာကီဝင်မင်းသား ၆ ယောက်) ၁။ ဘဒ္ဒိယ၊ ၂။ အနုရုဒ္ဓ၊ ၃။ အာနန္ဒ၊ ၄။ ဘဂု၊ ၅။ ကိမိလ၊ ၆။ ဒေဝဒတ္တမင်းသား။ (ဓမ္မ၊ဋ္ဌ၊၁။၈၈။)

သာဂရ ၄ မျိုး သမုဒ္ဒရာ ၄ မျိုးနှင့် တူသည်။

သာဓာရဏတရား ၂ ပါး ၁။ နာမသာဓာရဏ၊ ၂။ ဝတ္ထုသာဓာရဏ။ (နေတ္တိ၊ဋ္ဌ။၄၂။)

သာဓာရဏ ဒေသနာနိဒါန်း ၂ မျိုး ၁။ အဇ္ဈတ္တိက ဒေသနာနိဒါန်း၊ ၂။ ဗာဟိရ ဒေသနာနိဒါန်း။ (ဒီ၊ဋီ၊၂။၂၇၈။)

သာဓု တရား ၁၀ ပါး ကောင်းသော တရား ၁၀ ပါးနှင့် တူသည်။

သာဓုနရ တရား ၄ ပါး ၁။ ရှေးသူတော်ကောင်းတို့ သွားသော တရားလမ်းကို မချွတ်မယွင်း ဖြောင့်မှန်စွာ သွားရခြင်း၊ ၂။ စိုသော လက်ကို မခြောက်သွေ့ မပူလောင်စေရခြင်း၊ ၃။ မိတ်ဆွေခင်ပွန်းတို့ကို မပြစ်မှားရခြင်း၊ ၄။ ယုတ်မာသော မိန်းမတို့၏ အလိုသို့ မလိုက်ရခြင်း။ (ဇာတက၊၂။၃၀၀။)

သာဓုနရ တရား ၄ ပါး (တစ်နည်း) ၁။ နေရာထိုင်ခင်းမျှဖြင့် ဖိတ်ခေါ်၍ နေရာပေးဖူးသော သူ၏ ကျေးဇူး, အကျိုးစီးပွားကို ပြုလုပ်, ဆောင်ရွက်ပေးခြင်း၊ ၂။ အကြင်သူ၏ အိမ်၌ တစ်ညဉ့်မျှလည်း နေထိုင်, တည်ခိုဖူး၏၊ အကြင်သူ၏ ထမင်း, အဖျော်ကို စားသောက်ဖူး၏၊ ထိုသူ့အပေါ်၌ မကောင်းသော အကြံကို မကြံစည်ခြင်း၊ ၃။ အကြင်သစ်ပင်၏ အရိပ်၌ မိမိနေထိုင်ခဲ့၊ အိပ်ခဲ့၏၊ ထိုသစ်ပင်၏ အကိုင်းအခက်ကို ချိုးဖဲ့ဖျက်ဆီးခြင်းအားဖြင့် မပြစ်မှားခြင်း၊ အဆွေခင်ပွန်း၌ မပြစ်မှားခြင်း၊ ၄။ ဥစ္စာဖြင့် ပြည့်သော ဤမြေကြီးကို ပေးသော်လည်း မိန်းမကို အကြောင်းပြု၍ မိန်းမကို မှီ၍ လွန်ကျူးခြင်း မကောင်းမှုကို မပြုခြင်း။ (ဇာ၊ဋ္ဌ၊၇။၂၁၈။)

သာမညဖလ ၄ ပါး ဖိုလ် ၄ ပါးနှင့် တူသည်။

သာမဏေကို စေခိုင်းသော ရဟန်း ပြည့်စုံရမည့် အင်္ဂါ ၅ ပါး ၁။ ဆန္ဒာဂတိသို့ မလိုက်ခြင်း၊

http://www.dhammadownload.com

၂။ ဒေါသဝဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟဝဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယဝဂတိသို့ မလိုက်ခြင်း၊ ၅။ ခိုင်းစေပြီးခြင်း မခိုင်းစေရသေးခြင်းတို့ကို သိခြင်း။ (ဝိ၊၄။၃၃၂။) (ဝိ၊မြန်၊၄။၃၃၆။)

သာမဏေကို စေခိုင်းသော ရဟန်း ငရဲကျကြောင်း ၅ ပါး ၁။ ဆန္ဒာဂတိသို့ လိုက်ခြင်း၊ ၂။ ဒေါသဝဂတိသို့ လိုက်ခြင်း၊ ၃။ မောဟဝဂတိသို့ လိုက်ခြင်း၊ ၄။ ဘယဝဂတိသို့ လိုက်ခြင်း၊ ၅။ စေခိုင်းအပ်ပြီး, မစေခိုင်းအပ်သေးသည်တို့ကို မသိခြင်း။ (ဝိ၊၅။၃၅၆။) (ဝိ၊မြန်၊၅။၄၅၉။)

သာမဏေကို စေခိုင်းသော ရဟန်း နတ်ပြည် ရောက်ကြောင်း ၅ ပါး ၁။ ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသဝဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟဝဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယဝဂတိသို့ မလိုက်ခြင်း၊ ၅။ စေခိုင်းအပ်ပြီး, မစေခိုင်းအပ်သေးသည်တို့ကို သိခြင်း။ (ဝိ၊၅။ ၃၅၆။) (ဝိ၊မြန်၊၅။၄၅၆။)

သာမဏေကို ပြုစုလုပ်ကျွေးစေခိုင်သော ရဟန်း အင်္ဂါ ၅ ပါး ရဟန်းခံပေးနိုင်သော ရဟန်း အင်္ဂါ ၅ ပါး၊ နိဿယညှိပေးနိုင်သော ရဟန်း အင်္ဂါ ၅ ပါးနှင့် တူသည်။

သာမဏေကို ပြုစုလုပ်ကျွေးစေခိုင်သော ရဟန်း အင်္ဂါ ၆ ပါး ရဟန်းခံပေးနိုင်သော ရဟန်းအင်္ဂါ ၆ ပါး၊ နိဿယညှိပေးနိုင်သော ရဟန်း အင်္ဂါ ၆ ပါးတို့နှင့် တူသည်။

သာမဏေကို မပြုစု မလုပ်ကျွေးစေခိုင်သော ရဟန်း အင်္ဂါ ၅ ပါး ရဟန်းခံ မပေးနိုင်သော ရဟန်းအင်္ဂါ ၅ ပါး၊ နိဿယညှိ မပေးနိုင်သော ရဟန်း အင်္ဂါ ၅ ပါးတို့နှင့် တူသည်။

သာမဏေကို မပြုစု မလုပ်ကျွေးစေခိုင်သော ရဟန်း အင်္ဂါ ၆ ပါး ရဟန်းခံ မပေးနိုင်သော ရဟန်းအင်္ဂါ ၆ ပါး၊ နိဿယညှိ မပေးနိုင်သော ရဟန်း အင်္ဂါ ၆ ပါးတို့နှင့် တူသည်။

သာမဏေကို မလုပ်ကျွေးစေထိုက်သော ရဟန်း အင်္ဂါ ၃ ပါး ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံ မပေးအပ်သော ရဟန်း အင်္ဂါ ၃ ပါးနှင့် တူသည်။

သာမဏေတို့အား ဒဏ်ပေးထိုက်သော အင်္ဂါ ၅ ပါး ၁။ ရဟန်းတို့အား လာဘ်မရစိမ့်သောငှာ အားထုတ်ခြင်း၊ ၂။ ရဟန်းတို့အား အကျိုးမဲ့ဖြစ်စိမ့်သောငှာ အားထုတ်ခြင်း၊ ၃။ ရဟန်းတို့အား နေမြဲကျောင်း၌ မနေနိုင်စိမ့်သောငှာ အားထုတ်ခြင်း၊ ၄။ ရဟန်းတို့ကို ဆဲရေးတိုင်းထွာခြင်း၊ ၅။ ရဟန်းအချင်းချင်း ကွဲပြားအောင် ကုန်းတိုက်ခြင်း။ (ဝိ၊၃။၁၁၇။) (ဝိ၊မြန်၊၃။၁၁၉။)

သာမဏေတို့၏ သိက္ခာပုဒ် ၁၀ ပါး ၁။ သူတစ်ပါးအသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ ပိုင်ရှင်မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် လိမ်ညာ၍ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်အရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၆။ နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၇။ သာသနာတော်၏ ငြောင့်တံကျင် သဖွယ်ဖြစ်သော ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နားထောင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ ၈။ ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, တန်ဆာဆင်ခြင်း, နံ့သာပြောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ ၉။ ပမာဏထက်မြင့်သော အိပ်ရာနေရာ၊ မြတ်သော အိပ်ရာနေရာတို့၌ အိပ်ခြင်း နေခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ ရွှေငွေကို ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း။ (ဝိ၊၃။၁၁၇။) (ဝိ၊မြန်၊၃။၁၁၉။)

http://www.dhammadownload.com

သာမဏေအသွင်ကို ဖျက်ဆီးကြောင်း အင်္ဂါ ၁၀ ပါး လိင် ၁၀ ပါးနှင့် တူသည်။

သာမဏေ၏ အလုပ်အကျွေးကို ခံယူထိုက်သော ရဟန်း အင်္ဂါ ၅ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၄။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိ– အရဟတ္တဖိုလ်ဂုဏ်နှင့် ပြည့်စုံရခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိဉာဏဒဿန– အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ဂုဏ်နှင့် ပြည့်စုံရခြင်း။ (အံ၊၂။၂၃၈။) (အံ၊မြန်၊၂။၃၀၅။)

သာမဏေ၏ အလုပ်အကျွေး ခံထိုက်သော ရဟန်း အင်္ဂါ ၅ ပါး ၁။ သီလဂုဏ်နှင့် ပြည့်စုံခြင်း၊ ၂။ သမာဓိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၃။ ပညာဂုဏ်နှင့် ပြည့်စုံခြင်း၊ ၄။ ဝိမုတ္တိ ဂုဏ်နှင့် ပြည့်စုံခြင်း၊ ၅။ ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံခြင်း၊ ။ (အံ၊၂။၂၃၈။) (အံ၊မြန်၊၂။၃၀၅။)

သာမဏေ၏ အလုပ်အကျွေး ခံထိုက်သော ရဟန်း အင်္ဂါ ၁၀ ပါး ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင်များခြင်း၊ ၃။ ပါတိမောက်ကို အကျယ်အားဖြင့် နှုတ်၌ လာခြင်း၊ ၄။ မကျန်းမာ သူကို လုပ်ကျွေးခြင်း၊ လုပ်ကျွေးစေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၅။ မပျော်မွေ့ခြင်းကို ကိုယ်တိုင် ငြိမ်းခြင်း၊ သူတစ်ပါးကို ငြိမ်းစေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၆။ ကုက္ကုစ္စသံသယကို ပယ်ဖျောက် ခြင်းငှာ စွမ်းနိုင်ခြင်း၊ ၇။ မိစ္ဆာအယူကို ကင်းစေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၈။ အဓိသီလ၌ တည်စေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၉။ အဓိစိတ္တ၌ တည်စေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၁၀။ အဓိပညာ၌ တည်စေခြင်းငှာ စွမ်းနိုင်ခြင်း။ (အံ၊၃။၃၁၄။) (အံ၊မြန်၊၃။၃၁၃။)

သာမဏေ၏ အလုပ်အကျွေးကို ခံယူနိုင်သော ရဟန်း အင်္ဂါ ၅ ပါး ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါးနှင့် တူသည်။

သာမဏေ၏ အလုပ်အကျွေး မခံထိုက်ကြောင်း အင်္ဂါ ၅ ပါး ဥပဇ္ဈာယ်ဆရာ မလုပ်ထိုက်ကြောင်း အင်္ဂါ ၅ ပါးနှင့် တူသည်။

သာမီစိ ၆ ပါး ၁။ သော စ ဘိက္ခု အနဗ္ဘိတော၊ တေ စ ဘိက္ခူ ဂါရယှာ၊ အယံ တတ္ထ သာမီစိ ဟူသော သိက္ခာပုဒ်အရ သာမီစိတစ်ပါး၊ ၂။ ယုဥ္ဇန္တာယသူန္တော သကံ မာဝေါသကံ ဝိနဿာတိ အယံ တတ္ထ သာမီစိဟူသော သိက္ခာပုဒ်အရ သာမီစိတစ်ပါး၊ ၃။ အယံ တေ ပတ္တော ယာဝဘေဒနာယ ဓာရေတဗ္ဗောတိ အယံ တတ္ထ သာမီစိ ဟူသော သိက္ခာပုဒ်အရ သာမီစိတစ်ပါး၊ ၄။ တတော နီဟရိတွာ ဘိက္ခူဟိ သဒ္ဓိံ သံဝိဘဇိတဗ္ဗံ အယံ တတ္ထ သာမီစိ–ဟူသော သိက္ခာပုဒ်အရ သာမီစိတစ်ပါး၊ ၅။ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉိတဗ္ဗံ အယံ တတ္ထ သာမီစိ ဟူသော သိက္ခာပုဒ်အရ သာမီစိတစ်ပါး၊ ၆။ ယဿ ဘဝိဿတိ၊ သော ဟရိဿတီတိ အယံ တတ္ထသာမီစိ ဟူသော သိက္ခာပုဒ်အရ သာမီစိတစ်ပါး။ (ဝိ၊၄၊၄။၁၇၈။)

သာမဂ္ဂီ ၃ ပါး ၁။ ဂဏသာမဂ္ဂီ– ရဟန်းတို့၏ တစ်ပေါင်တည်း ဖြစ်ခြင်း၊ ၂။ ဓမ္မသာမဂ္ဂီ– ဗောဓိပက္ခိယတရားတို့၏ တစ်ပေါင်းတည်း ဖြစ်ခြင်း၊ ၃။ အနဘိနိဗ္ဗတ္တိသာမဂ္ဂီ– ပရိနိဗ္ဗာန်ပြုသော ရဟန္တာတို့၏ တစ်ပေါင်းတည်း ဖြစ်ခြင်း။ (မဟာနိ။၁၀၂။)

http://www.dhammadownload.com

သာရတ္ထဒီယ တရား ၆ ပါး ကျေးဇူးများသော တရား ၆ ပါး၊ ဗဟုကာရ တရား ၆ ပါးတို့နှင့်တူသည်။

သာရတ္ထဒီယ တရား ၆ ပါး ၁။ သီတင်းသုံးဖော်တို့ အပေါ်ဝယ် မေတ္တာကာယကံကို ရှေးရှု ဆောက်တည်ခြင်း၊ ၂။ ထို့အတူ မေတ္တာဝစီကံကို ရှေးရှု ဆောက်တည်ခြင်း၊ ၃။ ထို့အတူ မေတ္တာမနောကံကို ရှေးရှု ဆောက်တည်ခြင်း၊ ၄။ မိမိရရှိသော လာဘ်လာဘကို သီတင်းသုံးဖော်တို့နှင့် မျှဝေ သုံးဆောင်ခြင်း၊ ၅။ သီတင်းသုံးဖော်တို့နှင့် တူမျှသော သီလရှိခြင်း၊ ၆။ မဂ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိဖြင့် သီတင်းသုံးဖော်တို့နှင့် တူမျှသော အယူရှိခြင်း။ (ဝိ၅။၁၆၇။) (အံ၊၂။၂၅၅။) (အံ၊၂။၂၅၆။) (ဝိ၊မြန်၊၅။၂၄၇-၂၄၈။) (အံ၊မြန်၊၂။၃၃၁။) (အံ၊မြန်၊၂။၃၃၂။)

သာရီပုတ္တရာမထေရ်၏ ပညာဂုဏ်ပုဒ် ၇ မျိုး ၁။ ပညာနှင့် ပြည့်စုံခြင်း၊ ၂။ ကြီးသော ပညာရှိခြင်း၊ ၃။ ကျယ်ပြန့်သော ပညာရှိခြင်း၊ ၄။ ရှင်သော ပညာရှိခြင်း၊ ၅။ လျင်သော ပညာရှိခြင်း၊ ၆။ ထက်မြက်သော ပညာရှိခြင်း၊ ၇။ ထိုးထွင်း၍ သိသော ပညာရှိခြင်း။ (မ၊၃။၇၅။) (မ၊မြန်၊၃။၇၉။)

သာဝက ၂ မျိုး ၁။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် တရားရရှိသော မျက်မှောက် တပည့် သာဝက၊ ၂။ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးမှ တရားရရှိသော မျက်ကွယ် တပည့်သာဝက။ (ထေရ၊၆၊၂။၅၄၀။)

သာဝက ၃ မျိုး ၁။ အဂ္ဂသာဝက- အမြတ်ဆုံး တပည့်သာဝက၊ ၂။ မဟာသာဝက- တပည့်ကြီး၊ ၃။ ပကတိသာဝက- ရိုးရိုးသာမန်တပည့်။ (ထေရ၊၆၊၂။၅၄၁။)

သာဝက ၅ မျိုး ၁။ ပါရမီပွတ္တသာဝက- အထွတ်အမြတ်သို့ ရောက်သော တပည့်၊ ၂။ ပဋိသမ္ဘိဒါ ပတ္တသာဝက- ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်သော တပည့်၊ ၃။ ဆဠဘိည သာဝက- အဘိညာဉ် ၆ ပါးနှင့် ပြည့်စုံသော တပည့်၊ ၄။ တေဝိဇ္ဇသာဝက- ပုဗ္ဗေနိဝါသ, ဒိဗ္ဗစက္ခု, အာသဝက္ခယ ဟူသော ၃ ပါးသော ဝိဇ္ဇာဉာဏ်ကို ရသော တပည့်၊ ၅။ သုက္ခ ဝိပဿကသာဝက-ဈာန်မရသော ရဟန္တာတပည့်။ (ထေရ၊၆၊၂။၅၄၅။)

သာဝကတို့ ရနိုင်သော တရား ၄ ပါး ၁။ ဝိဇ္ဇာ သုံးပါး၊ ၂။ ပဋိသမ္ဘိဒါ လေးပါး၊ ၃။ အဘိညာဉ် ခြောက်ပါး၊ ၄။ လောကုတ္တရာတရား ကိုးပါး။ (ဝိ၊၆၊၂။၁၆၂။)

သာဝိကာ ၃ မျိုး ၁။ အဂ္ဂသာဝိကာ- ရဟန်းမိန်းမ တပည့်မြတ်၊ ၂။ မဟာသာဝိကာ- ကြီးမြတ်သော တပည့်မ၊ ၃။ ပကတိသာဝိကာ- ရိုးရိုး သာမန်တပည့်မ။ (ထေရီ၊၆။၃၀၃။)

သာဝတ္ထိပြည်၌ ပညတ်အပ်သော သိက္ခာပုဒ် ၂၉၄ ပုဒ် ၁။ ဘိက္ခုနီ ပါရာဇိကသိက္ခာပုဒ် လေးပါး၊ ၂။ သံဃာဒိသိသ်သိက္ခာပုဒ် တစ်ဆယ်ခြောက်ပါး၊ ၃။ အနိယတသိက္ခာပုဒ် နှစ်ပါး၊ ၄။ နိဿဂ္ဂိ ပါစိတ် နှစ်ဆယ်လေးပါး၊ ၅။ ခုဒ္ဒကသိက္ခာပုဒ် တစ်ရာငါးဆယ့်ခြောက်ပါး၊ ၆။ ပါဋိဒေသနီ သိက္ခာပုဒ် ဆယ်ပါး၊ ၇။ သေခိယသိက္ခာပုဒ် ခုနစ်ဆယ့်နှစ်ပါး၊ **မှတ်ချက်။** ။ ပါဠိတော်၌ "ဆဋိန တိဏိသတာနိ"ဟု ဆိုသော်လည်း ရေတွက်၍ ပေါင်းကြည့်သော အခါ ၂၈၄ သာ ရှိသည်ကို တွေ့ရ၏။ (ဝိ၅။၂၅၆။) (ဝိ၊မြန်၊၅။၃၄၉။)

သာသနာ ၃ မျိုး ၁။ ပရိယတ္တိသာသနာ- ပိဋကတ်သုံးပုံဖြင့် သိမ်းယူအပ်သော အားလုံးသော ဘုရားစကားတော်များ၊ ၂။ ပဋိပတ္တိသာသနာ- ခုတင် တစ်ဆယ့်သုံးပါး ခန္ဓကဝတ် တစ်ဆယ့်

http://www.dhammadownload.com

လေးပါး ရှစ်ဆယ့်နှစ်ပါးသော မဟာဝက်ကြီးများ သီလ သမာဓိ ဝိပဿနာ အကျင့်များ၊ ၃။ ပဋိဝေဓသာသနာ– မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တရားများ။ (ဝိ၊၆၊၁။၁၉၀။) (ဝိ၊၆၊၃။ ၁၄၄။) (သံ၊၆၊၂။၁၈၆။) (အံ၊၆၊၃။၃၀၉။) (သာရတ္ထ၊ဋီ၊၁။၁၉၂။) (သာရတ္ထ၊ဋီ၊၁။၃၄။)

သာသနာ ၃ မျိုး (တစ်နည်း) ၁။ ယထာပရာဓသာသနာ– သတ္တဝါတို့ကို အပြစ်အားလျော်စွာ ဆုံးမအပ်ရာ ဝိနည်းပိဋကသာသနာ၊ ၂။ ယထာနုလောမသာသနာ– များသော အလို အာသယ, များသော အနုသယ, များသော စရိုက်, များသော နှလုံးသွင်းခြင်း အားလျော်စွာ ဆုံးမအပ်ရာ သုတ္တန်ပိဋကသာသနာ၊ ၃။ ယထာဓမ္မသာသနာ– ပရမတ္ထတရားအားလျော်စွာ ဆုံးမအပ်ရာ အဘိဓမ္မပိဋကသာသနာ။ (ဝိ၊၆၊၁။၁၇။) (ဒီ၊၆၊၁။၂၀။) (အဘိ၊၆၊၁။၂၂။) (ဒီ၊၆၊မြန်၊ ၁။၃၄။)

သာသနာကွယ်ကြောင်း ၂ ပါး ၁။ မကောင်းသဖြင့် ပုဒ်ဗျည်းများကို ထားအပ်ခြင်း၊ ၂။ မကောင်းသဖြင့် အနက်ကို သိအပ်ခြင်း။ (အံ၊၁။၆၀။) (အံ၊မြန်၊၁။၇၂။)

သာသနာကွယ်ကြောင်း ၄ ပါး ၁။ မကောင်းသဖြင့် ထားအပ်သော အလွဲလွဲ အမှားမှားသော ပုဒ်ဗျည်းတို့ဖြင့် သုတ်တို့ကို သင်ယူခြင်းကြောင့် အနက်အဓိပ္ပာယ်ကို အလွဲလွဲ အမှားမှား သိခြင်း ခဲယဉ်းသဖြင့် သိအပ်ခြင်း၊ ၂။ ရဟန်းတို့သည် ပြောဆိုဆုံးမခက်လျက် သည်းမခံကြခြင်း, အဆုံးအမကို ရိုရိုသေသေ မခံယူကြခြင်း၊ ၃။ ဗဟုသုတနှင့် ပြည့်စုံလျက် တရားကို ဆောင် ဝိနည်းကိုဆောင် မာတိကာကို ဆောင်ကုန်သော ရဟန်းတို့သည် အခြားသော ပုဂ္ဂိုလ်တို့အား သုတ်တို့ကို မသင်ကြား မပို့ချကြခြင်း၊ ၄။ ထေရ်ကြီးဝါကြီး ရဟန်းတို့သည် ပစ္စည်းလေးပါး ပေါများခြင်းငှာသာ ကျင့်၍ တရားဓမ္မ အားထုတ်မှုဌ် လျော့ပေါ့ကျင့်ခြင်း, မရသေးသော တရားထူးများကို ရရန် ကြိုးစားမှု ဝီရိယကို အားမထုတ်ခြင်း, နောင်လာနောက်သား ရဟန်းငယ်များလည်း အတုလိုက်၍ ကျင့်ကြခြင်း။ (အံ၊ ၁။၄၆၅။) (အံ၊ မြန်၊ ၁။၄၇၇။)

သာသနာကွယ်ကြောင်း ၅ ပါး ၁။ မြတ်စွာဘုရားဌ် ရှိသေတုပ်ဝပ်မှု မရှိဘဲ နေထိုင်ကြခြင်း၊ ၂။ တရားတော်ဌ် ရှိသေတုပ်ဝပ်မှု မရှိဘဲ နေထိုင်ကြခြင်း၊ ၃။ သံဃာဌ် ရှိသေတုပ်ဝပ်မှု မရှိဘဲ နေထိုင်ကြခြင်း၊ ၄။ သီလသိက္ခာဌ် ရှိသေတုပ်ဝပ်မှု မရှိဘဲ နေထိုင်ကြခြင်း၊ ၅။ သီတင်းသုံးဖော် အချင်းချင်း ရှိသေတုပ်ဝပ်မှု မရှိဘဲ နေထိုင်ကြခြင်း။ (အံ၊၂။၂၁၆။) (အံ၊မြန်၊၂။၂၇၁။)

သာသနာကွယ်ကြောင်း ၅ ပါး (တစ်နည်း) ၁။ တရားကို ရှိသေစွာ မနာခြင်း၊ ၂။ တရားကို ရှိသေစွာ မသင်ခြင်း၊ ၃။ တရားကို ရှိသေစွာ မဆောင်ခြင်း၊ ၄။ ဆောင်ထားသော တရားတို့၏ အနက်အဓိပ္ပါယ်ကို သိအောင် မဆင်ခြင်ခြင်း၊ ၅။ တရားကို ရှိသေစွာ မကျင့်ခြင်း။ (အံ၊၂။၁၅၅။) (အံ၊မြန်၊၂။၁၉၈။)

သာသနာကွယ်ကြောင်း ၅ ပါး (တစ်နည်း) ၁။ သုတ်, ဂေယျ, ဝေယျာကရိဏ်း, ဂါထာ, ဥဒါန်း, ဣတိဝုတ်, ဇာတ်, အမ္ဘုတဓမ္မ, ဝေဒလ္လ ဟူသော တရားကို မသင်ခြင်း၊ ၂။ သင်ယူပြီးသော တရားကို သူတစ်ပါးအား အကျယ် မဟောကြားခြင်း၊ ၃။ သင်ယူပြီးသော တရားကို သူတစ်ပါးအား အကျယ် မပို့ချခြင်း၊ ၄။ သင်ယူပြီးသော တရားကို အကျယ် ရွတ်ဖတ်မှု မပြုခြင်း၊ ၅။ သင်ယူပြီးသော တရားကို စိတ်ဖြင့် အဖန်ဖန် မကြံစည် မဆင်ခြင်ခြင်း။ (အံ၊၂။၁၅၆။) (အံ၊မြန်၊၂။၁၉၈–၁၉၉။)

http://www.dhammadownload.com

သာသနာကွယ်ကြောင်း ၅ ပါး (တစ်နည်း) ၁။ မကောင်းသဖြင့် ယူအပ်သော ပါဠို, မကောင်းသော ပုဒ် ဗျည်းတို့ဖြင့် သင်ယူခြင်း (ပုဒ်ဗျက်အက္ခရာ သင်ခြင်း)၊ ၂။ အပြောအဆို ခက်ခဲကုန်ခြင်း၊ ၃။ အကြားအမြင်များသော အာဂုံနှုတ်တက်ရှိကုန်သော သုတ်အဘိဓမ္မာ ဆောင် ဝိနည်းဆောင် ရဟန်းတို့က ပါဠို စာပေ မပို့ချကုန်ခြင်း၊ ၄။ မထေရ်ကြီးများ ပစ္စည်းလေးပါး ပေါများ၍ ဘုန်းကြီးရန်သာ ကျင့်ကြခြင်း၊ ၅။ သံဃာသင်းခွဲခြင်း။ (အံ၊၂။၁၅၇။) (အံ၊မြန်၊၂။၂၀၀။)

သာသနာကွယ်ကြောင်း ၆ ပါး ၁။ မြတ်စွာဘုရား၌ မရိသေ မလေးစား မတုပ်ဝပ်ဘဲ နေခြင်း၊ ၂။ တရား၌ မရိသေ မလေးစား မတုပ်ဝပ်ဘဲ နေခြင်း၊ ၃။ သံဃာ၌ မရိသေ မလေးစား မတုပ်ဝပ်ဘဲ နေခြင်း၊ ၄။ အကျင့်သိက္ခာ၌ မရိသေ မလေးစား မတုပ်ဝပ်ဘဲ နေခြင်း၊ ၅။ မမှေ မလျော့ခြင်း အပွမာဒ၌ မရိသေ မလေးစား မတုပ်ဝပ်ဘဲ နေခြင်း၊ ၆။ အစ္ဆေအစပ်ပြုခြင်း ပဋိသန္ဓာရ၌ မရိမသေ မလေးစား မတုပ်ဝပ်ဘဲ နေခြင်း။ (အံ၊၂။၂၉၈။) (အံ၊မြန်၊၂။၃၈၄။)

သာသနာကွယ်ကြောင်း ၇ ပါး ၁။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့သည် မြတ်စွာဘုရား၌ ရိသေတုပ်ဝပ်မှု မရှိကြခြင်း၊ ၂။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့သည် တရားတော်၌ ရိသေတုပ်ဝပ်မှု မရှိကြခြင်း၊ ၃။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့သည် သံဃာတော်၌ ရိသေတုပ်ဝပ်မှု မရှိကြခြင်း၊ ၄။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့သည် အကျင့်သိက္ခာ၌ ရိသေတုပ်ဝပ်မှု မရှိကြခြင်း၊ ၅။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့သည် သမာဓိ၌ ရိသေတုပ်ဝပ်မှု မရှိကြခြင်း၊ ၆။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့သည် မမှေ့လျော့ခြင်း အပွမာဒတရား၌ ရိသေတုပ်ဝပ်မှု မရှိကြခြင်း၊ ၇။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ ဥပါသိကာမတို့သည် အစ္ဆေအစပ်ပြုမှု ပဋိသန္ဓာရတရား၌ ရိသေတုပ်ဝပ်မှု မရှိကြခြင်း။ (အံ၊၂။၄၆၁။) (အံ၊မြန်၊၂။၅၈၁။)

သာသနာကွယ်ခြင်း ၃ မျိုး ၁။ ပရိယတ်တည်းဟူသော ပိဋကသုံးပုံ ကွယ်ခြင်း၊ ၂။ ပဋိပေတည်းဟူသော သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း ကွယ်ခြင်း၊ ၃။ ပဋိပတ်တည်းဟူသော သမထ ဝိပဿနာ အကျင့် ကွယ်ခြင်း။ (မ၊ဋ္ဌ၊၄။၈၀။)

သာသနာကွယ်ခြင်း ၅ မျိုး ၁။ အဓိဂမအန္တရဓာန– မဂ်ဖိုလ် စသော တရားထူးများ ကွယ်ပျောက်ခြင်း၊ ၂။ ပဋိပတ္တိအန္တရဓာန– ကိုယ်ကျင့်သီလကွယ်ပျောက်ခြင်း၊ ၃။ ပရိယတ္တိအန္တရဓာန– ပိဋကတ်သုံးပုံ ပါဠို, အဋ္ဌကထာ, ဋီကာများ ကွယ်ပျောက်ခြင်း၊ ၄။ လိင်္ဂအန္တရဓာန–ရဟန်းအသွင်အပြင်များ ကွယ်ပျောက်ခြင်း၊ ၅။ ဓာတုအန္တရဓာန– ဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကွယ်ပျောက်ခြင်း။ (အံ၊ဋ္ဌ၊၁။၆၇။)

သာသနာကွယ်ပျောက်ပုံ ၃ မျိုး ၁။ မဂ်ဖိုလ်ရမှု– အဓိဂမသာသနာ ကွယ်ခြင်း (ကောင်းစွာ ကျင့်ကြံကျိုးကုတ် အားထုတ်သော်လည်း မဂ်ဖိုလ်ကို ရမှု သိမှု မဖြစ်တော့ခြင်း)၊ ၂။ အကျင့် ပဋိပတ် ကွယ်ပျောက်မှု– ပဋိပတ္တိသာသနာ ကွယ်ခြင်း (အကျင့်ပဋိပတ် ကွယ်ပျောက်သည် ရှိသော် သိက္ခာပုဒ် ပညတ်ချက်များ မသိ မရှိတော့ခြင်း)၊ ၃။ ရဟန်းအသွင် ပျောက်ကွယ်မှု– လိင်္ဂသာသနာ ကွယ်ခြင်း (ရဟန်းအသွင် ကွယ်ပျောက်သည်ရှိသော် သာသနာအစဉ်အဆက် လုံးဝ ပြတ်တောက်သွားခြင်း)။ (မိလိန္ဒ။၁၃၆။) (မိလိန္ဒ၊မြန်။၁၄၆။)

http://www.dhammadownload.com

သာသနာ ဆုတ်ယုတ်ကြောင်း ၅ ပါး ၁။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် မြတ်စွာဘုရား၌ ရိုသေလေးစားမှု မရှိခြင်း၊ ၂။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် တရားတော်၌ ရိုသေလေးစားမှု မရှိခြင်း၊ ၃။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် သံဃာတော်၌ ရိုသေလေးစားမှု မရှိခြင်း၊ ၄။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် သိက္ခာပုဒ်၌ ရိုသေလေးစားမှု မရှိခြင်း၊ ၅။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် သမာဓိ၌ ရိုသေလေးစားမှု မရှိခြင်း။ (သံ၊၁။၄၂၃။) (သံ၊မြန်၊၁။၄၁၂။)

သာသနာတော်၌ ကြီးပွားကြောင်း ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါ ရှိခြင်း၊ ၂။ ရှက်မှု ဟိရိရှိခြင်း၊ ၃။ ကြောက်လန့်မှု ဩတ္တပ္ပရှိခြင်း၊ ၄။ ထက်သန်သော ဝီရိယရှိခြင်း၊ ၅။ သိမှု ပညာရှိခြင်း။ (အံ၊၂။၆–၇။) (အံ၊မြန်၊၂။၈–၉။)

သာသနာတော်၌ ကြီးပွားတိုးတက်ရန် ပယ်ရမည့်တရား ၁၀ ပါး ၁။ အမျက်ထွက်မှု၊ ၂။ ရန်ငြိုးဖွဲ့မှု၊ ၃။ သူ့ကျေးဇူးကို ချေဖျက်မှု၊ ၄။ ဂုဏ်ပြိုင်မှု၊ ၅။ ငြူစူမှု၊ ၆။ ဝန်တိုမှု၊ ၇။ စဉ်းလဲမှု၊ ၈။ လှည့်စားမှု၊ ၉။ အလိုဆိုးလွန်းမိုးမှု၊ ၁၀။ အနည်းငယ်မျှသော တရားထူးကို ရရုံမျှဖြင့် အကြားတွင် ဆုတ်နစ်ခြင်းသို့ ရောက်မှု။ (အံ၊၃။၃၈၀။) (အံ၊မြန်၊၃။၃၇၀။)

သာသနာတော်၌ ကြီးပွားတိုးတက်ရန် ပယ်ရမည့်တရား ၁၀ ပါး (တစ်နည်း) ၁။ သီလ ကျိုးပေါက် ပျောက်ကျားခြင်း၊ ၂။ သဒ္ဓါတရား မရှိခြင်း၊ ၃။ အကြားအမြင် နည်းခြင်း၊ ၄။ ဆိုဆုံးမ ခက်ခြင်း၊ ၅။ မိတ်ဆွေယုတ် ရှိခြင်း၊ ၆။ ပျင်းရိခြင်း၊ ၇။ သတိမေ့ခြင်း၊ ၈။ အံ့သြဖွယ်ကို ပြုတတ်ခြင်း၊ ၉။ မွေးမြူရန် ခက်ခဲခြင်း၊ ၁၀။ ပညာမဲ့ခြင်း။ (အံ၊၃။ ၃၈၃၊၃၈၅။) (အံ၊မြန်၊၃။၃၇၉၊၃၈၁။)

သာသနာတော်၌ ကြီးပွားတိုးတက်ရန် ပယ်ရမည့်တရား ၁၀ ပါး (တစ်နည်း) ၁။ သူတစ်ပါး ဥစ္စာကို လိုချင်မှု အဘိဇ္ဈာ လွန်မိုးခြင်း၊ ၂။ အမျက်ထွက်မှု ဗျာပါဒ လွန်မိုးခြင်း၊ ၃။ ထိုင်းမှိုင်းမှု ထိနမိဒ္ဓ လွန်မိုးခြင်း၊ ၄။ ပျံ့လွင့်မှု ဥဒ္ဓစ္စ လွန်မိုးခြင်း၊ ၅။ ယုံမှားမှု ဝိစိကိစ္ဆာ လွန်မိုးခြင်း၊ ၆။ အမှုသစ်၌ မွေ့လျော်ခြင်း၊ ၇။ စကားပြောခြင်း၌ မွေ့လျော်ခြင်း၊ ၈။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၉။ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ ၁၀။ အနည်းငယ်မျှသော တရားထူးကို ရခြင်းဖြင့် အကြား၌ ဆုတ်နစ်ခြင်း။ (အံ၊၃။၃၈၇။) (အံ၊မြန်၊၃။၃၈၂။)

သာသနာတော်၌ ကြီးပွားနိုင်သော ရဟန်း အင်္ဂါ ၁၁ ပါး ၁။ မဟာဘုတ်ရုပ်, ဥပါဒါရုပ်ဟု ဆိုအပ်သော ရုပ်အားလုံးကို အမှန်အတိုင်း ခွဲခြား၍ သိခြင်း၊ ၂။ လူမိုက်သည် မကောင်းမှု လက္ခဏာ, လူလိမ္မာသည် ကောင်းမှုလက္ခဏာ ရှိ၏ဟု အမှန်အတိုင်း ခွဲခြား၍ သိခြင်း၊ ၃။ ဖြစ်ပေါ်လာသော ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့ကို ပယ်စွန့်, ဖျောက်ဖျက်နိုင်ခြင်း၊ ၄။ စက္ခုန္ဒြေအစ မနိန္ဒြေအဆုံးရှိသော ဣန္ဒြေ ခြောက်ပါးတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ၅။ သင်ယူ နာကြားထားသော တရားတော်များကို အကျယ်အားဖြင့် သူတစ်ပါးတို့အား ဟောကြားခြင်း၊ ၆။ စာပေကျမ်းဂန်တတ် ဆရာတော်ကြီးများထံ ချဉ်းကပ်၍ ဆွေးနွေးမေးမြန်းမှု ပြုခြင်း၊ ၇။ တရားဒေသနာကို ဟောကြားနာယူသောအခါ အနက်အဓိပ္ပါယ်ကို သိသည်ဖြစ်၍ တရားနှင့်စပ်သော အသိဉာဏ်ကို ရလျက် နှစ်သက် ဝမ်းမြောက်မှု

http://www.dhammadownload.com

ဖြစ်ခြင်း၊ ၈။ ဖြူစင် မြင့်မြတ်သော မဂ္ဂင် ၅စ်ပါးကို အမှန်အတိုင်း ခွဲခြား၍ သိခြင်း၊ ၉။ သတိပဋ္ဌာန် လေးပါးကို အမှန်အတိုင်း ခွဲခြား၍ သိခြင်း၊ ၁၀။ ပစ္စည်း လေးပါးကို ခံယူရာ၌ အတိုင်းအရှည်ကို သိခြင်း၊ ၁၁။ သံဃာ့ဦးစီး သံဃာ့ဖခင်ဖြစ်သော မထေရ်ကြီးတို့အား မျက်မှောက် မျက်ကွယ်တို့၌ ကာယကံမေတ္တာ, ဝစီကံမေတ္တာ မနောကံ မေတ္တာ ထားခြင်း ပွားခြင်း။ (မ၊၁။၂၈၄။) (မ၊မြန်၊၁။၂၉၁။)

သာသနာတော်၌ တည်ကြောင်း ၅ ပါး ၁။ ယုံကြည်မှု– သဒ္ဓါ ရှိခြင်း၊ ၂။ ရှက်မှု– ဟိရီ ရှိခြင်း၊ ၃။ ကြောက်လန့်မှု– ဩတ္တပ္ပ ရှိခြင်း၊ ၄။ အားထုတ်မှု– ဝီရိယ ရှိခြင်း၊ ၅။ သိမှု–ပညာ ရှိခြင်း။ (အံ၊၂။၆။) (အံ၊မြန်၊၂။၈။)

သာသနာတော်၌ မကြီးပွားကြောင်း ၅ ပါး ၁။ ယုံကြည်မှု– သဒ္ဓါ မရှိခြင်း၊ ၂။ ရှက်မှု– ဟိရီ မရှိခြင်း၊ ၃။ ကြောက်လန့်မှု– ဩတ္တပ္ပ မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ ပညာမဲ့ခြင်း။ (အံ၊၂။၆–၇။) (အံ၊မြန်၊၂။၈–၉။)

သာသနာတော်၌ မကြီးပွားနိုင်သော ရဟန်း အင်္ဂါ ၁၁ ပါး ၁။ မဟာဘုတ်ရုပ် ဥပါဒါရုပ် အားလုံးကို အမှန်အတိုင်း ခွဲခြား၍ မသိခြင်း၊ ၂။ လူမိုက်သည် မကောင်းမှုလက္ခဏာ, လူလိမ္မာသည် ကောင်းမှုလက္ခဏာရှိ၏ဟု အမှန်အတိုင်း ခွဲခြား၍ မသိခြင်း၊ ၃။ ဖြစ်ပေါ်လာသော ကာမဝိတက်, ဗျာပါဒဝိတက်တို့ကို မပယ်စွန့် မဖျောက်ဖျက်ခြင်း၊ ၄။ စက္ခုန္ဒြေ အစ မနိန္ဒြေအဆုံးရှိသော ဣန္ဒြေခြောက်ပါးတို့ကို မထိန်းသိမ်း မစောင့်ရှောက်ခြင်း၊ ၅။ သင်ယူကြားနာထားသော တရားတော်များကို အကျယ်အားဖြင့် သူတစ်ပါးတို့အား မဟောကြားခြင်း၊ ၆။ စာတတ်ပေတတ် ဆရာတော်ကြီးများထံ ချဉ်းကပ်၍ ဆွေးနွေးမေးမြန်းမှု မပြုခြင်း၊ ၇။ တရားဒေသနာတော်ကို ဟောကြား နာကြားသောအခါ အနက်အဓိပ္ပါယ် မသိသည် ဖြစ်၍ အသိဉာဏ်ကိုလည်း မရဘဲ နှစ်သက်ဝမ်းမြောက်မှု မရှိခြင်း၊ ၈။ ဖြူစင်မြင့်မြတ်သော မဂ္ဂင်၅စ်ပါးကို အမှန်အတိုင်း ခွဲခြား၍ မသိခြင်း၊ ၉။ သတိပဋ္ဌာန် လေးပါးကို အမှန်အတိုင်း မသိခြင်း၊ ၁၀။ ပစ္စည်းလေးပါးကို ခံယူရာ၌ အတိုင်းအရှည်ကို မသိခြင်း၊ ၁၁။ သံဃာ့ဦးစီး သံဃာ့ဖခင်ဖြစ်သော မထေရ်ကြီးတို့အား မျက်မှောက်, မျက်ကွယ်တို့၌ ကာယကံမေတ္တာ ဝစီကံမေတ္တာ မနောကံမေတ္တာ မထားခြင်း မပွားခြင်း။ (မ၊၁။၂၈၂။) (မ၊မြန်၊၁။၂၈၉။)

သာသနာတော်၌ မတည်ကြောင်း ၅ ပါး ၁။ ယုံကြည်မှု–သဒ္ဓါ မရှိခြင်း၊ ၂။ ရှက်မှု–ဟိရီ မရှိခြင်း၊ ၃။ ကြောက်လန့်မှု–ဩတ္တပ္ပ မရှိခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ သိမှု–ပညာ မရှိခြင်း။ (အံ၊၂။၆။) (အံ၊မြန်၊၂။၇–၈။)

သာသနာတော်၌ ရဟန်း၏ ကင်းဆိတ်ခြင်း ၃ ပါး ၁။ ဤသာသနာတော်၌ ရဟန်းသည် အကျင့်သီလနှင့် ပြည့်စုံသည် ဖြစ်၍ သီလမရှိသူ၏ အဖြစ်ကို ပယ်ပြီးလျှင် ထို(ဒုဿီလ) သီလမရှိသူ၏ အဖြစ်မှ ကင်းဆိတ်ခြင်း၊ ၂။ ဤသာသနာတော်၌ ရဟန်းသည် မှန်သော အယူရှိသည်ဖြစ်၍ မှားသော အယူကို ပယ်ပြီးလျှင် ထိုမှားသော အယူ (မိစ္ဆာဒိဋ္ဌိ) မှ ကင်းဆိတ်ခြင်း၊ ၃။ အာသဝေါကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်သည် အာသဝေါတရားတို့ကို ပယ်ပြီးလျှင် ထိုအာသဝေါတရားတို့မှ ကင်းဆိတ်ခြင်း။ (အံ၊၁။၂၄၃။) (အံ၊မြန်၊၁။၂၆၁။)

http://www.dhammadownload.com

သာသနာတော်မှ မလျော်ကျသူဟု ဆိုထိုက်သော ပုဂ္ဂိုလ်၏ အင်္ဂါ ၄ ပါး ၁။ မြတ်သော သီလနှင့် ပြည့်စုံသောသူ ဖြစ်ခြင်း၊ ၂။ မြတ်သော သမာဓိနှင့် ပြည့်စုံသောသူ ဖြစ်ခြင်း၊ ၃။ မြတ်သော ပညာနှင့် ပြည့်စုံသောသူ ဖြစ်ခြင်း၊ ၄။ မြတ်သော ထွက်မြောက်မှု အရဟတ္တဖိုလ်နှင့် ပြည့်စုံသော သူ ဖြစ်ခြင်း။ (အံ၊၁၀။၃၀၈။) (အံ၊မြန်၊၁၀။၃၂၄။)

သာသနာတော်မှ ရွှေ့လျောမည့် ရဟန်းတို့၏ ပုဗ္ဗနိမိတ် ၅ မျိုး ၁။ သဒ္ဓါတည်းဟူသော ပန်းတို့သည် ညှိုးနွမ်းကုန်ခြင်း၊ ၂။ သီလ တည်းဟူသော အဝတ်ပုဆိုးတို့သည် ညစ်ပေကုန်ခြင်း၊ ၃။ ကိုယ်၌ အရှိန်အစော်မဲ့ခြင်း, အကျော်အစောမဲ့ခြင်း အစွမ်းဖြင့် ရုပ်အဆင်း ဆိုးညစ်ခြင်း၊ ၄။ ကိလေသာဇောချွေးတို့ ထွက်ကုန်ခြင်း၊ ၅။ တောအရပ်, သစ်ပင်ရင်း, ဆိတ်ငြိမ်ရာအရပ်တို့၌ မပျော်ခြင်း။ (ဇာ၊၆၊၅။၂၉၇။)

သာသနာတော်၏ အုံဖွယ် ၈ ပါး (သမုဒ္ဒရာ၏ အုံဖွယ် ၈ ပါးနှင့် ယှဉ်ကြည့်ပါ။) ၁။ သာသနာတော်၌ အစဉ်အတိုင်း ကျင့်ရသော သိက္ခာစဉ် အစဉ်အတိုင်း ပြုလုပ်အပ်သော လုပ်ငန်းစဉ် ကျင့်စဉ်ပဋိပဒါတို့ ရှိခြင်း, စလျှင်စခြင်း အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိခြင်း၊ ၂။ ဘုရားရှင် ပညတ်ထားသော သိက္ခာပုဒ်များကို အသက်ဟူသော အကြောင်းကြောင့်သော်လည်း မလွန်ကျူးခြင်း၊ ၃။ ယုတ်ညံ့၍ မစင်မကြယ် ယုံမှားဖွယ် အကျင့်ရှိသော အမှုကို ဖုံးကွယ်လျက် ရဟန်းမဟုတ်ဘဲ ရဟန်းဟု ဝန်ခံတတ်သော, မြတ်သော အကျင့်ကို မကျင့်ဘဲ ကျင့်၏ဟု ဝန်ခံတတ်သော, အတွင်းသဘောပုပ်၍ ကိလေသာမိုး စိုစွတ်သော, သာသနာတော်၏ အမှိုက်သဖွယ် ဖြစ်လျက် သီလမရှိသော ဒုဿီလပုဂ္ဂိုလ်နှင့် သံဃာသည် မဆက်ဆံ၊ စည်းဝေး၍ လျင်စွာ နှင်ထုတ်ခြင်း, ထိုပုဂ္ဂိုလ်သည် သံဃာ့အလည်၌ ထိုင်နေသော်လည်း စင်စစ်အားဖြင့် သံဃာမှ ဝေးကွာ၍ သံဃာသည်လည်း ထိုပုဂ္ဂိုလ်မှ ဝေးကွာခြင်း၊ ၄။ မင်းမျိုး, ပုဏ္ဏားမျိုး, ကုန်သည်မျိုး, သူဆင်းရဲမျိုးဟူသော အမျိုးလေးပါးတို့သည် ဘုရားရှင်၏ သာသနာတော်အတွင်းသို့ ဝင်ရောက်၍ ရှင်ရဟန်းပြုကုန်သည်ရှိသော် ရွေးခြင် ဖြစ်သော အမည်အနွယ်တို့ကို စွန့်၍ "သာကီဝင်မင်းသား ဘုရားသားတော် ရဟန်း"ဟူ၍သာလျှင် ရေတွက်ခြင်းသို့ ရောက်ခြင်း၊ ၅။ သာသနာတော်၌ ရဟန်းတို့သည် ခန္ဓာကိုယ် မကြွင်းကျန်သော အငြိမ်းဓာတ်ဖြင့် ငြိမ်းအေးကုန်သော်လည်း ထိုအငြိမ်းဓာတ်နိဗ္ဗာန်၏ လျော့မှု ပြည့်မှု မထင်ရှားခြင်း၊ ၆။ ဘုရားရှင်၏ သာသနာတော်၌ လွတ်မြောက်မှု အရသာ (ဝိမုတ္တိရသ) တစ်မျိုးတည်းသာ ရှိခြင်း၊ ၇။ ဘုရားရှင်၏ သာသနာတော်၌ သတိပဋ္ဌာန် လေးပါး သမ္မပ္ပဓာန် လေးပါး, ဣဒ္ဓိပါဒ် လေးပါး ဣန္ဒြေ ငါးပါး, ဗိုလ် ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး, မဂ္ဂင် ရှစ်ပါး ဟူသော များစွာသော မရေမတွက်နိုင်သော ရတနာများ ရှိခြင်း၊ ၈။ ဘုရားရှင်၏ သာသနာတော်သည် သောတာပန်ပုဂ္ဂိုလ်, သောတာပတ္တိဖိုလ်ကို မျက်မှောက် ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်, အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ဟူသော ကြီးမြတ်သော ပုဂ္ဂိုလ် တို့၏ နေထိုင်ရာနေရာ ဖြစ်ခြင်း။ (ဝိ၊၄။၄၂၁၊၄၂၂၊၄၂၃၊၄၂၄။) (အံ၊၃။၄၁။) (ဥဒါန။၁၄၁။) (အံ၊မြန်၊၃။၄၂။) (ဥဒါန၊မြန်။၅၂၇။) (ဝိ၊မြန်၊၄၊၄၂၂။)

http://www.dhammadownload.com

သာသနာတော်၏ အင်္ဂါ ၉ ပါး ၁။ သုတ္တ၊ ၂။ ဂေယျ၊ ၃။ ဝေယျာကရဏ၊ ၄။ ဂါထာ၊ ၅။ ဥဒါန၊ ၆။ ဣတိဝုတ္တက၊ ၇။ ဇာတက၊ ၈။ အဗ္ဘုတဓမ္မ၊ ၉။ ဝေဒလ္လ၊ (ဘုရားစကားတော်၏ အင်္ဂါ ၉ ပါးကိုလည်း ကြည့်) ။ (ဥဒါန။၌။၄)

သာသနာတည်ကြောင်း ၆ ပါး ၁။ ဘုရား၌ ရိုသေမှု ရှိခြင်း၊ ၂။ တရား၌ ရိုသေမှု ရှိခြင်း၊ ၃။ သံဃာ၌ ရိုသေမှု ရှိခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရိုသေမှု ရှိခြင်း၊ ၅။ မမေ့မလျော့ခြင်း၌ ရိုသေမှု ရှိခြင်း၊ ၆။ အစေ့အစပ်ပြုမှု ပဋိသန္ထာရ၌ ရိုသေမှု ရှိခြင်း။ (အံ၊၂။၂၉၈။) (အံ၊မြန်၊ ၂။၃၈၄။)

သာသနာတည်ကြောင်း တရား ၃၇ ပါး ၁။ သတိပဋ္ဌာန် လေးပါး၊ ၂။ သမ္မပ္ပဓာန် လေးပါး၊ ၃။ ဣဒ္ဓိပါဒ် လေးပါး၊ ၄။ ဣန္ဒြေ ငါးပါး၊ ၅။ ဗိုလ် ငါးပါး၊ ၆။ ဗောဇ္ဈင် ခုနစ်ပါး၊ ၇။ မဂ္ဂင် ရှစ်ပါး ပေါင်း သုံးဆယ့်ခုနစ်ပါးတည်း၊ ဤသုံးဆယ့်ခုနစ်ပါးသော တရားတို့ကို မှီဝဲပွားများလေ့ကျင့်သည်ရှိသော် မြတ်သော အကျင့် သာသနာတော်သည် အရှည်ခံလျက် ကြာမြင့်စွာတည်တံ့ရာ၏ဟု ဘုရားရှင် ဟောတော်မူ၏၊ **မှတ်ချက်။** ။ ဤသာသနာ အရှည်တည်တံ့ရေး တရား သုံးဆယ့်ခုနစ်ပါးဟူသည် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကိုပင် ရည်ညွှန်း၏။ (ဒီ၊၂။၁၀၀။) (ဒီ၊မြန်၊၂။၁၁၆။)

သာသနာတည်ကြောင်း တရား ၅ ပါး ၁။ ဘုရား၌ ရိုသေခြင်း၊ ၂။ တရား၌ ရိုသေခြင်း၊ ၃။ သံဃာ၌ ရိုသေခြင်း၊ ၄။ သီလသိက္ခာ၌ ရိုသေခြင်း၊ ၅။ အချင်းချင်း၌ ရိုသေခြင်း။ (အံ၊၂။၂၁၆။) (အံ၊မြန်၊၂။၂၇၁။)

သာသနာတည်ကြောင်း တရား ၅ ပါး ၁။ တရားကို ရိုသေစွာ နာခြင်း၊ ၂။ တရားကို ရိုသေစွာ သင်ခြင်း၊ ၃။ တရားကို ရိုသေစွာ ဆောင်ခြင်း၊ ၄။ ဆောင်ထားသော တရားတို့၏ အနက်အဓိပ္ပါယ်ကို သိအောင် ဆင်ခြင်ခြင်း၊ ၅။ တရားကို ရိုသေစွာ ကျင့်ခြင်း။ (အံ၊၂။၁၅၅။) (အံ၊မြန်၊၂။၁၉၈။)

သာသနာတည်ကြောင်း တရား ၅ ပါး ၁။ သုတ်, ဂေယျ, ဝေယျာကရိဏ်း, ဂါထာ, ဥဒါန်း, ဣတိဝုတ်, ဇာတ်, အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူသော တရားတို့ကို သင်ယူခြင်း၊ ၂။ သင်ယူ ပြီးသော တရားကို သူတစ်ပါးအား အကျယ် ဟောပြခြင်း၊ ၃။ သင်ယူပြီးသော တရားကို သူတစ်ပါးအား အကျယ် ပို့ချခြင်း၊ ၄။ သင်ယူပြီးသော တရားကို အကျယ် ရွတ်ဖတ်မှု ပြုခြင်း၊ ၅။ သင်ယူပြီးသော တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည် ဆင်ခြင်ခြင်း။ (အံ၊၂။၁၅၆။) (အံ၊မြန်၊၂။၁၉၈-၁၉၉။)

သာသနာတည်ကြောင်း တရား ၅ ပါး ၁။ ကောင်းစွာ သင်ယူအပ်သော ပါဠိ, ကောင်းစွာ ထားအပ်ကုန်သော ပုဒ် ဗျည်းတို့ဖြင့် သင်ယူခြင်း၊ ၂။ အပြောအဆို လွယ်ခြင်း၊ ၃။ အကြားအမြင် များကုန် ပါဠိနှုတ်တက်ရကုန်သော သုတ်အဘိဓမ္မာဆောင် ဝိနည်းဆောင် ရဟန်းတို့က ပါဠိစာပေ ပို့ချခြင်း၊ ၄။ မထေရ်ကြီးများ ပစ္စည်း ၄ ပါး ပေါများရန် ဘုန်းကြီးရှိရန် မကျင့်ကြခြင်း၊ ၅။ သံဃာညီညွတ်ခြင်း။ (အံ၊၂။၁၅၇။) (အံ၊မြန်၊၂။၂၀၀၊၂၀၂။)

သာသနာတည်ကြောင်း ၅ ပါး ၁။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် မြတ်စွာဘုရား၌ ရိုသေလေးစားမှု ရှိခြင်း၊ ၂။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် တရားတော်၌ ရိုသေလေးစားမှု ရှိခြင်း၊ ၃။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည်

http://www.dhammadownload.com

သံဃာတော်၌ ရှိသေလေးစားမှု ရှိခြင်း၊ ၄။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် သိက္ခာပုဒ်၌ ရှိသေလေးစားမှု ရှိခြင်း၊ ၅။ ရဟန်း, ရဟန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် သမာဓိ၌ ရှိသေလေးစားမှု ရှိခြင်း။ (သံ၊၁။၄၂၃။) (သံ၊မြန်၊၁။၄၁၂။)

သာသနာတည်ကြောင်း ၃ ပါး ၁။ ပါတိမောက်ခေါ် ဒွေမာတိကာ တည်ရှိခြင်း၊ ၂။ ရှင်သာမဏေ တည်ရှိခြင်း၊ ၃။ ရဟန်း တည်ရှိခြင်း။ (ဒီ၊ဋ္ဌ၊၃။၈၃။)

သာသနာတည်ကြောင်း ၄ ပါး ၁။ ကောင်းစွာ ထားအပ်သော ပုဒ်ဗျည်းတို့ဖြင့် သုတ်တို့ကို သင်ယူခြင်းကြောင့် အနက်အဓိပ္ပာယ်ကို မှန်မှန်ကန်ကန် လွယ်ကူစွာ သိခြင်း၊ ၂။ ရဟန်းတို့သည် ပြောဆိုဆုံးမ လွယ်ကူလျက် သည်းခံကြခြင်း, အဆုံးအမကိုလည်း ရိုရိုသေသေ ခံယူကြခြင်း၊ ၃။ ဗဟုသုတနှင့် ပြည့်စုံလျက် တရားကိုဆောင် ဝိနည်းကိုဆောင် မာတိကာကို ဆောင်ကုန်သော ရဟန်းတို့သည် အခြားသော ပုဂ္ဂိုလ်တို့အား သုတ်တို့ကို ရိုသေစွာ သင်ကြားပို့ချကြခြင်း၊ ၄။ မထေရ်ကြီးဖြစ်သော ရဟန်းတို့သည် ပစ္စည်းလေးပါး ပေါများခြင်းငှာ မကျင့်မူ၍ မရရှိသေးသော တရားကို ရရှိရန် ကြိုးစားမှု ဝီရိယကို လွန်စွာ အားထုတ်ကြခြင်း, နောင်လာ နောက်သား ရဟန်းငယ်များလည်း အတုလိုက် ကျင့်ကြခြင်း။ (အံ၊၁။၄၆၆။) (အံ၊မြန်၊၁။၄၇၈။)

သာသနာတည်ကြောင်း ၅ ပါး ၁။ မြတ်စွာဘုရား၌ ရှိသေတုပ်ဝပ်မှုရှိ၍ နေထိုင်ကြခြင်း၊ ၂။ တရားတော်၌ ရှိသေတုပ်ဝပ်မှုရှိ၍ နေထိုင်ကြခြင်း၊ ၃။ သံဃာ၌ ရှိသေတုပ်ဝပ်မှုရှိ၍ နေထိုင်ကြခြင်း၊ ၄။ သီလသိက္ခာ၌ ရှိသေတုပ်ဝပ်မှုရှိ၍ နေထိုင်ကြခြင်း၊ ၅။ သီတင်း သုံးဖော်အချင်းချင်း ရှိသေတုပ်ဝပ်မှုရှိ၍ နေထိုင်ကြခြင်း။ (အံ၊၂။၂၁၆။) (အံ၊မြန်၊၂။၂၇၁။)

သာသနာတည်ကြောင်း ၆ ပါး ၁။ မြတ်စွာဘုရား၌ ရှိသေလေးမြတ် တုပ်ဝပ်၍ နေခြင်း၊ ၂။ တရား၌ ရှိသေလေးမြတ် တုပ်ဝပ်၍ နေခြင်း၊ ၃။ သံဃာ၌ ရှိသေလေးမြတ် တုပ်ဝပ်၍ နေခြင်း၊ ၄။ အကျင့်သိက္ခာ၌ ရှိသေလေးမြတ် တုပ်ဝပ်၍ နေခြင်း၊ ၅။ မမေ့လျော့ခြင်း အပွမာဒ၌ ရှိသေလေးမြတ် တုပ်ဝပ်၍ နေခြင်း၊ ၆။ အစေ့အစပ်ပြုမှု ပဋိသန္ထာရ၌ ရှိသေလေးမြတ် တုပ်ဝပ်၍ နေခြင်း။ (အံ၊၂။၂၉၉။) (အံ၊မြန်၊၂။၃၈၄။)

သာသနာတည်ကြောင်း ၇ ပါး ၁။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ, ဥပါသိကာမတို့သည် မြတ်စွာဘုရား၌ ရှိသေလေးမြတ် တုပ်ဝပ်မှု ရှိကြခြင်း၊ ၂။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ, ဥပါသိကာမတို့သည် တရားတော်၌ ရှိသေလေးမြတ် တုပ်ဝပ်မှု ရှိကြခြင်း၊ ၃။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ, ဥပါသိကာမတို့သည် သံဃာတော်၌ ရှိသေလေးမြတ် တုပ်ဝပ်မှု ရှိကြခြင်း၊ ၄။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ, ဥပါသိကာမတို့သည် အကျင့်သိက္ခာ၌ ရှိသေလေးမြတ် တုပ်ဝပ်မှု ရှိကြခြင်း၊ ၅။ ဘိက္ခုဘိက္ခုနီဥပါသကာ,ဥပါသိကာမတို့သည်သမာဓိ၌ရှိသေလေးမြတ်တုပ်ဝပ်မှုရှိကြခြင်း၊ ၆။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ, ဥပါသိကာမတို့သည် မမေ့လျော့ခြင်း အပွမာဒတရား၌ ရှိသေလေးမြတ် တုပ်ဝပ်မှု ရှိကြခြင်း၊ ၇။ ဘိက္ခု ဘိက္ခုနီ ဥပါသကာ, ဥပါသိကာမတို့သည် အစေ့အစပ်ပြုမှု ပဋိသန္ထာရတရား၌ ရှိသေလေးမြတ် တုပ်ဝပ်မှု ရှိကြခြင်း။ (အံ၊၂။၄၆၁။) (အံ၊မြန်၊၂။၅၈၁။)

သာသနာတည်ကြောင်း ၂ ပါး ၁။ အက္ခရာပုဒ်ဗျည်းတို့ကို ကောင်းစွာထားခြင်း၊ ၂။ အနက် အဓိပ္ပါယ်တို့၌ သိလွယ်သော နည်းရှိခြင်း။ (ဒီ၊ဋ္ဌ၊၁။၁၇။)

http://www.dhammadownload.com

သာသနာ ပျက်ခြင်း ၂ မျိုး ၁။ ပရိယတ္တိ သာသနာပျက်ခြင်း၊ ၂။ ပဋိပတ္တိ သာသနာပျက်ခြင်း။ (မဟာနိ။၁၁၁။)

သာသနာမှ လျှောကျသူဟု ဆိုထိုက်သော ပုဂ္ဂိုလ် အင်္ဂါ ၄ ပါး ၁။ မြတ်သော သီလနှင့် မပြည့်စုံသူ ဖြစ်ခြင်း၊ ၂။ မြတ်သော သမာဓိနှင့် မပြည့်စုံသူ ဖြစ်ခြင်း၊ ၃။ မြတ်သော ပညာနှင့် မပြည့်စုံသူ ဖြစ်ခြင်း၊ ၄။ မြတ်သော ထွက်မြောက်မှု အရဟတ္တဖိုလ်နှင့် မပြည့်စုံသူ ဖြစ်ခြင်း။ (အံ၊၁။၃၀၈။) (အံ၊မြန်၊၁။၃၂၄။)

သာသနာသက် ငါးထောင် ၁။ ပဋိသန္ဓိဒါပတ္တ ရဟန္တာပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် သာသနာနှစ် တစ်ထောင်၊ ၂။ သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် သာသနာနှစ် တစ်ထောင်၊ ၃။ အနာဂါမ်ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် သာသနာနှစ် တစ်ထောင်၊ ၄။ သကဒါဂါမ်ပုဂ္ဂိုလ် တို့၏ အစွမ်းအားဖြင့် သာသနာနှစ် တစ်ထောင်၊ ၅။ သောတာပန်ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် သာသနာနှစ် တစ်ထောင်။ (အံ၊၆။၃၂၈။)

သာသနာ အသက်တိုကြောင်း တရား ၆ ပါး ၁။ ဘုရား၌ မရိုသေခြင်း၊ ၂။ တရား၌ မရိုသေခြင်း၊ ၃။ သံဃာ၌ မရိုသေခြင်း၊ ၄။ အကျင့်သိက္ခာ၌ မရိုသေခြင်း၊ ၅။ အပွဓာဒ မမေ့မလျော့ခြင်း၌ မရိုသေခြင်း၊ ၆။ အစ္ဆေအစပ်ပြုမှု ပဋိသန္ထာရ၌ မရိုသေခြင်း။ (အံ၊၂။၂၉၈။) (အံ၊မြန်၊၂။၃၈၄။)

သာဟတ္ထိကစသော ခိုးခြင်း ၅ မျိုး ၁။ သာဟတ္ထိက– မိမိလက်ဖြင့် ခိုးခြင်း၊ ၂။ အာဏတ္တိက– သူတစ်ပါးကို စေခိုင်း၍ ခိုးခြင်း၊ ၃။ နိဿဂ္ဂိယ– ပစ်လွှင့်၍ ခိုးခြင်း၊ ၄။ အတ္ထသာဓက– စွမ်းနိုင်သော အခါ ခိုးပါဟု ပြောဆို၍ ခိုးခြင်း၊ ၅။ ဓုရနိက္ခေပ– သူတစ်ပါးတို့က အပ်နှံထားသော ဘဏ္ဍာ စသည်တို့၌ လုံးလကို လျော့ချစေသောအားဖြင့် ခိုးခြင်း ။ (ဝိ၊၆။၁။၂၆၄။)

သား ၃ မျိုး ၁။ အတိဇာတသား–ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း, ငါးပါးသီလ စောင့်ထိန်းခြင်း စသည်ဖြင့် မိဘတို့ထက် သာလွန်၍ ဖြစ်သော သား၊ ၂။ အနုဇာတသား– ရတနာသုံးပါး ဆည်းကပ်ခြင်း, ငါးပါးသီလ စောင့်ထိန်းခြင်း စသည်တို့၌ မိဘတို့နှင့် တန်းတူညီတူ ဖြစ်သော သား၊ ၃။ အဝဇာတသား–ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း ငါးပါးသီလ စောင့်ထိန်းခြင်း စသည်တို့၌ မိဘတို့အောက် ယုတ်လျော့သော သား။ (ခုဒ္ဒက။၂၃၈။) (မ၊၆၊၃၊၂၇၆။) (ဇာ၊၆၊၆။၂၂၄။) (ခုဒ္ဒက၊မြန်။၂၂၂။)

သား ၄ မျိုး ၁။ အတြဇသား– မိမိကို အကြောင်းပြု၍ ဖြစ်သောသား၊ ၂။ ခေတ္တဇသား– လယ်ယာ အိပ်ရာနေရာထိုင်ရာနေရာစသည်တို့၌ဖြစ်သောသား၊၃။အန္တေဝါသိကသား–အနီး၌အတတ်ကို သင်ယူသော တပည့်သား၊ ၄။ ဒိန္နကသား– မွေးစားသား။ (မဟာနိ။၁၉၁။) (စူဠနိ။၂၂၉။) (စူဠနိ။၂၄၂။) (စူဠနိ။၂၄၇။) (စူဠနိ။၂၈၁။) (သုတ္တနိ၊၆၊၁။၅၇။) (အပ၊၆၊၁။၁၄၅။) (ဇာ၊၆၊၁။၁၅၂။)

သားကောင် ၂ မျိုး ၁။ ဇင်္ဃိမဂ– ဇင်္ဃီမည်သော သားကောင်၊ ၂။ ပသဒမဂ– ချေသတ္တဝါ မည်သော သားကောင်။ (သုတ္တနိ၊၆၊၁။၇၃။) (စူဠနိ။၂၄၃။)

သားသမီးကျင့်ဝတ် ၅ ပါး ၁။ မိဘတို့ကို မပြတ် ပြန်လည် ကျေးမွေးရခြင်း၊ ၂။ မိဘ တို့၏ အမှုကိစ္စကို ဆောင်ရွက်ရခြင်း၊ ၃။ အမျိုးအနွယ်ကို တည်တန့်စေခြင်း၊ ၄။ အမွေခံ ထိုက်အောင်

http://www.dhammadownload.com

ကျင့်ကြံ လိုက်နာရခြင်း၊ ၅။ သေလွန်သော မိဘတို့၏ အလို့ငှါ အလှူပေး၍ အမျှအတန်း ဝေရခြင်း။ (ဒီ၊၃။၁၅၄။) (ဒီ၊မြန်၊၃။၁၇၁။)

သားသမီးတို့အပေါ် မိဘတို့ မျှော်လင့်ချက် ၅ မျိုး ၁။ ငါတို့အား လုပ်ကျွေး မွေးမြူပေလိမ့်မည်ဟု မျှော်လင့်ခြင်း၊ ၂။ ငါတို့၏ အမှုကိစ္စကို ပြုလုပ်လိမ့်မည်ဟု မျှော်လင့်ခြင်း၊ ၃။ အမျိုးအဆက်သည် ရှည်မြင့်စွာ တည်လိမ့်မည်ဟု မျှော်လင့်ခြင်း၊ ၄။ အမွေခံဖြစ်လိမ့်မည်ဟု မျှော်လင့်ခြင်း၊ ၅။ ဘဝတစ်ပါးပြောင်းသွားသော ငါတို့အား အလှူ၏ အဖို့ကို ပေးဝေကြလိမ့်မည်ဟု မျှော်လင့်ခြင်း။ (အံ၊၂။၃၇။) (အံ၊မြန်၊၂။၄၇။)

သားသမီးတို့၏ အသား စက်ဆုပ် ရွံရှာဖွယ် ကောင်းကြောင်း ၉ မျိုး ၁။ ဇာတ်တူသော လူ၏ အသားဖြစ်ခြင်း၊ ၂။ ဆွေမျိုးတော်စပ်သူ၏ အသားဖြစ်ခြင်း၊ ၃။ သား၏ အသား ဖြစ်ခြင်း၊ ၄။ ချစ်အပ်သော သား၏ အသား ဖြစ်ခြင်း၊ ၅။ နံသော အသားဖြစ်ခြင်း၊ ၆။ စိမ်းသော အသားဖြစ်ခြင်း၊ ၇။ လေးသော အရသာမရှိသော အသားဖြစ်ခြင်း၊ ၈။ ဆားမရှိသော အသား ဖြစ်ခြင်း၊ ၉။ အမွေးအထုံ မခတ်အပ်သော အသား ဖြစ်ခြင်း။ (မ၊၆၊၁။၂၁၆။) (သံ၊၆၊၂။၉၇။)

သားအမိ အချင်းချင်း ကာကွယ်နိုင်သော ဘေး ၃ မျိုး ၁။ မီးကြီးစွာ စွဲလောင်သောအခါ ဖြစ်သော ဘေး(ပထမဘေး)၊ ၂။ မိုးကြီးရွာသွန်းသောအခါ ဖြစ်သော ဘေး(ဒုတိယဘေး)၊ ၃။ တောပုန်းဘေး တွေ့ကြုံ၍ ဇနပုဒ်နေသူတို့ ပစ္စည်းများကို ယာဉ်ဖြင့် တင်ဆောင်ကာ အရပ်တစ်ပါးသို့ ထွက်ပြေးရသောအခါ ဖြစ်သော ဘေး (တတိယဘေး)။ (အံ၊၁။၁၇၉။) (အံ၊မြန်၊၁။၁၉၇။)

သားအမိ အချင်းချင်း မကာကွယ်နိုင်သော ဘေး ၃ မျိုး ၁။ အိုဘေး၊ ၂။ နာဘေး၊ ၃။ သေဘေး။ (အံ၊၁။၁၈၀။) (အံ၊မြန်၊၁။၁၉၈။)

သိကြားမင်းက ဖုဿတိနတ်သမီးအား ပေးအပ်သော ဆု ၁၀ မျိုး ၁။ သိဝိမင်း၏ မိဖုရားကြီး ဖြစ်ခြင်း၊ ၂။ ညီသော မျက်စိရှိခြင်း၊ ၃။ ညီသော မျက်မှောင်ရှိခြင်း၊ ၄။ ဖုဿတီ အမည် ရရှိခြင်း၊ ၅။ သားကို ရရှိခြင်း၊ ၆။ မမြင့်မမောက်သော ဝမ်းဗိုက်ရှိခြင်း၊ ၇။ သားမြတ် မရှည်ခြင်း၊ ၈။ ဆံ မဖြူခြင်း၊ ၉။ သိမ်မွေ့နူးညံ့သော အရေရှိခြင်း၊ ၁၀။ သတ်အပ်, သတ်ထိုက်သူကို လွတ်စေခြင်းငှာ စွမ်းနိုင်ခြင်း။ (ဇာ၊၆၊၇။၂၄၆။)

သိကြားမင်း နှစ်သက် ဝမ်းမြောက်ကြောင်း ၆ ပါး ၁။ ဤကဲ့သို့သာလလိုဏ်ဂုဟ၌ ရပ်လျက် သိကြားမင်း အဖြစ်ဖြင့် စုတေပြီး တစ်ဖန် သိကြားမင်းသက်တမ်းကို ပြန်ရခြင်း၊ ၂။ နတ်သက် ကြွေလျက် နက်ပြည်မှ စုတေသော အခါ တွေဝေမှု မရှိဘဲ လူ့ဘဝတွင် မိမိ နှစ်သက်ရာ ဌာန၌ ပဋိသန္ဓေယူနိုင်ခြင်း၊ ၃။ ဘုရားသာသနာတော်၌ မွေ့လျော်သည်ဖြစ်၍ သတိသမ္ပဇဉ် ဉာဏ်ဖြင့် ယှဉ်လျက် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြင့် နေနိုင်ခြင်း၊ ၄။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်ကြံ ကျိုးကုတ် အားထုတ်သော အခါ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ဖြစ်စေနိုင်ခြင်း၊ ၅။ လူ့အသက်ကို စွန့်၍ လူ့ပြည်မှ ကွယ်လွန်သောအခါ နတ်ပြည်၌ ဖြစ်ခြင်းကို ရရှိနိုင်ခြင်း၊ ၆။ နောက်ဆုံးဖြစ်သော ဘဝ၌ အကနိဋ္ဌာဘုံ၌ ပရိနိဗ္ဗာန် စံဝင်နိုင်ခြင်း။ (ဒီ၊၂။၂၂၇။) (ဒီ၊မြန်၊၂။၂၅၅။)

http://www.dhammadownload.com

သိကြားမင်း ဖန်ဆင်းခဲ့သော လှေခါးစောင်းတန်း ၃ မျိုး ၁။ ရွှေဖြင့် ပြီးသော လှေခါး စောင်းတန်း၊ ၂။ ပတ္တမြားဖြင့် ပြီးသော လှေခါးစောင်းတန်း၊ ၃။ ငွေဖြင့် ပြီးသော လှေခါး စောင်းတန်း။ (ဓမ္မ၊ဋ္ဌ၊၂။၁၄၆။)

သိကြားမင်း ဖြစ်ကြောင်း အကျင့် ၇ ပါး (သိကြားမင်းတို့သည် ရှေးလူဖြစ်စဉ်က အကျင့် (၇) ပါးကို ကျင့်ခဲ့သဖြင့် သိကြားမင်းအဖြစ်ကို ရ၏။ ၁။ အသက်ထက်ဆုံး အမိအဖတို့ကို လုပ်ကျွေးခြင်း၊ ၂။ အသက်ထက်ဆုံး အမျိုးထဲ၌ ကြီးသော သူတို့ကို အရိုအသေ ပြုလေ့ရှိခြင်း၊ ၃။ အသက်ထက်ဆုံး သိမ်မွေ့သော စကားကို ဆိုခြင်း၊ ၄။ အသက်ထက်ဆုံး ကုန်းချောစကား မဆိုခြင်း၊ ၅။ အသက်ထက်ဆုံး လွတ်လွတ် စွန့်ကြဲတတ်ခြင်း၊ ပေးလှူရန် အမြဲတမ်း စင်ကြယ်သော လက် ရှိခြင်း၊ စွန့်လှူခြင်း၌ မွေ့လျော်ခြင်း၊ သူတစ်ပါးက တောင်းခံထိုက်သူ ဖြစ်ခြင်း၊ ပေးကမ်း လှူဒါန်း ဝေဖန်ခြင်း၌ မွေ့လျော်သူ ဖြစ်ခြင်း၊ ဝန်တိုခြင်းကင်းသော စိတ်ဖြင့် အိမ်ကို အုပ်စိုးရ၏ နေခြင်း၊ ၆။ အသက်ထက်ဆုံး မှန်သော စကားကို ဆိုခြင်း၊ ၇။ အသက်ထက်ဆုံး အမျက်မထွက်၊ အမျက်ထွက်မိသော်လည်း ထိုအမျက်ကို လျင်မြန်စွာ ပယ်ဖျောက်နိုင်ခြင်း။ (သံ၊၁။၂၃၀-၂၃၁။) (သံ၊မြန်၊၁။၂၁၇။) (ဓမ္မ၊ဋ္ဌ၊၁။၁၆၈။)

သိကြားမင်း အမည် ၇ မျိုး ၁။ မဃ၀- ရှေးလူဖြစ်စဉ်က မဃမည်သော လုလင်ဖြစ်သောကြောင့် မဃ၀ မည်၏၊ ၂။ ပုရိန္ဒ၁- ရှေးလူဖြစ်စဉ် ရှေးဦးစွာ အလှူကို ပေးသောကြောင့် ပုရိန္ဒ၁ မည်၏၊ ၃။ သက္က- ရှေးလူဖြစ်စဉ်က ရိသေစွာ လှူဒါန်းခဲ့သောကြောင့် သက္က မည်၏၊ ၄။ ဝါသ၀- ရှေးလူဖြစ်စဉ် တည်းခိုရာဇရပ် လှူဖူးသောကြောင့် ဝါသ၀ မည်၏၊ ၅။ သဟဿက္ခ- တစ်ထောင်သော အကြောင်းအရာကိုလည်း တစ်မှဟုတ်ချင်းဖြင့် ကြံနိုင်သောကြောင့် သဟဿက္ခ မည်၏၊ ၆။ သုဇမ္ပတိ- အသုရာ၏ သမီး သုဇာမည်သော မယားရှိ၍ သုဇမ္ပတိ မည်၏၊ ၇။ ဒေ၀ါနမိန္ဒ- နတ်တို့ကို အစိုးရသောကြောင့် နတ်တို့၏ မင်း ဖြစ်သောကြောင့် ဒေ၀ါနမိန္ဒ မည်၏။ (သံ၊၁။၂၃၀-၂၃၁။) (သံ၊မြန်၊၁။၂၁၄-၂၁၅။)

သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်ဖျာ ပူသော အခြင်းအရာ ဖြစ်ကြောင်း ၄ မျိုး ၁။ သိကြားမင်း သက်တမ်းကုန်ခြင်း၊ ၂။ သိကြားမင်း ကောင်းမှု ကုန်ခြင်း၊ ၃။ တန်ခိုးကြီး သတ္တ၀ါတစ်ဦးက ထိုသိကြားနေရာကို တောင့်တခြင်း၊ ၄။ တရားစောင့်ကုန်သော တန်ခိုးကြီး ရဟန်းပုဏ္ဏားတို့၏ သီလတန်ခိုး။ (ဇာ၊ဋ္ဌ၊၄။၈။)

သိကြားမင်း၏ သမီး ၄ ယောက် ၁။ အာသာ၊၂။ သဒ္ဓါ၊၃။ သိရီ၊၄။ ဟိရီ။ (ဇာ၊ဋ္ဌ၊ ၅၊ ၄၁၇။)

သိကြားမင်း အင်္ဂါ ၃ ပါး ၁။ သိကြားမင်းသည် စင်စစ် ချမ်းသာနှင့် ပြည့်စုံခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဈာန်စင်စစ်အားဖြင့် ဆိတ်ငြိမ်ရာအရပ်၌ ချမ်းသာစွာ မွေ့လျော်မှု ရှိခြင်း)၊ ၂။ သိကြားမင်းသည် နတ်တို့ကို မြင်သည်ရှိသော် ရွှင်လန်းဝမ်းမြောက်စွာ ချီးမြှောက်မှုပြုခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ မပျင်းရိ မတွန့်တို စောဘဲ ငြိမ်သက်အောင် စိတ်ကို ချီးမြှောက်ရွှင်လန်းစေခြင်း)၊ ၃။ သိကြားမင်းသည် မမွေ့လျော်မှု မဖြစ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ၌ မမွေ့လျော်မှုကို မဖြစ်စေခြင်း) ။ (မိလိန္ဒ။၃၇၄။) (မိလိန္ဒ၊မြန်။၃၉၆။)

http://www.dhammadownload.com

သိခီဘုရားရှင်၏ မဟာဘိသမယ ၃ ကြိမ် ၁။ မမှစကြာတရားဦး ဟောတော်မူသောအချိန် လူနတ်ဗြဟ္မာ ကုဋေတစ်သိန်း တရားထူး ရကြသည်၊ ၂။ ဒုတိယအကြိမ် တရားဟောတော်မူသော အခါ၌ လူနတ်ဗြဟ္မာ ကုဋေကိုးသောင်း ကျတ်တမ်းဝင်ကြသည်၊ ၃။ နတ်နှင့် တကွသော လောက၌ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေရှစ်သောင်း တရားထူးရပြီး ကျတ်တမ်းဝင်ကြသည်။ (အပ၊၂။၃ဖဖ။) (အပ၊မြန်၊၂။၃ဖ၅။)

သိခီဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ပထမအကြိမ်အစည်းအဝေး၌ ရဟန္တာတစ်သိန်း၊ ၂။ ဒုတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ရှစ်သောင်း၊ ၃။ တတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ခုနစ်သောင်း စည်းဝေးတော်မူကြသည်။ (ဒီ၊၂။၄။) (အပ၊၂။၃ဖ၇။) (အဘိ၊၌၊၁။ဖ၉။) (ဇာ၊၌၊၁။၅၀။) (ဒီ၊မြန်၊၂။၅။) (အပ၊မြန်၊၂။၃ဖ၅။)

သိခီဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ အရှင်အဘိဘူထေရ်၊ ၂။ အရှင်သမ္ဘဝထေရ်။ (ဒီ၊၂။၄။) (အဘိ၊၌၊၁။ဖ၉။) (ဗုဒ္ဓဝံ၊၌။၂၈။) (ဇာ၊၌၊၁။၅၀။) (ဒီ၊မြန်၊၂။၄။)

သိခီဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ သခိလာထေရီ၊ ၂။ ပဒုမာထေရီ။ (အဘိ၊၌၊၁။ဖ၉။) (ဗုဒ္ဓဝံ၊၌။၂၈။) (ဇာ၊၌၊၁။၅၀။)

သိခီဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။သုစန္ဒကမည်သော ပြာသာဒ်ဆောင်၊ ၂။ဂိရိမည်သော ပြာသာဒ်ဆောင်၊ ၃။ ဝသဘမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃ဖ၇။) (အပ၊မြန်၊၂။၃ဖဖ။)

သိမြင်နိုင်ခဲသော တရား ၄ မျိုး ၁။ သစ္စာတရား၊ ၂။ သတ္တဝါဟူသော အမည် ပညတ်တရား၊ ၃။ ပဋိသန္ဓေတရား၊ ၄။ ပဋိစ္စသမုပ္ပါဒ်တရား။ (အဘိ၊၌၊၂။၁၂၃။)

သီချင်းသံဖြင့် တရားဟောသော ပုဂ္ဂိုလ်၏ အပြစ် ၅ ပါး ၁။ မိမိကိုယ်တိုင် ထိုတရားသံ၌ စွဲမက်မှု ဖြစ်ခြင်း၊ ၂။ သူတစ်ပါးတို့အားလည်း တရားသံ၌ စွဲမက်မှု ဖြစ်စေခြင်း၊ ၃။ "ငါတို့ သီချင်းဆိုသကဲ့သို့ ရဟန်းတို့သည်လည်း သီချင်းဆိုကြကုန်၏"ဟု လူဒါယကာတို့၏ ကဲ့ရဲ့မှုကို ခံရခြင်း၊ ၄။ အသံပြုပြင်လိုသော ရဟန်းအား သမာဓိ ပျက်စီးခြင်း၊ ၅။ နောင်လာနောက်သား ရဟန်းများ အတုလိုက်ခြင်း။ (အံ၊၂။၂၁၉။) (အံ၊မြန်၊၂။၂၇ဖ။)

သီတင်းသည် ဥပါသကာတို့ မပြုထိုက်သော ကုန်သွယ်မှု ၅ မျိုး ၁။ ဓား လှံ သေနတ် စသော လက်နက်ပစ္စည်း ကုန်သွယ်မှု၊ ၂။ လူသတ္တဝါ ကုန်ကူးမှု၊ ၃။ ငါးအသား အမဲ ကုန်သွယ်မှု၊ ၄။ မူးယစ်သေစာ အရက်သုရာ ကုန်သွယ်မှု၊ ၅။ အဆိပ်ပစ္စည်း ကုန်သွယ်မှု။ (သာရတ္ထ၊ဋီ၊ ၁။၄၂၃။)

သီတင်းသည် ဥပါသကာတို့ ရှောင်ထိုက်သော အကြောင်းအရာ ၅ မျိုး ၁။ သူ့အသက်ကို သတ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်း ဖောက်ပြန်စွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန်စကားကို လိမ်ပြောခြင်း၊ ၅။ အရက်သေစာ မူးယစ်ဆေးကို သောက်သုံးခြင်း။ (သာရတ္ထ၊ဋီ၊၁။၄၂၃။)

သီတင်းသုံးဖော် ၅ ဦး ၁။ ရဟန်းယောကျ်ား၊ ၂။ ရဟန်းမ၊ ၃။ သိက္ခမာန်၊ ၄။ ရှင်သာမဏေ၊ ၅။ ရှင်သာမဏေမ။ (မဟာနိ၊၌။၃ဖ၈။)

http://www.dhammadownload.com

သီတင်းသုံးဖော် ၇ ဦး ၁။ ရဟန်း ယောကျ်ား၊ ၂။ ရဟန်းမ၊ ၃။ သီကွမာန်၊ ၄။ ရှင်သာမဏေ၊ ၅။ ရှင်သာမဏေမ၊ ၆။ ဥပါသကာ၊ ၇။ ဥပါသိကာမ။ (မ၊ဌ၊၁။၃၁၄။)

သီတင်းသုံးဖော်တို့ ချစ်ခင်ကြောင်း ၇ ပါး ၁။ လာဘ်ကို အလိုမရှိခြင်း၊ ၂။ အရိုအသေပြုမှုကို အလိုမရှိခြင်း၊ ၃။ (မိမိကို သူတစ်ပါးတို့။) မထီမဲ့မြင်ပြုမှုကို အလိုမရှိခြင်း၊ ၄။ အရှက်ရှိခြင်း၊ ၅။ အကြောက်ရှိခြင်း၊ ၆။ သဝန်မတိုတတ်ခြင်း။ (အံ၊၂။၃၉၆။) (အံ၊မြန်၊၂။၅၀၁။)

သီတင်းသုံးဖော်တို့ ကြည်ညိုကြောင်း ၈ ပါး ၁။ မချစ်ခင်မှု အမုန်းပွားမှုကို ချီးကျူးလေ့ မရှိခြင်း၊ ၂။ ချစ်ခင်မှုကို ကဲ့ရဲ့လေ့ မရှိခြင်း၊ ၃။ လာဘ်ကို အလိုမရှိခြင်း၊ ၄။ ပူဇော်သက္ကာရကို အလိုမရှိခြင်း၊ ၅။ အရှက်ရှိခြင်း၊ ၆။ အကြောက်အလန့် ရှိခြင်း၊ ၇။ အလိုနည်းခြင်း၊ ၈။ မှန်သော သမ္မာဒိဋ္ဌိ အယူရှိခြင်း။ (အံ၊၃။၆။) (အံ၊မြန်၊၃။၆။)

သီတင်းသုံးဖော်တို့ ကြည်ညိုကြောင်း ၈ ပါး (တစ်နည်း) ၁။ လာဘ်ကို အလိုမရှိခြင်း၊ ၂။ ပူဇော်သက္ကာရကို အလိုမရှိခြင်း၊ ၃။ မထီမဲ့မြင်ပြုမှုကို အလိုမရှိခြင်း၊ ၄။ အချိန်အခါကို သိခြင်း၊ ၅။ အတိုင်းအရှည်ကို သိခြင်း၊ ၆။ စင်ကြယ်ခြင်း၊ ၇။ စကားနည်းခြင်း၊ ၈။ သီတင်းသုံးဖော် ရဟန်းတို့ကို ဆဲရေးရေရွတ်၍ မပြောဆိုတတ်ခြင်း။ (အံ၊၃။၆။) (အံ၊မြန်၊၃။၇။)

သီတင်းသုံးဖော်တို့ ချစ်ခင်ကြောင်း တရား ၅ ပါး ၁။ စွဲမက်ဖွယ် အာရုံ၌ မစွဲမက်ခြင်း၊ ၂။ ပြစ်မှားဖွယ် အာရုံ၌ မပြစ်မှားခြင်း၊ ၃။ တွေဝေဖွယ် အာရုံ၌ မတွေဝေခြင်း၊ ၄။ အမျက်ထွက်ဖွယ် အာရုံ၌ အမျက်မထွက်ခြင်း၊ ၅။ ယစ်မူးဖွယ် အာရုံ၌ မယစ်မူးခြင်း။ (အံ၊၂။၉၇။) (အံ၊မြန်၊၂။၁၁၇။)

သီတင်းသုံးဖော်တို့ ချစ်ခင်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ စွဲမက်မှု "ရာဂ" မရှိခြင်း၊ ၂။ အမျက်ထွက်မှု "ဒေါသ"မရှိခြင်း၊ ၃။ တွေဝေမှု "မောဟ" မရှိခြင်း၊ ၄။ သူတစ်ပါးဂုဏ်ကို ချေဖျက်မှု မရှိခြင်း၊ ၅။ သူတစ်ပါးတို့အား ဂုဏ်တု ဂုဏ်ပြိုင်မှု မရှိခြင်း။ (အံ၊၂။၉၇-၉၈။) (အံ၊မြန်၊၂။၁၁၈။)

သီတင်းသုံးဖော်တို့ ချစ်ခင်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ အုံ့ဩဖွယ်ကို မပြုတတ်ခြင်း၊ ၂။ လာဘ်ရရန် မဖြားယောင်းတတ်ခြင်း၊ ၃။ အရိပ်နိမိတ်ကို မပြုတတ်ခြင်း၊ ၄။ ဖိနှိပ်၍ မဆိုတတ်ခြင်း၊ ၅။ ရပြီးလာဘ်ဖြင့် မရသေးသော လာဘ်ကို မရှာမှီးတတ်ခြင်း။ (အံ၊၂။၉၈။) (အံ၊မြန်၊၂။၁၁၉။)

သီတင်းသုံးဖော်တို့ ချစ်ခင်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ ယုံကြည်မှု "သဒ္ဓါ" တရား ရှိခြင်း၊ ၂။ မကောင်းမှုမှ ရှက်တတ်ခြင်း၊ ၃။ မကောင်းမှုမှ ကြောက်ရွံ့တတ်ခြင်း၊ ၄။ လုံ့လဝီရိယ ရှိခြင်း၊ ၅။ ပညာရှိခြင်း။ (အံ၊၂။၉၉။) (အံ၊မြန်၊၂။၁၂၀။)

သီတင်းသုံးဖော်တို့ ချစ်ခင်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ အဆင်းရှုပါရုံကို သည်းခံနိုင်ခြင်း၊ ၂။ အသံ သဒ္ဒါရုံကို သည်းခံနိုင်ခြင်း၊ ၃။ အနံ့ ဂန္ဓာရုံကို သည်းခံနိုင်ခြင်း၊ ၄။ အရသာ ရသာရုံကို သည်းခံနိုင်ခြင်း၊ ၅။ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို သည်းခံနိုင်ခြင်း။ (အံ၊၂။၉၉။) (အံ၊မြန်၊၂။၁၂၀-၁၂၁။)

http://www.dhammadownload.com

သီတင်းသုံးဖော်တို့ ချစ်ခင်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ အနက် အကျိုးတို့၌ ခွဲခြား ဝေဖန်တတ်သော ဉာဏ် 'အတ္ထပဋိသမ္ဘိဒါ" သို့ ရောက်၍ နေခြင်း၊ ၂။ ပါဠိအကြောင်းတို့၌ ခွဲခြားဝေဖန်တတ်သော ဉာဏ် 'ဓမ္မပဋိသမ္ဘိဒါ'သို့ ရောက်၍ နေခြင်း၊ ၃။ သဒ္ဒါတို့၌ ခွဲခြား ဝေဖန်တတ်သော ဉာဏ် 'နိရုတ္တိပဋိသမ္ဘိဒါ'သို့ ရောက်၍ နေခြင်း၊ ၄။ ရှေ့ဉာဏ် သုံးပါးတို့၌ ခွဲခြား ဝေဖန်တတ်သော ဉာဏ် 'ပဋိဘာနပဋိသမ္ဘိဒါ'သို့ ရောက်၍ နေခြင်း၊ ၅။ ပြုအပ်သော အမှုကြီးငယ်တို့၌ ကျွမ်းကျင်ခြင်း။ (အံ၊၂။၉၉။) (အံ၊မြန်၊၂။၁၂၁။)

သီတင်းသုံးဖော်တို့ ချစ်ခင်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင် များခြင်း၊ ၃။ ကောင်းသော စကားရှိခြင်း၊ ၄။ မျက်မှောက်ဘဝ ချမ်းသာစွာ နေကြောင်း စွာန် ၄ ပါး ရ၍ နေခြင်း၊ ၅။ အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် မျက်မှောက် ပြုလျက် နေခြင်း။ (အံ၊၂။၁၀၀။) (အံ၊မြန်၊၂။၁၂၁-၁၂၂။)

သီတင်းသုံးဖော်တို့ ဆွေးနွေး မေးမြန်းသင့်သော ရဟန်း ပြည့်စုံရမည့် တရား ၅ ပါး ၁။ မိမိကိုယ်တိုင် သီလနှင့် ပြည့်စုံလျက် သီလသမ္ဓဒါကထာအတွက် မေးသော ပြဿနာကို ဖြေဆိုတတ်ခြင်း၊ ၂။ မိမိကိုယ်တိုင် သမာဓိနှင့် ပြည့်စုံလျက် သမာဓိသမ္ဓဒါကထာအတွက် မေးသော ပြဿနာကို ဖြေဆိုတတ်ခြင်း၊ ၃။ မိမိကိုယ်တိုင် ပညာနှင့် ပြည့်စုံလျက် ပညာ သမ္ဓဒါကထာ အတွက် မေးသော ပြဿနာကို ဖြေဆိုတတ်ခြင်း၊ ၄။ မိမိကိုယ်တိုင် ဝိမုတ္တိနှင့် ပြည့်စုံလျက် ဝိမုတ္တိသမ္ဓဒါကထာအတွက် မေးသော ပြဿနာကို ဖြေဆိုတတ်ခြင်း၊ ၅။ မိမိကိုယ်တိုင် ဝိမုတ္တိဉာဏ်အမြင်နှင့် ပြည့်စုံလျက် ဝိမုတ္တိဉာဏဒဿနသမ္ဓဒါကထာအတွက် မေးသော ပြဿနာကို ဖြေဆိုတတ်ခြင်း။ (အံ၊၂။၇၁။) (အံ၊မြန်၊၂။၈၆။) (အံ၊၂။၁၆၇။) (အံ၊မြန်၊၂။၂၁၂။)

သီတင်းသုံးဖော်တို့နှင့်အတူ အသက်မွေးထိုက်သော ရဟန်း ပြည့်စုံရမည့် တရား ၅ ပါး ၁။ မိမိကိုယ်တိုင် သီလနှင့် ပြည့်စုံလျက် သီလသမ္ဓဒါနှင့် စပ်၍ မေးသော ပြဿနာကို ဖြေဆိုနိုင်ခြင်း၊ ၂။ မိမိကိုယ်တိုင် သမာဓိနှင့် ပြည့်စုံလျက် သမာဓိသမ္ဓဒါနှင့် စပ်၍ မေးသော ပြဿနာကို ဖြေဆိုနိုင်ခြင်း၊ ၃။ မိမိကိုယ်တိုင် ပညာနှင့် ပြည့်စုံလျက် ပညာသမ္ဓဒါနှင့် စပ်၍ မေးသော ပြဿနာကို ဖြေဆိုနိုင်ခြင်း၊ ၄။ မိမိကိုယ်တိုင် ဝိမုတ္တိနှင့် ပြည့်စုံလျက် ဝိမုတ္တိသမ္ဓဒါနှင့် စပ်၍ မေးသော ပြဿနာကို ဖြေဆိုနိုင်ခြင်း၊ ၅။ မိမိကိုယ်တိုင် ဝိမုတ္တိ ဉာဏ်အမြင်နှင့် ပြည့်စုံလျက် ဝိမုတ္တိဉာဏဒဿနသမ္ဓဒါနှင့် စပ်၍ မေးသော ပြဿနာကို ဖြေဆိုနိုင်ခြင်း။ (အံ၊၂။၁၆၈။) (အံ၊မြန်၊၂။၂၁၃။)

သီတင်းသုံးဖော်တို့ နှစ်သက်ကြောင်း တရား ၅ ပါး ၁။ သီလနှင့် ပြည့်စုံလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ခြင်း၊ ၂။ အကြားအမြင်များလျက် ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိခြင်း၊ ၃။ ကောင်းသော စကားသံရှိလျက် အပြစ်ကင်း၍ ယဉ်ကျေးသော စကားနှင့် ပြည့်စုံခြင်း၊ ၄။ ရူပဈာန်လေးပါးတို့ကို မငြိုငြင် မပင်ပန်းဘဲ ရခြင်း၊ ၅။ အာသဝေါကုန်ခန်း ခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၂။၁၇၁။) (အံ၊မြန်၊၂။၂၁၃။)

သီတင်းသုံးဖော်တို့ မကြည်ညိုကြောင်း ၈ ပါး ၁။ ချစ်ခင်မှု အမုန်းပွားမှုကို ချီးကျူးလေ့ရှိခြင်း၊ ၂။ ချစ်ခင်မှုကို ကဲ့ရဲ့လေ့ရှိခြင်း၊ ၃။ လာဘ်ကို အလိုရှိခြင်း၊ ၄။ အရိုအသေပြုမှု စသော

http://www.dhammadownload.com

ပူဇာသက္ကာရကို အလိုရှိခြင်း၊ ၅။ အရှက်မရှိခြင်း၊ ၆။ အကြောက်အလန့်မရှိခြင်း၊ ၇။ ယုတ်မာသော အလိုဆိုးရှိခြင်း၊ ၈။ မှားသော မိစ္ဆာဒိဋ္ဌိအယူရှိခြင်း။ (အံ၊၃။၆။) (အံ၊မြန်၊၃။၆။)

သီတင်းသုံးဖော်တို့ မကြည်ညိုကြောင်း ၈ ပါး (တစ်နည်း) ၁။ လာဘ်ကို အလိုရှိခြင်း၊ ၂။ ပူဇော်သက္ကာရကို အလိုရှိခြင်း၊ ၃။ မထီမဲ့မြင်ပြုမှုကို အလိုရှိခြင်း၊ ၄။ အချိန်အခါကို မသိခြင်း၊ ၅။ အတိုင်းအရှည်ကို မသိခြင်း၊ ၆။ မစင်ကြယ်ခြင်း၊ ၇။ စကားအလွန်များခြင်း၊ ၈။ သီတင်းသုံးဖော်ရဟန်းတို့ကို ဆဲရေးရေရွတ် ပြောဆိုတတ်ခြင်း။ (အံ၊၃။၆။) (အံ၊မြန်၊၃။၇။)

သီတင်းသုံးဖော်တို့ မချစ်ကြောင်း တရား ၅ ပါး ၁။ စွဲမက်ဖွယ် အာရုံ၌ စွဲမက်ခြင်း၊ ၂။ ပြစ်မှားဖွယ် အာရုံ၌ ပြစ်မှားခြင်း၊ ၃။ တွေဝေဖွယ် အာရုံ၌ တွေဝေခြင်း၊ ၄။ အမျက်ထွက်ဖွယ် အာရုံ၌ အမျက်ထွက်ခြင်း၊ ၅။ ယစ်မူးဖွယ် အာရုံ၌ ယစ်မူးခြင်း။ (အံ၊၅။၉၇။) (အံ၊မြန်၊၅။၁၁၇။)

သီတင်းသုံးဖော်တို့ မချစ်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ အုံ့ဩဖွယ်ကို ပြုတတ်ခြင်း၊ ၂။ ဖြားယောင်းတတ်ခြင်း၊ ၃။ အရိပ်နိမိတ်ကို ပြုတတ်ခြင်း၊ ၄။ ဖိနှိပ်၍ ဆိုတတ်ခြင်း၊ ၅။ ရပြီး လာဘ်ဖြင့် မရသေးသော လာဘ်ကို ရှာမှီးတတ်ခြင်း။ (အံ၊၅။၉၈။) (အံ၊မြန်၊၅။၁၁၉။)

သီတင်းသုံးဖော်တို့ မချစ်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ ယုံကြည်မှု "သဒ္ဓါ" တရား မရှိခြင်း၊ ၂။ မကောင်းမှုမှ မရှက်တတ်ခြင်း၊ ၃။ မကောင်းမှုမှ မကြောက်ရွံတတ်ခြင်း၊ ၄။ ပျင်းရိခြင်း၊ ၅။ ပညာမဲ့ခြင်း။ (အံ၊၅။၉၈–၉၉။) (အံ၊မြန်၊၅။၁၁၉–၁၂၀။)

သီတင်းသုံးဖော်တို့ မချစ်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ အဆင်း 'ရူပါရုံ'ကို သည်းမခံနိုင်ခြင်း၊ ၂။ အသံ 'သဒ္ဒါရုံ'ကို သည်းမခံနိုင်ခြင်း၊ ၃။ အနံ့ 'ဂန္ဓာရုံ' ကို သည်းမခံနိုင်ခြင်း၊ ၄။ အရသာ 'ရသာရုံ' ကို သည်းမခံနိုင်ခြင်း၊ ၅။ အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ'ကို သည်းမခံနိုင်ခြင်း။ (အံ၊၅။၉၉။) (အံ၊မြန်၊၅။၁၂၀။)

သီတင်းသုံးဖော်တို့ မချစ်ကြောင်းတရား ၅ ပါး (တစ်နည်း) ၁။ မကင်းသော စွဲမက်မှု "ရာဂ"ရှိခြင်း၊ ၂။ မကင်းသော အမျက်ထွက်မှု "ဒေါသ"ရှိခြင်း၊ ၃။ မကင်းသော တွေဝေမှု "မောဟ"ရှိခြင်း၊ ၄။ သူတစ်ပါးဂုဏ်ကို ချေဖျက်ခြင်း၊ ၅။ သူတစ်ပါးတို့အား ဂုဏ်တု ဂုဏ်ပြိုင်ခြင်း။ (အံ၊၅။၉၇။) (အံ၊မြန်၊၅။၁၁၈။)

သီတင်းသုံးဖော်တို့ မချစ်ခင်ကြောင်း ၇ ပါး ၁။ လာဘ်ကို အလိုရှိခြင်း၊ ၂။ အရှိအသေပြုမှုကို အလိုရှိခြင်း၊ ၃။ မထီမဲ့မြင် မပြုခြင်းကို အလိုရှိခြင်း၊ ၄။ အရှက်မရှိခြင်း၊ ၅။ အကြောက်မရှိခြင်း၊ ၆။ ငြူစူတတ်ခြင်း၊ ၇။ ဝန်တိုတတ်ခြင်း။ (အံ၊၅။၃၉၆။) (အံ၊မြန်၊၅။၅၀၀။)

သီတင်းသုံးဖော်တို့အား ဆဲရေးကြိမ်းမောင်းသော ရဟန်း အပြစ် ၅ ပါး ၁။ လောကုတ္တရာတရား ပြတ်တောက်၍ ထိုလောကုတ္တရာတရားမှ ဆုံးရှုံးရခြင်း၊ ၂။ ညစ်နွမ်းသော အာပတ် တစ်မျိုးမျိုးသို့ သင့်ရောက်ရခြင်း၊ ၃။ ပြင်းထန်သော အနာရောဂါ ကပ်ရောက်တတ်ခြင်း၊ ၄။ တွေတွေဝေဝေ သေရခြင်း၊ ၅။ သေပြီးနောက် ငရဲသို့ ကျရောက်ရခြင်း။ (အံ၊၅။၂၂၀။) (အံ၊မြန်၊၅။၂၇၇။)

သီတင်းသုံးဖော်တို့အား ဆဲရေးသော ရဟန်း ပျက်စီးခြင်း ၁၁ ပါး ၁။ မရသေးသော ဂုဏ်ကျေးဇူးတရားကို မရခြင်း၊ ၂။ ရရှိပြီးသော ဂုဏ်ကျေးဇူးတရားမှ ယုတ်လျော့ခြင်း၊ ၃။ ထိုရဟန်း၏

http://www.dhammadownload.com

သူတော်ကောင်းတရားတို့သည် မဖြူစင်ခြင်း၊ ၄။ သူတော်ကောင်းတရား တို့၌လည်း မရသေးသည်ကို ရ၏ဟု မှတ်ထင်ခြင်း၊ ၅။ မမွေ့လျော်ဘဲ မြတ်သော အကျင့်ကို ကျင့်သုံးရခြင်း၊ ၆။ ညစ်နွမ်းသော အာပတ်တစ်မျိုးမျိုးသို့ သင့်ရောက်ရခြင်း၊ ၇။ သိက္ခာချ၍ လူထွက်ရခြင်း၊ ၈။ ဆေးကုရခက်၍ ပြင်းထန်သော ရောဂါဝေဒနာမျိုးကို ခံစားရခြင်း၊ ၉။ ရူးသွပ်ခြင်း၊ စိတ်ပျံ့လွင့်ခြင်းသို့ ရောက်ခြင်း၊ ၁၀။ တွေတွေဝေဝေ သေရခြင်း၊ ၁၁။ သေပြီးနောက် ငရဲသို့ ကပ်ရောက်ရခြင်း။ (အံ၊၃။၅၂၁။) (အံ၊မြန်၊၃။၅၁၀။)

သီတင်းသုံးဖော်တို့၏ အကြည်ညိုခံရသော ကျောင်းထိုင်အင်္ဂါ ၅ ပါး ၁။ ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံသည် ဖြစ်၍ အနည်းငယ်မျှသော အပြစ်တို့၌လည်း ဘေးဟု ရှုလေ့ရှိခြင်း၊ ၂။ အကြားအမြင် ဗဟုသုတများသည် ဖြစ်၍ အစ အလယ် အဆုံး ကောင်းခြင်း ရှိသော တရားတို့ကို နာယူမှတ်သား ဆောင်ထားလျက် ပညာဖြင့် ကောင်းစွာ ထိုးထွင်း၍ သိခြင်း၊ ၃။ အပြစ်ကင်းလျက် ယဉ်ကျေးသော စကားနှင့် ပြည့်စုံသည် ဖြစ်၍ ကောင်းသော စကားမြွက်ဆိုသံ ရှိခြင်း၊ ၄။ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော ရူပစျာန်လေးပါးတို့ကို အလိုရှိတိုင်း မငြိမငြင် မပင်မပန်းဘဲ ရခြင်း၊ ၅။ အရဟတ္တဖိုလ် ပညာကို ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၅။၂၂၉။) (အံ၊မြန်၊၅။၂၉၁။)

သီတင်းသုံးဖော်အဖြစ် ပေါင်းထိုက်သော ရဟန်း ၅ မျိုး ၁။ ကုန်သွယ် လယ်လုပ်အမှုကို မပြုလုပ်စေတတ်ခြင်း၊ ၂။ အဓိကရဏ် ၄ ပါးကို မယူခြင်း၊ ၃။ အကြီးအမှူး ရဟန်းတို့ကို မဆန့်ကျင်ခြင်း၊ ၄။ အပိုင်းအခြားမရှိ သွားလာခြင်းကို အားမထုတ်ခြင်း၊ ၅။ တရား ကျင့်သုံးရန် ထက်သန် ရွင်လန်းစေခြင်း။ (အံ၊၅။၁၅၁။) (အံ၊မြန်၊၅။၁၉၀-၁၉၁။)

သီတင်းသုံးဖော်အဖြစ် မပေါင်းထိုက်သော ရဟန်း ၅ မျိုး ၁။ ကုန်သွယ်, လယ်လုပ် အမှုကို ပြုစေခြင်း၊ ၂။ အဓိကရဏ်း ၄ ပါးကို ယူခြင်း၊ ၃။ အကြီးအမှူးရဟန်းတို့နှင့် ဆန့်ကျင်ခြင်း ၄။ အပိုင်းအခြားမရှိ သွားလာခြင်းကို အားထုတ်ခြင်း၊ ၅။ တရားကျင့်သုံးရန် ထက်သန် ရွင်လန်းစေမှုကို မစွမ်းနိုင်ခြင်း။ (အံ၊၅။၁၅၁။) (အံ၊မြန်၊၅။၁၉၀-၁၉၁။)

သီလ ၂ မျိုး ၁။ စာရိတ္တသီလ- ကျင့်သင့်ကျင့်ထိုက်သော သီလ, ကျင့်ဝတ်သီလ၊ ၂။ ဝါရိတ္တသီလ- (မပြုအပ်ဟု) တားမြစ်အပ်သော အမှုကို မပြုခြင်း ရှောင်ကြဉ်ခြင်း, ရှောင်ကြဉ်ကြောင်းသီလ။ (စရိယာ၊၌။၃၀၁။) (ဇာ၊၌၊၃။၁၈၁။) (သာရတ္ထ၊ဋီ၊၂။၅၈။)

သီလ ၂ မျိုး (တစ်နည်း) (ငါးပါးစီ ကွဲပြားသော သီလ) ၁။ ပရိယန္တပါရိသုဒ္ဓိသီလ- အပိုင်းအခြားရှိ၍ စင်ကြယ်သော သီလ၊ အပရိယန္တပါရိသုဒ္ဓိသီလ- အရေအတွက် အပိုင်းအခြား မရှိ, စင်ကြယ်သော သီလ၊ ပရိပုဏ္ဏပါရိသုဒ္ဓိသီလ- အပြည့်အစုံ စင်ကြယ်သော သီလ၊ အပရာမဋ္ဌပါရိသုဒ္ဓိသီလ- မှားသော အားဖြင့် မသုံးသပ်အပ်ပဲ စင်ကြယ်ခြင်းရှိသော သီလ၊ ပဋိပဿဒ္ဓိပါရိသုဒ္ဓိသီလ- (ကိလေသာတို့၏) ငြိမ်းအေးချုပ်ပျောက်ကြောင်း ဖိုလ်၏ စင်ကြယ်သော သီလ၊ ၂။ ပဟာနသီလ- ကိလေသာတို့ကို ပယ်ခြင်း သီလ၊ ဝေရမဏိသီလ- ကြဉ်ရှောင်ခြင်း သီလ၊ စေတနာသီလ- စေ့ဆော်တိုက်တွန်း ကြောင့်ကြစိုက်တတ်သော သီလ၊ သံဝရသီလ- ကိုယ်နှုတ်နှလုံးကို စောင့်စည်းခြင်းသီလ၊ အဝီတိက္ကမသီလ- မလွန်ကျူးခြင်း သီလ။ (ဝိသုဒ္ဓိ၊၁။၁၁။)

http://www.dhammadownload.com

သီလ ၂ မျိုး (တစ်နည်း) ၁။ လူ့သီလ၊ ၂။ ရဟန်းသီလ။ (ထေရ၊၄၊၂။၁၅၂။)

သီလ ၂ မျိုး (တစ်နည်း) ၁။ စတုပါရိသုဒ္ဓိသီလဟု ဆိုအပ်သော လောကီသီလ၊ ၂။ မဂ်သီလ ဖိုလ်သီလဟုဆိုအပ်သော လောကုတ္တရာသီလ။ (ဥဒါန၊၄။၂၁၁။) (ထေရ၊၄၊၂။၂၂၂။) (အံ၊၎။၃။၂၈၀။)

သီလ၂ မျိုး (တစ်နည်း) ၁။ ဘဝဂါမိသီလ- ထိုထိုဘဝသို့ ရောက်စေတတ်, ကျင်လည်စေတတ်သော ပဉ္စသီလစသည်၊ ၂။ ဝိဘဝဂါမိသီလ- ဘဝကင်းပြတ်ရာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေတတ်သော အဓိသီလသိက္ခာ။ (ဝိသုဒ္ဓိ၊ဋီ၊၁။၁၈။)

သီလ ၃ မျိုး ၁။ ကုသိုလ်သီလ၊ ၂။ အကုသိုလ်သီလ၊ ၃။ အဗျာကတသီလ။ (ပဋိသံ။၄၃။) (ပဋိသံ၊မြန်။၅၈။)

သီလ ၃ မျိုး (တစ်နည်း) ၁။ ကာယဒွါရသီလ- ကာယဒွါရ၌ ဖြစ်သော စောင့်စည်းခြင်းသီလ၊ ၂။ ဝစီဒွါရသီလ- ဝစီဒွါရ၌ ဖြစ်သော စောင့်စည်းခြင်း သီလ၊ ၃။ မနောဒွါရသီလ- မနောဒွါရ၌ ဖြစ်သော စောင့်စည်းခြင်းသီလ။ (ဇာ၊၅၊၁။၂၉၄။)

သီလ ၃ မျိုး (တစ်နည်း) ၁။ ကာယိကသီလ- ကာယဒွါရ၌ ဖြစ်သော သီလ၊ ၂။ ဝါစသိက သီလ- ဝစီဒွါရ၌ဖြစ်သော သီလ၊ ၃။ မာနသိကသီလ- မနောဒွါရ၌ ဖြစ်သော သီလ။ (ဇာ၊၅၊၃။၁၈၁။)

သီလ ၄ မျိုး (လေးပါးစီ ကွဲပြားသော သီလ) ၁။ ဟာနဘာဂိယသီလ-ယုတ်ခြင်းအဖို့ရှိသော သီလ၊ ဋ္ဌိတိဘာဂိယသီလ- တည်တံ့ခြင်း အဖို့ရှိသော သီလ၊ ဝိသေသဘာဂိယသီလ- ထူးသော အဖို့ရှိသော သီလ၊ နိဗ္ဗေဓဘာဂိယသီလ- လောဘတရားစု စသည်ကို ဖောက်ခွဲခြင်း အဖို့၌ ဖြစ်သော သီလ၊ ၂။ ဘိက္ခုသီလ, ဘိက္ခုနီသီလ, အနုပသမ္ပန္နသီလ, ဂဟဋ္ဌသီလ၊ ၃။ ပကတိသီလ- ပြကတော့သီလ၊ အာစာရသီလ- အလေ့အကျင့်စည်းကမ်း ကျင့်ဝတ်သီလ၊ ဓမ္မတာသီလ- ဖြစ်မြဲသဘောအားဖြင့် ဖြစ်သော သီလ၊ ပုဗ္ဗဟေတုကသီလ- ရှေးအကြောင်းရှိသော သီလ၊ ၄။ ပါတိမောက္ခသံဝရသီလ- ပါတိမောက်ကို စောင့်ရှောက်ခြင်း ဟူသော သီလ၊ ဣန္ဒြိယသံဝရသီလ- ဣန္ဒြေတို့ကို စောင့်စည်းခြင်းဟူသော သီလ၊ အာဇီဝပါရိသုဒ္ဓိသီလ- အသက်မွေးကြောင်း ပစ္စည်းရှာမှီးကြောင်းဖြစ်သော လုံ့လ၏ စင်ကြယ်ခြင်း အပြစ်ကင်းခြင်းသီလ၊ ပစ္စယသန္နိဿိတသီလ- ပစ္စည်း ၄-ပါးကို ကောင်းစွာ မှီသော အကျင့်သီလ။ (ဝိသုဒ္ဓိ၊၁။၁၁။)

သီလ ၄ မျိုး (တစ်နည်း) ၁။ ပါတိမောက္ခသံဝရသီလ၊ ၂။ ဣန္ဒြိယသံဝရသီလ၊ ၃။ အာဇီဝပါရိသုဒ္ဓိသီလ၊ ၄။ ပစ္စယသန္နိဿိတသီလ။ (ဇာ၊၅၊၃။၁၈၁။)

သီလ ၅ မျိုး (သုံးပါးစီ ကွဲပြားသော သီလ) ၁။ ဟီနသီလ- ယုတ်ညံ့သီလ၊ မဇ္ဈိမသီလ- အလယ်အလတ်သီလ၊ပဏီတသီလ-မြတ်သီလ၊ ၂။အတ္တာဓိပတေယျသီလ-မိမိကို အကြီးအမှူး (အလေးဂရု) ပြု၍ စောင့်ထိန်းသော သီလ၊ လောကာဓိပတေယျသီလ- သတ္တ လောကကို အကြီးအမှူး (အလေးဂရု) ပြု၍ စောင့်ထိန်းသော သီလ၊ ဓမ္မာဓိပတေယျသီလ- တရားကို အကြီးအမှူး (အလေးဂရု) ပြု၍ စောင့်ထိန်းသော သီလ၊ ၃။ ပရာမဋ္ဌသီလ- မှားသောအားဖြင့်

http://www.dhammadownload.com

သုံးသပ်စွဲယူအပ်သော သီလ၊ အပရာမဋ္ဌသီလ- မှားသောအားဖြင့် မသုံးသပ် မစွဲယူအပ်သော သီလ၊ ပဋိပဿဒ္ဓိသီလ- (ကိလေသာတို့၏) ငြိမ်းအေးချုပ်ပျောက် ကင်းပြတ်ကြောင်း ဖိုလ်သီလ၊ ၄။ ဝိသုဒ္ဓသီလ-စင်ကြယ်သော သီလ၊ အဝိသုဒ္ဓသီလ- မစင်ကြယ်သော သီလ၊ ဝေရမဏိကသီလ-ကြဉ်ရှောင်ခြင်း သီလ၊ ၅။ သေက္ခသီလ- ကျင့်ဆဲပုဂ္ဂိုလ် သီလ၊ အသေက္ခသီလ- ကျင့်ပြီးပုဂ္ဂိုလ်သီလ၊ နေဝသေက္ခနာသေက္ခသီလ- ကျင်ဆဲလည်းမဟုတ် ကျင့်ပြီးလည်း မဟုတ်သော ပုဂ္ဂိုလ်သီလ။ (ဝိသုဒ္ဓိ၊၁။၁၁။)

သီလ ၅ မျိုး (တစ်နည်း) ၁။ အပိုင်းအခြားရှိ၍ စင်ကြယ်သော သီလ (ပရိယန္တပါရိသုဒ္ဓိသီလ)၊ ၂။ အပိုင်းအခြားမရှိမူ၍ စင်ကြယ်သော သီလ (အပရိယန္တပါရိသုဒ္ဓိသီလ)၊ ၃။ ပြည့်စုံ၍ စင်ကြယ်သော (ပရိပုဏ္ဏပါရိသုဒ္ဓိသီလ)၊ ၄။ အမှားမသုံးသပ်၍ စင်ကြယ်သော (အပရာမဋ္ဌ ပါရိသုဒ္ဓိသီလ)၊ ၅။ တစ်ဖန် ငြိမ်းအေး၍ စင်ကြယ်သော (ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလ)။ (ပဋိသံ။၄၁။) (ပဋိသံ၊မြန်။၅၅။)

သီလ ၅ မျိုး (တစ်နည်း) ၁။ သူ့အသက် သတ်မှုကို ပယ်စွန့်ခြင်း သီလ(ပဟာနသီလ)၊ ၂။ ကြဉ်ရှောင်ခြင်း သီလ (ဝေရမဏိသီလ)၊ ၃။ စေတနာသီလ (စေတနာသီလ)၊ ၄။ စောင့်စည်းခြင်းသီလ (သံဝရသီလ)၊ ၅။ မလွန်ကျူးခြင်းသီလ (အဝီတိက္ကမသီလ)။ (ပဋိသံ။၄၄။) (ပဋိသံ၊မြန်။၆၀။)

သီလ ၇ မျိုး (နှစ်ပါးစီ ကွဲပြားသော သီလ) ၁။ စာရိတ္တသီလ, ဝါရိတ္တသီလ၊ ၂။ အာဘိသမာစာရိကသီလ- ထူးကဲ မြင့်မြတ်သော အကျင့်, ကျင့်ဝတ်သိက္ခာသီလ၊ အာဒိဗြဟ္မစရိယကသီလ- မဂ်တည်းဟူသော မြတ်သော အကျင့်သီလ၊ ၃။ ဝိရတိသီလ- (ပါဏာတိပါတ အစရှိသည်တို့မှ) ကြဉ်ရှောင်ခြင်းမျှဖြစ်သော သီလ၊ အဝိရတိသီလ- ဝိရတိမှ ကြွင်းသော စေတနာစသော သီလ အကျင့်၊ ၄။ နိဿိတသီလ- တဏှာဒိဋ္ဌိကို မှီသော သီလ၊ အနိဿိတသီလ- တဏှာဒိဋ္ဌိကို မမှီသော သီလ၊ ၅။ ကာလပရိယန္တသီလ- ကာလ အပိုင်းအခြားကို ပြု၍ ဆောက်တည်သော သီလ၊ အပါဏကောဋိကသီလ- အသက်ဆုံး သည့်တိုင် ဆောက်တည်သော သီလ၊ ၆။ သပရိယန္တသီလ- လာဘ် အခြံအရံ ဆွေမျိုး အင်္ဂါကြီးငယ် အသက်၏အစွမ်းအားဖြင့် မြင်အပ်သော အဆုံးအပိုင်းအခြားရှိသော သီလ၊ အပရိယန္တသီလ- လာဘ် အခြံအရံ ဆွေမျိုး အင်္ဂါကြီးငယ် အသက်၏အစွမ်းအားဖြင့် မြင်အပ်သော အဆုံးအပိုင်းအခြား မရှိသော သီလ၊ ၇။ လောကိယသီလ၊ လောကုတ္တရသီလ။ (ဝိသုဒ္ဓိ၊၁။၁၁။)

သီလ ၉ ပါး ၁။ ရဟန္တာပုဂ္ဂိုလ်တို့အား အတုလိုက်၍ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့အား အတုလိုက်၍ သူ့ဥစ္စာခိုးမှုမှ ရှောင်ကြဉ်ခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့အား အတုလိုက်၍ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ ရဟန္တာ ပုဂ္ဂိုလ်တို့အား အတုလိုက်၍ မမှန်သော စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ် တို့အား အတုလိုက်၍ မူးယစ်ဆေးဝါး အသုံးပြုမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရဟန္တာပုဂ္ဂိုလ်တို့အား အတုလိုက်၍ နေလွဲညစာ စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၇။ ရဟန္တာပုဂ္ဂိုလ်တို့အား အတုလိုက်၍ ကခြင်း သီဆိုခြင်း စသည်မှ ရှောင်ကြဉ်ခြင်း၊ ၈။ ရဟန္တာပုဂ္ဂိုလ်တို့အား အတုလိုက်၍ မြင့်သော

http://www.dhammadownload.com

နေရာ မြတ်သောနေရာတို့၌ နေခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၉။ ရဟန္တာပုဂ္ဂိုလ်တို့အား အတုလိုက်၍ အရပ်ဆယ်မျက်နှာတို့၌ မေတ္တာပွားလျက် နေခြင်း။ (အံ၊၃။ ၁၉၂။) (အံ၊မြန်၊၃။၁၉၄။)

သီလကို စင်ကြယ်စေခြင်း ၃ မျိုး ၁။အာပတ်ကို မသင့်ရောက်စေခြင်း၊ ၂။သင့်ရောက်ပြီးသောအာပတ်မှ ထခြင်း၊ ၃။ လောဘ ဒေါသ စသော ကိလေသာတို့ အနှိပ်စက် မခံရခြင်း။ (ဝိ၊၌၊ ၂။၂၀။)

သီလစောင့်ခြင်း အကျိုး ၅ ပါး ၁။ မမေ့လျော့ခြင်းကြောင့် စည်းစိမ်ဥစ္စာ ရရှိခြင်း၊ ၂။ ကောင်းသော ကျော်စောသတင်းသည် ပျံ့နှံ့ခြင်း၊ ၃။ ပရိသတ်သို့ ချဉ်းကပ်သော် မကြောက်ရွံ့ခြင်း၊ ၄။ မတွေဝေဘဲ သေရခြင်း၊ ၅။ နတ်ပြည်သို့ ရောက်ရခြင်း။ (အံ၊၂။၂၂၁။) (အံ၊မြန်၊၂။၂၇၉။)

သီလစောင့် ပုဂ္ဂိုလ် ၃ မျိုး (ချမ်းသာကို တောင့်တလျက် သီလစောင့်ထိန်းသော ပုဂ္ဂိုလ် ၃ မျိုး) ၁။ ငါ့အား ချီးမွမ်းမှု ဖြစ်ပေါ်လာပါစေဟု နှလုံးသွင်း၍ သီလစောင့်ထိန်းသော ပုဂ္ဂိုလ်၊ ၂။ ငါ့အား စည်းစိမ်ဥစ္စာတို့သည် တိုးပွား ဖြစ်ပေါ်လာပါစေဟု နှလုံးသွင်း၍ သီလ စောင့်ထိန်းသော ပုဂ္ဂိုလ်၊ ၃။ ငါသေလွန်သော အခါ နတ်ပြည်၌ ဖြစ်ရပါလိုဏ်ဟု နှလုံး သွင်း၍ သီလစောင့်သော ပုဂ္ဂိုလ်။ (ခုဒ္ဒက။၂၄၁။) (ခုဒ္ဒက၊မြန်။၂၂၅။)

သီလစောင့် ပုဂ္ဂိုလ် တောင့်တအပ်သော ချမ်းသာ ၃ မျိုး ၁။ ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်း ခံရခြင်း၊ ၂။ စည်းစိမ်ဥစ္စာများကို ရရှိခြင်း၊ ၃။ သေလွန်သောအခါ နတ်ပြည်၌ မွေ့လျော်ရခြင်း။ (ထေရဂါထာ။၃၀၉။) (ထေရဂါထာ၊မြန်။၁၀၀။)

သီလဆောက်တည်ပုံ အပိုင်းအခြင်း ၂ မျိုး ပရိယန္တ ၂ မျိုးနှင့် တူသည်။

သီလနှင့် ပြည့်စုံသူ ဖြစ်ကြောင်း ၂ မျိုး ၁။ သီလပျက်ခြင်း၏ အပြစ်တို့ကို ရှုမြင်ခြင်း၊ ၂။ သီလပြည့်စုံခြင်း၏ အကျိုးဆက်တို့ကို ရှုမြင်ခြင်း။ (ဣတိဝုတ်၊၌။၃၃၆။)

သီလနှင့် ပြည့်စုံသူ၏ အကျိုး ၅ ပါး ၁။ မမေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ် ဥစ္စာတို့ကို ရရှိခြင်း၊ ၂။ ကောင်းသော ကျော်စောသတင်း ပျံ့နှံ့ခြင်း၊ ၃။ မင်းပရိတ်သတ် စသော ပရိတ်သတ်လေးပါးသို့ ချဉ်းကပ်သောအခါ မညှိုးမငယ် မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ချဉ်းကပ်နိုင်ခြင်း၊ ၄။ မတွေမဝေဘဲ သေရခြင်း၊ ၅။ သေလွန်ပြီးနောက် နတ်ပြည်သို့ လားရောက်ရခြင်း။ (အံ၊၂။၂၂၁။) (အံ၊မြန်၊၂။၂၇၉။)

သီလနှင့် မပြည့်စုံကြောင်း ၄ ပါး ၁။ သီလကျိုးခြင်း၊ ၂။ သီလပေါက်ခြင်း၊ ၃။ သီလ အပြောက် ဖြစ်ခြင်း၊ ၄။ သီလ အကျားဖြစ်ခြင်း။ (အံ၊ဋ္ဌ၊၂။၂၃၄။)

သီလပျက်သူ အပြစ် ၅ ပါး ၁။ သီလပျက်သူသည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာ ဆုံးရှုံးခြင်းသို့ ရောက်တတ်ခြင်း၊ ၂။ မကောင်းသတင်း ပျံ့နှံ့ကျော်စောခြင်း၊ ၃။ မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်းဟူသော ပရိသတ်လေးပါး အလယ်သို့ ချဉ်းကပ် သည်ရှိသော် မျက်နှာညှိုးငယ်လျက် ကြောက်ကြောက်ရွံ့ရွံ့ ချဉ်းကပ်ရခြင်း၊ ၄။ တွေတွေ ဝေဝေဖြစ်လျက် သေရခြင်း၊ ၅။ သေလွန်ပြီးနောက် အပါယ်, ငရဲ၌ ကျရောက်ရခြင်း။ (ဝိ၊၃။၃၂၂။) (ဒီ၊၂။၇၂။) (ဒီ၊၂။မြန်၊၈၄။) (ဒီ၊၃။၁၉၆–၁၉၇။) (အံ၊၂။၂၂၁။) (ဥဒါန။၁၈၄။) (ဝိ၊မြန်၊၃။၃၂၃။) (ဒီ၊မြန်၊၃။၂၁၉။) (အံ၊မြန်၊၂။၂၇၈–၂၇၉။) (ဥဒါန၊မြန်။၁၆၇။)

http://www.dhammadownload.com

သီလပြည့်စုံကြောင်း ၂ ပါး ၁။ သီလပျက်ခြင်း၏ အပြစ်ကို ကောင်းစွာ သိမြင်ခြင်း၊ ၂။ သီလပြည့်စုံခြင်း၏ အကျိုးဆက်ကို ကောင်းစွာ သိမြင်ခြင်း။ (ဣတိဝုတ်၊၄။၂၈၈။)

သီလနှင့် ပြည့်စုံခြင်း၏ အကျိုး ၅ မျိုး ၁။ သီလပြည့်စုံသော သူအား မမေ့မလျော့ခြင်းကြောင့် များစွာသော စည်းစိမ်ဥစ္စာအစုကို ရရှိခြင်း၊ ၂။ ကောင်းသော ကျော်စောသတင်း ပျံ့နှံ့ခြင်း၊ ၃။ မင်း, ပုဏ္ဏား, သူကြွယ်, ရဟန်း ဟူသော ပရိသတ်လေးပါး အလယ်သို့ ချဉ်းကပ်သည်ရှိသော် မျက်နှာမညှိုးငယ်ဘဲ မကြောက်မရွံ့ ရဲရဲတင်းတင်း ချဉ်းကပ်ရခြင်း၊ ၄။ တွေဝေခြင်း မရှိဘဲ သေရခြင်း၊ ၅။ သေလွန်ပြီးနောက် နတ်ပြည်၌ ဖြစ်ရခြင်း။ (ဝိ၊၃။၃၂၂။) (ဝိ၊မြန်၊၃။၃၂၄။) (ဒီ၊၂။၇၃။) (ဒီ၊၃။၁၉၇။) (ဥဒါန။၁၈၅။) (ဝိသုဒ္ဓိ၊၁။၉။) (ဒီ၊မြန်၊၂။၈၅။) (ဒီ၊မြန်၊၃။၂၁၉–၂၂၀။) (ဥဒါန၊မြန်။၁၆၈။)

သီလပြည့်စုံသူ ဖြစ်ကြောင်း ၂ ပါး ၁။ သီလ၏ ပျက်စီးခြင်း၌ အပြစ်ကို မြင်ခြင်း၊ ၂။ သီလ၏ ပြည့်စုံခြင်း၌ အကျိုးဆက်ကို မြင်ခြင်း။ (မ၊၄၊၁။၁၅၉။)

သီလဖြစ်ကြောင်း ၃ ပါး ၁။ ကုသိုလ်သီလအတွက် ကုသိုလ်စိတ်သည် ဖြစ်ကြောင်း၊ ၂။ အကုသိုလ်သီလအတွက် အကုသိုလ်စိတ်သည် ဖြစ်ကြောင်း၊ ၃။ အဗျာကတသီလအတွက် အဗျာကတစိတ်သည် ဖြစ်ကြောင်း။ (ပဋိသံ။၄၃။) (ပဋိသံ၊မြန်။၅၈။)

သီလမရှိခြင်း ၂ မျိုး ၁။ သီလကို မဆောက်တည်ခြင်း၊ ၂။ ဆောက်တည်ထားသော သီလ၏ ပျက်စီးခြင်း။ (ဥဒါန၊၄။၃၇၅။)

သီလမရှိသူ ဖြစ်ကြောင်း ၂ မျိုး ၁။ သီလဆောက်တည်မှု မရှိခြင်း၊ ၂။ ဆောက်တည်ထားသော သီလ ပျက်သွားခြင်း။ (သာရတ္ထ၊ဋီ၊၃။၃၁၃။)

သီလမရှိသူ လက်ခံယူရမည့် အရာဌာန ၂ မျိုး ၁။ ငရဲဘုံ– နိရယဂတိ၊ ၂။ တိရစ္ဆာန်ဘုံ– တိရစ္ဆာနဂတိ။ (အံ၊၁။၆၂။) (အံ၊မြန်၊၁။၇၄။)

သီလရှိသူ လက်ခံယူရမည့် အရာဌာန ၂ မျိုး ၁။ နတ်ဘုံ– ဒေဝဂတိ၊ ၂။ လူ့ဘုံ–မနုဿဂတိ။ (အံ၊၁။၆၂။) (အံ၊မြန်၊၁။၇၄။)

သီလရှိသော ရဟန်းတို့ အိမ်သို့ ကြွလာသောအခါ တိုးပွားသော ကောင်းမှု ၅ မျိုး ၁။ သီလဝန္တ ရဟန်းတို့ မိမိအိမ်သို့ ကြွသည်ကို မြင်သောအခါ စိတ်ကြည်လင်သဖြင့် နတ်ပြည်၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည် မည်ခြင်း၊ ၂။ အိမ်သို့ ကြွလာသော သီလဝန္တ ရဟန်းတို့အား ခရီးဦးကြိုခြင်း၊ နေရာထိုင်ခင်းပေးခြင်း ရှိခိုးခြင်း စသည်ဖြင့် မြင့်မြတ်သော အကျိုး၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည် မည်ခြင်း၊ ၃။ သီလဝန္တ ရဟန်းတို့ မိမိအိမ်သို့ ကြွလာသည်ရှိသော် ဝန်တိုမှု အညစ်အကြေးကို ပယ်ဖျောက်၍ တန်ခိုးကြီးခြင်းကို ဖြစ်စေသော အကျင့်ကို ကျင့်သည် မည်ခြင်း၊ ၄။ အိမ်သို့ ကြွလာသော သီလဝန္တ ရဟန်းတို့အား စွမ်းအားရှိသလောက် လှူဒါန်းမှုပြုသဖြင့် ဥစ္စာဓန ပေါများခြင်းကို ဖြစ်စေသော အကျင့်ကို ကျင့်သည် မည်ခြင်း၊ ၅။ အိမ်သို့ကြွလာသော သီလဝန္တရဟန်း တို့အား အမေးပုစ္ဆာ မေးမြန်းခြင်း၊ တရားနာခြင်း စသည်ဖြင့် ဉာဏ်ပညာကြီးခြင်းကို ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည် မည်ခြင်း။ (အံ၊၂။၂၁၃။) (အံ၊မြန်၊၂။၂၆၈။)

http://www.dhammadownload.com

သီလဝိပတ္တိကြောင့် သင့်သော အာပတ် ၄ ပါး ၁။ ရဟန်းမသည် သိလျက် ပါရာဇိကအာပတ်ကို ဖုံးလွှမ်းအံ့၊ ပါရာဇိကအာပတ်သို့ ရောက်၏၊ ၂။ ယုံမှားရှိသည် ဖြစ်၍ ဖုံးလွှမ်းအံ့၊ ထုလ္လစ္စဉ်း အာပတ်သို့ ရောက်၏၊ ၃။ ရဟန်းယောကျ်ားသည် သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းအံ့၊ ပါစိတ်အာပတ်သို့ ရောက်၏၊ ၄။ မိမိ၏ ရုန့်ရင်းသော အာပတ်ကို ဖုံးလွှမ်းအံ့ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ (ဝိ၊၅။၁၇၇။) (ဝိ၊မြန်၊၅။၂၅၉။)

သီလဝိသုဒ္ဓိမှ ဖြစ်လာသော ကထာဝတ္ထု ၄ ပါး ၁။ အပို့စ္ဆကထာ– တဏှာမရှိခြင်းနှင့် စပ်သော စကား၊ ၂။ သန္တုဋ္ဌိကထာ– ရောင့်ရဲလွယ်ခြင်းနှင့် စပ်သော စကား၊ ၃။ အသံသဂ္ဂကထာ– မရောနှောခြင်း မနီးနှောခြင်းနှင့် စပ်သော စကား၊ ၄။ သီလကထာ– သီလနှင့် စပ်သော စကား။ (မ၊၆၊၂။၆၄။)

သီလဝန္တပုဂ္ဂိုလ်တို့ စွန့်ပယ်အပ်သော ဘေး ၅ မျိုး ၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ သေရည်အရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း။ (အံ၊၂။၁၈၀။) (အံ၊မြန်၊၂။၂၃၀။)

သီလ သမာဓိဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ သီလ သမာဓိ ပညာတို့၌ ဖြည့်ကျင့်လေ့ မရှိသော ပုဂ္ဂိုလ်၊ ၂။ သီလကိုသာ ဖြည့်ကျင့်လေ့ရှိပြီး သမာဓိ ပညာကို ဖြည့်ကျင့်လေ့မရှိသော ပုဂ္ဂိုလ်၊ ၃။ သီလ သမာဓိတို့၌ ဖြည့်ကျင့်လေ့ရှိပြီး ပညာ၌ ဖြည့်ကျင့်လေ့ မရှိသော ပုဂ္ဂိုလ်၊ ၄။ သီလ သမာဓိ ပညာတို့၌ ဖြည့်ကျင့်လေ့ရှိသော ပုဂ္ဂိုလ်၊ ၁။ (တစ်နည်း) သီလ သမာဓိ ပညာတို့၌ အလေးဂရု မပြု အကြီးအမှူးမပြုသော ပုဂ္ဂိုလ်၊ ၂။ သီလကိုသာ အလေးဂရု အကြီးအမှူးပြု၍ သမာဓိပညာတို့ကို အလေးဂရု အကြီးအမှူးမပြုသော ပုဂ္ဂိုလ်၊ ၃။ သီလ သမာဓိ၌သာ အလေးဂရု အကြီးမှူးပြု၍ ပညာကို အလေးဂရု အကြီးအမှူးမပြုသော ပုဂ္ဂိုလ်၊ ၄။ သီလ သမာဓိ ပညာသုံးမျိုးလုံး၌ အလေးဂရု အကြီးအမှူးပြုသော ပုဂ္ဂိုလ်။ (အံ၊၁။၄၅၃။) (အံ၊မြန်၊၁။၄၆၆။)

သီလအကျင့်မှ လျှောကျကြောင်း ၂ ပါး ၁။ သူတစ်ပါးက ဖြတ်တောက် ဖျက်ဆီးခြင်းကြောင့် သီလမှ လျှောကျခြင်း– (ပရိဝိစ္ဆိန္နနာယ)၊ ၂။သီလကို မမီသည် မလိုက်နိုင်သည် မကျင့်သုံးနိုင်သည် ဖြစ်၍ သီလမှ လျှောကျခြင်း– (အနဘိသမ္ဘုဏန္တ)။ (မဟာနိ။၂၄၁။)

သီလ၏ စုပေါင်းရာ ၃ ပါး ၁။ စောင့်စည်းခြင်း၏ စုပေါင်းရာ (သံဝရသမောဓာန)၊ ၂။ မကျူးလွန်ခြင်း၏ စုပေါင်းရာ (အဝီတိက္ကမသမောဓာန)၊ ၃။ စောင့်စည်းမှု စေတနာ၏ စုပေါင်းရာ (တထာဘာဝေ ဇာတစေတနာ သမောဓာန) ။ (ပဋိ၊သံ။၄၃။) (ပဋိသံ၊မြန်။၅၈။)

သီလေ ပတိဋ္ဌာယ နရော–စသော ဂါထာဖြင့် ပြအပ်သော ဂုဏ်တိုက် ၉ ပါး ၁။ သိက္ခာသုံးပါးကို ပြခြင်း၊ ၂။ အစ အလည် အဆုံး ကောင်းခြင်း သုံးဖြာနှင့် ပြည့်စုံသော သာသနာကို ပြခြင်း၊ ၃။ တဝိဇ္ဇရဟန္တာအဖြစ် စသည်တို့၏ ဥပနိဿယကို ပြခြင်း၊ ၄။ အစွန်း နှစ်ပါးကို ကြဉ်၍ မဇ္ဈိမပဋိပဒါ အကျင့်ကို မှီဝဲခြင်းကို ပြခြင်း၊ ၅။ အပါယ် စသည်တို့ကို လွန်မြောက်ခြင်း၏ အကြောင်းကို ပြခြင်း၊ ၆။ သုံးပါးသော အခြင်းအရာတို့ဖြင့် ကိလေသာတို့ကို ပယ်ခြင်းကို ပြခြင်း၊ ၇။ ဝိတိက္ကမ စသည်တို့၏ ဆန့်ကျင်ဘက်ကို ပြခြင်း၊ ၈။ သံကိလေသ

http://www.dhammadownload.com

သုံးပါးကို သုတ်သင်ခြင်းကို ပြခြင်း၊ ၉။ သောတာပန် စသည် ဖြစ်ခြင်း၏ အကြောင်းကို ပြခြင်း။ (ဝိသုဒ္ဓိ၊၁။၆။)

သီသ ၂ ပါး (လောကုတ္တရာတရားကို ဖြစ်စေရာ၌ သီသ ၂ ပါး) ၁။ သဒ္ဓါသီသ- သဒ္ဓါဟူသော အဦးအစ ပဓာန၊ ၂။ ပညာသီသ- ပညာဟူသော အဦးအစ ပဓာန။ (သံ၊၆၊၃။၂၇၂။)

သီသ ၂ မျိုး (တစ်နည်း) ၁။ ဇီဝိတိန္ဒြေ ဟူသော ပဝတ္တိသီသ၊ ၂။ အဝိဇ္ဇာဟူသော ကိလေသသီသ။ (သံ၊၆၊၁။၁၆၉။)

သီသတရား ၁၃ ပါး (အထွတ်အထိပ်ဖြစ်သော တရား ၁၃ ပါး) ၁။ ပလိဗောဓသီသ- နိဗ္ဗာန်တရား, မဂ်တရားကို ပိတ်ဆို့တားမြစ်တတ်သော တရားတို့တွင် အထွက်အထိပ်ကျ၍ ပဓာနဖြစ်သော တဏှာတရား၊ ၂။ ဝိနိဗန္ဓနသီသ- သံသရာဝဋ်မှ မလွတ်ရအောင် နှောင်ဖွဲ့တတ်သော တရားတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော မာနတရား၊ ၃။ ပရာမာသသီသ- မှားသောအားဖြင့် သုံးသပ်တတ်သော တရားတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော ဒိဋ္ဌိတရား၊ ၄။ ဝိက္ခေပသီသ- အထူးထူး အပြားပြား ပစ်လွှတ်တတ်သော တရားတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော ဥဒ္ဓစ္စတရား၊ ၅။ သံကိလေသသီသ- ပူပန်စေတတ်, နှိပ်စက်တတ်သော တရားတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော အဝိဇ္ဇာတရား၊ ၆။ အဓိမောက္ခသီသ- ဆုံးဖြတ်တတ်သော တရားတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော သဒ္ဓါတရား၊ ၇။ ပဂ္ဂဟသီသ- ချီးမြှောက်တတ်သော တရားတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော ဝီရိယတရား၊ ၈။ ဥပဋ္ဌာနသီသ- အာရုံ၌ ကပ်၍ တည်သော တရားတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော သတိတရား၊ ၉။ အဝိက္ခေပသီသ- မပျံ့လွင့်သော တရားတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော သမာဓိတရား၊ ၁၀။ ဒဿနသီသ- သိမြင်တတ်သော တရားတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော ပညာတရား၊ ၁၁။ ပဝတ္တသီသ- အဆက်မပြတ်ဖြစ်သော ဝဋ်ခန္ဓာတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော ဇီဝိတိန္ဒြေတရား၊ ၁၂။ ဂေါစရသီသ- အာရုံတို့တွင် အထွတ်အထိပ်ကျ၍ ပဓာနဖြစ်သော ကိလေသာတို့မှ လွတ်သော နိဗ္ဗာန် (ဝိမောက္ခ) တရား၊ ၁၃။ သခ်ါရသီသ- သခ်ါရတို့၏ ထိပ်ဆုံးဖြစ်သော နိဗ္ဗာန်တရား။ (ပဋိသံ။၄၀၅။) (ပဋိသံ။၉၉။) (အဘိ၊၆၊ ၃။၃၈။) (သံ၊ဋီ၊၁။၂၁၈။) (ပဋိသံ၊မြန်။၁၃၀။) (ပဋိသံ၊မြန်။၄၆၇။)

သီဟနာဒ ၁၀ ပါး ၁။ ရဲရင့်သော စကားကို မြွက်ကြားသည်ရှိသော် ပရိသတ်အလယ်၌ ထိုင်၍ ငါ မြွက်ကြား၏၊ ၂။ ကြောက်ရွံ့ခြင်း ကင်းသော ရဲတင်းသော စိတ်ရှိသည် ဖြစ်၍ ငါ မြွက်ကြား၏၊ ၃။ ငါ့ကို ပြဿနာ မေးကြ၏၊ ၄။ ပြဿနာ မေးအပ်သည် ရှိသော် ငါ ဖြေကြားခဲ့၏၊ ၅။ ပြဿနာကို ဖြေဆိုခြင်းဖြင့် တစ်ပါးသော သူ၏ စိတ်ကို ငါသည် ကျေနပ်နှစ်သက်စေနိုင်၏၊ ၆။ ကြားနာရသည် ရှိသော် ကြားနာထိုက်၏ဟု မှတ်ထင်ကြကုန်၏၊ ၇။ ကြားနာရပြီး ငါ့အား ကြည်ညိုကြကုန်၏၊ ၈။ ကြည်ညိုသူတို့၏ အခြင်းအရာကို ပြုကြကုန်၏၊ ၉။ အကြင် ကျင့်စဉ်ကို ငါ ဟောကြား၏၊ ထိုကျင့်စဉ်အတိုင်း ကျင့်ကြကုန်၏၊ ၁၀။ ကျင့်ကြသူတို့သည်လည်း ငါ့ကို ကျေနပ် နှစ်သက်စေကုန်၏၊ **မှတ်ချက်။** ။ ဤသို့ ရှေ့သီဟနာဒ ၁၀ ပါးတို့တွင် တစ်ပါးတစ်ပါးကို မူတည်၍ နောက်သီဟနာဒ ၁၀ ပါးကို

http://www.dhammadownload.com

မူလီသွင်းလိုက်သော် သီဟနာဒ ၁၀၀ ဖြစ်၏၊ ရှေ့သီဟနာဒ ၁၀ ပါး သက်သက်နှင့်ပါ ပေါင်းလိုက်သော် သီဟနာဒ ၁၁၀ ဖြစ်၏။ (ဒီ၊ဋ္ဌ၊၁၀။၂၉၇။) (ဒီ၊ဋ္ဌ၊မြန်၊၁၀။၅၇၆။)

သီဟဟနု သဘကီမင်း၏ သား‌တော် ၅ ပါး ၁။ သုဒ္ဓေါဒန၊ ၂။ အမိတောဒန၊ ၃။ ဓောတောဒန၊ ၄။ သက္ကောဒန၊ ၅။ သုက္ကောဒန။ (သုတ္တနိ၊ဋ္ဌ၊၂။၈၉။)

သီဟိဠ်ကျွန်းဠ် နန္ဒမင်း ၉ ယောက် ၁။ ဥဂ္ဂသေန နန္ဒမင်း၊ ၂။ ပဏ္ဍုက နန္ဒမင်း၊ ၃။ ပဏ္ဍုဂတိ နန္ဒမင်း၊ ၄။ ဘူတပါလ နန္ဒမင်း၊ ၅။ ရဋ္ဌပါလ နန္ဒမင်း၊ ၆။ ဂေါဝိသာဏက နန္ဒမင်း၊ ၇။ သဝိဒ္ဓက နန္ဒမင်း၊ ၈။ ကေဝဋ္ဋက နန္ဒမင်း၊ ၉။ ဝနနန္ဒမင်း။ (သာရတ္ထ၊ဋီ၊၁။၁၅၉။)

သုခ ၂ မျိုး ၁။ ကာယိကသုခ– ကိုယ်၏ ချမ်းသာခြင်း၊ ၂။ စေတသိကသုခ– စိတ်၏ ချမ်းသာခြင်း။ (ဝိ၊ဋ္ဌ၊၂။၃၃။)

သုခ ၄ မျိုး ချမ်းသာ ၄ မျိုးနှင့် တူသည်။

သုခဝေဒနာ ၂ မျိုး ၁။ ကိုယ်၌ ဖြစ်သော သုခဝေဒနာ၊ ၂။ စိတ်၌ ဖြစ်သော သုခဝေဒနာ။ (အဘိ၊ဋ္ဌ၊၂။၁၃။)

သုခုမရုပ် ၁၆ ပါး ၁။ အာပေါဓာတ် တစ်ပါး၊ ၂။ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေဟု ဆိုအပ်သော ဘာဝရုပ် နှစ်ပါး၊ ၃။ ဇီဝိတိန္ဒြေဟု ဆိုအပ်သော ဇီဝိတရုပ် တစ်ပါး၊ ၄။ ဟဒယဝတ္ထုရုပ် တစ်ပါး၊ ၅။ သြဇာဟု ဆိုအပ်သော အာဟာရရုပ် တစ်ပါး၊ ၆။ အာကာသဓာတ် တစ်ပါး၊ ၇။ ကာယဝိညတ်, ဝစီဝိညတ်ဟု ဆိုအပ်သော ဝိညတ်ရုပ် နှစ်ပါး၊ ၈။ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာဟု ဆိုအပ်သော ဝိကာရရုပ် သုံးပါး၊ ၉။ ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာဟု ဆိုအပ်သော လက္ခဏရုပ် လေးပါး ပေါင်း ၁၆ ပါး။ (ပဋိသံ၊ဋ္ဌ၊၁။၂၂၈။)

သုခုမဝိညာဏ ၆ ပါး ၁။ ကုသလာဗျာကတဝိညာဏ၊ ၂။ အဗျာကတဝိညာဏ၊ ၃။ သုခလည်း ဖြစ်၍ အဒုက္ခမသုခလည်းဖြစ်သော ဝေဒနာနှင့် ယှဉ်သော ဝိညာဏ၊ ၄။ အဒုက္ခမသုခ ဖြစ်သော ဝေဒနာနှင့် ယှဉ်သော ဝိညာဏ၊ ၅။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝိညာဏ၊ ၆။ အာသဝ တရားနှင့် တကွ မဖြစ်သော ဝိညာဏ။ (အဘိ၊ဝိ။၁၁။) (အဘိ၊ဝိ၊မြန်၊၁။၂၂။)

သုခုမဝေဒနာ ၆ ပါး ၁။ ကုသလာဗျာကတဝေဒနာ၊ ၂။ အဗျာကတဝေဒနာ၊ ၃။ သုခလည်းဖြစ်၍ အဒုက္ခမသုခလည်းဖြစ်သော ဝေဒနာ၊ ၄။ အဒုက္ခမသုခါဝေဒနာ၊ ၅။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာ၊ ၆။ အာသဝေါတရားနှင့် တကွ မဖြစ်သော ဝေဒနာ။ (အဘိ၊ဝိ။၄။) (အဘိ၊ဝိ၊မြန်၊၁။၇။)

သုခုမသ‌ဒ်ါရုံ ၆ ပါး ၁။ ကုသလာဗျာကတသ‌ဒ်ါရုံ၊ ၂။ အဗျာကတသ‌ဒ်ါရုံ၊ ၃။ သုခလည်းဖြစ်၍ အဒုက္ခမသုခလည်းဖြစ်သော ဝေဒနာနှင့် ယှဉ်သော သ‌ဒ်ါရုံ၊ ၄။ အဒုက္ခမသုခဖြစ်သော ဝေဒနာနှင့် ယှဉ်သော သ‌ဒ်ါရုံ၊ ၅။ သမာပတ်ဝင်စားသော ပုဂ္ဂိုလ်၏ သ‌ဒ်ါရုံ၊ ၆။ အာသဝ တရားနှင့် တကွ မဖြစ်သော သ‌ဒ်ါရုံ။ (အဘိ၊ဝိ။၉။) (အဘိ၊ဝိ၊မြန်၊၁။၁၈။)

သုခလွှိကာနုယောဂ ၄ ပါး ၁။ သတ္တဝါတို့ကို သတ်၍ သတ်၍ မိမိကိုယ်ကို ချမ်းသာစေခြင်း၊ ၂။ မပေးသည်ကို ယူ၍ ယူ၍ မိမိကိုယ်ကို ချမ်းသာစေခြင်း၊ ၃။ မဟုတ်မမှန်သော စကားကို

http://www.dhammadownload.com

ပြော၍ ပြော၍ မိမိကိုယ်ကို ချမ်းသာစေခြင်း၊ ၄။ ငါးပါးသော ကာမဂုဏ်တို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားခြင်း။ (ဒီ၊၃။၁၀၈။) (ဒီ၊မြန်၊၃။၁၂–၁၂၂။)

သုခလွှိကာနုယောဂ ၄ ပါး (တစ်နည်း) ၁။ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ် တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်ခြင်း ဝိတက်, သုံးသပ်ခြင်း ဝိစာရနှင့် တကွသော ကာမဂုဏ်တို့မှ လည်းကောင်း အကုသိုလ်တို့မှလည်းကောင်း ဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ပထမစျာန်သို့ ရောက်၍ နေခြင်း၊ ၂။ ကြံစည်ခြင်း 'ဝိတက်' သုံးသပ်ခြင်း 'ဝိစာရ' တို့၏ ချုပ်ခြင်းကြောင့် ဒုတိယစျာန်သို့ ရောက်၍ နေခြင်း၊ ၃။ နှစ်သိမ့်ခြင်း 'ပီတိ'၏လည်း ကင်းခြင်းကြောင့် တတိယစျာန်သို့ ရောက်၍ နေခြင်း၊ ၄။ ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့် စတုတ္ထစျာန်သို့ ရောက်၍ နေခြင်း။ (ဒီ၊၃။၁၀၈–၁၀၉။) (ဒီ၊မြန်၊၃။၁၂၂။)

သုခလွှိကာနုယောဂ၏ အကျိုးအာနိသင် ၄ ပါး ၁။ သုံးပါးသော သံယောဇဉ် 'အနောင်အဖွဲ့' တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ် သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်ခြင်း၊ ၂။ သုံးပါးသော သံယောဇဉ် 'အနောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် တပ်မက်ခြင်း 'ရာဂ'အမျက်ထွက်ခြင်း 'ဒေါသ' တွေဝေခြင်း 'မောဟ' တို့၏လည်း ခေါင်းပါးခြင်းကြောင့် ဤလူ့ပြည်သို့ တစ်ကြိမ်သာ လာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ဖြစ်ခြင်း၊ ၃။ အောက် ကာမဘုံ၌ ပဋိသန္ဓေနေခြင်း အဖို့ရှိသော ငါးပါးသော သံယောဇဉ် 'အနောင်အဖွဲ့'တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဖြဟ္မာဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ထိုဘုံမှ ပြန်လာခြင်းသဘော မရှိသော အနာဂါမ် ဖြစ်ခြင်း၊ ၄။ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရား ကင်းသော လွတ်မြောက်သည့် (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သည့် (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် ရောက်၍ နေသော ရဟန္တာဖြစ်ခြင်း။ (ဒီ၊၃။၁၀၉–၁၁၀။) (ဒီ၊မြန်၊၃။၁၂၃–၁၂၄။)

သုဂတိ ၂ မျိုး ၁။ ပဋိပတ္တိသုဂတိ– အကျင့်သုဂတိ၊ ၂။ ဂတိသုဂတိ– လားရာသုဂတိ။ (မ၊ဋ္ဌ၊၁။၁၇၂။)

သုဂတိဘဝသို့ ရောက်ကြောင်း တရား ၆ ပါး ၁။ ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံစည်မှု နေက္ခမ္မဝိတက်နှင့် ပြည့်စုံခြင်း၊ ၂။ မပျက်စီးစေရန် ကြံစည်မှု အဗျာပါဒဝိတက်နှင့် ပြည့်စုံခြင်း၊ ၃။ မညှဉ်းဆဲရန် ကြံစည်မှု အဝိဟိံသာဝိတက်နှင့် ပြည့်စုံခြင်း၊ ၄။ ကာမဂုဏ်မှ လွတ်မြောက်ခြင်း၌ မှတ်သားမှု နေက္ခမ္မသညာနှင့် ပြည့်စုံခြင်း၊ ၅။ မပျက်စီးစေရန် မှတ်သားမှု အဗျာပါဒသညာနှင့် ပြည့်စုံခြင်း၊ ၆။ မညှဉ်းဆဲရန် မှတ်သားမှု အဝိဟိံသာ သညာနှင့် ပြည့်စုံခြင်း။ (အံ၊၂။၃၇၅။) (အံ၊မြန်၊၂။၄၇၂။)

သုစရိုက် ၃ ပါး ၁။ ကာယသုစရိုက်– ကိုယ်ဖြင့် ပြုသော ကောင်းသော အကျင့်၊ ၂။ ဝစီသုစရိုက်– နှုတ်ဖြင့် ပြုသော ကောင်းသော အကျင့်၊ ၃။ မနောသုစရိုက်– စိတ်ဖြင့် ပြုသော ကောင်းသော အကျင့်။ (ဝိ၊၅။၂၂၂။) (ဒီ၊၃။၁၈၀။) (ခုဒ္ဒက။၂၃၂။) (နေတ္တိ၊ဋ္ဌ။၁၅၆။) (နေတ္တိ၊ဝိဘာ။၂၇၆။) (ဝိ၊မြန်၊၅။ ၃၁၀။) (ဒီ၊မြန်၊၃။၂၀၀။) (ခုဒ္ဒက၊မြန်။၂၁၇။)

http://www.dhammadownload.com

သုစရိုက်ရှိသူတို့၏ အကျိုး ၅ ပါး ၁။ မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို မစွပ်စွဲ၊ ၂။ ပညာရှိတို့ ချီးမွမ်းခြင်း၊ ၃။ ကောင်းသော ကျော်စောသံသည် ပျံ့နှံ့၍ ထွက်ခြင်း၊ ၄။ မသူတော်တရားမှ ကင်းခြင်း၊ ၅။ သူတော်ကောင်းတရား၌ တည်ခြင်း။ (အံ၊၂။၂၃၃-၄။) (အံ၊၂။၂၃၄။) (အံ၊မြန်၊၂။၂၉၈။) (အံ၊မြန်၊၂။၂၉၉။)

သုဇာတဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ သုမင်္ဂလမြို့တော်၌ ရှေးဦးစွာ ဓမ္မစကြာ တရား ဟောတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေရှစ်ဆယ် ကျတ်တမ်းဝင်ကြသည်၊ ၂။ တာဝတိံသာ နတ်ပြည်၌ ဝါကပ်တော်မူသောအခါ သုံးသန်းခုနစ်သိန်းသော နတ်ဗြဟ္မာများ တရားထူး ရကြသည်၊ ၃။ ဘုရားရှင်သည်လည်း ဥဂ္ဂတမင်းကြီးထံသို့ ချဉ်းကပ်တော်မူသောအခါ ခြောက်သန်း မျှသော လူနတ်ဗြဟ္မာတို့ ကျတ်တမ်း ဝင်ကြသည်။ (အပ၊၂။၃၄၈။) (အပ၊မြန်၊၂။၃၄၅။)

သုဇာတဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် အစည်းအဝေး၌ အဘိညာဉ် အားအစွမ်းနှင့် ပြည့်စုံကုန်သော ရဟန္တာ ခြောက်သန်း၊ ၂။ တာဝတိံသာ နတ်ပြည်မှ ဆင်းသက် တော်မူသောအခါ ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် ရဟန္တာ ငါးသန်း၊ ၃။ ဘုရားရှင်၏ အဂ္ဂသာဝကများဖြစ်သော အရှင်နာဂနှင့် အရှင်နာဂသဟမထေရ်တို့ သုဇာတဘုရားရှင်ထံ ချဉ်းကပ်တော်မူသောအခါ တတိယအကြိမ်မြောက် အစည်းအဝေး၌ ရဟန္တာ လေးသိန်းတို့ စည်းဝေးတော်မူကြသည်။ (အပ၊၂။၃၄၉။) (အဘိ၊ဋ္ဌ၊၁။၆၅။) (အပ၊မြန်၊၂။၃၄၆။)

သုဇာတဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ သုဒဿနထေရ်၊ ၂။ သုဒေဝထေရ်။ (အဘိ၊ဋ္ဌ၊၁။၆၆။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၄၃။)

သုဇာတဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ နာဂါထေရီ၊ ၂။ နာဂသမာလာထေရီ။ (အဘိ၊ဋ္ဌ၊၁။၆၆။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၄၃။)

သုဇာတဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ သိရီမည်သော ပြာသာဒ်ဆောင်၊ ၂။ ဥပသိရီ မည်သော ပြာသာဒ်ဆောင်၊ ၃။ နန္ဒမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၄၉။) (အပ၊မြန်၊ ၂။၃၄၇။)

သုည ၁၇ ပါး ၁။ သခ်ါရသုည- ပုညာဘိသခ်ါရအစရှိသည်ပင်လျှင် အပုညာဘိသခ်ါရအစရှိသည် တို့မှ ဆိတ်ခြင်း၊ ၂။ ဝိပရိဏာမသုည- ဥပါဒ်ခဏသည် ဘင်ခဏ၏အစွမ်းဖြင့် ဖောက်ပြန်သော ရင့်ခြင်းဟု ဆိုအပ်သော ဌီခဏ ဘင်ခဏမှ ဆိတ်ခြင်း၊ ၃။ လက္ခဏသုည- တစ်ခုတစ်ခုသော ရုပ်စသော လက္ခဏာသည်ပင်လျှင် ကြွင်းသော ရုပ်စသော လက္ခဏာတို့မှ ဆိတ်သုံးခြင်း၊ ၄။ ဝိက္ခမ္ဘနသုည- ဝိက္ခမ္ဘနပဟာန်မှ ဆိတ်သော ကာမစ္ဆန္ဒအစရှိသည်တည်း၊ ၅။ တဒင်္ဂသုည- တဒင်္ဂပဟာန်မှ ဆိတ်သော ကာမစ္ဆန္ဒ အစရှိ သည်တည်း၊ ၆။ သမုစ္ဆေဒသုည- သမုစ္ဆေဒ ပဟာန်မှ ဆိတ်သော ကာမစ္ဆန္ဒ အစရှိသည် တည်း၊ ၇။ ပဋိပဿဒ္ဓိသုည-ပဋိပဿဒ္ဓိ ပဟာန်မှ ဆိတ်သော ကာမစ္ဆန္ဒ အစရှိသည်တည်း၊ ၈။ နိဿရဏာသုည-နိဿရဏပဟာန်မှ ဆိတ်သော ကာမစ္ဆန္ဒ အစရှိသည်တည်း၊ ၉။ ဇသနာသုည- နေကွမ္မ အစရှိသော ဇသန တရားသည် ကာမစ္ဆန္ဒ အစရှိသည်မှ ဆိတ်သုဉ်းခြင်း၊ ၁၀။ ပရိဂ္ဂဟသုည- နေကွမ္မ အစရှိသော ပရိဂ္ဂဟတရားသည် ကာမစ္ဆန္ဒ အစရှိသည်မှ ဆိတ်သုဉ်းခြင်း၊ ၁၁။ ပဋိလာဘသုည- နေကွမ္မ

http://www.dhammadownload.com

အစရှိသော ပဋိလာဘ တရားသည် ကာမစ္ဆန္ဒ အစရှိသည်မှ ဆိတ်သုဉ်းခြင်း၊ ၁၂။ ပဋိဝေဓသုည– နေကွမ္မအစ ရှိသော ပဋိဝေဓတရားသည် ကာမစ္ဆန္ဒ အစရှိသည်မှ ဆိတ်သုဉ်းခြင်း၊ ၁၃။ ဇောတ္တသုည– တစ်ခုတည်းအာရုံရှိသော တရားသည် အထူးထူး အာရုံရှိသော တရားမှ ဆိတ်သုဉ်းခြင်း၊ ၁၄။ နာနတ္တသုည– အထူးထူး အာရုံရှိသော တရားသည် တစ်ခုတည်း အာရုံရှိသော တရားမှ ဆိတ်သုဉ်းခြင်း၊ ၁၅။ ခန္ဓိသုည– နေကွမ္မ အစရှိသော ခန္ဓိတရားသည် ကာမစ္ဆန္ဒ အစရှိသည်မှ ဆိတ်သုဉ်းခြင်း၊ ၁၆။ အဓိဋ္ဌာနသုည– နေကွမ္မ အစရှိသော နှစ်သက်အပ်သော တရားတို့သို့ ဝင်၍တည်တတ်သော တရားသည် ကာမစ္ဆန္ဒ အစရှိသည်မှ ဆိတ်သုဉ်းခြင်း၊ ၁၇။ ပရိယောဂါဟနသုည– နေကွမ္မ အစရှိသော ဉာဏ်ဖြင့် သက်ဝင်ခြင်း တရားသည် ကာမစ္ဆန္ဒ–အစသည်မှ ဆိတ်သုဉ်းခြင်း။ (ပဋိသံ၊၌၊၂၊။၂၄၅။)

သုည ၆ ပါး ၁။ သုညသုည– လုံးဝဆိတ်သုဉ်းခြင်း၊ ၂။ အဇ္ဈတ္တသုည– အဇ္ဈတ္တတရားသည် အတ္တ အတ္တနိယ စသည်တို့မှ ဆိတ်သုဉ်းခြင်း၊ ၃။ ဗဟိဒ္ဓသုည– ဗဟိဒ္ဓတရားသည် အတ္တ အတ္တနိယ စသည်တို့မှ ဆိတ်သုဉ်းခြင်း၊ ၄။ ဥဘတောသုည– နှစ်ပါးသော အဇ္ဈတ္တတရား ဗဟိဒ္ဓတရားသည် အတ္တ အတ္တနိယ စသည်တို့မှ ဆိတ်သုဉ်းခြင်း၊ ၅။ သဘာဂသုည– အဇ္ဈတ္တ သဘော အစရှိသည်ဖြင့် တူသော အဖို့ရှိသောတရားသည် အတ္တ အတ္တနိယ စသည်တို့မှ ဆိတ်သုဉ်းခြင်း၊ ၆။ ဝိသဘာဂသုည– မတူသော အဖို့ရှိသည်ဖြစ်၍ အတ္တ အတ္တနိယ စသည် တို့မှ ဆိတ်သုဉ်းခြင်း။ (ပဋိသံ၊၌၊၂၊။၂၄၅။)

သုညတ ၂ မျိုး ၁။ ခန္ဓာတို့၏ အနတ္တလက္ခဏာဟူသော သုညတာ၊ ၂။ နိဗ္ဗာန်ဟူသော သုညတ၊ ရှင်းလင်းချက် ၁။ ခန္ဓာငါးပါးတို့၏ အနတ္တလက္ခဏာသည် အတ္တမရှိခြင်း၏ အမှတ်အသား ဖြစ်သောကြောင့် သုညတ မည်၏၊ ၂။ နိဗ္ဗာန်သည် အတ္တမှ ကင်းဆိတ်သောကြောင့် သုညတ မည်၏။ (အဘိ၊၌၊၃၊။၂၆၇။)

သုညတ စသည်တို့၌ ဖြစ်သော စကား ၃ မျိုး ၁။ ရောက်ကြောင်းအားဖြင့် လည်းကောင်း၊ ၂။ မိမိဂုဏ်အားဖြင့် လည်းကောင်း၊ ၃။ အာရုံအားဖြင့် လည်းကောင်း။ (ဒီ၊၌၊၃၊။၁၈၅။)

သုညတာနုပဿနာဉာဏ် လွတ်ရာ ဥပါဒါန် ၃ ပါး ၁။ ဒိဋ္ဌုပါဒါန်၊ ၂။ သီလဗ္ဗတုပါဒါန်၊ ၃။ အတ္တဝါဒုပါဒါန်။ (ပဋိသံ။၂၄၄။) (ပဋိသံ၊မြန်။၃၀၀။)

သုဒိန္နရဟန်းအား ပြသော အပုံကြီး ၂ ပုံ ၁။ ငွေအပုံ၊ ၂။ ရွှေအပုံ။ (ဝိ၊၁။၁၈၊။) (သာရတ္ထ၊ဋီ၊၂။၁၀။)

သုခမ္မာနတ် ဖြစ်ကြောင်း တရား ၃ ပါး ၁။ ကြံပင်, ကြံချောင်းဖြင့် မိုးအပ်သော အိမ်ကို ပေးလှူခြင်း၊ ၂။ မြက်ဖြင့် မိုးအပ်သော အိမ်ကို ပေးလှူခြင်း၊ ၃။ အဝတ်ဖြင့် မိုးအပ်သော အိမ်ကို ပေးလှူခြင်း။ (ဝိမာန၊၈၇။) (ဝိမာန၊မြန်။၈၆။)

သုဘလုလင် မေးလျှောက်သော ပြဿနာ ၁၄ မျိုး ၁။ အသက်တိုကြသော လူတို့အကြောင်း၊ ၂။ အသက်ရှည်ကြသော လူတို့အကြောင်း၊ ၃။ အနာရောဂါများသော လူတို့အကြောင်း၊ ၄။ အနာရောဂါနည်းသော, အနာရောဂါကင်းသော လူတို့အကြောင်း၊ ၅။ ရုပ်အဆင်း မလှသော လူတို့အကြောင်း၊ ၆။ ရုပ်အဆင်းလှသော လူတို့အကြောင်း၊ ၇။ တန်ခိုးအခြံအရံ နည်းသော လူတို့အကြောင်း၊ ၈။ တန်ခိုး အခြံအရံများသော လူတို့အကြောင်း၊ ၉။ စည်းစိမ် ဥစ္စာနည်းသော

http://www.dhammadownload.com

လူတို့အကြောင်း၊ ၁၀။ စည်းစိမ်ဥစ္စာများသော လူတို့အကြောင်း၊ ၁၁။ အမျိုးဇာတ် ယုတ်နိမ့်သော လူတို့အကြောင်း၊ ၁၂။ အမျိုးဇာတ် မြင့်မြတ်သော လူတို့ အကြောင်း၊ ၁၃။ အသိဉာဏ်ပညာမဲ့သော လူတို့အကြောင်း၊ ၁၄။ အသိဉာဏ်ရှိသော လူတို့ အကြောင်း။ (သီ၊ဋီ၊သစ်၊၂။၄၀၄။)

သုဘာသိတာ ဝါစာ အင်္ဂါ ၄ ပါး ၁။ ပြိန်ဖျင်းသော အကျိုးမရှိသော စကားကို မပြောဆိုခြင်း၊ ၂။ တရားစကားကို ပြောဆိုခြင်း၊ ၃။ ချစ်ဖွယ်သော စကားကို ပြောဆိုခြင်း၊ ၄။ မှန်ကန်သော စကားကို ပြောဆိုခြင်း။ (ခုဒ္ဒက၊ဋ္ဌ။၁၁၄။)

သုဘဒ္ဒပရိဗိုဒ်က ဘုရားရှင်အား မေးသော ပြဿနာ ၃ ရပ် ၁။ ကောင်းကင်၌ ခြေရာမည်သည် ရှိပါသလော၊ ၂။ ဤသာသနာတော်မှ ပြင်ပ၌ ရဟန်းမည်သည် ရှိပါသလော၊ ၃။ မြဲသော သင်္ခါရတို့ မည်သည် ရှိကုန်ပါသလော။ (ဓမ္မ၊ဋ္ဌ၊၂။၂၄၀။)

သုဘဒ္ဒပရိဗိုဒ်အား ဘုရားရှင် ဖြေကြားတော်မူသော အဖြေ ၃ ရပ် ၁။ ကောင်းကင်၌ ခြေရာမည်သည် မရှိ၊ ၂။ သာသနာတော်ပြင်ပ၌ ရဟန်းမည်သည် မရှိ၊ ၃။ သင်္ခါရဟု ဆိုအပ်သော ခန္ဓာငါးပါးတို့သည် မြဲခြင်းတို့သည် မရှိကုန်။ (ဓမ္မ၊ဋ္ဌ၊၂။၂၄၀။)

သုမနဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် ဝါကျွတ် ပဝါရဏာပွဲ၌ ရဟန္တာ ကုဋေတစ်သိန်း၊ ၂။ ဒုတိယအကြိမ် အညစ်ကြေးကင်းသော ရွှေတောင်၌ ရဟန္တာ ကုဋေကိုးသောင်း၊ ၃။ တတိယအကြိမ် သိကြားမင်းက ဘုရားရှင်အား ဖူးမြော် ကန်တော့ရန် အတွက် ချဉ်းကပ်သော အခါ၌ ရဟန္တာ ကုဋေရှစ်သောင်းတို့ စည်းဝေးတော်မူကြသည်။ (အပ၊၂။၃၃၀။) (အဘိ၊ဋ္ဌ၊၁။၆၂။) (ဇာ၊ဋ္ဌ၊၁။၄၂။) (အပ၊မြန်၊၂။၃၂၅။)

သုမနဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ သရဏထေရ်၊ ၂။ ဘာဝိတတ္တထေရ်။ (အဘိ၊ဋ္ဌ၊၁။၆၂။) (ဗုဒ္ဓဝံ၊ဋ္ဌ။၁၉၀။) (ဇာ၊ဋ္ဌ၊၁။၄၂။)

သုမနဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ သောဏာထေရီ၊ ၂။ ဥပသောဏာထေရီ။ (ဗုဒ္ဓဝံ၊ ဋ္ဌ။၁၉၀။) (ဇာ၊ဋ္ဌ၊၁။၄၂။) (အဘိ၊ဋ္ဌ၊၁။၆၂။)

သုမနဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ စန္ဒမည်သော ပြာသာဒ်၊ ၂။ သုစန္ဒမည်သော ပြာသာဒ်၊ ၃။ ဝဋ်ဆံသမည်သော ပြာသာဒ်။ (အပ၊၂။၃၃၀။) (အပ၊မြန်၊၂။၃၂၆။)

သုမေဓဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ တရားဦး ဟောတော်မူရာ အခါ၌ လူနတ်ဗြဟ္မာ ကုဋေတစ်သိန်း ကျွတ်တမ်းဝင်သည်၊ ၂။ ကုမ္ဘကဏ္ဍဘီလူးကို ဆုံးမတော်မူသောအခါ၌ လူ နတ် ဗြဟ္မာ ကုဋေကိုးသောင်းတို့ တရားထူးရကြသည်၊ ၃။ သစ္စာလေးပါး တရားကို ဟောကြားတော် မူသောအခါ လူနတ်ဗြဟ္မာ ကုဋေရှစ်သောင်း ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၄၆။)(အပ၊မြန်၊ ၂။၃၄၂။)

သုမေဓဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် သုဒဿနမြို့သို့ ချဉ်းကပ်တော် မူသောအခါ ရဟန္တာ ကုဋေတစ်ရာ၊ ၂။ ဒုတိယအကြိမ် ဒေဝကူဋတောင်၌ ကထိန်ခင်းသောအခါ ရဟန္တာ ကုဋေကိုးဆယ်၊ ၃။ တတိယအကြိမ် ဒေသစာရီ ကြွချီတော်မူသောအခါ ရဟန္တာ ကုဋေ ရှစ်ဆယ်တို့ စည်းဝေးတော်မူကြသည်။ (အပ၊၂။၃၄၆။) (အဘိ၊ဋ္ဌ၊၁။၆၅။) (အပ၊မြန်၊၂။၃၄၃။)

http://www.dhammadownload.com

သုမေဓဘုရားရှင်၏ အင်္ဂသာဝက ၂ ပါး ၁။ သရဏထေရ်၊ ၂။ သဗ္ဗကာမထေရ်။ (အဘိ၊ဋ္ဌ၊၁။ဖ၅၅။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၃၈။)

သုမေဓဘုရားရှင်၏ အင်္ဂသာဝိကာမ ၂ ပါး ၁။ ရာမာထေရီ၊ ၂။ သုရာမာထေရီ။ (အဘိ၊ဋ္ဌ၊၁။ဖ၅၅။) (ဗုဒ္ဓဝံ၊ဋ္ဌ။၂၃၈။)

သုမေဓဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ သုစန္ဒမည်သော ပြာသာဒ်ဆောင်၊ ၂။ ကဉ္စနမည်သော ပြာသာဒ်ဆောင်၊ ၃။ သိရီဝမနမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၄၇။) (အပ၊မြန်၊၂။၃၄၄။)

သုရာ ၅ မျိုး သေရည် ၅ မျိုးနှင့် တူသည်။

သုရာပါနသိက္ခာပုဒ် အင်္ဂါ ၂ မျိုး ၁။ မူးယစ်သေစာ အရက်သုရာ ဖြစ်ခြင်း၊ ၂။ ထိုမူးယစ်သေစာကို သောက်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၉။) (ဝိမတိ၊၂။၄၂။)

သုရာမေရယက် မြောက်ကြောင်း ၄ ပါး ၁။ သေရည်အရက် စသော မူးယစ်ဆေးဝါးတို့တွင် တစ်မျိုးမျိုး ဖြစ်ခြင်း၊ ၂။ မူးယစ်လို သောက်လိုသော စိတ်ရှိခြင်း၊ ၃။ မူးယစ်သောက်စား ခြင်းငှာ လုံ့လပြုခြင်း၊ ၄။ မူးယစ်ဆေးဝါးများကို သောက်သုံး မှီဝဲခြင်း။ (ခုဒ္ဒကဋ္ဌ။၂၁။) (ဣတိဝုတ်၊ဋ္ဌ။၂၂၁။)

သုသာန်ဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌသုသာန်ဓုတင်၊ ၂။ မဇ္ဈိမသုသာန်ဓုတင်၊ ၃။ မုဒုကသုသာန်ဓုတင်။ (ဝိသုဒ္ဓိ၊၁။၇၄။)

သုသာန်ဓုတင် ဆောက်တည်ရကျိုး ၁၀ ပါး ၁။ ငါသည်လည်း သေရဦးမည်ဟူသော အမှတ်သတိကို ရရှိခြင်း၊ ၂။ မမေ့မလျော့ နေထိုင်လေ့ရှိခြင်း၊ ၃။ အသုဘနိမိတ်အာရုံကို ရရှိခြင်း၊ ၄။ ကာမရာဂကို ပယ်ဖျောက်နိုင်ခြင်း၊ ၅။ ခန္ဓာကိုယ်၏ အသုဘသဘောကို အမြဲမပြတ် မြင်နိုင်ခြင်း၊ ၆။ သံဝေဂ အဖြစ်များခြင်း၊ ၇။ နုပျိုကျန်းမာခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော မာန်ယစ်ခြင်းကို ပယ်နိုင်ခြင်း၊ ၈။ ဘေးကြီးဘေးငယ် အသွယ်သွယ်ကို သည်းခံနိုင်ခြင်း၊ ၉။ နတ်ဘီလူးတို့ အလေးပြုအပ် ချီးမွမ်းအပ်ခြင်း၊ ၁၀။ အပိုဆာတာ စသည်တို့အား လျော့သော အကျင့်ရှိခြင်း။ (ဝိသုဒ္ဓိ၊၁။၇၄။)

သုသာန်ဓုတင် ဆောက်တည်သော ပုဂ္ဂိုလ် ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲ တွေဝေသောကြောင့် ဆောက်တည်သူ၊ ၂။ ယုတ်မာသော အလိုဆိုးဖြင့် ဆောက်တည်သူ၊ ၃။ ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းကြောင့် ဆောက်တည်သူ၊ ၄။ ဘုရားရှင်နှင့် တပည့်သာဝကတို့က ချီးမွမ်းအပ်သည် ဟူ၍ ဆောက်တည်သူ၊ ၅။ အလိုနည်းခြင်း, ရောင့်ရဲခြင်း စသည်ဖြင့် ကောင်းသော အကျင့်ကို အလိုရှိသည် ဖြစ်၍ ဆောက်တည်သူ။ (ဝိ၅၊၂၃၃။) (အံ၊၂။၁၉၄။) (အဘိ၊ပု။၁၈၀။) (ဝိ၊မြန်၊၅။၃၂၃။) (အံ၊မြန်၊၂။၂၄၆။) (အဘိ၊ပု၊မြန်။၈၄။)

သူခိုးကြီး ၅ ဦး ၁။ တပည့်ရာထောင်ခြံရံ၍ လူ ရှင် ရဟန်းတို့၏ ရှိသေမြတ်နိုး ပူဇော်မှုကို ခံယူလျက် သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ရသည်ဖြစ်၍ ရွာ နိုဂုံး မင်းနေပြည်တော်တို့၌ ဒေသစာရီလှည့်လည်နေသော ရဟန်းယုတ်၊ ၂။ ဘုရားရှင် ဟောကြားထားသော သုတ် ဝိနည်း အဘိဓမ္မာ ဒေသနာတော်များကို သင်ယူ၍ ကိုယ်ပိုင် ပြုသော

http://www.dhammadownload.com

ရဟန်းယုတ်၊ ၃။ စင်ကြယ်သော အကျင့်ရှိသည် ဖြစ်၍ မြတ်သောအကျင့်ကို ကျင့်ကြံ ကျိုးကုတ်အားထုတ်နေသော သီတင်းသုံးဖော်ရဟန်းအား အခြေအမြစ်မရှိသော မမြင်သော မေထုန်အမှုဖြင့် စွပ်စွဲသော ရဟန်းယုတ်၊ ၅။ သံဃာပိုင်ဖြစ်သော ကျောင်း, ကျောင်းမြေရာ စသော ဂရုဘဏ်ပစ္စည်းတို့ဖြင့် လူတို့အား ပေးကမ်းချီးမြှောက်၍ ဖြားယောင်းသော ရဟန်းယုတ်၊ ၅။ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား မိမိသန္တာန်၌ ထင်ရှားမရှိသော လူတို့၏ ကုသလကမ္မပထတရား ဆယ်ပါးထက် မြတ်သော ဈာန်, မဂ်, ဖိုလ် တရားတို့ကို မိမိသန္တာန်၌ ရှိ၏၊ ဈာန်ရ၏၊ မဂ်ရ၏၊ ဖိုလ်ရ၏ဟု လိမ်ညာ ဝါကြွား၍ ပြောကြားသော အဆိုးဆုံး အကြီးဆုံး ရဟန်းယုတ်။ (ဝိ၊၁။၁၁၅။) (ဝိ၊မြန်၊၁။၁၁၈။)

သူစိယရသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ အရိုးဖြင့် ပြုလုပ်ထားသော အပ်ကျည်အပ်ဗူး ဖြစ်ခြင်း၊ ၂။ ပြုလုပ်ခြင်း, ပြုလုပ်စေခြင်း စသည်တို့၏ အစွမ်းဖြင့် မိမိရရှိခြင်း။ (ဝိမတိ၊၂။၅၆။)

သူစိယရသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ အပ်ကျည် အပ်ဗူး ဖြစ်ခြင်း၊ ၂။ အရိုးဖြင့် ပြီးသော– အရိုးဖြင့် ပြုလုပ်ထားသော အပ်ဗူး စသည်တို့ ဖြစ်ခြင်း၊ ၃။ မိမိအတွက် ပြုလုပ်ခြင်း ပြုလုပ်စေပြီး၍ ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၀၁။)

သူဌေးကြီး ၅ ယောက် (ဗိမ္ဗိသာရမင်းကြီး၏ သူဌေးကြီး ၅ ယောက်) ၁။ ဇောတိက၊ ၂။ ဇဋိလ၊ ၃။ မေဏ္ဍက၊ ၄။ ပုဏ္ဏ၊ ၅။ ကာကဝလိယ။ (အံ၊၆၊၁။၃၁၂။) (ဓမ္မ၊၆၊၁။၂၄၃။)

သူဌေးကြီး ၃ ဦး (ကောသမ္ဗီပြည် သူဌေးကြီး ၃ ဦး) ၁။ ဃောသကသူဌေး၊ ၂။ ကုက္ကုဋ္ဌသူဌေး၊ ၃။ ပါဝါရိကသူဌေး။ (အံ၊၆၊၁။၃၃၂။)

သူတော်ကောင်းတရား ၃၇ ပါး ၁။ သတိပဋ္ဌာန်တရား လေးပါး၊ ၂။ သမ္မပ္ပဓာန်တရား လေးပါး၊ ၃။ ဣဒ္ဓိပါဒ်တရား လေးပါး၊ ၄။ ဣန္ဒြေ ငါးပါး၊ ၅။ ဗိုလ် ငါးပါး၊ ၆။ ဗောဇ္ဈင် ခုနစ်ပါး၊ ၇။ မဂ္ဂင် ရှစ်ပါး ပေါင်း ၃၇ ပါး။ (အဘိ၊ဝိ။၃၈၇။) (အဘိ၊ဝိ၊မြန်၊၂။၄၈၈။)

သူတော်ကောင်းတရား ၇ ပါး ၁။ ယုံကြည်မှု သဒ္ဓါတရား ရှိခြင်း၊ ၂။ အရှက် ရှိခြင်း၊ ၃။ ထိတ်လန့်မှု ရှိခြင်း၊ ၄။ အကြားအမြင် များပြားခြင်း၊ ၅။ ထက်သန်သော လုံ့လ ရှိခြင်း၊ ၆။ သတိ ရှိခြင်း၊ ၇။ ပညာ ရှိခြင်း။ (ဝိ၊၅။၂၄၃။) (ဒီ၊၃။၂၀၈။) (ဒီ၊၃။၂၄၁။) (ဒီ၊၃။၂၄၂။) (အံ၊၂။၅၀၉။) (သာရတ္ထ၊ဋီ၊၁။၂၃၅။) (ဝိမတိ၊၁။၅၀။) (ဝိသုဒ္ဓိ၊ဋီ၊၁။၂၃၃။) (ဝိ၊မြန်၊၅။၃၃၄။) (ဒီ၊မြန်၊၃။၂၄၂။) (ဒီ၊မြန်၊၃။၂၆၅။) (ဒီ၊မြန်၊၃။၂၆၅။) (အံ၊မြန်၊၂။၂၆၃။)

သူတော်ကောင်းတရား ၇ ပါး (ဘုရားရှင်၏ အရိယာတပည့်သာဝကဌ ရှိသော သူတော်ကောင်းတရား ၇ မျိုး) ၁။ မြတ်စွာဘုရားကို ယုံကြည်သော သဒ္ဓါတရား၊ ၂။ ဒုစရိုက်ကို စက်ဆုပ်သော, ဒုစရိုက်ပြုရသည်ကို ရှက်သော ဟိရီတရား၊ ၃။ ဒုစရိုက်အမှု ပြုရသည်ကို ကြောက်သော ဩတ္တပ္ပတရား၊ ၄။ ဘုရားရှင်၏ တရားကို များစွာ ကြားနာပြီးခြင်း, ဆောင်ထားနိုင်ခြင်း၊ ၅။ အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာလည်းကောင်း ကုသိုလ်တရားတို့ကို ပြည့်စုံ စေခြင်းငှာလည်းကောင်း အားထုတ်အပ်သော လုံ့လ ရှိခြင်း၊ ၆။ ခိုင်မြဲသော သတိတရား ရှိခြင်း၊ ၇။ ဝိပဿနာပညာ မဂ်ပညာနှင့် ပြည့်စုံခြင်း။ (မ၊၂။၁၈။) (မ၊မြန်၊၂။၂၁။)

http://www.dhammadownload.com

သူတော်ကောင်းတရား ၇ ပါး ထူးသော အဖို့ရှိသော တရား ၇ ပါး၊ ဝိသေသဘာဂိယ တရား ၇ ပါး၊ ထိုးထွင်း၍ သိနိုင်ခဲသော တရား ၇ ပါး၊ ဒုပ္ပဋိဝိဇ္ဈတရား ၇ ပါးတို့နှင့် တူသည်။

သူတော်ကောင်း တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရုန့်ရင်း ကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါ တို့အား ဖျက်ဆီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

သူတော်ကောင်းတရား အတု ၂ မျိုး ၁။ အဓိကမ သဒ္ဓမ္မပွတိရူပက- သြဘာသ ပိတိ စသော ဝိပဿနာ ညစ်ညူးကြောင်းတရား ဆယ်ပါး၊ ၂။ ပရိယတ္တိ သဒ္ဓမ္မပွတိရူပက- သင်္ဂီယနာ သုံးတန် မတင်ထားသော ဗုဒ္ဓဝစနလည်း မဟုတ်သော အာဠာဝကဂဇ္ဇိတ ဝေဒလ္လပိဋကက စသည့်တရား။ (သံ၊ဋ္ဌ၊၂။၁၈၆။)

သူတော်ကောင်းတို့ ဆည်းကပ်သော ပုဂ္ဂိုလ် ၇ မျိုး ၁။ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်၊ ၂။ ဒုစရိုက်တို့မှ အရှက်ရှိသော ပုဂ္ဂိုလ်၊ ၃။ ဒုစရိုက်တို့မှ အကြောက်တရားရှိသော ပုဂ္ဂိုလ်၊ ၄။ များသော အကြားအမြင်ရှိသော ပုဂ္ဂိုလ်၊ ၅။ အားထုတ်အပ်သော လုံ့လရှိသော ပုဂ္ဂိုလ်၊ ၆။ ထင်သော သတိတရားရှိသော ပုဂ္ဂိုလ်၊ ၇။ ပညာရှိသော ပုဂ္ဂိုလ်။ (မ၊၃။၇၃။) (မ၊မြန်၊၃။၇၇။)

သူတော်ကောင်းတို့၌ ရှိသော တရား ၇ မျိုး ၁။ သဒ္ဓါတရား ရှိခြင်း၊ ၂။ ဒုစရိုက်အမှုတို့မှ ရှက်ခြင်း၊ ၃။ ဒုစရိုက်အမှုတို့မှ ကြောက်ခြင်း၊ ၄။ များသော အကြားအမြင် ရှိခြင်း၊ ၅။ အားထုတ်အပ်သော ဝီရိယ ရှိခြင်း၊ ၆။ ထင်သော သတိ ရှိခြင်း၊ ၇။ ပညာရှိခြင်း။ (မ၊၃။၇၃။) (မ၊မြန်၊၃။၇၇။)

သူတော်ကောင်းတို့ ပြုကျင့်ရသော တရား ၄ ပါး သာဓုနရ တရား ၄ ပါးနှင့် တူသည်။

သူတော်ကောင်းတို့ ပြည့်စုံရမည့် တရား ၄ ပါး ၁။ ဉာဏ်ဖြင့် စိစစ်သက်ဝင်၍ ကဲ့ရဲ့ထိုက်သူအား ကဲ့ရဲ့စကား ပြောကြားခြင်း၊ ၂။ ဉာဏ်ဖြင့် စိစစ်သက်ဝင်၍ ချီးမွမ်းထိုက်သူအား ချီးမွမ်းစကား ပြောကြားခြင်း၊ ၃။ ဉာဏ်ဖြင့် စိစစ်သက်ဝင်၍ မကြည်ညိုအပ်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေခြင်း၊ ၄။ ဉာဏ်ဖြင့် စိစစ်သက်ဝင်၍ ကြည်ညိုအပ်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေခြင်း။ (အံ၊၁။၃၀၉။) (အံ၊မြန်၊၁။၃၂၅။)

သူတော်ကောင်းတို့ မနေထိုင်သင့်သော နေရာ ၄ မျိုး ၁။ သူတော်ကောင်းအား ရှိသေခြင်း, မြတ်နိုးပူဇော်ခြင်း မရှိသော နေရာ၊ ၂။ သူတော်ကောင်းတို့အား မထီမဲ့မြင်ပြုသော နေရာ၊ ၃။ လူယုတ်မာတို့အား ရိုသေမြတ်နိုး ပူဇော်ခြင်းကို ပြုသော နေရာ၊ ၄။ ပျင်းရိသောသူ, အတတ်ပညာမဲ့သောသူ, လိမ္မာသောသူ ရဲရင့်သောသူ, ကြောက်တတ်သောသူ စသည်တို့ကို မခွဲခြားဘဲ ညီတူညီမျှ ချီးမြှောက်ပူဇော်သော နေရာ။ (ဇာတက၊၁။၁၄၀။)

သူတော်ကောင်းတို့၏ စကား ၄ မျိုး ၁။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ ချောပစ်ကုန်းတိုက် စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ရုန့်ရင်း

http://www.dhammadownload.com

ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။ (မ၊၃။၇၃။) (မ၊မြန်၊၃။၇၇။)

သူတော်ကောင်းတို့၏ တိုင်ပင်ပုံ ၃ မျိုး ၁။ မိမိ ဆင်းရဲခြင်းငှာ မတိုင်ပင်ခြင်း၊ ၂။ သူတစ်ပါး ဆင်းရဲခြင်းငှာ မတိုင်ပင်ခြင်း၊ ၃။ မိမိ သူတစ်ပါး ဆင်းရဲခြင်းငှာ မတိုင်ပင်ခြင်း။ (မ၊၃။၇၃။) (မ၊မြန်၊၃။၇၇။)

သူတော်ကောင်းတို့၏ လားရာ ဂတိ ၂ မျိုး ၁။ မြင့်မြတ်သော နတ်ဘုံ, နတ်ဘဝ၊ ၂။ မြင့်မြတ်သော လူ့ဘုံ လူ့ဘဝ။ (မ၊၃။၇၄။) (မ၊မြန်၊၃။၇၈။)

သူတော်ကောင်းတို့၏ အကြံ ၃ မျိုး ၁။ မိမိ ဆင်းရဲခြင်းငှာ မကြံခြင်း၊ ၂။ သူတစ်ပါး ဆင်းရဲခြင်းငှာ မကြံခြင်း၊ ၃။ မိမိ သူတစ်ပါး ဆင်းရဲခြင်းငှာ မကြံခြင်း။ (မ၊၃။၇၃။) (မ၊မြန်၊၃။၇၇။)

သူတော်ကောင်းတို့၏ အခြေခံသဘော ၂ မျိုး ၁။ ပြုဖူးသော သူ့ကျေးဇူးကို သိခြင်း၊ ၂။ပြုဖူးသော သူ့ကျေးဇူးကို သိသည့်အလျောက် ထင်စွာ ပြုခြင်း။ (အံ၊၁။၆၃။) (အံ၊မြန်၊၁။၇၅။)

သူတော်ကောင်းတို့၏ အပြုအမူ ၈ မျိုး ၁။ သူတော်ကောင်းတရားနှင့် ပြည့်စုံခြင်း၊ ၂။ သူတော်ကောင်းတို့ကို ဆည်းကပ်ခြင်း၊ ၃။ သူတော်ကောင်းတို့၏ တရားကို ကြိုစည်လေ့ ရှိခြင်း၊ ၄။ သူတော်ကောင်းတို့၏ တိုင်ပင်ခြင်းကို တိုင်ပင်လေ့ ရှိခြင်း၊ ၅။ သူတော်ကောင်းတို့၏ စကား ရှိခြင်း၊ ၆။ သူတော်ကောင်းတို့၏ ကိုယ်အမှု ရှိခြင်း၊ ၇။ သူတော်ကောင်းတို့၏ အယူအဆ ရှိခြင်း၊ ၈။ သူတော်ကောင်းတို့၏ အလှူကို ပေးလှူခြင်း။ (မ၊၃။၇၂။) (မ၊မြန်၊ ၃။၇၆။)

သူတော်ကောင်းတို့၏ အမှုအလုပ် ၃ မျိုး ၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ အရှင်မပေးသော သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ ဖောက်ပြန်စွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။ (မ၊၃။၇၃။) (မ၊မြန်၊၃။၇၇။)

သူတော်ကောင်းတို့၏ အယူအဆ ၁၀ မျိုး ၁။ အလှူ၏ အကျိုးသည် ရှိ၏၊ ၂။ ယဇ်အလှူကြီး၏ အကျိုးသည် ရှိ၏၊ ၃။ ယဇ်အလှူငယ်၏ အကျိုးသည် ရှိ၏၊ ၄။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဖျား အကျိုးရင်းသည် ရှိ၏၊ ၅။ ဤပစ္စုပ္ပန်လောကသည် ရှိ၏၊ ၆။ တမလွန်လောကသည် ရှိ၏၊ ၇။ အမိ၌ အကောင်းအဆိုး ပြုကျိုးသည် ရှိ၏၊ ၈။ အဘ၌ အကောင်းအဆိုး ပြုကျိုးသည် ရှိ၏၊ ၉။ စုတေပြီး၍ ပဋိသန္ဓေ နေရကုန်သော သတ္တဝါသည် ရှိ၏၊ ၁၀။ ဤပစ္စုပ္ပန်လောကကိုလည်းကောင်း တမလွန်လောကကိုလည်းကောင်း ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ သိစေကုန်သော ကောင်းစွာ သိကုန်သော ကောင်းစွာ ကျင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကုန်၏။ (မ၊၃။၇၄။) (မ၊မြန်၊၃။၇၇။)

သူတော်ကောင်းတို့၏ အလှူပေးပုံ ၅ မျိုး ၁။ အရိုအသေပြု၍ အလှူကို ပေး၏၊ ၂။ မိမိ ကိုယ်တိုင် မိမိလက်ဖြင့် အလှူကို ပေး၏၊ ၃။ စိတ်၌ ပြု၍ လေးလေးစားစား ပြု၍ အလှူကို ပေး၏၊ ၄။ ဓွန့်ပစ်အပ်သကဲ့သို့ မပြုမူ၍ အလှူကို ပေး၏၊ ၅။ အလှူ၏ အကျိုးသည် လာရောက်လတ္တံ့ဟု အယူရှိသည် ဖြစ်၍ အလှူကို ပေးလှူ၏။ (မ၊၃။၇၄။) (မ၊မြန်၊၃။၇၈။)

http://www.dhammadownload.com

သူတော်ကောင်းလက္ခဏာ ၅ ပါး ၁။ သူ့ကျေးဇူးကို သိတတ်သူ၊ ၂။ သူ့ကျေးဇူးကို သိသည့် အလျောက် ပေးဆပ်တတ်သူ၊ ၃။ အဆွေခင်ပွန်းကောင်း မိတ်ဆွေကောင်းရှိသူ၊ ၄။ မိတ်ဆွေကောင်းကို အမြဲမပြတ် ဆည်းကပ်တတ်သူ၊ ၅။ ဆင်းရဲဒုက္ခရောက်သော အဆွေခင်ပွန်း၏ အမှုကိစ္စကို ရှိသေစွာ ပြုလုပ် ဆောင်ရွက်ပေးတတ်သူ။ (ဇာတက၊၂။၁၀။)

သူတော်ကောင်းလက္ခဏာ ၈ ပါး ကလျာဏမိတ္တလက္ခဏာ ၈ ပါးနှင့် တူသည်။

သူတော်ကောင်းဟု သိနိုင်သော အပြောအဆို ၄ မျိုး ၁။ သူတစ်ပါး ကျေးဇူးမဲ့ကို မေးသော်လည်း မပြောဘဲ နေတတ်သူ၊ ၂။ သူတစ်ပါးကျေးဇူးကိုမူ မမေးပါဘဲ ပြောတတ်သူ၊ ၃။ မိမိ ကျေးဇူးမဲ့ကို မမေးပါဘဲ ပြောတတ်သူ၊ ၄။ မိမိကျေးဇူးကိုမူ မေးသော်လည်း မပြောဘဲ နေတတ်သူ။ (အံ၊၁။၃၈၉။) (အံ၊မြန်၊၁။၄၀၃။)

သူတော်ကောင်း အလှူ ၅ မျိုး ၁။ ရိုရိုသေသေ ပေးလှူခြင်း၊ ၂။ လေးလေးစားစား ပေးလှူခြင်း၊ ၃။ ကိုယ်တိုင် ပေးလှူခြင်း၊ ၄။ စွန့်ပစ်သကဲ့သို့ မပေးလှူခြင်း၊ ၅။ အကျိုးရှိမည်ဟု အယူရှိလျက် ပေးလှူခြင်း။ (အံ၊၂။၁၅၂။) (အံ၊မြန်၊၂။၁၉၁။)

သူတော်ကောင်း အလှူ ၅ မျိုး (တစ်နည်း) ၁။ ယုံကြည်သဖြင့် ပေးလှူခြင်း၊ ၂။ ရိုသေစွာ ပေးလှူခြင်း၊ ၃။ လျောက်ပတ်သောအခါ၌ ပေးလှူခြင်း၊ ၄။ မကပ်ငြိသော စိတ်ဖြင့် ပေးလှူခြင်း၊ ၅။ မိမိ သူတစ်ပါး မထိခိုက်ဘဲ ပေးလှူခြင်း။ (အံ၊၂။၁၅၂။) (အံ၊မြန်၊၂။၁၉၁–၁၉၂။)

သူတော်ကောင်း အင်္ဂါ ၃ ပါး ၁။ ကုသိုလ်ကာယကံနှင့် ပြည့်စုံခြင်း၊ ၂။ ကုသိုလ်ဝစီကံနှင့် ပြည့်စုံခြင်း၊ ၃။ ကုသိုလ်မနောကံနှင့် ပြည့်စုံခြင်း၊ (တစ်နည်း) ၁။ အပြစ်မရှိ ညီညွတ် စင်ကြယ်သော ကာယကံနှင့် ပြည့်စုံခြင်း၊ ၂။ အပြစ်မရှိ ညီညွတ်စင်ကြယ်သော ဝစီကံနှင့် ပြည့်စုံခြင်း၊ ၃။ အပြစ်မရှိ ညီညွတ်စင်ကြယ်သော မနောကံနှင့် ပြည့်စုံခြင်း။ (အံ၊၁။၂၉၇–၂၉၈။) (အံ၊မြန်၊၁။၃၁၅။)

သူတော်ကောင်း အင်္ဂါ ၄ ပါး ၁။ အမိအပေါ်၌ မှန်ကန်စွာ ပြုကျင့်ခြင်း၊ ၂။ အဖအပေါ်၌ မှန်ကန်စွာ ပြုကျင့်ခြင်း၊ ၃။ မြတ်စွာဘုရားအပေါ်၌ မှန်ကန်စွာ ပြုကျင့်ခြင်း၊ ၄။ ဘုရားရှင်၏ တပည့်သာဝကများအပေါ်၌ မှန်ကန်စွာ ပြုကျင့်ခြင်း။ (အံ၊၁။၃၁၀။) (အံ၊မြန်၊၁။၃၂၆။)

သူတော်ကောင်း အင်္ဂါ ၆ ပါး ၁။ မိန်းမအား ချီးမွမ်းအပ်သော အလှူကို ပေးခြင်း၊ ၂။ ယောကျ်ားအား ချီးမွမ်းအပ်သော အလှူကို ပေးခြင်း၊ ၃။ ဘုရားအစရှိသော ပညာရှိ သူတော် ကောင်းတို့အား ချီးမွမ်းအပ်သော အလှူကို ပေးခြင်း၊ ၄။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၅။ ကောင်းသော စကားကို သိခြင်း၊ ၆။ ဝန်တိုမှု ကင်းခြင်း။ (ဇာတက၊၂။၁၀၄။)

သူတော်ကောင်း ဥစ္စာ ၇ မျိုး ၁။ ရတနာသုံးပါး စသည်တို့၌ သက်ဝင်ယုံကြည်တတ်သော သဒ္ဓါဟူသော ဥစ္စာ၊ ၂။ ငါးပါးသီလစသော သီလဟူသော ဥစ္စာ၊ ၃။ ဒုစရိုက်အမှုကို ပြုရခြင်း ရှက်တတ်သော ဟိရီဟူသော ဥစ္စာ၊ ၄။ ဒုစရိုက်အမှုကို ပြုရခြင်းမှ ကြောက်တတ်သော ဩတ္တပ္ပဟူသော ဥစ္စာ၊ ၅။ သူတော်ကောင်းတရား၌ အကြားအမြင်ရှိသော သုတဟူသော ဥစ္စာ၊ ၆။ လွတ်လွတ်ကျွတ်ကျွတ် ပေးကမ်းစွန့်ကြဲတတ်သော စာဂဟူသော ဥစ္စာ၊ ၇။ မိမိပြုသော

http://www.dhammadownload.com

အမှုသည် မိမိ၏ ဥစ္စာဟု ဖြစ်သော ပညာဟူသော ဥစ္စာ။ (ဒီ၊၃။၁၃၃။) (ဒီ၊၃။၂၄၀။) (အံ၊၂။၃၉၈။) (အံ၊၂။၄၀၀။) (ဓမ္မ၊၌၊၁။၃၀၂။) (ဒီ၊မြန်၊၃။၁၅၁။) (ဒီ၊မြန်၊၃။၂၆၃။) (အံ၊မြန်၊၂။၅၀၃။) (အံ၊မြန်၊၂။၅၀၃။)

သူတစ်ပါးတို့ စကားကို မယုံကြည်သူ ၅ ဦး ၁။ အရိယာမဂ်သိလနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၂။ အရိယာမဂ်ပညာဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၃။ ကိလေသာငြိမ်းခြင်း၌ မွေ့လျော်သော ပုဂ္ဂိုလ်၊ ၄။ မကောင်းမှုမှ ဝေးသောပုဂ္ဂိုလ်၊ ၅။ မကောင်းမှုမှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်။ (ဇာတက၊၁။၁၀၄။)

သူတစ်ပါးတို့၏ အိမ်၌ မထားသင့်သော ပစ္စည်း ၄ မျိုး ၁။ နွားထီး၊ ၂။ နို့စားနွားမ၊ ၃။ ယာဉ်ရထားလှည်း၊ ၄။ မယား။ (ဤဝတ္ထု ၄ မျိုးတို့သည် ကိစ္စပေါ်လျှင် အကျိုးမပြုနိုင်။)။ (ဇာ၊၅၊၅။၄၆၆။)

သူတစ်ပါးတို့၏ အိမ်၌ မနေစေအပ်သော အရာဝတ္ထု ၄ မျိုး ၁။ နွားထီး၊ ၂။ နွားမ၊ ၃။ ယာဉ်၊ ၄။ မယား။ (ဇာတက၊၂။၁၁၉။)

သူတစ်ပါးအလှူကို တားမြစ်တတ်သော ပုဂ္ဂိုလ်၏ အန္တရာယ်ပြုခြင်း ၃ မျိုး ၁။ အလှူပေး ပုဂ္ဂိုလ်, အလှူရှင်ပုဂ္ဂိုလ်၏ ကောင်းမှုအန္တရာယ်ကို ပြုခြင်း၊ ၂။ အလှူခံပုဂ္ဂိုလ်၏ လာဘ်ရမှုအန္တရာယ်ကို ပြုခြင်း၊ ၃။ ရှေးဦးစွာ မိမိကိုယ်ကို သုဂတိလမ်း နိဗ္ဗာန်လမ်းမှ တူးဖြို ဖျက်ဆီးအပ်ခြင်း။ (အံ၊၁။၁၆၁။) (အံ၊မြန်၊၁။၁၁၈၀။)

သူတစ်ပါးအသက်ကို သတ်ခြင်းကြောင့် ဖြစ်ပေါ်သော အာသဝ ၁ ပါး ၁။ အဝိဇ္ဇာသဝ။ (မ၊၌၊၃။၂၈။)

သူတစ်ပါးအား ပြောဆိုနည်း ၂ မျိုး ၁။ မိမိကိုယ်ကို နှိမ့်ချလျက် သူတစ်ပါးကို မြှင့်တင်လျက် ပြောခြင်း၊ ၂။ မိမိကိုယ်ကို မြှင့်တင်လျက် သူတစ်ပါးကို နှိမ့်ချလျက် ပြောခြင်း။ (မဟာနိ။၃၀၃။)

သူတစ်ပါးဥစ္စာကို ခိုးယူခြင်းကြောင့် ဖြစ်သော အာသဝ ၃ ပါး ၁။ ကာမ အာသဝ– လိုချင်ဖွယ်ကာမ၌ ယိုစီးတတ် ဖြစ်တတ် မူးယစ်စေတတ်သော သဘော၊ ၂။ ဒိဋ္ဌိ အာသဝ– ဒိဋ္ဌိ (အယူမှား= အမြင်မှား) ဟူသော အာသဝေါတရား၊ ၃။ အဝိဇ္ဇာ အာသဝ– အဝိဇ္ဇာဟူသော အာသဝတရား။ (မ၊၌၊၃။၂၉။)

သူနာကို ပြုစုသင့်သော သူနာပြုပုဂ္ဂိုလ် အင်္ဂါ ၅ ပါး ၁။ ဆေးကို စီရင်ရန် စွမ်းနိုင်ခြင်း၊ ၂။ အနာအား သင့်မသင့် သိတတ်ခြင်း၊ ၃။ မေတ္တာစိတ်ဖြင့် အာမိသဟူသော အကြောင်း မပါဘဲ ပြုစုခြင်း၊ ၄။ ကျင်ကြီး ကျင်ငယ် စသည်တို့ကို မရွံရှာခြင်း၊ ၅။ သူနာအား တရားစကားဖြင့် ရွှင်လန်းစေရန် စွမ်းနိုင်ခြင်း။ (အံ၊၂။၁၂၇။) (အံ၊မြန်၊၂။၁၅၇–၁၅၈။)

သူနာကို မပြုစုသင့်သော သူနာပြုပုဂ္ဂိုလ် အင်္ဂါ ၅ ပါး ၁။ ဆေးကို စီရင်ရန် မစွမ်းနိုင်ခြင်း၊ ၂။ အနာအား သင့် မသင့် မသိတတ်ခြင်း၊ ၃။ မေတ္တာမပါဘဲ အာမိသဟူသော အကြောင်းကြောင့် ပြုစုခြင်း၊ ၄။ ကျင်ကြီး ကျင်ငယ် စသည်တို့ကို ရွံရှာခြင်း၊ ၅။ သူနာအား တရားစကားဖြင့် ရွှင်လန်းစေရန် မစွမ်းနိုင်ခြင်း။ (အံ၊၂။၁၂၇။) (အံ၊မြန်၊၂။၁၅၇။)

သူမိုက် ၂ မျိုး ၁။ မိမိသို့ မကျရောက်သော တာဝန်ကို ရွက်ဆောင်သော သူမိုက်၊ ၂။ မိမိသို့ ကျရောက်သော တာဝန်ကို မရွက်ဆောင်သော သူမိုက်၊ (တစ်နည်း) ၁။ မအပ်သော အရာ၌

http://www.dhammadownload.com

အပ်၏ဟု အယူရှိသော သူမိုက်၊ ၂။ အပ်သောအရာ၌ အပ်၏ဟု အယူရှိသော သူမိုက်၊ (တစ်နည်း) ၁။ အာပတ်မသင့်သော အရာ၌ အာပတ်သင့်၏ဟု အမှတ်ရှိသော သူမိုက်၊ ၂။ အာပတ်သင့်သော အရာ၌ အာပတ်မသင့်ဟု အမှတ်ရှိသော သူမိုက်၊ (တစ်နည်း) ၁။ တရားမဟုတ်သည်၌ တရားဟုတ်၏ဟု အမှတ်ရှိသော သူမိုက်၊ ၂။ တရားဟုတ်သည်၌ တရားမဟုတ်ဟု အမှတ်ရှိသော သူမိုက်၊ (တစ်နည်း) ၁။ ဝိနည်းမဟုတ်သည်၌ ဝိနည်း ဟုတ်၏ဟု အမှတ်ရှိသော သူမိုက်၊ ၂။ ဝိနည်းဟုတ်သည်၌ ဝိနည်းမဟုတ်ဟု အယူရှိသော သူမိုက်။ (အံ၊၁။၈၃။) (အံ၊မြန်၊၁။၉၈။)

သူမိုက်ကြီး ၄ ဦး ၁။ မြေကြီးကုန်မှာ ကြောက်သဖြင့် မြေကြီးကို အနည်းငယ်သာ စားသော တိကောင်၊ ၂။ ကောင်းကင်ပြိုကျမှာ ကြောက်သဖြင့် ပက်လက်လှန် အိပ်တတ်သော တစ်တီးတူငှက်၊ ၃။ မြေကြီးတုန်လှုပ်မှာ ကြောက်သဖြင့် မြေကြီးကို ခြေဖြင့် ကောင်းစွာ မနင်းသော ကြိုကြောငှက်၊ ၄။ အမျိုးအနွယ် ပြတ်သွားမှာ ကြောက်သဖြင့် တရားကျင့်လျက် မယားရှာသော ပုဏ္ဏား။ (သုတ္တနိ၊၆၊၂။၅၁။) (အံ၊ဋ္ဌ၊၃။၅၈။)

သူယုတ်တရား ၄ ပါး ၁။ ဉာဏ်ဖြင့် မစိစစ် မသက်ဝင်ဘဲ ဂုဏ်မထိုက်သူ၏ ဂုဏ်ကို ပြောဆိုခြင်း၊ ၂။ ဉာဏ်ဖြင့် မစိစစ် မသက်ဝင်ဘဲ ဂုဏ်ထိုက်သူ၏ ဂုဏ်မဲ့ကို ပြောဆိုခြင်း၊ ၃။ ဉာဏ်ဖြင့် မစိစစ် မသက်ဝင်ဘဲ မကြည်ညိုသင့်သော အရာ၌ ကြည်ညိုမှုကို ဖြစ်စေခြင်း၊ ၄။ ဉာဏ်ဖြင့် မစိစစ် မသက်ဝင်ဘဲ ကြည်ညိုသင့်သော အရာ၌ မကြည်ညိုမှုကို ဖြစ်စေခြင်း။ (အံ၊၁။၃၀၉။) (အံ၊မြန်၊၁။၃၂၅။)

သူယုတ်တရား ၄ ပါး (တစ်နည်း) ၁။ အမျက်ထွက်ခြင်းကို အလေးပြု၍ သူတော်ကောင်း တရားကို အလေးမပြုခြင်း၊ ၂။ သူ့ကျေးဇူး ချေဖျက်ခြင်းကို အလေးပြု၍ သူတော်ကောင်း တရားကို အလေးမပြုခြင်း၊ ၃။ လာဘ်ရခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း၊ ၄၊ အရှိအသေပြုမှု သက္ကာရကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုခြင်း (သူတော်ကောင်းတရား ၄ မျိုးကို အပြန်အားဖြင့် သိပါ) ။ (အံ၊၁။၃၅၆။) (အံ၊မြန်၊၁။၃၇၀။)

သူယုတ်တရား ၇ ပါး ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အရှက်မရှိခြင်း၊ ၃။ အကြောက်အလန့် မရှိခြင်း၊ ၄။ အကြားအမြင် နည်းခြင်း၊ ၅။ ပျင်းရိခြင်း၊ ၆။ သတိကင်းလွတ်ခြင်း၊ ၇။ ပညာမဲ့ခြင်း။ (မ၊၃။၇၁။) (အံ၊၂။၅၀၉။) (အဘိ၊၀။၃၉၇။) (မ၊မြန်၊၃။၇၅။) (အံ၊မြန်၊၂။၆၃၅။) (အဘိ၊၀၊ မြန်၊၂။၅၀၄။)

သူယုတ်မာတို့၏ စကား ၄ မျိုး ၁။ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ ရှိခြင်း၊ ၂။ ချောပစ်ကုန်းတိုက်သော စကားကို ပြောဆိုလေ့ ရှိခြင်း၊ ၃။ ကြမ်းတမ်းသော စကားကို ပြောဆိုလေ့ ရှိခြင်း၊ ၄။ ပြိန်ဖျင်းသော စကားကို ပြောဆိုလေ့ ရှိခြင်း။ (မ၊၃။၇၁။) (မ၊မြန်၊၃။၇၅။)

သူယုတ်မာတို့၏ တိုင်ပင်ခြင်း ၃ မျိုး ၁။ မိမိ ဆင်းရဲခြင်းငှာ တိုင်ပင်ခြင်း၊ ၂။ သူတစ်ပါး ဆင်းရဲခြင်းငှာ တိုင်ပင်ခြင်း၊ ၃။ မိမိ သူတစ်ပါး နှစ်ဦးသား၏ ဆင်းရဲခြင်းငှာ တိုင်ပင်ခြင်း။ (မ၊၃။၇၁။) (မ၊မြန်၊၃။၇၅။)

သူယုတ်မာတို့၏ လားရာဂတိ ၂ မျိုး ၁။ ငရဲပြည်၊ ၂။ တိရစ္ဆာန်ဘုံ။ (မ၊၃။၇၂။) (မ၊မြန်၊၃။၇၆။)

http://www.dhammadownload.com

သူယုတ်မာတို့၏ အကြောင်း ၃ မျိုး ၁။ မိမိ ဆင်းရဲခြင်းငှာ ကြံစည်ခြင်း၊ ၂။ သူတစ်ပါး၏ ဆင်းရဲခြင်းငှာ ကြံစည်ခြင်း၊ ၃။ မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲခြင်းငှာ ကြံစည်ခြင်း။ (မ၊၃။၇၁။) (မ၊မြန်၊၃။၇၅။)

သူယုတ်မာတို့၏ အခြေခံသဘော ၂ မျိုး ၁။ ပြုဖူးသော သူ့ကျေးဇူးကို မသိခြင်း၊ ၂။ ပြုဖူးသော သူ့ကျေးဇူးကို သိသည့်အလျောက် ထင်စွာ မပြုခြင်း။ (အံ၊၁။၆၃။) (အံ၊မြန်၊၁။၇၅။)

သူယုတ်မာတို့၏ အပြုအမူ ၈ မျိုး ၁။ သူယုတ်မာတို့၏ တရားနှင့် ပြည့်စုံခြင်း၊ ၂။ သူယုတ်မာတို့ကို ဆည်းကပ်ခြင်း၊ ၃။ သူယုတ်မာတို့၏ တရားတို့ကို ကြံစည်လေ့ ရှိခြင်း၊ ၄။ သူယုတ်မာတို့၏ တိုင်ပင်ခြင်းကို တိုင်ပင်လေ့ ရှိခြင်း၊ ၅။ သူယုတ်မာတို့၏ စကားရှိခြင်း၊ ၆။ သူယုတ်မာတို့၏ အမှု ရှိခြင်း၊ ၇။ သူယုတ်မာတို့၏ အယူအဆ ရှိခြင်း၊ ၈။ သူယုတ်မာတို့၏ အလှူကို ပေးလှူခြင်း။ (မ၊၃။၇၁။) (မ၊မြန်၊၃။၇၅။)

သူယုတ်မာတို့၏ အလုပ် ၃ မျိုး ၁။ သူ့အသက်ကို သတ်လေ့ ရှိခြင်း၊ ၂။ အရှင်မပေးအပ်သော ဥစ္စာကို ခိုးယူလေ့ ရှိခြင်း၊ ၃။ မေထုန်ကာမတို့၌ ယုတ်မာစွာ ကျင့်တတ်ခြင်း။ (မ၊၃။၇၂။) (မ၊မြန်၊၃။၇၆။)

သူယုတ်မာတို့၏ အယူအဆ ၁၀ မျိုး ၁။ အလှူ၏ အကျိုးသည် မရှိ၊ ၂။ ယဇ်အလှူကြီး၏ အကျိုးသည် မရှိ၊ ၃။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဖျား အကျိုးရင်းသည် မရှိ၊ ၄။ ဤပစ္စုပ္ပန်လောကသည် မရှိ၊ ၅။ တမလွန်လောကသည် မရှိ၊ ၆။ အမိ၌ အကောင်းအဆိုး ပြုကျိုးသည် မရှိ၊ ၇။ အဘ၌ အကောင်းအဆိုး ပြုကျိုးသည် မရှိ၊ ၈။ စုတေပြီး၍ ပဋိသန္ဓေနေရကုန်သော သတ္တဝါတို့ မရှိ၊ ၉။ ဤပစ္စုပ္ပန်လောကကိုလည်းကောင်း တမလွန်လောကကိုလည်းကောင်း ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ သိစေကုန်သော ကောင်းစွာ သိကုန်သော ကောင်းစွာ ကျင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည် မရှိ။ (မ၊၃။၇၂။) (မ၊မြန်၊၃။၇၆။)

သူယုတ်မာ ရဟန်း ပုဏ္ဏား ၇ မျိုး ၁။ သဒ္ဓါတရား မရှိကုန်သော ရဟန်းပုဏ္ဏား၊ ၂။ ဒုစရိုက်တို့မှ မရှက်ကုန်သော ရဟန်းပုဏ္ဏား၊ ၃။ ဒုစရိုက်တို့မှ မကြောက်ကုန်သော ရဟန်းပုဏ္ဏား၊ ၄။ အကြားအမြင် မရှိကုန်သော ရဟန်းပုဏ္ဏား၊ ၅။ ပျင်းရိကုန်သော ရဟန်းပုဏ္ဏား၊ ၆။ သတိလွတ်ကင်းကုန်သော ရဟန်းပုဏ္ဏား၊ ၇။ ပညာမရှိကုန်သော ရဟန်းပုဏ္ဏား။ (မ၊၃။၇၁။) (မ၊မြန်၊၃။၇၅။)

သူယုတ်မာ၏ ရုပ် အင်္ဂါ လက္ခဏာ ၁၈ ပါး ၁။ အလျားအနုံ ခွဲခြားမသိလောက်အောင် ကြီးစွာသော ခြေဖဝါး ရှိခြင်း၊ ၂။ ပုပ်သော ခြေသည်း, လက်သည်း, ထက်ဝက်မျှသာဖြစ်သော ခြေသည်း လက်သည်း ရှိခြင်း၊ ၃။ တစ်ကိုယ်လုံးမှ စက်ဆုပ်ဖွယ် ထမင်းထုပ်ဆွဲသကဲ့သို့ တွဲရရဲ့ကျသော အသား ရှိခြင်း၊ ၄။ အထက်နှုတ်ခမ်းဖျားသည် ထူလျက် ရှည်ခြင်း၊ ၅။ ပါးစောင်နှစ်ဖက်မှ ယိုထွက်သော အရည်ရှိခြင်း၊ ၆။ နှုတ်ခမ်းသားကို မဖုံးနိုင်လောက်အောင် သွားခေါခြင်း၊ ၇။ အရင်းပိန် အဖျားမောက်၍ ကောက်သော နာယောင် ရှိခြင်း၊ ၈။ အိုးစရည်းလောက်နီးပါး ကြီးမားသော ဝမ်းဗိုက်ရှိခြင်း၊ ၉။ လရေး ထွန်ကိုင်းကဲ့သို့ ကောက်သော ကျောက်ကုန်း

http://www.dhammadownload.com

ရှိခြင်း၊ ၁၀။ တစ်ဖက်ကျဉ်း, တစ်ဖက်ကျယ်၍ မတင့်တယ်သော မျက်စိ ရှိခြင်း၊ ၁၁။ ဖြူနီပြောက်ကျား ဖွားရရားထသော မုတ်ဆိတ်ကျင်စွယ် ရှိခြင်း၊ ၁၂။ ဦးခေါင်း၌ ဆံပင်များသည် ဖြူနီရောထွေး၍ ဝါရွှေသော အဆင်းရှိခြင်း၊ ၁၃။ အခေါက် ထူ၍ တွန့်လိမ်သော အရေ ရှိခြင်း၊ ၁၄။ ရင်ဘတ်, လည်ပင်း, မျက်နှာ စသည်တို့၌ မဲ့မည်း ပြောက်ကျားတို့ဖြင့် စက်ဆုပ်ဖွယ်ရှိခြင်း၊ ၁၅။ မွဲပြာ၍ ကြောင်သော မျက်စိရှိခြင်း၊ ၁၆။ ခွင်သော, ကောက်သော ခြေရှိခြင်း၊ ၁၈။ ရန့်ရင်းကြမ်းတမ်းသော အမူရာရှိသည်ဖြစ်၍ သစ်နက်ရေဆိုးကို မြိုစွာ ဝတ်ခြင်း။ (ဇာတက၊၂။၃၅၂။)

သူယုတ်မာ အင်္ဂါ ၅ ပါး ၁။ မိန်းမတို့ကို ညှဉ်းဆဲတတ်သူ ဖြစ်ခြင်း၊ ၂။ သူတစ်ပါး၏ သားမယားတို့ကို ပြစ်မှားတတ်သူ ဖြစ်ခြင်း၊ ၃။ အဆွေခင်ပွန်းတို့ကို ပြစ်မှားတတ်သူ ဖြစ်ခြင်း၊ ၄။ ကောင်းသော အကျင့်ရှိသော ရသေ့ရဟန်းတို့ကို ရေရွတ်ကျိန်ဆဲတတ်သူ ဖြစ်ခြင်း၊ ၅။ ဝန်တိုခြင်းရှိသူ ဖြစ်ခြင်း။ (ဇာတက၊၂။၁၀၄။)

သူယုတ်ဟု သိနိုင်သော အပြောအဆို ၄ မျိုး ၁။ သူတစ်ပါး ကျေးဇူးမဲ့ကို မမေးဘဲ ပြောတတ်သူ၊ ၂။ သူတစ်ပါးကျေးဇူးကိုမူ မေးသော်လည်း မပြောဘဲ နေတတ်သူ၊ ၃။ မိမိ ကျေးဇူးမဲ့ကို မေးသော်လည်း မပြောဘဲ နေတတ်သူ၊ ၄။ မိမိကျေးဇူးကိုမူ မမေးဘဲ ပြောတတ်သူ။ (အံ၊၁။၃၈၉။) (အံ၊မြန်၊၁။၄၀၃။)

သူယုတ်အလှူ ၅ မျိုး ၁။ မရိုမသေ ပေးလှူခြင်း၊ ၂။ မလေးမစား ပေးလှူခြင်း၊ ၃။ ကိုယ်တိုင် မပေးလှူခြင်း၊ ၄။ စွန့်ပစ်သကဲ့သို့ ပေးလှူခြင်း၊ ၅။ အကျိုးသက်ရောက်လိမ့်မည်ဟု အယူမရှိဘဲ ပေးလှူခြင်း။ (အံ၊၂။၁၅၁။) (အံ၊မြန်၊၂။၁၉၁။)

သူရဲကောင်း ၅ မျိုး ၁။ ဆင်တပ် မြင်းတပ် စသည်တို့ကြောင့် တက်လာသော မြူမှုန် ထုကို မြင်၍ ဆုတ်နစ်သော သူရဲကောင်း၊ ၂။ မြူမှုန်ထုကို မြင်ရသော်လည်း ကြွေကြွေ ခံနိုင်သေး၏၊ အလံဖျားကို မြင်ရမူကား ဆုတ်နစ်သော သူရဲကောင်း၊ ၃။ မြူမှုန်ထုကို မြင်ရသော်လည်းကောင်း, အလံဖျားကို မြင်ရသော်လည်းကောင်း, ကြွေကြွေခံနိုင်သေး၏၊ ကျယ်လောင်သော အသံကို ကြားရမူကား ဆုတ်နစ်သော သူရဲကောင်း၊ ၄။ မြူမှုန်ထုကို မြင်ရသော်လည်းကောင်း, အလံဖျားကို မြင်ရသော်လည်းကောင်း, ဆူညံကျယ်လောင်သော အသံကို ကြားရသော်လည်းကောင်း, ကြွေကြွေခံနိုင်သေး၏၊ ပုတ်ခတ်ထိုးပစ်ခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်သော သူရဲကောင်း၊ ၅။ မြူမှုန်ထုကို မြင်ရသော်လည်းကောင်း, အလံဖျားကို မြင်ရသော်လည်းကောင်း, ကျယ်လောင်သော အသံကို ကြားရသော် လည်းကောင်း, ပုတ်ခတ် ထိုးပစ်ခြင်းကိုလည်းကောင်း ကြွေကြွေခံနိုင်သည့်အပြင် စစ်မြေပြင်၌ အောင်မြင်၍ နိုးအုပ်နေသော သူရဲကောင်း။ (အံ၊၂။၇၈။) (အဘိ၊ပု။၁၇၅။) (အံ၊မြန်၊၂။၉၆–၉၇။) (အဘိ၊ပု၊မြန်။၇၉။)

သူရဲကောင်း ၅ မျိုး (တစ်နည်း) ၁။ သံလျက်နှင့် ကာကို ဆွဲလျက် လေးနှင့် မြားကျည်တောက်ကို လွယ်ပြီး စစ်မြေပြင်သို့ ဆင်းသက်စဉ် တစ်ဖက်စစ်သည်တို့ သတ်၍ သေသော သူရဲကောင်း၊ ၂။ သံလျက်နှင့် ကာကို ဆွဲလျက် လေးနှင့် မြားကျည်တောက်ကို လွယ်ပြီး စစ်မြေပြင်သို့ ဆင်းသက်စဉ် တစ်ဖက်စစ်သည်တို့ တိုက်ခိုက်သဖြင့် ဒဏ်ရာရပြီး အိမ်သို့

http://www.dhammadownload.com

ပြန်သယ်စဉ် လမ်းတွင် သေသော သူရဲကောင်း၊ ၃။ ဒုတိယသူရဲကောင်းကဲ့သို့ပင် စစ်မြေပြင်၌ ဒဏ်ရာရပြီး ပြန်သယ်ကာ ဆွေမျိုးတို့ ပြုစုစောင့်ရှောက်စဉ် သေဆုံးသော သူရဲကောင်း၊ ၄။ တတိယသူရဲကောင်းကဲ့သို့ပင် စစ်မြေပြင်၌ ဒဏ်ရာရသဖြင့် ပြန်သယ်ကာ ဆွေမျိုးတို့ ပြုစုစောင့်ရှောက်သောကြောင့် ဒဏ်ရာပျောက်ကင်းသော သူရဲကောင်း၊ ၅။ သံလျက်နှင့် ကာကို ဆွဲကိုင်၍ လေးနှင့် မြားကျည်တောက်ကို လွယ်ပြီး စစ်မြေပြင် ဆင်းသက်လျက် စစ်တိုက်သောအခါ ဒဏ်ရာအနာတရ မရှိဘဲ စစ်မြေပြင်၌ အောင်မြင်ပြီး စစ်မြေဦးကို စိုးအုပ်၍နေသော သူရဲကောင်း။ (အံ၊၂။၈၂။) (အံ၊မြန်၊၂။၁၀၁-၁၀၂။)

သူရဲကောင်းနှင့် တူသော ရဟန်း ၅ မျိုး ၁။ စစ်သူရဲကောင်းသည် အခြားသော စစ်တပ်၏ မြို့မူနယ်ထုကို မြင်ကာမျှဖြင့် ကြောက်ရွံ့ဆုတ်နစ်လျက် စစ်မြေပြင်သို့ မဆင်းသက်နိုင်သကဲ့သို့ ဤသာသနာတော်၌ အချို့သော ရဟန်းသည် "ဤမည်သော ရွာ, နိဂုံး၌ ဤမည်သော အမျိုးသမီးသည် အလွန်အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏စသော သတင်းစကားကို ကြားရုံမျှဖြင့် မြတ်သောအကျင့်ကို မကျင့်နိုင်ဘဲ သိက္ခာချ၍ လူထွက်ခြင်း၊ ၂။ စစ်သူရဲကောင်းသည် အခြားသော စစ်တပ်၏ မြို့မူနယ်ထုနှင့် အလံကို မြင်ရသောအခါ ခံနိုင်ရည် ရှိသေးသော်လည်း များစွာသော ဆင် မြင်း ရထား စသည်တို့၏ ကျယ်လောင်သော အသံကို ကြားရသော အခါ၌ကား ကြောက်ရွံ့ ဆုတ်နစ်လျက် စစ်မြေပြင်သို့ မဆင်းသက်နိုင်သကဲ့သို့ ဤသာသနာတော်၌ တော, သစ်ပင်ရင်း စသော ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍ တရားအားထုတ်နေသော ရဟန်းသည် မိမိထံသို့ ချဉ်းကပ်လာသော မာတုဂါမ၏ ပြိုးရွှင်ပျော်မြူးလျက် ပြောင်လှောင် မြှောက်ပင့် ပြောဆိုသော စကားသံကို ကြားရသော အခါ၌ မြတ်သောအကျင့်ကို မကျင့်နိုင်တော့ဘဲ သိက္ခာချ၍ လူထွက်ခြင်း၊ ၄။ သူရဲကောင်းသည် အခြားစစ်တပ်၏ မြို့မူနယ်ထု, အလံဖျားနှင့် ကျယ်လောင်သော အသံများကို ခံနိုင်ရည်ရှိသော်လည်း စစ်မြေပြင်၌ ပစ်ခတ်ခံရသော် ပင်ပန်းခြင်းသို့ ရောက်သကဲ့သို့ ဤသာသနာတော်၌ တောသစ်ပင်ရင်းစသော ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက် တရားအားထုတ်နေသော ရဟန်းသည် မိမိထံသို့ ချဉ်းကပ်သော မာတုဂါမ၏ အနိုင်အထက် ပြု၍ ထိုင်ခြင်း, အိပ်ခြင်း, ဖိစီးလွှမ်းမိုးခြင်း စသည်ကို ခံရသောအခါ သိက္ခာမချဘဲ မေထုန်မှီဝဲခြင်း၊ ၅။ သူရဲကောင်းသည် အခြားသော စစ်တပ်၏ မြို့မူနယ်ထု, အလံဖျား, ကျယ်လောင်သော အသံများနှင့် ထိုးပစ်ပုတ်ခတ်ခြင်းကို ကြုံကြိုခံလျက် စစ်မြေပြင်အရပ်ကို အောင်နိုင်ပြီး စစ်မြေဦးကို အုပ်စိုးလွှမ်းမိုးသကဲ့သို့ ဤသာသနာတော်၌ သစ်ပင်ရင်းစသော ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက် တရားအားထုတ်နေသော ရဟန်းသည် မိမိထံသို့ ကပ်ရောက်၍ အနိုင်အထက် ပြုလာသော မာတုဂါမ၏ လွှမ်းမိုးဖိစီးမှုကို ဖြေလွှတ်လျက် အလိုရှိရာသို့ ဖဲသွားပြီး ဈာန်မဂ်ဖိုလ်တရားကို ဖြစ်စေခြင်း။ (အဘိ၊ပု။၁၇၆။) (အဘိ၊ပု၊မြန်။၈၀။)

http://www.dhammadownload.com

သူရဲကောင်း ၅ မျိုးနှင့် တူသော ရဟန်း ၅ မျိုး ၁။ မြူမှုန်ထုတည်းဟူသော မိန်းမ၏ အဆင်းသဏ္ဌာန် ပြည့်စုံမှုကို ကြားရ၍ ဆုတ်နစ်ကာ သိက္ခာချ လူထွက်သော ရဟန်း၊ ၂။ မြူမှုန်ထုတည်းဟူသော မိန်းမ၏ အဆင်းသဏ္ဌာန် ပြည့်စုံမှုကို ကြားရ၍ ခံနိုင်ရည် ရှိသေးသော်လည်း အလံဖျားတည်းဟူသော မိန်းမကို ကိုယ်တိုင်တွေ့မြင်ရသော် သိက္ခာချ လူထွက်သော ရဟန်း၊ ၃။ မြူမှုန်တည်းဟူသော မိန်းမ၏ အဆင်းသဏ္ဌာန်ပြည့်စုံမှုကို ကြားရခြင်း၊ အလံဖျားတည်းဟူသော မိန်းမကို ကိုယ်တိုင် တွေ့ရခြင်းဖြစ်သော်လည်း ခံနိုင်ရည်ရှိသေး၏၊ မိန်းမက ပြုံးခြင်း မျှော်ကပ်ငဲ့ကြည့်ခြင်း ပြုခဲ့သော် သိက္ခာချ လူထွက်သော ရဟန်း၊ ၄။ မြူမှုန်တည်းဟူသော မိန်းမ၏ အဆင်းသဏ္ဌာန် ပြည့်စုံမှုကို ကြားရခြင်း၊ အလံဖျားတည်းဟူသော မိန်းမကို ကိုယ်တိုင်တွေ့ခြင်း၊ မိန်းမက ပြုံးခြင်းကို မျှော်ကပ်ငဲ့ကြည့်ခြင်းကို ခံနိုင်ရည်ရှိသော်လည်း မိန်းမက ချဉ်းကပ်လာပြီး အနီးကပ် ထိုင်သော် သိက္ခာမချ၊ မေထုန်အမှုကို ပြုသော ရဟန်း၊ ၅။ အထက်ပါ လေးချက်လုံးကို ကြံ့ကြံ့ခံနိုင်၍ ထိုစစ်မြေပြင်ကို အောင်နိုင်ပြီး စစ်မြေပြင်ဦးခွံ့ လွှမ်းမိုးနိုင်သော ရဟန်း။ (အံ၊၂။၇၈။) (အံ၊မြန်၊၂။၉၇-၁၀၁။)

သူရဲကောင်း ၅ မျိုးနှင့် တူသော ရဟန်း ၅ မျိုး ၁။ ပထမ သူရဲကောင်းသည် စစ်မြေပြင်သို့ ဆင်းသောအခါ ရန်သူအသတ်ခံရသကဲ့သို့ ရဟန်းသည် ကိုယ်, နှုတ်, စိတ်တို့ကို မစောင့်စည်း သတိမကပ် ဣန္ဒြေတို့ကို မပိတ်ဆို့ဘဲ ဆွမ်းခံဝင်သဖြင့် မလုံမခြုံဝတ်သော မာတုဂါမကို မြင်၍ သိက္ခာမချဘဲ မေထုန်အကျင့်ကို မှီဝဲသော ရဟန်း၊ ၂။ ဒုတိယ သူရဲကောင်းနှင့် တူသော ရဟန်းသည် ပထမရဟန်းကဲ့သို့ပင် ဆွမ်းခံဝင်သဖြင့် မလုံမခြုံ ဝတ်သော မာတုဂါမကို မြင်ပြီး စွဲမက်ခြင်း ရာဂက ဖျက်ဆီးသောကြောင့် ကျောင်းသို့ အပြန်လမ်းတွင်ပင် သိက္ခာချ လူထွက်သော ရဟန်း၊ ၃။ တတိယသူရဲကောင်းနှင့် တူသော ရဟန်းသည် ဒုတိယရဟန်းကဲ့သို့ပင် ဆွမ်းခံဝင်သဖြင့် မလုံမခြုံဝတ်သော မာတုဂါမကို မြင်ပြီး တပ်မက်ခြင်းရာဂက နှိပ်စက်ဖျက်ဆီးလျက် ကျောင်းပြန် သိက္ခာချရန် ကြံ၍ သီတင်းသုံးဖော်တို့က နားချသော်လည်း မနာခံဘဲ သိက္ခာချလူထွက်သော ရဟန်း၊ ၄။ စတုတ္ထ သူရဲကောင်းနှင့် တူသော ရဟန်းသည် တတိယ ရဟန်းကဲ့သို့ပင် ဆွမ်းခံဝင်သဖြင့် မလုံမခြုံဝတ်သော မာတုဂါမကို မြင်ပြီး တပ်မက်ခြင်း ရာဂ နှိပ်စက်ဖျက်ဆီးအပ် သောကြောင့် ကျောင်းပြန်သိက္ခာချရန် သီတင်းသုံးဖော်တို့အား လျှောက်ထားသောအခါ သီတင်းသုံးဖော်တို့က ဆုံးမသဖြင့် နာခံ၍ လူမထွက်သော ရဟန်း၊ ၅။ ပဉ္စမသူရဲကောင်းနှင့် တူသော ရဟန်းသည် ကိုယ် နှုတ် စိတ်တို့ကို စောင့်စည်းပြီး သတိကို ကပ်လျက် ဣန္ဒြေတို့ကို ပိတ်ဆို့၍ ဆွမ်းခံဝင်သဖြင့် မျက်စိ စသည်ဖြင့် အဆင်းရှုပါရုံ စသည်ကိုမြင်ခြင်းကြားခြင်းစသည်ဖြစ်သော် သဏ္ဌာန်နိမိတ်ကို မစွဲ၊ အမှတ်လက္ခဏာကို မယူမူ၍ စက္ခုန္ဒြေ စသည်တို့ကို စောင့်ရှောက်လျက် ကျောင်းရောက်သော် ဆိတ်ငြိမ်ရာသို့ ကပ်ပြီး ကမ္မဋ္ဌာန်းသို့ ရှေ့ရှုနေသော ရဟန်း။ (အံ၊၂။၈၂။) (အံ၊၂။၈၈။) (အံ၊မြန်၊၂။၁၀၂-၁၀၈။)(အံ၊မြန်၊၂။ ၁၀၂-၁၀၈။)

သူ့အသက်ကို သတ်တတ်သော ပုဂ္ဂိုလ် ၈ ယောက် ၁။ တပ်မက်တတ်သော ပုဂ္ဂိုလ်သည် တပ်မက်မှုရာဂ၏ အစွမ်းကြောင့် သတ်ခြင်း၊ ၂။ ဒေါသထွက်သော သူသည် ဒေါသ၏ အစွမ်းကြောင့် သတ်ခြင်း၊ ၃။ မိုက်မဲတွေသော သူသည် တွေဝေမိုက်မဲမှု မောဟ၏ အစွမ်းကြောင့်

http://www.dhammadownload.com

သတ်ခြင်း၊ ၄။ မာန်ထောင်တက်ကြွသော သူသည် မာန၏ အစွမ်းကြောင့် သတ်ခြင်း၊ ၅။ လောဘ ရမ္မက်ကြီးသော သူသည် လောဘ၏ အစွမ်းကြောင့် သတ်ခြင်း၊ ၆။ ဆင်းရဲမွဲတေသော သူသည် အသက်မွေးခြင်းအကျိုးငှာ သူ့အသက်ကို သတ်ခြင်း၊ ၇။ မိုက်မဲသော သူသည် ရွှင်မြူးလိုသည်၏ အစွမ်းကြောင့် သတ်ခြင်း၊ ၈။ မင်းသည် ဆုံးမနှိပ်နင်းလိုသည်၏ အစွမ်းအားဖြင့် သတ်ခြင်း။ (မိလိန္ဒ။၂၁၅။) (မိလိန္ဒ၊မြန်။၂၃၀။)

သေခိယသိက္ခာပုဒ် ၇၅ ပါး ၁။ ပရိမဏ္ဍလဝဂ်–၁။ သင်းပိုင်ကို ရှေ့နောက်မှ တွဲလွဲကျလျက် ဝတ်သော ရှင်ရဟန်းကို အကြောင်းပြု၍ ပညတ်အပ်သော ပရိမဏ္ဍလသိက္ခာပုဒ်၊ ၂။ ဧကသီကို ရှေ့မှ နောက်မှ တွဲလွဲကျလျက် ရုံသော ရှင်ရဟန်းကို အကြောင်းပြု၍ ပညတ်အပ်သော ဒုတိယပရိမဏ္ဍလသိက္ခာပုဒ်၊ ၃။ ကိုယ်ကို လှစ်၍ ရွာတွင်းသွားသော သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်၊ ၄။ ကိုယ်ကို လှစ်၍ ရွာတွင်းနေသော ဒုတိယသုပ္ပဋိစ္ဆန္နသိက္ခာပုဒ်၊ ၅။ လက်ခြေကို ကစားလျက် ရွာတွင်းသွားသော ပထမသံဝုတသိက္ခာပုဒ်၊ ၆။ လက်ခြေကို ကစားလျက် ရွာတွင်းနေသော ဒုတိယသံဝုတသိက္ခာပုဒ်၊ ၇။ ဟိုဟိုသည်သည် ကြည့်လျက် ရွာတွင်းသွားသော ဩကိဏ္ဏစက္ခုသိက္ခာပုဒ်၊ ၈။ ဟိုဟိုသည်သည် ကြည့်လျက် ရွာတွင်းနေသော ဒုတိယဩကိဏ္ဏစက္ခုသိက္ခာပုဒ်၊ ၉။ ကိုယ်ကို ပစ်လွဲလျက် ရွာတွင်းသွားသော ဥက္ခိတ္တကာယသိက္ခာပုဒ်၊ ၁၀။ ကိုယ်ကို ပစ်လွဲလျက် ရွာတွင်းနေသော ဒုတိယဥက္ခိတ္တကာယသိက္ခာပုဒ်၊ **၂။ ဥဇ္ဇဂ္ဃိကဝဂ်**–၁။ ပြင်းစွာ ရယ်လျက် ရွာတွင်းသွားသော ဥဇ္ဇဂ္ဃိကသိက္ခာပုဒ်၊ ၂။ ပြင်းစွာရယ်လျက် ရွာတွင်းနေသော ဒုတိယဥဇ္ဇဂ္ဃိကသိက္ခာပုဒ်၊ ၃။ စူးရှကျယ်လောင်သော အသံကို ပြုလျက် ရွာတွင်းသွားသော ဥစ္စာသဒ္ဒမဟာသဒ္ဒသိက္ခာပုဒ်၊ ၄။ စူးရှကျယ် လောင်သော အသံကို ပြုလျက် ရွာတွင်းနေသော ဒုတိယဥစ္စာသဒ္ဒမဟာသဒ္ဒသိက္ခာပုဒ်၊ ၅။ ကိုယ်ကို လှုပ်ကာလှုပ်ကာ ရွာတွင်းသွားသော ကာယပ္ပစာလကသိက္ခာပုဒ်၊ ၆။ ကိုယ်ကို လှုပ်ကာလှုပ်ကာ ရွာတွင်းနေသော ဒုတိယကာယပ္ပစာလကသိက္ခာပုဒ်၊ ၇။ လက်မောင်းကို လှုပ်ကာလှုပ်ကာ ရွာတွင်းသွားသော ဗာဟုပ္ပစာလကသိက္ခာပုဒ်၊ ၈။ လက်မောင်းကို လှုပ်ကာ လှုပ်ကာ ရွာတွင်းနေသော ဒုတိယဗာဟုပ္ပစာလကသိက္ခာပုဒ်၊ ၉။ ဦးခေါင်းကို လှုပ်ကာ လှုပ်ကာ ရွာတွင်းသွားသော သီသပ္ပစာလကသိက္ခာပုဒ်၊ ၁၀။ ဦးခေါင်းကို လှုပ်ကာလှုပ်ကာ ရွာတွင်းနေသော ဒုတိယသီသပ္ပစာလကသိက္ခာပုဒ်၊ **၃။ ခမ္ဘကတဝဂ်**–၁။ ခါးထောက်လျက် ရွာတွင်းသွားသော ခမ္ဘကတသိက္ခာပုဒ်၊ ၂။ ခါးထောက်လျက် ရွာတွင်းနေသော ဒုတိယ ခမ္ဘကတသိက္ခာပုဒ်၊ ၃။ ဦးခေါင်းခြုံလျက် ရွာတွင်း၌ သွားသော ဩဂုဏ္ဌိတသိက္ခာပုဒ်၊ ၄။ ဦးခေါင်းခြုံလျက် ရွာတွင်း၌ နေသော ဒုတိယဩဂုဏ္ဌိတသိက္ခာပုဒ်၊ ၅။ ခြေဖဝါး စွန်းဖြင့် နင်းလျက် ရွာတွင်းသွားသော ဥက္ကုဋိကသိက္ခာပုဒ်၊ ၆။ လက်အာယောဂပတ် ပုဆိုးအာယောဂပတ် ဖွဲ့လျက် ရွာတွင်းနေသော ပလ္လတ္ထိကသိက္ခာပုဒ်၊ ၇။ ဆွမ်းကို မရိုမသေ ခံသော အသက္ကစ္စသိက္ခာပုဒ်၊ ၈။ ထိုထို အရပ်မျက်နှာကို ကြည့်လျက် ဆွမ်းခံသော ပိဏ္ဍပါတပဋိဂ္ဂဟနသိက္ခာပုဒ်၊ ၉။ ဆွမ်းဟင်းကိုသာလျှင် များစွာ ခံယူသော ဗဟုပဋိဂ္ဂဟန သိက္ခာပုဒ်၊ ၁၀။ ဆွမ်းကို စုန့်စုန့်တက်အောင် ခံသော ထူပီကတသိက္ခာပုဒ်၊ **၄။ ပိဏ္ဍပါတဝဂ်**–၁။ မရိုမသေ ဆွမ်းစားသော သိက္ခာပုဒ်၊ ၂။ ထိုထိုအရပ်သို့ ကြည့်လျက် ဆွမ်းစားသော သိက္ခာပုဒ်၊ ၃။ ထိုထိုဝတ္ထုကို သုံးသပ်လျက် ဆွမ်းစားသော သိက္ခာပုဒ်၊ ၄။ ဟင်းကိုသာလျှင် များစွာ စားသော သိက္ခာပုဒ်၊ ၅။ ဆွမ်းကို အလယ်ထိပ်မှ နှိပ်လျက် စားသော

http://www.dhammadownload.com

သိက္ခာပုဒ်၊ ၆။ ဟင်းကို လည်းကောင်း စားမဲဟင်းလျာကို လည်းကောင်း ဆွမ်းဖြင့် ဖုံးလွှမ်းသော သိက္ခာပုဒ်၊ ၇။ ဟင်းကိုလည်းကောင်း ဆွမ်းကို လည်းကောင်း မနာဖျားပဲ မိမိအကျိုးငှာ တောင်း၍ စားသော သိက္ခာပုဒ်၊ ၈။ ကဲ့ရဲ့လိုသည် ဖြစ်၍ တစ်ပါးသော ရဟန်း၏ သပိတ်ကို ကြည့်ရှုသော သိက္ခာပုဒ်၊ ၉။ ကြီးသော ဆွမ်းလုတ်ကို ပြုသော သိက္ခာပုဒ်၊ ၁၀။ ရှည်စွာသော ဆွမ်းလုပ်ကို ပြုသော သိက္ခာပုဒ်၊ **၅။ ကဗဋဝဂ်**–၁။ ဆွမ်းလုတ်မရောက်မီ ခံတွင်းကို ဖွင့်သော သိက္ခာပုဒ်၊ ၂။ ဆွမ်းစားစဉ် လက်ငါးချောင်းကို ခံတွင်းသို့ ထည့်သော သိက္ခာပုဒ်၊ ၃။ ဆွမ်းလုတ်ရှိသော ခံတွင်းဖြင့် စကားပြောသော သိက္ခာပုဒ်၊ ၄။ ဆွမ်းလုတ်ကို မြှောက်ကာ စားသော သိက္ခာပုဒ်၊ ၅။ ဆွမ်းလုတ်ကို ကိုက်ဖြတ်ကာ စားသော သိက္ခာပုဒ်၊ ၆။ မျောက်ကဲ့သို့ ပါးစောင်ခဲလျက် စားသော သိက္ခာပုဒ်၊ ၇။ လက်ကို ခါလျက် စားသော သိက္ခာပုဒ်၊ ၈။ ဆွမ်းလုံးကို ကြဲလျက် စားသော သိက္ခာပုဒ်၊ ၉။ လျှာကို ထုတ်ကာ စားသော သိက္ခာပုဒ်၊ ၁၀။ စပ်စပ်မြည်အောင် စားသော သိက္ခာပုဒ်၊ **၆။ သုရုသုရုဝဂ်**–၁။ ရှုရှု ရှုရှု မြည်အောင် စားသော သိက္ခာပုဒ်၊ ၂။ လက်ကို လျက်ကာ စားသော သိက္ခာပုဒ်၊ ၃။ သပိတ်ကို ခြစ်လျက် စားသော သိက္ခာပုဒ်၊ ၄။ နှုတ်ခမ်းကို လျက်ကာ စားသော သိက္ခာပုဒ်၊ ၅။ ဆွမ်း စသော အာမိသနှင့် တကွသော လက်ဖြင့် သောက်ရေခွက် ကိုင်သော သိက္ခာပုဒ်၊ ၆။ ဆွမ်းလုံးနှင့် တကွသော သပိတ်ဆေးရေကို ရွာတွင်း၌ စွန့်သော သိက္ခာပုဒ်၊ ၇။ ထီးကိုင်ထားသူအား တရားဟောသော သိက္ခာပုဒ်၊ ၈။ တုတ်ကိုင်ထားသူအား တရားဟောသော သိက္ခာပုဒ်၊ ၉။ ဓား သန်လျက် ကိုင်ထားသူအား တရားဟောသော သိက္ခာပုဒ်၊ ၁၀။ လေး လက်နက် ကိုင်ထားသူအား တရားဟောသော သိက္ခာပုဒ်၊ **၇။ ပါဒုကဝဂ်**–၁။ ခြေနင်းစီးထားသူအား တရားဟောသော သိက္ခာပုဒ်၊ ၂။ ဖိနပ်စီးထားသူအား တရားဟောသော သိက္ခာပုဒ်၊ ၃။ ယာဉ်ထက်၌ နေသောသူအား တရားဟောသော သိက္ခာပုဒ်၊ ၄။ အိပ်ရာထက်၌ နေသောသူအား တရားဟောသော သိက္ခာပုဒ်၊ ၅။ လက်အာယောဂပတ် ပုဆိုး အာယောဂပတ် ဖွဲ့လျက် နေထိုင်သော သူအား တရားဟောသော သိက္ခာပုဒ်၊ ၆။ ဦးရစ်ခေါင်းပေါင်းရှိသော သူအား တရားဟောသော သိက္ခာပုဒ်၊ ၇။ ခေါင်းမြီးခြုံထားသော သူအား တရားဟောသော သိက္ခာပုဒ်၊ ၈။ မိမိက မြေ၌ နေလျက် နေရာ၌ ထိုင်သော သူအား တရားဟောသော သိက္ခာပုဒ်၊ ၉။ မိမိက နိမ့်သော နေရာ၌ နေလျက် မြင့်သော နေရာ၌ နေထိုင်သော သူအား တရားဟောသော သိက္ခာပုဒ်၊ ၁၀။ ထိုင်နေသော သူအား ရပ်လျက် တရားဟောသော သိက္ခာပုဒ်၊ ၁၁။ မိမိက နောက်မှ သွားလျက် ရှေ့မှ သွားသော သူအား တရားဟောသော သိက္ခာပုဒ်၊ ၁၂။ မိမိက ခရီးလမ်းမှ မသွားပဲ ခရီးလမ်းမှ သွားသော သူအား တရားဟောသော သိက္ခာပုဒ်၊ ၁၃။ ရပ်လျက် ကျင်ကြီးကျင်ငယ်ကို စွန့်သော သိက္ခာပုဒ်၊ ၁၄။ စိမ်းစိုသော မြက်သစ်ပင် စသည်၌ ကျင်ကြီးကျင်ငယ်ကိုဖြစ်စေ, တံထွေးကိုဖြစ်စေ စွန့်သော သိက္ခာပုဒ်၊ ၁၅။ ရေ၌ ကျင်ကြီးကျင်ငယ်ကိုဖြစ်စေ တံထွေးကို ဖြစ်စေ စွန့်သော သိက္ခာပုဒ်။ (ဝိ၊၅။၅၄–၅၅။) (ဝိ၊မြန်၊၅၊၈၆။)

သေခိယသိက္ခာပုဒ်တို့၏ ဖြစ်ကြောင်း သမုဋ္ဌာန် ၃ ပါး ၁။ ရံခါ ကိုယ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ ၂။ ရံခါ နှုတ်ကြောင့် လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်၊ ၃။ ရံခါ

http://www.dhammadownload.com

ကိုယ်ကြောင့်လည်းကောင်း နှုတ်ကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏။ (ဝိ၅။၃၆၃။) (ဝိ၊မြန်၊၅။၄၆၇။)

သေချိန်မရောက်မီ သေရသော ပုဂ္ဂိုလ် ၇ ဦး ၁။ ရေငတ်သော သူသည် သောက်ရေကို မရသဖြင့် အသည်းနှလုံး ခြောက်ကပ်၍ သေရခြင်း၊ ၂။ မြွေကိုက်ခံရသော သူသည် ဆေးဆရာကို မရသဖြင့် သေရခြင်း၊ ၃။ အဆိပ်စားမိသော သူသည် အဆိပ်ဖြေဆေးကို မရသဖြင့် သေရခြင်း၊ ၄။ မီးလောင်ခံရသော သူသည် အေးငြိမ်းကြောင်းကို မရသဖြင့် သေရခြင်း၊ ၅။ ရေနစ်သော သူသည် ထောက်တည်ရာကို မရသဖြင့် သေရခြင်း၊ ၆။ လက်နက်ထိခိုက်မိ၍ အနာရှိသော သူသည် ဆေးသမားကို မရသဖြင့် သေရခြင်း၊ ၇။ ငတ်မွတ် ဆာလောင်သော သူသည် အစားကို မရသဖြင့် ဝမ်းတွင်း၌ လေခတ်၍ သေရခြင်း။ (မိလိန္ဒ။၂၉၁။) (မိလိန္ဒ၊ မြန်။၃၁၂။)

သေခြင်း ၂ မျိုး ၁။ ကာလမရဏ– ကုသိုလ်ကံကုန်ခြင်း, အသက်တမ်းကုန်ဆုံးခြင်း, ယင်းနှစ်ပါးတို့၏ ကုန်ဆုံးခြင်းကြောင့် သေရခြင်း၊ ၂။ အကာလမရဏ– အသက်တမ်းစသည် မကုန်သေးဘဲ ဥပစ္ဆေဒကကံကြောင့် သေရခြင်း။ (ဝိသုဒ္ဓိ၊ဋီ၊၁။၂၈၇။)

သေခြင်း ၂ မျိုး (တစ်နည်း) ၁။ လုံ့လကြောင့် သေခြင်း (ဥပက္ကမ မရဏ)၊ ၂။ မိမိအလိုအားဖြင့် သေခြင်း (သရသမရဏ) ။ (အနုဋီ၊၂။၇၀။)

သေခြင်း ၃ မျိုး ၁။ ခဏိကမရဏ– ပဋိသန္ဓေစိတ်ဖြစ်ပြီး နောက်အခါ၌ ရုပ်နာမ်တရားတို့၏ ပျက်ခြင်း၊ ခဏခဏ သေခြင်း၊ ၂။ သမ္မုတိမရဏ– မောင်ဖြူသေပြီ အစရှိသည်ဖြင့် လောကဥ်သမုတ်အပ်သော သေခြင်း၊ ၃။ သမုစ္ဆေဒမရဏ– ကိလေသာကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏ နောက်ထပ် ပဋိသန္ဓေနေခြင်းမရှိသော အကြွင်းမဲ့ ပြတ်ဆဲခြင်း ဟူသော သေခြင်း။ (အံ၊ဋ္ဌ၊၁။၄၀၉။) (အဘိ၊ဋ္ဌ၊၂။၉၅။) (ဝိသုဒ္ဓိ၊၁။၂၂၂။)

သေခြင်းတရား၌ ကြောက်မက်ဖွယ် ဘေး ၃ မျိုး ၁။ ဇရာသည် အသက်ကို သေခြင်းအနီးသို့ ပို့ဆောင်ခံရခြင်း၊ ၂။ သတ္တဝါတို့၏ အသက်သည် အလွန်တိုခြင်း၊ ၃။ ဇရာသည် သေခြင်းအနီးသို့ ဆောင်အပ်သူ၌ ကိုးကွယ်ရာဟူ၍ မရှိခြင်း။ (သံ၊၁။၂၊၅၃။) (သံ၊မြန်၊၁။၅၂။)

သေတဏ္ဍိုလ်သား ကာဠညီနောင် ၃ ဦး ၁။ စူဠကာဠ၊ ၂။ မဇ္ဈိမကာဠ၊ ၃။ မဟာကာဠ။ (ဓမ္မ၊ဋ္ဌ၊၁။၄၃။)

သေနကအမတ်၏ အမေး ၄ ထွေနှင့် မဟောသဓသုခမိန်၏ အဖြေ ၄ ပါး ၁။ ယောကျ်ား မည်သည် အဘယ်အရာ၌ တည်အပ်သနည်း? သစ္စာ၌ တည်အပ်၏၊ ၂။ သစ္စာ၌ တည်သော ယောကျ်ားသည် အဘယ်အရာကို ဖြစ်စေအပ်သနည်း? ဥစ္စာကို ဖြစ်စေအပ်၏၊ ၃။ ဥစ္စာကို ဖြစ်စေပြီး၍ အဘယ်အရာကို ပြုအပ်သနည်း? မန္တန်ကို ယူအပ်၏၊ ၄။ မန္တန်ကို ယူပြီး၍ အဘယ်အရာကို ပြုအပ်သနည်း? မိမိ၏ လျှို့ဝှက်ထားသော အရာကို သူတစ်ပါးအား မပြောဆိုအပ်။ (ဇာ၊ဋ္ဌ၊၆။၂၂၂။)

သေနာဝါသသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ သုံးညဉ့် လွန်ခြင်း၊ ၂။ စစ်တပ်၌ နေဝင် မိုးချုပ်ခြင်း၊ ၃။ မကျန်းမာသူ အစရှိသည်တို့သည် မဟုတ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၈။)

http://www.dhammadownload.com

သေနာဝါသသိက္ခာပုဒ်နှင့် အင်္ဂါ ၂ ပါး ၁။ စစ်တပ်၌ လေးရက်မြောက် နေဝင်မိုးချုပ်ခြင်း၊ ၂။ ဗျာနာသူ မဟုတ်ခြင်း။ (ဝိမတိ၊၂။၄၁။)

သေနာသန ၁၅ မျိုး ကျောင်းအိပ်ရာနေရာ ၁၅ မျိုးနှင့် တူသည်။

သေနာသန ၁၆ မျိုး ကျောင်းအိပ်ရာနေရာ ၁၆ မျိုးနှင့် တူသည်။

သေနာသန ၄ မျိုး ကျောင်းအိပ်ရာနေရာ ၄ မျိုးနှင့် တူသည်။

သေနာသနခေတ် ၆ မျိုး ကျောင်းအိပ်ရာနေရာ ဖြစ်ပေါ်ရာ ခေတ် ၆ မျိုးနှင့် တူသည်။

သေနာသနသန္တောသ ၁၅ ပါး ကျောင်း၌ ရောင့်ရဲခြင်း ၁၅ ပါးနှင့် တူသည်။

သေနာသနဂ္ဂါဟာပကသမ္မုတိရသော ရဟန်း အင်္ဂါ ၅ ပါး ၁။ ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ ကျောင်းယူပြီးခြင်း မယူရသေးခြင်းကို သိခြင်း။ (ဝိ၊၄။၃၁၇။) (ဝိ၊မြန်၊၄။၃၂၁။)

သေပြီဟု ဆုံးဖြတ်နိုင်ကြောင်း ၃ မျိုး ၁။ အသက်ဟု ဆိုအပ်သော ဇီဝိတိန္ဒြေသည် ခန္ဓာကိုယ်မှ စွန့်ခွာခြင်း၊ ၂။ ကိုယ်ဌေ့ဟု ဆိုအပ်သော ကမ္မဇတေဇောဓာတ်သည် ခန္ဓာကိုယ်မှ စွန့်ခွာခြင်း၊ ၃။ သိတတ်သော ဝိညာဏ်တရားသည် ခန္ဓာကိုယ်မှ စွန့်ခွာခြင်း။ (မ၁။၃၇၀။) (မ၊မြန်၊ ၁။၃၈၂။)

သေဘေးကို မကြောက်ရွံ့သူ အင်္ဂါ ၄ ပါး ၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ ကျိုး ပေါက် ပြောက် ကျားခြင်း မရှိသော အရိယာပုဂ္ဂိုလ်တို့ နှစ်သက် ချီးမွမ်းအပ်သော ငါးပါးသီလနှင့် ပြည့်စုံ၏။ (သံ၊၃။၃၃၇။) (သံ၊မြန်၊၃။၃၄၀။)

သေမင်း တမန် ၅ မျိုး ၁။ ကလေးသူငယ်၊ ၂။ အိုမင်းရင့်ရော်သူ၊ ၃။ ဗျာနာသူ၊ ၄။ အညှဉ်းဆဲခံရသူ (ညှဉ်းဆဲသူ။)၊ ၅။ သူသေ။ (သာရတ္ထ၊ဋီ၊၁။၁၅၁။)

သေယျ ၄ မျိုး အိပ်ပုံ အိပ်နည်း ၄ မျိုးနှင့် တူသည်။

သေရခြင်းအကြောင်း ၈ ပါး ၁။ လေကြောင့် သေရခြင်း၊ ၂။ သည်းခြေကြောင့် သေရခြင်း၊ ၃။ သလိပ်ကြောင့် သေရခြင်း၊ ၄။ သည်းခြေ, လေ, သလိပ် သုံးပါး ပေါင်းဆုံစုဝေးခြင်း သန္နိပါတ်ကြောင့် သေရခြင်း၊ ၅။ ဥတုဖောက်ပြန်သောကြောင့် သေရခြင်း၊ ၆။ မညီ ညွတ်သော အစာကြောင့် သေရခြင်း၊ ၇။ သူတစ်ပါး လုံ့လပယောဂကြောင့် သေရခြင်း၊ ၈။ ကံ၏ အကျိုးပေးမှုကြောင့် သေရခြင်း။ (မိလိန္ဒ။၂၉၁။) (မိလိန္ဒ၊မြန်။၃၁၂။)

သေရီ ၂ မျိုး ၁။ ဓမ္မသေရီ- သတိပဋ္ဌာန်လေးပါးစသော မောဓိပက္ခိယတရား သုံးဆယ့် ခုနစ်ပါးနှင့် စပ်ယှဉ်ခြင်း၊ ၂။ ပုဂ္ဂလသေရီ- အထက်ပါသေရီ ဓမ္မနှင့် ပြည့်စုံသော ပုဂ္ဂိုလ်နှင့် စပ်ယှဉ်ခြင်း။ (ပုဒ္ဓနိ။၂၄၅။) (ပုဒ္ဓနိ။၂၄၆။)

သေရည် ၅ မျိုး ၁။ ပိဋ္ဌသုရာ- မုန့်ညက်ဖြင့် ပြုလုပ်အပ်သော သေရည်၊ ၂။ သြဒနသုရာ- ထမင်းဖြင့် ပြုလုပ်အပ်သော သေရည်၊ ၃။ ပူဝသုရာ- မုန့်ဖြင့် ပြုလုပ်အပ်သော သေရည်၊ ၄။ ကိဏ္ဏ

http://www.dhammadownload.com

ပက္ခိတ္တ– တဆေးခပ်ထည့်အပ်သော သေရည်၊ ၅။ သမ္ဘာရသံယုတ္တ– အမျိုးမျိုးသော အဆောက်အဦ (ပစ္စည်းဝတ္ထု) များကို ထည့်၍ ပြုလုပ်အပ်သော သေရည်။ (ဝိ၊၂။၁၄၆။) (ဒီ၊၌၊၃၂၇။) (သံ၊၌၊၃၃၄။) (အဘိ၊၌၊၂။၃၆၅။) (ခုဒ္ဒက၊၌။၁၇။) (ဣတိဝုတ်၊၌။၂၂၁။) (ဝိမာန၊၌။၆၆။) (မဟာနိ၊၌။၃၁၀။) (သာရတ္ထ၊ဋီ၊၃။၂၅၂။) (ဝိ၊မြန်၊၂။၁၆၄။)

သေရည် အရက် သောက်ခြင်း အပြစ် ၆ ပါး ၁။ ဥစ္စာ ဆုတ်ယုတ်ခြင်း၊ ၂။ ခိုက်ရန် ဖြစ်ပွားတတ်ခြင်း၊ ၃။ အနာရောဂါ ဖြစ်တတ်ခြင်း၊ ၄။ အရှိန်အစော်မဲ့တတ်ခြင်း၊ ၅။ လျှို့ဝှက်အပ်သည်ကို ဖော်ပြတတ်ခြင်း၊ ၆။ ပညာ၏ အားနည်းသည်ကို ပြုတတ်ခြင်း။ (ဒီ၊၃။၁၄၈။) (ဒီ၊မြန်၊၃။၁၆၅။)

သောစေယျ ၃ ပါး ၁။ ကာယသောစေယျ– ကာယဒွါရ–ကိုယ်၌ စင်ကြယ်ခြင်း၊ ၂။ ဝစီသောစေယျ– ဝစီဒွါရ–နှုတ်၌ စင်ကြယ်ခြင်း၊ ၃။ မနောသောစေယျ– စိတ်၌ စင်ကြယ်ခြင်း။ (ခုဒ္ဒက။၂၃၃။) (ခုဒ္ဒက၊မြန်။၂၁၇။)

သောတ ၂ မျိုး ၁။ ဒိဗ္ဗသောတ– နတ်တို့၏ ဥစ္စာဖြစ်သော မံသသောတနှင့် တူသော အဘိညာဉ်ဉာဏ်၊ ၂။ တဏှာသောတ– တဏှာဟူသော ရေအယဉ်။ (ယမက၊၁။၇၅–၇၆။) (ယမက၊၁။၁၉၈။)

သောတ ၅ မျိုး ၁။ တဏှာသောတ– တဏှာဟူသော ရေအယဉ်၊ ၂။ ဒိဋ္ဌိသောတ– ဒိဋ္ဌိဟူသော ရေအယဉ်၊ ၃။ ကိလေသာသောတ– ကိလေသာဟူသော ရေအယဉ်၊ ၄။ ဒုစ္စရိတသောတ– ဒုစရိုက်ဟူသော ရေအယဉ်၊ ၅။ အဝိဇ္ဇာသောတ–အဝိဇ္ဇာဟူသော ရေအယဉ်။ (စူဠနိ။၃၀။)

သောတဝိညေယျသဒ္ဒ ၂ မျိုး ၁။ သေဝိတမ္ဘသောတဝိညေယျသဒ္ဒ–ဤသောတဝိညာဉ်ဖြင့် သိအပ်သော သဒ္ဒါရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ ယုတ်လျော့၍ ကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော သောတဝိညေယျသဒ္ဒ၊ ၂။ အသေဝိတမ္ဘ သောတဝိညေယျသဒ္ဒ–ဤသောတဝိညာဉ်ဖြင့် သိအပ်သော သဒ္ဒါရုံကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော သောတဝိညေယျသဒ္ဒ။ (ဒီ၊၂။၂၂၅။) (ဒီ၊မြန်၊၂။၂၅၂။)

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။)

သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရကျိုး ၆ ပါး ၁။ သူတော်ကောင်းတရား၌ မြဲခြင်း၊ ၂။ သူတော်ကောင်းတရား၌ မဆုတ်ယုတ်သော သဘောရှိခြင်း၊ ၃။ ထိုသောတာပန်ပုဂ္ဂိုလ်၏ ဆင်းရဲသည် အပိုင်းအခြားကို ပြုပြီးဖြစ်ခြင်း၊ ၄။ ပုထုဇဉ်တို့နှင့် မဆက်ဆံသော ဉာဏ်နှင့် ပြည့်စုံခြင်း၊ ၅။ သောတာပန်ပုဂ္ဂိုလ်သည် အကြောင်းကိုလည်း ကောင်းစွာ မြင်ခြင်း၊ ၆။ အကြောင်းကြောင့်ဖြစ်သော အကျိုးကိုလည်း ကောင်းစွာ မြင်ခြင်း။ (အံ၊၂။၃၈၄။) (အံ၊မြန်၊၂။၄၈၅။)

http://www.dhammadownload.com

သောတာပတ္တိမဂ်ကြောင့် ကင်းသော အနုသယ ၂ ပါး ၁။ ဒိဋ္ဌာနုသယ– သတ္တဝါတို့၏ သန္တာန်၌ ကိန်းဝပ်တည်နေတတ်သော ဒိဋ္ဌိဟူသော အငုပ်ဓာတ်၊ ၂။ ဝိစိကိစ္ဆာနုသယ– သတ္တဝါတို့ သန္တာန်၌ ကိန်းဝပ်တည်နေတတ်သော ဝိစိကိစ္ဆာ။ (ပဋိသံ။၂၈၅) (ပဋိသံ၊မြန်။၃၄၃။)

သောတာပတ္တိမဂ် ပယ်အပ်သော သံယောဇဉ် ၃ ပါး ၁။ သက္ကာယဒိဋ္ဌိ သံယောဇဉ်။ ၂။ ဝိစိကိစ္ဆာသံယောဇဉ်၊ ၃။ သီလဗ္ဗတပရာမာသ သံယောဇဉ်။ (အဘိ၊ဓ။၂၀၇။) (အဘိ၊ဓ။၂၀၉။) (အဘိ၊ဓ။၂၄၉။) (အဘိ၊က။၁၄၃။) (အဘိ၊က။၁၄၉။) (အဘိ၊က။၁၆၉။) (အဘိ၊က။၉၁။) (ပဋိသံ။ ၂၈၅။) (ခုဒ္ဒက။၆။) (အဘိ၊ဓ၊မြန်။၃၇၃၊၃၇၇၊၄၆၅။) (အဘိ၊ဓ၊မြန်။၃၇၃၊၃၇၇၊၄၆၅။) (အဘိ၊ဓ၊မြန်။၃၇၃၊၃၇၇၊၄၆၅။) (အဘိ၊က၊မြန်၊၁။၁၅၆။) (အဘိ၊က၊မြန်၊၁။၁၅၆။) (အဘိ၊က၊မြန်၊၁။၁၅၆။) (အဘိ၊က၊မြန်၊၁။၁၅၆။) (ပဋိသံ၊မြန်။၃၄၃။) (ခုဒ္ဒက၊မြန်။၆။)

သောတာပတ္တိမဂ်ဖြင့် ကောင်းစွာ ဖြတ်အပ်သော တရား ၅ ပါး ၁။ သက္ကာယဒိဋ္ဌိ– မိမိကိုယ်အတွက်ဘောထင်ရှားရှိသည်ဟူသော အယူ၊ ၂။ ဝိစိကိစ္ဆာ– ယုံမှားတွေးတော မဆုံးဖြတ်နိုင်ခြင်း သို့လောသို့လော သံသယဖြစ်ခြင်း၊ ၃။ သီလဗ္ဗတပရာမာသ– အလေ့အကျင့်ကို မှားသောအားဖြင့် သုံးသပ်ခြင်း၊ ၄။ ဒိဋ္ဌာနုသယ– သတ္တဝါတို့၏ သန္တာန်၌ ကိန်းဝပ်တည်နေ တတ်သော ဒိဋ္ဌိဟူသော အငုပ်ဓာတ်၊ ၅။ ဝိစိကိစ္ဆာနုသယ– သတ္တဝါတို့ သန္တာန်၌ ကိန်းဝပ်တည်နေတတ်သော ဝိစိကိစ္ဆာ၊ (ဤတရား ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏)။ (ပဋိသံ။၇၀။) (ပဋိသံ၊မြန်။၉၂။)

သောတာပတ္တိမဂ် ပယ်အပ်သော စိတ် ၅ ပါး ၁။ ဒိဋ္ဌိနှင့် တကွ ယှဉ်သော စိတ် ၄ ပါး၊ ၂။ ဝိစိကိစ္ဆာနှင့် တကွဖြစ်သော စိတ် ၁ ပါး။ (အဘိ၊ဋ္ဌ၊၁။၂၇၇။)

သောတာပတ္တိမဂ် ပယ်အပ်သော ဥပက္ကိလေသာ ၆ ပါး ၁။ သူ့ကျေးဇူးကို ဖျောက်ဖျက်တတ်ခြင်း လက္ခဏာရှိသော မက္ခ၊ ၂။ အပြိုင်ပြုသောအားဖြင့် ယူခြင်း ပဠာသ၊ ၃။ သူတစ်ပါးတို့၏ အရှိအသေပြုခြင်း အစရှိသည်တို့ကို ရူတ်ချခြင်း ဣဿာ၊ ၄။ မိမိ၏ သက်ရှိ, သက်မဲ့ ဥစ္စာကို သူတစ်ပါးတို့နှင့် ဆက်ဆံသည်၏ အဖြစ်ကို သည်းမခံနိုင်ခြင်း မစ္ဆရိယ၊ ၅။ လှည့်ပတ်တတ်သော မာယာ၊ ၆။ စဉ်းလဲကောက်ကျစ်သော သဘောရှိသော သာဌေယျ။ (မ၊ဋ္ဌ၊၁။၁၇၅။)

သောတာပတ္တိမဂ် မရကြောင်း တရား ၆ ပါး ၁။ သက္ကာယဒိဋ္ဌိကို မပယ်ခြင်း၊ ၂။ ဝိစိကိစ္ဆာကို မပယ်ခြင်း၊ ၃။ သီလဗ္ဗတပရာမာသကို မပယ်ခြင်း၊ ၄။ အပါယ်ရောက်ကြောင်း ရာဂကို မပယ်ခြင်း၊ ၅။ အပါယ်ရောက်ကြောင်း ဒေါသကို မပယ်ခြင်း၊ ၆။ အပါယ်ရောက်ကြောင်း မောဟကို မပယ်ခြင်း။ (အံ၊၂။၃၈၁–၃၈၂။) (အံ၊မြန်၊၂။၄၈၁။)

သောတာပတ္တိမဂ် ရကြောင်း တရား ၆ ပါး ၁။ သက္ကာယ ဒိဋ္ဌိကို ပယ်ခြင်း၊ ၂။ ဝိစိကိစ္ဆာကို ပယ်ခြင်း၊ ၃။ သီလဗ္ဗတပရာမာသကို ပယ်ခြင်း၊ ၄။ အပါယ်သို့ ရောက်ကြောင်း ရာဂကို ပယ်ခြင်း၊ ၅။ အပါယ်သို့ ရောက်ကြောင်း ဒေါသကို ပယ်ခြင်း၊ ၆။ အပါယ်သို့ ရောက်ကြောင်း မောဟကို ပယ်ခြင်း။! (အံ၊၂။၃၈၁၊၃၈၂။) (အံ၊မြန်၊၂။၄၈၁။)

သောတာပတ္တိမဂ် ရကြောင်း အင်္ဂါ ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း– သပ္ပုရိသသံသေဝ၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း– သဒ္ဓမ္မသဝန၊ ၃။ အသင့်နှလုံးသွင်းခြင်း– ယောနိသော

http://www.dhammadownload.com

မနသိကာရ၊ ၄။ လောကုတ္တရာအားလျော်သော အကျင့်ကို ကျင့်ခြင်း– ဓမ္မာနုဓမ္မပဋိပတ္တိ။ (ဒီ၊၃။၁၉၀။) (ပဋိသံ။၂၁၁။) (ဒီ၊မြန်၊၃။၂၁၁။) (ပဋိသံ၊မြန်။၂၆၂။)

သောတာပတ္တိအင်္ဂါ ၄ ပါး တို့၌ ကွန်ခြေငါးပါး ဖြစ်ပုံ (သောတာပတ္တိအင်္ဂါ ၄ ပါးတို့၌ သဒ္ဓါခြေ၏ အစွမ်းအားဖြင့် ကွန်ခြေငါးပါးတို့ကို မှတ်ကြောင်း အခြင်းအရာ ၂၀) ၁။ ဆုံးဖြတ်ခြင်းကို အကြီးအမှူးပြုသောအားဖြင့် သဒ္ဓါခြေကို မှတ်ခြင်း၊ ၂။ ချီးမြှောက်ခြင်း သဘောအားဖြင့် ဝီရိယခြေကို မှတ်ခြင်း၊ ၃။ ရှေးရှုထင်သော သဘောအားဖြင့် သတိခြေကို မှတ်ခြင်း၊ ၄။ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိခြေကို မှတ်ခြင်း၊ ၅။ မြင်တတ်သော သဘောအားဖြင့် ပညာခြေကို မှတ်ခြင်းအားဖြင့် သူတော်ကောင်းကို မှီဝဲခြင်း၌ သောတာပတ္တိအင်္ဂါငါးပါး (သူတော်ကောင်းတရား ကြားနာခြင်း သောတာပတ္တိအင်္ဂါ– အသင့်နှလုံးသွင်းခြင်း သောတာပတ္တိအင်္ဂါ၊ လောကုတ္တရာတရား အားလျော်သော အကျင့်ကို ကျင့်ခြင်း သောတာပတ္တိအင်္ဂါတို့၌လည်း အလားတူ ငါးပါးစီးပွားခြင်းဖြင့် သောတာပတ္တိအင်္ဂါ လေးပါးတို့၌ အခြင်းအရာ (၂၀) ဖြစ်သတည်း) ။ (ပဋိသံ။၂၁၁။) (ပဋိသံ၊မြန်။၂၆၂။)

သောတာပန် ၃ မျိုး ၁။ ဧကဗီဇီ သောတာပန်– လူ့ပြည်၌ တစ်ဘဝသာလျှင် ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်သွားသည့် သောတာပန်၊ ၂။ ကောလံကောလ သောတာပန်– အမျိုးတစ်ခုမှ အမျိုးတစ်ခုသို့ နှစ်ဘဝ သုံးဘဝ ကျင်လည်ပြီး ရဟန္တာဖြစ်သွားသည့် သောတာပန်၊ ၃။ သတ္တက္ခတ္တုပရမ သောတာပန်– လူ့ပြည် နတ်ပြည်တို့၌ ခုနစ်ကြိမ်ကျင်လည်ပြီး ရဟန္တာ ဖြစ်သွားသည့် သောတာပန်။ (သံ၊၄၊၃၊၂၇၀။) (ခုဒ္ဒက၊၄။၁၅၂ ၁၅၆။) (ဣတိဝု၊၄။၈၂။)

သောတာပန် ၅ မျိုး ၁။ ဧကဗီဇီ သောတာပန်– တစ်ကြိမ်သာလျှင် ပဋိသန္ဓေနေခြင်းဟူသော မျိုးစေ့ရှိသော သောတာပန်၊ ၂။ ကောလံကောလ သောတာပန်– မြင့်မြတ်သော အမျိုးမှ မြင့်မြတ်သော အမျိုးသို့ သွားသော သောတာပန်၊ ၃။ သတ္တက္ခတ္တုပရမ သောတာပန်– ခုနှစ်ကြိမ် သာလျှင် ပဋိသန္ဓေနေခြင်းရှိသော သောတာပန်၊ ၄။ သဒ္ဓါနုသာရီသောတာပန်– သဒ္ဓါတရားကို အဖန်တလဲလဲ အောက်မေ့တတ်သော သောတာပန်၊ ၅။ ဓမ္မာနုသာရီ သောတာပန်– ဝိပဿနာပညာတရားဖြင့် အရိယမဂ်ဟူသော အယဉ်သို့ ရောက်သော သောတာပန်။ (နေတ္တိ၊၌။၁၆၄။)

သောတာပန်တို့ မပြုတော့သော တရား ၆ ပါး ၁။ အမိကို သတ်ခြင်း၊ ၂။ အဖကို သတ်ခြင်း၊ ၃။ ရဟန္တာကို သတ်ခြင်း၊ ၄။ သံဃာကို သင်းခွဲခြင်း၊ ၅။ ဘုရားရှင်၏ ကိုယ်အင်္ဂါကို သွေးထွက်အောင် ပြုခြင်း၊ ၆။ (သေလွန်သည်၏ အခြားမဲ့၌ ငရဲ၌ အကျိုးပေးခြင်း) မြဲသော အယူမှား အမြင်မှား မိစ္ဆာ (ဒိဋ္ဌိ) အယူ။(ခုဒ္ဒက။၆။) (ခုဒ္ဒက၊ မြန်။၆။)

သောတာပန်တို့ မျက်မှောက် ရနိုင်သော အကျိုး ၄ မျိုး ၁။ ဘုရားရှင်၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံခြင်း၊ ၂။ ဘုရားရှင်၏ တရားတော်၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံခြင်း၊ ၃။ အရိယာသံဃာတော်များ၌ သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံခြင်း၊ ၄။ မကျိုးမပေါက် မပြောက် မကျားသော အရိယာပုဂ္ဂိုလ်တို့ နှစ်သက်သော သီလနှင့် ပြည့်စုံခြင်း။ (အံ၊၂။၁၈၆။) (အံ၊မြန်၊၂။၂၃၈။)

သောတာပန္နော၌ သောတ ၈ မျိုး (မဂ္ဂင် ၈ပါးနှင့် တူသည်) ၁။ သမ္မာဒိဋ္ဌိ၊ ၂။ သမ္မာသင်္ကပ္ပ၊ ၃။ သမ္မာဝါစာ၊ ၄။ သမ္မာကမ္မန္တ၊ ၅။ သမ္မာအာဇီဝ၊ ၆။ သမ္မာဝါယာမ၊ ၇။ သမ္မာသတိ၊ ၈။ သမ္မာသမာဓိ။ (ဝိ၊၌၊၁။၁၆၃။)

http://www.dhammadownload.com

သောတာပန်ပုဂ္ဂိုလ် ငြိမ်းပြီးသော ဘေးရန် ၅ ပါး ၁။ သူ့အသက် သတ်ခြင်းလျှင် အကြောင်း ရှိသော မျက်မှောက်ဘဝ တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်၊ ၂။ သူ့ဥစ္စာ ခိုးခြင်းလျှင်၊ ၃။ သူတစ်ပါး သားမယားတို့၌ ကျူးလွန်ခြင်းလျှင်၊ ၄။ မုသားစကား ပြောကြားခြင်းလျှင်၊ ၅။ သေရည်အရက်, မူးယစ်ဆေးဝါး သောက်စား မှီဝဲခြင်းလျှင် အကြောင်းရှိသော မျက်မှောက်ဘဝ တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်။ (သံ၊၁။၂၉၈။) (သံ၊၁။၃၀၀။) (အံ၊၃။၂၀၅-၂၀၇။) (အံ၊၃။၄၀၄။) (သံ၊မြန်၊၁။၂၈၅။) (သံ၊မြန်၊၁။၂၈၅။) (အံ၊မြန်၊၃။၂၀၅၊၃၉၇။) (အံ၊မြန်၊၃။၂၀၅၊၃၉၇။)

သောတာပန်ပုဂ္ဂိုလ် ပယ်အပ်သော တရား ၆ ပါး ၁။ သက္ကာယဒိဋ္ဌိ- မိမိကိုယ် အတ္တဘော ထင်ရှား ရှိသည်ဟူသော အယူ၊ ၂။ ဝိစိကိစ္ဆာ- ယုံမှားတွေးတော မဆုံးဖြတ်နိုင်ခြင်း သို့လော သို့လော သံသယဖြစ်ခြင်း ဝိစိကိစ္ဆာ စေတသိက်၊ ၃။ သီလဗ္ဗတပရာမာသ- အလေ့အကျင့်ကို မှားသော အားဖြင့် သုံးသပ်ခြင်း၊ ၄။ အပါယ်ရောက်စေတတ်သော ရာဂ၊ ၅။ အပါယ်ရောက်စေတတ်သော ဒေါသ၊ ၆။ အပါယ်ရောက်စေတတ်သော မောဟ။ (အံ၊၂။၃၈၂။) (အံ၊မြန်၊၂။၄၈၁။)

သောတာပန်ပုဂ္ဂိုလ်အား မပြုထိုက်သော အရာ ၆ မျိုး (ဒုတိယ အဘဗ္ဗဌာနသုတ်) ၁။ တစ်စုံတစ်ခုသော သခ်ါရတရားကို နိစ္စအားဖြင့် ကပ်၍ ရှုရန် မထိုက်ခြင်း၊ ၂။ တစ်စုံတစ်ခုသော သခ်ါရတရားကို သုခအားဖြင့် ကပ်၍ ရှုရန် မထိုက်ခြင်း၊ ၃။ တစ်စုံတစ်ခုသော သခ်ါရတရားကို အတ္တအားဖြင့် ကပ်၍ ရှုရန် မထိုက်ခြင်း၊ ၄။ ပဉ္စာနန္တရိယကံကို ပြုရန် မထိုက်ခြင်း၊ ၅။ ကောတူဟလမင်္ဂလာ (ဒိဋ္ဌ-သုတမင်္ဂလာ) ဖြင့် စင်ကြယ်ခြင်းသို့ တစ်ဖန် ကပ်ရောက်ရန် မထိုက်ခြင်း၊ ၆။ ဤမြတ်စွာဘုရား၏ သာသနာတော်မှ တစ်ပါး အပြင်ပဋ္ဌ အလှူခံပုဂ္ဂိုလ်ကို ရှာမှီးရန် မထိုက်ခြင်း။ (အံ၊၂။၃၈၂။) (အံ၊မြန်၊၂။၄၈၂-၄၈၃။)

သောတာပန်ပုဂ္ဂိုလ် မပြုနိုင်သော အရာ ၆ မျိုး (တစ်နည်း) (ပထမ အဘဗ္ဗဌာန) ၁။ ဘုရား၌ မရှိမသေ မနေနိုင်ခြင်း၊ ၂။ တရား၌ မရှိမသေ မနေနိုင်ခြင်း၊ ၃။ သံဃာ၌ မရှိမသေ မနေနိုင်ခြင်း၊ ၄။ အကျင့်သိက္ခာ၌ မရှိမသေ မနေနိုင်ခြင်း၊ ၅။ ကံ (၅) ပါး ဒိဋ္ဌိ ၆၂ ပါးသို့ မကပ်ရောက်နိုင်ခြင်း၊ ၆။ ရှစ်ကြိမ်မြောက် ကာမသုဂတိဘဝသို့ မရောက်နိုင်ခြင်း။ (အံ၊၂။၃၈၂။) (အံ၊မြန်၊၂။၄၈၂။)

သောတာပန်ပုဂ္ဂိုလ်အား မထိုက်သော အရာ ၆ မျိုး(တစ်နည်း) ၁။ မြတ်စွာဘုရား၌ မရှိသေ မတုပ်ဝပ်ဘဲ နေထိုင်ရန် မထိုက်ခြင်း၊ ၂။ တရားတော်၌ မရှိသေ မတုပ်ဝပ်ဘဲ နေထိုင်ရန် မထိုက်ခြင်း၊ ၃။ သံဃာတော်၌ မရှိသေ မတုပ်ဝပ်ဘဲ နေထိုင်ရန် မထိုက်ခြင်း၊ ၄။ အကျင့်သိက္ခာ၌ မရှိသေ မတုပ်ဝပ်ဘဲ နေထိုင်ရန် မထိုက်ခြင်း၊ ၅။ ကံငါးပါး ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါးဟု ဆိုအပ်သော မကပ်ရောက်အပ်သော ဌာနသို့ တစ်ဖန် ကပ်ရောက်ရန် မထိုက်ခြင်း၊ ၆။ ရှစ်ကြိမ်မြောက်အထိ ကာမသုဂတိဘဝကို ဖြစ်စေရန် မထိုက်ခြင်း။ (အံ၊၂။၃၈၂။) (အံ၊မြန်၊၂။၄၈၂။)

သောတာပန်ပုဂ္ဂိုလ် မပြုနိုင်သော အရာ ၆ မျိုး (တစ်နည်း) (တတိယအဘဗ္ဗဌာန) ၁။ အဓိရင်းကို သတ်ရန် မဖြစ်နိုင်ခြင်း၊ ၂။ အဖရင်းကို သတ်ရန် မဖြစ်နိုင်ခြင်း၊ ၃။ ရဟန္တာကို သတ်ရန် မဖြစ်နိုင်ခြင်း၊ ၄။ မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးကို ဖြစ်စေရန်

http://www.dhammadownload.com

မဖြစ်နိုင်ခြင်း၊ ၅။ သံဃာကို သင်းခွဲရန် မဖြစ်နိုင်ခြင်း၊ ၆။ မြတ်စွာဘုရားမှ အခြားသူတို့ကို ဆရာဟူ၍ ညွှန်ပြရန် မဖြစ်နိုင်ခြင်း။ (အံ၊၂။၃၈၃။) (အံ၊မြန်၊၂။၄၈၃။)

သောတာပန်ပုဂ္ဂိုလ် မပြုနိုင်သော အရာ ၆ မျိုး (တစ်နည်း) (စတုတ္ထအဘိဓမ္မဋ္ဌာန) ၁။ မိမိ ပြုအပ်သော ချမ်းသာ ဆင်းရဲသို့ တစ်ဖန် မကပ်ရောက်နိုင်ခြင်း၊ ၂။ သူတစ်ပါးပြုအပ်သော ချမ်းသာ ဆင်းရဲသို့ တစ်ဖန် မကပ်ရောက်နိုင်ခြင်း၊ ၃။ မိမိ သူတစ်ပါး ပြုအပ်သော ချမ်းသာ ဆင်းရဲသို့ တစ်ဖန် မကပ်ရောက်နိုင်ခြင်း၊ ၄။ မိမိ မပြုအပ်သော အကြောင်းကို မစွဲမူ၍ ဖြစ်သော ချမ်းသာ ဆင်းရဲသို့ တစ်ဖန် မကပ်ရောက်နိုင်ခြင်း၊ ၅။ မိမိ သူတစ်ပါး မပြုအပ်သော အကြောင်းကို မစွဲမူ၍ ချမ်းသာ ဆင်းရဲသို့ တစ်ဖန် မကပ်ရောက်နိုင်ခြင်း၊ ၆။ အကြောင်းအကျိုးကို မမြင်မူ၍ ဖြစ်သော ချမ်းသာ ဆင်းရဲသို့ တစ်ဖန် မကပ်ရောက် နိုင်ခြင်း။ (အံ၊၂။၃၈၃။) (အံ၊မြန်၊၂။၄၈၃-၄၈၄။)

သောတာပန်ပုဂ္ဂိုလ်အား မထိုက်သော အရာ ၆ မျိုး (တစ်နည်း) ၁။ သောတာပန်ပုဂ္ဂိုလ်သည် အမိရင်းကို သတ်ရန် မထိုက်ခြင်း၊ ၂။ သောတာပန်ပုဂ္ဂိုလ်သည် အဖရင်းကို သတ်ရန် မထိုက်ခြင်း၊ ၃။ သောတာပန်ပုဂ္ဂိုလ်သည် ရဟန္တာကို သတ်ရန် မထိုက်ခြင်း၊ ၄။ မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးစိမ်းတည်အောင် ပြုရန် မထိုက်ခြင်း၊ ၅။ သံဃာ သင်းခွဲရန် မထိုက်ခြင်း၊ ၆။ မြတ်စွာဘုရားမှ တစ်ပါး အခြားသော ပုဂ္ဂိုလ်တို့ကို ဆရာဟူ၍ ညွှန်ပြရန် မထိုက်ခြင်း။ (အံ၊၂။၃၈၃။) (အံ၊မြန်၊၂။၄၈၃။)

သောတာပန်ပုဂ္ဂိုလ်အား မထိုက်သော အရာ ၆ မျိုး (တစ်နည်း) ၁။ မိမိပြုအပ်သော ချမ်းသာ ဆင်းရဲကို အတ္တဒိဋ္ဌအစွမ်းအားဖြင့် တစ်ဖန် ကပ်ရောက်ရန် မထိုက်ခြင်း၊ ၂။ သူတစ်ပါး ပြုအပ်သော ချမ်းသာဆင်းရဲကို အတ္တဒိဋ္ဌအစွမ်းအားဖြင့် တစ်ဖန် ကပ်ရောက်ရန် မထိုက်ခြင်း၊ ၃။ မိမိ,သူတစ်ပါး နှစ်ဦးသားတို့ ပြုအပ်သော ဆင်းရဲကို အတ္တဒိဋ္ဌအစွမ်းအားဖြင့် တစ်ဖန် ကပ်ရောက်ရန် မထိုက်ခြင်း၊ ၄။ မိမိမပြုအပ်သော အကြောင်းကို မစွဲမူ၍ ဖြစ်သော ချမ်းသာဆင်းရဲကို အတ္တဒိဋ္ဌအစွမ်းအားဖြင့် တစ်ဖန် ကပ်ရောက်ရန် မထိုက်ခြင်း၊ ၅။ သူတစ်ပါး မပြုအပ်သော အကြောင်းကို မစွဲမူ၍ ဖြစ်သော ချမ်းသာဆင်းရဲကို အတ္တဒိဋ္ဌ အစွမ်းအားဖြင့် တစ်ဖန် ကပ်ရောက်ရန် မထိုက်ခြင်း၊ ၆။ မိမိ,သူတစ်ပါး နှစ်ဦးသားတို့ မပြုအပ်သော အကြောင်းကို မစွဲမူ၍ ဖြစ်သော ချမ်းသာဆင်းရဲကို အတ္တဒိဋ္ဌအစွမ်းအားဖြင့် တစ်ဖန် ကပ်ရောက်ရန် မထိုက်ခြင်း။ (အံ၊၂။၃၈၃။) (အံ၊မြန်၊၂။၄၈၃။)

သောတာပန်ပုဂ္ဂိုလ် ပြုမလွယ်တော့သည့် အရာ ၄ဌာန ၆ မျိုး ၁။ မာတုဃာတက- အမိသတ်ခြင်း၊ ၂။ ပိတုဃာတက- အဖသတ်ခြင်း၊ ၃။ အရဟန္တဃာတက- ရဟန္တာသတ်ခြင်း၊ ၄။ လောဟိတုပ္ပါဒက- ဘုရားရှင်အား သွေးစိမ်းတည်အောင် ပြုခြင်း၊ ၅။ သံဃဘေဒက- သံဃာ သင်းခွဲခြင်း၊ ၆။ အညသတ္ထာရုဒ္ဒေသ- သဗ္ဗညုမြတ်စွာဘုရားမှ တစ်ပါး အခြားသော သာသနာပြင်ပ တိတ္ထိတို့အား ဆရာဟု ညွှန်ပြခြင်း။ (ခုဒ္ဒက၊၌။၁၅၈။)

သောတာပန်ပုဂ္ဂိုလ် ၂၄ ယောက် ၁။ သဒ္ဓါကို အဦးပြုသော ဧကဗီဇီသောတာပန်ပုဂ္ဂိုလ် တစ်ယောက်၊ ၂။ ပညာကို အသုံးပြုသော ဧကဗီဇီသောတာပန် ပုဂ္ဂိုလ် တစ်ယောက်၊ ၃။ အထက်ပါ ပုဂ္ဂိုလ် နှစ်ယောက်၌ ကျင့်စဉ်ပဋိပဒါ လေးမျိုး ကွဲပြားသဖြင့် ပဋိပဒါလေးပါးနှင့် မြှောက်,

http://www.dhammadownload.com

ရှစ်ယောက်ဖြစ်၏၊ ၄။ ထို့အတူ ကောလံကောလသောတာပန်လည်း ရှစ်ယောက် သတ္တက္ခတ္တုပရမ သောတာပန်လည်း ရှစ်ယောက် စုစုပေါင်း ၂၄ ယောက် ဖြစ်၏။ (အံ၊၆၊၂၊၂၁၈။)

သောတာပန်ပုဂ္ဂိုလ်၏ သန္တာန်၌ မဖြစ်သော တရား ၆ ပါး ၁။ သက္ကာယ ဒိဋ္ဌိ၊ ၂။ ဝိစိကိစ္ဆာ၊ ၃။ သီလဗ္ဗတပရာမာသ၊ ၄။ အပါယ်သို့ ရောက်ကြောင်း ရာဂ၊ ၅။ အပါယ်သို့ ရောက်ကြောင်း ဒေါသ၊ ၆။ အပါယ်သို့ ရောက်ကြောင်း မောဟ။ (အံ၊၂။၃၈၁–၃၈၂။) (အံ၊မြန်၊၂။၄၈၂။)

သောတာပန်ပုဂ္ဂိုလ် အင်္ဂါ ၄ ပါး ၁။ အရဟံ စသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသော မြတ်စွာဘုရား၌ တုန်လှုပ်ခြင်း မရှိသော ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ သွက္ခာတတာ စသော ဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံသော တရားတော်၌ တုန်လှုပ်ခြင်း မရှိသော ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၃။ သုပွဋိပန္နံ စသော ဂုဏ်တော် ကိုးပါးတို့နှင့် ပြည့်စုံသော သံဃာတော်၌ တုန်လှုပ်ခြင်း မရှိသော ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၄။ အရိယာပုဂ္ဂိုလ်တို့ နှစ်သက် မြတ်နိုးအပ်သော ကျိုးပေါက် ပြောက်ကြားခြင်း မရှိသော ငါးပါးသီလနှင့် ပြည့်စုံခြင်း။ (ဒီ၊၃။၁၉၀။) (သံ၊၁။၂၉၉။) (သံ၊၃။၂၉၉။) (သံ၊၃။၃၄၉။) (သံ၊၃။၃၄၁။) (သံ၊၃။၃၄၆။) (အံ၊၃။၂၀၆–၂၀၇။) (အံ၊၃။၄၀၅။) (ဒီ၊မြန်၊၃။ ၂၁၁။) (သံ၊မြန်၊၁။၂၈၇။) (သံ၊မြန်၊၁။၂၈၇။) (သံ၊၁။၃၀၀။) (သံ၊မြန်၊၃။၃၀၀။) (သံ၊မြန်၊၃။ ၃၄၂–၃၄၄။) (သံ၊မြန်၊၃။၃၄၂–၃၄၄။) (သံ၊မြန်၊၃။၃၄၂–၃၄၄။) (အံ၊မြန်၊၃။၂၀၅၊၂၀၇၊၃၉၈။) (အံ၊မြန်၊၃။ ၂၀၅၊၂၀၇၊၃၉၈။)

သောတာပန် ဖြစ်ကြောင်း တရား ၅ ပါး အပါယ်မကျကြောင်း တရား ၅ ပါးနှင့် တူသည်။

သောတာပန် ဖြစ်ကြောင်း တရား ၄ ပါး ၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ ဝန်တိုမှု မစွေ့ရအညစ်အကြေး ကင်းကာ, လွတ်လွတ် စွန့်ကြဲပေးကမ်း, ဝေခြမ်းခြင်း၌ မွေ့လျော်ခြင်း။ (သံ၊၃။၃၀၂။) (သံ၊၃။၃၀၆။) (သံ၊မြန်၊၃။၃၀၄။) (သံ၊မြန်၊၃။၃၀၇။)

သောတာပန် ဖြစ်ကြောင်း အင်္ဂါ ၄ ပါး ၁။ သပ္ပုရိသသံသေဝေါ– ဘုရား ရဟန္တာ စသော သူတော်ကောင်း ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၂။ သဒ္ဓမ္မဿဝနံ– သူတော်ကောင်း တရားကို နာကြားခြင်း၊ ၃။ ယောနိသောမနသိကာရော– သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်းဟု ဆိုအပ်သော ယောနိသော မနသိကာရ ရှိခြင်း၊ ၄။ ဓမ္မာနုဓမ္မပဋိပတ္တိ– လောကုတ္တရာတရားအား လျော်သော ကျင့်ကြံအားထုတ်မှု ရှိခြင်း။ (ပဋိသံ၊၂၊၁၁။၁၀။) (ပဋိသံ၊၂၊၂။၁၃၇။)

သောတာပန် ဖြစ်ကြောင်း တရား ၆ ပါး ၁။ သက္ကာယဒိဋ္ဌိကို ပယ်ခြင်း၊ ၂။ ဝိစိကိစ္ဆာကို ပယ်ခြင်း၊ ၃။ သီလဗ္ဗတပရာမာသကို ပယ်ခြင်း၊ ၄။ အပါယ်ရောက်ကြောင်း ရာဂကို ပယ်ခြင်း၊ ၅။ အပါယ်ရောက်ကြောင်း ဒေါသကို ပယ်ခြင်း၊ ၆။ အပါယ်ရောက်ကြောင်း မောဟကို ပယ်ခြင်း။ (အံ၊၂။၃၈၁။) (အံ၊မြန်၊၂။၄၈၁။)

သောတာပန် မဖြစ်ကြောင်း တရား ၆ ပါး ၁။ သက္ကာယဒိဋ္ဌိကို မပယ်ခြင်း၊ ၂။ ဝိစိကိစ္ဆာကို မပယ်ခြင်း၊ ၃။ သီလဗ္ဗတပရာမာသကို မပယ်ခြင်း၊ ၄။ အပါယ်ရောက်ကြောင်း ရာဂကို

http://www.dhammadownload.com

မပယ်ခြင်း၊ ၅။ အပါယ်ရောက်ကြောင်း ဒေါသကို မပယ်ခြင်း၊ ၆။ အပါယ်ရောက်ကြောင်း မောဟကို မပယ်ခြင်း။ (အံ၊၂။၃၈၁။) (အံ၊မြန်၊၂။၄၈၁။)

သောတာပန်များ စောင့်ထိန်းသည့် သိက္ခာပုဒ် ၅ ပါး ၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးမှုမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ သေရည်အရက် သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။ (အံ၊၂။၁၈၆။) (အံ၊မြန်၊၂။၂၃၇။)

သောတာပန်ဟု ပြောဆိုနိုင်သော အင်္ဂါ ၄ ပါး ၁။ ဘုရားရှင်တို့ အပေါ်၌ လူနတ်ဗြဟ္မာ မည်သည့်သတ္တဝါ တစ်စုံတစ်ယောက်မျှ ကိုင်လှုပ် ရွေ့ရှားခြင်းငှါ မစွမ်းနိုင်သော သက်ဝင်စွဲမြဲစွာ ယုံကြည်မှု သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၂။ သွာက္ခာတော စသော ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံသော တရားတော်မြတ်အပေါ်၌ အပြီးအဆုံးတိုင် ရောက်အောင် သက်ဝင်ယုံကြည်သူ ဖြစ်ခြင်းဉ။ တရားကျင့်ဖော် ကျင့်ဖက်ဖြစ်သော သီတင်းသုံးဖော် လူတို့က ဖြစ်စေ ရဟန်းတို့က ဖြစ်စေ အလိုရှိအပ် ချစ်ခင်မြတ်နိုးအပ်သူ ဖြစ်ခြင်း၊ ၄။ အရိယာ ပုဂ္ဂိုလ်တို့ နှစ်သက်မြတ်နိုးအပ်သော ကျိုး, ပေါက်, ပြောက်, ကျားခြင်း မရှိသော ငါးပါး သီလနှင့် ပြည့်စုံသူ ဖြစ်ခြင်း။ (နေတ္တိ၊၌။၁၄၆။)

သောဘိတဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ အောက်အဝီစိမှ အထက်ဘဝဂ်, အထက်ဘဝဂ်မှ အောက်အဝီစိတိုင်အောင်သော ပရိသတ်တို့အား ဓမ္မစက်ကြာတရား ဟောကြားသောအခါ ဂဏန်းသန်္ချာအားဖြင့် မရေမတွက်နိုင်သော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါးကို ထိုးထွင်း၍ သိကြသည်၊ ၂။ နတ်တို့၏ အစည်းအဝေး၌ တရားဟောတော်မူသောအခါ ကုဋေကိုးသောင်းသော နတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်၊ ၃။ ဇယသေန မင်းသား၏ ကျောင်းတိုက်အလှူကို ချီးမွမ်းလျက် တရားဟောတော်မူသော အခါ၌ ကုဋေ တစ်ထောင်သော နတ်လူတို့ ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၃၄။) (အပ၊မြန်၊၂။၃၃၀။)

သောဘိတဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ဥဂ္ဂတမင်း၏ အလှူ၌ ရဟန္တာ ကုဋေတစ်ထောင်၊ ၂။ အသင်းအဖွဲ့အပေါင်းက ဘုရားရှင်အား အလှူဒါန်းပြုလုပ်သော အခါ၌ ရဟန္တာ ကုဋေကိုးဆယ်၊ ၃။ နတ်ပြည်မှ သက်ဆင်းတော်မူသော အခါ၌ ရဟန္တာ ကုဋေရှစ်ဆယ်တို့ စည်းဝေးကြသည်။ (အဘိ၊၌၊၁။၆၃။) (အပ၊၂။၃၃၄။) (ဇာ၊၌၊၁။၄၃။) (အပ၊မြန်၊၂။၃၃၀။)

သောဘိတဘုရားရှင်၏ အင်္ဂသာဝက ၂ ပါး ၁။ အသမထေရ်၊ ၂။ သုနေတ္တထေရ်။ (အဘိ၊၌၊ ၁။၆၃။) (ဗုဒ္ဓဝံ၊၌။၂၀၃။) (ဇာ၊၌၊၁။၄၃။)

သောဘိတဘုရားရှင်၏ အင်္ဂသာဝိကာမ ၂ ပါး ၁။ နကုလာထေရီ၊ ၂။ သုဇာတာထေရီ။ (အဘိ၊၌၊၁။၆၃။) (ဗုဒ္ဓဝံ၊၌။၂၀၃။) (ဇာ၊၌၊၁။၄၃။)

သောဘိတဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ ကုမုဒမည်သော ပြာသာဒ်ဆောင်၊ ၂။ နာဠိန မည်သော ပြာသာဒ်ဆောင်၊ ၃။ ပဒုမမည်သော ပြာသာဒ်ဆောင်။ (အပ၊ ၂။၃၃၅။) (အပ၊ မြန်၊ ၂။၃၃၁။)

http://www.dhammadownload.com

သောမနဿ ၂ မျိုး ၁။ သေဝိတဗ္ဗသောမနဿ- ဤသောမနဿကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ ယုတ်လျော့၍ ကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော သောမနဿ၊ ၂။ အသေဝိတဗ္ဗသောမနဿ- ဤသောမနဿကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော သောမနဿ။ (ဒီ၊၂။၂၂၁။) (ဒီ၊မြန်၊၂။၂၄၈။)

သောမနဿဝေဒနာနှင့် ယှဉ်သော ဆင်ခြင် သုံးသပ်ခြင်း ၆ ပါး ၁။ မျက်စိဖြင့် ရူပါရုံကို မြင်၍ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာ၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်ခြင်း၊ ၂။ နားဖြင့် သဒ္ဒါရုံကို ကြား၍ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာ၏ အကြောင်းဖြစ်သော သဒ္ဒါရုံကို ဆင်ခြင်ခြင်း၊ ၃။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်း၍ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာ၏ အကြောင်းဖြစ်သော ဂန္ဓာရုံကို ဆင်ခြင်ခြင်း၊ ၄။ လျှာဖြင့် ရသာရုံကို လျက်၍ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာ၏ အကြောင်းဖြစ်သော ရသာရုံကို ဆင်ခြင်ခြင်း၊ ၅။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို ထိ၍ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာ၏ အကြောင်း ဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ဆင်ခြင်ခြင်း၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိ၍ ဝမ်းမြောက်ခြင်း သောမနဿဝေဒနာ၏ အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်ခြင်း။ (ဒီ၊၃။၂၀၃။) (ဒီ၊မြန်၊၃။၂၂၅။)

သောမနဿုပဝိစာရ ၆ ပါး ၁။ မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော ရူပါရုံ၊ ၂။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော် ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော သဒ္ဒါရုံ၊ ၃။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော် ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော ဂန္ဓာရုံ၊ ၄။ လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော် ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော ရသာရုံ၊ ၅။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော် ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော ဓမ္မာရုံ။ (အဘိ၊၀ိ။၃၉၅။) (အဘိ၊၀ိ၊မြန်၊၂။၅၀၁။)

သောဠသ မဟာဝါရအဖွင့်၌ ဝါရ ၇ ပါး ၁။ ကတာပတ္တိဝါရ၊ ၂။ ဝိပတ္တိဝါရ၊ ၃။ သင်္ဂဟဝါရ၊ ၄။ သမုဋ္ဌာနဝါရ၊ ၅။ အဓိကရဏဝါရ၊ ၆။ သမထဝါရ၊ ၇။ သမုစ္စယဝါရ။ (ဝိ၊၆၊၄။၁၄၀။)

သော့အိမ် သော့ခလောက် လှုံ့ရက်ပျိုး ၂ ပါး ၁။ သံသရာ၌ ကျင်လည်ရစဉ် အမျက်ဒေါသ နည်းပါးသူ ဖြစ်ခြင်း၊ ၂။ ပင်ပန်းခြင်းမရှိသူ ဖြစ်ခြင်း။ (အပ၊၁။၃၆၄။) (အပ၊မြန်၊၁။၃၇၃။)

သိမ့်မှီး သိမ်းဆည်းခြင်း ၇ မျိုး ၁။ အန္နသန္နိဓိ- စားဖွယ်အစာကို သိမ့်မှီးသိမ်းဆည်းခြင်း၊ ၂။ ပါနသန္နိဓိ- သောက်ဖွယ်ဖျော်ရည်ကို သိမ့်မှီးသိမ်းဆည်းခြင်း၊ ၃။ ဝတ္ထသန္နိဓိ- အဝတ်အထည်ကို သိမ့်မှီးသိမ်းဆည်းခြင်း၊ ၄။ ယာနသန္နိဓိ- ယာဉ်ကို သိမ့်မှီးသိမ်းဆည်းခြင်း၊ ၅။ သယနသန္နိဓိ- အိပ်ရာကို သိမ့်မှီးသိမ်းဆည်းခြင်း၊ ၆။ ဂန္ဓသန္နိဓိ- နံ့သာကို သိမ့်မှီး သိမ်းဆည်းခြင်း၊ ၇။ အာမိသသန္နိဓိ- ကြွင်းသော အာမိသမှန်သမျှကို သိမ့်မှီးသိမ်းဆည်းခြင်း။ (ဒီ၊၁။၆၁။) (ဒီ၊မြန်၊၁။၆၊၇၃။)

သိုးမွေးအမည်း ၂ မျိုး ၁။ ပင်ကိုသဘာဝအားဖြင့် မည်းနက်သော သိုးမွေး၊ ၂။ အမည်းရောင် ဆိုးဆေးဖြင့် ဆိုးထားသော သိုးမွေး။ (ဝိ၊၁။၃၃၀။) (ဝိ၊မြန်၊၁။၃၄၉။)

http://www.dhammadownload.com

သံကိလေသတရားတို့၏ ဖြူစင်ကြောင်း တရား ၃ ပါး ၁။ တဏှာ သံကိလေသသည် သမထဖြင့် ဖြူစင်ခြင်း၊ ၂။ ဒိဋ္ဌိသံကိလေသသည် ဝိပဿနာဖြင့် ဖြူစင်ခြင်း၊ ၃။ ဒုစ္စရိတသံကိလေသသည် သုစရိုက်ဖြင့် ဖြူစင်ခြင်း။ (နေတ္တိ၊ဋ္ဌ။၈၀။) (နေတ္တိ၊ဋ္ဌ။၁၀၆၊၁၀၇။)

သံ ၄ မျိုး ၁။ ဇာတိလောဟ– ပင်ကိုသဘောအားဖြင့် ဖြစ်သော သတ္တု၊ သတ္တုစစ်၊ ၂။ ဝိဇာတိလောဟ–ကြေးနှင့် တူသော သံ၊ ၃။ ကိတ္တိမလောဟ– ရောစပ်ပြုလုပ်ထားသော ကြေးသတ္တု၊ ၄။ ပိသာစလောဟ– ပိသာစမည်သော သံ, သတ္တု။ (မ၊ဋီ၊၁။၆၉။)

သံကိလေသ ၃ ပါး ၁။ တဏှာသံကိလေသ– (စိတ်ကို) ညစ်ကျူး ပူပန်စေတတ်သောတဏှာ၊ ၂။ ဒိဋ္ဌိသံကိလေသ– (စိတ်ကို) ညစ်ကျူး ပူပန်စေတတ်သော ဒိဋ္ဌိ၊ ၃။ ဒုစ္စရိတသံကိလေသ– (စိတ်ကို) ညစ်ကျူးပူပန်စေတတ်သော ဒုစရိုက်။ (ပေဋကော။၂၂၅။) (နေတ္တိ၊ဋ္ဌ။၁၀၆။) (နေတ္တိ၊ဋ္ဌ။၇၉။)

သံဃက် ၄ မျိုး ၁။ အပလောကနကံ– ပန်ကြားခြင်း၊ သိစေခြင်းကံ၊ ၂။ ဉတ္တိကံ–ဉတ်ဖြင့် ပြုအပ်သော ကံ၊ ၃။ ဉတ္တိဒုတိယကံ– ဉတ်လျှင် ၂–ကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် ပြုအပ်သော ကံ၊ ၄။ ဉတ္တိစတုတ္ထကံ– ဉတ်လျှင် ၄–ကြိမ်မြောက်ရှိသော ကမ္မဝါစာဖြင့် ပြုအပ်သော ကံ။ (ဝိ၊ဋ္ဌ၊၃။၁၄၅။) (သာရတ္ထ၊ဋီ၊၂။၈၆။)

သံဃသမ္မုခတာ အင်္ဂါ ၃ ပါး ၁။ ကံအား လျောက်ပတ်သော ရဟန်းတို့ ကြွလာခြင်း၊ ၂။ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်ယူခြင်း၊ ၃။ မျက်မှောက်ဖြစ်သော ရဟန်းတို့က မတားမြစ်ခြင်း။ (ဝိ၊၄။၂၂၀။) (ဝိ၊မြန်၊၄။၂၁၇။)

သံဃသမ္မုတိကို မပေးအပ်ကြောင်း အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်ခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၈။)

သံဃာ ၅ မျိုး ၁။ လေးပါးအစုရှိသော စတုဝဂ္ဂသံဃာ၊ ၂။ ငါးပါးအစုရှိသော ပဉ္စဝဂ္ဂသံဃာ၊ ၃။ ဆယ်ပါးအစုရှိသော ဒသဝဂ္ဂသံဃာ၊ ၄။ နှစ်ဆယ်အစုရှိသော ဝီသတိဝဂ္ဂသံဃာ၊ ၅။ နှစ်ဆယ်ထက် လွန်သော အစုရှိသော အတိရေကဝီသတိဝဂ္ဂသံဃာ။ (ဝိ၊၃။၄၃၉။) (ဝိ၊မြန်၊၃။၄၄၅။)

သံဃာကို တင့်တယ်စေသော ပုဂ္ဂိုလ် ၄ မျိုး ၁။ ကျွမ်းကျင်သော, ကိုယ်နှုတ်နှလုံးကို ဆုံးမပြီးဖြစ်သော, ရဲရင့်သော, အကြားအမြင်များသော, တရားကို ဆောင်သော, တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်း၊ ၂။ ကျွမ်းကျင်သော, ကိုယ်နှုတ်နှလုံးကို ဆုံးမပြီးဖြစ်သော, ရဲရင့်သော, အကြားအမြင်များသော တရားကို ဆောင်သော, တရားအားလျော်သော အကျင့်ကို ကျင့်သော ရဟန်းမ၊ ၃။ ကျွမ်းကျင်သော, ကိုယ်နှုတ်နှလုံးကို ဆုံးမပြီးဖြစ်သော, ရဲရင့်သော, အကြားအမြင်များသော, တရားကို ဆောင်သော, တရားအားလျော်သော အကျင့်ကို ကျင့်သော ဥပါသကာ၊ ၄။ ကျွမ်းကျင်သော, ကိုယ်နှုတ်နှလုံးကို ဆုံးမပြီးဖြစ်သော, ရဲရင့်သော, အကြားအမြင်များသော, တရားကို ဆောင်သော, တရားအားလျော်သော အကျင့်ကို ကျင့်သော ဥပါသိကာမ။ (အံ၊၁။၃၁၄။) (အံ၊မြန်၊၁။၃၃၀။)

http://www.dhammadownload.com

သံဃာကို သင်းခွဲသော အလဇ္ဇီရဟန်း အင်္ဂါ ၄ ပါး ၁။ ချစ်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဆန္ဒာဂတိသို့ လိုက်ခြင်း)၊ ၂။ မုန်းသဖြင့် မလားအပ်သည်သို့ လားခြင်း (ဒေါသာဂတိသို့ လိုက်ခြင်း)၊ ၃။ တွေဝေသဖြင့် မလားအပ်သည်သို့ လားခြင်း (မောဟာဂတိသို့ လိုက်ခြင်း)၊ ၄။ ကြောက်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဘယာဂတိသို့ လိုက်ခြင်း) ။ (ဝိ၊၅။၂၂၈) (ဝိ၊မြန်၊၅။၃၁၇။)

သံဃာကွဲကြောင်း ၅ ပါး ၁။ အပလောကန စသော ကံ လေးပါးတို့တွင် တစ်ပါးပါးသော ကံကြောင့် ကွဲပြားခြင်း၊ ၂။ ပါတိမောက္ခုဒ္ဒေသ ငါးပါးတွင် တစ်ပါးပါးသော ဥဒ္ဒေသကြောင့် ကွဲပြားခြင်း၊ ၃။ အဓမ္မကို ဓမ္မ စသည်ဖြင့် ပြောဆိုခြင်းကြောင့် ကွဲပြားခြင်း၊ ၄။ သံဃာ ကွဲပြားခြင်းအားလျော်စွာ ကြားသိစေကြောင်းဖြစ်သော စကားကြောင့် ကွဲပြားခြင်း၊ ၅။ စာရေးတံကို ယူစေခြင်း (မဲခွဲဆုံးဖြတ်ခြင်း။) ကြောင့် ကွဲပြားခြင်း။ (အံ၊၆၊၁။၃၅၄။) (ဣတိဝုတ်၊၆။၆၅။)

သံဃာကွဲခြင်း၏ ရှေ့ပြေးအကြောင်း ၃ ပါး ၁။ အဓမ္မစသည်ကို ဓမ္မစသည်ဖြင့် ပြောဆိုခြင်း၊ ၂။ ရဟန်းတို့၏ စိတ်ကို ဆွဲဆောင်လျက် ကြားသိစေခြင်း၊ ၃။ စာရေးတံကို ယူစေခြင်း။ (ဣတိဝုတ်၊၆။၆၅။)

သံဃာကွဲခြင်း၏ အဓိကအကြောင်း ၂ ပါး ၁။ ကံကြောင့်၊ ၂။ ပါတိမောက်ကို ပြခြင်းကြောင့်။ (ဣတိဝုတ်၊၆။၆၅။)

သံဃာကွဲပြားကြောင်း ၅ ပါး ၁။ ကမ္မေန- အပလောကနကံ စသော ကံလေးပါးတို့တွင် တစ်ပါးပါးကြောင့် ကွဲခြင်း၊ ၂။ ဥဒ္ဒေသေန- ငါးပါးသော ပါတိမောက္ခုဒ္ဒေသတို့တွင် တစ်ပါးပါးကြောင့် ကွဲခြင်း၊ ၃။ ဝေါဟရန္တော- ဘေဒကရဝတ္ထု တစ်ဆယ့်ရှစ်ပါးကို ပြောဆိုခြင်းကြောင့် ကွဲခြင်း၊ ၄။ အနုဿာဝနေန- နန္ဒ တုမ္မေ ဇာနာထ စသော စကားမျိုးကို ထပ်ကာထပ်ကာ ပြောဆိုခြင်းကြောင့် ကွဲခြင်း၊ ၅။ သလာကဂ္ဂါဟေန- စာရေးတံမဲကို ယူစေခြင်းကြောင့် ကွဲခြင်း။ (မ၊၆၊၄။၇၅။) (ဥဒါန၊၆။၂၈၈။)

သံဃာကွဲပြားကြောင်း ဝတ္ထု ၁၈ ပါး ၁။ ရဟန်းတို့သည် မတရားသည်ကို တရား၏ဟု ပြခြင်း၊ ၂။ ရဟန်းတို့သည် တရားသည်ကို မတရားဟု ပြခြင်း၊ ၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြခြင်း၊ ၄။ ဝိနည်းကို ဝိနည်းမဟုတ်ဟု ပြခြင်း၊ ၅။ မြတ်စွာဘုရား မဟောကြားအပ်သည်ကို ဘုရားဟောကြားအပ်၏ဟု ပြခြင်း၊ ၆။ မြတ်စွာဘုရား ဟောကြားအပ်သည်ကို မြတ်စွာဘုရားသည် မဟောကြားအပ်ဟု ပြခြင်း၊ ၇။ မြတ်စွာဘုရား မလေ့ကျက်သည်ကို မြတ်စွာဘုရားသည် လေ့ကျက်အပ်၏ဟု ပြခြင်း၊ ၈။ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို မြတ်စွာဘုရားသည် မလေ့ကျက်အပ်ဟု ပြခြင်း၊ ၉။ ဘုရားရှင် မပညတ်အပ်သည်ကို ဘုရားရှင်သည် ပညတ်အပ်၏ဟု ပြခြင်း၊ ၁၀။ ဘုရားရှင် ပညတ်အပ်သည်ကို ဘုရားရှင်သည် မပညတ်အပ်ဟုပြခြင်း၊ ၁၁။ အာပတ်မဟုတ်သည်ကို အာပတ်ဟု ပြခြင်း၊ ၁၂။ အာပတ်ဟုတ်သည်ကို အာပတ်မဟုတ်ဟု ပြခြင်း၊ ၁၃။ ပေါ့သော အာပတ်ကို လေးသော အာပတ်ဟု ပြခြင်း၊ ၁၄။ လေးသောအာပတ်ကို ပေါ့သောအာပတ်ဟု ပြခြင်း၊ ၁၅။ အကြွင်းရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြခြင်း၊ ၁၆။ အကြွင်းမရှိသော အာပတ်ကို

http://www.dhammadownload.com

အကြွင်းရှိသော အာပတ်ဟု ပြခြင်း၊ ၁၇။ ရုန့်ရင်းသော အာပတ်ကို မရုန့်ရင်းသော အာပတ်ဟု ပြခြင်း၊ ၁၈။ မရုန့်ရင်းသော အာပတ်ကို ရုန့်ရင်းသော အာပတ်ဟု ပြခြင်း။ (ဝိ၊၄။၃၆၈။) (ဝိ၊မြန်၊၄၊၃၇၄။)

သံဃာကွဲပြားကြောင်း အခြင်းအရာ ၂ ပါး ၁။ ဥပုသ်ကံ အသီးသီး ပြုခြင်း၊ ၂။ စာရေးတံမဲ ယူခြင်း။ (ဝိ၊၅။၂၁၃။) (ဝိ၊မြန်၊၅။၂၉၈။)

သံဃာကွဲပြားကြောင်း အခြင်းအရာ ၅ ပါး ၁။ ကံဖြင့် ကွဲခြင်း၊ ၂။ ပါတိမောက်ပြခြင်းဖြင့် ကွဲခြင်း၊ ၃။ ဘေဒကရဝတ္ထုကို ပြောကြားသည် ဖြစ်၍ ကွဲခြင်း၊ ၄။ ထပ်ကာ ထပ်ကာ ကြားသဖြင့် ကွဲပြား၅။ စာရေးတံမဲ ယူစေခြင်း ကွဲခြင်း ။ (ဝိ၊၅။၃၄၉။) (ဝိ၊မြန်၊၅။၄၅၂။)

သံဃာကွဲပြားကြောင်း အဂ်ါ ၁၀ ပါး ၁။ တရားမဟုတ်သည်ကို တရားဟုတ်သည်ဟု ပြဆိုခြင်း၊ ၂။ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြဆိုခြင်း၊ ၃။ ဝိနည်းဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြဆိုခြင်း၊ ၄။ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟုတ်သည်ဟု ပြဆိုခြင်း၊ ၅။ မြတ်စွာဘုရား မဟောအပ်သည်ကို မြတ်စွာဘုရား ဟောအပ်သည်ဟု ပြဆိုခြင်း၊ ၆။ မြတ်စွာဘုရား ဟောအပ်သည်ကို မြတ်စွာဘုရား မဟောအပ်ဟု ပြဆိုခြင်း၊ ၇။ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို မြတ်စွာဘုရား မလေ့ကျက်အပ်ဟု ပြဆိုခြင်း၊ ၈။ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို မြတ်စွာဘုရား လေ့ကျက်အပ်သည်ဟု ပြဆိုခြင်း၊ ၉။ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်သည်ဟု ပြဆိုခြင်း၊ ၁၀။ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု ပြဆိုခြင်း။ (အံ၊၃။၃၁၄။) (အံ၊မြန်၊၃။၃၁၃။)

သံဃာကွဲပြားခြင်းကို နှစ်သက်သော ရဟန်း ရရှိမည့် အကျိုး ၄ မျိုး ၁။ ဒုဿီလရဟန်းအား ညီညွတ်သော သမဂ္ဂသံဃာသည် နှင်ထုတ် ဖျက်ဆီးနိုင်၍ မညီညွတ်သော ဝဂ်ဖြစ်သော သံဃာသည် မနှင်ထုတ် မဖျက်ဆီးနိုင်ခြင်း၊ ၂။ မိစ္ဆာဒိဋ္ဌိအယူရှိသော ဒုဿီလရဟန်းအား ညီညွတ်သော သမဂ္ဂသံဃာသည် နှင်ထုတ်ဖျက်ဆီးနိုင်၍ မညီညွတ်သော ဝဂ်ဖြစ်သော သံဃာသည် မနှင်ထုတ် မဖျက်ဆီးနိုင်ခြင်း၊ ၃။ မိစ္ဆာဇီဝနှင့် ပြည့်စုံသော ဒုဿီလရဟန်းအား ညီညွတ်သော သမဂ္ဂသံဃာသည် နှင်ထုတ်ဖျက်ဆီးနိုင်၍ မညီညွတ်သော ဝဂ်ဖြစ်သော သံဃာသည် မနှင်ထုတ် မဖျက်ဆီးနိုင်ခြင်း၊ ၄။ လာဘ်ပူဇော်သက္ကာရကို အလိုရှိသော ရဟန်းအား ညီညွတ်သော သမဂ္ဂသံဃာသည် အရိုအသေ အလေးအမြတ် စသည် မပြုမူ၍ မညီညွတ်သော ဝဂ်ဖြစ်သော သံဃာက အရိုအသေ အလေးအမြတ်စသည် ပြုခြင်း။ (အံ၊၁။၅၆၂။) (အံ၊မြန်၊၁။၅၇၇။)

သံဃာညီညွတ်ကြောင်း တရား ၁၀ ပါး ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင်များခြင်း၊ ၃။ အဆွေခင်ပွန်းကောင်း ရှိခြင်း၊ ၄။ ဆိုဆုံးမလွယ်ခြင်း၊ ၅။ အယုတ်အမြတ်ဖြစ်သော ထိုထိုကိစ္စတို့၌ ကျွမ်းကျင်ခြင်း၊ ၆။ တရားတော်ကို အလိုရှိခြင်း၊ ၇။ အကုသိုလ်တရားကို ပယ်ရန် ကုသိုလ်တရားကို တိုးပွားစေရန် ထက်သန်သော လုံ့လရှိခြင်း၊ ၈။ ရသမျှသော ပစ္စည်းလေးပါးဖြင့် ရောင့်ရဲလွယ်ခြင်း၊ ၉။ သတိနှင့် ပြည့်စုံခြင်း၊ ၁၀။ ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၃။၃၂၆။) (အံ၊မြန်၊၃။၃၂၅။)

http://www.dhammadownload.com

သံဃာညီညွတ်ကြောင်း ဝတ္ထု ၁၈ ပါး ၁။ ရဟန်းတို့သည် မတရားသည်ကို မတရားဟု ပြခြင်း၊ ၂။ တရားသည်ကို တရား၏ဟု ပြခြင်း၊ ၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြခြင်း၊ ၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်၏ဟု ပြခြင်း၊ ၅။ ဘုရားရှင် မဟောကြားအပ်သည်ကို ဘုရားရှင်သည် မဟောကြားအပ်ဟု ပြခြင်း၊ ၆။ ဘုရားရှင် ဟောကြားအပ်သည်ကို ဘုရားရှင်သည် ဟောကြားအပ်၏ဟု ပြခြင်း၊ ၇။ မြတ်စွာဘုရား မလေ့ကျက်အပ်သည်ကို မြတ်စွာဘုရားသည် မလေ့ကျက်အပ်ဟု ပြခြင်း၊ ၈။ မြတ်စွာဘုရား လေ့ကျက်အပ်သည်ကို မြတ်စွာဘုရားသည် လေ့ကျက်အပ်၏ဟု ပြခြင်း၊ ၉။ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရားသည် မပညတ်အပ်ဟု ပြခြင်း၊ ၁၀။ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရားသည် ပညတ်အပ်၏ဟု ပြခြင်း၊ ၁၁။ အာပတ်မဟုတ်သည်ကို အာပတ် မဟုတ်ဟု ပြခြင်း၊ ၁၂။ အာပတ်ဟုတ်သည်ကို အာပတ်ဟုတ်၏ဟု ပြခြင်း၊ ၁၃။ ပေါ့သော အာပတ်ကို ပေါ့သော အာပတ်ဟု ပြခြင်း၊ ၁၄။ လေးသော အာပတ်ကို လေးသော အာပတ်ဟု ပြခြင်း၊ ၁၅။ အကြွင်းရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြခြင်း၊ ၁၆။ အကြွင်း မရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟု ပြခြင်း၊ ၁၇။ ရုန့်ရင်းသော အာပတ်ကို ရုန့်ရင်းသော အာပတ်ဟု ပြခြင်း၊ ၁၈။ မရုန့်ရင်းသော အာပတ်ကို မရုန့်ရင်းသော အာပတ်ဟု ပြခြင်း။ (ဝိ၊၄။၃၆၈။) (ဝိ၊မြန်၊၄၊၃၇၄။)

သံဃာညီညွတ်ကြောင်း အင်္ဂါ ၁၀ ပါး ၁။ တရားမဟုတ်သည်ကို တရားမဟုတ်ဟု ပြဆိုခြင်း၊ ၂။ တရားဟုတ်သည်ကို တရားဟုတ်သည်ဟု ပြဆိုခြင်း၊ ၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြဆိုခြင်း၊ ၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းဟုတ်သည်ဟု ပြဆိုခြင်း၊ ၅။ မြတ်စွာ ဘုရား မဟောအပ်သည်ကို မြတ်စွာဘုရား မဟောအပ်ဟု ပြဆိုခြင်း၊ ၆။ မြတ်စွာဘုရား ဟောအပ်သည်ကို မြတ်စွာဘုရား ဟောအပ်သည်ဟု ပြဆိုခြင်း၊ ၇။ မြတ်စွာဘုရား လေ့ကျက်အပ် သည်ကို မြတ်စွာဘုရား လေ့ကျက်အပ်သည်ဟု ပြဆိုခြင်း၊ ၈။ မြတ်စွာဘုရား မလေ့ကျက်အပ် သည်ကို မြတ်စွာဘုရား မလေ့ကျက်အပ်ဟု ပြဆိုခြင်း၊ ၉။ မြတ်စွာဘုရား မပညတ်အပ်သည်ကို မြတ်စွာဘုရား မပညတ်အပ်ဟု ပြဆိုခြင်း၊ ၁၀။ မြတ်စွာဘုရား ပညတ်အပ်သည်ကို မြတ်စွာဘုရား ပညတ်အပ်သည်ဟု ပြဆိုခြင်း။ (အံ၊၃။၃၁၅။) (အံ၊မြန်၊၃။၃၁၄။)

သံဃာညီညွတ်ခြင်း ၂ မျိုး ၁။ သံဃာ၏ အမှန်စင်စစ် ညီညွတ်ခြင်းဟူသော အနက်အဓိပ္ပါယ်မှ ကင်း၍ သံဃာညီညွတ်၏ဟူသော စကားလုံးမျှသာရှိသော ညီညွတ်ခြင်း၊ ၂။ သံဃာ၏ အမှန်စင်စစ် ညီညွတ်ခြင်းဟူသော အနက်အဓိပ္ပါယ်နှင့်လည်း ပြည့်စုံ၍ သံဃာညီညွတ်၏ ဟူသော စကားလုံးလည်း ပြည့်စုံသော ညီညွတ်ခြင်း။ (ဝိ၊၃။၅၀၈။) (ဝိ၊မြန်၊၃။၅၁၄။)

သံဃာဒိသိသ် ကုစားရာ၌ နာမမတ္တဝသေနဝယ် နာမည် ၂ မျိုး ၁။ သဇာတိသာဓာရဏ်– သံဃာဒိသိသ်ဟူသော မိမိဇာတ်နှင့် ဆက်ဆံသော အမည်၊ ၂။ သဗ္ဗသာဓာရဏ်– အာပတ္တိ ဟူသော အလုံးစုံသော အာပတ်နှင့် ဆက်ဆံသော အမည်။ (ဝိ၊၆၊၄။၂၂။)

သံဃာဒိသိသ် သိက္ခာပုဒ် ၁၃ ပါး ၁။ သုက်လွတ်စေခြင်း (သုက္ကဝိဿဋ္ဌိ) သိက္ခာပုဒ်၊ ၂။ ကိုယ်လက် နှိုးနှောခြင်း (ကာယသံသဂ္ဂ) သိက္ခာပုဒ်၊ ၃။ ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုခြင်း (ဒုဋ္ဌုလ္လဝါစာ) သိက္ခာပုဒ်၊ ၄။ ကာမဂုဏ်ဖြင့် လုပ်ကျွေးရန် ပြောဆိုခြင်း (အတ္တကာမပါရိစရိယ)

http://www.dhammadownload.com

သိက္ခာပုဒ်၊ ၅။ အောင်တမန်သွားလာခြင်း (သဉ္စရိတ္တ) သိက္ခာပုဒ်၊ ၆။ ကိုယ်တိုင် တောင်းယူအပ်သော ပဲခွပ် စသည်ဖြင့် ကျောင်းဆောက်ခြင်း (သညာစိကာယ) သိက္ခာပုဒ်၊ ၇။ ကြီးမားသော ကျောင်းကို ပြုခြင်း (မဟလ္လကဝိဟာရ) သိက္ခာပုဒ်၊ ၈။ မြင်ခြင်း ကြားခြင်း ယုံမှားခြင်း အရင်းမရှိပဲ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်း (ပထမဒုဋ္ဌဒေါသ) သိက္ခာပုဒ်၊ ၉။ အမြွက်မျှကို စွဲ၍ ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်း (ဒုတိယဒုဋ္ဌဒေါသ) သိက္ခာပုဒ်၊ ၁၀။ သံဃာကို သင်းခွဲခြင်း (သံဃဘေဒက) သိက္ခာပုဒ်၊ ၁၁။ သင်းခွဲသော ရဟန်းသို့ နောက်လိုက် လုပ်ခြင်း (ဘေဒါနုဝတ္တက) သိက္ခာပုဒ်၊ ၁၂။ ဆိုဆုံးမခက်ခြင်း (ဒုဗ္ဘစ) သိက္ခာပုဒ်၊ ၁၃။ ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း (ကုလဒူသက) သိက္ခာပုဒ်။ (ဝိ၅။၁၀။) (ဝိ၊မြန်၊၅။၁၇။)

သံဃာဒိသိသ်အာပတ် ဖြစ်ကြောင်း သမုဋ္ဌာန် ၆ ပါး ၁။ ရံခါ ကိုယ်ကြောင့် ဖြစ်ကုန်၏၊ နှုတ်နှင့် စိတ်ကြောင့် မဖြစ်ကုန်၊ ၂။ ရံခါ နှုတ်ကြောင့် ဖြစ်ကုန်၏၊ ကိုယ်နှင့်စိတ်ကြောင့် မဖြစ်ကုန်၊ ၃။ ရံခါ ကိုယ်ကြောင့်လည်းကောင်း နှုတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်၊ ၄။ ရံခါ ကိုယ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ ၅။ ရံခါ နှုတ်ကြောင့်လည်းကောင်း စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်၊ ၆။ ရံခါ ကိုယ်ကြောင့်လည်းကောင်း နှုတ်ကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း ဖြစ်ကုန်၏။ (ဝိ၅။၃၆၂။) (ဝိ၊မြန်၊၅။၄၆၆။)

သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းထားခြင်း၌ မာတိကာ ၁၀ ပါး ၁။ သံဃာဒိသိသ်အာပတ် သင့်ခြင်း၊ ၂။ သံဃာဒိသိသ်အာပတ် သင့်၏ဟု အမှတ်ရှိခြင်း၊ ၃။ ပကတတ်ရဟန်း ဖြစ်ခြင်း၊ ၄။ ပကတတ်ရဟန်းဟု အမှတ်ရှိခြင်း၊ ၅။ နောင့်ယှက်တားမြစ်တတ်သော အန္တရာယ် မရှိခြင်း၊ ၆။ အန္တရာယ်မရှိဟု အမှတ်ရှိခြင်း၊ ၇။ ကုစားခြင်းငှာ စွမ်းနိုင်ခြင်း၊ ၈။ ကုစားခြင်းငှာ စွမ်းနိုင်သည်ဟု အမှတ်ရှိခြင်း၊ ၉။ သံဃာဒိသိသ်အာပတ်ကို ဖုံးကွယ်ထားလိုခြင်း၊ ၁၀။ ဖုံးကွယ်ထားခြင်း။ (ဝိ၆၊၄။၁၉။)

သံဃာဒိသိသ်အာပတ် ၂၃ မျိုး ၁။ ဘိက္ခုသံဃာဒိသေသ် ၁၃ မျိုး၊ ၂။ ဘိက္ခုနီသံဃာဒိသေသ် ၁၀ မျိုး၊ ပေါင်း ၂၃ မျိုး။ (သာရတ္ထ၊ဋီ၊၃။၄၈၆။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး ၁။ အာပတ်ကို သိခြင်း၊ ၂။ အာပတ် ဖြစ်ကြောင်း (သမုဋ္ဌာန်) ကို သိခြင်း၊ ၃။ အာပတ်၏ ပယောဂကို သိခြင်း၊ ၄။ အာပတ် ငြိမ်းခြင်းကို သိခြင်း၊ ၅။ အာပတ်ကို ဆုံးဖြတ်ခြင်း၌ လိမ္မာခြင်း။ (ဝိ၅။၃၂၁။) (ဝိ၊မြန်၊၅။၄၂၀။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဝတ္ထုကို သိခြင်း၊ ၂။ နိဒါန်းကို သိခြင်း၊ ၃။ ပညတ်ချက်ကို သိခြင်း၊ ၄။ မျက်မှောက်ပြုအပ်သော ပုဒ်ကို သိခြင်း၊ ၅။ ရှေ့နောက် စကားစပ်ကို သိခြင်း။ (ဝိ၅။၃၂၂။) (ဝိ၊မြန်၊၅။၄၂၂။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဥတ်ကို သိခြင်း၊ ၂။ ဥတ်ဖြင့် ပြုခြင်းကို သိခြင်း၊ ၃။ ဥတ်နှင့် ကမ္မဝါစာကို သိခြင်း၊ ၄။ ဥတ်ဖြင့် ငြိမ်းအေးကြောင်း သမထကို သိခြင်း၊ ၅။ ဥတ်ဖြင့် အဓိကရဏ်းငြိမ်းခြင်းကို သိခြင်း။ (ဝိ၅။၃၂၃။) (ဝိ၊မြန်၊၅။၄၂၃။)

http://www.dhammadownload.com

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ တရား (သုတ်, အဘိဓမ္မာ) ကို သိခြင်း၊ ၂။ တရားအားလျော်သော သုတ္တာန် မဟာပဒေသ လေးပါးကို သိခြင်း၊ ၃။ ဝိနည်း (ခန္ဓက ပရိဝါ) ကို သိခြင်း၊ ၄။ ဝိနည်းအားလျော်သော မဟာပဒေသ လေးပါးကို သိခြင်း၊ ၅။ ရှေ့နောက် စကား၌ လိမ္မာခြင်း။ (ဝိ၊၅။၃၂၄။) (ဝိ၊မြန်၊၅။၄၂၄။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဝတ္ထုကို သိခြင်း၊ ၂။ နိဒါန်းကို သိခြင်း၊ ၃။ ပညတ်ချက်ကို သိခြင်း၊ ၄။ မျက်မှောက်ပြုအပ်သော ပုဒ်ကို သိခြင်း၊ ၅။ ရှေ့နောက် စကားစပ်ကို သိခြင်း။ (ဝိ၊၅။၃၂၂။) (ဝိ၊မြန်၊၅။၄၂၂။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အဓိကရုဏ်းကို သိခြင်း၊ ၂။ အဓိကရုဏ်းဖြစ်ကြောင်း (သမုဋ္ဌာန်) ကို သိခြင်း၊ ၃။ အဓိကရုဏ်း၏ ပယောဂကို သိခြင်း၊ ၄။ အဓိကရုဏ်း၏ ငြိမ်းခြင်းကို သိခြင်း၊ ၅။ အဓိကရုဏ်းကို ဆုံးဖြတ်ခြင်း၌ လိမ္မာခြင်း။ (ဝိ၊၅။၃၂၁။) (ဝိ၊မြန်၊၅။၄၂၀။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ လွှမ်းမိုး၍ မဆိုတတ်ခြင်း၊ ၂။ ခွင့်ပေးမှုကို ပြုစေ၍ ဆိုတတ်ခြင်း၊ ၃။ ဟုတ်မှန်သော ဝတ္ထု ဝိနည်း အာပတ်အတိုင်း စောဒနာတတ်ခြင်း၊ ၄။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း ဆုံးဖြတ်တတ်ခြင်း၊ ၅။ မိမိ၏ အယူအဆအတိုင်း ဖြေဆိုတတ်ခြင်း။ (ဝိ၊၅။၃၂၁။) (ဝိ၊မြန်၊၅။၄၂၁။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ် ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၂။ ပေါ့သော အာပတ်, လေးသော အာပတ်ကို သိခြင်း၊ ၃။ အကြွင်းရှိသော အာပတ်, အကြွင်းမရှိသော အာပတ်ကို သိခြင်း၊ ၄။ ရုန့်ရင်းသော အာပတ်, မရုန့်ရင်းသော အာပတ်ကို သိခြင်း၊ ၅။ ကုစား၍ ရကောင်းသော အာပတ်, ကုစား၍ မရကောင်းသော အာပတ်ကို သိခြင်း။ (ဝိ၊၅။၃၂၂။) (ဝိ၊မြန်၊၅။၄၂၁။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ချစ်သဖြင့် ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ ၂။ မုန်းသဖြင့် ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ တွေဝေသဖြင့် မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ကြောက်သဖြင့် ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ ဝိနည်း၌ လိမ္မာကျွမ်းကျင်ခြင်း။ (ဝိ၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၂၃။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ချစ်သဖြင့် ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ ၂။ မုန်းသဖြင့် ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ တွေဝေသဖြင့် မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ကြောက်သဖြင့် ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ အရှက်ရှိခြင်း။ (ဝိ၊၅။၃၂၂။) (ဝိ၊မြန်၊၅။၄၂၂။)

သံဃာ၌ တရား ဆုံးဖြတ်ထိုက်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ သုတ် (ဥဘတောဝိဘင်း) ကို သိခြင်း၊ ၂။ သုတ်အားလျော်သော မဟာပဒေသ လေးပါးကို သိခြင်း၊ ၃။ ဝိနည်း (ခန္ဓက ပရိဝါ) ကို သိခြင်း၊ ၄။ ဝိနည်းအားလျော်သော မဟာပဒေသ လေးပါးကို သိခြင်း၊ ၅။ အကြောင်း ဟုတ်သည် မဟုတ်သည်၌ လိမ္မာခြင်း။ (ဝိ၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၂၃။)

http://www.dhammadownload.com

သံဃာ၌ တရား ဆုံးဖြတ်သော ရဟန်းအား လူအများ နှစ်သက်ကြောင်း အင်္ဂါ ၅ ပါး ၁။ (သူအချို့ကို) မြှောက်ပင့်တတ်သူ မဟုတ်ခြင်း၊ ၂။ (သူ့အချို့ကို) မောင်းမဲတတ်သူ မဟုတ်ခြင်း၊ ၃။ တရား ဟုတ်သည်ကို ယူတတ်ခြင်း၊ ၄။ တရား မဟုတ်သည်ကို တားမြစ်တတ်ခြင်း၊ ၅။ ပြိန်ဖျင်းသော စကားကို မဆိုတတ်ခြင်း။ (ဝိ၅။၃၁၉) (ဝိ၊မြန်၊၅။၄၁၈။)

သံဃာ၌ တရား ဆုံးဖြတ်သော ရဟန်းအား လူအများ နှစ်သက်ကြောင်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ လွှမ်းမိုး၍ မဆိုတတ်ခြင်း၊ ၂။ ခွင့်ပေးမှုကို ပြုစေ၍ ဆိုတတ်ခြင်း၊ ၃။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း စောဒနာတတ်ခြင်း၊ ၄။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း ဆုံးဖြတ်ခြင်း၊ ၅။ မိမိအယူအဆ အတိုင်း ဖြေဆိုတတ်ခြင်း။ (ဝိ၅။၃၂၀။) (ဝိ၊မြန်၊၅။၄၁၉။)

သံဃာ၌ တရားဆုံးဖြတ်သော ရဟန်းအား လူအများ နှစ်သက်ကြောင်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ထောင်လွှားသော စကားကို မဆိုတတ်ခြင်း၊ ၂။ ထင်ပေါ်ကျော်စောသူကို မှီ၍ မဆိုတတ်ခြင်း၊ ၃။ စကားစပ် အနုသန္ဓေ၌ လိမ္မာခြင်း၊ ၄။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း စောဒနာတတ်ခြင်း၊ ၅။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း ဆုံးဖြတ်တတ်ခြင်း။ (ဝိ၅။၃၁၈။) (ဝိ၊မြန်၊၅။၄၁၈။)

သံဃာ၌ တရား ဆုံးဖြတ်သော ရဟန်းအား လူအများ မနှစ်သက်ကြောင်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ (သူအချို့ကို) ချီးမြှောက်တတ်သူ ဖြစ်ခြင်း၊ ၂။ (သူအချို့ကို) မောင်းမဲ တတ်သူ ဖြစ်ခြင်း၊ ၃။ တရား မဟုတ်သည်ကို ယူတတ်ခြင်း၊ ၄။ တရား ဟုတ်သည်ကို တားမြစ်တတ်ခြင်း၊ ၅။ ပြိန်ဖျင်းသော စကားကို များစွာ ပြောဆိုတတ်ခြင်း။ (ဝိ၅။၃၁၉။) (ဝိ၊မြန်၊၅။၄၁၈။)

သံဃာ၌ တရားဆုံးဖြတ်သော ရဟန်းအား လူအများ မနှစ်သက်ကြောင်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ထောင်လွှားသော စကားကို ဆိုတတ်ခြင်း၊ ၂။ ထင်ပေါ်ကျော်စောသူကို မှီ၍ ဆိုတတ်ခြင်း၊ ၃။ စကားစပ် (အနုသန္ဓေ) ၌ မကျွမ်းကျင်ခြင်း၊ ၄။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း မစောဒနာတတ်ခြင်း၊ ၅။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း မဆုံးဖြတ်တတ်ခြင်း။ (ဝိ၅။၃၁၈။) (ဝိ၊မြန်၊၅။၄၁၇။)

သံဃာ၌ တရားဆုံးဖြတ်သော ရဟန်းအား လူအများ မနှစ်သက်ကြောင်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ လွှမ်းမိုး၍ ဆိုတတ်ခြင်း၊ ၂။ ခွင့်ပေးမှုကို မပြုစေမူ၍ ဆိုတတ်ခြင်း၊ ၃။ ဟုတ်မှန်သော ဝတ္ထု ဝိနည်း၊ အာပတ်အတိုင်း မစောဒနာတတ်ခြင်း၊ ၄။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း အာပတ်အတိုင်း မဆုံးဖြတ်တတ်ခြင်း၊ ၅။ မိမိအယူအတိုင်း မဆိုတတ်ခြင်း။ (ဝိ၅။၃၁၉။) (ဝိ၊မြန်၊၅။၄၁၉။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အာပတ်ကို မသိခြင်း၊ ၂။ အာပတ်ဖြစ်ကြောင်း (သမုဋ္ဌာန်) ကို မသိခြင်း၊ ၃။ အာပတ်၏ ပယောဂကို မသိခြင်း၊ ၄။ အာပတ်ငြိမ်းခြင်းကို မသိခြင်း၊ ၅။ အာပတ်ကို ဆုံးဖြတ်ခြင်း၌ မကျွမ်းကျင်ခြင်း။ (ဝိ၅။၃၂၀။) (ဝိ၊မြန်၊၅။၄၂၀။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ် ဟုတ်သည် မဟုတ်သည်ကို မသိခြင်း၊ ၂။ ပေါ့သောအာပတ် လေးသောအာပတ်ကို မသိခြင်း၊

http://www.dhammadownload.com

၃။ အကြွင်းရှိသော အာပတ်, အကြွင်းမရှိသော အာပတ်ကို မသိခြင်း၊ ၄။ ရုန့်ရင်းကြမ်းတမ်းသော အာပတ် မရုန့်ရင်းမကြမ်းတမ်းသော အာပတ်ကို မသိခြင်း၊ ၅။ ကုစားကောင်း မကုစားကောင်းသော အာပတ်ကို မသိခြင်း။ (ဝိ၅။၃၂၁။) (ဝိ၊မြန်၊၅။၄၂၁။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ကံကို မသိခြင်း၊ ၂။ ကံပြုခြင်းကို မသိခြင်း၊ ၃။ ကံ၏ ဝတ္ထုကို မသိခြင်း၊ ၄။ ကံ၏ ကျင့်ဝတ်ကို မသိခြင်း၊ ၅။ ကံ၏ ငြိမ်းခြင်းကို မသိခြင်း။ (ဝိ၅။၃၂၂။) (ဝိ၊မြန်၊၅။၄၂၂။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဝတ္ထုကို မသိခြင်း၊ ၂။ နိဒါန်းကို မသိခြင်း၊ ၃။ ပညတ်ကို မသိခြင်း၊ ၄။ မျက်မှောက်ပြုအပ်သော ပုဒ်ကို မသိခြင်း၊ ၅။ ရှေ့နောက် စကားစပ်ကို မသိခြင်း။ (ဝိ၅။၃၂၂။) (ဝိ၊မြန်၊၅။၄၂၂။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ချစ်သဖြင့် အဂတိသို့လိုက်ခြင်း၊ ၂။ မုန်းသဖြင့် အဂတိသို့လိုက်ခြင်း၊ ၃။ တွေဝေသဖြင့် အဂတိသို့လိုက်ခြင်း၊ ၄။ ကြောက်သဖြင့် အဂတိသို့ လိုက်ခြင်း၊ ၅။ အရှက် မရှိခြင်း။ (ဝိ၅။၃၂၂။) (ဝိ၊မြန်၊၅။၄၂၂။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ဥတ်ကို မသိခြင်း၊ ၂။ ဥတ်ဖြင့် ပြုခြင်းကို မသိခြင်း၊ ၃။ ဥတ်နှင့် ကမ္မဝါစာကို မသိခြင်း၊ ၄။ ဥတ်ဖြင့် ငြိမ်းကြောင်း သမထကို မသိခြင်း၊ ၅။ ဥတ်ဖြင့် အဓိကရဏ်းငြိမ်းခြင်းကို မသိခြင်း။ (ဝိ၅။၃၂၃။) (ဝိ၊မြန်၊၅။၄၂၃။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ သုတ် (ဥဘတောဝိဘင်း) ကို မသိခြင်း၊ ၂။ သုတ်အားလျော်သော (မဟာပဒေသလေးပါး) ကို မသိခြင်း၊ ၃။ ဝိနည်း ခန္ဓက ပရိဝါကို မသိခြင်း၊ ၄။ ဝိနည်းအားလျော်သော (မဟာပဒေသ လေးပါး) ကို မသိခြင်း၊ ၅။ အကြောင်း ဟုတ်သည် မဟုတ်သည်၌ မလိမ္မာခြင်း။ (ဝိ၅။၃၂၃။) (ဝိ၊မြန်၊၅။၄၂၃။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ တရား (သုတ် အဘိဓမ္မာ) ကို မသိခြင်း၊ ၂။ တရားအားလျော်သော သုတ္တန် မဟာပဒေသ လေးပါးကို မသိခြင်း၊ ၃။ ဝိနည်း (ခန္ဓက ပရိဝါ) ကို မသိခြင်း၊ ၄။ ဝိနည်းအားလျော်သော မဟာပဒေသ လေးပါးကို မသိခြင်း၊ ၅။ ရှေ့နောက် စကား၌ မကျွမ်းကျင်ခြင်း။ (ဝိ၅။၃၂၄။) (ဝိ၊မြန်၊၅။၄၂၄။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အဓိကရဏ်းကို မသိခြင်း၊ ၂။ အဓိကရဏ်းဖြစ်ကြောင်း (သမုဋ္ဌာန်) ကို မသိခြင်း၊ ၃။ အဓိကရဏ်း၏ ပယောဂကို မသိခြင်း၊ ၄။ အဓိကရဏ်း၏ ငြိမ်းခြင်းကို မသိခြင်း၊ ၅။ အဓိကရဏ်းကို ဆုံးဖြတ်ခြင်း၌ မကျွမ်းကျင်ခြင်း။ (ဝိ၅။၃၂၁။) (ဝိ၊မြန်၊၅။၄၂၀။)

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ လွှမ်းမိုး၍ ဆိုတတ်ခြင်း၊ ၂။ ခွင့်ပေးမှု မပြုစေမူ၍ ဆိုတတ်ခြင်း၊ ၃။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း မစောဒနာတတ်ခြင်း၊ ၄။ ဟုတ်မှန်သော ဝတ္ထု၊ ဝိနည်း၊ အာပတ်အတိုင်း မဆုံးဖြတ်တတ်ခြင်း၊ ၅။ မိမိအယူအတိုင်း မဆိုတတ်ခြင်း။ (ဝိ၅။၃၂၁။) (ဝိ၊မြန်၊၅။၄၂၁။)

http://www.dhammadownload.com

သံဃာ၌ တရား မဆုံးဖြတ်ထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ချစ်သဖြင့် အဂတိသို့ လိုက်ခြင်း၊ ၂။ မုန်းသဖြင့် အဂတိသို့ လိုက်ခြင်း၊ ၃။ တွေဝေသဖြင့် အဂတိသို့ လိုက်ခြင်း၊ ၄။ ကြောက်သဖြင့် အဂတိသို့ လိုက်ခြင်း၊ ၅။ ဝိနည်း၌ မလိမ္မာခြင်း။ (ဝိ၅။၃၂၃။) (ဝိ၊မြန်၊၅။၄၂၂။)

သံဃာ၌ တစ်စုံတစ်ခုကိုမျှ မဆိုအပ်ကြောင်း အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်ခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၅။၂၂၁။) (ဝိ၊မြန်၊ ၅။၃၀၈။)

သံဃာဘောင်သို့ သွင်းခြင်း ၂ မျိုး ၁။ ကောင်းသော သွင်းခြင်း၊ ၂။ မကောင်းသော သွင်းခြင်း။ (ဝိ၃။၄၄၃။) (ဝိ၊မြန်၊၃။၄၅၁။)

သံဃာသို့ ချဉ်းကပ်သော ရဟန်း ဖြစ်စေရမည့် တရား ၅ ပါး ၁။ နှိမ့်ချသော စိတ်၊ ခြေသုတ်ပုဆိုးနှင့် တူသော စိတ်ဖြင့် ချဉ်းကပ်ရခြင်း၊ ၂။ နေရာ၌ ကျွမ်းကျင်လိမ္မာသူ ဖြစ်ရခြင်း၊ ၃။ မထေရ်ကြီးတို့အား မထိခိုက်စေမူ၍ မထေရ်ငယ်တို့အားလည်း မတားမြစ်ဘဲ မိမိနှင့် သင့်လျော်သော နေရာ၌သာ နေထိုင်ရခြင်း၊ ၄။ အမျိုးမျိုးသော မဂ်ဖိုလ်နှင့် ဖီလာကန့်လန့် ဖြစ်သော စကားမျိုးကို မပြောဘဲ ကိုယ်တိုင်လည်း တရားစကားကို ပြောရခြင်း, သူတစ်ပါးကိုလည်း ပြောဆိုစေရခြင်း၊ ၅။ မြတ်သော ဆိတ်ဆိတ်နေခြင်းကို မထီမဲ့မြင် မပြုရခြင်း။ (ဝိ၅။၃၁၈) (ဝိ၊မြန်၊၅။၄၁၇။)

သံဃာသင်းခွဲသူ ဖြစ်ကြောင်း ၅ ပါး (ထိုသူသည် အပါယ်ဝရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့ ဖြစ်၍ ကုစားခြင်းငှာ မတတ်ကောင်း။) ၁။ တရား မဟုတ်သည်ကို တရားဟု ပြခြင်း၊ ၂။ တရား ဟုတ်သည်ကို တရား မဟုတ်ဟု ပြခြင်း၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြခြင်း၊ ၄။ ဝိနည်း ဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြခြင်း၊ ၅။ အဓမ္မ စသော အယူကို ဆောက်တည်၍ အသီးအခြား ကဲပြုခြင်း။ (ဝိ၅။၃၅၀။) (ဝိ၅။၃၅၁။) (ဝိ၊မြန်၊ ၅။၄၅၃-၄၅၄။) (ဝိ၊မြန်၊၅။၄၅၄။)

သံဃာသင်းခွဲသူ ဖြစ်ကြောင်း ၅ ပါး (တစ်နည်း) (ထိုသူသည် အပါယ်ဝရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့ ဖြစ်၍ ကုစားခြင်းငှာ မတတ်ကောင်း။) ၁။ တရား မဟုတ်သည်ကို တရားဟု ပြခြင်း၊ ၂။ တရား ဟုတ်သည်ကို တရား မဟုတ်ဟု ပြခြင်း၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြခြင်း၊ ၄။ ဝိနည်း ဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြခြင်း၊ ၅။ အဓမ္မ စသော အယူကို မဆောက်တည်၍ ကဲပြုခြင်း။ (ဝိ၅။၃၅၂။) (ဝိ၊မြန်၊၅။၄၅၆။)

သံဃာသင်းခွဲသူ ဖြစ်ကြောင်း ၅ ပါး (တစ်နည်း) (ထိုသူသည် အပါယ်ဝရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့ ဖြစ်၍ ကုစားခြင်းငှာ မတတ်ကောင်း။) ၁။ တရား မဟုတ်သည်ကို တရားဟု ပြခြင်း၊ ၂။ တရားဟုတ်သည်ကို တရား မဟုတ်ဟု ပြခြင်း၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြခြင်း၊ ၄။ ဝိနည်း ဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြခြင်း၊ ၅။ အဓမ္မ စသော အယူကို မဆောက်တည်မူ၍ အသီးအခြား ပါတိမောက် ပြခြင်း။ (ဝိ၅။၃၅၂။) (ဝိ၊မြန်၊၅။၄၅၆။)

http://www.dhammadownload.com

သံဃာသင်းခွဲသူ ဖြစ်ကြောင်း ၅ ပါး (တစ်နည်း) (ထိုသူသည် အပါယ်ဝရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့ ဖြစ်၍ ကုစားခြင်းငှာ မတတ်ကောင်း။) ၁။ တရားမဟုတ်သည်ကို တရားဟု ပြခြင်း၊ ၂။ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြခြင်း၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြခြင်း၊ ၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြခြင်း၊ ၅။ အဓမ္မ စသော အယူကို မဆောက်တည်မူ၍ ဆိုခြင်း။ (ဝိ၅။၃၅၃။) (ဝိ၊မြန်၊၅။၄၅၆။)

သံဃာသင်းခွဲသူ ဖြစ်ကြောင်း ၅ ပါး (တစ်နည်း) (ထိုသူသည် အပါယ်ဝရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့ ဖြစ်၍ ကုစားခြင်းငှာ မတတ်ကောင်း။) ၁။ တရားမဟုတ်သည်ကို တရားဟု ပြခြင်း၊ ၂။ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြခြင်း၊ ၃။ ဝိနည်းမဟုတ်သည်ကို ဝိနည်းဟု ပြခြင်း၊ ၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြခြင်း၊ ၅။ အဓမ္မ စသော အယူကို မဆောက်တည်မူ၍ ထပ်ကာ ထပ်ကာ ပြောကြားခြင်း။ (ဝိ၅။၃၅၃။) (ဝိ၊မြန်၊၅။၄၅၆။)

သံဃာသင်းခွဲသူ ဖြစ်ကြောင်း ၅ ပါး (တစ်နည်း) (ထိုသူသည် အပါယ်ဝရဲ၌ ဖြစ်လတ္တံ့၊ အာယုကပ်ပတ်လုံး တည်လတ္တံ့ ဖြစ်၍ ကုစားခြင်းငှာ မတတ်ကောင်း။) ၁။ တရားမဟုတ်သည်ကို တရားဟု ပြခြင်း၊ ၂။ တရားဟုတ်သည်ကို တရားမဟုတ်ဟု ပြခြင်း၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟု ပြခြင်း၊ ၄။ ဝိနည်းဟုတ်သည်ကို ဝိနည်းမဟုတ်ဟု ပြခြင်း၊ ၅။ အဓမ္မ စသော အယူကို မဆောက်တည်မူ၍ စာရေးတံမဲ ယူစေခြင်း။ (ဝိ၅။၃၅၃။) (ဝိ၊မြန်၊၅။၄၅၆။)

သံဃာသင်းခွဲရဟန်းနောက်သို့ လိုက်သော ရဟန်း သင့်သော အာပတ် ၃ ပါး ၁။ ဒုက္ကဋ် အာပတ်၊ ၂။ ထုလ္လစ္စဉ်းအာပတ်၊ ၃။ သံဃာဒိသိသ်အာပတ်။ (ဝိ၅။၉၁။) (ဝိ၊မြန်၊၅။၁၃၂။)

သံဃာသင်းခွဲသော ရဟန်း သင့်သော အာပတ် ၃ ပါး ၁။ ဒုက္ကဋ်အာပတ်၊ ၂။ ထုလ္လစ္စဉ်း အာပတ်၊ ၃။ သံဃာဒိသိသ်အာပတ်။ (ဝိ၅၊၅၇။) (ဝိ၊မြန်၊၅။၁၃၁။)

သံဃာ့က ၄ မျိုး ၁။ အပလောကနကံ– သိမ်အတွင်း၌ (ကျောင်းတိုက်အတွင်း၌) ရှိသော သံဃာကို သုံးကြိမ် ပန်ကြား၍ သံဃာ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်ရသော ကံ၊ ၂။ ဉတ္တိကံ– သံဃာ၏ ခွင့်ပြုချက်ကို ရယူပြီး ဥတ်ကမ္မဝါ တစ်ကြိမ်ရွတ်ဖတ်၍ ပြုလုပ်ရသော ကံ၊ ၃။ ဉတ္တိဒုတိယကံ– သံဃာ၏ ခွင့်ပြုချက်ကို ရယူပြီး ဥတ်တစ်ကြိမ် ကမ္မဝါစာတစ်ကြိမ် ရွတ်ဖတ်၍ ပြုလုပ်ရသော ကံ၊ ၄။ ဉတ္တိစတုတ္ထကံ– သံဃာ၏ ခွင့်ပြုချက်ကို ရယူပြီး ဥတ်တစ်ကြိမ် ကမ္မဝါစာသုံးကြိမ် ရွတ်ဖတ်၍ ပြုလုပ်ရသော ကံ။ (ဝိ၊၄၊၄။၃၉။)

သံဃိကဘဏ္ဍာတိုက် စောင့်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆန္နာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ လုံခြုံသည် မလုံခြုံသည်ကို သိခြင်း။ (ဝိ၃။၃၉၇။) (ဝိ၊မြန်၊၃။၄၀၀။)

သံဃိကသင်္ကန်းကို ခွဲဝေပေးသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆန္နာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ ဝေဖန်သင့်သည် မဝေဖန်သင့်သည်ကို သိခြင်း။ (ဝိ၃။၃၉၇။) (ဝိ၊မြန်၊၃။၄၀၁။)

http://www.dhammadownload.com

သံယိကသင်္ကန်း သိမ့်သိမ်းဆည်းခွင့်ရှိသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ သိမ့်သိမ်းအပ်သည် မသိမ့်သိမ်းအပ်သည်ကို သိခြင်း။ (ဝိ၊၃။၃၉၆။) (ဝိ၊မြန်၊ ၃။၃၉၉။)

သံယိကသင်္ကန်း အလျှူခံခွင့်ရှိသော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဆန္ဒာဂတိသို့ မလိုက်ခြင်း၊ ၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊ ၃။ မောဟာဂတိသို့ မလိုက်ခြင်း၊ ၄။ ဘယာဂတိသို့ မလိုက်ခြင်း၊ ၅။ အလျှူခံအပ်သည် မခံအပ်သည်ကို သိခြင်း။ (ဝိ၊၃။၃၉၅။) (ဝိ၊မြန်၊၃။၃၉၈။)

သံတမန် အင်္ဂါ ၈ ပါး တမန်အဖြစ်ဖြင့် သွားထိုက်သော ရဟန်း၏ အင်္ဂါ ၈ ပါးနှင့် တူသည်။

သံယောဇနီယတရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၃။၁၃၅။) (သံ၊မြန်၊၃။၁၂၆။)

သံယောဇဉ် ၃ ပါး ၁။ သက္ကာယဒိဋ္ဌိ- မိမိကိုယ် အတ္တဘော ထင်ရှားရှိသည်ဟူသော အယူ၊ ၂။ ဝိစိကိစ္ဆာ- ယုံမှားတွေးတော မဆုံးဖြတ်နိုင်ခြင်း, သို့လော သို့လော သံသယဖြစ်ခြင်း၊ ၃။ သီလဗ္ဗတပရာမာသ- အလေ့အကျင့်ကို မှားသောအားဖြင့် သုံးသပ်ခြင်း။ (ဒီ၊၃။၁၈၁။) (ဒီ၊မြန်၊၃။၂၀၁။)

သံယောဇဉ် ၇ ပါး ၁။ အနုနယသံယောဇဉ် (ကာမရာဂသံယောဇဉ်) - ကာမရာဂအနှောင်အဖွဲ့၊ ၂။ ပဋိဃသံယောဇဉ်- ဒေါသဟူသော အနှောင်အဖွဲ့၊ ၃။ ဒိဋ္ဌိသံယောဇဉ်- ဒိဋ္ဌိဟူသော အနှောင်အဖွဲ့၊ ၄။ ဝိစိကိစ္ဆာသံယောဇဉ်- ဝိစိကိစ္ဆာဟူသော အနှောင်အဖွဲ့၊ ၅။ မာနသံယောဇဉ်- မာနဟူသော အနှောင်အဖွဲ့၊ ၆။ ဘဝရာဂသံယောဇဉ်- ဘဝရာဂဟူသော အနှောင်အဖွဲ့၊ ၇။ အဝိဇ္ဇာသံယောဇဉ်- အဝိဇ္ဇာဟူသော အနှောင်အဖွဲ့။ (ဒီ၊၃။၂၁၀။) (အံ၊၂။၄၀၀-၄၀၁။) (ပဋိသံ၊၌၊၂။၂၇။) (ဒီ၊မြန်၊၃။၂၃၃။) (အံ၊မြန်၊၂။၅၀၇။)

သံယောဇဉ် ၁၀ ပါး ၁။ မိမိကိုယ် အတ္တဘော ထင်ရှားရှိသည် ဟူသော အယူ- သက္ကာယဒိဋ္ဌိ၊ ၂။ ယုံမှားမှု- ဝိစိကိစ္ဆာ၊ ၃။ သီလအကျင့်ကို အမှားသုံးသပ်မှု- သီလဗ္ဗတပရာမာသ၊ ၄။ ကာမ၌ လိုချင်မှု- ကာမစ္ဆန္ဒ၊ ၅။ ပျက်စီးစေလိုမှု- ဗျာပါဒ (အောက်ပိုင်း သံယောဇဉ် ငါးပါး)၊ ၆။ ရူပဘုံ၌ တပ်မက်မှု- ရူပရာဂ၊ ၇။ အရူပဘုံ၌ တပ်မက်မှု- အရူပရာဂ၊ ၈။ ထောင်လွှားမှု- မာန၊ ၉။ ပုံ့.လွင့်မှု- ဥဒ္ဓစ္စ၊ ၁၀။ မသိမှု- အဝိဇ္ဇာ (အထက်ပိုင်းသံယောဇဉ် ငါးပါး၊ ပေါင်း ဆယ်ပါး) ။ (အံ၊၃။၂၆၉။) (အဘိ၊ဓ။၂၂၄။) (အဘိ၊ဓ။၂၈၀။) (အဘိ၊ဝိ။၄၀၅။) (ဒီ၊ဋ္ဌ၊၂။၃၇၄။) (မ၊ဋ္ဌ၊၁။၂၉၂။) (ပဋိသံ၊ဋ္ဌ၊၂။၃၃။) (အံ၊မြန်၊၃။၂၇၀။) (အဘိ၊ဓ၊မြန်။၄၀၁၊၅၃၅။) (အဘိ၊ဓ၊မြန်။၄၀၁၊၅၃၅။) (အဘိ၊ဝိ၊မြန်၊၂။၅၁၃။) (ဒီ၊ဋ္ဌ၊မြန်၊၂။၆၉၃။) (ဒီ၊ဋ္ဌ၊မြန်၊၂။၆၉၃။)

သံယောဇဉ် တရား ၃ ပါး (သင့်သောအကြောင်းအားဖြင့် နှလုံးသွင်းသော သူအား ပယ်အပ်သော သံယောဇဉ် တရား ၃ ပါး) ၁။ ထင်ရှားရှိသော ခန္ဓာငါးပါး၌ ငါ့ဟာ, ငါကိုယ်ဟု မှားသော အားဖြင့် မြင်ခြင်း ဟု ဆိုအပ်သော သက္ကာယဒိဋ္ဌိ သံယောဇဉ်၊ ၂။ ဘုရားတရားသံဃာ စသည်တို့၌ ယုံမှားခြင်းဟု ဆိုအပ်သော ဝိစိကိစ္ဆာသံယောဇဉ်၊ ၃။ ခွေးအကျင့် နွားအကျင့်

http://www.dhammadownload.com

စသည်တို့ဖြင့် သံသရာမှ စင်ကြယ်၏ဟု မှာသောအားဖြင့် သုံးသပ်ခြင်းဟု ဆိုအပ်သော သီလဗွတပရာမာသသံယောဇဉ်။ (မ၊ဋ၊၁၂၊) (မ၊မြန်၊ဋ၊၁၃၊)

သံယောဇဉ် တရား ၅ ပါး (အောက်အဖို့ရှိ သံယောဇဉ် တရား ၅ ပါး) ၁။ သက္ကာယဒိဋ္ဌိ သံယောဇဉ်၊ ၂။ ဝိစိကိစ္ဆာ သံယောဇဉ်၊ ၃။ သီလဗွတပရာမာသ သံယောဇဉ်၊ ၄။ ကာမရာဂ သံယောဇဉ်၊ ၅။ ပဋိဃ သံယောဇဉ်။ (သံ၊ဋ္ဌ၊ဋ၊၂၃၊)

သံယောဇဉ် တရား ၅ ပါး (အထက်အဖို့ရှိ သံယောဇဉ် တရား ၅ ပါး) ၁။ ရူပရာဂသံယောဇဉ်၊ ၂။ အရူပရာဂသံယောဇဉ်၊ ၃။ မာနသံယောဇဉ်၊ ၄။ ဥဒ္ဓစ္စသံယောဇဉ်၊ ၅။ အဝိဇ္ဇာသံယောဇဉ်။ (သံ၊ဋ္ဌ၊ဋ၊၂၃၊)

သံယောဇဉ်နှင့် စပ်သော ရူခြင်း ၂ မျိုး ၁။ သံယောဇဉ်၏ အကြောင်းဖြစ်ကုန်သော တရားတို့၌ သာယာသောအားဖြင့် အဖန်ဖန် ရူခြင်း၊ ၂။ သံယောဇဉ်တို့၏ အကြောင်းဖြစ်ကုန်သော တရားတို့၌ ငြီးငွေ့သောအားဖြင့် အဖန်ဖန် ရူခြင်း။ (အံ၊ဋ၊၅၂၊) (အံ၊မြန်၊ဋ၊၆၄၊)

သံယောဇဉ်ပယ်ခြင်းနှင့် ဆိုင်သော ပုဂ္ဂိုလ် ၄ မျိုး ၁။ အောက်ပိုင်းဖြစ်သော သံယောဇဉ် ပဋိသန္ဓေနေခြင်းကြောင့် ရရှိအပ်သော သံယောဇဉ်, ဘဝကို တစ်ဖန် ရရှိခြင်းကြောင့်ဖြစ်သော သံယောဇဉ်တို့ကို မပယ်ရသေးသော သကဒါဂါမိပုဂ္ဂိုလ်၊ ၂။ အောက်ပိုင်းဖြစ်သော သံယောဇဉ်တို့ကိုသာ ပယ်၍ ပဋိသန္ဓေနေခြင်းကြောင့် ရရှိအပ်သော သံယောဇဉ်, ဘဝကို တစ်ဖန် ရရှိခြင်းကြောင့် ဖြစ်သော သံယောဇဉ်တို့ကို မပယ်ရသေးသော ဥဒ္ဓံသောတ အကနိဋ္ဌဂါမီပုဂ္ဂိုလ်၊ ၃။ အောက်ပိုင်းဖြစ်သော သံယောဇဉ်နှင့် ပဋိသန္ဓေနေခြင်းကြောင့် ရရှိအပ်သော သံယောဇဉ်တို့ကိုသာ ပယ်၍ ဘဝကို တစ်ဖန်ရရှိခြင်းကြောင့် ဖြစ်သော သံယောဇဉ်တို့ကို မပယ်ရသေးသော အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်၊ ၄။ အောက်ပိုင်းဖြစ်သော သံယောဇဉ်တို့ကိုလည်းကောင်း ပဋိသန္ဓေနေခြင်းကြောင့် ရရှိအပ်သော သံယောဇဉ်တို့ကိုလည်းကောင်း ဘဝကို တစ်ဖန်ရရှိခြင်းကြောင့်ဖြစ်သော သံယောဇဉ်တို့ကိုလည်းကောင်း ပယ်ပြီးဖြစ်သော ရဟန္တာပုဂ္ဂိုလ်။ (အံ၊ဋ၊၄၅၀၊) (အံ၊မြန်၊ဋ၊၄၆၃၊)

သံယုတ် ၅ မျိုး ၁။ သဂါထာဝဂ္ဂသံယုတ်၊ ၂။ နိဒါနဝဂ္ဂသံယုတ်၊ ၃။ ခန္ဓကဝဂ္ဂသံယုတ်၊ ၄။ သဠာယတနဝဂ္ဂသံယုတ်၊ ၅။ မဟာဝဂ္ဂသံယုတ်။ (သံ၊ဋ္ဌ၊ဋ၊၃၊)

သံဝရ ၅ ပါး ၁။ ပါတိမောက်သီလ စောင့်စည်းခြင်း (သီလသံဝရ)၊ ၂။ စက္ခုစသော ဣန္ဒြေစသည်ကို သတိကပ် စောင့်စည်းခြင်း (သတိသံဝရ)၊ ၃။ ဉာဏ်ဖြင့် စောင့်စည်းခြင်း (ဉာဏသံဝရ)၊ ၄။ သည်းခံခြင်းဖြင့် စောင့်စည်းခြင်း (ခန္တိသံဝရ)၊ ၅။ လုံ့လပြုသဖြင့် စောင့်စည်းခြင်း (ဝီရိယသံဝရ)။ (ဒီ၊ဋ္ဌ၊ဋ၊၂၉၁၊) (မ၊ဋ္ဌ၊ဋ၊၂၃၊) (မ၊ဋ္ဌ၊ဋ၊၆၄၊) (သံ၊ဋ္ဌ၊၂၊၂၃၃၊) (အဘိ၊ဋ္ဌ၊ဋ၊၁၃၉၊) (အဘိ၊ဋ္ဌ၊ဋ၊၃၈၅၊) (အဘိ၊ဋ္ဌ၊၂၊၃၁၇၊) (ပဋိသံ၊ဋ္ဌ၊ဋ၊၂၀၂၊) (ဓမ္မ၊ဋ္ဌ၊၂၊၃၅၉၊) (ဣတိဝုတ်၊ဋ္ဌ၊ဋ၀၅၊) (သုတ္တနိ၊ဋ္ဌ၊ဋ၊၇၊) (စူဠနိ၊ဋ္ဌ၊၇၁၊) (ဝိသုဒ္ဓိ၊ဋ၊၇၊) (သာရတ္ထ၊ဋီ၊၂၊၃၆၊) (ဝိမတိ၊ ဋ၊၁၀၆၊) (အံ၊ဋီ၊၂၊၂၅၈၊) (ဒီ၊ဋ္ဌ၊မြန်၊ဋ၊၅၆၃၊)

သံဝရတရား ၅ ပါး, ၇ ပါး ၁။ ပါတိမောက္ခသံဝရ- ပါတိမောက်သီလကို စောင့်ရှောက်ခြင်း၊ ၂။ သတိသံဝရ- သတိကို စောင့်စည်းခြင်း၊ ၃။ ဉာဏသံဝရ- ဉာဏ်ဟူသော စောင့်ရှောက်

http://www.dhammadownload.com

ပိတ်ဆို့တတ် ပယ်ဖြတ်တတ်သော တရား (ပစ္စယပဋိသေဝနသံဝရ-ကို ဉာဏသံဝရ၌ သွင်းယူသည်)၊ ၄။ ခန္တီသံဝရ- သည်းခံမှုဟူသော စောင့်စည်းခြင်း၊ ၅။ ဝီရိယသံဝရ- အားထုတ်မှုဟူသော စောင့်စည်းခြင်း၊ (အာဇီဝပါရိသုဒ္ဓိသံဝရကို ဝီရိယသံဝရ၌ သွင်း ယူသည်)။ (ပဋိသံ၊၌၊၁။၁၄။)

သံဝရဒွါရ ၈ ပါး ၁။ စက္ခုတည်းဟူသော သံဝရဒွါရ၊ ၂။ သောတတည်းဟူသော သံဝရ ဒွါရ၊ ၃။ ဃာနတည်းဟူသော သံဝရဒွါရ၊ ၄။ ဇိဝှာတည်းဟူသော သံဝရဒွါရ၊ ၅။ ပသာဒ ကာယ တည်းဟူသော သံဝရဒွါရ၊ ၆။ စောပနကာယတည်းဟူသော သံဝရဒွါရ၊ ၇။ ဝါစာ တည်းဟူသော သံဝရဒွါရ၊ ၈။ မနတည်းဟူသော သံဝရဒွါရ။ (အဘိ၊၌၊၁။၁၃၉။)

သံဝရဒွါရ ၈ မျိုး (တစ်နည်း) ၁။ စက္ခုသံဝရဒွါရ- စက္ခုဒွါရ၌ ဖြစ်သော အာရုံကို စောင့်စည်းခြင်း၊ ၂။ သောတသံဝရဒွါရ- သောတဒွါရ၌ ဖြစ်သော အာရုံကို စောင့်စည်းခြင်း၊ ၃။ ဃာန သံဝရဒွါရ- ဃာနဒွါရ၌ ဖြစ်သော အာရုံကို စောင့်စည်းခြင်း၊ ၄။ ဇိဝှာသံဝရဒွါရ- ဇိဝှာဒွါရ၌ ဖြစ်သော အာရုံကို စောင့်စည်းခြင်း၊ ၅။ ကာယသံဝရဒွါရ- ကာယဒွါရ၌ ဖြစ်သော အာရုံကို စောင့်စည်းခြင်း၊ ၆။ ဝါစာသံဝရဒွါရ- ဝစီဒွါရ၌ ဖြစ်သော အာရုံကို စောင့်စည်းခြင်း၊ ၇။ မနသံဝရဒွါရ- မနောဒွါရ၌ ဖြစ်သော အာရုံကို စောင့်စည်းခြင်း၊ ၈။ သမ္မတ္ထသံဝရဒွါရ- စက္ခုဒွါရ အစရှိကုန်သော ဒွါရအားလုံးတို့၌ ဖြစ်သော အာရုံကို စောင့်စည်းခြင်း။ (ဓမ္မ၊၌၊၂။၃၅၉။)

သံဝရဝိနည်း ၅ ပါး ၁။ သီလသံဝရ- သတိဟူသော စောင့်ရှောက်တတ် ပိတ်ဆို့တတ် ပယ်ဖြတ် တတ်သော တရား။၊ ၂။ သတိသံဝရ- သတိဟူသော စောင့်ရှောက်ပိတ်ဆို့တတ် ပယ်ဖြတ် တတ်သော တရား။၊ ၃။ ဉာဏသံဝရ- ဉာဏ်ဟူသော စောင့်ရှောက်တတ် ပိတ်ဆို့တတ် ပယ်ဖြတ်တတ်သော တရား၊ ၄။ ခန္တီသံဝရ- သည်းခံခြင်းဟူသော စောင့်ရှောက်ပိတ်ဆို့တတ် ပယ်ဖြတ်တတ်သော တရား၊ ၅။ ဝီရိယသံဝရ- အားထုတ်မှုဟူသော စောင့်ရှောက် ပိတ်ဆို့တတ် ပယ်ဖြတ်တတ်သော တရား၊ ။ (ပဋိသံ၊၌၊၂။၅၂။)

သံဝရ ဝိနည်း ၅ မျိုး သံဝရ ၅ ပါးနှင့် တူသည်။

သံဝါသ ၄ မျိုး အတူနေခြင်း ၄ မျိုး နှင့် တူသည်။

သံဝိဒဟနသိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ ဘိက္ခု, ဘိက္ခုနီ နှစ်ဦးနှစ်ဖက် တိုင်ပင်၍ ခရီးသွားခြင်း၊ ၂။ ခရီးသွားဖို့ ခွင့်ပြုထားသော အခါသမယ မဟုတ်ခြင်း၊ ၃။ အချိန်းအချက် မလွဲခြင်း၊ ၄။ ဘေးရန် မရှိခြင်း၊ ၅။ အခြားရွာသို့ ရောက်သွားခြင်း၊ ယူဇနာဝက်ခရီး လွန်သွားခြင်း။ (သာရတ္ထ၊ဋီ၊၃။၅၁။) (ဝိမတိ၊၂။၂၄။)

သံဝိဘာဂ ခွဲဝေသုံးဆောင်ခြင်း ၂ မျိုး ၁။ အာမိသသံဝိဘာဂ- ပစ္စည်းပစ္စယများကို ခွဲဝေ သုံးဆောင်ခြင်း၊ ၂။ ဓမ္မသံဝိဘာဂ- ဓမ္မကို ခွဲဝေသုံးဆောင်ခြင်း။ (ခုဒ္ဒက။၂၆၀။) (ခုဒ္ဒက။၂၆၄။) (ခုဒ္ဒက၊မြန်။၂၄၆၊၂၅၀။) (ခုဒ္ဒက၊မြန်။၂၄၆၊၂၅၀။)

သံဝေဂဉာဏ်ဖြစ်စေသော အရပ် ၄ မျိုး ၁။ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ် အရပ်၊ ၂။ အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်ရရှိရာ မဟာဗောဓိပင်အရပ်၊ ၃။ အမြတ်ဆုံး

http://www.dhammadownload.com

ဖြစ်သော ဓမ္မစကြာတရားကို ဟောကြားရာ မိဂဒါဝုန်တောအရပ်၊ ၄။ မြတ်စွာဘုရားသည် ဥပါဒိန္နကခန္ဓာ အကြင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူရာ ကုသိနာရုံပြည် အရပ်။ (ဒီ၂။၁၁၆။) (အံ၁။၄၃၅။) (ဒီ၊မြန်၂။၁၃၄။) (အံ၊မြန်၁။၄၄၈။)

သံဝေဂ ရစေတတ်သော ဌာန ၄ ပါး သံဝေဂဉာဏ်ဖြစ်စေသော အရပ် ၄ မျိုး၊ သံဝေဇနိယဌာန ၄ ပါးနှင့် တူသည်။

သံဝေဂဝတ္ထု ၈ ပါး ၁။ ဇာတိ– ပဋိသန္ဓေ တည်နေရခြင်း ဆင်းရဲ၊ ၂။ ဇရာ– အိုရခြင်း ဆင်းရဲ၊ ၃။ ဗျာဓိ– ဖျားနာရခြင်း ဆင်းရဲ၊ ၄။ မရဏ– သေရခြင်း ဆင်းရဲ၊ ၅။ အပါယဒုက္ခ– အပါယ်ဘုံ၌ ဖြစ်ရခြင်း ဆင်းရဲ၊ ၆။ အတီတေ ဝဋ္ဋမူလက ဒုက္ခ– အတိတ်ဘဝ၌ ဝဋ်လျှင်အရင်းခံ ရှိသော ဆင်းရဲ၊ ၇။ အနာဂတေ ဝဋ္ဋမူလက ဒုက္ခ– အနာဂတ်ဘဝ၌ ဝဋ်လျှင် အရင်းခံရှိသော ဆင်းရဲ၊ ၈။ ပစ္စုပ္ပန္နေ အာဟာရ ပရိယေဋ္ဌိမူလက ဒုက္ခ– ပစ္စုပ္ပန်ဘဝ၌ အစာအာဟာရကို ရှာဖွေရခြင်းလျှင် အရင်းခံရှိသော ဆင်းရဲ။ (ဒီ၊ဋ္ဌ၂။၃၈၄။) (မ၊ဋ္ဌ၁။၃၀၁။) (အံ၊ဋ္ဌ၁။၄၀၁။) (ပဋိသံ၊ဋ္ဌ၂။၁၄၅။) (ခုဒ္ဒက၊ဋ္ဌ။၂၀၁။) (ခုဒ္ဒက၊ဋ္ဌ။၂၀၁။) (ဣတိဝုတ်၊ဋ္ဌ။၁၀၉။) (သုတ္တနိ၊ဋ္ဌ၁။၁၇၈။) (စရိယာ၊ဋ္ဌ။၁၃၁။) (မဟာနိ၊ဋ္ဌ။ ၄၁၇။) (ဝိသုဒ္ဓိ၁။၁၃၁။) (သာရတ္ထ၊ဋီ၂။၂၂၈။) (ဒီ၊ဋ္ဌ၊မြန်၂။၇၁၃။) (ဒီ၊ဋ္ဌ၊မြန်၂။၇၁၃။)

သံဝေဇနိယ ၄ ဌာန သံဝေဂဉာဏ်ဖြစ်စေသော အရပ် ၄ မျိုးနှင့် တူသည်။

သံဝဋ္ဋကပ် ၃ မျိုး ၁။ အာပေါသံဝဋ္ဋ– ရေကြောင့် ပျက်စီးခြင်း၊ ၂။ တေဇောသံဝဋ္ဋ– မီးကြောင့် ပျက်စီးခြင်း၊ ၃။ ဝါယောသံဝဋ္ဋ– လေကြောင့် ပျက်စီးခြင်း။ (ဝိ၊ဋ္ဌ၁။၁၂၉။) (အံ၊ဋ္ဌ၂။၃၄၀။) (ပဋိသံ၊ဋ္ဌ၁။၃၂၆။) (စရိယာ၊ဋ္ဌ။၁၁။) (ဝိသုဒ္ဓိ၂။၄၄။)

သံဝဋ္ဋကပ်၏ အပိုင်းအခြား ၃ ပါး ၁။ မီးကြောင့်ပျက်လျှင် အာဘဿရာဘုံအထိ၊ ၂။ ရေကြောင့် ပျက်လျှင် သုဘကိဏ္ဏာဘုံအထိ၊ ၃။ လေကြောင့်ပျက်လျှင် ဝေဟပ္ဖိုလ်ဘုံအထိ။ (ဝိ၊ဋ္ဌ၁။ ၁၂၉။) (ပဋိသံ၊ဋ္ဌ၁။၃၂၆။) (စရိယာ၊ဋ္ဌ။၁၁။) (ဝိသုဒ္ဓိ၂။၄၄။)

သံဝဋ္ဋသီမာ ၃ ပါး သံဝဋ္ဋကပ်၏ အပိုင်းအခြား ၃ ပါးနှင့် တူသည်း။

သံသရာကို ချဲ့တတ်သော တရား ၃ ပါး ၁။ တဏှာပဟဋ္ဌ– တဏှာအစစ် တစ်ရာ့ရှစ်၊ ၂။ မာန ပဟဋ္ဌ– မာနကိုးမျိုး၊ ၃။ ဒိဋ္ဌိပဟဋ္ဌ– ဒိဋ္ဌိ ၆၂ မျိုး။ (ဒီ၊ဋ္ဌ၂။၃၁၃။) (မ၊ဋ္ဌ၄။၁၁၉။) (ဥဒါန၊ဋ္ဌ။၃၃၈။) (သုတ္တနိ၊ဋ္ဌ၁။၂၀။) (သာရတ္ထ၊ဋီ၁။၃၀၅။) (ဒီ၊ဋ္ဌ၊မြန်၂။၅၇၆။)

သံသရာကို ချဲ့.ထွင်တတ်သော ကိလေသာ ၃ မျိုး ၁။ လိုချင်တပ်မက်မှု တဏှာ၊ ၂။ မာန၊ ၃။ အယူမှား– မိစ္ဆာဒိဋ္ဌိ။ (ဒီ၊ဋ္ဌ၂။၁၈။) (ဒီ၊ဋ္ဌ၊မြန်၂။၃၃။)

သံသရာကျင်လည်ခြင်းနှင့် ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ သံသရာရေစုန် ဆင်းတတ်သော ပုဂ္ဂိုလ်၊ ၂။သံသရာရေဆန်တက်သောပုဂ္ဂိုလ်၊၃။ရပ်တည်သောသဘောရှိသောပုဂ္ဂိုလ်၊၄။ကမ်းကစ်ဖက် ရောက် ကူးမြောက်ပြီး၍ ကုန်းထက်၌ တည်သည့် မြတ်သော ပုဂ္ဂိုလ်။ (အံ၁။၃၁၁။) (အံ၊မြန် ၁။၃၂၇။)

သံသရာ ခရီးသည် ၃ ဦး ၁။ ပုထုဇဉ်သတ္တဝါ၊ ၂။ သောတာပန်သတ္တဝါ၊ ၃။ သကဒါဂါမ် သတ္တဝါ။ (ဣတိဝုတ်၊ဋ္ဌ။၂၈၇။)

http://www.dhammadownload.com

သံသရာ၌ ကျင်လည်ရကြောင်း တရား ၄ ပါး ၁။ မြတ်သော အရိယာသီလကို လျော်ကန်စွာ ထိုးထွင်း၍ မသိခြင်း၊ ၂။ မြတ်သော အရိယာသမာဓိကို လျော်ကန်စွာ ထိုးထွင်း၍ မသိခြင်း၊ ၃။ မြတ်သော အရိယာပညာကို လျော်ကန်စွာ ထိုးထွင်း၍ မသိခြင်း၊ ၄။ မြတ်သော အရိယာဝိမုတ္တိကို လျော်ကန်စွာ ထိုးထွင်း၍ မသိခြင်း၊ "ဤတရားလေးပါးကို လျော်ကန်စွာ ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်လည်းကောင်း သင်တို့သည်လည်းကောင်း ရှည်လျားလှစွာသော ဤသံသရာကာလပတ်လုံး ပြေးသွားကျင်လည်ခဲ့ကြရလေပြီ"ဟု ဘုရားရှင် ဟောတော်မူ၏။ (ဒီ၊၂။၁၀၂။) (ဒီ၊မြန်၊၂။၁၁၈။)

သံသရာ၌ ကြာမြင့်စွာ ကျင်လည်ရကြောင်း တရား ၄ ပါး ၁။ မြတ်သော သီလကို လျော်စွာ မသိခြင်း၊ ထိုးထွင်း၍ မသိခြင်း၊ ၂။ မြတ်သော သမာဓိကို လျော်စွာ မသိခြင်း၊ ထိုးထွင်း၍ မသိခြင်း၊ ၃။ မြတ်သော ပညာကို လျော်စွာ မသိခြင်း၊ ထိုးထွင်း၍ မသိခြင်း၊ ၄။ မြတ်သော ထွက်မြောက်မှု အရဟတ္တဖိုလ်ကို လျော်စွာ မသိခြင်း၊ ထိုးထွင်း၍ မသိခြင်း။ (အံ၊၁။၃၀၇။) (အံ၊မြန်၊၁။၃၂၃။)

သံသရာအနှောင်အဖွဲ့မှ လွတ်ကြောင်း ၃ မျိုး ၁။ အတ္တစသည်မှ ကင်းဆိတ်ကြောင့်တရား၊ (သုညတ)၊ ၂။ နိစ္စနိမိတ်စသည်တို့ကို ပယ်ခွာလျက် ဆန့်ကျင်ဖက်တရားတို့မှ လွတ်ကြောင်းတရား၊ (အနိမိတ္တ)၊ ၃။ တဏှာဖြင့် အတွယ်အတာ မရှိသော လွတ်ကြောင်းတရား။ (အပ္ပဏိဟိတ) (နေတ္တိ၊ဝိဘာ။၂၇၇။)

သံသဂ္ဂ ၅ မျိုး ကိလေသာရောယှက်မှု ၅ မျိုးနှင့် တူသည်။

သံသဂ္ဂဖြစ်ရာ ပုဂ္ဂိုလ် ၈ ယောက် ၁။ မင်း၊ ၂။ အမတ်ကြီး၊ ၃။ တိတ္ထိ၊ ၄။ တိတ္ထိ၏ တပည့်၊ ၅။ ဥပါသကာ၊ ၆။ ဥပါသိကာမ၊ ၇။ ရဟန်း၊ ၈။ ရဟန်းမ။ (သံ၊ဋ္ဌ၊၁။၁၁၃။)

သဠာယတနာ ၃ ပါး ၁။ ကာယသဠာယတနာ– အကုသိုလ်စိတ် (၁၂) ပါး၊ မဟာကုသိုလ်စိတ် (၈) ပါး ပေါင်း ၂၀၊ ၂။ ဝစီသဠာယတနာ– အကုသိုလ်စိတ် (၁၂) ပါး၊ မဟာကုသိုလ်စိတ် (၈) ပါး ပေါင်း ၂၀၊ ၃။ မနောသဠာယတနာ– အကုသိုလ်စိတ် (၁၂) ပါး၊ မဟာကုသိုလ်စိတ် (၈) ပါး ပေါင်း ၂၀။ (အံ၊ဋ္ဌ၊၂။၃၄၇။)

သဠာယတနာအပေါင်း ၆ ပါး ၁။ ရူပသဠာယတနာ– ရူပါရုံ၌ စေ့ဆော်တတ်သည့် စေတနာ၊ ၂။ သဒ္ဒသဠာယတနာ–သဒ္ဒါရုံ၌ စေ့ဆော်တတ်သည့် စေတနာ၃။ ဂန္ဓသဠာယတနာ– ဂန္ဓာရုံ၌ စေ့ဆော်တတ်သည့် စေတနာ၊ ၄။ ရသသဠာယတနာ– ရသာရုံ၌ စေ့ဆော်တတ်သည့် စေတနာ၊ ၅။ ဖောဋ္ဌဗ္ဗသဠာယတနာ– ဖောဋ္ဌဗ္ဗာရုံ၌ စေ့ဆော်တတ်သည့် စေတနာ၊ ၆။ ဓမ္မသဠာယတနာ– ဓမ္မာရုံ၌ စေ့ဆော်တတ်သော စေတနာ။ (ဒီ၊၃။၂၀၂။) (ဒီ၊မြန်၊၃။၂၂၅။)

သက္ကတိုင်း၌ ပညတ်အပ်သော သိက္ခာပုဒ် ၈ ပုဒ် ၁။ ဇဋ္ဌကလောမဓောဝါပန သိက္ခာပုဒ်၊ ၂။ ဥိနပဋ္ဌနနုပတ္တ သိက္ခာပုဒ်၊ ၃။ ဘိက္ခုနုပဿယဩဝါဒ သိက္ခာပုဒ်၊ ၄။ တတုတ္တရိ ဘေသဇ္ဇဝိညာပန သိက္ခာပုဒ်၊ ၅။ သူစိဃရ သိက္ခာပုဒ်၊ ၆။ စတုတ္ထ ပါဋိဒေသနီ သိက္ခာပုဒ်၊ ၇။ ဥဒကသုဒ္ဓိ သိက္ခာပုဒ်၊ ၈။ ဩဝါဒုပဂမန သိက္ခာပုဒ်။ (ဝိ၊၅။၂၅၇။) (ဝိ၊မြန်၊၅။၃၄၉။)

http://www.dhammadownload.com

သင်္ဂါယ ၅ ပါး ၁။ ရူပုပါဒါနကွန္ဓာ– ရုပ်ဟူသော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ၊ ၂။ ဝေဒနုပါဒါနကွန္ဓာ– ဝေဒနာဟူသော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ၊ ၃။ သညုပါဒါနကွန္ဓာ– သညာဟူသော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ၊ ၄။ သင်္ခါရုပါဒါနကွန္ဓာ– သင်္ခါရဟူသော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ၊ ၅။ ဝိညာဏုပါဒါနကွန္ဓာ– ဝိညာဏ်ဟုဆိုအပ်သော ဥပါဒါန်တို့၏ အာရုံဖြစ်သော ခန္ဓာ။ (သံ၊၂။၄၅၄။) (သံ၊မြန်၊၂။၄၅၀။)

သင်္ဂါယဒိဋ္ဌိ ၅ မျိုး ၁။ ရုပ်ကို အတ္တအားဖြင့် ရှုမြင်ခြင်း၊ ၂။ ဝေဒနာကို အတ္တအားဖြင့် ရှုမြင်ခြင်း၊ ၃။ သညာကို အတ္တအားဖြင့် ရှုမြင်ခြင်း၊ ၄။ သင်္ခါရတို့ကို အတ္တအားဖြင့် ရှုမြင်ခြင်း၊ ၅။ ဝိညာဏ်ကို အတ္တအားဖြင့် ရှုမြင်ခြင်း။ (သာရတ္ထ၊ဋီ၊၁။၁၄၃။)

သင်္ဂါယဒိဋ္ဌိ ၂၀ ပါး အကြားအမြင်မရှိသော ပုထုဇဉ်သည်၊ ၁။ ရုပ်ကို အတ္တဟု ရှုခြင်း၊ ၂။ ရုပ်ရှိသော အတ္တဟု ရှုခြင်း၊ ၃။ အတ္တ၌ ရုပ် (တည်၏)ဟု ရှုခြင်း၊ ၄။ ရုပ်၌ အတ္တ (တည်၏) ဟု ရှုခြင်း၊ ၅။ ဝေဒနာကို အတ္တဟု ရှုခြင်း၊ ၆။ ဝေဒနာရှိသော အတ္တဟု ရှုခြင်း၊ ၇။ အတ္တ၌ ဝေဒနာ (တည်၏) ဟု ရှုခြင်း၊ ၈။ ဝေဒနာ၌ အတ္တ (တည်၏) ဟု ရှုခြင်း၊ ၉။ သညာကို အတ္တဟု ရှုခြင်း၊ ၁၀။ သညာရှိသော အတ္တဟု ရှုခြင်း၊ ၁၁။ အတ္တ၌ သညာ (တည်၏)ဟု ရှုခြင်း၊ ၁၂။ သညာ၌ အတ္တ (တည်၏) ဟု ရှုခြင်း၊ ၁၃။ သင်္ခါရကို အတ္တဟု ရှုခြင်း၊ ၁၄။ သင်္ခါရရှိသော အတ္တဟု ရှုခြင်း၊ ၁၅။ အတ္တ၌ သင်္ခါရ (တည်၏) ဟု ရှုခြင်း၊ ၁၆။ သင်္ခါရ၌ အတ္တ (တည်၏) ဟု ရှုခြင်း၊ ၁၇။ ဝိညာဏ်ကို အတ္တဟု ရှုခြင်း၊ ၁၈။ ဝိညာဏ် ရှိသော အတ္တဟု ရှုခြင်း၊ ၁၉။ အတ္တ၌ ဝိညာဏ် (တည်၏) ဟု ရှုခြင်း၊ ၂၀။ ဝိညာဏ်၌ အတ္တ (တည်၏) ဟု ရှုခြင်း။ (သံ၊၂။၈၃။) (သံ၊မြန်၊၂။၈၀။)

သင်္ဂါယဒိဋ္ဌိ စသည် ဖြစ်ကြောင်းတရား ၃ ပါး ၁။ မသင့်မတင့် နှလုံးသွင်းခြင်း– အယောနိသော မနသိကာရ၊ ၂။ လမ်းမှားကို မှီဝဲခြင်း– ကုမ္မဂ္ဂသေဝန၊ ၃။ စိတ်ဆုတ်နစ်မှု ဖြစ်ခြင်း– စေတသော လီနတ္တ။ (အံ၊၃။၃၇၁။) (အံ၊မြန်၊၃။၃၇၁။)

သင်္ဂါယဒိဋ္ဌိဖြင့် နှလုံးသွင်းပုံ ၂၀ (အတ္တသို့ အစဉ်လျှောက်သော (အတ္တာနုဒိဋ္ဌိ) ကို အမှား နှလုံးသွင်းသော အခြင်းအရာ (၂၀)) ၁။ ရုပ်ကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၂။ ရုပ် ရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၃။ အတ္တ၌ ရုပ်ကိုလည်း အဖန်ဖန်ရှုခြင်း၊ ၄။ ရုပ်၌ အတ္တကိုလည်း အဖန်ဖန် ရှုခြင်း၊ ၅။ ဝေဒနာကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၆။ ဝေဒနာရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၇။ အတ္တ၌ ဝေဒနာကိုလည်း အဖန်ဖန်ရှုခြင်း၊ ၈။ ဝေဒနာ၌ အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၉။ သညာကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၁၀။ သညာရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၁။ အတ္တ၌ သညာကိုလည်း အဖန်ဖန် ရှုခြင်း၊ ၁၂။ သညာ၌ အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၃။ သင်္ခါရတို့ကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၁၄။ သင်္ခါရတို့ကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၁၅။ သင်္ခါရရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၆။ အတ္တ၌ သင်္ခါရတို့ကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၇။ သင်္ခါရတို့၌ အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၈။ ဝိညာဏ်ကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၁၉။ ဝိညာဏ်ရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၂၀။ အတ္တ၌ ဝိညာဏ်ကိုလည်း အဖန်ဖန် ရှုခြင်း၊ ၂၀။ ဝိညာဉ်၌ အတ္တကိုလည်း အဖန်ဖန်ရှု၏။ ဤကား အတ္တသို့ အစဉ် လျှောက်သော

http://www.dhammadownload.com

ဒိဋ္ဌ (အတ္တာနုဒိဋ္ဌ) ကို အမှား နှလုံးသွင်းသော အခြင်းအရာ (၂၀) တည်း။ (ပဋိသံ။၁၄၇။) (ပဋိသံ၊မြန်။၁၉၀။)

သက္ကာယဒိဋ္ဌိ ဖြစ်ကြောင်း တရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၁၅၁။) (သံ၊မြန်၊၂။၁၄၂။)

သက္ကာယဒိဋ္ဌိ တည်ကြောင်း ၈ ပါး ၁။ ရာဂ– တပ်နှစ်သက်တတ်သော တရား၊ ၂။ ဒေါသ– အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ ၃။ မောဟ– တွေဝေမှေလျော့ခြင်း၊ ၄။ မာန၊ ၅။ ဒိဋ္ဌိ၊ ၆။ အနုသယ– သတ္တဝါတို့ သန္တာန်၌ ကိန်းတည်နေသော တရား၊ ၇။ ဝိစိကိစ္ဆာ–ယုံမှားခြင်း၊ ၈။ ဥဒ္ဓစ္စ–စိတ်ပျံ့လွင့်ခြင်း။ (သံ၊၂။၁။၂၆၇။)

သက္ကာယနှင့် စပ်သော ပုဂ္ဂိုလ် ၄ မျိုး ၁။ သက္ကာယချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို နှလုံးသွင်းသော်လည်း ထိုသက္ကာယချုပ်ငြိမ်းရာ နိဗ္ဗာန်၌ စိတ်မပြေးဝင် မကြည်လင် မရုပ်တည်သော ပုဂ္ဂိုလ်၊ ၂။ သက္ကာယချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို နှလုံးသွင်းသည်ရှိသော် ထိုသက္ကာယချုပ်ရာ နိဗ္ဗာန်၌ စိတ်ပြေးဝင် ကြည်လင် ရုပ်တည်သော ပုဂ္ဂိုလ်၊ ၃။ အဝိဇ္ဇာကို ဖောက်ခွဲဖျက်ဆီးကြောင်း အရဟတ္တမဂ်ကို နှလုံးသွင်းသော်လည်း ထိုအဝိဇ္ဇာကို ဖောက်ခွဲဖျက်ဆီးကြောင်း အရဟတ္တမဂ်၌ စိတ်မပြေးဝင် မကြည်လင် မရုပ်တည်သော ပုဂ္ဂိုလ်၊ ၄။ အဝိဇ္ဇာကို ဖောက်ခွဲဖျက်ဆီးကြောင်း အရဟတ္တမဂ်ကို **နှလုံးသွင်း**သည်ရှိသော် ထိုအဝိဇ္ဇာကို ဖောက်ခွဲဖျက်ဆီးကြောင်း အရဟတ္တမဂ်၌ စိတ်ပြေးဝင် **ကြည်လင်** ရုပ်တည်သော ပုဂ္ဂိုလ်။ (အံ၊၁။၄၈၄။) (အံ၊မြန်၊၁။၄၉၉။)

သက်ရှိရတနာ ၂ မျိုး ၁။ မနုဿရတနာ– သားကြီး ရတနာ, သူကြွယ်ရတနာ, ဣတ္ထိရတနာ စသည်၊ ၂။ တိရစ္ဆာနဂတရတနာ– ဆင်ရတနာ, မြင်းရတနာ စသည်။ (ခုဒ္ဒက၊၌။၁၄၉။) (သုတ္တနိ၊၌၊၁။၂၇၈။)

သက်သာရာ ထောက်တည်ရာ မရှိသော မြတ်သော အကျင့် ၄ မျိုး ၁။ အလုံးစုံကို သိမြင်သူ ဆရာဟု ဝန်ခံထားပြီး၍ သူတစ်ပါးကို အစအစ အရာအရာ မေးမြန်းနေရသော ဆရာဖြစ်သူ၏ မြတ်သော အကျင့်၊ ၂။ အဆင့်ဆင့် ကြားခြင်းကို အမှီပြု၍ တစ်ဆင့် ကြားသည်မှန်၏ဟု အယူအဆရှိသော ဆရာဖြစ်သူ၏ မြတ်သော အကျင့်၊ ၃။ ကြံစည်လေ့ စုံစမ်းလေ့ရှိသော ဆရာဖြစ်သူ၏ မြတ်သော အကျင့်၊ ၄။ ဉာဏ်နှံ့သူ တွေဝေသူ ဖြစ်၍ သူတစ်ပါး မေးသမျှပြဿနာကို မှန်အောင် မဖြေနိုင်ပါလျက် ဆင်ခြေဆင်လက် အမျိုးမျိုးဖြင့် ဖြေကြားတတ်သော ဆရာဖြစ်သူ၏ မြတ်သော အကျင့်။ (မ၊၂။၁၈၈။) (မ၊မြန်၊၂။၂၀၀–၂၀၁။)

သိက္ခာ ၃ ပါး ၁။ အဓိသီလသိက္ခာ– မွန်မြတ်သော ပါတိမောက္ခသံဝရသီလ ရဟန်းသီလကို ကျင့်သုံးခြင်း၊ ၂။ အဓိစိတ္တသိက္ခာ– မွန်မြတ်သော လောကီစျာန်စိတ် ရရှိအောင် ကျင့်သုံးခြင်း၊ ၃။ အဓိပညာသိက္ခာ– မွန်မြတ်သော မင်္ဂဖိုလ်ပညာ စသည်ကို ရရှိအောင် ကျင့်သုံးခြင်း။ ((ဝိ၊၁။၂၈။) (ဒီ၊၃။၁၈၃။) (အံ၊၁။၂၃၇။) (ပဋိသံ။၄၆။) (မဟာနိ။၁၁၅။) (မဟာနိ။၁၂၂။) (မဟာနိ။ ၂၀၈။) (မဟာနိ။၂၆၉။) (မဟာနိ။၂၉။) (မဟာနိ။၃၃၃–၃၁၄။) (မဟာနိ။၃၃၁။) (မဟာနိ။၄၀၆။) (ဝိ၊၌၊၁။၁၈။) (ဝိ၊၌၊၂။၁၆။) (ဒီ၊၌၊၁။၂၀။) (အဘိ၊၌၊၁။၂၂။) (ပဋိသံ၊၌၊၂။၁၆၄။) (ခုဒ္ဒက၊၌။၁၅။) (ဣတိဝု၊၌။၁၅။) (နေတ္တိ၊၌။၂၁၄။) (နေတ္တိ၊ဝိဘာ။၂၇၆။) (ဝိ၊မြန်၊၁။၃၄။) (ဒီ၊မြန်၊၃။၂၀၄။) (အံ၊မြန်၊၁။နံပါတ်မပါ။) (ပဋိသံ၊မြန်။၆၂။) (ဒီ၊၌၊မြန်၊၁။၃၅။)

http://www.dhammadownload.com

သိက္ခာပုဒ် ၂ မျိုး ၁။ လောကဝဇ္ဇသိက္ခာပဒ– လောကဒ္ဒ အပြစ်ရှိသော သိက္ခာပုဒ်၊ ၂။ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပဒ– ပညတ်တော်ကြောင့် အပြစ်ရှိသော သိက္ခာပုဒ်။ (ဝိ၊၆၊၁။၁၉၃။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) (ဒွေ ဝိဃာသာအရ သိက္ခာပုဒ် ၂ မျိုး) ၁။ စားကြွင်း စားကျန်များကို တံတိုင်းအပြင်ဘက် နံရံအပြင်ဘက်၌ စွန့်ပစ်ခြင်းကြောင့် ပါစိတ်အာပတ်သင့်သော ပထမဝိဃာသသိက္ခာပုဒ်၊ ၂။ စားကြွင်း စားကျန်များကို စိမ်းစိုသော မြက် သစ်ပင် ရှိရာအရပ်၌ စွန့်ပစ်ခြင်းကြောင့် ပါစိတ်အာပတ်သင့်သော ဒုတိယဝိဃာသသိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၅။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) (ဥဇ္ဇဂ္ဃိကာ ဒွေ စာတိ၌ သိက္ခာပုဒ် ၂ မျိုး) ၁။ ပြင်းစွာ ကျယ်လောင်စွာ ရယ်မောလျက် မြို့တွင်း ရွာတွင်း၌ သွားလာခြင်းကြောင့် အပြစ်သင့်သော ပထမဥဇ္ဇဂ္ဃိက သိက္ခာပုဒ်၊ ၂။ ပြင်းစွာ ကျယ်လောင်စွာ ရယ်မောလျက် မြို့တွင်း ရွာတွင်း၌ နေထိုင်ခြင်းကြောင့် အပြစ်သင့်သော ဒုတိယဥဇ္ဇဂ္ဃိက သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၆။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) (ဒွေ စ သဒ္ဒါ အရ သိက္ခာပုဒ် ၂ မျိုး) ၁။ မြို့တွင်း ရွာတွင်း တိုးသော အသံရှိသည်ဖြစ်၍ သွားရသော ပထမအပ္ပသဒ္ဒ သိက္ခာပုဒ်၊ ၂။ မြို့တွင်း ရွာတွင်း၌ တိုးသော အသံရှိသည်ဖြစ်၍ နေထိုင်ရသော ဒုတိယအပ္ပသဒ္ဒ သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၆။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) (သံသဋ္ဌာ ဒွေ အရ သိက္ခာပုဒ် ၂ မျိုး) ၁။ လူတို့နှင့် ရောနှော၍ နေထိုင်ခြင်း, အပြစ်ကို ဖုံးလွှမ်းခြင်း, ယုတ်မာသော အကျင့်ရှိခြင်းကြောင့် သံဃာဒိသိသ် အာပတ်သင့်သော ပထမသံသဋ္ဌ (ပထမ ပါပသမာစာရ) သိက္ခာပုဒ်၊ ၂။ သင်တို့သည် လူတို့နှင့် ရောနှော၍ လည်းကောင်း, အပြစ်ကို ဖုံးလွှမ်း၍ လည်းကောင်း နေကြကုန်လော ဟု ပြောဆိုခြင်း, ယုတ်မာသော အကျင့်ရှိခြင်းကြောင့် သံဃာဒိသိသ်အာပတ်သင့်သော ဒုတိယ သံသဋ္ဌ (ဒုတိယပါပသမာစာရ) သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၆။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) (သဟဓီဝိနိ ဒွေ အရ သိက္ခာပုဒ် ၂ မျိုး) ၁။ အတူနေ ဘိက္ခုနီမကို ရဟန်းပြုပေးပြီးနောက် နှစ်နှစ်လုံးလုံး ကိုယ်တိုင်လည်း မချီးမြှောက်, သူတစ်ပါးကိုလည်း မချီးမြှောက်စေသဖြင့် ပါစိတ်အာပတ်သင့်သော ပထမသဟဓီဝိနီ သိက္ခာပုဒ်၊ ၂။ ရဟန်းပြုပေးပြီးနောက် အတူနေဘိက္ခုနီမကို ငါးယူဇနာမျှသော ခရီးကို ခေါ်မသွားခြင်းကြောင့် ပါစိတ်အာပတ်သင့်သော ဒုတိယသဟဓီဝိနီ သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၆။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) (ပက္ကမန္တေန ဝါ ဒုဝေ အရ သိက္ခာပုဒ် ၂ မျိုး) ၁။ သံဃိက ဖြစ်သော ခုတင်ညောင်စောင်း စသည်ကို သုံးစွဲပြီး မသိမ်းဆည်းဘဲ ဖဲခွာသွားသော ရဟန်းအား ပါစိတ်အာပတ်သင့်သော ပထမသေနာသန သိက္ခာပုဒ်၊ ၂။ သံဃိကကျောင်း၌ အိပ်ရာနေရာအခင်း စသည်ကို သုံးစွဲပြီး မသိမ်းဆည်းဘဲ ဖဲခွါသွားသော ရဟန်းအား ပါစိတ် အာပတ်သင့်သော ဒုတိယသေနာသန သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၇။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) (ဒွေပိ အာဝသထေန အရ သိက္ခာပုဒ် ၂ မျိုး) ၁။ ဥတုလာသော အခါ သုံးစွဲသော သင်္ကန်းကို မစွန့်ပစ်ဘဲ သုံးဆောင်နေသော ရဟန်းမအား ပါစိတ်အာပတ် သင့်သော အာဝသထစီဝရသိက္ခာပုဒ်၊ ၂။ ကျောင်းကို မစွန့်ဘဲ ဒေသစာရီသွားသော ဘိက္ခုနီမအား ပါစိတ်အာပတ်သင့်သော အာဝသထဝိဟာရ သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၇။)

http://www.dhammadownload.com

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) (ဒွေ သေယျာအရ သိက္ခာပုဒ် ၂ မျိုး) ၁။ ပထမသဟသေယျ သိက္ခာပုဒ်၊ ၂။ ဒုတိယသဟသေယျ သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၈။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) (တိရစ္ဆာနဝိဇ္ဇာ ဒွေ အရ သိက္ခာပုဒ် ၂ မျိုး) ၁။ တိရစ္ဆာနဝိဇ္ဇာ (မင်္ဂဖိုလ်နိဗ္ဗာန်၏ ဖီလာကန့်လန့်ဖြစ်သော) အတတ်ပညာကို သင်ယူခြင်းကြောင့် ပါစိတ် အာပတ်သင့်သော တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏာနသိက္ခာပုဒ်၊ ၂။ တိရစ္ဆာနဝိဇ္ဇာ အတတ် ပညာကို ပို့ချခြင်းကြောင့် ပါစိတ်အာပတ်သင့်သော တိရစ္ဆာနဝိဇ္ဇာဝါစန သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၉။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) ၁။ ပရိယာယသိက္ခာပုဒ်၊ ၂။ နိပ္ပရိယာယသိက္ခာပုဒ်။ (အဘိ၊၆၊ ၂။၃၆၅။)

သိက္ခာပုဒ် ၂ မျိုး (တစ်နည်း) ၁။ ဝိရတိသည် မုချသိက္ခာပုဒ်၊ ၂။ စေတနာနှင့် ကြွင်းသမွယုတ် တရားတို့သည် ပရိယာယ်သိက္ခာပုဒ်။ (သာရတ္ထ၊ဋီ၊၂။၃၃။)

သိက္ခာပုဒ် ၃ မျိုး (မြဲသော သမုဋ္ဌာန်ရှိသော သိက္ခာပုဒ် ၃ ပုဒ်) ၁။ ဘူတာရောစန သိက္ခာပုဒ်၊ ၂။ စောရီဝုဋ္ဌာပန သိက္ခာပုဒ်၊ ၃။ အနနုညာတ သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၁။)

သိက္ခာပုဒ် ၃ မျိုး (တစ်နည်း) (ဂိဟိဂတသိက္ခာပုဒ် ၃ ပုဒ်) ၁။ အသက် ဆယ့်နှစ်နှစ် မပြည့် သေးသော မိန်းမကို ရဟန်းပြုပေးသော ပထမဂိဟိဂတ သိက္ခာပုဒ်၊ ၂။ အသက် တစ်ဆယ့် နှစ်နှစ်ပြည့်ပြီးသော်လည်း သိက္ခာပုဒ်ခြောက်ပါးကို နှစ်နှစ်တိုင်တိုင် မကျင့်ရသေးသော မိန်းမကို ရဟန်းပြုပေးသော ဒုတိယဂိဟိဂတ သိက္ခာပုဒ်၊ ၃။ ဆယ့်နှစ်နှစ်ပြည့်၍ နှစ်နှစ်ပတ်လုံး သိက္ခာပုဒ်ခြောက်ပါးကို ကျင့်ပြီးသော်လည်း သံဃာက မသမုတ်ရသေးသော သိက္ခမာန်ကို ရဟန်းပြုပေးသော တတိယဂိဟိဂတသိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၄။)

သိက္ခာပုဒ် ၃ မျိုး (တစ်နည်း) (ဥဇ္ဈတံ ကထိနံ တိဏ် အရ သိက္ခာပုဒ် ၃ မျိုး) ၁။ ဥဇ္ဈတကထိန သဒ္ဒါဖြင့် မှတ်အပ်သော ပထမကထိန သိက္ခာပုဒ်၊ ၂။ ဥဇ္ဈတကထိနသဒ္ဒါဖြင့် မှတ်အပ်သော ဒုတိယကထိန သိက္ခာပုဒ်၊ ၃။ ဥဇ္ဈတကထိနသဒ္ဒါဖြင့် မှတ်အပ်သော တတိယကထိန သိက္ခာပုဒ်။ (ဝိ၊၆၊၄။၁၄၇။)

သိက္ခာပုဒ် ၅ မျိုး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်၊ ၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်၊ ၃။ ကာမဂုဏ်တို့၌ မှားသော အကျင့်မှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်၊ ၄။ မုသားစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်၊ ၅။ မူးယစ်ဆေးဝါးများနှင့် သေရည်အရက်တို့ကို သောက်စားမှီဝဲခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်။ (ဒီ၊၃။၁၉၆။) (အဘိ၊၀။၂၉၉။) (အဘိ၊၀။၃၀၁။) (အဘိ၊၀။၃၀၄။) (ဒီ၊မြန်၊၃။၂၁၈။) (အဘိ၊၀၊မြန်၊၂။၃၄၅။) (အဘိ၊၀၊မြန်၊၂။၃၄၅။) (အဘိ၊၀၊မြန်၊၂။၃၄၅။)

သိက္ခာပုဒ် ၇ မျိုး (ရည်ညွှန်း၍ ခွင့်ပြုအပ်သော သိက္ခာပုဒ်) ၁။ ဗျာဓိသြဒိဿံ- အနာရောဂါကို ရည်ညွှန်း၍ ခွင့်ပြုအပ်သော သိက္ခာပုဒ်၊ ၂။ ပဂ္ဂလောဒိဿံ- ပုဂ္ဂိုလ်ကို ရည်ညွှန်း၍ ခွင့်ပြု အပ်သော သိက္ခာပုဒ်၊ ၃။ ကာလောဒိဿံ- ကာလကို ရည်ညွှန်း၍ ခွင့်ပြုအပ်သော သိက္ခာပုဒ်၊

http://www.dhammadownload.com

၄။ သမယောဒိဿံ– ဂဏဘောဇနေ အညတြ သမယာ စသည်ဖြင့် သမယကို ရည်ညွှန်း၍ ခွင့်ပြုအပ်သော သိက္ခာပုဒ်၊ ၅။ ဒေသောဒိဿံ– အရပ်ဒေသကို ရည်ညွှန်း၍ ခွင့်ပြုအပ်သော သိက္ခာပုဒ်၊ ၆။ ဝယောဒိဿံ– ဝယာဟူသော အမည်ဖြင့် ခွင့်ပြုအပ်သော အဆီ၊ ၇။ ဘေသဇ္ဇောဒိဿံ– ဆေးဟူသော အမည်ဖြင့် ခွင့်ပြုအပ်သော ထောပတ်တင်လဲစသည်။ (ဝိ၊၆၊၂၊၂၉၅။)

သိက္ခာပုဒ် ၁၀ မျိုး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ သေရည်အရက် စသော မူးယစ်ဆေးဝါး သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၆။ နေလွဲညစာ စားခြင်း, တီးမှုတ်ခြင်း, ကြည့်ရှု နားထောင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ ၈။ ပန်းပန်ခြင်း အမွှေးနံ့သာ လိမ်းကျံခြင်း စသည်တို့မှ ရှောင်ကြဉ်ခြင်း၊ ၉။ မြင့်သော နေရာ မြတ်သော နေရာတို့၌ နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ ရွှေ ငွေ စသော ရတနာကို ကိုင်ခြင်း ခံယူခြင်းမှ ရှောင်ကြဉ်ခြင်း။ (ခုဒ္ဒက။၁။) (ခုဒ္ဒက၊မြန်။၂။)

သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း အကျိုးထူး ၂ ပါး ၁။ သံဃာ၏ ကောင်းခြင်းအကျိုး၊ ၂။ သံဃာ၏ ချမ်းသာစွာ နေထိုင်ရခြင်း အကျိုး၊ (တစ်နည်း) ၁။ သီလမရှိကုန်သော ပုဂ္ဂိုလ်တို့ကို နှိမ်နင်းခြင်း အကျိုး၊ ၂။ သီလကို ချစ်မြတ်နိုးကုန်သော ပုဂ္ဂိုလ်တို့ ချမ်းသာစွာ နေထိုင်ရခြင်း အကျိုး၊ (တစ်နည်း) ၁။ မျက်မှောက်ဖြစ်သော အာသဝေါတရားတို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်လတ္တံ့သော အာသဝေါတရားတို့ကို တားဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ မျက်မှောက်၌ ဖြစ်ကုန်သော အပြစ်တို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်လတ္တံ့သော အပြစ်တို့ကို တားဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ မျက်မှောက်၌ ဖြစ်ကုန်သော ရန်တို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်လတ္တံ့သော ရန်တို့ကို တားဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ မျက်မှောက်၌ ဖြစ်ကုန်သော ဘေးတို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်ကုန်သော ဘေးတို့ကို တားဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲခြင်းသဘော အကုသိုလ်တို့ကို ပိတ်ပင်ခြင်း အကျိုး၊ ၂။ တမလွန်၌ ဖြစ်လတ္တံ့သော ဆင်းရဲခြင်းသဘော အကုသိုလ်တို့ကို တားဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ လူတို့အား အစဉ်သနားခြင်း အကျိုး၊ ၂။ အလိုဆိုးရွိကုန်သော ရဟန်းတို့၏ အသင်းအပင်းကို ဖျက်ဆီးခြင်း အကျိုး၊ (တစ်နည်း) ၁။ မကြည်ညိုကုန်သေးသော သူတို့ကို ကြည်ညိုစေခြင်း အကျိုး၊ ၂။ ကြည်ညိုပြီးသူတို့ကိုလည်း တိုးတက်ကြည်ညိုစေခြင်း အကျိုး၊ (တစ်နည်း) ၁။ သာသနာတော်၏ ကြာမြင့်စွာ တည်ခြင်း အကျိုး၊ ၂။ ဝိနည်းကို ချီးမြှောက်ခြင်း အကျိုး။ (အံ၊၁။၉၇။) (အံ၊မြန်၊၁။၁၁၃။)

သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူး ၂ ပါး ၁။ သံဃာတော်၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးရန်၊ ၂။ သံဃာတော်များ ချမ်းသာရန်။ (ဝိ၅။၃၈၄။) (ဝိ၊မြန်၊၅။၄၈၉။)

သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူး ၂ ပါး (တစ်နည်း) ၁။ အကျင့်သီလ ဖောက်ဖျက်သည်ကို နှိမ်နင်းရန်၊ ၂။ အကျင့်သီလကို ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်ရန်။ (ဝိ၅။၃၈၄။) (ဝိ၊မြန်၊၅။၄၈၉။)

http://www.dhammadownload.com

သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူး ၂ ပါး (တစ်နည်း) ၁။ မျက်မှောက်ဖြစ်သော ဆင်းရဲအထူးကို စောင့်စည်းရန်၊ ၂။ နောင်ဖြစ်လတ္တံ့သော ဆင်းရဲအထူးကို ပယ်ရှားရန်။ (ဝိ၅။ ၃၈၅။) (ဝိ၊မြန်၊၅။၄၈၉။)

သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူး ၂ ပါး (တစ်နည်း) ၁။ မျက်မှောက် ဘေးရန်တို့ကို ပိတ်ပင်တားမြစ်ခြင်းငှာ၊ ၂။ တမလွန်ဘေးရန်ကို ပယ်ဖျောက်ခြင်းငှာ။ (ဝိ၅။၃၈၅။) (ဝိ၊မြန်၊၅။၄၉၀။)

သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူး ၂ ပါး (တစ်နည်း) ၁။ လူတို့ကို စောင့်ရှောက်ခြင်းငှာ၊ ၂။ ယုတ်မာသော အလိုရှိသော ရဟန်းတို့၏ အသင်းအပင်းကို ဖြတ်ခြင်းငှာ။ (ဝိ၅။၃၈၅။) (ဝိ၊မြန်၊၅။၄၉၀။)

သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူး၂ ပါး (တစ်နည်း) ၁။ မျက်မှောက် အဖြစ်တို့ကို ပိတ်ပင်တားမြစ်ခြင်းငှာ၊ ၂။ တမလွန်အဖြစ်တို့ကို ပယ်ဖျောက်ခြင်းငှာ။ (ဝိ၅။၃၈၅။) (ဝိ၊မြန်၊၅။၄၉၀။)

သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူး၂ ပါး (တစ်နည်း) ၁။ မျက်မှောက် အကုသိုလ်တရားတို့ကို ပိတ်ပင်ခြင်းငှာ၊ ၂။ တမလွန် အကုသိုလ်တရားတို့ကို ပယ်ဖျောက်ခြင်းငှာ။ (ဝိ၅။၃၈၅။) (ဝိ၊မြန်၊၅။၄၉၀။)

သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူး၂ ပါး (တစ်နည်း) ၁။ မကြည်ညိုသေးသော သူတို့ကို ကြည်ညိုစေခြင်းငှာ၊ ၂။ ကြည်ညိုပြီးသော သူတို့ကို တိုး၍ ကြည်ညိုစေခြင်းငှာ။ (ဝိ၅။ ၃၈၅။)

သိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုးထူး၂ ပါး (တစ်နည်း) ၁။ သူတော်ကောင်းတရား (သာသနာသုံးရပ်) တည်တံ့စေခြင်းငှာ၊ ၂။ ဝိနည်း (စည်းမျဉ်းဥပဒေ) ကို ချီးမြှောက်ခြင်းငှာ။ (ဝိ၅။ ၃၈၅။) (ဝိ၊မြန်၊၅။၄၉၁။)

သိက္ခာပုဒ် ပညတ်ရခြင်း၏ အကျိုးထူး ၁၀ ပါး ၁။ သံဃာတော်များ၏ ကောင်းပါပြီဟု ဝန်ခံကျင့်သုံးနိုင်ခြင်း၊ ၂။ သံဃာတော်များ ချမ်းသာစွာ နေထိုင်သီတင်းသုံးနိုင်ခြင်း၊ ၃။ အကျင့်သီလ ဖောက်ဖျက်သူတို့အား နှိမ်နင်းနိုင်ခြင်း၊ ၄။ အကျင့်သီလကို မြတ်နိုးကုန်သော ရဟန်းတို့ ချမ်းသာစွာ သီတင်းသုံး နေထိုင်နိုင်ခြင်း၊ ၅။ မျက်မှောက်၌ ဖြစ်ကုန်သော ဆင်းရဲအထူး အာသဝေါတရားတို့ကို စောင့်စည်းနိုင်ခြင်း၊ ၆။ နောင်ဖြစ်ပေါ်လတ္တံ့သော ဆင်းရဲအထူး အာသဝေါတရားတို့ကို ပယ်ရှားနိုင်ခြင်း၊ ၇။ မကြည်ညိုသေးသော ပုဂ္ဂိုလ်တို့ကို ကြည်ညိုစေခြင်း၊ ၈။ ကြည်ညိုပြီးသော ပုဂ္ဂိုလ်တို့ကို တိုး၍တိုး၍ ကြည်ညိုစေခြင်း၊ ၉။ သူတော်ကောင်းတရား တည်းဟူသော သာသနာတော်သုံးရပ်ကို တည်တန့်စေနိုင်ခြင်း၊ ၁၀။ ဝိနည်းစည်းမျဉ်း ဥပဒေကို ချီးမြှောက်နိုင်ခြင်း။ (ဝိ၁။၂၄။) (ဝိ၅။၁၂။) (ဝိ၅။၂။) (ဝိ၅။၂၅၃။) (ဝိ၅။၆။) (အံ၊၃။၃၁၁။) (ဝိ၊မြန်၊၁။၂၉။) (ဝိ၊မြန်၊၅။၃၄၅။) (ဝိ၊မြန်၊၅။၄၁၀၊၂၀။) (ဝိ၊မြန်၊၅။၄၁၀၊၂၀။) (ဝိ၊မြန်၊၅။၄၁၀၊၂၀။) (အံ၊မြန်၊၃။၃၁၀။)

သိက္ခာပုဒ်ပညတ်ရာ တိုင်းပြည် ၇ ပြည် ၁။ ဝေသာလီပြည်၊ ၂။ ရာဇဂြိုဟ်ပြည်၊ ၃။ သာဝတ္ထိပြည်၊ ၄။ အာဠဝီပြည်၊ ၅။ ကောသမ္ဗီပြည်၊ ၆။ သက္ကတိုင်း၊ ၇။ ဘဂ္ဂတိုင်း။ (ဝိ၅။၂၅၅။) (ဝိ၊မြန်၊ ၅။၃၄၈။)

http://www.dhammadownload.com

သိက္ခာပုဒ် အစဉ် ၄ မျိုး ၁။ ဒေသနာအစဉ်၊ ၂။ စွန့်ပယ်ခြင်းအစဉ်၊ ၃။ အကျင့်ပဋိပတ်အစဉ်၊ ၄။ ဖြစ်ခြင်းအစဉ်။ (ဝဇိရ။၆၄။)

သိက္ခာအားနည်းကြောင်း တရား ၅ ပါး ၁။ သူ့အသက်ကို သတ်ခြင်း၊ ၂။ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ သေရည် သေရက်သောက်ခြင်း။ (အံ၊၃။၂၅၅။) (အံ၊မြန်၊၃။၂၅၃။)

သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ သုက်လွတ်လိုသော စေတနာ ရှိခြင်း၊ ၂။ လုံ့လ ပြုခြင်း၊ ၃။ သုက်ထွက်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၁၆။) (ဝိမတိ၊၁။၂၅၈။)

သုတ်လွတ်စေခြင်းကြောင့် သင့်သော အာပတ် ၃ ပါး ၁။ သံဃာဒိသိသ်အာပတ်၊ ၂။ ထုလ္လစ္စဉ်း အာပတ်၊ ၃။ ဒုက္ကဋ်အာပတ်။ (ဝိ၊၅။၈၉။) (ဝိ၊မြန်၊၅။၁၂၉။)

သုက်လွတ်ခြင်း၌ သာယာသော ရာဂ ၁၁ မျိုး ၁။ မောစနသာဒ– လွတ်စေခြင်း၌ သာယာသော ရာဂ၊ ၂။ မုစ္စနသာဒ– လွတ်နေခြင်း၌ သာယာသော ရာဂ၊ ၃။ မုတ္တသာဒ– လွတ်ပြီးသော အခါ သာယာသော ရာဂ၊ ၄။ မေထုနသာဒ– မေထုန်၌ သာယာသော ရာဂ၊ ၅။ ဖဿသာဒ– အတွေ့အထိ၌ သာယာသော ရာဂ၊ ၆။ ကဏ္ဍုဝနသာဒ– အယားဖျောက်ခြင်း၌ သာယာသော ရာဂ၊ ၇။ ဒဿနသာဒ– အမျိုးသမီးကို ကြည့်နေခြင်း၌ သာယာသော ရာဂ၊ ၈။ နိသဇ္ဇသာဒ– အမျိုးသမီးနှင့် အတူ ထိုင်နေခြင်း၌ သာယာသော ရာဂ၊ ၉။ ဝါစသာဒ– အမျိုးသမီးနှင့်အတူ စကားပြောနေခြင်း၌ သာယာသော ရာဂ၊ ၁၀။ ဂေဟသိတပေမ– အိမ်၌တည်သော အမိ အဖ စသည်၌ မှီသော ချစ်ခြင်း၊ ၁၁။ ဝနဘင်္ဂိယ– တောထဲမှ ချီးယူ၍ ဆောင်အပ်သော ပန်း သစ်သီး စသော ဝတ္ထု။ (ဝိ၊၄။၂။၁၁၄။)

သုက်လွတ်ရာ၌ သံဃာဒိသိသ်အာပတ် ၂၀၀၀ ရေတွက်ပုံ ၁။ အဋ္ဌတ္တရုပ်၌ ရာဂ ထကြွခြင်းကြောင့် ကျန်းမာခြင်း အကျိုးငှာ အဖြူ အနီ စသော သုက်ဆယ်မျိုးကို လွတ်သော ရဟန်းအား သံဃာဒိသိသ်အာပတ် (၁၀) ချက်၊ ၂။ ထို့အတူ အဋ္ဌတ္တရုပ်၌ပင် ရာဂထကြွခြင်းကြောင့် ချမ်းအေးစေခြင်းအကျိုး, ဆေးအကျိုးစသည့် ကိုးပါးတို့ကြောင့် ဆယ်မျိုးစီသော သုက်ကို လွတ်သော ရဟန်းအား သံဃာဒိသိသ်အာပတ်အချက် (၉၀) စုစုပေါင်း ရာဂထကြွမှုကြောင့် အချက် (၁၀၀)၊ ၃။ ဥစ္စာလိင်္ဂပိုးကိုက်ခြင်း, ကျင်ကြီး ကျင်ငယ်ကြောင့် တောင့်တင်းခြင်း စသော လေးမျိုးတို့ကြောင့် အထက်ပါအတိုင်း ပြုကျင့်သော ရဟန်းအား အချက် (၄၀၀) စုစုပေါင်း အချက် (၅၀၀)၊ ၄။ ထို့အတူ ဗဟိဒ္ဓရုပ်၌လည်း ၅၀၀၊ ၅။ အဋ္ဌတ္တ ဗဟိဒ္ဓရုပ်၌လည်း ၅၀၀၊ ၆။ ကောင်းကင်၌ ခါးကို လှုပ်စေသော ရဟန်း ၅၀၀၊ စုစုပေါင်း (၂၀၀၀။) ။ (ဝိ၊၄။၂။၁၁၂။)

သေက္ခပုဂ္ဂိုလ် ဆုတ်ယုတ်ကြောင်း ၆ ပါး ၁။ အမှုသစ်၌ မွေ့လျော်ခြင်း၊ ၂။ စကားပြောမှု၌ မွေ့လျော်ခြင်း၊ ၃။ အိပ်မှု၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မွေ့လျော်ခြင်း၊ ၅။ ဣန္ဒြေတို့၌ တံခါးကို ပိတ်မထားခြင်း၊ ၆။ စားဖွယ်၌ အတိုင်းအရှည်ကို မသိခြင်း။ (အံ၊၂။၂၉၀။) (အံ၊မြန်၊၂။၃၇၂။)

http://www.dhammadownload.com

သေက္ခပုဂ္ဂိုလ်တို့ ကြောက်သော ဘေး ၃ မျိုး ၁။ ဝဋ်ဘေး၊ ၂။ ကိလေသာဘေး၊ ၃။ စွပ်စွဲခြင်းဘေး။ (အဘိ၊ဌ၊၃၆။)

သေက္ခပုဂ္ဂိုလ်တို့ စိတ်ကို ကောင်းစွာ ထားအပ်ရာ သတိပဋ္ဌာန်တရား ၄ ပါး ၁။ ကိုယ်ကာယ၌ ဆံ၊ အမွေး စသော သုံးဆယ့်နှစ်ပါးသော အစုတို့ကို အဖန်ဖန် ရှုလေ့ ရှိခြင်း၊ ၂။ ဝေဒနာ၌ ဝေဒနာကို အဖန်ဖန် ရှုလေ့ ရှိခြင်း၊ ၃။ စိတ်၌ စိတ်ကို အဖန်ဖန် ရှုလေ့ရှိခြင်း၊ ၄။ နိဝရဏ စသော သဘောတရားတို့၌ နိဝရဏ စသော သဘောတရားတို့ကို အဖန်ဖန် ရှုလေ့ရှိခြင်း။ (မ၊၂။၂။) (မ၊မြန်၊၂။၂။)

သေက္ခပုဂ္ဂိုလ်တို့ ရဲရင့်ကြောင်း တရား ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါရှိခြင်း၊ ၂။ စောင့်ထိန်းမှု သီလရှိခြင်း၊ ၃။ အကြားအမြင် များခြင်း၊ ၄။ ထက်သန်သော လုံ့လရှိခြင်း၊ ၅။ ပညာရှိခြင်း။ (အံ၊၂။၁၁၂။) (အံ၊မြန်၊၂။၁၃၇။)

သေက္ခပုဂ္ဂိုလ်တို့ ရယ်ရွှင်စိတ် ၆ ပါး ၁။ ကုသိုလ် သောမနဿသဟဂုတ် ၄ ခု၊ ၂။ အကုသိုလ် ဒိဋ္ဌဂတဝိပ္ပယုတ် သောမနဿသဟဂုတ် ၂ ခု။ (အဘိ၊ဌ၊၁။၃၃၄။)

သေက္ခပုဂ္ဂိုလ်တို့၏ အား ၅ မျိုး ၁။ ယုံကြည်မှု သဒ္ဓါအား၊ ၂။ ရှက်မှု ဟိရိအား၊ ၃။ ကြောက်လန့်မှု ဩတ္တပ္ပ အား၊ ၄။ အားထုတ်မှု ဝီရိယ အား၊ ၅။ သိမှု ပညာအား။ (အံ၊၂။၁။) (အံ၊မြန်၊၂။၁–၂။)

သေက္ခပုဂ္ဂိုလ် မဆုတ်ယုတ်ကြောင်း ၆ ပါး ၁။ အမှုသစ်၌ မမွေ့လျော်ခြင်း၊ ၂။ စကားပြောမှု၌ မမွေ့လျော်ခြင်း၊ ၃။ အိပ်မှု၌ မမွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မမွေ့လျော်ခြင်း၊ ၅။ ဣန္ဒြေတို့၌ တံခါးပိတ်ထားခြင်း၊ ၆။ စားဖွယ်၌ အတိုင်းအရှည်ကို သိခြင်း။ (အံ၊၂။၂၉၀။) (အံ၊မြန်၊၂။၃၇၃။)

သေက္ခပုဂ္ဂိုလ် ၇ ယောက် ၁။ သောတာပတ္တိမဂ္ဂဌာန် ပုဂ္ဂိုလ်၊ ၂။ သောတာပတ္တိဖလဌာန် ပုဂ္ဂိုလ်၊ ၃။ သကဒါဂါမိမဂ္ဂဌာန် ပုဂ္ဂိုလ်၊ ၄။ သကဒါဂါမိဖလဌာန် ပုဂ္ဂိုလ်၊ ၅။ အနာဂါမိမဂ္ဂဌာန် ပုဂ္ဂိုလ်၊ ၆။ အနာဂါမိဖလဌာန် ပုဂ္ဂိုလ်၊ ၇။ အရဟတ္တမဂ္ဂဌာန် ပုဂ္ဂိုလ်။ (ပဋိသံ၊ဌ၊၁။၂၄၆။)

သေက္ခပုဂ္ဂိုလ် ဝိပဿနာပွားရာ၌ အခြင်းအရာ ၁၀ ပါး ၁။ မမြဲသောအားဖြင့် ထင်ခြင်း၌ ကျွမ်းကျင်ခြင်း၊ မြဲသောအားဖြင့် မထင်ခြင်း၌ ကျွမ်းကျင်ခြင်း၊ ၂၊ ဆင်းရဲသောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း၊ ချမ်းသာသောအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၃။ အနှစ်မရှိ အလိုသို့ မလိုက်သောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း၊ အနှစ်ရှိ အလိုသို့လိုက်သောအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၄။ ကုန်ဆုံးတတ်သောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း အစိုင်အခဲအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၅။ ပျက်ပြုန်းသောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း၊ အားထုတ်ခြင်း၌ မထင်ခြင်း၌ လိမ်မာခြင်း၊ ၆။ ဖောက်ပြန်ခြင်း၏ ထင်ခြင်း၌ လိမ်မာခြင်း၊ တည်မြဲသောအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၇။ အနိမိတ္တ၏ ထင်ခြင်း၌ လိမ်မာခြင်း၊ နိမိတ္တ၏ မထင်ခြင်း၌ လိမ်မာခြင်း၊ ၈။ အပ္ပဏိဟိတ၏ ထင်ခြင်း၌ လိမ်မာခြင်း၊ တောင့်တခြင်း၏ မထင်ခြင်း၌ လိမ်မာခြင်း၊ ၉။ ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်း၌ လိမ်မာခြင်း၊ မှားသော နှလုံးသွင်းခြင်းအားဖြင့် မထင်ခြင်း၌ လိမ်မာခြင်း၊ ၁၀။ ဉာဏ်၏

http://www.dhammadownload.com

ထင်ခြင်း၌ ကျွမ်းကျင်ခြင်း၊ အဉာဏ၏ မထင်ခြင်း၌ ကျွမ်းကျင်ခြင်း။ (ပဋိ။၂၂၄။) (ပဋိ။မြန်။၂၇၈။)

သေက္ခပုဂ္ဂိုလ် သမာဓိ ပွားများရာ ထင်ခြင်း၌ လိမ်မာကြောင်း အခြင်းအရာ ၈ ပါး ၁။ အာရုံနိမိတ်ကို ဆင်ခြင်ခြင်းကြောင့် နိမိတ်အာရုံ ထင်ခြင်း၊ ၂။ သမထနိမိတ်၌ ထင်ခြင်း၊ ၃။ စိတ်ကို ချီးမြှောက်သော နိမိတ်၌ ထင်ခြင်း၊ ၄။ မပျံ့လွင့်မှု၌ ထင်ခြင်း၊ ၅။ ဉာဏ် အလင်းရောင်၌ ထင်ခြင်း၊ ၆။ ရွှင်လန်းမှု၌ ထင်ခြင်း၊ ၇။ လျစ်လျူရှုမှု၌ ထင်ခြင်း၊ ၈။ တစ်ခုတည်း အဖြစ်၌ ထင်ခြင်း။ (ပဋိ။၂၂၃။) (ပဋိ။မြန်။၂၇၆။)

သေက္ခရဟန်း ဆုတ်ယုတ်ကြောင်း တရား ၂ ပါး ၁။ အမျက်ထွက်ခြင်း ကောဓ၊ ၂။ ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ၊ ၁။ (တစ်နည်း) သူ့ကျေးဇူးကို ချေဖျက်ခြင်း မက္ခ၊ ၂။ အပြိုင်ပြုခြင်း ပလာသ၊ (တစ်နည်း) ၁။ ငြူစူခြင်း ဣဿာ၊ ၂။ ဝန်တိုခြင်း မစ္ဆရိယ၊ (တစ်နည်း) ၁။ လှည့်ပတ်ခြင်း မာယာ၊ ၂။ စဉ်းလဲခြင်း သာဌေယျ၊ (တစ်နည်း) ၁။ ဒုစရိုက်တရားတို့မှ မရုက်ခြင်း အဟိရီက၊ ၂။ ဒုစရိုက်တရားတို့မှ မလန့်ခြင်း အနောတ္တပ္ပ။ (အံ၊၁။၉၅။) (အံ၊မြန်၊၁။၁၁၂။)

သေက္ခရဟန်း မဆုတ်ယုတ်ကြောင်း တရား ၂ ပါး ၁။ အမျက်မထွက်ခြင်း အက္ကောဓ၊ ၂။ ရန်ငြိုးမဖွဲ့ခြင်း အနုပနာဟ၊ (တစ်နည်း) ၁။ သူ့ကျေးဇူးကို မချေဖျက်ခြင်း အမက္ခ၊ ၂။ အပြိုင် မပြုခြင်း အပဠာသ၊ (တစ်နည်း) ၁။ မငြူစူခြင်း အနိဿာ၊ ၂။ ဝန်မတိုခြင်း အမစ္ဆရိယ၊ (တစ်နည်း) ၁။ မလှည့်ပတ်ခြင်း အမာယာ၊ ၂။ မစဉ်းလဲခြင်း အသာဌေယျ၊ (တစ်နည်း) ၁။ ဒုစရိုက်တရားတို့မှ ရှက်ခြင်း ဟီရီ၊ ၂။ ဒုစရိုက်တရားတို့မှ လန့်ခြင်း ဩတ္တပ္ပ။ (အံ၊၁။၉၅။) (အံ၊မြန်၊၁။၁၁၂။)

သေက္ခရဟန်း ဆုတ်ယုတ်ကြောင်း တရား ၅ ပါး ၁။ အမှုသစ်၌ မွေ့လျော်ခြင်း၊ ၂။ စကား ပြောခြင်း၌ မွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မွေ့ လျော်ခြင်း၊ ၅။ (ကိလေသာမှ) လွတ်မြောက်သော စိတ်ကို မဆင်ခြင်ခြင်း။ (အံ၊၂။၁၀၂။) (အံ၊မြန်၊၂။၁၂၄။)

သေက္ခရဟန်း ဆုတ်ယုတ်ကြောင်း တရား ၇ ပါး ၁။ အမှုသစ်၌ မွေ့လျော်ခြင်း၊ ၂။ စကား ပြောခြင်း၌ မွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်တို့နှင့် စုရုံး နေထိုင်ခြင်း၌ မွေ့လျော်ခြင်း၊ ၅။ ဣန္ဒြေတို့ကို မစောင့်စည်းခြင်း၊ ၆။ စားဖွယ်အစားအစာ၌ အတိုင်းအရှည် မသိခြင်း၊ ၇။ မထေရ်ကြီးတို့၏ ပြုအပ်သော ကိစ္စတို့၌ အားထုတ်ခြင်း။ (အံ၊၂။၄၁၅။) (အံ၊မြန်၊၂။ ၅၂၆။)

သေက္ခရဟန်း မဆုတ်ယုတ်ကြောင်း တရား ၅ ပါး ၁။ အမှုသစ်၌ မမွေ့လျော်ခြင်း၊ ၂။ စကား ပြောခြင်း၌ မမွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မမွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်၌ မမွေ့ လျော်ခြင်း၊ ၅။ (ကိလေသာမှ) လွတ်မြောက်သော စိတ်ကို ဆင်ခြင်ခြင်း။ (အံ၊၂။၁၀၂။) (အံ၊မြန်၊၂။၁၂၄-၁၂၅။)

သေက္ခရဟန်း မဆုတ်ယုတ်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ ပြုဖွယ်ကိစ္စ များခြင်း၊ ၂။ အနည်းငယ်မျှသော အမှုဖြင့် နေ့ကို ကုန်လွန်စေခြင်း၊ ၃။ မလျောက်ပတ်သော လူတို့နှင့် ရောနှောဆက်ဆံနေခြင်း၊ ၄။ အခါမဟုတ်သည်၌ ရွာသို့ ဝင်ခြင်း၊ ၅။ အလိုနည်းမှု၊ ရောင့်ရဲ

http://www.dhammadownload.com

လွယ်မှု သမထဝိပဿနာနှင့် စပ်သော စကားများကို မပြောမူ၍ စိတ်ငြိမ်ကြောင်း "သမထ"ကို အားမထုတ်ခြင်း။ (အံ၊၂။၁၀၂။) (အံ၊မြန်၊၂။၁၂၄-၁၂၅။)

သေက္ခရဟန်း မဆုတ်ယုတ်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ ကိစ္စမများ ပြုဖွယ်မများခြင်း၊ ၂။ အနည်းငယ်မျှသော အမှုဖြင့် နေ့ကို မကုန်လွန်စေခြင်း၊ ၃။ လူတို့နှင့် ရောနှော ဆက်ဆံ၍ မနေခြင်း၊ ၄။ အခါမဟုတ်သည်၌ ရွာသို့ မဝင်ခြင်း၊ ၅။ အလိုနည်းမှု၊ ရောင့်ရဲလွယ်မှု သမထဝိပဿနာနှင့် စပ်သော စကားများကိုသာ ပြောဆို၍ စိတ်ငြိမ်ကြောင်း "သမထ"ကို အားထုတ်၍ နေခြင်း။ (အံ၊၂။၁၀၃။) (အံ၊မြန်၊၂။၁၂၆-၁၂၇။)

သေက္ခရဟန်း မဆုတ်ယုတ်ကြောင်း တရား ၇ ပါး ၁။ အမှုသစ်၌ မမွေ့လျော်ခြင်း၊ ၂။ စကားပြောခြင်း၌ မမွေ့လျော်ခြင်း၊ ၃။ အိပ်ခြင်း၌ မမွေ့လျော်ခြင်း၊ ၄။ အပေါင်းအဖော်တို့နှင့် စုရုံး၍ နေထိုင်ခြင်း၌ မမွေ့လျော်ခြင်း၊ ၅။ ဣန္ဒြေတို့ကို စောင့်စည်းခြင်း၊ ၆။ စားဖွယ် သောက်ဖွယ် ခဲဖွယ်ဘောဇဉ်တို့၌ အတိုင်းအရှည်ကို သိခြင်း၊ ၇။ မထေရ်ကြီးတို့ ပြုအပ်သော အမှုကိစ္စတို့၌ ဝင်ရောက် စွက်ဖက် အားထုတ်မှု မပြုခြင်း။ (အံ၊၂။၄၁၅။) (အံ၊မြန်၊၂။ ၅၂၆။)

သင်္ကန်း ၂ မျိုး ၁။ ဒါယကာတို့ လှူသော သင်္ကန်း၊ ၂။ ပံသုကူ သင်္ကန်း။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊ ၅။၂၉၉။)

သင်္ကန်း ၂ မျိုး (တစ်နည်း) ၁။ ဤသင်္ကန်းကို ဝတ်ရုံသော ရဟန်းအား အကုသိုလ်တရား တိုးပွား၍ ကုသိုလ်တရား ဆုတ်ယုတ်သဖြင့် မမှီဝဲအပ်သော သင်္ကန်း၊ ၂။ ဤသင်္ကန်းကို ဝတ်ရုံသော ရဟန်းအား အကုသိုလ်တရား ဆုတ်ယုတ်၍ ကုသိုလ်တရား တိုးပွားသဖြင့် မှီဝဲအပ်သော သင်္ကန်း။ (အံ၊၃။၁၇၆။) (အံ၊၃။၃၃၅။) (အံ၊မြန်၊၃။၁၇၈၊၃၃၄။) (အံ၊မြန်၊၃။၁၇၈၊၃၃၄။)

သင်္ကန်း ၆ မျိုး ၁။ ခေါမတိုင်း၌ ဖြစ်သော သင်္ကန်း (ခုံချည်သင်္ကန်း။)၊ ၂။ ဝါချည်ဖြင့် ရက်လုပ်အပ်သော သင်္ကန်း၊ ၃။ ပိုးချည်ဖြင့် ရက်လုပ်အပ်သော သင်္ကန်း၊ ၄။ သားမွေးဖြင့် ရက်လုပ်အပ်သော သင်္ကန်း (သင်္ကလပ်သင်္ကန်း။)၊ ၅။ ပိုက်ဆံလျှော်ချည်ဖြင့် ရက်လုပ်အပ်သော သင်္ကန်း၊ ၆။ ဝါချည် စသော အထက်ပါ ချည်ငါးမျိုးဖြင့် ရော၍ ရက်လုပ်အပ်သော သင်္ကန်း။ (ဝိ၊၃။၃၉၄။) (မဟာနိ။၂၉၀။) (မဟာနိ။၃၉၆။) (ဝိ၊၆၊၂။၂၂၁။) (ဝိ၊မြန်၊၃။၃၉၇။)

သင်္ကန်း အဓိဋ္ဌာန်တင်ခြင်း ၂ မျိုး ၁။ ကိုယ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း၊ ၂။ နှုတ်ဖြင့် အဓိဋ္ဌာန်တင်ခြင်း။ (ဝိ၊၅။၂၁၄။) (ဝိ၊၆၊၂။၂၂၆။) (ဝိ၊မြန်၊၅။၂၉၉။)

သင်္ကန်း ကြမ်းတမ်းကြောင်း ၃ မျိုး ၁။ ဓားငယ်ဖြင့် ဖြတ်ခြင်းကြောင့် ကြမ်းတမ်းခြင်း၊ ၂။ ချည်ဖြင့် ချုပ်ခြင်းကြောင့် ကြမ်းတမ်းခြင်း၊ ၃။ ဆိုးရည်ဖြင့် ဆိုးခြင်းကြောင့် ကြမ်းတမ်းခြင်း။ (မ၊၆၊၁။၁၅၄။)

သင်္ကန်းဆိုးရည် ၆ မျိုး ၁။ အမြစ်ဆိုးရည်၊ ၂။ ပင်စည်ဆိုးရည်၊ ၃။ အခေါက်ဆိုးရည်၊ ၄။ အရွက်ဆိုးရည်၊ ၅။ အပွင့်ဆိုးရည်၊ ၆။ အသီးဆိုးရည်။ (ဝိ၊၃။၃၉၉။) (ဝိ၊မြန်၊၃။၄၀၂။)

သင်္ကန်း ဓုတင် ၂ မျိုး ၁။ ပံသုကူသင်္ကန်း ဆောင်ခြင်းဓုတင်၊ ၂။ တိစီဝရိက်သင်္ကန်း ဆောင်ခြင်း ဓုတင်။ (ဒီ၊၆၊၃။၁၉၅။)

http://www.dhammadownload.com

သင်္ကန်း၌ ခေါင်းပါးခြင်း ၃ မျိုး ၁။ သတ္တလူခ- ဓား၏ ခေါင်းပါးခြင်း၊ ၂။ သုတ္တလူခ- ချည်၏ ခေါင်းပါးခြင်း၊ ၃။ ရဇနလူခ- ဆိုးရည်၏ ခေါင်းပါးခြင်း။ (အံ၊၆၊၁။၂၅၆။)

သင်္ကန်း၌ ရောင့်ရဲခြင်း ၃ မျိုး ၁။ သင်္ကန်း၌ မိမိရရှိခြင်းအား လျော်စွာ တင်းတိမ်ရောင့်ရဲခြင်း (ယထာလာဘသန္တောသ)၊ ၂။ သင်္ကန်း၌ မိမိခွန်အားနှင့် လျော်ညီစွာ တင်းတိမ်ရောင့်ရဲခြင်း (ယထာဗလသန္တောသ)၊ ၃။ သင်္ကန်း၌ မိမိနှင့် လျောက်ပတ်မှုအားလျော်စွာ တင်းတိမ် ရောင့်ရဲခြင်း (ယထာသာရုပ္ပသန္တောသ)။ (ဒီ၊၆၊၁။၁၈၂-၁၈၃။) (မ၊၆၊၂။၄၇။) (မဟာနိ၊၆။၂၈၇။) (ဒီ၊၆၊မြန်၊၁။၃၅၈။) (ဒီ၊၆၊မြန်၊၁။၃၅၈။)

သင်္ကန်း၌ ရောင့်ရဲခြင်း ၂၀ မျိုး ၁။ စီဝရေ ဝိတက္ကသန္တောသော- သင်္ကန်းရရန် ကြံစည်မှု၌ ရောင့်ရဲခြင်း၊ ၂။ ဂမနသန္တောသော- သင်္ကန်းရရန် သွားခြင်း၌ ရောင့်ရဲခြင်း (ကမ္မဋ္ဌာန်းဖြင့် သွားခြင်း။)၊ ၃။ ပရိယေသနသန္တောသော- သင်္ကန်းအတွက် ရှာမှီးခြင်း၌ ရောင့်ရဲခြင်း၊ ၄။ ပဋိလာဘသန္တောသော- ရရှိသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၊ ၅။ မတ္တာပဋိဂ္ဂဟဏသန္တောသော- ပမာဏဖြင့် ခံယူခြင်း၌ ရောင့်ရဲခြင်း၊ ၆။ လောလုပ္ပဝိဝဇ္ဇနသန္တောသော- လောလုပ္ပတဏှာကို ပယ်၍ အိမ်စဉ်အတိုင်း လှည့်လည်ခြင်း၌ ရောင့်ရဲခြင်း၊ ၇။ ယထာလာဘသန္တောသော- ကောင်းကောင်း, မကောင်းကောင်း ရသမျှသော သင်္ကန်းဖြင့် ရောင့်ရဲခြင်း၊ ၈။ ယထာဗလသန္တောသော- မိမိ၏ အားအစွမ်းကို သိ၍ စွမ်းနိုင်သမျှဖြင့် ရောင့်ရဲခြင်း၊ ၉။ ယထာသာရုပ္ပသန္တောသော- မိမိနှင့် သင့်လျော်သမျှဖြင့် ရောင့်ရဲခြင်း၊ ၁၀။ ဥဒက သန္တောသော- ကောင်းကောင်း, မကောင်းကောင်း ဖွပ်လျော်လောက်သော ရေဖြင့်သာ ဖွပ်လျော်၍ ရောင့်ရဲခြင်း၊ ၁၁။ ဓောဝနသန္တောသော- လက်ရိုက်တုတ် စသည်ဖြင့် မလျော်ဖွပ်ဘဲ လက်ဖြင့်သာ လျော်ဖွပ်၍ ရောင့်ရဲခြင်း၊ ၁၂။ ကရဏသန္တောသော- သင်္ကန်းချုပ်လောက်သော အဝတ်ကို ဆောင်ယူ၍ သင်းပိုင် ဇကသီ စသည် ပြုလုပ်ခြင်းဖြင့် ရောင့်ရဲခြင်း၊ ၁၃။ ပရိဘောဇနသန္တောသော- အဝန်းသုံးပါး ဖုံးလွှမ်းရုံမျှ ပြုလုပ်ခြင်းဖြင့် ရောင့်ရဲခြင်း၊ ၁၄။ သုတ္တသန္တောသော- ရသော ချည်ကို ယူ၍ သင်္ကန်းပြုလုပ်ခြင်းဖြင့် ရောင့်ရဲခြင်း၊ ၁၅။ သိဗ္ဗနသန္တောသော- ချုပ်ခြင်းအမှု၌ ရောင့်ရဲခြင်း၊ ၁၆။ ရဇနသန္တောသော- ရသော ဆိုးရည်ဖြင့် ရောင့်ရဲခြင်း၊ ၁၇။ ကပ္ပသန္တောသော- ကပ္ပဗိန္ဒုထိုးခြင်း၌ရောင့်ရဲခြင်း၊၁၈။ပရိဘောဂသန္တောသော- သင်္ကန်းကို သုံးစွဲခြင်း၌ရောင့်ရဲခြင်း၊ ၁၉။ သန္နိဓိပရိဝဇ္ဇနသန္တောသော- အဓိဋ္ဌာန်တင်၍ သုံးစွဲသောအားဖြင့် ရောင့်ရဲခြင်း၊ ၂၀။ ဝိဿဇ္ဇနသန္တောသော- သာရဏီယအကျင့်၌ တည်၍ စွန့်အပ်သည်ကို ရောင့်ရဲခြင်းဖြင့် ရောင့်ရဲခြင်း။ (ဒီ၊၆၊၃။၁၉၂။) (အံ၊၆၊၂။၂၈၀။)

သင်္ကန်း၌ ဝိကပ္ပနာ ပြုခြင်း ၂ မျိုး ၁။ မျက်မှောက်၌ ဝိကပ္ပနာ ပြုခြင်း၊ ၂။ မျက်ကွယ်၌ ဝိကပ္ပနာ ပြုခြင်း။ (ဝိ၊၆၊၂။၂၃၀။)

သင်္ကန်းနှင့် သင်္ကဆိုင်သော ဓုတင် ၂ မျိုး ၁။ ပံသုကူသင်္ကန်းဆောင် ဓုတင်၊ ၂။ တိစီဝရိက် သင်္ကန်းဆောင် ဓုတင်။ (အံ၊၆၊၂။၂၈၁။) (သုတ္တနိ၊၆၊၂။၇၅။) (စူဠနိ၊၆။၁၁၂။)

သင်္ကန်းဖြစ်ပေါ်ကြောင်း မာတိကာ ၈ ပါး ၁။ သိမ် အပိုင်းအခြားဖြင့် လှူခြင်း၊ ၂။ တူသော လာဘ်ရှိအောင် ကတိကဝတ်ဖြင့် လှူခြင်း၊ ၃။ ဆွမ်းဝတ်တည်သဖြင့် လှူခြင်း၊ ၄။ သံဃာအား

http://www.dhammadownload.com

လှူခြင်း၊ ၅။ ဥဘတောသံဃာအား လှူခြင်း၊ ၆။ ဝါကျွတ်သော သံဃာအား လှူခြင်း၊ ၇။ ရည်စူး၍ ပေးလှူခြင်း၊ ၈။ ပုဂ္ဂိုလ်အား ပေးလှူခြင်း။ (ဝိ၊၃။၄၂၇။) (ဝိ၊မြန်၊၃။၄၃၀။)

သင်္ကန်းရရှိရာ ဖြစ်ပေါ်ရာ ခေတ် ၆ မျိုး ၁။ သံဃာ့ထံမှ ရရှိခြင်း၊ ၂။ ဂိုဏ်းထံမှ ရရှိခြင်း၊ ၃။ ဆွေမျိုးထံမှ ရရှိခြင်း၊ ၄။ မိတ်ဆွေထံမှ ရရှိခြင်း၊ ၅။ မိမိ၏ ဥစ္စာဖြင့် ရရှိခြင်း၊ ၆။ ပံသုကူ ကောက်၍ ရရှိခြင်း။ (ဒီ၊ဋ္ဌ၊၃။၁၉၂။) (အံ၊ဋ္ဌ၊၂။၂၇၈။) (စူဋ္ဌနီ၊ဋ္ဌ။၁၁၀။)

သင်္ကန်းအဓိဋ္ဌာန် ပျက်ကြောင်း ၉ ပါး ၁။ သူတစ်ပါးအား ပေးခြင်း၊ ၂။ လုယက်၍ ယူခြင်း၊ ၃။ အကျွမ်းဝင်သဖြင့် ယူခြင်း၊ ၄။ လူဝတ်လဲခြင်း (လူထွက်သွားခြင်း။)၊ ၅။ သိက္ခာချခြင်း၊ ၆။ သေဆုံးသွားခြင်း၊ ၇။ လိင်ပြန်သွားခြင်း (လိင်ပြောင်းသွားခြင်း။)၊ ၈။ ပစ္စုဒ္ဓိရ် ပြုခြင်း၊ ၉။ လက်သည်းခွံမျှလောက် သင်္ကန်းပေါက်ပြဲသွားခြင်း။ (ဝိ၊ဋ္ဌ၊၂။၂၂၇ ၈။)

သန်္ဓတရားတို့၏ လက္ခဏာ ၃ ပါး ၁။ ဖြစ်ခြင်း ဥပါဒ်ခဏ၏ ထင်ရှားခြင်း၊ ၂။ ပျက်ခြင်း ဘင်ခဏ၏ ထင်ရှားခြင်း၊ ၃။ တည်ခြင်း ဌီခဏ၏ ထင်ရှားခြင်း။ (အံ၊၁။၁၅၀။) (ပဋိသံ၊ဋ္ဌ၊၂။၂၄၃။) (နေတ္တိ၊ဋ္ဌ။၂၁၃။) (အံ၊မြန်၊၁။၁၆၉။)

သခ်ါရ ၂ ပါး ၁။ ကုသိုလ်သခ်ါရ၊ ၂။ အကုသိုလ်သခ်ါရ။ (ဝိသုဒ္ဓိ၊၂။၁၆၀။)

သခ်ါရ ၂ ပါး (တစ်နည်း) ၁။ အဝိဇ္ဇာပစ္စယာ သခ်ါရာ၊ ၂။ သခ်ါရသဒ္ဒါဖြင့် လာသော သခ်ါရ။ (အဘိ၊ဋ္ဌ၊၂။၁၂၇။)

သခ်ါရ ၃ ပါး ၁။ ပုညာဘိသခ်ါရ- ကုသိုလ်ကောင်းမှုသာလျှင် ဖြစ်သော ဝိပါက်, ကဋတ္တာရုပ်ကို ပြုပြင်စီရင်တတ်သော တရား၊ ၂။ အပုညာဘိသခ်ါရ- မကောင်းမှု အကုသိုလ်သာလျှင် ဖြစ်သော ဝိပါက်, ကဋတ္တာရုပ်ကို ပြုပြင်စီရင်တတ်သော တရား၊ ၃။ အာနေဉ္ဇာဘိသခ်ါရ-ဆန့်ကျင်ဘက် တရားတို့မှ အလွန်ကွာဝေး၍ မလှုပ်မယှက် ငြိမ်သက်တည်ကြည်သော အရှုပသမာပတ်တရား။ (ဒီ၊၃။၁၈၂။) (ဥဒါန၊ဋ္ဌ။၃၈။) (ဒီ၊မြန်၊၃။၂၀၂။)

သခ်ါရ ၃ ပါး (တစ်နည်း) ၁။ ကာယသခ်ါရ- ကိုယ်ဖြင့် ပြုခြင်း၊ ၂။ ဝစီသခ်ါရ- နှုတ်ဖြင့် ပြုခြင်း၊ ၃။ စိတ္တသခ်ါရ- စိတ်ဖြင့် ပြုခြင်း။ (မ၊၁။၃၇၅။) (မ၊၁။၆၇။) (သံ၊၁။၂၄၅။) (သံ၊၁။၂၇၉။) (ယမက၊၂။၁။) (သံ၊ဋ္ဌ၊၃။၁၂၂။) (မ၊မြန်၊၁။၃၈၈။) (မ၊မြန်၊၁။၇၃။) (သံ၊မြန်၊၁။၂၃၀-၂၆၅။) (သံ၊မြန်၊၁။၂၃၀-၂၆၅။)

သခ်ါရ ၄ ပါး (သခ်ါရသဒ္ဒါဖြင့် လာသော သခ်ါရ ၄ မျိုး) ၁။ သန်္ဓတသခ်ါရ- အကြောင်းကြောင့် ဖြစ်သော တရားအားလုံး၊ ၂။ အဘိသန်္ဓတသခ်ါရ- ကံကြောင့်ဖြစ်သော ဘုံသုံးပါး၌ ဖြစ်သော ရုပ်နာမ်တရား၊ ၃။ အဘိသန်္ဓရဏသခ်ါရ-ဘုံသုံးပါး၌ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ၊ ၄။ ပယောဂါဘိသခ်ါရ- ကိုယ်, စိတ်တို့၌ ဖြစ်သော လုံ့လ။ (အဘိ၊ဋ္ဌ၊၂။၁၂၇။)

သခ်ါရတရားတို့ကို သုံးသပ်ပုံ အခြင်းအရာ ၇ မျိုး (ရှုပသတ္တကဏ္ဍ၏ အစွမ်းအားဖြင့် သခ်ါရတရားတို့ကို သုံးသပ်ပုံ အခြင်းအရာ ၇ မျိုး) ၁။ အာဒါနနိက္ခေပနတော- ဘဝသစ်ကို ယူခြင်း ဘဝဟောင်းကို စွန့်ပစ်ခြင်းအားဖြင့် သုံးသပ်ခြင်း၊ ၂။ ဝယောဝမတ္တာဂ်မတော- အရွယ်အားဖြင့် ကြီးရင့်ပြီးသော ရုပ်၏ ချုပ်ခြင်းသို့ ရောက်သောအားဖြင့် သုံးသပ်ခြင်း၊ ၃။ အာဟာရ

http://www.dhammadownload.com

မယတော– အာဟာရကြောင့် ဖြစ်သည်၏ အစွမ်းအားဖြင့် သုံးသပ်ခြင်း၊ ၄။ ဥတုမယတော– ဥတုကြောင့် ဖြစ်သည်၏ အစွမ်းအားဖြင့် သုံးသပ်ခြင်း၊ ၅။ ကမ္မဇတော– ကံကြောင့် ဖြစ်သည်၏ အစွမ်းအားဖြင့် သုံးသပ်ခြင်း၊ ၆။ စိတ္တသမုဋ္ဌာနတော– စိတ်ကြောင့် ဖြစ်သည်၏ အစွမ်းအားဖြင့် သုံးသပ်ခြင်း၊ ၇။ ဓမ္မတာရူပတော– သဘောအားဖြင့် ပြီးသော ဓမ္မတာရုပ်၏ အစွမ်းအားဖြင့် သုံးသပ်ခြင်း။ (ဝိသုဒ္ဓိ၊၂။၂၅၃။)

သခ်ါရ ၆ ပါး ၁။ ပုညာဘိသခ်ါရ– ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်း၊ ၂။ အပုညာဘိသခ်ါရ– မကောင်းမှုအကုသိုလ်ကို ပြုလုပ်ခြင်း၊ ၃။ အာနေဥ္ဇာဘိသခ်ါရ– အရူပဈာန်ကို အားထုတ်ခြင်း၊ ၄။ ကာယသခ်ါရ–ကိုယ်ဖြင့် ပြုလုပ်ခြင်း၊ ၅။ ဝစီသခ်ါရ– နှုတ်ဖြင့် ပြုလုပ်ခြင်း၊ ၆။ စိတ္တသခ်ါရ– စိတ်ဖြင့် ကြံစည်ခြင်း။ (အဘိ၊ဝိ။၁၄၂။) (အဘိ၊ဋ္ဌ၊၂။၁၂၇။) (ဝိသုဒ္ဓိ၊၂။၁၆၁။) (အဘိ၊ဝိ၊မြန်၊၂။၃၅။)

သခ်ါရ ၁၁ ပါး ၁။ အတိတ်သခ်ါရ၊ ၂။ အနာဂတ်သခ်ါရ၊ ၃။ ပစ္စုပ္ပန်သခ်ါရ၊ ၄။ အဇ္ဈတ္တသခ်ါရ၊ ၅။ ဗဟိဒ္ဓသခ်ါရ၊ ၆။ ဩဋ္ဌာရိကသခ်ါရ၊ ၇။ သုခုမသခ်ါရ၊ ၈။ ဟီနသခ်ါရ၊ ၉။ ပဏီတ သခ်ါရ၊ ၁၀။ ဒူရေသခ်ါရ၊ ၁၁။ သန္တိကေသခ်ါရ။ (အဘိ၊ဝိ။၇။) (အဘိ၊ဝိ၊မြန်၊၁။၁၅။)

သခ်ါရတရားတို့ကို သုံးသပ်ပုံ အခြင်းအရာ ၇ မျိုး (တစ်နည်း) (အရူပသတ္တကဏ် အစွမ်းဖြင့် သခ်ါရတရားတို့ကို သုံးသပ်ပုံ အခြင်းအရာ ၇ မျိုး) ၁။ ကလာပတော– နာမ်တရားတို့၏ အပေါင်းအစုအားဖြင့် သုံးသပ်ခြင်း၊ ၂။ ယမကတော– နာမ်တရားတို့၏ အစုံအစုံအားဖြင့် သုံးသပ်ခြင်း၊ ၃။ ခဏိကတော– နာမ်တရားတို့၏ ခဏိကအဖြစ်ကို ထင်ရှားပြသောအားဖြင့် သုံးသပ်ခြင်း၊ ၄။ ပဋိပါဋိတော– နာမ်တရားတို့၏ အစဉ်အားဖြင့် သုံးသပ်ခြင်း၊ ၅။ ဒိဋ္ဌိ ဥဂ္ဃါဋနတော– မိစ္ဆာအယူကို ခွါသောအားဖြင့် သုံးသပ်ခြင်း၊ ၆။ မာနသမုဂ္ဃါနုနဟော– မာနကို ပယ်သတ်သောအားဖြင့် သုံးသပ်ခြင်း၊ ၇။ နိကန္တိပရိယာဒါနတော– တဏှာဟူသော နိကန္တိကို ကုန်ခမ်းစေသောအားဖြင့် သုံးသပ်ခြင်း။ (ဝိသုဒ္ဓိ၊၂။၂၆၁။)

သခ်ါရတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုခြင်း၏ အကျိုး ၆ ပါး ၁။ လောကုတ္တရာပညာနှင့် ပြည့်စုံခြင်း၊ ၂။ နိယာမ(မဂ်) သို့ ဝင်နိုင်ခြင်း၊ ၃။ သောတာပတ္တိဖိုလ်ကို ရနိုင်ခြင်း၊ ၄။ သကဒါဂါမိဖိုလ်ကို ရနိုင်ခြင်း၊ ၅။ အနာဂါမိဖိုလ်ကို ရနိုင်ခြင်း၊ ၆။ အရဟတ္တဖိုလ်ကို ရနိုင်ခြင်း။ (အံ၊၂။၃၈၄–၃၈၅။) (အံ၊မြန်၊၂။၄၈၅–၄၈၆။)

သခ်ါရတို့ကို နိစ္စ, သုခ, အတ္တဟု ရှုခြင်း အပြစ် ၆ ပါး ၁။ လောကုတ္တရာပညာနှင့် မပြည့်စုံနိုင်ခြင်း၊ ၂။ နိယာမ (မဂ်) သို့ မသက်ဝင်နိုင်ခြင်း၊ ၃။ သောတာပတ္တိဖိုလ်ကို မရနိုင်ခြင်း၊ ၄။ သကဒါဂါမိဖိုလ်ကို မရနိုင်ခြင်း၊ ၅။ အနာဂါမိဖိုလ်ကို မရနိုင်ခြင်း၊ ၆။ အရဟတ္တဖိုလ်ကို မရနိုင်ခြင်း။ (အံ၊၂။၃၈၄– ၃၈၅။) (အံ၊မြန်၊၂။၄၈၅–၄၈၆။)

သခ်ါရတို့ကို အပိုင်းအခြား မပြုမူ၍ ဒုက္ခဟု ပွားများရကျိုး ၆ ပါး ၁။ အလုံးစုံသော သခ်ါရတို့၌ ငြီးငွေ့သော သညာ တည်လတ္တံ့ ဖြစ်ခြင်း၊ ၂။ အလုံးစုံသော လောကမှ ငါ၏ စိတ်သည် ထမြောက်လတ္တံ့ ဖြစ်ခြင်း၊ ၃။ နိဗ္ဗာန်၌ အေးငြိမ်းမှုကို မြင်တွေ့လတ္တံ့ ဖြစ်ခြင်း၊ ၄။ အနုသယကိလေသာတို့ ပြတ်လတ္တံ့ ဖြစ်ခြင်း၊ ၅။ ရဟန်းကိစ္စကို ပြုလေ့ရှိခြင်း ဖြစ်လတ္တံ့၊

http://www.dhammadownload.com

၆။ မြတ်စွာဘုရားကို မေတ္တာနှင့် ယှဉ်သော လုပ်ကျွေးခြင်းဖြင့် လုပ်ကျွေးရလတ္တံ့ ဖြစ်ခြင်း။ (အံ၊၂။၃၈၆။) (အံ၊မြန်၊၂။၄၈၇။)

သခ်ါရတို့ကို အပိုင်းအခြား မပြုမူ၍ အနိစ္စဟု ပွားများရကျိုး ၆ ပါး ၁။ အလုံးစုံသော သခ်ါရတို့သည် အပိုင်းအခြားမရှိဟု ထင်ခြင်း၊ ၂။ အလုံးစုံသော လောကဌ် ငါ၏ စိတ်သည် မွေ့လျော်လိမ့်မည် မဟုတ်ဟု ထင်ခြင်း၊ ၃။ အလုံးစုံသော လောကမှ ငါ၏ စိတ်သည် ထမြောက်လိမ့်မည်ဟု ထင်ခြင်း၊ ၄။ ငါ၏ စိတ်သည် နိဗ္ဗာန်သို့ ညွတ်လတ္တံ့ ဖြစ်ခြင်း၊ ၅။ နောင်ကြိုးသံယောဇဉ်ကို ပယ်လတ္တံ့ ဖြစ်ခြင်း၊ ၆။ လွန်မြတ်သော အရိယာမဂ်သို့ ရောက်လတ္တံ့ ဖြစ်ခြင်း။ (အံ၊၂။၃၈၅။) (အံ၊မြန်၊၂။၄၈၆။)

သခ်ါရတို့ကို အပိုင်းအခြား မပြုမူ၍ အနတ္တဟု ပွားများရကျိုး ၆ ပါး ၁။ တဏှာဒိဋ္ဌိတို့မှ ကင်းလတ္တံ့ ဖြစ်ခြင်း၊ ၂။ သက္ကာယဒိဋ္ဌိ ချုပ်လတ္တံ့ ဖြစ်ခြင်း၊ ၃။ ငါ့ဥစ္စာဟု စွဲမှုတဏှာ ချုပ်လတ္တံ့ ဖြစ်ခြင်း၊ ၄။ ဉာဏ်နှင့် ပြည့်စုံလတ္တံ့ ဖြစ်ခြင်း၊ ၅။ အကြောင်းတရားကို မြင်လတ္တံ့ ဖြစ်ခြင်း၊ ၆။ အကျိုးတရားကို မြင်တွေ့လတ္တံ့ ဖြစ်ခြင်း။ (အံ၊၂။၃၈၆။) (အံ၊မြန်၊၂။၄၈၇။)

သခ်ါရတို့၌ လျစ်လျူရှုကြောင်း ၂ ပါး ၁။ "ဤသင်္ခါရသည် အစဉ်သဖြင့် အဆင်း၏ ဖောက်ပြန်ခြင်းသို့လည်းကောင်း ဆွေးမြည့်သည်၏ အဖြစ်သို့လည်းကောင်း ကပ်ရောက်၍ ခြေသုတ်ပုဆိုး ဖြစ်၍ တောင်ဂေါ်းအစွန်းဖြင့် စွန့်ပစ်အပ်သည် ဖြစ်လိမ့်မည်၊ အကယ်၍ ထိုသင်္ခါန်း၏ အစိုးရသူ ဖြစ်အံ့၊ ထိုသင်္ခါန်းအား ဤသို့ ပျက်စီးခြင်းငှာ မပေးရာ"ဟု အရှင်မဟုတ်သည်၏အဖြစ်ကို ဆင်ခြင်ခြင်းအားဖြင့်လည်းကောင်း၊ ၂။ "ဤသင်္ခါန်းသည် အရှည်မခံ၊ အခိုက်အတန့်မျှသာ တည်၏"ဟု အခိုက်အတန့်၏ အဖြစ်ကို ဆင်ခြင်သဖြင့် လည်းကောင်း။ (မ၊ဋ္ဌ၊၁။၃၀၃။)

သခ်ါရတို့၏ ငြိမ်းအေးခြင်း ၃ ပါး ၁။ ဒုတိယစျာန်ကို ဝင်စားသူအား ဝိတက် ဝိစာရဟု ဆိုအပ်သော ဝစီသခ်ါရတို့ ငြိမ်းခြင်း၊ ၂။ စတုတ္ထစျာန်ကို ဝင်စားသော သူအား အဿာသ ပဿာသဟု ဆိုအပ်သော ကာယသခ်ါရတို့ ငြိမ်းခြင်း၊ ၃။ သညာနှင့် ဝေဒနာ ချုပ်ခြင်းကို ဝင်စားသူအား သညာဝေဒနာဟု ဆိုအပ်သော စိတ္တသခ်ါရတို့ ငြိမ်းခြင်း။ (ပဋိ။၂။၉၆။) (ပဋိသံ၊မြန်။၁၂၆။)

သခ်ါရလောက ၁၂ မျိုး ၁။ စက္ခာယတနလောက၊ ၂။ သောတာယတနလောက၊ ၃။ ဃာနာယတနလောက၊ ၄။ ဇိဝှါယတနလောက၊ ၅။ ကာယာယတနလောက၊ ၆။ ရူပါယတနလောက၊ ၇။ သဒ္ဒါယတနလောက၊ ၈။ ဂန္ဓာယတနလောက၊ ၉။ ရသာယတနလောက၊ ၁၀။ ဖောဋ္ဌဗ္ဗာယတနလောက၊ ၁၁။ မနာယတနလောက၊ ၁၂။ ဓမ္မာယတနလောက (အနှစ်ချုပ် အာယတန (၁၂) ပါး ဖြစ်သည်။။ (ဝိ၊ဋ္ဌ၊၁။၉၀။) (ပဋိသံ။၁၁၇။) (ပဋိသံ၊မြန်။၁၅၄။)

သခ်ါရလောက ၁၈ မျိုး ၁။ စက္ခုဓာတုလောက၊ ၂။ သောတဓာတုလောက၊ ၃။ ဃာန ဓာတုလောက၊ ၄။ ဇိဝှာဓာတုလောက၊ ၅။ ကာယဓာတုလောက၊ ၆။ ရူပဓာတုလောက၊ ၇။ သဒ္ဒဓာတုလောက၊ ၈။ ဂန္ဓဓာတုလောက၊ ၉။ ရသဓာတုလောက၊ ၁၀။ ဖောဋ္ဌဗ္ဗဓာတုလောက၊ ၁၁။ စက္ခုဝိညာဏဓာတုလောက၊ ၁၂။ သောတဝိညာဏဓာတုလောက၊ ၁၃။ ဃာနဝိညာဏဓာတုလောက၊ ၁၄။ ဇိဝှာဝိညာဏဓာတုလောက၊ ၁၅။ ကာယဝိညာဏဓာတုလောက၊ ၁၆။ မနောဓာတုလောက၊

http://www.dhammadownload.com

၁၇။ မနောဝိညာဏဓာတုလောက၊ ၁၈။ ဓမ္မဓာတုလောက (အနှစ်ချုပ်၊ ဓာတ် (၁၈) ပါး ဖြစ်သည်။) ။ (ဝိ၊ဋ္ဌ၊၁။၉၀။) (ပဋိ၊သံ။၁၁၇။) (ပဋိ၊သံ၊မြန်။၁၅၄။)

သင်္ခါရလောက ၂ မျိုး ၁။ ရုပ်လောက၊ ၂။ နာမ်လောက။ (ဝိ၊ဋ္ဌ၊၁။၉၀။) (ပဋိ၊သံ။၁၁၇။) (ပဋိ၊သံ၊မြန်။၁၅၃။)

သင်္ခါရလောက ၄ မျိုး ၁။ ကဗဠီကာရာဟာရလောက၊ ၂။ ဖဿာဟာရလောက၊ ၃။ မနောသဉ္စေတနာဟာရလောက၊၄။ဝိညာဏာဟာရလောက (အနှစ်ချုပ် အာဟာရလေးပါး ဖြစ်သည်။)။ (ဝိ၊ဋ္ဌ၊၁။၉၀။) (ပဋိ၊သံ။၁၁၇။) (ပဋိ၊သံ၊မြန်။၁၅၃။)

သင်္ခါရလောက ၅ မျိုး ၁။ ရုပ်ဥပါဒါနက္ခန္ဓာလောက၊ ၂။ ဝေဒနာဥပါဒါနက္ခန္ဓာလောက၊ ၃။ သညာဥပါဒါနက္ခန္ဓာလောက၊ ၄။ သင်္ခါရဥပါဒါနက္ခန္ဓာလောက၊ ၅။ ဝိညာဏ ဥပါဒါနက္ခန္ဓာလောက (အနှစ်ချုပ် ဥပါဒါနက္ခန္ဓာ ငါးပါး ဖြစ်သည်။)။ (ဝိ၊ဋ္ဌ၊၁။၉၀။) (ပဋိ၊သံ။၁၁၇။) (ပဋိ၊သံ၊မြန်။၁၅၃။)

သင်္ခါရလောက ၆ မျိုး ၁။ စက္ခာယတနလောက၊ ၂။ သောတာယတနလောက၊ ၃။ ဃာနာယတနလောက၊ ၄။ ဇိဝှါယတနလောက၊ ၅။ ကာယာယတနလောက၊ ၆။ မနာယတနလောက (အနှစ်ချုပ်၊ အဖျတ္တိကာယတန ခြောက်ပါး ဖြစ်သည်။)။ (ဝိ၊ဋ္ဌ၊၁။၉၀။) (ပဋိ၊သံ။၁၁၇။) (ပဋိ၊သံ၊မြန်။၁၅၃။)

သင်္ခါရလောက ၇ မျိုး ၁။ နာနတ္တကာယာ နာနတ္တသညီလောက- ကွဲပြားသော ခန္ဓာကိုယ်ရှိ၍ ကွဲပြားသော ပဋိသန္ဓေသညာရှိသော သတ္တဝါ၊ ၂။ နာနတ္တကာယ ဧကတ္တသညီလောက- ကွဲပြားသော ကိုယ်ခန္ဓာရှိ၍ တူသော ပဋိသန္ဓေသညာရှိသော သတ္တဝါ၊ ၃။ ဧကတ္တကာယာ နာနတ္တသညီလောက- တူသော ခန္ဓာကိုယ်ရှိ၍ ကွဲပြားသော ပဋိသန္ဓေသညာရှိသော သတ္တဝါ၊ ၄။ ဧကတ္တကာယာ ဧကတ္တသညီလောက- တူသော ခန္ဓာကိုယ်ရှိ၍ တူသော ပဋိသန္ဓေသညာရှိသော သတ္တဝါ၊ ၅။ အာကာသာနဉ္စာယတနဘုံသား သတ္တဝါ၊ ၆။ ဝိညာဏဉ္စာယတနဘုံသား သတ္တဝါ၊ ၇။ အာကိဉ္စညာယတနဘုံသား သတ္တဝါ (အနှစ်ချုပ် ဝိညာဏဌိတိ ခုနစ်ပါး ဖြစ်သည်။) ။ (ဝိ၊ဋ္ဌ၊၁။၉၀။) (ပဋိ၊သံ။၁၁၇။) (ပဋိ၊သံ၊မြန်။၁၅၃။)

သင်္ခါရလောက ၈ မျိုး ၁။ လာဘလောက- လာဘ်ရခြင်း လောက၊ ၂။ အလာဘလောက- လာဘ်မရခြင်း လောက၊ ၃။ ယသလောက- အလွှဲအရံ ပေါများခြင်း လောက၊ ၄။ အယသ လောက- အလွှဲအရံ မပေါများခြင်း လောက၊ ၅။ နိန္ဒာလောက- ကဲ့ရဲ့ရွဲတ်ချခြင်း လောက၊ ၆။ ပသံသာလောက- ချီးမွမ်းခြင်း လောက၊ ၇။ သုခလောက- ချမ်းသာခြင်း လောက၊ ၈။ ဒုက္ခလောက- ဆင်းရဲခြင်း လောက (အနှစ်ချုပ်- လောကဓံတရား ရှစ်ပါး ဖြစ်သည်။)။ (ဝိ၊ဋ္ဌ၊၁။၉၀။) (ပဋိ၊သံ။၁၁၇။) (ပဋိ၊သံ၊မြန်။၁၅၃။)

သင်္ခါရလောက ၉ မျိုး ၁။ နာနတ္တကာယာ နာနတ္တသညီလောက- ခန္ဓာကိုယ်လည်း ကွဲပြီး ပဋိသန္ဓေလည်း မတူသော သတ္တဝါ၊ ၂။ နာနတ္တကာယာ ဧကတ္တသညီလောက- ခန္ဓာကိုယ်သာ ကွဲ၍ ပဋိသန္ဓေတူသော သတ္တဝါ၊ ၃။ ဧကတ္တကာယာ နာနတ္တသညီလောက- ခန္ဓာကိုယ်သာ တူ၍ ပဋိသန္ဓေ မတူသော သတ္တဝါ၊ ၄။ ဧကတ္တကာယာ ဧကတ္တသညီလောက- ခန္ဓာကိုယ်လည်း

http://www.dhammadownload.com

တူပြီး ပဋိသန္ဓေလည်း တူသော သတ္တဝါ၊ ၅။ အာကာသာနဉ္စာယတနဘုံသား သတ္တဝါ၊ ၆။ ဝိညာဏဉ္စာယတနဘုံသား သတ္တဝါ၊ ၇။ အာကိဉ္စညာယတနဘုံသား သတ္တဝါ၊ ၈။ အသညသတ်ဘုံသား သတ္တဝါ၊ ၉။ နေဝသညာနာသညာယတနဘုံသား သတ္တဝါ (အနှစ်ချုပ် သတ္တဝါသဘုံကိုး ဝ– ဖြစ်သည်။) ။ (ဝိ၊၌၊၁။၉၀။) (ပဋိသံ။၁၁၇။) (ပဋိသံ၊ မြန်။၁၅၄။)

သခ်ါရလောက ၁၀ မျိုး ၁။ စက္ခာယတနလောက၊ ၂။ သောတာယတနလောက၊ ၃။ ဃာနာယတနလောက၊ ၄။ ဇိဝှါယတနလောက၊ ၅။ ကာယာယတနလောက၊ ၆။ ရူပါယတနလောက၊ ၇။ သဒ္ဒါယတနလောက၊ ၈။ ဂန္ဓာယတနလောက၊ ၉။ ရသာယတနလောက၊ ၁၀။ ဖောဋ္ဌဗ္ဗာယတနလောက။ (အနှစ်ချုပ်– ရုပ်အာယတန ဆယ်ပါး ဖြစ်သည်။) (ဝိ၊၌၊၁။၉၀။) (ပဋိသံ။ ၁၁၇။) (ပဋိသံ၊မြန်။၁၅၄။)

သခ်ါရပေက္ခာဉာဏ် ၈ ပါး (သမထ၏ အစွမ်းအားဖြင့် ဖြစ်သော သခ်ါရပေက္ခာဉာဏ် ၈ ပါး) ၁။ ပထမစျာန်ကို ရခြင်းငှာ နိဝရဏတို့ကို ဆင်ခြင်၍ လျစ်လျူရှုထသော ပညာ၊ ၂။ ဒုတိယစျာန်ကို ရခြင်းငှာ ဝိတက်ဝိစာရတို့ကို ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၃။ တတိယစျာန်ကို ရခြင်းငှာ ပီတိကို ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၄။ စတုတ္ထစျာန်ကို ရခြင်းငှာ သုခနှင့် ဒုက္ခကို ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၅။ အာကာသာနဉ္စာယတနစျာန်ကို ရခြင်းငှာ ရူပသညာ ပဋိဃသညာ နာနတ္တသညာ ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၆။ ဝိညာဏဉ္စာယတနစျာန် သမာပတ်ကို ရခြင်းငှာ၊ အာကာသာနဉ္စာယတနသညာကို ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၇။ အာကိဉ္စညာယတနစျာန် သမာပတ်ကို ရခြင်းငှာ ဝိညာဏဉ္စာယတနသညာကို ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၈။ နေဝသညာနာသညာယတန စျာန်သမာပတ်ကို ရခြင်းငှာ အာကိဉ္စညာယတနသညာကို ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ (ဤ သခ်ါရပေက္ခာဉာဏ်(၈) ပါးတို့သည် သမထ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏) ။ (ပဋိသံ။၆၂။) (ပဋိသံ၊မြန်။၈၂။)

သခ်ါရပေက္ခာဉာဏ် ၈ ပါး (တစ်နည်း) (ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်သော သခ်ါရပေက္ခာဉာဏ် ၁၀ ပါး) ၁။ သောတာပတ္တိမဂ်ကို ရခြင်းငှာ ဖြစ်ပေါ်ခြင်းကို ဖြစ်ပွားခြင်းကို သခ်ါရနိမိတ်ကို အားထုတ်ခြင်းကို ဘဝသစ်ဖြစ်ခြင်းကို ဂတိကို ခန္ဓာတို့၏ ဖြစ်ခြင်းကို မဟာဂျုတ်ဝိပါက်၏ ဖြစ်ခြင်းကို ပဋိသန္ဓေနေခြင်းကို အိုခြင်းကို နာခြင်းကို သေခြင်းကို စိုးရိမ်ခြင်းကို ငိုကြွေးခြင်းကို ပြင်းစွာ ပင်ပန်းခြင်းကို ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၂။ သောတာပတ္တိဖလသမာပတ် အကျိုးငှာ။ပ။ ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၃။ သကဒါဂါမိမဂ်ကို ရခြင်းငှာ။ပ။ ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၄။ သကဒါဂါမိဖလသမာပတ် အကျိုးငှာ။ပ။ ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၅။ အနာဂါမိမဂ်ကို ရခြင်းငှာ။ ပ။ ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၆။ အနာဂါမိဖလသမာပတ် အကျိုးငှာ။ ပ။ ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၇။ အရဟတ္တမဂ်ကို ရခြင်းငှာ။ ပ။ ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၈။ အရဟတ္တဖလသမာပတ် အကျိုးငှာ။ပ။ ဆင်ခြင် လျစ်လျူရှုသော ပညာ၊ ၉။ သုညတဝိဟာရသမာပတ် အကျိုးငှာ။ ပ။ ဆင်ခြင်၍ လျစ်လျူရှုသော ပညာ၊ ၁၀။ အနိမိတ္တဝိဟာရသမာပတ် အကျိုးငှာ။ပ။ ဆင်ခြင်၍ လျစ်လျူရှုသော ပညာ။ (ဤ (၁၀)

http://www.dhammadownload.com

ပါးသော သခ်ါရပေကွာဉာဏ်တို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏) ။ (ပဋိသံ။၆၂။) (ပဋိသံ၊မြန်။၈၃။)

သခ်ါရပေကွာဒ္ဓ် စိတ်ကို ရှေးရှုဆောင်ကြောင်း ၈ ပါး ၁။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သခ်ါရပေကွာဉာဏ်ကို နှစ်သက်လည်း နှစ်သက်၏၊ ၂။ အထူးထူး အပြားပြားအားဖြင့်လည်း ရှု၏၊ ၃။ သေကွပုဂ္ဂိုလ်သည် သခ်ါရပေကွာဉာဏ်ကို နှစ်သက်လည်း နှစ်သက်၏၊ ၂။ အထူးထူး အပြားပြားအားဖြင့်လည်း ရှု၏၊ ၅။ ဆင်ခြင်၍ ဖလသမာပတ်ကိုလည်း ဝင်စား၏၊ ၆။ ရဟန္တာ ပုဂ္ဂိုလ်သည် သခ်ါရပေကွာဉာဏ်ကို အထူးထူး အပြားပြားအားဖြင့်လည်း ရှု၏၊ ၇။ ဆင်ခြင်၍ ဖလသမာပတ်ကိုလည်း ဝင်စား၏၊ ၈။ ထိုဝင်စားခြင်းကို လျစ်လျူရှု၍ ဆိတ်ဆိတ်နေခြင်း (သုညတဝိဟာရ)၊ အာရုံမဲ့နေခြင်း (အနိမိတ္တဝိဟာရ) မတောင့်တနေခြင်း (အပ္ပဏိဟိတဝိဟာရ) ဖြင့်ငင်း နေ၏၊ (ဤသို့လျှင် သခ်ါရပေကွာဒ္ဓ် စိတ်ကို ရှေးရှုဆောင်ကြောင်းဖြစ်သော အခြင်းအရာသည် ပုထုဇဉ်ပုဂ္ဂိုလ်အတွက် နှစ်ပါး သေကွပုဂ္ဂိုလ်အတွက် သုံးပါး ရဟန္တာ ပုဂ္ဂိုလ် အတွက် သုံးပါးအားဖြင့် ပေါင်း (၈) ပါး ဖြစ်၏) ။ (ပဋိသံ။၆၀။) (ပဋိသံ၊မြန်။၇၉-၈၀။)

သခ်ါရပေကွာပညာ ၁၈ ပါး ၁။ ရူပစျာန် အရူပစျာန် ရှစ်ပါးတို့ကို ရရှိသည်မှ ရှေ့အဖို့၌ ဆန့်ကျင်ဘက် တရားတို့ကို ပယ်ရာ၌ လျစ်လျူရှုခြင်း အခြင်းအရာအားဖြင့် ဖြစ်သော သမာဓိ၏ အစွမ်းဖြင့် ဖြစ်သော ပညာ ၈ ပါး၊ ၂။ ဥပါဒါနက္ခန္ဓာတည်းဟူသော သခ်ါရတို့၌ လျစ်လျူရှုခြင်း အခြင်းအရာ အားဖြင့် ဖြစ်သော ဝိပဿနာ၏ အစွမ်းဖြင့် ဖြစ်သော မဂ်လေးပါးတို့၏ ရှေ့အဖို့၌ ထိုထို မဂ်ကို ရခြင်းငှာ ပညာ ၄ ပါး၊ ၃။ ဖလသမာပတ် လေးပါးတို့၏ ရှေ့အဖို့၌ ထိုထိုဖိုလ်ကို ရခြင်းငှာ အပ္ပဏိဟိတ ဝိမောက္ခအစွမ်းဖြင့် ဖြစ်သော ပညာ ၄ ပါး၊ ၄။ သုညတဝိမောက္ခ, အနိမိတ္တဝိမောက္ခ အစွမ်းဖြင့် ပညာ ၂ ပါး။ (ဝိမတိ၊၁။၇၄။)

သခ်ါရက္ခန္ဓာ ၂ ပါး ၁။ ဟိတ်မည်သော သခ်ါရက္ခန္ဓာ၊ ၂။ ဟိတ်မမည်သော သခ်ါရက္ခန္ဓာ။ (အဘိ၊ ဝိ။၃၈။) (အဘိ၊ဝိ၊မြန်၊၁။၁၄၈။)

သခ်ါရက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ ဟိတ်ရှိသော သခ်ါရက္ခန္ဓာ၊ ၂။ ဟိတ်မရှိသော သခ်ါရ ကွန္ဓာ။ (အဘိ၊ဝိ။၃၉။) (အဘိ၊ဝိ။၄၃။) (အဘိ၊ဝိ၊မြန်၊၁။၁၅၂။) (အဘိ၊ဝိ၊မြန်၊၁။၁၆၆။)

သခ်ါရက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ ဝိုကြွေးကြော်ငြင်း ရာဂ အစရှိသော ကိလေသာရှိသော သခ်ါရက္ခန္ဓာ၊ ၂။ ဝိုကြွေးကြော်ငြင်း ရာဂအစရှိသော ကိလေသာမရှိသော သခ်ါရက္ခန္ဓာ။ (အဘိ၊ ဝိ။၄၁-၄၂။) (အဘိ၊ဝိ၊မြန်၊၁။၁၆၃။)

သခ်ါရက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ ဟိတ်နှင့် ယှဉ်သော သခ်ါရက္ခန္ဓာ၊ ၂။ ဟိတ်နှင့် မယှဉ်သော သခ်ါရက္ခန္ဓာ။ (အဘိ၊ဝိ။၄၃။) (အဘိ၊ဝိ၊မြန်၊၁။၁၆၆။)

သခ်ါရက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ ဟိတ်လည်း မည်၍ (ဟိတ်လည်းရှိ) ဟိတ်နှင့်လည်း ယှဉ်သော သခ်ါရက္ခန္ဓာ၊ ၂။ ဟိတ်သာရှိ၍ ဟိတ်မမည်သော သခ်ါရက္ခန္ဓာ။ (အဘိ၊ဝိ။၄၃။) (အဘိ၊ဝိ၊ မြန်၊၁။၁၆၇။)

သခ်ါရက္ခန္ဓာ ၂ ပါး (တစ်နည်း) ၁။ အာသဝတရား၏ အာရုံဖြစ်သော သခ်ါရက္ခန္ဓာ၊ ၂။ အာသဝ တရား၏ အာရုံမဟုတ်သော သခ်ါရက္ခန္ဓာ။ (အဘိ၊ဝိ။၄၄။)

http://www.dhammadownload.com

သခ်ါရကၡန္ဓာ ၂ ပါး (တစ်နည်း) ၁။ အာသဝတရားနှင့် ယှဉ်သော သခ်ါရကၡန္ဓာ၊ ၂။ အာသဝ တရားနှင့် မယှဉ်သော သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၄၄။) (အဘိ၊ဝိ၊မြန်၊၁။၁၇၀။)

သခ်ါရကၡန္ဓာ ၂ ပါး (တစ်နည်း) ၁။ အာသဝလည်း မည်၍ အာသဝ၏ အာရုံလည်းဖြစ်သော သခ်ါရကၡန္ဓာ၊ ၂။ အာသဝ၏ ထိုအာရုံသာဖြစ်၍ အာသဝမမည်သော သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၄၅။) (အဘိ၊ဝိ၊မြန်၊၁။၁၇၁။)

သခ်ါရကၡန္ဓာ ၂ ပါး (တစ်နည်း) ၁။ သံယောဇဉ်၏ အာရုံဖြစ်သော သခ်ါရကၡန္ဓာ၊ ၂။ သံယောဇဉ်၏ အာရုံမဟုတ်သော သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၄၅။) (အဘိ၊ဝိ၊မြန်၊၁။၁၇၂။)

သခ်ါရကၡန္ဓာ ၂ ပါး (တစ်နည်း) ၁။ သံယောဇဉ်နှင့် ယှဉ်သော သခ်ါရကၡန္ဓာ၊ ၂။ သံယောဇဉ်နှင့် မယှဉ်သော သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၄၆။) (အဘိ၊ဝိ၊မြန်၊၁။၁၇၃။)

သခ်ါရကၡန္ဓာ ၂ ပါး (တစ်နည်း) ၁။ သံယောဇဉ်လည်း မည်၍ သံယောဇဉ်၏ အာရုံလည်း ဖြစ်သော သခ်ါရကၡန္ဓာ၊ ၂။ သံယောဇဉ်၏ အာရုံသာဖြစ်၍ သံယောဇဉ် မမည်သော သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၄၆။) (အဘိ၊ဝိ၊မြန်၊၁။၁၇၃။)

သခ်ါရကၡန္ဓာ ၂ ပါး (တစ်နည်း) ၁။ ဂန္ထမည်သော သခ်ါရကၡန္ဓာ၊ ၂။ ဂန္ထ မမည်သော သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၄၆။) (အဘိ၊ဝိ၊မြန်၊၁။၁၇၄။)

သခ်ါရကၡန္ဓာ ၂၄ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ်, အကုသိုလ်, အဗျာကတ သခ်ါရကၡန္ဓာ သုံးပါး၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ်, အကုသိုလ်, အဗျာကတ သခ်ါရကၡန္ဓာ သုံးပါး၊ ၃။ ဃာနသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ်, အကုသိုလ်, အဗျာကတ သခ်ါရကၡန္ဓာ သုံးပါး၊ ၄။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ်, အကုသိုလ်, အဗျာကတ သခ်ါရကၡန္ဓာ သုံးပါး၊ ၅။ ကာယသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ်, အကုသိုလ်, အဗျာကတ သခ်ါရကၡန္ဓာ သုံးပါး၊ ၆။ မနောကာယသမ္ဖဿကြောင့် ဖြစ်သော ကုသိုလ်, အကုသိုလ်, အဗျာကတ သခ်ါရကၡန္ဓာ သုံးပါး၊ ၇။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနော သမ္ဖဿကြောင့် ဖြစ်သော သခ်ါရကၡန္ဓာ ခြောက်ပါး ပေါင်း ၂၄ ပါး ဖြစ်၏။ (အဘိ၊ဝိ။၄၇။) (အဘိ၊ဒီ၊မြန်၊၁။၁၇၆။)

သခ်ါရကၡန္ဓာ ၃ ပါး ၁။ ကုသိုလ် သခ်ါရကၡန္ဓာ၊ ၂။ အကုသိုလ် သခ်ါရကၡန္ဓာ၊ ၃။ အဗျာကတ သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၃၇။) (အဘိ၊ဝိ၊မြန်၊၁။၁၄၆။) (အဘိ၊ဝိ။၄၁။) (အဘိ၊ဝိ၊မြန်၊၁။၁၆၃။)

သခ်ါရကၡန္ဓာ ၄ ပါး ၁။ ကာမဘုံ၌ ဖြစ်သော ကာမာဝစရ သခ်ါရကၡန္ဓာ၊ ၂။ ရူပဘုံ၌ ဖြစ်သော ရူပါဝစရ သခ်ါရကၡန္ဓာ၊ ၃။ အရူပဘုံ၌ ဖြစ်သော အရူပါဝစရ သခ်ါရကၡန္ဓာ၊ ၄။ ဘုံသုံးပါး၌ အကျုံးမဝင်သော အပရိယာပန္န (လောကုတ္တရ) သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၃၇။) (အဘိ၊ဝိ၊ မြန်၊၁။၁၄၆။)

သခ်ါရကၡန္ဓာ ၅ ပါး ၁။ သုခဝေဒနာနှင့် ယှဉ်သော သခ်ါရကၡန္ဓာ၊ ၂။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သခ်ါရကၡန္ဓာ၊ ၃။ သောမနဿဝေဒနာနှင့်ယှဉ်သော သခ်ါရကၡန္ဓာ၊ ၄။ ဒေါမနဿဝေဒနာနှင့် ယှဉ်သော သခ်ါရကၡန္ဓာ၊ ၅။ ဥပေက္ခာဝေဒနာနှင့် ယှဉ်သော သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၃၇။) (အဘိ၊ဝိ၊မြန်၊၁။၁၄၇။)

သခ်ါရကၡန္ဓာ ၆ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော စေတနာ၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော စေတနာ၊ ၃။ ဃာနသမ္ဖဿကြောင့် ဖြစ်သော စေတနာ၊ ၄။ ဇိဝှါသမ္ဖဿကြောင့်

http://www.dhammadownload.com

ဖြစ်သော စေတနာ၊ ၅။ ကာယသမ္မသဿကြောင့် ဖြစ်သော စေတနာ၊ ၆။ မနောသမ္မသဿကြောင့် ဖြစ်သော စေတနာ။ (အဘိ၊ဝိ။၃၇။) (အဘိ၊ဝိ၊မြန်၊၁။၁၄၇။)

သခ်ါရကၡန္ဓာ ၇ ပါး ၁။ စက္ခုသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၂။ သောတသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၃။ ဃာနသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၄။ ဇိဝှါသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၅။ ကာယသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၆။ မနောဓာတု သမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၇။ မနောဝိညာဏဓာတု သမ္ဓသဿကြောင့် ဖြစ်သော စေတနာ။ (အဘိ၊ဝိ။၃၈။) (အဘိ၊ဝိ၊မြန်၊၁။၁၄၇။)

သခ်ါရကၡန္ဓာ ၇ ပါး (တစ်နည်း) ၁။ ကုသိုလ်သခ်ါရကၡန္ဓာ၊ ၂။ အကုသိုလ်သခ်ါရကၡန္ဓာ၊ ၃။ အဗျာကတသခ်ါရကၡန္ဓာ၊ ၄။ ကာမဝစရသခ်ါရကၡန္ဓာ၊ ၅။ ရူပါဝစရသခ်ါရကၡန္ဓာ၊ ၆။ အရူပါဝစရသခ်ါရကၡန္ဓာ၊ ၇။ ဘုံသုံးပါး၌ အကျုံးမဝင်သော အပရိယာပန္နာ (လောကုတ္တရာ) သခ်ါရကၡန္ဓာ။ (အဘိ၊ဝိ။၄၇။) (အဘိ၊ဝိ၊မြန်၊၁။၁၇၅။)

သခ်ါရကၡန္ဓာ ၈ ပါး ၁။ စက္ခုသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၂။ သောတသမ္ဓသဿကြောင့် ဖြစ်သော စေတနာ။ ၃။ ဃာနသမ္ဓသဿကြောင့် ဖြစ်သော စေတနာ။ ၄။ ဇိဝှါသမ္ဓသဿကြောင့် ဖြစ်သော စေတနာ။ ၅။ ကာယသမ္ဓသဿကြောင့် ဖြစ်သော သုခဝေဒနာနှင့်တကွဖြစ်သော စေတနာ၊ ၆။ ကာယသမ္ဓသဿကြောင့် ဖြစ်သော ဒုက္ခဝေဒနာနှင့်တကွဖြစ်သော စေတနာ၊ ၇။ မနောဓာတု သမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၈။ မနောဝိညာဏဓာတုသမ္ဓသဿကြောင့် ဖြစ်သော စေတနာ။ (အဘိ၊ဝိ။၃၈။) (အဘိ၊ဝိ၊မြန်၊၁။၁၄၇။)

သခ်ါရကၡန္ဓာ ၉ ပါး ၁။ စက္ခုသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၂။ သောတသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၃။ ဃာနသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၄။ ဇိဝှါသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၅။ ကာယသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၆။ မနောဓာတု သမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၇။ မနောဝိညာဏဓာတုသမ္ဓသဿကြောင့် ဖြစ်သော ကုသိုလ်စေတနာ၊ ၈။ မနောဝိညာဏဓာတုသမ္ဓသဿကြောင့် ဖြစ်သော အကုသိုလ်စေတနာ၊ ၉။ မနောဝိညာဏဓာတုသမ္ဓသဿကြောင့် ဖြစ်သော အဗျာကတစေတနာ။ (အဘိ၊ဝိ။၃၈။) (အဘိ၊ဝိ၊မြန်၊၁။၁၄၈။)

သခ်ါရကၡန္ဓာ ၁၀ ပါး ၁။ စက္ခုသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၂။ သောတသမ္ဓသဿကြောင့် ဖြစ်သော စေတနာ။ ၃။ ဃာနသမ္ဓသဿကြောင့် ဖြစ်သော စေတနာ။ ၄။ ဇိဝှါသမ္ဓသဿကြောင့် ဖြစ်သော စေတနာ။ ၅။ ကာယသမ္ဓသဿကြောင့် ဖြစ်သော သုခဝေဒနာနှင့်တကွဖြစ်သော စေတနာ၊ ၆။ ကာယသမ္ဓသဿကြောင့် ဖြစ်သော ဒုက္ခဝေဒနာနှင့်တကွဖြစ်သော စေတနာ၊ ၇။ မနောဓာတုသမ္ဓသဿကြောင့် ဖြစ်သော စေတနာ၊ ၈။ မနောဝိညာဏဓာတုသမ္ဓသဿကြောင့် ဖြစ်သော ကုသိုလ်စေတနာ၊ ၉။ မနောဝိညာဏဓာတုသမ္ဓသဿကြောင့် ဖြစ်သော အကုသိုလ်စေတနာ၊ ၁၀။ မနောဝိညာဏဓာတုသမ္ဓသဿကြောင့် ဖြစ်သော အဗျာကတစေတနာ။ (အဘိ၊ဝိ။၃၈။) (အဘိ၊ဝိ၊မြန်၊၁။၁၄၈။)

http://www.dhammadownload.com

သခါရက္ခန္ဓာ ၃၀ ပါး ၁။ စက္ခုသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အပရိယာပန္နဖြစ်သော သခါရက္ခန္ဓာ လေးပါး၊ ၂။ သောတသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အပရိယာပန္နဖြစ်သော သခါရက္ခန္ဓာ လေးပါး၊ ၃။ ဃာန သမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အပရိယာပန္နဖြစ်သော သခါရက္ခန္ဓာ လေးပါး၊ ၄။ ဇိဝှါသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အပရိယာပန္နဖြစ်သော သခါရက္ခန္ဓာ လေးပါး၊ ၅။ ကာယသမ္ဖဿကြောင့် ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အပရိယာပန္နဖြစ်သော သခါရက္ခန္ဓာ လေးပါး၊ ၆။ မနောသမ္ဖဿကြောင့်ဖြစ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အပရိယာပန္န ဖြစ်သော သခါရက္ခန္ဓာ လေးပါး၊ ၇။ စက္ခု, သောတ, ဃာန, ဇိဝှါ ကာယ မနော သမ္ဖဿကြောင့် ဖြစ်သော သခါရက္ခန္ဓာ ခြောက်ပါး ပေါင်း ၃၀ ပါး ဖြစ်၏။ (အဘိ၊ဝိ။၄၈။) (အဘိ၊ဝိ၊မြန်၊၁။၁၇၈။)

သဂ်ဟ ၂ မျိုး ချီးမြှောက်ခြင်း ၂ မျိုး နှင့် တူသည်။

သဂ်ဟ ၄ မျိုး ၁။ "အလုံးစုံသော ခတ္တိယ မင်းမျိုးတို့သည် လာစေကုန်သတည်း" အစရှိသော အမျိုးဇာတိကို ရေတွက်ခြင်း, မိမိဇာတ်ရှိသော တရားတို့ကို ပေါင်း၍ ယူခြင်း (ဇာတိသဂ်ဟ။)၊ ၂။ "အလုံးစုံသော ကောသလတိုင်း၌ နေကုန်သော သူတို့သည် လာစေကုန်သတည်း" အစရှိသော ကောင်းစွာ ဖြစ်ရာအရပ်, ကောင်းစွာ ဖြစ်ရာစိတ္တဇုပ္ပါဒ်အားဖြင့် သိမ်းယူခြင်း (သဉ္ဇာတိသဂ်ဟ။)၊ ၃။ "အလုံးစုံသော ဆင်စီးသူရဲတို့သည် လာစေကုန်သတည်း" အစရှိသော အမူအရာကို ရေတွက်ခြင်း ပြုအပ်သော ကိစ္စအားဖြင့် သွင်းယူခြင်း (ကိရိယသဂ်ဟ။)၊ ၄။ စက္ခာယတနသည် ရူပက္ခန္ဓာဖြင့် ရေတွက်ခြင်းသို့ ရောက်၏ အစရှိသော ရေတွက်ခြင်းအားဖြင့် ရေတွက်ခြင်း၊ (ဂဏနသဂ်ဟ) ။ (ဒီ၊ဋ္ဌ၊၃၇၉။) (မ၊ဋ္ဌ၊၂။၁၂၂။) (အဘိ၊ဋ္ဌ၊၃။) (ပဋိသံ၊ဋ္ဌ၊၁။၄၂။) (မ၊ဋီ၊၁။၁၉။)

သဂ်ဟတရား ၄ ပါး ၁။ ပေးကမ်းစွန့်ကြဲခြင်း၊ ၂။ ချစ်ဖွယ်သော စကားကို ဆိုခြင်း၊ ၃။ အကျိုးစီးပွားကို ကျင့်ဆောင်ခြင်း၊ ၄။ မိမိနှင့် ထပ်တူညီမျှ ဆက်ဆံခြင်း။ (ဒီ၊၃။၁၂၅။) (ဒီ၊မြန်၊ ၃။၁၄၃။)

သဂ်ဟဝတ္ထု ၄ ပါး ၁။ ဒါန– ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း၊ ၂။ ပိယဝစန– ချစ်ဖွယ်သော စကားကို ဆိုခြင်း၊ ၃။ အတ္ထစရိယာ– အကျိုးစီးပွားကို ကျင့်ခြင်း၊ ၄။ သမာနတ္တတာ– မိမိကိုယ်နှင့် တန်းတူညီတူ ထားခြင်း။ (ဒီ၊၃။၁၉၃။) (အံ၊၁။၃၄၁။) (အံ၊၁။၅၇၁။) (ပဋိသံ၊ဋ္ဌ၊ ၁။၂၇၁။) (စရိယာ၊ ဋ္ဌ။၂၅၅။) (ဒီ၊ဋီ၊၁။၂၉၃။) (ဒီ၊မြန်၊၃။၂၁၅။) (အံ၊မြန်၊၁။၃၅၆။) (အံ၊မြန်၊၁။၅၈၄။)

သဂ်ဟဝတ္ထု ၄ ပါး (တစ်နည်း) (ရှေးမင်းတို့၏ သဂ်ဟဝတ္ထု ၄ ပါး) ၁။ သဿမေဓ– တောင်သူလယ်သမားတို့၏ စိုက်ပျိုးထွန်ယက်၍ ရသော ကောက်စပါးများမှ ဆယ်ဖို့တစ်ဖို့ ကောက်စပါးအခွန်ယူခြင်း၊ ၂။ပုရိသမေဓ–စစ်သည်သူရဲတို့အားခြောက်လစာလုံလောက်အောင် တစ်နှစ်လျှင် နှစ်ကြိမ် စားနပ်ရိက္ခာ လစာ မှန်ကန်စွာ ပေးသနားခြင်း၊ ၃။ သမ္မာပါသ– ဆင်းရဲသားတို့ထံမှ အာမခံစာချုပ်ကို ယူ၍ သုံးနှစ်ပတ်လုံး အတိုးမယူဘဲ တစ်ထောင် နှစ်ထောင်မျှသော အမတော်ငွေ ထုတ်ပေးချေးငှားခြင်း၊ ၄။ ဝါစာပေယျ– အသက်ကြီးသူများကို ဘကြီး ဘထွေး ဦးကြီး ဦးလေး စသည်ဖြင့် ချစ်ဖွယ်သော စကားကို ပြောဆို ချီးမြှောက်ခြင်း။ (သံ၊ဋ္ဌ၊၁။၁၃၃။) (အံ၊ဋ္ဌ၊၃။၁၉၃။)

http://www.dhammadownload.com

သင်္ဂဟဝတ္ထု ၄ ပါး (တစ်နည်း) (ဩက္ကာကမင်းလက်ထက် ပုဏ္ဏားတို့၏ သင်္ဂဟဝတ္ထု ၄ ပါး) ၁။ အဿမေဓ– မြင်းကို သတ်၍ ယဇ်ပူဇော်ခြင်း၊ ၂။ ပုရိသမေဓ– ယောကျ်ားကို သတ်၍ ယဇ်ပူဇော်ခြင်း၊ ၃။ သမ္မာပါသ– ထမ်းပိုးကျည်းကို ပစ်၍ ယဇ်ပူဇော်ခြင်း၊ ၄။ ဝါဇပေယျ– ထောပတ်ကို သောက်၍ ယဇ်ပူဇော်ခြင်း။ (အံ၊၄၊၃။၁၉၄။)

သင်္ဂဟသဒ္ဒါ၏ အနက် ၄ မျိုး ၁။ သဇာတိသင်္ဂဟ– အမျိုး, ဇာတ်တူပေါင်းဆည်းယူခြင်း၊ ၂။ သဥ္ဇာတိသင်္ဂဟ– ကောင်းစွာဖြစ်ရာအရပ်, ကောင်းစွာဖြစ်ရာ စိတ္တုပ္ပါဒ်အားဖြင့် သိမ်းယူခြင်း၊ ၃။ ကိရိယာသင်္ဂဟ– ပြုအပ်သော ကိစ္စအားဖြင့် သိမ်းယူခြင်း၊ ၄။ ဂဏနသင်္ဂဟ– တစ်ပေါင်းတည်း ရေတွက်ခြင်းအားဖြင့် သိမ်းယူခြင်း။ (အဘိ၊၄၊၁။၃၄၃။)

သင်္ဂါယနာ ၃ မျိုး ၁။ မဟာကဿပမထေရ်၏ သင်္ဂါယနာ၊ ၂။ ယသမထေရ်၏ သင်္ဂါယနာ၊ ၃။ မောဂ္ဂလိပုတ္တတိဿမထေရ်၏ သင်္ဂါယနာ။ (ဒီ၊၄၊၃။၈၁။) (မ၊၄၊၄။၇၉။) (အဘိ၊၄၊၂။၄၁၂။)

သင်္ဂါယနာတင်ခြင်း ၃ မျိုး ၁။ ငါးရာသော ရဟန္တာတို့သည် ပြုအပ်, တင်အပ်သော ပဥ္စသတာ သင်္ဂါယနာ၊ ၂။ ခုနစ်ရာသော ရဟန္တာတို့သည် ပြုအပ်, တင်အပ်သော သတ္တသတာ သင်္ဂါယနာ၊ ၃။ သံဃမထေရ် တစ်ထောင်တို့သည် ပြုအပ်, တင်အပ်သော သဟဿိကာ သင်္ဂါယနာ။ (ဒီ၊၄၊၂။၁၅၈။) (ဒီ၊၄၊မြန်၊၂။၂၉၈။)

သဃ်ဂဋ္ဌိစာရသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ သင်္ကန်းငါးထည်တို့ကို မလဲလှယ်ခြင်း၊ ၂။ ခွင့်မပြုထားသော အကြောင်းကြောင့် ငါးရက်လွန်သွားခြင်း။ (ဝိမတိ၊၂။၇၈။)

သဃ်ဂဋ္ဌိစာရသိက္ခာပုဒ်၌ အင်္ဂါ ၄ ပါး ၁။ သင်္ကန်း ငါးမျိုးတို့တွင် တစ်မျိုးမျိုး ဖြစ်ခြင်း၊ ၂။ ငါးရက်ကျော်လွန်ခြင်း၊ ၃။ ခွင့်ပြုထားသော အကြောင်းမဟုတ်ခြင်း၊ ၄။ မလဲလှယ်ခြင်း။ (သာရတ္ထ၊ ဋီ၊၃။၁၂၅။)

သင်တုန်းဓား လှူရကျိုး ၈ ပါး ၁။ အလွန်ရဲရင့်သူ ဖြစ်ခြင်း၊ ၂။ ရွံရှာခြင်းကင်းသူ ဖြစ်ခြင်း၊ ၃။ ဝေသာရဇ္ဇဉာဏ်တို့၌ တစ်ဖက်ကမ်းသို့ ရောက်သူ ဖြစ်ခြင်း၊ ၄။ တည်ကြည်ခန့်ငြားမှု ရှိသူ ဖြစ်ခြင်း၊ ၅။ လုံ့လဝီရိယနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊ ၆။ အမြဲတမ်း ချီးပင့်အပ်, ချီးမြှောက်အပ်သော စိတ်ရှိခြင်း၊ ၇။ ကိလေသာတို့ကို ဖြတ်တောက်နိုင်သော ဉာဏ် ရှိခြင်း၊ ၈။ အတုမရှိသော သန့်ရှင်းစင်ကြယ်ခြင်းကို ရရှိသူ ဖြစ်ခြင်း။ (အပ၊၁။၃၅၉။) (အပ၊မြန်၊၁။၃၆၈။)

သင့်လျော်လျောက်ပတ်ခြင်း ၇ မျိုး သပ္ပါယ ၇ မျိုးနှင့် တူသည်။

သင့်လျော်သောအခါ ၄ မျိုး ၁။ အခါအားလျော်စွာ တရားနာခြင်း၊ ၂။ အခါအားလျော်စွာ တရားဆွေးနွေးခြင်း၊ ၃။ အခါအားလျော်စွာ တရားကို သုံးသပ်ခြင်း၊ ၄။ အခါအားလျော်စွာ ဝိပဿနာရှုခြင်း။ (အံ၊၁။၄၅၇။) (အံ၊မြန်၊၁။၄၇၀။)

သင်းချိုင်း ၉ မျိုး ၁။ "သေပြီး တစ်ရက်ရှိသော အလောင်းလည်းကောင်း" အစရှိသော နည်းဖြင့် ဟောအပ်သော သင်းချိုင်း၊ ၂။ "ကျီးတို့သည် ခဲအပ်သော အလောင်းလည်းကောင်း" အစရှိသော သင်းချိုင်း၊ ၃။ "အရိုးဆက်ရှိသော အသားအသွေးနှင့် တကွသော အကြောတို့ဖြင့် ဖွဲ့စပ်ခြင်း ရှိသော အလောင်း" အစရှိသော သင်းချိုင်း၊ ၄။ "အသားမရှိသော သွေးတို့ဖြင့် လိမ်းကျံ

http://www.dhammadownload.com

အပ်သော အကြောတို့ဖြင့် ဖွဲ့အပ်သော အလောင်း" အစရှိသော သင်းချိုင်း၊ ၅။ "အသားအသွေး ကင်းမဲ့သော အကြောတို့ဖြင့် ဖွဲ့အပ်သော အလောင်း" အစရှိသော သင်းချိုင်း၊ ၆။ "ဖွဲ့ခြင်း ကင်းကုန်သော အရိုးတို့" အစရှိသော သင်းချိုင်း၊ ၇။ "ဖြူဖွေးကုန်သော ခရသင်း အဆင်းနှင့် တူကုန်သော အရိုးတို့" အစရှိသော သင်းချိုင်း၊ ၈။ "အစုအပုံဖြစ်ကုန်သော နှစ်လွန်ကုန်သော အရိုးတို့" အစရှိသော သင်းချိုင်း၊ ၉။ "ပုပ်ကုန်သော မှုန့်မှုန့်ညက်ညက် ဖြစ်ကုန်သော အရိုးတို့ကို" အစရှိသော သင်းချိုင်း။ (မ၊ဌ၊၁၀။၂၇၈။)

သင်းပိုင်သင်္ကန်းတို့ကို ထားခဲ့နိုင်ကြောင်း ၅ ပါး ဧကသီသင်္ကန်းကို ထားခဲ့နိုင်ကြောင်း ၅ ပါးနှင့် တူသည်။

သစ္စာဏ် ၄ ပါး ၁။ သုတမယဉာဏ်- အကျဉ်းအားဖြင့်လည်းကောင်း, အကျယ်အားဖြင့် လည်းကောင်း "ဤအရာသည် ဒုက္ခသစ္စာတည်း, ဤအရာသည် သမုဒယသစ္စာတည်း စသည်ဖြင့် သစ္စာလေးပါးကို ကြားနာရပြီး သိသော ဉာဏ်၊ ၂။ ဝဝတ္ထာနဉာဏ်- ကြားနာ အပ်ပြီးသော အနက်ကို ဓမ္မအားဖြင့်လည်းကောင်း, လက္ခဏာအားဖြင့်လည်းကောင်း "ဤတရား တို့သည် ဤသစ္စာ၌ အကျုံးဝင်ကုန်၏"စသည်ဖြင့် ဆင်ခြင်ဆုံးဖြတ်သော ဉာဏ်၊ ၃။ သမ္မသနဉာဏ်- အစဉ်အတိုင်း သစ္စာလေးပါးတို့ကို အနိစ္စ, ဒုက္ခ, အနတ္တအားဖြင့် သုံးသပ်သော ဉာဏ်၊ ၄။ အဘိသမယဉာဏ်- လောကုတ္တရာမဂ်ဓာဏ်၌ သစ္စာလေးပါးတို့ကို မရွေးမနှောင်း ထိုးထွင်း၍ သိသော ဉာဏ်။ (ပဋိသံ၊ဌ၊၁၀။၁၅၃။)

သစ္စာဏ် ၂ ပါး (လောကီသစ္စာဏ် ၂ မျိုး) ၁။ အနုဗောဓဉာဏ်၊ ၂။ ပစ္စဝေက္ခဏာဉာဏ်။ (အဘိ၊ဌ၊၂။၈၂။) (ပဋိသံ၊ဌ၊၁၀။၃၄၂။) (ဝိသုဒ္ဓိ၂။၁၄၂။)

သစ္စာဏ် ၂ ပါး တစ်နည်း ၁။ လောကီ သစ္စာဉာဏ်၊ ၂။ လောကုတ္တရာ သစ္စာဉာဏ်။ (ပဋိသံ၊ဌ၊၁၀။၃၄၂။)

သစ္စာ ၂ မျိုး ၁။ သမ္မုတိသစ္စာ- နတ် ဗြဟ္မာစသော အမည်ပညတ်၊ ၂။ ပရမတ္ထသစ္စာ- အနိစ္စ, ဒုက္ခ စသော ပရမတ်တရား။ (ဒီ၊ဌ၊၁၀။၃၁၆။) (အဘိ၊ဌ၊၃။၃၃၉။) (အဘိ၊ဌ၊၃။၁၈၇။) (သာရတ္ထ၊ ဋီ၊၁။၈၉။) (ဒီ၊ဌ၊မြန်၊၁၀။၆၁၂-၆၁၃။)

သစ္စာ ၄ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၄ ပါး၊ အဘိညေယျတရား ၄ ပါး တို့နှင့် တူသည်။

သစ္စာ ၄ ပါး ၁။ ဆင်းရဲခြင်းအမှန် 'ဒုက္ခအရိယသစ္စာ'၊ ၂။ ဆင်းရဲဖြစ်ကြောင်းအမှန် 'ဒုက္ခ သမုဒယ သစ္စာ'၊ ၃။ ဆင်းရဲချုပ်ရာအမှန် 'နိရောဓအရိယသစ္စာ'၊ ၄။ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း လမ်းစဉ်အမှန် 'မဂ္ဂအရိယသစ္စာ'၊ ဤအရိယသစ္စာလေးပါးတို့ကို ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်လည်းကောင်း သင်တို့သည်လည်းကောင်း ဤရှည်လျားလှစွာသော သံသရာ ကာလပတ်လုံး ပြေးသွားကျင်လည်ခဲ့ရပေပြီဟု ဘုရားရှင် ဟောတော်မူ၏။ (ဝိ၊၃။၃၂၅။) (ဒီ၊၂။၂၇၇။) (ဒီ၊၃။၂၃၁။) (မ၊၁။၂၄၂။) (သံ၊၃။၃၆၄။) (သံ၊၃။၃၇၂။) (သံ၊၃။၃၈၁။) (အဘိ၊၀။၁၀၄။) (အဘိ၊၀။၁၁၂။) (အဘိ၊၀။၁၁၅။) (အဘိ၊၀။၁၁၇-၁၁၈။) (အဘိ၊၀။၄၁၅။) (အဘိ၊ပု။၁၀၂။) (အဘိ၊က။ ၂၄၃။) (ယမက၊၁။၂၀၅။) (ပဋိသံ၊ဌ၊၁။၆၃။) (ဝိသုဒ္ဓိ၂။၁၂၄။) (ဝိ၊မြန်၊၃။၃၂၅။) (ဒီ၊မြန်၊၂။၈၈။)

http://www.dhammadownload.com

(ဒီ၊မြန်၊၃၊၂၅၃။) (မ၊မြန်၊၁၊၂၅၀။) (သံ၊မြန်၊၃။၃၆၉။) (သံ၊မြန်၊၃။၃၆၉။) (သံ၊မြန်၊၃။၃၆၉။) (အဘိ၊ဝိ၊မြန်၊၁။၃၆၁။) (အဘိ၊ဝိ၊မြန်၊၁။၃၆၁။) (အဘိ၊ဝိ၊မြန်၊၁။၃၆၁။) (အဘိ၊ဝိ၊မြန်၊၁။၃၆၁။) (အဘိ၊ဝိ၊မြန်၊၂။၅၂၄။) (အဘိ၊ပု၊မြန်။၂။) (အဘိ၊က၊မြန်၊၂။၃၂။)

သစ္စာတရားကို ထိုးထွင်း၍ သိပုံ ၄ မျိုး ၁။ ဒုက္ခသစ္စာကို ပရိညာပဋိဝေဓဖြင့် ထိုးထွင်း၍ သိခြင်း၊ ၂။ သမုဒယသစ္စာကို ပဟာနပဋိဝေဓဖြင့် ထိုးထွင်း၍ သိခြင်း၊ ၃။ နိရောဓသစ္စာကို သစ္ဆိကိရိယာပဋိဝေဓဖြင့် ထိုးထွင်း၍ သိခြင်း၊ ၄။ မဂ္ဂသစ္စာကို ဘာဝနာပဋိဝေဓဖြင့် ထိုးထွင်း၍ သိခြင်း။ (ပဋိသံ။၂၅၃။) (ပဋိသံ။၂၅၇။) (ပဋိသံ၊မြန်။၃၁၀၊၃၁၅။) (ပဋိသံ၊မြန်။၃၁၀၊၃၁၅။)

သစ္စာတရားကို ထိုးထွင်း၍ သိပုံ ၉ မျိုး ၁။ ဒုက္ခသစ္စာကို ပရိညာပဋိဝေဓဖြင့် ထိုးထွင်းသိခြင်း၊ ၂။ သမုဒယသစ္စာကို ပဟာနပဋိဝေဓဖြင့် ထိုးထွင်းသိခြင်း၊ ၃။ နိရောဓသစ္စာကို သစ္ဆိကိရိယာပဋိဝေဓဖြင့် ထိုးထွင်းသိခြင်း၊ ၄။ မဂ္ဂသစ္စာကို ဘာဝနာပဋိဝေဓဖြင့် ထိုးထွင်းသိခြင်း၊ ၅။ တရားအားလုံးတို့ကို အဘိညာပဋိဝေဓဖြင့် ထိုးထွင်း၍ သိခြင်း၊ ၆။ သခ်ါရတရားအားလုံးတို့ကို ပရိညာပဋိဝေဓဖြင့် ထိုးထွင်း၍ သိခြင်း၊ ၇။ အကုသိလ်တရားအလုံးစုံကို ပဟာနပဋိဝေဓဖြင့် ထိုးထွင်း၍ သိခြင်း၊ ၈။ မဂ်လေးပါးတို့ကို ဘာဝနာပဋိဝေဓဖြင့် ထိုးထွင်း၍ သိခြင်း၊ ၉။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း သစ္ဆိကိရိယာပဋိဝေဓဖြင့် ထိုးထွင်း၍ သိခြင်း။ (ပဋိသံ။၂၅၃။) (ပဋိသံ။၂၅၈။) (ပဋိသံ၊မြန်။၃၁၀၊၃၁၅။) (ပဋိသံ၊မြန်။၃၁၀၊၃၁၅။)

သစ္စာတို့၏ လက္ခဏာ ၁၂ ပါး ၁။ ဒုက္ခသစ္စာ၏ ဖြစ်ခြင်း(ဥပါဒ်) သည် ထင်ခြင်း၊ ၂။ ပျက်ခြင်း (ဘင်) သည် ထင်ခြင်း၊ ၃။ တည်ခြင်း(ဌီ) ၏ တစ်မျိုးဖြစ်ပုံသည် ထင်ခြင်း၊ ၄။ သမုဒယသစ္စာ၏ ဖြစ်ခြင်း(ဥပါဒ်) သည် ထင်ခြင်း၊ ၅။ ပျက်ခြင်း (ဘင်) သည် ထင်ခြင်း၊ ၆။ တည်ခြင်း (ဌီ) ၏ တစ်မျိုးဖြစ်ပုံသည် ထင်ခြင်း၊ ၇။ မဂ္ဂသစ္စာ၏ ဖြစ်ခြင်း(ဥပါဒ်) သည် ထင်ခြင်း၊ ၈။ ပျက်ခြင်း (ဘင်) သည် ထင်ခြင်း၊ ၉။ တည်ခြင်း (ဌီ) ၏ တစ်မျိုးတစ်ဖုံ ဖြစ်ပုံသည် ထင်ခြင်း၊ ၁၀။ နိရောဓသစ္စာ၏ ဖြစ်ခြင်း(ဥပါဒ်) သည် ထင်ခြင်း၊ ၁၁။ ပျက်ခြင်း (ဘင်) သည် ထင်ခြင်း၊ ၁၂။ တည်ခြင်း(ဌီ) ၏ တစ်မျိုးတစ်ပုံဖြစ်ပုံသည် ထင်ခြင်း။ (ပဋိသံ။၂၉၇။) (ပဋိသံ၊မြန်။၃၅၅။)

သစ္စာတို့၏ လက္ခဏာ ၂ ပါး ၁။ သခ်ံတလက္ခဏာ– ကံစသည်တို့ ပြုပြင်စီမံကြောင်း အမှတ်လက္ခဏာ၊ ၂။ အသခ်ံတလက္ခဏာ– နိဗ္ဗာန်ဟု သိကြောင်း အမှတ်လက္ခဏာ။ (ပဋိသံ။ ၂၉၇။) (ပဋိသံ၊မြန်။၃၅၅။)

သစ္စာတို့၏ လက္ခဏာ ၆ ပါး ၁။ သခ်ံတသစ္စာတို့၏ ဖြစ်ခြင်း (ဥပါဒ်) သည် ထင်ခြင်း၊ ၂။ ပျက်ခြင်းသည် ထင်ခြင်း၊ ၃။ တည်ခြင်း၏ တစ်မျိုးဖြစ်ပုံသည် ထင်ခြင်း၊ ၄။ အသခ်ံတသစ္စာ၏ ဖြစ်ခြင်း (ဥပါဒ်) သည် မထင်ခြင်း၊ ၅။ အသခ်ံတသစ္စာ၏ ပျက်ခြင်း (ဘင်) သည် မထင်ရှားခြင်း၊ ၆။ တည်ခြင်း (ဌီ) ၏ တစ်မျိုးတစ်ဖုံဖြစ်ခြင်းသည် မထင်ခြင်း။ (ပဋိသံ။ ၂၉၇။) (ပဋိသံ၊မြန်။၃၅၅။)

သစ္စာမည်ကြောင်း ၃ ပါး ၁။ ရှာမှီးခြင်းသဘော ရှိခြင်း၊ ၂။ သိမ်းဆည်းခြင်းသဘော ရှိခြင်း၊ ၃။ ထိုးထွင်း၍ သိခြင်းသဘော ရှိခြင်း။ (ပဋိသံ။၂၉၉။) (ပဋိသံ၊မြန်။၃၅၇။)

http://www.dhammadownload.com

သစ္စာလေးပါးကို တစ်ပေါင်းတည်း သိပုံ ၄ မျိုး ၁။ အမှန်သဘောဟူသော အခြင်းအရာ၊ ၂။ အတ္တမဟုတ်သော အနတ္တသဘောဟူသော အခြင်းအရာ၊ ၃။ သစ္စာသဘောဟူသော အခြင်းအရာ၊ ၄။ ထိုးထွင်း၍ သိခြင်းသဘောဟူသော အခြင်းအရာ။ (ပဋိသံ။၂၉၄။) (ပဋိသံ၊မြန်။၃၅၁။)

သစ္စာလေးပါးကို တစ်ပေါင်းတည်း သိပုံ ၉ မျိုး ၁။ အမှန်သဘော ဖြစ်ခြင်း၊ ၂။ အနတ္တသဘော ဖြစ်ခြင်း၊ ၃။ သစ္စာသဘော ဖြစ်ခြင်း၊ ၄။ ထိုးထွင်းသိခြင်း သဘော ဖြစ်ခြင်း၊ ၅။ အဘိညာသဘော ဖြစ်ခြင်း၊ ၆။ ပရိညာသဘော ဖြစ်ခြင်း၊ ၇။ ပဟာနသဘော ဖြစ်ခြင်း၊ ၈။ ဘာဝနာသဘော ဖြစ်ခြင်း၊ ၉။ မျက်မှောက်ပြုခြင်း သဘော ဖြစ်ခြင်း။ (ပဋိသံ။၂၉၅။) (ပဋိသံ၊ မြန်။၃၅၃။)

သစ္စာလေးပါးကို တစ်ပေါင်းတည်း သိပုံ ၁၂ မျိုး ၁။ အမှန်သဘောအားဖြင့် သိခြင်း၊ ၂။ အနတ္တသဘောအားဖြင့် သိခြင်း၊ ၃။ သစ္စာသဘောအားဖြင့် သိခြင်း၊ ၄။ ထိုးထွင်းသိခြင်းသဘောအားဖြင့် သိခြင်း၊ ၅။ ထူးခြားစွာ သိခြင်းသဘောအားဖြင့် သိခြင်း၊ ၆။ ပိုင်းခြားသိခြင်းသဘောအားဖြင့် သိခြင်း၊ ၇။ ဆောင်ခြင်းသဘောအားဖြင့် သိခြင်း၊ ၈။ အမှန်သဘောအားဖြင့် သိခြင်း၊ ၉။ သိအပ်သော သဘောအားဖြင့် သိခြင်း၊ ၁၀။ မျက်မှောက်ပြုခြင်းသဘောအားဖြင့် သိခြင်း၊ ၁၁။ တွေ့ထိခြင်းသဘောအားဖြင့် သိခြင်း၊ ၁၂။ အထူးသိခြင်းသဘောအားဖြင့် သိခြင်း။ (ပဋိသံ။၂၉၆။) (ပဋိသံ၊မြန်။၃၅၄။)

သစ္စာလေးပါးကို တစ်ပေါင်းတည်း သိပုံ ၁၆ မျိုး ၁။ နှိပ်စက်ခြင်း သဘော၊ ၂။ ပြုပြင်ခြင်းသဘော၊ ၃။ ပူပန်ခြင်းသဘော၊ ၄။ ဖောက်ပြန်ခြင်းသဘောအားဖြင့် ဒုက္ခသစ္စာကို ထိုးထွင်းသိခြင်း၊ ၅။ အားထုတ်ခြင်းသဘော၊ ၆။ အကြောင်းရင်းသဘော၊ ၇။ ပေါင်းစပ်ခြင်းသဘော၊ ၈။ ကြောင့်ကြခြင်းသဘောအားဖြင့် သမုဒယသစ္စာကို ထိုးထွင်းသိခြင်း၊ ၉။ လွတ်မြောက်ခြင်းသဘော၊ ၁၀။ ကင်းဆိတ်ခြင်းသဘော၊ ၁၁။ မပြုအပ်ခြင်းသဘော၊ ၁၂။ မသေခြင်းသဘောအားဖြင့် နိရောဓသစ္စာကို ထိုးထွင်းသိခြင်း၊ ၁၃။ ထွက်မြောက်ခြင်းသဘော၊ ၁၄။ ဟိတ်သဘော၊ ၁၅။ မြင်ခြင်းသဘော၊ ၁၆။ အကြီးအမှူးသဘောအားဖြင့် မဂ္ဂသစ္စာကို ထိုးထွင်းသိခြင်း၊ **မှတ်ချက်။** ။ ကြွင်းကျန်သော အနတ္တသဘောမှ အထူးသိခြင်းသဘော အထိ ၁၁–ပါးသော သိခြင်းရှိရာတို့၌လည်း အလားတူ (၁၆) ပါးသော အခြင်းအရာတို့ကို သိအပ်ကုန်၏။ (ပဋိသံ။၂၉၆–၂၉၇။) (ပဋိသံ၊မြန်။၃၅၄–၃၅၅။)

သစ္စာလေးပါးကို ထိုးထွင်းသိအပ်သော သဘောအဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၄ မျိုး ၁။ ဒုက္ခ၏ ဒုက္ခသဘောကို ထိုးထွင်း၍ သိခြင်း၊ ၂။ သမုဒယ၏ သမုဒယသဘောကို ထိုးထွင်းသိခြင်း၊ ၃။ နိရောဓ၏ နိရောဓသဘောကို ထိုးထွင်း၍ သိခြင်း၊ ၄။ မဂ္ဂ၏ မဂ္ဂသဘောကို ထိုးထွင်း၍ သိခြင်း။ (ပဋိသံ။၂၉၅။) (ပဋိသံ၊မြန်။၃၅၂။)

သစ္စာလေးပါးကို ထိုးထွင်းသိအပ်သော သဘောအဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၆ မျိုး သစ္စာလေးပါးကို အနတ္တသဘောအဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၆ မျိုးနှင့် တူသည်။

သစ္စာလေးပါးကို မှန်သောသဘော အဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၉ မျိုး ၁။ ဒုက္ခ၏ ဒုက္ခသဘောသည် အမှန်သဘော ဖြစ်၏ဟု သိခြင်း၊ ၂။ သမုဒယ၏ သမုဒယသဘောသည် အမှန်သဘော ဖြစ်၏ဟု သိခြင်း၊ ၃။ နိရောဓ၏ နိရောဓသဘောသည် အမှန်သဘော ဖြစ်၏ဟု

http://www.dhammadownload.com

သိခြင်း၊ ၄။ မဂ္ဂ၏ မဂ္ဂသဘောသည် အမှန်သဘော ဖြစ်၏ဟု သိခြင်း၊ ၅။ အဘိညာ၏ အဘိညာ သဘောသည် အမှန်သဘော ဖြစ်၏ဟု သိခြင်း၊ ၆။ ပရိညာ၏ ပရိညာသဘောသည် အမှန်သဘော ဖြစ်၏ဟု သိခြင်း၊ ၇။ ပဟာန၏ ပဟာန်သဘောသည် အမှန်သဘော ဖြစ်၏ဟု သိခြင်း၊ ၈။ ဘာဝနာ၏ ဘာဝနာသဘောသည် အမှန်သဘော ဖြစ်၏ဟု သိခြင်း၊ ၉။ မျက်မှောက်ပြုခြင်း၏ မျက်မှောက်ပြုခြင်းသဘောသည် အမှန်သဘော ဖြစ်၏ဟု သိခြင်း။ (ပဋိသံ။၂၉၅။) (ပဋိသံ။မြန်။၃၅၃။)

သစ္စာလေးပါးကို မှန်သောသဘောအဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၄ မျိုး ၁။ ဒုက္ခ၏ ဒုက္ခသဘောသည် အမှန်သဘော ဖြစ်ခြင်း၊ ၂။ သမုဒယ၏ သမုဒယသဘောသည် အမှန်သဘော ဖြစ်ခြင်း၊ ၃။ နိရောဓ၏ နိရောဓသဘောသည် အမှန်သဘော ဖြစ်ခြင်း၊ ၄။ မဂ္ဂ၏ မဂ္ဂသဘောသည် အမှန်သဘော ဖြစ်ခြင်း။ (ပဋိသံ။၂၉၄။) (ပဋိသံ။မြန်။၃၅၂။)

သစ္စာလေးပါးကို သစ္စာအဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၄ မျိုး ၁။ ဒုက္ခ၏ ဒုက္ခသဘောသည် သစ္စာတည်းဟု ထိုးထွင်း၍ သိခြင်း၊ ၂။ သမုဒယ၏ သမုဒယသဘောသည် သစ္စာတည်းဟု ထိုးထွင်း၍ သိခြင်း၊ ၃။ နိရောဓ၏ နိရောဓသဘောသည် သစ္စာတည်းဟု ထိုးထွင်း၍ သိခြင်း၊ ၄။ မဂ္ဂ၏ မဂ္ဂသဘောသည် သစ္စာတည်းဟု ထိုးထွင်း၍ သိခြင်း။ (ပဋိသံ။၂၉၄။) (ပဋိသံ။မြန်။၃၅၂။)

သစ္စာလေးပါးကို သစ္စာအဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၆ မျိုး သစ္စာလေးပါးကို အနတ္တ သဘောဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၆ မျိုးနှင့် တူသည်။

သစ္စာလေးပါးကို အနတ္တသဘောအဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၄ မျိုး ၁။ ဒုက္ခ၏ ဒုက္ခသဘောသည် အနတ္တတည်းဟု ထိုးထွင်းသိခြင်း၊ ၂။ သမုဒယ၏ သမုဒယသဘောသည် အနတ္တတည်းဟု ထိုးထွင်းသိခြင်း၊ ၃။ နိရောဓ၏ နိရောဓသဘောသည် အနတ္တတည်းဟု ထိုးထွင်းသိခြင်း၊ ၄။ မဂ္ဂ၏ မဂ္ဂသဘောသည် အနတ္တတည်းဟု ထိုးထွင်းသိခြင်း။ (ပဋိသံ။၂၉၄။) (ပဋိသံ။မြန်။၃၅၂။)

သစ္စာလေးပါးကို အနတ္တသဘောအဖြစ်ဖြင့် တစ်ပေါင်းတည်း သိပုံ ၆ မျိုး ၁။ ဒုက္ခ၏ ဒုက္ခသဘောသည် အမှန်သဘောတည်းဟု ထိုးထွင်းသိခြင်း၊ ၂။ သမုဒယ၏ သမုဒယသဘောသည် အမှန်သဘောတည်းဟု ထိုးထွင်းသိခြင်း၊ ၃။ နိရောဓ၏ နိရောဓသဘောသည် အမှန်သဘောတည်းဟု ထိုးထွင်းသိခြင်း၊ ၄။ မဂ္ဂ၏ မဂ္ဂသဘောသည် အမှန်သဘောတည်းဟု ထိုးထွင်းသိခြင်း၊ ၅။ အဘိညာ၏ အဘိညာသဘောသည် အမှန်သဘောတည်းဟု ထိုးထွင်းသိခြင်း၊ ၆။ ပရိညာ၏ ပရိညာသဘောသည် အမှန်သဘောတည်းဟု ထိုးထွင်းသိခြင်း၊ ၇။ ပဟာန၏ ပဟာန်သဘောသည် အမှန်သဘောတည်းဟု ထိုးထွင်းသိခြင်း၊ ၈။ ဘာဝနာ၏ ဘာဝနာသဘောသည် အမှန်သဘောတည်းဟု ထိုးထွင်းသိခြင်း၊ ၉။ မျက်မှောက်ပြုခြင်း၏ မျက်မှောက်ပြုခြင်း သဘောသည် အမှန်သဘောတည်းဟု ထိုးထွင်းသိခြင်း။ (ပဋိသံ။၂၉၅။) (ပဋိသံ။မြန်။၃၅၃။)

သစ္စာလေးပါးတို့၌ အာကာရ ၁၂ မျိုး ၁။ ဒုက္ခသစ္စာ၌ သစ္စာညာဏ်၊ ကိစ္စာညာဏ်၊ ကတာညာဏ်အားဖြင့် အခြင်းအရာ အာကာရ (၃) မျိုး၊ ၂။ သမုဒယသစ္စာ၌ သစ္စာညာဏ်၊ ကိစ္စာညာဏ်၊ ကတာညာဏ် အားဖြင့် အခြင်းအရာ အာကာရ (၃) မျိုး၊ ၃။ နိရောဓသစ္စာ၌ သစ္စာညာဏ်၊ ကိစ္စာညာဏ်၊

http://www.dhammadownload.com

ကတညာဏ်အားဖြင့် အခြင်းအရာ အာကာရ (၃) မျိုး၊ ၄။ မဂ္ဂသစ္စာ၌ သစ္စညာဏ်၊ ကိစ္စညာဏ်၊ ကတညာဏ်အားဖြင့် အခြင်းအရာ အာကာရ (၃) မျိုး ပေါင်း (၁၂) မျိုး။ (သာရတ္ထ၊ဋီ၊၃။၁၈၀။)

သစ္စိကဋ္ဌ ၄ မျိုး ၁။ သုဒ္ဓိကသစ္စိကဋ္ဌ– သြကာသစသည်မဖက် သက်သက်သော မဖောက်မပြန် ဟုတ်မှန်သော အနက်သဘော၊ ၂။ သြကာသသစ္စိကဋ္ဌ– ခန္ဓာကိုယ်စသော ဖြစ်ရာအရပ် မဖောက်မပြန် ဟုတ်မှန်သော အနက်သဘော၊ ၃။ ကာလသစ္စိကဋ္ဌ– အတိတ်ဘဝ အနာဂတ်ဘဝ စသော ကာလအားဖြင့် မဖောက်မပြန် ဟုတ်မှန်သော အနက်သဘော၊ ၄။ အဝယဝသစ္စိကဋ္ဌ– ခန္ဓာ အာယတန စသော အစိတ်အပိုင်းအားဖြင့် မဖောက်မပြန် ဟုတ်မှန်သော အနက်သဘော။ (အဘိ၊ဋ္ဌ၊၃။၁၂၀။)

သစ္စိကာတဗ္ဗတရား ၂ ပါး မျက်မှောက်ပြုအပ်သော တရား ၂ ပါးနှင့် တူသည်။

သစ္စိကာတဗ္ဗတရား ၃ ပါး မျက်မှောက်ပြုအပ်သော တရား ၃ ပါးနှင့် တူသည်။

သစ္စိကာတဗ္ဗတရား ၄ ပါး မျက်မှောက်ပြုအပ်သော တရား ၄ ပါး၊ ဖိုလ် ၄ ပါးတို့နှင့် တူသည်။

သစ္စိကာတဗ္ဗတရား ၅ ပါး မျက်မှောက်ပြုအပ်သော တရား ၅ ပါး၊ ဓမ္မက္ခန္ဓာ ၅ ပါးတို့နှင့်တူသည်။

သစ္စိကာတဗ္ဗ တရား ၆ ပါး မျက်မှောက်ပြုအပ်သော တရား ၆ ပါး၊ အဘိညာဉ် ၆ ပါးတို့နှင့်တူသည်။

သစ္စိကာတဗ္ဗတရား ၇ ပါး မျက်မှောက်ပြုအပ်သော တရား ၇ ပါး၊ ရဟန္တာပုဂ္ဂိုလ်၏ အား ၇ ပါးတို့နှင့် တူသည်။

သစ္စိကာတဗ္ဗတရား ၈ ပါး မျက်မှောက်ပြုအပ်သော တရား ၈ ပါး၊ ဝိမောက္ခ ၈ ပါးတို့နှင့်တူသည်။

သစ္စိကာတဗ္ဗတရား ၉ ပါး မျက်မှောက်ပြုအပ်သော တရား ၉ ပါး၊ အစဉ်အတိုင်း ချုပ်ခြင်းတရား ၉ ပါး၊ အနုပုဗ္ဗနိရောဓတရား ၉ ပါးတို့နှင့် တူသည်။

သစ္စိကာတဗ္ဗတရား ၁၀ ပါး မျက်မှောက်ပြုအပ်သော တရား ၁၀ ပါး၊ ရဟန္တာပုဂ္ဂိုလ်တို့၏ တရား ၁၀ ပါးတို့နှင့် တူသည်။

သစ္စိကိရိယာ ၂ မျိုး ၁။ ပဋိလာဘသစ္စိကိရိယာ– ရရှိ–ဆိုက်ရောက်ခြင်းဖြင့် မျက်မှောက်ပြုခြင်း၊ ၂။ အာရမ္မဏသစ္စိကိရိယာ– အာရုံပြုခြင်းအားဖြင့် မျက်မှောက်ပြုခြင်း။ (ပဋိသံ၊ဋ္ဌ၊၁။၅၇။)

သစ်ပင် ၄ မျိုး ၁။ အကာပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်၊ ၂။ အနှစ်ပင်ဖြစ်လျက် အကာပင်တို့ ဝိုင်းရံအပ်သော သစ်ပင်၊ ၃။ အကာပင်ဖြစ်လျက် အကာပင်တို့ ဝိုင်းရံအပ်သော သစ်ပင်၊ ၄။ အနှစ်ပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်။ (အံ၊၁။၄၂၄။) (အဘိ၊ပု။၁၆၁။) (အံ၊မြန်၊၁။၄၃၇။) (အဘိ၊ပု၊မြန်။၆၄။)

သစ်ပင် ၆ မျိုး (အခြားသစ်ပင်တို့ကို လွှမ်းမိုးနိုင်သော သစ်ပင် ၆ မျိုး) ၁။ ညောင်ဗုဒ္ဓဟေပင်၊ ၂။ ပညောင်ပင်၊ ၃။ ညောင်ကြတ်ပင်၊ ၄။ ရေသဖန်းပင်၊ ၅။ ဖအောင်းပင်၊ ၆။ ညောင်ချဉ်ပင်။ (သံ၊၃။၈၅။) (သံ၊မြန်၊၃။၉၀။)

http://www.dhammadownload.com

သစ်ပင်ကြီးတို့ ကြီးပွားခြင်း ၃ မျိုး ၁။ အကိုင်း အခက် အရွက်ဖြင့် ကြီးပွားခြင်း၊ ၂။ အခေါက် အပွေးဖြင့် ကြီးပွားခြင်း၊ ၃။ အကာ အနှစ်ဖြင့် ကြီးပွားခြင်း။ (အံ၊၁။၁၅၀။) (အံ၊မြန်၊၁။၁၇၀။)

သစ်ပင်နှင့် တူသော ပုဂ္ဂိုလ် ၄ မျိုး ၁။ အကာပင်ဖြစ်လျက် အနှစ်ပင်တို့ ဝိုင်းရံအပ်သော သစ်ပင်ကဲ့သို့ မိမိ၏ ပရိသတ်သည် သီလရှိ၍ ကောင်းသောအကျင့်နှင့် ပြည့်စုံလျက် မိမိသည် သီလမရှိမူ၍ ယုတ်မာသော အကျင့်ရှိသော ပုဂ္ဂိုလ် ဖြစ်ခြင်း၊ ၂။ အနှစ်ပင် ဖြစ်လျက် အကာပင်တို့ ဝိုင်းရံအပ်သော သစ်ပင်ကဲ့သို့ မိမိ၏ပရိသတ်သည် သီလမရှိဘဲ ယုတ်ညံ့သော အကျင့်နှင့် ပြည့်စုံလျက် မိမိကမူ သီလနှင့် ပြည့်စုံခြင်း ကောင်းသောအကျင့်ရှိသော ပုဂ္ဂိုလ် ဖြစ်ခြင်း၊ ၃။ အကာပင်ဖြစ်လျက် အကာပင်တို့ဝိုင်းရံအပ်သော သစ်ပင်ကဲ့သို့ မိမိ၏ ပရိသတ်သည် သီလမရှိဘဲ ယုတ်ညံ့သော အကျင့်နှင့် ပြည့်စုံလျက် မိမိသည်လည်း သီလမရှိမူ၍ ယုတ်ညံ့သော အကျင့်ရှိသော ပုဂ္ဂိုလ် ဖြစ်ခြင်း၊ ၄။ အနှစ်ပင်ဖြစ်၍ အနှစ်ရှိသော အပင်တို့ ဝိုင်းရံအပ်သော သစ်ပင်ကဲ့သို့ မိမိပရိသတ်သည် သီလနှင့် ပြည့်စုံ၍ ကောင်းသော အကျင့် ရှိကြလျက် မိမိသည်လည်း သီလနှင့် ပြည့်စုံ၍ ကောင်းသော အကျင့်ရှိသော ပုဂ္ဂိုလ် ဖြစ်ခြင်း။ (အံ၊၁။၄၂၅။) (အဘိ၊ပု။၁၆၁။) (အံ၊မြန်၊၁။၄၃၇။) (အဘိ၊ပု၊မြန်။၆၄။)

သစ်ပင်ရင်း၌ နေခြင်းအကျိုး ၁၀ မျိုး ၁။ အားထုတ်ရမှု နည်းပါးခြင်း၊ ၂။ ဤသစ်ပင်ရင်းအရပ်၌ ချဉ်းကပ်သွားရုံသာ ဖြစ်သောကြောင့် ရလွယ်၍ အပြစ်မရှိခြင်း၊ ၃။ သစ်ရွက်တို့၏ ဖောက်ပြန်ခြင်းကို အမြဲမပြတ် တွေ့မြင်ရသဖြင့် အနိစ္စသညာကို ဖြစ်စေနိုင်ခြင်း၊ ၄။ ကျောင်းအိပ်ရာနေရာ၌ ဝန်တိုမှု မဖြစ်ခြင်း၊ ၅။ ထိုသစ်ပင်ရင်း၌ မကောင်းမှုကို ပြုသော် ရှက်ဖွယ် ဖြစ်ခြင်းကြောင့် မကောင်းမှုကို ပြုဖို့ ဆိတ်ကွယ်ရာ မရှိခြင်း၊ ၆။ သိမ်းပိုက်မှု ပြုခြင်း မရှိခြင်း၊ ၇။ နတ်တို့နှင့် အတူတကွ နေရခြင်း၊ ၈။ အမိုးအကာမလိုခြင်း၊ ၉။ သုံးဆောင်ရာ၌ လွယ်ကူချမ်းသာခြင်း၊ ၁၀။ သစ်ပင်ရင်းကျောင်းကို ရောက်ရာရောက်ရာ အရပ်၌ ရလွယ်ခြင်းကြောင့် ငဲ့ကွက်စရာ မလိုခြင်း။ (ဗုဒ္ဓဝံ၊၆။၉၉။)

သစ်ပင်ရင်း၌ နေခြင်း အကျိုး ၁၀ မျိုး (တစ်နည်း) ၁။ နည်းသော အဆောက်အဦရှိခြင်း၊ ၂။ ပြုပြင်သုတ်သင်ရမှု မရှိခြင်း၊ ၃။ သက်ကြီး ဝါကြီး ရဟန်းအတွက် ထစရာမလိုခြင်း၊ ၄။ ကဲ့ရဲ့ဖွယ်ကို ဖုံးလွှမ်းထားမှု မရှိခြင်း၊ ၅။ လွင်တီးခေါင်၌ နေခြင်းကဲ့သို့ ကိုယ်ကို ခိုင်မာစေမှု မရှိခြင်း၊ ၆။ သိမ်းဆည်းခြင်းအမှု မရှိခြင်း၊ ၇။ ကျောင်း၌ ကပ်ငြိခြင်း တဏှာ အာလယကို ပယ်မြစ်ခြင်း၊ ၈။ သုတ်သင်ရှင်းလင်းရန် နှင်ထုတ်ခံရမှု မရှိခြင်း၊ ၉။ နေသော သူ၏ ပီတိဖြစ်ပေါ်မှု ရှိခြင်း၊ ၁၀။ ရောက်ရာအရပ်၌ ရလွယ်သဖြင့် ငဲ့ကွက်စရာ မရှိခြင်း။ (အဘိ၊ဋ္ဌ၊၁။၄၁။) (အပ၊ဋ္ဌ၊၁။၁၃။) (ဇာ၊ဋ္ဌ၊၁။၁၂။)

သစ်ပင် အင်္ဂါ ၃ ပါး ၁။ သစ်ပင်သည် အပွင့်အသီးကို ဆောင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ကိလေသာမှ လွတ်မြောက်မှု အရဟတ္တဖိုလ်ဟူသော အပွင့်, မင်္ဂဖိုလ်ဟူသော အသီးကို ဆောင်ခြင်း)၊ ၂။ သစ်ပင်သည် အနီးသို့ ကပ်လာသော သူတို့အား အရိပ်ကို ပေးခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် အနီးသို့ ကပ်ဝင်လာကုန်သော ပုဂ္ဂိုလ်တို့အား ဆွမ်းစသော အာမိသဖြင့်လည်းကောင်း၊ တရားတည်းဟူသော အစေ့အစပ်ဖြင့်လည်းကောင်း အစေ့အစပ် ပြုခြင်း)၊ ၃။ သစ်ပင်သည် အရိပ်ဖြင့် ထူးကဲသည်၏ အဖြစ်ကို မပြုခြင်း (ထို့အတူ ယောဂီ

http://www.dhammadownload.com

ပုဂ္ဂိုလ်သည် အလုံးစုံသော သတ္တဝါတို့၌ ထူးကဲသည်၏အဖြစ်ကို မပြုခြင်း၊ ခိုးသူ သူသတ်သမား ရန်သူတို့၌ မေတ္တာပွားများမှုကို ပြုခြင်း) ။ (မိလိန္ဒ။၃၉၅။) (မိလိန္ဒ၊မြန်။၄၁၇။)

သစ်ရွက်မိုးကျောင်း အပြစ် ၈ ပါး ၁။ အဆောက်အဦ များစွာဖြင့် သစ်စသော အဆောက်အဦတို့ကို စုဆောင်း၍ ပြုလုပ်ရ, ရှာမီးရခြင်း၊ ၂။ မြက်, သစ်ရွက်, မြေစိုင်တို့ ကျကုန်သော် ထိုမြက်, သစ်ရွက်, မြေစိုင်တို့ကို အဖန်ဖန် ထားအပ်သည်၏ အဖြစ်ဖြင့် အမြဲမပြတ် သုတ်သင်ရခြင်း၊ ၃။ အသက်ကြီးရဟန်းက ထစေအပ်သည်ဖြစ်ခြင်း (ကျောင်းမည်သည် အသက်ကြီး ရဟန်းအား ရောက်၏ အချိန်မတော် ရဟန်းကြီးသည် ထစေအပ်သော ရဟန်းငယ်အား စိတ်၏ တည်ကြည်ခြင်း မဖြစ်)၊ ၄။ အချမ်းအပူကို ပယ်ဖျောက်သဖြင့် ကိုယ်၏ သိမ်မွေ့နူးညံ့သည်ကို ပြုတတ်ခြင်း၊ ၅။ ကျောင်းသို့ ဝင်သော ရဟန်းသည် တစ်စုံတစ်ခုသော မကောင်းမှုကို ပြုခြင်းငှာ တတ်ကောင်းသောကြောင့် ကဲ့ရဲ့ခြင်းကို ဖုံးလွှမ်းခြင်း၊ ၆။ "ငါ၏ ကျောင်း"ဟု သိမ်းဆည်းမှုကို ပြုတတ်ခြင်း၊ ၇။ ကျောင်းရှိနေခြင်းသည် အဖော်ရှိသောသူ၏ နေခြင်းကဲ့သို့ ဖြစ်ခြင်း၊ ၈။ သန်း, ကြမ်းပိုး, အိမ်မြှောင် စသော အများသတ္တဝါတို့နှင့် ဆက်ဆံမှု ရှိခြင်း။ (အဘိ၊ဋ္ဌ၊၁။၄၀။) (အပ၊ဋ္ဌ၊၁။၁၂။) (ဇာ၊ဋ္ဌ၊၁။၁၂။)

သဠရိတ္တ သံဃာဒိသိသ်အာပတ် ဖြစ်ကြောင်း သမုဋ္ဌာန် ၆ ပါး ၁။ ရဲခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ် စိတ်တို့ကြောင့် မဖြစ်၊ ၂။ ရဲခါ နှုတ်ကြောင့် ဖြစ်၏၊ ကိုယ်စိတ်တို့ကြောင့် မဖြစ်၊ ၃။ ရဲခါ ကိုယ်နှုတ်တို့ကြောင့် ဖြစ်၏၊ စိတ်ကြောင့် မဖြစ်၊ ၄။ ရဲခါ ကိုယ် စိတ်တို့ကြောင့် ဖြစ်၏၊ နှုတ်ကြောင့် မဖြစ်၊ ၅။ ရဲခါ နှုတ် စိတ်တို့ကြောင့် ဖြစ်၏၊ ကိုယ်ကြောင့် မဖြစ်၊ ၆။ ရဲခါ ကိုယ် နှုတ် စိတ်တို့ကြောင့် ဖြစ်၏။ (ဝိ၊၅။၃၆၀။) (ဝိ၊မြန်၊၅။၄၆၄။)

သဠရိတ္တသိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ အောင်သွယ်မှု အပြုခံရသော သူတို့သည် ယုဇ္ဈာတ် ဖြစ်ခြင်း၊ ၂။ ထိုက်တန်သော ပြောဆိုဖွယ် အောင်သွယ်စကားရှိသူ မဟုတ်သူ မဖြစ်ခြင်း၊ ၃။ အောင်သွယ်မှုကို လက်ခံခြင်း၊ ၄။ အောင်သွယ်မှုပြုရာ၌ စုံစမ်းခြင်း, သွားပြောပေးခြင်း၊ ၅။ တုန့်ပြန်စကားကို ပြန်ပြောခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၃၀။) (ဝိမတိ၊၁။၂၇၂။)

သဠိစ္စသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ရဟန်း ဖြစ်ခြင်း၊ ၂။ စိတ် မချမ်းသာစေလိုသူ ဖြစ်ခြင်း၊ ၃။ ကုက္ကုစ္စကို ဖြစ်စေခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၄။)

သည်းခံခြင်း အကျိုး ၅ ပါး ၁။ လူအများ ချစ်ခင်နှစ်သက်ခြင်း၊ ၂။ ရန်မများခြင်း၊ ၃။ အပြစ် မများခြင်း၊ ၄။ မတွေ့မဝေဘဲ သေရခြင်း၊ ၅။ သေလွန်ပြီးနောက် နတ်ပြည်သို့ လားရောက်ရခြင်း။ (အံ၊၂။၂၂၂။) (အံ၊မြန်၊၂။၂၈၀–၂၈၁။)

သည်းခံခြင်း အကျိုး ၅ ပါး (တစ်နည်း) ၁။ လူအများ ချစ်ခင် နှစ်သက်ခြင်း၊ ၂။ မကြမ်းကြုတ် မခက်ထန်ခြင်း၊ ၃။ စိတ်နှလုံး မသာမယာ မဖြစ်ခြင်း၊ ၄။ မတွေ့မဝေဘဲ သေရခြင်း၊ ၅။ သေလွန်ပြီးနောက် နတ်ပြည်သို့ ရောက်ရခြင်း။ (အံ၊၂။၂၂၃။) (အံ၊မြန်၊၂။၂၈၁။)

သည်းခြေ ၂ မျိုး ၁။ ဗဒ္ဓပိတ္တ– အိမ်ဖြင့် ဖွဲ့ထားအပ်သော သည်းခြေ။၊ ၂။ အဗဒ္ဓပိတ္တ– အိမ်ဖြင့် မဖွဲ့အပ်သော သည်းခြေ။ (ဝိ၊ဋ္ဌ၊၁။၂၃၄။) (အဘိ၊ဋ္ဌ၊၂။၂၃၂။) (ခုဒ္ဒက၊ဋ္ဌ။၄၈။) (ဝိသုဒ္ဓိ၊၁။၂၅၂။)

http://www.dhammadownload.com

သည်းခြေကြောင့် ဖြစ်သော ဝေဒနာ ၃ မျိုး ၁။ ကုသလဝေဒနာ– ကုသိုလ်နှင့် ယှဉ်သော ဝေဒနာ၊ ၂။ အကုသလဝေဒနာ– အကုသိုလ်နှင့် ယှဉ်သော ဝေဒနာ၊ ၃။ အဗျာကတဝေဒနာ– အဗျာကတနှင့် ယှဉ်သော ဝေဒနာ။ (သံ၊၄၊၃၊၁၁။)

သည်းခြေ ပျက်ကြောင်း ၃ မျိုး ၁။ အအေးကြောင့် ပျက်ခြင်း၊ ၂။ အပူကြောင့် ပျက်ခြင်း၊ ၃။ မသင့်သော အစာအာဟာရကြောင့် ပျက်ခြင်း။ (မိလိန္ဒ။၁၃၇။) (မိလိန္ဒ၊မြန်။၁၄၈။)

သည်းမခံခြင်း သည်းခံခြင်း ဆိုင်ရာ အကျင့် ၄ မျိုး ၁။ သည်းမခံခြင်း ဟူသော အကျင့်၊ ၂။ သည်းခံခြင်း ဟူသော အကျင့်၊ ၃။ ဆုံးမခြင်း ဟူသော အကျင့်၊ ၄။ ငြိမ်းအေးစေခြင်း ဟူသော အကျင့်။ (အံ၊၁။၄၇၀။) (အံ၊မြန်၊၁။၄၈၃။)

သည်းမခံခြင်း အပြစ် ၅ ပါး ၁။ လူအများ မချစ်ခင် မနှစ်သက်ခြင်း၊ ၂။ ရန်များခြင်း၊ ၃။ အပြစ်များခြင်း၊ ၄။ တွေဝေလျက် သေရခြင်း၊ ၅။ ငရဲသို့ ရောက်ခြင်း။ (အံ၊၂။၂၂၂။) (အဘိ၊ဝိ။၃၉၃။) (အံ၊မြန်၊ ၂။၂၈၀။) (အံ၊မြန်၊၂။၂၈၁။) (အဘိ၊ဝိ၊မြန်၊၂။၄၉၇။)

သည်းမခံခြင်း အပြစ် ၅ ပါး (တစ်နည်း) ၁။ လူအများ မနှစ်သက်ခြင်း၊ ၂။ ကြမ်းကြုတ်ခြင်း၊ ၃။ နှလုံး မသာယာခြင်း၊ ၄။ တွေဝေလျက် သေရခြင်း၊ ၅။ သေလွန်ပြီးနောက် ငရဲသို့ ရောက်ရခြင်း။ (အံ၊၂။၂၂၂။) (အံ၊မြန်၊၂။၂၈၁။)

သောဏ္ဍ ၄ မျိုး ကြူးသူ ၄ မျိုးနှင့် တူသည်။

သတ္တဝါ ၂ မျိုး ၁။ ကျွတ်ထိုက်သော ဘဗ္ဗသတ္တဝါ၊ ၂။ မကျွတ်ထိုက်သော အဘဗ္ဗသတ္တဝါ။ (မ၊၆၊၂။၈၆။)

သတ္တဝါ ၃ မျိုး ၁။ ရုပ်၌ တွေဝေသော သတ္တဝါ၊ ၂။ နာမ်တရား၌ တွေဝေသော သတ္တဝါ၊ ၃။ ရုပ်, နာမ်နှစ်ပါး အပေါင်း၌ တွေဝေသော သတ္တဝါ။ (ဝိသုဒ္ဓိ၊ဋီ၊၂။၈၅။)

သတ္တဝါ ၃ မျိုး (တစ်နည်း) ၁။ ထက်မြက်သော ဣန္ဒြေရှိသော သတ္တဝါ၊ ၂။ အလယ်အလတ် ဣန္ဒြေရှိသော သတ္တဝါ၊ ၃။ နူးညံ့သော ဣန္ဒြေရှိသော သတ္တဝါ။ (ဝိသုဒ္ဓိ၊ဋီ၊၂။၈၅။)

သတ္တဝါ ၃ မျိုး (တစ်နည်း) ၁။ အကျဉ်းအားဖြင့် ဟောကြားအပ်သော တရားကို နှစ်သက်သော သတ္တဝါ၊ ၂။ မကျဉ်းမကျယ် အလယ်အလတ်အားဖြင့် ဟောကြားအပ်သော တရားကို နှစ်သက်သော သတ္တဝါ၊ ၃။ အကျယ်အားဖြင့် ဟောကြားအပ်သော တရားကို နှစ်သက်သော သတ္တဝါ။ (ဝိသုဒ္ဓိ၊ ဋီ၊၂။၈၅။)

သတ္တဝါ ၄ မျိုး ၁။ ကာမဓာတ်၌ ဖြစ်သော သတ္တဝါ– ရူပုပဂ၊ ၂။ အသညသတ်ဘုံ ကြဉ်သော ရူပဓာတ်၌ ဖြစ်သော သတ္တဝါ– ဝေနေယ္ယပဂ၊ ၃။ အောက်အရူပဓာတ် သုံးဘုံ၌ ဖြစ်သော သတ္တဝါ– သညုပဂ၊ ၄။ နေဝသညာနာသညာယတနဘုံ ဟူသော ဘဝဂ်၌ ဖြစ်သော သတ္တဝါ– သခ်ါရူပဂ။ (သုတ္တနိ၊၄၊၂။၂၂၄။)

သတ္တဝါတို့ ကိလေသာမှ စင်ကြယ်ကြောင်း တရား ၄ ပါး ၁။ မဂ်စေတနာ၊ ၂။ မဂ်ပညာ၊ ၃။ သမာဓိ၏ အသင်းအပင်းဖြစ်သော တရား၊ ၄။ သီလရှိသော မြတ်သော အသက်မွေးခြင်း။ (သံ၊၁။၃၁၁။) (သံ၊၁။၅၄။) (သံ၊မြန်၊၁။၃၁၊၅၃။) (သံ၊မြန်၊၁။၃၁၊၅၃။)

http://www.dhammadownload.com

သတ္တဝါတို့၌ လျစ်လျူရှုကြောင်း ၂ ပါး ၁။ "သင်သည် မိမိ၏ ကုသိုလ်က်, အကုသိုလ်က်ဖြင့် လာ၍ မိမိ၏ က်ဖြင့် သွားရလိမ့်မည်၊ ဤသူသည်လည်း မိမိ၏ က်ဖြင့် လာ၍ မိမိ၏ က်ဖြင့် သွားရလိမ့်မည်၊ သင်သည် အဘယ်သူကို မြတ်နိုးသနည်း"ဟု က်သာလျှင် မိမိ၏ ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊ ၂။ "ပရမတ်အားဖြင့် သတ္တဝါသည်ပင် မရှိ၊ သင်သည် အဘယ်သူကို မြတ်နိုးဘိသနည်း"ဟု သတ္တဝါမဟုတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။ (မ၊ဋ္ဌ၊၁။၃၀၂။)

သတ္တဝါတို့ မှီကုန်သော ဒိဋ္ဌိ ၂ မျိုး ၁။ သဿတဒိဋ္ဌိ– အတ္တ လောကသည် မြဲ၏ဟူသော အယူ၊ ၂။ ဥစ္ဆေဒဒိဋ္ဌိ– အတ္တကောင် သတ္တဝါကောင်သည် လည်းကောင်း, လောကသည် လည်းကောင်း, သေပြီးနောက်ထပ်၍ မဖြစ်, အဆက်ပြတ်၏ ဟူသော အယူမှား။ (သာရတ္ထ၊ဋီ၊၁။၂၄၉။)

သတ္တဝါတို့၏ ကိုယ်ကို စောင့်ရှောက်ခြင်း ၂ မျိုး ၁။ ကိုယ်တွင်း ဘေးရန်တို့ကို ပယ်ဖျောက်ခြင်းဖြင့် ကိုယ်ကို စောင့်ရှောက်ခြင်း၊ ၂။ ပြင်ပဘေးရန်တို့ကို ပယ်ဖျောက်ခြင်းဖြင့် ကိုယ်ကို စောင့်ရှောက်ခြင်း။ (ဒီ၊ဋီ၊၃။၁၄၁။)

သတ္တဝါတို့၏ နေရာ ဘုံဌာန ၉ မျိုး ၁။ ကိုယ်သဏ္ဌာန်ချင်း ကွဲပြားး၍ ပဋိသန္ဓေသညာချင်းလည်း ကွဲပြားကုန်သော လူ, အချို့သော နတ်နှင့် ဝေမာနိကပြိတ္တာ သတ္တဝါတို့နေရာ၊ ၂။ ကိုယ်သဏ္ဌာန်ချင်း ကွဲပြား၍ ပဋိသန္ဓေသညာချင်း တူကုန်သော ပထမဈာန်ဗြဟ္မာတို့၏ နေရာ၊ ၃။ ကိုယ်သဏ္ဌာန်ချင်း တူကုန်၍ ပဋိသန္ဓေသညာချင်း ကွဲပြားကုန်သော အာဘဿရာဗြဟ္မာတို့၏ နေရာ၊ ၄။ ကိုယ်သဏ္ဌာန်ချင်း တူကုန်၍ ပဋိသန္ဓေသညာချင်းလည်း တူကုန်သော သုဘကိဏ္ဍာဗြဟ္မာတို့၏ နေရာ၊ ၅။ သညာမရှိသော အာရုံကို ခံစားခြင်း မရှိသော အသညသတ်ဗြဟ္မာတို့၏ နေရာ၊ ၆။ အာကာသာနဉ္စာယတနဗြဟ္မာတို့၏ နေရာ အာကာသာနဉ္စာယတနဘုံ၊ ၇။ ဝိညာဏဉ္စာယတနဗြဟ္မာတို့၏နေရာ ဝိညာဏဉ္စာယတနဘုံ၊ ၈။ အာကိဉ္စာညာယတနဗြဟ္မာတို့၏နေရာ အာကိဉ္စာညာယတနဘုံ၊ ၉။ နေဝသညာ နာသညာယတနဗြဟ္မာတို့၏ နေရာ နေဝသညာနာသညာယတနဘုံ။ (ဒီ၊၃။၂၁၈။) (ဒီ၊မြန်၊ ၃။၂၄၁–၂၄၂။)

သတ္တဝါအားလုံးတို့ကို မေတ္တာပွားပုံ ၈ မျိုး (သတ္တဝါအားလုံးတို့အား) ၁။ နှိပ်စက်ခြင်းကို ကြဉ်ကာ မနှိပ်စက်စေခြင်း၊ ၂။ ကပ်၍ ဖြတ်ခြင်းကို ကြဉ်ကာ ကပ်၍ မဖြတ်စေခြင်း၊ ၃။ စိတ်ပူပန်ခြင်းကို ကြဉ်ကာ မပူပန်စေခြင်း၊ ၄။ ကုန်ခြင်းကို ကြဉ်ကာ မကုန်စေခြင်း၊ ၅။ ညှဉ်းဆဲခြင်းကို ကြဉ်ကာ မညှဉ်းဆဲစေခြင်း၊ ၆။ သတ္တဝါအားလုံးတို့သည် ရန်မရှိသူတို့ ဖြစ်ကြပါစေ၊ ရန်ရှိသူ မဖြစ်ကြစေခြင်း၊ ၇။ ချမ်းသာရှိသူတို့ ဖြစ်ကြပါစေ၊ ဆင်းရဲသူတို့ မဖြစ်စေခြင်း။ ၈။ ချမ်းသာသော ကိုယ်စိတ်ရှိသူတို့ ဖြစ်ကြပါစေ၊ ဆင်းရဲသော ကိုယ်စိတ်ရှိသူတို့ မဖြစ်ကြစေခြင်း။ (ပဋိသံ။၃၁၅။) (ပဋိသံ၊မြန်။၃၇၇။)

သတ္တာဝါသ ၉ ပါး သတ္တဝါတို့၏ နေရာ ဘုံဌာန ၉ ပါးနှင့် တူသည်။

သတ္တာဝါသဘုံ ၉ မျိုး ပိုင်းခြား၍ သိအပ်သော တရား ၉ ပါး၊ ပရိညေယျတရား ၉ ပါးတို့နှင့် တူသည်။

http://www.dhammadownload.com

သတ္တာဝါသဘုံ ၉ မျိုး ၁။ ခန္ဓာကိုယ်ပုံသဏ္ဌာန်ချင်းကွဲပြားခြင်း၍ ပဋိသန္ဓေသညာချင်းလည်းကွဲပြားသော လူ, အချို့သော နတ်နှင့် ဝေမာနိကပြိတ္တာတို့၏ နေရာဌာနဘုံ၊ ၂။ ခန္ဓာကိုယ် ပုံသဏ္ဌာန်ချင်းကွဲပြားခြင်း၍ ပဋိသန္ဓေချင်းတူသော ပထမစျာန်ဗြဟ္မာတို့၏ နေရာဌာနဘုံ၊ ၃။ ခန္ဓာကိုယ်ပုံသဏ္ဌာန်ချင်း တူ၍ ပဋိသန္ဓေသညာချင်း ကွဲပြားကုန်သော အာဘဿရာဗြဟ္မာတို့၏ နေရာဌာနဘုံ၊ ၄။ ခန္ဓာကိုယ်ပုံသဏ္ဌာန်ခြင်းလည်း တူ၍ ပဋိသန္ဓေသညာချင်းလည်း တူသော သုဘကိဏှာဗြဟ္မာတို့၏ နေရာဌာနဘုံ၊ ၅။ ရုပ်သာရှိ၍ သညာနှင့် တကွ စိတ်စေတသိက်အားလုံး ဖြစ်ခြင်းလည်း မရှိ ခံစားခြင်းလည်း မရှိသော အသညသတ်ဗြဟ္မာတို့၏ နေရာဌာနဘုံ၊ ၆။ ရူပသညာကို လွန်မြောက်ခြင်း, ပဋိဃသညာ၏ ချုပ်ငြိမ်းခြင်း, နာနတ္တသညာကို နှလုံးမသွင်းခြင်းကြောင့် "ကောင်းကင်သည် အဆုံး အပိုင်းအခြားမရှိ'ဟု ပွားများသော အာကာသာနဉ္စာယတန ဗြဟ္မာတို့၏ နေရာဌာနဘုံ၊ ၇။ အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ "ဝိညာဉ်သည် အဆုံး အပိုင်းအခြား မရှိ"ဟု ပွားများသော ဝိညာဏဉ္စာယတန ဗြဟ္မာတို့၏ နေရာဌာနဘုံ၊ ၈။ ဝိညာဏဉ္စာယတနစျာန်ကို လွန်မြောက်၍ "တစ်စုံတစ်ခုမျှ မရှိ" ဟု ပွားများသော အာကိဉ္စညာယတန ဗြဟ္မာတို့၏ နေရာဌာနဘုံ၊ ၉။ အာကိဉ္စညာယတနစျာန်ကို လွန်မြောက်၍ နေဝသညာနာသညာယတန စျာန်ကို ရသော ဗြဟ္မာတို့၏ နေရာဌာနဘုံ။ (အံ၊၃။၂၀၁။) (ပဋိသံ၊၆၊၁၁။၁၀၇။) (ခုဒ္ဒက၊၆။၇၃။) (သာရတ္ထ၊ဋီ၊၁။၂၄၆။) (အံ၊မြန်၊၃။၂၀၁။)

သတ္တု ၄ မျိုး ၁။ ဇာတိလောဟ– ပင်ကိုယ်သဘောအားဖြင့် ဖြစ်သော သတ္တု, သတ္တုစစ်၊ ၂။ ဝိဇာတိလောဟ– ပကတိကြေးသတ္တုနှင့် မတူသော အမျိုးအစားရှိသော ကြေး၊ ၃။ ကိတ္တိမလောဟ– ရောစပ်ပြုလုပ်ထားသော ကြေးသတ္တု၊ ၄။ ပိသာစလောဟ– ပိသာစအမည်ရှိသော ကြေးသတ္တု။ (အဘိ၊၆၊၂။၆၀။)

သတ္တုစစ် ၇ မျိုး ၁။ သံ၊ ၂။ ဌေး၊ ၃။ ရွှေ၊ ၄။ ခဲ၊ ခဲမဖြူ၊ သလွဲဖြူ၊ ၅။ ခဲနက်၊ သလွဲမည်း၊ ၆။ ကြေးနီ၊ ၇။ ကြေးနီအထူး သံမဏိ။ (မ၊ဋီ၊၁။၆၉။)

သတ္တုသဒၵာ လက္ခဏာတော်၌ သတ္တ သရုပ် ၇ ပါး ၁။ လက်ဖမိုး ၂ ဖက်၊ ၂။ ခြေဖမိုး ၂ ဖက်၊ ၃။ ပခုံးစွန်း ၂ ဖက်၊ ၄။ လည်ဂုတ်။ (ဒီ၊၃။၁၂၄။) (ဒီ၊မြန်၊၃။၁၄၂။)

သတ္တုအတု ၃ မျိုး ၁။ ကြေးနီကို သလွဲဖြူနှင့် စပ်သော ကြေးသတ္တုသည် ကံသလောဟ၊ ၂။ ကြေးနီကို သလွဲမည်းနှင့် စပ်သော ကြေးသတ္တုသည် ဝဋ္ဋလောဟ၊ ၃။ ကြေးနီကို ပြဒါးနှင့် စပ်သော ကြေးသတ္တုသည် အာရကူဋ။ (မ၊ဋီ၊၁။၆၉။)

သတ်မှတ်ချက် မရှိသော အရာ ၅ မျိုး ၁။ ဇီဝိတံ– အသက်၊ ၂။ ဗျာဓိ– အနာရောဂါ၊ ၃။ ကာလ– သေရမည့်ကာလ၊ ၄။ ဒေဟနိက္ခေပန– ခန္ဓာကိုယ် ပစ်ချမြုပ်နှံရာ အရပ်၊ ၅။ ဂတိ– လားရာဂတိ။ (ဝိသုဒ္ဓိ၊၂၂၈။)

သုတ္တနိပါတ် မှ ဝဂ် ၅ ဝဂ် ၁။ ဥရဂဝဂ်၊ ၂။ စူဠဝဂ်၊ ၃။ မဟာဝဂ်၊ ၄။ အဋ္ဌကဝဂ်၊ ၅။ ပါရာယန ဝဂ်။ (သုတ္တနိ၊၆၊၁။၂။)

သုတ္တနိပါတ် သုတ်ပေါင်း ၇၀ ၁။ ဥရဂဝဂ်၌ ၁၂ သုတ်၊ ၂။ စူဠဝဂ်၌ ၁၄ သုတ်၊ ၃။ မဟာဝဂ်၌ ၁၂ သုတ်၊ ၄။ အဋ္ဌကဝဂ်၌ ၁၆ သုတ်၊ ၅။ ပါရာယနဝဂ်၌ ၁၆ သုတ်။ (သုတ္တနိ၊၆၊၁။၂။)

http://www.dhammadownload.com

သုတ္တနိက္ခေပ ၄ မျိုး (ဆုံးမထိုက်သော သတ္တဝါတို့၏ သန္တာန်၌ ဟောကြားအပ်, ထားအပ်သော သုတ်သုတ္တနိက္ခေပ ၄ မျိုး) ၁။ အတ္တဇ္ဈာသယ– သူတစ်ပါး မတိုက်တွန်းရဘဲ ဘုရားရှင် ကိုယ်တော်၏ အလိုတော်ကြောင့်သာ ဟောတော်မူအပ်သော သုတ်၊ အာကခေါ်ယျသုတ် စသည်တို့တည်း၊ ၂။ ပရဇ္ဈာသယ– သူတစ်ပါးတို့၏ အလို အဇ္ဈာသယနှင့် စပ်သဖြင့် ဟောတော်မူအပ်သော သုတ်၊ စူဠရာဟုလောဝါဒသုတ် စသည်တို့တည်း၊ ၃။ ပုစ္ဆာဝသိက– လူ နတ် စသည်တို့ မေးအပ်သော ပြဿနာကို ဖြေကြားတော်မူခြင်းဖြင့် ထားအပ်သော သုတ်၊ ဗောဈင်္ဂသုတ် စသည်တို့တည်း၊ ၄။ အဋ္ဌုပ္ပတ္တိက– ဖြစ်ပေါ်လာသော အကြောင်းဝတ္ထုကို စွဲ၍ ဟောအပ်, ထားအပ်သော သုတ်၊ ဓမ္မဒါယာဒသုတ် စသည်တို့တည်း။ (ဒီ၊ဋ္ဌ၊၁။၅၀–၅၁။) (မ၊ဋ္ဌ၊၁။၁၆။) (သံ၊ဋ္ဌ၊၂။၃။) (အံ၊ဋ္ဌ၊၁။၁၄။) (ဥဒါန၊ဋ္ဌ။၂၇။) (ဣတိဝု၊ဋ္ဌ။၃၂။) (ဇာတ၊ဋ္ဌ။၈၅။) (ဒီ၊ဋ္ဌ၊မြန်၊၁။၉၄။) (ဒီ၊ဋ္ဌ၊မြန်၊၁။၉၄။)

သုတ္တဝိညတ္တိသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ သင်္ကန်းအတွက် တောင်းအပ်သော ချည်ဖြစ်ခြင်း၊ ၂။ မိမိအတွက် ရည်မှန်းထားခြင်း၊ ၃။ မအပ်သော ရက်ကန်းသည်ဖြင့် ရက်စေခြင်း။ (သာရတ္ထ၊ ဋီ၊၂။၄၄၂။) (ဝိမတိ၊၁။၃၅၉။)

သုတ္တာဓိဋ္ဌာန ၁၄ မျိုး ၁။ လောဘာဓိဋ္ဌာန– လောဘလျှင် တည်ရာရှိသော သုတ်၊ ၂။ ဒေါသာဓိဋ္ဌာန– ဒေါသလျှင် တည်ရာရှိသော သုတ်၊ ၃။ မောဟာဓိဋ္ဌာန– မောဟလျှင် တည်ရာရှိသော သုတ်၊ ၄။ အလောဘာဓိဋ္ဌာန– အလောဘလျှင် တည်ရာရှိသော သုတ်၊ ၅။ အဒေါသာဓိဋ္ဌာန– အဒေါသလျှင် တည်ရာရှိသော သုတ်၊ ၆။ အမောဟာဓိဋ္ဌာန– အမောဟလျှင် တည်ရာရှိသော သုတ်၊ ၇။ ကာယကမ္မာဓိဋ္ဌာန– ကာယကံလျှင် တည်ရာရှိသော သုတ်၊ ၈။ ဝါစာကမ္မာဓိဋ္ဌာန– ဝစီကံလျှင် တည်ရာရှိသော သုတ်၊ ၉။ မနောကမ္မာဓိဋ္ဌာန– မနောကံလျှင် တည်ရာရှိသော သုတ်၊ ၁၀။ သဒ္ဓိန္ဒြိယာဓိဋ္ဌာန– သဒ္ဓိန္ဒြေလျှင် တည်ရာရှိသော သုတ်၊ ၁၁။ ဝီရိယိန္ဒြိယာဓိဋ္ဌာန– ဝီရိယိန္ဒြေလျှင် တည်ရာရှိသော သုတ်၊ ၁၂။ သတိန္ဒြိယာဓိဋ္ဌာန– သတိန္ဒြေလျှင် တည်ရာ ရှိသော သုတ်၊ ၁၃။ သမာဓိန္ဒြိယာဓိဋ္ဌာန– သမာဓိန္ဒြေလျှင် တည်ရာရှိသော သုတ်၊ ၁၄။ ပညိန္ဒြိယာဓိဋ္ဌာန– ပညာန္ဒြေလျှင် တည်ရာရှိသော သုတ်။ (ပေဋကော။၂၀၉။)

သုတ်အားလုံးတို့၏ ဖြစ်ကြောင်း ၄ မျိုး ၁။ မိမိ၏ အလိုတော်အားဖြင့် ဟောတော်မူအပ်သော တရား၊ ၂။ သူတစ်ပါး၏ အလိုအား ဟောတော်မူအပ်သော တရား၊ ၃။ အကြောင်းပေါ်လာ၍ ဟောတော်မူအပ်သော တရား၊ ၄။ ပြဿနာအမေးသို့ လိုက်၍ ဟောတော်မူအပ်သော တရား။ (သုတ္တနိ၊ဋ္ဌ၊၁။၄၂။)

သုတ်အားလုံးတို့၏ ဥပမာတို့ ၄ မျိုး ၁။ အတ္တဇ္ဈာသယအားဖြင့် ဖြစ်သော ဥပမာတို့၊ ၂။ ပရဇ္ဈာသယအားဖြင့် ဖြစ်သော ဥပမာတို့၊ ၃။ အဋ္ဌုပ္ပတ္တိအားဖြင့် ဖြစ်သော ဥပမာတို့၊ ၄။ ပုစ္ဆာဝသိကအားဖြင့် ဖြစ်သော ဥပမာတို့။ (အပ၊ဋ္ဌ၊၁။၁၅၄။)

သဒ္ဒရုပ်၏ အကြောင်း ၂ မျိုး ၁။ ဥတု၊ ၂။ စိတ်။ (မ၊ဋီ၊၂။၁၉၅။)

သဒ္ဓါ ၄ မျိုး ၁။ အာဂမသဒ္ဓါ– ဘုရားအလောင်းတို့၏ ဘုရားဆုပန်သည့် အချိန်မှ စ၍ ဖြစ်ပေါ်လာသော သဒ္ဓါ၊ ၂။ အဓိဂမသဒ္ဓါ– အရိယာသာဝကတို့၏ အရဟတ္တမဂ် အရဟတ္တ ဖိုလ်ကို ထိုးထွင်း၍ သိခြင်းကြောင့် ရရှိဖြစ်ပေါ်လာသော သဒ္ဓါ၊ ၃။ ဩကပ္ပနသဒ္ဓါ– ရတနာသုံးပါး

http://www.dhammadownload.com

တို့၌ မတုန်မလှုပ် သက်ဝင် ယုံကြည်သော သဒ္ဓါ၊ ၄။ ပသာဒသဒ္ဓါ– ကြည်ညိုဖွယ် ကောင်းသော ပသာဒနီယဝတ္ထုတို့၌ ကြည်ညိုတတ်သော သဒ္ဓါ။ (ဒီ၊၃၊၂၊၁၁၉။) (ဒီ၊၃၊၃။၂၁၂။) (မ၊၃၊၃။၂၂၅။) (အံ၊၃၊၃။၂၆။) (အံ၊ဦး၊၃။၃။) (ဒီ၊၃၊မြန်၊၂။၂၂၂။)

သဒ္ဓါစရိုက်ရှိသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်း ၆ ပါး ၁။ ဘုရားရှင် (ဂုဏ်တော်) ကို အောက်မေ့ခြင်း– ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ ၂။ တရား(ဂုဏ်တော်)ကို အောက်မေ့ခြင်း– ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၊ ၃။ သံဃာ့ (ဂုဏ်တော်) ကို အောက်မေ့ခြင်း– သံဃာနုဿတိ ကမ္မဋ္ဌာန်း၊ ၄။ သီလ (ဂုဏ်တော်) ကို အောက်မေ့ခြင်း– သီလာနုဿတိကမ္မဋ္ဌာန်း၊ ၅။ စွန့်ကြဲပေးကမ်း လှူဒါန်း ခြင်း၏ ဂုဏ်ကျေးဇူးကို (အာရုံပြု၍) အဖန်ဖန်အထပ်ထပ် အောက်မေ့ခြင်း– စာဂါနုဿတိ ကမ္မဋ္ဌာန်း၊ ၆။ နတ် ဗြဟ္မာတို့ကို သက်သေအဖြစ်ဖြင့် အာရုံပြု၍ အဖန်တလဲလဲ ဖြစ်သော အောက်မေ့ခြင်း– ဒေဝတာနုဿတိကမ္မဋ္ဌာန်း။ (ဝိသုဒ္ဓိ၊၁။၁၁၀။)

သဒ္ဓါစသော ဣန္ဒြေငါးပါးကို ပွားများရကျိုး ၇ ပါး ၁။ ရှေးဦးစွာ မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ်ကို ပြီးစေနိုင်ခြင်း၊ ၂။ မျက်မှောက်ဘဝ၌ အရဟတ္တဖိုလ်ကို အကယ်၍ မပြီးစေနိုင်ခဲ့လျှင် သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်ခြင်း၊ ၃။ သေခါနီးအခါ၌ အရဟတ္တဖိုလ်ကို အကယ်၍ မပြီးစေနိုင်ခဲ့လျှင် သဏ္ဌာယဒိဋ္ဌိ ဝိစိကိစ္ဆာ စသော အောက် သံယောဇဉ် ငါးပါးတို့ ကုန်ခန်းခြင်းကြောင့် သက်တမ်း၏ အလယ်၌ ပရိနိဗ္ဗာန်ပြုမည့် အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း၊ ၄။ အကယ်၍ အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့လျှင် သက်တမ်းထက်ဝက်ကို ကျော်၍ ပရိနိဗ္ဗာန်ပြုမည့် ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း၊ ၅။ အကယ်၍ ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့လျှင် လုံ့လပယောဂ မပါဘဲ ပရိနိဗ္ဗာန်ပြုမည့် အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း၊ ၆။ အကယ်၍ အသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့လျှင် လုံ့လပယောဂနှင့် တကွ ပရိနိဗ္ဗာန်ပြုမည့် သသင်္ခါရပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း၊ ၇။ အကယ်၍ သသင်္ခါရ ပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် မဖြစ်ခဲ့လျှင် အထက်အထက်ဘုံသို့ အဆင့်ဆင့် တက်၍ အကနိဋ္ဌဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုမည့် ဥဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်နိုင်ခြင်း။ (သံ၊၃။၂၀၈။) (သံ၊မြန်၊၃။၂၁၄။)

သဒ္ဓါစသော ဣန္ဒြေငါးပါးတို့ စင်ကြယ်ကြောင်း ၁၅ ပါး ၁။ သဒ္ဓိန္ဒြေ စင်ကြယ်ကြောင်း ၃ ပါး၊ ၂။ ဝီရိယိန္ဒြေ စင်ကြယ်ကြောင်း ၃ ပါး၊ ၃။ သတိန္ဒြေ စင်ကြယ်ကြောင်း ၃ ပါး၊ ၄။ သမာဓိန္ဒြေ စင်ကြယ်ကြောင်း ၃ ပါး၊ ၅။ ပညိန္ဒြေ စင်ကြယ်ကြောင်း ၃ ပါး၊ ပေါင်း ၁၅ ပါး။ (ခု၊၉၊၁၀၉။ အံ၊ဦး၊၃။၂၆၉။)

သဒ္ဓါတရားနှင့် ပြည့်စုံသူဟူ၍ သိနိုင်သော အကြောင်း ၃ မျိုး ၁။ သီလနှင့် ပြည့်စုံသော သူတို့ကို ဖူးမြင်လိုသူ ဖြစ်ခြင်း၊ ၂။ သူတော်ကောင်းတရားကို နာကြားလိုသူ ဖြစ်ခြင်း၊ ၃။ လွတ်လွတ် စွန့်ကြဲခြင်းရှိသူ ဖြစ်ခြင်း။ (အံ၊၁။၁၄၉။) (အံ၊မြန်၊၁။၁၆၇။)

သဒ္ဓါတရားနှင့် ပြည့်စုံသူ၏ အကျိုးတရား ၅ ပါး ၁။ သူတော်ကောင်းတို့ ရှေးဦးစွာ သနားစောင့်ရှောက်ခြင်း၊ ၂။ သူတော်ကောင်းတို့ ရှေးဦးစွာ ချဉ်းကပ်ခြင်း၊ ၃။ သူတော်ကောင်းတို့

http://www.dhammadownload.com

ရှေးဦးစွာ အလှူခံခြင်း၊ ၄။ သူတော်ကောင်းတို့ ရှေးဦးစွာ တရားဟောခြင်း၊ ၅။ သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရခြင်း။ (အံ၊၂။၃၆။) (အံ၊မြန်၊၂။၄၆။)

သဒ္ဓါတရားရှိသူကို မှီသော လူအပေါင်း ကြီးပွားခြင်း ၅ မျိုး ၁။ သဒ္ဓါတရားဖြင့် ကြီးပွားခြင်း၊ ၂။ သီလဖြင့် ကြီးပွားခြင်း၊ ၃။ အကြားအမြင်ဖြင့် ကြီးပွားခြင်း၊ ၄။ စွန့်ကြဲခြင်းဖြင့် ကြီးပွားခြင်း၊ ၅။ ပညာဖြင့် ကြီးပွားခြင်း။ (အံ၊၂။၃၇။) (အံ၊မြန်၊၂။၄၈။)

သဒ္ဓါတရားရှိသော လင်ယောကျ်ားကို အမှီပြု၍ ကြီးပွားခြင်း ၃ မျိုး ၁။ သဒ္ဓါတရားဖြင့် တိုးပွားခြင်း၊ ၂။ ကိုယ်ကျင့်သီလဖြင့် တိုးပွားခြင်း၊ ၃။ အသိပညာဖြင့် တိုးပွားခြင်း။ (အံ၊၁။၁၅၁။) (အံ၊မြန်၊၁။၁၆၉–၁၇၀။)

သဒ္ဓါတရား အားကောင်းသော သူအား လျောက်ပတ်သော ကမ္မဋ္ဌာန်း ၆ ပါး ၁။ ဘုရားရှင် (ဂုဏ်တော်) ကို အောက်မေ့ခြင်း– ဗုဒ္ဓါနုဿတိ၊ ၂။ တရား (ဂုဏ်တော်) ကို အောက်မေ့ခြင်း– ဓမ္မာနုဿတိ၊ ၃။ သံဃာ့ (ဂုဏ်တော်) ကို အောက်မေ့ခြင်း– သံဃာနုဿတိ၊ ၄။ သီလ (ဂုဏ်တော်) ကို အောက်မေ့ခြင်း– သီလာနုဿတိ၊ ၅။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၏ ဂုဏ်ကျေးဇူးကို (အာရုံပြု၍) အဖန်ဖန်အထပ်ထပ် အောက်မေ့ခြင်း– စာဂါနုဿတိ၊ ၆။ နတ်ဗြဟ္မာတို့ကို သက်သေအဖြစ်ဖြင့် အာရုံပြု၍ အဖန်တလဲလဲ ဖြစ်သော အောက်မေ့ခြင်း– ဒေဝတာနုဿတိ။ (သာရတ္ထ၊ဋီ၊၂။၂၀၃။)

သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ် ၆ ယောက် ၁။ သောတာပတ္တိဖိုလ်၌ တည်သော သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်၊ ၂။ သကဒါဂါမိမဂ်၌ တည်သော သကဒါဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ ၃။ သကဒါဂါမိဖိုလ်၌ တည်သော သကဒါဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်၊ ၄။ အနာဂါမိမဂ်၌ တည်သော အနာဂါမိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၊ ၅။ အနာဂါမိဖိုလ်၌ တည်သော အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်၊ ၆။ အရဟတ္တမဂ်၌ တည်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်။ (ဒီ၊ဋ္ဌ၊၃။၇၄။) (မ၊ဋ္ဌ၊၃။၁၃၂။) (အံ၊ဋ္ဌ၊၃။၁၄၇။)

သဒ္ဓိန္ဒြေ စင်ကြယ်ကြောင်း ၃ ပါး ၁။ သဒ္ဓါတရားမရှိသော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၂။ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၃။ ကြည်ညိုဖွယ်ကောင်းသော သမ္ပသာဒနီယသုတ် စသည်တို့ကို ဆင်ခြင်ခြင်း။ (ပဋိသံ။၁၉၈။) (မ၊ဋ္ဌ၊၄။၂၄၃။) (သံ၊ဋ္ဌ၊၃။၃၆။) (အံ၊ဋ္ဌ၊၁။၃၈၇။) (ဥဒါန၊ဋ္ဌ။၁၉၉။) (အံ၊ဋီ၊၃။၂၆၉။) (ခု၊ပါ၊၉၊၁၉၈။)

သဒ္ဓမ္မ ၃ မျိုး သာသနာ ၃ မျိုးနှင့် တူသည်။

သဒ္ဓမ္မပွတိရူပက၂ မျိုး သူတော်ကောင်းတရားအတု ၂ မျိုးနှင့် တူသည်။

သိဒ္ဓတ္ထဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ရှေးဦးစွာသော တရားဒေသနာတော် လူနတ်ဗြဟ္မာ ကုဋေတစ်သိန်း ကျွတ်တမ်းဝင်သည်၊ ၂။ ဟိမတိုင်း ဟိမရတမြို့၌ တရားဟောတော်မူသော အခါ လူနတ်ဗြဟ္မာ ကုဋေကိုးဆယ် တရားထူးရပြီး ကျွတ်တမ်းဝင်ကြသည်၊ ၃။ ဝေဘာရ မြို့တော်၌ တရားဟောတော်မူသောအခါ လူနတ်ဗြဟ္မာ ကုဋေကိုးဆယ် တရားထူး ရကြသည်။ (အပ၊၂။၃၅၇။) (အပ၊မြန်၊၂။၃၅၅။)

http://www.dhammadownload.com

သိဒ္ဓတ္ထဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် အစည်းအဝေး၌ ရဟန္တာ ကုဋေတစ်ရာ၊ ၂။ ဒုတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ကုဋေကိုးဆယ်၊ ၃။ တတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ကုဋေရှစ်ဆယ်တို့ စည်းဝေးကြသည်။ (အပ၊၂။၃၅၈။) (အဘိ၊၆။၁။၆၇။) (ဇာ၊၆။၁။၄၈။) (အပ၊မြန်၊၂။၃၅၅။)

သိဒ္ဓတ္ထဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ သမ္မလထေရ်၊ ၂။ သုမိတ္တထေရ်။ (အဘိ၊၆။၁။၆၈။) (ဗုဒ္ဓဝံ၊၆။၂၆၆။) (ဇာ၊၆။၁။၄၈။)

သိဒ္ဓတ္ထဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ သီဝလာထေရီ၊ ၂။ သုရာမာထေရီ။ (အဘိ၊၆။၁။ ၆၈။) (ဗုဒ္ဓဝံ၊၆။၂၆၆။) (ဇာ၊၆။၁။၄၈။)

သိဒ္ဓတ္ထဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ ကောကမည်သော ပြာသာဒ်ဆောင်၊ ၂။ သုပ္ပလမည်သော ပြာသာဒ်ဆောင်၊ ၃။ ကောကနဒမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၅၈။) (အပ၊မြန်၊ ၂။၃၅၆။)

သိဒ္ဓတ္ထသတို့သား၏ လက္ခဏာကို ကြည့်သော ပုဏ္ဏား ၈ ယောက် ၁။ ရာမပုဏ္ဏား၊ ၂။ ဓဇပုဏ္ဏား၊ ၃။ လက္ခဏပုဏ္ဏား၊ ၄။ မန္တီပုဏ္ဏား၊ ၅။ ယညပုဏ္ဏား၊ ၆။ သုဘောဇပုဏ္ဏား၊ ၇။ သုယာမ ပုဏ္ဏား၊ ၈။ သုဒတ္တပုဏ္ဏား။ (အပ၊၆။၁။၆၈။) (သာရတ္ထ၊ဋီ၊၃။၁၆၁။)

သုဒ္ဓပါစိတ် ၉၂ ပါး (၁။ မုသာဝါဒဝဂ်)– ၁။ ချွတ်ယွင်းသော စကားကို ဆိုသော မုသာဝါဒ သိက္ခာပုဒ်၊ ၂။ နှုတ်လုံထိုးသော ဩမသဝါဒ သိက္ခာပုဒ်၊ ၃။ ရဟန်းတို့ကို ချောပစ်ကုန်းတိုက်သော ပေသုည သိက္ခာပုဒ်၊ ၄။ လူသာမဏေကို ပုဒ်ပြိုင် တရားစာပေ ပို့ချသော ပဒသောဓမ္မ သိက္ခာပုဒ်၊ ၅။ လူသာမဏေနှင့် အတူတကွ အိပ်သော ပဌမသဟသေယျ သိက္ခာပုဒ်၊ ၆။ မိန်းမနှင့် အိပ်သော ဒုတိယသဟသေယျ သိက္ခာပုဒ်၊ ၇။ တရားဟောသော ဓမ္မဒေသနာ သိက္ခာပုဒ်၊ ၈။ ဟုတ်မှန်သော ဈာန်မဂ်ဖိုလ်ကို ပြောကြားသော ဘူတာရောစန သိက္ခာပုဒ်၊ ၉။ ရန့်ရင်းသော အာပတ်ကို ပြောကြားသော ဒုဋ္ဌုလ္လာရောစန သိက္ခာပုဒ်၊ ၁၀။ မြေကို တူးသော ပထဝီခဏန သိက္ခာပုဒ်၊ (၂။ ဘူတဂါမဝဂ်)– ၁။ သစ်ပင်မျိုးစေ့ကို ဖျက်ဆီးသော ဘူတဂါမ သိက္ခာပုဒ်၊ ၂။ တစ်ပါးသော စကားကို ဆိုသော အညဝါဒက သိက္ခာပုဒ်၊ ၃။ ကဲ့ရဲ့ ရှုတ်ချသော ဥဇ္ဈာပနက သိက္ခာပုဒ်၊ ၄။ ညောင်စောင်းဖြင့် မှတ်အပ်သော ပဌမသေနာသန သိက္ခာပုဒ်၊ ၅။ အိပ်ရာဖြင့် မှတ်အပ်သော ဒုတိယ သေနာသန သိက္ခာပုဒ်၊ ၆။ အနုပခဇ္ဇ သိက္ခာပုဒ်၊ ၇။ နှင်ထုတ်အပ်သော နိက္ကဍန သိက္ခာပုဒ်၊ ၈။ ဝေဟာသကုဋီ သိက္ခာပုဒ်၊ ၉။ မဟလ္လကဝိဟာရ သိက္ခာပုဒ်၊ ၁၀။ ပိုးရှိသော ရေကို သွန်းလောင်းသော သပ္ပါဏက သိက္ခာပုဒ်၊ (၃။ ဘိက္ခုနောဝါဒဝဂ်)– ၁။ သမ္မုတိမရဘဲ ရဟန်းမတို့ကို ဆုံးမသော ဩဝါဒ သိက္ခာပုဒ်၊ ၂။ နေဝင်သောအခါ ရဟန်းမတို့ကို ဆုံးမသော အတ္ထင်္ဂတ သိက္ခာပုဒ်၊ ၃။ ရဟန်းမကျောင်းသို့ သွားသော ဘိက္ခုနုပဿယ သိက္ခာပုဒ်၊ ၄။ သင်္ကန်း စသော အာမိသကြောင့် ပညတ်သော အာမိသ သိက္ခာပုဒ်၊ ၅။ သင်္ကန်းပေးသော စီဝရဒါန သိက္ခာပုဒ်၊ ၆။ သင်္ကန်းချုပ်သော စီဝရသိဗ္ဗန သိက္ခာပုဒ်၊ ၇။ ညီညွတ်တိုင်ပင်၍ ခရီးသွားသော သံဝိဓာန သိက္ခာပုဒ်၊ ၈။ လှေစီးသော နာဝါဘိရုဟန သိက္ခာပုဒ်၊ ၉။ ဘိက္ခုနီ ပရိပါစိတ

http://www.dhammadownload.com

သိက္ခာပုဒ်၊ ၁၀။ အတူတကွ နေသော ရဟောနိသဒ္ဓ သိက္ခာပုဒ်၊ (၄။ ဘောဇနဝဂ်)– ၁။ ဧည့်သည်တို့အတွက် ရည်မှန်းထားသော ဆွမ်း စသော အာဝသထပိဏ္ဍ သိက္ခာပုဒ်၊ ၂။ ဂဏဘောဇန သိက္ခာပုဒ်၊ ၃။ ပရမ္ပရဘောဇန သိက္ခာပုဒ်၊ ၄။ နှစ်သပိတ် သုံးသပိတ် ပြည့်အောင် မုန့်ကို ခံသော ကာဏမာတာ သိက္ခာပုဒ်၊ ၅။ ပဌမပဝါရိတ် သိက္ခာပုဒ်၊ ၆။ ဒုတိယပဝါရိတ် သိက္ခာပုဒ်၊ ၇။ နေ့လွဲညစာ စားသော ဝိကာလဘောဇန သိက္ခာပုဒ်၊ ၈။ သိုမှီးသိမ်းဆည်းသော သန္နိဓိကာရက သိက္ခာပုဒ်၊ ၉။ ပဏီတဘောဇန သိက္ခာပုဒ်၊ ၁၀။ အကပ်မခံသော အာဟာရကို ခံတွင်းဝသို့ ဆောင်သော ဒန္တပေါဏ သိက္ခာပုဒ်၊ (၅။ အစေလကဝဂ်)– ၁။ အဝတ်မဝတ်သော တက္ကတွန်းတို့အား ခဲဖွယ်ဘောဇဉ်ကို ပေးသော အစေလက သိက္ခာပုဒ်၊ ၂။ ရဟန်းကို ခေါ်၍ ပြန်လွှတ်လိုက်သော ဥယျောဇန သိက္ခာပုဒ်၊ ၃။ လင်မယား နှစ်ယောက်ထည်းရှိသော အိမ်တွင်းသို့ ဝင်ထိုင်သော သဘောဇန သိက္ခာပုဒ်၊ ၄။ မိန်းမနှင့် အတူ ဆိတ်ကွယ် ဖုံးလွှမ်းရာ အရပ်၌ နေသော ရဟောပဋိစ္ဆန္န သိက္ခာပုဒ်၊ ၅။ မာတုဂါမနှင့် အတူ ဆိတ်ကွယ်ရာ အရပ်၌ နေထိုင်သော ရဟောနိသဒ္ဓ သိက္ခာပုဒ်၊ ၆။ စာရိတ္တ သိက္ခာပုဒ်၊ ၇။ မဟာနာမ သိက္ခာပုဒ်၊ ၈။ စစ်သည်တို့ကို ကြည့်ရှုခြင်းငှာ သွားသော ဥယျုတ္တသေန သိက္ခာပုဒ်၊ ၉။ နှစ်ညဉ့် သုံးညဉ့်ထက် အလွန် စစ်တပ်၌ နေသော သေနာဝသ သိက္ခာပုဒ်၊ ၁၀။ စစ်ချီ စစ်တိုက်ရာအရပ်သို့ သွားသော ဥယျောဓိက သိက္ခာပုဒ်၊ (၆။ သုရာပါနဝဂ်)– ၁။ သေအရက်ကို သောက်သော သုရာပါန သိက္ခာပုဒ်၊ ၂။ လက်ချောင်းတို့ဖြင့် ကလိထိုး၍ ကစားသော အင်္ဂုလိပတောဒက သိက္ခာပုဒ်၊ ၃။ ရေ၌ ရွှင်မြူးကစားသော ဟသဓမ္မ သိက္ခာပုဒ်၊ ၄။ မရိမသေပြုသော အနာဒရိယ သိက္ခာပုဒ်၊ ၅။ ရဟန်းတို့ကို ခြောက်လှန့်သော ဘီသာပန သိက္ခာပုဒ်၊ ၆။ မီးမွေးသော ဇောတိသမာဒဟန သိက္ခာပုဒ်၊ ၇။ ရေချိုးသော နှာန သိက္ခာပုဒ်၊ ၈။ အဆင်းပျက်ခြင်းကို မယူသော ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်၊ ၉။ ဝိကပ္ပန သိက္ခာပုဒ်၊ ၁၀။ သင်္ကန်း စသည်ကို ဝှက်သော စီဝရအပနိဓာန သိက္ခာပုဒ်၊ (၇။ သပ္ပါဏကဝဂ်)– ၁။ သေစေလိုသော စေတနာဖြင့် တိရစ္ဆာန်၏ အသက်ကို သတ်သော သဉ္စိစ္စပါဏ သိက္ခာပုဒ်၊ ၂။ ပိုးရှိသော ရေကို သုံးဆောင်သော သပ္ပါဏက သိက္ခာပုဒ်၊ ၃။ လှုံ့ဆော်ချောက်ချားသော ဥက္ကောဋန သိက္ခာပုဒ်၊ ၄။ ရုန့်ရင်းသော အာပတ်ကို ဖုံးလွှမ်းသော ဒုဋ္ဌုလ္လ သိက္ခာပုဒ်၊ ၅။ အသက် နှစ်ဆယ် မပြည့်သူကို ရဟန်းခံပေးသော ဥနဝီသတိဝဿ သိက္ခာပုဒ်၊ ၆။ ခိုးသူကုန်သည်နှင့် အတူသွားသော ထေယျသတ္ထ သိက္ခာပုဒ်၊ ၇။ မိန်းမနှင့် ချိန်းချက်၍ သွားသော သံဝိဓာန သိက္ခာပုဒ်၊ ၈။ ဒီဋ္ဌိအယူကို ကျင့်သော အရိဋ္ဌ သိက္ခာပုဒ်၊ ၉။ ဥက္ခိတ္တကရဟန်းနှင့် တကွ ပေါင်းသင်းသော ဥက္ခိတ္တသံဘောဂ သိက္ခာပုဒ်၊ ၁၀။ ဖြားယောင်းသော ကဏ္ဍက သိက္ခာပုဒ်၊ (၈။ သဟဓမ္မိကဝဂ်)– ၁။ တရား အားလျော်စွာ ဆိုသော သဟဓမ္မိက သိက္ခာပုဒ်၊ ၂။ ဝိနည်းကို ကဲ့ရဲ့သော ဝိလေခန သိက္ခာပုဒ်၊ ၃။ မသိဟန်ဆောင်သော မောဟန သိက္ခာပုဒ်၊ ၄။ ရဟန်းကို ပုတ်ခတ်သော ပဟာရ သိက္ခာပုဒ်၊ ၅။ ရဟန်းအား လက်ဝါးပြင် မိုးသော တလသတ္တိက သိက္ခာပုဒ်၊ ၆။ အခြေအမြစ်မရှိသော သံဃာဒိသိသ်အာပတ်ဖြင့် စွပ်စွဲသော အမူလက သိက္ခာပုဒ်၊ ၇။ စေတနာနှင့်တကွ ကုက္ကုစ္စ အလို့အလို့ ဖြစ်စေသော သဉ္စိစ္စ သိက္ခာပုဒ်၊ ၈။ ဥပသုတိ သိက္ခာပုဒ်၊ ၉။ ကမ္မပဋိဗာဟန သိက္ခာပုဒ်၊ ၁၀။ ဆန္ဒမပေးပဲ ပြန်သွားသော ဆန္ဒံ အဒတွာ

http://www.dhammadownload.com

ဂမန သိက္ခာပုဒ်၊ ၁၁။ သင်္ကန်းကို ပေးပြီး နောက်ကာလမှ ရွှတ်ချသော ဒုဗ္ဗလ သိက္ခာပုဒ်၊ ၁၂။ ပရိဏာမန သိက္ခာပုဒ်၊ (၉။ ရာဇဝဂ်)– ၁။ အန္တေပုရ သိက္ခာပုဒ်၊ ၂။ ရတနာကို ခံယူသော ရတန သိက္ခာပုဒ်၊ ၃။ နေလွဲအခါ ရွာသို့ ဝင်သော ဝိကာလဂါမပ္ပဝေသန သိက္ခာပုဒ်၊ ၄။ အပ်ကျည်ဘူးကို ပြုသော သိက္ခာပုဒ်၊ ၅။ ညောင်စောင်းကို ပြုသော မဉ္စ သိက္ခာပုဒ်၊ ၆။ လဲမှိုဖြင့် စီရင်သော တူလောနဒွ သိက္ခာပုဒ်၊ ၇။ အတိုင်းအရှည်ထက် လွန်သော နိသီဒိုင် အခင်းကို ပြုသော နိသီဒန သိက္ခာပုဒ်၊ ၈။ အမာလွမ်းသင်္ကန်းကို ပြုသော ကဏ္ဏုပဋိစ္ဆာဒိ သိက္ခာပုဒ်၊ ၉။ မိုးရေခံသင်္ကန်းကို ပြုသော ဝဿိကသာဋိက သိက္ခာပုဒ်၊ ၁၀။ နန္ဒထေရ သိက္ခာပုဒ်၊ သုဒ္ဓပါစိတ်၌– ဝဂ်အားဖြင့် ၉ ဝဂ်၊ သိက္ခာပုဒ် ပေါင်း (၉၂) ပါး ဖြစ်သတည်း။ (ဝိ၊၅။၄၁။) (ဝိ၊မြန်၊၅။၆၉၊၇၂။)

သုဒ္ဓပါစိတ်အာပတ် ဖြစ်ကြောင်း သမုဋ္ဌာန် ၆ ပါး ၁။ ရံခါ ကိုယ်ကြောင့် ဖြစ်၏၊ နှုတ်ကြောင့် စိတ်ကြောင့် မဖြစ်ကုန်၊ ၂။ ရံခါ နှုတ်ကြောင့် ဖြစ်၏၊ ကိုယ်စိတ်ကြောင့် မဖြစ်ကုန်၊ ၃။ ရံခါ ကိုယ်ကြောင့် လည်းကောင်း နှုတ်ကြောင့် လည်းကောင်း ဖြစ်ကုန်၏၊ စိတ်ကြောင့် မဖြစ်ကုန်၊ ၄။ ရံခါ ကိုယ်ကြောင့် လည်းကောင်း စိတ်ကြောင့် လည်းကောင်း ဖြစ်ကုန်၏၊ နှုတ်ကြောင့် မဖြစ်ကုန်၊ ၅။ ရံခါ နှုတ်ကြောင့် လည်းကောင်း စိတ်ကြောင့် လည်းကောင်း ဖြစ်ကုန်၏၊ ကိုယ်ကြောင့် မဖြစ်ကုန်၊ ၆။ ရံခါ ကိုယ်ကြောင့် လည်းကောင်း နှုတ်ကြောင့် လည်းကောင်း စိတ်ကြောင့် လည်းကောင်း ဖြစ်ကုန်၏။ (ဝိ၊၅။၃၆၃။) (ဝိ၊မြန်၊၅။၄၆၇။)

သုဒ္ဓသီသ ၄ မျိုး ၁။ အသွိ– ဖြစ်၏၊ ၂။ ဘဝိဿံ– ဖြစ်လတ္တံ့၊ ၃။ သိယံ– ဖြစ်နိုင်ရာ၏၊ ၄။ အပါဟံ သိယံ– စင်စစ် ငါ ဖြစ်နိုင်ရာ၏။ (သံ၊ဋီ၊၂။၁၇။)

သုဒ္ဓါဝါသ ၅ ဘုံ ၁။ အဝိဟာဘုံ၊ ၂။ အတပ္ပါဘုံ၊ ၃။ သုဒဿာဘုံ၊ ၄။ သုဒဿီဘုံ၊ ၅။ အကနိဋ္ဌဘုံ။ (ဒီ၊၃။၁၉၈။) (ဒီ၊မြန်၊၃။၂၂၀။)

သုဒ္ဓိ ၄ မျိုး စင်ကြယ်ခြင်း ၄ မျိုးနှင့် တူသည်။

သုဒ္ဓန္တပရိဝါသ ၂ မျိုး ၁။ စူဠ သုဒ္ဓန္တပရိဝါသ်၊ ၂။ မဟာ သုဒ္ဓန္တပရိဝါသ်။ (ဝိ၊၆၊၄။၂၅။)

သန္တိ အစဉ် ၂ မျိုး ၁။ ရူပသန္တတိ– အပူရုပ် အအေးရုပ် စသော ရုပ်အစဉ်၊ ၂။ အရူပသန္တတိ– နှစ်ကြိမ် သုံးကြိမ်သော ကာမဇောဟ ဆိုအပ်သော နာမ်အစဉ်။ (ဝိသုဒ္ဓိ၊၂။၆၂။)

သန္တောသ ၁၂ မျိုး ရောင့်ရဲတင်းတိမ်ခြင်း ၁၂ မျိုးနှင့် တူသည်။

သန္တောသ ၃ မျိုး ရောင့်ရဲတင်းတိမ်ခြင်း ၃ မျိုးနှင့် တူသည်။

သန္ထဝ ၃ မျိုး ၁။ တဏှာသန္ထဝ– တဏှာဖြင့် ရောနှော အကျွမ်းဝင်ခြင်း၊ ၂။ ဒိဋ္ဌိသန္ထဝ– ဒိဋ္ဌိဖြင့် ရောနှော အကျွမ်းဝင်ခြင်း၊ ၃။ မိတ္တသန္ထဝ– မိတ်ဆွေဖြင့် ရောနှော အကျွမ်းဝင်ခြင်း။ (သုတ္တနိ၊၆၊ ၁။၆၆။) (အဝ၊၆၊၁။၁၇၇။) (စူဠနိ၊၆။၁၀၅။)

သန္ဓိ ၆ မျိုး ၁။ ပဒသန္ဓိ– ပုဒ်ကို ပုဒ်တစ်ပါးဖြင့် စပ်ပြခြင်း၊ ၂။ ပဒတ္ထသန္ဓိ– ပုဒ်၏အနက်ကို ပုဒ်၏ အနက် တစ်ပါးဖြင့် ဆက်စပ်ပြခြင်း၊ ၃။ နိဒ္ဒေသသန္ဓိ– အနုသန္ဓေ အမျိုးမျိုးရှိသော သုတ်၌ ထိုထို အနုသန္ဓေတို့ဖြင့် ဆက်စပ်ပြခြင်း, အနုသန္ဓေ တစ်ခုတည်းရှိသော သုတ်၌ ရှေ့နောက်

http://www.dhammadownload.com

ဆက်စပ်ပြခြင်း၊ ၄။ နိက္ခေပသန္ဓိ- နိက္ခေပတို့ကို ရှေ့နောက်ဆက်စပ်ပြခြင်း၊ ၅။ သုတ္တသန္ဓိ- သုတ်တို့ကို ဆက်စပ်ပြခြင်း၊ ၆။ ဒေသနာသန္ဓိ- ဒေသနာတစ်ပါးကို ဒေသနာ တစ်ပါးဖြင့် နှီးနှောဆက်စပ် ပြခြင်း။ (ဒီ၊ဋီ၊၁။၁၉၅။)

သန္နိဓိ ၇ မျိုး သိမှီးသိမ်းဆည်းခြင်း ၇ မျိုးနှင့် တူသည်။

သန္နိဓိကာရကသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ယာဝကာလိက၊ ယာမကာလိက ဖြစ်ခြင်း၊ ၂။ အကပ်ခံ၍ သိမှီး သိမ်းဆည်းထားခြင်း၊ ၃။ ထိုသိမှီးထားသော ယာဝကာလိက ယာမကာလိကကို စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၆၈။) (ဝိမတိ၊၂။၃၄။)

သန်လျက် ၂ မျိုး ၁။ လုံးဝန်းသော ထိပ်ဖျားရှိသော သန်လျက်၊ ၂။ ရှည်သော ထိပ်ဖျားရှိသော သန်လျက်။ (သံ၊ဋီ၊၁။၂၅၄။)

သပ္ပဒေသတိက် ၉ တိက် ၁။ ဝေဒနာတိက်၊ ၂။ ဝိတက္ကတိက်၊ ၃။ ပီတိတိက်၊ ၄။ ဥပ္ပန္နတိက်၊ ၅။ အတီတတိက်၊ ၆။ အာရမ္မဏတိက် ၄ တိက်။ (အဘိ၊ဋ္ဌ၊၁။၈၀။)

သပ္ပါဏကသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ရေသည် ပိုး ရှိခြင်း၊ ၂။ "ရေသွန်းလောင်းသဖြင့် ပိုးငယ်များ သေကုန်အံ့" ဟု သိခြင်း၊ ၃။ ပိုးရှိသော ရေကို သွန်းလောင်းခြင်း၊ ၄။ သေစေလိုသော စေတနာ မရှိဘဲ အကြောင်းကိစ္စ တစ်ခုခုကြောင့်သာလျှင် မြက် စသည်တို့ကို သွန်းလောင်းခြင်း။ (သာရတ္ထ၊ဋီ၊၃။၃၄။) (ဝိမတိ၊၂။၁၉။)

သပ္ပါယ ၇ မျိုး ၁။ အာဝါသသပ္ပါယ- နေထိုင်ရာ ကျောင်း၏ သင့်လျော်လျောက်ပတ်ခြင်း၊ ၂။ ဂေါစရသပ္ပါယ- ဆွမ်းခံရွာ၏ သင့်လျော်လျောက်ပတ်ခြင်း၊ ၃။ ဘဿသပ္ပါယ- အပို့ဆွတာ စသည်နှင့်စပ်သော စကားပြောဆိုမှု၏ သင့်လျော်လျောက်ပတ်ခြင်း၊ ၄။ ပုဂ္ဂလသပ္ပါယ- သဘောတူ သီလဝန္တပုဂ္ဂိုလ် အချင်းချင်း သင့်လျော်လျောက်ပတ်ခြင်း၊ ၅။ ဘောဇနသပ္ပါယ- ခဲဖွယ်ဘောဇဉ်၏ သင့်လျော် လျောက်ပတ်ခြင်း၊ ၆။ ဥတုသပ္ပါယ- အအေးအပူ စသော ရာသီဥတု၏ လျောက်ပတ်ခြင်း၊ ၇။ ဣရိယာပထသပ္ပါယ- ထိုင်ခြင်း သွားခြင်း စသော ဣရိယာပုထ်၏ လျောက်ပတ်ခြင်း။ (မ၊ဋ္ဌ၊၄။၁၁၅။) (ဝိသုဒ္ဓိ၊၁။၁၂၃။)

သပ္ပုရိသဒါန ၅ မျိုး သူတော်ကောင်းတို့၏ အလှူပေးပုံ ၅ မျိုးနှင့် တူသည်။

သပ္ပုရိသဒါန ၈ မျိုး ၁။ သန့်ရှင်းစင်ကြယ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်း၊ ၂။ မွန်မြတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်း၊ ၃။ သင့်လျော်လျောက်ပတ်သော အခါ၌ ပေးလှူခြင်း၊ ၄။ အပ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်း၊ ၅။ အလှူခံပုဂ္ဂိုလ် လှူဖွယ်ဝတ္ထုတို့ကို ရွေးချယ် စိစစ်၍ ပေးလှူခြင်း၊ ၆။ မပြတ်ပေးလှူခြင်း၊ ၇။ ပေးလှူသည်ရှိသော် စိတ်ကို ကြည်လင် စေခြင်း၊ ၈။ ပေးလှူပြီးနောက် နှစ်သက်သော စိတ်ရှိခြင်း။ (အံ၊၃။၇၄။) (အံ၊မြန်၊၃။၇၆။)

သပ္ပုရိသဓမ္မ ၇ ပါး ၁။ ဓမ္မညူ- သုတ္တဂေယျ အစရှိသော တရားကို သိခြင်း၊ ၂။ အတ္ထညူ- ထိုသုတ္တဂေယျအစရှိသော တရား၏ အနက်ကို သိခြင်း၊ ၃။ အတ္တညူ- သီလ သမာဓိ ပညာ တို့ဖြင့် မိမိကိုယ်ကို သိခြင်း၊ ၄။ မတ္တညူ- ခံယူခြင်း သုံးဆောင်ခြင်းတို့၌ အတိုင်းအရှည်ကို သိခြင်း၊ ၅။ ကာလညူ- ပါဠိသင်ရန်, အဋ္ဌကထာသင်ရန်, တရားအားထုတ်ရန် ဟူသော

http://www.dhammadownload.com

အချိန်အခါကို သိခြင်း၊ ၆။ ပရိသည်း– ပရိသတ်ရှစ်ပါးကို သိခြင်း၊ ၇။ ပုဂ္ဂလည်း– မိုဝဲအပ်, မမိုဝဲအပ်သော ပုဂ္ဂိုလ်ကို သိခြင်း။ (ဒီ၊၃။၂၀၈။) (ဒီ၊မြန်၊၃။၂၃၂။)

သိပ္ပ ၂ မျိုး အတတ် ၂မျိုးနှင့် တူသည်။

သုပ္ပဗုဒ္ဓမင်း ဘုရားရှင်အပေါ်၌ ရန်ငြိုးဖွဲ့.ကြောင်း ၂ မျိုး ၁။ ငါ၏ သမီး ယသော်ရာကို စွန့်၍ တောထွက် ရဟန်းပြုခြင်း၊ ၂။ ငါ၏သား ဒေဝဒတ်ကို ရဟန်းပြုစေ၍ ရန်သူနေရာ၌ ထားခြင်း။ (ဓမ္မ၊၄။၂။၂၈။) (အံ၊ဋ္ဌ၊၃။၁၃၆။)

သုပ္ပမေယျ စသော ပုဂ္ဂိုလ် ၃ မျိုး ၁။ နှိုင်းဆရန် လွယ်ကူသော သုပ္ပမေယျပုဂ္ဂိုလ်၊ ၂။ နှိုင်းဆရန် ခဲယဉ်းသော ဒုပ္ပမေယျပုဂ္ဂိုလ်၊ ၃။ မနှိုင်းဆနိုင်သော အပ္ပမေယျပုဂ္ဂိုလ်။ (အဘိ၊ပု။၁၀၆။) (အဘိ၊ပု။၁၃၉။) (အဘိ၊ပု၊မြန်။၆။၄၃။) (အဘိ၊ပု၊မြန်။၆။၄၃။)

သုပ္ပဝါသမင်းသမီး ဆင်းရဲဒုက္ခကို သည်းခံရာ၌ ကြိစည်ပုံ ၃ မျိုး ၁။ အကြင်မြတ်စွာဘုရားသည် ဤကဲ့သို့သော ဆင်းရဲဒုက္ခမျိုးကို ပယ်ရန် တရားဟောတော်မူ၏၊ ထိုမြတ်စွာဘုရားသည် "သမ္မာသမ္ဗုဒ္ဓ" မည်ပေစွတကား၊ ၂။ အကြင်ဘုရားရှင်၏ တပည့်သံဃာတော်များသည် ဤကဲ့သို့သော ဆင်းရဲဒုက္ခမျိုးကို ပယ်ရန် ကျင့်ကြံတော်မူကြ၏၊ ထိုဘုရားရှင်၏ တပည့်သံဃာများသည် "သုပ္ပဋိပန္နော"ဂုဏ်နှင့် ပြည့်စုံပေစွတကား၊ ၃။ အကြင်နိဗ္ဗာန်၌ ဤကဲ့သို့သော ဆင်းရဲဒုက္ခမျိုး မရှိ၊ ထိုနိဗ္ဗာန်သည် စင်စစ်ဧကန် အလွန်ပင် ချမ်းသာ ပေစွတကား။ (ဥဒါန။၉၃။) (ဥဒါန၊မြန်။၈၆။)

သုပ္ပဝါသာ ဒုက္ခခံစားရစဉ် ရတနာ ၃ ပါးဂုဏ်ကို နှလုံးသွင်းပုံ ၃ မျိုး ၁။ ဤသို့သဘောရှိသော ဤဆင်းရဲကို ပယ်ခြင်းငှာ တရားဟောတော်မူသော မြတ်စွာဘုရားသည် သစ္စာလေးပါး တရားကို ကိုယ်တော်တိုင် သိတော်မူလေစွတကား၊ ၂။ ဤကဲ့သို့သော သဘောရှိသော ဤဆင်းရဲခြင်းဒုက္ခကို ပယ်ခြင်းငှာ ကျင့်တော်မူသော ထိုမြတ်စွာဘုရား၏ တပည့်သာဝက အပေါင်းသည် သိက္ခာသုံးပါးကို ကောင်းစွာ ကျင့်တော်မူစွတကား၊ ၃။ ဤကဲ့သို့ ဆင်းရဲခြင်း ဒုက္ခမရှိသော နိဗ္ဗာန်သည် အလွန်ချမ်းသာစွတကား။ (ဓမ္မ၊၄။၂။၄၂၆။)

သဗ္ဗ ၄ မျိုး ၁။ "သမ္ဗံ အဘိညာသိ ယဒတ္ထိ နေယျံ" စသည်၌ သဗ္ဗသဗ္ဗ၊ ၂။ "သမ္ဗံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ" စသော ပါဠိ၌ အာယတနသဗ္ဗ၊ ၃။ "သဗ္ဗမမ္မလပရိယာယံ" စသော ပါဠိ၌ သက္ကာယသဗ္ဗ၊ ၄။ သဗ္ဗမမ္မေသု ဝါ ပဌမသမန္နာဟာရော" စသော ပါဠိ၌ ပဒေသသဗ္ဗ။ (သံ၊၄။၃။၄။) (သာရတ္ထ၊ဋီ၊၃။၂၀၉။)

သဗ္ဗညုတဉာဏ်ကို ရင့်ကျက်စေသော အလိုအဖျာသယ ၆ မျိုး ၁။ နေက္ခမ္မအဖျာသယ– တဏှာမှ ထွက်မြောက်လိုခြင်း၊ ၂။ ပဝိဝေကအဖျာသယ– ဆိတ်ငြိမ်ရာကို အလိုရှိခြင်း၊ ၃။ အလောဘ အဖျာသယ– လောဘမရှိခြင်းဟူသော အလိုရှိခြင်း၊ ၄။ အဒေါသအဖျာသယ– အမျက်မထွက်ခြင်း ဟူသော အလိုရှိခြင်း၊ ၅။ အမောဟအဖျာသယ– တွေဝေမှု ကင်းခြင်း ဟူသော အလိုရှိခြင်း၊ ၆။ နိဿရဏအဖျာသယ– ဝဋ်ဆင်းရဲမှ ထွက်မြောက်လိုခြင်း။ (သုတ္တနိ၊ ၄၊၁။၄၅။)

http://www.dhammadownload.com

သဗ္ဗညူ ဘုရားအလောင်း၏ အိပ်မက်ကြီး ၅ မျိုး ၁။ ဤပထဝီ မြေကြီးသည် ကြီးစွာသော အိပ်ရာ ဖြစ်၏၊ ဟိမဝန္တာတောင်မင်းသည် မွေ့ယာ ဖြစ်၏၊ အရှေ့ဘက် သမုဒ္ဒရာ၌ ဝဲဘက်လက်ကို ချထား၏၊ အနောက်ဘက် သမုဒ္ဒရာ၌ ယာဘက်လက်ကို ချထား၏၊ တောင်ဘက် သမုဒ္ဒရာ၌ ခြေနှစ်ဖက်တို့ကို ချထားအပ်ကုန်၏ဟု မြင်မက်ခြင်း၊ ၂။ တိရိယာ မည်သော နေဇာမြက်မျိုးသည် ချက်မှ တက်သွား၍ ထွန်တုံးအရွယ်ရှိသော ရိုးတံနီဖြင့် တစ်ထွာ တစ်တောင် စသည် ရှည်လျက် ရှည်လျက် မြင့်တက် မြင့်တက်သွား၍ ကောင်းကင်ကို ယူဇနာ ထောင်ပေါင်းများစွာ ဆိုက်ရောက်၍ တည်၏ဟု မြင်မက်ခြင်း၊ ၃။ ဖွေးဖွေးဖြူကုန် မည်းနက်ကုန်သော ဦးခေါင်းရှိကုန်သော ပိုးလောက်တို့ ခြေထောက်တို့မှ တက်သွားပြီး ပုဆစ် ဒူးဝန်းတိုင် ဖုံးအုပ်ကုန်၏ဟု မြင်မက်ခြင်း၊ ၄။ အမျိုးမျိုးသော အဆင်းအရောင် ရှိကုန်သော ငှက်လေးကောင်တို့သည် အရပ်လေးမျက်နှာမှ လာကုန်၍ ခြေရင်း၌ သက်ဆင်း ရပ်နားကြ၍ အားလုံး ဖွေးဖွေးဖြူကုန်၏ဟု မြင်မက်ခြင်း၊ ၅။ သုံးယူဇနာ မြင့်၍ ကြီးစွာသော ကျင်ကြီးတောင်၏ အထက်ဗျာ အရပ်၌ ကျင်ကြီး မလူးကပ်ဘဲ လူးလာခေါက်ပြန် စကြ်သွား၏ဟု မြင်မက်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၀၃။)

သဗ္ဗညူ ၅ မျိုး ၁။ ကမသဗ္ဗညူ– အစဉ်အားဖြင့် အလုံးစုံသော တရားကို သိခြင်း၊ ၂။ သကိ သဗ္ဗညူ– တစ်ကြိမ်သော အာဝဇ္ဇန်းရှိသော ဇောဝါရဖြင့် အလုံးစုံကို သိခြင်း၊ ၃။ သတတ သဗ္ဗညူ– အမြဲမပြတ် အလုံးစုံသောတရားကို သိခြင်း၊ ၄။ သတ္တိသဗ္ဗညူ– မဂ်ဉာဏ်ဟု ဆိုအပ်သော သတ္တိဖြင့် အလုံးစုံသော နေယျပထတရားကို သိခြင်း၊ ၅။ ဉာတသဗ္ဗညူ– သိအပ်ပြီးသော အလုံးစုံသောတရားကို သိခြင်း။ (ပဋိသံ၊ဋ္ဌ၊၁။၅၄။) (မဟာနိ၊ဋ္ဌ။၃၄၀။)

သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ၄ ပါး ၁။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊ ၂။ မေတ္တာ ကမ္မဋ္ဌာန်း၊ ၃။ မရဏာဿတိ ကမ္မဋ္ဌာန်း၊ ၄။ အသုဘဘာဝနာ ကမ္မဋ္ဌာန်း။ (ဒီ၊ဋီ၊၂။၂၉၆။)

သမ္မဇ္ဇည တရား ၄ ပါး ၁။ အကျိုးရှိသည်, အကျိုးမရှိသည်ကို ဆင်ခြင်ခြင်း (သာတ္ထက သမ္မဇ္ဇည)၊ ၂။ လျောက်ပတ်သည်, မလျောက်ပတ်သည်ကို ဆင်ခြင်ခြင်း (သပ္ပါယသမ္မဇ္ဇည)၊ ၃။ ကမ္မဋ္ဌာန်း အာရုံကို ဆင်ခြင်ခြင်း (ဂေါစရသမ္မဇ္ဇည)၊ ၄။ မတွေဝေသောအားဖြင့် ဆင်ခြင်ခြင်း (အသမ္မောဟ သမ္မဇ္ဇည)။ (ဒီ၊ဋ္ဌ၊၁။၁၆၅။) (မ၊ဋ္ဌ၊၁။၂၅၈။) (သံ၊ဋ္ဌ၊၃။၂၁၇။) (အံ၊ဋ္ဌ၊၂။၃၈၂။) (အဘိ၊ဋ္ဌ၊၁။၁၇၅။) (အဘိ၊ဋ္ဌ၊၂။၃၃၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၂၄။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၂၄။)

သမ္မဒါ ၄ ပါး ၁။ ဉာဏသမ္မဒါ– ဉာဏ်နှင့် ပြည့်စုံခြင်း၊ ၂။ ပဟာနသမ္မဒါ– တစ်ခဏတာ ကိလေသာကို ပယ်ခြင်းစသော ပယ်ခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ အာနုဘာဝသမ္မဒါ– တန်ခိုးအာနုဘော်နှင့် ပြည့်စုံခြင်း၊ ၄။ ရူပကာယသမ္မဒါ– ရူပကာယနှင့် ပြည့်စုံခြင်း။ (ဒီ–ဋီ၊၁၊၇။)

သမ္မဒါ ၈ ပါး ပြည့်စုံခြင်း ၈ မျိုးနှင့် တူသည်။

http://www.dhammadownload.com

(အံ၊၁။၂၉၁။) (အံ၊၂။၁၀၄။) (အံ၊၂။၁၃၀။) (အံ၊၂။၄၆။) (အံ၊၃။၁၄၀။) (ဝိ၊မြန်၊၅။၃၁၉။) (ဒီ၊မြန်၊၃။၂၁၈။) (အံ၊မြန်၊၁။၃၀၈။) (အံ၊မြန်၊၂။၁၂၇။) (အံ၊မြန်၊၂။၁၆၂။) (အံ၊မြန်၊၂။၅၇။) (အံ၊မြန်၊၃။၁၄၂။)

သမ္ပတ္တိ ၃ မျိုး ၁။ သီလ၏ ပြည့်စုံခြင်း (သီလသမ္ပတ္တိ)၊ ၂။ သမာဓိ၏ ပြည့်စုံခြင်း (သမာဓိသမ္ပတ္တိ)၊ ၃။ ပညာ၏ ပြည့်စုံခြင်း (ပညာသမ္ပတ္တိ)၊ **မှတ်ချက်။** ။ သမ္ပဒါ ၃ မျိုးလည်း ဆို၏။ (ဒီ၊ဋ္ဌ၊၁။၂၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၈။)

သမ္ပတ္တိ ၃ မျိုး (တစ်နည်း) ၁။ မနုဿသမ္ပတ္တိ– လူ့စည်းစိမ်၊ ၂။ ဒေဝလောကသမ္ပတ္တိ– နတ်စည်းစိမ်၊ ၃။ နိဗ္ဗာနသမ္ပတ္တိ– နိဗ္ဗာန်စည်းစိမ်။ (ဣတိဝုတ်၊ဋ္ဌ။၈၃။)

သမ္ပတ္တိစက် ၄ ပါး ၁။ ပဋိရူပဒေသဝါသော– ပရိသတ်လေးပါး ထင်ရှားရှိသော သင့်လျော်သော အရပ်၌ နေထိုင်ခြင်း၊ ၂။ သပ္ပုရိသာဝဿယော– ဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲ ဆည်းကပ်ခြင်း၊ ၃။ အတ္တသမ္မာပဏိဓိ– မိမိကိုယ်ကို သဒ္ဓါသီလ စသည်တို့၌ ကောင်းစွာ တည်စေခြင်း၊ ၄။ ပုဗ္ဗေ စ ကတပုညတာ– ရှေးရှေးဘဝ၌ ဆည်းပူးအားထုတ်ခဲ့ဖူးသော ကောင်းမှု ကုသိုလ်ရှိခြင်း။ (အံ၊၁။၃၄၁။) (ပဋိသံ၊ဋ္ဌ၊၁။၂၇၂။) (အံ၊မြန်၊၁။၃၅၆။)

သမ္ပန္ဓ ၃ မျိုး ၁။ ပရိပုဏ္ဏသမ္ပန္ဓ– ထက်ဝန်းကျင်မှ ပြည့်စုံခြင်းသို့ ရောက်သော သမ္ပန္ဓ၊ ၂။ သမ်ဂီသမ္ပန္ဓ– ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်သော သမ္ပန္ဓ၊ ၃။ မဓုရသမ္ပန္ဓ– ကောင်းမြတ်သော အရသာနှင့် ယှဉ်သော သမ္ပန္ဓ။ (မ၊ဋ္ဌ၊၁။၁၅၈။) (ဗုဒ္ဓဝံ၊ဋ္ဌ။၁၆။) (သာရတ္ထ၊ဋီ၊၁။၄၃၆။) (အံ၊ဋီ၊၂။၂၃၃။)

သမ္ပန္ဓအနက် ၃ မျိုး ၁။ ထက်ဝန်းကျင် ပြည့်ခြင်းအနက်၊ ၂။ ကောင်းစွာရောက်ခြင်း သမ်ဂီအနက်၊ ၃။ ချိုမြိန်ခြင်း မဓုအနက်။ (ဣတိဝုတ်၊ဋ္ဌ။၃၃၅။)

သမ္ဓပ္ပလာပကံ မြောက်ကြောင်း ၂ မျိုး ၁။ ဘာရတမင်းတို့၏ စစ်ထိုးခြင်း, သီတာမိဖုရားကို ဒသဂိရိဘီလူး ဆောင်ခြင်း အစရှိသော အနက်အဓိပ္ပါယ် မရှိသော စကားကို ရှေးရှုပြုသူ ဖြစ်ခြင်း၊ ၂။ ထိုသို့သဘောရှိသော စကားကို ပြောဆိုခြင်း။ (ဒီ၊ဋ္ဌ၊၁။၇၄။) (မ၊ဋ္ဌ၊၁။၂၀၄။) (သံ၊ဋ္ဌ၊၂။၁၃၆။) (အဘိ၊ဋ္ဌ၊၁။၁၄၃။) (ပဋိသံ၊ဋ္ဌ၊၁။၂၀၆။) (မဟာနိ၊ဋ္ဌ။၁၀၁။) (သာရတ္ထ၊ဋီ၊၁။၃၄၆။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၄၁။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၄၁။)

သမ္ဓပ္ပလာပ အင်္ဂါ ၂ ပါး သမ္ဓပ္ပလာပကံ မြောက်ကြောင်း ၂ မျိုးနှင့် တူသည်။

သမ္ဓဿ ၆ မျိုး ၁။ စက္ခုသမ္ဓဿ– စက္ခုဝတ္ထုကို မှီသော တွေ့ထိခြင်း၊ ၂။ သောတသမ္ဓဿ– သောတဝတ္ထုကို မှီသော တွေ့ထိခြင်း၊ ၃။ ဃာနသမ္ဓဿ– ဃာနဝတ္ထုကို မှီသော တွေ့ထိခြင်း၊ ၄။ ဇိဝှာသမ္ဓဿ– ဇိဝှာဝတ္ထုကို မှီသော တွေ့ထိခြင်း၊ ၅။ ကာယသမ္ဓဿ– ကာယဝတ္ထုကို

http://www.dhammadownload.com

သဗ္ဗညု ဘုရားအလောင်း၏ အိပ်မက်ကြီး ၅ မျိုး ၁။ ဤပထဝီ မြေကြီးသည် ကြီးစွာသော အိပ်ရာ ဖြစ်၏၊ ဟိမဝန္တာတောင်မင်းသည် မွေ့ယာ ဖြစ်၏၊ အရှေ့ဘက် သမုဒ္ဒရာ၌ ဝဲဘက်လက်ကို ချထား၏၊ အနောက်ဘက် သမုဒ္ဒရာ၌ ယာဘက်လက်ကို ချထား၏၊ တောင်ဘက် သမုဒ္ဒရာ၌ ခြေနှစ်ဖက်တို့ကို ချထားအပ်ကုန်၏ဟု မြင်မက်ခြင်း၊ ၂။ တိရိယာ မည်သော နေဇာမြက်မျိုးသည် ချက်မှ တက်သွား၍ ထွန်တုံးအရွယ်ရှိသော ရိုးတံနီဖြင့် တစ်ထွာ တစ်တောင် စသည် ရှည်လျက် ရှည်လျက် မြင့်တက် မြင့်တက်သွား၍ ကောင်းကင်ကို ယူဇနာ ထောင်ပေါင်းများစွာ ဆိုက်ရောက်၍ တည်၏ဟု မြင်မက်ခြင်း၊ ၃။ ဖွေးဖွေးဖြူကုန် မည်းနက်ကုန်သော ဦးခေါင်းရှိကုန်သော ပိုးလောက်တို့ ခြေထောက်တို့မှ တက်သွားပြီး ပုဆစ် ဒူးဝန်းတိုင် ဖုံးအုပ်ကုန်၏ဟု မြင်မက်ခြင်း၊ ၄။ အမျိုးမျိုးသော အဆင်းအရောင် ရှိကုန်သော ၎က်လေးကောင်တို့သည် အရပ်လေးမျက်နှာမှ လာကုန်၍ ခြေရင်း၌ သက်ဆင်း ရပ်နားကြ၍ အားလုံး ဖွေးဖွေးဖြူကုန်၏ဟု မြင်မက်ခြင်း၊ ၅။ သုံးယူဇနာ မြင့်၍ ကြီးစွာသော ကျင်ကြီးတောင်၏ အထက်ဖျား အရပ်၌ ကျင်ကြီး မလူးကပ်ဘဲ လူးလာခေါက်ပြန် စက်ြံသွား၏ ဟု မြင်မက်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၀၃။)

သဗ္ဗညု ၅ မျိုး ၁။ ကမသဗ္ဗညု- အစဉ်အားဖြင့် အလုံးစုံသော တရားကို သိခြင်း၊ ၂။ သကိံသဗ္ဗညု- တစ်ကြိမ်သော အာဝဇ္ဇန်းရှိသော ဇောဝါရဖြင့် အလုံးစုံကို သိခြင်း၊ ၃။ သတတ သဗ္ဗညု- အမြဲမပြတ် အလုံးစုံသောတရားကို သိခြင်း၊ ၄။ သတ္တိသဗ္ဗညု- မဂ်ဉာဏ်ဟု ဆိုအပ်သော သတ္တိဖြင့် အလုံးစုံသော နေယျပထတရားကို သိခြင်း၊ ၅။ ဉာတသဗ္ဗညု- သိအပ်ပြီးသော အလုံးစုံသောတရားကို သိခြင်း။ (ပဋိသံ၊ဋ္ဌ၊၁။၅၄။) (မဟာနိ၊ဋ္ဌ။၃၄၀။)

သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ၄ ပါး ၁။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊ ၂။ မေတ္တာ ကမ္မဋ္ဌာန်း၊ ၃။ မရဏဿတိ ကမ္မဋ္ဌာန်း၊ ၄။ အသုဘဘာဝနာ ကမ္မဋ္ဌာန်း။ (ဒီ၊ဋီ၊၂။၂၉၆။)

သမ္မဇည တရား ၄ ပါး ၁။ အကျိုးရှိသည်, အကျိုးမရှိသည်ကို ဆင်ခြင်ခြင်း (သာတ္ထက သမ္မဇည)၊ ၂။ လျောက်ပတ်သည်, မလျောက်ပတ်သည်ကို ဆင်ခြင်ခြင်း (သပ္ပါယသမ္မဇည)၊ ၃။ ကမ္မဋ္ဌာန်း အာရုံကို ဆင်ခြင်ခြင်း (ဂေါစရသမ္မဇည)၊ ၄။ မတွေဝေသောအားဖြင့် ဆင်ခြင်ခြင်း (အသမ္မောဟ သမ္မဇည)။ (ဒီ၊ဋ္ဌ၊၁။၁၆၅။) (မ၊ဋ္ဌ၊၁။၂၅၈။) (သံ၊ဋ္ဌ၊၃။၂၁၇။) (အံ၊ဋ္ဌ၊၂။၃၈၂။) (အဘိ၊ဋ္ဌ၊၁။၁၇၅။) (အဘိ၊ဋ္ဌ၊၂။၃၃၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၂၄။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၂၄။)

သမ္မဒါ ၄ ပါး ၁။ ဉာဏသမ္မဒါ- ဉာဏ်နှင့် ပြည့်စုံခြင်း၊ ၂။ ပဟာနသမ္မဒါ- တစ်ခဏတာ ကိလေသာကို ပယ်ခြင်းစသော ပယ်ခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ အာနုဘာဝသမ္မဒါ- တန်ခိုးအာနုဘော်နှင့် ပြည့်စုံခြင်း၊ ၄။ ရူပကာယသမ္မဒါ- ရူပကာယနှင့် ပြည့်စုံခြင်း။ (ဒီ-ဋီ၊၁၊၇။)

သမ္မဒါ ၈ ပါး ပြည့်စုံခြင်း ၈ မျိုးနှင့် တူသည်။

သမ္မဒါ တရား ၅ ပါး ၁။ ဆွေမျိုးနှင့် ပြည့်စုံခြင်း- ဉာတိသမ္မဒါ၊ ၂။ စည်းစိမ်နှင့် ပြည့်စုံခြင်း- ဘောဂသမ္မဒါ၊ ၃။ အနာရောဂါကင်းခြင်းနှင့် ပြည့်စုံခြင်း- အာရောဂျသမ္မဒါ၊ ၄။ သီလနှင့် ပြည့်စုံခြင်း သီလသမ္မဒါ၊ ၅။ အယူနှင့် ပြည့်စုံခြင်း- ဒိဋ္ဌိသမ္မဒါ။ (ဝိ၊၅။၂၃၀။) (ဒီ၊၃။၁၉၆။)

http://www.dhammadownload.com

(အံ၊၁။၂၉၁။) (အံ၊၂။၁၀၄။) (အံ၊၂။၁၃၀။) (အံ၊၂။၄၆။) (အံ၊၃။၁၄၀။) (ဝိ၊မြန်၊၅။၃၁၉။) (ဒီ၊မြန်၊ ၃။၂၁၈။) (အံ၊မြန်၊၁။၃၀၈။) (အံ၊မြန်၊၂။၁၂၇။) (အံ၊မြန်၊၂။၅၇။) (အံ၊မြန်၊၃။၅၇။) (အံ၊မြန်၊၃။၄၄။)

သမ္မတ္တိ ၃ မျိုး ၁။ သီလ၏ ပြည့်စုံခြင်း (သီလသမ္မတ္တိ)၊ ၂။ သမာဓိ၏ ပြည့်စုံခြင်း (သမာဓိ သမ္မတ္တိ)၊ ၃။ ပညာ၏ ပြည့်စုံခြင်း (ပညာသမ္မတ္တိ)၊ **မှတ်ချက်။** ။ သမ္မဒါ ၃ မျိုးလည်း ဆို၏။ (ဒီ၊ဋ္ဌ၊၁။၂၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၃၈။)

သမ္မတ္တိ ၃ မျိုး (တစ်နည်း) ၁။ မနုဿသမ္မတ္တိ– လူ့စည်းစိမ်၊ ၂။ ဒေဝလောကသမ္မတ္တိ– နတ်စည်းစိမ်၊ ၃။ နိဗ္ဗာနသမ္မတ္တိ– နိဗ္ဗာန်စည်းစိမ်။ (ဣတိဝုတ်၊ဋ္ဌ။၈၃။)

သမ္မတ္တိစက် ၄ ပါး ၁။ ပဋိရူပဒေသဝါသော– ပရိသတ်လေးပါး ထင်ရှားရှိသော သင့်လျော်သော အရပ်၌ နေထိုင်ခြင်း၊ ၂။ သပ္ပုရိသာဝဿယော– ဘုရားစသော သူတော်ကောင်းတို့ကို မှီဝဲ ဆည်းကပ်ခြင်း၊ ၃။ အတ္တသမ္မာပဏိဓိ– မိမိကိုယ်ကို သဒ္ဓါသီလ စသည်တို့၌ ကောင်းစွာ တည်စေခြင်း၊ ၄။ ပုဗ္ဗေ စ ကတပုညတာ– ရှေးရှေးဘဝ၌ ဆည်းပူးအားထုတ်ခဲ့ဖူးသော ကောင်းမှု ကုသိုလ်ရှိခြင်း။ (အံ၊၁။၃၄၁။) (ပဋိသံ၊ဋ္ဌ၊၁။၂၇၂။) (အံ၊မြန်၊၁။၃၅၆။)

သမ္မန္နေ ၃ မျိုး ၁။ ပရိပုဏ္ဏသမ္မန္နေ– ထက်ဝန်းကျင်မှ ပြည့်စုံခြင်းသို့ ရောက်သော သမ္မန္နေ၊ ၂။ သမ္ပဒါသမ္မန္နေ– ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်သော သမ္မန္နေ၊ ၃။ မဓုရသမ္မန္နေ– ကောင်း မြတ်သော အရသာနှင့် ယှဉ်သော သမ္မန္နေ။ (မ၊ဋ္ဌ၊၁။၁၅၈။) (ဗုဒ္ဓဝံ၊ဋ္ဌ။၁၆၆။) (သာရတ္ထ၊ဋီ၊၁။၄၃၆။) (အံ၊ဋီ၊၂။၂၃၃။)

သမ္မန္နေအနက် ၃ မျိုး ၁။ ထက်ဝန်းကျင် ပြည့်ခြင်းအနက်၊ ၂။ ကောင်းစွာရောက်ခြင်း သမ္ပဒါ အနက်၊ ၃။ ချီးမြှင့်ခြင်း မဓုအနက်။ (ဣတိဝုတ်၊ဋ္ဌ။၃၃၅။)

သမ္မပ္ပလာပက် မြောက်ကြောင်း ၂ မျိုး ၁။ ဘာရတမင်းတို့၏ စစ်ထိုးခြင်း, သီတာမိဖုရားကို ဒသဂိရိဘီလူး ဆောင်ခြင်း အစရှိသော အနက်အဓိပ္ပါယ် မရှိသော စကားကို ရှေးရှုပြုသူ ဖြစ်ခြင်း၊ ၂။ ထိုသို့သဘောရှိသော စကားကို ပြောဆိုခြင်း။ (ဒီ၊ဋ္ဌ၊၁။၇၄။) (မ၊ဋ္ဌ၊၁။၂၀၄။) (သံ၊ဋ္ဌ၊၂။၁၃၆။) (အဘိ၊ဋ္ဌ၊၁။၁၄၃။) (ပဋိသံ၊ဋ္ဌ၊၁။၂၀၆။) (မဟာနိ၊ဋ္ဌ။၁၀၁။) (သာရတ္ထ၊ဋီ၊၁။၃၄၆။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၄၁။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၄၁။)

သမ္မပ္ပလာပ အင်္ဂါ ၂ ပါး သမ္မပ္ပလာပက် မြောက်ကြောင်း ၂ မျိုးနှင့် တူသည်။

သမ္မဿ ၆ မျိုး ၁။ စက္ခုသမ္မဿ– စက္ခုဝတ္ထုကို မှီသော တွေ့ထိခြင်း၊ ၂။ သောတသမ္မဿ– သောတဝတ္ထုကို မှီသော တွေ့ထိခြင်း၊ ၃။ ဃာနသမ္မဿ– ဃာနဝတ္ထုကို မှီသော တွေ့ထိခြင်း၊ ၄။ ဇိဝှာသမ္မဿ– ဇိဝှာဝတ္ထုကို မှီသော တွေ့ထိခြင်း၊ ၅။ ကာယသမ္မဿ– ကာယဝတ္ထုကို မှီသော တွေ့ထိခြင်း၊ ၆။ မနောသမ္မဿ– မနောဒွါရ၌ ဖြစ်သော တွေ့ထိခြင်း။ (ဒီ၊၂။၅၂။) (အဘိ၊ဋ္ဌ၊၁။၁၃၈။) (ဒီ၊မြန်၊၂။၅၉။)

သမ္မဿဒွါရ ၆ မျိုး ၁။ စက္ခုသမ္မဿဒွါရ– မျက်စိအကြည်ဓာတ်ကို မှီ၍ ဖြစ်သော တွေ့ထိမှု ဒွါရ၊ ၂။ သောတသမ္မဿဒွါရ– နားအကြည်ဓာတ်ကို မှီ၍ ဖြစ်သော တွေ့ထိမှုဒွါရ၊ ၃။ ဃာန သမ္မဿဒွါရ– နှာခေါင်းအကြည်ဓာတ်ကို မှီ၍ ဖြစ်သော တွေ့ထိမှုဒွါရ၊ ၄။ ဇိဝှါသမ္မဿ

http://www.dhammadownload.com

ဒွါရ- လျှာအကြည်ဓာတ်ကို မှီ၍ ဖြစ်သော တွေ့ထိမှုဒွါရ၊ ၅။ ကာယသမ္ဖဿဒွါရ- ကိုယ်အကြည်ဓာတ်ကို မှီ၍ ဖြစ်သော တွေ့ထိမှုဒွါရ၊ ၆။ မနောသမ္ဖဿဒွါရ- စိတ်နှင့် ယှဉ်သော တွေ့ထိမှုဒွါရ။ (အဘိ၊၄၊၁။၁၃၈။)

သမ္ဖာသင်္ကပ္ပ၏ အခြံအရံ တရား ၃ ပါး ၁။ သမ္ဖာဒိဋ္ဌိ- မှန်ကန်သော အယူ၊ ၂။ သမ္ဖာဝါယာမ- မှန်ကန်သော အားထုတ်မှု၊ ၃။ သမ္ဖာသတိ- မှန်ကန်သော အောက်မေ့မှု။ (မ၊၃။၁၁၈။) (မ၊မြန်၊ ၃။၁၂၁။)

သမ္ဖောဓိ ၃ မျိုး ၁။ သမ္ဖာသမ္ဖောဓိ- ဘုရားရှင်တို့၏ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်၊ ၂။ ပစ္စေက သမ္ဖောဓိ- ပစ္စေကဗုဒ္ဓါတို့၏ မဂ်ဉာဏ်၊ ၃။ သာဝကသမ္ဖောဓိ- ဘုရားရှင်၏ တပည့်သာဝက တို့၏ မဂ်ဉာဏ်။ (ထေရ၊၄၊၁။၈။)

သမ္ဖောဇ္ဈင် ၇ ပါး ပွားများအပ်သော တရား ၇ ပါး၊ သာဝေတဗ္ဗ တရား ၇ ပါးတို့နှင့် တူသည်။

သမ္ဖာကမ္မန္တ ၂ မျိုး ၁။ လောကီ သမ္ဖာကမ္မန္တ၊ ၂။ လောကုတ္တရာ သမ္ဖာကမ္မန္တ။ (မ၊၃။၁၁၉။) (မ၊မြန်၊ ၃။၁၂၂။)

သမ္ဖာကမ္မန္တ၏ အခြံအရံ တရား ၃ ပါး ၁။ မှန်ကန်သော အမြင်၊ ၂။ မှန်ကန်သော လုံ့လ၊ ၃။ မှန်ကန်သော သတိ။ (မ၊၃။၁၁၉။) (မ၊မြန်၊၃။၁၂၃။)

သမ္ဖာဒိဋ္ဌိ ၂ မျိုး ၁။ ကမ္မဿကတာဉာဏ်, သစ္စာနုလောမိကဉာဏ်တည်းဟူသော လောကီ သမ္ဖာဒိဋ္ဌိ၊ ၂။ အရိယာမဂ်ဖိုလ်တို့နှင့် ယှဉ်သော ပညာ လောကုတ္တရာသမ္ဖာဒိဋ္ဌိ။ (မ၊၄၊၁။၂၀၀။)

သမ္ဖာဒိဋ္ဌိ ၂ မျိုး (တစ်နည်း) ၁။ ဝိပဿနာ သမ္ဖာဒိဋ္ဌိ၊ ၂။ မဂ္ဂသမ္ဖာဒိဋ္ဌိ။ (မ၊၃။၁၁၇။) (မ၊မြန်၊၃။၁၁၉။) (မ၊၄၊၄။၉၂။)

သမ္ဖာဒိဋ္ဌိ ၂ မျိုး မှန်ကန်သောအမြင်၂ မျိုးနှင့် တူသည်။

သမ္ဖာဒိဋ္ဌိ ၅ မျိုး ၁။ ကမ္မဿကတာ သမ္ဖာဒိဋ္ဌိ- ကံသာလျှင် မိမိဥစ္စာရှိသည်၏ အဖြစ်ကို ကောင်းစွာ သိသောဉာဏ်၊ ၂။ ဈာနသမ္ဖာဒိဋ္ဌိ- ဈာန်နှင့် ယှဉ်သော ကောင်းသော ဉာဏ်အမြင်၊ ၃။ ဝိပဿနာသမ္ဖာဒိဋ္ဌိ- ဝိပဿနာဉာဏ်ဟု ဆိုအပ်သော မှတ်ကန်သော အမြင်၊ ၄။ မဂ္ဂ သမ္ဖာဒိဋ္ဌိ- မဂ်နှင့် ယှဉ်သော သမ္ဖာဒိဋ္ဌိ၊ ၅။ ဖလသမ္ဖာဒိဋ္ဌိ- ဖိုလ်နှင့် ယှဉ်သော ကောင်းသော ဉာဏ်အမြင်။ (အံ၊၄၊၁။၃၆၉။) (အံ၊၄၊၂။၆၃။) (အံ၊ဋီ၊၁။၂၂၅။)

သမ္ဖာဒိဋ္ဌိ ၅ မျိုး (တစ်နည်း) (မဟာစတ္တာရီသကသုတ်လာ ဟောအပ်သော သမ္ဖာဒိဋ္ဌိ ၅ မျိုး) ၁။ ဝိပဿနာသမ္ဖာဒိဋ္ဌိ၊ ၂။ ကမ္မဿကတာသမ္ဖာဒိဋ္ဌိ၊ ၃။ မဂ္ဂသမ္ဖာဒိဋ္ဌိ၊ ၄။ ဖလသမ္ဖာဒိဋ္ဌိ၊ ၅။ ပစ္စဝေက္ခဏာသမ္ဖာဒိဋ္ဌိ- ပစ္စဝေက္ခဏနှင့် ယှဉ်သော ကောင်းသော ဉာဏ်အမြင်။ (မ၊၄၊၄။၉၅။)

သမ္ဖာဒိဋ္ဌိကြောင့် ဘာဝနာပြည့်စုံခြင်း ၆၄ ပါး ၁။ သောတာပတ္တိမဂ်၏ ခဏ၌ သဒ္ဓိန္ဒြေစသော ဣန္ဒြေ ရှစ်ပါး ပြည့်စုံခြင်း၊ ၂။ သောတာပတ္တိဖိုလ်၏ ခဏ၌ သဒ္ဓိန္ဒြေစသော ဣန္ဒြေ ရှစ်ပါး ပြည့်စုံခြင်း ဤနည်းအားဖြင့် မဂ်, ဖိုလ် ရှစ်ပါးတို့နှင့် ဣန္ဒြေ ရှစ်ပါးတို့ကို မြောက်သော် ၆၄ ပါး ဖြစ်ကုန်၏။ (ဒီ၊၄၊၃။၂၄၈။)

http://www.dhammadownload.com

သမ္မာဒိဋ္ဌိ ချီးမြှောက်အပ်ကြောင်း တရား ၅ ပါး ၁။ မှန်ကန်သော အယူ သမ္မာဒိဋ္ဌိကို သိလဖြင့် ချီးမြှောက်အပ်ခြင်း၊ ၂။ မှန်ကန်သော အယူ သမ္မာဒိဋ္ဌိကို အကြားအမြင်ဖြင့်လည်း ချီးမြှောက်အပ်ခြင်း၊ ၃။ မှန်ကန်သော အယူ သမ္မာဒိဋ္ဌိကို ဆွေးနွေးမှုဖြင့်လည်း ချီးမြှောက်အပ်ခြင်း၊ ၄။ မှန်ကန်သော အယူ သမ္မာဒိဋ္ဌိကို သမထဖြင့်လည်း ချီးမြှောက်အပ်ခြင်း၊ ၅။ မှန်ကန်သော အယူ သမ္မာဒိဋ္ဌိကို ဝိပဿနာဖြင့်လည်း ချီးမြှောက်အပ်ခြင်း။ (အံ၊၂။၁၇။) (အံ၊မြန်၊၂။၂၃။)

သမ္မာဒိဋ္ဌိပုဂ္ဂိုလ် လားရာ ဂတိ ၂ မျိုး ၁။ နတ်ဘုံ ဒေဝဂတိ၊ ၂။ လူ့ဘုံ မနုဿဂတိ။ (အံ၊၁။၆၂။) (အံ၊မြန်၊၁။၇၄။)

သမ္မာဒိဋ္ဌိ ဖြစ်ကြောင်း ၂ ပါး ၁။ ပရတောဃောသ– သူတစ်ပါးအထံမှ သစ္စာလေးပါးနှင့် စပ်သော တရားဒေသနာကို ကြားနာခြင်း၊ ၂။ ယောနိသောမနသိကာရ– မိမိ၏ အစွမ်းတွင်သန္ဓာန်၌ တရားဒေသနာတို့ကို အသင့်အတင့်အားဖြင့် နှလုံးသွင်းခြင်း။ (မ၊၁။၃၆၈။) (အံ၊၁။၈၇။) (ပေဋကော။၁၆၇။) (ဥဒါန၊၌။၉၄။) (သာရတ္ထ၊ဋီ၊၃။၁၆၁။) (မ၊မြန်၊၁။၃၇၉။) (အံ၊မြန်၊၁။၁၀၂။)

သမ္မာဒိဋ္ဌိ၏ ဝိဝေက ၅ ပါး ၁။ ခွါသည့်အစွမ်းဖြင့် ကင်းဆိတ်ခြင်း (ဝိက္ခမ္ဘနဝိဝေက)၊ ၂။ တဒင်္ဂ ခဏအားဖြင့် ကင်းဆိတ်ခြင်း (တဒင်္ဂဝိဝေက)၊ ၃။ ကောင်းစွာ ဖြတ်ခြင်းဖြင့် ကင်းဆိတ်ခြင်း (သမုစ္ဆေဒဝိဝေက)၊ ၄။ တစ်ဖန် ငြိမ်းသောအားဖြင့် ကင်းဆိတ်ခြင်း (ပဋိပဿဒ္ဓိဝိဝေက)၊ ၅။ ထွက်မြောက်သည့်အစွမ်းဖြင့် ကင်းဆိတ်ခြင်း (နိဿရဏဝိဝေက)၊ **မှတ်ချက်။** ။ ကြွင်းကျန်သော သမ္မာဒိဋ္ဌိ၏ ဝိရာဂ ငါးပါး၊ နိရောဓ ငါးပါး၊ ဝေါသဂ္ဂငါးပါးတို့ကိုလည်း ဝိဝေက ငါးပါးနှင့် အတူ ယူလေ၊ အလားတူ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော ကျန်မဂ္ဂင်ခုနစ်ပါးတို့ ၌လည်း အထက်ပါ ဝိဝေက ငါးပါး၊ ဝိရာဂငါးပါး၊ နိရောဓငါးပါး၊ ဝေါသဂ္ဂငါးပါးတို့ကို သမ္မာဒိဋ္ဌိအတိုင်း ယူလေ။ (ပဋိသံ။၃၉၇–၃၉၈။) (ပဋိသံ၊မြန်။၄၅၉။)

သမ္မာဒိဋ္ဌိ အခြေအရံ တရား ၃ ပါး ၁။ သမ္မာဒိဋ္ဌိ၊ ၂။ သမ္မာဝါယာမ၊ ၃။ သမ္မာသတိ။ (မ၊၃။၁၁၇။) (မ၊မြန်၊၃။၁၂၀။)

သမ္မာဒိဋ္ဌိ အင်္ဂါ ၅ ပါး (အရဟတ္တဖိုလ်အကျိုးကို ဖြစ်စေနိုင်သော သမ္မာဒိဋ္ဌိ၏ အင်္ဂါ ၅ ပါး) ၁။ စောင့်စည်းမှု သီလအထောက်အပံ့ကို ရခြင်း၊ ၂။ တရားနာခြင်း သုတအထောက်အပံ့ကို ရခြင်း၊ ၃။ ကမ္မဋ္ဌာန်းတရား ဆွေးနွေးမှု ဓမ္မသာကစ္ဆာ အထောက်အပံ့ကို ရခြင်း၊ ၄။ ဈာန် သမာပတ်ဟု ဆိုအပ်သော သမထအထောက်အပံ့ကို ရခြင်း၊ ၅။ အထူးထူးရှုခြင်းဟု ဆိုအပ်သော ဝိပဿနာအထောက်အပံ့ကို ရခြင်း။ (မ၊၁။၃၆၈။) (မ၊မြန်၊၁။၃၇၉။)

သမ္မာမဂ္ဂင် ၁၀ ပါး ဖြစ်ပွားပုံ ၁။ မှန်သော အမြင်ရှိသူအား မှန်သောအကြံ ဖြစ်ခြင်း၊ ၂။ မှန်သော အကြံစည်ရှိသူအား မှန်သောစကား ဖြစ်ခြင်း၊ ၃။ မှန်သော စကားရှိသူအား မှန်သော အလုပ်ကို လုပ်ခြင်း၊ ၄။ မှန်သော အလုပ်ရှိသူအား မှန်သော အသက်မွေးမှု ဖြစ်ခြင်း၊ ၅။ မှန်သော အသက်မွေးမှုရှိသူအား မှန်သော လုံ့လ ဖြစ်ခြင်း၊ ၆။ မှန်သော လုံ့လရှိသူအား မှန်သော သတိ ဖြစ်ခြင်း၊ ၇။ မှန်သော သတိရှိသူအား မှန်သော သမာဓိဖြစ်ခြင်း၊ ၈။ မှန်သော သမာဓိရှိသူအား

http://www.dhammadownload.com

မှန်သော ဉာဏ်အမြင် ဖြစ်ခြင်း၊ ၉။ မှန်သော ဉာဏ်အမြင်ရှိသူအား မှန်သော လွတ်မြောက်မှု ဖြစ်ခြင်း။ (အံ၊၃။၄၂၈။) (အံ၊မြန်၊၃။၄၂၀။)

သမ္မာဝါစာ ၂ မျိုး ၁။ လောကီသမ္မာဝါစာ၊ ၂။ လောကုတ္တရာသမ္မာဝါစာ။ (မ၊၃။၁၁၈။) (မ၊မြန်၊ ၃။၁၂၁။)

သမ္မာဝါစာ၏ အခြေအရံ တရား ၃ ပါး ၁။ သမ္မာဒိဋ္ဌိ၊ ၂။ သမ္မာဝါယာမ၊ ၃။ သမ္မာသတိ။ (မ၊၃။ ၁၁၉။) (မ၊မြန်၊၃။၁၂၂။)

သမ္မာဝိတက် ၂ မျိုး ၁။ ခေမဝိတက်၊ ၂။ ပဝိဝေကဝိတက်။ (ဣတိဝုတ်၊၌။၁၄၁။)

သမ္မာသမာဓိ ပွားများပုံ ၅ မျိုး ၁။ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် ပဌမစျာန်ကို ရောက်၍ နေခြင်း၊ ၂။ ဝိတက်၊ ဝိစာရတို့၏ ချုပ်ခြင်းကြောင့် ဒုတိယစျာန်ကို ရောက်၍ နေခြင်း၊ ၃။ ပီတိကို မစွဲမက်ခြင်းကြောင့် တတိယစျာန်ကို ရောက်၍ နေခြင်း၊ ၄။ သုခကို ပယ်ခြင်းကြောင့် စတုတ္ထစျာန်ကို ရောက်၍ နေခြင်း၊ ၅။ ဆင်ခြင်တတ်သော "ပစ္စဝေက္ခဏာ"ဉာဏ်ဟူသော အာရုံကို ထိုးထွင်း၍ သိခြင်း။ (အံ၊၂။၂၁။) (အံ၊မြန်၊၂။၂၇။)

သမ္မာသမာဓိ၏ အခြေအရံ ၇ မျိုး ၁။ မှန်ကန်သော အမြင်၊ ၂။ မှန်ကန်သော အကြံ၊ ၃။ မှန်ကန်သော စကား၊ ၄။ မှန်ကန်သော အလုပ်၊ ၅။ မှန်ကန်သော အသက်မွေးမှု၊ ၆။ မှန်ကန်သော လုံ့လပြုမှု၊ ၇။ မှန်ကန်သော အမှတ်ရမှု။ (မ၊၃။၁၁၆။) (မ၊မြန်၊၃။၁၁၉။)

သမ္မာသင်္ကပ္ပ ၂ မျိုး ၁။ လောကီသမ္မာသင်္ကပ္ပ၊ ၂။ လောကုတ္တရာသမ္မာသင်္ကပ္ပ။ (မ၊၃။၁၁၇။) (မ၊မြန်၊ ၃။၁၂၀။)

သမ္မာသင်္ကပ္ပ ၃ မျိုး ၁။ နေက္ခမ္မသင်္ကပ္ပ– ကာမဂုဏ်အနှောင်အဖွဲ့မှ ထွက်မြောက်သော ကြံစည်မှု၊ ၂။ အဗျာပါဒသင်္ကပ္ပ– ဒေါသလွတ်ကင်းသော ကြံစည်မှု၊ ၃။ အဝိဟိံသာသင်္ကပ္ပ– နှိပ်စက် ညှဉ်းဆဲခြင်းမှ လွတ်ကင်းသော ကြံစည်မှု။ မ၊၁။၁၇၈။) (မ၊မြန်၊၁။၃၇၉။) (အံ၊မြန်၊၁။၁၀၂။) (အဘိ၊ဝိ၊ မြန်၊၁။၃၈၁။) (အဘိ၊ဝိ၊မြန်၊၁။၃၈၁။)

သမ္မာအာဇီဝ ၂ မျိုး ၁။ လောကီ မှန်ကန်သော အသက်မွေးမှု၊ ၂။ လောကုတ္တရာ မှန်ကန်သော အသက် မွေးမှု။ (မ၊၃။၁၂၀။) (မ၊မြန်၊၃။၁၂၃။)

သမ္မာအာဇီဝ၏ အခြေအရံ တရား ၃ ပါး ၁။ မှန်ကန်သော အမြင်၊ ၂။ မှန်ကန်သော လုံ့လ၊ ၃။ မှန်ကန်သော သတိ။ (မ၊၃။၁၂၀။) (မ၊မြန်၊၃။၁၂၄။)

သမ္မာခါဝိနည်း အစစ်ဖြစ်သော တရားသော အမှုဖြင့် အဓိကရဏ်း ငြိမ်းစေခြင်း ၉ ပါး ၁။ ဓမ္မဝါဒီပုဂ္ဂိုလ်က အဓမ္မဝါဒီပုဂ္ဂိုလ်အား လည်းကောင်း၊ ၂။ ဓမ္မဝါဒီပုဂ္ဂိုလ်က အဓမ္မဝါဒီ ပုဂ္ဂိုလ် အများစုတို့အား လည်းကောင်း၊ ၃။ ဓမ္မဝါဒီပုဂ္ဂိုလ်က အဓမ္မဝါဒီသံဃာအား လည်းကောင်း၊ ၄။ ဓမ္မဝါဒီပုဂ္ဂိုလ်အများစုက အဓမ္မဝါဒီပုဂ္ဂိုလ်အား လည်းကောင်း၊ ၅။ ဓမ္မဝါဒီပုဂ္ဂိုလ် အများစု တို့က အဓမ္မဝါဒီပုဂ္ဂိုလ်အများစုတို့အား လည်းကောင်း၊ ၆။ ဓမ္မဝါဒီပုဂ္ဂိုလ်အများစုက အဓမ္မဝါဒီ သံဃာအား လည်းကောင်း၊ ၇။ ဓမ္မဝါဒီသံဃာက အဓမ္မဝါဒီပုဂ္ဂိုလ်အား လည်းကောင်း၊ ၈။ ဓမ္မဝါဒီ

http://www.dhammadownload.com

သံဃာက အဓမ္မဝါဒီပုဂ္ဂိုလ် အများစုအားလည်းကောင်း၊ ၉။ ဓမ္မဝါဒီသံဃာက အဓမ္မဝါဒီသံဃာအားလည်းကောင်း– ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ နှစ်သက်ကြကုန်လော့ဟု ကောင်းစွာ သိစေ၊ ကြည့်ရှုဆင်ခြင်စေလျက် ထပ်ကာ ထပ်ကာ ညွှန်ပြခြင်း။ (ဝိ၊၄။၁၉၀။) (ဝိ၊မြန်၊၄။၁၈၃–၁၈၄။)

သမ္မုခါဝိနည်း အစစ်ဖြစ်သော မတရားသောအမှုဖြင့် အဓိကရဏ်းငြိမ်းစေခြင်း ၉ ပါး ၁။ အဓမ္မဝါဒီပုဂ္ဂိုလ်က ဓမ္မဝါဒီပုဂ္ဂိုလ်အားလည်းကောင်း၊ ၂။ အဓမ္မဝါဒီပုဂ္ဂိုလ်က ဓမ္မဝါဒီပုဂ္ဂိုလ် အများစုအားလည်းကောင်း၊ ၃။ အဓမ္မဝါဒီပုဂ္ဂိုလ်က ဓမ္မဝါဒီသံဃာအားလည်းကောင်း၊ ၄။အဓမ္မဝါဒီပုဂ္ဂိုလ် အများစုက ဓမ္မဝါဒီပုဂ္ဂိုလ်အားလည်းကောင်း၊ ၅။ အဓမ္မဝါဒီပုဂ္ဂိုလ် အများစုက ဓမ္မဝါဒီပုဂ္ဂိုလ် အများစုအားလည်းကောင်း၊ ၆။ အဓမ္မဝါဒီပုဂ္ဂိုလ် အများစုက ဓမ္မဝါဒီ သံဃာအားလည်းကောင်း၊ ၇။ အဓမ္မဝါဒီ သံဃာက ဓမ္မဝါဒီပုဂ္ဂိုလ်အား လည်းကောင်း၊ ၈။ အဓမ္မဝါဒီသံဃာက ဓမ္မဝါဒီပုဂ္ဂိုလ်အများစုအားလည်းကောင်း၊ ၉။ အဓမ္မဝါဒီ သံဃာက ဓမ္မဝါဒီသံဃာအားလည်းကောင်း– "ဤကား ဓမ္မတည်း၊ ဤကား ဝိနယတည်း၊ ဤကား မြတ်စွာဘုရား အဆုံးအမတော်တည်း၊ ဤအဆုံးအမတော်ကို ယူကုန်လော့၊ နှစ်သက်ကြကုန်လော့ဟု ကောင်းစွာ သိစေ၊ ကြည့်ရှုဆင်ခြင်စေလျက် ထပ်ကာ ထပ်ကာ ညွှန်ပြခြင်း။ (ဝိ၊၄။၁၈၈။) (ဝိ၊မြန်၊၄။၁၈၂–၁၈၃။)

သမ္မုခီဘာဝ ၄ မျိုး ၁။ ဓမ္မသမ္မုခတာ– ဟုတ်မှန်သော ဝတ္ထု၏ မျက်မှောက်–ထင်ရှားရှိသည်၏ အဖြစ်၊ ၂။ ဝိနယသမ္မုခတာ– ထိုထိုအဓိကရဏ်းကို ငြိမ်းစေခြင်း၌ မြတ်စွာဘုရားသည် ဟောအပ်သော အစီအရင်၏ မျက်မှောက်အဖြစ်၊ ၃။ သံဃသမ္မုခတာ– သံဃာ၏ မျက်မှောက် ထင်ရှားရှိသည်၏ အဖြစ်၊ ၄။ ပုဂ္ဂလသမ္မုခတာ– ပုဂ္ဂိုလ်၏ မျက်မှောက်ထင်ရှားရှိသည်၏ အဖြစ်။ (အံ၊၂၊၂။၆၆။)

သမ္မုတိ ၁၃ မျိုး ၁။ ဆွမ်းအလှည့်ကို ညွှန်ချတတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၂။ အိပ်ရာနေရာကို ခင်းပေးတတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၃။ ဘဏ္ဍာတိုက်၌ ဘဏ္ဍာထိန်းရဟန်းအား ပေးသော သမ္မုတိ၊ ၄။ သင်္ကန်းကို ခံယူတတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၅။ သင်္ကန်းကို ဝေဖန်တတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၆။ သောက်ဖွယ်ယာဂုကို ဝေဖန်တတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၇။ သစ်သီးတို့ကို ဝေဖန်တတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၈။ ခဲဖွယ်ကို ဝေပေးတတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၉။ ပစ္စည်းအနည်းငယ်ကို စွန့်တတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၁၀။ မိုးရေခံသင်္ကန်းကို ယူစေတတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၁၁။ သပိတ်ကို ယူစေတတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၁၂။ အာရာမ်စောင့်တို့ကို စေခိုင်းတတ်သော ရဟန်းအား ပေးသော သမ္မုတိ၊ ၁၃။ သာမဏေတို့ကို စေခိုင်းတတ်သော ရဟန်းအား ပေးသော သမ္မုတိ။ (ဝိမတိ၊၁။၁၅၉–၂၈၀။)

သမ္မတ္တတရား ၈ ပါး ၁။ မှန်သော သိမြင်ခြင်း 'သမ္မာဒိဋ္ဌိ'၊ ၂။ မှန်သော ကြံခြင်း 'သမ္မာသင်္ကပ္ပ'၊ ၃။ မှန်သော ပြောဆိုခြင်း 'သမ္မာဝါစာ'၊ ၄။ မှန်သော ပြုလုပ်ခြင်း 'သမ္မာကမ္မန္တ'၊

http://www.dhammadownload.com

၅။ မှန်သော အသက်မွေးခြင်း 'သမ္မာအာဇီဝ'၊ ၆။ မှန်သော အားထုတ်ခြင်း 'သမ္မာဝါယမ'၊ ၇။ မှန်သော အောက်မေ့ခြင်း 'သမ္မာသတိ'၊ ၈။ မှန်သော တည်ကြည်ခြင်း 'သမ္မာသမာဓိ'။ (ဒီ၊၃။၂၁၁။) (ဒီ၊မြန်၊၃။၂၃၄။)

သမ္မပ္ပဓာနကထာ ၂ ကျိုး ၁။ လောကီ သမ္မပ္ပဓာနကထာ၊ ၂။ လောကုတ္တရာ သမ္မပ္ပဓာနကထာ။ (အံ၊၆။၁။၃၈၃။) (အဘိ၊၆။၂။၂၇၇။)

သမ္မပ္ပဓာန် တရား ၄ ပါး ၁။ မဖြစ်ကုန်သေးသော ယုတ်ညံ့သော အကုသိုလ်တို့ကို မဖြစ်ပေါ်စေရန် အလိုဆန္ဒကို ဖြစ်စေခြင်း, အားထုတ်ခြင်း, လုံ့လပြုခြင်း, စိတ်ကို ချီးမြှောက်ခြင်း, ဆောက်တည်ခြင်း၊ ၂။ ဖြစ်ကုန်ပြီးကုန်သော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို ပယ်ရန် အလိုဆန္ဒကို ဖြစ်စေခြင်း, အားထုတ်ခြင်း, လုံ့လပြုခြင်း, စိတ်ကို ချီးမြှောက်ခြင်း, ဆောက်တည်ခြင်း၊ ၃။ မဖြစ်ကုန်သော ကုသိုလ်တရားတို့ကို ဖြစ်စေရန် အလိုဆန္ဒကို ဖြစ်စေခြင်း, အားထုတ်ခြင်း, လုံ့လပြုခြင်း စိတ်ကို ချီးမြှောက်ခြင်း, ဆောက်တည်ခြင်း၊ ၄။ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန်, မပျောက်ပျက်စေရန်, တိုးတက်ဖြစ်ပွားစေရန်, ပြန့်ပြောစေရန်, ပွားများမှု ပြည့်စုံစေရန်, အလိုဆန္ဒကို ဖြစ်စေခြင်း, အားထုတ်ခြင်း, လုံ့လပြုခြင်း, စိတ်ကို ချီးမြှောက်ခြင်း, ဆောက်တည်ခြင်း။ (ဒီ၊၃။၁၈၅။) (မ၊၂။၂၀၃။) (သံ၊၃။၂၁၄။) (သံ၊၃။၂၁၆။) (အံ၊၃။၂၅၄။) (အဘိ၊၀။၂၁၆။) (အဘိ၊၀။၂၁၉။) (အဘိ၊၀။၂၂၃။) (အံ၊၆။၁။၃၈၄။) (ပဋိသံ၊၆။၁။၁၅၆။) (ပဋိသံ၊၆။၁။၂၇၀။) (ဒီ၊မြန်၊၃။၂၀၅။) (မ၊မြန်၊၂။၂၁၅။) (သံ၊မြန်၊၃။၂၁၈။) (သံ၊မြန်၊၃။၂၁၈။) (အံ၊မြန်၊၃။၂၅၃။) (အဘိ၊၀၊မြန်၊၂။၁၉၁။) (အဘိ၊၀၊မြန်၊၂။၁၉၁။) (အဘိ၊၀၊မြန်၊၂။၁၉၁။)

သမ္မပ္ပဓာန် လေးပါး၌ ဣန္ဒြေငါးပါး ဖြစ်ပုံ (သမ္မပ္ပဓာန် လေးပါး၌ ဝီရိယိန္ဒြေ၏ အစွမ်းအားဖြင့် ဣန္ဒြေငါးပါးတို့ကို မှတ်ကြောင်းခြင်းရာ ၂၀) ၁။ မဖြစ်သေးသော အကုသိုလ်တရားတို့ မဖြစ်ခြင်းငှာ သမ္မပ္ပဓာန်၌ ချီးမြှောက်ခြင်းကို အကြီးအမှူး ပြုသောအားဖြင့် ဝီရိယိန္ဒြေကို မှတ်ခြင်း၊ ၂။ ဝီရိယိန္ဒြေ၏ အစွမ်းဖြင့် ထင်သော သဘောအားဖြင့် သတိန္ဒြေကို မှတ်ခြင်း၊ ၃။ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေကို မှတ်ခြင်း၊ ၄။ မြင်တတ်သော သဘောအားဖြင့် ပညိန္ဒြေကို မှတ်ခြင်း၊ ၅။ ဆုံးဖြတ်တတ်သော သဘောအားဖြင့် သဒ္ဓိန္ဒြေကို မှတ်ခြင်း အားဖြင့် ငါးပါး၊ (အလားတူ– ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ ငါးပါး၊ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ခြင်းငှာ ငါးပါး၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ အလွန်ပွားများခြင်းငှာ ငါးပါးအားဖြင့် ပေါင်း သမ္မပ္ပဓာန် (၄) ပါးတို့၌ အခြင်းအရာ (၂၀) ဖြစ်သတည်း) ။ (ပဋိသံ။၂၁၂–၂၁၃။) (ပဋိသံ၊မြန်။၂၆၃။)

သိမ်နိမိတ် ၈ မျိုး ၁။ တောင်နိမိတ်၊ ၂။ ကျောက်နိမိတ်၊ ၃။ တောနိမိတ်၊ ၄။ သစ်ပင်နိမိတ်၊ ၅။ တောင်ပို့နိမိတ်၊ ၆။ လမ်းနိမိတ်၊ ၇။ မြစ်နိမိတ်၊ ၈။ ရေနိမိတ်။ (ဝိ၊၃။၁၄၄။) (ဝိ၊၆၊၃။၃၁၉။) (ဝိ၊မြန်၊၃။၁၄၈။)

သိမ်နတ်ခြင်း၏ အကြောင်း ၂ ပါး ၁။ နဂိုကကျဉ်းနေသော သိမ်ကို ထပ်ချဲ့လိုသောကြောင့် နတ်ခြင်း၊ ၂။ နဂိုကကျယ်နေ ကြီးနေသော သိမ်ကို ကျဉ်းစေလိုသောကြောင့် နတ်ခြင်း။ (ဝိ၊၆၊၃။၃၃၂။)

http://www.dhammadownload.com

သိမ်းသွင်းကြောင်း တရား ၄ ပါး သင်္ဂဟဝတ္ထု ၄ ပါးနှင့် တူသည်။

သုံးစွဲခြင်း ၄ မျိုး ၁။ လဒ္ဓိပရိဘောဂ- လဒ္ဓိပုဂ္ဂိုလ်၏ ပစ္စည်းတို့ကို ယူ၍ သုံးစွဲခြင်း၊ ၂။ အလဒ္ဓိပရိဘောဂ- အလဒ္ဓိပုဂ္ဂိုလ်၏ ပစ္စည်းတို့ကို ယူ၍ သုံးစွဲခြင်း၊ ၃။ ဓမ္မိယပရိဘောဂ- တရားသဖြင့် ဝိနည်းနှင့်အညီရအပ်သော ပစ္စည်းကို သုံးစွဲခြင်း၊ ၄။ အဓမ္မိယပရိဘောဂ- ဝိနည်းနှင့် မညီဘဲ မတရားသဖြင့် ရအပ်သော ပစ္စည်းကို သုံးစွဲခြင်း။ (ဝိ၊၆၂။၂၇၃။)

သုံးဆောင်ခြင်း ၂ မျိုး ၁။ ဓမ္မပရိဘောဂ- တရားကို သုံးဆောင်ခြင်း၊ ၂။ အာမိသပရိဘောဂ- ပစ္စည်းဥစ္စာကို သုံးဆောင်ခြင်း။ (ဝိ၊၆၂။၂၇၄။) (အံ၊၁။၉၁။) (အံ၊မြန်၊၁။၁၀၆။)

သုံးဆောင်ခြင်း ၂ မျိုး (တစ်နည်း) ၁။ အတွင်း သုံးဆောင်ခြင်း၊ ၂။ အပြင် သုံးဆောင်ခြင်း။ (ဝိ၊၅။၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

သုံးဆောင်ခြင်း ၄ မျိုး ၁။ သီလမရှိသော ရဟန်း၏ သုံးဆောင်ခြင်းသည် ပစ္စည်းလေးပါးတို့ကို ခိုးယူသုံးဆောင်ခြင်း (ထေယျပရိဘောဂ) မည်၏၊ ၂။ သီလရှိသော ရဟန်း၏ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်းသည် အကြွေးယူ၍ သုံးဆောင်ခြင်းနှင့် တူသော သုံးဆောင်ခြင်း (ဣဏပရိဘောဂ) မည်၏၊ ၃။ သေကွဖြစ်သော အရိယာရဟန်းတို့၏ သုံးဆောင်ခြင်းသည် အမွေပစ္စည်းသုံးဆောင်ခြင်းနှင့်တူသောသုံးဆောင်ခြင်း(ဒါယဇ္ဇပရိဘောဂ)မည်၏၊၄။အာသဝေါကုန်ခန်း ရဟန္တာဖြစ်သော ရဟန်း၏ သုံးဆောင်ခြင်းသည် ပစ္စည်းလေးပါး တို့ကို အရှင်သခင် သုံးဆောင်ခြင်းနှင့် တူသော သုံးဆောင်ခြင်း (သာမိပရိဘောဂ) မည်၏။ (ဝိ၊၆၂။၂၇၂။) (ဝိ၊၆၂။၂၇၃။) (မ၊၆၃။၂၃၆။) (သံ၊၆၂။၁၈၃။) (အံ၊၆၁။၅၄။) (ဝိသု၌၊၁။၄၁။)

သုံးဆောင်ထိုက်သော ပစ္စည်း ၅ မျိုး ၁။ ပေးအပ် ကပ်အပ်သော ပစ္စည်း၊ ၂။ ကပ်မှန်း သိသာထင်ရှားသော ပစ္စည်း၊ ၃။ သမဏကပ္ပ ငါးပါးတို့ဖြင့် ကပ္ပိအပ်သော ပစ္စည်း၊ ၄။ အကပ်ခံအပ်သော ပစ္စည်း၊ ၅။ အတိရိတ်ဝိနည်းကံ ပြုအပ်သော ပစ္စည်း။ (ဝိ၊၅။၂၃၁။) (ဝိ၊မြန်၊၅။၃၂၀။)

သဿတဒိဋ္ဌိ ၄ မျိုး ၁။ ပထမသဿတဒိဋ္ဌိဝါဒ-ဤတစ်ဘဝမှ စ၍ ဘဝသိန်းပေါင်းများစွာ ဇာတိနာမ စသည်ကို အောက်မေ့နိုင်သဖြင့် မြဲ၏ဟု ယူခြင်း၊ ၂။ ဒုတိယသဿတဒိဋ္ဌိဝါဒ- ဤတစ်ဘဝမှ စ၍ ဆယ်ပါးသော သံဝဋ္ဋဝိဝဋ္ဋကပ်တိုင်အောင် ဇာတိ နာမ စသည်ကို အောက်မေ့နိုင်သဖြင့် မြဲ၏ဟု ယူခြင်း၊ ၃။ တတိယသဿတဒိဋ္ဌိဝါဒ- ဤတစ်ဘဝမှ လေးဆယ်သော သံဝဋ္ဋဝိဝဋ္ဋကပ်တိုင်အောင် ဇာတိ နာမ စသည်ကို အောက်မေ့နိုင်သဖြင့် မြဲ၏ဟု ယူခြင်း၊ ၄။ စတုတ္ထသဿတဒိဋ္ဌိဝါဒ- အတ္တသည်လည်းကောင်း လောကသည်လည်းကောင်း မြဲ၏ဟု ကြံဆခြင်း, ဉာဏ်အတုဖြင့် စူးစမ်းခြင်း။ (ဒီ၊၁။၁၁၊၁၅။) (ဒီ၊မြန်၊၁။၁၂။)

သဿတဒိဋ္ဌိကို ဖြစ်စေသော တရား ၅ ပါး ၁။ ရုပ်ကို အမှားနှလုံးသွင်းသောကြောင့် သဿတဒိဋ္ဌိအယူ ဖြစ်၏၊ ၂။ ဝေဒနာကို အမှားနှလုံးသွင်းသောကြောင့် သဿတဒိဋ္ဌိအယူ ဖြစ်၏၊ ၃။ သညာကို အမှားနှလုံးသွင်းသောကြောင့် သဿတဒိဋ္ဌိအယူ ဖြစ်၏၊ ၄။ ဝိညာဏ်ကို အမှားနှလုံးသွင်းသောကြောင့် သဿတဒိဋ္ဌိအယူ ဖြစ်၏။ (သံ၊၂။၁၇၄။) (သံ၊မြန်၊၂။၁၆၆)

http://www.dhammadownload.com

သဿတဒိဋ္ဌိဖြင့် နလုံးသွင်းပုံ ၁၅ မျိုး ဤလောကဘဲ့ ပုထုဇဉ်ပုဂ္ဂိုလ်သည် ၁။ ရုပ်ရှိသော အတ္တကို အဖန်ဖန်ရှုခြင်း၊ ၂။ အတ္တဘဲ့ ရုပ်ကို အဖန်ဖန်ရှုခြင်း၊ ၃။ ရုပ်ဘဲ့ အတ္တကို အဖန်ဖန် ရှုခြင်း၊ ၄။ ဝေဒနာရှိသော အတ္တကို အဖန်ဖန်ရှုခြင်း၊ ၅။ ဝေဒနာဘဲ့ အတ္တကို အဖန်ဖန်ရှုခြင်း၊ ၆။ ဝေဒနာဘဲ့ အတ္တကို အဖန်ဖန်ရှုခြင်း၊ ၇။ သညာရှိသော အတ္တကို အဖန်ဖန် ရှုခြင်း၊ ၈။ အတ္တဘဲ့ သညာကို အဖန်ဖန် ရှုခြင်း၊ ၉။ သညာဘဲ့ အတ္တကို အဖန်ဖန် ရှုခြင်း၊ ၁၀။ သင်္ခါရ ရှိသော အတ္တကို အဖန်ဖန် ရှုခြင်း၊ ၁၁။ အတ္တဘဲ့ သင်္ခါရတို့ကို အဖန်ဖန် ရှုခြင်း၊ ၁၂။ သင်္ခါရ တို့ဘဲ့ အတ္တကို အဖန်ဖန်ရှုခြင်း၊ ၁၃။ ဝိညာဏ်ရှိသော အတ္တကို အဖန်ဖန်ရှုခြင်း၊ ၁၄။ အတ္တဘဲ့ ဝိညာဏ်ကို အဖန်ဖန်ရှုခြင်း၊ ၁၅။ ဝိညာဏ်ဘဲ့ အတ္တကို အဖန်ဖန်ရှုခြင်း ဤ (၁၅) ပါးသော အခြင်းအရာတို့ဖြင့် အမှာ နလုံးသွင်း၏။ (ပဋိသံ။၁၄၈။) (ပဋိသံ၊မြန်။၁၉၁။)

သဿတ အယူဝါဒ ၃ မျိုး ၁။ ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ စတုတ္ထဈာန်သမာဓိကို ရသဖြင့် စိတ်တည်ကြည်လတ်သော် ဘဝပေါင်းများစွာဘဲ့ အမည် အမျိုးနှင့် ချမ်းသာ ဆင်းရဲအမျိုးမျိုး အသက်အပိုင်းအခြား အမျိုးမျိုးတို့ကို အောက်မေ့နိုင်၍ လောကသည် ပျက်လည်း ပျက်ခဲ့၏ ဖြစ်လည်း ဖြစ်ခဲ့၏ဟု အတိတ်ကာလကိုလည်းကောင်း၊ ပျက်လည်း ပျက်လတ္တံ့ ဖြစ်လည်း ဖြစ်လတ္တံ့ဟု အနာဂတ်ကာလကို သိသဖြင့် အတ္တသည်လည်းကောင်း လောကသည်လည်းကောင်း မြဲ၏ဟု ယူခြင်း၊ ၂။ ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ စတုတ္ထဈာန်သမာဓိကို ရသဖြင့် စိတ်တည်ကြည်လတ်သော် ပျက်ကပ်များစွာဘဲ့ အမည် အမျိုး ချမ်းသာ ဆင်းရဲ အသက် အပိုင်းအခြားတို့ကို အောက်မေ့နိုင်၍ လောကသည် ပျက်လည်း ပျက်ခဲ့၏ ဖြစ်လည်း ဖြစ်ခဲ့၏ဟု အတိတ်ကာလနှင့် ပျက်လည်း ပျက်လတ္တံ့ ဖြစ်လည်း ဖြစ်လတ္တံ့ဟု အနာဂတ်ကာလကို သိသဖြင့် အတ္တသည်လည်းကောင်း လောကသည်လည်းကောင်း မြဲ၏ဟု ယူခြင်း၊ ၃။ ပြင်းစွာ အားထုတ်ခြင်းကိုစွဲ၍ စတုတ္ထဈာန်သမာဓိကို ရသဖြင့် စိတ်တည်ကြည်လတ်သော် ပျက်ကပ် ဖြစ်ကပ်များစွာဘဲ့ အမည် အမျိုး ချမ်းသာ ဆင်းရဲ အသက် အပိုင်းအခြားတို့ကို အောက်မေ့နိုင်၍ လောကသည် ပျက်လည်း ပျက်ခဲ့၏ ဖြစ်လည်း ဖြစ်ခဲ့၏ဟု အတိတ်ကာလနှင့် ပျက်လည်း ပျက်လတ္တံ့ ဖြစ်လည်း ဖြစ်လတ္တံ့ဟု အနာဂတ်ကာလကို သိသဖြင့် အတ္တသည်လည်းကောင်း လောကသည်လည်းကောင်း မြဲ၏ဟု ယူခြင်း။ (ဒီ၊၃။၉၀၊၉၁။) (ဒီ၊မြန်၊၃။၉၇-၉၉။)

သုသာန်စုတင် ဆောက်တည်သူ ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲ တွေဝေသောကြောင့် ဆောက်တည်ခြင်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် ဆောက်တည်ခြင်း၊ ၃။ စိတ်ပျံ့လွင့် ရူးသွပ်သောကြောင့် ဆောက်တည်ခြင်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်တို့သည် ချီးမွမ်းအပ်၏ဟု ဆောက်တည်ခြင်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို အမှီပြု၍ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်ခြင်း။ (ဝိ၊၅။၃၃၅။) (ဝိ၊မြန်၊၅။၄၃၈။)

သွားတိုက်ခြင်း အကျိုး ၅ ပါး တံပူခဲခြင်း အကျိုး ၅ ပါးနှင့် တူသည်။

သွားတိုက်ဆေး လျူရကျိုး ၅ ပါး ၁။ သန့်ရှင်းစင်ကြယ်သော လည်းချောင်းရှိခြင်း၊ ၂။ သာယာ ချိုမြိန်သော အသံရှိခြင်း၊ ၃။ ချောင်းဆိုးရောဂါမှ ကင်းခြင်း၊ ၄။ ပန်းနာရင်ကျပ်ရောဂါမှ ကင်းခြင်း၊ ၅။ ခံတွင်းမှ ကြာညီပြန်းနံ့ သင်းပြန့်ခြင်း။ (အပ၊၁။၃၆၉။) (အပ၊မြန်၊၁။၃၇၈။)

http://www.dhammadownload.com

သွားမတိုက်ခြင်း အပြစ် ၅ မျိုး တံပူမခဲခြင်း အပြစ် ၅ မျိုးနှင့် တူသည်။

သွေး ၂ မျိုး ၁။ သန္ဓိစိတလောဟိတ– ကောင်းစွာ စုဝေး၍ တည်နေသော သွေး၊ ၂။ သံသရဏလောဟိတ– ထိုမှဤမှ အကြောတို့ကို လျှောက်သွားသော ရဂ္ဂရှားသော သွေး။ (ခုဒ္ဒက၊ ဋ္ဌ။၅၀။) (ဝိသုဒ္ဓိ၊၁။၂၅၃။) (အဘိ၊ဋ္ဌ၊၂။၂၃၃။)

သွက်သောပညာ ရကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်း တရား ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (သံ၊မြန်၊၃။၃၆၄၃၆၇။) (သံ၊မြန်၊၃။၃၆၄၃၆၇။)

သဏ္ဌိုင်း အပြစ် ၅ ပါး ၁။ မစင်ကြယ်ခြင်း၊ ၂။ မကောင်းသော အနှံ့ရှိခြင်း၊ ၃။ ဘေး အန္တရာယ်ရှိခြင်း၊ ၄။ ကြမ်းတမ်းသော ဘီလူးသရဲတို့၏ နေရာ ဖြစ်ခြင်း၊ ၅။ များစွာသော လူအပေါင်းတို့၏ ဝိုကြွေးရာ ဖြစ်ခြင်း။ (အံ၊၂။၂၃၅။) (အံ၊မြန်၊၂။၃၀၀။)

သဏ္ဌိုင်းနှင့် တူသော ပုဂ္ဂိုလ် အပြစ် ၅ ပါး ၁။ မစင်ကြယ်သော ကာယကံ, ဝစီကံ, မနောကံနှင့် ပြည့်စုံခြင်း၊ ၂။ ထိုမစင်ကြယ်သော ကံသုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား မကောင်းသတင်း ကျော်စောပျံ့နှံ့ခြင်း၊ ၃။ မစင်ကြယ်သော ကံသုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား သီလကို ချစ်မြတ်နိုးသော သီတင်းသုံးဖော်တို့ ဝေးစွာ ရှောင်ကြဉ်ခြင်း၊ ၄။ မစင်ကြယ်သော ကံသုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မိမိနှင့် သဘောတူသော ပုဂ္ဂိုလ်တို့နှင့် အတူတကွ ပေါင်းဖော်နေထိုင်ခြင်း၊ ၅။ မစင်ကြယ်သော ကံသုံးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို သီလရှိသော သီတင်းသုံးဖော်တို့က တွေ့မြင်၍ ကဲ့ရဲ့ရှုတ်ချခြင်း။ (အံ၊၂။၂၃၅။) (အံ၊မြန်၊၂။၃၀၁။)

ဟ

ဟသဓမ္မသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ ဖမျက်၏ အထက် ပမာဏရှိသော, ခြေမျက်စိမြုပ်နိုင်သော ရေဖြစ်ခြင်း၊ ၂။ ရယ်မြူးခြင်း၌ ဖြစ်သော အလိုဖြင့် ဆော့ကစားခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၀။) (ဝိမတိ၊၂။၄၃။)

ဟာနဘာဂိယတရား ၂ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၂ ပါးနှင့် တူသည်။

ဟာနဘာဂိယတရား ၃ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၃ ပါးနှင့် တူသည်။

ဟာနဘာဂိယတရား ၄ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၄ ပါး၊ ယောဂ ၄ ပါးတို့နှင့် တူသည်။

ဟာနဘာဂိယတရား ၅ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၅ ပါး၊ စိတ်၏ ငြောင့်တံသင်း ၅ ပါး၊ စေတောခိလတရား ၅ ပါးတို့နှင့် တူသည်။

ဟာနဘာဂိယ တရား ၆ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၆ ပါး၊ မရိသေခြင်း တရား ၆ ပါးတို့နှင့် တူသည်။

http://www.dhammadownload.com

ဟာနဘာဂိယ တရား ၇ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၇ ပါး၊ ပျံးရိခြင်းအကြောင်း ၇ ပါးတို့နှင့် တူသည်။

ဟာနဘာဂိယ တရား ၈ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၈ ပါး၊ ပျံးရိခြင်းအကြောင်း ၈ ပါးတို့နှင့် တူသည်။

ဟာနဘာဂိယ တရား ၉ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၉ ပါး၊ ပျံးရိခြင်းအကြောင်း ၉ ပါးတို့နှင့် တူသည်။

ဟာနဘာဂိယ တရား ၁၀ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၁၀ ပါး၊ အကုသိုလ်ကမ္မပထတရား ၁၀ ပါးတို့နှင့် တူသည်။ (ဒီ၊၃။၂၅၇။) (ဒီ၊မြန်၊၃။၂၈၁။)

ဟာရ ၁၆ ပါး ၁။ ဒေသနာဟာရ၊ ၂။ ဝိစယဟာရ၊ ၃။ ယုတ္တိဟာရ၊ ၄။ ပဒဋ္ဌာနဟာရ၊ ၅။ လက္ခဏဟာရ၊ ၆။ စတုဗျူဟဟာရ၊ ၇။ အာဝဋ္ဋဟာရ၊ ၈။ ဝိဘတ္တိဟာရ၊ ၉။ ပရိဝတ္တနဟာရ၊ ၁၀။ ဝေဝစနဟာရ၊ ၁၁။ ပညတ္တိဟာရ၊ ၁၂။ သြတရဏဟာရ၊ ၁၃။ သောဓနဟာရ၊ ၁၄။ အဓိဋ္ဌာနဟာရ၊ ၁၅။ ပရိက္ခာရဟာရ၊ ၁၆။ သမာရောပနဟာရ။ (နေတ္တိ၊ ဋ္ဌ။၂။) (ပေဋကော။၁၆၈။)

ဟိမဝန္တာတောင်မင်းကို မှီသော သစ်ပင်ကြီးတို့ ကြီးပွားခြင်း ၅ မျိုး ၁။ အကိုင်း အခက် အရွက်တို့ဖြင့် ကြီးပွားခြင်း၊ ၂။ အခေါက်ဖြင့် ကြီးပွားခြင်း၊ ၃။ အပွေးဖြင့် ကြီးပွားခြင်း၊ ၄။ အကာဖြင့် ကြီးပွားခြင်း၊ ၅။ အနှစ်ဖြင့် ကြီးပွားခြင်း။ (အံ၊၃။၃၇။) (အံ၊မြန်၊၃။၄၈။)

ဟိမဝန္တာတောင်မင်းနှင့် အဝိဇ္ဇာတို့ကို ဖောက်ခွဲနိုင်သော တရား ၆ ပါး ၁။ တည်ကြည်မှု သမာဓိကို ဝင်စားခြင်း၌ ကျွမ်းကျင်ခြင်း၊ ၂။ တည်ကြည်မှု သမာဓိကို တည်စေခြင်း၌ ကျွမ်းကျင်ခြင်း၊ ၃။ တည်ကြည်မှု သမာဓိမှ ထခြင်း၌ ကျွမ်းကျင်ခြင်း၊ ၄။ တည်ကြည်မှု သမာဓိ၏ ဝင်စားရန် စွမ်းနိုင်ခြင်း၌ ကျွမ်းကျင်ခြင်း၊ ၅။ တည်ကြည်မှု သမာဓိ၏ ကျက်စားရာ အာရုံ၌ ကျွမ်းကျင်ခြင်း၊ ၆။ တည်ကြည်မှု သမာဓိကို ရှေးရှုဆောင်ခြင်း၌ ကျွမ်းကျင်ခြင်း။ (အံ၊၃။၂၇၅။) (အံ၊မြန်၊၃။၃၅၄။)

ဟိမဝန္တာတောင်မှ စီးဆင်းလာသော မြစ်ကြီး ၁၀ စင်း ၁။ ဂင်္ဂါမြစ်၊ ၂။ ယမုနာမြစ်၊ ၃။ အစိရဝတီမြစ်၊ ၄။ သရဘူမြစ်၊ ၅။ မဟီမြစ်၊ ၆။ သိန္ဓုမြစ်၊ ၇။ သရဿတီမြစ်၊ ၈။ ဝေတြဝတီမြစ်၊ ၉။ ဝိတံသာမြစ်၊ ၁၀။ စန္ဒဘာဂါမြစ်။ (မိလိန္ဒ။၁၁၉။) (မိလိန္ဒ၊မြန်။၁၂၈။)

ဟိမဝန္တာတောင်၏ ပတ်ဝန်းကျင်၌ ရှိသော ရေအိုင်ကြီး ၇ အိုင် ၁။ အနောတတ္တအိုင်၊ ၂။ ကဏ္ဍမုဏ္ဍအိုင်၊ ၃။ ရထကာရအိုင်၊ ၄။ ဆဒ္ဒန္တအိုင်၊ ၅။ ကုဏာလအိုင်၊ ၆။ မန္ဒာကိနီအိုင်၊ ၇။ သီဟပ္ပပါတအိုင်။ (သာရတ္ထ၊ဋီ၊၁။၂၅၅။)

ဟိရီ ဖြစ်ကြောင်း ၄ ပါး ၁။ အမျိုးဇာတ်ကို ဆင်ခြင်၍ ရှက်ခြင်းကို ဖြစ်စေခြင်း၊ ၂။ အရွယ်ကို ဆင်ခြင်၍ ရှက်ခြင်းကို ဖြစ်စေခြင်း၊ ၃။ ရဲရင့်သူ၏ အဖြစ်ကို ဆင်ခြင်၍ ရှက်ခြင်းကို ဖြစ်စေခြင်း၊ ၄။ များသော အကြွားအမြင်ရှိသူ၏ အဖြစ်ကို ဆင်ခြင်၍ ရှက်ခြင်းကို ဖြစ်စေခြင်း။ (အဘိ၊ဋ္ဌ၊၁။၁၆၈။) (မဟာနိ၊ဋ္ဌ။၄၈။) (ဇာ၊ဋ္ဌ၊၁။၁၄၅။) (အံ၊ဋ္ဌ၊၂။၆။)

http://www.dhammadownload.com

ဟီရီ ဖြစ်ကြောင်း ၄ ပါး (တစ်နည်း) ၁။ အမျိုးဇာတ် မြင့်မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊ ၂။ ဆရာဖြစ်သော မြတ်စွာဘုရား၏ မြင့်မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊ ၃။ အမွေဖြစ်သော လောကုတ္တရာတရားကိုးပါး စသည်၏ မြင့်မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊ ၄။ သီတင်းသုံးဖော်တို့၏ မြင့်မြတ်သည်၏ အဖြစ်ကို ဆင်ခြင်ခြင်း။ (အဘိ၊၌၊၁၊၁၇၀။)

ဟီနဝိညာဏ် ၆ ပါး ၁။ အကုသလဝိညာဏ်၊ ၂။ ကုသလာကုသလဝိညာဏ်၊ ၃။ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ်၊ ၄။ သုခဒုက္ခဝေဒနာတို့နှင့် ယှဉ်သော ဝိညာဏ်၊ ၅။ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ ဝိညာဏ်၊ ၆။ အာသဝတရားနှင့် တကွဖြစ်သော ဝိညာဏ်။ (အဘိ၊ ဝိ။၁၁။) (အဘိ၊ဝိ၊မြန်၊၁။၂၃။)

ဟီနဝေဒနာ ၆ ပါး ၁။ အကုသလဝေဒနာ၊ ၂။ ကုသလာကုသလဝေဒနာ၊ ၃။ ဒုက္ခာဝေဒနာ၊ ၄။ သုခဒုက္ခာဝေဒနာ၊ ၅။ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ ဝေဒနာ၊ ၆။ အာသဝတရားနှင့် တကွဖြစ်သော ဝေဒနာ (သာသဝဝေဒနာ) ။ (အဘိ၊ဝိ။၄။) (အဘိ၊ဝိ၊မြန်၊၁။၇။)

ဟီနသညာ ၆ ပါး ၁။ အကုသလသညာ၊ ၂။ ကုသလာကုသလသညာ၊ ၃။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သညာ၊ ၄။ သုခဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သညာ၊ ၅။ သမာပတ်မဝင်စားသော ပုဂ္ဂိုလ်၏ သညာ၊ ၆။ အာသဝတရားနှင့် တကွဖြစ်သော သညာ။ (အဘိ၊ဝိ။၆။) (အဘိ၊ဝိ၊ မြန်၊၁။၁၃။)

ဟီနသခ်ါရ ၆ ပါး ၁။ အကုသလသခ်ါရ၊ ၂။ ကုသလာကုသလသခ်ါရ၊ ၃။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သခ်ါရ၊ ၄။ သုခဒုက္ခဖြစ်သော ဝေဒနာတို့နှင့် ယှဉ်သော သခ်ါရ၊ ၅။ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ သခ်ါရ၊ ၆။ အာသဝတရားနှင့် တကွဖြစ်သော သခ်ါရ။ (အဘိ၊ ဝိ။၉။) (အဘိ၊ဝိ၊ မြန်၊၁။၁၉။)

ဟောတိ တထာဂတော ဒိဋ္ဌိကို ဖြစ်စေသော တရား ၅ ပါး ၁။ ရုပ်ကို အမှား နှလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးနောက် မဖြစ် ဟူသော အယူ (ဟောတိ တထာဂတော ဒိဋ္ဌိ) ဖြစ်၏၊ ၂။ ဝေဒနာကို အမှား နှလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးနောက် မဖြစ် ဟူသော အယူ (ဟောတိ တထာဂတော ဒိဋ္ဌိ) ဖြစ်၏၊ ၃။ သညာကို အမှား နှလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးနောက် မဖြစ် ဟူသော အယူ (ဟောတိ တထာဂတော ဒိဋ္ဌိ) ဖြစ်၏၊ ၄။ သခ်ါရကို အမှား နှလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးနောက် မဖြစ် ဟူသော အယူ (ဟောတိ တထာဂတော ဒိဋ္ဌိ) ဖြစ်၏၊ ၅။ ဝိညာဏ်ကို အမှား နှလုံးသွင်းသောကြောင့် သတ္တဝါသည် သေပြီးနောက် မဖြစ် ဟူသော အယူ (ဟောတိ တထာဂတော ဒိဋ္ဌိ) ဖြစ်၏။ (သံ၊၃။၁၇၆။) (သံ၊မြန်၊၃။၁၆၈။)

ဟင်း ၂ မျိုး ၁။ မုဂ္ဂသူပ– လက်ကော်ရ ပဲနောက်ဟင်း၊ ၂။ မာသသူပ– လက်ကော်ရ ပဲကြီးဟင်း။ (ဝိ၊၂။၂၄၉၊၂၅၁။) (ဝိ၊မြန်၊၂။၂၈၃။)

ဟုတ်မှန်တရား ၄ ပါး တထတရား ၄ ပါးနှင့် တူသည်။

ဟတ္ထကနတ်သား မရောင့်ရဲနိုင်သော တရား ၃ ပါး ၁။ မြတ်စွာဘုရားအား ဖူးမြင်ခြင်း၌ ရောင့်ရဲမှု မရှိခြင်း၊ ၂။ သူတော်ကောင်းတရား နာကြားခြင်း၌ ရောင့်ရဲမှု မရှိခြင်း၊ ၃။ သံဃာတော်များထံ ဆည်းကပ်ခြင်း၌ ရောင့်ရဲမှု မရှိခြင်း။ (အံ၊၁။၂၈၃။) (အံ၊မြန်၊၁။၃၀၁။)

http://www.dhammadownload.com

ဟတ္ထကအာဠဝက ဥပါသကာ၏ အဲ့ဖွယ်တရား ၈ ပါး ၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း၊ ၂။ အကျင့်သီလနှင့် ပြည့်စုံခြင်း၊ ၃။ ဒုစရိုက်မှ ရှက်တတ်ခြင်း၊ ၄။ ဒုစရိုက်မှ ကြောက်လန့်တတ်ခြင်း၊ ၅။ များသော အကြားအမြင် ရှိခြင်း၊ ၆။ စွန့်ကြဲ ပေးကမ်းတတ်ခြင်း၊ ၇။ ပညာ ရှိခြင်း၊ ၈။ အလိုနည်းခြင်း။ (အံ၊၃။၅၃၊၅၅။) (အံ၊မြန်၊၃။၅၃၊၅၅။)

ဟတ္ထကအာဠဝကဓီးမြှောက်ပုံ ၄ မျိုး ၁။ ပေးကမ်းခြင်းဖြင့် ချီးမြှောက်ခြင်း၊ ၂။ ချစ်ဖွယ်သော စကားကို ပြောဆိုခြင်းဖြင့် ချီးမြှောက်ခြင်း၊ ၃။ ဖြစ်ပေါ်လာသော အမှုကိစ္စတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှောက်ခြင်း၊ ၄။ မိမိကိုယ်နှင့် ညီတူတန်းတူ ထားသော အားဖြင့် ချီးမြှောက်ခြင်း။ (အံ၊၄၊၁။၃၀၂။)

ဟတ္ထာမိဖုရားကြီး၏ သမီးတော် ၅ ယောက် ၁။ ပိယာ၊ ၂။ သုပ္ပိယာ၊ ၃။ အာနန္ဒာ၊ ၄။ ဝိဇိတာ၊ ၅။ ဝိဇိတသေနာ။ (ဒီ၊၃၊၁။၂၃၀။) (ဒီ၊၃၊မြန်၊၁။၄၅၄။)

ဟိတ် ၉ ပါး ၁။ ကုသိုလ်ဟိတ် သုံးပါး၊ ၂။ အကုသိုလ်ဟိတ် သုံးပါး၊ ၃။ အဗျာကတဟိတ် သုံးပါး။ (အဘိ၊၀ိ။၄၁၆။) (အဘိ၊၀ိ။၄၁၈။) (အဘိ၊၀ိ၊မြန်၊၂။၅၂၅။) (အဘိ၊၀ိ၊မြန်၊၂။၅၂၅။)

ဟိတ် ၄ ပါး ၁။ "တယော ကုသလဟေတူ" အစရှိသည်ဖြင့် ဟောအပ်သော ဟိတ်သည် ဟေတုဟိတ်၊ ၂။ "စတ္တာရော ခေါ ဘိက္ခု မဟာဘူတာ ဟေတု" အစရှိသည်ဖြင့် ဟောအပ်သော ဟိတ်သည် ပစ္စယဟိတ်၊ ၃။ "ကုသလာကုသလံ အတ္တနော ဝိပါကဉာနေ ဥတ္တမံ" အစရှိသည်ဖြင့် ဟောအပ်သော ဟိတ်သည် ဥတ္တမဟိတ်၊ ၄။ "ဧသေဝ ဟေတု ဧသ ပစ္စယော သခ်ါရာနံ" အစရှိသည်ဖြင့် ဟောအပ်သော ဟိတ်သည် သာဓာရဏဟိတ်။ (အဘိ၊၄၊၁။၃၄၂။)

ဟိတ် ၄ ပါး (တစ်နည်း) (ဇာတ်အားဖြင့် ဟိတ် ၄ ပါး) ၁။ ကုသိုလ်ဟိတ်၊ ၂။ အကုသိုလ် ဟိတ်၊ ၃။ ဝိပါက်ဟိတ်၊ ၄။ ကြိယာဟိတ်။ (အဘိ၊၄၊၁။၃၅၇။)

အ-စသော သရများ

အကနိဋ္ဌအနာဂါမ် ၄ မျိုး ၁။ အန္တရာပရိနိဗ္ဗာယီ အနာဂါမ်၊ ၂။ ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်၊ ၃။ အသခ်ါရပရိနိဗ္ဗာယီ အနာဂါမ်၊ ၄။ သသခ်ါရပရိနိဗ္ဗာယီ အနာဂါမ်။ (ကထာ၀တ်၊၄။၄၈။)

အကရဏီယ ၃ ပါး ၁။ ကာယဒုစရိုက်၊ ၂။ ဝစီဒုစရိုက်၊ ၃။ မနောဒုစရိုက်။ (ပေဋကော။၂၀၇။)

အကရဏီယ ၄ ပါး ရဟန်းတော်များ အသက်ထက်ဆုံး မပြုအပ်သော တရား ၄ ပါး ၁။ မေထုန်မှီဝဲခြင်း၊ ၂။ တစ်မတ်, တစ်မတ်တန်ဥစ္စာ, တစ်မတ်ထက် ပိုလွန်သော ပစ္စည်းဥစ္စာကို ခိုးယူခြင်း၊ ၃။ လူစာတ်ရှိသော သူအား သတ်ဖြတ်ခြင်း၊ ၄။ လူတို့၏ ကုသလကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော ဈာန်, မဂ်, ဖိုလ်တရားတို့ကို မရဘဲ ရ၏ဟု လိမ်ညာ၍ ပြောဆိုခြင်း။ (ဝိ၊၃။၁၃၄။) (ဝိ၊မြန်၊၃။၁၃၅-၁၃၆။)

အကုသလကမ္မပထတရား ဆယ်ပါးတို့ကို ဆုံးဖြတ်ပုံ ၅ မျိုး ၁။ ဓမ္မ- တရားကိုယ်အားဖြင့် ဆုံးဖြတ်ခြင်း၊ ၂။ ကောဋ္ဌာသ- အဖို့အစုအားဖြင့် ဆုံးဖြတ်ခြင်း၊ ၃။ အာရမ္မဏ- အာရုံအားဖြင့်

http://www.dhammadownload.com

ဆုံးဖြတ်ခြင်း၊ ၄။ ဝေဒနာ– ဝေဒနာအားဖြင့် ဆုံးဖြတ်ခြင်း၊ ၅။ မူလ– မူလအားဖြင့် ဆုံးဖြတ်ခြင်း။ (သံ၊ဌ၊၂။၁၃၇။) (ပဋိသံ၊ဌ၊၁။၂၀၇။)

အကုသလကမ္မပထ တရား ၁၀ ပါး ၁။ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ ဟူသော ကာယဒုစရိုက် သုံးပါး၊ ၂။ မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ ဝါစာဟူသော ဝစီဒုစရိုက် လေးပါး၊ ၃။ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟူသော မနောဒုစရိုက် သုံးပါး ပေါင်း ဆယ်ပါး။ (အဘိ၊ဝိ။၄၀၅။) (အဘိ၊ဋ္ဌ၊၁။၁၄၀။) (ပဋိသံ၊ဌ၊၁။၂၇၃။) (ပဋိသံ၊ဌ၊ ၂။၃၃။) (အဘိ၊ဝိ၊မြန်၊၂။၅၁၂။)

အကုသလဓာတ် ၃ ပါး ၁။ ကာမနှင့် စပ်သော သဘော– ကာမဓာတ်၊ ၂။ ဒေါသနှင့် စပ်သော သဘော– ဗျာပါဒဓာတ်၊ ၃။ ညှဉ်းဆဲခြင်းနှင့် စပ်သော သဘော– ဝိဟိံသာဓာတ်။ (ဒီ၊၃။၁၈၁။) (အဘိ၊ဝိ။၃၇၇။) (ဒီ၊မြန်၊၃။၂၀၀။) (အဘိ၊ဝိ၊မြန်၊၂။၄၇၂။)

အကုသလပဒ ၉ ပါး ၁။ အဝိဇ္ဇာ၊ ၂။ တဏှာ၊ ၃။ လောဘ၊ ၄။ ဒေါသ၊ ၅။ မောဟ၊ ၆။ သုဘသညာ၊ ၇။ သုခသညာ၊ ၈။ နိစ္စသညာ၊ ၉။ အတ္တသညာ။ (ပေဋကော။၁၆၉–၁၇၀။) (နေတ္တိ၊ ၆။၂။)

အကုသလမူလ ၃ ပါး ၁။ လောဘ အကုသလမူလ၊ ၂။ ဒေါသ အကုသလမူလ၊ ၃။ မောဟ အကုသလမူလ။ (ဝိ၅။၂၂၂။) (ဒီ၊၃။၁၈၀။) (အံ၊၁။၂၀၂။) (အဘိ၊ဓ။၂၀၅–၂၀၆။) (အဘိ၊ဓ။၂၁၁။) (အဘိ၊ဝိ။၃၇၆။) (ခုဒ္ဒက။၂၂၆။) (စူဠနိ။၄၇။) (ပဋိသံ၊ဌ၊၂။၁၆၉။) (နေတ္တိ၊ဌ။၁၅၉။) (နေတ္တိ၊ဌ။၂၁၃။) (သာရတ္ထ၊ဋီ၊၁။၃၀၅။) (နေတ္တိ၊ဝိဘာ။၂၇၅။) (ဝိ၊မြန်၊၅။၃၁၀။) (ဒီ၊မြန်၊၃။၁၉၉။) (အံ၊မြန်၊၁။၂၂၀။) (အဘိ၊ဓ၊မြန်။၃၆၇။) (အဘိ၊ဓ၊မြန်။၃၆၇။) (အဘိ၊ဝိ၊မြန်၊၂။၄၆၉။) (ခုဒ္ဒက၊မြန်။၂၁၀။)

အကုသလဝိတက် ၃ ပါး ၁။ ကာမနှင့် စပ်၍ ကြံစည်ခြင်း– ကာမဝိတက်၊ ၂။ ဒေါသနှင့် စပ်၍ ကြံစည်ခြင်း– ဗျာပါဒဝိတက်၊ ၃။ ညှဉ်းဆဲခြင်းနှင့် စပ်၍ ကြံစည်ခြင်း– ဝိဟိံသာ ဝိတက်။ (ဒီ၊၃။၁၈၀။) (သံ၊၂။၇၇။) (သံ၊၃။၃၆၆။) (အဘိ၊ဝိ။၃၇၇။) (ခုဒ္ဒက။၂၅၁။) (သာရတ္ထ၊ဋီ၊၂။၂၈။) (ဒီ၊ဋီ၊၂။၃၄၅။) (နေတ္တိ၊ဝိဘာ။၂၇၅။) (ဒီ၊မြန်၊၃။၂၀၀။) (သံ၊မြန်၊၂။၇၃။) (သံ၊မြန်၊၃။၃၇၁။) (အဘိ၊ဝိ၊မြန်၊၂။၄၇၁။) (ခုဒ္ဒက၊မြန်။၂၃၆။)

အကုသလသညာ ၃ ပါး ၁။ ကာမနှင့် စပ်သော မှတ်ခြင်း– ကာမသညာ၊ ၂။ ဒေါသနှင့် စပ်သော မှတ်ခြင်း– ဗျာပါဒသညာ၊ ၃။ ညှဉ်းဆဲခြင်းနှင့် စပ်သော မှတ်ခြင်း– ဝိဟိံသာသညာ။ (ဒီ၊၃။၁၈၁။) (အဘိ၊ဝိ။၃၇၇။) (နေတ္တိ၊ဝိဘာ။၂၇၅။) (ဒီ၊မြန်၊၃။၂၀၀။) (အဘိ၊ဝိ၊မြန်၊၂။၄၇၁။)

အကုသလသင်္ကပ္ပ ၃ ပါး ၁။ ကာမနှင့် စပ်သော ကြံခြင်း– ကာမသင်္ကပ္ပ၊ ၂။ ဒေါသနှင့် စပ်သော ကြံခြင်း–ဗျာပါဒသင်္ကပ္ပ၊ ၃။ ညှဉ်းဆဲခြင်းနှင့် စပ်သော ကြံခြင်း– ဝိဟိံသာသင်္ကပ္ပ။ (ဒီ၊၃။ ၁၈၀။) (ဒီ၊မြန်၊၃။၂၀၀။)

အကုသိလ်ကို စူးစမ်းခြင်း ၃ မျိုး ၁။ အကုသိလ် ကာယကံကို စူးစမ်းခြင်း၊ ၂။ အကုသိလ် ဝစီကံကို စူးစမ်းခြင်း၊ ၃။ အကုသိလ် မနောကံကို စူးစမ်းခြင်း။ (နေတ္တိ၊ဝိဘာ။၂၇၅။)

အကုသိလ်ကိစ္စာဓိကရဏ်း ၄ ပါး ၁။ သံဃာက အကုသိလ်စိတ်ရှိလျက် ပြုလုပ်အပ်သော အပလောကနကံ၊ ၂။ အကုသိလ်စိတ်ရှိလျက် ပြုလုပ်အပ်သော ဥတ္တိကံ၊ ၃။ အကုသိလ်စိတ်

http://www.dhammadownload.com

ရှိလျက် ပြုလုပ်အပ်သော ဥတ္တိဒုတိယကံ၊ ၄။ အကုသိလ်စိတ်ရှိလျက် ပြုလုပ်အပ်သော ဥတ္တိစတုတ္ထကံ။ (ဝိ၊၄။၂၁၇။) (ဝိ၊မြန်၊၄။၂၁၄။)

အကုသလကမ္မပထ ၁၀ မျိုး ၁။ သူ့အသက်ကို သတ်မှု၊ ၂။ သူတစ်ပါးဥစ္စာကို နိုးယူမှု၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်မှု၊ ၄။ မဟုတ်မမှန် စကားကို လိမ်ညာပြောမှု၊ ၅။ သူနှစ်ဦးတို့ ချစ်ခြင်းပျက်ပြားအောင် ကုန်းချောစကား ပြောဆိုမှု၊ ၆။ ဆဲဆိုကြိမ်းမောင်း, ကြမ်းတမ်းစကားကို ပြောဆိုမှု၊ ၇။ အကျိုးမဲ့စကားကို ပြောဆိုမှု၊ ၈။ သူ့ဥစ္စာကို ရယူလိုမှု၊ ၉။ အမျက်ဒေါသ ဖြစ်မှု၊ ၁၀။ အယူ မှားမှု။ (ဒီ၊၃။၂၂၃။) (ဒီ၊၃။၂၅၇။) (သာရတ္ထ၊ဋီ၊၁။၃၀၉။) (ဒီ၊မြန်၊၃။၂၄၆။) (ဒီ၊မြန်၊၃။၂၈၁။)

အကုသိုလ်ကမ္မပထတရား ၁၀ ပါး ဆုတ်ယုတ်သော အဖို့ရှိသော တရား ၁၀ ပါး၊ ဟာနဘာဂိယ တရား ၁၀ ပါးတို့နှင့် တူသည်။

အကုသိုလ်ကမ္မပထ၏ အခြင်းအရာ ၅ မျိုး ၁။ သဘောတရား, ဓမ္မအားဖြင့်လည်းကောင်း၊ ၂။ ဖဿပဥ္စက စသော စိတ်အစုတို့တွင် တစ်ပါးပါးသော အစုအားဖြင့်လည်းကောင်း၊ ၃။ အာရုံအားဖြင့်လည်းကောင်း၊ ၄။ ဝေဒနာအားဖြင့်လည်းကောင်း၊ ၅။ မူလအားဖြင့် လည်းကောင်း။ (မ၊၌၊၁။၂၀၅။)

အကုသိုလ်စိတ် ၁၂ ပါး ၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၉။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၁၀။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက အကုသိုလ်စိတ် ၁-ပါး၊ ၁၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် အကုသိုလ်စိတ် ၁-ပါး၊ ၁၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် အကုသိုလ်စိတ် ၁-ပါး။ (အဘိ၊ဝိ။၃၁၁။) (အဘိ၊ဝိ၊မြန်၊၂။၃၇၂။)

အကုသိုလ်တရားတို့ကို ပယ်စွန့်နိုင်ကြောင်း တရား ၁၁ ပါး ၁။ ယုံကြည်မှု သဒ္ဓါတရား ရှိခြင်း၊ ၂။ သီလရှိခြင်း၊ ၃။ ထက်သန်သော လုံ့လရှိခြင်း၊ ၄။ ထင်သော သတိရှိခြင်း၊ ၅။ တည်ကြည်သော သမာဓိရှိခြင်း၊ ၆။ ပညာဉာဏ်နှင့် ပြည့်စုံခြင်း၊ ၇။ ဘုရားရှင်၏ အရဟံ စသော ဂုဏ်တော်များကို အာရုံပြု၍ မိမိသန္တာန်၌ သတိကို ဖြစ်စေရခြင်း၊ ၈။ တရားတော်၏ ဂုဏ်ကို အာရုံပြု၍ မိမိသန္တာန်၌ သတိကို ဖြစ်စေရခြင်း၊ ၉။ မိတ်ဆွေကောင်းတို့ကို အာရုံပြု၍ မိမိသန္တာန်၌ သတိကိုဖြစ်စေရခြင်း၊ ၁၀။ စွန့်ကြဲမှုကို အာရုံပြု၍ မိမိသန္တာန်၌ သတိကို ဖြစ်စေရခြင်း၊ ၁၁။ နတ်တို့ကို အာရုံပြု၍ မိမိသန္တာန်၌ သတိကို ဖြစ်စေရခြင်း။ (အံ၊၃။၅၃၇။) (အံ၊မြန်၊၃။၅၂၄။)

http://www.dhammadownload.com

အကုသိုလ် မဖြစ်ကြောင်း တရား ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါ၊ ၂။ ရှက်မှု ဟိရီ၊ ၃။ ကြောက်လန့်မှု ဩတ္တပ၊ ၄။ အားထုတ်မှု ဝီရိယ၊ ၅။ သိမှု ပညာ။ (အံ၊၂။၄။) (အံ၊မြန်၊၂။ဖ။)

အကုသိုလ်ဝေဒနာ ၂ မျိုး ၁။ လောဘသဟဂုတ် ဝေဒနာ၊ ၂။ ဒေါသသဟဂုတ် ဝေဒနာ။ (အဘိ၊၄၊ ၂။၁၅။)

အကုသိုလ်သည် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုနိုင်သော တရားအစု ၆ စု ၁။ ကာမာဝစရကုသိုလ်၊ ၂။ ရူပါဝစရကုသိုလ်၊ ၃။ အကုသိုလ်၊ ၄။ ကာမာဝစရဝိပါက်၊ ၅။ ကာမာဝစရ ကြိယာ၊ ၆။ ရူပါဝစရကြိယာ။ (အဘိ၊၄၊၃။၃၅၉။)

အကုသိုလ်ဟိတ် ၃ ပါး ၁။ လောဘ အကုသိုလ်ဟိတ်၊ ၂။ ဒေါသ အကုသိုလ်ဟိတ်၊ ၃။ မောဟ အကုသိုလ်ဟိတ်။ (အဘိ၊၉။၂၁၅။) (အဘိ၊၀။၄၁၆။) (အဘိ၊၉၊မြန်။၃၉၁။) (အဘိ၊၀၊မြန်၊၂။၅၂၅။)

အကုသိုလ် အကြွင်း ၃ မျိုး အကုသလဝိတက် ၃ ပါးနှင့် တူသည်။

အကုသိုလ်အစု ၅ မျိုး ၁။ ကာမဂုဏ်ကို လိုလားမှု ဟူသော ပိတ်ပင်တတ်သော တရား "ကာမစ္ဆန္ဒနီဝရဏ"၊ ၂။ ပျက်စီးစေလိုမှုဟူသော ပိတ်ပင်တတ်သော တရား "ဗျာပါဒနီဝရဏ"၊ ၃။ လေးလံထိုင်းမှိုင်းမှု ဟူသော ပိတ်ပင်တတ်သော တရား "ထိနမိဒ္ဓနီဝရဏ"၊ ၄။ ပျံ့လွင့်မှု နောင်တပူပန်မှု ဟူသော ပိတ်ပင်တတ်သော တရား "ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ"၊ ၅။ မဝေခွဲနိုင်မှု ဟူသော ပိတ်ပင်တတ်သော တရား "ဝိစိကိစ္ဆာနီဝရဏ"။ (အံ၊၂။၆၄။) (အံ၊မြန်၊၂။၇၀။)

အကုသိုလ် အကြောင်းရင်း ၃ ပါး ၁။ လောဘ– လိုချင်တပ်မက်မှု၊ ၂။ ဒေါသ– ကြမ်းတမ်းပြစ်မှားမှု၊ ၃။ မောဟ– မိုက်မဲတွေဝေမှု။ (မ၊၁။၅၇။) (မ၊မြန်၊၁။၆၂။)

အကောက် ၃ မျိုး ၁။ နွားသေးကောက်သကဲ့သို့ ကောက်ခြင်း၊ ၂။ လရေးကောက်သကဲ့သို့ ကောက်ခြင်း၊ ၃။ ထွန်ကိုင်းကောက်သကဲ့သို့ ကောက်ခြင်း။ (ဒီ၊၄၊၃။၁၆၃။)

အကိတ္တိရသေ့ တောင်းဆိုသော ဆု ၆ မျိုး ၁။ ငါ့သန္တာန်၌ တပ်ခြင်းလောဘ မဖြစ်လို၊ ၂။ ငါ့သန္တာန်၌ အမျက်ဒေါသ မဖြစ်လို၊ ၃။ ပညာနည်းပါး ငမိုက်သားကို မမြင်လို၊ မကြားလို၊ ငမိုက်သားနှင့် မပေါင်းသင်းလို၊ ငမိုက်သားနှင့် စကားဆက်စပ် မပြောလို၊ ၄။ ပညာရှိကို မြင်လို၊ ကြားလို၊ ပညာရှိနှင့် ပေါင်းသင်းလို၊ ပညာရှိနှင့် စကားဆက်စပ် ပြောလို၊ ၅။ နေမင်းထွက်သော အခါ၌ နတ်၌ဖြစ်သော စားဖွယ်ဘောဇဉ်တို့ ဖြစ်ပေါ်ကုန်၍ သီလရှိသော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းလို၊ လှူဖွယ်ဝတ္ထု မကုန်စေလို၊ လှူပြီး၍ နောင်တရခြင်း မဖြစ်လို၊ လှူဒါန်းစဉ်လည်း စိတ်ကြည်လင်လို၊ ၆။ သင်သိကြားမင်းသည် နောက်တစ်ဖန် ငါ့ထံသို့ မချဉ်းကပ်စေလို။ (ဇာ၊၅၊၄။၂၄၀။)

အကပ်ခံခြင်း ၂ မျိုး ၁။ ကိုယ်ဖြင့် အကပ်ခံခြင်း၊ ၂။ ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့် အကပ်ခံခြင်း။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၉။)

အကပ်မခံဘဲ သုံးဆောင်နိုင်သော ဆေးကြိုး ၄ မျိုး ၁။ ကျင်ကြီး၊ ၂။ ကျင်ငယ်၊ ၃။ ပြာ၊ ၄။ မြေညက်။ (ဝိ၊၃။၂၉၈။) (ဝိ၊မြန်၊၃။၂၉၉။)

http://www.dhammadownload.com

အကပ်မြောက်ကြောင်း အင်္ဂါ ၅ ပါး ၁။ ခွန်အား အလယ်အလတ်ရှိသော ယောကျ်ား၏ ချီမနိုင်သော ဝတ္ထုဖြစ်ခြင်း၊ ၂။ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း ဖြစ်ခြင်း၊ ၃။ ရဟန်းထံသို့ ရှေးရှု ဆောင်ယူလာခြင်း၊ ၄။ လူ, နတ်, တိရစ္ဆာန် တစ်ဦးဦးက ကိုယ်ဖြင့်လည်းကောင်း, ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့်လည်းကောင်း, ပစ်လွှတ်၍လည်းကောင်း ပေးခြင်း၊ ၅။ ရဟန်းက ကိုယ်ဖြင့်လည်းကောင်း ကိုယ်နှင့် စပ်သော ဝတ္ထုဖြင့်လည်းကောင်း ခံယူခြင်း။ (ဝိ၊၆၊၃၀၉။)

အကျိုး ၃ မျိုး ၁။ ပစ္စုပ္ပန် အကျိုး၊ ၂။ တမလွန်သံသရာ အကျိုး၊ ၃။ လောကုတ္တရာနိဗ္ဗာန် ပရမတ် အကျိုး။ (သုတ္တနိ၊၆၊၁၀။၆၅။) (စူဠနိ၊၆။၁၀၅။)

အကျိုး ၃ မျိုး (တစ်နည်း) ၁။ မိမိအကျိုး၊ ၂။ သူတစ်ပါး အကျိုး၊ ၃။ မိမိ သူတစ်ပါးတို့ အကျိုး။ (သုတ္တနိ၊၆၊၁၀။၆၅။) (စူဠနိ၊၆။၁၀၅။)

အကျိုးကြီးမားသော ဆွမ်း ၂ မျိုး ၁။ အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏ (ဤဆွမ်းလည်း တစ်မျိုး။)၊ ၂။ အကြင် ဆွမ်းကို ဘုဉ်းတော်မူ၍ မြတ်စွာဘုရားသည် ဥပါဒိန္နကခန္ဓာအကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူ၏ (ဤဆွမ်းလည်း တစ်မျိုး။)။ (ဒီ၊၂။၁၁၂-၁၁၃။) (မိလိန္ဒ။၁၇၄။) (ဒီ၊မြန်၊၂။၁၃၀။) (မိလိန္ဒ၊မြန်။၁၈၇။)

အကျိုးပေး တူမျှသော ဆွမ်း ၂ မျိုး အကျိုးကြီးမားသော ဆွမ်း ၂ မျိုးနှင့် တူသည်။

အကျိုးမရှိသော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရုန့်ရင်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရှေးရှုကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင် ရှိခြင်း။ (အံ၊၃။၄၈၂၊၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

အကျိုးမဲ့ ဖြစ်ကြောင်း ၆ ပါး ၁။ နေထွက်သည့်တိုင်အောင် အိပ်ကြူးသူ၊ ၂။ ပျင်းရိခြင်း၊ ၃။ ကြမ်းကြုတ်ခက်ထန်သူ၊ ၄။ အရည် သေသောက်ကြူးသူ၊ ၅။ တစ်ယောက်တည်း ခရီးရှည်ကို သွားသူ၊ ၆။ သူတစ်ပါးမယားကို မှီဝဲသူ။ (ဓမ္မ၊၆၊၁။၄၁၈။)

အကျိုးရှိသော တရား ၁၀ ပါး ၁။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်စီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၈။)

အကျိုး အာနိသင် ၂ ပါး ၁။ ဒိဋ္ဌဓမ္မိက- မျက်မှောက်ဘဝ ခံစားအပ်သော အကျိုးအာနိသင် ၂။ သမ္မရာယိက- တမလွန်ဘဝ ခံစားအပ်သော အကျိုး အာနိသင်။ (မဟာနိ။၅၆။) (မဟာနိ။ ၈၀။)

အကျင့် ၃ ပါး သိက္ခာ ၃ ပါးနှင့် တူသည်။

http://www.dhammadownload.com

အကျင့် ၃ မျိုး ၁။ မြဲမြံစွာ ယူသော အကျင့်၊ ၂။ မိမိကိုယ်ကို လောင်မြိုက်စေတတ်သော အကျင့်၊ ၃။ အလယ်အလတ်ဖြစ်သော အကျင့်။ (အံ၊၁။၃၀၀။) (အံ၊မြန်၊၁။၃၁၇။)

အကျင့် ၄ မျိုး ပဋိပဒါ ၄ မျိုးနှင့် တူသည်။

အကျင့် ၄ မျိုး ၁။ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ နှံ့နေးသော အသိဉာဏ်ရှိသော အကျင့်၊ ၂။ ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်ရှိသော အကျင့်၊ ၃။ ချမ်းသာ လွယ်ကူစွာ ကျင့်ရ၍ နှံ့နေးသော အသိဉာဏ်ရှိသော အကျင့်၊ ၄။ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ် ရှိသော အကျင့်။ (ဒီ၊၃။၁၉၁။) (အံ၊၁။၄၆၇–၄၆၈။) (အံ၊၁။ ၄၇၁၊၄၇၃။) (ပဋိသံ၊၌၊၁။၂၇၁။) (ဒီ၊မြန်၊၃။၂၁၃။) (အံ၊မြန်၊၁။၄၇၉။) (အံ၊မြန်၊၁။၄၇၉။)

အကျင့် ၄ မျိုး (တစ်နည်း) ၁။ (အချမ်း အပူ စသည်ကို) သည်းမခံနိုင်သော အကျင့်၊ ၂။ (အချမ်း အပူ စသည်ကို) သည်းခံနိုင်သော အကျင့်၊ ၃။ ဣန္ဒြေကို ဆုံးမသော အကျင့်၊ ၄။ ကာမ ဝိတက် စသည်ကို ငြိမ်းစေသော အကျင့်။ (ဒီ၊၃။၁၉၁။) (ဒီ၊မြန်၊၃။၂၁၃။)

အကျင့်သိက္ခာ အားနည်းကြောင်း တရား ၅ ပါး ၁။ သူ၏ အသက်ကို သတ်ခြင်း၊ ၂။ ပိုင်ရှင် မပေးသော သူ၏ ဥစ္စာကို ခိုးယူခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ သေရည်သေရက် သောက်ခြင်း။ (အံ၊၃။၂၅၀။) (အံ၊၃။၂၅၄။) (အံ၊မြန်၊၃။၂၄၉၊၂၅၄။) (အံ၊မြန်၊၃။၂၄၉၊၂၅၄။)

အကျင့်သုံးမျိုး၏ အကျိုး ၃ မျိုး ၁။ ယုတ်ညံ့သော ဗြဟ္မစရိယ အကျင့်ကြောင့် မင်းမျိုး၌ ဖြစ်ရခြင်း၊ ၂။ အလယ်အလတ်ဖြစ်သော ဗြဟ္မစရိယ အကျင့်ကြောင့် နတ်ဗြဟ္မာအဖြစ်သို့ ရောက်ရခြင်း၊ ၃။ မြင့်မြတ်သော ဗြဟ္မစရိယ အကျင့်ကြောင့် သံသရာဝဋ်ဆင်းရဲမှ စင်ကြယ်ခြင်းကို ရ၏။ (ဇာတက၊၁။၁၈၃။)

အကျဉ်းအကျယ်သိမှု ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ အကျဉ်းပြကာမျှဖြင့် တရားကို သိသော ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ ၂။ အကျယ်ပြမှ တရားကို သိသော ဝိပဉ္စိတညူပုဂ္ဂိုလ်၊ ၃။ ဆောင်၍ပြမှ တရားကို သိသော နေယျပုဂ္ဂိုလ်၊ ၄။ ဤဘဝ စျာန်မဂ်ဖိုလ် မရထိုက်သော ပဒပရမပုဂ္ဂိုလ်။ (အံ၊၁။၄၅၂။) (အံ၊မြန်၊၁။၄၆၅။)

အကျွမ်းမဝင်ထိုက်သော ပုဂ္ဂိုလ် ၄ ယောက် ၁။ အဆွေခင်ပွန်းဟောင်း ဖြစ်ဖူးသော ခိုးသူ၊ ၂။ ရှေး၌ အခင်းပြုလုပ်ဖူးသော သစ်ခက်၊ ၃။ မိမိအား ပူဇော်မှု ပြုခဲ့ဖူးသော မင်း၊ ၄။ မိမိ၏ အလိုကို လိုက်ခဲ့ဖူးသော မိန်းမ။ (မ၊၌၊၁။၂၂၉။)

အကျွမ်းဝင်သဖြင့် ယူခြင်း အင်္ဂါ ၅ ပါး ၁။ မြင်တွေ့ဖူးသော အဆွေခင်ပွန်း ဖြစ်ခြင်း၊ ၂။ အတူတကွ သုံးဆောင် စားသောက်ဖူးသော အဆွေခင်ပွန်း ဖြစ်ခြင်း၊ ၃။ "အလိုရှိလျှင် ယူပါ"ဟု ပြောဆို ဖူးသည် ဖြစ်ခြင်း၊ ၄။ အသက်ရှင်ဆဲ ဖြစ်ခြင်း၊ ၅။ "ငါ ယူသည်ရှိသော် နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်လတ္တံ့"ဟု သိခြင်း။ (ဝိ၊၃။၄၁၁။)

အကြားအမြင် နည်းခြင်း များခြင်း ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ အကြားအမြင် နည်း၍ ကြားနာ အပ်သော တရားနှင့် မပြည့်စုံသော ပုဂ္ဂိုလ်၊ ၂။ အကြားအမြင် နည်း၍ ကြားနာအပ်သော

http://www.dhammadownload.com

တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၊ ၃။ အကြားအမြင် များ၍ ကြားနာအပ်သော တရားနှင့် မပြည့်စုံသော ပုဂ္ဂိုလ်၊ ၄။ အကြားအမြင် များ၍ ကြားနာအပ်သော တရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်။ (အံ၊၁။၃၁၂။) (အံ၊မြန်၊၁။၃၂၈။)

အကြားအမြင် များခြင်း ၂ မျိုး ၁။ ဝိဋ္ဌကသုံးပုံတို့၌ အနက်အားဖြင့် အကြွင်းမဲ့ တတ်မြောက်သောကြောင့် ပရိယတ္တိ၌ အကြားအမြင် များခြင်း၊ ၂။ မင်္ဂ ဖိုလ် ဝိဇ္ဇာ အဘိညာဉ်တို့ကို ထိုးထွင်းသိမြင်သောကြောင့် ပဋိဝေဓ၌ အကြားအမြင် များခြင်း။ (သုတ္တနိ၊၆၊၁။၉၉။)

အကြီးအကဲနေရာ၌ မထားသင့်ကြောင်း အင်္ဂါ ၃ ပါး ၁။ အရွက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်ခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊၅။၃၀၈။)

အကြီးအမှူးပြုခြင်း ၃ ပါး ၁။ မိမိကိုယ်ကို အကြီးအမှူး အလေးပြုခြင်း၊ ၂။ လောဘကို အကြီးအမှူး အလေးပြုခြင်း၊ ၃။ တရားကို အကြီးအမှူး အလေးပြုခြင်း။ (ဒီ၊၃။၁၈၄။) (ဒီ၊မြန်၊၃။၂၀၄။)

အကြီးအမှူးပြု၍ ဖြစ်သော တရား ၃ မျိုး ၁။ မိမိကိုယ်ကို အကြီးအမှူးပြု၍ ဖြစ်သော အတ္တာဓိပတေယျ တရား၊ ၂။ သတ္တလောကကို အကြီးအမှူးပြု၍ ဖြစ်သော လောကာဓိပတေယျ တရား၊ ၃။ လောကုတ္တရာတရားကို အကြီးအမှူးပြု၍ ဖြစ်သော ဓမ္မာဓိပတေယျ တရား။ (အံ၊၁။၁၄၆။) (အံ၊မြန်၊၁။၁၆၄။)

အကြောင်းလေးပါးတို့ကြောင့် ဖြစ်ပေါ်သော ရုပ် ၇ မျိုး ၁။ အဆင်း၊ ၂။ အနံ့၊ ၃။ အရသာ၊ ၄။ ဖောဋ္ဌဗ္ဗရုပ်၊ ၅။ အာကာသဓာတ်၊ ၆။ အာပေါဓာတ်၊ ၇။ အလုတ်အလွေးပြုရသော အာဟာရရုပ်။ (မ၊ဋီ၊၂။၁၉၅။)

အကြောင်း လေးမျိုးတို့ဖြင့် သိနိုင်သော အရာ ၄ ပါး ၁။ အကျင့်သီလကို ကြာမြင့်စွာ တကွ ပေါင်းဖော်နေထိုင်ခြင်းဖြင့်လည်းကောင်း နှလုံးသွင်းဆင်ခြင်သဖြင့်လည်းကောင်း ဉာဏ်ပညာနှင့် ပြည့်စုံသဖြင့်လည်းကောင်း သိနိုင်ခြင်း၊ ၂။ အားအစွမ်းကို ဘေးရန်ဖြစ်ပေါ်လာသော အခါ၌လည်းကောင်း ကြာမြင့်စွာ တကွ ပေါင်းဖော်နေထိုင်ခြင်းဖြင့်လည်းကောင်း နှလုံးသွင်းဆင်ခြင်သဖြင့်လည်းကောင်း ဉာဏ်ပညာနှင့် ပြည့်စုံသဖြင့်လည်းကောင်း သိနိုင်ခြင်း၊ ၃။ စင်ကြယ်သူ၏ အဖြစ်ကို ရောင်းဝယ်ဖောက်ကားခြင်းဖြင့်လည်းကောင်း ရှည်ကြာမြင့်စွာ အတူတကွ ပေါင်းဖော်နေထိုင်ခြင်းဖြင့်လည်းကောင်း နှလုံးသွင်းဆင်ခြင် သဖြင့်လည်းကောင်း ဉာဏ်ပညာနှင့် ပြည့်စုံသဖြင့်လည်းကောင်း သိနိုင်ခြင်း၊ ၄။ အတတ် ပညာကို တကွ ဆွေးနွေးတိုင်ပင်ခြင်းဖြင့်လည်းကောင်း ကြာမြင့်စွာ တကွ ပေါင်းဖော် နေထိုင်ခြင်းဖြင့်လည်းကောင်း နှလုံးသွင်းဆင်ခြင်သဖြင့်လည်းကောင်း ဉာဏ်ပညာနှင့် ပြည့်စုံသဖြင့်လည်းကောင်း သိနိုင်ခြင်း။ (အံ၊၁။၅၀၇။) (အံ၊မြန်၊၁။၅၂၂။)

အခါမဲ့ ခရီးသွားလာခြင်း အပြစ် ၆ ပါး ၁။ မိမိကိုယ်သည် အကာအကွယ် အစောင့်အရှောက် ကင်းခြင်း၊ ၂။ မိမိဥစ္စာသည် အကာအကွယ် အစောင့်အရှောက် ကင်းခြင်း၊ ၃။ မိမိသားသမီး သားမယား အကာအကွယ် အစောင့်အရှောက် ကင်းခြင်း၊ ၄။ သူတစ်ပါးပြုသော မကောင်းမှုတို့၌ ယုံမှားခံရတတ်ခြင်း၊ ၅။ မိမိ၌ မဟုတ်မမှန် စွပ်စွဲခံရတတ်ခြင်း၊ ၆။ များစွာသော ဆင်းရဲတရားတို့၏ ရှေ့သွားဖြစ်ခြင်း။ (ဒီ၊၃။၁၈၈။) (ဒီ၊မြန်၊၃။၁၆၅–၁၆၆။)

http://www.dhammadownload.com

အနိုက်အတန့် ၃ မျိုး အဝတ္ထာ ၃ မျိုးနှင့် တူသည်။

အခင်း ၃ မျိုး (ခွင့်ပြုအပ်သော အခင်း ၃ မျိုး) ၁။ အုတ်အခင်း၊ ၂။ ကျောက်အခင်း၊ ၃။ သစ်သား အခင်း။ (ဝိ၊၄။၂၅၈။) (ဝိ၊မြန်၊၄။၂၅၈။)

အခန်း ၃ မျိုး ၁။ လေးထောင့်အခန်း၊ ၂။ ခန်းမရှည်အခန်း၊ ၃။ ဦးပြည်းအခန်း။ (ဝိ၊၄။၂၉၈။) (ဝိ၊မြန်၊၄။၃၀၂။)

အချည်းနှီးဖြစ်သော အရာ ၅ မျိုး ၁။ ဆိပ်ကမ်း, ကျွန်း, သောင် ရှိသော်လည်း ရေမရှိသော မြစ်သည် အချည်းနှီး ဖြစ်ခြင်း၊ ၂။ မြို့, ပြ, ကျုံး, ပစ္စင်, ရင်တား, တံခါး, မုခ်, စသည် ရှိသော်လည်း မင်းမရှိသော တိုင်းပြည်သည် အချည်းနှီး ဖြစ်ခြင်း၊ ၃။ အမျိုး, စည်းစိမ်, ဂုဏ် အရိန်အဝါ ရှိသော်လည်း အတတ်ပညာမရှိသော ယောကျ်ားသည် အချည်းနှီး ဖြစ်ခြင်း၊ ၄။ အဖိုးတစ်သိန်း ထိုက်သော အဝတ်တန်ဆာကို ဝတ်ဆင်ထားသော်လည်း ကိုယ်ကျင့်တရား မရှိသော သူသည် အချည်းနှီး ဖြစ်ခြင်း၊ ၅။ မောင်တစ်ကျိပ် ရှိသော်လည်း လင်ယောကျ်ား မရှိသော မိန်းမသည် အချည်းနှီး ဖြစ်ခြင်း။ (ဇာတက၊၂။၃၂၇။)

အချိန်ကာလ ၃ မျိုး (သုတ္တန်နည်း အချိန်ကာလ ၃ မျိုး) ၁။ ပဋိသန္ဓေမှ ရှေးကာလ၌ လွန်လေ ပြီးသော အတိတ်ကာလ၊ ၂။ စုတိစိတ်မှ နောက်ကာလ၌ လာလတ္တံ့သော အနာဂတ်ကာလ၊ ၃။ စုတိ ပဋိသန္ဓေတို့နှင့်တကွ ထိုစုတိပဋိသန္ဓေတို့၏ အခြားမဲ့ကာလ၌ ပစ္စုပ္ပန်ကာလ။(ဣတိဝုတ်၊၌။၂၀၀။)

အချိန်ကာလ ၃ မျိုး (တစ်နည်း) (အဘိဓမ္မာနည်း အချိန်ကာလ ၃ မျိုး) ၁။ ဖြစ်, တည်, ပျက် ဟူသော ခဏ ၃ မျိုးတို့သို့ ရောက်၍ ချုပ်ငြိမ်းသော သင်္ခေါတရားတို့သည် အတိတ်ကာလ၊ ၂။ ဖြစ်, တည်, ပျက် ဟူသော ခဏ ၃ မျိုးတို့သို့ မရောက်ကုန်သော သင်္ခေါတရားတို့သည် အနာဂတ်ကာလ၊ ၃။ ဖြစ်, တည်, ပျက် ဟူသော ခဏ ၃ မျိုးတို့နှင့် ပြည့်စုံသော သင်္ခေါတရားတို့သည် ပစ္စုပ္ပန်ကာလ။ (ဣတိဝုတ်၊၌။၂၀၀။)

အချိန်မီ ထမင်းချက်သော အိမ်ရှင် အကျိုး ၅ ပါး ၁။ ခရီးသွား ဧည့်သည်တို့အား အခါအားလျော်စွာ ပူဇော်ရခြင်း၊ ၂။ ဗလိနတ်စာကို ခံယူကုန်သော နတ်တို့အား အခါအားလျော်စွာ ပူဇော်ရခြင်း၊ ၃။ နေ့လွဲညစာ စားခြင်းမှ ရှောင်ကြဉ်ကုန်သော သမဏဗြာဟ္မဏာတို့အား အခါအားလျော်စွာ ပူဇော်နိုင်ခြင်း၊ ၄။ ကျွန်အမှုလုပ် ယောကျ်ားတို့သည် မျက်နှာ သာသာယာယာဖြင့် အလုပ်ကို လုပ်ကြခြင်း၊ ၅။ အချိန်မီ စားသမျှ ထမင်းသည် သြဇာ ရှိခြင်း။ (အံ၊၂။၂၂၇။) (အံ၊မြန်၊၂။၂၈၈–၂၈၉။)

အခြေအမြစ်မရှိခြင်း ၃ မျိုး ၁။ မမြင်ခြင်း၊ ၂။ မကြားခြင်း၊ ၃။ ယုံမှားသံသယ မရှိခြင်း။ (ဝိ၊၂။၁၅၉။) (ဝိ၊မြန်၊၂။၂၁၉။)

အခြံအရံ ငါးရာစီရှိသော ဥပါသကာ ၇ ယောက် ၁။ ဓမ္မဒိန္နဥပါသကာ၊ ၂။ ဝိသာခဥပါသကာ၊ ၃။ ဥဂ္ဂသူကြွယ်၊ ၄။ စိတ္တသူကြွယ်၊ ၅။ ဟတ္ထကအာဠဝကမင်းသား၊ ၆။ ဖုဋ္ဌအနာထပိဏ်သူဌေး၊ ၇။ မဟာအနာထပိဏ်သူဌေး။ (သံ၊၌၊၃။၃၂၁။)

အခြင်ရနယ် ဒိုင်း မြားတို့ လှုံ့ရကျိုး ၈ ပါး ၁။ အရပ်မျက်နှာတို့၌ ပူဇော်ခံရခြင်း၊ ၂။ မနှိုင်းယှဉ်အပ်, မနှိုင်းယှဉ်နိုင်သော စည်းစိမ်ဥစ္စာတို့ကို ရရှိခြင်း၊ ၃။ ခပ်သိမ်းသော သူတို့၏

http://www.dhammadownload.com

တည်ရာ မှီရာ ဖြစ်ခြင်း၊ ၄။ ကြောက်ရွံ့ထိတ်လန့်မှု မရှိခြင်း၊ ၅။ အနာရောဂါ မရှိခြင်း၊ ၆။ အသက်ရှည်ခြင်း၊ ၇။ သိမ်မွေ့နူးညံ့သော အသားအရေ အဆင်းရှိသူ ဖြစ်ခြင်း၊ ၈။ တောင့်တအပ်သော နေရာ၌သာ နေရခြင်း။ (အပ၊၁။၃၇၆။)

အခြင်းအရာ ၂၀ ၁။ အတိတ်အကြောင်း ငါးပါး၊ ၂။ ပစ္စုပ္ပန် အကျိုး ငါးပါး၊ ၃။ ပစ္စုပ္ပန် အကြောင်း ငါးပါး၊ ၄။ အနာဂတ်အကျိုး ငါးပါး။ (ပဋိသံ၊၌၊၁။၂၂၅။)

အခွင့်ပေးခြင်းငှာ မထိုက်သော ရဟန်း၏ အင်္ဂါ ၃ ပါး ၁။ အရှက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်မဲခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၊၅။၂၂၁။) (ဝိ၊မြန်၊ ၅။၃၀၈။)

အခွင့် ပေးထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ရှက်တတ်ခြင်း၊ ၂။ ပညာရှိခြင်း၊ ၃။ ပကတိသီလ ရှိခြင်း၊ ၄။ အာပတ်မှ ထစေလိုသည် ဖြစ်၍ ဆိုတတ်ခြင်း၊ ၅။ သာသနာတော်မှ ရွေ့လျောစေလိုသည် ဖြစ်၍ မဆိုတတ်ခြင်း။ (ဝိ၊၅။၃၂၇။) (ဝိ၊မြန်၊၅။၄၂၈။)

အခွင့် မပေးထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အရှက် မရှိခြင်း၊ ၂။ မိုက်မဲခြင်း၊ ၃။ ပကတိ သီလ မရှိခြင်း၊ ၄။ သာသနာတော်မှ ရွေ့လျောစေလိုသည် ဖြစ်၍ ဆိုတတ်ခြင်း၊ ၅။ အာပတ်မှ ထစေလိုသည် ဖြစ်၍လည်း မဆိုတတ်ခြင်း။ (ဝိ၊၅။၃၂၆။) (ဝိ၊မြန်၊၅။၄၂၇။)

အခွင့်ရခြင်း ၃ ပါး သြကာသာဓိဂမ ၃ ပါး နှင့် တူသည်။

အဂတိ ၄ ပါး ၁။ ချစ်သဖြင့် မလားအပ်သည်သို့ လားခြင်း (ဆန္နာဂတိ)၊ ၂။ မုန်းသဖြင့် မလားအပ်သည်သို့ လားခြင်း(ဒေါသာဂတိ)၊၃။တွေဝေသဖြင့် မလားအပ်သည်သို့ လားခြင်း(မောဟာဂတိ)၊ ၄။ ကြောက်သဖြင့် မလားအပ်သည်သို့ လားခြင်း။ (ဝိ၊၅။၂၂၈။) (ဒီ၊၃။၁၉၁။) (အံ၊၁။၃၇၃။) (အဘိ၊ဝိ။၃၉၀။) (အံ၊၌၊၂။၄၇။) (နေတ္တိ၊၌။၁၀၇။) (ဝိ၊မြန်၊၅။၃၁၇။) (ဒီ၊မြန်၊၃။၂၁၃။) (အံ၊မြန်၊၁။၃၄၁။) (အဘိ၊ဝိ၊မြန်၊၂။၄၉၂။)

အဂတိ မလိုက်ကြောင်း ဝတ္ထု ၁၈ ပါး ၁။ တရား မဟုတ်သည်ကို တရား မဟုတ်ဟု ပြခြင်း၊ ၂။ တရား ဟုတ်သည်ကို တရား ဟုတ်၏ဟု ပြခြင်း၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြခြင်း၊ ၄။ ဝိနည်း ဟုတ်သည်ကို ဝိနည်း ဟုတ်၏ဟု ပြခြင်း၊ ၅။ ဘုရားဟော မဟုတ်သည်ကို ဘုရားဟော မဟုတ်ဟု ပြခြင်း၊ ၆။ ဘုရားဟော ဟုတ်သည်ကို ဘုရားဟော ဟုတ်၏ဟု ပြခြင်း၊ ၇။ ဘုရားရှင် မလေ့ကျက်အပ်သည်ကို ဘုရားရှင်သည် မလေ့ကျက်အပ်ဟု ပြခြင်း၊ ၈။ ဘုရားရှင် လေ့ကျက်အပ်သည်ကို ဘုရားရှင်သည် လေ့ကျက်အပ်၏ဟု ပြခြင်း၊ ၉။ ဘုရားရှင် မပညတ်အပ်သည်ကို ဘုရားရှင်သည် မပညတ်အပ်ဟု ပြခြင်း၊ ၁၀။ ဘုရားရှင် ပညတ်အပ်သည်ကို ဘုရားရှင်သည် ပညတ်အပ်၏ဟု ပြခြင်း၊ ၁၁။ အာပတ်မသင့်သည်ကို အာပတ်မသင့်ဟု ပြခြင်း၊ ၁၂။ အာပတ်သင့်သည်ကို အာပတ်သင့်၏ဟု ပြခြင်း၊ ၁၃။ ပေါ့သော အာပတ်ကို ပေါ့သော အာပတ်ဟု ပြခြင်း၊ ၁၄။ လေးသော အာပတ်ကို လေးသော အာပတ်ဟု ပြခြင်း၊ ၁၅။ ရုန့်ရင်းသော အာပတ်ကို ရုန့်ရင်းသော အာပတ်ဟု ပြခြင်း၊ ၁၆။ မရုန့်ရင်းသော အာပတ်ကို မရုန့်ရင်းသော အာပတ်ဟု ပြခြင်း၊ ၁၇။ အကြွင်းရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြခြင်း၊ ၁၈။ အကြွင်းမရှိသော အာပတ်ကို အကြွင်းမရှိသော အာပတ်ဟုပြခြင်း။ (ဝိ၊၅။၂၉၅။) (ဝိ၊မြန်၊၅။၃၈၉။)

http://www.dhammadownload.com

အဂတိ မလိုက်ခြင်း ၄ ပါး ၁။ ချစ်သဖြင့် မလားအပ်သည်သို့ မလားခြင်း၊ ၂။ မုန်းသဖြင့် မလားအပ်သည်သို့ မလားခြင်း၊ ၃။ တွေဝေသဖြင့် မလားအပ်သည်သို့ မလားခြင်း၊ ၄။ ကြောက်သဖြင့် မလားအပ်သည်သို့ မလားခြင်း။ (ဝိ၊၅။၂၂၈။) (ဝိ၊မြန်၊၅။၃၁၇။)

အဂတိ လိုက်ကြောင်း ဝတ္ထု ၁၈ ပါး ၁။ တရား မဟုတ်သည်ကို တရား ဟုတ်သည်ဟု ပြု၏၊ ၂။ တရား ဟုတ်သည်ကို တရား မဟုတ်ဟု ပြု၏၊ ၃။ ဝိနည်း မဟုတ်သည်ကို ဝိနည်း ဟုတ်သည်ဟု ပြု၏၊ ၄။ ဝိနည်း ဟုတ်သည်ကို ဝိနည်း မဟုတ်ဟု ပြု၏၊ ၅။ ဘုရား မဟောအပ်သည်ကို ဘုရား မဟောဟု ပြု၏၊ ၆။ ဘုရား ဟောအပ်သည်ကို ဘုရားဟောဟု ပြု၏၊ ၇။ ဘုရား မလေ့ကျက်အပ်သည်ကို ဘုရား လေ့ကျက်အပ်၏ဟု ပြု၏၊ ၈။ ဘုရား လေ့ကျက်အပ်သည်ကို ဘုရား မလေ့ကျက်အပ်ဟု ပြု၏၊ ၉။ ဘုရား မပညတ်အပ်သည်ကို ဘုရား ပညတ်အပ်၏ဟု ပြု၏၊ ၁၀။ ဘုရား ပညတ်အပ်သည်ကို ဘုရား မပညတ်အပ်ဟု ပြု၏၊ ၁၁။ အာပတ် မသင့်သည်ကို အာပတ် သင့်၏ဟု ပြု၏၊ ၁၂။ အာပတ် သင့်သည်ကို အာပတ် မသင့်ဟု ပြု၏၊ ၁၃။ ပေါ့သော အာပတ်ကို လေးသော အာပတ်ဟု ပြု၏၊ ၁၄။ လေးသော အာပတ်ကို ပေါ့သော အာပတ်ဟု ပြု၏၊ ၁၅။ အကြွင်းရှိသော အာပတ်ကို အကြွင်း မရှိသော အာပတ်ဟု ပြု၏၊ ၁၆။ အကြွင်း မရှိသော အာပတ်ကို အကြွင်းရှိသော အာပတ်ဟု ပြု၏၊ ၁၇။ ကြမ်းတမ်းသော အာပတ်ကို မကြမ်းတမ်းသော အာပတ်ဟု ပြု၏၊ ၁၈။ မကြမ်းတမ်းသော အာပတ်ကို ကြမ်းတမ်းသော အာပတ်ဟု ပြု၏၊ (မှတ်ချက်) ဒေါသဂတိ မောဟဂတိ၊ ဘယဂတိသို့ လိုက်ကြောင်း ဝတ္ထု (၁၈) ပါးတို့ကိုလည်း အထက်ပါ (၁၈) ပါးနှင့် အတူတူပင် မှတ်လေ။ (ဝိ၊၅။၂၉၂။) (ဝိ၊မြန်၊၅။၃၉၇။)

အဂမနီယဌာန ၁၂ မျိုး မိန်းမ ၁၂ မျိုးနှင့် တူသည်။

အဂမနီယဌာန ၂၀ မိန်းမ ၂၀နှင့် တူသည်။

အဂါရဝ တရား ၆ ပါး ၁။ မြတ်စွာဘုရား၌ မရှိသေ မလေးစားခြင်း၊ ၂။ တရားတော်၌ မရှိသေ မလေးစားခြင်း၊ ၃။ သံဃာတော်၌ မရှိသေ မလေးစားခြင်း၊ ၄။ သိက္ခာသုံးပါး၌ မရှိသေ မလေးစားခြင်း၊ ၅။ အပွမာဒတရား၌ မရှိသေ မလေးစားခြင်း၊ ၆။ အာမိသပဋိသန္ထာရ၊ ဓမ္မပဋိသန္ထာရ၌ မရှိသေ မလေးစားခြင်း။ (ဝိမတိ၊၂။၂၉၀။)

အဂေါစရ ၆ ဌာန (ရဟန်းတော်များ မလှည့်လည် မကျက်စားကောင်းသော အရပ် ၆ မျိုး) ၁။ ပြည့်တန်ဆာမအိမ်၊ ၂။ မုဆိုးမအိမ်၊ ၃။ အပျိုကြီးအိမ်၊ ၄။ ပဏ္ဍုကအိမ်၊ ၅။ ဘိက္ခုနီမ အိမ်၊ ၆။ သေတင်းကုတ်(အရက်ဆိုင်) ။ (ခုဒ္ဒက၊ဌ။၂၀၂။) (မူလဋီ၊၁။၉၇။)

အဂေါစရ ၆ ဌာန ရဟန်းတို့ မကြွသင့်သော ဌာန ၆ ဌာနနှင့် တူသည်။

အဂေါစရ ၇ ဌာန မကျက်စားအပ်သော အရပ် ၇ မျိုးနှင့် တူသည်။

အငြင်းပွားကြောင်း ၁၂ ပါး ငြင်းခုံကြောင်း ၁၂ ပါး၊ ခိုက်ရန်ဖြစ်ကြောင်း ၁၂ ပါးတို့နှင့် တူသည်။

အငြင်းပွားဖြစ်ခြင်း အကြောင်း ၆ မျိုး ၁။ အမျက်ဒေါသ ကြီးခြင်း, ရန်ငြိုးဖွဲ့တတ်ခြင်း၊ ၂။ သူ့ကျေးဇူးကို ချေဖျက်ခြင်း, ဂုဏ်ပြိုင်တတ်ခြင်း၊ ၃။ မနာလို ဝန်တိုလေ့ ရှိခြင်း၊ ၄။ ကောက်ကျစ်

http://www.dhammadownload.com

စဉ်းလဲခြင်း, လှည့်စားတတ်ခြင်း၊ ၅။ ယုတ်မာသော အလို ရှိခြင်း, အယူ မှားခြင်း၊ ၆။ မိမိအယူကို လွဲမှားစွာ သုံးသပ်၍ စွဲစွဲမြဲမြဲ ယူတတ်ခြင်း စွန့်နိုင်ခဲခြင်း။ (မ၊၃။၃၃။) (မ၊မြန်၊၃။၃၅။)

အစလစေတီယဌာန ၄ ဌာန ၁။ မဟာဗောဓိပလ္လင် တည်ရာ ဌာန၊ ၂။ ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစက်ကြာတရားတော်ကို ဟောကြားရာ ဌာန၊ ၃။ သင်္ကဿနဂိုရ်ပြည်၌ နတ်ပြည်မှ သင်တော် မူသော အခါ၌ လှေခါးစောင်းတန်း၏ တည်ရာ ဌာန၊ ၄။ ဇေတဝန်ကျောင်း ဂန္ဓကုဋီ၌ ညောင်စောင်းခြေတို့၏ တည်ရာ ဌာန။ (မ၊ဌ၊၂။၇၂။)

အစ အလယ် အဆုံး ၂ မျိုး ၁။ သာသနာတော်၌ သီလသည် အစ, သမထ ဝိပဿနာ မဂ်သည် အလယ်, ဖိုလ်နိဗ္ဗာန်သည် အဆုံး၊ ၂။ ဒေသနာတော်၌ တစ်ဂါထာ၏ ပထမပါဒသည် အစ, ဒုတိယ တတိယပါဒသည် အလယ်, စတုတ္ထပါဒသည် အဆုံး။ (သံ၊ဌ၊၁။၁၅၈။)

အစားကြီးသော ပုဏ္ဏား ၅ ယောက် ၁။ အာဟရဟတ္ထကပုဏ္ဏား–အစားအစာများကို အလွန် စားသောက်ထားသဖြင့် မိမိကိုယ်တိုင် မထနိုင်သောကြောင့် "လက်ကို ဆွဲ၍ ထူပါဦး"ဟု ပြောဆိုရသော ပုဏ္ဏား၊ ၂။ အလံသာဋကပုဏ္ဏား– အလွန် စားသောက်ထားသဖြင့် ဗိုက်ပူ နေသောကြောင့် မိမိပုဆိုးကိုပင် မဝတ်နိုင်သော ပုဏ္ဏား၊ ၃။ တတ္တြဝဋ္ဋကပုဏ္ဏား– အလွန်အကျွံ စားသောက်ပြီး မထနိုင်သဖြင့် ထိုစားသောက်ရာ နေရာ၌ပင် ပြန်၍ လဲကျသော ပုဏ္ဏား၊ ၄။ ကာကမာသကပုဏ္ဏား– ခံတွင်းမှ အစာများကို ကျီးနှိုက်စား၍ ရလောက်အောင် အစား ကြူးသော ပုဏ္ဏား၊ ၅။ ဘုတ္တဝမိတကပုဏ္ဏား– အလွန်အကျွံ စားထားသဖြင့် ဝမ်းဗိုက်မဆန့် သောကြောင့် တစ်ဖန် ပြန်အန်ထွက်သည် အထိ အစားကြူးသော ပုဏ္ဏား။ (အဘိ၊ဌ၊၁။၄၃၂။) (ဝိသုဒ္ဓိ၊ဋီ၊၁။၅၉။)

အစု ၃ ပါး ၁။ မကောင်းကျိုး ပေးခြင်း၌ မြဲသော အစု၊ ၂။ ကောင်းကျိုး ပေးခြင်း၌ မြဲသော အစု၊ ၃။ နှစ်မျိုးလုံး၌ မမြဲသော အစု။ (ဒီ၊၃။၁၈၂။) (ဒီ၊မြန်၊၃။၂၀၁။)

အစုလိုက် အပုံလိုက် သေကြေ ပျက်စီးရကြောင်း ၃ ပါး ၁။ အဓမ္မရာဂဖြင့် တပ်မက်ခြင်း၊ ၂။ ဝိသမလောဘဖြင့် လွန်းမိုးခြင်း၊ ၃။ မိစ္ဆာဓမ္မဖြင့် နှိပ်စက်ခြင်း။ (အံ၊၁။၁၆၀။) (အံ၊မြန်၊ ၁။၁၇၉။)

အစေလကသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ သာသနာတော်မှ တစ်ပါးသော တိတ္ထိအယူရှိသူ ဖြစ်ခြင်း၊ ၂။ စားမျိုဖွယ်ရာ ခဲဖွယ်ဘောဇဉ် ဖြစ်ခြင်း၊ ၃။ စားမျိုခြင်းအကျိုးငှာ မိမိလက်ဖြင့် ချမထားသော ခွက်၌ ပေးခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၆။) (ဝိမတိ၊၂။၃၉။)

အစဉ် ၃ မျိုး ကမ ၃ မျိုးနှင့် တူသည်။

အစဉ် ၅ မျိုး ၁။ ဥပ္ပတ္တိက္ကမ– ပဌမံ ကလလံ ဟောတိ စသော ဘဝတစ်ခု၏ ဖြစ်စဉ်၊ ၂။ ပဟာနက္ကမ– ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ စသည်ဖြင့် ပယ်အပ်သော အကုသိုလ်တရား တို့၏ အစဉ်၊ ၃။ ပဋိပတ္တိက္ကမ– သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ စသော ကျင့်စဉ်၊ ၄။ ဘူမိက္ကမ– ကာမာဝစရာ ဓမ္မာ စသော ဘုံစဉ်၊ ၅။ ဒေသနာက္ကမ– ဒါနကထာ, သီလကထာ စသော ဟောစဉ်။ (ပဋိသံ၊ဌ၊၁။၃၀။)

http://www.dhammadownload.com

အစဉ်အတိုင်း ချုပ်ခြင်း ၉ ပါး မျက်မှောက်ပြုအပ်သော တရား ၉ ပါး၊ သစ္ဆိကာတဗ္ဗတရား ၉ ပါး အနုပုဗ္ဗနိရောဓ တရား ၉ ပါးတို့နှင့် တူသည်။

အစဉ်အတိုင်း ချုပ်ခြင်း ၉ ပါး ၁။ ပဌမဈာန်ဝင်စားသော ပုဂ္ဂိုလ်အား ကာမသညာ ချုပ်၏၊ ၂။ ဒုတိယဈာန်ဝင်စားသော ပုဂ္ဂိုလ်အား ဝိတက် ဝိစာရ ချုပ်၏၊ ၃။ တတိယဈာန်ဝင်စားသော ပုဂ္ဂိုလ်အား နှစ်သိမ့်မှု ပီတိ ချုပ်၏၊ ၄။ စတုတ္ထဈာန်ဝင်စားသော ပုဂ္ဂိုလ်အား ထွက်သက် ဝင်သက် ချုပ်၏၊ ၅။ အာကာသနဉ္စာယတနဈာန် ဝင်စားသော ပုဂ္ဂိုလ်အား ရုပ်သညာ ချုပ်၏၊ ၆။ ဝိညာဏဉ္စာယတနဈာန် ဝင်စားသော ပုဂ္ဂိုလ်အား အာကာသာနဉ္စာယတနသညာ ချုပ်၏၊ ၇။ အာကိဉ္စညာယတနဈာန် ဝင်စားသော ပုဂ္ဂိုလ်အား ဝိညာဏဉ္စာယတနသညာ ချုပ်၏၊ ၈။ နေဝသညာနာသညာယတနဈာန် ဝင်စားသော ပုဂ္ဂိုလ်အား အာကိဉ္စညာယတနသညာ ချုပ်၏၊ ၉။ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်အား သညာ ဝေဒနာ ချုပ်၏။ (ဒီ၊၃။၂၂၁။) (ဒီ၊၃။၂၅၅။) (အံ၊၃။၂၀၈။) (ပဋိသံ၊၌၊၁။၁၂၈။) (ဒီ၊မြန်၊၃။၂၄၄။) (ဒီ၊မြန်၊၃။၂၄၄။) (ဒီ၊မြန်၊၃။၂၇၈။) (အံ၊မြန်၊၃။၂၀၉။) (ဒီ၊၃၊၂၂၀။)

အစဉ်အတိုင်း ဝင်စားသော တရား ၉ ပါး ၁။ ပထမဈာန်ကို ဝင်စားခြင်း၊ ၂။ ဒုတိယဈာန်ကို ဝင်စားခြင်း၊ ၃။ တတိယဈာန်ကို ဝင်စားခြင်း၊ ၄။ စတုတ္ထဈာန်ကို ဝင်စားခြင်း၊ ၅။ အာကာသာနဉ္စာယတနဈာန်ကို ဝင်စားခြင်း၊ ၆။ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားခြင်း၊ ၇။ အာကိဉ္စညာယတနဈာန်ကို ဝင်စားခြင်း၊ ၈။ နေဝသညာနာသညာယတနဈာန်ကို ဝင်စားခြင်း၊ ၉။ နိရောဓသမာပတ်ကို ဝင်စားခြင်း။ (ဒီ၊၃။၂၂၀။) (အံ၊၃။၂၀၉။) (အံ၊၃။၂၁၃။) (အံ၊၃။မြန်၊၂၁၃။) (ဒီ၊မြန်၊၃။၂၄၃-၂၄၄။) (အံ၊မြန်၊၃။၂၀၉။)

အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ် ၉ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၉ ပါး၊ အဘိညေယျတရား ၉ ပါး နှင့် အနုပုဗ္ဗဝိဟာရ တရား ၉ ပါး တူသည်။

အစဉ်အတိုင်း ဝင်စားအပ်သော သမာပတ် ၉ ပါး ၁။ ပထမဈာန်၊ ၂။ ဒုတိယဈာန်၊ ၃။ တတိယဈာန်၊ ၄။ စတုတ္ထဈာန်၊ ၅။ ပဉ္စမဈာန်၊ ၆။ အာကာသာနဉ္စာယတနဈာန်၊ ၇။ ဝိညာဏဉ္စာယတနဈာန်၊ ၈။ အာကိဉ္စညာယတနဈာန်၊ ၉။ နေဝသညာနာသညာယတနဈာန်။ (ဒီ၊၃။၂၂၀။) (ဒီ၊၃။၂၅၄။) (ပေဋကော။၂၅၉။) (ပဋိသံ၊၌၊၁။၇၁။) (ဒီ၊မြန်၊၃။၂၄၃-၂၄၄။) (ဒီ၊မြန်၊၃။၂၇၈။)

အစဉ်အတိုင်း ဟောကြားတော်မူသော တရားစကား ၄ မျိုး အနုပုဗ္ဗီကထာ ၄ မျိုးနှင့် တူသည်။

အစည်းအဝေး ၃ မျိုး (ဘုရားရှင်လက်ထက် ပရိသတ်များသော အစည်းအဝေး ၃ မျိုး) ၁။ ယမိုက်ပြာဋိဟာ တန်ခိုးပြတော်မူရာဖြစ်သော အစည်းအဝေး၊ ၂။ တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ ကြွတော်မူသော အခါ၌ ဖြစ်သော အစည်းအဝေး၊ ၃။ ဂင်္ဂါမြစ်သို့ ကြွတော်မူသော အခါ၌ ဖြစ်သော အစည်းအဝေး။ (ဓမ္မ၊၌၊၂။၂၇၇။)

အစိတ္ထကသိက္ခာပုဒ် ၁၃ ပုဒ် ၁။ ဘိက္ခုဝိဘင်း၌ သုရာပါနသိက္ခာပုဒ်၊ ၂။ ဘိက္ခုဝိဘင်း၌ ဥယျုတ္တသိက္ခာပုဒ်၊ ၃။ ဘိက္ခုဝိဘင်း၌ ဥယျောဓိကသိက္ခာပုဒ်၊ ၄။ ဘိက္ခုနီဝိဘင်း၌ ဂိရဂ္ဂသမဇ္ဇ သိက္ခာပုဒ်၊ ၅။ ဘိက္ခုနီဝိဘင်း၌ စိတ္တာဂါရသိက္ခာပုဒ်၊ ၆။ ဘိက္ခုနီဝိဘင်း၌ သယံဘော် သိက္ခာပုဒ်၊

http://www.dhammadownload.com

၇။ ဘိက္ခုနီဝိဘင်း၌ ဣတ္ထာလင်္ကာရသိက္ခာပုဒ်၊ ၈။ ဘိက္ခုနီဝိဘင်း၌ ဂန္ဓကဝဏ္ဏက သိက္ခာပုဒ်၊ ၉။ ဘိက္ခုနီဝိဘင်း၌ ဝါသိတကပိညာကသိက္ခာပုဒ်၊ ၁၀။ ဘိက္ခုနီဝိဘင်း၌ ဘိက္ခုနီဥမ္မဒ္ဒန ပရိမဒ္ဒနသိက္ခာပုဒ်၊ ၁၁။ ဘိက္ခုနီဝိဘင်း၌ သာမဏေရီ ဥမ္မဒ္ဒနပရိမဒ္ဒန သိက္ခာပုဒ်၊ ၁၂။ ဘိက္ခုနီဝိဘင်း၌ သိက္ခမာန ပရိမဒ္ဒနသိက္ခာပုဒ်၊ ၁၃။ ဘိက္ခုနီဝိဘင်း၌ ဂီဟိနီ ပရိမဒ္ဒနသိက္ခာပုဒ်။ (သာရတ္ထ၊ဋီ၊၂။၄၁။)

အစိတ်အပိုင်း ၁၀ မျိုး ၁။ ခန္ဓပဒေသ– ခန္ဓာ၏ အစိတ်၊ ၂။ အာယတနပဒေသ– အာယတန၏ အစိတ်၊ ၃။ ဓာတုပဒေသ– ဓာတ်၏ အစိတ်၊ ၄။ သစ္စပဒေသ– သစ္စာ၏ အစိတ်၊ ၅။ ဣန္ဒြိယ ပဒေသ– ဣန္ဒြေ၏ အစိတ်၊ ၆။ ပစ္စယာကာရပဒေသ– ပဋိစ္စသမုပ္ပါဒ်၏ အစိတ်၊ ၇။ သတိပဋ္ဌာနပဒေသ– သတိပဋ္ဌာန်၏ အစိတ်၊ ၈။ ဈာနပဒေသ– ဈာန်၏ အစိတ်၊ ၉။ နာမပဒေသ– နာမ်၏ အစိတ်၊ ၁၀။ ဓမ္မပဒေသ– ကုသလ အစ အရဏ အဆုံးရှိသော တရား၏ အစိတ်။ (အဘိ၊ဋ္ဌ၊၁။၃၁။)

အစပ် ၃ ပါး ၁။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတို့၏ အကြား၌ ကြောင်းကျိုးတစ်စပ်၊ ၂။ ပစ္စုပ္ပန်အကျိုးနှင့် အနာဂတ်အကြောင်းတို့၏ အကြား၌ အကျိုးအကြောင်းတစ်စပ်၊ ၃။ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတို့၏ အကြား၌ အကြောင်းအကျိုးတစ်စပ်။ (ပဋိသံ၊ဋ္ဌ၊၁။၂၅၅။) (ဝိသုဒ္ဓိ၊၂။၂၁၄။)

အစွန်း ၃ ပါး (အသား ငါးတို့၌ စင်ကြယ်စေရမည့် အစွန်း ၃ ပါး) ၁။ မိမိအတွက် ရည်ညွှန်းသတ်ဖြတ်မှုကို မမြင်ခြင်း၊ ၂။ မိမိအတွက် ရည်ညွှန်းသတ်ဖြတ်မှုကို မကြားခြင်း၊ ၃။ မိမိအတွက် ရည်ညွှန်း၍ သတ်ဖြတ်သည်ဟု ယုံမှားသံသယ မရှိခြင်း။ (ဝိ၊၃။၃၃၅။) (ဝိ၊မြန်၊၃။၃၃၈။) (ဝိ၊ဋ္ဌ၊၂။၁၈၉။)

အစွန်းရောက်သော တရား ၂ ပါး ၁။ ယုတ်ညံ့၍ ရွာသူတို့၏ အကျင့်ဖြစ်သော ကိလေသာ ကာမနှင့် ယှဉ်စပ်သော ချမ်းသာကို ခံစားခြင်း, အစဉ်လိုက်ခြင်း၊ ၂။ မိမိ၏ ကိုယ်စိတ် နှစ်ပါးလုံး ဆင်းရဲခြင်းကို ဖြစ်စေလျက် အကျိုးစီးပွားနှင့် မစပ်ယှဉ်ဘဲ ခန္ဓာကိုယ် ပင်ပန်းမှုကို အားထုတ်ခြင်း။ (ဝိ၊၃။၁၄။) (ဝိ၊မြန်၊၃။၁၅။)

အစွမ်းသတ္တိနှင့် ယှဉ်ခြင်း ၃ မျိုး ၁။ ဥဿာဟသတ္တိယောဂ– အားထုတ်မှု အစွမ်းသတ္တိနှင့် ယှဉ်ခြင်း၊ ၂။ ပဘုသတ္တိယောဂ– အရှင်သခင်၏ အစွမ်းသတ္တိနှင့် ယှဉ်ခြင်း၊ ၃။ မန္တသတ္တိယောဂ– အတိုင်အပင် ဉာဏ်ပညာ၏ အစွမ်းသတ္တိနှင့် ယှဉ်ခြင်း။ (သုတ္တနိ၊ဋ္ဌ၊၂။၁၇၁။)

အဆီ ၅ မျိုး (အပ်သော အဆီ) ၁။ ဝံဆီ၊ ၂။ ငါးဆီ၊ ၃။ မိကျောင်းဆီ၊ ၄။ ဝက်ဆီ၊ ၅။ မြည်းဆီ။ (ဝိ၊ဋ္ဌ၊၂။၂၉၂။)

အဆင်တန်ဆာ ၂ မျိုး ၁။ အဂါရိက ဝိဘူသာ– ခေါင်းပေါင့်ခြင်း ပန်းပန်ခြင်း စသော လူတို့၏ အဆင်တန်ဆာ၊ ၂။ အနဂါရိက ဝိဘူသာ– သပိတ်, သင်္ကန်း စသည်ကို တန်ဆာဆင်ခြင်း တည်းဟူသော ရဟန်းတို့၏ အဆင်တန်ဆာ။ (အပ၊ဋ္ဌ၊၁။၂၀၈။)

အဆင့်အတန်း ၂ မျိုး ၁။ အသက်ရှစ်ဆယ် ကိုးဆယ် တစ်ရာပင် ဖြစ်သော်လည်း ကာမဂုဏ်တို့ကို ခံစားသုံးဆောင်လျက် ကာမဂုဏ်တို့ဖြင့် လောင်မြိုက်ခံရပြီး ကာမဂုဏ်တို့ကို ရှာမှီးရန်

http://www.dhammadownload.com

အားထုတ်နေသော လူငယ်အဆင့်အတန်း ဒဟရဘူမိ၊ ၂။ အသက်ဆယ့်ရှစ်နှစ် နုပျိုသော အရွယ်ပင် ဖြစ်သော်လည်း ကာမဂုဏ်တို့ကို မခံစား မသုံးဆောင်ဘဲ ကာမဂုဏ်တို့ဖြင့် အလောင်မြိုက် မခံမူ၍ ကာမဂုဏ်တို့ကို မကြံစည်, မရှာမှီးသော လူကြီးအဆင့်အတန်း ဝုဒ္ဓဘူမိ။ (အံ၊၁။၆၈။) (အံ၊မြန်၊၁။၈၁။)

အဆင်း ၂ မျိုး ၁။ မမှီဝဲထိုက်သော အဆင်းစသည်၊ ၂။ မှီဝဲထိုက်သော အဆင်းစသည်။ (မ၊၃။၁၀၃။) (မ၊မြန်၊၃။၁၀၇။)

အဆင်းလှကြောင်း ၄ ပါး ၁။ ဆွမ်းစသော အာမိသကို ပေးလှူခြင်း၊ ၂။ အဝတ်ပုဆိုးကို ပေးလှူခြင်း၊ ၃။ တံမြက်လှည်းခြင်း၊ ၄။ အမျက်မထွက်ခြင်း။ (ဒီ၊၄၊၃။၁၁၆။)

အဆိပ်ဖြေဆေး အင်္ဂါ ၂ ပါး ၁။ အဆိပ်ဖြေဆေး၌ ပိုးလောက်တို့ မတည်နိုင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် စိတ်၌ ကိလေသာတို့ကို မတည်စေခြင်း)၊ ၂။ အဆိပ်ဖြေဆေးသည် ကိုက်အပ် ခဲအပ် တွေ့ထိအပ် စားသောက်အပ် လျက်အပ်သော အလုံးစုံသော အဆိပ်ကို ပယ်ဖျောက်နိုင်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရာဂမှု ဒေါသမှု မောဟမှု မာနမှု ဒိဋ္ဌိမှု တည်းဟူသော အလုံးစုံသော အဆိပ်ကို ပယ်ဖျောက်နိုင်ခြင်း)။ (မိလိန္ဒ။၄၀၃။) (မိလိန္ဒ၊မြန်။ ၄၂၅။)

အဆွေခင်ပွန်း ၄ မျိုး ၁။ ဆွေမျိုးဟူသော အဆွေခင်ပွန်း၊ ၂။ အမျိုးအနွယ်ဟူသော အဆွေခင်ပွန်း၊ ၃။ မိတ်ဆွေဟူသော အဆွေခင်ပွန်း၊ ၄။ အတတ်ဟူသော အဆွေခင်ပွန်း။ (သုတ္တနိ၊၄၊၁။၁၀၁။)

အဆွေခင်ပွန်း ၄ မျိုး (တစ်နည်း) ၁။ သားတော်စပ်သော အဆွေခင်ပွန်း၊ ၂။ အတတ်ပညာနှင့်စပ်သော အဆွေခင်ပွန်း၊ ၃။ အမျိုးအနွယ်တော်စပ်သော အဆွေခင်ပွန်း၊ ၄။ ဆွေမျိုးတော်စပ်သော အဆွေခင်ပွန်း။ (ဇာ၊၄၊၂။၂၈၆။)

အဆွေခင်ပွန်းကောင်း မဟုတ်သူ ၄ ဦး ၁။ မိမိဥစ္စာကိုသာ ဆောင်ယူတတ်သူ၊ ၂။ နှုတ်သာ အတိုင်းအရှည်ရှိသူ၊ ၃။ ချစ်ဖွယ်စကားကိုသာ ပြောတတ်သူ၊ ၄။ စည်းစိမ်ဥစ္စာ ပျက်စီးကြောင်း တို့၌သာ အပေါင်းအဖော်ဖြစ်သူ။ (ဇာ၊၄၊၂။၃၅၀။)

အဆွေခင်ပွန်းဖွဲ့ခြင်း ၄ မျိုး ၁။ ဥတိဗန္ဓဝါ– ဆွေမျိုးအားဖြင့် အဆွေခင်ပွန်းဖွဲ့ခြင်း၊ ၂။ ဂေါတ္တဗန္ဓဝါ– မျိုးနွယ်အားဖြင့် အဆွေခင်ပွန်းဖွဲ့ခြင်း၊ ၃။ မိတ္တဗန္ဓဝါ– မိတ်ဆွေအပေါင်းအသင်းပြုလုပ်သောအားဖြင့် အဆွေခင်ပွန်းဖွဲ့ခြင်း၊ ၄။ သိပ္ပဗန္ဓဝါ– အတတ်ပညာအားဖြင့် အဆွေခင်ပွန်းဖွဲ့ခြင်း။ (စူဋ္ဌနိ။၂၈၁။)

အညဝါဒကသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ဓမ္မကံဖြင့် အညဝါဒကပုဂ္ဂိုလ်၏ အဖြစ်သို့ တင်ထားခြင်း၊ ၂။ အာပတ်ဖြင့်လည်းကောင်း၊ ဝတ္ထုဖြင့်လည်းကောင်း၊ စစ်ဆေးမေးမြန်းထားခြင်း၊ ၃။ အာပတ်, ဝတ္ထုကို ဖုံးထားလိုသဖြင့် အခြားသော စကားဖြင့် အခြားသော စကားကို ဖုံးကွယ်ခြင်းလည်းကောင်း၊ ဆိတ်ဆိတ်နေခြင်းလည်းကောင်း။ (သာရတ္ထ၊ဋီ၊၃။၂၄။) (ဝိမတိ၊၂။၁၃။)

အညာတကဝိညတ္တိသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ဝိကပွနာ လုံလောက်သော သင်္ကန်း ဖြစ်ခြင်း၊ ၂။ အခါသမယ မဟုတ်ခြင်း၊ ၃။ ဆွေမျိုးမတော်သူထံမှ တောင်းယူခြင်း၊ ၄။ ထိုဆွေမျိုးမတော်သူထံမှ တောင်းခြင်းကြောင့် ရရှိခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၀၃။) (ဝိမတိ၊၁။၃၂၅။)

http://www.dhammadownload.com

အညစ်အကြေး ၂ မျိုး ၁။ ခန္ဓာကိုယ်၏ အညစ်အကြေး၊ ၂။ ကိလေသာတည်းဟူသော စိတ်၏ အညစ်အကြေး။ (ဣတိဝု‌တ်၊ဋ္ဌ။၂၆၁။)

အညစ်အကြေး ၃ မျိုး ၁။ ရာဂ အညစ်အကြေး၊ ၂။ ဒေါသ အညစ်အကြေး၊ ၃။ မောဟ အညစ်အကြေး။ (ဒီ၊၃။၂၅၄။) (ဒီ၊မြန်၊၃။၂၇၈။) (ဒီ၊၃။၂၂၀။) (ဒီ၊မြန်၊၃။၂၄၃-၂၄၄။) (ပဋိသံ၊ဋ္ဌ၊၁။၇၁။) (ပေဋကော။၂၅၉။)

အညစ်အကြေး ၅ မျိုး ၁။ တိမ်တိုက်၊ ၂။ ဆီးနှင်း၊ ၃။ အခိုးအငွေ့၊ ၄။ မြူမှုန်၊ ၅။ ရာဟု။ (ဒီ၊ဋ္ဌ၊၁။၁၂၉။) (ဒီ၊ဋ္ဌ၊မြန်၊၁။၂၄၉။)

အညစ်အကြေး ၈ မျိုး ၁။ သရဏာဂုံမှမရှိခြင်းသည် အတတ်ပညာ၏ အညစ်အကြေး၊ ၂။ ထကြွလုံ့လမရှိခြင်းသည် အိမ်၏ အညစ်အကြေး၊ ၃။ ပျင်းရိခြင်းသည် ကိုယ်အဆင်း၏ အညစ်အကြေး၊ ၄။ မေ့လျော့ခြင်းသည် ဥစ္စာကို စောင့်ရှောက်သူ၏ အညစ်အကြေး၊ ၅။ မကောင်းသော အကျင့်သည် မိန်းမ၏ အညစ်အကြေး၊ ၆။ ဝန်တိုမှုသည် ပေးလှူသော သူ၏ အညစ်အကြေး၊ ၇။ အကုသိုလ်တရားတို့သည် ယခုလောက တမလွန်လောကတို့၏ အညစ်အကြေး၊ ၈။ အဝိဇ္ဇာသည် အညစ်အကြေးအားလုံးတို့ထက် ထူးသော အညစ်အကြေး၊ လွန်ကဲသော အညစ်အကြေး။ (အံ၊၃။၃၇။) (အံ၊မြိန်၊၃။၃၇။)

အတိရိက်ဝိနည်း ကဲ့ ၅ ပါး ၁။ အပ်သော သစ်သီး စသည်ကို အတိရိက်ပြုခြင်း၊ ၂။ အကပ်ခံ အပ်သော ဝတ္ထုကို အတိရိက်ပြုခြင်း၊ ၃။ မြှောက်ချီ ကြွနိုင်သော ဝတ္ထုကို အတိရိက်ပြုခြင်း၊ ၄။ ဟတ္ထပါသ်အတွင်း၌ အတိရိက်ပြုခြင်း၊ ၅။ ဤအလုံးစုံကို တော်ပြီ, တန်ပြီဟု ဆိုခြင်း။ (ဝိ၊၅။၃၂၅။) (ဝိ၊မြန်၊၅။၄၂၆။)

အတိတာနာဂတသမန္နာဂတကထာ၌ ပညတ်ခြင်း ၂ မျိုး ၁။ ပြည့်စုံသည်၏ အဖြစ်ကို ပညတ်ခြင်း၊ ၂။ ရခြင်းကို ပညတ်ခြင်း။ (အဘိ၊ဋ္ဌ၊၃။၂၁၈။)

အတုမရှိသော အရာ ၄ မျိုး ၁။ မြေကြီးနှင့် တူသော ကျယ်ပြန့်သော အရာသည် မရှိ၊ ၂။ ချောက်ကမ်းပါးနှင့် တူသော နိမ့်သော အရာသည် မရှိ၊ ၃။ မြင့်မိုရ်တောင်နှင့် တူသော မြင့်သော အရာသည် မရှိ၊ ၄။ စကြဝဠတေးမင်းနှင့် တူသော ယောကျ်ား၏ အဖြစ်သည် မရှိ။ (နေတ္တိ၊ဋ္ဌ။၁၄၈။)

အတုရိတဒေသစာရီ ၂ မျိုး ၁။ သစ္စာလေးပါးကို သိထိုက်သော တစ်ယောက်တည်းသော သတ္တဝါ၏ အကျိုးငှာသာ ကြွတော်မူသော ဒေသစာရီသည် နိဗ္ဗဒေသစာရီ မည်၏၊ ၂။ ရွာ, နိဂုံး, မြို့အစည်၏ အစွမ်းဖြင့် ကြွတော်မူသော ဒေသစာရီသည် အနိဗ္ဗဒေသစာရီ မည်၏။ (မ၊ဋ္ဌ၊၂။၅၈။)

အတူတကွ ဆွေးနွေးအပ်သော် ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အသေကွဖြစ်သော သီလ ဂုဏ် ကျေးဇူးနှင့် ပြည့်စုံခြင်း၊ ၂။ အသေကွဖြစ်သော သမာဓိ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်း၊ ၃။ အသေကွဖြစ်သော ပညာ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်း၊ ၄။ အသေကွဖြစ်သော အရဟတ္တဖိုလ် ဝိမုတ္တိ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်း၊ ၅။ အသေကွဖြစ်သော အရဟတ္တဖိုလ် ပစ္စဝေက္ခဏာ ဉာဏ် ဝိမုတ္တိ ဉာဏဒဿန ဂုဏ်နှင့် ပြည့်စုံခြင်း။ (ဝိ၊၅။၃၄၁။) (ဝိ၊မြန်၊၅။၄၄၆။)

http://www.dhammadownload.com

အတူတကွ ဆွေးနွေးအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အဋ္ဌကထာ၌ အထူးကို သိသော ဉာဏ် (အတ္ထပဋိသမ္ဘိဒါ) သို့ ရောက်ခြင်း၊ ၂။ ပါဠိတော် (ဓမ္မ) ၌ အထူးကို သိသော ဉာဏ် (ဓမ္မပဋိသမ္ဘိဒါ) သို့ ရောက်ခြင်း၊ ၃။ ဝေါဟာရသဒ္ဒါ အထူးကို သိသော ဉာဏ် (နိရုတ္တိပဋိသမ္ဘိဒါ) သို့ ရောက်ခြင်း၊ ၄။ အောက် ဉာဏ်သုံးပါး (ပဋိဘာန) ၌ အထူးကို သိသော ဉာဏ် (ပဋိဘာနပဋိသမ္ဘိဒါ) သို့ ရောက်ခြင်း၊ ၅။ လွတ်မြောက်တိုင်းသော စိတ်ကို ဆင်ခြင်တတ်ခြင်း။ (ဝိ၅။၃၄၂။) (ဝိ၊မြန်၊၅။၄၄၆။)

အတူတကွ မဆွေးနွေးအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အသေကွဖြစ်သော သီလ ဂုဏ်ကျေးဇူးနှင့် မပြည့်စုံခြင်း၊ ၂။ အသေကွဖြစ်သော သမာဓိ ဂုဏ်ကျေးဇူးနှင့် မပြည့်စုံခြင်း၊ ၃။ အသေကွဖြစ်သော ပညာ ဂုဏ်ကျေးဇူးနှင့် မပြည့်စုံခြင်း၊ ၄။ အသေကွဖြစ်သော အရဟတ္တဖိုလ် (ဝိမုတ္တိ) ဂုဏ်ကျေးဇူးနှင့် မပြည့်စုံခြင်း၊ ၅။ အသေကွဖြစ်သော အရဟတ္တဖိုလ် ပစ္စဝေက္ခဏာဉာဏ် (ဝိမုတ္တိဉာဏဒဿန) ဂုဏ်ကျေးဇူးနှင့် မပြည့်စုံခြင်း။ (ဝိ၅။၃၄၁။) (ဝိ၊မြန်၊၅။၄၄၅။)

အတူတကွ မဆွေးနွေးအပ်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အဋ္ဌကထာ၌ အထူးကို သိသော ဉာဏ် (အတ္ထပဋိသမ္ဘိဒါ) သို့ မရောက်ခြင်း၊ ၂။ ပါဠိတော် (ဓမ္မ) ၌ အထူးအခြားကို သိသော ဉာဏ် (ဓမ္မပဋိသမ္ဘိဒါ) သို့ မရောက်ခြင်း၊ ၃။ ဝေါဟာရသဒ္ဒါအထူးကို သိသော ဉာဏ် (နိရုတ္တိပဋိသမ္ဘိဒါ) သို့ မရောက်ခြင်း၊ ၄။ အောက် ဉာဏ်သုံးပါး (ပဋိဘာန) ၌ အထူးကို သိသော ဉာဏ် (ပဋိဘာန ပဋိသမ္ဘိဒါ) သို့ မရောက်ခြင်း၊ ၅။ လွန်မြောက်တိုင်းသော စိတ်ကို မဆင်ခြင်တတ်ခြင်း၊ (မှတ်ချက်) အတူ ဆွေးနွေးအပ်သော ရဟန်း၏ အင်္ဂါ (၅) ပါးကို အထက်က (၅) ပါးနှင့် အပြန်အားဖြင့် သိအပ်၏။ (ဝိ၅။၃၄၂။) (ဝိ၊မြန်၊၅။၄၄၆။)

အတူတကွ သုံးဆောင်ခြင်း ၂ မျိုး ၁။ ပစ္စည်းကို အတူတကွ သုံးဆောင်ခြင်း အာမိသသမ္ဘောဂ၊ ၂။ တရားကို အတူတကွ သုံးဆောင်ခြင်း ဓမ္မသမ္ဘောဂ။ (အံ၊၁။၉၁။) (အံ၊မြန်၊၁။၁၀၆။)

အတူနေခြင်း ၄ မျိုး ၁။ သူသေသည် သူသေနှင့် အတူ နေခြင်း၊ ၂။ သူသေသည် နတ်သမီးနှင့် အတူ နေခြင်း၊ ၃။ သူသေသည် နတ်သမီးနှင့် အတူ နေခြင်း၊ ၄။ နတ်သမီးသည် နတ်သမီးနှင့် အတူ နေခြင်း။ (အံ၊ ၁။၃၆၈။) (အံ၊ ၁။၃၇၀။) (အံ၊ မြန်၊ ၁။၃၈၂။) (အံ၊ မြန်၊ ၁။၃၈၂။)

အတူနေတပည့်အား နှင်ထုတ်ကြောင်း အင်္ဂါ ၅ ပါး ၁။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်မြတ်နိုးမှု မရှိခြင်း၊ ၂။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ကြည်ညိုမှု မရှိခြင်း၊ ၃။ ဥပဇ္ဈာယ် ဆရာ၌ လွန်ကဲသော ရှက်မှု မရှိခြင်း၊ ၄။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ရိုသေမှု မရှိခြင်း၊ ၅။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော မေတ္တာပွားမှု မရှိခြင်း။ (ဝိ၃။၆၉။) (ဝိ၃။၈၇။) (ဝိ၊မြန်၊ ၃။၇၂။) (ဝိ၊မြန်၊၃။၇၂။)

အတူနေတပည့်အား နှင်မထုတ်ကြောင်း အင်္ဂါ ၅ ပါး ၁။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ချစ်ခင် မြတ်နိုးမှု ရှိခြင်း၊ ၂။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ကြည်ညိုမှု ရှိခြင်း၊ ၃။ ဥပဇ္ဈာယ် ဆရာ၌ လွန်ကဲသော ရှက်မှု ရှိခြင်း၊ ၄။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော ရိုသေမှု ရှိခြင်း၊

http://www.dhammadownload.com

၅။ ဥပဇ္ဈာယ်ဆရာ၌ လွန်ကဲသော မေတ္တာပွားများမှု ရှိခြင်း။ (ဝိ၊၃။၆၉။) (ဝိ၊၃။၈၇။) (ဝိ၊မြန်၊ ၃။၇၂။) (ဝိ၊မြန်၊၃။၇၂။)

အတူသုံးဆောင်ခြင်း၂ မျိုး ၁။ ပစ္စည်းဝတ္ထုများကို အတူတကွ သုံးဆောင်ခြင်းဟု ဆိုအပ်သော အာမိသသမ္ဘောဂ၊ ၂။ စာပေကို သင်ခြင်း သင်ယူစေခြင်း စသော ဓမ္မကို အတူတကွ သုံးဆောင်ခြင်းဟု ဆိုအပ်သော ဓမ္မသမ္ဘောဂ။ (ဝိ၊၂။၁၈၀။) (ဝိ၊၂။၁၈၄။) (ဝိ၊မြန်၊၂။၂၀၂၊၂၀၇။) (ဝိ၊မြန်၊၂။ ၂၀၂၊၂၀၇။)

အတောင်ရှိသော သတ္တဝါ ၃ မျိုး ၁။ လောမပက္ခာ– ကြက်စသော အမွေး ဟူသော အတောင်ရှိသော သတ္တဝါ၊ ၂။ စမ္မပက္ခာ– လင်းနို့ စသော အရေဟူသော အတောင်ရှိသော သတ္တဝါ၊ ၃။ အဋ္ဌိပက္ခာ– ပိတုံး စသော အရိုးဟူသော အတောင်ရှိသော သတ္တဝါ။ (ဝိ၊၌၊၁။၃၁၈။)

အတိုင်းအရှည်ကို သိခြင်း ၂ မျိုး ၁။ သုံးဆောင်ရာ ကာလအားဖြင့် လည်းကောင်း၊ ၂။ အလှူခံယူရာ ကာလအားဖြင့်လည်းကောင်း အတိုင်းအရှည်ကို သိရ၏။ (မဟာနိ။၃၉၇။)

အတတ် ၃ မျိုး (မြတ်သော အတတ် ၃ မျိုး) ၁။ စာရေးအတတ်၊ ၂။ လက်ဆစ်ချိုး၍ ရေတွက်သော အတတ်၊ ၃။ ကိုးခုအဆုံးရှိသော အပေါင်းကို ရေတွက်ခြင်း အတတ်၊ ဂဏန်းသချိုင်္အတတ်။ (ဒီ၊၌၊၃။၁၁၂။)

အတတ် ၄ မျိုး (ယုတ်နိမ့်သော အတတ် ၄ မျိုး) ၁။ ကျူးထရံသည် အတတ်၊ ၂။ အိုးထိန်းသည် အတတ်၊ ၃။ ရက်ကန်းသည် အတတ်၊ ၄။ ဆေတ္တာသည် အတတ်။ (ဒီ၊၌၊၁။၁၁၂။)

အတတ်ပညာ ၂ မျိုး ၁။ အဂါရိကသိပ္ပ– ကျောက်သွေး, ရွှေပန်းထိမ် အစရှိသော လူဝတ်ကြောင် တို့၏ အတတ်၊ ၂။ အနဂါရိကသိပ္ပ– သင်္ကန်းချုပ်ခြင်း အစရှိသော ရဟန်းတို့၏ အတတ်။ (ခုဒ္ဒက၊၌။၁၁၃။) (သုတ္တနိ၊၌၊၂။၁၉။)

အတတ်ပညာ ၂ မျိုး (တစ်နည်း) ၁။ ကျူးထရံ အတတ်အစရှိသော ယုတ်နိမ့်သော အတတ် ပညာ၊ ၂။ လက်ဆစ်ချိုး၍ ရေတွက်သော ဂဏန်းသချိုင်္အတတ် အစရှိသော မြတ်သော အတတ်ပညာ။ (ဝိ၊၂။၉။) (ဒီ၊၌၊၃။၁၁၂။) (အဘိ၊၌၊၂။၃၉၃။) (ဒီ၊ဋီ၊၃။၂၀၉။) (ဝိ၊မြန်၊၂။၁၁။)

အတတ်ပညာ တစ်ခု တတ်မြောက်အောင် ပြည့်စုံရမည့် အင်္ဂါ ၅ မျိုး ၁။ ယုံကြည်ချက် ရှိရခြင်း၊ ၂။ ရောဂါကင်းကွာ ကျန်းမာရခြင်း၊ ၃။ ကောက်ကျစ် စဉ်းလဲခြင်း လှည့်ပတ်ခြင်းမှ ကင်းရှင်း၍ ရိုးသား ဖြောင့်မတ်ရခြင်း၊ ၄။ ပျင်းရိမှု ကင်း၍ လုံ့လဝီရိယနှင့် ပြည့်စုံခြင်း၊ ၅။ ပညာဉာဏ် ထက်မြက်ရခြင်း။ (မ၊၂။၂၉၈။) (မ၊မြန်၊၂။၃၀၄။)

အတိတ်ကာလကို မှီသော ပစ္စည်း ၅ ပစ္စည်း ၁။ အနန္တရပစ္စည်း၊ ၂။ သမနန္တရပစ္စည်း၊ ၃။ အာသေဝနပစ္စည်း၊ ၄။ နတ္ထိပစ္စည်း၊ ၅။ ဝိဂတပစ္စည်း။ (အဘိ၊၌၊၃။၃၅၃။)

အတိတ်ကာလကို အကြောင်းပြု၍ ဖြစ်သော ယုံမှားခြင်း ၅ မျိုး ၁။ အတိတ်ကာလ၌ ငါသည် ဖြစ်ခဲ့ပြီသလော၊ ၂။ အတိတ်ကာလ၌ ငါသည် မဖြစ်ခဲ့လေသလော၊ ၃။ အတိတ်ကာလ၌ ငါသည် အဘယ်ကြောင့် ဖြစ်ခဲ့သနည်း၊ ၄။ အတိတ်ကာလ၌ ငါသည် ဘယ်ပုံ ဘယ်နည်းဖြင့်

http://www.dhammadownload.com

ဖြစ်ခဲ့လေသနည်း၊ ၅။ အတိတ်ကာလ၌ ငါသည် အဘယ်သို့ဖြစ်၍ အဘယ်သို့ ဖြစ်ခဲ့လေသနည်း။ (စူဠနိ၊၄။၉၄။)

အတိတ် အနာဂတ် ပစ္စုပ္ပန် ရုပ် ၂ မျိုး ၁။ သုတ္တန်ဒေသနာနည်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ရုပ်၊ ၂။ အဘိဓမ္မနိဒ္ဒေသအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ရုပ်။ (အဘိ၊၆၊၂။၇။)

အတိတ် အနာဂတ် ပစ္စုပ္ပန် ရုပ် ၄ မျိုး ၁။ ဘဝဟူသော အဓွန့်အားဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ရုပ်၊ ၂။ ဘဝဟူသော အစဉ်၊ ၃။ ဘဝဟူသော အခါ၊ ၄။ ဘဝဟူသော ခဏ။ (အဘိ၊၆၊ ၂။၇။)

အတွေ့အထိ၌ သာယာခြင်း ၂ မျိုး ၁။ အဋ္ဌဟ္တိက- အတွင်း၌ ဖြစ်သော အတွေ့အထိ၊ ၂။ ဗာဟိရ- အပြင်ပ၌ ဖြစ်သော အတွေ့အထိ။ (ဝိ၊၆၊၂။၁၁၅။)

အတွင်းရန်သူကြီး ၃ မျိုး ၁။ အလိုရမ္မက်ကြီးခြင်း (လောဘ)၊ ၂။ အမျက်ကြီးခြင်း (ဒေါသ)၊ ၃။ တွေဝေမိုက်မဲခြင်း (မောဟ) ။ (မဟာနိ။၁၂။) (မဟာနိ။၂၈၂။) (မဟာနိ။၃၇၄။) (စူဠနိ။၂၅၁။)

အတွင်းသန္တာန်ကို စွဲ၍ ဖြစ်သော တဏှာ ၁၈ ပါး ၁။ ငါဖြစ်သည်ဟု တဏှာဖြစ်ခြင်း၊ ၂။ ဤအပြားအားဖြင့် ငါဖြစ်သည်ဟု တဏှာဖြစ်ခြင်း၊ ၃။ ဤသို့ ငါဖြစ်သည်ဟု တဏှာ ဖြစ်ခြင်း၊ ၄။ တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်သည်ဟု တဏှာဖြစ်ခြင်း၊ ၅။ ငါ ဖြစ်လိမ့်မည်ဟု တဏှာဖြစ်ခြင်း၊ ၆။ ဤအပြားအားဖြင့် ငါဖြစ်လိမ့်မည်ဟု တဏှာ ဖြစ်ခြင်း၊ ၇။ ဤသို့ငါဖြစ်လိမ့်မည်ဟု တဏှာဖြစ်ခြင်း၊ ၈။ တစ်ပါးသော အခြင်းအရာ အားဖြင့် ငါဖြစ်လိမ့်မည်ဟု တဏှာဖြစ်ခြင်း၊ ၉။ အမြဲဖြစ်သည်ဟု တဏှာဖြစ်ခြင်း၊ ၁၀။ အမြဲ မဖြစ်ဟု တဏှာဖြစ်ခြင်း၊ ၁၁။ ဖြစ်ရာသည်ဟု တဏှာဖြစ်ခြင်း၊ ၁၂။ ဤအပြားအားဖြင့် ဖြစ်ရာသည်ဟု တဏှာဖြစ်ခြင်း၊ ၁၃။ ဤသို့ ဖြစ်ရာသည်ဟု တဏှာဖြစ်ခြင်း၊ ၁၄။ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်ဟု တဏှာဖြစ်ခြင်း၊ ၁၅။ စင်စစ် ငါ ဖြစ်ရာသည်ဟု တဏှာ ဖြစ်ခြင်း၊ ၁၆။ စင်စစ် ဤအပြားအားဖြင့် ငါဖြစ်ရာသည်ဟု တဏှာ ဖြစ်ခြင်း၊ ၁၇။ စင်စစ် ငါ ဤသို့ဖြစ်ရာသည်ဟု တဏှာဖြစ်ခြင်း၊ ၁၈။ စင်စစ် ငါ တစ်ပါးသော အခြင်းအရာ အားဖြင့် ဖြစ်ရာသည်ဟု တဏှာဖြစ်ခြင်း။ (အဘိ၊၀ိ။၄၀၆။) (အဘိ၊ဝိ၊မြန်၊၂။၅၁၄။)

အတွင်းအသုံးအဆောင် ၅ မျိုး ၁။ အဆင်း၊ ၂။ အသံ၊ ၃။ အနံ့၊ ၄။ အရသာ၊ ၅။ အတွေ့အထိ။ (သာရတ္ထ၊ဋီ၊၂။၇။)

အတွင်းအာယတန ၆ ပါး ၁။ မျက်စိအကြည်ဓာတ်- စက္ခာယတန၊ ၂။ နားအကြည်ဓာတ်- သောတာယတန၊ ၃။ နှာခေါင်းအကြည်ဓာတ်- ဃာနာယတန၊ ၄။ လျှာအကြည်ဓာတ်- ဇိဂ္ဂါယတန၊ ၅။ ကိုယ်အကြည်ဓာတ်- ကာယာယတန၊ ၆။ စိတ်- မနာယတန။ (ဒီ၊၃။၂၀၂။) (ဒီ၊၃။၂၃၇။) (သံ၊၁။၂၄၅။) (ဒီ၊၄၊။၃၇၄။) (မ၊၄၊၁။၂၉၁။) (ပဋိသံ၊၄၊၁။၁၀၃။) (ခုဒ္ဒက၊၄။၆၉။) (စူဠနိ၊၄။၈၀။) (သာရတ္ထ၊ဋီ၊၁။၂၄၃။) (ဒီ၊မြန်၊၃။၂၂၅။) (ဒီ၊မြန်၊၃။၂၆၀။) (သံ၊မြန်၊၁။၂၃၀။) (ဒီ၊၄၊ မြန်၊၂။၆၉၂။) (ဒီ၊၄၊မြန်၊၂။၆၉၂။)

http://www.dhammadownload.com

အတွင်းအာယတန, အပြင်အာယတန ၆ မျိုးစီ ၁။ မျက်စိအကြည် စက္ခုပသာဒ၊ အဆင်းရူပါရုံ၊ ၂။ နားအကြည် သောတပသာဒ၊ အသံ သဒ္ဒါရုံ၊ ၃။ နှာခေါင်းအကြည် ဃာနပသာဒ၊ အနံ့ ဂန္ဓာရုံ၊ ၄။ လျှာအကြည် ဇိဝှါပသာဒ၊ အရသာ ရသာရုံ၊ ၅။ ကိုယ်အကြည် ကာယပသာဒ၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံ၊ ၆။ အသိ မနောဝိညာဏ်၊ သဘောတရား ဓမ္မာရုံ။ (မ၂။၁၀၈။) (မ၊မြန်၂၊၃။၁၁၂။) (ဒီ၂၊၈၄။) (ဒီ၊မြန်၂၊၉၀။)

အထူး စီစဉ်ရန် ပဋိသန္ဓေနေခြင်း စသည်တို့၏ အကြောင်းတရား ၃ ပါး ၁။ ရာဂ၊ ၂။ ဒေါသ၊ ၃။ မောဟ။ (အံ၊၃။၃၇၁။) (အံ၊မြန်၊၃။၃၇၁။)

အဒုက္ခမသုခ စေတောဝိမုတ္တိသမာပတ် ဖြစ်ကြောင်း ၄ ပါး ၁။ ချမ်းသာမှုကိုလည်းကောင်း, ဆင်းရဲမှုကိုလည်းကောင်း ပယ်ခြင်း၊ ၂။ ရှေးဦးကပင် ဝမ်းသာမှုနှင့် နှလုံးမသာယာမှုကို ချုပ်ပြီးဖြစ်ခြင်း၊ ၃။ ဆင်းရဲချမ်းသာမရှိသော လျစ်လျူရှုမှု ဥပေက္ခာကြောင့် ဖြစ်သော သတိ၏ စင်ကြယ်ခြင်း၊ ၄။ စတုတ္ထဈာန်သို့ ရောက်၍နေခြင်း။ (မ၊၁။၃၇၀။) (မ၊မြန်၊၁။၃၈၂။)

အဒိန္နာဒါနကံ မြောက်ကြောင်း အင်္ဂါ ၅ ပါး ၁။ ပရပရိဂ္ဂဟိတံ– သူတစ်ပါးပိုင်သော ဥစ္စာဖြစ်ခြင်း၊ ၂။ ပရပရိဂ္ဂဟိတသညီ– သူတစ်ပါးပိုင်သော ဥစ္စာဟု အမှတ်ရှိခြင်း၊ ၃။ ထေယျစိတ္တံ– ခိုးယူလိုသော စိတ်ရှိခြင်း၊ ၄။ ဝါယာမော– ခိုးယူခြင်းငှာ လုံ့လပြုခြင်း။ ၅။ တေန အာဒါတဗ္ဗံ အာဒါနံ– ထိုလုံ့လဖြင့် ခိုးယူခြင်း။ (ဒီ၌၁။၇၀။) (မ၊၌၁။၂၀၂။) (သံ၊၌၂။၁၃၄။) (ပဋိသံ၊၌၁။၂၀၄။) (ခုဒ္ဒက၊၌။၂၁။) (ဣတိဝု၊၌။၂၂၀။) (မဟာနိ၊၌။၄၀၅။) (မဟာနိ၊၌။၉၉။) (ဒီ၊၌မြန်၊၁။၁၃၃။) (ဒီ၊၌မြန်၊၁။၁၃၃။) (အဘိ၊၌၊၁၄၁။)

အဒိန္နာဒါနကြောင့် ထုလ္လစဉ်းအာပတ် သင့်နိုင်သော အင်္ဂါ ၅ ပါး ၁။ သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာဖြစ်ခြင်း၊ ၂။ သူတစ်ပါး သိမ်းဆည်းထား၏ဟု အမှတ်ရှိခြင်း၊ ၃။ တစ်ပဲထက်အလွန် ငါးပဲအောက် (ငါးပြားအထက်, တစ်မတ်အောက်) ထိုက်တန်သော ပစ္စည်းဖြစ်ခြင်း၊ ၄။ ခိုးယူလိုသောစိတ် ရှိခြင်း၊ ၅။ နေရာမှ ရွှေ့လျောစေခြင်း။ (ဝိ၊၁။၆၇။) (ဝိ၊မြန်၊၁။၇၂။)

အဒိန္နာဒါနကြောင့် ထုလ္လစဉ်းအာပတ် သင့်နိုင်သော အင်္ဂါ ၆ ပါး ၁။ မိမိဥစ္စာဟု အမှတ်မရှိခြင်း၊ ၂။ ချစ်ကျွမ်းဝင်၍ ယူမှု မဟုတ်ခြင်း၊ ၃။ အခိုက်အတန့် (ခဏ– ခေတ္တ) ငှားရမ်းယူမှု မဟုတ်ခြင်း၊ ၄။ တစ်ပဲထက်အလွန် ငါးပဲအောက် (ငါးပြားအထက်, တစ်မတ်အောက်) ထိုက်တန်သော ပစ္စည်းဥစ္စာ ဖြစ်ခြင်း၊ ၅။ ခိုးယူလိုသောစိတ် ရှိခြင်း၊ ၆။ နေရာမှ ရွှေ့လျောစေခြင်း။ (ဝိ၊၁။၆၈။) (ဝိ၊မြန်၊၁။၇၂။)

အဒိန္နာဒါနကြောင့် ဒုက္ကဋ်အာပတ် သင့်နိုင်သော အင်္ဂါ ၅ ပါး ၁။ သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာ မဟုတ်ခြင်း၊ ၂။ သူတစ်ပါး သိမ်းဆည်းထားသော ပစ္စည်းဥစ္စာဟု မှတ်ထင်ခြင်း၊ ၃။ ငါးပဲ, ငါးပဲထက်အလွန် (တစ်မတ်, တစ်မတ်ထက်အလွန်) ထိုက်တန်သော ပစ္စည်းဖြစ်ခြင်း၊ ၄။ ခိုးယူလိုသောစိတ် ရှိခြင်း၊ ၅။ နေရာမှ ရွှေ့လျောစေခြင်း။ (ဝိ၊၁။၆၈။) (ဝိ၊မြန်၊၁။၇၂။)

အဒိန္နာဒါနကြောင့် ဒုက္ကဋ်အာပတ် သင့်နိုင်သော အင်္ဂါ ၅ ပါး ၁။ သူတစ်ပါး သိမ်းဆည်းထားသော ပစ္စည်းဥစ္စာ မဟုတ်ခြင်း၊ ၂။ သူတစ်ပါး သိမ်းဆည်းထားသော ပစ္စည်းဟု မှတ်

http://www.dhammadownload.com

ထင်ခြင်း၊ ၃။ တစ်ပဲအထက်, ငါးပဲအောက် (ငါးပြားအထက်, တစ်မတ်အောက်) ထိုက်တန်သော ပစ္စည်းဥစ္စာ ဖြစ်ခြင်း၊ ၄။ ခိုးယူလိုသောစိတ် ရှိခြင်း၊ ၅။ နေရာမှ ရွေ့လျောစေခြင်း။ (ဝိ၊၁၊။၆၈။) (ဝိ၊မြန်၊၁၊။၇၂။)

အဒိန္နာဒါနကြောင့် ဒုက္ကဋ်အာပတ် သင့်နိုင်သော အင်္ဂါ ၅ ပါး ၁။ သူတစ်ပါး သိမ်းဆည်းထားသောဥစ္စာ မဟုတ်ခြင်း၊ ၂။ သူတစ်ပါး သိမ်းဆည်းထားသည်ဟု မှတ်ထင်ခြင်း၊ ၃။ တစ်ပဲ, တစ်ပဲအောက် (ငါးပြား, ငါးပြားအောက်) ယုတ်လျော့သော ပစ္စည်းဖြစ်ခြင်း၊ ၄။ ခိုးယူလိုသောစိတ် ရှိခြင်း၊ ၅။ နေရာမှ ရွေ့လျောစေခြင်း။ (ဝိ၊၁၊။၆၈။) (ဝိ၊မြန်၊၁၊။၇၃။)

အဒိန္နာဒါနကြောင့် ဒုက္ကဋ်အာပတ် သင့်နိုင်သော အင်္ဂါ ၅ ပါး ၁။ သူတစ်ပါး သိမ်းဆည်းထားသော ပစ္စည်းဥစ္စာ ဖြစ်ခြင်း၊ ၂။ သူတစ်ပါး သိမ်းဆည်းထားသည်ဟု အမှတ်ရှိခြင်း၊ ၃။ တစ်ပဲ, တစ်ပဲအောက်နည်းသော (ငါးပြား, ငါးပြားအောက်နည်းသော) ပစ္စည်းဥစ္စာ ဖြစ်ခြင်း၊ ၄။ ခိုးယူလိုသောစိတ် ရှိခြင်း၊ ၅။ နေရာမှ ရွေ့လျောစေခြင်း။ (ဝိ၊၁၊။၆၇။) (ဝိ၊မြန်၊ ၁၊။၇၂။)

အဒိန္နာဒါနကြောင့် ဒုက္ကဋ်အာပတ် သင့်နိုင်သော အင်္ဂါ ၆ ပါး ၁။ မိမိဥစ္စာဟု အမှတ်မရှိခြင်း၊ ၂။ ချစ်ကျွမ်းဝင်၍ ယူမှု မဟုတ်ခြင်း၊ ၃။ အခိုက်အတန့် (ခဏ, ခေတ္တ) ငှားရမ်းမှု မဟုတ်ခြင်း၊ ၄။ တစ်ပဲ, တစ်ပဲအောက်နည်းသော (ငါးပြား, ငါးပြားအောက်) ယုတ်လျော့သော ပစ္စည်းဥစ္စာ ဖြစ်ခြင်း၊ ၅။ ခိုးယူလိုသောစိတ် ရှိခြင်း၊ ၆။ နေရာမှ ရွေ့လျောစေခြင်း။ (ဝိ၊၁၊။၆၈။) (ဝိ၊မြန်၊ ၁၊။၇၂။)

အဒိန္နာဒါနကြောင့် ပါရာဇိကအာပတ် သင့်နိုင်သော အင်္ဂါ ၅ ပါး ၁။ သူတစ်ပါး သိမ်းဆည်းထားသော ဥစ္စာဖြစ်ခြင်း၊ ၂။ သူတစ်ပါး သိမ်းဆည်းထားသည်ဟု အမှတ်ရှိခြင်း၊ ၃။ ငါးပဲ, ငါးပဲထက်အလွန် (တစ်မတ်, တစ်မတ်ထက်အလွန်) ထိုက်တန်သောပစ္စည်း ဖြစ်ခြင်း၊ ၄။ ခိုးယူလိုသောစိတ် ရှိခြင်း၊ ၅။ နေရာမှ ရွေ့လျောစေခြင်း။ (ဝိ၊၁၊။၆၇။) (ဝိ၊မြန်၊၁၊။၇၁။)

အဒိန္နာဒါနကြောင့် ပါရာဇိကအာပတ် သင့်နိုင်သော အင်္ဂါ ၆ ပါး ၁။ မိမိဥစ္စာဟု အမှတ်မရှိခြင်း၊ ၂။ ချစ်ကျွမ်းဝင်သဖြင့် ယူခြင်း မဟုတ်ခြင်း၊ ၃။ ခဏခေတ္တငှားရမ်းမှု မဟုတ်ခြင်း၊ ၄။ ငါးပဲ, ငါးပဲထက်အလွန် (တစ်မတ်, တစ်မတ်ထက်အလွန်) ထိုက်တန်သော ပစ္စည်းဥစ္စာ ဖြစ်ခြင်း၊ ၅။ ခိုးယူလိုသောစိတ် ရှိခြင်း၊ ၆။ နေရာမှ ရွေ့လျောစေခြင်း။ (ဝိ၊၁၊။၆၇။) (ဝိ၊မြန်၊ ၁၊။၇၂။)

အနဝတတ်အိုင်၏ ဘေး၌ ရေစီးထွက်ရာ အပေါက် ၄ မျိုး ၁။ သီဟမည်သော အပေါက်အဝ (သီဟမုခ)၊ ၂။ ဟတ္ထိမည်သော အပေါက်အဝ (ဟတ္ထိမုခ)၊ ၃။ အဿမုခမည်သော အပေါက်အဝ (အဿမုခ)၊ ၄။ ဥသဘမည်သော အပေါက်အဝ (ဥသဘမုခ)။ (မ၊၄၂၁။၂၅။) (အံ၊၄၂၁။ ၂၁၉။) (ဥဒါန၊၄၂။၂၇၃။) (သာရတ္ထ၊ဋီ၊၁။၂၅၆။) (သုတ္တနိ၄၂၁။၁၆၁။)

အနောဓိသ မေတ္တာ ၅ ပါး အပိုင်းအခြားမဲ့ မေတ္တာ ၅ ပါးနှင့် တူသည်။

အနောမဒဿီဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ရှေးဦးစွာ ဓမ္မစကြာတရားဦး ဟောတော်မူသောအခါ၌ ကုဋေတစ်ရာသော လူနတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်၊ ၂။ ဒုတိယအကြိမ် တရားမိုး ရွာသွန်းဖြိုးသော အခါ၌ ကုဋေရှစ်ဆယ်သော လူနတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်၊ ၃။ သတ္တဝါတို့အား နှစ်သက်စေလျက် တတိယအကြိမ် တရားဟောတော်မူသော အခါ၌ ခုနစ်ဆယ့်ရှစ်ကုဋေသော လူနတ်ဗြဟ္မာတို့ ကျွတ်တမ်းဝင်ကြသည်။ (အပ၊၂။၃၃၆။) (အပ၊မြန်၊၂။၃၃၃။)

အနောမဒဿီဘုရားရှင်၏ သာဝကအစည်းအဝေး ၃ ကြိမ် ၁။ ပထမအကြိမ် အစည်းအဝေး၌ ရဟန္တာ ရှစ်သိန်း၊ ၂။ ဒုတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ခုနစ်သိန်း၊ ၃။ တတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ခြောက်သိန်းတို့ စည်းဝေးကြသည်။ (အပ၊၂။၃၃၇။) (အဘိ၊၄၂၁။၆၃။) (အပ၊မြန်၊၂။၃၃၃။)

အနောမဒဿီဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ နိသဘထေရ်၊ ၂။ အနောမထေရ်။ (အဘိ၊၄၂၁။၆၃။) (ဗုဒ္ဓဝံ၊၄၂။၂၁၀။)

အနောမဒဿီဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ သုန္ဒရီထေရီ၊ ၂။ သုမနာထေရီ။ (အဘိ၊၄၂၁။၆၃။) (ဗုဒ္ဓဝံ၊၄၂။၂၁၀။)

အနောမဒဿီဘုရားလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ သိရီမည်သော ပြာသာဒ်ဆောင်၊ ၂။ ဥပသိရီမည်သော ပြာသာဒ်ဆောင်၊ ၃။ ဝမမည်သော ပြာသာဒ်ဆောင်။ (အပ၊ ၂။၃၃၇။) (အပ၊ မြန်၊ ၂။၃၃၄။)

အနက်သဒ္ဒါ ကုန်ဆုံးခြင်းအားဖြင့် ပြောဆိုတတ်သော ပုဂ္ဂိုလ် ၄ မျိုး ၁။ အနက်အားဖြင့်သာ ကုန်ဆုံးခြင်းသို့ ရောက်၍ သဒ္ဒါအားဖြင့် ကုန်ဆုံးခြင်းသို့ မရောက်ဘဲ ပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၂။ သဒ္ဒါအားဖြင့်သာ ကုန်ဆုံးခြင်းသို့ ရောက်၍ နက်အားဖြင့် ကုန်ဆုံးခြင်းသို့ မရောက်ဘဲ ပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၃။ အနက်အားဖြင့်လည်းကောင်း သဒ္ဒါ

http://www.dhammadownload.com

အားဖြင့်လည်းကောင်း ကုန်ဆုံးခြင်းသို့ ရောက်၍ ပြောဆိုတတ်သော ပုဂ္ဂိုလ်၊ ၄။ အနက်အားဖြင့်လည်းကောင်း သဒ္ဒါအားဖြင့်လည်းကောင်း ကုန်ဆုံးခြင်းသို့ မရောက်ဘဲ ပြောဆိုတတ်သော ပုဂ္ဂိုလ်။ (အံ၊၁။၄၅၅-၄၅၆။) (အံ၊မြန်၊၁။၄၆၈။)

အနိစ္စ ဒုက္ခ အနတ္တ တရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၁၄၆။၁၅၉-၁၆၁) (မြန်၊၁၅၀-၁၅၄။)

အနိစ္စမည်ကြောင်း ၄ ပါး ၁။ ဖြစ်ခြင်း ချုပ်ခြင်း၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ၂။ ဖောက်ပြန်ခြင်းသဘောကြောင့်လည်းကောင်း၊ ၃။ အခိုက်အတန့်မျှသာ တည်သော သဘောကြောင့်လည်းကောင်း၊ ၄။ မြဲသော သဘောကို ပယ်ခြင်း အနက်သဘောကြောင့်လည်းကောင်း။ (မ၊ဋ္ဌ၊၂။၁၉။)

အနိစ္စမည်ကြောင်း ၄ မျိုး ၁။ ဖြစ်ခြင်းဟူသော အစအဆုံးအခြား, ပျက်ခြင်းဟူသော အဆုံးအပိုင်းအခြားရှိသည် ဖြစ်ခြင်း၊ ၂။ အိုခြင်း, သေခြင်းဟူသော နှစ်ပါးသောအားဖြင့် ဖောက်ပြန်ခြင်း၊၃။ဥပါဒ်,ဋ္ဌိ,ဘင်ဟူသောကာလ,အခိုက်အတန့်မျှရှိခြင်း၊၄။မြဲသည်၏အဖြစ်ကို ပယ်ခြင်း။ (အဘိ၊ဋ္ဌ၊၂။၄၅၅။)

အနိစ္စလက္ခဏာ ၂ ပါး ၁။ အနိစ္စတော- ဖြစ်ပြီးလျှင် မရှိတော့ခြင်း၊ ၂။ ပလောကတော- ဖောက်ပြန်သောအားဖြင့် ပျက်စီးတတ်ခြင်း။ (အံ၊ဋ္ဌ၊၃။၂၇၈။)

အနိစ္စသညာကို ဖြစ်စေသော ရဟန်း၏ အကျိုး ၆ ပါး ၁။ အလုံးစုံသော သင်္ခါရတို့သည် အပိုင်းအခြားမရှိဟူ၍ ငါ့အား ထင်ကျန်လတ္တံ့ဟု မြင်ခြင်း၊ ၂။ အလုံးစုံသော လောကဌ် ငါ၏ စိတ်သည် မွေ့လျော်လိမ့်မည်မဟုတ်ဟု မြင်ခြင်း၊ ၃။ အလုံးစုံသော လောကမှလည်း ငါ၏ စိတ်သည် ထမြောက်လိမ့်မည်ဟု မြင်ခြင်း၊ ၄။ ငါ၏ စိတ်သည် နိဗ္ဗာန်သို့ ညွတ်လိမ့်မည်ဟု မြင်ခြင်း၊ ၅။ သံယောဇဉ်နှောင်ကြိုးတို့သည် ပယ်ခြင်းသို့ ရောက်လိမ့်မည်ဟု မြင်ခြင်း၊ ၆။ အလွန်မြတ်သော အရိယာမဂ်တည်းဟူသော ရဟန်းအဖြစ်နှင့် ပြည့်စုံရလိမ့်မည်ဟု မြင်ခြင်း။ (အံ၊၂။၃၈၅။)

အနိစ္စသညာ ပွားများရကျိုး ၅ ပါး ၁။ အလုံးစုံသော ကာမရာဂကို ကုန်ခန်းစေနိုင်ခြင်း၊ ၂။ အလုံးစုံသော ရူပရာဂကို ကုန်ခန်းစေနိုင်ခြင်း၊ ၃။ အလုံးစုံသော ဘဝရာဂကို ကုန်ခန်းစေနိုင်ခြင်း၊ ၄။ အလုံးစုံသော အဝိဇ္ဇာကို ကုန်ခန်းစေနိုင်ခြင်း၊ ၅။ အလုံးစုံသော ငါဟူသော အသိမာနကို ပယ်နှုတ်နိုင်ခြင်း။ (သံ၊၂။၁၂၆။) (သံ၊မြန်၊၂။၁၁၇။)

အနိစ္စာနုပဿနာဉာဏ် လွတ်ရာ ဥပါဒါန် ၃ ပါး ၁။ ဒိဋ္ဌုပါဒါန်၊ ၂။ သီလဗ္ဗတုပါဒါန်၊ ၃။ အတ္တဝါဒုပါဒါန်။ (ပဋိသံ။၂၄၃။) (ပဋိသံ၊မြန်။၂၉၉။)

အနတ္တမည်ကြောင်း ၄ ပါး ၁။ ပုဂ္ဂိုလ်, သတ္တဝါတို့မှ ဆိတ်သုဉ်းခြင်း အနက်သဘောကြောင့် အနတ္တ မည်၏၊ ၂။ အရှင်မရှိခြင်း အနက်သဘောကြောင့် အနတ္တ မည်၏၊ ၃။ အစိုးမရခြင်း အနက်သဘောကြောင့် အနတ္တ မည်၏၊ ၄။ အတ္တ၏ အဖြစ်ကို ပယ်ခြင်းဟူသော အနက်သဘောကြောင့် အနတ္တ မည်၏။ (မ၊ဋ္ဌ၊၂။၁၉။) (အဘိ၊ဋ္ဌ၊၂။၄၅၅။) (သာရတ္ထ၊ဋီ၊၃။၁၈၃။)

http://www.dhammadownload.com

အနုတ္တလက္ခဏာ ၃ ပါး ၁။ ပရတော– မိမိဥစ္စာ မဟုတ်သော အနက်သဘောအားဖြင့် ဖြစ်ခြင်း၊ ၂။ သုညတော– ပိုင်ရှင်မရှိသော ကင်းဆိတ်သော အနက်သဘောအားဖြင့် ဖြစ်ခြင်း၊ ၃။ အနတ္တတော– မိမိအလိုသို့ မလိုက်သော အနက်သဘောအားဖြင့် ဖြစ်ခြင်း။ (အံ၊၆၊ ၃။၂၇၈။)

အနုတ္တသညာကို ဖြစ်စေသော ရဟန်း၏ အကျိုး ၆ မျိုး ၁။ အလုံးစုံသော လောကဌ် တဏှာဒိဋ္ဌိတို့မှ ကင်းရလိမ့်မည်ဟု မြင်ခြင်း၊ ၂။ ငါဟူသော စွဲယူမှု အခြင်းအရာ ဒိဋ္ဌိသည်လည်း ငါ့အား ချုပ်ကုန်လိမ့်မည်ဟု မြင်ခြင်း၊ ၃။ ငါ၏ ဥစ္စာဟု စွဲမက်မှု တဏှာတို့ သည်လည်း ငါ့အား ချုပ်ကုန်လိမ့်မည်ဟု မြင်ခြင်း၊ ၄။ ငါသည် ပုထုဇဉ်နှင့် မဆက်ဆံသော ဉာဏ်နှင့် ပြည့်စုံလိမ့်မည်ဟု မြင်ခြင်း၊ ၅။ အကြောင်းတရားတို့ကို ကောင်းစွာ မြင်ရ လိမ့်မည်ဟု သိခြင်း၊ ၆။ အကြောင်းကြောင့် ဖြစ်သော အကျိုးတရားတို့ကိုလည်း ကောင်းစွာ မြင်ရလိမ့်မည်ဟု သိခြင်း။ (အံ၊၂။၃၈၆။) (အံ၊မြန်၊၂။၄၈၅။)

အနုတ္တာနုပဿနာဉာဏ် လွတ်ရာ ဥပါဒါန် ၃ ပါး ၁။ ဒိဋ္ဌုပါဒါန်၊ ၂။ သီလဗ္ဗတုပါဒါန်၊ ၃။ အတ္တဝါဒုပါဒါန်။ (ပဋိသံ။၂၄၃။) (ပဋိသံ၊မြန်။၃၀၀။)

အနုတ္တရုပညက္ခေတ္တ ၇ မျိုး လယ်မြေကောင်းနှင့် တူသော ပုဂ္ဂိုလ် ၇ မျိုးနှင့် တူသည်။

အနုတ္တရိယ တရား ၆ ပါး ၁။ ဒဿနာနုတ္တရိယ– ဘုရားရှင်အား ဖူးမြော်ခွင့် ရခြင်း ဟူသော အမြတ်ဆုံးဖြစ်သော ဖူးမြင်မှု၊ ၂။ သဝနာနုတ္တရိယ– ဘုရားရှင်၏ တရားတော်ကို နာကြားခွင့် ရခြင်းဟူသော အမြတ်ဆုံးဖြစ်သော နာကြားမှု၊ ၃။ လာဘာနုတ္တရိယ– ဘုရားရှင်၌ ယုံကြည်မှု သဒ္ဓါတရားကို ရခြင်းဟူသော အမြတ်ဆုံးဖြစ်သော လာဘ်ရမှု၊ ၄။ သိက္ခာနုတ္တရိယ–ဘုရား သာသနာတော်၌ သိက္ခာသုံးပါးကို ကျင့်သုံးရခြင်းဟူသော အမြတ်ဆုံးဖြစ်သော အကျင့် သိက္ခာ၊ ၅။ ပါရိစရိယာနုတ္တရိယ– ဘုရားရှင်အား အမြဲမပြတ် ပြုစုလုပ်ကျွေးခွင့် ရခြင်း ဟူသော အမြတ်ဆုံးဖြစ်သော ပြုစုလုပ်ကျွေးမှု၊ ၆။ အနုဿတာနုတ္တရိယ– ဘုရားရှင်၏ ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်းဟူသော အမြတ်ဆုံးဖြစ်သော အောက်မေ့မှု။ (အံ၊၂။၂၅၁။) (အံ၊၂။၂၈၆။) (အံ၊၆၊၁။၉၁။) (အံ၊မြန်၊၂။၃၂၆။) (အံ၊မြန်၊၂။၃၂၆။)

အနုတ္တရိယတရား ၆ ပါး အမြတ်ဆုံးတရား ၆ ပါးနှင့် တူသည်။

အနန္တ ၃ မျိုး ၁။ အကာသာနန္တ– မိုးကောင်းကင်ဟူသော အနန္တ၊ ၂။ စက္ကဝဠာနန္တ– စကြဝဠာ ဟူသော အနန္တ၊ ၃။ သတ္တနိကာယာနန္တ– သတ္တဝါအပေါင်း ဟူသော အနန္တ။ (အဘိ၊၆၊၁။၂၀၄။) (ဝိသုဒ္ဓိ၊ဋီ၊၁။၂၄၃။)

အနန္တရ ၂ မျိုး ၁။ အာသန္နအနန္တရ– ဝိပဿနာသည် မဂ်၏ အာသန္နာနန္တရ၊ ၂။ ဒူရအနန္တရ– ဝိပဿနာသည် ဖိုလ်၏ ဒူရာနန္တရ။ (သံ၊၆၊၂။၂၅၄။)

အနန္တဝါဒီဒွိကို ဖြစ်စေသော တရား ၅ ပါး ၁။ ရုပ်ကို အမှား နှလုံးသွင်းသောကြောင့် အနန္တဝါဒီဒွိ ဖြစ်၏၊ ၂။ ဝေဒနာကို အမှား နှလုံးသွင်းသောကြောင့် အနန္တဝါဒီဒွိ ဖြစ်၏၊ ၃။ သညာကို အမှား နှလုံးသွင်းသောကြောင့် အနန္တဝါဒီဒွိ ဖြစ်၏၊ ၄။ သင်္ခါရကို အမှား နှလုံးသွင်း

http://www.dhammadownload.com

သောကြောင့် အနန္တဝါဒီဋ္ဌိ ဖြစ်၏၊ ၅။ ဝိညာဏ်ကို အမှား နလုံးသွင်းသောကြောင့် အနန္တဝါဒီဋ္ဌိ ဖြစ်၏။ (သံ၊၂။၁၇၆။) (သံ၊မြန်၊၂။၁၆၇)

အနုဿတိ ၁၀ ပါး ၁။ ဗုဒ္ဓါနုဿတိ– ဘုရားရှင်၏ အရဟာတာ အစရှိသော ဂုဏ်တော်များကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ၂။ ဓမ္မာနုဿတိ– သွာက္ခာတတာ စသော တရားဂုဏ်တော်များကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ၃။ သံဃာနုဿတိ– သုပ္ပဋိပန္နတာ စသော သံဃာ့ ဂုဏ်တော်များကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ၄။ သီလာနုဿတိ– မကျိုးမပေါက် မပြောက် မကျားသော အလွန်သန့်ရှင်းစင်ကြယ်သော မိမိ၏ သီလဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ၅။ စာဂါနုဿတိ– မစ္ဆေရအညစ်အကြေးမှ ကင်းသော မိမိ၏ ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ၆။ ဒေဝတာနုဿတိ– နတ်ဗြဟ္မာတို့ကို သက်သေ အရာ၌ ထားလျက် မိမိ၏ သဒ္ဓါ စသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ၇။ မရဏာနုဿတိ– သေရဦးမည်ကို အဖန်တလဲလဲ အောက်မေ့ခြင်း၊ ၈။ အာနာပါနုဿတိ– ထွက်သက်, ဝင်သက်, ထွက်လေ, ဝင်လေလျှင် အာရုံရှိသော သတိ၊ ၉။ ကာယဂတာ သတိ– ဆံပင်, မွေးညင်း စသော သုံးဆယ့်နှစ်ကောဋ္ဌာသ၌ အာရုံပြုသော အားဖြင့် ဖြစ်သော သတိ၊ ၁၀။ ဥပသမာနုဿတိ– ဆင်းရဲခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း။ (ဝိသုဒ္ဓိ၊၁။၁၀၇။) (သာရတ္ထ၊ဋီ၊၂။၂၀၃။)

အနုဿတိဌာန ၆ ပါး ၁။ ဗုဒ္ဓါနုဿတိ– ဘုရားဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ခြင်း၊ ၂။ ဓမ္မာနုဿတိ– တရားဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ခြင်း၊ ၃။ သံဃာနုဿတိ– သံဃာ့ဂုဏ်တော်များကို အဖန်ဖန် အောက်မေ့ခြင်း၊ ၄။ သီလာနုဿတိ– သီလဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၅။ စာဂါနုဿတိ– စွန့်ကြဲ ပေးကမ်းခြင်း ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း၊ ၆။ ဒေဝတာနုဿတိ– နတ်တို့၏ သဒ္ဓါ စသော ဂုဏ်နှင့် တူသော မိမိ၏ သဒ္ဓါ စသော ဂုဏ်ကို အဖန်ဖန် အောက်မေ့ခြင်း။ (ဒီ၊၃။၂၀၇။) (အံ၊၂။၂၅၁။) (အံ၊၂။၂၇၆–၂၇၇။) (ပဋိသံ၊၆။၁၁၈။) (ဒီ၊မြန်၊၃။၂၃၀။) (အံ၊မြန်၊၂။၃၂၆။) (အံ၊မြန်၊၂။၃၅၄။)

အနုဿတိဌာန ၆ ပါး အမြဲမပြတ် အောက်မေ့ထိုက်သော တရား ၆ ပါးနှင့် တူသည်။

အန္တယ် ၂ မျိုး ၁။ ကဲ့ရဲ့ရွတ်ချအပ်သော ယုတ်ညံ့သော အန္တယ်၊ ၂။ မကဲ့ရဲ့ မရွတ်ချအပ်သော ဂေါတမအန္တယ်, မောဂ္ဂလ္လာနအန္တယ်စသော မြင့်မြတ်သော အန္တယ်။ (ဝိ၊၂။၈။) (ဝိ၊မြန်၊၂။၁၀။)

အန္တယ် ၈ မျိုး ၁။ ခတ္တိယ အန္တယ်၊ ၂။ ပုဏ္ဏား အန္တယ်၊ ၃။ ကုန်သည် အန္တယ်၊ ၄။ သူဆင်းရဲ အန္တယ်၊ ၅။ ရဟန်း အန္တယ်၊ ၆။ အမျိုး အန္တယ်၊ ၇။ မင်း အန္တယ်၊ ၈။ အရိယာ အန္တယ်။ (ဒီ၊ဋ္ဌ၊ ၃။၁၉၁။) (စူဠနိ၊ဋ္ဌ။၁၁၆။)

အနောင်အဖွဲ့ ၁၀ မျိုး ၁။ အမိ၊ ၂။ အဖ၊ ၃။ ဇနီးမယား၊ ၄။ သားသမီး၊ ၅။ ဆွေမျိုး၊ ၆။ မိတ်ဆွေ၊ ၇။ စည်းစိမ်ဥစ္စာ၊ ၈။ လာဘ်ပူဇော်သက္ကာရ၊ ၉။ အစိုးရခြင်း၊ ၁၀။ ကာမဂုဏ် ငါးပါး။ (မိလိန္ဒ။ ၂၇၈။) (မိလိန္ဒ၊မြန်။၂၉၈။)

အနောင်အဖွဲ့ တရား ၅ ပါး ၁။ ကာမဂုဏ်၌ မကင်းသေးသော ရာဂရှိခြင်း၊ ၂။ ကိုယ်၌ မကင်းသေးသော ရာဂရှိခြင်း၊ ၃။ ရုပ်၌ မကင်းသေးသော ရာဂရှိခြင်း၊ ၄။ အလိုရှိတိုင်း ဝမ်းဗိုက်

http://www.dhammadownload.com

ပြည့်အောင် စားပြီး ငိုက်မျဉ်းအိပ်ပျော်၍ နေခြင်း၊ ၅။ အမှတ်မထား တစ်ပါးပါးသော နတ်ပြည်ကို တောင့်တလျက် မြတ်သော ဗြဟ္မစရိယအကျင့်ကို ကျင့်ခြင်း။ (ဝိသုဒ္ဓိ၊ဋီ၊၁။၂၅၄။)

အနောင်အဖွဲ့ ဖြစ်ကြောင်း တရား ၅ ပါး အတ္တဒိဋ္ဌိ ဖြစ်ကြောင်း တရား ၅ ပါးနှင့် တူသည်။

အနောင့်ယှက် ၇ မျိုး ၁။ ရာဂကိဉ္စန– သတ္တဝါတို့ကို နှိပ်နင်းနောင့်ယှက် နောင်ဖွဲ့တတ်သည့် ရာဂ၊ ၂။ ဒေါသကိဉ္စန– သတ္တဝါတို့ကို နှိပ်နင်းနောင့်ယှက် နောင်ဖွဲ့တတ်သည့် ဒေါသ၊ ၃။ မောဟကိဉ္စန– သတ္တဝါတို့ကို နှိပ်နင်းနောင့်ယှက် နောင်ဖွဲ့တတ်သည့် မောဟ၊ ၄။ မာနကိဉ္စန– သတ္တဝါတို့ကို နှိပ်နင်းနောင့်ယှက် နောင်ဖွဲ့တတ်သည့် မာန၊ ၅။ ဒိဋ္ဌိကိဉ္စန– သတ္တဝါတို့ကို နှိပ်နင်းနောင့်ယှက် နောင်ဖွဲ့တတ်သည့် ဒိဋ္ဌိ၊ ၆။ ကိလေသကိဉ္စန– သတ္တဝါတို့ကို နှိပ်နင်းနောင့်ယှက် နောင်ဖွဲ့တတ်သည့် ကိလေသ၊ ၇။ ဒုစ္စရိတကိဉ္စန– သတ္တဝါတို့ကို နှိပ်နင်းနောင့်ယှက် နောင်ဖွဲ့တတ်သည့် ဒုစရိုက်။ (စူဠနိ။၈၄။) (စူဠနိ။၉၂။) (စူဠနိ။၁၃၃။) (စူဠနိ။၁၄၅။)

အနှိုင်းမဲ့ပညာ ရကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်း တရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအား လျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊၃။၃၅၉။) (သံ၊၃။၃၆၁။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။) (သံ၊မြန်၊၃။၃၆၄ ၃၆၇။)

အနှစ် ၄ မျိုး ၁။ သီလအနှစ်၊ ၂။ သမာဓိအနှစ်၊ ၃။ ပညာအနှစ်၊ ၄။ အရဟတ္တဖိုလ်အနှစ်။ (အံ၊၁။၄၅၈။) (အံ၊မြန်၊၁။၄၇၁။)

အပရိယာပန္နဟိတ် ၆ ပါး ၁။ ကုသိုလ်ဟိတ် သုံးပါး၊ ၂။ အဗျာကတဟိတ် သုံးပါး ပေါင်း (၆) ပါး။ (အဘိ၊ဓ။၂၁၇။) (အဘိ၊ဓ၊မြန်။၃၉၆။)

အပရိဟာနိယ တရား ၄ ပါး မဆုတ်ယုတ်ကြောင်း တရား ၄ ပါးနှင့် တူသည်။

အပရိဟာနိယတရား ၆ ပါး (ဘိက္ခုအပရိဟာနိယတရား ၆ ပါး) ၁။ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာစိတ်ဖြင့် ပြုသော ကိုယ်အမူအရာကို များစွာမျက်မှောက်မျက်ကွယ် နှစ်ပါးလုံး၌ ရှေးရှုထင်စေခြင်း၊ ၂။ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာစိတ်ဖြင့် ပြုသော နှုတ်အမူအရာကို များစွာမျက်မှောက်မျက်ကွယ် နှစ်ပါးလုံး၌ ရှေးရှုထင်စေခြင်း၊ ၃။ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာစိတ်ဖြင့် ပြုသော စိတ်အမူအရာကို များစွာမျက်မှောက် များစွာမျက်ကွယ် နှစ်ပါးလုံး၌ ရှေးရှု ထင်စေခြင်း၊ ၄။ ရဟန်းတို့သည် တရားနှင့် အညီရသော ဓမ္မိယလာဘ်တို့ကို အယုတ်အားဖြင့် သပိတ်တွင်းရှိ ဆွမ်းမျှကိုသော်လည်း သီးခြားခွဲ၍ မသုံးဆောင်ဘဲ သီလရှိသော သီတင်းသုံးဖော်တို့နှင့် စုပေါင်းသုံးဆောင်ခြင်း၊ ၅။ ရဟန်းတို့သည် များစွာမျက်မှောက် များစွာမျက်ကွယ် နှစ်ပါးလုံး၌ သီတင်းသုံးဖော်တို့နှင့် သီလချင်း တူမျှလျက် နေကြခြင်း၊ ၆။ ရဟန်းတို့သည် များစွာမျက်မှောက် များစွာမျက်ကွယ် နှစ်ပါးလုံး၌ သီတင်းသုံးဖော်တို့နှင့် အရိယာပညာချင်း တူမျှလျက် နေကြခြင်း၊ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခြောက်ပါးတို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် မရှိဟု ဘုရားရှင် ဟောတော်မူ၏။ (ဒီ၊၂။၆၈။) (ဒီ၊မြန်၊၂။၇၉။)

အပရိဟာနိယတရား ၇ ပါး (ရာဇအပရိဟာနိယ ရ ပါး) ၁။ မင်းတို့သည် မကြာမကြာ စည်းဝေးခြင်း၊ အကြိမ်များစွာ စည်းဝေးခြင်း၊ ၂။ မင်းတို့သည် အညီအညွတ် စည်းဝေးလျက် တိုင်းရေး

http://www.dhammadownload.com

ကိစ္စတို့ကို ဆောင်ရွက်ခြင်း၊ ၃။ မင်းတို့သည် မပညတ်ခဲ့သော အရာကို မပညတ်ဘဲ၊ ပညတ်ပြီးသော အရာကို မပယ်ဖျက်ဘဲ၊ ပညတ်ထားသမျှသော ရှေးဟောင်းကျင့်ထုံးတို့ကို လိုက်နာခြင်း၊ ၄။ မင်းတို့သည် အသက်ကြီးသော မင်းတို့ကို အရိုအသေ အလေးအမြတ် ပူဇော်လျက် အသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်ခြင်း၊ ၅။ မင်းတို့သည် အမျိုးသမီးကြီးငယ်တို့ကို အနိုင်အထက် မသိမ်းပိုက်ခြင်း၊ ၆။ မင်းတို့သည် မြို့တွင်းမြို့ပြင်ရှိ နတ်ကွန်း (စေတီ) တို့ကို အရိုအသေ အလေးအမြတ် ပူဇော်လျက် ရှေးက ပေးလှူမြဲဖြစ်သော တရားနှင့်လျော်သော ဗလိနတ်စာကို မဆုတ်ယုတ်စေခြင်း၊ ၇။ မင်းတို့သည် ရဟန္တာပုဂ္ဂိုလ်တို့အား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံမှုကို ကောင်းစွာ စီမံပေးခြင်း ဤတရားခုနစ်ပါးနှင့် ပြည့်စုံနေသမျှ ထိုမင်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အကြောင်းမရှိ၊ ဤတရားကို မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ဝဇ္ဇီမင်းတို့ကို နှိမ်နင်းရန် သွားလိုကြောင်းကို ဝဿကာရပုဏ္ဏားက လျှောက်ထားသော စကားစပ်ဖြင့် ဟောကြားခြင်း ဖြစ်၏။ (ဒီ၊၂။၆၂။) (ဒီ၊မြန်၊၂။၇၂။)

အပရိဟာနိယတရား ၇ ပါး (တစ်နည်း) (ဘိက္ခုအပရိဟာနိယတရား ၇ ပါး) ၁။ ရဟန်းတို့သည် အမှုကြီးငယ်၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေခြင်း၊ ၂။ ရဟန်းတို့သည် စကားပြောခြင်းအမှု၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေခြင်း၊ ၃။ ရဟန်းတို့သည် အိပ်စက်ခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေခြင်း၊ ၄။ ရဟန်းတို့သည် အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေခြင်း၊ ၅။ ရဟန်းတို့သည် အလိုဆိုးကင်းကုန်လျက် အလိုဆိုး၏ ဆွဲဆောင်ရာသို့ မလိုက်ခြင်း၊ ၆။ ရဟန်းတို့သည် ယုတ်ညံ့သော အဆွေခင်ပွန်းအပေါင်းအဖော် မရှိမူ၍ ယုတ်ညံ့သူတို့၌ စိတ် မညွတ်ခြင်း၊ ၇။ ရဟန်းတို့သည် အနည်းငယ်သော တရားထူး ရရုံမျှဖြင့် အရဟတ္တဖိုလ်သို့ မရောက်မီ လမ်းခုလတ်၌ ရပ်စဲ၍ မနေခြင်း၊ ဤရဟန်းတို့၏ မဆုတ်ယုတ်ကြောင်း (အပရိဟာနိယ) တရား ခုနစ်ပါးတို့ကို ကျင့်ကြံနေသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် မရှိဟု ဘုရားရှင် ဟောတော်မူ၏။ (ဒီ၊၂။၆၆။) (ဒီ၊မြန်၊၂။၇၆။)

အပရိဟာနိယတရား ၇ ပါး (တစ်နည်း) (ဘိက္ခုအပရိဟာနိယတရား ၇ ပါး) ၁။ ရဟန်းတို့သည် မဂ်၏ အကြောင်းဖြစ်သော အောက်မေ့မှု 'သတိသမ္ဗောဇ္ဈင်' ကို ပွားများနေခြင်း၊ ၂။ ရဟန်းတို့သည် မဂ်၏ အကြောင်းဖြစ်သော ပညာ 'ဓမ္မဝိစယသမ္ဗောဇ္ဈင်' ကို ပွားများနေခြင်း၊ ၃။ ရဟန်းတို့သည် မဂ်၏ အကြောင်းဖြစ်သော လုံ့လ 'ဝီရိယသမ္ဗောဇ္ဈင်' ကို ပွားများနေခြင်း၊ ၄။ ရဟန်းတို့သည် မဂ်၏ အကြောင်းဖြစ်သော နှစ်သက်မှု 'ပီတိသမ္ဗောဇ္ဈင်'ကို ပွားများနေခြင်း၊ ၅။ ရဟန်းတို့သည် မဂ်၏ အကြောင်းဖြစ်သော ငြိမ်းအေးမှု 'ပဿဒ္ဓိသမ္ဗောဇ္ဈင်' ကို ပွားများနေခြင်း၊ ၆။ ရဟန်းတို့သည် မဂ်၏ အကြောင်းဖြစ်သော တည်ကြည်မှု 'သမာဓိသမ္ဗောဇ္ဈင်'ကို ပွားများနေခြင်း၊ ၇။ ရဟန်းတို့သည် မဂ်၏အကြောင်းဖြစ်သော လျစ်လျူရှုမှု 'ဥပေက္ခာသမ္ဗောဇ္ဈင်' ကို ပွားများ နေခြင်း၊ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခုနစ်ပါးကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် မရှိဟု ဘုရားရှင် ဟောတော်မူ၏။ (ဒီ၊၂။၆၇။) (ဒီ၊မြန်၊၂။၇၈။)

http://www.dhammadownload.com

အပရိဟာနိယ တရား ၇ ပါး (တစ်နည်း) ၁။ ဘုရားရှင်၌ ရိုသေခြင်း၊ ၂။ တရားတော်၌ ရိုသေခြင်း၊ ၃။ သံဃာတော်၌ ရိုသေခြင်း၊ ၄။ သိက္ခာပုဒ်၌ ရိုသေမှု ရှိခြင်း၊ ၅။ သမာဓိ တရား၌ ရိုသေမှု ရှိခြင်း၊ ၆။ မိတ်ကောင်းရှိသူ ဖြစ်ခြင်း၊ ၇။ ပြောဆိုလွယ်ကူသူ ဖြစ်ခြင်း။ (သာရတ္ထ၊ဋီ၊၁။၄။)

အပရိဟာနိယတရား ၇ ပါး (တစ်နည်း) (ဘိက္ခုအပရိဟာနိယတရား ၇ ပါး) ၁။ ရဟန်းတို့သည် မကြာမကြာ စည်းဝေးခြင်း၊ အကြိမ်များစွာ စည်းဝေးခြင်း၊ ၂။ ရဟန်းတို့သည် သံဃာကိစ္စ တို့ကို အညီအညွတ် ဆောင်ရွက်ကြခြင်း၊ ၃။ ရဟန်းတို့သည် ဘုရားရှင် မပညတ်သော အရာကို မပညတ်ဘဲ ပညတ်ပြီးသော အရာကို မပယ်ဖျက်ဘဲ ပညတ်ထားသမျှသော သိက္ခာပုဒ်တို့ကို ကောင်းစွာ ကျင့်ခြင်း၊ ၄။ ရဟန်းတို့သည် သံဃာ့ဦးစီးဖြစ်သော ထေရ်ကြီး ဝါကြီးရဟန်းတို့ကို အရိုအသေအလေးအမြတ် မြတ်နိုးပူဇော်လျက် ထိုထေရ်ကြီး တို့၏ သြဝါဒကိုလည်း နာယူသင့်သည်ဟု ထင်မှတ် ယုံကြည်ခြင်း၊ ၅။ ရဟန်းတို့သည် တဏှာ၏ အလိုသို့ မလိုက်ကြခြင်း၊ ၆။ ရဟန်းတို့သည် တောကျောင်း၌ မွေ့လျော်သော စိတ်ရှိခြင်း၊ ၇။ ရဟန်းတို့သည် သီလကို ချစ်မြတ်နိုးသော သီတင်းသုံးဖော်တို့ လာရောက် ခြင်းငှာ လာရောက်ပြီးသော သီတင်းသုံးဖော်တို့ ချမ်းသာစွာ နေရခြင်းငှာ ကိုယ်စီကိုယ်ငင သတိပြု နေခြင်း၊ ဤရဟန်းတို့၏ မဆုတ်ယုတ်ကြောင်း (အပရိဟာနိယ) တရား ခုနစ်ပါးကို ကျင့်သုံး နေသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် မရှိဟု ဟောတော်မူ၏။ (ဒီ၊၂။၆၅။) (ဒီ၊မြန်၊၂။၇၅။)

အပရိဟာနိယတရား ၇ ပါး (တစ်နည်း) (ဘိက္ခုအပရိဟာနိယတရား ၇ ပါး) ၁။ ရဟန်းတို့သည် ယုံကြည်ခြင်း 'သဒ္ဓါ' တရားနှင့် ပြည့်စုံခြင်း၊ ၂။ ရဟန်းတို့သည် မကောင်းမှုမှ ရှက်ခြင်း 'ဟိရီ' တရားရှိခြင်း၊ ၃။ ရဟန်းတို့သည် မကောင်းမှုမှ ကြောက်ခြင်း 'ဩတ္တပ္ပ' တရားရှိခြင်း၊ ၄။ ရဟန်းတို့သည် များသော အကြားအမြင် 'ဗဟုသုတ' ရှိခြင်း၊ ၅။ ရဟန်းတို့သည် အားထုတ်သော လုံ့လ 'ဝီရိယ' ရှိခြင်း၊ ၆။ ရဟန်းတို့သည် စွဲမြဲသော 'သတိ' ရှိခြင်း၊ ၇။ ရဟန်း တို့သည် ဝိပဿနာ 'ပညာ'နှင့် ပြည့်စုံခြင်း၊ ဤမဆုတ်ယုတ်ကြောင်း (အပရိဟာနိယ) တရားတို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွားရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် မရှိဟု ဘုရားရှင် ဟောတော်မူ၏။ (ဒီ၊၂။၆၆။) (ဒီ၊မြန်၊၂။၇၇။)

အပရိဟာနိယတရား ၇ ပါး (တစ်နည်း) (ဘိက္ခုအပရိဟာနိယတရား ၇ ပါး) ၁။ ရဟန်းတို့သည် မမြဲဟု မှတ်မှု 'အနိစ္စသညာ' ကို ပွားများနေခြင်း၊ ၂။ ရဟန်းတို့သည် အတ္တ မဟုတ်ဟု မှတ်မှု 'အနတ္တသညာ' ကို ပွားများနေခြင်း၊ ၃။ ရဟန်းတို့သည် မတင့်တယ်ဟု မှတ်မှု 'အသုဘ သညာ' ကို ပွားများနေခြင်း၊ ၄။ ရဟန်းတို့သည် အပြစ်ဟု မှတ်မှု 'အာဒီနဝ သညာ' ကို ပွားများ နေခြင်း၊ ၅။ ရဟန်းတို့သည် ပယ်ရန်မှတ်မှု 'ပဟာနသညာ'ကို ပွားများနေခြင်း၊ ၆။ ရဟန်း တို့သည် တပ်မက်ခြင်းကင်းရန် မှတ်မှု 'ဝိရာဂသညာ' ကို ပွားများနေခြင်း၊ ၇။ ရဟန်းတို့သည် ချုပ်ခြင်းကို မှတ်မှု 'နိရောဓသညာ' ကို ပွားများနေခြင်း၊ ဤမဆုတ်ယုတ်ကြောင်း 'အပရိ ဟာနိယ' တရား ခုနစ်ပါးတို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွား ရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် မရှိဟု ဘုရားရှင် ဟောတော် မူ၏။ (ဒီ၊၂။၆၇။) (ဒီ၊မြန်၊၂။၇၈။)

http://www.dhammadownload.com

အပရဏ္ဏာနုဒိဋ္ဌိ နှလုံးသွင်းပုံ ၄၄ မျိုး ၁။ သညာရှိ၏ဟု ယူသော သညီဝါဒဒိဋ္ဌိ (၁၆) ပါး၊ ၂။ သညာမရှိဟု ယူသော အသညီဝါဒဒိဋ္ဌိ (၈) ပါး၊ ၃။ သညာရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဟု ယူသော နေဝသညီနာသညီဝါဒ (၈) ပါး၊ ၄။ ပြတ်စဲ၏ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ (၇) ပါး၊ ၅။ မျက်မှောက်ချမ်းသာမှုကို နိဗ္ဗာန်ဟု ယူသော ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ (၅) ပါး ပေါင်း (၄၄) ပါး ဖြစ်သတည်း။ (ဒီ၊၁။၂၈။) (ပဋိသံ။၁၅၄။) (ဒီ၊မြန်၊၁။၃၃၃။) (ပဋိသံ၊မြန်။၁၉၈။)

အပလောကနကံ ရောက်သော အရာ ၅ ပါး ၁။ ထုတ်သော သူကို သွင်းခြင်း ကံ၊ ၂။ ထုတ်ခြင်း ကံ၊ ၃။ ဆဲရိုက်ခြင်း ကံ၊ ၄။ ဗြဟ္မဒဏ်ပေးခြင်း ကံ၊ ၅။ အဝန္ဒိယစသော ကံ။ (ဝိ၊၅။၃၀၄။) (ဝိ၊မြန်၊၅။၄၈၈။)

အပသန္တာနံကို ခွဲ၍ ဖြစ်သော တဏှာ ၁၈ ပါး ၁။ ဤရုပ် စသည်ဖြင့် ငါဖြစ်၏ဟု တဏှာဖြစ်ခြင်း၊ ၂။ ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါဖြစ်၏ဟု တဏှာဖြစ်ခြင်း၊ ၃။ ဤရုပ် စသည်ဖြင့် ဤသို့ ငါဖြစ်၏ဟု တဏှာဖြစ်ခြင်း၊ ၄။ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာအားဖြင့် ငါဖြစ်၏ဟု တဏှာဖြစ်ခြင်း၊ ၅။ ဤရုပ်စသည်ဖြင့် ငါဖြစ်လိမ့်မည်ဟု တဏှာဖြစ်ခြင်း၊ ၆။ ဤရုပ်စသည်ဖြင့် ဤအပြားအားဖြင့် ငါဖြစ်လိမ့်မည်ဟု တဏှာဖြစ်ခြင်း၊ ၇။ ဤရုပ်စသည်ဖြင့် ဤသို့ဖြစ်လိမ့်မည်ဟု တဏှာဖြစ်ခြင်း၊ ၈။ ဤရုပ် စသည်ဖြင့် ငါ တစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်လိမ့်မည်ဟု တဏှာဖြစ်ခြင်း၊ ၉။ ဤရုပ်စသည်ဖြင့် အမြဲဖြစ်ဟု တဏှာဖြစ်ခြင်း၊ ၁၀။ ဤရုပ်စသည်ဖြင့် အမြဲမဖြစ်ဟု တဏှာဖြစ်ခြင်း၊ ၁၁။ ဤရုပ်စသည်ဖြင့် ငါဖြစ်ရာသည်ဟု တဏှာဖြစ်ခြင်း၊ ၁၂။ ဤရုပ် စသည်ဖြင့် ငါ ဤအပြားအားဖြင့် ဖြစ်ရာ၏ဟု တဏှာဖြစ်ခြင်း၊ ၁၃။ ဤရုပ်စသည်ဖြင့် ဤသို့ ငါဖြစ်ရာ၏ဟု တဏှာဖြစ်ခြင်း၊ ၁၄။ ဤရုပ်စသည်ဖြင့် တစ်ပါးသော အခြင်းအရာ အားဖြင့် ငါဖြစ်ရာ၏ဟု တဏှာဖြစ်ခြင်း၊ ၁၅။ ဤရုပ်စသည်ဖြင့် စင်စစ် ငါဖြစ်၏ဟု တဏှာဖြစ်ခြင်း၊ ၁၆။ ဤရုပ်စသည်ဖြင့် စင်စစ် ငါဤအပြားအားဖြင့် ဖြစ်ရာ၏ဟု တဏှာ ဖြစ်ခြင်း၊ ၁၇။ ဤရုပ်စသည်ဖြင့် စင်စစ် ငါ ဤသို့ဖြစ်ရာသည်ဟု တဏှာဖြစ်ခြင်း၊ ၁၈။ ဤရုပ်စသည်ဖြင့် စင်စစ် ငါတစ်ပါးသော အခြင်းအရာအားဖြင့် ဖြစ်ရာသည်ဟု တဏှာ ဖြစ်ခြင်း။ (အဘိ၊ဝိ။၄၁၀။) (အဘိ၊ဝိ၊မြန်၊၂။၅၁၈။)

အပုဂ္ဂလနိဒ္ဒေသပညတ် ၂ မျိုး ၁။ ဒဿိတာပတ္တိပညတ်၊ ၂။ အဒဿိတာပတ္တိပညတ်။ (ဝဇိရ။၆၉။)

အပိုင်းအခြား ၂ မျိုး ၁။ ကာလအပိုင်းအခြား (ကာလဝေလာ)၊ ၂။ သီလအပိုင်းအခြား (သီလ ဝေလာ)။ (မဟာနိ။၄၀၅။)

အပိုင်းအခြား ၂ မျိုး (တစ်နည်း) ၁။ ကိလေသာ ဟူသော အပိုင်းအခြား– (ကိလေသောဓိ။)၊ ၂။ မဂ်ဟူသော အပိုင်းအခြား– (မဂ္ဂေါဓိ။) ။ (မ၊ဋ္ဌ၊၁။၁၇၇။)

အပိုင်းအခြား ၂ မျိုး (တစ်နည်း) ၁။ ကိလေသမရိယာဒ– ပယ်အပ် မပယ်အပ်သော ကိလေသာဖြင့် ပိုင်းခြားခြင်း၊ ၂။ ဝဋ္ဋမရိယာဒ– ပယ်အပ် မပယ်အပ်သော ဝဋ်ဖြင့် ပိုင်းခြားခြင်း။ (သံ၊ဋ္ဌ၊၂။၁၄၄။)

http://www.dhammadownload.com

အပိုင်းအခြား၂ မျိုး (တစ်နည်း) ၁။ ကိလေသာတည်းဟူသော အပိုင်းအခြား (ကိလေသမရိယာဒ)၊ ၂။ အာရုံတည်းဟူသော အပိုင်းအခြား (အာရမ္မဏာမရိယာဒ) ။ (မ၊ဋ္ဌ၊၄။ဖ၁။)

အပိုင်းအခြား၂ မျိုး (တစ်နည်း) ၁။ ဝိကွမ္ဘနမရိယာဒ– ခွာခြင်းတည်းဟူသော အပိုင်းအခြား၊ ၂။ သမုစ္ဆေဒမရိယာဒ– အကြွင်းမဲ့ဖြတ်ခြင်းတည်းဟူသော အပိုင်းအခြား။ (မ၊ဋ္ဌ၊၄။ဖ၁။)

အပိုင်းအခြား ၃ မျိုး ဝေလ ၃ မျိုးနှင့် တူသည်။

အပိုင်းအခြား ၃ မျိုး(တစ်နည်း) ၁။ ဟေတုအဝတ္ထာ– အကြောင်းအပိုင်းအခြား၊ ၂။ ဖလအဝတ္ထာ– အကျိုးအပိုင်းအခြား၊ ၃။ သတ္တာနံ ဥပကာရာဝတ္ထာ– သတ္တဝါတို့အား ကျေးဇူးပြုခြင်း အပိုင်းအခြား။ (ဒီ၊ဋီ၊၂။၂၂၀။)

အပိုင်းအခြား ၁၀ မျိုး (ပါဠိတော်သို့ မတင်အပ်သော အပိုင်းအခြား ပရိစ္ဆေဒ ၁၀ မျိုး) ၁။ အဂါရဝါသ ပရိစ္ဆေဒ– အိမ်တော်၌ နေခြင်း အပိုင်းအခြား၊ ၂။ ပါသာဒတ္တယပရိစ္ဆေဒ– ပြာသာဒ်သုံးဆောင် အပိုင်းအခြား၊ ၃။ နာဋကိတ္တိပရိစ္ဆေဒ– ကချေသည်မတို့ အပိုင်းအခြား၊ ၄။ အဂ္ဃမဟေသိ ပရိစ္ဆေဒ– မိဖုရားကြီးအပိုင်းအခြား၊ ၅။ ပုတ္တပရိစ္ဆေဒ– သားတော် အပိုင်းအခြား၊ ၆။ ယာန ပရိစ္ဆေဒ– စီးတော်ယာဉ်အပိုင်းအခြား၊ ၇။ အဘိနိက္ခမနပရိစ္ဆေဒ– တောထွက်ခြင်းအပိုင်းအခြား၊ ၈။ ပဓာနပရိစ္ဆေဒ– ကမ္မဋ္ဌာန်းအားထုတ်ခြင်း အပိုင်းအခြား၊ ၉။ ဥပဋ္ဌာကပရိစ္ဆေဒ– အလုပ်အကျွေး ရဟန်း အပိုင်းအခြား၊ ၁၀။ ဝိဟာရပရိစ္ဆေဒ– စံကျောင်းတော် အပိုင်းအခြား။ (ဗုဒ္ဓဝံ၊ဋ္ဌ။၃။)

အပိုင်းအခြား ၂၂ မျိုး ၁။ ကပ္ပပရိစ္ဆေဒ– ကပ်ကမ္ဘာအပိုင်းအခြား၊ ၂။ နာမပရိစ္ဆေဒ– အမည်နာမ အပိုင်းအခြား၊ ၃။ ဂေါတ္တပရိစ္ဆေဒ– အနွယ်အပိုင်းအခြား၊ ၄။ ဇာတိပရိစ္ဆေဒ– အမျိုးဇာတ် အပိုင်းအခြား၊ ၅။ နဂရပရိစ္ဆေဒ– မြို့, ပြည်အပိုင်းအခြား၊ ၆။ ပိတုပရိစ္ဆေဒ– ခမည်းတော် အပိုင်းအခြား၊ ၇။ မာတုပရိစ္ဆေဒ– မယ်တော်အပိုင်းအခြား၊ ၈။ ဗောဓိရုက္ခပရိစ္ဆေဒ– ဗောဓိပင် အပိုင်းအခြား၊ ၉။ ဓမ္မစက္ကပ္ပဝတ္တနပရိစ္ဆေဒ– ဓမ္မစကြာဟောကြားခြင်း အပိုင်းအခြား၊ ၁၀။ အဘိသမယပရိစ္ဆေဒ– တရားထိုးထွင်းသိပုံ အပိုင်းအခြား၊ ၁၁။ သာဝကသန္နိပါတပရိစ္ဆေဒ– သာဝကအစည်းအဝေး အပိုင်းအခြား၊ ၁၂။ အဂ္ဂသာဝကသန္နိပါတပရိစ္ဆေဒ– အဂ္ဂသာဝက အစည်းအဝေး အပိုင်းအခြား၊ ၁၃။ ဥပဋ္ဌာကပရိစ္ဆေဒ– အလုပ်အကျွေးရဟန်း အပိုင်းအခြား၊ ၁၄။ အဂ္ဂသာဝိကာမ ပရိစ္ဆေဒ– အဂ္ဂသာဝိကာမအပိုင်းအခြား၊ ၁၅။ ပရိဝါရဘိက္ခု ပရိစ္ဆေဒ– အခြံအရံရဟန်း အပိုင်းအခြား၊ ၁၆။ ရံသိပရိစ္ဆေဒ– ရောင်ခြည်တော်အပိုင်းအခြား၊ ၁၇။ သရီရပွမာဏပရိစ္ဆေဒ– ကိုယ်တော်အတိုင်းအရှည် အပိုင်းအခြား၊ ၁၈။ ဗောဓိသတ္တာဓိကာရပရိစ္ဆေဒ– ဘုရားအလောင်းတို့၏ လွန်ကဲသော ကောင်းမှုတို့၏ အပိုင်းအခြား၊ ၁၉။ ဗျာကရဏပရိစ္ဆေဒ– ဗျာဒိတ်တော်အပိုင်းအခြား၊ ၂၀။ ဗောဓိသတ္တာပဓာနပရိစ္ဆေဒ– ဘုရားအလောင်းတို့၏ ကမ္မဋ္ဌာန်းအားထုတ်ခြင်း အပိုင်းအခြား၊ ၂၁။ အာယုပရိစ္ဆေဒ– အသက် အပိုင်းအခြား၊ ၂၂။ ပရိနိဗ္ဗာနပရိစ္ဆေဒ– ပရိနိဗ္ဗာန်အပိုင်းအခြား။ (ဗုဒ္ဓဝံ၊ဋ္ဌ။၃။)

အပိုင်းအခြား တရား ၄ ပါး ၁။ ပဌမသီမာ (သင်္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ၊ ပရာမာသ၊ ဒိဋ္ဌာနုသယ၊ ဝိစိကိစ္ဆာနုသယ ယင်းတို့နှင့် တကွတည်ကုန်သော တရားများ)၊ ၂။ ဒုတိယသီမာ (ရုန့်ရင်းသော ကာမရာဂသံယောဇဉ် ပဋိဃသံယောဇဉ်၊ ရုန့်ရင်းသော ကာမရာဂါနုသယ

http://www.dhammadownload.com

ပဋိဃာနုသယနှင့် ယင်းတို့နှင့် တကွ တည်ကုန်သော ကိလေသာ)၊ ၃။ တတိယသီမာ (သိမ်မွေ့စွာသော ကာမရာသံယောဇဉ် ပဋိဃသံယောဇဉ်၊ သိမ်မွေ့စွာသော ကာမရာဂါ နုသယ ပဋိဃာနုသယ၊ ယင်းတို့နှင့် တကွ တည်ကုန်သော ကိလေသာ)၊ ၄။ စတုတ္ထသီမာ (ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ၊ မာနာနုသယ၊ ဘဝရာဂါနုသယ၊ အဝိဇ္ဇာနုသယ တို့နှင့်တကွ တည်သော ကိလေသာ) ။ (မဟာနိ။၇၇။)

အပိုင်းအခြားတရား ၄ ပါး (တစ်နည်း) ၁။ သီလကို စောင့်ရှောက်ခြင်း (သီလသံဝရပရိယန္တ)၊ ၂။ ဣန္ဒြေကို စောင့်ရှောက်ခြင်း (ဣန္ဒြိယသံဝရပရိယန္တ)၊ ၃။ ဘောဇဉ်၌ အတိုင်းရှည်ကို သိခြင်း (ဘောဇနေ မတ္တညုတာပရိယန္တ)၊ ၄။ နိုးကြားခြင်းနှင့် ယှဉ်သော အပိုင်းခြား (ဇာဂရိယာနုယောဂပရိယန္တ) ။ (မဟာနိ။၃၈၅။)

အပိုင်းအခြားမဲ့ မေတ္တာ ၅ ပါး ၁။ သတ္တဝါအားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြ ဗျာပါဒ ကင်းကုန်သည်၊ ဆင်းရဲ မရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြသည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၂။ ထွက်သက် ဝင်သက်ရှိသော သတ္တဝါအားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဗျာပါဒကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြသည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၃။ ကိုယ်ထင်ရှားရှိသော သတ္တဝါအားလုံးတို့သည် ထွက်သက်ဝင်သက်ရှိသော သတ္တဝါအားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဗျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြသည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၄။ ပုဂ္ဂိုလ်အားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဗျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြသည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၅။ အတ္တဘောရှိသော သတ္တဝါအားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဗျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြသည် ဖြစ်ကြပါစေ'ဟု ပွားခြင်း။ (ပဋိသံ။၃၁၄။) (ပဋိသံ၊မြန်။၃၇၅။)

အပိုင်းအခြားရှိသော ခရီးကို သွားသော ရဟန်း၏ အကျိုး ၅ ပါး ၁။ မကြားဖူးသည်ကို ကြားနာရခြင်း၊ ၂။ ကြားနာဖူးသည်ကို ဖြူစင်စေခြင်း၊ ၃။ ကြားဖူးပြီးသော အချို့သော တရားဖြင့် ရဲရင့်ခြင်း၊ ၄။ ပြင်း ၁န်သော ရောဂါဝေဒနာ မစွဲကပ်ခြင်း၊ ၅။ အဆွေခင်ပွန်း ရှိခြင်း။ (အံ၊၂။၂၂၄။) (အံ၊မြန်၊၂။၂၈၄။)

အပိုင်းအခြားရှိ နေခြင်း၌ အကျိုး ၅ ပါး ၁။ များစွာသော ဘဏ္ဍာတို့ကို မစုဆောင်းရသဖြင့် ဘဏ္ဍာများစွာ မရှိခြင်း၊ ၂။ များစွာသော ဆေးပစ္စည်းတို့ကို မစုဆောင်းရသဖြင့် ဆေးများစွာ မရှိခြင်း၊ ၃။ ပြဖွယ်ကိစ္စမများခြင်း၊ ၄။ ကိစ္စကြီးငယ်တို့၌ မငြိကပ် မတွယ်တာသည်ဖြစ်၍ လူတို့၏ နှီးနှောဆက်ဆံမှုမျိုးဖြင့် နှီးနှောဆက်ဆံလျက် မနေခြင်း၊ ၅။ ထိုနေထိုင်ရာ ကျောင်းမှ ဖဲခွာသွားရသည်ရှိသော် ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ ဖဲသွားရခြင်း။ (အံ၊၂။၂၂၅။) (အံ၊မြန်၊၂။၂၈၅။)

အပိုင်းအခြားရှိ နေခြင်း၌ အကျိုး ၅ ပါး (တစ်နည်း) ၁။ ကျောင်း၌ ဝန်တိုမှု မရှိခြင်း၊ ၂။ အမျိုးဒါယကာတို့၌ ဝန်တိုမှု မရှိခြင်း၊ ၃။ လာဘ်လာဘ၌ ဝန်တိုမှု မရှိခြင်း၊ ၄။ ဂုဏ်အဆင်း၌ ဝန်တိုမှု မရှိခြင်း၊ ၅။ တရား၌ ဝန်တိုမှု မရှိခြင်း။ (အံ၊၂။၂၂၆။) (အံ၊မြန်၊၂။၂၈၆။)

http://www.dhammadownload.com

အပိုင်းအခြားရှိသော မေတ္တာ ၇ ပါး ၁။ မိန်းမအားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဖျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၂။ ယောကျ်ားအားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဖျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၃။ အရိယာပုဂ္ဂိုလ် အားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဖျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၄။ ပုထုဇဉ်ပုဂ္ဂိုလ် အားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဖျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၅။ နတ်ဗြဟ္မာအားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဖျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၆။ လူသားအားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဖျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း၊ ၇။ ဝိနိပါတိက အသုရာအားလုံးတို့သည် 'ရန်ကင်းကုန်သည်၊ ကြောင့်ကြဖျာပါဒ ကင်းကုန်သည်၊ ဆင်းရဲမရှိကုန်သည်၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ကြကုန်သည် ဖြစ်ကြပါစေ'ဟု ပွားခြင်း။ (ပဋိသံ။၃၁၄၊) (ပဋိသံ၊မြန်။၃၇၆။)

အပါယ်ကျမည့် ပုဂ္ဂိုလ် ၂ မျိုး ၁။ မြတ်သော ဗြဟ္မစရိယအကျင့်ကို မကျင့်ဘဲလျက် ကျင့်၏ဟု ဝန်ခံသော ပုဂ္ဂိုလ်၊ ၂။ စင်ကြယ်စွာဖြင့် မြတ်သော ဗြဟ္မစရိယအကျင့်ကို ကျင့်နေသော ပုဂ္ဂိုလ်ကို အခြေအမြစ်မရှိသော မမြတ်သော အဗြဟ္မစရိယ အကျင့်ဖြင့် စွပ်စွဲ ဖျက်ဆီးသော ပုဂ္ဂိုလ်။ (ခုဒ္ဒက။၂၂၃။) (ခုဒ္ဒက၊မြန်။၂၀၇။)

အပါယ်ကျမည့် မယား ၃ မျိုး ၁။ လူသတ်သမားနှင့် တူသော မယား၊ ၂။ ခိုးသူမနှင့် တူသော မယား၊ ၃။ သခင်မနှင့် တူသော မယား။ (ဇာ၊ဋ္ဌ၊၂။၃၁၅။)

အပါယ်ငရဲသို့ ကျရောက်စေတတ်သော အလှူ ၁၀ မျိုး မလှူထိုက်သော အလှူ ၁၀ မျိုးနှင့်တူသည်။

အပါယ်မကျကြောင်း တရား ၅ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မုသားပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။ (အံ၊၂။၁၈၃။) (အံ၊မြန်၊၂။၂၃၇။)

အပါယ်မှ လွတ်စေသော တရား ၄ မျိုး ၁။ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ မကျိုးမပေါက် မပြောက်မကျားကုန်သော, တဏှာကျွန်အဖြစ်မှ လွတ်မြောက်စေကုန်သော, ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော, မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော, တည်ကြည်သော သမာဓိကို ဖြစ်စေကုန်သော, အရိယာတို့ နှစ်သက်အပ်ကုန်သော သီလနှင့် ပြည့်စုံခြင်း။ (သံ၊၃။၂၉၈။) (သံ၊မြန်၊၃။၂၉၉။)

http://www.dhammadownload.com

အပါယ်သို့ လားရမည့်သူ ၃ ဦး ၁။ မမြတ်သော အကျင့်ကို ကျင့်သည်ဖြစ်ပါလျက် မြတ်သော အကျင့်ကို ကျင့်၏ဟု ဝန်ခံသူ၊ ၂။ မြတ်သော အကျင့်ကို ကျင့်သော စင်ကြယ်သော ပုဂ္ဂိုလ်ကို အခြေအမြစ် မရှိသော မမြတ်သော အကျင့်ဖြင့် စွပ်စွဲသူ၊ ၃။ ကာမဂုဏ်တို့၌ အပြစ် မရှိဟု ပြောလေ့ ယူလေ့ရှိပြီး ထိုအယူဖြင့် ကာမဂုဏ်တို့ကို ခံစားသူ။ (အံ၊၁။၂၆၉။) (အံ၊မြန်၊ ၁။၂၈၆။)

အပြင်အာယတန ၆ ပါး ဗာဟိရာယတန ၆ ပါးနှင့် တူသည်။

အပြစ် ၂ မျိုး ၁။ မျက်မှောက်ဘဝ၌ ဖြစ်သော အပြစ်၊ ၂။ တမလွန်ဘဝ၌ ဖြစ်လတ္တံ့သော အပြစ်။ (အံ၊၁။၄၉။) (အံ၊မြန်၊၁။၅၉။)

အပြစ်တင်ထိုက်သော ဆရာ ၃ ဦး ၁။ ရဟန်းပြုခြင်း အကျိုးနှင့် ပြည့်စုံခြင်းငှာ သာသနာ့ဘောင်သို့ ဝင်ရောက်လာပြီး ရဟန်းပြုရကျိုးနှင့် မပြည့်စုံသေးသော ဆရာက တပည့်တို့အား "ဤတရားသည် သင်တို့၏ အစီးအပွားအလို့ငှာ ဖြစ်သည်၊ ဤတရားသည် သင်တို့၏ ချမ်းသာအလို့ငှာ ဖြစ်သည်"ဟု ဆုံးမသောအခါ ထိုဆရာ့အဆုံးအမကို မခံယူ နားမထောင်ဘဲ ဖဲခွါသွားသဖြင့် အမှန်အတိုင်းပြန်၍ စောဒနာထိုက် အပြစ်တင်ထိုက်သော ဆရာ၊ ၂။ ရဟန်းပြုရကျိုးနှင့် ပြည့်စုံစေခြင်းငှာ သာသနာဘောင်သို့ ဝင်ရောက်လာပြီး ရဟန်း ပြုရကျိုးနှင့် မပြည့်စုံသေးသော ဆရာက တပည့်တို့အား "ဤတရားသည် သင်တို့၏ အစီးအပွား အလို့ငှာ ချမ်းသာခြင်းငှာ ဖြစ်၏" ဟု ဆုံးမသောအခါ ဆရာ့အဆုံးအမကို နာယူကြလျက် ဆရာအဆုံးအမအတိုင်း ကျင့်သဖြင့် အပြစ်တင်ထိုက် စောဒနာထိုက်သော ဆရာ၊ ၃။ ရဟန်းပြုရကျိုးနှင့် ပြည့်စုံခြင်းငှာ သာသနာ့ဘောင်သို့ ဝင်ရောက်လာပြီး ရဟန်းပြုရကျိုးနှင့် ပြီးပြည့်စုံသွားသော ဆရာက တပည့်တို့အား "ဤတရားသည် သင်တို့၏ အစီးအပွားအလို့ငှာ ချမ်းသာခြင်းငှာ ဖြစ်၏" ဟု ဆုံးမသော အခါ ထိုဆရာ၏ အဆုံးအမကို နားမထောင် မခံယူဘဲ ဖဲခွါသွားသဖြင့် အပြစ်တင်ထိုက် စောဒနာထိုက်သော ဆရာ။ (ဒီ၊၁။၂၁၉။) (ဒီ၊ဋီ၊၁။၃၉၆။) (ဒီ၊မြန်၊၁။၂၇၁။)

အပြစ်မတင်ထိုက်သော ဆရာ ၃ ဦး ၁။ မိမိသည် သီလ စသည်နှင့် ပြည့်စုံပြီး ပထမဈာန်ကို ရသည်ဖြစ်၍ တပည့်တို့အားလည်း သီလ စသည်နှင့် ပြည့်စေလျက် ပထမဈာန်တရားထူးကို ရစေနိုင်သော ဆရာ၊ ၂။ မိမိသည် ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တို့ကို ရသည် ဖြစ်၍ တပည့်တို့အားလည်း ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်တရားထူးတို့ကို ဖြစ်စေနိုင်သော ဆရာ၊ ၃။ မိမိသည် ဝိပဿနာဉာဏ် စသည်တို့ဖြင့် ကိလေသာတို့ကို ကုန်ခန်းစေလျက် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်သည်ဖြစ်၍ တပည့်တို့အားလည်း အရဟတ္တမဂ် အရဟတ္တဖိုလ် တရားထူးကို ဖြစ်စေနိုင်သော ဆရာ။ (ဒီ၊၁။၂၂၀။)

အပြစ်မရှိသော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရန့်ရင်း ကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ

http://www.dhammadownload.com

ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြဉ်ခြင်း၊ ၉။ သတ္တဝါ တို့အား ဖျက်ဆီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊ ၃။၄၇၂-၄၇၈။)

အပြစ်ရှိခြင်း ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ အပြစ်ရှိသော ပုဂ္ဂိုလ်၊ ၂။ အပြစ်များသော ပုဂ္ဂိုလ်၊ ၃။ အပြစ်နည်းသော ပုဂ္ဂိုလ်၊ ၄။ အပြစ်မရှိသော ပုဂ္ဂိုလ်။ (အံ၊၁။၄၅၂။) (အံ၊မြန်၊၁။၄၆၅။)

အပြစ်ရှိသော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရန့်ကြမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရှေးရှုကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

အဖသတ်မင်း ၅ ဆက် ၁။ အဇာတသတ်မင်းက ဖခင် ဗိမ္ဗိသာရမင်းကို သတ်၏၊ ၂။ ဥဒယမင်းသားက ဖခင် အဇာတသတ်မင်းကို သတ်၏၊ ၃။ မဟာမုဏ္ဍိကမင်းသားက ဖခင် ဥဒယမင်းကို သတ်၏၊ ၄။ အနုရုဒ္ဓမင်းသားက ဖခင် မဟာမုဏ္ဍိကမင်းကို သတ်၏၊ ၅။ နာဂဒါသ မင်းသားက ဖခင် အနုရုဒ္ဓမင်းကို သတ်၏။ (ဒီ၊ဋ္ဌ၊၁။၁၃၉။) (ဒီ၊ဋ္ဌ၊မြန်၊၁။၂၇၀။)

အဖော်သဟာယ်ဖြစ်သော တရား ၁၁ မျိုး ၁။ စူဠသီလ၊ ၂။ မဇ္ဈိမသီလ၊ ၃။ မဟာသီလ၊ ၄။ ကထာဝတ္ထု ဆယ်မျိုး၊ ၅။ ဓုတင်ကျေးဇူး တစ်ဆယ့်သုံးမျိုး၊ ၆။ ဝိပဿနာဉာဏ်၊ ၇။ မဂ် လေးပါး၊ ၈။ ဖိုလ် (၄) ပါး၊ ၉။ ဝိဇ္ဇာ (၃) ပါး၊ ၁၀။ အဘိညာဉ် (၆) ပါး၊ ၁၁။ အမြဲကြက်နီဗွာန်မြတ်။ (သာရတ္ထ၊ဋီ၊၃။၃၅၂။)

အဖို့အစု ၃ ပါး ၁။ ဥပါဒါနက္ခန္ဓာ ငါးပါးဟူသော အစု၊ ၂။ ဥပါဒါနက္ခန္ဓာ ငါးပါး၏ အကြောင်းဟူသော အစု၊ ၃။ ဥပါဒါနက္ခန္ဓာ ငါးပါး ချုပ်ခြင်း ဟူသော အစု။ (ဒီ၊၃။၁၈၁။) (ဒီ၊မြန်၊၃။၂၀၁။)

အဖို့အစု ၄ ပါး ၁။ သက္ကာယန္တ- ဥပါဒါနက္ခန္ဓာ ဟူသော သက္ကာယအဖို့အစု၊ ၂။ သက္ကာယသမုဒယန္တ- ကာမဋ္ဌ တပ်မက်မှု ကာမတဏှာ, ဘဝဋ္ဌ တပ်မက်မှု ဘဝတဏှာ, ဘဝပြတ်ခြင်းဋ္ဌ တပ်မက်မှု ဝိဘဝတဏှာဟူသော သက္ကာယဖြစ်ပေါ်ကြောင်း အဖို့အစု၊ ၃။ သက္ကာယ နိရောဓန္တ- တဏှာ၏ ကင်းပြတ်ချုပ်ငြိမ်းရာ နိဗ္ဗာန်ဟူသော သက္ကာယချုပ်ရာ အဖို့အစု၊ ၄။ သက္ကာယနိရောဓဂါမိနိပဋိပဒန္တ- အရိယမဂ်ဟူသော သက္ကာယချုပ်ရာသို့ ရောက်ကြောင်းအကျင့် အဖို့အစု။ (သံ၊၂။၁၂၈ ၉။) (သံ၊မြန်၊၂။၁၁၉။)

အဖန်ဖန် ရှုဆင်ခြင်ခြင်း ၂ မျိုး ၁။ "ရုပ်ကို အတ္တအားဖြင့် အဖန်ဖန် ရှုတတ်၏" အစရှိသည် အားဖြင့် လာသော မိစ္ဆာအယူနှင့် တကွဖြစ်သော အဖန်ဖန် ရှုဆင်ခြင်ခြင်း၊ ၂။ "မမြဲသော အနိစ္စအားဖြင့် အဖန်ဖန် ရှုတတ်၍ မြဲသော နိစ္စအားဖြင့် အဖန်ဖန် မရှုတတ်" အစရှိသည်အားဖြင့် လာသောဉာဏ်ဖြင့် ကောင်းစွာ အဖန်ဖန် ရှုဆင်ခြင်ခြင်း။ (ဣတိဝုတ်၊ဋ္ဌ။၅၃။)

အဖန်ဖန် ရှုမှတ်ခြင်း တရား ၇ ပါး အနုပဿနာ ၇ မျိုးနှင့် တူသည်။

http://www.dhammadownload.com

အဖန်ဖန် အောက်မေ့အပ်သော ဌာန ၆ ပါး ပွားများအပ်သော တရား ၆ ပါး၊ ဘာဝေတဗ္ဗတရား ၆ ပါး နှင့် တူသည်။

အဖုံးအမိုး ၅ မျိုး ၁။ တဏှာဆဒန– တဏှာတည်းဟူသော အဖုံးအမိုး၊ ၂။ ဒိဋ္ဌိဆဒန– ဒိဋ္ဌိတည်းဟူသော အဖုံးအမိုး၊ ၃။ ကိလေသဆဒန– ကိလေသာတည်းဟူသော အဖုံးအမိုး၊ ၄။ ဒုစ္စရိတဆဒန– ဒုစရိုက်တည်းဟူသော အဖုံးအမိုး၊ ၅။ အဝိဇ္ဇာဆဒန– အဝိဇ္ဇာတည်းဟူသော အဖုံး အမိုး။ (စူဠနိ။၂၂၄။)

အဖုံးအလွှမ်း ၃ ပါး ၁။ ဇရုံးအိမ် အဖုံးအလွှမ်း၊ ၂။ ရေ အဖုံးအလွှမ်း၊ ၃။ ရေသနုပ် အဖုံး အလွှမ်း။ (ဝိ၅။၂၁၈။) (ဝိ၊မြန်၊၅။၃၀၅။)

အဖျော်ရည် ၈ မျိုး ၁။ သရက်သီးအဖျော် (အမွှပါန)၊ ၂။ သပြေသီးအဖျော် (ဇမ္ဗုပါန)၊ ၃။ တောင်္ကျောသီးအဖျော် (စောခပါန)၊ ၄။ အိမ်ငှက်ပျော်သီးအဖျော် (မောခပါန)၊ ၅။ သစ်မည်စည်သီးအဖျော် (မဓုပါန)၊ ၆။ မုဒရက်သီးအဖျော် (မုဒ္ဒိကပါန)၊ ၇။ ကြာစွယ် အဖျော် (သာလူကပါန)၊ ၈။ ဖက်သက်တရော်သီးအဖျော် (ဖာရူသကပါန) ။ (မဟာနိ။၂၉၀။)

အဖျော်ရည် ၈ မျိုး (တစ်နည်း) ၁။ ကြို့သီးအဖျော်ရည်(ကောသမ္ဗ)၊ ၂။ သီးသီးအဖျော်ရည် (ကောလပါန)၊ ၃။ ဆီးသီးအဖျော်ရည် (ဗဒရပါန)၊ ၄။ ထောပတ် အဖျော်ရည် (ဃတပါန)၊ ၅။ ဆီ အဖျော်ရည် (တေလပါန)၊ ၆။ နို့ အဖျော်ရည် (ပယောပါန)၊ ၇။ ယာဂု အဖျော်ရည် (ယာဂုပါန)၊ ၈။ သစ်ရွက်ရည် အဖျော်။ (မဟာနိ။၂၉၀။)

အင်္ဂောကာသိကဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌ အင်္ဂောကာသိက ဓုတင်၊ ၂။ မဇ္ဈိမ အင်္ဂောကာသိက ဓုတင်၊ ၃။ မုဒုက အင်္ဂောကာသိက ဓုတင်။ (ဝိသုဒ္ဓိ၊၁။၇၃။)

အင်္ဂောကာသိကဓုတင် ဆောက်တည်ရကျိုး ၆ ပါး ၁။ အာဝါသပလိဗောဓ ပြတ်စဲခြင်း၊ ၂။ ထိုနမိဒ္ဓကို ပယ်ဖျောက်နိုင်ခြင်း၊ ၃။ နတ်တို့၏ ချီးမွမ်းခြင်းအားလျော်စွာ ဖြစ်ခြင်း၊ ၄။ အရိပ်အာဝါသ၌ ငြိကပ် တွယ်တာမှု မရှိခြင်း၊ ၅။ အရပ်လေးမျက်နှာတို့၌ အပိတ်အပင် မရှိ သွားလာနိုင်ခြင်း၊ ၆။ အပို့စ္ဆတာ စသည်တို့အားလျော်သော အကျင့်ရှိခြင်း။ (ဝိသုဒ္ဓိ၊၁။၇၃။)

အင်္ဂောကာသိကဓုတင် ဆောက်တည်သူ ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲ တွေဝေသောကြောင့် ဆောက်တည်ခြင်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် ဆောက်တည်ခြင်း၊ ၃။ စိတ်ပျံ့လွင့် ရူးသွပ်သောကြောင့် ဆောက်တည်ခြင်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်တို့သည် ချီးမွမ်းအပ်၏ဟု ဆောက်တည်ခြင်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို အမှီပြု၍ ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်ခြင်း။ (ဝိ၅။၂၃၃။) (ဝိ၅။၃၃၅။) (အံ၊၂။၁၉၄။) (ဝိ၊မြန်၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၃၈။) (အံ၊မြန်၊၂။၂၄၇။)

အင်္ဂါနဿင်းခြင်း ၈ လယ် ဆုံး ၃ ပါး ၁။ ဝတ္ထုနှင့် ပုဂ္ဂိုလ်တို့သည် အင်္ဂါနဿင်းခြင်း၏ အစတည်း၊ ၂။ ဥတ်သည် အင်္ဂါနဿင်းခြင်း၏ အလယ်တည်း၊ ၃။ ကမ္မဝါစာသည် အင်္ဂါနဿင်းခြင်း၏ အဆုံးတည်း။ (ဝိ၅။၂၅၂။) (ဝိ၊မြန်၊၅။၃၄၄။)

http://www.dhammadownload.com

အဇ္ဈာန်သွင်းထိုက်သော ရဟန်းတို့အား ခွင့်ပြုအပ်သော အမှုကိစ္စ ၁၅ ပါး ပရိဝါသ် ဆောက်တည်သော ရဟန်းတို့အား ခွင့်ပြုအပ်သော အမှုကိစ္စ ၁၅ ပါးနှင့် တူ၏။

အဇ္ဈာန်သွင်းထိုက်သော ရဟန်းတို့၏ ကျင့်ဝတ် ၉၄ ပါး ပရိဝါသ်ဆောက်တည်သော ရဟန်း၏ ကျင့်ဝတ် ၉၄ ပါး (ဝိ၊ ၄။၈၃။) နှင့် တူ၏။ ပရိဝါသ်ဆောက်တည်သော ရဟန်းအစား အဇ္ဈာန်သွင်းထိုက်သော ရဟန်းဟု လဲလှယ်ရမည်။ (ဝိ၊၄။၁၀၀။) (ဝိ၊မြန်၊၄။၉၅-၉၆။)

အဗျာကတ ကိစ္စာဓိကရဏ်း ၄ ပါး သံဃာက အဗျာကတစိတ်ရှိလျက် ပြုလုပ်အပ်သော အပ လောကနကံ၊ ၂။ သံဃာက အဗျာကတစိတ်ရှိလျက် ပြုလုပ်အပ်သော ဥတ္တိကံ၊ ၃။ သံဃာက အဗျာကတစိတ်ရှိလျက် ပြုလုပ်အပ်သော ဥတ္တိဒုတိယကံ၊ ၄။ သံဃာက အဗျာကတစိတ် ရှိလျက် ပြုလုပ်အပ်သော ဥတ္တိစတုတ္ထကံ။ (ဝိ၊၄။၂၁၈။) (ဝိ၊မြန်၊၄။၂၁၄။)

အဗျာကတ တရား ၄ ပါး ၁။ ဝိပါက်အဗျာကတ၊ ၂။ ကြိယာအဗျာကတ၊ ၃။ ရူပအဗျာကတ၊ ၄။ နိဗ္ဗာနအဗျာကတ။ (အဘိ၊၌၊၁။၃၀၃။) (အဘိ၊၌၊၃။၂၄၃။) (ပဋိသံ၊၌၊၂။၁၉၉။)

အဗျာကတဟိတ် ၃ ပါး ၁။ ဝိပါကာဗျာကတ ကြိယာဗျာကတဖြစ်သော အလောဘ၊ ၂။ ဝိပါကာ ဗျာကတ ကြိယာဗျာကတဖြစ်သော အဒေါသ၊ ၃။ ဝိပါကာဗျာကတ ကြိယာဗျာကတ ဖြစ်သော အမောဟ။ (အဘိ၊၉။၂၁၆။) (အဘိ၊၉။၂၁၈။) (အဘိ၊၀။၄၁၆။) (အဘိ၊၉၊မြန်။၃၉၅၊၃၉၇။) (အဘိ၊၉၊ မြန်။၃၉၅၊၃၉၇။) (အဘိ၊၀၊မြန်၊၂။၅၂၅။)

အဗြဟ္မစရိယက် မြောက်ကြောင်း ၄ ပါး ၁။ မှီဝဲ လွန်ကြူးအပ်သော ဝတ္ထုဖြစ်ခြင်း၊ ၂။ မှီဝဲ လွန်ကြူး လိုသော စိတ်ရှိခြင်း၊ ၃။ မှီဝဲလွန်ကြူးခြင်း၊ ၄။ သာယာခြင်း။ (ခုဒ္ဒက၊၌။၂၁။)

အဗြဟ္မစရိယဝါသ ၄ မျိုး မမြတ်သော အကျင့်ဖြင့် နေခြင်း ၄ မျိုးနှင့် တူသည်။

အဘယမင်းသားအား ဘုရားရှင် ဟောကြားခဲ့သော စကား ၆ ခွန်း ၁။ မဟုတ်မမှန် အကျိုး မရှိသော သူတစ်ပါး မချစ် မနှစ်သက်သော စကား၊ ၂။ ဟုတ်မှန် အကျိုးမရှိသော, သူတစ်ပါး မချစ်မနှစ်သက်သော စကား၊ ၃။ ဟုတ်မှန် အကျိုးရှိသော, သူတစ်ပါး မချစ် မနှစ်သက်သော စကား၊ ၄။ မဟုတ် မမှန်၊ အကျိုးမရှိသော, သူတစ်ပါး ကြိုက်နှစ်သက်သော စကား၊ ၅။ ဟုတ်မှန် အကျိုးမရှိသော, သူတစ်ပါး ကြိုက်နှစ်သက်သော စကား၊ ၆။ ဟုတ်မှန် အကျိုး ရှိသော, သူတစ်ပါး ကြိုက်နှစ်သက်သော စကား။ (မ၊၂။၅၇။) (မ၊မြန်၊၂။၆၂။)

အဘိဇာတိ ၆ မျိုး ၁။ ကဏှာဘိဇာတိ- မည်းညစ်သော အမှု၏ ရွေးရွဖြစ်ရာ ပုဂ္ဂိုလ်ဘုံ၊ ၂။ နီလာဘိဇာတိ- ညိုသော အမှု၏ ရွေးရွဖြစ်ရာ ပုဂ္ဂိုလ်ဘုံ၊ ၃။ လောဟိတာဘိဇာတိ- နီသော အမှု၏ ရွေးရွဖြစ်ရာ ပုဂ္ဂိုလ်ဘုံ၊ ၄။ ဟလိဒ္ဒါဘိဇာတိ- ဝါသော အမှု၏ ရွေးရွဖြစ်ရာ ပုဂ္ဂိုလ်ဘုံ၊ ၅။ သုက္ကာဘိဇာတိ- ဖြူသော အမှု၏ ရွေးရွဖြစ်ရာ ပုဂ္ဂိုလ်ဘုံ၊ ၆။ ပရမသုက္ကာဘိ ဇာတိ- အလွန်ဖြူသော အမှု၏ ရွေးရွဖြစ်ရာ ပုဂ္ဂိုလ်ဘုံ။ (သံ၊၌၊၂။၃၁၄။)

အဘိညာပါဒက စိတ်၏ အင်္ဂါ ၈ ပါး ၁။ စတုတ္ထဈာန်စိတ်သည် ကောင်းစွာ အာရုံ၌ ထားအပ် ပြီးခြင်း, တည်ကြည်ခြင်း၊ ၂။ ထက်ဝန်းကျင် စင်ကြယ်ခြင်း၊ ၃။ ထက်ဝန်းကျင် ဖြူစင်ခြင်း၊ ၄။ ကိလေသာ အညစ်အကြေး မရှိခြင်း၊ ၅။ ဥပက္ကိလေသ ကင်းခြင်း၊ ၆။ နူးညံ့သည်

http://www.dhammadownload.com

ဖြစ်၍ ဖြစ်ခြင်း၊ ၇။ အဘိညာဉ်အမှုဌ် ခံခြင်း၊ ၈။ ထက်ဝန်းကျင် စင်ကြယ် ခြင်းစသော ဂုဏ်၌ မြဲမြံခိုင်ခန့် တည်တံ့ခြင်း၊ (မှတ်ချက်) နောက်တစ်နည်း ကောင်းစွာ အာရုံ၌ တည်ကြည်ခြင်းကို ပယ်၍ တုန်လှုပ်ခြင်း မရှိသည်၏ (သာရတ္ထ၊ ဋီ၊ ၁။၃၈၅။)

အဘိညေယျတရား ၂ ပါး ဖြစ်စေထိုက်သော တရား ၂ ပါးနှင့် တူသည်။

အဘိညေယျတရား ၃ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၃ ပါးနှင့် တူသည်။

အဘိညေယျတရား ၄ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၄ ပါးနှင့် သစ္စာ ၄ ပါးတူသည်။

အဘိညေယျတရား ၅ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၅ ပါး၊ ကိလေသာမှ လွတ်ခြင်း အကြောင်း ၅ ပါးတို့နှင့် တူသည်။

အဘိညေယျတရား ၆ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၆ ပါး၊ အမြတ်ဆုံး တရား ၆ ပါးတို့နှင့် တူသည်။

အဘိညေယျတရား ၇ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၇ ပါး၊ ရဟန္တာဖြစ်ကြောင်း ၇ ပါးတို့နှင့် တူသည်။

အဘိညေယျတရား ၈ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၈ ပါး၊ အဘိဘာယတနဈာန် ၈ ပါးတို့နှင့် တူသည်။

အဘိညေယျတရား ၉ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၉ ပါး၊ အစဉ်အတိုင်း ဝင်စား အပ်သော သမာပတ် ၉ ပါး၊ အနုပုဗ္ဗဝိဟာရ တရား ၉ ပါးတို့နှင့် တူသည်။

အဘိညေယျ တရား ၁၀ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၁၀ ပါး၊ ပျက်စီးခြင်းအကြောင်း ၁၀ ပါးတို့နှင့် တူသည်။

အဘိညာဉ် ၅ ပါး (လောကီအဘိညာဉ် ၅ ပါး) ၁။ ဣဒ္ဓိဝိဓ အဘိညာဉ်၊ ၂။ ဒိဗ္ဗသောတဓာတုဉာဏ အဘိညာဉ်၊ ၃။ စေတောပရိယဉာဏ အဘိညာဉ်၊ ၄။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ အဘိညာဉ်၊ ၅။ စုတူပပါတဉာဏ အဘိညာဉ်။ (ဝိသုဒ္ဓိ၊ ၂။၁။)

အဘိညာဉ် ၆ ပါး မျက်မှောက်ပြုအပ်သော တရား ၆ ပါး၊ သစ္ဆိကာတဗ္ဗ တရား ၆ ပါးတို့နှင့်တူသည်။

အဘိညာဉ် ၆ ပါး (တစ်နည်း) ၁။ ဣဒ္ဓိဝိဓအဘိညာဉ်၊ ၂။ ဒိဗ္ဗသောတအဘိညာဉ်၊ ၃။ စေတောပရိယ အဘိညာဉ်၊ ၄။ ပုဗ္ဗေနိဝါသအဘိညာဉ်၊ ၅။ ဒိဗ္ဗစက္ခုအဘိညာဉ်၊ ၆။ အာသဝက္ခယ အဘိညာဉ်။ (ပဋိသံ၊ ဋ္ဌ၊ ၂။၂၅၀။) (အပ၊ ဋ္ဌ၊ ၁။၃၃၄။)

အဘိဏှ ပစ္ဆဝေက္ခိတဗ္ဗ ဌာန ၅ ပါး ၁။ ငါသည် အိုခြင်းသဘော ရှိ၏၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်ဟု ဆင်ခြင်ရခြင်း၊ ၂။ ငါသည် နာခြင်းသဘော ရှိ၏၊ နာခြင်းသဘောကို မလွန်ဆန်နိုင်ဟု ဆင်ခြင်ရခြင်း၊ ၃။ ငါသည် သေခြင်းသဘော ရှိ၏၊ သေခြင်းသဘောကို မလွန်ဆန်နိုင်ဟု ဆင်ခြင်ရခြင်း၊ ၄။ ချစ်ခင်မြတ်နိုးအပ်သော အရာအားလုံးနှင့် ရှင်ကွဲ သေကွဲ ကွဲရခြင်း၊ ၅။ ကံသာလျှင် မိမိဥစ္စာ ရှိခြင်း။ (အံ၊ ၂။၆၃။) (အံ၊ မြန်၊ ၂။၇၇။)

http://www.dhammadownload.com

အဘိဓမ္မပိဋက ၇ ကျမ်း ၁။ ဓမ္မသင်္ဂဏီကျမ်း၊ ၂။ ဝိဘင်းကျမ်း၊ ၃။ ဓာတုကထာကျမ်း၊ ၄။ ပုဂ္ဂလပညတ်ကျမ်း၊ ၅။ ကထာဝတ္ထု၊ ၆။ ယမက၊ ၇။ ပဋ္ဌာန်း၊ (ဝိ၊၌၊၁။၁၅။) (ဒီ၊၌၊၁။၁၇။) (အဘိ၊၌၊ ၁။၄။) (သာရတ္ထ၊ဋီ၊၁။၆၃။) (ဒီ၊၌၊မြန်၊၁။၂၉။)

အဘိဓမ္မပိဋက နိဒါန်း ၂ မျိုး ၁။ အဓိဂမနိဒါန်း– ဒီပင်္ကရဘုရားရှင်မှ စ၍ မဟာဗောဓိပလ္လင် အထိ၊ ၂။ ဒေသနာနိဒါန်း– ဒီပင်္ကရဘုရားရှင်မှ ဓမ္မစကြာတရား ဟောကြားသည်အထိ။ (အဘိ၊၌၊၁။၃၂။)

အဘိဓမ္မပိဋက နိဒါန်း ၃ မျိုး ၁။ ဒီပင်္ကရဘုရား ခြေရင်းမှ စ၍ တုသိတာနတ်ပြည်တိုင်အောင် ဒူရေနိဒါန်း၊ ၂။ တုသိတာနတ်ပြည်မှ ဗောဓိမဏ္ဍိုင်တိုင်အောင် အဝိဒူရေနိဒါန်း၊ ၃။ "တစ်နေ့သ၌ ဘုရားရှင်သည် တာဝတိံသာနတ်ပြည် ။ပ။ အဘိဓမ္မာတရားစကားကို ဟောတော်မူ၏" ဟူသော နိဒါန်းသည် သန္တိကေနိဒါန်း။ (အဘိ၊၌၊၁။၇၈။)

အဘိဓမ္မာ ၇ ကျမ်း အဘိဓမ္မပိဋက ၇ ကျမ်းနှင့် တူသည်။

အဘိနိဝေသ ၂ ပါး (လောကုတ္တရာတရားကို ဖြစ်စေရာ၌ အဘိနိဝေသ ၂ ပါး) ၁။ သဒ္ဓါ ဘိနိဝေသ၊ ၂။ ပညာဘိနိဝေသ။ (သံ၊၌၊၃။၂၇၂။)

အဘိဘာယတန ဈာန် ၈ ပါး (ဆန့်ကျင်ဘက်အာရုံတို့ကို လွှမ်းမိုးနိုင်သော အဘိဘာယတန ဈာန် ၈ မျိုး) ၁။ တစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်း, မကောင်းသော အဆင်းရှိသော ငယ်သော ကသိုဏ်းရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ငါသိသည် ငါမြင်သည်ဟု အမှတ်ရှိခြင်း၊ ၂။ တစ်ယောက်သော ပုဂ္ဂိုလ်သည် **မိမိသန္တာန်၌ အဆင်းရုပ်တို့ကို ရှုမှတ်၍ အပသန္တာန်၌ ကောင်း, မကောင်းသော** အဆင်းရှိသော ကြီးသော ကသိုဏ်းရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ငါသိသည် ငါမြင်သည်ဟု အမှတ်ရှိခြင်း၊ ၃။ တစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်တော့ဘဲ အပသန္တာန်၌ ကောင်း, မကောင်းသော အဆင်းရှိသော ငယ်သော ကသိုဏ်းရုပ်တို့ကို ရှုမှတ်၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ငါသိသည် ငါမြင်သည်ဟု အမှတ်ရှိခြင်း၊ ၄။ တစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်တော့ဘဲ အပသန္တာန်၌ ကောင်း, မကောင်းသော အဆင်းရှိသော ကြီးသော ကသိုဏ်းရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ငါသိသည် ငါမြင်သည်ဟု အမှတ်ရှိခြင်း၊ ၅။ တစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်တော့ဘဲ အပသန္တာန်၌ ညီသော အရောင်, အသွေး, အဆင်းရှိသော ကသိုဏ်းရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ငါသိသည် ငါမြင်သည်ဟု အမှတ်ရှိခြင်း၊ ၆။ တစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်တော့ဘဲ အပသန္တာန်၌ ဝါသော အရောင်, အသွေး, အဆင်း ရှိသော ကသိုဏ်းရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ငါသိသည် ငါမြင်သည်ဟု အမှတ် ရှိခြင်း၊ ၇။ တစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်တော့ဘဲ အပသန္တာန်၌ နီသော အရောင်, အသွေး, အဆင်းရှိသော ကသိုဏ်းရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ငါသိသည် ငါမြင်သည်ဟု အမှတ်ရှိခြင်း၊ ၈။ တစ်ယောက်သော ပုဂ္ဂိုလ်သည် မိမိသန္တာန်၌ အဆင်းရုပ်တို့ကို မရှုမှတ်တော့ဘဲ အပသန္တာန်၌ ဖြူသော အရောင်, အသွေး,

http://www.dhammadownload.com

အဆင်းရှိသော ကသိုဏ်းရုပ်တို့ကို ရှု၏၊ ထိုရုပ်တို့ကို လွှမ်းမိုး၍ ငါသိသည် ငါမြင်သည်ဟု အမှတ်ရှိခြင်း။ (ဒီ၊၃။၂၁၅မှ၂၁၇။) (ဒီ၊၃။၂၅၀။) (ပဋိသံ၊၄၊၁။၆၉။) (ဒီ၊မြန်၊၃။ ၂၃၈-၂၃၉-၂၄၀။) (ဒီ၊မြန်၊၃။၂၇၃။)

အဘိဘာယတနဈာန် ၈ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၈ ပါး၊ အဘိညေယျတရား ၈ ပါးတို့နှင့် တူသည်။

အဘိဘာယတန ဈာန် ၈ ပါး (ဆန့်ကျင်ဘက်တရားနှင့် ကသိုဏ်းအာရုံတို့ကို ဖိစီးလွှမ်းမိုး တတ်သော ပရိကမ်, ဉာဏ် ဟူသော အကြောင်းရှိသော အဘိဘာယတန ဈာန် ၈ မျိုး) ၁။ မိမိ၏ ဆံပင် စသည်တို့၏ ညိုနက်အရောင် စသော ကသိုဏ်းရုပ်တို့ကို ရှုမှတ်စီးဖြန်းမှု ပရိကမ်ပြုပြီးနောက် ကျဉ်းငယ်သော တင့်တယ်သော အဆင်း, မတင့်တယ်သော အဆင်း ရှိကုန်သော ပြင်ပကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ် ထင်ပေါ်အောင် ဖိစီးလွှမ်းမိုး၍ ရှုခြင်းကြောင့် ဖြစ်ပေါ်လာသော ယောဂီပုဂ္ဂိုလ်၏ အပွနာဈာန်၊ ၂။ မိမိ၏ ဆံပင် စသည် တို့၏ ညိုနက်ရောင် စသော ကသိုဏ်းရုပ်တို့ကို ရှုမှတ်စီးဖြန်းမှု ပရိကမ် ပြုပြီးနောက် ကျယ်ပြန့်သော ပမာဏရှိကုန်သော တင့်တယ်သော အဆင်း, မတင့်တယ်သော အဆင်းရှိ ကုန်သော ပြင်ပကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ် ထင်ပေါ်အောင် ဖိစီးလွှမ်းမိုး၍ ရှုခြင်းကြောင့် ဖြစ်ပေါ်လာသော ယောဂီ၏ အပွနာဈာန်၊ ၃။ မိမိ၏ ဆံပင် စသည်တို့၏ ညိုနက်ရောင် စသော ကသိုဏ်းရုပ်၌ ရှုမှတ်စီးဖြန်းမှု ပရိကမ်မပြုမူ၍ ကျဉ်းငယ်သော တင့်တယ်သော အဆင်း, မတင့်တယ်သော အဆင်းဖြစ်သော ပြင်ပ ကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ် ထင်ပေါ်အောင် ဖိစီးလွှမ်းမိုး၍ ရှုခြင်းကြောင့် ဖြစ်ပေါ်လာသော ယောဂီ၏ အပွနာဈာန်၊ ၄။ မိမိ၏ ဆံပင် စသည်တို့၏ ညိုနက်ရောင် စသော ကသိုဏ်းရုပ်၌ ရှုမှတ် စီးဖြန်းမှု ပရိကမ် မပြုမူ၍ ကျယ်ပြန့်သော တင့်တယ်သော အဆင်း, မတင့်တယ်သော အဆင်းဖြစ်သော ပြင်ပကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ်ထင်ပေါ်အောင် ဖိစီးလွှမ်းမိုး၍ ရှုခြင်းကြောင့် ဖြစ်ပေါ်လာသော ယောဂီ၏ အပွနာဈာန်၊ ၅။ မိမိ၏ ဆံပင် စသည်တို့၏ ညိုနက်ရောင် စသော ကသိုဏ်းရုပ်၌ ရှုမှတ်စီးဖြန်းမှု ပရိကမ်မပြုဘဲ ပြင်ပ၌ ညိုကုန်သော အညိုရောင်သန်းကုန်သော အညိုပြောင်ဖြစ်ကုန်သော ကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ် ထင်ပေါ်အောင် ဖိစီးလွှမ်းမိုး၍ ရှုခြင်းကြောင့် ဖြစ်ပေါ်လာသော ယောဂီ၏ အပွနာဈာန်၊ ၆။ မိမိ၏ ဆံပင် စသည်တို့၏ ညိုနက်ရောင် စသော ကသိုဏ်းရုပ်၌ ရှုမှတ်စီးဖြန်းမှု ပရိကမ်မပြုဘဲ ပြင်ပ၌ ဝါရွှေကုန်သော ဝါရွှေအဆင်းရှိကုန်သော ဝါရွှေပြောင်ဖြစ်ကုန်သော ကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ် ထင်ပေါ်အောင် ဖိစီးလွှမ်းမိုး၍ ရှုခြင်းကြောင့် ဖြစ်ပေါ် လာသော ယောဂီ၏ အပွနာဈာန်၊ ၇။ မိမိ၏ ဆံပင် စသည်တို့၏ ညိုနက်ရောင် စသော ကသိုဏ်းရုပ်၌ ရှုမှတ်စီးဖြန်းမှု ပရိကမ်မပြုဘဲ ပြင်ပ၌ နီကုန်သော အနီပြောင်ဖြစ်ကုန်သော ကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ် ထင်ပေါ်အောင် ဖိစီးလွှမ်းမိုး၍ ရှုခြင်းကြောင့် ဖြစ်ပေါ် လာသော ယောဂီ၏ အပွနာဈာန်၊ ၈။ မိမိ၏ ဆံပင် စသည်တို့၏ ညိုနက်ရောင် စသော ကသိုဏ်းရုပ်၌ ရှုမှတ်စီးဖြန်းမှု ပရိကမ်မပြုဘဲ ပြင်ပ၌ ဖြူကုန်သော အဖြူပြောင်ဖြစ် ကုန်သော ကသိုဏ်းရုပ်တို့ကို ပဋိဘာဂနိမိတ် ထင်ပေါ်အောင် ဖိစီးလွှမ်းမိုး၍ ရှုခြင်းကြောင့်

http://www.dhammadownload.com

ဖြစ်ပေါ်လာသော ယောဂီတစ်ဦး၏ အပွနာစျာန်။ (ဒီ၊၂။၉၂။) (မ၊၂။၂၀၅။) (အံ၊၃။၁၂၅။) (အံ၊၃။၃၀၄။) (ဒီ၊မြန်၊၂။၁၀၆။) (မ၊မြန်၊၂။၂၁၇-၂၁၈။) (အံ၊မြန်၊၃။၁၂၆၊၃၀၃။) (အံ၊မြန်၊၃။၁၂၆၊၃၀၃။)

အဘိသမယ ၄ မျိုး ၁။ ပရိညာဘိသမယ- ပိုင်းခြား၍ သိခြင်း၏ အစွမ်းတရားတို့ကို မျက်မှောက်အားဖြင့် ထိုးထွင်းသိခြင်း၊ ၂။ ပဟာနာဘိသမယ- ကိလေသာတို့ကို ပယ်ခြင်း၏ အစွမ်းတရားတို့ကို မျက်မှောက်အားဖြင့် ထိုးထွင်းသိခြင်း၊ ၃။ သစ္ဆိကိရိယာဘိသမယ- မျက်မှောက်ပြုခြင်း၏ အစွမ်းတရားတို့ကို မျက်မှောက်အားဖြင့် ထိုးထွင်းသိခြင်း၊ ၄။ ဘာဝနာဘိသမယ- မိမိသန္တာန်၌ ဖြစ်စေခြင်း, ပွားစေခြင်း၏ အစွမ်းတရားတို့ကို မျက်မှောက်အားဖြင့် ထိုးထွင်း၍ သိခြင်း။ (ပေဋကော။၂၅၇။)

အဘိဇ္ဈာ အထမြောက်ကြောင်း အင်္ဂါ ၂ ပါး ၁။ သူတစ်ပါး ဥစ္စာဘဏ္ဍာ ဖြစ်ခြင်း၊ ၂။ မိမိသို့ စိတ်ဖြင့်သာ ညွတ်စေခြင်း။ (ဒီ၊၁၁၊၃၃၁။) (မ၊၁၁၊၁။၂၀၅။) (သံ၊၁၁၊၂။၁၃၇။) (အဘိ၊၁၁၊၁။၁၄၄။) (ပဋိသံ၊၁၁၊၁။၂၀၆။) (မဟာနိ၊၁၁။၁၀၁။) (သာရတ္ထ၊ဋီ၊၁။၃၄၆။)

အဘိသိက်သွန်းခြင်းနှင့် စပ်သော ပုဂ္ဂိုလ် ၃ မျိုး ၁။ အဘိသိက်သွန်းခြင်း၌ တောင့်တခြင်းမရှိသော ဒွန်းစဏ္ဍား စသော ယုတ်နိမ့်သော ပုဂ္ဂိုလ်၊ ၂။ အဘိသိက်သွန်းခြင်း၌ တောင့်တခြင်းရှိသော ပြည့်ရှင်မင်း၏ အဘိသိက်မသွန်းရသေးသော အဘိသိက်သွန်းထိုက်သော သားကြီးပုဂ္ဂိုလ်၊ ၃။ အဘိသိက်သွန်းခြင်း၌ တောင့်တခြင်းကင်းသော ပုဂ္ဂိုလ် (အသိသိက်သွန်း၍ မင်းဖြစ်ပြီးသော ပြည့်ရှင်မင်း) ။ (အံ၊၁။၁၀၆။) (အံ၊မြန်၊၁။၁၂၄။)

အမတ်အဖြစ် ရေတွက်အပ်သူ ၆ ဦး ၁။ စစ်သူကြီး၊ ၂။ ပုရောဟိတ်၊ ၃။ တရားသူကြီး၊ ၄။ ဘဏ္ဍာစိုး၊ ၅။ ထီးတော်မိုး၊ ၆။ သန့်လျက်စွဲကိုင်သော သက်တော်စောင့်။ (မိလိန္ဒ။၁၁၉။) (မိလိန္ဒ၊မြန်။၁၂၉။)

အမရဝတီ မင်းနေပြည်တော်၏ အသံ ၁၀ မျိုး ၁။ ဆင်အသံ၊ ၂။ မြင်းအသံ၊ ၃။ စည်ကြီးအသံ၊ ၄။ ခရုသင်းအသံ၊ ၅။ ရထားအသံ၊ ၆။ စားကြွပါကုန်ဟု ကြွေးကြော်သော အသံ၊ ၇။ သောက်ကြွပါကုန်ဟု ကြွေးကြော်သော အသံ၊ ၈။ ထမင်းနှင့် စပ်သော ကြွေးကြော်သံ၊ ၉။ အဖျော်နှင့်စပ်သော ကြွေးကြော်သံ၊ ၁၀။ စားဖွယ်သောက်ဖွယ်နှင့် ယှဉ်သော အသံ။ (အပ၊၂။၃၀၆။) (အပ၊မြန်၊၂။၃၀၁။)

အမရဝတီမြို့၏ အသံ ၁၀ မျိုး ၁။ ဆင်အသံ၊ ၂။ မြင်းအသံ၊ ၃။ ရထားအသံ၊ ၄။ စည်ကြီးအသံ၊ ၅။ မုရိုးစည်အသံ၊ ၆။ စောင်းအသံ၊ ၇။ သီချင်းအသံ၊ ၈။ ခရုသင်းအသံ၊ ၉။ မောင်း, ကြေးနင်း, ခွက် ခွင်း စသော တူရိယာအသံ၊ ၁၀။ စားကြွပါ, သောက်ကြွပါ စသော အသံ။ (အပ၊ဋ္ဌ၊၁။၃။) (ဗုဒ္ဓဝံ၊ဋ္ဌ။၈၇။) (မ၊ဋီ၊၁။၁၄၀။)

အမရာဝိက္ခေပ ဒိဋ္ဌိ ၄ မျိုး ၁။ အမရာဝိက္ခေပဒိဋ္ဌိ ပဌမဝါဒ- မုသာဝါဒမှ ကြောက်သောကြောင့် တစ်စုံတစ်ယောက်က မေးသောအခါ ဤသို့ဟုလည်း ငါမယူဟု အဆုံးမရှိ ပစ်လွှင့်သော ဝါဒ၊ ၂။ အမရာဝိက္ခေပဒုတိယဝါဒ- ဥပါဒါန်မှ ကြောက်သောကြောင့် တစ်စုံတစ်ယောက်က မေးသောအခါ ထိုသို့ဟုလည်း ငါမယူဟု အဆုံးမရှိပစ်လွှင့်သော ဝါဒ၊ ၃။ အမရာဝိက္ခေပ တတိယဝါဒ- မေးစိစစ်ခြင်းမှ ကြောက်ခြင်း မေးစိစစ်ခြင်းကို စက်ဆုပ်ခြင်းကြောင့် တစ်စုံတစ်ယောက်က မေးသောအခါ အခြားသို့ဟုလည်း ငါမယူဟု အဆုံးမရှိပစ်လွှင့်သော ဝါဒ၊

http://www.dhammadownload.com

၄။ အမရာဝိက္ခေပစတုက္ကဝါဒ– နံ့သည်၏အဖြစ် အလွန်တွေဝေသည်၏အဖြစ်ကြောင့် တစ်စုံတစ်ယောက်က မေးသောအခါ ဤသို့ ထိုသို့ အခြားသို့ မဟုတ်သည်မဟုတ်ဟုလည်း ငါမယူဟု အဆုံးမရှိ ပစ်လွှင့်သော ဝါဒ။ (ဒီ၊၁။၂၃။) (ဒီ၊၁။၂၆။) (ဒီ၊မြန်၊၁။၂၆။) (ဒီ၊မြန်၊၁။၂၆။)

အမိဝမ်းဒ္ဒ ဖြစ်ခြင်း ၄ မျိုး ၁။ ဤလောကဒ္ဒ အချို့သူသည် ပညာအဆင်အခြင်မဲ့သည် ဖြစ်၍ အမိဝမ်းသို့ သက်၏၊ ပညာအဆင်အခြင်နှင့်ပြည့်စုံသည် ဖြစ်၍ အမိဝမ်းဒ္ဒ တည်၏၊ ပညာအဆင်အခြင် မဲ့သည်ဖြစ်၍ အမိဝမ်းမှ ထွက်၏၊ ၂။ ဤလောကဒ္ဒ အချို့သူသည် ပညာအဆင်အခြင်နှင့် ပြည့်စုံသည် ဖြစ်၍ အမိဝမ်းသို့ သက်၏၊ ပညာအဆင်အခြင်မဲ့သည် ဖြစ်၍ အမိဝမ်းဒ္ဒ တည်၏၊ ပညာအဆင်အခြင်မဲ့သည် ဖြစ်၍ အမိဝမ်းမှ ထွက်၏၊ ၃။ ဤလောကဒ္ဒ အချို့သူသည် ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်းသို့ သက်၏၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်းဒ္ဒ တည်၏၊ ပညာအဆင်အခြင်မဲ့သည် ဖြစ်၍ အမိဝမ်းမှ ထွက်၏၊ ၄။ ဤလောကဒ္ဒ အချို့သူသည် ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ အမိဝမ်းသို့ သက်၏၊ အမိဝမ်းဒ္ဒ တည်၏၊ အမိဝမ်းမှ ထွက်၏။ (မ၊ဒ္ဒ၊၄။၁၂၆။)

အမူလကသိက္ခာပုဒ်ဒ္ဒ အင်္ဂါ ၄ မျိုး ၁။ ရဟန်းဖြစ်ခြင်း၊ ၂။ သံဃာဒိသေသ်အာပတ် အခြေအမြစ် မရှိခြင်း၊ ၃။ စွပ်စွဲ ဖျက်ဆီးခြင်း၊ ၄။ ထိုစွပ်စွဲသော ခဏဒ္ဒပင် သိခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၄။)

အမေး ၅ မျိုး ၁။ ပင်ကိုအားဖြင့် မမြင်, မသိ, နားမလည်သော လက္ခဏာကို မြင်အောင်, သိနားလည်အောင် မေးမြန်းခြင်း– အဒိဋ္ဌဇောတနာပုစ္ဆာ၊ ၂။ ပင်ကိုအားဖြင့် သိမြင်ပြီး, နားလည်ပြီးသော လက္ခဏာကို အခြားပညာရှိတို့နှင့် နှီးနှောရန် မေးမြန်းခြင်း– ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၊ ၃။ ပင်ကိုအားဖြင့် ယုံမှားသံသယ ဖြစ်သော အရာကို ယုံမှားခြင်းကို ပယ်ဖျောက်ရန် မေးမြန်းခြင်း– ဝိမတိစ္ဆေဒနာပုစ္ဆာ၊ ၄။ တရားဟောရာအခါဒ္ဒ တရားနာသူတို့၏ အလိုကို ယူ၍ မေးမြန်းခြင်း– အနုမတိပုစ္ဆာ၊ ၅။ ကိုယ်တိုင်မေး၍ ကိုယ်တိုင်ဖြေကြားလိုသော သူ၏ မေးမြန်းခြင်း– ကထေတုကမျတာပုစ္ဆာ။ (မ၊ဒ္ဒ၊၂။၂၃၅။)

အမိုး ၅ မျိုး ၁။ အုတ်အမိုး၊ ၂။ ကျောက်အမိုး၊ ၃။ သစ်ရွက်အမိုး၊ ၄။ အင်္ဂတေအမိုး၊ ၅။ မြက်အမိုး။ (သာရတ္ထ၊ဋီ၊၃။၇။) (ဝိမတိ၊၂။၅။)

အမိုးအကာ ၇ မျိုး ၁။ ရာဂအမိုးအကာ၊ ၂။ ဒေါသအမိုးအကာ၊ ၃။ မောဟအမိုးအကာ၊ ၄။ မာန အမိုးအကာ၊ ၅။ ဒိဋ္ဌိအမိုးအကာ၊ ၆။ အဝိဇ္ဇာအမိုးအကာ၊ ၇။ ဒုစရိုက်အမိုးအကာ။ (ဒီ၊ဋ္ဌ၊၁။၂၂၃။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၄၀။)

အမိုက်မှောင် ၃ မျိုး ၁။ အတိတ်ကာလကို အကြောင်းပြု၍ သို့လောသို့လော ယုံမှားတွေးတောလျက် မကြည်လင် မဆုံးဖြတ်နိုင်ခြင်း၊ ၂။ အနာဂတ်ကာလကို အကြောင်းပြု၍ သို့လောသို့လော ယုံမှားတွေးတောလျက် မကြည်လင် မဆုံးဖြတ်နိုင်ခြင်း၊ ၃။ ပစ္စုပ္ပန် ကာလကို အကြောင်းပြု၍ သို့လောသို့လော ယုံမှားတွေးတောလျက် မကြည်လင် မဆုံးဖြတ် နိုင်ခြင်း။ (အဘိ၊ဝိ။၃၈၂။) (အဘိ၊ဝိ၊မြန်၊၂။၄၇၈။)

အမိုက်မှောင် အင်္ဂါ ၄ ပါး ၁။ လဆုတ်ပက္ခ ၁၄ ရက် ဖြစ်ခြင်း၊ ၂။ ယင်းလဆုတ် ၁၄ ရက် ညသန်းခေါင်အချိန် ဖြစ်ခြင်း၊ ၃။ သစ်ပင်တို့ဖြင့် ပိတ်ဖုံးနေသော တစ်ခဲနက် တောအုပ်

http://www.dhammadownload.com

ဖြစ်ခြင်း၊ ၄။ မိုးတိမ်အုပ်ခြင်း။ (မဟာနိ။၃၅၆။) (ဝိ၊ဌ၊၁။၁၄၀။) (ဒီ၊ဌ၊၁။၂၀၄။) (မ၊ဌ၊၁။၁၃၄။) (သံ၊ဌ၊၁။၁၂၅။) (ဒီ၊ဌ၊မြန်၊၁။၄၀၁။)

အမျိုးကြီး ၄ ပါး ၁။ မင်းမျိုး၊ ၂။ ပုဏ္ဏားမျိုး၊ ၃။ ကုန်သည်မျိုး၊ ၄။ သူဆင်းရဲမျိုး။ ((ဝိ၊၁။၂၈၁။) (ဝိ၊၂။၁၀၈-၁၃၄။) (ဒီ၊၃။၆၇။) (မ၊၂။၃၂၉။) (ဝိ၊မြန်၊၁။၂၉၇။) (ဝိ၊မြန်၊၂။၁၂၄၊၁၅၂။) (ဒီ၊မြန်၊၃။၇၂။) (မ၊မြန်၊၂။၃၃၃။) (ဝိ၊၂။၃၅၉၊၃၆၁၊၄၁၁) (ဝိ၊မြန်၊၁။၂၉၇။) (ဝိ၊မြန်၊၂။၄၀၇၊၄၀၈၊၄၆၄။)

အမျိုးကောင်းသား ၂ မျိုး ၁။ မြင့်မြတ်သော အမျိုး၌ ဖြစ်သော အမျိုးကောင်းသား (ဇာတိကုလ ပုတ္တ။)၊ ၂။ အကျင့်အာစာရနှင့် ပြည့်စုံသော အမျိုးကောင်းသား (အာစာရကုလပုတ္တ။)။ (မ၊ဌ၊၁။၁၁၅။) (မ၊ဌ၊၁။၁၈၄။) (သံ၊ဌ၊၂။၄၆။)

အမျိုးကောင်းသား ၂ မျိုး ကုလပုတ္တ ၂ မျိုးနှင့် တူသည်။

အမျိုးကြီး ၃ မျိုး ၁။ ခတ္တိယမင်းမျိုး၊ ၂။ ပုဏ္ဏားမျိုး၊ ၃။ ကုန်သည်မျိုး။ (မ၊ဌ၊၄။၆၇။)

အမျိုးဇာတ် ၂ မျိုး ၁။ ယုတ်ညံ့အောက်တန်းကျသော ဒွန်းစဏ္ဍား စသော အမျိုးဇာတ်၊ ၂။ မြင့်မြတ်၍ အထက်တန်းကျသော မင်းမျိုး, ပုဏ္ဏားမျိုး ဟူသော အမျိုးဇာတ်။ (ဝိ၊၂။၂၀။) (ဝိ၊၂။၈။) (ဝိ၊မြန်၊၂။၂၄။) (ဝိ၊မြန်၊၂။၂၄။)

အမျိုးဇာတ် ၄ မျိုး ၁။ အဏ္ဍဇ- အဥ၌ ဖြစ်သော အမျိုးဇာတ်၊ ၂။ ဇလာဗုဇ- သားအိမ်၌ ဖြစ်သော အမျိုးဇာတ်၊ ၃။ သံသေဒဇ- အညှိ၌ ဖြစ်သော အမျိုးဇာတ်၊ ၄။ ဩပပါတိက- ကိုယ်ခန္ဓာ ထင်ရှားဖြစ်သော အမျိုးဇာတ်။ (မိလိန္ဒ။၁၃၀။) (မိလိန္ဒ၊မြန်။၁၄၁။)

အမျိုးဇာတ် ၆ မျိုး (မက္ခလိဂေါသာလဝါဒ) ၁။ မည်းညစ်သော အမျိုးဇာတ် (ကဏ္ဍာဘိဇာတိ)၊ ၂။ ညိုသော အမျိုးဇာတ် (နီလာဘိဇာတိ)၊ ၃။ နီသော အမျိုးဇာတ် (လောဟိတာဘိဇာတိ)၊ ၄။ ဝါသော အမျိုးဇာတ် (ဟလိဒ္ဒါဘိဇာတိ)၊ ၅။ ဖြူသော အမျိုးဇာတ် (သုက္ကာဘိဇာတိ)၊ ၆။ အလွန်ဖြူသော အမျိုးဇာတ် (ပရမသုက္ကာဘိဇာတိ) ။ (ဒီ၊ဌ၊၁။၁၄၇။) (ဒီ၊ဌ၊မြန်၊၁။၂၈၄။)

အမျိုးဇာတ် ၆ မျိုး (တစ်နည်း) ၁။ မည်းသော အမျိုးဇာတ်ရှိသည် ဖြစ်၍ မည်းသော တရားကို ဖြစ်စေခြင်း၊ ၂။ မည်းသော အမျိုးဇာတ်ရှိသည် ဖြစ်၍ ဖြူသော တရားကို ဖြစ်စေခြင်း၊ ၃။ မည်းသော အမျိုးဇာတ်ရှိသည် ဖြစ်၍ မမည်း မဖြူသော နိဗ္ဗာန်ကို ဖြစ်စေခြင်း၊ ၄။ ဖြူသော အမျိုးဇာတ်ရှိသည် ဖြစ်၍ ဖြူသော တရားကို ဖြစ်စေခြင်း၊ ၅။ ဖြူသော အမျိုးဇာတ်ရှိသည် ဖြစ်၍ မည်းသော တရားကို ဖြစ်စေခြင်း၊ ၆။ ဖြူသော အမျိုးဇာတ်ရှိသည် ဖြစ်၍ မဖြူမမည်းသော နိဗ္ဗာန်ကို ဖြစ်စေခြင်း။ (ဒီ၊၃။၂၀၇။) (အံ၊၂။၃၃၆။) (ဒီ၊မြန်၊၃။၂၃၁။) (အံ၊မြန်၊၂။၄၂၇။)

အမျိုးဇာတ် ၆ မျိုး (တစ်နည်း) ၁။ မည်းညစ်သော အမျိုးဇာတ်၊ ၂။ ညိုသော အမျိုးဇာတ်၊ ၃။ နီသော အမျိုးဇာတ်၊ ၄။ ဝါသော အမျိုးဇာတ်၊ ၅။ ဖြူသော အမျိုးဇာတ်၊ ၆။ အလွန်ဖြူစင်သော အမျိုးဇာတ်။ (မ၊ဌ၊၃။၈၄။)

အမျိုးတို့၌ တိကဘောဇဉ် ပညတ်ရကျိုး ၃ မျိုး ၁။ ဒုသီလပုဂ္ဂိုလ်တို့အား နှိပ်ကွပ်ရခြင်း၊ ၂။ သီလကို

http://www.dhammadownload.com

ချစ်မြတ်နိုးကုန်သော ပုဂ္ဂိုလ်တို့၏ ချမ်းသာစွာ နေရခြင်း၊ ၃။ အမျိုးတို့အား အစဉ် သနားစောင့်ရှောက်ခြင်း။ (သံ၊၁။၄၁၈။) (သံ၊မြန်၊၁။၄၀၇။)

အမျိုးလေးပါးတို့၏ တရား ၄ ပါး ၁။ လာဘော– လာဘ်ရခြင်း၊ ၂။ အလာဘော– လာဘ် မရခြင်း၊ ၃။ အယသော– အခြွေအရံ မရှိခြင်း၊ ၄။ ယသော– အခြွေအရံရှိခြင်း။ (ဇာတက၊၂။ ၂၄၀။)

အမျိုးသမီးများ လွတ်ရုံးသဘင်၌ မနေရခြင်း၏ အကြောင်း ၄ ပါး ၁။ အမျက်ထွက်တတ်ခြင်း၊ ၂။ ငြူစူတတ်ခြင်း၊ ၃။ ဝန်တိုတတ်ခြင်း၊ ၄။ ပညာမရှိခြင်း။ (အံ၊၁။၃၉၄။) (အံ၊မြန်၊၁။၄၀၉။)

အမျိုးအနွယ် ၈ မျိုး အနွယ် ၈ မျိုးနှင့်တူသည်။

အမျက်ထွက်ကြောင်း ၁၀ ပါး ၁။ ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ခဲ့ဖူး၏ ဟူ၍ အမျက်ထွက်ခြင်း၊ ၂။ ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ဆဲဖြစ်၏ ဟူ၍ အမျက်ထွက်ခြင်း၊ ၃။ ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်လတ္တံ့ဟူ၍ အမျက်ထွက်ခြင်း၊ ၄။ ဤသူသည် ငါချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ခဲ့ဖူး၏ ဟူ၍ အမျက်ထွက်ခြင်း၊ ၅။ ဤသူသည် ငါချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ဆဲဖြစ်၏ ဟူ၍ အမျက်ထွက်ခြင်း၊ ၆။ ဤသူသည် ငါချစ်ခင်မြတ်နိုးအပ်သူ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်လတ္တံ့ ဟူ၍ အမျက်ထွက်ခြင်း၊ ၇။ ဤသူသည် ငါမချစ်အပ်သူ၏ အကျိုးစီးပွားကို ပြုကျင့်ခဲ့ဖူး၏ဟု အမျက်ထွက်ခြင်း၊ ၈။ ဤသူသည် ငါမချစ်အပ်သူ၏ အကျိုးစီးပွားကို ပြုကျင့်ဆဲဖြစ်၏ ဟူ၍ အမျက်ထွက်ခြင်း၊ ၉။ ဤသူသည် ငါမချစ်အပ်သူ၏ အကျိုး စီးပွားကို ပြုကျင့်လတ္တံ့ဟူ၍ အမျက်ထွက်ခြင်း၊ ၁၀။ အကြောင်းမဟုတ်, အရာဌာနမဟုတ် သည်၌ အမျက်ထွက်ခြင်း။ (မဟာနိ။၁၆၅။) (မဟာနိ။၃၃၂။) (မဟာနိ။၃၃၃။) (စူဠနိ။၆၀။)

အမျက်ထွက်သူအား ဖြစ်သော အလို ၇ မျိုး ၁။ အဆင်းမလှမူကား ကောင်း၏ဟု အလို ရှိခြင်း၊ ၂။ ဆင်းရဲစွာ အိပ်ရ နေရပါမူကား ကောင်း၏ဟု အလိုရှိခြင်း၊ ၃။ အကျိုးစီးပွား ဖြစ်ထွန်းသူ မဖြစ်ပါမူ ကောင်း၏ဟု အလိုရှိခြင်း၊ ၄။ စည်းစိမ်ဥစ္စာ မရှိမူ ကောင်း၏ဟု အလိုရှိခြင်း၊ ၅။ အခြံအရံမရှိသူ ဖြစ်မူ ကောင်း၏ဟု အလိုရှိခြင်း၊ ၆။ အဆွေခင်ပွန်း မရှိမူ ကောင်း၏ဟု အလိုရှိခြင်း၊ ၇။ ခန္ဓာကိုယ် ပျက်စီး သေပြီးနောက် ငရဲကျမူ ကောင်း၏ဟု အလိုရှိခြင်း။ (အံ၊၂။၄၆၉။) (အံ၊မြန်၊၂။၅၈၉။)

အမြဲမပြတ် အောက်မေ့ထိုက်သော တရား ၆ ပါး ၁။ သီတင်းသုံးဖော်တို့၏ အပေါ်ဝယ် မျက်မှောက်မျက်ကွယ်တို့၌ ကာယကံမေတ္တာဖြင့် ရှေးရှုတည်ခြင်း၊ ၂။ သီတင်းသုံးဖော်တို့၏ အပေါ်ဝယ် မျက်မှောက်မျက်ကွယ်တို့၌ ဝစီကံ မေတ္တာဖြင့် ရှေးရှုတည်ခြင်း၊ ၃။ သီတင်းသုံးဖော်တို့အပေါ်ဝယ် မျက်မှောက်မျက်ကွယ်တို့၌ မနောကံမေတ္တာဖြင့် ရှေးရှုတည်ခြင်း၊ ၄။ တရားသဖြင့် ရအပ်သော ပစ္စည်းလေးပါးတို့ကို ခွဲခြားခွဲခြား မပြုဘဲ သီလရှိသော သီတင်းသုံးဖော်တို့နှင့် အတူတကွ သုံးဆောင်ခြင်း၊ ၅။ မိမိ၏ မကျိုးပေါက် မပြောက်ကျား ကုန်သော သမာဓိကို ဖြစ်စေတတ်သော သီလတို့ဖြင့် မျက်မှောက်မျက်ကွယ်၌ သီတင်းသုံးဖော်တို့၏ သီလနှင့် တူညီမျှသည်၏အဖြစ်သို့ ရောက်၍ နေခြင်း၊ ၆။ ဝဋ်ဆင်းရဲမှ

http://www.dhammadownload.com

ထုတ်ဆောင်တတ်သော နိယျာနိက အရိယဒိဋ္ဌိဖြင့် မျက်မှောက်မျက်ကွယ်၌ သီတင်းသုံးဖော်တို့၏ အယူနှင့် တူညီမျှသည်၏ အဖြစ်သို့ ရောက်၍ နေခြင်း။ (အံ၊၂။၂၅၅။) (အံ၊မြန်၊၂။၃၃၁။)

အမြဲမပြတ် အောက်မေ့ထိုက်သော တရား ၆ ပါး (တစ်နည်း) ၁။ အရဟံ စသော ဘုရားဂုဏ်တော်များကို အဖန်ဖန်အောက်မေ့မှု ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများခြင်း၊ ၂။ သွာက္ခာတတာ စသော တရားဂုဏ်တော်များကို အဖန်ဖန်အောက်မေ့မှု ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို ပွားများခြင်း၊ ၃။ သုပ္ပဋိပန္နတာ စသော သံဃဂုဏ်တော်များကို အဖန်ဖန်အောက်မေ့မှု သံဃာနုဿတိကမ္မဋ္ဌာန်းကို ပွားများခြင်း၊ ၄။ မကျိုးပေါက် မပြောက်ကျားသော မိမိသီလကို အဖန်ဖန်အောက်မေ့မှု သီလာနုဿတိကမ္မဋ္ဌာန်းကို ပွားများခြင်း၊ ၅။ မိမိ၏ စွန့်ကြဲ ပေးကမ်းခြင်း စာဂဂုဏ်ကို အဖန်ဖန်အောက်မေ့မှု စာဂါနုဿတိကမ္မဋ္ဌာန်းကို ပွားများခြင်း၊ ၆။ နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်ကို အဖန်ဖန်အောက်မေ့မှု ဒေဝတာနုဿတိကို ပွားများခြင်း။ (အံ၊၂။၂၇၆-၂၇၇။) (အံ၊မြန်၊၂။၃၅၄။)

အမြင်၂ မျိုး ၁။ စက္ခုဒဿန- မျက်စိအမြင်၊ ၂။ ဉာဏဒဿန- ဉာဏ်အမြင်။ (ဣတိဝုတ်၊၄။၃၁၄။)

အမြတ်ဆုံး ၃ မျိုး ၁။ သတ္တဝါအားလုံးတို့တွင် ဘုရားရှင်သည် အမြတ်ဆုံး၊ ၂။ တရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံး၊ ၃။ ဂိုဏ်းဂဏအားလုံးတို့တွင် သံဃာသည် အမြတ်ဆုံး။ (ပေဋကော။၂၀၆။) (နေတ္တိ၊၄။၁၆၂။)

အမြတ်ဆုံး ၃ မျိုး (တစ်နည်း) ၁။ ဒဿနာနုတ္တရိယ-အမြတ်ဆုံးအမြင်၊ ၂။ ပဋိပဒါနုတ္တရိယ-အမြတ်ဆုံးအကျင့်၊ ၃။ ဝိမုတ္တာနုတ္တရိယ- အမြတ်ဆုံးလွတ်မြောက်မှု။ (မ၊၁။၂၉၈။)(မ၊မြန်၊၁။၃၀၆။)

အမြတ်ဆုံး ကုသိုလ်တရား ၃၇ ပါး ၁။ သတိပဋ္ဌာန် လေးပါး၊ ၂။ သမ္မပွဓာန် လေးပါး၊ ၃။ ဣဒ္ဓိပါဒ် လေးပါး၊ ၄။ ဣန္ဒြေ ငါးပါး၊ ၅။ ဗိုလ် ငါးပါး၊ ၆။ ဗောဇ္ဈင် ခုနစ်ပါး၊ ၇။ မဂ္ဂင် ရှစ်ပါး။ (ဒီ၊၃။၈၄။) (ဒီ၊မြန်၊၃။၉၀။)

အမြတ်ဆုံးတရား ၃ ပါး ၁။ ဝိပဿနာဉာဏ်ဟူသော မြတ်သော သဘောတရား၊ ၂။ မဂ်ဉာဏ် ဟူသော မြတ်သော သဘောတရား၊ ၃။ ဖိုလ်ဉာဏ်ဟူသော မြတ်သော သဘောတရား။ (ဒီ၊၃။၁၈၄။) (ဒီ၊မြန်၊၃။၂၀၄။)

အမြတ်ဆုံး တရား ၆ ပါး ထူးသော ဉာဏ်ဖြင့် သိအပ်သော တရား ၆ ပါး၊ အဘိညေယျတရား ၆ ပါးတို့နှင့် တူသည်။

အမြတ်ဆုံးတရား ၆ ပါး ၁။ အမြတ်ဆုံးဖြစ်သော မြင်တွေ့မှု- ဒဿနာနုတ္တရိယ၊ ၂။ အမြတ်ဆုံးဖြစ်သော ကြားနာမှု- သဝနာနုတ္တရိယ၊ ၃။ အမြတ်ဆုံးဖြစ်သော လာဘ်ရမှု- လာဘာနုတ္တရိယ၊ ၄။ အမြတ်ဆုံးဖြစ်သော သိက္ခာရှိမှု- သိက္ခာနုတ္တရိယ၊ ၅။ အမြတ်ဆုံးဖြစ်သော လုပ်ကျွေးမှု- ပါရိစရိယာနုတ္တရိယ၊ ၆။ အမြတ်ဆုံးဖြစ်သော အောက်မေ့မှု-အနုဿတာ နုတ္တရိယ။ (ဒီ၊၃။၂၀၇။) (ဒီ၊၃။၂၃၉။) (အံ၊၂။၂၅၁။) (အံ၊၂။၂၈၆။) (ပဋိသံ၊၄။၁။၆၅။) (ဒီ၊မြန်၊၃။၂၃၀။) (ဒီ၊မြန်၊၃။၂၆၂။) (အံ၊မြန်၊၂။၃၂၆။) (အံ၊မြန်၊၂။၃၆၈။)

http://www.dhammadownload.com

အမြတ်ဆုံးဘုံ ၃ ဘုံ ၁။ ဝေဟပ္ဖလဘုံ၊ ၂။ အကနိဋ္ဌဘုံ၊ ၃။ နေဝသညာနာသညာယတနဘုံ။ (အံ၊ဋီ၊၂။၃၃၀။)

အမြေး ၂ မျိုး ၁။ ပဋိစ္ဆန္နကိလေသမက– ဖုံးလွှမ်းအပ်သော အမြေး၊ ၂။ အပဋိစ္ဆန္နကိလေသမက– မဖုံးလွှမ်းအပ်သော အမြေး။ (ခုဒ္ဒက၊ဋ္ဌ။၄၃။) (ဝိသုဒ္ဓိ၊၁။၂၄၈။)

အမွေခံ ၂ မျိုး ၁။ ဓမ္မဒါယာဒ– တရားအမွေခံ၊ ၂။ အာမိသဒါယာဒ– ပစ္စည်းအမွေခံ။ (မ၊၁။၁၅။) (မ၊မြန်၊၁။၁၇။)

အမွေးတိုင် လှူရက်မျိုး ၁၀ ပါး ၁။ ခန္ဓာကိုယ်အနံ့ မွေးကြိုင်သူ ဖြစ်ခြင်း၊ ၂။ အခြေအရံပေါများသူ ဖြစ်ခြင်း၊ ၃။ လျင်သော ဉာဏ်ပညာရှိသူ ဖြစ်ခြင်း၊ ၄။ ကျော်ဇောခြင်းရှိသူ ဖြစ်ခြင်း၊ ၅။ ထက်မြက်သော ပညာရှိသူ ဖြစ်ခြင်း၊ ၆။ မြေကြီးအထုနှင့် တူသော ဉာဏ်ပညာရှိသူ ဖြစ်ခြင်း၊ ၇။ ဟာသဉာဏ်ရှိသူ ဖြစ်ခြင်း၊ ၈။ နက်နဲသော ဉာဏ်ပညာရှိသူ ဖြစ်ခြင်း၊ ၉။ ပြန့်ပြောသော ပညာရှိသူ ဖြစ်ခြင်း၊ ၁၀။ ဇဝနဉာဏ်ရှိသူ ဖြစ်ခြင်း။ (အပ၊၁။၃၇၀။) (အပ၊မြန်၊၁။၃၇၉။)

အမှီ နိဿယည်းဆရာ မရှိဘဲ အသက်ထက်ဆုံး နေနိုင်သော ရဟန်း အင်္ဂါ ၅ ပါး ၁။ အာပတ် ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၂။ ပေါ့သော အာပတ်, လေးသော အာပတ်ကို သိခြင်း၊ ၃။ အကြွင်းရှိသော အာပတ်, အကြွင်းမရှိသော အာပတ်ကို သိခြင်း၊ ၄။ ရုန့်ရင်းသော အာပတ် မရုန့်ရင်းသော အာပတ်ကို သိခြင်း၊ ၅။ ငါးဝါ, ငါးဝါအထက် ကျော်လွန်ခြင်း။ (ဝိ၅။၃၁၄။) (ဝိ၊မြန်၊၅။၄၁၂။)

အမှီ နိဿယည်းဆရာ မရှိဘဲ နေနိုင်သော ရဟန်း,ရဟန်းမတို့ အင်္ဂါ ၅ ပါး ၁။ ပဝါရဏာကို သိခြင်း၊ ၂။ ပဝါရဏာကံကို သိခြင်း၊ ၃။ ပါတိမောက်ကို သိခြင်း၊ ၄။ ပါတိမောက်ပြခြင်းကို သိခြင်း၊ ၅။ ငါးဝါ, ငါးဝါထက် ကျော်လွန်ခြင်း။ (ဝိ၅။၂၃၄။) (ဝိ၊မြန်၊၅။၃၂၄။)

အမှီ နိဿယည်းဆရာ မရှိဘဲ နေနိုင်သော ရဟန်း,ရဟန်းမတို့၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အာပတ်ဟုတ်သည် မဟုတ်သည်ကို သိခြင်း၊ ၂။ ပေါ့သောအာပတ် လေးသောအာပတ်ကို သိခြင်း၊ ၃။ အကြွင်းရှိသော အာပတ်, အကြွင်းမရှိသော အာပတ်ကို သိခြင်း၊ ၄။ ရုန့်ရင်းသော အာပတ်, မရုန့်ရင်းသော အာပတ်ကို သိခြင်း၊ ၅။ ငါးဝါ, ငါးဝါထက် ကျော်လွန်ခြင်း။ (ဝိ၅။၂၃၄။) (ဝိ၊မြန်၊၅။၃၂၄။)

အမှီပြု၍ ပယ်အပ်သော တရား ၄ ပါး ၁။ အာဟာရကြောင့် ဖြစ်သော ကိုယ်၌ အာဟာရကို အမှီပြု၍ အာဟာရကို ပယ်အပ်ခြင်း၊ ၂။ တဏှာကြောင့် ဖြစ်သော ကိုယ်၌ တဏှာကို အမှီပြု၍ တဏှာကို ပယ်အပ်ခြင်း၊ ၃။ မာနကြောင့် ဖြစ်သော ကိုယ်၌ မာနကို အမှီပြု၍ မာနကို ပယ်အပ်ခြင်း၊ ၄။ မေထုန်ကြောင့် ဖြစ်သော ကိုယ်၌ မေထုန်ကို မဂ်ဖြင့် အကြွင်းမဲ့ ပယ်အပ်ခြင်း။ (အံ၊၁။၄၆၃။) (အံ၊မြန်၊၁။၄၇၅။)

အမှီသဟဲ ၃ မျိုး ၁။ ဒါနသာလျှင်ဖြစ်သော ကောင်းမှုကုသိုလ်ဟူသော ပြုသင့်ပြုထိုက်သော အမှီသဟဲ၊ ၂။ သီလသာလျှင်ဖြစ်သော ကောင်းမှုကုသိုလ်ဟူသော ပြုထိုက်သော အမှီသဟဲ၊ ၃။ ဘာဝနာသာလျှင်ဖြစ်သော ကောင်းမှုကုသိုလ်ဟူသော ပြုထိုက်သော အမှီသဟဲ။ (ဣတိဝုတ်၊ ဋ္ဌ။၇၀။)

http://www.dhammadownload.com

အမှောင်အလင်း ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ အမှောင်၌ ဖြစ်၍ အမှောင်လျှင်လည်း လျောင်းရာရှိသော ပုဂ္ဂိုလ်၊ ၂။ အမှောင်၌ ဖြစ်၍ အလင်းလျှင်လည်း လျောင်းရာရှိသော ပုဂ္ဂိုလ်၊ ၃။ အလင်း၌ ဖြစ်၍ အမှောင်လျှင်လည်း လျောင်းရာရှိသော ပုဂ္ဂိုလ်၊ ၄။ အလင်း၌ ဖြစ်၍ အလင်းလျှင်လည်း လျောင်းရာရှိသော ပုဂ္ဂိုလ်။ (အံ၊၁။၃၉၇။) (အံ၊မြန်၊၁။၄၁၁။)

အမှတ်မရထိုက်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရုန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရွေးရွှင်ကြိစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

အမှတ်ရထိုက်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာ နိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရုန့်ရင်း ကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရွေးရွှင်ကြိစည်မှုမှ ရှောင်ကြည်ခြင်း၊ ၉။ သတ္တဝါ တို့အား ဖျက်ဆီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

အယူ ၁၀ မျိုး (မကောင်းမှု တိုးပွားစေသော အယူ ၁၀ မျိုး) ၁။ ပေးလှူခြင်း၏ အကျိုးမရှိ ဟူသော အယူ၊ ၂။ ယဇ်အလှူကြီး၏ အကျိုး မရှိဟူသော အယူ၊ ၃။ ယဇ်အလှူငယ်၏ အကျိုးမရှိ ဟူသော အယူ၊ ၄။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဖျား အကျိုးရင်းမရှိ ဟူသော အယူ၊ ၅။ ဤပစ္စုပ္ပန်လောက မရှိဟူသော အယူ၊ ၆။ တမလွန်လောက မရှိဟူသော အယူ၊ ၇။ အမိ၌ အကောင်းအဆိုး ပြုကျိုးသည် မရှိဟူသော အယူ၊ ၈။ အဖ၌ အကောင်းအဆိုး ပြုကျိုးသည် မရှိဟူသော အယူ၊ ၉။ စုတေပြီး၍ ပဋိသန္ဓေနေရကုန်သော သတ္တဝါတို့ မရှိ ဟူသော အယူ၊ ၁၀။ ဤပစ္စုပ္ပန်လောကကိုလည်းကောင်း တမလွန်လောကကိုလည်းကောင်း ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြု၍ သိစေကုန်သော ကောင်းစွာ သိကုန်သော ကောင်းစွာ ကျင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည် မရှိဟူသော အယူ။ (မ၊၃။၉၉။) (မ၊မြန်၊၃။၁၀၃။)

အယူကို မစွန့်မူ၍ အပါယ်ဝရဲ၌ ဖြစ်လတ္တံ့သော သူ ၃ ယောက် ၁။ မြတ်သော အကျင့်ကို မကျင့် ဘဲလျက် ကျင့်၏ဟု ဝန်ခံသော သူ၊ ၂။ ရဟန္တာကို မမြတ်သော အကျင့်ဖြင့် စွပ်စွဲသော သူ၊ ၃။ ကာမဂုဏ်၌ အပြစ်မရှိဟု ဆိုလေ့ရှိသည် ဖြစ်၍ ကာမဂုဏ်မှီဝဲခြင်းသို့ ရောက်သော သူ။ (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၅။၃၁၀။)

အယူပျက်သော ပုဂ္ဂိုလ် ၃ ဦး ၁။ တိတ္ထိများ၊ ၂။ တိတ္ထိ၏ တပည့်များ၊ ၃။ မိစ္ဆာအယူရှိသူများ။ (ပဋိ၊သံ။၁၅၉။) (ပဋိ၊သံ၊မြန်။၂၀၄။)

အယူမှား ၃ မျိုး ၁။ ချမ်းသာခြင်း သုခ, ဆင်းရဲခြင်း ဒုက္ခ, ချမ်းသာ ဆင်းရဲ မဟုတ်သော လျစ်လျူရှုခြင်း ဥပေက္ခာ ဟူသော ခံစားမှုအားလုံး ရွေးကာ ပြုခဲ့ဖူးသော အကြောင်းကြောင့်သာ ဖြစ်သည်ဟု ယူသော အယူမှား၊ ၂။ ချမ်းသာခြင်း သုခ, ဆင်းရဲခြင်း ဒုက္ခ, ချမ်းသာဆင်းရဲ

http://www.dhammadownload.com

မဟုတ်သော လျစ်လျူရှုခြင်း ဥပေက္ခာ ဟူသော ခံစားမှုအားလုံး လောကကို အစိုးရသူ ဖန်ဆင်းမှု ဟူသော အကြောင်းကြောင့် ဖြစ်သည် ဟူသော အယူမှား၊ ၃။ ချမ်းသာခြင်း သုခ, ဆင်းရဲခြင်း ဒုက္ခ, ချမ်းသာဆင်းရဲ မဟုတ်သော လျစ်လျူရှုခြင်း ဥပေက္ခာဟူသော ခံစားမှု အားလုံး မည်သည့်အကြောင်း အထောက်အပံ့မျှ မရှိဘဲ ဖြစ်သည် ဟူသော အယူမှား။ (အံ၊၁။၁၇၄။) (အံ၊မြန်၊၁။၁၉၂။)

အယူမှန် ပုဂ္ဂိုလ် ၃ ဦး ၁။ ဘုရားရှင်၊ ၂။ ဘုရားရှင်၏ တပည့်သာဝက၊ ၃။ သမ္မာအယူရှိသူများ။ (ပဋိ၊သံ။၁၅၉။) (ပဋိ၊သံ၊မြန်။၂၀၄။)

အယောနိသော မနသိကာရ ၄ မျိုး ၁။ မမြဲသော တရားတို့ကို မြဲ၏ဟု နှလုံးသွင်းခြင်း၊ ၂။ ဆင်းရဲသော တရားတို့ကို ချမ်းသာ၏ဟု နှလုံးသွင်းခြင်း၊ ၃။ အတ္တမဟုတ်သော တရားတို့ကို အတ္တဟု နှလုံးသွင်းခြင်း၊ ၄။ မတင့်တယ်သော တရားတို့ကို တင့်တယ်၏ဟု နှလုံးသွင်းခြင်း။ (သံ၊ဋ္ဌ၊၃။၁၇၇။)

အယောနိသောမနသိကာရကြောင့် ပြည့်သော တရား ၂ ပါး ၁။ အဝိဇ္ဇာ– သစ္စာလေးပါး တို့၌ မသိခြင်း၊ ၂။ ဘဝတဏှာ– ဘဝ၌ စွဲလမ်းတပ်မက်ခြင်း။ (မ၊ဋ္ဌ၊၁။၆၇။)

အယောနိသော မနသိကာရ စသည် ဖြစ်ကြောင်း တရား ၃ ပါး ၁။ မုဋ္ဌဿစ္စ– သတိ မေ့ပျောက်ခြင်း၊ ၂။ အသမ္မဇည– ဆင်ခြင်ဉာဏ် ကင်းခြင်း၊ ၃။ စေတသောဝိက္ခေပ– စိတ်ပျံ့လွင့်ခြင်း။ (အံ၊၃။ ၃၇၁။) (အံ၊မြန်၊၃။၃၆၈။)

အယုဇ္ဈပုရပြည် ၂ ပြည် ၁။ အသုရာပြည်၊ ၂။ တာဝတိံသာနတ်ပြည်။ (ဇာ၊ဋ္ဌ၊၁။၂၂၀။)

အယုတ် ၃ မျိုး ၁။ သားကောင်တို့တွင် မြေခွေး၊ ၂။ ငှက်တို့တွင် ကျီးငှက်၊ ၃။ သစ်ပင်တို့တွင် ကြက်ဆူပင်။ (ဇာ၊ဋ္ဌ၊၂။၃၉၈။)

အယုတ်ဆုံး ဒီဋ္ဌ ၃ မျိုး ၁။ ကုသိုလ်, အကုသိုလ် မရှိ စသည်ဖြင့် ယူသော အယူမှား၊ ၂။ ကုသိုလ်, အကုသိုလ်ကို မပြုသင့် ဟူသော အယူမှား၊ ၃။ တမလွန်လောက မရှိ စသည်ဖြင့် ယူသော အယူမှား။ (ဣတိဝု၊ဋ္ဌ။၉၉။)

အရဏဝိဟာရဉာဏ် ၃ ပါး ၁။ ဝိပဿနာ– အနိစ္စ စသည်အားဖြင့် တရားတို့ကို အထူးထူးသော အခြင်းအရာဖြင့် ရှုခြင်း၊ ၂။ ဖလသမာပတ္တိ– ဖိုလ်သို့ ကောင်းစွာ ရောက်ခြင်း, ဖိုလ်ဝင်စားခြင်း၊ ၃။ ပဏီတာဓိမုတ္တိ– ကောင်းမြတ်သော အလိုဆန္ဒ နှလုံးသွင်းခြင်း။ (ပဋိ၊သံ၊ဋ္ဌ၊၁။၂၈၂။)

အရဟာမည်ကြောင်း တရား ၇ ပါး ၁။ ထင်ရှားရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု 'သက္ကာယဒိဋ္ဌိ' မှ ဝေးကွာရခြင်း၊ ၂။ မဝေခွဲနိုင်မှု 'ဝိစိကိစ္ဆာ'မှ ဝေးကွာရခြင်း၊ ၃။ ခွေး နွား စသည်တို့၏ အလေ့အကျင့်ကို အမှန်ဟု မှားသောအားဖြင့် သုံးသပ်မှု "သီလဗ္ဗတပရာမာသ"မှ ဝေးကွာရခြင်း၊ ၄။ စွဲမက်မှု "ရာဂ"မှ ဝေးကွာရခြင်း၊ ၅။ အမျက်ထွက်မှု "ဒေါသ"မှ ဝေးကွာရခြင်း၊ ၆။ တွေဝေမှု "မောဟ"မှ ဝေးကွာရခြင်း၊ ၇။ ထောင်လွှားမှု "မာန"မှ ဝေးကွာရခြင်း။ (အံ၊၂။ ၅၀၉။) (အံ၊မြန်၊၂။၆၃၄။)

http://www.dhammadownload.com

အရဟတ္တဖိုလ်ကို ဆန့်ကျင်ဘက်တရားတို့ မဖျက်ဆီးနိုင်ကြောင်း ၂ မျိုး ၁။ မဂ်တည်း ဟူသော အကြောင်းကြောင့်လည်းကောင်း၊ ၂။ နိဗ္ဗာန်တည်းဟူသော အာရုံကြောင့်လည်းကောင်း။ (သာရတ္ထ၊ ဋီ၊ ၃၈၀။)

အရဟတ္တဖိုလ်ကို ပြောဆိုခြင်း ၅ မျိုး ၁။ ပညာနှံ့သည်၏ အဖြစ် တွေဝေသည်၏ အဖြစ်ကြောင့် ပြောဆိုခြင်း၊ ၂။ ယုတ်ညံ့သော အလိုဆိုးကြောင့် ပြောဆိုခြင်း၊ ၃။ ရွူးသွပ်ခြင်းကြောင့် ပြောဆိုခြင်း၊ ၄။ စိတ်ပျံ့လွင့်ခြင်းကြောင့် ပြောဆိုခြင်း၊ ၅။ အထင်ကြီးသဖြင့် ပြောဆိုခြင်း။ (အံ၊ ၂။ ၁၀၄။) (အံ၊ မြန်၊ ၂။ ၁၂၇-၁၂၈။)

အရဟတ္တဖိုလ် မရကြောင်း တရား ၆ ပါး ၁။ စိတ်၏ ထိုင်းမှိုင်းခြင်း၊ ၂။ စေတသိက်တို့၏ လေးလံခြင်း၊ ၃။ နောင်တ ပူပန်ခြင်း၊ ၄။ ယုံကြည်ခြင်း သဒ္ဓါ မရှိခြင်း၊ ၅။ မေ့လျော့ခြင်း၊ ၆။ ပျံ့လွင့်ခြင်း။ (အံ၊ ၂။ ၃၆၈။) (အံ၊ မြန်၊ ၂။ ၄၆၂-၄၆၃။)

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြောင်း တရား ၄ ပါး ၁။ သူတော်ကောင်းကို မှီဝဲခြင်း၊ ၂။ သူတော်ကောင်းတရားကို ကြားနာခြင်း၊ ၃။ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ ၄။ တရားအား လျော်သော အကျင့်ကို ကျင့်ခြင်း။ (သံ၊ ၃။ ၃၅၉။) (သံ၊ ၃။ ၃၆၁။) (သံ၊ မြန်၊ ၃။ ၃၆၄-၃၆၇။) (သံ၊ မြန်၊ ၃။ ၃၆၄-၃၆၇။)

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကြောင်း တရား ၆ ပါး ၁။ စိတ်၏ ထိုင်းမှိုင်းမှုကို ပယ်ခြင်း၊ ၂။ စေတသိက်တို့၏ လေးလံမှုကို ပယ်ခြင်း၊ ၃။ စိတ်ပျံ့လွင့်မှုကို ပယ်ခြင်း၊ ၄။ နောင်တ တစ်ဖန် ပူပန်မှုကို ပယ်ခြင်း၊ ၅။ ယုံကြည်မှု သဒ္ဓါတရားမရှိခြင်းကို ပယ်ခြင်း (သဒ္ဓါတရား ရှိခြင်း။)၊ ၆။ မေ့လျော့မှုကို ပယ်ခြင်း။ (အံ၊ ၂။ ၃၆၈။) (အံ၊ မြန်၊ ၂။ ၄၆၃။)

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ပယ်ရမည့် တရား ၉ ပါး ၁။ တပ်မက်မှု ရာဂ၊ ၂။ ပြစ်မှားမှု ဒေါသ၊ ၃။ တွေဝေမှု မောဟ၊ ၄။ အမျက်ထွက်မှု ကောဓ၊ ၅။ ရန်ငြိုးဖွဲ့မှု ဥပနာဟ၊ ၆။ သူ့ကျေးဇူးကို ချေဖျက်မှု မက္ခ၊ ၇။ ဂုဏ်တုဂုဏ်ပြိုင်ပြုမှု ပဠာသ၊ ၈။ ငြူစူ စောင်းမြောင်းမှု ဣဿာ၊ ၉။ မနာလိုဝန်တိုမှု မစ္ဆရိယ။ (အံ၊ ၃။ ၂၄၉။) (အံ၊ မြန်၊ ၃။ ၂၄၉။)

အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ပယ်ရမည့် တရား ၁၀ ပါး ၁။ ရာဂ၊ ၂။ ဒေါသ၊ ၃။ မောဟ၊ ၄။ အမျက်ထွက်မှု၊ ၅။ ရန်ငြိုးဖွဲ့မှု၊ ၆။ သူ့ကျေးဇူးကို ချေဖျက်မှု၊ ၇။ ဂုဏ်ပြိုင်မှု၊ ၈။ ငြူစူမှု၊ ၉။ ဝန်တိုမှု၊ ၁၀။ မာန်ထောင်မှု။ (အံ၊ ၃။ ၂၄၉။) (အံ၊ မြန်၊ ၃။ ၂၄၉။)

အရဟတ္တဖိုလ်ကို မျက်မှောက် မပြုကြောင်း တရား ၆ ပါး ၁။ စိတ်၏ ထိုင်းမှိုင်းမှုကို မပယ်ခြင်း၊ ၂။ စေတသိက်တို့၏ လေးလံမှုကို မပယ်ခြင်း၊ ၃။ စိတ်ပျံ့လွင့်မှုကို မပယ်ခြင်း၊ ၄။ နောင်တ တစ်ဖန် ပူပန်မှုကို မပယ်ခြင်း၊ ၅။ ယုံကြည်မှု သဒ္ဓါတရား မရှိခြင်းကို မပယ်ခြင်း (သဒ္ဓါတရား မရှိခြင်း)၊ ၆။ မေ့လျော့မှုကို မပယ်ခြင်း။ (အံ၊ ၂။ ၃၆၈။) (အံ၊ မြန်၊ ၂။ ၄၆၂။)

အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်သော အကြောင်းတရား ၁၅ ပါး ၁။ သဒ္ဓါမဲ့သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၂။ ပျင်းရိသော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၃။ သတိလွတ်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၄။ စိတ်သမာဓိ မတည်ကြည်သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊

http://www.dhammadownload.com

၅။ ပညာမဲ့သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ခြင်း၊ ၆။ သဒ္ဓါတရားရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၇။ လုံ့လဝီရိယရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၈။ သတိတည်မြဲသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၉။ သမာဓိတည်ကြည်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၁၀။ ပညာရှိသော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၁၁။ ကြည်ညိုဖွယ်သော သုတ္တန်တို့ကို ဆင်ခြင်ခြင်း၊ ၁၂။ သမ္မပ္ပဓာန်တို့ကို ဆင်ခြင်ခြင်း၊ ၁၃။ သတိပဋ္ဌာန်တို့ကို ဆင်ခြင်ခြင်း၊ ၁၄။ ဈာန်ဝိမောက္ခတို့ကို ဆင်ခြင်ခြင်း၊ ၁၅။ ဉာဏ်၏ ကျက်စားရာ ဖြစ်သော ခန္ဓာ အာယတန စသော တရားကို ဆင်ခြင်ခြင်း။ (မ၊ဋ္ဌ၊၄။၂၄၃။)

အရဟတ္တဖိုလ်ကို ရင့်ကျက် ပြီးစေတတ်သော တရား ၁၅ ပါး (တစ်နည်း) ဝိမုတ္တိပရိပါစနိယ တရား ၁၅ ပါးနှင့် တူသည်။

အရဟတ္တဖိုလ်ကို ရင့်ကျက်စေတတ်သော အကြောင်းတရား ၁၅ ပါး (တစ်နည်း) ၁။ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ ၅ ပါး၊ ၂။ အနိစ္စသညာ, အနိစ္စလက္ခဏာဖြစ်သော တေဘူမကတရား၌ ဖြစ်သော ဒုက္ခသညာ, ဒုက္ခလက္ခဏာဖြင့် မှတ်အပ်သော တေဘူမက တရား၌ ဖြစ်သော အနတ္တသညာ, ပဟာနသညာ, ဝိရာဂသညာဟူသော ဝိပဿနာအဖို့၌ ဖြစ်ကုန်သော သညာ ၅ ပါး၊ ၃။ မေထိယမထေရ်အား ဟောအပ်သော မိတ်ကောင်းရှိသူ၏ အဖြစ် စသော တရား ၅ ပါး, ပေါင်း (၁၅။) ပါး။ (မ၊ဋ္ဌ၊၄။၂၄၄။)

အရဟတ္တဖိုလ်ကို ရင့်စေတတ်သော သညာ ၅ ပါး ၁။ မမြဲ "အနိစ္စ"ဟု မှတ်သော သညာ၊ ၂။ အနိစ္စ၌ ဆင်းရဲ "ဒုက္ခ"ဟု မှတ်သော သညာ၊ ၃။ ဒုက္ခ၌ အတ္တမဟုတ် "အနတ္တ"ဟု မှတ်သော သညာ၊ ၄။ ပယ်ခြင်း၌ ဖြစ်သော သညာ၊ ၅။ ရာဂကင်းခြင်း၌ ဖြစ်သော သညာ။ (ဒီ၊၃။၂၀၁။) (ဒီ၊မြန်၊၃။၂၂၄။)

အရဟတ္တဖိုလ်ကျွန်းကို ပြုသော ပညာရှိတို့ ပြည့်စုံရမည့် တရား ၄ ပါး ၁။ လုံ့လပြုခြင်းဟု ဆိုအပ်သော ထကြွကြောင့်ကြမှုနှင့် ပြည့်စုံရခြင်း၊ ၂။ သတိနှင့် မကင်းကွာသော အခြင်းအရာဟု ဆိုအပ်သော မမေ့မလျော့ခြင်းနှင့် ပြည့်စုံရခြင်း၊ ၃။ လေးပါးသော ပါရိသုဒ္ဓိသီလဟု ဆိုအပ်သော စောင့်စည်းခြင်းနှင့် ပြည့်စုံရခြင်း၊ ၄။ ဣန္ဒြေကို ဆုံးမခြင်းနှင့် ပြည့်စုံရခြင်း။ (ဓမ္မ၊ဋ္ဌ၊၁။၁၆၂။)

အရဟတ္တဖိုလ်နှင့် စပ်သော ပုဂ္ဂိုလ် ၃ မျိုး ၁။ အရဟတ္တဖိုလ်ကို တောင့်တခြင်းမရှိ သီလမရှိ၊ ယုတ်မာသော သဘောရှိခြင်း စသော မကောင်းသော အကျင့်ရှိသော ပုဂ္ဂိုလ်၊ ၂။ အရဟတ္တဖိုလ်ကို တောင့်တခြင်းရှိသော သီလရှိခြင်း စသော ကောင်းသော အကျင့်ရှိသော ပုဂ္ဂိုလ်၊ ၃။ အရဟတ္တဖိုလ်ကို တောင့်တခြင်း ကင်းပြီးသော အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ပြီးသော ပုဂ္ဂိုလ်။ (အံ၊၁။ ၁၀၇။) (အံ၊မြန်၊၁။၁၂၄။)

အရဟတ္တဖိုလ် မရကြောင်း တရား ၆ ပါး ၁။ မာန်မူမှု မပယ်ခြင်း၊ ၂။ ယုတ်သော မာန်မူမှုကို မပယ်ခြင်း၊ ၃။ အလွန်မာန်မူမှုကို မပယ်ခြင်း၊ ၄။ အထင်ကြီးမှုကို မပယ်ခြင်း၊ ၅။ ခက်ထန်မှုကို မပယ်ခြင်း၊ ၆။ အလွန်နိမ့်ကျမှုကို မပယ်ခြင်း။ (အံ၊၂။၃၇၅။) (အံ၊မြန်၊၂။၄၇၃။)

http://www.dhammadownload.com

အရဟတ္တဖိုလ် မရကြောင်းတရား ၁၀ ပါး ၁။ ရာဂ၊ ၂။ ဒေါသ၊ ၃။ မောဟ၊ ၄။ အမျက်ထွက်မှု၊ ၅။ ရန်ငြိုးဖွဲ့မှု၊ ၆။ သူ့ကျေးဇူးကို ချေဖျက်မှု၊ ၇။ ဂုဏ်တု ဂုဏ်ပြိုင်ပြုမှု၊ ၈။ ငြူစူ စောင်းမြောင်းမှု၊ ၉။ ဝန်တိုမှု၊ ၁၀။ မာနထောင်မှု။ (အံ၊၃။၄၂၆။) (အံ၊မြန်၊၃။၄၁၇။)

အရဟတ္တဖိုလ်သို့ ရောက်စေနိုင်သော ဌာန ၂၁ ပါး ၁။ ကာယာနုပဿနာ၏ အစွမ်းအားဖြင့် ဌာန ၁၄ ပါး၊ ၂။ ဝေဒနာနုပဿနာ၏ အစွမ်းအားဖြင့် ဌာန ၁ ပါး၊ ၃။ စိတ္တာနုပဿနာ၏ အစွမ်းအားဖြင့် ဌာန ၁ ပါး၊ ၄။ ဓမ္မာနုပဿနာ၏ အစွမ်းအားဖြင့် ဌာန ၅ ပါး ပေါင်း (၂၁) ပါး။ (ဒီ၊ဋီ၊၂။၂၇၉။)

အရဟတ္တမဂ်ကြောင့် ကင်းသော အနုသယ ၃ ပါး ၁။ မာနာနုသယ၊ ၂။ ဘဝရာဂါနုသယ၊ ၃။ အဝိဇ္ဇာနုသယ။ (ပဋိသံ။၂၈၅–၂၈၆။) (ပဋိသံ၊မြန်။၃၄၃–၃၄၄။)

အရဟတ္တမဂ် ပယ်အပ်သော စိတ် ၅ ပါး၊ ၁။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၊ ၂။ ဥဒ္ဓစ္စသဟဂုတ်စိတ် ၁ ပါး။ (အဘိ၊ဋ္ဌ၊၁။၂၇၇။)

အရဟတ္တမဂ် ပယ်အပ်သော သံယောဇဉ် ၅ ပါး ၁။ ရူပရာဂသံယောဇဉ်။ ၂။ အရူပရာဂသံယောဇဉ်၊ ၃။ မာနသံယောဇဉ်၊ ၄။ ဥဒ္ဓစ္စသံယောဇဉ်၊ ၅။ အဝိဇ္ဇာသံယောဇဉ်။ (ပဋိသံ။ ၂၈၅။) (ပဋိသံ၊မြန်။၃၄၃။)

အရဟတ္တမဂ်ဖြင့် ကောင်းစွာ ဖြတ်အပ်သော တရား ၈ ပါး ၁။ ရူပရာဂ– ရူပဘဝ၌ တပ်မက်တတ်သော ရာဂ၊ ၂။ အရူပရာဂ– အရူပဘဝ၌ တပ်မက်တတ်သော ရာဂ၊ ၃။ မာန၊ ၄။ ဥဒ္ဓစ္စ– စိတ်၏ မငြိမ်သက်ခြင်း, ပျံ့လွင့်ခြင်း၊ ၅။ အဝိဇ္ဇာ– သစ္စာလေးပါးကို မသိခြင်း၊ ၆။ မာနာနုသယ– အစဉ်မပြတ် ကိန်းဝပ် တည်နေတတ်သော မာန၊ ၇။ ဘဝရာဂါနုသယ– သတ္တဝါတို့ သန္ဓာန်၌ အစဉ်မပြတ် ကိန်းဝပ်တည်နေတတ်သော ဘဝ၌ တပ်မက်မှု၊ ၈။ အဝိဇ္ဇာနုသယ– အဝိဇ္ဇာဟူသော အဖန်ဖန်ဖြစ်တတ် ကိန်းတတ်သော တရား (ဤတရား ရှစ်ပါးတို့မှ စိတ်သည် လွတ်မြောက်၏) ။ (ပဋိသံ။၇၀။) (ပဋိသံ၊မြန်။၉၂။)

အရဟတ္တမဂ် ပယ်အပ်သော ဥပက္ကိလေသာ ၆ ပါး ၁။ အဘိဇ္ဈာဝိသမလောဘ–အဘိဇ္ဈာဟူဆိုအပ်သော မသင့်တော်သော တပ်မက်မောမှု၊ ၂။ ထောင်လွှားသော သဘောရှိသော ထမ္ဘ၊ ၃။ သူ့ထက် သာလွန်လိုသော သဘောရှိသော သာရမ္ဘ၊ ၄။ မာန်မာန၊ ၅။ လွန်စွာ မာန်တက်သည်၏ အစွမ်းဖြင့် ဖြစ်သော အတိမာန၊ ၆။ ယစ်ခြင်းကို စွဲလမ်းသော အခြင်းအရာအားဖြင့် ဖြစ်သော မဒ။ (မ၊ဋ္ဌ၊၁။၁၇၅။)

အရိယမဂ် အင်္ဂါ ၂ ပါး ၁။ သူတော်ကောင်းကို မှီခြင်း, သူတော်ကောင်းတရားကို နာခြင်းတည်းဟူသော ပြင်ပအင်္ဂါ၊ ၂။ အကြောင်းသင့် နှလုံးသွင်းခြင်း, လောကုတ္တရာနှင့် အညီ တရားကျင့်ခြင်းတည်းဟူသော အတွင်းအင်္ဂါ။ (ဣတိဝု၊ဋ္ဌ။၃၀၉။)

အရိယ ဝေါဟာရ ၈ မျိုး အရိယာပုဂ္ဂိုလ်တို့၏ စကားနှင့် တူသည်။

အရိယဝံသတရား ၄ ပါး ၁။ စီဝရသန္တောသော– သင်္ကန်း၌ ရောင့်ရဲခြင်း၊ ၂။ ပိဏ္ဍပါတသန္တောသော– ဆွမ်း၌ ရောင့်ရဲခြင်း၊ ၃။ သေနာသနသန္တောသော– ကျောင်း၌ ရောင့်ရဲခြင်း၊

http://www.dhammadownload.com

၄။ ဘာဝနာရာမတာ– ဘာဝနာ၌ မွေ့လျော်ခြင်း။ (ဒီ၊၃။၁၈၈။) (အံ၊၁။၃၃၆။) (ပဋိသံ၊၆၊၁။၂၇၁။) (ဒီ၊မြန်၊၃။၂၀၈။) (အံ၊မြန်၊၁။၃၅၁။)

အရိယာ ၄ မျိုး ၁။ အာစာရအရိယာ– ကောင်းသော အကျင့်၌ တည်သော အရိယာ၊ ၂။ လိင်္ဂ အရိယာ– ဝတ်ခြင်းရုံခြင်းဟူသော ရဟန်း၏ အသွင်အပြင်ကို ယူခြင်းဖြင့် ရဟန်းနှင့် တူစွာ နေထိုင်သူ၊ ၃။ ဒဿနအရိယာ– ရှုချင်ဖွယ်ကောင်းသော အဆင်းသဏ္ဌာန် ကိုယ်ဟန်ရှိသူ၊ ၄။ ပဋိဝေဓအရိယာ– (သစ္စာ ၄ ပါးကို) ထိုးထွင်းသိမြင်သော အရိယာ။ (ဇာ၊၆၊၂။၃၈။)

အရိယာတပည့်၌ ငြိမ်းပြီးသော ဘေးရန် ၅ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်သဖြင့် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်, တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်တို့ မတိုးပွား, စိတ်ဆင်းရဲခြင်းလည်း မဖြစ်မူ၍, သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်လျှင် ဘေးရန်ငြိမ်းခြင်း၊ ၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်သဖြင့် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်, တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်တို့ မတိုးပွား, စိတ်ဆင်းရဲခြင်းလည်း မဖြစ်မူ၍ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်လျှင် ဘေးရန် ငြိမ်းခြင်း၊ ၃။ သူများအိမ်ရာ ကျူးလွန်ခြင်းမှ ရှောင်ကြဉ်သဖြင့် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန်, တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်တို့ မတိုးပွား, စိတ်ဆင်းရဲခြင်းလည်း မဖြစ်, သူများ အိမ်ရာကျူးလွန်ခြင်းကို ရှောင်ကြဉ်သဖြင့် ဤဘေးရန် ငြိမ်းသည်၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်သဖြင့် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန် တမလွန်ဘဝ၌ ဖြစ်သောဘေးရန်တို့ မတိုးပွား၊ စိတ်ဆင်းရဲခြင်းလည်း မဖြစ်၊ မဟုတ်မမှန်ပြောဆိုခြင်းကို ရှောင်ကြဉ်လျှင် ဤဘေးရန် ငြိမ်းသည်၊ ၅။ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်သဖြင့် မျက်မှောက်ဘဝ၌ ဖြစ်သော ဘေးရန် တမလွန်ဘဝ၌ ဖြစ်သော ဘေးရန်တို့ မတိုးပွား၊ စိတ်ဆင်းရဲခြင်းလည်း မဖြစ်၊ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက် သောက်စားခြင်းကို ရှောင်ကြဉ်လျှင် ဤဘေးရန် ငြိမ်းသည်။ (အံ၊၃။၄၀၄။) (အံ၊မြန်၊၃။၃၉၇။)

အရိယာ တပည့်မ၏ မြတ်သော ကြီးပွားခြင်း ၅ မျိုး ၁။ သဒ္ဓါဖြင့် ကြီးပွားခြင်း၊ ၂။ သီလဖြင့် ကြီးပွားခြင်း၊ ၃။ သုတဖြင့် ကြီးပွားခြင်း၊ ၄။ စာဂဖြင့် ကြီးပွားခြင်း၊ ၅။ ပညာဖြင့် ကြီးပွားခြင်း။ (အံ၊၂။၇၁။) (အံ၊မြန်၊၂။၈၆။)

အရိယာ တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်စီးလိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂။) (အံ၊မြန်၊၃။၄၇၂။)

အရိယာတို့ကို ဖူးမြင်လေ့ မရှိခြင်း ၂ မျိုး ၁။ ပကတိမံသစက္ခုဖြင့် ရှုမြင် ဖူးမြင်လေ့ မရှိခြင်း၊ ၂။ ဉာဏ်မျက်စိဖြင့် ရှုမြင်လေ့ မရှိခြင်း။ (ပဋိသံ၊၆၊၂။၅၂။)

http://www.dhammadownload.com

အရိယာတို့ ပြောဆိုသော စကား ၄ မျိုး ၁။ မမြင်အပ်သည်ကို မမြင်အပ်ဟု ပြောဆိုခြင်း၊ ၂။ မကြားအပ်သည်ကို မကြားအပ်ဟု ပြောဆိုခြင်း၊ ၃။ မတွေ့ထိအပ်သည်ကို မတွေ့ထိအပ်ဟု ပြောဆိုခြင်း၊ ၄။ မသိအပ်သည်ကိုလည်း မသိအပ်ဟု ပြောဆိုခြင်း၊ (တစ်နည်း) ၁။ မြင်အပ်သည်ကို မြင်အပ်၏ဟု ပြောဆိုခြင်း၊ ၂။ ကြားအပ်သည်ကို ကြားအပ်၏ဟု ပြောဆိုခြင်း၊ ၃။ တွေ့ထိအပ်သည်ကို တွေ့ထိအပ်၏ဟု ပြောဆိုခြင်း၊ ၄။ သိအပ်သည်ကို သိအပ်၏ဟု ပြောဆိုခြင်း။ (ဝိ၅၊၂၂၄။) (ဝိ၅၊၂၂၅။) (ဒီ၃၊၁၀၉၄။) (အံ၁၀။၅၆၈။) (အံ၃၊၁၀၂၇။) (ဝိ၊မြန်၊၅။၃၁၂။) (ဝိ၊မြန်၊၅။၃၁၂။) (ဒီ၊မြန်၊၃။၂၁၆။) (အံ၊မြန်၊၁၀။၅၈၂။) (အံ၊မြန်၊၃။၁၀၂။)

အရိယာတို့အား စွပ်စွဲသော ရဟန်း ပျက်စီးခြင်း ၁၁ ပါး သီတင်းသုံးဖော်တို့အား ဆဲရေးသော ရဟန်း၏ ပျက်စီးခြင်း ၁၁ ပါးနှင့် တူသည်။

အရိယာတို့၏ စကား ၄ မျိုး ၁။ မဟုတ်မမှန် ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကြမ်းတမ်းသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ အကျိုးမရှိသော စကားကို ပြောခြင်းမှ ရှောင်ကြဉ်ခြင်း။ (ဒီ၃၊၁၀၉၃။) (ဒီ၊မြန်၊၃။၂၁၅။)

အရိယာတို့ နေခြင်း ၁၀ မျိုး ၁။ ကာမစ္ဆန္နစသော နီဝရဏတရား ငါးပါးတို့ကို ပယ်ပြီး ဖြစ်ခြင်း၊ ၂။ ဒွါရခြောက်ပါး၌ ထင်လာသော အာရုံခြောက်ပါးတို့ကို သတိသမ္ပဇဉ် ဉာဏ်ဖြင့် လျစ်လျူရှု၍ နေခြင်း၊ ၃။ သတိ တည်းဟူသော အစောင့်အရှောက် တစ်ခုရှိခြင်း၊ ၄။ လောကသည် မြို၏ စသည်ဖြင့် ယူသော သမဏဗြာဟ္မဏတို့၏ သီးခြားသစ္စာတို့ကို ပယ်နုတ်အပ်ပြီး စွန့်ပယ်ပြီး ဖြစ်ခြင်း၊ ၅။ ဉာဏ်ဖြင့် ဆင်ခြင်၍ မှီဝဲ, သည်းခံ, ရှောင်ကြဉ်, ပယ်ဖျောက်ခြင်းဟု ဆိုအပ်သော မှီရာလေးခု ရှိခြင်း၊ ၆။ ရှာမှီးခြင်းအားလုံးကို စွန့်ပယ်ပြီး ဖြစ်ခြင်း၊ ၇။ ကာမဂုဏ်၌ ကြဲစည်မှု ကာမဝိတက် စသည်တို့ကို ပယ်လျက် မနောက်ကျွှေသော အကြံရှိခြင်း၊ ၈။ ကိုယ်ကို ပြုပြင်မှု ကာယသင်္ခါရငြိမ်းပြီး ဖြစ်ခြင်း၊ ၉။ ရာဂ ဒေါသ မောဟတို့မှ ကောင်းစွာ လွတ်မြောက်ပြီးသော စိတ်ရှိခြင်း၊ ၁၀။ ကောင်းစွာ လွတ်မြောက်ပြီးသော ပညာရှိခြင်း။ (အံ၁၀။၂၇၉၊၂၈၁။) (အံ၊မြန်၊၃။၂၈၁။)

အရိယာပုဂ္ဂိုလ်တို့ကို ဖူးမြင်လေ့မရှိသော ပုဂ္ဂိုလ် ၂ မျိုး ၁။ မျက်စိဖြင့် ဖူးမြင်လေ့မရှိသော ပုဂ္ဂိုလ်၊ ၂။ ဉာဏ်ဖြင့် ဖူးမြင်လေ့မရှိသော ပုဂ္ဂိုလ်။ (အဘိ၊၌၊၁၀။၃၈၅။)

အရိယာပုဂ္ဂိုလ်တို့ကို မမြင်ခြင်း ၂ မျိုး ၁။ မျက်စိဖြင့် မမြင်ခြင်း၊ ၂။ ဉာဏ်ပညာဖြင့် မမြင်ခြင်း။ (ဓာ၌နိ၊၌။၇၀။)

အရိယာပုဂ္ဂိုလ်တို့ကို မမြင်ခြင်း ၃ မျိုး ၁။ အရိယာပုဂ္ဂိုလ်တို့ မြင်အပ်သော အနိစ္စအစရှိသော လက္ခဏာကို မမြင်ခြင်း၊ ၂။ အရိယာပုဂ္ဂိုလ်တို့၏ ရအပ်သော တရားကို မရရှိခြင်း၊ ၃။ အရိယာ ဖြစ်အောင် ပြုတတ်သော တရားတို့ကိုလည်းကောင်း၊ အရိယာပုဂ္ဂိုလ်အဖြစ်ကို လည်းကောင်း မမြင်ခြင်း။ (ဓာ၌နိ၊၌။၇၁။)

အရိယာပုဂ္ဂိုလ်တို့အား ဖူးမြော်ရန် အလိုမရှိခြင်း စသည်တို့ ဖြစ်ကြောင်း တရား ၃ ပါး ၁။ စိတ်ပျံ့လွင့်ခြင်း– ဥဒ္ဓစ္စ၊ ၂။ မစောင့်စည်းခြင်း– အသံဝရ၊ ၃။ သီလမရှိခြင်း– ဒုဿီလ။ (အံ၃။၃၇၁။) (အံ၊မြန်၊၃။၃၆၉။)

http://www.dhammadownload.com

အရိယာပုဂ္ဂိုလ်တို့ ရှာမှီးခြင်း ၄ မျိုး ၁။ မိမိက အိုခြင်းသဘောရှိသူဖြစ်၍ အိုခြင်းသဘော၌ အပြစ်ကို သိရကား အိုခြင်းမရှိသော နိဗ္ဗာန်ကို ရှာမှီးခြင်း၊ ၂။ မိမိက နာခြင်းသဘောရှိသူဖြစ်၍ နာခြင်းသဘော၌ အပြစ်ကို သိရကား နာခြင်းမရှိသော နိဗ္ဗာန်ကို ရှာမှီးခြင်း၊ ၃။ မိမိက သေခြင်းသဘောရှိသူဖြစ်၍ သေခြင်းသဘော၌ အပြစ်ကို သိရကား သေခြင်းမရှိသော နိဗ္ဗာန်ကို ရှာမှီးခြင်း၊ ၄။ မိမိက ပူပန်စေတတ် နှိပ်စက်တတ်သော သဘောရှိသူဖြစ်၍ ပူပန်စေတတ် နှိပ်စက်တတ်သော သဘော၌ အပြစ်ကို သိရကား မပူပန်စေတတ် မနှိပ်စက်တတ်သော နိဗ္ဗာန်ကို ရှာမှီးခြင်း။ (အံ၊၁။၅၇၀။) (အံ၊မြန်၊၁။၅၈၄။)

အရိယာပုဂ္ဂိုလ် ၇ မျိုး ၁။ သဒ္ဓါတရားကို အဖန်တလဲလဲ အောက်မေ့တတ်သည့် သဒ္ဓါနုသာရီပုဂ္ဂိုလ်၊ ၂။ ယုံကြည်ခြင်းဖြင့် လွတ်မြောက်သည့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊ ၃။ ကိုယ်ဖြင့် မျက်မှောက်ပြုခြင်းရှိသည့် ကာယသက္ခိပုဂ္ဂိုလ်၊ ၄။ နှစ်ပါးသော အဖို့တို့ဖြင့် လွတ်သော ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်၊ ၅။ ဝိပဿနာ ပညာဖြင့် အရိယမဂ်သို့ ရှေးရှု ရောက်တတ်သော (ဓမ္မာနုသာရီ) ပုဂ္ဂိုလ်၊ ၆။ ဆိုင်ရာ ဉာဏ်ဖြင့် ၄ ပါးသော သစ္စာကို သိမြင်၍ (နိဗ္ဗာန်သို့) ရောက်သော (ဒိဋ္ဌိပ္ပတ္တ) ပုဂ္ဂိုလ်၊ ၇။ သစ္စာ ၄ ပါးကို သိသည်ဖြစ်၍ ကိလေသာမှ လွတ်မြောက်သော (ပညာဝိမုတ္တ) ပုဂ္ဂိုလ်။ (ဝိသုဒ္ဓိ၊၂။၂၉၇။)

အရိယာ ဖြစ်ကြောင်း တရား ၆ ပါး ၁။ ဈာန်မဂ်ဖိုလ်ကို တားမြစ်တတ်သော ပဌာနန္တရိယကံနှင့် ပြည့်စုံသူ မဟုတ်ခြင်း၊ ၂။ နိယတမိစ္ဆာဒိဋ္ဌိကိလေသာနှင့် ပြည့်စုံသူ မဟုတ်ခြင်း၊ ၃။ အဟိတ် ဒွိဟိတ် ပဋိသန္ဓေဝပါက်နှင့် ပြည့်စုံသူ မဟုတ်ခြင်း၊ ၄။ ယုံကြည်မှု သဒ္ဓါတရားရှိခြင်း၊ ၅။ ကုသိုလ်ပြုလိုမှု ဆန္ဒရှိခြင်း၊ ၆။ ဉာဏ်ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၂။၃၈၀။) (အံ၊မြန်၊၂။၄၇၉။)

အရိယာ ဖြစ်ကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ ဘုရားရှင် ဟောကြားအပ်သော ဓမ္မဝိနယကို နာယူခြင်း၊ ၂။ ဘုရားရှင် ဟောကြားသော ဓမ္မဝိနယကို နားစိုက်ထောင်ခြင်း၊ ၃။ ဘုရားရှင် ဟောကြားသော ဓမ္မဝိနယကို သိခြင်းဌာ စိတ်ကို ဖြစ်စေခြင်း၊ ၄။ အကျိုး ရှိသည်ကို ယူခြင်း၊ ၅။ အကျိုးမရှိသည်ကို စွန့်ခြင်း၊ ၆။ ဘုရားသာသနာနှင့် လျော်သော ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၂။၃၈၁။) (အံ၊မြန်၊၂။၄၈၀။)

အရိယာ ဖြစ်ကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ အမိရင်းကို သတ်သူ မဟုတ်ခြင်း၊ ၂။ အဖရင်းကို သတ်သူ မဟုတ်ခြင်း၊ ၃။ ရဟန္တာကို သတ်သူ မဟုတ်ခြင်း၊ ၄။ မြတ်စွာဘုရားအား ပြစ်မှားလိုသော စိတ်ဖြင့် သွေးစိမ်းတည်အောင်ပြုသူ မဟုတ်ခြင်း၊ ၅။ သံဃာသင်းခွဲသူ မဟုတ်ခြင်း၊ ၆။ ပညာရှိ၍ မိုက်မဲဆွဲအသူ မဟုတ်ခြင်း။ (အံ၊၂။၃၈၀။) (အံ၊မြန်၊ ၂။၄၈၀။)

အရိယာ မဖြစ်ကြောင်း တရား ၆ ပါး ၁။ ဈာန်မဂ်ဖိုလ်ကို တားမြစ်တတ်သော ပဌာနန္တရိယကံနှင့် ပြည့်စုံခြင်း၊ ၂။ နိယတမိစ္ဆာဒိဋ္ဌိ ကိလေသာနှင့် ပြည့်စုံခြင်း၊ ၃။ အဟိတ်, ဒွိဟိတ် ပဋိသန္ဓေဝပါက်နှင့် ပြည့်စုံခြင်း၊ ၄။ ယုံကြည်မှု သဒ္ဓါ မရှိခြင်း၊ ၅။ ကုသိုလ်ပြုလိုမှု ဆန္ဒ မရှိခြင်း၊ ၆။ ဉာဏ်ပညာ ကင်းမဲ့ခြင်း။ (အံ၊၂။၃၇၉။) (အံ၊မြန်၊၂။၄၇၉။)

အရိယာ မဖြစ်ကြောင်း တရား ၆ ပါး ၁။ အမိရင်းကို သတ်သူ ဖြစ်ခြင်း၊ ၂။ အဖရင်းကို သတ်သူ ဖြစ်ခြင်း၊ ၃။ ရဟန္တာကို သတ်သူ ဖြစ်ခြင်း၊ ၄။ မြတ်စွာဘုရားအား ပြစ်မှားလိုသော

http://www.dhammadownload.com

စိတ်ဖြင့် သွေးစိမ်းတည်အောင် ပြုသူ ဖြစ်ခြင်း၊ ၅။ သံဃာသင်းခွဲသူ ဖြစ်ခြင်း၊ ၆။ ပညာမဲ့လျက် မိုက်မဲဆွဲ့အခြင်း။ (အံ၊၂။၃၈၀။) (အံ၊မြန်၊၂။၄၇၉။)

အရိယာ မဖြစ်ကြောင်း တရား ၆ ပါး (တစ်နည်း) ၁။ ဘုရားရှင် ဟောကြားအပ်သော ဓမ္မဝိနယကို မနာယူခြင်း၊ ၂။ ဘုရားရှင် ဟောကြားအပ်သော ဓမ္မဝိနယကို နားမစိုက်ခြင်း၊ ၃။ ဘုရားရှင် ဟောကြားအပ်သော ဓမ္မဝိနယကို သိခြင်းငှာ စိတ်ကို မဖြစ်စေခြင်း၊ ၄။ အကျိုးမဲ့ကို ယူခြင်း၊ ၅။ အကျိုးရှိသည်ကို စွန့်ခြင်း၊ ၆။ ဘုရားသာသနာတော်နှင့် မလျော်သော ပညာနှင့် ပြည့်စုံခြင်း။ (အံ၊၂။၃၈၁။) (အံ၊မြန်၊၂။၄၈၀။)

အရိယာမဟုတ်သူတို့ ပြောဆိုသော စကား ၄ မျိုး ၁။ မမြင်အပ်သည်ကို မြင်အပ်၏ဟု ပြောဆိုခြင်း၊ ၂။ မကြားအပ်သည်ကို ကြားအပ်၏ဟု ပြောဆိုခြင်း၊ ၃။ မတွေ့ထိအပ်သည်ကို တွေ့ထိအပ်၏ဟု ပြောဆိုခြင်း၊ ၄။ မသိအပ်သည်ကို သိအပ်၏ဟု ပြောဆိုခြင်း၊ (တစ်နည်း) ၁။ မြင်အပ်သည်ကို မမြင်အပ်ဟု ဆိုခြင်း၊ ၂။ ကြားအပ်သည်ကို မကြားအပ်ဟု ပြောဆိုခြင်း၊ ၃။ တွေ့ထိအပ်သည်ကို မတွေ့ထိအပ်ဟု ပြောဆိုခြင်း၊ ၄။ သိအပ်သည်ကို မသိအပ်ဟု ပြောဆိုခြင်း။ (အံ၊၁။၅၆၈။) (အံ၊မြန်၊၁။၅၈၂။)

အရိယာ မဟုတ်သူတို့၏ စကား ၄ မျိုး (တစ်နည်း) ၁။ မြင်သော အရာ၌ မမြင်ဟု ပြောခြင်း၊ ၂။ ကြားသော အရာ၌ မကြားဟု ပြောခြင်း၊ ၃။ တွေ့သော အရာ၌ မတွေ့ဟု ပြောခြင်း၊ ၄။ သိသော အရာ၌ မသိဟု ပြောခြင်း။ (ဒီ၊၃။၁၉၄။) (ဒီ၊မြန်၊၃။၂၁၆။)

အရိယာ မဟုတ်သူတို့၏ စကား ၄ မျိုး (တစ်နည်း) ၁။ မဟုတ်မမှန် ပြောခြင်း၊ ၂။ ကုန်းတိုက်စကားကို ပြောခြင်း၊ ၃။ အကျိုးမဲ့စကားကို ပြောခြင်း၊ ၄။ ကြမ်းတမ်းသော စကားကို ပြောခြင်း။ (ဒီ၊၃။၁၉၃။) (ဒီ၊မြန်၊၃။၂၁၅။)

အရိယာ မဟုတ်သူတို့၏ စကား ၄ မျိုး (တစ်နည်း) ၁။ မမြင်ပဲ မြင်၏ဟု ပြောခြင်း၊ ၂။ မကြားဘဲ ကြား၏ဟု ပြောခြင်း၊ ၃။ မတွေ့ထိပဲ တွေ့ထိ၏ဟု ပြောခြင်း၊ ၄။ မသိပဲ သိ၏ဟု ပြောခြင်း။ (ဒီ၊၃။၁၉၃။) (ဒီ၊မြန်၊၃။၂၁၆။)

အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်း ၄ မျိုး ၁။ မမြင်သည်၌ မြင်၏ဟု ဆိုခြင်း၊ ၂။ မကြားသည်၌ ကြား၏ဟု ဆိုခြင်း၊ ၃။ မတွေ့သည်၌ တွေ့၏ဟု ဆိုခြင်း၊ ၄။ မသိသည်၌ သိ၏ဟု ဆိုခြင်း။ (ဝိ၊၅။၂၂၄။) (အဘိ၊ဝိ။၃၉၀။) (ဝိ၊မြန်၊၅။၃၁၂။) (အဘိ၊ဝိ၊မြန်၊၂။၄၉၃။)

အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်း ၄ မျိုး (တစ်နည်း) ၁။ မြင်သည်၌ မမြင်ဟု ဆိုခြင်း၊ ၂။ ကြားသည်၌ မကြားဟု ဆိုခြင်း၊ ၃။ တွေ့သည်၌ မတွေ့ဟု ဆိုခြင်း၊ ၄။ သိသည်၌ မသိဟု ဆိုခြင်း။ (ဝိ၊၅။၂၂၄။) (ဝိ၊မြန်၊၅။၃၁၂။)

အရိယာမဟုတ်သူတို့၏ ပြောဆိုခြင်း ၄ မျိုး (တစ်နည်း) ၁။ မြင်သည်၌ မမြင်ဟု ဆိုခြင်း၊ ၂။ ကြားသည်၌ မကြားဟု ဆိုခြင်း၊ ၃။ သိသည်၌ မသိဟု ဆိုခြင်း၊ ၄။ တွေ့ထိသည်၌ မတွေ့ထိဟု ဆိုခြင်း။ (အဘိ၊ဝိ။၃၉၀။) (အဘိ၊ဝိ၊မြန်၊၂။၄၉၃။)

http://www.dhammadownload.com

အရိယာမဟုတ်သူတို့၏ ရှာမှီးခြင်း ၄ မျိုး ၁။ မိမိက အိုခြင်းသဘောရှိသူဖြစ်လျက် အိုခြင်းသဘောကိုသာ ရှာမှီးခြင်း၊ ၂။ မိမိက နာခြင်းသဘော ရှိသူဖြစ်လျက် နာခြင်းသဘောကိုသာ ရှာမှီးခြင်း၊ ၃။ မိမိက သေခြင်းသဘောရှိသူဖြစ်လျက် သေခြင်းသဘောကိုသာ ရှာမှီးခြင်း၊ ၄။ မိမိက ပူပန်စေတတ် နှိပ်စက်တတ်သော သဘောရှိသူဖြစ်လျက် ပူပန်စေတတ် နှိပ်စက်တတ်သော သဘောကိုသာ ရှာမှီးခြင်း။ (အံ၊၁၊၅၇၀။) (အံ၊မြန်၊၁၊၅၈၄။)

အရိယာ မဟုတ်သူတို့၏ ပြောဆိုခြင်း ၈ မျိုး ၁။ စကားဒွါရဖြင့် မမြင်သော အာရုံကို မြင်၏ဟု ပြောဆိုခြင်း၊ ၂။ သောတဒွါရဖြင့် မကြားသော အာရုံကို ကြား၏ဟု ပြောဆိုခြင်း၊ ၃။ ဃာန, ဇိဝှာ, ကာယဒွါရတို့ဖြင့် မတွေ့ထိအပ်သော အာရုံကို တွေ့ထိအပ်၏ဟု ပြောဆိုခြင်း၊ ၄။ မနောဝိညာဉ်ဖြင့် စိတ်ဖြင့် မသိသော အာရုံကို သိ၏ဟု ပြောဆိုခြင်း၊ ၅။ စက္ခုဒွါရဖြင့် မြင်သော အာရုံကို မမြင်ဟု ပြောဆိုခြင်း၊ ၆။ သောတဒွါရဖြင့် ကြားသော အာရုံကို မကြားဟု ပြောဆိုခြင်း၊ ၇။ ဃာန, ဇိဝှာ, ကာယဒွါရတို့ဖြင့် တွေ့ထိအပ်သော အာရုံကို မတွေ့ထိအပ်ဟု ပြောဆိုခြင်း၊ ၈။ မနောဝိညာဉ်ဖြင့် (စိတ်ဖြင့်) သိသော အာရုံကို မသိဟု ပြောဆိုခြင်း။ (ဝိ၊၂။၂) (အံ၊၃။၁၂၇။) (အဘိ၊ဝိ။၄၀၁။) (ဝိ၊မြန်၊၂။၂) (အံ၊မြန်၊၃။၁၂၈။) (အဘိ၊ဝိ၊မြန်၊၂။၅၀၈။)

အရိယာမဟုတ်သော တရား ၁၀ ပါး ၁။ သူ့အသက် သတ်ခြင်း၊ ၂။ သူ့ဥစ္စာခိုးခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်း၊ ၅။ ကုန်းချောခြင်း၊ ၆။ ရုန့်ရင်း ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရှေးရှုကြံစည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုခြင်း၊ ၁၀။ မှားသော အမြင် ရှိခြင်း။ (အံ၊၃။၄၈၂။) (အံ၊မြန်၊၃။၄၇၂။)

အရိယာရတနာ ၂ မျိုး ၁။ သေက္ခရတနာ– ကျင့်ဆဲအရိယာရတနာ၊ ၂။ အသေက္ခရတနာ– ဘုရား ရဟန္တာဟု ဆိုအပ်သော ရတနာ။ (ခုဒ္ဒက၊ဋ္ဌ။၁၄၉။)

အရိယာရဟန်းရတနာ ၂ မျိုး ၁။ သေက္ခအရိယာ ရဟန်းရတနာ၊ ၂။ အသေက္ခအရိယာ ရဟန်းရတနာ။ (သုတ္တနိ၊ဋ္ဌ၊၁။၂၇၈။)

အရိယာဝါသတရား ၁၀ ပါး အရိယာတို့၏ နေခြင်း ၁၀ မျိုးနှင့် တူသည်။

အရိယာဝါသ တရား ၁၀ ပါး ၁။ ကာမစ္ဆန္ဒ၊ ဒေါသ၊ ထိုင်းမှိုင်းခြင်း၊ ပျံ့လွင့်ခြင်း၊ ယုံမှားခြင်း ဟူသော အင်္ဂါ (၅) ပါးကို ပယ်ခြင်း၊ ၂။ မျက်စိဖြင့် ရူပါရုံ၊ နားဖြင့် သဒ္ဒါရုံ၊ နှာခေါင်းဖြင့် ဂန္ဓာရုံ၊ လျှာဖြင့် ရသာရုံ၊ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံ၊ စိတ်ဖြင့် ဓမ္မာရုံကို သိသော် လျစ်လျူ ရှု၍ နေခြင်းဟူသော အင်္ဂါ (၆) ပါးရှိသော ဥပေက္ခာနှင့် ပြည့်စုံခြင်း၊ ၃။ သတိ ဟူသော တစ်ခုသော အစောင့်အရှောက် ရှိခြင်း၊ ၄။ ဉာဏ်ဖြင့် ဆင်ခြင်၍ မှီဝဲ၏၊ သည်းခံ၏၊ ပယ်ဖျောက်၏၊ ရှောင်ကြဉ်၏ ဟူသော (၄) ပါးသော မှီရာရှိခြင်း၊ ၅။ သမဏဗြာဟ္မဏတို့၏ အသီးသီးသော သစ္စာတို့ကို ပယ်နှုတ်အပ်ခြင်း၊ ၆။ ကာမဂုဏ်၌ ရှာမှီးခြင်း, ဘဝ၌ ရှာမှီးခြင်း ဟူသော အလုံးစုံသော ရှာမှီးခြင်းကို စွန့်အပ်ခြင်း၊ ၇။ ကာမဂုဏ်၌ ကြဲခြင်း၊ ပျက်စီးစေလိုခြင်း၌ ကြဲခြင်း၊ ညှဉ်းဆဲခြင်း၌ ကြဲခြင်းတို့ကို ပယ်အပ်၏ဟူသော ကြည်လင်သော အကြဲရှိ၏၊ ၈။ စတုတ္ထ ဈာန်သို့ ရောက်၍ နေခြင်းကြောင့် ငြိမ်းသော ကာယသင်္ခါရရှိခြင်း၊ ၉။ စွဲမက်ခြင်း "ရာဂ"၊

http://www.dhammadownload.com

အမျက်ထွက်ခြင်း "ဒေါသ"၊ တွေဝေခြင်း "မောဟ" ဟူသော ကိလေသာမှ ကောင်းစွာ လွတ်သော စိတ်ရှိခြင်း၊ ၁၀။ စွဲမက်ခြင်း "ရာဂ"၊ အမျက်ထွက်ခြင်း "ဒေါသ"၊ တွေဝေခြင်း "မောဟ"ကို ပယ်အပ်ပြီးဟူသော ကိလေသာမှ ကောင်းစွာ လွတ်သော ပညာရှိခြင်း။ (ဒီ၊၃။၂၂၄။) (ဒီ၊မြန်၊၃။ ၂၄၆-၂၄၇-၂၄၈။)

အရိယာ တပည့် ဒါယိကာမတို့ ကြီးပွား တိုးတက်ခြင်း ၅ မျိုး ၁။ သဒ္ဓါတရားအားဖြင့် ကြီးပွား တိုးတက်ခြင်း၊ ၂။ သီလအားဖြင့် ကြီးပွားတိုးတက်ခြင်း၊ ၃။ သုတအားဖြင့် ကြီးပွား တိုးတက်ခြင်း၊ ၄။ စာဂအားဖြင့် ကြီးပွားတိုးတက်ခြင်း၊ ၅။ ပညာအားဖြင့် ကြီးပွား တိုးတက်ခြင်း။ (သံ၊၂။၄၄၆။) (သံ၊မြန်၊၂။၄၄၂။)

အရိယာ သူတော်ကောင်းတို့၏ ဥစ္စာ ၇ မျိုး ၁။ သဒ္ဓါ တည်းဟူသော ဥစ္စာ၊ ၂။ သီလတည်းဟူသော ဥစ္စာ၊ ၃။ ဟိရီ တည်းဟူသော ဥစ္စာ၊ ၄။ ဩတ္တပ္ပတည်းဟူသော ဥစ္စာ၊ ၅။ အကြားအမြင် သုတတည်းဟူသော ဥစ္စာ၊ ၆။ စွန့်ကြဲပေးကမ်းခြင်း တည်းဟူသော ဥစ္စာ၊ ၇။ ပညာတည်း ဟူသော ဥစ္စာ။ (ဒီ၊၃။၂၀၈။) (ဥဒါန၊၌။၂၅၈။) (သာရတ္ထ၊ဋီ၊၃။၂၅၀။) (ဝိမတိ၊၂။၁၁၄။) (ဒီ၊မြန်၊ ၃။၂၃၁။)

အရူပကုသိုလ်သည် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုနိုင်သော တရားအစု ၈ စု ၁။ ကာမာဝစရ ကုသိုလ်၊ ၂။ ရူပါဝစရကုသိုလ်၊ ၃။ အရူပါဝစရကုသိုလ်၊ ၄။ အကုသိုလ်၊ ၅။ အရူပါဝစရ ဝိပါက်၊ ၆။ ကာမာဝစရကြိယာ၊ ၇။ ရူပါဝစရကြိယာ၊ ၈။ အရူပါဝစရကြိယာ။ (အဘိ၊၌၊ ၃။၃၅၉။)

အရူပနာမ်သည် မနာယတနအား ကျေးဇူးပြုတတ်သော ပစ္စည်း ၇ မျိုး (အရူပဘုံ၌ ပဋိသန္ဓေ အခါ အယုတ်အလျော့အားဖြင့် နာမ်သည် မနာယတနအား ကျေးဇူးပြုတတ်သော ပစ္စည်း ၇ မျိုး) ၁။ သဟဇာတပစ္စည်း၊ ၂။ အညမညပစ္စည်း၊ ၃။ နိဿယပစ္စည်း၊ ၄။ သမ္မယုတ္တပစ္စည်း၊ ၅။ ဝိပါကပစ္စည်း၊ ၆။ အတ္ထိပစ္စည်း၊ ၇။ အဝိဂတပစ္စည်း။ (အဘိ၊၌၊၂။၁၆၅။)

အရူပပဋိသန္ဓေ ခန္ဓာ ၄ ပါး ၁။ ဝေဒနာက္ခန္ဓာ၊ ၂။ သညာက္ခန္ဓာ၊ ၃။ သင်္ခါရက္ခန္ဓာ၊ ၄။ ဝိညာဏ က္ခန္ဓာ။ (အဘိ၊ဝိ။၄၃၅။) (အဘိ၊ဝိ၊မြန်၊၂။၅၅၃။)

အရူပပဋိသန္ဓေ ဓာတ် ၂ ပါး ၁။ မနောဝိညာဏဓာတ်၊ ၂။ ဓမ္မဓာတ်။ (အဘိ၊ဝိ။၄၃၅။) (အဘိ၊ဝိ၊မြန်၊ ၂။၅၅၃။)

အရူပပဋိသန္ဓေ ဟိတ် ၃ ပါး ၁။ အလောဘ ဝိပါက်ဟိတ်၊ ၂။ အဒေါသ ဝိပါက်ဟိတ်၊ ၃။ အမောဟ ဝိပါက်ဟိတ်။ (အဘိ၊ဝိ။၄၃၅။) (အဘိ၊ဝိ၊မြန်၊၂။၅၅၃။)

အရူပပဋိသန္ဓေ အာယတန ၂ ပါး ၁။ မနာယတန၊ ၂။ ဓမ္မာယတန။ (အဘိ၊ဝိ။၄၃၅။) (အဘိ၊ဝိ၊ မြန်၊၂။၅၅၃။)

အရူပပဋိသန္ဓေ အာဟာရ ၃ ပါး ၁။ တွေ့ထိမှု ဖဿာဟာရ၊ ၂။ စိတ်စေ့ဆော်မှု မနောသဉ္စေတနာ ဟာရ၊ ၃။ သိမှု ဝိညာဏာဟာရ။ (အဘိ၊ဝိ။၄၃၅။) (အဘိ၊ဝိ၊မြန်၊၂။၅၅၄။)

အရူပပဋိသန္ဓေ ဣန္ဒြေ ၈ ပါး ၁။ မနိန္ဒြေ၊ ၂။ ဇီဝိတိန္ဒြေ၊ ၃။ ဥပေက္ခိန္ဒြေ၊ ၄။ သဒ္ဓိန္ဒြေ၊ ၅။ ဝီရိယိန္ဒြေ၊ ၆။ သတိန္ဒြေ၊ ၇။ သမာဓိန္ဒြေ၊ ၈။ ပညိန္ဒြေ။ (အဘိ၊ဝိ။၄၃၅။) (အဘိ၊ဝိ၊မြန်၊၂။၅၅၃။)

http://www.dhammadownload.com

အရူပဘုံ၌ ဖြစ်သော ခန္ဓာ ၄ ပါး ၁။ ဝေဒနာက္ခန္ဓာ၊ ၂။ သညာက္ခန္ဓာ၊ ၃။ သင်္ခါရက္ခန္ဓာ၊ ၄။ ဝိညာဏက္ခန္ဓာ။ (အဘိ၊ဝိ။၄၂၁။) (အဘိ၊ဝိ၊မြန်၊၂။၅၃၂။)

အရူပဘုံ၌ ဖြစ်သော ဓာတ် ၂ ပါး ၁။ မနောဝိညာဏဓာတ်၊ ၂။ ဓမ္မဓာတ်။ (အဘိ၊ဝိ။၄၂၁။) (အဘိ၊ဝိ၊မြန်၊၂။၅၃၂။)

အရူပဘုံ၌ ဖြစ်သော သစ္စာ ၃ ပါး ၁။ ဒုက္ခသစ္စာ၊ ၂။ သမုဒယသစ္စာ၊ ၃။ မဂ္ဂသစ္စာ။ (အဘိ၊ဝိ။ ၄၂၁။) (အဘိ၊ဝိ၊မြန်၊၂။၅၃၃။)

အရူပဘုံ၌ ဖြစ်သော ဟိတ် ၈ ပါး ၁။ အလောဘ၊ အဒေါသ၊ အမောဟဟု ဆိုအပ်သော ကုသိုလ်ဟိတ် သုံးပါး၊ ၂။ လောဘ၊ မောဟဟု ဆိုအပ်သော အကုသိုလ်ဟိတ် နှစ်ပါး၊ ၃။ အလောဘ၊ အဒေါသ၊ အမောဟဟု ဆိုအပ်သော ဝိပါက်အဗျာကတဟိတ် ကိရိယာအဗျာကတဟိတ် သုံးပါး ပေါင်း ၈ ပါး ဖြစ်၏။ (အဘိ၊ဝိ။၄၂၁။) (အဘိ၊ဝိ၊မြန်၊၂။၅၃၃။)

အရူပဘုံ၌ ဖြစ်သော အာယတန ၂ ပါး ၁။ မနာယတန၊ ၂။ ဓမ္မာယတန။ (အဘိ၊ဝိ။၄၂၁။) (အဘိ၊ဝိ၊ မြန်၊၂။၅၃၂။)

အရူပဘုံ၌ ဖြစ်သော အာဟာရ ၃ ပါး ၁။ တွေ့ထိမှု– ဖဿာဟာရ၊ ၂။ စေ့ဆော်မှု– မနောသဉ္စေတနာဟာရ၊ ၃။ သိမှု– ဝိညာဏာဟာရ။ (အဘိ၊ဝိ။၄၂၁။) (အဘိ၊ဝိ၊မြန်၊၂။၅၃၃။)

အရူပဘုံ၌ ဖြစ်သော ဣန္ဒြေ ၁၁ ပါး ၁။ မနိန္ဒြေ၊ ၂။ ဇီဝိတိန္ဒြေ၊ ၃။ ဥပေက္ခိန္ဒြေ၊ ၄။ သဒ္ဓိန္ဒြေ၊ ၅။ ဝီရိယိန္ဒြေ၊ ၆။ သတိန္ဒြေ၊ ၇။ သမာဓိန္ဒြေ၊ ၈။ ပညိန္ဒြေ၊ ၉။ အညိန္ဒြေ၊ ၁၀။ အညာတာဝိန္ဒြေ။ (အဘိ၊ဝိ။၄၂၁။) (အဘိ၊ဝိ၊မြန်၊၂။၅၃၃။)

အရူပသမာပတ် ၄ ပါး ၁။ အာကာသာနဉ္စာယတနသမာပတ်၊ ၂။ အာကိဉ္စညာယတနသမာပတ်၊ ၃။ ဝိညာဏဉ္စာယတနသမာပတ်၊ ၄။ နေဝသညာနာသညာယတနသမာပတ်။ (ပဋိသံ၊၌၊ ၁။၂၇၁။)

အရူပဟိတ် ၆ ပါး ၁။ ကုသိုလ်ဟိတ် သုံးပါး၊ ၂။ အဗျာကတဟိတ် သုံးပါး ပေါင်း (၆) ပါး။ (အဘိ၊ဓ။၂၁၇။) (အဘိ၊ဓ၊မြန်။၃၉၅။)

အရူး ၂ မျိုး ၁။ ယက္ခုမ္မတ္တက– ဘီးလူးဖမ်းစားခြင်းကြောင့် ရူးခြင်း၊ ၂။ ပိတ္တုမ္မတ္တက– သည်းခြေပျက်ခြင်းကြောင့် ရူးခြင်း။ (ဝိ၊၌၊၁။၂၂၀။)

အရူး ၈ ယောက် ၁။ ကာမကြောင့် ရူးသော သူသည် လောဘအလိုသို့ လိုက်၏၊ ၂။ အမျက်ဒေါသကြောင့် ရူးသော သူသည် ဒေါသအလိုသို့ လိုက်၏၊ ၃။ မိစ္ဆာအယူအကြောင့် ရူးသော သူသည် ဖောက်ပြန်ခြင်းအလိုသို့ လိုက်၏၊ ၄။ တွေဝေခြင်း မောဟကြောင့် ရူးသော သူသည် မသိခြင်းအလိုသို့ လိုက်၏၊ ၅။ ဘီးလူးကြောင့် ရူးသောသူသည် ဘီလူး၏ အလိုသို့ လိုက်၏၊ ၆။ သည်းခြေကြောင့် ရူးသော သူသည် သည်းခြေအလိုသို့ လိုက်၏၊ ၇။ အရက်သုရာကြောင့် ရူးသောသူသည် သေသောက်ခြင်းအလိုသို့ လိုက်၏၊ ၈။ ဥစ္စာပစ္စည်းစသည်တို့ ပျက်စီးခြင်းကြောင့် ရူးသော သူသည် စိုးရိမ်ပူပန်ခြင်း သောကအလိုသို့ လိုက်၏။ (ဓာ၊၌၊၃။၂၂၈။)

http://www.dhammadownload.com

အရေးကြုံလျှင် အကျိုးမပြုနိုင်သော အရာဝတ္ထု ၆ မျိုး ၁။ ညှိုမရှိသော လေး၊ ၂။ အမျိုးအိမ်၌ နေသော မယား၊ ၃။ ကမ်းတစ်ဖက်၌ ရှိသော လှေ၊ ၄။ ဝန်ရိုးကျိုးသော လှည်းယာဉ်၊ ၅။ ရပ်ဝေး၌ နေသော အဆွေခင်ပွန်း၊ ၆။ မိတ်ဆွေယုတ် မကောင်းသော မိတ်ဆွေ။ (ဇာတက၊ ၂။၁၂၀။) (ဇာ၊၆၊၅။၄၆၆။)

အရေးကြုံသောအခါ အကျိုးမဲ့ကို ပြုတတ်သော အရာ ၆ မျိုး အရေးကြုံလျှင် အကျိုးမပြုနိုင်သော အရာဝတ္ထု ၆ မျိုးနှင့် တူသည်။

အရိုး ၃၀၀ လူ့ခန္ဓာ ၁။ ဟတ္ထဋ္ဌိ– လက်ချောင်းရိုး– ၆၄၊ ၂။ ပါဒဋ္ဌိ– ခြေချောင်းရိုး– ၆၄၊ ၃။ မုဒုအဋ္ဌိ– အသားကို မှီသော အရိုးနု ၆၄၊ ၄။ ပဏှိကဋ္ဌိ– ဖနောင့်ရိုး ၂၊ ၅။ ဂေါပ္ဖကဋ္ဌိ– ခြေဖမျက်ရိုး (ခြေမျက်စိရိုး) (၀ဲ ယာ–၂+၂) ၄၊ ၆။ ဇင်္ဃဋ္ဌိ– ခြေသလုံးမြင်းခေါင်းရိုး (၀ဲ ယာ–၁+၁) ၂၊ ၇။ ဇဏ္ဍုကဋ္ဌိ– ပုဆစ်ရိုး (ဒူးဆစ်ရိုး) (၀ဲ ယာ–၁+၁) ၂၊ ၈။ ဥရုဋ္ဌိ– ပေါင်ရိုး (၀ဲ ယာ–၁+၁) ၂၊ ၉။ ကဋိဋ္ဌိ– ခါးရိုး (၀ဲ ယာ–၁+၁) ၂၊ ၁၀။ ပိဋ္ဌိကဏ္ဏကဋ္ဌိ– ကျောက်ဆစ်ရိုး– ၁၈၊ ၁၁။ ဖာသုကဋ္ဌိ– နံရိုး (၀ဲ ယာ–၁၂+၁၂) ၂၄၊ ၁၂။ ဥရဋ္ဌိ– ရင်ရိုး (၀ဲ ယာ–၇+၇) ၁၄၊ ၁၃။ ဟဒယဋ္ဌိ– ရင်ချိုင့်, ရင်ညွန့်ရိုး ၁၊ ၁၄။ အက္ခကဋ္ဌိ– ညှပ်ရိုး (၀ဲ ယာ ၁+၁) ၂၊ ၁၅။ ကောဋ္ဌဋ္ဌိ– လက်ပြင်ရိုး (ပခုံးစွန်းရိုး) (၀ဲ ယာ ၁+၁) ၂၊ ၁၆။ ဗာဟုဋ္ဌိ– လက်မောင်းရိုး (၀ဲ ယာ–၁+၁) ၂၊ ၁၇။ အဂ္ဂဗာဟုဋ္ဌိ– လက်မောင်းအဖျားရိုး (လက်ဖျံရိုး) (၀ဲ ယာ–၂+၂) ၄၊ ၁၈။ ဂီဝဋ္ဌိ– လည်ပင်းရိုး ၇၊ ၁၉။ ဟနုကဋ္ဌိ– မေးရိုး (အောက် ထက်–၁+၁) ၂၊ ၂၀။ နာသိကဋ္ဌိ– နှာခေါင်းရိုး ၁၊ ၂၁။ အက္ခိဋ္ဌိ– မျက်ကွင်းရိုး (၀ဲ ယာ–၁+၁) ၂၊ ၂၂။ ကဏ္ဏဋ္ဌိ– နားရိုး (၀ဲ ယာ–၁+၁) ၂၊ ၂၃။ နလာဋဋ္ဌိ– နဖူးရိုး ၁၊ ၂၄။ မုဒ္ဓဋ္ဌိ– ဦးထိပ်ရိုး ၁၊ ၂၅။ သီသကပါလဋ္ဌိ– ဦးခေါင်းခွံရိုး ၉။ (ခုဒ္ဒက၊၆။၃၈။) (၀ိသုဒ္ဓိ၊၁။၂၄၅။)

အရက် ၅ မျိုး ၁။ ပုပ္ပါသဝ– အပွင့်ဖြင့် ပြုလုပ်အပ်သော အရက်၊ ၂။ ဖလာသဝ– အသီးဖြင့် ပြုလုပ်အပ်သော အရက်၊ ၃။ မဓုသဝ– ပျားရည်ဖြင့် ပြုလုပ်အပ်သော အရက် (မယ်ဇယ် ပွင့်ဖြင့် ပြုလုပ်အပ်သော အရက်)၊ ၄။ ဂုဠာသဝ– ထန်းလျက်ဖြင့် ပြုလုပ်အပ်သော အရက်၊ ၅။ သမ္ဘာရသံယုတ္တာ– အမျိုးမျိုးသော အရက်ပြုလုပ်မည့် အဆောက်အဦများကို ထည့်၍ ပြုလုပ်အပ်သော အရက်။ (၀ိ၊၂။၁၄၆။) (ကုတိဝုတ်၊၆။၂၂၁။) (၀ိမာန၊၆။၆၆။) (သာရတ္ထ၊ဋီ၊၃။၂၅၂။) (၀ိ၊မြန်၊၂။၁၆၄။)

အရင်းသို့ ငင်ထိုက်သော ရဟန်းတို့အား ခွင့်ပြုအပ်သော အမှုကိစ္စ ၁၅ ပါး ၁။ အရင်းသို့ ငင်ထိုက်သော ရဟန်းတို့အား အချင်းချင်း သီတင်းကြီးစဉ်အတိုင်း ရှိခိုးခြင်း၊ ၂။ ခရီးဦး ကြိုဆိုခြင်း၊ ၃။ လက်အုပ်ချီခြင်း၊ ၄။ အရိုအသေပြုခြင်း၊ ၅။ နေရာခင်းခြင်း၊ ၆။ အိပ်ရာခင်းခြင်း၊ ၇။ ခြေဆေးရေ တည်ထားခြင်း၊ ၈။ ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်း ထားခြင်း၊ ၉။ သပိတ်သင်္ကန်းကို လှမ်းယူခြင်း၊ ၁၀။ ရေချိုးရာ၌ ကျောက်ကုန်းကို ကြေးပွတ်ခြင်း၊ ၁၁။ ဥပုသ်ပြုခြင်း၊ ၁၂။ ပဝါရဏာပြုခြင်း၊ ၁၃။ မိုးရေခံသင်္ကန်းကို ခံယူခြင်း၊ ၁၄။ ဥဒ္ဒေသဘတ်စသော ဆွမ်းဝတ်ကို စွန့်ခြင်း၊ ၁၅။ သံဃဘတ်စသည်ကို ခံယူခြင်း။ (၀ိ၊၆။၈၈။) (၀ိ၊မြန်၊၄။၈၃။)

http://www.dhammadownload.com

အရင်းသို့ ငင်ထိုက်သော ရဟန်းတို့၏ ကျင့်ဝတ် ၉၄ ပါး ပရိဝါသ်ဆောက်တည်သော ရဟန်း၏ ကျင့်ဝတ် ၉၄ ပါးနှင့် တူသည်။

အရောင် ၄ မျိုး ၁။ နေ့အခါ ထွန်းလင်းသော 'နေရောင်'၊ ၂။ ညအခါ ထွန်းလင်းသော 'လရောင်'၊ ၃။ နေ့ရောညပါ ထွန်းလင်းသော 'မီးရောင်'၊ ၄။ အရောင်တကာထက် မြတ်သော 'ဘုရားရှင်၏ အရောင်'။ (သံ၊၁။၁၄။) (သံ၊၁။၄၄။) (သံ၊မြန်၊၁။၁၄၊၄၄။) (သံ၊မြန်၊၁။၁၄၊၄၄။)

အရောင်အလင်း ၄ မျိုး ၁။ လရောင်၊ ၂။ နေရောင်၊ ၃။ မီးရောင်၊ ၄။ ပညာရောင်။ (အံ၊၁။၄၅၆။) (အံ၊၁။၄၅၇။) (အဘိ၊ဋ္ဌ၊၁။၁၉၂။) (အံ၊မြန်၊၁။၄၆၈။) (အံ၊မြန်၊၁။၄၆၉။)

အရိဿသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ဓမ္မကံ ဖြစ်ခြင်း၊ ၂။ ဥတ်ကမ္မဝါစာဖြင့် အဖန်ဖန် ပြောဆိုသော်လည်း အယူကို မစွန့်ခြင်း။ (ဝိမတိ၊၂။၄၈။)

အရိဿသိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ ဓမ္မကံ ဖြစ်ခြင်း၊ ၂။ ဥတ်ကမ္မဝါစာဖြင့် အဖန်ဖန် ပြောဆိုခြင်း၊ ၃။ အယူကို မစွန့်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၈။)

အရုတ္တဖိုလ်ကို ပြောကြားခြင်း ၅ မျိုး ၁။ ပညာနုံ့သည် တွေဝေသည်၏ အဖြစ်ကြောင့် အရဟတ္တဖိုလ်ကို ပြောကြားခြင်း၊ ၂။ ယုတ်ညံ့သော အလိုဆိုး နိပ်စက်သည် ဖြစ်၍ ပြောကြားခြင်း၊ ၃။ ရူးသွပ် စိတ်ပျံ့လွင့်သောကြောင့် ပြောကြားခြင်း၊ ၄။ အထင်ကြီးလိုသောကြောင့် ပြောကြားခြင်း၊ ၅။ ဟုတ်မှန်သည့် အတိုင်း အရဟတ္တဖိုလ်ကို ပြောကြားခြင်း။ (ဝိ၊၅။၃၂၇။) (ဝိ၊မြန်၊၅။၄၂၉။)

အရပ်မျက်နှာ ၆ ပါး (သိင်္ဂါလသုတ်သားအား ဘုရားဟောသော အရပ်မျက်နှာ ၆ ပါး) ၁။ အမိအဘတို့ကို အရှေ့အရပ်၊ ၂။ ဆရာသမားတို့ကို တောင်အရပ်၊ ၃။ သားမယားကို အနောက်အရပ်၊ ၄။ ချစ်သော အဆွေခင်ပွန်းကို မြောက်အရပ်၊ ၅။ အစေအပါးတို့ကို အောက်အရပ်၊ ၆။ သမဏဗြာဟ္မဏတို့ကို အထက်အရပ်။ (ဒီ၊၃။၁၅၃–၁၅၄။) (ဒီ၊မြန်၊၃။၁၇၁။)(ဇာ၊ဋ္ဌ၊၃။၂၂၀။)

အရပ် လေးမျက်နှာတို့၌ အပိတ်အပင်မရှိ လှည့်လည်နိုင်ကြောင်း တရား ၅ ပါး ၁။ သီလရှိ၍ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်းခြင်း၊ ၂။ အကြားအမြင် များခြင်း၊ ၃။ ရတတ်သမျှ သင်္ကန်း ဆွမ်း ကျောင်း ဆေးဖြင့် ရောင့်ရဲခြင်း၊ ၄။ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်သော ဈာန် ၄ ပါးကို လိုတိုင်းရခြင်း၊ ၅။ အာသဝေါကင်းသော လွတ်မြောက်မှု အရဟတ္တဖိုလ် ပညာကို ယခုဘဝ၌ပင် မျက်မှောက်ပြုလျက် နေခြင်း။ (အံ၊၂။၁၁၉။) (အံ၊မြန်၊၂။၁၄၆။)

အရိပ် အမြွက် ဆင်တူရိုးမှား ၁၀ မျိုး လေသ ၁၀ မျိုးနှင့် တူသည်။

အရှက်မဲ့သော ရဟန်း လက္ခဏာ ၃ မျိုး ၁။ စေတနာ စေ့ဆော်၍ အာပတ်သင့်ခြင်း၊ ၂။ သင့်သော အာပတ်ကို ဖုံးကွယ်ခြင်း၊ ၃။ ချစ်ခြင်း အစရှိသော အဂတိသို့ လိုက်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၂၆၇။)

အရှက်ရှိသော ရဟန်း လက္ခဏာ ၃ မျိုး ၁။ စေတနာနှင့် တကွ စေ့ဆော်၍ အာပတ် မသင့်ခြင်း၊ ၂။ သင့်သော အာပတ်ကို မဖုံးကွယ်ခြင်း၊ ၃။ အဂတိလိုက်စားမှု မရှိခြင်း။ (သာရတ္ထ၊ဋီ၊၁။၁၉၀။)

http://www.dhammadownload.com

အရှင်သခင် ကျင့်ဝတ် ၅ ပါး ၁။ ခွန်အားအလျောက် အလုပ်ကိစ္စကို ခိုင်းစေခြင်း၊ ၂။ ထမင်းရိက္ခာ ပေးခြင်း၊ ၃။ မကျန်းမာသောအခါ ပြုစုခြင်း၊ ၄။ ထူးဆန်းသော အရသာများကို ခွဲဝေပေးခြင်း၊ ၅။ အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း အဝတ်တန်ဆာစသည် ပေးခြင်း။ (ဒီ၊၃။၁၅၅။) (ဒီ၊မြန်၊၃။၁၇၄။)

အရှုပ်အထွေး ၃ မျိုး ၁။ ရာဂတည်းဟူသော အရှုပ်အထွေး၊ ၂။ ဒေါသတည်းဟူသော အရှုပ်အထွေး၃။ မောဟ တည်းဟူသော အရှုပ်အထွေး။ (နေတ္တိ၊ဝိဘာ။၂၇၅။)

အလှူ ၆ မျိုး (အမြဲ ကုသိုလ် တိုးပွားနေသော အလှူ ၆ မျိုး) ၁။ သစ်အရံ ပန်းအရံ စိုက်ပျိုးလှူဒါန်းခြင်း၊ ၂။ တောကို စိုက်ပျိုးလှူဒါန်းခြင်း၊ ၃။ တံတားခင်း လှူဒါန်းခြင်း၊ ၄။ သောက်ရေအိုးစင်, ရေချမ်းစင် လှူဒါန်းခြင်း၊ ၅။ ရေတွင်း, ရေကန် တူးဖော် လှူဒါန်းခြင်း၊ ၆။ ဇရပ်, တန်ဆောင်း ကျောင်း စသော အာဝါသကို လှူဒါန်းခြင်း။ (သံ၊၁။၃၀။) (သံ၊မြန်၊၁။၃၀။)

အလှူ ၆ မျိုး (တူညီသော အလှူ ၆ မျိုး) ၁။ စားဖွယ် သောက်ဖွယ် ပေးလှူခြင်းသည် ခွန်အားဗလကို ပေးလှူသည်နှင့် တူခြင်း၊ ၂။ အဝတ်အထည် ပေးလှူခြင်းသည် အဆင်းလှပမှုကို ပေးလှူသည်နှင့် တူခြင်း၊ ၃။ ယာဉ်ကို ပေးလှူခြင်းသည် ချမ်းသာသုခကို ပေးလှူသည်နှင့် တူခြင်း၊ ၄။ ဆီမီးကို ပေးလှူခြင်းသည် မျက်စိပေးလှူသည်နှင့် တူခြင်း၊ ၅။ ဇရပ်, တန်ဆောင်း, ကျောင်း စသော အာဝါသကို ပေးလှူခြင်းသည် အထက်ပါ အားလုံးကို ပေးလှူ ရသည်နှင့် တူခြင်း၊ ၆။ တရား ဓမ္မ ဟောပြောပြသ ဆိုဆုံးမခြင်းသည် အမြဲကိန်ဖွာန်ကို ပေးလှူသည်နှင့် တူခြင်း။ (သံ၊၁။၂၉။) (သံ၊မြန်၊၁။၂၉။)

အလှူ ၈ မျိုး ၁။ မိမိထံမှောက် ရောက်လာသောကြောင့် ပေးလှူခြင်း၊ ၂။ ကြောက်သောကြောင့် ပေးလှူခြင်း၊ ၃။ ငါ့အား ပေးလှူဖူး၏ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊ ၄။ ငါ့အား ပေးလှူလိမ့်မည်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊ ၅။ ပေးလှူမှုသည် ကောင်း၏ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊ ၆။ ချက်ပြုတ်သော ငါသည် မချက်ပြုတ်သော သူတို့အား မပေးလှူဘဲ မနေသင့်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊ ၇။ ပေးလှူသော ငါ့အား ကောင်းသော ကျေးဇူးသံသည် ပျံ့နှံ့၍ တက်လိမ့်မည်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊ ၈။ သမထ ဝိပဿနာစိတ်၏ အဆင့်တန်းဆာအခြံအရံအလို့ငှာ ပေးလှူခြင်း။ (အံ၊၃။၆၈။)

အလှူခံထိုက်ကြောင်း အင်္ဂါ ၅ ပါး ၁။ အဆင်း ရူပါရုံတို့ကို သည်းခံနိုင်ခြင်း၊ ၂။ အသံ သဒ္ဒါရုံတို့ကို သည်းခံနိုင်ခြင်း၊ ၃။ အနံ့ ဂန္ဓာရုံတို့ကို သည်းခံနိုင်ခြင်း၊ ၄။ အရသာ ရသာရုံတို့ကို သည်းခံနိုင်ခြင်း၊ ၅။ အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းခံနိုင်ခြင်း။ (အံ၊၂။၁၄၂။) (အံ၊မြန်၊၂။ ၁၇၈-၁၇၉။)

အလှူခံထိုက်ကြောင်း အင်္ဂါ ၅ ပါး ၁။ နာယူတတ်ခြင်း၊ ၂။ သတ်ဖြတ်တတ်ခြင်း၊ ၃။ စောင့်ရှောက်တတ်ခြင်း၊ ၄။ သည်းခံတတ်ခြင်း၊ ၅။ သွားတတ်ခြင်း။ (အံ၊၂။၁၄၄။) (အံ၊မြန်၊၂။၁၈၁-၁၈၂။)

အလှူခံထိုက်သော ရဟန်း၏ အင်္ဂါ ၃ ပါး ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်းဟု ဆိုအပ်သော အဆင်းနှင့် ပြည့်စုံခြင်း၊ ၂။ အကုသိုလ်တရားတို့ကို ပယ်ရန်, ကုသိုလ်တရား

http://www.dhammadownload.com

တို့ကို ပြည့်စုံစေရန် အပြင်းအထန် အားထုတ်ခြင်းဟု ဆိုအပ်သော အားခွန်ဗလနှင့် ပြည့်စုံခြင်း၊ ၃။ အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက် ပြု၍ နေခြင်းဟု ဆိုအပ်သော လျင်မြန်ခြင်းနှင့် ပြည့်စုံခြင်း။ (အံ၊၁၀။၂၄၈။) (အံ၊မြန်၊၁၀။၂၆၆။)

အလွန်ခံထိုက်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဖြောင့်မတ်ခြင်း၊ ၂။ လျင်မြန်ခြင်း၊ ၃။ နူးညံ့ခြင်း၊ ၄။ သည်းခံခြင်း၊ ၅။ အကျင့်စင်ကြယ်ခြင်း။ (အံ၊၂။၂၁၇။) (အံ၊မြန်၊၂။၂၇၂-၂၇၃။)

အလွန်ခံပုဂ္ဂိုလ်တို့ ပယ်ထိုက်သော တရား ၅ ပါး ၁။ ကာမဆွန္ဒနီဝရဏကို ပယ်ထိုက်ခြင်း၊ ၂။ ဗျာပါဒနီဝရဏကို ပယ်ထိုက်ခြင်း၊ ၃။ ထိနမိဒ္ဓ နီဝရဏကို ပယ်ထိုက်ခြင်း၊ ၄။ ဥဒ္ဓစ္စကုက္ကုစ္စ နီဝရဏကို ပယ်ထိုက်ခြင်း၊ ၅။ ဝိစိကိစ္ဆာ နီဝရဏကို ပယ်ထိုက်ခြင်း။ (အံ၊၁၀။၁၆၂။) (အံ၊မြန်၊၁၀။၁၈၀။)

အလွန်ခံပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် အင်္ဂါ ၅ ပါး ၁။ အသေက္ခ ဖြစ်သော သီလအစုနှင့် ပြည့်စုံရခြင်း၊ ၂။ အသေက္ခဖြစ်သော သမာဓိအစုနှင့် ပြည့်စုံရခြင်း၊ ၃။ အသေက္ခဖြစ်သော ပညာအစုနှင့် ပြည့်စုံရခြင်း၊ ၄။ အသေက္ခဖြစ်သော ဝိမုတ္တိအစုနှင့် ပြည့်စုံရခြင်း၊ ၅။ အသေက္ခ ဖြစ်သော ဝိမုတ္တိဉာဏဒဿနအစုနှင့် ပြည့်စုံရခြင်း။ (အံ၊၁၀။၁၆၂။) (အံ၊မြန်၊၁၀။၁၈၁။)

အလွန် မခံထိုက်ကြောင်း အင်္ဂါ ၅ ပါး ၁။ အဆင်း ရူပါရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၂။ အသံ သဒ္ဒါရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၃။ အနံ့ ဂန္ဓာရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၄။ အရသာ ရသာရုံတို့ကို သည်းမခံနိုင်ခြင်း၊ ၅။ အတွေ့ ဖောဋ္ဌဗ္ဗာရုံတို့ကို သည်းမခံနိုင်ခြင်း။ (အံ၊၂။၁၃၉။) (အံ၊မြန်၊၂။၁၇၃-၁၇၄။) (အံ၊မြန်၊၃။၇၀။)

အလွန် အင်္ဂါ ၆ ပါး ၁။ ပေးလှူသူက မလှူမီ ဝမ်းမြောက်ခြင်း၊ ၂။ ပေးလှူသူက လှူဆဲအခါ၌ စိတ်ကို ကြည်လင်စေခြင်း၊ ၃။ ပေးလှူသူက လှူပြီးသောအခါ နှစ်သက်ခြင်း၊ ၄။ ရာဂကင်းရန် ကျင့်ခြင်း၊ ၅။ ဒေါသကင်းရန် ကျင့်ခြင်း၊ ၆။ မောဟကင်းရန် ကျင့်ခြင်း။ (အံ၊၂။၂၉၅။) (အံ၊မြန်၊၂။၃၈၀။)

အလွန်အကျိုး မျက်မှောက် ခံစားရသော ပုဂ္ဂိုလ် ၇ ဦး ၁။ သုမနပန်းသည်၊ ၂။ ဧကသာဋက ပုဏ္ဏား၊ ၃။ ပုဏ္ဏသူရင်းငှား၊ ၄။ မလ္လိကာမိဖုရား၊ ၅။ ဂေါပါလမာတာ မိဖုရား၊ ၆။ သုပ္ပိယာ ဥပါသိကာမ၊ ၇။ ပုဏ္ဏာမည်သော ကျွန်မ။ (မိလိန္ဒ။၁၂၀။) (မိလိန္ဒ၊မြန်။၁၂၉။)

အလေ့အကျင့် ၂ မျိုး ၁။ ဗုဒ္ဓါစိဏ္ဏ- ဘုရားရှင်တို့၏ အလေ့အကျင့်၊ ၂။ သာဝကာစိဏ္ဏ- တပည့်သာဝကတို့၏ အလေ့အကျင့်။ (ဝိ၊ဋ္ဌ၊၁။၁၆၃။)

အလေးပြုခြင်း အလေးမပြုခြင်း ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ အမျက်ထွက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပုဂ္ဂိုလ်၊ ၂။ ကျေးဇူးချေဖျက်ခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပုဂ္ဂိုလ်၊ ၃။ လာဘ်ရခြင်းကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပုဂ္ဂိုလ်၊ ၄။ အရိုအသေပြုမှု သက္ကာရကို အလေးပြု၍ သူတော်ကောင်းတရားကို အလေးမပြုသော ပုဂ္ဂိုလ်၊ (တစ်နည်း) ၁။ သူတော်ကောင်းတရားကို အလေးပြု၍ အမျက်ထွက်ခြင်းကို အလေးမပြုသော ပုဂ္ဂိုလ်၊ ၂။ သူတော်ကောင်း

http://www.dhammadownload.com

တရားကို အလေးပြု၍ ကျေးဇူးချေဖျက်ခြင်းကို အလေးမပြုသော ပုဂ္ဂိုလ်၊ ၃။ သူတော်ကောင်း တရားကို အလေးပြု၍ လာဘ်ရခြင်းကို အလေးမပြုသော ပုဂ္ဂိုလ်၊ ၄။ သူတော်ကောင်း တရားကို အလေးပြု၍ အရိုအသေပြုမူ သက္ကာရကို အလေးမပြုသော ပုဂ္ဂိုလ်။ (အံ၊၁။၃၅၅။) (အံ၊မြန်၊၁။၃၆၉။)

အလေးအမြတ် ပြုထိုက်သူ၌ ရှိသော တရား ၅ ပါး ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင် များခြင်း၊ ၃။ ကောင်းသော စကား ရှိခြင်း၊ ၄။ ဈာန် (၄) ပါးတို့ကို အလိုရှိတိုင်း ရခြင်း၊ ၅။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၂။၁၆၈။) (အံ၊မြန်၊၂။၂၁၈။)

အလေးအမြတ် ပြုထိုက်သူ၏ တရား ၇ ပါး ၁။ လာဘ်ကို အလိုမရှိခြင်း၊ ၂။ အရိုအသေ ပြုမူကို အလိုမရှိခြင်း၊ ၃။ မထီမဲ့မြင်ပြုခြင်းကို အလိုမရှိခြင်း၊ ၄။ အရှက်ရှိခြင်း၊ ၅။ အကြောက်ရှိခြင်း၊ ၆။ အလိုနည်းခြင်း၊ ၇။ မှန်ကန်သော အယူရှိခြင်း။ (အံ၊၂။၃၉၅။) (အံ၊မြန်၊၂။၅၀၀။)

အလေးအမြတ် မပြုထိုက်သူ၏ တရား ၇ ပါး ၁။ လာဘ်ကို အလိုရှိခြင်း၊ ၂။ အရိုအသေ ပြုမူကို အလိုရှိခြင်း၊ ၃။ မထီမဲ့မြင် မပြုမူကို အလိုရှိခြင်း၊ ၄။ အရှက်မရှိခြင်း၊ ၅။ အကြောက် မရှိခြင်း၊ ၆။ ယုတ်မာသော အလိုဆိုးရှိခြင်း၊ ၇။ မှားသော အယူရှိခြင်း။ (အံ၊၂။၃၉၅။) (အံ၊မြန်၊၂။၄၉၉။)

အလိုဆန္ဒ ၂ မျိုး ၁။ သမ္မန္နအဏ္ဍာသယ– ပြည့်စုံသော အလိုဆန္ဒ၊ ၂။ ဝိပန္နအဏ္ဍာသယ– မပြည့်စုံသော အလိုဆန္ဒ။ (ဝိသုဒ္ဓိ၊ဋီ၊၁။၁၃၄။)

အလိုနည်းခြင်း ၄ မျိုး ၁။ ပစ္စယအပ္ပိစ္ဆ– ပစ္စည်းလေးပါးတို့၌ အလိုနည်းသူ ဖြစ်ခြင်း၊ ၂။ ဓုတင်္အပ္ပိစ္ဆ– ဓုတင်ဆောင်သူဖြစ်လျက် မိမိကို ဓုတင်ဆောင်သူဟု သူတစ်ပါးတို့ကို မသိစေလိုသော အားဖြင့် ဓုတင်၌ အလိုနည်းသူ ဖြစ်ခြင်း၊ ၃။ ပရိယတ္တိအပ္ပိစ္ဆ– ပရိယတ္တိ အကြားအမြင်များသူ ဖြစ်လျက် မိမိကို ပရိယတ္တိ အကြားအမြင်များသူ သူတစ်ပါးတို့ကို မသိစေလိုသောအားဖြင့် ပရိယတ္တိ၌ အလိုနည်းသူ ဖြစ်ခြင်း၊ ၄။ အဓိဂမအပ္ပိစ္ဆ– မင်္ဂဖိုလ် တရားထူးကို ရပြီးသူ ဖြစ်လျက် မိမိကို မင်္ဂဖိုလ်တရားထူး ရပြီးသူဟု သူတစ်ပါးတို့ကို မသိစေလိုသောအားဖြင့် တရားထူးရခြင်း၌ အလိုနည်းသူ ဖြစ်ခြင်း။ (မ၊ဋ္ဌ၊၂။၄၆။) (အံ၊ဋ္ဌ၊၁။၁၈။) (အံ၊ဋ္ဌ၊၃။၂၂၆။) (ဥဒါန၊ဋ္ဌ။၂၀၇။) (သုတ္တနိ၊ဋ္ဌ၊၂။၂၁၂။) (မဟာနိ၊ဋ္ဌ။၂၈၆။)

အလိုနည်းသော ရဟန်း ၄ မျိုး ၁။ ပစ္စည်းလေးပါး၌ အလိုနည်းသော ရဟန်း၊ ၂။ ရအပ်သော ဈာန်, မဂ်, ဖိုလ်တရား၌ အလိုနည်းသော ရဟန်း၊ ၃။ ဆောက်တည်အပ်သော ဓုတင်၌ အလိုနည်းသော ရဟန်း ။ (ဒီ၊ဋ္ဌ၊၃။၂၄၆။)

အလိုပြည့်နိုင်ခဲသူ ၄ ဦး ၁။ သမုဒ္ဒရာ– (ရောက်လာသမျှ ရေတို့ဖြင့် အလိုမပြည့်နိုင်)၊ ၂။ ပုဏ္ဏား (ဝေဒကျမ်း, ကျတိဟာသ ကျမ်းတို့ဖြင့် အလိုမပြည့်နိုင်)၊ ၃။ မင်း (အားလုံးသော ပထဝီမြေကို အစိုးရခြင်းဖြင့် အလိုမပြည့်နိုင်)၊ ၄။ မိန်းမ (လင်ယောကျ်ားတို့ဖြင့် အလိုမပြည့်နိုင်)။ (ဇာတက၊၂။၁၂၇။) (ဇာဋ္ဌ၊၅။၄၈၇။)

အလိုမပြည့်နိုင်သူ ၃ ဦး ၁။ မီးပုံသည် လာသမျှထင်းဖြင့် မရောင့်ရဲနိုင်၊ ၂။ သမုဒ္ဒရာသည် ရောက်လာသမျှသော ရေတို့ဖြင့် မရောင့်ရဲနိုင်၊ ၃။ လောဘကြီးသော သူသည် ရရှိသမျှသော ဥစ္စာပစ္စည်းတို့ဖြင့် မရောင့်ရဲနိုင်။ (မ၊ဋ္ဌ၊၂။၄၅၅။) (အံ၊ဋ္ဌ၊၁။၅၇။) (ဣတိဝု၊ဋ္ဌ။၉၃။) (သာရတ္ထ၊ဋီ၊၂။၂၄၆။)

http://www.dhammadownload.com

အလိုမပြည့်နိုင်သူ ၃ ဦး မရောင့်ရဲနိုင်သူ ၃ ဦးနှင့် တူသည်။

အလိုရှိခြင်း ၄ မျိုး ၁။ အတြိစ္ဆတာ– မိမိ၏ လာဘ်လာဘ၌ မရောင့်ရဲနိုင်ဘဲ သူတစ်ပါး၏ လာဘ်လာဘကို အလွန် အလိုရှိခြင်း၊ ၂။ ပါပိစ္ဆတာ– မိမိ၌ မရှိသော ဂုဏ်သိက္ခာကို ဝါကြွား ပြောဆိုပြီး ပစ္စည်းလေးပါးကို ခံယူရာ၌ အတိုင်းအရှည် မသိခြင်း၊ ၃။ မဟိစ္ဆတာ– မိမိ၌ရှိသော ဂုဏ်သိက္ခာကို ပေါ်လွင်အောင် ပြောဆိုပြီး ပစ္စည်းလေးပါးကို ခံယူရာ၌ အတိုင်းအရှည် မသိခြင်း၊ ၄။ အပိုစ္ဆတာ– မိမိ၏ ဂုဏ်ကို လျှို့ဝှက်၍ ပစ္စည်းလေးပါးကို ခံယူခြင်း၌ အတိုင်းအရှည် သိခြင်း။ (အံ၊၆၊၁။၅၇။)

အလို အာသယ ၂ မျိုး ၁။ ဝဋ္ဋာသယ– ဝဋ်၌ ဖြစ်သော အလို (သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌ)၊ ၂။ ဝိဝဋ္ဋာသယ– ဝဋ်မှ ကင်းသော နိဗ္ဗာန်၌ ဖြစ်သော အလို။ (ဝိမတိ၊၁။၅၄။)

အလင်းရောင်ကို ပြုတတ်သော ပုဂ္ဂိုလ် ၃ မျိုး ၁။ ဘုရားရှင်၊ ၂။ နေမင်း၊ ၃။ လမင်း။ (အပ၊၁။၂၉၂။) (အပ၊မြန်၊၁။၂၉၈။)

အလန်္ဓီရဟန်း အင်္ဂါ ၃ ပါး ၁။ လွန်ကျူးလိုသော စေတနာနှင့် တကွ စေ့ဆော်၍ အာပတ် သင့်ခြင်း၊ ၂။ သင့်ပြီးသော အာပတ်ကို ဖုံးလွှမ်းထားခြင်း၊ ၃။ အဂတိ လိုက်စားခြင်း။ (ဝိ၅။၂၇၉။) (ဝိ၊၆၊ ၃။၁၄၁။) (ဝိ၊မြန်၊၅။၃၇၄။)

အလုပ် ကိစ္စ ၂ မျိုး ၁။ ကဲ့ရဲ့ရွှတ်ချအပ်သော ပန်းမိုက်သွန်အလုပ်စသော ယုတ်ညံ့သော အလုပ်၊ ၂။ မကဲ့ရဲ့ မရွှတ်ချအပ်သော ကုန်သွယ်, လယ်လုပ် စသော မြင့်မြတ်သော အလုပ်။ (ဝိ၂။၈။) (အဘိ၊၆၊၂။၃၉၃။) (ဒီ၊ဋ္ဌိ၊၃။၂၀၉။) (ဝိ၊မြန်၊၂။၁၁၁။)

အလုပ်သမား ကျင့်ဝတ် ၅ ပါး ၁။ အရှင်၏ ရှေးဦးစွာ အိပ်ရာမှ ထရခြင်း၊ ၂။ အရှင်အိပ်သည်မှ နောက်၌ အိပ်ရခြင်း၊ ၃။ ပေးသည်ကိုသာ ယူရခြင်း၊ ၄။ အမှုကိစ္စကို ကောင်းစွာ ပြုရခြင်း၊ ၅။ အရှင်၏ ဂုဏ်သတင်းကို ဆောင်ရခြင်း။ (ဒီ၊၃။၁၅၅။) (ဒီ၊မြန်၊၃။၁၇၄။)

အလွန်ကြာမြင့်စွာ နေခြင်း အပြစ် ၅ ပါး ၁။ များစွာသော ဘဏ္ဍာတို့ကို စုဆောင်းထားသဖြင့် များသော ဘဏ္ဍာရှိခြင်း၊ ၂။ များစွာသော ဆေးပစ္စည်းတို့ကို စုဆောင်းထားသဖြင့် များသော ဆေးရှိခြင်း၊ ၃။ များပြားသော ပြဖွယ်ကိစ္စရှိခြင်း၊ ၄။ ကိစ္စကြီးငယ်တို့၌ ငြိကပ် တွယ်တာသည်ဖြစ်၍ လူတို့၏ နှီးနှောခြင်းမျိုးဖြင့် နှီးနှောဆက်ဆံလျက် နေခြင်း၊ ၅။ ထိုကျောင်းနေရာမှ ဖဲသွားသည်ရှိသော် ငဲ့ကွက်ခြင်းရှိသည် ဖြစ်၍ ဖဲသွားရခြင်း။ (အံ၊၂။ ၂၂၅။) (အံ၊မြန်၊၂။၂၈၅။)

အလွန်ကြာမြင့်စွာ နေခြင်း အပြစ် ၅ ပါး (တစ်နည်း) ၁။ ကျောင်း၌ ဝန်တိုမှု ရှိခြင်း၊ ၂။ အမျိုး ဒါယကာတို့၌ ဝန်တိုမှု ရှိခြင်း၊ ၃။ လာဘ်လာဘ၌ ဝန်တိုမှု ရှိခြင်း၊ ၄။ ဂုဏ်အဆင်း၌ ဝန်တိုမှု ရှိခြင်း၊ ၅။ တရား၌ ဝန်တိုမှု ရှိခြင်း။ (အံ၊၂။၂၂၅။) (အံ၊မြန်၊၂။၂၈၆။)

အလွန်ချမ်းသာ ကြွယ်ဝသော အမျိုး ၃ မျိုး ၁။ ခတ္တိယမဟာသာလ– အနည်းဆုံး ကုဋေတစ်ရာ သိုမှီးသိမ်းဆည်းထားလျက် နေ့စဉ် ငွေဒင်္ဂါး တင်းနှစ်ဆယ် သုံးစွဲသော မင်းမျိုးသူကြွယ်၊ ၂။ ဗြာဟ္မဏမဟာသာလ– အနည်းဆုံး ကုဋေရှစ်ဆယ် သိုမှီးသိမ်းဆည်းထားလျက် နေ့စဉ် ငွေဒင်္ဂါး ဆယ်တင်းသုံးစွဲသော ပုဏ္ဏားမျိုး သူကြွယ်၊ ၃။ ဂဟပတိမဟာသာလ– အနည်းဆုံး

http://www.dhammadownload.com

ကုဋ္ဌေလေးဆယ် သိုမှီးသိမ်းဆည်းထားလျက် နေ့စဉ် ငွေဒင်္ဂါး ငါးတင်းသုံးစွဲသော အိမ်ရှင် သူကြွယ်မျိုး။ (ပဋိသံ၊၌၊၂၊။၁၇၀။)

အလွန် အင်အားကြီးမားသော တရား ၄ ပါး ၁။ ကိလေသာ တဏှာ ရာဂတရား၊ ၂။ အမျက် ထွက်ခြင်း ဒေါသတရား၊ ၃။ မာန်ယစ်ခြင်း မဒတရား၊ ၄။ တွေဝေမိုက်မဲခြင်း မောဟတရား။ (ဇာတက၊၁။၁၉၁။)

အလွန်အလွန် ဝေးသော အရာ ၄ ပါး ၁။ မိုးကောင်းကင်နှင့် ဤမဟာပထဝီမြေကြီး၊ ၂။ သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းနှင့် ထိုမှာဘက်ကမ်း၊ ၃။ နေထွက်ရာ ဖြစ်သော အရပ်နှင့် နေဝင်ရာဖြစ်သော အရပ်၊ ၄။ သူတော်ကောင်းတရားနှင့် လူယုတ်မာတို့၏ တရား။ (အဘိ၊က။ ၃၂၁-၃၂၂။) (အဘိ၊က၊မြန်၊၂။၁၆၂။)

အလွှာ ၄ ပါး ၁။ အတိတ်အကြောင်းငါးပါး အကြောင်းတစ်လွှာ၊ ၂။ ပစ္စုပ္ပန်အကျိုးငါးပါး အကျိုး တစ်လွှာ၊ ၃။ ပစ္စုပ္ပန်အကြောင်းငါးပါး အကြောင်းတစ်လွှာ၊ ၄။ အနာဂတ်အကျိုး ငါးပါး အကျိုးတစ်လွှာ။ (ပဋိသံ၊၌၊၁။၂၂၅။)

အလှူ ၂ မျိုး ၁။ ပစ္စည်းလေးပါး အလှူ– အာမိသဒါန၊ ၂။ တရားအလှူ– ဓမ္မဒါန။ (အံ၊၁။၉၀။) (အံ၊မြန်၊၁။၁၀၅။)

အလှူ ၄ မျိုး (လူ့ကျင့်ဝတ်ကို ကျင့်သည်မည်သော အလှူ ၄ မျိုး) ၁။ သင်္ကန်းလှူခြင်း၊ ၂။ ဆွမ်းလှူခြင်း၊ ၃။ ကျောင်းလှူခြင်း၊ ၄။ သူနာအထောက်အပံ့ ဆေးလှူခြင်း။ (အံ၊၁။၃၇၆။) (အံ၊မြန်၊၁။၃၉၀။)

အလှူ ၈ မျိုး ဒါန ၈ မျိုးနှင့် တူသည်။

အလှူခံထိုက်ကြောင်း တရား ၅ ပါး ၁။ သီလနှင့် ပြည့်စုံခြင်း၊ ၂။ သမာဓိနှင့် ပြည့်စုံခြင်း၊ ၃။ ပညာနှင့် ပြည့်စုံခြင်း၊ ၄။ ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံခြင်း၊ ၅။ လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်း။ (အံ၊၂။၁၁၈။) (အံ၊မြန်၊၂။၁၄၅။)

အလှူခံထိုက်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ သေက္ခပုဂ္ဂိုလ်၊ ၂။ အသေက္ခပုဂ္ဂိုလ်။ (အံ၊၁။၆၄။) (အံ၊မြန်၊ ၁။၇၆။)

အလှူခံထိုက်သော ပုဂ္ဂိုလ် ၈ မျိုး ၁။ သောတာပန်ပုဂ္ဂိုလ်၊ ၂။ သောတာပတ္တိဖိုလ်ကို ရရန် ကျင့်ဆဲ ပုဂ္ဂိုလ်၊ ၃။ သကဒါဂါမ်ပုဂ္ဂိုလ်၊ ၄။ သကဒါဂါမိဖိုလ်ကို ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ၅။ အနာဂါမ် ပုဂ္ဂိုလ်၊ ၆။ အနာဂါမိဖိုလ်ကို ရရန် ကျင့်ဆဲပုဂ္ဂိုလ်၊ ၇။ ရဟန္တာပုဂ္ဂိုလ်၊ ၈။ အရဟတ္တဖိုလ်ကို ရရန် ကျင့်ဆဲပုဂ္ဂိုလ်။ (ဒီ၊၃။၂၁၁။) (အံ၊၃။၁၁၆။) (ဒီ၊မြန်၊၃။၂၃၄။) (အံ၊မြန်၊၃။၁၁၆။)

အလှူခံပုဂ္ဂိုလ် ၇ မျိုး ၁။ နှစ်ဖက်အဖို့မှ လွတ်သော 'ဥဘတောဘာဂဝိမုတ္တ'ပုဂ္ဂိုလ်၊ ၂။ ပညာဖြင့် လွတ်သော 'ပညာဝိမုတ္တ'ပုဂ္ဂိုလ်၊ ၃။ ကာယသက္ခိပုဂ္ဂိုလ်၊ ၄။ ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်၊ ၅။ သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်၊ ၆။ ဓမ္မာနုသာရီပုဂ္ဂိုလ်၊ ၇။ သဒ္ဓါနုသာရီပုဂ္ဂိုလ်။ (ဒီ၊၃။၂၁၀။) (ဒီ၊မြန်၊၃။၂၃၃။)

http://www.dhammadownload.com

အလှူခံပုဂ္ဂိုလ် ပယ်အပ်သော အင်္ဂါ ၅ ပါး ၁။ ကာမဓာတ်-ကာမဂုဏ်လိုလားမှု၊ ၂။ ဗျာပါဒ-ပျက်စီးစေလိုမှု၊ ၃။ ထိနမိဒ္ဓ- လေးလံထိုင်းမှိုင်းမှု၊ ၄။ ဥဒ္ဓစ္စကုက္ကုစ္စ- ပျံ့လွင့်မှု၊ နောင်တတစ်ဖန် ပူပန်မှု၊ ၅။ ဝိစိကိစ္ဆာ- မဝေခွဲနိုင်မှု။ (သံ၊၁။၁၀၀။) (သံ၊မြန်၊၁။၉၇။)

အလှူခံပုဂ္ဂိုလ် ပြည့်စုံရမည့် အင်္ဂါ ၅ ပါး ၁။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံခြင်း၊ ၂။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၃။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံခြင်း၊ ၄။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကိလေသာမှ လွတ်မြောက်မှု ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၅။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ကိလေသာမှ လွတ်မြောက်မှု ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံခြင်း။ (သံ၊၁။၁၀၀။) (သံ၊မြန်၊၁။၉၇။)

အလှူ စင်ကြယ်ခြင်း ၄ ပါး ၁။ အလှူသည် ဒါယကာကြောင့် စင်ကြယ်၍ အလှူခံပုဂ္ဂိုလ်ကြောင့် မစင်ကြယ်ခြင်း၊ ၂။ အလှူသည် အလှူခံပုဂ္ဂိုလ်ကြောင့် စင်ကြယ်၍ ဒါယကာကြောင့် မစင်ကြယ်ခြင်း၊ ၃။ အလှူသည် ဒါယကာကြောင့်လည်း မစင်ကြယ် အလှူခံပုဂ္ဂိုလ်ကြောင့်လည်း မစင်ကြယ်ခြင်း၊ ၄။ အလှူသည် ဒါယကာကြောင့်လည်း စင်ကြယ်၍ အလှူခံပုဂ္ဂိုလ်ကြောင့်လည်း စင်ကြယ်ခြင်း။ (ဒီ၊၃။၁၉၃။) (အံ၊၁။၃၉၂။) (အဘိ၊က။၄၀၄။) (ဒီ၊မြန်၊ ၃။၂၁၅။) (အံ၊မြန်၊၁။၄၀၆။) (အဘိ၊က၊မြန်၊၂။၃၀၆။)

အလှူပေးရကျိုး ၈ ပါး ၁။ ခတ္တိယ မဟာသာလ စသော လူ့စည်းစိမ်ကို တောင်းတ၍ လှူ၏၊ သီလရှိသူအား ပြည့်စုံခြင်း၊ ၂။ စတုမဟာရာဇ်နတ်တို့၏ အပေါင်းအဖော်ဖြစ်ရန် တောင့်တ၍ လှူ၏၊ သီလရှိသူအား ပြည့်စုံခြင်း၊ ၃။ တာဝတိံသာနတ်တို့၏ အပေါင်းအဖော်ဖြစ်ရန် တောင့်တ၍ လှူ၏၊ သီလရှိသူအား ပြည့်စုံခြင်း၊ ၄။ ယာမာနတ်တို့၏ အပေါင်းအဖော်ဖြစ်ရန် တောင့်တ၍ လှူ၏၊ သီလရှိသူအား ပြည့်စုံခြင်း၊ ၅။ တုသိတာနတ်တို့၏ အပေါင်းအဖော်ဖြစ်ရန် တောင်းတ၍ လှူ၏၊ သီလရှိသူအား ပြည့်စုံခြင်း၊ ၆။ နိမ္မာနရတိနတ်တို့၏ အပေါင်းအဖော်ဖြစ်ရန် တောင်းတ၍ လှူ၏၊ သီလရှိသူအား ပြည့်စုံခြင်း၊ ၇။ ပရိနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအဖော်ဖြစ်ရန် တောင့်တ၍ လှူ၏၊ သီလရှိသူအား ပြည့်စုံခြင်း၊ ၈။ ဗြဟ္မာတို့၏ အပေါင်းအဖော်ဖြစ်ရန် တောင်းတ၍ လှူ၏၊ သီလရှိသူအား ပြည့်စုံခြင်း။ (ဒီ၊၃။၂၁၄။) (ဒီ၊မြန်၊၃။၂၃၇-၂၃၈။)

အလှူ မခေါ်ဝေါ်ထိုက်သော အလှူ ၄ မျိုး ၁။ ဣတ္ထိဒါနံ- မိန်းမ အလှူ၊ ၂။ ဥသဘဒါနံ- နွားလား ဥသဘ အလှူ၊ ၃။ မဇ္ဇဒါနံ- သေရည်အရက် အလှူ၊ ၄။ သမဇ္ဇဒါနံ- ပွဲလမ်းသဘင် အလှူ။ (အံ၊ဋ္ဌ၊၃။၂၇၁။)

အလှူရှင်က တင်းတိမ်ရောင်ရဲစေခြင်းငှာ လွယ်ကူသော ပုဂ္ဂိုလ် ၂ မျိုး ၁။ အလုပ်အကျွေး ဒါယကာထံမှ သင်္ကန်းလျာပုဆိုးကို ရ၍ သင်္ကန်းချုပ်ဆိုးသုံးဆောင်သော နောက်တစ်ဖန် ထပ်လှူပြန်သော်လည်း အလျင်အမြန် လက်မခံသော ပုဂ္ဂိုလ်၊ ၂။ အလုပ်အကျွေး ဒါယကာတို့မှ ရအပ်တိုင်း ရအပ်တိုင်းသော သင်္ကန်းကို မိမိသုံးစွဲသော ပုဂ္ဂိုလ်။ (အဘိ၊ဋ္ဌ၊၃။၅၅။)

အလှူရှင်က တင်းတိမ်ရောင့်ရဲစေခြင်းငှာ မတတ်နိုင်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ အလုပ်အကျွေးတို့သည် ပေးလှူအပ်သော သင်္ကန်းကို မသုံးစွဲဘဲ သိမ်းထားသော ပုဂ္ဂိုလ်၊ ၂။ အလုပ်အကျွေး

http://www.dhammadownload.com

ဒါယကာတို့သည် ပေးလှူ၍ ရတိုင်း ရတိုင်း သင်္ကန်းကို သူတစ်ပါးအား ပေးလိုက်သော ပုဂ္ဂိုလ်။ (အဘိ၊၌၊၃။၅၅။)

အလှူရှင်တို့ တောင့်တအပ်သော သမ္မတ္တိ ၃ မျိုး ၁။ မနုဿသမ္မတ္တိ– လူ့စည်းစိမ်နှင့် ပြည့်စုံခြင်း၊ ၂။ ဒိဗ္ဗသမ္မတ္တိ– နတ်စည်းစိမ်နှင့် ပြည့်စုံခြင်း၊ ၃။ နိဗ္ဗာနသမ္မတ္တိ– နိဗ္ဗာန်စည်းစိမ်နှင့် ပြည့်စုံခြင်း။ (ဒီ၊ဋီ၊၂။၃၃၀။)

အလှူအမျိုးမျိုးကို ခံယူထိုက်သော လက်အုပ်ချီမှု ပြုထိုက်သော လူအပေါင်း၏ လယ်မြေကောင်းသဖွယ် ဖြစ်သော ရဟန်း၏ ပြည့်စုံသော တရား ၁၀ ပါး ၁။ ရဟန္တာ ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော အမြင်နှင့် ပြည့်စုံခြင်း၊ ၂။ ရဟန္တာ ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော အကြံနှင့် ပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော စကားနှင့် ပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော အမှုနှင့် ပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော အသက်မွေးမှုနှင့် ပြည့်စုံခြင်း၊ ၆။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော လုံ့လနှင့် ပြည့်စုံခြင်း၊ ၇။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့်ယှဉ်သော ကောင်းသော သတိနှင့် ပြည့်စုံခြင်း၊ ၈။ ရဟန္တာ ပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော တည်ကြည်ခြင်းနှင့် ပြည့်စုံခြင်း၊ ၉။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော သိခြင်းနှင့် ပြည့်စုံခြင်း၊ ၁၀။ ရဟန္တာပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော အရဟတ္တဖိုလ်နှင့် ယှဉ်သော ကောင်းသော ဝိမုတ္တိနှင့် ပြည့်စုံခြင်း။ (မ၊၂။၁၁၀။) (မ၊မြန်၊၂။၁၁၉။)

အလှူ၏ မျက်မှောက်အကျိုးပေးကြောင်း အင်္ဂါ ၄ ပါး ၁။ တရားသဖြင့် ဖြစ်ပေါ်လာသော လှူဖွယ်ဝတ္ထု ဖြစ်ခြင်း၊ ၂။ ပုဗ္ဗစေတနာ စသည်တို့၏ အစွမ်းဖြင့် စေတနာ၏ ကြီးမြတ်မှု၊ ၃။ ရဟန္တာအဖြစ်ဖြင့် ဂုဏ်ကြီးမြတ်မှု၊ ၄။ ထိုလှူသောနေ့၌ နိရောဓသမာပတ်မှ ထသည်၏ အဖြစ်ဖြင့် ဝတ္ထု၏ ပြည့်စုံမှု။ (မ၊၌၊၄။၂၂၈။) (ဓမ္မ၊၌၊၂။၅၉။) (အဘိ၊၌၊၁။၂၀၆။)

အလှူ သန့်ရှင်း စင်ကြယ်ကြောင်း ၄ ပါး အလှူ၏ မျက်မှောက်အကျိုးပေးကြောင်း အင်္ဂါ ၄ ပါးနှင့် တူသည်။

အလှူ အင်္ဂါ ၆ ပါး ၁။ အလှူရှင် ဒါယကာသည် မလှူမီ ဝမ်းမြောက်ဝမ်းသာ ရှိရခြင်း၊ ၂။ ပေးလှူနေစဉ် အတွင်း၌ စိတ်ကြည်လင်နေရခြင်း၊ ၃။ ပေးလှူပြီးနောက်၌ နှစ်သက်ဝမ်းသာ ရှိရခြင်း၊ ၄။ အလှူခံပုဂ္ဂိုလ်သည် တက်မက်မှု ရာဂကင်းခြင်း (သို့မဟုတ်) ရာဂကင်းအောင် ကျင့်နေသူ ဖြစ်ရခြင်း၊ ၅။ အမျက်ဒေါသကင်းခြင်း (သို့မဟုတ်) ဒေါသ ကင်းအောင် ကျင့်နေသူ ဖြစ်ရခြင်း၊ ၆။ တွေဝေမှု မောဟကင်းခြင်း (သို့မဟုတ်) မောဟ ကင်းအောင် ကျင့်နေသူ ဖြစ်ရခြင်း၊ ဤသို့အားဖြင့် အလှူပေးပုဂ္ဂိုလ်၌ အင်္ဂါသုံးပါး အလှူခံပုဂ္ဂိုလ်၌ အင်္ဂါသုံးပါး ပေါင်း ခြောက်ပါး ဖြစ်သည်။ (အံ၊၂။၂၉၅။) (အံ၊မြန်၊၂။၃၈၀။)

http://www.dhammadownload.com

အဝိဟာဖြဟ္မာဘုံ၌ ဖြစ်ဖြစ်ချင်း ရဟန္တာဖြစ်သော ပုဂ္ဂိုလ် ၇ ဦး ၁။ ဥပက၊ ၂။ ပလဂဏ္ဍ၊ ၃။ ပုက္ကုသာတိ၊ ၄။ ဘဒ္ဒိယ၊ ၅။ ခဏ္ဍဒေဝ၊ ၆။ ဗာဟုရဂ္ဂိ၊ ၇။ သိင်္ဂီယ။ (မ၊ဋ္ဌ၊၂။ဇ၆။) (မ၊ဋ္ဌ၊ ၄။၂၁၇။) (သာရတ္ထ၊ဋီ၊၃။၁၆၆။)

အဝိဟာအနာဂါမ် ၅ မျိုး ၁။ အန္တရာပရိနိဗ္ဗာယီ အနာဂါမ်၊ ၂။ ဥပဟစ္စပရိနိဗ္ဗာယီ အနာဂါမ်၊ ၃။ အသခ်ါရပရိနိဗ္ဗာယီ အနာဂါမ်၊ ၄။ သသခ်ါရပရိနိဗ္ဗာယီ အနာဂါမ်၊ ၅။ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ အနာဂါမ်။ (အတပ္ပါ, သုဒဿာ, သုဒဿီအနာဂါမ်တို့လည်း နည်းတူ)။ (ဣတိဝုတ်၊ဋ္ဌ။၄၈။)

အဝိဇ္ဇာ ၂ မျိုး ၁။ မပြုမကျင့်ခြင်း, မသိခြင်း (အပွဋိပတ္တိ) အဝိဇ္ဇာ၊ ၂။ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော အကျင့် (မိစ္ဆာပဋိပတ္တိ) အဝိဇ္ဇာ။ တစ်နည်း ၁။ သသခ်ါရ အဝိဇ္ဇာ၊ ၂။ အသခ်ါရ အဝိဇ္ဇာ။ (ဝိသုဒ္ဓိ၊၂။၁၆၀။)

အဝိဇ္ဇာက သခ်ါရအား ကျေးဇူးပြုပုံ အခြင်းအရာ ၉ မျိုး ၁။ သခ်ါရတို့၏ တစ်ဘဝ၌ အစစွာ ဖြစ်ကြောင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း၊ ၂။ သခ်ါရတို့၏ စ၍ ဖြစ်ပြီးနောက် ဖြစ်တည်ကြောင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း၊ ၃။ သခ်ါရတို့၏ ဘဝ စသည်တို့၌ အကျိုးကို ပစ်ချကြောင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း၊ ၄။ သခ်ါရတို့၏ မိမိအကျိုး ဖြစ်ဖို့ရန် အားထုတ်ကြောင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း၊ ၅။ သခ်ါရတို့၏ မိမိ အကျိုးနှင့် စပ်ယှဉ်ကြောင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း၊ ၆။ သခ်ါရတို့၏ မိမိကိန်းရာ ခန္ဓာအစဉ်ကို နှောင်ဖွဲ့ကြောင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း၊ ၇။ အခြားအကြောင်းတို့နှင့် ပေါင်းမိလတ်သော် သခ်ါရတို့၏ ဖြစ်ကြောင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း၊ ၈။ သခ်ါရတို့၏ ဇနက အကြောင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း၊ ၉။ သခ်ါရတို့၏ ဥပတ္ထမ္ဘကအကြောင်းသည် ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း(သခ်ါရအစရှိသော အကြောင်းတရားတို့သည် ဝိညာဏ်အစရှိသော အကျိုးတရားတို့အား ကျေးဇူးပြုတတ်ပုံ အခြင်းအရာ၉မျိုးတို့လည်းဤနည်းအတိုင်းသာတည်း)။ (ဒီ၊ဋ္ဌ၊၉၄။) (ဒီ၊ဋ္ဌ၊မြန်၊၁။၁၈၂။)

အဝိဇ္ဇာဒိကနယ စသည်တို့၌ စတုက္က ၄ မျိုး ၁။ ပစ္ဆယစတုက္က၊ ၂။ ဟေတုစတုက္က၊ ၃။ သမ္မယုတ္တစတုက္က၊ ၄။ အညမညစတုက္က။ (အဘိ၊ဋ္ဌ၊၂။၁၉၀။)

အဝိဇ္ဇာ မသိရာဌာန ၈ ပါး ၁။ ဒုက္ခသစ္စာကို မသိခြင်း၊ ၂။ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို မသိခြင်း၊ ၃။ ဒုက္ခချုပ်ငြိမ်းရာ နိရောဓသစ္စာကို မသိခြင်း၊ ၄။ ဒုက္ခချုပ်ငြိမ်းရာ နိဗ္ဗာန် ရောက်ကြောင်း အကျင့် ဖြစ်သော မဂ္ဂသစ္စာကို မသိခြင်း၊ ၅။ ပုဗ္ဗန္တကို မသိခြင်း၊ ၆။ အပရန္တကို မသိခြင်း၊ ၇။ ပုဗ္ဗန္တာပရန္တကို မသိခြင်း၊ ၈။ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို မသိခြင်း။ (ပဋိသံ၊ဋ္ဌ၊ ၁။၁၀၉။)

အဝတ္ထာ ၃ မျိုး ၁။ ဟေတုအဝတ္ထာ၊ ၂။ ဖလအဝတ္ထာ၊ ၃။ သတ္တူပကာရအဝတ္ထာ။ (နေတ္တိ၊ဝိဘာ။၂၁။)

အဝတ်ပုဆိုး လူ့ရက္ကိုး ၈ ပါး ၁။ ခန္ဓာကိုယ်သည် ရွေ့အဆင်းရှိခြင်း၊ ၂။ မြူမှုန်အညစ်ကြေးကင်းခြင်း၊ ၃။ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း၊ ၄။ ဘုန်းတန်ခိုးကြီးမားသူ ဖြစ်ခြင်း၊ ၅။ ခန္ဓာကိုယ် ပြေပြစ်နူးညံ့ခြင်း၊ ၆။ ဖြူသော အဆင်းရှိသော အဝတ်ပုဆိုးတို့ကို ရရှိခြင်း၊ ၇။ ဝါသော အဆင်းရှိသော အဝတ်ပုဆိုးတို့ကို ရရှိခြင်း၊ ၈။ နီသော အဆင်းရှိသော အဝတ်ပုဆိုးတို့ကို ရရှိခြင်း။ (အပ၊၁။၃၅၉။) (အပ၊မြန်၊၁။၃၆၇။)

http://www.dhammadownload.com

အဝတ်ပုဆိုး အပြစ် ၉ မျိုး ၁။ အဝတ်ပုဆိုးသည် အဖိုးများစွာ ထိုက်တန်ခြင်း၊ ၂။ သူတစ်ပါးနှင့် စပ်သည်၏အဖြစ်ဖြင့် ဖြစ်ပေါ်ခြင်း၊ ၃။ သုံးဆောင်သဖြင့် လျင်စွာ ညစ်နွမ်းလွယ်ခြင်း၊ ၄။ သုံးဆောင်သဖြင့် လျင်စွာ ဆွေးမြည့်လွယ်ခြင်း၊ ၅။ နောက်တစ်ဖန် ရှာဖွေခြင်းဖြင့် ဖြစ်နိုင်ခဲခြင်း၊ ၆။ ရသေ့ ရဟန်းအဖြစ်အား မလျောက်ပတ်ခြင်း၊ ၇။ ရန်သူတို့အား ဆက်ဆံနေခြင်း၊ ၈။ သုံးဆောင်သော သူ၏ တန်ဆာဆင်ခြင်း၏ အကြောင်း ဖြစ်ခြင်း၊ ၉။ အဝတ်ပုဆိုးကို ယူ၍ သွားသောသူ၏ ပခုံးဝန်ဖြင့် ကြီးသော အထုပ်အပိုး လိုအပ်ခြင်း။ (အဘိ၊၅၊၁။၃၉။) (အပ၊၅၊၁။၁၁။) (ဗုဒ္ဓဝံ၊၅။၉၈။) (ဇာ၊၅၊၁။၁၀။)

အဝန်းအဝိုင်း ၂ မျိုး ပရိမဏ္ဍလ ၂ မျိုးနှင့် တူသည်။

အဝန်းအဝိုင်း ၃ မျိုး ၁။ မဟာမဏ္ဍလ– ယူဇနာကိုးရာရှိသော ကြီးသော အဝန်းအဝိုင်း၊ ၂။ မဇ္ဈိမမဏ္ဍလ– ယူဇနာ ခြောက်ရာရှိသော အလည်အလတ်ဖြစ်သော အဝန်းအဝိုင်း၊ ၃။ အန္တိမမဏ္ဍလ– ယူဇနာသုံးရာရှိသော ငယ်သော အဝန်းအဝိုင်း။ (ဝိ၊၅၊၁။၁၆၄။)

အသညီဝါဒ ၈ မျိုး (ဥဒ္ဒမာဃာတနိကအသညီဝါဒ ၈ ပါး) ၁။ အတ္တသည် ရုပ်ရှိ၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ သညာမရှိဟု ယူသော အယူ၊ ၂။ အတ္တသည် ရုပ်မရှိ၊ သေပြီးနောက် ပျက်စီးခြင်း မရှိ၊ သညာမရှိဟု ယူသော အယူ၊ ၃။ အတ္တသည် ရုပ်ရှိသည်လည်း ဟုတ်၏၊ ရုပ်မရှိသည်လည်း ဟုတ်၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာ မရှိဟု ယူသော အယူ၊ ၄။ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ် ရုပ်မရှိသည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်း မရှိ သညာမရှိဟု ယူသော အယူ၊ ၅။ အတ္တသည် အဆုံးရှိ၏၊ သေပြီးနောက် ပျက်စီးခြင်း မရှိ သညာမရှိဟု ယူသော အယူ၊ ၆။ အတ္တသည် အဆုံးမရှိ သေပြီးနောက် ပျက်စီးခြင်းမရှိ သညာမရှိဟု ယူသော အယူ၊ ၇။ အတ္တသည် အဆုံးရှိသည်လည်း ဟုတ်၏၊ အဆုံး မရှိသည်လည်း ဟုတ်၏၊ သေပြီးနောက် ပျက်စီးခြင်းမရှိ သညာမရှိဟု ယူသော အယူ၊ ၈။ အတ္တသည် အဆုံးရှိသည်လည်း မဟုတ်၊ အဆုံးမရှိ သည်လည်း မဟုတ်၊ သေပြီးနောက် ပျက်စီးခြင်းမရှိ၊ သညာမရှိဟု ယူသော အယူ၊ (ဒီ၊၁။ ၂၉။) (အဘိ၊၀ိ။၄၀၃။) (ဒီ၊မြန်၊၁။၃၄။) (အဘိ၊၀ိ၊မြန်၊၂။၅၀၉။)

အသပြာ ၃ မျိုး ၁။ ရွှေဖြင့် ပြုလုပ်အပ်သော အသပြာ၊ ၂။ ငွေဖြင့် ပြုလုပ်အပ်သော အသပြာ၊ ၃။ ပင်ကိုယ်ရိုးရာ အသပြာ (ယခုခေတ် အများသုံးစွဲနေသော ငွေစက္ကူ စသော အသပြာ။)။ (ဝိ၊၅၊၂။၂၆၉။)

အသမ္ဘိန္နဓာတ်တော် ၇ ဆူ (ဘုရားရှင်၏ ပြိုကွဲပျက်စီးခြင်းမရှိသော အသမ္ဘိန္နဓာတ်တော် ၇ ဆူ) ၁။ စွယ်တော်မြတ် လေးဆူ၊ ၂။ သင်းကျစ်တော် တစ်ဆူ၊ ၃။ ညှပ်ရိုးတော် နှစ်ဆူ ပေါင်း ၇ ဆူ။ (အပ၊၂၊၃၈၃။) (အပ၊မြန်၊၂။၃၈၃။)

အသမ္ဘိန္နဓာတ်တော် ခုနစ်ဆူတို့ တည်ရာဌာန ၇ မျိုး ၁။ သင်းကျစ်တော်သည် သီဟိုဠ်ကျွန်း၊ ၂။ လက်ဝဲညှပ်ရိုးတော်သည် ဇမ္ဗူပြည်၊ ၃။ လက်ျာညှပ်ရိုးတော်သည် သီဟိုဠ်ကျွန်း၊ ၄။ လက်ျာအထက်စွယ်တော်တစ်ဆူသည် တာဝတိံသာနတ်ပြည်၊ ၅။ လက်ျာအောက်စွယ်တော်တစ်ဆူသည် နဂါးပြည်၊ ၆။ လက်ဝဲအထက် စွယ်တော် တစ်ဆူသည် ဂန္ဓာရတိုင်း၊ ၇။ လက်ဝဲအောက်

http://www.dhammadownload.com

စွယ်တော်တစ်ဆူသည် ကလိင်္ဂမင်း၏ နိုင်ငံတို့၌ အသီးအသီး တည်ရှိ ကြသည်။ (အပ၊၂။၃၈၄။) (အပ၊မြန်၊၂။၃၈၄။)

အသာဆုံး ပုဂ္ဂိုလ် ၄ မျိုး ၁။ အတ္တဘောနှင့် ပြည့်စုံသူတို့တွင် ရာဟုအသုရိန်နတ်သည် အသာဆုံး ဖြစ်သည်၊ ၂။ ကာမဂုဏ်ခံစားသူတို့တွင် မန္ဓတ်မင်းသည် အသာဆုံး ဖြစ်သည်၊ ၃။ အကြီး အမှူးပြုတတ်သော ပုဂ္ဂိုလ်တို့တွင် မာနတ်သည် အသာဆုံး ဖြစ်၏၊ ၄။ နတ်လူလောကဌ် အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားကား အသာဆုံး အမြင့်မြတ်ဆုံး ဖြစ်သည်။ (အံ၊၁။၃၂၄။) (အံ၊မြန်၊၁။၃၄၀။)

အသာဓာရဏာ ဒေသနာနိဒါန်း၂ မျိုး ၁။ အဖျတ္တိက ဒေသနာနိဒါန်း၊ ၂။ ဗာဟိရ ဒေသနာ နိဒါန်း။ (ဒီ၊ဋီ၊၂။၂၇၈။)

အသာဓု တရား ၁၁ ပါး မကောင်းသော တရား ၁၁ ပါးနှင့် တူသည်။

အသားကြီး ၁၀ မျိုး (မအပ်သော အသား) ၁။ လူသား၊ ၂။ ခွေးသား၊ ၃။ မြွေသား၊ ၄။ ခြင်္သေ့သား၊ ၅။ ကျားသား၊ ၆။ ကျားသစ်သား၊ ၇။ ဝံသား၊ ၈။ အောင်းသား၊ ၉။ ဆင်သား၊ ၁၀။ မြင်းသား။ (ဝိ၊၆၊၂။၂၉၂။)

အသုညကမ္မာ ၅ မျိုး ၁။ ဘုရားရှင်တစ်ဆူ ပွင့်ထွန်းသော ကပ်ကမ္ဘာသည် သာရကပ်ကမ္ဘာ၊ ၂။ ဘုရားရှင်နှစ်ဆူ ပွင့်ထွန်းသော ကပ်ကမ္ဘာသည် မဏ္ဍကပ်ကမ္ဘာ၊ ၃။ ဘုရားရှင်သုံးဆူ ပွင့်ထွန်းသော ကပ်ကမ္ဘာသည် ဝရကပ်ကမ္ဘာ၊ ၄။ ဘုရားရှင်လေးဆူ ပွင့်ထွန်းသော ကပ်ကမ္ဘာသည် သာရမဏ္ဍကပ်ကမ္ဘာ၊ ၅။ ဘုရားရှင်ငါးဆူ ပွင့်ထွန်းသော ကပ်ကမ္ဘာသည် ဘဒ္ဒကပ်ကမ္ဘာ။ (ဗုဒ္ဓဝံ၊၆။၂၂၇။)

အသုဘ ၁၀ မျိုး ၁။ ဥဒ္ဓုမာတကအသုဘ– သေပြီးနောက် ဖူးရောင်နေသော အလောင်းကောင်၊ ၂။ ဝိနီလကအသုဘ– အဖြူအနီ စသည်ဖြင့် ရောနှောလျက် များသောအားဖြင့် ညိုမဲနေသော အလောင်းကောင်၊ ၃။ ဝိပုဗ္ဗကအသုဘ– ပြည်ပုပ်များ ယိုစီးနေသော အလောင်းကောင်၊ ၄။ ဝိစ္ဆိဒ္ဒကအသုဘ– အလည်၌ နှစ်ပိုင်းပြတ်နေသော အလောင်းကောင်၊ ၅။ ဝိက္ခာယိတကအသုဘ– အိမ်ခွေးတောခွေး စသည်တို့ အမျိုးမျိုးအဖုံဖုံ ခဲစားထားသော အလောင်းကောင်၊ ၆။ ဝိက္ခိတ္တကအသုဘ– ခွေးမြေခွေး စသည်တို့သည် အမျိုးမျိုးအဖုံဖုံ ကိုက်ဖြတ်၍ ထိုထို အရပ်၌ ပစ်လွှင့်အပ်သော အလောင်းကောင်၊ ၇။ ဟတဝိက္ခိတ္တကအသုဘ– ကျီးခြေသဏ္ဌာန် အစရှိသော အခြင်းအရာအားဖြင့် ဓားဖြင့် ခုတ်ဖြတ်၍ အမျိုးမျိုးအဖုံဖုံ ပစ်လွှင့်အပ်သော အလောင်းကောင်၊ ၈။ လောဟိတက အသုဘ– သွေးများယို စီးကျနေသော အလောင်းကောင်၊ ၉။ ပုဠုဝက အသုဘ– ပိုးလောက်များ တဖွားဖွား ကျနေသော အလောင်းကောင်၊ ၁၀။ အဋ္ဌိက အသုဘ– အရိုးစုမျှသာ ရှိသော အလောင်းကောင်။ (ဝိသုဒ္ဓိ၊၁။၁၀၇၊၁၇၃။) (သာရတ္ထ၊ဋီ၊၂။၂၀၃။)

အသုဘကမ္မဋ္ဌာန်း ရှုမှတ်ရာ၌ မှတ်ယူထားရမည့် နိမိတ် ၅ မျိုး ၁။ အလောင်းကောင်၏ ပခုံး တစ်တောင်ဆစ် လက်ကောက်ဝတ် စသော အဆက်အစပ်တို့ကို မှတ်သားခြင်း၊ ၂။ လက်အကြား၊ ခြေထောက်အကြား စသော အကြားတို့ကို မှတ်သားခြင်း၊ ၃။ မျက်တွင်း

http://www.dhammadownload.com

ခံတွင်း စသော နိမ့်ရာအရပ်တို့ကို မှတ်သားခြင်း၊ ၄။ နဖူး ပုဆစ် ဒူးဝန်း စသော မြင့်ရာ အရပ်တို့ကို မှတ်သားခြင်း၊ ၅။ အလုံးစုံသော အလောင်းကောင်ကို ထက်ဝန်းကျင်မှ မှတ်သားခြင်း။ (ဝိသုဒ္ဓိ၊၁။၁၇၉။)

အသုဘကမ္မဋ္ဌာန်း ရှုမှတ်ရာ၌ မှတ်သားထားရမည့် နိမိတ် ၆ မျိုး ၁။ အလောင်းကောင်၏ အဖြူ အမဲ စသော အဆင်းကို မှတ်သားခြင်း၊ ၂။ ပထမအရွယ် အလောင်းကောင် ဒုတိယအရွယ် အလောင်းကောင် စသည်ဖြင့် အသွင်ကို မှတ်သားခြင်း၊ ၃။ အလောင်းကောင်၏ ဦးခေါင်း လက် ခြေ ဝမ်းဗိုက် စသော သဏ္ဌာန်ကို မှတ်သားခြင်း၊ ၄။ အလောင်းကောင်၌ ချက်၏ အောက်ဘက်အရပ်နှင့် အထက်ဘက်အရပ်တို့ကို မှတ်သားခြင်း၊ ၅။ ဤနေရာ၌ လက်ရှိသည် ဤနေရာ၌ ခြေရှိသည် စသည်ဖြင့် အရပ်ဌာနကို မှတ်သားခြင်း၊ ၆။ ဤအလောင်းကောင်ကို အောက်၌ ခြေဖျားအဆုံး အထက်၌ ဆံပင်အဆုံး အရေဖြင့် ပိုင်းခြားအပ်၏၊ ထိုအပိုင်းအခြား အတွင်း၌ သုံးဆယ့်နှစ်မျိုးသော အကောင်ပုပ်တို့ဖြင့် ပြည့်နေသည်သာတည်းဟု အပိုင်းအခြားကို မှတ်သားရခြင်း။ (ဝိသုဒ္ဓိ၊၁။၁၇၉။)

အသုရာနတ်ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ အသုရာဖြစ်၍ အသုရာအခြံအရံရှိသော ပုဂ္ဂိုလ်၊ ၂။ အသုရာဖြစ်၍ နတ်အခြံအရံရှိသော ပုဂ္ဂိုလ်၊ ၃။ နတ်ဖြစ်၍ အသုရာအခြံအရံရှိသော ပုဂ္ဂိုလ်၊ ၄။ နတ်ဖြစ်၍ နတ်အခြံအရံရှိသော ပုဂ္ဂိုလ်။ (အံ၊၁။၄၀၃။) (အံ၊မြန်၊၁။၄၁၇။)

အသုရာပြည်နှင့် တာဝတိံသာနတ်ပြည်တို့အကြားအရပ်၌ သိကြားမင်း ချအပ်ခဲ့သော အစောင့်အရှောက် ၅ ဌာန ၁။ မြင်းမိုရ်တောင်၏ ပထမအဆင့်၌ နဂါးအစောင့်အရှောက်၊ ၂။ မြင်းမိုရ်တောင်၏ ဒုတိယအဆင့်၌ ဂဠုန်အစောင့်အရှောက်၊ ၃။ မြင်းမိုရ်တောင်၏ တတိယအဆင့်၌ ကုမ္ဘဏ်ဘီလူးအစောင့်အရှောက်၊ ၄။ မြင်းမိုရ်တောင်၏ စတုတ္ထအဆင့်၌ စစ်သွေးကြွ ဘီလူး အစောင့်အရှောက်၊ ၅။ မြင်းမိုရ်တောင်၏ ပဉ္စမအဆင့်၌ နတ်မင်းကြီး လေးယောက် အစောင့် အရှောက်။ (သာရတ္ထ၊ဋီ၊၁။၂၇၁။)

အသံ ၇ မျိုး ၁။ ဥသဘအသံ= နွားတို့ တွန်မြည်သော အသံ၊ ၂။ ဆဇ္ဇအသံ= ဥဒေါင်းတို့ တွန်မြည်သော အသံ၊ ၃။ ဂန္ဓာရအသံ= ဆိတ်တို့ အော်မြည်သော အသံ၊ ၄။ မဇ္ဈိမအသံ= ကြိုးကြာတို့ တွန်မြည်သော အသံ၊ ၅။ ပဉ္စမအသံ= ကြိုးကြာတို့ တွန်မြည်သော အသံ၊ ၆။ ဓေဝတ အသံ= မြင်းတို့ အော်မြည်သော အသံ (ဟီသောအသံ)၊ ၇။ နိသာဒအသံ= ဆင်တို့ အော်မြည်သော အသံ။ (အံ၊ဋီ၊၃။၁၂၀။) (ဒီ၊ဋီ၊၂။၂၄၇။)

အသံတော် အင်္ဂါ ၈ ပါး (ဘုရားအသံတော်၏ အင်္ဂါ ၈ ပါး) ၁။ သန့်ရှင်းခြင်း (ဝိသဒ္ဒ)၊ ၂။ သိလွယ်ခြင်း (ဝိညေယျ)၊ ၃။ သာယာခြင်း (မဉ္ဇု)၊ ၄။ နားချမ်းသာခြင်း (သဝနီယ)၊ ၅။ တစ်ခဲနက် တစ်လုံးတစ်ခဲဖြစ်ခြင်း (ဗိန္ဒု)၊ ၆။ မပြန့်ကြဲခြင်း (အဝိသာရီ)၊ ၇။ နက်နဲခြင်း (ဂမ္ဘီရ)၊ ၈။ ပဲ့တင်ထပ်ခြင်း (နိန္နာဒီ) ။ (မဟာနိ။၃၅၃။)

အသံ လှူရကျိုး ၃ ပါး ၁။ သူတော်ကောင်းတရား၌ (သဒ္ဓမ္မသုံးဖြာ သာသနာ၌) ထောက်တည်ရာကို ရရှိခြင်း၊ ၂။ ဒုတိယဘဝကို အောက်မေ့နိုင်, သတိရနိုင်, မှတ်မိနိုင်သူ ဖြစ်ခြင်း၊ ၃။ ကောင်းသော အသားအရေ ရှိခြင်း။ (အပ၊၁။၃၆၂။) (အပ၊မြန်၊၁။၃၇၀။)

http://www.dhammadownload.com

အသံဝရ ၈ ပါး ၁။ စက္ခုအသံဝရ– စက္ခုဒွါရ၌ ဖြစ်သော မစောင့်စည်းခြင်း၊ ၂။ သောတ အသံဝရ– သောတဒွါရ၌ ဖြစ်သော မစောင့်စည်းခြင်း၊ ၃။ ဃာနအသံဝရ– ဃာနဒွါရ၌ ဖြစ်သော မစောင့်စည်းခြင်း၊ ၄။ ဇိဝှာအသံဝရ– ဇိဝှာဒွါရ၌ ဖြစ်သော မစောင့်စည်းခြင်း၊ ၅။ ပသာဒကာယ အသံဝရ– ပသာဒကာယ၌ ဖြစ်သော မစောင့်စည်းခြင်း၊ ၆။ စောပန ကာယအသံဝရ– စောပနကာယ၌ ဖြစ်သော မစောင့်စည်းခြင်း၊ ၇။ ဝါစာအသံဝရ– ဝစီဒွါရ၌ ဖြစ်သော မစောင့်စည်းခြင်း၊ ၈။ မနောအသံဝရ– မနောဒွါရ၌ ဖြစ်သော မစောင့် စည်းခြင်း။ (အဘိ၊ဌ၊ ၁။၁၃၈။)

အသံဝရ ၅ ပါး ၁။ မယုံကြည်ခြင်း၊ ၂။ သည်းမခံခြင်း၊ ၃။ ပျင်းရိခြင်း၊ ၄။ သတိလွတ်ခြင်း၊ ၅။ မသိခြင်း။ (ဓမ္မ၊ဌ၊၂။၃၅၉။)

အသံဝရဒွါရ ၈ ပါး ၁။ စက္ခုတည်းဟူသော အသံဝရဒွါရ၊ ၂။ သောတတည်းဟူသော အသံဝရဒွါရ၊ ၃။ ဃာနတည်းဟူသော အသံဝရဒွါရ၊ ၄။ ဇိဝှာတည်းဟူသော အသံဝရဒွါရ၊ ၅။ ပသာဒ ကာယတည်းဟူသော အသံဝရဒွါရ၊ ၆။ စောပနကာယတည်းဟူသော အသံဝရ ဒွါရ၊ ၇။ ဝါစာတည်းဟူသော အသံဝရဒွါရ၊ ၈။ မနတည်းဟူသော အသံဝရဒွါရ။ (ဓမ္မ၊ဌ၊၂။၃၅၉။) (အဘိ၊ဌ၊၁။၁၃၉။)

အသံဝရ အရ တရား ၅ မျိုး ၁။ သီလမရှိသူ၏ အဖြစ်၊ ၂။ သတိလွတ်သူ၏ အဖြစ်၊ ၃။ ဉာဏ်၏ ဆန့်ကျင်ဘက် မောဟ၊ ၄။ အချမ်း, အပူ စသည်တို့၌ သည်းမခံနိုင်ခြင်း၊ ၅။ ပျင်းရိသော သူ၏ အဖြစ်။ (အဘိ၊ဌ၊၁။၁၃၈။)

အသံအပေါင်း ၃ ပါး ၁။ ဆဇ္ဇဂါမ– ဆဇ္ဇမည်သော အသံအပေါင်း၊ ၂။ မဇ္ဇိမဂါမ– မဇ္ဇိမ မည်သော အသံအပေါင်း၊ ၃။ သာဓာရဏဂါမ– သာဓာရဏမည်သော အသံအပေါင်း။ (ဒီ၊ဋီ၊၂။၂၄၇။) (အံ၊ဋီ၊၃။၁၂၀။)

အသက်ကြီးသူ, သီလ စသော ဂုဏ်ကြီးသူတို့အား ရိုသေခြင်း လေးစားခြင်း ရှိခိုး ခြင်းကြောင့် ရရှိသော အကျိုး ၄ မျိုး ၁။ အသက်ရှည်ခြင်း၊ ၂။ အဆင်းလှခြင်း၊ ၃။ ချမ်းသာမှု ရရှိခြင်း၊ ၄။ စွမ်းအားရှိခြင်း။ (သာရတ္ထ၊ဋီ၊၁။၄။)

အသက်တခြား ကိုယ်တခြားဟု အည် ဇီဝံ အည် သရီရံ ဒိဋ္ဌိကို ဖြစ်စေသော တရား ၅ ပါး ၁။ ရုပ်ကို အမှား နှလုံးသွင်းသောကြောင့် အသက်လိပ်ပြာ တစ်ခြား ကိုယ်တစ်ခြားဟူသော (အည် ဇီဝံ အည် သရီရံ) ဒိဋ္ဌိ ဖြစ်၏၊ ၂။ ဝေဒနာကို အမှား နှလုံးသွင်းသောကြောင့် အသက် လိပ်ပြာ တစ်ခြား ကိုယ်တစ်ခြား ဟူသော (အည် ဇီဝံ အည် သရီရံ) ဒိဋ္ဌိ ဖြစ်၏၊ ၃။ သညာကို အမှား နှလုံးသွင်းသောကြောင့် အသက်လိပ်ပြာ တစ်ခြား ကိုယ်တစ်ခြား ဟူသော (အည် ဇီဝံ အည် သရီရံ) ဒိဋ္ဌိ ဖြစ်၏၊ ၄။ သင်္ခါရကို အမှား နှလုံးသွင်းသောကြောင့် အသက် လိပ်ပြာ တစ်ခြား ကိုယ်တစ်ခြားဟူသော (အည် ဇီဝံ အည် သရီရံ) ဒိဋ္ဌိ ဖြစ်၏၊ ၅။ ဝိညာဏ်ကို အမှား နှလုံးသွင်းသောကြောင့် အသက်လိပ်ပြာ တစ်ခြား ကိုယ်တစ်ခြား ဟူသော (အည် ဇီဝံ အည် သရီရံ) ဒိဋ္ဌိ ဖြစ်၏။ (သံ၊၂။၁၇၆။) (သံ၊မြန်၊၂။၁၆၈)

http://www.dhammadownload.com

အသက်တိုကြောင်း ၂ ပါး ၁။ နဲ့နေးသောဌိတိလက္ခဏာရှိခြင်းကြောင့် အသက်နည်း၏၊ ၂။ နည်းသော ကိစ္စရသ သမ္ပတ္တိရသ ရှိခြင်းကြောင့် အသက်နည်း၏။ (မဟာနိ။၃၂။) (မဟာနိ။၉၀။)

အသက်တိုကြောင်း တရား ၅ ပါး ၁။ မလျောက်ပတ်သည်ကို ပြုလုပ်လေ့ရှိခြင်း၊ ၂။ လျောက်ပတ်သည်၌ အတိုင်းအရှည်ကို မသိတတ်ခြင်း၊ ၃။ ကြေကျက်မလွယ်သော အစာကို စားလေ့ ရှိခြင်း၊ ၄။ အချိန်မဟုတ်သည်၌ သွားလာတတ်ခြင်း၊ ၅။ မမြတ်သော (မေထုန်) အကျင့်ကို ကျင့်လေ့ ရှိခြင်း။ (အံ၊၂။၁၂၈။) (အံ၊မြန်၊၂။၁၅၈- ၁၅၉။)

အသက်တမ်း ခြောက်သောင်း၌ ဖြစ်ပေါ်သော အနာရောဂါ ၆ မျိုး ၁။ ချမ်းအေးခြင်း အနာရောဂါ၊ ၂။ ပူအိုက်ခြင်း အနာရောဂါ၊ ၃။ ဆာလောင်ခြင်း အနာရောဂါ၊ ၄။ မွတ်သိပ်ခြင်း အနာရောဂါ၊ ၅။ ကျင်ကြီးစွန့်ခြင်း အနာရောဂါ၊ ၆။ ကျင့်ဝယ်စွန့်လိုခြင်း အနာရောဂါ။ (အံ၊၂။၅၀၃။) (အံ၊မြန်၊ ၂။၆၂၇။)

အသက်နှင့် ဆက်စပ်နေသော အရာ ၆ မျိုး ၁။ ထွက်သက်၊ ၂။ ဝင်သက်၊ ၃။ မဟာဘုတ်လေးပါး၊ ၄။ အလုတ်အလွေးပြုအပ်သော အစာအာဟာရ၊ ၅။ ကမ္မဇတေဇောဓာတ်၊ ၆။ ဝိညာဏ်။ (သုတ္တနိ၊၄၊၂။၁၇၈။)

အသက်မွေးမှု ဟူသော အကြောင်းရင်းကြောင့် ပညတ်အပ်သော အာပတ်, သိက္ခာပုဒ် ၆ မျိုး ၁။ အသက်မွေးမှုဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှုဟူသော အထောက်အပံ့ အကြောင်းကြောင့် အလိုဆိုးသည်ဖြစ်၍ အလိုဆိုးသည် နှိပ်စက်အပ်သည်ဖြစ်၍ ထင်ရှား မရှိသော မဟုတ်မမှန်သော လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်သော ဈာန် မဂ်ဖိုလ် တရားကို ဝါကြွား၍ ပြောဆိုအံ့၊ ပါရာဇိကအာပတ်, ဥတ္တရိမနုဿဓမ္မ ပါရာဇိကသိက္ခာပုဒ်၊ ၂။ အသက်မွေးမှုဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှုဟူသော အထောက်အပံ့ အကြောင်းကြောင့် အောင်သွယ်မှုကို ပြုအံ့၊ သံဃာဒိသေသ်အာပတ်, သဉ္စရိတ္တ သံဃာဒိသေသ် သိက္ခာပုဒ်၊ ၃။ အသက်မွေးမှုဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှု ဟူသော အထောက်အပံ့ အကြောင်းကြောင့် "အကြင်ရဟန်းသည် သင်၏ ကျောင်း၌ နေ၏၊ ထိုရဟန်းသည် ရဟန္တာတည်း"ဟု ပြောဆိုအံ့၊ အပြောခံရသူ သိမှု ထုလ္လစ္စဉ်းအာပတ်, ဥတ္တရိမနုဿဓမ္မ သိက္ခာပုဒ်၊ ၄။ အသက်မွေးမှုဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှု ဟူသော အထောက်အပံ့ အကြောင်းကြောင့် ရဟန်းယောကျ်ားသည် မွန်မြတ်သော ဘောဇဉ် တို့ကို မိမိ၏ အကျိုးငှာ တောင်း၍ စားအံ့၊ ပါစိတ်အာပတ်, ပဏီတဘောဇန သိက္ခာပုဒ်၊ ၅။ အသက်မွေးမှုဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှုဟူသော အထောက်အပံ့ အကြောင်းကြောင့် ရဟန်းမသည် မွန်မြတ်သော ဘောဇဉ်တို့ကို မိမိ၏ အကျိုးငှာ တောင်း၍ စားအံ့၊ ပါဠိဒေသနီအာပတ်, ဥဒ်းသိက္ခာပုဒ်၊ ၆။ အသက်မွေးမှုဟူသော အကြောင်းရင်းကြောင့် အသက်မွေးမှုဟူသော အထောက်အပံ့အကြောင်းကြောင့် ဟင်းကိုလည်းကောင်း ထမင်းကို လည်းကောင်း မနာမဖျားဘဲ မိမိ၏ အကျိုးငှာ တောင်းစားအံ့၊ ဒုက္ကဋ်အာပတ်, သူပေါဒန ဝိညတ္တိ သိက္ခာပုဒ်။ (ဝိသုဒ္ဓိ၊၁။၂၂။) (သာရတ္ထ၊ဋီ၊၂။၃၅၀။)

အသက်မွေးဝမ်းကျောင်း အတတ်ပညာရှင် ၂၄ မျိုး ၁။ ဟတ္ထာရောဟာ- ဆင်စီးသူရဲ, ဆင်ဆရာ, ဆင်ထိန်း၊ ၂။ အဿာရောဟာ- မြင်းစီးသူရဲ, မြင်းဆရာ, မြင်းထိန်း၊ ၃။ ရထိကာ- ရထားစီးသူရဲ,

http://www.dhammadownload.com

ရထားဆရာ, ရထားထိန်း၊ ၄။ ဓနုဂ္ဂဟာ– လေးသည်တော်, လေးဆရာ၊ ၅။ စေလကာ– အလံကိုင်စစ်သား၊ ၆။ စလကာ– စစ်ဆင်တတ်သော စစ်သူကြီး၊ ၇။ ပိဏ္ဍာဒါယကာ– ရန်သူ၏ ဦးခေါင်းကို ဖြတ်ယူခုန်ထွက်တတ်သော သူရဲ၊ ၈။ ဥဂ္ဂါရာဇပုတ္တာ– စစ်တိုက်ရာတွင် ထင်ပေါ် ကျော်ကြားသော မင်းသား၊ ၉။ ပက္ခန္ဒိနော– တစ်ဖက် စစ်တပ်သို့ ပြေးဝင်၍ အလိုရှိသော ဦးခေါင်း, လက်နက်တို့ကို ဖြတ်ယူနိုင်သော သူရဲ၊ ၁၀။ မဟာနာဂါ– ဆင်ပြောင်ကြီးအလား နောက်မဆုတ်သော စစ်သား၊ ၁၁။ သူရာ– စစ်ဝတ်တန်ဆာနှင့်တကွ သမုဒ္ဒရာတစ်ဖက်သို့ ကူးနိုင်သော သူရဲ၊ ၁၂။ စမ္မယောဓိနော– သားရေ, သင်တိုင်းကို ဝတ်၍ စစ်တိုက်တတ်သော သူရဲ၊ ၁၃။ ဒါသိကပုတ္တာ– အိမ်ကျွန်မ၏ သားဖြစ်သော စစ်သား၊ ၁၄။ အာဠာရိကာ– မုန့်လုပ်ခြင်း, ထမင်းချက်အလုပ်ဖြင့် အသက်မွေးသူ၊ ၁၅။ ကပ္ပကာ– ဆေတွာသည် အလုပ်ဖြင့် အသက်မွေးသူ၊ ၁၆။ သူဒါ– စဖိုသည် ဟင်းချက် သမား၊ ၁၇။ မာလကာရာ– ပန်းစိုက်သမား ပန်းသည်၊ ၁၈။ ရဇကာ– ခဝါသည်၊ ၁၉။ ပေသကာရာ– ယက်ကန်းသည်၊ ၂၀။ နာပကာ– အဖိုးအခ ယူ၍ ရေချိုးပေးသူ၊ ၂၁။ နဠကာရာ– ကျူထရံသည်၊ ၂၂။ ကုမ္ဘကာရာ– အိုးထိန်းသည်၊ ၂၃။ ဂဏကာ– ဂဏန်းအတတ်ကို တတ်သူ၊ ၂၄။ မုဒ္ဒိကာ– လက်ချောင်းချိုး၍ ရေတွက်တတ်သူ။ (ဒီ၊၁။၄၈။) (ဒီ၊မြန်၊၁။၅၇။)

အသက်ရှည်ကြောင်း တရား ၅ ပါး ၁။ လျောက်ပတ်သည်ကို ပြုလုပ်လေ့ရှိခြင်း၊ ၂။ လျောက်ပတ်သည်၌ အတိုင်းအရှည်ကို သိတတ်ခြင်း၊ ၃။ ကြေကျက်လွယ်သော အစာကို စားလေ့ရှိခြင်း၊ ၄။ အချိန်အခါ၌ သွားလာတတ်ခြင်း၊ ၅။ မြတ်သော အကျင့်ကို ကျင့်ခြင်း။ (အံ၊၂။၁၂၈။) (အံ၊မြန်၊၂။၁၅၈–၁၅၉။)

အသက် ရှည်ကြောင်း တိုကြောင်း ၂ မျိုး ၁။ ဥတုကြောင့်၊ ၂။ အစားအစာကြောင့်။ (ဒီ၊၌၊ ၂။၇။) (ဒီ၊၌၊မြန်၊၂။၁၂။)

အသက်ရှည်ခြင်းကြောင့် မာန်ယစ်ပုံ ၆ မျိုး ၁။ ငါသည် ကြာမြင့်စွာ အသက်ရှင်ခဲ့ပြီ၊ ၂။ ငါသည် ကြာမြင့်စွာ အသက်ရှင်ဆဲ၊ ၃။ ငါသည် ကြာမြင့်စွာ အသက်ရှင်လတ္တံ့၊ ၄။ ငါသည် ချမ်းသာစွာ အသက်ရှင်ခဲ့ပြီ၊ ၅။ ငါသည် ချမ်းသာစွာ အသက်ရှင်ဆဲ၊ ၆။ ငါသည် ချမ်းသာစွာ အသက်ရှင်လတ္တံ့။ (သီ၊ဋီ၊သစ်၊၁။၁၇၉။)

အသက် ၁၂၀ ရှည်သော ပုဂ္ဂိုလ် ၆ ဦး ၁။ မဟာကဿပမထေရ်၊ ၂။ အာနန္ဒမထေရ်၊ ၃။ ပေါက္ခရသာတိပုဏ္ဏား၊ ၄။ ဗြဟ္မာယုပုဏ္ဏား၊ ၅။ ဇာဝရိယပုဏ္ဏား၊ ၆။ ဝိသာခါကျောင်းအစ်မ။ (အံ၊ဋီ၊၃။ ၁၉၇။)

အသေကွဓမ္မ ၁၀ မျိုး ၁။ အသေကွဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်တို့၏ သမ္မာဒိဋ္ဌိ၊ ၂။ အသေကွဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်တို့၏ သမ္မာသင်္ကပ္ပ၊ ၃။ အသေကွဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့၏ သမ္မာဝါစာ၊ ၄။ အသေကွဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်တို့၏ သမ္မာကမ္မန္တ၊ ၅။ အသေကွဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်တို့၏ သမ္မာအာဇီဝ၊ ၆။ အသေကွဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်တို့၏ သမ္မာဝါယာမ၊ ၇။ အသေကွဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်

http://www.dhammadownload.com

တို့၏ သမ္မာသတိ၊ ၈။ အသေက္ခဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်တို့၏ သမ္မာသမာဓိ၊ ၉။ အသေက္ခဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်တို့၏ သမ္မာဉာဏ၊ ၁၀။ အသေက္ခဖြစ်သော ဘုရား, ရဟန္တာ, ပစ္စေကဗုဒ္ဓါ ပုဂ္ဂိုလ်တို့၏ သမ္မာဝိမုတ္တိ။ (သာရတ္ထ၊ ဋီ၊၃။၂၂၃။)

အသေက္ခပုဂ္ဂိုလ်၏ ဥစ္စာ ၁၀ မျိုး ၁။ မှန်ကန်သော အမြင်၊ ၂။ မှန်ကန်သော အကြံအစည်၊ ၃။ မှန်ကန်သော စကား၊ ၄။ မှန်ကန်သော အလုပ်၊ ၅။ မှန်ကန်သော အသက်မွေးမှု၊ ၆။ မှန်ကန်သော အားထုတ်မှု၊ ၇။ မှန်ကန်သော အောက်မေ့မှု၊ ၈။ မှန်ကန်သော တည်ကြည်မှု၊ ၉။ မှန်ကန်သော ဉာဏ်၊ ၁၀။ မှန်ကန်သော လွတ်မြောက်မှု။ (အံ၊၃။၄၃၆။) (အံ၊မြန်၊၃။၄၂၉။)

အသေက္ခဘာဂိယပုဂ္ဂိုလ် ၉ ယောက် ၁။ သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊ ၂။ ပညာဝိမုတ္တပုဂ္ဂိုလ်၊ ၃။ သုညတဝိမုတ္တပုဂ္ဂိုလ်၊ ၄။ အနိမိတ္တဝိမုတ္တပုဂ္ဂိုလ်၊ ၅။ အပ္ပဏိဟိတဝိမုတ္တပုဂ္ဂိုလ်၊ ၆။ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်၊ ၇။ (အာသဝေါကုန်ခြင်းနှင့် အသက်ကုန်ခြင်းတို့ မရွေးမနှောင်း ဖြစ်သော ပုဂ္ဂိုလ်) သမယဝိမုတ္တပုဂ္ဂိုလ်၊ ၈။ ပစ္စေကဗုဒ္ဓါ၊ ၉။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်။ (နေတ္တိ၊ဋ္ဌ။၁၆၄။)

အသေက္ခရဟန္တာရတနာ ၂ မျိုး ၁။ သုက္ခဝိပဿက အသေက္ခရဟန္တာရတနာ၊ ၂။ သမထယာနိက အသေက္ခရဟန္တာရတနာ။ (ခုဒ္ဒက၊ဋ္ဌ။၁၄၉။) (သုတ္တနိ၊ဋ္ဌ၊၁။၂၇၈။)

အသခ်ံတတရား၏ လက္ခဏာ ၃ မျိုး ၁။ ဖြစ်ခြင်း ဥပါဒ်လက္ခဏာ မထင်ရှားခြင်း၊ ၂။ ပျက်ခြင်း ဘင်္ဂလက္ခဏာ မထင်ရှားခြင်း၊ ၃။ ဥပါဒ်အခိုက်အတန့်, ပြောင်းလဲခြင်း၏ ဌီလက္ခဏာ မထင်ရှားခြင်း။ (အံ၊၁။၁၅၀။) (အံ၊မြန်၊၁။၁၆၉။)

အသခ်ံတဓာတ် ၃ ပါး ၁။ ရာဂကွယ်- ရာဂကုန်ခြင်းသဘော၊ ၂။ ဒေါသကွယ်-ဒေါသကုန်ခြင်းသဘော၊ ၃။ မောဟကွယ်- မောဟကုန်ခြင်းသဘော။ (အဘိ၊ဝိ။၉၂။) (အဘိ၊ဝိ၊မြန်၊၁။၃၁၉။)

အသရေ်ယျ ၄ မျိုး ၁။ သတ္တနိကာယ- သတ္တဝါအပေါင်း၊ ၂။ အာကာသ- ကောင်းကင်၊ ၃။ စက္ကဝဠ- အဆုံးအပိုင်းအခြား မရှိသော စကြာဝဠာ၊ ၄။ ဗုဒ္ဓဉာဏ်- မနှိုင်းယှဉ်အပ်သော ဘုရားရှင်၏ ဉာဏ်တော်။ (အပ၊၂။၃၀၅။) (ဗုဒ္ဓဝံ၊မြန်။၂၉၉။)

အသဒ္ဓမ္မ ၇ ပါး သူယုတ်မာတို့၏ တရား ၇ ပါး၊ မသူတော်တရား ၇ ပါးနှင့် တူသည်။

အသဿတဒိဋ္ဌိ ဖြစ်စေသော တရား ၅ ပါး ၁။ ရုပ်ကို အမှား နှလုံးသွင်းသောကြောင့် အသဿတဒိဋ္ဌိအယူ ဖြစ်၏၊ ၂။ ဝေဒနာကို အမှားနှလုံးသွင်းသောကြောင့် အသဿတဒိဋ္ဌိအယူ ဖြစ်၏၊ ၃။ သညာကို အမှား နှလုံးသွင်းသောကြောင့် အသဿတဒိဋ္ဌိ အယူ ဖြစ်၏၊ ၄။ သင်္ခါရကို အမှား နှလုံးသွင်းသောကြောင့် အသဿတဒိဋ္ဌိ အယူ ဖြစ်၏၊ ၅။ ဝိညာဏ်ကို အမှား နှလုံးသွင်းသောကြောင့် အသဿတဒိဋ္ဌိ အယူ ဖြစ်၏။ (သံ၊၃။၁၇၅။) (သံ၊မြန်၊၃။၁၆၆)

အသွင်သဏ္ဌာန် ၂ မျိုး ၁။ ကဲ့ရဲ့ရွှတ်ချအပ်သော မည်းလွန်း, ဖြူလွန်း, တိုလွန်း ရှည်လွန်း စသော ယုတ်ညံ့သော အသွင်သဏ္ဌာန်၊ ၂။ မကဲ့ရဲ့ မရွှတ်ချအပ်သော မရှည်လွန်း မတိုလွန်း စသော မြင့်မြတ်သော အသွင်သဏ္ဌာန်။ (ဝိ၊၃။၉။) (ဝိ၊မြန်၊၃။၁၁။)

http://www.dhammadownload.com

အသဲချေယျကပ် ၄ မျိုး ၁။ သံဝဋ္ဌကပ်– ကမ္ဘာကြီး ပျက်စီးနေဆဲဖြစ်သော ကပ်၊ ၂။ သံဝဋ္ဌဌာယီကပ်– ပျက်ပြီးနောက် အပျက်အတိုင်း တည်နေသော ကပ်၊ ၃။ ဝိဝဋ္ဌကပ်– ကမ္ဘာကြီး ဖြစ်ဆဲ, အဆောက်အဦစသည် တိုးပွားနေဆဲဖြစ်သော ကပ်၊ ၄။ ဝိဝဋ္ဌဌာယီကပ်– ဖြစ်ပြီး နောက် ဖြစ်ပြီးအတိုင်း တည်နေသော ကပ်။ (အံ၊၁။၄၆၀။) (ဝိ၊ဌ၊၁။၁၂၈။) (ဣတိဝုတ်၊ဌ။၂၉၈။) (စရိယာ၊ဌ။၁၁။) (ဝိသုဒ္ဓိ၊၂။၄၄။) (အံ၊မြန်၊၁။၄၇၃။)

အဟိတ် အကုသလဝိပါက်စိတ် ၇ ပါး ၁။ အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် စက္ခုဝိညာဉ်စိတ်၊ ၂။ အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သောတဝိညာဉ်စိတ်၊ ၃။ အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် ဃာနဝိညာဉ်စိတ်၊ ၄။ အဟိတ် အကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဉ်စိတ်၊ ၅။ အဟိတ် အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် ကာယဝိညာဉ်စိတ်၊ ၆။ အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်း စိတ်၊ ၇။ အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်။ (ဝိသုဒ္ဓိ၊၂။၈၆။)

အဟန္တိ မာနဝိနိဗန္ဓ ဒိဋ္ဌိဖြင့် နှလုံးသွင်းပုံ ၁၈ မျိုး ၁။ မျက်စိသည် ငါဟု အမှား နှလုံး သွင်းခြင်း၊ ၂။ နားသည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၃။ နှာခေါင်းသည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၄။ လျှာသည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၅။ ကိုယ်သည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၆။ စိတ်သည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၇။ ရူပါရုံသည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၈။ သဒ္ဒါရုံသည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၉။ ဂန္ဓာရုံသည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၁၀။ ရသာရုံသည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၁၁။ ဖောဋ္ဌဗ္ဗာရုံသည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၁၂။ ဓမ္မာရုံသည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၁၃။ စက္ခုဝိညာဏ် သည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၁၄။ သောတဝိညာဏ်သည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၁၅။ ဃာနဝိညာဏ်သည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၁၆။ ဇိဝှါဝိညာဏ်သည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၁၇။ ကာယဝိညာဏ်သည် ငါဟု အမှား နှလုံးသွင်းခြင်း၊ ၁၈။ မနော ဝိညာဏ်သည် ငါဟု အမှား နှလုံးသွင်းခြင်း။ (ပဋိသံ။၁၅၅။) (ပဋိသံ၊မြန်။၁၉၉။)

အဦးအလှူ ၅ မျိုး ၁။ စပါးစိုက်ရန် လယ်ယာမြေကို သုတ်သင်ရှင်းလင်းရာကာလ၌ လယ်ဦး အလှူကို လှူခြင်း၊ ၂။ တလင်းကို ပြင်ရာကာလ၌ တလင်းဦးအလှူကို လှူခြင်း၊ ၃။ တလင်း၌ ကောက်စပါးတို့ကို စုပုံရာကာလ၌ စုပုံဦးအလှူကို လှူခြင်း၊ ၄။ ထမင်းချက်ရာကာလ၌ ထမင်းအိုး၏ အဦးကို လှူခြင်း၊ ၅။ ပုဂံခွက်၌ ထမင်းခူးသော ကာလ၌ ပုဂံခွက်ဦးအလှူကို လှူခြင်း။ (ဓမ္မ၊ဌ၊၂။၃၆၇။)

အာကာသ ၃ မျိုး ၁။ ပရိစ္ဆေဒအာကာသ– ရုပ်ကလာပ်နှစ်ခုတို့ကို ပိုင်းခြားတတ်သော အာကာသ ဓာတ်၊ ၂။ ကသိဏုဂ္ဂါဋိမာကာသ– ကသိုဏ်းကိုးပါးတို့တွင် တစ်ပါးပါးကို ခွာခြင်းကြောင့် ရအပ်သော ကောင်းကင်ပညတ်၊ ၃။ အဇဋာကာသ– အရှုပ်အထွေးမရှိသော အာကာသ။ (အဘိ၊ဌ၊၃။၁၉၄။)

အာကာသဓာတ် ၂ မျိုး ၁။ နားပေါက်, နှာခေါင်းပေါက်, ပါးစပ်ပေါက် စသော အတွင်းသန္တာန်၌ ဖြစ်သော အဇ္ဈတ္တအာကာသဓာတ်၊ ၂။ အပသန္တာန်၌ ဖြစ်သော ဗဟိဒ္ဓအာကာသဓာတ်။ (မ၊၂။၈၆။) (အဘိ၊ဝိ။၈၆။) (မ၊မြန်၊၂။၉၃။) (အဘိ၊ဝိ၊မြန်၊၁။၃၀၄။)

http://www.dhammadownload.com

အာကာသဓာတ် ၇ မျိုး (မိမိသန္တာန်၌ ဖြစ်သော အာကာသဓာတ် ၇ မျိုး) ၁။ နားပေါက်၊ ၂။ နှာခေါင်းပေါက်၊ ၃။ ခံတွင်းပေါက်၊ ၄။ စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်ကို မျိုချသော အပေါက်၊ ၅။ စားဖွယ် သောက်ဖွယ် ခဲဖွယ် လျက်ဖွယ်တည်ရာ အရပ်၊ ၆။ စားဖွယ်၊ သောက်ဖွယ် ခဲဖွယ် လျက်ဖွယ် အောက်အဖို့သို့ ထွက်စေသော အပေါက်၊ ၇။ အသားအသွေး တို့ဖြင့် မတွေ့ထိအပ်သော ဟင်းလင်းပွင့်သော အပေါက်အားလုံး။ (မ၊၂။၈၆။) (မ၊မြန်၊၂။၉၃။)

အာကာသာနဉ္စာယတနဈာန်၌ ရှိသော တရား ၁၃ မျိုး ၁။ အာကာသာနဉ္စာယတနဈာန်၌ ဖြစ်သော သညာ၊ ၂။ စိတ္တေကဂ္ဂတာ၊ ၃။ ဖဿ၊ ၄။ ဝေဒနာ၊ ၅။ သညာ၊ ၆။ စေတနာ၊ ၇။ စိတ်၊ ၈။ ဆန္ဒ၊ ၉။ အဓိမောက္ခ၊ ၁၀။ ဝီရိယ၁၁။ သတိ၊ ၁၂။ ဥပေက္ခာ၊ ၁၃။ မနသိကာရ။ (မ၊၃။၇၇။) (မ၊မြန်၊၃။၈၁။)

အာကိဉ္စညာ စေတောဝိမုတ္တိ တရား ၉ ပါး ၁။ အာကိဉ္စညာယတန၊ ၂။ မဂ် လေးပါး၊ ၃။ ဖိုလ် လေးပါး ပေါင်း (၉။) ပါး။

အာကိဉ္စညာယတနဈာန်၌ ရှိသော တရား ၁၃ မျိုး ၁။ အာကိဉ္စညာယတနသညာ၊ ၂။ စိတ္တေကဂ္ဂတာ၊ ၃။ ဖဿ၊ ၄။ ဝေဒနာ၊ ၅။ သညာ၊ ၆။ စေတနာ၊ ၇။ စိတ်၊ ၈။ ဆန္ဒ၊ ၉။ အဓိမောက္ခ၊ ၁၀။ ဝီရိယ၊ ၁၁။ သတိ၊ ၁၂။ ဥပေက္ခာ၊ ၁၃။ မနသိကာရ။ (မ၊၃။၇၇။) (မ၊မြန်၊၃။၈၂။)

အာကိဉ္စညာယတနသမာပတ်နှင့် လျော်သော အကျင့် ၃ မျိုး ၁။ "မျက်မှောက်မျက်ကွယ်၌ ဖြစ်ကုန်သော ကာမ, ကာမသညာ, ရူပ, ရူပသညာ, အာနေဉ္ဇသညာနှင့် သညာအားလုံး အကြွင်းမဲ့ ချုပ်ရာ အာကိဉ္စညာယတနဈာန်သည် ငြိမ်သက် မွန်မြတ်၏"ဟု နှလုံးသွင်း ဆင်ခြင်၍ နေသော အရိယာတပည့်သား၏ အကျင့်၊ ၂။ တော တောင်, သစ်ပင်ရင်း, ဆိတ်ငြိမ်ရာအရပ် တစ်ခုခုသို့ ချဉ်းကပ်၍ "ဤအာကိဉ္စညာယတန၏ သမာပတ်သည် အတ္တမှ လည်းကောင်း အတ္တနှင့်စပ်သော အရာမှလည်းကောင်း ဆိတ်သုဉ်း၏"ဟု နှလုံးသွင်း၍ နေသော အရိယာတပည့်သား၏ အကျင့်၊ ၃။ "ဘယ်မှာမျှ ငါသည် မတည်၊ ဘယ်သူနှင့် စပ်၍မျှလည်း မတည်၊ ဘယ်သူ၏ အဖြစ်ဖြင့်မျှလည်း မတည်ဟူ၍လည်းကောင်း ငါ၏ အတ္တသည် ဘယ်မှာမျှ မတည်၊ ဘယ်သူ့မှာမျှ မတည်၊ ဘာမျှ မတည် ဟူ၍ လည်းကောင်း" နှလုံးသွင်း ဆင်ခြင်၍ နေသော အရိယာတပည့်သား၏ အကျင့်။ (မ၊၃။၅၀။) (မ၊မြန်၊၃။၅၃။)

အာဂမန ၂ မျိုး ၁။ ဝိပဿနာအာဂမန– မဂ်ဖိုလ်ဖြစ်ပေါ်ကြောင်း ဝိပဿနာဉာဏ်၊ ၂။ မဂ္ဂအာဂ်မန– ဖြစ်ပေါ်လာကြောင်းမဂ်။ (သာရတ္ထ၊ဋီ၊၂။၂၈၇။) (ဝိမတိ၊၁။၂၄၄။)

အာဃာတကို ပယ်ဖျောက်ကြောင်း တရား ၅ ပါး ၁။ ရန်ငြိုးဖွဲ့မှု ဖြစ်ပေါ်လာသော ပုဂ္ဂိုလ် အပေါ်၌ ချစ်ခြင်းမေတ္တာကို ပွားရခြင်း၊ ၂။ ရန်ငြိုးဖွဲ့မှု ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်အပေါ်၌ သနားခြင်းကရုဏာကို ပွားရခြင်း၊ ၃။ ရန်ငြိုးဖွဲ့မှု ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်အပေါ်၌ လျစ်လျူရှုခြင်း ဥပေက္ခာကို ပွားရခြင်း၊ ၄။ ရန်ငြိုးဖွဲ့မှု ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်အပေါ်၌ သတိမထား, နှလုံးမသွင်းရခြင်း၊ ၅။ ရန်ငြိုးဖွဲ့မှု ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်အပေါ်၌ ကံသာလျှင် မိမိဥစ္စာရှိသည်ကို ဆောက်တည်ရခြင်း။ (အံ၊၂။၁၆၃။) (အံ၊မြန်၊၂။၂၀၈။)

http://www.dhammadownload.com

အာယာတကို ပယ်ဖျောက်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ ကိုယ်အကျင့် မစင်ကြယ်သော်လည်း နှုတ်အကျင့် စင်ကြယ်ခြင်း၊ ၂။ နှုတ်အကျင့် မစင်ကြယ်သော်လည်း ကိုယ်အကျင့် စင်ကြယ်ခြင်း၊ ၃။ ကိုယ်နှုတ်အကျင့် မစင်ကြယ်သော်လည်း ရံဖန်ရံခါ စိတ်ကြည်လင်မှုကို ရခြင်း၊ ၄။ ကိုယ်နှုတ်အကျင့်လည်း မစင်ကြယ်ဘဲ ရံဖန်ရံခါ စိတ်ကြည်လင်မှုကိုလည်း မရခြင်း၊ ၅။ ကိုယ်နှုတ်အကျင့် စင်ကြယ်လျက် ရံဖန်ရံခါ စိတ်ကြည်လင်မှုကို ရခြင်း။ (အံ၊၂။၁၆၄။) (အံ၊မြန်၊၂။၂၀၉။)

အာယာတဝတ္ထု ၉ ပါး ရန်ငြိုးဖွဲ့ကြောင်း ၉ ပါးနှင့် တူသည်။

အာယာတဝတ္ထု ၉ ပါး ၁။ ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ဖူး၏ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၂။ ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်နေဆဲ ဖြစ်၏ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၃။ ဤသူသည် ငါ၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၄။ ဤသူသည် ငါချစ်ခင် မြတ်နိုးအပ်သော ပုဂ္ဂိုလ်၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်ဖူး၏ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၅။ ဤသူသည် ငါချစ်ခင်မြတ်နိုးအပ်သော ပုဂ္ဂိုလ်၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်နေဆဲ ဖြစ်၏ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၆။ ဤသူသည် ငါချစ်ခင်မြတ်နိုးအပ်သော ပုဂ္ဂိုလ်၏ အကျိုးစီးပွားမဲ့ကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၇။ ဤသူသည် ငါမချစ်အပ်သော သူ၏ အကျိုးစီးပွားကို ပြုကျင့်ဖူး၏ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၈။ ဤသူသည် ငါမချစ်အပ်သော သူ၏ အကျိုးစီးပွားကို ပြုကျင့်နေဆဲ ဖြစ်၏ဟု ရန်ငြိုးဖွဲ့ခြင်း၊ ၉။ ဤသူသည် ငါမချစ်အပ်သော သူ၏ အကျိုး စီးပွားကို ပြုကျင့်လတ္တံ့ဟု ရန်ငြိုးဖွဲ့ခြင်း။ (ဝိ၊၅။၂၉၃။) (အံ၊၃။၂၀၈။) (အဘိ၊ဝိ။၄၀၃။) (ပဋိသံ၊ ဋ္ဌ၊၂။၃၀။) (ဝိ၊မြန်၊၅။၃၈၈။) (အံ၊မြန်၊၃။၂၀၈။) (အဘိ၊ဝိ၊မြန်၊၂။၅၁၀။)

အာယာတဝတ္ထု ၁၀ ပါး ရန်ငြိုးဖွဲ့ကြောင်း ၁၀ ပါးနှင့် တူသည်။

အာစရိယဝါဒဂိုဏ်း ၂ ဂိုဏ်း (ထေရဝါဒဂိုဏ်းမှ ခွဲထွက်သော အာစရိယဝါဒဂိုဏ်း ၂ ဂိုဏ်း) ၁။ မဟိသာသကဂိုဏ်း၊ ၂။ ဝဇ္ဇိပုတ္တကဂိုဏ်း။ (သာရတ္ထ၊ဋီ၊၁။၁၁၆။) (အဘိ၊ဋ္ဌ၊၃။၁၀၆။)

အာစရိယဝါဒဂိုဏ်း ၂ ဂိုဏ်း (မဟိသာသကဂိုဏ်းမှ ခွဲထွက်သော အာစရိယဝါဒဂိုဏ်း ၂ ဂိုဏ်း) ၁။ သဗ္ဗတ္ထိဝါဒဂိုဏ်း၊ ၂။ ဓမ္မဂုတ္တိကဂိုဏ်း။ (အဘိ၊ဋ္ဌ၊၃။၁၀၆။) (သာရတ္ထ၊ဋီ၊၁။၁၁၆။)

အာစရိယဝါဒဂိုဏ်း ၄ ဂိုဏ်း (ဝဇ္ဇိပုတ္တကဝါဒဂိုဏ်းမှ ခွဲထွက်သော အာစရိယဝါဒဂိုဏ်း ၄ ဂိုဏ်း) ၁။ ဓမ္မုတ္တရိယဝါဒဂိုဏ်း၊ ၂။ ဘဒ္ဒြယာနိကဂိုဏ်း၊ ၃။ ဆန္နာဂါရိကဂိုဏ်း၊ ၄။ သမ္မိတိက ဂိုဏ်း။ (အဘိ၊ဋ္ဌ၊၃။၁၀၆။) (သာရတ္ထ၊ဋီ၊၁။၁၁၆။)

အာစရိယဝါဒဂိုဏ်း ၁၈ ဂိုဏ်း (ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး၍ ဒုတိယ နှစ်တစ်ရာ ကာလ၌ ဖြစ်ပေါ်လာသော အာစရိယဝါဒဂိုဏ်း ၁၈ ဂိုဏ်း) ၁။ မဟာသံဃိကဂိုဏ်း၊ ၂။ ဂေါကုလိက ဂိုဏ်း၊ ၃။ ဧကဗ္ဗောဟာရိကဂိုဏ်း၊ ၄။ ပဏ္ဏတ္တိဝါဒဂိုဏ်း၊ ၅။ ဗာဟုလိယဂိုဏ်း၊ ၆။ စေတိယ ဝါဒဂိုဏ်း၊ ၇။ ထေရဝါဒဂိုဏ်း၊ ၈။ မဟိသာသကဂိုဏ်း၊ ၉။ ဝဇ္ဇိပုတ္တက ဂိုဏ်း၊ ၁၀။ ဓမ္မုတ္တရိက ဂိုဏ်း၊ ၁၁။ ဘဒ္ဒယာနိကဂိုဏ်း၊ ၁၂။ ဆန္နာဂါရိကဂိုဏ်း၊ ၁၃။ သမိတိကဂိုဏ်း၊ ၁၄။ သဗ္ဗတ္ထိ ဝါဒဂိုဏ်း၊ ၁၅။ ဓမ္မဂုတ္တိကဂိုဏ်း၊ ၁၆။ ကဿပိကဂိုဏ်း၊ ၁၇။ သင်္ကန္တိကဂိုဏ်း၊ ၁၈။ သုတ္တဝါဒ ဂိုဏ်း။(မဟာသံဃိက ၆ ဂိုဏ်း၊ ထေရဝါဒ ၁၂ ဂိုဏ်း။)။ (သာရတ္ထ၊ဋီ၊ ၁။၁၁၆။)

http://www.dhammadownload.com

အာစရိယကုလကိုဏ်း ၆ ကိုဏ်း ၁။ မဟာသံဃိကာစရိယကုလကိုဏ်း (မူလကိုဏ်း)၊ ၂။ ဂေါကုလိကာစရိယကိုဏ်း (ခွဲထွက်ကိုဏ်း)၊ ၃။ ဧကဗျောဟာရိကာစရိယကိုဏ်း (ခွဲထွက်ကိုဏ်း)၊ ၄။ ပဏ္ဏတ္တိဝါဒကိုဏ်း (ခွဲထွက်ကိုဏ်း)၊ ၅။ ဗာဟုလိယကိုဏ်း (ခွဲထွက်ကိုဏ်း)၊ ၆။ စေတိယဝါဒကိုဏ်း (ခွဲထွက်ကိုဏ်း)။ (အဘိ၊ဋ္ဌ၊၃။၁၀၆။)

အာစရိယဝါဒကိုဏ်း ၁၁ ကိုဏ်း (ထေရဝါဒကိုဏ်းမှ ခွဲထွက်သော အာစရိယဝါဒကိုဏ်း ၁၁ ကိုဏ်း) ၁။ မဟိသာသကဝါဒကိုဏ်း၊ ၂။ ဝဇ္ဇိပုတ္တကဝါဒကိုဏ်း၊ ၃။ ဓမ္မုတ္တရိယဝါဒကိုဏ်း၊ ၄။ ဘဒ္ဒြယာနိကကိုဏ်း၊ ၅။ ဆန္နာဂါရိကကိုဏ်း၊ ၆။ သမ္မိတိယကိုဏ်း၊ ၇။ သဗ္ဗတ္ထိဝါဒကိုဏ်း၊ ၈။ ဓမ္မဂုတ္တိကကိုဏ်း၊ ၉။ သဗ္ဗတ္ထိဝါဒကိုဏ်းမှ ခွဲထွက်သော ကဿပိကာစရိယဝါဒကိုဏ်း၊ ၁၀။ ထိုဂိုဏ်းမှ ခွဲထွက်သော သင်္ကန္တိကဝါဒကိုဏ်း၊ ၁၁။ သင်္ကန္တိကဝါဒကိုဏ်းမှ ခွဲထွက်သော သုတ္တ ဝါဒကိုဏ်း။ (အဘိ၊ဋ္ဌ၊၃။၁၀၇။)

အာစိဏ္ဏ ၂ မျိုး အလေ့အကျင့် ၂ မျိုးနှင့် တူသည်။

အာဇာနည် မြင်းကောင်း ၃ မျိုး ၁။ လျင်မြန်ခြင်းနှင့် ပြည့်စုံသော အာဇာနည်မြင်းကောင်း၊ ၂။ အဆင်းနှင့် ပြည့်စုံသော အာဇာနည်မြင်းကောင်း၊ ၃။ အလုံးအရုပ်နှင့် ပြည့်စုံသော အာဇာနည်မြင်းကောင်း။ (အံ၊၁။၂၉၁။) (အံ၊၁။၂၉၄။) (အံ၊မြန်၊၁။၃၁၂။) (အံ၊မြန်၊၁။၃၁၂။)

အာဇာနည် မြင်းကောင်း ၃ မျိုး (တစ်နည်း) ၁။ လျင်မြန်ခြင်းနှင့်သာ ပြည့်စုံ၍ အဆင်း, အလုံးအရုပ်နှင့် မပြည့်စုံသော အာဇာနည်မြင်း၊ ၂။ လျင်မြန်ခြင်းနှင့်လည်းကောင်း အဆင်းနှင့်လည်းကောင်း ပြည့်စုံ၍ အလုံးအရုပ်နှင့် မပြည့်စုံသော အာဇာနည်မြင်း၊ ၃။ လျင်မြန်ခြင်း အဆင်း အလုံးအရုပ် သုံးမျိုးလုံးနှင့် ပြည့်စုံသော အာဇာနည်မြင်း။ (အံ၊၃။၂၀၀။) (အံ၊မြန်၊ ၃။၂၀၀။)

အာဇာနည် မြင်းကောင်း ၄ မျိုး ၁။ နှင်တံ (ကြိမ်လုံး) ၏ အရိပ်ကို မြင်ရုံမျှဖြင့် ထိတ်လန့်လျက် အတုန့်ပြုသော မြင်းအာဇာနည်၊ ၂။ နှင်တံ(ကြိမ်လုံး)၏ အရိပ်ကို မြင်ရုံမျှဖြင့် မထိတ် လန့်မူ၍ အမွေးကျွတ်အောင် ရိုက်နက်မှ ထိတ်လန့်လျက် အတုန့်ပြုသော မြင်းအာဇာနည်၊ ၃။ နှင်တံ၏ အရိပ်မြင်ရုံမျှဖြင့်လည်း မထိတ်လန့်၊ အမွေးကျွတ်အောင် ရိုက်နက်သော်လည်း မထိတ်လန့်မူ၍ အရေစုပ်အောင် ရိုက်နက်မှသာ ထိတ်လန့်လျက် အတုန့်ပြုသော မြင်း အာဇာနည်၊ ၄။ နှင်တံ၏ အရိပ်မြင်ရုံမျှဖြင့်လည်း မထိတ်လန့်, အမွေးကျွတ်အောင် ရိုက်သော်လည်း မထိန့်လန့် အရေစုပ်အောင် ရိုက်သော်လည်း မထိတ်လန့်မူ၍ အရိုး ပေါက်အောင် ရိုက်မှ ထိတ်လန့်လျက် အတုန့်ပြုသော မြင်းအာဇာနည်။ (အံ၊၁။၄၂၉။) (အံ၊မြန်၊၁။၄၄၂။)

အာဇာနည် မြင်းကောင်း အင်္ဂါ ၄ မျိုး ၁။ အဆင်းနှင့် ပြည့်စုံခြင်း၊ ၂။ ခွန်အားဗလနှင့် ပြည့်စုံခြင်း၊ ၃။ လျင်မြန်ခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ အလုံးအရုပ် အနံ့အဝန်းနှင့် ပြည့်စုံခြင်း။ (အံ၊၁။၅၇၂-၅၇၃။) (အံ၊မြန်၊၁။၅၈၆။)

အာဇာနည်မြင်းကောင်း အင်္ဂါ ၄ မျိုး (တစ်နည်း) ၁။ ဖြောင့်မတ်ခြင်း၊ ၂။ လျင်မြန်ခြင်း၊ ၃။ သည်းခံခြင်း၊ ၄။ အကျင့်ကောင်းခြင်း။ (အံ၊၁။၄၂၈။) (အံ၊မြန်၊၁။၄၄၁။)

အာဇာနည်မြင်း အင်္ဂါ ၃ ပါး ၁။ အဆင်းနှင့် ပြည့်စုံခြင်း၊ ၂။ ခွန်အားနှင့် ပြည့်ခြင်း၊ ၃။ လျင်မြန်ခြင်းနှင့် ပြည့်စုံခြင်း။ (အံ၊၁။၂၄၆-၂၄၇-၂၄၈။) (အံ၊မြန်၊၁။၂၆၄။)

http://www.dhammadownload.com

အာဇာနည်ယောကျ်ားကောင်း ၃ မျိုး ၁။ လျင်မြန်ခြင်းနှင့် ပြည့်စုံသော အာဇာနည် ယောကျ်ားကောင်း၊ ၂။ အဆင်းနှင့် ပြည့်စုံသော အာဇာနည် ယောကျ်ားကောင်း၊ ၃။ အလုံးအရုပ်နှင့် ပြည့်စုံသော အာဇာနည် ယောကျ်ားကောင်း။ (အံ၊၁။၂၉၁။) (အံ၊၁။၂၉၄။) (အံ၊မြန်၊၁။၃၁၂။) (အံ၊မြန်၊၁။၃၁၂။)

အာဇာနည် ယောကျ်ားကောင်း ၄ မျိုး ၁။ ဤမည်သော ရွာ နိဂုံး၌ ယောကျ်ားသည် လည်းကောင်း, မိန်းမသည်လည်းကောင်း ဆင်းရဲဒုက္ခရောက်လျက် သေဆုံး၏ဟူသော အသံကို ကြားရုံမျှဖြင့် သံဝေဂရပြီး တရားအားထုတ်သဖြင့် ထိုးထွင်း၍ သိကာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်၊ ၂။ ဤမည်သော ရွာ နိဂုံး၌ ယောကျ်ားသည်လည်းကောင်း မိန်းမသည်လည်းကောင်း ဆင်းရဲဒုက္ခရောက်လျက် သေဆုံး၏ဟူသော အသံကို မကြားဘဲ ကိုယ်တိုင် တွေ့မြင်လိုက်ရ သဖြင့် သံဝေဂရပြီး တရားအားထုတ် သောကြောင့် ထိုးထွင်းသိကာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်၊ ၃။ ဤမည်သော ရွာနိဂုံး၌ ယောကျ်ားသည်လည်းကောင်း မိန်းမသည်လည်းကောင်း ဒုက္ခရောက်လျက် သေဆုံး၏ ဟူသော အသံကိုလည်း မကြား, ကိုယ်တိုင်လည်း မတွေ့မြင်ရသော်လည်း မိမိ၏ ဆွေမျိုးသားချင်းများ ကွယ်လွန်အနိစ္စ ရောက်သောအခါ သံဝေဂရပြီး တရားအားထုတ် သဖြင့် မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုသော ပုဂ္ဂိုလ်၊ ၄။ ဤမည်သော ရွာနိဂုံး၌ ယောကျ်ား သည်လည်းကောင်း မိန်းမသည်လည်းကောင်း ဆင်းရဲဒုက္ခရောက်လျက် သေဆုံး၏ဟူသော အသံကို မကြား, ကိုယ်တိုင်လည်း မတွေ့မြင် ဆွေမျိုးသားချင်းတို့သည်လည်း မကွယ်လွန် သို့သော် မိမိကိုယ်တိုင် ပြင်းထန်သော ရောဂါ ဝေဒနာကို ခံစားရသဖြင့် သံဝေဂရပြီး တရားအားထုတ်သောကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုသော ပုဂ္ဂိုလ်။ (အံ၊၁။၄၃၁။) (အံ၊မြန်၊၁။၄၃၀-၄၃၁။)

အာဇီဝဝိပတ္တိကြောင့် သင့်သော အာပတ် ၆ ပါး ၁။ ထင်ရှားမရှိသော စျာန်မဂ်ဖိုလ်တရားကို ဝါကြွား၍ ပြောဆိုအံ့၊ ပါရာဇိကအာပတ်သို့ ရောက်ခြင်း၊ ၂။ အသက်မွေးမှု ဟူသော အကြောင်းကြောင့် အောင်သွယ်ခြင်းသို့ ရောက်အံ့၊ သံဃာဒိသိသ်အာပတ် သင့်ရောက်ခြင်း၊ ၃။ အသက်မွေးမှုဟူသော အကြောင်းကြောင့် သင်၏ ကျောင်း၌ နေသော ရဟန်းသည် ရဟန္တာ တည်းဟု ပြောအံ့၊ အပြောခံရသူ သိမှ ထုလွှစ္စဉ်းအာပတ် သင့်ရောက်ခြင်း၊ ၄။ အသက်မွေးမှု ဟူသော အကြောင်းကြောင့် ရဟန်းယောကျ်ားသည် မွန်မြတ်သော ဘောဇဉ်ကို တောင်း၍ စားအံ့၊ ပါစိတ်အာပတ် သင့်ရောက်ခြင်း၊ ၅။ အသက်မွေးမှုဟူသော အကြောင်းကြောင့် ရဟန်းမသည် မွန်မြတ်သော ဘောဇဉ်ကို တောင်း၍ စားအံ့၊ ပါဠိဒေသနီအာပတ် သင့်ရောက်ခြင်း၊ ၆။ အသက်မွေးမှုဟူသော အကြောင်းကြောင့် ဟင်းထမင်းကို မနာဖျားဘဲ တောင်း၍ စားအံ့၊ ဒုက္ကဋ်အာပတ်သို့ သင့်ရောက်ခြင်း။ (ဝိ၊၅။၁၇၈။) (ဝိ၊မြန်၊၅။၂၁၉ ၂၆၂။)

အာဇီဝဋ္ဌမကသိလ ၈ ပါး ၁။ သူတစ်ပါးအသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ သူတစ်ပါးသားမယားကို ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်းဟု ဆိုအပ်သော ကောင်းစွာ စင်ကြယ်သော ကာယသုစရိုက် သုံးပါး၊ ၄။ လိမ်ညာ၍ ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ ချောပစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ

http://www.dhammadownload.com

ရှောင်ကြဉ်ခြင်းဟု ဆိုအပ်သော ကောင်းစွာ စင်ကြယ်သော ဝစီသုစရိုက် လေးပါး၊ ၈။ ကောင်းစွာ စင်ကြယ်သော အသက်မွေးမှုရှိခြင်း ပေါင်း ရှစ်ပါး။ (ဝိသုဒ္ဓိ၊ဋီ၊၁။၃၃။)

အာဏတ္တိနိယာမက အင်္ဂါ ၆ ပါး ၁။ ဝတ္ထု– သတ်အပ်သော သတ္တဝါ၊ ၂။ ကာလ– နံနက် ညနေ စသော သတ်ရမည့် အချိန်ကာလ၊ ၃။ ဩကာသ– ရွာ နိဂုံး တော လမ်းဆုံစသော သတ်ရမည့် နေရာ၊ ၄။ အာဝုဓ– ဓား လှံ စသော သတ်ရမည့် လက်နက်၊ ၅။ ဣရိယာပထ– ထိုင်နေစဉ်, အိပ်နေစဉ် စသော သတ်ရမည့် ဣရိယာပုတ်၊ ၆။ ကိရိယာဝိသေသ– ထိုးဖောက်ခြင်း, ခုတ်ဖြတ်ခြင်း စသော သတ်ဖြတ်ကြောင်း အမူအရာ ကြိယာအထူး။ (ခုဒ္ဒက၊၄။၂၀။)

အာဒါသမုခမင်း ပညာရှိကြောင်း ပြသော ဝတ္ထု ၁၄ ဝတ္ထု ၁။ နွားပျောက် ဝတ္ထု၊ ၂။ ကိုယ်ဝန် ပျက်၍ သားသေ ဝတ္ထု၊ ၃။ မြင်းခြေကျိုးဝတ္ထု၊ ၄။ နှီးသမား ဝတ္ထု၊ ၅။ ရွာစား တစ်ယောက်၏ သတင်းပါးခြင်း ဝတ္ထု၊ ၆။ ပြည့်တန်ဆာမ၏ သတင်းပါးခြင်း ဝတ္ထု၊ ၇။ မိန်းမရွယ်၏ သတင်းပါးခြင်း ဝတ္ထု၊ ၈။ မြွေ၏ သတင်းပါးခြင်း ဝတ္ထု၊ ၉။ သမင်၏ သတင်းပါးခြင်း ဝတ္ထု၊ ၁၀။ ခါငှက်၏ သတင်းပါးခြင်း ဝတ္ထု၊ ၁၁။ ရုက္ခစိုးနတ်တစ်ဦး၏ သတင်းပါးခြင်း ဝတ္ထု၊ ၁၂။ မြွေမင်း နဂါးမင်းတစ်ဦး၏ ဝတ္ထု၊ ၁၃။ ရသေ့တစ်ပါး၏ ဝတ္ထု၊ ၁၄။ ပုဏ္ဏားလုလင်တို့၏ ဝတ္ထု။ (ဇာ၊၄၊၂။၂၇၃။)

အာဒီနဝညဏ် ဖြစ်ရာ ဌာန ၅ ပါး ၁။ ဥပွါဒ– ရှေးကံကြောင့် ဤဘဝ၌ ဖြစ်ခြင်းကို ဒုက္ခဟု မြင်ခြင်း၊ ၂။ ပဝတ္တ– ထိုအခြင်းအရာ အားဖြင့် ဖြစ်ပေါ်လာသော ခန္ဓာကိုယ်၏ ဖြစ်ခြင်းကို ဒုက္ခဟု မြင်ခြင်း၊ ၃။ နိမိတ္တ– အလုံးစုံသော သင်္ခါရနိမိတ်ကို ဒုက္ခဟု မြင်ခြင်း၊ ၄။ အာယူဟန– နောက်ဘဝ၌ ပဋိသန္ဓေနေရခြင်း၏ အကြောင်းဖြစ်သော ကံကို ဒုက္ခဟု မြင်ခြင်း၊ ၅။ ပဋိသန္ဓိ– နောက်ဘဝ၌ တစ်ဖန် ဖြစ်ရခြင်းကို ဒုက္ခဟု မြင်ခြင်း။ (ပဋိသံ၊ ၄၊၁။၂၄၃။)

အာဒေသနာဝိဓာ ၄ ပါး ၁။ နိမိတ်ဖြင့် "သင်၏ စိတ်သည် ဤသို့ ကြံနေ၏"ဟု ညွှန်၏။ ထိုသူသည် များစွာ ဟောစေကာမူ ဟောသည့်အတိုင်းသာလျှင် မှန်၏။ အမှားမရှိ၊ ၂။ နိမိတ်ဖြင့် မဟော၊ လူဘီလူးနတ်တို့၏ အသံကြား၍ "သင်၏ စိတ်သည် ဤသို့ ကြံနေ၏"ဟု တိုက်ရိုက် ဟော၏။ ထိုသူသည် များစွာ ဟောစေကာမူ ဟောသည့်အတိုင်းသာလျှင် မှန်၏။ အမှားမရှိ၊ ၃။ နိမိတ်ဖြင့်လည်း မဟော၊ အသံကို နားထောင်၍လည်း မဟော၊ ကြံစည်သူ၏ ပျံ့လွင့်သော အကြံအစည်ကြောင့် ဖြစ်သည့်အသံကို ကြား၍ "သင်၏ စိတ်သည် ဤသို့ ကြံနေ၏"ဟု တိုက်ရိုက်ဟော၏။ ထိုသူသည် များစွာ ဟောစေကာမူ ဟောသည့်အတိုင်းသာလျှင် မှန်၏။ အမှားမရှိ၊ ၄။ နိမိတ်ဖြင့်လည်း မဟော, အသံကို နားထောင်၍လည်း မဟော, ပျံ့လွင့်သော အကြံအစည်ကြောင့်ဖြစ်သော အသံကိုလည်း နားမထောင်၊ ဝိတက် ဝိစာရမှ ကင်းသော သမာဓိစိတ်ဖြင့် သူတစ်ပါး၏ စိတ်ကို ပိုင်းခြား၍ ဤ (ဘာဝနာ) စိတ်၏ အခြားမဲ့၌ ဤမည်သော (ပဌမဈာန်) စိတ်သည် ဖြစ်လတ္တံ့" ဟု သိ၏၊ တိုက်ရိုက်ဟော၏၊ ထိုသူသည် များစွာ ဟောစေကာမူ ဟောသည့်အတိုင်းသာလျှင် မှန်၏။ အမှားမရှိ။ (ဒီ၊၃။၈၅။) (ဒီ၊မြန်၊၃။၉၁-၉၂။)

အာနာပါနဿတိကို မှီဝဲသည်ရှိသော် ရဟန္တာ လျင်မြန်စွာ ဖြစ်ကြောင်း တရား ၅ ပါး ၁။ အမှုသစ် အားထုတ်မှု နည်းပါးခြင်း၊ ၂။ အစားအသောက် နည်းပါး၍ ဝမ်းရေးကို အားမထုတ်ခြင်း၊

http://www.dhammadownload.com

၃။ အအိပ်နည်း၍ နိုးကြားမှုဌ္ဌ အားထုတ်ခြင်း၊ ၄။ အကြားအမြင်များ၍ တရားတော်ကို များစွာကြားနာဖူးခြင်း၊ ၅။ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်ကို ဆင်ခြင်ခြင်း။ (အံ၊၂။၁၀၅။) (အံ၊မြန်၊၂။၁၂၉။)

အာနာပါနဿတိကို မှီဝဲသည်ရှိသော် ရဟန္တာ လျင်မြန်စွာ ဖြစ်ကြောင်း တရား ၅ ပါး (တစ်နည်း) ၁။ အမှုသစ်ကို အားထုတ်မှု နည်းပါးခြင်း၊ ၂။ အစားအသောက် နည်းပါး၍ ဝမ်းရေးကို အားမထုတ်ခြင်း၊၃။အအိပ်နည်း၍နိုးကြားမှုဌ္ဌအားထုတ်ခြင်း၊၄။တောဌ္ဌနေခြင်း၊၅။ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်ကို ဆင်ခြင်ခြင်း။ (အံ၊၂။၁၀၆။) (အံ၊မြန်၊၂။၁၃၀။)

အာနာပါနဿတိကို မှီဝဲသည်ရှိသော် ရဟန္တာ လျင်မြန်စွာ ဖြစ်ကြောင်းတရား ၅ ပါး (တစ်နည်း) ၁။ အမှုသစ်အားထုတ်မှု နည်းပါးခြင်း၊ ၂။ အစားအသောက် နည်းပါး၍ ဝမ်းရေးကို အားမထုတ်ခြင်း၊ ၃။ အအိပ်နည်း၍ နိုးကြားမှုဌ္ဌ အားထုတ်ခြင်း၊ ၄။ အလိုနည်းမှုနှင့် စပ်သော စကားစသည်ကို အလိုရှိတိုင်း ပြောဆိုခြင်း၊ ၅။ ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်ကို ဆင်ခြင်ခြင်း။။ (အံ၊၂။၁၀၆။) (အံ၊မြန်၊၂။၁၂၉-၁၃၀။)

အာနာပါနဿတိ ပွားများရကျိုး ၇ ပါး ၁။ မျက်မှောက်ဘဝဌ္ဌပင် မသေမီ စောစောက အရဟတ္တဖိုလ်အကျိုးကို ရရှိနိုင်, ပြီးစီးနိုင်ခြင်း၊ ၂။ ထိုသို့ မရနိုင် မပြီးစီးစေနိုင်မူ သေခါနီးအခါဌ္ဌ အရဟတ္တဖိုလ်အကျိုးကို ရရှိနိုင် ပြီးစီးနိုင်ခြင်း၊ ၃။ ထိုသို့ မရနိုင်ခဲ့မူ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်းအလယ်ဌ္ဌ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန် ပြုရသော အန္တရာပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်ခြင်း၊ ၄။ ယင်းသို့ မဖြစ်ခဲ့လျှင် အသက်တမ်း၏ ထက်ဝက်ကို လွန်လျက် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုရသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်ခြင်း၊ ၅။ ယင်းသို့ မဖြစ်ခဲ့လျှင် ပယောဂလုံ့လ မပါဘဲ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော အသခ်ါရပရိနိဗ္ဗာယီ မည်သော အနာဂါမ် ဖြစ်နိုင်ခြင်း၊ ၆။ ယင်းသို့ မဖြစ်ခဲ့လျှင် ပယောဂလုံ့လနှင့် တကွ (အရဟတ္တဖိုလ်သို့ ရောက်လျက်) ပရိနိဗ္ဗာန်ပြုရသော သသခ်ါရပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်ခြင်း၊ ၇။ ယင်းသို့ မဖြစ်လျှင် အထက်အထက်ဘုံသို့ အဆင့်ဆင့် တက်၍ (အကနိဋ္ဌဘုံသို့ ရောက်လျက် အရဟတ္တဖိုလ်သို့ ရောက်သော) ဥဒ္ဓံသောတ အကနိဋ္ဌဂါမီမည်သော အနာဂါမ် ဖြစ်နိုင်ခြင်း။ (သံ၊၃။၂၇၃။) (သံ၊မြန်၊၃။၂၇၅။)

အာနာပါနဿတိသမာဓိ ညစ်နွမ်းကြောင်း (တတိယ ဥပက္ကိလေသ) ၆ ပါး ၁။ တွေ့ထိရာ ဌာနကို လွန်၍ ဖြစ်သော စိတ်၊ ၂။ တွေ့ထိရာ ဌာနကို တောင့်တသော စိတ်၊ ၃။ ဝီရိယ လျော့သဖြင့် တွန့်ဆုတ်သော စိတ်၊ ၄။ အလွန် ချီးမြှင့်အားထုတ်သော စိတ်၊ ၅။ အလွန် ညွတ်သော စိတ်၊ ၆။ အလွန် မညွတ်သော စိတ်။ (ပဋိသံ။၁၆၄-၁၆၅။) (ပဋိသံ၊မြန်။၂၁၁။)

အာနာပါနဿတိသမာဓိ ညစ်နွမ်းကြောင်း (ဒုတိယ ဥပက္ကိလေသ) ၆ ပါး (တစ်နည်း) ၁။ နိမိတ်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏ ဝင်သက်ဌ္ဌ ပျံ့လွင်သော စိတ်၊ ၂။ ဝင်သက်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏ နိမိတ်ဌ္ဌ တုန်လှုပ်သော စိတ်၊ ၃။ နိမိတ်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏ ထွက်သက်ဌ္ဌ ပျံ့လွင့်သော စိတ်၊ ၄။ ထွက်သက်ဌ္ဌ ဆင်ခြင်သော ပုဂ္ဂိုလ်၏ နိမိတ်ဌ္ဌ

http://www.dhammadownload.com

တုန်လှုပ်သော စိတ်၊ ၅။ ဝင်သက်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏ ထွက်သက်၌ ပျံ့လွင့်သော စိတ်၊ ၆။ ထွက်သက်ကို ဆင်ခြင်သော ပုဂ္ဂိုလ်၏ ဝင်သက်၌ တုန်လှုပ်သော စိတ်။ (ပဋိသံ။၁၆၄။) (ပဋိသံ၊မြန်။၂၁၀။)

အာနာပါနဿတိသမာဓိ ညစ်နွမ်းကြောင်း (ပဌမ ဥပက္ကိလေသ) ၆ ပါး (တစ်နည်း) ၁။ ဝင်သက်သို့ အစဉ်လိုက်သော သတိ၊ ၂။ ထွက်သက်သို့ အစဉ်လိုက်သော သတိ၊ ၃။ အတွင်းသန္တာန်၌ ပျံ့လွင့်ခြင်းကို တောင့်တသော သတိ၊ ၄။ အပသန္တာန်၌ ပျံ့လွင့်ခြင်းကို တောင့်တသော သတိ၊ ၅။ ဝင်သက်ဖြင့် နှိပ်စက်အပ်သော ပုဂ္ဂိုလ်အား ထွက်သက်ကို ရခြင်း၏ တပ်မက်သော သတိ၊ ၆။ ထွက်သက်ဖြင့် နှိပ်စက်အပ်သော ပုဂ္ဂိုလ်အား ဝင်သက်ကို ရခြင်း၌ တပ်မက်သော သတိ။ (ပဋိသံ။၁၆၃-၁၆၄။) (ပဋိသံ၊မြန်။၂၀၉-၂၁၀။)

အာနေဥ္ဇသမာပတ်နှင့် လျော်သော အကျင့် ၃ မျိုး ၁။ ပစ္စုပွန် တမလွန်၌ ဖြစ်ကုန်သော ကာမဂုဏ်, ကာမသညာ အကုသိုလ်တရားတို့သည် သာသနာတော်၌ မြတ်သော အကျင့်ကို ကျင့်ကုန်သော သူတို့၏ အန္တရာယ်ဖြစ်ကြောင်းကို ကောင်းစွာ သိသော အရိယာတပည့်သား၏ ကာမလောကကို နှိပ်ကွပ်လွှမ်းမိုး၍ ပြန့်ပြောသော မြတ်သော ဈာန်စိတ်ဖြင့် နေထိုင်သော အကျင့်၊ ၂။ ပစ္စုပွန် တမလွန် မျက်မှောက်မျက်ကွယ် ကာမဂုဏ်, ကာမသညာ, ရုပ်တရားတို့သည် မမြဲဟု အမြဲ နှလုံးသွင်း ပွားများအားထုတ်သော အရိယာတပည့်သား၏ မြတ်သော အကျင့်၊ ၃။ ပစ္စုပွန် တမလွန် မျက်မှောက် မျက်ကွယ် ဖြစ်ကုန်သော ကာမဂုဏ်, ကာမသညာ, ရုပ်နှင့် ရုပ်တို့ကို စွဲ၍ ဖြစ်သော အမှတ်သညာ သဘောတရားတို့သည် မမြဲဟု နှလုံးသွင်း ဆင်ခြင် ပွားများ အားထုတ်သော အရိယာတပည့်သား၏ မြတ်သော အကျင့်။ (မ၊၃။၄၉။) (မ၊မြန်၊၃။၅၂။)

အာနန္တရိကကံ ၅ ပါး ၁။ အမိကို သတ်ခြင်း၊ ၂။ အဖကို သတ်ခြင်း၊ ၃။ ရဟန္တာကို သတ်ခြင်း၊ ၄။ ပြစ်မှားသော စိတ်ဖြင့် ဘုရားရှင်အား သွေးစိမ်းတည်အောင် (သွေးခြည်ဥအောင်) ပြုခြင်း၊ ၅။ သံဃာသင်းခွဲခြင်း။ (အဘိ၊ဝိ။၃၉၂။) (အဘိ၊ဝိ၊မြန်၊၂။၄၉၆။)

အာနန္ဒာမထေရ် တောင်းသော ဆု ၄ မျိုး ၁။ ဘုရားရှင်သည် တပည့်တော် လက်ခံထားသော ပင့်ဖိတ်ရာသို့ ကြွတော်မူအံ့၊ ၂။ တိုင်း, ဇနပုဒ်တစ်ပါးမှ လာကုန်သော ဘုရားဖူးပရိသတ်ကို လာရောက်သော ခဏ၌ပင် ဘုရားရှင်ကို ဖူးမြင်စေခွင့် ရအံ့၊ ၃။ တပည့်တော်အား ယုံမှားသံသယဖြစ်သော ခဏ၌ပင် ဘုရားရှင်ထံ ချဉ်းကပ်ခွင့် ရအံ့၊ ၄။ ဘုရားရှင်သည် တပည့်တော်၏ မျက်ကွယ်၌ ဟောကြားအပ်သော တရားကို ပြန်လာ၍ တပည့်တော်အား ဟောကြားတော်မူအံ့၊ တပည့်တော်သည် ဘုရားရှင်ကို လုပ်ကြွေးပြုစုမည်။ (ဒီ၊ဌ၊၂။၁၃။) (အပ၊ဌ၊ ၁။၃၄၉။) (ဒီ၊ဌ၊မြန်၊၂။၂၄-၂၅။)

အာနန္ဒာမထေရ် တောင်းသော ဆု ၈ မျိုး ၁။ ဘုရားရှင်သည် မိမိရအပ်သော ကောင်းမြတ်သော သင်္ကန်းကို တပည့်တော်အား ပေးတော်မမူအံ့၊ ၂။ ဘုရားရှင်သည် မိမိရအပ်သော ကောင်းမြတ်သော ဆွမ်းကို တပည့်တော်အား ပေးတော်မမူအံ့၊ ၃။ ဘုရားရှင်သည် ဂန္ဓကုဋီတစ်ကျောင်းတည်း၌ တပည့်တော်အား နေခွင့် ပေးတော်မမူအံ့၊ ၄။ ဘုရားရှင်သည် ပင့်ဖိတ်

http://www.dhammadownload.com

ရာသို့ တပည့်တော်ကို ခေါ်ယူ၍ သွားတော်မမူအံ့၊ ၅။ ဘုရားရှင်သည် တပည့်တော် လက်ခံထားသော ပင့်ဖိတ်ရာသို့ ကြွတော်မူအံ့၊ ၆။ တိုင်း, ဧနပုဒ်တစ်ပါးမှ လာကုန်သော ဘုရားဖူးပရိသတ်ကို လာရောက်သော ခဏ၌ပင် ဘုရားရှင်ကို ဖူးစေခွင့် ရအံ့၊ ၇။ တပည့်တော်အား ယုံမှားသံသယဖြစ်သော ခဏ၌ပင် ဘုရားရှင်ထံ ချဉ်းကပ်ခွင့် ရအံ့၊ ၈။ တပည့်တော်၏ မျက်ကွယ်၌ ဟောကြားအပ်သော တရားကို ပြန်လာ၍ တပည့်တော်အား ဟောကြားတော်မူအံ့၊ တပည့်တော်သည် ဘုရားရှင်ကို လုပ်ကျွေးမည်။ (ဒီ၊၌၊၂။၁၃။) (ဇာ၊၌၊၄။၉၆။) (ဒီ၊၌၊ မြန်၊၂။၂၃။)

အာနန္ဒာမထေရ်၌ ပြည့်စုံသော တရား ၅ ပါး ၁။ အနက်၌ ကျွမ်းကျင်ခြင်း၊ ၂။ ပါဠိ၌ ကျွမ်းကျင်ခြင်း၊ ၃။ အကွရာ၌ ကျွမ်းကျင်ခြင်း၊ ၄။ သဒ္ဒါ၌ ကျွမ်းကျင်ခြင်း၊ ၅။ ရှေ့နောက် အစီအစဉ်၌ ကျွမ်းကျင်ခြင်း။ (အံ၊၂။၁၇၆။) (အံ၊မြန်၊၂။၂၂၄-၂၂၅။)

အာနန္ဒာမထေရ် ပယ်မြစ်သော ဆု ၄ မျိုး ၁။ ဘုရားရှင်သည် မိမိ ရအပ်သော ကောင်းမြတ်သော သင်္ကန်းကို တပည့်တော်အား ပေးတော်မမူအံ့၊ ၂။ ဘုရားရှင်သည် မိမိရအပ်သော ကောင်းမြတ်သော ဆွမ်းကို တပည့်တော်အား ပေးတော်မမူအံ့၊ ၃။ ဘုရားရှင်သည် ဂန္ဓကုဋိ တစ်ကျောင်းတည်း၌ တပည့်တော်အား နေခွင့် ပေးတော်မမူအံ့၊ ၄။ ဘုရားရှင်သည် ပင့်ဖိတ်ရာသို့ တပည့်တော်ကို ခေါ်ယူ၍ ကြွတော်မမူအံ့ တပည့်တော်သည် ဘုရားရှင်ကို လုပ်ကျွေးပြုစုပါမည်။ (ဒီ၊၌၊၂။၁၃။) (ဒီ၊၌၊မြန်၊၂။၂၄။) (အပ၊၌၊၁။၃၄၉။)

အာနန္ဒာမထေရ်အား ပဋိစ္စသမုပ္ပါဒ်တရား ထင်ရှားပေါ်လွင်ကြောင်း ၄ ပါး ၁။ ပဒုမုတ္တရဘုရားရှင် ထံ၌ တောင်းဆု ပြုခဲ့ခြင်းတည်းဟူသော အားကြီးသော မှီရာအကြောင်းနှင့် ပြည့်စုံခြင်း၊ ၂။ အလေးပြုအပ်သော ဘုရားစသော ဆရာကောင်းတို့ထံ၌ မှီဝဲဆည်းကပ်ရခြင်း၊ ၃။ သောတာပန်ပုဂ္ဂိုလ် ဖြစ်ခြင်း၊ ၄။ ပိဋကအကြားအမြင် များခြင်း ဗဟုဿုတနှင့် ပြည့်စုံခြင်း။ (ဒီ၊၌၊၂။၇၈။) (သံ၊၌၊၂။၈၃။) (ဒီ၊၌၊မြန်၊၂။၁၄၄။)

အာနန္ဒာမထေရ်၏ စတဒင်္ဘွဲ့ ၅ မျိုး ၁။ ပိဋကအကြားအမြင်များသူ- ဗဟုဿုတစတဒင်္၊ ၂။ပညာကြီးသူ- ဂတိမန္တစတဒင်္၊၃။သတိကြီးသူ- သတိမန္တစတဒင်္၊၄။ပိဋကကိုဆောင်နိုင်သော ဓိရိယအားကြီးသူ- ဓိတိမန္တစတဒင်္၊ ၅။ ဘုရားရှင်အား အမြဲလုပ်ကျွေးသူ- ဥပဋ္ဌာကစတဒင်္။ (အံ၊၌၊၁။၂၂၃။) (သံ၊၌၊၁။၄။)

အာနန္ဒာမထေရ်၏ အံ့ဖွယ် ၄ ပါး ၁။ ရဟန်းပရိသတ်သည် အာနန္ဒာထေရ်ကို ဖူးမြော်ရသဖြင့် လည်းကောင်း ရှင်အာနန္ဒာဟောသော တရားကို နာကြားရသဖြင့်လည်းကောင်း မရောင့်ရဲနိုင်ခြင်း၊ ၂။ ရဟန်းမ ပရိသတ်သည် ရှင်အာနန္ဒာကို ဖူးမြင်ခြင်း၌လည်းကောင်း ရှင်အာနန္ဒာဟောသောတရားကို နာရခြင်း၌လည်းကောင်း မရောင့်ရဲနိုင်ခြင်း၊ ၃။ လူဒါယကာ ပရိသတ်သည် ရှင်အာနန္ဒာထေရ်ကို ဖူးမြင်ခြင်း၌လည်းကောင်း ရှင်အာနန္ဒာ ဟောသော တရားကို နာရခြင်း၌လည်းကောင်း မရောင့်ရဲနိုင်ခြင်း၊ ၄။ လူဒါယိကာမ ပရိသတ်သည် ရှင်အာနန္ဒာထေရ်ကို ဖူးမြင်ခြင်း၌လည်းကောင်း ရှင်အာနန္ဒာ ဟောသော တရားကို နာရခြင်း၌လည်းကောင်း မရောင့်ရဲနိုင်ခြင်း၊ ဤကား ရှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ် လေးပါးတည်း။ (ဒီ၊၂။၁၁၉။) (အံ၊၁။၄၄၈။) (သာရတ္ထ၊ဋီ၊၁။၁၀၃။) (ဒီ၊ မြန်၊၂။၁၃၉။) (အံ၊ မြန်၊၁။၄၆၁။)

http://www.dhammadownload.com

အာပေါ ၄ မျိုး ၁။ လက္ခဏအာပေါ– တတ္ထ ကတမာ အဇ္ဈတ္တိကာ အာပေါဓာတု အစရှိသော ပါဋိရပ်တို့၌ လာသော အာပေါ၊ ၂။ သသမ္ဘာရအာပေါ– အာပေါကသိဏ် ဥဂ္ဂဏှန္တော အာပသို့ နိမိတ္တံ ဂဏှာတိ အစရှိသော ပါဋိရပ်၌ လာသော အာပေါ၊ ၃။ အာရမ္မဏအာပေါ– အာပေါ ကသိဏမေကော သမ္ပဇာနာတိ အစရှိသော ပါဋိရပ်၌ လာသော အာပေါ၊ ၄။ သမ္မုတိအာပေါ– လူတို့သမုတ်အပ်သော ရေဟူသော အမည်ပညတ်။ (မ၊၄၊၁။၃၁။)

အာပေါဓာတ် ၁၂ ပါး (အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အာပေါဓာတ် ၁၂ ပါး) ၁။ ပိတ္တံ– သည်းခြေ၊ ၂။ သေမှံ–သလိပ်၊ ၃။ ပုဗ္ဗော– ပြည်၊ ၄။ လောဟိတံ– သွေး၊ ၅။ သေဒေါ– ချွေး၊ ၆။ မေဒေါ– အဆီခဲ၊ ၇။ အဿု– မျက်ရည်၊ ၈။ ဝသာ– အဆီကြည်၊ ၉။ ခေဋ္ဌော– တံတွေး၊ ၁၀။ သိဃ်ာဏိကာ– နှပ်(နှာရည်)၊ ၁၁။ သလိကာ– အစေး၊ ၁၂။ မုတ္တံ– ကျင်ငယ်။ (မ၊၁။၂၄၄။) (မ၊၂။၈၅။) (အဘိ၊ဝိ။ ၈၄။) (မ၊မြန်၊၁။၂၅၂။) (မ၊မြန်၊၂။၉၂။) (အဘိ၊ဝိ၊မြန်၊၁။၂၉၉။)

အာပေါဓာတ် ၂ ပါး ၁။ အတွင်းသန္တာန်၌ ဖြစ်သော အဇ္ဈတ္တ အာပေါဓာတ်၊ ၂။ ပြင်ပသန္တာန်၌ ဖြစ်သော ဗဟိဒ္ဓ အာပေါဓာတ်။ (မ၊၂။၈၅။) (မ၊၁။၂၄၄။) (အဘိ၊ဝိ။၈၄။) (မ၊မြန်၊၂။၉၂။) (မ၊မြန်၊၁။၂၅၂။) (အဘိ၊ ဝိ၊မြန်၊၁။၂၉၉။)

အာပတ်ကို ဖြစ်စေတတ်သော စိတ် ၃၂ ပါး ၁။ အကုသိုလ်စိတ် (၁၂) ပါး၊ ၂။ မဟာကုသိုလ် စိတ် ၈ ပါး၊ ၃။ ကာမာဝစရကြိယာစိတ် (၁၀) ပါး၊ ၄။ အဘိညာဉ်ဒွေး။ (ဝိ၊၄၊၁။၂၃၅။)

အာပတ်စုတို့ကို မပြသော သိက္ခာပုဒ် ပညတ် ၆ မျိုး ၁။ "ယေဘုယျေန ခါယိတံ အာပတ္တိ ထုလ္လစ္စယဿ" အစရှိသော ပဒဘာဇနီ၌ တွေ့မြင်ရသော အာပတ်မျိုးသည် ပဒဘာဇန သိက္ခာပုဒ်၊ ၂။ "နတွေဝ နဂ္ဂေန အာဂန္တဗ္ဗံ၊ ယော အာဂစ္ဆေယျ၊ အာပတ္တိ ဒုက္ကဋဿ" အစရှိသော အာပတ် မျိုးသည် အန္တရာပတ္တိ သိက္ခာပုဒ်၊ ၃။ "အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပဋိသလ္လီယန္တေန ဒွါရံ သံဝရိတွာ ပဋိသလ္လီယိတုံ" အစရှိသော ပညတ်ချက်သည် ဝိနီတဝတ္ထု သိက္ခာပုဒ်၊ ၄။ "လောဟိတုပွါဒကော ဘိက္ခဝေ အနုသမ္ပန္နော နဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော" အစရှိသော ပညတ်ချက်မျိုးသည် ပဋိက္ခေပသိက္ခာပုဒ်၊ ၅။ ခန္ဓကတို့၌ ပညတ်အပ်သော ဒုက္ကဋ်, ထုလ္လစ္စည်း အာပတ်မျိုးသည် ပညတ္တိသိက္ခာပုဒ်၊ ၆။ "ယာ ပန ဘိက္ခုနီ နစ္စေယျ ဝါ ဂါယေယျ ဝါ ဝါဒေယျ ဝါ ပါစိတ္တိယံ" ဤသို့ အစရှိသော အဌကထာ၌ မြင်ရသော အာပတ်မျိုးသည်လည်းကောင်း ဝိနည်းကံသည်လည်းကောင်း အဝုတ္တသိဒ္ဓိသိက္ခာပုဒ်။ (ဝဇိရ။၇၀။)

အာပတ္တာဓိကရုဏ်းကို ငြိမ်းစေသော သမထ ၃ မျိုး ၁။ သမ္မုခါဝိနည်းသမထ၊ ၂။ ပဋိညာ ကရဏသမထ၊ ၃။ တိဏဝတ္ထာရကသမထ (သမထ ၇ ပါးကို ကြည့်)။ (ဝိ၊၅။၁၉၅။) (ဒီ၊၄၊၃။၂၂၅။) (အံ၊ဋီ၊၃။၂၀၁။) (ဝိ၊မြန်၊၅။၂၈၀။)

အာပတ္တာဓိကရုဏ်းကို တားမြစ်ခြင်းဖြင့် တားမြစ်အပ်သော သမထ ၃ ပါး ၁။ သမ္မုခါ ဝိနယ သမထ၊ ၂။ ပဋိညာတကရဏ သမထ၊ ၃။ တိဏဝတ္ထာရက သမထ (သမထ ၇ ပါးကို ကြည့်)။ (ဝိ၊၄၊၄။၁၉၄။)

http://www.dhammadownload.com

အာပတ္တာဓိကရဏ်းကို မငြိမ်းစေနိုင်သော သမထ ၄ ပါး ၁။ ယေဘုယျသိကာ သမထ၊ ၂။ သတိဝိနယ သမထ၊ ၃။ အမူဠှဝိနယ သမထ၊ ၄။ တဿပါပိယသိကာ သမထ (သမထ ၇ ပါးကို ကြည့်) ။ (ဝိ၅။၁၉၈။) (ဝိ၊မြန်၊၅။၂၈၂။)

အာပတ္တာဓိကရဏ်းကြောင့် သင့်သော အာပတ် ၄ မျိုး ၁။ ရဟန်းမသည် သိလျက် ပါရာဇိက အာပတ်ကို ဖုံးလွှမ်းခဲ့၊ ပါရာဇိကအာပတ်သို့ ရောက်၏၊ ၂။ ယုံမှားရှိသည် ဖြစ်၍ လွှမ်းခဲ့၊ ထုလ္လစ္စဉ်းအာပတ်သို့ ရောက်၏၊ ၃။ ရဟန်းယောကျ်ားသည် သံဃာဒိသိသ်အာပတ်ကို ဖုံးလွှမ်းခဲ့၊ ပါစိတ်အာပတ်သို့ ရောက်၏၊ ၄။ အကျင့်ပျက်စီးခြင်း (အာစာရဝိပတ္တိ။) ကို ဖုံးလွှမ်းခဲ့၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ (ဝိ၅။၁၈၀။) (ဝိ၅။၂၆၈။) (ဝိ၊မြန်၊၅။၂၆၄။) (ဝိ၊မြန်၊၅။၃၆၁။)

အာပတ္တာဓိကရဏ်းနှင့် ကိစ္စာဓိကရဏ်းတို့ကို မငြိမ်းအေးစေနိုင်သော သမထ ၄ ပါး ၁။ ယေဘုယျသိကာ သမထ၊ ၂။ သတိဝိနယ သမထ၊ ၃။ အမူဠှဝိနယ သမထ၊ ၄။ တဿပါပိယသိကာ သမထ(သမထ ၇ ပါးကို ကြည့်) ။ (ဝိ၅။၁၉၉။) (ဝိ၊မြန်၊၅။၂၈၃။)

အာပတ္တာဓိကရဏ်းနှင့် ကိစ္စာဓိကရဏ်းတို့ ငြိမ်းအေးကြောင်း သမထ ၃ ပါး ၁။ သမ္မုခါ ဝိနယ သမထ၊ ၂။ ပဋိညာတကရဏ သမထ၊ ၃။ တိဏဝတ္ထာရက သမထ(သမထ ၇ ပါးကို ကြည့်)။ (ဝိ၅။၁၉၆။) (ဝိ၊မြန်၊၅။၂၈၁။)

အာပတ္တာဓိကရဏ်းနှင့် ဆက်ဆံသော သမထ ၃ ပါး ၁။ သမ္မုခါဝိနယ သမထ၊ ၂။ ပဋိညာတကရဏ သမထ၊ ၃။ တိဏဝတ္ထာရကသမထ(သမထ ၇ ပါးကို ကြည့်)။ (ဝိ၅။၁၈၆။) (ဝိ၊မြန်၊၅။၂၇၀။)

အာပတ္တာဓိကရဏ်းနှင့် တူသော အဖို့ရှိသော သမထ ၃ ပါး ၁။ သမ္မုခါဝိနယ သမထ၊ ၂။ ပဋိညာတကရဏ သမထ၊ ၃။ တိဏဝတ္ထာရက သမထ။ (ဝိ၅။၁၈၆။) (ဝိ၊မြန်၊၅။၂၇၁။)

အာပတ္တာဓိကရဏ်းနှင့် မဆက်ဆံသော သမထ ၄ ပါး ၁။ ယေဘုယျသိကာ သမထ၊ ၂။ သတိဝိနယ သမထ၊ ၃။ အမူဠှဝိနယ သမထ၊ ၄။ တဿပါပိယသိကာ သမထ။ (ဝိ၅။၁၈၆။) (ဝိ၊မြန်၊၅။၂၇၀။)

အာပတ္တာဓိကရဏ်းမှ တစ်ပါးသော အဖို့ရှိသော သမထ ၄ ပါး ၁။ ယေဘုယျသိကာ သမထ၊ ၂။ သတိဝိနယ သမထ၊ ၃။ အမူဠှဝိနယ သမထ၊ ၄။ တဿပါပိယသိကာ သမထ။ (ဝိ၅။၁၈၆။) (ဝိ၊မြန်၊၅။၂၇၁။)

အာပတ် ၂ မျိုး ၁။ ဒေသနာဂါမိနီအာပတ်– ဒေသနာပြောကြား၍ ကုစားအပ်သော ထုလ္လစ္စဉ်း နိဿဂ္ဂိယပါစိတ်, သုဒ္ဓပါစိတ်, ဒုက္ကဋ်, ဒုဗ္ဘာသိဟု ဆိုအပ်သော အောက်အာပတ် ငါးဖုံ၊ ၂။ ဝုဋ္ဌာနဂါမိနီအာပတ်– ဝုဋ္ဌာနကံဖြင့် ကုစားအပ်သော ပါရာဇိက သံဃာဒိသေသ်ဟု ဆိုအပ်သော အထက်အာပတ် နှစ်ဖုံ။ (ဝိ၆၊၁။၂၃၈။)

အာပတ် ၂ မျိုး (တစ်နည်း) (ဥပသမ္မဒကွန္ဓကဋ္ဌ ဒွေ အာပတ္တိယော အရ အာပတ် ၂ မျိုး) ၁။ အသက်နှစ်ဆယ် မပြည့်သော ပုဂ္ဂိုလ်ကို ရဟန်းပြုပေးခြင်းကြောင့် ပါစိတ်အာပတ်၊ ၂။ ကြွင်းသော အကြောင်းတို့ကြောင့် ဒုက္ကဋ်အာပတ်။ (ဝိ၆၊၄။၁၅၅။)

အာပတ် ၂ မျိုး (တစ်နည်း) (ဥပေါသထကွန္ဓကဋ္ဌ တိဿော အာပတ္တိယော အရ အာပတ် ၂ မျိုး) ၁။ သံဃာကွဲပြားခြင်းကို ရှေးရှုသော ရဟန်း၏ ဥပုသ်ပြုခြင်းကြောင့် ထုလ္လစ္စဉ်းအာပတ်၊

http://www.dhammadownload.com

၂။ ဥက္ခိတ္တကရဟန်းနှင့်အတူ ဥပုသ်ပြုခြင်းကြောင့် ပါစိတ်အာပတ်၊ ၃။ ကြွင်းသော အကြောင်းတို့ကြောင့် ဒုက္ကဋ်အာပတ်။ (ဝိ၊၆၊၄။၁၅၅။)

အာပတ် ၂ မျိုး (တစ်နည်း) ၁။ ပေါ့သော လဟုကအာပတ်၊ ၂။ လေးသော ဂရုကအာပတ်၊ (တစ်နည်း) ၁။ ရုန့်ရင်းသော ဒုဋ္ဌုလ္လအာပတ်၊ ၂။ မရုန့်ရင်းသော အဒုဋ္ဌုလ္လအာပတ်၊ (တစ်နည်း) ၁။ ကုစားရန် အကြွင်းရှိသော သာဝသေသအာပတ်၊ ၂။ ကုစားရန် အကြွင်းမရှိသော အနာဝသေသ အာပတ်။ (အံ၊၁။၈၇။) (အံ၊မြန်၊၁။၁၀၂။)

အာပတ် ၃ မျိုး (ပဝါရဏာကွန်ကဋ် တိသော အာပတ္တိယော အရ အာပတ် ၃ မျိုး) ၁။ သံဃာ ကွဲပြားခြင်းကို ရှေးရှု၍ ပဝါရဏာပြုသော ရဟန်းအား ထုလ္လစ္စည်းအာပတ်၊ ၂။ ဥက္ခိတ္တက ရဟန်းနှင့် အတူ ပဝါရဏာပြုခြင်းကြောင့် ပါစိတ်အာပတ်၊ ၃။ ကြွင်းသော အကြောင်းတို့ကြောင့် ဒုက္ကဋ်အာပတ်။ (ဝိ၊၆၊၄။၁၅၅။)

အာပတ် ၃ မျိုး (တစ်နည်း) (ဘေသဇ္ဇကွန်ကဋ် တိသော အာပတ္တိယော အရ အာပတ် ၃ မျိုး) ၁။ အင်္ဂါဇာတ်အထက် လက်နှစ်သစ် အတိုင်းအရှည်ရှိသော အရပ်၌ ခွဲစိပ်ခြင်း ကြပ်စီး ခြင်းကို ပြုခြင်းကြောင့် ထုလ္လစ္စည်းအာပတ်၊ ၂။ ဘောဇ္ဇယာဂုကို စားခြင်းကြောင့် ပါစိတ် အာပတ်၊ ၃။ ကြွင်းသော အကြောင်းတို့ကြောင့် ဒုက္ကဋ်အာပတ်။ (ဝိ၊၆၊၄။၁၅၅။)

အာပတ် ၃ မျိုး (တစ်နည်း) (စမ္မကွန်ကဋ် တိသော အာပတ္တိယော အရ အာပတ် ၃ မျိုး) ၁။ နွားမငယ်ကို သတ်ခြင်းကြောင့် ပါစိတ်အာပတ်၊ ၂။ တပ်မက်သော စိတ်ဖြင့် အင်္ဂါ ဇာတ်ကို တို့ထိခြင်းကြောင့် ထုလ္လစ္စည်းအာပတ်၊ ၃။ ကြွင်းသော အကြောင်းတို့ကြောင့် ဒုက္ကဋ်အာပတ်။ (ဝိ၊၆၊၄။၁၅၅။)

အာပတ် ၃ မျိုး (တစ်နည်း) (စီဝရကွန်ကဋ် တိသော အာပတ္တိယော အရ အာပတ် ၃ မျိုး) ၁။ သမန်းမြက်, လျှော်မြက်တို့ကို ဝတ်ခြင်းကြောင့် ထုလ္လစ္စည်းအာပတ်၊ ၂။ ပိုလွန်သော သင်္ကန်းကို ထားခြင်းကြောင့် နိဿဂ္ဂိယပါစိတ်အာပတ်၊ ၃။ ကြွင်းသော အကြောင်းတို့ကြောင့် ဒုက္ကဋ်အာပတ်။ (ဝိ၊၆၊၄။၁၅၅။)

အာပတ် ၄ မျိုး ၁။ မိမိနှုတ်ဖြင့် သင့်၍ သူတစ်ပါးနှုတ်ဖြင့် ထသော အာပတ်၊ ၂။ သူတစ်ပါး နှုတ်ဖြင့် သင့်၍ မိမိနှုတ်ဖြင့် ထသော အာပတ်၊ ၃။ မိမိနှုတ်ဖြင့် သင့်၍ မိမိနှုတ်ဖြင့် ထသော အာပတ်၊ ၄။ သူတစ်ပါးနှုတ်ဖြင့် သင့်၍ သူတစ်ပါးနှုတ်ဖြင့် ထသော အာပတ်။ (ဝိ၊၅။၂၂၄။) (ဝိ၊မြန်၊၅။၃၁၁။)

အာပတ် ၄ မျိုး (တစ်နည်း) ၁။ ကိုယ်ဖြင့် သင့်၍ နှုတ်ဖြင့် ထသော အာပတ်၊ ၂။ နှုတ်ဖြင့် သင့်၍ ကိုယ်ဖြင့် ထသော အာပတ်၊ ၃။ ကိုယ်ဖြင့် သင့်၍ ကိုယ်ဖြင့် ထသော အာပတ်၊ ၄။ နှုတ်ဖြင့် သင့်၍ နှုတ်ဖြင့် ထသော အာပတ်။ (ဝိ၊၅။၂၂၄။) (ဝိ၊မြန်၊၅။၃၁၁။)

အာပတ် ၄ မျိုး (တစ်နည်း) ၁။ အိပ်သော် သင့်၍ နိုးသော် ထသော အာပတ်၊ ၂။ နိုးသော် သင့်၍ အိပ်သော် ထသော အာပတ်၊ ၃။ အိပ်သော် သင့်၍ အိပ်သော် ထသော အာပတ်၊ ၄။ နိုးသော် သင့်၍ နိုးသော် ထသော အာပတ်။ (ဝိ၊၅။၂၂၄။) (ဝိ၊မြန်၊၅။၃၁၂။)

http://www.dhammadownload.com

အာပတ် ၄ မျိုး (တစ်နည်း) ၁။ စိတ်မရှိသော် သင့်၍ စိတ်ရှိသော် ထသော အာပတ်၊ ၂။ စိတ်ရှိသော် သင့်၍ စိတ်မရှိသော် ထသော အာပတ်၊ ၃။ စိတ်မရှိသော် သင့်၍ စိတ်မရှိသော် ထသော အာပတ်၊ ၄။ စိတ်ရှိသော် သင့်၍ စိတ်ရှိသော် ထသော အာပတ်။ (ဝိ၅။၂၂၄။) (ဝိ၊မြန်၊၅။၃၁၂။)

အာပတ် ၄ မျိုး (တစ်နည်း) ၁။ အာပတ်သင့်သော် ဒေသနာကြားရသော အာပတ်၊ ၂။ ဒေသနာကြားသော် သင့်သော အာပတ်၊ ၃။ အာပတ်သင့်သော် အာပတ်မှ ထသော အာပတ်၊ ၄။ အာပတ်မှ ထသော် သင့်သော အာပတ်။ (ဝိ၅။၂၂၄။) (ဝိ၊မြန်၊၅။၃၁၂။)

အာပတ် ၄ မျိုး (တစ်နည်း) ၁။ ကံဖြင့် သင့်၍ ကံနှင့် ကင်းသဖြင့် ထသော အာပတ်၊ ၂။ ကံနှင့် ကင်းသဖြင့် သင့်၍ ကံဖြင့် ထသော အာပတ်၊ ၃။ ကံဖြင့် သင့်၍ ကံဖြင့် ထသော အာပတ်၊ ၄။ ကံနှင့် ကင်းသဖြင့် သင့်၍ ကံနှင့် ကင်းသဖြင့် ထသော အာပတ်။ (ဝိ၅။၂၂၄။) (ဝိ၊မြန်၊၅။ ၃၁၂။)

အာပတ် ၄ မျိုး (တစ်နည်း) ၁။ သံဃာ့မျက်ကွယ်၌ သင့်၍ သံဃာ့မျက်ကွယ်၌ ထသော အာပတ်၊ ၂။ သံဃာ့မျက်ကွယ်၌ သင့်၍ သံဃာ့မျက်မှောက်၌ ထသော အာပတ်၊ ၃။ သံဃာ့ မျက်မှောက်၌ သင့်၍ သံဃာ့မျက်မှောက်၌ ထသော အာပတ်၊ ၄။ သံဃာ့မျက်ကွယ်၌ သင့်၍ သံဃာ့ မျက်ကွယ်၌ ထသော အာပတ်။ (ဝိ၅။၂၂၅။) (ဝိ၊မြန်၊၅။၃၁၃။)

အာပတ် ၄ မျိုး (တစ်နည်း) ၁။ မသိသော် သင့်၍ သိသော် ထသော အာပတ်၊ ၂။ သိသော် သင့်၍ မသိသော် ထသော အာပတ်၊ ၃။ မသိသော် သင့်၍ မသိသော် ထသော အာပတ်၊ ၄။ သိသော် သင့်၍ သိသော် ထသော အာပတ်။ (ဝိ၅။၂၂၅။) (ဝိ၊မြန်၊၅။၃၁၃။)

အာပတ် ၄ မျိုး (တစ်နည်း) (အာဂန္တုကနှင့် ပတ်သက်သော အာပတ် ၄ မျိုး) ၁။ ဧည့်သည် (အာဂန္တု) ရဟန်းသာ သင့်၍ ကျောင်းနေ (အာဝါသိက) ရဟန်းအား မသင့်သော အာပတ်၊ ၂။ ကျောင်းနေ (အာဝါသိက) ရဟန်းသာ သင့်၍ ဧည့်သည် (အာဂန္တု) ရဟန်းအား မသင့်သော အာပတ်၊ ၃။ ဧည့်သည် (အာဂန္တု) ရဟန်းလည်း သင့်၊ ကျောင်းနေ (အာဝါသိက) ရဟန်းလည်း သင့်သော အာပတ်၊ ၄။ ဧည့်သည် (အာဂန္တု) ရဟန်းလည်း မသင့်၊ ကျောင်းနေ (အာဝါသိက) ရဟန်းလည်း မသင့်သော အာပတ်။ (ဝိ၅။၂၂၆။) (ဝိ၊မြန်၊၅။၃၁၄။)

အာပတ် ၄ မျိုး (တစ်နည်း) (ခရီးသွားရဟန်းနှင့် ပတ်သက်သော အာပတ် ၄ မျိုး) ၁။ ခရီးသွား (ဂမိက) ရဟန်းသာ သင့်၍ ကျောင်းနေ (အာဝါသိက) ရဟန်း မသင့်သော အာပတ်၊ ၂။ ကျောင်းနေ (အာဝါသိက) ရဟန်းသာ သင့်၍ ခရီးသွား (ဂမိက) ရဟန်း မသင့်သော အာပတ်၊ ၃။ ခရီးသွား (ဂမိက) ရဟန်းလည်း သင့်၊ ကျောင်းနေ (အာဝါသိက) ရဟန်းလည်း သင့်သော အာပတ်၊ ၄။ ခရီးသွား (ဂမိက) ရဟန်းလည်း မသင့်၊ ကျောင်းနေ (အာဝါသိက) ရဟန်းလည်း မသင့်သော အာပတ်။ (ဝိ၅။၂၂၆။) (ဝိ၊မြန်၊၅။၃၁၄။)

အာပတ် ၄ မျိုး (တစ်နည်း) ၁။ ဥပဇ္ဈာယ်ဆရာသာ သင့်၍ အတူနေတပည့် (သဒ္ဓိဝိဟာရိက) မသင့်သော အာပတ်၊ ၂။ အတူနေတပည့် (သဒ္ဓိဝိဟာရိက) သာ သင့်၍ ဥပဇ္ဈာယ်ဆရာ မသင့်သော အာပတ်၊ ၃။ ဥပဇ္ဈာယ်ဆရာလည်း သင့်၊ အတူနေတပည့် (သဒ္ဓိဝိဟာရိက) လည်း သင့်သော အာပတ်၊ ၄။ ဥပဇ္ဈာယ်ဆရာလည်း မသင့်၊ အတူနေတပည့် (သဒ္ဓိ ဝိဟာရိက) လည်း မသင့်သော အာပတ်။ (ဝိ၊မြန်၊၅။၃၁၅။) (ဝိ၅။၂၂၆။)

http://www.dhammadownload.com

အာပတ် ၄ မျိုး (တစ်နည်း) ၁။ ဆရာသာသင့်၍အနီးနေတပည့် (အန္တေဝါသိက) မသင့်သော အာပတ်၊ ၂။ အနီးနေတပည့် (အန္တေဝါသိက) သာ သင့်၍ ဆရာမသင့်သော အာပတ်၊ ၃။ ဆရာလည်း သင့်၊ အနီးနေတပည့် (အန္တေဝါသိက) လည်း သင့်သော အာပတ်၊ ၄။ ဆရာလည်း မသင့်၊ အနီးနေတပည့် (အန္တေဝါသိက) လည်း မသင့်သော အာပတ်။ (ဝိ၊၅။၂၂၆။) (ဝိ၊မြန်၊၅။၃၁၅။)

အာပတ် ၄ မျိုး (တစ်နည်း) ၁။ ယူသော ရဟန်းအား လေး၍ တိုက်တွန်းသော ရဟန်းအား ပေါ့သော အာပတ်၊ ၂။ ယူသော ရဟန်းအား ပေါ့၍ တိုက်တွန်းသော ရဟန်းအား လေးသော အာပတ်၊ ၃။ ယူသော ရဟန်းရော တိုက်တွန်းသော ရဟန်းပါ လေးသော အာပတ်၊ ၄။ ယူသော ရဟန်းရော တိုက်တွန်းသော ရဟန်းပါ ပေါ့သော အာပတ်။ (ဝိ၊၅။၂၂၇။) (ဝိ၊မြန်၊၅။၃၁၅။)

အာပတ် ၄ မျိုး (တစ်နည်း) (အချိန်အခါနှင့် ပတ်သက်သော အာပတ် ၄ မျိုး) ၁။ နံနက် အခါသာ သင့်၍ နေလွဲသော အခါ မသင့်သော အာပတ်၊ ၂။ နေလွဲအခါသာ သင့်၍ နံနက်အခါ မသင့်သော အာပတ်၊ ၃။ နံနက်အခါလည်း သင့်၊ နေ့လွဲအခါ၌လည်း သင့်သော အာပတ်၊ ၄။ နံနက် အခါလည်း မသင့်၊ နေ့လွဲအခါ၌လည်း မသင့်သော အာပတ်။ (ဝိ၊၅။ ၂၂၇။) (ဝိ၊မြန်၊၅။၃၁၆။)

အာပတ် ၄ မျိုး (တစ်နည်း) (ဇနပုဒ်နှင့် စပ်သော အာပတ် ၄ မျိုး) ၁။ ပစ္စန္တရစ် ဇနပုဒ်တို့၌ သင့်၍ မဈိမတိုက် ဇနပုဒ်၌ မသင့်သော အာပတ်၊ ၂။ မဈိမတိုက် ဇနပုဒ်တို့၌ သင့်၍ ပစ္စန္တရစ်ဇနပုဒ်တို့၌ မသင့်သော အာပတ်၊ ၃။ ပစ္စန္တရစ် ဇနပုဒ်၌လည်း သင့် မဈိမတိုက် ဇနပုဒ်၌လည်း သင့်သော အာပတ်၊ ၄။ ပစ္စန္တရစ် ဇနပုဒ်၌လည်း မသင့် မဈိမတိုက် ဇနပုဒ် ၌လည်း မသင့်သော အာပတ်။ (ဝိ၊၅။၂၂၇။) (ဝိ၊မြန်၊၅။၃၁၆။)

အာပတ် ၄ မျိုး (တစ်နည်း) (ဇနပုဒ်နှင့် စပ်သော အမှု ၄ မျိုး) ၁။ ပစ္စန္တရစ် ဇနပုဒ်၌ အပ်၍ မဈိမတိုက် ဇနပုဒ်၌ မအပ်သော အမှု၊ ၂။ မဈိမတိုက် ဇနပုဒ်၌ အပ်၍ ပစ္စန္တရစ် ဇနပုဒ်၌ မအပ်သော အမှု၊ ၃။ ပစ္စန္တရစ် ဇနပုဒ်၌လည်း အပ်၊ မဈိမတိုက် ဇနပုဒ်၌လည်း အပ်သော အမှု၊ ၄။ ပစ္စန္တရစ် ဇနပုဒ်၌လည်း မအပ်၊ မဈိမတိုက်ဇနပုဒ်၌လည်း မအပ်သော အမှု။ (ဝိ၊၅။၂၂၇။) (ဝိ၊မြန်၊၅။၃၁၆။)

အာပတ် ၄ မျိုး (တစ်နည်း) (အတွင်းအပနှင့် ပတ်သက်သော အာပတ် ၄ မျိုး) ၁။ အတွင်း၌ သင့်၍ အပ၌ မသင့်သော အာပတ်၊ ၂။ အပ၌ သင့်၍ အတွင်း၌ မသင့်သော အာပတ်၊ ၃။ အတွင်း၌လည်း သင့်၊ အပ၌လည်း သင့်သော အာပတ်၊ ၄။ အတွင်း၌လည်း မသင့်၊ အပ၌လည်း မသင့်သော အာပတ်။ (ဝိ၊၅။၂၂၈။) (ဝိ၊မြန်၊၅။၃၁၆။)

အာပတ် ၄ မျိုး (တစ်နည်း) (သိမ်နှင့် ပတ်သက်သော အာပတ် ၄ မျိုး) ၁။ ဥပစာရသိမ်အတွင်း၌ သင့်၍ အပ၌ မသင့်သော အာပတ်၊ ၂။ သိမ်အပ၌ သင့်၍ သိမ်အတွင်း၌ မသင့်သော အာပတ်၊ ၃။ သိမ်အတွင်း၌လည်း သင့် အပ၌လည်း သင့်သော အာပတ်၊ ၄။ သိမ်အတွင်း၌လည်း မသင့်၊ အပ၌လည်း မသင့်သော အာပတ်။ (ဝိ၊၅။၂၂၈။) (ဝိ၊မြန်၊၅။၃၁၆။)

အာပတ် ၄ မျိုး (တစ်နည်း) (ရွာ၊ တောနှင့် ပတ်သက်သော အာပတ် ၄ မျိုး) ၁။ ရွာ၌ သင့်၍ တော၌ မသင့်သော အာပတ်၊ ၂။ တော၌ သင့်၍ ရွာ၌ မသင့်သော အာပတ်၊ ၃။ ရွာ၌

http://www.dhammadownload.com

လည်းသင့်၊ တောင်္ခလည်း သင့်သော အာပတ်၊ ၄။ ရွာင်္ခလည်း မသင့်၊ တောင်္ခလည်း မသင့်သော အာပတ်။ (ဝိ၊၅။၂၂၈။) (ဝိ၊မြန်၊၅။၃၁၆။)

အာပတ် ၄ မျိုး (တစ်နည်း) (နာဖျားခြင်းနှင့် ပတ်သက်သော အာပတ် ၄ မျိုး) ၁။ နာဖျားသော ရဟန်းသာ သင့်၍ မနာဖျားသော ရဟန်း မသင့်သော အာပတ်၊ ၂။ မနာဖျားသော ရဟန်းသာ သင့်၍ နာဖျားသော ရဟန်း မသင့်သော အာပတ်၊ ၃။ နာဖျားသော ရဟန်းလည်း သင့်၊ မနာဖျားသော ရဟန်းလည်း သင့်သော အာပတ်၊ ၄။ နာဖျားသော ရဟန်းလည်း မသင့်၊ မနာဖျားသော ရဟန်းလည်း မသင့်သော အာပတ်။ (ဝိ၊၅။၂၂၉။) (ဝိ၊မြန်၊၅။၃၁၈။)

အာပတ် ၅ မျိုး (မာတိကာနိဒ္ဒေသလာ အာပတ် ၅ မျိုး) ၁။ ပါရာဇိကအာပတ်၊ ၂။ သံဃာဒိသေသ်အာပတ်၊ ၃။ ပါစိတ်အာပတ်၊ ၄။ ပါဋိဒေသနီယအာပတ်၊ ၅။ ဒုက္ကဋ်အာပတ်။ (အဘိ၊ဋ္ဌ၊၁။၄၂၃။)

အာပတ် ၇ မျိုး ၁။ ပါရာဇိကအာပတ်၊ ၂။ သံဃာဒိသိသ်အာပတ်၊ ၃။ ထုလ္လစ္စဉ်းအာပတ်၊ ၄။ ပါစိတ်အာပတ်၊ ၅။ ပါဋိဒေသနီအာပတ်၊ ၆။ ဒုက္ကဋ်အာပတ်၊ ၇။ ဒုဗ္ဘာသီအာပတ်။ (ဝိ၊၅။၁၆၄။) (အဘိ၊ဋ္ဌ၊၁။၄၂၃။) (ဝိ၊မြန်၊၅။၂၄၃။)

အာပတ်မသင့်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ မြတ်စွာဘုရား၊ ၂။ ပစ္စေကဗုဒ္ဓါ။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

အာပတ်မှ ထကြောင်း အခြင်းအရာ ၂ ပါး ၁။ ကိုယ်ဖြင့် ထခြင်း၊ ၂။ နှုတ်ဖြင့် ထခြင်း။ (ဝိ၊၅။ ၂၁၅။) (ဝိ၊မြန်၊၅။၃၀၀။)

အာပတ်မှ ထကြောင်း အခြင်းအရာ ၃ ပါး ၁။ ကိုယ်ဖြင့် ထခြင်း၊ ၂။ နှုတ်ဖြင့် ထခြင်း၊ ၃။ ကိုယ် နှုတ် နှစ်ပါးဖြင့် ထခြင်း။ (ဝိ၊၅။၂၁၉။) (ဝိ၊မြန်၊၅။၃၀၆။)

အာပတ်မှ ထကြောင်း အခြင်းအရာ ၃ ပါး (တစ်နည်း) ၁။ သံဃာ့အလယ်၌ ထခြင်း၊ ၂။ ဂိုဏ်းအလယ်၌ ထခြင်း၊ ၃။ ပုဂ္ဂိုလ်၏ အထံ၌ ထခြင်း။ (ဝိ၊၅။၂၁၉။) (ဝိ၊မြန်၊၅။၃၀၆။)

အာပတ်မှ ထကြောင်း အခြင်းအရာ ၄ ပါး ၁။ ကိုယ်ဖြင့် ထခြင်း၊ ၂။ နှုတ်ဖြင့် ထခြင်း၊ ၃။ ကိုယ်နှုတ်ဖြင့် ထခြင်း၊ ၄။ ကမ္မဝါစာဖြင့် ထခြင်း။ (ဝိ၊၅။၂၂၅။) (ဝိ၊မြန်၊၅။၃၁၃။)

အာပတ်မှ ထကြောင်း အခြင်းအရာ ၄ ပါး (တစ်နည်း) ၁။ သံဃာ့အလယ်၌ ထခြင်း၊ ၂။ ဂိုဏ်း အလယ်၌ ထခြင်း၊ ၃။ ပုဂ္ဂိုလ်အထံ၌ ထခြင်း၊ ၄။ လိင် ထင်ရှားဖြစ်မှုဖြင့် ထခြင်း။ (ဝိ၊၅။ ၂၂၅။) (ဝိ၊မြန်၊၅။၃၁၃။)

အာပတ်သင့်ကြောင်း ၄ မျိုး ၁။ ကိုယ်ကြောင့် အာပတ်သင့်ခြင်း၊ ၂။ နှုတ်ကြောင့် အာပတ် သင့်ခြင်း၊ ၃။ ကိုယ်နှုတ်ကြောင့် အာပတ်သင့်ခြင်း၊ ၄။ ကမ္မဝါစာကြောင့် အာပတ်သင့်ခြင်း။ (ဝဇိရ။၁၀၆။)

အာပတ်သင့်ကြောင်း ၆ ပါး ၁။ အရှက် မရှိခြင်း၊ ၂။ မသိ မိုက်မဲခြင်း၊ ၃။ ကုက္ကုစ္စ နှိပ်စက်ခြင်း၊ ၄။ မအပ်သောအရာ၌ အပ်သည်ဟု အမှတ်ရှိခြင်း၊ ၅။ အပ်သောအရာ၌ မအပ်ဟု အမှတ် ရှိခြင်း၊ ၆။ သတိမေ့လျော့ခြင်း။ (ဝိ၊ဋ္ဌ၊၃။၁၄၁။)

http://www.dhammadownload.com

အာပတ်သင့်ကြောင်း ၆ ပါး (တစ်နည်း) ၁။ ကိုယ်ကြောင့်သာဖြစ်ခြင်း၊ ၂။ နှုတ်ကြောင့်သာဖြစ်ခြင်း၊ ၃။ ကိုယ်ကြောင့် လည်းကောင်း နှုတ်ကြောင့် လည်းကောင်း ဖြစ်ခြင်း၊ ၄။ ကိုယ်ကြောင့် လည်းကောင်း စိတ်ကြောင့် လည်းကောင်း ဖြစ်ခြင်း၊ ၅။ နှုတ်ကြောင့် လည်းကောင်း စိတ်ကြောင့် လည်းကောင်း ဖြစ်ခြင်း၊ ၆။ ကိုယ် နှုတ် စိတ် သုံးပါးလုံးကြောင့် ဖြစ်ခြင်း။ (ဝိ၅။၁၆၅။) (ဝိ၊မြန်၊၅။၂၄၄။)

အာပတ်သင့်ကြောင်း ၆ မျိုး (တစ်နည်း) ၁။ ကိုယ်ကြောင့်၊ ၂။ နှုတ်ကြောင့်၊ ၃။ ကိုယ် နှုတ်ကြောင့်၊ ၄။ ကိုယ်စိတ်ကြောင့်၊ ၅။ နှုတ်စိတ်ကြောင့်၊ ၆။ ကိုယ်နှုတ်စိတ်ကြောင့်။ (သာရတ္ထ၊ဋီ၊၂။၉၅။)

အာပတ်သင့်ကြောင်း အခြင်းအရာ ၂ ပါး ၁။ ကိုယ်ဖြင့် ရောက်ခြင်း၊ ၂။ နှုတ်ဖြင့် ရောက်ခြင်း။ (ဝိ၅။၂၁၅။) (ဝိ၊မြန်၊၅။၂၉၉။)

အာပတ်သင့်ကြောင်း အခြင်းအရာ ၃ ပါး ၁။ ကိုယ်ဖြင့် ရောက်ခြင်း၊ ၂။ နှုတ်ဖြင့် ရောက်ခြင်း၊ ၃။ ကိုယ် နှုတ် နှစ်ပါးဖြင့် ရောက်ခြင်း။ (ဝိ၅။၂၁၉။) (ဝိ၊မြန်၊၅။၃၀၆။)

အာပတ်သင့်ကြောင်း အခြင်းအရာ ၃ ပါး (တစ်နည်း) ၁။ သံဃာ့အလယ်၌ ရောက်ခြင်း၊ ၂။ ဂိဏီးအလယ်၌ ရောက်ခြင်း၊ ၃။ ပုဂ္ဂိုလ်၏ အထံ၌ ရောက်ခြင်း။ (ဝိ၅။၂၁၉။) (ဝိ၊မြန်၊၅။၃၀၆။)

အာပတ်သင့်ကြောင်း အခြင်းအရာ ၄ ပါး ၁။ ကိုယ်ဖြင့် ရောက်ခြင်း၊ ၂။ နှုတ်ဖြင့် ရောက်ခြင်း၊ ၃။ ကိုယ်နှုတ်ဖြင့် ရောက်ခြင်း၊ ၄။ ကမ္မဝါစာဖြင့် ရောက်ခြင်း။ (ဝိ၅။၂၂၅။) (ဝိ၊မြန်၊၅။၃၁၃။)

အာပတ်သင့်ကြောင်း အခြင်းအရာ ၄ ပါး (တစ်နည်း) ၁။ သံဃာ့အလယ်၌ ရောက်ခြင်း၊ ၂။ ဂိဏီးအလယ်၌ ရောက်ခြင်း၊ ၃။ ပုဂ္ဂိုလ်အထံ၌ ရောက်ခြင်း၊ ၄။ လိင် ထင်ရှားဖြစ်ခြင်းဖြင့် ရောက်ခြင်း။ (ဝိ၅။၂၂၅။) (ဝိ၊မြန်၊၅။၃၁၃။)

အာပတ်သင့်ကြောင်း အခြင်းအရာ ၅ ပါး ၁။ အရှက် မရှိခြင်း၊ ၂။ မသိခြင်း၊ ၃။ တွေးတောမှု (သံသယကုက္ကုစ္စ။) နိပ်စက်ခြင်း၊ ၄။ မအပ်သည်၌ အပ်၏ဟု အမှတ်ရှိခြင်း၊ ၅။ အပ်သည်၌ မအပ်ဟု အမှတ်ရှိခြင်း။ (ဝိ၅။၃၃၈။) (ဝိ၊မြန်၊၅။၄၄၁။)

အာပတ်သင့်ကြောင်း အခြင်းအရာ ၅ ပါး (တစ်နည်း) ၁။ ဝိနည်းဓိရ်ကို မတွေ့မမြင်ခြင်း၊ ၂။ အပ်မအပ်ကို မကြားဖူးခြင်း၊ ၃။ အိပ်ပျော်သည်၏ အဖြစ်၌ တည်ခြင်း၊ ၄။ မအပ်သည်၌ အပ်၏ဟု အမှတ်ရှိခြင်း၊ ၅။ သတိမေ့လျော့ခြင်း။ (ဝိ၅။၃၃၈။) (ဝိ၊မြန်၊၅။၄၄၁။)

အာပတ်သင့်ခြင်း ၆ မျိုး ၁။ ကိုယ်ကြောင့်သာ သင့်၍ နှုတ်ကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း မသင့်သော အာပတ်၊ ၂။ နှုတ်ကြောင့်သာ သင့်၍ ကိုယ်ကြောင့် လည်းကောင်း စိတ်ကြောင့်လည်းကောင်း မသင့်သော အာပတ်၊ ၃။ ကိုယ်ကြောင့် လည်းကောင်း၊ နှုတ်ကြောင့် လည်းကောင်း သင့်၍ စိတ်ကြောင့် မသင့်သော အာပတ်၊ ၄။ ကိုယ်ကြောင့် လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း သင့်၍ နှုတ်ကြောင့် မသင့်သော အာပတ်၊ ၅။ နှုတ်ကြောင့် လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း သင့်၍ ကိုယ်ကြောင့် မသင့်သော အာပတ်၊ ၆။ကိုယ်ကြောင့်လည်းကောင်း၊နှုတ်ကြောင့်လည်းကောင်း၊စိတ်ကြောင့်လည်းကောင်းသင့်သော အာပတ်။ (ဝိ၄။၂၁၅။) (ဝိ၊မြန်၊၄။၂၁၂။)

http://www.dhammadownload.com

အာပတ်သင့်ခြင်း အကြောင်း ၅ မျိုး ၁။ သိက္ခာပုဒ် လွန်ကျူးရန် အရှက် မရှိခြင်း၊ ၂။ မသိ မိုက်မဲခြင်း၊ ၃။ ဝိနယကုက္ကုစ္စ မရှိခြင်း၊ ၄။ မအပ်သည်ကို အပ်၏ဟု မှတ်ထင်ခြင်း၊ ၅။ အပ်သည်ကို မအပ်ဟု မှတ်ထင်ခြင်း။ (ဝိ၊၌၊၄။၁၇၂။)

အာပတ်သင့်ထိုက်သော ပုဂ္ဂိုလ် ၂ မျိုး ၁။ ရဟန်းယောကျ်ား၊ ၂။ ရဟန်းမ။ (ဝိ၊၅။၂၁၄။) (ဝိ၊မြန်၊၅။၂၉၈။)

အာပတ် သင့်ရခြင်းအကြောင်း ၆ မျိုး ၁။ အရှက်ကင်းမဲ့သူ ဖြစ်ခြင်း၊ ၂။ ဝိနည်း စည်းကမ်း မသိ နားမလည်သူ ဖြစ်ခြင်း၊ ၃။ တစ်ဖန်ပူပန်ခြင်းသည် နှိပ်စက်ခံရသူ ဖြစ်ခြင်း၊ ၄။ မအပ်သော အရာ၌ အပ်သည်ဟု မှတ်ထင်သူ ဖြစ်ခြင်း၊ ၅။ အပ်သော အရာ၌ အပ်သည်ဟု မှတ်ထင်သူ ဖြစ်ခြင်း၊ ၆။ သတိမေ့လျော့တတ်သူ ဖြစ်ခြင်း။ (သာရတ္ထ၊ဋီ၊၁။၁၉၀။)

အာပတ်အစု ၅ ပါး ၁။ ပါရာဇိကအာပတ်အစု၊ ၂။ သံဃာဒိသိသ်အာပတ်အစု၊ ၃။ ပါစိတ်အာပတ် အစု၊ ၄။ ပါဋိဒေသနီအာပတ်အစု၊ ၅။ ဒုက္ကဋ်အာပတ်အစု။ (ဝိ၊၅။၁၆၄။) (ဝိ၊မြန်၊၅။၂၄၃။)

အာပတ်အစု ၇ ပါး ၁။ ပါရာဇိကအာပတ်အစု၊ ၂။ သံဃာဒိသိသ်အာပတ်အစု၊ ၃။ ထုလ္လစ္စဉ်း အာပတ် အစု၊ ၄။ ပါစိတ်အာပတ်အစု၊ ၅။ ပါဋိဒေသနီအာပတ်အစု၊ ၆။ ဒုက္ကဋ်အာပတ်အစု၊ ၇။ ဒုဗ္ဘာသိ အာပတ်အစု။ (ဝိ၊၅။၁၆၄။) (ဝိ၊မြန်၊၅။၂၄၃။)

အာမကဓညသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ စပါးစိမ်းကို တောင်းခြင်း စသည်၊ ၂။ ထိုစပါးစိမ်းကို လှော်ခြင်းစသဖြင့် စားမျိုခြင်း။ (ဝိမတိ၊၂။၇၆။)

အာမကဓညသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ကောက်စပါး ခုနစ်မျိုးတို့တွင် စပါးတစ်မျိုးမျိုးကို ကိုယ်တိုင် တောင်းခြင်း၊ သူတစ်ပါးကို တောင်းစေခြင်း၊ ၂။ ရရှိခြင်း၊ ၃။ လှော်ခြင်း အစ ရှိသော အမှုတို့ကို ကိုယ်တိုင် ပြုပြီး၍သော်လည်းကောင်း၊ သူတစ်ပါးကို ပြုစေပြီး၍သော် လည်းကောင်း စားမျိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၄။)

အာမဂန္ဓတရား ၁၄ ပါး စိမ်းညှီစော်နံသော တရား ၁၄ ပါးနှင့် တူသည်။

အာမ မခံနိုင်သော တရား ၄ ပါး (လူနတ်ဗြဟ္မာ မည်သူတစ်ဦးတစ်ယောက်မျှ အာမမခံနိုင်သော တရား ၄ ပါး) ၁။ အိုခြင်းတရားကို မအိုပါစေသတည်းဟု လူနတ်ဗြဟ္မာ မည်သူတစ်ဦးမျှ အာမ မခံနိုင်ခြင်း၊ ၂။ နာခြင်းတရားကို မနာပါစေသတည်းဟု လူနတ်ဗြဟ္မာ မည်သူ တစ်ဦးမျှ အာမ မခံနိုင်ခြင်း၊ ၃။ သေခြင်းတရားကို မသေပါစေသတည်းဟု လူနတ်ဗြဟ္မာ မည်သူ တစ်ဦးမျှ အာမ မခံနိုင်ခြင်း၊ ၄။ ရှေးဘဝ ပြုလုပ်ခဲ့ဖူးသော ယုတ်မာသော အကုသိုလ်ကံတို့၏ အကျိုးသည် မဖြစ်ပါစေသတည်းဟု လူနတ်ဗြဟ္မာ မည်သူတစ်ဦးမျှ အာမ မခံနိုင်ခြင်း။ (အဘိ၊က။၃၃၂။) (အဘိ၊က၊မြန်၊၂။၁၈၃။)

အာမိသဒါယာဒါဒ်၌ အာမိသ ၂ မျိုး ၁။ သင်္ကန်းစသော ပစ္စည်းလေးပါးသည် နိပ္ပရိယာယ အာမိသ၊ ၂။ ဝဋ်ကို ဆုတောင်းလျက် ဘဝစည်းစိမ်ကို တောင့်တကာ ဒါန၊ သီလ စသော ကောင်းမှုကို ပြုသည်ဖြစ်၍ လူနတ်စည်းစိမ်ကို ပြန်ရသော ကုသိုလ်အာမိသသည် ပရိယာယ အာမိသ။ (မ၊ဋ္ဌ၊၁။၉၃။) (ဣတိဝု၊ဋ္ဌ။၃၀၆။)

http://www.dhammadownload.com

ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်

အာမိသသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ရဟန်းဖြစ်ခြင်း၊ ၂။ တရားသဖြင့် သမ္မုတိရထားသူ ဖြစ်ခြင်း၊ ၃။ အာမိသဟူသော အကြောင်းကြောင့် မဟုတ်ခြင်း၊ ၄။ ကဲ့ရဲ့လိုသောကြောင့် ဤသို့ အာမိသကြောင့် တရားဟော ဆုံးမ၏ဟု ပြောဆိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၄၉။) (ဝိမတိ၊၂။၂၃။)

အာယတန ၂ ပါး ၁။ သညာမရှိသော သတ္တဝါတို့၏ နေရာ အာယတန တစ်ပါး၊ ၂။ ကြွမ်းတမ်း ထင်ရှားသောသညာ မရှိမူ၍ သိမ်မွေ့သော သညာလည်း မကင်းသော သတ္တဝါတို့၏ နေရာ အာယတန တစ်ပါး။ (ဒီ၊၂။၅၉။) (ဒီ၊မြန်၊၂။၆၈။)

အာယတန ၂ ပါး (တစ်နည်း) ၁။ မနာယတန၊ ၂။ ဓမ္မာယတန။ (အဘိ၊၈။၂၇။) (အဘိ၊၈၊မြန်။၄၃။)

အာယတန ၆ ပါး ၁။ မျက်စိအကြည်ဟူသော စိတ်ဖြစ်ရာ စက္ခာယတန၊ ၂။ နားအကြည်ဟူသော စိတ်ဖြစ်ရာ သောတာယတန၊ ၃။ နှာခေါင်းအကြည်ဟူသော စိတ်ဖြစ်ရာ ဃာနာယတန၊ ၄။ လျှာအကြည်ဟူသော စိတ်ဖြစ်ရာ ဇိဝှါယတန၊ ၅။ ကိုယ်အကြည်ဟူသော စိတ်ဖြစ်ရာ ကာယာယတန၊ ၆။ မနောအကြည်ဟူသော စိတ်ဖြစ်ရာ မနာယတန။ (မ၊၁။၆၅။) (မ၊မြန်၊ ၁။၇၁။)

အာယတန ၁၀ ပါး ပိုင်းခြား၍ သိအပ်သော တရား ၁၀ ပါး ပရိညေယျ တရား ၁၀ ပါးနှင့် တူသည်။

အာယတန ၁၂ မျိုး ၁။ စက္ခာယတန– မြင်သိစိတ်ဖြစ်ရာ မျက်စိအကြည်၊ ၂။ သောတာယတန– ကြားသိစိတ်ဖြစ်ရာ နားအကြည်၊ ၃။ ဃာနာယတန– နံသိစိတ်ဖြစ်ရာ နှာခေါင်းအကြည်၊ ၄။ ဇိဝှါယတန– လျက်သိစိတ်ဖြစ်ရာ လျှာအကြည်၊ ၅။ ကာယာယတန– တွေ့ထိသိစိတ်ဖြစ်ရာ ကိုယ်အကြည်၊ ၆။ မနာယတန– သမ္မယုတ်တရားတို့၏ ဖြစ်ရာဖြစ်ကြောင်း စိတ်၊ ၇။ ရူပါယတန– မြင်သိစိတ်၏ လုံ့လအားထုတ်ရာ တည်နေရာ စုဝေးဖြစ်ပေါ်ရာ အဆင်းအာရုံ၊ ၈။ သဒ္ဒါယတန– ကြားသိစိတ်၏ လုံ့လအားထုတ်ရာ တည်နေရာ စုဝေးဖြစ်ပေါ်ရာ အသံအာရုံ၊ ၉။ ဂန္ဓာယတန– နံသိစိတ်၏ လုံ့လအားထုတ်ရာ တည်နေရာ စုဝေးဖြစ်ပေါ်ရာ အနံ့အာရုံ၊ ၁၀။ ရသာယတန– လျက်သိစိတ်၏ လုံ့လအားထုတ်ရာ တည်နေရာ စုဝေးဖြစ်ပေါ်ရာ အရသာအာရုံ။ ၁၁။ ဖောဋ္ဌဗ္ဗာယတန– တွေ့ထိသိစိတ်၏ လုံ့လအားထုတ်ရာ တည်နေရာ စုဝေးဖြစ်ပေါ်ရာ အတွေ့အထိအာရုံ၊ ၁၂။ ဓမ္မာယတန– တရား ဖြစ်တည်ရာ စုဝေးရာ ပေါင်းဆုံရာ တရားအာရုံ။ (အဘိ၊၈။၂၅၉။) (အဘိ၊ဝိ။၄၁၅။) (အဘိ၊ဝိ။၄၁၇။) (အဘိ၊ဝိ။၆၉။) (အဘိ၊ဝိ။၇၄။) (အဘိ၊ပု။၁၀၁။)(ယမက၊၁။၇၁။)(မဟာနိ။၁၀၃။)(စူဠနိ၊၌။၈၁။)(ဝိသုဒ္ဓိ၊၂။၁၁၂။)(သာရတ္ထ၊ဋီ၊၁။၂၄၇။) (အဘိ၊၈၊မြန်။၄၉၀။)(အဘိ၊ဝိ၊မြန်၊၁။၂၄၇။)(အဘိ၊ဝိ၊မြန်၊၁။၂၄၇။)(အဘိ၊ဝိ၊မြန်၊၂။၅၂၄။)(အဘိ၊ဝိ၊မြန်၊ ၂။၅၂၄။) (အဘိ၊ပု၊မြန်။၁။)

အာယတနဝိဘင်း စသည်တို့ကို ဝေဖန်ပုံ ၃ မျိုး ၁။ သုတ္တန္တဘာဇနီယ၊ ၂။ အဘိဓမ္မဘာဇနီယ၊ ၃။ ပဉ္ဉပုစ္ဆက။ (အဘိ၊၌၊၁။၈။)

အာယောဂပတ် လှူရက်မျိုး ၅ ပါး (ထိုင်သောအခါ ထောင်နေသော ဒူးနှစ်ဘက်ကို ကိုယ်နှင့် ရစ်သိုင်းပတ်ဖွဲ့ကြောင်း အဝတ် လှူရက်မျိုး ၅ ပါး) ၁။ ပထမဈာန် သမာဓိ စသည်တို့၌ တုန်လှုပ်မှု မရှိခြင်း၊ ၂။ ပထမဈာန်သမာဓိ စသည်တို့၌ ဝသီဘော်ရှိသူ ဖြစ်ခြင်း၊ ၃။ ပရိသတ်

http://www.dhammadownload.com

ပြိုကွဲပျက်စီးမှု မရှိခြင်း၊ ၄။ အမြဲတမ်း အားကိုးယုံကြည်ထိုက်သော စကားရှိသူ ဖြစ်ခြင်း၊ ၅။ ဘောဂသမ္ပတ္တိနှင့် ပြည့်စုံခြင်း။ (အပ၊၁။၃၆၅။) (အပ၊မြန်၊၁။၃၇၄။)

အာရညကင်ဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌ အာရညကင်ဓုတင်၊ ၂။ မဇ္ဈိမ အာရညကင်ဓုတင်၊ ၃။ မုဒုက အာရညကင်ဓုတင်။ (ဝိသုဒ္ဓိ၊၁။၇၀။)

အာရညကင်ဓုတင် ဆောက်တည်ရကျိုး ၇ ပါး ၁။ အာရညကင်ဓုတင် ဆောင်သော ရဟန်းသည် တောဟူသော အမှတ်သညာကို နှလုံးသွင်းလျက် မရနိုင်သေးသော သမာဓိကို ရရှိပြီး ရပြီးသော သမာဓိကို စောင့်ရှောက်ခြင်းငှာ စွမ်းနိုင်ခြင်း၊ ၂။ အာရညကင်ဓုတင် ဆောင်သော ရဟန်းအား ဘုရားရှင်ကိုယ်တိုင် အားရနှစ်သက် ဝမ်းမြောက်တော်မူခြင်း၊ ၃။ အစွန်အဖျား ကျသော ဝေးကွာသော တောကျောင်း၌ နေသော ရဟန်းအား မလျောက်ပတ်သော ရူပါရုံ စသည်တို့သည် စိတ်ကို မပျံ့လွင့်စေနိုင်ခြင်း၊ ၄။ ကြောက်ရွံ့ထိတ်လန့်မှု ကင်းခြင်း၊ ၅။ အသက်၌ တွယ်တာသော တဏှာကို ပယ်စွန့်နိုင်ခြင်း၊ ၆။ ဆိတ်ငြိမ်ရာ အရပ်၌ နေခြင်းကြောင့် ဖြစ်သော ချမ်းသာသုခ၏ အရသာကို ခံစားရခြင်း၊ ၇။ ပံသုကူစုတင် စသော ကြွင်းသော စုတင် တစ်ဆယ့်နှစ်ပါးသည်လည်း ထိုတောနေရဟန်းအား လျောက်ပတ်ခြင်း။ (ဝိသုဒ္ဓိ၊၁။၇၁။)

အာရညကင်ဓုတင်ဆောင် ရဟန်း ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲ တွေဝေခြင်းကြောင့် ဆောက်တည်သူ၊ ၂။ ယုတ်မာသော အလိုဆိုးကြောင့် ဆောက်တည်သူ၊ ၃။ ဘုရား ဘုရား၏ တပည့်သားတို့ ချီးမွမ်းအပ်သည်ဟု ကြံ၍ ဆောက်တည်သူ၊ ၄။ ကောင်းသော အကျင့်ဖြင့် အလိုရှိသော တောနေပုဂ္ဂိုလ်အဖြစ်ကို လို၍ ဆောက်တည်သူ။ (ဝိ၅၊၂၃၃။) (ဝိ၅။၃၃၅။) (အဘိ၊ပု။၁၈၀။) (ဝိ၊မြန်၊၅။၃၂၃။) (ဝိ၊မြန်၊ ၅။၄၃၈။) (အဘိ၊ပု၊မြန်။၈၄။)

အာရမ္ဘဝတ္ထု ၈ မျိုး အားထုတ်ခြင်း၏ အကြောင်း ၈ ပါး၊ ကြိုးစားခြင်း၏ အကြောင်း ၈ ပါး တို့နှင့် တူသည်။

အာရုပ္ပ ၄ ပါး ၁။ အာကာသာနဉ္စာယတနဘုံသို့ ရောက်၍နေခြင်း၊ ၂။ ဝိညာဏဉ္စာယတနဘုံသို့ ရောက်၍ နေခြင်း၊ ၃။ အာကိဉ္စညာယတနဘုံသို့ ရောက်၍ နေခြင်း၊ ၄။ နေဝသညာနာသညာယတန ဘုံသို့ ရောက်၍ နေခြင်း။ (ဒီ၊၃။၁၈၇။) (ဒီ၊မြန်၊၃။၂၀၈။)

အာရုပ္ပကမ္မဋ္ဌာန်း ၄ ပါး ၁။ အာကာသာနဉ္စာယတန ကမ္မဋ္ဌာန်း၊ ၂။ ဝိညာဏဉ္စာယတန ကမ္မဋ္ဌာန်း၊ ၃။ အာကဉ္စညာယတန ကမ္မဋ္ဌာန်း၊ ၄။ နေဝသညာနာသညာယတန ကမ္မဋ္ဌာန်း။ (ဝိသုဒ္ဓိ၊၁။ ၁၀၇။) (သာရတ္ထ၊ဋီ၊၂။၂၀၃။)

အာရာမ်ဖြင့် လဲလှယ်ကောင်းသော ထာဝရဝတ္ထု ၄ မျိုး ၁။ အရာမ်၊ ၂။ အရာမ်နေရာ၊ ၃။ ကျောင်း၊ ၄။ ကျောင်းနေရာ။ (ဝိ၊၆၊၄။၇၆။)

အာရုံ ၄ မျိုး ၁။ ပရိတ္တ ပရိတ္တာရမ္မဏ– နည်းသော အနုဘော်ရှိ၍ ကျဉ်းသော အာရုံ၊ ၂။ ပရိတ္တ အပ္ပမာဏာရမ္မဏ– နည်းသော အနုဘော်ရှိ၍ အတိုင်းမသိကျယ်သော အာရုံ၊ ၃။ အပ္ပမာဏ ပရိတ္တာရမ္မဏ– အတိုင်းမသိသော အာနုဘော်ရှိ၍ ကျဉ်းသော အာရုံ၊ ၄။ အပ္ပမာဏ

http://www.dhammadownload.com

အပွမာဏာရမ္မဏာ– အတိုင်းမသိသော အာနုဘော်ရှိ၍ အတိုင်းမသိကျယ်သော အာရုံ။ (အဘိ၊ဓ။၅၁။) (ပဋိသံ၊၁၊၁။၂၇၁။) (အဘိ၊ဓ၊မြန်။၇၈။)

အာရုံ ၆ မျိုး ၁။ ရူပါရုံ၊ ၂။ သဒ္ဒါရုံ၊ ၃။ ဂန္ဓာရုံ၊ ၄။ ရသာရုံ၊ ၅။ ဖောဋ္ဌဗ္ဗာရုံ၊ ၆။ ဓမ္မာရုံ။ (အဘိ၊၁၊၃။ ၃၅၈။)

အာရုံကို ဝေဖန်၍ ဟောကြားအပ်သော တရား ၂၇ ပါး ၁။ အနိစ္စသညာ– မမြဲဟူ၍ ဖြစ်သော သညာ၊ ၂။ ဒုက္ခသညာ – ဆင်းရဲဟူ၍ ဖြစ်သောသညာ၊ ၃။ အနတ္တသညာ– အတ္တမဟုတ် ဟူ၍ ဖြစ်သောသညာ၊ ၄။ အသုဘသညာ– မတင့်တယ်ဟူ၍ ဖြစ်သောသညာ၊ ၅။ အာဒီနဝသညာ– အပြစ်ဟူ၍ ဖြစ်သောသညာ၊ ၆။ ပဟာနသညာ– ပယ်သည်၏ အစွမ်းအားဖြင့် ဖြစ်သောသညာ၊ ၇။ ဝိရာဂသညာ– ရာဂကင်း၏ဟူ၍ ဖြစ်သောသညာ၊ ၈။ နိရောဓသညာ– နိဗ္ဗာန်၌ဖြစ်သော သညာ၊ ၉။ သဗ္ဗလောကေ အနဘိရတိသညာ– အလုံးစုံသောလောက၌ မမွေ့လျော်သောသညာ၊ ၁၀။ သဗ္ဗသင်္ခါရေသု အနိစ္စသညာ– သင်္ခါရတရားအားလုံးတို့၌ မမြဲဟူ၍ ဖြစ်သော သညာ၊ ၁၁။ အာနာပါနဿတိသညာ– ဝင်လေထွက်လေ၌ ဖြစ်သော အမှတ်သညာ၊ ၁၂။ ဥဒ္ဓုမာတကသညာ– ဖူးဖူးရောင်နေသော အလောင်းကောင်၌ အသုဘဟူ၍ ဖြစ်သော သညာ၊ ၁၃။ ဝိနီလကသညာ– အညိုအမဲစွဲသော အလောင်းကောင်၌ အသုဘဟူ၍ ဖြစ်သောသညာ၊ ၁၄။ ဝိပုဗ္ဗကသညာ– ပြည်ပုပ်များ ယိုစီးနေသော အလောင်းကောင်၌ အသုဘဟု ဖြစ်သော သညာ၊ ၁၅။ ဝိစ္ဆိဒ္ဒကသညာ– နှစ်ပိုင်းပြတ်သော အလောင်းကောင်၌ အသုဘဟူ၍ ဖြစ်သောသညာ၊ ၁၆။ ဝိက္ခာယိတကသညာ– အိမ်ခွေး, တောခွေး စသည်တို့ အမျိုးမျိုး အဖုံဖုံ ခဲစားအပ်သော အလောင်းကောင်၌ ဖြစ်သောသညာ၊ ၁၇။ ဝိက္ခိတ္တကသညာ– မြေခွေး, တောခွေး စသည်တို့ အမျိုးမျိုးအဖုံဖုံ ကိုက်ဖြတ် လွှင့်ပစ်အပ်သော အလောင်းကောင်၌ ဖြစ်သောသညာ၊ ၁၈။ ဟတဝိက္ခိတ္တကသညာ– ကျိုးခြေသလွဲနှာန် အစရှိသော အခြင်းအရာအားဖြင့် အပိုင်းပိုင်း ဓားဖြင့် ခုတ်ဖြတ်ပစ်လွှင့်အပ်သော အလောင်းကောင်၌ ဖြစ်သောသညာ၊ ၁၉။ လောဟိတကသညာ– သွေးယိုစီးနေသော အလောင်းကောင်၌ ဖြစ်သောသညာ၊ ၂၀။ ပုဠုဝကသညာ– ပိုးလောက်တဖွားဖွား ကျနေသော အလောင်းကောင်၌ ဖြစ်သောသညာ၊ ၂၁။ အဋ္ဌိကသညာ– အရိုးစုမျှ ကျန်ရှိသော အလောင်းကောင်၌ဖြစ်သောသညာ၊ ၂၂။ မေဒတ္ထာသညာ– မေဒတ္ထာပွားများခြင်းဟူသော သညာ၊ ၂၃။ ကရဏာသညာ– သနားကရုဏာ ပွားခြင်းဟူသော သညာ၊ ၂၄။ မုဒိတာသညာ– ဝမ်းမြောက်ခြင်းဟူသော သညာ၊ ၂၅။ ဥပေက္ခာသညာ– လျစ်လျူရှုခြင်းဟူသော သညာ၊ ၂၆။ မရဏာနုဿတိ– ငါ သေရအံ့ဟု အဖန်ဖန် သတိရပွားများခြင်း၊ ၂၇။ ကာယဂတာသတိ– ဆံပင်, မွေးညှင်းစသော သုံးဆယ့်နှစ်ပါးသော အဖို့အစု ကောဋ္ဌာသတို့၌ အဖန်ဖန် သတိရ ပွားများခြင်း။ (မိလိန္ဒ။၃၁၆။) (မိလိန္ဒ၊မြန်။၃၃၉။)

အာဝသထပိဏ္ဍသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ တည်းခိုရာဇရပ် စသည်၌ ဆွမ်းဖြစ်ခြင်း၊ ၂။ ကျန်းမာသူဖြစ်ခြင်း၊ ၃။ နေ့စဉ် နေ၍ သုံးဆောင်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၅၃။) (ဝိမတိ၊၂။၂၆။)

အာသဒ္ဓန ၂ ပါး ကပ်ငြိခြင်း ၂ ပါးနှင့် တူသည်။

http://www.dhammadownload.com

အာသယ ၄ မျိုး ၁။ သဿတဒိဋ္ဌိ- အတ္တလောကသည် မြဲ၏ဟူသော အယူ၊ ၂။ ဥစ္ဆေဒဒိဋ္ဌိ- အတ္တကောင် သတ္တဝါကောင်သည်လည်းကောင်း, လောကသည်လည်းကောင်း, သေပြီး နောက် ထပ်၍ မဖြစ်, အဆက်ပြတ်၏ဟူသော အယူမှား၊ ၃။ သစ္စာနုလောမိကဉာဏ်- သစ္စာ ၄ ပါး တို့အား လျော်သော ဝိပဿနာဉာဏ်၊ ၄။ အမှန်အတိုင်းသိသော ယထာဘူတ ဉာဏ်ဟူသော ကမ္မဿကတဉာဏ်။ (သာရတ္ထ၊ဋီ၊၁။၇၅) (သီ၊ဋီ၊သစ်၊၁။၉၉။ (ဝိသုဒ္ဓိ၊ဋီ၊၁။၂၃၉။)

အာသဝ ၂ ပါး ၁။ မျက်မှောက်ဘဝ၌ ဖြစ်ကုန်သော ဘေးရန်ဒုက္ခဟူသော အာသဝ၊ ၂။ တမလွန် ဘဝ၌ ဖြစ်ကုန်သော ဘေးရန်ဒုက္ခဟူသော အာသဝ။ (ဒီ၊ဋ္ဌ၊၃။၁၇၁။) (မ၊ဋ္ဌ၊၁။၆၄။) (အဘိ၊ဋ္ဌ၊၁။ ၄၀၁။)

အာသဝ ၃ ပါး ၁။ ကာမတဏှာ ဟူသော ကာမာသဝ၊ ၂။ ဘဝတဏှာ ဟူသော ဘဝါသဝ၊ ၃။ မသိမှု အဝိဇ္ဇာသဝ။ (ဒီ၊၃။၁၈၁။) (မ၊၁။၆၈။) (သံ၊၃။၆၆။) (သံ၊၃။၅၂။) (အဘိ၊၀။၃၇၈။) (ခုဒ္ဒက။ ၂၂၈-၂၂၉။) (ဒီ၊ဋ္ဌ၊၃။၁၇၁။) (မ၊ဋ္ဌ၊၁။၆၄။) (အဘိ၊ဋ္ဌ၊၁။၄၀၁။) (ဒီ၊မြန်၊၃။၂၀၁။) (မ၊မြန်၊၁။၇၅။) (သံ၊မြန်၊၃။၁၇၂။) (သံ၊မြန်၊၃။၅၅။) (အဘိ၊၀၊မြန်၊၂။၄၇၃။) (ခုဒ္ဒက၊မြန်။၂၁၃။)

အာသဝ ၄ ပါး ၁။ ကာမာသဝ- လိုချင်ဖွယ် ကာမ၌ ယိုစီးတတ် မူးယစ်စေတတ်သော သဘော၊ ၂။ ဘဝါသဝ- ဘဝ၌ ယိုစီးတတ် မူးယစ်စေတတ်သော သဘော၊ ၃။ ဒိဋ္ဌာသဝ- သတ္တဝါတို့၏ သန္တာန်၌ ယိုစီးတတ် မူးယစ်စေတတ်သော အယူမှား၊ ၄။ အဝိဇ္ဇာသဝ- သတ္တဝါတို့၏ သန္တာန်၌ ယိုစီးတတ် မူးယစ်စေတတ်သော မသိခြင်း မောဟ။ (အဘိ၊ဓ။၂၂၁။) (အဘိ၊ဓ။၂၇၈။) (အဘိ၊၀။၃၈၈။) (ဒီ၊ဋ္ဌ၊၃။၁၇၁။) (မ၊ဋ္ဌ၊၁။၆၄။) (သာရတ္ထ၊ဋီ၊၁။၃၀၆။) (အဘိ၊ဓ၊ မြန်။၃၀၅၊၅၃၁။) (အဘိ၊ဓ၊မြန်။၃၀၅၊၅၃၁။) (အဘိ၊၀၊မြန်၊၂။၄၉၀။)

အာသဝ ၅ ပါး ၁။ ငရဲသို့ ရောက်ကြောင်းဖြစ်သော အာသဝ၊ ၂။ တိရစ္ဆာန်ဘဝသို့ ရောက်ကြောင်း ဖြစ်သော အာသဝ၊ ၃။ ပြိတ္တာတို့၏ ဖြစ်ရာဘုံဘဝသို့ ရောက်ကြောင်းဖြစ်သော အာသဝ၊ ၄။ လူ့ဘဝ, လူ့လောကသို့ ရောက်ကြောင်းဖြစ်သော အာသဝ၊ ၅။ နတ်ပြည်လောကသို့ ရောက်ကြောင်းဖြစ်သော အာသဝ။ (ဒီ၊ဋ္ဌ၊၃။၁၇၁။) (အဘိ၊ဋ္ဌ၊၁။၄၀၁။)

အာသဝ ၆ ပါး/၇ ပါး ၁။ စက္ခုန္ဒြေ စသည်တို့ကို စောင့်ရှောက်ခြင်းဟု ဆိုအပ်သော သတိ သံဝရသည် ပယ်အပ်သော အာသဝ၊ ၂။ ပစ္စည်းလေးပါးတို့ကို ဆင်ခြင်၍ သုံးဆောင်ခြင်းဟု ဆိုအပ်သော ဉာဏသံဝရသည် ပယ်အပ်သော အာသဝ၊ ၃။ ကြမ်းသော ဆင်, မြင်း စသည် တို့ကို ရှောင်ကြဉ်ခြင်းဟု ဆိုအပ်သော ဉာဏသံဝရသည် ပယ်အပ်သော အာသဝ၊ ၄။ အချမ်း, အပူ စသည်တို့ကို သည်းခံခြင်းဟု ဆိုအပ်သော ခန္တီသံဝရသည် ပယ်အပ်သော အာသဝ၊ ၅။ ကာမဝိတက် စသည်ကို ပယ်ဖျောက်ခြင်းဟု ဆိုအပ်သော ဝီရိယသံဝရသည် ပယ်အပ်သော အာသဝ၊ ၆။ အထက်မဂ် သုံးခုသည် ပယ်အပ်သော အာသဝ၊ ၇။ ဒဿန ပဟာတဗ္ဗ အာသဝတို့နှင့် ပေါင်းလျှင် (၇) မျိုး ဖြစ်၏။ (ဒီ၊ဋ္ဌ၊၃။၁၇၁။)

အာသဝ ၆ မျိုး (အာဟုနေယျသုတ္တန်လာ အာသဝ ၆ မျိုး) ၁။ စောင့်ရှောက်ကြောင်းဖြစ်သော သတိသည် ပယ်ထိုက်ကုန်သော အာသဝ၊ ၂။ ပစ္စည်းလေးပါးတို့ကို မှီဝဲကြောင်းဖြစ်သော ပစ္စဝေက္ခဏာဉာဏ်သည် ပယ်ထိုက်ကုန်သော အာသဝ၊ ၃။ မိမိထက်၌ ဝင်သက် တည်နေ

http://www.dhammadownload.com

စေတတ်သော ခန္ဓိတရားသည် ပယ်ထိုက်ကုန်သော အာသဝ၊ ၄။ ရှောင်ကြဉ်ကြောင်းဖြစ်သော သီလသံဝရသည် ပယ်အပ်ကုန်သော အာသဝ၊ ၅။ အကုသိုလ်ဝိတက်တို့ကို ပယ်ဖျောက်ကြောင်းဖြစ်သော ဝီရိယသည် ပယ်အပ်ကုန်သော အာသဝ၊ ၆။ အထက်မဂ်သုံးပါးနှင့် ယှဉ်သော ဗောဇ္ဈင်္ဂဘာဝနာသည် ပယ်အပ်ကုန်သော အာသဝ။ **မှတ်ချက်။** ။ သိမြင် တတ်သော သောတာပတ္တိမဂ်သည် ပယ်ထိုက်ကုန်သော အာသဝနှင့် ပေါင်းလိုက်လျှင် အာသဝ ၇ မျိုး ဖြစ်၏။]။ (အဘိ၊၌၊၁။၄၀၁။)

အာသဝ ၇ မျိုး ၁။ မြင်ခြင်းဖြင့် ပယ်အပ်သော အာသဝ၊ ၂။ ဝိတ်ပင် စောင့်စည်းခြင်းဖြင့် ပယ်အပ်သော အာသဝ၊ ၃။ မှီဝဲခြင်းဖြင့် ပယ်အပ်သော အာသဝ၊ ၄။ သည်းခံခြင်းဖြင့် ပယ်အပ်သော အာသဝ၊ ၅။ ရှောင်ကြဉ်ခြင်းဖြင့် ပယ်အပ်သော အာသဝ၊ ၆။ ဖျောက်ဖျက်ခြင်းဖြင့် ပယ်အပ်သော အာသဝ၊ ၇။ ပွားများခြင်းဖြင့် ပယ်အပ်သော အာသဝ။ (မ၊၁။၉။) (မ၊ဗြန်၊၁။၁၁။)

အာသဝေါ ကုန်ကြောင်း ၄ ပါး ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင် များခြင်း၊ ၃။ ထက်သန်သော လုံ့လရှိခြင်း၊ ၄။ ပညာရှိခြင်း။ (အံ၊၁။၃၈၈။) (အံ၊မြန်၊၁။၄၀၂။)

အာသဝေါ ကုန်ကြောင်း ၄ ပါး (တစ်နည်း) ၁။ ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံခြင်း နေကွမ္မဝိတက်နှင့် ပြည့်စုံခြင်း၊ ၂။ မပျက်စီးစေရန် ကြံခြင်း အဗျာပါဒဝိတက်နှင့် ပြည့်စုံခြင်း၊ ၃။ မညှဉ်းဆဲရန် ကြံခြင်း အဝိဟိသာဝိတက်နှင့် ပြည့်စုံခြင်း၊ ၄။ မှန်ကန်သော အမြင် သမ္မာဒိဋ္ဌိနှင့် ပြည့်စုံခြင်း။ (အံ၊၁။၃၈၈။) (အံ၊မြန်၊၁။၄၀၂။)

အာသဝေါ ကုန်ခန်းကြောင်း တရား ၁၀ ပါး ၁။ မှန်ကန်သော အမြင်၊ ၂။ မှန်ကန်သော အကြံအစည်၊ ၃။ မှန်ကန်သော စကား၊ ၄။ မှန်ကန်သော အလုပ်၊ ၅။ မှန်ကန်သော အသက်မွေးမှု၊ ၆။ မှန်ကန်သော အားထုတ်မှု၊ ၇။ မှန်ကန်သော အောက်မေ့မှု၊ ၈။ မှန်ကန်သော သမာဓိ၊ ၉။ မှန်ကန်သော ဉာဏ်၊ ၁၀။ မှန်ကန်သော လွတ်မြောက်မှု။ (အံ၊၃။၄၅၀။) (အံ၊မြန်၊၃။၄၄၂။)

အာသဝေါတရား ကုန်ခြင်းကို တောင့်တနိုင်သော ရဟန်း အင်္ဂါ ၅ ပါး ၁။ သီလရှိခြင်း၊ ၂။ အကြားအမြင်များခြင်း၊ ၃။ သတိပဋ္ဌာန်တရား ၄ ပါးတို့၌ ကောင်းစွာ တည်ခြင်း၊ ၄။ လုံ့လဝီရိယရှိခြင်း၊ ၅။ ပညာရှိခြင်း။ (အံ၊၂။၁၃၇။) (အံ၊မြန်၊၂။၁၇၁–၁၇၃။)

အာသဝေါတရားတို့ ကုန်ခန်းကြောင်း တရား ၅ ပါး ၁။ ခန္ဓာကိုယ်၌ မတင့်တယ်ဟု ရှုလျက်နေခြင်း၊ ၂။ မျိုအပ်သော အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ဟု အမှတ်ရှိခြင်း၊ ၃။ လောကအားလုံး၌ မွေ့လျော်ဖွယ် မရှိဟု အမှတ်ရှိခြင်း၊ ၄။ အလုံးစုံသော သင်္ခါရတရားတို့၌ မမြဲဟု ရှုလေ့ရှိခြင်း၊ ၅။ သေခြင်း၌ ဖြစ်သော အမှတ် "မရဏသညာ"သည် ထိုရဟန်း၏ အတွင်းသန္တာန်၌ ကောင်းစွာ တည်ခြင်း။ (အံ၊၂။၇၃။) (အံ၊မြန်၊၂။၈၉။)

အာသဝေါတရားတို့ ကုန်ခြင်းကို တောင့်တနိုင်သော ရဟန်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ သဒ္ဓါ ယုံကြည်မှု ရှိခြင်း၊ ၂။ အနာကင်းခြင်း၊ ၃။ စဉ်းလဲမှု မရှိခြင်း၊ ၄။ လုံ့လဝီရိယရှိခြင်း၊ ၅။ ပညာရှိခြင်း။ (အံ၊၂။၁၃၅။) (အံ၊မြန်၊၂။၁၆၈–၁၇၁။)

http://www.dhammadownload.com

အာသဝေါတရား တိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး ၁။ သံသယကုက္ကုစ္စ မပြုအပ်သည်ကို သံသယကုက္ကုစ္စ ပြုသော ပုဂ္ဂိုလ်၊ ၂။ သံသယကုက္ကုစ္စ ပြုအပ်သည်ကို သံသယကုက္ကုစ္စ မပြုသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (အဘိ၊ပု။၁၂၉။) (ဝိ၊မြန်၊၅။၃၀၁။) (အံ၊မြန်၊၁။၉၉။) (အဘိ၊ပု၊မြန်။၃၁။)

အာသဝေါတရား တိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ မအပ်သည်၌ အပ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ အပ်သည်၌ မအပ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (ဝိ၊မြန်၊၅။၃၀၁။) (အံ၊မြန်၊၁။၉၉။)

အာသဝေါတရား တိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ အာပတ် မသင့်သည်၌ အာပတ် သင့်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ အာပတ် သင့်သည်၌ အာပတ် သင့်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (ဝိ၊မြန်၊၅။၃၀၁။) (အံ၊မြန်၊၁။၉၉။)

အာသဝေါတရား တိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ တရား မဟုတ်သည်၌ တရား ဟုတ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ တရား ဟုတ်သည်၌ တရား မဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (ဝိ၊မြန်၊၅။၃၀၂။) (အံ၊မြန်၊၁။၉၉။)

အာသဝေါတရား တိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ဝိနည်း မဟုတ်သည်၌ ဝိနည်း ဟုတ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ ဝိနည်း ဟုတ်သည်၌ ဝိနည်း မဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (ဝိ၊မြန်၊၅။၃၀၂။) (အံ၊မြန်၊၁။၉၉။)

အာသဝေါတရား မတိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး ၁။ သံသယကုက္ကုစ္စ မပြုအပ်သည်ကို သံသယကုက္ကုစ္စ မပြုသော ပုဂ္ဂိုလ်၊ ၂။ သံသယကုက္ကုစ္စ ပြုအပ်သည်ကို သံသယကုက္ကုစ္စ ပြုသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (အဘိ၊ပု။၁၂၉။) (ဝိ၊မြန်၊၅။၃၀၁။) (အံ၊မြန်၊၁။၉၉။) (အဘိ၊ပု၊မြန်။ ၃၁။)

အာသဝေါတရား မတိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ မအပ်သည်၌ မအပ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ အပ်သည်၌ အပ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (ဝိ၊မြန်၊၅။၃၀၁။) (အံ၊မြန်၊၁။၉၉။)

အာသဝေါတရား မတိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ အာပတ် မသင့်သည်၌ အာပတ် မသင့်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ အာပတ် သင့်သည်၌ အာပတ် သင့်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (ဝိ၊မြန်၊၅။၃၀၂။) (အံ၊မြန်၊၁။၉၉။)

အာသဝေါတရား မတိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ တရား မဟုတ်သည်၌ တရား မဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ တရား ဟုတ်သည်၌ တရား ဟုတ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (ဝိ၊မြန်၊၅။၃၀၂။) (အံ၊မြန်၊၁။၉၉။)

အာသဝေါတရား မတိုးပွားစေသော ပုဂ္ဂိုလ် ၂ မျိုး (တစ်နည်း) ၁။ ဝိနည်း မဟုတ်သည်၌ ဝိနည်း မဟုတ်ဟု အမှတ်ရှိသော ပုဂ္ဂိုလ်၊ ၂။ ဝိနည်း ဟုတ်သည်၌ ဝိနည်း ဟုတ်၏ဟု အမှတ်ရှိသော ပုဂ္ဂိုလ်။ (ဝိ၊၅။၂၁၆။) (အံ၊၁။၈၄-၈၅။) (ဝိ၊မြန်၊၅။၃၀၂။) (အံ၊မြန်၊၁။၉၉။)

http://www.dhammadownload.com

အာသဝက္ခယညာဏ် စွမ်းအား ၁၂ ပါး ၁။ ဤတရားတို့ကား ဆင်းရဲပဟု ဟုတ်မှန်သော အတိုင်း သိခြင်း၊ ၂။ ဤတရားတို့ကား ဆင်းရဲဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းဟု ဟုတ်မှန်သော အတိုင်း သိခြင်း၊ ၃။ ဤတရားကား ဆင်းရဲချုပ်ရာနိဗ္ဗာန်ဟု ဟုတ်မှန်သောအတိုင်း သိခြင်း၊ ၄။ ဤတရားကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သော အတိုင်း သိခြင်း၊ ၅။ ဤတရားတို့ကား အာသဝတရားတို့ဟု ဟုတ်မှန်သောအတိုင်း သိခြင်း၊ ၆။ ဤတရားတို့ကား အာသဝတရားတို့ ဖြစ်ပေါ်ခြင်းအကြောင်းဟု ဟုတ်မှန်သောအတိုင်း သိခြင်း၊ ၇။ ဤတရားကား အာသဝတရားတို့ ချုပ်ရာ နိဗ္ဗာန်ဟု ဟုတ်မှန်သောအတိုင်း သိခြင်း၊ ၈။ ဤတရားကား အာသဝတရားတို့ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဟု ဟုတ်မှန်သော အတိုင်း သိခြင်း၊ ၉။ ဤသို့ သိမြင်ပြီးနောက် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ တို့မှ လွတ်မြောက်ကာ လွတ်မြောက်ပြီးဟု သိသော အသိဉာဏ် ဖြစ်ပေါ်ခြင်း၊ ၁၀။ ပဋိသန္ဓေနေမှု ကုန်ပြီဟု သိခြင်း၊ ၁၁။ မြတ်သော အကျင့်ကို ကျင့်သုံး ပြီးပြီဟု သိခြင်း၊ ၁၂။ မင်္ကိစ္စကို ပြုပြီးပြီ၊ ဤမင်္ကိစ္စအတွက် အခြားတစ်ပါး ပြုဖွယ် မရှိတော့ဟု သိခြင်း၊ အာသဝက္ခယညာဏ်– အာသဝတရားတို့ကို ကုန်စေသော ဉာဏ်။ (ဒီ၊၁။၇၉။) (ဒီ၊မြန်၊၁။၉၄။)

အာသဝက္ခယညာဏ် အာရုံ ၃ မျိုး ၁။ အတိုင်းအရှည် အပိုင်းအခြား မရှိသော (အပ္ပမာဏ) အာရုံ၊ ၂။ ပြင်ပ(ဗဟိဒ္ဓ) အာရုံ၊ ၃။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု မဆိုအပ်သော နိဗ္ဗာန် အာရုံ။ (ဒီ၊၆၊၁။၂၀၃။) (ဒီ၊၆၊မြန်၊၁။၃၉၇။)

အာဟာရ ၄ ပါး ပိုင်းခြား၍ သိအပ်သော တရား ၄ ပါး၊ ပရိညေယျတရား ၄ ပါးတို့နှင့် တူသည်။

အာဟာရ ၄ ပါး ၁။ ကဗဠီကာရအာဟာရ– အကြမ်း, အနုဖြစ်သော အလုတ်အလွှေးပြု၍ ဝါးမျိုအပ်သော အာဟာရ၊ ၂။ ဖဿာဟာရ– တွေ့ထိခြင်း ဟူသော အာဟာရ၊ ၃။ မနောသဉ္စေတနာဟာရ– စိတ်စေ့ဆော်ခြင်း ဟူသော အာဟာရ၊ ၄။ ဝိညာဏာဟာရ– သိမှုဝိညာဏ်ဟူသော အာဟာရ။ (ဝိ၊၅။၂၂၆။) (ဒီ၊၃။၁၉၀။) (မ၊၁။၃၂၇။) (မ၊၁။၅၉၉။) (သံ၊၁။၂၅၃–၂၅၄။) (သံ၊၁။၃၂၂။) (သံ၊၁။၃၂၅။) (အဘိ၊၀၈။၄၁၆။) (အဘိ၊၀၈။၄၁၈။) (ပဋိသံ၊၆၊၁။၁၀၂။) (ပဋိသံ၊၆၊၁။၆၀။) (ခုဒ္ဒက၊၆။ ၁၇၄။) (ဝိသုဒ္ဓိ၊၁။၃၃၆။) (သာရတ္ထ၊ဋီ၊၁။၂၄၂။) (ဝိ၊မြန်၊၅။၃၁၄။) (ဒီ၊မြန်၊၃။၂၁၂။) (မ၊မြန်၊၁။၃၃၅။) (မ၊မြန်၊၁။၆၃။) (သံ၊မြန်၊၁။၂၃၇၊၃၀၉၊၃၁၁။) (သံ၊မြန်၊၁။၂၃၇၊၃၀၉၊၃၁၁။) (သံ၊မြန်၊၁။၂၃၇၊၃၀၉၊ ၃၁၁။) (အဘိ၊၀၈၊မြန်၊၂။၅၂၅။) (အဘိ၊၀၈၊မြန်၊၂။၅၂၅။)

အာဟာရ၌ စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ပုံ ၁၀ မျိုး ၁။ ဂမနတော– ဆွမ်းခံသွားရခြင်းအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း၊ ၂။ ပရိယေသနတော– အိမ်စဉ်လှည့် ရှာဖွေရခြင်းအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း၊ ၃။ ပရိဘောဂတော– သုံးဆောင် စားသောက်ရခြင်းအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း၊ ၄။ အာသယတော– သလိပ် သည်းခြေ သွေး ပြည် ဟူသော အာသယ လေးပါးအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း၊ ၅။ နိဓာနတော– စုဝေး တည်နေရာ အစာသစ်အိမ်အားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း၊ ၆။ အပရိပက္ကတော– အစာမကြေ မကျက်မီအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း၊ ၇။ ပရိပက္ကတော– အစာကြေညက်ပြီးသော အားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း၊ ၈။ ဖလတော– ဆံပင် မွေးညှင်း စသော အကျိုးရင်းအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း၊ ၉။ နိဿန္ဒတော– ယိုစီးစိမ့်ထွက်တတ်သော

http://www.dhammadownload.com

အကျိုးဆက်အားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း၊ ၁၀။ သမ္မက္ခနတော– အလုံးစုံ အကုန်အစင် ဒွါရတို့၌ လူးလဲခြင်းအားဖြင့် စက်ဆုပ်ဖွယ်ဟု ဆင်ခြင်ခြင်း။ (သံ၊၌၊၃။၂၃၂။)

အာဟာရလေးပါး၌ ဖြစ်သော ဘေး ၄ မျိုး ၁။ အလုတ်အလွေးပြုအပ်သော အစာအာဟာရ၌ တပ်ခြင်း တဏှာသည်လျှင် ဘေး၊ ၂။ အတွေ့, ဖဿာဟာရ၌ စက္ခုသမ္ဖဿအစရှိသော ဖဿ အတွေ့ကို ဖြစ်စေခြင်းသည်လျှင် ဘေး၊ ၃။ မနောသဉ္စေတနာ အာဟာရ၌ အားထုတ်ခြင်းလျှင် ဘေး၊ ၄။ ဝိညာဏအာဟာရ၌ ရှေးဦးစွာ ပဋိသန္ဓေ နေသောအားဖြင့် ဖြစ်ခြင်းသည်လျှင် ဘေး။ (မ၊၌၊၁။၂၁၄။)

အာဟာရသမုဋ္ဌာန်ရုပ် ၁၄ ပါး ၁။ ဩဇဋ္ဌမကရုပ် (၈) ပါး၊ ၂။ အာကာသဓာတ် (၁) ပါး၊ ၃။ လဟုတာရုပ် (၁) ပါး၊ ၄။ မုဒုတာရုပ် (၁) ပါး၊ ၅။ ကမ္မညတာရုပ် (၁) ပါး၊ ၆။ ဥပစယ ရုပ် (၁) ပါး၊ ၇။ သန္တတိရုပ် (၁) ပါး ပေါင်း (၁၄) ပါး။ (ဝိသုဒ္ဓိ၊၂။၂၅၁။)

အာဟာရေ ပဋိကူလသညာ ၁၀ မျိုး (ဆွမ်းစားခြင်း, ယာဂုသောက်ခြင်း စသည်တို့၌ စက်ဆုပ်ရွံရှာဖွယ်အဖြစ် ဆင်ခြင်ပုံ ၁၀ မျိုး) ၁။ ဆွမ်းခံသွားရခြင်းအားဖြင့်လည်းကောင်း၊ ၂။ အိမ်စဉ်လှည့်ကာ ရှာဖွေရခြင်းအားဖြင့်လည်းကောင်း၊ ၃။ သုံးဆောင် စားသောက်ရခြင်းအားဖြင့် လည်းကောင်း၊ ၄။ သလိပ်, သည်းခြေ, သွေး, ပြည် ဟူသော အာသယ ၄ ပါးအားဖြင့် လည်းကောင်း၊ ၅။ စုဝေးတည်နေရာ အစာသစ်အိမ်အားဖြင့်လည်းကောင်း၊ ၆။ မကျေကျက် သေးသောအားဖြင့်လည်းကောင်း၊ ၇။ ကျေကျက်ပြီးအားဖြင့်လည်းကောင်း၊ ၈။ ဆဲပင်, မွေးညင်း စသော အကျိုးရင်းအားဖြင့် လည်းကောင်း၊ ၉။ ယိုစီး စိမ့်ထွက်သော အကျိုးဆက် အားဖြင့် လည်းကောင်း၊ ၁၀။ အလုံးစုံ အကုန်အစင် လူးလဲခြင်းအားဖြင့်လည်းကောင်း။ (ဒီ၊၌၊၁။၁၈၀။) (ဒီ၊၌၊မြန်၊၁။၃၅၃။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ထိုက်တန်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ ဖြောင့်မတ်ခြင်းနှင့် ပြည့်စုံခြင်း၊ ၂။ လျင်မြန်ခြင်းနှင့် ပြည့်စုံခြင်း၊ ၃။ နူးညံ့ခြင်းနှင့် ပြည့်စုံခြင်း၊ ၄။ သည်းခံခြင်းနှင့် ပြည့်စုံခြင်း၊ ၅။ အကျင့်စင်ကြယ်ခြင်းနှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၁၇။) (အံ၊မြန်၊၂။၂၇၂။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ထိုက်တန်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ မျက်စိဖြင့် အဆင်းကို မြင်သောအခါ ဝမ်းမသာ ဝမ်းမနည်းဘဲ သတိသမ္ပဇဉ်ဖြင့် ပြည့်စုံသည် ဖြစ်၍ လျစ်လျူရှုလျက် နေခြင်း၊ ၂။ နားဖြင့် အသံကို ကြားသောအခါ ဝမ်းမသာ ဝမ်းမနည်းဘဲ သတိသမ္ပဇဉ်ဖြင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေခြင်း၊ ၃။ နှာခေါင်းဖြင့် အနံ့ကို နံသောအခါ ဝမ်းမသာ ဝမ်းမနည်းဘဲ သတိသမ္ပဇဉ်ဖြင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူ ရှုလျက် နေခြင်း၊ ၄။ လျှာဖြင့် အရသာကို လျက်သောအခါ ဝမ်းမသာ ဝမ်းမနည်းဘဲ သတိသမ္ပဇဉ်ဖြင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူရှုလျက် နေခြင်း၊ ၅။ ကိုယ်ဖြင့် အတွေ့အထိကို တွေ့ထိသောအခါ ဝမ်းမသာ ဝမ်းမနည်းဘဲ သတိသမ္ပဇဉ်ဖြင့် ပြည့်စုံသည်ဖြစ်၍ လျစ်လျူ ရှုလျက် နေခြင်း။ (အံ၊၂။၂၄၇။) (အံ၊မြန်၊၂။၃၂၀။)

http://www.dhammadownload.com

အာဟုနေယျ စသော ဂုဏ်တို့နှင့် ထိုက်တန်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ စောင့်စည်းမှုဖြင့် ပယ်ရမည့်, အာသဝေါတရားတို့ကို စောင့်စည်းမှုဖြင့် ပယ်ခြင်း၊ ၂။ မှီဝဲမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို မှီးဝဲမှုဖြင့် ပယ်ခြင်း၊ ၃။ သည်းခံမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို သည်းခံမှုဖြင့် ပယ်ခြင်း၊ ၄။ ရှောင်ကြဉ်မှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို ရှောင်ကြဉ်မှုဖြင့် ပယ်ခြင်း၊ ၅။ ပယ်ဖျောက်မှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို ပယ်ဖျောက်မှုဖြင့် ပယ်ခြင်း၊ ၆။ ပွားများမှုဖြင့် ပယ်ရမည့် အာသဝေါတရားတို့ကို ပွားများမှုဖြင့် ပယ်ခြင်း။ (အံ၊၂။၃၄၀။) (အံ၊မြန်၊၂။၄၃၁။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ထိုက်တန်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓအဘိညာဉ်နှင့် ပြည့်စုံခြင်း၊ ၂။ နတ်နားနှင့် တူသော ဒိဗ္ဗသောတ အဘိညာဉ်နှင့် ပြည့်စုံခြင်း၊ ၃။ သူတစ်ပါးတို့၏ စိတ်ကို ပိုင်းခြားရှု သိနိုင်စွမ်းသော ပရစိတ္တဝိဇာနန အဘိညာဉ်နှင့် ပြည့်စုံခြင်း၊ ၄။ ရှေးရှေး၌ ဖြစ်ခဲ့ဖူးသော ဘဝတို့ကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်နှင့် ပြည့်စုံခြင်း၊ ၅။ ကံအားလျော်စွာ ဖြစ်ကုန်သော သတ္တဝါတို့ကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သိမြင်နိုင်ခြင်း၊ ၆။ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါကင်းရာ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပညာဖြင့် မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၂။၂၄၈။) (အံ၊မြန်၊၂။၃၂၀)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ထိုက်တန်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ သဒ္ဓါန္ဒြေနှင့် ပြည့်စုံခြင်း၊ ၂။ ဝီရိယိန္ဒြေနှင့် ပြည့်စုံခြင်း၊ ၃။ သတိန္ဒြေနှင့် ပြည့်စုံခြင်း၊ ၄။ သမာဓိန္ဒြေနှင့် ပြည့်စုံခြင်း၊ ၅။ ပညိန္ဒြေနှင့် ပြည့်စုံခြင်း၊ ၆။ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါမရှိသော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် နေခြင်း။ (အံ၊၂။၂၄၉။) (အံ၊မြန်၊၂။၃၂၂။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ထိုက်တန်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ သဒ္ဓါဗိုလ်နှင့် ပြည့်စုံခြင်း၊ ၂။ ဝီရိယဗိုလ်နှင့် ပြည့်စုံခြင်း၊ ၃။ သတိဗိုလ်နှင့် ပြည့်စုံခြင်း၊ ၄။ သမာဓိဗိုလ်နှင့် ပြည့်စုံခြင်း၊ ၅။ ပညာဗိုလ်နှင့် ပြည့်စုံခြင်း၊ ၆။ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းကြောင့် အာသဝေါမရှိသော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုလျက် နေခြင်း။ (အံ၊၂။၂၄၉။) (အံ၊မြန်၊၂။၃၂၃။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ထိုက်တန်သော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ရူပါရုံကို သည်းခံနိုင်ခြင်း၊ ၂။ သဒ္ဒါရုံကို သည်းခံနိုင်ခြင်း၊ ၃။ ဂန္ဓာရုံကို သည်းခံနိုင်ခြင်း၊ ၄။ ရသာရုံကို သည်းခံနိုင်ခြင်း၊ ၅။ ဖောဋ္ဌဗ္ဗာရုံကို သည်းခံနိုင်ခြင်း၊ ၆။ ဓမ္မာရုံကို သည်းခံနိုင်ခြင်း။ (အံ၊၂။၂၅၀–၂၅၁။) (အံ၊မြန်၊၂။၃၂၃။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ် ၉ ဦး ၁။ ရဟန္တာ၊ ၂။ ရဟန္တာ ဖြစ်ရန် ကျင့်သူ၊ ၃။ အနာဂါမ်၊ ၄။ အနာဂါမ်ဖြစ်ရန် ကျင့်သူ၊ ၅။ သကဒါဂါမ်၊ ၆။ သကဒါဂါမ် ဖြစ်ရန် ကျင့်သူ၊ ၇။ သောတာပန်၊ ၈။ သောတာပန်ဖြစ်ရန် ကျင့်သူ၊ ၉။ ပုထုဇဉ်အနွယ်ကို ဖြတ်သူ ဂေါတြဘူပုဂ္ဂိုလ်။ (အံ၊၃။၁၈၀။) (အံ၊မြန်၊၃။၁၈၂။)

http://www.dhammadownload.com

အာဟုနေယျ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ် ၁၀ ဦး ၁။ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သဗ္ဗညုဘုရားရှင်၊ ၂။ ပစ္စေကဗုဒ္ဓါ၊ ၃။ နှစ်ဖက်အဖို့မှ လွတ်မြောက်သူ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်၊ ၄။ ပညာဖြင့် လွတ်မြောက်သူ ပညာဝိမုတ္တပုဂ္ဂိုလ်၊ ၅။ ကိုယ်ဖြင့် မျက်မှောက်ပြုသူ ကာယသက္ခီပုဂ္ဂိုလ်၊ ၆။ ဉာဏ်ဖြင့် အထက်မဂ်ဖိုလ်သို့ ရောက်သူ ဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ်၊ ၇။ သဒ္ဓါဖြင့် လွတ်မြောက်မှု သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊ ၈။ သဒ္ဓါသို့ အစဉ်လိုက်သူ သဒ္ဓါနုသာရီပုဂ္ဂိုလ်၊ ၉။ ပညာတရားသို့ အစဉ်လိုက်သူ ဓမ္မာနုသာရီပုဂ္ဂိုလ်၊ ၁၀။ ဂေါတြဘူ ဉာဏ်နှင့် ပြည့်စုံသူ ဂေါတြဘူပုဂ္ဂိုလ်။ (အံ၊၃။၂၇၄။) (အံ၊မြန်၊၃။၂၇၅။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်း အင်္ဂါ ၄ ပါး ၁။ ဖြောင့်မတ်ခြင်း၊ ၂။ လျင်မြန်ခြင်း၊ ၃။ သည်းခံခြင်း၊ ၄။ အကျင့်ကောင်းခြင်း။ (အံ၊၁။၄၂၈။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်း အင်္ဂါ ၈ ပါး ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်း၊ ၂။ များသော အကြားအမြင် ရှိခြင်း၊ ၃။ ကောင်းသော အဆွေခင်ပွန်း ရှိခြင်း၊ ၄။ မှန်သောအယူ မှန်သောဉာဏ်အမြင်နှင့် ပြည့်စုံခြင်း၊ ၅။ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်သော စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရခြင်း၊ ၆။ ရှေး၌ ဖြစ်ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်း၊ ၇။ ဒိဗ္ဗစက္ခုဉာဏ်နှင့် ပြည့်စုံခြင်း၊ ၈။ အာသဝေါတရားတို့ ကုန်ခန်းခြင်းကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၃။၁၁၄။) (အံ၊မြန်၊၃။၁၁၅။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်း အင်္ဂါ ၈ ပါး (တစ်နည်း) ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်း၊ ၂။ များသော အကြားအမြင် ရှိခြင်း၊ ၃။ ကုသိုလ်တရားတို့၌ ထက်သန်သော လုံ့လဝီရိယရှိခြင်း၊ ၄။ တောကျောင်း၌ နေလျက် အာရညကင်ဓုတင် ဆောက်တည်ခြင်း၊ ၅။ မမွေ့လျော်မှုကို သည်းခံနိုင်မှန်းခြင်း၊ ၆။ ကြောက်မက်ဖွယ် ဘေးရန်တို့ကိုလည်း သည်းခံနိုင်မှန်းခြင်း၊ ၇။ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်း ဖြစ်သော စျာန်လေးပါးတို့ကို အလိုရှိတိုင်း ရခြင်း၊ ၈။ အာသဝေါတရားတို့ ကုန်ခန်းသောကြောင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၃။၁၁၅။) (အံ၊မြန်၊၃။၁၁၅။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်း အင်္ဂါ ၈ ပါး (တစ်နည်း) ၁။ သောတာပန်ပုဂ္ဂိုလ်၊ ၂။ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော သောတာပတ္တိ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ်၊ ၃။ သကဒါဂါမ်ပုဂ္ဂိုလ်၊ ၄။ သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော သကဒါဂါမိမဂ္ဂင်္ဂာန်ပုဂ္ဂိုလ်၊ ၅။ အနာဂါမ်ပုဂ္ဂိုလ်၊ ၆။ အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော အနာဂါမိမဂ္ဂင်္ဂာန်ပုဂ္ဂိုလ်၊ ၇။ ရဟန္တာပုဂ္ဂိုလ်၊ ၈။ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သော အရဟတ္တ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ်။ (အံ၊၃။၁၁၅၊၁၁၆။) (အံ၊မြန်၊၃။၁၁၆။)

အာဟုနေယျ စသောဂုဏ်တို့ ပြည့်စုံသော ရဟန်း အင်္ဂါ ၈ ပါး (တစ်နည်း) ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ခြင်း၊ ၂။ ကြမ်းတမ်းသော ဘောဇဉ်ကို ဖြစ်စေ, မွန်မြတ်နူးညံ့သော ဘောဇဉ်ကို ဖြစ်စေ, မညည်းညူဘဲ ရိုရိုသေသေ သုံးဆောင်ခြင်း၊ ၃။ ကာယ, ဝစီ, မနော ဒုစရိုက်တို့အား စက်ဆုပ်ခြင်း၊ ၄။ အခြားသော ရဟန်းတို့အား မနှင်ထုတ်မူ၍ ချမ်းသာစွာ ပေါင်းသင်းလျက် တင့်တယ်စွာ နေထိုင်ခြင်း၊ ၅။ ဆရာ

http://www.dhammadownload.com

ပညာရှိ သီတင်းသုံးဖော်တို့၌ မိမိ၏ ကောက်ကျစ်မှုတို့ကို ထင်စွာ ပြတတ်ခြင်း၊ ၆။ အခြားသော ပုဂ္ဂိုလ်တို့ ကျင့်သည် ဖြစ်စေ မကျင့်သည် ဖြစ်စေ၊ မိမိသည်ကား ကျင့်အံ့ ဟူသော စိတ်ကို ဖြစ်စေခြင်း၊ ၇။ မဂ္ဂင်ရှစ်ပါးတည်းဟူသော ဖြောင့်သော လမ်းဖြင့်သာ သွားခြင်း၊ ၈။ အရိုးကြေကြေ, အရေခမ်းခမ်း အားထုတ်အပ်သော လုံ့လဝီရိယနှင့် ပြည့်စုံခြင်း။ (အံ၊၃။၃၂၂။) (အံ၊မြန်၊၃။၃၃။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်း အင်္ဂါ ၁၀ ပါး ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်း၊ ၂။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း၊ ၃။ မိတ်ဆွေကောင်းရှိလျက် ထိုမိတ်ဆွေ၌ ကိုင်းညွတ်ခြင်း၊ ၄။ မှန်သောအယူနှင့် ပြည့်စုံခြင်း၊ ၅။ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း၊ ၆။ ဒိဗ္ဗသောတအဘိညာဉ်နှင့် ပြည့်စုံခြင်း၊ ၇။ သူတစ်ပါးတို့၏ စိတ်ကို သိသော ပရစိတ္တဝိဇာနနအဘိညာဉ်နှင့် ပြည့်စုံခြင်း၊ ၈။ ရှေး၌ နေခဲ့ဖူးသော ဘဝများစွာကို အမျိုးအမည် အနွယ် စသည်နှင့်တကွ အောက်မေ့နိုင်ခြင်း၊ ၉။ ဒိဗ္ဗစက္ခု အဘိညာဉ်နှင့် ပြည့်စုံခြင်း၊ ၁၀။ အရဟတ္တဖိုလ်ပညာကို မျက်မှောက်ပြု၍ နေခြင်း။ (အံ၊၃။၄၁၇။) (အံ၊မြန်၊၃။၄၀၉။)

အာဟုနေယျ စသော ဂုဏ်တို့နှင့် ပြည့်စုံသော ရဟန်း အင်္ဂါ ၄ ပါး ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်းဟု ဆိုအပ်သော အကြောင်းဟုတ်သည်၌ လိမ္မာခြင်း၊ ၂။ ခန္ဓာငါးပါးတို့ကို ဟုတ်တိုင်းမှန်စွာ ဝိပဿနာဉာဏ်ပညာဖြင့် ရှုခြင်းဟု ဆိုအပ်သော အဝေး ရောက်အောင် ပစ်နိုင်ခြင်း၊ ၃။ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းဟု ဆိုအပ်သော ပစ်မှတ်ကို မလွဲအောင် ပစ်နိုင်ခြင်း၊ ၄။ ကြီးစွာသော အဝိဇ္ဇာအစုကို ဖောက်ခွဲခြင်းဟု ဆိုအပ်သော ကြီးမားသော ခန္ဓာကိုယ်ကို ဖောက်ခွဲနိုင်ခြင်း။ (အံ၊၁။၄၉၀။) (အံ၊မြန်၊၁။၅၀၅။)

အာဟုနေယျမည်ကြောင်း တရား ၇ ပါး ၁။ စက္ခုဠ်၌ ဒုက္ခဟု ရှုရခြင်း၊ ၂။ စက္ခုဠ်၌ အနတ္တဟု ရှုရခြင်း၊ ၃ ။ စက္ခုဠ်၌ ကုန်ခြင်းကို အဖန်ဖန် ရှုရခြင်း၊ ၄။ စက္ခုဠ်၌ ပျက်ခြင်းကို အဖန်ဖန် ရှုရခြင်း၊ ၅။ စက္ခုဠ်၌ ပျက်စီးခြင်းကင်းမှုကို အဖန်ဖန် ရှုရခြင်း၊ ၆။ စက္ခုဠ်၌ ချုပ်မှုကို အဖန်ဖန် ရှုခြင်း၊ ၇။ စက္ခုဠ်၌ တစ်ဖန် စွန့်မှုကို အဖန်ဖန် ရှုရခြင်း။ (အံ၊၂။၅၁၁။) (အံ၊မြန်၊၂။၆၃၇။)

အာဠဝီပြည်၌ ပညတ်အပ်သော သိက္ခာပုဒ် ၆ ပုဒ် ၁။ ကုဋိကာရ သိက္ခာပုဒ်၊ ၂။ ကောသိယ မိဿကသန္ထတ သိက္ခာပုဒ်၊ ၃။ အနုပသမ္မန္န သဟသေယျ သိက္ခာပုဒ်၊ ၄။ ပထဝီခဏန သိက္ခာပုဒ်၊ ၅။ ဘူတဂါမ သိက္ခာပုဒ်၊ ၆။ သပ္ပါဏောဒကသိဉ္စန သိက္ခာပုဒ်။ (ဝိ၅။၂၅၆။) (ဝိ၊မြန်၊၅။၃၄၉။)

အာဠာဝကဘီလူး၏ ပုစ္ဆာ ၄ မျိုး ၁။ လောကဌ် အကောင်းဆုံး အမြတ်ဆုံးသော ဥစ္စာဟူသည် အဘယ်နည်း၊ ၂။ ကောင်းစွာ လေ့ကျက်အပ်သည် ရှိသော် အဘယ်တရားသည် ချမ်းသာကို ပေးဆောင်နိုင်သနည်း၊ ၃။ အရသာအားလုံးတို့တွင် အဘယ်အရသာသည် အကောင်းဆုံး ဖြစ်သနည်း၊ ၄။ အသက်မွေးမှု ပြုသူတို့တွင် အဘယ်နည်းဖြင့် အသက်မွေးသူသည် အမြတ်ဆုံး အကောင်းဆုံး ဖြစ်သနည်း။ (သံ၊၄။၁။၂၉၉။)

အာဠာဝကဘီလူး၏ လက်နက်ကြီး ၉ မျိုး ၁။ ဝါတမဏ္ဍလ- တောင်ထွဋ်များကိုပင် ခြေမှုန်းနိုင်သည့် လေဆင်နှာမောင်း တိုက်ခတ်ခြင်း၊ ၂။ မဟာဝဿ- တောစိုးသစ်ပင်များကိုပင် လွှမ်းမိုးဖျက်ဆီးနိုင်သည့် မိုးကြီး ရွာခြင်း၊ ၃။ ပါသာဏဝဿ- တောင်ထွဋ်များ ခြေမွှနိုင်သည့်

http://www.dhammadownload.com

ကျောက်ခဲမိုး ရွာခြင်း၊ ၄။ ပဟရဏဝဿ– တစ်ဖက်သွား, နှစ်ဖက်သွားရှိသော သံလျက်မိုး ရွာခြင်း၊ ၅။ အဂ်ိရဝဿ– ပေါက်ပန်းအဆင်းရှိသော မီးကြီးခဲမိုး ရွာခြင်း၊ ၆။ ဝါလိကဝဿ– အလွန် မွှန်မှားသေးငယ် နူးညံ့သော သဲမိုး ရွာခြင်း၊ ၇။ ကလလဝဿ– အခိုးအငွေ့ ထွက်နေသော ရွံ့ညွန်မိုး ရွာခြင်း၊ ၈။ ကုက္ကုလဝဿ– အလွန်ပူသော ပြာပူမိုး ရွာခြင်း၊ ၉။ အန္ဓကာရ– အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်မှောင်ကို ဖြစ်ပေါ်စေခြင်း။ (သံ၊၌၊၁။၂၉၆။)

အား ၂ မျိုး ၁။ ဆင်ခြင်ခြင်းခွန်အား– ပဋိသင်္ခါနဗလ၊ ၂။ ပွားများခြင်းခွန်အား– ဘာဝနာဗလ၊ (တစ်နည်း) ၁။ အောက်မေ့ခြင်းခွန်အား– သတိဗလ၊ ၂။ တည်ကြည်ခြင်းခွန်အား– သမာဓိဗလ။ (အံ၊၁၀။၉၄။) (အံ၊မြန်၊၁၀။၁၁၀။)

အား ၅ မျိုး ၁။ ယုံကြည်မှု သဒ္ဓါဗလ၊ ၂။ အားထုတ်မှု ဝီရိယဗလ၊ ၃။ အောက်မေ့မှု သတိဗလ၊ ၄။ တည်ကြည်မှု သမာဓိဗလ၊ ၅။ သိမှု ပညာဗလ။ (အံ၊၂။၉–၁၀။) (အံ၊မြန်၊၂။၁၂–၁၃။)

အား ၈ မျိုး ၁။ ငိုကြွေးခြင်းသည် ကလေးသူငယ်တို့၏ အား၊ ၂။ အမျက်ထွက်ခြင်းသည် မိန်းမတို့၏ အား၊ ၃။ လက်နက်သည် ခိုးသူတို့၏ အား၊ ၄။ အစိုးရခြင်းသည် မင်းတို့၏ အား၊ ၅။ ကဲ့ရဲ့ခြင်းသည် သူမိုက်တို့၏ အား၊ ၆။ အကျိုးရှိ မရှိ ရှုမြင်ခြင်းသည် ပညာရှိတို့၏ အား၊ ၇။ ဆင်ခြင်ခြင်းသည် အကြားအမြင် များသူ၏ အား၊ ၈။ သည်းခံခြင်း ရဟန်းပုဏ္ဏား (သမဏဗြာဟ္မဏ) တို့၏ အား။ (အံ၊၃။၅၈။) (အံ၊မြန်၊၃။၅၈။)

အားတော် ၁၀ ပါး (ဘုရားရှင်၏ အားတော် ၁၀ ပါး) "ဌာနာဌာနံ ဝိပါကဉ္စ၊ ဉာဏံ သဗ္ဗတ္ထဂါမိနိံ။ အနေကဓာတုယော လောကံ၊ အဓိမုတ္တိဉ္စ ပါဏိနံ။။ "ဇာနာတိ ဣန္ဒြိယာနဉ္စ၊ ပရောပရိယတံ မုနိ။ ဈာနာဒိသံကိလေသာဒိ၊ ဉာဏံ ဝိဒ္ဓတ္တယံ တထာ"တိ။ ၁။ မြတ်စွာဘုရားသည် အကြောင်းဟုတ်သည်ကိုလည်း ဟုတ်သောအားဖြင့် အကြောင်းမဟုတ်သည်ကိုလည်း မဟုတ်သောအားဖြင့် ဟုတ်တိုင်းမှန်စွာ ခွဲခြားရ၍ သိခြင်း၊ ၂။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကံတို့၏ အကျိုးတရားကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၃။ ဂတိငါးပါး (ဘဝငါးမျိုး) သို့ ရောက်ကြောင်း အကျင့် နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၄။ များစွာသော ဓာတ် အမျိုးမျိုးသော ဓာတ်လောကကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၅။ သတ္တဝါ (သက်ရှိပုဂ္ဂိုလ်)တို့၏ စိတ်ထား အမျိုးမျိုးတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၆။ အယုတ်အမြတ် ဖြစ်သော ပုဂ္ဂိုလ်သတ္တဝါတို့၏ ဣန္ဒြေပါရမီ အနုအရင့်တို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၇။ ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ်တို့၏ ညစ်နွမ်းကြောင်း, ဖြူစင်ကြောင်း ထမြောက်ကြောင်းတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်း၊ ၈။ ရှေးဘဝနေဖူး, ဖြစ်ဖူးသော ဘဝများစွာ ကမ္ဘာများစွာတို့ကို အမျိုး အမည် စသည်တို့နှင့်တကွ အောက်မေ့အမှတ်ရတော်မူနိုင်ခြင်း၊ ၉။ ကံအားလျော်စွာ စုတေကြ, ပဋိသန္ဓေ နေကြသော သတ္တဝါ အမျိုးမျိုးတို့ကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် သိမြင်တော်မူခြင်း၊ ၁၀။ အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အရဟတ္တ ဖိုလ်ပညာကို ထူးသော ဉာဏ်ဖြင့် မျက်မှောက်ပြု၍ နေခြင်း။ (မ၊၁။၉၉။) (အံ၊၃။၂၈၃၊၂၈၅။) (ဝဇိရ။၄၁၅။) (မ၊မြန်၊၁။၁၀၇။) (အံ၊မြန်၊၃။၂၈၃၊၂၈၆။)

http://www.dhammadownload.com

အားထုတ်ကြောင်း ၃ ပါး ၁။ မဖြစ်ကုန်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း၊ ၂။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှာ အားထုတ်ခြင်း။ ၃။ ကိုယ်၌ ဖြစ်သော ဆင်းရဲဝေဒနာတို့ကို သည်းခံနိုင်ခြင်းငှာ အားထုတ်ခြင်း။ (အံ၊၁။၁၅၁။) (အံ၊မြန်၊၁။၁၇၀။)

အားထုတ်ခြင်း ၄ မျိုး ၁။ စက္ခုန္ဒြေ စသည်ကို စောင့်စည်းရန် အားထုတ်ခြင်း သံဝရပွဓာန၊ ၂။ ကာမ ဝိတက် စသည်တို့ကို ပယ်ရန် အားထုတ်ခြင်း ပဟာနပွဓာန၊ ၃။ ဗောဇ္ဈင်ကို ပွားရန် အားထုတ်ခြင်း ဘာဝနာပွဓာန၊ ၄။ သမာဓိနိမိတ်ကို စောင့်ရှောက်ရန် အားထုတ်ခြင်း အနုရက္ခဏာပွဓာန။ (အံ၊၁။၃၂၃။) (အံ၊၁။၃၈၅။) (အံ၊မြန်၊၁။၃၃၈။) (အံ၊မြန်၊၁။၄၀၀။)

အားထုတ်ခြင်း အကြောင်း ၈ ပါး ထူးသော အဖို့ရှိသော တရား ၈ ပါး၊ ဝိသေသဘာဂိယတရား ၈ ပါးတို့နှင့် တူသည်။

အားထုတ်ခြင်း အကြောင်း ၈ မျိုး ၁။ ငါသည် အမှုကိစ္စတို့ကို ပြုလုပ်ရလိမ့်မည်၊ အမှုကိစ္စတို့ကို ပြုလုပ်သော ငါ့အား တရားအားထုတ်ရန် မစွမ်းနိုင်၊ ထို့ကြောင့် စောစောကပင် အားထုတ်ဦးမည်ဟု နှလုံးသွင်းလျက် တရားထူးရရန် အားထုတ်ခြင်း၊ ၂။ ငါသည် အမှုကိစ္စတို့ကို ပြုလုပ်ပြီး ဖြစ်၏၊ အလုပ်လုပ်ပြီးသော ငါသည် တရားအားထုတ်ရန် မစွမ်းနိုင်၊ ထို့ကြောင့် စောစောကပင် ကြိုတင်၍ အားထုတ်ဦးမည်ဟု နှလုံးသွင်းလျက် တရားထူးရရန် အားထုတ်ခြင်း၊ ၃။ ငါ ခရီးသွားရလိမ့်မည်၊ ခရီးသွားသော ငါသည် တရားအားထုတ်ရန် မစွမ်းနိုင်၊ ထို့ကြောင့် စောစောကပင် ကြိုတင်၍ အားထုတ်ဦးမည်ဟု နှလုံးသွင်းလျက် တရားထူးရရန် အားထုတ်ခြင်း၊ ၄။ ငါသည် ခရီးသွားခဲ့ပြီး ဖြစ်၏၊ ထိုခရီးသွားခဲ့ပြီးသော ငါသည် တရားအားထုတ်ရန် မစွမ်းနိုင်၊ ထို့ကြောင့် စောစောကပင် ကြိုတင်၍ အားထုတ်ဦးမည်ဟု နှလုံးသွင်းလျက် တရားထူးရရန် အားထုတ်ခြင်း၊ ၅။ ရွာနိဂုံးသို့ ဆွမ်းခံသွားသော ငါသည် ကောင်း, မကောင်းသော ဘောဇဉ်တို့ကို ပြည့်စုံအောင် မရသဖြင့် ပေါ့ပါး၏၊ တရားအားထုတ်ရန် လျောက်ပတ်၏ဟု နှလုံးသွင်းလျက် တရားထူးရရန် အားထုတ်ခြင်း၊ ၆။ ရွာနိဂုံးသို့ ဆွမ်းခံသွားသော ငါသည် ကောင်း, မကောင်းသော ဘောဇဉ်တို့ကို ပြည့်စုံအောင် ရခဲ့သဖြင့် အားရှိ၏၊ တရားအားထုတ်ရန် လျောက်ပတ်၏ဟု နှလုံး သွင်းလျက် တရားထူးရရန် အားထုတ်ခြင်း၊ ၇။ ငါ့အား အနည်းငယ်မျှသော အနာရောဂါ ဖြစ်၏၊ ထိုအနာရောဂါသည် တိုးပွားရာသော အကြောင်းသည်ရှိ၏၊ ထို့ကြောင့် စောစောကပင် ကြိုတင်၍ အားထုတ်ဦးမည်ဟု နှလုံးသွင်းလျက် တရားထူးရရန် အားထုတ်ခြင်း၊ ၈။ ငါသည် အနာရောဂါမှ ထမြောက်ခါစ ဖြစ်၏၊ ထိုအနာရောဂါသည် တစ်ဖန် ပြန်ဖြစ် ရာသော အကြောင်းသည် ရှိ၏၊ ထို့ကြောင့် စောစောကပင် ကြိုတင်၍ အားထုတ်ဦးမည်ဟု နှလုံး သွင်းလျက် တရားထူးရရန် အားထုတ်ခြင်း။ (ဒီ၊၃။၂၁၂-၂၁၃။) (ဒီ၊၃။၂၄၇။) (အံ၊၃။၁၄၉။) (ဒီ၊မြန်၊၃။၂၃၅-၂၃၆။) (ဒီ၊မြန်၊၃။၂၇၀။) (အံ၊မြန်၊၃။၁၅၁။)

အားထုတ်မှု ပြုခြင်း ၄ မျိုး ၁။ မဖြစ်သေးသော အကုသိုလ်တရားတို့သည် ငါ့အား ဖြစ်ပေါ်ကုန်သော် အကျိုးမဲ့အလို့ငှာ ဖြစ်ကုန်ရာ၏ဟု ကြံ၍ အားထုတ်မှုကို ပြုခြင်း၊ ၂။ ငါသည်

http://www.dhammadownload.com

ဖြစ်ပြီးကုန်သော အကုသိုလ်တရားတို့ကို မပယ်အပ်ကုန်သော် အကျိုးမဲ့အလို့ငှာ ဖြစ်ကုန်ရာ၏ဟု ကြံ၍ အားထုတ်မှုကို ပြုခြင်း၊ ၃ မဖြစ်သေးကုန်သော ကုသိုလ်တရားတို့သည် ငါ့အား မဖြစ်ကုန်သော် အကျိုးမဲ့ ဖြစ်ကုန်ရာ၏ဟု ကြံ၍ အားထုတ်မှုကို ပြုခြင်း၊ ၄။ ငါ့အား ဖြစ်ပြီးကုန်သော ကုသိုလ်တရားတို့သည် ချုပ်ငြိမ်းကုန်သော် အကျိုးမဲ့ ဖြစ်ကုန်ရာ၏ဟု ကြံ၍ အားထုတ်မှုကို ပြုခြင်း။ (မ၊၌၊၃၊၁၆၈။)

အားထုတ်အပ်ပြီးသော် ကံ ၂ မျိုး ၁။ မြဲသော အကျိုးရှိသော အားထုတ်အပ်ပြီးသော် ကံ၊ ၂။ မမြဲသော အကျိုးရှိသော အားထုတ်အပ်ပြီးသော် ကံ။ (အဘိ၊၌၊၁။၃၉၃။)

ဣတိဘဝါဘဝကထာ ၆ မျိုး ၁။ တိုးပွားခြင်း ဘဝ၊ ၂။ ကာမချမ်းသာ ခံစားခြင်း ကာမသုခတည်းဟူသော ဘဝ၊ ၃။ သဿတ ခိုင်မြဲခြင်း တည်းဟူသော ဘဝ၊ ၄။ ဥစ္ဆေဒတည်းဟူသော အဘဝ၊ ၅။ ဆုတ်ယုတ်ခြင်းတည်းဟူသော အဘဝ၊ ၆။ ကိုယ်ပင်ပန်းခံ ကျင့်ခြင်း အတ္တကိလမထတည်းဟူသော အဘဝ။ (မ၊၌၊၃။၁၅၆။) (သာရတ္ထ၊ဋီ၊၃။၁၀၀။) (ဝိမတိ၊၂။၅၅။)

ဣရိယာပုထ် ဟူသော စက် ၄ မျိုး ၁။ သွားခြင်း၊ ၂။ ရပ်ခြင်း၊ ၃။ ထိုင်ခြင်း၊ ၄။ အိပ်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၂၇၉။)

ဥဏှီသီသဟု ဆိုရကြောင်း (ဘုရားရှင်သည် သင်းကျစ်ဆောင်းသကဲ့သို့သော ဦးခေါင်းရှိ၏ ဟူသော စကားကို ဆိုရခြင်း အကြောင်း ၂ မျိုး) ၁။ ဘုရားရှင်အား ပြည့်သော နဖူးတော် ရှိခြင်း၊ ၂။ ဘုရားရှင်အား ပြည့်သော ဦးခေါင်းတော်ရှိခြင်း။ (မ၊၌၊၃။၂၆၄။)

ဥတု ၂ မျိုး ၁။ သီတဥတု၊ ၂။ ဥဏှဥတု။ (ဝိသုဒ္ဓိ၊၂။၂၅၁။)

ဥတု စိတ် အာဟာရ တို့ကြောင့် ဖြစ်ပေါ်သော ရုပ် ၃ မျိုး ၁။ ရုပ်၏ လျင်မြန်ပေါ့ပါးသည်၏ အဖြစ်၊ ၂။ ရုပ်၏ နူးညံ့သည်၏ အဖြစ်၊ ၃။ ရုပ်၏ ခံ့ကျန်းသည်၏ အဖြစ်။ (မ၊ဋီ၊၂။၁၉၅။)

ဥတု စိတ်တို့ကြောင့် ဖြစ်သော ရုပ် ၁ မျိုး ၁။ သဒ္ဒရုပ်။ (မ၊ဋီ၊၂။၁၉၅။)

ဥတုသမုဋ္ဌာန်ရုပ် ၁၅ ပါး ၁။ သဒ္ဒနဝကရုပ် (၉) ပါး၊ ၂။ အာကာသဓာတ် (၁) ပါး၊ ၃။ လဟုတာရုပ် (၁) ပါး၊ ၄။ မုဒုတာရုပ် (၁) ပါး၊ ၅။ ကမ္မညတာရုပ် (၁) ပါး၊ ၆။ ဥပစယရုပ် (၁) ပါး၊ ၇။ သန္တတိရုပ် (၁) ပါး ပေါင်း (၁၅) ပါး။ (ဝိသုဒ္ဓိ၊၂။၂၅၂။)

ဥတေနမင်း၏ မိဖုရား ၃ ပါး ၁။ သာမာဝတီ၊ ၂။ ဝါသုလဒတ္တာ၊ ၃။ မာဂဏ္ဍီ။ (ဓမ္မ၊၌၊၁။၁၃၇။)

ဥဒါယိမထေရ် ၃ ပါး ၁။ လာင်္ဂုဒါယိမထေရ်၊ ၂။ ကာဠုဒါယိမထေရ်၊ ၃။ မဟာဥဒါယိမထေရ်။ (ဒီ၊၌၊၃။၈၇။)

ဥဒါယိရဟန်းအား ဘုရားရှင် ဟောကြားခဲ့သော ပုဂ္ဂိုလ် ၄ မျိုး ၁။ ဤလောကဌ် အချို့သော ပုဂ္ဂိုလ်သည် ဥပဓိလေးပါးတို့ကို ပယ်ခြင်းငှာ ဥပဓိလေးပါးတို့ကို စွန့်ခြင်းငှာ ကျင့်၏။ ထိုပုဂ္ဂိုလ်ကို ဥပဓိလေးပါးနှင့် စပ်ယှဉ်ကုန်သော ကာမဂုဏ်ကို ကြဲစည်တတ်သော ဝိတက်တို့သည် လွှမ်းမိုး၍ ဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုကာမဝိတက်တို့ကို သာယာ၏။ လက်ခံ၏။ မပယ်စွန့်၊ မပယ်ဖျောက်၊ ကင်းသော အပိုင်းအခြားရှိသည်ကို မပြု၊ တစ်ဖန်

http://www.dhammadownload.com

မဖြစ်ခြင်းသို့ မရောက်စေနိုင်။ ဤပုဂ္ဂိုလ်ကို ကိလေသာတို့နှင့် ယှဉ်စပ်သော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူ၏။ ဤပုဂ္ဂိုလ်ကို ကိလေသာတို့မှ ကင်းသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မမူ။ အကြောင်းကား ဤပုဂ္ဂိုလ်၌ ဣန္ဒြေတို့၏ အနုအရင့် အမြတ်အယုတ် အထူးထူး ရှိသည်၏ အဖြစ်ကို ငါဘုရား သိတော်မူသောကြောင့်တည်း၊ ၂။ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဥပဓိလေးပါးတို့ကို ပယ်ခြင်းငှာ ဥပဓိလေးပါးတို့ကို စွန့်ခြင်းငှာ ကျင့်၏။ ထိုသို့ကျင့်သော ပုဂ္ဂိုလ်ကို ဥပဓိလေးပါးနှင့် စပ်ယှဉ်ကုန်သော ကာမဂုဏ်ကို ကြံစည်တတ်သော အကြံတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ထိုကာမ အကြံတို့ကို မသာယာ၊ လက်မခံ၊ ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းသော အပိုင်းအခြား ရှိသည်ကို ပြု၏၊ တစ်ဖန် မဖြစ်ခြင်းသို့ ရောက်စေတတ်၏။ ဤပုဂ္ဂိုလ်ကိုလည်း ကိလေသာတို့နှင့် ယှဉ်စပ်သော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူ၏။ ကိလေသာတို့မှ ကင်းသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မမူ။ အကြောင်းကား– ဤပုဂ္ဂိုလ်၌ ဣန္ဒြေတို့၏ အနုအရင့် အမြတ်အယုတ် အထူးထူး ရှိသောကြောင့်တည်း၊ ၃။ ဤလောကဌ အချို့သော ပုဂ္ဂိုလ်သည် ဥပဓိလေးပါးတို့ကို ပယ်ခြင်းငှာ ဥပဓိလေးပါးတို့ကို စွန့်ခြင်းငှာ ကျင့်၏။ ထိုသို့ ကျင့်သော ပုဂ္ဂိုလ်ကို အချိန်များစွာ သတိပျောက်ပျက် တွေဝေ မိန်းမောခြင်းကြောင့် ဥပဓိလေးပါးနှင့် ယှဉ်စပ်ကုန်သော ကာမဂုဏ်ကို ကြံစည်တတ်သော အကြံတို့သည် လွှမ်းမိုး၍ ဖြစ်ကုန်၏။ သတိဖြစ်ခြင်းသည် နှေးကွေး၏။ စင်စစ်သော်ကား ထိုကာမအကြံ စသည်ကို လျင်စွာသာလျှင် ပယ်စွန့်၏၊ ပယ်ဖျောက်၏၊ ကင်းသော အပိုင်းအခြားရှိသည်ကို ပြု၏၊ တစ်ဖန် မဖြစ်ခြင်းသို့ ရောက်စေတတ်၏။ ဥပမာကား...ယောကျ်ားသည် နေ့ပတ်လုံး ပူလောင်သော သံအိုးကင်း၌ ရေပေါက် နှစ်ပေါက်တို့ကိုလည်းကောင်း ရေပေါက် သုံးပေါက်တို့ကိုလည်းကောင်း ချရာ၏။ ရေပေါက်တို့၏ ကျခြင်းသည် နှေး၏။ ထိုသို့ကျရာ၌ ထိုရေပေါက်သည် လျင်စွာသာလျှင် ကုန်ခြင်းသို့ အကြွင်းမဲ့ ခန်းခြောက်ခြင်းသို့ ရောက်ရာသကဲ့သို့တည်း။ ဤပုဂ္ဂိုလ်ကိုလည်း ကိလေသာတို့နှင့် စပ်ယှဉ်သော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူ၏။ ကိလေသာတို့မှ ကင်းသော ပုဂ္ဂိုလ် ဟူ၍ ငါဘုရား ဟောတော်မမူ။ အကြောင်းကား ဤပုဂ္ဂိုလ်၌ ဣန္ဒြေတို့၏ အနုအရင့်စသဖြင့် အထူးထူး ရှိနေသောကြောင့်တည်း၊ ၄။ ဤလောကဌ အချို့သော ပုဂ္ဂိုလ်သည် ခန္ဓာဟူသော ဥပဓိသည် ဝဋ်ဆင်းရဲ၏ အကြောင်းရင်းဟူ၍ သိသောကြောင့် ကိလေသာတည်းဟူသော ဥပဓိ မရှိ၊ ကိလေသာတည်းဟူသော ဥပဓိ၏ ကုန်ရာ နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် ကိလေသာတို့မှ လွတ်မြောက်၏။ ဤပုဂ္ဂိုလ်ကို ကိလေသာတို့မှ ကင်းသော ပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူ၏။ ကိလေသာတို့နှင့် စပ်ယှဉ်သော ပုဂ္ဂိုလ် ဟူ၍ ငါဘုရား ဟောတော်မမူ။ အကြောင်းကား ဤပုဂ္ဂိုလ်တို့၌ ဣန္ဒြေတို့၏ အနုအရင့် စသည်ဖြင့် အထူးထူး ရှိနေသောကြောင့်တည်း။ (မ၊၂။၁၁ဖ။) (မ၊မြန်၊ ၂။၁၂၅–၁၂ဖ။)

ဥဒေါသိတသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ အဓိဋ္ဌာန် မတင်ရသေးသော သင်္ကန်း ဖြစ်ခြင်း၊ ၂။ ကထိန် မခင်းရသေးခြင်း၊ ၃။ သမုတိရသော ရဟန်း မဟုတ်ခြင်း၊ ၄။ ညဉ့်အခါ၌ သင်္ကန်းနှင့် ကင်း၍ နေခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၉ဖ။) (ဝိမတိ၊၁။၃၂၀။)

ဥဒါန်း၌ ဝင် ၈ မျိုး ၁။ ဗောဓိဝင်၊ ၂။ မုစလိန္ဒဝင်၊ ၃။ နန္ဒဝင်၊ ၄။ မေဃိယဝင်၊ ၅။ သောဏဝင်၊ ၆။ ဇစ္စန္ဓဝင်၊ ၇။ စူဠဝင်၊ ၈။ ပါဋလိဂါမိယဝင်။ (ဥဒါန၊၌။၄။)

http://www.dhammadownload.com

ဥပကာရ မိတ်ဆွေ၏ အင်္ဂါ ၄ ပါး ၁။ မေ့လျော့နေသော မိတ်ဆွေအား စောင့်ရှောက်ခြင်း၊ ၂။ မေ့လျော့နေသော မိတ်ဆွေ၏ ပစ္စည်းဥစ္စာများကို စောင့်ရှောက်ခြင်း၊ ၃။ ကြောက်ရွံ့နေသော မိတ်ဆွေ၏ မှီခိုအားကိုးရာ ဖြစ်ခြင်း၊ ၄။ အကြောင်းကိစ္စ ဖြစ်ပေါ်လာသည်ရှိသော် မိတ်ဆွေအား လိုအပ်သော ဥစ္စာထက် နှစ်ဆတက်၍ ပေးခြင်း။ (အပ၊၌၊၁။၁၇ဖ။)

ဥပစာရဈာန်သို့ ရောက်စေနိုင်သော ကမ္မဋ္ဌာန်း ၁၀ ပါး ၁။ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, မရဏာနုဿတိ, ဥပသမာနုဿတိဟု ဆိုအပ်သော အနုဿတိ ရှစ်ပါး၊ ၂။ အာဟာရေ ပဋိကူလသညာ၊ ၃။ စတုဓာတုဝဝတ္ထာန်။ (ဝိသုဒ္ဓိ၊၁။၁၀၇။)

ဥပစာရဝဟ ကမ္မဋ္ဌာန်း ၁၀ ပါး ဥပစာရဈာန်သို့ ရောက်စေနိုင်သော ကမ္မဋ္ဌာန်း ၁၀ ပါးနှင့် တူသည်။

ဥပစာ အရပ် ၄ မျိုး ၁။ ရွာတံခါးပေါက်၏ ဥပစာအရပ်၊ ၂။ လမ်းမ၏ ဥပစာအရပ်၊ ၃။ လမ်းလေးခွဆုံ၏ ဥပစာအရပ်၊ ၄။ အိမ်၏ ဥပစာအရပ်။ (ဝိ၊၌၊၄။၈၉။)

ဥပတိဋ္ဌနသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ ဆွမ်းစားနေသော ရဟန်း၏ ဟတ္ထပါသ်၌ ရပ်နေခြင်း၊ ၂။ သောက်ရေကို လည်းကောင်း ယပ်တောင်ကို လည်းကောင်း ကိုင်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၂၃။) (ဝိမတိ၊၂။၇ဖ။)

ဥပတိဿထေရ်၏ တပည့် ၂ ပါး ၁။ မဟာပဒုမထေရ်၊ ၂။ မဟာသုမထေရ်။ (ဝိ၊၌၊၁။၂၂၈။)

ဥပဓိ ၁၀ ပါး ၁။ တဏှုပဓိ– တဏှာဟူသော ဥပဓိ၊ ၂။ ဒိဋ္ဌုပဓိ– သဿတ ဥစ္ဆေဒဒိဋ္ဌိ ဟူသော ဥပဓိ၊ ၃။ ကိလေသုပဓိ– ကိလေသာဟူသော ဥပဓိ၊ ၄။ ကမ္မုပဓိ– ပုညာဘိသင်္ခါရ စသော ကံဟူသော ဥပဓိ၊ ၅။ ခန္ဓုရိတ္တုပဓိ– မကောင်းသော အကျင့်ဟူသော ဥပဓိ၊ ၆။ အာဟာရူပဓိ– ကဗဠီကာရ အာဟာရဟူသော ဥပဓိ၊ ၇။ ပဋိဃုပဓိ– ပဋိဃ,ဒေါသဟူသော ဥပဓိ၊ ၈။ စတသော ဥပါဒိန္နဓာတုယော ဥပဓိ– လေးပါးကုန်သော ကံကြောင့်ဖြစ်ကုန်သော ပထဝီဓာတ် အစရှိသော ဓာတ်ဟူသော ဥပဓိ၊ ၉။ ဆ အဗ္ဘန္တရာနိ အာယတနာနိ ဥပဓိ– အဗ္ဘန္တရသန္တာန်၌ ဖြစ်ကုန်သော စက္ခုစသော ခြောက်ပါးသော အာယတနဟူသော ဥပဓိ၊ ၁၀။ ဆ ဝိညာဏကာယေဥပဓိ– ခြောက်ပါးသော ဝိညာဏဓာတ်အပေါင်းဟု ဆိုအပ်သော ဥပဓိ။ (စူဠနိ။၆၉။)

ဥပဓိတရား ၄ ပါး ၁။ ကာမုပဓိ– ကာမဂုဏ် ဟူသော (ချမ်းသာ၏) တည်ရာ၊ ၂။ ခန္ဓုပဓိ– ခန္ဓာဟူသော (ဆင်းရဲ၏) တည်ရာ, ခန္ဓာသာလျှင် (ဆင်းရဲ၏) တည်ရာ၊ ၃။ ကိလေသုပဓိ– ဝဋ်ဆင်းရဲကို တည်ဆောက်တတ်သော ကိလေသာ၊ ၄။ အဘိသင်္ခါရူပဓိ– ဘဝဒုက္ခ၏ တည်ရာ ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာ။ (သံ၊၌၊၁။၃၀။) (သုတ္တနိ၊၌၊၁။၄၀။) (သာရတ္ထ၊ဋီ၊၁။၃၁၃။) (သာရတ္ထ၊ဋီ၊၃။၂၁၄။) (ဝိမတိ၊၂။၉၈။) (အံ၊ဋီ၊၂။၃။)

ဥပနိဿယ ၃ မျိုး ၁။ ဒါန ဟူသော အားကောင်းသော မှီရာအကြောင်း– ဒါနဥပနိဿယ၊ ၂။ သီလ ဟူသော အားကောင်းသော မှီရာအကြောင်း– သီလဥပနိဿယ၊ ၃။ ဘာဝနာဟူသော အားကောင်းသော မှီရာအကြောင်း– ဘာဝနာဥပနိဿယ။ (သံ၊၌၊၂။၂၅၁။)

http://www.dhammadownload.com

ဥပနိဿယပစ္စည်း ၃ မျိုး ၁။ အာရမ္မဏူပနိဿယ၊ ၂။ အနန္တရူပနိဿယ၊ ၃။ ပကတူပနိဿယ။ (အဘိ၊၆၊၃။၃၄၇။)

ဥပပါဒမီ (ကိုယ်အင်္ဂါစွန့်ခြင်း ဥပပါဒမီ) ၁၀ ပါး ဒါနဥပပါဒမီ စသည်။

ဥပပတ္တိ ၂ မျိုး ၁။ ပဋိလာဘ– တစ်ဖန် ရခြင်း၊ ၂။ နိဗ္ဗတ္တိ– ရုပ်နာမ်တရားတို့ ဖြစ်ခြင်း။ (သံ၊၆၊ ၂။၁၂၈။)

ဥပပတ္တိဘဝ ၉ မျိုး ၁။ ကာမဘဝ– ကာမသတ္တဝါတို့၏ ဖြစ်ရာ ကာမ ၁၁ ဘုံ၊ ၂။ ရူပဘဝ– ရူပဗြဟ္မာတို့၏ ဖြစ်ရာ ရူပ ၁၆ ဘုံ၊ ၃။ အရူပဘဝ– အရူပဗြဟ္မာတို့၏ ဖြစ်ရာ အရူပ ၄ ဘုံ၊ ၄။ သညီဘဝ– နာမ်ရှိသော သတ္တဝါတို့၏ ဖြစ်ရာဘုံ၊ ၅။ အသညီဘဝ– နာမ်မရှိသော သတ္တဝါတို့၏ ဖြစ်ရာ ဘုံ၊ ၆။ နေဝသညီနာသညီဘဝ– ထင်ရှားသော နာမ်မရှိ၊ သိမ်မွေ့သော နာမ်သာရှိသော သတ္တဝါတို့၏ ဖြစ်ရာဘုံ၊ ၇။ ဧကဝေါကာရဘဝ– ခန္ဓာတစ်ပါးတည်းသာ ရှိသော သတ္တဝါတို့၏ ဖြစ်ရာဘုံ၊ ၈။ စတုဝေါကာရဘဝ– နာမ်ခန္ဓာ လေးပါးရှိသော သတ္တဝါတို့၏ ဖြစ်ရာဌာနဘုံ၊ ၉။ ပဉ္စဝေါကာရဘဝ– ခန္ဓာငါးပါးရှိသော သတ္တဝါတို့၏ ဖြစ်ရာဘုံ။ (အဘိ၊၀။၁၄၃။) (အဘိ၊၆၊၂။၁၇၅။) (၀သုဒ္ဓိ၊၂။၂၀၆။) (အဘိ၊၀၊မြန်၊၂။၃၇။)

ဥပမာ ၃ မျိုး (သဗ္ဗညုဘုရားအဖြစ်သို့ မရောက်မီ ဥရုဝေလတော သေနာနိဂုံး၌ တရားအားထုတ်နေစဉ် သဗ္ဗညုဘုရားအလောင်း၏ ဉာဏ်၌ ပေါ်ထင်လာသော ဥပမာ ၃ မျိုး) ၁။ ရေ၌ချထားသော အစေးရှိသော ထင်းအစိုကို မီးမြိုက်သူသည် ထင်းမီးမတောက်နိုင်ဘဲ ပင်ပန်းရုံသာ ဖြစ်ရသကဲ့သို့ ကိုယ်စိတ်ဖြင့် ဝတ္ထုကာမ ကိလေသကာမတို့မှ မကင်းဆိတ်ဘဲ ကာမစ္ဆန္ဒစသည်ကို ကောင်းစွာ မပယ်ဘဲ တရားအားထုတ်သူသည်လည်း မဂ်ဖိုလ် မရနိုင်၊ ၂။ ရေမှ ဝေးရာ ကြည်းကုန်း၌ ချထားသော အစေးရှိသော ထင်းစိုကို မီးမြိုက်သူသည် ထင်းမီးမလောင်နိုင်ဘဲ ပင်ပန်းရုံသာ ဖြစ်ရသကဲ့သို့ ကိုယ်စိတ်ဖြင့် ဝတ္ထုကာမ ကိလေသကာမတို့မှ ကင်းဆိတ်အောင် နေသော်လည်း ကာမစ္ဆန္ဒ စသည်ကို ကောင်းစွာ မပယ်ဘဲ တရားအားထုတ်သူသည်လည်း မဂ်ဖိုလ် မရနိုင်၊ ၃။ ရေမှ ဝေးသော ကြည်းကုန်း၌ ချထားသော အစေးမရှိသော ထင်းခြောက်ကို မီးမြိုက်သူသည် ထင်းမီးတောက်နိုင်သကဲ့သို့ ကိုယ်စိတ်ဖြင့် ဝတ္ထုကာမ ကိလေသကာမတို့မှ ကင်းဆိတ်နေလျက် ကာမစ္ဆန္ဒ စသည်ကိုလည်း ကောင်းစွာ ပယ်ဖျောက်၍ တရားအားထုတ်သူသည် မဂ်ဖိုလ်ကို ရနိုင်ခြင်း။ (မ၊၂။၂၈၃။) (မ၊၂။၄၃၀။) (မ၊မြန်၊၂။၂၉၁–၂၉၂။) (မ၊မြန်၊၂။၂၉၁–၂၉၂။)

ဥပဝီစာရ ၃ မျိုး ၁။ ကာမမှ ထွက်မြောက်ခြင်းနှင့် စပ်သော ဆင်ခြင်သုံးသပ်ခြင်း၊ ၂။ အမျက်ဒေါသ ကင်းခြင်းနှင့် စပ်သော ဆင်ခြင် သုံးသပ်ခြင်း၊ ၃။ ညှဉ်းဆဲနှိပ်စက်မှု ကင်းခြင်းနှင့် စပ်သော ဆင်းခြင်သုံးသပ်ခြင်း။ (နေတ္တိ၊၆။၂၁၄။)

ဥပသမ္ဘဒက်၏ စလယ်ဆုံး ၃ ပါး ၁။ ပုဂ္ဂိုလ်သည် ဥပသမ္ဘဒက်၏ အစတည်း၊ ၂။ ဥတ်သည် ဥပသမ္ဘဒက်၏ အလယ်တည်း၊ ၃။ ကမ္မဝါစာသည် ဥပသမ္ဘဒက်၏ အဆုံးတည်။ (၀၊၅။ ၂၅၂။) (၀၊မြန်၊၅။၃၄၄။)

http://www.dhammadownload.com

ဥပသမ္မဒါ ၈ မျိုး ရဟန်းဖြစ်ခြင်း ၈ မျိုး နှင့် တူသည်။

ဥပါဒါနက္ခန္ဓာ ၅ ပါး ၁။ ရူပုပါဒါနက္ခန္ဓာ- ရုပ်ဟူသော စွဲလမ်းဖွယ် ခန္ဓာ၊ ၂။ ဝေဒနုပါဒါ နက္ခန္ဓာ- ခံစားမှုဟူသော စွဲလမ်းဖွယ် ခန္ဓာ၊ ၃။ သညုပါဒါနက္ခန္ဓာ- မှတ်သားမှုဟူသော စွဲလမ်းဖွယ် ခန္ဓာ၊ ၄။ သင်္ခါရုပါဒါနက္ခန္ဓာ- ပြုစီရင်မှုဟူသော စွဲလမ်းဖွယ် ခန္ဓာ၊ ၅။ ဝိညာဏုပါဒါနက္ခန္ဓာ- အထူးသိမှုဟူသော စွဲလမ်းဖွယ် ခန္ဓာ။ (ဒီ၊၃။၁၉၅။) (ဒီ၊၃။၂၃၂။) (မ၊၁။၃၇၃။) (မ၊၃။၆၆။) (မ၊၃။၈၀။) (သံ၊၂။၁၀၄။) (သံ၊၂။၁၃၀၊၁၃၁) (သံ၊၂။၁၃၆။) (သံ၊၂။၁၅၇။) (သံ၊၃။၂၁။) (သံ၊၃။၃၉။) (သံ၊၃။၄၈။) (သံ၊၃။၈၂။) (အံ၊၃။၂၅၁။) (ခုဒ္ဒက၊၆။၆၈။) (ဓမ္မပဒ၊၆။၈၀။) (ဒီ၊မြန်၊၃။၂၁၇။) (ဒီ၊မြန်၊၃။၂၅၅။) (မ၊မြန်၊၁။၃၈၅။) (မ၊မြန်၊၃။၇၀။) (မ၊မြန်၊၃။၈၄။) (သံ၊မြန်၊ ၂။၂၁။) (သံ၊မြန်၊၂။၂၁။) (သံ၊မြန်၊၂။၂၁။) (သံ၊မြန်၊၂။၂၁။) (သံ၊မြန်၊၂။၂၁။) (သံ၊မြန်၊၂။၂၁။) (သံ၊မြန်၊၃။၆၀။) (အံ၊မြန်၊၃။၂၅၀။)

ဥပါဒါရုပ် ၂၄ ပါး ၁။ စက္ခုပသာဒရုပ်, သောတပသာဒရုပ်, ဃာနပသာဒရုပ်, ဇိဝှါပသာဒရုပ်, ကာယပသာဒရုပ်, ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတရုပ်, ဟဒယဝတ္ထုရုပ်, ကာယဝိညတ်ရုပ်, ဝစီဝိညတ်ရုပ်, အာကာသဓာတ်, ကဗဠီကာရ အာဟာရရုပ်, လဟုတာရုပ်, မုဒုတာရုပ်, ကမ္မညတာရုပ်, ဥပစယရုပ်, သန္တတိရုပ်, ဇရတာ ရုပ်, အနိစ္စတာရုပ်, ပေါင်း နှစ်ဆယ့်လေးပါး။ (ဝိသုဒ္ဓိ၊၃။၇၃။)

ဥပါဒါန် ၄ ပါး ၁။ ကာမဂုဏ်၌ လွန်စွာ စွဲလမ်းမှု- ကာမုပါဒါန်၊ ၂။ ၆၂ ပါးသော မိစ္ဆာအယူကို လွန်စွာ စွဲလမ်းမှု- ဒိဋ္ဌုပါဒါန်၊ ၃။ နွား စသည်တို့၏ အလေ့အကျင့်ဖြင့် စင်ကြယ်၏ဟု လွန်စွာ စွဲလမ်းမှု- သီလဗ္ဗတုပါဒါန်၊ ၄။ ခန္ဓာငါးပါး၌ အတ္တဟု လွန်စွာ စွဲလမ်းမှု- အတ္တဝါဒုပါဒါန်။ (ဒီ၊၃။၁၉၂။) (မ၊၁။၆၂။) (မ၊၁။၉၅။) (သံ၊၁။ပါ၊၂၄၅။) (သံ၊၂။၄၅၂။) (သံ၊၃။၅၅။) (အဘိ၊ ၈။၂၄၀။) (အဘိ၊၉။၂၈၉။) (ပဋိသံ၊၆၊၁။၃၂၂။) (ပဋိသံ၊၆၊၂။၂၂။) (ဥဒါန၊၆။၁၉၃။) (ဓမ္မပဒ၊၆။၈၀။) (ဝိသုဒ္ဓိ၊၂။၂၀၃။) (ဒီ၊မြန်၊၃။၂၁၄။) (မ၊မြန်၊၁။၁၀၂။) (မ၊မြန်၊၁။၆၈။) (သံ၊မြန်၊ ၂။၂၂၉။) (သံ၊မြန်၊ ၂။၄၈။) (သံ၊မြန်၊၃။၅၅။) (အဘိ၊၉မြန်။၄၄၄၊၅၅၅။) (အဘိ၊၉မြန်။၄၄၄၊၅၅၅။)

ဥပါဒါန် ၂ မျိုး ၁။ ကာမုပါဒါန်အစရှိသော စွဲလမ်းတတ်သော ဥပါဒါန်၊၂။ အဝိဇ္ဇာ သင်္ခါရ အစရှိသော အကြောင်းပစ္စည်းဟု ဆိုအပ်သော ပစ္စယဥပါဒါန်။ (မ၊၆၊၂။၆၂။)

ဥပါဒါန် အကြွင်းအကျန်နှင့်တကွ ကွယ်လွန်သော် ငရဲစသည်မှ လွတ်သော ပုဂ္ဂိုလ် ၉ မျိုး ၁။ သီလ သမာဓိပြည့်စုံ၍ ပညာမပြည့်စုံဘဲ အလယ်ကြားကာလ၌ ပရိနိဗ္ဗာန်ပြုသူ၊ ၂။ သီလ သမာဓိပြည့်စုံ၍ ပညာမပြည့်စုံဘဲ အောက်သံယောဇဉ် ငါးပါးကုန်ခြင်းကြောင့် အလယ်ကြားကာလကို လွန်၍ ပရိနိဗ္ဗာန်ပြုသူ၊ ၃။ အားထုတ်မှုမရှိဘဲ ပရိနိဗ္ဗာန်ပြုသူ၊ ၄။ အားထုတ်မှုနှင့် တကွ ပရိနိဗ္ဗာန်ပြုသူ၊ ၅။ အထက်၌ မဂ်အလျဉ်ရှိသော အကနိဋ္ဌဘုံသို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်၊ ၆။ ဤကာမဘုံသို့ တစ်ကြိမ်သာ လာ၍ ဒုက္ခအဆုံးကို ပြုသော ပုဂ္ဂိုလ်၊ ၇။ လူ့ဘဝ၌ တစ်ဘဝကိုသာ ဖြစ်စေ၍ ဒုက္ခအဆုံးကို ပြုသော ပုဂ္ဂိုလ်၊ ၈။ နှစ်ဘဝ သုံးဘဝ တို့ကို ကူးပြောင်း ကျင်လည်ပြီး, ဒုက္ခအဆုံးကို ပြုသော ပုဂ္ဂိုလ်၊ ၉။ ခုနစ်ကြိမ်တိုင်တိုင်

http://www.dhammadownload.com

လူ့ပြည် နတ်ပြည်တို့ကို ကူးပြောင်း ကျင်လည်ပြီး ဒုက္ခအဆုံးကို ပြုသောပုဂ္ဂိုလ်။ (အံ၊၃။ ၁၈၄။) (အံ၊မြန်၊၃။၁၈၅။)

ဥပါလိဆေတ္တာသည်နှင့် အတူ ရဟန်းပြုကြသော သာကီဝင်မင်းသား ၆ ပါး ၁။ ဘဒ္ဒိယမင်း၊ ၂။ အနုရုဒ္ဓမင်းသား၊ ၃။ အာနန္ဒမင်းသား၊ ၄။ ဘဂုမင်းသား၊ ၅။ ကိမိလမင်းသား၊ ၆။ ဒေဝဒတ်မင်းသား။ (အံ၊ဧ၊။၁၈၆။)

ဥပါလိမထေရ် ဆုံးဖြတ်သော ဝတ္ထု ၃ ခု ၁။ ဘာရုကစ္ဆ ဝတ္ထု၊ ၂။ အဇ္ဈုက ဝတ္ထု၊ ၃။ ကုမာရကဿပ ဝတ္ထု။ (အပ၊၆၊၁။၃၀၉။)

ဥပါသကာကို ကြောက်ရွံ့စေနိုင်သည့် တရား ၅ ပါး ၁။ သူ့အသက်သတ်ခြင်း၊ ၂။ သူ့ဥစ္စာ ခိုးခြင်း၊ ၃။ ကာမဂုဏ်၌ မှားယွင်းစွာ ကျင့်ခြင်း၊ ၄။ မဟုတ်မမှန် ပြောခြင်း၊ ၅။ သေအရက် သောက်ခြင်း။ (အံ၊၂။၁၇၈-၁၇၉။) (အံ၊မြန်၊၂။၂၂၇။)

ဥပါသကာ ကြောက်ရွံ့ကြောင်း ၅ ပါး ၁။ သူ့အသက်ကို သတ်လေ့ရှိခြင်း၊ ၂။ မပေးသည်ကို ယူလေ့ရှိခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်စွာ ကျင့်လေ့ရှိခြင်း၊ ၄။ မဟုတ်မမှန် ပြောလေ့ ရှိခြင်း၊ ၅။ သေအရက်ကို သောက်လေ့ရှိခြင်း။ (အံ၊၂။၁၇၈။) (အံ၊မြန်၊၂။၂၂၇။)

ဥပါသကာ ကြည်ညိုကြောင်း တရား ၈ ပါး ၁။ လူတို့အား လာဘ်မရစေရန် အားမထုတ်ခြင်း၊ ၂။ လူတို့အား အကျိုးမဲ့ ဖြစ်စိမ့်သောငှာ အားမထုတ်ခြင်း၊ ၃။ လူကို မဆဲရေးခြင်း၊ မရေရွတ်မခြိမ်းခြောက်ခြင်း၊ ၄။ လူအချင်းချင်း မကွဲပြားစေခြင်း၊ ၅။ မြတ်စွာဘုရား၏ ဂုဏ် ကျေးဇူးကို ပြောဆိုခြင်း၊ ၆။ တရားတော်၏ ဂုဏ်ကျေးဇူးကို ပြောဆိုခြင်း၊ ၇။ သံဃာတော်၏ ဂုဏ် ကျေးဇူးကို ပြောဆိုခြင်း၊ ၈။ ရဟန်းတို့ကို ကျက်စားသင့်သော နေရာ၌ တွေ့မြင်ရခြင်း။ (အံ၊၃။၁၅၈။) (အံ၊မြန်၊၃။၁၆၀။)

ဥပါသကာတို့ စံပြု တောင့်တထိုက်သော ပုဂ္ဂိုလ် ၂ ယောက် ၁။ စိတ္တသူကြွယ်၊ ၂။ ဟတ္ထက အာဠဝကမင်းသား။ (အံ၊၁။၈၇။) (အံ၊မြန်၊၁။၁၀၃။)

ဥပါသကာ ဆုတ်ယုတ်ကြောင်း တရား ၇ ပါး ၁။ ရဟန်းတို့အား ဖူးမြော်မှု ယုတ်လျော့စေခြင်း၊ ၂။ သူတော်ကောင်းတရား ကြားနာမှု မေ့လျော့ခြင်း၊ ၃။ လွန်မြတ်သော သီလ၌ မဖြည့်ကျင့်ခြင်း၊ ၄။ ထေရ်ကြီး ထေရ်လတ် ထေရ်ငယ်တို့၌ မကြည်ညိုခြင်း၊ ၅။ ချုပ်ချယ်လို အပေါက်အလမ်း ရှာလို၍ တရားနာခြင်း၊ ၆။ သာသနာတော်မှ အပဖြစ်သော အလှူခံကို ရှာမှီးခြင်း၊ ၇။ သာသနာတော်မှ အပ ဖြစ်သော သူတို့၌ ရှေးဦး အလှူကို ပြုခြင်း။ (အံ၊၂။ ၄၁၆-၄၁၇။) (အံ၊မြန်၊၂။ ၅၂၆။)

ဥပါသကာ မကြည်ညိုကြောင်း တရား ၈ ပါး ၁။ လူတို့အား လာဘ်မရစေရန် အားထုတ်ခြင်း၊ ၂။ လူတို့အား အကျိုးမဲ့ ဖြစ်စေရန် အားထုတ်ခြင်း၊ ၃။ လူကို ဆဲရေးခြင်း၊ ရေရွတ်ခြိမ်းခြောက်ခြင်း၊ ၄။ လူအချင်းချင်း ကွဲပြားစေခြင်း၊ ၅။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၆။ တရားတော်၏ ဂုဏ်ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၇။ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၈။ ရဟန်းတို့ မကျက်စားသင့်သော နေရာ၌ တွေ့မြင်ရခြင်း။ (အံ၊၃။ ၁၅၈။) (အံ၊မြန်၊၃။၁၆၀။)

http://www.dhammadownload.com

ဥပါသကာ မဆုတ်ယုတ်ကြောင်း တရား ၇ ပါး ၁။ ရဟန်းတို့အား ဖူးမြော်မှု မယုတ်လျော့စေခြင်း၊ ၂။ သူတော်ကောင်းတရား ကြားနာမှုဌ မမေ့လျော့ခြင်း၊ ၃။ လွန်မြတ်သော သီလ (အဓိသီလ) ဌ ဖြည့်ကျင့်ခြင်း၊ ၄။ ထေရ်ကြီး ထေရ်လတ် ထေရ်ငယ် ရဟန်းတို့ဌ ကြည်ညိုမှု များခြင်း၊ ၅။ ချုတ်ချယ်လိုစိတ် မရှိ, အပေါက်အလမ်း မရှာဘဲ တရားနာခြင်း၊ ၆။ သာသနာတော်မှ အပဖြစ်သော အလှူခံကို မရှာမှီးခြင်း၊ ၇။ သာသနာတော်ဌသာ ရှေးဦးအလှူကို ပြုခြင်း။ (အံ၊၂။၄၁၆-၄၁၇။) (အံ၊မြန်၊၂။ ၅၂၇။)

ဥပါသကာတို့ မပြုထိုက်သော ကူးသန်းရောင်းဝယ်မှု ၅ မျိုး ၁။ လက်နက် ရောင်းဝယ်ခြင်း၊ ၂။ လူသတ္တဝါ ရောင်းဝယ်ခြင်း၊ ၃။ တိရစ္ဆာန်တို့ကို မွေးမြူ၍ အသားကို ရောင်းဝယ်ခြင်း၊ ၄။ သေရည်အရက်ကို ကူးသန်းရောင်းဝယ်ခြင်း၊ ၅။ အဆိပ်ကို ကူးသန်းရောင်းဝယ်ခြင်း။ (အံ၊၂။၁၈၃။) (ဒီ၊ဋ္ဌ၊၁။၂၁၀။) (မ၊ဋ္ဌ၊၁။၁၄၀။) (အံ၊ဋ္ဌ၊၂။၂၁။) (အံ၊မြန်၊၂။၂၃၃။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၁၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၁၂။)

ဥပါသကာတို့၏ သီလ ၅ ပါး ၁။ သူ့အသက်ကို သတ်ခြင်းမှု ရှောင်ကြဉ်ခြင်း၊ ၂။ ပိုင်ရှင် မပေးအပ်သော သူတစ်ပါးဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမမှုတို့ဌ ဖောက်ပြန်စွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မုသားစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း။ (ဒီ၊ဋ္ဌ၊၁။၂၀၉။) (မ၊ဋ္ဌ၊၁။၁၄၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၁၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၁၂။)

ဥပါသကာဒွန်းစဏ္ဍာ၏ အင်္ဂါ ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါတရား မရှိခြင်း၊ ၂။ စောင့်ထိန်းမှု သီလ မရှိခြင်း၊ ၃။ ကောတုဟလမင်္ဂလာကို ယုံကြည်ခြင်း၊ ၄။ မင်္ဂလာကို ယုံကြည်၍ ကံကို မယုံကြည်ခြင်း၊ ၅။ သာသနာတော်၏ အပြင်ပဖြစ်သော အလှူခံပုဂ္ဂိုလ်ကို ရှာ၍ ထိုပုဂ္ဂိုလ်ဌ ကောင်းမှုပြုခြင်း။ (အံ၊၂။၁၈၁။) (အံ၊မြန်၊၂။၂၃၁။)

ဥပါသကာပဒုမ္မာ၏ အင်္ဂါ ၅ ပါး ဥပါသကာရတနာ၏ အင်္ဂါ ၅ ပါး၊ ဥပါသကာပုဏ္ဏရိက်၏ အင်္ဂါ ၅ ပါးတို့နှင့် တူသည်။

ဥပါသကာပုဏ္ဏရိက်၏ အင်္ဂါ ၅ ပါး ဥပါသကာရတနာ၏ အင်္ဂါ ၅ ပါး၊ ဥပါသကာပဒုမ္မာ၏ အင်္ဂါ ၅ ပါးတို့နှင့် တူသည်။

ဥပါသကာ ပျက်စီးခြင်း ၂ မျိုး ၁။ သီလ ပျက်စီးခြင်း၊ ၂။ အသက်မွေးမှု ပျက်စီးခြင်း။ (ဒီ၊ဋ္ဌ၊၁။ ၂၁၀။) (မ၊ဋ္ဌ၊၁။၁၄၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၁၂။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၁၂။)

ဥပါသကာ ပြည့်စုံခြင်း ၂ မျိုး ၁။ သီလ၏ ပြည့်စုံခြင်း၊ ၂။ အသက်မွေးမှု ပြည့်စုံခြင်း။ (ဒီ၊ဋ္ဌ၊၁။ ၂၁၀။) (မ၊ဋ္ဌ၊၁။၁၄၁။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၁၃။) (ဒီ၊ဋ္ဌ၊မြန်၊၁။၄၁၃။)

ဥပါသကာရတနာ ဖြစ်ကြောင်း တရား ၅ ပါး ၁။ ယုံကြည်မှု သဒ္ဓါတရားရှိခြင်း၊ ၂။ စောင့်ထိန်းမှု သီလရှိခြင်း၊ ၃။ ကောတုဟလမင်္ဂလာကို မယုံကြည်ခြင်း၊ ၄။ ကံကို ယုံကြည်၍ မင်္ဂလာကို မယုံကြည်ခြင်း၊ ၅။ သာသနာတော်၏ အပြင်ပဖြစ်သော အလှူခံပုဂ္ဂိုလ်ကို မရှာမှီးဘဲ

http://www.dhammadownload.com

ဘုရားသာသနာတော်၌သာ ကောင်းမွန်ကုသိုလ် ပြုလုပ်ခြင်း။ (အံ၊၂။၁၈၁။) (အံ၊၂။၁၈၁။) (ဒီ၊၆၊၁။ ၂၁၀။) (မ၊၆၊၁။၁၄၁။) (အံ၊မြန်၊၂။၂၃၁။) (အံ၊မြန်၊၂။၂၃၁။) (ဒီ၊၆၊မြန်၊ ၁။၄၁၃။) (ဒီ၊၆၊မြန်၊၁။၄၁၃။)

ဥပါသကာရတနာ၏ အင်္ဂါ ၅ ပါး ဥပါသကာရတနာ ဖြစ်ကြောင်း တရား ၅ ပါးနှင့် တူသည်။

ဥပါသကာ ရဲရင့်ကြောင်း ၅ ပါး ၁။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ သေအရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။ (အံ၊၂။၁၇၈။) (အံ၊၂။၁၇၉။) (အံ၊မြန်၊၂။၂၂၈။) (အံ၊မြန်၊၂။၂၂၈။)

ဥပါသကာ အညံ့စားဖြစ်ကြောင်း အင်္ဂါ ၅ မျိုး ၁။ သဒ္ဓါတရား မရှိခြင်း၊ ၂။ အကျင့်သီလ မရှိခြင်း၊ ၃။ အထူးအဆန်းဖြစ်သော မြင်အပ်, ကြားအပ်, သိအပ်သော အရာကို မင်္ဂလာဟု အယူရှိခြင်း၊ ၄။ မြင်အပ်, ကြားအပ်, သိအပ်သော အရာကို မင်္ဂလာဟု ယုံကြည်၍ ကံကို မယုံကြည်ခြင်း၊ ၅။ ဘုရားသာသနာတော်မှ ပြင်ပ၌ အလှူခံထိုက်သော ပုဂ္ဂိုလ်ကို ရှာမှီး၏၊ ထိုဘုရားသာသနာပ၌ ရှေးဦးစွာ ဒါန စသော ကောင်းမှုကို ပြု၏။ (အံ၊၂။၁၈၁။) (ဒီ၊၆၊၁။၂၁၀။) (မ၊၆၊၁။၁၄၀။) (အံ၊မြန်၊၂။၂၃၁။) (ဒီ၊၆၊မြန်၊၁။၄၁၂-၄၁၃။) (ဒီ၊၆၊မြန်၊၁။၄၁၂-၄၁၃။)

ဥပါသကာ၏ ဂုဏ်အင်္ဂါ ၁၀ ပါး ၁။ သံဃာနှင့် တူမျှသော ချမ်းသာ ဆင်းရဲရှိသူ ဖြစ်ခြင်း၊ ၂။တရားတော်ကိုသာလျှင် အကြီးအမှူးထားသူ ဖြစ်ခြင်း၊၃။ဥစ္စာအင်အားအလျောက် ဝေဖန်ခွဲခြား ပေးလှူခြင်း၌ မွေ့လျော်သူ ဖြစ်ခြင်း၊ ၄။ ဘုရားရှင်၏ သာသနာတော် ဆုတ်ယုတ်ပျက်ပြား နေသည်ကို တွေ့မြင်ရသော် တိုးတက်စည်ပင်စေရန် လုံ့လစိုက်၍ အားထုတ်ခြင်း၊ ၅။ သမ္မာဒိဋ္ဌိ အယူရှိသူ ဖြစ်၍ ဒိဋ္ဌ သုတ မုတမင်္ဂလာအယူမှ ကင်းလွတ်သူ ဖြစ်ခြင်း၊ ၆။ အသက် ဟူသော အကြောင်းကြောင့်လည်း ဘုရားသာသနာမှ တစ်ပါးသောသူကို ဆရာဟူ၍ မည္သွန်ပြခြင်း၊ ၇။ ကိုယ်အမူအရာ နူတ်အမူအရာ စောင့်စည်းခြင်း၊ ၈။ သင့်တင့်ညီညွတ်ခြင်း၌ မွေ့လျော် ပျော်ပိုက်သူဖြစ်၍ မငြူစူတတ်ခြင်း၊ ၉။ ကောက်ကျစ်စဉ်းလဲသည်၏ အစွမ်းအားဖြင့် သာသနာတော်၌ ကျင်လည်ကျက်စားသူ မဟုတ်ခြင်း၊ ၁၀။ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သူ ဖြစ်ခြင်း။ (မိလိန္ဒ။ ၁၀၂။) (မိလိန္ဒ၊မြန်။၁၁၀။)

ဥပါသိကာမတို့ စံပြု တောင့်တထိုက်သော ဥပါသိကာမ ၂ ယောက် ၁။ ခုဇ္ဇုတ္တရာဥပါသိကာမ၊ ၂။ ဝေဠုကဏ္ဍကီရှာသူ နန္ဒသတို့သား၏ မိခင် နန္ဒမာတာ။ (အံ၊၁။၈၈။) (အံ၊မြန်၊၁။၁၀၃။)

ဥပါသိကာမ အင်္ဂါ ၁၀ ပါး (ရဲရင့်စွာ အိမ်ကို စိုးအုပ်နေသော ဥပါသိကာမ၏ အင်္ဂါ ၁၀ ပါး) ၁။ သူ့အသက် သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ ကာမတို့၌ မှားယွင်းသော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ မဟုတ်မမှန် ပြောမှုမှ ရှောင်ကြဉ်ခြင်း၊ ၅။ ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း၊ ၆။ ရန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၈။ သူတစ်ပါး ဥစ္စာကို ရှေးရှုကြံစည်မှုမှ ရှောင်ကြည်ခြင်း၊ ၉။ သတ္တဝါတို့အား ဖျက်ဆီးလိုမှုမှ ရှောင် ကြဉ်ခြင်း၊ ၁၀။ မှန်သော အမြင်ရှိခြင်း။ (အံ၊၃။၄၈၂-၄၈၇။) (အံ၊မြန်၊၃။၄၇၂-၄၇၈။)

http://www.dhammadownload.com

ဥပါသိကာမ အင်္ဂါ ၁၀ ပါး (တစ်နည်း) (မရဲရင့်မှု၍ အိမ်ကို အုပ်စိုးနေသော ဥပါသိကာမ၏ အင်္ဂါ ၁၀ ပါး) ၁။ သူ့အသက် သတ်လေ့ရှိသူ ဖြစ်ခြင်း၊ ၂။ သူ့ဥစ္စာကို ခိုးယူလေ့ရှိခြင်း၊ ၃။ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိခြင်း၊ ၄။ မဟုတ်မမှန်သော စကားကို ပြောဆိုလေ့ရှိခြင်း၊ ၅။ ကုန်းချောစကား ပြောကြားလေ့ရှိခြင်း၊ ၆။ ရုန့်ရင်းကြမ်းတမ်းသော စကားကို ပြောဆိုလေ့ရှိခြင်း၊ ၇။ ပြိန်ဖျင်းသော စကားကို ပြောဆိုလေ့ရှိခြင်း၊ ၈။ အဘိဇ္ဈာများသူ သူတစ်ပါးဥစ္စာကို ရှေးရှုကြံစည်လေ့ရှိခြင်း၊ ၉။ သူတစ်ပါးတို့အား ပျက်စီးစေလိုစိတ်ရှိခြင်း၊ ၁၀။ မှားယွင်းသော အမြင်ရှိသူ ဖြစ်ခြင်း။ (အံ၊၃၊၄၈၈။) (အံ၊မြန်၊၃၊၄၇၉။)

ဥပက္ကိလေသ ၁၁ ပါး စိတ်၏ ညစ်နွမ်းကြောင်းတရား ၁၁ ပါးနှင့် တူသည်။

ဥပေက္ခာ ၂ မျိုး ၁။ သေဝိတဗ္ဗဥပေက္ခာ– ဤဥပေက္ခာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ ယုတ်လျော့၍ ကုသိုလ်တရားများ တိုးပွားလာသဖြင့် မှီဝဲအပ်သော ဥပေက္ခာ၊ ၂။ အသေဝိတဗ္ဗဥပေက္ခာ– ဤဥပေက္ခာကို မှီဝဲသော ပုဂ္ဂိုလ်အား အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ယုတ်လျော့သွားသဖြင့် မမှီဝဲအပ်သော ဥပေက္ခာ။ (ဒီ၊၂။၂၂၂။) (ဒီ၊မြန်၊၂။၂၄၉။)

ဥပေက္ခာ ၆ မျိုး (အင်္ဂါ ၆ ပါးရှိသော ဥပေက္ခာ) ၁။ မျက်စိဖြင့် အဆင်းကို မြင်သော်လည်း ဝမ်းမြောက်ခြင်း နှလုံးမသာခြင်း မဖြစ်၊ ၂။ နားဖြင့် အသံကို ကြားသော်လည်း ဝမ်းသာ ဝမ်းနည်း မဖြစ်၊ ၃။ နာခေါင်းဖြင့် အနံ့ကို ရှူမိသော်လည်း ဝမ်းသာ ဝမ်းနည်း မဖြစ်၊ ၄။ လျှာဖြင့် အရသာကို ခံစားသော်လည်း ဝမ်းသာဝမ်းနည်း မဖြစ်၊ ၅။ စိတ်ဖြင့် အခြားအာရုံများကို သိသော်လည်း ဝမ်းသာ ဝမ်းနည်း မဖြစ်။ (မဟာနိ။၁၈၆။) (မဟာနိ။၂၅၇။)

ဥပေက္ခာ ၁၀ ပါး ၁။ ဆဠင်္ဂုပေက္ခာ– လှဋ္ဌာရုံ အနိဋ္ဌာရုံ ဖြစ်သော အာရုံခြောက်ပါးတို့၌ လျစ်လျူရှုခြင်း၊ ၂။ ဗြဟ္မဝိဟာရုပေက္ခာ– သတ္တဝါတို့၌ ကမ္မဿကာဟု လျစ်လျူရှုခြင်း၊ ၃။ ဗောဇ္ဈင်္ဂပေက္ခာ– မဂ်၏ အကြောင်းဖြစ်သော အတူတကွ ဖြစ်ဖက်တရားတို့၏ အပေါ်၌ အလယ်အလတ်၌ တည်သည်၏ အခြင်းအရာအဖြစ် ရှုတတ်သော ဥပေက္ခာ၊ ၄။ ဝီရိယုပေက္ခာ– မတင်းလွန်းမလျော့လွန်းသော ဝီရိယဟု ဆိုအပ်သော လျစ်လျူရှုခြင်း၊ ၅။ သခါရုပေက္ခာ– နိဝရဏ စသည်ကို ပယ်ထိုက်သော တရား၏ အဖြစ်ဖြင့် ရှုတတ်သော ပယ်ခြင်းကိစ္စ၌ ဗျာပါရ မပြုဘဲ ကောင်းစွာတည်တတ်သော နိဝရဏ စသည်ကို ယူခြင်း၌ အလယ်အလတ်၌ တည်သော သဘောရှိသည်ဖြစ်၍ ဖြစ်သော ဥပေက္ခာ၊ ၆။ ဝေဒနူပေက္ခာ– ဆင်းရဲ ချမ်းသာ တို့၌ အလည်အလတ်အားဖြင့် လျစ်လျူရှုခြင်း၊ ၇။ ဝိပဿနုပေက္ခာ– သခါရတရားတို့ကို စီစစ်ခြင်း၌ အလယ်အလတ်အားဖြင့် လျစ်လျူရှုခြင်း၊ ၈။ တတြမဇ္ဈတ္တုပေက္ခာ– တကွဖြစ်ဖက် စိတ် စေတသိက်တို့အပေါ်၌ အညီအမျှ အားထုတ်ခြင်းဟု ဆိုအပ်သော လျစ်လျူရှုခြင်း၊ ၉။ စျာနုပေက္ခာ– အမြတ်ဆုံးသုခဖြစ်သော တတိယစျာန် ချမ်းသာ၌သော်မှလည်း သုခအဖို့၌ ကျရောက်ခြင်းကို မဖြစ်စေတတ်သော ဥပေက္ခာ၊ ၁၀။ ပါရိသုဒ္ဓုပေက္ခာ– အလုံးစုံသော ဆန့်ကျင်ဘက်တို့မှ ထက်ဝန်းကျင် စင်ကြယ်သော ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေခြင်း၌သော်မှလည်း ဗျာပါရ မရှိသည် ဖြစ်၍ ဖြစ်သော ဥပေက္ခာ။ (ဝိ၊၌၊၁၁၀။) (အံ၊၂။၁၈၁။) (ဒီ၊၌၊၁။၂၁၀။) (မ၊၌၊၁။၁၄၀။) (အဘိ၊၌၊၁။၂၁၆။) (ပဋိသံ၊၌၊၁။၁၇၃။) (မဟာနိ၊၌။၁၁၈။) (ဝိသုဒ္ဓိ၊၁။၁၅၅။) (ဒီ၊၌၊မြန်၊၁။၄၁၂–၄၁၃။) (ဒီ၊၌၊မြန်၊၁။၄၁၂–၄၁၃။) (သာရတ္ထ၊ဋီ၊၁၊၃၆၉။)

http://www.dhammadownload.com

ဥပေက္ခာဝေဒနာနှင့် ယှဉ်သော ဆင်ခြင် သုံးသပ်ခြင်း ၆ ပါး ၁။ မျက်စိဖြင့် ရူပါရုံကို မြင်၍ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်ခြင်း၊ ၂။ နားဖြင့် သဒ္ဒါရုံကို ကြား၍ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော သဒ္ဒါရုံကို ဆင်ခြင်ခြင်း၊ ၃။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်း၍ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ဂန္ဓာရုံကို ဆင်ခြင်ခြင်း၊ ၄။ လျှာဖြင့် ရသာရုံကို လျက်၍ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ရသာရုံကို ဆင်ခြင်ခြင်း၊ ၅။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို ထိ၍ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ၏ အကြောင်းဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ဆင်ခြင်ခြင်း၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိ၍ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ၏ အကြောင်း ဖြစ်သော ဓမ္မရုံကို ဆင်ခြင်ခြင်း။ (ဒီ၊၃။၂၀၃။) (ဒီ၊မြန်၊၃။၂၂၆။)

ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ပေါ်ကြောင်း ၅ မျိုး ၁။ ချစ်အပ်သော အရာ၌ တည်သော သတ္တဝါတို့၌ လျစ်လျူရှုသူ ဖြစ်ခြင်း၊ ၂။ အတွင်းအပ သခါရတို့၌ လျစ်လျူရှုသူ ဖြစ်ခြင်း၊ ၃။ သတ္တဝါ သခါရတို့ကို ငါ့လူ၊ ငါ့ဟာ၊ ငါ့ဥစ္စာဟု ကပ်ငြိစွဲလမ်းကြီးသူကို ရှောင်ကြဉ်သူ ဖြစ်ခြင်း၊ ၄။ သတ္တဝါ သခါရတို့၌ လျစ်လျူရှုသူကို မှီဝဲ ပေါင်းဖက်သူ ဖြစ်ခြင်း၊ ၅။ ထိုဥပေက္ခာ သမ္ဗောဇ္ဈင်သို့ ညွတ်သော စိတ်နှလုံးရှိသူ ဖြစ်ခြင်း။ (ဒီ၊၌၊၂။၃၈၄။) (မ၊၌၊၁။၃၀၂။) (သံ၊၌၊၃။၂၀၀။) (အံ၊၌၊၁။၄၀၂။) (အဘိ၊၌၊၂။၂၇၂။) (ဝိသုဒ္ဓိ၊၁။၁၃၁။) (သာရတ္ထ၊ဋီ၊၂။၂၂၆။) (ဒီ၊ဋီ၊၂။၁၃၀။) (ဒီ၊၌၊မြန်၊၂။၇၁၄။)

ဥပေက္ခူပဝိစာရ ၆ ပါး ၁။ မျက်စိဖြင့် ရူပါရုံကို မြင်သည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ရူပါရုံကို ဆင်ခြင်ခြင်း၊ ၂။ နားဖြင့် သဒ္ဒါရုံကို ကြားသည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော သဒ္ဒါရုံကို ဆင်ခြင်ခြင်း၊ ၃။ နှာခေါင်းဖြင့် ဂန္ဓာရုံကို နမ်းသည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ဂန္ဓာရုံကို ဆင်ခြင်ခြင်း၊ ၄။ လျှာဖြင့် ရသာရုံကို လျက်သည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ရသာရုံကို ဆင်ခြင်ခြင်း၊ ၅။ ကိုယ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ဆင်ခြင်ခြင်း၊ ၆။ စိတ်ဖြင့် ဓမ္မာရုံကို သိသည်ရှိသော် လျစ်လျူရှုမှု၏ အကြောင်းဖြစ်သော ဓမ္မာရုံကို ဆင်ခြင်ခြင်း။ (အဘိ၊ဝိ။၃၉၅။) (အဘိ၊ဝိ၊မြန်၊၂။၅၀၁။)

ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံ မပေးအပ်သော ရဟန်း အင်္ဂါ ၃ ပါး ၁။ အရွက်လည်း မရှိခြင်း၊ ၂။ မိုက်လည်း မိုက်မဲခြင်း၊ ၃။ ပကတတ်ရဟန်းလည်း မဟုတ်ခြင်း။ (ဝိ၊၅။၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

ဥပဇ္ဈာယ်ဆရာ ဖြစ်ကြောင်း တရား ၅ ပါး ၁။ သီလနှင့် ပြည့်စုံခြင်း၊ ၂။ သမာဓိနှင့် ပြည့်စုံခြင်း၊ ၃။ ပညာနှင့် ပြည့်စုံခြင်း၊ ၄။ ဝိမုတ္တိနှင့် ပြည့်စုံခြင်း၊ ၅။ ဝိမုတ္တိဉာဏဒဿနနှင့် ပြည့်စုံခြင်း။ (အံ၊၂။၂၃၈။) (အံ၊မြန်၊၂။၃၀၄။)

ဥပဇ္ဈာယ်ဆရာ မလုပ်ထိုက်ကြောင်း အင်္ဂါ ၅ ပါး ၁။ အနီးနေတပည့် အတူနေတပည့်တို့ ဖျားနာသည်ကို မိမိ လုပ်ကျွေးခြင်း, သူတစ်ပါးကို လုပ်ကျွေးစေခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၂။ မမွေ့လျော်ခြင်းကို ငြိမ်းခြင်း, ငြိမ်းစေခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၃။ ဖြစ်လာသော သံသယ ကုက္ကုစ္စကို တရားတော်ဖြင့် ပယ်ဖျောက်ခြင်း ပယ်ဖျောက်စေခြင်းငှာ မစွမ်းနိုင်ခြင်း၊

http://www.dhammadownload.com

၄။ အဘိဓမ္မာ၌ ဆုံးမခြင်းငှာ မစွမ်းနိုင်ခြင်း၊ ၅။ ဝိနည်း၌ ဆုံးမခြင်းငှာ မစွမ်းနိုင်ခြင်း။ (ဝိ၅။ ၃၁၄။) (ဝိ၊မြန်၊၅။၄၁၂။)

ဥပဇ္ဈာယ်ဆရာ မလုပ်ထိုက်ကြောင်း အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အနီးနေတပည့် အတူနေတပည့်တို့ကို ခန္ဓကဝတ် အကျင့်၌ သင့်စေခြင်းငှာ မစွမ်းနိုင်၊ ၂။ မဂ်ဟူသော အကျင့်၏ အစအာဒိဗြဟ္မစရိယက အကျင့်၌ ဆုံးမခြင်းငှာ မစွမ်းနိုင်၊ ၃။ လွန်ကဲသော သီလ (အဓိသီလ)၌ ဆုံးမခြင်းငှာ မစွမ်းနိုင်၊ ၄။ လွန်ကဲသော စိတ် (အဓိစိတ္တ)၌ ဆုံးမခြင်းငှာ မစွမ်းနိုင်၊ ၅။ လွန်ကဲသော ပညာ (အဓိပညာ)၌ ဆုံးမခြင်းငှာ မစွမ်းနိုင်။ **မှတ်ချက်။** ။ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံပေးကောင်း မှီရာနိဿယညီးလည်းကောင်း၊ သာမဏေကို လုပ်ကျွေးစေအပ်သော ရဟန်း၏ အင်္ဂါ (၅) ပါးကို အထက် အင်္ဂါ (၅) ပါးနှင့် အပြန် ယူအပ်၏။ (ဝိ၅။၃၁၄။) (ဝိ၊မြန်၊၅။၄၁၃။)

ဥပဇ္ဈာယ်ဆရာ၏ အင်္ဂါ ၁၀ ပါး ၁။ ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ခြင်း၊ ၂။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံလျက် ဉာဏ်ဖြင့် ထိုးထွင်းသိခြင်း၊ ၃။ ပါတိမောက်ကို နှုတ်တက်အာဂုံရ၍ ကောင်းစွာ ဆုံးဖြတ်နိုင်ခြင်း၊ ၄။ မကျန်းမာသူကို ကိုယ်တိုင် လုပ်ကျွေးနိုင်ခြင်း သူတစ်ပါးတို့ကို လုပ်ကျွေးစေခြင်း၊ ၅။ မမွေ့လျော်ခြင်းကို ကိုယ်တိုင်ငြိမ်းခြင်းငှာ စွမ်းနိုင်ခြင်း သူတစ်ပါးကိုလည်း ငြိမ်းစေနိုင်ခြင်း၊ ၆။ ဖြစ်ပေါ်လာသော သံသယကုက္ကုစ္စကို တရားသဖြင့် ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်ခြင်း၊ ၇။ ဖြစ်ပေါ်လာသော မိစ္ဆာအယူကို တရားသဖြင့် ကင်းစေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၈။ အဓိသီလ၌ တည်စေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၉။ အဓိစိတ္တ၌ တည်စေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၁၀။ အဓိပညာ၌ တည်စေခြင်းငှာ စွမ်းနိုင်ခြင်း။ (အံ၊၃။၃၁၃။) (အံ၊မြန်၊၃။၃၁၂။)

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးကောင်းသော ရဟန်း အင်္ဂါ ၆ ပါး ၁။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံခြင်း သူတစ်ပါးကိုလည်း ထိုသီလဂုဏ်၌ ဆောက်တည်စေခြင်း၊ ၂။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံခြင်း၊ သူတစ်ပါးကိုလည်း ထိုသမာဓိဂုဏ်၌ ဆောက်တည်စေခြင်း၊ ၃။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံခြင်း၊ သူတစ်ပါးကိုလည်း ထိုပညာဂုဏ်၌ ဆောက်တည်စေခြင်း၊ ၄။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော လွတ်မြောက်ခြင်း (ဝိမုတ္တိ) ဂုဏ်နှင့် ပြည့်စုံခြင်း၊ သူတစ်ပါးကိုလည်း ထိုဝိမုတ္တိဂုဏ်၌ ဆောက်တည်စေခြင်း။၊ ၅။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော လွတ်မြောက်သော ဉာဏ်အမြင် (ဝိမုတ္တိဉာဏဒဿန) ဂုဏ်နှင့် ပြည့်စုံခြင်း၊ သူတစ်ပါးကိုလည်း ထိုဝိမုတ္တိဉာဏဒဿနဂုဏ်၌ တည်စေခြင်း၊ ၆။ ဆယ်ဝါ ဆယ်ဝါထက် အလွန်ရှိသည် ဖြစ်ခြင်း။ (ဝိ၅။ ၂၃၇။) (ဝိ၊မြန်၊၅။၃၂၈။)

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးကောင်းသော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ရဟန္တာတို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံခြင်း၊ ၂။ အလားတူ သမာဓိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၃။ အလားတူ ပညာဂုဏ်နှင့် ပြည့်စုံခြင်း၊ ၄။ အလားတူ လွတ်မြောက်ခြင်း ဝိမုတ္တိဂုဏ်နှင့် ပြည့်စုံ၏၊ ၅။ အလားတူ လွတ်မြောက်သော ဉာဏ်အမြင် ဝိမုတ္တိဉာဏဒဿနဂုဏ်နှင့် ပြည့်စုံခြင်း၊ ၆။ ဆယ်ဝါအလွန် ရှိခြင်း။ (ဝိ၅။၂၃၇။) (ဝိ၅။၃၁၅။) (ဝိ၊မြန်၊၅။၃၂၈။) (ဝိ၊မြန်၊၅။၄၁၃။)

http://www.dhammadownload.com

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးကောင်းသော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ ယုံကြည်ခြင်း သဒ္ဓါတရား ရှိ၏၊ ၂။ ဒုစရိုက်မှ ရှက်ခြင်း ဟိရိတရား ရှိ၏၊ ၃။ ဒုစရိုက်မှ ကြောက်ခြင်း ဩတ္တပ္ပတရား ရှိ၏၊ ၄။ လုံ့လဝီရိယ ရှိ၏၊ ၅။ သတိ မြဲ၏၊ ၆။ ဆယ်ဝါ ဆယ်ဝါထက် အလွန် ရှိ၏။ (ဝိ၅။၂၃၈။) (ဝိ၊မြန်၊၅။၃၂၈။)

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးကောင်းသော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ လွန်မြတ်သော သီလပျက်စီးခြင်း မရှိ၊ ၂။ လွန်မြတ်သော အကျင့် (အာစာရ) ပျက်စီးခြင်း မရှိ၊ ၃။ လွန်မြတ်သော အယူ (ဒိဋ္ဌိ) ပျက်စီးခြင်း မရှိ၊ ၄။ အကြားအမြင် များ၏၊ ၅။ ပညာ ရှိ၏၊ ၆။ ဆယ်ဝါ ဆယ်ဝါ ထက်အလွန် ရှိ၏။ (ဝိ၅။၂၃၈။) (ဝိ၊မြန်၊၅။၃၂၈။)

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးကောင်းသော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ နာဖျားသော အနီးနေတပည့်(အန္တေဝါသိက) အတူနေတပည့်(သဒ္ဓိဝိဟာရိက) တို့ကို လုပ်ကျွေးခြင်း လုပ်ကျွေးစေခြင်းငှာ စွမ်းနိုင်၏၊ ၂။ မမွေ့လျော်သော တပည့်ကို အရပ် တစ်ပါးသို့ ခေါ် ဆောင်ခြင်း ခေါ်ဆောင်စေခြင်းငှာ စွမ်းနိုင်၏၊ ၃။ သံသယကုက္ကုစ္စကို တရားဖြင့် ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်၏၊ ၄။ အာပတ်ကို သိ၏၊ ၅။ အာပတ်မှ ထမြောက်ခြင်းကို သိ၏၊ ၆။ ဆယ်ဝါ ဆယ်ဝါအလွန် ရှိ၏။ (ဝိ၅။၂၃၈။) (ဝိ၊မြန်၊၅။၃၂၉။)

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးကောင်းသော ရဟန်း၏ အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ တပည့်တို့ကို မြတ်သော ကျင့်ဝတ်သိက္ခာ၌ ကျင့်စေခြင်းငှာ စွမ်းနိုင်၏၊ ၂။ အကျင့် မြတ်၏ အစဖြစ်သော သိက္ခာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်၏၊ ၃။ အဘိဓမ္မာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်၏၊ ၄။ ဝိနည်းပိဋကတ် (အဘိဝိနယ)၌ ဆုံးမခြင်းငှာ စွမ်းနိုင်၏၊ ၅။ အယူမှားကို ချေချွတ်စိမ့်သောငှာ စွမ်းနိုင်၏၊ ၆။ ဆယ်ဝါ ဆယ်ဝါ အလွန်လည်း ရှိ၏။ (ဝိ၅။၂၃၈။) (ဝိ၊မြန်၊၅။၃၂၉။)

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးကောင်းသော ရဟန်း အင်္ဂါ ၆ ပါး (တစ်နည်း) ၁။ အာပတ်ကို သိ၏၊ ၂။ အာပတ်မသင့်သည်ကို သိ၏၊ ၃။ ပေါ့သော အာပတ်ကို သိ၏၊ ၄။ လေးသော အာပတ်ကို သိ၏၊ ၅။ ပါတိမောက်နှစ်ပါး (ဥဘတောပါတိမောက်) တို့ ကျေပြန်စွာ ရ၏၊ ကောင်းစွာ ဆုံးဖြတ်နိုင်၏၊ ၆။ ဆယ်ဝါ ဆယ်ဝါအလွန်လည်း ရှိ၏။ (ဝိ၅။၂၃၉။) (ဝိ၊မြန်၊၅။၃၂၉။)

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး ၁။ အနီးနေတပည့် အတူနေတပည့်တို့ ဖျားနာနေသည်ကို မိမိကိုယ်တိုင် လုပ်ကျွေးခြင်း, သူတစ်ပါးတို့ကိုလည်း လုပ်ကျွေးစေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၂။ ထိုတပည့်တို့၏ မမွေ့လျော်ခြင်းကို ကိုယ်တိုင် ငြိမ်းခြင်း, သူတစ်ပါးတို့အား ငြိမ်းစေခြင်းငှာ စွမ်းနိုင်ခြင်း၊ ၃။ ဖြစ်ပေါ်လာသော သံသယကုက္ကုစ္စကို တရားဖြင့် ပယ်ဖျောက်ခြင်း, ပယ်ဖျောက်စေခြင်းငါ့ စွမ်းနိုင်ခြင်း၊ ၄။ အဘိဓမ္မာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၅။ ဝိနည်း ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။ (ဝိ၅။၃၁၄။) (ဝိ၊မြန်၊၅။၄၁၂။)

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ အနီးနေတပည့် အတူနေတပည့်တို့ကို ခန္ဓကဝတ်အကျင့်၌ သင်စေခြင်း စွမ်းနိုင်ခြင်း၊ ၂။ မဂ်ဖိုလ်အကျင့် ဟူသော အာဒိဗြဟ္မစရိယအကျင့်၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၃။ လွန်ကဲသော သီလဟူသော

http://www.dhammadownload.com

အဓိသီလ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၄။ လွန်ကဲသော စိတ်ဟူသော အဓိစိတ္တ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း၊ ၅။ လွန်ကဲသော ပညာဟူသော အဓိပညာ၌ ဆုံးမခြင်းငှာ စွမ်းနိုင်ခြင်း။ (ဝိ၊၅။ ၃၁၅။) (ဝိ၊မြန်၊၅။၄၁၃။)

ဥပဇ္ဈာယ်အဖြစ် နေ၍ ရဟန်းခံပေးနိုင်သော ရဟန်း၏ အင်္ဂါ ၅ ပါး (တစ်နည်း) ၁။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလဂုဏ်နှင့် ပြည့်စုံခြင်း၊ ၂။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သမာဓိဂုဏ်နှင့် ပြည့်စုံခြင်း၊ ၃။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ပညာဂုဏ်နှင့် ပြည့်စုံခြင်း၊ ၄။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိ=အရဟတ္တဖိုလ်ဂုဏ်နှင့် ပြည့်စုံခြင်း၊ ၅။ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော ဝိမုတ္တိညာဏဒဿန=အရဟတ္တဖိုလ်ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာညာဏ်ဂုဏ်နှင့် ပြည့်စုံခြင်း။ (အံ၊ ၂။၂၃၈။) (အံ၊ မြန်၊ ၂။၃၀၄။)

ဥပသုတိသိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ ရဟန်းသည် စောဒနာလိုခြင်း၊ ၂။ နားထောင်ခြင်း။ (ဝိမတိ၊ ၂။၅၃။)

ဥပသုတိသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ရဟန်း ဖြစ်ခြင်း၊ ၂။ စောဒနာလိုခြင်း၊ ၃။ နားထောင်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၉၅။)

ဥပုသ် ၂ မျိုး ၁။ စာတုဒ္ဒသီဥပုသ်၊ ၂။ ပန္နရသီဥပုသ်။ (ဝိ၊၅။၂၁၃။) (ဝိ၊မြန်၊၅။၂၉၇။)

ဥပုသ် ၃ မျိုး (ဥပုသ်ပြုတတ်သူ ကာရကအစွမ်းဖြင့် ဥပုသ် ၃ မျိုး) ၁။ သံဃာပြုသော ဥပုသ်– သံဃဥပုသ်၊ ၂။ ရဟန်း နှစ်ပါးသုံးပါး ပြုသော ဥပုသ်– ဂဏဥပုသ်၊ ၃။ ရဟန်းတစ်ပါးတည်း ပြုသော ဥပုသ်– ပုဂ္ဂလဥပုသ်။ (ဝိ၊၅။၂၂၂။) (သာရတ္ထ၊ဋီ၊၃။၂၇၇။) (ဝိ၊မြန်၊၅။၃၀၉။)

ဥပုသ် ၃ မျိုး (တစ်နည်း) (ကတ္တုဗ္ဗာကာရ အစွမ်းဖြင့် ဥပုသ် ၃ မျိုး) ၁။ ပါတိမောက် ပါဠိစဉ်တို့ကို ရွတ်ပြခြင်း– သုတ္တုဒ္ဒေသဥပုသ်၊ ၂။ "မိမိမှာ အာပတ်စင်ကြယ်ပါသည်"ဟု ပြောပြခြင်း– ပါရိသုဒ္ဓိဥပုသ်၊ ၃။ "ယနေ့ ဥပုသ်နေ့"ဟု အဓိဋ္ဌာန်ခြင်း– အဓိဋ္ဌာနဥပုသ်။ (ဝိ၊၅။၂၂၂။) (သာရတ္ထ၊ဋီ၊ ၃။၂၇၇။) (ဝိ၊မြန်၊၅။၃၀၉။)

ဥပုသ် ၃ မျိုး (တစ်နည်း) ၁။ စာတုဒ္ဒသီဥပုသ်၊ ၂။ ပန္နရသီဥပုသ်၊ ၃။ သာမဂ္ဂီဥပုသ်။ (ဝိ၊၅။ ၂၂၂။) (ဝိ၊မြန်၊၅။၃၀၉။)

ဥပုသ် ၃ မျိုး (တစ်နည်း) ၁။ နွားကျောင်းသား (ဂေါပါလက) ဥပုသ်၊ ၂။ တက္ကဒွန်း (နိဂဏ္ဌ) ဥပုသ်၊ ၃။ အရိယာဥပုသ်။ (အံ၊၁။၂၀၆။) (အံ၊မြန်၊၁။၂၂၄။)

ဥပုသ် ၉ မျိုး ၁။ စာတုဒ္ဒသီဥပုသ်– ၁၄ ရက်မြောက်နေ့၌ ပြုအပ်သော ဥပုသ်၊ ၂။ ပန္နရသီဥပုသ်– လပြည့်လကွယ် ၁၅ ရက်မြောက်နေ့၌ ပြုအပ်သော ဥပုသ်၊ ၃။ သာမဂ္ဂီဥပုသ်– ညီညွတ်သော သံဃာတို့ပြုအပ်သော ဥပုသ်၊ ၄။ သံဃဥပုသ်၊ ၅။ ဂဏဥပုသ်၊ ၆။ ပုဂ္ဂလဥပုသ်၊ ၇။ သုတ္တုဒ္ဒေသဥပုသ်၊ ၈။ ပါရိသုဒ္ဓိဥပုသ်၊ ၉။ အဓိဋ္ဌာန်ဥပုသ်။ (ဝိ၊၆၊၃။၁၄၄။) (သာရတ္ထ၊ဋီ၊၃။၂၇၇။) (ဝိမတိ၊ ၂။၁၇၀။)

ဥပုသ်ကံ ၄ မျိုး ၁။ အဓမ္မေန ဝဂ္ဂ ဥပုသ်ကံ၊ ၂။ အဓမ္မေန သမဂ္ဂ ဥပုသ်ကံ၊ ၃။ ဓမ္မေန ဝဂ္ဂ ဥပုသ်ကံ၊ ၄။ ဓမ္မေန သမဂ္ဂ ဥပုသ်ကံ။ (သာရတ္ထ၊ဋီ၊၃။၂၇၇။) (ဝိမတိ၊၂။၁၇၁။)

http://www.dhammadownload.com

ဥပုသ်ကံ၌ အရူး ၂ မျိုး ၁။ ဥပုသ်ကံ သံဃာ့ကံကို သတိရ တစ်ချက်, မရ တစ်ချက် ဖြစ်လျက် ရူးသော ရဟန်း၊ ၂။ ဥပုသ်ကံ သံဃာ့ကံကို လုံးဝသတိမရဘဲ ရူးသော ရဟန်း။ (ဝိ၊၃။၁၆၅။) (ဝိ၊မြန်၊၃။၁၆၈။)

ဥပုသ်ကံ၏ စ, လယ်, ဆုံး ၃ ပါး ၁။ ဥပုသ်ကံ၏ ညီညွတ်ခြင်း (ကာယသာမဂ္ဂီ) သည် အစတည်း၊ ၂။ ပါတိမောက်ပြခြင်း (ကိရိယာ) သည် အလယ်တည်း၊ ၃။ ပါတိမောက် ပြီးဆုံးခြင်းသည် အဆုံးတည်း။ (ဝိ၊၅။၂၅၁။) (ဝိ၊မြန်၊၅။၃၄၄။)

ဥပုသ် ဆောက်တည်ရကျိုး ၁၃ ပါး ၁။ တာဝတိံသာနတ်ပြည်၌ အမြင့်တစ်ယူဇနရှိသော ဗိမာန်, အထွတ်တပ်သော မြတ်သော ပြာသာဒ်ဆောင်တို့ဖြင့် နေရခြင်း၊ ၂။ တစ်သိန်းသော နတ်သမီးတို့ အမြဲခစားလျက် အခြားနတ်တို့ကို ကျော်လွန်၍ အလွန် တင့်တယ်ခြင်း၊ ၃။ ခြောက်ကျိပ်သော နတ်မင်းတို့၏ မိဖုရားအဖြစ်ကို ရရှိခြင်း၊ ၄။ ခြောက်ကျိပ် သုံးယောက်သော စကြာမင်းတို့၏ မိဖုရားအဖြစ်ကို ရရှိခြင်း၊ ၅။ ရွှေအဆင်းနှင့် တူသော အဆင်းရှိသူအဖြစ်ဖြင့် ဘဝတို့၌ ကျင်လည် ရခြင်း၊ ၆။ ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ်, ထမ်းစင် ဟူသော ယာဉ်အလုံးစုံကို ရရှိခြင်း၊ ၇။ ရွှေ, ငွေ, ဖန်, ပတ္တမြားဖြင့် ပြီးသော အရာဝတ္ထုတို့ကို ရခြင်း၊ ၈။ အဖိုးများစွာ ထိုက်သော ပိုးထည်, ကမ္မလာထည် စသော အဝတ်အထည်တို့ကို ရခြင်း၊ ၉။ ထမင်း, အဖျော်, ခဲဖွယ်, အိပ်ရာ နေရာတို့ကို ရခြင်း၊ ၁၀။ ကောင်းမြတ်သော ပန်း, နံ့သာ, နံ့သာမှုန့် စသည်တို့ကို ရရှိခြင်း၊ ၁၁။ အထွတ်တပ်သော အိမ်, ပြာသာဒ်, မဏ္ဍပ်, လိုဏ်ဂူ (ဥမင်) ပြာသာဒ်ဦးပြည်းတို့ကို ရခြင်း၊ ၁၂။ ဥပုသ်စောင့်သည့်အခါမှ စ၍ ကိုးဆယ့် တစ်ကမ္ဘာ တိုင်တိုင် ဒုဂ္ဂတိဘဝသို့ မလားရောက်ခြင်း၊ ၁၃။ ခုနစ်နှစ်သား အရွယ်၌ ကိလေသာ ကုန်ခန်း ရဟန္တာ ဖြစ်ခြင်း။ (အပ၊၂။၁၉၉။) (အပ၊မြန်၊ ၂။၁၉၀။)

ဥပုသ်နေ့ ၃ မျိုး ၁။ လဆန်း, လဆုတ် ရှစ်ရက် အဋ္ဌမီ ဥပုသ်နေ့၊ ၂။ လဆုတ်, လကွယ် တစ်ဆယ့် လေးရက်နေ့ စာတုဒ္ဒသီ ဥပုသ်နေ့၊ ၃။ လပြည့်, လကွယ် တစ်ဆယ့်ငါးရက် ပန္နရသီ ဥပုသ်နေ့။ (ဒီ၊ ဋ္ဌ၊ ၁။၁၂၈။) (မ၊ ဋ္ဌ၊ ၄။၅၀။) (သာရတ္ထ၊ ဋီ၊ ၁။၁၁၃။) (ဒီ၊ ဋ္ဌ၊ မြန်၊ ၁။၂၄၇။)

ဥပုသ်ပြု အန္တရာယ် ၁၀ ပါး ၁။ မင်းအန္တရာယ်၊ ၂။ ခိုးသူအန္တရာယ်၊ ၃။ မီးအန္တရာယ်၊ ၄။ ရေ အန္တရာယ်၊ ၅။ လူအန္တရာယ်၊ ၆။ ဘီလူးအန္တရာယ်၊ ၇။ သားရဲအန္တရာယ်၊ ၈။ မြွေ, ကင်း, သန်း အန္တရာယ်၊ ၉။ အသက်အန္တရာယ်၊ ၁၀။ မြတ်သောအကျင့်၏ အန္တရာယ်။ (ဝိ၊၃။၁၅၂။) (ဝိ၊မြန်၊၃။၁၅၆။)

ဥပုသ်ပြုသော သံဃာ့ဟတ္ထပါသ်မှ ကြဉ်ဖယ်ရမည့် ပုဂ္ဂိုလ် ၂၁ ယောက် ၁။ လူဝတ်ကြောင်၊ ၂။ ရဟန်းမ၊ ၃။ သိက္ခမာန်၊ ၄။ ရှင်သာမဏေ၊ ၅။ သာမဏေမ၊ ၆။ သိက္ခာချသော သူ၊ ၇။ ပါရာဇိကကျသူ၊ ၈။ အာပတ်မရှိသော ဥက္ခိတ္တကရဟန်း၊ ၉။ အာပတ်မကုစားသော ဥက္ခိတ္တကရဟန်း၊ ၁၀။ ယုတ်မာသော အယူကို မစွန့်သော ဥက္ခိတ္တကရဟန်း၊ ၁၁။ ပဏ္ဍက်၊ ၁၂။ ထေယျသံဝါသက၊ ၁၃။ တိတ္ထိတို့ထံသို့ သွားပူးပေါင်းသူ၊ ၁၄။ တိရစ္ဆာန်၊ ၁၅။ အမိကို သတ်သူ၊ ၁၆။ အဖကို သတ်သူ၊ ၁၇။ ရဟန္တာကို သတ်သူ၊ ၁၈။ ရဟန်းမကို ဖျက်ဆီးသူ၊ ၁၉။ သံဃာကို သင်းခွဲသူ၊ ၂၀။ ဘုရားရှင်ကိုယ်တော်၌ သွေးစိမ်းတည်စေသူ၊ ၂၁။ ယောကျ်ား နိမိတ် မိန်းမနိမိတ် နှစ်မျိုး ပါရှိသူ။ (သာရတ္ထ၊ဋီ၊၃။၂၇၉။)

http://www.dhammadownload.com

ဥပုသ် အင်္ဂါ ၈ ပါး (တန်ခိုးအာနိသင်ကြီးမားသော ဥပုသ်၏ အင်္ဂါ ၈ ပါး) ၁။ အရိယာတပည့်သည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၂။ အရိယာတပည့်သည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၃။ အရိယာတပည့်သည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ မမြတ်သော အကျင့်မှ ရှောင်ကြဉ်ခြင်း၊ ၄။ အရိယာတပည့်သည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ မဟုတ်မမှန်ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၅။ အရိယာတပည့်သည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ သေရည်အရက် မူးယစ်ဆေးဝါး မှီဝဲခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၆။ အရိယာ တပည့်သည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ နေလွဲအခါ၌ စားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ၇။ အရိယာတပည့်သည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ ကခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း စသည်မှလည်းကောင်း ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း စသည်မှလည်းကောင်း ရှောင်ကြဉ်ခြင်း၊ ၈။ အရိယာတပည့်သည် ရဟန္တာပုဂ္ဂိုလ်တို့ကို အတုလိုက်၍ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်ခြင်း။ (အံ၊၃။၇၉။) (အံ၊၃။၈၁။) (အံ၊၃။၈၄။) (အံ၊၃။၈၈။) (အံ၊မြန်၊၃။၈၅၊၈၉။) (အံ၊မြန်၊၃။၈၅၊၈၉။) (အံ၊မြန်၊၃။၈၅၊၈၉။) (အံ၊မြန်၊၃။၈၅၊၈၉။)

ဥဘတောဗျည်း ၂ မျိုး ၁။ ယောကျ်ား ဥဘတောဗျည်း၊ ၂။ မိန်းမ ဥဘတောဗျည်း။ (ဝိ၊၌၊၃။၃၀၆။)

ဥဘတောဗျည်း ၃ မျိုး ၁။ လူ ဥဘတောဗျည်း၊ ၂။ နတ် ဥဘတောဗျည်း၊ ၃။ တိရစ္ဆာန် ဥဘတော ဗျည်း။ (ဝိ၊၁။၃၄။) (ဝိ၊မြန်၊၁။၃၈။)

ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ် ၅ ယောက် ၁။ အရူပသမာပတ် လေးပါးတို့တွင် တစ်ပါးပါးမှ ထ၍ သခါရတရားတို့ကို သုံးသပ်ပြီး အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ် လေးယောက်၊ ၂။ နိရောဓသမာပတ်မှ ထ၍ အရဟတ္တဖိုလ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ် တစ်ယောက် ပေါင်း ငါးယောက်။ (ဒီ၊၌၊၃။၇၂။) (အံ၊၌၊၃။၁၄၆။)

ဥယျောဇန သိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ လွန်ကျူးမှုကို ပြုကျင့်လိုသူ ဖြစ်ခြင်း၊ ၂။ ထိုအကြောင်းကြောင့်သာလျှင် ရဟန်းကို ပြန်လွှတ်ခြင်း၊ ၃။ ဤသို့ ပြန်လွှတ်သော ရဟန်း၏ တစ်ဆယ့်နှစ်တောင် ဥပစာအရပ်ကို လွန်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၆။) (ဝိမတိ၊၂။၃၉။)

ဥယျောဓိက သိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ စစ်ပွဲစသည်တို့ကို ကြည့်ရှုခြင်းငှာ အကြောင်းမဲ့ သွားခြင်း၊ ၂။ ခွင့်မပြုအပ်သော အရပ်၌ ကြည့်ရှုခြင်း။ (ဝိမတိ၊၂။၄၁။)

ဥယျောဓိက သိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ စစ်ပွဲ စသည်တို့ကို ကြည့်ရှုခြင်းငှာ သွားခြင်း၊ ၂။ ခွင့်ပြုထားသော အရပ်မှ အခြားအရပ်၌ ကြည့်ရှုခြင်း၊ ၃။ သွားထိုက်သော သဘောရှိသော အကြောင်းနှင့် ဘေးရန်တို့ မရှိခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၈။)

ဥယျုတ္တသေန သိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ မြို့မှ ထွက်လာသော စစ်တပ် ဖြစ်ခြင်း၊ ၂။ ကြည့်ရှုခြင်းငှာ သွားခြင်း၊ ၃။ စစ်တပ်သို့ သွားထိုက်သော သဘောရှိသော အကြောင်းနှင့် ဘေးရန် မရှိခြင်း၊ ၄။ ခွင့်ပြုထားသော အရပ်မှ အခြားအရပ်၌ ကြည့်ရှုခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၈။)

http://www.dhammadownload.com

ဥယျုတ္တသေန သိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ မြို့မှ ထွက်လာသော စစ်တပ်ကို ကြည့်ရှုခြင်းငှာ အကြောင်းတစ်စုံတစ်ခု မရှိဘဲ သွားခြင်း၊ ၂။ ခွင့်မပြုအပ်သော အရပ်၌ ကြည့်ရှုခြင်း။ (ဝိမတိ၊၂။၄၁။)

ဥသဘနွားလား ၄ မျိုး ၁။ ဝသဘ- နွားတစ်ရာတို့၏ အကြီးအကဲ နွားလား၊ ၂။ နိသဘ- နွားတစ်ထောင်တို့၏ အကြီးအကဲ နွားလား၊ ၃။ ဝိသဘ- နွားတစ်သိန်းတို့၏ အကြီးအကဲ နွားလား၊ ၄။ အာသဘ- နွားကုဋ္ဌေတစ်သိန်းတို့၏ အကြီးအကဲ နွားလား။ (အပ၊၄၂၊၂။၉၁။) (အပ၊၄၂၊၂။၁၉၃။)

ဦနပဥ္စဗန္ဓန သိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ အဓိဋ္ဌာန်လောက်သော သပိတ်၏ အဖွဲ့အတုပ် ငါးခု ယုတ်လျော့နေခြင်း၊ ၂။ မိမိအတွက် ရည်မှန်းထားခြင်း၊ ၃။ တောင်းယူမှု ပြုမထားခြင်း၊ ၄။ တောင်းယူမှု မပြုဘဲ ရရှိလာခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၃၀။) (ဝိမတိ၊၁။၃၄၉။)

ဦနဝီသတိဝဿ သိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ ယုတ်လျော့သော အနှစ် ၂၀ ရှိသူ ဖြစ်ခြင်း၊ ၂။ ယုတ်လျော့သော အနှစ် ၂၀ ရှိသူဟု အမှတ်ရှိခြင်း၊ ၃။ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်စေခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၆။)

ဦနဝီသတိဝဿ သိက္ခာပုဒ် အင်္ဂါ ၂ ပါး ၁။ အနှစ် ၂၀ အောက် ယုတ်လျော့သူ ဖြစ်ခြင်း၊ ၂။ အသက် ၂၀ အောက် ယုတ်လျော့သူကို သိလျက် ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုပေးခြင်း။ (ဝိမတိ၊၂။၄၇။)

ဧကဘတ္တိကာ၌ ဆွမ်း ၂ မျိုး ၁။ ပါတရာသဘတ္တ- အရုဏ်တက်ချိန်မှ စ၍ မွန်းတည့်ချိန်အထိ သုံးဆောင်အပ်သော ဆွမ်း၊ ၂။ သာယမာသဘတ္တ- နေမွန်းတည့်ချိန်မှ စ၍ နောက်တစ်နေ့ အရုဏ်တက်ချိန်အထိ သုံးဆောင်အပ်သော ဆွမ်း။ (အံ၊၄၂၊၂။၁၉၈။)

ဧကသီသင်္ကန်းကို ထားနိုင်ကြောင်း ၅ ပါး (ဓုတင်ဆောင်ရဟန်း ဧကသီသင်္ကန်းကို ထားနိုင်ကြောင်း ၅ ပါး) ၁။ မကျန်းမမာခြင်း၊ ၂။ မိုးလေးလ ဖြစ်ခြင်း၊ ၃။ မြစ်တစ်ဖက် ကမ်းသို့ သွားလိုခြင်း၊ ၄။ လုံခြုံသော တံခါးရွက်ရှိသော ကျောင်း ဖြစ်ခြင်း၊ ၅။ ကထိန်ခင်းပြီး ဖြစ်ခြင်း။ (ဝိ၊၃။၄၁၃။) (ဝိ၊မြန်၊၃။၄၁၇။)

ဧကာသနိက်ဓုတင် ၃ မျိုး ၁။ ဥက္ကဋ္ဌဧကာသနိက်ဓုတင်၊ ၂။ မဇ္ဈိမဧကာသနိက်ဓုတင်၊ ၃။ မုဒုက ဧကာသနိက်ဓုတင်။ (ဝိသုဒ္ဓိ၊၁။၆၆။)

ဧကာသနိကဓုတင် ဆောက်တည်သူ ၅ မျိုး ၁။ ပညာနုံ့၍ မိုက်မဲတွေဝေသောကြောင့် ဆောက်တည်ခြင်း၊ ၂။ ယုတ်မာသော အလိုဆိုး နှိပ်စက်သောကြောင့် ဆောက်တည်ခြင်း၊ ၃။ စိတ်ပျံ့လွင့် ရူးသွပ်သောကြောင့် ဆောက်တည်ခြင်း၊ ၄။ ဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်တို့ ချီးမွမ်းအပ်၏ဟု ဆောက်တည်ခြင်း၊ ၅။ အလိုနည်းမှု, ရောင့်ရဲမှု, ခေါင်းပါးမှု, ဆိတ်ငြိမ်မှုတို့ကို အမှီပြု၍ ကောင်းသော အကျင့်ကို အလိုရှိသောကြောင့် ဆောက်တည်ခြင်း။ (ဝိ၊၅။၃၃၆။) (အံ၊၂။၁၉၄။) (အံ၊၃။(ဝိ၊၅။၂၃၃။) (အံ၊၃။၇၉။) (အံ၊၃။၈၁။) (အံ၊၃။၈၄။) (အဘိ၊ပု။ ၁၈၀။) (ဝိ၊မြန်၊၅။၃၂၃။) (ဝိ၊မြန်၊၅။၄၃၈။) (အံ၊မြန်၊၂။၂၄၇။) (အံ၊မြန်၊၃။၈၅၊၈၉။) (အံ၊မြန်၊၃။ ၈၅၊၈၉။) (အံ၊မြန်၊၃။၈၅၊၈၉။) (အဘိ၊ပု၊မြန်။၈၄။)

http://www.dhammadownload.com

ကောသနိက်ခုတင် ဆောက်တည်ရကျိုး ၈ ပါး ၁။ အနာရောဂါ ကင်းခြင်း၊ ၂။ ကိုယ်ဆင်းရဲ ကင်းခြင်း၊ ၃။ လျင်မြန်စွာ ထနိုင်ခြင်း၊ ၄။ ခွန်အားဗလနှင့် ပြည့်စုံခြင်း၊ ၅။ ချမ်းသာစွာ နေရခြင်း၊ ၆။ အတိရိုက်ဝိနည်း ကံ မပြုဘဲ စားခြင်းကြောင့် သင့်ရောက်နိုင်သော အာပတ်မှ လွတ်ခြင်း၊ ၇။ ရသတဏှာကို ပယ်ဖျောက်နိုင်ခြင်း၊ ၈။ အပ္ပိစ္ဆတာ စသည်တို့အား လျော်သော အကျင့် ရှိခြင်း။ (ဝိသုဒ္ဓိ၁။၆၇။)

ကေစ္စသဿတဒိဋ္ဌိ ၄ မျိုး ၁။ ပထမ ကေစ္စသဿတဒိဋ္ဌိဝါဒ– ရှေးဦး နေအပ်ခဲ့ဖူးသော ဗြဟ္မာ တစ်ဘဝမျှကိုသာ အောက်မေ့နိုင်သဖြင့် အချို့မြဲ၍ အချို့မမြဲဟု အယူရှိခြင်း၊ ၂။ ဒုတိယ ကေစ္စသဿတဒိဋ္ဌိဝါဒ– ရှေးဦး နေအပ်ခဲ့ဖူးသော ခိဿာပဒေါသိကနတ် တစ်ဘဝကိုသာ အောက်မေ့နိုင်သဖြင့် အချို့မြဲ၍ အချို့မမြဲဟု အယူရှိခြင်း၊ ၃။ တတိယ ကေစ္စသဿတ ဒိဋ္ဌိဝါဒ– ရှေးဦး နေအပ်ခဲ့ဖူးသော မနောပဒေါသိကနတ် တစ်ဘဝမျှကိုသာ အောက်မေ့နိုင်သဖြင့် အချို့မြဲ၍ အချို့မမြဲဟု အယူရှိခြင်း၊ ၄။ စတုတ္ထ ကေစ္စသဿတဒိဋ္ဌိဝါဒ–အတ္တသည် လည်းကောင်း လောကသည်လည်းကောင်း အချို့မြဲ၍ အချို့မမြဲဟု ကြံဆခြင်း ဉာဏ် အတုဖြင့် စူးစမ်းခြင်း။ (ဒီ၊၁။၁၆။) (ဒီ၊၁။၂၀။) (ဒီ၊မြန်၊၁။၁၈။) (ဒီ၊မြန်၊၁။၁၈။)

ကေစ္စသဿတိက ဒိဋ္ဌိ ၂ မျိုး ၁။ သတ္တဝါတို့၌ အချို့မြဲ, အချို့မမြဲ ဟူသော အယူဝါဒ၊ ၂။ သင်္ခါရတို့၌ အချို့မြဲ အချို့မမြဲ ဟူသော အယူဝါဒ။ (သာရတ္ထ၊ဋီ၊၁။၁၄၃။)

ကေစ္စသဿတိကပုဂ္ဂိုလ် ၂ မျိုး ၁။ သတ္တဝါတို့တွင် အချို့ မြဲ၏ဟု အယူရှိသော ပုဂ္ဂိုလ် (သတ္တေကစ္စသဿတိကပုဂ္ဂိုလ်)၊ ၂။ သင်္ခါရတို့တွင် အချို့ မြဲ၏ဟု အယူရှိသော ပုဂ္ဂိုလ် (သင်္ခါရေကစ္စသဿတိကပုဂ္ဂိုလ်) ။ (ဒီ၊၌၊၁။၁၀၁။) (ဒီ၊၌၊မြန်၊၁။၁၉၇။)

ကေဋ ၂ မျိုး ၁။ သဟဧကဋ္ဌ– ဒိဋ္ဌိနှင့် တကွဖြစ်သော ကိလေသာတို့ကို ပယ်ခြင်း၊ ၂။ ပဟာနေကဋ္ဌ– အပါယ်သို့ လားရောက်စေတတ်သော ကိလေသာတို့ကို ပယ်ခြင်း။ (ပဋိသံ၊၌၊၁။၂၅၅။)

ကေန် နိဗ္ဗာန်ရောက်ကြောင်း တရား ၄ ပါး ၁။ ဤကား ဆင်းရဲဟူသော တရား၊ ၂။ ဤကား ဆင်းရဲဖြစ်ကြောင်းဟူသော တရား၊ ၃။ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်ဟူသော တရား၊ ၄။ ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဟူသော တရား။ (ဒီ၊၁။၁၇၄။) (ဒီ၊မြန်၊၁။၂၁၂။)

ကေန်နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သော တရား ၁၀ ပါး ၁။ လောကသည် မြဲ၏ ဟူသော တရား၊ ၂။ လောကသည် မမြဲဟူသော တရား၊ ၃။ လောကသည် အဆုံးရှိ၏ဟူသော တရား၊ ၄။ လောကသည် အဆုံးမရှိဟူသော တရား၊ ၅။ ကိုယ်သည်ပင် အသက်၊ ထိုအသက်သည်ပင် ကိုယ်ဟူသော တရား၊ ၆။ အသက်သည် တခြား၊ ကိုယ်သည် တခြားဟူသော တရား၊ ၇။ သတ္တဝါသည် သေပြီးနောက် ရှိ၏ဟူသော တရား၊ ၈။ သတ္တဝါသည် သေပြီးနောက် မရှိဟူသော တရား၊ ၉။ သတ္တဝါသည် သေပြီးသည်နောက် ရှိလည်းရှိ မရှိလည်းမရှိဟူသော တရား၊ ၁၀။ သတ္တဝါသည် သေပြီးသည်နောက် ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်ဟူသော တရား။ (ဒီ၊၁။၁၇၄။) (ဒီ၊မြန်၊၁။၂၁၂။)

http://www.dhammadownload.com

စတဒဂ်ဘွဲ့ထူး ပေးရခြင်းအကြောင်း ၄ ပါး ၁။ အတ္ထုပ္ပတ္တိတော- အကြောင်းဝတ္ထု ဖြစ်ပေါ်လာခြင်း၊ ၂။ အာဂမနတော- စတဒဂ်ဘွဲ့ထူးရရန် အားထုတ်ခဲ့ဖူးသော အကြောင်းရင်း ရှိခြင်း၊ ၃။ စိဏ္ဏဝသိတော- လေ့လာအပ် လေ့ကျက်အပ်ပြီးသော ဝသီဘော် အစွမ်းရှိသူ ဖြစ်ခြင်း၊ ၄။ ဂုဏာတိရေကတော- ဂုဏ်အားဖြင့် အခြားပုဂ္ဂိုလ်တို့ထက် သာလွန်ခြင်း။ (အံ၊ဋ္ဌ၊၁။၉၇။)

ဧဋကလောမသိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ သိုးမွေးတို့ကို ပစ္စည်းတစ်စုံတစ်ခု မပြုလုပ်ထားခြင်း၊ ၂။ ရွေးဦးစွာ ရရှိခြင်း၊ ၃။ မိမိကိုယ်တိုင် ယူသွား၍ သော်လည်းကောင်း သူတစ်ပါး မသိစဉ် လှည့်ယာဉ်၌ ထည့်၍ သော်လည်းကောင်း သုံးယူဇနာကို လွန်စေခြင်း၊ ၄။ ထုတ်ဆောင်ခြင်း, ပြန်ဆောင်လာခြင်း၊ ၅။ မနေလိုသည် ဖြစ်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၁၆။) (ဝိမတိ၊၁။၃၃၅။)

ဩကာသာဓိဂမ ၃ ပါး ၁။ လောကဌ် အချို့သော ပုဂ္ဂိုလ်သည် ကာမဂုဏ်တို့နှင့်လည်းကောင်း အကုသိုလ်တရားတို့နှင့် လည်းကောင်း ရောနှော၍ နေ၏၊ တစ်ပါးသော အခါ၌ ထိုသူသည် အရိယဓမ္မကို ကြားနာရပြီး လောကုတ္တရာတရားအား လျော်သော အကျင့်ကို ကျင့်သောကြောင့် ကာမဂုဏ်တရား အကုသိုလ်တရားများနှင့် မရောနှောတော့သဖြင့် နှစ်သက် ဝမ်းမြောက်မှု ချမ်းသာသုခကို ဖြစ်ပေါ်စေခြင်း၊ ၂။ လောကဌ် အချို့သော ပုဂ္ဂိုလ်သည် ရုန့်ရင်းသော ကာယသခ်ါရ ဝစီသခ်ါရ စိတ္တသခ်ါရတို့ဖြင့် ငြိမ်းအေးမှု မရရှိဘဲ နေထိုင်၏၊ ထိုသူသည် တစ်ပါးသော အခါ၌ အရိယဓမ္မကို ကြားနာရပြီး လောကုတ္တရာတရားအား လျော်သော အကျင့်ကို ကျင့်သောကြောင့် ရုန့်ရင်းကြမ်းတမ်းသော ကာယ ဝစီ စိတ္တသခ်ါရတို့ ငြိမ်းအေးကုန်လျက် နှစ်သက်ဝမ်းမြောက်မှု ချမ်းသာသုခကို ဖြစ်ပေါ်စေခြင်း၊ ၃။ လောကဌ် အချို့သော သူသည် ကုသိုလ်နှင့် အကုသိုလ်, အပြစ်ရှိ မရှိ, အယုတ်နှင့် အမြတ်, မှီဝဲအပ် မမှီဝဲအပ် စသည်တို့ကို ခွဲခြားဝေဖန် မသိ၊ ထိုသူသည် တစ်ပါးသော အခါ၌ အရိယဓမ္မကို ကြားနာရပြီးသော် လောကုတ္တရာတရားအား လျော်သော အကျင့်ကို ကျင့်သောကြောင့် ကုသိုလ် အကုသိုလ် စသည်တို့ကို ဟုတ်တိုင်းမှန်စွာ ပိုင်းခြားသိလျက် အဝိဇ္ဇာဉာဏ် ကင်းပျောက်၍ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာသဖြင့် နှစ်သက်ဝမ်းမြောက်မှု ချမ်းသာသုခကို ဖြစ်ပေါ်စေခြင်း။ (ဒီ၊၂။၁၇၃။) (ဒီ၊မြန်၊၂။၁၉၇။)

ဩဃ ၄ ပါး ၁။ ကာမောဃ- ကာမဂုဏ်ငါးပါးတို့၌ တပ်မက်ခြင်း၊ ၂။ ဘဝေါဃ- ရူပဘုံ အရူပဘုံတို့၌ တပ်မက်ခြင်း၊ ၃။ ဒိဋ္ဌောဃ- မိစ္ဆာဒိဋ္ဌိ ၆၂ ပါး၊ ၄။ အဝိဇ္ဇောဃ- သစ္စာလေးပါးတို့၌ မသိခြင်း။ (ဒီ၊၃။၁၉၂။) (သံ၊၂။၄၅၂။) (သံ၊၃။၅၄။) (သံ၊ဋ္ဌ၊၁။၁၆။) (ဥဒါန၊ဋ္ဌ။၃၂၉။) (ပဋိသံ၊ဋ္ဌ၊၁။၁၁၀။) (ဒီ၊မြန်၊၃။၂၁၄။) (ဒီ၊မြန်၊၃။၂၅၃။) (သံ၊မြန်၊၂။၄၄၈။) (သံ၊မြန်၊၃။၅၈။) (ဒီ၊၃၊၂၃၁။)

ဩဃ ၄ ပါး ပယ်အပ်သော တရား ၄ ပါး၊ ပဟာတဗ္ဗတရား ၄ ပါးတို့နှင့် တူသည်။

ဩဇာ ၂ မျိုး ၁။ နတ်ဩဇာ၊ ၂။ အသုရာဩဇာ။ (ဒီ၊ဋီ၊၂။၂၇၅။)

ဩဓိသမေတ္တာ ၇ ပါး အပိုင်းအခြားရှိသော မေတ္တာ ၇ ပါးနှင့် တူသည်။

ဩမသဝါဒ သိက္ခာပုဒ်၌ အင်္ဂါ ၃ ပါး ၁။ ရဟန်းကို အမျိုးဇာတ် အစရှိသည်တို့ဖြင့် ဆဲရေးခြင်း၊ ၂။ ထိုဆဲရေးခံရသော ရဟန်းသည် သိခြင်း၊ ၃။ အနက်အဓိပ္ပါယ်ကို ရှေးရှုပြုသူ၏အဖြစ် အစရှိသည်တို့သည် မဟုတ်ခြင်း။ (ဝိမတိ၊၂။၃။)

http://www.dhammadownload.com

ဩမသဝါဒ သိက္ခာပုဒ်၌ အင်္ဂါ ၄ ပါး ၁။ ဆဲရေးခံရသူသည် ရဟန်း ဖြစ်ခြင်း၊ ၂။ အမျိုးဇာတ် အစရှိသည်တို့ဖြင့် ဆဲရေးခြင်း၊ ၃။ "ငါ့ကို ဆဲဆို၏"ဟု သိခြင်း၊ ၄။ အနက်အဓိပ္ပါယ်ကို ရှေးရှုပြုသူ၏အဖြစ် အစရှိသည်တို့၏ မဖြစ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၄။)

ဩရပါရမည်သော ဩရမ္ဘာဂိယသံယောဇဉ် ငါးပါးကို ပယ်စွန့်လိုသော ရဟန်း ပယ်စွန့်ပုံ ၄ မျိုး ၁။ မိမိဇာတိ ဖြစ်သော သီလ၌ တည်နေရခြင်း၊ ၂။ မိမိအတ္တဘော အစရှိသော ရှိသော ဩရပါရ၏ အပြစ်ကို ရှုမြင်ခြင်းအားဖြင့် အတ္တဘော စသော ဩရုပါရ၌ စက်ဆုပ်ခြင်း၊ ၃။ မိတ်ကောင်းကို အမှီပြုခြင်း၊ ၄။ ကောင်းစွာ အားထုတ်ခြင်းဟု ဆိုအပ်သော လုံ့လကို ပြုရခြင်း။ (သာရတ္ထ၊ဋီ၊၃။၁၉။)

ဩရမ္ဘာဂဂမနီယ သံယောဇဉ် ၅ ပါး ၁။ ကာမစ္ဆန္ဒသံယောဇဉ်၊ ၂။ ဗျာပါဒသံယောဇဉ်၊ ၃။ သက္ကာယဒိဋ္ဌိသံယောဇဉ်၊ ၄။ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ၅။ ဝိစိကိစ္ဆာသံယောဇဉ်။ (ထေရဂါထာ။၃၉၇။) (ထေရဂါထာ၊မြန်။၂၀၇။)

ဩရမ္ဘာဂိယ သံယောဇဉ် ၅ ပါး ၁။ သက္ကာယဒိဋ္ဌိ- ထင်ရှားရှိသော ခန္ဓာငါးပါး၌ အမြင်မှားမှု၊ ၂။ ဝိစိကိစ္ဆာ- တွေးတော ယုံမှားမှု၊ ၃။ သီလဗ္ဗတပရာမာသ- ခွေး နွား စသည်တို့၏ အလေ့အကျင့်၌ မှားသော သုံးသပ်မှု၊ ၄။ ကာမစ္ဆန္ဒ- ကာမတို့၌ လိုချင်တောင့်တမှု၊ ၅။ ဗျာပါဒ- ပြစ်မှား ဖျက်ဆီးမှု။ (ဒီ၊၃။၁၉၅။) (မ၊၂။၉၇။) (သံ၊၃။၅၆။) (အံ၊၃။၂၅၁။) (အဘိ၊ဝိ။၃၉၁။) (ပေဋကော။ ၂၅၈။) (ဣတိဝုတ်၊ဋ္ဌ။၃၂၉။) (သံ၊ဋီ၊၁။၆၇။) (ဒီ၊မြန်၊၃။၂၁၈။) (မ၊မြန်၊၂။၁၀၄။) (သံ၊မြန်၊၃။၆၀။) (အံ၊မြန်၊၃။၂၅၁။) (အဘိ၊ဝိ၊မြန်၊၂။၄၉၅။)

ဩဝါဒပါတိမောက် ၃ ဂါထာ ၁။ ခန္တီပရမံ စသော ဂါထာ၊ ၂။ သဗ္ဗပါပဿ စသော ဂါထာ၊ ၃။ အနုပဝါဒေါ စသော ဂါထာ။ (ဝိ၊ဋ္ဌ၊၁။၁၅၄-၁၅၅။)

ဩဝါဒ သိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ သမ္မုတိရထားသော ရဟန်း မဟုတ်ခြင်း၊ ၂။ ဘိက္ခုနီမသည် သံဃာနှစ်ဘက် ပြည့်စုံစွာဖြင့် ရဟန်းပြုသူ ဖြစ်ခြင်း၊ ၃။ ဩဝါဒ၏ အစွမ်းဖြင့် ရှစ်ပါးသော ဂရုဓမ္မကို ဟောပြောခြင်း။ (သာရတ္ထ၊ဋီ၊၃။၄၅။) (ဝိမတိ၊၂။၂၂။)

ဩဋ္ဌာရိက ရုပ် ၁၂ ပါး ၁။ စက္ခုပသာဒရုပ်၊ ၂။ သောတပသာဒရုပ်၊ ၃။ ဃာနပသာဒရုပ်၊ ၄။ ဇိဝှာပသာဒရုပ်၊ ၅။ ကာယပသာဒရုပ်၊ ၆။ ရူပါရုံ၊ ၇။ သဒ္ဒါရုံ၊ ၈။ ဂန္ဓာရုံ၊ ၉။ ရသာရုံ၊ ၁၀။ ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗရုပ် သုံးပါး ပေါင်း ၁၂ ပါး။ (ပဋိသံ၊ဋ္ဌ၊၁။၂၂၈။)

ဩဋ္ဌာရိက ဝိညာဏ ၆ ပါး ၁။ အကုသလဝိညာဏ၊ ၂။ ကုသလာကုသလဝိညာဏ၊ ၃။ ဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ၊ ၄။ သုခဒုက္ခဝေဒနာနှင့် ယှဉ်သော ဝိညာဏ၊ ၅။ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ ဝိညာဏ၊ ၆။ အာသဝတရားနှင့် တကွဖြစ်သော ဝိညာဏ။ (အဘိ၊ဝိ။ ၁၁။) (အဘိ၊ဝိ၊မြန်၊၁။၂၂။)

ဩဋ္ဌာရိက ဝေဒနာ ၆ ပါး ၁။ အကုသလဝေဒနာ၊ ၂။ ကုသလာကုသလဝေဒနာ၊ ၃။ ဒုက္ခဝေဒနာ၊ ၄။ သုခဒုက္ခာဝေဒနာ၊ ၅။ သမာပတ်မဝင်စားသူ၏ ဝေဒနာ၊ ၆။ အာသဝေါတရားနှင့် တကွ ဖြစ်သော ဝေဒနာ (သာသဝါ ဝေဒနာ) ။ (အဘိ၊ဝိ။၄။) (အဘိ၊ဝိ၊မြန်၊၁။၇။)

http://www.dhammadownload.com

ဩဇဋ္ဌာရိက သခါရ ၆ ပါး ၁။ အကုသလသခါရ၊ ၂။ ကုသလာကုသလသခါရ၊ ၃။ ဒုက္ခဝေဒနာနှင့် ယှဉ်သော သခါရ၊ ၄။ သုခဒုက္ခဝေဒနာတို့နှင့် ယှဉ်သော သခါရ၊ ၅။ သမာပတ် မဝင်စားသော ပုဂ္ဂိုလ်၏ သခါရ၊ ၆။ အာသဝတရားနှင့် တကွဖြစ်သော သခါရ။ (အဘိ၊ ဝိ။၉။) (အဘိ၊ဝိ၊မြန်၊၁။၁၈။)

အိုခြင်း ၂ မျိုး ဇရာ ၂ မျိုး နှင့် တူသည်။

အိုခြင်း ၂ မျိုး (တစ်နည်း) ၁။ အကြောင်းတရားတို့ ပြုပြင်စီရင်အပ်သော လက္ခဏာရှိသော အိုခြင်း ဇရာ၊ ၂။ သွားကျိုးခြင်း အစရှိသည်တို့ဖြင့် သမုတ်အပ်သော ခန္ဓာအစဉ်၌ တစ်ဘဝ၌ အကျုံးဝင်သော ခန္ဓာတို့၏ ဟောင်းခြင်း ဇရာ။ (မ၊ဋ္ဌ၊၁။၂၂၁။) (သာရတ္ထ၊ဋီ၊၃။၁၇၃။)

အိုခြင်း ၂ မျိုး (တစ်နည်း) ၁။ ပါကဋဇရာ– ထင်ရှားသော အိုခြင်း၊ ၂။ ပဋိစ္ဆန္နဇရာ– ဖုံးကွယ်သော အိုခြင်း။(အဘိ၊ ဋ္ဌ၊ ၂။၉၃။) (စူဠနိ၊ ဋ္ဌ။၁၆။)

အိုခြင်း ၂ မျိုး (တစ်နည်း) ၁။ အဝီစိဇရာ– အခြားမလတ် အိုခြင်း၊ အကြားခံ့ သိရခက်သော အိုခြင်း၊ ၂။ သဝီစိဇရာ– အကြားအကြားခံ့ သိရလွယ်သော အိုခြင်း။ (အဘိ၊ဋ္ဌ၊၂။၉၃။) (စူဠနိ၊ဋ္ဌ။၁၆။)

အိုး ၄ မျိုး ၁။ အတွင်းထဲ၌ အချည်းနှီးဖြစ်လျက် ပိတ်ထားသော အိုး၊ ၂။ အတွင်းထဲ၌ ပြည့်လျက် ဖွင့်ထားသော အိုး၊ ၃။ အတွင်းထဲ၌ အချည်းနှီးလည်း ဖြစ်လျက် ဖွင့်လည်းဖွင့်ထားသော အိုး၊ ၄။ အတွင်းထဲ၌ ပြည့်လည်းပြည့်လျက် ပိတ်လည်း ပိတ်ထားသော အိုး။ (အံ၊၁။၄၁၈။) (အဘိ၊ပု။၁၅၂။) (အံ၊မြန်၊၁။၄၃၁။) (အဘိ၊ပု၊မြန်။၅၅။)

အိုးနှင့် တူသော ပုဂ္ဂိုလ် ၄ မျိုး ၁။ အချည်းနှီးဖြစ်လျက် ပိတ်ထားသော အိုးနှင့် တူသော ပုဂ္ဂိုလ်၊ ၂။ ပြည့်လျက် ဖွင့်ထားသော အိုးနှင့် တူသော ပုဂ္ဂိုလ်၊ ၃။ အချည်းနှီးဖြစ်လျက် ဖွင့်ထားသော အိုးနှင့် တူသော ပုဂ္ဂိုလ်၊ ၄။ ပြည့်လျက် ပိတ်ထားသော အိုးနှင့် တူသော ပုဂ္ဂိုလ်။ (အံ၊၁။၄၁၈။) (အံ၊မြန်၊၁။၄၃၁။)

အိုးနှင့် တူသော ရဟန်း ၄ မျိုး ၁။ အတွင်းထဲ၌ အချည်းနှီးဖြစ်လျက် ပိတ်ထားသော အိုးကဲ့သို့ ရွေ့သို့တက်ခြင်း ဒုက္ခ၌ သပိတ် သင်္ကန်းဝတ်ရုံ ယူဆောင်ခြင်း စသည်တို့၌ ကြည်ညိုဖွယ်ရှိလျက် သစ္စာလေးပါးတရားကို အမှန်အတိုင်း ထိုးထွင်း၍ မသိသော ရဟန်း၊ ၂။ အတွင်းထဲ၌ ပြည့်လျက် ဖွင့်ထားသော အိုးကဲ့သို့ ရွေ့သို့တက်ခြင်း ဒုက္ခ၌ သပိတ်သင်္ကန်း ဝတ်ရုံ ယူဆောင်ခြင်း စသည်တို့၌ ကြည်ညိုဖွယ်မရှိသော်လည်း သစ္စာလေးပါးတရားကိုကား အမှန်အတိုင်း ထိုးထွင်း၍ သိသော ရဟန်း၊ ၃။ အတွင်းထဲ၌ အချည်းနှီးလည်း ဖြစ်လျက် ဖွင့်လည်းဖွင့်ထားသော အိုးကဲ့သို့ ရွေ့သို့တက်ခြင်း ဒုက္ခ၌ သပိတ် သင်္ကန်း ဝတ်ရုံ ယူဆောင်ခြင်း စသည်တို့၌လည်း ကြည်ညိုဖွယ် မရှိမူ၍ သစ္စာလေးပါးတရားကိုလည်း အမှန်အတိုင်း ထိုးထွင်း၍ မသိသော ရဟန်း၊ ၄။ အတွင်းထဲ၌ ပြည့်လည်းပြည့်လျက် ပိတ်လည်းပိတ်ထားသော အိုးကဲ့သို့ ရွေ့သို့တက်ခြင်း ဒုက္ခ၌ သပိတ် သင်္ကန်း ဝတ်ရုံ ယူဆောင်ခြင်း စသည်တို့၌လည်း ကြည်ညိုဖွယ်ရှိလျက် သစ္စာလေးပါးတရားကိုလည်း အမှန်အတိုင်း ထိုးထွင်း၍ သိသော ရဟန်း။ (အဘိ၊ပု။၁၅၂။) (အဘိ၊ပု၊မြန်။၅၅။)

http://www.dhammadownload.com

အိုး လှူရကျိုး ၃ မျိုး ၁။ ရွှေအိုး, ပတ္တမြားအိုး, ဖန်အိုး, ပတ္တမြားနီအိုးတို့ကို ရရှိခြင်း၊ ၂။ မယား, ကျွန်ယောကျ်ား, ကျွန်မိန်းမ, ဆင်, မြင်း, ရထား, ခြေလျင်သူရဲ, လင်ယောကျ်ားကို ရှိသေသော (အလိုလိုက်သော) မိန်းမတည်းဟူသော အသုံးဆောင်တို့ကို ရရှိခြင်း၊ ၃။ အတတ်ပညာ အမျိုးမျိုး, ဗေဒင်မန္တန် အမျိုးမျိုး, ကျမ်းဂန်အမျိုးမျိုး တို့ကို သင်ယူနိုင်ခြင်း။ (အပ၊၁။ ၃၆၂။) (အပ၊မြန်၊၁။၃၇၁။)

အံ့ဩခြင်း ၂ မျိုး ၁။ ကဲ့ရဲ့အံ့ဩခြင်း (ဂရဟာအစ္ဆရိယ)၊ ၂။ ချီးမွမ်းအံ့ဩခြင်း (ပသံသာအစ္ဆရိယ)။ (မ၊ဌ၊၃။၂။)

အက္ကောသဝတ္ထု ၁၀ ပါး ၁။ သင်သည် သူခိုးတည်း၊ ၂။ သင်သည် လူမိုက်, လူပြိန်းတည်း၊ ၃။ သင်သည် လူပျင်း လူအတည်း၊ ၄။ သင်သည် ကုလားအုတ်တည်း၊ ၅။ သင်သည် မြည်းတည်း၊ ၆။ သင်သည် နွားတည်း၊ ၇။ သင်သည် ငရဲသို့ ကျရောက်မည့်သူတည်း၊ ၈။ သင်သည် တိရစ္ဆာန်တည်း၊ ၉။ သင့်မှာ ကောင်းရာသုဂတိသို့ လားရန် မရှိ၊ ဒုဂ္ဂတိသို့သာ လားမည့်သူတည်း၊ ၁၀။ သင်သည် အပါယ်၌ ကျရောက်မည့်သူတည်း။ (ဝိ၊၂။၈။) (အဘိ၊ဌ၊၂။၃၅၆။) (ဝိ၊မြန်၊၂။၁၀။) (ဓမ္မ၊ဌ၊၂။၃၀၈။)

အက္ကောသဝတ္ထု ၁၀ ပါး ဆဲရေးကြောင်းဝတ္ထု ၁၀ မျိုးနှင့် တူသည်။

အင်္ဂ ၈ ပါး ရပ်ပြစ် ၈ ပါးနှင့် တူသည်။

အင်္ဂ ၉ မျိုး မြတ်သော အကျင့်ကို ကျင့်ခြင်းငှာ အခွင့်မဟုတ်သော အချိန် ၉ မျိုး နှင့် တူသည်။

ဥက္ကောဋနသိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ တရားနည်းလမ်းအတိုင်း နှိမ်နင်းအပ်ပြီးသော အဓိကရဏ်း ဖြစ်ခြင်း၊ ၂။ သိခြင်း၊ ၃။ လှုပ်ရှားစေခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၃။) (ဝိမတိ၊၂။၄၆။)

ဥက္ခေပနီယကံ ၁၂ ပါး (အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော မတရားသော ဥက္ခေပနီယကံ ၁၂ ပါး) ၁။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မမေးမြန်းဘဲ ပြုလုပ်ခြင်း၊ ဝန်မခံဘဲ ပြုလုပ်ခြင်း၊ ၂။ အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊ ဒေသနာဂါမ်မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာကြားပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မအောက်မေ့ဘဲ ပြုလုပ်ခြင်း၊ အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊ ၄။ မျက်ကွယ်၌ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၅။ မမေးမြန်းဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၆။ ဝန်မခံ၍ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၇။ အာပတ်မသင့်ဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၈။ ဒေသနာဂါမ်မဟုတ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၉။ ဒေသနာကြား ပြီးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၁၀။ မစောဒနာဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၁၁။ မအောက်မေ့စေဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ်

http://www.dhammadownload.com

တကွဲတပြားစီ ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ မတင်ဘဲ ပြုလုပ်ခြင်း၊ မတရားသဖြင့် ပြုလုပ်ခြင်း၊ မညီမညွတ် တကွဲတပြားစီ ပြုလုပ်ခြင်း။ (ဝိ၊၄။၄၉။) (ဝိ၊၄။၆၀။) (ဝိ၊၄။၇၁။) (ဝိ၊မြန်၊၄။၄၆-၄၇။) (ဝိ၊မြန်၊၄။၅၆။) (ဝိ၊မြန်၊၄။၆၇။)

ဥက္ခေပနီယကံ ၁၂ ပါး (တစ်နည်း) (အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော တရားသော ဥက္ခေပနီယကံ ၁၂ ပါး) ၁။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ မေးမြန်း၍ ပြုလုပ်ခြင်း၊ ဝန်ခံသဖြင့် ပြုလုပ်ခြင်း၊ ၂။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ ဒေသနာဂါမ်ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ဒေသနာမကြားရသေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ ၃။ စောဒနာ၍ ပြုလုပ်ခြင်း၊ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ ၄။ မျက်မှောက်၌ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၅။ မေးမြန်း၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၆။ ဝန်ခံဘဲ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၇။ အာပတ်သင့်သဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၈။ ဒေသနာဂါမ်ဖြစ်သော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၉။ ဒေသနာ မကြားရသေးသော အာပတ်ဖြင့် ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၀။ စောဒနာ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၁။ အောက်မေ့စေ၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း၊ ၁၂။ အာပတ်သို့ တင်၍ ပြုလုပ်ခြင်း၊ တရားသဖြင့် ပြုလုပ်ခြင်း၊ ညီညွတ်သဖြင့် ပြုလုပ်ခြင်း။ (ဝိ၊၄။၅၀။) (ဝိ၊၄။၆၁။) (ဝိ၊၄။၇၂။) (ဝိ၊မြန်၊၄။၄၇။) (ဝိ၊မြန်၊၄။၅၇။) (ဝိ၊မြန်၊၄။၆၇-၆၈။)

ဥက္ခေပနီယကံကို ငြိမ်းစေသော အကြောင်း ၄၃ ပါး ၁။ ဥပဇ္ဈာယ်ပြုလုပ်၍ ရဟန်းခံ မပေးခြင်း၊ ၂။ နိဿယညှိး မပေးခြင်း၊ ၃။ သာမဏေကို မပြုစုမလုပ်ကျွေးစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာ မနှစ်သက်ခြင်း၊ ၅။ ဩဝါဒသမ္မုတိရသဖြင့် ရဟန်းမတို့ကို မဆုံးမခြင်း၊ ၆။ ဥက္ခေပနီယကံပြုကြောင်း အာပတ်သို့ မသင့်ရောက်ခြင်း၊ ၇။ အလားတူဖြစ်သော အခြားအာပတ်သို့လည်း မသင့်ရောက်ခြင်း၊ ၈။ ထို့ထက် ရှုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း မသင့်ရောက်ခြင်း၊ ၉။ ဥက္ခေပနီယကံကို မကဲ့ရဲ့ခြင်း၊ ၁၀။ ဥက္ခေပနီယကံပြုသော ရဟန်းတို့ကို မကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ရှိခိုးခြင်းကို မသာယာခြင်း၊ ၁၂။ ပကတတ်ရဟန်း၏ ခရီးဦးကြိုခြင်းကို မသာယာခြင်း၊ ၁၃။ ပကတတ် ရဟန်း၏ လက်အုပ်ချီခြင်းကို မသာယာခြင်း၊ ၁၄။ ပကတတ်ရဟန်း၏ အရိုအသေ ပြုခြင်းကို မသာယာခြင်း၊ ၁၅။ ပကတတ်ရဟန်း၏ နေရာခင်းပေးခြင်းကို မသာယာခြင်း၊ ၁၆။ ပကတတ် ရဟန်း၏ အိပ်ရာခင်းပေးခြင်းကို မသာယာခြင်း၊ ၁၇။ ပကတတ်ရဟန်း၏ ခြေဆေးရေ တည်ထားပေးခြင်းကို မသာယာခြင်း၊ ၁၈။ ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်း ထားခြင်းကို မသာယာခြင်း၊ ၁၉။ သပိတ်သင်္ကန်း လှမ်းယူခြင်းကို မသာယာခြင်း၊ ၂၀။ ရေချိုးရာ၌ ကျောက်ကုန်းကို ကြေးတွန်းကြေးပွတ်ပေးခြင်းကို မသာယာခြင်း၊ ၂၁။ ပကတတ်ရဟန်း၏ သီလပျက်စီးခြင်းဖြင့် မစွပ်စွဲခြင်း၊ ၂၂။ အကျင့်ပျက်စီးခြင်းဖြင့် မစွပ်စွဲခြင်း၊ ၂၃။ အယူပျက်စီးခြင်းဖြင့် မစွပ်စွဲခြင်း၊ ၂၄။ အသက်မွေးမှု ပျက်စီးခြင်းဖြင့် မစွပ်စွဲခြင်း၊ ၂၅။ ရဟန်း

http://www.dhammadownload.com

အချင်းချင်း မကွဲပြားစေခြင်း (ကုန်းမတိုက်ခြင်း)၊ ၂၆။ လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဝတ်ခြင်း၊ ၂၇။ တိတ္ထိတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဝတ်ခြင်း၊ ၂၈။ တိတ္ထိတို့ကို မမှီဝဲ မဆည်းကပ်ခြင်း၊ ၂၉။ ရဟန်းတို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၃၀။ ရဟန်းကျင့်ဝတ်၌ ကျင့်ခြင်း၊ ၃၁။ ပကတတ်ရဟန်းတို့နှင့် အတူ တစ်မိုးတည်းသော ကျောင်း၌ မနေခြင်း၊ ၃၂။ တစ်မိုးတည်းသော ဇရပ်တန်ဆောင်းစသည်၌ မနေခြင်း၊ ၃၃။ တစ်မိုးတည်းသော ကျောင်း၌ လည်းကောင်း၊ ဇရပ်,တန်ဆောင်းစသည်၌လည်းကောင်း မနေခြင်း၊ ၃၄။ ပကတတ်ရဟန်းကို မြင်လျှင် နေရာမှ ထခြင်း၊ ၃၅။ ပကတတ်ရဟန်းကို ကျောင်းတွင်း၌ လည်းကောင်း၊ ကျောင်းပြင်၌ လည်းကောင်း မချုပ်ချယ်ခြင်း၊ ၃၆။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့မထားခြင်း၊ ၃၇။ ပဝါရဏာကို ဆိုင်းငံ့မထားခြင်း၊ ၃၈။ ဆိုဆုံးမမှုကို မပြုလုပ်ခြင်း၊ ၃၉။ အကြီးအမှူး အရာကို မယူခြင်း၊ ၄၀။ အခွင့်ရေး မတောင်းခြင်း၊ ၄၁။ မစောဒနာခြင်း၊ ၄၂။ မအောက်မေ့ဖစေခြင်း၊ ၄၃။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ခြင်း။ (ဝိ၊၄။၅၅။) (ဝိ၊၄။၆၆။) (ဝိ၊၄။၇၇။) (ဝိ၊မြန်၊၄။၅၂။) (ဝိ၊မြန်၊၄။၆၁–၆၂။) (ဝိ၊မြန်၊၄။၇၁–၇၂။)

ဥက္ခေပနီယကံကို ငြိမ်းစေအပ်သော အကြောင်း ၄၃ ပါး (ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံကို ငြိမ်းစေအပ်သော အကြောင်း ၄၃ ပါး) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံကို ငြိမ်းစေအပ်သော အကြောင်း ၄၃ပါးနှင့် တူ၏။

ဥက္ခေပနီယကံကို ပြုလိုက ပြုနိုင်ကြောင်း အင်္ဂါ ၃ ပါး ၁။ သံဃာ၌ အာပတ်ကို မရှု ခြင်းကြောင့် အဓိကရဏ်းကို ပြုတတ်ခြင်း၊ ၂။ မိုက်မဲ မလိမ္မာ အာပတ်အပိုင်းခြား မရှိခြင်း၊ ၃။ အာပတ်သို့ ရောက်၍ အာပတ်ကို ရှုခြင်းငှာ အလိုမရှိခြင်း။ (ဝိ၊၅။၂၂၀။) (ဝိ၊မြန်၊၅။၃၀၇။)

ဥက္ခေပနီယကံကို မငြိမ်းစေသော အကြောင်း ၄၃ ပါး ၁။ ဥပဇ္ဈာယ်ပြုလုပ်၍ ရဟန်းခံပေးခြင်း၊ ၂။ နိဿယပေးခြင်း၊ ၃။ သာမဏေကို ပြုစုလုပ်ကျွေးစေခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာ နှစ်သက်ခြင်း၊ ၅။ ဩဝါဒသမ္မုတိရသဖြင့် ရဟန်းမတို့ကို ဆုံးမခြင်း၊ ၆။ ဥက္ခေပနီယကံပြုကြောင်း အာပတ်သို့ သင့်ရောက်ခြင်း၊ ၇။ အလားတူ ဖြစ်သော အခြားအာပတ်သို့လည်း သင့်ရောက်ခြင်း၊ ၈။ ထို့ထက် ရုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း သင့်ရောက်ခြင်း၊ ၉။ ဥက္ခေပနီယကံကို ကဲ့ရဲ့ခြင်း၊ ၁၀။ ဥက္ခေပနီယကံ ပြုသော ရဟန်းတို့ကို ကဲ့ရဲ့ခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ရှိခိုးခြင်းကို သာယာခြင်း၊ ၁၂။ ခရီးဦးကြိုဆိုခြင်းကို သာယာခြင်း၊ ၁၃။ လက်အုပ်ချီခြင်းကို သာယာခြင်း၊ ၁၄။ အရိုအသေ ပြုခြင်းကို သာယာခြင်း၊ ၁၅။ နေရာခင်းပေးခြင်းကို သာယာခြင်း၊ ၁၆။ ပကတတ်ရဟန်း၏ အိပ်ရာခင်းပေးခြင်းကို သာယာခြင်း၊ ၁၇။ ခြေဆေးရေ တည်ထားခြင်းကို သာယာခြင်း၊ ၁၈။ ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်းကို သာယာခြင်း၊ ၁၉။ သပိတ်သင်္ကန်း လှမ်းယူခြင်းကို သာယာခြင်း၊ ၂၀။ ရေချိုးရာ၌ ကျောက်ကုန်းကို ကြေးတွန်းကြေးပွတ် ပေးခြင်းကို သာယာခြင်း၊ ၂၁။ ပကတတ်ရဟန်း၏ သီလပျက်စီး ခြင်းဖြင့် စွပ်စွဲခြင်း၊ ၂၂။ ပကတတ် ရဟန်း၏ အကျင့်ပျက်စီးခြင်းဖြင့် စွပ်စွဲခြင်း၊ ၂၃။ ပကတတ် ရဟန်းကို အယူပျက်စီး ခြင်းဖြင့် စွပ်စွဲခြင်း၊ ၂၄။ အသက်မွေးမှု ပျက်စီးခြင်းဖြင့် စွပ်စွဲခြင်း၊ ၂၅။ ရဟန်းအချင်းချင်း

http://www.dhammadownload.com

ကွဲပြားအောင် ကုန်းတိုက်ခြင်း၊ ၂၆။ လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို ဆောင်ခြင်း (ဝတ်ခြင်း)၊ ၂၇။ တိတ္ထိတို့၏ တံခွန်ဖြစ်သော အဝတ်ကို ဆောင်ခြင်း (ဝတ်ခြင်း)၊ ၂၈။ တိတ္ထိတို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၂၉။ ရဟန်းတို့ကို မမှီဝဲ မဆည်းကပ်ခြင်း၊ ၃၀။ ရဟန်း ကျင့်ဝတ်၌ မကျင့်ခြင်း၊ ၃၁။ ပကတတ်ရဟန်းတို့နှင့်အတူ တစ်မိုးတည်းသော ကျောင်း၌ နေခြင်း၊ ၃၂။ တစ်မိုးတည်းသော ဇရပ်တန်ဆောင်းစသည်၌ နေခြင်း၊ ၃၃။ တစ်မိုးတည်းသော ကျောင်း၌လည်းကောင်း၊ ဇရပ်,တန်ဆောင်းစသည်၌လည်းကောင်း နေခြင်း၊ ၃၄။ ပကတတ် ရဟန်းကို မြင်လျှင် နေရာမှ မထခြင်း၊ ၃၅။ ပကတတ်ရဟန်းကို ကျောင်းတွင်း၌ လည်းကောင်း၊ ကျောင်းပြင်၌လည်းကောင်း ချုပ်ချယ်ခြင်း၊ ၃၆။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့ထားခြင်း၊ ၃၇။ ပဝါရဏာကို ဆိုင်းငံ့ထားခြင်း၊ ၃၈။ ဆိုဆုံးမမှုကို ပြုလုပ်ခြင်း၊ ၃၉။ အကြီးအမှူး အရာကို ယူခြင်း၊ ၄၀။ အခွင့်ရေး တောင်းခြင်း၊ ၄၁။ စောဒနာခြင်း (အပြစ်တင်ခြင်း)၊ ၄၂။ အောက်မေ့စေခြင်း၊ ၄၃။ ပကတတ်ရဟန်းတို့နှင့် ရောယှက်ခြင်း။ (ဝိ၊၄။၅၄။) (ဝိ၊၄။၆၃။) (ဝိ၊၄။၆၅။) (ဝိ၊၄။၇၆။) (ဝိ၊မြန်၊၄။၅၀-၅၁။) (ဝိ၊မြန်၊၄။၅၉။) (ဝိ၊မြန်၊၄။၆၀။) (ဝိ၊မြန်၊၄။၇၀-၇၁။)

ဥက္ခေပနီယကံကို မငြိမ်းစေအပ်သော အကြောင်း ၄၃ ပါး (အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံကို မငြိမ်းစေသော အကြောင်း ၄၃ ပါး) ဥက္ခေပနီယကံကို မငြိမ်းစေအပ်သော အကြောင်း ၄၃ ပါးနှင့် တူသည်။

ဥက္ခေပနီယကံကို မငြိမ်းစေအပ်သော အကြောင်း ၄၃ ပါး (ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံကို မငြိမ်းစေအပ်သော အကြောင်း ၄၃ ပါး) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံကို မငြိမ်းစေအပ်သော အကြောင်း ၄၃ပါးနှင့် တူ၏။

ဥက္ခေပနီယက် ကျင့်ဝတ် ၄၃ ပါး (အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယက် ကျင့်ဝတ် ၄၃ ပါး) ဥက္ခေပနီယကံ၌ ကျင့်ဝတ် ၄၃ ပါးနှင့် တူသည်။

ဥက္ခေပနီယက် ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး နိဿယက် ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး၊ ပဗ္ဗာဇနီယက် ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါး နှင့် ပဋိသာရဏီယက် ငြိမ်းအေးခြင်း၏ စလယ်ဆုံး ၃ ပါးတို့နှင့် တူသည်။

ဥက္ခေပနီယကံ၌ ကျင့်ဝတ် ၄၃ ပါး ၁။ ဥပဇ္ဈာယ်ဆရာ ပြုလုပ်၍ ရဟန်းခံ မပေးရခြင်း၊ ၂။ နိဿယည်း မပေးရခြင်း၊ ၃။ သာမဏေကို မပြုစုမလုပ်ကျွေးစေရခြင်း၊ ၄။ ရဟန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို မသာယာရခြင်း၊ ၅။ ဩဝါဒသမ္မုတိရသော်လည်း ရဟန်းမတို့ကို မဆုံးမရခြင်း၊ ၆။ ဥက္ခေပနီယကံပြုကြောင်း အာပတ်သို့ မလားရောက်ရခြင်း၊ ၇။ အလားတူ ဖြစ်သော အခြားအာပတ်သို့လည်း မလားရောက်ရခြင်း၊ ၈။ ထို့ထက် ရုန့်ရင်းကြမ်းတမ်းသော အာပတ်သို့လည်း မလားရောက်ရခြင်း၊ ၉။ ဥက္ခေပနီယကံကို မကဲ့ရဲ့ရခြင်း၊ ၁၀။ ဥက္ခေပနီယက် ပြုသော ရဟန်းတို့ကို မကဲ့ရဲ့ရခြင်း၊ ၁၁။ ပကတတ်ရဟန်း၏ ရှိခိုးခြင်းကို မသာယာရခြင်း၊ ၁၂။ ပကတတ်ရဟန်း၏ ခရီးဦးကြိုဆိုခြင်းကို မသာယာရခြင်း၊ ၁၃။ လက်အုပ်ချီခြင်းကို မသာယာရခြင်း၊ ၁၄။ အရိုအသေပြုခြင်းကို မသာယာရခြင်း၊

http://www.dhammadownload.com

၁၅။ နေရာခင်းပေးခြင်းကို မသာယာခြင်း၊ ၁၆။ အိပ်ရာခင်းပေးခြင်းကို မသာယာရခြင်း၊ ၁၇။ ခြေဆေးရေ တည်ထားခြင်းကို မသာယာခြင်း၊ ၁၈။ ခြေဆေးအင်းပျဉ်နှင့် ခြေပွတ်အိုးခြမ်းထားခြင်းကို မသာယာရခြင်း၊ ၁၉။ သပိတ်သင်္ကန်း လှမ်းယူခြင်းကို မသာယာရခြင်း၊ ၂၀။ ရေချိုးရာ၌ ကျောက်ကုန်းကို ကြေးတွန်းကြေးပွတ်ပေးခြင်းကို မသာယာရခြင်း၊ ၂၁။ ပကတတ်ရဟန်း၏ သီလပျက်စီးမှုကို မစွပ်စွဲရခြင်း၊ ၂၂။ ပကတတ်ရဟန်း၏ အကျင့်ပျက်စီးမှုကို မစွပ်စွဲရခြင်း၊ ၂၃။ ပကတတ်ရဟန်းကို အယူပျက်စီးမှုဖြင့် မစွပ်စွဲရခြင်း၊ ၂၄။ ပကတတ်ရဟန်းကို အသက်မွေးခြင်း ပျက်စီးမှုဖြင့် မစွပ်စွဲရခြင်း၊ ၂၅။ ရဟန်းအချင်းချင်း ကွဲပြားအောင် မပြုလုပ်ရခြင်း၊ ၂၆။ လူတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဆောင်ရခြင်း၊ ၂၇။ တိတ္ထိတို့၏ တံခွန်ဖြစ်သော အဝတ်ကို မဆောင်ရခြင်း၊ ၂၈။ တိတ္ထိတို့ကို မမှီဝဲမဆည်းကပ်ရခြင်း၊ ၂၉။ ရဟန်းတို့ကိုသာ မှီဝဲဆည်းကပ်ရခြင်း၊ ၃၀။ ရဟန်းကျင့်ဝတ်၌ ကျင့်ရခြင်း၊ ၃၁။ ပကတတ်ရဟန်းတို့နှင့် တစ်မိုးတည်းသော ကျောင်း၌ မနေရခြင်း၊ ၃၂။ တစ်မိုးတည်းသော ဧရပ်,တန်ဆောင်းစသည်၌ မနေရခြင်း၊ ၃၃။ တစ်မိုးတည်းသော ကျောင်း၌လည်းကောင်း၊ ဧရပ်,တန်ဆောင်းစသည်၌လည်းကောင်း မနေရခြင်း၊ ၃၄။ ပကတတ်ရဟန်းကို မြင်လျှင် နေရာမှ ထရခြင်း၊ ၃၅။ ပကတတ်ရဟန်းကို ကျောင်းတွင်း၌ လည်းကောင်း၊ ကျောင်းပြင်၌လည်းကောင်း မချုပ်ချယ်ရခြင်း၊ ၃၆။ ပကတတ်ရဟန်း၏ ဥပုသ်ကို ဆိုင်းငံ့မထားရခြင်း၊ ၃၇။ ပဝါရဏာကို ဆိုင်းငံ့မထားရခြင်း၊ ၃၈။ ဆုံးမမှုကို မပြုလုပ်ရခြင်း၊ ၃၉။ အကြီးအမှူးအရာကို မယူရခြင်း၊ ၄၀။ အခွင့်ရေး မတောင်းဆိုရခြင်း၊ ၄၁။ မစောဒနာရခြင်း (အပြစ်မတင်ရခြင်း)၊ ၄၂။ မအောက်မေ့စေရခြင်း၊ ၄၃။ ပကတတ်ရဟန်းတို့နှင့် မရောယှက်ရခြင်း။ (ဝိ၊၄။၅၂။) (ဝိ၊၄။၇၅။) (ဝိ၊မြန်၊၄။၄၉။) (ဝိ၊မြန်၊၄။၆၉။)

ဥက္ခေပနီယကံ၌ ကျင့်ဝတ် ၄၃ ပါး (ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌ ကျင့်ဝတ် ၄၃ ပါး) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌ ကျင့်ဝတ် ၄၃ပါးနှင့် တူ၏။

ဥက္ခေပနီယကံ၌ တရားသော ဝိနည်းက် ၁၂ ပါး (အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌ တရားသော ဝိနည်းက် ၁၂ ပါး) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော တရားသော ဥက္ခေပနီယကံ အင်္ဂါ ၁၂ ပါးနှင့် တူ၏။

ဥက္ခေပနီယကံ၌ တရားသော ဝိနည်းက် ၁၂ ပါး (ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌ တရားသော ဝိနည်းက် ၁၂ ပါး) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌ တရားသော ဝိနည်းက် ၁၂ ပါးနှင့် တူ၏။

ဥက္ခေပနီယကံ၌ မတရားသော ဝိနည်းက် ၁၂ ပါး (အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌ မတရားသော ဝိနည်းက် ၁၂ ပါး) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော မတရားသော ဥက္ခေပနီယကံ အင်္ဂါ ၁၂ ပါးနှင့် တူ၏။

ဥက္ခေပနီယကံ၌ မတရားသော ဝိနည်းက် ၁၂ ပါး (ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌ မတရားသော ဝိနည်းက် ၁၂ ပါး) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ၌ မတရားသော ဝိနည်းက် ၁၂ ပါးနှင့် တူ၏။

http://www.dhammadownload.com

ဥက္ခေပနီယကံ ပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါး ၁။ မျက်ကွယ် မျက်မှောက်၌ ငြင်းခုံလျက် သံဃာ၌ အဓိကရဏ်းကို ပြုလုပ်ခြင်း၊ အာပတ်များပြား၍ အပိုင်းအခြားမရှိသူ ဖြစ်ခြင်း၊ လူတို့နှင့် ရောယှက်နေထိုင်ခြင်း၊ ၂။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း၊ အကျင့်အရာ၌ အကျင့်ပျက်စီးခြင်း၊ အယူဝါဒအရာ၌ အယူဝါဒပျက်စီးခြင်း၊ ၃။ ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ ၄။ ရဟန်းတစ်မျိုးသည် မျက်မှောက် မျက်ကွယ်၌ ငြင်းခုံလျက် သံဃာ၌ အဓိကရဏ်းကို ပြုလုပ်တတ်ခြင်း၊ အာပတ်များပြား၍ အပိုင်းအခြားမရှိသူ ဖြစ်ခြင်း၊ လူတို့နှင့် ရောယှက်နေထိုင်ခြင်း၊ ၅။ မြင့်မြတ်သော သီလအရာ၌ သီလပျက်စီးခြင်း၊ အကျင့်အရာ၌ အကျင့်ပျက်စီးခြင်း၊ အယူဝါဒအရာ၌ အယူဝါဒပျက်စီးခြင်း၊ ၆။ ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။ (ဝိ၊၄။၅၁။) (ဝိ၊၄။၆၂။) (ဝိ၊၄။၇၃။) (ဝိ၊မြန်၊၄။၄၈။) (ဝိ၊မြန်၊၄။၅၇-၅၈။) (ဝိ၊မြန်၊၄။၆၈-၆၉။)

ဥက္ခေပနီယကံ ပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါး (အာပတ်ကို မကုစားခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ ပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါး) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ ပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါးနှင့် တူ၏။

ဥက္ခေပနီယကံ ပြုလိုက ပြုနိုင်သောအကြောင်း ၆ ပါး (ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံ ပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါး) အာပတ်ကို မရှုခြင်းကြောင့် နှင်ထုတ်အပ်သော ဥက္ခေပနီယကံပြုလိုက ပြုနိုင်သော အကြောင်း ၆ ပါးနှင့် တူ၏။

ဥက္ခိတ္တက ရဟန်း၏ အင်္ဂါ ၃ ပါး ၁။ အာပတ်ကို မရှုခြင်း၊ ၂။ အာပတ်ကို မကုစားခြင်း၊ ၃။ ယုတ်မာသော အယူကို မစွန့်ခြင်း။ (ဝိ၊၂။၂၉၈။) (ဝိ၊မြန်၊၂။၃၃၈။)

ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်၌ အင်္ဂါ ၂ ပါး ၁။ မပြုရသေးသော သြသာရဏကံရှိသူ ဖြစ်ခြင်း၊ ၂။ ထိုသို့သိလျက် အတူတကွ သုံးဆောင်ခြင်း အစရှိသော အမှုကို ပြုခြင်း။ (ဝိမတိ၊၂။၄၉။)

ဥက္ခိတ္တသမ္ဘောဂ သိက္ခာပုဒ်၌ အင်္ဂါ ၃ မျိုး ၁။ မပြုအပ်သေးသော သြသာရဏကံရှိသူ ဖြစ်ခြင်း၊ ၂။ သိခြင်း၊ ၃။ အမိသသမ္ဘောဂ ဓမ္မသမ္ဘောဂ စသည်ကို ပြုခြင်း။ (သာရတ္ထ၊ဋီ၊၃။၈၉။)

အောက်ချင်းငှက်နှင့် ယောဂီ အင်္ဂါ ၂ ပါး ၁။ အောက်ချင်းငှက်မသည် မိမိလင်၏ ငြူစူခြင်းကြောင့် သားငယ်တို့ကို မကျွေးမွေးခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် မိမိစိတ်၌ ကိလေသာဖြစ်သော် ငြူစူ၍ မနောဒွါရ၌ ကာယဂတာသတိကို ပွားရခြင်း)၊ ၂။ အောက်ချင်း ငှက်မသည် တောင်၌ တစ်နေ့ပတ်လုံး ကျက်စားရာအရပ်သို့ လှည့်လည်၍ ညဉ့်၌ မိမိ၏ လုံခြုံခြင်းငှာ ငှက်အပေါင်းသို့ ကပ်ခြင်း (ထို့အတူ ယောဂီပုဂ္ဂိုလ်သည် သံယောဇဉ်မှ လွတ်ခြင်းငှာ တစ်ယောက်တည်း ဆိတ်ငြိမ်ရာအရပ်ကို မှီဝဲရခြင်း ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်မှုကို မရသည်ရှိသော် ကဲ့ရဲ့စွပ်စွဲမှုဘေးမှ စောင့်ထိန်းရန် သံဃာ့ဘောင်သို့ ဝင်၍ သံဃာ အစောင့် အရှောက်ဖြင့် နေရခြင်း)။ (မိလိန္ဒ။၃၈၇။) (မိလိန္ဒ၊မြန်။၄၀၉။)

http://www.dhammadownload.com

အောက်မေ့ထိုက်သော တရား ၆ မျိုး ၁။ မေတ္တာရှိသော ကိုယ်အမှု၊ ၂။ မေတ္တာရှိသော နှုတ်အမှု၊ ၃။ မေတ္တာရှိသော နှလုံးသွင်းမှု၊ ၄။ တရားသဖြင့် ရရှိကုန်သော လာဘ်တို့ကို သီတင်းသုံးဖော်တို့နှင့် အတူ ခွဲဝေသုံးဆောင်ခြင်း၊ ၅။ လုံးဝ သန့်ရှင်းစင်ကြယ်သော သီလနှင့် ပြည့်စုံခြင်း၊ ၆။ ဖြူစင်သော ဝင့်ဆင်းရဲမှ ထွက်မြောက်တတ်သော မဂ်ဖိုလ်နှင့် ယှဉ်သော ဝိပဿနာသမ္မာဒိဋ္ဌိနှင့် ပြည့်စုံခြင်း။ (မ၊၃။၃၈။) (မ၊မြန်၊၃။၄၀။)

အောက်မေ့အပ်သော တရား ၆ ပါး ၁။ မျက်မှောက်မျက်ကွယ်၌ ကာယကံမေတ္တာ ဖြစ်စေခြင်း၊ ၂။ မျက်မှောက်မျက်ကွယ်၌ ဝစီကံမေတ္တာကို ဖြစ်စေခြင်း၊ ၃။ မျက်မှောက်မျက်ကွယ်၌ မနောကံမေတ္တာကို ဖြစ်ဓစေခြင်း၊ ၄။ တရားသဖြင့် ရအပ်သော လာဘ်တို့ကို သီတင်းသုံးဖော်တို့နှင့် အတူတကွ သုံးဆောင်ခြင်း၊ ၅။ သီလဖြူစင်လျက် မှားသောအားဖြင့် မသုံးသပ်အပ်သော သမာဓိကို ဖြစ်စေခြင်း၊ ၆။ မဂ်နှင့် ယှဉ်သော သမ္မာဒိဋ္ဌိဉာဏ်ဖြင့် သီတင်းသုံးဖော်တို့နှင့် ဉာဏ်အမြင်တူခြင်းသို့ ရောက်ခြင်း။ (ဒီ၊၃။၂၀၃။) (ဒီ၊မြန်၊၃။၂၂၆။)

အဂ္ဂပသာဒ ၄ မျိုး ၁။ သတ္တဝါအားလုံးတို့တွင် မြတ်စွာဘုရားသည် အမြတ်ဆုံး ကြည်ညိုဖွယ် ဖြစ်သည်၊ ၂။သခ်ၤတတရားတို့တွင်အဂ်ါရုစ်ပါးရှိသောအရိယာမဂ်သည်အမြတ်ဆုံးကြည်ညိုဖွယ် ဖြစ်သည်၊ ၃။ သခ်ၤတ, အသခ်ၤတတရားတို့တွင် ရာဂကင်းရာဖြစ်သော နိဗ္ဗာန်သည် အမြတ်ဆုံး ကြည်ညိုဖွယ် ဖြစ်သည်၊ ၄။ သံဃာအပေါင်း, ဂိုဏ်းအပေါင်းတို့တွင် မြတ်စွာဘုရား၏ တပည့် သံဃာတော်များသည် အမြတ်ဆုံး ကြည်ညိုဖွယ် ဖြစ်သည်။ (အံ၊၁။၃၄၃။) (အံ၊မြန်၊၁။၃၅၈။)

အဂ္ဂပသာဒတရား ၃ ပါး ၁။ သဗ္ဗညုဘုရားရှင်၌ ကြည်ညိုခြင်း၊ ၂။ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန် ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော်၌ ကြည်ညိုခြင်း၊ ၃။ မဂ္ဂင်္ဂာန်ပုဂ္ဂိုလ် လေးယောက်, ဖလင်္ဂာန်ပုဂ္ဂိုလ် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာ၌ ကြည်ညိုခြင်း။ (ခု၌က။၂၅၄။) (ခု၌က၊မြန်။၂၃၉။)

အဂ္ဂသာဝကဆုတောင်း ပြည့်ကြောင်း အင်္ဂါ ၂ ပါး ၁။ လွန်ကဲသော ကောင်းမှုကုသိုလ်တို့ကို ပြုနိုင်ရခြင်း၊ ၂။ အဂ္ဂသာဝက စသည်တို့ကို ဖြစ်လိုသော ဆန္ဒ ပြင်းပြရခြင်း။ (သုတ္တနိ၊၌၊ ၁။၄၆။)

အဂ္ဂသာဝိကာမ ၂ ပါး (ဂေါတမဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး) ၁။ ခေမာထေရီ၊ ၂။ ဥပ္ပလဝဏ္ဏာ ထေရီ။ (ထေရီ၊၌။၃၀၃။)

အင်္ဂ ၃ ပါး ၁။ တပ်မက်မှု ရာဂကိလေသာ၊ ၂။ ပြစ်မှားမှု ဒေါသကိလေသာ၊ ၃။ တွေဝေမှု မောဟ ကိလေသာ။ (အဘိ၊ဝိ။၃၈၂။) (အဘိ၊ဝိ၊မြန်၊၂။၄၇၉။)

အင်္ဂါဇာတ် တောင့်တင်းခိုင်မာခြင်း အကြောင်း ၅ မျိုး ၁။ ရာဂကြောင့် တောင့်တင်းခြင်း၊ ၂။ ကျင်ကြီးကြောင့် တောင့်တင်းခြင်း၊ ၃။ ကျင်ငယ်ကြောင့် တောင့်တင်းခြင်း၊ ၄။ လေကြောင့် တောင့်တင်းခြင်း၊ ၅။ သုတ်ပိုး ထိုးခြင်းကြောင့် တောင့်တင်းခြင်း။ (ဝိ၊၁။၄၇၊၄၈။) (ဝိ၊မြန်၊၁။ ၅၁၊၅၂။)

အင်္ဂုလိပတောဒကသိက္ခာပုဒ်၌ အင်္ဂါ ၂ မျိုး ၁။ မြူးတူးပျော်ပါးခြင်း၌ ဖြစ်သော အလိုရှိသူ ဖြစ်ခြင်း၊ ၂။ ရဟန်း၏ ကိုယ်ဖြင့် ကိုယ်ကို သုံးသပ်ခြင်း။ (သာရတ္ထ၊ဋီ၊၃။၇၉။) (ဝိမတိ၊၂။၄၂။)

http://www.dhammadownload.com

အဂုံတွာရနိကာယ်၌ နိပါတ် ၁၁ ပါး ၁။ ဧကကနိပါတ်၊ ၂။ ဒုကနိပါတ်၊ ၃။ တိကနိပါတ်၊ ၄။ စတုက္ကနိပါတ်၊ ၅။ ပဉ္စကနိပါတ်၊ ၆။ ဆက္ကနိပါတ်၊ ၇။ သတ္တကနိပါတ်၊ ၈။ အဋ္ဌကနိပါတ်၊ ၉။ နဝကနိပါတ်၊ ၁၀။ ဒသကနိပါတ်၊ ၁၁။ ဧကာဒသကနိပါတ်။ (အံ၊၆၊၁။၃။)

အင်းပျဉ် ၄ မျိုး ၁။ ထွင်းအပ်သော အခြေရှိသော အင်းပျဉ်၊ ၂။ အခြေ၌ ဖွဲ့စပ်အပ်သော အပေါင် ရှိသော အင်းပျဉ်၊ ၃။ ပုဇွန်ခြေ, မြင်းခြေသဏ္ဌာန် အခြေရှိသော အင်းပျဉ်၊ ၄။ အပေါင်၌ ထွင်း၍ သွင်းအပ်သော အခြေရှိသော အင်းပျဉ်။ (ဝိ၊၂။၅၉။) (ဝိ၊မြန်၊၂။၆၆၊၂၄၅၊၂၄၇။)

အင်းပျဉ် လှူရကျိုး ၅ ပါး ၁။ မြင့်မြတ်သော အမျိုး၌ ဖြစ်ရခြင်း၊ ၂။ စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝသူ ဖြစ်ခြင်း၊ ၃။ လူအများတို့၏ မြတ်နိုးပူဇော်မှုကို ခံရခြင်း၊ ၄။ ကောင်းသော ကျော်စောမှု ဂုဏ်သတင်း ပျံ့နှံ့ခြင်း၊ ၅။ လေးထောင့်ရှိသော ပလ္လင်တို့ကို အမြဲတမ်း ရရှိခြင်း။ (အပ၊၁၀။၃၆၆။) (အပ၊မြန်၊၁၀။၃၇၆။)

အောင်သွယ်ခြင်းကြောင့် သင့်သော အာပတ် ၃ ပါး ၁။ သံဃာဒိသိသ်အာပတ်၊ ၂။ ထုလ္လစ္စဉ်းအာပတ်၊ ၃။ ဒုက္ကဋ်အာပတ်။ (ဝိ၊၅။၉၀။) (ဝိ၊မြန်၊၅။၁၃၁။)

အိုင် ၄ မျိုး ၁။ တိမ်လျက် နက်ယောင်ရှိသော ရေအိုင်၊ ၂။ နက်လျက် တိမ်ယောင်ရှိသော ရေအိုင်၊ ၃။ တိမ်လျက် တိမ်ယောင်ရှိသော ရေအိုင်၊ ၄။ နက်လျက် နက်ယောင်ရှိသော ရေအိုင်။ (အံ၊၁၀။၄၁၉။) (အံ၊မြန်၊၁၀။၄၃၂။)

အိုင်ကြီး ၇ အိုင် ၁။ ကဏ္ဍမုဏ္ဍကအိုင်၊ ၂။ ရထကာရအိုင်၊ ၃။ သီဟပပါတအိုင်၊ ၄။ ဆန္နန္တအိုင်၊ ၅။ တိယဂ္ဂဠအိုင်၊ ၆။ အနောတတ္တအိုင်၊ ၇။ ကုဏာလဒဟအိုင်။ (ဇာ၊၆၊၅။၄၄၄။)

အိုင်နှင့် တူသော ပုဂ္ဂိုလ် ၄ မျိုး ၁။ တိမ်လျက် နက်ယောင်ရှိသော ရေအိုင်နှင့် တူသော ပုဂ္ဂိုလ်၊ ၂။ နက်လျက် တိမ်ယောင်ရှိသော ရေအိုင်နှင့် တူသော ပုဂ္ဂိုလ်၊ ၃။ တိမ်လျက် တိမ်ယောင်ရှိသော ရေအိုင်နှင့် တူသော ပုဂ္ဂိုလ်၊ ၄။ နက်လျက် နက်ယောင်ရှိသော ရေအိုင်နှင့် တူသော ပုဂ္ဂိုလ်။ (အံ၊၁၀။၄၁၉-၄၂၀။) (အံ၊မြန်၊၁၀။၄၃၂။)

အစ္ဆေကစီဝရသိက္ခာပုဒ်၌ အင်္ဂါ ၄ မျိုး ၁။ ဝိကပ္ပနာလောက်သော နောက်ဆုံးဖြစ်သော ပမာဏရှိသော အဆောတလျင် ဖြစ်စေအပ်သော သင်္ကန်းသည် မိမိသင်္ကန်း ဖြစ်ခြင်း၊ ၂။ ဆယ်ရက်လိုသေးသော သီတင်းကျွတ်လပြည့်နေ့၌ ဖြစ်ပေါ်ခြင်း၊ ၃။ အဓိဋ္ဌာန်, ဝိကပ္ပနာ မပြုရ သေးသည် ဖြစ်ခြင်း၊ ၄။ သင်္ကန်းကာလကို လွန်ခြင်း။ (သာရတ္ထ၊ဋီ၊၂။၄၄၅။) (ဝိမတိ၊၁။၃၆၁။)

အဋ္ဌရိယ ၂ မျိုး အဲ့သြခြင်း ၂ မျိုးနှင့် တူသည်။

ဥစ္စာ ၅ မျိုး ၁။ သဒ္ဓါဥစ္စာ၊ ၂။ သီလဥစ္စာ၊ ၃။ သုတဥစ္စာ၊ ၄။ စာဂဥစ္စာ၊ ၅။ ပညာဥစ္စာ။ (အံ၊၂။၄၆။) (အံ၊မြန်၊၂။၅၇။)

ဥစ္စာ ၁၆ မျိုး ၁။ သဒ္ဓါဓနံ- သဒ္ဓါတရားတည်းဟူသော ဥစ္စာ၊ ၂။ သီလဓနံ- သီလတည်းဟူသော ဥစ္စာ၊ ၃။ ဟိရီဓနံ- ဟိရီတည်းဟူသော ဥစ္စာ၊ ၄။ ဩတ္တပ္ပဓနံ- ဩတ္တပ္ပတည်းဟူသော ဥစ္စာ၊ ၅။ သုတဓနံ-အကြားအမြင် ဗဟုသုတတည်းဟူသော ဥစ္စာ၊ ၆။ စာဂဓနံ- ပေးကမ်းစွန့်ကြဲခြင်းတည်းဟူသော ဥစ္စာ၊ ၇။ ပညာဓနံ- ပညာတည်းဟူသော ဥစ္စာ၊ ၈။ သတိပဋ္ဌာန

http://www.dhammadownload.com

ဓနံ-သတိပဋ္ဌာန်းတရားတည်းဟူသော ဥစ္စာ၊ ၉။ သမ္မပွဓာနဓနံ- သမ္မပွဓာန်တရားတည်းဟူသော ဥစ္စာ၊ ၁၀။ ဣဒ္ဓိပါဒဓနံ- ဣဒ္ဓိပါဒ်တရားတည်းဟူသော ဥစ္စာ၊ ၁၁။ ဣန္ဒြိယဓနံ- ဣန္ဒြေငါးပါး တရားတည်းဟူသော ဥစ္စာ၊ ၁၂။ ဗလဓနံ- ဗိုလ်ငါးပါးတရားတည်းဟူသော ဥစ္စာ၊ ၁၃။ ဗောဇ္ဈင်္ဂဓနံ-ဗောဇ္ဈင်တရား ခုနှစ်ပါးတည်းဟူသော ဥစ္စာ၊ ၁၄။ မဂ္ဂဓနံ- မဂ်ဉာဏ် လေးပါးတည်းဟူသော ဥစ္စာ၊ ၁၅။ ဖလဓနံ- ဖိုလ် လေးပါးတည်းဟူသော ဥစ္စာ၊ ၁၆။ နိဗ္ဗာန ဓနံ- နိဗ္ဗာန် တည်းဟူသော ဥစ္စာ။ (စူဋ္ဌနိ။၉၃) (စူဋ္ဌနိ။၁၀၂။) (စူဋ္ဌနိ။၁၃၂။) (စူဋ္ဌနိ။၁၇၂။)

ဥစ္စာသယနမဟာသယန ၃ မျိုး ၁။ နတ်၌ ဖြစ်သော မြင့်သောနေရာ, မြတ်သောနေရာ- ဒိဗ္ဗ ဥစ္စာသယနမဟာသယန၊ ၂။ ဗြဟ္မာ၌ ဖြစ်သော မြင့်သောနေရာ, မြတ်သောနေရာ- ဗြဟ္မ ဥစ္စာသယနမဟာသယန၊ ၃။ အရိယာတို့၏ ဥစ္စာဖြစ်သော မြင့်သောနေရာ, မြတ်သော နေရာ- အရိယ ဥစ္စာသယနမဟာသယန။ (အံ၊၁။၁၈၂။) (အံ၊မြန်၊၁။၂၀၁။)

ဥစ္စာသယနမဟာသယန သရုပ် ၂၀ ပါး မြင့်သောနေရာ မြတ်သောနေရာ ၂၀ မျိုးနှင့် တူသည်။

ဥစ္ဆေဒဒိဋ္ဌိ ၇ မျိုး (ပြတ်စဲသည်ဟု ယူသော အယူ) ၁။ အတ္တသည် ဤလူ့ဘဝမှ သေပြီးနောက် လုံးဝပြတ်စဲသည်ဟု ယူသော အယူ၊ ၂။ အတ္တသည် ကာမာဝစရနတ်ပြည်၌ စုတိစိတ် ကျပြီးနောက် လုံးဝပြတ်စဲသည်ဟု ယူသော အယူ၊ ၃။ အတ္တသည် ဗြဟ္မာ့ဘုံသို့ ရောက်ပြီးနောက် စုတိစိတ် ကျပြီး လုံးဝပြတ်စဲသည်ဟု ယူသော အယူ၊ ၄။ အတ္တသည် အာကာသာနဥ္စာယတန ဗြဟ္မာ့ဘုံ ရောက်ပြီးမှ လုံးဝပြတ်စဲသည်ဟု ယူသော အယူ၊ ၅။ အတ္တသည် ဝိညာဏဥ္စာယတန ဗြဟ္မာ့ဘုံသို့ ရောက်ပြီးမှ လုံးဝပြတ်စဲသည်ဟု ယူသော အယူ၊ ၆။ အတ္တသည် အာကိဥ္စညာယတန ဗြဟ္မာ့ဘုံသို့ ရောက်ပြီးမှ လုံးဝပြတ်စဲသည်ဟု ယူသော အယူ၊ ၇။ အတ္တသည် နေဝသညာ နာသညာယတနဗြဟ္မာဘုံသို့ ရောက်ပြီးမှ လုံးဝ ပြတ်စဲသည်ဟု ယူသော အယူ၊ (ဒီ၊၁။ ၃၀၊၃၃။) (ဒီ၊မြန်၊၁။၃၆။)

ဥစ္ဆေဒဒိဋ္ဌိကို ယူသော ပုဂ္ဂိုလ် ၂ မျိုး ၁။ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိသော ပုဂ္ဂိုလ်၊ ၂။ ဒိဗ္ဗစက္ခု အဘိညာဉ်ကို မရရှိသော ပုဂ္ဂိုလ်၊ (ဒီ၊ဋ္ဌ၊၁။၁၁၀။) (ဒီ၊ဋ္ဌ၊မြန်၊၁။၂၁၄။)

ဥစ္ဆေဒဒိဋ္ဌိဖြင့် နှလုံးသွင်းပုံ ၅ မျိုး ၁။ ပုထုဇဉ်ပုဂ္ဂိုလ်သည် ရုပ်ကို အတ္တအဖြစ် အဖန်ဖန် ရှု၏၊ ၂။ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဝေဒနာကို အတ္တအဖြစ် အဖန်ဖန်ရှု၏၊ ၃။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သညာကို အတ္တအဖြစ် အဖန်ဖန်ရှု၏၊ ၄။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သင်္ခါရတို့ကို အတ္တအဖြစ် အဖန်ဖန်ရှု၏၊ ၅။ ပုထုဇဉ်ပုဂ္ဂိုလ်သည် ဝိညာဏ်ကို အတ္တအဖြစ် အဖန်ဖန်ရှု၏။ (ပဋိသံ။၁၄၈။) (ပဋိသံ၊ မြန်။၁၉၁-၁၉၂။)

အဇ္ဈာသယ ၆ ပါး ၁။ ကာမဂုဏ်မှ ထွက်မြောက်လိုသော ဆန္ဒ- နေက္ခမ္မအဇ္ဈာသယ၊ ၂။ ကိလေသာ တို့မှ ကင်းလိုသောဆန္ဒ- ပဝိဝေကအဇ္ဈာသယ၊ ၃။ မတပ်မက် မတွယ်တာ လိုသော ဆန္ဒ- အလောဘအဇ္ဈာသယ၊ ၄။ အမျက်မထွက်လိုသော ဆန္ဒ-အဒေါသအဇ္ဈာသယ၊ ၅။ မတွေဝေ လိုသော ဆန္ဒ- အမောဟအဇ္ဈာသယ၊ ၆။ ဝဋ်မှ ထွက်မြောက်ရာ နိဗ္ဗာန်ကို အလိုရှိသော ဆန္ဒ- နိဿရဏအဇ္ဈာသယ။ (ဒီ၊ဋီ၊၁။၇၃။) (သီ၊ဋီ၊သစ်၊၁။၉၉။)

အဇ္ဈာသယ ၄ မျိုး အာသယ ၄ မျိုးနှင့် တူသည်။

http://www.dhammadownload.com

အဖွဲ့တွ ၄ မျိုး ၁။ မိမိကိုယ်ကို စွဲ၍ ဖြစ်သော အာရုံ– ဂေါစရဖွဲ့တွ၊ ၂။ မိမိသန္တာန်၌ ဖြစ်သော မိမိ ဥစ္စာဟု စွဲယူကြောင်းဖြစ်သော ရုပ်နာမ်အစု– နိယကဖွဲ့တွ၊ ၃။ မိမိသန္တာန်၌ ဖြစ်သော အတွင်း ကျသော တရား, အဖွဲ့တွိကာယတန ၆ ပါး, အဖွဲ့တွဖွဲ့တွ၊ ၄။ အစိုးရသော ပိုင်နိုင်သော တရား ဟူသော အဖွဲ့တွ, မိမိသန္တာန်၌ ဖြစ်သော အစိုးရပိုင်နိုင်သော တရား– ဝိသယဖွဲ့တွ။ (ကထာဝတ်၊ ဋ္ဌ။၃၂၈။) (ပဋိသံ၊ဋ္ဌ၊၁။၃၁။)

အဖွဲ့တွတဏှာဝိစရိတ ၁၈ ပါး အတွင်းသန္တာန်ကို စွဲ၍ ဖြစ်သော တဏှာ ၁၈ ပါးနှင့် တူသည်။

အဖွဲ့တွဗဟိဒ္ဓတရားကို စွန့်လိုသော ရဟန်း၏ စွန့်ရုပ် ၄ မျိုး ၁။ မိမိ၏ ရဟန်း အရိယာဇာတ် တည်းဟူသော သီလ၌ တည်ရခြင်း၊ ၂။ ဒုက္ခကို ဖြစ်စေတတ်သော မိမိအတွဘောကို စက်ဆုပ်ခြင်း၊ ၃။ မိတ်ဆွေကောင်းကို မှီရခြင်း၊ ၄။ အတိုင်းထက်အလွန် ပြင်းပြင်းထန်ထန် လုံ့လ အားအစွမ်းကို ပြုရခြင်း။ (သုတ္တနိ၊ဋ္ဌ၊၁။၁၃။)

အဖွဲ့တွဝိညာဏ ၆ ပါး ၁။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော စက္ခုဝိညာဏ်၊ ၂။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော သောတ ဝိညာဏ်၊ ၃။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော ဃာနဝိညာဏ်၊ ၄။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော ဇိဝှါဝိညာဏ်၊ ၅။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော ကာယဝိညာဏ်၊ ၆။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော မနောဝိညာဏ်။ (အဘိ၊ဝိ။၁၁။) (အဘိ၊ဝိ၊မြန်၊၁။၂၂။)

အဖွဲ့တွသညာ ၆ ပါး ၁။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ ဖြစ်သော စက္ခု သမ္ဖဿဇာ သညာ၊ ၂။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ ဖြစ်သော သောတသမ္ဖဿဇာ သညာ၊ ၃။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ ဖြစ်သော ဃာနသမ္ဖဿဇာ သညာ၊ ၄။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ ဖြစ်သော ဇိဝှါသမ္ဖဿဇာ သညာ၊ ၅။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ ဖြစ်သော ကာယသမ္ဖဿဇာ သညာ၊ ၆။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ ဖြစ်သော မနောသမ္ဖဿဇာ သညာ။ (အဘိ၊ဝိ။၆။) (အဘိ၊ဝိ၊မြန်၊၁။၁၁။)

အဖွဲ့တွသဒ်္ဓါရ ၆ ပါး ၁။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော စက္ခုသမ္ဖဿဇာ စေတနာ၊ ၂။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော သောတသမ္ဖဿဇာ စေတနာ၊ ၃။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြား ဖြစ်သော ဃာနသမ္ဖဿဇာ စေတနာ၊ ၄။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော ဇိဝှါသမ္ဖဿဇာ စေတနာ၊ ၅။ ထိုထိုသတ္တဝါတို့အား မိမိတို့၏ အတွင်း သန္တာန်၌ သီးခြားဖြစ်သော ကာယသမ္ဖဿဇာ စေတနာ၊ ၆။ ထိုထို သတ္တဝါတို့အား မိမိတို့၏ အတွင်းသန္တာန်၌ သီးခြားဖြစ်သော မနောသမ္ဖဿဇာ စေတနာ။ (အဘိ၊ဝိ။၈။) (အဘိ၊ဝိ၊မြန်၊၁။၁၇။)

အဖွဲ့တွသန္တာန်၌ အကျိုးမဲ့ကို ဖြစ်စေတတ်သော တရား ၃ ပါး ၁။ လောဘ၊ ၂။ ဒေါသ၊ ၃။ မောဟ။ (စူဠနိ။၂၅၂။)

http://www.dhammadownload.com

အဗျတ္တိကာယတန ၆ ပါး အတွင်းအာယတန ၆ ပါး၊ ပိုင်းခြား၍သိအပ်သော တရား ၆ ပါး၊ ပရိညေယျ တရား ၆ ပါးတို့နှင့် တူသည်။

အဗျတ္တိကာယတန ဗာဟိရာယတန ၆ ပါးစီ အတွင်းအာယတန, အပြင်အာယတန ၆ မျိုးစီနှင့် တူသည်။

အဗျတ္တိန္ဒြေ ၆ ပါး ၁။ စက္ခုန္ဒြေ၊ ၂။ သောတိန္ဒြေ၊ ၃။ ဃာနိန္ဒြေ၊ ၄။ ဇိဝှိန္ဒြေ၊ ၅။ ကာယိန္ဒြေ၊ ၆။ မနိန္ဒြေ။ (သံ၊၃။၁၈၀။) (သံ၊မြန်၊၃။၁၈၆၊၁၈၈။) (သံ၊မြန်၊၃။၁၈၆၊၁၈၈။) (သံ၊၃။၁၈၄။)

ဥဗ္ဘာပနကသိက္ခာပုဒ်၌ အင်္ဂါ ၆ မျိုး ၁။ ဓမ္မကံဖြင့် သမ္မုတိရထားသူ ဖြစ်ခြင်း၊ ၂။ ရဟန်း ဖြစ်ခြင်း၊ ၃။ အဂတိလိုက်မှု မရှိခြင်း၊ ၄။ ထိုသမ္မုတိရသော ရဟန်းအား ကဲ့ရဲ့လိုသူ ဖြစ်ခြင်း၊ ၅။ အကြင်သူ၏ အထံ၌ ပြော၏၊ ထိုသူသည် ရဟန်း ဖြစ်ခြင်း၊ ၆။ ကဲ့ရဲ့ပြောဆိုခြင်း, အပြစ်ကို ပြကာ ရှုတ်ချပြောဆိုခြင်း။ (သာရတ္ထ၊ဋီ၊၃။၂၅။) (ဝိမတိ၊၂။၁၄။)

ဧည့်သည် ၂ မျိုး ၁။ အတိထိ- ပြုအပ်ပြီးသော သိက္ခာမ်းခြင်းရှိ၍ ပင့်ဖိတ်အပ်သော ဧည့်သည်၊ ၂။ အဇ္ဈာဂတ- ပြုအပ်ပြီးသော သိက္ခာမ်းခြင်းမရှိမူ၍ မပင့်ဖိတ်အပ်သော ဧည့်သည်။ (ဝိမာန၊ ၄။၂၀။)

ဧည့်သည်တို့အား ပေးလှူခြင်း ၂ မျိုး ၁။ ဧည့်သည် အာဂန္တုကတို့အား ပစ္စည်းကို ပေးလှူခြင်း- အာမိသာတိထေယျ၊ ၂။ ဧည့်သည်အာဂန္တုကတို့အား တရားပေးလှူခြင်း- ဓမ္မာတိထေယျ။ (အံ၊၁။၉၂။) (အံ၊မြန်၊၁။၁၀၈။)

အင်္ဂက စသော ရသေ့တို့၏ တပည့်ပုဏ္ဏား ၅ ယောက် ၁။ ဗြဟ္မာနှင့်တူသော ပုဏ္ဏား၊ ၂။ နတ်နှင့်တူသော ပုဏ္ဏား၊ ၃။ စည်းကမ်းရှိသော ပုဏ္ဏား၊ ၄။ စည်းကမ်းပျက်သော ပုဏ္ဏား၊ ၅။ ဒွန်း စဏ္ဍားနှင့် တူသော ပုဏ္ဏား။ (အံ၊၂။၁၉၇။) (အံ၊၂။၂၀၂။) (အံ၊မြန်၊၂။၂၅၀။) (အံ၊မြန်၊၂။၂၅၀။)

အင်္ဂကထာ ဖွင့်ဆိုနည်း ၆ မျိုး ၁။ သမ္မန္န- ဒေသနာတော်၏ အဆက်အစပ် အနုသန္ဓေအားဖြင့် ဖွင့်ဆိုခြင်း၊ ၂။ ပဒ- စဝံ တစ်ပုဒ် မေ တစ်ပုဒ် စသည်ဖြင့် ဖွင့်ပြခြင်း၊ ၃။ ပဒဝိဘာဂ- စဝံသည် နိပါတ်ပုဒ်, မေသည် နာမ်ပုဒ် စသည်ဖြင့် ပုဒ်တို့ကို ဝေဖန်ခွဲခြားသောအားဖြင့် လည်းကောင်း၊ ပဒဝိဂ္ဂဟကိုလည်းကောင်း ဖွင့်ပြခြင်း၊ ၄။ ပဒတ္ထ- ပုဒ်တို့၏အနက်ကို ပြသော အားဖြင့် ဖွင့်ဆိုခြင်း၊ ၅။ အနုယောဂ- ယုံမှားသံသယရှိလောက်သော နေရာတို့၌ မေးမြန်း၍ စောဒနာသောအားဖြင့် ဖွင့်ပြခြင်း၊ ၆။ ပရိဟာရ- အမေးကို ဖြေသောအားဖြင့် ဖွင့်ပြခြင်း။ (ဒီ၊ဋီ၊၁။၃၄။)

အင်္ဂကထာလာ ဝိနည်းဓိရ်ပုဂ္ဂိုလ် ရအပ်သော အကျိုး ၆ မျိုး ၁။ ဥပုသ်ကံ အားလုံးကို ဆောင်နိုင်ခြင်း၊ ၂။ ပဝါရဏာကံ အားလုံးကို ဆောင်နိုင်ခြင်း၊ ၃။ ကြွင်းသော သံဃာ့ကံ များကို ဆောင်နိုင်ခြင်း၊ ၄။ ဥပဇ္ဈာယ်ဆရာပြုလုပ်၍ ရှင်သာမဏေငယ် ပြုပေးနိုင်ခြင်း၊ ၅။ ဥပဇ္ဈာယ်ဆရာပြုလုပ်၍ ရဟန်းခံပေးနိုင်ခြင်း၊ ၆။ နိဿယညှိပေး၍ သာမဏေကို ပြုစုနိုင်ခြင်း။ (ဝိ၊ဋ္ဌ၊၃။၁၄၄။)

http://www.dhammadownload.com

အဋ္ဌကမြို့သား ဒဿမသူကြွယ်အား အရှင်အာနန္ဒာ ဟောကြားခဲ့သော တစ်ခုသော တရား (ဧကဓမ္မ) ၁၁ မျိုး ၁။ ပဌမစျာန်တရား၊ ၂။ ဒုတိယစျာန်တရား၊ ၃။ တတိယစျာန်တရား၊ ၄။ စတုတ္ထစျာန်တရား၊ ၅။ မေတ္တာစျာန်တရား၊ ၆။ ကရုဏာစျာန်တရား၊ ၇။ မုဒိတာစျာန် တရား၊ ၈။ ဥပေက္ခာစျာန်တရား၊ ၉။ အာကာသာနဉ္စာယတနစျာန်တရား၊ ၁၀။ ဝိညာဏဉ္စာယတန စျာန်တရား၊ ၁၁။ အာကိဉ္စညာယတနစျာန်တရား။ (မ၊၂။၁၃၊၁၅။) (မ၊မြန်၊၂။၁၅၊၁၆၊၁၇။)

အတ္တဒိဋ္ဌိ ဖြစ်ကြောင်း တရား ၅ ပါး ၁။ ရုပ်၊ ၂။ ဝေဒနာ၊ ၃။ သညာ၊ ၄။ သင်္ခါရ၊ ၅။ ဝိညာဏ်။ (သံ၊၂။၁၄၅–၁၅၂။) (သံ၊မြန်၊၂။၁၃၆–၁၄၄။)

အတ္တဘောကို ရခြင်း ၃ မျိုးတို့ဖြင့် ဘဝ ၃ ပါးတို့ကို ပြပုံ ၁။ ရုန့်ရင်းသော အတ္တဘောကို ရခြင်းဖြင့် အဝီစိငရဲမှ စ၍ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်အဆုံးရှိသော ကာမဘဝကို ပြ၏၊ ၂။ စျာန်စိတ်ဖြင့် ပြီးသော အတ္တဘောကို ရခြင်းဖြင့် ပထမစျာန်ဘုံမှ စ၍ အကနိဋ္ဌဗြဟ္မာဘုံ အဆုံးရှိသော ရူပဘဝကို ပြ၏၊ ၃။ ရုပ်မရှိသော အတ္တဘောကို ရခြင်းဖြင့် အာကာသာနဉ္စာယတနဗြဟ္မာဘုံမှ စ၍ နေဝသညာနာသညာယတနဘုံ အဆုံးရှိသော အရူပဘဝကို ပြ၏။ (ဒီ၊ဋ္ဌ၊၁။၃၁၃။) (ဒီ၊ဋ္ဌ၊မြန်၊၁။၆၀၇–၆၀၈။)

အတ္တဘောကို ရရှိခြင်း ၄ မျိုး ၁။ မိမိ၏ စေတနာဟူသော အကြောင်းကြောင့်သာ အတ္တဘောကို ရ၍ သူတစ်ပါး၏ စေတနာဟူသော အကြောင်းကြောင့် အတ္တဘော မရခြင်း၊ ၂။ သူတစ်ပါး၏ စေတနာဟူသော အကြောင်းကြောင့်သာ အတ္တဘောကို ရ၍ မိမိ၏ စေတနာဟူသော အကြောင်းကြောင့် အတ္တဘောကို မရခြင်း၊ ၃။ မိမိ၏ စေတနာ သူတစ်ပါး၏ စေတနာဟူသော နှစ်ပါးစုံသော အကြောင်းကြောင့် အတ္တဘောကို ရခြင်း၊ ၄။ မိမိ၏ စေတနာလည်း မဟုတ်, သူတစ်ပါး၏ စေတနာလည်း မဟုတ်သော အကြောင်းကြောင့် အတ္တဘောကို ရခြင်း။ (အံ၊၁။၄၇၇။) (အံ၊မြန်၊၁။၄၉၁။)

အတ္တဘောရခြင်း ၃ မျိုး ၁။ ကြမ်းတမ်း ထင်ရှားသော အတ္တဘောကို ရခြင်း၊ ၂။ စျာန်စိတ်ဖြင့် ပြီးသော အတ္တဘောကို ရခြင်း၊ ၃။ ရုပ်မရှိသော နာမ်အတ္တဘောကို ရခြင်း။ (ဒီ၊၁။၁၈၀။) (ဒီ၊မြန်၊၁။၂၂၁။)

အတ္တဝါဒပဋိသံယုတ္တ ဒိဋ္ဌိဖြင့် နှလုံးသွင်းပုံ ၂၀ မျိုး (ဤလောကဌ္ဌ ပုထုဇဉ်ပုဂ္ဂိုလ်သည်) ၁။ ရုပ်ကို အတ္တအားဖြင့် ရှုခြင်း၊ ၂။ ရုပ်ရှိသော အတ္တကိုလည်း ရှုခြင်း၊ ၃။ အတ္တ၌ ရုပ်ကိုလည်း ရှုခြင်း၊ ၄။ ရုပ်၌ အတ္တကိုလည်း ရှုခြင်း၊ ၅။ ဝေဒနာကို အတ္တအားဖြင့် ရှုခြင်း၊ ၆။ ဝေဒနာရှိသော အတ္တကို ရှုခြင်း၊ ၇။ အတ္တ၌ ဝေဒနာကို ရှုခြင်း၊ ၈။ ဝေဒနာ၌ အတ္တကို ရှုခြင်း၊ ၉။ သညာကို အတ္တအားဖြင့် ရှုခြင်း၊ ၁၀။ သညာရှိသော အတ္တကို ရှုခြင်း၊ ၁၁။ အတ္တ၌ သညာကို ရှုခြင်း၊ ၁၂။ သညာ၌ အတ္တကို ရှုခြင်း၊ ၁၃။ သင်္ခါရတို့ကို အတ္တအားဖြင့် ရှုခြင်း၊ ၁၄။ သင်္ခါရရှိသော အတ္တကို ရှုခြင်း၊ ၁၅။ အတ္တ၌ သင်္ခါရတို့ကို ရှုခြင်း၊ ၁၆။ သင်္ခါရတို့၌ အတ္တကို ရှုခြင်း၊ ၁၇။ ဝိညာဏ်ကို အတ္တအားဖြင့် ရှုခြင်း၊ ၁၈။ ဝိညာဏ်ရှိသော အတ္တကို ရှုခြင်း၊ ၁၉။ အတ္တ၌ ဝိညာဏ်ကို ရှုခြင်း၊ ၂၀။ ဝိညာဏ်၌ အတ္တကို ရှုခြင်း။ (ပဋိ၊သံ။၁၅၆။) (ပဋိ၊သံ၊မြန်။၂၀၀။)

http://www.dhammadownload.com

အတ္ထဟိတ ကျင့်၍ ပရဟိတ မကျင့်သော ပုဂ္ဂိုလ် ၅ မျိုး ၁။ မိမိသည် သီလနှင့် ပြည့်စုံ၍ သူတစ်ပါးကိုမူ သီလနှင့် ပြည့်စုံစေရန် မဆောက်တည်စေခြင်း၊ ၂။ မိမိသည် သမာဓိနှင့် ပြည့်စုံ၍ သူတစ်ပါးကိုမူ သမာဓိနှင့် ပြည့်စုံစေရန် မဆောက်တည်စေခြင်း၊ ၃။ မိမိသည် ပညာနှင့် ပြည့်စုံ၍ သူတစ်ပါးကိုမူ ပညာနှင့် ပြည့်စုံစေရန် မဆောက်တည်စေခြင်း၊ ၄။ မိမိသည် လွတ်မြောက်ခြင်း ဝိမုတ္တနှင့် ပြည့်စုံ၍ သူတစ်ပါးကိုမူ လွတ်မြောက်ခြင်း ဝိမုတ္တနှင့် ပြည့်စုံစေရန် မဆောက်တည်စေခြင်း၊ ၅။ မိမိသည် လွတ်မြောက်မှုကို ဆင်ခြင်တတ်သော "ပစ္စဝေက္ခဏော"ဉာဏ်အမြင်နှင့် ပြည့်စုံ၍ သူတစ်ပါးကိုမူ လွတ်မြောက်မှုကို ဆင်ခြင်တတ်သော "ပစ္စဝေက္ခဏာ"ဉာဏ်အမြင်နှင့် ပြည့်စုံစေရန် မဆောက်တည်စေခြင်း။ (အံ၊၂။၁၁။) (အံ၊မြန်၊၂။၁၅။)

အတ္ထဟိတ ပရဟိတ ဆိုင်ရာ ပုဂ္ဂိုလ် ၄ မျိုး ၁။ မိမိအကျိုးစီးပွား သူတစ်ပါးအကျိုးစီးပွား နှစ်မျိုးစလုံးအတွက် မကျင့်သော ပုဂ္ဂိုလ်၊ ၂။ သူတစ်ပါးအကျိုးစီးပွား အတွက်သာ ကျင့်၍ မိမိအကျိုးစီးပွားအတွက် မကျင့်သော ပုဂ္ဂိုလ်၊ ၃။ မိမိအကျိုးစီးပွားအတွက်သာ ကျင့်၍ သူတစ်ပါးအကျိုးစီးပွားအတွက် မကျင့်သော ပုဂ္ဂိုလ်၊ ၄။ မိမိ အကျိုးစီးပွားအတွက်လည်း ကျင့်၊ သူတစ်ပါး အကျိုးစီးပွားအတွက်လည်း ကျင့်သော ပုဂ္ဂိုလ်။ (အံ၊၁။၄၀၇-၄၀၈။) (အံ၊၁။၄၁၀၊ ၄၁၁၊၄၁၂။) (အံ၊မြန်၊၁။၄၂၁။) (အံ၊မြန်၊၁။၄၂၁။)

အတ္ထဟိတ ပရဟိတတို့ကို ကျင့်သော ရဟန်း၏ အင်္ဂါ ၆ ပါး ၁။ ကုသိုလ်တရားတို့၌ လျင်စွာ စုံစမ်း မှတ်သားနိုင်ခြင်း၊ ၂။ ကြားနာပြီးသော တရားတို့ကို ဆောင်ထားတတ်သော သဘော ရှိခြင်း၊ ၃။ ဆောင်ထားပြီးသော တရားတို့၏ အနက်ကို စူးစမ်းဆင်ခြင်နိုင်ခြင်း၊ ၄။ ပါဠိ အနက်ကို သိ၍ တရားအားလျော်သော အကျင့်ကို ကျင့်ခြင်း၊ ၅။ ကောင်းသောစကား မြွက်ဆိုသံ ရှိခြင်း၊ ၆။ သီတင်းသုံးဖော်တို့အား တရားစကားဖြင့် တရားကျင့်သုံးရန် ထက်သန်ရှင်လန်း စေခြင်း။(အံ၊၃။၁၁၈။) (အံ၊၃။၁၄၅။) (အံ၊မြန်၊၃။၁၁၉၊၁၄၅။) (အံ၊ မြန်၊၃။၁၁၉၊ ၁၄၅။)

အတ္ထဟိတလည်း ကျင့်, ပရဟိတလည်း ကျင့်သော ပုဂ္ဂိုလ် ၄ မျိုး ၁။ မိမိလည်း သီလနှင့် ပြည့်စုံ၍ သူတစ်ပါးကိုလည်း သီလနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၂။ မိမိလည်း တည်ကြည်မှု သမာဓိနှင့် ပြည့်စုံ၍ သူတစ်ပါးကိုလည်း တည်ကြည်မှု သမာဓိနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၃။ မိမိလည်း ပညာနှင့် ပြည့်စုံ၍ သူတစ်ပါးကိုလည်း ပညာနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၄။ မိမိလည်း လွတ်မြောက်မှု ဝိမုတ္တိနှင့် ပြည့်စုံ၍ သူတစ်ပါးကိုလည်း လွတ်မြောက်မှု ဝိမုတ္တိနှင့် ပြည့်စုံစေရန် ဆောက်တည်စေခြင်း၊ ၅။ မိမိလည်း ပစ္စဝေက္ခဏာဉာဏ် အမြင်နှင့် ပြည့်စုံ၍ သူတစ်ပါးကိုလည်း ပစ္စဝေက္ခဏာဉာဏ် အမြင်နှင့် ပြည့်စုံစေရန် ဆောက်တည် စေခြင်း။ (အံ၊၂။၁၂။) (အံ၊မြန်၊၂။၁၇။)

အတ္ထဟိတလည်း မကျင့်, ပရဟိတလည်း မကျင့်သော ပုဂ္ဂိုလ် ၅ မျိုး ၁။ မိမိလည်း သီလနှင့် မပြည့်စုံ၊ သူတစ်ပါးကိုလည်း သီလနှင့် ပြည့်စုံစေရန် မဆောက်တည်စေခြင်း၊ ၂။ မိမိလည်း သမာဓိနှင့် မပြည့်စုံ၊ သူတစ်ပါးကိုလည်း သမာဓိနှင့် ပြည့်စုံစေရန် မဆောက်တည်စေခြင်း၊ ၃။ မိမိလည်း ပညာနှင့် မပြည့်စုံ၊ သူတစ်ပါးကိုလည်း ပညာနှင့် ပြည့်စုံစေရန် မဆောက်တည် စေခြင်း၊ ၄။ မိမိလည်း လွတ်မြောက်မှု ဝိမုတ္တိနှင့် မပြည့်စုံ၊ သူတစ်ပါးကိုလည်း လွတ်မြောက်မှု

http://www.dhammadownload.com

ဝိမုတ္တိနှင့် ပြည့်စုံစေရန် မဆောက်တည်စေခြင်း၊ ၅။ မိမိလည်း လွတ်မြောက်မှုကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အမြင်နှင့် မပြည့်စုံ၊ သူတစ်ပါးကိုလည်း လွတ်မြောက်မှုကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်အမြင်နှင့် ပြည့်စုံစေရန် မဆောက်တည်စေခြင်း။ (အံ၊၂။၁၁-၁၂။) (အံ၊မြန်၊၂။၁၆။)

အတ္တာဒါနာဓိကရဏ်း အင်္ဂါ ၅ ပါး ၁။ ငါယူလိုသော ဤအတ္တာဒါနာဓိကရဏ်းသည် အချိန်အခါ ဟုတ်သလော, မဟုတ်သလောဟု ဆင်ခြင်၍ ယူခြင်းငှာ အချိန်အခါ မဟုတ်ဟု သိမှ မယူရခြင်း၊ ၂။ အချိန်အခါ ဟုတ်သော်လည်း- မှန်သလော, မမှန်သလောဟု သေချာစွာ ဆင်ခြင်၍ မဟုတ်၊ မမှန်ဟု သိရမှ မယူရခြင်း၊ ၃။ ဟုတ်မှန်သော်လည်း ဤအတ္တာဒါနာဓိကရဏ်းသည် အကျိုးစီးပွားနှင့် စပ်သလော, မစပ်သလောဟု ဆင်ခြင်၍ အကျိုးစီးပွားနှင့် မစပ်ဟု သိမှ မယူရခြင်း၊ ၄။ အကျိုးစီးပွားနှင့် စပ်သော်လည်း ဤအတ္တာဒါနာဓိကရဏ်းကို ငါယူသည်ရှိသော် ဝိနည်းတရားတော်အတိုင်း အဖော်ဖြစ်သော ရင်းနှီး, မရင်းနှီးသော မိတ်ဆွေအပေါင်းအသင်း ရဟန်းတို့ကို ရမည်လော, မရမည်လောဟု ဆင်ခြင်၍ ရမည် မဟုတ်ဟု သိလျှင် မယူရခြင်း၊ ၅။ မိတ်ဆွေအပေါင်းအသင်း ရဟန်းတို့ကို ရသော်လည်း ထိုအကြောင်းကြောင့် သံဃာအား မျက်မှောက် မျက်ကွယ် ငြင်းခုံလျက် ကိုယ်လက်ထိပါး ဆန့်ကျင်ဘက် ပြောဆို ကြခြင်းသည်လည်းကောင်း၊ သံဃာကွဲပြားခြင်းသည်လည်းကောင်း၊ သံဃာ၏ အရေးအကြောင်း သည်လည်းကောင်း၊ သံဃာခြားနားခြင်းသည်လည်းကောင်း၊ သံဃာအသီးအသီး ဖြစ်ခြင်းသည် လည်းကောင်း ဖြစ်မည်လော, မဖြစ်မည်လောဟု သေချာစွာ ဆင်ခြင်၍ ယင်းသို့ ဖြစ်မည်မဟုတ်ဟု သိလျှင် ယူရခြင်း။ (ဝိ၊၄။၄၃၄၊၄၃၅၊၄၃၆။) (ဝိ၊မြန်၊၄၊၄၃၅။)

အတ္တာနုဒိဋ္ဌိဖြင့် နလုံးသွင်းပုံ ၂၀ မျိုး ၁။ ရုပ်ကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၂။ ရုပ်ရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၃။ အတ္တ၌ ရုပ်ကိုလည်း အဖန်ဖန်ရှုခြင်း၊ ၄။ ရုပ်၌ အတ္တကိုလည်း အဖန်ဖန် ရှုခြင်း၊ ၅။ ဝေဒနာကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၆။ ဝေဒနာရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၇။ အတ္တ၌ ဝေဒနာကိုလည်း အဖန်ဖန်ရှုခြင်း၊ ၈။ ဝေဒနာ၌ အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၉။ သညာကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၁၀။ သညာရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၁။ အတ္တ၌ သညာကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၂။ သညာ၌ အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၃။ သင်္ခါရတို့ကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၁၄။ သင်္ခါရရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊၁၅။ အတ္တ၌ သင်္ခါရတို့ကိုလည်း အဖန်ဖန် ရှုခြင်း၊ ၁၆။ သင်္ခါရတို့၌ အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၇။ ဝိညာဏ်ကို အတ္တအဖြစ် အဖန်ဖန်ရှုခြင်း၊ ၁၈။ ဝိညာဏ်ရှိသော အတ္တကိုလည်း အဖန်ဖန်ရှုခြင်း၊ ၁၉။ အတ္တ၌ ဝိညာဏ် ကိုလည်း အဖန်ဖန်ရှုခြင်း၊ ၂၀။ ဝိညာဏ်၌ အတ္တကိုလည်း အဖန်ဖန်ရှုခြင်း။ ဤကား အတ္တသို့ အစဉ်လျှောက်သော ဒိဋ္ဌိ (အတ္တာနုဒိဋ္ဌိ) ကို အမှား နလုံးသွင်းသော အခြင်းအရာ (၂၀) တည်း။ (ပဋိ၊သံ။၁၃၇။) (ပဋိ၊သံ။၁၄၆။) (ပဋိ၊သံ၊မြန်။၁၇၉၊၁၈၈။) (ပဋိ၊သံ၊မြန်။၁၇၉၊၁၈၈။)

အတ္တာနုပနာယိက တရား ၁၁ ပါး ၁။ မိမိကိုယ်တိုင်လည်း သူ့အသက်သတ်ခြင်းမှ ရှောင် ကြဉ်ခြင်း၊ သူတစ်ပါးကိုလည်း သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကို ဆောက်တည်စေခြင်း, သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုခြင်း၊ ၂။ မိမိ

http://www.dhammadownload.com

ကိုယ်တိုင်လည်း မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း, သူတစ်ပါးကိုလည်း မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေခြင်း, မပေးသော ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုခြင်း၊ ၃။ မိမိကိုယ်တိုင်လည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း, သူတစ်ပါးကိုလည်း ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းကို ဆောက်တည်စေခြင်း, ကာမတို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုခြင်း၊ ၄။ မိမိကိုယ်တိုင်လည်း မမှန်မကန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း, သူတစ်ပါးကိုလည်း မမှန်မကန် ပြောခြင်းမှ ရှောင်ကြဉ်ခြင်းကို ဆောက်တည်စေခြင်း, မမှန်မကန်ပြောခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုခြင်း၊ ၅။ မိမိကိုယ်တိုင်လည်း သူ၏ကုန်းချောမှုမျိုးကို မချစ်မနှစ်သက်၊ သူတစ်ပါးအားလည်း ထိုကုန်းချောမှုမျိုးကို မချစ်မနှစ်သက်စေခြင်း, ကုန်းချောမှုမျိုးမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုခြင်း၊ ၆။ မိမိ ကိုယ်တိုင်လည်း သူ၏ကြမ်းတမ်းစွာ ပြောဆိုမှုကို မချစ်မနှစ်သက်, သူတစ်ပါးအားလည်း ကြမ်းတမ်းစွာ ပြောဆိုမှုမျိုးကို မချစ်မနှစ်သက်စေခြင်း, ကြမ်းတမ်းစွာ ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုခြင်း၊ ၇။ မိမိကိုယ်တိုင်လည်း ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း, သူတစ်ပါးကိုလည်း ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၌ ဆောက်တည်စေခြင်း, ပြိန်ဖျင်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၏ ဂုဏ်ကျေးဇူးကိုလည်း ပြောဆိုခြင်း၊ ၈။ မြတ်စွာဘုရား၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၉။ တရားတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၁၀။ သံဃာတော်၌ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံခြင်း၊ ၁၁။ မကျိုးမပေါက် မပြောက်မကျားကုန်သော, တဏှာကျွန်အဖြစ်မှ လွတ်စေကုန်သော, ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော, မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော, တည်ကြည်သော သမာဓိကို ဖြစ်စေကုန်သော, အရိယာတို့ နှစ်သက်အပ်ကုန်သော သီလနှင့် ပြည့်စုံခြင်း။ (သံ၊၃။၃၀၈။) (သံ၊မြန်၊၃။၃၀၉။)

အတ္ထ ၁၅ မျိုး ၁။ အတ္ထတ္ထ၊ ၂။ ပရတ္ထ၊ ၃။ ဥဘယတ္ထ၊ ၄။ ဒိဋ္ဌဓမ္မိကတ္ထ၊ ၅။ သမ္ပရာယိကတ္ထ၊ ၆။ ဥတ္တာနတ္ထ၊ ၇။ ဂမ္ဘီရတ္ထ၊ ၈။ ဂူဠှတ္ထ၊ ၉။ ပဋိစ္ဆန္နတ္ထ၊ ၁၀။ နေယျတ္ထ၊ ၁၁။ နီတတ္ထ၊ ၁၂။ အနဝဇ္ဇတ္ထ၊ ၁၃။ နိက္ကိလေသတ္ထ၊ ၁၄။ ဝေါဒါနတ္ထ၊ ၁၅။ ပရမတ္ထ။ (ဒီ၊ဋီ၊၁။၂၆။)

အတ္ထ ၅ မျိုး ၁။ အကြောင်းကြောင့် ဖြစ်သော အကျိုးအားလုံး၊ ၂။ နိဗ္ဗာန်၊ ၃။ ဟောကြားအပ်သော ပါဠိဓမ္မ၏ အနက်၊ ၄။ ဝိပါကအကျိုး၊ ၅။ ပြုခြင်းအမူအရာ ကြိယာ။ (ဣတိဝုတ်၊၌။၁၁၉။)

အတ္ထကာမပါရိစရိယ သိက္ခာပုဒ်၌ အင်္ဂါ ၅ မျိုး ၁။ လူမိန်းမဖြစ်ခြင်း၊ ၂။ လူမိန်းမဟု အမှတ် ရှိခြင်း၊ ၃။ မိမိသည် အလိုရှိအပ်သော ပြုစုလုပ်ကျွေးခြင်း၌ တပ်မက်ခြင်း၊ ၄။ ထိုမိမိသည် အလိုရှိအပ်သော ပြုစုလုပ်ကျွေးခြင်း၌ တပ်သော ရာဂဖြင့် ဂုဏ်ကို ပြောဆိုခြင်း၊ ၅။ ထို ပြောဆိုသော ခဏ၌ပင် အပြောခံရသော မိန်းမက သိခြင်း။ (သာရတ္ထ၊ဋီ၊၂။၃၂၅။) (ဝိမတိ၊၁။၂၆၇။)

အတ္ထဒဿီဘုရားရှင်၏ ဓမ္မာဘိသမယ ၃ ကြိမ် ၁။ ဗြဟ္မာမင်း တောင်းပန်အပ်သည်ဖြစ်၍ ရှေးဦးစွာ ဓမ္မစက္ကာတရား ဟောတော်မူသော အခါ၌ ကုဋေတစ်သိန်းသော လူနတ်ဗြဟ္မာတို့ တရားထူးရကြသည်၊ ၂။ နတ်ပြည်သို့ လှည်လည် ကြွသွားတော်မူရာအခါ၌ ကုဋေ

http://www.dhammadownload.com

တစ်သိန်းသော နတ်ဗြဟ္မာတို့ တရားထူးရပြီး ကျွတ်တမ်းဝင်ကြသည်၊ ၃။ ခမည်းတော် သဂရမင်းကြီးထံ ချဉ်းကပ်၍ တရားဟောတော်မူသော အခါ ကုဋေတစ်သိန်းသော လူ နတ် ဗြဟ္မာတို့ တရားထူးရကြသည်။ (အပ၊၂။၃၅၃။) (အပ၊မြန်၊၂။၃၅၁။)

အတ္ထဒဿီဘုရားရှင်၏ သာဝကအစည်းဝေး ၃ ကြိမ် ၁။ ပထမအကြိမ် အစည်းအဝေး၌ ရဟန္တာ ကိုးသောင်းရှစ်ထောင်၊ ၂။ ဒုတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ရှစ်သောင်းရှစ်ထောင်၊ ၃။ တတိယအကြိမ် အစည်းအဝေး၌ ရဟန္တာ ခုနှစ်သောင်းရှစ်ထောင်တို့ စည်းဝေးတော်မူ ကြသည်။ (အပ၊၂။၃၅၃။) (အဘိ၊၆၊၁။၆၆။) (အပ၊မြန်၊၂။၃၅၁။)

အတ္ထဒဿီဘုရားရှင်၏ အဂ္ဂသာဝက ၂ ပါး ၁။ သန္တထေရ်၊ ၂။ ဥပသန္တထေရ်။ (ဗုဒ္ဓဝံ၊၆။၂၅၇။) (အဘိ၊၆၊၁။၆၇။)

အတ္ထဒဿီဘုရားရှင်၏ အဂ္ဂသာဝိကာမ ၂ ပါး ၁။ ဓမ္မာထေရီ၊ ၂။ သုဓမ္မာထေရီ။ (ဗုဒ္ဓဝံ၊၆။ ၂၅၇။) (အဘိ၊၆၊၁။၆၇။)

အတ္ထဒဿီဘုရားအလောင်း၏ ပြာသာဒ် ၃ ဆောင် ၁။ အမရဂိရိမည်သော ပြာသာဒ်ဆောင်၊ ၂။ သုဂိရိမည်သော ပြာသာဒ်ဆောင်၊ ၃။ ဝါဟနမည်သော ပြာသာဒ်ဆောင်။ (အပ၊၂။၃၅၄။) (အပ၊ မြန်၊၂။၃၅၂။)

အတ္ထနယ ၄ မျိုး ၁။ ဧကတ္တနည်း၊ ၂။ နာနတ္တနည်း၊ ၃။ အဗျာပါရနည်း၊ ၄။ ဧဝံဓမ္မတာနည်း။ (ဝိသုဒ္ဓိ၊၂။၂၂၀။)

အတ္ထပဋိသမ္ဘိဒါဉ် အတ္ထ ၅ မျိုး ၁။ အကြောင်းကြောင့် ဖြစ်ပေါ်သော အကျိုးတရားအားလုံး၊ ၂။ နိဗ္ဗာန်၊ ၃။ ဘုရားရှင် ဟောကြားအပ်သော ပါဠိ၏ အနက်၊ ၄။ အကျိုးဝိပါက်၊ ၅။ ကိရိယာ– အကျိုးကို ပြုတတ်သော တရား။ (အဘိ၊၆၊၂။၃၇၀။) (ပဋိသံ၊၆၊၁။၃။) (အံ၊ဋီ၊၂။၃၄၇။)

အတ္ထပဋိသမ္ဘိဒါ၏ အာရုံဖြစ်သော အတ္ထ ၅ မျိုး ၁။ မြင်ခြင်းသဘော (ဒဿနတ္ထ)၊ ၂။ သိခြင်း သဘော (ဉာတတ္ထ)၊ ၃။ ခွဲခြားရ၍ သိခြင်း သဘော (ပဇာနနတ္ထ)၊ ၄။ ထိုးထွင်း၍ သိခြင်း သဘော၊ ၅။ အလင်းရောင်သဘော (သြဘာသတ္ထ) ။ (ပဋိသံ။၃၃၄။) (ပဋိသံ၊မြန်။၃၉၅။)

အတ္ထပဒ ၆ မျိုး ၁။ သင်္ကာသန၊ ၂။ ပကာသန၊ ၃။ ဝိဝရဏ၊ ၄။ ဝိဘဇန၊ ၅။ ဥတ္တာနီကရဏ၊ ၆။ ပညတ္တိ။ (ကင်္ခါဝိတ၊၆။၁၈။) (နေတ္တိ၊၆။၅၁၀။) (ဒီ၊ဋီ၊၁။၃၆။) (ဒီ၊ဋီ၊၁။၄၁။)

အတ္ထပါဋ ၆ မျိုး ၁။ သင်္ကာသန အတ္ထပါဋ၊ ၂။ ပကာသန အတ္ထပါဋ၊ ၃။ ဝိဝရဏ အတ္ထပါဋ၊ ၄။ ဝိဘဇန အတ္ထပါဋ၊ ၅။ ဥတ္တာနီကရဏ အတ္ထပါဋ၊ ၆။ ပညတ္တိ အတ္ထပါဋ။ (မဟာနိ၊၆။၂။)

အတ္ထသန္ဓိ ၆ မျိုး ၁။ သင်္ကာသနာ၊ ၂။ ပကာသနာ၊ ၃။ ဝိဝရဏာ၊ ၄။ ဝိဘဇနာ၊ ၅။ ဥတ္တာနီ ကမ္မတာ၊ ၆။ ပညတ္တိ။ (နေတ္တိ၊၆။၃၄။)

အတ္ထက္ခာယီ မိတ်ဆွေ၏ အင်္ဂါ ၄ ပါး ၁။ မကောင်းမှုမှ တားမြစ်ခြင်း၊ ၂။ ကောင်းမှုဌိ ယဉ်ဉစေခြင်း၊ ၃။ မကြားဖူးသေးသော အတတ်ပညာများကို ကြားသိစေခြင်း၊ ၄။ နတ်ပြည် ရောက်မည့် လမ်းကြောင်းကို ပြောကြားခြင်း။ (အပ၊၆၊၁။၁၇၆။)

http://www.dhammadownload.com

အတ္ထဂ်တသိက္ခာပုဒ်၌ အဂ်ါ ၃ မျိုး ၁။ နေဝင် မိုးချုပ်ခြင်း၊ ၂။ သံဃာပြည့်စုံစွာ ရဟန်းမ ဖြစ်သူ ဖြစ်ခြင်း၊ ၃။ ဩဝါဒ ဟောပြောခြင်း။ (သာရတ္ထ၊ဋီ၊၃။၄၈။) (ဝိမတိ၊၂။၂၃။)

ဩတ္တပ္ပ ဖြစ်ကြောင်း ၄ ပါး ၁။ မိမိကိုယ်ကို မိမိစွပ်စွဲခြင်းမှ ကြောက်ခြင်း၊ ၂။ သူတစ်ပါးတို့၏ စွပ်စွဲခြင်းမှ ကြောက်ခြင်း၊ ၃။ ဒဏ်ခံရခြင်းမှ ကြောက်ခြင်း၊ ၄။ မကောင်းသော လားရာ ဂတိကို ကြောက်ခြင်း။ (အဘိ၊ဋ္ဌ၊၁။၁၇၀။)

ဣဒ္ဓိပါဒ် ၄ ပါး (အထူးထူးအပြားပြား တန်ခိုးဖန်ဆင်းစေနိုင်သော အခြေခံ ဣဒ္ဓိပါဒ်တရား) ၁။ ဆန္ဒရှေ့သွားပြုသော သမာဓိနှင့် အားထုတ်ပြုပြင်မှု ပဓာနသင်္ခါရတို့နှင့် ပြည့်စုံပြီးစီးခြင်း အခြေခံ ဣဒ္ဓိပါဒ်၊ ၂။ ဝီရိယရှေ့သွားပြုသော သမာဓိနှင့် အားထုတ်ပြုပြင်မှု ပဓာနသင်္ခါရတို့နှင့် ပြည့်စုံပြီးစီးခြင်း အခြေခံ ဣဒ္ဓိပါဒ်၊ ၃။ စိတ်ရှေ့သွားပြုသော သမာဓိနှင့် အားထုတ်ပြုပြင်မှု ပဓာနသင်္ခါရတို့နှင့် ပြည့်စုံပြီးစီးခြင်း အခြေခံ ဣဒ္ဓိပါဒ်၊ ၄။ ပညာ ရှေ့သွားပြုသော သမာဓိနှင့် အားထုတ်ပြုပြင်မှု ပဓာနသင်္ခါရတို့နှင့် ပြည့်စုံပြီးစီးခြင်း အခြေခံ ဣဒ္ဓိပါဒ်။ (ဒီ၊၂။၁၇၂။) (ဒီ၊၃။၁၈၅။) (မ၊၂။၂၀၄။) (သံ၊၃။၂၂၂။) (သံ၊၃။၂၂၅။) (သံ၊၃။၂၃၃။) (အံ၊၃။၂၅၅။) (အဘိ၊ဝိ။၂၂၅။) (အဘိ၊ဝိ။၂၂၉။) (သံ၊ဋ္ဌ၊၃။၂၈၇။) (ပဋိသံ၊ဋ္ဌ၊ ၁။၂၇၁။) (ဒီ၊မြန်၊၂။၁၉၆။) (ဒီ၊မြန်၊၃။၂၀၆။) (မ၊မြန်၊၂။၂၁၅။) (သံ၊မြန်၊၃။၂၂၄-၂၂၇။) (သံ၊မြန်၊၃။ ၂၂၄-၂၂၇။) (သံ၊မြန်၊၃။၂၂၄-၂၂၇။) (သံ၊မြန်၊၃။၂၂၄-၂၂၇။) (သံ၊၃။၂၄၈။) (အံ၊မြန်၊၃။ ၂၅၄။) (အဘိ၊ဝိ၊မြန်၊၂။၂၁၀။) (အဘိ၊ဝိ၊မြန်၊၂။၂၁၀။) (အဘိ၊ဝိ၊မြန်၊၂။၂၁၀။)

ဣဒ္ဓိပါဒ် ခန္ဓာ ၂ ပါး ၁။ သင်္ခါရက္ခန္ဓာ၊ ၂။ ဝိညာဏက္ခန္ဓာ။ (အဘိ၊ဋ္ဌ၊၃။၆။)

ဣဒ္ဓိပါဒ်လေးပါး ပွားများရကျိုး ၇ ပါး ၁။ ယခု မျက်မှောက်ဘဝ၌ပင် အရဟတ္တဖိုလ် အကျိုးကို ရနိုင် ပြီးစီးစေနိုင်ခြင်း၊ ၂။ ယင်းသို့ မရခဲ့လျှင် သေခါနီးအခါ၌ အရဟတ္တဖိုလ် အကျိုးကို ရနိုင် ပြီးစီးစေနိုင်ခြင်း၊ ၃။ ယင်းသို့ မရခဲ့လျှင် အောက်ပိုင်း သံယောဇဉ်ငါးပါးတို့ ကုန်ခြင်းကြောင့် အသက်တမ်းအလယ်၌ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုရသော အန္တရာပရိနိဗ္ဗာယီ မည်သော အနာဂါမ် ဖြစ်နိုင်ခြင်း၊ ၄။ ယင်းသို့ မဖြစ်ခဲ့လျှင် အသက်တမ်း ထက်ဝက်ကို ကျော်လွန်လျက် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော ဥပဟစ္စပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်ခြင်း၊ ၅။ ယင်းသို့ မဖြစ်ခဲ့လျှင် လုံ့လပယောဂ မပါဘဲ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော အသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်ခြင်း၊ ၆။ ယင်းသို့ မဖြစ်ခဲ့လျှင် လုံ့လပယောဂနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန် ပြုသော သသင်္ခါရပရိနိဗ္ဗာယီမည်သော အနာဂါမ် ဖြစ်နိုင်ခြင်း၊ ၇။ ယင်းသို့ မဖြစ်ခဲ့လျှင် အထက် အထက်ဘုံသို့ အဆင့်ဆင့်တက်၍ အကနိဋ္ဌဘုံ၌ အရဟတ္တဖိုလ်သို့ ရောက်သော ဥဒ္ဓံသောတအကနိဋ္ဌဂါမီမည်သော အနာဂါမ် ဖြစ်နိုင်ခြင်း။ (သံ၊၃။၂၄၉။) (သံ၊မြန်၊၃။၂၅၂။)

ဣဒ္ဓိဝိဉာဏ် ဖြစ်ရာ အာရုံ ၇ ပါး ၁။ ပရိတ္တအာရုံ၊ ၂။ မဟဂ္ဂတအာရုံ၊ ၃။ အတိတ်အာရုံ၊ ၄။ အနာဂတ်အာရုံ၊ ၅။ ပစ္စုပ္ပန်အာရုံ၊ ၆။ အဇ္ဈတ္တအာရုံ၊ ၇။ ဗဟိဒ္ဓအာရုံ။ (ဝိသုဒ္ဓိ၊၂။၆၀။)

ဣဒ္ဓိဝိဉာဏ်၏ စွမ်းအား ၁၁ ပါး ၁။ တစ်ယောက်တည်းကို အများဖြစ်အောင် ဖန်ဆင်း နိုင်ခြင်း၊ ၂။ အများကို တစ်ယောက်တည်းဖြစ်အောင် ဖန်ဆင်းနိုင်ခြင်း၊ ၃။ ကိုယ်ကို ထင်ရှား

http://www.dhammadownload.com

ဖြစ်လာအောင် ဖန်ဆင်းနိုင်ခြင်း၊ ၄။ ကိုယ်ကို ပျောက်ကွယ်သွားအောင် ဖန်ဆင်းနိုင်ခြင်း၊ ၅။ နံရံတစ်ဖက်၊ တံတိုင် တစ်ဖက်၊ တောင်တစ်ဖက်သို့ ကောင်းကင်မှာကဲ့သို့ မထိမငြိဘဲ သွားလာနိုင်ခြင်း၊ ၆။ မြေကြီး၌ ရေမှာကဲ့သို့ ငုပ်နိုင် ပေါ်နိုင်ခြင်း၊ ၇။ ရေ၌ မြေကြီးမှာကဲ့သို့ သွားနိုင် လာနိုင်ခြင်း၊ ၈။ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေနိုင်ခြင်း၊ ၉။ ကောင်းကင်၌ အတောင်ရှိသော ငှက်ကဲ့သို့ သွားနိုင်ခြင်း၊ ၁၀။ တန်ခိုးကြီးသော လ, နေတို့ကို လက်ဖြင့် သုံးသပ်နိုင်၊ ဆုပ်ကိုင်နိုင်ခြင်း၊ ၁၁။ ဗြဟ္မာ့ပြည်တိုင်အောင် ကိုယ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်ခြင်း။ (ဒီ၊၁။၇၃။) (ဒီ၊မြန်၊၁။၈၇။)

ဣဒ္ဓိဝိဓာ ၂ ပါး ၁။ အပြစ်နှင့် တကွဖြစ်သော ဘေးရန်နှင့် တကွဖြစ်သော မြတ်၏ဟု မဆို အပ်သော တန်ခိုးအစီအရင်၊ ၂။ အပြစ်နှင့် တကွမဖြစ်သော ဘေးရန်နှင့် တကွမဖြစ်သော မြတ်၏ဟု ဆိုအပ်သော တန်ခိုးအစီအရင်။ (ဒီ၊၃။၉၃။) (ဒီ၊မြန်၊၃။၁၀၁။)

ဥဒ္ဓမ္ဘာဂိယသံယောဇဉ် ၅ ပါး ၁။ ရူပဘုံ၌ တပ်မက်မှု ရူပရာဂသံယောဇဉ်၊ ၂။ အရူပဘုံ၌ တပ်မက်မှု အရူပရာဂသံယောဇဉ်၊ ၃။ ထောင်လွှားမှု မာနသံယောဇဉ်၊ ၄။ ပျံ့လွင့်မှု ဥဒ္ဓစ္စ သံယောဇဉ်၊ ၅။ မသိမှု အဝိဇ္ဇာ သံယောဇဉ်။ (ဒီ၊၃။၁၉၆။) (သံ၊၃။၁၂၀။) (သံ၊၃။၁၆၈။) (သံ၊၃။၂၁၁၊၂၁၂။) (သံ၊၃။၅၆။) (အံ၊၃။၂၅၂။) (အဘိ၊၀။၃၉၁။) (သံ၊ဋီ၊၁။၆၇။) (ဒီ၊မြန်၊၃။၂၁၈။) (သံ၊မြန်၊၃။၁၂၅။) (သံ၊မြန်၊၃။၁၂၅။) (သံ၊မြန်၊၃။၁၂၅။) (သံ၊မြန်၊၃။၆၁။) (အံ၊မြန်၊၃။၂၅၁။) (ပေဋကော။၂၅၈။) (အဘိ၊၀၊ မြန်၊၂။၄၉၅။)

ဥဒ္ဒံသောတ အနာဂါမ် ၄ မျိုး ၁။ ဥဒ္ဒံသောတအကနိဋ္ဌပါမိ– အဝိဟာဗြဟ္မာ့ဘုံမှ စ၍ အတပ္ပါ စသော အထက် အထက် ဗြဟ္မာဘုံ လေးဘုံတို့ကို သုတ်သင်လျက် အကနိဋ္ဌဗြဟ္မာ့ဘုံသို့ ရောက်ပြီး ပရိနိဗ္ဗာန် ပြုသော ပုဂ္ဂိုလ်၊ ၂။ ဥဒ္ဒံသောတ နှ အကနိဋ္ဌဂါမိ– အဝိဟာ စသော အောက်ဗြဟ္မာဘုံ သုံးဘုံတို့ကို သုတ်သင်လျက် သုဒဿီဗြဟ္မာ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်၊ ၃။ နဥဒ္ဒံသောတ အကနိဋ္ဌဂါမိ– ဤလူ့ပြည်မှ အကနိဋ္ဌဗြဟ္မာဘုံသို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်၊ ၄။ နှ ဥဒ္ဒံသောတ နှ အကနိဋ္ဌဂါမိ– အဝိဟာ စသော ဗြဟ္မာ့ဘုံ လေးဘုံတို့တွင် ထိုထိုဘုံ၌ ဖြစ်ပြီး ထိုဖြစ်ရာဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုသော ပုဂ္ဂိုလ်။ (ကထာ၀တ်၊၌။၄၈။) (ပဋိသံ၊၌၊၂။၆၈။)

သုံးသပ်ခြင်း၊ ၁၆။ ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၁၇။ ဓမ္မာရုံကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၁၈။ စက္ခုဝိညာဉ်ကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၁၉။ သောတဝိညာဉ်ကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၀။ ဃာနဝိညာဉ်ကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၁။ ဇိဝှါဝိညာဉ်ကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၂။ ကာယဝိညာဉ်ကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၃။ မနောဝိညာဉ်ကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၄။ စက္ခုသမ္ဖဿကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၅။ သောတသမ္ဖဿကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၆။ ဃာနသမ္ဖဿကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ် မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၇။ ဇိဝှါသမ္ဖဿကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၈။ ကာယသမ္ဖဿကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၂၉။ မနောသမ္ဖဿကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၃၀။ စက္ခုသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၃၁။ သောတသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၃၂။ ဃာနသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၃၃။ ဇိဝှါသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၃၄။ ကာယသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို စွဲ၍ဖြစ်သော ချမ်းသာမှု ဝမ်းမြောက်မှုသည် သာယာဖွယ်မည်၏ဟု မှားသော နှလုံးသွင်း သုံးသပ်ခြင်း၊ ၃၅။ မနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာကို စွဲ၍ဖြစ်သော ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည် မနောသမ္ဖဿကြောင့်ဖြစ်သော ဝေဒနာ၏ သာယာဖွယ်ဟု မှားသောအားဖြင့် သုံးသပ်ခြင်း နှလုံးသွင်းခြင်းသည် ဒိဋ္ဌိမည်၏၊ ဤသာယာဖွယ်နှင့် ဒိဋ္ဌိကို အဿာဒဒိဋ္ဌိဟု ဆိုအပ်၏။ သာယာဖွယ်၌ ဖြစ်သော အဿာဒဒိဋ္ဌိကို ဤသုံးဆယ့်ငါးပါးသော အခြင်းအရာတို့ဖြင့် အမှားနှလုံးသွင်းခြင်းသည် ဖြစ်၏။ (ပဋိသံ။ ၁၃၄-၁၃၅-၁၃၆။) (ပဋိသံ၊မြန်။၁၇၅။)

http://www.dhammadownload.com

ဣဿရိယ၂ မျိုး ၁။ လောကိယဣဿရိယ– မင်း၏ အစိုးရခြင်း, လောကီဈာန်အဘိညာဉ်ကို ဖြစ်စေနိုင်သော စိတ်ကို အစိုးရခြင်း၊ ၂။ လောကုတ္တရဣဿရိယ– မဂ်ဖိုလ်ကို ရခြင်းလျှင် အကြောင်းရှိသော နိရောဓကို အစိုးရခြင်း။ (ဥဒါန၊၌။၁၄၂။)

ဥဂ္ဃါဋိတညူပုဂ္ဂိုလ် ၂ မျိုး ၁။ ထက်သန်သော ဣန္ဒြေရှိသော ဉာဏ်ဖြင့် ဖွင့်ခွာ၍ မဂ်ဖိုလ်ကို သိမြင်သော (တိက္ခိန္ဒြိယ ဥဂ္ဃါဋိတညူ) ပုဂ္ဂိုလ်၊ ၂။ နုံ့သော ဣန္ဒြေရှိသော ဉာဏ်ဖြင့် ဖွင့်ခွာ၍ မဂ်ဖိုလ်ကို သိမြင်သော (မုဒိန္ဒြိယ ဥဂ္ဃါဋိတညူ) ပုဂ္ဂိုလ်။ (ပေဋကော။၁၈၈။)

ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်

ပြီး၏။

http://www.dhammadownload.com

နိဂုံး

၁။ ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏော ဗဟူ။
ဇဝံ သဗ္ဗနိကာယတော၊ ဓမ္မမာလာ သုဘာ ကတာ။

၂။ ဥပ္ပန္နာ ဒေဘာ ဓမ္မမာလာ၊ သဗ္ဗသရ္ဂုပဟကာသနီ။
ဒဿနီယာ မနာပါ စ၊ ဗဟုဿုတပ္ပဝဗုနီ။

၃။ ဝန္ဒနာရဟံ ထုတျာကရံ၊ ပူဇာသက္ကာရဘာဇနံ။
ရတနတ္တယံ ပူဇေမ၊ အနေန ပုညဝေဂသာ။

၄။ ကွမာယ ထေရေ ပူဇေမ၊ ယေ နော ဝါစေသု ထာမသာ။
လာဘေသု အနနုဂိဒ္ဓါ၊ သက္ကာရေသု ဥပေက္ခကာ။

၅။ သိလောကမ္ပိ အဂဏှန္တာ၊ ကွတရိတရေန တုဿကာ။
တေသံ တေန ကာရေန နော၊ ဘဝါမ ပါဠိပါဒကာ။

၆။ အာစေရာ ပါစေရာ စေဝ၊ အမှာကံ ဝုဖိကာရကာ။
တသွာ တေသံ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၇။ မာတာပိတူနံ ကာရေန၊ မယံ ဇာတာမှ ဝဖိတာ။
ပုဗ္ဗာစရိယသညိတာ၊ အမှာကံ ဗဟုကာရကာ။

၈။ သမုဒ္ဒေါ ပထဝီ နေရု၊ တေသံ ဂုဏတော ဒုဒ္ဒကာ။
တသွာ တေသံ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၉။ စတုပ္ပစ္စယဒါယကာ၊ အနုမာတာပိတာ အဟုံ။
တေသာနမ္ပိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၀။ ဒေါက်တာ ခင်ခင်ရီကုလံ စ၊ အတုလံ ဗဟုကာရကံ။
တသွာ တဿ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၁။ ဝတ္တမာနေ အတီတေ စ၊ ယေ အာသုံ အမှ ဉာတယော။
တေသာနမ္ပိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၂။ ဗာလကာလတော ပဋ္ဌာယ၊ သဟာယာ ပံသုကီဠကာ။
တေသာနမ္ပိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၃။ ပဇ္ဇောတာရာမေ ဘိနဝေ၊ ယေ ဝသုံ သဟဓမ္မိကာ။
ကွတရိတရေနယေဝ၊ သန္တုဋ္ဌာ သဟဘုဉ္ဇကာ။

http://www.dhammadownload.com

၁၄။ ဂရဟာယ နိန္ဒာယပိ၊ အညမညမကုဗ္ဗကာ။
တေသာနမ္မိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၅။ စိန်ရတနာဝိဟာရမ္ပိ၊ သန္တိ အာရက္ခဒေဝတာ။
ဇတာသမ္မိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၆။ တဒညေ စ ဗဟူ သတ္ထာ၊ ဝိဇ္ဇန္တိ လောကဓာတုယံ။
တေသာနမ္မိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၇။ ကွမိနာ ဒါနတေဇေန၊ သုခဇ္ဇ သတ္ထပါဏိနော။
မောဒိတာ တောသိတာ ဟောန္တု၊ သပ္ပါလ္လာ ပဒုမာ ယထာ။

၁၈။ ကွမိနာ ပုညဝေဂေန၊ ပါပုဏောယျာမ နိဗ္ဗုတိံ။
သာသနံ ဒေဝါ ရက္ခန္တု၊ စိရံ တိဋ္ဌတု သာသနန္တိ။

၁၉။ ကွမိနာ ပုညဝေဂေန၊ ပါပုဏောယျာမ နိဗ္ဗုတိံ။
သာသနံ ဒေဝါ ရက္ခန္တု၊ စိရံ တိဋ္ဌတု သာသနံ။

၂၀။ မာတာ ယထာ နိယံ ပုတ္တ-မာယုသာ ဧကပုတ္တကံ။
တထေဝ ရာဇာ ရက္ခတု၊ မေတ္တာယ သကရဋ္ဌကန္တိ။

❀ ❁ ❀

၁။ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏံ သုဘံ။
ဧဝံ သဗ္ဗနိကာယတော၊ ဓမ္မမာလာ သုဘာ ကတာ။

၁။ ပန်းအလှပြင် ပညာရှင်သည် ပန်းပုံကြီးထဲမှ ပန်းမျိုးစုံကို ယူ၍ လှပသော ပန်းကုံးကို ပြုလုပ်ရာသကဲ့သို့ ထို့အတူ နိကာယ်ငါးရပ် ပိဋကသုံးပုံမှ တရားသရုပ်တို့ကို ရှာဖွေ စုဆောင်း၍ ခေါင်းစဉ်များကို အကွရာစဉ်လျက် "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ဟူသော တရားပန်းကုံးကြီးကို သီကုံးနိုင်ခဲ့ပေပြီ။

၂။ ဥပ္ပန္နာ ဘော ဓမ္မမာလာ၊ သဗ္ဗသရုပပကာသနီ။
ဒဿနီယာ မနာပါ စ၊ ဗဟုဿုတပ္ပဝဏ္ဏနီ။

၂။ ဒို့ တရားချစ်ခင် သူတော်စင်အပေါင်းတို့....အကျွန်ုပ်တို့၏ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးသည် လပြည့်ဝန်းကြီးပမာ ပေါ်ထွက်လာခဲ့ပါပြီ။ အကျွန်ုပ်တို့၏ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးသည် ပိဋကသုံးပုံရှိ တရားသရုပ် အားလုံးကို လက်ဝယ်တင်ထား ပတ္တမြားကဲ့သို့ ထင်ထင်ရှားရှား ပြသထားပါ၏။ လှပတင့်တယ် ရှုချင်ဖွယ်လည်း ကောင်းပါ၏။ ပညာရှိ သူတော်ကောင်းတို့၏ စိတ်နှလုံးကိုလည်း ယူကျုံးနှစ်သိမ့် စေနိုင်ပါ၏။ ဗဟုသုတများစွာကိုလည်း တိုးပွားစေနိုင်ပါ၏။

http://www.dhammadownload.com

၃။ ဝန္ဒနာရဟံ ထုတျာကရံ၊ ပူဇာသက္ကာရဘာဇနံ။
ရတနတ္တယံ ပူဇေမ၊ အဓေန ပုညဝေဂသာ။

၃။ အကျွန်ုပ်တို့သည် ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသား ပြုစုရသော ကောင်းမှုကုသိုလ်အဟုန်ဖြင့် လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏ ရှိသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကို ခံတော်မူထိုက်သော၊ ပညာရှိသူ နတ်လူအပေါင်းတို့၏ အံ့ဩမခမ်း ချီးမွမ်းခြင်း၏ တည်ရာ ဖြစ်တော်မူသော၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်း၏ ပူဇော်ကန်တော့ရာ အလေးအမြတ်ပြုရာ ဖြစ်တော်မူသော ဘုရား, တရား, သံဃာ ရတနာမြတ်သုံးပါးအား ရှိသေ လေးမြတ်စွာ ပူဇော်ကန်တော့ကြပါကုန်၏ ဘုရား။

၄။ ကုမာယ ထေရေ ပူဇေမ၊ ယေ နော ဝါစေသု ထာမသာ။
လာဘေသု အနနုဂိဒ္ဓါ၊ သက္ကာရေသု ဥပေက္ခကာ။

၅။ သိလောကမွိ အဂဇ္ဈာန္တာ၊ ကုတရီတရေန တုသကာ။
တေသံ ဇေန ကာရေန နော၊ ဘဝါမ ပါဠိပါဒကာ။

၄+၅။ မိမိ၏ ကျေးဇူးတော်ရှင် ဆရာသမားများကား (၁) မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကံတော်ရွာ၊ ထန်းပင်ခြံကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ၊ (၂) ဘဒ္ဒန္တ တေဇနိယ၊ (၃) ဘဒ္ဒန္တ စန္ဒိမာ၊ (၄) ဇရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ တိုက်သစ် ပဇ္ဇောတာရုံ စာသင်တိုက်နှင့် မော်ဘီမြို့၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်တို့၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကုမာရ (ပန်းကုံးကျမ်းပြုဆရာတော်ဘုရားကြီး)၊ (၅) ဘဒ္ဒန္တ ဓမ္မိက၊ (၆) ဘဒ္ဒန္တ ဂုဏိသရ (ပါဠိပါရဂူ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဗောဓိကျမ်းပြုဆရာတော်)၊ (၇) ဘဒ္ဒန္တ ကုသလ၊ (၈) ဘဒ္ဒန္တ နန္ဒသီရိ (ပါဠိပါရဂူ၊ နိုင်ငံခြားသာသနာပြု ဆရာတော်၊ ဤဆရာတော်ကား မိမိ၏ နှစ်ဝမ်းကွဲ အစ်ကိုတော်သော ဆရာတော် ဖြစ်၏။ မိမိကို စာသင်တိုက်သို့ စတင် ခေါ်ဆောင်ကာ မြေတောင် မြှောက်ပေးခဲ့သော ဆရာတော် ဖြစ်၏။ အထူးသဖြင့် ပါဠိရေးသားနည်းစနစ်၊ စာပေယူဆပုံ စနစ်တို့ကို လက်ထပ် သင်ပေးခဲ့သည်။ ဆရာတော်၏ ကျေးဇူးကြောင့်သာ မိမိသည် အထိုက်အလျောက် သာသနာပြုနိုင်သူ ဖြစ်ခဲ့ရပါ၏၊ မိမိကိုယ်နှင့် သူပညာဟုပင် ပြောလို့ ရပါ၏။ အလွန် ကြီးမားသော ဇရာမ အထောက်အပံ့ကြီးကို ပေးမည့် သာသနာစောင့် ဒကာမကြီး ဒေါက်တာ ဒေါ်ခင်ခင်ရီကိုလည်း ဆရာတော်ကပင် ဆက်သွယ်ပေးခဲ့ပါသည်။ ဆရာတော်၏ ကျေးဇူးကား အဝိုင်းအဆမရှိ ကြီးမားလှပါပေစွ။)၊ (၉) ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ သာသနာ့မာရ်အောင်ကျောင်းတိုက်၊ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သြဘာသ၊ (၁၀)ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ ၃၃ ရပ်ကွက်၊ ဒဂုံသီရိ စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဝဇိရဉာဏနှင့် (၁၁) မော်ဘီမြို့၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ ဒုတိယ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တေဇနိယတို့ ဖြစ်သည်။ ထိုဆရာသမားတို့သည် လာဘ်လာဘတို့ကို တပ်မက်မောခြင်း ကင်းတော်မူကြပါကုန်၏၊ အပူဇော်ခံရမှုကိုလည်း လျစ်လျူရှုတော်မူကြပါကုန်၏။

http://www.dhammadownload.com

နာမည်ကြီးမှု ကျော်စောထင်ရှားမှုကိုလည်း စာရင်းထဲ ထည့်တွက်တော်မမူကြပါကုန်။ ရရသမျှ, ရှိရှိသမျှ ပစ္စည်းလေးဝဖြင့်သာ တင်းတိမ်ရောင့်ရဲ အလိုနည်းတော်မူကြပါကုန်ဟု။ လောကဌ မိခင်တို့သည် သားသမီးတို့အား မေတ္တာအနန္တဖြင့် နို့ချိုတိုက်ကျွေးကြသကဲ့သို့ မိမိ၏ ကျေးဇူးတော်ရှင် ဆရာသမားတို့သည် မိမိနှင့်တကွ ခြေတော်ရင်းသို့ ဝပ်စင်းလာကြသော တပည့်အပေါင်းတို့အား မေတ္တာတော်အနန္တဖြင့် ပညာနို့အေး တိုက်ကျွေးတော်မူခဲ့ကြပါကုန်ဟု။ ဆရာသမားတို့၏ ထိုကျေးဇူးကြောင့်သာ မိမိတို့သည် ပါဠိအတွက် မျက်နှာမငယ်ရဘဲ အခြေပါဒကောင်းစွာ ရခဲ့ကြပါကုန်ဟု။ ဤ"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"ကျမ်းစာကြီးဖြင့် ထိုကျေးဇူးတော်ရှင် ဆရာသမားတို့အားလည်း လေးမြတ်ကော်ရော် ပူဇော်ပါ၏ အရှင်ဘုရား။

၆။ အာစေရာ ပါစေရာ စေဝ၊ အမှာကံ ဝုဗိကာရကာ။
တသ္မာ တေသံ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၆။ မိမိတို့၏ ကျေးဇူးတော်ရှင် ဆရာသမားတို့နှင့် ဆရာ့ဆရာသမားတို့သည် မိမိတို့၏ ဘဝတစ်သက် ကြီးပွားတိုးတက်အောင် မြေတောင်မြှောက် ပေးတော်မူခဲ့ကြပါကုန်ဟု။ ထိုကျေးဇူးတော်ရှင် ဆရာသမားတို့နှင့် ဆရာ့ဆရာသမားတို့သည် မိမိတို့အား အလွန်အလွန် ကျေးဇူးများကြပါပေကုန်ဟု။

ထို့ကြောင့် ထို ကျေးဇူးတော်ရှင် ဆရာသမားတို့နှင့် ဆရာ့ဆရာသမားတို့အား မိမိတို့၏ ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါကုန်ဟု။ မိမိတို့၏ ကျေးဇူးတော်ရှင် ဆရာသမားတို့နှင့် ဆရာ့ဆရာသမားတို့သည် ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ (တေသံ မာဒိသာမာတိ တေသံ အာဒိသာမာတိ ပဒစ္ဆေဒေါ။ ဓမ္မဒက္ခိဏာန္တိ ဒက္ခတိ ဝုဋ္ဌိ ဂစ္ဆတိ ဧတာယာတိ ဒက္ခိဏာ ၊ဒါနံ။ ဓမ္မေန ကတာ ဒက္ခိဏာ ဓမ္မဒက္ခိဏာ၊ တံ။)

၇။ မာတာပိတူနံ ကာရေန၊ မယံ ဇာတာမှ ဝနိတာ။
ပုဗ္ဗာစရိယသညိတာ၊ အမှာကံ ဗဟုကာရကာ။

၈။ သမုဒ္ဒေါ ပထဝီ နေရု၊ တေသံ ဂုဏတော ခုဒ္ဒကာ။
တသ္မာ တေသံ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၇။ မိမိ၏ ခမည်းတော် မယ်တော်တို့ကား ဦးဉာဏ်ထွန်းနှင့် ဒေါ်ရှိန်တို့ ဖြစ်၏။ ခမည်းတော် မယ်တော်တို့သည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ကံတော်ရွာ၌ နေထိုင် ကြသည်။ မိမိသည် ၁၄ နှစ်သားမှာ ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။ သို့ဖြစ်၍ ၁၄ နှစ် အတွင်း၌ မိဘတို့၏ အနန္တမေတ္တာဖြင့် နွေးထွေးစွာ ယုယုယယ မွေးမြူစောင့်ရှောက်မှုကို အပြည့်အဝ ခံယူခဲ့ရပါသည်။ ထို့အပြင် လောကဌ အကောင်းဆုံးအရာ အမြင့်မြတ်ဆုံးအရာ တန်ဖိုးအရှိဆုံးအရာကို ပြပါဆိုလျှင်

http://www.dhammadownload.com

လူကိုပင် ပြရမည် ဖြစ်၏။ မှန်ပါသည်၊ လောကဌ အမြတ်ဆုံးဖြစ်သော ဘုရားရှင်သည်ပင်လျှင် လူက ဖြစ်လာသည် မဟုတ်ပါလော? ယနေ့ လောကီဌ တွေ့မြင်နေကြရသော အံ့သြဖွယ်ရာ တိုးတက်မှုမှန်သမျှကိုလည်း လူကပင် တီထွင်ထားသည် မဟုတ်ပါလော?ထို့ကြောင့် လူဘဝသည် အမြတ်ဆုံး အသာဆုံး အကောင်းဆုံး တန်ဖိုးအရှိဆုံး ဖြစ်၏။ ထိုလူဘဝကို မိမိတို့အား မိဘများက ပေးခဲ့ကြလေသည်။လောကဌ မိစုံဖစုံ သားသမီးနှင့် မိဘမဲ့ သားသမီးတို့သည် များသောအားဖြင့် ကွာခြား၏။ မိစုံဖစုံ သားသမီး တို့သည် ရေဝဝ သောက်ရသော သစ်ပင်နှင့် တူ၏။

မိဘမဲ့သားသမီးတို့သည် ရေဝဝ မသောက်ရသော သစ်ပင်နှင့် တူ၏။ မိဘတို့၏ မေတ္တာသည် သားသမီးတို့အား ပဌာန်းတရားသဘောအရ ပကတူပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုနေကြပေသည်။ မိဘတို့၏ မေတ္တာကို မျက်စိဖြင့် မမြင်နိုင်၊ သို့သော် စိတ်ဖြင့် ခံစားလို့ ရနိုင်သည်။ မိဘတို့၏ မေတ္တာသည် အံ့မခန်း အစွမ်းသတ္တိလည်း ရှိပါသည်။ သီလကွန်အဌကထာ စသည်၌ လာသော သာဓကလေးတစ်ခု- အခါတစ်ပါး၌ သားလေး တစ်ယောက်သည် မိခင်၏ စကားကို မနာခံဘဲ တောထဲသို့ ထွက်သွားခဲ့၏။ မိခင်က သားလေးကို တား၍မရသောအခါ "နင် တောထဲ ရောက်ရင် ကျွဲရိုင်းမကြီး နင့်ကို လိုက်ပါစေ" ကလေးကို ချောက်လှန့်သောအားဖြင့် ပြောဆို မြည်တမ်းလိုက်လေသည်။ ကလေး တောထဲသို့ ရောက်သောအခါ တကယ်ပင် ကျွဲရိုင်းမကြီးနှင့် ရင်ဆိုင်တွေ့ရတော့၏။ ကျွဲရိုင်းမကြီးသည် ကလေးဆီသို့ တဝုန်းဝုန်းနှင့် ပြေးလာနေ၏။ ထိုအခါ ကလေးလေးသည် "ငါ့မိခင် ငါ့အား ပါးစပ်နဲ့ ပြောတဲ့အတိုင်း မဖြစ်ပါစေနှင့်၊ ငါ့မိခင်ရဲ့ စိတ်က ငါ့အပေါ်မှာ ဖြစ်စေလိုတဲ့အတိုင်းသာ ဖြစ်ပါစေ"ဟု သစ္စာပြုခဲ့လေသည်။ ထိုသို့ သစ္စာပြုလိုက်သည်နှင့် တစ်ပြိုင်နက် ကျွဲရိုင်းမကြီးသည် ကလေးလေး၏ အဝေးမှာပင် ကြိုးဖြင့် တုတ်ထားသကဲ့သို့ ငြိမ်သက်စွာ ရပ်နေလေတော့သည်။ ဤသည်မှာ မိဘတို့၏ အံ့ဖွယ် မေတ္တာစွမ်း ဖြစ်၏။ မိမိအား ဒကာမကြီးတစ်ယောက်သည် "ဦးဇင်းအတွက်ဆိုလျှင် ဓူဝံကြွယ် ဆွတ်ပေးရ ပေးရ"ဟု လျှောက်ထားဖူးသည်။ မိဘတို့သည် သားသမီးတို့အတွက်ဆိုလျှင် ဓူဝံကြွယ် ဆွတ်ပေးရ ပေးရ= ဟူသော မေတ္တာမျိုး ရှိကြသည်။ သားသမီးတို့အတွက်ဆိုလျှင် ဓားတောင်ကို ကျော်ဖြတ်ရ ကျော်ဖြတ်ရ၊ ပင်လယ်ကို လက်ပစ် ကူးရ ကူးရ=ဟူသော မေတ္တာမျိုးလည်း ရှိကြသည်။ စာရေးဆရာတို့သည် အစွမ်းကုန် ဉာဏ်ကွန့်မြူး၍ မိဘမေတ္တာကို ဖွင့်ဆိုလိုကြ၏။သို့သော်

မိဘမေတ္တာကို ကုန်စင်အောင် ဖွင့်ဆိုနိုင်သော ဉာဏ်စွမ်းကား မည်သည့်စာရေးဆရာမှာမျှ မရှိကြချေ။ စာရေးဆရာတစ်ယောက်သည် မိဘတို့၏ မေတ္တာကို ကုန်စင်အောင်ဖွဲ့ဆိုဖို့ ကြိုးစားငြားအံ့၊ ထိုစာရေးဆရာသည် ကောင်းကင်က ကြယ်တွေကို ကုန်စင်အောင် ရေတွက် သကဲ့သို့ ဖြစ်ရာ၏။ ထိုစာရေးဆရာ၏ အသက်သာ ကုန်ဆုံးရာ၏။ မိဘတို့၏ မေတ္တာကား ကုန်နိုင်စရာ မရှိပါ။

လောကဌ ကြီးပွားသူမှန်သမျှသည် မိဘတို့က ပေးထားသောလူဘဝကိုသာ အခြေခံ ကြရ၏။ သားသမီးတို့၏ အသိကို မိဘတို့ စတင် ဖွင့်ပေးခဲ့ကြ၏။ ပုလဲတုံးလေးကို ပုလဲကုံးလေး ဖြစ်အောင် ဖန်တီးပေးလိုက်သည်နှင့်တူ၏။ မိဘတို့က သင်မပေးခဲ့လျှင် သားသမီးတို့သည် ဆွံ့အများပင် ဖြစ်သွားနိုင်စရာ ရှိ၏။ သို့ဖြစ်၍ လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ

http://www.dhammadownload.com

မိနှင့်ဘဟု ဆိုစမှတ် ပြုခဲ့ကြပေသည်။ မိဘတို့၏ ဂုဏ်ကို သမုဒြာ, မဟာပထဝီ, မြင့်မိုရ် တောင်တို့နှင့် တစ်ခုချင်း နှိုင်းယှဉ်တတ်ကြ၏၊ သမုဒြာ, မဟာပထဝီ, မြင့်မိုရ်တောင်တို့ တစ်ခုချင်း မပြောနှင့်၊ သုံးခုလုံးပေါင်းတောင်မှ မိဘတို့၏ ဂုဏ်နှင့်စာလျှင် မြူမှုန်လေးပမာ သေးငယ်သွားနိုင်စရာရှိပါသည်။ မိဘတို့၏ ဂုဏ်ကို ခြုံမိ ငုံမိ ပြည့်စုံသည့် စကားလုံးကား တစ်လုံးတည်းသာ ရှိပါ၏။ ထိုစကားလုံးကား "အနှိုင်းမဲ့"ဟူသော စကားလုံးသာ

ဖြစ်ပါတော့သည်။ထိုသို့ ပြောမပြနိုင်လောက်အောင် ကျေးဇူးကြီးမားလှသည့်အတွက် ဤဘဝ ရှေးဘဝ တော်စပ်ကြသော ထိုဂုဏ်ကျေးဇူးအနန္တ မိနှင့်ဘတို့အား အကျွန်ုပ်တို့၏ ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါကုန်၏။ ဤဘဝ ရှေးဘဝ တော်စပ်ကြသော ထိုဂုဏ်ကျေးဇူးအနန္တ မိနှင့်ဖတို့သည် ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူ ထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၉။ စတုပ္ပစ္စယဒါယကာ၊အနုမာတာပိတာ အဟုံ။
တေသာနမ္ပိ မာဒိသာမ၊အမှာကံ ဓမ္မဒက္ခိဏံ။

၉။ ပစ္စည်းလေးပါးဒါယကာ ရဟန်းဒကာ ရဟန်းအမတို့သည် ရဟန်းသာမဏေတို့အား လွန်စွာ ကျေးဇူးများကြကုန်၏။ တစ်နည်းအားဖြင့် သာသနာတော်အား ကျေးဇူးများကြကုန်၏။ ထို့ကြောင့် ကျမ်းဂန်တို့၌ "ပစ္စည်းလေးပါးဒါယကာ ရဟန်းဒကာ ရဟန်းအမများကား သာသနာ့အမွေခံများ၊ သာသနာ့ ဆွေတော်မျိုးတော်များ"ဟု ရေးသားဖော်ပြကြ၏။ ဘုရားရှင် ကိုယ်တော်တိုင်သည်ပင် "အလိုရှိရာကို တောင်းရန် ဖိတ်ထားကြသော ပစ္စည်းလေးပါးဒါယကာ ရဟန်းဒကာ ရဟန်းအမများနှင့် မိဘဆွေမျိုးများကို တန်းတူထား၍ အသိအမှတ် ပြုတော်မူ၏။" ရဟန်းတို့သည် မိဘကို ပစ္စည်းလေးပါး တောင်းကောင်းသကဲ့သို့ အလိုရှိရာကို တောင်းရန် ဖိတ်ထားကြသော ပစ္စည်းလေးပါးဒါယကာ ရဟန်းဒကာ ရဟန်းအမများကိုလည်း တောင်းကောင်း၏" ခွင့်ပြုတော်မူထားသည်။ ရဟန်းတို့သည် ပစ္စည်းလေးပါး မရှိပါက ရဟန်းတရား အားထုတ်ရန် မလွယ်ကူချေ။ တစ်နည်းအားဖြင့် သာသနာပြုရန် မလွယ်ကူချေ။ ဥပမာ သင်္ကန်းမရှိလို့ မဝတ်ဘဲနေချေက ဒကာဒကာမများက ရဟန်းလို့တောင် ထင်ကြမည် မဟုတ်ပါ၊ အရှုံး-လို့သာ ထင်စရာ ရှိပါတော့သည်။ သို့ဖြစ်၍ ပစ္စည်းလေးပါးသည်လည်း သာသနာတော်အတွက် တစ်ထောင့်တစ်နေရာက အရေးကြီးပါ၏။ ထိုအရေးကြီးလှသော တာဝန်တစ်ခုကို ပစ္စည်းလေးပါးဒါယကာ ရဟန်းဒကာ ရဟန်းအမများက ရာသက်ပန် ယူထားကြပေသည်။ မိဘရှိပြီးသော ရဟန်းများအတွက် မိဘတိုးရခြင်း ဖြစ်၍ မိဘမရှိတော့သော ရဟန်းများအတွက် မိဘအစား ရခြင်း သို့မဟုတ် မိဘအသစ် ရခြင်း ဖြစ်ပေသည်။ ထိုသို့ မိဘနှင့်မခြား ကျေးဇူးများလှသည့်အတွက် မိမိ၏ ရဟန်းဒါယကာ ရဟန်းအမများ ဖြစ်ကြသော (၁) မြင်းခြံမြို့နယ်၊ ကံတော်ရွာမှ ဦးသာဇံ+ဒေါ်စန်းရီ၊ (၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်

http://www.dhammadownload.com

ဦးဝိစာရရုပ်ကွက်မှ ဒေါ်ခင်မျိုးညွန့်နှင့် (၃) ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ (၇) လွှာ၊အမှတ် (၈၇) မှ ဒေါ်မိမိအောင်တို့အား အကျွန်ုပ်တို့၏ ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါကုန်၏။ ပစ္စည်းလေးပါးဒါယကာ ရဟန်းဒကာ ရဟန်းအမ အပေါင်း သူတော်ကောင်းတို့သည် ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူ ထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၀။ ဒေါက်တာ ခင်ခင်ရီကုလံ စ၊ အတုလံ ဗဟုကာရကံ။
တသ္မာ တသ္သ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၀။ ဒေါက်တာ ဒေါ်ခင်ခင်ရီ၏ မိခင်ကြီး ဒေါ်စန်းရီသည် ဒါနပြုရခြင်း၌ အလွန် မွေ့လျော်၏၊ ဒါနအရာ၌ ရက်ရောဖြစ်၏။ စေတနာ သဒ္ဓါ ထက်သန်၏၊ လူဒါန်းလိုဖြစ်၏၊ ပေးကမ်းလိုဖြစ်၏၊ စွန့်ကြဲလိုဖြစ်၏။ လွန်ခဲ့သော (၄) နှစ်ခန့်က ဒေါက်တာခင်ခင်ရီမိသားစုတို့ မြောင်းမြမြို့၊ တိုက်သစ်ပဇ္ဇောတာရုံ စာသင်တိုက်၌ သိန်း၂၂၀၀ ကျော်တန် ၂ ထပ်ကျောင်းဆောင်ကြီးတစ်ဆောင်ကို ဆောက်လုပ် လူဒါန်းရေစက်ချပြီး ရန်ကုန်သို့ မိမိနှင့် အတူ ကားဖြင့် ပြန်လာခဲ့ကြရာ လမ်းတစ်လျှောက်၌ လမ်းပြင်နေကြသော စည်ပင်ဝန်ထမ်းများ၊ ရပ်သူရွာသားများကို မကြာမကြာ တွေ့ရ၏။

လမ်းပြင်နေကြသော လုပ်သားများမှာ တစ်ရှဉ်းဆယ် နှစ်ရာခန့် ရှိမည်ထင်၏။ ဒကာမကြီး ဒေါ်စန်းရီသည် လမ်းပြင်အဖွဲ့ တွေ့တိုင်း ကားရပ်ခိုင်း၏။ ကားပေါ်မှ ဆင်းကာ ဆင်းကာ တွေ့သမျှ လမ်းပြင်ဝန်ထမ်းအားလုံးအား တစ်ယောက်မကျန် တစ်ထောင်စီ တစ်ထောင်စီ ဆင်း၍ ပေးလှူ၏။ ဝန်ထမ်းတွေမှာ ပျော်မဆုံးမော်မဆုံး။ ဒကာမကြီးကလည်း ပြုံးလို့ရွှင်လို့။ ကားပေါ်ပါသူအားလုံးလည်း ပီတိလုံးကြီး စီးလာရသကဲ့သို့။ ဒီလိုနဲ့ ဗိုလ်မြတ်ထွန်းတံတား ရောက်တော့ ကားနားကြ၏။ စားသောက်ဆိုင်ကြီးမှာ စားပွဲကိုယ်စီ ထိုင်လျက် အပမ်းဖြေကြ၏။

ဒကာမကြီး ဒေါ်စန်းရီမှာ မိမိစားပွဲသို့ လာရောက်ကာ လက်အုပ်လေး ချီလျက် "ဆရာတော်ဘုရား၊ တပည့်တော်တို့ကို အကျိုးများတဲ့ အလှူကို ညွှန်ပြပါဘုရား"ဟု လျှောက်ထားလေသည်။ ထိုအခါ မိမိက" ဒကာမကြီး၊ သာသနာတော်ရဲ့ အသက်သွေးကြောဟာ ပရိယတ္တိပဲ၊ အဲဒီ ပရိယတ္တိတာဝန်ကို စာချဘုန်းကြီးတွေက အဓိက ထမ်းဆောင်နေကြတာ၊ အကျိုးများတဲ့ အလှူကို လူချင်းရင် စာချဘုန်းကြီးတွေကို ဦးစားပေး လှူသင့်တယ်"ဟု ပြောပြလိုက်ပါသည်။ ထိုအခါ ဒကာမကြီးမျက်နှာမှာ ဝင်းလက်သွားလျက်" ဟုတ်ပြီဘုရား၊ လူတတ်ပြီ လူတတ်ပြီ။ နောက်ဆိုရင် စာချဘုန်းကြီးတွေကို ဦးစားပေး လှူတော့မယ်ဘုရား"ဟု လျှောက်ထားကာ ကားပေါ်သို့ ပြန်တက်ကာ ခရီးဆက်ခဲ့ကြပါသည်။ ရန်ကုန်သို့ ပြန်ရောက်သောအခါ ဒကာမကြီးသည် စာသင်တိုက်များသို့ သွားရောက်၍ စာချဘုန်းကြီးများအား တစ်ပါး တစ်ပါး နဝကမ္မ တစ်သိန်းတစ်သိန်း ဆက်ကပ် လူဒါန်းလေတော့၏။ စာချဘုန်းကြီးတိုင်းက အံ့အားသင့်

http://www.dhammadownload.com

ကုန်တော့ဖ၏။ ကျုပ်တို့တစ်သက် ဒီလိုလူတဲ့အလူရှင် မတွေ့ဖူးဘူး-ဟု မိန့်တော်မူ လိုက်ကြ၏။ ဒကာမကြီး ဒေါ်စန်းရီ စာချဘုန်းကြီးအပါး (၂၀၀) ခန့်အား တစ်ပါး တစ်သိန်းစီ (၂) နှစ် လူဒါန်းပြီးသောအခါ ဒကာမကြီးတို့ မိသားစုအားလုံး ထူးမြတ်တဲ့ လူဒါန်းနည်းကို သဘောပေါက် နားလည်သွားကြကာ သမီးဖြစ်သူ ဒကာမကြီး ဒေါက်တာ ဒေါ်ခင်ခင်ရီက မိခင်ကြီးကို အတုလိုက်ကာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ စာချဘုန်းကြီးများအား လှည့်လည် လူဒါန်းတော့မယ်-ဟု မောင်းမထုသော်လည်း မောင်းထုသကဲ့သို့ မမောနိုင်မပန်းနိုင် မိခင်ကြီး ဒေါ်စန်းရီနှင့်အတူ လှည့်လည် လူဒါန်းလေတော့သည်။ တစ်နိုင်ငံလုံး လှည့်လည်လူဒါန်းပြီး ရန်ကုန်သို့ ပြန်ရောက်သောအခါ မိမိထံသို့ ဖုန်းဆက်ပြီး "ဘုန်းဘုန်း၊ ဝမ်းသာစရာ လျှောက်ရအုံးမယ်။ ဘုန်းဘုန်း ညွှန်ကြားတဲ့အတိုင်း တစ်နိုင်ငံလုံးရှိ စာချဘုန်းကြီးတွေကို တပည့်တော် လှည့်လူခဲ့ပြီ။ ဘုန်းဘုန်း မေးချင်တဲ့မြို့ မေး၊ အကုန် လူပြီးပြီ။ တချို့ ဆရာတော်တွေက 'သီရိဓမ္မာသောကမင်းကြီး ကိုးတိုင်းကိုးဌာန သာသနာပြု စေလွှတ်ပြီး နောက်ပိုင်း တစ်နိုင်ငံလုံးရှိ စာချဘုန်းကြီးတွေကို လှည့်လည်လူတာ ဒကာမကြီးတစ်ယောက်ပဲ ရှိသေးတယ်'လို့ မိန့်တော်မူကြတယ်ဘုရား"ဟုလည်း လျှောက်ထားခဲ့ပါသည်။ ဒကာမကြီး ဒေါက်တာ ဒေါ်ခင်ခင်ရီ ပထမအကြိမ် တစ်နိုင်ငံလုံးရှိ စာချဘုန်းကြီးတွေကို လှည့်လည် လူဒါန်းခဲ့သည်မှာ သိန်းပေါင်း ၂၀၀၀ ကျော်၏။ ဒကာမကြီးသည် ထိုမျှဖြင့် အားရတင်းတိမ်ခြင်း မရှိသေးဘဲ အနန္တဂိုဏ်းဝင် မိခင်ကြီး ဒေါ်စန်းရီ၏ လမ်းညွှန်မှုဖြင့် စာချဘုန်းကြီးများကို ပုဒ္ဓဂယာသို့ပင် ဘုရားဖူးပို့၍ ကုသိုလ်ယူလိုက်ပါသေးသည်။မိမိသည်ကား ဒကာမကြီးကို ပညာရေးကို ဦးစားပေး၍ လူဒါန်းစေ၏။ ဒကာမကြီး၏ လူဒါန်းမှုဖြင့် မိမိသည် ကျေးဇူး စာကြည့်တိုက်ပေါင်း ၃၈ တိုက် ထူထောင်ပေးပြီး ဖြစ်၏။ စာသင်ကျောင်း ၂ ကျောင်း၊ ဘုန်းကြီးကျောင်း ၁ ကျောင်းတို့ကိုလည်း ဆောက်လုပ်လူဒါန်းပြီး ဖြစ်၏။ စိန်ရတနာ ဓမ္မာစရိယ စာသင်တိုက်ကြီးကိုလည်း ဒကာမကြီးကပင် အကုန်နီးပါး မ,တည် တည်ထောင်ပေးထား၏။ ဓမ္မဗိမာန် သာသနာပြု လုပ်ငန်းကိုလည်း ထူထောင်ပေးထား၏။ ဗုဒ္ဓစေတမန် သာသနာပြု လုပ်ငန်းကိုလည်း ထူထောင်ပေးသား၏။ ဓမ္မဗိမာန်မှ ဂါထာသူစိနှင့် ပိဋကဝတ္ထုလမ်းညွှန်ကျမ်းစာကြီးတို့လို အဆင့်မြင့် ကျမ်းစာကြီးများ အပါအဝင် ကျမ်းစာအုပ်ပေါင်း (၂၃) အုပ် ထုတ်ဝေပြီး ဖြစ်၏။ **"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"** ကျမ်းကြီးကိုလည်း ယခု ထုတ်ဝေပြီး မြန်မာတစ်နိုင်ငံလုံးရှိ စာချဘုန်းကြီး အပါး (၅၀၄၆) ပါးအား တစ်ပါး တစ်အုပ် လူဒါန်းလိုက်ပါ၏။ မိမိကိုယ်တိုင် ရေးသားပြုစုသော ကျမ်းစာအုပ်ပေါင်းလည်း (၁၅) အုပ် ထုတ်ဝေပြီး ဖြစ်၏။ ဗုဒ္ဓစေတမန်မှ (၁) ပါဠို မြန်မာ ဝိနယ ပိဋက ဒီဗီဒီ၊ (၂) အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ပရိယတ္တိသာသနာတော် ဒီဗီဒီ၊ (၃)တိပိဋကပါဠိမြန်မာအဘိဓာန် ဒီဗီဒီ၊ (၄) ပိဋကသုံးပုံ ပါဠိတော် နိဿယ အစုံ ဒီဗီဒီ၊ (၅) ပိဋကသုံးပုံ အဋ္ဌကထာ ဋီကာ နိဿယ အစုံ ဒီဗီဒီနှင့် (၆) iPad ပိဋကသုံးပုံတို့ကို ပြုစု ထုတ်ဝေပြီး ဖြစ်သည်။ iPad ပိဋကသုံးပုံကို ဒကာမကြီးက အလုံး ၂၀၀ လူဒါန်းပြီး ဖြစ်၏။ iPad ပိဋကသုံးပုံလို အလူမျိုးသည် သီရိဓမ္မာသောကမင်းကြီး၏ အလူတို့ ထက်ပင် သာသည်-ဟု ဆိုချင်ပါ၏။ ဒါ့ကြောင့် ဒကာမကြီးက "ဘုန်းဘုန်း၊ တပည့်တော်တို့ တော်တော် အောင်မြင်လာကြပြီ၊ ကျန်းမာရေးကောင်းဖို့ဆိုပဲ လိုတော့ တယ်"ဟု ရံဖန်ရံခါ လျှောက်ထားတတ်၏။ ထိုအခါ မိမိက "ဒကာမကြီး၊ သာဂါရာ အနာဂါရာ စ၊ ဥဘော အညောညံ နိဿိတာ-တဲ့၊ ဆရာနှင့် ဒကာဆိုတာ ကိုင်းကျွန်းမို့ ကျွန်းကိုင်းမို့ ဆိုသလို

http://www.dhammadownload.com

မှီနေကြတာပဲ၊ ဆရာ ဒကာ ညီညွတ်ရင် သာသနာရေးလုပ်ငန်းတွေ အများကြီး အောင်မြင်နိုင်တယ်၊ ကိုးတိုင်းကိုးဌာန သာသနာပြုခဲ့ကြတဲ့ မဟာမဟိန္ဒမထေရ်နှင့် သီရိမဂ္ဂာသောက မင်းတို့လို၊ ရှင်အရဟံနှင့် အနော်ရထာမင်းတို့လိုပေါ့"ဟု ပြန်ဖြေရပါသည်။ ဒကာမကြီးသည် မိမိကိုသာမက တစ်သာသနာလုံးအား လှူဒါန်းနေသော ဒါနအာဇာနည် အမျိုးကောင်း သမီးတစ်ယောက် ဖြစ်ပေ၏။ အမှန်အားဖြင့် သာသနာတော်ကိုသာမက တိုင်းပြည်ကိုပါ ထောက်ပံ့နေသော တိုင်းပြု ပြည်ပြု နိုင်ငံ့ဂုဏ်ဆောင်ပုဂ္ဂိုလ် ဖြစ်ပေ၏။ ဒကာမကြီးတို့ကုမ္ပဏီ၌ ပရဟိတဌာနကိုပင် သီခြား ဖွင့်လှစ်ထား၏။ အလွန် အံ့သြဖွယ်ကောင်းသော ဒကာမကြီးပါပေ။ ထို့ကြောင့် တချို့က "ဒီဒကာမကြီး လူမှ ဟုတ်ရဲ့လား" မေးကြ၏။ အမှန်မှာ လူအစစ် ဖြစ်ပါ၏။ ဒကာမကြီးက မိမိအား သူရဲ့ သမိုင်းကြောင်းကို ပြောပြဖူးပါသည်။ (သူရဲ့သမိုင်းကြောင်းကို အကျယ်ချဲ့ရေးရရင် စာအုပ်အထူကြီး တစ်အုပ် ဖြစ်သွားပေလိမ့်မည်။) ဒကာမကြီးသည် ဤကဲ့သို့ ထူးခြားစွာ သာသနာပြုနိုင်သည်အထိ အောင်မြင်အောင် (၁) ဘုရားရှင်ကို ဦးခေါင်းပေါ်မှာ တင်၊ (၂) တရားတော်ကို ညာဘက် ပုခုံးပေါ်မှာ တင်၊ (၃) သံဃာတော်ကို ဘယ်ဘက် ပုခုံးပေါ်မှာ တင်ပြီး ည ၁ နာရီ, ၂ နာရီခန့်အထိ မြို့ထဲကို လှည့်လည်ကာ အလုပ်တွေ ကြိုးစားခဲ့တာ။ ဒါကြောင့် ဒီလောက် အောင်မြင်လာတာပါ။ တပည့်တော်က ချမ်းသာလို့ လှူတာ မဟုတ်ပါဘူး။ ချွေးနဲစာလေးနဲ့ လှူတာပါဘုရား-ဟု လျှောက်ထားခဲ့ဖူးပါသည်။ သို့ဖြစ်၍ မိမိသည်လည်း သူရဲ့ သဒ္ဓါတရားကို လေးစားပါ၏၊ တန်ဖိုးထားပါ၏၊ မိမိဘက်က တစ်ပြားသားမှ မလိုရအောင် အမြဲ ကြိုးစားပါ၏။ သူရဲ့ စိတ်နေစိတ်ထားနှင့် သဒ္ဓါတရားကို သိရလေလေ ကြက်သီးတစ်ဖြန်းဖြန်း ထလေလေ ဖြစ်၏။ ဒီဒကာမကြီးလို ပုဂ္ဂိုလ်မျိုး ဆယ်ယောက်လောက်သာ ရှိလျှင် ငါတို့ သာသနာ ကမ္ဘာကို လွှမ်းသွားမှာပဲဟုလည်း တွေးတောမိပါသည်။ ဒကာမကြီးတို့ မိသားစုသည် သာသနာတော်အတွက်ရော နိုင်ငံတော်အတွက်ပါ အလွန် ကျေးဇူးကြီးမား လှပါပေသည်။ ထိုသို့ ကျေးဇူးကြီးမားလှသည့်အတွက် ဒကာမကြီးတို့ ဒေါက်တာ ဒေါ်ခင်ခင်ရီ မိသားစုတို့အား အကျွန်ုပ်တို့၏ ဤ **"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"** ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ် ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါကုန်၏။ ဒကာမကြီးတို့ ဒေါက်တာ ဒေါ်ခင်ခင်ရီမိသားစုတို့သည် ဤ **"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"** ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၁။ ဝတ္တမာနေ အတီတေ စ၊ ယေ အာသုံ အမှ ဉာတယော။
တေသာနမ္မိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၁။ လောကဌ် လူတိုင်းလူတိုင်း သတ္တဝါတိုင်းသည် အပေးအယူဖြင့် နေထိုင်ကြရ၏။ ကိုယ်က ပိုက်ဆံ ပေးလျှင် သူက ပစ္စည်းပေး၏။ ကိုယ်က လုပ်အားပေးလျှင် သူက ပိုက်ဆံပေး၏။ ကိုယ်က ဒီပစ္စည်း ပေးလျှင် သူက ဟိုပစ္စည်း ပေး၏။ ကိုယ်က နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်လျှင် နိုင်ငံတော်က လခပေး၏။ ကိုယ်က ကားနဲ့ ပို့လျှင်

http://www.dhammadownload.com

သူက ပိုက်ဆံ ပေးဖို့။ စသည်စသည်--- မိမိတို့သည် တစ်နည်းမဟုတ် တစ်နည်း ဆွေမျိုးတို့၏ မေတ္တာကို ခံယူ၍ ဆွေမျိုးတို့၏ အရိပ်အာဝါသကို ခိုလှုံခဲ့ရဖူး၏။ အနည်းဆုံး ရပ်ဆွေရွာမျိုးတို့၏ အကူအညီကို ခံယူခဲ့ရဖူး၏။ ထိုကြောင့် မြတ်စွာဘုရား ကိုယ်တော်တိုင်က [ဓမ္မ၊ဋ္ဌ၊၁၊၂၂၆။] [ဇာ၊ဋ္ဌ၊၄၊၁၅၅။] "ဉာတကာနံ ဆာယာ နာမ သီတလာ- ဆွေမျိုးတို့၏ အရိပ်မည်သည် အေးမြ၏" ဟု မိန့်ကြားတော်မူခဲ့လေသည်။ ဤသည်မှာ မိမိတို့က ဆွေမျိုးတို့အထံမှ ယူခဲ့ခြင်း ဖြစ်၏။ သို့ဖြစ်၍ မိမိတို့ကလည်း ပြန်ပေးဖို့ တာဝန်ရှိ၏။ ကျမ်းဂန်တို့၌လည်း ဆွေမျိုးသားချင်း အချင်းချင်း အပေးအယူ လုပ်၍ ကူညီခဲ့ကြသည်ကို တွေ့ရဖူး၏။

ဗိမ္ဗိသာရမင်းကြီး၏ ဆွေတော်မျိုးတော်တို့သည် ဖုဿဘုရားရှင်၏ လက်ထက်တော် အခါက သံဃာတော်အား ကပ်မည့် ခဲဖွယ်ဘောဇဉ်တို့ကို ကြိုတင် စားသောက်မိ၍ ပြိတ္တာ ဖြစ်နေကြကုန်၏။ ထိုပြိတ္တာတို့သည် ဂေါတမဘုရားရှင် ပွင့်ထွန်းတော်မူလာသော အခါ ဗိမ္ဗိသာရမင်းကြီး အလှူပေးသော ပဌမနေ့၌ အမျှ မရလိုက်ကြကုန်။ ထို့ကြောင့် ထိုပြိတ္တာတို့သည် ညအခါ၌ ကြောက်မက်ဖွယ် အသံဆိုးကြီးတို့ကို အော်ဟစ်၍ ဗိမ္ဗိသာရမင်းကြီးအား ကြောက်မက်ဖွယ်အသွင်ကို ပြကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် နောက်တစ်နေ့၌ ဝေဠုဝန် ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ထားလေ၏။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "မင်းကြီး၊ အဲဒါ သင်ရဲ့ ဆွေဟောင်းမျိုးဟောင်းများ ဖြစ်ကြတယ်။ သင်ရဲ့ အလှူကို စောင့်မျှော်နေကြရှာတယ်။ မနေ့က သင်အလှူပေးပေမဲ့ သူတို့ဟာ အမျှ မရလိုက်ကြရှာဘူး။ ဒါ့ကြောင့် အခုလို ပြခြင်း ဖြစ်တယ်"ဟု မိန့်ကြားတော်မူခဲ့ပါသည်။ ထို့နောက် မြတ်စွာဘုရား ညွှန်ကြားတော်မူသည့်အတိုင်း သံဃာတော်အား ထပ်မံလှူဒါန်း၍ အမျှအတန်း ပေးဝေသောအခါ ဆွေဟောင်းမျိုးဟောင်းပြိတ္တာများ အမျှရကြ၍ ချက်ချင်း ချမ်းသာသုခ ရရှိခဲ့ကြလေသည်၊ [ဓမ္မ၊ဋ္ဌ၊၁၊၆၆။]။ ဤသို့ စသော သာဓကများနှင့်အညီ မိမိတို့သည် ဆွေဟောင်းမျိုးဟောင်းများ၊ ဆွေသစ်မျိုးသစ်များနှင့် အပြန်အလှန် ကျေးဇူး အတုံ့အလှည့် ရှိကြသည့်အားလျော်စွာ မိမိတို့ ပြုကြသော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေဖို့ တာဝန်ရှိပါ၏။ သို့ဖြစ်၍ မိမိတို့ ဆွေဟောင်းမျိုးဟောင်းများနှင့် ဆွေသစ်မျိုးသစ်များအား အကျွန်ုပ်တို့၏ ဤ **"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"** ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါကုန်၏။ မိမိတို့ ဆွေဟောင်းမျိုးဟောင်းများ ဆွေသစ်မျိုးသစ်များသည် ဤ **"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"**ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန် ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံး စိတ်ဝမ်း အေးချမ်းကြပါစေ။

၁၂။ ဗာလကာလတော ပဋ္ဌာယ၊ သဟာယာ ပံသုကီဠကာ။
တေသာနမ္မိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

http://www.dhammadownload.com

၁၂။ မိမိတို့သည် ဤမျှအထိ ကြီးမားသော ကျမ်းစာကြီးကို ရေးသား ပြုစုပြီးသော အခါ ငယ်စဉ်တောင်ကျေး ကလေးဘဝကိုလည်း သတိရမိပါ၏။ ကိုသန်းဌေးတို့၊ ကိုတိုးတို့၊ ကိုသိန်းဌေးတို့၊ ကိုသန်းဆွေတို့၊ ကိုမြင့်ကျော်တို့၊ ကိုခင်မောင်မြင့်တို့၊ ကိုဝင်းစိန် ခေါ် ဝိုလ်ဝင်းတို့၊ ကိုခင်မောင်ဌေးတို့၊ ကိုကျော်ဝင်းတို့၊ ကိုသန်းဆောင်တို့၊ ကိုဝင်းညွန့်တို့၊ မောင်စိုးတို့၊ ကိုသန်းဦးတို့၊ ကိုသန်းထူးတို့၊ မောင်ကြိုင်တို့၊ မောင်ဇော်တို့၊ ကိုရဲမြင့်တို့၊ ကိုအုန်းလှိုင်တို့၊ ကိုအေးကျူတို့၊ ကိုဝင်းအောင်တို့၊ ကိုဝင်းဌေးတို့၊ ကိုရဲမြင့် ခေါ် မောင်လေးတို့၊ ကိုဝင်းအေးတို့၊ မောင်ဝင်းတို့၊ မိုးသီးတို့၊ အောင်မင်းတို့၊ အောင်ချင်းတို့၊ အောင်ဝင်းတို့၊ ကိုစိန်ဝင်းတို့၊ ကိုမြင့်ကျော်တို့၊ ကိုမြင့်ဇော်တို့ စသည်ဖြင့် စုံလို့ စုံလို့---။ သူတို့ကား မိမိ၏ ကျောင်းနေဖက် ငယ်သူငယ်ချင်းများ ဖြစ်ကြ၏။ မိမိတို့ရွာ၌ ကျောင်းစအပ်သောအခါ ကျောင်းသားကြီးက ကျောင်းသားငယ်လေးကို ညီအစ်ကိုအရင်းပမာ လက်ဆွဲခေါ်သွားလေ့ ရှိ၏။ ငါးနှစ်သား အရွယ်ခန့် ကလေးငယ် မိမိကို မိမိလက်ကို ဆွဲကာ အစ်ကိုကြီးတစ်ယောက်ပမာ ကျောင်းခေါ်သွားခဲ့သူမှာ အိမ်နီးချင်း ကိုသန်းဌေး ဖြစ်ပါသည်။ မိမိ၏ မိဘများကလည်း ကိုသန်းဌေးကို မိမိအား ညီငယ်လေးပမာ စောင့်ရှောက်ရန် အပ်လိုက်ကြ၏။ ကိုသန်းဌေးကလည်း တကယ့် ညီငယ်လေးပမာ အစစအရာရာ စောင့်ရှောက်ပါသည်။ တစ်ခါက ကလေးငယ် မိမိသည် မြစ်ဆိပ်မှာ ရေနစ်ဖူး၏။ ငုတ်ချည် ပေါ်ချည်နဲ့။

ထိုစဉ်က ကိုသန်းဌေး ဆယ်လို့သာ အသက်ရှင်ခဲ့ရသည်။ ကိုသန်းဌေး၏ ကျေးဇူးကား ကြီးမားပါပေစွ။ ကျောင်းမှာလည်း ကိုသန်းဌေးက အမြဲ စောင့်ရှောက်၏။ ကျောင်းရောက်တော့ စ,သင်ရသည်ကား ဘုရားထူးနှင့် တင်ပါ့ ဖြေ။ စာတက်တော့ ကကြီးခကွေးမှ စပြီး သင်ပုံးကြီးကို တက်ရ၏။ ဘုန်းကြီးတွေ ဆွမ်းဘုဉ်းပေးနေချိန်မှာ ကျောင်းသားတွေက နှစ်တန်းခွဲ၍ ထိုင်ရ၏။ အငယ်စားနှင့် အကြီးစား။ အငယ်စားများက ရှေ့မှ ကြီးစဉ်ငယ်လိုက် တန်းစီပြီး ထိုင်ရ၏။ ထိုအငယ်စားတန်း၏ ရှေ့မှာ ခပ်ထက်ထက် ကျောင်းသားကြီး တစ်ယောက်က ထိုင်ကာ သြကာသနှင့် အဟံ ဘန္တေကို တိုင်ပေးရ၏။ အငယ်စားတန်းက လိုက်ဆိုရသည်။ တိုင်ပြီးလျှင် အငယ်ဆုံး ကျောင်းသားလေးမှ စပြီး ထို သြကာသနှင့် အဟံ ဘန္တေကို အလွတ် ပြန်ပြရသည်။ ဒီနည်းဖြင့် သြကာသကန်တော့ချိုးနှင့် အဟံ ဘန္တေ ခေါ် ငါးပါးသီလကို ရခဲ့ကြသည်။ နောက်တော့ ကိုယ့်ထမင်းပွဲကို ကောက်ယူပြီး နေရာအသီးသီးမှာ စား။ ဘုန်းကြီးက မုန့်ဝေ။ ရှိခိုးပြီးမှ မုန့်ကို ကောက်ရသည်။ တကယ် စဉ်းစားကြည့်တော့ ခဏခဏ ရှိခိုးခဲ့ရ၏။ များသောအားဖြင့် ဝေစုရတဲ့ မုန့်ကို ညနေ ဆာမှ စားဖို့ ဆွမ်းအိုးလေးထဲမှာ ချန်ထားတတ်ကြ၏။ ဆွမ်းအိုးဆိုသည်ကား ရေဆိုင်းကလေးလို ဆိုင်းကလေး။ အမှန်တော့ ဆွမ်းဆိုင်းကလေး ဖြစ်၏။ ရှေ့မှာ ဆွမ်းအိုးဆိုင်း၊ နောက်မှာ ဟင်းသုံးခွက်ပါသည့် လင်ပန်းလေးနဲ့ အုပ်ဆောင်းလေးနဲ့ ဟင်းဆိုင်းလေး။ အဲဒီနှစ်ခုကို ထမ်းပိုးဖြင့် ထမ်းရ၏။ ထိုဆွမ်းနှင့် ဆွမ်းဟင်းဆိုင်းကလေးကို ဆွမ်းအိုး-ဟု ခေါ်သည်။ထိုဆွမ်းအိုးကို တတ်နိုင်သော ဒကာဒကာမများက ရာသက်ပန် ဆွမ်းဝတ် ထား၍ လှူဒါန်းကြသည်။မိမိ ငယ်စဉ်က ကျောင်း၌ ဆွမ်းအိုး ခုနစ်လုံး ရှိ၏။

ထိုအချိန်မှာ သင်ပုန်းကြီးကို ငါးခေါက်ခန့် ကျည်ကအောင် သင်ရသည်။သင်ပုန်းကြီး ကျည်ကသွားသောအခါ ဖတ်စာများကို မပြတ်ဖတ်၍ မပြတ်ရေးရတော့သည်။ ရွာထဲမှာ ရှိတဲ့

http://www.dhammadownload.com

လူနာမည်မှန်သမျှ အကုန် ရေးရ ဖတ်ရတော့သည်။ ထို့နောက်မှာတော့ မင်္ဂလသုတ်၊ ဘုရား ရှိခိုးနှင့် မေတ္တာပို့၊ ပရိတ်ကြီး၊ ဇာတ်ကြီးဆယ်ဘွဲ့၊ သဒ္ဒါ၊သင်္ချိဟ်၊ ဝိနည်း၊ ဓမ္မစကြာ၊ အနတ္တ လက္ခဏသုတ် စသည်ဖြင့် အခြေခံစာ အားလုံးကို သင်ရသည်။ သင်္ချာနှင့် အလီတို့ကိုလည်း သင်ရသေးသည်။ သင်ချိန်များကား (၁) နံနက် ၉ နာရီမှ ၁၀ နာရီ၊ (၂) နေ့လယ် ၁၂ နာရီမှ ၂ နာရီ၊ (၃) နေ့လယ် ၂ နာရီမှ ၂ နာရီခွဲ ဂဏန်းတွက်၊ (၄) ညနေ ၄ နာရီ မှ ၅ နာရီ အလီ အံ့။ (၅) ညနေ ၅ နာရီ အိမ်ပြန်တုန်း ခေါက်တော့ ဩကာသ၊ ငါးပါးသီလ၊ ရတနာသုံးပါး၇ာ်တော်နှင့် သမ္မုဒ္ဓေအထိ ရွတ်ဆိုကာ ဘုရားကန်တော့ပြီးမှ ပြန်ရသည်။ အိမ်ရောက်ရင် မိဘတွေအား ရှိခိုးကန်တော့ဖို့ ဆရာဘုန်းကြီးက မှာလိုက်သေးသည်။ ဤသည်မှာ မိမိတို့ ကျောင်းသားများ၏ နေ့စဉ် အလုပ် ဖြစ်၏။ အထက်ပါ စာသင်ချိန်များမှ တစ်ပါး အားလပ်ချိန်များ၌ နည်းမျိုးစုံဖြင့် ကစားကြသည်။ ဘောလုံးကန်သည်၊ ဘော်လီဘောပုတ်သည်။ ထုတ်တိုးသည်၊ ခေါင်ကြောင်း တိုးသည်။ ရီထိုးသည်၊ တွတ်ထိုးသည်၊ ကျက်ထုတ်ပစ်သည်၊ ကျောပိုး၍ လှည့်တမ်း ကျက်ထုတ်ပစ်သည်။ လိပ်ဥဖွက်သည်၊ ထွေပစ်သည်၊ ပေသီးပတ်သည်၊ လောက်စာလုံး ခေါင်းကဲသည်၊ ဝွင်စဝိုင်းပစ်သည်၊ ကျင်းလိုမ့်သည်၊ ဟိုဘက်သည် ကာရားခွ၍ ပေသီးတည်ကာ အလှည့်ကျ ပစ်သည်၊ ဘုတ်တလုပ်တောက်တဲ့ ကစားသည်၊ ကျက်ပေါင်ကွင်း ပစ်သည်။ နံရံကပ် ကျက်ပေါင်ကွင်း ပစ်သည်။ သံထွေ ပစ်သည်၊ ခေါင်းပန်း လှည့်သည်၊ ခေါင်းစုံပန်းစုံ လှည့်သည်၊ မန်ကျည်းစေ့ ပဲစေ့ တောက်သည်၊ လက်သန်းခွဲသည်၊ ရွှံ့ကို အရုပ်မျိုးစုံ လုပ်၍ ကစားသည်၊ အထူးသဖြင့် အသံချဲ့စက်ပုံ လုပ်သည်၊ ဟွန်းလုပ်၍ အလှပြိုင်ကြသည်၊ သီချင်းပြိုင်ကြသည်၊ ငှက်ရုပ်၊ ကြက်ရုပ်၊ ခွေးရုပ်၊ နွားရုပ်၊ မြင်းရုပ် အစုံ လုပ်သည်၊ ရေကြီးတုန်း လေ့ပြိုင်သည်၊ ရေကူးပြိုင်သည်၊ ရေငုတ်ပြိုင်သည်၊ လေတံခွန် လွှတ်သည်၊ လေလာရင် စက်ကြာ လွှတ်သည်၊ စကောပျက်က ခွေနဲ့ ဘီးလိုမ့်သည်၊ ရံဖန်ရံခါ လှည်းဘီးဟောင်းက သံဘီးနဲ့လည်း လိုမ့်သည်၊ ကျားချသည်၊ လွန်ဆွဲသည်၊ ကြိုးခုန်သည်၊ ခါးပုဆိုးချည်ကာ ဟိုဘက်ဒီဘက် လေးဘက်ထောက်၍ပင် အားပြိုင်ဆွဲကြသေးသည်။ ကျောင်းထဲက သစ်ပင်မှန်သမျှ မတက်ဖူးတဲ့ သစ်ပင်မည်သည် မရှိ။ လက်သီးထိုးလိုက်၊ နပန်းသတ်လိုက်၊ ရန်ဖြစ်လိုက်၊ ပြန်ခေါ်လိုက်။ တစ်သက်မှာ အပျော်ဆုံးဘဝကို ပြောပါဆိုလျှင် ထိုကလေးဘဝပင် ဖြစ်၏။ ထိုဘဝမျိုးကို နောက်ထပ် ပြန်မရနိုင်တော့ပေ။ တွံတေးသိန်းတန်၏ အသီးတစ်ရာ အညာတစ်ခု၊ သန်းထွန်းလေး၏ မွေးဌာနီနှင့် အစ်မ မခင်ခင်ထူး၏ ကျေးလက်သရုပ်ဖော် ဝတ္ထုတို့သည် ကျေးလက်က ကလေးငယ်များ၏ ဘဝကို အလွန် ထင်ဟပ်လှပါ၏။ သို့သော် မိမိတို့ ကလေး ဘဝမှာ ပျော်ရွှင်ခဲ့ကြရပုံကား သူတို့ သူတို့ ပြောပြထားတာထက် အများကြီး ပိုပါသည်။ ထိုမျှအထိ လွတ်လပ်စွာ ဆော့ကစားခဲ့ရမှတော့ အဘယ်မှာလျှင် ခန္ဓာကိုယ်နှင့် ဥဏှာက် မဖွံ့ဖြိုးဘဲ နေပါတော့မည်နည်း။ အမှန်ပင် ဖွံ့ဖြိုးခဲ့မည်သာ။ သို့ဖြစ်၍ မိမိနှင့် ငယ်သူငယ်ချင်းများသည် အပြန်အလှန် ကျေးဇူးအတုံ့အလှည့် ရှိသူများ ဖြစ်ကြ၏။ ထိုကြောင့် မိမိ၏ ငယ်သူငယ်ချင်းများအားလည်း အကျွန်ုပ်တို့၏ ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါကုန်၏။ မိမိ၏ ငယ်သူငယ်ချင်းများသည် ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊

http://www.dhammadownload.com

ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၃။ ပဇ္ဇောတာရာမေ ဘိနဝေ၊ ယော ဝသုံ သဟခမ္မိကာ။
ကုတရိတရေနယေဝ၊ သန္တုဋ္ဌာ သဟဘုဉ္ဇကာ။

၁၄။ ဂရဟာယ နိန္ဒာယပိ၊ အညမညမကုဗ္ဗကာ။
တေသာနမ္မိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏံ။

၁၃။ မိမိသည် ၁၅ နှစ်သားအရွယ်၌ မြောင်းမြမြို့ တိုက်သစ်ပဇ္ဇောတာရုံ စာသင်တိုက်သို့ စတင် ရောက်ရှိသည်။ ရောက်သည့်နေ့ကား ၁၃၄၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်နေ့။ မိမိတို့ ရောက်တော့ စာဝါတွေကား ဖွင့်နေလေပြီ။ ထိုအချိန်က အစိုးရစာမေးပွဲမှာ မူလတန်း မပါသေး။ သို့သော် မိမိတို့ကား ကျောင်းတွင်းမူလတန်းမှ စတက်ရ၏။ ရောက်တာ နောက်ကျသည့်အတွက် သင်္ကြိုဟ်ကို စိတ်ပိုင်း အရှပါဝစရစိတ်အဆုံး နိဂုံးဂါထာ အာလမ္ဗဏပွဘေဒေန- စသော ဂါထာမှ စတက်ရသည်။ ရှေ့ပိုင်းကို ဆရာတော် ဦးနန္ဒက ပြန်လည် ပို့ချပေးတော်မူ၏။ ဒီလိုနဲ့ မြို့ပြ စာသင်သားလောကသို့ စတင်ဝင်ရောက်ခဲ့ပါသည်။ စာသင်တိုက်ရောက်တော့ ပို၍ စနစ်ကျလာ၏။ ဝတ်ပုံ စားပုံ၊ နေပုံထိုင်ပုံ၊ ပြောပုံ ဆိုပုံ၊ လူမှုဆက်ပုံ စသည်ကို အစုံ သင်တန်း တက်ရသကဲ့သို့ ဖြစ်သည်။ အဖိတ်နေ့တိုင်း သန့်ရှင်းရေး လုပ်ရ၊ ဝေယျာဝစ္စ လုပ်ရသည်။ အပတ်စဉ် အဖိတ်နေ့ ဥပုသ်နေ့တိုင်း အမြဲဩဝါဒ နာယူရသည်။ စာပုံမှန် တက်ရသည်။ မနက် ၉ နာရီမှာ ဆွမ်းခံသွားရသည်။ ဆွမ်းခံမသွားမီ စာ ၂ ဝါ တက်ရသည်။နေ့လယ် ၁ နာရီမှ စပြီး နာရီတိုင်း စာဝါ ရှိသည်။ ညနေ ၆ နာရီ ဘုရားဝတ်တက်ရသည်။ ဘုရားဝတ်တက်အပြီး စာတစ်ဝါ တက်ရသေးသည်။ ညစဉ် ၈ နာရီမှ ၉ နာရီခွဲအထိ စာပြန်ကျောင်း တက်ကြရသည်။ ညစဉ် ၉ နာရီခွဲမှ ၁၀:၀၀ နာရီအထိ တရားထိုင်ကြရသည်။အပတ်စဉ်ဥပုသ်နေ့တိုင်းအစမ်းလေ့ကျင့်ခန်းစာမေးပွဲဖြေရသည်။စာမေးပွဲမှာ အမှတ်သာရေးအတွက် သူငယ်ချင်းများနှင့် စာအပြိုင်အဆိုင် လုပ်ကြသည်။ တစ်ခါတစ်ခါ ငြင်းကြ၊ ခုန်ကြသည်။ သူငယ်ချင်းများနှင့် စားအတူ သွားအတူ အေးအတူ ပူအမျှ နေကြသည်။ ထင်းပေါက်၊ မြက်ခုတ်၊ မြက်နုတ်--စတဲ့ ဝေယျာဝစ္စလုပ်လည်း တစ်ပျော်တစ်ပါး။ သူ့စ ကိုယ့်စ ပြောမနာ ဆိုမနာ နေထိုင်ခဲ့ကြသည်။ဒီလိုနဲ့ဓမ္မာစရိယဘွဲ့ရသည်အထိ နေထိုင်ခဲ့ကြသည်။စာမေးပွဲကိုလည်းပါဠိလိုဖြေ၊ နေ့စဉ် ပါဠို လေ့ကျင့်ခန်းရေး၊ မြန်မာစာလေ့ကျင့်ခန်းကိုလည်း အပတ်စဉ် ရေးခဲ့ကြရသေးသည်။ နေမကောင်းထိုင်မသာ ရှိက ညီအစ်ကို အရင်းပမာ ပြုစု စောင့်ရှောက်ကြသည်။သုံးစရာ နဝကမ္မ မရှိကလည်း လှည့်ကကြ၊ လှူကြ၊ ဖေးမ ကူညီကြသည်။ ပစ္စည်းလေးပါးနှင့် စာအုပ်စာတန်းကိုလည်း အပြန်အလှန် လှူဒါန်းကူညီလေ့ ရှိကြသည်။ စာမသိက အချင်းချင်း ဆွေးနွေး မေးမြန်းကြသည်။ နွေရာသီမှာ သူ့ရွာ ကိုယ့်ရွာ အပြန်အလှန် အလည် လိုက်ကြသည်။ စာသင်သားအချင်းချင်း မိမိတို့ လိုရာ ပန်းတိုင် ရောက်သည်အထိ လက်တွဲခဲ့ကြရသည်။ အပြန်အလှန် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခဲ့ကြသည်။ အခုတော့ နေရာအသီးသီးမှာ တစ်တော တစ်ကြက်ဖ တွန်နေကြရသည်။ ဤကဲ့သို့ နေရာအသီးသီးမှာ တစ်တော တစ်ကြက်ဖ တွန်နိုင်ကြရေးအတွက် အပြန်အလှန် ကူညီ ဖေးမ၍ ကျေးဇူးပြုခဲ့ကြသော သီတင်းသုံးဖော်များအားလည်း အကျွန်ုပ်တို့၏ ဤ "ပိဋကသုံးပုံ

http://www.dhammadownload.com

သရုပ်စုံ အဘိဓာန်"ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှုဏ် အဖို့ဘာဂကို အမျှပေးဝေပါကုန်ဏ်။ မိမိဏ် သီတင်သုံးဖေါ်များသည် ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှုဏ် အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၅။ စိန်ရတနာဝိဟာရမှိ၊ ဝသန္တိ သာသနဘာတရော။
ကုမေသမွိ မာဒိသာမ၊ အမှာကံ ဓမ္မဒကွိဏ်။

၁၅။ မိမိတို့ဏ် စိန်ရတနာ ဓမ္မာစရိယ စာသင်တိုက်ကြီးကို ၁၃၆၅ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ဏ်။ စတင် တည်ထောင်သော နှစ်မှာ (၁) ဆရာတော် ဦးသာသန၊ (၂)ဦးဩသဓ၊ (၃) ဦးသိရီဓမ္မ၊ (၄) ရှင်နန္ဒသိရီနှင့် (၅) ရှင်သုဇနတို့ သီတင်းသုံးခဲ့ကြဏ်။ ယခုနှစ်မှာ ဝါဆိုသံဃာ ၁၅၅ ပါး ရှိဏ်။ မိမိတို့စာသင်တိုက်၌ ဒသမ ရွှေကျင်သာသနာပိုင် မြောင်းမြ ဆရာတော်ဘုရားကြီးဏ် "နေနည်းရှေးကျ သင်ပြ ခေတ်မီ" ဟူသော မူကို လက်ကိုင်ထား ကျင့်သုံးဏ်။ အထူးသဖြင့် မြောင်းမြနည်းစနစ်အတိုင်း ပါဠိဘာသာကို ဦးစားပေး၍ သင်ဏ်။ "စိန်ရတနာ ပါဠိသင်နည်း" ဟူသော ပါဠိသင်နည်းစာအုပ်ကိုပင် ထုတ်ဝေထားပြီး ဖြစ်ဏ်။ ဓမ္မာစရိယတန်းအပါအဝင် မိမိကျောင်းသို့ ရောက်လာသမျှသော စာသင်သားတို့အား "စိန်ရတနာ ပါဠိသင်နည်း" စာအုပ်ဖြင့် သင်ကြားပေးရာ လွန်စွာ ထိရောက်သည်ကို တွေ့ရဏ်။ ၃ လခန့် သေသေချာချာ သင်ယူပြီးပါက ပါဠိအခြေခံ ကောင်းကောင်း ရသွားတော့သည်။ ပါဠိမျက်စိ ပွင့်သွားပြီ ဖြစ်ဏ်။ ထို့နောင် ဓမ္မပဒအဋ္ဌကထာကို ဆက်လက် ပို့ချပေးဏ်။ ဓမ္မပဒ အဋ္ဌကထာ ပထမအုပ် ကုန်မသောအခါ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ကို ကိုယ်တိုင် ကြည့်ရှုနိုင်လောက်သည်အထိ အခြေခံ ရသွားတော့သည်။ မိမိတို့ မြန်မာနိုင်ငံ၌ ပါဠိရေး လေ့ကျင့်မှုနှင့် ကျမ်းကြီးဖေါက်မှုတို့ တော်တော်များများသော ကျောင်းတို့၌ လိုအပ်လျက် ရှိဏ်။ မိမိတို့ ကျောင်း၌ကား ထိုနှစ်မျိုးလုံးကို ဖြည့်ဆည်းပေးထားပါသည်။ ထို့ပြင် မိမိတို့ကျောင်း၌ နေ့စဉ် နံနက် ၄:၀၀ နာရီမှာ အိပ်ရာ ထကြရဏ်။ နံနက် ၅:၀၀ နာရီမှာ မေတ္တာသုတ် ပါဠိနှင့် အနက်တို့ကို ရွတ်ဆို ပွားများ၍လည်းကောင်း၊မေတ္တာသုတ် မြန်မာပြန် လင်္ကာနှင့် ရတနသုတ်မြန်မာပြန်လင်္ကာတို့ကို ရွတ်ဆိုပွားများ၍လည်းကောင်း မေတ္တာပို့သင်ကြ ရသည်။ ၅:၃၀ နာရီမှာ အရုဏ်ဆွမ်းစား၍ အရုဏ်ဆွမ်းစားပြီးသည်နှင့် တစ်ပြိုင်နက် စာ၀ါ တစ်၀ါ တက်ရသည်။ နံနက် ၇:၄၅ မိနစ်မှာ သံဃာအပါး (၅၀) ခန့်က နေ့ဆွမ်းခံ ထွက်ကြရသည်။ ကျန်သော သံဃာ (၉၀)ခန့်က စာအံကျောင်း တက်ကြရသည်။ ထိုအချိန်မှာပင် ဓမ္မာစရိယတန်း ဘွဲ့ရပြီး သံဃာများနှင့် ၂ ကျမ်းစွဲပြီး သံဃာများက ဓမ္မပဒ အဋ္ဌကထာ တက်ကြရသည်။ နံနက် ၁၀:၄၅ မိနစ်မှာ နေ့ဆွမ်း စား၍ နေ့ ၁၂:၀၀ နာရီမှ နေ့ ၁:၀၀ နာရီအထိ အနားယူကြရသည်။နေ့ ၁:၀၀ နာရီမှ ညနေ ၄:၀၀ နာရီ အထိ တစ်နာရီ စာတစ်၀ါ တက်ကြရသည်။ ညနေ ၅:နာရီမှာ ရေမိုးချိုးကြ၊ ကိုယ်လက်သန့်စင်ကြသည်။ ညနေ ၅:၀၀ နာရီမှ ၆:၀၀ နာရီ အထိ ကျန်းမာရေးအတွက်

http://www.dhammadownload.com

လမ်းလျှောက်ထွက်ကြရသည်။ ညနေ ၆:၀၀ နာရီ၌ ဘုရားဝတ်တက်ကြရသည်။ ဘုရားဝတ်တက်အပြီးမှာ ညဝါတက်ကြ ရသည်။ ညစဉ် ၈:၀၀ နာရီမှ ၉:၃၀ နာရီ အထိ စာပြန်ကျောင်း တက်ကြရသည်။ ညစဉ် ၁၀:၀၀ နာရီမှာ ကျိန်းစက်ကြ၊ အနားယူကြရသည်။ အဖိတ်နေ့နှင့် ဥပုသ်နေ့တိုင်း စာဝါ နားရသည်။ အဖိတ်နေ့တိုင်း သန့်ရှင်းရေးလုပ်၍ ဥပုသ်နေ့တိုင်း အပါတ်စဉ် စာမေးပွဲ ဖြေကြရသည်။ထို့အပြင် အဖိတ်နေ့နှင့် ဥပုသ်နေ့ညနေ ဘုရားဝတ်တက်အပြီးမှာ ဆရာတော့် အထံမှ သြဝါဒ နာယူကြရ၏။ ဤသို့လျှင် စိန်ရတနာကျောင်းတိုက်မှာ အချိန်နှင့် တစ်ပြေး ညီထဲ အကျိုးရှိအောင် နေထိုင်ကြရ၏။ ၁ နှစ်ဆို ၁ နှစ် သိသာအောင် အသားတက်၏။ ဆရာတပည့် မိသားစုသဖွယ် နေထိုင်ကြ၍ အပြန်အလှန် ကျေးဇူးများ၏။ ထို့ကြောင့် စိန်ရတနာ ကျောင်းတိုက်၌ မိသားစုသဖွယ် အပြန်အလှန် ကျေးဇူးများစွာ သီတင်းသုံးနေထိုင်ကြသော သံဃာတော်အရှင်သူမြတ်တို့အားလည်း အကျွန်ုပ်တို့၏ ဤ **"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"** ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေ ပါကုန်၏။ စိန်ရတနာကျောင်းတိုက်၌ မိသားစုသဖွယ် အပြန်အလှန် ကျေးဇူးများစွာ သီတင်းသုံး နေထိုင်ကြသော သံဃာတော်အရှင်သူမြတ်တို့သည် ဤ **"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"** ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၆။ စိန်ရတနာဝိဟာရမှိ၊ သန္တိ အာရက္ခဒေဝတာ။
ဇတာသမွိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏာ။

၁၆။ စိန်ရတနာ ဓမ္မာစရိယ စာသင်တိုက်၌ စောင့်ရှောက်၍ နေကြကုန်သော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့အားလည်း အကျွန်ုပ်တို့၏ ဤ **"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"** ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေ ပါကုန်၏။ စိန်ရတနာ ဓမ္မာစရိယ စာသင်တိုက်၌ စောင့်ရှောက်၍ နေကြကုန်သော နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့သည် ဤ**"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"** ကျမ်းစာကြီးကို ရေးသား ပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၇။ တဒဉ္ဇေ စ ဗဟူ သတ္တာ၊ ဝိဇ္ဇန္တိ လောကဓာတုယံ။
တေသာနမွိ မာဒိသာမ၊ အမှာကံ ဓမ္မဒက္ခိဏာ။

၁၇။ ဖေါ်ပြခဲ့သော ပုဂ္ဂိုလ်တို့မှ တစ်ပါး အခြားသော သက်ရှိပုဂ္ဂိုလ်တို့သည်လည်း လောကဓာတ်အတွင်း၌ အသချေ့ အနန္တ များပြားလှစွာ ရှိကြပါကုန်၏။ ထိုလောကဓာတ် အတွင်း၌ ရှိကြသော အသချေ့ အနန္တ များပြားလှသော သက်ရှိပုဂ္ဂိုလ်တို့အားလည်း အကျွန်ုပ်

http://www.dhammadownload.com

တို့၏ ဤ"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အမျှပေးဝေပါကုန်၏။ ထိုလောကဓာတ်အတွင်း၌ ရှိကြသော အသင်္ခေ္ယ အနန္တ များပြားလှသော သက်ရှိပုဂ္ဂိုလ်တို့သည် ဤ "ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို အကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရရှိကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြ၊ ချမ်းသာကြပါစေ၊ သောကခပ်သိမ်း ငြိမ်းကြပါစေ၊ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ၊ အန္တရာယ်ခပ်သိမ်း ငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၈။ ဣမိနာ ဒါနတေဇေန၊ သုခန္တ သတ္တပါဏိနော။
မောဒိတာ တောသိတာ ဟောန္တု၊ သပ္ပုလ္လာ ပဒုမာ ယထာ။

၁၈။ ဤ"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်"ကျမ်းစာကြီးကို ရေးသားပြုစုရခြင်းဟူသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ တန်ခိုးတေဇော် အာနုဘော်ကြောင့် အနန္တ စကြဝဠာ၌ ရှိကြသော အနန္တ သတ္တဝါတို့သည် နေအရောင်နှင့် အလျဉ်းသင့်၍ လင်းပွင့်ထုံလျှမ်း ပဒုံပန်းသို့ ရွှင်လန်း ဝေဆာ ကျန်းမာကြ၊ ချမ်းသာကြ၊ ဝမ်းသာကြ၊ လျှမ်းဖြာကြပါစေကုန်သတည်း။

၁၉။ ဣမိနာ ပုညဝေဂေန၊ ပါပုဏောယျာမ နိဗ္ဗုတိ။
သာသနံ ဒေဝါ ရက္ခန္တု၊ စိရံ တိဋ္ဌတု သာသနံ။

၁၉။ ဤ"ပိဋကသုံးပုံ သရုပ်စုံ အဘိဓာန်" ကျမ်းစာကြီးကို ရေးသားပြုစုရခြင်းဟူသော ဓမ္မဒါနကုသိုလ်ကောင်းမှု၏ အစွမ်းရှိန်စော် အာနုဘော်ကြောင့် အကျွန်ုပ်တို့သည် ဒုက္ခဝပ်သိမ်း အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ဇကန်ဇက မျက်မှောက်ပြုရပါလိုကုန်၏။ မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကိုလည်း နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ ကောင်းစွာမသွေ စောင့်ရှောက်ကြပါစေကုန်သတည်း။ မြတ်စွာဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး သည်လည်း အနှစ်ငါးထောင်မက ကြာအောင် ကောင်းစွာမသွေ တည်တံ့ပါစေသတည်း။ ။

၂၀။ မာတာ ယထာ နိယံ ပုတ္တ-မာယုသာ ဧကပုတ္တကံ။
တထေဝ ရာဇာ ရက္ခတု၊ မေတ္တာယ သကရဋ္ဌကန္တိ။

၂၀။ မိခင်တစ်ယောက်သည် တစ်ဦးတည်းသော မိမိရင်နှစ် သားချစ်ကလေးကို အသက်ပေးကာ ကောင်းစွာ စောင့်ရှောက်သကဲ့သို့ ပြည့်ရှင်မင်းသည် မိမိ၏ သားသမီးသဖွယ် ဖြစ်သော တိုင်းသူပြည်သားအပေါင်းကို မေတ္တာ ကရုဏာ ပြည့်ဝစွာဖြင့် ကောင်းစွာမသွေ စောင့်ရှောက်ပါစေသတည်း။



http://www.dhammadownload.com

အရှင်သာသနဝရ ရေးသားထုတ်ဝေပြီး
ကျမ်းစာအုပ်များ

၁။ ဗုဒ္ဓဝင်နှင့် ဓမ္မစကြာ (တတိယအကြိမ်) (၂၀၀၉)
၂။ ဗုဒ္ဓ၏ ပုံတော်နှင့် ဂုဏ်တော်များ (၁၉၉၉)
၃။ မိဘမေတ္တာ (ဒုတိယအကြိမ်) (၂၀၀၉)
၄။ ဘဝငြိမ်းချမ်းအောင် နေမယ် (၂၀၀၀)
၅။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၁) (တတိယအကြိမ်) (၂၀၁၂)
၆။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၂) (တတိယအကြိမ်) (၂၀၁၂)
၇။ ဓမ္မလက်ဆောင် (၂၀၀၁)
၈။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
မူလပဏ္ဏာသ (ဒုတိယအကြိမ်) (၂၀၁၁)
၉။ ပိဋကဝိနိစ္ဆယကထာ (၁) (၂၀၀၇)
၁၀။ စိန်ရတနာ ပါဠိသင်နည်း (ဒုတိယအကြိမ်) (၂၀၁၁)
၁၁။ ပရိတ်တော် အဓိပ္ပာယ် ကြည်ညိုဖွယ် (၂၀၀၈)
၁၂။ ပရိတ်တော် လက်ဘက်များ (၂၀၀၈)
၁၃။ ပဋ္ဌာန်းလက်ဘက်များ (၂၀၀၈)
၁၄။ သဒ္ဒါအုတ်မြစ် (၂၀၀၉)
၁၅။ ဓမ္မပဒအဋ္ဌကထာ နိဿယ (ပထမတွဲ) (၂၀၁၀)

ဖြန့်ချိရေး

– သစ္စာမဏ္ဍိုင်စာပေ၊ ရွှေတိဂုံတောင်ဘက်မုခ်
ဖုန်း–၀၁–၃၈၇၈၄၉၊ ၀၉–၅၁၂၅၂၈၅

http://www.dhammadownload.com

ဓမ္မဗိမာန်ထုတ် ကျမ်းစာအုပ်များ

၁။ ဂါထာသူစိ (ဒုတိယအကြိမ်) (၂၀၁၀)
၂။ ဗုဒ္ဓဘာသာအရေး ဓမ္မဒဿန အတွေးအမြင်များ (၂၀၀၃)
၃။ WHAT BUDDHISM HAS TO OFFER THE WORLD (2003)
၄။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် (၂၀၀၃)
၅။ ဣတိဝုတ်ပါဠိတော် နိဿယသစ် (၂၀၀၃)
၆။ သီလကွန် အဋ္ဌကထာ မြန်မာပြန် (၂၀၀၃)
၇။ အဋ္ဌသာလိနီ စည်းမျဉ်းရောင်ခြည် (၂၀၀၃)
၈။ ပိဋကတ်ဝတ္ထုလမ်းညွှန် (၂၀၀၄)
၉။ ဗုဒ္ဓညွှန်ပြ အလှကမ္ဘာ (၂၀၀၄)
၁၀။ မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာတော် (၂၀၀၄)
၁၁။ KHANDHA (THE AGGREGATES) AND THEIR NATURE (2005)
၁၂။ ဥဒါန်းပါဠိတော် နိဿယသစ် (၂၀၀၅)
၁၃။ သီလကွန်စည်းမျဉ်း အဖြေ (၂၀၀၅)
၁၄။ နေတ္တိအဋ္ဌကထာနိဿယ (ပထမတွဲ) (၂၀၀၅)
၁၅။ ဘာသာဋီကာလမ်းညွှန် (၂၀၀၇)
၁၆။ နေတ္တိအဋ္ဌကထာနိဿယ (ဒုတိယတွဲ) (၂၀၀၇)
၁၇။ သုတ်မဟာဝါအဋ္ဌကထာ မြန်မာပြန် (၂၀၀၉)
၁၈။ မဟာဝဂ္ဂဋီကာ နိဿယ (ပထမတွဲ) (၂၀၁၀)
၁၉။ မဟာဝဂ္ဂဋီကာ နိဿယ (ဒုတိယတွဲ) (၂၀၁၀)
၂၀။ အင်္ဂုတ္တိရ်ပါဠိတော် နိဿယ (ပထမတွဲ) (၂၀၁၀)
၂၁။ အင်္ဂုတ္တိရ်ပါဠိတော် နိဿယ (ဒုတိယတွဲ) (၂၀၁၀)
၂၂။ အင်္ဂုတ္တိရ်ပါဠိတော် နိဿယ (တတိယတွဲ) (၂၀၁၁)
၂၃။ အင်္ဂုတ္တိရ်ပါဠိတော် နိဿယ (စတုတ္ထတွဲ) (၂၀၁၁)

ဖြန့်ချိရေး

– သစ္စာမဏ္ဍိုင်စာပေ၊ ရွှေတိဂုံတောင်ဘက်မုခ်
ဖုန်း–၀၁–၃၈၇၈၄၉၊ ၀၉–၅၁၂၅၂၈၅

http://www.dhammadownload.com

ဗုဒ္ဓစေတာမန်ထုတ် ပိဋကတ် DVD များ

၁။ ပါဠိ မြန်မာ ဝိနယ ပိဋကတ် DVD

၂။ အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ပရိယတ္တိ သာသနာတော် DVD

၃။ တိပိဋကတ ပါဠိ မြန်မာ အဘိဓာန် DVD

၄။ ပိဋကသုံးပုံ ပါဠိတော် နိဿယ အစုံ DVD

၅။ ပိဋကသုံးပုံ အဋ္ဌကထာ ဋီကာ နိဿယအစုံ DVD

၆။ iPad ပိဋကသုံးပုံ

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com